www.burmeseclassic.com

# မြန်မာ့စွယ်စုံကျမ်း

အတွဲ-၁၂

လာ-သနပ်

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့စွယ်စုံကျမ်း

## အတွဲ – ၁၂

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ပဥ္စမ နှိပ်ခြင်း
၁၉၇၂ ခုနှစ်
အုပ်ရေ ၂၀,၀၀၀

စာပေဗိမာန်ပုံနှိပ်တိုက်(မှတ်ပုံတင် အမှတ် – ၀၀၃၂) ၃၆၁ – ပြည်လမ်း၊ ရန်ကုန်မြို့တွင်
ဦးကျော်အုံးက ရိုက်နှိပ်၍
စာပေဗိမာန် အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင် အမှတ် – ၀၄၇၀)က တာဝန်ခံ ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့စွယ်စုံကျမ်း

စာပေဗိမာန်

၏

# ရုပ်ပြဗဟုသုတဘဏ်

အတွဲ – ၁၂

လာ – သနပ်

ရန်ကုန်မြို့

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘောင်ခေတ် တိုင်းပြည်သာယာဝပြောစေရန် လယ်ထွန်မင်္ဂလာပွဲတော် ကျင်းပနေဟန် ပန်းချီကျော်ဆရာချျံ၏ လက်ရာ

www.burmeseclassic.com

# ဤကျမ်းကိုမရှုစားမီ

**အောက်ပါလမ်းညွှန်ကိုလေ့လာထားပါက ဤစွယ်စုံကျမ်းစီစဉ်ပုံကို ကောင်းစွာသဘောပေါက်၍ ကိုးကားရာကျမ်းတဆူအဖြစ် လွယ်ကူစွာ အသုံးပြုတတ်ပေလိမ့်မည်။**

**အက္ခရာစဉ်ဇယား။** ။စွယ်စုံကျမ်းတွင်ပါဝင်သော အကြောင်းရပ်များကို လွယ်လင့်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်ဇယားကို အတွဲတိုင်း၌ဖော်ပြထားသည်။

**ဝေါဟာရနှင့်အမည်များ။** ။ဤကျမ်းမှာ ကမ္ဘာပေါ်ရှိ ကျယ်ဝန်းလှသောပညာရပ်အမျိုးမျိုး၊ အကြောင်းရပ် အမျိုးမျိုးတို့ပါဝင်သည့်ပြင်၊ မြန်မာနိုင်ငံတွင် ပဌမဆုံးပေါ်ထွက်လာရခြင်းဖြစ်သည့်အလျောက်၊ ဘာသာခြားမှ မြန်မာလို ပြန်ဆိုထားသော ဝေါဟာရသစ်များနှင့် အသံလှယ်ယူထားရသောအမည်များ မြောက်မြားစွာပါဝင်သည်။ ယင်းတို့ကို မူရင်းစကားနှင့်တကွ ဤကျမ်း၏နောက်ပိုင်းတွင် ကဏ္ဍသီးခြား၍ အက္ခရာစဉ်အတိုင်းဖော်ပြထားသည်။

**မြန်မာအမည်များ။** ။ရဟန်းရှင်လူဆိုင်ရာ အကြောင်းရပ်များကို ခေါင်းစည်းပေးရာ၌၊ အမည်ရှေ့ရှိ သျှင်၊ ဦး၊ ဒေါ်၊ ကို၊ မောင်၊ မ စသည်တို့နှင့်တကွ အခြားဂုဏ်ပုဒ်များကို အမည်ရင်းနောက်တွင်ထား၍၊ အမည်ရင်းကိုသာ အက္ခရာစဉ် အလိုက် စီစဉ်ဖော်ပြထားသည်။ ပုံစံအားဖြင့် သျှင်ကရဝိက၊ ခုံတော်မောင်ကျာဘမ်း၊ ဦးချိန်၊ မြဝတီဝန်ကြီးဦးစ တို့ကို ကရဝိက၊ သျှင်။ ကျာဘမ်း၊ မောင်၊ ခုံတော်။ ချိန်၊ ဦး။ စ၊ ဦး၊ မြဝတီဝန်ကြီး ဟူ၍ အသီးအသီးဖော်ပြထားသည်။ ဤသို့ပြုလုပ်ခြင်းမှာ ပုဂ္ဂိုလ်ကို မလေးစား၍ မဟုတ်၊ စွယ်စုံကျမ်းများထုံးတမ်းစဉ်လာအရ အကြောင်းရပ်ရှာဖွေရ လွယ်ကူစေရန်သာဖြစ်ရာ၊ လူမျိုးခြားအမည်များကိုလည်း အလားတူပင်စီစဉ်ဖော်ပြထားသည်။

**ဖတ်ချင်ဖွယ်ရာအဖြာဖြာ။** ။တခါတရံ ပျင်းပျင်းရှိ၍ စာအုပ်လှန်လိုသောအခါ၊ သို့မဟုတ် ဝါသနာအလျောက် သမိုင်းဖြစ်စဉ်များ၊ တိုင်းနိုင်ငံများ၊ ပုဂ္ဂိုလ်ကျော်များ၊ စာပေဝတ္ထုများ၊ အနုပညာရပ်များ၊ သိပ္ပံပညာရပ်များ၊ လုပ်ငန်းကြီးများ၊ သစ်ပင်များ၊ တိရစ္ဆာန်များ၊ ကစားခုန်စားများ အကြောင်းကို သိလိုသောအခါ အကူအညီရစေရန် ဖတ်ချင်ဖွယ်ရာအဖြာဖြာကို အတွဲတိုင်း၌ထည့်သွင်းထားသည်။

**ဗဟုသုတစစ်တမ်း။** ။စွယ်စုံကျမ်းအတွဲတိုင်းတွင် ဗဟုသုတစစ်တမ်းကို ထည့်သွင်းထားသည်မှာ၊ စာရှုသူသည် ဤစစ်တမ်းဖြင့် မိမိကိုယ်ကိုမိမိ ပြန်လည်မေးခွန်းထုတ်၍ မသိသေးသောအကြောင်းအရာကို သိလိုပါက၊ ညွှန်းထားသောနေရာတွင် ပြန်လည်ဖတ်ရှုလေ့လာနိုင်စေခြင်းငှာ ရည်ရွယ်သည်။ ထိုစစ်တမ်းတွင် အတွဲတွင်းပါ အကြောင်းရပ်အားလုံးငုံမိအောင် မေးခွန်းထုတ်ထားခြင်း မဟုတ်ချေ။ စိတ်ဝင်စားဖွယ်အချက်အလက်များ အတွက်သာလျှင် မေးခွန်းများကို ရွေးချယ်စီစဉ်ထားခြင်းဖြစ်သည်။

**အပြန်အလှန်အညွှန်း။** ။စွယ်စုံကျမ်းအကြောင်းရပ်တို့မှာ အက္ခရာအလိုက်စီစဉ်ထားသည့်အလျောက်၊ ဘာသာရပ် အလိုက် တစုတဝေးတည်းမရှိဘဲ နေရာအနှံ့အပြား ကွဲပြားလျက်ရှိကြသည်။ သို့ဖြစ်၍ အကြောင်းရပ်ချင်းဆက်စပ်နေသည့် အချက်အလက်တို့ကို အပြန်အလှန်ညွှန်းပြရသည်။ စာကိုယ်မဲ့အကြောင်းရပ်ခေါင်းစည်းမှ စာကိုယ်ရှိအကြောင်းရပ်ခေါင်းစည်းသို့ရင်း၊ အကြောင်းရပ်တခုနှင့်တခု ပညာသဘောအားဖြင့် ဆက်သွယ်နေသော်လည်း တသီးတခြားစီရှိသဖြင့် ပိုမိုပြည့်စုံစွာ လေ့လာစေလိုသော အခါတွင်ရင်း၊ (........................— ရှု။) ဟု ညွှန်းသည်။ ပညာသဘောအားဖြင့် ဆက်သွယ်ခြင်း မရှိစေကာမူ၊ တနည်းတလမ်းအားဖြင့် နီးစပ်သည့် အကြောင်းရပ်တခုကို စိတ်ဝင်စားဖွယ်ဖြစ်၍ လေ့လာစေလိုသောအခါတွင် (........................— လည်းရှု။) ဟု ညွှန်းသည်။

**ကြောင်းခြင်းရာအညွှန်းအတွဲ။** ။နောက်ဆုံးအတွဲသည် စာရှုသူအဖို့ အခါမရွေး ကိုးကားရန် လမ်းညွှန်ပင်ဖြစ်သည်။ ထိုအတွဲသည် အသီးသီးသောအတွဲများအတွက် အက္ခရာစဉ်အညွှန်းဖြစ်ရုံမျှမက၊ လုံးချင်းစွယ်စုံခေါ် လောက်ပေသည်။ ထိုအတွဲတွင် ကမ္ဘာ့သမိုင်းမှတ်တမ်းတင်သည်မှ မျက်မှောက်ခေတ်အထိ ပေါ်ပေါက်ဖြစ်ပျက်ခဲ့သော မှတ်သားဖွယ်ရာအကြောင်းအရာများကို နှစ်၊ လ၊ ရက် အပိုင်းအခြားနှင့်သိနိုင်စေရန် နှစ်လုံးပတ်လည်ဖော်ပြထားသော ကမ္ဘာ့ပြက္ခဒိန်ကိုရင်း၊ ပညာရပ်များကို စံနစ်တကျ တဆင့်ပြီးတဆင့် ပြည့်စုံစွာလိုက်စားနိုင်ရန် ပညာရပ်မာတိကာကိုရင်း ထည့်သွင်းထားသည်။ ထိုနောက် အသီးသီးသောအတွဲများတွင်ပါဝင်သည့် အကြောင်းရပ်များကို လွယ်ကူစွာ လှန်လှောရှာဖွေနိုင်ရန် ညွှန်ပြသော ကြောင်းခြင်းရာအညွှန်းကိုလည်း စီစဉ်ဖော်ပြထားသည်။ ထိုအညွှန်းတွင် စွယ်စုံကျမ်းပါ အကြောင်းရပ်များကိုသာမက၊ စွယ်စုံကျမ်းစာကိုယ်တွင် မပါဝင်လင့်ကစား သိသင့်သိထိုက်သောအကြောင်းရပ် မြောက်မြားစွာကိုလည်း မှတ်သားဖွယ် အချက်အလက်များနှင့်တကွ ဖြည့်စွက်ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com

# အက္ခရာစဉ်ဇယား

ဤကျမ်းပါအကြောင်းရပ်များကို အောက်ပါအက္ခရာစဉ်အတိုင်း စီစဉ်ထားသည်

| | |
|---|---|
| ၁။ အ | |
| ၂။ အာ | |
| ၃။ အား | |
| ၄။ အိ | |
| ၅။ အီ | |
| ၆။ အီး | |
| ၇။ အု | |
| ၈။ အူ | |
| ၉။ အူး | |
| ၁၀။ အေ့ | |
| ၁၁။ အေ | |
| ၁၂။ အေး | |
| ၁၃။ အဲ့ | နောက်ပစ်နှင့် ယသတ် |
| ၁၄။ အယ် | |
| ၁၅။ အဲ | |
| ၁၆။ အော့ | |
| ၁၇။ အော် | |
| ၁၈။ အော | |
| ၁၉။ အို့ | |
| ၂၀။ အို | |
| ၂၁။ အိုး | |
| ၂၂။ အက် | ကသတ် |
| ၂၃။ အောက် | |
| ၂၄။ အိုက် | |
| ၂၅။ အင့် | ငသတ် |
| ၂၆။ အင် | |
| ၂၇။ အင်း | |
| ၂၈။ အောင့် | ငသတ် |
| ၂၉။ အောင် | |
| ၃၀။ အောင်း | |
| ၃၁။ အိုင့် | |
| ၃၂။ အိုင် | |
| ၃၃။ အိုင်း | |
| ၃၄။ အစ် | စသတ် |
| ၃၅။ အည့် | ညကြီးသတ် |
| ၃၆။ အည် | |
| ၃၇။ အည်း | |
| ၃၈။ အဉ့် | ဉကလေးသတ် |
| ၃၉။ အဉ် | |
| ၄၀။ အဉ်း | |
| ၄၁။ အတ် | တသတ် |
| ၄၂။ အိတ် | |
| ၄၃။ အုတ် | |
| ၄၄။ အန့် | နသတ် |
| ၄၅။ အန် | |
| ၄၆။ အန်း | |
| ၄၇။ အိန့် | |
| ၄၈။ အိန် | |
| ၄၉။ အိန်း | |
| ၅၀။ အုန့် | |
| ၅၁။ အုန် | |
| ၅၂။ အုန်း | |
| ၅၃။ အပ် | ပသတ် |
| ၅၄။ အိပ် | |
| ၅၅။ အုပ် | |
| ၅၆။ အမ့် | သေးသေးတင်နှင့် မသတ် |
| ၅၇။ အမ် | |
| ၅၈။ အမ်း | |
| ၅၉။ အိမ့် | |
| ၆၀။ အိမ် | |
| ၆၁။ အိမ်း | |
| ၆၂။ အုမ့် | |
| ၆၃။ အုမ် | |
| ၆၄။ အုမ်း | |

| | | |
|---|---|---|
| ၆၅။ | ျ | ယပင့် |
| ၆၆။ | ြ | ရရစ် |
| ၆၇။ | ွ | ဝဆွဲ |
| ၆၈။ | ှ | ဟထိုး |
| ၆၉။ | ျွ | ယပင့် ဝဆွဲ |
| ၇၀။ | ြွ | ရရစ် ဝဆွဲ |
| ၇၁။ | ျှ | ယပင့် ဟထိုး |
| ၇၂။ | ြှ | ရရစ် ဟထိုး |
| ၇၃။ | ွှ | ဝဆွဲ ဟထိုး |
| ၇၄။ | ျွှ | ယပင့်ဝဆွဲဟထိုး |
| ၇၅။ | ြွှ | ရရစ်ဝဆွဲဟထိုး |

www.burmeseclassic.com

www.burmeseclassic.com

# ဖတ်ချင်ဖွယ်ရာအဖြာဖြာ

တခါတရံ ပျင်းပျင်းရှိ၍ စာအုပ်လှန်လိုသောအခါ အောက်ပါ လိုရာအကြောင်းရပ်တို့မှ ဆူရာရွေးနုတ်၍ လေ့လာပါက စာရှုသူသည် အပျင်းလည်းပြေ ဗဟုသုတလည်းပွားပေလိမ့်မည်။ ထိုင်ရာမထဘဲ ကမ္ဘာ့မြို့ကြီး၊ နယ်ကြီး၊ နိုင်ငံကြီးများသို့ရောက်၍ ပုဂ္ဂိုလ်ကျော်များနှင့် ရင်းနှီးကာ ကမ္ဘာ့သမိုင်းကိုလည်း သုံးသပ်ခွင့် ရနိုင်မည့်ပြင် သိပ္ပံပညာ၏ အံ့ဖွယ်ရာအကြောင်းများကိုလည်း သိနားလည်လာပေလိမ့်မည်။ ထိုမျှမက အနုစာပေဂန္ထဝင်များ၏အရသာကိုပါ ထင်ရှားစွာခံစားရမည့်ပြင် အားလပ်ခိုက် အပျင်းဖြေရန်နည်းများလည်း ရှိပေအံ့။

## ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ


ဆိုဗီယက်ရုရှ နိုင်ငံ၏ ဖခင်ကြီး.......................................၂၀
တရုပ်နိုင်ငံ ဘဝသစ် ပြောင်းလဲရေးကို ကလောင်ဖြင့် ကူခဲ့သူ .......................................၅၈
အာရပ်နိုင်ငံ၏ သရဖူမဆောင်းသော ဘုရင်....................၁၃၆
လီနင်ဆုရ မြန်မာမျိုးချစ် စာရေးဆရာကြီး ....................၂၆၆
ပဌမမြန်မာ သတင်းစာဆရာ.......................................၃၀၈
ပဌမဆုံး အမေရိကန် သမတ.......................................၃၃၄
ဂျာမနီနိုင်ငံအား တခေတ်ပြောင်းစေခဲ့သောမင်း........၃၆၆
ဗြိတိသျှအစိုးရကို ဦးစွာတော်လှန်ခဲ့သည့် မြန်မာ ခေါင်းဆောင်ကြီး .......................................၄၄၁


## တိကျသိအပ် အရပ်ရပ်


လေမျိုးရှစ်ဆယ်၊ အသိကြွယ်စေ .......................................၁၀၂
မဟာပုရိသ လက္ခဏာ ....................................... ၁၄၀
လူတိုင်း ယာဉ်ဘေး ကင်းဝေး ချမ်းသာ....................၂၄၇
မြန်မာမင်း အုပ်ချုပ်ပုံ စံနစ်၌ အမြင့်ဆုံးနှင့် အကြီးဆုံး ဌာန ....................................... ၃၀၄
လထပ်ရက်ငင်ပြဿနာ.......................................၃၃၀
လောကလမ်းသဖွယ် ဝိညာဉ်တွယ်....................၃၅၂


## သုခုမဝင် ကြောင်းစုံလင်


အဆုံးစကား အစထား၍ ပြန်လည် စပ်ရသော မြန်မာ ကဗျာ ....................................... ၇၆
ယဉ်ကျေးစ ခေတ်က ကမ္ဘာသုံး ဘာသာ ....................၁၄၇
တောင်းအကွပ် လူအဝတ် .......................................၄၂၆
စိတ်ကူးယဉ်ယဉ် စာပေဝင် .......................................၄၃၃


## တမြေရပ်ခြား ဒေသများ


ဝင်ခွင့်မရမြို့ .......................................၁
ကမ္ဘာ့ကုလသမဂ္ဂက ပဌမဆုံး ဖန်တီးပေးခဲ့သည့် နိုင်ငံ ....................................... ၂၁၇
မိုးကြိုး မီးခိုး ....................................... ၃၅၇
သေမင်းတမန် မြစ် ....................................... ၄၅၈


## သစ်ပင် ပန်းမာလ် တိရစ္ဆာန်


မြည်းထီးနှင့်မြင်းမစပ်၍ကျသော တိရစ္ဆာန်....................၁၁
နတ်သစ်ရွက်.......................................၁၅၅
သံချပ်ကာ တန်ဆာဝတ် ရေနေကုန်းနေ သတ္တဝါ........၂၃၂
အတောင်ရှိသောပန်းများ .......................................၂၃၅
မြေပေါက် ငွေခြည် .......................................၃၁၆
ကမ္ဘာ့အကြီးဆုံးသတ္တဝါ .......................................၃၇၄
ပန်းမြတ်တော်ဝင် ....................................... ၄၆၅
မျိုယမင်းတို့လက်သုံး....................................... ၄၇၉


## သိပ္ပံအံ့ဖွယ် အသွယ်သွယ်


ကျွန်ုပ်တို့ကိုလွှမ်းခြုံထားသော မမြင်ရသည့်သမုဒ္ဒရာ........၇၈
လေဟုန်စီးသည့် ယာဉ် .......................................၉၄
စက်မှုလုပ်ငန်းကြီးများ၌ အရေးပါသည့်စွမ်းအင်........ ၂၈၈
လေကိုဖမ်း၍ ဝါးတန်းချည်ခဲ့ပြီ ....................................... ၄၁၀


## လုပ်ငန်းဆောင်တာ အဖြာဖြာ


လူမှုဖူလုံရေး .......................................၅၃
ပရဟိတ လုပ်ငန်း ....................................... ၅၅
စာတကြောင်းချင်း စီသော စက်.......................................၂၀၇


## အားလပ်ချိန်ဝယ် ပျော်ရွှင်ဖွယ်


အဌာရသ ဆဲ့ရှစ်ရပ်ဝင် အတတ်မျိုး....................................၁၁၂
ယောက်ျားတို့ တတ်အပ်သည့်ကိုယ်ခံပညာတရပ် ........၁၇၁
ရေမျက်နှာပြင်တွင် အစုအသင်းဖြင့် ကစားရသော ကစားနည်းမျိုး ....................................... ၃၄၅


## လောကီထူးပွတ် လူတို့ဇာတ်


ဆန်ရေစပါးကြွယ်ဝ၍ မြန်မာနိုင်ငံသမိုင်း၌ ထင်ရှားသော ဒေသ .......................................၁၂၀
ရခိုင်မင်းတို့၏ နေပြည်တော်ဟောင်း....................................၂၀၃
သီရိဒေါ သာမောသည့် ကယားမြို့တော် ....................................၂၆၁
ဗြိတိသျှသမိုင်း၌ တိုးတက်ထွန်းကား၍ ထင်ရှားသော အဖြစ်အပျက်များနှင့် ကြုံရသည့်ခေတ်....................................၁၅


www.burmeseclassic.com

www.burmeseclassic.com

# ဗဟုသုတစစ်တမ်း

ဤကျမ်းတွင် များစွာသောပြဿနာတို့ကို ဖြေရှင်းထားပေသည်။ စာရှုသူသည် မိမိမည်မျှမှတ်မိ၍ အသိဉာဏ်အခြေ၊ ဗဟုသုတအစ်ခြ မည်မျှကြွယ်ဝနေပြီကို မှတ်ကျောက်တင်ကြည့်ရန် အောက်ပါမေးခွန်းများဖြင့် စစ်တမ်းထုတ်သင့်ပေသည်။ အကယ်၍ အဖြေမပေးနိုင်ရှိအံ့၊ ညွှန်းထားရာစာမျက်နှာတွင် ပြန်လည်ဖတ်ရှုလေ့လာရန် တိုက်တွန်းရပေသည်။


၁။ ‘တင်ခွင့်မရမြို့’ ဟု မည်သည့်မြို့ကို ခေါ်ဝေါ်ခဲ့သနည်း။ .... .... .... .... .... .... .... ၁
၂။ လီဒိုလမ်းမကြီး၏ အခြားအမည်ကို သင်သိသလော။ .... .... .... .... .... .... .... ၁၈
၃။ အမွေးစုတ်ဖွား ခုန်ဆွခုန်ဆွ သွားလာရသော ဘဝမှ အာကာသတွင် ပျံသန်းနိုင်သော ဘဝအထိ
မည်သို့တိုးတက်လာခဲ့သနည်း။ .... .... .... .... .... .... .... .... .... .... ၄၈
၄။ ကမ္ဘာပေါ်တွင် အဓိကအားဖြင့် လူမျိုးကြီး ဘယ်နှစ်မျိုးရှိသလဲ။ .... .... .... .... .... ၅၁
၅။ ဝှန်နိုးဟု အမည်တွင်ခဲ့သော တိုင်းရင်းသားလူမျိုး တမျိုးကို သင်သိသလော။ .... .... .... .... ၅၇
၆။ ပြင်သစ်နိုင်ငံတွင် လူဝီဘွဲ့ခံ ဘုရင်ဘယ်နှစ်ပါး စိုးစံခဲ့သနည်း။ .... .... .... .... .... .... ၆၁
၇။ လူးတဆဲ့နှစ်ပန္နား ဟူသည် အဘယ်နည်း။ .... .... .... .... .... .... .... .... .... ၇၅
၈။ လေမျိုးရှစ်ဆယ် အကျယ်သိလိုပါသလား။ .... .... .... .... .... .... .... .... .... ၁၀၂
၉။ လေးချိုး ဘယ်နှစ်မျိုးရှိသနည်း။.... .... .... .... .... .... .... .... .... .... ၁၀၉
၁၀။ လဲနှင့် ဝါဂွမ်းတို့၏ ကွာခြားချက်ကို သင်သိလိုပါသလား။ .... .... .... .... .... ၁၂၆
၁၁။ သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီး ဟူသည် အဘယ်နည်း။ .... .... .... .... .... ၁၄၀
၁၂။ ဆူးအက်တူးမြောင်း တာဝန်ခံဖောက်လုပ်ခဲ့သူကို သိလိုပါသလား။ .... .... .... .... .... ၁၄၆
၁၃။ လက်နှိပ်စက်ပေါ်လာ၍ လုပ်ငန်းများ လုပ်ကိုင်ရာတွင် မည်သို့ပြောင်းလဲခဲ့သနည်း။ .... .... .... ၁၅၁
၁၄။ လက်ဝဲသုန္ဒရဘွဲ့ခံ စာဆိုတော် ဘယ်နှစ်ဦး ရှိသလဲ။ .... .... .... .... .... .... .... .... ၁၆၉
၁၅။ လင်းကွင်းကို တူရိယာသဘော မဟုတ်ပဲ မည်သို့ အလွတ်သုံးကြသေးသနည်း။ .... .... .... ၁၉၁
၁၆။ လည်ပင်းကြီးရောဂါ အဘယ်ကြောင့် ဖြစ်ရသနည်း။.... .... .... .... .... .... .... ၂၂၀
၁၇။ လန်ဒန်မြို့တည်စက မည်မျှကျယ်ဝန်း၍ ယခု မည်မျှကျယ်ဝန်းသလဲ။ .... .... .... .... .... ၂၂၅
၁၈။ အစေ့စိုက်လိမ်မော်ပင်နှင့် အကိုင်းစိုက်လိမ်မော်ပင်တို့ မည်သို့ ကွာခြားသနည်း။ .... .... .... ၂၃၃
၁၉။ မြန်မာစာပေ၌ ပဌမဆုံး ပေါ်ခဲ့သည့် ‘မောင်ရင်မောင် မမယ်မဝတ္ထု’ ကို မည်သူရေးသနည်း။ .... .... ၂၇၀
၂၀။ သာရဗိမာန် လှေမျိုးကား မည်သည့်လှေမျိုး ဖြစ်သလဲ။ .... .... .... .... .... .... .... ၂၇၁
၂၁။ မြန်မာ့စာဆို လောကတွင် မယ်တော်ခြေရာကို နင်းကာ ထင်ရှားခဲ့သည့် မင်းသမီးအမည်ကို
သင်သိသလော။ .... .... .... .... .... .... .... .... .... .... .... .... ၂၇၆
၂၂။ ‘လှည်းစက္ကူ လူသိကြား’ ဆိုရိုးစကားကို ရှင်းပြနိုင်ပါသလား။ .... .... .... .... .... ၂၈၀
၂၃။ လျှပ်စစ်ခေတ်စီး ဆိုသည်မှာ အဘယ်နည်း။ .... .... .... .... .... .... .... .... ၂၈၈
၂၄။ မိမိ၏ သဘာဝလျှပ်စစ်ဖြင့် မိမိ၏အစာကို ဖမ်းယူစားသောက်သော ငါးတမျိုး၏ အမည်ကို ဖော်ပြ
နိုင်ပါသလား။ .... .... .... .... .... .... .... .... .... .... .... .... .... ၃၀၀
၂၅။ အတိုက်ခေတ်၊ အခံခေတ်၊ အပွင့်ခေတ်ဟူသည်တို့ကား အဘယ်နည်း။ .... .... .... .... .... ၃၀၁
၂၆။ ပဌမမြန်မာသတင်းစာဆရာ၏ အမည်ကို သင်သိသလော။ .... .... .... .... .... .... ၃၀၈
၂၇။ ဝလူမျိုးများကို မျိုးချစ်များ ဟု ခေါ်ထိုက်သော အထောက်အထားများကို သိပါသလား။ .... ၃၁၃
၂၈။ သဒ္ဒါတွင် ‘လိင်’ ဟူသော ဝေါဟာရကို သင်ဘယ်ကဲ့သို့ နားလည်ပါသနည်း။ .... .... .... .... ၃၆၁
၂၉။ ဓနဥယသဌေးက သမီး ဝိသာခါအား ပေးသည့်အဆုံးအမ ဆယ်ပါးကို သိလိုပါသလား။ .... .... ၃၆၂
၃၀။ သမတဝီလဆန်သည် ပဌမကမ္ဘာစစ်အပြီး ငြိမ်းချမ်းရေးရရန် မည်ကဲ့သို့ ဆောင်ရွက်ခဲ့သနည်း။ .... ၃၆၅
၃၁။ အင်ဂျင်နီယာအတတ်ပညာ၏ အောင်မြင်မှုတရပ်ဖြစ်သော တူးမြောင်းကို သင်သိသလော။ .... ၃၈၆
၃၂။ ကလေးတို့အား ဝက်သက်ကူးစေခြင်းသည် အဘယ်ကြောင့်မှားယွင်းသည်ဟု ဆိုနိုင်သနည်း။ .... .... ၃၉၈
၃၃။ မြန်တမ်းကြီးခံ ဝန်စု၊ မြန်တမ်းရိုးခံ ဝန်စု စသည်တို့ကို မည်သို့နားလည်ပါသလဲ။ .... .... .... .... ၄၃၉


www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးပြုသူများ

မြန်မာ့စွယ်စုံကျမ်းတွင် စာမျက်နှာတိုင်း၌ ရုပ်ပုံ၊ဓာတ်ပုံစသည်ဖြင့် ဝေဆာစွာမွမ်းမံရန် ကြိုးပမ်းခဲ့ရာ၌ နိုင်ငံတွင်းနိုင်ငံပမှ အကူအညီများရခဲ့သည်။ နိုင်ငံပမှဆိုလျှင် လန်ဒန်မြို့ ပစ်ချာပို့လိုက်ဗရေရီနှင့် ပေါပေါ့ပါးမှုငှင်း၊ နယူးယော့မြို့ အိဝင် ဂယ်လိုဝေမှငှင်း ဓာတ်ပုံများ ဝယ်ယူပုံနှိပ်ခွင့်ရခဲ့သည်။ နိုင်ငံတွင်းမှ ကူညီသူ ရာပေါင်းများစွာရှိသည့်အနက် စွယ်စုံကျမ်း နှင့်ထိုက်တန်သည့် ရုပ်ပုံ၊ ဓာတ်ပုံ၊ မြေပုံ စသည်တို့ကို အောက်ပါဌာနကြီးများနှင့် ပုဂ္ဂိုလ်များထံမှ ရရှိပါ၍ ကျေးဇူး အထူးတင်ပါကြောင်း။

| အမည် | နေရပ် | ဓာတ်ပုံပါ စာမျက်နှာ |
|---|---|---|
| ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ပြန်ကြားရေး ဝန်ကြီးဌာန | ရန်ကုန်မြို့ | ၁၁၊ ၁၃၊ ၁၇၄၊ ၁၇၈၊ ၂၂၀၊ ၂၄၈၊ ၂၅၁၊ ၂၆၅၊ ၂၈၁၊ ၃၅၁၊ ၄၆၄၊ လွတ်လပ်ရေးနေ့ (ရောင်စုံပုံ) |
| ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ ယဉ်ကျေးမှု ဝန်ကြီးဌာန | ။ | ဝိစူ၇ (ရောင်စုံပုံ) |
| ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ လူမှုဝန်ထမ်း ဝန်ကြီးဌာန | ။ | ၅၆ |
| ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ ပြည်သူ့ ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်ရုံး | ။ | ၁၆၂၊ ၂၅၀ |
| ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရ၊ မြေယာ ကျေးလက် ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း | ။ | ၃၁၇၊ ၃၂၀၊ ၃၂၂ |
| ဦးကျော်လင်း | ။ | ၁၀၆ |
| ဦးကျော်လှ | ။ | ၁၉၆ |
| ဒေါ်စုစုဝင်း | ။ | ၂၅၁ |
| ဦးခေသမောင် | ကျွန်းလှမြို့ | ၄၄၂ |
| ဒေါ်ညွန့်ညွန့် နှင့် မောင်နှမများ | သံလျင်မြို့ | ၂၂၁ |
| ဦးတင်မောင် | မင်းဘူးမြို့ | ၁၀၄ |
| ထင်အုန်းကျော် | ရန်ကုန်မြို့ | ၁၄၅ |
| ဗိုလ်မှူးကြီး တင့်ဆွေ | မော်လမြိုင်မြို့ | ၄၅၄ |

www.burmeseclassic.com

www.burmeseclassic.com

| အမည် | နေရပ် | ခေတ်ပုံပါ စာမျက်နှာ |
|---|---|---|
| ဦးထွန်းရည် | ရန်ကုန်မြို့ | ၄၅၁၊ ၄၆၂၊ ၄၈၁၊ ၄၈၂ |
| ဦးဘကျွန်း (ညိုချော) | မန္တလေးမြို့ | ၄၂၅ |
| ဦးဘမြိုင် | ရန်ကုန်မြို့ | ၁၉၀ |
| ဦးမင်းနိုင် | ။ | ၁၄၊ ၁၇၊ ၁၈၊ ၅၈၊ ၁၅၉ |
| ဦးမောင်မောင်တင် | ။ | ၂၆၈ |
| ဒေါက်တာ မြတူ | ။ | ၅၀ |
| ဦးသောဘိတ (ရွှေကိုင်းသား) | မန္တလေးမြို့ | ၄၂၈၊ ၄၃၀ |
| တက္ကသိုလ် သက်ပန် | ရန်ကုန်မြို့ | ၁၃၅ |
| ဦးသိန်းဟန် | သထုံမြို့ | ၄၇၇ |
| လူထု ဒေါ်အမာ | မန္တလေးမြို့ | ၃၀၆ |
| ဦးအေးကြည် | ပဲခူးမြို့ | ၂၇၃၊၄၈၄၊၄၈၅ |
| ဦးအောင်ခင် | ရန်ကုန်မြို့ | ၃၉၀ |

www.burmeseclassic.com

www.burmeseclassic.com

# ဝင်ခွင့်မရမြို့

ထောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး မသာယာသဖြင့် နိုင်ငံခြားသားများ အရောက်နည်းပါးကာ၊ ပြင်ပ နိုင်ငံများနှင့်ဆက်သွယ်မှု ကင်းကွာခဲ့သည့် တိဗက်ပြည်၏ မြို့တော်ဖြစ်ပြီးလျှင် များမကြာလှသေးသည့် အချိန်အထိ မြို့တွင်းသို့ နိုင်ငံခြားသားလူဖြူများ အလွယ်တကူ ဝင်ရောက်နိုင်ခြင်း မရှိသောကြောင့် လာဆာမြို့ကို "ဝင်ခွင့်မရမြို့"ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

**လာဆာမြို့။** ။လာဆာမြို့သည် တိဗက်ပြည်၏မြို့တော်ဖြစ်၍ ဒလိုင်းလာမာခေါ်သော တိဗက်ရဟန်းမင်းကြီး သီတင်းသုံး နေထိုင်ရာမြို့ ဖြစ်ခဲ့သည်။ ပင်လယ်ပြင် အထက်ပေ ၁၁,၈၃၀ တွင် တည်ရှိသည်။ သစ်ပင်များ မပေါက်ရောက်သော တောင်များ ဝန်းရံလျက်ရှိကာ မြေဩဇာကောင်းပြီးလျှင် ပျံ့ပျူးသောနေရာဖြစ်သည်။ လာဆာမြို့သည် သဘာဝတည်နေရာအားဖြင့် အဝင်ရခက်သည့်အပြင် ၁၈ ရာစုနှစ်က ဝင်ရောက် စိုးမိုးသော တရုပ်တို့၏ ဝါဒကြောင့်လည်း မည်သူမျှ လွယ်ကူစွာ မဝင်နိုင်အောင် တသီးတခြား တည်ရှိနေပေသည်။ လာမာ ဘုန်းတော်ကြီးများကလည်း မည်သို့မျှ မပြုပြင်ဘဲ ရှိသည်။ လာဆာမြို့တွင်းသို့ လူဖြူများ ဝင်ခွင့် မရသောကြောင့် လာဆာမြို့ကို "ဝင်ခွင့်မရမြို့"ဟူ၍လည်းခေါ်သည်။အင်္ဂလိပ်လက်နက်ကိုင်တပ်များသည် ၁၉၀၄ ခုနှစ်ကမှ လာဆာမြို့တွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။ ထိုထက်ဦးသော ကာလကဆိုလျှင် အင်္ဂလိပ်လူမျိုးတဦးဖြစ်သူ တောမတ်မန္နင်းသာလျှင် ၁၈၁၁ ခုနှစ်က ထိုမြို့တွင်းသို့ ဝင်ရောက်နိုင်ခဲ့ပေသည်။

မိုင် ၃၉၀ မျှရှည်သော လမ်းတကြောင်းသည် လာဆာမြို့၏တောင်ဖက်မှ စတင်၍ ဟိမဝန္တာ တောင်ခြေ၌ ရှိသော ဒါဂျီလင်မြို့သို့ ရောက်သည်။ လာဆာမြို့သည် ဗြဟ္မပုတြမြစ်၏ လက်တက်ဖြစ်သော ကျီချူမြစ်ပေါ်တွင်တည်ရှိသည်။ မြောက်ဖက် တောင်ထွတ် ပေါ်တွင် ဒလိုင်းလာမာ၏ စံကျောင်းတော်တည်ရှိသည်။ စံကျောင်းတော်သည် တောင်စောင်းတလျှောက် အဆင့်ဆင့် တည်ရှိပြီးလျှင် မြို့တော်ကို အုပ်မိုးလျက်ရှိ၍ ယင်း စံကျောင်းတော်ကို ပိုတာလာ ဟုခေါ်သည်။ မြစ်ဖက်မှ တဖြည်းဖြည်း မြင့်တက်သာသော တောင်ဖက်ရှိ တောင်၏ အထွတ်တွင် ခံတပ်နှင့် ဒလိုင်းလာမာ၏ ဆေးကောလိပ်ကျောင်း ရှိသည်။ တောင်နှစ်လုံး၏ အကြားတွင် မြို့ဝင်တံခါးမကြီးရှိ၍ ကိုက် ၃၀ ကျယ်သည်။ မြို့ရိုးကို ၁၇၂၂ ခုနှစ်တွင် တရုပ်တို့ ချင်းနင်း ဝင်ရောက်ခဲ့စဉ်က ဖျက်ဆီးလိုက်ရာ နောက်ထပ် မြို့ရိုးကို ပြင်ဆင်ခြင်း မရှိခဲ့ချေ။

တံခါးမနှင့် မြို့၏အကြားတွင် မြက်ခင်း၊ ပြောင်းခင်း၊ သစ်သီးခြံနှင့် ရွှံ့နွံတောများ ရှိသည်။ လာဆာမြို့သက်သက်မှာ အရှေ့အနောက် တမိုင်ရှိ၍ အနံ မိုင်ဝက်ရှိသည်။ လူဦးရေ ၅၀,၀၀၀ ခန့်ရှိသည်။ အိမ်များကို အခိုင်အခံ့အုတ်များဖြင့် ဆောက်ထား၍ နှစ်ထပ်၊ သို့မဟုတ် သုံးထပ်တိုက်များဖြစ်သည်။ လမ်းဘေး စကြံများ၊ ရေလွှဲမြောင်းများဟူ၍ မရှိပေ။ စတုဂံ သဏ္ဍာန်ဖြစ်သော ဂျိုကန်ခေါ် ဘုရားကျောင်းသည် မြို့၏အလယ်တွင် တည်ရှိသည်။ လူရည်တတ်များ၏ အိမ်များမှာ မီးဖုတ်အုတ်များဖြင့် ပြီး၍ နွမ်းပါးသူတို့၏ အိမ်များမှာ နေလှန်း အုတ်ဖြင့် ဆောက်လုပ်ထားသည်။ အိမ်တိုင်းတွင် ဆေးဖြူ သုတ်ထားသည်။ အိမ်များဆောက်ထားပုံမှာ တခုနှင့်တခု ကပ်၍ စိပ်လှပေသည်။ အိမ်များ၏ ကြိုးကြား ကြိုးကြားတွင် ဘုန်းကြီးကျောင်းများ ရှိသည်။

မြို့၏အပြင်ဖက်၌ ဘုန်းကြီးကျောင်းသုံးဆောင်ရှိသည်။ ယင်း ဘုန်းကြီးကျောင်းများ အတွင်း သီတင်း သုံးသော ဘုန်းကြီးများသည် တိုင်းပြည် အုပ်ချုပ်ရေး၌ အရေးပါအရာရောက်လှပေသည်။

ယင်းတို့သည်ပင် လာမာဘုန်းကြီးများ၏ တက္ကသိုလ်ဖြစ်၏။ ယင်းတို့အနက် ဒီဗွန်ခေါ်သော ဘုန်းကြီးကျောင်းမှာ ရဟန်း ၈,၀၀၀ ရှိ၍ ကမ္ဘာတွင် အကြီးဆုံး ဘုန်းကြီးကျောင်းဖြစ်ကောင်းဖြစ်ပေမည်။ ထိုကျောင်းသို့ ဒလိုင်းလာမာသည် နှစ်စဉ်ကြွရောက်သည်။

အဆိုပါဘုန်းကြီးကျောင်းများသည် မည်မျှပင် ကြီးမားစေကာမူ ဒလိုင်းလာမာ စံကျောင်းတော် ကြီးသည် အာရှတိုက်၌ ထယ်ဝါခန့်ညားဆုံး သာသနိက အဆောက်အအုံတခုဖြစ်ပြီးလျှင် အဆောက်အအုံကြီး တခုလုံးသည် အလျားပေ ၉၀၀ ရှိ၍ ရွှေချထားသော အာလိန်ငါးဆင့်ပြာသာဒ်အထွတ်မှာ မြေပြင်၏အထက် ပေ ၃၀၀ တွင် တည်ရှိသည်။ အလယ်ဘွင်ကား ရဟန်းမင်း စံပယ်သီတင်းသုံးရာ ကျောင်းဆောင်တည်ရှိ၍ အနီရောင်ပုပ်ပုပ် အဆင်းရှိသည်။ ပိုတာလာ၏ ဘေးအဆွယ်နှင့် အောက်ခြေပိုင်းတို့မှာ အဖြူရောင်သုတ်ထားသဖြင့် ကျောင်းဆောင်မှာ ထင်းထင်းရင်းရင်း ရှိလှပေသည်။ ပိုတာလာ စံကျောင်းအတွင်းရှိ ညီလာခံ ခန်းမဆောင်တွင်း၌ ၁၉၀၄ ခုနှစ်တွင် ဂရိတ် ဗြိတိန်နှင့် တိဗက်တို့ စာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်။


လာဆာမြို့သည် တိဗက်ပြည်၏ အနောက်ဇတောင်ဖက် ဟိမဝန္တာတောင်တန်းတွင် တည်ရှိရာ အချို့ တောင်များမှာ ကမ္ဘာတွင် အမြင့်ဆုံး တောင်များ စာရင်းဝင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





လာဆာမြို့၏ မြောက်ဖက်တောင်ထွတ်ပေါ်တွင် တည်ရှိသည့် ဒလိုင်းလာမာဟုခေါ်သော တိဗက်ရဟန်းမင်းကြီး ပိုတာလာနန်းတော်

အိန္ဒိယ၊ မြန်မာနှင့် တရုပ်နိုင်ငံများမှ မြင်း၊ လားတို့ဖြင့် ကုန်များတင်လာသော ကုန်သည်များ စုဝေးရာဖြစ်၍ အရောင်းအဝယ် စည်ကားသော မြို့ဖြစ်သည်။ လာဆာ မြို့သည် ၁၇ ရာစုနှစ်မှစ၍ ဒလိုင်းလာမာ စံမြန်းသီတင်းသုံးရာမြို့ ဖြစ်ခဲ့ပေသည်။

၁၉၆၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ အစပြု၍ တိဗက်ပြည်သည် တရုပ်နိုင်ငံတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ် ဖြစ်လာသောအခါ လာဆာမြို့သည်လည်း ထိုပြည်နယ်၏ မြို့တော် ဖြစ်လာလေသည်။ (တိဗက်ပြည်—လည်းရှု။)

**လာပက်မြို့။** ။လာပက်မြို့သည် တောင်အမေရိကတိုက်ရှိ ဗိုလစ်ဗီးယားနိုင်ငံ၏ အဓိကမြို့ကြီးဖြစ်၍ မြို့တော်လည်း ဖြစ်ပေသည်။ တရားဝင် မြို့တော်မှာ ဆူကရေးမြို့ဖြစ်သော်လည်း အစိုးရ၏ လုပ်ငန်းအဝဝကို လာပက်မြို့၌ လုပ်ကိုင် ဆောင်ရွက်ကြသည်။ လာပက်မြို့သည် ဗိုလစ်ဗီးယားနိုင်ငံ၏ ကူးသန်း ရောင်းဝယ်ရေး၊ စက်မှုလုပ်ငန်းနှင့် ယဉ်ကျေးမှုတို့၌လည်း အချက်အခြာဌာနဖြစ်၏။

လာပက်မြို့သည် ကမ္ဘာပေါ်ရှိ မြို့တော်များ အနက် အမြင့်ဆုံးသော နေရာ၌ တည်ရှိသော မြို့တော်ဖြစ်၏။ အန်းဒီးတောင်များ၏ ချိုင့်ဝှမ်းတခုတွင် ပင်လယ်ပြင် အထက်ပေ ၁၂,၄၅၀ အမြင့်၌ တည်ရှိသည်။ ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသော တောင်ထွတ်များသည် မြို့ကို အုပ်မိုးလျက်ရှိသည်။ လာပက်မြို့အနီးရှိ ချာကတ်တယာတောင်သည် တနှစ်ပတ်လုံး စကီးစီးရာ ကစားစခန်း ဖြစ်သည်။ စကီးစီးရာ၌ အမြင့်ဆုံး နေရာလည်း ယင်းတောင်ထက်တွင် ရှိ၍ ပေ ၁၇,၀၀၀ မျှ မြင့်သည်။ လာပက်မြို့သည် တီတီကာကာ အိုင်နှင့် ၄၇ မိုင်မျှ ကွာဝေးသည်။

လာပက်မြို့ရှိ လမ်းများသည် ကျဉ်း၍ တဖြည်းဖြည်း မြင့်တက်သွားသည်။ မြို့မှာ ခေတ်မီ၍ ခရီးသည်တင် ဓာတ်ရထားများ ရှိသည်။ အခြားမြို့ကြီး ပြကြီးများနှင့်လည်း လေကြောင်းလမ်း၊ ရထားလမ်းနှင့် ကားလမ်းများပေါက်သဖြင့် အဆက်အသွယ် လွယ်ကူသည်။

မြို့တွင်း၌ စည်ကားသောရပ်ကွက်မှာ ပလာဇာ မူရီလျိုပန်းခြံတဝိုက်တွင် ဖြစ်၏။ ယင်းပန်းခြံတဝိုက်တွင် အမျိုးသား နန်းတော်၊ ကွန်ဂရက် အဆောက်အအုံ၊ ကသီဒရယ် ဘုရားရှိခိုးကျောင်းနှင့် နာမည်ကြီး ဟိုတယ်များကို တွေ့မြင်နိုင်ပေသည်။ လာပက်မြို့ရှိ အချို့ ဘုရားရှိခိုးကျောင်းများသည် ခရစ် ၁၅၀၀ ပြည့်နှစ်လွန် နှစ်များကပင် တည်ဆောက်ခဲ့သော ဘုရားရှိခိုးကျောင်းများ ဖြစ်၏။ လာပက်မြို့တွင် စန်အန်ဒရီ တက္ကသိုလ်နှင့် အထက်တန်း ပညာသင်ကျောင်းများလည်း ရှိသည်။

လာပက်မြို့ရှိ စက်ရုံများမှ အရက်၊ စည်သွတ်အစားအစာ၊ စီးကရက်၊ ဇိလတ်မြေ၊ အထည်အလိပ် စသည်တို့ ထုတ်လုပ်သည်။

လာပက်မြို့ကို ခရစ် ၁၅၄၈ ခုနှစ်တွင် အာလွန်ဆိုသေ



www.burmeseclassic.com

www.burmeseclassic.com



မင်ဒိုးဆွဲးက တည်ထောင်ခဲ့သည်။ မြို့တည်စက လာဆယူးသတ် သေ နျူအက်စဘရာ စီနေ်ရာ သေ လာပက်ဟူ၍ မှည့်ခေါ်ခဲ့သည်။ 'ကျွန်ုပ်တို့၏ ငြိမ်းချမ်းရေးသခင်မ၏ မြို့တော်'ဟူ၍ အဓိပ္ပါယ်ရသည်။ ၁၈၂၇ ခုနှစ်တွင် လာပက်သေ အာယာကူချို ဟူ၍ အမည်ကို ပြောင်းလိုက်သည်။ အာယာကူချိုမှာ ငြိမ်းချမ်းရေး ဟု အဓိပ္ပါယ်ရသည်။ စပိန်တို့၏ လက်အောက်ခံ ဘဝမှ လွတ်မြောက်ရေး အတွက် ဗိုလ်စ်ဗီးယန်းတို့တိုက်ခဲ့သော တိုက်ပွဲတခုကို အမှတ်ရသောအားဖြင့် ဤသို့ ပြောင်းလဲခေါ်ဝေါ်ခြင်း ဖြစ်၏။ ၁၈၉၈ ခုနှစ်တွင် ဗိုလစ်ဗီးယား နိုင်ငံ၏ မြို့တော်ဖြစ်လာသည်။ ၁၉၀၀ ပြည့်နှစ် အလွန်တွင် လူဦးရေ အထူးတလည် လျင်မြန်စွာ တိုးတက်လာသည်။

လာပက်မြို့ရှိ လူဦးရေမှာ ၃၆၁,၀၀၀ (၁၉၆၅ ခုနှစ်) ခန့် ဖြစ်သည်။

**လာဖေယက်, မားကွစ် ဒါ** (ခရစ် ၁၇၅၇–၁၈၃၄)။ ။ မားကွစ် ဒါ လာဖေယက်သည် ပြင်သစ်လူမျိုး စစ်သည်တော်နှင့် နိုင်ငံပြု သုခမိန် ဖြစ်၍ နာမည်ရင်း အပြည့်အစုံမှာ မာရီ ဂျိုးဇက် ပေါ အီဗီးရေ့ ဂီးလဗတ် ဒုမော်တီယေး ဖြစ်သည်။ လာဖေယက်သည် မိမိဘဝ တလျှောက်လုံးတွင် လွတ်လပ်မှုအတွက် ကြိုးပမ်း ဆောင်ရွက်သွား၏။ ပြင်သစ်တော်လှန်ရေးတွင်သာ မက အမေရိကန် တော်လှန်ရေးစစ်ပွဲများတွင်လည်း အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်သည်။ ဤသို့ စွဲမြဲယုံကြည် ပြုမူဆောင်ရွက်ချက်များကြောင့် လာဖေယက်သည် မိမိခံစားရသော စည်းစိမ်၊ လူမှုအဆင့်အတန်းသာ မက၊ မိမိ၏ လွတ်လပ်မှုပါ ဆုံးရှုံးရသော်လည်း ပြင်သစ်လူမျိုးရော အမေရိကန်လူမျိုးတို့ကပါ လေးစား ကြည်ညိုခြင်းကို ခံရ၍ ကမ္ဘာ့သမိုင်းတွင် ထင်ရှားသော ပုဂ္ဂိုလ်တဦးဖြစ်လေသည်။

လာဖေယက်သည် ၁၇၅၇ ခု နှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ပြင်သစ်နိုင်ငံ အွတ်လွားနယ်၊ ရှာဗာနီယက်မြို့၌ မွေးဖွားသည်။ လာဖေယက်သည် မူးမျိုး မတ်နွယ်မှ ဆင်းသက်ပေါက်ဖွားလာသူ ဖြစ်သည်။ နှစ်နှစ်သားအရွယ်တွင် သူ၏ ဖခင် သေဆုံး၍ ၁၁ နှစ် ကြာသောအခါ သူ၏မိခင်နှင့် အဖွား သေဆုံးခဲ့ရာ လာဖေယက်သည် အမွေအနှစ်များစွာကို ရရှိလိုက်သည်။ လာဖေယက်သည် ဗာဆေးမြို့ရှိ စစ်တက္ကသိုလ်တွင် ပညာသင်ယူသည်။ အသက် ၁၆ နှစ်အရွယ်တွင် ဩဇာရှိသောပုဂ္ဂိုလ်ကြီးတဦး၏ သမီးနှင့် လက်ထပ်သည်။ မကြာမီပင် စစ်တပ်၌ ဗိုလ်ကြီး ဖြစ်လာသည်။ သို့သော် လာဖေယက်သည် နန်းတွင်း၌ နေရသည့် ဘဝကို ငြီးငွေ့ပြီးလျှင် အာဏာဖြင့် အုပ်စိုးခြင်းကို မကျေမနပ် ဖြစ်လာသည်။ အသက် ၁၉ နှစ် အရွယ်တွင် ပြင်သစ်စစ်တပ်ထဲ၌ ဗိုလ်ကြီးအဖြစ် အမှုထမ်းနေစဉ် အမေရိကန် ကိုလိုနီနယ်သစ်များက အင်္ဂလိပ် အစိုးရကို တော်လှန်ပုန်ကန်ကြောင်း ကြားသိရသောအခါ များစွာ စိတ်အား တက်ကြွခဲ့လေသည်။

သို့ဖြစ်၍ သူသည် ပြင်သစ်ဘုရင်၏ အမိန့်ကို ဖီဆန်ပြီးလျှင် အခက်အခဲ အမျိုးမျိုးအကြားမှပင် အမေရိကန်ပြည်နယ်များသို့ ၁၇၇၇ ခုနှစ်တွင် ထွက်ခွာ သွားခဲ့လေသည်။ သူသည် ပိုက်ဆံကြေးငွေ မယူဘဲ အမေရိကန်တို့၏ တော်လှန်ရေးလုပ်ငန်း၌ ပါဝင် ကူညီလိုကြောင်းပြောဆိုခဲ့ရာ သူ့အား အမေရိကန် ကွန်ဂရက်က ဂျော့ဝါရှင်တန်၏ အောက်တွင် ဒု–ဗိုလ်ချုပ်ကြီးအဖြစ် ခန့်ထားခဲ့လေသည်။ သို့ဖြင့် နောင်အခါ အမေရိကန် သမတ ဖြစ်လာမည့် ဝါရှင်တန်နှင့် ခင်မင် ချစ်ကျွမ်းဝင်ခဲ့သည်။ သူ၏ ဆောင်ရွက်ချက်များမှာ အထူးပင် ခရီးရောက်လှပေသည်။ သူ၏ လုံ့လပယောဂကြောင့်ပင် ၁၇၇၈ ခုနှစ်၌ အမေရိကန်နယ်သစ်များသည် ပြင်သစ်အစိုးရနှင့် မဟာမိတ် စာချုပ် ချုပ်ဆိုနိုင်ခဲ့ပေရာ ပြင်သစ်တို့က လူအင်အား၊ လက်နက်အင်အား အကူအညီများပေးခဲ့လေသည်။ အကယ်၍သာ ထိုသို့ ပြင်သစ်တို့ထံမှ အကူအညီမရပါက အမေရိကန်တို့၏ တော်လှန်ရေးမှာ အောင်မြင်မည် မဟုတ်ချေ။

၁၇၈၉ ခုနှစ်တွင် ပြင်သစ်တော်လှန်ရေး ဖြစ်ပွားသောအခါ လာဖေယက်သည် လွတ်လပ်ရေးကို မြတ်နိုးသူ ပီပီ ကိုယ်ဖိရင်ဖိ ကူညီအားပေးရန် မိမိ၏ ဇာတိဌာနသို့ ပြန်လာသည်။ ပြင်သစ်နိုင်ငံသို့ ရောက်သောအခါ အမျိုးသားလွှတ်တော်တွင် အခွင့်အရေးများကို ကြေညာရန် အကြံပေးခဲ့လေသည်။ ဗက်စတီးထောင်ကြီးကို လူထုက ဝင်စီးပြီး နောက်တနေ့၌ သူ့ကို အမျိုးသားကာကွယ်ရေးတပ်၏ ဦးစီးဗိုလ်ချုပ်အဖြစ် ခန့်ထားကြသည်။ သူသည် နှစ်နှစ်ခန့်မျှ ပြင်သစ်နိုင်ငံတွင် အရေးအပါဆုံးလူ ဖြစ်ခဲ့လေသည်။ သူပင်လျှင် တော်လှန်ရေးစစ်တပ်များအတွက် အနီ၊ အဖြူ၊ အပြာ ပါသော သုံးရောင်ချယ်အလံကို အသုံးပြုရန် စတင်အကြံပေးခဲ့လေသည်။

လာဖေယက်သည် ပြင်သစ်လူမျိုးတို့ လွတ်လပ်မှုရရှိရေးအတွက် ကြိုးပမ်းရာ၌ အင်္ဂလန်ပြည်တွင်ကဲ့သို့ပင် စည်းမျဉ်းခံ ဘုရင့် အုပ်ချုပ်ရေး စံနစ်မျိုးကို လိုလားသူ ဖြစ်၏။ ၁၆ ဆက်မြောက် လူဝီဘုရင်က ပြင်သစ်နိုင်ငံမှ ထွက်ပြေးရန် ကြိုးစားသောအခါ လာဖေယက်သည် ဘုရင်ကို လိုက်လံဖမ်းဆီးရန် အမိန့်ထုတ်ပေးခဲ့၏။ ၁၇၉၁ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ်ကို ပြဋ္ဌာန်းအတည်ပြုပြီးနောက်တွင် အနားယူကာ အေးအေးဆေးဆေး နေထိုင်ခဲ့ရာ ပရပ်ရှား၊ ဩစတြီးယား နိုင်ငံများနှင့်စစ်ဖြစ်တော့မည့်ဆဲဆဲ ဖြစ်နေသဖြင့် စစ်တပ်တွင် ပြန်လည်

www.burmeseclassic.com





အမှုထမ်းခဲ့ရပြန်လေသည်။ သို့သော် သူသည် တယူသန် တော်လှန်ရေးသမားများ ဖြစ်သော ဂျက်ကိုဗင်းတို့၏ တရားလက်လွတ်ပြုကျင့်မှုကို မနှစ်မြို့နိုင်သည့်ပြင် စည်းမျဉ်းခံဘုရင့်အုပ်ချုပ်ရေးကို ထောက်ခံအားပေးလိုသူ ဖြစ်၍ ထိုစဉ်က အုပ်ချုပ်ရေး အာဏာကို ကြိုးကိုင်နေသော ဂျက်ကိုဗင်းတို့ကို ဖြုတ်ချရန် ကြံစည်ခဲ့လေသည်။ သို့ဖြစ်၍ မကြာမီ သစ္စာဖောက်ဟူ၍ သူ့အား စွပ်စွဲသည်ကို ခံရပြီးလျှင် အသက်အန္တရာယ်အတွက် စိုးရိမ်ရသောကြောင့် ဗယ်လဂျီယမ်နိုင်ငံသို့ ထွက်ပြေးရလေသည်။ ထိုနိုင်ငံ၌ သူ့ကို ဩစတြီးယန်းတို့က ဖမ်းဆီး အကျဉ်းချထားခဲ့ရာ နပိုလီယန် တက်လာသောအခါကျမှ ခရစ် ၁၇၉၇ ခုနှစ်တွင် လွတ်မြောက်သွားခဲ့၏။ ၁၇၉၉ခုနှစ်၌ပြင်သစ်နိုင်ငံသို့ပြန်လည်နေထိုင်သည်။သို့သော် ဆီနိတ်အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းကိုမူ လက်မခံခဲ့ချေ။

၁၈၁၅ ခုနှစ်တွင် နပိုလီယန်သည် အဲလဗကျွန်းမှ ပြန်လည်ရောက်ရှိပြီးနောက် အတန် ရက်ရောသော အခြေခံဥပဒေကို ပြဋ္ဌာန်းပေးသည်။ လာဖေယက်ကိုလည်း ပြည်သူ့လွှတ်တော်တွင် အမတ်အဖြစ် ရွေးကောက်တင်မြှောက်သည်။ သို့သော် နပိုလီယန် အာဏာ ယူလွန်းသည်ကို သဘောမကျသဖြင့် အတိုက်အခံ ပြုခဲ့သည်။ ထိုနောက် ပြည်သူ့လွှတ်တော်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံရသည်။ ဝါးတားလူးတိုက်ပွဲအပြီးတွင် နပိုလီယန် နန်းမှဆင်းဖြစ်အောင် ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။



ပြင်သစ် နိုင်ငံရေးခေါင်းဆောင်တဦးဖြစ်သူ လာဖေယက်

လာဖေယက်သည် ၁၈၂၄ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုသို့ သွားရောက် လည်ပတ်သည်။ အမေရိကန်ကွန်ဂရက်က လာဖေယက်အား ကျေးဇူးတုံ့ပြန်သောအားဖြင့် ဒေါ်လာ ၂၀၀,၀၀၀ နှင့် ဖလော်ရီဒါပြည်နယ်တွင် မြို့နယ်တကွက်ကို ပေးသည်။ ထိုအတောအတွင်း ဂရိ၊ ဣတာလျံ၊ စပိန်၊ ပေါ်တူဂီ၊ လက်တင်အမေရိကန်၊ ဗယ်လဂျီယန်နှင့် ပိုးတော်လှန်ရေးအဖွဲ့များနှင့် ဆက်သွယ်၍ ကူညီ အားပေးခဲ့သည်။ အမေရိကန် ပြည်ထောင်စုမှ ပြန်လည် ရောက်ရှိသည်တွင် ပြည်သူ့လွှတ်တော်တွင် ပြန်လည် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။

နပိုလီယန် စစ်ရှုံးပြီးနောက် ပြင်သစ်နိုင်ငံကို အုပ်စိုးခဲ့သော ဒသမ ချားဘုရင်က သက်ဦးဆံပိုင်ဝါဒကို ပြန်လည်အသက် သွင်းရန် ကြံစည်သောအခါ လာဖေယက်သည် ခေါင်းဆောင်၍ အတိုက်အခံ ပြုခဲ့၏။ လာဖေယက်သည် ၁၈၃၀ ပြည့်နှစ် အရေးတော်ပုံ၌လည်း ပါဝင် ဆင်နွှဲခဲ့ပြီးနောက် အမျိုးသားကာကွယ်ရေးတပ် ဗိုလ်မှူး အဖြစ်နှင့် ဒသမ ချားကို နန်းချပြီးလျှင် လူဝီ ဖိလစ်ကို နန်းတင်ခဲ့လေသည်။ ပြင်သစ်နိုင်ငံသည် သမတနိုင်ငံ ဖြစ်မြောက်ရေးအတွက် အချိန်မရောက်သေးဟု ထင်မှတ် ယူဆသောကြောင့် ဘုရင်ကို တင်မြှောက်ခဲ့ခြင်း ဖြစ်သည်။ သို့ရာတွင် မိမိ၏ ထင်ကြေးနှင့် မကိုက်ညီသောကြောင့် ဘုရင်နှင့် အတိုက်အခံ ဖြစ်လာသည်။ ဤအချိန်ကား သူ့ကွယ်လွန်ခါနီး နှစ်ပိုင်းလောက်တွင် ဖြစ်၏။ လာဖေယက်သည် ၁၈၃၄ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ပါရစ်မြို့၌ ကွယ်လွန်လေသည်။

**လာဖွန်တိန်း, ဂျေ (ခရစ် ၁၆၂၁–၁၆၉၅)။** ။ဇန်းဒါလာဖွန်တိန်းသည် ထိပ်တန်းဝင် ပြင်သစ် ကဗျာစာဆိုတဦးဖြစ်သည်။သူသည် ၁၆၂၁ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့၌ ရှန်ပိန်းမြို့ရှိ ရှတိုးထီယယ်ရီ ရဲတိုက်တွင် ဖွားမြင်လေသည်။ သူ၏ဖခင်သည် ရှတိုးထီယယ်ရီနယ်စားကြီးပိုင်သော သစ်တောများတွင် တောအုပ် ဖြစ်သည်။ လာဖွန်တိန်းသည် မွေးချင်း ပေါက်ဖော်များတွင် အကြီးဆုံးသား ဖြစ်၍ ငယ်စဉ်က ရိမ်းကောလိပ်တွင် ပညာသင်ကြားခဲ့သည်။ ၁၆၄၇ ခုနှစ်တွင် ဖွန်တိန်းသည် ဖခင်၏ တောအုပ်ရာထူးကို ဆက်ခံရလေသည်။ အသက် ၁၆ နှစ်သာ ရှိသေးသော မာရီဟာရီကာတ် ဆိုသူနှင့် လက်ထပ်ထိမ်းမြားခဲ့၍ ၁၆၅၃ ခုနှစ်တွင် လာဖွန်တိန်းတို့ ဇနီးမောင်နှံ ကွာရှင်းကြပြီးနောက် ၁၆၆၀ ပြည့်နှစ်ခန့်က စ၍ တမြေရပ်ခြားစီ နေထိုင်ခဲ့ကြလေသည်။ လာဖွန်တိန်းသည် ပါရစ်မြို့တော်၌သာ နေထိုင်လေ့ရှိသည်။ ဇနီးသည်ကား ရှတိုး၌ ကျန်ရစ်ခဲ့၏။

လာဖွန်တိန်းသည် အသက် ၃၀ ကျော် အရွယ်လောက်မှ စာပေ ရေးသားစ ပြုလေသည်။ ထိုစဉ်အခါက ဖတ်စား



www.burmeseclassic.com

www.burmeseclassic.com







ပြင်သစ်ကဗျာစာဆိုကျော်တဦးဖြစ်သူ ဇန်းဒါလာဖွန်တိန်းသည် လူ၏အကျင့်စာဂမျာကို နိုက်နိုက်ချွတ်ချွတ် သရုပ်ဖော်ပြထားသည့် ဒဏ္ဍာရီပုံပြင်များကို ဖတ်ချင့်စဖွယ်ရေးသားခဲ့သည်။

လျက်ရှိသော တေးသီချင်းခံ ဘွဲ့ကြီးများ၊ လက်ာတိုများနှင့် လက်ာပြန်ကဟပ်များကို စတင် ရေးစပ်ခဲ့လေသည်။ ၁၆၅၄ ခုနှစ်တွင် ဘာသာပြန် လုပ်ငန်းကို စတင်ဆောင်ရွက်၏။ ထိုနောက် ပြင်သစ်နိုင်ငံ စာပေလောက၌ ထင်ရှားကျော်စောသော နာယကလူကြီး ဖူးကဲနှင့် မိတ်ဆက်မိသဖြင့် ၁၆၅၈ ခုနှစ်မှ စ၍ လာဖွန်တိန်းသည် သူရေးသားပေးပို့သော ကဗျာများနှင့် ရွှေးစာဟောင်းများကို ဘာသာပြန်ပေးသည့်အတွက် ပြင်သစ်ငွေ ၁,၀၀၀ ကို ပင်စင်အဖြစ်ဖြင့် ရရှိလေသည်။

လာဖွန်တိန်းသည် ကလေးများအဖို့ ဒဏ္ဍာရီပုံပြင်များကိုလည်း ရေးသားခဲ့သည်။ ရေးသားရာတွင် ပြင်သစ်ဘာသာဖြင့် ရေးသားခဲ့ပေရာ မူရင်း ပြင်သစ်ဘာသာနှင့်ရေးခဲ့သော ပုံများကို ဖတ်ရှုရမှသာ စာရေးသူ၏ လက်စွမ်းကို ပိုမိုသိသာနိုင်ပေမည် ဖြစ်၏။ လာဖွန်တိန်း ရေးသားခဲ့သော ပုံများမှာ ဒဏ္ဍာရီပုံပြင်များ ဖြစ်သဖြင့် ကလေးများအဖို့လည်း ဖတ်ချင့်စဖွယ် ဖြစ်၏။ ထိုပြင်တ၀ ပုံပြင်များတွင် လူတို့၏ စိတ်နေသဘောထား အကျင့်စာရိတ္တတို့ကို ဖွင့်လင်းစွာ ဖော်ပြထားသဖြင့် လူကြီးများ ကြိုက်နှစ်သက်သော စာအုပ်များလည်း ဖြစ်ပေသည်။

လာဖွန်တိန်းသည် ရစင်း၊ ဗွိုင်လို၊မောလဲ့တို့နှင့် တခေတ်တည်း ပေါ်ပေါက်သော စာဆိုတဦးဖြစ်၍ ရစင်း၊ ဗွိုင်လို၊ မောလဲ့နှင့် လာဖွန်တိန်းတို့သည် ပြင်သစ်စာပေသမိုင်းတွင် ထင်ရှားကျော်စောသော လေးဦးအကျော် စာဆိုတော်များ ဟု ပင် ခေါ်ထိုက်သူများ ဖြစ်သည်။ အထူးသဖြင့် လာဖွန်တိန်းသည် ထင်ရှားသော ပြင်သစ် ပြဇာတ်ဆရာ မောလဲ့နှင့် သက်တူရွယ်တူဖြစ်၍ ၁၇ ရာစုနှစ်အတွင်းတွင် ထိုသူနှစ်ဦးတို့ ရေးသားသော စာပေများမှာ အလွန်ခေတ်စားခဲ့လေသည်။ လာဖွန်တိန်းသည် ၁၆၆၄ ခုနှစ်တွင် ပြင်သစ်စာပေ၌ ထင်ရှားသော ကွန့်အမည်ရှိ ထပ်ပြောပုံပြင် ပဌမတွဲကို ရေးသားထုတ်ဝေလေသည်။ လေးနှစ်ကြာသောအခါ ထိုစာအုပ်၏ ဒုတိယတွဲနှင့် ဒဏ္ဍာရီပုံပြင် ပဌမခြောက်အုပ် ထွက်လာလေသည်။ ၁၆၇၉ ခုနှစ်တွင် ဒဏ္ဍာရီပုံပြင် ဒုတိယတွဲနှင့် ၁၆၈၃ ခုနှစ်တွင် တတိယတွဲ စာအုပ်များကို ထုတ်ဝေလေသည်။ လာဖွန်တိန်း၏ ဒဏ္ဍာရီပုံပြင်များတွင် လူ၏ အကျင့် စာဂမျာကို နိုက်နိုက်ချွတ်ချွတ် သရုပ်ဖော်ပြ ထားသည့်ပြင် ဖတ်ရလွယ်သော စကားအသုံးအနှုန်းများဖြင့် သီကုံးထားသော ကဗျာများဖြစ်ရာ ပြင်သစ်စာပေ၌ အလွန်ထင်ရှားပေသည်။ လာဖွန်တိန်းသည် ပြင်သစ် ပညာ့တံခွန်အသင်းတွင် အဖွဲ့ဝင်တဦးအဖြစ် ၁၆၈၄ ခုနှစ်တွင် ရွေးကောက် တင်မြှောက်ခြင်းခံရသည်။


လာဖွန်တိန်းသည် ငယ်စဉ်က စ၍ ဆင်းတောင့်ဆင်းရဲနှင့် နေခဲ့ရသည် ဟုမရှိချေ။ ပစ္စည်းဥစ္စာ ကြွယ်ဝသော မိန်းမနှင့် အိမ်ထောင်ကျခဲ့၏။ တဖန် ဇနီးသည်နှင့် ကွာရှင်းလိုက်ပြီး နောက် သူ့အား ကူညီမိုင်းမမည့် ပုဂ္ဂိုလ်များတဦးပြီးတဦး ပေါ်ပေါက်ခဲ့၏။ တခါက လာဖွန်တိန်းသည် ပစ္စည်းကြွယ်ဝသူ အမျိုးသမီးတဦးဖြစ်သော မဒမ် ဒါလာဆပ်ဗလဲ့၏ ဖိတ်ကြားချက်အရ သူ၏ထံ၌ အနှစ်နှစ်ဆယ်ကြာမျှ နေထိုင်ခဲ့ဘူးလေသည်။

ကဗျာစာဆိုကျော် ဇန်း ဒါလာဖွန်တိန်းသည် ၁၆၉၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် ပါရစ်မြို့၌ အနိစ္စရောက်လေလည်။

**လာမာကုလားအုပ်။** ။တောင်အမေရိကတိုက်၊အန်းဒီးတောင်တန်းများပေါ်တွင် ကျက်စားသော လာမာကုလားအုပ်သည် ကုလားအုပ် မျိုးနွယ်ထဲမှပင် ဖြစ်သော်လည်း ဘို့မပါရှိချေ။ အယ်လပါကာကောင်နည်းတူ လာမာကုလားအုပ်ကို အတော်အတန် ယဉ်ပါးလာအောင် လူတို့မွေးမြူခဲ့ကြသည်။ သို့ရာတွင် လာမာကုလားအုပ် အမွေးမှာ ကြမ်းသဖြင့် ကြိုးသေးများကျစ်ရန်နှင့် အထည်ကြမ်းများ ရက်လုပ်ရန်အတွက်သာ အသုံးကျလေသည်။ သို့ဖြစ်၍ လာမာကုလားအုပ်အထီးတို့ကို လှည်းငယ်များ ဆွဲရန်နှင့် ဝန်တင်

www.burmeseclassic.com





တောင်အမေရိကတိုက် အန်းဒီးတောင်တန်းများပေါ်တွင် ကျက်စားသည့် လည်ဘို့မပါရှိသော လာမာကုလားအုပ်

ရန်အတွက် အသုံးချ၍ အမများကို နို့စားရန်နှင့် အသားစားရန်အတွက် မွေးမြူကြသည်။ လာမာကုလားအုပ်၏ အသားမှာ သိုးသား၊ ဆိတ်သားတို့နှင့် ဆင်ဆင်တူသည်။ လာမာကုလားအုပ်တို့ကို လူတို့မွေးမြူခိုင်းစေ၍ ရှသော်လည်း ယင်းတို့၏ ဘိုးဘွားများဖြစ်သော ဂွာနာကိုတို့မှာ အန်းဒီးတောင်တန်း တလျှောက်တွင် ယနေ့ထက်တိုင် အရိုင်းသက်သက်ပင် ရှိနေကြသေး၏။ လာမာကုလားအုပ်သည် ပခုံးနေရာအထိ သုံးပေခန့် မြင့်၍ ကိုယ်တွင်အမွေးရှည်များ ဖုံးလျက်ရှိသဖြင့် ခြေတံလက်တံ ရှည်နေသော ထူးဆန်းသည့် သိုးတကောင်နှင့် တူလေသည်။

တဆဲ့ခြောက်ရာစုနှစ် အတွင်းက စပိန်လူမျိုး တို့သည် တောင်အမေရိကတိုက် ပီးရူးနယ်ကို တိုက်ခိုက်သိမ်းယူသည့်အခါ ထိုနယ်ရှိ တိုင်းရင်းသားများ ဖြစ်သော အင်းကား လူမျိုးတို့သည် လာမာ ကုလားအုပ်တို့ကို လူများစီးရန်နှင့် ဝန်တင်ရန်အတွက် အသုံးချလျက် ရှိနေကြသည်ကို တွေ့မြင်ရလေသည်။ ဥရောပတိုက်သားတို့သည် အမေရိကတိုက် နှစ်ခုလုံးသို့ ရောက်ရှိသွားစဉ်က တိုင်းရင်းသားတို့သည် ခွေးနှင့် လာမာကုလားအုပ် နှစ်မျိုးကိုသာ ယဉ်ပါးအောင် မွေးမြူကြသည်ကို တွေ့ရသည်။

တောင်အမေရိကတိုက်တွင် စစ်အောင်နိုင်ကြသော စပိန်လူမျိုးတို့သည် ပြည်တွင်းပိုင်းရှိ ဘော်တွင်းများမှ ဘော်ကို လာမာကုလားအုပ်တို့ ပေါ်တွင် တင်၍ တောင်ကြိုတောင်ကြား ခရီးလမ်းကြမ်းများဖြင့် ပင်လယ်ကမ်းခြေသို့ သယ်ယူခဲ့ကြလေသည်။ ထိုဝန်တင် လာမာကုလားအုပ်တို့ကို တိုင်းရင်းသားတို့အား ကြီးကြပ်၍ မောင်းနှင်စေ၏။ ၁၉ ရာစုနှစ် အလယ်ပိုင်းသို့ ရောက်သည်အထိ အန်းဒီးတောင်ပေါ်တွင် ခရီးသွားလာရာ၌ လာမာတို့ကိုသာလျှင် အသုံးချခဲ့ကြလေသည်။ ယနေ့တိုင် အခြားသယ်ယူပို့ဆောင်ရေး နည်းများကို အသုံးမပြုနိုင်အောင်အလှမ်းဝေးနေသော တောင်ကုန်းဒေသများတွင် ယင်းတို့ကိုသာလျှင် အသုံးချလျက် ရှိကြလေသည်။

လာမာကုလားအုပ်သည် သန်စွမ်းသော တိရစ္ဆာန်မျိုးဖြစ်၍ အချိန်ပေါင် ၁၂၀ ကို သယ်ယူလျက် တနေ့လျှင် ၁၂ မိုင်ခရီးကို သက်သက်သာသာဖြင့် ပေါက်ရောက်နိုင်လေသည်။ ကျောက်တုံးကျောက်ခဲများ ထူပြောသည့် တောင်ပေါ် ခရီးကြမ်းများတွင် သွားလာနိုင်ရန် မာကျောသော ခွာများရှိသည်။ လာမာကုလားအုပ်ကို အလိုက်သိစွာခိုင်းစေမည် ဆိုလျှင် သခင့်အလိုကျ ဆောင်ရွက်ပေးတတ်

www.burmeseclassic.com



ကြသော်လည်း တင်နေကျဝန်ချိန်ထက် တပေါင်စ နှစ်ပေါင်စ ပိုလေးလာသည့်အခါ ကိုယ်ကို လှဲချလိုက်၍ ထိုဝန်ပိုကို မနုတ်မခြင်း လှဲနေရာမှမထဘဲ နေတတ်သော ညဉ်ဆိုးတခု ရှိလေသည်။ ခရီးသွားသည့်အခါတွင် သူ့အလိုကျခြေလှမ်းထက် မြန်မြန်လှမ်းစေချင်၍ မရနိုင်ချေ။ တနေ့အတွက် ခရီးတော်တန်ပြီဟု အထင်ရှိလျှင် လာမာကုလားအုပ်သည် ရှေ့ကို ဆက်၍ မသွားတော့ချေ။ ဤကဲ့သို့ ပေကတ်ကတ်နေသည့်အခါ မောင်းနှင်သူက အော်ငေါက်ရိုက်နှက် ဆုံးမလိုက်လျှင် ပါးစပ်ထဲမှ အစာလုံးဖြင့်သော်၎င်း၊ တံတွေးတို့ဖြင့်သော်၎င်း ဆုံးမသူကို ပြန်၍ ထွေးလေ့ရှိသည်။

**လာမာဘုန်းကြီး။** ။ကမ္ဘာ့ပေါ်တွင်တိုင်းပြည်အုပ်ချုပ်မင်းလုပ်လျက်ရှိကြသော သမတများနှင့် ဘုရင်အသီးအသီးတို့သည် တိုင်းပြည်၏ အုပ်ချုပ်ရေးတွင် အချုပ်အချာ အာဏာပိုင်များ ဖြစ်ကြသော်လည်း သာသနာရေးဖက်တွင်ကား အာဏာပိုင်များ မဟုတ်ကြချေ။ ဆိုင်ရာဆိုင်ရာ သာသနာပိုင်များ၊ ရဟန်းမင်းများ၊ အယူဝါဒရေး ခေါင်းဆောင်များကသာ သာသနာရေးကို သီးခြား စီမံအုပ်ချုပ်လျက် ရှိကြသည်။ တိဗက်ပြည်တွင်ကား လာမာ ဘုန်းကြီးများ အမြောက်အမြားရှိသည့်အနက် အကြီးဆုံးဖြစ်သော ဒလိုင်းလာမာဘုန်းကြီးသည် တချိန်သောအခါက တိဗက်ပြည်၏ နိုင်ငံရေးအချုပ်အချာ အာဏာပိုင် ဖြစ်ခဲ့ပေသည်။ ဤသည်ကား တိဗက်ပြည်၏ ယခင်က ထူးခြားချက်ပင် ဖြစ်သည်။

တိဗက်ပြည်တွင် ကိုးကွယ်သော အယူဝါဒမှာ ဗုဒ္ဓအယူဝါဒပင် ဖြစ်သော်လည်း မြန်မာ၊ ယိုဒယား၊ သီဟိုဠ်၊ လောဝ (လာအို)၊ ကမ္ဘောဇနိုင်ငံတို့တွင် ကိုးကွယ်သော ထေရဝါဒ ဗုဒ္ဓအယူဝါဒမျိုး မဟုတ်၊ မဟာယာန ဗုဒ္ဓအယူဝါဒ ဖြစ်သည်။ (မဟာယာန—လည်းရှု။) တိဗက်ပြည်သို့ ဗုဒ္ဓသာသနာသည် လွန်ခဲ့သော နှစ်ပေါင်း ၁,၃၀၀ ကျော်လောက်က ဆရုန်စန်ဂံပိုမင်း လက်ထက်၌ ပဌမဆုံး ဆိုက်ရောက်လာခဲ့လေသည်။ ထိုမင်းသည် ဗုဒ္ဓအယူဝါဒီ နီပေါမင်းသမီး တပါးနှင့် တရုပ်မင်းသမီး တပါးတို့ကို မိဖုရားမြှောက်၍ စိုးစံခဲ့သည့်နောက်ပိုင်းတွင် ထိုမိဖုရားတို့၏ ညွှန်ပြမှုအစွမ်းအားဖြင့် ဗုဒ္ဓအယူဝါဒ စတင်ထွန်းကားလာခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် ထိုမင်းလက်ထက်တွင် ဗုဒ္ဓအယူဝါဒသည် ထွန်းကားသင့်သလောက် မထွန်းကားချေ။ နောက် နှစ်ပေါင်းတရာ လွန်ပြီးသောအခါ ခရီဆရုန်အိုက်ဗခန်မင်း လက်ထက်၌ အိန္ဒိယနိုင်ငံအနောက်မြောက်ပိုင်းရှိ ဥဒယာနအရပ်မှ ပဒုမသမ္ဘဝ အမည်ရှိ မထေရ်တပါးအား ပင့်ဆောင်ခဲ့၏။ ထိုပဒုမသမ္ဘဝ မထေရ်သည် မူလက စုန်း၊ နတ်၊ တစ္ဆေ၊ ပယောဂတို့နှင့် ရောပြွမ်းလျက် ရှိသည့် တိဗက်ပြည်သူပြည်သား အမြောက်အမြားကို ဗုဒ္ဓအယူဝါဒီများအဖြစ်သို့ သွတ်သွင်းနိုင်ခဲ့လေသည်။ သို့သော် သူ၏ ဗုဒ္ဓအယူဝါဒမှာ မဟာယာနဗုဒ္ဓအယူဝါဒ ဖြစ်သည်။ ထိုမထေရ်သည် လာမာဂိုဏ်းကို စ၍တည်ထောင်သည်။ လာမာမှာ တိဗက်ဘာသာဖြင့် မြင့်မြတ်သော ပုဂ္ဂိုလ်ဟု အဓိပ္ပါယ်ရသည်ဆို၏။ သူ၏ အယူဝါဒကို လက်ခံသူတို့မှာ ယခုတိုင် ဒေါက်ချာနီ လာမာဘုန်းကြီးဂိုဏ်း အဖြစ်ဖြင့် ကြွင်းကျန်ရှိနေပေသေးသည်။ ပဒုမသမ္ဘဝ ကြီးမှူးသော ဒေါက်ချာနီ လာမာဘုန်းကြီးများသည် ဗုဒ္ဓအယူဝါဒီ အမည်ကို ခံယူသော်လည်း အသားစားခြင်း၊ အိမ်ရာထောင်ခြင်းနှင့် သေရည် သေရက် သောက်စားခြင်းများကို ပြုလုပ်ကြသည်။ ဤသို့ ပြုလုပ်ရန်ကိုလည်း ပဒုမသမ္ဘဝက ဝါဒဖြန့်ခဲ့သည်။ သို့မှသာ ဘုရားလောင်းဘဝကို လျင်မြန်စွာ ရောက်နိုင်သည် ဟုလည်း ဟောပြောခဲ့လေသည်။

ကိုးရာစုနှစ်တွင် လန်ဒါမာ မင်း လက်ထက်၌ ပဒုမသမ္ဘဝ၏ အယူဝါဒကို နှိမ်နင်းခဲ့ပြီးသည့်နောက် ဗုဒ္ဓအယူဝါဒ တဖန် ပြန်လည် ထွန်းကားလာပြန်လေသည်။ လာမာဘုန်းကြီးများ၏ တန်ခိုးအာဏာများလည်း တိုးတက်လာခဲ့လေသည်။ ၁၁ ရာစုနှစ်သို့ ရောက်သောအခါ အိန္ဒိယနိုင်ငံမှ ဘုန်းတော်ကြီးတပါးသည် တိဗက်ပြည်သို့ ရောက်ရှိလာပြန်ရာ ရှေးကရှိခဲ့သော အယူဝါဒများကို ပြုပြင်၍ စင်ကြယ်သော ဝါဒများကို ဟောပြောသည် ဟု ဆိုသည်။ ဤသို့ဖြင့် တိဗက်ပြည်တွင် လာမာဘုန်းကြီးများ ဂိုဏ်းအမျိုးမျိုး ကွဲထွက်သွားလေသည်။ ဂိုဏ်းအမျိုးမျိုးတို့အနက် ဒေါက်ချာနီဂိုဏ်းဖြစ်သော သကျအနွယ် လာမာဘုန်းကြီးတို့ကား နိုင်ငံရေးတွင် အလွန်အရေးပါ အရာရောက်ကြပေသည်။ ထိုအချိန်အခါကား တိဗက်ပြည်တွင် နိုင်ငံရေးနှင့် သာသနာရေး ရောထွေးကာ တိုင်းပြည် အစိတ်စိတ် အမြွာမြွာ ကွဲခဲ့ရလေသည်။ ၁၃ ရာစုနှစ်သို့ ရောက်သောအခါ သကျနွယ်ဝင် လာမာဘုန်းကြီးခေါင်းဆောင်တို့သည် မိမိတို့၏ဂိုဏ်း တန်ခိုးအာဏာ ပို၍ကြီးမားလာရန် ရည်သန်၍ တရုပ်နိုင်ငံ၏ မွန်ဂိုကေရိုဇ် ကူဗလိုင်ခန်နှင့် မဟာမိတ်ဖွဲ့ကာ အကူအညီကို တောင်းခံလေသည်။ ကူဗလိုင်ခန်မင်းသည် ၁၂၇၀ ပြည့်နှစ်တွင် သကျနွယ်ဝင် လာမာဘုန်းကြီးတို့၏ အယူဝါဒကို နှစ်သက်ရကား ယင်းတို့အထဲမှ အကြီးဆုံး လာမာဘုန်းကြီး သကျပဏ္ဍိတကို နိုင်ငံရေး အာဏာနှင့်တကွ သာသနာရေး အာဏာကိုပါ တပြိုင်တည်း အပ်နှင်းကာ တိဗက်ပြည်ကို အုပ်ချုပ်စေသည်။ ထိုအချိန်အခါမှစ၍ တိဗက်ပြည် လာမာဘုန်းတော်ကြီးသည် နိုင်ငံရေးအချုပ်အချာ အာဏာပိုင် ဖြစ်သည့်ပြင် သာသနာရေးတွင်လည်း အာဏာပိုင် ဖြစ်လာသည်။

တဆဲ့ငါးရာစုနှစ်တွင် ဆွန်ခါပအမည်ရှိ ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် ဘုန်းကြီးသိက္ခာပုဒ်များကို တမျိုးတဖုံ ပြုပြင်ဖန်တီးခြင်းဖြင့် ဒေါက်ချာဝါ လာမာဘုန်းကြီးဂိုဏ်းကို တဖန်တည်ထောင်ပြန်လေသည်။ ဤဒေါက်ချာဝါ ဂိုဏ်းသည် ဒေါက်ချာနီဂိုဏ်းနှင့် ဆန့်ကျင်ကာ ဘုန်းကြီး သိက္ခာပုဒ်များကို များစွာ ပြုပြင်ခဲ့လေသည်။ အိမ်ရာထောင်ခြင်းကို အလျင်းခွင့်မပြုချေ။ ဤဂိုဏ်းသစ်မှ ဘုန်းတော်ကြီး ဆွန်ခါပ ကွယ်လွန်ပြီးသည်နောက် တတိယဘုန်းတော်ကြီးမှစ၍ ဒလိုင်းလာမာ ဟူသော ဘွဲ့ကို ခံယူလေသည်။ ဤပဌမဆုံးဒလိုင်းလာမာ ဘုန်းတော်ကြီးကား ဆွန်ခါပ၏တူတော်ပင် ဖြစ်သည်။ ဒလိုင်းလာမာ ဟူသောအမည်ဖြင့် ထင်ရှားလာပြီးလျှင် သူ၏အဆက်အနွယ်များကို ဒလိုင်းလာမာဟုခေါ်လာကြသည်။ ပဌမဒလိုင်းလာမာ၏ ခေတ်တွင် ဒလိုင်းလာမာကို အကြံဥာဏ်ပေးသည့် ပန်ချင်လာမာဟု လည်းခေါ်သော 'တာရှီလာမာ'ကို ခန့်အပ်လေရာ ဒလိုင်းလာမာ မင်းဆက်နှင့်အတူ တာရှီလာမာ မင်းဆက်တို့လည်း ပေါ်ပေါက်လာလေသည်။ နောင်အခါတွင် လာမာဂိုဏ်း နှစ်ဂိုဏ်းကွဲခဲ့ရာ တိဗက်ပြည်သူပြည်သားများက ဒလိုင်း လာမာကို တိုင်းပြည်အုပ်ချုပ်ရေးအတွက်၎င်း၊ ပန်ချင်လာမာကို သာသနာရေးအတွက်၎င်း အာဏာပိုင်များ ဟူ၍ ခွဲခြားကာ အသိအမှတ် ပြုခဲ့ကြလေသည်။ ၁၅ ရာစုနှစ် ဆွန်ခါပ ဘုန်းတော်ကြီး ပေါ်ပေါက်လာပြီးသည့် အချိန်မှ စ၍ တိဗက်ပြည်၌ 'လူဝင်စားမှု' အယူဝါဒသည် ခိုင်မြဲစွာ အမြစ်တွယ်ပြီး ဖြစ်လေသည်။ ထိုအယူဝါဒမှာ အကျင့်၊ သီလ၊ သမာဓိနှင့် ပြည့်စုံ၍ ဗုဒ္ဓဘုရားဖြစ်နိုင်ရန် ထိုက်တန်သောသူသည် လောကီလူသားတို့အား ငဲ့ညှာသော ကရုဏာတော်ဖြင့် သတ္တဝါတို့အား ကူညီ စောင့်ရှောက်ရန် ဘုရားအဖြစ် မခံယူဘဲ လူ့လောကသို့ ပြန်လည် ဝင်စားခြင်းဖြစ်၏။ ဒလိုင်းလာမာတဦး ပျံလွန်၍ နောက်ဆက်ခံမည့် ဒလိုင်းလာမာတဦး ထပ်မံရွေးချယ်ပုံမှာ 'လူဝင်စား ပေါ်ပေါက်မှု' ပေါ်တွင် မူတည်ရွေးချယ်သဖြင့် အထူးစိတ်ဝင်စားဖွယ် ကောင်းပေသည်။ ဒလိုင်းလာမာတဦး ပျံလွန်လျှင် ပျံလွန်ခြင်း အခြားတနေရာ၌ ချက်ခြင်း လူဝင်စားဖြစ်သည်ဟု တိဗက်လူမျိုးတို့က မယုံကြည်ချေ။ လူ့အဖြစ်သို့ ပြန်လည်မယူမီ တနှစ်တန်သည် နှစ်နှစ်တန်သည် စသည်ဖြင့် ကြာသည် ဟု ယုံကြည်ကြသည်။

တဆဲ့သုံးဆက်မြောက် ဒလိုင်းလာမာ ပျံလွန်ခဲ့ပြီးနောက် ပြန်လည်၍ ၁၄ ဆက်မြောက် ဒလိုင်းလာမာအဖြစ် ဝင်စားရာ၌ ဖြစ်ပေါ်မည့် မိမိ၏ လက္ခဏာများကို ကြိုတင်၍ အရိပ်အမြွက်မျှ မိန့်ဆိုထားခဲ့လေသည်။ ခရစ် ၁၉၃၃ ခုနှစ်၌ ၁၃ ဆက်မြောက် ဒလိုင်းလာမာ ပျံလွန်တော် မူသောအခါ လာဆာမြို့တော်အနီး ပိုတာလာ နန်းတော်ကြီးတွင် ရှေးအစဉ်အလာ ထုံးတမ်းအရ တောင်ဖက်သို့ မျက်နှာတော်မူစေ၍ ထိုင်လျက် တည်ရှိစေခဲ့လေသည်။ တနေ့သော နံနက်တွင် ထူးဆန်းအံ့ဩဖွယ်ရာ ၁၃ ဆက်မြောက် ဒလိုင်းလာမာ၏ ရုပ်ကလာပ်သည် အရှေ့ဖက်သို့ လှည့်နေသည်ကို တွေ့ကြရသည် ဟု ဆိုသည်။ ဤသို့ဖြင့် ၁၄ ဆက်မြောက် ဖြစ်မည့် ဒလိုင်းလာမာ လောင်းသည် အရှေ့အရပ်မှ ပေါ်ထွန်းလာလိမ့်မည် ဟု နိမိတ်ဖတ်ကြတော့၏။ သို့သော် နှစ်နှစ်ခန့် ကြာသည့် တိုင်အောင် တိကျသော အတိတ် နိမိတ်များကို မတွေ့ရှိခဲ့ကြချေ။ ထိုအတောအတွင်း တိဗက်ပြည်ကို ရင်ခွင်ပိုက် အဖွဲ့က အုပ်ချုပ်နေ၏။ နောက်ဆုံး၌ ရင်ခွင်ပိုက် အဖွဲ့သည် ချိုခေါ်ကြီး ခေါ် ရေအိုင်ကြီးသို့ သွား၍ နိမိတ်ဖတ်လေသည်။ ထိုရေအိုင်ကြီးမှာ တိဗက်ပြည်တွင် အလွန်ပင် ကျော်ကြားလေသည်။ ထိုရေအိုင်ကြီးတွင် ကြည့်ပါက နောင်ဖြစ်မည့် အနာဂတ် အခြေအနေများကို တွေ့မြင်နိုင်သည်ဟု တိဗက် ပြည်သူ ပြည်သားများက ယုံကြည်ကြလေသည်။

ရင်ခွင်ပိုက် အုပ်စိုးသူသည် ဆုတောင်း ပတ္ထနာပြုခြင်း၊ ဝတ်ပြုခြင်းများကို ပြုပြီးသကာလ ရေအိုင်တွင်းသို့ ကြည့်သောအခါ ခေါင်မိုးတွင် ရွှေများချထားသော သုံးထပ်ကျောင်းတခုနှင့် ထိုကျောင်းအနီးရှိ တရုပ်လယ်သမားအိမ်ကလေးတလုံးကို တွေ့ရှိခဲ့သည် ဟု ဆိုသည်။ သို့ဖြင့် ၁၉၃၇ ခုနှစ်တွင် ဒလိုင်းလာမာလောင်းအား ရှာဖွေရန် အရှေ့ဖက်ဆီသို့ အဖွဲ့များ စတင် ခရီးထွက်ကြလေသည်။ ထိုအဖွဲ့များသည် ၁၃ဆက်မြောက် ဒလိုင်းလာမာ မပျံလွန်မီ ကိုင်ဆောင်သုံးစွဲခဲ့သော အသုံးအဆောင် ပစ္စည်းများကို ယူဆောင်သွားကြသည်။ နောက်ဆုံး၌ နိမိတ်ပါအတိုင်း ရွှေရောင်များဖြင့် ဝင်းပြောင်လျက် ရှိသော သုံးထပ်ကျောင်းနှင့် အနီးရှိ တရုပ်လယ်သမား အိမ်ကလေးဆီသို့ ရောက်ရှိခဲ့ကြလေသည်။ ထိုအခါ ထုံးစံအတိုင်း အရာရှိကြီးများနှင့် နောက်လိုက်အစေခံများသည် တဦးနှင့်တဦး အဝတ်အစားချင်း လဲလှယ်ဝတ်ကြပြီးလျှင် ထဲအိမ်ကလေး အတွင်းသို့ ဝင်ကြလေသည်။အိမ်တွင်းမှ နှစ်နှစ်သားခန့် သူငယ်ကလေးသည် ထွက်လာပြီးလျှင် အစေခံ၏ အဝတ်အစားကို ဝတ်ဆင်ထားသော သီရဘုန်းတော်ကြီးအား ဆွဲကိုင်၍ သီရဘုန်းတော်ကြီး ဖြစ်ကြောင်း ပြောနိုင်သဖြင့် အဖွဲ့ဝင်များအား တအံ့တဩ ဖြစ်စေခဲ့လေသည်။ သို့ဖြင့် ဒလိုင်းလာမာလောင်း အစစ်အမှန်ကို တွေ့ရှိပြီဟု စိတ်ချယုံကြည်စွာဖြင့် ပြန်လာခဲ့ကြသည်။

ရက်အနည်းငယ်ခန့် ကြာသောအခါ တဖန်ပြန်၍ သွားရောက် တွေ့ဆုံကြပြန်လေသည်။ ထိုအကြိမ်တွင် ယခင်အခါကကဲ့သို့ ရုပ်ဖျက်ခြင်း မရှိဘဲ မိမိတို့၏ သက်ဆိုင်ရာ အဝတ်အစားများနှင့်ပင် သွားရောက် တွေ့ဆုံကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မဌမှတ္တဲ့ ကလေးအား စိပ်ပုတီးလေးခု ပြသ၏။ ထိုအထဲမှ ကလေးသည် ၁၃ ဆက်မြောက် ဒလိုင်းလာမာ မပျံလွန်မီက ကိုင်သုံးခဲ့သော စိပ်ပုတီးအမှန်ကို ပြသနိုင်သည်ဟု ဆိုသည်။ တဖန် ဗုံပေါင်းများစွာထဲမှ ယခင်ဘဝက အစေခံများအား ခေါ်ယူသည့်အခါ တီးလေ့ရှိသောဗုံကို မှန်ကန်စွာ ရွေးချယ်ယူပြပြန်လေသည်။ နောက်ဆုံးတွင် ယခင်ဘဝက အသုံးပြုခဲ့သော တောင်ဝှေးဟောင်းကို အများထဲမှ ရွေးထုတ် ယူပြနိုင်ခဲ့သည်ဟု ဆိုလေသည်။ ထိုနောက် ကလေးငယ်၏ ကိုယ်ပေါ်တွင် ရှာဖွေကြည့်ရှုကြသောအခါ ပါအပ်သော ကိုယ်အင်္ဂါ အချိုးအစားနှင့် အမှတ်အသားများ ပါရှိသည်ကို တွေ့ရှိကြရလေသည်။ သို့ဖြင့် ကလေးအား တိဗက်ပြည် လာဆာမြို့တော်ရှိ ပိုတာလာနန်းတော်သို့ ဒလိုင်းလာမာအဖြစ် ဆောင်ကြဉ်းသွားကြလေသည်။ သို့သော် ကလေးငယ်တွေ့ရှိသော ဒေသမှာ တရုပ်နိုင်ငံပိုင်ဒေသ ဖြစ်သောကြောင့် တောင်းဆိုသော တရုပ်ပြည်သုံး ဒေါ်လာတသိန်း ပေးခဲ့ရလေသည်။

အသက် ငါးနှစ်မျှသာရှိသေးသော ဒလိုင်းလာမာငယ်ကလေးကို ၁၉၃၉ ခုနှစ်တွင် လာဆာမြို့တော်သို့ ခေါ်ဆောင်ကာ ၁၉၄၀ ပြည့်နှစ် ဖေဖွာရီလတွင် ရင်ခွင်ပိုက်အဖွဲ့ဖြင့် အုပ်စိုးစေလျက် ၁၉၅၀ ပြည့်နှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ၁၄ ဆက်မြောက် ဒလိုင်းလာမာ အဖြစ်ဖြင့် လုံးစ အာဏာလွှဲအပ် ပေးလိုက်လေသည်။ သို့သော် တိဗက်ပြည်သည် တရုပ်ပြည်သူ့သမတနိုင်ငံ၏ အစိတ်အပိုင်းတခု ဖြစ်လာပြီးသည့်နောက် ၁၉၅၉ ခုနှစ်တွင် ဒလိုင်းလာမာသည် အိန္ဒိယ နိုင်ငံသို့ ပြေးဝင်ခိုလှုံခဲ့ရာ၊ ယခု (၁၉၇၁ ခုနှစ်) တိုင်အောင်ပင် နေထိုင်ဆဲ ဖြစ်သည်။

လာမာဘုန်းကြီးတို့မှာ ရဟန်းသဘောထက် ပယောဂဆရာ၊ မှော်ဆရာ၊ ယတြာဆရာသဘော ပို၍ရှိ၏။ မိမိတို့အသည်လောကကို စွန့်ခွာသော ဘုရားလောင်းများ ဟု ဆိုကြသည်။ လူအဖြစ်နှင့် အိမ်ယာထောင်နေသူ တို့ကိုကား ဘုရားလောင်းဟု မယူကြချေ။ သီလရှင်တို့မှာ လူမိန်းမတို့ထက် အတန်းမြင့်လှသည် မဟုတ်ချေ။



ဆီဗက်ပြည်တွင် ကိုးကွယ်သော အယူဝါဒမှာ မဟာယာန ဗုဒ္ဓအယူဝါဒ ဖြစ်သည်။ လာမာဘုန်းကြီးတို့သည် လောကကို စွန့်ခွာသော ဘုရားလောင်းများဟု ဆိုကြသည်။ လာမာတို့ ဝတ်ရုံသော သင်္ကန်းမှာ အဝါ၊ သို့မဟုတ် အနီ ဖြစ်သည်။

www.burmeseclassic.com



တိဗက်ပြည်၌ လူခြောက်ယောက်(ဝါ)ရှစ်ယောက်တွင် တယောက်မှာ လာမာ ဘုန်းကြီးဖြစ်၏။ လာမာတို့ဝတ်ရုံသောသင်္ကန်းမှာ အဝါ၊ သို့မဟုတ် အနီ ဖြစ်၏။ အဝါရောင်ကို တိုင်းပြည်က အသိအမှတ်ပြုသော ဒေါက်ချာဝါ ဂိုဏ်းကြီးကသာ ဝတ်ဆင်ရ၏။ အခြားဂိုဏ်းတို့က မဝတ်ဆင်ရချေ။

**လာဟိုမြို့။** ။လာဟိုမြို့သည် ပါကစ္စတန် သမတနိုင်ငံတွင် ဖွဲ့စည်းပါဝင်သော အနောက် ပါကစ္စတန်ပြည်နယ်၊ လာဟိုတိုင်း၏ မြို့တော်ဖြစ်သည်။ ပါကစ္စတန်တွင် ကရာချိမြို့၏ နောက် ဒုတိယလိုက်သော မြို့ကြီးလည်း ဖြစ်သည်။ လာဟိုမြို့သည် အိန္ဒုမြစ်၏ လက်တက်တခု ဖြစ်သော ရာဗီမြစ်၏ လက်ဝဲဖက် ကမ်းပေါ်တွင် အိန္ဒိယနိုင်ငံ၏ မြို့တော်ဖြစ်သော နယူးဒေလီမြို့၏ အနောက်မြောက်ဖက် မိုင် ၂၅၀ အကွာ၌ တည်ရှိသည်။

လာဟိုမြို့၏ ရှေးအကျဆုံး အပိုင်းကို နှစ်ပေါင်းထောင်သောင်းများစွာက တည်ခဲ့ကောင်း တည်ခဲ့ပေလိမ့်မည်။ အိန္ဒိယသမိုင်းတွင် ထင်ရှားခဲ့သော မဂိုခေတ်၏ကျက်သရေဆောင် ရှေးဟောင်းအဆောက်အအုံများကို ယခုတိုင်တွေ့နိုင်ပေသေးသည်။ ဗြိတိသျှတို့ မသိမ်းပိုက်မီအချိန်က လာဟိုမြို့သည် ဆစ်နိုင်ငံတော်၏ မြို့တော်ဖြစ်ခဲ့သည်။ ဆစ်အယူဝါဒီတို့၏ သမိုင်းဝင် ဘုရားကျောင်းများလည်း လာဟိုမြို့တွင် ရှိသည်။ ဗြိတိသျှတို့၏ လက်ထက်တွင် ပန်ဂျပ်နယ်တခုလုံး၏ ရုံးစိုက်မြို့ဖြစ်ခဲ့သည်။ လာဟိုမြို့ဟောင်းနေရာကို ၁၅ ပေမျှမြင့်သော အုတ်တံတိုင်းဖြင့် ပတ်ရံထားသည်။ လာဟိုမြို့ရှိ များစွာသော အိမ်များ၌ လေသာဆောင်များ ရှိသည်။ လမ်းများမှာ လူစည်ကားလှပေသည်။ လာဟိုမြို့ပေါ်တွင် အလွန်လှပသော မွတ်စလင်ပလီ၊ဂူသင်းချိုင်း၊ နန်းတော်နှင့် အလွန်လှပသော ဥယျာဉ်များ ပန်းခြံများလည်း ရှိသည်။ ဥရောပတိုက်သားတို့၏ ရပ်ကွက်မှာ မြို့ရိုး၏ အပြင်ဖက်ဖြစ်၍ မြို့ဟောင်း၏ တောင်ဖက်တွင် ရှိ၏။ အိန္ဒိယကျွန်းဆွယ် မြောက်ပိုင်းတွင် လာဟိုမြို့သည် ပညာရေး၌ အချက်အခြာမြို့တမြို့လည်း ဖြစ်သည်။ လာဟိုမြို့တွင် ပြတိုက်တခု၊ စာသင်ကျောင်းများနှင့် ပန်ဂျပ် တက္ကသိုလ်ရှိသည်။ ဆင်ခြေဖုံးအရပ် လူနေရပ်ကွက်တွင် ခေတ်မှီပုံစံဖြင့် ဆောက်လုပ်ထားသော အိမ်ကောင်းများ ရှိသည်။

လာဟိုမြို့သည် မြေဩဇာကောင်း၍ ထွန်ယက်စိုက်ပျိုးရန် ကောင်းသော ဒေသ၌ တည်ရှိသည်။ စက်မှုလက်မှုလည်း ထွန်းကားသည်။ လာဟိုမှ အဓိက ထွက်ကုန်များမှာ ရွှေစောင်၊ ကော်ဇော၊ ရွှေခြည်၊ ငွေခြည် ဇာများဖြစ်သည်။ ထို့ပြင် ဂျုံ၊ အထည်အလိပ်၊ သကြား၊ စက်ကရိယာများ၊ အိမ်ထောင်ပရိဘောဂများလည်း ထွက်သည်။ မီးရထားအလုပ်ရုံများလည်း အရေးပါလှပေသည်။ ဒုတိယကမ္ဘာစစ်အတွင်းက အဆိုပါအလုပ်ရုံများသည် စစ်အတွက်များစွာ အကျိုးပြုခဲ့ပေသည်။ လာဟိုမြို့သည် အိန္ဒိယတွင် အရှည်လျားဆုံး ဖြစ်သည့် အနောက်မြောက် မီးရထားလမ်းကြောင်း၏ ဌာနချုပ် ဖြစ်သောကြောင့်လည်း ကုန်သွယ်ရေး၌ အရေးပါ၍ အချက်အခြာဌာနတခု ဖြစ်၏။

လာဟိုမြို့ကို ရာဂျပွတ် (ရာဇပုတ္တ) မင်းသား တပါး တည်ခဲ့သည်ဟု ယူဆရသည်။ ထိုမင်းသားသည် နောင်သော် လာဟိုမှ ရာဇဌာန်သို့ ပြောင်းရွှေ့နေထိုင်သည်။ လာဟိုမြို့သည် ရှစ်ရာစုနှစ်နှင့် ကိုးရာစုနှစ်များတွင် ဗြာဟ္မဏမင်းဆက်၏ မြို့တော်အဖြစ် အရေးပါခဲ့ပေသည်။ ထို့နောက် အစဉ်အဆက် အုပ်စိုးသော မွတ်စလင် ဘုရင်များ၏ မြို့တော်အဖြစ် ထင်ရှားပြီးလျှင် မဂိုမင်းများ လက်ထက်တွင် အထွတ်အထိပ်သို့ ရောက်ရှိသည်။ မဂိုမင်းများ၏ ထယ်ဝါသော နန်းတော်နှင့် အခြားအဆောက်အအုံများကို ယခုတိုင် တွေ့မြင်နိုင်ပေသေးသည်။ မဂိုဘုရင် အက္ကဗာသည် လာဟိုမြို့တွင် ထီးနန်းစိုက်ခဲ့သည်။ အက္ကဗာဘုရင်၏ သားတော် ဂျဟန်ဂါ၏ ဂူသင်းချိုင်းသည် လာဟိုမြို့တွင် တည်ရှိ၍ အလွန်လှပသော မဂိုဗိသုကာလက်ရာ တခု ဖြစ်သည်။ လာဟိုမြို့ရှိ ပလီကြီးကို တည်ဆောက်ခဲ့သူမှာ ဩရန်းဇစ်ဘုရင်ဖြစ်၍ ထိုပလီကြီးတွင် တမန်တော် မဟာမက် (မိုဟာမဒ်)၏ ဆံတော်တဆူကို ဌာပနာ ထားသည်။ မဂိုအင်ပိုင်ယာ ပြိုကွဲသွားသော အခါ လာဟိုမြို့သည်လည်း အရေးမပါတော့ဘဲ ရှိခဲ့၏။ ၁၇၇၅ ခုနှစ်တွင် ဆစ်လူမျိုးများ လာရောက် အုပ်စိုးခဲ့ရာ ရန်ဂျစ်ဆင် လက်ထက်တွင် လာဟိုမြို့သည် တစိတ်တဒေသအားဖြင့် ပြန်လည်ကြီးကျယ်လာသည်။ ဗြိတိသျှတို့လက်အောက်သို့ ၁၈၄၉ ခုနှစ်တွင် ရောက်ရှိသွားပြီးလျှင် ပန်ဂျပ်နယ်၏ ရုံးစိုက်မြို့ အဖြစ် အရေးပါလာခဲ့ပြန်သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံ ခွဲလိုက်သောအခါ ပါကစ္စတန်နိုင်ငံတွင် ပါဝင်သွားလေသည်။ ၁၉၄၁ ခုနှစ်တွင် ရှိသော လူဦးရေ ၆၇၁,၆၅၉ ယောက်အနက် ၅၆ ရာခိုင်နှုန်းမှာ မွတ်စလင်များ ဖြစ်၍ ၃၂ ရာခိုင်နှုန်းမှာ ဟိန္ဒူလူမျိုး ဖြစ်သည်။ ၁၉၆၇ ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၁,၆၇၄,၁၀၀ ခန့် ဖြစ်လေသည်။

**လာအိုဇီ(ဘီစီ ၆၀၄ ခန့်ဖွား)။** ။လာအိုဇီသည် ရှေးခေတ် တရုပ်နိုင်ငံမှ ဒဿနိကဗေဒနှင့် ယုတ္တိဗေဒ ပညာရှင်တဦးဖြစ်သည်။ ယင်း၏ မွေးသက္ကရာဇ်ကို အတိအကျမသိရသော်လည်း ဘီစီ ၆၀၄ ခုနှစ်လောက်တွင် မွေးဖွားနိုင်သည် ဟု ဆိုကြသည်။ သမိုင်းပညာရှင်အချို့က လာအိုဇီကို



www.burmeseclassic.com



တားအိုခေါ်သည့် အယူဝါဒကို တီထွင်ခဲ့သူ လာအိုဇီ

ယိုနန်နယ် ယခုခေတ်အခေါ် ကျေးတီမြို့အနီး၌ မွေးဖွားသည် ဟုပြောကြသည်။ သူ၏နာမည် အစစ်အမှန်မှာ အာလီ ဖြစ်၍ ချူမင်းဆက် ဘုရင်တပါး၏ ပိဋကတ်တိုက်မှူး ဖြစ်ခဲ့သည်ဟု ဆိုသည်။ အသက်အရွယ် ကြီးရင့်လာသော်အခါ ချောင်မြို့၏ မြောက်တံခါးမှ ထွက်ခွာသွားခဲ့ရာ သေသည် ရှင်သည် မသိရတော့ဘဲ နောက်ထပ်ပြန်၍ မတွေ့ရတော့ချေ။ အခြား တရုပ် ဒဿနိကဗေဒပညာရှင်ကြီးတဦးဖြစ်သူ ကွန်ဖူးဇီးနှင့် ခေတ်ပြိုင်ဖြစ်ခဲ့သော်လည်း ဝါဒချင်းမတူဘဲ အပြိုင်အဆိုင်ဖြစ်ခဲ့သည်။ (ကွန်ဖူးဇီး—လည်းရှု။) ကွန်ဖူးဇီးနှင့် ဘီစီ ၅၁၇ ခုနှစ်လောက်က တွေ့ဆုံခဲ့ ဘူးပြီးလျှင် ဝါဒနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သေးသည် ဟု ဆိုသည်။ တရုပ်နိုင်ငံတွင် အယူဝါဒကြီး သုံးခုရှိသည့်အနက် လာအိုဇီသည် တားအို ခေါ်သည့် အယူဝါဒကို တီထွင်ခဲ့သူ ဖြစ်သည်။ လူတို့သည် သေသည်၏ အခြားမဲ့၌ ဘဝသစ်များတွင် လူဘဝ၌သော်ငှင်း၊ တိရစ္ဆာန်ဘဝ၌ သော်ငှင်း ဖြစ်သည်ဟူသော အယူကို လာအိုဇီ ကောင်းစွာ ယုံကြည်၏။

လာအိုဇီသည် ဂုဏ်ပကာသနကို မလိုလားဘဲ၊ လူသူနည်းသော နေရာ၌ မထင်မရှား နေခြင်းကိုသာ နှစ်သက်သူဖြစ်လေသည်။

**လာအိုနိုင်ငံ။** ။လောနိုင်ငံ — ရှု။

**လား။** ။မြည်းထီးနှင့် မြင်းမကို မျိုးစပ်ပေးလိုက်လျှင် လား ဟုခေါ်သော တိရစ္ဆာန် အစပ်မျိုးကို ရရှိလေသည်။ မြင်းထီးနှင့် မြည်းမစပ်၍ ပေါက်ပွားလာသော လားကဲ့သို့ မျိုးစပ်တိရစ္ဆာန်လည်း ရှိပေသေးသည်။ သို့ရာတွင် ပဌမ ဖော်ပြထားသော မျိုးဖက်အစုံမှ ပေါက်ပွားလာသည့်လား အစစ်လောက် အသုံးမဝင်သဖြင့် မြင်းထီးနှင့် မြည်းမများကို တမင်သက်သက် မျိုးစပ်ပေးလေ့ မရှိကြချေ။ လားတို့တွင် အညို၊ သို့မဟုတ် ညိုနီရောင် အသွေးအဆင်းရှိကြသည် သာ များ၏။ မြည်းနှင့်လားကို ပုံသဏ္ဍာန်ခွဲခြား၍ အမြန် သိနိုင်ရန်မှာ ထိုတိရစ္ဆာန်တို့၏ နားရွက်ကို ကြည့်ရှုရပေ သည်။ လားတွင် မြင်းထက် ရှည်ဖားသော နားရွက်များ ရှိသည်။ လားသည် အမိအဖ နှစ်ဖက်လုံးမှ ဂုဏ်အင်္ဂါ လက္ခဏာတို့ကို ဆက်ခံရယူထားသော သတ္တဝါမျိုး ဖြစ်ရာ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ စိတ်တည်ငြိမ်ခြင်းနှင့် လက် ခြေ မြဲမြံခြင်း စသော အင်္ဂါရပ်တို့ကို ဖခင်ဖြစ်သော မြည်း ထီးထံမှ ဆက်ခံထား၍ ခွန်အားဗလနှင့် သတ္တိကိုမူ မိခင် ဖြစ်သော မြင်းမထံမှ ရရှိထားလေသည်။ ဝန်တင်ရန် ဖြစ် စေ၊ ဝန်ဆွဲရန်ဖြစ်စေ ခိုင်းစေရာ၌ လားသည် မြင်းထက် ပို၍ စိတ်ချရသော တိရစ္ဆာန် ဖြစ်သည်။ မြင်းကို ခိုင်းစေ သည့်အခါ တင်နေကျဝန်ထက် ပို၍တင်မိလျှင် ပေကတ်ကတ် လုပ်တတ်သော အလေ့ရှိ၏။ လားမှာမူ မြင်းထက် ပို၍ စိတ်ရှည် နိုင်သည်။ လား၏ သားရေမှာ မြင်းထက် ပို၍ မာကျောသဖြင့် နေပူမိုးရွာ မရှောင် ခိုင်းစေနိုင်သည်။ ထိုကြောင့် လူတို့သည် လားကို ရွေးကျသော ခေတ်အခါ



ဝန်တင်ဝန်ဆွဲရန်ခိုင်းစေရာ၌ လားသည် မြင်းထက်ပို၍ စိတ်ချရသော တိရစ္ဆာန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှစ၍ ဝန်တင်ရန်၊ ဝန်ဆွဲရန် အတွက် အသုံးချခဲ့ကြသည်။ ပြင်သစ်နိုင်ငံတွင် မျိုးစပ်၍ လား အမြောက်အမြားကို မွေးမြူကြသည်။ ဥရောပတိုက် တောင်ပိုင်း၌ လားကို အသုံးများသည်။ ယခုခေတ်တွင် စစ်ဖက်သယ်ယူပို့ဆောင်ရေး၌ လားကို လေးလံသောဝန်များဆွဲရန်အတွက် အသုံးပြုကြသည်။ လားသည် ကိုယ်အရွယ်အစားနှင့်မမျှအောင် လေးလံသောဝန်ကို ဆွဲနိုင်စွမ်း ရှိသည့်အပြင် မြင်းထက် ကိုယ်ဟန်ကြော့ရှင်း၍ ဖျတ်လတ်သဖြင့် ဤကဲ့သို့ စစ်ဖက်တွင် အသုံးများသည်။ လား အချင်းချင်းကို ဖြစ်စေ၊ လားနှင့် မြည်း၊ သို့မဟုတ် လားနှင့် မြင်းတို့ကိုဖြစ်စေ မျိုးတင်အောင် စပ်ပေး၍ မရချေ။ လားများကို မျိုးစပ်၍ တစ်ခါ၊ နှစ်ခါ အောင်မြင်ခဲ့ကြောင်း ကြားသိရဘူးရုံမျှ ရှိသည်။ အခြေအမြစ် ခိုင်လုံသည် ဟူ၍ကား မဆိုနိုင်ပေ။

**လားဗရာဒေါနယ်။** ။လားဗရာဒေါနယ်သည် မြောက်အမေရိကတိုက်၏ အရှေ့မြောက်ဖက် အစွန်းတွင် တည်ရှိ၍ ကနေဒါနိုင်ငံတွင် ဖွဲ့စည်းပါဝင်သော နယူးဖောင်းလန်းပြည်နယ်တွင် တစိတ်တဒေသ ပါဝင်သည့် နယ်တနယ်ဖြစ်သည်။ ကွီဗက်ပြည်နယ်၏ အရှေ့မြောက်ဖက် မြောက်အမေရိကတိုက် ကုန်းမပေါ်တွင် တည်ရှိ၍ နယူးဖောင်းလန်းကျွန်းနှင့်မူကား ကျဉ်းမြောင်းသော ဗဲလအိုင် ရေလက်ကြားဖြင့် ခြားလျက် ရှိသည်။ လားဗရာဒေါနယ်တွင် ပါဝင်သော မြောက်အတ္တလန္တိတ် ကမ်းရိုးတန်းမှာ စိန်လောရင့် ပင်လယ်ကွေ့ရှိ ဗဲလအိုင် ရေလက်ကြား မှသည် မြောက်ဖက် ဟာဒ်ဆင် ရေလက်ကြားအထိ ကျယ်ပြန့်ကာ အလျားမိုင် ၆၅၀ ရှိသည်။ လားဗရာဒေါနယ်သည် အကျယ် အဝန်းအားဖြင့် စတုရန်းမိုင် ၁၁၂,၆၃၀ ခန့် ရှိသည်။

လားဗရာဒေါကမ်းရိုးတန်းသည် ချွန်ထက်သော အစွယ်များသဖွယ် မိုးပေါ်သို့ ထိုးထွက်နေသော တောင်များဖြင့် ပြည့်နေ၏။ ကမ်းရိုးတန်း တလျှောက်တွင် ရေခဲစိုင်မျောများ ပေါ်လေလာ မျောနေသည်ကို တွေ့ရလေ့ရှိပေသည်။ ကမ်းရိုးတန်း၏ အတွင်းပိုင်း၌မူ ရွှံ့နှင့် ကြေးနီကို တွေ့ရှိရသည်။ အတွင်းကျသော ဒေသ၌ ဖဲလစပါး ကျောက်လည်း အများအပြားရှိကြောင်း သိရ၏။ ကွီဗက်နှင့် လားဗရာဒေါနယ်စပ်ဒေသတွင် အကောင်းစား သံရိုင်းကို တူးဖော်ရရှိသည်။ လားဗရာဒေါနယ်တွင် ဟမ်မီလတန် မြစ်ပေါ်ရှိ ဂရင်းရေတံခွန်သည် နိုင်အဂ္ဂရာရေတံခွန်ထက် နှစ်ဆခန့်မြင့်လေ၏။ ယခုအခါ ရေအားကို အသုံးမပြုသေးသော်လည်း များစွာ အသုံးဝင်နိုင်မည့် ရေတံခွန် ဖြစ်ပေသည်။ လားဗရာဒေါနယ်တွင် အဖိုးတန် ထင်းရှူးတောများရှိ၍ ယင်းတောများအတွင်း၌ အဖိုးတန် သားမွေးရသော သတ္တဝါများရှိသည်။ လားဗရာဒေါ ကမ်းရိုးတန်း အလွန် တလျှောက်တွင် အဖိုးတန် ကော့ဒငါး၊ ဟဲရင်းငါး၊ ဆော်မန်ငါးဖမ်းဌာနများရှိသည်။ ကမ်းရိုး တလျှောက်တွင် ပင်လယ်ဖျံများကိုလည်း ဖမ်းဆီးသည်။

လားဗရာဒေါနယ်သည် ရာသီဥတုအားဖြင့် အလွန်အေးသည်။ အကြောင်းနှစ်ပါးကြောင့် ဤသို့အေးခြင်းဖြစ်၏။ တကြောင်းမှာ အာတိတ်သမုဒ္ဒရာမှ စီးဆင်းလာသော အလွန်အေးသည့် လားဗရာဒေါရေစီးကြောင်းသည် လားဗရာဒေါ ကမ်းခြေကို တိုက်ရိုက် ဖြတ်ကျော်သောကြောင့်ဖြစ်၏။ အခြားတကြောင်းမှာ နွေးသော အနောက်တောင်လေသည် လားဗရာဒေါသို့ မရောက်မီ ဟာဒ်ဆန်အော်မှရေကြောင့် အေးသွားသောကြောင့် ဖြစ်၏။ လားဗရာဒေါနယ်တွင် နွေရာသီ တိုတောင်း၍ ဆောင်းရာသီရှည်လျားသည်။ နှစ်စဉ် ပျမ်းမျှအပူချိန်မှာ ရေခဲမှတ်အောက်ပင် ရောက်သေးသည်။ ကမ်းရိုးတန်းတလျှောက်တွင် မုန်တိုင်းများ မကြာခဏဖြစ်ပေါ်သည်။

လားဗရာဒေါနယ်သည် ရာသီဥတု အေးလှသဖြင့် လူနေအိမ်ခြေ နည်းသော ဒေသ ဖြစ်၏။ ထိုဒေသ၌ ခရစ် ၁၇၀၀ ပြည့်နှစ် မတိုင်မီကာလက နေထိုင်သူတို့မှာ အက်စကီးမိုးနှင့် အယ်လဂွန်ကွင်း အင်ဒီးယန်း လူမျိုးများသာဖြစ်၏။ ထိုနောက် နယူးဖောင်းလန်းမှ နှစ်စဉ်လာရောက် ငါးဖမ်းသောတံငါသည်များသည် ကမ်းရိုးတန်းတလျှောက်၌ အတည်တကျ အိမ်များ ဆောက်လုပ် နေထိုင်ကြ၏။ ၁၉၆၁ ခုနှစ် သန်ကောင်စာရင်းအရ လားဗရာဒေါတွင် ရှိသော လူဦးရေမှာ ၁၃,၅၃၄ ဖြစ်၏။ ငါးဖမ်းခြင်း၊ သားမွေးအလို့ငှာ သတ္တဝါများ ဖမ်းခြင်းဖြင့် အသက်မွေးကြသည် များ၏။ သံတွင်းမှ သံများကို သယ်ယူပို့ဆောင်ရန်အတွက် မီးရထားလမ်းကို ၁၉၅၀ ပြည့်နှစ်က စတင်ဖောက်လုပ်ရာ ၁၉၅၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။

လားဗရာဒေါနယ်တွင် မြို့ကြီးပြကြီးဟူ၍ မရှိပေ။ ကမ်းရိုးတလျှောက်တွင် ရွာများသာ ရှိသည်။ နိန်း၊ ဗက်တယ်ဟာဗာ၊ ကတ်တရိုက် စသည်တို့မှာ ရွာကြီးများ ဖြစ်၏။ ဂုစဗေးတွင် လေဆိပ်တခုရှိသည်။

လားဗရာဒေါ ကမ်းခြေကို ခရစ် ၉၀၀ ပြည့်တွင် လိ အဲရစ်ဆန်တွေ့ရှိသည်ဟု ယူဆကြ၏။ သို့သော် ၁၄၉၈ ခုနှစ်၌ ဂျွန်ကဲဗော့ ရောက်ရှိလာပြီးသည့် နောက်ပိုင်းတွင်မှ ထိုကမ်းခြေကို စူးစမ်းရှာဖွေခဲ့ကြသည်။ ၁၇၄၀ ပြည့်နှစ်တွင် ဟာဒ်ဆန်ဗေး ကုမ္ပဏီက လာရောက် ကြည့်ရှုသော်လည်း အေးလွန်းသဖြင့် နောက်ဆုတ်သွားသည်။ နယူးဖောင်းလန်းမှ တံငါသည်များ အခြေစိုက် နေထိုင်စက အလွန်ပင် ဆင်းရဲပင်ပန်းကြ၏။ ၁၇၄၂ ခုနှစ်တွင် ဝီးလဖရက် ဂရင်ဖဲလ် အမည်ရှိသော သာသနာပြု ဆရာဝန်တဦး ရောက်ရှိလာပြီးလျှင် သူတို့ခံစားနေရသော ဒုက္ခများကို လူအများသိ



www.burmeseclassic.com

www.burmeseclassic.com




စေအောင် ပြုပေး၍ အလှူခံရာမှ ရရှိသော ငွေဖြင့် ဆေးရုံ၊ ကျောင်း စသည်တို့ကို ဆောက်လုပ် ပေးနိုင်ခဲ့သည်။

လားဗရာဒေါကို ပိုင်ဆိုင်ရေးနှင့် စပ်လျဉ်း၍ နယူးဖောင်းလန်းနှင့် ကွီဗက်ပြည်နယ် တို့သည် နှစ်ပေါင်းအတော်ကြာအောင် အငြင်းပွားခဲ့ရသေး၏။ ယင်းအမှုကို ဗြိတိသျှ ပရီဗီကောင်စီက စဉ်းစား၍ ၁၉၂၇ ခုနှစ်၌ နယ်ကို သတ်မှတ်ပေးလိုက်ရာတွင် နယူးဖောင်းလန်းပြည်နယ်ပိုင် ဖြစ်သွားသည်။ တဖန် လားဗရာဒေါကို ပိုင်ဆိုင်အုပ်ချုပ်သော နယူးဖောင်းလန်း ပြည်နယ်သည် ၁၉၄၉ ခုနှစ်တွင် ကနေဒါနိုင်ငံတွင် အကျုံးဝင်သော ပြည်နယ် ဖြစ်သွားလေသည်။

**လားရှိုးမြို့။** ။လားရှိုးမြို့သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လားရှိုးခရိုင်၏ ရုံးစိုက်မြို့ဖြစ်၍ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကြီးဆုံးမြို့ ဖြစ်သည်။ ပင်လယ်ပြင်မှ အမြင့်ပေ ၂,၈၀၀ ထက်တွင် တည်ရှိသည်။

လားရှိုး မြို့သည် မန္တလေးမှ ခွဲထွက် လာသော မီးရထားလမ်း တကြောင်း၏ အဆုံးဘူတာ ဖြစ်သည်။ မန္တလေးမှ ရထားလမ်းအားဖြင့် ၁၇၅ မိုင် ကွာဝေးသည်။ သို့သော် ဘူတာရုံသည် မြို့နှင့် နှစ်မိုင်ခန့် ကွာဝေးသော နေရာတွင် တည်ရှိသည်။ နေ့စဉ် မီးရထားများ ရှိသည့်အပြင် မေမန်း သယ်ယူပို့ဆောင်ရေးမှ ခရီးသည်တင် မော်တော်ကားကြီး များကလည်း ခရီးသည် များကို နေ့စဉ် သယ်ယူပို့ဆောင်ပေးလျက် ရှိသည်။ ထိုမျှသာမကသေး ရှမ်းပြည်နယ်ရှိ အခြားမြို့များဖြစ်သော သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ ကွမ်းလုံ၊ မိုင်းရယ်၊ နမ္မတူ၊ တန့်ယန်း၊ သီပေါ၊ ကျောက်မဲ စသော မြို့များသို့လည်း နေ့စဉ်အချိန်မှန် ခရီးသည်တင်ကားများ ပြေးဆွဲလျက်ရှိသည်။ တနှစ်ပတ်လုံး အသုံးပြုနိုင်သည့် လေဆိပ်လည်း ရှိသဖြင့် သွားလာမှု ပို၍လွယ်ကူလေသည်။

ခရိုင်ရုံးစိုက်မြို့ ဖြစ်သည်နှင့် အညီ အစိုးရရုံးများ၊ အစိုးရ အထက်တန်းကျောင်းများ၊ ဆေးရုံ၊ အပန်းဖြေဥယျာဉ်၊ ညွှန့်ဂေဟာ၊ ညွှန့်သည်များတည်းခိုရာ အိမ်များနှင့် တိုက်တာ အဆောက်အအုံ အိမ်ကြီးအိမ်ကောင်းများရှိသည်။ လားရှိုးမြို့သည် သို့အားဖြင့် စည်ကားသော ရှမ်းမြို့တမြို့ဖြစ်သည်။ ရာသီဥတုလည်း မျှတကောင်းမွန်သည်။ သစ်တောများ ဝိုင်းလျက်ရှိသောကြောင့် စိုပြည်စိမ်းလန်း၍ ရှခင်းသာသည်။ လားရှိုးမြို့၌ ရှမ်း၊ မြန်မာ၊ ပလောင်၊ ကချင်၊ လီရှော၊ ရှမ်းတရုပ်၊ ကုလားစသည့် လူမျိုးပေါင်းစုံ နေထိုင်သည်။ လူဦးရေမှာ ၃၀,၁၀၉ (၁၉၆၇ ခုနှစ်) ယောက်ရှိသည်။



ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အကြီးဆုံးမြို့ဖြစ်သည့် လားရှိုးမြို့သည် စိုပြည်စိမ်းလန်း၍ ရှုခင်းသာသည်။



www.burmeseclassic.com

www.burmeseclassic.com



လားရှိုးနှင့် နှစ်မိုင်ခန့် အကွာတွင် မန်ဆူ စေတီတော်တဆူ တည်ရှိသည်။ ရှေးမင်းများ လက်ထက်က နတ်သိကြားများ ကိုယ်တိုင် တည်သည်ဟု အဆိုရှိသည်။ သုံးမိုင်ခန့်အကွာတွင် ရေပူတွင်းများရှိ၍ အချိန်မရွေး သွားနိုင်သည်။ ၂၇ မိုင်ခန့် ဝေးကွာသော အရပ်တွင်လည်း ထင်ရှားသော သိန္နီရေပူစခန်း ရှိသည်။

ဗြိတိသျှ လက်ထက်ကမူ လားရှိုးမြို့သည် စစ်တပ်စခန်းမြို့ဖြစ်သည်။ ယခင်အခါ စော်ဘွားများ ကြီးစိုးစဉ်က လားရှိုးမြို့သည် သိန္နီနယ်တွင် ပါဝင်၍ ရှမ်းပြည်မြောက်ပိုင်း၏ မြို့တော်ဖြစ်သော်လည်း ၁၉၄၀ ပြည့်နှစ်ထိ လူဦးရေ ၃,၅၀၀ ခန့်သာရှိခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း အင်္ဂလိပ်များ မဆုတ်ခွာမီက တရုပ် – မြန်မာ လမ်းမကြီးကို ဖွင့်လှစ်လိုက်သောအခါ လမ်းမကြီးပေါ်တွင် တည်ရှိသော လားရှိုးမြို့သည် နေ့ခြင်းညခြင်း ဆိုသလိုပင် စည်ကားလာပေတော့သည်။ စစ်အတွင်းက ဗုံးဒဏ်ပြင်းထန်စွာ ခံခဲ့ရ၍ တလင်းပြင်တမျှ ကျန်ခဲ့သော်လည်း စစ်ပြီးကာလတွင် ပြန်လည်၍ မြို့ကို တည်ထောင်နိုင်ခဲ့သောကြောင့် ယခုအခါ စည်ကားနေပေသည်။

**လားဟူလူမျိုး။** ။လားဟူ လူမျိုးများသည် ရှမ်းပြည်နယ်အရှေ့ပိုင်း တာကော်မှစ၍ ကျိုင်းတုံနယ် အရှေ့ဖျား



ထိုလိုအုပ်စုခွဲတွင် ပါဝင် သည့် လားဟူအမျိုးသား



လားဟူအမျိုးသမီးတို့သည် ခြေနောက်ဖုံးအဝတ်ရှည်ဝတ်ကြသည်။

တိုင်အောင် ခရီးလမ်းတလျှောက် ကျေးရွာ များတွင် နေထိုင်ကြ၍ လိုလို အုပ်စုခွဲတွင် ပါဝင်ကြသည်။ လားဟူလူမျိုးစုတို့တွင် လားဟူနနှင့် လားဟူရှီ ဟူ၍ နှစ်မျိုးရှိပြီးလျှင် ရှမ်းများကမူ ယင်းတို့ကို မူဆိုးဟု ခေါ်ကြသည်။ ဤသို့ခေါ်ခြင်းကို လားဟူတို့က မနှစ်သက်ကြဘဲ ယင်းတို့အချင်းချင်းသည် တဦးကိုတဦး လားဟူ ဟုသာ ခေါ်ကြသည်။ ရှေးအခါက လားဟူတို့သည် သံလွင်မြစ်မြောက်ဖျားအရပ်ဒေသတွင် နေထိုင်ခဲ့ကြ၍ ယခုအခါ မိုင်းဆတ်၊ မိုင်းပန်နှင့် ကျိုင်းတုံ အနီးတဝိုက် ကျေးရွာ များသို့ ပြောင်းရွှေ့ ရောက်ရှိလာကြသည်။

လားဟူများသည် နတ်ကို လုံးလုံးလျားလျား ကိုးကွယ်သည် ဟူ၍ မရှိခဲ့ချေ။ နောင်ပွင့်မည့် ဘုရားကို မျှော်နေကြသူများဖြစ်သည် ဟု ပြောဆိုကြသည်။ အိမ်ဦးခန်းတွင် ဘုရားစင်ကို နတ်စင်ကဲ့သို့ ထားရှိကြသည်။ ယင်းတို့လူဦးရေ ၁၀ ပုံ ကိုးပုံမှာ ဗုဒ္ဓဝါဒီများ ဖြစ်သော်လည်း ရုပ်ပွားတော်များကို ထားပြီး ထင်ထင်ရှားရှား ကိုးကွယ်ခြင်းမရှိကြချေ။ အချို့မှာ ခရစ်ယန်ဝါဒီများ ဖြစ်ကြသည်။

လားဟူများသည် လယ်ယာလုပ်ခြင်းထက် တောင်ယာခုတ် အလုပ်မျိုးကိုသာ အားထား၍ လုပ်ကိုင်ကြသည်။ တောင်ယာပဲခင်းမှ ပေါ်ဦးပေါ်ဖျား ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com





သစ်သီးရလံများ၊ ဟင်းသီးဟင်းရွက်များနှင့် စပါး ပဲ မျိုးများကို ရှေးဦးစွာ မိမိတို့ သက်ဝင်ယုံကြည်သော အယူဝါဒအလိုက် လှူဒါန်းပူဇော်ပြီးမှ စားသုံးကြသည်။

လားဟူများသည် လူတိုင်းလိုလို ဦးခေါင်းထိပ်တွင် ကျစ်ဆံမြီး ထားကြရသည်။ ထိပ်လယ်တွင် ရှိသော ဗေ နေရာ၌ ဆံပင်ကို ရိတ်လိုက်လျှင် ဖျားနာပြီး သေတတ်သည် ဟု အယူရှိကြသည်။ လားဟူနသည် ယောကျ်ား မိန်းမ နှစ်ဦးစလုံးပင် ရင်ဖုံးအင်္ကျီများ ဝတ်ကြသည်။ ရင်ကွဲအင်္ကျီမှာ ယခုခေတ်တွင်မှ ဝတ်သော အင်္ကျီဖြစ်သည်။ ယင်းတို့ အဝတ်တွင် အိမ်ထောင်ကျပြီးသူများ အတွက် ရွှေခြည်ထိုးရာ၌ အပြာနှင့် အစိမ်းရောင်ကိုသာ ထိုးရသည်။ လူပျို အပျိုများအတွက် အနီ၊ အဖြူ၊ အဝါရောင် များ ထည့်ရသည်။ လားဟူ မိန်းမသည် အဝတ်ရှည် ဝတ်ရသည်။ ရှေ့ကရော နောက်ကပါ ကိုယ်ကို လုံအောင် ဖုံးရသည်။ ဤကဲ့သို့ ဝတ်ဆင်ခြင်းမှာ လင်သားအားရင်း၊ လူကြီးမိဘနှင့် ဂုဏ်သရေရှိ လူကြီးလူကောင်းများအား ရင်း ရိုသေသမှုပြုသည်ဟု သဘောထားကြသည်။ လားဟူရှိ များမှာ အင်္ကျီတိုဝတ်ဆင်သူများ ဖြစ်ကြသော်လည်း ယင်း လူမျိုးမှ ဆင်းသက်လာခဲ့သော လူမျိုးများမှာ အင်္ကျီရှည် ဝတ်ဆင်သူက များပြားလေသည်။

လီဂျမြို့။ ။လီဂျမြို့သည် ဥရောပတိုက်တွင် ပါဝင်သော ဗဲလဂျီယမ်နိုင်ငံ၏ အရှေ့ပိုင်းတွင် တည်ရှိသည့် မြို့ကြီးတမြို့ ဖြစ်သည်။ လီဂျမြို့သည် မျူးစမြစ်နှင့် ယင်း၏လက်တက် ဖြစ်သော အုထမြစ်တို့ဆုံရာနေရာတွင် တည်ရှိသည်။ မျူးစ မြစ်၏ကမ်းနှစ်ဖက်လုံးတွင် မြို့ခင်းကျယ်ပြန့်သည်။ ချိုင့်ဝှမ်း တလျှောက်တွင် တည်ရှိ၍ အာဒင်းတောင်များဖြင့် ဝန်းရံ လျက်ရှိသည်။ လီဂျမြို့ရှိ လူဦးရေမှာ ၁၉၆၄ ခုနှစ်တွင် ခန့် မှန်းခြေ ၁၅၅,၇၉၇ ယောက်ဖြစ်သည်။

လီဂျမြို့သည် ဥရောပတိုက် အလယ်ခေတ်မှစ၍ ပဌမ ကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်များအတွင်း၌ ထင်ရှားခဲ့သည်။ စစ်ဒဏ်ကိုလည်း အကြိမ်ကြိမ် ခံခဲ့ရသည်။ သို့ရာတွင် ရှေး ဟောင်း အဆောက်အအုံများ ကျန်သလောက် ကျန်ပေ သေး၍ အနုပညာစုဝေးရာ ဌာနဖြစ်၏။ အထူးသဖြင့် ဗဲလဂျီယမ်နိုင်ငံ၌ ပြင်သစ်စကား ပြောဆိုသော ဝါလွန်း နယ်များ၏ ယဉ်ကျေးမှု အချက်အခြာ ဒေသဖြစ်သည်။ လီဂျမြို့တွင် ၁၈၁၇ ခုနှစ်က တည်ထောင်သော တက္ကသိုလ် တခု၊ ဓာတ်သတ္တုတူးဖော်ရေး ပညာသင်ကျောင်း၊ အနု ပညာတံခွန်ကျောင်း၊ ဂီတပညာသင်ကျောင်း၊ ပြတိုက်တခု စသည်တို့အပြင် ဘုရားရှိခိုးကျောင်း အမြောက်အမြား ရှိသည်။ ယင်းတို့အနက် စိန်ဂျတ်နှင့် စိန်ပေါလ်တို့မှာ ထင်



လီဂျမြို့သည် ဗဲလဂျီယမ်နိုင်ငံအရှေ့ပိုင်း မျူးစမြစ်ကမ်း၌ တည်ရှိ၍ စက်ဖြင့် ပစ္စည်းထုတ်လုပ်ရာ အချက်အခြာမြို့ဖြစ်သည်။

www.burmeseclassic.com



ရှားပေသည်။ လိဂျ်မြို့ရှိ တရားရုံးတော်အဆောက်အအုံကို ၁၆ ရာစုနှစ်ကတည်းက တည်ဆောက်ထားခဲ့သည်။ လိဂျ်မြို့တွင် ရက္ခဗေဒ ဉယျာဉ်တခုလည်းရှိသည်။

ယခုအခါတွင် လိဂျ်မြို့သည် စက်မှုလက်မှုထွန်းကားသော မြို့ဖြစ်ပေသည်။ အလယ်ခေတ်ကပင်လျှင် ဉရောပတိုက်၏လက်နက်တိုက်အဖြစ် ထင်ရှားခဲ့ပေသည်။ လိဂျ်မြို့တည်ရှိရာ မျူးစချိုင့်ဝှမ်းတွင် အလွန်ကောင်းမွန်သော ကျောက်မီးသွေးတွင်းများ ရှိသောကြောင့် လိဂျ်မြို့သည် ဗဲလဂျီယမ်နိုင်ငံ၌ စက်ဖြင့် ပစ္စည်းထုတ်လုပ်ရာ အချက်အခြာ ဒေသဖြစ်၏။ သံနှင့် သံမဏိလုပ်ငန်း၏ အချက်အခြာ ဒေသလည်း ဖြစ်သည်။ လိဂျ်မြို့မှထွက်သော ပစ္စည်းများမှာ သေနတ်နှင့် မီးပေါက်လက်နက်များ၊ စက်ဘီး၊ မော်တော်ကား၊ မီးရထားခေါင်းတွဲ၊ စက်များ၊ ကုန်မာပစ္စည်းများနှင့် အထည်အလိပ်တို့ ဖြစ်၏။

လိဂျ်မြို့၏အကြောင်းကို ခြောက်ရာစုနှစ်မှစ၍ ဖော်ပြခဲ့ကြသည်ကို တွေ့ရှိရသည်။ ရှစ်ရာစုနှစ်တွင် ဂိုဏ်းအုပ်၏နယ်ဖြစ်လာသည်။ ၁၄ ရာစုနှစ်အထိ ကိုလုန်းဂိုဏ်းချုပ်၏လက်အောက်တွင် ရှိသည်။ ထိုအချိန်မှစ၍ လိဂျ်မြို့ဂိုဏ်းအုပ်များသည် အလယ်ခေတ် ဂျာမန်အင်ပိုင်ယာတွင် မင်းညီမင်းသားတို့၏ အဆင့်အတန်းများကို ခံစားရရှိသည်။ ၁၄၆၇ ခုနှစ်တွင် လိဂျ်မြို့ကို ဗာဂန်ဒီစား ချားလ်-သ-ဗိုး (ရဲရင့်သောချားလ်)က အောင်မြင်သိမ်းပိုက်သည်။ ၁၆၇၅ ခုနှစ်၊ ၁၆၈၄ ခုနှစ်၊ ၁၇၉၂ ခုနှစ်၊ ၁၇၉၄ ခုနှစ်များတွင် ပြင်သစ်တပ်များ၏ သိမ်းပိုက်ခြင်းကိုခံရသည်။ ၁၈၀၁ ခုနှစ်တွင်လိဂျ်မြို့သည် ပြင်သစ်နိုင်ငံ လက်အောက်သို့၎င်း၊ ၁၈၁၅ ခုနှစ်တွင် နယ်သာလန်နိုင်ငံလက်အောက်သို့၎င်း ရောက်ရှိပြီးလျှင် ၁၈၃၀ ပြည့်နှစ်တွင် ဗဲလဂျီယမ်နိုင်ငံလက်အောက်သို့ ရောက်လေသည်။ ပဌမကမ္ဘာစစ်အတွင်းက လိဂျ်မြို့ကိုဂျာမန်တပ်များက ၁၉၁၄ ခုနှစ်ဩဂုတ်လ ၇ ရက်နေ့တွင် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ဝန်းရံလျက်ရှိသောခံတပ် ၁၂ ခုက ခုခံခဲ့သေး၏။ သို့ရာတွင် ဂျာမန်တို့၏ အမြောက်ဒဏ်ကို မခံနိုင်ခဲ့ပေ။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းကမူ ၁၉၄၀ ပြည့်နှစ် မေလ ၁၀ ရက်နေ့တွင် ဗဲလဂျီယမ်နိုင်ငံတွင်းသို့ ဂျာမန်တို့ ဝင်ပြီးနောက် သုံးရက်အတွင်းမှာပင် လိဂျ်မြို့ ကျဆုံးလေတော့သည်။ ၁၉၄၄ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့၌ အမေရိကန်ပြည်ထောင်စု တပ်များ ဝင်ရောက်လာ၍ ဂျာမန်တို့၏ အချုပ်အချယ်မှ လွတ်ကင်းခဲ့ရသည်။ သို့ရာတွင် ၁၉၄၄–၄၅ ခုနှစ်အတွင်းက ဂျာမန်ဗုံးပျံများ၏ဒဏ်ကို ခံရသဖြင့် မြို့မှာ အတော်ပင် ပျက်စီးခဲ့လေသည်။

**လီ၊ ရူဇာဒါ (ခရစ် ၁၇၆၀–၁၈၃၆)။** ။ကမ္ဘာ့နိုင်ငံအသီးအသီးရှိ နိုင်ငံတော်သီချင်းများ အနက် အထင်ရှား အကျော်ကြားဆုံးနှင့် တိုင်းသူပြည်သား လူအများတို့အား စိတ်ဓာတ် အတက်ကြွစေဆုံးသော နိုင်ငံတော် သီချင်းမှာ ပြင်သစ်နိုင်ငံတော်သီချင်း "လာမာဆလေ့" ဖြစ်သည်။ ထိုနိုင်ငံတော်သီချင်းကို ပြင်သစ် တပ်မတော်မှ ဗိုလ်ကြီး ကလို့ ဂျိုးဇက် ရူဇာ ဒါ လီက ၁၇၉၂ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် စထရက်စဗူးမြို့၌ ရေးစပ်သီကုံးခဲ့လေသည်။ (နိုင်ငံတော် သီချင်း - လည်းရှု။)

ကလို့ ဂျိုးဇက် ရူဇာ ဒါလီသည် ၁၇၆၀ ပြည့်နှစ် မေလ ၁၀ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ဂျူရာနယ်အတွင်း လန်းလဆောနီယေးတွင် ဖွားမြင်ခဲ့၍ ငယ်စဉ်ကပင် ဂီတနှင့် ပြဇာတ်ဖက်တို့တွင် ဝါသနာထုံခဲ့၏။ ကဗျာစပ်ခြင်းနှင့်ဝတ္ထုရေးခြင်းတို့ကိုလည်း လေ့လာခဲ့သေး၏။

၁၇၉၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံသည် ပရပ်ရှားနှင့် ဩစတြီးယားနိုင်ငံများကို စစ်ကြေညာခဲ့ပြီး၍ ရက်အနည်းငယ်အကြာတွင် ထိုစဉ်က ပြင်သစ်တပ်မတော် အင်ဂျင်နီယာတပ်တွင် ဗိုလ်ကြီးအဖြစ် အမှုထမ်းနေခဲ့သော ရူ ဇာ ဒါ လီသည် စထရက်စဗူးမြို့သို့ ရောက်ရှိသွားခဲ့၏။ ဧပြီလ ၂၅ ရက်နေ့တွင် စထရက်စဗူး မြို့တော်ဝန်က ပြုလုပ်ခဲ့သော ညစာခံပွဲသို့ တက်ရောက်သည့်အခါ အမျိုးသား သီချင်းတပုဒ် လိုအပ်ကြောင်းကို စကားစပ်၍ ပြောဆိုမိကြလေသည်။

မျိုးချစ်စိတ်မွန်နေသော ရူ ဇာ ဒါ လီသည် အိမ်သို့ပြန်၍ သီချင်းရေးစပ်ရာ တနာရီအတွင်း ပြီးစီးလေသည်။ ထိုစဉ်က မိမိတို့စစ်တပ်သည် ရိုင်းမြစ်တလျှောက်တွင် စခန်းချလျက်ရှိသဖြင့် ရူ ဇာ ဒါ လီသည် ထိုသီချင်းကို "ရိုင်းမြစ်တပ်မတော်၏ စစ်ချီသံ" ဟု မှည့်ခေါ်ခဲ့၏။ သို့သော် နောင်အခါ မာဆေးမြို့မှ တော်လှန်ရေးသမားများကို အကြောင်းပြု၍ မာဆလေ့ စစ်ချီသီချင်းဟု တိုင်းသူ ပြည်သားတို့က ခေါ်ဝေါ်လာခဲ့ကြသည်မှာ ယခုတိုင်ဖြစ်လေသည်။

ထိုသီချင်းကို စပ်ဆိုသူ ရူဇာ ဒါ လီသည် အသက်အရွယ်ကြီးရင့်ခါမှ ပြင်သစ်အစိုးရက အငြိမ်းစား ရိက္ခာတော်ကို၎င်း၊ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ကို၎င်း ချီးမြှင့်ခြင်းခံခဲ့ရ၏။ ရူဇာဒါလီသည် ၁၈၃၆ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် ရှာဆီလရွှား၌ ကွယ်လွန်လေသည်။

**လီဆူလူမျိုး။** ။လီဆူလူမျိုးသည် တိဗက် - မြန်မာအစုလိုလိုမူဆိုးအုပ်စုခွဲတွင် ပါဝင်သော လူမျိုးဖြစ်၏။ လီဆူတို့ကို ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် နှစ်နယ်စလုံးတွင် တွေ့ရသည်။ ရှမ်းနှင့် မြန်မာများက လီရှောဟု ခေါ်ဆိုကြပြီးလျှင် အချို့လူမျိုးစုများက လီဆိုးဟုခေါ်သည်။ ပူတာအိုနယ်မြေတွင် လီဆူတို့ကို ယောရင်ဟုခေါ်ကြသည်။ ရှမ်းပြည်နယ်ရှိ လီဆူတို့ကို လီဆောဟုလည်းခေါ်သေးသည်။ ပူတာအိုနယ်မြေရှိ လီဆူတို့ကား မြောက်ဖျား



www.burmeseclassic.com

www.burmeseclassic.com



အကျဆုံး လူမျိုးစုများ ဖြစ်ကြသည်။ မြောက်ဖက် နယ်စပ် ဒေသတွင်သာ မက တိဗက် နယ်မြေ အတွင်းတိုင်အောင် ပျံ့နှံ့နေထိုင်ကြကြောင်း သိရသည်။ ပူတာအိုမှ လီဆူတို့သည် မလိခမြစ်ဖျားနှင့် အရှေ့ဖက်ကမ်း မိုင်၂၀ ပတ်လည်အတွင်းရှိ ကျေးရွာများတွင် အများ အပြား နေထိုင်လေ့ ရှိကြပြီးလျှင် ဆင်ယင် ထုံးဖွဲ့ပုံတွင် အခြား ဒေသရှိ လီဆူများနှင့်မတူ တမူထူးခြားလျက် ရှိသည်ကို တွေ့ရပေသည်။ ဒေသအလိုက် လီဆူလေးမျိုး ရှိသည့်အနက် ပူတာအိုနယ်မှ လီဆူတမျိုးတည်းသာ ဂါဝန်များ ဝတ်ကြသည်။ လီဆူအချို့တို့သည် လောခေါင်နှင့် စိန်းလုံ တောင်တန်းတွင်လည်း နေထိုင်ကြပေသည်။

ပူတာအိုနယ်မြေရှိ လီဆူများအပြင် ကျိုင်းတုံလီဆူ၊ ဗန်းမော်လီဆူနှင့်လှိုင်လင်လီဆူဟူ၍ ဒေသအလိုက် လီဆူသုံးမျိုးရှိပေသေးသည်။ ကျိုင်းတုံလီဆူတို့သည် သံလွင်မြစ်ကြောင်းအလိုက် စုန်ဆင်းလာသူများ ဖြစ်ကြ၍ လှိုင်လင်လီဆူတို့မှာ ကျိုင်းတုံမှတဆင့် လှိုင်လင်မိုးနဲနယ်ဖက်သို့ ပြန့်ပွားရောက်ရှိလာသူများ ဖြစ်ပုံရသည်။ ဗန်းမော်လီဆူတို့မှာကား မြောက်ဖျားဒေသ ပူတာအိုနယ်မြေမှ ကူးပြောင်း ရောက်ရှိလာသည့် လီဆူတို့၏ အဆက်အနွယ်များပင်ဖြစ်ကြပေသည်။

ရှမ်းပြည်နယ်ရှိ လီဆူ လူမျိုးတို့တွင် ခိုလိုလီဆူနှင့် လီဖာလီဆူ ဟူ၍လည်း နှစ်မျိုးရှိပြီးလျှင် တရပ်တဒေသတည်း စုရုံးနေထိုင်ခြင်းမရှိ၊ အခြားလူမျိုးစုများနှင့် ရောနှောနေထိုင်လေ့ရှိသည်။ တောင်ပေါ်ဒေသ အေးသောအရပ်များကို ပိုမိုနှစ်သက်သည်။ ရှမ်းပြည်တောင်ပိုင်း လှိုင်လင်ခရိုင် တောင်ပေါ်ဒေသများတွင်၎င်း၊ ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲနှင့် လားရှိုးခရိုင် တောင်ပေါ်ဒေသများတွင်၎င်း၊ ရှမ်းပြည် အရှေ့ပိုင်း ကျိုင်းတုံခရိုင်၊ ကျိုင်းတုံနယ် တောင်ပေါ်ဒေသ များတွင်၎င်း နေထိုင်ကြသည်။ ရှမ်းပြည်နယ်တွင် လီဆူ လူဦးရေ ၂၀,၀၀၀ ခန့် ရှိမည်ဟု ခန့်မှန်းရ၏။

လီဆူတို့ နေထိုင်သော အိမ်များမှာ တဲတန်းလျားဆံဆံ ဆောက်ထား၍ အိမ်ခန်း နှစ်ခုရှိပြီးလျှင် အလယ်တွင် မီးဖိုကို ထားရှိသည်။ လီဆူလူမျိုးတို့တွင် ဗုဒ္ဓအယူဝါဒီများ၊ ခရစ်ယာန် အယူဝါဒီများနှင့် နတ်ကိုးကွယ်သူများ ပါဝင်၏။ ယင်းတို့တွင် သီးခြား စာပေ မရှိချေ။ သို့သော် ခရစ်ယာန် အယူဝါဒီ လီဆူတို့တွင် လီဆူဘာသာအသံထွက်အလိုက် အင်္ဂလိပ်စာလုံးများဖြင့် ရေးသားသောစာရှိ၏။ ဗုဒ္ဓအယူဝါဒီ လီဆူအချို့မှာ ရှမ်းစာကို၎င်း၊ မြန်မာစာကို၎င်း အသင့်အတင့် တတ်ကြသည်။

လီဆူလူမျိုး အမျိုးသားများသည် ဖောင်းဘီအနက်ကို ဝတ်ဆင်၍ တိုက်ပုံအင်္ကျီ ခပ်ပွပွ ချုပ်လုပ်ထားပြီးလျှင်



အမျိုးသားဝတ်စုံ ဆင်ယင်ထားသည့် လီဆူအမျိုးသမီး

ငွေကြယ်သီး၊ သို့မဟုတ် ကြေးကြယ်သီးများကို ရှေ့နောက်လှသလို ဆင်ယင်စီထားကာ ဝတ်ဆင်ကြသည်။ အမျိုးသမီးများမှာ အောက်ပိုင်း အဝတ်များသည် ထဘီလည်း မဟုတ်၊ ဂါဝန်လည်း မဟုတ်သည့် ပုံစံတမျိုး ချုပ်ကာ အထဲဝတ်စုံ အပြင်ဝတ်စုံ ဟူ၍ နှစ်မျိုး ဝတ်ဆင်ကြ၏။ အပေါ်ပိုင်း ဝတ်စုံအင်္ကျီမှာ လောင်းကွတ်ပုံသဏ္ဌာန် ရင်ဖုံးအင်္ကျီပုံမျိုး ချုပ်လုပ်ပြီးလျှင် ယောကျ်ား အင်္ကျီနည်းအတိုင်း ငွေကြယ်သီး၊ သို့မဟုတ် ကြေးကြယ်သီးများဖြင့် စိတ်တိုင်းကျ လှသလို ဝတ်ဆင်ထား၏။

ခိုလို လီဆူအမျိုးသမီးတို့၏ ဝတ်ရုံ အင်္ကျီ နောက်ခါးစည်းတွင် အမြီးတချောင်းချထား၍ အရောင်မှာအနီဖြစ်သည်။ လီဖာလီဆူများ၏ ခါးစည်းကြိုးတွင်မူ အမြီးနှစ်ချောင်း တွဲလွဲ ချထားသည်။ ယင်းတို့ကို တောင်ပိုင်နယ်၌ အများအပြား တွေ့ရသည်။

လီဆူတို့သည် များသောအားဖြင့် သစ်လုပ်ငန်းတောင်ယာ လုပ်ငန်းနှင့် ဘဲ ကြက် ဝက် မွေးမြူခြင်း လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ရှမ်းပြည်မြောက်ပိုင်း၌ အစိုးရ သစ်တော ကြိုးဝိုင်းမရှိသော နေရာများတွင် လီဆူများသည် တောင်ပေါ်မှ သစ်များကို ခုတ်လှဲ၍ ပျဉ်များ၊ ဒေါက်များ ခွဲစိတ်ကာ နီးရာ ဈေးမြို့များသို့ ယူဆောင်ရောင်းချကြ



www.burmeseclassic.com

www.burmeseclassic.com





ရိုးသားပြီး အေးချမ်းစွာနေထိုင်လေ့ရှိသော လီဆူအမျိုးသား

သဖြင့် ငွေဝင်လမ်း ကောင်းကြသည်။ သို့သော် ယခုအခါ မြို့ကြီးများရှိ သစ်စက်များမှ ထွက်သော သစ်များကိုသာ အသုံးများလာသောကြောင့် ယင်းတို့၏ သစ်လုပ်ငန်းမှာ အနည်းငယ် ဝင်ငွေ လျော့သွားလေသည်။ တောင်ယာလုပ်ငန်းမှာ ယင်းတို့အဖို့ ဝင်ငွေအများဆုံး ရသော လုပ်ငန်းပင် ဖြစ်သည်။ အကြီးဆုံး တောင်ယာလုပ်ငန်းမှာ သစ်သော့သီးခြံစိုက်ပျိုးခြင်း၊ မုန်ညင်း၊ အာလူး၊ မုန်လာဥ၊ တောင်ဝေ့သီးနှင့် အခြား ဟင်းသီးဟင်းရွက် အမျိုးမျိုး စိုက်ပျိုးခြင်းများ ဖြစ်သည်။ ယင်းတို့ကို ဈေးမြို့များသို့ ပို့ဆောင် ရောင်းချ၍ တဖန် စားရန် ဆန်အိတ်များဝယ်ယူသွားကြသည်။ ဘဲ ကြက် ဝက် များကို သာမက မြည်းနှင့် လားများကိုလည်း သယ်ယူပို့ဆောင်ရေးအတွက် မွေးမြူထားကြလေသည်။ လီဆူများသည် အလွန် ရိုးသားပြီးလျှင် အေးချမ်းသာယာစွာ နေတတ်သော တောင်ပေါ်သားများ ဖြစ်ကြသည်။

**လီဒိုလမ်း။** ။ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယနိုင်ငံမှ တရုပ်နိုင်ငံသို့ အရေးကြီးသည့် စစ်ပစ္စည်း ကရိယာများ သယ်ယူပို့ဆောင်နိုင်ရန် ဖောက်လုပ်ခဲ့သော လီဒို လမ်းမကြီးသည် အလွန်ထူးခြားသည့် အင်ဂျင်နီယာ လက်ရာများတွင် တခုအပါအဝင် ဖြစ်လေသည်။ ခရစ် ၁၉၄၂ ခုနှစ်လောက်တွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင် အာရှနိုင်ငံများအားလုံးကို ဂျပန်တပ်မတော်က သိမ်းပိုက်လိုက်ပြီးဖြစ်ရကား အမေရိကန်တို့သည် တရုပ်နိုင်ငံနှင့် အဆက်ပြတ်သွားပြီးလျှင် ဘာမျှ တင်မပို့နိုင်သဖြင့် ထိုလီဒိုလမ်းမကြီးကို ၁၉၄၂ ခုနှစ် ဒီဇင်ဘာလမှာပင် အရေးတကြီး စတင်ဖောက်လုပ်ရလေသည်။ ၁၉၄၃ ခုနှစ် အောက်တိုဘာလသို့ ရောက်သောအခါ အမေရိကန်ပြည်ထောင်စု အင်ဂျင်နီယာ တပ်များမှ ဗိုလ်မှူးချုပ် လူးဝစ် အေ ပစ်က လီဒို လမ်းကို ကွပ်ကဲ၍ ဖောက်လုပ်ရသည်။တပ်မတော်သားများနှင့်တကွ လီဒိုလမ်းကျရာ ပတ်ဝန်းကျင်မှ တိုင်းရင်းသား အလုပ်သမားတို့၏ လုံ့လကြောင့် လမ်းကို တောတောင်အထပ်ထပ် မြစ်အသွယ်သွယ်တို့အား ဖြတ်ကျော်ကာ မြန်မာနိုင်ငံ ဗန်းမော်မြို့ထိအောင် ဖောက်လုပ်နိုင်ခဲ့လေသည်။ ထိုမှတဆင့် တရုပ်—မြန်မာလမ်းမကြီးနှင့် ဆက်ပေးလိုက်လေသည်။ လီဒိုလမ်းမကြီးကို အမေရိကန်ဒေါ်လာ ၁၇ သန်း အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ရာ၊ ၁၉၄၅ ခုနှစ် ဇန္နဝါရီလတွင် ပြီးစီးသည်။ မြန်မာနိုင်ငံကို ဂျပန် တပ်မတော်က သိမ်းယူပြီးသည်မှ စ၍ အဆက်ပြတ်ခဲ့သော ထရုပ်နိုင်ငံသို့ လီဒိုလမ်းမကြီး ဖောက်လုပ်ပြီးသည်နှင့် တပြိုင်နက် အမေရိကန်တို့၏ စစ်လက်နက်ပစ္စည်းများကို ရာပေါင်း များစွာသော ကုန်တင်ကားကြီးများဖြင့် ပဌမဆုံးအကြိမ် သယ်ယူပို့ဆောင်ခဲ့လေသည်။ လီဒိုလမ်းမကြီးကို ဖောက်လုပ်ရာ၌ အလုပ်သမားပေါင်း တထောင်ကျော်မှာ ငှက်ဖျားရောဂါ၊ ရေဘောနှင့် ဂျပန်တို့၏ ကျည်ဆံများ၏ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရလေသည်။

လီဒိုလမ်းကို အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ် လီဒို အမည်ရှိသော နေရာမှ စတင် ဖောက်လုပ်သောကြောင့် လီဒိုလမ်းဟုခေါ်သည်။ ယင်းလမ်းသည် မြန်မာနိုင်ငံအတွင်းသို့ ပတ်ကိုင်တောင်တန်းကို ဖြတ်၍ ဝင်လာပြီးလျှင် တောင်ဖက်မိုးကောင်း၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့များ အထိ ရောက်လာလေသည်။ ထိုမှတဆင့် အရှေ့ဖက် တရုပ်နိုင်ငံသို့ ဆက်သွားလေသည်။ လမ်းမကြီး၏ နောက်ဆုံးအပိုင်း ဖြစ်သော အစိတ်အပိုင်းသည် နှစ် ရာပေါင်းများစွာက ရှိခဲ့သော မာကိုပိုလိုလမ်း အတိုင်းပင်ဖြစ်သည်။ လီဒိုလမ်းမသည် မိုင်ပေါင်း ၁,၀၃၀ ရှည်၍ တန်တားပေါင်း ၇၀၀ ကျော်ကို ဖြတ်ခဲ့သည်။ လမ်းသည် မြေကြီးလမ်းသက်သက် ဖြစ်ရာ အမာခံဆို၍ ကျောက်ခဲကျောက်တုံးမရှိသလောက်ပင် ဖြစ်သည်။

ပဌမတွင် လီဒိုလမ်း ဟုခေါ်ခဲ့သော်လည်း ၁၉၄၅ ခုနှစ် ဇန္နဝါရီလတွင် စစ်သူကြီး ချန်ကေရှိတ်က လီဒိုလမ်းကို ဖောက်လုပ်ရန် ပဌမဆုံး ကြံစည်စိတ်ကူးခဲ့သော အမေရိ

www.burmeseclassic.com





တောတောင် ထျှိုမြောင်အထပ်ထပ်တို့ကို ဖြတ်ကျော်ကာ မြန်မာနိုင်ငံ ဗန်းမော်မြို့ထိအောင် ဖောက်လုပ်ထားသော လီဒိုလမ်းမကြီး

ကန် ပြည်ထောင်စု တပ်များ၏ ဗိုလ်ချုပ်ကြီးဖြစ်သော ဂျိုးဇက် စတီးဝဲ၏အမည်ကို ဂုဏ်ပြုသောအားဖြင့် စတီးဝဲ လမ်းဟု မှည့်ခေါ်စေခဲ့သည်။ သို့ရာတွင် စစ်ပြေငြိမ်းပြီးသည်နောက် စီးပွားရေးအရ ဤလမ်းကို ဆက်လက် ထိန်းသိမ်း မထားနိုင်တော့သဖြင့် ၁၉၄၅ ခုနှစ် နိုဝင်ဘာလတွင် စွန့်လွှတ်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဆိုဗီယက် ရုရှ နိုင်ငံ၏ ဖခင်ကြီး

**ကားလမတ် ဟောပြောခဲ့သော ကွန်မြူနစ် သဘောတရားကို ရုရှနိုင်ငံတွင် ရုရှလူမျိုးတို့ ကျင့်သုံးလာအောင် ဇွဲသတ္တိရှိရှိဖြင့် ဆောင်ရွက်ခဲ့သူဖြစ်သည်။ မိမိယုံကြည်သော ဓါဒနှင့် စပ်လျဉ်း၍ စာပေအမြောက်အမြားလည်း ပြုစုခဲ့သည်။**

**လီနင်**(ခရစ် ၁၈၇၀—၁၉၂၄)။ ။နစ်ကိုလိုင် လီနင်သည် ရုရှတော်လှန်ရေးသမား ခေါင်းဆောင်ကြီး ဖြစ်၍ ရုရှနိုင်ငံကို ဆိုဗီယက် ကွန်မြူနစ်နိုင်ငံ ဖြစ်အောင် ထူထောင်ခဲ့သူဖြစ်သည်။ ကားလမတ်သည် ကွန်မြူနစ် သဘောတရားများကို တီထွင်ပျိုးထောင် ဟောပြောခဲ့သည်။ ယင်းတို့ကို လီနင်က ရုရှနိုင်ငံတွင် ရုရှလူမျိုးတို့ ကျင့်သုံးကြရလေအောင် ပြန့်ပွားစေခဲ့သည်။

လီနင်၏ အမည်ရင်းမှာ ဗလက်ဒီမျာ အူလျာနပ် ဖြစ်သည်။ဗော်လဂါမြစ်ပေါ်တွင်ရှိ၍ ယခုအခါ အူလျန်နပ်စကဟုခေါ်သော ဆင်ဗတ်စကမြို့၌ ၁၈၇၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်နေ့တွင် ဖွားမြင်သည်။ ဖခင်မှာ ဇာဘုရင်လက်ထက်တွင် ပညာဝန်တဦး ဖြစ်သည်။ လီနင်သည် ဆင်ဗတ်စကမြို့ရှိ အထက်တန်းကျောင်းတွင် ဦးစွာပညာသင်ယူသည်။ ထိုကျောင်း၌ နောက်ဆုံးနှစ် သင်တန်းတွင် လီနင် တက်ရောက် သင်ကြားနေစဉ် ၁၈၈၇ ခုနှစ်၌ လီနင်၏ အစ်ကိုတယောက်သည် ဇာဘုရင်ကို လုပ်ကြံသော ကျောင်းသားအဖွဲ့ဝင် တဦးအဖြစ် ကြိုးပေးခံရသည်။ ထိုစဉ်က လီနင်သည် ၁၇ နှစ်သားမျှ ရှိပေသေးသည်။ ဤအချိန်မှ စ၍ လီနင်တွင် တော်လှန်ရေးစိတ်ဓာတ် ကိန်းအောင်းလာခဲ့သည်။ ထိုနောက် လီနင်သည် ဆက်လက်၍ ကာဇန်တက္ကသိုလ်သို့ တက်ရောက် ပညာဆည်းပူးသည်။ သို့ရာတွင် ကျောင်းသားများ ဆန္ဒပြပွဲတွင် ပါဝင်သဖြင့် ကျောင်းမှ ထုတ်ပယ်ခြင်းခံရသည်။ ၁၈၉၁ ခုနှစ်တွင် စိန့်ပီတာစဗတ်မြို့၌ ပြင်ပကျောင်းသားအဖြစ် နောက်ဆုံးနှစ် ဥပဒေစာမေးပွဲကို ဖြေဆိုခွင့်ရသည်။ ကျောင်းသားပေါင်း ၁၂၄ ယောက်အနက် ပဌမ စွဲသည်။ ထိုနောက် ဆမာရာမြို့(ယခုအခေါ် ကူဘီရှက်)တွင် နှစ်နှစ်တာမျှ ရှေ့နေလိုက်သည်။ ထိုအတောအတွင်း သူ၏တော်လှန်ရေး စိတ်ဓာတ်များကား ပိုမို၍ ခိုင်မာ စွဲမြဲလာပေသည်။ သူသည် ၁၈၉၃ ခုနှစ်တွင် ဆမာရာမှ ထွက်ခဲ့ရာ ထိုအချိန်မှစ၍ လီနင်ဟူသော အမည်ကို ခံယူခဲ့လေသည်။

လီနင်သည် ယခုအခါ လီနင်ဂရက် ဟုခေါ်သော စိန့်ပီတာစဗတ်မြို့သို့ သွားရောက် နေထိုင်ကာ အလုပ်သမားလူတန်းစား လွတ်မြောက်မှုအတွက် တိုက်ခိုက်ရေး သမဂ္ဂတွင် ပါဝင်ဆောင်ရွက်သည်။ ၁၈၉၅ ခုနှစ်တွင် ထောင်ချခံရသည်။ ထိုနောက် ဆိုက်ဗီးရီးယားနယ်သို့ နယ်နှင်ခံရသည်။ ၁၉၀၀ ပြည့်နှစ်တွင် အပြစ်ဒဏ်မှ လွတ်မြောက်ခဲ့၍ တိုင်းတပါးသို့ သွားရောက်ခဲ့ရာတွင် ရုရှ ဆိုရှယ်ဒီမိုကရက်အဖွဲ့တခု၏ ခေါင်းဆောင် ဖြစ်လာသည်။ လီနင်သည် ဦးစွာ၌ မြူးနစ်မြို့၊ ထိုနောက် လန်ဒန်မြို့တွင် သွားရောက်နေထိုင်ကာ အဖော်တစုနှင့် အတူ 'အစ္စကရာ' (မီးပွား) ခေါ် သတင်းစာတစောင်ကို ထုတ်ဝေခဲ့သည်။ ထိုအတောအတွင်း လီနင်သည် နိုင်ငံရေးနှင့် စီးပွားရေးပြဿနာများကိုလည်း လေ့လာခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဆိုရှယ်လစ်ညီလာခံများသို့လည်း တက်ရောက်ခဲ့သည်။ အယူသည်းသူတဦး အဖြစ်လည်း နာမည်ရခဲ့၏။ ၁၉၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဆိုရှယ်လစ်ညီလာခံမှ စ၍ လီနင်သည် အများစု၏ ထောက်ခံမှုကို ရရှိခဲ့ရာ၊ လီနင်၏အုပ်စုသည် အများစု ဖြစ်သည်ကို အစွဲပြု၍ ဗော်လရှီဗစ် ဟုခေါ်ဝေါ်ခဲ့သည်။ လီနင်သည်လည်း ဗော်လရှီဗစ်တို့၏ ခေါင်းဆောင်ဖြစ်လာသည်။ (ဗော်လရှီဗစ် — လည်းရှု။)

၁၉၀၅ ခုနှစ်တွင် လီနင်သည် ရုရှနိုင်ငံသို့ပြန်လာသည်။ အရေးပါသော နေရာတွင် မပါဝင်သော်လည်း ရုရှအစိုးရအား လက်နက်စွဲကိုင် တော်လှန်ရေးကိုဎင်း၊ အလုပ်သမားလူတန်းစား အာဏာရရှိရေးကိုဎင်း ထောက်ခံ အားပေးခဲ့သည်။ သို့သော် ၁၉၀၅ ခုနှစ် တော်လှန်ရေးကို အစိုးရက နှိမ်နင်းလိုက်သဖြင့် လီနင်လည်း ရုရှနိုင်ငံမှ ပြန်လည်ထွက်ခွာရပြန်သည်။ လီနင်သည် ပါရစ်၊ ဗီယင်းနားနှင့် ဇူးရစ်မြို့များသို့ သွားရောက်နေထိုင်ခဲ့သည်။

သူသည် တော်လှန်ရေးအတွက် ခပ်မှန်မှန်ပင် ကြိုးပမ်းခဲ့၏။ ၁၉၁၄ ခုနှစ် ကမ္ဘာစစ်ကြီးဖြစ်ပေါ်လာခြင်းကို လီနင်က မထောက်ခံဘဲ ယင်းသည် နယ်ချဲ့စနစ်ကို အကျိုးပြုခြင်းသာဖြစ်သည်ဟု ဆိုကာ စစ်ကို အားပေးထောက်ခံခဲ့သော ဆိုရှယ်လစ်များကိုပင် ရှုံ့ချခဲ့သည်။ သူက နိုင်ငံတကာရှိ အလုပ်သမားများသည် အချင်းချင်း တိုက်ခိုက်နေသည်ကို ရပ်စဲကာ မိမိတို့ကို အုပ်ချုပ်နေသူများအား တော်လှန်တိုက်ခိုက်ရမည်ဟု ဟောပြောခဲ့လေသည်။

၁၉၁၇ ခုနှစ်၌ ဇာဘုရင် ဒုတိယ နစ်ကလတ်၏ အစိုးရအဖွဲ့ ပြုတ်ကျသွားသောအခါ လီနင်လည်း ရုရှနိုင်ငံသို့ ပြန်လည်ရောက်ရှိသွားသည်။ ဤသို့ ပြန်ရောက်သွားနိုင်သည်မှာ စစ်ပြေငြိမ်းရေးကို လီနင်လိုလားကြောင်း ဂျာမန်တို့က သိရှိသဖြင့် လီနင်အား ရုရှနိုင်ငံသို့ ပြန်ရောက်နိုင်အောင် ဆောင်ရွက်ပေးခြင်းကြောင့်ဖြစ်၏။ လီနင်သည် စိန့်ပီတာစဗတ်သို့ ရောက်သောအခါ အခြေအနေရှုပ်ထွေးနေသည်ကို




www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ရုရှတပ်များ ဖရိုဖရဲဖြစ်နေကာ လူထုကြီးက လည်း စစ်ကိုစိတ်မဝင်စားဘဲရှိနေကြ၏။ ဇာဘုရင်ကလည်း မအုပ်ချုပ်နိုင်တော့ပေ။ အုပ်ချုပ်နေသော ကီရင်စကီ၏ ယာယီအစိုးရအဖွဲ့နှင့် အလုပ်သမား ဆိုဗီယက်အဖွဲ့များ သည် အာဏာလုနေကြ၏။ လီနင်သည် သူ၏နောက်လိုက် များကို စုရုံးကာ ချက်ချင်း စစ်ရပ်စဲအောင် ပြုပြီးလျှင် လယ်သမားတို့အား မြေများကို ဝေငှပေးရမည်၊ အခြား အရေးပါသော အစီအမံများကိုလည်း ပြုလုပ်ပေးရမည်ဟု အရေးဆိုခဲ့သည်။ သို့သော် လီနင်သည် ဂျာမန်စစ်ဦးစီး အဖွဲ့၏ ကြေးစားတဦးဖြစ်သည်ဟု အစွပ်စွဲခံရသဖြင့် ဖင်း လန်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးရလေသည်။ သို့သော် မကြာမီပင် မော်စကိုနှင့်ပီထရိုဂရက်မြို့များရှိ ဆိုဗီယက်အဖွဲ့ များကို ဗော်လရှီဗစ်တို့က ကြိုးကိုင်လာနိုင်ခဲ့သည်။ ထို



ရုရှနိုင်ငံကို ဆိုဗီယက်ကွန်မြူနစ်နိုင်ငံအဖြစ် ထူထောင်ခဲ့သူ ရုရှ တော်လှန်ရေးခေါင်းဆောင်ကြီး နစ်ကိုလိုင် လီနင်

နောက် ရေတပ်နှင့် ကြည်းတပ်တို့က တော်လှန် ပုန်ကန် လေသည်။ လီနင်လည်း ရုရှနိုင်ငံသို့ ပြန်လည်ရောက်ရှိလာ သည်။ ညဉ့်တွင်းချင်းပင် ခေါင်းဆောင် ကီရင်စကီကို ဖြုတ်ချ၍ လီနင်ခေါင်းဆောင်သော ပြည်သူ့ကိုယ်စား လှယ်အဖွဲ့(ဝန်ကြီးအဖွဲ့) ကို ဖွဲ့စည်းသည်။

ဦးစွာ၌ လီနင်၏ အစိုးရသည် ကြောက်စရာကောင်း သည့်အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။ ဂျာမန်တို့သည် အကာအကွယ် ကင်းမဲ့၍ စိတ်ဓာတ်ကျဆင်းနေသော ရုရှ တပ်များကို ဖိနှိပ်ချေမှုန်းကာ ရှေ့သို့ တဟုန်တည်း ချီတက် လာနေသည်။ လူထုကြီးမှာလည်း ငတ်မွတ်ခေါင်းပါးမည့် ဘေးကြီး၏ ခြိမ်းခြောက်ခြင်းကို ခံနေရသည်။ အုပ်ချုပ် ရေးယန္တရားဟူ၍လည်း မရှိတော့ဘဲ ဖြစ်နေ၏။ ရုရှနိုင်ငံ မှာ စည်းလုံးမှုမရှိဘဲ လွတ်လပ်သောသမတနိုင်ငံများအဖြစ် အစိတ်စိတ်အမြွှာမြွှာ ကွဲနေခဲ့သည်။ လီနင်သည် ဆိုဗီယက် အဖွဲ့များကို ထိုသမတနိုင်ငံများတွင် ဖွဲ့စည်းပြီးနောက် ထို ဆိုဗီယက်အဖွဲ့များမှ ကိုယ်စားလှယ်များကို မော်စကိုမြို့ရှိ ဆိုဗီယက်အဖွဲ့ချုပ်သို့ တက်ရောက်စေသည်။ တိုင်းပြည်ကွား ငြိမ်သက်လှသည် မဟုတ်သေးပေ။ ဗော်လရှီဗစ်တို့သည် မြို့ကြီးများတွင်သာ အခြေခိုင်သေးသည်။ ထို့ကြောင့် လီ နင်သည် ရုရှတို့အဖို့ နစ်နာသည် မှန်သော်လည်း ဂျာမန်တို့ နှင့် ဗရက်-လီတော့စက စာချုပ်ကိုချုပ်ဆိုကာ စစ်ပြေငြိမ်း လိုက်လေသည်။ ယင်းကို အကြောင်းပြု၍ မဟာမိတ်တို့ သည် ဆိုဗီယက်တို့အား စစ်ပြုသည်။ မဟာမိတ်တို့က ထောက်ခံအားပေးသော ရုရှဖြူ (ဝါ) ကွန်မြူနစ်ဆန့်ကျင် ရေး ရုရှတပ်တို့က ဆိုဗီယက်အစိုးရကို တိုက်ခိုက်လေသည်။

အဟောအပြောကောင်းသော လီနင်သည် လူထုကြီးကို တပ်လှန့်လှုံ့ဆော်ပေးလိုက်သည်။ သူ၏ ပရိယာယ်ကြောင့် သူ၏ရန်သူများ အချင်းချင်း မသင့်မတင့် ဖြစ်၍ ကွဲကြ သည်။ လီနင်သည် စည်းကမ်းသေဝပ်မှု ရှိအောင်လည်း ပြုသည်။ စားနပ်ရိက္ခာများ ရရှိအောင်လည်း ကောင်းစွာ စီစဉ်သည်။ ဤသို့သော အကြောင်းများကြောင့် လီနင် ၏ ကွန်မြူနစ်ဝါဒ (ဗော်လရှီဗစ်ဝါဒ) ကို သဘောကျသူ များလာသည်။ အချို့ နေရာများတွင် မတတ်သာသော ကြောင့် လီနင်သည် အကြမ်းဖက်ခဲ့ရသည်။ အသစ်ဖွဲ့စည်း ထားသော တပ်နီတော်များသည် တဖြည်းဖြည်း ရန်သူ များကို အနိုင်ရလိုက်သည်။ တိုင်းပြည်လည်း အခြေအနေ ကောင်းလာသည်။

သို့ရာတွင် လီနင်အဖို့ အသက်အန္တရာယ်များစွာရှိသဖြင့် လုံခြုံမှုအတွက် အမြဲမပြတ် အစောင့်အရှောက်ဖြင့် သတိ ကြီးစွာ ထားနေရသည့် အကြားမှပင် ၁၉၁၈ ခုနှစ် ဩဂုတ် လ ၃၀ ရက်နေ့က သေနတ်ပစ်ခံရရာ မသေသော်လည်း ထို သေနတ်ဒဏ်ရာများကြောင့်ရှင်း၊ အပင်ပန်းခံကာ လုပ်ကိုင် ခဲ့သောကြောင့်ရှင်း အားနည်းလာခဲ့ရလေသည်။

၁၉၂၁ ခုနှစ်တွင် တန်ပြန်တော်လှန်ရေးကို ချေမှုန်းပြီး သည့်နောက် အကြမ်းဖက် ပြုပြင်ခြင်းများကို အသုံးမပြု တော့ဘဲ စီးပွားရေး ဝါဒသစ်ကို ကျင့်သုံးခဲ့လေသည်။ ထို ဝါဒအရ ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ပြန်လည် ထူ



www.burmeseclassic.com

ထောင်လိုသောကြောင့် ကိုယ်ပိုင်လုပ်ငန်းကို အသင့်အတင့် ခွင့်ပြုသည်။ ထို ၁၉၂၁ ခုနှစ်တွင်ပင် ဂရိတ်ဗြိတိန်နှင့် ချုပ်ဆိုခဲ့သော စာချုပ် အဝင်အပါ ခေရှင်နိုင်ငံများနှင့် ကုန်သွယ်ရေး စာချုပ်များလည်း ချုပ်ဆိုခဲ့သည်။

၁၉၂၂ ခုနှစ်တွင် လီနင်၏ ကျန်းမာရေး အခြေအနေ ချွတ်ယွင်းစ ပြုလာခဲ့ရာ ဦးနှောက်ကြောများ မာသည့် ရောဂါလက္ခဏာများ ပေါ်လာ၍ သူ၏ ဆရာဝန်များက နေ့စဉ်အလုပ်မလုပ်ရန် တားမြစ်ခဲ့လေသည်။ ၁၉၂၃ ခုနှစ်တွင် ရောဂါ ဆိုးရွားလာ၍ စကားမပြောနိုင်သော အခြေအနေသို့ပင် ရောက်သွားလေသည်။ ထိုနှစ် ဒီဇင်ဘာလတွင် ခြေလက်များ သေသွားသည်။ ၁၉၂၄ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် လီနင်သည် မော်စကိုမြို့အနီးရှိ ဂေါ်ကီတွင် ကွယ်လွန်သည်။

လီနင်၏ ရုပ်ကလာပ်ကို မပုပ်မသိုးအောင် အထူးတလည် စီမံပြုလုပ်၍ မှန်ခေါင်းသွင်းပြီးလျှင် မော်စကိုမြို့၏ ရင်ပြင်နီအရှေ့ရှိ အာဇာနည်ဗိမာန်၌ ယခုတိုင် ထားရှိပေသည်။ ရုရှ နိုင်ငံသူ နိုင်ငံသားတို့သည် လီနင်ကို အမှတ်ရသောအားဖြင့် အာဇာနည်ဗိမာန်သို့ သွားရောက်၍ အလေးပြုလေ့ရှိသည်။

လီနင်သည် သဘောတရားများကို ချမှတ်ပေးသူ ဖြစ်၍ ယင်းသဘောတရားများကို ကျင့်သုံးကြရ လေအောင် ပြုရာ၌လည်း ဇွဲသတ္တိ ရှိလေသည်။ လီနင်သည် မိမိ ယုံကြည်သော ဝါဒနှင့် စပ်လျဉ်း၍ စာပေအမြောက်အမြား ရေးသားသွားလေသည်။

**လီနင်ဂရက်မြို့။** ။လီနင်ဂရက်မြို့သည် ဆိုဗီယက် ပြည်ထောင်စု နိုင်ငံတွင် မော်စကိုမြို့၏ နောက် ဒုတိယလိုက်သော မြို့ဖြစ်၍ ရုရှခေါင်းဆောင်ကြီး လီနင်အား ဂုဏ်ပြုသောအားဖြင့် အမည်ပေးထားသော မြို့ ဖြစ်သည်။ (လီနင် —၍။) လီနင်ဂရက်မြို့သည်ကား ဆိုဗီယက်ပြည်ထောင်စုတွင် စက်မှုလက်မှု ထွန်းကားရာ၌လည်း မော်စကိုနောက် ဒုတိယလိုက်သည်။ သင်္ဘော တည်ဆောက်ရေး လုပ်ငန်း၏ အချက်အခြာမြို့လည်း ဖြစ်သည်။ ဆိပ်ကမ်းကောင်း တခုလည်းဖြစ်သည်။ ၁၉၂၄ ခုနှစ်မှစ၍ လီနင်ဂရက်မြို့ ဟု မတွင်မီကမူ စိန့်ပီတာစဗတ်မြို့ ဟူ၍ငင်း၊ ပီထရိုဂရက်မြို့ ဟူ၍ငင်း အမည်တွင်ခဲ့လေသည်။

လီနင်ဂရက်မြို့သည် ဖင်းလန်ကွေ့၏ အရှေ့ဖက်အစွန်းတွင် တည်ရှိ၏။ မော်စကိုမြို့၏ အနောက်မြောက်ဖက် ကျ၍ မိုင် ၄၀၀ ခန့် ကွာဝေးသည်။ လီနင်ဂရက်မြို့၏ များသောအပိုင်းမှာ နီဗာမြစ်၏ လက်ဝဲဖက်ကမ်းပေါ်တွင် တည်ရှိလျက် ကျန်အပိုင်းမှာ ထိုမြစ်ဝရှိ ကျွန်းကလေးများပေါ်တွင် တည်ရှိသည်။ လီနင်ဂရက်မြို့တွင် ကျယ်ပြန့်သော ရိပ်သာများ၊ နန်းတော်နှင့် ပြည်သူပိုင် အဆောက်အအုံများကြောင့် ထင်ရှားသည်။ လီနင်ဂရက်မြို့တွင် စာသင်ကျောင်းများ၊ စက်မှုပညာသင် ကျောင်းများ၊ ဂီတပညာသင်ကျောင်းများ၊ အနုပညာသင်ကျောင်းများ၊ အနုပညာတံခွန် အသင်းများ၊ သိပ္ပံအသင်း၊ စာကြည့်တိုက် စသည်တို့များစွာရှိသည်။ ဆိုဗီယက်ပြည်ထောင်စုကို တည်ထောင်သောအခါ ဇာဘုရင်တို့လက်ထက်က တည်ဆောက်ခဲ့သော ခန့်ညားထယ်ဝါသည့် နန်းတော်နှင့် ဗိမ်ခံအဆောက်အအုံကြီးများကို ပြတိုက်များ၊ အလုပ်သမားများအတွက် အနားယူစခန်းများအဖြစ် အသုံးပြုသည်။ လီနင်ဂရက်မြို့တွင် ထင်ရှားသောအဆောက်အအုံများဖြစ်သည့် ကဇန်သခင်မ၏ ကသီဒရယ်ဘုရားရှိခိုးကျောင်း၊ နိုင်ငံတော် ပြည်သူ့စာကြည့်တိုက်၊ နိုင်ငံတော်ပြဇာတ်ရုံ၊ အနစ်တော့ နန်းတော်တို့သည် ရိပ်သာလမ်းမကြီးပေါ်တွင် တည်ရှိသည်။ နီဗာ၏ မြစ်ခွဲဖြစ်သော ဂရိတ်နီဗာ မြစ်တလျှောက်တွင် ရှေး နန်းတော်ဟောင်းများ၊ နေအိမ်များ၊ ရေတပ်မတော် အုပ်ချုပ်ရေး အဖွဲ့ရုံး စသော အဆောက်အအုံများ တည်ရှိသည်။ ရှေး ဇာဘုရင်များလက်ထက်က ဆောင်းရာသီ စံနန်းတော်ဖြစ်၍ ယခုအခါ တော်လှန်ရေးပြတိုက်အဖြစ် အသုံးပြုထားသော အဆောက်အအုံမှာလည်း ထင်ရှားပေသည်။ ပြတိုက်အဖြစ်ပင် အသုံးပြုထားသော ပီတာနှင့် ပေါ ခံတပ်သည် ကျွန်းကလေးတခုပေါ်တွင် တည်ရှိသည်။ စိန့်ပီတာစဗတ်မြို့ကို တည်ထောင်စဉ်အခါက ပီတာ—သ—ဂရိတ် ဘုရင် ခေတ္တစံမြန်းရာ သစ်သားအိမ်ကလေး တလုံးမှာလည်း ယခုတိုင် အခြားကျွန်းကလေးတခုပေါ်တွင် တည်ရှိသည်။ လီနင်ဂရက်မြို့ပေါ်တွင် တန်တား ၁၂၀ ခန့်မျှ ရှိသည်။ များသောအားဖြင့် ကျဉ်းမြောင်းသည့်တူးမြောင်းများကို ဖြတ်သန်း ဆောက်လုပ်ထားသော တန်တားများဖြစ်၍ အချို့မှာ ရုရှနိုင်ငံတော်၏ အကောင်းဆုံး တန်တားများတွင် စာရင်းဝင်ဖြစ်သည်။


လီနင်ဂရက်မြို့ပေါ်တွင် နေထိုင်သူတို့မှာ များသောအားဖြင့် စက်ရုံအလုပ်သမားများဖြစ်သည်။ အချို့မှာ အလွန်ကျွမ်းကျင်သော အလုပ်သမားများ ဖြစ်ကြသည်။ လီနင်ဂရက်မြို့သည် သိပ္ပံဆိုင်ရာ ကရိယာများ၊ လျှပ်စစ်ပစ္စည်းများ ပြုလုပ်ရာ၌ အရေးပါလှ ပေသည်။ လျှပ်စစ်ပစ္စည်းများမှာ အရေးပါသော ထုတ်ကုန်ဖြစ်သည်။ ထို့ပြင် ဓာတုဗေဒ လုပ်ငန်းများ၊ အထည်စက်များ၊ သတ္တုအရည်ကျိုစက်များလည်း ရှိသည်။ လီနင်ဂရက်မြို့သည် ပုံနှိပ်ခြင်း၊ စာအုပ် ထုတ်ဝေ ရောင်းချခြင်း စသော လုပ်ငန်းတို့တွင်လည်း အချက်အခြာမြို့ ဖြစ်သည်။ ပြည်တွင်းပြည်ပ ကူးသန်းရောင်းဝယ်မှုတို့ကို တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသည်။ ၁၈၈၅ ခုနှစ်က တူးဖော်ခဲ့သော ကရွန်းစတတ်



www.burmeseclassic.com

www.burmeseclassic.com





စိန့်ပီတာစဗတ်မြို့ ဟူ၍၎င်း၊ ပီထရိုဂရက်မြို့ဟူ၍၎င်း အမည်တွင်ခဲ့သည့် လီနင်ဂရက်မြို့ ရှုခင်းတရပ်

တူးမြောင်းကြောင့် သင်္ဘောများသည် ဗောလတစ်ပင်လယ်နှင့် ဆက်သွယ်နိုင်သည်။ ပင်လယ်ဖြူပေါ်တွင် ရှိသည့် ဗယ်လိုမောစကာမြို့နှင့်လည်း တူးမြောင်းတခုဖြင့် ဆက်သွယ်လျက်ရှိသည်။

လီနင်ဂရက်မြို့ကို ၁၇၀၃ ခုနှစ်က (စိန့်ပီတာစဗတ် ဟူသောအမည်ဖြင့်) ပီတာ–သ–ဂရိတ် ဘုရင် တည်ထောင်ခဲ့သည်။ မြို့သစ်သို့ လူအများသည် ဘုရင့်အမိန့်ဖြင့် ပြောင်းရွှေ့လာကြရသည်။ ဒုတိယ ကက်သရင်း ဘုရင်မ၊ ပဌမ အယ်လက်ဇန္ဒာဘုရင်၊ ပဌမ နစ်ကလတ်ဘုရင်များ လက်ထက်တွင် ကြီးပွားတိုးတက်လာသည်။ ၁၉ ရာစုနှစ် အကုန်နှင့် ၂၀ ရာစုနှစ်ဦးမှစ၍ စက်မှု လက်မှုလုပ်ငန်း၏ အချက်အခြာ ဌာန ဖြစ်လာသည်။ ထိုကြောင့်လည်း စိန့်ပီတာစဗတ်မြို့သည် အလုပ်သမား လူတန်းစားများ၊ တော်လှန်ရေး လှုပ်ရှားမှုများ စုဝေးရာ ဌာန ဖြစ်လာ လေသည်။ ၁၉၀၅ ခုနှစ် တော်လှန်ရေး ဖြစ်ပွားစဉ်က စိန့်ပီတာစဗတ်မြို့၌ ရုတ်ရုတ် သဲသဲ အများဆုံး ဖြစ်ပွားခဲ့သည်။ ၁၉၁၇ ခုနှစ် တော်လှန်ရေး ဖြစ်ပွားစဉ်ကလည်း ရှေ့တန်းမှ ပါဝင်ခဲ့သည်။ အခြေအနေ မငြိမ်သက်သောကြောင့် ၁၉၁၆ ခုနှစ်တွင် ရှိခဲ့သော လူဦးရေ ၂,၄၁၅,၀၀၀ မှသည် ၁၉၂၀ ပြည့်နှစ်တွင် ၇၂၂,၀၀၀ အထိ လျော့ဆင်း သွားသည်။ ၁၉၁၄ ခုနှစ်တွင် ရုရှနှင့် ဂျာမနီတို့ စစ်ဖြစ်ပွားသောအခါ မြို့ဟု အဓိပ္ပါယ်ရသော 'ဗတ်'ဟူသော ဂျာမန်ဝေါဟာရကို မသုံးလိုသဖြင့် ယင်းမြို့ကို ပီထရိုဂရက် ဟူ၍ အမည်ပြောင်းလိုက်သည်။ ၁၉၁၈ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ရုရှနိုင်ငံ၏ အစိုးရသည် မောစကိုမြို့သို့ ပြောင်းရွှေ့ ရုံးစိုက်သဖြင့် ပီထရိုဂရက်မြို့သည် မြို့တော်အဖြစ်မှ ရပ်စဲသွားသည်။ လီနင်ဂရက်မြို့သည် ဆိပ်ကမ်းမြို့ဖြစ်ရုံမက ကျွမ်းကျင်သောအလုပ်သမားများ ရှိသောကြောင့် စက်မှုလုပ်ငန်း၏ အချက်အခြာ ဌာနဖြစ်လာသည်။ ဒုတိယ ကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ်က မြို့ပတ်ဝန်းကျင်သို့ ရောက်ရှိလာသော နာဇီနှင့် ဖင်းလန်တပ်များသည် မြို့ကို ဝန်းရံ ပိတ်ဆို့ထားသည်။ မြို့သူမြို့သားများကလည်း ရဲဝံ့စွာ ခုခံကြသည်။ အချိန်ကြာမြင့်စွာ ဝန်းရံတိုက်ခိုက်ခြင်းခံရ၍ အသက်ပေါင်း ငါးသိန်းခန့် ဆုံးရှုံးသည်။ သို့သော် နာဇီနှင့် ဖင်းလန်တပ်များ အတွင်းသို့ မဝင်နိုင်ချေ။ ၁၉၄၃ ခုနှစ်တွင် ဆိုဗီယက်တို့က တိုက်စစ်ဆင်ကာ ရန်သူများကို မောင်းထုတ်နိုင်ခဲ့လေသည်။ လီနင်ဂရက်မြို့သည် ဒုတိယကမ္ဘာစစ်ကြောင့် များစွာပျက်စီးခဲ့၏။ မြို့ ဆင်ခြေဖုံး ရပ်ကွက်များလည်း ပျောက်ကွယ်သွားလုမတတ် ပျက်စီးခဲ့လေသည်။ သို့သော် စစ်ကြီး ပြီးသည့်အချိန်မှစ၍ ကျယ်ပြန့်စွာ ပြန်လည်ပြုပြင်နိုင်ခဲ့သည်။

လီနင်ဂရက်မြို့၏ လူဦးရေမှာ ၁၉၆၅ ခုနှစ် ခန့်မှန်းခြေအရ ၃,၆၄၁,၀၀၀ ခန့်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



**လီပို** (ခရစ် ၇၀၁–၇၆၂)။ ။လီပိုသည် တရုပ်စာပေလောကတွင် ထင်ရှားသော ကဗျာဆရာကြီး ဖြစ်သည်။ သူ့အား လီတိုင်ပိုဟုလည်း ခေါ်ကြသည်။ တန်မင်းဆက် အလယ်ခေတ်တွင် နိုင်ငံတွင်း သာယာ တိုးတက်မှုများကို အားပေး ချီးမြှောက်မှုများကြောင့် ထင်ရှားသောမင်းဝှမ် ဘုရင်လက်ထက် ဘုရင့်လက်ရုံးတော်စာဆိုတော်ကြီးတဦး ဖြစ်သည်။ မြန်မာဘုရင် ဘိုးတော်မင်းတရား လက်ထက် ဦးပေါ်ဦးအား အလိုလိုက်ကာ သက်တော်ရှည်အမတ်ကြီး ခန့်၍ ဖျော်ဖြေစေသကဲ့သို့ လီပိုသည်လည်း မင်းဝှမ်ဘုရင်အား ပျော်တော်ဆက်ရသည့် စာဆိုကြီးဖြစ်သည်။

လီပိုကို ခရစ် ၇၀၁ ခုနှစ်တွင်ဖွားမြင်သည်။ မည်သည့်မြို့တွင် ဖွားမြင်သည်ကိုမူ အတိအကျ မသိရချေ။ လီပို၏ ဖိုးဖွား အဆက်အနွယ်သည် တန်မင်းများမှ ဆင်းသက်ဆက်နွယ်ရာ လီကာအို ဆိုသူမှပင် ဆင်းသက်သည်ဟု ဆိုသည်။ လီပိုကိုယ်တိုင်ကပင် တန်မင်းညီမင်းသားများအား ညီအစ်ကိုဝမ်းကွဲများဟု ဖော်ပြလေ့ရှိသည်။ သို့ရာတွင် အချို့ကလည်း ဤအချက်သည် မခိုင်လုံကြောင်းဖြင့် ဆိုကြသည်။ လီပိုသည် ဖခင်ဖက်မှ အမျိုးများနှင့် ပို၍လက်ပွန်းတတီးနေပုံရသည်။ ထိုအမျိုးများကပင်သူ့အားထောက်ပံ့ခဲ့ကြသည်ဟုဆိုသည်။ လီပို၏ အမျိုးထဲတွင် လီချန်ဖူဆိုသော ဗုဒ္ဓအယူဝါဒီ ဘုန်းတော်ကြီးမှအပ ကျန်ပုဂ္ဂိုလ်တို့သည် အစိုးရအရာရှိကြီးများချည်းလိုလို ဖြစ်သည်။

အသက် ငါးနှစ်အရွယ်မှစ၍ လီပိုသည် ဆီချွန်နယ် မြို့တော် ချင်တူမြို့နှင့်မိုင် ၁၀၀ ကွာ ချန်မင်းမြို့၌ကြီးပြင်းလာခဲ့သည်။ ငယ်စဉ်ကပင် ဖခင်ဖြစ်သူက ကဗျာများကို လေ့လာစေခဲ့သဖြင့် လီပိုသည် ကဗျာတွင် အထူးပင် စိတ်ဝင်စားခဲ့သည်။ အသက် ၁၄ နှစ်အရွယ်ကပင် ကဗျာကို စတင်စပ်ဆိုခဲ့၍ ၁၅ နှစ်အရွယ်က ရေးခဲ့သော မင်တန်ကဗျာသည် ယခုတွေ့ရှိသမျှသော သူ၏ကဗျာများတွင် အစောဆုံးကဗျာဖြစ်သည်။

အသက် ၁၉ နှစ်အရွယ်တွင် လီပို ရေးသားထားသော ကဗျာများကို နန်းရင်းဝန်ကြီး ဆူတင်း တွေ့ရှိသောအခါ တနေ့တွင် ထင်ရှားသော ကဗျာဆရာကြီး ဖြစ်မည့်အလားအလာ ရှိသူဟုပင် ချီးကျူးခြင်း ခံရသည်ဟု ဆိုသည်။ လီပိုအသက် ၂၄ နှစ်တွင် ရေးသားသောစာကြောင်း ၁၄ ကြောင်းရှိ ကဗျာတပုဒ်မှာ အစပ်အဆို နက်နဲ၍ အဓိပ္ပါယ်နှစ်မျိုး ထွက်သော ကဗျာဖြစ်သဖြင့် ကျော်ကြားသည်။ နန်းညွန့်နန်းလျှာ မဖွားနိုင်သော ဧကရီမိဖုရား ဝမ် အား မိဖုရားငယ်များ အကောက်ကြံမှုကြောင့် ဘုရင်က နန်းချသည်ကို မကျေနပ်သဖြင့် သွယ်ဝိုက်သော နည်းဖြင့် ရေးသားစပ်ဆိုသော ကဗျာဖြစ်သည်။

ထိုနောက် လီပိုသည် ယန်ဆီမြစ် တောင်ဖက်ရှိ တရုပ်ပြည် အရှေ့ပိုင်းတွင် လှည့်လည်သွားလာယင်း ကဗျာများ ရေးသားသည်။ ယင်းသို့ လှည့်လည်သွားလာယင်း အလွန်ထင်ရှားသော တာအို ဘုန်းတော်ကြီးဆူမာချင်ချင် (ခရစ် ၆၅၅–၇၃၅) နှင့်တွေ့သည်။ ဤတွင် သူ၏ ကျော်ကြားလှသော ရော့ဌက်ကြီးနှင့် တွေ့ရခဲ့သော ငှက်တို့ တွေ့ခန်း ကဗျာကြီး ထွက်ပေါ်လာသည်။ ရော့ဌက် ပုံပြင်ကား တာအိုကျမ်းစာအုပ် ပဌမခန်းတွင်ပါရှိသောပုံပြင်ဖြစ်သည်။

၇၂၆ ခုနှစ်တွင် လီပိုသည် အမတ်ချုပ်ဟောင်းဆူယူရှိ၏ မြေးနှင့် လက်ထပ်သည်။ အိမ်ထောင် ကျပြီးနောက် လီပိုသည် သူရေးစပ်သော ကဗျာများနှင့်အတူ အလုပ်လျှောက်လွှာများကို ရေးသား၍ အစိုးရ အရာရှိများထံ ပို့သော်လည်း မည်သည့် အလုပ်မျှမရချေ။ ယင်းသို့ဖြင့် လီပိုသည် တမြို့ပြီးတမြို့ ပြောင်းရွှေ့နေထိုင်ကာ ဝါသနာထုံလှသော ကဗျာများကို ရေးစပ်ခဲ့သည်။ ၇၃၀ ခုနှစ်တွင် ယန်ချောင်မြို့သို့ ရောက်သောအခါ ထိုမြို့အနီးရှိကောက်နိုစပါး သယ်ယူပို့ဆောင်ရေး၌ အသုံးဝင်သော တူးမြောင်းအကြောင်း ကဗျာစပ်သည်။ ၇၄၂ ခုနှစ်တွင် ကေရာဇ်ဘုရင် ကိုယ်တိုင် တက်ခဲ့သော တရုပ်ပြည် အရှေ့ပိုင်းရှိ အမြင့်ဆုံး တိုင်ရှန် တောင်ထိပ်သို့ ရောက်ခဲ့သည့် အကြောင်း ဖော်ပြပါရှိသော တာအိုတေချင် အမည်ရှိကဗျာတပုဒ်ကို ပိုးသားစာလိပ်တွင် စီကုံးရေးသားခဲ့သည်။

ထိုအချိန်လောက်တွင်ပင် မိတ်ဆွေတဦးဖြစ်သူ တာအိုအယူဝါဒီ စာရေးဆရာ ဝူယွန်းမှတဆင့် ကေရာဇ်ဘုရင်နှမတော် တာအို သီလရှင် ယူချင် မင်းသမီး၏ ဆက်သွယ်ပေးမှုကြောင့် ကေရာဇ်ဘုရင်က လီပိုအကြောင်း ကြားသိသွားလေသည်။ ထိုကြောင့် လီပိုသည် ရာထူး တစုံတရာလက်ကိုင်မရှိသော်လည်း ဟန်လင်း ပညာ့တံခွန်အသင်းဝင်စာဆိုကျော်ကြီးများနှင့် ယှဉ်တွဲကာ နန်းတွင်း ပွဲသဘင်များ၌ ပျော်တော်ဆက်ခဲ့ရသည်။ နန်းတွင်း ပညာရှိများနှင့် အဆင့်အတန်းတူ အသိအမှတ်ပြုခံရသည်။ ချန်အန်မြို့တော်၌ နေစဉ် လီပိုရေးသားခဲ့သော ကဗျာများအနက် အထင်ရှားဆုံးကား 'လရောင်အောက်တွင် တကိုယ်တည်းသောက်စားစဉ်' အမည်ရှိ ကဗျာဖြစ်သည်။

လီပိုသည် မကြာမီပင် ကေရာဇ်ဘုရင်၏ သမက်တော် စာပေဆိုင်ရာ အကြံပေးအရာရှိ ချန်ချီ၏ မလိုမုန်းထား အငြိုးပွားမှုကြောင့် ပြည်သူ့ဝန်ထမ်း ရာထူးကြီးတခု ရမည့်ဆဲဆဲ အပယ်ခံရသည်။ ထိုကြောင့် ချန်အန်မြို့မှ ၇၄၄ ခုနှစ်တွင် ထွက်ခွာခဲ့သည်။ ယင်းသို့ ထွက်ခဲ့ပြီးနောက် ရေးစပ်ခဲ့သော ကဗျာတပုဒ်အရ လီပိုသည် နန်းတွင်း လျှို့ဝှက်ချက်များကို ပေါက်ကြားတတ်သူအဖြစ် စွပ်စွဲခံရကာ ရာထူးရခါနီးမှ အပယ်ခံရကြောင်း သိရလေသည်။

ချန်အန်မြို့မှ ထွက်ခွာခဲ့ပြီးနောက် ယခု ပီကင်းမြို့ တည်



www.burmeseclassic.com

www.burmeseclassic.com



ရာ ဖန်ယွန်းမြို့တွင် လာရောက်နေထိုင်၍ နောက် ၁၁ နှစ် အကြာတွင် ပေါ်ပေါက်မည့် တော်လှန်ရေး ခေါင်းဆောင် အန်လူရှန်ထံတွင် အရပ်သား အရာရှိ အဖြစ် ခေတ္တဝင် ရောက် ထမ်းရွက်သည်။ ၇၄၅ ခုနှစ်တွင် လီပိုသည် ဟိုနန် မြို့သို့ ပြန်ရောက်လာကာ နောင် ကဗျာဆရာကျော် ဖြစ် မည့် တူဖူ(ခရစ် ၇၁၂ – ၇၇၀)နှင့်သိကျွမ်းခဲ့သည်။ တူဖူ၏ ကဗျာ ၁၄ ပုဒ်တွင် လီပိုအကြောင်း ထည့်သွင်း ရေးသား ထားသည်ကို တွေ့ရသည်။

ပဌမဇနီးနှင့် လီပိုသည် သားတယောက် သမီးတ ယောက် ရရှိပြီးနောက် ဇနီးဖြစ်သူ ကွယ်လွန်သဖြင့် ဒုတိယ ဇနီးမစုလျူနှင့်လက်ဆက်သည်။မကြာမီ နှစ်ဦးသဘောတူ ကွာရှင်းပြီးနောက် တတိယဇနီးနှင့် လက်ဆက်ရာ သူ၏ ကဗျာများတွင် ဖော်ပြလေ့ရှိသော လီပိုင်ချင်းဆိုသူ သား တယောက်ရသည်။ တတိယဇနီးသည် ကွဲသည် သေသည် ဟုမသိရသော်လည်း ၇၅၆ ခုနှစ်တွင် အမတ်ချုပ်ကြီး ဆွန် ချူကို၏ အဆက်အနွယ်ဖြစ်သော မစုဆွန်နှင့် လက်ထပ် ကြောင်း သိရသည်။

၇၄၅ ခုနှစ်မှ ၇၅၃ ခုနှစ်အတွင်းတွင် လီပိုသည် ဟိုနန် နယ် အရှေ့မြောက်ဒေသတွင် သွားလာနေထိုင်ယင်း ကဗျာ ပေါင်း ၂၀ ကျော် ၃၀ ခန့် စပ်ဆိုခဲ့သည်။ ထိုကာလအတွင်း စပ်ခဲ့သော ကဗျာများကြောင့် လီပိုသည် ပိုမိုနာမည်ထွက် ခဲ့သည်။ ‘ခံကာတုပ်တောင်ဖက်မှတိုက်ခိုက်ခြင်း’၊ ‘ခွဲခွာခြင်း’၊ ‘ခရီး သွားခြင်း၏ ခက်ခဲမှုများ’၊ ‘ဆိချွန်လမ်း’ စသော လီပို၏ နာမည်ကျော် ကဗျာကြီးများမှာ ယင်းကာလ အတွင်း စပ်ဆိုသော ကဗျာများ ဖြစ်ကြသည်။

လီပိုသည် ကဗျာများကိုသာ မက ဗုဒ္ဓအယူဝါဒီကျောင်း တော်ကြီးများ၌ ကမ္ပည်းစာတမ်း ရေးထိုးပေးခြင်းကိုလည်း ပြုလုပ်သည်။ သူ၏လက်ရာများမှာ ၈၄၅ ခုနှစ်က အဖျက် ဆီးခံရသော ကျောင်းတော်ကြီးများနှင့် အတူ ပျောက် ပျက်ကုန်ခဲ့သဖြင့် အနည်းငယ်ခန့်သာ တွေ့ရတော့သည်။ ခေါင်းလောင်းတော်လှူ ကဗျာ၊ ပုံလွန်တော် မူသော ဘုန်းတော်ကြီးအတွက် ငိုချင်း၊ အမိတာဘာ ရုပ်ပွားတော် အတွက် ကမ္ပည်းစာတမ်း စသည်ဖြင့် အမျိုးမျိုးဖြစ်သည်။ ၇၃၀ ပြည့်နှစ်က ရေးသားခဲ့သော စာကြောင်း ၁၂ ခုခန့် သာရှိသည့် လက်ထောက် အတွင်းဝန် ရှု-ဝီအီနှင့် တွေ့ပုံ အကြောင်း ခေါင်းစည်းရှည် ကဗျာတွင် ဗုဒ္ဓကျမ်းစာများမှ ဖော်ပြချက်များစွာ ပါရှိသည်ကို ထောက်၍ လီပိုသည် တာအိုအယူကို ယူသူဖြစ်သော်လည်း ငယ်စဉ်က ဗုဒ္ဓ အယူ ဝါဒကို အတော်အတန် လေ့လာခဲ့ဘူးသည်ဟု ယူဆဖွယ် ရှိသည်။

လီပိုသည် ချန်အန်မြို့၌နေစဉ် ၇၄၄ ခုနှစ်ကပင် အင်္ဂရိတ် ပညာကျော် ဆွန်တိုင်ချူနှင့် သိကျွမ်းခဲ့သည်မှ စ၍ အင်္ဂ ရိတ်ပညာ အကြောင်းကို အတန်ပင် နားလည်ခဲ့သည်။ ထိုကြောင့်လည်း လီပိုသည် တရုပ်စာဆိုများအနက် ကဗျာ တွင် အင်္ဂရိတ်စာပေကို ထည့်သွင်းရေးသားသော ပဌမဆုံး စာဆိုအဖြစ် ကျော်ကြားခဲ့သည်။ ၇၅၄ ခုနှစ်မှ ၇၅၆ ခုနှစ် အတွင်း လီပိုသည် ယန်ဆီမြစ်ပေါ်ရှိ ချီချောင်မြို့တွင် အနေများသည်။ ထိုအရပ်တွင် နေစဉ် ရေးသားသော ‘ချီယူပုသီချင်းများ’သည် လီပို၏ ထင်ရှားသော လက်ရာ ဖြစ်သည်။

တရုပ်ပြည်တွင် အန်လူရှန် တော်လှန်ရေး ဖြစ်ပွား၍ ချန်အန်မြို့တော် ကျလုနိုးနီး ၇၅၆ ခုနှစ်တွင် ကေရာဇ် ဘုရင်၏ ၁၆ ယောက်မြောက် သားတော် လင်မင်းသား သည် ခမည်းတော်က ထီးနန်းလွှဲ၍ နန်းတက်ရသော တွတိ ယသားတော် ဆူဆွန်းဘုရင်၏ အမိန့်ကိုမနာခံဘဲ ယန်ဆီ မြစ်ဝ ကျွန်းပေါ်ဒေသ၌ သီးခြား နိုင်ငံ တည်ထောင်ရန် သဘောနှင့် စုန်ဆင်းလေသည်။ ယင်းသို့အဆင်း လီပိုအား သူနှင့်အတူ လိုက်၍ ဘုရင့်စာဆိုတော်အဖြစ် ပျော်တော် ဆက်ရန် သဘောဖြင့် ခေါ်ခဲ့သည်။ လီပိုသည် အာဏာကို ရှုံ၍ လိုက်ခဲ့ရသော်လည်း စိတ်က မပါချေ။ ၇၅၇ ခုနှစ်တွင် လင်မင်းသား အသတ်ခံရသောအခါ လီပိုလည်း သစ္စာ ဖောက်အဖြစ် အဖမ်းခံရသည်။ ထောင်ထဲ၌ လီပိုသည် စာပေကို လေ့လာခွင့် ကဗျာစပ်ဆိုခွင့် ရရှိသည်။ လီပို ထောင်မှ လွတ်မြောက်ရေးအတွက် ဇနီးသည်ကလည်း ကြိုးစား၍ လီပို ကိုယ်တိုင်ကလည်း အမတ်ချုပ်ကြီးထံ စောင်းပါးရိပ်ခြည် ကဗျာများ ရေးသား တင်ဆက်သည်။

ပြစ်မှုများကို လေ့လာ၍ အမိန့်ချမှတ်ရသော ဆွန်ဂျီဆု ဆိုသူ လက်ထောက် ညွှန်ကြားရေးဝန်က လီပို၏ အမှုကို လေ့လာ စစ်ဆေးပြီးနောက် အပြစ်ဒဏ်မှ လွတ်ကာ သူ၏ အကြံပေးအရာရှိ အဖြစ် ခန့်လိုက်သည်။ ထို့နောက် ဆွန် ဂျီဆု ကိုယ်စား ကေရာဇ်ဘုရင်ထံ လျှောက်တင်စာများ ရေးသားပေးခဲ့ရာမှ ကေရာဇ်ဘုရင်သည် လီပို၏ အရည် အချင်းများကို ကြားသိကာ လီပိုအား နန်းတော်သို့ ခေါ်၍ ချီးမြှောက်လေသည်။ သို့ရာတွင် မလိုသူတို့၏ နှောင့် ယှက်မှုကြောင့် နန်းတွင်းမှ ထွက်ခဲ့ရပြန်သည်။ ၇၅၉ ခုနှစ် တွင် လီပိုသည် ကောင်းစွာမမာတော့ဘဲ ၇၆၂ ခုနှစ်တွင် တန်တူမြို့(ယခု တိုင်ပင်မြို့)၌ ကွယ်လွန်သည်။

လီပိုကား တင်မင်းဆက် စာဆိုကျော်များအနက် စာ ပေဆိုင်ရာ စာစစ်ပွဲကို ဝင်ရောက်ဖြေဆိုခြင်း မပြုခဲ့သော တဦးတည်း စာဆိုဖြစ်သည်။ ထို့ပြင် အမြဲတမ်းပင် အမှုထမ်း အဖြစ် ထမ်းဆောင်ခြင်း မပြုသော စာဆိုကျော်လည်း ဖြစ်သည်။

လီပိုသည် အရက်ကို အလွန် အကျူး သောက်စားသည်။ မူးယစ်လာသောအခါ စပ်ဆိုသော ကဗျာများသည်



www.burmeseclassic.com


www.burmeseclassic.com



အလွန် ကောင်းမွန်သောဟူ၏။ တခါက မင်းဝှမ် ဘုရင်သည် သူ၏ အလွန်ချောမောလှပသော မိဖုရားကြီး ကွေးဖီးနှင့် ဂီတအဖွဲ့ကို နှားဆင်နေစဉ် လီပိုအားရွှေတော်သို့ခေါ်လေသည်။ သတိကင်း၍ လဲနေအောင် မူးယစ် နေသော လီပိုအား ရွှေတော်မှောက်၌ပင် သတိရစေရန် ရေအေးဖြင့် ပက်ဖျန်းစေသည်။ လီပိုသတိရလာသောအခါ ဘုရင်မင်းမြတ်သည် အပျိုတော်နှစ်ဦးအား ပိုးစရှည်တခုကို လီပိုရှေ့၌ တန်းစေ၍ မိဖုရားကြီး၏ ချောမောလှပပုံကို ကဗျာစပ်ဆိုစေရာ၊ လီပိုသည် ချက်ခြင်းပင် ကဗျာသုံးပိုဒ်ကို စပ်ဆိုရေးသားလေသည်။ ထိုကဗျာများကို ဘုရင်ကိုယ်တော်တိုင် ကျောက်စိမ်းပြွေဖြင့် နှစ်ခြိုက်ဝမ်းမြောက်စွာ သာယာညှုဖျံညှင်း တီးမှုတ်လေသည်။

**လီဗာပူးမြို့။** ။လီဗာပူး မြို့သည် အင်္ဂလန်ပြည် အနောက် မြောက်ဖက်ရှိ ဆိပ်ကမ်းမြို့ကြီးတမြို့ ဖြစ်၍ လန်ကရှိုင်ယာနယ်တွင် ပါဝင်သည်။ မာဆီမြစ်ဝအရှေ့မြောက်ဖက်ကမ်းပေါ်တွင်တည်ရှိကာ အိုင်ရစ်ပင်လယ်မှ သုံးမိုင်ကွာဝေးသည်။ မန်ချက်စတာ မြို့နှင့် မိုင် ၃၀ ကွာဝေး၍ မီးရထားလမ်းအားဖြင့် လန်ဒန်မြို့၏အနောက်မြောက်ဖက်မိုင် ၂၀၀ ခန့် အကွာတွင် တည်ရှိသည်။ လီဗာပူးမြို့သည် နယူးယော့မြို့၊ လန်ဒန်မြို့တို့၏နောက် ကမ္ဘာတွင် တတိယလိုက်သော ဆိပ်ကမ်းမြို့ကြီးဖြစ်သည်။ ဗြိတိသျှကျွန်းစုတွင် လန်ဒန်မြို့၏နောက် ဒုတိယလိုက်သော ဆိပ်ကမ်း မြို့ကြီးဖြစ်၍ အထူးထင်ရှား အရေးပါပေသည်။ လီဗာပူးဆိပ်ကမ်းသည် သဘာဝအားဖြင့် ကောင်းမွန်သောဆိပ်ကမ်းမဟုတ်သော်လည်း အမြဲမပြတ် ကောင်းမွန်အောင် ပြုပြင်ထားသောကြောင့် လီဗာပူးဆိပ်ကမ်းသို့ ကမ္ဘာအရပ်ရပ်မှ သင်္ဘောများသည် ကုန်ပစ္စည်းအမျိုးမျိုး တင်ဆောင်လာကြပေသည်။ သို့ဖြစ်၍ အလွန်စည်ကားသော ဆိပ်ကမ်းဖြစ်သည်။ လီဗာပူးဆိပ်ကမ်းသည် မျက်နှာစာအားဖြင့် ရှစ်မိုင်ခန့်ရှည်သည်။ သင်္ဘောကျင်းမှာ ဧက ၆၀၀ ခန့် ကျယ်သည်။ မြို့အကျယ် အဝန်းမှာ ၄၃ စတုရန်းမိုင် ရှိ၏။ ၁၉၆၅ ခုနှစ် ခန့်မှန်း သန်ကောင်စာရင်းအရ လူဦးရေ ၇၂၂,၀၁၀ ယောက်ဖြစ်၍ ယူနိုက်တက်ကင်းဒမ်တွင် လူဦးရေအားဖြင့် စတုတ္ထလိုက်သော မြို့ဖြစ်၏။

ဆိုခဲ့သော ကမ္ဘာအရပ်ရပ်မှ သင်္ဘောတို့ တင်ဆောင်လာသော အဓိကပစ္စည်းများမှာ လီဗာပူးတွင် ခြည်ထည်လုပ်ငန်းတွင် အသုံးပြုသော ဝါ ဖြစ်၏။ တနိုင်ငံလုံးတွင် အသုံးပြုသော ဝါများအနက် တဝက်ကို လီဗာပူးဆိပ်ကမ်းမှတင်သွင်းသည်။ ထိုပြင် သိုးမွေး၊ နာနတ်လျှော်၊ သားရေစိမ်း၊ အာဖရိကအနောက်ပိုင်းမှ ဆီထွက်သော အစေ့များ၊ ကောက်နှံများ၊ အစားအသောက်နှင့် အခြား



အင်္ဂလန်ပြည် အနောက်မြောက်ဖက်၌ တည်ရှိ၍ ကမ္ဘာတွင်တတိယလိုက်သော လီဗာပူးဆိပ်ကမ်းမြို့ကြီး၊ ရှုခင်းတရပ်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကိုလည်း တင်သွင်းသည်။ ထုတ်ကုန်များမှာ ခြည်ထည်၊ စက်ကရိယာ၊ သိုးမွေးထည်များနှင့် ဓာတ်ဆေးများဖြစ်၏။ ယခင်အခါများက လီဗာပူးမြို့သည် အတ္တလန္တိတ် သမုဒ္ဒရာကို ကူးဖြတ်သောခရီးသည်များ ဆင်းတက်ရာ ဆိပ်ကမ်းမြို့ဖြစ်သော်လည်း ယခုအခါ ဆောက်သမ္ပတန်မြို့ကို နေရာပေးလိုက်ရပေပြီ။ လီဗာပူးမြို့တွင် ပြုလုပ်သော လုပ်ငန်းတို့မှာ ကုန်ကြမ်းများမှ ကုန်ချောများ ထုတ်လုပ်သော လုပ်ငန်းများဖြစ်၏။ အရေးပါအရာရောက်သော အထည်လုပ်ငန်းတခု လီဗာပူးတွင်ရှိသည်။ လီဗာပူးမြို့သည် ဝါများရောင်းဝယ်ရာ၌ မန်ချက်စတာမြို့ထက်ပင် ပိုမိုတွင်ကျယ်သောကြောင့် ဝါရောင်းဝယ်ရာ အဓိကမြို့ဖြစ်၏။ မာဆီမြစ်ကို ဖြတ်၍ ဖောက်လုပ် ထားသော ဥမင်လမ်းတလျှောက်တွင် မီးရထားနှင့် အခြား ယာဉ်ရထားများ သွားနိုင်သောကြောင့် ယင်းလမ်း အားဖြင့် ဆင်ခြေဖုံးရပ်ကွက်နှင့် ဆက်သွယ်လျက်ရှိသည်။ ဆင်ခြေဖုံးရပ်ကွက်တွင် စက်မှု လက်မှုလုပ်ငန်းများ၊ ကုန်ချောထုတ်လုပ်သောလုပ်ငန်းများ ဖွံ့ဖြိုးသည်။

လီဗာပူးမြို့တွင် ထင်ရှားသော အဆောက်အအုံတခုမှာ ခရစ် ၁၈၅၄ ခုနှစ်က ဖွင့်လှစ်သော စိန်ဂျော့ ခန်းမဆောင်ဖြစ်သည်။ အခြားထင်ရှားသော အဆောက်အအုံများမှာ ရေဖျန်း ဂိုဏ်းဝင်တို့၏ ကသိဒရယ် ဘုရားရှိခိုးကျောင်း၊ မြို့တော်ခန်းမ၊ ငွေလဲလှယ်ရာဌာန အစရှိသည်တို့ဖြစ်၏။ ထို့ပြင် လီဗာပူးမြို့တွင် ၁၈၈၂ ခုနှစ်က ဖွင့်လှစ်သော လီဗာပူးတက္ကသိုလ်၊ ဂျပန်အနုပညာပြတိုက်၊ ဝေါကာအနုပညာပြတိုက် စသည်တို့လည်း ရှိ၏။

လီဗာပူးမြို့ တည်ရန် ချာတာစာချုပ်ကို ခရစ် ၁၂၀၇ ခုနှစ်တွင် ဂျွန်ဘုရင်ထံမှ ရရှိ၍ ၁၂၂၉ ခုနှစ်တွင် မြို့ကို တည်ထောင်ခဲ့သည်။ ၁၆၄၄ ခုနှစ်တွင် လီဗာပူးမြို့ကို ရှူးပတ်မင်းသား သိမ်းပိုက် ထားခဲ့သည်။ သင်္ဘောကျင်းများ ဆောက်လုပ်မပြီးမီက ထူးခြားထင်ရှားသော မြို့ မဟုတ်သော်လည်း သင်္ဘောကျင်းများ ဆောက်လုပ်ပြီးစီးသည့်နောက် ၁၇၁၅ ခုနှစ်မှစ၍ အရေးပါလာသည်။ ဆိပ်ကမ်းကို ပြုပြင်ပြီးစီးသည်ကတကြောင်း၊ ကိုလိုနီနယ်သစ်များ ချဲ့ပြီးချိန်ဖြစ်သည်ကတကြောင်းတို့ကြောင့် အရောင်းအဝယ်ဖွံ့ဖြိုးလာသည်နှင့်အမျှ တမုဟုတ်ချင်း တိုးတက်လာလေသည်။ ထိုအချိန်မှစ၍ မြို့၏အလယ်ပိုင်းကို ပြုပြင် ဆောက်လုပ်၍ အများ ပြည်သူတို့ဆိုင်ရာ အဆောက်အအုံကြီး များကို ဆောက်လုပ်ခဲ့လေသည်။ လီဗာပူးမြို့သည် အင်္ဂလိပ် နန်းရင်းဝန် ဝီလျံအီးဝပ် ဂလက်စတုန်၏ ဇာတိ ချက်ကြွေမွေးရပ်မြေ ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက လီဗာပူးမြို့ရော ဆိပ်ကမ်းပါ ရန်သူနာဇီဂျာမန်တို့၏ ဗုံးဒဏ်ကို မရှုမလှ ခံခဲ့ရလေသည်။

**လီဗီ, တီ၊ အယ် (ဘီစီ ၅၉ – အေဒီ ၁၇)။** ။တိုင်းတပ်လီဗီယပ် လီဗီသည် ရောမဘုရင် အော်ဂပ်စတပ် ဆီဇာလက်ထက်တွင် ထွန်းပေါ်ခဲ့သော သမိုင်းပညာရှင် တဦးဖြစ်သည်။ အော်ဂပ်စတပ်ဆီဇာသည် ကိုယ်တိုင် စာပေကို ဝါသနာပါပြီးလျှင် သူ၏ခေတ်၌ စာပေထွန်းကားသည်ကို မြင်လိုသူဖြစ်သည့်အလျောက် စာဆိုတော်များကို ချီးမြှင့်မြှောက်စား၏။ ကဗျာလင်္ကာဖက်တွင် စာဆိုတော် ဗာဂျီနှင့် ဟောရေ့တို့က စွမ်းဆောင်ပြုစုကြကာ စကားပြေဖက်တွင် လီဗီက စွမ်းဆောင်ပြုစုသည်။

လီဗီသည် ဣတလီနိုင်ငံ မြောက်ပိုင်း ပက်ဒျူးအားမြို့၌ ခရစ်မပေါ်မီ ၅၉ ခုနှစ်၌ မွေးဖွားသည်။ လီဗီ၏ အကြောင်းကို စုံစုံလင်လင် မသိရစေကာမူ ကြေးရည်စေတ်မိဖမျိုးရိုးမှ ဆင်းသက်သည် ဟု ထင်ရ ပေသည်။ သို့အလျောက် လီဗီ၏ဘဝသည် သက်သောင့် သက်သာရှိ၏။ လီဗီသည် ငယ်ရွယ်စဉ်ကတည်းကပင် အချိန်ကိုအလဟဿ ဖြုန်းတီးခြင်းကို မနှစ်သက်ပေ။ သို့ဖြင့် အားလပ်ချိန်ကို အချည်းနှီး မဖြုန်းလိုသော လီဗီသည် ရောမသမိုင်းကိုပြုစုရေးသားရာ ထိုသမိုင်းတွင် ခရစ်မပေါ်မီ အနှစ် ၇၀၀ ကျော် ရောမမြို့ကြီးတည်ထောင်သည့် အချိန်မှစ၍ မိမိ၏ မျက်မှောက်ခေတ်အထိ ဖြစ်ပျက်သမျှ အကြောင်း အရာများ အကျုံးဝင်အောင် ပြုစုထား၏။ စုစုပေါင်း ၁၄၂ တွဲရှိ၏။ သို့ရာတွင် ယခုအခါ၌ ၃၅ တွဲမျှကိုသာ တွေ့နိုင် ပေတော့သည်။ ခေတ်ပျက်ခေတ်ဆိုး အမျိုးမျိုးကြားထဲမှပင် လီဗီ၏လက်ရာဖြစ်သော စာပေ၊ စာတမ်းများ မပျက်မစီးဘဲ ကျန်ရှိသည်မှာ အံ့ဘွယ်တရပ်ပင် ဖြစ်လေသည်။ သူ၏စာများကို နှစ်ပေါင်း အတော်ကြာမှ စာပေ လိုက်စားသူများက တွေ့ရှိလေသည်။

အထက်ပါ သမိုင်းစာစောင်ကြီးကို ရေးသားပြုစု နေချိန်တွင် ရောမတနိုင်ငံလုံး၌ ပြည်တွင်းစစ်မီးကြီးသည် တဟုန်းဟုန်းတောက်လောင်နေ၏။ ယင်းစာစောင်ကို ပြုစုရာတွင် လီဗီတွင် ရည်ရွယ်ချက် နှစ်ခုရှိ၏။ တခုမှာ ပြည်တွင်းရေး ရှုပ်ထွေးနေချိန်တွင် မိမိစိတ်ကို နိုင်ငံရေးပယောဂမှ ကင်းဝေးအောင် ထား၍ အေးအေးဆေးဆေး စာရေးနေလိုခြင်းဖြစ်၏။ ကျန်တခုမှာကား ရှေးရောမလူမျိုးတို့၏ စွန့်စားမှုများကို သူ့ခေတ်ရှိလူများ သိသာအောင်ဖော်ပြခြင်းဖြင့် ရှေးရှေးကလူများ၏ အတုကို ကောင်းသည့်ဖက်၌ ယူ၍ မကောင်းသည့်အချက်များကို ပစ်ပယ်ကြရန် နမူနာပြလိုခြင်း ဖြစ်လေသည်။

လီဗီ၏ သမိုင်းမှာ ပဌမတန်းစား စကားပြေစာစောင် အဖြစ် မှတ်တမ်း မဝင်သော်လည်း ရှေးဟောင်းရှေး၏ အကြောင်းခြင်းရာကလေးများဖြင့် စုံစုံလင်လင် ထိန်းဆာ ဆင်ထားသောကြောင့် ဖတ်ရှုရန် စိတ်ဝင်စား လောက်



www.burmeseclassic.com

www.burmeseclassic.com






သော အရေးအသားဖြစ်၏။ လီဗီ၏ အရေး အသားကို နှောင်းခေတ် ရောမ စာရေးဆရာများက မှီးယူလေးစားကြလေသည်။ သူ၏စာများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသော်လည်း စာပါအကြောင်းမျှ သိနိုင်ရုံသာ ပြန်ဆိုနိုင်၍ စာ၏ အရသာ ပေါ်လွင်အောင် ပြန်ဆိုခြင်းငှာ မစွမ်းပေ။ လီဗီသည် ပက်ဒျူးအားမြို့၌ခရစ်၁၇ခုနှစ်တွင်အနိစ္စရောက်သည်။

**လီမာမျောက်။** ။မျောက်နှင့်တူသော လီမာမျောက်များသည် တိရစ္ဆာန်လောကတွင် အတော်စိတ်ဝင်စားဖွယ်ကောင်းသော အစိတ်အပိုင်းများ ဖြစ်ကြသည်။ လီမာမျောက်တွင် မြေခွေးဦးခေါင်းကဲ့သို့ ချွန်သော ဦးခေါင်းရှိ၍ ပုံသဏ္ဌာန်နှင့် သွားပုံလာပုံ အမူအရာမှာလည်း ခြေလေးချောင်း တိရစ္ဆာန်များအတိုင်းဖြစ်ရာ သာမန် အပေါ်ယံကြည့်ခြင်းအားဖြင့် မျောက်နှင့်တူသောအချက်အလက်များကို ထင်ရှားစွာ မတွေ့နိုင်ပေ။ သို့သော် ကိုယ်အင်္ဂါအနေအထားအရ လီမာမျောက်သည် မျောက်မျိုးတွင် ပါဝင်သည် ဟူသော အကြောင်း ပြချက်မှာ မျောက်ကဲ့သို့ ကိုင်တွယ်နိုင်သော ခြေချောင်း လက်ချောင်းများ ရှိခြင်းကြောင့် ဖြစ်သည်။ မျောက်မျိုးတွင် အသိဉာဏ် အနည်းဆုံး တိရစ္ဆာန်များဖြစ်ကြသည်။

လီမာမျောက်တွင် အရွယ်အစားစား၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ အလေ့အထအဖုံဖုံ ရှိကြရာ တမျိုးနှင့်တမျိုး အလွန်ကွဲပြားကြ၏။ ပုံစံအားဖြင့် အကောင်ကြီး အင်ဒရီလီမာမျောက်သည် နှာခေါင်းမှ အမြီးရင်း အထိ နှစ်ပေ ရှည်၍ ကြွက်လီမာမျောက်မှာ ကြွက်အရွယ်မျှသာရှိသည်။ အချို့လီမာမျောက်များသည် မျောက်ကဲ့သို့ ပေါ့ပါးလျင်မြန်၍ လိုရစ် ခေါ် နှာတံရှည် လီမာမျောက်မျိုးနှင့် နွံနှေး ကျွေးသော လီမာမျောက်မျိုးတို့မှာ အလွန်အေးအေးဆေးဆေး နေထိုင်သွားလာလေ့ ရှိသည်။ အချို့သော လီမာမျောက်များသည် နေ့အချိန်တွင်သာ ထွက်၍ အချို့သည် ညဥ့်တွင်သာ ထွက်လေ့ရှိသည်။ များသောအားဖြင့် ညဥ့်အချိန် ထွက်ကြသည်။ အပင်စား လီမာမျောက်၊ အသားစား လီမာမျောက်၊ ဆူညံကြမ်းတမ်းသော လီမာမျောက်၊ စိတ်ဆိုး၍ထိတ်လန့်သည့်အခါမှအပ မည်သည့်အခါမျှ အသံမပြုတတ်သောလီမာမျောက်၊ သစ်ပင်ပေါ်မှ ဆင်းလေ့ မရှိသော လီမာမျောက်၊ ကျောက်တောင်များ၌ နေလေ့ရှိသော လီမာမျောက်၊ အမွေးဖွား၍ ရှည်သောအမြီးရှိသည့် လီမာမျောက်၊ တိုတုတ်သော အမြီးရှိသည့် လီမာမျောက်၊ အမြီး အရှင်းမရှိသည့် လီမာမျောက် ဟူ၍ အစားစားရှိသည်။ အမြီးရှည်ရှိသော လီမာမျောက်များသည် အချို့သောမျောက်များကဲ့သို့ အမြီးဖြင့် သစ်ကိုင်းတွင် တွဲလဲဆွဲ၍ မနေနိုင်ကြပေ။ လီမာမျောက်များ၏ နောက်ခြေများ



အမြီးရှည်ပြီး အဖြူအမည်း အရစ်များရှိသည့် လီမာမျောက်

သည် လက်များထက် ရှည်သောကြောင့် လေးဖက်ထောက်လျှောက်ရာ၌ ကုန်းကုန်းကွကွ ဖြစ်နေတတ်သည်။

လီမာမျောက်များသည် ညဥ့်အချိန်တွင် ပြူး၍ တောက်ပြောင်သော မျက်လုံးများနှင့် တစ္ဆေ မှင်စာများ ပမာ အသံမပြုဘဲ သွားလာလေ့ ရှိသောကြောင့် အချို့ကြောက်လန့်ကြသည်။ နေ့အချိန်၌ ထွက်လေ့မရှိဘဲ သစ်ပင်ခွကြား၌သော်ငှင်း၊ သစ်ခေါင်းထဲ၌သော်ငှင်း ကွေး၍ အိပ်နေတတ်ကြသည်။ မှောင်စပျိုးသည်နှင့် အိပ်ရာမှထ၍ တပင်ဆင်း တပင်တက် အစာရှာ ထွက်ကြသည်။ ကြက်၊ ငှက်၊ ဖား၊ ပုတ်သင်၊ ပင့်ကူ၊ ငှက်ဥ၊ သစ်သီး စသည်တို့ကို စားသည်။ အရုဏ်ကျင်း၍ လင်းလုနီးတွင် မိမိတို့ခိုအောင်းရာသို့ ပြန်ကြသည်။

လီမာမျောက်မျိုးပေါင်း ကိုးဆယ်ကျော်ခန့်ရှိရာ ငါးဆယ်ကျော်ကျော်လောက်ကို မက်ဒါဂက်စကာ ကျွန်းတွင် တွေ့ရသည်။ အားလုံးသော လီမာမျောက်များသည် အာဖရိကတိုက်၊ အိန္ဒိယနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ ဖိလစ်ပိုင်ကျွန်း စသော ကမ္ဘာ့ပေါင်း တောင်ပိုင်းဒေသများတွင် နေထိုင်ကြသည်။ သို့သော် လီမာမျောက်အစစ်များကိုကား မက်ဒါဂက်စကာနှင့် ကိုမိုရို ကျွန်းများ တွင်သာ တွေ့ရသည်။ အမွေးဖွား၍ ရှည်သောအမြီးတွင် အဖြူတရစ်၊ အမည်းတ



www.burmeseclassic.com


www.burmeseclassic.com



ရစ်ဖြင့် •အရစ်များရှိသည့် လီမာကက်တာ ခေါ် လီမာမျောက်မျိုးသည် လုပ၍ထူးဆန်း၏။ ယင်းသည် ညဥ့်အချိန်မထွက်ဘဲ နေ့အချိန်၌သာ အစာရှာထွက်လေ့ရှိလေသည်။

**လီမာမြို့။** ။လီမာမြို့သည် တောင်အမေရိကတိုက်ရှိ ပီးရူးနိုင်ငံ၏မြို့တော်ဖြစ်သည်။ လီမာမြို့သည် ရီမက်မြစ်ပေါ်တွင် တည်ရှိ၍ ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်သော ကယားအိုမြို့မှ ခုနစ်မိုင်ကွာဝေးပြီးလျှင် ယင်းနှင့် မီးရထားလမ်းဖြင့် ဆက်သွယ်လျက်ရှိသည်။ ရီမက်မြစ်ပေါ်တွင် တည်ရှိသောကြောင့် ရီမက်ဟုခေါ်ရာမှ နောင်ကာလ ရွေ့လျောလာသောအခါ လီမာဟူ၍ ပြောင်းလဲ လာသည်။ လီမာမြို့သည် ပင်လယ်ပြင်အထက် ပေ ၅၀၀ ခန့်အမြင့်၌ ကျယ်ပြန့်သော ချိုင့်ဝှမ်းတွင်တည်ရှိသည်။ မြို့တဝိုက်တွင် တနှစ်ပတ်လုံး မိုးရွာသွန်းခြင်း မရှိသလောက်ပင် ဖြစ်၏။ သို့ရာတွင် ပင်လယ်ဖက်မှ ရေခိုးရေငွေ့များကြောင့်ရင်း၊ နှင်းကြောင့်ရင်း လေသည် စွတ်စိုလျက်ရှိသည်။ ဇွန်လမှ စက်တင်ဘာလထိ ကောင်းကင်ပြင်သည် နှင်းမှောင်ကြီးများဖြင့် လွှမ်းနေတတ်သော်လည်း အခြား အချိန်များတွင် နေပျော်ထိုင်ပျော် ရှိပေသည်။

လီမာမြို့တွင် မကြာခဏ မြေလျှင်လှုပ်တတ်သည်။ သို့ဖြစ်၍ လီမာ မြို့သူမြို့သားတို့သည် လုံခြုံမှုရရှိရန် နေလှန်းအခြောက်ခံထားသော ရွှံ့စေး၊ မြေစေးအုတ်ဖြင့် ဆောက်လုပ်သော နေအိမ်များတွင်နေသည်။ နံရံများမှာ လေးငါးပေမျှထူသည်။ မြေလျှင်မှ စိတ်ချရသော်လည်း လေပြင်းမုန်တိုင်းကျ၍ မိုးလေထန်လျှင် ထိုအိမ်များသည် ရွှံ့ပုံအဖြစ်သို့သက်ရောက်တတ်သည်။ သို့သော် မိုးပါးရှားပေသည်။ နေအိမ်ပုံစံရော မြို့အကွက်ချပုံပါ စပိန်ဗိသုကာ လက်ရာမကင်းပေ။ မြို့ခင်းမှာ စတုဂံ ပုံသဏ္ဌာန်ဖြစ်၍ ပလာဇာခေါ် လေးထောင့်ကွက်လပ် အများအပြားရှိ၏။ အထင်ရှားဆုံးမှာ ပလာဇာဒါအာမတ် (ဝါ) ပလာဇာမေယာဖြစ်၍ ကူးသန်းရောင်းဝယ်ရာ ဗဟိုဌာနဖြစ်သည်။ လီမာမြို့တွင် ကျယ်ပြန့်သော လမ်းများ၊ ရိပ်သာများ ရှိသည်။ ရီနေဆွန်း ခေါ် ဥဘက်သစ်အရေးပုံခေတ်က ပုံစံဖြင့် ဆောက်လုပ်ထားသော ကသီဒရယ် ဘုရားရှိခိုးကျောင်း အပြင်များစွာသော ဘုရားရှိခိုး ကျောင်းများ ရှိသည်။ ခရစ် ၁၅၅၁ ခုနှစ်ကတည်းက တည်ခဲ့၍ အမေရိကတိုက်တွင် ရှေးအကျဆုံးဖြစ်သော ဆန်မာကတ်တက္ကသိုလ်သည် လီမာမြို့၌ တည်ရှိသည်။ နန်းတော်ဟောင်း အပြင် မြို့တော်ခန်းမ၊ ငွေသွန်းရုံ၊ လွှတ်တော်အစရှိသည့် အဆောက်အအုံတို့မှာလည်း ထင်ရှားသော အဆောက် အအုံများ ဖြစ်သည်။ လီမာမြို့တွင် လျှပ်စစ်ဓာတ်မီးများ၊ ထူးခြား ကောင်းမွန်သည့် ရေပေးစံနစ်၊ မိလ္လာစံနစ် စသည်တို့ကြောင့် တဖြည်း



လီမာမြို့တွင် ဥဘက်သစ်အရေးပုံခေတ်က ပုံစံဖြင့် ဆောက်လုပ်ထားသော ကသီဒရယ်ဘုရားရှိခိုးကျောင်း များစွာရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြည်း ခေတ်မှီနေသော မြို့တမြို့ဖြစ်နေပေပြီ။ လီမာမြို့တွင် လူဦးရေ ၁,၈၃၃,၇၀၀ (၁၉၆၆ ခုနှစ်) ယောက်ခန့်ရှိသည်။

လီမာမြို့တွင် အဓိက လုပ်ငန်းများမှာ သိုးမွေးထည်နှင့် ချည်ထည်လုပ်ငန်း၊ သကြား၊ ကိုကိန်း (ကိုကင်း)၊ အိုးခွက်၊ ငွေထည်၊ ဆိုးဆေး၊ အိမ်ထောင်ပရိဘောဂ၊ စက်ကျောက်လုပ်ငန်း စသည်တို့ဖြစ်၏။

လီမာမြို့ကို ခရစ် ၁၅၃၅ ခုနှစ်တွင် ဖရန်စစ္စကို ပီဇာရိုက စည်ထောင်၍ အကွက်ချခဲ့သည်။ ဤသို့ဖြင့် စပိန်ပိုင် ပီးရူးနိုင်ငံ၏ မြို့တော် ဖြစ်လာသည်။ စပိန်တို့ လက်မှ လွတ်မြောက်သောအခါတွင်လည်း ပီးရူးသမတနိုင်ငံ၏ မြို့တော်အဖြစ် ဆက်လက်တည်ရှိသည်။ ၁၇၄၆ ခုနှစ်က ဖြစ်ပွားသော မြေငလျင်ဒဏ်မှ တဖြည်းဖြည်း နာလှန် ထူလာနိုင်ခဲ့ပြီးလျှင် တဖြည်းဖြည်း ခေတ်မှီတိုးတက်လာပေပြီ။


**လီယာ,အက်ဒ့ပ်** (ခရစ် ၁၈၁၂–၁၈၈၈)။ ။အက်ဒ့ပ်လီယာသည် အင်္ဂလိပ်လူမျိုး ပန်းချီဆရာနှင့် ကဗျာဆရာ ဖြစ်သည်။ သူစပ်ဆိုသော ကဗျာများမှာ တောက်တီးတောက်တဲ့ ကဗျာဟုဆိုအပ်သော ကြံကြံ ဖန်ဖန် ရေးစပ်သောကဗျာများဖြစ်၏။ အင်္ဂလိပ်ဘာသာဖြင့် လင်းမရစ်ကဗျာဟုခေါ်သည်။ သူစပ်ဆိုသောကဗျာများအတွက် အရုပ်များကို သရုပ်ပါစွာ သူကိုယ်တိုင်ရေးခြယ်သည်။

လီယာသည် လန်ဒန်မြို့၌ ခရစ် ၁၈၁၂ ခုနှစ် မေလ ၁၂ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်း ၂၁ ယောက်အနက် အထွေးဆုံးဖြစ်သည်။ ပဌမ ဦးဆုံး လီယာ ရေးဆွဲသော ရုပ်ပုံများမှာ ငှက်ပုံများဖြစ်၏။ အသက် ၂၀ အရွယ်တွင် လှပစွာ ဆေးရောင်စုံခြယ်ထားသော ငှက်ပုံအချို့ကို စာအုပ်ထုတ်လေ၏။ ဒါဗီအမတ်ကြီးသည် ထို စာအုပ်၌ပါသောပုံများကို အလွန်သဘောကျနှစ်သက်သဖြင့် လီယာအား နိုးစလေ၌ မွေးမြူထားလော တိရစ္ဆာန်များ ပုံကို ရေးဆွဲခိုင်းလေသည်။

လီယာသည် အမတ်ကြီး၏ အိမ်သားများနှင့် ရင်းနှီးလာသဖြင့် ထိုအမတ်ကြီး၏ ကလေးများအတွက် တောက်တီးတောက်တဲ့ ကဗျာများကို ရေးစပ်ပေးလေသည်။

ငှက်များကို ရေးဆွဲရာမှ တောတောင်တို့၏ ရှုခင်းများ ရေးဆွဲခြင်းကို လေ့လာပြန်သည်။ ၁၈၃၇ ခုနှစ် ခန့်တွင် လီယာသည် ရောမမြို့၌ ပန်းချီခန်းတခုဖွင့်ကာ ဆယ်နှစ်မျှ နေထိုင်ခဲ့လေသည်။ နွေရာသီများတွင် ဣတလီနှင့် စစ္စလီကျွန်းစသော မြေထဲပင်လယ်ဒေသများသို့ အလည်အပတ်သွား၏။ ရံဖန်ရံခါ အင်္ဂလန်နိုင်ငံသို့ ပြန်လာတတ်သည်။

ရောမမြို့၌ ရှိနေစဉ် တောပုံတောင်ပုံ ပန်းချီကားများဖြင့် ဝေဆာနေသော ရုပ်စုံဂျာနယ် တစောင်ကို ထုတ်ဝေသည်။ လီယာရေးခဲ့သော ကလေးများအဖို့ ရယ်ရှင်ဖွယ်



အင်္ဂလိပ်လူမျိုး ပန်းချီနှင့်ဟာသကဗျာဆရာ အက်ဒ့ပ်လီယာ

စာအုပ် နှစ်အုပ်မှာ ကမ္ဘာကျော်ဖြစ်လာ၏။ ထိုစာအုပ်များတွင် သူကိုယ်တိုင် ရုပ်ပြောင်များ ရေးဆွဲ ထားလေသည်။ သူရေးဆွဲသော ရုပ်ပုံများမှာ ကလေးများအဖို့ အလွန်ရယ်စရာကောင်းသော ပုံများဖြစ်သည်။ ပုံစံအားဖြင့် လူအိုကြီးတယောက်၏ ကြီးမားရှည်လျားသော မုတ်ဆိတ်အတွင်း၌ ဇီးကွက်နှစ်ကောင်၊ ကြက်တကောင်၊ နှံပြည်စုတ်တကောင်နှင့် မိုးစွေငှက်လေးကောင်တို့ အသိုက်အအုံ ဖွဲ့နေသည့် ပုံမျိုးဖြစ်သည်။ လီယာသည် ဆီဆေးရေး အတတ်၌ အထူး ကျွမ်းကျင် သော်လည်း တောက် တီးတောက်တဲ့ပုံပြင်များကြောင့် ပို၍ ကျော်စောလေသည်။ ၁၈၈၈ ခုနှစ် ဇန္နဝါရီလ ၃၀ ရက်နေ့တွင် ဆန်ရီမိုမြို့၌ ဟာသပုံပြင်ဆရာ အက်ဒ့ပ်လီယာ ကွယ်လွန်လေသည်။

**လီယိုနာဒို ဒါ ဗင်ချီ** (ခရစ် ၁၄၅၂–၁၅၁၉)။ ။လီယိုနာဒို ဒါဗင်ချီဟူသောအမည်ကို အနုသုခုမပညာရပ်များ၌ လေးစားမှုရှိသူတိုင်း ကြားဖူးကြပေလိမ့်မည်။ လီယိုနာဒိုဒါဗင်ချီသည် အထူးသဖြင့် ပန်းချီဆေးရေးအတတ်၌သာ ကျော်ကြားခဲ့သော်လည်း ကမ္ဘာပေါ်တွင် အတော်ဆုံးဟု အသိအမှတ်ပြုခြင်းခံရသော စွယ်စုံပညာရှင်ကြီးတဦး ဖြစ်သည်။ လီယိုနာဒိုသည် အနုသုခုမပညာရပ်များ ဖြစ်သော

www.burmeseclassic.com


www.burmeseclassic.com



ပန်းချီ၊ * ပန်းပု၊ ဗိသုကာ၊ ဂီတ စသည်တို့တွင်သာမက စက်မှုလက်မှုအတတ်မျိုးစုံကို တဖက်ကမ်းခတ်အောင် တတ်မြောက်ခဲ့သူ ပုဂ္ဂိုလ်ချွန်တဦး ဖြစ်ခဲ့ပေသည်။ ဒဿနိက ဗေဒဆိုင်ရာတွင်လည်း ကဝိတဆူ ဖြစ်ချေသေးသည်။ အဖက်ဖက်မှ ပညာရပ်များကို ထူးချွန်စွာ တတ်မြောက်သူ ဖြစ်လေရာ သူ့အား ကမ္ဘာ့ဉာဏ်ကြီးရှင် ပုဂ္ဂိုလ်ကြီးတဦး ဟု ခေါ်ဆိုရပေမည်။

လီယိုနာဒိုဒါဗင်ချီသည် ဣတာလျံ လူမျိုးဖြစ်၍ ၁၄၅၂ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ဖလော်ရင့်မြို့အနီးရှိ ဗင်ချီအရပ်တွင် ဖွားမြင်လေသည်။ ဒါဗင်ချီ ဟူသော အမည်မှာ ထိုအရပ်ကို အစွဲပြု၍ မှည့်ခေါ်သော ဆွေမျိုးစဉ်အမည်ဖြစ်၏။ လီယိုနာဒို၏ဖခင်သည် ရှေ့နေတဦးမျှသာ ဖြစ်ပေသည်။

လီယိုနာဒိုသည် ငယ်စဉ်မှစ၍ ဂီတ၊ ပုံဆွဲနှင့် ရုပ်လုံးထုခြင်းစသော ပညာရပ်များတွင် ဝါသနာထုံခဲ့၏။ သူ၏ ဖခင်သည် လီယိုနာဒို ရေးဆွဲသော ပုံအချို့ကို မိတ်ဆွေ ပုံဆွဲပညာကျော် အန်ဒရီယား ဒယ် ဗာရော့ချီအား ပြသရာ ဗာရော့ချီကြီးသည် လီယိုနာဒိုကလေး၏ လက်စွမ်း




ပန်းချီ၊ ပန်းပု၊ ဗိသုကာ၊ ဂီတစသည်တို့တွင် သာမက စက်မှုလက်မှု အတတ်မျိုးစုံကို တဖက်ကမ်းခတ်အောင် တတ်မြောက်သူ ဣတာလျံလူမျိုး ပန်းချီကျော် လီယိုနာဒို ဒါဗင်ချီ

လက်စကို များစွာ ချီးမွမ်းအံ့ဩလေသည်။ ထိုနောက် လီယိုနာဒိုသည် ဗာရော့ချီ၏ ပန်းချီခန်း၌ အခြားတပည့်များနှင့်အတူ ပုံဆွဲပညာကို ဆည်းပူးခွင့် ရလေသည်။ အသက် ၁၈ နှစ်အရွယ်တွင် လက်ရာကောင်းများ ရေးဆွဲနိုင်ခဲ့သဖြင့် ကျော်ကြားစပြုလာရာ အသက် ၂၀ အရွယ်တွင် ပုံဆွဲပညာသည်များအသင်းသို့ ဝင်ခွင့်ရလေသည်။

ငယ်စဉ်ကပင် သူ၏လက်ရာများသည် အခြားသော ပညာသည်များ၏ လက်ရာနှင့်မတူ တမူဆန်းပြား၍ခွဲခြားသိနိုင်လောက်အောင် ကောင်းမွန်ခဲ့ပေသည်။ ဆရာကြီးဗာရော့ချီ၏ ပန်းချီခန်းမှ တပည့်တပန်းများနှင့်အတူရေးဆွဲလိုက်သောပန်းချီကားတွင် လီယိုနာဒို လက်ရာအချို့လည်း ပါဝင်ခဲ့၏။ ထိုသို့ တပိုင်းတစပါဝင်သော လက်ရာသည်ပင်လျှင် ဤကား လီယိုနာဒို၏ လက်ရာဖြစ်၏။ ဤကား မဟုတ် ဟူ၍ အခိုင်အမာဆိုနိုင်လောက်အောင် ထူးခြားခဲ့ပေသည်။ လီယိုနာဒိုသည် ဉာဏ်သစ်အရေးပုံတွင် ပေါ်ပေါက်ခဲ့သည့် အခြားအနုပညာသည်များကဲ့သို့ ရှေးခေတ်အနုသုခုမပညာရပ်များကို အတုယူ၍လည်း မရေးဆွဲ၊ မည်သည့် နည်းစနစ်ကိုမျှလည်းမယူဘဲ မိမိကိုယ်တိုင် သဘာဝ၏ သဘောတရားများကို စေ့စပ်သေချာစွာ လေ့လာပြီးမှ ရေးဆွဲလေသည်။ သဘာဝနှင့် သက်ရှိတို့၏ တည်နေမှု ဖွဲ့စည်းပုံနှင့် အလင်းအမှောင်တို့၏ သဘောကို အာရုံဝင်စားကာ လေ့လာ၏။ ပန်းချီကားများကို ရေးခြယ်ရာတွင် ဆေးရေးခြယ်ခြင်းထက် လူနှင့်တိရစ္ဆာန်တို့၏ ကောဋ္ဌာသဗေဒ၊ သစ်ပင်တို့၏ဖြစ်ပျက်ပုံ သဘောတရား၊ ကမ္ဘာမြေနှင့်ရေ၏တည်နေပုံ အင်အားစသော သဘာဝကိုဖန်တီးသည့် အကြောင်းအရာများကို အရေးထား၍စဉ်းစားလေသည်။ ထိုကြောင့်လည်း အတတ်ပညာ အမျိုးမျိုးတွင် ကျွမ်းကျင်ခဲ့ခြင်း ဖြစ်ပေရာ အနုသုခုမပညာသည်တို့ မှတ်သားအတုယူစရာ ဖြစ်လာပေသည်။

လီယိုနာဒို၏ ဗဟုသုတပြည့်ဝမှု၊ စေ့စပ် သေချာစွာ လေ့လာပြီးမှ ရေးဆွဲမှုစသည်တို့ကြောင့် သူ၏ လက်ရာများသည် အကြမ်းရေးခြစ်သော အတိုအစများပါမကျန် ကျော်ကြားလာလေသည်။

လူအမျိုးမျိုးတွင် ဝါသနာအလျောက် တတ်အပ်သော ပညာရပ်ဟူသည် ရှိစမြဲပင် ဖြစ်၏။ လူတယောက်လျှင် တခုသောပညာရပ်တွင် ထူးချွန်တတ်၏။ လီယိုနာဒိုအဖို့မူကား လူတို့ တတ်အပ်သော ပညာရပ်တိုင်းကို တတ်မြောက်ထူးချွန်ခဲ့သူ ဖြစ်လေရာ သူကဲ့သို့ ပါရမီခံ ရင့်သန်သူ ကမ္ဘာပေါ်တွင် နှစ်ဦးပေါ်ပေါက်ရန် ခဲယဉ်းလှပေ၏။ သိပ္ပံပညာရပ်များတွင်လည်း ယခုခေတ်ပေါ် သိပ္ပံပညာရပ်များ အရိပ်အရောင်မျှ မသန်းမီကာလကပင်လျှင် ကြိုတင်မှန်းဆနိုင်ခဲ့သော အစွမ်းရှိလေသည်။

www.burmeseclassic.com





သူ ရေးဆွဲခဲ့သော ပန်းချီလက်ရာများမှာ အားလုံးပင် ကျော်ကြားခဲ့သော်လည်း နှစ်ခုမှာ ကမ္ဘာကျော်ဖြစ်သည်။ တခုမှာ မီလန်မြို့ ဆန်တာမရိယာကန်ဗင့် ဘုရားရှိခိုးကျောင်းတွင် ရေးဆွဲထားသော "ခရစ်တော်၏နောက်ဆုံး ညစာစားပွဲ" ဖြစ်၏။ ကျန်တခုမှာ အမျိုးသမီးတဦး၏ ပုံတူဖြစ်၍ မိုနာလီဆာဟု ခေါ်သည်။ ယခုတိုင် ပါရစ်မြို့ရှိ လူးဗရုပြတိုက်တွင် ရှိသည်။

လီယိုနာဒိုသည် အနုပညာရပ်များ၌ကျော်ကြားသော မြို့ကြီးများဖြစ်သော ဖလောရင့်၊ မီလန်၊ ဗင်းနစ်၊ ရောမမြို့များသို့ လှည့်လည်ခဲ့လေသည်။ ထိုနောက် ပြင်သစ်နိုင်ငံ အမ်ဗွိအရပ်၌ ၁၅၁၉ ခုနှစ်တွင် ကွယ်လွန်လေသည်။ အသက်အရွယ် များစွာမကြီးရင့်မီပင် ကွယ်လွန်သော်လည်း အသက်တမ်းနှင့်မမျှအောင် များပြားသော သူ၏လက်ရာများသည် နောင်လာနောက်သားများအဖို့ မှတ်သားဖွယ် အနုပညာသမိုင်းတွင် ထင်ထင်ရှားရှား ကျန်ရစ်ခဲ့ပေသည်။

**လီယိုပိုဘုရင်များ။** ။လီယိုပိုဟူသောအမည်ကိုခံယူကာ ဗဲလဂျီယမ်နိုင်ငံကို ဘုရင်သုံးပါး အုပ်စိုးသွားလေသည်။

ပဌမ လီယိုပိုဘုရင် (ခရစ် ၁၇၉၀–၁၈၆၅) သည် ခရစ် ၁၇၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဂျာမနီပြည် ကိုးဗတ်မြို့၌ဖွားမြင်သည်။ ဂျာမန်နယ်တခုဖြစ်သော ဆက်ဆီ ကိုးဗတ် ဂိုတာနယ်စား မင်းသားကြီး ဖရန်းစစ် ဖရက်ဒရစ်၏ သားတော် အငယ်ဖြစ်သည်။ လီယိုပိုသည် ငယ်စဉ်က ရုရှစစ်တပ်တွင်စစ်မှုထမ်းရွက်ပြီးလျှင် ၁၈၁၄ ခုနှစ်၌ နပိုလီယန်နှင့်တိုက်သော စစ်ပွဲများတွင် ပါဝင်ခဲ့သည်။ ဤစစ်ပွဲများမှပြန်လာပြီးသည့်နောက် ခရစ် ၁၈၁၆ ခုနှစ်တွင် အင်္ဂလန်ပြည့်ရှင် စတုတ္ထဂျော့ဘုရင်၏ တဦးတည်းသော သမီးတော်ဖြစ်၍ ထီးမွေနန်းလျာဆက်ခံရမည့် ရှားလော့ မင်းသမီးနှင့် စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်သည်။ သို့သော် နောက်တနှစ်တွင် မင်းသမီးရောသားတော်ကလေးပါ ကွယ်လွန်သွားလေသည်။ ကြင်ယာတော် ကွယ်လွန်ပြီးသည့်နောက် ၁၈၃၀ ပြည့်နှစ်တိုင်အောင် အင်္ဂလန်ပြည်တွင် ပင်နေထိုင်သည်။ စတုတ္ထဂျော့ဘုရင်၏ ညီတော်တပါးဖြစ်၍ ရှားလော့မင်းသမီး၏ ဦးလေးတော်ဖြစ်သူ အက်ဒွပ်မင်းသားနှင့် လီယိုပို၏အစ်မတော်တို့ ထိမ်းမြားလက်ထပ်ရာတွင် ဖွားမြင်လာသူမှာ နောင်သော် အင်္ဂလန်ပြည့်ရှင် ဘုရင်မဖြစ်လာမည့် ဝိတိုရိယမင်းသမီးပင်ဖြစ်၏။ သို့ဖြစ်၍ လီယိုပိုမင်းသားသည် ဝိတိုရိယဘုရင်မ၏ ဦးလေးတော်ဖြစ်၏။ ဝိတိုရိယမင်းသမီး၏ ခမည်းတော် နတ်ရွာစံပြီးသည့်နောက်ပိုင်းတွင် လီယိုပိုသည် တူမတော်အား နည်းပေးလမ်းညွှန်ပြုကာ စောင့်ရှောက်သည်။ ဝိတိုရိယမင်းသမီး ဘုရင်မ ဖြစ်လာပြီးသည့် နောက်ပိုင်းတွင်လည်း ဆက်လက်၍ နည်းပေးလမ်းညွှန် ပြုခဲ့လေသည်။ ထို့ကြောင့်လည်း ငယ်ရွယ် နုပျိုသော ဝိတိုရိယဘုရင်မ၏ ယုံကြည်အားထားခြင်းကို ခံရ၍ တသက်ပတ်လုံး ဘုရင်မ၏ အကြံပေး ပုဂ္ဂိုလ် ဖြစ်ခဲ့ပေသည်။ သူ၏ အကြံပေး ဆောင်ရွက်မှုကြောင့်ပင် တူမတော် ဘုရင်မနှင့် တူတော် အဲလဗတ်မင်းသားတို့ စုလျားရစ်ပတ် လက်ထပ် ခဲ့ကြပေသည်။ ဤသို့အားဖြင့်လည်း ဝိတိုရိယ ဘုရင်မ၏ နှစ်ထပ်ကွမ်း ဦးလေးတော် ဖြစ်လာခဲ့လေသည်။

လီယိုပိုသည် ၁၈၃၀ ပြည့်နှစ်တွင် ဂရိနိုင်ငံ၏ ဘုရင်အဖြစ် တင်မြှောက်ခြင်း ခံရသော်လည်း ထီးနန်းကို လက်မခံပေ။ ၁၈၃၁ ခုနှစ်တွင် ဗဲလဂျီယမ်လူမျိုးတို့က လွတ်လပ်ခါစ ဗဲလဂျီယမ်နိုင်ငံ၏ ပဌမဆုံး ဘုရင်အဖြစ် တင်မြှောက်သည်။ လီယိုပိုဘုရင်သည် ၁၈၃၂ ခုနှစ်တွင် ပြင်သစ်ဘုရင် လူဝီဖိလစ်၏ သမီးတော် လူဝီစီမင်းသမီးနှင့် လက်ထပ်ခဲ့ရာ



ဗဲလဂျီယမ်နိုင်ငံ၏ ပဌမဆုံးဘုရင် လီယိုပို

သားတော် နှစ်ပါး ဖွားမြင်သည်။ (ဗဲလဂျီယမ်နိုင်ငံ — လည်း ရှု။) လီယိုပိုသည် ခက်ခဲသော အချိန်ကာလ၊ မငြိမ်မသက်ရှိသော အခြေအနေကြားမှပင် အမြော်အမြင်ကျယ်ကျယ်နှင့် အောင်မြင်စွာ စိုးမိုး အုပ်ချုပ်သွားလေသည်။ သူ၏ လက်ထက်တွင် ဗဲလဂျီယမ်နိုင်ငံသည် အလွန်ကြီးပွား ထွန်းကားခဲ့၏။ လီယိုပိုဘုရင်သည် နိုင်ငံခြားရေးရာ၌ ကျွမ်းကျင်သူတဦးဖြစ်၍ ဥရောပတိုက်ရှိ အခြား

www.burmeseclassic.com



ပြည့်ရှင်ဘုရင်များ၊ အထူးသဖြင့် ဝိတိုရိယဘုရင်မတို့၏ အကြံပေးပုဂ္ဂိုလ်တဦးအဖြစ် ထင်ရှားပေသည်။

ပဌမ လီယိုပိုဘုရင်သည် ခရစ် ၁၈၆၅ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကွယ်လွန်သည်။

ဒုတိယ လီယိုပိုဘုရင် (ခရစ် ၁၈၃၅–၁၉၀၉) သည်ကား ပဌမလီယိုပိုဘုရင်၏ သားတော်ဖြစ်၍ ၁၈၃၅ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ဗရပ်ဆဲမြို့၌ ဖွားမြင်သည်။ ၁၈၆၅ ခုနှစ်၌ ဖခင်၏ ရိုက်ရာကို ဆက်ခံသည်။ သူသည် ဘဏ္ဍာရေးရာ၌ ၎င်း၊ နိုင်ငံရေးရာ၌၎င်း ပါးနပ်လိမ်မာသူ တဦးဖြစ်၍ ဆောင်ရွက်တိုင်းလည်း အောင်မြင်သည်ကများ၏။ သို့ဖြင့် သူ၏ လက်ထက်တွင် ဗဲလဂျီယမ်နိုင်ငံသည် အလွန် ဝပြော စည်ပင်ခဲ့လေသည်။

ဒုတိယ လီယိုပိုဘုရင်လက်ထက်တွင် ဗဲလဂျီယန် ကွန်ဂို နယ်ကို ထူထောင်ကာ ကိုလိုနီ ချဲ့ထွင်ခဲ့လေသည်။ အာဖရိကတိုက်၌ ကွန်ဂိုမြစ်ဝှမ်းကို ဦးစွာ စူးစမ်းရှာဖွေ တွေ့ရှိခဲ့သည့် ဟင်နရီ မော်တန် စတန်လေအား ဒုတိယ လီယိုပိုဘုရင်သည် ကြေးငွေအထောက်အပံ့ပေးကာ သူ၏သီးသန့်ဘဏ္ဍာငွေဖြင့် ထိုလွတ်လပ်သော ကွန်ဂိုနယ်ကြီးကို ထူထောင်စေခဲ့လေသည်။ (ကွန်ဂိုပြည်နယ်များ—လည်းရှု။) ထိုနယ်ကြီးကို သူ၏ ကိုယ်ပိုင်နယ်မြေအဖြစ် ထား၍ အုပ်ချုပ်ခဲ့ရာ အကျိုးအမြတ် များစွာခံစားရသည်။ သို့ရာတွင် ကွန်ဂိုတိုင်းရင်းသားများအား မတရား ညှဉ်းပန်းနှိပ်စက်သည် ဟူသော စွပ်စွဲချက်ကြောင့် ၁၉၀၄ ခုနှစ်၌ ကမ္ဘာပေါ်ရှိ နိုင်ငံကြီးများ ပါဝင်ဆောင်ရွက်သော စုံစမ်းရေးအဖွဲ့တခုက သွားရောက်စုံစမ်းခဲ့သည်။ ဗဲလဂျီယန် ကွန်ဂိုနယ်ကြီးသည် ၁၉၀၈ ခုနှစ်တွင် ဒုတိယ လီယိုပိုဘုရင် တဦးတည်းပိုင် နယ်မြေအဖြစ်မှ ဗဲလဂျီယန် အစိုးရပိုင် အဖြစ်သို့ ရောက်ရှိ လက်ပြောင်းသွားလေသည်။

ဒုတိယ လီယိုပိုဘုရင်သည် ၁၉၀၉ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကွယ်လွန်သည်။ သူ၏ တဦးတည်းသော သားတော်သည် ၁၈၆၉ ခုနှစ်တွင် ကွယ်လွန်သဖြင့်တူတော်ဖြစ်သူ အဲလဗတ် မင်းသားက ထီးနန်းကို ဆက်ခံသည်။

တတိယ လီယိုပိုဘုရင်သည် အဲလဗတ်ဘုရင် (၁၈၇၅–၁၉၃၄)၏ သားတော် ဖြစ်၍ ၁၉၀၁ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ဖွားမြင်သည်။ ခမည်းတော်၏ ရိုက်ရာကို ၁၉၃၄ ခုနှစ်တွင် ဆက်ခံရသည်။ တတိယ လီယိုပိုဘုရင်သည် ဆွီဒင်နိုင်ငံမှ အာစထရစ် မင်းသမီးနှင့် ထိမ်းမြားသည်။ ထိုမင်းသမီးသည် ၁၉၃၅ ခုနှစ်၌ ဆွစ်ဇာလန်နိုင်ငံတွင် မော်တော်ကားမှောက်၍ ကွယ်လွန်သွားသည်။

တတိယ လီယိုပိုဘုရင်သည် ဦးစွာ၌ တိုင်းသူပြည်သားတို့၏ ချစ်ခင်မှုကို ခံယူရရှိသော်လည်း ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည်တွင် တိုင်းသူပြည်သားတို့က အယုံအကြည် ကင်းလာလေသည်။ ၁၉၃၉ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် ဂျာမနီနိုင်ငံနှင့် တဖက်မှ ပြင်သစ်၊ ဂရိတ်ဗြိတိန်နိုင်ငံတို့ စစ်ဖြစ်တော့မည်ကဲ့သို့ ရှိချိန်တွင် တတိယ လီယိုပိုဘုရင်သည် နယ်သာလန်နိုင်ငံမှ ဝီလယ်မင်းနား ဘုရင်မနှင့်အတူ ကြားဝင်ဖြန်ဖြေမည်ဟု ပြောဆိုခဲ့သည်။ သို့သော် ဂျာမန်ခေါင်းဆောင် အဲဒေါ့ဖ်ဟစ်တလာက လက်မခံပေ။ ဗဲလဂျီယမ်နိုင်ငံကို ဂျာမန်တို့ ချင်းနင်းဝင်ရောက်ပြီး နောက်တနေ့ဖြစ်သော ၁၉၄၀ ပြည့်နှစ် မေလ ၁၁ ရက်နေ့တွင် လီယိုပိုဘုရင်သည် ဗဲလဂျီယန်တပ်များကို ဦးစီးခေါင်းဆောင်ပြုသည်။ သူ၏ တပ်များသည် ရန်သူနှင့် အင်အားချင်း မမျှရကား မေလ ၂၈ ရက်နေ့တွင် လက်နက်ချ အညံ့ခံလိုက်ရသည်။ လီယိုပိုဘုရင်သည် မိမိ၏ အစိုးရနှင့်အတူ တိမ်းရှောင်ထွက်ပြေးခြင်းမပြုပေ။ ဂျာမန်တို့က မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကြိုးစားသော်လည်း တတိယ လီယိုပိုသည် မည်သည့်ကိစ္စတွင်မျှ ပါဝင်လုပ်ကိုင်ခြင်း မပြုဘဲ ဗရပ်ဆဲမြို့အနီးရှိ လေကင်မြို့တွင် အကျဉ်းသားသဖွယ် နေထိုင်ခဲ့ရသည်။ ၁၉၄၁ ခုနှစ်တွင် ဗဲလဂျီယန်အမျိုးသမီး အရပ်သူတဦးနှင့် ထိမ်းမြားလက်ထပ်သည်။ ၁၉၄၄ ခုနှစ်၌ နော်မန်ဒီတွင် မဟာမိတ်တို့ တက်ရောက် လာသောအခါ ဂျာမန်တို့က လီယိုပိုအား ဂျာမနီသို့ ပို့လိုက်သည်။ ၁၉၄၅ ခုနှစ် မေလ ၈ ရက်နေ့တွင် အမေရိကန် စစ်တပ်များကြောင့် လီယိုပိုဘုရင် လွတ်မြောက်လာသည်။ ထိုအတောအတွင်း ၁၉၄၄ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဗဲလဂျီယန် တိုင်းသူပြည်သားတို့က လီယိုပို၏ ညီတော် ချားမင်းသားအား ရင်ခွင်ပိုက် အဖြစ် တင်မြှောက်ထားလေသည်။

တတိယ လီယိုပိုဘုရင် ဗဲလဂျီယမ်နိုင်ငံသို့ ပြန်လာမည့်အရေးကို ဗဲလဂျီယန် အစိုးရက လီယိုပိုသည် ဟစ်တလာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟု အကြောင်းပြလျက် ကန့်ကွက်ခဲ့လေသည်။ ထိုကြောင့် လီယိုပို၏ စစ်အတွင်း ပြုမူဆောင်ရွက်ချက်များကို ကော်မရှင် တခု ဖွဲ့စည်း စစ်ဆေးစေခဲ့ရာတွင် ထိုအဖွဲ့က လီယိုပို၏ ပြုမူဆောင်ရွက်ချက်များသည် မှန်ကန်ကြောင်း အစီရင်ခံစာ တင်သည်။ လီယိုပိုကလည်း မိမိ၏ ဂုဏ်သိက္ခာ အစွန်းအထင်း မရှိကြောင်း တိုင်းသိပြည်သိ ကျေညာပြီးမှသာလျှင် မိမိ၏ တာဝန်ဝတ်တရားများကို ပြန်လည် ထမ်းဆောင်မည် ဖြစ်ကြောင်း ကျေညာခဲ့လေသည်။ လီယိုပိုဘုရင်သည် ၁၉၅၀ ပြည့်နှစ်တွင် ဗဲလဂျီယမ်နိုင်ငံသို့ ပြန်လည် နန်းစံသည်။ သို့သော် လူထုက အကြည်ညို ကင်းလာ၍ လီယိုပိုအား နန်းစွန့်ရန် တောင်းဆိုသည်။ ထိုကြောင့် တတိယ လီယိုပိုဘုရင်သည် ၁၉၅၁ ခုနှစ် ဩဂုတ်လတွင် ထီးနန်းကို စွန့်လွှတ်၍ သားတော်ဗက်ဒွင်အား အရိုက်အရာကိုဆက်ခံစေသည်။

www.burmeseclassic.com





ရှုန်းမြစ်နှင့် ဆုန်းမြစ်တို့ ပေါင်းဆုံသောနေရာတွင်တည်ရှိသည့် ပြင်သစ်နိုင်ငံ၏ တတိယမြို့ကြီးဖြစ်သော လီယွန်မြို့

**လီယွန်မြို့။** ။လီယွန်မြို့သည် ပြင်သစ်နိုင်ငံ၏ တတိယမြို့ကြီးဖြစ်သည်။ ပါရစ်မြို့၏ တောင်ဖက် မိုင် ၂၅၀ ခန့်အကွာ ရှုန်းမြစ်နှင့် ဆုန်းမြစ်တို့ ပေါင်းဆုံသော နေရာတွင် တည်ရှိလေသည်။ အခိုင်အခံ့ ခံတပ်လုပ်ထားသော ခံတပ်မြို့လည်းဖြစ်၏။ လှပသော ရှေးဟောင်း ဘုရားရှိခိုးကျောင်းနှင့် တက္ကသိုလ်ကျောင်းကြီးများလည်း ရှိသည်။

ဤမြို့ကို ခရစ်မပေါ်မီက ရောမလူမျိုးတို့က တည်ဆောက်ခဲ့ရာ ငါးရာစုနှစ်အတွင်းကမှ အတော်စည်ကားသော မြို့ဖြစ်လာ၍ ၁၃၁၂ ခုနှစ်တွင် ပြင်သစ်ပိုင်မြို့တမြို့ ဖြစ်လာသည်။ ဥရောပအလယ်ခေတ်က အယူဝါဒဆိုင်ရာ ဆူပူမှုများဖြစ်ပွားခဲ့ဘူးရာ လီယွန်မြို့မှာ အတော်ပျက်စီးသွားသော်လည်း နပိုလီယန်ဘုရင်က ပြင်ဆင်ဆောက်လုပ်ခဲ့သဖြင့် ပြင်သစ်နိုင်ငံတွင် ကြီးကျယ်စည်ကားသော မြို့တမြို့ ဖြစ်လာပြန်သည်။

လီယွန်မြို့ကို ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၀ ပြည့်နှစ် ဇွန်လ ၂၀ ရက်နေ့တွင် ဂျာမန်စစ်တပ်များက သိမ်းပိုက်ခဲ့ကြသည်။ သို့သော် ၁၉၄၄ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် အမေရိကန်တပ်များက ပြန်လည်၍ လွတ်လပ်စေခဲ့လေသည်။

လီယွန်မြို့၏ လူဦးရေမှာ ၅၂၈,၅၃၅ (၁၉၆၂ ခုနှစ်) ယောက်ရှိ၍ အင်ဂျင်နီယာ လုပ်ငန်း၊ စာပုံနှိပ်လုပ်ငန်း၊ ဆေးဆိုးခြင်းလုပ်ငန်း၊ ဓာတ်ဆေးအမျိုးမျိုး ချက်လုပ်သည့် လုပ်ငန်းများကို လုပ်ကိုင်ကြ၏။ ပိုးထည်များယက်လုပ်ခြင်း၌ လီယွန်သည် ပြင်သစ်နိုင်ငံတွင် ထင်ရှားသော မြို့တမြို့ ဖြစ်လေသည်။

**လီရှောလူမျိုး။** ။လီဆူလူမျိုး — ရှု။

**လီလီပန်း။** ။လီလီ ပန်းပင်မျိုးသည် အပင်မျိုးရင်းအကြီးဆုံးတွင် တခု အပါအဝင် ဖြစ်သည့်ပြင် ခြံဥယျာဉ်များတွင် အလှစိုက်ပျိုးရာ၌ လူကြိုက်များသော အပင်မျိုးတခု ဖြစ်သည်။ လီလီပန်းများသည် မကြီးလွန်း၊ မငယ်လွန်း အနေတော် အရွယ်ရှိ၍ အလွန်လှပသည့်ပြင် အနံ့လည်း မွှေးကြိုင်သောကြောင့် အလွန် တန်ဖိုးထားကြသည်။ လီလီပန်းပင်မျိုး၏ မူလပေါက်ရာ ဒေသမှာ မြောက်သမပိုင်း ဒေသများ ဖြစ်သည်။ လီလီပန်းပင်သည် လီလီအေစီအီး မျိုးရင်းတွင် လီလီယမ် မျိုးစု၌ ပါဝင်၍ ယင်း၏ ရုက္ခဗေဒအမည်မှာ ပန်းမျိုးစုကို လိုက်၍ အမျိုးမျိုး ခေါ်ကြသည်။ လီလီပန်း မျိုးရင်းတွင် မျိုးစုပေါင်း ၂၀၀ ကျော်မျှရှိပြီးလျှင် မျိုးစိတ်ပေါင်း ၂,၀၀၀ ခန့်ရှိလေသည်။ တရုပ်နိုင်ငံတွင် မူလဖြစ်ထွန်းသော ကျားလီလီပန်း၏ ရုက္ခဗေဒ အမည်မှာ လီလီယမ် တိုက်ဂရီနမ် ဖြစ်၍ ဥရောပတိုက် တောင်ပိုင်းနှင့် ဗြိတိသျှကျွန်းတွင် အလေ့ကျပေါက်သော မဒေါနား လီလီပန်း၏ ရုက္ခဗေဒအမည်မှာ လီလီယမ် ကန်ဒီဒမ် စသည် ဖြစ်သည်။ ထို့ပြင် တရုပ်လီလီပန်း၊ ဂျပန်လီလီပန်းများလည်း ရှိကြသည်။ လီလီပန်းပင်မျိုးတွင် ကညွတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ထန်းကြက်သွန်ပင်မျိုးများ ပါဝင်ကြသည်။

လီလီပန်းပင်များသည် အမြင့် နှစ်ပေမှ ငါးပေအထိရှိကြသည်။ လီလီယမ် မျိုးစုတွင် ပါဝင်သော လီလီပန်းပင်အစစ်များသည် ပင်စည်မတ်၍ အရွက်များမှာ သေးသွယ်


www.burmeseclassic.com





ရှည်လျားပြီးလျှင် အညှာမရှိဘဲ ပင်စည်တွင်ကပ်၍ ရွက်ရွဲ့ဖြစ်စေ၊ ပင်စည်တဝိုက်ပတ်၍ဖြစ်စေ ထွက်ကြသည်။ ပင်စည်၏ထိပ်တွင်မှ ထင်ရှားပေါ်လွင်သော ခေါင်းလောင်းပုံ သဏ္ဌာန် အပွင့်များ ပွင့်ကြသည်။ အပွင့်တပွင့်တွင် ပွင့်ဖတ်ခြောက်ခု ကွဲ၍နေသည့်ပြင် ထိုပွင့်ဖတ်များသည် ဝတ်ဆံဖိုခြောက်ခုနှင့် အသီးခုံတခုကို ဝိုင်းလျက် ရှိနေလေသည်။ ပန်းပွင့်တပွင့်တွင် ပွင့်ချပ်နှစ်ခုသာ ရှိသော်လည်း ပွင့်ချပ်တခုလျှင် ပွင့်ဖတ်သုံးခု တွဲ၍ နေသဖြင့် ရုတ်တရက်ကြည့်လျှင် ပွင့်ချပ် ခြောက်ခု ရှိသကဲ့သို့ ထင်ရသည်။

လူသိများ၍ထင်ရှားသော လီလီပန်းမျိုးထဲတွင် ဂျပန်လီလီပန်းမျိုးလည်း တခု အပါအဝင် ဖြစ်သည်။ ယင်းပန်း၏ အရောင်မှာ အနီရင့် အောက်ခံတွင် မရမ်းရောင်အစက်ကလေးများ ရှိသဖြင့် အလွန်လှပသည်။ တခုသော လီလီပန်းမျိုးတွင် ပွင့်ဖတ် လိမ်မော်ရောင် အောက်ခံ၌ အနီစက်များ ရှိသည်။ အရောင်အသွေးမှာ အလွန်တောက်ပသဖြင့် ရှုမငြီးနိုင်ပေ။ အလှဆုံးကား အီစတာလီလီခေါ် အဖြူဆွတ်ဆွတ် လီလီပန်း ဖြစ်သည်။ အပွင့် တပွင့်လုံးမှာ အစက်အပြောက် မရှိဘဲ ဆွတ်ဆွတ်ဖြူနေသဖြင့် ကျက်သရေရှိလှပေသည်။ ပင်စည် အမြင့် ၁၀ ပေမှ ၁၄ ပေထိ ရှိသော အိန္ဒိယ လီလီပန်းပင်ကြီးများတွင် ကတော့ပုံအပွင့်ကြီးများ ရှိ၍ အရောင်မှာ မရမ်းရောင်ဖြစ်သည်။ လီလီပန်းပင်အမျိုးပေါင်း မြောက်မြားစွာရှိသည့်အလျောက် အပွင့်များ၏အရောင်မှာလည်း အမျိုးမျိုး ကွဲပြားလျက် ရှိရာ အမျိုးတိုင်းပင် တမျိုးစီ လှပ၍ ကျက်သရေရှိလှပေသည်။



ဗင်စည်မတ်၍ ခေါင်းလောင်းပုံသဏ္ဌာန်ပွင့်သည့် လီလီပန်း

**လီး၊ ထရစ်ဂဗီ ဟာလဒန် (ခရစ် ၁၈၉၆–၁၉၆၈)။** ။ ထရစ်ဂဗီ ဟာလဒန် လီးသည် နော်ဝီဂျီယန်လူမျိုး နိုင်ငံပြုသုခမိန်တဦးဖြစ်၍ ကုလသမဂ္ဂတွင် အတွင်းရေးမှူးချုပ်အဖြစ် ပဌမဆုံး ရွေးချယ်တင်မြှောက်ခြင်းခံရသူ ဖြစ်သည်။


ထရစ်ဂဗီလီးသည် နော်ဝေးနိုင်ငံ အော့စလိုမြို့၌ ၁၈၉၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ဖွားမြင်သည်။ သူ၏ဖခင်မှာ လက်သမားဆရာ တဦး ဖြစ်၏။ ထရစ်ဂဗီလီးသည် နော်ဝေ အလုပ်သမားပါတီ ဌာနချုပ်တွင် ရုံးစေတဦးအဖြစ် လုပ်ကိုင်ယင်း ကျောင်းနေခဲ့ရသည် ဟုဆိုလေသည်။ သို့သော် သူသည် ကျောင်းတွင် လူချွန်လူမွန်တယောက်ဖြစ်ရုံမက ဘောလုံးသမားကောင်း တယောက်လည်း ဖြစ်ခဲ့၏။ ငယ်စဉ်ကပင် နိုင်ငံရေး၌ စိတ်ဝင်စားခဲ့၍ ၁၆ နှစ်သား အရွယ်မှ စ၍ အလုပ်သမားအရေးများတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ သူ့အား ခင်မင်သော ဆရာတယောက်က အားပေး ကူညီထောက်ပံ့သဖြင့် အော့စလိုတက္ကသိုလ်သို့ ဝင်ရောက်ကာ ဥပဒေပညာ သင်ကြားခဲ့ရလေရာ၊ ၁၉၁၉ ခုနှစ်တွင် ဥပဒေဝိဇ္ဇာဘွဲ့ ရရှိခဲ့လေသည်။ တက္ကသိုလ်မှ ထွက်လျှင် နော်ဝေအလုပ်သမားအဖွဲ့တွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၂၂ ခုနှစ်တွင် နော်ဝေနိုင်ငံ စီးပွားကုန်သွယ်ရေး သမဂ္ဂတွင် ဥပဒေအကြံပေးဖြစ်လာသည်။ ၁၉၃၅ ခုနှစ်တွင် နော်ဝေ အလုပ်သမားအဖွဲ့ အမျိုးသားကောင်စီ၏ အရေးပါသော ခေါင်းဆောင် တယောက်ဖြစ်လာလေသည်။ ၁၉၃၉ ခုနှစ်တွင် ကူးသန်းရောင်းဝယ်ရေး ဌာန ဝန်ကြီး အဖြစ် ခေတ္တ ဆောင်ရွက်ခဲ့ရသည်။ ထိုစဉ်က ရိက္ခာနှင့် အခြားလိုအပ်သော ပစ္စည်းများကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း နော်ဝေနိုင်ငံသည် ဖူလုံစွာ ရရှိနိုင်ရန်အတွက် သိုမှီးစုဆောင်းရန် ကြိုးပမ်းခဲ့ပေသည်။ ၁၉၄၀ ပြည့်နှစ်တွင် ဂျာမန်စစ်တပ်များ နော်ဝေနိုင်ငံကို တိုက်ခိုက်သောအခါ ရိက္ခာ အလုံအလောက် ရှိနေခဲ့သော်လည်း ယင်းတို့ကို အသုံးပြု၍ ဂျာမန်တို့ကို ခုခံတိုက်ခိုက်မည့် စစ်သား အလုံအလောက် မရှိ ဖြစ်ခဲ့ရလေသည်။ ထိုနောက်တွင် နော်ဝေ စစ်ပြေးအစိုးရနှင့် အတူ ဗြိတိန်နိုင်ငံသို့ လိုက်ပါခဲ့ရလေသည်။ ဗြိတိန်နိုင်ငံ၌ ဖွဲ့စည်းသော စစ်ပြေးအစိုးရအဖွဲ့တွင် ထရစ်ဂဗီ လီးသည် ထောက်ပံ့ရေးနှင့် သင်္ဘောတင်ဆောင်ရေးဌာန ဝန်ကြီး အဖြစ်၎င်း၊ နိုင်ငံခြားရေး ဝန်ကြီးအဖြစ်၎င်း ဆောင်ရွက်ခဲ့ လေသည်။ နိုင်ငံခြားရေး ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့စဉ်က တဖက်တွင် ဗြိတိန်နှင့် နော်ဝေနိုင်ငံတို့ ချစ်ကြည်စွာ ဆက်ဆံရေးကို၎င်း၊ အခြားတဖက်တွင် ဆိုဗီယက်ရုရှနှင့် နော်ဝေနိုင်ငံတို့ ရင်းနှီးစွာ ဆက်ဆံရေးကို၎င်း ကြိုးစား အောင်မြင်ခဲ့လေသည်။ ဗြိတိန်နိုင်ငံ၌ နေထိုင်စဉ် ဗြိတိသျှဆိုရှယ်လစ် ခေါင်းဆောင်များနှင့် သာမက ထိုအခါက နိုင်ငံခြားရေး



www.burmeseclassic.com

www.burmeseclassic.com





ထရစ်ဂဗီ ဟာလဖန်လီးသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ပဌမဆုံး အတွင်းရေးမှူးချုပ်ဖြစ်သည်။

အတွင်းဝန်ဖြစ်သော မစ္စတာ အန်ထော်နီ အီဒင်နှင့်လည်း ရင်းနှီးသောမိတ်ဆွေ ဖြစ်ခဲ့လေသည်။ စစ်အပြီးတွင် ပြုလုပ်သော ကုလသမဂ္ဂ ဆန်ဖရန်ဆစ္စကိုညီလာခံသို့ နော်ဝေကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့ရာ တိုင်းငယ်ပြည်ငယ်များမှ တက်ရောက်သော ကိုယ်စားလှယ်များတွင် အထင်ရှားဆုံးပုဂ္ဂိုလ် ဖြစ်ခဲ့လေသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအား အထူးအခွင့်အရေး အပ်နှင်းသည့်စာချုပ်ကြီးကို ရေးဆွဲခဲ့သော ကော်မရှင်အဖွဲ့၏ သဘာပတိအဖြစ်လည်း ဆောင်ရွက်ခဲ့၏။ ၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထပ်မံ ခန့်ထားခြင်းခံရပြီးနောက် ၁၉၄၆ ခုနှစ် ဇန္နဝါရီလ ၁၆ ရက်နေ့က လန်ဒန်မြို့တွင် ကျင်းပသော ကုလသမဂ္ဂ အထွေထွေလွှတ်တော်ကြီး၏ ပဌမညီလာခံသို့ တက်ရောက်ခဲ့ရပြန်လေသည်။ ထိုညီလာခံက ထရစ်ဂဗီ လီးအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ရွေးကောက် တင်မြှောက်ခဲ့ လေသည်။ ထိုသို့ ရွေးကောက်တင်မြှောက်ခြင်း ခံရသဖြင့် ကုလသမဂ္ဂ၏ဌာနချုပ်ရုံးတွင် အရေးအပါဆုံး ပုဂ္ဂိုလ်တဦးဖြစ်လာသည်။ ထိုသို့ ဖြစ်လာသည်နှင့်အမျှ ကမ္ဘာပေါ်တွင် ငြိမ်းချမ်းရေး တည်မြဲရန်အတွက် ကြီးလေးလှသော တာဝန်ဝတ်တရားများကို ထမ်းဆောင်ရသူ ဖြစ်၏။ ပါတီများနှင့် နိုင်ငံ များ ဆက်ဆံရေးကို ပြေပြစ်အောင် စွမ်းဆောင် နိုင်သည့် အရည်အခြင်းများ ရှိသူဖြစ်သည့်အတိုင်း တာဝန်ဝတ်တရားများကို ကျေပြွန်စွာ ထမ်းဆောင်နိုင်ခဲ့လေသည်။

ထရစ်ဂဗီ လီးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် နှစ်ကြိမ် အရွေးခံခဲ့ရ၏။ ပဌမအကြိမ် အရွေးခံရစဉ်က ရုရှား၏ ထောက်ခံချက်ကို ရရှိခဲ့သော်လည်း ဒုတိယအကြိမ် (၁၉၅၁) တွင်မူ ကိုရီးယားအရေးနှင့် စပ်လျဉ်း၍ ရုရှားတို့က ကန့်ကွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင်- ထရစ်ဂဗီ လီးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အဖြစ်မှ နုတ်ထွက်သည်။ လက်နက်နိုင်ငံကြီး ငါးခုစလုံး၏ တညီတညွတ်တည်း ထောက်ခံသဘောတူမှုကို ရရှိသူသာလျှင် ကိုရီးယား၌ စစ်ရပ်စဲရေးကို ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သောကြောင့် ဤသို့ နုတ်ထွက် နေရာဖယ်ပေးခြင်း ဖြစ်၏။ ထိုနောက် မိမိနိုင်ငံသို့ ပြန်၍ အော့စလိုနှင့် အကာရှပ်ဘုရင်ခံအဖြစ် ထမ်းဆောင်လေသည်။

ထရစ်ဂဗီ လီးသည် ၁၉၆၈ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကွယ်လွန်သည်။

**လီး, ရောဗတ်၊ အီ** (ခရစ် ၁၈၀၇—၁၈၇၀)။ ။ရောဗတ် အက်ဒွပ် လီးသည် အမေရိကန်လူမျိုး ဖြစ်၍ အမေရိကန် စစ်သမိုင်းတွင်သာမက ကမ္ဘာ့စစ်သမိုင်းတွင်ပါ ထင်ရှားသော စစ်ဗိုလ်ကြီး တဦး ဖြစ်ပြီးလျှင် အမေရိကန်လူမျိုးတို့ ဂုဏ်ယူ ခြီးကျူးလေးစားသော ပုဂ္ဂိုလ် တဦး ဖြစ်သည်။ ၁၈၆၁ ခုနှစ်တွင် ကျွန်ပိုင်စံနစ် ပယ်ဖျက်ရေးနှင့် စပ်လျဉ်း၍ ဖြစ်ပွားသော အမေရိကန် ပြည်တွင်းစစ်ပွဲတွင် လီးသည် တောင်ပိုင်း သဟာယ စစ်တပ်များကို အုပ်ချုပ် တိုက်ခိုက်ခဲ့သည်။ တောင်ပိုင်းတွင် ကျွန်ပိုင်စံနစ်ကို လိုလားသော နယ်ပယ်များ ပါဝင်သော်လည်း အမှန်စင်စစ် ဗိုလ်ချုပ်ကြီး လီးသည် ကျွန်ပိုင်စံနစ်ကို နှစ်သက်လိုလားသူ မဟုတ်ချေ။ သူသည် နိုင်ငံရေးသမားတယောက် မဟုတ်ရုံမက နိုင်ငံရေးတွင်လည်း လုံးဝ စိတ်မဝင်စားချေ။ သို့သော် ကျွန်ပိုင်စံနစ်နှင့် စပ်လျဉ်း၍ သူ့ထင်မြင်ချက်များမှာ အထူးပင် မျှတသည်ဟု ဆိုရမည် ဖြစ်၏။ သူကိုယ်တိုင်ကမူ ကျွန်ပိုင်စံနစ်ကို မလိုလားသူဖြစ်သောကြောင့် သူ၏ကျွန်များကို လွတ်လပ်ခွင့် ပေးလိုက်ပြီးဖြစ်သော်လည်း ထိုစံနစ်ကို များစွာ လိုလား နှစ်သက်လျက်ရှိသော တောင်ပိုင်းပြည်နယ်သားများကိုလည်း အတင်းအဓမ္မ တားဆီးသင့်သည် ဟု သူ မယူဆမိချေ။

ရောဗတ် အက်ဒွပ် လီးသည် ၁၈၀၇ ခုနှစ် ဇန္နဝါရီလ ၁၉ ရက်နေ့တွင် ဗာဂျင်းနီးယားပြည်နယ် စထရက်ဖို့မြို့၌ ထင်ရှားသော နိုင်ငံဝန်ထမ်း အမျိုးအနွယ်မှ မွေးဖွားခဲ့သူ ဖြစ်ပေသည်။ ငယ်စဉ်ကပင် စစ်အတတ်၌ ဝါသနာ ထုံခဲ့သည်။ အမေရိကန် ပြည်ထောင်စု ဝက်စပွိုင့် စစ်ပညာသင်




www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ ထူးချွန်စွာ ဘွဲ့ထူးများကို ရခဲ့သည်။ ၁၈၂၉ ခုနှစ် အသက် ၂၂ နှစ် အရွယ်တွင် ပြည်ထောင်စု စစ်တပ်၌ ဒုတိယ ဗိုလ်အဆင့်အတန်းဖြင့် ပြန်တမ်းဝင်အရာရှိ ဖြစ်ခဲ့သည်။ စစ်မှုထမ်းရာတွင် လက်ရုံးရည် နှလုံးရည် ထူးချွန်သူဖြစ်ကြောင်း ရာထူးသက်တန်း မရင့်မီကပင် ထင်ရှားခဲ့၏။

၁၈၄၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံတို့ စစ်ဖြစ်ပွားခဲ့စဉ် ပြည်ထောင်စုဗိုလ်ချုပ် ဝင်းဖီးစကော့ လက်အောက်တွင် ပါဝင်တိုက်ခိုက်ခဲ့ရာ ထင်ပေါ်ကျော်စောခဲ့သည်။ ၁၈၅၉ ခုနှစ်တွင် ဂျွန်ဗရောင်းထကြွမှုကို နှိမ်နင်းခဲ့ရပြန်သည်။ သို့ရာတွင် ထိုသို့ အချင်းချင်းနှိမ်နင်းရသော အလုပ်မျိုးကို မနှစ်သက်ခဲ့ချေ။




အမေရိကန်သမိုင်းတွင်ထင်ရှားသောဗိုလ်ချုပ်ကြီးရောဗတ်အက်ဖ့်လီး

၁၈၆၁ ခုနှစ်တွင် ကျွန်ပိုင်စံနစ်နှင့် စပ်လျဉ်း၍ ပြည်တွင်းစစ် ဖြစ်ပွားပြန်သောအခါ၌ သမတ လင်ကွန်းနှင့် ဗိုလ်ချုပ် စကော့တို့က လီးအား ခေါ်ယူ၍ အမေရိကန်ပြည်ထောင်စု၏ တပ်ပေါင်းစုတွင် ဗိုလ်မှူးကြီး ရာထူးပေးလေသည်။ သို့သော် သူ၏ဇာတိ တောင်ပိုင်းပြည်ထောင်စုကို သစ္စာမဖောက်လိုသဖြင့် လက်မခံခဲ့သည့်အပြင် မိမိ၏ ထုပ်ဖော်ကိုင်ဖက် ရဲဘော်တစုတို့နှင့် ခွဲခွာ အလုပ်မှ ထွက်၍ နေရပ်သို့ ပြန်ခဲ့သည်။ ထိုနောက် မိမိ၏ဇာတိဖြစ်သော ဗာဂျင်းနီးယား ပြည်နယ်အတွက် အမှုထမ်း လေသည်။ ၎င်းအတွင် တောင်ပိုင်းသဟာယ ပြည်နယ်များ၏ သမတ ဂျက်ဖာဆန် ဒေးဗစ်၏ စစ်မှုရေးရာ အကြံပေးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထိုနောက် ဗိုလ်ချုပ် အဆင့်အတန်းသို့ တိုးမြှင့်ခန့်ထားခြင်း ခံရ၏။ သူ၏ စစ်ပရိယာယ် ကျွမ်းကျင်မှု၊ အကြံဉာဏ်ကောင်းမှုတို့ကြောင့် ဗူးလရန်း တိုက်ပွဲကို အောင်မြင်လိုက်သည်။ ထိုနှစ်အတွင်း၌ပင် အနောက်ပိုင်း ဗာဂျင်းနီးယား စစ်တပ်များ၏ တပ်မှူးကြီး အဖြစ် ခန့်ထားစေလွှတ်ခြင်း ခံရသည်။

ဗိုလ်ချုပ်လီးသည် စစ်အတတ်တွင် တဖက်ကမ်းခပ်တတ်မြောက် ကျွမ်းကျင်သူ ဖြစ်သောကြောင့် တိုက်ပွဲများစွာတွင် အောင်ပန်း ဆွတ်ခူးနိုင်ခဲ့လေသည်။ လူအင်အားများပြားလှသော မြောက်ပိုင်း ဗိုလ်ချုပ် မက္ကလယ်လန်၏စစ်တပ်များကိုပင် အောင်မြင်စွာ တိုက်ထုတ်နိုင်လောက်အောင် အစီအမံ အအုပ်အချုပ်ကောင်းသူ ဖြစ်လေသည်။ ထိုကြောင့်ပင် စစ်သေနာပတိကြီး ဝင်းဖီးစကော့ ကိုယ်တိုင်က မက္ကဆီကို စစ်ပွဲ၌ အမေရိကန်ပြည်ထောင်စု တပ်သားများ အောင်နိုင်ခြင်းမှာ ရောဗတ်လီး၏ စစ်ပရိယာယ်ကျွမ်းကျင်မှု၊ သတ္တိရှိမှု၊ ဇွဲရှိမှုတို့ကြောင့်ဖြစ်သည်ဟု ခြီးမွမ်းပြောဆိုခဲ့လေသည်။

ရောဗတ် လီးကား အမေရိကန်ပြည်ထောင်စု၏ အထူးချွန်ဆုံးသော စစ်ပါရဂူကြီးဟု ခေါ်လောက်အောင် ခြီးကျူးခြင်းခံရသူ ဖြစ်သည်။ သေနင်္ဂဗျူဟာတို့၌သာ စွမ်းသည်မဟုတ်၊ အဆောက်အအုံ ပညာ၌လည်း ကျွမ်းကျင်၏။ အခါများစွာပင် စစ်အင်ဂျင်နီယာအဖြစ် အမှုထမ်းခဲ့ဘူးလေသည်။ ဟယ်မီလတန် ခံတပ်၊ နယူးယော့ သဘော်ဆိပ်၊ စိန့်လူဝီသဘော်ဆိပ် စသည်တို့မှာ ရောဗတ် လီး၏ လက်စွမ်းများဖြစ်၏။ ဗိုလ်ချုပ်လီးက ညာလက်ရုံးသဖွယ် အားကိုး အားထားပြုရသူ ဗိုလ်ချုပ်ဂျက္ကဆန်မှာလည်း အမေရိကန် စစ်သမိုင်းတွင် မှတ်တမ်းတင်ခြင်း ခံထိုက်သော ပုဂ္ဂိုလ် ဖြစ်၏။ (ဂျက္ကဆန်၊ တီ၊ ဂျေ — ရှု။)

၁၈၆၃ ခုနှစ် မေလတွင် ဗိုလ်ချုပ်ဂျက္ကဆန် ကျဆုံးသဖြင့် ဗိုလ်ချုပ်လီးသည် တအား လျော့ရလျက် ရှိစဉ် မြောက်ပိုင်း စစ်အင်အားလည်း ကောင်းလာသောကြောင့် တဖြည်းဖြည်း ခံစစ်ဖြင့် ခုခံခဲ့ရလေသည်။ ထိုနောက် နှစ်နှစ်မျှအကြာ ၁၈၆၅ ခုနှစ်တွင် လက်နက်ချလိုက်ရ၏။ သို့ရာတွင် ဗိုလ်ချုပ်လီးကား စစ်ဖက်၌ ကျော်ကြားထင်ရှားမြဲပင်ဖြစ်လေသည်။ စစ်အတတ်တွင် ပါရဂူမြောက်သူ ပုဂ္ဂိုလ်ကြီး တယောက်အဖြစ် အသိအမှတ်ပြုကာ လေးစားခြင်းခံခဲ့ရ၏။

ထိုစစ် ပြီးဆုံးသည်နှင့် တပြိုင်နက် သူသည် စစ်ကို အတန်ပင် စက်ဆုပ်ကာ စစ်မှုရေးရာတွင် ပါဝင် ရက်ဖက်ခြင်း မပြုတော့ပေ။ သူရေးနေဆဲဖြစ်၍ ငွေကြေးကောင်း

မည့် သူ၏ စစ်သမိုင်း မှတ်တမ်းကိုပင် ဆက်လက်ရေးသားခြင်း မပြုတော့ဘဲ ရပ်ဆိုင်းထားလိုက်တော့၏။ သူသည် ဝါရှင်တန် ကောလိပ်ကျောင်းတွင် အေးချမ်းစွာ သဘာပတိအဖြစ် ဆောင်ရွက်လေသည်။ နောင်သောအခါ ထိုကျောင်းကိုပင် သူ့အား အထိမ်းအမှတ်ပြုသည့်အနေဖြင့် ဝါရှင်တန်နှင့်လီး တက္ကသိုလ်ဟု မှည့်ခေါ်ကြ၏။ ဗိုလ်ချုပ်ကြီးသည် ဗာဂျင်းနီးယား နယ်သားများအား အမေရိကန်ပြည်သားကောင်းများ ဖြစ်စေရန် သွန်သင် ညွှန်ကြားခဲ့ပေသည်။ ၁၈၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်လေရာ သူ၏ ရုပ်ကလာပ်ကို လေနင်တန်တက္ကသိုလ် ဘုရားရှိခိုးကျောင်း၌ ကောင်းမွန်စွာ မြှုပ်နှံထားလိုက်ကြ၏။

**လုလူမျိုး။** ။လုလူမျိုးသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ တိုင်းရင်းသား လူမျိုးဖြစ်သော ရှမ်းလူမျိုးတမျိုးဖြစ်၍ ကျိုင်းတုံနယ် အတွင်းပိုင်း တောင်တန်းဒေသရှိ ကျေးလက် ဒေသများတွင် နေထိုင်လေ့ ရှိကြသည်။ ကျိုင်းတုံနယ်၊ သံလွင်မြစ် အရှေ့ဖက်ကမ်းတွင် ဂုံလူမျိုးများ နေထိုင်ကြလျက် အနောက်ဖက်ကမ်းတွင် လု လူမျိုးတို့ အနေများလေသည်။ ကျိုင်းတုံဈေးနေ့များတွင် ယင်းတို့ကို တွေ့ရတတ်သည်။ လု နှင့် ဂုံတို့၏ စာပေအရေးအသားသည် မတူကြသော်လည်း မျိုးရိုးနှင့် ဓလေ့ထုံးစံတို့မှာ ခြားနားခြင်း များစွာမရှိလှ ဟု သိရသည်။ လု လူမျိုးတို့သည် တရုပ်နိုင်ငံတောင်ပိုင်း ချေလီခေါ် ကျိုင်းရုံးကြီးဖက်မှ ပြောင်းရွှေ့ လာကြသူများဖြစ်သည်။ ယခုတိုင် ယိုးဒယားနိုင်ငံမြောက်ပိုင်း လန်ဖုန်းနှင့် အခြားခရိုင်များ၊ လောနိုင်ငံမြောက်ပိုင်း၊ ကျိုင်းရုံးကြီးဒေသတို့တွင် လု လူမျိုးများစွာ နေထိုင်လျက်ရှိသည်။ (လူးအဆဲ့နှစ်ပန္နား — လည်းရှု။)

၁၉၀၁ ခုနှစ် သန်ကောင်စာရင်း အရ လု လူမျိုး ၁၆,၂၂၇ ရှိ၍ ဂုံလူမျိုး ၄၁,၄၇၀ ရှိရာ စုစုပေါင်း ၅၇,၆၉၇ ရှိလေသည်။ ၁၉၃၀ ခုနှစ် သန်ကောင်စာရင်း၌မူ ဂုံလူမျိုး ၃၁,၂၃၄ ရှိ၍ လု လူမျိုး ၃၀,၀၃၁ ရှိရာ စုစုပေါင်း ၆၁,၂၆၅ ရှိသည် ဟုဆိုသည်။ မြန်မာနိုင်ငံအပတွင် နေထိုင်လျက်ရှိသော လု လူမျိုး ဦးရေမှာ ထိုထက်များစွာ ပိုမိုလေသည်။

လု လူမျိုးများသည် ဗုဒ္ဓဝါဒီများ ဖြစ်ကြသည်။

**လုလင်ကျော်။** ။နလင်ကျော် ဟုလည်း ခေါ်သော လုလင်ကျော်ပင်သည် ကရဝေးပင် သစ်ကြံပိုးပင်မျိုးတို့နှင့် အတူ လော်ရေးစီအီး မျိုးရင်းတွင် ပါဝင်၍ ယင်း၏ ရုက္ခဗေဒ အမည်မှာ စင်နမိုမမ် အော့ဗတူဆီဖိုလီယမ် ဖြစ်သည်။ လုလင်ကျော်ပင်သည် သန့်စွမ်းတောင့်တင်းသော အပင်ကြီးမျိုး ဖြစ်၍ အိန္ဒိယ သစ်ပင်မျိုးများတွင် အရွက်အကြီးဆုံးရှိသော သစ်ပင်မျိုး တမျိုး ဖြစ်သည်။ ပေါက်ရောက် တွေ့ရှိသော ဒေသများမှာ ပေ ၇,၀၀၀ ထိ မြင့်သော အလယ်နှင့် အရှေ့ဖက် ဟိမဝန္တာတောင်ခြေ၊ နီပေါ၊ ဆစ်ကင်း၊ အာသံ၊ ဆီလဟက်၊ ခါစီတောင်တန်း၊ ကပ္ပလီကျွန်းစုနှင့် မြန်မာနိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံ၌ အနှံ့အပြားပေါက်သော်လည်း တနင်္သာရီ တောင်ပိုင်းတွင်သာ အမြောက်အမြားတွေ့ရသည်။ သစ်ကြံပိုးနှင့် ခြားနားချက်မှာ လုလင်ကျော်ပင်၏ အရွက်များသည် ပိုကြီး၍ ပျဉ်းတွဲသိပ်သည်းပြီးလျှင် ခိုင်ခံ့သည်။

အရွက်တွင် အမွေးများ လုံးဝမရှိဘဲ ချောမွတ်နေပြီးလျှင် အရွယ်ပမာဏအားဖြင့် ကိုးလက်မမှ ၁၃ လက်မထိ ရှည်သည်။ ယင်းသည် အလွန်ပျဉ်းတွဲ ခိုင်ခံ့၍ ရှည်မျောသော ဘဲဥ ပုံသဏ္ဌာန်ရှိပြီးလျှင် ထိပ်ဖျားသည် အဖျားသို့ ရှူး၍ရင်း၊ သို့မဟုတ် ချွန်၍ရင်း ရှိတတ်သည်။ အကြောသုံးခုရှိသော်လည်း အရွက်၏ အပေါ်ဖက်၌ မထင်ရှားချေ။ ပွင့်တံများမှာ အရွက်ထက် ရှည်လျားပြီးလျှင် အလွန်ကြီး၍ တောင့်တင်းသည်။ အပွင့်များသည် အကိုင်းဖျား အနီးတွင် ရှိတတ်၍ ပွင့်တံဖျား၌ တပြင်တည်း ညီညာစွာ ပွင့်ကြသည်။ ပွင့်ချပ်တွင် ပိုးမျှင်ကဲ့သို့ ချောမွတ်သော အမွေးနုကလေးများ အသင့် အတင့် ရှိသည်။ ယင်း ပွင့်ချပ်သည် ကြွေမကျဘဲ အသီးရင့်သည်တိုင်အောင်ပင် တည်ရှိလေသည်။ဝတ်ဆံဖို့နှင့်အစေ့အိမ်တွင် အမွေးနုများ ကျဲကျဲသော်ရင်း၊ သို့မဟုတ် လုံးဝမရှိဘဲ ချောမွတ်၍ သော်ရင်း ရှိတတ်သည်။ အသီးသည် သေးငယ်၍ ဘဲဥပုံ၊ သို့မဟုတ် လုံးယောင်ယောင် ပုံသဏ္ဌာန် ဖြစ်သည်။

အရွက်များသည် များသောအားဖြင့် အောက်ဖက်တွင် စိမ်းပြာသော အရောင် ရှိသည်။ အရွက်တံသည် တို၍ မာကျော၏။ အပွင့်များသည် သေးငယ်၏။ အချင်းတလက်မ၏ လေးပုံ တပုံရှိသည်။ လုလင်ကျော်ပင်၏ အသီးသည် တလက်မ၏ သုံးပုံတပုံမှ လက်မဝက်အထိ ရှည်သည်။

လုလင်ကျော်မြစ်သည် ဆေးဖက်ဝင်သည်။ ကိုယ်လက်ကိုက်ခဲခြင်း၊ အသားကွက်၍ ယားခြင်း၊ ရောင်ခြင်း စသည်များအတွက် ၎င်းအမြစ်ကို ဆားနှင့်သွေး၍ လိမ်းရသည်။ အညှော်မိလျှင်ရင်း၊ အနာပေါက်လျှင်ရင်း လုလင်ကျော်ကို သွေး၍သောက်ထားလျှင် အညှော်ထွက်၍ အနာအကျက်မြန်ပြီးလျှင် အနာဝင်ခြင်းကို ဖောက်ကွယ်စေသည်။ မြန်မာဘယဆေးဆိုင်များ၌ လုလင်ကျော် (နလင်ကျော်) မြစ်ကို ဝယ်ယူရရှိနိုင်သည်။

www.burmeseclassic.com



**လူ့ကျင့်ဝတ်ပညာ။** ။လူ့ကျင့်ဝတ်ပညာ (ကိုယ်ကျင့်တရားပညာ) ဟူသည် အကောင်းနှင့်အဆိုး၊ အမှားနှင့်အမှန်၊ အကျိုးနှင့် အပြစ်တို့ကို ခွဲခြားဝေဖန်သော ပညာရပ် ဖြစ်သည်။ ဆာလောင် မွတ်သိပ်သော လူတယောက်သည် အခြားလူတယောက်၏ ထမင်းဟင်းလျာကို ယူပိုင်ခွင့်ရှိသလော။ မဟုတ်မမှန်သော စကားကို ဆိုခြင်းသည် တရားသလော။ အချို့အပြုအမူများသည် အကျိုးရှိသော အပြုအမူများဟူ၍ရင်း၊ အချို့ကိုကား အကျိုးမရှိ၊အပြစ်များသာ ဖြစ်သည်ဟူ၍ရင်း အဘယ်ကြောင့် ခွဲခြားထားသနည်း။ ဤမေးခွန်းများသည် လူ့ကျင့်ဝတ်၊လူ၏အကျင့်စာရိတ္တနှင့် သက်ဆိုင်၍ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးကို ဖော်ပြခြင်း ဖြစ်သည်။

အမှားနှင့် အမှန်ကို ခွဲခြားဝေဖန်ရာ၌ အခက်အခဲမရှိဟု ထင်မြင်ဖွယ်ရာရှိ၏။ ညဉ့်အချိန်မတော်ထွက်၍ အိမ်နီးချင်းများကို သတ်ခြင်း၊ သို့မဟုတ် ယင်းတို့၏ ဥစ္စာပစ္စည်းများကို ခိုးယူခြင်း စသော ကိစ္စများကို မပြုလုပ်သင့်ကြောင်း ကျွန်ုပ်တို့ သိ၏။ သို့သော် ယင်းသို့ မပြုလုပ်သင့်ကြောင်း သိသည့်အတိုင်း လိုက်နာကျင့်သုံးသည်၊ မကျင့်သုံးသည်ဆိုသည့် ပြဿနာမှာ မိမိနှင့် ကိုယ်တွေ့တွေ့ကြုံသည့်အခါမှ သိရသည်။ ဤပြဿနာကား စာရိတ္တပြဿနာပင်တည်း။ သို့သော် အချို့အချို့သော ကိစ္စများတွင် ဘာလုပ်သင့်သည်ကို မဝေခွဲနိုင်ကြချေ။ ပုံပမာကုန်ထုတ်လုပ်သူတယောက်သည် သူ၏ အလုပ်သမားများအား လခ တိုးပေးချင်သော ဆန္ဒရှိသည်ဆိုပါစို့။ သို့သော် ထိုသူသည် အခြား လခ တိုးမပေးချင်သော ကုန်ထုတ်လုပ်သူများနှင့် အပြိုင်အဆိုင် ဖြစ်နေ၏။ အကယ်၍ လခ တိုးပေးလိုက်လျှင် ထိုသူ မွဲသွားပေလိမ့်မည်။ ဤသို့ ကိစ္စမျိုးတွင် မည်သို့ လုပ်မည်နည်း။ လူ့ကျင့်ဝတ်ပညာအရ ဤကဲ့သို့သော ပြဿနာမျိုးကို ဖြေရှင်းရာ၌ ဖြစ်ပေါ်လာသော အကြောင်းခြင်းတများကို သုံးသပ်ကာ ဆောင်ရွက်သွားရပေမည်။

**လူ့အခွင့်အရေးနေ့။** ။စစ်မက် ဖြစ်ပွား ခြင်းသည် သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် တည်းဟူသော ကပ်ကြီးသုံးပါး ဆိုက်ရောက်ခြင်း၏ အကြောင်းရင်းတရပ်ဖြစ်လေရကား ရှေးနှစ်ပေါင်း များစွာမှစ၍ လူတို့သည် စစ်ကိုတားဆီးနိုင်ရန် ကြိုးစားအားထုတ်၍ နည်းလမ်းများကို ရှာဖွေခဲ့ကြသည်။ စစ်၏ ဆိုးရွားပုံ၊ ကြမ်းကြုတ်ပုံတို့ကို လူတိုင်းပင် သိမြင်ကြပြီး ဖြစ်သော်လည်း စစ်မဖြစ်ရန် တားဆီးမှုများ၏ အောင်မြင်မှုမှာ မရှိသလောက်ပင် နည်းခဲ့ရုံမက တစ တစ တိုးတက် တီထွင်လာခဲ့သော သိပ္ပံပညာမှ ပေါ်ပေါက်လာသည့် ခေတ်မီလက်နက်များဖြင့် ပိုမိုဆိုးရွား ကြောက်မက်ဖွယ်ကောင်းသော စစ်ကြီးများ မကြာမကြာ ပေါ်ပေါက်လာခဲ့သည်။

တနိုင်ငံနှင့် တနိုင်ငံ အကြောင်းအားလျော်စွာ ဖြစ်ပွားရသော စစ်ပွဲများ၊ တနိုင်ငံတည်းအတွင်း၌ အချင်းချင်း ဖြစ်ပွားကြသော ပြည်တွင်းစစ်ပွဲများမှာ မရေမတွက်နိုင်အောင် များပြား၍ ယင်းစစ်များ စုပေါင်းခြင်းနှင့် ညီမျှသည့် ကမ္ဘာစစ်ကြီးပင်လျှင် နှစ်ကြိမ်တိုင်တိုင် ဖြစ်ခဲ့ရလေသည်။ ထိုကမ္ဘာစစ်ကြီးများ အတွင်း၌ အသက်ဆုံးရှုံးရသူများ၊ ခြေလက်အင်္ဂါ ဆုံးရှုံးရသူများ၊ ဒဏ်ရာ အကြီးအကျယ်ရရှိသူများ၊ သုံ့ပန်းအဖြစ် ဖမ်းဆီးနှိပ်စက်ခြင်း ခံရသူများ၊ အစာရေစာ ငတ်မွတ်သေဆုံးရသူများနှင့် ပျက်စီးဆုံးပါးရသော လူတို့၏ ပစ္စည်းများ၏ အရေအတွက်ကား ထိတ်လန့်ဖွယ် ကောင်းအောင် များပြားလှချေ၏။ ထိုသို့ များပြားလှစွာသော အပျက်အစီးကို ဖြစ်စေရန် ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ စစ်မက်အရေး ပြင်ဆင်ကြရသည်။ ဤကား အလွန်ဆိုးရွားသော စံနစ်ပင်တည်း။

၁၉၁၄–၁၈ ခုနှစ် ပဌမ ကမ္ဘာစစ်၌ အသက်ဆုံးရှုံးရသူ ၈,၅၃၀,၃၁၅ ယောက်၊ ဒဏ်ရာရသူ ၂၁,၂၁၉,၄၅၂ ယောက်၊ သုံ့ပန်းနှင့် ပျောက်ဆုံးသူ ၇,၇၅၀,၉၁၉ ယောက်ရှိခဲ့သည်။ ထိုစစ်ကြီးအပြီးတွင် နိုင်ငံပေါင်းချုပ်အသင်းကြီး ပေါ်ပေါက်လာပြီးလျှင် ဤမျှ ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းသော စစ်ကြီးများ နောက်နောင်မပေါ်ပေါက်ဘဲ ထာဝစဉ်ငြိမ်းချမ်းရေးကို ရရှိရန် အားထုတ်ခဲ့လေသည်။ သို့ရာတွင် အောင်မြင်မှု မရှိခဲ့ရုံမျှမက ပဌမ ကမ္ဘာစစ် ပြီးသည့်အချိန်မှ စ၍ ရုရှ၊ ဂျာတလီ၊ ဂျာမနီ စသည့် နိုင်ငံများသည် ဒုတိယ ကမ္ဘာစစ်အတွက် လက်နက်များကို လျှို့ဝှက်စွာ ပြင်ဆင်ခဲ့ကြလေသည်။ ထိုအခါတွင် အခြားသော နိုင်ငံများကလည်း မနေသာတော့ဘဲ အသီးအသီး လက်နက်များ စုရလေတော့သည်။ ထိုသို့ ပြင်ဆင်နေကြစဉ်အတွင်း ပြည်ထောင် အချင်းချင်း ညီညွတ်ရေး၊ ချစ်ကြည်ရေး၊ ငြိမ်းချမ်းဇီရေး စသည့် ဟန်ပြလုပ်ငန်းများသည်လည်း အောင်မြင်မှု တစုံတရာ မရှိဘဲ ပေါ်ပေါက်လျက်ပင်ရှိ၏။ (နိုင်ငံပေါင်းချုပ်အသင်းကြီး — လည်းရှု။)

သို့ဖြင့် ပဌမ ကမ္ဘာစစ်ပြီးသည့်နောက် ၂၁ နှစ် အကြာတွင် ဒုတိယ ကမ္ဘာစစ် စတင်ဖြစ်ပွားခဲ့ပြန်လေသည်။ ဤတကြိမ်တွင်မူ တန်ခိုးကြီး နိုင်ငံတို့၏ ၂၁ နှစ်ကာလပတ်လုံး ကြံစည် တီထွင်၍ စုဆောင်းလာခဲ့ကြသော လက်နက်ဆန်းများကို သုံးကြသဖြင့် ပဌမ ကမ္ဘာစစ် အတွင်းကထက် အဆပေါင်းများစွာ အသက်ဆုံးရှုံးစရာ စည်းစိမ်ပါ အပျက်အစီးများခဲ့လေသည်။

www.burmeseclassic.com



ဒုတိယ ကမ္ဘာစစ် မပြီးဆုံးမီကပင် ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားသော မဟာမိတ် နိုင်ငံကြီးများသည် စစ်ကြီးအမြန်ပြီးဆုံး၍ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် ကမ္ဘာ့ကုလသမဂ္ဂကို အုတ်မြစ်ချခဲ့ကြ၏။ စစ်ကြီးပြီးသောအခါ ထိုအဖွဲ့ကြီးကို ကမ္ဘာ့ တန်ခိုးကြီးနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၄၈ နိုင်ငံက သဘောတူ လက်မှတ်ရေးထိုး၍ ဖွဲ့စည်း အောင်မြင်ခဲ့သည်။ (ကုလသမဂ္ဂ—လည်းရှု။)

ကမ္ဘာ့ကုလသမဂ္ဂ၏ ကြိုးပမ်းချက်များသည် ပဌမကမ္ဘာစစ် အပြီး ဖွဲ့စည်းခဲ့သော နိုင်ငံပေါင်းချုပ် အသင်းကြီး၏ ကြိုးပမ်းချက်များနှင့် မတူဘဲ ဆိုးရွား ကြောက်မက်ဖွယ်ကောင်းသော စစ်ကြီးများကို တားဆီးရန်မှာ ထိုစစ်ကြီးများ ဖြစ်ပွားစေသော အကြောင်းရင်းများကို ပပျောက်စေမှသာ အောင်မြင်နိုင်ကြောင်း ဆင်ခြင်ခဲ့ကြသည်။ ယင်းသို့ ဆင်ခြင်၍ အကြောင်းရင်းကို ရှာဖွေကြရာတွင် လူတို့၌ လူတိုင်း ရရှိခံစားထိုက်သော အခွင့်အရေးများ ချို့တဲ့မှု၊ လူ့အခွင့်အရေးများကို လျစ်လျူရှုမှု များကို တွေ့ရှိကြသည်။

ထိုအခါတွင် လူမျိုးမရွေး အယူဝါဒမရွေး ဆင်းရဲချမ်းသာ ကျား မ ဟူ၍မခွဲခြားဘဲ လူသတ္တဝါတယောက် အဖြစ်ရသင့်ရထိုက်သော အခွင့်အရေးများကို စိစစ်ရှာဖွေလျက် လူ့အခွင့်အရေးစာတမ်းကို ရေးဆွဲခဲ့ကြလေသည်။ ထိုစာတမ်းကြီးတွင် ပါဝင်သော အချက်အလက်များမှာ လူတိုင်းလူတိုင်းသည် မွေးဖွားလာစမှ စ၍ တူညီသော အခွင့်အရေးရှိ၍ တသက်လုံးနေမှုထိုင်မှု လွတ်လပ်မှု၊ လုံခြုံမှုများတူညီစွာ ရရှိမည်ဖြစ်ပြီးလျှင် လူ သတ္တဝါအချင်းချင်း နှိပ်စက် ညှဉ်းပန်းမှု၊ ချုပ်ချယ်မှု၊ နိုင်ထက်စီးနင်း ပြုမှုများကိုတားမြစ်သော အချက်အလက်များ ဖြစ်လေသည်။ ထိုလူ့အခွင့်အရေးများမှာ လူသတ္တဝါမှန်သမျှ လူမျိုးမရွေး အယူဝါဒမရွေး ခြွင်းချက်မရှိ လက်ခံနိုင်သော အခွင့်အရေးများဖြစ်၍ ထိုအခွင့်အရေးများကို လူတိုင်းစေ့ ရရှိကြသောအခါ ကမ္ဘာ့ ထာဝရငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဖြစ်ရကား ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပါရစ်မြို့၌ ကျင်းပသော ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးက လက်ခံ အတည်ပြု၍ ထုတ်ပြန် ကြေညာလေသည်။

ဤသို့လျှင် လူသတ္တဝါမှန်သမျှ တူညီသော လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ လုံခြုံမှု စသည့် အခွင့်အရေးများကို ခံစားခွင့်ရှိကြောင်း အသိအမှတ် ပြုသည့် ဤလူ့အခွင့်အရေး ကြေညာစာတမ်းကြီး ထွက်ပေါ်လာခြင်းသည် လူတိုင်း လူတိုင်းအဖို့ ကောင်းမြတ်သော မင်္ဂလာတပါး ဖြစ်လေရကား ဤကြေညာစာတမ်း ဖြစ်မြောက် အောင်မြင်စွာ ထွက်ပေါ်လာသောနေ့ကို နေ့ထူး အခါထူးအဖြစ် သတ်မှတ်၍ မမေ့မလျော့ကြစေခြင်းငှါ နှစ်စဉ် ထိုနေ့ထိုရက်၌ လူ့အခွင့်အရေးများကို ဆင်ခြင်သုံးသပ်သော အလေ့ကို ပြုလျက်ရှိကြလေသည်။

## မနုဿတ္တ ဒုလ္လဘ

**နှစ်ပေါင်း မည်မျှဟု မခန့်မှန်းနိုင်သော အချိန်အခါ၌ ကမ္ဘာမြေပေါ်တွင် တိရစ္ဆာန်ရိုင်းများ သွားလာကျက်စား နေကြစဉ်က ထိုရစ္ဆာန်ရိုင်းများ၏ အရိပ်အခြည်ကို ခြောနီးမြောင်း ကြည့်ရှု၍ ခိုးကြောင် ခိုးဝှက် သွားလာကျက်စားနေရသော သတ္တဝါမျိုး ရှိခဲ့၏။ ထိုသတ္တဝါကား နောင်နှစ်ပေါင်းများစွာ ကြာသောအခါ လူဟူ၍ ဖြစ်လာသော သတ္တဝါတည်း။**

လူ။ ။ကမ္ဘာပေါ်တွင် လူ ဟူ၍ ပညတ်ခေါ်ဝေါ်ရသော သတ္တဝါသည် မည်သည့်အချိန်ကစ၍ ပေါ်ပေါက်လာခဲ့သည်ကို မည်သူမျှ တပ်အပ်သေချာစွာ မပြောနိုင်ပေ။ သိပ္ပံပညာရှင်ကြီးများပင်လျှင် ကမ္ဘာမြေလွှာအထပ်ထပ်အောက်တွင် နှစ်မြုပ်နေသော အရိုးများ၊ ကျောက်သားမှ ဖဲ့၍ပြုလုပ်ထားသော လက်နက် အသုံးအဆောင်ကရိယာများ၊ တိရစ္ဆာန်များ၏ ဦးချိုနှင့် အစွယ်များဖြင့် ပြုလုပ်သော အရာဝတ္ထုများနှင့် မြေအောက် လိုဏ်ဂူ နံရံများတွင် ရေးဆွဲထားသည့် ယခုအခါတွင် တိမ်ကောပပျောက်နေပြီ ဖြစ်သော တိရစ္ဆာန်ကြီးများ၏ ရုပ်ပုံများ အစရှိသော ရှေးခေတ်၏ အမွေအနှစ် ပစ္စည်းများကို လေ့လာကြည့်ရှုကာ ကမ္ဘာဦးလူများ၏ အကြောင်းကို ရေဝါးရမ်း မှန်းဆရုံမျှသာလျှင် မှန်းဆနိုင်ကြလေသည်။

အမှန်အားဖြင့်ကား လူဟူသောသတ္တဝါသည် ကျွန်ုပ်တို့တွေးထင်သည်ထက် များစွာ ပိုမို၍ ရှေးကျသော အခါကပင်လျှင် ကမ္ဘာပေါ်၌ ပေါ်ပေါက် ခဲ့လေသည်။ ကမ္ဘာတွင် လူသတ္တဝါ ဟူ၍ စတင်ပေါ်ပေါက်နေသည်မှာ ကမ္ဘာ့သမိုင်းကို စတင် မရေးသားမီ နှစ်ပေါင်း သိန်းသန်းများစွာကပင် ဖြစ်တန်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့သမိုင်းကို ခရစ်မပေါ်မီ နှစ်ပေါင်း သုံးလေးထောင်လောက်ကမှသာ အက္ခရာ စာလုံးများဖြင့် စတင် မှတ်တမ်းတင်ကြသောကြောင့် ဖြစ်၏။ ထိုအပြင် ကျောက်သားဖြင့် ပြုလုပ်သော လက်နက်ကရိယာများမှာလည်း လွန်ခဲ့သော နှစ်ပေါင်း ထောင်သောင်းများစွာကပင် အသုံးပြုခဲ့ကြသော အရာဝတ္ထုများ ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ယူဆကြလေသည်။ ထိုကျောက်

www.burmeseclassic.com



ကရိယာပစ္စည်းများကို လူများသည် နှစ်ပေါင်း မည်မျှကြာမှ လုပ်ကိုင် အသုံးချလာတတ်သည်ကိုလည်း ကျွန်ုပ်တို့ ခန့်မှန်းရာတွင် ထည့်တွက်ရပေဦးမည်။

ဤသို့ နှစ်ပေါင်း မည်မျှဟု မခန့်မှန်းနိုင်သော အချိန်အခါက ကမ္ဘာမြေပြင်ပေါ်တွင် တိရစ္ဆာန်ရိုင်းများ သွားလာကျက်စားနေကြသောအခါ သစ်ပင် အကိုင်းအခက်များ အကြားမှ နေ၍ တိရစ္ဆာန်ရိုင်းများ၏ အရိပ်အခြည်ကို ချောင်းမြောင်းကြည့်ရှု၍ ခိုးကြောင်ခိုးဝှက် သွားလာ ကျက်စားနေရသော သတ္တဝါတမျိုးရှိ၏။ ထိုသတ္တဝါကား နောင် နှစ်ပေါင်းများစွာ ကြာသောအခါ လူ ဟူ၍ ဖြစ်လာသော သတ္တဝါပေတည်း။

ထိုသတ္တဝါသည် လူဝံများကဲ့သို့ အမွေးစုပ်ဖွားရှိ၍ လက်သည်းခြေသည်း ရှည်ကြီးများနှင့် ဖြစ်သော်လည်း ယခုလူကဲ့သို့ မတ်တတ်ရပ်၍ ခြေဖြင့် လမ်းမလျှောက်နိုင်သေးချေ။ မျောက်များကဲ့သို့သာ ခြေလက်များကို မြေပေါ်၌ ထောက်၍ ခုန်ဆွခုန်ဆွ သွားလာနေကြလေသည်။ ကိုယ်လုံးကိုယ်ထည်မှာ ကြီးမား သန်စွမ်း သော်လည်း မိမိထက် ကြမ်းတမ်းခက်ထန်သော သားရဲတိရစ္ဆာန်များအနီးသို့ မချဉ်းကပ်ဝံ့ချေ။ စားရာတွင်လည်း တိရစ္ဆာန်များ၏ စားကြွင်းစားကျန်များနှင့် သစ်ဥ သစ်ဖုများကိုသာ ရှာဖွေစားသောက်ရလေသည်။ ဤသို့ ရှာဖွေစားသောက်ယင်း အချို့မှာ သားရဲတိရစ္ဆာန်များ၏ ဘေးရန်ကို မခုခံနိုင်သောကြောင့် အစားခံကြရသည်။ အချို့မှာ ရှောင်နိုင် တိမ်းနိုင် ပြေးနိုင် လွှားနိုင်၍ ချမ်းသာရာ ရကြ၏။ အဖိုအမ ဟူ၍ရှိသော်လည်း အသိုက်အမြုံနှင့် အတူတကွ နေလေ့မရှိဘဲ တယောက်တည်း အစာရေစာ ပေါများ၍ ဘေးလွတ်ကင်းရာ အရပ်များတွင် ရွှန်နေလေ့ရှိတတ်ကြသည်။

ယင်းကဲ့သို့ တိရစ္ဆာန်များနှင့် ဘာမျှ မခြားနားသော အရိုင်းဘဝမှ နေ၍ ရှေးဦး လူသတ္တဝါများသည် တဖြည်းဖြည်း ယဉ်ကျေးလာ၍ အသိဉာဏ် တိုးပြီးလျှင် အနေအထိုင်များ ပြောင်းလဲ လာကြလေသည်။ သစ်ပင်များပေါ်၌သာ နေထိုင် ကျက်စားလေ့ရှိရာမှ မြေပြင်ပေါ်သို့ သက်ဆင်း နေထိုင်စပြုလာကြသည်။ မြေကြီးပေါ်တွင် အနေများလာသောအခါ တစတစနှင့် မတ်တတ် ရပ်နိုင်လာသည်။ ရှေးကကဲ့သို့ မြေကြီးပေါ်တွင် လက်ထောက်၍ ခုန်ဆွခုန်ဆွနှင့် သွားလာရန် မလိုတော့ဘဲ တခါတည်း ခြေထောက်ပေါ်တွင် ရပ်ကာ ကိုယ်ကို မတ်မတ်ထားပြီးလျှင် လမ်းလျှောက်နိုင်လာ၏။ အဖို အမ တွဲ၍လည်း နေစပြုလာ၏။ အဖိုသည် အစာ ရှာဖွေပြီးလျှင် အမကို ကျွေးစပြု၏။ သစ်ရွက်သစ်ခက်များဖြင့် အဆောက်အအုံများကို ပြုလုပ်ကြ၏။ အစာ ရှာဖွေရန် ထွက်သောအခါ သစ်ကိုင်းများ တုတ်တိုများကို ကိုင်စွဲလျက် တိရစ္ဆာန်ငယ်များကို လိုက်လံသတ်ဖြတ်၍ အစိမ်းလိုက် ကိုက်ဖဲ့ စားသောက်ကြသည်။ ထိုအချိန်က ရိုင်းစိုင်းကြမ်းတမ်းသော အသားစား လူသတ္တဝါများသာ ဖြစ်နေပေသေးသည်။

လူများသည် ဤမျှ ရိုင်းစိုင်းသော အခြေအနေတွင်ရှိစဉ် မီး၏ အသုံးဝင်ပုံကို နားလည်ခဲ့ကြဟန် တူပေသည်။ သို့ရာတွင် မိမိတို့ အလိုအလျောက် မီးဖိုခြင်း၊ မီးမွှေးခြင်းကိုမူကား မပြုလုပ်တတ်ကြသေးချေ။ ထိုသူများ မီး၏ အသုံးဝင်ပုံကို သိရှိလာကြပုံမှာ အတော်ပင် စိတ်ဝင်စားစရာ ကောင်းပေသည်။ တောတွင်း၌ တခါတရံ မိုးကြိုးပစ် လောင်မီး ကျသောအခါ တောထဲ၌ သစ်ပင်အချို့ကို မီးစွဲလောင်သဖြင့် အလွန်သန်စွမ်းသော တိရစ္ဆာန် သားကောင်ကြီးများသည် ထွန်းလင်းတောက်လောင်သော မီးရောင်ကို ကြောက်လန့်ကာ ထွက်ပြေးကြလေသည်။ ထိုမီး၏ အပူရှိန်ကြောင့် အေးချမ်းသော ညဥ့်အခါများတွင်လည်း အနွေးဓာတ်ကို ရရှိကြလေသည်။ ထိုအခါမှစ၍ လူများသည် မီး၏အသုံးဝင်ပုံကို သိလာကြလေသည်။ ထိုပြင် မီးစွဲလောင်နေသော သစ်ကိုင်း သစ်ခက်များကို တနေရာမှတနေရာသို့ ယူဆောင်သွားခြင်းဖြင့် မီး၏အလင်းရောင်ကို အသုံးချရမှန်း သိလာကြသည်။ တောမီးထဲသို့ ရောက်၍ သေဆုံးသော သားကောင်အချို့၏ အသားများကို စားကြည့်ကြ သောအခါ ယခင်က အစိမ်းလိုက် ကိုက်ဖဲ့စားရသည်ထက် ပို၍ အရသာ ရှိကြောင်းကိုလည်း တွေ့ရှိလာကြသည်။

ထိုမှတဆင့် ကျောက်တုံးတခုနှင့်တခု ထိခိုက်ပွတ်တိုက်မိရာမှ မီးပွင့်လာသည်ကို တွေ့ရှိသော လူများသည် မီးကို ကျောက်ဖြင့် ခတ်၍ဎင်း၊ သစ်ကိုင်း တခုနှင့်တခု ပွတ်တိုက်ခြင်းဖြင့်ဎင်း ဖြစ်ပေါ်စေနိုင်သည်ကို သိရှိလာကြသည်။ ဤကား အလွန်တရာ အရေးပါသော အသစ်တွေ့ရှိမှုကြီး တရပ်ပင် ဖြစ်လေသည်။ ယခုခေတ်တိုင်အောင် မည်သည့် သားရဲတိရစ္ဆာန်မှ မီးကို မည်ကဲ့သို့ ပြုလုပ်ရမည်ဟု မသိရှိကြလေရာ မီးကိုပြုလုပ်တတ်သော လူများသည် တိရစ္ဆာန်များထက် တပန်းသာ၍ တိုးတက်လာကြလေသည်။ မီးမွှေးနည်းကို တွေ့ရှိကြသည့် အချိန်မှ စ၍ လူများ၏ယဉ်ကျေးမှုသည် တစထက်တစ တိုးတက်လာပြီးလျှင် အသက်ကို ကာကွယ်ရန် ဎင်း၊ အနွေးဓာတ်ကို ရရှိရန်ဎင်း၊ အစားအစာများ ဖုတ်ကင် ချက်ပြုတ်ရန်ဎင်း မီးကို အသုံးပြုတတ်လာကြသည်။

ရှေးဦးလူများသည် ပဌမတွင် တုတ်တိုများ၊ ကျောက်ခဲများ၊ အရိုးများမှ လွဲ၍ အခြားလက်နက်များကို မပြုလုပ် မသုံးစွဲတတ်ချေ။ သို့ရာတွင် ကျောက်ခဲများ အရိုး



www.burmeseclassic.com

www.burmeseclassic.com



များကို လက်နက်များ ဖြစ်အောင် တဖြည်းဖြည်းပြုပြင်ပြောင်းလဲ၍ အသုံးပြုလာကြသည်။ သူတို့၏ ကိုယ်ခန္ဓာများပေါ်တွင် အဝတ်အစား ဗလာနတ္ထိ၊ သို့မဟုတ် အနည်းငယ်မျှသာ ရှိလေသည်။ ပူအိုက်သော ရာသီတွင်ကား အဝတ်အစားနှ လုံးဝမလိုချေ။ ညဥ့်အခါများတွင်ကား သစ်ပင်ထက်၌ရှင်း၊ ဂူများအတွင်း၌ရှင်း ခိုလှုံနေရ၍ သားရဲတိရစ္ဆာန်များ၏ဘေးကို တထိတ်ထိတ် တလန့်လန့်နှင့်ပင် နေကြရသေးသည်။

ထိုခေတ်က လူများ တဆင့်ပြီးတဆင့် တိုးတက်ယဥ်ကျေးလာပုံကိုကား အထောက်အထား အစအန များစွာ မရှိသေး၍ အသေအချာ မသိရှိရသေးဘဲ မှန်းဆရုံသာ မှန်းဆကြည့်ရပေသည်။ သို့ရာတွင် ရှေးဦးလူများသည် ကျောက်ဂူများတွင် ခိုလှုံကြသောအခါ သူတို့၏ နောင်လာနောက်သား အစဥ်အဆက် များသည်လည်း ကျောက်ဂူများ၌သာ ဆက်လက်နေထိုင်ကြ၍ မိမိတို့ အသုံးပြုခဲ့ကြသော ကျောက်အသုံးအဆောင် ကရိယာများ၊ အရိုးများ စသည်တို့ကို ကျောက်ဂူများအတွင်း၌ ထားရစ်ခဲ့သည်ကို တွေ့ရှိရလေသည်။

ရှေးဦးလူများအကြောင်းနှင့် စပ်လျဉ်း၍ ကမ္ဘာပေါ်ရှိ သိပ္ပံပညာရှင်ကြီးတို့သည် မိမိတို့ ကျွမ်းကျင်သည့် ဖက်မှ စုံစမ်းရှာဖွေတွေ့ရှိရသော အချက်အလက်များကို စုပေါင်း၍ ဖက်စပ်ကြည့်ခြင်းအားဖြင့် ရှေးအကျဆုံးလူများ၏ ပုံပန်းသဏ္ဍာန်ကို မှန်းဆကြည့်ကြသည်။ယင်းသို့ စုံစမ်းရှာဖွေကြရာ ၁၉၂၉ ခုနှစ် ဒီဇင်ဘာလတွင် တရုပ်နိုင်ငံ ပီကင်းမြို့တော်အနီး၌ မြေအောင်းဂူတခုထဲမှ လူ၏ဦးခေါင်းခွံတခုကို တူးဖော် တွေ့ရှိခဲ့ကြလေသည်။ ဦးခေါင်းခွံမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၅,၀၀၀,၀၀၀ မှ ၁,၀၀၀,၀၀၀ စပ်ကြားတွင် နေထိုင်ခဲ့သော လူ၏ ဦးခေါင်းခွံ ဖြစ်လိမ့်မည် ဟု ယူဆကြသည်။

ထိုဦးခေါင်းခွံကို ရှေးဦးစွာ တွေ့ရှိသူမှာ တရုပ်နိုင်ငံ ဘူမိဗေဒ ဌာနတေသနအသင်းမှ ဒဗျူ စီ ပေး ဆိုသူ ဖြစ်၍ ဦးခေါင်းခွံကိုလေ့လာစူးစမ်းသူမှာ ပါမောက္ခ ဒေးဗစ်ဆန် ဗလက် အမည်ရှိ ကနေဒီယန်လူမျိုး သိပ္ပံပညာရှင် တဦး ဖြစ်သည်။

ထိုဦးခေါင်းခွံကို လေ့လာကြည့်ရှုကြသောအခါ နောက်သို့ ဆုတ်နေသော နဖူးနှင့် ကြီးထွားသန်မာသော မျက်ခုံးရိုးများကို တွေ့ရသည်။ ခေါင်းခွံရိုးမှာ လွန်စွာ ထူထဲ၍ ယခုခေတ် လူများ၏ ပါးလွှာသော ခေါင်းခွံရိုးနှင့် သိသိသာသာကြီး ကွာခြားလေသည်။ သွားများမှာ လူ၏သွားကဲ့သို့ပင် ဖြစ်သော်လည်း မေးရိုးမှာ ကြီးထွားတုတ်ခိုင်သည်။ ဦးခေါင်းခွံရှင် လူ၏ အသိဉာဏ်မှာကား ယခုခေတ် ဉာဏ်အနည်းဆုံးရှိသော လူများ၏ အသိဉာဏ်လောက်သာ ရှိသည် ဟု ယူဆကြသည်။ အားလုံးကို ခြုံ၍ ကြည့်လိုက်လျှင် မျောက်တဝက် လူတဝက် ဖြစ်သော ပုံသဏ္ဍာန် တခုကို ထင်မြင်လာပေမည်။

မစ္စတာ ပေးသည် မိမိ၏ သုတေသန လုပ်ငန်းများကို ဆက်လက် ပြုလုပ်သွားရာ နောက် နှစ်နှစ်မျှ ကြာသော အခါ ဦးခေါင်းခွံကို တွေ့ရှိသော ဂူထဲ၌ပင် ရှေးခေတ် လူများ အသုံးပြုခဲ့ကြသည့် ကျောက်သားဖြင့် ပြုလုပ်ထားသော အသုံးအဆောင် ကရိယာပစ္စည်းများကို တွေ့ရှိပြန်လေသည်။ ကျောက်ကရိယာများနှင့် အတူ ရှေးလူများ မီးကို သုံးစွဲခဲ့သည်ကို ပြသော အထောက်အထားများကို ပါ တွေ့ရှိသေးသည် ဟု ဆို၏။ အထက်ပါ တွေ့ရှိချက်များမှ ကျွန်ုပ်တို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ငါးသိန်းမှ တသန်းအထိ အချိန်အခါက လူများ၏အသိဉာဏ် အဆင့်အတန်းကို ခန့်မှန်းကြည့်နိုင်ပေသည်။

ရှေးဦးလူများ အကြောင်းနှင့် စပ်လျဉ်း၍ အခြားအထောက်အထားတခုမှာ ၁၉၀၇ ခုနှစ်တွင် ဂျာမနီ နိုင်ငံ ဟိုင်းဒယ်ဗတ်မြို့အနီး၌ တွေ့ရှိသော အောက်ပိုင်း ပါးရိုး တခုပင် ဖြစ်သည်။ ထိုပါးရိုးကို အခြေခံ ထား၍ သတ္တဝါ ပုံပန်းသဏ္ဍာန်ကို နှိုင်းရှည့်သော ယှဉ်ပြအနာတမိ (ယှဉ်ပြ ကာယဗေဒပညာ) ဖြင့် မှန်းဆကြည့်သောအခါ ယခု လူများ၏ ပုံသဏ္ဍာန်နှင့် များစွာ ခြားနားသော လူတဦး၏ ပုံသဏ္ဍာန်ကို တွေ့ရှိရလေသည်။ ပါးရိုးမှာ တုတ်ခိုင် သန်မာ၍ မေးရိုးအဖြစ် ထိုးထွက်သော အပိုင်းကို မတွေ့ရှိရချေ။ ထိုအရိုးကို တွေ့ရှိသော နေရာမှာ မြေအောက်ပေ ၈၀ အနက်တွင် ဖြစ်၍ အနီးအနားတွင်လည်း ယခုခေတ်၌ တိမ်ကောနေပြီဖြစ်သော ဆင်ကြီး၊ ကြံ့ကြီးများ၏ အရိုး အစအနများကို တွေ့ရှိရသည်ကို ထောက်ခြင်းအားဖြင့် ပါးရိုးရှင်လူသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀,၀၀၀ ခန့်က နေထိုင်ခဲ့သော လူဟု ခန့်မှန်းရပေသည်။

ရှေးဦး လူများအကြောင်း စုံစမ်းရှာဖွေ လာရာတွင် တခါတရံ သိပ္ပံပညာရှင်များ အချင်းချင်း အငြင်းပွားကြသေးသည်။ ၁၉၁၁ ခုနှစ်တွင် အင်္ဂလန်ပြည် ဆပ်ဆက်နယ်၌ တူးဖော်ရရှိသော ပီလဒေါင်း ဦးခေါင်းခွံနှင့် စပ်လျဉ်း၍မူ အပြင်းအထန် အငြင်းပွားကြလေသည်။ ဦးခေါင်းခွံမှာ လူ၏ ဦးခေါင်းခွံမှန်း သိသာထင်ရှားသော်လည်း မေးမရှိသော အောက်ပါးရိုးနှင့် ကြီးမားသော သွားစွယ်များမှာကား မျောက်ဝံနှင့် တူလှ၏။ သို့ဖြစ်၍ ဦးခေါင်းခွံနှင့် ပါးရိုးရှင်များသည် တခြားစီလော ဟု တွေးတောစရာ ဖြစ်နေပေသည်။

ဂျာမနီနိုင်ငံ နေယန်းဒါတောနယ်တွင်လည်း ရှေးခေတ် လူများ၏ ရုပ်ကလာပ် အကြွင်းအကျန်များကို တွေ့ရှိရပေသည်။ နေယန်းဒါတော လူများမှာကား လွန်ခဲ့သည့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်း ၅၀,၀၀၀ နှင့် ၁၀၀,၀၀၀ အတွင်း နေထိုင်ခဲ့သည်ဟု ယူဆရသည်။ သူတို့ကား ကျောက်လက်နက် ကရိယာများ ပြုလုပ်သုံးစွဲ၍ ဂူများ၌ နေသည်။ မီးကိုလည်း အသုံးပြုရမှန်း သိ၍ တိရစ္ဆာန်ကလေးများကို လိုက်လံ သတ်ဖြတ်၍ စားသောက်ကြသည်။

ပြင်သစ်နိုင်ငံတွင် တူးဖော်ရရှိသော အရိုးစုများမှာကား ကရိုမာညွန် လူများ၏ ရုပ်ကလာပ်အစအနများဖြစ်ကြသည်။ သူတို့ကား အတော်အတန် ယဉ်ကျေးသော အဆင့်အတန်းသို့ ရောက်နေ၍ ယခုခေတ် လူများနှင့်မျိုးစိတ်ချင်း အတူတူဖြစ်မည်ဟု ယူဆကြသည်။ ကရိုမာညွန် လူများနောက် နေထိုင်ကြသောသူများမှာ နောက်ဆုံး ကျောက်ခေတ် လူများပင် ဖြစ်တော့သည်။

ရှေးဟောင်း ပစ္စည်းများကို မြေကြီးထဲမှ တူးဖော်၍ လေ့လာသူ ပညာရှိကြီးများသည် လူ၏သမိုင်းကို ခေတ်အမျိုးမျိုး ပိုင်းခြား ထားခဲ့ကြသည်။ ရှေးအကျဆုံး ခေတ်မှာ ကျောက်သားဖြင့် ပြုလုပ်သည့် ကရိယာအကြမ်းစားများကို စတင် အသုံးပြုသော ခေတ်ဖြစ်၍ ကျောက်ခေတ်၏ ရှေ့ပြေးခေတ် ဟု ခေါ်သည်။ ထိုခေတ်ကလူများသည် ကျောက်တုံးကျောက်ခဲများကို ထုရိုက်ခုတ်ထစ်စရာ ကရိယာများ အဖြစ် စတင် အသုံးပြုကြသည် ဟု ယူဆရလေသည်။ သို့ရာတွင် ထိုကျောက်ကရိယာများမှာ လူ၏



ဂျာမနီနိုင်ငံ နေယန်းဒါးတောနယ်မှ တူးဖော်တွေ့ရှိသော နေယန်းဒါးတော ရှေးခေတ် လူသား

လက်ဖြင့် ကျောက်သားမှ ထွင်းဖဲ့ကာ ပြုပြင်ယူရသော ပစ္စည်းများလော၊ သို့တည်းမဟုတ် သဘာဝအတိုင်းပွန်းပဲ့ ထိခိုက်ခြင်းဖြင့် အလိုအလျောက် လက်နက်ကရိယာသဖွယ် ဖြစ်လာသော အရာများလော ဟူ၍ ကျွန်ုပ်တို့ တပ်အပ်သေချာစွာ ပြောနိုင်ရန် ခဲယဉ်းလေသည်။

ထိုနောက် တခေတ် ပြောင်းခဲ့ပြန်ရာ ကျောက်ခေတ်ဟောင်းသို့ ရောက်လာကြလေသည်။ ကျောက်ခေတ်ဟောင်းကျမှသာလျှင် လူများသည် ကျောက်ကရိယာများကို ပြုပြင်၍ အသုံးပြုကြလေသည်။ ထိုခေတ်ကလူများကို ကျောက်ခေတ်ဟောင်း လူများ ဟု ခေါ်သည်။ ကျောက်ခေတ်ဟောင်းတွင် အသုံးပြုကြသော ကျောက်ကရိယာများမှာ လက်ရာကြမ်းတမ်း၍ မောင်းချထားသဏ္ဌာန် ချွန်ထက်သော အစောင်းများရှိသည်။ သို့ရာတွင် ထိုခေတ်၏ နောက်ပိုင်း၌ အသုံးပြုကြသည့် ကျောက်ကရိယာများမှာ ရှေးကထက်ပို၍ လက်ရာချောမွေ့လာလေသည်။ ကျောက်ကရိယာများကို ပြုလုပ်ရာတွင် ယခင်ကကဲ့သို့ ကျောက်အချင်းချင်း ထုရိုက်ခြင်းဖြင့် မဟုတ်ဘဲ၊ လိုရာပုံသဏ္ဌာန်ရအောင် ဖိ၍သွေးခြင်းဖြင့် ပြုလုပ်ကြရာ ကျောက်ကရိယာများမှာ ပိုမို သေသပ်၍ တခုနှင့်တခု မကွဲပြားလှချေ။ ကျောက်ခေတ်ဟောင်း ကုန်ခါနီးတွင် နေထိုင်ခဲ့ကြသော လူများသည် ချောမွေ့သော ကျောက်ကရိယာ များသာမက တိရစ္ဆာန်များ၏ အရိုးများ၊ ဦးချိုများနှင့် အစွယ်များဖြင့်လည်း ကရိယာများကို ပြုလုပ်ကြ၏။ ကျောက်ခေတ်ဟောင်း၏ သက်တမ်းမှာ နှစ်ထောင်ပေါင်းများစွာကြာသည်ဟု ခန့်မှန်းကြသည်။ အဘယ်ကြောင့် ဆိုသော် ကျောက်ခေတ်ဟောင်းတွင် အသုံးပြုခဲ့ကြသော ကျောက်ကရိယာများကို အတိမ်အနက် အမျိုးမျိုးရှိသော မြေကြီးအောက်မှ တူးဖော်ရရှိ၍ အလွန်ကြမ်းတမ်းသော အဆင့်မှ လက်ရာချောမွေ့လာသော အဆင့်များအထိ အဆင့်ဆင့် တိုးတက်လာပုံကို တွေ့ရှိရသောကြောင့် ဖြစ်ပေသည်။

ကျောက်ခေတ်ဟောင်း ကုန်ဆုံးသွားသော အခါ အလယ်ပိုင်းကျောက်ခေတ်သို့ ရောက်ရှိလာသည်။ ထိုခေတ်မှာ ကျောက်ခေတ်ဟောင်းမှ ကျောက်ခေတ်သစ်သို့အကူးကြားကာလ ဖြစ်သည်။ ထိုခေတ်တွင် အသုံးပြုသော ကျောက်ကရိယာများမှာ ကျောက်ခေတ်ဟောင်း ကရိယာများထက် လက်ရာ အနည်းငယ် ညံ့လာသည်ကို တွေ့ရှိရသည်။ သို့ရာတွင် ထိုခေတ်က အသုံးပြုခဲ့ကြဟန် တူသော ဆေးရောင်ခြယ်ထားသည့် ကျောက်စရစ်ခဲကလေးများကို တွေ့ရှိရလေရာ ထိုကျောက်စရစ်များကို အက္ခရာစာလုံး အမှတ်အသားအဖြစ် အသုံးပြုခဲ့ကြသလော၊ သို့မဟုတ် အယူဝါဒဆိုင်ရာ အထိမ်းအမှတ် အဖြစ် အသုံးပြုခဲ့ကြသလော ဟု အမျိုးမျိုးတွေးတောစရာ ဖြစ်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အလယ်ပိုင်း ကျောက်ခေတ် ကုန်ဆုံးသွားသောအခါ နောက်ဆုံးဖြစ်သော ကျောက်ခေတ်သစ်သို့ ရောက်ရှိလာလေသည်။ နောက်ဆုံး ကျောက်ခေတ်သစ် ထွန်းကားသော အချိန်မှာ တတိုင်းပြည်နှင့် တတိုင်းပြည်တွင် တပြိုင်တည်း မဟုတ်ဘဲ နှစ်ပေါင်းများစွာ ခြားနားလေသည်။ အီဂျစ်နိုင်ငံတွင် ကျောက်ခေတ်သစ် ထွန်းကားချိန်မှာ လွန်ခဲ့သော နှစ်ပေါင်း ၂၀,၀၀၀ ခန့်က ဖြစ်၍ ကရိကျွန်းတွင်မူ လွန်ခဲ့သော နှစ်ပေါင်း ၁၄,၀၀၀ ခန့်က ၎င်း၊ ဥရောပ အနောက်ပိုင်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၇,၀၀၀ မှ ၈,၀၀၀ ခန့်က၎င်း အသီးအသီး ထွန်းကားခဲ့ကြလေသည်။

ကျောက်ခေတ်သစ်တွင် အသုံးပြုသော ကျောက်ကရိယာများသည် ယခင်ခေတ်များကထက် လှပချောမွေ့လာပြီးလျှင် အသုံးကျပုံ နယ်ပယ်မှာလည်း ပိုမို၍ကျယ်ဝန်းလာလေသည်။ ထိုခေတ်တွင် နေထိုင်ကြသော လူများသည် အိုးခွက်များနှင့် လေးမြားတို့ကိုလည်း အသုံးပြုကြလေသည်။ ထို့အပြင် တောထဲမှ တိရစ္ဆာန် အရိုင်းများကို အိမ်တွင် ယဉ်ပါးအောင် မွေးမြူခြင်း၊ အသီးအနှံပင်များ စိုက်ပျိုးခြင်း၊ အဝတ်အထည် ရက်လုပ်ခြင်း စသည်တို့မှာလည်း ကျောက်ခေတ်သစ်၏ မှတ်သားဖွယ်ရာ အကြီးအကျယ် တိုးတက်မှုများပင် ဖြစ်လေသည်။

နောက်ဆုံး ကျောက်ခေတ်သစ်တွင် လူများကို အရိုင်းဘဝမှ ယဉ်ကျေးသောလူများ အဖြစ်သို့ ပို့ဆောင်လိုက်သော အရာမှာ အိုးခွက်များကို ရှေးဦးစွာ အသုံးပြုခြင်းပင်ဖြစ်၏။ အိုးခွက်များကို တီထွင် ပြုလုပ်နိုင်သောအခါ အစားအစာများကို ချက်ပြုတ်၍ စားသောက်ကြလေသည်။ လူများ၏ အစားအစာနယ်ပယ် ကျယ်ဝန်းလာ၍ အငွေ့တထောင်းထောင်း ထကာ ဆူပွက်နေအောင် ချက်ထားသော အိုးပတ်လည်တွင် လူများအစုလိုက် ဝိုင်းရံ၍ နေတတ်ကြသည်။ ထို့အပြင် ရှေးကထက် တိုးတက်ကောင်းမွန်သော ကျောက်ကရိယာများကို အသုံးပြု၍ နေထိုင်ရန် အိမ်များ၊ မြစ်ချောင်းအင်းအိုင်များကို ဖြတ်ကူးရန် လှေများနှင့် အစားအစာများ ထည့်ရန် သစ်သားပန်းကန် အိုးခွက်များကို ပြုလုပ်ကြလေသည်။

ဥရောပတိုက် ဒိန်းမတ်နိုင်ငံ ပင်လယ်ကမ်းခြေ တလျှောက်တွင် ကျောက်ခေတ်သစ်လူများ နေထိုင်ခဲ့သော နေရာများစွာ ရှိလေသည်။ ထိုနေရာတဝိုက်တွင် ရှေးဦးလူများသည် ကျောက်များပေါ်တွင် အခြေခံထားကာ ကျူပင်များကိုရက်၍ ရွှံ့များဖြင့်မံပြီးလျှင် တဲငယ်များဆောက်၍ နေထိုင်ခဲ့ကြလေသည်။ သူတို့သည် အကြမ်းပြုလုပ်ထားသော လှေများဖြင့် ပင်လယ်ကမ်းခြေမှ ထွက်ခွာ၍ ခရု၊ ကမာ စသည်များကို လိုက်လံရှာဖွေကြသည်။ ကုန်း



ကျောက်ခေတ်ဟောင်း ကုန်ခါနီးတွင် နေထိုင်ခဲ့ကြသော ရှေးဦးလူများသည် ကျောက်ကရိယာများသာမက တိရစ္ဆာန်များ၏ အရိုးများဖြင့်လည်း လက်နက်များ ပြုလုပ်ကြသည်။

ပေါ်တွင်ကား ဒွားရိုင်းများကို လိုက်လံ ပစ်ခတ်ကြသည်။ အစာရသောအခါ မီးဖိုဘေး ပတ်လည်တွင် ဝိုင်း၍ စားကြပြီးလျှင် အခွံများ အရိုးများနှင့် အမှိုက်များကို အနားတွင် ပစ်ထားလေရာ အပုံကြီးများ အဖြစ် ကျန်ရစ်နေလေသည်။ ရှေးဟောင်း ပစ္စည်းများကို တူးဖော်၍ ထိုခေတ်က လူများ မည်သို့မည်ပုံ နေထိုင် ပြုလုပ်ခဲ့ကြသည်ကို တွေးဆကြည့်ကြသည်။ ဆွစ်ဇာလန်နိုင်ငံတွင် နေထိုင်ခဲ့သော ကျောက်ခေတ်သစ်က လူများမှာကား သာ၍ပင် ယဉ်ကျေးနေပေသည်။ သူတို့သည် ရေအိုင်ကြီးများတွင် မြင့်မားသော သစ်သားအိမ်များကို ဆောက်လုပ်၍ စိတ်ချလက်ချ နေထိုင်ကြသည်ကို တူးဖော်ရရှိသော ရှေးဟောင်းပစ္စည်းများကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်။

ယင်းသို့အားဖြင့် လူများသည် ရှေးဟောင်းကျောက်ခေတ်မှ ခေတ်အဆက်ဆက် နေထိုင်လာခဲ့ကြလေရာ တ



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်း လူများ၏ အသိဉာဏ် တိုးတက်လာသည်နှင့် အမျှ နေရေးထိုင်ရေး အဆင့်အတန်းမှာလည်း မြင့်တက်လာလေသည်။ လူများသည် သီးနှံပင်များကို စိုက်ပျိုးခြင်း၊ တောတိရစ္ဆာန်ရိုင်းများကို အိမ်၌ ယဉ်ပါးအောင် မွေးမြူနိုင်ခြင်း စသည်တို့ကို တတ်ကျွမ်းလာသောအခါ လူများ၏ အသက်မွေးမှု နည်းလမ်းများသည်လည်း နှစ်မျိုးနှစ်စား ကွဲပြားလာလေသည်။ အချို့သော လူများသည် တနေရာတွင် လယ်ယာစိုက်ပျိုးခြင်းကို လုပ်ကိုင်ကာ အသက်မွေးမြူကြ၍ အချို့မှာ မြက်ခင်းရှိရာ ဒေသများတွင် သိုး၊ ဆိတ်၊ ကျွဲ၊နွားများကို ထိန်းကျောင်းခြင်းဖြင့် တနေရာမှ တနေရာသို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ တိရစ္ဆာန်များကို ထိန်းကျောင်း၍ အသက်မွေးသော သူများသည် နွေအခါတွင် မြောက်ပိုင်းရှိ မြက်ခင်းများတွင် နေထိုင်ကြ၍ ဆောင်းရာသီတွင် တောင်ပိုင်းရှိ မြက်ခင်းများသို့ ပြောင်းရွှေ့ကာ သိုးသား ဆိတ်သားများနှင့် နွားနို့ ဆိတ်နို့ များကို စားသောက်နေထိုင်ကြသည်။ ထိုသူများမှာ နေဒဏ်မိုးဒဏ်ကို ခံကာ အလုပ်ကြမ်းကို လုပ်ကိုင် နေထိုင်ကြရသောကြောင့် ကိုယ်ခန္ဓာ ကြမ်းတမ်းခက်ထန်ပြီးလျှင် တနေရာတည်းတွင် အိုးအိမ် အတည်တကျ နေထိုင်လေ့ရှိကြသော လယ်ယာသမားများကို သွားရောက်တိုက်ခိုက်လေ့ ရှိကြလေသည်။

ကျောက်ခေတ်များ ကုန်ဆုံးပြီးနောက်တွင်ကား သတ္တုခေတ်သို့ ရောက်ရှိလာသည်။ လူတို့ ပဌမဦးစွာ အသုံးပြုသော သတ္တုကရိယာများမှာ ကြေးနီဖြင့် လုပ်သော ကရိယာ တန်ဆာပလာများဖြစ်သည်။ ကြေးနီခေတ် ကုန်ဆုံးသွားသည့်နောက် နှစ်ပေါင်း ၁,၅၀၀ မျှ ကြာသောအခါ ကြေးဝါခေတ်သို့ ရောက်ရှိလာသည်။ သံကိုမူ ခရစ်မပေါ်မီ နှစ်ပေါင်း ၁,၀၀၀ ခန့်ကမှသာ ဥရောပတိုက်တွင် စတင်အသုံးပြုခဲ့ကြလေသည်။

ယင်းသို့အားဖြင့် သိပ္ပံပညာရှင်ကြီးများ စုံစမ်းရှာဖွေရရှိသော ပါဏဗေဒနှင့် ဘူမိဗေဒဆိုင်ရာ အထောက်အထားများကို ထည့်သွင်း စဉ်းစားသောအခါ လူသည် မိမိထက် နိမ့်ကျသောသတ္တဝါတခုမှ တဖြည်းဖြည်း ပြောင်းလဲ ဆင်းသက်လာသည် ဟူသော အဆုံးသတ် အဖြေကို ရရှိလေသည်။ ထိုအပြင် ကျွန်ုပ်တို့ ယနေ့ သိရှိကြသည့် အတိုင်း လူမျိုးများသည် တဖြည်းဖြည်း ပြောင်းလဲလာခြင်းမှ ပေါက်ဖွားလာသည် ဟူသောအချက်ကို ရရှိလေသည်။ သို့ရာတွင် ယခုခေတ်လူများ ဖြစ်ပေါ်ပုံ အစနှင့် တိမ်ကောသွားပြီဖြစ်သော မျောက်ဝံတမျိုး၏ သဏ္ဌာန် အကြားတွင် မည်သို့ဖြစ်ပျက်သည် ဟူသော အထောက်အထားများကိုမူ ယခုထက်တိုင် စုံစမ်းရှာဖွေ၍ မရသေးချေ။



လူသည် မိမိထက် နိမ့်ကျသော သတ္တဝါတခုမှ တဖြည်းဖြည်း ပြောင်းလဲ ဆင်းသက်လာသည်။ ထို့အတူ လူမျိုးများသည် တဖြည်းဖြည်း ပြောင်းလဲလာခြင်းမှ ပေါက်ဖွားလာကြသည်။ နောက်ဆုံး ကျောက်ခေတ်သစ်တွင် ရှေးလူများသည် မီးကို အသုံးပြုတတ်ရုံမျှမက အိုးခွက်များကို တီထွင် ပြုလုပ်နိုင်ခဲ့ကြသည်။ တိရစ္ဆာန်ရိုင်းများကို အိမ်တွင် ယဉ်ပါးအောင်မွေးမြူခြင်း၊ သီးနှံပင်များစိုက်ပျိုးခြင်း၊ နံရံတွင် ရုပ်ပုံများရေးဆွဲခြင်း အတတ်ပညာများ တိုးတက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



**လူငယ်တည်းအိမ်များ။** ။ပဌမ ကမ္ဘာစစ် အပြီးတွင် လူငယ်များ နိုးကြား၍ အမြင်ကျယ်လာကြရာ ဥရောပတိုက်တွင် လူငယ့်တည်းအိမ် အမည်ရှိ လူငယ်အသင်းများ ပေါ်ပေါက် လာလေသည်။ ၁၉၃၀–၃၁ ခုနှစ်တွင် စတင်တည်ထောင်ကြရာ ပါဝင်သူ အသင်းသားများမှာ အသက် ၁၆ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များ ဖြစ်ကြ၍ အသင်းသားတို့သည် နှစ်စဉ်ကြေး အနည်းငယ်စီသာ ပေးသွင်းကြရ၏။

အသင်း၏ ရည်ရွယ်ချက်မှာ လှည့်ပတ်ကြည့်ရှု၍ ဗဟုသုတ ရှာစရာကောင်းသော တောရပ် တောရွာများ၏ အခြေအနေကို ပိုမိုသိရှိကြရန်ဖြစ်၍၊ အပျော်ခရီးထွက်သူများ၊ စက်ဘီးစီး ထွက်သူများအတွက် တည်းခိုနားနေရန် သင့်တော်မည့် နေရာများ၌ ထိုတည်းအိမ်များကို ထားရှိလေသည်။ အသင်းသားများသည် တည်းအိမ်များ၌တည်းခိုပါက အခကြေးငွေအနည်းငယ်ပေးရ၍ ညဉ့်အိပ်လိုလျှင် အနည်းငယ် ပိုရှဲပေးရသည်။ သို့ရာတွင် တည်းအိမ် သပ်ရပ် သန့်ရှင်းမှုအတွက် ဝေပုံကျ ကူညီ လုပ်ကိုင်ပေးရ၏။

ထိုတည်းအိမ်မျိုးမှာ ဥရောပမှတဆင့် တဖြည်းဖြည်း ခေတ်စားလာရာ အင်္ဂလန်၊ ဝေလ၊ စကော့တလန်၊ အိုင်ယာလန် ပြည်တို့တွင်လည်း လူငယ်တည်းအိမ်များ တည်ထောင်လာကြသည်။ ယခုအခါ လူငယ်တည်းအိမ်ပေါင်း ၃၀၀ ကျော်ရှိ၍ အသင်းသားမှာ ခုနစ်သောင်းကျော်မျှ ရှိလေသည်။

**လူတိုင်းစစ်မှုထမ်းရေး။** ။ရှေးခေတ်က တတိုင်းပြည်နှင့် တတိုင်းပြည် စစ်မက်အင်္ဂါဖြစ်ပွားကြရာတွင် လက်နက်စွဲကိုင်နိုင်သူ မှန်သမျှ စစ်ထဲဝင်၍ တိုက်ခိုက်ကြရ၏။ စစ်ဖြစ်ခါနီးမှ စစ်သားများ စုဆောင်းကြသည်။ လေးမြားအတတ်နှင့် ဓားခုတ်လှံထိုး အတတ်တို့၌ အထူးကျွမ်းကျင်သော အထက်တန်း လူတစုမှလွဲ၍ အမြဲတမ်း တပ်မတော်ဟူ၍ မရှိခဲ့ချေ။ စစ်ဖြစ်ခါနီးမှ အရေးပေါ် စစ်သားများနှင့် တိုက်ခိုက်ကြသည်သာ များသည်။ အမြဲတမ်း တပ်မတော်ဖွဲ့စည်း၍ လူတိုင်းစစ်မှုထမ်းသည့်စံနစ်ကို ၁၉ ရာစုနှစ်အစ၌ ပြင်သစ်တော်လှန်ရေးအပြီးတွင်မှ စတင်ခဲ့လေသည်။ ခရစ် ၁၇၈၉ ခုနှစ်မှ ၁၇၉၉ ခုနှစ်အထိ ဆယ်နှစ်တိုင်တိုင် ဖြစ်ပွားခဲ့သော တော်လှန်ရေးကြောင့် ပြင်သစ်နိုင်ငံ၏ အခြေအနေမှာ အဖက်ဖက်တွင် အလွန်ဆိုးရွားခဲ့၏။ ပြည်ပ ရန်သူနိုင်ငံများကလည်း ခြိမ်းခြောက်လျက်ရှိရာ ထိုအချိန်တွင် နပိုလီယန်သည် ပြင်သစ်နိုင်ငံ၏ အာဏာရှင် အဖြစ်ကို ရယူခဲ့လေသည်။ ဝိုင်းရံလျက်ရှိသော ရန်သူတို့၏အန္တရာယ်ကို တွန်းလှန်နိုင်ရန် နပိုလီယန်သည် လူတိုင်းစစ်မှုထမ်းရန် ဆင့်ခေါ်ခဲ့ရာ ၁၈၀၈ ခုနှစ်၌ စစ်သားပေါင်း ၂၄၀,၀၀၀ ရရှိခဲ့၍ ၁၈၁၃ ခုနှစ်တွင် တသန်းကျော်မျှ ရရှိခဲ့လေသည်။ နပိုလီယန်၏ နည်းကိုယူ၍ ပရပ်ရှားနိုင်ငံကလည်း လူတိုင်းစစ်မှုထမ်းရန် ဆင့်ခေါ်လျက် အမြဲတမ်းတပ်မတော်ကြီးကို ဖွဲ့စည်းခဲ့သည်။ ၁၉၁၄ ခုနှစ် အထိ ဂရိတ်ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စု နိုင်ငံကြီး နှစ်နိုင်ငံသာလျှင် လူတိုင်းစစ်မှုထမ်းရေးကို မရွက်ဆောင်ခဲ့ပေ။ ဥရောပတိုက်တွင် စစ်မှုထမ်းရသည့် အချိန်တာသည် တနှစ်မှ သုံးနှစ်ထိဖြစ်ကြသည်။

အမေရိကန်ပြည်ထောင်စုတွင် လွတ်လပ်ရေးစစ်ပွဲ ဖြစ်စဉ်က လူတိုင်း စစ်မှုထမ်းရေးကို အကြိမ်ကြိမ် ကြံစည်ကြိုးပမ်းခဲ့သော်လည်း မပြဋ္ဌာန်းနိုင်ခဲ့ချေ။ ပြည်တွင်းစစ်ဖြစ်ပွားချိန်တွင် စစ်သားစာရင်းသွင်း ဥပဒေကို ၁၈၆၃ ခုနှစ်က အတည်ပြုခဲ့ရာ ထိုဥပဒေအရ လူတိုင်း စစ်မှုထမ်းရန်ဖြစ်ပေသည်။ သို့သော်အရည်အခြင်း မပြည့်စုံသော အပျော်ထမ်း စစ်သားများလောက်သာ ထွက်ပေါ် လာခဲ့သည်။ ပဌမကမ္ဘာစစ်ပွဲအတွင်း ၁၉၁၇ ခုနှစ်က လူတိုင်းစစ်မှုထမ်းရေး ဥပဒေကို အတည်ပြုခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းကလည်း ဤနည်းကို ထပ်မံ အသုံးပြုခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် အသက် ၁၉ နှစ်နှင့် ၂၅ နှစ် အကြားရှိ လူငယ်များအား ၂၁ လ စစ်မှုထမ်းရန် ဥပဒေကို တဖန်ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ ထိုနောက် နှစ်စဉ် အသက် ၁၈ နှစ်ရှိ လူငယ် အပျော်ထမ်း တပ်သား ၁၀၀,၀၀၀ ရအောင် စုဆောင်း၍ တနှစ်တာ တန်းပြည့် စစ်မှုထမ်းရန် ကိုလည်း ဆောင်ရွက်ခဲ့လေသည်။

ပဌမကမ္ဘာစစ်အတွင်းက ဂရိတ် ဗြိတိန်နိုင်ငံတွင် လူတိုင်း စစ်မှုထမ်းရမည့် ဥပဒေကို ချက်ခြင်း မပြဋ္ဌာန်းဘဲ အချိန်ကြန့်ကြာနေမှုကြောင့် တကြောင်း၊ ယင်းဥပဒေကို မပြဋ္ဌာန်းမီ အပျော်ထမ်းတပ်သားများကိုသာ အားကိုးမိသောကြောင့်တကြောင်း၊ လူပေါင်းများစွာ အလဟဿ သေဆုံးခဲ့ရသည့်ပြင် အရေးပါအရာရောက်သော အရာရှိများနှင့် စက်မှုလက်မှုဌာနမှ သော့ချက် လူ အမြောက်အမြားပင် ပဌမဆုံး ထိခိုက်ဒဏ်ရာရရှိခဲ့ရလေသည်။ ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ် မဖြစ်ပွားမီ လအနည်းငယ်လောက်ကမူ လူတိုင်းစစ်မှုထမ်းရမည့် ဥပဒေကို အချိန်မှီ ပြန်၍ပြဋ္ဌာန်းလိုက်နိုင်သောကြောင့် စစ်တပ်ထဲသို့ ဝင်လာသော လူများအား ယင်းတို့၏ ပညာ အရည်အခြင်းကို လိုက်၍ အလုပ်များ ခွဲဝေပေးနိုင်ခဲ့သည်။ လူတိုင်းစစ်မှုထမ်းရေးကို ယောကျ်ားများကိုသာမက မိန်းမများ အပေါ်တွင်လည်း ၁၉၄၁ ခုနှစ် ဒီဇင်ဘာလမှ ၁၉၄၇ ခုနှစ် ဇန္နဝါရီလ အထိ ပြဋ္ဌာန်းခဲ့သည်။ သို့သော် ၁၉၄၄ ခုနှစ် နိုဝင်ဘာလနှောင်းပိုင်း ရောက်သည့်အခါ မိန်းမအနည်းငယ်မျှကိုသာ ခေါ်တော့သည်။




www.burmeseclassic.com

www.burmeseclassic.com



၁၉၈၇ ခုနှစ် အမျိုးသား စစ်မှုထမ်းရေး ဥပဒေအရ အောက်ပါအချက်များကြောင့် လူတိုင်း စစ်မှုထမ်းရေး ဥပဒေကို ဆက်လက်ပြဋ္ဌာန်းခဲ့သည်။ (၁) လူလုပ်အား နည်းခြင်း၊ (၂) နှစ်ရှည် အပျော်ထမ်း တပ်သားအရေ အတွက် လုံလောက်အောင် မရရှိခြင်း၊ (၃)လက်နက်ဆန်း လက်နက်သစ်များ ပေါ်ထွက်လာခြင်းနှင့် အလစ်ဝင်ရောက် တိုက်ခိုက်နိုင်အောင် လူအား ရှိရန်လိုခြင်းတို့ ဖြစ်သည်။ ထိုဥပဒေအရ ၁၉၅၀ ပြည့်နှစ်အထိ နှစ်စဉ်နှစ်စဉ် တပ်သား ပေါင်း အများဆုံး ၁၅၀,၀၀၀ ရရှိလိမ့်မည်။ ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းသို့ရောက်သောအခါ အမျိုးသား စစ်မှုထမ်းရေး ဥပဒေအရ စစ်မှုထမ်းရသော လူများအား ပြည်စောင့်တပ် သို့ ခြောက်နှစ်စစ်မှုထမ်းရန် လွှဲပြောင်းပေးလိုက်လေသည်။

**လူဒင်ဒေါ့ဖ်၊ အီ** (ခရစ် ၁၈၆၅–၁၉၃၇)။ ။ဂျာမနီနိုင်ငံ ၏သမိုင်းတွင် စစ်မက်ရေး၌သာ မက နိုင်ငံရေး၌လည်း ထင်ရှားခဲ့သူ စစ်ဗိုလ်ချုပ်ကြီး အဲရစ် ဖွန် လူဒင်ဒေါ့ သည် ပရပ်ရှားပြည် ပိုဇန်နယ် ကရူဇီဝီနား အရပ်၌ ၁၈၆၅ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ဖွားမြင်လေသည်။ ဖခင် ဖြစ်သူမှာ ပရပ်ရှား အရာရှိကြီး တဦး ဖြစ်သည်။ လူဒင်ဒေါ့သည် ငယ်စဉ်ကပင် စစ်စိတ် စစ်သွေးပါခဲ့သူဖြစ်၍ အသက် ၁၇



ဂျာမန် စစ်ရေး နှင့် နိုင်ငံရေးခေါင်းဆောင် ဗိုလ်ချုပ်ကြီး လူဒင်ဒေါ့

နှစ်အရွယ်မှ အစပြုကာ စစ်ထဲ၌ ဝင်ရောက် အမှုထမ်းခဲ့ လေသည်။ ၁၈၉၈ ခုနှစ် (အသက် ၃၃ နှစ်အရွယ်)တွင် စစ် ဦးစီးအဖွဲ့ရုံးသို့ ဝင်ရောက်အမှုထမ်းနေစဉ် ၁၉၁၄ ခုနှစ် ပဌမကမ္ဘာစစ် ဖြစ်ပွားသောအခါ လူဒင်ဒေါ့သည် အမှတ် ၂ တပ်မတော်၏ တပ်ထောက်ချုပ် ရာထူးဖြင့် ရှေ့တန်းမြေပြင်သို့ ထွက်ရလေသည်။ စစ်ပွဲတွင် ထူးချွန်သော ရဲစွမ်းသတ္တိ ရှိရုံ မက အစီအမံလည်းကောင်းသူဖြစ်ကြောင်း ထင်ရှားစေခဲ့ လေသည်။ ထိုနောက် များမကြာမီ သူ၏စွမ်းစားမှုများကို ယုံကြည်သော စစ်အာဏာပိုင်တို့သည် လူဒင်ဒေါ့အား တပ် မှူးကြီး ဟင်ဒင်ဗတ်၏ လက်အောက်တွင် ဦးစီးမှူးအဖြစ် ရှုရှားစစ်မျက်နှာဖက်သို့ စေလွှတ်လိုက်၏။ ထိုစစ်မျက်နှာ၌ တန်နင်ဗတ်တွင် အောင်ပွဲရခဲ့လေသည်။ ၁၉၁၆ ခုနှစ်တွင် တပ်မှူးကြီး ဟင်ဒင်ဗတ်သည် စစ်သေနာပတိ ဖြစ်လာသော အခါ လူဒင်ဒေါ့သည် ပဌမ ဦးစီးချုပ် ဖြစ်လာလေသည်။

လူဒင်ဒေါ့ကား စစ်အတတ်၌ ကျွမ်းကျင်သူဖြစ်၍ တိုက် နည်းခိုက်နည်းအမျိုးမျိုး၊ လက်နက်အမျိုးမျိုးကို ကြံစည် တီထွင်ခဲ့သူဖြစ်သည်။ စစ်ပွဲများတွင် အဆိပ်ငွေ့ဗုံးများကို အများအပြားသုံးခဲ့သဖြင့် မဟာမိတ်များ ဖက်၌ အပျက် အစီးအဆုံးအရှုံးများခဲ့၏။ သို့ရာတွင် ၁၉၁၈ ခုနှစ်လောက် ရောက်သောအခါ ဂျာမန်တို့ တဖြည်းဖြည်း အရေးနိမ့်လာ လေရာ တိုင်းပြည်လူထုနှင့်တကွ ခေါင်းဆောင်ကြီးများက ရသမျှ အခွင့်အရေးနှင့်ပင် စစ်ပြေငြိမ်းလိုကြသည်။ လူဒင် ဒေါ့ကမူ ဂုဏ်ယူလောက်သော စစ်ပြေငြိမ်းမှုကိုသာ လိုချင် သည်ဖြစ်သောကြောင့် ထိုခေါင်းဆောင်တို့နှင့် မညီမညွတ် ဖြစ်ကာ ရာထူးမှထုတ်ပယ်ခြင်း ခံရလေသည်။ စစ်ပြေငြိမ်း ပြီးသောအခါ လူဒင်ဒေါ့သည် ဆွီဒင်နိုင်ငံသို့ တိမ်းရှောင် နေပြီးနောက် ငါးလခန့် ကြာသောအခါ ဂျာမနီသို့ ပြန် လာကာ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်သည်။ ဟစ်တလာ တို့ ဦးစီးသည့် ၁၉၂၃ ခုနှစ် ဗီယာအဆောင် ပုန်ကန်မှုတွင် ပါဝင်ခဲ့သဖြင့် ထောင်နန်းစံရမည့်အရေးမှ စစ်မှုထမ်းသက် ကြောင့် လွတ်ခဲ့ရ၏။ သို့ရာတွင် မကြာမြင့်မီ ဟစ်တလာ၏ ဝါဒများကို မနှစ်သက်သဖြင့် ဂိုဏ်းခွဲလိုက်၏။ အယူဝါဒ ဆိုင်ရာတွင် စိတ်ဝင်စားကာ ဂျာမန်လူထုအား အယူဝါဒ ဖြင့်များ၍ ကမ္ဘာပေါ်တွင် တဖန် ခေါင်းထောင်လာနိုင်ရန် အားထုတ်လေသည်။ သူဦးစီးထုတ်ဝေသော သတင်းစာကို နာဇီတို့က မကြာခဏ ပိတ်ပင်ချုပ်ချယ်သော်လည်း နာဇီ ခေါင်းဆောင် ဟစ်တလာမူကား လူဒင်ဒေါ့အား သူနှင့် ဂိုဏ်းကွဲသည့်တိုင်အောင်ပင် ကြည်ညိုမြဲ ကြည်ညိုနေသည့် အလျောက် ဖိုးလောဘွဲ့ပေးရုံမက သူ၏ အနှစ် ၇၀ မြောက် မွေးနေ့ကိုပင် ကျင်းပပြီး ခြီးကျူးခဲ့ဘူးလေသည်။ လူဒင် ဒေါ့သည် ဒုတိယကမ္ဘာစစ်မဖြစ်မီ ၁၉၃၇ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကွယ်လွန်လေသည်။

www.burmeseclassic.com



**လူနေမှုတိုးတက်လာခြင်း။** ။လူနေမှု တိုးတက်လာခြင်းဟူသည်မှာ လူနေမှုအဆင့်အတန်းသည် တဖြည်းဖြည်းနှင့် တဆင့်ပြီးတဆင့် တိုးတက်လာပြီးလျှင် အမြင့်ဆုံး အဆင့်သို့ရောက်ခြင်းကို ဆိုလိုသည်။ သမိုင်းမတင်မီခေတ်က ဆိုလျှင် လူသားတို့သည် သဘာဝ၏ ပြုပြင်မှု အတိုင်းသာ နေထိုင် စားသောက်နေကြရသည်။ သဘာဝ အလျောက် ပေါက်သည့် သစ်ဥသစ်ဖုများ၊ အသီးအနှံများနှင့် တောတွင်းတိရစ္ဆာန်များကိုသာ ရသမျှစားသောက်၍ အသက်ရှင်နေကြရသည်။ သဘာဝဓာတ်ကြီးများ ဖြစ်ကြသော လေဒဏ်၊ ရေဒဏ်၊ မီးဒဏ်နှင့်မိုးဒဏ်များကို အားကိုးရာမဲ့ဖြစ်ကာ အလူးအလိမ့် ခံကြရပြီး အသက်ပေါင်း များစွာ သေကြေပျက်စီးခဲ့ကြရသည်။ တခါတရံ သဘာဝ အစားအစာများ ကုန်ခန်းသွားသည့်အခါလည်း ရှိခဲ့၏။ ထိုအခါမျိုးတွင် လူပေါင်းများစွာ ပျက်စီးခဲ့ကြရသည်။ လူတို့သည် အသီးအနှံများကို စိုက်ပျိုးခြင်း၊ တိရစ္ဆာန်များမွေးမြူခြင်း အိမ်ရာဆောက်လုပ်ခြင်း၊ အနာဂတ်အတွက် ကြံစည်အားထုတ်ခြင်းများကို စတင်ပြုလုပ်သည့်အခါ ထိုအချိန်သည် လူနေမှု တိုးတက်လာခြင်း၏ အခြေခံ အရိပ်အရောင်များပင် ဖြစ်သည်ဟု ဆိုရပေသည်။

အမေရိကန်လူမျိုး မနုဿဗေဒ ပညာရှင်တဦးဖြစ်သည့် လူးဝစ် အိပ် မော်ဂန် ဆိုသူက လူ့အဖွဲ့အစည်း သမိုင်းကို (၁) ကြမ်းကြုတ်သည့် အဆင့်၊ (၂) ရိုင်းစိုင်းသည့် အဆင့်နှင့် (၃) လူနေမှု တိုးတက်သည့် အဆင့် ဟူ၍ အဆင့် သုံးဆင့်ဖြင့် ပိုင်းခြားထားသည်။

**ကြမ်းကြုတ်သည့် အောက်ဆုံးအဆင့်။** ။ဤအဆင့်တွင် လူတို့၌ ပစ္စည်းတန်ဆာပလာ လက်နက်နှင့် မီး ဟူ၍ ဘာမျှမရှိကြချေ။ မျှတသော ရာသီဥတုရှိသည့် နေရာများ၌ နေထိုင်၍ ပေါက်ရောက်သော စားပင်၊ အသီးအရွက်များကိုသာ စားသောက်ကြရသည်။ အနီးအနားရှိ တောကြီးများ၊ ဂူများတွင် ခေါက်သွား ကျားများ၊ ကြံ့များ၊ ဆင်များ၊ ဝက်ဝံများ၊ ဝံပုလွေများ စသော ကြမ်းကြုတ်သည့် တိရစ္ဆာန်များ ရှိကြ၏။ ထိုတိရစ္ဆာန်များသည် လူထက် သန်စွမ်းသဖြင့် ဘဝမြဲမှု လုံးပန်းရေးတွင် လူထက် များစွာ သာပေသည်။ ထိုကြောင့် ထိုခေတ်တွင် လူများသည် အသက်အန္တရာယ်များစွာရှိရာ လုံခြုံမှုအတွက် မြင့်မားသော သစ်ပင်၏ အကိုင်းများတွင်သာ ခိုလှုံနေကြရသည်။ ဤသို့ နေခဲ့ရာမှ လျှပ်စစ်ပြက်ခြင်းကြောင့် တောမီးများ လောင်သည်ကို တွေ့ကြရ၏။ ထိုသူတို့သည် အလွန် ကြောက်မက်ဖွယ်ကောင်းသော သားရဲတိရစ္ဆာန်တို့ကို ကိုးကွယ်သည့်နည်းတူ မီးကိုလည်း ကိုးကွယ်ကြ၏။ အချို့က သစ်ပင်ရင်းရှိ မီးကြောင့် ထိုနေရာသို့ တိရစ္ဆာန်ရိုင်းများ မကပ်ဝံ့သည်ကို မြင်တန်ရာ၏။ သို့ဖြင့် သစ်ပင်မှ ဆင်းလာပြီးလျှင် မြေပေါ်တွင် အိမ်ဆောက်၍ နေ၏။ အခြားသစ်ပင်နေလူများလည်း ဤအခြင်းအရာကို မြင်သည်နှင့် အလားတူ သစ်ပင်များမှ ဆင်း၍ နေအိမ်များဆောက်လုပ်ကြ၏။ ဤသို့ဖြင့် တဖြည်းဖြည်း မီးကို ချက်ပြုတ်ရာ၌ရှင်း၊ အမဲလိုက်ရာ၌ရှင်း၊ လက်နက်များ ပြုလုပ်ရာ၌ရှင်း အသုံးပြုလာ နိုင်ကြသည်။ မီးကို အသုံး ပြုလာနိုင်သည်နှင့် ကြမ်းကြုတ်သည့် အောက်ဆုံး အဆင့်မှ အလယ်ဆင့်သို့ ရောက်လာကြလေသည်။

ကြမ်းကြုတ်သည့် အလယ်ဆင့်တွင် မှတ်သားဖွယ်ရာကား လူတို့သည် မီးကို အသုံးပြုလာတတ်သဖြင့် သားရဲတိရစ္ဆာန်များကို ရှေးကကဲ့သို့ မကြောက်ကြတော့ချေ။ ဂူများမှ တိရစ္ဆာန်များကို မောင်းထုတ်ကာ ဝင်ရောက်နေထိုင်ကြ၏။ အတော်အသင့် ကောင်းသော လက်နက်များကို ပြုလုပ်လာနိုင်ကြ၏။ တောဆင်ရိုင်းကြီးများကိုပင် ရှိသော လက်နက်များနှင့် စုပေါင်း ဝိုင်းဝန်းသတ်ဖြတ်ပြီးလျှင် စားသောက်ကြ၏။ အချို့လည်း မြစ်နား၊ ချောင်းနားသို့ သွားပြီးလျှင် ငါးများကို လှံနှင့် ထိုး၍ဖမ်းယူကြ၏။ ဤခေတ်ကို ကျောက်တုံး ကျောက်ပြားများနှင့် လက်နက်လုပ်ကြသောကြောင့် ကျောက်ခေတ်ဟု ခေါ်သည်။

ကြမ်းကြုတ်သည့် အထက်အဆင့်သို့ ရောက်သောအခါ လူသည် လေးနှင့်မြားကို တီထွင် လုပ်ကိုင်လာနိုင်ခဲ့သည်။ ဤလက်နက်ကြောင့် တိရစ္ဆာန်များသည် လူကို ကြောက်ရွံ့လာကြ၏။ ထိုမှတဆင့် ခါး၊ တံစဉ်း၊ လှံ၊ အပ် စသော ကရိယာ တန်ဆာပလာများကို လုပ်လာနိုင်ကြ၏။ ထိုတန်ဆာပလာများဖြင့် အရိုး၊ ဦးချိုနှင့် ဆင်စွယ် စသော ပစ္စည်းရိုင်းများမှ လက်နက်များကို တီထွင် ပြုလုပ်လာနိုင်ကြပြန်သည်။ တဖန် ခွေးများကို ပဌမဆုံး အိမ်မွေး တိရစ္ဆာန်အဖြစ် ယဉ်ပါးအောင် မွေးမြူလာတတ်ကြသည်။ ခွေးများသည် အမဲလိုက်ရာတွင်သာမက မြက်စားတိရစ္ဆာန်များကို ယဉ်ပါးအောင်လေကျင့်ပေးရာ၌လည်း အထောက်အကူ ရကြောင်း သိရှိလာကြသည်။

**ရိုင်းစိုင်းသည့် အောက်ဆုံးအဆင့်။** ။ကြမ်းကြုတ်သည့်အဆင့်မှ ရိုင်းစိုင်းသည့် အောက်ဆုံး အဆင့်သို့ ရောက်လာသည့်အခါ လူသည် အိုးခွက် ဖုတ်လုပ်ခြင်း အတတ်ကို သိလာရာ အပူဒဏ် ခံနိုင်သည့် ချက်ပြုတ် အိုးခွက်များ ပြုလုပ်လာနိုင်လေသည်။ ထိုခေတ်မတိုင်မီကဆိုလျှင် အစားအစာများကို အစိမ်းလိုက် စားကြသည်။ အိုးခွက်များ ပြုလုပ်တတ်လာသည့် အချိန်မှစ၍ ချက်ပြုတ်စားကြသည်။ မိန်းမများသည် ခြံဥယျာဉ်များ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်၍ * စားပင်သီးပင်များ စိုက်ပျိုးစပြုလာကြ၏။ အမဲလိုက်ရာမှ မိလာသော တိရစ္ဆာန်ငယ်ကလေးများကို မွေးမြူတတ်လာကြသည်။

ရိုင်းစိုင်းသည့် အလယ်ဆင့်သို့ ရောက်သည့်အခါ စိုက်ပျိုးရေးကို မိန်းမများသာ မက စစ်သုံ့ပန်း ကျွန်ယောကျ်ားများကပါ ပို၍ လုပ်ကိုင်လာကြသည်။ နောက်တွင် မိန်းမရော ယောကျ်ားများပါ တိရစ္ဆာန် မွေးမြူရေးတွင် ပိုမိုလုပ်ကိုင်လာကြရာ တိရစ္ဆာန် အုပ်ကြီးများ လျင်မြန်စွာ တိုးပွားလာသည်ကို တွေ့ကြရသည်။ ထိုခေတ်တွင် မွေးမြူထားသော တိရစ္ဆာန်များကို ဝန်တင်ဆွဲရန် ပဌမဆုံး အသုံးပြုလာကြသည်။ ထိုပြင် နေလှန်းအုတ်များဖြင့် နေအိမ်များကို ဆောက်လုပ် နေထိုင်လာကြသည်။

ရိုင်းစိုင်းသည့် အထက်ဆင့်သို့ ရောက်လာသည့်အခါ လူတို့သည် သတ္တုရိုင်းများကို အရည်ကျိုတတ်လာပြီးလျှင် ကရိယာ တန်ဆာပလာနှင့် လက်နက်များကို ပြုလုပ်လာနိုင်ကြသည်။ ထိုတန်ဆာပလာများနှင့် သစ်တောများကို ရှင်း၍ မြို့ရွာများ တည်ထောင်ကြ၏။ မြို့ကို မြို့ရိုးနှင့်ကျုံး ကာရံ၍ ဘုရင်များ နေထိုင်ပြီးလျှင် မြို့ပြင်တွင် ကျွန်များနေထိုင်ကာ မြေများကို ထွန်ယက် စိုက်ပျိုးကြရသည်။

**လူနေမှုတိုးတက်သည့် အောက်အဆင့်။** ။ရှေးအခါက အသိပညာကို ဆွေစဉ်မျိုးဆက် ယူလာရသည်မှာ မလွယ်ကူချေ။ ကြမ်းကြုတ်ခေတ်နှင့် အရိုင်းခေတ်ကထားရှိခဲ့သော နံရံဆွဲ ရုပ်ပုံများမှာလည်း ပေါ်လွင်ခြင်း မရှိ၊ အရုပ်ဆိုး၏။ အက္ခရာများ တီထွင်လာနိုင်သည်နှင့် အသိပညာ တိုးတက်လာ၏။ တဆက်မှတဆက်သို့ လွယ်ကူစွာ ယူဆောင်လာနိုင်ကြ၏။ အက္ခရာများ တီထွင်နိုင်ခြင်းသည် လူနေမှု တိုးတက်သည့်အဆင့်နှင့် ကြမ်းကြုတ် ရိုင်းစိုင်းသည့်အဆင့်တို့၏ ခြားနားသည့် အချက်ပင်တည်း။ လူနေမှု တိုးတက်လာသည့် အောက်အဆင့်သည် ဘီစီ ၅,၀၀၀ ခန့်မှ အေဒီ ၁,၄၀၀ အထိ ကြာခဲ့သည်။ ဤခေတ်တွင် ဘုရင်များသည် စစ်သုံ့ပန်း ကျေးကျွန်များကို အမြောက်အမြား ဖမ်း၍ အလုပ် လုပ်ကိုင်စေသည်။

လူနေမှု တိုးတက်သည့် အလယ်ဆင့်သို့ ရောက်လာသည့်အခါ လူတို့သည် ယမ်းမှုန့်များကို တီထွင် ပြုလုပ်လာနိုင်ကြ၏။ ယမ်းမှုန့်ဖြင့် အရိုင်းအစိုင်းများကို တိုက်ထုတ်နိုင်ခဲ့၏။ နောက်တွင် ယမ်းမှုန့်ကြောင့် အထက်တန်းစားများ တန်ခိုးလျော့ကျခဲ့လေသည်။ ဤကဲ့သို့ တန်ခိုးလျော့ကျခဲ့စဉ် ပုံနှိပ်စက်များကို စတင် တီထွင်လာနိုင်ခဲ့ရာ လူအများကို အသိပညာ များစွာပေးနိုင်ခဲ့လေသည်။ အသိပညာများစွာ ရရှိခဲ့သည့်အလျောက် အခြားနိုင်ငံများနှင့် လူများကို ရှာဖွေရန် ဆန္ဒပြင်းပြခဲ့လေသည်။ ကိုလံဗပ်သည် ကမ္ဘာသစ်ကို ရှာဖွေ တွေ့ရှိခဲ့၏။ သိပ္ပံပညာလည်း စတင် အခြေခံ ရရှိခဲ့ရာမှ ကောပါနိကပ်နှင့် ဂယ်လီလေအိုစသည့် သိပ္ပံပညာရှင်များ စတင် ပေါ်ထွန်းလာခဲ့လေသည်။ ဤ လူနေမှုတိုးတက်သည့် အလယ်ဆင့်သည် အေဒီ ၁,၄၀၀ မှ စတင်ခဲ့ရာ အေဒီ ၁,၇၀၀ နောက်ဆုံးနှစ်များတွင် အဆုံးသတ်ခဲ့၍ ထိုအချိန်တွင် ဝါဂွမ်းထည်များလုပ်ကိုင်သည့် ရေနွေးငွေ့စက်များ စတင် ပေါ်ထွက်လာခဲ့လေသည်။

လူနေမှု တိုးတက်သည့် အထက်ဆင့်သို့ ရောက်သည့်အခါ လူတို့သည် ရေနွေးငွေ့၊ လျှပ်စစ်ဓာတ်နှင့် အနုမြူဓာတ်အားများကို အသုံးပြုလာနိုင်သဖြင့် သဘာဝကို တော်လှန်နိုင်ခဲ့သည့် အလျောက် ဘာမဆို အလိုရှိသလို ဖြစ်နိုင်မလောက် ရှိခဲ့လေသည်။ ကမ္ဘာပေါ်တွင် ရေ၊ မြေ၊ ကုန်း လမ်းခရီးတို့ဖြင့် အမြန်ဆုံး သွားနိုင်၏။ သိပ္ပံပညာ တိုးတက်လာမှုကြောင့် လူနေမှု အဆင့်အတန်း အလွန်မြင့်လာပြီးလျှင် လူ့အသက်တမ်းလည်း ရှည်လာသည်။ အနုမြူဓာတ်အားကို နိုင်နိုင်နင်းနင်း အသုံးပြုလာနိုင်သဖြင့် သဘာဝ တော်လှန်ရေးတွင် များစွာလုပ်ကိုင်နိုင်၏။ ယခုအခါတွင် လူနေမှု တိုးတက်ရေးသည် အဆင့်အတန်း အလွန်မြင့်လာရကား လကမ္ဘာဆီသို့ပင် သွားရောက်နိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းလျက် ရှိကြပေသည်။ ၁၉၆၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် လမျက်နှာပြင်ပေါ်သို့ လူသားတို့ အောင်မြင်စွာပဌမဆုံးခြေချနိုင်ခဲ့သည်။ (လ—လည်းရှု။)

**လူပုမျိုး။** ။လူပုများသည် လူ့အာမန်တို့၏ အရပ်အမောင်းကို မမှီဘဲ သုံးပေကျော် လေးပေမျှသာ ရှိ၍၊ လူတန်းစေ့ အရပ်မမြင့်သူများ ဖြစ်သည်။ များသောအားဖြင့် လေးပေအောက် အရပ်နိမ့်သူများကို လူပု ဟူ၍ခေါ်ကြသည်။

အရပ်ပုခြင်းမှာ နှစ်မျိုးနှစ်စားရှိလေရာ၊ ပဌမ အမျိုးအစားမှာ လူ၏ မျိုးရိုးကိုလိုက်၍ အရပ်ပုခြင်းဖြစ်သည်။ ဥဒါဟရုဏ်အားဖြင့် အာဖရိကတိုက် အလယ်ပိုင်းတွင် နေထိုင်ကြသော ပစ်ဂမီလူမျိုးသည် လေးပေခန့်မျှသာ အရပ်မြင့်၍ ကမ္ဘာပေါ်တွင် အပုဆုံးသော လူမျိုး ဖြစ်သည်။ (ပစ်ဂမီလူမျိုး — ရှု။) အာရှတိုက် အရှေ့ဖျား အရပ်နှင့် ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်းရှိ ကျွန်းစုများ၌လည်း လူပုမျိုးများကို တွေ့ရသည်။ (နီဂရိတိုလူမျိုး — ရှု။) ဒုတိယ အမျိုးအစားမှာ သဘာဝ ဖောက်ပြန်မှုကြောင့် အရပ်ပုခြင်း ဖြစ်လေသည်။

သမိုင်းစဉ် တလျှောက်တွင် လူပုကလေးများ ရှိခဲ့ရာ ထိုသူတို့ကို နန်းတော်များ၌ ဘုရင်၊ မိဖုရားနှင့် မင်းညီမင်းသားတို့က ချစ်စနိုး မွေးမြူထားတတ်ကြသည်။ ပဌမ မေရီ



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မကြီးသည် ဂျွန် ဂျာဗစ်ဆိုသူ လူပုကလေးတယောက်ကို မွေးမြူထားခဲ့သည်။ အရပ်မှာ နှစ်ပေမျှသာမြင့်သည်။

အင်္ဂလန်ပြည်တွင် ထင်ရှားသော အခြား လူပုတယောက်မှာ ဂျက်ဖရီ ဟဒ်ဆင် ဆိုသူ ဖြစ်သည်။ သူသည် ကိုးနှစ်သားအရွယ်တွင် ၁၈ လက်မသာ အရပ် မြင့်လေသည်။ နောင် ကြီးပြင်းလာသောအခါ ဟဒ်ဆင်၏ အရပ်မှာ သုံးပေကိုးလက်မထက် ပို၍ မမြင့်တော့ချေ။ တခါသော် ပဋ္ဌမ ချားဘုရင်အား ညစာစားပွဲဖြင့် ဧည့်ခံရာတွင် ဘုရင့်ရှေ့၌ တည်ခင်းထားသော အသားမုန့်ပန်းကန်ထဲမှ လူပုကလေး ဟဒ်ဆင် ခုန်ထွက်ပြခဲ့ဘူးသည်။ ထိုအခါ ဟင်နရစ်တာ မာရီးယား မိဖုရားကြီးသည် သူ့ကို တခါတည်း ကောက်ယူ မွေးမြူခဲ့လေသည်။ ဂျက်ဖရီ ဟဒ်ဆင်သည် အသက် ၆၃ နှစ်အရွယ်သို့ရောက်မှ အနိစ္စရောက်သွားသည်။ ဟဒ်ဆင်သည် လူတန်းစေ့ အရပ်မြင့်သူ မိဘများမှ ပေါက်ဖွားလာသူဖြစ်၏။ ဟင်နရစ်တာ မာရီးယား မိဖုရားကြီးတွင် ရစ်ချတ် ဂစ်ဗဆင်နှင့် အန်း ခေါ် လူပုမောင်နှံစုံ ရှိလေသေးသည်။ သူတို့ကို သူ၏ အမိန့်ဖြင့် ပေးစားထားရခြင်းဖြစ်ရာ အရပ်အမောင်းမှာ နှစ်ယောက်ပေါင်းမှ ခုနစ်ပေကျော်ကျော် မြင့်လေသည်။ သူတို့တွင် သားသမီး ကိုးယောက် ထွန်းကားရာ ငါးယောက်သာ အဖတ်တင်သည်။ သို့သော် ထိုငါးယောက်စလုံးပင် လူတန်းစေ့ အရပ်မြင့်ကြလေသည်။

အမေရိကန် လူပု ချား စထရက်တန်သည် ၁၈၃၇ ခုနှစ်တွင် ဖွားမြင်၍ ၁၈၈၃ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ကွယ်လွန်လေသည်။ သူ့အား "ဗိုလ်ချုပ် ငလက်မ" ဟု ခေါ်ကြလေသည်။ သူ့ကို လန်ဒန်မြို့တွင် ၁၈၄၄ ခုနှစ်နှင့် ၁၈၅၇ ခုနှစ်များ၌ အခွဲ့ပွဲ တင်ပြခဲ့သည်။ စထရက်တန်၏ အရပ်မှာ ၃၁ လက်မသာ မြင့်သည်။ ၁၈၆၃ ခုနှစ်တွင် သူ့ထက် တလက်မ ပိုမြင့်သော လဗီးနီးယား ဝါရင်း ဆိုသူ အမျိုးသမီးတဦးနှင့် အိမ်ထောင်ပြုခဲ့လေသည်။

မေရီ"ဂျိန်း ယန်းမင်း ဆိုသူ ဩစတြေးလီးယား နိုင်ငံသူ တဦးသည် ၁၅ နှစ်အရွယ်တွင် ၃၅ လက်မ မျှသာ မြင့်လေသည်။ သူ့ကိုယ်လုံးကိုယ်ထည်မှာ ပခုံးဆီတွင် သုံးပေခြောက်လက်မ၊ ခါးဆီတွင် လေးပေသုံးလက်မ၊ ခြေထောက်ဆီတွင် နှစ်ပေမျှ ရှိသဖြင့် သူ့ကို ဘီလူးမ အပုကလေးဟု ခေါ်ကြသည်။

၁၈၈၀ ပြည့်နှစ်က လန်ဒန်မြို့၌ အခွဲ့ပွဲ တင်ပြခဲ့သော တရုပ်အမျိုးသမီး ချီမားသည် ထိုစဉ်က ၄၂ နှစ်မျှ ရှိပြီဖြစ်သော်လည်း ၂၅ လက်မသာ မြင့်လေသည်။ ဝိတိုရိယ ခေတ်က ပါလီမန်တွင် ရုံးစေအဖြစ် အမှုထမ်းခဲ့သော ဈော့ ပရ (၁၇၇၄–၁၈၅၁)၏ အရပ်သည် သုံးပေအောက် လျော့သည်။

ဗိုရှုလွှားစကီး (၁၇၃၉–၁၈၃၇) ဆိုသူ ပိုးလန်မျိုး လူပုကလေးတယောက်သည် အသက် ၃၀ အရွယ်တွင် ၃၉ လက်မ မြင့်သည်။ သူ့တွင် သူ့အောက် ခေါင်းတလုံးခန့် နိမ့်သော နှမတယောက် ရှိလေသည်။ သူသည် ရှပ်ချော၊ စာတတ်ပြီးလျှင် ဉာဏ်ရှင်သည်။

မြန်မာနိုင်ငံ မြောက်ပိုင်း၊ ကချင်ပြည်နယ်၊ အရှေ့ ပူတာအို နယ်ခြားခရိုင်အတွင်း နေထိုင်ကြသော တရုံ လူပုများကို နယ်ခြားဒေသ အုပ်ချုပ်ရေး အဖွဲ့မှ ၁၉၅၅ ခုနှစ်တွင် တွေ့ရှိခဲ့ကြသည်။ ထိုလူပုများမှာ အရပ်လေးပေမှ လေးပေခွဲအထိသာ မြင့်ကြသည်။ ထိုလူပုများ နေထိုင်ရာ ဒေသမှာ အဒုံးလောင် မြစ်ဝှမ်း ဖြစ်၍ ပူတာအိုမြို့မှ မချမ်းဘော့မြို့သို့၊ မချမ်းဘော့မှတဆင့် ဂေါ်လဲထု၊ ပန်းနန်းဒင်၊ အဒုံးလောင် မြစ်ဝှမ်းအထိ မော်တော်ယာဉ်များဖြင့်၎င်း၊ ဝန်တင်လားတို့ဖြင့်၎င်း ခရီးသွားရသည်။ ထိုလူပုများသည် မွန်ဂိုအဆက်အနွယ်များ ဖြစ်၍ တောင်ယာ လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ရေခဲတောင်မှ မချစ်ဥနှင့် ကတိုးကို ရှာဖွေရောင်းကြသည်။ အဝတ်အစားကို လျှော်ပင်မှ ရသော လျှော်များဖြင့် ပြုလုပ် ဝတ်ဆင်ကြသည်။ ယင်းတို့သည် ယခုအခါ လူဦးရေ ၁၁၀ မျှ လောက်သာ ရှိတော့သည်ဟု ဆိုလေသည်။



ထရုံလူပုများသည် အရပ်လေးပေခွဲအထိသာ မြင့်ကြသည် (ဝဲ)။

www.burmeseclassic.com

# ကမ္ဘာ့ အမျိုးအဆွေများ

**ညီအစ်ကို မောင်နှမများသည် တမိတဖတည်းမှ ဆင်းသက်ပေါက်ဖွားသော်လည်း အသားအရောင် မျက်နှာပုံပန်းမှအစ တထေတ တည်းတူသည်ဟု မရှိ ကွဲလွဲကြသကဲ့သို့ တဘိုးတဘေးတည်းမှ ဆင်းသက်လာသော ကမ္ဘာ့ လူမျိုးကြီးများသည်လည်း လူမျိုး အလိုက် အသားရောင် မျက်နှာပုံပန်း ကွဲလွဲကြသည်။**

**လူမျိုး။** ။လွန်ခဲ့သည့် နှစ်ပေါင်း အတော်ကြာကပင် လူမျိုးများ အကြောင်းကို ဇာစ်မြစ်နှင့်တကွ စံနစ်တကျ လေ့လာလိုက်စားသော လူမျိုးရေးရာပညာ ပါရဂူများသည် ကမ္ဘာပေါ်ရှိ လူမျိုး အသီးအသီးကို လေ့လာကြည့်ကြသည်။ ကမ္ဘာအရပ်ရပ်တွင် နေထိုင်ကြသော လူများမှာ သန်းပေါင်းများစွာသော အရေအတွက်ရှိ၍ ရုပ်သွင်အမျိုးမျိုး၊ အသားရောင် အသွယ်သွယ် ဖြစ်လေရကား ထိုသူတို့အား အဓိကလူမျိုးများအဖြစ် ခွဲခြားရန်ကိစ္စမှာ မလွယ်ကူလှချေ။

ကမ္ဘာပေါ်ရှိ လူများကို လူမျိုးအလိုက် ခွဲခြားရာတွင် လူမျိုးရေးရာ ပညာရှင်ကြီးများသည် လုံးဝဆန့်ကျင်သော နည်းကြီး နှစ်နည်းကိုသာ အသုံးပြုကြလေသည်။ ပဌမနည်းမှာ အသက်`သူ၏ ဦးခေါင်းခွံကို လေ့လာ၍ ခွဲခြားသော နည်း ဖြစ်၍၊ ဒုတိယနည်းမှာ အသက်ရှင်နေသော လူ၏ အသားအရေနှင့် ဆံပင် အစရှိသော အပေါ်ယံအင်္ဂါများ၏ အရောင်ကို မူတည်၍ ခွဲခြားသောနည်း ဖြစ်လေသည်။ များသောအားဖြင့်ကား ဒုတိယနည်းကို အသုံးများသော်လည်း ယခုခေတ်တွင် နည်း နှစ်ခုစလုံးကို ပေါင်း၍ အသုံးချလေသည်။

ထို့အပြင် ပထဝီဝင်ဒေသအလိုက် လူများ အနှံ့အပြားနေထိုင်ပုံ၊ ဘာသာစကား၊ ကိုယ်ကာယ အသွင်အပြင်၊ အလေ့အကျင့်နှင့် ဓလေ့ထုံးစံ စသည်တို့ကို လိုက်၍ ခွဲခြားသော နည်းများလည်း ရှိသေးသည်။ ယခုခေတ် လူမျိုးရေးရာ ပညာရှင်များကမူ ဦးခေါင်းခွံ၏ ပုံပန်းသဏ္ဌာန်၊ မျက်နှာအချိုးအစား၊ အသား၏အသွေးအရောင်၊ ဆံပင်၏အရောင်အဆင်း၊ အရပ်အမောင်း၊ အရိုးများ၏ ပုံသဏ္ဌာန်အစရှိသော ခန္ဓာကိုယ်၏ အသွင်အပြင်ကို မူတည်၍ ခွဲခြားခြင်း ပြုကြ၏။ ဤသို့ နည်းစံနစ်အမျိုးမျိုးတို့ဖြင့် ခွဲခြားကြရာတွင် အဓိက အရေးအကြီးဆုံး ထားသည့်အချက်မှာ အသား၏အသွေးအရောင်ပင် ဖြစ်လေသည်။ ထိုနည်းအရ ခွဲခြားလိုက်သောအခါ ကမ္ဘာပေါ်တွင် လူဖြူမျိုး၊ လူဝါမျိုး၊ လူနီမျိုး၊လူမည်းမျိုး ဟူ၍ လူမျိုးကြီး လေးမျိုး ပေါ်ထွက်လာလေသည်။

ထိုအဓိကလူမျိုးကြီးများကို တဖန် အသေးစိတ်ခွဲခြားသော အခါ အသားအရေ၏ အသွေးအရောင် အပြင် အခြားကိုယ်အင်္ဂါ လက္ခဏာများကိုလည်း ထည့်သွင်းရန် လိုအပ်လာလေသည်။ အရေးအကြီးဆုံးမှာ ဦးခေါင်းခွံ၏ ပုံသဏ္ဌာန် ဖြစ်၏။ ဦးခေါင်းခွံ၏ အရှည်အတို၊ အကျဉ်းအကျယ်၊ လုံးခြင်း ပြားခြင်း စသည်တို့ကို လိုက်၍ ဦးခေါင်းရှည် လူမျိုး၊ ဦးခေါင်း မရှည်မတို လူမျိုး၊ ဦးခေါင်းတိုလူမျိုး၊ ဦးခေါင်းလုံး လူမျိုး အစရှိသည်ဖြင့် ခွဲခြား ရပြန်သည်။ သို့ရာတွင် ဤနည်းကို လျှံမေးထစ် မှတ်သားထား၍ မဖြစ်ပေ။ အဘယ်ကြောင့် ဆိုသော် အချို့သော လူမျိုးများသည် မွေးခါစအရွယ်ဖြစ်သော ကလေးများ၏ ဦးခေါင်းကို ပြုပြင်ထားတတ်ကြသောကြောင့် ဖြစ်သည်။ ပုံစံ ပြရမည်ဆိုသော် နယူးဂင်းနီကျွန်း၏ အရှေ့ဖက်ရှိ နယူးဗြိတိန်ကျွန်းတွင် နေထိုင်ကြသော မယ်လာနီးရှန်းလူမျိုးများသည် ကလေးသူငယ်များ၏ ဦးခေါင်းကို ငယ်စဉ်ကစည်းနှောင် ထားတတ်ကြလေရာ ကြီးပြင်းလာသောအခါ အဆိုပါ ကလေးများ၏ ဦးခေါင်းများသည် ရှည်လျားလျားဖြစ်နေလေသည်။

လူမျိုး ခွဲခြားရာတွင် ဦးခေါင်းခွံ၏ ပုံသဏ္ဌာန်ကဲ့သို့ အရေးကြီးသော အခြားအချက်တခုမှာ မျက်နှာထောင့်ချိုးပင် ဖြစ်၏။ မျက်နှာထောင့်ချိုး ဟုဆိုရာတွင် လူ၏ နဖူးနှင့် မျက်နှာရှိ အရိုးများနှင့် ဦးခေါင်းခွံ၏ အောက်ခြေတို့ တွေ့ဆုံရာထောင့်ချိုးကို ဆိုလိုရင်းဖြစ်သည်။ အထက်ပါ အချက်များနှင့် အခြားသော အချက်များကို အခြေခံထား၍ လူမျိုးများကို ခွဲခြားလိုက်သောအခါ ယခုခေတ် ဥရောပတိုက်သားများသည် အောက်ပါ ရှေးဦးလူမျိုး သုံးမျိုးမှ ဆင်းသက်လာခဲ့ကြသည်ကို တွေ့ရှိရ၏။ (၁) မြေထဲပင်လယ်တဝိုက်တွင် နေထိုင်ကြသော မြေထဲပင်လယ် လူမျိုး — ထို မြေထဲပင်လယ် လူမျိုးသည် ဦးခေါင်း ရှည်သည်။ အရပ်အမောင်းမှာ သေးသွယ်၍ ပုသည်။ ဆံပင်နှင့် အသားမှာ မည်းနက်သည်။ (၂) နော်ဒစ်၊ သို့မဟုတ် တျူတိုနစ် လူမျိုး — ထိုလူမျိုးသည် ဦးခေါင်းရှည်၍ အရပ်အမောင်း ထွားကျိုင်းမြင့်မားသည်။ မျက်လုံးမှာ အပြာရောင်ဖြစ်၍ ဆံပင်မှာ နီညိုရောင် ဖြစ်သည်။ (၃) အယ်လပိုင်လူမျိုး — ထိုလူမျိုးသည် ကျယ်ပြန့်သော ဦးခေါင်း ရှိသည်။ အရပ် မနိမ့်မမြင့် ဖြစ်၍ မှဲ့ပြာရောင် မျက်လုံး၊ အညိုရောင် ဆံပင်နှင့် ညိုသော အသားရောင် ရှိသည်။

အထက်တွင် ရေးသားခဲ့သည့်အတိုင်း လူမျိုး ခွဲခြားရာတွင် နည်းစံနစ် အမျိုးမျိုးကို အသုံးပြုကြသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အသားနှင့် မျက်လုံးများ၏ အရောင်အဆင်း၊ ပုံသဏ္ဌာန် အဆွင်အပြင်နှင့် နေထိုင်သည့် တိုင်းပြည်ဒေသကို လိုက်၍ ခွဲခြားလိုက်သောအခါ လူဖြူ၊ လူဝါ၊ လူနီ၊ လူမည်း ဟူသော လူမျိုးကြီး လေးမျိုး ရရှိလေသည်။ ယင်း လေးမျိုးတို့ အနက် ဇူဝါ၊ သို့မဟုတ် မွန်ဂိုးလီးယန်း လူမျိုးများသည် တရုတ်၊ ဂျပန်၊ မြန်မာ၊ ယိုးဒယား စသော အာရှတိုက် အရှေ့ပိုင်း နိုင်ငံများတွင် အနှံ့အပြား နေထိုင်ကြ၏။ ထို အသားဝါ လူမျိုးများ၌ အလွန်ရှေးကျသော ယဉ်ကျေးမှု များ ရှိ၍ ကမ္ဘာပေါ်တွင် အဆင့်အတန်း အမြင့်ဆုံးသော လူမျိုး တမျိုး ဖြစ်လေသည်။ မွန်ဂိုးလီးယန်း လူမျိုးများ အစည် ရှေးနှစ်ပေါင်း များစွာကတည်းကပင် ဘာသာ စကား၊ အယူဝါဒ၊ အနုပညာ စာပေ အစရှိသော ကိုယ်ပိုင် ယဉ်ကျေးမှုများနှင့် အဆင့်အတန်း မြင့်မြင့် နေထိုင်ခဲ့ကြ ပေသည်။ အခြားလူမျိုးများထံမှ တဆင့် အတုခိုး နည်းယူ ခြင်း မပြုခဲ့ကြသည်သာ မက၊ အခြား လူမျိုးများကသာ လျှင် မွန်ဂိုးလီးယန်း လူမျိုးတို့၏ ယဉ်ကျေးမှုကို အတုခိုး နည်းယူခဲ့ကြရပေသည်။

တောင်အမေရိကနှင့် မြောက်အမေရိကတိုက်များတွင် မူလက နေထိုင်သော တိုင်းရင်းသား လူမျိုးများ ဖြစ်သည့် ရက်အင်ဒီးယန်း လူနီမျိုးကို အချို့သောသမိုင်းဆရာများက အသားဝါ လူမျိုးထဲသို့ သွတ်သွင်းကြသော်လည်း အမှန် မှာ ထသီးတခြားတည်ရှိသော လူမျိုးတမျိုးပင် ဖြစ်သည်။ သူတို့တွင် ကိုယ်ပိုင် တီထွင်ထားသော စာရေးခြင်းအတတ် ရှိသောကြောင့် လူရိုင်းမျိုးဟု မခေါ်ဆိုနိုင်ပေ။ အချို့ သော လူနီများမှာ များစွာပင် ယဉ်ကျေးလေသည်။ သို့ရာတွင် သူတို့၏ ယဉ်ကျေးမှုများမှာ များသောအားဖြင့် ကိုယ်ပိုင်မဟုတ်ဘဲ လူဖြူများထံမှ တဆင့်ရရှိသော ယဉ် ကျေးမှုများသာ ဖြစ်၏။

အသားဖြူလူမျိုးမှာ ကမ္ဘာသစ်နှင့် ကမ္ဘာဟောင်းတွင် အနှံ့အပြား အများဆုံးဖြစ်၍ မျိုးခွဲ များစွာရှိသော်လည်း အဓိကအားဖြင့် အောက်ပါအတိုင်း သုံးမျိုး ခွဲထားလေ သည်။ ထိုသုံးမျိုးမှာ ဟမ်းမိုက်လူမျိုး၊ ဆီးမိုက်လူမျိုးနှင့် အာရိယန် လူမျိုးများ ဖြစ်ကြသည်။ ဟမ်းမိုက်လူမျိုးများ မှာ အာဖရိကတိုက် မြောက်ပိုင်းတွင် နေထိုင်ကြသောလူ ဖြူများ ဖြစ်၏။ ယခု အီဂျစ်လူမျိုးနှင့် လစ်ဗီယန် လူမျိုး များသည် ဟမ်းမိုက် အမျိုးအနွယ်များပင် ဖြစ်လေသည်။ ဆီးမိုက်လူမျိုးများကိုကား အာရေဗျပြည်နှင့် ပတ်ဝန်းကျင် တဝိုက်ရှိ သဲကန္တာရများတွင် တွေ့ရှိနိုင်သည်။ ဖိနီရှန် လူမျိုး၊ အဆီးရီးယန်းလူမျိုး၊ ဗက်ဗီလုံးနီးယန်း လူမျိုးနှင့် ဟီးဗရူးလူမျိုး အားလုံးတို့မှာ ဆီးမိုက်အနွယ်ဝင်များ ဖြစ်၍ ထိုသူတို့၏ အကြောင်းများကို လေ့လာရသည်မှာ များစွာပင် စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ယခုခေတ် လူများတွင် ယဟူဒီနှင့် အာရပ်လူမျိုးများမှာ" ဆီးမိုက် အမျိုးအနွယ်များပင် ဖြစ်တော့သည်။ အာရိယန်၊ သို့မ ဟုတ် အင်ဒိုယူရိုပီယန် လူမျိုးများမှာကား လူဖြူလူမျိုး များတွင် အကြီးအကျယ်ဆုံး ဖြစ်လေသည်။ ဟိန္ဒူလူမျိုး၊ ပါးရှင်းလူမျိုး၊ ဂရိလူမျိုး၊ ဣတာလျံလူမျိုး၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်မှစ၍ ကမ္ဘာသစ်သို့ ရွှေ့ပြောင်းသွားသော အမေရိကန် စသော လူမျိုးတို့သည် အင်ဒိုယူရိုပီယန် မျိုးတွင် ပါဝင်လေသည်။

ကမ္ဘာ့လူမျိုးကြီး လေးမျိုးတွင် အောက်တန်း အကျ ဆုံးဟု ယူဆကြရသော လူမျိုးမှာ အသားမည်း လူမျိုးပင် ဖြစ်သည်။ သူတို့သည် များသောအားဖြင့် အာဖရိကတိုက် အလယ်ပိုင်းတွင် နေထိုင်ကြသော နီးဂရိုးလူမျိုးများ ဖြစ် ကြ၏။ ထိုလူမျိုးတွင် ကိုယ်ပိုင် တီထွင်ထားသော ဘာသာ စာပေ ယဉ်ကျေးမှု ဟူ၍ ပြောပလောက်အောင် မရှိဘဲ လူဖြူမျိုးများထံမှ တဆင့် နည်းယူရရှိကြလေသည်။

**လူမွဲစာခံခြင်း။** ။ဧဝေါလီခံခြင်း — ရှု။

**လူမှုရေးရာပညာ။** ။မနုဿတ္တ ဘာဝေါ ဒုလ္လဘော ဟူ၍ မြတ်စွာဘုရားသခင် ဟောကြားတော်မူသည့် အတိုင်း အလွန်တရာ ရခဲလှသော လူ၏အဖြစ်ကို ရရှိကြ သည့်အခိုက် လူလောက၌ ဖြစ်ပျက် ပေါ်ပေါက်လျက် ရှိသော အကြောင်းအရာများကို အကြောင်းအကျိုး ဆက်ကာ သိရှိနားလည်ထားကြမှသာ လူ့ဘဝကို ရရှိကျိုး နပ်ပေမည်။ ဤသို့ လူလောက၏ အကြောင်းကို လေ့လာ ဆည်းပူးခြင်းအတတ်ကို လူမှုရေးရာပညာ ဟုခေါ်သည်။

အကျဉ်းချုပ်အားဖြင့် လူမှုရေးရာ ပညာသည် လူ လောက အဖွဲ့အစည်းနှင့် လူလောက အဆောက်အအုံကြီး များ၏ သဘာဝနှင့် တိုးတက်ဖွံ့ဖြိုးလာပုံကို လေ့လာသော သိပ္ပံပညာတရပ် ဖြစ်ပေသည်။ လူမှုရေးရာပညာ ဟူသော ဝေါဟာရကို ပဌမဦးဆုံး တီထွင် သုံးစွဲလိုက်သူမှာ ပြင်သစ် လူမျိုး ဒဿနိကဗေဒပညာရှင် တဦးဖြစ်သော ဩဂတ် ကွန့်ဖြစ်ပေသည်။ ဖရက်ဒရစ် လေပလေး ဆိုသူကလည်း လူမှုရေးရာ ပညာအကြောင်းကို ရေးသားခဲ့လေသည်။ သို့ရာတွင် လူမှုရေးရာ ပညာနှင့် စပ်လျဉ်း၍ အများဆုံး ရှင်းလင်း ရေးသားခဲ့သူမှာကား ဟာဗတ် စပင်ဆာ ဆိုသူ ပုဂ္ဂိုလ်ကြီး ဖြစ်လေသည်။

လူမှုရေးရာပညာကို ကျွန်ုပ်တို့ လေ့လာကြရာတွင် လူ လောက အဆောက်အအုံကြီးသည် မည်သို့ ဖြစ်ပေါ်လာ သနည်း။ လူအများ အစုလိုက် အဖွဲ့လိုက် နေထိုင်ကြခြင်း သည် မည်သည့်အခါက စ၍ ပေါ်ပေါက်ခဲ့သနည်း စသည် တို့ကို လေ့လာကြရပေသည်။ "လူသည် ပေါင်းသင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



ဆံရေး ၁စတ္တဝါတဦး ဖြစ်သည်” ဟု ဆိုသည့်အတိုင်း ရှေးပဝေဏီအခါကပင် လူများသည် အချင်းချင်းစုဝေးနေထိုင်ပေါင်းသင်းဆက်ဆံခဲ့ကြ၍ ဤသို့ နေထိုင်ခြင်းပင်လျှင် လူလောက အပြင်ဖက်တွင် တကိုယ်တည်း နေခြင်းထက် ကြီးပွားတိုးတက်နိုင်ကြောင်းကို သိရှိခဲ့ကြလေသည်။

လူများ အစုလိုက် အအုပ်လိုက် နေထိုင်ခြင်း၏ မူလဘူတမှာ အိမ်ထောင်စံနစ်ပင် ဖြစ်သည်။ အိမ်ထောင်တခုတွင် မိခင်ဖခင်နှင့် သားသမီးများ တစုတဝေးတည်း နေထိုင်စားသောက်ကြသည်။ ထိုမှတဆင့် တဖြည်းဖြည်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအသင်းများ တိုးတက် ပွားများလာပြီးလျှင် အသင်းအဖွဲ့များ ပြုလုပ် နေထိုင်လာကြလေတော့သည်။ လူဦးရေ တိုးတက် လာသည်နှင့်အမျှ ပေါင်းသင်းဆက်ဆံရေးတွင်လည်း နီးစပ်ရင်းနှီး လာပြီးလျှင် တဦးကိုတဦး အမှီသဟဲ ပြုသည်ထက် ပြုလာကြရလေတော့သည်။

လူမှုရေးရာ ပညာတွင် လွန်ခဲ့သော နှစ်ပေါင်း ထောင်သောင်း များစွာက ရှေးခေတ်လူများ၏ အိမ်ထောင်မှုစံနစ် ပေါ်ပေါက်ခဲ့ပုံ၊ ကိုယ်ကျင့်တရားနှင့် ထုံးတမ်းစဉ်လာများ ပေါ်ပေါက်လာခဲ့ပုံ၊ တစထက်တစ ပိုမိုရှုပ်ထွေးလာသော မျက်မှောက် လူလောက အဆောက်အအုံကြီးတွင် ဃရာဝါသ (အိမ်ထောင်ခြင်း) ကိစ္စများ၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခြင်းများ၊ အုပ်ချုပ်ရေး၊ ပညာသင်ကြားရေး၊ အယူဝါဒ၊ စည်းရုံးလုပ်ကိုင်ရေး အစရှိသော အသွယ်သွယ် အဝဝ ပြားပြောင်လှသည့် အကြောင်းကိစ္စများနှင့် မြို့ကြီးများတွင် နေထိုင်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ အမှုအခင်း ဖြစ်ပွားခြင်း၊ တိုင်းတပါးသားတို့ ဝင်ရောက်နေထိုင်ခြင်း၊ လူမျိုးတမျိုးနှင့်တမျိုး ပဋိပက္ခဖြစ်ခြင်းကြောင့် ပေါ်ပေါက်လာရသော ပြဿနာရပ်များ၏ အကြောင်းတို့လည်း လူမှုရေးရာပညာတွင် ပါဝင်လေသည်။

အဆိုပါ လူမှုရေးရာ စံနစ်များသည် ထာဝစဉ်မပြောင်းမလဲ အမြဲတည်ရှိနေသည် မဟုတ်သော်လည်း အသင့်အတင့် ခိုင်မြဲတည်တံ့လျက် ရှိနေပေသည်။ ဤစံနစ်များမှာ ဒုက္ခအခက်အခဲကို ရှောင်နိုင်သမျှ ရှောင်၍ အေးချမ်းသာယာပျော်ရွှင်မှုတို့ကို ရရှိနိုင်စေရန် နှစ်ပေါင်းများစွာ အမျိုးမျိုး အဖုံဖုံ ရှာဖွေစမ်းသပ် ကြည့်ရှုခြင်းဖြင့် ရရှိသော စံနစ်များပင် ဖြစ်သည်။ သို့ရာတွင် အသစ်အသစ် ဖြစ်ပေါ်လျက်ရှိသော အခြေအနေများနှင့် ဆီလျော်အောင် လူမှုစံနစ်များကိုလည်း ပြုပြင် ပြောင်းလဲကြရလေသည်။ ပမာအားဖြင့် မျက်မှောက်ခေတ်တွင် ထွန်းသားသော စက်မှုလက်မှုပညာရပ်များနှင့် ကိုက်ညီအောင် လူမှုစံနစ်နှင့် နေရေး ထိုင်ရေး များကိုလည်း အကြီးအကျယ် ပြောင်းလဲပေးခဲ့ရလေသည်။

## ပြောင်းလဲခြင်းမှာ ဓမ္မတာ

လူလောကကြီးသည် အစဉ်သဖြင့် ပြောင်းလဲလျက်ရှိသည်မှာ ဓမ္မတာဖင် ဖြစ်သည်။ ယခင်ကလည်း အစဉ်အမြဲပြောင်းလဲခဲ့၍ နောင်အခါတွင်လည်း အစဉ်အမြဲ ပြောင်းလဲနေမည်သာ ဖြစ်သည်။ လူမှုရေးရာ ပညာသည် ထိုပြောင်းလဲမှုများကို အထူးသတိပြုကာ လေ့လာလေသည်။ ပြောင်းလဲမှု တခုသည် လူလောကအား ကောင်းကျိုးဆိုးကျိုး ပေးနိုင်ပုံကို ဆင်ခြင်သုံးသပ်လေသည်။ ကောင်းကျိုးပေးသော ပြောင်းလဲမှုကို လူမှုစံနစ် တိုးတက်မှုဟုခေါ်၍ လူမှုရေးရာ ပညာရှင်များက ပြောင်းလဲမှုသဘောနှင့် ပြောင်းလဲမှု ဖြစ်ပေါ်စေသော အကြောင်းတရားများကို ရှာဖွေကြလေသည်။

ရှေးပဝေဏီခေတ်က စ၍ ကျွန်ုပ်တို့ မြန်မာလူမျိုးများတွင် ဆင်ခြင်တုံတရားကင်းမဲ့သော ရိုးရာအလိုက် ယုံကြည်မှုများ ရှိလေသည်။ ကျွန်ုပ်တို့တွင်မျှမက ကမ္ဘာတဝှန်းလုံးရှိ နိုင်ငံခြားလူမျိုးများတွင်လည်း ဤကဲ့သို့ အလားတူယုံကြည်မှုများ ရှိသည်။ ထိုယုံကြည်မှုများမှာ အစွဲများဖြစ်လေသည်။ လူမှုရေးရာ ပညာတွင် ထိုအစွဲများအကြောင်းကို ရှင်းလင်းဖော်ပြထားသည်ကို တွေ့ရှိရပေလိမ့်မည်။ ထိုအပြင် လူမှုရေးရာပညာကို လိုက်စားသူသည် လူများ၏ ထူးခြားသော အမူအကျင့်များ၊ ဓလေ့ထုံးစံများကို မည်မျှပင် သေးဖွဲသောအရာ ဖြစ်စေကာမူ လျစ်လျူရှု၍ မထားချေ။ အဘယ်ကြောင့်ဆိုသော် ထိုအရာများသည် မည်မျှပင် သေးဖွဲ့စေကာမူ ပေါင်းသင်းဆက်ဆံခြင်း၊ တဦးကိုတဦး အတုခိုးခြင်း အစရှိသည့် လူမှုရေးရာ ကိစ္စများတွင် များစွာ အရေးပါ အရာရောက်သောကြောင့် ဖြစ်လေသည်။

ကျွန်ုပ်တို့ နေ့စဉ် လုပ်ကိုင်နေသော လုပ်ငန်းဆောင်တာများသည် လူမှုရေးရာပညာရပ်များတွင် အကျုံးဝင်နေသည်ဖြစ်ရာ ကျွန်ုပ်တို့အားလုံးသည် နေယင်းထိုင်ယင်း လူမှုရေးရာပညာကို လေ့လာလိုက်စားသည်နှင့် မခြားတော့ပေ။ ဤအချက်ကို သတိပြုမိသူ များစွာ မရှိလှချေ။ သို့ရာတွင် မိမိတို့ ပတ်ဝန်းကျင် အခြေအနေကို သတိပြု၍ ဆင်ခြင်သုံးသပ်ကာ စံနစ်တကျ လေ့လာသူများ၏ ဦးရေမှာ တနေ့တခြား များပြားလာပေပြီ။ ကျွန်ုပ်တို့သည် လူမှုရေးရာပညာကို လေ့လာလိုက်စားရာ၌ မိမိတို့ နေထိုင်သော မြို့ရွာ၏သမိုင်း၊ မြို့ရွာတွင် မှီတင်းနေထိုင်ကြသော လူများ၏ အကြောင်းအရာ၊ ထိုသူများ မည်ကဲ့သို့ အသက်မွေးမှုအတွက် လုပ်ကိုင်နေထိုင်ကြပုံ၊ ထိုမြို့ရွာတွင် ဘုရားဘယ်နှစ်ဆူ၊ ဘုန်းကြီးကျောင်း ဘယ်နှစ်ကျောင်း ရှိသည် အစရှိသော အကြောင်းအရာများကို အားလပ်သည့် အချိန်များတွင် စုံစမ်းလေ့လာခြင်းဖြင့် အလွန် စိတ်ပါ



www.burmeseclassic.com

www.burmeseclassic.com





ဝင်စားဖွယ် ကောင်းသော ဝါသနာတခုကို ရရှိနိုင်မည် ဖြစ်လေသည်။

လူမှုရေးရာပညာသည် ၁၉ ရာစုနှစ် အတွင်းက စ၍ စံနစ်တကျ လေ့လာလိုက်စားလာသော ပညာတရပ် ဖြစ်ခဲ့သည်။ လူများသည် တဦးနှင့်တဦး ပိုမိုရင်းနှီးစွာ ဆက်ဆံပေါင်းသင်းလေလေ လူမှုရေးရာပညာသည် ပိုမို၍အရေးပါအရာရောက်လာလေလေ ဖြစ်တော့သည်။ လူမှုရေးရာပညာသည် လူတို့၏ ပေါင်းသင်းဆက်ဆံရေး၏ အကျိုးနှင့်အကြောင်းများကို လေ့လာ၍ ဥပဒေပြု ပုဂ္ဂိုလ်များ လမ်းညွှန်သဖွယ် လိုက်နာရမည့် အဆုံးသတ် ယူဆချက်များကို ထုတ်ဖော်ပေးလေသည်။ လန်ဒန်တက္ကသိုလ်၊ အောက်စဖို့တက္ကသိုလ် စသော အနောက်နိုင်ငံ တက္ကသိုလ်ကျောင်းကြီးများတွင် လူမှုရေးရာပညာများကို သင်ကြားပို့ချလျက်ရှိရာ ရန်ကုန်တက္ကသိုလ်တွင်လည်း လူမှုရေးရာပညာကို ဘာသာရပ်တခုအနေဖြင့် သင်ကြားပေးနေပေပြီ။

**လူမှုရေးအာမခံ။** ။ကျန်းမာရေး ချို့တဲ့မှုကြောင့်ရင်း၊ အလုပ်ခွင်တွင် အလုပ် ဆက်လက် မလုပ်နိုင်လောက်အောင် ထိခိုက်ဒဏ်ရာ ရရှိသောကြောင့်ရင်း၊ အလုပ်လက်မဲ့ဘဝသို့ ရောက်သွားရသောကြောင့်ရင်း၊ အသက်အရွယ် အိုမင်းမစွမ်း ရှိသောကြောင့်ရင်း မိမိနှင့်တကွ မိမိအား မှီခိုအားထားနေရသူများ၏ နေထိုင်စားသောက်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် ဆက်လက်မထောက်ပံ့နိုင်သော အလုပ်သမားတို့အား အကူအညီအထောက်အပံ့ပေးရန် အစိုးရက တည်ထောင်ဖွင့်လှစ်ထားသော အာမခံလုပ်ငန်းသည် လူမှုရေး အာမခံ ဖြစ်သည်။ ထိုအာမခံ လုပ်ငန်းမျိုးကို ခရစ် ၁၈၈၃ ခုနှစ်တွင် ဂျာမနီနိုင်ငံက ရှေးဦးစွာ တီထွင် လုပ်ကိုင်ခဲ့သည်။ သို့ရာတွင် ထိုစဉ်အခါက အလုပ်တွင် ထိခိုက်ဒဏ်ရာရသူနှင့် အလုပ်ဆက်လုပ်ခြင်းငှာ မစွမ်းနိုင်သော လူအိုလုပ်သားများ အတွက်သာ ရည်ရွယ်လျက် လုပ်ကိုင်ခဲ့သည်။ ဂျာမနီနိုင်ငံ၏ နမူနာကို ယူ၍ အခြားနိုင်ငံများကလည်း ထိုလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြလေသည်။

၁၉၃၈ ခုနှစ်တွင် လူမှုရေး အာမခံစံနစ်ကို ပဌမဦးဆုံး အောင်မြင်စွာ တည်ထောင် ဆောင်ရွက်ခဲ့သော နိုင်ငံမှာ နယူးဇီလန်နိုင်ငံ ဖြစ်သည်။ လူမှုရေး အာမခံလုပ်ငန်းအတွက် ကုန်ကျငွေကို အထူး အမြတ်တော်ခွန် ကောက်ယူခြင်းဖြင့် ရရှိခဲ့လေသည်။

အင်္ဂလန်ပြည်၌လည်း လူမှုရေး အာမခံစံနစ်ကို ၁၉၁၁ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင်မှ ထိုလုပ်ငန်းကို အစိုးရ၏ သီးခြားဌာန အဖြစ်ဖြင့် ဖွင့်လှစ်ပြီးလျှင် ထောက်ပံ့ကြေးများ ပေးခဲ့လေသည်။ ၁၉၄၈ ခုနှစ်တွင် အသက် ၁၆ နှစ်မှ ၆၅ နှစ်အတွင်း ရှိသူများကို ထိုလုပ်ငန်းအတွင်း အကျုံးဝင်စေ၍၊ အခွင့်အရေးများကို ခံစားစေခဲ့သည်။ ထိုစံနစ်အရ ပြည်သူပြည်သား အားလုံးတို့သည် အခမဲ့ ဆေးဝါးကုသခွင့်ရခြင်း၊ အလုပ်လက်မဲ့ဖြစ်နေချိန်၊ သို့မဟုတ် မကျန်းမာသည့် အချိန်တွင် ထောက်ပံ့ကြေးရခြင်း၊ အလုပ်ခွင်မှ အနားယူသောအခါ၌ အငြိမ်းစား လစာငွေများ ရရှိခြင်း စသည့် အခွင့်အရေးများကို ရရှိခဲ့ကြသည်။

ယခုအခါ မြန်မာနိုင်ငံတွင်လည်း မမာမကျန်းမှု၊ သေဆုံးမှုနှင့် ဝင်ငွေနည်းပါးမှုတို့ကြောင့် အားကိုးရာမဲ့ဖြစ်၍ လူမှုရေးမျှတမှု မရှိသော အလုပ်သမားများအား အကူအညီပေးရန် လူမှုဖူလုံရေး စီမံကိန်းတရပ်ကို တီထွင်ဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းကို ၁၉၅၄ ခုနှစ်တွင် ပြဋ္ဌာန်း၍ ၁၉၅၆ ခုနှစ် ဇန္နဝါရီလတွင် အကောင်အထည်ဖော်ခဲ့သည့် လူမှုဖူလုံရေး အက်ဥပဒေအရ တီထွင်ခဲ့ခြင်းဖြစ်၏။ လူမှုဖူလုံရေး စီမံကိန်း၏ အဓိက သဘောတရားမှာ လူ့ဘဝလမ်းစဉ်တွင် တွေ့ကြုံရင်ဆိုင်ရမည့် လူမှုအန္တရာယ်များကို တားဆီးရန် အလုပ်ရှင်၊ အလုပ်သမားများနှင့် အစိုးရတို့၏ အင်အားကို စုပေါင်း၍ မမာမကျန်းမှု၊ မီးဖွားမှု၊ မတော်တဆ ထိခိုက်ဒဏ်ရာရမှု စသည်တို့ ကဲ့သို့သော လူမှုအန္တရာယ်တို့နှင့် တွေ့ကြုံရင်ဆိုင်နေရသူများအား ပြန်လည်ထောက်ပံ့ခြင်း ဖြစ်၏။ တနည်းအားဖြင့် ဆင်းရဲဒုက္ခ တွေ့ကြုံသူများအား ဖူလုံမှုရရှိရေးအတွက် တမျိုးသားလုံး၏ ဝင်ငွေကို အာမခံစံနစ်အသွင်ဖြင့် ပြန်လည်ကာ ဖြန့်ဖြူးပေးဝေခြင်းလည်း ဖြစ်လေသည်။

လူမှုဖူလုံရေး အက်ဥပဒေအရ (၁) မမာမကျန်းမှု၊ မီးဖွားမှု၊ သေဆုံးမှုတို့နှင့် သက်ဆိုင်သည့် အထွေထွေ အာမခံစံနစ်နှင့် (၂) အလုပ်တွင် ထိခိုက်ဒဏ်ရာရမှုနှင့် အလုပ်နှင့်စပ်ဆိုင်သည့် ရောဂါများပါ အကျုံးဝင်သော အလုပ်တွင် ထိခိုက်ဒဏ်ရာရမှု အာမခံစံနစ်တို့ကို စီမံထားရှိသည်။ ထိုအာမခံစံနစ် နှစ်မျိုးလုံးအရ အာမခံထားသူအားလုံးကို အခမဲ့ ဆေးကုသပေး၍ ငွေလက်ငင်း အကျိုးခံစားခွင့်များပေးရန် စီမံထားရှိပြီးလျှင် မကျန်းမာမှု အကျိုးခံစားခွင့်၊ မီးဖွားမှု အကျိုးခံစားခွင့်၊ ဆေးရုံတက်မှု အကျိုးခံစားခွင့်နှင့် အသုဘစရိတ်၊ ယာယီ မသန်စွမ်းမှု အကျိုးခံစားခွင့်၊ အမြဲတမ်း မသန်စွမ်းမှု ပင်ရှင်၊ ကျန်ရစ်သူ ပင်ရှင် စသည့် လူမှုဖူလုံရေး အကျိုးခံစားခွင့်တို့ကို အခွန်အကောက်လွတ် ထုတ်ပေးသည်။ ထိုစီမံကိန်းအတွက် ကုန်ကျစရိတ်တို့ကို အလုပ်သမား၊ အလုပ်ရှင်နှင့် နိုင်ငံအစိုးရတို့က သုံးစုခွဲ၍ ပေးဆောင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ပရဟိတ လုပ်ငန်း

**အများကောင်းကျိုးအတွက် ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်သမျှ လုပ်ငန်းသည် လူမှုဝန်ထမ်းလုပ်ငန်း မည်၏။ ရေငတ်သူကို ရေကြည် တပေါက် ပေးကမ်းမှုမှစ၍ အသင်းအပင်းဖွဲ့ကာ ဒုက္ခသည်အများကို စောင့်ရှောက်အားပေးမှုအထိ ကူညီထောက်ပံ့မှု အားလုံးသည် လူမှုဝန်ထမ်းလုပ်ငန်း ဖြစ်သည်။**

**လူမှုဝန်ထမ်း။** ။လူမှုဝန်ထမ်း ဟူသော စကားတွင် ကမ္ဘာနှင့်အဝှန်း ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်း လုပ်ငန်းများ အကျုံးဝင်သည်။ အများကောင်းကျိုးအတွက် ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်သမျှ လုပ်ငန်းသည် လူမှုဝန်ထမ်း လုပ်ငန်းမည်၏။ ထိုလုပ်ငန်းမျိုးမှာ မြန်မာနိုင်ငံတွင် ရှေးယခင်ကတည်းက ရှိခဲ့သော်လည်း အမည်သီးခြားပေးပြီး အသင်းဖွဲ့ကာ ဆောင်ရွက်ခြင်း မရှိခဲ့ပေ။ ယခုအခါ ကမ္ဘာတွင် သိပ္ပံပညာအရင်းခံ၍ စက်မှုလက်မှုပညာများ တိုးတက် ထွန်းကားလာ၏။ စက်မှုလက်မှု ထွန်းကားသည့် ဒေသတိုင်းတွင် လူဦးရေလည်း တိုးတက်များပြားလာ၏။ လူဦးရေ များပြားလာသည်နှင့် အမျိုးမျိုးသော ရောဂါဘေး၊ မီးဘေးစသော ပြဿနာတို့သည်လည်း ပေါ်ပေါက် လာတော့၏။ လူမျိုး တည်တံ့မှုအတွက် လူအို လူနာ စောင့်ရှောက်ရေး၊ ပညာရေး၊ စီးပွားရေး စသည်တို့လည်း ပေါ်ပေါက်လာပြန်သည်။ ရာသီဥတု ဖောက်ပြန်မှုကြောင့် ရေဘေး၊ ငလျင်ဘေး၊ မြေငလျင်ဘေး စသည်တို့ ကြုံကြိုက်သည့် အခါ၌ ငှင်း၊ ခိုးသားဓားပြ၊ သူပုန်၊ စစ် စသည်တို့ တိုက်ခိုက်သည့် အခါ၌ငှင်း၊ ဒုက္ခသည်များအရေး ပေါ်ပေါက်လာသည့် အခါ၌ငှင်း ကူညီစောင့်ရှောက်မှု ယိုင်းပင်းမှုသာ မရှိခဲ့လျှင် ကမ္ဘာတွင် နေပျော်ဖွယ်ရှိတော့မည်မဟုတ်ရကား လူမှုဝန်ထမ်း လုပ်ငန်းသည် အသေးအဖွဲ့မှ စ၍ တနိုင်ငံလုံး စုပေါင်းဆောင်ရွက်သည်အထိ လိုအပ်သော လုပ်ငန်းကြီးတရပ် ဖြစ်ပေသည်။

အမေရိကန်၊ အင်္ဂလန်၊အိန္ဒိယ စသော နိုင်ငံတို့တွင် လူမှုဝန်ထမ်း လုပ်ငန်းကို ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စာရိတ္တပြုပြင်ရေး စသည်ဖြင့် အပိုင်းပိုင်း ခွဲ၍ တိုးတက်အောင် ဆောင်ရွက် နေကြသည့်နည်းတူ မြန်မာနိုင်ငံ၌လည်း တိုင်းပြည်လူထုအား ကူညီထောက်ပံ့ ကာကွယ်စောင့်ရှောက်မှုအတွက် လူမှုဝန်ထမ်းဌာနတခုကို နိုင်ငံအစိုးရတို့က ၁၉၅၃ ခုနှစ်တွင် စတင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ထိုအချိန်မှစ၍ လူမှုဝန်ထမ်း ဌာနသည် လူမှုရေးပြဿနာများကို ဖြေရှင်းရုံသာမက နိုင်ငံတွင်းရှိ တိုင်းရင်းသားတိုင်း သာယာဝပြောစွာ နေထိုင်နိုင်ရန်လည်း စိုင်းပြင်းလျက်ရှိသည်။ နိုင်ငံအစိုးရတို့သည် တိုင်းပြည်တွင်းရှိ ကလေးသူငယ်တိုင်း၏ စား ဝတ် နေရေးပြည့်စုံ လုံခြုံမှုကို ထိုထားသည့်ပြင် သာယာ ပျော်ရွှင်မှုကိုလည်း ဖန်တီးပေးရန် ရည်ရွယ်လျက်ရှိသည်။ လုပ်ငန်း အကောင်အထည်ဖော်ရာတွင်နေ့ကလေးထိန်းဌာနများ၊မှုလတန်းကြိုကျောင်းများ၊ ကလေးပြုစုရေးဌာနများ၊ မိဖမဲ့ ကလေးများ စောင့်ရှောက်ရေး ဂေဟာများ၊ လေလွင့် နေသော ကလေးများ စောင့်ရှောက်ရေး ဂေဟာများ၊ မျက်မမြင်၊ နားမကြား၊ ဆွံ့အသော ကလေးဂေဟာများ ဖွင့်လှစ်၍ စောင့်ရှောက်ပေးလျက် ရှိသည်။

မိခင်များ၏မကျန်းမာမှု၊ စီးပွားရေး ချို့တဲ့မှု၊ ကိုယ်ခွဲမရှိ၍ အိမ်ထောင်မှုဆောင်ရွက်ရာတွင် ပင်ပန်းမှု စသည်တို့ကြောင့် ကလေးသူငယ်၏ဘဝတွင် မပြည့်စုံနိုင်ဘဲရှိရာ ထိုချို့တဲ့ယွင်းမှုများကို ဖြည့်စွက်သည့်အနေဖြင့် နေ့ကလေးထိန်းဌာနများကို ဖွင့်လှစ်ခဲ့သည်။ ထိုဌာနများမှ ကလေးများအား ကျန်းမာရေး၊ ပညာရေး၊ စာရိတ္တ ကောင်းမွန်ရေး၊ ပျော်ရွှင်ရေးများ ရရှိစေရန် တနေ့တာလုံး ကြည့်ရှုထိန်းသိမ်းပေးသည်။ အချို့ကလေးများမှာ မိဖနှစ်ဦးစလုံး အနိစ္စရောက်၍ငှင်း၊ မိဖများက စွန့်ပစ်၍ငှင်း၊ အမိ၊ သို့မဟုတ် အဖတဦးဦး သေဆုံး၍ငှင်း၊ ပြင်းထန်စွာ မကျန်းမာ၍ငှင်း မိခင်၏ ပိုက်ထွေး မွေးမြူမှုကို အလျှင်းမခံရသဖြင့် နိုင်ငံအစိုးရက ကလေးပြုစုရေး ဌာနကို တည်ထောင်ထားသည်။ အချို့ကလေးများကို ယာယီ စောင့်ရှောက်၍ အချို့ကလေးများအား အစဉ် စောင့်ရှောက်ထားသည်။ ဆွေမျိုးဉာတိ လုံးဝမရှိသော ကလေးများကို မွေးစားမည့် မိဖများအား အမွေစားအမွေခံအဖြစ် မွေးစားခွင့် ပေးသေးသည်။

မိဖမဲ့ ကလေးများအား စေတနာ့ဝန်ထမ်းဂေဟာများက စောင့်ရှောက်ထားသည်။ စေတနာ့ဝန်ထမ်း စောင့်ရှောက်ထားသော မိဖမဲ့ ကလေးများ တိုင်းပြည်တွင် ထောင်သောင်းမက အမြောက်အမြား ရှိသည့်အနက် အချို့တို့ကို မြန်မာဗုဒ္ဓဘာသာဘုန်းတော်ကြီးများ (မြန်မာနိုင်ငံလုံးဆိုင်ရာ ပရဟိတသံဃအဖွဲ့ချုပ်) က သော်ငှင်း၊ နိုင်ငံခြားသား ခရစ်ယာန် သာသနာပြု အသင်းအဖွဲ့များ ကသော်ငှင်း၊ ကျန်အချို့တို့ကို စေတနာ့ဝန်ထမ်း အသင်းအဖွဲ့များကသော်ငှင်း တာဝန်ယူ၍ ထိန်းသိမ်း စောင့်ရှောက်လျက်ရှိရာ နိုင်ငံအစိုးရကလည်း ငွေကြေးထောက်ပံ့သည်။ အခြေအနေ အတည်တကျမရှိ၊ အိုးအိမ်ကင်းမဲ့ လမ်းကြီးလမ်းငယ်များ၌ လေလွင့်နေသော ကလေးများအားလည်း စေတနာ့ဝန်ထမ်း စောင့်ရှောက်ရေး ဂေဟာ

www.burmeseclassic.com



များတွင် ထိန်းသိမ်း၍ ယင်းတို့၏ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းပညာ ရရှိရေးနှင့် စာရိတ္တ ကောင်းမွန်ရေးတို့အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံအစိုးရကလည်း နှစ်စဉ် ငွေကြေး ထောက်ပံ့သည်။

မျက်မမြင်၊ နားမကြား၊ ဆွံ့အသော ကလေးများအား လူတန်းစေ့နေထိုင်နိုင်ရန် စေတနာ့ဝန်ထမ်း အဖွဲ့များက အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေး ကျောင်းများ ဖွင့်လှစ်၍ သင်ကြားခဲ့ရာ မျက်မမြင် ဂေဟာများ ရန်ကုန်မြို့နှင့် ပခုက္ကူမြို့ (ပြည်ထောင်စု မြန်မာနိုင်ငံလုံးဆိုင်ရာ မျက်မမြင် ဒုက္ခသည်များအား ကယ်တင်စောင့်ရှောက် ပညာသင်ကြားရေးအဖွဲ့ ကျောင်းကြီး) တို့တွင် ရှိ၍ နားမကြား ဆွံ့အဂေဟာမှာ ရန်ကုန်တွင် ရှိသည်။ နိုင်ငံအစိုးရက ထိုစေတနာ့ဝန်ထမ်းအဖွဲ့များ ကြာရှည်ထမ်းဆောင်နိုင်ရန် ထောက်ပံ့ကြေးများပေးလျက်ရှိသည်။

မိခင်နှင့် ကလေးများ စောင့်ရှောက်ရေး လုပ်ငန်းသည်လည်း အထူးလိုအပ်သော လူမှုဝန်ထမ်း လုပ်ငန်း တရပ်ဖြစ်သည်။ ယခုလက်ရှိ မိခင်နှင့်ကလေးများ စောင့်ရှောက်ရေးလုပ်ငန်းများကို စေတနာ့ဝန်ထမ်း အသင်းအဖွဲ့များက များသောအားဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုအသင်းအဖွဲ့များက မိခင်နှင့်ကလေးများအတွက် ဆေးပေးရုံများ ဖွင့်လှစ်၍ ကလေးကိစ္စမှန်သမျှ၊ မမွေးမီနှင့် မွေးပြီးအချိန်ကာလအတွင်း အလုံးစုံစောင့်ရှောက် ပြုစုပေးသည်။ မိခင်များကိုလည်း ကိုယ်ဝန်ဆောင်နည်းနှင့် ကလေး မွေးမြူနည်း ညွှန်ကြား၍ ကျန်းမာရေး စစ်ဆေးပေးသည်။

ပြည့်တန်ဆာပပျောက်ရေး အက်ဥပဒေအရ ဖမ်းဆီးအပြစ်ပေးခြင်းခံရသော အမျိုးသမီးများအား စေတနာ့ဝန်ထမ်းအဖွဲ့ဂေဟာများတွင် စောင့်ရှောက်ထား၍ အသက်မွေးဝမ်းကျောင်း ပညာရပ်ဖြစ်သော ဇာထိုး၊ ပန်းထိုး၊ အချုပ်အလုပ်၊ ရက်ကန်းစသည့် ပညာရပ်များကို သင်ကြားပေးသည်။ နိုင်ငံအစိုးရကတဦးလျှင် လစဉ် ကျပ် ၃၀ ထောက်ပံ့သည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးအစိုးရ တက်လာပြီးနောက် ယင်း၏လူမှုရေးဝါဒအရ ကလေးသူငယ် စောင့်ရှောက်ရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်လျက်ရှိ



မိခင်များတွင် ကိုယ်ခွဲမရှိ၍ အိမ်ထောင်မှုဆောင်ရွက်ရာတွင် ပင်ပန်းမှုကြောင့် ကလေးသူငယ်တို့၏ဘဝသည် မပြည့်စုံနိုင်ဘဲရှိရာ ထိုချွတ်ယွင်းမှုများကို ဖြည့်စွက်သည့်အနေဖြင့် နေ့ကလေးထိန်းဌာနများကို ဖွင့်လှစ်ပေးလျက် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဓာလေးသူငယ်များအား ဗလငါးတန်နှင့် ပြည့်စုံသော မြန်မာ့ဆိုရှယ်လစ် သားသမီးကောင်းများ ဖြစ်စေရန်နှင့် ယင်းတို့၏ ဘဝအာမခံချက် ရရှိစေရန်အတွက် ယခင်က စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များက ဖွင့်လှစ်ထားသော ကမ္ဘာအေး လူငယ် ဂေဟာနှင့် ဂျူးဗမ်းလမ်းရှိ အမျိုးသမီးကလေးများ ဂေဟာတို့ကို ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင်၎င်း၊ အင်းယား လေလွင့် ကလေးများဂေဟာကို ၁၉၆၃ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ၎င်း လွှဲပြောင်း လက်ခံယူပြီးလျှင် တော်လှန်ရေးအစိုးရ လူမှုဝန်ထမ်းဌာနက တိုက်ရိုက် အုပ်ချုပ်လျက်ရှိသည်။

ကမ္ဘာအေး လူငယ်ဂေဟာကို ကမ္ဘာအေး လူငယ် သင်တန်းကျောင်း၊ အင်းယား လေလွင့်ကလေးများ ဂေဟာကို အင်းယား လူငယ်သင်တန်းကျောင်း၊ဂျူးဗမ်း အမျိုးသမီးကလေးများ ဂေဟာကို အမျိုးသမီးကလေးများ သင်တန်းကျောင်းဟူ၍ အမည်သစ် အသီးအသီး ပေးခဲ့သည်။ ထို့ပြင် မန္တလေးမြို့နှင့် မော်လမြိုင်မြို့ တို့တွင်လည်း လူငယ်သင်တန်းကျောင်းများ ၁၉၆၃ ခုနှစ်တွင် ဖွင့်လှစ်ပေးခဲ့သည်။

မူလတန်းကြိုကျောင်းကို ရန်ကုန်မြို့တွင် ၁၉၆၆ ခုနှစ်နိုဝင်ဘာလ တရက်နေ့က ဦးစွာဖွင့်လှစ်ခဲ့၍၊ ယခုအခါ ရန်ကုန်မြို့တွင် လေးကျောင်း၊ မန္တလေး၊ဖားအံ၊ တောင်ကြီး၊ မြစ်ကြီးနားနှင့် လှိုင်ကော်မြို့များတွင် တကျောင်းစီ ဖွင့်ထားသည်။

အင်္ဂလိကန်အသင်းတော်က ဖွင့်လှစ်ထားသော ကြည့်မြင်တိုင် စိန်မိုက်ကယ် မျက်မမြင်ကျောင်းကိုလည်း ၁၉၆၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် လွှဲပြောင်း လက်ခံယူပြီးလျှင် လူမှုဝန်ထမ်းဌာနက တိုက်ရိုက် အုပ်ချုပ်လျက်ရှိ၏။

စေတနာ့ဝန်ထမ်းအဖွဲ့များက ဖွင့်လှစ်ထားသော အစိုးရ အထောက်အပံ့ခံ မိဖမဲ့ဂေဟာများ၊ ဘိုး ဘွား ရိပ်မြုံသာများ၊ မျက်မမြင်ကျောင်း၊ ဆွံ့အ နားမကြား ကျောင်းများ လိုက်နာရန် စည်းမျဉ်းများ၊ ယင်းတို့အတွက် ထောက်ပံ့မှုများ ထျော်ထားနည်းများကိုလည်း စံနစ်တကျ ရေးဆွဲသတ်မှတ်ပေးသည်။ စားစရိတ်၊ အဝတ်စရိတ်များလည်း တိုးမြှင့် ပေးသည်။ အဆောက်အအုံပြင်ရန်၊ အသစ်တိုးချဲ့ဆောက်လုပ်ရန်၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရန် ပစ္စည်းကရိယာများ ဝယ်ယူရန် ထောက်ပံ့ငွေများ ထုတ်ပေးသည်။ထိုအထောက်ပံ့ခံ စေတနာ့ဝန်ထမ်းဂေဟာများကို လူမှုဝန်ထမ်း ဌာနမှ သတ်မှတ်သော အဆင့်အတန်းသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ရန် ထိုဂေဟာများရှိ ဂေဟာမှူးများကိုလည်း သင်တန်းပေးသည်။

သားထောက် သမီးခံမရှိသဖြင့် မှီခိုအားထားရာမဲ့သော ဆင်းရဲသည့် အသက် ၆၀ ကျော် အဖိုးအို၊ အဖွားအိုများကို စေတနာ့ဝန်ထမ်း အသင်းအဖွဲ့များက ရိပ်သာများ တည်ထောင်ကာ ပြုစု စောင့်ရှောက် ထားသည်။ ယင်း ဘိုးဘွားရိပ်သာများကို ရန်ကုန် (နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ)၊ မော်လမြိုင်၊ မင်းကွန်း၊ ပေါင်းတည်၊ သထုံ၊ ဖြူးနှင့် ပခုက္ကူ စသည့် မြို့များတွင် ဖွဲ့စည်း ဖွင့်လှစ် ထားရှိရာ အစိုးရကလည်း အားပေး ကူညီလျက်ရှိသည်။ အနာကြီး (ကုဋ္ဌနူနာ) ရောဂါသည်များ အတွက်လည်း နိုင်ငံခြားသား ခရစ်ယာန်သာသနာပြု အသင်းအဖွဲ့များက အနာကြီးရောဂါ ဆေးရုံများကို ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့များတွင် တည်ထောင် ဖွင့်လှစ်ကာ ပြုစု စောင့်ရှောက်ခဲ့၏။

ယခုအခါ ရန်ကုန်မြို့ ဟံသာဝတီလမ်းရှိ ဗရင်ဂျီသာသနာအဖွဲ့ပိုင် အနာကြီးရောဂါ ဆေးရုံကို၎င်း၊ မန္တလေးမြို့ရှိ စိန်ဂျွန်း အနာကြီးရောဂါ ရိပ်သာနှင့် ဝက်စလီယန် သာသနာပြုအဖွဲ့ပိုင် အနာကြီးရောဂါ ဆေးရုံတို့ကို၎င်း ကျန်းမာရေးဌာနမှ လွှဲယူ၍ အနာကြီးရောဂါ အထူး ဆေးရုံများအဖြစ် ဖွင့်လှစ်ထားလေသည်။

လူမှုဝန်ထမ်း လုပ်ငန်းကား များပြားလှပေသည်။ စေတနာရှင်အသီးအသီးတို့က မိမိတို့နှစ်သက်ရာ လူမှုဝန်ထမ်း လုပ်ငန်းများကို အဖွဲ့အသင်းများတည်ထောင်ကာ ဆောင်ရွက်လျက်ရှိကြသည်။

**လူရှိုင်းလူမျိုး။** ။မြန်မာနိုင်ငံ အနောက်မြောက် ဒေသတွင် တည်ရှိသော ချင်းဝိဒေသတိုင်း၌ ချင်းလူမျိုးတို့ အပြင် လူရှိုင်းလူမျိုး (လူရှေ့လူမျိုးလည်းဟူ၏၊) ဟူ၍ ရှိပေသေး၏။ လူရှိုင်းလူမျိုးသည် တိဗက်–မြန်မာအစုတွင် လူရှိုင်းအုပ်စုခွဲ၌ပါဝင်၏။ လူရှိုင်းလူမျိုးတို့၏ ပင်ရင်းဒေသမှာ ချင်းဝိဒေသတိုင်း၏ အနောက်မြောက်ပိုင်း၊ အာသံ-မဏိပူရ နယ်များနှင့် ဆက်စပ်လျက်ရှိသော လူရှိုင်း (လူရှေ့) တောင်တန်းဒေသပင် ဖြစ်သည်။ ထိုဒေသ များတွင်သာမက မတူပီနှင့် ပလက်ဝနယ် မြောက်ပိုင်းတိုင်အောင် ပျံ့နှံ့နေထိုင်ကြသည်။ စစ်ကိုင်းတိုင်း၊ မော်လိုက်ခရိုင် ကလေးမြို့နယ်အတွင်း၌ ဘာဟန်းကျေးရွာအပါအဝင် ကျေးရွာ ၁၄ ရွာခန့်တွင် နေထိုင်ကြသည်။ အိန္ဒိယနိုင်ငံ အရှေ့ဖျား၌လည်း လူရှိုင်းလူမျိုးများ နေထိုင်လျက်ရှိ၏။ လူရှိုင်းလူမျိုးတို့သည် ချင်းဝိဒေသတိုင်း အတွင်းရှိ နီးစပ်ရာ အချို့အရပ်များသို့ ပျံ့နှံ့နေထိုင်ကြသော်လည်း အမျိုးကွဲ အမည်ကွဲ ဟူ၍ မတွေ့ရပေ။

အိန္ဒိယနိုင်ငံရှိ လူရှိုင်းလူမျိုး ဦးရေမှာ ၁၆၃,၆၀၀ ရှိသည်။ မြန်မာနိုင်ငံတွင် လူရှိုင်း လူဦးရေ ၇,၀၀၀ ခန့်ရှိသည်ဟု ဆိုလေသည်။ လူရှိုင်းလူမျိုးများသည် ရှေးအခါကပင် မြန်မာနိုင်ငံတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးများဖြစ်၏။ ယင်းတို့ မြန်မာနိုင်ငံတွင်းသို့ မည်သည့်အခါက ရောက်ရှိလာသည်ဟုမသိရသော်လည်း သက်ကြီးဝါကြီး အကြီးအကဲများကို မေးမြန်းစုံစမ်းချက်အရ ရှေးအခါက



www.burmeseclassic.com

www.burmeseclassic.com





တိဗက်—မြန်မာအုပ်စုတွင်ပါဝင်သည့် လူရှိုင်းအမျိုးသမီး

ခန်းပတ်နယ်တမူးဒေသတွင် မြို့ရိုးခံတပ်သဖွယ် ဆောက်၍ နေထိုင်ကြသည်ဟု ဆိုသည်။ လူရှိုင်း လူမျိုးများသည် စစ်သူကြီးမဟာဗန္ဓုလ၏ မြင်းတပ်တွင် ဝင်ရောက်အမှုထမ်းခဲ့ပြီးလျှင် မြန်မာနယ်များနှင့် ခန်းပတ် ဒေသများတွင် ကာကွယ်စောင့်ရှောက် ပေးသည်ဟုလည်း ဆိုကြလေသည်။ ယင်းတို့နေထိုင်ရာ လူရှိုင်း တောင်တန်းဒေသမှာ မိုင် ၂၀၀ ခန့်ရှည်လျား၍ မိုင် ၁၀၀ ခန့် ကျယ်ဝန်းသည်။ ယင်းတို့သည် ကာလအတန်ကြာမျှ ဝှန်နိုး ( ဖုံလံငို) ဟူသော အမည်ဖြင့် ခေါ်တွင်ခြင်းလည်း ခံခဲ့ရ၍ ထိုနောက်မှ လူရှိုင်းဟူသောအမည်ဖြင့် ပြန်လည်ခေါ်တွင်ခြင်း ခံခဲ့ရလေသည်။

လူရှိုင်းလူမျိုးများသည် စိုက်ပျိုး လုပ်ကိုင်စားသောက်ကြ၍ လိမ်မော်နှင့် ကာဖီများ တွင်ကျယ်စွာ စိုက်ပျိုးနိုင်ကြသော်လည်း ဈေးကွက်မရှိပေ။ လူများစုသည် ခရစ်ယာန် အယူဝါဒီများဖြစ်၍ အချို့လူနည်းစုများသည် ဗုဒ္ဓဝါဒီနှင့် အစ္စလာမ် အယူဝါဒီများ ဖြစ်ကြသည်။ ၁၈၉၄ ခုနှစ်တွင် လာရောက် အခြေစိုက်ခဲ့သော ခရစ်ယာန် သာသနာပြုအဖွဲ့များက ရောမအက္ခရာများဖြင့် စာပေတီထွင် ပေးခဲ့ကြ၍ စာတတ်သူ ဦးရေများသည်။ အထူးသဖြင့် အထက်တန်းပညာတတ် ပေါများလေသည်။

မြန်မာနိုင်ငံတွင်းရှိ လူရှိုင်း အမျိုးသားတို့မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်တွင် နိုင်ငံခြားသားများအဖြစ် ပေါင်းသင်းဆက်ဆံခြင်း ခံခဲ့ရသည်ဟု ဆိုသည်။ ထိုသို့ နိုင်ငံခြားသားများ အဖြစ် ဆက်ဆံခြင်းခံခဲ့ရသည်ကို မလိုလားသောကြောင့် "မြန်မာပြည် လူရှိုင်းအမျိုးသားအဖွဲ့"ကို တည်ထောင်ပြီးလျှင် ၁၉၆၃ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရထံ တိုင်းရင်းသားလူမျိုးတရပ်အနေဖြင့် အသိအမှတ်ပြုရန် တောင်းဆိုခဲ့သည်။ ထိုသို့တောင်းဆိုခဲ့သည့်အလျောက် ထို ၁၉၆၃ ခုနှစ် လပိုင်းအတွင်းမှာပင် တော်လှန်ရေးအစိုးရက မြန်မာတိုင်းရင်းသား လူမျိုးများတွင် အပါအဝင်အဖြစ် အသိအမှတ်ပြုခဲ့လေသည်။

**လူရှန်း**(ခရစ် ၁၈၈၁—၁၉၃၆)။ ။တရုပ် စာရေးဆရာကြီးတဦးဖြစ်သော လူရှန်းသည် တရုပ်နိုင်ငံ၊ ချူကျန်နယ်ရှိ ရှေးမြို့ဟောင်းကြီးဖြစ်သည့် ရှို့ရှင်းမြို့၌ ခရစ် ၁၈၈၁ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဖွားမြင်သည်။ လူရှန်းဟူသော အမည်သည် ကလောင်အမည်သာ ဖြစ်၍ သူ၏ အမည်ရင်းမှာ ချောင်ရှုဂျင် ဖြစ်သည်။ လူရှန်း၏ ဖခင်သည် လူရှန်း အသက် ၁၆ နှစ်အရွယ်လောက်ကပင် အလွန်မကျန်းမမာဖြစ်ပြီး သေဆုံးသွားရကား သူ၏မိသားစုမှာ ဆင်းရဲသွားရရှာလေသည်။ သူ၏ မိခင်သည် ဆင်းရဲသော်လည်း လူရှန်းအား တသက်လုံး ထိန်းသိမ်း ကြိုးကိုင်နိုင်ခဲ့သော အမျိုးသမီး တဦး ဖြစ်သည်။ သူ၏ အမည်မှာ လူဖြစ်ရာ လူရှန်း၏ ကလောင်အမည်သည် သူ၏ မိခင်အမည်ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်းဖြစ်လေသည်။

လူရှန်းသည် လူငယ်ဘဝ၌ အလွန်ဉာဏ်ကောင်းသည်ဟုကျော်ကြားခဲ့သည်။ အသက် ၁၇ နှစ်တိုင်အောင်ရှို့ရှင်းမြို့၌ စာသင်ကြားခဲ့ရာ ထိုအတောအတွင်း တရုပ်စာပေနှင့် အနုပညာများကို များစွာ ဆည်းပူးခွင့်ရရှိခဲ့သည်။ လူရှန်းလူလားမြောက်သည့် အရွယ်တွင် တရုပ်နိုင်ငံကား နိုင်ငံခြား အရင်းရှင်နယ်ချဲ့သမားတို့၏ စာချုပ်စာတမ်းများဖြင့် တုပ်ပြီးနှောင်ပြီး ရှိနှင့်ပြီဖြစ်သည့်ပြင် တံခါးမရှိ ဓားမရှိ နိုင်ငံခြားသားတို့ ဝင်ထွက်ချင်တိုင်း ဝင်ထွက်သွားလာလျက်ရှိသော သာလာယံစရပ်ကဲ့သို့ ရှိနှင့်လေပြီ။ ထို့ပြင် မန်ချူးမင်းဆက်တို့၏ ကံကျွေးစံနစ်သည်လည်း ကျဆင်းစ ဖြစ်နေသည်။ ထို့ကြောင့် လူရှန်း၏ စိတ်ဓာတ်မှာ စာပေကို အလွန်လိုက်စားလိုသည့်ပြင် နယ်ချဲ့သမားတို့၏ချုပ်ချယ်မှုမှ တော်လှန်ရန် ပြင်းပြခဲ့လေသည်။

အသက် ၁၈ နှစ်အရွယ်တွင် လူရှန်းသည် မန်ချူးအစိုးရက တည်ထောင်သော ရေတပ်ကျောင်းသို့ ဝင်ခွင့်ရရန် နန်ကင်းမြို့သို့ ထွက်ခွာလာခဲ့၏။ ရေတပ်ကျောင်းဝင် စာမေးပွဲ အောင်သော်လည်း သဘောမကျသည်နှင့် နောင်ပဲ နောက်တနှစ်တွင် မီးရထားနှင့် သတ္တုတွင်း ကျောင်းသို့ ပြောင်းရွှေ့သင်ကြား၏။ ထိုကျောင်းတွင် လေးနှစ် သင်

www.burmeseclassic.com

www.burmeseclassic.com



ကြားပြီးနောက် ၁၉၀၂ ခုနှစ်၌ ဂျပန်နိုင်ငံသို့ ပညာတော်သင်အဖြစ် သွားရောက်သင်ကြားခွင့် ရရှိခဲ့ပြန်သည်။ ဂျပန်နိုင်ငံတွင် ရှစ်နှစ်တိုင်တိုင် ကြာခဲ့၏။ နန်ကင်းမြို့နှင့် ဂျပန်နိုင်ငံတို့၌နေထိုင်ခဲ့စဉ်အတွင်း နိုင်ငံခြားစာပေနှင့် သိပ္ပံပညာရပ် ဘာသာပြန် အမြောက်အမြားတို့ကိုဂင်း၊ နိုင်ငံခြားစာဆိုတော်တို့၏ အရေးအသားများကိုဂင်း စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခွင့် ရခဲ့သည့်ပြင် နိုင်ငံရေး အတွေးအခေါ်များကိုလည်း ရရှိခဲ့သည်။ ထို အတွေ့အကြုံများကား လူရှန်း၏ ရှိရင်းစွဲနိုင်ငံရေးနိုးကြားမှုစိတ်ဓာတ်ကို လှုံ့ဆော်ပေးသကဲ့သို့ ရှိနေ၏။ ထိုကြောင့် တော်လှန်ခြင်းဖြင့် မန်ချူးမင်းတို့၏ ကံကျေးစံနစ်ကို အပြီးအပိုင်သုတ်သင်၍ တရုပ်ဆင်းရဲသား လူတန်းစားတို့၏ဘဝကို မြင့်တင်ပေးရန် စိတ်စောလျက် ရှိနေလေသည်။ သို့သော် တရုပ်လူမျိုးတို့၏ လွတ်မြောက်ရေးကို လုံးပန်းရာ၌ လက်နက်ဖြင့် တော်လှန်ခြင်းထက် စာပေဖြင့် တော်လှန်ခြင်းသည် အထိရောက်ဆုံးဖြစ်ကြောင်းကိုလည်း လူရှန်း သိရှိလာသည်။ ထိုကြောင့် စာပေရေးသားခြင်းဖက်သို့ အာရုံစိုက်လာခဲ့၏။



လူရှန်းအမည်ခံ တရုပ်စာရေးဆရာကြီး ချောင်ရှုဂျင်

လူရှန်းသည် တရုပ်နိုင်ငံသို့ ၁၉၀၉ ခုနှစ်တွင်ပြန်လာ၍ ၁၉၁၁ ခုနှစ်တွင် တရုပ်တော်လှန်ရေး ဖြစ်ပေါ်ခဲ့၏။ ထိုတော်လှန်ရေးတွင် မန်ချူးမင်းဆက်ပြုတ်သွားသော်လည်း အရင်းရှင်စံနစ်နှင့် ကံကျေးစံနစ်ကား တည်မြဲလျက်ရှိလေသည်။ နိုင်ငံရေးအာဏာသည် မန်ချူးမင်းများ လက်မှ စစ်ဝါဒီနှင့် နိုင်ငံရေးသမားများလက်သို့ ပြောင်းသွားသည်သာဖြစ်၍ များစွာ မထူးခြားလှချေ။ ၁၉၁၂ ခုနှစ်တွင် တရုပ် သမတနိုင်ငံ တည်ထောင်လေသည်။ လူရှန်းသည် ပညာရေးဝန်ကြီးဌာနတွင် ရာထူးတခုကို လက်ခံကာ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ဤသို့လက်ခံ လုပ်ကိုင်လာစဉ် ၁၉၁၇ ခုနှစ် ရုရှ အောက်တိုဘာ တော်လှန်ရေးနှင့် မေလ ၄ ရက် အရေးတော်ပုံတို့ ပေါ်ပေါက်လာခဲ့၏။ ထိုအရေးတော်ပုံများ၏ လှုံ့ဆော်မှုကြောင့် လူရှန်း၏တော်လှန်ရေး စိတ်ဓာတ်များသည် ပိုမိုပြင်းထန်လာလေသည်။ ထိုအချိန်အခါတွင် တရုပ်ဆင်းရဲသား လူတန်းစားများသည်လည်း လူတန်းစားတရပ်အနေဖြင့် နိုင်ငံရေးသို့ ဝင်ရောက်လျက် ရှိနေလေသည်။

၁၉၁၈ ခုနှစ် မှစ၍ လူရှန်းသည် တရုပ်လူမျိုးတို့အား ကံကျေးစံနစ် တိုက်ဖျက်ရေးအတွက် တော်လှန်ထကြွရန် လှုံ့ဆော်ပေးသည့် ဝတ္ထုတိုများကို မဂ္ဂဇင်း တစောင်တွင် စတင်ရေးသားတော့၏။ ပဌမဆုံး ဝတ္ထုတိုမှာ "အရူး၏ နေ့စဉ်မှတ်တမ်း"ဖြစ်၍ တရုပ်ဘာသာဖြင့် မဂ္ဂဇင်းတစောင်တွင် ရေးသားထုတ်ဝေသည်။ ထိုဝတ္ထုတိုတွင် လူရှန်းသည် တရုပ်ကံကျေးစံနစ်နှင့် ကွန်ဖူးဇီး၏ အယူဝါဒ များကို အပြင်းအထန် ရှုတ်ချရေးသားထားသည်။ ထိုဝတ္ထုတိုမှ အစပြု၍ လူရှန်းသည် ဆက်ကာ ဆက်ကာ ရေးသားသွားလေသည်။ "အရူး၏ နေ့စဉ်မှတ်တမ်း" ဝတ္ထုတိုကလေးသည် တရုပ်နိုင်ငံ၏ ဘဝသစ် ပြုပြင် ပြောင်းလဲရေးတွင် အလွန်ထိရောက်သော စာပေသစ်ဟု အသိအမှတ် ပြုကြသည်။

လူရှန်းသည် ကလောင်ဖြင့်စစ်ရေးဆိုသည့်ပြင် လူငယ်များနှင့်လည်း လက်တွဲ လုပ်ကိုင်လျက်ရှိ၏။ ၁၉၂၀ ပြည့်နှစ်မှ စ၍ ပီကင်းတက္ကသိုလ်နှင့် အမျိုးသား ဆရာအတတ်သင်သိပ္ပံကျောင်းတွင် ကထိကအဖြစ် လုပ်ကိုင်ခဲ့၏။ သူ၏ ဝတ္ထုတိုများတွင် ရေးသားပါရှိသော တော်လှန်ရေးသဘောတရားများကြောင့် လူရှန်းသည် ၁၉၂၆ ခုနှစ် ဩဂုတ်လတွင် စစ်ဝါဒီအစိုးရတို့၏ အမိန့်ဖြင့် ပီကင်းမြို့မှ ထွက်ခွာသွားရလေသည်။ ထိုအချိန်တွင် တော်လှန်ရေးဒီရေသည် တရုပ်နိုင်ငံတောင်ပိုင်းကို လွှမ်းမိုးလျက်ရှိ၏။

လူရှန်းသည် ၁၉၁၈ ခုနှစ် မှ ၁၉၂၆ ခုနှစ်အထိ တော်လှန်ထကြွရန် လှုံ့ဆော်ပေးသည့် ပဌမဆုံး ဝတ္ထုတိုများကို ဆက်ကာဆက်ကာ ရေးသားပြီးသည့်နောက် ၁၉၂၇ ခုနှစ်မှ စ၍ တဖန် ဒုတိယဝတ္ထုတိုများကို ရေးသားပြန်လေသည်။ လူရှန်းသည် ဝတ္ထုတိုများကိုသာမက ဆောင်းပါးပေါင်း များစွာကိုလည်း ရေးခဲ့သေးသည်။ ထို့ပြင် တရုပ်စာပေ သမိုင်းအကျဉ်းချုပ်ကိုလည်း ရေးခဲ့သေးသည်။ ၁၉၂၇ ခုနှစ်



www.burmeseclassic.com


www.burmeseclassic.com



နောက်ပိုင်းတွင်ကား လူရှန်းသည် တဖြည်းဖြည်းကွန်မျူနစ်သဘောတရားများကို သက်ဝင်ယုံကြည်လာရာ နောက်ဆုံးတွင် ကွန်မျူနစ်တယောက် ဖြစ်လာလေသည်။ လူရှန်းသည် စာရေးသားခြင်း၊ တရုပ် ကွန်မျူနစ်ပါတီဝါဒကို ထောက်ခံသော ဆောင်းပါးများ ရေးသားခြင်း တို့ဖြင့် အလုပ် အလွန်များနေသည့်ပြင် အဆုတ်ရောဂါဖြင့်လည်း နှိပ်စက်ခံနေရသဖြင့် ၁၉၃၆ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သွားလေသည်။

**လူဝီ ဇီယန္နားပြည်နယ်။** ။လူဝီဇီယန္နားပြည်နယ်သည် အမေရိကန်ပြည်ထောင်စု တောင်ပိုင်း အလယ်လောက်တွင်တည်ရှိသော ပြည်နယ်တခုဖြစ်သည်။ နယ်နိမိတ်အားဖြင့် မြောက်ဖက်တွင် အာကန်ဆော‌ပြည်နယ်၊ အရှေ့ဖက်တွင် မစ္စစ္စပီပြည်နယ်၊ အရှေ့တောင်နှင့် တောင်ဖက်တွင် မက္ကဆီကိုကွေ့၊ အနောက်ဖက်တွင် တက်ဆက်ပြည်နယ်တို့ဖြင့် ဝန်းရံလျက်ရှိသည်။ ဆဗိုင်းနာမြစ်သည် လူဝီဇီယန္နားပြည်နယ်တစိတ်တဒေသကို တက်ဆက်ပြည်နယ်မှ ပိုင်းခြားလိုက်၍ မစ္စစ္စပီနှင့် ပါးလမြစ်တို့က မစ္စစ္စပီပြည်နယ်နှင့်ပိုင်းခြားလိုက်သည်။ လူဝီဇီယန္နားပြည်နယ်၏ မြို့တော်မှာ ဗေတန်ရူးမြို့ဖြစ်၍ အခြားမြို့ကြီးများမှာ အယ်လက်ဇန္ဒြီးယား၊ လိပ်ချား၊ မွန်ရို၊ နယူးအော်လီယန်း၊ ရှရိပို့ မြို့များဖြစ်သည်။ လူဝီဇီယန္နားပြည်နယ်၏ အကျယ်အဝန်းသည် ကုန်းတွင်းပိုင်း ရေပြင်အပါအဝင် ၄၈,၅၂၃ စတုရန်းမိုင်ခန့် ရှိသည်။ လူဦးရေမှာ ၁၉၆၄ ခုနှစ်တွင် ခန့်မှန်းခြေ ၃,၄၈၆,၀၀၀ ယောက်ရှိသည်။

ယေဘုယျအားဖြင့် လူဝီဇီယန္နားပြည်နယ်သည် ပြန့်ပြူးသော မြေမျက်နှာပြင်ရှိသည်။ အချို့နေရာများတွင်မူကား စိမ့်တောများနှင့် နုံးတင် မြေနုများ ရှိသည်။ အမြင့်ဆုံးနေရာမှာ ၅၃၅ ပေမြင့်၍ အနောက်မြောက်ဖက်တွင် ဖြစ်သည်။ မစ္စစ္စပီမြစ်သည် အရှေ့ဖက်နယ်နိမိတ်အဖြစ် တည်ရှိပြီးနောက် ပြည်နယ်၏ အရှေ့တောင်ပိုင်းကို မိုင် ၃၀၀ မျှ ဖြတ်သန်းစီးဆင်းသည်။ မစ္စစ္စပီမြစ်၏ မြစ်လက်တက်တခု ဖြစ်သော ရက်ဒ်ရီးဗား (မြစ်နီ) သည် ပြည်နယ်တွင်းသို့ မြောက်ဖက်မှနေ၍ စီးဝင်သည်။ လူဝီဇီယန္နားပြည်နယ်



လူဝီဇီယန္နားပြည်နယ်၏ မြို့တော်ဖြစ်သော ဗေတန်ရူးမြို့ရှိ လွှတ်တော်အဆောက်အအုံကြီးကို ရှုမြင်ရပုံဖြစ်သည်။ ဗေတန်ရူးမြို့သည် အမေရိကန်ပြည်ထောင်စု၏ ရေနံဆိပ်ကမ်းမြို့ကြီးတခုလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





တွင် အိုင်ကြီးများလည်း ရှိသည်။ အကြီးဆုံးဖြစ်သော ပွန်ချာထရိန်းအိုင်သည် မစ္စစ္စပီမြစ်နှင့် တူးမြောင်းများဖြင့် ဆက်သွယ်လျက်ရှိသည်။ ရာသီဥတုမှာ မက္ကဆီကိုကွေ့နှင့် နီးသောကြောင့် အပူပိုင်းဒေသရာသီ တပိုင်းဝင် ရာသီမျိုး ဖြစ်သည်။

လူဝီဇီယန္နားပြည်နယ်သည် မြေဩဇာကောင်းသော ကြောင့် လယ်ယာစိုက်ပျိုးရေး ထွန်းကားသည်။ ကြံနှင့် ဆန်စပါးထွက်ရာ၌ အခြားပြည်နယ်များထက် သာသည်။ သီးနှံများလည်းထွက်သည်။ ထို့ပြင် ထင်းရှူး၊ ဆိုက်ပရပ်၊ ဝက်သစ်ချပင်များ ပေါက်ရောက်သော တောများရှိသည်။ ငါးဖမ်းလုပ်ငန်း၊ ကန့်တွင်း၊ ဆားတွင်း၊ ရေနံတွင်းနှင့် ရေနံ ချက်စက်ရုံများလည်း ရှိသည်။ လူဝီဇီယန္နား ပြည်နယ်တွင် ရေကြောင်းတလျှောက် မိုင် ၅,၀၀၀ ခန့် သွားလာနိုင် သည်။ မီးရထားလမ်း ၄,၂၇၆ မိုင်ခန့်ရှိသည်။

လူဝီဇီယန္နားပြည်နယ်ကို ၁၅၄၁ ခုနှစ်တွင် ဒါ ဆိုတိုက စူးစမ်း ရှာဖွေခဲ့ဟန်တူသည်။ ၁၆၈၂ ခုနှစ်တွင် လာဆဲက ပြင်သစ်ပြည့်ရှင် ၁၄ ဆက်မြောက် လူဝီဘုရင်အတွက် သိမ်း ပိုက်လိုက်သည်။ လူဝီဘုရင်ကို ဂုဏ်ပြုသောအားဖြင့် ထို ဒေသကို လူဝီဇီယန္နားဟု အမည်ပေးလိုက်သည်။ ယခု နယူးအော်လီယန်းမြို့ တည်ရှိရာ နေရာ၌ ၁၄၁၈ ခုနှစ်တွင် ယင်းကိုလိုနီကို ပြင်သစ်က စပိန်သို့အပ်သည်။ မစ္စစ္စပီမြစ် ၏အရှေ့ပိုင်းဒေသမှကား ဂရိတ်ဗြိတိန်လက်သို့ ရောက်သွား သည်။ ၁၇၆၉ ခုနှစ်တွင် စပိန်က လုံး၀ သိမ်းပိုက်ပြီးလျှင် ၁၈၀၀ ပြည့်နှစ်အထိ အုပ်စိုးသည်။ ထိုနှစ်အတွင်းမှာပင် ပြင်သစ်တို့အား စပိန်ကပြန်ပေးသည်။ ၁၈၀၃ ခုနှစ်တွင် ပြင်သစ်က အမေရိကန် ပြည်ထောင်စုအား ရောင်းလိုက် သည်။ လူဝီဇီယန္နားပြည်နယ်သည် အမေရိကန်ပြည် ထောင်စုသို့ ၁၈၁၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ၁၈ ခု မြောက် ပြည်နယ်အဖြစ် ဖွဲ့စည်းပါဝင်သည်။ ၁၈၁၂ ခုနှစ် စစ်ပွဲအတွင်းက နောက်ဆုံးတိုက်ပွဲများ ဖြစ်ပွားရာ ဒေသ ဖြစ်ခဲ့သည်။ ၁၈၆၁ ခုနှစ် ဇန္နဝါရီလ ၂၆ ရက်နေ့တွင် ပြည်ထောင်စုမှ ခွဲထွက်သည်။ ၁၈၆၂ ခုနှစ်တွင် နယူး အော်လီယန်းမြို့ကို ပြည်ထောင်စု တပ်များက သိမ်းပိုက် သည်။ ၁၈၆၃ ခုနှစ်တွင် ပြည်နယ်၏ များသောအပိုင်းကို ပြည်ထောင်စုတပ်များက သိမ်းပိုက်မိသည်။ ၁၈၆၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုထဲသို့ ပြန်၍ ဝင်သည်။ လူဝီ ဇီယန္နား ပြည်နယ်သည် အမေရိကန် ပြည် ထောင်စုရှိ ပြည်နယ်များအနက် ပြင်သစ်ဆန်သော ပြည် နယ်တခုအဖြစ် ထူးခြားလှပေသည်။ နေထိုင်သူများမှာ ပြင်သစ် တော်လှန်ရေးခေတ်က ပြင်သစ်ဘုရင် ဖက်တော် သားများ၏ အနွယ်များ ဖြစ်၍ တော်လှန်ရေးအတွင်းက ပြင်သစ်နိုင်ငံမှ လာရောက် ခိုလှုံကြသူများ ဖြစ်၏။

**လူဝီဘုရင်များ။** ။ပြင်သစ်နိုင်ငံ၌ လူဝီ ဟူသော အမည်ဖြင့် ဘုရင် ၁၈ ပါး မင်းပြုခဲ့ပေသည်။ လူဝီ ဘုရင်များသည် သက်ဦးဆံပိုင်စံနစ်ဖြင့် မင်းပြုရန်ကြိုးပမ်း ခဲ့ရာ၊ ၁၄ ဆက်မြောက် လူဝီဘုရင် လက်ထက်တွင် ဘုရင်၏ တန်ခိုးအာဏာသည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့၏။ ထိုနောက်တွင် နန်းတက်ခဲ့ကြသော လူဝီဘုရင်များ လက်ထက်တွင် ပြည်သူပြည်သားတို့သည် ဘုရင့်အပေါ် တဖြည်းဖြည်း အကြည်ညို ပျက်လာကြလေသည်။

ပဌမ လူဝီဘုရင် (ခရစ် ၇၇၈–၈၄၀) သည် ရှားလမိန်း ဘုရင်ကြီး၏ တတိယသားတော် ဖြစ်သော 'သူတော်စင်' လူဝီပင်ဖြစ်၏။ ထိုဘုရင်သည် 'ကယ်ရိုလင်ဂျင်' မင်းဆက်မှ ဖြစ်၍ ထိုမင်းဆက်တွင် လူဝီ အမည်ဖြင့် ထင်ရှားသော အခြားဘုရင်လေးပါးလည်း ရှိသေးသည်။ ကယ်ရိုလင်ဂျင် မင်းဆက် ပြတ်သွားပြီးသည့်နောက်တွင် လူဝီ အမည်ဖြင့် နန်းတက်ခဲ့သော ဘုရင်မှာ ကပေးယှန်း မင်းဆက်မှ ဆဋ္ဌ လူဝီ ဖြစ်သည်။

**ဆဋ္ဌ လူဝီဘုရင် (ခရစ် ၁၀၈၁–၁၁၃၇)။** ။ထိုမင်းသည် ပဌမ ဖိလစ်ဘုရင်၏ သားတော်ဖြစ်သည်။ ဖိလစ်ဘုရင်ကြီး သည် သားတော်အား ၁၀၉၈ ခုနှစ်လောက်မှ စ၍ တိုင်း ပြည် အုပ်ချုပ်မှု ရေးရာတို့တွင် လက်ပွန်းတတီး တွဲဖက် ဆောင်ရွက်စေခဲ့သည်။ အစွမ်းအစ ထက်မြက်လှသော မင်း သား လူဝီသည် မကြာမြင့်မီပင် စစ်တပ်၏ ကြည်ညိုလေး စားမှုကို ခံယူလာရလေသည်။ ဆဋ္ဌ လူဝီ ဘွဲ့ဖြင့် ထီးနန်း သိမ်းပိုက်သည်။ နန်းတက်ပြီးနောက် နှစ်ပေါင်း ၂၀ ခန့် မျှသော အချိန်ကာလကို စစ်တိုက်ခြင်းဖြင့် ကုန်လွန် စေခဲ့၏။ ထိုစဉ်အခါက မှူးမတ်ဟု ခေါ်ရသော်လည်း အမှန်အားဖြင့် မျက်နှာကြီး ဓားပြသာသာ ဖြစ်သော ဗဲရွန်တို့သည် တိုင်းပြည်တွင် ထင်သလို ခြယ်လှယ်နေ သောကြောင့် မိမိ၏ ထီးနန်းနှင့် တန်ခိုးအာဏာကိုပင် ထိပါးမည် စိုးရိမ်သဖြင့် အဆိုပါ မှူးမတ်များအား နှိမ်နှင်း ရသော ပြည်တွင်းစစ်ပွဲများ ဖြစ်ပွားလာ၏။

ထီးပြိုင်နန်းပြိုင် ဖြစ်သော အင်္ဂလိပ်ဘုရင်များသည် ပြင်သစ်နိုင်ငံ မြောက်ပိုင်း နော်မန်ဒီနယ်ကို စားရသည့် နယ်စားများဖြစ်သည့်အပြင် ဘုန်းလက်ရုံး တက်နေကြ သော ဘုရင်များလည်း ဖြစ်ကြ၏။ သို့ဖြင့် လူဝီဘုရင်သည် နိုင်ငံအတွင်း၌ မင်းမူနေသည့် မှူးမတ်များ၏ အာဏာကို အပြီးတိုင် ချေမှုန်းရန်သာမက အင်္ဂလိပ်ဘုရင်များနှင့် ပခုံးချင်းယှဉ်နိုင်သော ဘုရင်အဖြစ်သို့ ရောက်အောင် လည်း လုံးပန်းအောင်မြင်ခဲ့၏။ ဆဋ္ဌ လူဝီဘုရင်သည် အလွန်အစားကောင်းပြီး အလွန်ဝသဖြင့် လူဝဘုရင်ကြီး ဟု ပြောင်လှောင်ခေါ်ဝေါ်ခြင်းကို ခံရလေသည်။ သက် တော် ၄၆ နှစ် အရွယ်တွင် ဝလွန်းသဖြင့် မြင်းကိုပင် မစီး



www.burmeseclassic.com

www.burmeseclassic.com





ရှားလမိန်းဘုရင်ကြီး၏ တတိယသားတော် ပဥ္စမလူဝီဘုရင်

နိုင်တော့ချေ။ လူဝီဘုရင်သည် စစ်ပွဲများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်တိုက်ခိုက်၏။ စစ်သည်တော်တို့၏ ဝေလးစားမှုကို ခံယူခဲ့ရသဖြင့် သူ၏ အလံတော်အောက်တွင် ပြည်သူစစ်တပ်ကြီးကို စုရုံး ဖွဲ့စည်းနိုင်ခဲ့လေသည်။ ထိုဘုရင်၏ လက်ထက်တွင် ပြင်သစ်နိုင်ငံကြီး စည်းစည်းလုံးလုံးရှိကာ အင်အား တောင့်တင်းခဲ့၏။ ကွန်မြူန်းခေါ် ဒေသန္တရ အဖွဲ့များကို ဖွဲ့စည်း စေပြီးလျှင် မြို့များ နယ်များကို ကိုယ်ပိုင် အုပ်ချုပ်ရေး ပေးအပ်ခဲ့သဖြင့် ဆင်းရဲသား တောင်သူလယ်လုပ်တို့သည် မှူးမတ်များ၏ အာဏာစက်မှ လွတ်ကင်းလာကြကာ လူဝီဘုရင်ကြီးအား အထူးကြည်ညိုခဲ့ကြ၏။ ထိုမျှမကသေး လူဝီဘုရင်သည် ခရစ်ယာန် အယူဝါဒ ပြန့်ပွား တိုးတက်ရေးကိုလည်း. များစွာ သည်ပိုးဆောင်ရွက် ခဲ့ချေသေးသည်။ အမျိုးသား အာဇာနည် အဖြစ်ဖြင့် ဂုဏ်သတင်း ပျံ့နှံ့ခဲ့သော ဆဋ္ဌလူဝီ ဘုရင်သည် ၁၁၃၇ ခုနှစ် ဩဂုတ်လ ၁ ရက် နေ့တွင် ကံကုန်သည်။

**သတ္တမ လူဝီဘုရင် (ခရစ် ၁၁၂၀–၁၁၈၀)။** ။သတ္တမ လူဝီဘုရင်သည်ကား ဆဋ္ဌလူဝီ ၏ သားတော်ဖြစ်၍ ၁၁၂၀ ပြည့်နှစ်တွင် မွေးဖွားသည်။ ၁၁၃၇ ခုနှစ်တွင် ဖခင်၏ ထီးနန်း အရိုက်အရာကို ဆက်ခံခဲ့လေသည်။ ထိုဘုရင်၏ လက်ထက်တွင် ပြည်တွင်း ပြည်ပ အရှုပ်အထွေးများ ပေါ်ပေါက်ခဲ့သဖြင့် ပြင်သစ် နိုင်ငံကြီး တိမ်းစောင်းလု မတတ် ဖြစ်ခဲ့ရသည်။

နန်းတက်သော နှစ်၌ပင် ပြင်သစ် နိုင်ငံ တောင်ပိုင်းရှိ အက်ကွီတိန်း နယ်စားကြီး ဝီလျံ၏ သမီး အယ်လီနာနှင့် လက်ဆက်ခဲ့၏။ ထိုမိဖုရားကြီးအား ၁၁၅၂ ခုနှစ် မတ်လတွင် ကွာရှင်း လိုက်သဖြင့် အယ်လီနာ မိဖုရားကြီးသည် ထိုနှစ် မေလ အတွင်း၌ပင် အင်္ဂလန်ပြည် ဒုတိယ ဟင်နရီဘုရင်နှင့် ထပ်မံ လက်ဆက် လိုက်လေသည်။ သို့ဖြင့် အက်ကွီတိန်းနယ်သည် ပြင်သစ် လက်အောက်မှ အင်္ဂလိပ် လက်အောက်သို့ ပြောင်းလဲ ရောက်ရှိ သွားတော့သည်။ သတ္တမ လူဝီသည် ၁၁၅၄ ခုနှစ်တွင် ကာ့စတန် အမည်ရှိ မင်းသမီးတပါးနှင့် ထိမ်းမြား လက်ထပ်ပြန်သည်။ ထိုမိဖုရားသည် ၁၁၆၀ ပြည့်နှစ်တွင် ကံကုန်သည်။ ထို့နောက် လူဝီဘုရင်သည် အာဒဲလဆိုသူနှင့် တတိယအကြိမ်မြောက် လက်ထပ် ထိမ်းမြားပြန်ရာ ထီးနန်းအရိုက်အရာကို နောက်ဆက်ခံမည့် သားတော် ဖိလစ် အော်ဂပ်စတပ်ကို ထိုမိဖုရားမှ ဖွားမြင်၏။ သတ္တမ လူဝီဘုရင်သည် ၁၁၈၀ ပြည့်နှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကံကုန်လေသည်။

**အဋ္ဌမ လူဝီဘုရင် (ခရစ် ၁၁၈၇–၁၂၂၆)။** ။ထိုမင်းသည် ဖိလစ် အော်ဂပ်စတပ်ဘုရင်၏ သားတော်ကြီး ဖြစ်၍ ပါရစ်မြို့၌ ၁၁၈၇ ခုနှစ်တွင် ဖွားမြင်သည်။ ၁၂၀၀ ပြည့်နှစ်တွင် အင်္ဂလန်ပြည့်ရှင် ဒုတိယ ဟင်နရီဘုရင်၏ မြေးတော်ဖြစ်သူ ဗလန့်ချ မင်းသမီးနှင့် လက်ဆက်သည်။ ၁၂၁၆ ခုနှစ်တွင် အတိုက်အခံသမားများ ဖြစ်ကြသော အင်္ဂလိပ် ဗရွန်မှူးမတ်များက အင်္ဂလန်ပြည့်ရှင် ဂျွန်ဘုရင်၏ နေရာတွင်



လူဝီဘုရင်ကြီးဟု ခေါ်ဝေါ်ခံရသည့် ဆဋ္ဌလူဝီဘုရင်

www.burmeseclassic.com



လာရောက်၍ မင်းပြုရန် ဖိတ်မန္တက ပြုသည်ကို ခံရ၏။ ထို့ကြောင့် ၁၂၁၆ ခုနှစ်တွင် အင်္ဂလန်ပြည်သို့ သွားရောက်ခဲ့၏။ သို့ရာတွင် ဂျွန်ဘုရင် လွန်လေသော် အင်္ဂလိပ် ဗိုလ်မှူးမတ်တို့သည် ဂျွန်ဘုရင်၏ သားတော် တတိယ ဟင်နရီအား အသိအမှတ် ပြုသော နန်းတွင်းအဖွဲ့နှင့် သဘောညီညွတ်ကြသောကြောင့် လူဝီလည်း ၁၂၁၇ ခုနှစ်တွင် ပြင်သစ် နိုင်ငံသို့ ပြန်သွား ရလေသည်။ ၁၂၂၃ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ဖခမည်းတော်၏ အရိုက်အရာကို ဆက်ခံသိမ်းပိုက်ရ၏။

အဋ္ဌမ လူဝီဘုရင်သည် သုံးနှစ်မျှသာ ထီးနန်းကို စိုးစံရပြီးလျှင် ၁၂၂၆ ခုနှစ်တွင် ကံကုန်သည်။ နန်းသက်ပင် တိုသော်လည်း အဋ္ဌမ လူဝီဘုရင်သည် နယ်စားများအပေါ်တွင် ဘုရင့်ဩဇာ စူးရှစေရန် စွမ်းဆောင်နိုင်ခဲ့သည့်အပြင် နယ်ပယ်သစ် အချို့တို့ကိုလည်း ပြင်သစ်နိုင်ငံတွင်းသို့ ဖြည့်သွင်း အုပ်စိုးနိုင်ခဲ့လေသည်။

နဝမ လူဝီဘုရင် (ခရစ် ၁၂၁၄–၁၂၇၀)။ ။လူဝီအမည်ခံ ပြင်သစ် ဘုရင်များထဲတွင် စွမ်းရည် သတ္တိ အကောင်းဆုံး လူချစ်လူခင် အများဆုံး ဘုရင်တပါး ဖြစ်သည်။ ဥရောပအလယ်ခေတ် ကရူးဆိတ်စစ်ပွဲများ၌ ထူးချွန်လှသော အာဇာနည်များထဲတွင်လည်း တဦး အပါအဝင် ဖြစ်ပေသည်။ အယူဝါဒဖက်တွင် ရှိသော တိုင်းရှိုင်း၍ ကရူးဆိတ် စစ်ပွဲကို နှစ်ကြိမ်တိုင် ခေါင်းဆောင် ဆင်နွှဲခဲ့၏။ (ကရူးဆိတ်စစ်ပွဲများ — လည်း၍။) စစ်ရေးတွင်လည်း စွမ်းရည်သတ္တိနှင့် ပြည့်စုံသလောက် စစ်ရေးနှင့် မဆိုင်သည့်အခါတွင် စိတ်သဘော နူးညံ့၍ အကျင့်သီလ ဖြူစင်လှပေသည်။ ထို့ကြောင့် ထိုဘုရင် ကွယ်လွန်ပြီးနောက် ၂၇ နှစ်ကြာသောအခါ ဆင့်ဗွန်နီဖေ့ ပုပ်ရဟန်းမင်းက လူဝီအား စိန့် လူဝီ သူတော်စင်အဖြစ် သတ်သွင်းလိုက်၏။ မြောက် အမေရိက တိုက် တွင်ရှိသော စိန့်လူဝီမြို့ကိုလည်း ထိုဘုရင်အမည်ကိုစွဲ၍ ခေါ်ဝေါ်ခြင်းဖြစ်၏။

လူဝီဘုရင်သည် အဋ္ဌမလူဝီ၏သားတော်ဖြစ်၍ ၁၂၁၄ ခုနှစ် ဧပြီလတွင် ဖွားမြင်သည်။ ထီးနန်း ဆက်ခံရသော ၁၂၂၆ ခုနှစ်တွင် ၁၂ နှစ်သား အရွယ်မျှသာ ရှိပေသေးသည်။ ထို့ကြောင့် မယ်တော် ဗလန့်ချမိဖုရားက သားတော်ကို ရင်ခွင်ပိုက်ထား၍ ပြင်သစ်နိုင်ငံကို အုပ်စိုးလေသည်။ ထိုမိဖုရားကား အဖက်ဖက်တွင် အရည်အချင်းနှင့် ပြည့်စုံသူဖြစ်၍ သားတော်ကို လွန်စွာ ချစ်ခင်မြတ်နိုးလှ၏။ ထို့ကြောင့် သားတော်လူဝီအား မိမိအလိုရှိသလို ယောကျ်ားကောင်းတယောက် ဖြစ်စေရန် ငယ်စဉ်ကပင် ဂရုတစိုက် ကြပ်မတ်၍ လေ့ကျင့်ပေးထားလေသည်။ လူဝီဘုရင်သည်လည်း မယ်တော်ကို ရိုသေမြတ်နိုးသူ ဖြစ်၍ မယ်တော်၏ အလိုအတိုင်း လိုက်နာ ကျင့်သုံးသဖြင့် အကျင့်သိက္ခာ ကောင်းမွန်သူ ဖြစ်ပြီးလျှင် စွမ်းရည်သတ္တိနှင့် ပြည့်စုံလှသော ရဲရဲတောက် အာဇာနည်တဦး ဖြစ်ခဲ့ပေသည်။

အဋ္ဌမလူဝီဘုရင် လက်ထက်၌ အခြေအနေ ဆိုးရွားခဲ့သော ပြင်သစ် နိုင်ငံကြီးကို သားတော် နဝမ လူဝီဘုရင်ကိုယ်စား ပြင်သစ်နိုင်ငံကို အုပ်စိုးနေသော ဗလန့်ချမိဖုရားသည် အမြော်အမြင်ကြီးစွာဖြင့် ငြိမ်ဝပ်ပိပြားစေ၍ အခြေအနေ တိုးတက်သာယာအောင် ကျွမ်းကျင်လိမ္မာစွာ အုပ်ချုပ်၏။ ထို့ကြောင့် ကြင်ဖက်တော် ဖြစ်သော အဋ္ဌမ လူဝီထက်ပင် မိဖုရားက တိုင်းပြည်ကို နိုင်နင်းစွာ အုပ်ချုပ်နိုင်သည်ဟု ဆိုကြ၏။

လူဝီဘုရင် အရွယ်ရောက်၍ ၁၂၄၂ ခုနှစ်တွင် ထီးနန်းကို သိမ်းပိုက်သောအခါ မယ်တော်၏ ကျေးဇူးကြောင့် ပြင်သစ်တနိုင်ငံလုံးသည် ဝပြောသာယာလျက် ရှိလေ



လူချစ်လူခင်အများဆုံးဖြစ်သည့် နဝမလူဝီဘုရင်

သည်။ သို့သော် မကြာမီ ပြည်တွင်းမှ သူကောင်းမျိုးတို့သည် ဘုရင်သစ်၏ အင်အားကို စမ်းသပ်လိုသကဲ့သို့ ထကြွလာကြသည်။ မယ်တော်၏ ခြေရာကို ကောင်းမွန်စွာ လိုက်၍ နင်းနိုင်သော လူဝီဘုရင်သည် မိမိအား တော်လှန်ထကြွသူများကို အပြတ်အသတ် နှိမ်နင်းလိုက်လေသည်။ ဘုရင်သစ်အား အန်တုရန်လာသော နိုင်ငံခြားစစ်တပ်များကိုလည်း မောင်းနှင် တိုက်ထုတ်ပစ်လိုက်လေသည်။ အင်္ဂလန်ပြည့်ရှင် တတိယ ဟင်နရီဘုရင်၏ စစ်တပ်



www.burmeseclassic.com

www.burmeseclassic.com



များကိုလည်း နိုင်နင်း အောင်မြင်လိုက်၏။ ယင်းသို့ဖြင့် လူဝီဘုရင်သည် မိမိ၏ ထက်မြက်သော အရည်အသွေးကို ပြခဲ့လေသည်။

သို့သော် စစ်ပွဲများတွင် ပြင်းပြင်းထန်ထန် တိုက်ခိုက်ရသဖြင့် လူဝီဘုရင်မှာ သေလုမျောပါး သည်းထန်စွာ နာဖျားခဲ့သည်။ နာမကျန်းစဉ် ပယ်လက်စတိုင်သို့ ကရူးဆိတ်စစ်ပွဲကို ဆင်နွဲတိုက်ခိုက်ပါမည်ဟု အဓိဋ္ဌာန် ပြုရာမှ ပြန်လည် ကျန်းမာလာသောအခါ အတိအကျ ဆောင်ရွက်လေသည်။ ထိုကြောင့် ၁၂၄၈ ခုနှစ်တွင် မယ်တော်အား တိုင်းပြည်ကို အပ်နှင်းခဲ့၍ ပယ်လက်စတိုင်သို့ ချီတက်လေသည်။ အီဂျစ်နိုင်ငံ ဒမီအက်တာမြို့တွင် လူဝီဘုရင်၏ စစ်တပ်များက မွတ်စလင်များကို နိုင်နင်းလိုက်သော်လည်း မကြာမီ တတပ်လုံး အဖျားရောဂါတမျိုး ကပ်ရောက် လာတော့သည်။ ထိုကြောင့် ရန်သူတို့ လာရောက် တိုက်ခိုက်သောအခါ လူဝီဘုရင်သည် ဖျားနာလျက်ပင် ရန်သူတို့ လက်သို့ ကျဆင်းခဲ့လေသည်။ ငါးနှစ်ခန့်မျှ ရန်သူ၏ လက်တွင်း အကျဉ်းခံနေရရာ မိမိတို့၏ ဘုရင်အား ချစ်ခင်မြတ်နိုးလှသော တိုင်းသူ ပြည်သားများသည် ဖာခုခေတ် ဒေါ်လာ ငါးသန်းခန့် တန်ဖိုးရှိသည့် ငွေကြေး အမြောက်အမြား ပေး၍ ရွေးယူကြလေသည်။

ထိုသို့ ရွေးယူပြီးသည့်နောက်တွင် နဝမ လူဝီသည် ပြင်သစ်နိုင်ငံသို့ မပြန်သေးဘဲ ပယ်လက်စတိုင်သို့ ဆက်လက်ချီတက်တိုက်ခိုက်လိုစိတ် ပြင်းပြနေခဲ့သေးသည်။ သို့သော် ပြည်တော်စောင့် ကျန်ခဲ့သော မယ်တော် ကွယ်လွန်လေသဖြင့် လူဝီသည် ပြင်သစ်နိုင်ငံသို့ ပြန်လာပြီးနောက် နေသားတကျ ရှိစေရန် အုပ်ချုပ်နေခဲ့ရသည်။ နှစ်ပေါင်း အတန်ကြာမျှ ပြင်သစ်နိုင်ငံတွင် သူတော်စင် ဘုရင်တပါး အနေဖြင့် စိုးမိုးခဲ့သည်။ မင်းစည်းစိမ် ခံစားရာတွင် ဝင့်ဝါခြင်းမရှိပဲ တိုင်းပြည်ကို တရားသဖြင့် အုပ်ချုပ်လေသည်။ တရားမျှတမှုရရှိစေရန် တရားရုံးတော်များတွင် စစ်ဆေး စီရင်ပုံတို့ကို ပြုပြင်ပေး၍ ဥပဒေများလည်း အသစ်ရေးဆွဲ ပြုပြင်ပေးလေသည်။

ယင်းသို့ အုပ်ချုပ်ရာမှ ပယ်လက်စတိုင်ပြည် ဂျရူးဆလမ်မြို့သို့ ချီတက် တိုက်ခိုက် သိမ်းပိုက်လိုစိတ် ပြင်းထန်လာပြန်၏။ ထိုကြောင့် အမျိုးမျိုး တားမြစ်ချက်များကို မနာယူဘဲ ၁၂၇၀ ပြည့်နှစ်တွင် အာဖရိကတိုက် မြောက်ဖက် ကမ်းရိုးတန်းရှိ တျူးနစ်မြို့သို့ ချီတက်ပြန်လေသည်။ သို့သော် စစ်တပွဲမျှပင် မတိုက်ရသေးမီ တပ်သားများနှင့် လူဝီဘုရင်တွင် ပလိပ်ရောဂါဆိုးကပ်ရောက်သဖြင့် တလအတွင်းမှာပင် ပြင်သစ်နိုင်ငံ အာဇာနည် နဝမ လူဝီသည် ပလိပ်ရောဂါနှင့်ပင် ကွယ်လွန်လေသည်။

**ဒသမ လူဝီဘုရင် (ခရစ် ၁၂၈၉—၁၃၁၆)။** ။ပြင်သစ်ဘုရင် စတုတ္ထဖိလစ်နှင့် နဗားမင်းသမီး ဂျုန်း(ဇန်း)တို့၏ သားတော်ဖြစ်သော ဒသမ လူဝီသည် မယ်တော် နဗားမင်းသမီးကွယ်လွန်သည့် ၁၃၀၅ ခုနှစ်တွင် နဗားဘုရင်ဘွဲ့ကို ခံယူ၍ ခမည်းတော် ဖိလစ်ဘုရင် ကွယ်လွန်သည့် ၁၃၁၄ ခုနှစ်တွင် ပြင်သစ်ဘုရင်ဘွဲ့ကို ခံယူလေသည်။

ဒသမ လူဝီဘုရင်သည် နယ်စားများနှင့် အညီအညွတ် မဖြစ်ခဲ့သည်သာ မက နိုင်နင်းအောင်လည်း မစွမ်းဆောင်နိုင်ခဲ့ချေ။ ဘဏ္ဍာတော် ဖြည့်တင်းရန် ရည်ရွယ်၍ ၁၃၁၅ ခုနှစ်တွင် ဘုရင်ပိုင် နယ်မြေများမှ မြေကျွန်များအား နိုင်ငံသားအဖြစ် မိမိတို့ လွတ်လပ်ခွင့်ကို ဝယ်ယူနိုင်ရန် ဥပဒေထုတ်ပြန်ခဲ့၏။ သို့ရာတွင် ရည်မှန်းသလောက် ပေါက်မြောက်အောင်မြင်ခြင်းမရှိခဲ့ချေ။

ဒသမ လူဝီဘုရင်သည် ၁၃၁၆ ခုနှစ် နန်းသက်နှစ်နှစ်တွင် ရုတ်တရက် ကံကုန်သည်။

**၁၁ ဆက်မြောက် လူဝီဘုရင် (ခရစ် ၁၄၂၃—၁၄၈၃)။** ။ ၁၁ ဆက်မြောက် လူဝီဘုရင်သည် သတ္တမ ချားဘုရင်နှင့် မိဖုရားကြီး မာရီတို့၏ သားတော် ဖြစ်သည်။ ဗူးရှ်မြို့၌ ၁၄၂၃ ခုနှစ်တွင် ဖွားမြင်သည်။ ထိုအချိန်က ပြင်သစ်နယ်အချို့သည် အင်္ဂလိပ်တို့ လက်တွင်းသို့ ရောက်ရှိ နေခဲ့၏။ လူဝီ ငါးနှစ်သားအရွယ်တွင် ပြင်သစ်နိုင်ငံ၌ မကြုံစဖူး ထူးကဲသော အမျိုးသမီးသူရဲကောင်း ဂျုန်းဆိုသူ ပေါ်ပေါက်လာခဲ့ပြီးနောက် နယ်ပယ်အချို့ကို အင်္ဂလိပ်များ လက်မှ ပြန်ရခဲ့လေသည်။ (ဂျုန်းအော့အတ်—ရှု။)

ရိန်းမြို့တွင် ချားဘုရင်ကြီး ရာဇဘိသိက်ခံယူသောအခါက လူဝီသည် ခြောက်နှစ်သားအရွယ်မျှသာ ရှိသေး၏။

လူဝီသည် အသက် ၁၃ နှစ်မျှ မပြည့်သေးမီ စကော့တလန်ပြည်ရှင် ပဥ္စမဂျိမ်းဘုရင်၏သမီးတော် မာဂရက်နှင့် လက်ဆက်ခဲ့၏။ သို့သော် ချမ်းမြေ့သာယာသော အိမ်ထောင်ရှင်ဘဝကို မခံစားခဲ့ရချေ။ ၁၆ နှစ် အရွယ်၌ လူဝီသည် တိုင်းရေးပြည်မှု အရှုပ် အထွေးများတွင် ပါဝင်ဆောင်ရွက်ခဲ့လေသည်။

လူဝီသည် ၁၄၆၁ ခုနှစ်တွင် ဖခင်ဘုရင်ကြီး၏ အရိုက်အရာကို ဆက်ခံလေသည်။ ရှင်ဘုရင်ဖြစ်ရန် ခန့်ညားတင့်တယ်သော ဥပဓိရုပ်မရှိသော်လည်း ပါးနပ်၍ အကြံကြီးသူ တဦးဖြစ်သည်။ သူ၏တခုတည်းသော ရည်မှန်းချက်ကား ပြင်သစ်နိုင်ငံကြီး ကျယ်ပြန့်ဝေဆာစေရန်ပင် ဖြစ်၏။

လူဝီဘုရင်သည် နိုင်ငံရေးပရိယာယ်တွင် အလွန်ပါးနပ်၏။ အင်အားကြီးမား၍ ခက်ထန်သော ဗာဂန်ဒီနယ်စားကြီးနှင့်တကွ အခြားမှူးမတ်များ စည်းလုံး စုပေါင်းကာ ထောင်ထား ထကြွသောအခါ လူဝီသည် အခံမှ နည်းကို မသုံးဘဲ ဆဘောတူစာချုပ်များ ပြုလုပ်ခြင်းဖြင့် ငြိမ်းချုပ် နှစ်သိမ့်စေခဲ့၏။ သို့ရာတွင် ထိုစာချုပ် များကို တခုမျှ

www.burmeseclassic.com



မလိုက်နာဘဲ ပရိယာယ်ကိုသုံး၍ သော်ငင်း၊ စစ်ပြိုင်၍ သော်ငင်း ရန်သူများကို တဦးပြီးတဦး သုတ်သင်ဖြိုခွင်းခဲ့လေသည်။ နောက်ဆုံးတွင် ဗာဂန်ဒီ နယ်စားကြီးကိုပင် နှိမ်နင်း၍ နယ်စားကြီး၏ နယ်ပယ်အများကို ပြင်သစ်နိုင်ငံတွင်းသို့ သွတ်သွင်းလိုက်လေသည်။ .

လူဝီဘုရင်သည် ကိုယ်ရေးကိုယ်တာအတွက် သုံးစွဲရန် နှမြောတတ်သော်လည်း နိုင်ငံကျယ်ဝန်းမှုအတွက် နယ်စပ်ဒေသများကို ဝယ်ယူ ဖြည့်သွင်းရာတွင်မူ ရက်ရောစွာသုံးစွဲလေ့ရှိလေသည်။ လူဝီဘုရင်သည် သက်ဦးဆံပိုင် ဘုရင်စံနစ်ဆန်ဆန် အုပ်စိုးခဲ့၏။ မိမိဆောင်ရွက်မှုသည် နည်းလမ်းကျသည် တရားနှင့်ညီသည်မညီသည်ကို ဂရုမထားဘဲ ရည်ရွယ်ချက် အောင်မြင်မှုလောက်ကိုသာ အဓိကထား၍ ဆောင်ရွက် သွားလေ့ရှိ၏။ မည်သို့ပင်ဆိုစေ ထိုဘုရင်၏ လက်ထက်တွင် နိုင်ငံ၏မဏ္ဍိုင်ဖြစ်သော ဘုရင့်အာဏာသည် နယ်စား မြို့စားများအပေါ်တွင် ထိရောက် စူးရှခဲ့သဖြင့် ပြင်သစ်နိုင်ငံသည် နိုင်ငံ နီးချင်းများ၏ လေးစားမှုကို ခံယူခဲ့ရလေသည်။ နှတ်ရှာမစ်မီ နှစ်နှစ် သုံးနှစ်ခန့်တွင် လူဝီဘုရင်ကြီးသည် မည်သည့် အမှုကိစ္စကိုမျှလည်း စိတ်မဝင်စား၊ မည်သူ့ကိုမျှလည်း စကားမပြော လူသူ ကင်းဝေး၍ လျှို့ဝှက်သောရဲတိုက်တခုတွင် ယုံကြည်စိတ်ချရသော ကျွန်ယုံတော်တစုနှင့်သာ အေးချမ်းသာယာစွာစံနေခဲ့လေသည်။

ဘုရင်ကြီးသည် ၁၄၈၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် နတ်ရှာစံလွန်၍ သားတော်က အဋ္ဌမ ချားဘုရင် ဟူသော အမည်ဖြင့် သူ၏ထီးမွေနန်းလျာကိုဆက်ခံအုပ်စိုးလေသည်။

**၁၂ ဆက်မြောက် လူဝီဘုရင်** (ခရစ် ၁၄၆၂–၁၅၁၅)။ ။ ၁၂ ဆက်မြောက် လူဝီဘုရင်သည် အဋ္ဌမ ချားဘုရင်၏ ညီတော်ဝမ်းကွဲဖြစ်သည်။ အော်လီယန်းစား ချား၏ သားတော်ဖြစ်၍ ဘုရင်မဖြစ်မီက အော်လီယန်းနယ်စား ဖြစ်သည်။ ၁၄ နှစ်အရွယ်က ၁၁ ဆက်မြောက် လူဝီဘုရင်၏ သမီးတော် ဂျုန်း (ဇန်း) နှင့် လက်ဆက်သည်။ ၁၄၉၈ ခုနှစ်တွင် အဋ္ဌမချားဘုရင်၏ ထီးနန်းကို ဆက်ခံသိမ်းပိုက်သဖြင့် ပြင်သစ်ပြည့်ရှင် ဘုရင်ဖြစ်လာသည်။ ၁၄၉၉ ခုနှစ်တွင် ပဋ္ဌမကြင်ယာတော်ဖြစ်သူ ဂျုန်းမင်းသမီးကို ကွာရှင်း၍ အဋ္ဌမချားဘုရင်၏ ကျန်ရစ်ခဲ့သော ကြင်ယာတော် အန်းနှင့် လက်ထပ်သည်။ အန်းသည် ဗရစ်တနီနယ်ကို စားရသောကြောင့် ထိုနယ်ကို ပိုင်ဆိုင်ရေးအတွက် လက်ထပ်ခြင်းဖြစ်သည်။

၁၂ ဆက်မြောက် လူဝီဘုရင်သည် စစ်တိုက်ရာ၌ ရက်စက်ကြမ်းကြုတ်၏။ ဣတာလီနိုင်ငံရှိ မီလန်နယ်ကို ရရှိရေးအတွက် အသက်စည်းစိမ်နှင့်တကွ အချိန်ကိုပါ ဖြုန်းတီးသော စစ်ပွဲပေါင်းများစွာကို ကိုယ်ထိလက်ရောက် ဆင်နွှဲခဲ့လေသည်။ ၁၅၁၂ ခုနှစ်တွင် လူဝီဘုရင် အရှုံးဖြင့် စစ်ပွဲများ ပြီးဆုံးသည်။ နောက်တနှစ်တွင် ပြင်သစ် တို့သည် အင်္ဂလန်ပြည့်ရှင် အဋ္ဌမဟင်နရီဘုရင်နှင့် စစ်ဖြစ်ပွားရာတွင် စစ်ရေးရှုံးနိမ့်ရပြန်သည်။ ၁၅၁၄ ခုနှစ် စာချုပ်အရ ဟင်နရီဘုရင်၏ နှမတော် မေရီကျူဒါနှင့် လက်ဆက်သည်။ သုံးလမျှအကြာ ၁၅၁၅ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် ကံတော်ကုန်သည်။

လူဝီဘုရင်လက်ထက်တွင် တိုင်းပြည် ဝပြောစည်ပင်သောကြောင့် တိုင်းသူပြည်သားတို့၏ ချစ်ကြည် လေးစားမှုကို ခံယူရရှိကာ 'ပြည်သူပြည်သားတို့၏ ဖခင်'ဟူ၍ ခေါ်ဝေါ် ဂုဏ်ပြုခြင်းကို ခံရသည်။

**၁၃ ဆက်မြောက်လူဝီဘုရင်** (ခရစ် ၁၆၀၁–၁၆၄၃)။ ။ ၁၃ ဆက်မြောက် လူဝီဘုရင်သည် ပြင်သစ် ပြည့်ရှင် စတုတ္ထ ဟင်နရီဘုရင်၏ သားတော် ဖြစ်သည်။ ၁၆၁၀ ပြည့်နှစ်တွင် ခမည်းတော် ဟင်နရီဘုရင်ကြီး လုပ်ကြံခြင်း ခံရသောအခါ လူဝီသည် ကလေးသူငယ် ကစားသည့်အရွယ်သာရှိသေးသဖြင့် မယ်တော်မိဖုရားကြီး မာရီဒါ မဲဒီချီက ရင်ခွင်ပိုက် အုပ်ချုပ်ခဲ့လေသည်။

လူဝီဘုရင်ကလေး နန်းတက်စနှစ်များတွင် မယ်တော်မိဖုရားကြီး၏ ပျော့ပါး သဘောလွယ်မှု အသုံးဖြုန်းမှုတို့ကြောင့် တိုင်းပြည်၌ ဖရိုဖရဲဖြစ်ကာ အုပ်ချုပ်ရေး သိမ်ဖျင်းခဲ့လေသည်။ သို့ရာတွင် မယ်တော်မိဖုရားကြီး၏ အတိုင်ပင်ခံဖြစ်သော ကာဒင်နယ် ရစ်ရှလျူးသည် ၁၆၂၄ ခုနှစ်တွင် ဘုရင့်အမှုဆောင် အဖွဲ့သို့ ဝင်ရောက်ကာ အုပ်ချုပ်ရေးကို စီမံလုပ်ကိုင်လိုက်သည်မှစ၍ အခြေအနေမှာ ကောင်းမွန်လာလေသည်။

ကာဒင်နယ် ရစ်ရှလျူးသည် စတုတ္ထဟင်နရီဘုရင်ကြီး၏ စည်းမျဉ်းဝါဒအတိုင်း ဘုရင့်အစိုးရ၏ ဩဇာစူးရှရေးအတွက် ဆောင်ရွက်ခဲ့၏။ အုပ်ချုပ်ရေး ဖက်တွင် စစ်သားနှင့် မှူးမတ်များကို လူလတ်တန်းစားတို့ဖြင့် အစားထိုးကာ လုပ်ကိုင်ခဲ့၏။ နိုင်ငံရေး အားဖြင့် တန်ခိုးကြီးနေသော ဟျူးဂျနိုး ခရစ်ယာန်ဂိုဏ်းကြီးကိုလည်း အယူဝါဒသက်သက်ကိုသာ ဆောင်ရွက်လာသည်အထိ နှိပ်ကွပ်ခဲ့လေသည်။ ဟျူးဂျနိုးများနှင့် မှူးမတ်များကို ထိုသို့နှိပ်ကွပ်လိုက်သောအခါ ဘုရင့်အစိုးရသည် အာဏာ ရှိလာလေတော့၏။ ရစ်ရှလျူးသည် ဘုရင့်အစိုးရ ခိုင်မြဲ တောင့်တင်းမှုအတွက် ၁၈ နှစ်တိုင်တိုင် ဖက်ပြိုင်သူများအား နှိပ်ကွပ်ကာ တင်းမာစွာ ဆောင်ရွက်ခဲ့လေသည်။ ရစ်ရှလျူးကြိုးစား ဆောင်ရွက်သဖြင့် အမျိုးသားစည်းလုံးမှု၊ အယူဝါဒ ငြိမ်းချမ်းမှုတို့ကို ရရှိခဲ့သည်သာမက ပြင်သစ်နိုင်ငံ၏ တန်ခိုးသည်လည်း ကြီးထွားခဲ့လေသည်။ ပြင်သစ်နိုင်ငံ၏ အဆက်မြက်ဆုံးသောဝန်ကြီးဟု ရစ်ရှလျူးအား ခြီးကျူးထိုက်ပေသည်။ (ရစ်ရှလျူး,ကာဒင်နယ် — လည်းရှု။)

www.burmeseclassic.com



လူဝီဘုရင်နှင့် ရစ်ရှလျူးတို့၏ ဆက်ဆံမှုသည် အငြိအစွန်းမရှိ ပကတိပြေပြစ်ခဲ့သည်ဟု မဆိုနိုင်ချေ။ သို့ရာတွင် လူဝီသည် ရစ်ရှလျူးအား လိုက်လျောခဲ့သည်က များလေသည်။ ရစ်ရှလျူးသည် ၁၆၄၂ ခုနှစ် ဒီဇင်ဘာလတွင်ကွယ်လွန်ပြီးနောက် မကြာမီ လူဝီဘုရင်သည်လည်း ၁၆၄၃ ခုနှစ် မေလတွင် ကံကုန်လေသည်။

**၁၄ ဆက်မြောက် လူဝီဘုရင်(ခရစ် ၁၆၃၈–၁၇၁၅)။ ။** ၁၄ ဆက်မြောက် လူဝီဘုရင်သည် ၁၃ ဆက်မြောက် လူဝီဘုရင်၏ သားတော်ဖြစ်၍ ၁၆၃၈ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့တွင်ဖွားမြင်သည်။ မယ်တော်မှာ ဩစတြီးယန်းမင်းသမီး အန်းဖြစ်၏။ ငါးနှစ်သား အရွယ်တွင် ခမည်းတော် ၁၃ ဆက်မြောက် လူဝီဘုရင် နတ်ရွာစံသဖြင့် ပြင်သစ်ထီးနန်းကို ဆက်ခံစိုးစံရလေသည်။ ၁၄ ဆက်မြောက် လူဝီ ဘုရင်သည် ပြင်သစ်ထီးနန်းကို ၇၃ နှစ်တိုင်တိုင် အုပ်စိုးသွားသည်။ ပြင်သစ်နိုင်ငံတွင် သာမက ဥရောပဘုရင်များအနက် နန်းသက်အရှည်ဆုံးသော မင်းဖြစ်၏။ သူ၏ လက်ထက်တွင် ဘုရင်၏ တန်ခိုးအာဏာ အထွတ်အထိပ်သို့ရောက်ရှိခဲ့၏။ လူဝီဘုရင်သည် ငါသည်လျှင် နိုင်ငံတော်ဖြစ်သည်ဟု ထုတ်ဖော်မြွက်ဟသည်ဆို၏။

လူဝီအရွယ်မရောက်မီကာလကမူ နိုင်ငံတော် အုပ်ချုပ်ရေးတွင်၎င်း၊ နိုင်ငံခြားနှင့် ဆက်ဆံရေးတွင်၎င်း မယ်တော်မိဖုရားကြီးနှင့် မူးကြီးမတ်ကြီးတို့က ဆောင်ရွက်ခဲ့သည်။ အရွယ်ရောက်လာချိန်တွင် လူဝီဘုရင်ကလေးသည် ပြင်သစ်တနိုင်ငံလုံးကို တဖြည်းဖြည်းအချုပ်အခြာအာဏာဖြင့် သူကိုယ်တိုင် အုပ်စိုးလိုခဲ့သော်လည်း ပြည်ရေးပြည်ရာအဝဝကို သူငယ်စဉ်မှစ၍ နိုင်နင်းစွာ ကြိုးကိုင်လာခဲ့သော ကာဒင်နယ် မာဇာရင်အား မလွန်ဆန်သာအောင်ရှိခဲ့သည်။ မာဇာရင်သည် ပြင်သစ်နိုင်ငံ၏ အုပ်ချုပ်ရေးစက်ယန္တရားကြီး တခုလုံးကို သူ၏လက်ထဲတွင် ထိန်းသိမ်းထားသဖြင့် လူဝီဘုရင်သည် သူထင်တိုင်း မပြုနိုင်ခဲ့ချေ။ သို့ဖြစ်၍ လူဝီအရွယ်ရောက်ပြီးသည့်နောက်တွင်လည်း စင်စစ် တိုင်းပြည်ကို အုပ်ချုပ်နေသူမှာ မာဇာရင် သာလျှင် ဖြစ်လေသည်။ (မာဇာရင်,ယူး — လည်းရှု။)

၁၆၆၀ ပြည့်နှစ်တွင် အသက် ၂၂ နှစ်အရွယ် လူဝီဘုရင်သည် နှမတော်ဝမ်းကွဲတော်သူ မရီးယာ တရီးဇား မင်းသမီးနှင့် လက်ထပ်သည်။ နောက်တနှစ်တွင် ကာဒင်နယ် မာဇာရင် ကွယ်လွန်အနိစ္စရောက်သဖြင့် လူဝီဘုရင်သည် မာဇာရင်လက်ဝယ်ရှိသော အာဏာတို့ကို ပြန်လည်သိမ်းယူပြီးလျှင် ပြင်သစ်နိုင်ငံ၏ အုပ်ချုပ်ရေးအဖွဲ့ကို သူသဘောအတိုင်း ဖွဲ့စည်းခဲ့လေသည်။ မိမိ၏ဝန်ကြီးအဖြစ် မိမိကိုယ်တိုင်ဆောင်ရွက်မည်ဟု ကြေညာသောဟူ၏။ ဝန်ကြီးများကိုခန့်ရာ၌ မာဇာရင်လက်ထက်က ခန့်အပ်ထားသောအချို့ ဝန်ကြီးများကိုဖြုတ်ပစ်၍ မိမိ သဘောကျသူများကိုသာ ခန့်သည်။ လူဝီသည် အလွန်အကင်းပါး၍ အရည်အခြင်းကို ကောင်းစွာ အကဲဖြတ်တတ်သဖြင့် ဉာဏ်ပညာ အမြော်အမြင်ကြီးသော အတိုင်ပင်ခံအမတ်ကြီးများကို ရွေးချယ်ခန့်တတ်၏။ သူ၏လက်ထက်တွင် ဘဏ္ဍာရေးကို ကျွမ်းကျင်နိုင်နင်းသော ဝန်ကြီး ကိုးလဗားကြောင့် ပြင်သစ်နိုင်ငံ၏ဘဏ္ဍာရေး ဖွံ့ဖြိုးခဲ့၏။ (ကိုးလဗား, ဂျေ — လည်းရှု။) ကိုးလဗား၏ စီမံကိန်းများ အောင်မြင်စေရန် လူဝီဘုရင်ကိုယ်တိုင် အရေးတယူ ဆောင်ရွက်ခဲ့၏။

လူဝီဘုရင်သည် ဘုန်းတန်ခိုးကြီးမြင့်ရေးကို အထူးလိုလားသဖြင့် နယ်ချဲ့ရန် အမြဲစိတ်အားထက်သန်ခဲ့၏။ ၁၆၆၇ ခုနှစ်မှ စ၍ နယ်ချဲ့စစ်ပွဲများကို အကြိမ်ကြိမ်တိုက်ခိုက်ခဲ့လေသည်။ ထိုနယ်ချဲ့စစ်ပွဲကြီးများမှာ လူဝီဘုရင်နတ်ရွာစံသည်အထိပင် ကာလရှည်လျားစွာဖြစ်ပွားခဲ့၏။ သို့သော် ဆက်တိုက်မဟုတ်ဘဲ စစ်ပွဲတခုနှင့်တခုအကြားတွင် အချိန်အတော်ခြားသဖြင့် လူဝီဘုရင်သည် အတန်ကြာ နားခွင့်ရခဲ့ပေသည်။ ပဌမဆုံးနယ်ချဲ့စစ်ပွဲမှာ စပိန်ပိုင် နယ်သာလန် (ဗဲလဂျီယမ်)ကို သိမ်းပိုက်လိုခြင်းကြောင့် ဖြစ်ရလေသည်။ ဤစစ်ပွဲကို ၁၆၆၇ ခုနှစ်မှ ၁၆၆၈ ခုနှစ်အထိ နှစ်နှစ်မျှတိုက်ခိုက်ပြီးလျှင် ရပ်နားခဲ့သော်လည်း ဒုတိယစစ်ပွဲကြီးအတွက် စစ်မီးညှိခဲ့သည်နှင့်တူပေသည်။ ထို့ကြောင့် ၁၆၇၂ ခုနှစ်မှ ၁၆၇၈ ခုနှစ်အထိ ဟော်လန်နှင့် ဒုတိယအကြိမ် စစ်ဖြစ်ရပြန်၏။ ထိုစစ်ပွဲကြီးနှစ်ပွဲစလုံးတွင် ပြင်သစ်တို့၏ စစ်အင်အားကြီးမားကြောင်း ထင်ရှားခဲ့သော်လည်း ရန်သူတို့၏ တုန့်ပြန်တိုက်ခိုက်မှုများကြောင့် ပြင်သစ်ရေတပ်ကြီးသည် နှစ်ကြိမ်တိုင်တိုင် အရေးနိမ့်ခဲ့လေသည်။ ထို့ကြောင့်လည်း ဟော်လန်ပြည်ကို မသိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်၏။

၁၆၇၈ ခုနှစ်မှ ၁၆၈၈ ခုနှစ် အထိ ၁၀ နှစ်အတွင်းတွင် ပြင်သစ်နိုင်ငံရေးသည် တမျိုးတဖုံ ပြောင်းလဲခဲ့လေသည်။ နိုင်ငံတွင်း ဆူပူမှုများကြောင့် ပြင်သစ်နိုင်ငံ၏ အင်အားသည် အထူးတလည် ယုတ်လျော့သွားသည့်အပြင် ရှေးကမဟာမိတ်ဖြစ်ခဲ့သော အင်္ဂလန်ကလည်း ပြင်သစ်၏ရန်သူများနှင့် လုံးဝ ပူးပေါင်းသွားလေသည်။

၁၆၈၈ ခုနှစ်မှစ၍ ဟော်လန်ပြည်ကို ပြင်သစ်တို့က အလုံးအရင်းနှင့် ချီတက်ကာ တတိယနယ်ချဲ့စစ်ကြီး ဆင်နွဲတိုက်ခိုက်ပြန်ရာ အင်္ဂလန်ပြည့်ရှင် တတိယဝီလျံဘုရင်သည် ဟော်လန်ပြည်ဖက်မှ စိတ်ရောကိုယ်ပါ ကူညီတိုက်ခိုက်ပေးသဖြင့် ပြင်သစ်တို့မအောင်မြင်ပဲ ၁၆၉၇ ခုနှစ်တွင် ရိုင်းစဝစ် စစ်ပြေငြိမ်းရေးစာချုပ်ကို ချုပ်ဆိုကာ စစ်ပွဲကြီးကို အပြီးသတ်ခဲ့ရပြန်၏။ ထိုစာချုပ်အရ ပြင်သစ်–ဂျာမန် နယ်စပ်ရှိ ပြင်သစ်ပိုင်နယ် အချို့အဝက်ကို ပြင်သစ်တို့က လက်လွှတ်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၄ ဆက်မြောက် လူဝီဘုရင်သည် ထိုသို့ဆုံးရှုံးခဲ့ရသည့် နယ်မြေများကို တနည်းနည်းနှင့် ပြန်လည်ရရှိနိုင်ရန် အစဉ်သဖြင့် အကြံယူလျက်ရှိခဲ့သည်။ ထိုအချိန်တွင် စပိန်ဘုရင် ချားလ်စ်သည် နန်းလျာမရှိဘဲ နတ်ရွာစံလေရာ စပိန်ထီးနန်းဆက်ခံရေး ပြဿနာ ပေါ်ပေါက်လာလေသည်။ ထိုအခါ ၁၄ ဆက်မြောက် လူဝီဘုရင်သည် စပိန်ထီးနန်းကို မိမိမြေးတော် ဖိလစ်မင်းသား ဆက်ခံရန်အတွက် နန်းလုစစ်ပွဲတွင် ပါဝင်တိုက်ခိုက်လေရာ နောက်ဆုံးတွင် အောင်မြင်ခဲ့သော်လည်း ထို'စပိန်ထီးနန်းဆက်ခံရေးစစ်ပွဲ' ကြီးတွင် ပြင်သစ်စစ်သားနှင့် လက်နက် ခဲယမ်းမီးကျောက်အများအပြားပင် ဆုံးရှုံးခဲ့ရလေသည်။ ဤစစ်ပွဲကြီးမှာ ၁၇၀၁ ခုနှစ်မှ ၁၇၁၃ ခုနှစ်အထိ ၁၂ နှစ်မျှ ကြာရှည်အောင် တိုက်ခိုက်ရသော စစ်ပွဲဖြစ်သည်။ ထိုစစ်ပွဲတွင် ဥရောပတပ်ပေါင်းစုကြီးကို ဗြိတိသျှစစ်သေနာပတိ မာလဗာရာမြို့စားကြီးကဦးစီး၍ ပြင်သစ်ကို တိုက်ခဲ့လေသည်။ (မာလဗာရာမြို့စား — လည်း ရှု။)

စပိန် ထီးနန်းဆက်ခံရေး စစ်ပွဲအပြီးတွင် ချုပ်ဆိုသည့် ယူထရက် စာချုပ်သည် ပြင်သစ်နိုင်ငံအတွက် ဘဏ္ဍာရေးတွင် များစွာထိခိုက်စေခဲ့သည်။ စစ်ပွဲတွင် ဆုံးရှုံးထားသော ငွေနှင့်လက်နက်များကို အစားထိုးနိုင်ရန် အားသစ်လောင်း၍ ကြိုးစားသော်လည်း အောင်မြင်မှု မရှိခဲ့ချေ။ နိုင်ငံတော်တွင် ဘဏ္ဍာရေး ကြပ်တည်းမှုကြောင့် အခွန်အတုတ်များကို ကြီးလေးစွာ ကောက်ခံသဖြင့် တိုင်းသူပြည်သားများသာလျှင် အနစ်နာခံကြရသည်။ ဘုရင်ကမူ အသုံးအဖြုန်းတွင် လျော့သည်ဟူ၍ မရှိပဲ တိုင်းပြည်က ကြီးလေးစွာ ထမ်းဆောင်ထားရသော ဘဏ္ဍာတော်ငွေမှ သန်းပေါင်းများစွာ အကုန်အကျခံကာ ဗာဆေးမြို့၌ ကြီးကျယ်ခမ်းနားလှသော နန်းတော်ကြီးတဆောင်ကို ဆောက်လုပ်လေသည်။ ပြည်သူပြည်သားများသည် ဘုရင်၏ ပြုမူမှုများကို လုံးဝ သဘောမကျကြသော်လည်း စည်းလုံးမှု မရှိသေးသဖြင့် ဆူပူထကြွမှုများ မပေါ်ပေါက်ခဲ့ပေ။

၁၄ ဆက်မြောက် လူဝီဘုရင်သည် အသက်ရှည်ရကား သူ့အုပ်စိုးနေစဉ် အတောအတွင်း နန်းလျာဖြစ်သော သားတော် အိမ်ရှေ့မင်းသားသည်၎င်း၊ နောက်တဆက် နန်းလျာဖြစ်သော မြေးတော်နှစ်ပါးသည်၎င်း ကွယ်လွန်ကြပြီး ဖြစ်ရာ ခရစ် ၁၇၁၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် လူဝီဘုရင် နတ်ရွာစံသောအခါ မြစ်တော်အငယ်က ၁၅ ဆက်မြောက် လူဝီအဖြစ် ထီးနန်းကို ဆက်ခံသည်။

နန်းသက်ရှည်သလောက်ပင် ၁၄ ဆက်မြောက်လူဝီဘုရင် လက်ထက်၌ ပြင်သစ်နိုင်ငံသည် အနုပညာဖက်တွင် ထွန်းပြောင်ခဲ့သည်။ လူဝီဘုရင်သည် ထယ်ဝါခမ်းနားမှုကို အနှစ်သက်သည့်အလျောက် အနုပညာကို အားပေး၏။ လူဝီဘုရင်သည် သက်ဦးဆံပိုင် တန်ခိုးအာဏာ ရရှိသည်မှန်သော်လည်း သူ၏နန်းသက် အလယ်ပိုင်းလောက်တွင် အထူး အောင်မြင်ရခြင်းမှာ ကျွမ်းကျင်နိုင်နင်း အရည်အချင်းပြည့်ဝသော သူ၏ နိုင်ငံပြုသုခမိန်များကြောင့်ပင် ဖြစ်လေသည်။

**၁၅ ဆက်မြောက် လူဝီဘုရင် (ခရစ် ၁၇၁၀–၁၇၇၄)။** ၁၄ ဆက်မြောက် လူဝီဘုရင်၏ မြစ်တော် ဖြစ်၍ ဗာဆေးမြို့၌ ၁၇၁၀ ပြည့်နှစ် ဖေဖွာရီလ ၁၅ ရက် နေ့တွင် ဖွားမြင်သည်။ ထီးနန်းကို ၁၇၁၅ ခုနှစ်တွင် ဆက်ခံသည်။ ထိုအခါက လူဝီမှာ ငါးနှစ်သား အရွယ် လူမမယ်မျှသာ ရှိသေး၍ ဦးလေးတော်ဖြစ်သူ အော်လီယန်း နယ်စားကြီးသည် ဘုရင်ကလေး၏ရင်ခွင်ပိုက်အဖွဲ့ကို ကြီးမှူး အုပ်ချုပ်ခဲ့လေသည်။



ကနေဒါပြည်ကို ဆုံးပါးစေခဲ့သည့် ၁၅ ဆက်မြောက် လူဝီဘုရင်

ထိုသို့ အုပ်ချုပ်ခဲ့ရာမှ ရှစ်နှစ်မျှကြာသောအခါ အော်လီယန်းနယ်စားကြီး ကွယ်လွန်ခဲ့၍ အာဏာလုမှုများ ပေါ်ပေါက်ခဲ့ပြန်သည်။ ထိုနောက် ဘုရင့်ဆရာဖြစ်သော ကာဒင်နယ် ဖလူးရီးသည် အုပ်ချုပ်ရေးကိုကြိုးကိုင်ကာ တိုင်းပြည်ကိုဦးစီးလိုက်လေသည်။ ကာဒင်နယ် ဖလူးရီးသည် စစ်ကို မလိုလားဘဲ ဘဏ္ဍာတော်ကို ချွေတာစွာသုံးစွဲခဲ့၏။ သို့ရာတွင် စည်းကမ်းပျက်ပြားကာ ယိမ်းယိုင်လျက်ရှိသော တိုင်းပြည်၏အခြေအနေကို ထိန်းသိမ်းနိုင်စွမ်းမရှိခဲ့ချေ။

ဖလူးရီးကွယ်လွန်သွားသော ၁၇၄၃ ခုနှစ်မှစ၍ လူဝီသည် တိုင်းပြည်ကို မိမိအလိုကျ အုပ်စိုးခဲ့၏။ သို့ရာတွင် မောင်းမ မိဿံများ၏ အလိုတော်ကိုလိုက်သဖြင့် အမှားမှား အယွင်းယွင်းသာလျှင် ဖြစ်ခဲ့လေသည်။ သူ၏ လက်ထက်၌ ခုနစ်နှစ်စစ်ပွဲ ဖြစ်ပွားလေရာ အိန္ဒိယတွင်ရှိသည့် ပြင်သစ်ပိုင်နယ်များနှင့် မြောက်အမေရိကတိုက်ရှိ ကနေဒါပြည်တို့

www.burmeseclassic.com



သည် အင်္ဂလိပ်လက်သို့ ကျရောက် ဆုံးပါးခဲ့ရ၏။ ပြင်သစ်နိုင်ငံ၏ဂုဏ်သတင်းလည်း ကမ္ဘာ့အမြင်တွင် များစွာသိမ်ငယ်သွားခဲ့လေသည်။ (ခုနစ်နှစ်စစ်ပွဲ — ရှု။) အမျိုးသားကောင်းစားရေးကို လျစ်လျူရှုကာ နန်းတွင်း သာယာမှုအတွက် အသုံးအဖြုန်း အားကြီးခဲ့သဖြင့် ပြည်သူတို့သည် ဘုရင်စနစ်ကို မုန်းတီးခဲ့ကြလေသည်။ ထိုမုန်းတီးစိတ်ကား ဘုရင်ဆက် ပြတ်သွားအောင် တော်လှန်ရေးကြီး ပေါ်ပေါက်လာသည် အထိ ဆီးတား၍ မရနိုင်သောအခြေသို့ ရောက်စေခဲ့လေသည်။

'ကျွန်ုပ်လွန်လျှင် ဒုက္ခပင်လယ်ဝေမှာပေါ့'ဟု ပြောလေ့ရှိသောလူဝီဘုရင်သည် နှစ်ပေါင်း ၆၀ ခန့် အုပ်စိုးပြီးနောက် ၁၇၇၄ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ကံကုန်လေသည်။

**၁၆ ဆက်မြောက်လူဝီဘုရင် (ခရစ် ၁၇၅၄–၁၇၉၃)။** ။ ထိုမင်းသည် ၁၅ ဆက်မြောက် လူဝီဘုရင်၏ မြေးတော်ဖြစ်၍ ပြင်သစ်တော်လှန်ရေးအတွင်း တိုင်းသူပြည်သားတို့ ခေါင်းဖြတ် အဆုံးစီရင်ခြင်း ခံရလေသည်။

၁၆ ဆက်မြောက် လူဝီဘုရင်သည် ၁၅ ဆက်မြောက် လူဝီဘုရင်၏ သားတော်အိမ်ရှေ့မင်း၏ သားတော်ဖြစ်၍ ၁၇၅၄ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့တွင် ဗာဆေးမြို့၌ ဖွားမြင်သည်။ ရာဇာဘိသိက် ခံယူစဉ်အခါက အသက် ၂၀ မျှ ရှိပေပြီ။ ဘုရင်မဖြစ်မီ လေးနှစ်ခန့်က သြစတြီးယားဘုရင်မ-မရီးယာ တရီးဇား၏သမီးတော်ဖြစ်သူ မာရီအန်တွာနက်မင်းသမီးနှင့် စုလျားရစ်ပတ် လက်ဆက်ခဲ့သည်။ (မာရီအန်တွာနက် — ရှု။)

လူဝီဘုရင်သည် ဘိုးတော်ဖြစ်သူ ၁၅ ဆက်မြောက် လူဝီဘုရင်၏ အပျော်အပါး များပြားလှသော နန်းတော်တွင်း၌ ကြီးပြင်းလာသည် မှန်သော်လည်း မကောင်းမှုဒုစရိုက်များကို ရှောင်ကြဉ်ခဲ့၍ ကိုယ်ကျင့်တရားနှင့် ပြည့်ဝကာ ဘာသာအယူဝါဒကို ရိုသေကိုင်းရှိုင်းသူဖြစ်၏။ သို့ရာတွင် စိတ်ထားပျော့ညံ့သူ ဖြစ်သည့်အလျောက် အရေးရှိက မိဖုရားကိုအားထားကာ မိဖုရား၏ အလိုသို့လိုက်၏။ တိုင်းရေးပြည်မှုတွင် စိတ်မဝင်စားလှပဲ အမဲလိုက်ရန်သာ စိတ်သန်လေသည်။

ဘုရင်ဖြစ်လာသောအခါ ပြင်သစ်နိုင်ငံ၏ ဖရိုဖရဲဖြစ်နေသော ဘဏ္ဍာရေးအခြေအနေကို ထိန်းသိမ်းတည့်မတ်ပေးရန် ပြင်သစ်နိုင်ငံပြု သုခမိန်တဦးဖြစ်သူ တားဂိုးအား လွှဲအပ်ခဲ့သည်။ တားဂိုး၏ စွမ်းဆောင်မှုကြောင့် တိုင်းပြည်တွင် တိုးတက်တန်သလောက် တိုးတက်ခဲ့၏။ သို့သော် မင်းပင်ကောင်းလျက် မင်းမြောင်ဖျက် ဆိုသော စကားကဲ့သို့ ကိုယ်ကျိုးလိုလားသူ အမတ်များနှင့် အသုံးအဖြုန်းကြီးသောမိဖုရားကြီး မာရီအန်တွာနက်တို့သည် တကျိတ်တည်း ပူးပေါင်း၍ တဖက်တလမ်း ကြံစည်ခဲ့ကြရာ နောက်ဆုံးတွင် ဘုရင်သည် တားဂိုးအား ရာထူးမှ နုတ်ပယ်လိုက်သည်အထိ ဖြစ်လေသည်။

လုပ်ရည်ကိုင်ရည်ရှိသော တားဂိုးအားရာထူးမှနုတ်ပယ်လိုက်သည့်နောက်တွင် တိုင်းပြည်၏အခြေအနေမှာ ဆိုးသည်ထက် ဆိုးလာလေသည်။ ဘဏ္ဍာတော်အဖြုန်းများသဖြင့် အစိုးရလက်ဝယ် ငွေမရှိဖြစ်ခဲ့ရာ အခွန်တိုးတက်ကောက်ခံရန် အကြောင်းပေါ်လာတော့၏။ သို့ဖြင့် ၁၇၅ နှစ် တိုင်တိုင် မကျင်းပဖြစ်သော စတိတ်ဂျင်နရယ် လွှတ်တော်အစည်းအဝေးကြီးကို ဆင့်ခေါ်၍ ဆွေးနွေးရလေသည်။

စတိတ်ဂျင်နရယ်လွှတ်တော်ကို ၁၇၈၉ ခုနှစ် မေလ ၄ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထိုလွှတ်တော်တွင် မှူးမတ်များ၊ သာသနာ့ဝန်ထမ်းများနှင့် ဆင်းရဲသား ကိုယ်စားလှယ်များ ပါရှိလေသည်။ ထိုသို့ လွှတ်တော်ကို ဆင့်ခေါ်သည်မှစ၍ ပြင်သစ်တော်လှန်ရေး စတင် ဖြစ်ပွားသည်ဟု ဆိုရပေမည်။ (ပြင်သစ်တော်လှန်ရေး — ရှု။)

မိမိတို့သဘောမတူပဲ အခွန်များ မတိုးရဟု အစည်းအဝေးတွင် ဆင်းရဲသားကိုယ်စားလှယ်များက ကန့်ကွက်ကြသည်။ ထိုပြင် အုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲခြင်း၊ လွှတ်တော်မှန်မှန် စည်းဝေးခြင်း၊ မဲပေးရာတွင် သာတူညီမျှရှိစေခြင်း၊ အခွန်အတုတ် သက်သာစေခြင်း စသည့် အချက်များကို ဆောင်ရွက်ရန် တောင်းဆိုကြသည်။

ထိုကြောင့် ဘုရင်နှင့် အခွန်မထမ်းကြရသော မှူးမတ်များ၊ သာသနာ့ဝန်ထမ်းများသည် အခွန်ထမ်းဆင်းရဲသား ကိုယ်စားလှယ်များကို လွှတ်တော်တွင် ပါဝင်ခွင့်မပေးပဲ နေလေသည်။ ဆင်းရဲသား ကိုယ်စားလှယ်တို့သည် အလျော့မပေးပဲ သီးခြား လွှတ်တော်တခုကို တည်ထောင်ကာ အမျိုးသားလွှတ်တော်အဖြစ် ကြေညာခဲ့လေသည်။

ဘုရင်သည် ထိုသို့ကြေညာသူတို့ကို စစ်တပ်ဖြင့် နှိမ်နင်း၏။ သို့ရာတွင် စစ်သည်တော်တို့သည် ဆင်းရဲသား ကိုယ်စားလှယ်များအား မနှိမ်နင်းပဲ ဘုရင့်အာဏာကို ဖီဆန်ကြလေသည်။ ထိုအခါ လူဝီသည် နိုင်ငံခြားစစ်တပ်တို့၏ အကူအညီဖြင့် နှိမ်နင်းရန်ကြိုးစားပြန်၏။ ထိုအခါ ပါရစ်မြို့နေ ဆင်းရဲသား အပေါင်းတို့သည် မခံမရပ်နိုင်ဖြစ်ပြီးလျှင် ၁၇၈၉ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် ဗက်စတီးခေါ် နိုင်ငံရေးအကျဉ်းထောင်ကြီးကို အတင်းဝင်စီးလေသည်။ ဗက်စတီးကိုစီးမိသောအခါ အကျဉ်းသားများအား လွှတ်ပစ်ကြ၏။ သိုလှောင်ထားသောစစ်လက်နက်များကို သိမ်းယူလိုက်ကြ၏။ သို့ဖြင့် ဘုရင့် နိုင်ငံရေးအာဏာကို တော်လှန်သော ပြည်သူဆင်းရဲသားတို့နှင့် မင်း၊ မှူးမတ်၊ သာသနာ့ဝန်ထမ်းတို့ အာဏာလုသော ပြင်သစ်တော်လှန်ရေးကြီး စတင်ဖြစ်ပွားလေတော့သည်။

ပြည်သူဆင်းရဲသားများသည် အင်အားကြီးမားလာရာ



www.burmeseclassic.com

www.burmeseclassic.com





ပြင်သစ်တော်လှန်ရေးအတွင်း ခေါင်းဖြတ်အဆုံးစီရင်ခြင်း ခံရသည့် ၁၆ ဆက်မြောက် လူဝီဘုရင်

ဆင်းရဲသားကိုယ်စားလှယ်တို့သည် အမျိုးသားလွှတ်တော်မှ တဆင့် နိုင်ငံကိုအုပ်ချုပ်လေသည်။ ဦးစွာ၌ လူဝီဘုရင်သည် တော်လှန်ရေးသမားများနှင့်တွဲဖက်၍ဆောင်ရွက်ကာ နိုင်ငံ၏အခြေအနေကို ပြုပြင်ပေးရန် သဘောတူခဲ့၏။ သို့ရာတွင် မိဖုရားကြီးမာရီအန်တွာနတ်နှင့်နန်းတွင်းမှူးမတ်များ၏စကားကို နားယောင်မိသဖြင့် ပေးထားသမျှသော ကတိတို့ကို လျစ်လျူရှုခဲ့လေသည်။ ထိုပြင် ၁၇၉၁ ခုနှစ်တွင် ဩစတြီးယားနိုင်ငံ၏ အကူအညီကိုရယူလိုသဖြင့် ပြင်သစ်နိုင်ငံမှ ထွက်ပြေးရန် ကြံစည်ပြန်သည်။ သို့သော် အထမမြောက်ခဲ့ချေ။

ထိုအပြုအမူတို့ကြောင့် ဘုရင်နှင့်မိဖုရားတို့အား တိုင်းသူပြည်သားတို့က အယုံအကြည်ကင်းလာကြသည်။ မိဖုရားကြီးအား ဩစတြီးယန်းမဟူ၍ပင် ရှုတ်ချ ခေါ်ကြသည်။ ခွဲစည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရသာ အုပ်ချုပ်မည့် ဘုရင်အဖြစ်ဖြင့်အုပ်စိုးရန် ဟူသော အခြေခံဥပဒေကို လူဝီ ပယ်ဖျက်မည် ဖြစ်ကြောင်း ပြည်သူတို့ သိလာကြသည်။ ထို့ကြောင့် ၁၇၉၁ ခု ဩဂုတ်လ ၁၀ ရက်နေ့တွင် မင်းမိဖုရားတို့စံမြန်းရာ တျူးလရီးနန်းတော်ကို တိုက်ခိုက် သိမ်းယူလိုက်ကြသည်။

ဥပဒေပြု လွှတ်တော်အဖွဲ့သည် ဘုရင့်အား နန်းမှချကာ အကျဉ်းချထားကြောင်း ကျေညာလိုက်သည်။ ထိုနောက် ဘုရင်စံနစ်ဖျက်သိမ်းလိုက်ကြောင်း ၁၇၉၂ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပသောလွှတ်တော်ညီလာခံမှ ဆုံးဖြတ်ကြပြီးလျှင် လူဝီအား ရန်သူနိုင်ငံများနှင့် လျှို့ဝှက်စွာ ဆက်သွယ်ခြင်းဖြင့် ပြည်သူအပေါ် သစ္စာဖောက်မှုနှင့် တရားစွဲဆိုကာ သေဒဏ်ပေးလိုက်သည်။ ၁၇၉၃ ခုနှစ် ဇန္နဝါရီလ ၂၁ ရက်နေ့တွင် လူဝီဘုရင်သည် ပြည်သူပြည်သားတို့က ခေါင်းဖြတ်ဓားစက်အောက်၌ အဆုံးစီရင်ခြင်းကို ခံယူသွားရ၏။ မိဖုရားကြီး မာရီအန်တွာနတ်နှင့် အခြား များစွာသော မှူးမတ်၊ သာသနာဝန်ထမ်းတို့လည်း ထိုနည်းတူ အဆုံးစီရင်ခြင်း ခံကြရလေသည်။ ထိုနောက် ပြည်သူဆင်းရဲသားကိုယ်စားလှယ်များပါဝင်သော လွှတ်တော်ညီလာခံကလည်း ပြင်သစ်နိုင်ငံကို သမတနိုင်ငံဟူ၍ ကျေညာလိုက်လေသည်။

**၁၇ ဆက်မြောက်လူဝီဘုရင်** (ခရစ် ၁၇၈၅–၁၇၉၅)။ ။ ဘုရင်အမည်သာ ခံရ၍ အကာယ်စင်စစ် မစိုးစံရသော ၁၇ ဆက်မြောက်လူဝီဘုရင်သည် ၁၆ ဆက်မြောက် လူဝီဘုရင်နှင့် မိဖုရား မာရီအန်တွာနတ်တို့၏ ဒုတိယသားတော် ဖြစ်သည်။ ခရစ် ၁၇၈၅ ခု မတ်လ ၂၇ ရက်နေ့တွင် ဗာဆေးမြို့၌ဖွားမြင်သည်။ ၁၇၈၉ ခုနှစ်၌ နောင်တော် လွန်သဖြင့် နန်းလျာ ဖြစ်လာသည်။

၁၇၉၃ ခုနှစ်တွင် တော်လှန်ရေးသမားတို့၏ အဆုံးစီရင်ခြင်းကို လူဝီဘုရင် ခံရသောအခါ အကျဉ်းထောင်တွင်းရှိ မင်းသားကလေးလူဝီချားကို ဘုရင့်ဂိုဏ်းသားများက ဘုရင်အဖြစ်အသိအမှတ်ပြုကြသည်။ အမည်အားဖြင့်သာ ဘုရင်ဖြစ်၍ အကျဉ်းခံမြဲခံနေရသည်။ ဘုရင်ကလေး အသက် ၁၀ နှစ်အရွယ် ၁၇၉၅ ခုနှစ် ဇွန်လတွင် ဘုရင်ကလေး ကံတော်ကုန်ကြောင်း ကျေညာသည်။ မြုပ်နှံရာနေရာ အမှတ်အသားမရှိသဖြင့် အချို့က ဘုရင်ကလေး မသေဘဲ လွတ်မြောက်သွားသည်ဟု ယူဆကြသည်။ နောက် ဗူးဗွန်မင်းဆက် ပြန်လည်အသက်ဝင်လာသောအချိန်တွင် အယောင်ဆောင် ၁၇ ဆက်မြောက် လူဝီဘုရင်များ ပေါ်လာသည်။

**၁၈ ဆက်မြောက်လူဝီဘုရင်** (ခရစ် ၁၇၅၅–၁၈၂၄)။ ။ ထိုမင်းသည် ၁၆ ဆက်မြောက်လူဝီဘုရင်၏ ညီတော်ဖြစ်၍ ၁၇၅၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ဗာဆေးမြို့၌ဖွားမြင်သည်။ ဘုရင်မဖြစ်မီက ကောင့်ဘွဲ့ခံ ပရောဗင့်စား ဖြစ်သည်။ ၁၇၈၁ ခုနှစ် အထိ နန်းလျာ ဖြစ်ခဲ့သည်။ ၁၇၈၉ ခုနှစ်၌ ပြင်သစ်တော်လှန်ရေး ဖြစ်ပွားပြီးသည့်နောက်ပိုင်းတွင် ပါရစ်မြို့၌ပင် နေရစ်ခဲ့သည်။ ၁၇၉၁ ခုနှစ်၌ ပြင်သစ်နိုင်ငံမှ ရှောင်တိမ်းသွားသည်။ ယင်းသည့်နောက်ပိုင်းတွင် နန်းကို ပြန်လည်ရရှိရန် ကြံစည်သည်။ ၁၇၉၅ ခုနှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



၁၇ ဆက်မြောက် လူဝီဘုရင်ကလေးကံကုန်သည်တွင် ၁၈ ဆက်မြောက် လူဝီဘုရင်ဘွဲ့ကို ခံယူသည်။

၁၈၁၄ ခုနှစ်တွင် နပိုလီယန် ဗိုနာပတ်စစ်ရှုံး၍ အဲလဗကျွန်းသို့ပို့ခြင်းခံရသောအခါ ပြင်သစ်ထီးနန်းကို ၁၈ ဆက်မြောက် လူဝီဘုရင် သိမ်းပိုက်သည်။ ထိုစဉ်အခါက လူဝီဘုရင်သည် အသက်အရွယ်အားဖြင့် ၅၉ နှစ်မျှ ရှိပေပြီ။ ၁၈၁၅ ခုနှစ် မတ်လ ၁ ရက်နေ့တွင် အဲလဗကျွန်းမှ နပိုလီယန်လွတ်မြောက်လာ၍ အလုံးအရင်း စုဆောင်းပြီးသော် ပြင်သစ်ထီးနန်းကို ရက် ၁၀၀ မျှ ပြန်လည် သိမ်းပိုက်ထားသည့် ကာလအတွင်း လူဝီမှာ ပြည်နှင်ခံရသည်။ ဝါးတာလူးစစ်ပွဲအပြီးတွင်မှ လူဝီသည် ပါရစ်မြို့သို့ ပြန်လည် ရောက်ရှိလာကာ မဟာမိတ်တို့က ထီးနန်းအပ်နှင်းသည်ကို ခံရ၏။

ဗူးဗွန်မင်းမျိုး၏ သွေးပါလာသဖြင့် တန်ခိုးအာဏာကို ခုံမင် မက်မောသော စိတ်ဓာတ် ပြင်းထန်လင့်ကစား လူဝီသည် တိုင်းပြည်ကိုသက်ညှာစွာ တရားသဖြင့် အုပ်စိုး၏။ သို့ရာတွင် အသစ် ဖွဲ့စည်းသော လွှတ်တော်၌ ဘုရင့်ဂိုဏ်းသားများသည် အင်အားကြီးမားလာကာ တိုင်းပြည်ကို ချုပ်ချယ်လာပြန်သည်။ လူဝီသည် လက်စားချေလိုသော တယူသန်ဘုရင့်ဂိုဏ်းသားများအား ၁၈၂၀ ပြည့် နှစ်တိုင်အောင် ဟန့်တားနိုင်ခဲ့သော်လည်း ယင်းသည့် နောက်ပိုင်းတွင်မူ အသက်အရွယ်က ထောက်လာသည့်အပြင် ဘုရင့်ဂိုဏ်းသားများကလည်း အထူးများပြားလာသောကြောင့် တယူသန်သမားတို့အား လိုက်လျောခဲ့ရလေသည်။ ဘုရင့်ဂိုဏ်းသား တယူသန်များ၏ ခြယ်လှယ်မှုသည် တော်လှန်ရေးမပေါ်မီကထက်ပင် ဆိုးရွားလာတော့၏။ သို့ဖြင့် လူဝီဘုရင် တန်ခိုးအာဏာ ယုတ်လျော့သွားပြီးလျှင် ညီတော် ဒသမချားလ် လက်ထက်တွင် ဗူးဗွန်မင်းဆက် သုဉ်းသွားလေအောင် လမ်းခင်းပေးခဲ့လေသည်။

၁၈ ဆက်မြောက်လူဝီဘုရင်သည် ၁၈၂၄ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ကံကုန်သည်။

**လူဝီ ဖိလစ်** (ခရစ် ၁၇၇၃–၁၈၅၀)။ ။လူဝီဖိလစ်သည် အော်လီယန်းမြို့စားကြီး လူဝီဖိလစ်ဂျိုးဇက်၏ သားတော်ဖြစ်၍ ခရစ် ၁၇၇၃ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ပြင်သစ်တော်လှန်ရေးကြီး စတင်ဖြစ်ပွားစဉ်က လူဝီ ဖိလစ်မင်းသားမှာ ၁၆ နှစ်သား အရွယ်မျှသာ ရှိသေးသည်။ သို့သော် ပြင်သစ်တော်လှန်ရေးကြီး၏ ဒီမိုကရေစီသဘောတရားများကို နှစ်ခြိုက်လှသဖြင့် အမျိုးသားအစောင့်တပ်တွင် ပါဝင်အမှုထမ်းခဲ့သည်။ သူသည်ဗိုလ်ချုပ်ကြီးရာထူးအထိ ကြီးမြင့်ခဲ့ပြီးလျှင် ဗာလမီတိုက်ပွဲ၊ ဂျင်းမက်တိုက်ပွဲနှင့် နီးယားဝင်ဒင် တိုက်ပွဲတို့တွင် ပါဝင်ခဲ့၏။ ထိုနောက်တွင် ပြင်သစ်သမတနိုင်ငံတော်ကို ပုန်ကန်မှုတွင် ပါဝင်ခဲ့သဖြင့် နိုင်ငံမှ ထွက်ပြေး တိမ်းရှောင်ခဲ့ရလေသည်။

၁၈၁၄ ခုနှစ်တွင် ပြင်သစ်နိုင်ငံသို့ပြန်လာခဲ့သည်။ ယခင်က သိမ်းဆည်းထားခြင်းခံရသော သူပိုင်ခြံမြေများကိုလည်း ပြန်လည်ရရှိလေသည်။ ၁၈၃၀ ပြည့်နှစ် တော်လှန်မှုကြောင့် ဒသမချားလ်ဘုရင် ထီးနန်းစွန့်ရသောအခါ ဗိုလ်ချုပ်လာဖေယက်၏အစွမ်းဖြင့် လူဝီ ဖိလစ်သည် ဘုရင်အဖြစ် တင်မြှောက်ခြင်းခံရလေသည်။

လူဝီ ဖိလစ်သည် ဒီမိုကရေစီဝါဒကို လက်ကိုင်ထားသော ဘုရင် ဟု ထင်ရှားကျော်ကြားခဲ့လေသည်။ ပြည်သူပြည်သားများကလည်း လူဝီဖိလစ်အားနိုင်ငံတော်ကို ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်နိုင်လိမ့်မည်ဟု မျှော်လင့် ယုံကြည်ခဲ့ကြသည်။ သို့ရာတွင် သူ၏ လုပ်ငန်းများသည် ဒီမိုကရေစီ လမ်းစဉ် အရ မဟုတ်ခဲ့သောကြောင့် သူ လိုလားသည့်အတိုင်း နိုင်ငံတော်ကို ရှေးကထက်ပို၍ တိုးတက်ကောင်းမွန်အောင် မအုပ်စိုးနိုင်ခဲ့ပေ။

၁၈၃၀ ပြည့်နှစ် တော်လှန်မှုကြီး၏ အကျိုးကို လူချမ်းသာများသာ ခံစားရလေသည်။ ထိုပြင် သူအုပ်စိုးခဲ့သော ၁၈ နှစ်အတွင်း ပြင်သစ်နိုင်ငံတွင် ရှိသမျှ လူတန်းစားများနှင့် မသင့်မတင့်ဖြစ်ခဲ့ရလေသည်။ ဒသမချားလ်၏ အဆက်အနွယ်များကို သစ္စာစောင့်သိရှိသေကြသူများက သူ့အား သဘောမကျသကဲ့သို့ သမတနိုင်ငံ ထူထောင်လိုသူများကလည်း သူ၏ သက်ဦးဆံပိုင် စနစ်အရ အပြုအမူများကို ရှုရှာမုန်းတီးလာကြလေသည်။

အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဖြစ်အောင် ဆောင်ရွက်ပေးပါရန် မကြာခဏ တောင်းဆိုခဲ့သည်များကို လူဝီ ဖိလစ်နှင့် သူ၏ဝန်ကြီး ဂီဇောတို့က ပယ်ချခဲ့လေသည်။ နောက်ဆုံး အစိုးရသည် ၁၈၄၈ ခုနှစ် ဖေဖွားရီလ ၂၂ ရက်နေ့တွင် ကျင်းပရန် စီစဉ်ထားသော 'ပြုပြင်ရေးထမင်းစားပွဲ'ကို မကျင်းပရန် တားမြစ် လိုက်လေရာ ပါရစ်မြို့တော်ရှိ ပြင်သစ်လူထုကြီးသည် လက်နက်စွဲကိုင်၍ ဘုရင့်အစိုးရကို တော်လှန် ပုန်ကန်ကြပြန်သည်။

လူဝီ ဖိလစ်ဘုရင်သည် ပါရစ်မြို့သားတို့တော်လှန်ပုန်ကန်သည်ကို ထိရောက်စွာ နှိမ်နင်းနိုင်စွမ်း မရှိသဖြင့် ၁၈၄၈ ခုနှစ် ဖေဖွားရီလ ၂၄ ရက်နေ့တွင် မိဖုရားကြီးနှင့် အတူ ဗြိတိသျှကောင်စစ်ဝန်၏ အကူအညီဖြင့် အင်္ဂလန်ပြည်သို့ တိတ်တဆိတ် ထွက်ပြေးရလေသည်။ အင်္ဂလန်ပြည့်ရှင် ဝိတိုရိယ ဘုရင်မကြီးသည် လူဝီဖိလစ်ဘုရင်နှင့် မိဖုရားတို့အား ကလဲယားမောင့်အရပ်တွင် နေထိုင်ခွင့်ပေးလေသည်။ ထိုအရပ်၌ပင် ၁၈၅၀ ပြည့်နှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် လူဝီ ဖိလစ်ဘုရင် ကံကုန်လေသည်။

**လူဝင်လူထွက်**။ ။တနိုင်ငံမှ တနိုင်ငံသို့ ရွှေ့ပြောင်းနေထိုင်ခြင်းမှာ အကြောင်းအမျိုးမျိုးတို့ကြောင့် ကမ္ဘာဦး



www.burmeseclassic.com

www.burmeseclassic.com



မှ စတင်ခဲ့သောအလေ့အထဖြစ်သည်။ ယင်းသို့ပြောင်းရွှေ့နေထိုင်ခြင်း များကြောင့် တိုင်းပြည် တပြည်နှင့်တပြည် ယဉ်ကျေးမှု ကူးစက်ပြန့်ပွားရလေသည်။

လူတို့သည် များသောအားဖြင့် မိမိတို့ဇာတိဖြစ်သော တိုင်းပြည်ကို ခင်မင်တွတ်ကြပါလျက် မျက်နှာစိမ်း နိုင်ငံသို့ ပြောင်းရွှေ့ နေထိုင်ကြခြင်းမှာ အကြောင်းအမျိုးမျိုးရှိရ ပေလိမ့်မည်။ ထိုအကြောင်းများ အနက် အဓိက အကြောင်းမှာ စားသောက်နေထိုင်ရေး ခက်ခဲမှုပင် ဖြစ်၏။ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ရှာဖွေရန် မခက်ခဲသော နေရာတွင် လူတို့သည် အတည်တကျ နေထိုင်ကြသည်မှာ မွေ့တာပင်ဖြစ်၏။ တောမုဆိုးသည် သားငါးရနိုင်ရာအရပ်ကို မှီရသကဲ့သို့ လူတို့သည်လည်း မိမိတို့စားသောက်နေထိုင်ရေးအတွက် လွယ်ကူချောင်ချိမည့် နေရာကို အမြဲ အမှီပြု၍ နေရလေသည်။ တိုင်းပြည်တပြည်တွင် လူဦးရေ များပြား လွန်းလာသောအခါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်တကွ အစားအစာအဝတ်စသည်တို့မှာ ရှားပါး လာပေလိမ့်မည်ဖြစ်ရာ ရေကြည်ရာ မြက်နုရာသို့ ထွက်၍ ရှာဖွေကြရမည်သာ ဖြစ်လေသည်။ စားသောက်နေထိုင်မှုခက်ခဲရခြင်းမှာ လူဦးရေတိုးမှုတခုကြောင့်သာမဟုတ်ချေ။ ရာသီဥတု ပြောင်းလဲမှုကြောင့်လည်း ဖြစ်တတ်၏။ ဥရောပတိုက်၌ အလွန်အေးသဖြင့် မြောက်ပိုင်းရှိတိုင်းပြည်ပေါင်းများစွာကို ရေခဲပြင်ကြီးဖုံးအုပ်လိုက်သည့်အခါ အစားအစသောက်ရှားပါးသွားသဖြင့် ထိုအရပ်မှလူများသည် အစားအသောက်ပေါရာ တောင်ဖက်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်ကြရလေသည်။

များသောအားဖြင့် လူတို့သည် အစားအသောက်အနေအထိုင် လွယ်ကူ၍ မိမိတို့နေရင်းစွဲ တိုင်းပြည်၏ ရာသီဥတု အခြေအနေနှင့် ဆင်ဆင်တူသော အရပ်သို့ ပြောင်းရွှေ့ရန် ရွေးချယ်လေ့ရှိကြ၏။ ၁၉ ရာစုနှစ်လောက်က ဥရောပတိုက်ရှိ တိုင်းပြည်တိုင်း၌လိုပင် အကျယ်အဝန်းနှင့်မလိုက်အောင် လူဦးရေထူထပ်များပြားလွန်းသဖြင့် စားသောက်နေထိုင်ရေးအတွက် အစစအရာရာ အခက်အခဲ တွေ့ကြရလေသည်။ ယင်းသို့ အခက်အခဲ တွေ့ကြုံကြရသောအခါ ထိုအချိန်က တိုင်းသစ်ပြည်သစ်ဖြစ်၍ လူဦးရေနည်းပါးသေးသော မြောက်အမေရိကတိုက်သို့ အစုအဝေးလိုက် ပြောင်းရွှေ့နေထိုင်ခဲ့ကြလေသည်။ ထိုနည်းတူပင် အိုင်ယာလန်နှင့် စကော့တလန် ပြည်သားတို့သည်လည်း အသက်မွေးဝမ်းကျောင်း အခက်အခဲကြောင့် အမေရိကန် ပြည်သစ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြ၏။

အသက်မွေးဝမ်းကျောင်း ခက်ခဲ၍သာမဟုတ်သေး၊ ကိုးကွယ်မှုအဆင်မပြေခြင်းများကြောင့် နေရင်းတိုင်းပြည်ကို စွန့်ခွာကြရသည်လည်း ရှိလေသည်။ အင်္ဂလန်ပြည်မှ အခြားတိုင်းပြည်သို့ ပဌမဦးစွာ အစုလိုက် ပြောင်းရွှေ့နေထိုင်ကြခြင်း၏ အဓိကအချက်မှာ ကိုးကွယ်မှုဆိုင်ရာ ချုပ်ချယ်မှုများကြောင့်ပင် ဖြစ်၏။ အင်္ဂလန်ပြည်၌ ပဌမဂျိမ်းဘုရင်လက်ထက်က အယူသည်းသူများ ဖြစ်ကြသော ပျူရီတန်တို့ကို ညှဉ်းပန်းနှိပ်စက်လွန်းသဖြင့် မခံနိုင်တော့ဘဲ ရှာဖွေတွေ့ရှိပြီးစဖြစ်သော အမေရိကန်ပြည်သစ်သို့ မေဖလားဝါးသင်္ဘောဖြင့် ပြောင်းရွှေ့ကာ တိုင်းသစ် ပြည်သစ် တည်ထောင် နေထိုင်ခဲ့ကြလေသည်။ (ပီလဂရင်းဖားသား။ ပျူရီတန်များ—လည်းရှု။) ထိုသူတို့တည်ထောင်လာခဲ့သော နိုင်ငံသစ်ကား ယခုကျွန်ုပ်တို့ခေတ်တွင် ထိပ်တန်းတိုင်းပြည်တပြည် ဖြစ်သည့် အမေရိကန် ပြည်ထောင်စုပင်တည်း။ ရေကြည်ရာမြက်နုရာသို့ တဖြည်းဖြည်း ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ အမေရိကန် ပြည်ထောင်စုတွင် ၁၇၉၀ ပြည့်နှစ် သန်ကောင်စာရင်းအရ လူဦးရေ လေးသန်းမျှသာ ရှိသော်လည်း ၁၉၆၅ ခုနှစ်တွင် လူဦးရေ ၁၉၄ သန်းအထိပင် တိုးတက်ပွားများခဲ့လေသည်။

ဤသို့ ရေကြည်ရာ မြက်နုရာကို ရှာဖွေ နေထိုင်ခဲ့ကြသော လူဦးရေမှာ မတန်တဆ များပြားလာသဖြင့် သက်ဆိုင်ရာနိုင်ငံအစိုးရတို့က ပဌမ ကမ္ဘာစစ် မဖြစ်မီ အချိန်လောက်ကစ၍ လူဝင်လူထွက် ဥပဒေတရပ်ကို ထုတ်ပြန်ကာ အကန့်အသတ် ပြုလုပ်ထားရလေသည်။ လူဝင်လူထွက်ဥပဒေတွင် တနိုင်ငံမှ တနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်လိုသူသည် ကမ္ဘာသုံးစာပေကို ဖတ်နိုင်ရေးနိုင်သူဖြစ်ရမည်။ ပစ္စည်းအခြေအနေလည်း အသင့်အတင့်ရှိရမည်ဟူသော စည်းကမ်းချက်များ ပါလာ၏။ ကမ္ဘာစစ် ပြီးဆုံးသွားသောအခါ ထိုထက် ပိုမို ကျပ်တည်းလာသည်ကို တွေ့ရပြန်သည်။ ဤသို့လျှင် တဖြည်းဖြည်း အခြေအနေကိုလိုက်၍ ဥပဒေ ဖြည့်စွက် ပြင်ဆင်ခဲ့ လေရာ ယခုအခါတွင် တိုင်းတပါးသို့ အလည်အပတ်၊ သို့မဟုတ် ပညာသင်သွားရန် လွယ်ကူသော်လည်း အိုးအိမ်ပါ ပြောင်းရွှေ့နေထိုင်ရန် အတော်ပင် ကျပ်တည်းသွားပြီ ဖြစ်လေသည်။

**လူဝံ။** ။လူဝံသည် မျောက်ဝံလေးမျိုးတွင် ဒုတိယ အကြီးဆုံးဖြစ်သည်။ အကြီးဆုံးနှင့် ကြမ်းကြုတ်ခက်ထန်ပြီး အသန်စွမ်းဆုံး မျောက်ဝံမျိုးမှာ ဂေါ်ရီလား မျောက်ဝံဖြစ်၍ အခြားမျောက်ဝံမျိုးမှာ ချင်ပန်ဇီ မျောက်ဝံနှင့် မျောက်လွှဲကျော်တို့ဖြစ်ကြသည်။ (ဂေါ်ရီလားမျောက်ဝံ၊ ချင်ပန်ဇီမျောက်ဝံ၊ မျောက်လွှဲကျော် — လည်းရှု။)

လူဝံသည် ဂေါ်ရီလားမျောက်ဝံနှင့် ချင်ပန်ဇီမျောက်ဝံတို့ကဲ့သို့ လူနှင့် အလွန်တူသည်။ လူဝံ အထီးကြီးသည် တခါတရံ လေးပေခွဲမှ ငါးပေအထိ မြင့်သည်။ ကိုယ်လုံးကိုယ်ထည်တုတ်ခိုင်၍ တကိုယ်လုံးတွင် နီညိုညို အမွေးရှည်



www.burmeseclassic.com

www.burmeseclassic.com




များ ဖုံးအုပ်လျက်ရှိသည်။ ခြေထောက်များမှာ တို၍ လက်တံများက ခြေထောက်ထက် ပို၍ရှည်ရာ လက်နှစ်ဖက်ကို ဆန့်လိုက်သည့်အခါ ခုနစ်ပေထိပင် ရှည်သည်။ လူဝံသည် မတ်မတ်ရပ်လိုက်သည့်အခါ လက်တံများသည်ခြေမျက်စိထိ မိုကြသည်။ မြေကြီးပေါ်တွင် လမ်းလျှောက်သည့်အခါ လက်ခေါက်ဆစ်များကို အသာအသာဖိ၍ လျှောက်တတ်ကြသည်။

လူဝံတို့၏ဇာတိနေရပ်မှာ အရှေ့အိန္ဒိယကျွန်းစုရှိ ဗော်နီယိုကျွန်းနှင့် ဆူမတြာကျွန်း စိမ့်တောများ ဖြစ်ကြသည်။ လူဝံများသည် မြေကြီးပေါ်တွင် မတ်မတ်ရပ်၍ လမ်းလျှောက်ရာ၌ ကိုးရိုးကားယား နိုင်လှသော်လည်း သစ်ပင်များပေါ်၌ကား အလွန်ကျင်လျင်၏။ တောထဲရှိ သစ်ပင်တပင်မှ တပင်သို့ တကိုင်းမှတကိုင်းသို့ လွဲ၍လွဲ၍ ခုန်သွားလေ့ရှိကြသည်။ သစ်သီးဝလံများနှင့် အရည် ရွှမ်းသော သစ်ဥသစ်ဖုများကို စားသောက်ကြသည်။ လူဝံများသည် အထီးအမ နှစ်ကောင်တွဲသော်၎င်း၊ သားငယ် သမီးငယ် နှစ်ကောင် သုံးကောင် ပါသော မိသားစုကလေးဖြင့်သာ သော်၎င်း နေထိုင်လေ့ရှိကြသည်။ အုပ်စုဖွဲ့၍ သွားလာနေထိုင်လေ့ မရှိချေ။ လူဝံများသည် အမြီးမရှိ။ မျောက်ကဲ့သို့ ပါးစောင်အိတ်လည်း မရှိချေ။

လူဝံများသည် အေးချမ်းစွာနေထိုင်ကြသည်။ သို့သော် ရန်စခံရသောအခါမျိုးတွင် ပြင်းထန်စွာ ပြန်လည် ရန်မူတတ်သည်။ နေဝင်ချိန်တွင် သစ်ပင်များပေါ်၌ ပြုလုပ်ထားသော အသိုက်များထဲ၌ အိပ်စက်ကြသည်။ ဖမ်းဆီးရမိထားသောလူဝံများကို အလွယ်တကူနှင့် သင်ကြားယူနိုင်သည်။ လူတို့ပြုလုပ်သမျှကို အတုခိုး၍ ပြုလုပ်လေ့ရှိသည်။ ချင်ပန်ဇီမျောက်ဝံတို့လောက် အသိဉာဏ်မကောင်းသော်လည်း ယင်းတို့၏ မျက်နှာ အမူအရာ အနေအထားကို ပြောင်းလဲ တတ်သောကြောင့် စိတ်ဝင်စားဖွယ် ကောင်းပေသည်။

လူဝံသည် ပါဏဗေဒအလိုအရ ပရိုင်းမိတ် မျိုးစဉ်တွင် ဆီမိုင်အီဒီး မျိုးရင်း၌ပါဝင်သည်။ ဂေါ်ရီလား မျောက်ဝံမျိုးလောက် ကြမ်းကြုတ်ခက်ထန်ခြင်း မရှိချေ။

**လူသာ, မာတင်** (ခရစ် ၁၄၈၃–၁၅၄၆)။ ။မာတင် လူသာသည် ဂျာမန်လူမျိုးဖြစ်၍ ခရစ်ယာန်သာသနာပြုပြင်ပြောင်းလဲရေးတွင် ဂျာမနီ၌ ခေါင်းဆောင်တော်လှန်သူဖြစ်သည်။ ခရစ်ယာန်ဂိုဏ်း တခုဖြစ်သော ပရိုတက်စတန့်ဂိုဏ်းကို စတင်တည်ထောင်သူအဖြစ် မှတ်တမ်းတင်ထိုက်သူလည်းဖြစ်သည်။ ထို့ပြင် သမ္မာကျမ်းကို အများပြည်သူတို့နားလည်နိုင်စိမ့်သောငှါ ဂျာမန်ဘာသာသို့ ပြန်ဆိုခြင်းဖြင့်လည်း ဂျာမန်ဘာသာကို မြှင့်တင်ခဲ့သည်။



ပရိုတက်စတန့်ခရစ်ယာန်ဂိုဏ်းကို စတင်တည်ထောင်သူအဖြစ်
မှတ်တမ်းတင်ထိုက်သူ မာတင် လူသာ

မာတင်လူသာသည်ဆက်ဆွန်နီနယ် အိုက်စလေးဗင်မြို့တွင် ခရစ် ၁၄၈၃ ခုနှစ်၌ ဖွားမြင်သည်။ဖခင်မှာ ချမ်းသာကြွယ်ဝသူမဟုတ်သော်လည်း သားဖြစ်သူအား ပညာတတ်စေလိုသဖြင့် မက်ဂဒီဗတ်နှင့် အိုင်းဇနတ် မြို့များရှိ စာသင်ကျောင်းများသို့ ပို့၍ သင်ကြားစေသည်။ လူသာသည် ထိုကျောင်းများတွင် စာသင်နေခိုက် ဘုရားရှိခိုးကျောင်း ဓမ္မတီးဝိုင်း၌ သီချင်းဆိုခြင်းဖြင့်၎င်း၊ ကြေးရတတ်များ၏ အိမ်ရှေ့တွင် ဓမ္မသီချင်းများကို သီဆိုခြင်းဖြင့်၎င်း ကျောင်းစရိတ် အထောက်အပံ့ရရန် ကြိုးပမ်းခဲ့လေသည်။ လူသာသည် ၁၅၀၁ ခုနှစ်တွင် အားဖတ်တက္ကသိုလ်သို့ တက်ရောက်သင်ကြား၍ ၁၅၀၅ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ရရှိသည်။ ဦးစွာ၌ လူသာသည် ရှေ့နေလုပ်ရန်ရည်ရွယ်ခဲ့သော်လည်း တက္ကသိုလ်သင်တန်း နှစ်ကုန်ခါနီးတွင် စိတ်ပြောင်းသွားခဲ့လေသည်။ ထိုအချိန်တွင် အနောက် ဥရောပတိုက်၌ သာသနာရေးလှုပ်ရှားနေချိန်ဖြစ်ရာ ထိုအရေးတွင် စိတ်ပါဝင်စားပြီးလျှင် ၁၅၀၇ ခုနှစ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ၁၅၀၈ ခုနှစ်တွင် ဗစ်တင်ဗတ်တက္ကသိုလ်၌ ဒဿနိကဗေဒ ပါမောက္ခ အဖြစ် ခန့်ထားခြင်း ခံရလေသည်။ ၁၅၁၁ ခုနှစ်တွင် လူသာသည် ရောမမြို့သို့ သွားရောက်ခဲ့သည်။ ၁၅၁၂ ခုနှစ်တွင် ဗြဟ္မဒေဝဗေဒဆိုင်ရာ ပါရဂူဘွဲ့ကို ရရှိပြီးလျှင် ဗစ်တင်ဗတ်တက္ကသိုလ်၌ ဗြဟ္မဒေဝဗေဒဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခ အဖြစ် ခန့်ထားခြင်း ခံရလေသည်။ ထိုအခါ သမ္မာကျမ်းစာ သင်တန်းတရပ် ဖွင့်လှစ်ပို့ချခဲ့ရာ လူသာသည် ဆရာတဦးအဖြစ် နာမည်ရခဲ့သည်။ သာသနာနယ်ဆိုင်ရာ ဘုန်းကြီးအဖြစ်နှင့်လည်း မိမိသာသနာနယ်ဆိုင်ရာ ဘုရားရှိခိုးကျောင်း၌ နေ့စဉ် တရားဟောခဲ့သည်။

ထိုအချိန်အခါက ခရစ်ယန်အယူဝါဒီတို့သည် မိမိတို့၏အပြစ်တို့မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းအတွက် ခရစ်ယန် သာသနာ့အဖွဲ့က ပြဋ္ဌာန်းထားသည့် ဒဏ်ခံခြင်း၊ ဆုတောင်းခြင်း၊ အာဟာရဖြတ်ခြင်း၊ အလှူပေးခြင်း စသော အာပတ်ဖြေနည်းများကို လိုက်စားနေကြ၏။ ထိုအဖြစ်ကို လူသာ တွေ့ရှိသောအခါ များစွာ စိတ်မချမ်းမသာ ဖြစ်ရ၏။ လူသာကမူ ခရစ်တော်၏တပည့်ကြီး စိန့်ပေါ၏ တရားစာများနှင့် စိန့်အော်ဂတ်စတင်း၏ ကျမ်းများကိုဖတ်ရှုခဲ့သူ ဖြစ်ပေရာ အထက်ပါနည်းအတိုင်း ပြုလုပ်ခြင်းဖြင့် အပြစ်ဒဏ်မှ မလွတ်မြောက်နိုင်။ ခရစ်တော်ကို အကြွင်းမဲ့ ယုံကြည် ကိုးစားခြင်းဖြင့်သာ အပြစ်မှ လွတ်မြောက်နိုင်မည်ဟု သဘောပေါက်ခဲ့လေသည်။

ထိုစဉ်က ပုပ်ရဟန်းမင်း ဒသမလီယိုသည် ယိုဟန်းတက်ဇယ် အမည်ရှိသူ ပုဂ္ဂိုလ်တဦးအား အာပတ်ဖြေ ခွင့်လွှတ်နိုင်ရန် အာဏာပေး၍ခွင့်ပြုထားသည့် အလျောက် တက်ဇယ်သည် ဗစ်တင်ဗတ် တက္ကသိုလ် အနီးတဝိုက်၌ လာရောက်၍ ဟောပြောခဲ့သည်။ ရောမမြို့၌ဆောက်လုပ်နေဆဲဖြစ်သော စိန့်ပေါကသီဒရယ်ဘုရားရှိခိုးကျောင်းသို့ အလှူငွေ ထည့်ဝင်သူများကိုလည်း အာပတ်ဖြေပေးလေသည်။

ဤသို့ဖြင့် ဘုန်းကြီးရဟန်းများက ဆင်းရဲသားတို့ထံမှ ဖြားယောင်းငွေညှစ်နေသည့်အဖြစ်ကို လူသာ တွေ့ရှိသောအခါ လူအပေါင်းတို့အဖို့ အကျိုးယုတ်သည့်အပြင် သာသနာ၏ အဆုံးအမနှင့်လည်းဆန့်ကျင်သည်ဟု သဘောရကာ ဝေဖန်ရှုတ်ချသော စာတန်းကို လူသာ ကိုယ်တိုင် ရေး၍ ဗစ်တင်ဗတ် ဘုရားရှိခိုးကျောင်း၏ တံခါးဝတွင် ကပ်ထားခဲ့လေသည်။ ယင်းသည် "အချက်ကြီး ၉၅ ချက်" ဟုထင်ရှားလာခဲ့သည်။ ထိုအချိန်မှစ၍ လူသာနှင့် ခရစ်ယန်သံဃာအဖွဲ့သည် ပဋိပက္ခ ဖြစ်လာသည်။ ဤပဋိပက္ခအတွင်း လူသာ၏ အယူအဆများမှာ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။

လူသာသည် ပုပ်ရဟန်းမင်း၏ ခေါင်းဆောင်မှုကို ပယ်သည်။ ခရစ်ယန်ဘုန်းကြီးများသည် သာမန်လူထက် တန်ခိုးဣဒ္ဓိပါဒ် ရှိသည်ဟူသော အစွဲကို ချုတ်သည်။ ခရစ်ယန်ဘုန်းကြီး၊ သီလရှင်တို့ အမိဋ္ဌာန်ပြုသော အလုပ်သည် အလဟဿဖြစ်သည်ဟု ဆိုသည်။ အဆုံး၌ ခရစ်ယန် ဘုရားရှိခိုးကျောင်းများသည်ပင် မလိုဟု ပယ်လေသည်။ ထိုအခါ ပုပ်ရဟန်းမင်းက လူသာအား ခရစ်ယန်သာသနာမှ ကြဉ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ထိုသို့ ခြိမ်းခြောက်ပေးပို့ခဲ့သော ပုပ်ရဟန်းမင်း၏ အမိန့်စာချွန်ကို လူသာသည် လူအများရှေ့တွင် မီးတင်ရှို့လိုက်လေသည်။ ထိုအချိန်တွင် လူသာအား ထောက်ခံသူများစွာရှိလေသည်။ အမှန်သော်ကား လူသာသည် ရောမကက်သလစ် အသင်းတော် (ဗရင်ဂျီဂိုဏ်း)ကိုတော်လှန်ရန် မရည်ရွယ်ခဲ့စေကာမူ သာသနာပြုပြင်ပြောင်းလဲရေးနှင့် ပရိုတက်စတန့်ဂိုဏ်း ပေါ်ပေါက်လာအောင် ဖန်တီးရာ ရောက်သွားခဲ့လေသည်။ လူသာ၏ အချက်ကြီး ၉၅ ချက်ကို ဂျာမန်ဘာသာနှင့် အခြားဘာသာများသို့ ပြန်ဆိုခဲ့၏။ ပုံနှိပ်စက်များ ပေါ်ခါစအချိန်ဖြစ်သောကြောင့် အဆိုပါအကြောင်းအရာတို့သည် ဥရောပတတိုက်လုံးသို့ ပျံ့နှံ့သွားလေသည်။

ထိုနောက် လူသာကို ဘုရားရှိခိုး ကျောင်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပုပ်ရဟန်းမင်းက တားမြစ်ပိတ်ပင်ခဲ့သည်။ ထိုပြင် ၁၅၂၁ ခုနှစ် ဧပြီလတွင် ဗန်းမြို့၌ ကျင်းပမည် ဖြစ်သော နိုင်ငံတော် လွှတ်တော် အစည်းအဝေးသို့ လာရောက်၍ အစစ်ခံရမည်ဟု ဆင့်ခေါ်ခြင်းခံရလေသည်။ ထိုလွှတ်တော်ကိုဆင့်ခေါ်သူမှာ ဧကရာဇ်ဘုရင်သစ် ပဥ္စမ ချားဖြစ်၍ ထိုစဉ်အခါက ဩဇာကိတ္တိ ကြီးသော ဂျာမန်မင်းညီမင်းသား မှူးမတ်များနှင့် သာသနာ့အဖွဲ့ဝင်များ တက်ရောက်ကြလေသည်။

လူသာသည် မိတ်ဆွေများကတားမြစ်သော်လည်း ဆင့်ခေါ်သည့်အတိုင်း တက်ရောက်ခဲ့သည်။ ထိုအစည်းအဝေးက သူဟောပြောရေးသားခဲ့သမျှကို ပြန်လည် ရုပ်သိမ်းရမည်ဟု အမိန့်ပေးခဲ့သော်လည်း လူသာကမူ မရုပ်သိမ်းသည့် အပြင် သူ၏အယူအဆများ၌ ပိုမိုစွဲမြဲနေခဲ့သည်။ လူသာက သူမှားကြောင်း ကျမ်းဂန်အထောက်အထားနှင့် မပြနိုင်သမျှ မရုပ်သိမ်းနိုင်ဟုဆိုလေသည်။ ထိုအခါ ဧကရာဇ်ဘုရင်က လူသာ၏ စာအုပ်မှန်သမျှကို မီးတိုက်ရမည် ဟု အမိန့်ထုတ်ပြန်ခဲ့သည့်အပြင် လူသာသည် မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်းကိုလည်း ထုတ်ပြန် ကြေညာခဲ့၏။ သို့သော် ဆက်ဆွန်နီနယ်စားကြီး ဖရက်ဒရစ်အား ပေးထားသည့် ကတိကြောင့် အိမ်သို့ ပြန်ခွင့်ပြုလိုက်သည်။

အပြန်ခရီးတွင် လူသာသည် လူဆိုးများ၏ဖမ်းဆီးခြင်းကိုခံရ၏။ အမှန်မှာမူ ဆက်ဆွန်နီ နယ်စားကြီး၏ တပည့်များက လူသာအားတဖက်လှည့်ဖြင့် ဗတ်ဗုသို့ခေါ်ဆောင်သွားခြင်း ဖြစ်သည်။ ဤသို့ ပြုရခြင်းမှာ လူသာအား အကာအကွယ် ပေးလိုသော်လည်း လူသိရှင်ကြားပွင့်လင်းစွာ အကာအကွယ် မပေးဝံ့သောကြောင့် ဖြစ်၏။ လူသာသည် ဗတ်ဗုရဲတိုက်၌ ၁၀ လမျှ နေထိုင်ခဲ့သည့် အတောအတွင်း ဓမ္မသစ်ကျမ်းကို မူရင်း ဂရိဘာသာမှ ဂျာမန်ဘာသာသို့ ပြန်ဆိုရေးသားခဲ့၏။

မာတင်လူသာသည် ရှေးဟောင်း အယူဝါဒများကို ပြု



www.burmeseclassic.com

www.burmeseclassic.com



ပြင် ပြောင်းလဲရန် ဆက်လက်၍ ဆောင်ရွက်ခဲ့လေသည်။ ၁၅၂၂ ခုနှစ် မတ်လတွင် လူသာသည် ဇစ်တင်ဗတ်သို့ ပြန်ကာ ခရစ်ယန်အသင်းတော်သစ်ထူထောင်ရေးကို လုံးပမ်းခဲ့လေသည်။ အသင်းတော်သစ် ဆိုင်ရာ စည်းကမ်းဥပဒေများကိုလည်း ရေးဆွဲပေးခဲ့၏။ သာမန်လူများ နားလည်အောင် အမေးအဖြေစာများကို ရေးသား၍ တရားနာပရိသတ်အစုအဝေးအလိုက် ဓမ္မသီချင်းရင့်ကျူးခြင်းကို တီထွင်ခဲ့၏။ ဓမ္မသီချင်းများကိုလည်း စပ်ဆိုခဲ့သည်။ ထိုပြင် ဘုန်းကြီးများ အိမ်ထောင်ပြုခွင့်ရှိကြောင်းကိုလည်း ဟောပြောခဲ့၍ မိမိကိုယ်တိုင် သီလရှင် လူထွက်တဦးနှင့် အိမ်ထောင်ပြုခဲ့လေသည်။ လူသာ၏အိမ်ထောင်ရေးမှာ သာယောင့်သာယာ ရှိလေသည်။

လူသာသည် ၁၅၃၄ ခုနှစ်တွင် ဓမ္မဟောင်းကျမ်းကို ဂျာမန်ဘာသာသို့ပြန်ဆိုခဲ့ရာ ထိုစဉ်က ကျန်းမာရေးချို့တဲ့နေသည့်အတွက် ပင်ပန်းကြီးစွာ ဆောင်ရွက်ခဲ့ရသည်။ စုစုပေါင်း စာအုပ်စာတန်း ကြီးငယ် ၄၀၀ ကျော် ပြုစုခဲ့သော ဟူ၏။ မာတင်လူသာသည် ၁၅၄၆ ခုနှစ်တွင် ဖွားရာဇာတိဖြစ်သော အိုက်စလေးဗင်မြို့၌ ကွယ်လွန်လေသည်။

**လူဦးရေ။** ။ကျွန်ုပ်တို့ မြန်မာနိုင်ငံ၏ လူဦးရေသည်လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော်က ၁၀,၄၉၀,၆၂၄ (၁၉၀၁) သာ ရှိခဲ့ရာမှ ယခုအခါတွင် နှစ်ဆခွဲကျော် ၂၇,၅၈၄,၀၀၀ (၁၉၇၀ ပြည့်နှစ်) ရှိနေလေပြီ။

ကမ္ဘာ၏လူဦးရေမှာလည်း ၁၈၀၀ ပြည့်နှစ်၌ သန်းပေါင်း ၇၀၀ မျှရှိနေရာမှ ယခုအခါ သန်းပေါင်း ၃.၄၂ ထောင် (၁၉၆၇ ခုနှစ်) အထိ တိုးတက်လာလေရာ ယခုလည်း နေ့စဉ်နှင့်အမျှတိုးတက်လျက် လာမည့်နှစ်များတွင်လည်း ဖြည်းဖြည်း တိုးတက်၍လာရန်ရှိသဖြင့် ခရစ် ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ လူဦးရေသည် သန်းပေါင်း ၇.၄၁ ထောင် အထိ တိုးတက်လာမည်ဟု ခန့်မှန်းလေသည်။

အနောက်နိုင်ငံများတွင် လူဦးရေတိုးတက်သည့်ရာနှုန်းသည် အများဆုံးဖြစ်သော်လည်း အာရှတိုက်ရှိလူဦးရေမှာ ကမ္ဘာပေါ်ရှိ ကျန်နိုင်ငံအားလုံး၏လူဦးရေနှင့် အညီအမျှခန့်ပင် ရှိလေသည်။ ၁၉၆၇ ခုနှစ်တွင် အာရှ လူဦးရေမှာ ၁၉၀၇ သန်းဖြစ်၏။ ကမ္ဘာ့လူဦးရေအထူထပ်ဆုံးတိုင်းပြည်များမှာတရုပ်နိုင်ငံ သန်းပေါင်း ၇၃၀ (၁၉၆၈ ခုနှစ် ခန့်မှန်းခြေ)၊အိန္ဒိယနိုင်ငံ ၅၂၄ သန်း၊ဆိုဗီယက်ယူနီယန် ၂၃၈ သန်း အမေရိကန်ပြည်ထောင်စု ၂၀၆ သန်းဖြစ်ရာ ယင်းသည့်လေးနိုင်ငံပေါင်း၏လူဦးရေသည် ကမ္ဘာ့လူဦးရေ ထက်ဝက်ခန့်ရှိ၏။ ထိုနိုင်ငံများအောက် လူဦးရေထူထပ်သောတိုင်းပြည်များမှာ အင်ဒိုနီးရှား ၁၁၃ သန်း၊ ပါကစ္စတန် ၁၀၉ သန်း၊ ဂျပန် ၁၀၁ သန်း၊ ဗရာဇီး ၈၈ သန်း၊ နိုင်ဂျီးရီးယား ၆၂ သန်း၊ အနောက်ဂျာမနီ ၅၈ သန်း၊ ဗြိတိန် ၅၅ သန်းနှင့် ဣတလီ ၅၂ သန်း ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူဦးရေ၏ ၁၄ ရာခိုင်နှုန်းသည် ဥရောပတိုက်တွင်ရှိ၏။ အမေရိကတိုက်များ၏လူဦးရေသည် ဥရောပတိုက်၏လူဦးရေနှင့် ညီမျှလေသည်။ သို့ရာတွင် စတုရန်းတမိုင် အတွင်းရှိ ပျမ်းမျှခြင်း လူဦးရေ၌ ဥရောပတိုက်တွင် အာရှတိုက်၏ နှစ်ဆခန့် ရှိလေသည်။ အင်္ဂလန်ပြည်တွင်မူကား စတုရန်းတမိုင်လျှင် လူဦးရေ ၇၀၀ ကျော်ခန့်ရှိရာ အရှေ့ဖက်နိုင်ငံတွင် လူဦးရေအထူထပ်ဆုံးဖြစ်သော ဂျားဗားကျွန်းမျှလောက်ပင် လူဦးရေထူထပ်လေသည်။

ကမ္ဘာပေါ်တွင် တနေ့တခြား လူဦးရေ တိုးပွားလာသည်ဟုဆိုရာ၌ ဤကဲ့သို့ တိုးတက်ရသည့် အကြောင်းရင်းမှာလည်း သိပ္ပံပညာရပ်များ တိုးတက်လာခြင်းကြောင့် ဖြစ်လေသည်။ ဤသို့ တိုးတက်၍လာသော သိပ္ပံပညာ၏ အစွမ်းအားဖြင့် လယ်ယာစိုက်ပျိုးခြင်းအတတ်၊ တိရစ္ဆာန်မွေးမြူခြင်း အတတ်တို့သည် ဖွံ့ဖြိုးတိုးတက်လာရာ ကမ္ဘာ၏စားရေရိက္ခာကို တိုးတက် ကောင်းမွန်၍ လာစေ၏။ ထိုပြင် ရေနွေးငွေ့အားကို အသုံးပြုနိုင်လာပြန်သောအခါ လူအားသက်သက်ဖြင့် ဆောင်ရွက် ပြုလုပ်ရသောအလုပ်များထက် အဆပေါင်းများစွာ တိုးတက် အောင်မြင်လာပြန်လေသည်။ မီးရထား၊ မီးသင်္ဘောတို့သည် ပြည်တွင်းပြည်ပနှင့်တကွ ကမ္ဘာပေါ်ရှိ အရပ်ရပ်သို့ စရိတ်ကုန်သက်သာစွာ သယ်ယူပို့ဆောင်ခြင်း၊ လေယာဉ်ပျံများဖြင့် ထိုထက်လျင်မြန်စွာ တင်ပို့နိုင်ခြင်းဖြင့် ကမ္ဘာ့ရိက္ခာ အစားအစာများကို နေရာအနှံ့အပြား၌ ဖြန့်ဖြူးဝေငှနိုင်လေသည်။

အချိန်အနည်းငယ်အတွင်း လူအမြောက်အမြားကို သေစေနိုင်သည့် ကူးစက် ပြန့်ပွားစေတတ်သော ရောဂါဆိုးကြီးများကိုလည်း သိပ္ပံပညာ ကြီးပွား ထွန်းကားလာသည့်အလျောက် ကင်းပျောက် လျော့ပါးအောင် ဖန်တီး စွမ်းဆောင်နိုင်ပြန်လေသည်။ လူတမျိုးနှင့်တမျိုးကို အကျိုးမဲ့သတ်ဖြတ်လေ့ရှိသောလူရိုင်းတို့၏ ဓလေ့ဆိုးမှာလည်း သိပ္ပံပညာ တိုးပွားကာ ယဉ်ကျေးမှု တိုးတက်သည်နှင့် အမျှကွယ်ပလျော့နည်းသွားပြန်လေသည်။ ဤသို့အားဖြင့် ယဉ်ကျေးသောနိုင်ငံကြီးများ၏ လူအသေအပျောက်နှုန်းမှာ တဖြည်းဖြည်း လျော့ပေါ့၍ လာလေသည်။ ဆေးဖက်ဆိုင်ရာ သိပ္ပံပညာမှာလည်း များစွာ တိုးတက် ၍ လာပြန်ရာ ကျန်းမာရေး အခြေအနေသည် ရှေးယခင်ကထက် အဆပေါင်းများစွာ တိုးတက်ကောင်းမွန်လာပြန်လေသည်။

ဥရောပတိုက် အမေရိကတိုက် စသော တိုးတက်သောနိုင်ငံများတွင် အတိအကျ တွက်စစ်ယူရသော စာရင်းအရမိန်းမကလေးထက် ယောကျ်ားကလေးများကို ပိုမိုမွေးဖွားကြောင်းသိရ၏။ သို့ရာတွင် နို့စို့သူငယ်ယောကျ်ားက



www.burmeseclassic.com

www.burmeseclassic.com



လေးများက မိန်းကလေးများထက်ပို၍ အသေအပျောက်များ၏။ ထိုအတူ ယောကျ်ားကြီးများ၏ အသေနှုန်းမှာလည်း မိန်းမကြီးများ၏ အသေနှုန်းထက်ပိုလေသည်။ သို့ဖြစ်၍ ယဉ်ကျေးသော နိုင်ငံများတွင် မိန်းမဦးရေက ယောကျ်ား ဦးရေထက် ပိုမို၍ နေခြင်းမှာ ဤအကြောင်းကြောင့်ပင် ဖြစ်လေသည်။ အာရှတိုက်နှင့် အာဖရိကတိုက်တွင်မူကား မိန်းမများသည် ကြမ်းတမ်းစွာ နေထိုင်လုပ်ကိုင်ကြရသောကြောင့် ယောကျ်ားများထက် မိန်းမများ၏ အသေနှုန်းများလေသည်။ တကမ္ဘာလုံးကိုခြုံ၍ ကြည့်လျှင် မိန်းမအရေအတွက်ထက် ယောကျ်ားအရေအတွက်က အနည်းငယ်ပို၍ များကြောင်း တွေ့ရသည်။

ဤသို့အားဖြင့် ကမ္ဘာ့လူဦးရေသည် မည်သည့်အခါမျှ ယုတ်လျော့ခြင်း မရှိဘဲ အစဉ် တိုးတက်လျက် ရှိနေပေရာ ယခုရာစုနှစ်အကုန်တွင် လက်တင်အမေရိကန် နိုင်ငံများ၌ ယနေ့ လူဦးရေထက် ၃.၆ ဆ၊ အာဖရိကတိုက်နှင့် အာရှ တောင်ပိုင်း နိုင်ငံများတွင် ၃ ဆ၊ အာရှအရှေ့ပိုင်း နိုင်ငံများတွင် ၂.၃ ဆ၊ မြောက်အမေရိက၊ ဆိုဗီယက်နှင့် ပင်လယ်တွင်းရှိ နိုင်ငံများ၌ ၂ ဆ၊ ဥရောပတိုက်တွင် သုံးပုံတပုံ အသီးအသီးတိုးပွားလာမည်။ တကမ္ဘာလုံးအနေဖြင့် လူဦးရေ နှစ်စဉ် ၁.၉ ရာခိုင်နှုန်း တိုးပွားလျက်ရှိသည်။

ယင်းသို့ ကမ္ဘာ့နိုင်ငံများတွင် လူဦးရေတိုးပွားရာ၌ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူဦးရေတိုးတက်မှုသည် တိုးတက်နေသည့် နိုင်ငံများ၏ လူဦးရေတိုးတက်မှုထက် ပိုသည်။ ပမာအားဖြင့် ကူဝိတ်နိုင်ငံကလေးတွင် လူဦးရေ တိုးနှုန်းသည် ၁၀.၇ ရာခိုင်နှုန်းဖြစ်၍ ဥရောပတိုက် လူဦးရေတိုးနှုန်းသည် ၀.၉ ရာခိုင်နှုန်းဖြစ်သည်။

ကမ္ဘာပေါ်တွင် လူဦးရေအထူထပ်ဆုံးမြို့မှာ တိုကျိုမြို့ ဖြစ်၏။ လူဦးရေ ကိုးသန်းရှိသည်။ ဒုတိယလူဦးရေ အထူထပ်ဆုံးမြို့မှာ လူဦးရေရှစ်သန်းရှိ နယူးယောက်မြို့ဖြစ်၍ တတိယလူဦးရေအထူထပ်ဆုံးမြို့မှာ လူဦးရေ ခုနစ်သန်းရှိ ရှန်ဟိုင်းမြို့ဖြစ်သည်ဟု ဆိုလေသည်။

**လူးနှင့်ဆပ်။** ။လူးနှင့်ဆပ်တို့သည် နှံစားပြောင်းမျိုးထဲတွင် အပါအဝင်ဖြစ်၍ မြန်မာနိုင်ငံ မိုးပါးရေရှားရပ်ဝန်းတွင် သုံးလေ့သုံးထရှိသော အသီးအနှံမျိုးဖြစ်သည်။ အပင်များကို ညှံ့ဖျင်းသော ယာမြေများဖြစ်သည့် သဲမြေပွများတွင်သာ စိုက်ပျိုးကြ၏။ သို့သော် ဆပ်ကို လူးလောက်အစိုက်အပျိုး မများကြပေ။ လူးခင်း၊ ဆပ်ခင်းများကို ဆန်ပြောင်း ခုံပြောင်းများ စိုက်သကဲ့သို့ပင် ပြုပြင်ထွန်ယက်ရ၏။ နွေရာသီတွင် စိုက်ခင်းမြေကို ပေါင်းပင်၊ ခြုံပင်စသည်တို့မှ ကင်းစင်အောင် ရှင်းလင်းထားပြီးလျှင် မိုးစ၍ရွာသည်နှင့်တပြိုင်နက် ထွန်တစပ်နှစ်စပ် ထွန်ပေးရသည်။ သဲမြေပွများတွင်သာ များသောအားဖြင့် စိုက်ပျိုးလေ့ရှိသဖြင့် ထယ်ကိုသုံးလေ့သုံးထမရှိကြချေ။ ဝါဆိုလလောက်၌ ထွန်ရေးညက်သည်တိုင်အောင် ထွန်ဖြင့် လေးငါးကြိမ်မျှအပြီးသတ်ထွန်ယက်ပြီးမှ ဝါခေါင်လလောက်တွင် မျိုးစေ့များကို ကြဲပက်စိုက်ပျိုးကြသည်။ တဧကလျှင် မျိုးစေ့နှစ်ပြည်ခန့် ကြဲပက်စိုက်ပျိုးကြသည်။

မိုးလူး၊ သို့မဟုတ် လူးဦးကို နယုန်လလောက်တွင်စိုက်ပျိုးကြ၍ သီတင်းကျွတ်လူးကို သီတင်းကျွတ်လ ကျမှပင် စိုက်ပျိုးကြသည်။ စိုက်ပျိုးပြီး၍ သုံးလခွဲခန့် ကြာလျှင် လူးပင်များကို ရိတ်သိမ်းကြရသည်။ ထိုနောက် နွားနင်းနယ်၍ အစေ့များကို ချွေယူကြသည်။ မြေကိုလိုက်၍ တဧကလျှင် ၁၀ တင်းမှ ၁၅ တင်းအထိ ထွက်လေ့ရှိသည်။ ဆန်ရှားသော ဒေသများတွင် ဆန်ကို မစားနိုင်ကြသော အခါမျိုးတွင် လူးကိုအစားထိုး၍ စားကြရသည်။

ရုက္ခဗေဒအလိုအရ လူးကို ပန်နီကမ် မီလီယာစီယမ် ဟုခေါ်၍ ဆပ်ကိုမူ ဆီတေးရီးယား အီတလီကဟု ခေါ်ကြလေသည်။

**လူးတဆဲ့နှစ်ပန္နား။** ။'လူးတဆဲ့နှစ်ပန္နား'ကိုကျိုင်းရုံးကြီးတဆဲ့နှစ်ပန္နားဟုလည်းခေါ်၏။ ထို့ပြင် ရှမ်းဘာသာ၌ 'ရာ့စစ်ပ်ဆောင်ပနာ' (ဆစ်ဆောင်ပန္နား) (ရှစ်ဆောင်ပန္နား) ဟု လည်း ခေါ်ဝေါ်သေးသည်။ ယခု တရုပ်နိုင်ငံအတွင်းရှိ ချေလီနယ်ဖြစ်သည်။ ကျိုင်းရုံးကြီး တဆဲ့နှစ်ပန္နားဟူရာ၌ ကျိုင်းရုံးကြီးဆိုသည်မှာ မြို့မ၏ အမည်ဖြစ်သည်။ တဆဲ့နှစ်ပန္နားဆိုသည်မှာ မြို့ရံများ၏အပိုင်းအခြားကိုဆိုလိုသည်။ ပန္နားဆိုသောစကားမှာ ရှမ်းဘာသာ စကားဖြစ်၍ ယခုအခါ ဒိဝိဇံများ(တိုင်းများ)နှင့် သဘောသွားဆင်ဆင်တူသည်။ မဲခေါင်မြစ်၏ အရှေ့ဖက်တွင် ခြောက်ပန္နားရှိသည်။ အနောက်ဖက်တွင် ခြောက်ပန္နားရှိသည်။ ပန္နားတခုတွင် ငါးမြို့က ၁၀ မြို့ထိ ရှိသည်။

လူးတဆဲ့နှစ်ပန္နားဆိုရာတွင် လူး(လု)ဆိုသည်မှာ လူမျိုး၏အမည်ဖြစ်သည်။ ပန္နား ဆိုသည်မှာ အထက်တွင်ဆိုခဲ့သည့်အတိုင်းဖြစ်၏။ ကျိုင်းရုံးမှာ လူး(လု)လူမျိုး၊ ကျိုင်းတုံမှာ ဂုံလူမျိုးဟုအမှတ်ပြုကြသည်။ ရှစ်ဆောင်ပန္နား(ဝါ) လူး တဆဲ့နှစ်ပန္နား (ဝါ) ကျိုင်းရုံးကြီးတဆဲ့နှစ်ပန္နားမှာ လူး(လု)လူမျိုးတို့နေထိုင်ရာ အချက်အချာဒေသဖြစ်လေသည်။ (လုလူမျိုး — လည်းရှု။)

ကုန်းဘောင်ခေတ်အတွင်း မြန်မာသက္ကရာဇ် ၁၁၂၇ ခုနှစ်က အင်းဝဆင်ဖြူရှင်ထိုးမှတ်သောရွှေဘိုမြို့ ဘုံစံရာလွှတ်ကျောင်း ကျောက်စာတွင် လက်နက်နိုင်ငံတော်ကို တိုင်း ၁၆ တိုင်းခွဲခြား၍ပြထားရာ၌ ရှမ်းနယ်နှင့် ရှမ်းအနွယ်နယ်များတွင် မိုင်းစုံ၊ ကျိုင်းဟွန်၊ မိုင်းယတ် စသော ၁၂ မြို့တို



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် တန်းဆာဆင်အပ်သော လူး (လု) လူမျိုးတို့နေရာ ကျိုင်းရုံးဟူသော မဟာနဂရတိုင်း' ဟူ၍ ဖော်ပြပါရှိသည်။ မြန်မာသက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သောအိမ်တော်ရာဘုရား ကျောက်စာပါ တိုင်း ၁၆ တိုင်းတွင်.... "ကျိုင်းရုံ၊ မိုင်းစယ်စသော ပြည်ကြီးတို့၏တည်ရာ ဇောတိနဂရတိုင်း"ဟု ဖော်ပြပါရှိသည်။ ထိုပြင် ဟံသာဝတီဆင်ဖြူများရှင်၏ လက်နက် နိုင်ငံတော်များ စာရင်းတွင်လည်း ကျိုင်းရုံးပြည်ကြီးဟူ၍ ပါရှိသည်။ သို့သော် ကျိုင်းရုံးပြည်ကြီးကို အထက်တွင်ဆိုခဲ့သည့်အတိုင်း အချို့က မဟာနဂရတိုင်း ဟူ၍၎င်း၊ အချို့က ဇောတိနဂရတိုင်းဟူ၍၎င်း အသီးအသီး ရေးသားဖော်ပြထားလေသည်။

**လူးတား။** ။လူးတားဆိုသည်မှာ မြန်မာဘာသာပေါ်ရာဏ သက်သက် လူးတားလည်းရှိ၏။ မာဂဓ ဘာသာ ပ္လုတမှ ရွေ့လျောလာသော လူးတားလည်းရှိ၏။ သက္ကတဘာသာ ပ္လုတ၊ ပါဠိဘာသာ ပလုတတို့မှ ရွေ့လျောလာသည်ဟုလည်းဆိုကြသည်။ မြန်မာဘာသာပေါ်ရာဏ လူးတား၏အဓိပ္ပါယ်မှာ အဆုံးမှတဖန် အစပြန်၍ ပြုလုပ်သည်ဟု ဆိုလိုသည်။ လှေသမား ဖောင်သမားများသည် ရေစီးသန်သည့်မြစ်ညာသို့ ဆန်တက်ရသည့်အခါများတွင် လှေနှင့် အတန်ကွာ ရေညာအရပ် ချည်သာ ချိတ်သာ ရှိမည့်နေရာ၌ လှေဦးမှ ကြိုးစကို ချည်ထား၍ လှေသို့ပြန်လာကာ ထိုကြိုးစကို အမှီတကဲ ဆွဲငင်ဆန်တက်ကြပြီးလျှင် တဖန် ကြိုးစဆုံးပြန်က အထက်နည်းတူပြုလုပ်ကာ ဆန်တက်ကြသည်ကို ယခုတိုင် လူးတားပေါက်သည် ဟု ခေါ်၏။ လူးတား ဟူသော ကဗျာမှာလည်း အဆုံးစကားများကို အစထား၍ ပြန်လည် စပ်ဆို ရေးသားကြခြင်း ဖြစ်သည်။ အလောင်းမင်းတရားကြီးလက်ထက် စိန္တကျော်သူဆို ကုန်းဘောင်မင်္ဂလာ လူးတားတွင် ပဌမအပိုဒ်၌"ဘုန်းပဒေသာ၊ ခက်ဖြာဆင့်စ၊ ပွင့်စလေ" ဟု အစချီ၍ "အာဟိန္ဒကျီး၊ ပွင့်နီးနီး"ဟု အဆုံးသတ်သည်။ ဤပဌမအပိုဒ်၏ အဆုံးစကားကိုပင် ဒုတိယအပိုဒ်၌ "အာဟိန္ဒကျီး၊ ပွင့်နီးမှန်လှ၊ ကန်လှလေ"ဟု အစချီ၍ စပ်ပြန်၏။ ကျန် နောက်အပိုဒ်များကိုလည်း ဤနည်းအတိုင်းစပ်ဆိုထား၏။ ထိုကြောင့် လူးတားကဗျာစပ်ထုံးမှာ လှေသမား ဖောင်သမားများ လူးတားပေါက်သကဲ့သို့ အဆုံးမှ တဖန် အစ ပြန်လည် ကောက်ငင်စပ်ဆိုရသဖြင့် လူးတားဟု ခေါ်ဟန်တူသည်။

မာဂဓဘာသာ ပ္လုတမှ လူးတား ဖြစ်လာသည်ဟု ဆိုရာ၌ ပ္လုတ မှ ပြုတဖြစ်လာ၍ ထိုတွင် ပကျေ၍ လုတဖြစ်သည်။ ထို လုတကိုပင် ဒီဃပြုရာ လူးတား ဖြစ်လာသည်။ အဓိပ္ပါယ်ကား ရှည်လျားစွာ ဆွဲငင်၍ ဆိုအပ်သော အသံဟု ဖြစ်၏။ ပ္လုတသံမှာ မျက်စိသုံးမှိတ်၊ လျှပ်သုံးပြက်ခန့် ကာလထက် ရှည်လျားစွာ ဆွဲငင်ရွတ်ဆိုအပ်သော အသံ ဖြစ်၏။ ထိုကြောင့် လူးတားဟူသော ကဗျာမှာ ရှည်လျားစွာ ဆွဲငင်ရွတ်ဆိုအပ်သော ကဗျာတမျိုးဟု ယူဆအပ်၏။ လူးတားကို အကြောင်းအရာ အမျိုးမျိုး ခံ၍ ဖွဲ့ကြ၏။ ၁၂ ရာသီဖွဲ့ လူးတား၊ ကုန်းဘောင်မင်္ဂလာ လူးတား၊ အိမ်နောင်လူးတား စသည်ဖြင့် အမျိုးမျိုးဖွဲ့ဆိုခဲ့ကြ၏။ သို့ရာတွင် မြန်မာစာပေတွင် လူးတားဟူသော ကဗျာမျိုးကို ပျို့ရတုများလောက် အတွေ့မများချေ။

**လူးဗရပြတိုက်။** ။လူးဗရပြတိုက်သည် ပြင်သစ်နိုင်ငံ ပါရစ်မြို့ စိန်းမြစ်၏လကျ်ာဖက်ကမ်း၌ တည်ရှိ၍ ကမ္ဘာတွင် ထင်ရှားသော ပြတိုက်ကြီးတခုဖြစ်သည်။ ပြတိုက်အတွင်း၌ ရှေးခေတ်အဆက်ဆက်မှ အနုပညာရှင်ပုဂ္ဂိုလ်အကျော်အမော်တို့၏ အနုပညာ လက်ရာမြောက်သော ပန်းချီ၊ ပန်းပု လက်ရာအမျိုးမျိုးကို ပြသထားလေသည်။ သို့မှီး ပြသထားသော အနုပညာရတနာများ အလွန်အဖိုးထိုက်တန်သကဲ့သို့ပင် လူးဗရပြတိုက် အဆောက်အအုံမှာလည်း အလွန်ခမ်းနားထယ်ဝါ၍ အနုပညာမြောက်လှသည်။

ပြတိုက်အဖြစ်အသုံးမပြုမီက ယင်းမှာ ဥရောပတိုက်တွင် ထင်ရှားသော နန်းတော်တခုဖြစ်သည်။ ယင်းအဆောက်အအုံကို ဦးစွာတည်ဆောက်ခဲ့သူမှာ ဖိလစ် အော်ဂတ်စတပ် (ခရစ် ၁၁၆၅–၁၂၂၃) ဖြစ်သည်။ တည်ဆောက်စဉ်အခါက မြို့ရိုးအတွက် ခံတပ်အဖြစ် တည်ဆောက်ခြင်းဖြစ်သည်။ ၁၄ ရာစုနှစ်အတွင်းက ဘုရင်စံမြန်းရာ နန်းတော်အဖြစ် ပြောင်းလဲအသုံးပြုခဲ့သည်။ သို့သော် မူလအဆောက်အအုံဟူ၍ ဝှက်၍ ဆောက်ထားသော အုတ်မြစ်တခုသာ ကျန်ပေတော့သည်။


အဆောက်အအုံ အဟောင်းကို ပဌမ ဖရန်းစစ်ဘုရင်လက်ထက်တွင် နန်းတော်သစ်အဖြစ် ပြုပြင် ပြောင်းလဲသည်။ နောက်ဆက်ခံသောမင်းများက လူးဗရနန်းတော်ကို တျူးလရီးနန်းတော်၏ ဥယျာဉ်များနှင့်ဆက်မိစေရန် ဂရင်းဂယ်လရီခေါ် အဆောင်မကြီးတခုကို စိန်းမြစ်ရိုးတွင် တည်ဆောက်သည်။ ၁၃ ဆက်မြောက် လူဝီဘုရင် လက်ထက်တွင်၎င်း၊ ၁၄ ဆက်မြောက် လူဝီဘုရင်လက်ထက်တွင်၎င်း လူးဗရ နန်းတော်သည် နှစ်ဆမျှကြီးလာသည်။ ပဌမနပိုလီယန်နှင့် တတိယနပိုလီယန်ဘုရင်တို့ကလည်း အဆောက်အအုံကို ထပ်ဖြည့် မွမ်းမံသေးသည်။ လူးဗရနန်းတော်၏ ပုံစံမှာ ဉာဏ်သစ် အရေးပုံခေတ်က ပြင်သစ်တို့၏ရှေးဦးလက်ရာတခုအဖြစ် တည်ရှိပြီးလျှင် ပြင်သစ်နိုင်ငံတွင် ပဌမ ဖရန်းစစ်ဘုရင် လက်ထက်မှစ၍ တတိယနပိုလီယန်လက်ထက်အထိ တဖြည်းဖြည်း တိုးတက်ခဲ့သော ပြင်သစ်ဗိသုကာပညာ၏ လက်ရာကို ဖော်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com





လူးဗရပြတိုက်တွင် ရှေးခေတ်အဆက်ဆက်မှ အနုပညာရှင် ပုဂ္ဂိုလ်အကျော်အမော်တို့၏ အနုပညာလက်ရာမြောက်သော ပန်းချီ ပန်းပု လက်ရာအမျိုးမျိုး ပြသထားသည်။

၁၃ ဆက်မြောက် လူဝီဘုရင် လက်ထက်မှစ၍ ယင်းအဆောက်အအုံကို နန်းတော်အဖြစ် အသုံးပြုခြင်း နည်းလာပြီးလျှင် ၁၄ ဆက်မြောက် လူဝီဘုရင်လက်ထက်တွင် လူးဗရ နန်းတော်ကို အစိုးရရုံးများ နေအိမ်များ အဖြစ် အသုံးပြုသည်။ ထိုနောက် တစတစနှင့် ပြတိုက်အဖြစ်အသုံးပြုလာသည်။ လူးဗရနန်းတော်မှ လူးဗရ ပြတိုက်အဖြစ် ထင်ရှားလာသည်နှင့်အမျှ လူးဗရပြတိုက်သို့ အနုပညာမြောက်သောလက်ရာများ တဖွဲဖွဲရောက်ရှိလာသည်။

ယခုအခါ လူးဗရပြတိုက်တွင်း၌ ရှေးခေတ်ဂရိတို့၏လက်ရာများဖြစ်သော ရုပ်တုရုပ်လုံးပေါင်း ၃,၀၀၀ ကျော် ပန်းချီကားပေါင်း ၂,၅၀၀ အပြင် နိုင်ငံတကာမှပန်းချီကျော်ကြီးများ၏လက်ရာများကို စုံစုံလင်လင် တွေ့မြင်နိုင်ပေသည်။ ဂရိနတ်သမီး၏ ပုံတူကျောက်ဆစ်ရုပ်လုံးဖြစ်သော ဗီးနပ်ဒီမိုင်လိုကိုလည်း ပြတိုက်အတွင်းတွေ့မြင်နိုင်သည်။ ထိုပြင် ကမ္ဘာကျော် အနုပညာရှင်များဖြစ်သော တစ်ရှန်၊ ရက်ဖီထယ်၊ မိုက်ကယ် အန်ဂျလို စသော ပုဂ္ဂိုလ်ကျော်များ၏ လက်ရာအမြောက်အမြားကို အထင်အရှား တွေ့မြင်နိုင်ပေသည်။ လီယိုနာဒိုဒါဗင်ချီ၏ ထင်ရှားသော လက်ရာဖြစ်သည့် 'မိုနာလီဆာ'ပုံတူ ပန်းချီကားလည်း လူးဗရပြတိုက်အတွင်း၌ရှိသည်။ ဤမျှသာ မကသေးပဲ ရှေးဟောင်းအဆီးရီးယန်းနှင့် ဖိနီရှန်လူမျိုးတို့၏ ယဉ်ကျေးမှု အသုံးအဆောင်များ၊ အနုပညာရပ်များကိုလည်း အခန်းခြောက်ခန်းနှင့် အပြည့်ထားရှိပြသထားသည်။ ပြင်သစ်တော်လှန်ရေးကြောင့် ပျက်စီးယိုယွင်းရသော အယူဝါဒဆိုင်ရာ အဆောက်အအုံများမှ ရုပ်လုံးရုပ်တု၊ ပန်းပု လက်ရာများမှာလည်း အခန်းငါးခန်းမျှရှိပေသည်။ အီဂျစ်နိုင်ငံတွင် ဖယ်ရိုဘုရင်များ တန်ခိုးကြီးစဉ်က ထွန်းကားခဲ့သော အနုပညာရပ်များ၏ အကြွင်းအကျန်များကိုလည်း ခန်းမဆောင်နှစ်ခုတွင် ထားရှိသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ပြတိုက်တွင်းရှိ ပစ္စည်းများကို လုံခြုံမှုအတွက် အခြားတနေရာသို့ ခေတ္တ ပြောင်းရွှေ့ထားရသည်။ စစ်ပြီးကာလတွင် ထိုပန်းချီပန်းပုလက်ရာ



www.burmeseclassic.com

www.burmeseclassic.com



များကို ပြတိုက်သို့ပြန်လည်ပြောင်းရွှေ့ခဲ့သည်။ ဤပြတိုက်သည် ရှေးအခါကကဲ့သို့ပင် ဥရောပတိုက်၌ ထင်ရှားသော ပြတိုက်အဖြစ် ဆက်လက် တည်ရှိနေပေသည်။

ရှေးခေတ်အဆက်ဆက်မှ အနုပညာရှင်ပုဂ္ဂိုလ်အကျော်အမော်တို့၏ အနုပညာလက်ရာမြောက်သော ပန်းချီပန်းပု လက်ရာအမျိုးမျိုးကို ပြသထားသည်ဖြစ်ရာ အနုပညာများကိုလိုက်စား၍ စိတ်ပါဝင်စားသူတို့အဖို့ ရတနာသိုက်ကြီးပင်ဖြစ်ပေသည်။

# ကျွန်ုပ်တို့ကိုလွှမ်းခြုံထားသော မမြင်ရသည့် သမုဒ္ဒရာ

**ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တမနက်ဟု ဆိုကြသော်လည်း လေ၏အသက်ကား သုံးမိနစ်ပင် မရှိချေ။ ကျွန်ုပ်တို့သည် လေမရှူရဘဲ ခေတ္တမျှနေရလျှင်ပင် သေကြရမည်မှာ မုချဖြစ်သဖြင့် လူသတ္တဝါတို့အတွက် ထိုသည် မည်မျှ အရေးပါ အရာရောက်ကြောင်း သိနိုင်လေသည်။**

**လေ။** ။ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တမနက်ဟူ၍ ရှေးလူကြီးများ ဆိုရိုးစကား ရှိခဲ့သော်လည်း အမှန်စင်စစ် လေသာမရှိပါက သတ္တဝါမှန်သမျှသည် သုံးမိနစ်မျှပင် အသက်ရှင်နိုင်ရန် လမ်းမရှိပေ။ ကျွန်ုပ်တို့သည် နေ့စဉ်အမြဲ လေနှင့်ထိတွေ့နေရ၏။ လေကို ရှူရှိုက်နေရ၏။ လေမှသက်ရောက်လာသည့် အကျိုးကျေးဇူးများကို ခံစားနေရ၏။ ကျွန်ုပ်တို့ ကိုယ်အတွင်း၌လည်း လေသည် တကိုယ်လုံးသို့ ပျံ့နှံ့လျက်ရှိ၏။ ထိုမျှသာ မဟုတ်သေး၊ ပေါင်ချိန်အားဖြင့် ထောင်ပေါင်းများစွာလေးသည့်လေထုသည် ကျွန်ုပ်တို့အပေါ်တွင် အချိန်မလပ် ဖိနှိပ်လျက်ရှိ၏။ သို့သော် ကျွန်ုပ်တို့သည် လေကိုမမြင်ရသည့်အတွက် များသောအားဖြင့် လေရှိသည်ဟူ၍ပင် အမှတ်မထင် ဂရုမပြုမိဘဲ နေထိုင်ခဲ့ကြလေသည်။

လေသည် ကမ္ဘာကြီး တခုလုံးကို အုံ့ဖွဲ့ဖုံးကွယ်ကောင်းလောက်အောင် ဝိုင်းရံ လွှမ်းခြုံထားရာ ထိုလွှမ်းခြုံထားသော လေသမုဒ္ဒရာကြီးကို လေထု ဟု ခေါ်လေသည်။ ဤလေထု မည်မျှလောက် ထုမည်ကို မည်သူမျှ အသေအချာ မသိကြပေ။ မိုင်ပေါင်း ၂၀၀ မှ ၄၀၀ အထိ ထုမည် ဟူ၍သာ ခန့်မှန်းရပေသည်။ သို့ရာတွင် လေထု၌ တိကျသော အဆုံးသတ် မရှိ။ လေထု၏ အစွန်းအဖျားသည် မြေပြင်မှအထက်သို့ မိုင်ပေါင်း ၁,၀၀၀ ကျော် ၂,၀၀၀ ထိအောင်ပင် တစွန်းတစပျံ့နှံ့ကောင်းပျံ့နှံ့ကာ အာကာသလဟာပြင်ကြီးနှင့် တဖြည်းဖြည်း ထိစပ်ပျောက်ကွယ်သွားစရာရှိသည်ဟု ယူဆရပေသည်။ လေရှိပေ၍သာ ကျွန်ုပ်တို့ကမ္ဘာကြီးမှာ သက်ရှိသတ္တဝါ သစ်ပင်ပန်းပင်တို့ဖြင့် ပြည့်စုံဝေဆာ၍ ကမ္ဘာကြီးသည် အသက်ရှင်နေနိုင်ခြင်းဖြစ်သည်။ လကဲ့သို့ လေထုကင်းမဲ့သောအခြားဂြိုဟ်၊ သို့မဟုတ် ဂြိုဟ်ရံများမှာမူ သက်ရှိသတ္တဝါနှင့်အပင်ဆို၍ လုံးဝဆိတ်သုဉ်းလျက်ရှိကြပေသည်။

လေသည် လူတိရစ္ဆာန်နှင့်အပင်တို့ကို အသက်ဆက်ပေးရုံသာမက အသက်ရှင်ရေးနှင့်သက်ဆိုင်သော အခြေအနေများကိုလည်း ပြုပြင်ဖန်တီးပေးလျက်ရှိသည်။ နွေ၊ မိုး၊ ဆောင်းနှင့်တကွ နေပူခြင်း၊ မိုးရွာခြင်း၊ နှင်းကျခြင်း၊ လေတိုက်ခြင်း၊ ပူအိုက်ခြင်း၊ ချမ်းအေးခြင်းစသော ရာသီဥတုတို့ဖြစ်ပေါ်ရခြင်းမှာ ကျွန်ုပ်တို့ကမ္ဘာနှင့် နေတို့၏ အကွာအဝေးပြောင်းလွဲမှုကိုလိုက်၍ လေတွင် ဖြစ်ပေါ်လာသော လှုပ်ရှားမှု အပူအအေး ပြောင်းလွဲမှုတို့ကြောင့်ပင် ဖြစ်လေသည်။

လေသည် အရာဝတ္ထု သန့်သန့်တခုတည်း မဟုတ်ပေ။ လေသည် ဒြပ်ရောဖြစ်၍ လေတွင် အောက်ဆီဂျင်၊ နိုက်ထရိုဂျင်၊ အာဂွန်၊ ဇီနွန်၊ နီယွန်၊ ဟီလီယမ်၊ ကရစ်ပတမ် ဓာတ်ငွေ့များအပြင် ရေခိုးရေငွေ့၊ ဟိုက်ဒြိုဂျင် ဓာတ်ငွေ့၊ ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့နှင့် ဖုန်မှုန့်များ ပါဝင်ကြောင်းသိရှိရသည်။ လေတွင် ပါဝင်သည့် အချိုးအစားများမှာ ရာခိုင်နှုန်းအားဖြင့် နိုက်ထရိုဂျင် ၇၈၊ အောက်ဆီဂျင် ၂၁ ဖြစ်၍ ကျန် ၁ ရာခိုင်နှုန်းတွင် အာဂွန်ဓာတ်ငွေ့အများဆုံးပါဝင်ပြီးလျှင် နီယွန်၊ ဇီနွန်၊ ဟီလီယမ်၊ ကရစ်ပတွန်ခေါ် ရှားပါးသည့် ဓာတ်ငွေ့များ အနည်းအကျဉ်းနှင့် ဟိုက်ဒြိုဂျင်ဓာတ်ငွေ့ မဆိုစလောက်မျှပါဝင်သည်။ ရေငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့နှင့် ဖုန်မှုန့်တို့မှာမူ အခါကာလကိုလိုက်၍ အနည်းအများ ပါဝင်ကြလေသည်။

အောက်ဆီဂျင် ဓာတ်ငွေ့သည် ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာဟုဆိုအပ်သော စက်ယန္တရားလည်ပတ်ရေးအတွက် ထင်းမီးလောင်စာသဖွယ် ဖြစ်သည်။ အောက်ဆီဂျင်သည် အသက်ရှင်မှုနှင့် လောင်ကျွမ်းမှု မှန်သမျှအတွက် ကျောထောက်နောက်ခံဖြစ်သည်။ အကယ်၍ လေထုတခုလုံးသာ အောက်ဆီဂျင်အတိ ဖြစ်သွားမည် ဆိုပါက သက်ရှိသတ္တဝါအားလုံးသည် ယခုထက် အဆမတန် ပိုမိုထကြွပြီး အဆမတန် အသက် တိုသွားစရာ ရှိသည်။ သစ်ခြောက်မြက်ခြောက် တို့သည်လည်း ရုတ်တရက် မီးထတောက်ကောင်း ထတောက်ကြကာ ကမ္ဘာတွင် မတွေ့ဘူးသေးသည့် အုံ့ဖွဲ့ဖွယ်အဖြစ်အပျက်မျိုး အများအပြားပင် ဖြစ်ပေါ်လာနိုင်စရာအကြောင်းရှိသည်။ သို့ရာတွင် အောက်ဆီဂျင်၏စွမ်းအားသတ္တိ ယခုထက် ပိုကဲလာခြင်းမရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



အောက်ဆီဂျင်တဆလျှင် လေးဆနီးပါးရှိသော နိုက်ထရိုဂျင်က ရောနှောပြီး ထိန်းထားလေသည်။

နိုက်ထရိုဂျင်မှာ အခြား ဓာတ်ပစ္စည်းတို့နှင့် အလွယ်တကူ ပေါင်းစပ်ခြင်း မရှိသော ဓာတ်ငွေ့ဖြစ်သည်။ သို့သော် နိုက်ထရိုဂျင်၏ ဒြပ်ပေါင်းဖြစ်သည့် နိုက်ထရိတ်အမျိုးမျိုးတို့မှာ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေဩဇာပြုလုပ်ရာ၌၎င်း၊ ပေါက်ကွဲစေတတ်သည့် လက်နက်ပစ္စည်းများ လုပ်ကိုင်ရာ၌၎င်း လွန်စွာအသုံးဝင်သဖြင့် အဆိုပါ နိုက်ထရိုဂျင် ဒြပ်ပေါင်းများကို ငွေကုန်ကြေးကျ ခံ၍ အမြောက်အမြားပြုလုပ်ကြရလေသည်။

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့သည် ကာဗွန်နှင့် အောက်ဆီဂျင်တို့ ပေါင်းစပ်မှုကြောင့် ဖြစ်ပေါ်လာသော ဒြပ်ပေါင်း ဖြစ်သည်။ ကျွန်ုပ်တို့ အသက် ရှူထုတ်လိုက်သည့်အခါတိုင်းနှင့် အရာဝတ္ထုတခုခု မီးလောင်သည့်အခါတိုင်းတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ဖြစ်ပေါ်လာမြဲ ဖြစ်သည်။ လူနေထူထပ်၍ စက်ရုံ အလုပ်ရုံ ပေါများသော မြို့ကြီးများတွင် လေထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အများအပြား ပါရှိတတ်သည်။ ယင်းသို့ပါရှိခြင်းသည် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ကို ကျွန်ုပ်တို့သည် ရှူထုတ်လျက်ရှိသောကြောင့် လေထဲ၌ တနေ့ထက်တနေ့ များ၍မလာပေလောဟု မေးစရာ အကြောင်းရှိသည်။ သို့သော် စိမ်းလန်းသော အပင် ဟူသမျှတို့က ကာဗွန်ဒိုင်အောက်ဆိုက်ကို အမြဲတစေ ရှူရှိုက်စုတ်ယူလျက်ရှိသဖြင့် ဤဓာတ်ငွေ့၏ အဝင်အထွက်မှာ လေထဲတွင် မျှတ၍သွားလေသည်။

ရေငွေ့သည် ကျွန်ုပ်တို့မြန်မာနိုင်ငံကဲ့သို့ လယ်ယာစိုက်ပျိုးရေး၌ မိုးကိုအများဆုံးအားကိုးနေရသော တိုင်းပြည်တို့အဖို့ မရှိမဖြစ်အောင် အရေးကြီးပေသည်။ လေထုသည် နေပူရှိန်ကြောင့် ပင်လယ်သမုဒ္ဒရာ အင်းအိုင်ချောင်းမြောင်းတို့မှ အငွေ့ပြန်တက်လာသောရေငွေ့တို့ကို စုတ်ယူလက်ခံထားပြီးနောက် ကမ္ဘာမြေပြင်ပေါ်၌ နေရာအနှံ့ ရောက်အောင် ဖြန့်ကြဲပေးသည်။ အအေးဓာတ်နှင့် တွေ့သောအခါ ထိုရေငွေ့တို့သည် မြူ၊ နှင်း၊ မိုးသီးမိုးပေါက် အဖြစ်ရွာသွန်းလေသည်။ ထို့ကြောင့် အကယ်၍ ဤကမ္ဘာ၌ လေထုသာမရှိ ဆိုပါက ပင်လယ် သမုဒ္ဒရာတို့မှအပ ကုန်းမြေဟူသမျှသည် သဲကန္တာရအတိ ဖြစ်သွားစရာအကြောင်းရှိလေသည်။

လေထဲ၌ဖုန်မှုန့်များဖြင့်ပြည့်နှက်လျက်ရှိသည်ဟုဆိုလျှင်လည်း ယုံလိုသော်မှယုံကြပေမည်။ သို့သော် အကယ်ပင်ရှိကြောင်းကို မှောင်မည်းနေသောအခန်းထဲသို့ သေးငယ်သော အပေါက်တခုမှနေ၍ နေရောင်ခြည်မျှင်တခုကို ထိုးဝင်စေ၍ ကြည့်ပါ။ ထိုအခါ အဆိုပါ ရောင်ခြည်ထဲ၌ သာမန်အားဖြင့် မမြင်ရသော ဖုန်မှုန့်ကလေးများ ကူငွေ့ကူငွှာ မကာ လွင့်ပါလျက် ရှိသည်ကို အသေအချာ တွေ့မြင်ရပေလိမ့်မည်။

ကျွန်ုပ်တို့သည် လေကို ဖောက်ထွင်းမြင်နိုင်သော အလင်းပေါက် အရာဝတ္ထုဖြစ်သည်ဟု ပေါ့ပေါ့ဆဆ ပြောဆိုမိကြသည်။ အကယ်၍ လေထုကို ဖောက်ထွင်း၍ မြင်နိုင်မည်ဆိုပါက အာကာသကောင်းကင်ပြင်၏ အရောင်သည် နေ့အခါတွင်လည်း ညဥ့်ဖက်မှာကဲ့သို့ပင် မည်းနက်၍နေပေမည်။ သို့သော် နေမှ အလင်းရောင်ခြည်သည် လေထုကို ဖြတ်သန်းချိန်တွင် လေထုအတွင်းရှိ ရေငွေ့၏ မှုန်မွှန်တို့က နေရောင်ခြည်တွင်ပါသည့် အနီရောင်ကိုသာ ဖြတ်သန်းခွင့်ပေး၍ အပြာရောင်ကိုမူ ကောင်းကင်တပြင်လုံးသို့ပျံ့နှံ့သွားစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကောင်းကင်ပြင်ကို နေ့အခါ၌ အပြာရောင်အဖြစ် မြင်ရခြင်းဖြစ်သည်။ နံနက်နေထွက်တပြုနှင့် ညနေ နေဝင်ဆည်းဆာ အချိန်များတွင် ရွှေချင်စဖွယ်နီရဲလှပသော ကောင်းကင်ပြင်ကို မြင်ရခြင်းမှာ နေရောင်ခြည်သည် ထိုအချိန်၌ လေထုကို ဘေးတိုက်ဝင်ကာ လေထုတွင်းသို့ များများ ဖြတ်သန်း သွားရသည့်အတွက် အပြာရောင်ကို များများပျံ့လွင့်စေပြီးလျှင် အနီရောင်ကိုသာ ချန်ထားခဲ့သောကြောင့် ဖြစ်လေသည်။

လေထုသည် အလွှာများ အဖြစ်ဖြင့် ခွဲခြား၍တည်ရှိသည်။ အောက်ဆုံးအလွှာကို "ထရိုပိုစဖီးယား" ဟု ခေါ်၍ ထိုအလွှာတွင် မိုးသားတိမ်လိပ်များ တည်ရှိကြသည်။ ထိုအလွှာအထက် ကမ္ဘာမြေပြင်မှ ၁၀ မိုင်ခန့် အမြင့်တွင် "စထရက်တိုစဖီးယား" ဒုတိယအလွှာရှိသည်။ စထရက်တိုစဖီးယားနှင့် ထြိုပိုစဖီးယား နှစ်ခုစပ်ကြားနေရာကို "ထရိုပိုပေါ့"ဟု ခေါ်၍ အမြင့်ဆုံးတိမ်တို့သည် ထိုနေရာ အထိသာ ရောက်ရှိကြလေသည်။ စထရက်တိုစဖီးယား အထက်တွင် "အိုဇိုနိုစဖီးယား" အလွှာရှိ၍ ထိုအလွှာတွင် "အိုဇုန်း" ဓာတ်ငွေ့ အနည်းငယ်ပါရှိသည်။ ထိုအလွှာ၏ အထက်မှ အလွှာကို "အိုင်ယွန်နိုစဖီးယား" ဟု ခေါ်၍ ထိုအလွှာသည် ကမ္ဘာမြေပြင်မှ နေ့အခါတွင် ၃၁ မိုင်ခန့်၊ ညဥ့်အခါတွင် ၅၆ မိုင်ခန့် မြင့်လေသည်။

ကျွန်ုပ်တို့သည် ထရိုပိုစဖီးယားအကြောင်းကို အတော်ပင် လေ့လာသိရှိထားပြီးဖြစ်သော်လည်း စထရက်တိုစဖီးယားအကြောင်းနှင့်စပ်လျဥ်း၍မူ အနည်းအကျဉ်းလောက်သာ သိရသေးသည်။ ရုရှားလူမျိုးထဲမှ မီးပုံးပျံဖြင့်အထက်သို့တက်ကြည့်ရာ ၁၃ မိုင်ခွဲကျော်ကျော်မျှသာ အမြင့်ဆုံးရောက်ခဲ့လေသည်။ အလိုအလျောက် မှတ်သားတိုင်းတာနိုင်သော ကရိယာများ တပ်ဆင်ပေးထားသည့်လူမပါသေး မီးပုံးပျံကလေးများမှာ ၂၅ မိုင်အမြင့်အထိသာရောက်ဘူးကြသည်။ ထိုကဲ့သို့ လေ့လာစုံစမ်းကြည့်ရာမှ ဗီတိဝင်စား

www.burmeseclassic.com



ဖွယ် သိရှိရသောအချက်မှာ လေသည် အထက်သို့ မြင့်သွားတိုင်း တဖြည်းဖြည်း ပါးလိုက်လာခြင်း ဖြစ်သည်။ အထက် ၁၀ မိုင်ခန့်အမြင့်တွင်ရှိသော လေသည် ပင်လယ်ပြင်ညီတွင် ရှိသော လေနှင့်စာလျှင် ဆယ်ပုံတပုံလောက်သာ သိပ်သည်းတော့၏။ အထက် ၂၅ မိုင်ခန့်အမြင့်တွင်ဆိုလျှင် အပုံသုံးထောင်ပုံတွင် တပုံမျှလောက်သာ သိပ်သည်းလေတော့သည်။ မြေပြင်မှ အထက်သို့ တက်သောအခါ တဖြည်းဖြည်းအေးလာပြီးလျှင် စထရက်တိုစဖီးယားအလွှာသို့ ရောက်သောအခါ အပူချိန်သည် စင်တီဂရိတ်ဒီဂရီသုညအောက် ၅၅ ဒီဂရီခန့်၌ တသမတ်တည်းတည်မြဲနေတော့သည်။ စထရက်တိုစဖီးယားတွင် ရေခိုးရေငွေ့၊ မိုးသားတိမ်လိပ်၊ လေမုန်တိုင်း စသည်တို့ ကင်းစင်သည်။

ထိုထက်မြင့်သော အလွှာများအကြောင်းကိုမူ ကျွန်ုပ်တို့သည် ကောင်းစွာမသိရသေးပေ။ ထိုနေရာများတွင် လေသည် လုံးဝမရှိသလောက် ပါးရှားပေသည်။ သို့သော် ကြယ်ပျံများ ပျံသန်းနိုင်ပုံကို ထောက်ခြင်းဖြင့် လေရှိကြောင်းကို သိရလေသည်။ ကြယ်ပျံတို့သည် လက်ဦးတွင် အေးလျက် ရှိကြသည်။ သို့ရာတွင် ကမ္ဘာမြေပြင်ပေါ်သို့ အလွန်လျင်မြန်သောအဟုန်ဖြင့် စိုက်ကျလာစဉ်တွင် လေနှင့် ထိတွေ့ပွတ်တိုက်မိသောကြောင့် မီးထတောက်သည်အထိ ပူသွားရလေသည်။

လေကို အကောင်အထည်ဟူ၍ ရှာမတွေ့နိုင်သည့် အတွက် လေ၌အလေးချိန်မရှိဟု ထင်မိကြပေမည်။ သို့သော် ကြက်ပေါင်စေး ပူဖောင်းတလုံးကို လေမသွင်းမီနှင့် လေမှုတ်သွင်းပြီးနောက် ချိန်တွယ်၍ကြည့်ပါက လေသွင်းပြီးပူဖောင်း အလေးချိန်သည် လေမသွင်းမီပူဖောင်းအလေးချိန်ထက် ပိုသည်ကိုတွေ့ရမည်။ လေသွင်းပြီးနောက် ပူဖောင်းတွင် အလေးချိန် တိုးလာသည်ကို ထောက်လျှင် လေ၌ အလေးချိန်ရှိကြောင်းကို သိနိုင်ပေမည်။ ပင်လယ်ပြင်တွင် လေသည် ပျမ်းမျှခြင်းအားဖြင့် တကုဗပေလျှင် .၀၇၂၉ ပေါင်မျှလေး၍ ထိုထက်မြင့်သွားသောအခါ လေသည်တဖြည်းဖြည်းပါးသွားသည့်အတိုင်း လေ၏ အလေးချိန်လည်း တဖြည်းဖြည်းလျော့သွားလေသည်။

ဤသို့ဖြင့် လေထုသည် ကမ္ဘာမြေပြင်တမျက်နှာလုံးကို ဖိနှိပ်ထားလျက်ရှိရာ ထိုဖိနှိပ်ထားသော လေထု၏ အလေးချိန်ကို "လေထုဖိအား" ဟုခေါ်သည်။ လေ၏ ဖိအားသည် အလွန်ဆန်းကြယ်သည်။ ကမ္ဘာပေါ်ရှိ နေရာတိုင်းတွင် လေသည် အရပ်မျက်နှာ အားလုံးသို့ တညီတညာတည်း တွန်းကန်ဖိနှိပ်ထားပေသည်။ ဖန်ခွက်တလုံးတွင် ရေအပြည့်ထည့်၍ အဝကို စက္ကူဖြင့် ပိတ်ပါ။ ထိုနောက် စက္ကူကို လက်နှင့်ဖိကာ ဖန်ခွက်ကို စောက်ထိုးလှန်ပြီးလျှင် လက်ကို ရုပ်လိုက်ပါက ရေသည် အောက်သို့မကျဘဲ စက္ကူပေါ်၌ တည်နေသည်ကို ထူးဆန်းစွာတွေ့ရပေမည်။ ဤသို့ဖြစ်ခြင်းမှာ လေက မိမိ၏ဖိအားဖြင့် စက္ကူကိုပင့်ထား၍ စက္ကူကတဖန် ရေကိုပင့်ထားသောကြောင့် ဖြစ်လေသည်။

ပင်လယ်ပြင်ညီတွင် လေထု၏ဖိအားသည် ပျမ်းမျှခြင်းအားဖြင့် စတုရန်းတလက်မရှိသော မျက်နှာပြင်အပေါ်၌ ၁၄.၇ ပေါင် ဖြစ်သည်။ သာမန်လူကြီးတယောက်၏ကိုယ်ခန္ဓာတခုလုံးရှိ အပေါ်ယံမျက်နှာပြင် အကျယ်အဝန်းမှာ စတုရန်းလက်မ ၂,၀၀၀ ခန့်ရှိသည်။ ထို့ကြောင့် လူတယောက်အပေါ်၌ အမြဲတမ်းဖိလျက်ရှိသော လေထု၏ ဖိအားသည် ပေါင် ၃၀,၀၀၀ ခန့်မျှ ကြီးမားပေသည်။ သို့သော် ကိုယ်ခန္ဓာတွင်းရှိ လေကလည်း ထိုအပြင်ဖက်ဖိအားနှင့်အမျှ အတွင်းဖက်မှ တွန်းကန်လျက်ရှိနေသောကြောင့် ကျွန်ုပ်တို့သည် အဆိုပါ လေထုဖိအားကို သိသိသာသာ ခံစားရခြင်းမရှိပေ။ လေယာဉ်တခုခုဖြင့် အလွန်မြင့်မားသောနေရာကို ပျံတက်သည့်အခါမျိုးတွင် အပြင်ဖက်မှ လေထုဖိအားက ကိုယ်အတွင်းမှ ဖိအားထက် အဆမတန် နည်းပါးသဖြင့် လေယာဉ်အတွင်း လိုက်ပါသွားသူတို့သည် နားမှ သွေးယိုထွက်တတ်ပြီးလျှင် တခါတရံ ဦးခေါင်းသို့ သွေးရောက်ကာ မူးမေ့၍ပင် သွားတတ်ကြပေသည်။ သို့သော် အကယ်၍ လေသာမရှိပါက လေယာဉ်ပျံ၏ တောင်ပံကို ပင့်ပေးမည့်အရာ မရှိတော့သဖြင့် မည်သည့် လေယာဉ်ပျံမျှ အမြင့်သို့ ပျံတက်နိုင်မည်မဟုတ်ချေ။ တဖန် အလွန်မြင့်မားသော နေရာများတွင် အသက်ကိုဝအောင် ရှူနိုင်ရန် အောက်ဆီဂျင်အလုံအလောက်မရှိသည့်အတွက် အလွန်မြင့်မားစွာပျံတက်မည့်သူများသည် အသက်ရှူစရာ အောက်ဆီဂျင် ဓာတ်ငွေ့ဗူးများကို အပို ဆောင်ယူသွားကြရလေသည်။

လေသည် ကြက်ပေါင်စေးကဲ့သို့ ကျုံ့နိုင် စန့်နိုင်သော သတ္တိရှိသည့် ပစ္စည်းဖြစ်သည်။ လေ၌ ထိုသတ္တိမျိုး ရှိကြောင်းသိသာရန်အတွက် ဖန်ခွက်တလုံးကို ရေပေါ်တွင် စောက်ထိုးမှောက်ပြီး ဖန်ခွက်ဖင်ကို လက်နှင့် ဖိချကြည့်ပါ။ ဖန်ခွက်တလုံးလုံး ရေအောက်သို့ နစ်သွားသောအခါ ဖန်ခွက်အတွင်းသို့ ရေအနည်းငယ် ဝင်လာသည်ကို တွေ့ရလိမ့်မည်။ အဓိပ္ပါယ်မှာ မူလက ဖန်ခွက်အပြည့်ရှိသောလေသည် ရေ၏ဖိအားကြောင့် ကျုံ့သွားခြင်းပင်ဖြစ်လေသည်။ တဖန် လေတော်ရုံမှုတ်သွင်းထားသော ကြက်ပေါင်စေး ပူဖောင်းတလုံးကို မီးနားတွင်ပြကြည့်ပါက အပူရှိန်ကြောင့် လေစန့်ထွက်လာကာ ပူဖောင်းကြီးထွားလာပုံကို တွေ့ရပေမည်။ လေမီးဖို၊ အောက်လင်းမီးအိမ်၊ မီးရထားဘီး၊ မော်တော်ကားဘီးတို့တွင် တပ်ဆင်ထားသော လေဗရိတ်စသည်တို့မှာ ဖိနှိပ်ထားသောလေကို အသုံးချထားသည့်ကရိယာများပင် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေကိုကျုံ့သွားအောင် ဖိနှိပ်ပေး၍ ဖာရင်ဟိုက်ဒီဂရီ ထုညအောက် ၃၁၂ ဒီဂရီသို့တိုင်အောင် အအေးခံပေးလိုက်ပါက လေသည် အငွေ့မှ အရည်အဖြစ်သို့ ပြောင်းလဲသွားသည်။ ထို"လေရည်"၌ စိတ်ဝင်စားဖွယ် ကောင်းသော ဂုဏ်သတ္တိများရှိပေသည်။ (လေရည် — လည်းရှု။)

**လေဇာရောင်ခြည်။** ။လေဇာရောင်ခြည် ဆိုသည်မှာ ရိုးရိုးအလင်းရောင်ထက် အဆပေါင်းများစွာ ပြင်းအားကြီးအောင် ဖန်တီးယူထားသည့် အလင်းရောင်တမျိုး ဖြစ်၏။ ရိုးရိုးအလင်းရောင်နှင့် လေဇာရောင်ခြည်တို့၏ ခြားနားချက်မှာ ရိုးရိုးအလင်းရောင်ခြည်တွင် အရောင်ပေါင်းစုံ ပါရှိပြီးလျှင် အဖက်ဖက်သို့ ဖြာထွက်၏။ တနေရာတည်းသို့ စူးစိုက်၍ ထိုးလွှတ်သောအခါ၌ နေရာဝေးကွာသည်နှင့် အမျှ ဘေးသို့ ပို၍ဖြာထွက်၏။ လေဇာရောင်ခြည်မှာမူ တရောင်တည်းဖြစ်ပြီးလျှင် ရိုးရိုးအလင်းရောင်ခြည်ထက် အတိုင်းအဆအားဖြင့် သန်းပေါင်းများစွာ ပို၍ ပြင်းအားကြီး၏။ တနေရာတည်းသို့ စူးစိုက်၍ ထိုးလွှတ်ပေးရာ၌ ဘေးသို့ ဖြာထွက်ခြင်းမရှိ၊ မီးသတ်ပိုက်ခေါင်းမှ ထွက်သည့် ရေကဲ့သို့ စူးရှလှ၏။ ခရီးမိုင်ပေါင်းများစွာ အကွာအဝေးသို့ လေဇာရောင်ခြည်သည် ဘေးသို့ဖြာထွက်ခြင်းမရှိပဲ ဖြောင့်တန်းစွာ သွားနိုင်လေသည်။

လေဇာရောင်ခြည်သည် အလင်းရောင် တောက်ပရာ၌ နေမျက်နှာပြင်ပေါ်ရှိ နေရောင်၏ အလင်းရောင်ထက် အဆပေါင်း ကုဋေကုဋာပို၍ တောက်ပ၏။ အပူရှိန်သည်လည်း ပြင်းထန်၏။ အာကာသမျှလောက်အထိ အပူရှိန်ပြင်းထန်သနည်းဟူမူ လေဇာရောင်ခြည်ကို သတ္တုများပေါ် သို့ ထိုးပေးမည်ဆိုလျှင် လေဇာရောင်ခြည်သည် သတ္တုကို အရည်ပျော်စေပြီးလျှင် တဖက်သို့ ထုတ်ချင်းခတ် ထိုးဖောက်ထွက်နိုင်၏။ အနီးကပ်၍ တနေရာတည်း စူးစိုက်ထိုးပေးမည်ဆိုလျှင် ကမ္ဘာပေါ်ရှိ မည်သည့် ပစ္စည်းကိုမဆို မီးလောင်စေ၍ အငွေ့အဖြစ်သို့ ပြောင်းလဲပစ်နိုင်၏။ ဤသို့ထူးခြားသော ဂုဏ်သတ္တိများရှိခြင်းကြောင့် သိပ္ပံပညာရှင်များသည် လေဇာရောင်ခြည်ကို တနည်းတဖုံ အသုံးပြုရန်အတွက် သုတေသနလုပ်ငန်းများ လုပ်ကိုင်ခဲ့ရာ ယခုအခါ လူ့အကျိုးပြု လုပ်ငန်းများတွင် လေဇာရောင်ခြည်ကို အောင်မြင်စွာ အသုံးပြုနိုင်ကြပြီ ဖြစ်လေသည်။

လေဇာရောင်ခြည်၏ သဘောကို ဖော်ထုတ်နိုင်ကြသည်မှာ မကြာလှသေးပေ။ ၁၉၅၈ ခုနှစ်ခန့်က ဒေါက်တာ ချားလ် တောင်းနှင့် ဒေါက်တာ အာသာ စကောလိုးဆိုသူ အမေရိကန် သိပ္ပံပညာရှင် နှစ်ဦးတို့သည် မည်သို့ မည်ပုံ ဖန်တီး၍ လေဇာရောင်ခြည်ကို ထုတ်ယူနိုင်ကြောင်းကို စတင်ရေးသားဖော်ပြခဲ့ကြ၏။ မေဇာခေါ် လျှပ်စစ်သံလိုက် ရောင်ခြည်တမျိုးကို တနည်းတဖုံ ဖန်တီးယူရာမှ လေဇာရောင်ခြည်ကိုရရှိခြင်း ဖြစ်ပေသည်။ မူရင်းရောင်ခြည်ဖြစ်သော မေဇာရောင်ခြည်ကို စတင်တီထွင်သူမှာ ဒေါက်တာ ချားလ် တောင်းပင်ဖြစ်၏။ ဒေါက်တာ ချားလ် တောင်းသည် ၁၉၅၁ ခုနှစ်ကပင် မေဇာရောင်ခြည်ကို တီထွင်နိုင်ခဲ့ပြီးလျှင် ထိုမေဇာရောင်ခြည်နှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ပြုလုပ်ခဲ့ရာ နောက်ဆုံး ၁၉၆၄ ခုနှစ်တွင် ရူပဗေဒပညာရပ်ဆိုင်ရာ နိုဗယ်ဆုကို ဆွတ်ခူးနိုင်ခဲ့လေသည်။ ထိုနောက် ဒေါက်တာ သီအိုဒို မေမန်းဆိုသူ အမေရိကန် သိပ္ပံပညာရှင်တဦးသည် အထက်ပါ ဒေါက်တာ ချားလ် တောင်းနှင့် ဒေါက်တာ အာသာ စကောလိုးတို့ ဖော်ထုတ်ရေးသားခဲ့သည့် သီအိုရီသဘောအတိုင်း လက်တွေ့ကြိုးစားရာမှ ၁၉၆၀ ပြည့်နှစ်တွင် လေဇာရောင်ခြည်ကို မျက်ဝါးထင်ထင် လက်တွေ့ ထုတ်ဖော်ပြသနိုင်ခဲ့ပေသည်။

လေဇာရောင်ခြည် ထုတ်ယူပုံ အကြမ်းသဘောမှာ ဤသို့ဖြစ်သည်။ ဦးစွာ၌ တွင်းထွက် ပတ္တမြားစစ်နှင့် ရွေးမရလောက်အောင် တူသည့် ပတ္တမြားတုတလုံးကို ဖန်တီးယူ၏။ ထိုပတ္တမြားတု ပုံသဏ္ဌာန်မှာ ရှည်မျော့မျော့ဖြစ်၍ ထိပ်စွန်းနှစ်ဖက်ကို ချောမွတ်စေရန် ကောင်းစွာ ပွတ်တိုက်ပေးထား၏။ ထိုနောက် ကြေးမုံများကို ငွေရောင်သုတ်လိမ်းသကဲ့သို့ ထိုပတ္တမြားတု၏ ထိပ်စွန်းနှစ်ဖက်ကို ငွေရောင်သုတ်လိမ်းပေး၏။ အစွန်းတဖက်ကို အပြည့်အဝအရောင်ပြန်အောင် သုတ်လိမ်းပေးပြီးလျှင် ကျန်တဖက်ကိုမူ တဝက်တပျက်သာ အရောင်ပြန်အောင် သုတ်လိမ်းပေး၏။ ဤသို့အားဖြင့် ပတ္တမြားအတု ထိပ်စွန်းနှစ်ဖက်၏ မျက်နှာပြင်သည် ကြေးမုံပြင်ကဲ့သို့ အလင်းရောင်ကို အပြန်အလှန်ရောင်ပြန်ဟပ်ပေးသည်။ ထိုနောက် ပတ္တမြားတုပတ်လည်မှနေ၍ အမှောင်အတွင်း ဓာတ်ပုံရိုက်ရာတွင် အသုံးပြုသော မီးသီးမှထွက်သည့် အလင်းကဲ့သို့ အလွန်ပြင်းအားကြီးသည့် အလင်းရောင်ကို ပတ္တမြားတုအတွင်းသို့ လျှပ်တပျက် ထိုးပေး၏။ သို့တည်းမဟုတ် ပတ္တမြားတုအတွင်းကိုဖြတ်၍ ဒီစီ လျှပ်စစ်စီးကြောင်းကို ဖြတ်စီးစေ၏။ ထိုအခါ ပတ္တမြားတုထဲ၌ ပါရှိနေသည့် ခရိုမီယမ်အက်တမ်များသည် ဆွခြင်းခံကြရ၏။

ဤသို့ ခရိုမီယမ်အက်တမ်များ ဆွထားအခြေသို့ရောက်လာသောအခါ၌ အက်တမ်များအတွင်း ပါရှိသော အီလက်ထရွန်များသည် နဂိုပတ်လမ်းမှ ဆွထားအခြေပတ်လမ်းများသို့ ခုန်တက်၍ ပတ်နေကြ၏။ ဤအခါ၌ စွမ်းအင်များကို စုတ်ယူကြ၏။ အီလက်ထရွန်ဆိုသည်မှာ အက်တမ်အောက်ငယ်သည့် လျှပ်စစ်အမဆောင်သော အမှုန်ကလေးများပင် ဖြစ်ပြီးလျှင် အက်တမ်၏ အစိတ်အပိုင်းကလေးများဖြစ်၏။ ယင်းတို့သည် အက်တမ်အတွင်း နျူကလိယ



www.burmeseclassic.com

www.burmeseclassic.com



ကိုပတ်၍ လည်နေကြ၏။ အီလက်ထရွန်များသည် ဆွထား အခြေ၌ ထာ၀ရမနေနိုင်၊ နဂိုအခြေသို့ တဖန်ပြန်လည် ခုန်ဆင်းရ၏။ ယင်းအခါ၌ စုတ်ယူထားရှိသော စွမ်းအင်ကို ဖိုတွန်ဟုခေါ်သော အလင်းကွန်တမ်အဖြစ် ထုတ်လွှတ်လေသည်။ အလင်းရောင်ခြည်မှာ အလင်းကွန်တမ်များဖြစ်သော ဖိုတွန်များပေတည်း။ ရိုးရိုးအလင်းရောင်ခြည်ကို အက်တမ်များသည် ဤသို့ ထုတ်လွှတ်ကြ၏။

ဆွထားအခြေ၌ ရှိနေသော ခရိုမီယမ်အက်တမ်များမှ အီလက်ထရွန်များကို သဘာ၀အလျောက် နဂိုအခြေသို့ ခုန်ဆင်းသည်အထိ မစောင့်တော့ဘဲ အလျင်အမြန် ခုန်ဆင်းအောင် အားပေးနှိုးဆွ၍ ရပေသည်။ နှိုးဆွပုံမှာ အောက်ပါအတိုင်းဖြစ်၏။ သဘာ၀အလျောက် ဆွထားအခြေမှ နဂိုအခြေသို့ အီလက်ထရွန် ခုန်ဆင်းရာမှ ထွက်လာသော ဖိုတွန်အချို့မှာ ပတ္တမြားတုအတွင်းမှ ချက်ချင်း ထွက်သွားသော်လည်း အချို့မှာမူ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကြေးမုံကဲ့သို့ ပြုလုပ်ထားသော ပတ္တမြားတု ထိပ်စွန်းနှစ်ဖက်ကြားတွင် အပြန်အလှန် အလင်းပြန်၍ သွားနေကြ၏။ ထိုသို့ ပြေးသွားနေသော ဖိုတွန်များသည် ဆွထားအခြေ၌ ရှိနေသော အက်တမ်များကို ၀င်တိုက်မိလျှင် ယင်းတို့၏ စွမ်းအင်နှင့် လားရာဖက်အတိုင်း တူညီသော ဖိုတွန်အသစ်များကို ထွက်စေ၏။ တနည်းဆိုရသော် သဘာ၀အလျောက် ထွက်လာသည်အထိ မစောင့်တော့ဘဲ ပြင်ပမှ ဖိုတွန်များဖြင့် တိုက်ခိုက်နှိုးဆွ၍ ဖိုတွန်အသစ်များကို ထုတ်ယူခြင်းဖြစ်၏။

ဤသို့အားဖြင့် ဖိုတွန်များသည် တဖြည်းဖြည်း များလာပြီးလျှင် ပတ္တမြားတုထဲတွင် သွယ်တန်းနေသည့် ရောင်ခြည်တန်းတခု ဖြစ်ပေါ်လာ၏။ ထိုရောင်ခြည်တန်းသည် ပတ္တမြားတု ထိပ်စွန်း နှစ်ဖက်ကြားတွင် အကြိမ်ပေါင်း သန်းပေါင်းများစွာ အပြန်အလှန် သွားလျက်ရှိ၏။ ဤသို့ ရှိနေရာမှ နောက်ဆုံးတွင် ဖိုတွန်များ၏ အလင်းရောင်ပြင်းအားမှာ ဖာလွန်တရာမှပင် ပြင်းထန်လာပြီးလျှင် အလင်းရောင်ခြည်အဖြစ် တ၀က်တပျက် အရောင်ပြန်သည့် အစွန်းမှ အပြင်သို့ ထိုးထွက်လာတော့သည်။ ထိုအလင်းရောင်ခြည်တန်းမှာ လေဇာရောင်ခြည်ပင် ဖြစ်သည်။ ဤသို့ ပတ္တမြားတုကို အလင်း၊ သို့မဟုတ် ဒီစီ လျှပ်စစ်စီးစေပြီးလျှင် ဆွပေးရာမှ နောက်ဆုံး လေဇာရောင်ခြည်အဖြစ် ထွက်လာသည်အထိ ကြာမြင့်သည့်အချိန်ပိုင်းမှာ တစက္ကန့်၏ အပုံတထောင်ပုံ အပုံအနည်းငယ်ခန့်သာ ရှိပေသည်။

ထိုသို့ ပတ္တမြားတုကို အသုံးပြုထားသည့် ကရိယာမှ ထုတ်လွှင့်ပေးသည့် လေဇာရောင်ခြည်သည် လက်နှိပ်ဓာတ်မီးထိုးထားဘိအလား တသမတ်တည်း ထိုးထွက်နေသော ရောင်ခြည်မျိုးမဟုတ်။ ခလုတ်ကို ပိတ်ချည် ဖွင့်ချည် ပြုလုပ်ပေးသကဲ့သို့ သူ့အချိန်နှင့်သူ အချိန်မှန်မှန် ဖျတ်ကနဲ ဖျတ်ကနဲထွက်လာသည့် အလင်းရောင်ခြည်တန်း သဘောမျိုးဖြစ်၏။ အရောင်မှာ အနီရောင်ရှိ၏။ ပြင်းအားမှာလည်း ပြင်းထန်လှသည်။ ထိုလေဇာရောင်ခြည်ကို မှန်ဘီလူးတခုနှင့် ဖမ်းယူပြီးလျှင် အထူလက်မတမတ်ရှိသော သံမဏိပြားပေါ်သို့ ချိန်ထိုးကြည့်ရာ၌ လေဇာရောင်ခြည်သည် သံမဏိကို မီးလောင်စေပြီးလျှင် တဖက်သို့ ထုတ်ချင်းခတ် ထိုးဖောက်သွားသည်ကို တွေ့ကြရလေသည်။

လေဇာရောင်ခြည်ကို ဖန်တီးရာ၌ ပတ္တမြားတုကိုသာ အသုံးပြုမှ ရယူနိုင်ကြသည်မဟုတ်။ အခြားအရာဝတ္ထုများကိုလည်း အသုံးပြု၍ လေဇာရောင်ခြည်ကို ဖန်တီးယူနိုင်ကြပေသည်။ ပုံပမာ—လေဇာရောင်ခြည် ဖန်တီးယူရာ၌ ဝီစကီအရက်ကိုပင် အသုံးပြုနိုင်၏။ ဝီစကီကို အငွေ့ဖြစ်အောင် ပြုလုပ်ပြီးလျှင် ဖန်ပြွန်တွင်ထည့်၍ ဤဝီစကီအငွေ့မှ တဆင့် လေဇာရောင်ခြည်ကို ဖန်တီးယူနိုင်၏။ ဤသို့ အငွေ့များကို အသုံးပြုသည့် လေဇာရောင်ခြည် ကရိယာများမှ ထုတ်လွှတ်ပေးသော လေဇာရောင်ခြည်များသည် ပတ္တမြားတုကို အသုံးပြု ဖန်တီးယူသည့် လေဇာရောင်ခြည် သဘောမျိုးမဟုတ်ဘဲ နီယွန်မီးချောင်းများကဲ့သို့ လေဇာရောင်ခြည်တန်းကို မပြတ်ထုတ်လွှတ်ပေးသည်။

ထို့ပြင် လေဇာရောင်ခြည်များကို ဖန်တီးယူရာ၌ အလင်းရောင်ခြည်ဖြင့်သာ မကသေး ရေဒီယို လှိုင်းများဖြင့်၎င်း၊ လျှပ်စစ်ဓာတ်အားဖြင့်၎င်း၊ ဓာတုဗေဒဓာတ်ပစ္စည်းအချင်းချင်း ပေါင်းစပ်စေခြင်းဖြင့်၎င်း နည်းအမျိုးမျိုး ဖန်တီး၍လည်း လေဇာရောင်ခြည်များကို ထုတ်ယူနိုင်ကြပေသည်။ အခြေခံ နိယမသဘောမှာမူ အထက်တွင် ပြဆိုခဲ့သော ပတ္တမြားတုကို အသုံးပြု၍ လေဇာရောင်ခြည် ဖန်တီးယူသည့် သဘောမျိုးသာဖြစ်၏။

သို့သော် လေဇာရောင်ခြည်တိုင်းကို သာမန် မျက်စိဖြင့် မတွေ့မမြင်နိုင်ပေ။ အချို့သော လေဇာရောင်ခြည် ကရိယာမှ ထုတ်လွှတ်ပေးသည့် လေဇာရောင်ခြည်များသည် အနီအောက် ရောင်ခြည်ကဲ့သို့သော သာမန် မျက်စိဖြင့် မမြင်မတွေ့ရသည့် ရောင်ခြည်သဘောမျိုးဖြစ်၏။ ဤကဲ့သို့ သာမန်မျက်စိဖြင့် မမြင်မတွေ့ရသည့် လေဇာရောင်ခြည်များထဲတွင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကို အသုံးပြု ဖန်တီးယူသော လေဇာရောင်ခြည်သည် အပြင်းထန်ဆုံးဖြစ်၏။ အဆက်မပြတ် အပူရှိန်လည်း ပြင်းထန်လှ၏။ ဤကဲ့သို့သော လေဇာရောင် ခြည် မျိုး များ ကို လက်နက်အဖြစ် အသုံးပြုရန် အလားအလာ များစွာ ရှိသည်ဟု ဆိုပေသည်။

အပူရှိန် ပြင်းထန်လှသော လေဇာရောင်ခြည်များကို အထူးသဖြင့် စက်မှုလက်မှုလုပ်ငန်းများတွင် ထိရောက်စွာ



www.burmeseclassic.com

www.burmeseclassic.com



အသုံးပြုနိုင်ကြပေသည်။ စက်မှုလက်မှု လုပ်ငန်းများတွင် သတ္တုများကို အပေါက်ဖောက်ရာ၌ငှင်း၊ ဖြတ်တောက်ရာ၌ငှင်း၊ တခုနှင့်တခု ဂဟေဆက်ရာ၌ငှင်း၊ လိုချင်သည့် ပုံရအောင် ပုံလောင်းယူရာ၌ငှင်း လေဇာရောင်ခြည်ကို အသုံးပြုကြ၏။ အလွန်တရာမှ မာကျောလှပြီးလျှင် ပြင်းထန်လှသော အပူရှိန်ကို ခံနိုင်ရည်ရှိသည့် တီတန်နီယမ်ကဲ့သို့သော သတ္တုများကို လေဇာရောင်ခြည်၏ အကူအညီဖြင့် လွယ်ကူစွာ ဂဟေဆက်စေနိုင်၏။ ကမ္ဘာပေါ်တွင် အမာကျောဆုံး ဝတ္ထုဟုဆိုရမည့် စိန်ကိုပင် လေဇာရောင်ခြည်ဖြင့် မိနစ်အနည်းငယ်အတွင်း ဖောက်နိုင်၏။ လေဇာရောင်ခြည်၏ အစွမ်းကို တဖြည်းဖြည်းသိရှိလာရာမှ လုပ်ငန်းအမျိုးမျိုးအတွက် လေဇာရောင်ခြည်ကို အသုံးပြုထားသည့် ကရိယာများကိုလည်း အစီအရီ တီထွင်လာကြပြီဖြစ်၏။ ပမာအားဖြင့် အရာဝတ္ထုများထဲတွင် ပါရှိသော ဓာတ်ပစ္စည်းများကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှု စစ်ဆေးရာ၌ အသုံးပြုရန်အတွက် အဓိကအားဖြင့် လေဇာရောင်ခြည်ကို အသုံးပြုထားသည့် မိုက္ကရိုပရုပ်ခေါ် ကရိယာတမျိုးကို တီထွင်ထားရာ၊ ထိုကရိယာအားဖြင့် နာမည်ကျော် ပန်းချီကားအတုများကိုငှင်း၊ ရှေးဟောင်းပစ္စည်းအတုများကိုငှင်း ခွဲခြားနိုင်ကြပေသည်။ ထိုပြင် ထိုကရိယာကို ဆေးဖက်ဆိုင်ရာ လုပ်ငန်းများတွင်လည်း အသုံးပြုကြသေး၏။ နောင်အခါ လေဇာရောင်ခြည်ကို ဆေးဝါးကုသမှုဆိုင်ရာ လုပ်ငန်းများတွင် တွင်ကျယ်စွာ အသုံးပြုနိုင်လိမ့်မည်ဟု သိပ္ပံပညာရှင်များက မျှော်လင့်ထားကြလေသည်။

လေဇာရောင်ခြည်ကို ကျယ်ကျယ်ပြန့်ပြန့် စမ်းသပ်၍ အသုံးပြုလာပြီဖြစ်သဖြင့် ကာကွယ်ရေး လုပ်ငန်းများ၌ပင် လေဇာရောင်ခြည်ကို အသုံးပြုနေကြပေပြီ။ ထိုပြင် မိုးလေဝသလုပ်ငန်းများ၌ပင် လေဇာရောင်ခြည်ကို အသုံးပြုထားသည့် ကရိယာများရှိနေပေပြီ။ ဓာတ်ပုံရိုက်ကူးသည့် လုပ်ငန်းများ၌လည်း လေဇာရောင်ခြည်ကို အသုံးပြုနေကြပြီဖြစ်၍၊ ရေငုပ် သင်္ဘောများ၌လည်း လေဇာရောင်ခြည်ကို အသုံးပြုနေကြပေပြီ။ ရေဒီယို ရုပ်မြင်သံကြားနှင့် အခြား အချက်ပြ ဆက်သွယ်ရေးလုပ်ငန်းများ၌ အမရိုးကျနည်းများအတိုင်း မဟုတ်ဘဲ လေဇာရောင်ခြည်ကို အသုံးပြုမည်ဆိုလျှင် အထူးပင် လျင်မြန်ထိရောက်မည်ဟုဆို၏။ အာကာသထဲ၌ငှင်း၊ ရေအောက်၌ငှင်း အချက်ပြ ဆက်သွယ်ရေး လုပ်ငန်းများ ပြုလုပ်ရာတွင် လေဇာရောင်ခြည်ကို စမ်းသပ်အသုံးပြုရာ၌လည်း လေဇာရောင်ခြည်၏အစွမ်းမှာ အံ့မခန်းလောက်အောင်ပင်ဖြစ်၏။ အာကာသယာဉ်များ တစင်းနှင့်တစင်း ရေဒီယိုဆက်သွယ်ရာ၌ငှင်း အာကာသယာဉ်များမှနေ၍ ကမ္ဘာမြေပြင်ကိုဖြစ်စေ၊ အခြားဂြိုဟ်များကိုဖြစ်စေ ဓာတ်ပုံရိုက်ကူးရာ၌ငှင်း လေဇာရောင်ခြည်ကို အသုံးပြုမည်ဆိုလျှင် အထူးလျင်မြန်စွာ ဓာတ်ပုံများ ရိုက်ယူနိုင်သည်ဟု ဆိုလေသည်။

ဤသို့ မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်လှသော လေဇာရောင်ခြည်နှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆက်လက်လုပ်ကိုင်လျက်ရှိရာ လေဇာရောင်ခြည်ကို အမျိုးမျိုးတီထွင်အသုံးပြုခြင်းဖြင့် သိပ္ပံပညာရှင်များသည် လူလောက စိုပြေရေးကို ဆထက်ထမ်းပိုး စွမ်းဆောင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ထားကြလေသည်။


**လေတူရိယာ။** ။လေတူရိယာစုတွင် ရှေးဦးစွာ ပေါ်ပေါက်ခဲ့သောတူရိယာမှာ ရိုးရိုးပြွေပင်ဖြစ်လေသည်။ ပြွေသည် အခေါင်းပါသော ဝါးနှင့် အလားတူ ပစ္စည်းများမှ ပြုလုပ်ထားသည့် တူရိယာဖြစ်၍ အခေါင်းကိုလေဖြင့်မှုတ်ကာ အသံဖြစ်စေရသည်။ နောက်တွင် ထိုတူရိယာဖြင့် အသံနိမ့် အသံမြင့်များဖြစ်စေရန် ဘေးတလျှောက် အပေါက်ငယ်များဖောက်၍ လက်ဖြင့်လိုသလို အဖွင့်အပိတ်ပြုပြင်ယူခဲ့ကြ၏။ ဤသို့ တဆင့်ထက်တဆင့် တိုးတက် တီထွင်လာကြသောအခါ ပြွေမှာတမျိုးတည်းမဟုတ်တော့ဘဲ အမျိုးမျိုး ဖြစ်လာတော့သည်။ အချို့က ဝါးဖြင့်ပြုလုပ်ကြ၍ အချို့က သစ်သားများကို ထွင်း၍ ပြုလုပ်ကြသည်။ အချို့က သားရိုး ငါးရိုး ဆင်စွယ်များဖြင့်လုပ်ကြ၏။မှုတ်ပုံမှုတ်နည်း၊ အပေါက်ဖောက်ပုံ စသည်တို့တွင် တခုနှင့်တခု မတူကြသော်လည်း ဤတူရိယာစု၏ သဘောမှာ ပြွေသဘောပင် ဖြစ်လေသည်။

မြန်မာတူရိယာတီးဝိုင်းများ၌ လေတူရိယာစုတွင် ပြွေ၊ နှဲကြီးနှဲကလေးတို့သာ ပါဝင်တတ်သည်။ ပြွေကိုများသောအားဖြင့် ဝါးဖြင့်ပြုလုပ်၍ တခါတရံ ကြေးပိုက်များ၊ သံပိုက်များဖြင့်လည်း ပြုလုပ်တတ်ကြသည်။ နှဲကြီးနှဲကလေးတို့ကို သစ်သားဖြင့် ပြုလုပ်ရသည်။ ပြွေတွင် အသံဖြစ်စေသော လေပေါက်ကျယ်၍ မှုတ်သောလေအားဖြင့် အသံကိုပြုပြင်နိုင်သည်။ နှဲတွင် ထန်းဖူးမှပြုလုပ်သောအခင်ဖြင့် မှုတ်ရ၍ လေပေါက်ကျဉ်းသည်။ နှဲနှင့်ပြွေတို့၌အဖွင့်အပိတ်ခလုတ် တစုံတရာမတတ်ဆင်ချေ။ နှဲတွင် နှဲတံကို အခေါင်းတွင်းရာ၌ အဖျားဖက်သို့အနည်းငယ်ကား၍ ထွင်းသည်။ နှဲတံအဆုံးတွင် အသံကျယ်စေရန် နှဲခြေခေါ် ဂေါ်လန်ကို စွပ်ထားလေ့ရှိသည်။ မှုတ်ရာတွင် ပြွေထက် မှုတ်အားများစွာလိုလေသည်။ (နှဲနှင့်ပြွေ လည်း — ရှု။)

အနေ့ာက်တိုင်းခေတ်မှီ သံစုံတူရိယာဝိုင်းကြီးများတွင် လေတူရိယာစုသည် များစွာအရေးပါအရာရောက်ခဲ့ရုံမျှမက အရေအတွက်လည်း များပေသည်။ အချို့လေတူရိယာစုကို သစ်သားဖြင့်ပြုလုပ်၍ အချို့ကို ကြေးဖြင့် ပြုလုပ်ထား

www.burmeseclassic.com





**အနောက်တိုင်း ခေတ်မှီ သံစုံတူရိယာဝိုင်းကြီးများတွင် လေတူရိယာစုသည် များစွာ အရေးပါအရာရောက်သည်။ သစ်သားနှင့် ကြေး လေတူရိယာဟူ၍ နှစ်စုခွဲထားရာတွင် ထရမ်းပက်သည် ကြေးလေတူရိယာများတွင် ပါဝင်သည်။**

**၏။**အမျိုးအစားခွဲခြားရာတွင် သစ်သား လေတူရိယာများကို တစုထား၍ ကြေး လေတူရိယာများကိုလည်း တစုထားလေသည်။

သစ်သား လေတူရိယာစုတွင် ပြွေစုဟုခေါ်သော ပစ်ကိုလို၊ ဖိုက်၊ ဖလဂျော်လက်၊ အိုးဗို၊ အင်္ဂလိပ်နှဲ (ကော်အန်ဂလေ)၊ ဗတ်ဆွန်း၊ ကလဲရီနက်နှင့် ဆက်ဆိုဖုန်းတို့ ပါဝင်သည်။ ယင်းတို့တွင် ပြွေစုတူရိယာများမှတပါး ကျန်တူရိယာများတွင် အသံဖြစ်စေရန် အခင်တပ်၍ မှုတ်ရသည်။

ပါးစပ်ဖြင့်မှုတ်ရာတွင် ပြွေစုတူရိယာများကို ကန့်လန့်ကိုင်၍ မှုတ်ရသည်။ ပြွေခေါင်းများမှာ အရင်းအဖျားညီရ၏။ အိုးဗို၊ အင်္ဂလိပ်နှဲ၊ ဗတ်ဆွန်းတို့တွင် အခင်နှစ်ခုတပ်သည်။ ကျန်တူရိယာများတွင် အခင်တခုသာ တပ်တည်။ အခေါင်းထွင်းရာတွင် ဆက်ဆိုဖုန်းမှတပါး အရင်းအဖျား အညီထားလေ့ရှိ၍ အိုးဗို၊ ကလဲရီနက် တို့တွင် အဖျား၌ ခပ်လန်လန်ထားလေ့ရှိသည်။ ဆက်ဆိုဖုန်းတွင် အခင်တပ်သည့်နေရာ၌ သေး၍ အဖျားသို့ တဖြည်းဖြည်းကား၍ ထွင်းထားပြီးလျှင် အဝတွင် ကတော့မျက်နှာဝကဲ့သို့ အနည်းငယ် လှန်ထားသည်။ အားလုံးသော သစ်သား လေတူရိယာများတွင် လေအပိတ်အဖွင့် အတွက် ခလုတ်များ တပ်ဆင်ထားသည်။

ကြေး လေတူရိယာများတွင် ထရမ်းပက်၊ ကောနက်၊ ထရွမ်ဗုန်း၊ ကျူဗာ၊ ပြင်သစ်ခရာစသည်တို့ပါဝင်၏။ (ခရာတံပိုးကဒိုး — လည်းရှု။)

ထိုပြင်ဘာဂျာ၊ လက်ဆွဲဘာဂျာ၊ အကော်ဒီယန်၊အော်ဂန် (ပြွန်စန္ဒရား)၊ အိတ်ပြွေတို့သည်လည်း လေတူရိယာများတွင် အကျုံးဝင်လေသည်။ (ဘာဂျာ၊ အော်ဂန်— လည်းရှု။)

သံစုံတီးဝိုင်းကြီးများတွင် အရေးပါအရာရောက်ဆုံးမှာ ကြိုးတပ် တူရိယာများပင် ဖြစ်သော်လည်း လေတူရိယာများမပါလျှင် မပြည့်စုံနိုင်ရုံမက ဂီတသံမှာလည်း မှိုင်လိမ့်မည်မဟုတ်ချေ။ လေတူရိယာစုတွင်လည်း ဆိုခဲ့သော သစ်သားလေတူရိယာစုသည် အသံအသာဆုံးနှင့် အမှိုင်ဆုံးဖြစ်လေသည်။

မြန်မာတူရိယာစုတွင် နှဲနှင့် ပြွေတို့သည် မည်သည့်တူရိယာမျိုးထဲတွင်မဆို မပါလျှင် မမှိုင်သော တူရိယာများဖြစ်သည်။ တူရိယာအလွန်နည်းစွာ ပါဝင်သည့် စည်တော်၊ ဗျော စည် စသည်တို့၌ပင် နှဲပါရ၍ ဒိုးပတ်၊အိုးစည် တို့တွင်လည်း နှဲ၊ သို့မဟုတ် ပြွေ တခုခု ပါရလေသည်။

**လေတိုက်ခတ်ခြင်း။** ။လေသည် အရေးကြီးသောအရာဖြစ်၍။ လေမတိုက်ခတ်လျှင် မိုးရွာနိုင်မည် မဟုတ်။ လေသည် ပင်လယ်မှ မိုးရေကိုယူဆောင်ခဲ့၏။ ကမ္ဘာမြေမျက်နှာ သွင်ပြင်ကို ပြောင်းလဲပေး၏။ သို့ဖြစ်၍ လေတိုက်ခတ်ခြင်း၏အကြောင်းရင်းကို လေ့လာသင့်ပေသည်။

နေရောင်ခြည်များသည် မြေနှင့်ရေပေါ်သို့ ညီတူညီမျှ ကျရောက်စေကာမူ နေရောင်ခြည်မှ အပူဓာတ်ကိုစုတ်ယူ



www.burmeseclassic.com

www.burmeseclassic.com






ရာ၌ မြေနှင့်ရေ မတူချေ။ ပင်လယ်ပေါ်သို့ ကျရောက်သော အပူဓာတ်မှာ ရေကို ရေခိုးရေငွေ့အဖြစ်သို့ ပြောင်းလဲရာ၌ အမြောက်အမြားကုန်ခန်းသွား၏။ ရေကလည်းအပူဓာတ်ကို နှေးနှေး စုတ်ယူ၏။ မြေကြီးကား အပူဓာတ်ကိုမြန်မြန် စုတ်ယူ၏။ မြေကြီးပေါ်မှ ရေခိုးရေငွေ့ အဖြစ်သို့ ပြောင်းလဲစေသဖြင့် ကုန်ခန်းသွားသော အပူဓာတ်ကလည်း နည်းပါး၏။ အပူဓာတ်ကို စုတ်ယူရာ၌ အင်အားချင်း မတူသည့်နည်းတူ ထုတ်ပစ်ရာ၌လည်း အင်အားချင်း ကွာခြား၏။ မြေကြီးက ရေထက် လျင်မြန်စွာအပူဓာတ်ကိုထုတ်ပစ်၏။

နေ့အခါ၌ကုန်းပေါ်ရှိလေသည် ပူ၍ ပျံတက်သွားသဖြင့် လေ၏ဖိအား နည်းသွား၏။ ထိုအခါ အေးသဖြင့် ဖိအားများနေသော ပင်လယ်မှလေသည် ကုန်းဖက်သို့ တိုက်ခတ်၏။ ညဥ့်အခါ၌ကား မြေကြီးသည် ပင်လယ်ထက်လျင်မြန်စွာ အေးသွား၍ ကုန်းမှလေသည် ဖိအားများသဖြင့် ပင်လယ်ဖက်သို့ တိုက်ခတ်၏။

သို့ဖြစ်၍ လေတိုက်ခတ်ခြင်းမှာ လေ၏ဖိအား တနေရာနှင့်တနေရာ မတူသောကြောင့်ဖြစ်၏။ လေသည် ဖိအားများသောနေရာမှ နည်းသောနေရာသို့ တိုက်ခတ်စမြဲဖြစ်၏။

ကမ္ဘာပေါ်တွင် အီကွေတာဖြတ်သွားသော အရပ်ဒေသများသည် တနှစ်လုံး ပူပြင်း၍ လေသည် အထက်သို့တက်သဖြင့် ဖိအားနည်း၏။ ထိုလေသည် ဝင်ရိုးစွန်းများဖက်သို့ ရွေ့သွားရာ အပေါ်၌အအေးဓာတ်နှင့်တွေ့ပြီးလျှင် အီကွေတာ၏ မြောက်နှင့် တောင်လတ္တီတွဒ် ၃ဝ အနီးတွင် မြေ

www.burmeseclassic.com



ပေါ်သို့သက်ဆင်း၏။ သို့ဖြစ်၍ မြောက်ယဉ်စွန်းတန်း၏ မြောက်ဖက်နှင့် တောင်ယဉ်စွန်းတန်း၏ တောင်ဖက်တွင် လေ၏ဖိအား များ၏။ အာတိတ်စက်ဝိုင်း အရပ်များ အနီး၌ကား ကမ္ဘာလည်နေသဖြင့် လေဖိအား နည်းသွားပြန်၏။

သို့ဖြစ်၍ လေဖိအားများသော မြောက်ယဉ်စွန်းနှင့် တောင်ယဉ်စွန်းအနီးအနားမှ လေတို့သည် ဖိအားနည်းသော အီကွေတာအရပ် ဝင်ရိုးစွန်းအရပ်များသို့ တိုက်ခတ်ကြ၏။ သို့တိုက်ခတ်ရာ၌ ကမ္ဘာက မိမိဝင်ရိုးပေါ်၌ လည်နေသဖြင့် လေတိုက်ခတ်ရာလမ်းကြောင်းသည် ကမ္ဘာ့မြောက်ပိုင်း၌ လကျာ်ဖက်သို့ရှင်း၊ တောင်ပိုင်း၌ လက်ဝဲဖက်သို့ရှင်း ရွေ့စောင်းသွား၏။ သို့ဖြစ်၍ နဂိုမူလက မြောက်နှင့်တောင်သို့ တိုက်ခတ်မည်ဖြစ်သော လေလမ်းကြောင်းကို ဖော်ပြပါပုံအတိုင်း တွေ့ရ၏။

အီကွေတာဖက်သို့ တိုက်ခတ်သောလေများကို ကုန်သည်လေဟုခေါ်ခြင်းမှာ တခါက ထိုလေများသည် ရွက်သင်္ဘောဖြင့် ပင်လယ်၌ သွားလာကြရသော ကုန်သည်များအား အထောက်အပံ့ဖြစ်စေခဲ့သောကြောင့် ထိုသို့ ခေါ်ဝေါ်ခြင်း ဖြစ်တန်ရာ၏။ ယဉ်စွန်းတန်းများမှ ဝင်ရိုးစွန်းဖက်ဆီသို့ တိုက်ခတ်သောလေများမှာ ကုန်းမြေ နည်းပါးသော ကမ္ဘာတောင်ပိုင်း၌ အထူးပြင်းထန်လှ၏။

အီကွေတာနှင့် ယဉ်စွန်းတန်းများအကြားရှိ လေငြိမ်သက်သောအပိုင်းကို ဒေါလဒရမ်ခေါ်၍ ယဉ်စွန်းတန်းများအနီးရှိ လေငြိမ်သက်သောအပိုင်းကိုကား မြင်းစွန့်လေငြိမ်ရပ်ဝန်းဟုခေါ်၏။ ယင်းသို့ခေါ်ခြင်းမှာ ရှေးအခါက မြင်းများကို တင်ဆောင်လာသောသင်္ဘောများသည် ထိုနေရာ၌ လေငြိမ်သက်၍ သင်္ဘောများမသွားနိုင်သောအခါ ပါလာသောမြင်းများကို ပင်လယ်ထဲသို့ ပစ်ချရသောကြောင့် ခေါ်ခြင်းဖြစ်သည်ဟု ပြောစမှတ်ပြုကြ၏။

ကမ္ဘာ့လေလမ်းကြောင်းများသည် အမြဲတည်ရှိသည် မဟုတ်။ လေ၏ဖိအားသည် နေ၏အပူဓာတ်ကို အမှီပြုရပေရာ၊ လေလမ်းကြောင်းများသည်လည်း နေကိုအမှီပြု၍ အနည်းငယ်ရွေ့ရှားရ၏။ ကမ္ဘာ့မြောက်ပိုင်းသို့ နေရောက်နေသောအခါ လေလမ်းကြောင်းများသည် မြောက်ဖက်သို့ အနည်းငယ်ရွေ့သွား၍ ကမ္ဘာ့တောင်ပိုင်းသို့ နေရောက်သွားသောအခါ တောင်ဖက်သို့ အနည်းငယ် ရွေ့သွားကြောင်းကို သတိပြုသင့်ပေသည်။

မြန်မာနိုင်ငံသို့ မိုးရေ ယူဆောင်ခဲ့သော လေမှာ အနောက်တောင် မုတ်သုန်လေ ဖြစ်၏။ ထိုလေသည် နွေရာသီ၌ အာရှတိုက် အလယ်ပိုင်းတွင် အလွန်ပူပြင်းပြီးလျှင် လေဖိအား နည်းသောကြောင့် အိန္ဒိယ သမုဒ္ဒရာမှ တိုက်ခတ်လာခြင်းဖြစ်သည်။ ထိုလေသည် နဂိုမူလက အရှေ့တောင် ကုန်သည်လေဖြစ်၏။ အီကွေတာကို ဖြတ်ကျော်မိသောအခါကျမှ ကမ္ဘာလည်နေသဖြင့် လမ်းကြောင်းပြောင်း၍ အနောက်တောင်မုတ်သုန်လေ ဖြစ်လာလေသည်။ (မုတ်သုန်လည်း — ရှု။)

**လေတန်, ဖရက်ဒရစ်** (ခရစ် ၁၈၃၀–၁၈၉၆)။ ။ဖရက်ဒရစ်လေတန်သည် အင်္ဂလိပ်လူမျိုး ပန်းချီနှင့်ပန်းပုပညာကျော်ဖြစ်၍ ၁၈၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် အင်္ဂလန်ပြည် စကားဗားရားမြို့၌ ဖွားမြင်လေသည်။ ဖခင်သည် ဆေးပေးဆရာဝန်တဦးဖြစ်သောကြောင့် လေတန်သည် ငယ်စဉ်ကတည်းက မိဖများနှင့်အတူ ဥရောပတိုက်သို့ လိုက်ပါခဲ့လေသည်။ ဖရက်ဒရစ်၏ မိဖတို့သည် အမြို့မြို့အရွာရွာသို့ အမြဲ ပြောင်းရွှေ့ နေထိုင်တတ်သဖြင့် သူလည်း အမြို့မြို့အရွာရွာရှိ ကျောင်းများ၌ ပညာသင်ကြားခဲ့ရသည်။ ၁၈၆၀ ပြည့်နှစ်သို့ရောက်မှ လန်ဒန်မြို့၌ အတည်တကျနေထိုင်ခဲ့၏။ ဖရက်ဒရစ်သည် အလွန်လက်မြောက်သော ပုံရေးဆရာတဦးဖြစ်သည်။ သူသည် သူ၏ဥပဓိရုပ်ကြောင့်ရှင်း၊ စာအုပ်များအတွက် ပုံရေးဆရာအဖြစ် လက်မြောက်လှသောကြောင့်ရှင်း သူ့ခေတ်က အလွန်လူသိများသူ ဖြစ်ပေသည်။ သို့သော် ဖရက်ဒရစ်သည် ဆေးရောင်



အင်္ဂလိပ်လူမျိုး ပန်းချီနှင့်ပန်းပု ပညာကျော် ဖရက်ဒရစ် လေတန်



www.burmeseclassic.com

www.burmeseclassic.com



အခြယ်ဖက်၍ လက်စွမ်းလက်စ ညှိသည်ဟု ဆိုရပေမည်။ ဖရက်ဒရစ်သည် အထူးသဖြင့် ပန်းပုပညာဖက်၌ ထိပ်တန်းစား ပန်းပုပညာသည်တို့တွင် အပါအဝင်ဖြစ်သည်ဟု ထိုခေတ် အကဲဖြတ်ပုဂ္ဂိုလ်များက ချီးကျူးထားလေသည်။ ဖရက်ဒရစ် ဆွဲခဲ့သောပုံများတွင် အလှဆုံးပုံများမှာ "နွေရာသီလမင်း" ပုံနှင့် "ဂီတပညာသင်ခဏ်းစာ" ပုံတို့ဖြစ်၏။ "ကာဗ္ဗနနှင့် အာဗေလ" ပုံကဲ့သို့ သမ္မာကျမ်းစာနှင့် သက်ဆိုင်သော ပုံများကိုလည်း ရေးဆွဲခဲ့သေးသည်။ ၁၇၇၈ ခုနှစ်၌ ဖရက်ဒရစ်သည် တော်ဝင်ပညာ့တံခွန်အသင်းတွင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်း ခံရလေသည်။ ဥက္ကဋ္ဌအဖြစ်ဖြင့် ပန်းချီဆရာများကို ကူညီအားပေးခဲ့၏။ ထို့ပြင် သူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့စဉ်က တော်ဝင်ပညာ့တံခွန် အသင်းသည် ပို၍ တိုးတက်ကြီးပွားလာပြီးလျှင် တန်ခိုးအာဏာလည်း ကြီးထွားလာလေသည်။ သူ မကွယ်လွန်မီကလေးတွင် ဗဲရှန်ဘွဲ့ဖြင့် ချီးမြှင့်သူကောင်းပြုခြင်း ခံရ၏။ ၁၇၉၆ ခုနှစ် ဇန္နဝါရီလ ၂၅ ရက်နေ့တွင် အနိစ္စရောက်သဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်ကို စိန့် ပေါ ဘုရားရှိခိုးကျောင်း၌ မြှုပ်နှံထားလေသည်။

**လေတပ်။** ။အရည်အခြင်းနှင့်ပြည့်စုံသော နိုင်ငံတော်စစ်လေယာဉ်များနှင့်တကွ ယင်းတို့ကိုမောင်းနှင်၍ အချိန်အခါမရွေး အစဉ်အရန်သင့်ဖြစ်အောင် ထားရှိသော လေတပ်သားများအပါအဝင် ပေါင်းစပ်ထားသော အဖွဲ့အစည်းကို လေတပ်ဟုခေါ်သည်။ လေတပ်တွင် တာဝန်ဝတ္တရားအမျိုးမျိုးမြောက်မြားစွာရှိ၏။ တခါတရံ သီးခြားဆောင်ရွက်ရ၏။ တခါတရံ ကြည်းတပ်နှင့် ဖြစ်စေ၊ ရေတပ်နှင့်ဖြစ်စေ ပူးတွဲဆောင်ရွက်ရသည်။ လေတပ်သည် လူတို့လည်ကင်းထောက်ရာ၌ ကြည်းတပ်၊ ရေတပ်တို့၏ မျက်စိသဖွယ်ဖြစ်သည့်အလျောက် ရန်သူတို့၏လှုပ်ရှားမှု၊ စုရုံးမှုများကို ဌာနချုပ်သို့ အစဉ်သတင်းပေးပို့နေရသည်။

ရန်သူတိုင်းပြည်မှ စက်မှုလက်မှုလုပ်ငန်းများဟန့်တားသွားစေရန်ငှင်း၊ စက်ရုံအလုပ်ရုံများ၊ သဘော်ဆိပ်လေဆိပ်များ၊ မီးရထားအလုပ်ရုံများကဲ့သို့သော အဆောက်အဦများကို ဖျက်ဆီးပစ်ရန်ငှင်း လေတပ်ကို စစ်ပရိယာယ်တပ်အနေဖြင့် အထူးဖွဲ့စည်းထားလေသည်။ တိုက်စစ်ဆင်ရာ၌ လေတပ်သည် ကြည်းတပ်ကို တိုက်ရိုက် အကူအညီပြု၏။ ကြည်းတပ်မတက်မီ လေတပ်ကကြိုတင်၍ ရန်သူတပ်များ၏ ခုခံမှုမှန်သမျှကို ဖုံးကွဲခြင်း၊ စက်သေနတ်၊ စက်အမြောက်တို့နှင့် ပစ်ခတ်ခြင်းတို့ဖြင့် ချေမှုန်းပစ်ရသည်။ ထို့ပြင် လေတပ်သည် အမြောက်ကြီးတပ်ကဲ့သို့ အရေးကြီးသော ထမ်းနှင့်တန်တားများ၊ ရန်သူခံစစ်ဖြစ်သော တင့်ကားနှင့် အမြောက်စသည်များကိုလည်း ဖျက်ဆီးချေမှုန်းပစ်ရသည်။


လေတပ်သည် ကြည်းတပ်၊ ရေတပ်တို့နှင့် ပူးတွဲဆောင်ရွက်ခြင်းမပြုဘဲ၊ မိမိတဦးတည်းအနေဖြင့် မြို့ကြီးပြကြီးများ၊ စက်ရုံအလုပ်ရုံများနှင့် မီးရထားများကို ဖုံးကွဲတိုက်ခိုက်ခြင်းဖြင့် စစ်အောင်နိုင်သည်ဟု အချို့ကယူဆကြသည်။ ဤသို့ ဖုံးကွဲတိုက်ခိုက်ခြင်းဖြင့် လူတို့အားစိတ်ဓာတ်ကျဆင်းစေပြီးလျှင် မိမိတို့အစိုးရအား စစ်ပြေငြိမ်းရန် အရေးဆိုကြသည်ဟုဆိုသည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၀ ပြည့်နှစ်က ဂျာမန်လေတပ်သည် ဤနည်းကိုအသုံးပြုခဲ့သော်လည်း ဗြိတိန်၏ ပြည်စောင့်လေတပ်မတော်က ခုခံကာကွယ်ခဲ့သဖြင့် ဂျာမန်များ အရေးရှုံးနိမ့်ခဲ့ရသည်။ ဗြိတိန်၏ ပြည်စောင့်လေတပ်သည် ပြည်ပသို့ထွက်၍မတိုက်ခိုက်ဘဲ ပြည်တွင်းစောင့်ရှောက်ရန်အတွက် အထူးဖွဲ့စည်းထားသော လေတပ်ဖြစ်သည်။

ပဌမဆုံး လေယာဉ်များကား မီးပုံးပျံများ ဖြစ်ကြသည်။ စစ်အတွင်းရန်သူများကို ကင်းထောက်ရာ၌ မီးပုံးပျံများကို အသုံးပြုခဲ့သော်လည်း ယင်းတို့ကို လေတပ်ဟု မခေါ်နိုင်ပေ။ ဗြိတိန်နိုင်ငံတွင် ပဌမဆုံးလေဘပ်ကို ၁၉၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဘုရင့်အင်ဂျင်နီယာလေတပ် ဖွဲ့စည်းစဉ်အခါက ဖွဲ့စည်းခဲ့သည်။ ထိုလေတပ်တွင် တပ်ခွဲနှစ်ခု ရှိခဲ့၏။ တပ်ခွဲတခုသည် လေယာဉ်ပျံများကို အုပ်ချုပ်၍ အခြားတပ်ခွဲတခုသည် လေသဘော်များကို အုပ်ချုပ်သည်။ ၁၉၁၂ ခုနှစ် ဧပြီလတွင် ထိုလေတပ်ရင်းကို ရေတပ်ဆိုင်ရာ လေတပ်နှင့် ကြည်းတပ်ဆိုင်ရာ လေတပ်ဟူ၍ နှစ်ပိုင်းခွဲကာ ဘုရင့်လေတပ်မတော်ထဲသို့ သွတ်သွင်းလိုက်လေသည်။ ရေတပ်ဆိုင်ရာ လေတပ်ထဲမှ ဘုရင့် ရေတပ်ဆိုင်ရာ လေတပ်ဟု ဖွဲ့စည်းပြီးလျှင် ၁၉၁၈ ခုနှစ်တွင် ထိုလေတပ်ကို ဘုရင့်လေတပ်မတော်နှင့် ပူးပေါင်းလိုက်လေသည်။ ထိုအချိန်မှစ၍ ဗြိတိန်နိုင်ငံသည် လေတပ်ဟူသောအမည်ဖြင့် ပဌမဆုံး ဖွဲ့စည်းလိုက်လေသည်။

ဂျာမနီ၊ ဣတလီစသောအခြားတိုင်းနိုင်ငံများမှလည်း မိမိတို့၏ သက်ဆိုင်ရာဘာသာအမည်များဖြင့် လေတပ်များ ဖွဲ့စည်းလာကြသည်။ ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိန်နိုင်ငံ ဘုရင့်လေတပ်မတော်နှင့် ပူးတွဲဆောင်ရွက်ခဲ့သော ပိုလန်လေတပ်၊ ချက်ကိုဆလိုဗက်လေတပ်၊ နော်ဝေး လေတပ်စသည့် အမျိုးသားလေတပ်များရှိခဲ့သည်။ ထိုလေတပ်များသည် ယင်းတို့နိုင်ငံများကို ဂျာမန်များ သိမ်းပိုက်ပြီးသည့်နောက် ဗြိတိန်နှင့်ဒိုမီနီယန်နိုင်ငံများ၌ လေ့ကျင့်ခဲ့သော လေတပ်များ ဖြစ်ကြသည်။ ပြင်သစ်လေတပ်ကား အစကတည်းက ရှိခဲ့သည်။ ဒိုမီနီယန်လေတပ်များတွင် ဘုရင့်ဩစတြေးလီးယန်လေတပ်၊ ဘုရင့် ကနေဒီယန်လေတပ်၊ ဘုရင့်နယူးဇီလန်လေတပ်နှင့် ဘုရင့် အိန္ဒိယလေတပ်တို့ ပေါ်ကြ

www.burmeseclassic.com





လေယာဉ်တင်သင်္ဘောတပ်ဖွဲ့သည် ဒုတိယကမ္ဘာစစ်ပြီးနောက် အထူးတိုးတက် အသုံးဝင်လာသည်။

သည် ။ အမေရိကန်ပြည်ထောင်စုတွင် ကြည်းတပ်ဆိုင်ရာ လေတပ်၊ ရေတပ်ဆိုင်ရာ လေတပ်နှင့် ကမ်းတက်လေတပ် ဟူ၍ရှိသည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ်အပြီးတွင် ဤသီးခြားလေတပ်များကို လေတပ်သက်သက်နှင့် ရေတပ်၊ ကမ်းတက်တပ် နှစ်တပ်ကို ပေါင်း၍ ရေတပ်ဆိုင်ရာ လေတပ် ဟူ၍ နှစ်မျိုးသာ ထားရှိလေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဧပြီလမှ စတင်၍ ဗိုလ်ချုပ်အောင်ဆန်း၏ ကာကွယ်ရေး စီမံကိန်းများအရ ဖွဲ့စည်း တည်ထောင်ခဲ့သော လေတပ်သည် ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ၏ တပ်မတော် (လေတပ်)အဖြစ် တည်ရှိ နေလေသည်။ (မြန်မာ့တပ်မတော် — ရှု။)




www.burmeseclassic.com

www.burmeseclassic.com



**လေထီး။** ။တိုးတက်လျက်ရှိသော ဤကမ္ဘာကြီးတွင် လူတို့၏ တီထွင်တတ်သောဉာဏ်ကြောင့် ရှေးအခါက မတွေ့ဘူးသော ပစ္စည်းများကို တွေ့ကြရသည်။ မြင်ကြရသည်။ အသုံးချကြရသည်။ မြေပေါ်တွင်၎င်း၊ ရေထဲတွင်၎င်း၊ လေထဲတွင်၎င်း လူများသည် စက်တပ်ဆင်ထားသော ယာဉ်များဖြင့် သွားလာကြသည်။ နောက်ဆုံးတွင်ကောင်းကင်ခရီး၌ အမျိုးအစားများပြားလှသော ယာဉ်အမျိုးမျိုးတို့ဖြင့် သွားလာနိုင်ကြပေပြီ။ ထိုမျှသာ မကသေး၊ လေယာဉ်များနှင့်အတူ နောက်ဆက်တွဲ လေထီးများကိုလည်း တီထွင်လိုက်ကြသည်။ လေထီးကား လေယာဉ်နှင့် ထက်ချပ်မကွာ အမြဲတမ်းတွဲလျက်ရှိနေသည်။ ယခုခေတ်အခါ လေယာဉ်ပျံတွင် လေထီးမပါက ကောင်းကင်ခရီးတွင် စိတ်ချလက်ချမည်သူမျှ မသွားဝံ့ကြချေ။

ကျွန်ုပ်တို့သည် အနောက်နိုင်ငံအသီးသီးမှ သိပ္ပံပါရဂူများ တီထွင်အသုံးပြုကြသော လေထီးများအကြောင်းကို စာတွေ့အားဖြင့် နှစ်ပေါင်းအတော်ကြာကပင် သိရှိခဲ့ကြသည်။သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်၍ မြန်မာနိုင်ငံသည် စစ်တလင်းအဖြစ်သို့ရောက်သွားသောအခါမှပင် လေထီးကို မြင်ဘူးတွေ့ဘူးကြသည်။ လေထီးသည် ယခုခေတ်အခါတွင် နိုင်ငံတိုင်း၌ လေယာဉ်ပျံနှင့်အတူ ရှိအပ်သော ခေတ်မီအရာဝတ္ထုဖြစ်၍ အလွန်အရေးပါသော စစ်လက်နက်တမျိုးလည်းဖြစ်ပေသည်။



လေထီးကြီးပွင့်သွားပြီးနောက် အောက်သို့တဖြည်းဖြည်းကျလာစဉ်

သဏ္ဌာန်အားဖြင့် လေထီးသည် အလွန်ကြီးသော ထီးနှင့် ခပ်ဆင်ဆင်တူသည်။ လေထဲတွင်ဖွင့်ချလိုက်သောအခါ လေ၏တွန်းကန်အားကြောင့် အောက်သို့ တဖြည်းဖြည်း ကျဆင်းလာသည်။ သို့ဖြစ်၍ လေယာဉ်ပျံပျက်ကျသောအခါများတွင် လေယာဉ်ပျံတွင် စီးနင်းလိုက်ပါလာသူများသည် လေထီးဖြင့်အောက်သို့ ခုန်ချခြင်းအားဖြင့် အသက်ဆုံးရှုံးမည့်ဘေးမှ လွတ်မြောက်ကြသည်။

လေထီးကို ပဌမဦးဆုံးကြံစည်မိသူမှာ လီယိုနာဒိုဒါဗင်ချီ (၁၄၅၂–၁၅၁၉) ဖြစ်၏။ တီထွင်သည် ဟူသောဂုဏ်ထူးကို ရရှိသူကား ဆီဗတ်စတီယန် လီနော်မန်ဖြစ်သည်။ ပြင်သစ်လူမျိုး လေကြောင်း တိုင်းတာရေးသမား ဂျေ၊ ပီ၊ ဗလန်ချက်ဆိုသူမှာ လေထီးကို ပဌမဆုံး အသုံးပြုသူဖြစ်၏။လေကြောင်းတိုင်းတာရေးသမားဖြစ်သော ပြင်သစ်လူမျိုးအွန်ဒရေး ဂျေ ဂါနာရင် ဆိုသူသည်လည်း လေထီးကို ပဌမဆုံးအောင်မြင်စွာ အသုံးချသူ ဖြစ်လေသည်။ ထိုနောက် သိပ္ပံပါရဂူများ၊ စက်ဝိဇ္ဇာများသည် လေထီးကို ကောင်းသည်ထက် ကောင်းအောင် ပြုပြင်ခဲ့ကြသည်။ ယခုအခါတွင်ကား ကမ္ဘာပေါ်ရှိ ခေတ်မီနိုင်ငံတိုင်း၌ပင် လေထီးကိုအကျိုးရှိစွာ အသုံးပြုလျက် ရှိကြသည်။ လေထီးကို အလွန်ခိုင်ခံ့သောပိုးဖြင့် ပြုလုပ်ရသည်။ လေထီးပိုးမှာ အမျှင်ရှည်၍ အထူးပြုလုပ်စီမံထားသည်။ အလွန်ပေါ့ပါး၍ မြွေခွံကြိုးကဲ့သို့ ရုံးကန်သော သတ္တိရှိ၏။ ယင်းကို ခေါက်ရိုးမထင်စေရန် အကြမ်းအတိုင်း ထားသည်။ အလွန်ခိုင်ခံ့သော ပိုးကြိုး ၃၉ ပင်ကို လေထီးနှုတ်ခမ်းတွင် အကွာအဝေးညီတူချထား၍ လေထီးဖြင့် ခုန်ဆင်းမည့်သူ၏ကိုယ်နှင့် ဆက်ထားသည်။

ရိုးရိုးသုံးနေကျ လေထီး၏အချင်းမှာ ၂၄ ပေရှိသည်။ ယင်းကို ၁၈ စတုရန်း လက်မရှိ အထုပ်ဖြစ်အောင် ခေါက်ထား၍ အလေးချိန်မှာ ၁၈ ပေါင်ရှိသည်။ လေထီးကို ကျောပေါ်၌ဖြစ်စေ၊ ပေါင်ပေါ်၌ဖြစ်စေ ထားနိုင်သည်။ ဖင်အောက်တွင်ခု၍ ထိုင်ခုံအဖြစ်လည်း ထားနိုင်သည်။ လေထီးကို အထုပ်ဖြစ်အောင် ခေါက်ရာတွင် ကြိုးများ ရှုပ်ထွေးမသွားရအောင် အထူးသတိထားရ၏။ ခေါက်ပြီးသား လေထီး၏ထိပ်တွင် အချင်းသုံးပေရှိသော ရှေ့ပြေးလေထီးကလေးလည်းရှိရ၏။ လေထီးအထုပ်ကို အပ်ကြိုးနှစ်ချောင်းဖြင့် တွယ်ထားသည်။ အပ်ချောင်းများတွင် အလွန်ခိုင်ခံ့ပျော့ပျောင်းသော သံမဏိကြိုး ချည်ထား၍ ခုန်မည့်သူ၏ ဘေးတွင်ရှိသော ကွင်းနှင့် ဆက်ထားသည်။ လေထီးသူရဲသည် ကိုယ်လွှတ်ခုန်ချသောအခါ တစ်၊ နှစ်၊ သုံးရေတွက်၍ ကွင်းကိုဆွဲလိုက်ရ၏။ ထိုအခါ အပ်ချောင်းများပြုတ်သွား၍ ရှေ့ပြေးလေထီးကလေး ပွင့်သွားပြီးလျှင် ထိုထီးကလေး၏ဆွဲဆောင်မှုအားဖြင့် နှစ်စက္ကန့်အတွင်းလေ



www.burmeseclassic.com

www.burmeseclassic.com



ထီးကြီးပွင့်သွားလေသည်။ ထိုအခါ လေထီးသူရဲသည် တဖြည်းဖြည်း အောက်သို့ ကျသွားလေသည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းတွင် စစ်အောင်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းကြရာတွင် လေထီးကိုလည်း ရှေးကထက် ထူးကဲကောင်းမွန်အောင် တီထွင်ကြသည်။ စစ်ဆင်ရေးတွင်လည်း လေထီးတပ်သားများမှာ များစွာ ခရီးရောက်လေသည်။ လက်နက်များ၊ရိက္ခာများနှင့်အခြား စစ်အသုံးအဆောင်များကို လမ်းပန်းအဆက်အသွယ်ပြတ် နေသောနေရာများသို့ လေထီးများဖြင့် ချပေးနိုင်လေသည်။ ရန်သူစစ်ကြောင်းများကို ထိုးဖောက်ရေး၊ ကျွန်းများပေါ်သို့ တက်ရောက်ရေးတွင်လည်း လေထီးတပ်သားများကို အသုံးပြု၍ အောင်မြင်ခဲ့ကြသည်။

သို့ဖြစ်ရကား လေထီးသည် ငြိမ်းချမ်းသော ကာလအတောအတွင်း၌ငှင်း၊ စစ်အတောအတွင်း၌ငှင်း အလွန်အသုံးဝင်သော အရာဝတ္ထုဖြစ်ကြောင်းကို မည်သူမျှ မငြင်းဆိုနိုင်ချေ။

**လေဒင်ခါတ်အိုး။** ။လေဒင်ခါတ်အိုးဆိုသည်မှာလျှပ်စစ်ခါတ် သိုလှောင်ရန်အတွက် ကနဦးက ပေါ်ပေါက်အသုံးပြုခဲ့သော ကွန်ဒင်ဆားတမျိုးဖြစ်သည်။ ၁၇၄၅ ခုနှစ်တွင် ဟော်လန်နိုင်ငံ လေဒင်မြို့မှ စတင် ပေါ်ပေါက်သောကြောင့် လေဒင်ခါတ်အိုးဟု တွင်ခဲ့ခြင်းဖြစ်၏။

လေဒင်ခါတ်အိုးမှာ အဝကျယ်သော ဖန်အိုးဖြစ်၍ အိုးဝကိုဖော့ဆို့ဖြင့် ပိတ်ထားသည်။ အိုး၏အတွင်းနှင့် အပြင်ဖက်တွင် အောက်ပိုင်းတဝက်မျှကို ပါးလွှာသော သံဖြူပြားဖြင့် ကပ်ထားလျက် ဖုံးအုပ်သည့်သံဖြူမှာ လျှပ်စစ်ခါတ်လိုက်ပစ္စည်းဖြစ်၍ သံဖြူပြားနှစ်ခုကြားရှိ ဖန်သည် လျှပ်စစ်ခါတ် မလိုက်သည့်ပစ္စည်းဖြစ်သည်။

ကြေးဝါတိုင်တချောင်းကို အိုးအတွင်းဖက်သို့ သံဖြူပြားနှင့်ထိအောင်ဖော့ဆို့၌ အပေါက်ဖောက်၍စိုက်ထားသည်။ လျှပ်စစ်ခါတ်ကို ကြေးဝါတိုင်သို့ တနည်းနည်းဖြင့် လိုက်စေသောအခါ လျှပ်စစ်ခါတ်သည် အိုးအတွင်းရှိသံဖြူပြားသို့ ရောက်သွား၏။ သံဖြူပြားနှစ်ခုကြားတွင် လျှပ်စစ်ခါတ်မလိုက်သည့်အတွက် ဤလျှပ်စစ်ခါတ်သည် အိုးအပြင်ဖက်ရှိ သံဖြူပြားသို့ မကူးနိုင်ချေ။ သို့ရာတွင် အိုးအပြင်ဖက် သံဖြူပြားကို မြေကြီးနှင့် တနည်းတလမ်းဆက်ထားမည်ဆိုပါက လျှပ်စစ်ညှို့မှုကြောင့် ထိုသံဖြူပြားတွင် အတွင်းဖက် သံဖြူပြားနှင့် ဆန့်ကျင်သော လျှပ်စစ်ခါတ် ဝင်လာလေသည်။

ဤကဲ့သို့ အတွင်းအပြင်နှစ်ဖက်စလုံးရှိ သံဖြူပြားများ၌ ခါတ်ဝင်နေချိန်တွင် လက်တဖက်ဖြင့် အပြင်ဖက်သံဖြူပြားကို ထိထား၍ ကျန်လက်ဖြင့် ကြေးဝါကို တို့ကြည့်လျှင် ဖြစ်စေ၊ သို့မဟုတ် ဝိုင်ယာကြိုးဖြင့် တနည်းတလမ်း ဆက်သွယ်၍ ကိုင်ကြည့်လျှင်ဖြစ်စေ ရုတ်တရက် ခါတ်လိုက်ခြင်းမှာ လေဒင်ခါတ်အိုးပေါ်စ အချိန်က အထူးအဆန်းဖြစ်နေသည့်အတိုင်း မြို့တကာလျှောက်လှည့်ပြ၍ စီးပွားရှာခြင်းဖြင့် ချမ်းသာသူများပင် ရှိခဲ့ဘူးလေသည်။

အဆိုပါသံဖြူပြားနှစ်ခုကို ဝိုင်ယာကြိုးဖြင့် ဆက်ကြည့်လျှင် ခါတ်နှစ်ခုမှာ ဆန့်ကျင်နေသည့်အတွက် မီးပွင့်သည်ကိုလည်းတွေ့နိုင်ပေသည်။ သို့ရာတွင် လေဒင်ခါတ်အိုးသာမက မည်သည့်ကွန်ဒင်ဆားမျိုးမှာ မဆို ထိုသို့ပွင့်ထွက်သော လျှပ်စစ်မီးပွားသည် တသမတ်တည်း ဆက်တိုက်ပွင့်ခြင်းမရှိချေ။ အကြိမ်ပေါင်းများစွာ ရှေ့တိုးနောက်ငင်သွားနေပြီးမှ တဖြည်းဖြည်းအားကုန်ပြီး ရပ်နားသွားသည်။ လျှပ်စစ်ခါတ်၏ ဤသို့ ရှေ့တိုးနောက်ငင် လျင်မြန်စွာ လှုပ်ရှားမှုသည် ရေဒီယိုလှိုင်းများကို ဖြစ်ပေါ်စေ၍ ဝိုင်ယာလက်နှင့် ရေဒီယိုအသံလွှင့်ရာတွင် ဤသဘောကိုပင် အခြေခံပြုထားပေသည်။ လေဒင်ခါတ်အိုးများကို ယခုအခါတွင် လက်တွေ့စမ်းခန်းများ၌သာ စမ်းသပ်မှုကိစ္စများအတွက် အသုံးပြုကြလေသည်။

**လေပန်းမီးခွက်။** ။သံ ကြေး စသော သတ္တုများကို ဂဟေဆော်ရာ၌ငှင်း၊ သုတ်လိမ်းထားသောဆေးဟောင်းများကို အပူရှိန်ပေး၍ ခြစ်ခွာယူရာ၌ငှင်း အသုံးပြုလေ့ရှိကြသော လေပန်းမီးခွက်ကို တွေ့မြင်ဘူးကြပေမည်။

လေပန်းမီးခွက်မှ မြည်သံတရှူးရှူးဖြင့် ထွက်နေသောမီးသည် အပူရှိန်အလွန်ပြင်းထန်၏။ အပူရှိန် ပြင်းထန်ရခြင်းမှာ လေထုအတွင်းမှ အောက်ဆီဂျင်ကို အပိုသွင်းယူ၍ လောင်စာဖြစ်သော ခါတ်ငွေ့နှင့် ရောစပ်ပေးထားသောကြောင့် ဖြစ်ပေသည်။ သဘောမှာ ဗွန်ဆင်မီးတိုင်နှင့် အတူတူပင်ဖြစ်၏။

လေပန်းမီးခွက်တွင် ရေနံ၊အရက်ပျံ၊ ခါတ်ဆီ၊သို့မဟုတ် ဗင်ဇင်း တခုခုကို လောင်စာအဖြစ် အသုံးပြုနိုင်သည်။ လောင်စာသည် အပူနှင့်ဖိအားကြောင့် အရည်ဘဝမှ အငွေ့အဖြစ်သို့ ပြောင်းလဲသွားသည်။ လောင်စာကို ပြွန်ထိပ်ရှိ အလွန်သေးငယ်သော အပေါက်ကလေးမှ ပန်းထွက်စေ၍ လေကိုမူ အပြင်ဖက်မှ နောက်တထပ်အုပ်ထားသောပြွန်လုံးရှိ အပေါက်ကြီးများမှ ဝင်စေသည်။ မှုတ်ထုတ်လိုက်သော လောင်စာသည် အလွန်ကြီးမားသော အရှိန်ဖြင့် ထွက်လာသည်နှင့်အမျှ လေကလည်း တိုး၍ဝင်လိုက်လာသည်။ သို့သော် ရေနံထက် အငွေ့ပိုပျံလွယ်သော လောင်စာများကို အသုံးပြုသည့် လေပန်းမီးခွက်မျိုးတွင် ပြုလုပ်စီမံထားပုံမှာ သာမန် လေပန်းမီးခွက်နှင့် တနည်းတဖုံ ကွဲလွဲပေသည်။

www.burmeseclassic.com



လေပန်းမီးခွက်ကို လွယ်ကူပေါ့ပါးစွာ ယူဆောင်သွားလာနိုင်သည်။ လေတိုက်နေစဉ်မှာပင် အကာအရံမလိုဘဲ အသုံးပြုနိုင်သည်။ လောင်စာအိုးထဲ၌ လေဖိအား အလွန်နည်းသွားသော အခါမျိုးတွင် လောင်စာရည်ပန်းထွက်ရာ ပြွန်ထိပ်၌ အရောင်ရှိ၍ မီးခိုးများသောမီးမျိုးဖြင့် တောက်လောင်တတ်လေသည်။ ကောင်းစွာ တောက်လောင်သော လေပန်းမီးခွက်မီးတွင် အရောင်မရှိချေ။ အသေအချာကြည့်လျှင် ထိုမီးသည် ပြွန်ထိပ်ရှေ့မှ အနည်းငယ်ခွာ၍ လောင်စာငွေ့နှင့် လေတို့ ရောစပ်သော နေရာရောက်မှ တောက်လောင်သည်ကို တွေ့ရသည်။ ရေနံလေပန်းမီးခွက်တွင် လေထိုးတံပါ၍ လေကိုလိုသလို ထိုးပေးရန် လို၏။ သို့သော် အရက်ပျံ၊ ဗင်ဇင်း၊ သို့မဟုတ်ဓာတ်ဆီကို လောင်စာအဖြစ် အသုံးပြုသော လေပန်းမီးခွက်များတွင်မူ လေထိုးတံမလိုချေ။ လေပန်းမီးခွက်တွင် အသင့်အတင့် ပူလာသည်နှင့်တပြိုင်နက် မီးသည်အလိုလိုအရှိန်ရသွားလေသည်။

ရေနံလေပန်းမီးခွက်ကို အသုံးပြုမည်ကြံလျှင် ရှေးဦးစွာ ရေနံအိုးထဲ၌ ရေနံလေးပုံသုံးပုံခန့်ထည့်ထား၍ လေပေါက်ကိုပိတ်ထားရ၏။ ထိုနောက် ပြွန်နှုတ်သီး အောက်ဖက်ရှိ ခွက်ငယ်တွင် အရက်ပျံ အနည်းငယ်ထည့်၍ မီးရှို့ပေးရသည်။ အတန်ကြာ၍ လေထိုးတံဖြင့် လေတချက်နှစ်ချက် ထိုးပေးသောအခါ ပြွန်ရှေ့၌ မီးစွယ် စတင်ဖြစ်ပေါ်လာသည်။ ထိုမီးစွယ်သည် ပဌမတွင် အသံကျယ်စွာ မြည်နေမည်ဖြစ်သော်လည်း မကြာမီပင် မြည်သံမှန်လာကာ အပူရှိန်လည်း တဖြည်းဖြည်းနှင့် အလွန်ပြင်းထန်လာလေသည်။

အရက်ပျံ၊ ဓာတ်ဆီစသည်တို့ဖြင့် ထွန်းရသော လေပန်းမီးခွက်များတွင်မူ ဆီထွက်သည့်အပေါက်၌ အပ်ကလေးဖြင့် စီမံထားသော အခင်ပါရှိ၍ ထိုအခင်ကို ခလုတ်ဖြင့် လိုသလို ပိတ်နိုင်ဖွင့်နိုင်လေသည်။ ဤလေပန်းမီးခွက်မျိုးကို လျှင်မြန်စွာ ထွန်းညှိနိုင်သော်လည်း ပေါက်ကွဲတတ်သဖြင့် သတိနှင့် ကိုင်တွယ်အသုံးပြုရန် လိုပေသည်။

အိမ်သုံးလေမီးဖိုများကို ပြုလုပ်ထားပုံ သဘောမှာလည်း လေပန်းမီးခွက်နှင့် အတူတူပင် ဖြစ်လေသည်။

**လေပြင်းဖို။** ။သံရိုင်းမှ သံစိမ်းရအောင် ထုတ်ယူလိုသောအခါ အဓိကအားဖြင့် လေပြင်းဖို ခေါ် သံရည်ကျိုဖိုကြီးများကို အသုံးပြုကြရသည်။ လေပြင်းဖိုမှာ မျှော်စင်တမျှ မြင့်မားသော မတ်တတ်ဖိုကြီးဖြစ်၍ ထိပ်ဖက်သို့ တဖြည်းဖြည်းခြင်း အနည်းငယ် ရှူးသွားသည်။ ပေ ၉၀ မှ ၁၀၀ ခန့်မြင့်၍ အချင်းပေ ၃၀ ခန့်ရှိသည်။ ဤဖိုကြီးမျိုးကို သံမဏိပြားများဖြင့် ဆောက်လုပ်၍ အတွင်းဖက်၌ မီးခံအုတ်များ ခံထားရလေသည်။

လေပြင်းဖိုကို အောက်ခြေမှ ထိပ်အထိ အောက်ခြေ၊ လည်တိုင်နှင့် ခေါင်းပိုင်းဟူ၍ သုံးပိုင်းခွဲခြားနိုင်သည်။ ဖိုအောက်ခြေမှာ သံရည်ပူများ စုပြုံကျရောက်ရာ အနိမ့်ဆုံးအပိုင်းဖြစ်သောကြောင့် ထိုအပိုင်းကို မီးခံအုတ်အကောင်းဆုံးအစားဖြင့် ထူထဲစွာ ဆောက်လုပ်ထားရသည်။ ဤအပိုင်းရှိ နံရံတွင် အပေါက်နှစ်ပေါက် ဖောက်ထားသည်။ တပေါက်မှာ သံရည်ကိုထုတ်ယူရန်ဖြစ်၍ အခြားတပေါက်မှာ ချော်ရည်ကိုထုတ်ပစ်ရန်ဖြစ်၏။ အောက်ခြေနှင့် လည်တိုင်စပ်ကြားနေရာလောက်တွင် ဖို၏အပြင်ဖက် ပတ်ပတ်လည်၌ တွီယာ ခေါ် လေပူကိုမှုတ်သွင်းပေးသည့် လေပူမှုတ်ပြွန်များ တပ်ဆင်ထားသည်။ လည်တိုင်မှာ လေပူမှုတ်ပြွန်တို့၏အထက်နား၌ ကပ်လျက်ရှိသဖြင့် ဖိုတခုလုံးတွင် အပူဆုံးအပိုင်းဖြစ်၏။ ထိုကြောင့် ခံထားသည့်အုတ်များကို မီးစား၍ ပျက်စီးမသွားစေရန် အပြင်ဖက်မှ လှည့်ပတ်သွားအောင် စီမံထားသောရေဖြင့် အအေးခံပေးထားရသည်။ခေါင်းပိုင်းတွင်မူ အပြင်ဖက်က သံမဏိပြား၊ အတွင်းဖက်က မီးခံအုတ်များခံထားသည်မှအပ ထွေထွေထူးထူး စီမံထားခြင်းမရှိပေ။ ဖို၏ထိပ်၌ သံရိုင်းနှင့်တကွ အခြားပစ္စည်းများ ထည့်ချပေးရန် အပေါက်ကြီးရှိ၍ ထိုထိပ်ဝတွင် ခေါင်းလောင်းပုံ အဖုံးနှစ်ထပ်ဖြင့် ပိတ်ထားသည်။ အဖုံးနှစ်ထပ် တပ်ဆင်ထားခြင်းမှာ သံရည်ကို မရပ်မနားဘဲ ကျိုနေစဉ်အချိန်အတွင်း ထိပ်ဝမှဓာတ်ငွေ့ပူများ မထွက်စေဘဲ လိုအပ်သောပစ္စည်းများကို ထည့်ပေး ချပေးနိုင်စေရန် ဖြစ်လေသည်။

သံရည်မကျိုမီ ရှေးဦးစွာ သံရိုင်း၊ ကုတ်ကျောက်မီးသွေးနှင့် ထုံးကျောက်တို့ကို ဖိုထဲသို့ ထိပ်ဝမှတဆင့် တထပ်စီ ချပေးရသည်။ ဤသို့ချပေးရာတွင် လျှပ်စစ်ဓာတ်အားဖြင့် ဆွဲတင်သော ကုန်တင်လှည်းကလေးများဖြင့် ဖိုထိပ် အရောက်တင်ပေး၍ ထိပ်သို့ရောက်သောအခါ ကုန်တင်လှည်းကလေးသည် အလိုအလျောက် တိမ်းမှောက်သွားပြီးလျှင် ပါသမျှပစ္စည်းကို ထိပ်ဝကတော့ထဲသို့ လောင်းချပေးသည်။ ချပေးလိုက်သော ပစ္စည်းသည် ရှေးဦးစွာ အပေါ်ဖက်ရှိ ခေါင်းလောင်းပုံ အဖုံးပေါ်တွင် တင်နေသည်။ ထိုအဖုံးကို အောက်နှိမ့်၍ဖွင့်ပေးလိုက်သောအခါ တင်နေသောပစ္စည်းများသည် အထဲသို့ ကျသွားပြီးလျှင် ဒုတိယအဖုံးပေါ်၌ တင်နေပြန်သည်။ ဤသို့ ထပ်တလဲလဲ လောင်းချပေး၍ ပစ္စည်း အတော်များများရမှ ပဌမ အဖုံးကို ပိတ်လိုက်ပြီး ဒုတိယ အဖုံးကို ဖွင့်ပေးခြင်းဖြင့် ဖိုထဲသို့ ပစ္စည်းများကို ချပေးသည်။ အဖုံးနှစ်ထပ်ဖြင့် ဤနည်းအတိုင်းချပေးခြင်းကြောင့် ပစ္စည်းများကို ချပေးစဉ် ဖိုအတွင်းမှ ဓာတ်ငွေ့ပူများ အပြင်ဖက်သို့ လွတ်မြောက်၍ မထွက်သွားနိုင်ချေ။

ဖိုထဲ၌ လိုအပ်သောပစ္စည်းများ အသင့်ရောက်ပြီးသော အခါ ကုတ်ကျောက်မီးသွေးကို အောက်ဖက်မှ စတင်မီးရှို့



www.burmeseclassic.com

www.burmeseclassic.com



ပေး၍ လေပူကိုလည်း မှုတ်သွင်းပေးခြင်းဖြင့် သံရည်ကျိုသည့်အလုပ် စတင်လေတော့၏။ ကုတ်မီးသွေးသည် လေပူ၏အရှိန်ကြောင့် လျင်မြန်စွာ မီးလောင်၍ ထိုသို့မီးလောင်သွားစဉ် အထက်ဖက်ရှိ ပစ္စည်းများသည် အောက်သို့ တဖြည်းဖြည်း အိကျလာသည်။ ထိုအချိန်တွင် ဖို၏ထိပ်ဝမှနေ၍ ပစ္စည်းအသစ်များကို အချိုးကျအဆက်မပြတ် ထည့်ပေးလျက် ရှိသဖြင့် ဖိုထဲ၌ ပြည့်မြဲ ပြည့်၍ နေလေသည်။ ဖိုထဲ၌ ရှိသည့် အပူချိန်မှာ ဖာရင်းဟိုက် ဒီဂရီ ၃,၀၀၀ မှ ၃,၅၀၀ ခန့်အထိ ရှိသဖြင့် အလွန်ပြင်းထန်၏။ ထိုအပူရှိန်ကြောင့် ဖိုထဲ၌ ရှိသည့် ပစ္စည်းများသည် အစဉ်အတိုင်း အရည်ပျော်၍ ဓာတ်ပြောင်းမှုအမျိုးမျိုး ဖြစ်ပွားပြီးလျှင် နောက်ဆုံး၌ သံနှင့် ချော်ရည်တို့သည် အောက်ခြေသို့ ကျဆင်းလာကြသည်။ ချော်မှာ သံထက်ပေါ့သဖြင့် သံရည်ပူပေါ်၌ ပေါလော ပေါ်နေသည်။ ချော်ရည်ပူကို မကြာမကြာ ချော်ရည် ထုတ်ပေါက်မှ ထုတ်ပစ်၍ သံရည်ပူကိုလည်း သံရည်ထုတ်ပေါက်များမှ အလားတူ ထုတ်ယူပြီး သဲခင်းထားသော မြောင်းများတွင် အအေးခံယူသည်။ အေးသွား သောအခါ သံစိမ်းတုံးများ ဖြစ်လာကြ၏။ သွန်းသံ၊ ချွတ်သံ(ချွတ်ပြီးသားသံ)နှင့် သံမဏိများကို လိုသော် အဆိုပါသံစိမ်းများမှတဆင့် ပြုလုပ်ယူရလေသည်။

ရှေးက ဖိုအတွင်းသို့ လေပူအစား လေအေးကိုပင် မှုတ်သွင်းပေးခဲ့ကြသဖြင့် ကုတ်ကျောက်မီးသွေး အကုန်အကျများခဲ့သည်။ လေပူကို အသုံးပြုသောအခါ ကုတ်မီးသွေး ထက်ဝက်မက အကုန်သက်သာလာ၍ ယခုအခါ လေပူကို များများဖိနှိပ်ပြီး သွင်းပေးသောအခါ ထိုထက်မက သက်သာလာကြောင်း တွေ့ရှိလာကြသည်။

တဖန်ဖိုအတွင်းရှိ ပစ္စည်းများ မီးလောင်ရာမှ ထွက်လာသော ဓာတ်ငွေ့ပူတို့သည် ယခင်က ဖိုထိပ်၌ လောင်ကျွမ်းကာ အလဟဿ ဆုံးပါးသွားကြ၏။ ယခုအခါတွင်မူ ထိုဓာတ်ငွေ့ပူများကို ပြွန်များဖြင့် သွယ်ယူပြီးနောက် ဖိုထဲသို့ သွင်းပေးမည့်လေကို ကြိုတင်အပူတိုက်ပေးခြင်း၊ လေမှုတ်စက်ရှိ ဓာတ်ငွေ့ အင်ဂျင်စက်များကို မောင်းနှင်စေခြင်း စသည့် ကိစ္စများအတွက် အကျိုးရှိစွာ အသုံးချလျက်ရှိပေပြီ။ ချော်များကိုလည်း ယခင်ကစွန့်ပစ်လေ့ရှိရာ ယခုအခါ လမ်းခင်းရန်နှင့် ဗိလတ်မြေတမျိုး ပြုလုပ်ရန် အတွက် အသုံးချလျက်ရှိပေသည်။

**လေဖိတိုင်း**။ ။ဗရိုမီတာ—ရှု။

**လေဘာပါတီ** (ယူကေ)။ ။ဂရိတ်ဗြိတိန် နိုင်ငံရှိ လေဘာပါတီသည် ဆိုရှယ်လစ်ပါတီဖြစ်၏။ ၁၈၆၇ ခုနှစ်တွင် အတည်ပြုခဲ့သော ပြုပြင်ရေး အက်ဥပဒေအရ ဗြိတိန်နိုင်ငံတွင် အလုပ်သမား လူတန်းစားသည် မဲပေးခွင့် ရခဲ့လေသည်။ သို့သော်လည်း အစတွင် ဗြိတိသျှအလုပ်သမားများသည် ဥရောပတိုက်နိုင်ငံတို့မှ အလုပ်သမားများကဲ့သို့ နိုင်ငံရေးတွင် လွတ်လပ်စွာ ပါဝင်ဆောင်ရွက်ရန် မလိုလားခဲ့ကြပေ။ စီးပွားရေး ကုန်သွယ်ရေး အစည်းအရုံးများနှင့် ဆိုရှယ်လစ် အုပ်စုများ ပါဝင်သော ကွန်ဖရင့်တခုကို ၁၉၀၀ ပြည့်နှစ်တွင် ကျင်းပပြီးသည့် နောက်မှသာလျှင် အလုပ်သမားတို့ နိုင်ငံရေးတွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။

၁၉၀၆ ခုနှစ် ပါလီမန် ရွေးကောက်ပွဲတွင် ဗြိတိသျှလေဘာပါတီမှ ကိုယ်စားလှယ် ၂၆ ဦး အရွေးခံရ လေသည်။ ထိုစဉ်က အာဏာရရှိခဲ့သော လစ်ဗရယ်ပါတီ အစိုးရသည် အလုပ်သမားတို့၏ အဓိကတောင်းဆိုချက်ကို လိုက်လျောသည့်အနေဖြင့် ဝါဏိဇ္ဇ ပဋိပက္ခဥပဒေကို ပြဋ္ဌာန်း အတည်ပြုခဲ့သည်။ ၁၉၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် လေဘာပါတီမှ အမတ် ၄၂ နေရာရရှိခဲ့၏။ ထိုအခါ အလုပ်သမားအတွက် ပြုပြင်ရေး ဥပဒေများ တင်သွင်းအတည်ပြုခဲ့သည်ကို ကျေးဇူးဆပ်သည့် အနေနှင့် လစ်ဗရယ်ပါတီ၏ အက်စကွစ်အစိုးရအဖွဲ့အား ထောက်ခံခဲ့လေသည်။

ပဌမကမ္ဘာစစ် ဖြစ်ပွားသောအခါ လေဘာပါတီသည် အစိုးရကို ထောက်ခံခဲ့သည့်ပြင် ညွန့်ပေါင်းအစိုးရအဖွဲ့တွင်လည်း ပါတီမှ ကိုယ်စားလှယ်များ ပါဝင်စေခဲ့လေသည်။ သို့သော်လည်း ပါတီအတွင်း ရမ္မဆေး မက္ကဒေါ်နယ်ခေါင်းဆောင်သော ငြိမ်းချမ်းရေးသမား အချို့ကမူ စစ်ကို ဆန့်ကျင်ခဲ့လေသည်။ သို့ဖြင့် စစ်ကြီး ပြီးဆုံးသွားခဲ့၍ ၁၉၁၈ ခုနှစ် ပြုပြင်ရေး ဥပဒေအရ အရွယ်ရောက်သူ မှန်သမျှ ကျားမ မရွေး မဲဆန္ဒပေးနိုင်ခဲ့လေသည်။ လေဘာပါတီသည် မဲဆန္ဒရှင်သစ်များအား ဆွဲဆောင်ရန်အလို့ငှါ ၁၉၁၈ ခုနှစ်တွင်ဆိုရှယ်လစ်ဝါဒကိုကြွေးကြော်အသုံးပြုခဲ့လေသည်။

ယင်းပါတီ၏ ဝါဒမှာ ကုန်ထုတ်လုပ်ငန်းကြီးများအား ပြည်သူပိုင် ပြုလုပ်ခြင်းကို အခြေပြုသည့် လူနေမှုစံနစ်ကို အားပေးသော ဝါဒဖြစ်၏။ လေဘာပါတီ၏ ရည်မှန်းချက်ပန်းတိုင်သည် ဆိုရှယ်လစ်ဝါဒပင် ဖြစ်သော်လည်း မတ်၏ဝါဒကို လက်မခံသည့်အပြင် ယင်းဝါဒတွင်သုံးပြီးဖြစ်သော စကားအသုံးအနှုန်းများကိုပင် မသုံးမိစေရန် အထူးဂရုပြုကာ ရှောင်ရှားခဲ့လေသည်။ လေဘာပါတီက အခြေအနေက ခွင့်ပြုမှသာလျှင် စက်မှုလက်မှုလုပ်ငန်းကြီးတခုကို ပြည်သူပိုင်ပြုလုပ်ရမည်၊ ဤကဲ့သို့ ပြည်သူပိုင် လုပ်ရာတွင်လည်း ပိုင်ရှင်ကို လျော်ကြေး အပြည့်အစုံ ပေးရမည်ဟု ဆိုလေသည်။ ထိုပြင် ပြည်သူ့လွတ်လပ်မှုအခွင့်အရေးများကို ကာကွယ်ခြင်း၊ တရားမျှတစွာ ရွေးကောက် တင်မြှောက်ခြင်း ယူသော ဒီမိုကရေစီလမ်းစဉ် တည်မြဲစေရမည် ဟုလည်း ရှင်းလင်းတိကျပြတ်သားစွာ ပြဋ္ဌာန်းထားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေဘာပါတီသည် အမျိုးသားညီညွတ်ရေးနှင့် နိုင်ငံတော်စည်းလုံးမှု၏ အထိမ်းအမှတ် အဖြစ်သာ ဘုရင့်စံနစ်ကို ထားလိုသည်။ ထို့ပြင် ဗြိတိသျှအင်ပိုင်ယာကို မဖျက်သိမ်းဘဲ လက်အောက်ခံ ကိုလိုနီများကို တဖြည်းဖြည်း ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးခြင်းဖြင့် ဗြိတိသျှ မနသဟာယ နိုင်ငံများ အဖြစ်သို့ ပြောင်းလဲပစ်ရန် အလိုရှိပေသည်။ ယင်းပါတီ၏ နိုင်ငံခြားရေးဝါဒမှာ ပဋိပက္ခမှုများကို ငြိမ်းချမ်းသောနည်းနှင့် ဖြေရှင်းလိုသောဝါဒပင် ဖြစ်၏။ ထို့ကြောင့်ပင် လေဘာပါတီသည် ပဌမတွင် နိုင်ငံပေါင်းချုပ်အသင်းကြီးကိုဎင်း၊ နောက်တွင် ကုလသမဂ္ဂ အဖွဲ့ကြီးကိုဎင်း စိတ်အားထက်သန်စွာ ထောက်ခံအားပေးခဲ့လေသည်။

လေဘာပါတီတိုးတက်ကြီးပွားလာပုံမှာ အံ့ဩဖွယ်ရာဖြစ်၏။ ပဌမကမ္ဘာစစ်မဖြစ်မီက မပြောပလောက်သည့် အုပ်စုငယ်တခုမျှသာ ဖြစ်သော်လည်း ၁၉၂၂ ခုနှစ် ရွေးကောက်ပွဲတွင် အမတ် ၁၄၂ နေရာ ရရှိသဖြင့် အစိုးရအသိအမှတ်ပြု အတိုက်အခံပါတီကြီး ဖြစ်လာလေသည်။

၁၉၂၄ ခုနှစ်တွင် မက္ကဒေါ်နယ် ခေါင်းဆောင်၍ လေဘာပါတီဝင်နှင့် လစ်ဗရယ်ပါတီဝင်အမတ်များ စုပေါင်းထောက်ခံကာ ပဌမဆုံးအကြိမ် လေဘာအစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့လေသည်။ သို့သော်လည်း လေဘာပါတီမှာ အင်အားများသည့် ပါတီမဟုတ်ရကား များမကြာမီပင် မက္ကဒေါ်နယ် အစိုးရသည် လစ်ဗရယ်ပါတီ၏ ထောက်ခံအားပေးမှု မရသဖြင့် ပြုတ်ကျလေတော့သည်။ ၁၉၂၉ ခုနှစ်တွင် မက္ကဒေါ်နယ်ပင် ခေါင်းဆောင်၍ ယခင် အခြေအနေမျိုးနှင့်ပင် ဒုတိယ လေဘာအစိုးရ ဖွဲ့စည်းခဲ့ပြန်၏။ သို့သော်လည်း ၁၉၃၁ ခုနှစ်၌ မက္ကဒေါ်နယ်သည် ကွန်ဆားဗတစ် ဝါဒများကိုသုံးမိသဖြင့် နောက်လိုက် လေဘာပါတီဝင်များ၏ စွန့်ခွာခြင်း ခံရလေသည်။ ရွေးကောက်ပွဲကြီးတွင်လည်း လေဘာပါတီသည် မရှုမလှ အရေးနိမ့်ခဲ့လေသည်။ ၁၉၃၅ ခုနှစ် ရွေးကောက်ပွဲကြီးတွင်မူ ကွန်ဆားဗတစ်ပါတီမှ အာဏာ ရရှိငြားလည်း လေဘာအမတ်များ၏ ဦးရေမှာ အလွန်တိုးတက် လာလေ၏။

လေဘာပါတီ၏ အဓိကအင်အားမှာ စံနစ်တကျဖွဲ့စည်းထားသော အလုပ်သမားအစည်းအရုံးများ ဖြစ်လေသည်။ စီးပွားကုန်သွယ်မှုအစည်းအရုံးဝင်တိုင်းလိုပင် လေဘာပါတီကို မဲပေးကြလေသည်။ ပါတီ၏ မယုတ်မလွန်သော ဆိုရှယ်လစ်ဝါဒနှင့် ခိုင်မာသော ဒီမိုကရေစီ ဝါဒကြောင့် လေဘာပါတီသည် လူလတ်တန်းစား များစွာသော မဲဆန္ဒရှင်တို့အား မိမိဖက်သို့ ဆွဲဆောင်နိုင်ခဲ့၏။ ခေါင်းဆောင်ကောင်းများရှိသဖြင့်လည်း လူထု၏ ယုံကြည်မှုကို ရရှိခဲ့၏။ ၁၉၃၉ ခုနှစ် မတိုင်မီ ခေါင်းဆောင်ကြီးများမှာ မက္ကဒေါ်နယ်၊ ဖီးလစ် ဆနိုးဒန်၊ အာသာ ဟင်ဒါဆန်နှင့် ဆစ်ဒနီဝက်တို့ ဖြစ်၍ ဒုတိယကမ္ဘာစစ်အပြီးတွင်ကား ပါတီခေါင်းဆောင်ကြီးများမှာ ကလီမင့် အက်တလီ၊ ဆာစတက်ဖို့ ကရစ်၊ ဟားဗတ် မောရစ်ဆန်၊ အာနက် ဗယ်ဗင်နှင့် ဟာရို လာ့စကီးတို့ ဖြစ်လေသည်။ (မက္ကဒေါ်နယ်, ရမ္မဆေး။ ဗက်ဗင်,အာနက်။ အက်တလီ, ကလီမင့် — လည်းရှု။)

၁၉၄၅ ခုနှစ် ရွေးကောက်ပွဲကြီးအပြီးတွင် လေဘာပါတီ၏ခေါင်းဆောင် ကလီမင့် အက်တလီသည် အောက်လွှတ်တော်တွင် လေဘာပါတီဝင် အမတ်အများစုက ထောက်ခံမှုဖြင့် ဝန်ကြီးချုပ်ဖြစ်လာခဲ့လေသည်။ ဤတွင် လေဘာအစိုးရသည် အင်္ဂလန်ဘဏ်တိုက်ကြီးကိုဎင်း၊ အမျိုးမျိုးသော စက်မှုလုပ်ငန်းကြီးများကိုဎင်း၊ လူမှု လုံခြုံရေးလုပ်ငန်းနှင့် ကျန်းမာရေးလုပ်ငန်းများကိုဎင်း ပြည်သူပိုင် ပြုလုပ်ခဲ့ကြလေသည်။

သို့ရာတွင် စီးပွားရေးအခြေအနေ မတိုးတက်ဘဲရှိပြီးလျှင် ၁၉၅၁ ခုနှစ် ရွေးကောက်ပွဲတွင် လေဘာပါတီ အရေးရှုံးနိမ့်သွားရလေသည်။

၁၉၆၄ ခုနှစ် ရွေးကောက်ပွဲတွင် လေဘာပါတီ တဖန်အနိုင်ရခဲ့ပြန်၍ လေဘာပါတီခေါင်းဆောင် ဟာရို ဝီလဆန်သည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သို့သော် အတိုက်အခံဖြစ်သော ကွန်ဆားဗတစ်အဖွဲ့အပေါ်တွင် မဲအသာရမှုမှာ မပြောပလောက်သဖြင့် လေဘာအစိုးရအဖွဲ့သည် ထင်သလောက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ချေ။ သို့ဖြစ်၍ ၁၉၆၆ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် ပါလီမန်ကို ဖျက်သိမ်းကာ ထိုနှစ် မတ်လ ၃၁ ရက်နေ့တွင် အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပခဲ့သောအခါ လေဘာပါတီကပင် အနိုင်ရခဲ့ပြန်ရာ လေဘာပါတီ ခေါင်းဆောင် ဟာရို ဝီလဆန်ပင် ဝန်ကြီးချုပ် ဖြစ်လာခဲ့ပြန်သည်။

၁

**လေမုန်တိုင်း။** ။လေမုန်တိုင်း ကျလာသောအခါ လေသည် ပြင်းလာ၏။ တခါတရံ တနာရီလျှင် မိုင် ၄၀ တိုက်ခတ်၏။ တခါတရံ ၇၅ မိုင် တိုက်ခတ်၏။ တခါတရံ၌မူ ၇၅ မိုင်ထက် ပိုမိုတိုက်ခတ်၏။ မြန်မာနိုင်ငံ၌ တနာရီလျှင် ၇၅ မိုင်တိုက်ခတ်သော လေမုန်တိုင်းမျိုး ကြုံရခဲသည်။ သို့သော် ၁၉၆၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စစ်တွေမြို့နှင့် အနီးတဝိုက်၌ တိုက်ခတ်သွားသော လေမုန်တိုင်းကြီးသည် တနာရီလျှင် မိုင် ၁၅၀ အထိ တိုက်ခတ်ခဲ့ရာ ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးသော လေမုန်တိုင်းကြီးများကဲ့သို့ ပြင်းထန်လှသည်။ ဤမုန်တိုင်းကြီးကြောင့် အသေအပျောက် အပျက်အစီး၊ အဆုံးအရှုံး အလွန်များပြားလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ဗင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် လေမုန်တိုင်းများကို ဆိုင်ကလုန်းဟု ခေါ်၏။ (ဆိုင်ကလုန်း—လည်း၊ ရှု။) သို့သော် မုန်တိုင်းဟူသမျှကို ဆိုင်ကလုန်းမခေါ်ပေ။ လေတိုက်နှုန်း တနာရီ မိုင် ၃၀ ကျော်လျှင် မုန်တိုင်းငယ်၊ လေတိုက်နှုန်း တနာရီ မိုင် ၄၀ ကျော်လျှင် ဆိုင်ကလုန်းမုန်တိုင်း၊ လေတိုက်နှုန်း တနာရီ မိုင် ၆၀ ကျော်လျှင် ဆိုင်ကလုန် မုန်တိုင်းကြီးဟု သတ်မှတ်သည်။ လေတိုက်နှုန်း တနာရီ မိုင် ၃၀ အောက်ဆိုလျှင် လေပွေလှိုင်းဟု သတ်မှတ်၏။

ပစိဖိတ်သမုဒ္ဒရာတွင် မုန်တိုင်းများကို တိုင်ဖွန်ဟု ခေါ်သည်။ ပစိဖိတ်သမုဒ္ဒရာတွင် လေသည် တနာရီ မိုင် ၄၀ နှုန်းတိုက်လျှင် မုန်တိုင်းငယ်ဟု သတ်မှတ်၍ မိုင် ၄၀ မှ ၇၅ မိုင်အထိကို ဆိုင်ကလုန်း မုန်တိုင်းဟု သတ်မှတ်ပြီးလျှင် တနာရီလေတိုက်နှုန်း ၇၅ မိုင် အထက်မှသာ တိုင်ဖွန်ဟု သတ်မှတ်လေသည်။

အတ္တလန္တိတ် သမုဒ္ဒရာတွင် မုန်တိုင်းများကို ဟာရီကိန်းဟု ခေါ်သည်။ လေတိုက်နှုန်းမှာ တနာရီလျှင် ၇၅ မိုင် ကျော်လေသည်။

ဟာရီကိန်း လေနီကြမ်း တိုက်ခတ်တော့မည် ရှိသောအခါ ဝင်ခါနီးနေသည် မှိုင်းမှုန်နီရဲလာ၏။ လေသည်ပူနွေး၍ ထိုင်းမှိုင်းလာ၏။ လေသည် ဖိအားများလာ၍ ငြိမ်သက်သွား၏။ ပင်လယ်ပြင်၌မူ လေကျမည်ရှိသောအခါ လေ၏ဖိအား နည်းသွားတတ်၍ မိုးကုပ်စက်ဝိုင်း အစွန်းဆီမှ မိုးသားများ လျင်မြန်စွာတက်လာတတ်၏။ လေထဲတွင် ရေခိုး ရေငွေ့များ ပါလာတတ်၏။ လေ၏အရှိန်သည်လည်း ပြင်းထန်သည်ထက် ပြင်းထန်လာလေသည်။

ထိုသို့ ဖိအားနည်းသောနေရာသို့ တိုက်ခတ်လာသောလေသည် ဝင်ရိုးပေါ်၌ ကမ္ဘာလုံးလည်လျက် ရှိနေခြင်းကြောင့် ဖြောင့်မတ်စွာမသွားဘဲ ဝက်အူရစ်သကဲ့သို့ လှည့်ကာ ဝိုင်းရစ်၍ တိုက်ခတ်၏။ ဤနည်းဖြင့် လေပွေများ ဖြစ်ပေါ်လာခြင်းဖြစ်၏။

မိုးသက်လေပြင်းကျရောက်သောအခါ ကောင်းကင်၌ ညိုမည်းနက်မှောင်သော မိုးတိမ်များ တက်လာ၏။ ထိုနောက် မိုးရွာပြီးလျှင် လေသည် ဝိုင်း၍ရစ်၍ တိုက်ခတ်၏။ မိုးသက်လေပြင်းကျရောက်ပြီးသောအခါ လျှပ်ပြက်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်၏။ မိုးသက်လေပြင်းကျရောက်ခြင်းမှာ စွတ်စိုထိုင်းမှိုင်းသော လေသည် အထက်သို့တက်၍ အအေးဓာတ်နှင့်တွေ့ပြီးလျှင် မိုးရေအဖြစ်သို့ ပြောင်းလဲသွားသောကြောင့် ဖြစ်၏။

မိုးသက်မုန်တိုင်း၏ တန်ခိုးအင်အားကို ဤသို့ ခန့်မှန်းကြည့်ရာ၏။ စတုရန်း ၁၀ မိုင်ကျယ်သော မြေပေါ်၌ တလက်မခန့် ကျရောက်နေသော မိုးရေ၏ ထုထည်သည် ၂၃၂,၃၀၀,၀၀၀ ကုဗပေ ရှိ၏။ ထိုရေထုကို ပင်လယ်မှ စုတ်ယူ၍ မိုးရေအဖြစ်သို့ ပြန်ပြောင်းလဲပေးရန် မြင်းကောင်ရေအား ၃၆ သန်းနှင့်ညီမျှသောအား ရှိဖို့လို၏။ ဟာရီကိန်း လေနီကြမ်း၌ မြင်းကောင်ရေအား ကုဋေပေါင်းတသောင်း ပါရှိ၏။ သို့ဖြစ်၍လည်း ထိုလေနီကြမ်း တိုက်ခတ်သောအခါ အဆောက်အအုံများ၊ သစ်ပင်နှင့် ကောက်ပဲသီးနှံများ ကြောက်ဖွယ်လိလိ ပျက်စီးဆုံးရှုံးကြောင်းကို သတင်းစာများ၌ တခါတရံ ကျွန်ုပ်တို့ဖတ်ရပေသည်။

**လေမျိုးရှစ်ဆယ်။** ။လေရောဂါ—ရှု။

# လေဟုန်စီးသည့် ယာဉ်

**ငှက်ကဲ့သို့ လူတယောက် လေထဲ၌ ပျံသန်းနိုင်ရန် ကြံစည် စိတ်ကူးရသည်မှာ အံ့ဩဖွယ် ပုံပြင်တခု ဖြစ်သည်။ ထိုထက် လူအများ စီးနင်း ပျံသန်းနိုင်မည့် ယာဉ်မျိုးကို တီထွင် အောင်မြင်ခဲ့သည်မှာ ပို၍ အံ့ဩဖွယ်ပင် ဖြစ်သည်။**

**လေယာဉ်ပျံ။** ။လေယာဉ်ပျံ ဆောက်လုပ်ရေးကို ရိုက်ညီအစ်ကိုနှစ်ယောက်တို့က စတင်၍ စဉ်းစားခဲ့ကြပြီးလျှင် လေယာဉ်ပျံကို မောင်းနှင်မည့် စက်နှင့် လေယာဉ်ပျံကို မလှူးစေမည့်နည်းများကိုလည်း ရှာဖွေခဲ့ကြသည်။ သူတို့သည် ဂလိုက်ဒါခေါ် စက်မဲ့လေယာဉ်ပျံကို စီးဘူးကြသည့် ဂျာမန်လူမျိုး လီလီယင်သဲအကြောင်းကို ကြားဘူးကြ၏။ အလားတူ စက်မဲ့လေယာဉ်ပျံများကို လေပေါ်တွင် ပျံဝဲ၍ပြသော အမေရိကန်လူမျိုး အော့ဘေ့ရှနူ အကြောင်းကိုလည်း ကြားဘူးကြသည်။

ရိုက်ညီအစ်ကိုနှစ်ယောက်တို့သည် လေယာဉ်ပျံတစင်းကို စက်တပ်ဆင်၍ မောင်းနှင်ခဲ့ဘူးသော ဆယ်မျူယယ်ပီးယားပွန့် လန်းဂလေး အကြောင်းကိုလည်း သိခဲ့ကြသည်။ လန်းဂလေးသည် လေယာဉ်ပျံတွင် ရေနွေးငွေ့နှင့် မောင်းနှင်သော အင်ဂျင်စက်တခုကို တပ်ဆင်၍ လေထဲတွင် ပျံသန်းကြည့်ခဲ့သည်။ ခရစ် ၁၈၉၆ ခုနှစ်တွင် သူ၏ လေယာဉ်ပျံသည် တမိနစ်ခွဲခန့် လေထဲတွင် ပျံဝဲနိုင်ခဲ့ပြီးနောက် ထိုထက် ကောင်းအောင် ကြံစည် ပြုပြင်ခဲ့သော်လည်း အောင်မြင်ခြင်း မရှိခဲ့ပေ။

ရိုက် ညီအစ်ကိုနှစ်ယောက်သည် စက်မဲ့လေယာဉ်ပျံနှင့် လေထဲတွင်ဝဲ၍ ကြည့်ခဲ့ကြရာမှ လေယာဉ်ပျံ ငြိမ်သက်စွာ ဝဲပျံနိုင်ရန်အတွက် မှန်မှန်တိုက်ခတ်နေသော လေကိုတွေ့ရှိရန် အရေးကြီးကြောင်းကို သိခဲ့ကြသည်။ သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



စက်မဲ့လေယာဉ်ပျံဖြင့် ဝဲ၍ ကြည့်ကြရုံနှင့် စိတ်မကျေနပ်ကြသဖြင့် ထိုလေယာဉ်ပျံတွင် စက်တပ်ဆင်ရန် ကြံစည်စိတ်ကူးကြလေသည်။ လေယာဉ်ပျံစက်ကို သူတို့ကိုယ်တိုင်ကြံစည်တီတွင်၍ လေယာဉ်ပျံတွင် တပ်ဆင်ကြသည်။ သူတို့ပြုလုပ်သော တယောက်စီး လေယာဉ်ပျံမှာ စက်တပ်ဆင်လိုက်သောအခါ ပေါင် ၇၀၀ မျှ လေးသည်။ သို့ရာတွင် လေယာဉ်ပျံစက်ကို နှိုး၍ မောင်းနှင် ကြည့်သောအခါ အောင်မြင်သည်ကို တွေ့ကြရလေသည်။

ရိုက်-ညီအစ်ကိုနှစ်ယောက် စက်တပ် လေယာဉ်ပျံကို မောင်းနှင်ခဲ့သည့်အချိန်မှစ၍ လေယာဉ်ပျံတွင်ပါဝင်သော အစိတ်အပိုင်းများကို သူတမျိုးငါတဖုံ တဖြည်းဖြည်း တိုးတက် ပြုပြင်လာခဲ့ကြသည်။ ၁၉၀၇ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပေါ်၌ ပဌမဦးဆုံး စက်တပ်လေယာဉ်ပျံ ပျံသန်းခဲ့သည်။ ၁၉၀၉ ခုနှစ်တွင် လူဝီ ဗလေးရီးယိုးဆိုသူသည် လေယာဉ်ပျံဖြင့် အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကျော်ခဲ့သည်။ (ဗလေးရီးယိုး, လူဝီ—ရှု။) နောက်တနှစ်တွင် ဂလင်း ကားတစ်ဆိုသူက လေယာဉ်ပျံဖြင့် နယူးယော့မြို့မှ အော်လဗာနီမြို့သို့ နှစ်နာရီ ၄၆ မိနစ်နှင့် အရောက် ပျံသန်းနိုင်ခဲ့သည်။ ထိုအခါမှစ၍ သိပ္ပံပညာရှင်တို့သည် သာလွန် ကောင်းမွန်သော လေယာဉ်ပျံများကို ကြံစည်တီထွင် လာခဲ့ကြရာ ယနေ့တိုင်အောင် ကြံစည်ဆဲပင် ဖြစ်ပေသည်။

၁၉၁၄ ခုနှစ်၌ ဖြစ်ပွားလာသော ပဌမကမ္ဘာစစ်ကြီးအတွင်းတွင် လေယာဉ်ပျံများ အသုံးဝင်ပုံကို နိုင်ငံအများက သိ၍ လာကြသည်။ လေယာဉ်ပျံဖြင့် ရန်သူ၏ တိုင်းနိုင်ငံပေါ် သို့ ပျံသန်း၍ လွယ်ကူစွာ ဗုံးကြဲနိုင်၊ ဓာတ်ပုံရိုက်နိုင်ခဲ့ ကြသည်။ သို့ရာတွင် စစ်တိုက်ချိန်တွင်သာ လေယာဉ်ပျံ အမျိုးမျိုးကို နိုင်ငံအသီးအသီးတွင် တီထွင်အသုံးပြုခဲ့ကြသည် မဟုတ်ပေ။ စစ်ပြီးချိန်တွင်လည်း လေယာဉ်ပျံများကို ကူးသန်းသွားလာရေး၊ သယ်ယူပို့ဆောင်ရေးတို့အတွက် အသုံးပြုနိုင်ကြပေသည်။

လေယာဉ်ပျံများ အရေးပါ အရာရောက်ကြောင်း သိလာကြသောအခါ နိုင်ငံကြီးတိုင်းလိုလိုကပင် လေယာဉ်ပျံမောင်းနှင် ပျံသန်းရေးကို အားပေးလာခဲ့ကြသည်။ ကမ္ဘာ့စံချိန်မှီအောင် ပျံသန်းနိုင်သူတို့အား ဆုလာဘ် များစွာပေးကမ်းချီးမြှင့်လေ့ ရှိကြလေသည်။ လန်ဒန်မြို့မှ မိုင်ပေါင်း ၁၁,၅၀၀ ဝေးကွာသော ဩစတြေးလီးယားနိုင်ငံသို့ တိုင်အောင် လေယာဉ်ပျံဖြင့် ပျံသန်းနိုင်သူ ပေါ်လာသည်။ ၁၉၁၉ ခုနှစ်တွင် အမေရိကန် ရေတပ်မှ လက်ဖတင်နင်ကွန်မန်းဒါး (ဗိုလ်မှူး) အေ-စီ-ရိသည် အမေရိကန်မှ ပေါ်တူဂယ်နိုင်ငံသို့ အောင်မြင်စွာ ပျံသန်းခြင်းဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကြီးကို ပဌမဦးစွာ ဖြတ်ကျော်နိုင်ခဲ့သည်။ နောက်တလ မကြာမီပင် ဗြိတိသျှလေသူရဲ ကပ္ပတိန် ဂျွန် အဲလကော့က တဖန် အဖော် တဦးနှင့်အတူ နျူးဖောင်းလန်းကျွန်းမှ အိုင်ယာလန်သို့ ပျံသန်းခြင်းဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကို ဒုတိယအကြိမ် ကျော်ဖြတ်ပြန်သည်။ ထိုနောက် ၁၉၂၇ ခုနှစ်တွင် တဖန် ချားအော်ဂတ်စတာတ်လင်းဗတ် ဆိုသူ အမေရိကန် လေသူရဲ ဆဦးက နယူးယော့မြို့မှ ပါရစ်မြို့တော်သို့ လေယာဉ်ပျံဖြင့် တဦးတည်း ပျံသန်းနိုင်ခဲ့လေသည်။ (လင်းဗတ်,စီ အေ—ရှု။)

နှစ်ဆယ်ရာစုနှစ်သို့ ရောက်လာသောအခါ လေယာဉ်ပျံတို့သည် ကောင်းကင်ပြင်၌ ဘေးဥပဒ်ကင်းစွာနှင့် ပျံသန်းနိုင်လာကြပေပြီ။ ၁၉၁၈ ခုနှစ်တွင် လန်ဒန်နှင့် ပါရစ်မြို့သို့ ခရီးသည်များကို လေယာဉ်ပျံဖြင့် သယ်ယူပို့ဆောင်ပေးသော လုပ်ငန်းကို တည်ထောင်ခဲ့သည်။ ထိုနှစ်၌ပင် အမေရိကန် ပြည်ထောင်စု စာပို့တိုက်ဖက်ဆိုင်ရာ အာဏာပိုင်တို့က ချောစာများကို နယူးယော့မြို့နှင့် ဝါရှင်တန်မြို့များအကြားတွင် လေယာဉ်ပျံဖြင့် သယ်ယူစေခဲ့လေသည်။ ထိုနောက် ၁၉၂၆ ခုနှစ်မှ စ၍ လေယာဉ်ပျံဖြင့် ကုန်စည်နှင့် ခရီးသည် တင်ဆောင်ရေး လုပ်ငန်းကို နိုင်ငံကြီးများရှိ ကုမ္ပဏီများက စတင် ပြုလုပ်လာခဲ့ကြလေသည်။

ကုန်စည်နှင့် လူများကို တင်ဆောင်သော လေယာဉ်ပျံများသည် အစပဌမ၌ စစ်အတွင်းက အသုံးပြုသော စစ်လေယာဉ်ပျံများသာ ဖြစ်ကြသဖြင့် ခရီးသည်တို့သည် ညင်သာစွာနှင့် ခရီးမသွားနိုင်ခဲ့ကြချေ။ လေကြောင်းကုမ္ပဏီများ ပေါ်ပေါက်လာသောအခါတွင်မှ ခရီးသည်တို့အတွက် ညင်သာစေသော ထိုင်ခုံများကို လေယာဉ်ပျံများတွင် တပ်ဆင်လာခဲ့ကြပေသည်။ စက်များကိုလည်း လမ်းခရီးတွင် မပျက်စီးရအောင် တိုးတက် ပြုပြင်လာကြသဖြင့် လေယာဉ်ပျံဖြင့် ခရီးသွားလိုသူ ဦးရေလည်း တစတစ များပြားလာလေသည်။

လေကြောင်းခရီး ပေါ်ပေါက်လာပြီးနောက် မကြာမီပင် အတိုင်းတိုင်းအပြည်ပြည်ရှိ မြို့ပြများတွင် လေယာဉ်ပျံကွင်းများကို ပြုလုပ်ထားကြရလေသည်။ သယ်ဗျူပို့ဆောင်ရေး လေယာဉ်များတွင် အနည်းဆုံး အင်ဂျင်စက်နှစ်လုံးပါရှိရပေသည်။ သို့မှသာ အကယ်၍ လေယာဉ်ပျံ ပျံသန်းနေခိုက် စက်တလုံး ပျက်စီးသွားပါက ကျန်စက်တလုံးဖြင့် နီးရာလေယာဉ်ပျံကွင်းသို့ သက်ဆင်းနိုင်မည် ဖြစ်ပေသည်။ လေယာဉ်ပျံ၏ကိုယ်ထည်ကိုလည်း ကျနကောင်းမွန် သေသပ်စွာ ဆောက်လုပ်ထားရသည့်ပြင် ကျွမ်းကျင်သော လေယာဉ်ပျံ မောင်းသမားများကလည်း လေယာဉ်ပျံဆင်းရာ တက်ရာနှင့် ပျံသန်းရာတွင် ဘေးဥပဒ်နှင့် မကြုံကြိုက်ရန် အထူး သတိပြုကြသဖြင့် လေယာဉ်ခရီးမှာ ယခုအခါ ခရီးသည်များအတွက် အကောင်းဆုံးခရီးဖြစ်သည်ဟုပင် ပြောဆိုနိုင်သလောက် ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုန်းပေါ်တက်နိုင် ဆင်းနိုင်သော လေယာဉ်ပျံများ တည်ဆောက်မှု တိုးတက်လာသည်နှင့် အမျှ ရေထဲ၌ တက်နိုင် ဆင်းနိုင်သော ရေယာဉ်ပျံများ တည်ဆောက်မှုကလည်း တဖက်တွင် တိုးတက်လျက်ရှိပေသည်။ ပဌမကမ္ဘာစစ်မဖြစ်မီကပင် ရေယာဉ်ပျံတည်ဆောက်မှု ဆိုင်ရာ စမ်းသပ်မှုများကို ပြုလုပ်လာခဲ့ကြရာ ပဌမကမ္ဘာစစ်ဖြစ်လာသောအခါ ရေယာဉ်ပျံတည်ဆောက်မှုသည် တဟုန်ထိုး တိုးတက်လာခဲ့ပေသည်။ လှိုင်းထန်သော ပင်လယ်ရေပြင်ပေါ်၌ နာရီပေါင်းများစွာ ရပ်နားနိုင်၍ လေထဲ၌ အချိန် ကြာမြင့်စွာ ပျံဝဲနိုင်သော ရေယာဉ်ပျံများကို တည်ဆောက်နိုင်လာကြသည်။ ဗြိတိသျှနှင့် အမေရိကန်တို့၏ တိုက်ရေယာဉ်ပျံများသည် အမြင့်ကြီးမှ ပျံသန်းလျက် ရေအောက်၌ ငုပ်လျှိုးနေသော ဂျာမန်ရေငုပ်သင်္ဘောများကို အကြိမ်ပေါင်း များစွာ ရှာဖွေတွေ့ရှိ သတင်းပို့နိုင်ခဲ့ကြပေသည်။

ပဌမကမ္ဘာစစ် ပြီးသွားသောအခါ ကမ္ဘာ့လေကြောင်းကုမ္ပဏီအချို့က ခရီးသည် တင်ဆောင်ရေး အတွက် ရေယာဉ်ပျံများကို အသုံးပြုလာကြသည်။ ၁၉၃၀ ပြည့်နှစ်တခို၌ ကမ္ဘာပေါ်ရှိ အကြီးဆုံးနှင့်အမြန်ဆုံး လေယာဉ်များမှာ ရေယာဉ်ပျံများပင် ဖြစ်လေသည်။

သို့သော် ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာချိန်မှ စ၍ ကုန်းတွင်းလေယာဉ်စခန်းများနှင့် လေယာဉ်တင်သင်္ဘောများ တည်ဆောက်လာနိုင်ခြင်းတို့ကြောင့် ရေယာဉ်ပျံများကို တစတစ အသုံးနည်းလာကြပြီးလျှင် လေယာဉ်ပျံများကို လေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် ပိုမိုတွင်ကျယ်စွာ အသုံးများလာကြပေသည်။

၁၉၃၆ ခုနှစ်မှ စ၍ လေကြောင်း သယ်ယူပို့ဆောင်ရေးတွင် အသုံးပြုသော လေယာဉ်ပျံများမှာ များသောအားဖြင့် ဒေါက်ဂလတ်ဒီစီ–၃ အမျိုးအစားများ ဖြစ်ကြသည်။ ထိုလေယာဉ်ပျံများသည် ၁၂ တန် အလေးချိန် ရှိ၍ ခရီးသည် ၂၁ ယောက်နှင့် လေယာဉ်ပျံကြီးကြပ်သူ သုံးဦးကို တင်ဆောင်နိုင်ခဲ့သည်။ ညဥ့်အိပ်ခရီးသွားသည့် လေယာဉ်ပျံများတွင် ခရီးသည် ၁၄ ဦး အိပ်လိုက်နိုင်သောနေရာပါရှိသည်။ မြင်းကောင်ရေ ၁,၁၀၀ အားရှိသော အင်ဂျင်စက်နှစ်လုံး တပ်ဆင်ထားသဖြင့် လေယာဉ်ပျံသည် တနာရီလျှင် မိုင် ၁၉၀ နှုန်းခန့်နှင့် ပျံသန်းနိုင်လေသည်။

၁၉၄၀ ပြည့်နှစ်တွင် လေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် စထရေတို လိုင်းနား ခေါ် လေယာဉ်ပျံတမျိုး ပေါ်ပေါက်လာသည်။ မြင်းကောင်ရေ ၁,၁၀၀ အား ရှိသော အင်ဂျင်စက် လေးလုံး တပ်ဆင်ထား၍ ခရီးသည် ၃၈ ယောက်ကို အမြင့်ပေပေါင်း ၂၀,၀၀၀ မှ တနာရီလျှင် မိုင် ၂၂၀ နှုန်းဖြင့် ပျံသန်း တင်ဆောင်နိုင်သည်။ ထိုလေယာဉ်ပျံတွင် ခရီးသည်များအတွက် အောက်ဆီဂျင်ဓာတ်ငွေ့များလည်း ယူဆောင် ပါရှိလေသည်။

ထိုနောက်တွင်မူ လော့ဟိ–ကွန်စတယ်လေးရှင်း ကဲ့သို့သော ခရီးသည် ၆၄ ယောက်ကို တင်ဆောင်နိုင်သည့်လေယာဉ်ပျံမျိုး ပေါ်ပေါက်လာခဲ့လေသည်။ ထိုလေယာဉ်ပျံများသည် အမြင့် ပေပေါင်း ၂၀,၀၀၀ မှ တနာရီလျှင်မိုင် ၃၀၀ နှုန်းဖြင့် မိုင်ပေါင်း ၃,၀၀၀ ကို မရပ်မနား ပျံသန်းနိုင်သည်။ ထိုလေယာဉ်ပျံမျိုးသည် လေမိုးပြင်းထန်သည့်တိုင်အောင် ခံနိုင်ရည် ရှိသည်။

လေယာဉ်ပျံ ပျံသန်းရေးအတွက် မိုးလေဝသ အခြေအနေသည် အလွန် အရေးကြီးသည့်အတိုင်း နိုင်ငံတိုင်းတွင် ရှိသော မိုးလေဝသဌာနများမှာ အလွန်ပင် အားကိုးရလေသည်။ ထိုဌာနများမှ ဝိုင်ယာလက်ဖြင့် လေယာဉ်ပျံများသို့ သက်ဆိုင်ရာ နိုင်ငံများ၏ မိုးလေဝသ အခြေအနေကို ပေးပို့ကြရသည်။ လေယာဉ်ပျံကွင်းတိုင်းတွင်လည်း လေကြောင်း တိုင်းတာသော ဌာနများကို ဖွင့်လှစ်ထားကြရလေသည်။

## လေယာဉ်ပျံ ပျံဝဲခြင်း

လေယာဉ်ပျံလေထဲတွင် ပျံဝဲနိုင်ခြင်းမှာ တောင်ပံများကို လေ၏ဖိအားက တွန်းကန်ထားခြင်းကြောင့် ဖြစ်သည် ဟု ဆိုရုံနှင့် ကျေနပ်လောက်သော အဖြေ ဟု မဆိုနိုင်ပေ။ လေယာဉ်ပျံတွင် ပန်ကာ၊ ပန်ကာကို လည်စေသော စက်နှင့် အတောင်လောက်သာ ပါလျှင် လေယာဉ်ပျံသည် ကြိုးပြတ်သွားသော စွန်ကဲ့သို့ ယိမ်းထိုးနေပေလိမ့်မည်။ ထိုအတွက် လေယာဉ်ပျံကို ငြိမ်သက်အောင် ထိန်းပေးနိုင်ရန် အခြားကရိယာများကို တပ်ဆင်ပေးရန် လိုပေသည်။ ထို့ပြင် လေယာဉ်ပျံသည် လှေသင်္ဘောကဲ့သို့ ဗယ် ညာ လောက်ကိုသာ ကွေ့ရသည်မဟုတ်၊အပေါ်နှင့် အောက်သို့လည်း လိုသလို တက်နိုင် ဆင်းနိုင်ရန် လိုသဖြင့် အတက်အဆင်းကို ထိန်းပေးသည့် ပဲ့တမျိုးရှိရန်လည်း လိုအပ်ပေသေးသည်။

အင်ဂျင်စက်နှင့် လေယာဉ်ပျံ မောင်းသမားများ ရှိသော အခန်းကို ငုံထားသည့် လေယာဉ်ပျံ ကိုယ်ထည်ကို အမြီးတိုင်အောင် ရှည်ထွက်စေ၍ အမြီးရှိ တောင်ပံကလေးတွင် အထက်အောက်လှုပ်ရှားနိုင်သော အလှဲလိုက်ပဲ့တက်မနှစ်ခု တပ်ဆင်ထားသည်။ ထိုပဲ့ကို အယ်လီဗေတာ (လေယာဉ်ပျံ အတက်အဆင်းပဲ့)ဟု ခေါ်သည်။

လေယာဉ် မောင်းသမားသည် လေယာဉ်ပျံကိုအပေါ်ဖက်သို့ ပျံတက်စေလိုသောအခါ လေယာဉ်ပျံ အတက်အဆင်း ပဲ့ကို ထိန်းထားသည့် မောင်းတံကို နောက်သို့ဆွဲလိုက်ရသည်။ ထိုကဲ့သို့ ဆွဲလိုက်သောအခါ ပဲ့သည်အပေါ်ဖက်သို့ ထောင်တက်လာ၍ လေက ထိုပဲ့၏ မျက်နှာပြင်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖိနှိပ်သဖြင့် လေယာဉ်ပျံ၏ အမြီးသည် အောက်သို့ စိုက်သွားကာ လေယာဉ်ပျံ ရှေ့ပိုင်းသည် အပေါ်ဖက်သို့ ထောင်၍ တက်သွားလေသည်။ လေယာဉ်ပျံကို အောက်ဖက်သို့ ဆင်းစေလိုသောအခါ အဆင်းပွဲထိန်းမောင်းတံကို ရှေ့သို့ တွန်းလိုက်ရသည်။ ထိုအခါ ပွဲသည် အောက်ဖက်သို့စိုက်ကျလာသဖြင့် အမြီးပိုင်းသည် အပေါ်သို့ ထောင်တက်ကာ လေယာဉ်ပျံ၏ ဦးပိုင်းက အောက်ဖက်သို့ စိုက်ဆင်းသွားလေသည်။

လေယာဉ်ပျံ ပျံသန်းနေစဉ် လေယာဉ်ပျံ မလူးအောင်လည်း စီမံပေးရသည်။ ထိုအတွက် လေယာဉ်ပျံ အမြီးပေါ်တွင် ဆူးတောင်တခုကို ထောင်လိုက် တပ်ဆင်ထားရသည်။ ဆူးတောင်က လေယာဉ်ပျံကို ဗယ် ညာ မလူးအောင် ထိန်းပေး၍ ဆူးတောင်အောက်တွင် ရှိသော အမြီးတောင်ပံက လေယာဉ်ပျံကို ထက်အောက် မတိမ်းအောင် ထိန်းပေးလေသည်။ ဆူးတောင်၏ နောက်ဖက်တွင် လေယာဉ်ပျံကို ဗယ် ညာ ပွဲကိုင်ပေးသော တက်မ တပ်ဆင်ထားသည်။ လေယာဉ်ပျံမောင်းသမားသည် ထိုပွဲကို ဗယ်ညာ လှည့်လိုသောအခါ ပွဲထိန်း ခလုတ်များကို ခြေနှင့်နင်းပေးရသည်။

လေယာဉ်ပျံကို ဗယ်ညာကွေ့လိုသောအခါ ပွဲကိုလှည့်ပေးရုံနှင့် မပြီးသေးချေ။ မီးရထားလမ်းကွေ့များကို ကြည့်လျှင် မီးရထား အပြင်ဖက်သို့ ကားထွက်ပြီး တိမ်းမှောက်မသွားရအောင် အပြင်ဖက် သံလမ်းကို အတွင်းဖက် သံလမ်းထက် မြင့်အောင် ပြုလုပ်ထားသည်ကို သတိထားမိကြပေမည်။ မီးရထားသည် အတွင်းဖက်သို့ အနည်းငယ်ယိုင်ပေးခြင်းဖြင့် အပြင်ဖက်သို့ ကန်ထွက်သော အားကို တွန်းလှန်နိုင်သည်။ ထိုနည်းတူစွာ လေယာဉ်ပျံသည်လည်း ကွေ့ရာ၌ အပြင်ဖက်သို့ တွန်းကန်သောအားကို တွန်းလှန်ရပေသည်။ ထိုကဲ့သို့ လုပ်ရန် လေယာဉ်ပျံ၏ တောင်ပံတွင် အေလီရွန်တက်မ (အကွေ့ထိန်းများ) တပ်ဆင်ထားရသည်။ လေယာဉ်ပျံသည် ဗယ်ဖက်သို့ ကွေ့လိုသောအခါ ဗယ်တောင်ပံတွင်ရှိသော တက်မကို အပေါ်သို့ ထောင်ပေး၍ ညာတောင်ပံရှိ တက်မကို အောက်စိုက် ပေးရလေသည်။

လေယာဉ်ပျံတွင် တပ်ဆင်ထားသော တက်ကိုမီတာခေါ် ကရိယာက အင်ဂျင်စက် မည်သို့ ခုတ်မောင်းနေပုံ အခြေအနေကို ပြ၍ အင်ဂျင်စက်တွင် တပ်ဆင်ထားသော အပူချိန်တိုင်း ပြဒါးတိုင်က အင်ဂျင်စက်၏ အပူချိန်ကိုပြသည်။ ဖိအားတိုင်း ကရိယာက ပါရှိသော ဓာတ်ဆီ၏ ဖိအားဖြင့် လေယာဉ်ပျံ ဆက်လက် ပျံသန်းနိုင် မနိုင်ကို ဖော်ပြပြီးလျှင် ဓာတ်ဆီတိုင်းကရိယာက လေယာဉ်ပျံတွင် ဓာတ်ဆီမည်မျှရှိကြောင်းကို ဖော်ပြသည်။ လေယာဉ်ပျံ၏ အသွားနှုန်းကို အသွားနှုန်းတိုင်း ကရိယာက ဖော်ပြသည်။ အော်လတီမီတာခေါ် အမြင့်တိုင်း ကရိယာက ရေမျက်နှာပြင်မှ လေယာဉ်ပျံ၏ အမြင့်ကို ပေဖြင့် ဖော်ပြသည်။ မည်သို့ ပျံသန်းနေပုံ အခြေအနေကို ပြသည့် အခြားကရိယာများလည်း ရှိသေးသည်။

## လေယာဉ်ပျံကို အမြဲပြင်ဆင်၍ ထားခြင်း

လေယာဉ်ပျံသည် လေယာဉ်ပျံကွင်းတကွင်းသို့ ဆင်းသက်လျှင် ထိုကွင်းတွင်ရှိသော စက်ဆရာတို့က လေယာဉ်ပျံကို ကြည့်ရှုစစ်ဆေး၍ အနည်းငယ်မျှသော ချွတ်ယွင်းချက်များကိုပင် ပြင်ဆင်ကြရလေသည်။ လေယာဉ်ပျံများသည် နာရီပေါင်း ၃၀၀ ခန့် ပျံသန်းပြီးတိုင်း စက်ဆရာတို့က လေယာဉ်ပျံ၏ အစိတ်အပိုင်းများကို စစ်ဆေး၍ ချွတ်ယွင်းချက် ဟူသမျှကို ပြင်ဆင်ကြရသည်။ စက်ပြင်ဆရာတို့သည် လေယာဉ်ပျံ၏ စက်များ တောင်ပံများကို ဖယ်၍ ကိုယ်ထည်ကို ဖြုတ်ပြီးလျှင် ပိုက်စိပ်တိုက်ကာ ချွတ်ယွင်းချက်များကို ရှာဖွေပြီး ပြင်ဆင်ကြရလေသည်။

လေယာဉ်ပျံမောင်းသမားသည် လေကြောင်းအတတ်သင် တက္ကသိုလ်၌ ပညာသင်ကြားရပြီးနောက် ပြည်သူ့လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ ထုတ်ပေးသည့် လိုင်စင် လက်မှတ်ကို ရရှိပြီးမှသာ လေယာဉ်ပျံကို မောင်းခွင့်ရနိုင်လေသည်။

## အနာဂတ် လေယာဉ်ပျံများ

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်း၌ ဖုံးကြဲလေယာဉ်ပျံအချို့သည် အလွန်မြင့်စွာပျံသန်းလျက် လေထု၏အထက်ပိုင်းတွင်ရှိသော စထရေတိုစဖီးယားခေါ် အထက်ပိုင်းလေထပ်အကြောင်းကို လေ့လာနိုင်ခဲ့ကြလေသည်။ လေယာဉ်ပျံ ပေါ်စအခါက အောက်ပိုင်း လေထပ် အကြောင်းကိုသာလျှင် သိနိုင်ခဲ့ကြသည်။ စထရေတိုစဖီးယား အထပ်၏ သဘောကို သိခြင်းဖြင့် လေယာဉ်တမျိုး ဖြစ်ပေါ်လာစေရန် ကြံစည်နိုင်ကြလိမ့်မည် ဟုတွေးထင်နိုင်ပေသည်။ လေယာဉ်ပျံများကိုလည်း အဖိုးနှုန်းချိုသာသော ပစ္စည်းများဖြင့် ဆောက်လုပ်နိုင်ရန် ကြံစည်ကြလိမ့်မည် ဟုယူဆရရာ၊ နောင်သော် လေယာဉ်ပျံ၏ တန်ဖိုးသည် မော်တော်ကား တန်ဖိုးလောက်သာ ဖြစ်ကောင်း ဖြစ်လာနိုင်စရာ အကြောင်းရှိပေသည်။


ယခုခေတ်တွင် ကြီးမားသော လေယာဉ်ပျံကြီးများကို ဆောက်လုပ်နိုင်ပြီဖြစ်၍ လေယာဉ်ပျံ၏ အသွားနှုန်းကိုလည်း တဆင့်ပြီးတဆင့် မြှင့်တင်နိုင်ခဲ့ကြပြီ။ သိပ္ပံပညာရှင်များသည် လေယာဉ်ခရီးနှင့်စပ်လျဉ်း၍ အစဉ်အမြဲစိတ်ကူးဥာဏ်ကူး ထုတ်နေကြသဖြင့် နောင်ကာလတွင် ယခုအခါ၌ မမြင်မတွေ့ကြရသေးသော လေယာဉ်များ ပေါ်ပေါက်လာစရာ အကြောင်းရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com





လေကြောင်းကုန်သွယ်မှုလုပ်ငန်းတိုးတက်လာသည်နှင့်အမျှကုန်စည်သက်သက်တင်ဆောင်သောကုန်တင်လေယာဉ်ကြီးများပြုလုပ်လာခဲ့ကြသည်။

ဒုတိယ ကမ္ဘာစစ်အတွင်းနှင့် စစ်ပြီးကာလတွင် တိုးတက်လာသော တီထွင်ချက်များအနက်၊ ဂျက်၊ ဟယ်လီကော့ပတာနှင့် မောင်းသူမပါဘဲ ပျံသန်းနိုင်စေသော ရေဒီယိုထိန်း လေယာဉ်ပျံများသည် အလွန် ထူးခြားသော တိုးတက်မှုများပင် ဖြစ်သည်။ အထူးသဖြင့် ဂျက်လေယာဉ်ပျံမှာ လေကြောင်းသမိုင်းကို တမျိုးတဖုံ တိုးတက်ပြောင်းလဲနိုင်စေမည့် အလားအလာရှိပေသည်။

ဂျက်လေယာဉ်ပျံကို ဒုတိယ ကမ္ဘာစစ်ကြီး ပြီးချိန်နီးကာလမှစ၍ အောင်မြင်စွာ စတင်တီထွင်ခဲ့ခြင်းဖြစ်သည်။ စစ်အတွင်းတွင် ခရီးဝေးကို အမြန် ပျံသန်းနိုင်သော လေယာဉ်ပျံမျိုး ဖြစ်မြောက်ရေးအတွက် ကြံစည်ခဲ့ရာမှ ဂျက်လေယာဉ်ပျံကို တီထွင်နိုင်ခဲ့ခြင်းဖြစ်သည်။ အလွန်မြန်လှသည် ဟုဆိုရသော စစ်လေယာဉ်ပျံတို့၏ အသွားနှုန်းမှာ တနာရီလျှင်မိုင် ၃၀၀ နှင့် ၄၀၀ အကြားတွင်သာ ရှိသည်။ ဂျက်လေယာဉ်ပျံမှာမူ ထိုထက်ပင် လျင်မြန်သေးသည့်အတွက် ကမ္ဘာတွင် အမြန်ဆုံးအမျိုးဖြစ်တော့သည်။

ဂျက်လေယာဉ်ပျံ၏ ထူးခြားချက်မှာ လက်ရှိအသုံးပြုနေကြသော ပန်ကာနှင့် အတွင်းမီး အင်ဂျင်စက်များမပါခြင်း ဖြစ်၏။ ထိုသို့ မပါခြင်းကြောင့်ပင် လေယာဉ်ပျံသမိုင်းကို ပြောင်းလဲစေမည့် တီထွင်ချက်ဟု ယူဆရခြင်းဖြစ်ပေသည်။ ဂျက်လေယာဉ်ပျံတွင် အသုံးပြုသောစက်ကို ဂျက်စက်ဟူ၍၎င်း၊ နောက်ပြန်ကန်စက် ဟူ၍၎င်း ခေါ်စမှတ်ပြုကြသည်။ ဂျက်လေယာဉ်ပျံစက်၏ ပြုမှုပုံသဘောကို ဤသို့သိနိုင်ပေသည်။ လေမှုတ်သွင်းထားသောပူဖောင်း၏ ခေါင်းကို လက်မ၊ လက်ညှိုးတို့ဖြင့် ပိတ်ထားပြီးနောက် ရုတ်တရက် လွှတ်လိုက်ပါက ပူဖောင်းသည် လေထွက်သည့်ဖက်မှ ဆန့်ကျင်ဖက်ဖြစ်သောအခြားဖက်သို့ လွင့်တက်သွားသည်ကို တွေ့ရမည်။ အကယ်၍ ပူဖောင်းအတွင်းသို့ဖိအားဖြင့် လေကို မပြတ်သွင်းပေးနိုင်မည်ဆိုပါက ပူဖောင်းသည် ရှေ့သို့ ဆက်၍သွားပေမည်။ ထိုသဘောပေါ်တွင် အခြေပြု၍ ဂျက်လေယာဉ်ပျံကို တီထွင် ပြုလုပ်ထားခြင်းဖြစ်လေသည်။


ဂျက်စက်တွင် ရှေ့မှ လေကိုစုတ်သွင်းသော အပေါက်ရှိသည်။ ဝင်လာသောလေကို စက်အတွင်းရှေ့ပိုင်းရှိ ပန်ကာဖြင့် အတွင်းဖက်တွင်ရှိသော ပြွန်များအထဲသို့ ဖိသွင်းပေးသည်။ ထိုပြွန်များထဲသို့ အပေါက်ငယ် ကလေးများမှ



www.burmeseclassic.com

www.burmeseclassic.com






ဂျက်လေယာဉ်ပျံကို ဒုတိယကမ္ဘာစစ်ကြီး ပြီးချိန်နီးကာလမှစ၍ အောင်မြင်စွာ စတင်တီထွင်ခဲ့သည်။ ထိုစဉ်ကာလက စစ်သုံးယာဉ်ဖြစ်ခဲ့သော်လည်း ယခုအခါမှာမူ ခရီးသည်တင် လေယာဉ်အဖြစ် အသုံးပြုလျက် ရှိချေပြီ။


လောင်စာ (ရေနံဆီ)ကို ပန်းသွင်းပေးထား၍ မီးခတ်ပလပ်ဖြင့် မီးရှို့ပေးသည်။ မီးလောင်မှုကို အားပေးသည့် အောက်ဆီဂျင်ကို စက်ရှေ့မှ ဝင်လာသော လေမှရသည်။ မီးလောင်ရာမှ ဖြစ်ပေါ်လာသည့် ဓာတ်ငွေ့ပူများသည် စက်နောက်ဖက်ရှိ အပေါက်မှထွက်သွားသည်။ ဤသို့ထွက်သွားစဉ် နောက်ပိုင်း၌တပ်ထားသော ရဟတ်ကို လည်စေသည်။ ဤရဟတ်နှင့် စက်ရှေ့ပိုင်းရှိ ပန်ကာတို့ကို ဝင်ရိုးတချောင်းတည်းဖြင့် ဆက်ထားသည်။ ထို့ကြောင့် နောက်ပိုင်းရှိရဟတ် လည်သည့်အတိုင်း ရှေ့ပိုင်းရှိပန်ကာက လိုက်ပြီးလည်ရသည်။ စက်အတွင်းမီးလောင်ရာမှ ဖြစ်ပေါ်လာသည့် ဓာတ်ငွေ့ပူတို့သည် အဖက်ဖက်ကို ကန်လျက်ရှိရာ၊ အခြားထွက်ပေါက် မရှိသည့်အတွက် နောက်ဖက်အပေါက်တခုတည်းမှ ကန်ပြီးထွက်သွားသည်။ ဤသို့ကန်ပြီးထွက်သွားမှုသည်ပင် ဂျက်စက်ကိုရင်း၊ ဂျက်စက်တပ်ဆင်ထားသော လေယာဉ်ပျံကိုရင်း ရှေ့သို့သွားအောင် တွန်းပေးခြင်းဖြစ်ပေသည်။

ဂျက်လေယာဉ်ပျံများမှာ အလွန်လျင်မြန်ရာ အသံ၏အသွားနှုန်းထက် မြန်သည်အထိ စမ်းသပ်အောင်မြင်ခဲ့ပြီ ဟု ဆိုလေသည်။ (အသံ၏အသွားနှုန်းမှာ တနာရီလျှင် ၇၆၃ မိုင်မျှ ဖြစ်သည်။) ဂျက်လေယာဉ်ပျံ၏ အသွားနှုန်းသည် တနေ့ထက်တနေ့ တိုးလာဖွယ်ရာရှိသေးသည်။ သို့ရာတွင် တနာရီလျှင် မိုင် ၁,၅၀၀ လောက်အထိ ပေါက်အောင် လျင်မြန်လွန်းမည်ဆိုပါက လေယာဉ်ပျံကိုယ်ထည်နှင့် လေတို့၏ ပွတ်တိုက်မှုကြောင့် ဖြစ်ပေါ်လာမည့် အပူချိန်သည် လေယာဉ်ပျံနှင့် လိုက်ပါသူများအား အရှင်လတ်လတ် မီးကင်သတ်လောက်အောင် ပြင်းထန်လိမ့်မည်ဟု တွက်ချက်ရပေသည်။

ဂျက်လေယာဉ်ပျံနှင့် ဆင်တူသော အခြား လေယာဉ်တမျိုးမှာ ဒုံးစက်တပ်ထားသည့် ဒုံးပျံဖြစ်သည်။ ဂျက်စက်နှင့် ဒုံးစက်တို့၏ ခြားနားချက်မှာ ဂျက်စက်တွင် အောက်ဆီဂျင်ကို လေထုမှရယူ၍ ဒုံးစက်တွင်မူ အောက်ဆီဂျင်ဗူးကို တပါတည်းတပ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဒုံးစက်သည် အောက်ဆီဂျင်ရရေးအတွက် လေထုကို အားကိုးရန်မလိုသည့်အတိုင်း လေထုအထက်ဖက် အလွန်မြင့်

www.burmeseclassic.com





အချက်ပြဆက်သွယ်ရေးလုပ်ငန်း ပိုမိုလျှင်မြန်ရန်အလို့ငှာ ခေတ်မီ ဂျက်လေယာဉ်ပျံများတွင် ရေဒါများ တပ်ဆင်ထားလျက်ရှိသည်။

များသောခရီး၌ပင် ဒုံးပျံများ ပျံသန်းနိုင်စရာ အကြောင်းရှိသည်။ အသွားနှုန်းမှာလည်း ဂျက်စက်ထက် အဆပေါင်းများစွာပို၍ လျှင်မြန်နိုင်စရာရှိသည်။ သို့ရာတွင် သာမန်ကိစ္စများအတွက် ထိုမျှမြင့်အောင် ပျံသန်းဖို့ မလိုရကား အောက်ဆီဂျင်ကို သယ်ဆောင်ရသည့် အတွက် အလေးချိန်လည်းစီး၊ စရိတ်လည်း ပိုကုန်သော ဒုံးပျံထက် ဂျက်လေယာဉ်ပျံက ပို၍အကျိုးများပေသည်။

၁၉၁၉ ခုနှစ်တွင် စပိန်နိုင်ငံ၌ စတင် ကြံစည်ခဲ့ရာမှ တဖြည်းဖြည်း တိုးတက်လာသော အခြား လေယာဉ်ပျံတမျိုးမှာ ဂျိုင်ရိုပလိန်း၊ သို့မဟုတ် ဟယ်လီကော့ပတားဟုခေါ်သော လေယာဉ်ပျံမျိုး ဖြစ်သည်။ ဟယ်လီကော့ပတားသည် အခြားလေယာဉ်ပျံတို့ကဲ့သို့ လျှင်မြန်စွာ ပျံသန်းနိုင်ခြင်းမရှိပေ။ သို့ရာတွင် လေထဲ၌ ရပ်တန့်နေနိုင်ခြင်း၊ အထက်အောက် တည့်တည့်မတ်မတ် တက်နိုင်ဆင်းနိုင်ခြင်း၊ သီးသန့်လေယာဉ်ပျံကွင်းဟူ၍ နေရာကျယ်ဝန်းစွာ မလိုခြင်း စသည့်အချက်များတွင် အခြားလေယာဉ်ပျံမျိုးတို့ထက် သာလွန်ထူးခြားသည်။ ထိုလေယာဉ်ပျံမျိုးကို ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက လူပျောက်ရှာဖွေခြင်း၊ စာပို့ခြင်း၊ ဆက်သားများပို့ခြင်း၊ စစ်သင်္ဘောများပေါ်တွင် ရပ်နား၍ ဆွေးနွေးမှုများပြုခြင်း၊ ကင်းထောက်ရန် ဆင်းသက်ခြင်း စသည့်ကိစ္စများအတွက် အသုံးပြုခဲ့သည်။

ဟယ်လီကော့ပတား လေယာဉ်ပျံတွင် တောင်ပံများမပါဘဲ တောင်ပံများအစား လေယာဉ်ပျံ ကိုယ်ထည်၏ အထက်ဖက်တွင် ကြီးမားသော ပန်ကာကြီးတခု တပ်ဆင်ထား၏။ ရှေ့ကိုသွားလိုသော် လေယာဉ်ပျံဦးတွင် တပ်ထားသော ပန်ကာဖြင့် သွား၍၊ ခေတ်မီဟယ်လီကော့ပတားများတွင် ဤရှေ့သွားပန်ကာပင် မရှိတော့ပေ။ နောင်သော် အလွန်စည်ကားသော မြို့ကြီး ပြကြီးများရှိ အလုပ်တိုက်ခေါင်မိုးပေါ်၌ ဟယ်လီကော့ပတားဖြင့် ဆင်းသက်ခြင်း၊ ပျံတက်ခြင်းများကို ပြုလုပ်နိုင်ခြင်းဖြင့် လူတို့၏ သွားလာလုပ်ကိုင်ရေးအတွက် များစွာ အထောက်အပံ့ဖြစ်နိုင်စရာ အကြောင်းရှိပေသည်။

အီလက်ထရွန်နစ်သိပ္ပံပညာ တိုးတက်လာချိန်မှ အစပြု၍ တီထွင်ချက်အမျိုးမျိုး ပေါ်ပေါက်ခဲ့သည့်အနက်၊ ဒုတိယကမ္ဘာစစ်အတွင်းက စမ်းသပ် အသုံးပြုခဲ့သော ရေဒီယိုထိန်း လေယာဉ်ပျံမျိုးမှာ အံ့သြလောက်သော ထူးခြား

www.burmeseclassic.com



ချက်ပင်ဖြစ်သည်။ရေဒီယိုထိန်း လေယာဉ်ပျံသည် မောင်းသူမပါဘဲ ပျံသန်းခြင်း၊ ဂျွမ်းထိုးခြင်း၊ ဆင်းသက်ခြင်းများကို ပြုလုပ်နိုင်သည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် လေယာဉ်ပျံကို မြေပြင်မှနေ၍ ရေဒီယိုစက်ဖြင့် ထိန်း၍ပေးရသည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက ဂျာမန်တို့ကစတင်၍တိုက်လေယာဉ်ပျံများအဖြစ် အသုံးပြုခဲ့ကြသည်။ သို့ရာတွင် ထိရောက်ခြင်းမရှိလှချေ။ ထိုအပြင် ဂလိုက်ဒါယာဉ်ခေါ် စက်မဲ့ လေယာဉ်များ (ဂလိုက်ဒါယာဉ် — ရှု။)၊ ဝန်တင် လေယာဉ်ပျံများ၊ ကိုယ်လုံးမပါသော တောင်ပံလေယာဉ်ပျံများကိုလည်း ဒုတိယ ကမ္ဘာစစ်အတွင်းက အောင်မြင်စွာတီထွင် အသုံးပြုနိုင်ခဲ့လေရာ၊ အနာဂတ်ကာလတွင် မည်မျှဆန်းပြားတိုးတက်ဦးမည်ကို ယခုအခါ မခန့်မှန်းနိုင်အောင်ပင်ဖြစ်လေသည်။

**လေယာဉ်လျှော။** ။ဂလိုက်ဒါယာဉ် — ရှု။

**လေရဟတ်စက်။** ။လေရဟတ်စက်များသည် လောကသဘာဝ၏ အင်အားကို လူတို့အသုံးချရာတွင် စရိတ်အကျဉ်းဆုံး စက်များ ဖြစ်လေသည်။ သဘာဝအတိုင်း တိုက်ခတ်လျက်ရှိသော လေသည် လူတို့အဖို့ များစွာအဖိုးထန်သော အင်အားဖြစ်စေကြောင်းကို သမုဒ္ဒရာပင်လယ်တို့၌ ရွက်သင်္ဘောများလွှင့်ခဲ့ကြသော ဖီနီရှန်တို့၏ လက်ထက်မှစ၍ သိရှိခဲ့ကြ၏။ လေရဟတ်စက်များကို မည်သည့်ခေတ်က မည်သူတီထွင်ခဲ့သည်ကို ကျွန်ုပ်တို့မသိကြရသော်လည်း ရောမတို့ခေတ်က လောကသဘာဝ၏ အင်အားများကို သုံးသော ကောက်စေ့ကြိတ် ရေရဟတ်စက်များ ရှိခဲ့ခြင်းကို ထောက်သော် လေရဟတ်စက်များသည်လည်း ထိုအချိန်ကပင် ရှိခဲ့သည်ဟု ယူသော် ရသင့်လေသည်။

ရောမတို့၏ နောက်ဖြစ်သော ခေတ်တွင် လေရဟတ်စက်များကို ဟော်လန်နိုင်ငံမှ အများအပြား စတင်သုံးစွဲခဲ့ကြသည်။ ဟော်လန်နိုင်ငံသည် မြေပြင်ပြန့်ရုံမက ပင်လယ်လေကို တိုက်ရိုက်ရရှိသဖြင့် လေရဟတ်စက်များဖြင့် လုပ်ငန်းတွင်ကျယ်နိုင်ပေသည်။ မြေပြန့်အရပ်များ၌ လေသည် တနှစ်လျှင် ကိုးလခန့် ပင်လယ်ပြင်ထက် ပေ ၁၀၀ အမြင့်တွင် တနာရီလျှင် ၁၀ မိနစ်နှုန်းဖြင့် တိုက်ခတ်သည်။ ထိုမျှ အင်အားရှိသော လေကို အသုံးပြုရန် လူတို့သည် ရဟတ်ကြီးများ ပြုလုပ်ကြရသည်။ ထိုရဟတ်ကြီးများ၏ အရွက်များမှာ သစ်သားဘောင်ကြီးများတွင် ရွက်ဖျင်အုပ်ထားသော အပြားများဖြစ်၍ အရွက်လေးချပ်ကို ဝင်ရိုးတံ တခု၌ဆုံ၍ တပ်ထား၏။ မျှော်စင်သဖွယ် အတော်အတန်မြင့်သော အဆောက်အအုံ အထက်ပိုင်း၌ ထိုဝင်ရိုးကို တပ်ဆင်သည်။ ဝင်ရိုး၏ အတွင်းပိုင်းတနေရာ၌ ခွေးသွားစိတ် ဘီးကြီးတပ်ကာ ထိုခွေးသွားစိတ်များနှင့် အံချ၍ အခြားခွေးသွားစိတ်ဘီးကြီးတခုကို ထောင်လျက် တပ်ဆင်သော ဝင်ရိုးတခုရှိရ၏။ ထိုဒုတိယ ခွေးသွားစိတ်ဘီး ဝင်ရိုးအောက်ပိုင်း၌ ကျောက်ပြားဝိုင်း စသည့် ကြိတ်ရန် ကရိယာများကို တပ်ဆင်သည်။ ရဟတ်များကို လေလာရာဖက်သို့ လှည့်ပေးနိုင်ရန် စက်ရုံအဆောက်အဦကို လက်ကိုင်တံဖြင့် လှည့်၍ရအောင် ဆုံလည် ပြုလုပ်ထားရသည်။ လေလာရာသို့ မျက်နှာမမူမိသောအခါ ရဟတ်အရွက်များကို လေတိုး၍ လည်သောကြောင့် ယင်း၏ဝင်ရိုး လည်လေရာ ဝင်ရိုးနှင့်ဆက်လျက်ရှိသော ခွေးသွားစိတ်ဘီး၊ ကြိတ်ကျောက် စသည်တို့လည်း လည်လေသည်။ ဤကား ရှေးလေရဟတ်စက်များ၏ အခြေခံသဘောပင်တည်း။

တခေတ်ထက် တခေတ် တိုးတက်ကောင်းမွန်အောင် ပြုပြင်လာကြသော လေရဟတ်စက်များတွင် ရဟတ်ကိုလေလာရာသို့ လှည့်ပေးသော ဆုံလည်ကို အဆောက်အအုံ၏ အပေါ်ပိုင်းတွင်ထားသဖြင့် ပိုမိုလွယ်ကူလာ၏။ လေရဟတ်စက်များဖြင့် ဂျုံ၊ ပြောင်း၊ စပါး စသည်များကို အခွံချွတ်ခြင်း၊ ထောပတ်၊ ဒိန်ခဲ စသည်တို့စီရင်ခြင်း စသောလုပ်ငန်းများအပြင် စပါးလှေ့ခြင်းများကိုပါ ပြုလုပ်နိုင်ခဲ့ကြသည်။



လေကိုလူတို့အသုံးချရာတွင် စရိတ်အကျဉ်းဆုံး လေရဟတ်စက်



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် လေရဟတ်စက်များသည် ရှေးကထက် များစွာကောင်းမွန်တိုးတက်လာခဲ့ရုံမက အခြား စက်များ ကဲ့သို့ပင် များစွာ တွင်ကျယ်လျက်ရှိသော လုပ်ငန်းများကို လက်တွေ့ လုပ်ကိုင်နိုင်ကြပြီဖြစ်၏။ လေရဟတ်စက်များ တပ်ဆင်ပုံ၊ လှည့်ပုံမှအစ အတွင်းစက်ကရိယာများ တပ်ဆင်ပုံတို့တွင် ခေတ်မှီနည်းများကို သုံးကာ ကောက်စေ့များကို အခွံချွတ်ရုံ၊ ထောပတ်၊ ဒိန်ခဲလုပ်ရုံမျှသာ မဟုတ်တော့ဘဲ ရေစုတ်စက်များ၊ လျှပ်စစ် ဓာတ်အားပေးစက်များကိုပင် မောင်းနှင်နိုင်ခဲ့လေသည်။ ထိုသို့ ခေတ်မှီ လေရဟတ်စက် များကို ၁၉၂၄ ခုနှစ်က မေဂျာ ဗီလောဆိုသူ ပြုပြင် တီထွင် ခဲ့သည်။ သူ၏ ပြုပြင်တီထွင်မှုသည် ရှေးစံနစ်ဖြင့် လည် သော လေရဟတ်စက်များထက် အဆပေါင်းများစွာ တွင် ကျယ်သော လုပ်ငန်းများကို လုပ်နိုင်လေရာ ပင်လယ်လေ ကောင်းစွာရရှိသော ကမ္ဘာ့နိုင်ငံများစွာ၌ အသုံးပြုလျက် ရှိလေသည်။ ယခုခေတ်လေရဟတ်စက်များသည် ရှေးကကဲ့ သို့ လေကြောင်းတည့်ရာသို့ လူကလှည့်မပေးရဘဲ အလို အလျောက် လှည့်သွားစေရန် စီမံထားသည်။ အဆောက် အအုံများကိုလည်း သံဖြင့် ဆောက်လုပ်၍ အတွင်းစက် ကရိယာတွင်လည်း အချင်း ၁၈ ပေမှ ၂၀ အထိရှိသော ဘီးကြီးများ တပ်ဆင်ကာ လုပ်ကိုင်ကြပြီဖြစ်လေသည်။

**လေရောဂါ။** ။လေရောဂါ ဟူရာ၌ လေဓာတ်ကား မြေ၊ ရေ၊ လေ၊ မီး ဟူသော အမာခံ ဓာတ်ကြီးလေးပါး တွင် တပါး အပါအဝင် ဖြစ်၏။ ယင်းလေဓာတ်ကို ပါဠိ ဘာသာအားဖြင့် ဝါယောဓာတ် ခေါ်၏။ ဖောင်းခြင်း၊ ပိန်ခြင်း၊ လှုပ်ရှားခြင်း၊ ပြောင်းရွှေ့ခြင်း၊ ထောက်ကန် ခြင်း၊ ဖိညှပ်ခြင်းသဘောရှိသည်။

ထို ဝါယောဓာတ်ခေါ် လေဓာတ်သည် (၁) အပ သန္တာန်၌ ဖြစ်သောလေ၊ (၂) အတွင်းသန္တာန်၌ ဖြစ် သောလေဟု နှစ်မျိုးရှိသည်။ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ စသော သက်မဲ့ အရာဝတ္ထု၌ဖြစ်သော လေကို အပသန္တာန်၌ဖြစ်သော လေ ဆိုသည်။ သက်ရှိသတ္တဝါ၌ ဖြစ်သော လေကို အတွင်းသန္တာန်၌ဖြစ်သော လေ ဆို သည်။ ထိုလေ နှစ်မျိုးပင် မြေ၊ ရေ၊ မီး တို့ထက် အား ကြီးသည်။ တန်ခိုး အာနုဘော်ရှိသည်။

အပသန္တာန်၌ဖြစ်သော လေဓာတ်သည် ကမ္ဘာလော ကကြီး ထမ်းရွက်ရာ၌ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း ရှိ ကမ္ဘာမြေထုကြီးကို လေးသိန်း ရှစ်သောင်းရှိ ကမ္ဘာ ရေထုကြီးက ထမ်းရွက်ထားသည်။ ယင်း ကမ္ဘာမြေထု ကြီးနှင့် ကမ္ဘာရေထုကြီးကို ကိုးသန်း ခြောက်သောင်းရှိ ကမ္ဘာလေထုကြီးက ထမ်းရွက်ထားသည်။ ဤကား ထမ်း ရွက်ရာ၌ အားကြီးကြောင်းတည်း။

ကမ္ဘာလောကဓာတ်ကြီး ပျက်စီးရာ၌လည်း မီး၊ ရေ၊ လေ ဟု အဖျက်သုံးမျိုးရှိရာ မီးဖျက်သော ကမ္ဘာ၌ သုံးဆဲ့ တဘုံတို့တွင် ကာမတဆဲ့တဘုံ၊ ပဌမစျာန်သုံးဘုံအားဖြင့် ၁၄ ဘုံတိုင်အောင် ပျက်စီးသည်။ ရေဖျက်သော ကမ္ဘာ၌ ကာမ တဆဲ့တဘုံ၊ ပဌမစျာန်သုံးဘုံ၊ ဒုတိယစျာန်သုံးဘုံ အားဖြင့် ၁၇ ဘုံတိုင်အောင် ပျက်စီးသည်။ လေဖျက် သော ကမ္ဘာ၌ကား ကာမတဆဲ့တဘုံ၊ ပဌမစျာန်သုံးဘုံ၊ ဒုတိယစျာန် သုံးဘုံ၊ တတိယစျာန် သုံးဘုံအားဖြင့် ဘုံ ၂၀ တိုင်အောင် ပျက်စီးသည်။ ဤကား ဖျက်ဆီးရာ၌ အားကြီးကြောင်းတည်း။

အာဒိကပ္ပ ကမ္ဘာဦး ကျမ်း၌ကား အပသန္တာန်၌ ဖြစ်သော လေကို (၁) ဝိလောဝါတ လေ၊ ဖီလာသွား သော လေ၊ (၂) ဆိန္နက လေ၊ သင်မုန်းသွားကဲ့သို့ ဖြတ်သော လေ၊ (၃) ဘိန္နကလေ၊ ပေါက်ကွဲသောလေ၊ (၄) ဥဒ္ဓံဝါတလေ၊ အထက်သို့တက်စေသောလေ၊ (၅) အဓောဝါတလေ၊ အောက်သို့ သက်စေသောလေ၊ (၆) ယန္တရဟလေ၊ ရဟတ်ချားကဲ့သို့လည်စေသောလေ၊ (၇) ယန္တစက္ကရဟလေ၊ ရာသီယန္တရား နေ၊ လ နက္ခတ်တာရာ တို့၏ လှည့်လည်ရာဖြစ်သော လေ၊ (၈) ဥဒ္ဓံဂဟာဏ လေ၊ ရေကိုဆောင်၍ အထက်သို့ တက်စေသော လေ၊ (၉) အဓောဂဟာဏလေ၊ ထက်၊ အောက်၊ ဖီလာတူရှု သွားတတ် ဆောင်တတ်သော လေ၊ (၁၀) မူမောကရ လေ၊ အခိုးအငွေ့ကို ဖြစ်စေတတ်သော လေဟူ၍ ၁၀ ပါးပြသည်။

အတွင်းသန္တာန်၌ ဖြစ်သော လေတို့တွင် လူ၏ခန္ဓာ ကိုယ်၌ ဖြစ်သော လေကား အနာရောဂါ ကင်းအောင် အားရှိအောင်လည်း ပြုလုပ်တတ်သည်။ အနာရောဂါ ဖြစ်အောင် အားနည်းအောင်လည်း ပြုလုပ်တတ်သည်။ ပိဋကတ်တော်တို့၌ ယင်းလေကို တည်ရာဌာနသို့ လိုက်၍ (၁) ဥဒ္ဓင်္ဂမဝါတ၊ အထက်သို့ ဆန်တက်သောလေ၊ (၂) အဓောဂမ ဝါတ၊ အောက်သို့စုန်ဆင်းသောလေ၊ (၃) ကုစ္ဆိသယ ဝါတ၊ ဝမ်းခေါင်း၌ ကိန်းအောင်းသော လေ၊ (၄) ကောဋ္ဌာသယ ဝါတ၊ အူမ၊ အူသိမ်အတွင်း၌ ကိန်း အောင်းသော လေ၊ (၅) အင်္ဂမင်္ဂါနုသာရီ ဝါတ၊ ကိုယ် အင်္ဂါ လှုပ်ရှားမှု၌ အင်္ဂါကြီးငယ်သို့ အစဉ်လျောက်သော လေ၊ (၆) အဿာသ ပဿာသ ဝါတ၊ ထွက်သက်ဝင်သက် လေဟူ၍ ခြောက်ပါးပြသည်။

ရသေ့ ဆေးကျမ်းတို့၌ကား အနာရောဂါကို ဖြစ်စေ တတ်သော အကြောင်းကို ပြဆိုရာ၌ သလိပ်၊ သည်းခြေ၊ လေဟု သုံးမျိုးပြဆိုကြသည်။ ယင်းသုံးမျိုးတွင် လေ သည် တမျိုးအပါအဝင် ဖြစ်သည်။ ထိုလေအကြောင်းကို ဒုတ်လှမ်းဆရာတော် ဓာတ်ကျမ်းတွင် ဝါယောအောင်ရာ၌



www.burmeseclassic.com

www.burmeseclassic.com



'ဝါယောဆောင်မြဲ၊ လှုပ်လူးလဲ၊ ဝမ်းထဲအပူအောင်း၊' ပျက်ရာ၌ 'စုန်ဆန် မလာ၊ ပျက်ဝါတာ၊ ဝမ်းမှာလှည့်လျက်မွှေ' ခိုက်ရာ၌ 'ချောင်းဆိုး၊ အော့အန်၊ လေခိုက်မှုန်၊ နာပြန်ရင်ပတ်ဆိုက်'၊ ငုတ်ရာ၌ 'ဝါယောငုတ်နှိပ်၊ လေမိုးတိပ်၊ ပြည့်သိပ်ဝမ်းရင်ကား' စသည်ဖြင့်စပ်ဆိုဖော်ပြ၍ထားသည်။

ထိုလေသည် အနာရောဂါကို ဖြစ်စေရာ၌ ခန္ဓာကိုယ်၏အစိတ်အပိုင်း နေရာဌာနကို စွဲ၍ လေရောဂါမျိုး ၈၀ ကို 'လေမျိုး ၈၀' ဟု ခေါ်ဆိုပြန်သည်။ ဓာတုဒီပနီဆေးကျမ်း၌ ဥဒ္ဓံဝါတလေ ၁၀၊ အဓောဝါတလေ ငါးပါး၊ ကောဋ္ဌာသယလေ ၂၄ ပါး၊ အန္တာဥဿယလေ ခုနစ်ပါး၊ အဿာသ ပဿာသလေ နှစ်ပါး၊ အားလုံး ၆၈ ပါး။ တေဇောဓာတ် ခေါ် မီးနှင့် ဝါယောဓာတ်ခေါ် လေတို့သည် တပါးနှင့်တပါး မိတ်ဆွေဖြစ်သည့် အလျောက် မီးရှိရာ လေလာမြဲဖြစ်သဖြင့် အကြောင်းအကျိုး ဆက်စပ်နေသောကြောင့် တေဇောဓာတ် လေးပါးတွင် တပါးတပါး၌ သုံးပါး သုံးပါးစီရ၍ ၁၂ ပါးဖြစ်သည်။ ယခင်ခြောက်ဆဲ့ရှစ်ပါးနှင့် ပေါင်းသော် လေမျိုး ၈၀ ဖြစ်လာသည်။ ယင်းကျမ်းတွင် အပေါင်းကိုသာ ပြဆိုသည်။ အသေးစိတ် သရုပ်ကို မပြဆိုလေ။

ခံပူး သက်စောင့် ကုထုံးကျမ်း၌ လေမျိုး ၈၀ ကား အောက်ပါအတိုင်း ဖြစ်သည်။ (၁) ဥဏှဝါတ၊ ခြေမှပူ၍ တက်သော လေ၊ (၂) သီတဝါတ၊ ခြေမှ အေး၍ တက်သောလေ၊ (၃) ဥဘယဝါတ၊ ခြေမှ ပူအေးနှစ်ပါးရော၍ တက်သောလေ၊ (၄) ဥပဝါတ၊ ခြေမှ တစုံတရာ ကပ်သကဲ့သို့ ထင်၍ တက်သော လေ၊ (၅) ကမ္ပလဝါတ၊ အခြားဝတ္ထုတို့ဖြင့် ကပ်သကဲ့သို့ ထင်သော လေ၊ (၆) ဇောဂ္ဂဝါတ၊ မျှော့တွယ်သကဲ့သို့ ထင်သော လေ၊ (၇) တုတ္တဝါတ၊ ဖျဥ်းဖျဥ်းတက်သော လေ၊ (၈) ဇလသူလဝါတ၊ လက်ခြေထုံအေး နာကျင်ကိုက်ခဲသော လေ ဟူ၍ ဖဝါးလေနာ ရှစ်ပါး ဖြစ်သည်။

(၁) အဇိဏ္ဏဝါတ၊ အစာ မကြေသောလေ၊ (၂) အပါစက ဝါတ၊ အစာမကျက် မနပ်သော လေ၊ (၃) ဝိရေစနဝါတ၊ ဝမ်းကို လားစေတတ်သောလေ၊ (၄) အဝိသမဝါတ၊ ဝမ်းကို မပြောင့်စေတတ်သောလေ၊ (၅) ကုစ္ဆိပူရဝါတ၊ ဝမ်းကို ဖောရောင် စေတတ်သော လေ၊ (၆) အဂ္ဂဂေလညဝါတ၊ ဝမ်းကို ကျီကျီနာစေတတ်သော လေ၊ (၇) ကမ္ပလဝါတ၊ ထိုမှဤမှ လှိုင်းထသကဲ့သို့ တက်သောလေ၊ (၈) သူလပိတ္တကာ၊ ဝမ်းကို ကိုက်စေတတ်သောလေ၊ (၉) ဝိဗန္ဓကဝါတ၊ ဝမ်းကိုခိုင်စေတတ်သော လေ၊ (၁၀) ပိဋ္ဌအန္တကာ၊ စမြင်းကို ခံစေတတ်သော လေ၊ (၁၁) အန္တနိက္ကလ၊ အူဆုံးကို ထွက်စေတတ်သော လေ၊ (၁၂) ယကွပိတ္တမေဒ၊ သွေးအဆီကို ဆင်းစေတတ်သော လေဟူ၍ အဇိဏ္ဏလေနာ ၁၂ ပါးဖြစ်သည်။

(၁) ဘဝင်ဥဒ္ဓရိဝါတ၊ ဘဝင်အထက်မြင့်သော လေ၊ (၂) ကာသဝါတ၊ ချောင်းဆိုးသောလေ၊ (၃) သိနေဂုရဝါတ၊ ရင်လေး ရင်ပြည့် ရင်ဆို့သော လေ၊ (ရင်ပြည့်ကျပ်နေသောကြောင့် ကျပ်သဖီဆိုသည်။ ရင်ဆို့သောကြောင့် လေဆံ့ဆို့ဆိုသည်။) (၄) ပုန္နရဝါတ၊ ရင်ပြည့်သောလေ၊ (၅) စလဝါတ၊ ရင်ခုံ နှလုံးတုန်သော လေ၊ (၆) သွာတ ဝါတ၊ အသံပျက်သောလေ၊ (၇) သိနာဝါတ၊ ရင်ခုံပန်းဟိုက်ရှိုက်ခြင်းကို ဖြစ်စေသော လေ၊ (၈) ခေါသဝါတ၊ ကြို့ထိုးသော လေ၊ (၉) သဟာသဝါတ၊ သမ်းဝေမှုးခြင်းကို ဖြစ်စေသော လေ၊ (၁၀) ပက္ခာသဝါတ၊ နံကိုမျှောင်၍ နာခြင်း၊ ရင်ကိုဖွင့်သကဲ့သို့ နာခြင်းကို ဖြစ်စေသော လေ၊ (ထိုးသကဲ့သို့ လှီးသကဲ့သို့ ရှိသောကြောင့် လေတံကျင် လေတံစို့ဆိုသည်။) (၁၁) အာမာသယဝါတ၊ အပျဉ်စုဝေး၍ တည်သောလေ၊ (၁၂) ဂေါလဝါတ၊ အလုံးအခဲတည်သောလေ ဟူ၍ ဘဝင်လေနာ ၁၂ ပါး ဖြစ်သည်။

(၁) သီတဥဏှ ဝါတ၊ ထိပ်နဖူးကို ပူစေသောလေ၊ (၂) သီသသူလဝါတ၊ ဦးခေါင်းကို ကိုက်ခဲ စေသော လေ၊ (၃) စက္ခုအန္ဓကဝါတ၊ မျက်စိ ကြက်တက် မမြင်သောလေ၊ (ကြက်မျက်သင့်သည် ဟု ဆိုသည်။) (၄) စက္ခုသူလဝါတ၊ မျက်စိကျိန်း မျက်စိ အောင့်စေသော လေ၊ (၅) သောတသူလဝါတ၊ နားကိုက် နားအူစေသော လေ၊ (၆) သောတအန္ဓကဝါတ၊ နားပင်းစေသော လေ၊ (၇) မုခဝါတ၊ ခံတွင်းသွားဖုံးနာစေသောလေ၊ (၈) ဇိဝှါနိဂ္ဂလဝါတ၊ လျှာကို ထွက်စေသောလေ၊ (၉) ဘဝင်စလဝါတ၊ ဘဝင်လှုပ်အားကြီးသောကြောင့် စကားမပီသောလေ၊ (၁၀) ဇိဝှါဖောတကဝါတ၊ လျှာရောင်စေသောလေ၊ (၁၁) ဂီဝါထဒ္ဓကဝါတ၊ လည်ချောင်းခံတွင်း မဟနိုင်သောလေ၊ (၁၂) ဇိဝှါပဝေသနဝါတ၊ လျှာကို ဝင်စေသောလေဟူ၍ ဦးခေါင်းလေနာ ၁၂ ပါး ဖြစ်သည်။

(၁) မံသကဝါတ၊ အသား အရေကို ဖောက်ပြန်စေသောလေ၊ (၂) မံသဝိသူစိကဝါတ၊ အသားအရေကို အပ်နှင့် ထိုးသကဲ့သို့ နာစေသောလေ၊ (၃) နီလပီတဝါတ၊ အသားအရေကို ညိုစေ ဝါစေသောလေ၊ (၄) လသိကဝါတ၊ ကိုယ်လက်ကို စေးထိုင်း စေသောလေ၊ (၅) အလသကဝါတ၊ ကိုယ်လက်မလှုပ်ရှားခြင်း၊ လေးလံခြင်း၊ ပျင်းရိခြင်းကို ဖြစ်စေသော လေ၊ (၆) အန္တကဝါတ၊ အကြောအသားအရေတွင် ကပ်စေးသကဲ့သို့ ထင်စေသောလေ၊ (၇) ပက္ခဝါတ၊ ကိုယ်တခြမ်း သေစေသောလေ၊ (၈) အတိတဝါတ၊ စောင်းရွဲ့ စေသောလေ၊



www.burmeseclassic.com

www.burmeseclassic.com



(၉) မူဂဝါတ၊ ဆွံ့အစေသော လေ၊ (၁၀) သုက္ခဝါတ၊ ခေါတ်လေးပါးကို ချောက်ချားစေသောလေ၊ (၁၁) အင်္ဂမင်္ဂဝါတ၊ မဖြောင့်သော ဝမ်းမီး၊ ခိုင်သော ဝမ်းမီး ရှိသောအခါ အင်္ဂါကြီးငယ်ကို လျော့ကျ၍ ဖြစ်စေသော လေဟူ၍ အင်္ဂမင်္ဂလေနာ ၁၁ ပါးဖြစ်သည်။

(၁) ခုရကဝါတ၊ သင်ဓုန်းဓားဖြင့် ဖြတ်သကဲ့သို့ ဖြတ်သောလေ၊ (၂) ကတ္တရဝါတ၊ ကတ်ကျေးဖြင့် အသည်းနှလုံးကို ဖြတ်သကဲ့သို့ ဖြတ်သောလေ၊ (၃) သတ္တကဝါတ၊ ဓားဖြင့် အသည်းနှလုံးကို ဖြတ်သကဲ့သို့ ဖြတ်သောလေ၊ (၄) ဘိဇ္ဇနဝါတ၊ အသားအရေ အရိုးကို ကွဲအက် စုတ်ပြတ်စေသောလေ၊ (၅) ဘုဇဂဝါတ၊ မြွေနဂါး အဆိပ်ကဲ့သို့ ပူပန်စွာအခွေခွေတိုး၍ တက်စေသောလေ၊ (၆) ဥပ္ပါဋ္ဌနကဝါတ၊ ပြင်းထန်လျင်လျားစွာ အင်္ဂါကြီးငယ်ကို ထွက်စေသောလေ၊ (၇) အင်္ဂနိဂ္ဂလဝါတ၊ အင်္ဂါကြီးငယ်ကို တဖြည်းဖြည်း ထွက်စေသော လေဟူ၍ သတ္တကလေနာ ခုနစ်ပါး ဖြစ်သည်။

(၁) ကုစ္ဆိဒကဝါတ၊ အသွားအလာ မမှန် ကိုယ်၌ ဖြစ်စေသောလေ၊ (၂) စလဝါတ၊ ခြေလက် လေးလံ တုန်လှုပ်စေသောလေ၊ (၃) အင်္ဂပဝေသဝါတ၊ အင်္ဂါကြီးငယ် တွန့်၍ဝင်စေသောလေ၊ (၄) အင်္ဂဖောဋ္ဌဝါတ၊ အင်္ဂါဇာတ်ကို ရောင်စေသောလေ၊ (၅) ဩနကဝါတ၊ ကုန်းခြင်း ကိုင်းခြင်းကို ဖြစ်စေသောလေ၊ (၆) ကာယဖောဋ္ဌဝါတ၊ တကိုယ်လုံး ရောင်စေသောလေ၊ (၇) ဥဒ္ဒမာရောဟဝါတ၊ တွန့်ခြင်း လိမ်ခြင်းကို ဖြစ်စေသောလေ၊ (၈) မုတ္တကိတ္တဝါတ၊ ကျင်ငယ်မထွက်အောင် ပိတ်ချုပ်စေသောလေ၊ (၉) ကောသဥဒ္ဒရိဝါတ၊ ဝှေးစေ့ တက်စေသောလေ၊ (၁၀) အဏ္ဍဖောဋ္ဌဝါတ၊ ဝှေးစေ့ ရောင်စေသောလေ၊ (၁၁) ကာယဗန္ဓနဝါတ၊ တကိုယ်လုံး ဆိုင်းတွစေသောလေ၊ (၁၂) ဂြဟဝါတ၊ အသားအရေ ပိန်ချုံးစေသောလေ၊ (၁၃) သာခဝါတ၊ ခြေလက် တုန်လှုပ်စေသောလေ ဟူ၍ အင်္ဂမင်္ဂဝိကာရ လေနာ ၁၃ ပါး ဖြစ်သည်။

(၁) အဓိမာန၊ ရှူးသွပ်စေသော၊ လေ (၂) မုခဗန္ဓက၊ အာခံတွင်း ကျဉ်းစေသောလေ၊ (၃) ခိပ္ပဝါတ၊ လျင်မြန်စွာ တက်စေသောလေ၊ (၄) ကာယလဟုက၊ ကိုယ်လက် ပေါ့ပါးစေသောလေ၊ (၅) ကာယဂရုက ကိုယ်လက် လေးလံစေသောလေ ဟူ၍ အဓိမာနလေနာ ငါးပါး ဖြစ်သည်။ ဤသို့ အားလုံးစုံပေါင်းသော် လေရောဂါ ၈၀၊ လေမျိုး ၈၀ ဖြစ်သည်။

တနည်း၊ အဋ္ဌနနိဒါန်း ဘာသာဋီကာကျမ်း၌ (၁) အင္ဂေပက၊ ဆင်ဦးစီးလေ၊ တငြိမ့်ငြိမ့်ရွှေတိုးသည်။ (၂) ဟနုတ္ထမ္ဘ၊ မေးခိုင်သောလေ၊ (၃) ဥရုတ္ထမ္ဘ၊ ပေါင်တောင့်သောလေ၊ (၄) သိရောဂ္ဂဟ၊ ဦးခေါင်း ခိုင်သောလေ၊ ဦးခေါင်းလှည့်မရ၊ (၅) ဗာဟိရာယာမ၊ နောက်လန်သောလေ၊ ရင်ကော့နေသည်။ (၆) အဗ္ဘယန္တရာယာမ၊ ရှေ့ကုန်းသောလေ၊ ခါးကုန်းနေသည်။ (၇) ပါဿသူလ၊ ဘေးထိုးသော လေ၊ ဘေးထိုးအောင့်သည်။ (၈) ကဋိဂ္ဂဟ၊ ခါးကိုင်းသောလေ၊ ခါးနာ ခါးအောင့်ပူသည်။ (၉) ဒဏ္ဍာပတနက၊ တုတ်လျှိုသကဲ့သို့ တောင့်တင်း လဲကျသော လေ၊ (၁၀) ခလ္လိ၊ ပေါင်းစုသောလေ၊ သွားစဉ် ဆန့်ငင်ဖြစ်သည်။ (၁၁) ဇိဝှါထမ္ဘ၊ လျှာခိုင်သော လေ၊ (၁၂) အဒ္ဒိက၊ ပါးရွဲ့စောင်းသောလေ၊ (၁၃) ပက္ခာဃာတ၊ တခြမ်းသေသော လေ၊ သွက်ချာပါဒ လေဖြတ်သည်။ (၁၄) ကောဋ္ဌုသီသ၊ ဒူးကြီးသောလေ၊ မြေခွေးခေါင်းကဲ့သို့ ကြီးသည်။ (၁၅) မညာတ္တမ္ဘ၊ ဇက်ကြော တောင့်သောလေ၊ အုန်းလှဲသည်။ (၁၆) ပင်္ဂု၊ ဆွံ့သောလေ၊ (၁၇) ကလာယခဉ္ဇ၊ အကြောဆွဲသောလေ၊ ထော့ကျိုး သွားသည်။ (၁၈) တူဏီ၊ မြား ထိုးလေ၊ အောက်သို့ ထိုးအောင့်သည်။ (၁၉) ပတိတူဏီ (ပရတူဏီ) မြှားပြန်ထိုးလေ၊ အထက်သို့ ထိုးအောင့်သည်။ (၂၀) ခဉ္ဇ၊ ခွင်သောလေ၊ (၂၁) ပါဒဟာသ၊ ခြေကျင်သောလေ၊ (၂၂) ဂိဒ္ဓသီ၊ အောက်ပိုင်းတောင့်တင်း ကိုက်ခဲသောလေ၊ (၂၃) ဝိဿာစီ၊ လက်ချောင်း မလှုပ်နိုင်သောလေ၊ (၂၄) အဗဗာဟုက (အပဗာဟုက) လက်မောင်းကိုက်သော လေ၊ (၂၅) အပတံတက၊ မိန်းမော တွေဝေလျက်လဲကျစေသော လေ၊ (၂၆) ဝဏာယာမ၊ အနာကြောင့် သိန်သောလေ၊ (၂၇) ဝါတကံဋက၊ ခြေမျက်သောလေ၊ (၂၈) အပတာနက၊ လေးကဲ့သို့ ကွေးလျက် မိန်းမော တွေဝေ လဲကျစေသော လေ၊ (၂၉) အင်္ဂဘေဒ၊ ကိုယ်အင်္ဂါ ခွဲစိတ် ချိုးဖြတ်တတ်သောလေ၊ (၃၀) အင်္ဂသောသ၊ ကိုယ်အင်္ဂါ ခြောက်ခန်းသောလေ၊ (၃၁) မမ္မိဏ၊ နှာသံပါသော လေ၊ (၃၂) ဂဂ္ဂဒ၊ မပီမပြင် အသံဝင်သောလေ၊ ဝမ်းဘဲသံကဲ့သို့ဖြစ်သည်။ (၃၃) ပစ္စင္ဌီလာ၊ ထိုးအောင့်ခြင်းနှင့် ယှဉ်သောလေ၊ လေကျောက်ခဲကြီး။ (၃၄) အဋ္ဌီလာ (ဝါတဋ္ဌီလာ)၊ လေကျောက်ခဲ၊ (၃၅) ဝါမနတ္တ၊ ပုကွသောလေ၊ (၃၆) ကုဗ္ဗဇတ္တ (ခုဇ္ဇ) ကုန်းသော လေ၊ (၃၇) အင်္ဂသူလ၊ ကိုယ်အင်္ဂါ ကိုက်ခဲ ထိုးကျင်သောလေ၊ (၃၈) သင်္ကောစ၊ ကိုယ်အင်္ဂါ တွန့်ရှုံ့သောလေ၊ (၃၉) ထမ္ဘ၊ တောင့်တင်းသော လေ၊ (၄၀) ရုက္ခတာ၊ ညှိုးနွမ်းခြောက်သွေ့သော လေ၊ (၄၁) အင်္ဂဘင်္ဂ၊ ကိုယ်လက် နာကျင်သောလေ၊ (၄၂) အင်္ဂဝိဗ္ဘံသ၊ အစိတ်အပိုင်း ထုံသော လေ၊ (၄၃) ဝစ္စဂ္ဂဟ၊ ခေါတ်ချုပ်သောလေ၊ (၄၄) ဗဒ္ဓဂစ္စတာ၊ ဈေးခံသော လေ၊ (၄၅) မူကတ္တ (မူဂတ္တ)၊ အ သော လေ၊



www.burmeseclassic.com

www.burmeseclassic.com



(၄၆) အတိဇမ္ဗ၊ အလွန်သမ်းဝေသော လေ၊ (၄၇) အတိဥဂ္ဂါရ၊ အလွန်အန်သော လေ၊ (၄၈) အန္တကူဇန၊ အူတွင်းမြည်သော လေ၊(၄၉) ဝါတပ္ပဝတ္တိ၊ လေလည်သော လေ၊ (၅၀)ဖုရဏ၊ ရောင်ရမ်းသော လေ၊ (၅၁) သိရာပူရဏ၊ အကြောတွင်းဝင်သောလေ၊ အကြောကြီးသည်။ (၅၂) ကမ္ပဝါယု၊ တုန်လှုပ်သောလေ၊ (၅၃) ကိသ (ကာသျ)၊ ကြုံလှီပိန်ကပ်သော လေ၊ (၅၄) သာမတာ၊ ညိုစေသော လေ၊ (၅၅) ပလာပ၊ ဂယောင် ဂယမ်း ပြောသော လေ၊ (၅၆) ခိပ္ပမုတ္တတာ၊ ဆီးမြန်သောလေ၊ (၅၇) နိဒ္ဒါနာသ၊ အိပ်မပျော်သောလေ၊ (၅၈) သေဒနာသ၊ ချွေးခြောက်သောလေ၊ (၅၉) ဒုဗ္ဗလတ္တ၊ အားနည်းသော လေ၊ (၆၀) အင်္ဂပိဋ္ဌာ၊ ကိုယ်အင်္ဂါကိုက်ခဲသောလေ၊ (၆၁) ဗလက္ခယ၊ အားကုန်သောလေ၊ (၆၂) သုက္ကာတိပ္ပဝတ္တိ၊ သုက်လွှတ်မြန်သောလေ၊ (၆၃) သုက္ကကိသ(ကသျ)၊ သုက်ကုန်ခန်းသောလေ၊ (၆၄) သုက္ကနာသ၊ သုက်ပျက်သော လေ၊ (၆၅) အနဝဋ္ဌိတစိတ္တတာ၊ စိတ်မငြိမ်သော လေ၊ (၆၆) ကနဋ္ဌိ၊ ခက်မာတောင့်တင်းသောလေ၊ (၆၇) ဝိရသဿတာ၊ အရသာပျက်သောလေ၊ (၆၈) ကသာယဝက္ကတာ၊ ခံတွင်းဖန်သောလေ၊ (၆၉) အဒ္ဓမာန၊ အစာဟောင်းအိမ်နာကျင်တောင့်တင်းသော လေ၊ (၇၀) ပစ္စဒ္ဓမာန၊ အစာသစ်အိမ် နာကျင်တောင့်တင်းသောလေ၊ (၇၁) သီတတာ၊ အေးသောလေ၊ (၇၂) ရောမဟာဿ၊ ကြက်သီး ထသောလေ၊ (၇၃)ဘီရုတာ၊ ကြောက်သောလေ၊ (၇၄) တောဒ၊ အပ်နှင့် ဆွသကဲ့သို့သော လေ၊ (၇၅) ကဏ္ဍူ၊ ယားသောလေ၊ (၇၆)ရသာညတာ၊ အရသာမသိသောလေ၊ (၇၇) သဒ္ဒါညတာ၊ အသံမကြားသောလေ၊ (၇၈) ပသုပ္ပတိ၊ အတွေ့အထိ မသိသောလေ၊ (၇၉) ဂန္ဓာညတာ၊ အနံ့မသိသောလေ၊ (၈၀) ဒိသက္ခယ၊ မျက်စိမမြင်သောလေဟူ၍ လေရောဂါ ၈၀၊ လေမျိုး ၈၀ ဖြစ်သည်။ ဦးကြီးဖေ။

**လေရည်။** ။လေဆိုလျှင် ကမ္ဘာကြီးကို ရစ်ပတ်လွှမ်းခြုံလျက်ရှိသော မမြင်နိုင်သည့် အငွေ့ဟူ၍သာ သိရှိနေကြသူများအဖို့ လေရည်ဟုဆိုရာ၌ လွန်စွာ အံ့ဩခြင်း ဖြစ်ပေလိမ့်မည်။ သို့ရာတွင် အမှန်မှာ အံ့ဩစရာမလိုပေ။ ပုံပမာရေသည် ဖာရင်းဟိုက် ၂၁၂ ဒီဂရီတိုင်အောင် ပူသောအခါ၌ ဆူပွက်၍ ဖာရင်းဟိုက် ၃၂ ဒီဂရီတိုင်အောင် အေးသွားလျှင် ခဲသွားသကဲ့သို့ လေကိုလည်း အပူချိန်ပြောင်းလဲပေးခြင်းဖြင့် အငွေ့မှအရည်အဖြစ်သို့ ပြောင်းလဲပေးနိုင်ပေသည်။ လေကိုသိပ်သည်းစေပြီးနောက် ဖာရင်းဟိုက်သုညအောက် ၃၁၂ ဒီဂရီတိုင်အောင် အအေးခံလိုက်လျှင် အရည်အဖြစ်သို့ ပြောင်းလဲသွားသည်။ ထိုအမှတ်၌ အလွန်အေးလှသည်ဖြစ်၍ သတ္တဝါတို့အသက်ရှင်လျက် နေနိုင်ကြမည်မဟုတ်ပေ။ ထိုအမှတ်အောက် နှိမ့်ချပေးလိုက်လျှင် လေရည်သည် အခဲအဖြစ်သို့ ပြောင်းလဲ သွားနိုင်ပေသည်။

လေရည်သည် ရေနှင့်အသွင်တူသော်လည်း ရေလောက်မကြည်လင်လှပေ။ ထိုသို့မကြည်လင်ခြင်းမှာ လေ၌ပါဝင်သော ကာဗွန်ဒိုင်အောက်ဆိုက်သည် လျှင်မြန်စွာပုံဆောင်ခဲဖြစ်တတ်၍ လေရည်ကို နောက်ကျိစေခြင်းကြောင့် ဖြစ်သည်။ ထိုပုံဆောင်ခဲတို့ကိုစစ်ထုတ်နိုင်ပေသည်။ လေရည်ဖြစ်ခြင်းမှာ လေ၌ပါဝင်သော အောက်ဆီဂျင်၊ နိုက်ထရိုဂျင်တို့ အရည်ဖြစ်သွားခြင်းပင် ဖြစ်သည်။ သက်ဆိုင်ရာသတ္တိများအလျောက် နိုက်ထရိုဂျင်အရည်သည် အောက်ဆီဂျင်အရည်ထက် ပို၍ အငွေ့ပျံလွယ်ပေရာ၊ လေရည်မှ နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်အငွေ့တို့ကို တခြားစီထုတ်ယူနိုင်ပေသည်။

လေရည်၌ ထူးဆန်းသော သတ္တိအများ အပြား ရှိကြောင်းကို တွေ့ရ၏။ လေရည်သည် အရည် ဖြစ်သော်လည်း မစိုစွတ်ချေ။ ရေခဲသည် အလွန်အေး၏။ သို့သော် လေရည်ကို ရေခဲပေါ်သို့ လောင်းချလျှင် လေရည်သည် ဆူပွက်လာသည်။ ကြက်ပေါင်စေးကို လေရည်ထဲ၌ နှစ်လိုက်လျှင် ဖန်သားကဲ့သို့ မာကျောလာသည်။ ဥတလုံးကို လေရည်ထဲတွင်နှစ်ထားလျှင် အပြာရောင် ရှိလာသည်ကို တွေ့မြင်ရသည်။ သံမဏိနှင့် ပြုလုပ်ထားသည့် နာရီသံပတ်ခွေတခုကို လေရည်တွင်စိမ်ပြီး မီးရှို့ကြည့်လျှင် လှပသော အရောင်များဖြင့် လောင်ကျွမ်းသည်ကို တွေ့ရမည်။ ထိုပြင် တောက်ပသည့် မီးဖွားများ ဖြစ်ပေါ်သည်ကိုလည်း မြင်ရမည်။

အစားအစာများကို အအေး ခေတ်ဖြင့် ကြာရှည်ခံအောင် သိုမှီးရာ၌ လေရည်ကို များစွာ အသုံးချနိုင်ပေသည်။ အငွေ့ပျံရာ၌ ကြီးစွာသောဖိအားကို ဖြစ်စေသဖြင့် လေရည်ကို ပေါက်ကွဲစေတတ်သော ပစ္စည်းတခုအဖြစ် အသုံးချမည်ဆိုက ရနိုင်ပေသည်။ သို့ရာတွင် ထိန်းသိမ်းရန် ခက်ခဲလှသောကြောင့် အသုံးမပြုကြချေ။

**လေသဘော်နှင့်မီးပုံးပျံ ။** ။လေထဲ၌ သွား လာ ပျံသန်းနိုင်သော လေယာဉ်ပျံများ ဖြစ်မြောက်ရေးအတွက် ရှေးဦးစွာ လမ်းထွင်ပေးလိုက်သည့် နေ့ကား ခရစ် ၁၇၈၃ ခုနှစ် ဇွန်လ ၅ ရက်နေ့ပင်ဖြစ်သည်။ ထိုနေ့တွင် ပြင်သစ်နိုင်ငံ အန်နိုနေးမြို့အနီးရှိကွင်းပြင်ကြီးတခု၌ ကြီးမားသော လူထုကြီးကို တွေ့မြင်ရလေသည်။ လူထုကြီးကား မီးပုံးပျံကောင်းကင်သို့ တက်လိမ့်မည်ဟူသောသတင်းကို ရသဖြင့် ထိုကွင်းသို့ လာရောက် စုရုံးနေကြခြင်းဖြစ်၏။ ကွင်း အလယ်တွင် ပိတ်ဖြင့်ပြုလုပ်ထားသော အဝတ်အိတ်ကြီးတခု


www.burmeseclassic.com



ကို ထောက်တခုဖြင့် ထောက်၍ ထားသည်။ အဝတ်အိတ်ကြီး အနီးတွင် ကောက်ရိုးများကို စုပုံထားသည်။ မီးပုံးပျံ လွှတ် မည့် သူ များ ကား မွန် ဂို လ ဖီး ယား ညီအစ်ကိုနှစ်ယောက် ဖြစ်ကြ၍ ထိုညီအစ်ကို နှစ်ဦးက ထောက်တွင်ချိတ်ဆွဲထားသော အဝတ်ကြီး အောက်တွင် ကောက်ရိုးများကို မီးရှို့လိုက်ကြသည်။ ထိုအခါ၌ အဝတ်အိတ်ကြီးသည် မှိုင်းများဝင်လာသဖြင့် ကား၍ထွက်လာသည်။ မီးကြောင့် ဖြစ်ပေါ်လာသော လေပူနှင့် အခိုးတို့သည် အဝတ်အိတ်ထဲသို့ ဝင်၍ အိတ်ကြီး ကားနိုင်သမျှ ကား၍လာသောအခါ သူတို့သည် အဝတ်အိတ်ကိုထောက်မှ ဖြုတ်၍ လွှတ်တင်လိုက်ကြသည်။ လူထုကြီးကား မီးပုံးပျံ ကောင်းကင်သို့ တက်သွားသည်ကို မြင်ရသဖြင့် ဝမ်းသာ၍ မဆုံးရှိတော့၏။ ထိုမီးပုံးပျံ ကောင်းကင်သို့ တက်သွားခြင်းမှာ လေသဘောများနှင့် လေယာဉ်ပျံများ ဖြစ်ပေါ်ရေးအတွက် ပဌမအဆင့်ပင်ဖြစ်ပေသည်။

မွန်ဂိုးလဖီးယား ညီအစ်ကို နှစ်ယောက် မီးပုံးပျံ လွှတ်သည့်သတင်းသည် တောမီးပမာ ကမ္ဘာ အရပ်ရပ်သို့ ပျံ့နှံ့သွားပြီးလျှင် တိုင်းပြည်တိုင်းလိုလိုမှလည်း အဝတ်အိတ်ကြီးများကို မှိုင်းခံကာ ကောင်းကင်သို့ တက်အောင် ပြုလုပ်လာကြလေသည်။ ထိုကဲ့သို့ပြုလုပ်စဉ် သိပ္ပံပညာရှင်တို့သည် ဓာတ်အိမ်ပျံများ ဖြစ်ပေါ်ရေးအတွက် သင့်လျော်မည့်ဓာတ်ငွေ့များကို ရှာဖွေစ ပြုလာကြသည်။ လေထက်ပေါ့သော ဓာတ်ငွေ့သည် လေပေါ်သို့ ပျံတက်နိုင်ရမည် ဟု သိပ္ပံပညာရှင်တို့ ယုံကြည်ကြသဖြင့် လေထက် ပေါ့သော ဓာတ်ငွေ့များကို ရှာဖွေခဲ့ကြသည်။ ထိုကဲ့သို့ရှာဖွေကြရာမှ ဟိုက်ဒြိုဂျင်ဓာတ်ငွေ့ကို တွေ့ရှိကြ၏။ ဟိုက်ဒြိုဂျင် ဓာတ်ငွေ့သည် လေထက် ဆဲ့ငါးဆမျှ ပို၍ပေါ့ပါးကြောင်းကိုတွေ့ခဲ့ကြသဖြင့် သိပ္ပံပညာရှင်တို့သည် အဝတ်အိတ်များတွင်ဟိုက်ဒြိုဂျင်ဓာတ်ငွေ့ကို ထည့်ကာ ကောင်းကင်သို့ လွှတ်ခဲ့ကြသည်။ သို့သော် ဟိုက်ဒြိုဂျင်ဓာတ်ငွေ့နှင့် ကောင်းကင်သို့ ပျံတက်သောအခါ ဓာတ်အိမ်ပျံများသည် မကြာခဏ မီးလောင်တတ်ကြောင်းကိုတွေ့ခဲ့ကြ၏။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ ဟိုက်ဒြိုဂျင်ဓာတ်ငွေ့ မီးလောင်တတ်သည့် သတ္တိ ရှိသောကြောင့်ဖြစ်သည်။ ဟိုက်ဒြိုဂျင်ဓာတ်ငွေ့ မီးလောင်တတ်ကြောင်းကို သိပ္ပံပညာရှင်တို့ သိရှိလာကြသောအခါ လေထက်လည်းပေါ့၍ မီးလည်းမလောင်နိုင်သော ဓာတ်ငွေ့တမျိုးကို ရှာဖွေကြပြန်ရာ ဟီလီယမ် ခေါ် ဓာတ်ငွေ့ကို တွေ့ရှိကြလေသည်။ ဟီလီယမ်ဓာတ်ငွေ့သည် ဟိုက်ဒြိုဂျင်ဓာတ်ငွေ့လောက် မပေါ့သော်လည်း လေထက် ခုနစ်ဆမျှ ပို၍ပေါ့ပြီးလျှင် မီးမလောင်နိုင်သဖြင့် လေသဘောများအတွက် များစွာအရေးပါအရာရောက်လေသည်။

လေသဘောများနှင့် ဓာတ်အိမ်ပျံများ မပေါ်ပေါက်မီ



မှိုင်းတိုက်ပြီးနောက် မီးပေါ်ပျံတက်ရန် ဟန်ပြင်နေစဉ်

က မီးပုံးပျံများ အတော်ပင် ခေတ်စားခဲ့၏။ ထိုစဉ်က မီးပုံးပျံ၏ အောက်ဖက်တွင်ပါသော မှိုင်းပုံးမှမီးကို ပို၍ တောက်စေခြင်းဖြင့် မီးပုံးပျံကို အပေါ်သို့ ပို၍ တက်စေနိုင်ခဲ့ပြီးလျှင် မီးအားကို လျှော့ပေးခြင်းဖြင့် မီးပုံးပျံကို အောက်သို့ ဆင်းသက်စေနိုင်ခဲ့သည်။ ဓာတ်အိမ်ပျံများ ပေါ်ပေါက်လာသော အခါတွင်မူ ဓာတ်ငွေ့ကို လျှော့စေနိုင်သော အခင်များကို တပ်ဆင်ကြရသည်။ ဓာတ်အိမ်ပျံကို ဓာတ်ငွေ့ပေးခြင်းဖြင့် အပေါ်သို့ တက်စေနိုင်ပြီးလျှင် အောက်သို့ ဆင်းစေလိုသောအခါ ဓာတ်ငွေ့ အချို့အဝက် ထွက်သွားအောင် အခင်ကို လိုသမျှ ဖွင့်ပေးရလေသည်။ ဓာတ်အိမ်ပျံကို အလွန်မြင့်သည့်နေရာသို့ တက်စေနိုင်ရန် သဲအိတ်များကို ယူဆောင်သွားကြရသည်။ ဓာတ်အိမ်ပျံ အတက်နှေးသွားသောအခါတွင် သဲအိတ်အချို့ကို အောက်သို့ ချပေးခြင်းဖြင့် ဓာတ်အိမ်ပျံသည် အပေါ်သို့ တက်သွားပြန်လေသည်။

ဓာတ်အိမ်ပျံများ ခေတ်စားလာသောအခါ သိပ္ပံပညာရှင်တို့သည် လေထု၏အထက်ပိုင်း သဘောကို ရှာဖွေစပြုလာကြသည်။ ထိုကဲ့သို့ရှာဖွေရာမှ လေထု၏ အထက်ပိုင်းတွင် လေနည်းကြောင်းကို သိလာကြသည်။ ထိုအတွက် ဓာတ်အိမ်ပျံနှင့် လိုက်ပါသူများသည် အောက်ဆီဂျင်ဓာတ်ငွေ့ကို ယူဆောင်သွားကြရသည်။ လေထု၏ အထက်ပိုင်းသို့ ရောက်သောအခါ အသက်ရှုရန်ခက်ကြသဖြင့် အ



www.burmeseclassic.com

www.burmeseclassic.com



သင့်ပါလာသော အောက်ဆီဂျင် ဓာတ်ငွေ့ကို ရှူကြရသည်။ ၁၉၃၅ ခုနှစ်တွင် ပါမောက္ခ ပစ်ကတ်ဆိုသူသည် ဓာတ်အိမ်ပျံဖြင့် အထက်သို့ ၁၀ မိုင်ခွဲခန့်မျှ ပျံတက်နိုင်ခဲ့ပေသည်။ လေထု၏ အထက်ပိုင်းသို့ ဓာတ်အိမ်ပျံများနှင့် ပျံတက်ရာတွင် ဓာတ်အိမ်ပျံနှင့် လိုက်သူများသည် အောက်ဆီဂျင် ဓာတ်ငွေ့ကို ယူဆောင်သွားရုံမျှနှင့် ဒုက္ခကင်းပြီဟုမဆိုနိုင်သေးချေ။ အဘယ်ကြောင့် ဆိုသော် ဓာတ်အိမ်ပျံသည် လေနည်းသည့်နေရာသို့ ရောက်သွားသောအခါ အပြင်ဖက်ရှိ လေထု၏ ဖိအားသည် နည်းပါးသဖြင့် ဓာတ်အိမ်ပျံ အတွင်းရှိ ဓာတ်ငွေ့တို့သည် ကား၍ ထွက်လာကာ ဓာတ်အိမ်ပျံ ပေါက်ကွဲတတ်သောကြောင့် ဖြစ်ကြသည်။ ထို့အတွက် ဓာတ်အိမ်ပျံတွင် ပါဝင်သော အဝတ်သည် ဓာတ်ငွေ့၏ တွန်းကန်အားကို ခံနိုင်ရည်ရှိရန် အလွန် အရေးကြီးသည်။ ထို့အပြင် ဓာတ်အိမ်ပျံ များတွင် သွားလိုသည့်ဖက်သို့ ပဲ့ကိုင်ပေးနိုင်သော ကရိယာမပါသဖြင့် လေဆောင်ကြဉ်းရာသို့သာ လိုက်ပါ သွားတတ်၍ ဓာတ်အိမ်ပျံဖြင့် သွားလိုသည့်နေရာသို့ မသွားရောက်နိုင်ကြချေ။

သိပ္ပံပညာရှင်တို့သည် ဓာတ်အိမ်ပျံကို လိုသောနေရာသို့ သွားရောက်နိုင်စေရန် နည်းသစ်များကိုရှာဖွေကြသည်။ ထိုကဲ့သို့ ရှာဖွေရာမှ လေသဘောၤကို စဉ်းစားမိလာကြပြန်သည်။ ရှေးဦးစွာ လေသဘောၤကို တက်မဖြင့် သွားလာနိုင်အောင် ကြံစည်ကြသော်လည်း မအောင်မြင်ခဲ့ကြချေ။

ခရစ် ၁၈၅၂ ခုနှစ်တွင် ဟင်နရီ ဂစ်ဖတ်ဆိုသူသည် အလယ်တွင် ပိုက်ပူ၍ အဖျားရှူးသော လွန်းအိမ်ပုံသဏ္ဍာန်ရှိသည့် လေသဘောၤတစင်းကို ဆောက်လုပ်ပြီးလျှင် ရေနွေးငွေ့ဖြင့် မောင်းနှင်သည့် စက်တလုံးကို လေသဘောၤတွင် တပ်ဆင်ကာ ကောင်းကင်တွင်ခုတ်မောင်း၍ကြည့်ရာ၊ လေကို အနည်းငယ်ဆန်၍ သွားနိုင် ကြောင်းကို တွေ့ခဲ့လေသည်။

လေသဘောၤတွင် မော်တာဖြင့်လည်စေသည့် ရဟတ်ကို ပဌမစ၍ တပ်ဆင်ပြီး ပျံသန်းနိုင်ခဲ့သူမှာ အယ်လဗာတို ဆန်းတော့ဒျူးမောင့်ဆိုသူဖြစ်၏။ သူသည် ၁၉၀၃ ခုနှစ် အောက်တိုဘာလတွင် လေသဘောၤကို ပျံသန်းကြည့်ရာ တနာရီလျှင် ၁၉ မိုင်နှုန်းမျှနှင့် ပျံသန်းနိုင်ခဲ့လေသည်။

ခေတ်မှီသော လေသဘောၤ များကို ဂျာမန် လူမျိုးကောင့် ဖာဒီနန် ဖွန် ဇက်ပလင် ဆိုသူက စတင်၍ဆောက်လုပ်နိုင်ခဲ့၍ ဆောက်လုပ်သော လေသဘောၤများကိုလည်း ဇက်ပလင်ဟုပင် ခေါ်ကြသည်။ လေသဘောၤ၏ကိုယ်ထည်ကို အလျူမီနီယမ်သတ္တုဖြင့် ဆောက်လုပ်၏။ ကိုယ်ထည်ကို အရောင်တင်ဆေးသုတ်ထားသောပိုးပိတ်ဖြင့် ဖုံးအုပ်၍ အထဲတွင် ဓာတ်ငွေ့အိတ် အမြောက်အမြားကို ထည့်ထားသည်။ ရဟတ်များကိုမူ စက်တွင်မဟုတ်ဘဲ ဇက်ပလင်၏ ကိုယ်ထည်တွင် တပ်ဆင်ထား၏။ ထို့နောက် ထိုဇက်ပလင်ကို ကောင်းကင်၌ ခုတ်မောင်းကြည့်သောအခါ ကောင်းစွာ အောင်မြင်သည်ကို တွေ့ရလေသည်။

၁၉၀၀ ပြည့်နှစ်အတွင်း၌ ပဌမဇက်ပလင်ကို စမ်းသပ်ခဲ့၍ ထိုဇက်ပလင်သည် တနာရီလျှင် ၁၈ မိုင်နှုန်းဖြင့် လိုရာခရီးသို့သွားနိုင်ခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် ဒုတိယ ဇက်ပလင်ကို ပြုလုပ်ကာ ဆွစ်ဇာလန်နိုင်ငံသို့ ပျံသန်းခဲ့သည်။ ထို့နောက် ပေါ်ပေါက်လာသော ဇက်ပလင်သည် တနာရီ ၂၃ မိုင်နှုန်းမျှနှင့် ပျံသန်းနိုင်ခဲ့ပြီးလျှင် သွားလိုသည့် ဖက်ကိုလည်း လွယ်ကူစွာနှင့်ပင် သွားနိုင်ခဲ့သည်။ ဓာတ်အိမ်ပျံဖြင့် လိုရာသွားနိုင်ခြင်းကို ထိုပုဂ္ဂိုလ်ကြီးက စ၍ တီထွင်ခဲ့သည်ဟု ဆိုရပေမည်။

ဂျာမန်အစိုးရသည် စစ်မက် ဖြစ်ပွားသော အခါတွင် ဇက်ပလင်များ အသုံးဝင်မည်ကို သိသဖြင့် ပစ္စည်းဥစ္စာကုန်ခန်းသလောက် ဖြစ်နေပြီဖြစ်သော ကောင့် ဇက်ပလင်အား အစိုးရကိုယ်တိုင် ငွေအားဖြင့် ကူညီခဲ့လေသည်။

၁၉၁၄ ခုနှစ်၌ ပဌမကမ္ဘာစစ် ပေါ်ပေါက် လာသောအခါ ဂျာမနီနိုင်ငံတွင် ဇက်ပလင်တပ်ကြီးတတပ်ရှိနေလေပြီ။ ထိုလေတပ်ဖြင့် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများသို့သွားရောက်ကာ ဗုံးများကိုကြဲချရန်ဖြစ်သည်။ သို့ရာတွင် ဇက်ပလင်များမှာ ကိုယ်ထည်ကြီးမားကြသဖြင့် အောက်မှ ပစ်ခတ်သော အမြောက်ကျည်ဆံများ ဘေးမှ မလွတ်ကင်းသည့်ပြင် လျင်မြန်စွာ ပျံသန်းနိုင်သည့် လေယာဉ်ပျံကလေးများက ပတ်ချာဝိုင်း ပျံသန်း၍ မီးလောင်စေတတ်သည့်ကျည်ဆံများဖြင့် ပစ်ခတ်ခြင်းကိုခံကြရကာ မီးလောင်ပျက်ကျကြသည်က များသဖြင့် စစ်ဖက်၌ အသုံးပြုရန် ကောင်းမွန်လှသည်ဟု မဆိုသာပေ။ သို့သော် ငြိမ်းချမ်းလျက်ရှိသော အခါများတွင်မူ ကုန်စည် တင်ဆောင်ရေးအတွက် များစွာ အရေးပါနိုင်ပေသည်။


၁၉၁၉ ခုနှစ်တွင် ဗြိတိသျှတို့ကလည်း ဇက်ပလင်ကဲ့သို့သော လေသဘောၤကို ပြုလုပ်နိုင်ခဲ့ပြီးလျှင် အတ္တလန္တိတ် သမုဒ္ဒရာကိုပင် ဖြတ်ကျော်နိုင်ခဲ့သည်။ အမေရိကန်နိုင်ငံသို့ ပျံသန်းကြည့်ရာ အောင်မြင်ပြီးလျှင် အပြန်ခရီးတွင် ပို၍ လျင်မြန်စွာ ပျံသန်းနိုင်ခဲ့လေသည်။

စစ်အတွက် ပြုလုပ်သော ဇက်ပလင်တို့တွင် မော်တော်စက်များကို တပ်ဆင် ထားလေ့ရှိကြ၍ ထိုစက်များကို ဇက်ပလင်ကိုယ်ထည်၏ ရှေ့၊ အလယ်နှင့် နောက်ပိုင်းတို့တွင် ရှိသော အိမ်ကလေးများတွင် တပ်ဆင်ထားကြသည်။

ဗြိတိန်နိုင်ငံတွင် ပဌမ လေသဘောၤကို ဆောက်လုပ်ပြီး ရှစ်နှစ် ကြာသောအခါ၌ လေသဘောၤ R ၁၀၀ နှင့် လေသဘောၤ R ၁၀၁ တို့ကို ဆောက်လုပ်ကြပြန်သည်။ R ၁၀၀ သည် အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းခဲ့၏။

www.burmeseclassic.com






ငြိမ်းချမ်းလျက်ရှိသောအခါများတွင် ကုန်စည်တင်ဆောင်ရေးအတွက် များစွာအရေးပါနိုင်သည့် လေသင်္ဘော

သို့သော် R ၁၀၁ မှာမူ ၁၉၃၀ ပြည့်နှစ် အောက်တိုဘာလတွင် အိန္ဒိယနိုင်ငံသို့ ပျံသန်းခဲ့စဉ် ပြင်သစ်နိုင်ငံ၌ ပျက်ကျသဖြင့် လူပေါင်း ၄၆ ယောက်မျှ သေဆုံးခဲ့ရလေသည်။ ထို လေသင်္ဘောပျက်စီးပြီးနောက် R ၁၀၀ ကိုလည်း အသုံးမပြု ကြတော့ချေ။ နောက်ထပ်၍လည်း လေသင်္ဘောများကို မဆောက်လုပ်ကြတော့ချေ။

ဂျာမနီနိုင်ငံမှ ကုန်စည်နှင့်လူများကို တင်ဆောင်သောဟင်ဒင်ဗတ် ခေါ် လေသင်္ဘောကို ဆောက်တည်ခဲ့သည်။ ထိုလေသင်္ဘောသည် တနှစ်ကုန်ဆုံးသောအခါ ၁၉၃၇ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု လိတ်ဟတ်မြို့တွင် ပျက်ကျသွားလေသည်။ ဂျာမနီနိုင်ငံတွင် ၁၉၂၇ ခုနှစ်က ဂရပ်အမျိုးအစား ဇက်ပလင် လေသင်္ဘောတစင်းကို ဆောက်လုပ်ခဲ့သေးသည်။ ထိုလေသင်္ဘောကို ၁၀ နှစ်ခန့် အသုံးပြုရပြီးလျှင် ၁၉၃၈ ခုနှစ်တွင် ဒုတိယဂရပ်ဇက်ပလင်တစင်းကို ထပ်မံ ဆောက်လုပ်ကြပြန်ရာ ပေပေါင်း ၈၀၃ မျှ ရှည်လျားလေသည်။

ပဌမ ကမ္ဘာစစ် အတွင်းက အမေရိကန်ပြည်ထောင်စုမှ အလွန်ကြီးမားသော လေသင်္ဘော သုံးစင်း ဆုံးရှုံးခဲ့၏။ ထိုလေသင်္ဘောများနှင့်အတူ လူပေါင်း ၉၀ လည်း သေကြေပျက်စီးခဲ့ရသည်။ လေသင်္ဘောများသည် ပျက်စီးခြင်းဘေးနှင့် မကြာခဏ တွေ့ကြုံခဲ့ရ၏။ သို့ရာတွင် စစ်အတွင်းအသုံးကျခဲ့ပုံများကို မမေ့နိုင်ကြသည့်အတိုင်း အချို့နိုင်ငံမှ လေသင်္ဘောများကို တမျိုးတဖုံ ပြုပြင်ပေးပြီးလျှင် ပြန်လည် အသုံးပြုကောင်း ပြုစရာရှိပေသည်။

မြန်မာနိုင်ငံ၌ကား မြန်မာအမျိုးသားထဲမှ ဦးကျော်ရင်ဆိုသူ မီးပုံးပျံစီးသူရဲတဦး ထူးထူးခြားခြား ပေါ်ပေါက်ခဲ့ဘူးပေသည်။ သူသည် ထားဝယ်မြို့မှ ပုံဆွဲဆရာဖြစ်၍ ၁၉၂၉ ခုနှစ် အသက် ၅၀ ကျော် အရွယ်တွင် မီးပုံးပျံကို စတင် စီးပြခဲ့သည်။ သူ၏ မီးပုံးပျံမှာ ပိတ်အဝတ်ဖြင့် ချုပ်လုပ်ထား၍ လုံးပတ် အတောင်တရာခန့် ရှိပြီးလျှင် ရေနံချေးမှိုင်းဖြင့် မိုးပေါ် ပျံခဲ့သည်။ သူသည် ၁၉၂၉ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ၁၀ နှစ်အတွင်း၌ မီးပုံးပျံငါးလုံးဖြင့် မြန်မာနိုင်ငံ အနှံ့အပြားတွင် အကြိမ်ပေါင်း ၅၅ ကြိမ် စီးပြခဲ့သည်။ ထူးခြားချက်မှာ ဦးကျော်ရင်သည် မီးပုံးပျံစီးပြစဉ် မီးပုံးပျံအောက်ဖက်ရှိ ကြိုးမှ တွဲလောင်းချထားသော ဘားတန်းပေါ်၌ သက်စွန့်ဆံဖျား ဂျိမ်းအမျိုးမျိုး ထိုးပြီး လိုက်ပါပြခြင်းပင် ဖြစ်လေသည်။ (ကျော်ရင်၊ ဦး (မီးပုံးပျံ) — ရှု)။

**လေသိပ်အားကရိယာ။ ။နျူမက်တစ်ကရိယာ—ရှု။**



www.burmeseclassic.com

www.burmeseclassic.com



**လေးချိုး။** ။လေးချိုးဆိုသည်ကား အအုပ်အခံ ကာရန် အချိုးအစား လေးပိုဒ်တို့ဖြင့် ရေးသားစီကုံးရသော တေးမျိုးကို ဆိုလိုသည်။ ဥဒါဟရုဏ်ကား —

၁။ မြတ်လေးဖြူ စံပယ်သင်းပြန်တော့၊ နတ်သွေးတူ ရွယ် ယမင်းတေ့က၊ သွယ်သွယ်ညှင်း ကုံးကာဆင်။ ။

၂။ စာပြန်ပွဲကိုလ၊ ဟန်နွဲ့ကာ တူနှစ်ပေါ်နှင့်၊ အလှူတော် ကောင်းမှုပွားအောင်ကွယ်၊ သွားကြပျော်ရှင်။ ။

၃။ နွေနယုန် မေထုန်လဟာမို့၊ မြေဝသုန် လေဟုန်ခ ပြန်တော့၊ ရွှေမှုန် ထပါလို့ ညိုလွှင်လွှင်၊ ဟိုတခွင်မှာဖြင့် အုံ့ကာမှိုင်း။ ။

၄။ စည်ပုဇွန် ရိုက်ချန်းရောင်ခြည်ဝှန်၍၊ တသွန်သွန် ဟန်ကုန်နွဲ့ပါလို့၊ အမွှန် မာန်ဟုန်နှင့် သဲလှတယ်ကွယ်၊ ရွှဲကြလူတိုင်း။ **(နယုန်လဘွဲ့ လေးချိုး)**

လေးချိုးကဗျာ ရေးသားရာ၌ အခံပိုဒ်နှစ်ခု၊ အအုပ်ပိုဒ်နှစ်ခု ရှိရမြဲဖြစ်သည်။ အခံပိုဒ်နှစ်ခုတွင် အက္ခရာ၊ သို့မဟုတ် ပဒ နည်းသည် ဖြစ်စေ၊ များသည် ဖြစ်စေ အချီအချဟု အခြင်းအရာအားဖြင့် ပါမြဲ ဖြစ်သည်။ သို့ဖြစ်၍ အခံပိုဒ်နှစ်ခုလုံးကို လဟုသံဖြင့် ချီ၍ ဂရုသံဖြင့် ချရမြဲဖြစ်သည်။

အအုပ်ပိုဒ်နှစ်ခုတို့တွင် ပဌမချိုးဖြစ်သော အအုပ်ပိုဒ်ကို ပဌမ အခံပိုဒ်ကဲ့သို့ချီ၍ အခံပိုဒ်နှစ်ခုကဲ့သို့ ဂရုသံကာရန်တူ အုပ်ကာ ချလိုရာ လဟုသံတခုခုသို့ ပြောင်း၍ချရသည်။

စတုတ္ထချိုးကိုမူ ဂရုသံဖြင့် ချီ၍ တတိယချိုး၏ အချနှင့် လဟုသံ ကာရန်တူ ချမြဲဖြစ်သည်။

အထက်ပါ စည်းမျဉ်းအရ အခံပိုဒ် ပဌမအချိုးတွင် 'သင်း'ဟု အင်းကာရန် လဟုသံဖြင့် ချီ၍ အဆုံး၌'ဆင်' ဟု အင်ကာရန် ဂရုသံဖြင့် ချသည်။ ထိုအတူ ဒုတိယ အချိုးတွင် 'ပွဲ'ဟု အဲကာရန် လဟုသံဖြင့် ချီ၍ အဆုံး၌ 'ရှင်'ဟု အင်ကာရန် ဂရုသံဖြင့် ချသည်။ တတိယအချိုး၌ 'နွေနယုန် မေထုန်လဟာမို့'တွင် 'မို့'ဟု ပဌမအချိုးကဲ့သို့ လဟုသံဖြင့် ပြန်ချီပြီးလျှင် ပဌမ၊ ဒုတိယတို့၏ အချကာရန်တူ 'လွှင်'ဟု ခံကာ 'ခွင်'ဟု အုပ်၍ 'မှိုင်း'ဟု လဟုသံဖြင့် ချသည်။ စတုတ္ထအချိုး၌ 'စည်ပုဇွန်'ဟု အက္ခရာ သုံးလုံးရှိ 'ဇွန်' ဂရုသံဖြင့် ချီ၍ 'တိုင်း'ဟု တတိယ အချိုး၏ အချကာရန်တူ လဟုသံဖြင့် ချသည်။

လေးချိုးကို လေးဆစ်ဟူ၍လည်းခေါ်သည်။ လေးဆစ်ချိုး ဟူ၍လည်း ခေါ်သည်။ လေးဆစ်ကို အခြားကဗျာများနှင့် မရောနှောပဲ သီးခြား ရေးထားသော အချင်းမျိုးကို လေးဆစ်ဟူ၍ ခေါ်သည်။ တနည်းအားဖြင့် အခြားကဗျာမှာ နောက်ဆုံးတွင် ရေးသော လေးဆစ်ကို သံထောက်ဟူ၍ ခေါ်သည်။ တနည်းအားဖြင့် အဆုံးလည်း မဟုတ်၊ တပုဒ်တည်း လေးဆစ်လည်း မဟုတ်ပဲ၊ အခြား စာများမှာ ရောနှော ရေးသားထားသော လေးဆစ်ကို သဖြန် ဟူ၍ မှတ်ယူ ရေးသားလေ့ရှိသည်။ တနည်းအားဖြင့် ကာလဒေသအလိုက် ခွန်းထောက်ဟူ၍လည်း ရေးသားကြသေးသည်။ ရှေးကျသော လေးဆစ်စာများမှာ လွန်စွာ စာလုံး နည်း၍ အဓိပ္ပါယ် ကျယ်ဝန်းပြီးလျှင် စာသား နက်မှာလည်း တိုတို ကျဉ်းကျဉ်းသာ ရေးကြသည်။ ဤကဲ့သို့ ရေးသည်ကို လေးဆစ်ဟု အမှတ်ပြုကြသည်။ လေးဆစ်ကို ချဲ့ထွင်ပြီးလျှင် လေးဆစ်ဘောလယ် ဟူ၍ငင်း၊ လေးဆစ်ပုလဲ ဟူ၍ငင်း စာဟောင်း ပေမူ ပုရပိုက်များတွင် တွေ့မြင်ရလေသည်။

ထိုပြင် လေးချိုးသည် လေးချိုးငယ်၊ လေးချိုးလတ်၊ လေးချိုးကြီး ဟူ၍ သုံးမျိုး ပြားပြန်၏။ ထိုသုံးမျိုးတွင် လေးချိုးငယ်ကို လေးဆစ် သဖြန် ဟူ၍ငင်း၊ လေးဆစ် ကန့်ထောက် သဖြန် ဟူ၍ငင်း အထူးပြု၍ ခေါ်သည်။ လေးချိုးလတ်ကို လေးချိုး ဟူ၍ပင် သာမညအားဖြင့် ခေါ်သည်။ လေးချိုးကြီးကို လေးချိုးကြီး ဟူ၍ငင်း၊ အလွန်ကြီးက မဟာလေးချိုးကြီး ဟူ၍ငင်း အထူးပြု၍ ခေါ်သည်။ လေးချိုးကြီးသည်လည်း ကာလပေါ် လေးချိုးကြီး၊ ရှေးရိုး လေးချိုးကြီး ဟူ၍ နှစ်မျိုးပြား၏။ ရှေးရေး လေးချိုးကြီးကို သံချိုလေးချိုးကြီး ဟူ၍လည်း ခေါ်သည်။ တနည်းအားဖြင့် စာဖြောင့် လေးချိုးကြီး၊ စာထောင့် လေးချိုးကြီး ဟူ၍လည်း နှစ်မျိုးပြားပြန်၏။

ထိုမှတပါး ပုံကြီးသံ၊ စည်တော်သံ၊ တေးရိုး ခေါ်သော သီချင်းမျိုးမှာလည်း အခံအချိုး အအုပ်အချိုး ကွပ်သိမ်းချက် ထား၍ ရေးသမျှသည် လေးဆစ်ချိုး သဘောမျိုး အရင်းခံတွင် အသံယူအသံထားသာ ကွဲပြားကြလေသည်။

**လေးညှင်းပင်။** ။အမြဲ စိမ်းလန်း၍ အမြင့်ပေ ၃၀ မှ ၄၀ အထိ ရှိသော လုပသည့် လေးညှင်းပင်သည် မာတေးစီအီး မျိုးရင်းတွင် ပါဝင်၍ ယင်း၏ ရုက္ခဗေဒအမည်မှာ ယူဂျီးနီးယား ကယ်ရီယိုဖီလေးတား ဖြစ်သည်။ လေးညှင်းပင်၏ မူလပေါက်ရာ ဒေသမှာ အရှေ့အိန္ဒိယ ကျွန်းစုများတွင် အဝင်အပါဖြစ်သော မိုလက်ကာကျွန်းများဖြစ်၍ အိန္ဒိယ နိုင်ငံနှင့် မြန်မာနိုင်ငံတို့သို့ တဆင့်ယူဆောင်စိုက်ပျိုးခဲ့ခြင်း ဖြစ်လေသည်။ ဒပ်ချလူမျိုးတို့သည် အရှေ့အိန္ဒိယကျွန်းစုများကို ပေါ်တူဂီလူမျိုးများ လက်ထဲမှ တိုက်ခိုက်သိမ်းယူလိုက်သောအခါ လေးညှင်း အစရှိသည့် အမွှေးအကြိုင်ပင်များကို အမ်ဗိုင်နား ကျွန်းတွင် အားသွန် စိုက်ပျိုးကြသည်။ ပြင်သစ် လူမျိုးတို့သည် လေးညှင်းပင်ကို အာဖရိကတိုက် အရှေ့ဖက်ရှိ ဇန်ဇီဗာကျွန်းနှင့် အနောက် အိန္ဒိယ ကျွန်းစုများတွင် တဆင့် ယူဆောင် စိုက်ပျိုးခဲ့ကြသည်။ ယခုအခါတွင်ကား အပူပိုင်း တိုင်းပြည် အားလုံးလောက်တွင် စိုက်ပျိုးလျက် ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com





လေးညှင်းပင်များသည် ဆင်ခြေလျော ဖြစ်နေသည့် မြေနေရာရှိ သဲမြေနုံးများကို ကြိုက်နှစ်သက်၍ ပေပေါင်း ၂,၀၀၀ အမြင့်တိုင်အောင် ဖြစ်ထွန်းကြသည်။ ထိုအပင် မျိုးကို အစေ့မှ မျိုးပွားယူရ ပျိုးသည့်အခါ ရက်သတ္တ ငါးပတ်မှ ခြောက်ပတ်အတွင်း အညှောက် ထွက်လေသည်။ အတက် အလွန်နွေးကွေးသည့် ပျိုးပင်များကို ၁၂ လက်မ အရွယ် ရှိလာသောအခါ မြေတဧကတွင် အပင်ပေါင်း ၁၀၀ နှုန်းဖြင့် တပင်နှင့် တပင် ပေ ၂၀ ခန့် ခွာ၍ ပြောင်းယူ စိုက်ပျိုးနိုင်သည်။ အပင်သက် ရှစ်နှစ်၊ သို့မဟုတ် ကိုးနှစ်ခန့် ရှိလာသောအခါ ပဌမဆုံးအကြိမ် လေးညှင်းပွင့်များကို ရရှိ နိုင်ရာ အပင်သက် အနှစ် ၂၀ ခန့်အထိ ဆက်လက် ရရှိ လေသည်။ ထိုအခါ တပင်တပင်မှ လေးညှင်းပွင့်အခြောက် ရှစ်ပေါင်မှ ၁၀ ပေါင် အထိ ရရှိ နိုင်လေသည်။ ကမ္ဘာ့ လေးညှင်းပွင့် အထွက် ၉၀ ရာခိုင်နှုန်းလောက်သည် ဇန်ဇီ ဗာကျွန်းနှင့် ပင်ဗာနယ်မှ ရရှိရာ တဝက်လောက်ကို အိန္ဒိယ နိုင်ငံသို့၎င်း၊ အချို့ကို သီဟိုဠ်ကျွန်းသို့၎င်း တင်ပို့ရသည်။

မြန်မာနိုင်ငံ၌ အတွေ့ရများသော လေးညှင်းပွင့်များ သည် စင်စစ် လေးညှင်း အဖူးကလေးများကို မပွင့်မီ ခူး၍ နေပူ၌ အခြောက်လှန်းထားခြင်း ဖြစ်သည်။ အဖူးကလေး များသည် ထွက်စအချိန်တွင် ဖြူယော်ယော် အရောင်ရှိ၍ တဖြည်းဖြည်း အစိမ်းရောင်သို့ ပြောင်းလဲ သွားသည်။ အနည်းငယ် ရင့်လာသောအခါ အနီရောင်သို့ ပြောင်းလဲ သွားပြန်သည်။ ထိုအခါ အဖူးများကို ခူး၍ နေတွင် အခြောက်လှန်းရာ ခြောက်သွေ့သောအခါ အညိုရင့်ရောင် ဖြစ်လာလေသည်။ လေးညှင်းပွင့်သည် အလျား လက်မ ဝက်ခန့်ရှိ၍ တဖက်ဖျားတွင် အဖုကလေး ရှိရာ ထိုအဖု ကလေးမှာ စင်စစ်အားဖြင့် မပွင့်ရသေးသော ပွင့်ဖတ် ငယ်များသာ ဖြစ်သည်။ မပွင့်ရသေးသဖြင့် ယင်းပွင့်ဖတ် ငယ်များမှာ တခုနှင့်တခု ထပ်၍ လုံးနေခြင်း ဖြစ်သည်။ လေးညှင်းမွှင့်သည် အမွှေးအကြိုင်များတွင် အဝင်အပါ တခု ဖြစ်သည်အားလျော်စွာ အလယ်ခေတ်၌ အမွှေး အကြိုင်ကုန် ကူးသန်းရောင်းဝယ်ရေး ပြုလုပ်ရာတွင် အ ရေးပါ အရာရောက်သော ထုတ်ကုန်တမျိုး ဖြစ်ခဲ့သည်။

လေးညှင်းဆီကို လေးညှင်းအဖူးများ၊ အရွက်များနှင့် အကိုင်းအခက်များကို ရေဖြင့် အထပ်ထပ် ပေါင်းတင် ခြင်းဖြင့် ရရှိသည်။ လေးညှင်းဆီမှာ အစပဌမတွင် အဝါ ရောင်ဖျော့ဖျော့၊ သို့မဟုတ် အရောင်မရှိသလောက်ဖြစ်၏။ ထိုနောက်မှ တဖြည်းဖြည်း အညိုရောင်သို့ ပြောင်းလဲ သွားသည်။ အနံ့ အရသာမှာ လေးညှင်းပွင့်များကဲ့သို့ပင် သင်း၍ ပူစပ်စပ် ဖြစ်သည်။ ယင်းအဆီကို သွားကိုက် သွားနာဖြစ်သည့်အခါ အသုံးပြုကြသည်။ အခြားဆေးဖက် အဖြစ်ဖြင့်လည်း အသုံးပြုကြသည်။



လေးညှင်းပင်၏ အဖူးအပွင့်နှင့် အရွက်များ

**လေးမျက်နှာမြို့**။ ။လေးမျက်နှာမြို့သည် ဧရာဝတီတိုင်း ဟင်္သာတခရိုင် အတွင်းရှိ လေးမျက်နှာမြို့နယ်၏ ရုံးစိုက်မြို့ ဖြစ်သည်။ ဝေန်မြစ်၏ အနောက်ဖက်ကမ်းပေါ်၌ တည်ရှိ သဖြင့် ကုန်သွယ် စီးပွားရေးတွင် ပုသိမ်ခရိုင်နှင့် ပို၍ အဆက်အဆံ များသည်။ ထို့ကြောင့် ဗြိတိသျှတို့ အုပ်စိုးစ အခါက လေးမျက်နှာမြို့နယ်သည် ပုသိမ်ခရိုင်အတွင်း၌ ပါဝင်ခဲ့လေသည်။

မြို့နယ်ရုံးစိုက်မြို့ ဖြစ်သည့် အားလျော်စွာ မြို့ပေါ်တွင် မြို့ပိုင်ရုံး၊ တရားမနှင့် ရာဇဝတ်တရားသူကြီးရုံး၊ ပြည်သူ ရဲတပ်ဖွဲ့စခန်း၊ စာတိုက်နှင့် ကြေးနန်းရုံး၊ ဆေးရုံ၊ ဈေး၊ အစိုးရ အထက်တန်းကျောင်း စသော အစိုးရအဆောက် အအုံများ ရှိသည်။ မြို့ခင်း မြို့ကွက် အနေအထား မကောင်းလှချေ။ တောင်နှင့် မြောက် အလျားလိုက် တည်ရှိသော မြို့ရှည်ကြီး ဖြစ်သည်။ အလျား သုံးမိုင် အနံ တဖာလုံခွဲခန့် ရှိသည်။ လမ်းများကလည်း ကျယ်ကျယ် ပြန့်ပြန့် မရှိလှပေ။ ရေကာတာများကလည်း မြို့၏ တစိတ် တဒေသအတွက်သာ အကာအကွယ်ရှိသဖြင့် မိုးရာသီ အခါ ဝေန်မြစ်ရေတိုးလျှင် ရေဘေးစိုးရိမ်ရသော မြို့တမြို့ ဖြစ်သည်။ ၁၈၈၂ ခုနှစ်မှ ၁၉၀၈ ခုနှစ်အထိ မြို့၏ စည်ပင် သာယာရေးအတွက် တောင်းကော်မီတီဖြင့် အုပ်ချုပ် ခဲ့သော်လည်း ၁၈၀၉ ခုနှစ်တွင် မြို့ကို အကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com



ရေလွှမ်းမိုးခဲ့ပြီးသည့် နောက်တွင် ထိုကော်မီတီကို ဖျက်သိမ်းခဲ့လေသည်။

မြို့ပေါ်ရှိလူဦးရေသည် ၆,၉၂၆(၁၉၆၂)ဖြစ်၍ အများစုသည် ဗုဒ္ဓအယူဝါဒီ မြန်မာလူမျိုးများ ဖြစ်သည်။ ကရင်လူမျိုး အတော်အသင့်ရှိသည်။ အခြား မြန်မာနိုင်ငံမြို့များနည်းတူ နိုင်ငံခြားသား တရုပ်လူမျိုး၊ အိန္ဒိယလူမျိုးများလည်း အနည်းအကျဉ်း တွေ့ရလေသည်။ မြို့နယ်၏ လူဦးရေမှာ ၁၉၆၂ ခုနှစ် ခန့်မှန်းခြေ ၅၇,၁၇၄ ယောက်ဖြစ်သည်။ ဗုဒ္ဓဝါဒီ မြန်မာလူမျိုးများသည် အများစုဖြစ်၍ ကရင်လူမျိုးများလည်း အတော်အသင့် များသည်။ ရခိုင်ရိုးမတောင်ခြေရင်း၌ ချင်းလူမျိုးများကို အတော်အတန်တွေ့ရသည်။

လေးမျက်နှာမြို့ တည်ရာအရပ်သည် မူလက မွန်ဒေသဖြစ်၍ ဗညားဒလ အမည်ရှိသော မွန်ဘုရင်ခံ၏ လက်ထက်တွင် ထိုမြို့ကို မြို့ရိုး၊ ကျုံးတို့ဖြင့် အခိုင်အမာ မြို့တမြို့ပြုထားခဲ့သည်။ အလောင်းမင်းတရားကြီးသည် ရာမညတိုင်း မွန်သုံးရပ်ကို တိုက်ခိုက် သိမ်းပိုက်သည့်အခါ ထိုမြို့ ပျက်၍တောဖြစ်ခဲ့လေသည်။ နောင် အနှစ် ၅၀ ခန့် ကြာလျှင် မြန်မာမင်း၏ သမန္တ ဟု အမည်ရှိသော ပုံ့နင်းကြီးတဦးသည် မိမိရှိုးစိုက်ရန်အတွက် ထိုမြို့နေရာကို ရွေးချယ်ခဲ့သည်။ မြို့တည်ရန် ခြုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းသောအခါ ဗညားဒလတည်ထားခဲ့သော စေတီကိုငင်း၊ မြို့ရိုးနှင့် ကျုံးဟောင်းတို့ကိုငင်း တွေ့ကြရသည်။ မြို့ရိုးကိုလေးမျက်နှာပတ်လည် တွေ့ရှိသဖြင့် မြို့အမည်ကိုလည်းလေးမျက်နှာဟု ခေါ်တွင်ခဲ့သည်ဟုဆိုကြသည်။ အခြားအဆိုတခုမှာ ဗညားဒလ၏ စေတီ၌ လေးမျက်နှာတွင်မုခ်တမုခ်စီ ရှိသည်ကို အကြောင်းပြု၍ ခေါ်ဝေါ်သည်ဟုဆိုကြပြန်သည်။ မြို့တည်သည့် ခုနှစ်မှာ မြန်မာသက္ကရာဇ် ၁၁၂၇ ခုနှစ်ဖြစ်၍ ဗညားဒလ၏ စေတီဟောင်းကိုလည်းထိုပုံ့နင်းကြီးက ပြုပြင်မွမ်းမံခဲ့သည်။ မြန်မာမင်းများလက်ထက်က လေးမျက်နှာမြို့သည် ဖွံ့ဖြိုး စည်ကားခဲ့ဟန်ရှိ၍ ပဌမ အင်္ဂလိပ်–မြန်မာ စစ်ပွဲအတွင်း ခရစ်နှစ် ၁၈၂၆ ခုနှစ်က ပုသိမ်မြို့ဝန်သည် ထိုမြို့သို့ လာရောက်တိမ်းရှောင်နေခဲ့လေသည်။

လေးမျက်နှာဘုရားအပြင် လေးမျက်နှာမြို့ပေါ်၌ ထူပါရုံစေတီ၊ တာဝတိံသာ တန်ဆောင်းတို့လည်း ရှိသေးသည်။ ထိုမြို့နယ်အတွင်း၌ ရှေးက သီတာမောင်နှမတို့တည်ခဲ့သော သီတာဘုရားသည် ထင်ရှားလေသည်။

လေးမျက်နှာမြို့နယ်သည် ဟင်္သာတခရိုင်၏ အနောက်တောင်ဖက်အကျဆုံး မြို့နယ်ဖြစ်သည်။ မြောက်ဖက်တွင် ဟင်္သာတခရိုင်၏ အင်္ဂပူမြို့နယ်၊ အရှေ့ဖက်တွင် ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်၊ တောင်ဖက်တွင် ပုသိမ်ခရိုင်၏ ငသိုင်းချောင်းမြို့နယ်တို့ ဝန်းရံလျက်ရှိပြီးလျှင် အနောက်ဖက်နယ်နိမိတ်သည်မူ ရခိုင်ရိုးမ ဖြစ်လေသည်။ ဗြိတိသျှအစိုးရ၏လက်ထက်တွင် ခရစ်နှစ် ၁၇၉၀ ပြည့်နှစ် အထိ ပုသိမ်ခရိုင်အတွင်း၌ ပါဝင်ခဲ့ရာ ပုသိမ် ခရိုင်အတွင်း၌ထားရှိ၍ အုပ်ချုပ်ရခြင်းထက် ဟင်္သာတခရိုင်အတွင်း၌ထားရှိအုပ်ချုပ်ခြင်းက ပို၍ အဆင်ပြေသဖြင့် ဟင်္သာတခရိုင်သို့ လွှဲပြောင်းခဲ့ခြင်း ဖြစ်လေသည်။

စိုက်ပျိုးရေးသည် လေးမျက်နှာမြို့နယ်၏ အဓိကလုပ်ငန်းဖြစ်သည်။ ငဝန်မြစ်သည် မြို့နယ်ကို အကြမ်းအားဖြင့် နှစ်ခြမ်းခွဲခြား၍ စီးဆင်းသည်။ အရှေ့ဖက်ခြမ်းသည် ကျဉ်းမြောင်း၍ အနောက်ဖက် ခြမ်းသည် ကျယ်ဝန်းသည်။ အရှေ့ဖက်ခြမ်းတွင် ရေကာတာရှိသဖြင့် လယ်ယာကိုင်းကျွန်း လုပ်ကိုင်နိုင်ကြသည်။ အနောက်ဖက်ခြမ်းတွင် ရေကာတာမရှိသဖြင့် မိုးရာသီအခါ နှစ်စဉ် ရေလွှမ်းမိုးတတ်သည်။ ထိုအပိုင်းသည် ရခိုင်ရိုးမ၏ တောင်ခြေရင်းဖက်ကျသဖြင့် တောင်ကုန်း တောင်စွယ်တို့သည် မြစ်ကမ်းနဖူးအထိ ရောက်ရှိကြသည်။ ထိုအပိုင်းသည် မြေညံ့များ ဖြစ်၍ငင်း၊ နှစ်စဉ် ရေလွှမ်းမိုးသဖြင့်ငင်း စိုက်ပျိုးရေး မဖြစ်ထွန်းလှသည့်ပြင် ရေဘေး အတွက်လည်း စိတ်မချရချေ။ ရခိုင်ရိုးမ၏ခြေရင်း တောင်စွယ်တောင်ကုန်းများအကြား၌မူ စိုက်ပျိုးဖြစ်ထွန်းသော ဒေသ အနည်းအကျဉ်း ရှိသည်။ ရခိုင်ရိုးမနှင့် တောင်ခြေရင်းတောင်ကုန်း တောင်စွယ်များ၏ တောင်ခါးပန်း ဆင်ခြေလျှောများသည် ထူထပ်သော သစ်တောများဖြင့် ဖုံးလွှမ်းနေ၍ လေးမျက်နှာ သစ်တောကြိုးဝိုင်း အဖြစ်သတ်မှတ်ထားသည်။ တောင်ခြေရှိ သစ်တောအချို့ကို ခုတ်ထွင်၍ လယ်ယာစိုက်ပျိုး လုပ်ကိုင်ကြသည်။ မြစ်ရိုးတလျှောက် ရေလွှမ်းမိုးတတ်သော မြစ်ကမ်းဘေး ဒေသများတွင် ဂျုံ၊ လူး၊ ပြောင်း၊ ပဲအမျိုးမျိုး စသည်တို့ကို စိုက်ပျိုးလုပ်ကိုင်သော ကိုင်းခင်းများ ရှိလေသည်။

ငဝန်မြစ်၏ တောင်ဖက်ကျသော အပိုင်းသည် ဟင်္သာတမြေနိမ့်ဒေသ၏ တစိတ်တဒေသဖြစ်၍ ရေကာတာများလည်း ရှိသည်။ ထိုအပိုင်းသည် စိုက်ပျိုးဖြစ်ထွန်း၍ ဆန်စပါးစိုက်ပျိုးရေးကို အထူးလုပ်ကိုင်ကြလေသည်။ တောင်ဖက်ပိုင်းသည် မြောက်ဖက်ပိုင်းထက် စိုက်ပျိုး ဖြစ်ထွန်းသဖြင့် ကုန်သွယ်ရေးအခြေ ပိုမိုကောင်းမွန်လေသည်။

သယ်ယူပို့ဆောင်ရေးနှင့်သွားရေးလာရေးအတွက် ငဝန်မြစ်သည် အဓိကလမ်းကြောင်းကြီးဖြစ်သည်။ သို့သော်နွေအခါ ရေနည်းပါးလာလျှင် ပြည်သူ့ရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် သင်္ဘောများသည် လေးမျက်နှာမြို့အထိ မရောက်နိုင်ချေ။ လှေကြီး လှေငယ်များ၊ မော်တော်များ၊ သမ္ဗန်များဖြင့်သာ သွားလာမှုကို ပြုကြ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ များသောအားဖြင့် လေးမျက်နှာမြို့နယ်ရှိ ဆန်စပါးတို့ကို ပုသိမ်မြို့သို့ အများဆုံးတင်ပို့ရာ မိုးရာသီအခါ၌သာ ဆောင်ရွက်ကြရလေသည်။ ရှေးအခါက ဟင်္သာတနှင့် ပုသိမ်ကို ဝေန်မြစ်ကြောင်းဖြင့် ကူးသန်း သွားလာနိုင်ခဲ့၍ လေးမျက်နှာ မြို့သည် ထိုလမ်းကြောင်းတွင် သင်္ဘောဆိပ်မြို့ တမြို့ဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဝေန်မြစ်ကို ဖြတ်ကျော်သော ဆုံကုန်း တန်တားကို ဗြိတိသျှတို့ စစ်ပြေးယင်း ဖျက်ဆီးခဲ့၏။ ယခုအခါ ထိုတန်တားကြီးသည် ပြုပြင်ပြီးစီးသွားပြီဖြစ်၍ မီးရထား သွားလျက်ရှိလေပြီ။

ဟင်္သာတမြို့နှင့် ဆက်သွယ်ရာတွင် လေးမျက်နှာမြို့ တဖက်ကမ်းရှိ မြေနုရွာမှတဆင့် တလုတ်ထော်ရွာကြီးသို့ ကုန်းလမ်းခရီးပေါက်သည်။ သို့သော် လမ်းကျဉ်းကလေးမျှသာ ဖြစ်သည်။ တလုတ်ထော်ရွာကြီးနှင့် ဟင်္သာတ၏ အကြား ဆက်သွယ်သောလမ်းသည် မြေနု တလုတ်ထော်လမ်းထက်ပို၍ ကျယ်သည်။ တလုတ်ထော်မှ ဟင်္သာတ၊ မြန်အောင် မီးရထားလမ်းရှိ ဘုရားကုန်းဘူတာသို့ရင်း၊ ဟင်္သာတ၊ ပုသိမ် မီးရထားလမ်းရှိ နိဗ္ဗာန်ဘူတာသို့ရင်း ကုန်းလမ်းဖြင့် ဆက်သွယ်နိုင်လေသည်။

လေးမျက်နှာ မြို့နယ်အတွင်း၌ ရခိုင်ပြည် သံတွဲခရိုင်အတွင်းသို့ပေါက်သော တောင်ကြားလမ်းရှိ၍ ထိုတောင်ကြားလမ်းကို ဂွတောင်ကြားလမ်းဟု ခေါ်လေသည်။

# အဋ္ဌာရသ တဆဲ့ရှစ်ရပ်ဝင် အတတ်တမျိုး

**ရှေးအခါက စစ်တိုက်၊ တောကစားထွက် စသည်တို့၌ အလွန် အရေးပါခဲ့သော လေးအတတ်သည် ယမ်းနှင့် သတ္တုလက်နက်များ ပေါ်သည့် အချိန်မှ စ၍ အပျင်းပြေလေ့ကျင့်သော အတတ်မျှသာ ဖြစ်နေလေသည်။**

**လေးအတတ်။** ။လေးအတတ်သည် ရှေးအခါက စစ်တိုက်ရာတွင်ရင်း၊ အသက်အိုးအိမ် စည်းစိမ် ကာကွယ်ရာတွင်ရင်း၊ တောကစားထွက်ရာတွင်ရင်း အလွန်အရေးပါ အရာရောက်ခဲ့သည် အားလျော်စွာ ယောကျ်ားတိုင်းတတ်အပ်သော အတတ်ဖြစ်ခဲ့၍ အလွန်လည်း ခေတ်စားခဲ့သည်။ သို့သော် ၁၄ ရာစုနှစ်သို့ ရောက်၍ ယမ်းနှင့် သတ္တုလက်နက်များ ပေါ်ပေါက်လာသောအခါ လေးအတတ်သည် တဖြည်းဖြည်း တိမ်ကော ပပျောက်လာရနောက်ဆုံး ယခုခေတ်တွင်ကား အပျင်းပြေ ပျော်ပွဲလောက်အတွက်သာ ထိုအတတ်ကို လေ့ကျင့် ကြတော့သည်။ လေးအတတ်သည် ကျင့်သားများ၏ ကျွမ်းကျင်မှုရှိမှုသာ လက်ဖြောင့်နိုင်သည်။ အချို့လေးသမားတို့သည် လေးပစ်ရာ၌ အလွန် ကျင်လျှင်ရကား မြားများကို အမျိုးမျိုး ပစ်ပြနိုင်ကြသည်။

ယခုခေတ်တွင် လေးပစ်ရာ၌ မြားများကို ကောက်ရိုးဖြင့် လုပ်ထားသော ပစ်ကွင်းများသို့ ပစ်၍ ကျင့်ကြသည်။ ဤပစ်ကွင်းများသည် အချင်းလေးပေရှိ၍ ယင်းတို့အပေါ် အရောင်အမျိုးမျိုးရှိသော စက်ဝိုင်းများရေးဆွဲထားသည်။ ထိုစက်ဝိုင်းများကား လေးပစ်သူအတွက် အမှတ်တန်ဖိုး အမျိုးမျိုးရှိသော စက်ဝိုင်းများ ဖြစ်ကြသည်။ ပစ်လိုက်သော မြားသည် အပြင်ဆုံး ဖြစ်သည့် အဖြူစက်ဝိုင်းကိုသာမှန်လျှင် ပစ်သူအတွက် တမှတ်သာရ၏။ အဖြူအတွင်းဖက်ရှိ အမည်းစက်ဝိုင်းကို မှန်လျှင် သုံးမှတ်ရ၏။ တဖန် အမည်းအတွင်းဖက်ရှိ အပြာစက်ဝိုင်းကိုမှန်လျှင် ငါးမှတ်ရ၏။ အပြာစက်ဝိုင်းအတွင်းဖက်ရှိ နီနီစက်ဝိုင်းကိုမှန်လျှင် ခုနစ်မှတ်ရ၏။ ရွှေရောင်ရှိသော အလယ်ဗဟိုချက်ကို မှန်လျှင်ကား ပစ်သူအတွက် ကိုးမှတ်ရတော့၏။ အကယ်၍ မြားသည် အရောင်နှစ်ခု စပ်ကြားတွင် မှန်လျှင် အတွင်းစက်ဝိုင်းကိုမှန်သည်ဟု ယူဆရလေသည်။

လေးသမားများသည် များသောအားဖြင့် ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ပစ်ကြသည်။ ပစ်ကြရာ၌ အင်္ဂလန်ပြည်တွင် လေးသမားတယောက်သည် စုစုပေါင်း မြားအစင်း ၁၄၄ စင်း ပစ်ခွင့်ရသည်။ ပဌမ မြား ၇၂ စင်းဖြင့် ပစ်ကွင်းကို ကိုက် ၁၀၀ အကွာမှရင်း၊ ဒုတိယ မြား ၄၈ စင်းဖြင့် ၈၀ အကွာမှရင်း၊ တတိယ မြား ၂၄ စင်းဖြင့် ကိုက် ၆၀ အကွာမှရင်း ပစ်ရသည်။ အမေရိကန်နိုင်ငံ၌မူ လေးသမားတယောက်သည် တချီလျှင် စုစုပေါင်း မြားအစင်း ၉၀ ပစ်ခွင့်ရ၍ ပဌမ မြားအစင်း ၃၀ ဖြင့် ပစ်ကွင်းကို ကိုက် ၄၀ အကွာမှရင်း၊ ဒုတိယ မြားအစင်း ၃၀ ဖြင့် ကိုက် ၅၀ အကွာမှရင်း၊ တတိယမြားအစင်း ၃၀ ဖြင့် ကိုက် ၆၀ အကွာမှရင်း အသီးအသီးပစ်ရသည်။ မြို့တော်ပြိုင်ပွဲတွင်ကား လေးသမားတယောက်သည် တချီလျှင် မြားအစင်းစုစုပေါင်း ၁၅၀ ပစ်ခွင့်ရရာ ပစ်ကွင်းကို ကိုက် ၁၀၀၊ ကိုက် ၈၀၊ ကိုက် ၆၀၊ ကိုက် ၅၀၊ ကိုက် ၄၀ အကွာမှ မြားအစင်း ၃၀ စီဖြင့် ပစ်ရလေသည်။

လေးပစ်ပြိုင်ပွဲတွင် အသုံးပြုသောလေးများသည် ငါးပေမှ ခြောက်ပေအထိရှည်၍ ရှောက်သား၊ လိမ်မော်သား၊ ကျောက်ထင်းရှူးသားစသည့် မာကျော ပျော့ပျောင်းသောသစ်သားများဖြင့် ပြုလုပ်ထားကြသည်။ အချို့ လေးများကိုမူ သံမဏိဖြင့်ပြုလုပ်ကြသည်။ လေးကြိုးမှုကို အလွန်ခိုင်မာသော လျှော်မျှင်များကိုကျစ်၍ ပြုလုပ်သည်။

www.burmeseclassic.com



မြားတံများကို သစ်သားအမျိုးမျိုးဖြင့်ပြုလုပ်ပြီးလျှင် မြားထိပ်များကိုမူ သံမဏိအချွန်များဖြင့် တပ်ထားကြသည်။ အချို့သော မြားများသည် ပေါ့ပါးသော ခေါင်းပွသံများဖြစ်ကြသည်။ ပစ်လိုက်သည့် မြားသည် ဖြောင့်ဖြောင့်တန်းတန်း သွားနိုင်ရန် အမြီးဖျားတွင် ငှက်မွေးများ တပ်ထားသည်။ မြားပစ်သည့်အခါ မြားသည် လေးကြိုးထဲ၌ အံကျရှိနေစေရန် ငှက်မွေးတပ်ထားသောအမြီးဖျားပိုင်း၌ အနည်းငယ်ဟိုက်ထားသည်။ မြားများထည့်သည့် မြားအိမ်ကား ရှည်ရှည်လုံးလုံးဖြစ်၍ ပခုံးတွင် ကြိုးတပ်၍ လွယ်ထားရသည်။

လေးပစ်ခြင်းကို ဩစတြေးလီးယား တိုက်မှတပါး ကမ္ဘာပေါ်ရှိ တိုင်းနိုင်ငံ အသီးအသီးတို့တွင် တွေ့ရသည်။ အချို့သော ဂူနံရံများတွင် ရှေးလေးသမားများ၏ပုံများကို တွေ့ရသည်။ ၁၅ ရာစုနှစ်နောက်ပိုင်းတွင်မှ စစ်တိုက်ကြရာတွင် လေးနှင့် မြားအစား မီးပေါက်လက်နက်များကို အသုံးပြုလာကြသည်။ သို့ရာတွင် ပြိုင်ပွဲ၌ ပစ်ကွင်းဖြင့် ယှဉ်ပြိုင်ပစ်ခြင်းနှင့် တိရစ္ဆာန်ငယ်ကလေးများအား အမဲလိုက်ခြင်းတို့၌ လေးနှင့်မြားကို ယခုတိုင်အောင် အသုံးပြုလျက်ရှိရာ လူကြိုက်များသော ဖျော်ဖြေမှုတရပ် ဖြစ်နေပေသေးသည်။ အမေရိကန် အင်ဒီးယန်းတို့သည် စစ်တိုက်ရာ၌ရင်း၊ အမဲလိုက်ရာ၌ရင်း လေးနှင့်မြားကို အထူး အားကိုးအားထား ပြုကြသည်။ တာတို ပစ်ရာ၌ ယင်းတို့သည် အထူးလက်ဖြောင့်ကြသော်လည်း သိပ္ပံနည်းမကျမှုကြောင့် ယခုခေတ် လေးသမားများ၏ လက်စွမ်းမှုကို လိုက်မမှီနိုင်ကြချေ။



လေးအတတ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေစဉ်

လေးအတတ်သည် သာသနာတော်ကျမ်းဂန်၊ လောကီကျမ်းဂန်တို့၌လာသော တဆဲ့ရှစ်ရပ်သော ပညာမျိုးတွင် အပါအဝင်ဖြစ်၍ ထိုထိုကျမ်းဂန်တို့ အလိုအားဖြင့် လေးအပြား သုံးပါးရှိ၏။ ယင်းတို့မှာ (၁) ပိုလ်နှစ်ထောင်နိုင်သော ဒင္ဂမန္ဒခေါ် လေးတမျိုး။ ကျမ်းဂန်တို့တွင် ပိုလ်နှစ်ထောင်နိုင်သော ဒင္ဂမန္ဒလေးဟူသည်ကား ထန်းပင်အပေါ်သားကို လုပ်သော လေးတည်း။ ထိုလေးကို ညှိုတင်ပြီးလျှင် ညှိုအလယ်၌ ပိုလ်နှစ်ထောင်ရှိသော (တပိုလ်လျှင် လေးကျပ်သားမျှ ရှိ၏။) ဝန်ကိုချည်၍ လေးကိုင်းကို ကိုင်ပြီး ချီကြွသောအခါ ပိုလ်နှစ်ထောင်ထုပ်မြေမှလွတ်သည့်ကာလ လေးကိုင်းနှင့်လေးညှိုမြား တပြန်ခန့်ကွာလျှင် ပိုလ်နှစ်ထောင်နိုင်သော လေးမည်၏။ မြားတပြန်ထက်ကျယ်လျှင် လေးပျော့သည်။ ပိုလ်နှစ်ထောင်မနိုင်။ မြားတပြန်ရှိအောင် မကျယ်လျှင် လေးမာသည်ဟု သိရာ၏။ (ဤထန်းသားလေးကား အနောက်တိုင်းပြည် မဇ္ဈိမဒေသများတွင် ရှေးအခါက အများသုံးစွဲ ကိုင်ဆောင်သော လေးဟုဆို၏။) (၂) ဗိုလ်တထောင်တင်လေးခေါ် သဟဿထာမ လေးတမျိုး။ ဇနကမင်းသား၊ သိဒ္ဓတ္ထမင်းသားတို့တင်၍ ပစ်သော လေးမူကား လက်နက်ကိုင် ဗိုလ်ခြေယောကျ်ား တထောင် တင်မှ ချမှ ရသည်။ ထိုဗိုလ်တထောင်တင်မှ ရသောလေးဟု သိရာသည်။ (၃) သဟဿဗာဟု လေးခေါ် လက်မောင်းတထောင်၊ လက်နက်ကိုင်ငါးရာတင် လေးတမျိုး။ ပဏ္ဍုမည်သော အိမ်ရှေ့မင်း၏ သားတော်ငါးယောက်တို့တွင် လေးအတတ်၌ ကမ်းတဖက်သို့ ရောက်သော အဇ္ဇုနမင်းသားကိုင်သော လေးကား လက်နက်ကိုင် လူငါးရာ လက်မောင်းတထောင် တင်မှ ချမှရသော သဟဿဗာဟု လေးဟူ၍ ဘူရိဒတ်ဇာတ်တော်တွင် ဆိုသည်။

ထိုပြင် လေးပစ်အတတ် (ဝါ)မြားရေးတိုကိုလည်း(၁) လျှပ်တပျက်ကို အချက်အသောင်းအသိန်း ပစ်ခြင်းတည်းဟူသောအက္ခဏဝေဓိအတတ်၊ (၂) ခါးရမ်းသီးစသော အမှတ်ကိုချက်ရာမစပ်မှန်အောင် ပစ်ခြင်း၊ သားမြီးမွေးမျှင်ကိုလျက် ထက်ဝက် ထွင်းအောင် ပစ်ခြင်းတည်းဟူသော ဝါလဝေဓိအတတ်၊ (၃) ရှေ့ပစ်လိုက်သောမြားကို နောက်မြားဖြင့် မှန်အောင်ပစ်ခြင်း တည်းဟူသော သရဝေဓိအတတ်၊ (၄)မျက်စိဖြင့် မမြင်ဘဲ အသံကို နားထောင်၍ မှန်အောင်ပစ်ခြင်းတည်းဟူသော သဒ္ဒဝေဓိအတတ်ဟူ၍ မြားရေးကြီးလေးပါး။နွယ်တန်းကဲ့သို့ မြားတန်းမပြတ်အောင် ပစ်ခြင်းတည်းဟူသော သရလဋ္ဌိအတတ်၊ ကြိုးအစဉ်ကဲ့သို့ပစ်ခြင်းတည်းဟူသော သရရဇ္ဇုအတတ်၊ မြားပြာသာဒ်ဆောက်



www.burmeseclassic.com

www.burmeseclassic.com




အောင်ပစ်ခြင်း တည်းဟူသော သရပါသာဒအတတ်၊ မြား စောင်းတန်းဆင့် တက်အောင်ပစ်ခြင်း တည်းဟူသော သရသောပါနအတတ်၊ မြားကို မြားဖြင့်ဆီးကာအောင်ပစ်ခြင်း တည်းဟူသော သရပ္ပဋိဗာဟနအတတ်၊ မဏ္ဍပ်အုပ်သကဲ့သို့ ပစ်ခြင်းတည်းဟူသော သရမဏ္ဍပအတတ်၊ မြားတန်တိုင်း ဝိုင်းအောင် ပစ်ခြင်း တည်းဟူသော သရပါကာရအတတ်၊ လေးထောင့်ကန်ကဲ့သို့ တည်အောင်ပစ်ခြင်း တည်းဟူသော သရပေါက္ခရဏီအတတ်၊ ပဒုမာပွင့်ချပ် ကဲ့သို့ မြားထပ် အဆိုင်ဆိုင်တက်အောင်ပစ်ခြင်း တည်းဟူသော သရပဒုမအတတ်၊ မြားမိုးရွာစေခြင်း တည်းဟူသော သရဝဿအတတ်၊ မြားစက်ဝန်းသွားအောင် ပစ်ခြင်းတည်းဟူသော စက္ကဝိဓံသန အတတ်၊ မြားရဟတ်လည်အောင် ပစ်ခြင်း တည်းဟူသော သရအာဝဋ္ဋ အတတ်ဟူ၍ မြားရေးငယ် တဆဲ့နှစ်ပါးစသည်ဖြင့် ဖော်ပြထားလေသည်။

**လယ်ကိုင်း ကျောင်းတော်ရာ စေတီ။** ။လယ်ကိုင်း ကျောင်းတော်ရာ စေတီသည် အထက်မြန်မာနိုင်ငံ မင်းဘူးမြို့မှ အနောက်ဖက် ၁၅ မိုင်ခန့်ဝေးသော လယ်ကိုင်းမြို့၌ တည်ရှိသည်။ ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သုနာပရန္တတိုင်း လယ်ကိုင်းမည်သော ဝါဏိဇ္ဇဂါမ၌ မဟာပုဏ္ဏမထေရ် အမှူးပြုသော လယ်ကိုင်းသား ဥပါသကာတို့သည် မြတ်စွာဘုရားအား ရည်မှန်း၍ စန္ဒကူးနံ့သာနှစ်ဖြင့်ပြီးသော ကျောင်းတော်ကြီးကို စီမံဆောက်လုပ်ခဲ့ကြသည်။ ထိုကျောင်းတော်ကြီးတွင် မြတ်စွာ ဘုရားသခင်သည် ခုနစ်ရက်မျှသာ သီတင်းသုံးတော်မူခဲ့သည်။

သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ မြတ်စွာ ဘုရားပြန်ကြွသွားတော်မူပြီး နောက်ကာလ များတွင် မဟာပုဏ္ဏမထေရ်သည် ထိုကျောင်းတော်၌ နေခဲ့ရလျက် ဘုရားရှင်အား အစဉ်ထာဝရသတိရ၍ ကြည်ညိုမှု ပွားများရန် ရည်သန်လျက် 'မြတ်စွာဘုရား ကိန်းဝပ်တော်မူရာ သရက္ခန်ဂန္ဓာရုံ ကျောင်းတော်ရာ' ဟု ကမ္ပည်းကျောက်စာ ရေးထိုးထားတော်မူခဲ့လေသည်။

ထိုကာလမှနောက် ပုဂံပြည် အလောင်းစည်သူ မင်းကြီးလက်ထက်သို့ ရောက်သောအခါ မြန်မာနိုင်ငံ တဝှန်းလုံးတွင် ကန်၊ ချောင်း၊ ဆည်မြောင်း အသစ်အဟောင်းစုပေါင်းပြုပြင်၊ တိုင်းခွင်လှည့်လည်ခိုက်ကြုံသည်နှင့် ဤလယ်ကိုင်းရှိ မပင်စယဆည်ကိုလည်း ပြန်လည်ဆည်ဖို့တော်မူလေသည်။ ဤသို့ ဆည်တော်ကို ပြုပြင်၍ မြောင်းတာ အသစ်ကိုလည်း တူးဖော်မှု ဆက်လက်၍ ပြုကြရာ မြောင်းတာတော်တသောင်း အဆုံး၌ ကျောက်ထပ် မြက်နွယ်တို့ ဖုံးလွှမ်းနေသည်ကို ရှင်းလင်းလေလျှင် ညီညွတ်သောမြေ



မင်းဘူးခရိုင်ရှိ လယ်ကိုင်းကျောင်းတော်ရာစေတီ

ပြင်ကုန်းမှ သခင်မဟာပုဏ္ဏမထေရ် ရေထိုးခဲ့သော ကမ္ပည်းကျောက်စာကို တွေ့ရှိရလျှင် အလောင်းစည်သူ မင်းကြီးသည် သက်တော်ထင်ရှား ဘုရားသခင်ကို ဖူးတွေ့ရသကဲ့သို့ များစွာ ဝမ်းမြောက်တော်မူလှ၍ ထိုကမ္ပည်းကျောက်စာနေရာ၌ မုခ်ထွတ်လေးမျက်နှာရှိသော စေတီတော်၊ ကျောင်း၊ သိမ်၊ စကြံစသည့် လေးဌာနတို့ကို တည်ထား ဆောက်လုပ်တော်မူခဲ့သည်။ ဤကား ကျောင်းတော်ရာ နေရာ၌ ပဌမဆုံး စေတီ တည်ထားခြင်းပေတည်း။ ထိုနောက် မင်းအဆက်ဆက်တို့သည် အကြိမ်ကြိမ် ထပ်ဆင့် မွမ်းမံပြင်ဆင်တော်မူခဲ့ကြသည်။

မြန်မာ ၁၂၃၇ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၆ ရက်နေ့ ညဥ့်အချိန်တွင် မိုးကြီးလေကြီး ပြင်းထန်စွာ ရွာသွန်းတိုက်ခတ်ခြင်းကြောင့် စေတီတော်ကြီး ကွဲအက်ပျက်စီးသည်ကို လယ်ကိုင်းမြို့ ဇေယျဘူမိ ဂိုဏ်းထောက်ကြီး ဆရာတော်ဦးဘယသာမိ မေတ္တာစာ ရေးသွင်းချက်အရ မန္တလေးမြို့တည် နန်းတည် မင်းတုန်းမင်းတရားကြီး၏ အမိန့်တော်နှင့် အဂ္ဂမဟာသေနာပတိ ဘွဲ့ခံ လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီး ဦးကောင်းကို "စေလွှတ်၍ မူလရှိရင်းစေတီတော်ကို ယခုဖူးတွေ့ရသော စေတီတော် အချိုးအစားအတိုင်း ထပ်ဆင့် မွမ်းမံ ပြင်ဆင်တော်မူစေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျောင်းတော်ရာ ဆရာတော် ဦးသုမနနှင့် ညှိနှိုင်းတိုင်ပင်ပြင်ဆင်မွမ်းမံခဲ့၍ ဖောင်းရစ်တော် ၁၈ လုံးမျှ အပြီး ထီးတော်မတင်ရသေးမီ မင်းတုန်းမင်းတရားကြီး နတ်ရွာစံရလေသည်။ ၁၂၄၂ ခုနှစ်တွင် သီပေါမင်းတရားသည် ကင်းဝန်မင်းကြီးကိုပင် ထပ်မံစေလွှတ်၍ စေတီတော်ကို အပြီးသတ်စေပြီးလျှင် ထီးတော်တင်ရလေသည်။

ယခု ဖူးတွေ့ရသော ကျောင်းတော်ရာ စေတီတော်၏ အချိုးအစားမှာ

| | |
|---|---|
| အမြင့်ဥာဏ်တော် | ၉၂ တောင်ထွာ |
| သပိတ်မှောက်အဝ (လုံးပတ်) | ၈၈ တောင် ၂ မိုက် |
| ဖိနပ်တော် (အောက်ခြေ) | |
| အနားတဖက် | ၃၅ တောင်ထွာ |
| ဖောင်းရစ်လုံးရေ | ၂၃ လုံး |
| ကြာမှောက်ကြာလန် | ၁၂ တောင်ထွာ |
| ချရားသီးလုံးပတ် | ၁၀ တောင် ၃ လက် မ |
| ချရားသီးအရပ် | ၇ တောင် |
| ထီးတော်အဝ | ၆ တောင် |
| ထီးတော်အရပ် | ၁၅ တောင် |
| စေတီရံ | ၁၀၄ ဆူ ပေါင်း ၁၀၈ ဆူ |
| မုခ်ဘုရား | ၄ ဆူ |

ထီးတော်သုံးဆင့်ရှိရာ အထက်ဆုံးထီးတော် (အဆင့်) မှာ ငွေသားအစစ်ဖြစ်သည်။

ထိုကျောင်းတော်ရာ စေတီတော်မြတ်တွင် ယခင်က တနှစ်လျှင် ပွဲတော် နှစ်ကြိမ် ခင်းကျင်း ပြုလုပ်ခဲ့သော်လည်း ယခုအခါတွင် တပေါင်းလပြည့်နေ့ကစ၍ တပေါင်းလပြည့်ကျော် ၈ ရက်နေ့ထိ တနှစ်လျှင် တကြိမ်သာ ပွဲတော်ခင်းကျင်း ပြုလုပ်တော့သည်။ ကျောင်းတော်ရာ ရှေ့ မုန်းမြစ်ကျွန်း၌ တွေ့ရသော ငါးရှ တထောင် ကောင် ရေဖွဲ့စည်းအုပ်လိုက်ကြီးရှိသော ငထွေခေါ် သည့် ငါးများကို ဘုရားငါးဟု ခေါ်ကြသည်။ ထိုငါးများသည် နှစ်စဉ်ဝါဆိုလပြည့်နေ့ (ဝါထပ်သော် ဒုတိယဝါဆိုလပြည့်နေ့) တွင် ရောက်လာကာ ဘုရားအနီး မုန်းမြစ်ထဲ၌ စုဝေးနေကြပြီးနောက် သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့တွင် နှစ်စဉ် မှန်မှန်ပြန်ကြသည်။ ထိုငါးများကို ဖမ်းဆီး စားသောက်သူများသည် ဝမ်းသွား သွေးအန် အသေမြန်ကြ၍ ယင်းတို့အား ဖမ်းဆီးသတ်ဖြတ်မည်ကြံလျှင် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့အား အိပ်မက်ပေး၍ လိုက်အပ့်ခိုင်းခြင်းဖြင့် သေဘေးမှ လွတ်မြောက်အောင် ကြံဆောင်နိုင်ကြသည် ဟု ဆိုလေသည်။

လယ်ကိုင်း ကျောင်းတော်ရာ သမိုင်းအကျဉ်းကား ဤသို့တည်း။ အခါတပါး ဂေါတမ မြတ်စွာဘုရား သခင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သုနာပရန္တတိုင်း လယ်ကိုင်းမည်သော ဝါဏိဇ္ဇဂါမရွာမှ မဟာပုဏ္ဏ အမည်ရှိ သူကြွယ်သား တယောက်သည် လှည်းပေါင်း ငါးရာနှင့် ကုန်လှည့်လည် ရောင်းဝယ်ရင်း မဇ္ဈိမဒေသ ကောသလတိုင်း သာဝတ္ထိပြည်သို့ ဆိုက်ရောက်ခဲ့လေသည်။ မဟာပုဏ္ဏသည် မြတ်စွာဘုရား၏ တရားတော်ကို နာယူရပြီးနောက်တွင် ဘုရားသခင်ထံ၌ ရဟန်းပြုလေသည်။ လှည်းငါးရာကိုကား နေရင်းဌာနသို့ ပြန်လွှတ်လိုက်လေသည်။ ထိုနောက် မျှားမကြာမီ မဟာပုဏ္ဏမထေရ်သည် ဝါဏိဇ္ဇဂါမသို့ပြန်လာခဲ့ရာ ထိုဝါတွင်း၌ပင် ရဟန္တာ ဖြစ်လေသည်။

ထိုဝါတွင်း၌ပင်လျှင် မဟာပုဏ္ဏမထေရ်၏ ညီ စူဠပုဏ္ဏ သူကြွယ်သည် ဝါဏိဇ္ဇဂါမရွာသား ငါးရာသော ကုန်သည်တို့နှင့် အတူ ကုန်ရောင်းဝယ်မှုအတွက် သမုဒ္ဒရာခရီးဖြင့် သင်္ဘောလွှင့်သွားကြလေသည်။ သင်္ဘောသည် မကြာမြင့်မီ သမုဒ္ဒရာ၏ အလယ် စန္ဒကူးနီပင် ပေါက်ရောက်ရာ ဖြစ်သော မာလာယုကျွန်းသို့ ဆိုက်ကပ်မိလေ၏။ အလွန်အဖိုးထိုက်တန်သော စန္ဒကူးနီပင်များကို တွေ့မြင်ကြလေရာ အားရဝမ်းသာဖြင့် သင်္ဘောတွင် ပါသမျှ ကုန်တို့ကို ထိုကျွန်း၌ ချပြီးမှ စန္ဒကူးနှစ်တို့ကိုသာ ခုတ်ဖြတ်၍ သင်္ဘောအပြည့် တင်ဆောင်ထွက်လာကြ၏။ ကျွန်းမှ ဆုတ်ခွာ၍ အနည်းငယ် ကွာသော အရပ်သို့ ရောက်လျှင်ပင် စန္ဒကူးတောကို စိုးမိုးကြကုန်သော နတ်ဘီလူးတို့သည် ကောင်းကင်ခရီးဖြင့် လိုက်လာကြပြီးလျှင် လှိုင်းတံပိုးတို့ထစေခြင်း၊ ကြောက်မက်ဖွယ် ကောင်းသော ကိုယ်အဆင်းသဏ္ဍာန်၊ အသံ၊ အနံ့တို့ကို ဖြစ်စေခြင်းဖြင့် ဝိုင်းဝန်း ချောက်လှန့်ကြကုန်၏။ ထိုအခါ စူဠပုဏ္ဏသူကြွယ်သည် နောင်တော်မဟာပုဏ္ဏမထေရ်အား တမ်းတ တိုင်တန်းကာ ကူညီပါမည့်အကြောင်း တောင်းပန် လေသည်။ ထိုခဏ၌ပင်လျှင် မဟာပုဏ္ဏ မထေရ်သည် ဒိဗ္ဗစက္ခု အဘိညာဏ်ဖြင့် မြင်တော်မူ၍ ကောင်းကင်ခရီးမှ ကြွလာတော် မူပြီးလျှင် ညီတော်နှင့်တကွ ငါးရာသော ရွာသားတို့အား ဝါဏိဇ္ဇဂါမသို့ ဘေးအန္တရာယ် မရှိစေဘဲ လျင်မြန်စွာ ခေါ်ဆောင်ခဲ့လေသည်။

မဟာပုဏ္ဏမထေရ်၏ ကျေးဇူးတော်ကြောင့် အသက်ဘေးမှ ချမ်းသာရရသော ရွာသားတို့သည် စန္ဒကူးနှစ်တို့ကို အခြားပြုဖွယ်ကိစ္စ၌ မသုံးတော့ဘဲ မဟာပုဏ္ဏမထေရ်အား လှူဒါန်းလိုက်ကြ၏။ မဟာပုဏ္ဏမထေရ်လည်း မြတ်စွာဘုရားအားရည်မှန်း၍ စန္ဒကူးဖြင့်ပြီးသော ကျောင်းတော်ကို စီမံဆောက်လုပ်လေသည်။ ကျောင်းတော် မပြီးမခြင်း မြတ်စွာဘုရားသည် ဇေတဝန် ကျောင်းတော်၌ ညချမ်းသော အခါတို့၌ ကျောင်းတော် ဆောက်ရာသို့ အကြိမ်ကြိမ် ကြွလာတော်မူပြီးလျှင် မြတ်သော ချာန်

www.burmeseclassic.com



ချမ်းသာဖြင့် သီတင်းသုံးနေတော် မူလေသည်။ ကျောင်းတော်ပြီးစီးသွားသောအခါ မဟာပုဏ္ဏမထေရ်သည် ဇေတဝန်ကျောင်းတော်သို့ ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူပြီးလျှင် မြတ်စွာဘုရားအား စန္ဒကူးနှစ် ကျောင်းတော်ကို အလှူခံတော်မူပါမည့် အကြောင်း ပင့်လျှောက်လေသည်။ မြတ်စွာဘုရားလည်း ပြာသာဒ်ယာဉ်ပျံ ၅၀၀ တွင် ရဟန္တာငါးရာတို့အား အခြံအရံပြုလျက် လိုက်ပါစေပြီး ကောင်းကင်ခရီးဖြင့် ကျောင်းတော်သို့ ကြွလာတော်မူခဲ့သည်။ ဂန္ဓာရုံကျောင်းတော်၌ ခုနစ်ရက်ပတ်လုံး သီတင်းသုံးနေတော်မူပြီးလျှင် ရောက်လာကုန်သော ပရိသတ်တို့အား စရိုက်နှင့် လျော်စွာ ဒေသနာရေအေး တိုက်ကျွေးတော်မူလေသည်။ ထိုနောက် ဆွမ်းခံကြွတော်မူရာ နမ္မဒါမြစ်နားသို့ ရောက်တော်မူသည်။ ထိုမြစ်၌ နေသော နမ္မဒါနဂါးမင်းက ဘုရားသခင်အား ကိုးကွယ် ဆည်းကပ်ရန် တစုံတရာကို ပေးသနားတော်မူခဲ့ပါရန် လျှောက်ထားသည့်အတွက် ခြေတော်ရာ ပါဒစေတီကို ထားတော်မူခဲ့သည်။ ထိုစက်တော်ရာကို အောက်စက်တော်ရာ ဟု ခေါ်သည်။ ထိုမှတဆင့် သစ္စဗန္ဓတောင်ထိပ်သို့ ကြွတော်မူပြန်ရာ သစ္စဗန္ဓရသေ့ လျှောက်ထား တောင်းပန် ချက်အရ စက်တော်ရာ ပါဒစေတီ တဆူကို ချတော်မူခဲ့ပြန်သည်။ ဤဒုတိယ ခြေတော်ရာကို အထက်စက်တော်ရာ ဟု ခေါ်တွင်လေသည်။ (စက်တော်ရာလည်း — ရှု။)

**လယ်ခြားငှက်။** ။ငှက်ကြား — ရှု။

**လယ်စာပင်။** ။လယ်စာပင်သည် ပျဉ်းမပင် ကဲ့သို့ပင် လစ်သရာစီအီး မျိုးရင်းတွင် ပါဝင်၍ ယင်း၏ ရုက္ခဗေဒအမည်မှာ လေဂျာစထရီ ထရီမီယာ တိုမင်တိုဆာ ဖြစ်သည်။ လယ်စာပင်၏ မူလပေါက်ရာအရပ်မှာ မြန်မာနိုင်ငံကဲ့သို့ ပူ၍စိုစွတ်သော ဒေသများဖြစ်ရာ ထိုမှတဆင့်အခြားတိုင်းပြည်များသို့ ယူဆောင်စိုက်ပျိုးကြသည်။ လယ်စာပင်ကို ပျဉ်းမဖြူပင်ဟုလည်း အချို့က ခေါ်ကြသည်။ သို့သော် ပျဉ်းမပင်လောက် မမြင့်ပေ၊ မကြီးမငယ် အရွယ်တော်အပင်မျိုးဖြစ်၍ လှပသည်။ ပင်စည်သည် ရှည်လျားဖြောင့်မတ်၍ လုံးပတ် ငါးပေမှ ရှစ်ပေအထိ ရှိသည်။ ဖြူသော ပန်းပွင့်အခိုင်ကြီးများသည် အကိုင်းရင်းမှထောင်၍ ထွက်လာကြရာ ကြည့်၍ အလွန်လှပေသည်။ တနှစ်လျှင် ဧပြီလနှင့် အောက်တိုဘာလအတွင်း နှစ်ကြိမ်ပွင့်ကြသည်။

လယ်စာပင်ကို တနင်္သာရီတိုင်းမှ ပဲခူးတိုင်းရိုးမတောင်တန်း တလျှောက်တွင် ရှိသော သစ်တောများ၌ မြောက်ဖက် မန္တလေးမြို့ အနီးတိုင်အောင် တွေ့နိုင်သည်။ လယ်စာပင်၌ အနှစ်သားမရှိ၊ သင်းသတ်၍မရနိုင်ချေ။ အပင်မည်မျှပင် ကြီးစေကာမူ အတွင်း၌ ခေါင်းပွဖြစ်သည်။ အပင့်ကိုခုတ်လှဲနေစဉ် ဖြစ်စေ၊ ခုတ်လှဲပြီးသည့်အခါ၌ ဖြစ်စေ သစ်သားမှာ အလွန် ကွဲအက်လွယ်သည်။ လယ်စာပင်သားသည် ညိုညစ်ညစ်အရောင်ရှိ၍ အသင့် အတင့် မာသည်။ အသားသေလွယ်၍ ဆေးအရောင်တင် ခံသည်။ လယ်စာသားသည်လေးကိုင်းများ၊ လှံရိုးများလုပ်ရန်နှင့် လှေများ၊ လှည်းဘီးများ ပြုလုပ်ရန် အသုံးကျသည်။ အိမ်ထောင်ပစ္စည်းများ ပြုလုပ်ရန်လည်း သင့်လျော်သော သစ်သားဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းရှိ ဘော်တွင်း၌ ယာယီအဆောက်အအုံများကို လယ်စာသားဖြင့် ဆောက်လုပ်ကြသည်။

အတော်အသင့် အိမ်များ ဆောက်လုပ်ရာ၌ ထုပ်လျှောက် ဒိုင်း မြှား၊ ရက်မနှင့် ထရံကာရန် နှောသားကို အသုံးချနိုင်သည့်နည်းတူ၊ လယ်စာသားကိုလည်း အသုံးပြုနိုင်သည်။ လယ်စာသား မီးသွေးသည် အိမ်သုံးအတွက် အကောင်းဆုံး မီးသွေးတမျိုး ဖြစ်ပေသည်။ လယ်စာပင်မှ သစ်သားကို အသားသေအောင် အမိုးသာရှိ၍ အကာအရံမရှိသော တင်းကုပ်တွင်း၌ စုပုံထားရသည်။

လယ်စာပင်များကို တောင်ငူနယ်နှင့် ပျဉ်းမနားနယ်ရှိ သစ်တောများ၌လည်း တွေ့နိုင်သည်။

**လယ်တီဆရာတော်**(မြန်မာ ၁၂၀၈–၁၂၈၅)။ ။လယ်တီဆရာတော်သည် သက္ကရာဇ် ၁၂၀၈ ခုနှစ် နတ်တော်လဆန်း ၁၃ ရက် အင်္ဂါနေ့တွင် ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ရွာကြီး၌ ဖွားမြင်သည်။ ဆရာတော်၏မိဖများမှာ ဦးထွန်းသာ၊ ဒေါ်ကြုံးဖြစ်သည်။ သားငါးယောက်အနက် ဒုတိယသားဖြစ်သည်။ ဆရာတော်၏ ငယ်မည်မှာ ဦးတက်ခေါင်ဖြစ်သည်။

ဆယ်နှစ်သားအရွယ်တွင် မိဖများက စိုင်ပြင်ရွာကျောင်းမတိုက်ဆရာတော် ဦးနန္ဒထံအပ်နှံ၍ ပညာသင်စေသည်။ ၁၅ နှစ်သားအရွယ်သို့ရောက်သောအခါ ဆရာတော်ဦးနန္ဒထံ၌ပင် ရှင်သာမဏေအဖြစ်သို့ရောက်သည်။ ဘွဲ့တော်မှာ ရှင်ဉာဏဓဇဖြစ်သည်။ သာမဏေဝတ်ဖြင့်ပင် ကစ္စည်းသဒ္ဒါကြီး၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၊ ဝိဓိလက်ရိုး၊ မာတိကာ၊ ဓာတုကထာ၊ ယမက၊ ပဋ္ဌာနဟူသော နေ့ဝါ ညဝါဆိုင်ရာကျမ်းများကို သင်ကြားခဲ့သည်။


အသက် ၁၈ နှစ်သားအရွယ်တွင် ရဲထွက်ရွာအရှေ့ဖက် ဆရာတော် ဦးဂန္ဓမာအထံ၌ ဗေဒင်ဖက်ဆိုင်ရာ ပညာများကိုလည်း သင်ကြားခဲ့လေသည်။ ထိုအခါက ဗိုလ်သုဇီတာ ဗျာ္ဒတာ ဇာတာဖွဲ့ သင်္ကြန်တွက် လက်ရိုးလက်ာကို ရေးသားခဲ့လေသည်။ သာမဏေဝတ်ဖြင့် သဒ္ဒါဖက်ဆိုင်ရာ သဒ္ဒါငယ် ကျမ်းများကို သင်ကြားစဉ် ဝစ္စဝါစက အ



www.burmeseclassic.com

www.burmeseclassic.com





အဂ္ဂမဟာပဏ္ဍိတ လယ်တီဆရာတော်

ကောက်လည်း ရေးသားလေသည်။ မဟော်ကျေးစေခန်း ရတုကိုလည်း ထိုအချိန်အခါကပင် သာမဏေဝတ်ဖြင့် ရေးသားခဲ့လေသည်။

လယ်တီဆရာတော်အလောင်း ရှင်ဉာဏဓဇသည် အသက် ၂၀ ပြည့်သောအခါ ၁၂၂၈ ခုနှစ် ကဆုန်လဆန်း ၆ ရက်နေ့တွင် စိုင်ပြင်ရွာ မြင်တင်တိုက် ခဏ္ဍသိမ်၌ ဆရာတော်ဦးနန္ဒကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဖြစ်တော်မူလေသည်။ ရဟန်းဘွဲ့ ရှင်ဉာဏဓဇပင်ဖြစ်သည်။ ရဟန်းဖြစ်၍ သုံးနှစ်အကြာ ရဟန်းသုံးဝါရသောအခါ မန္တလေးမြို့မြောက်ပြင် မင်္ဂလာစံကျောင်းတိုက် စံကျောင်းဆရာတော်ဘုရားကြီး ဦးသုဒဿနထံ၌ ပညာ သင်ကြားတော် မူလေသည်။ ရှင်ဉာဏဓဇသည် စံကျောင်းတိုက်၌ ပိဋကတ်စာပေသင်ကြားနေစဉ် ၁၂၃၅ ခုနှစ်မှ ၁၂၃၀ ပြည့်နှစ်အတွင်း မင်းတုန်းမင်းကြီးက ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်ရာတွင် အဘိဓမ္မာကထာဝတ္ထုပါဠိတော်ကို ပြန်ဆိုတော်မူလေသည်။

ရှင်ဉာဏဓဇသည် စံကျောင်းဆရာတော်ဦးသုဒဿန၊ မကုဋာရာမ ဆရာတော် ဦးခေမိန္ဒ၊ စလင်းဆရာတော် ဦးပဏ္ဍိစ္စတို့ထံ၌ ပါဠိပိဋကတ်ကျမ်းဂန်များကို အဋ္ဌကထာနှင့်တကွ သင်ကြားတော်မူလေသည်။ ရဟန်း၀ါ ရှစ်ဝါရသောအခါ စံကျောင်းတိုက်၌ ပဌမစာချဖြစ်တော်မူလေသည်။စာချပုဂ္ဂိုလ်ဖြစ်ပြီးနောက် အထက်ပါ ဆရာတော်ကြီးသုံးပါးအပြင် အခြားသော ဆရာတော်များထံ၌လည်း ၁၅ ဝါ ၁၆ ဝါရသည်တိုင်အောင် စာပုလွေမချဘဲ နည်းခံသင်ယူတော်မူသည်။

ရှင်ဉာဏဓဇသည် ဆရာတော်များထံ၌သာ နည်းခံသင်ကြားသည်မဟုတ်၊ စာဝါ နားသည့် သီတင်းနေ့များတွင် မြန်မာပညာရှိ ရွှေပြည်ဝန်ယောမင်းကြီး ဦးဘိုးလှိုင်နှင့် စာပေ ကျမ်းဂန် တတ်ကျွမ်းသည့် လူဥပသကာကြီးဦးဖားအိမ်သို့သွားကာ လောကဓမ္မ နှစ်မျိုးလုံးနှင့် ဆိုင်သော ပညာရေးတို့ကို ဆွေးနွေးမေးမြန်း စုံစမ်းလေ့လာလျက်၊ ပညာဗဟုသုတ ရှာမှီးလေသည်။ အခြားသော စာတတ်၊ ဗေဒင်တတ်၊ ဆေးပညာတတ် လူပုဂ္ဂိုလ်များထံသို့လည်း ရံဖန်ရံခါသွားရောက်စုံစမ်း မေးမြန်းဆွေးနွေးလျက် ပညာဗဟုသုတ ရှာမှီးသည်။

ရှင်ဉာဏဓဇသည် မန္တလေးမြို့၊ စံကျောင်းတိုက်၌ ပိဋကတ်စာပေပို့ချနေထိုင်ပြီးနောက် ၁၂၄၄ ခုနှစ်တွင် မုံရွာမြို့၊ ရွှေစည်းခုံကျောင်းတိုက် ဆရာတော်၏ ပင့်လျှောက်ချက်အရ မုံရွာမြို့ရွှေစည်းခုံကျောင်းသို့ ကြွရောက်သီတင်းသုံးကာ စာပေပို့ချတော်မူသည်။ ယင်းကျောင်းတိုက်၌ နေတော်မူစဉ် ၁၂၄၇ ခုနှစ် သီပေါမင်းပါတော်မူ၍ ဗြိတိသျှအစိုးရတို့ အုပ်စိုးသောအခါ နွားသတ္တဝါ အများအပြားသေကျေပျက်စီးမည့်အရေးကို မျှော်တွေးဆင်ခြင်မိသဖြင့် ကိုယ်တိုင်လည်းနွားသားစားခြင်းမှ ရှောင်ကာ အခြားသူများကိုလည်း မစားရန် အလှူခံလျက် နွားမေတ္တာစာကို ရေးသားဖြန့်ဝေတော်မူသည်။

ရွှေစည်းခုံကျောင်းတိုက်တွင် စာပေပို့ချ သီတင်းသုံးနေတော်မူစဉ် ၁၂၄၈ ခုနှစ် တပို့တွဲလအတွင်း မုံရွာမြို့ မြောက်မျက်နှာရှိလယ်တီတောထဲသို့ တပါးတည်း သွားရောက်ကာ တရားအားထုတ်တော်မူပြီးလျှင် ကျောင်းသို့ ပြန်မကြွဘဲ ထိုလယ်တီတော၌ပင် သီတင်းသုံးတော်မူသည်။ တပည့်ရဟန်းများလိုက်လာသဖြင့် ထိုတော၌ပင် စာပေပို့ချလျက် သီတင်းသုံးလေရာ တစတစအားဖြင့် ကျောင်းတိုက်ကြီး ဖြစ်လာသည်။ လယ်တီတောတွင် တည်သော ကျောင်းတိုက်ဖြစ်၍ လယ်တီကျောင်းတိုက်ဟု အမည်တွင်သည်။ ထိုအခါမှစ၍ လယ်တီဆရာတော်ဟု ထင်ပေါ်ကျော်ကြားလာလေသည်။

လယ်တီဆရာတော်သည် သက္ကရာဇ် ၁၂၅၉ ခုနှစ် တန်ဆောင်မုန်းလတွင် မြန်မာနိုင်ငံ ပိဋကတ်စာပေသင်ကြားရေးဆိုင်ရာ ပရိယတ္တိသာသနာ၌ တုန်လှုပ်ချောက်ချားသွားသည့် ပရမတ္ထဒီပနီအမည်ရှိသော အဘိဓမ္မာဆိုင်ရာ ဋီကာကျမ်းတစောင်ကို ပါဠိဘာသာဖြင့် ရေးသား ပြုစုတော်မူသည်။ ယင်းကျမ်းမှာ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ အဖွင့်ဖြစ်သော အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်၏ ချုတ်ယွင်းချက်တို့ကို ပြတ်ပြတ်သားသား ထုတ်ဖော်ဝေဖန်လျက် မိမိ၏ အယူအဆကို ရဲရဲဝံ့ဝံ့ တင်ပြရေးသားသော ဋီကာကျမ်းဖြစ်သည်။

လယ်တီဆရာတော်သည် အဘိဓမ္မာဖက်ဆိုင်ရာဋီကာကျမ်းကိုသာမဟုတ်၊ သဒ္ဒါဖက်ဆိုင်ရာ နိရုတ္တိဒီပနီမည်သော ကျမ်းကိုလည်း ပါဠိဘာသာဖြင့်ပင် ၁၂၆၅ ခုနှစ်တွင် အပြီးရေးသားပြုစုတော်မူသည်။

လယ်တီဆရာတော်သည် ပါဠိဘာသာအရေးအသား၌သာ နိုင်နင်းကျွမ်းကျင်တော်မူသည်မဟုတ်၊ မြန်မာဘာသာအရေးအသား၌လည်း လွန်စွာ နိုင်နင်း ကျွမ်းကျင်တော်မူသည်။ ၁၂၅၇ ခုနှစ်က အိန္ဒိယပြည် မဟာဗောဓိသို့ ဘုရားဖူးကြွရန် မန္တလေးမှရန်ကုန်သို့လာရာတွင် မီးရထားပေါ်၌ ပဋိစ္စသမုပ္ပါဒ်လင်္ကာ ၁၃ ပုဒ်ကို ရေးသားတော်မူရာ ရန်ကုန်အရောက်တွင် ပြီးစီးလေသည်။

လယ်တီဆရာတော်သည် (၁) တပည့်ရဟန်းတို့အားစာပေပို့ချခြင်း၊ (၂) ကျမ်းဂန်ရေးသားပြုစုတော်မူခြင်း၊ (၃) ကမ္မဋ္ဌာန်းတရား အားထုတ်ခြင်း၊ (၄) တရားဟောခြင်း၊ (၅) သာသနာပြုခြင်းဟူသော ကိစ္စကြီးငါးရပ်ကို အခါအခွင့်ရသည့်အလျောက် မနေမနား အားထုတ်ရွက်ဆောင်တော်မူလေသည်။ မိမိသီတင်းသုံးရာ ကျောင်းတိုက်၌ စာသင်သား ရဟန်းသံဃာများ၏ သောက်ရေ သုံးရေများကိုလည်း ကိုယ်တိုင်ခပ်၍ လှူဒါန်းတော်မူလေ့ရှိသည်။

၁။ အမြဲမပြတ်အနယ်နယ်သို့ တရားဟောမကြွသောအခါ ကမ္မဋ္ဌာန်းတရား အားမထုတ်သောအခါများ၌ မုံရွာမြို့ လယ်တီကျောင်းတိုက်ကြီးတွင် စာသင်သားတပည့်ရဟန်းများကို စာပေပို့ချတော်မူသည်။ ထိုအခါ၌ ကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူလေ့ရှိသည်။

၂။ ရဟန်းရှင်လူတို့က တောင်းပန်သောအခါ ကျမ်းဂန်များကိုရေးသားပြုစုတော်မူသည်။ ကျမ်းဂန်ရေးသားပြုစုခြင်းကို သီးသန့်အချိန်ယူ၍ ဆောင်ရွက်တော် မူသည်မဟုတ်ပဲ၊ စာပေပို့ချရင်း အမြဲမပြတ်အနယ်နယ်သို့တရားဟော လှည့်လည်ရင်း ရေးသားပြုစုတော်မူလေ့ရှိသည်။ စာရေးသည့်အခါ မင်တံကိုအသုံးမပြုပဲ ခဲတံဖြင့်သာ ရေးလေ့ရှိသည်။ စာရေးရန် ခဲတံချောင်းရေ ၁၀၀ ကျော် ၂၀၀ ခန့်ကို ဇပည့်ရဟန်းတပါးက နေ့စဉ် အသင့်ချွန်ပေးထားရသည်ဟု သိရသည်။

အထူးအားဖြင့် လယ်တီဆရာတော်သည် ကျမ်းဂန်ရေးသားပြုစုတော်မူရာ၌ ပါဠိအဋ္ဌကထာဋီကာကျမ်းတို့မှ ပါဠိပါဌ်သား အကိုးအကားများကို များစွာဖော်ပြခြင်းမပြုပဲ ရေးလိုသော အကြောင်းအချက် အနက်သဘောသွားကို ဖတ်ရှုသူနားသို့ တိုက်ရိုက်ရောက်အောင် မြန်မာဘာသာ မြန်မာစကားဖြင့် ကျမ်းဂန်နှင့်အညီ ရှင်းရှင်းလင်းလင်းရေးသားတော်မူလေ့ရှိသည်။ သို့ဖြစ်၍ ပါဠိကျမ်းဂန်ကို မသင်ကြားဘူးသည့် လူပုဂ္ဂိုလ်များသည် လယ်တီဆရာတော်၏ ဒီပနီကျမ်းများကို ဖတ်ရသောအခါ ပါဠိစာပေတတ်ကျွမ်းမှသာ နားလည်နိုင်သည့် ခက်ခဲနက်နဲသော အဘိဓမ္မာသဘောများကို ကောင်းစွာနားလည်ကြလေသည်။ ဤကဲ့သို့ ပါဠိကျမ်းဂန်လာ ခက်ခဲနက်နဲသော တရားများကို လူပုဂ္ဂိုလ်များနားလည်အောင် ပြုလုပ်ခြင်း၌ လယ်တီဆရာတော်သည် မြန်မာနိုင်ငံ သာသနာ့ဝင်တွင် စံတင်လောက်သည့် ပုဂ္ဂိုလ်ကြီးဖြစ်သည်။

ကျမ်းဂန် ရေးသားခြင်းနှင့်စပ်၍ လယ်တီဆရာတော်က အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့လေသည်။

"ဒို့ဗမာလူမျိုးများ ခက်နေတာတခုကျန်သေးတယ်၊ ကျမ်းစာရေးတော့မယ်၊ ကျမ်းစာ ပြုစီရင်တော့မယ် ဆိုလျှင်....ပါဠိတော်က သည်လိုဆိုတယ်၊ အဋ္ဌကထာက၊ ဋီကာက၊ ယောဇနာက၊ နိဿယက၊ အာစရိယဝါဒက သည်လိုဆိုတယ်ဟု မိမိရေးသော ကျမ်းစာအုပ်မှာ ပါဠိအဋ္ဌကထာဋီကာ ယောဇနာ နိဿယ အာစရိယဝါဒ ပါဠိအကိုးအကား အထောက်အထားတွေ မြိုင်မြိုင်နှင့် ကျမ်းစာအုပ်များကို ရေးသား စီရင်ကြလေသည်။ စာကြည့် ပရိသတ်တို့ကလည်း ပါဠိတော်တွေ စုံပါပေရဲ့၊ အဋ္ဌကထာဋီကာ ယောဇနာ နိဿယ စုံပါပေရဲ့၊ နှံ့စပ်ပါပေရဲ့၊ ဂန္ထန္တရဗဟုသုတတွေ များပါပေရဲ့၊ တော်ပါ့ပေရဲ့ဟု ခြီးကျူးစကားပြောကြားကြပေ၏။ ကျမ်းပြုဆရာကလည်း လူကြိုက်များသော ပါဠိအကိုးအကား မြိုင်ဆိုင်မှုတွေကိုသာ ဂရုစိုက်ကာ ရေးသားသောကြောင့် ပါဠိတတ်ကျွမ်းသောရဟန်းတော်များ၏ဘောင်မှာသာ ခေါင်းပေါင်းစ ထောင်ကြပါပေသည်။"

"ပါဠိ အကိုးအကားများ၍ လူသာမန်တို့မဖတ်နိုင်၊ ခက်ခဲနက်နဲမှုသာ ကျမ်းပြုဆရာ ဂုဏ်ထင်ပေါ်ကြသဖြင့် ပါဠိအကိုးအကား များစွာနှင့် ထုတ်ဆောင်ကြရသော မြန်မာလူမျိုးများမှာ ဓမ္မရသ တရားအရသာများကို မခံစားကြရပဲ ကုသိုလ် ရရုံလောက်နှင့်သာ တဘဝ ပြီးဆုံးသွားကြရလေတော့သည်....၊"

"ငါတို့ သဘောက ကျမ်းပြုဆရာ ဂုဏ်မထင်မပေါ်ချင်နေပါစေ၊ ကျမ်းစာကြည့်ရှုကြတဲ့စာကြည့်ပရိသတ်တွေ ကွက်ကွက် ကွင်းကွင်း ထင်းကနဲ လင်းကနဲ ဝင်းကနဲ အသိအလိမ္မာ ဉာဏ်ရှင်းမှုကိုသာ ပမာနထား၍ ရေးသားသော ကျမ်းစာတွေသာများသည်။ ပါဠိအကိုးအကားများမှာ မထည့်လျှင် မဖြစ်မှသာ ထည့်သည်။ ပါဠိပါဌ်သားနည်းနိုင်သမျှ နည်းအောင် ဂရုစိုက်၍ ရေးသည်။ သို့သော် ပါဠိတော် စည်းမျဉ်း၊

www.burmeseclassic.com



ဓမ္မစည်းမျဉ်း အလွတ် ရေးသည်မဟုတ်။ စည်းမျဉ်း ကိုက်ညီအောင်ရေးသည်။"

(လယ်တီ မဟာထေရုပ္ပတ္တိကထာ ၇၅၊ ၇၅။)

လယ်တီဆရာတော်သည် ခက်ခဲနက်နဲသောတရားများကို ကျမ်းဂန်ရေးသားမှု၌သာ ကျွမ်းကျင် နိုင်နင်းတော်မူသည်မဟုတ်၊ ကဗျာလင်္ကာ မြန်မာစာပေ ရေးသားမှု၌လည်း ကျွမ်းကျင်နိုင်နင်းတော်မူသည်။ ဂမ္ဘီရကဗျာကျမ်းသည် လယ်တီဆရာတော်၏ ဆုမ္မဩဝါဒ ကဗျာများကို စုပေါင်းရိုက်နှိပ်ထားသည့် ကဗျာကျမ်းဖြစ်သည်။

၃။ လယ်တီဆရာတော်သည် စာပေပို့ချတော်မူရာမှ အနည်းငယ်အနားယူလိုသောအခါ၊ အမြို့မြို့ အနယ်နယ်သို့ တရားဟောကြွတော်မူစဉ်အတွင်း အနည်းငယ် အနားယူလိုသောအခါ စသည်တို့၌ ဆိတ်ငြိမ်ရာအရပ်တွင် ကမ္မဋ္ဌာန်းအားထုတ်တော်မူလေ့ရှိသည်။ ယင်းသို့ ကမ္မဋ္ဌာန်းအားထုတ်ခြင်းဖြင့် ခက်ခဲနက်နဲသော တရားသဘောများကို စဉ်းစားသုံးသပ်ခွင့် ရသည်ဖြစ်သောကြောင့် ကျမ်းဂန် ရေးသားရာ၌ရှင်း၊ တရားဟောပြောရာ၌ရှင်း ပိုင်ပိုင်နိုင်နိုင် ကိုယ်တိုင်သိ အနေအားဖြင့် ပြတ်ပြတ်သားသား ထင်ထင်ရှားရှား ရေးသားဟောပြောတော်မူခြင်း ဖြစ်သည်ဟု ပြောကြလေသည်။

၄။ လယ်တီဆရာတော်သည် မြန်မာနိုင်ငံရှိမြို့ရွာအရပ်များသို့ လှည့်လည် ကြွရောက်ပြီးသော် တရားဟောတော်မူလေ့ရှိသည်။ ကြွရောက်ရာ မြို့ရွာများ၌ ပရမတ္ထသံခိပ်အသင်းများကိုလည်း ဖွဲ့တော်မူသည်။ ပရမတ္ထသံခိပ်ဆိုသည်မှာ အဘိဓမ္မာ ခုနစ်ကျမ်း၏ လိုရင်းသရုပ်အဓိပ္ပါယ်ကို အကျဉ်းချုပ်၍ ပါဠိဘာသာဖြင့် ရေးသားထားသည့် သင်္ဂြိုဟ်ကျမ်းကို လယ်တီဆရာတော်က မြန်မာဘာသာ သံပေါက်ဖြင့် ရေးသားထားသည့်ကျမ်းဖြစ်သည်။ ယင်းသံခိပ်ကျမ်း သင်ကြားသူများကို ပရမတ္ထ သံခိပ်အသင်းဖွဲ့ကာ သာမန်အမျိုးသမီးကလေးများကအစ အဘိဓမ္မာတရားများကို နားလည်သိရှိအောင် ဆောင်ရွက်တော်မူခြင်းဖြစ်သည်။

၅။ လယ်တီဆရာတော်သည် မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည် ကြွရောက်လျက် တရား ဟောတော်မူခြင်းအားဖြင့်လည်း သာသနာ ပြုတော်မူသည်။ ပရမတ္ထသံခိပ် အသင်းများထောင်၍ စာမေးပွဲ ပြုခြင်းအားဖြင့်လည်း သာသနာပြုတော်မူသည်။ နွားသားမစားရန် ဟောပြော မေတ္တာရပ်ခံခြင်း၊ ပလိပ်ရောဂါ ဖြစ်သောအခါ ပရိတ်တရားအကာအကွယ် ပြုလုပ်ပေးခြင်း စသည်တို့ဖြင့်လည်း မြန်မာပြည်သူပြည်သားအပေါင်း၏ ကောင်းကျိုးချမ်းသာအတွက် တရားနှင့်အညီ ရွက်ဆောင်ကာ သာသနာပြုတော်မူသည်။

လယ်တီဆရာတော်သည် မြန်မာနိုင်ငံ အတွင်း၌သာ မဟုတ်၊နိုင်ငံခြား၌လည်း အထူးသဖြင့် အနောက်နိုင်ငံများ၌လည်း သာသနာပြုလိုသဖြင့် ၁၂၇၅ ခုနှစ် တပေါင်းလကစ၍ နိုင်ငံခြားဘာသနာပြု အသင်းကြီးကို ကိုယ်တိုင် ကြီးမှူး၍ ဖွဲ့စည်း တည်ထောင်တော်မူခဲ့သည်။ လယ်တီဆရာတော်၏ ဂုဏ်သတင်းမှာ နိုင်ငံခြားတိုင်အောင် ပျံ့နှံ့ကျော်ကြားသဖြင့် အနောက်နိုင်ငံ ပါဠိပညာရှိကြီးများက လယ်တီဆရာတော်ထံသို့ အဘိဓမ္မာပိဋကတ်နှင့် စပ်လျဉ်းသည့် အချက်များကို မေးမြန်း လျှောက်ထားကြလေသည်။

လယ်တီဆရာတော်သည် ၁၂၇၃ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံတော်မူရသည်။ ၁၂၈၃ ခုနှစ်တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့ ယူနီဗာစီတီ တက္ကသိုလ်ကျောင်းတိုက်ကြီး၏ အဓိပတိက ဒီလစ် ပိဋကတ္တယပါရဂူ ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကိုလည်း ခံတော်မူရသည်။

လယ်တီဆရာတော်သည် အနောက်နိုင်ငံပါဠိပါမောက္ခဆရာကြီးများ၏ တိုက်တွန်း တောင်းပန်ချက် အရ မန္တလေးမြို့ မစိုးရိမ်ဆရာတော် ဦးသောမ၊ ဦးသူရိယ၊ ဦးဥာဏ၊ ဦးရာဇိန္ဒတို့အား တိုက်တွန်း ရေးသားစေလျက် မဟာ ပါဠိအဘိဓာန် ကျမ်းကြီး ထွက်ပေါ်အောင် စီမံဆောင်ရွက်တော်မူလေသည်။

လယ်တီ ဆရာတော်ဘုရားကြီးသည် စာပေပို့ချခြင်း၊ ကျမ်းဂန်ရေးသားခြင်း၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်း၊ တရားဟောခြင်း စသော သာသနာပြုလုပ်ငန်းများကို မနေမနား ပြုလုပ်တော်မူသဖြင့် သက်ရွယ် ကြီးရင့်တော်မူသောအခါ သက်တော် ၇၃ နှစ်ခန့်တွင် မျက်စိကွယ်ခြင်းသို့ ရောက်လေသည်။ထိုနောက် သက်တော် ၇၈ နှစ်၊ ဝါတော် ၅၈ ဝါအရ သက္ကရာဇ် ၁၂၈၅ ခုနှစ် ပဉ္စမ ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့တွင် ပျဉ်းမနားမြို့ လယ်တီ စံကျောင်း၌ ပျံလွန်တော်မူလေသည်။

လယ်တီဆရာတော် ဘုရားကြီးသည် အောက်ဖော်ပြပါ ကျမ်းများကို ရေးသားပြုစုတော်မူခဲ့လေသည်။

၁။ ကမ္မဋ္ဌာနဒီပနီ
၂။ ကမ္မဋ္ဌာန်းကျမ်းကြီး
၃။ ဂေါဏသုရာဒီဒီပနီ
၄။ ဂမ္ဘီရကဗျာကျမ်း
၅။ စတုသစ္စဒီပနီ
၆။ စေတီယင်္ဂဏဝိနိစ္ဆယ
၇။ ဒါနာဒိဒီပနီ
၈။ ဒီဃာသနဝိနိစ္ဆယ
၉။ မာတိကမ္မဋ္ဌာန်းကျမ်းသစ်
၁၀။ ဓမ္မဒီပနီ
၁၁။ နိယာမဒီပနီ



www.burmeseclassic.com

www.burmeseclassic.com



၁၂။ နိရုတ္တိဒီပနီခေါ် ဝုတ္တိမောဂ္ဂလာန်ဋီကာပါဠိ
၁၃။ နိရုတ္တိဒီပနီခေါ် ဝုတ္တိမောဂ္ဂလာန်ဋီကာနိဿယ
၁၄။ နိဗ္ဗာနဒီပနီ
၁၅။ နိဗ္ဗာနဝိသဇ္ဇနာ
၁၆။ ပဋိစ္စသမုပ္ပါဒ်ဒီပနီ
၁၇။ ပဋိစ္စသမုပ္ပါဒ် အကျဉ်းလင်္ကာ
၁၈။ ပဓာနသုတ်ပါဠိတော်နိဿယသစ်
၁၉။ ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာဋီကာပါဠိ
၂၀။ ပရမတ္ထဒီပနီခေါ် သင်္ဂြိုဟ်မဟာဋီကာနိဿယ
၂၁။ ပရမတ္ထသံခိပ်
၂၂။ ပါရမီဒီပနီ
၂၃။ ပဋ္ဌာနုဒ္ဒေသဒီပနီပါဠိ
၂၄။ ပုဏ္ဏောဝါဒကမ္မဋ္ဌာန်း
၂၅။ ဗောဓိပက္ခိယဒီပနီ
၂၆။ ဘာဝနာဒီပနီ
၂၇။ မဟာသယနဒီပနီ
၂၈။ မဂ္ဂင်ဒီပနီ
၂၉။ ရူပဒီပနီ
၃၀။ ရောဂန္တရဒီပနီ
၃၁။ ရုပ်ပိုင်းအကျဉ်း
၃၂။ လယ်တီပုစ္ဆာအဖြေပေါင်းချုပ်
၃၃။ လယ်တီမင်္ဂလသုတ္တန်
၃၄။ လက္ခဏဒီပနီ
၃၅။ လန်ဒန်ပါဠိဒေဝီ ပုစ္ဆာဝိသဇ္ဇနာပါဠိ
၃၆။ ဝိကာလဘောဇနသိက္ခာပုဒ်အဆုံးအဖြတ်
၃၇။ ဝိနယသံခိပ်
၃၈။ ဝိပဿနာဒီပနီ
၃၉။ ဝိရတိသီလဝိနိစ္ဆယ
၄၀။ ဝိဇ္ဇာမဂ္ဂဒီပနီ
၄၁။ သရဏဂုံ ဝိနိစ္ဆယကျမ်းသစ်
၄၂။ သသင်္ခါရ အသင်္ခါရဝိနိစ္ဆယ
၄၃။ သာသနဒါယဇ္ဇဒီပနီ
၄၄။ သာသနဝိသောဓနီ၊ ပ၊ ဒု၊ တ
၄၅။ သီလဝိနိစ္ဆယ
၄၆။ သုကုမာရမဂ္ဂဒီပနီ
၄၇။ သောတာပန်ပုစ္ဆာ
၄၈။ သောမနဿုပေက္ခာဒီပနီ
၄၉။ သင်ပုန်းကြီးသံခိပ်
၅၀။ သစ္စတ္ထဒီပနီ
၅၁။ သဒ္ဒသံခိပ်
၅၂။ သတ်ပုံသံခိပ်
၅၃။ သိက္ခာဂဟဏဝိနိစ္ဆယ
၅၄။ သမ္မာဒိဋ္ဌိဒီပနီ
၅၅။ သံဝေဂလေးချိုးနှင့်အဓိပ္ပါယ်
၅၆။ အနုဒီပနီ
၅၇။ အနတ္တဒီပနီ
၅၈။ အနတ္တဒီပနီကျမ်းသစ်
၅၉။ အနတ္တဝိဘာဝနာပါဠိနိဿယ
၆၀။ အလင်းကျမ်း
၆၁။ အာဇီဝဋ္ဌမကသီလအဆုံးအဖြတ်
၆၂။ အာနာပါနဒီပနီ
၆၃။ အာဝေဏိကဂုဏ်တော်ပါဠိနိဿယ
၆၄။ အာဟာရဒီပနီ
၆၅။ ဉာဏပရိဘောဂဝိနိစ္ဆယ
၆၆။ ဥပသမ္ပဒဝိနိစ္ဆယ
၆၇။ ဥရောပ ဗုဒ္ဓဘာသာ အလင်းပြ
၆၈။ ဥတ္တမပုရိသဒီပနီ

ဦးထွန်းမြင့်

**လယ်တီပဏ္ဍိတ။** ။မောင်ကြီး၊ ဦး၊ လယ်တီပဏ္ဍိတ—ရှု။

**လယ်တွင်းကိုးခရိုင်။** ။အထက်မြန်မာနိုင်ငံ၊ ကျောက်ဆည်နယ်ကို လယ်တွင်း ကိုးခရိုင် ဟုခေါ်သည်။ ရေလွှဲကိုးခရိုင်ဟုလည်း ခေါ်၏။ ရှေးခေတ် မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှား၍ ဆန်ရေစပါး ပေါများကြွယ်ဝသော ထိုလယ်တွင်းကိုးခရိုင်ကား ပန်းလောင်မြစ်၏ မှီခိုရာ (၁) စောလုမြို့၊ (၂) ပင်လယ်မြို့၊ (၃) မြစ်သားမြို့၊ (၄) မြစ်မနား (ပျဉ်းမနား) မြို့၊ ဇော်ဂျီမြစ်၏ မှီခိုရာ (၅) မြောင်လှမြို့၊ (၆) မြင်းခုံတိုင်မြို့၊ (၇) မက္ခရာမြို့၊ (၈) ပန်မြို့ (ပေါက်မြိုင်မြို့)၊ (၉) မြင်စိုင်းမြို့ တို့ဖြစ်ကြသည်။ ခရိုင်ကို ရှေးမြန်မာစာ၌ ခရိုန် ဟု နသတ်နှင့် ရေးမြဲ ဖြစ်၏။ တက္ကသိုလ် မြန်မာအဘိဓာန်၌ ခရိုင်ကို ထီးတွင် ထီးကိုင်းကို ထောက်ကန်ထားသော ထီးလက်များ စုဝေးရာ လှည်းပုံတောင်းသဏ္ဌာန် အဆောက်အဦ၊ မြို့၊ သို့မဟုတ် ရွာနှင့် ယင်းတို့ အုပ်ချုပ်သော လက်အောက်ခံနယ်မြေ အပိုင်းအခြား၊ ရွာအများ၊ မြို့အများကို စုပေါင်း၍ ဝန်တဦးအုပ်ချုပ်ရသော နယ်မြေ အပိုင်းအခြား ဟုအဓိပ္ပါယ်ပေး၏။

သက္ကရာဇ် ၃၇၉ ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင် အနော်ရထာမင်းစောသည် မြန်မာပြည်အလုံး၌ ဆည် မြောင်း ကန် ချောင်း ဖြစ်ကောင်းသော အရာတို့ကို ဆည် မြောင်း ကန် ချောင်း ဖြစ်စေ၏။ တောင်ဖက်လယ်တွင်းသို့ ရောက်တော်မူသောအခါ သာလျောင်းတောင်သို့ တက်၍ ကြည့်တော်မူသော်၊ ကယွတ်တောင်ထက်သို့ ကျသော ရေကို အထန့်တန့် ဆည်၍ လယ်လုပ်ရှိသော်



www.burmeseclassic.com

www.burmeseclassic.com



ဒွာသနာ ၅,၀၀၀ ပတ်လုံး ခပ်သိမ်းသောသတ္တဝါအပေါင်းတို့၏ စီးပွားများလတ္တံ့သည်ကို မြင်တော်မူ၏။ ထိုကြောင့် ပန်းလောင်မြစ်မှာ (၁) ကင်းတားဆည်၊ (၂) ငနိုင့်သော့ဆည်၊ (၃) ပြောင်းပြာဆည်၊ (၄) ဂူမည်းဆည်များကို ဆည်ဖို့တော်မူသည်။

ဇော်ဂျီ (မက္ခရာ) မြစ်မှာ (၁) နွားတက်ဆည်၊ (၂) ကွမ်းဆေးဆည်၊ (၃) ဂူတော် (ငပြောင်း) ဆည်များကို ဆည်ဖို့တော်မူသည်။ ထို့ပြင် အနော်ရထာမင်းစောသည် လယ်တွင်း ၁၁ ရွာ ပြုစုတော်မူခဲ့၏။ ထို ၁၁ ရွာကား ပင်လယ်၊ မြစ်မနား (မ္လည်မနာ)၊ မြစ်သား (မ္လစ်သာ)၊ မြင်းခုံတိုင်၊ ယမုံး(ရင်ုန်)၊ ဖန်း(ပနန်)၊ မက္ခရာ၊ တပြက်သာ၊ သင်တောင်၊ တမုတ်ဆိုး၊ ခံလူး (ခံမူ (ဝါ) ခမ်လှူ) တို့ဖြစ်၏။ ယင်းတို့ကို မြစ်သား ၁၁ ရွာ (ဝါ)မြစ်သား ၁၁ ခရိုင် ဟုလည်းခေါ်သည်။ ဤသို့ လယ်ယာစိုက်ပျိုးမှုကို ကောင်းစွာ အားပေးပြုစုသဖြင့် ကျောက်ဆည်နယ်သည် ပုဂံပြည်၏ စားရေရိက္ခာ သိုမှီးရာ စပါးကျီသဖွယ် ဖြစ်လာပေသည်။ ရေလွှဲဆည်မြောင်းတို့ကို မင်းအဆက်ဆက် သုံ့လူများကို နေရာချထား၍ ကြည့်ရှုပြုစုစေသည်။ မြန်မာနိုင်ငံသမိုင်းတွင် လယ်တွင်းခရိုင်များကို စိုးအုပ်ရသူများသည် အလုံးအရင်း အားအင်ပြည့်ဝမှုများ ရရှိသဖြင့် မြန်မာမင်းအဆက်ဆက်တို့ ပြုစုစောင့်ရှောက်ခဲ့ကြောင်း တွေ့ရသည်။ အထက်မြန်မာနိုင်ငံမြို့တော်များသည် လယ်တွင်းနယ်များ အနီးဝန်းကျင်၌သာ ရှိကြလေသည်။

သက္ကရာဇ် ၁၁၄၅ ခုနှစ် တော်သလင်းလဆန်း ၈ ရက် တနင်္လာနေ့ နံနက် တချက်တီးကျော် အချိန် ဘိုးတော်ဘုရားသည် မြန်မာနိုင်ငံအလုံးကို အိမ်ခြေစာရင်းပြုလုပ်၍ ရွှေတိုက်သို့ သွင်းထားစေသည်။ ထိုအခါ ပန်းလောင်မြစ်ရေသောက် ဖြစ်သော အနော်ရထာမင်း ဆည်ဖို့ ဖောက်လုပ်ထားခဲ့သော ငနိုင့်သော့ဆည် ငနိုင့်သော့မြောင်း ရေသောက်ခရိုင်ကို စောလုခရိုင်၊ပြောင်းပြာဆည် ပြောင်းပြာမြောင်း ရေသောက်ခရိုင်ကို မြစ်သားခရိုင် အစရှိသည်ဖြင့် ပန်းလောင်မြစ် ရေသောက် မြစ်သားမြို့နယ်တွင် လေးခရိုင်၊ ဇော်ဂျီမြစ် ရေသောက် ကျောက်ဆည် မြို့နယ်တွင် ငါးခရိုင်၊ ပေါင်းကိုးခရိုင် ဖွဲ့တော်မူ၍ ကိုးခရိုင် ဟုခေါ် တွင်စေခဲ့လေသည်။

**လယ်ထွန်မင်္ဂလာ။** ။အာဒိစ္စနွယ်ဝင် ရှေးမင်းကောင်းမင်းမြတ်တို့၏ အစဉ်အလာအရ တိုင်းသူပြည်သားတို့၏ စီးပွားချမ်းသာ ဖြစ်ထွန်းစေခြင်းအကျိုးငှာ ဘုရင်မင်းမြတ်တို့ကိုယ်တော်တိုင် မင်းပရိသတ် ခြံရံကာ သတ်မှတ်ထားသောလယ်တော်သို့ အခမ်းအနားနှင့် ထွက်တော်မူ၍ လယ်ထွန်မင်္ဂလာကို ဆင်ယင်ကျင်းပလေ့ရှိလေသည်။ ဤသို့ ဘုရင်မင်းမြတ်တို့ကိုယ်တော်တိုင် လယ်ထွန်မင်္ဂလာကိုစတင်ကျင်းပလိုက်ခြင်းအားဖြင့် နိုင်ငံတော်တွင် မိုးလေဝသ မှန်ကာဆန်ရေစပါး ပေါကြွယ်ဝ၍ လူအများ ကိုယ်စိတ်နှစ်ဖြာချမ်းသာသည် ဟု ယုံကြည်ကြလေသည်။

လယ်ထွန်မင်္ဂလာသဘင် ဆင်ယင်ကျင်းပခြင်းကို ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ကပ်ဦးအစ မဟာသမ္မတမင်းမှစ၍ အဆက်ဆက် ပြုမြဲအတိုင်း ကျင်းပခဲ့လေသည်။ အလောင်းတော်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူပြီးနောက် တလမြောက်သော နယုန်လပြည့်နေ့၌ လယ်ထွန်မင်္ဂလာသဘင် ဆင်ယင်ကျင်းပရန် အလို့ငှာ မြို့အလုံးကို နတ်ပြည်ကဲ့သို့ တန်ဆာဆင်၍ အလုံးစုံသော ကျွန်အမှုလုပ် အစ ရှိသူတို့သည် အစာမချေသော ပုဆိုးအဝတ်တို့ကို ဝတ်ကုန်လျက်၊ နံ့သာပန်း အစရှိသည်တို့ဖြင့် တန်ဆာဆင်ကုန်လျက် သုဒ္ဓေါဒနမင်းကြီး၏ နန်းတော်တွင်း၌ စည်းဝေးကုန်၏။ သုဒ္ဓေါဒနမင်းကြီး၏ လယ်ထွန်အမှု၌ ထွန်တုံးတထောင်ကို ယှဉ်စေကုန်၏။ တခုဖြင့်ယုတ်သော နှစ်ရာသော ထွန်တုံးကို နွားတို့၏ဦးချို ဆွဲကြိုးနှင်တံတို့နှင့်တကွ ငွေပြားတို့ဖြင့် ရံအပ်ကုန်၏။ သုဒ္ဓေါဒနမင်းကြီး၏ ဆွဲကိုင်ရာ ထွန်တုံးကိုကားနီသော ရွှေပြားဖြင့် ရံအပ်ကုန်၏။ နွားတို့၏ ဦးချိုဆွဲကြိုးနှင်တံတို့ကိုလည်း ရွှေပြားဖြင့် ရံအပ်ကုန်၏။

သုဒ္ဓေါဒနမင်းကြီးသည် တန်ဆာဆင်၍ အမတ် အပေါင်းခြံရံလျက် လယ်ထွန်ရာအရပ်သို့ သွားလေ၏။ ထိုအရပ်၌ သုဒ္ဓေါဒနမင်းကြီးသည် ရွှေထွန်တုံးကို ကိုင်၏။ အမတ်တို့ကား တခုယုတ်သော နှစ်ရာသော ငွေထွန်တုံးကို ကိုင်ကုန်၏။ လယ်ထွန်သမား ယောကျ်ားတို့ကား ကြွင်းသော ထွန်တုံးတို့ကို ကိုင်ကုန်၏။ မင်းအစရှိသော သူတို့သည် ထွန်တုံးကိုကိုင်၍ ထိုမှဤမှ ထွန်ကုန်၏။ သုဒ္ဓေါဒနမင်းကြီးသည်ကား ဤမှာဖက်မှ ထိုမှာဖက်သို့ နှင်သွား၏။ ထိုမှာဖက်မှသည် ဤမှာဖက်သို့နှင်လာ၏။ ထိုသို့ထွန်ရာ၌ များစွာရှုဖွယ်သော စည်းစိမ်ဖြစ်၏။

လယ်ထွန်မင်္ဂလာကျင်းပကြသော ဘုရင်အဆက်ဆက်တို့သည် နယုန်လပြည့်နေ့ လပြည့်ကျော် တရက်နေ့များတွင် ဤသို့သောအခမ်းအနားများကို ကျင်းပမြဲဖြစ်သည်။ သို့သော် ဘုရင်တိုင်းလည်း လယ်ထွန်မင်္ဂလာကိုမကျင်းပခဲ့ပေ။ လယ်ထွန်မင်္ဂလာကျင်းပသည့် ဘုရင်တိုင်းလည်း နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ မရှိပေ။ အချို့ ပညာရှိများကဘုရင်မင်းမြတ်တို့ လယ်ထွန်မင်္ဂလာကျင်းပခြင်းသည် တိုင်းပြည်အတွင်း မိုးလေဝသမှန်ကန်၍ ကျီပြည့်စပါး ထွန်းကားပေါများ မင်္ဂလာနိမိတ်ယူခြင်းဖြစ်သည် ဟုဆိုသည်။ အချို့ပညာရှိများကမူ လယ်ထွန်မင်္ဂလာကို ဗေဒင်ကိန်းခန်းအရ ကျင်းပသည်။ ဗေဒင်ကိန်းခန်းအရ ဤသည့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကမ္ဘာလောကကြီးကို တောင်သူကြီး မင်းမူလိမ့်မည်ဟု ဟောကိန်းရှိအံ့၊ ထိုဟောကိန်းကို ကျိန်းချေသောသဘောဖြင့် ဘုရင်မင်းမြတ်တို့က လယ်ထွန်မင်္ဂလာကျင်းပခြင်းဖြစ်သည် ဟုဆိုလေသည်။ စင်စစ်အားဖြင့် တိုင်းသူပြည်သား လူအများတို့၏ လယ်ယာကိုင်းကျွန်းလုပ်မှုသည် တိုင်းခြေပြည်မြစ် ဖြစ်၏။ ထို့ကြောင့် တိုင်းပြည်အုပ်ချုပ်သော ဘုရင်မင်းတို့က လယ်သမားတို့အား လယ်လုပ်ချင်စိတ်ပေါ်လာအောင် (ဝါ)ဇွဲ လုံ့လဖြင့် ထွန်ယက် လုပ်ကိုင်ချင်လာအောင် စံပြနမူနာအဖြစ် လယ်ထွန်မင်္ဂလာ ပြု၍ပေးခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်ပေသည်။

လယ်ထွန်မင်္ဂလာကျင်းပရန် ဘုရင်မင်းမြတ်တို့ ထွက်တော်မူလျှင် ထွက်တော်မူကြီး ထွက်တော်မူလေ့ရှိသည်။ ထွက်တော်မူကြီး ထွက်တော်မူသည် ဆိုသည်မှာ ရှေ့ဆုံးမှ စမြောင်း၊ ထို့နောက် ရှေ့ခြောက်တပ်၊ အလယ်မှ ဘုရင့်တပ်မတော်ကြီး၊ ထို့နောက်မှ နောက်ခြောက်တပ်၊ ဝင်းတော်မှူး အစုံအလင်နှင့် ထွက်မြဲဖြစ်သည်။

ဘိုးတော်မင်းတရားကြီးသည် ၁၁၅၂ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက် သောကြာနေ့ ကန်တိလိခေါ် အောင်ပင်လယ်ကန်တော်အနီး သဘင်နန်း ကြီးစွာ ဆောက်တော်မူ၍၊ ရွှေထွန်၊ ငွေထွန်၊ ရွှေထမ်းပိုး၊ ငွေထမ်းပိုး၊ ရွှေကြိုး၊ ငွေကြိုး၊ ရွှေနှင်တံ၊ ငွေနှင်တံတို့နှင့် သားတော်အိမ်ရှေ့မင်း၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်၊ သဌေးသူကြွယ်အပေါင်း ခြံရံလျက် လယ်ထွန်မင်္ဂလာသဘင် ပြုတော်မူသည်။ ထိုအခါ အိမ်ရှေ့အိမ်တော် ရွှေတိုက်စာရေးမောင်မင်းအောင်ကို အိမ်ရှေ့မိဖုရား အမိန့်တော်နှင့်ဆင့်၍ မောင်မင်းအောင် ရေးရသည့် လယ်ထွန်မင်္ဂလာ တျာသံသီချင်းမှာ ဤသို့ဖြစ်သည်။

"လယ်တော်ထွန်စ နေ့ကျော်မှာ၊ လမိုင်းတံခွန် တွင်းဝန်တည့် မတ်လိမ်မာ။ သည့်ပြင်မှာငယ်လေ ပြည်ဦးကင်း။ မြောက်ဖက်ကယ် တိုက်ဝန်၊ ရွှေနန်းစဉ်ကျွန်။ ရွှေထွန်ကြီး တစင်းငယ်နှင့်လေး။ ။

ဇမ္ဗူပိုင်ထိပ်နင်း ရွှေတော်မှာ။ အစဉ်မကွဲ လက်ဝဲနှင့်လက်ယာ။ ဘုန်းဧရာငယ်လေ ကိုယ်လုံးဝင်း။ ရွှေသားငယ်မျဉ်းတိုတွင်။ ချပ်မိန်ညို ဆင်။ နေလုလင်ပြိုင်နှုန်း ကင်းရလေး။ ။လယ်တော်တွင်းငယ်မှာ၊ ကြယ်မင်းငယ်ဥက္ကာ၊ နားလှာကျသို့လေ။ သောက်ရှူးတော် ရွှေကုံးနှင့်၊ တိမ်လုံးပြည့်လျှပ်နွယ်၊ အံ့ဘွယ်များလှလေး။ ။မဟာ သမ္မတဆက်စဉ်လာ။ လယ်ထွန် အောင်ခန်း၊ ရွှေနန်း မင်္ဂလာ။ ထွန်တော်သိင်္ဂါမှာ ရန်မျိုးပ။ နန်းလုံးငယ် မျက်ရှင်၊ ရွှေစက်တော်တင်။ စမ္ပယ်ရှင် ရှဉ်းစုံ ကသည်နှင့်လေး။ ။ ရွှေနန်းငယ်ရံသ၊ နတ်ဣန္ဒာ။ ရွှေထွန်တော်ကြီး၊ အနီးဝေးမကွာ။ သည့်နောက်တော်မှာလေ မင်းသားကြီး။ တော်ဒူးငယ်စနည်၊ရာထူးလည်၊ စဉ်စီရွှေထွန်စီးပါလို့လေး။ ။ လယ်တော်ကြီးငယ်မှာ၊ ရွှေထီးငယ်နှင့်သာ၊စံကာမြန်းတော့သည်။ ။မျဉ်းရှည်တော် ရွှေသားနှင့် တိမ်ကြားကနတ်နွယ်၊ သွယ်သွယ်ဆန်းလှသည်။ ။"

ထို့နောက် ဘိုးတော်နှင့် နောင်တော်တို့၏ အရိုက်အရာကို ဆက်ဆံစိုးစံတော်မူသောရွှေဘိုမင်း(သာယာဝတီမင်း)သည် ၁၂၀၂ ခုနှစ်တွင် အောင်ပင်လယ် ကန်၏ အနီး၌ မင်းတဲကြီးစွာ ဆောက်လုပ်တော်မူကာ စစ်အင်္ဂါ လေးပါး ခြံရံလျက် အရှင် မိဖုရားခေါင်ကြီးနှင့် တကွ ထွက်တော်မူ၍ ရွှေထွန်၊ ငွေထွန်၊ ရွှေထမ်းပိုး၊ ငွေထမ်းပိုး၊ ရွှေကြိုး၊ ငွေကြိုး၊ ရွှေနှင်တံ၊ ငွေနှင်တံတို့ဖြင့် သားတော်၊ ညီတော်၊ ဆွေတော်မျိုးတော်၊ မှူးတော်မတ်တော်၊ ဗိုလ်မှူးတပ်မှူး၊ သဌေးသူကြွယ်အပေါင်း ခြံရံလျက် ကြီးကျယ် ခမ်းနားစွာဖြင့် လယ်ထွန်မင်္ဂလာကို ဆင်ယင် ကျင်းပတော် မူသည်။ ထိုသို့ လယ်ထွန်မင်္ဂလာပြုသည့်အခါ အထက် လယ်ထွန်မင်္ဂလာသီချင်းကို နှစ်သက်တော်မမူသဖြင့် မောင်စ အသစ်လုပ်၍ ဆက်ရမည်ဟု တောင်ဥယျာဉ် စံနန်းတော်တွင် အမိန့်တော်ရှိ၍ ဝန်ကြီး မြဝတီ မြို့စားဟောင်း ဦးစ ဆက်သွင်းရသည့် ရွှေဘိုမင်းတရား၏ လယ်ထွန်မင်္ဂလာပွဲဘွဲ့မှာ

"ဆဒ္ဒန်ပိုင် ဘုန်းမြင့် နရိန္ဒာ။ လယ်ထွန်အောင်ခန်း၊ရွှေနန်းစဉ်မင်္ဂလာ။ မိုးယံမှာလေ၊ ကြယ်ဇေဋ္ဌ။ သိတဂူ တာရိန်။ နှစ်နန်းငယ်ချိန်။ ထိန်ထိန်ရံဝန်းခသည်နှင့်လေး။ ။

စမ္ပာယ်ဖြူဥဿဘ၊ ဟန်လှငယ်ရှဉ်းစုံ။ ရွှေထွန်တော်ကြီး၊ ညီးညီးအံ့ရာပုံ။ ဇေယျခုံငယ်လေ–သာသန့်ရှင်း။ အမရဝေယန်၊ ရွှေဗိမာန်၊ သေန် မြေဦးကင်းဝယ်ပလေး။ ။ ပြည် ပြည်ထောင်သနင်း၊ မင်းမင်းမျှား သခင်။ စက်စုံတော်တင်မြန်း၊ ရစ်သန်းလှည့်ကာနှင်။ ရွှေတော်တွင်မှာလေ၊ မှူးမတ်ကြီး။ လက်ဝဲငယ် လက်ယာ၊ တင့်မောစွာ၊ ဆက်ကာ ဝေးမနီးငယ်ကလေး။ ။ရွှေထွန်စီးပါလို့၊ လွန်တင့်တယ်၊ လေးမည်ရန်တား၊ နတ်လားထင်မိဖွယ်။ ဘုန်းပွင့်လျှာ နေနွယ်လေ၊ ရာမင်းမင်းဖျား။ မောက်တိုတော်ရတနာ၊ ကိုးမျက်ရောင်ဖြာ၊ အံ့ရာ အခြားခြားငယ်နှင့်လေး။ ။မျဉ်းရှည်တော် ညှံ့ထွား၊ ပတ္တမြားငယ် လှိုင်ချွန်။ မျဉ်းတိုရောင်ကြွား၊ ပြယားဝေသဝဏ်။ တိုင်းထွတ်စွန်၊ ရွှေးလွန်မကြုံတောင်းငယ်တည့်လေး။ ။တော်ကြီးငယ်ဆင်၊ ယောဉ်ရေမြေ ပြောင်းမျှလေး။ ။နတ်ဌာန်ငယ်ကျော်သောင်း၊ ထက်စည်ငယ် ညံသောင်းဆော်တယ်ကို။ ရာဝင်တော်စုံ ဖွေဖော်ထူးသည်နှင့်၊ ခြိုးကျူးခွင့်မကုန်ပါလို့။ ရစ်သန်းငယ်ရောင်စိုလေ၊ ထိန်ဝင်းလို့ညီး။ ထွန်ရေးငယ်ဖြန့်ရာ၊ နောက်တော်ကမှာ၊ စီစဉ်ကာ မင်းသားကြီးငယ်နှင့်လေး။ ။ဇမ္ဗူရွှေ မှည့်သီး၊ ထီးချင်းကယ် ပြိုးပြောင်။ မောက်တိုရွှေသား၊ ပတ္တမြားမျက်ခိုနီတောင်။



www.burmeseclassic.com

www.burmeseclassic.com



မှူးကြီးငယ်မတ်ခေါင်လေ၊ အခြားခြား။ တိမ်ချပ်ကယ် ပုံပြင်၊နတ်စေသွင်၊ဆင်ယင်ရွှေ ဝတ်စားငယ်နှင့်လေး။ ။ မိုးယံငယ်တလွှား၊ မိုးသားငယ် လှိုက်ဝှန်၊ ကြယ်သွန်နှိုး တော့သည်။ ကောက်နှံငယ်ဆင့်ပွား၊ ကောက်သားငယ် ကြွယ်ကုံ၊ တောင်ပုံဖြိုးတော့သည်။" ဟူ၍ဖြစ်လေသည်။

မန္တလေး ရတနာပုံမြို့တည်နန်းတည် ပဌမ သင်္ကြန်ယနာ တင် အရှင်မင်းတုန်းမင်းတရားကြီး လက်ထက်တော်တွင် လည်း အောင်ပင်လယ် ကန်တော် သရက်ကုန်း ရွာ၏ မြောက်ဖက် နှစ်ကောခန့်ရှိသော လယ်တော်၌ မင်းခမ်းမင်း နားဖြင့် ထွက်တော်မူ၍ မိမိကား ရတနာမကိုဋ် ဒုရင် တော်သုံးဆင့် တပ်ကို ဆင်မြန်းလျက် ထီးဖြူတော်နှစ်လက် ဖြန့်မိုးကာ မင်းညီမင်းသား မှူးမတ်တို့မှာမူကား မိမိတို့ ဆိုင်ရာ အဆင်တန်ဆာများဖြင့် ဆင်ယင် ဝန်းရံလျက် လယ်ထွန်မင်္ဂလာသဘင်ကို ဆင်ယင်ကျင်းပလေသည်။

လယ်ထွန်မင်္ဂလာသဘင်ကို ထိုင်းနိုင်ငံ၊ ကမ္ဘောဇနိုင်ငံ၊ လောနိုင်ငံတို့တွင် ရှေးအစဉ်အလာမပျက် ယခုတိုင် ဆက် လက် ကျင်းပလျက်ရှိလေသည်။

**လယ်ပတူ။** ။လယ်ပတူပင်သည် အကန်သေစီအီး မျိုး ရင်းတွင် ပါဝင်၍ ယင်းကို ရုက္ခဗေဒအမည်အားဖြင့် ဟိုင် ဂရိုဖီလား စပိုင်နိုးဆားဟုခေါ်သည်။ လယ်ပတူကို ဆူး ပဒေါင်းဟုလည်း ခေါ်သည်။ အမွေးအမှင်ထူ၍ ဆူးရှိ သော သစ်နုပင် (ပင်ပျော့)မျိုးဖြစ်သည်။ တနေရာတည်း မှ နှစ်ပေမှ ငါးပေအထိရှည်သော ပင်စည်များ အများအ ပြား တဖြောင့်တည်းထွက်သည်။ သုံးလက်မမှ ခြောက် လက်မအထိ ရှည်သော လုံးစွပ်ပုံ အရွက်များသည် နှစ်ဖက် စလုံးတွင် ချွန်နေ၍ ညှာတံမရှိ ပင်စည်မှကပ်၍ပေါက်ကာ ဖြူသောအမွေးထူ အနည်းငယ်မျှဖြင့် ဖုံးအုပ်လျက်ရှိသည်။

ပန်းပွင့်အထုပ်ကြီးများသည် ပင်စည်ရင်းမှ လှည့်ပတ် ထွက်လာကြသည်။ ပန်းပွင့်တထုပ်တထုပ်တွင် လက်မဝက် မှ တလက်မခွဲအရှည်ရှိသည့် မာသော ဆူးများ ခြောက်ခု ခန့်ရှိသည်။ လုံးစွပ်ပုံရှိသော ပွင့်ခံရွက်များသည် ၁/၃ လက်မ မှ လက်မဝက်အထိ ရှည်သည်။ ယင်း ပွင့်ခံရွက်များသည် အပေါ်ထိပ်တွင် အနည်းငယ်ကြီး၍ အောက်ဖက်တွင် အ လယ်၌ ဟိုက်ကာ နှစ်ခြမ်းကွဲလုရှိသည်။ တလက်မအရှည် ရှိသော ပွင့်ချပ်အုံသည် ခပ်ချော်ချော် ရှိ၍ အရောင်မှာ မရမ်းစေ့ရောင် ဖျော့ဖျော့ရှိသည်။ ဝတ်မှုန်အိမ်များသည် ရှည်မျော့မျော့ရှိ၍ အစေ့အိမ်မှာ ၁/၃ လက်မရှိကာ ပွင့်ချပ် ထက်တိုသည်။ အစေ့အိမ်အောက်ဖက်တွင် အစေ့လေးခု မှ ရှစ်ခုအထိပါရှိသည်။

ပန်းများသည် ဇန္နဝါရီလမှ မတ်လအတွင်း ပွင့်ကြ သည်။ လယ်ပတူပင် များသည် ရေကန်၊ ရေမြောင်းနှင့် လယ်ကွင်းများတွင် အမြောက်အမြား ပေါက်သဖြင့် အ နှောင့်အရှက်ဖြစ်သည်။ သီဟိုဠ်နိုင်ငံတွင် လယ်ပတူ တ ပင်လုံးကို ဆီးချိုရောဂါအတွက် အသုံးပြုသည်။

**လယ်ဝေးမြို့။** ။လယ်ဝေးမြို့သည် အထက်မြန်မာနိုင်ငံ မန္တလေးတိုင်း ရမည်းသင်းခရိုင်၏ ပျဉ်းမနားခရိုင်ခွဲတွင် ပါဝင်သော လယ်ဝေးမြို့နယ် မြို့ပိုင်ရုံးစိုက်ရာမြို့ ဖြစ်သည်။ စတုရန်း လေးမိုင်ခန့်ကျယ်ဝန်း၍ ပျဉ်းမနားမြို့၏ အနောက် တောင်ဖက် ၁၀ မိုင်အကွာတွင် တည်ရှိသည်။ ပျဉ်းမနား– ကျောက်ပန်းတောင်း မီးရထားလမ်းပေါ်တွင် တည်ရှိသည့် ပြင် ရန်ကုန်–မန္တလေး မော်တော်ကား လမ်းမကြီးသည် လယ်ဝေးမြို့ကို ဖြတ်သွားသဖြင့် အရောင်းအဝယ်စည်ကား သောမြို့ဖြစ်၍ ဆန်စပါး တင်ပို့ရန် အချက်အခြာ မြို့တမြို့ လည်း ဖြစ်ပေသည်။

သက္ကရာဇ် ၁၉၁ ခုနှစ်တွင် မောင်နွဲ့ဆိုသည့်ပုဂ္ဂိုလ်တဦးက တောင်ကုန်းတခုပေါ်တွင် စတင်တည်ထောင်သောကြောင့် လယ်ဝေးမြို့ကို ရှေးကနဦးကအစ'ငနွဲ့ကုန်းမြို့၊ ငနွယ်ကုန်း မြို့'ဟုခေါ်သည်။ ထိုနောက်တဖန် ဝါးနွယ်ကုန်းဟုတွင်ပြန် သည်။ သက္ကရာဇ် ၁၇ဂဂ ခုနှစ်မှယနေ့အထိ လယ်ဝေးမြို့ဟု အမည်တွင်သည်။ အမည်ဝေါဟာရဆိုသည်မှာ ခေတ် အ ပြောင်းအလဲအလျောက် အမျိုးမျိုး ပြောင်းလဲလေ့ရှိသည်။ သက္ကရာဇ် ဂ၉၂ ခုနှစ်တွင် ကေတုမတီ တောင်ငူရွှေနန်းကို သိမ်းမြန်း စိုးစံတော်မူသော တပင်ရွှေထီး၏ မယ်တော် သည် ဤငနွယ်ကုန်းမြို့သူကြီး၏ သမီးပင်ဖြစ်သည်။

ဆင်အုံကန်ခေါ် ပြည်လုံးချမ်းသာ ကန်တော်ကြီးကို ပြန်လည် တူးဖော်သည့် အချိန်မှစ၍ လယ်ဝေးမြို့နယ်တွင် လယ်ယာ စိုက်ပျိုးခြင်းများ တိုးတက်ဖွံ့ဖြိုးလာသည့် အ လျောက် လယ်ဝေးမြို့တွင် ဆန်စက်များ၊ သစ်စက်များ၊ ဆီ စက်များရှိကြသည်။ သစ်တောကြိုးဝိုင်းများနှင့်လည်း နီး ကပ်စွာတည်ရှိသဖြင့် သစ်လုပ်ငန်း ထွန်းကားရာ မြို့တမြို့ လည်း ဖြစ်ပေသည်။

၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ လယ်ဝေးမြို့၏ လူဦးရေသည် ၅,ဂ၃၀ ယောက်ဖြစ်လေသည်။

**လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန။** ။မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုသည် လယ်ယာစိုက်ပျိုးရေးအပေါ်၌သာ အထက်ကျော်ကာရီမှ စ၍ ယနေ့တိုင် အားကိုးအားထား ပြုနေခဲ့ရသည့်အလျောက် နိုင်ငံ၏ အဓိက ဖြစ်သော စိုက် ပျိုးရေးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ အစိုးရဌာနတခု အနေဖြင့် ခွဲခြားသတ်မှတ်ထားခဲ့လေသည်။ ဒုတိယကမ္ဘာ စစ် ဖြစ်ပွားပြီးသည့်နောက်တွင် ဆန်စပါး တိုးချဲ့စိုက်ပျိုး ရေးနှင့် အသီးအနှံမျိုးစုံ ပိုမိုထွက်ရှိရေး လုပ်ငန်းရပ်များ



www.burmeseclassic.com

www.burmeseclassic.com



တွင် လုပ်ကိုင်ရန်အရေးတကြီး လိုအပ်လာသည်ဖြစ်သောကြောင့် လယ်ယာစိုက်ပျိုးရေး ဌာနကို ဌာနခွဲ ငါးခုထားရှိကာ ၁၉၅၄ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းလုပ်ကိုင်လာခဲ့သည်။ ယင်းဌာနခွဲငါးခုတို့မှာ အုပ်ချုပ်ရေး ဌာနခွဲ၊ သုတေသန ဌာနခွဲ၊ တိုးချဲ့လုပ်ကိုင်ရေးဌာနခွဲ၊ စက်ယန္တရား ဌာနခွဲနှင့် ရောင်းဝယ်ရေးဌာနခွဲတို့ ဖြစ်ကြ၍၊ ဌာနခွဲတခုတွင် အကြီးအကဲ အုပ်ချုပ်သူတဦးစီ ထားရှိလေသည်။

**အုပ်ချုပ်ရေးဌာနခွဲ**။ ။လယ်ယာစိုက်ပျိုးရေး ဌာန၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စအဝဝတို့ကို အုပ်ချုပ်ရေးဌာနခွဲမှ စီမံခန့်ခွဲ အုပ်ချုပ်သွားလေသည်။ စိုက်ပျိုးရေးဖက်ဆိုင်ရာ ကိစ္စအဝဝတို့ကိုကား သက်ဆိုင်ရာ ဌာနခွဲ အသီးအသီးတို့က တာဝန်ယူ ဆောင်ရွက် သွားကြသည်။

**သုတေသနဌာနခွဲ**။ ။စပါးမျိုးကောင်းမျိုးသန့်ရရှိရေးအတွက် သုတေသနလုပ်ငန်းကို စစ်တွေ၊ မှော်ဘီ၊ မြောင်းမြ၊ မန္တလေး၊ မုဒုံတို့တွင် လုပ်ကိုင်လာခဲ့ရာ နောက်ထပ်တွေ့ရသော စပါးမျိုးသစ်များမှာ လက်ရှိ အသက်တူ စပါးများထက် အထွက်ကောင်းမွန်ကြောင်းတွေ့ခဲ့ရသည်။ ထို့ပြင် မှော်ဘီဥယျာဉ်တွင် မြန်မာစပါးမျိုးများထက် ဆန်ရည်ဆန်သွေးကောင်းမွန်ပြီး အထွက်သာသည့် မြန်မာ-ဂျပန် စပ်မျိုးများကို တွေ့ရှိသည်မှာ အားရဖွယ်ဖြစ်သည်။ မြန်မာစပါးမျိုးထဲမှ ရသေ့စပါးမျိုးကို သုတေသန လုပ်ရာတွင် ယင်းသည် ဂျပန် စပါးမျိုးများ ကဲ့သို့ မြေသြဇာကို ကောင်းစွာ စားသုံးနိုင်သည့်ပြင် အကျိုးရှိစွာ စားသုံးနိုင်ကြောင်းတွေ့ရသည်။ ထို့အတူ ဝါ၊ မြေပဲ၊ ကြံတို့ကိုလည်း သုတေသနပြုလုပ်ကြသည်။ ထိုလုပ်ငန်းများအပြင် နှမ်း၊ပဲ၊ ပဲငပိ၊ ကုလားပဲ၊ ပြောင်းဖူး၊ ကြက်သွန်၊ ဂျုံစသော သီးနှံတို့ မျိုးရွေးချယ်ခြင်းလုပ်ငန်း၊ ကောက်ပဲသီးနှံများအတွက် သင့်တော်မည့်မြေသြဇာမျိုးနှင့် အသုံးပြုနည်း၊ သီးထပ် သီးညှပ် အလှည့်ကျ စိုက်ပျိုးနည်းများ၊ ကောက်ပဲသီးနှံများ၏ ရောဂါနှိမ်နင်းကာကွယ်ရေး၊ သီးနှံတို့၏ ဇီဇပင်ကိုယ်သတ္တိပြောင်းလဲရေး၊ မြေ၊ မြေသြဇာ၊ ကောက်ပဲသီးနှံတို့ကို ဓာတ်ခွဲ လေ့လာခြင်း၊ နိုင်ငံခြားသို့ တင်ပို့သော ဆန်၊ အာလူး၊ ပဲနှင့်အခြားသီးနှံများအတွက် ရောဂါပိုးစစ်ဆေး၍ လက်မှတ်ထုတ်ပေးခြင်း၊ နိုင်ငံခြားမှ တင်သွင်းသော သီးနှံ၊ ကာဖီစေ့ပန်းပင်များတွင် ရောဂါပိုးများ ရှိ၊ မရှိ စစ်ဆေးခြင်းစသော သုတေသနလုပ်ငန်း အရပ်ရပ်တို့ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

**တိုးချဲ့လုပ်ကိုင်ရေး ဌာနခွဲ**။ ။ဤဌာနခွဲ လက်အောက်တွင် စိုက်ပျိုးတိုင်း ကိုးတိုင်းခွဲ၍ တတိုင်းစီ တတိုင်းစီ၌ တိုင်းစိုက်ပျိုးရေးဝန် တဦးစီ လုံးဝ တာဝန်ယူကာ အုပ်ချုပ်စေခဲ့သည်။ သုတေသနမှ ထွက်ပေါ်လာသည့် လယ်ယာစိုက်ပျိုးမှု တိုးချဲ့လုပ်ကိုင်ရေးကို ခေတ်နှင့် တန်းတူလိုက်နိုင်အောင် စံနစ်တကျဆောင်ရွက်လျက် ရှိလေသည်။ ဒုတိယ ကမ္ဘာစစ်မဖြစ်မီက မြန်မာနိုင်ငံတဝှမ်းလုံးတွင် စိုက်ပျိုးလုပ်ကိုင်နိုင်သော လယ်မြေဧရိယာမှာ ဧက ၁၂ သန်းရှိရာ၊ စစ်ပြီးနောက် ဤဌာနမှ ထိုလယ်မြေ ဧရိယာအားလုံးကို မျိုးကောင်းမျိုးသန့် စပါးများဖြင့် ပြည့်ဝအောင် စိုက်ပျိုးနိုင်ရန် လုပ်ကိုင်လျက်ရှိ၏။ အထက်ပါသီးနှံများအပြင် ဗာဂျီနီးယားစီးကရက်ဆေး စိုက်ပျိုးထုတ်လုပ်ရေး၊အုန်းစီမံကိန်း၊ငါးမွေးမြူရေး၊ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးစသည့် စီမံကိန်းများကို ဤဌာနခွဲမှ မြေယာ ကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းနှင့် ပူးပေါင်းကာ အကောင်အထည် ဖော်သွားလေသည်။

**စက်ယန္တရားဌာနခွဲ**။ ။မြန်မာနိုင်ငံသည် စိုက်ပျိုးရေးတိုင်းပြည်ဖြစ်သည်အားလျော်စွာ ကျွဲနွားများကိုသာလုံးဝ အမှီပြု၍ စေခိုင်းခဲ့ရသည်။ သို့သော် ကမ္ဘာစစ်ကြောင့် ကျွဲနွားနည်းပါးမှုပြဿနာကို ရင်ဆိုင်ခဲ့ရသည်။ ထို့ကြောင့်ပင် အချို့အသီးအနှံများကို စစ်မဖြစ်မီ ဧရိယာအထိ မစိုက်ပျိုးနိုင်ခဲ့ခြင်း၊ ပြည်တွင်း၌ မဖူလုံသော သီးနှံများ တိုးချဲ့စိုက်ပျိုးရာ၌ ဖင့်နွှဲခက်ခဲလျက်ရှိခြင်း၊ တပြည်လုံးတွင် စိုက်ပျိုးနိုင်လျက် မစိုက်ပျိုးရသေးသော မြေရိုင်းဧက အများအပြား ကျန်ရှိနေသေးခြင်းများ ရှိနေပေသည်။ တဖန် စက်မှုလုပ်ငန်းများ တိုးချဲ့လာသည့်အတိုင်း တောင်သူလယ်သမားများသည် စက်မှုလုပ်ငန်းဖက်သို့ တဖြည်းဖြည်းကူးပြောင်းလျက် ရှိကြသည့်အလျောက် လယ်ယာလုပ်ငန်းများအတွက် လိုအပ်သော အလုပ်သမားများ တစတစ မလုံမလောက်ဖြစ်လာလေသည်။

အထက်ပါပြဿနာကြီးနှစ်ရပ်ကို ပိုင်နိုင်စွာဖြေရှင်းနိုင်ရန် စိုက်ပျိုးရေးဌာနက စက်မှုလယ်ယာလုပ်ငန်းဖြစ်သည့် စက်ယန္တရား ဌာနခွဲကို တီထွင်ဖွင့်လှစ်ခဲ့လေသည်။ ထို့ကြောင့် ဤဌာနက ၁၉၄၇ ခုနှစ်မှစ၍ လယ်ထွန်စက် အနည်းငယ်ကိုဝယ်ယူပြီး စမ်းသပ်ခဲ့သည်။ အောင်မြင်သည့်အလျောက် ၁၉၅၃ ခုနှစ်တွင် နောက်ထပ် လယ်ထွန်စက် ၉၃ စီးနှင့် ထွန်ထယ်ကရိယာများကို ဝယ်ယူခဲ့ရာ ၁၉၅၄ ခုနှစ်၌မှ စုစုပေါင်း စက် ၁၁၇ စီးဖြင့် လုပ်ကိုင်ခဲ့ရသည်။ ထို့ကြောင့်လည်း ထိုနှစ်တွင် လယ်မြေဧကပေါင်း ၃၂,၀၀၀ အထိ စက်ဖြင့် ထွန်ယက် လုပ်ကိုင် ပေးနိုင်ခဲ့လေသည်။ နောက်ထပ် ထွန်စက်များနှင့် ထွန်ထယ် ကရိယာများကို ဝယ်ပေးခဲ့ရာ ထွန်စက်အင်အားမှာ ၅၁၅ (၁၉၅၇) ဖြစ်လာသည်။ နောင်တွင် လယ်ယာ လုပ်ငန်းကို စက်ဖြင့် တည်ဆောက်သွားနိုင်လိမ့်မည်ဟု ယူဆရသည်။

**ရောင်းဝယ်ရေးဌာနခွဲ**။ ။ဤဌာနခွဲမှ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ကိုယ်စား မျိုးကောင်း မျိုးသန့်စပါးများ ရရှိနိုင်ရန် ဝယ်ယူရသည်။ ဤသို့ ဝယ်ယူရာ၌ မျိုး



www.burmeseclassic.com

www.burmeseclassic.com



သန့်စပါးများကို ပဋ္ဌမတန်းအစား၊ ဒုတိယတန်းအစား ခွဲခြား၍ တင်းတရာလျှင် မျိုးသန့် ပဋ္ဌမတန်းစားကို ဈေးပို ၂၅ိ နှင့်၊ ဒုတိယတန်းစားကို ဈေးပို ၁၅ိ အသီးသီးပေး၍ ဝယ်ယူရသည်။ ဤဌာနခွဲ၏ အခြားတာဝန် ဝတ်တရားများမှာ သီးနှံတမျိုးစီ တမျိုးစီအတွက် စိုက်ကော၊ ပြည်တွင်းအတွက် ထွက်ကုန်ဝင်ကုန် စာရင်းအင်းများ အစရှိသည့် အခြေခံ အကြောင်းအရာများကို စုဆောင်းပေးရခြင်း၊ ကောက်ပဲသီးနှံရောင်းဝယ်ရေး စာစောင် ထုတ်ဝေခြင်း၊ အလေး တင်း တောင်းများ စံထားစံနစ်ထားရှိရေး၊ သီးနှံကုန်ပစ္စည်းအမျိုးအစား စံထားစံနစ်အားဖြင့် ခွဲခြားသတ်မှတ်ခြင်းတို့ ဖြစ်လေသည်။

**လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးဝန်ကြီးဌာန။** ။ ပြည်ထောင်စု မြန်မာနိုင်ငံ လွတ်လပ်ရေး ရခဲ့ပြီးနောက် ၁၉၄၈ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဥပဒေကြမ်းကို ၁၉၄၈ ခုနှစ် အောက်တိုဘာလ ၁၁ ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးက တင်သွင်း၍ အားလုံးသဘောတူ ပြဋ္ဌာန်း အတည်ပြုခဲ့သည်။

ဥပဒေ၏ သဘောသွားမှာ သီးခြားဖော်ပြထားသော လယ်ယာမြေမျိုးမှတပါး အခြားလယ်ယာမြေ အားလုံးကို နိုင်ငံအစိုးရက ပြန်လည်သိမ်းယူရန်ပင်ဖြစ်သည်။ တည်ဆဲတရားဥပဒေ၊ ပဋိညာဉ်စာချုပ်၊ အငှါးစာချုပ် စသည်တို့တွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံ၏အခွင့်အရေးမှ တပါး အခြားအခွင့်အရေးအားလုံးမှာ ဥပဒေ အတည်ဖြစ်သည့်အချိန်မှစ၍ ရပ်စဲသွားရမည် ဖြစ်သည်။

ထိုသို့ သိမ်းယူရာတွင် လယ်ယာမြေ မူလပိုင်ဆိုင်သည့် တောင်သူ လယ်သမားအစစ် ဖြစ်သော အိမ်ထောင်သားတစုလျှင် လယ်ဖြစ်စေ၊ ယာဖြစ်စေ၊ ကြံခင်းဖြစ်စေ၊ ကိုင်းမြေဖြစ်စေ၊ ဥယျာဉ်ဖြစ်စေ မြေတမျိုးမျိုးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ကစ၍ အဆက်မပြတ်ပိုင်ဆိုင်ခဲ့သည့်အတိုင်း ဧက ၅၀ အထိ ကိုယ်ပိုင်ထားရှိနိုင်ခွင့် ပြုသည်။ ယင်းထက်ပိုလွန်သော လယ်မြေဧကများကိုမူ သိမ်းယူခြင်းခံရမည် ဖြစ်သည်။

အဖွဲ့အစည်းနှင့် သာသနာရေးအတွက် လှူဒါန်းထားသောလယ်ယာမြေနှင့်ဝင်ငွေကို သာသနာရေးကိစ္စအတွက်သာ အသုံးပြုသော လယ်ယာမြေမျိုးကိုလည်း စံနစ်တကျ ဥပဒေသတ်မှတ်ချက်အရ ချင်းချန်ခွင့်ပြုသည်။

ထိုသို့ ပိုင်ဆိုင်ရာတွင် လိုက်နာရမည့်စည်းကမ်းများမှာ

(၁) မည်သည့်လယ်မြေကိုမျှ အကြောင်းလုံလောက်ခြင်းမရှိဘဲ အသားအလပ်မထားရ။

(၂) နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့် မညီညွတ်လျှင်သော်၎င်း၊ တောင်သူ လယ်သမား မဟုတ်သူက အမွေစုအဖြစ်ဖြင့် လက်ခံရရှိခဲ့လျှင်သော်၎င်း ထိုမြေများကို အခြားသူ တဦးတယောက်အား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ လွှဲပြောင်း ခွဲစိတ်ခြင်းတို့ကို မပြုရ။

(၃) ယင်းသို့သောမြေကို အဖိုးသားနားနှင့်ဖြစ်စေ၊ အဖိုးသားနားမရှိဘဲနှင့်ဖြစ်စေ အခြားသူ တဦးတယောက်အား သီးစားချထားခြင်း၊ အငှါး ချထားခြင်း မပြုရ။

ဟူ၍ဖြစ်သည်။ အကယ်၍ ထိုသတ်မှတ်ချက်ကို ကျူးလွန်ခဲ့လျှင် နိုင်ငံအစိုးရက ပြန်လည်သိမ်းယူမည်ဖြစ်သည်။

ဥပဒေကိုလိုက်နာရန်ပျက်ကွက်သည့်အတွက် သိမ်းယူသည့်လယ်မြေများမှတပါး အခြားသိမ်းယူသောလယ်မြေများအတွက် နိုင်ငံတော်အစိုးရက လယ်မြေအမျိုးအစား အခွန်တော်ပေးဆောင်ရသည့်နှုန်းထားစသည့် စည်းကမ်းချက်များအရ လျော်ကြေးအပြင် ထိုလယ်မြေအတွက် အငှါးစာချုပ်စသည်ရရှိရန် အစိုးရသို့ ပေးဆောင်ခဲ့ရသော စပေါ်ငွေကိုပါ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

ထိုမှတပါး အစိုးရလယ်မြေကို တိုးတက် ကောင်းမွန်အောင် ပြုပြင်ရသည့် စရိတ်စကများကိုပါ ပေးဆောင်မည်ဖြစ်သော်လည်း လယ်မြေပိုင်ဆိုင်သူ၏ လက်ဝယ်၌ထားရှိသော ကာလအပိုင်းအခြားနှင့် ထိုကာလအတွင်း ခံစားခဲ့ရပြီးသော အကျိုးအမြတ်များကိုပါ ထည့်သွင်းစဉ်းစား၍ လျော်ကြေးကို သတ်မှတ်မည်ဖြစ်သည်။

နိုင်ငံအစိုးရကသိမ်းယူသော မြေများကို ဥပဒေအရ စိုက်ပျိုးလုပ်ကိုင်ရန်ကိစ္စများအတွက် ရသင့်ရထိုက်သော တောင်သူလယ်သမားတို့အား ခွဲဝေပေးမည်ဖြစ်သည်။

လျော်ကြေးနှုန်း သတ်မှတ်ရေးနှင့် စပေါ်ငွေများ ပြန်ပေးရန် နည်းလမ်းသတ်မှတ်ရေးတို့အတွက် နိုင်ငံတော်သမ္မတက ဆယ်ဦးပါဝင်သော ကော်မရှင် အဖွဲ့တဖွဲ့ကို ခန့်ထား၍ ဆိုင်ရာအခွင့်အာဏာများ အပ်နှင်းထားမည်ဖြစ်သည်။

ထိုဥပဒေအရ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေးဝန်ကြီးဌာနတခုကို တိုးချဲ့ဖွင့်လှစ်လေသည်။

**လဲချားနယ်။** ။တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင် ပါဝင်သော ခရိုင်နှစ်ခုကိုပေါင်းစပ်လျက် ရှမ်းပြည် တောင်ပိုင်းတိုင်းဟူ၍ ယခုအခါ သတ်မှတ်ထားရာ လဲချားနယ်သည် လွိုင်လင်ခရိုင်တွင်ပါဝင်သောမြို့နယ်များအနက် နယ်တနယ်ဖြစ်၍ ၁,၅၅၉ စတုရန်းမိုင်ခန့် ကျယ်ဝန်းသည်။ လဲချားနယ်၏နယ်နိမိတ်မှာ မြောက်ဖက်တွင် မိုင်းကိုင်နယ်နှင့် မိုင်းနောင်နယ်၊ အရှေ့ဖက်တွင် ကျိုင်းခမ်းနယ်နှင့် မိုးနဲနယ်၊ တောင်ဖက်တွင် မိုးနဲနယ်၊ မိုင်းဆပ်နယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မိုင်းပွန်နယ်၊ အနောက်ဖက်တွင် ဟိုပုံးနယ်နှင့် ရပ်စောက်နယ်တို့ အသီးအသီး ရှိကြသည်။ လဲချားနယ်တွင် ကျေးရွာပေါင်း ၆၅၁ ရွာရှိ၍ လူနေ အိမ်ခြေပေါင်း ၆,၇၆၄ အိမ်ရှိပြီးလျှင် ၁၉၃၈ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၃၆,၃၁၉ ယောက်ရှိသည်။ စော်ဘွားများ အုပ်ချုပ်ရေးအာဏာ စွန့်လွှတ်ပြီးနောက် ရှမ်းပြည်တွင် ပြည်မကဲ့သို့ အုပ်ချုပ်ရေးစံနစ်ကို တီထွင်လိုက်သည့်အခါ တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်ဟူ၍ သတ်မှတ်ကာ တိုင်းမင်းကြီး၊ ခရိုင်ဝန်၊နယ်ပိုင်၊မြို့ပိုင်စသည်ဖြင့် အုပ်ချုပ်သွားလေသည်။ လဲချားနယ်သည် ယခုအခါ လွိုင်လင်ခရိုင်၊ လွိုင်လင်ခရိုင်ခွဲတွင်ပါဝင်သော မြို့နယ်တခုဖြစ်လာ၍ ၁၉၇၀ ပြည့်နှစ်တွင် လူဦးရေ ၄၄,၀၀၀ ရှိသည်။

လဲချားနယ်၏ ကိုးပုံ ခုနစ်ပုံခန့်သည် မြေပြန့်များဖြစ်၍ စပါးများ စိုက်ပျိုးကြသည်။ နယ်၏ အနောက်တောင်ဖက် တောင်တန်းများရှိရာ ဒေသတွင် တောင်သူများနေထိုင်၍ တောင်ယာလုပ်ကိုင်စားသောက်ကြသည်။ စပါးကို အများအပြား စိုက်ကြသည်။ စပါးအပြင် တောင်သူရွာများတွင် ကြံ၊ လိမ်မော်နှင့် သနပ်ဖက်များကိုလည်း စိုက်ပျိုးကြသည်။ နယ်မှထွက်သော သနပ်ဖက်နှင့် လိမ်မော်သီးများကို ပြည်မသို့ တင်ပို့ ရောင်းချ၍ ပြည်မမှ ဆား၊ ငပိ၊ ကွမ်းသီး၊ ခြည်ထည်များနှင့် အဝတ်အထည်များ ဝယ်ယူလာကြသည်။

လဲချားနယ်သည် ထိုနယ်မှထွက်သော သံနှင့် ယွန်းထည်ပစ္စည်းများကြောင့် ထင်ရှား၏။ သံရိုင်းများကို အနောက်ဖက်တောင်တန်းများ၌ တူးဖော်ရရှိ၍ ထိုနေရာမှာပင် သံရေကျိုခြင်းကိစ္စကို ပြုလုပ်ပြီးလျှင် သံထည်ပစ္စည်းများ လုပ်ကိုင်ကြသည်။ ထိုသံထည်ပစ္စည်းများကို ရှမ်းပြည်တောင်ပိုင်း တလျှောက် ရောင်းချကြသည်။ ကွမ်းအစ်၊ ရေခွက် စသော ယွန်းထည်ပစ္စည်းများကိုလည်း ရောင်းချကြသည်။

လဲချားမြို့သည် လဲချားနယ်၏ မြို့ပိုင်ရုံးစိုက်ရာ မြို့ဖြစ်၍ လွိုင်လင်–သီပေါသွား လမ်းပေါ်တွင် တည်ရှိသည်။ လွိုင်လင်မှ မြောက်ဖက်သို့ ၃၈ မိုင်ဝေးကွာသည်။

**လဲပင်။** ။လဲပင်သည် လက်ပံပင်ကဲ့သို့ပင် ဗုံဗာကာစီအီး မျိုးရင်းတွင် ပါဝင်၍ ယင်း၏ ရုက္ခဗေဒ အမည်မှာ ဆိုင်ဗာ ပင်တန်ဒရာဖြစ်သည်။ လဲပင်ကို သင်္ဘောလက်ပံ၊ သို့မဟုတ် မွို့ပင်ဟုလည်း ခေါ်သည်။ လဲပင်၏ မူလပေါက်ရောက်ရာဒေသမှာ အနောက်အိန္ဒိယ ကျွန်းစုများနှင့် အမေရိကတိုက် အပူပိုင်း ဒေသများ ဖြစ်သည်။ ထိုဒေသများမှ အခြားတိုင်းပြည်များကို တဆင့် ယူဆောင်စိုက်ပျိုးကြရာ ယခုအခါ ဂျားဗားကျွန်းတွင် အများဆုံး စိုက်ပျိုးကြသည်။ ဖိလိပိုင်ကျွန်း၊ မလ္လာယုကျွန်းဆွယ်နှင့် သီဟိုဠ်ကျွန်းတို့တွင်လည်း စိုက်ပျိုးကြသည်။ သို့သော် ဂျားဗားကျွန်းလောက် အမြောက်အမြား မစိုက်ပျိုးကြချေ။ ပေ ၃၀ မှ ၄၀ အထိ မြင့်၍ ပင်စည်လုံးပတ်မှာ နှစ်ပေမှ သုံးပေအထိ ရှိသည်။ ထိုအပင်ကို အောက်မြန်မာနိုင်ငံ၌လည်း စိုက်ပျိုးလေ့ ရှိသည်။

လဲပင်၏ အစေ့များရှိသော သီးတောင့်ထဲ၌ အလွန်အသုံးဝင်သည့်လဲများပါရှိသည်။ သီးတောင့်များရင့်သောအခါ ဆွတ်ခူး၍ အစေ့များနှင့်တကွ လဲများကို ထုတ်ယူပြီးလျှင် နေတွင် အခြောက်လှန်းထားရသည်။ ထိုနောက် တောင်းများတွင်ထည့်၍ အစေ့နှင့်လဲ ကွဲသွားအောင် တုတ်ကန့်လန့်ဖြင့် မွှေပေးရသည်။ မွှေဖန်များသော အခါ လေးသောအစေ့များသည် တောင်းအောက်သို့ ကျဆင်းသွားပြီးလျှင် လဲများအပေါ်တွင် ရှိနေတော့၏။ ရရှိသော လဲများကို အထုပ်ကြီးများပြုလုပ်၍ လဲအများဆုံး အသုံးပြုရာ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့ကြသည်။ ကမ္ဘာပေါ်တွင် လဲအများဆုံး ထွက်သော ဒေသများမှာ ဂျားဗားကျွန်းနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်သည်။ လဲနှင့် ဝါဂွမ်း ကွာခြားသော အချက်တချက်မှာ လဲသည် ပိုးကဲ့သို့ နူးညံ့သောကြောင့် ဝါကဲ့သို့ အထည်များရက်လုပ်ရန်အတွက် ခြည်မျှင်ငင်၍ မရပေ။

လဲသည် အလွန်ရှန်းကန်တတ်သောသတ္တိရှိခြင်း၊ ရေတွင် မမြုပ်နိုင်သည့် ဖော့ဂုဏ်ရှိခြင်းနှင့် ရေအလွယ်တကူ မစိုစွတ်နိုင်ခြင်းတို့ကြောင့် အထည်များ ရက်လုပ်ရန် အသုံးမဝင်သော်လည်း မွေ့ရာ ခေါင်းအုံးများ ချုပ်လုပ်ရာ၌၎င်း၊ သင်္ဘောများတွင် အသုံးပြုသည့် အသက်ကယ် ခါးပတ်၊ အသက်ကယ်အင်္ကျီများ ပြုလုပ်ရာ၌၎င်း အသုံးပြုကြသည်။ လေသူရဲများ၏ အင်္ကျီတွင် အအေးလုံစေရန်လည်း လဲကိုထည့်၍ အသုံးပြုကြသည်။ လဲဖြင့် ပြုလုပ်သော ပစ္စည်း များတွင် ပိုးမွှားများ ခိုအောင်း ပေါက်ပွားနိုင်ခြင်း မရှိသည့်ပြင် လဲဖြင့် ပြုလုပ်သည့် ကလေးကစားစရာ အရုပ်များကို မည်မျှပင် ညှစ်ပစ်လိုက်စေကာမူ ပုံပျက်မသွားဘဲ နဂိုအတိုင်း ပြန်ရှိနေစေလေသည်။ လဲစေ့မှရသော ဆီကို ဆပ်ပြာချက်ရာ၌၎င်း၊ အစားအသောက် ချက်ပြုတ်ရာ၌၎င်း အသုံးပြုကြသည်။

လဲပင်မှရသည့်အစေးသည် ဆေးဖက်ဝင်၏။ သစ်သားသည် ဖြူယောင်ယောင်ရှိ၍ အလွန်ပေါ့ပြီးလျှင် ပျော့သဖြင့် မခိုင်ခံ့ချေ။ လောင်းလှေများ၊ မီးခြစ်များ ပြုလုပ်ရာ၌ အသုံးကျသည်။

**လဲလူပင်။** ။လဲလူပင်သည် ဩလာကေစီအီး မျိုးရင်းတွင်ပါဝင်၍ ယင်းကို ရုက္ခဗေဒအမည်အားဖြင့် ဩလက်



www.burmeseclassic.com

www.burmeseclassic.com



စကောင်းဒင်ဟု ခေါ်သည်။ လဲလှုပင်သည် ချုံနွယ်ပင်မျိုးကြီးဖြစ်၍ မြန်မာနိုင်ငံ အရပ်ရပ် ရွက်ပြတ်တောများ၌ အနှံ့အပြားတွေ့ရသည်။ လဲလှုပင်မှအခေါက်ကို အဖျားရောဂါအတွက် အသုံးပြုကြ၍ အရွက်ကို ဟင်းချို၊ ဟင်းခါး ချက်ကာ စားသောက်ကြသည်။

လဲလှုပင်ကို လဲလေသပင်၊ တောင်လဲလှုပင်ဟုလည်း ခေါ်ကြသည်။

**လော့ဂရစ်သမ်။** ။လော့ဂရစ်သမ်ဆိုသည်မှာ စကော့လူမျိုး သင်္ချာဆရာကြီး ဂျွန် နေပါး ဆိုသူ တီထွင်ခဲ့သည့် သင်္ချာတွက်နည်း တမျိုးဖြစ်သည်။ ဤတွက်နည်းကို ဗစ် အမည်ရှိသော ပုဂ္ဂိုလ်ကြီးက တဖန် တိုးတက်ကောင်းမွန်လာအောင် ပြုပြင်ပေးခဲ့လေသည်။ အမြှောက် အစားထပ်ကိန်း ပါဝင်သော ပုစ္ဆာများကို တွက်ချက်ရာတွင် အလွန်တတ်ကျွမ်းသူများပင် ကိန်းများ၊ ဂဏန်းများ ကြီးလွန်း ရှည်လွန်းလျှင် ရိုးရိုးနည်းဖြင့် တွက်ချက်ယူသောအခါ မှားသော်လည်း မှားတတ်သည်။ အချိန်သော်လည်း အလွန်ကြာတတ်သည်။ နေပါးသည် အမြှောက်နှင့် အစားတို့ကို အချိန်အနည်းငယ်အတွင်းတွင် မှန်ကန်စွာ တွက်ချက်နိုင်ရန်အလို့ငှါ လော့ဂရစ်သမ်ကို စီမံထုတ်ဝေ ခဲ့လေသည်။ ဤနည်းဖြင့် တွက်သော် ခက်၍ ရှည်လျားသော ပုစ္ဆာများသည် အလွန် လွယ်ကူလာသည်။ အမြှောက် ပုစ္ဆာများကို လော့ဂရစ်သမ်ဖြင့် ပေါင်း၍၎င်း၊ အစားပုစ္ဆာများကို နုတ်၍၎င်း တွက်ယူကြရသည်။ လော့ဂရစ်သမ်သည် သင်္ချာပညာတွင် အလွန်အသုံးဝင်သဖြင့် နေပါး၏ တီထွင်မှုများသည် နျူတန် ထုတ်ဝေခဲ့သော ပရင်စီပီးယားခေါ် စာအုပ်ကဲ့သို့ အရေးပါအရာရောက်သည်ဟု လူအများက ယူဆကြသည်။

**လော့ဂရစ်သမ်၏ သဘောနှင့် တွက်နည်း**

လော့ဂရစ်သမ်ကို ကောင်းစွာ နားလည် လိုလျှင် ဦးစွာ နှစ်ထပ်ကိန်းရင်း ရှာနည်းနှင့် အထပ်ညွှန်း ဂဏန်းများနှင့်သက်ဆိုင်သော ဥပဒေများကို ကောင်းစွာ သိရှိပြီးသားဖြစ်စေရမည်။ ၁၀(၁) $\sqrt{၁၀}\times\sqrt{၁၀}=၁၀$။ (၂) $၁၀^{\frac{၁}{၂}}\times၁၀^{\frac{၁}{၂}}=၁၀^{\frac{၁}{၂}+\frac{၁}{၂}} = ၁၀^{၁} = ၁၀$ ထို့ကြောင့် (၁)နှင့်(၂)မှသိရှိရသည်မှာ $\sqrt{၁၀}=၁၀^{\frac{၁}{၂}}$ ပေတည်း။ အက္ခရာ သင်္ချာတွင် $ဆ^{၄}$ကို $ဆ^{၂}$နှင့် မြှောက်သောအခါ ဆ၌ရှိသည့် အထပ်ညွှန်း ဂဏန်းများကို ပေါင်းယူခြင်းဖြင့် $ဆ^{၆}$ ဖြစ်လာကြောင်း ကျွန်ုပ်တို့ သိကြသည်။ ထိုအတူ $ဆ^{၆}$ ကို $ဆ^{၂}$ နှင့် စားသောအခါ အထပ်ညွှန်း ဂဏန်းများကို နုတ်ခြင်းဖြင့် $ဆ^{၄}$ ကို ရရှိသည်။ လူအများ သုံးသော လော့ဂရစ်သမ်တွင် ရိုးရိုးကိန်းများနှင့် ရိုးရိုးဂဏန်းများကို ၁၀ ၏ အထပ်ညွှန်းဂဏန်းဖြင့် ဖော်ပြလေ့ရှိသည်။ ဥဒါဟရဏ်အားဖြင့် မိမိကိုယ်တိုင် တွက်ကြည့်လျှင် ၃.၁၆၂....သည် ၁၀ ၏ နှစ်ထပ်ကိန်းရင်းဖြစ်သည်ကို တွေ့ပေမည်။ ထို့ကြောင့် $၃.၁၆၂=\sqrt{၁၀}=၁၀^{\frac{၁}{၂}}=၁၀^{.၅}$ ဖြစ်သည်။ ထို့ကြောင့် ၁၀ ၏ လော့ဂရစ်သမ်သည် ၀.၅ ဖြစ်သည်ဟု ဆိုရသည်။ ထိုအတူ ၂၄ သည် $၁၀^{၁.၃၈၀၂}$ ပင်ဖြစ်၍ ၂၄ ၏ လော့ဂရစ်သမ်မှာ ၁.၃၈၀၂ ဖြစ်သည်။ ထိုအတူ ၄၈ သည် $၁၀^{၁.၆၈၁၂}$ နှင့်ညီ၍ ၄၈ ၏ လော့ဂရစ်သမ်သည် ၁.၆၈၁၂ ဖြစ်သည်။ ထို့ကြောင့် လော့ဂရစ်သမ် ဆိုသည်မှာ အထပ်ညွှန်း ဂဏန်းပင် ဖြစ်သည်။ ဤဂဏန်း နှစ်လုံးကို မြှောက်သောအခါ အောက်တွင် ဖော်ပြထားသည့်အတိုင်း စီစဉ် တွက်ချက်ရသည်။

$$၂၄\times၄၈=၁၀^{၁.၃၈၀၂}\times၁၀^{၁.၆၈၁၂}=၁၀^{၃.၀၆၁၄}$$
$$=၁၁၅၆$$

ဤနေရာတွင် အထပ်ညွှန်းဂဏန်းနှစ်ခုကို ပေါင်းသည်ကို သတိပြုပါ။ ဤနည်းအားဖြင့် အမြှောက်ပုစ္ဆာသည် တွက်ချက်ရာတွင် အပေါင်းပုစ္ဆာ ဖြစ်လာသဖြင့် လွယ်ကူလာပေသည်။

ဤအတွက်မျိုးကို တွက်ချက်ရာတွင် "လော့ဂရစ်သမ်ဇယားများ"ကို အသုံး ပြုကြရသည်။ လော့ဂရစ်သမ်ဇယား များကို အသုံးပြုတတ်ဖို့ရန် အောက်ပါ အချက်အလက်များကို သိဖို့လိုသည်။ ၁၀ ဟူသော ရိုးရိုးကိန်းကို ထပ်ကိန်း အဖြစ် ဖော်ပြသော် $၁၀=၁၀^{၁}$ ဖြစ်သည်။ ထို့ကြောင့် ၁၀ ၏ လော့ဂရစ်သမ်သည် ၁ ဖြစ်သည်။ $၁၀^{၀}\times၁၀^{၂}=၁၀^{၀+၂}=၁၀^{၂}$။ အကျဉ်းအားဖြင့် $၁၀^{၀}\times၁၀^{၂}=၁၀^{၂}$။ ဤညီမျှခြင်း လက္ခဏာ၏ နှစ်ဖက်ရှိကိန်းတို့ကို $၁၀^{၂}$နှင့်စားလျှင်၊ $၁၀^{၀}=\frac{၁၀^{၂}}{၁၀^{၂}}=၁$။ ထိုနည်းတူက$^{၀}=၁$ ဖြစ်သည်။ ထို့ကြောင့် ၁ ၏ လော့ဂရစ်သမ်သည် ၀ ဖြစ်သည်။ ၁၀ နှင့် ၁ ကြားရှိသော ခု ဂဏန်း ရိုးရိုးနှင့် ခု ဂဏန်းပါ ဒသမဂဏန်း ရိုးရိုးတို့၏ လော့ဂရစ်သမ်မှာ ၁ နှင့် ၀ ကြားတွင် ရှိရမည်။

ဥဒါဟရဏ်အားဖြင့် ကိန်းတခုတွင် ပဌမဂဏန်းသည် ခု ဂဏန်းတခု ဖြစ်သော်၊ ထို ဂဏန်း၏ လော့ဂရစ်သမ်သည် ၁ ထက်ငယ်သော ဒသမပိုင်းဖြစ်သည်။ပြယုဂ်အားဖြင့် ၅.၆၂၃ ဟူသော ကိန်းရိုးရိုးကို ဇယားတွင် လော့ဂရစ်သမ် ရှာယူသောအခါ .၇၅ ကို တွေ့ရှိရသည်။ ဤအကြောင်းအရာကို အကျဉ်းအားဖြင့် ဤသို့ ရေးသည်။ လော့ ၅.၆၂၃=.၇၅။ (လော့ဂရစ်သမ်ကို အတိုအားဖြင့် လော့ဟု ရေးရဖတ်ရ၏။) ဇယား၌ ခု ဂဏန်းများ၏ လော့ဂရစ်သမ်များသာ ရှိကြသည်။ ထို့ကြောင့် လော့ ၅၆.၂၃ သည် လော့ (၅.၆၂၃×၁၀) ဖြစ်သည်ဟု ပြင်ရေးသားရသည်။ လော့ ၅.၆၂၃×၁၀=လော့ ၅.၆၂၃+

လော့ ၁၀= .၇၅+ ၁။ ထို့နည်းတူ လော့ ၅၆၂.၃= လော့ ၅.၆၂၃× ၁၀$^{၂}$=လော့ ၅–၆၂၃+(၂×လော့ ၁၀)
=.၇၅+ (၂×၁)

ထိုအတူ လော့ .၅၆၂၃=လော့ (၅.၆၂၃÷၁၀) =လော့ ၅.၆၂၃–လော့ ၁=.၇၅–၁။

လော့ .၀၅၆၂၃=လော့ ၅.၆၂၃÷၁၀$^{၂}$=လော့၅.၆၂၃–(၂×လော့ ၁၀)။
=.၇၅–(၂×၁)။

**မှတ်ရန်**

၁၀၀= (၁၀$^{၁}$)$^{၂}$=၁၀$^{၁×၂}$။ ထိုကြောင့် ၁၀၀ ၏လော့သည် (၂×၁) ဖြစ်သည်။

၁၀၀=၁၀$^{၂}$။ ထိုကြောင့် ၂ သည် ၁၀၀ ၏လော့ဖြစ်သည် ဟုလည်း ဆိုနိုင်သည်။

လော့ဂရစ်သမ်များတွင် ဒသမပိုင်းနှင့် ကိန်းပြည့်ပိုင်းဟူ၍ နှစ်ပိုင်း ပါရှိတတ်သည်။ ကိန်းပြည့်များတွင် တခါတရံ အပေါင်းလက္ခဏာ ရှိတတ်၍ တခါတရံ၌ မူကား အနုတ်လက္ခဏာ ရှိတတ်သည်။ လော့ .၅၆၂၃ သည် .၇၅ –၁ နှင့်ညီကြောင်းကို တွေ့ခဲ့ရ၏။ သို့သော် ကျွန်ုပ်တို့သည် လော့ .၅၆၂၃ ကို (.၇၅–၁) ဟူ၍ မရေးဘဲ ၁.၇၅ ဟူ၍ ၁ အပေါ်တွင် တုံးတင်ပြီးရေးလေ့ရှိသည်။ အကြောင်းမူကား အင်အီလော့ ဇယားတွင် ဒသမပိုင်းမှသာ ၃ ဂဏန်းပါ ဒသမ ဂဏန်း ရိုးရိုး ပြန်ဖြစ်သော ကြောင့်တည်း။

လော့ဂရစ်သမ်တွင် ဒသမပိုင်းကို မန်တစ္စ ဟု ခေါ်၍ ကိန်းပြည့်ပိုင်းကို ကာရက်တာရစ်စတစ်ဟု ခေါ်သည်။ မန်တစ္စမှာ မူလ ဒသမ ဂဏန်းတွင် ပါရှိသော ဒသမ အမှတ်နှင့် မည်သို့မျှ မသက်ဆိုင် သော်လည်း *ကာရက်တာရစ်စတစ်သည် ထိုဒသမ၏ တည်နေရာပေါ်တွင် အမှီပြုနေပေသည်။ ပြယုဂ်အားဖြင့် အထက်တွင် ဖော်ပြခဲ့သော ပုစ္ဆာ (၂၄×၄၉) ကို ကျွန်ုပ်တို့သည် ဇယားများဖြင့် တွက်ချက်ယူကြပါအံ့။ ၂၄ သည် ၁၀ နှင့် ၁၀၀ ကြားတွင်ရှိသော ဂဏန်း ဖြစ်၍ ကာရက်တာရစ်စတစ် ၁ ကို ရသည်။ အကြောင်းမူကား ၂၄=၂.၄×၁၀ ဖြစ်၍၊ လော့ ၂၄=လော့ (၂.၄×၁၀)=လော့ ၂.၄+လော့ ၁၀=.၃၈၀၂+၁=၁.၃၈၀၂ ဖြစ်သောကြောင့်တည်း။

ထိုအတွက် ၂၄ ၏ လော့ဂရစ်သမ်=၁.၃၈၀၂။

ထို့နည်းအတူ ၄၉ ၏ လော့ဂရစ်သမ်=၁.၆၉၀၂။

ထိုကြောင့် လော့ (၂၄×၄၉)=၁.၃၈၀၂+၁.၆၉၀၂ =၃.၀၇၀၄။ ၃.၀၇၀၄ ၏ တန်ဖိုးကို အင်တီလော့ဂရစ်သမ်ဇယားတွင် ရှာသောအခါ ၁၁၇၆ ဟူသောကိန်းကိုရရှိသည်။ ရရှိပုံကား အောက်ပါအတိုင်း ဖြစ်သည်။ စင်စစ်သော်ကား ၃.၀၇၀၄ သည် ၁၀ ထပ်ကိန်း၏ အထပ်ညွှန်းဂဏန်းများသာဖြစ်သည်။ ထိုကြောင့် ထပ်ကိန်းတခုလုံးကို ရေးသော် ၁၀$^{၃.၀၇၀၄}$ဟုရေးရပေမည်။

၁၀$^{၃.၀၇၀၄}$=၁၀$^{၃}$×၁၀$^{၀.၀၇၀၄}$

ထပ်ကိန်း တန်ဖိုးတူ ကိန်းရိုးရိုး

၁၀$^{၃}$=၁၀၀၀၀

၁၀$^{၀.၀၇၀၄}$=၁.၁၇၆

∴၁၀$^{၃}$ ×၁၀$^{၀.၀၇၀၄}$=၁၀၀၀×၁.၁၇၆
=၁၁၇၆။

ထိုကြောင့် ၂၄×၄၉=၁၁၇၆။ [လော့ဂရစ်သမ် ဇယားတွင် ၃ ဂဏန်းတခုသာ ပါဝင်သော ဒသမ ဂဏန်း များကိုသာ ပေးထားသည်။ ထိုကြောင့် ၄၉ ဟူသော ကိန်းမျိုး၏ လော့ကို ဇယားတွင် မရှာနိုင်ချေ။ ယင်းကို (၄.၉× ၁၀) ဟု ခွဲခြမ်း၍ ၄.၉ ၏ လော့ကိုသာ ရှာနိုင်သည်။]

**ထပ်ကိန်းများနှင့် ကိန်းရင်းများကို ဇယားဖြင့်ရှာယူခြင်း**

ထပ်ကိန်းများနှင့် ကိန်းရင်းများကို တွက်နည်းရိုးရိုးဖြင့် ရှာယူလျှင် အချိန် အလွန်ကုန်သည်။ သို့သော် လော့ဂရစ်သမ်နည်းဖြင့် အချိန်မကုန်ဘဲ အလွယ်တကူပင် တွက်ချက်ရရှိနိုင်သည်။ ဥဒါဟရုဏ်အားဖြင့် ၁၉$^{၃}$ ၏ တန်ဖိုးကို ရှာလိုသော် လော့ဂရစ်သမ်နည်းဖြင့် အောက်ပါအတိုင်းတွက်ပါ။

လော့ ၁၉ (ဝါ ၁၉ ၏ လော့ဂရစ်သမ်)=၁.၂၇၈၈။ ၁.၂၇၈၈ ဟူသော လော့ဂရစ်သမ်ကို သုံးနှင့်မြှောက်လဒ်သည် ပေးထားသော သုံးထပ်ကိန်း၏ လော့ဂရစ်သမ်ဖြစ်သည်။ မြှောက်လဒ် ၃.၈၃၆၄ ကို အင်တီလော့ဂရစ်သမ် ဇယားတွင် ကြည့်သော်၊ ယင်း၏ တန်ဖိုးမှာ ၆၈၆၁ ဖြစ်ကြောင်းကို သိရသည်။

အတိုအားဖြင့် လော့ ၁၉$^{၃}$ = ၁.၂၇၈၈ × ၃= ၃.၈၃၆၄။ အင်တီလော့ဇယားတွင် .၈၃၆၄ ၏တန်ဖိုးကို ကြည့်၍ ရရှိသော ၆.၈၆၁ ကို ၁၀$^{၃}$ (ဝါ ၁၀၀၀) နှင့် မြှောက်ပါ။ လော့နှင့် အင်တီလော့ ဇယားနှစ်ခုလုံးတွင် ၃ ဂဏန်းများနှင့် ယင်းတို့ထက် ငယ်သော ဒသမဂဏန်းများသာ ရှိကြောင်းကို အမြဲသတိပြုပါ။

အထက်ပါ နည်းကို ထပ်ကိန်းလက္ခဏာ များဖြင့် အောက်ပါအတိုင်း ရှင်းလင်းပါအံ့။

၁၉=၁၀×၁.၉=၁၀$^{၁}$×၁၀$^{၀.၂၇၈၈}$=၁၀$^{၁.၂၇၈၈}$

အကျဉ်းအားဖြင့် ၁၉= ၁၀$^{၁.၂၇၈၈}$

∴ ၁၉$^{၃}$=(၁၀$^{၁.၂၇၈၈}$)$^{၃}$=၁၀$^{၁.၂၇၈၈×၃}$.
=၁၀$^{၃.၈၃၆၄}$

ထိုကြောင့်၃.၈၃၆၄သည်၁၉$^{၃}$၏လော့ဂရစ်သမ်ဖြစ်သည်။

(လော့ဂရစ်သမ် ဆိုသည်မှာ အထပ်ညွှန်းဂဏန်းဖြစ်သည်ကို အမြဲသတိပြုပါ။)

ပုစ္ဆာ။ ။၃၃၇၅ ၏ သုံးထပ်ကိန်းရင်းကို ရှာပါ။



www.burmeseclassic.com

www.burmeseclassic.com



. ၃၃၇၅ ၏ လော့ဂရစ်သမ်သည် ၃.၅၂၈၂ ဖြစ်၍ ဤဂဏန်းကို ၃ ဖြင့် စားသောအခါ သုံးထပ် ကိန်းရင်း၏ လော့ဂရစ်သမ် ဖြစ်သော (၁.၁၇၆၁) ကို ရသည်။ ဤဂဏန်း၏တန်ဖိုးသည် အင်တီလော့ဂရစ်သမ် ဇယားတွင် ၁၅ ဖြစ်သည်။ ထိုကြောင့် $\sqrt[၃]{၃၃၇၅}$ ၏အဖြေသည် ၁၅ ဖြစ်သည်။ အထပ်ညွှန်းဂဏန်း ဥပဒေများနှင့် ထပ်ကိန်းတို့ဖြင့်ရှင်းလင်းသော် အောက်ပါအတိုင်းဖြစ်သည်။

$$\sqrt[၃]{၃၃၇၅}=၃၃၇၅^{\frac{၁}{၃}}$$ ။

လော့ ၃၃၇၅=လော့ (၁၀၀၀×၃.၃၇၅)

=၃+၀.၅၂၈၂ (ဇယားမှ ရသည်။)

∴၃၃၇၅= $(၁၀^{၃.၅၂၈၂})$ (ထပ်ကိန်းသဘောအရ ဖြစ်သည်။)

$$∴\sqrt[၃]{၃၃၇၅}=၃၃၇၅^{\frac{၁}{၃}}=(၁၀^{၃.၅၂၈၂})^{\frac{၁}{၃}}=၁၀^{၁.၁၇၆၁}$$

ထိုကြောင့် ၁.၁၇၆၁ သည် $\sqrt[၃]{၃၃၃၇၅}$ ၏ လော့ဂရစ်သမ်ဖြစ်သည်။ ၁ ကို ခေတ္တ ချန်၍ .၁၇၆၁ ၏တန်ဖိုးကို အင်တီလော့ ဇယားတွင် ကြည့်ပါ။


**မှတ်ရန်။** ။ထပ်ကိန်းတို့ဖြင့် တွက်သော နည်းသည် နားလည်မှုကို အထောက်အပံ့ပြုသော်လည်း ရှည်လျားသောကြောင့် တကယ်တွက်ချက်ရာ၌ လော့ဂရစ်သမ်နည်းကိုသာ အောက်ပါအတိုင်း တိုက်ရိုက် အသုံးပြုရသည်။ ဥဒါဟရဏ်ကား (၂၄×၄၉)။

| ကိန်း | လော့ |
|---|---|
| ၂၄ | ၁.၃၈၀၂ |
| ၄၉ | ၁.၆၉၀၂ |
| ၂၄×၄၉ | ၃.၀၇၀၄ |

ဇယားတွင် လော့.၀၇၀၄=၁.၁၇၆ (ကိန်း)။ ဒသမအမှတ် ၃ နေရာ လကျ်ာဖက်ရွှေသော် ၁၁၇၆ ကိုရရှိသည်။

**လော့ဂျ့,ဆာ အော်လီဗာ** (ခရစ် ၁၈၅၁–၁၉၄၀)။ ။ အင်္ဂလိပ် လူမျိုး ရူပဗေဒပညာရှင်ကြီး ဆာ အော်လီဗာ လော့ဂျ့သည် ခရစ် ၁၈၅၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် စတက်ဖို့ရှိုင်ယာနယ် ပင့်ဟားမြို့တွင် ဖွားမြင်သည်။ သူသည် မူလက ကုန်သည်လုပ်ငန်းကိုသာ လုပ်ကိုင်ရန် ရည်ရွယ်ခဲ့သော်လည်း သူ၏သိပ္ပံပညာကို လိုက်စားလိုသည့် ဝါသနာကို မမျိုသိပ်နိုင်လွန်းသဖြင့် ၁၈၇၂ ခုနှစ်၌ လန်ဒန်တက္ကသိုလ်သို့ ဝင်ရောက် သင်ကြားခဲ့ပြီးနောက် ၁၈၇၅ ခုနှစ်တွင် ဗက်ဖို့ ကောလိပ်ကျောင်း၌ ဒဿနိကဗေဒကထိကအဖြစ် ခန့်ထားခြင်းကို ခံခဲ့ရလေသည်။ ၁၈၇၉ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်၌ အသုံးချမှု သင်္ချာပညာ လက်ထောက်ပါမောက္ခ ဖြစ်လာ၍ နောက် နှစ်နှစ်အကြာအသက် ၃၀ အရွယ်တွင် လီဗာပူး တက္ကသိုလ်၌ ရူပဗေဒပါမောက္ခအဖြစ် ခန့်ထားခြင်း ခံခဲ့ရသည်။ ၁၉၀၀ ပြည့်နှစ်တိုင်အောင် ထိုအလုပ်တွင် တည်မြဲခဲ့၍ ထိုနောက်တွင် ဗာမင်ဂမ် တက္ကသိုလ်ကျောင်းအုပ်ကြီးအဖြစ် ခန့်ထားခြင်းခံခဲ့ရလေသည်။

သူ၏ သုတေသနလုပ်ငန်းများမှာ များသောအားဖြင့် လျှပ်စစ်ဓာတ်နှင့် စပ်လျဉ်းသော ပညာရပ်များနှင့်



အင်္ဂလိပ်လူမျိုး ရူပဗေဒပညာရှင် ဆာ အော်လီဗာ လော့ဂျ့သည် လျှပ်စစ်ဓာတ် သုတေသနလုပ်ငန်းများကို ပြုလုပ်ခဲ့သည်။

သက်ဆိုင်ခဲ့သည်။ သူ စုံစမ်းရှာဖွေခဲ့သည့် ပညာရပ်များမှာ လျှပ်ပြက်ခြင်း၊ လျှပ်ဓာတ်ကြောင့် မြူထုတို့ကွဲပြား လွင့်စင်ခြင်း၊ ဝိုင်ယာလက် လွှင့်ခြင်း၊ လျှပ်စစ်ဓာတ်လှိုင်းများအကြောင်း စသည်တို့နှင့် သက်ဆိုင်သော ပညာရပ်များဖြစ်၏။ သူ၏ ဝိုင်ယာလက် လွှင့်ခြင်းနှင့် စပ်လျဉ်း၍ တွေ့ရှိမှုများမှာ လွန်စွာ အရေးကြီးသောကြောင့် လော့ ကယ်လဗင် က ဝိုင်ယာလက် အသံလွှင့်ခြင်းပညာနှင့်စပ်လျဉ်း၍ အခြား သိပ္ပံပညာရှင်ကြီးများဖြစ်သော ဟာက်ဇနှင့် မက်ဆွဲတို့၏ အမည်များနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



လော့ဂျ်၏ အမည်ကိုလည်း မှတ်တမ်း တင်ထားသင့်သည် ဟုပြောဆိုခဲ့လေသည်။

၁၉၀၂ ခုနှစ်တွင် လော့ဂျ်သည် ဆာဘွဲ့ ပေးအပ်ခြင်းကိုခံခဲ့ရ၍ ထိုနှစ်တွင်ပင် အက် (ဖ) အာ အက်(စ)ဘွဲ့ကို ရရှိခဲ့၏။ ၁၉၁၉ ခုနှစ်တွင် တော်ဝင် အနုပညာ အသင်းကြီးက လော့ဂျ်၏ ဝိုင်ယာလက်ပညာနှင့် သက်ဆိုင်သော ရွှေပြေးလုပ်ငန်းများအတွက် 'အဲလဗတ်' ရွှေတံဆိပ်ဆုဖြင့် ချီးမြှောက်ခြင်းကို ခံခဲ့ရလေသည်။ ထို့ပြင် ဗြိတိသျှ အစည်းအရုံးကြီးနှင့် အခြားသော ရူပဗေဒဆိုင်ရာ အဖွဲ့ အစည်း အများအပြားတို့တွင်လည်း ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံခဲ့ရလေသည်။ ၁၉၁၉ ခုနှစ်တွင် လော့ဂျ်သည် ဗာမင်ဂမ်တက္ကသိုလ် ကျောင်းအုပ်ကြီး ရာထူးမှ အငြိမ်းစားယူခဲ့၍ နောက်နှစ်တွင် အမေရိကတိုက်သို့ လှည့်လည်ကာ သိပ္ပံပညာရပ်များ အကြောင်းကို ဟောပြောခဲ့လေသည်။

ဆာ လော့ဂျ်သည် သိပ္ပံပါရဂူကြီး တဦးပင်ဖြစ်သော်လည်း ဝိညာဉ်နှင့် စပ်ဆိုင်သော ပညာရပ်များ၌ လွန်စွာ စိတ်ပါဝင်စားကာ ၁၉၁ဝ ပြည့်နှစ်မှ အစပြုကာ ဝိညာဉ်များနှင့် ဆိုင်သော ပညာများနှင့် စပ်လျဉ်း၍ ထင်ပေါ်ကျော်စော ခဲ့လေသည်။ သူသည် သေသူ၏ဝိညာဉ်နှင့် ဆက်သွယ်မှု၌ လွန်စွာ ယုံကြည်သက်ဝင်၍ သိပ္ပံပညာရှင်နှင့် ဘာသာရေး ကိုလည်း ညီညွတ်စေရန် ကြိုးပမ်းအားထုတ်ခဲ့၏။ ဆာ လော့ဂျ်သည် သူ၏အလုပ်များ ကြားထဲကပင် သိပ္ပံပညာနှင့် စပ်ဆိုင်သော စာအုပ်စာတမ်း မြောက်မြားစွာကို ရေးသားထုတ်ဝေခဲ့သည်။ ထို စာအုပ်စာတန်းများထဲတွင် ဝိညာဉ်ပညာနှင့် ဆိုင်သည့် စာအုပ်များ အပြင် "ရေမှုလေးတစ်ဗစ်တီ" အကြောင်း၊ "အီသာ" အကြောင်း စသော သိပ္ပံပညာ စာအုပ်စာတန်းများ ပါဝင်လေသည်။

**လော့စိန်းဂျလီးမြို့။** ။လော့စိန်းဂျလီးမြို့သည် အမေရိကန် ပြည်ထောင်စုတွင် ပါဝင်သော ကာလီဖိုးနီးယားပြည်နယ်၏ တောင်ပိုင်းတွင် လော့စိန်းဂျလီး မြစ်ပေါ်၌ တည်ရှိသော မြို့ကြီးတမြို့ဖြစ်၍ လော့စိန်းဂျလီးခရိုင်၏ ရုံးစိုက်မြို့ ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းတွင် အကြီးဆုံးမြို့လည်း ဖြစ်သည်။ လော့စိန်းဂျလီးမြို့သည် ရာသီဥတု ကောင်းမွန်သောကြောင့် ထင်ရှားသည်။ မြေထဲပင်လယ် ရာသီဥတုမျိုးဖြစ်သည်။ ထို့ထက် လော့စိန်းဂျလီးမြို့သည် အမေရိကန်ရုပ်ရှင်လောက၏ အချက်အခြာဒေသ ဖြစ်သည်။ လော့စိန်းဂျလီး၏ ဆင်ခြေဖုံး ရပ်ကွက်များ၌ ရုပ်ရှင်လုပ်ငန်းများ ထွန်းကားပေရာ အထူးထင်ရှားသည်ကား ဟောလီဝုပင် ဖြစ်သည်။ လော့စိန်းဂျလီးမြို့သည် ၄၅၂ စတုရန်းမိုင်ခန့် ကျယ်ပြန့်၏။ လော့စိန်းဂျလီးမြို့ရှိ အဆောက်အအုံများ၏ ဗိသုကာ လက်ရာတို့သည် ခေတ်အမျိုးမျိုး ဟန်အမျိုးမျိုးကို သရုပ်ဖော်လျက်ရှိသည်။ မြို့တော်ခန်းမကြီးသည် ၄၆၄ ပေမျှမြင့်၍ စာတိုက်မှာ ၁၈ ထပ်မျှမြင့်သည်။ ဗရင်ဂျီ ကသီဒရယ် ဘုရားရှိခိုးကျောင်း၏ နာရီစင်သည် ၁၉၅ ပေ မြင့်သည်။ တက္ကသိုလ်ကျောင်း၊ ပြတိုက်များ အပြင် ဘုရားရှိခိုးကျောင်း ၆၀ဝ ကျော်ရှိသည်။ မြို့၏ များသောအပိုင်းမှာ လူနေရပ်ကွက် ဖြစ်၍ အိမ်ပုံစံများသည် ရှေး စပိန်လက်ရာများ မကင်းပေ။ လော့စိန်းဂျလီးမြို့ပေါ်တွင် ဥယျာဉ်နှင့် တောင် များစွာရှိသည်။ လော့စိန်းဂျလီးနှင့် ကပ်လျက်ရှိသော ပါစာဒီနာ၊ ဗားဗင့်ဂလင်းဒေး၊ စန်တာမွန်နီကာ၊ ဗက်ဗာလီဟီးနှင့် လောင်းဗိတို့ အားလုံးပါဝင်သည်ကို မဟာလော့စိန်းဂျလီးမြို့ဟု ခေါ်သည်။ ဗက်ဗာလီဟီး တဝိုက်တွင် ရုပ်ရှင်လောကမှ ပညာသည်များနေထိုင်ကြသည်။ မဟာလော့စိန်းဂျလီးမြို့သည် အမေရိကန် ပြည်ထောင်စု၏ ပစိဖိတ်ကမ်းခြေတွင် စက်မှုလက်မှုလုပ်ငန်း ထွန်းကားသော မြို့ကြီး ဖြစ်၏။

လော့စိန်းဂျလီးမြို့တွင် ပြုလုပ်သော လုပ်ငန်းများမှာ လေယာဉ်ပျံ တည်ဆောက်ခြင်း၊ ရေနံချက်ခြင်း၊ ရုပ်ရှင် ထုတ်လုပ်ခြင်း၊ မော်တော်ကား တပ်ဆင်ခြင်း၊ အစားအသောက် စည်သွတ်ခြင်း၊ မော်တော်ကားတာယာ ပြုလုပ်ခြင်း စသည်တို့ ဖြစ်၏။ လော့စိန်းဂျလီးမှ ထွက်သော ရေနံသည် ကာလီဖိုးနီးယားပြည်နယ် တခုလုံးမှထွက်သော ရေနံ၏ သုံးပုံတပုံ ဖြစ်သည်။ စန်ဂျိုကွင် ချိုင့်ဝှမ်းမှ ပိုက်လုံးများဖြင့် သွယ်ယူလာသော ရေနံတို့ကို လော့စိန်းဂျလီးတွင် ချက်သည်။ လော့စိန်းဂျလီးမြို့တွင် ရှိသော စန်ပီဒရိုဆိပ်ကမ်းသည် ပစိဖိတ်ကမ်းခြေတွင် ဒုတိယ လိုက်သော ဆိပ်ကမ်း ဖြစ်သည်။ လော့စိန်းဂျလီးမြို့တွင် သုံးစွဲသော ဓာတ်အားနှင့် ရေကို မိုင် ၂၀ဝ ခန့် ကွာဝေးသော ကော်လိုရားဒိုး မြစ်ပေါ်ရှိ ရေကာတာများမှ ရရှိသည်။

လော့စိန်းဂျလီးမြို့၌ နေထိုင်သော လူဦးရေမှာ ၁၉၆၀ ပြည့်နှစ်တွင် ၂,၄၇၉,၀၁၅ ယောက် ဖြစ်သည်။ ယင်းတို့အနက် မက္ကဆီကန်လူမျိုး၊ ဂျပန်၊ တရုပ်နှင့် ဖိလိပ်ပိုင်လူမျိုးများစွာ ရှိ၍ ယင်းတို့အတွက် သီးခြားရပ်ကွက်များပင် ရှိသည်။ ကမ္ဘာတွင် မက္ကဆီကန်တို့၏ ပဉ္စမ လိုက်သော မြို့ဟူ၍ ခေါ်နိုင်လောက်အောင်ပင် မက္ကဆီကန်လူမျိုးတို့ စုဝေးနေထိုင်ရာ အရပ် ဖြစ်ပေသည်။

လော့စိန်းဂျလီးမြို့ကို စပိန်လူမျိုးတို့က စထင် တွေ့ရှိ၍ ၁၇၈၁ ခုနှစ်တွင် လူနေအိမ်ခြေတည်ကာ နေထိုင်ခဲ့သည်။ မက္ကဆီကိုပိုင် ကာလီဖိုးနီးယား၏ မြို့တော်လည်း ဖြစ်သည့်အခါ ဖြစ်ခဲ့သည်။ ၁၈၄၇ ခုနှစ်တွင် အမေရိကန်



www.burmeseclassic.com

www.burmeseclassic.com





လော့စိန်းဂျလီးမြို့၏ ကုန်ပဒေသာဆိုင်ကြီးများ၊ ရုံးနှင့်လုပ်ငန်းဌာနကြီးများ တည်ရှိရာ နယ်မြေတဝိုက်ကို လေယာဉ်ပေါ်မှ ဤသို့ ရှုမြင်ရသည်။ အနီးတွင်မြင်ရသော မော်တော်ယာဉ်ရပ်နားရန်နေရာမှာ ကေ လေးထောင်ခန့် ကျယ်ဝန်းသည်။

ပြည်ထောင်စု၏ရေတပ်က သိမ်းပိုက်သည်။ ၁၇၈၁ ပြည့်နှစ်တွင် မြို့တည်စာချုပ်ကို ရရှိသည်။ လော့စိန်းဂျလီးဟူသောအမည်မှာ စပိန်အမည်ဖြစ်သော အယ် ပွက်ဗလို ဒါ နျူအက်စထရာ ဆီနော်ရာ လာရိန်နာ ဒါ လော့စိန်းဂျလီး ဒါပေါ်စီအွန်စူလာ ကို အတိုကောက် ခေါ်ဝေါ်သော အမည်ဖြစ်သည်။ အမည်၏အဓိပ္ပါယ်မှာ ပေါ်စီအွန်စူလာ ကောင်းကင်တမန်တို့၏အရှင် ကျွန်ုပ်တို့သခင်မ၏ မြို့တော်ဟူ၍ ဖြစ်လေသည်။

**လော်ရယ်ပင်။** ။လော်ရယ်ပင်သည် ဖုံးမသိန်ပင်နှင့် ဖုံးမသိန်ကဲ့သို့ အနံ့ မွှေးကြိုင်သော အခြား အပင်မျိုးတို့နှင့်အတူ လော်ရေးစီအီး မျိုးရင်းတွင် ပါဝင်၍ ယင်း၏ ရုက္ခဗေဒအမည်မှာ လော်ရပ်နိုဗိလစ် ဖြစ်သည်။ လော်ရယ်ပင်သည် အမြဲစိမ်းလန်းသော အပင်မျိုး ဖြစ်၍ တခါတရံ အမြင့် ပေ ၃၀ ကျော်ကျော်ရှိတတ်သော်လည်း အပင်ကြီးမျိုးထဲက မဟုတ်ပေ။ ပင်စည် တဖြောင့်တည်း မတ်၍ တက်သွားခြင်းမျိုး မဟုတ်ပဲ ရှည်လျားသော အကိုင်းအခက်များ ဖြာ၍ ထွက်လေ့ရှိသည်။ လော်ရယ်ပင် အမျိုးမျိုးရှိသည့်အနက် အချို့မှာ ချုံပင်မျိုးဖြစ်သည်။ အချို့သော လော်ရယ်ပင်မှ အရွက်မှာ အနေတော် အရွယ်ရှိ၍ အဖျား ချွန်ပြီးလျှင် ဘေးတလျှောက်တွင် လှိုင်းထနေသည်။ အရွက်များမှ အသီးများ တလုံးချင်း သော်၎င်း၊ နှစ်လုံးပူး သော်၎င်း ထွက်၍ သီးကြသည်။ လူသိများသော လော်ရယ်ပင်များမှ အရွက်များမှာမူ အရွယ်ကြီး၍ အရောင် လက်နေသည်။ အရွက်ဘေးတလျှောက်တွင် လှိုင်းထခြင်း မရှိဘဲ တညီတညာတည်း ရှိသည်။ အပွင့်များနှင့် အသီးများသည် အခိုင်လိုက် ပွင့်ကြ သီးကြသည်။

လော်ရယ်ပင်၏ မူလပေါက်ရာအရပ်မှာ မြေထဲပင်လယ်ဒေသဖြစ်၍ ထိုမှတဆင့် အခြားတိုင်းနိုင်ငံတို့သို့ ယူဆောင်စိုက်ပျိုးကြသည်။ အင်္ဂလန် စသော အချို့ ဒေသတို့တွင် လော်ရယ် ချုံပင်မျိုးကို စည်များတွင် ပျိုး၍ အလှစိုက်ကြသည်။ လော်ရယ် အသီးနှင့် အခြား အစိတ်အပိုင်းများမှ



www.burmeseclassic.com

www.burmeseclassic.com




မွှေးကြိုင်သော လော်ရယ်ဆီကို ပေါင်းတင်၍ ထုတ်ယူပြီးလျှင် ရေမွှေးပြုလုပ်ရာ၌ အသုံးပြုကြသည်။ အရွက်ခြောက်များကို ကရဝေးရွက် အခြောက်များကဲ့သို့ ဟင်းခတ်အမွှေးအကြိုင် အဖြစ်ဖြင့် အသုံးပြုကြသည်။ ဘယဆေးဖော်စပ်ရာ၌လည်း လော်ရယ် အသီးနှင့် အရွက်များ ပါဝင်သည်။

ရှေးခေတ် ဂရိလူမျိုးတို့သည် ထင်ရှား ထူးချွန်သော တပ်မတော်သားများ၊ အားကစားသမားများ၊ စာပေသမားများအား ဂုဏ်ပြုရာတွင် လော်ရယ်ပန်းခွေများဖြင့် ခြီးမြှင့်ကြသည်။ လော်ရယ်ပန်းခွေကို ဂုဏ်ပြုခံရသူ၏ ဦးခေါင်းတွင် သရဖူ ဆောင်းပေးသကဲ့သို့ စွပ်ပေးလိုက်ခြင်းအားဖြင့် သူ၏ စွမ်းရည်ကို အသိအမှတ် ပြုလေသည်။ လော်ရယ်ပင်အသားသည် မာ၍ ကျစ်ပြီးလျှင် အရောင်အဆင်း ကောင်းသော်လည်း အပင်ငယ်သောကြောင့် တန်ဖိုး ရှိတန်သလောက် မရှိချေ။

**လော၊ အန်ဒရူးဗိုနာ** (ခရစ် ၁၈၅၈–၁၉၂၃)။ ။ဗြိတိသျှ နိုင်ငံပြုသုခမိန်ကြီး အန်ဒရူး ဗိုနာ လောသည် ကနေဒါနိုင်ငံ နယူးဗရန်းဇွစ်မြို့၌ ၁၈၅၈ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဖွားမြင်သည်။ လော ၁၂ နှစ်သားအရွယ် ခန့်ကပင် စကော့တလန်ပြည်သို့ ရောက်လာ၍ ဂလပ်စဂိုအထက်တန်းကျောင်းတွင် စ၍ ပညာသင်ယူသည်။ ပညာပြည့်စုံသောအခါ သံနှင့် ဘဏ်လုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့၏။ သူသည် ၁၈၉၁ ခုနှစ်က အင်နီ ပစ်ကရင်နှင့် အိမ်ထောင်ပြုခဲ့၍ ဇနီးသည်မှာ ၁၉၀၉ ခုနှစ်တွင် သေဆုံးခဲ့၏။

၁၉၀၀ ပြည့်နှစ်တွင် ဂလပ်စဂိုနယ်ဆိုင်ရာ ဗလက်ဖရိုင်ယာမြို့နယ်မှ ကွန်ဆားဗတစ် ပါတီဝင် လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ ၁၉၁၁ ခုနှစ်တွင် ကွန်ဆားဗတစ်ပါတီ၏ ခေါင်းဆောင်ဖြစ်လာသည်။ ပဌမကမ္ဘာစစ်အတွင်းက ဖွဲ့စည်းသော အက်စကွစ်၏ ညွန့်ပေါင်းအစိုးရ အဖွဲ့တွင် ပါဝင်ခဲ့ရ၏။ ဗိုနာ လောသည် အပြောသမားမဟုတ်၊ အလုပ်သမားဖြစ်လေသည်။ တိုင်းပြည်ကောင်းစားရေးအတွက် မည်သည့်ကိစ္စကိုမဆို ကိုယ်ကျိုးမငဲ့ကွက်ပဲ စိတ်ရောကိုယ်ပါ ဆောင်ရွက်လေ့ ရှိသည်။ မှတ်ဉာဏ် ကောင်းလှသည် ဟုလည်း ကျော်ကြား၏။ လွှတ်တော်၌ စကားပြောရန် ကိစ္စရှိလျှင် စာရွက်စာတမ်းမကိုင်ဘဲ နှုတ်တိုက် ပြောသွားနိုင်သူ ဖြစ်သည်။ စကားပြောသည့်အခါတွင်လည်း မိမိအကယ် မဆောင်ရွက်နိုင်သည့် ကိစ္စများ၊ မသေချာသော ကိစ္စများကို မည်သည့်အခါမျှ ထည့်သွင်း ပြောဆိုခြင်း မပြုချေ။ ဗိုနာ လောသည် ၁၉၀၂ ခုမှ ၁၉၀၅ ခုနှစ်အထိ ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ ဘုတ်အဖွဲ့၏ ပါလီမန်အတွင်းဝန်အဖြစ် ဆောင်ရွက်ရလေသည်။

၁၉၁၅–၁၆ ခုနှစ်တွင် ကိုလိုနီဆိုင်ရာ အတွင်းဝန်အဖြစ် ခန့်ထားခြင်း ခံရပြန်လေသည်။ ၁၉၁၆ ခုနှစ်တွင် လွိုက်ဂျော့၏ ညွန့်ပေါင်းအစိုးရ ဖွဲ့သောအခါတွင်လည်း ရွှေတိုက်စိုး ဝန်ကြီး (ဘဏ္ဍာရေးဝန်ကြီး)ဖြစ်လာ၏။ ၁၉၁၇ ခုနှစ်တွင် မိမိအား အပ်နှင်းသော နန်းရင်းဝန် ရာထူးကို ငြင်းပယ်ခဲ့သည်။ ၁၉၁၉ ခုနှစ်မှ ၁၉၂၁ ခုနှစ်အတွင်း တံဆိပ်တော်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရပြန်လေသည်။ ၁၉၂၂ ခုနှစ်တွင် ကွန်ဆားဗတစ် အစိုးရအဖွဲ့ တက်လာရာ ဗိုနာ လောသည် နန်းရင်းဝန်အဖြစ် ခန့်ထားခြင်းခံရသည်။ သို့ရာတွင် ကျန်းမာရေး ချို့တဲ့မှုကြောင့် ၁၉၂၂ ခုနှစ် နိုဝင်ဘာလမှ ၁၉၂၃ ခုနှစ် မေလအထိ ခုနစ်လမျှသာ နန်းရင်းဝန်ရာထူးကို လက်ခံ ထမ်းရွက်ရလေသည်။ နန်းရင်းဝန် ရာထူးမှ နုတ်ထွက်လိုက်ပြီးနောက် ငါးလခန့် အကြာ ၁၉၂၃ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ဗိုနာ လော ကွယ်လွန်သည်။ ဗိုနာ လောသည် ဝန်ကြီးသက်တမ်း တိုသော်လည်း စွမ်းလွမ်းတမံ ဆောင်ရွက်ချက်များကြောင့် နိုင်ငံရေးလောကတွင် အထူးပင် ကျော်ကြားသူ ဖြစ်ခဲ့လေသည်။




ဗြိတိသျှ နိုင်ငံပြုသုခမိန် အန်ဒရူး ဗိုနာလော



www.burmeseclassic.com

www.burmeseclassic.com






လောနိုင်ငံ တည်နေရာပြမြေပုံ

**လောနိုင်ငံ။** ။လောနိုင်ငံသည် အာရှ အရှေ့တောင်ပိုင်းတွင် တည်ရှိကာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့် ဘုရင်အုပ်စိုးသော နိုင်ငံ ဖြစ်သည်။ ယခင်က အင်ဒိုချိုင်းနားပြည်တွင် ပါဝင်သော ပြင်သစ်အုပ်ထိန်းခံ နယ်တခု ဖြစ်ခဲ့သည်။ လောနိုင်ငံသည် နယ်နိမိတ်အားဖြင့် မြောက်ဖက်တွင် တရုပ်ပြည်သူ့သမတနိုင်ငံ၊ အနောက်ဖက်တွင် မြန်မာနှင့် ယိုးဒယားနိုင်ငံများ၊ တောင်ဖက်တွင် ကမ္ဘောဇ (ကမ္ဘောဒီးယား) နိုင်ငံနှင့် အရှေ့ဖက်တွင် ဗီယက်နမ် နိုင်ငံများဖြင့် ဝန်းရံလျက် ရှိသည်။ ဤသို့ဖြင့် လောနိုင်ငံသည် မြန်မာနိုင်ငံမှ ရှမ်းပြည်နယ်နှင့် ဆိုလျှင် မဲခေါင်မြစ်ဖြင့်သာ ခြားလျက်ရှိသော အိမ်နီးချင်းနိုင်ငံ တခု ဖြစ်ပေသည်။ လောနိုင်ငံသည် အကျယ်အဝန်းအားဖြင့် စတုရန်း မိုင် ၈၈,၇၈၀ ခန့်ရှိ၍ ၁၉၆၈ ခုနှစ်တွင် ခန့်မှန်းခြေအားဖြင့် လူဦးရေ ၂,၈၂၅,၀၀၀ ရှိ၏။ လောနိုင်ငံတွင် ဘုရင်စံမြန်းရာ မြို့တော်သည် လောင်ပရာဗန်မြို့ဖြစ်၍ အုပ်ချုပ်ရေးမြို့တော်သည် ဗီယင်တျန်းမြို့ ဖြစ်သည်။ အခြားမြို့ကြီးများကား ပတ်ကဆေနှင့် ဆဗာနခက်မြို့များ ဖြစ်သည်။ ဗီယင်တျန်းမြို့သည် ရှေးအခါက လင်းဇင်းမင်း၏ မြို့တော်ဖြစ်ခဲ့၍ မြန်မာဘုရင် ဆင်ဖြူများရှင်လက်ထက်က မြန်မာတို့၏ လက်အောက်သို့ ရောက်ခဲ့ဘူးသည်။ (ဗီယင်တျန်းမြို့ — ရှု။) ထို့ကြောင့် လောနိုင်ငံသည် တခါက မြန်မာတို့ ဩဇာပျံ့နှံ့ခဲ့သောဒေသ ဖြစ်ခဲ့သည်။

လောနိုင်ငံသည် မဲခေါင်ချိုင့်ဝှမ်း အလယ်ပိုင်းလောက်တွင် တောင်ထူထပ်သော ဒေသတွင် တည်ရှိသည်။ တောင်ထူထပ်သောကြောင့် ဆင်များ၊ ကျားများ ကျက်စားသော ဒေသ ဖြစ်သည်။ လူဦးရေအနက် လေးပုံတပုံသည် တောင်ရိုး တောင်တန်းများတွင် နေထိုင်ကြ၍ ကျန်လူအပေါင်းတို့မှာမူ မဲခေါင်မြစ်နှင့် ယင်း၏မြစ်လက်တက်များ၏ ကမ်းဘေးများ၌ ရွာများ တည်ထောင်ကာ သစ်အိမ်၊ ဝါးတဲများ ဆောက်လုပ် နေထိုင်ကြသည်။ လောနိုင်ငံတွင် နေထိုင်လျက် ရှိသူများကို အမျိုးအနွယ်အားဖြင့် လူမျိုးအုပ်စု သုံးစုခွဲနိုင်သည်။ ပဌမအုပ်စုမှာ (လော၊ နူအာ၊ ဒမ်၊ ဒင်း၊ လု စသည်တို့ ပါဝင်သော) ထိုင်းအုပ်စု၊ ဒုတိယအုပ်စုမှာ (လောထုအမ်ခေါ် တောင်တန်းသားများ ဖြစ်သော) အင်ဒိုနီရှန် အုပ်စုနှင့် တတိယအုပ်စုမှာ (ဟို၊ ယောင်၊ မျောင် စသည်တို့ ပါဝင်သည့်) တရုပ်အနွယ် တောင်ပေါ်သားအုပ်စုတို့ဖြစ်၏။ လူဦးရေအများဆုံး အုပ်စုမှာ ထိုင်းအုပ်စု ဖြစ်၍ ဗုဒ္ဓဝါဒီများဖြစ်ကာ ယဉ်ကျေးမှုမှာ ဗုဒ္ဓအယူဝါဒ အခြေခံ ယဉ်ကျေးမှုဖြစ်သည်။ ထိုမှတပါး တရုပ်များ၊ ဗီယက်နမ်များလည်း နေထိုင်လျက်ရှိ၏။

လောနိုင်ငံသည် လယ်ယာစိုက်ပျိုးသော နိုင်ငံ ဖြစ်၍ အဓိက စိုက်ပျိုးသော ကောက်ပင်မှာ ဆန်စပါး ဖြစ်၏။ ယင်း၏နောက် ပြောင်း၊ ဆေးရွက်၊ ရှောက်မျိုးဝင် အပင်များ၊ လက်ဖက်၊ ကာဖီ၊ အာလူး စသည်တို့ကိုလည်း စိုက်ပျိုးသည်။ ဘိန်းမှာ အခွန်ဘဏ္ဍာ ဝင်ငွေကောင်းသော ကုန်ပစ္စည်းတခုဖြစ်သည်။ လောနိုင်ငံတွင် ကျွဲနွားနှင့်ဝက် အလွန်ပေါသည်။ မြောက်ဖက်ရှိ သစ်တောများမှ အဖိုးတန် ကျွန်းသစ်များ ထွက်၍ သစ်လုံးများကို မဲခေါင်မြစ်တလျှောက်မှ ဆိုင်ဂွန်မြို့သို့ မျှောချသည်။ အရေးပါ အရာရောက်သော သယံဇာတ ပစ္စည်းမှာ သံဖြူ ဖြစ်သည်။ ပိုးထည်၊ အိုးခွက်၊ သားရေထည်၊ ငွေထည်များကိုလည်း လုပ်ကိုင်သည်။ ဆန်စက်၊ သစ်စက်များလည်း ရှိသည်။ လမ်းပန်းဆက်သွယ်ရေး၌ မဲခေါင်မြစ်သည် အရေးပါသော မြစ်ကြောင်း ဖြစ်သည်။ သို့ရာတွင် ရေမော်များတည်းဟူသော အတားအဆီးများ ရှိသည်။ ကတ္တရာခင်းလမ်းများလည်း ရှိသည်။ ထိုပြင် ပြည်တွင်းသာမက ဗန်ကောက်မြို့၊ ဟောင်ကောင်မြို့၊ ဆိုင်ဂွန်မြို့ စသည်ဖြင့် ပြည်ပသို့လည်း လေကြောင်းခရီး ပေါက်သည်။

www.burmeseclassic.com

## လောနိုင်ငံ

တဆဲ့လေးရာစုနှစ် မတိုင်မီက တရုပ်နိုင်ငံ ယူနန်နယ်မှ တောင်ဖက်သို့ ရွှေ့ပြောင်းလာသော ထိုင်းလူမျိုးတို့သည် မဲခေါင်မြစ်ဝှမ်း၌ အခြေစိုက်နေထိုင်ကြပြီးနောက် ရှိရင်းစွဲ တိုင်းရင်းသား လူမျိုးစုတို့ကို အောင်နိုင်လျက် လောင်ပရာဗန်၊ ဗီယင်ခွူးအန်း၊ ဗီယင်တျန်းတို့၌ ပြည်ထောင်တည်ကြကာ မင်းပြိုင်အုပ်စိုးကြ၏။ ခရစ် ၁၃၅၀ ပြည့်နှစ်လောက်တွင် ထိုပြည်ထောင်များစည်းလုံးမိကာ လင်းဇင်းနိုင်ငံ ဖြစ်ပေါ်လာ၏။ လင်းဇင်းဟူသည် ဆင်တသန်းဟူ၍ အဓိပ္ပါယ်ရသည်။ လင်းဇင်းနိုင်ငံသည် ယခုခေတ် ယိုးဒယားနိုင်ငံမှ ထိုင်းတို့အားရှင်း၊ ယခုခေတ် ကမ္ဘောဇနိုင်ငံမှ ခမာတို့အားရှင်း၊ ယခုခေတ် ဗီယက်နမ် နိုင်ငံမှ အာနမ် လူမျိုးတို့အားရှင်း စိုးမိုးခဲ့သည်။ ထိုနောက် အာနမ်လူမျိုးနှင့် မြန်မာတို့က ချဉ်းနင်းဝင်ရောက် တိုက်ခိုက်သောကြောင့် ၁၇၀၇ ခုနှစ်တွင် လင်းဇင်းနိုင်ငံသည် လောင်ပရာဗန်နှင့် ဗီယင်တျန်း ဟူ၍ နှစ်ပြည်ထောင်ကွဲသွားသည်။ ၁၈၂၇ ခုနှစ်တွင် ဗီယင်တျန်းကို ယိုးဒယားက သိမ်းယူသည်။ လောင်ပရာဗန် မှာမူ ပြင်သစ်တို့ ရောက်ရှိလာသဖြင့် ကျန်ရစ်၏။ ၁၈၇၉ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်များအကြားတွင် ပြင်သစ်တို့သည် ကွဲနေသောယင်းပြည်ထောင်နှစ်ခုကို ညီညွတ်အောင် ပြုနိုင်ခဲ့၏။ ၁၈၉၃ ခုနှစ်တွင် ပြင်သစ်တို့သည် ထိုင်းလူမျိုးတို့ကို တွန်းလှန် နှင်ထုတ်နိုင်ခဲ့ပြီးလျှင် ပြည်သူ ပြည်သားတို့၏ဆန္ဒအရ ပြင်သစ်တို့က ယင်းတို့ကို မိမိတို့၏ အစောင့်အရှောက်ခံနယ်အဖြစ် တည်ထောင်ခဲ့သည်။ ထိုအစောင့်အရှောက်ခံ နယ်ပယ်၏အမည်ကိုလည်း ၁၈၉၉ ခုနှစ်မှ အစပြု၍ လောပြည် ဟု ခေါ်ဝေါ်ခဲ့၏။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ်တွင် မဲခေါင်မြစ်၏ အနောက်ဖက် ကမ်းရှိ လောနယ် နှစ်ခုကို ဂျပန်တို့က ယိုးဒယားအား ပေးအပ်သည်။ ၁၉၄၅ ခုနှစ်၌ ပြင်သစ်တို့ ပြန်လည်ရောက်ရှိလာသောအခါ ဂျပန်တပ်များကို လက်နက်ဖြုတ်ရေးတွင် တာဝန်ကျခဲ့သော တရုပ်တပ်များသည် လောပြည်မြောက်ပိုင်း၌ လောပြည် လွတ်မြောက်ရေးအဖွဲ့အစည်းတခု ဖြစ်သော လောဣ္သရတ်အဖွဲ့၏ခေါင်းဆောင် ပက်ဆရတ်မင်းသား၏ ဦးဆောင်မှု အောက်တွင် အစိုးရတခု ဖွဲ့ပေးခဲ့သည်။ တရုပ်တို့ ဆုတ်ခွာ သွားသောအခါ လောဣ္သရတ်တို့သည် ပြင်သစ်နှင့် လောစစ်တပ်များက တိုက်ထုတ်သဖြင့် တိုင်းပြည်မှ ထွက်ပြေးကြရ၏။ ၁၉၄၆ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် ပြင်သစ်နိုင်ငံနှင့် လောပြည်တို့သည် ယာယီ စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ၁၉၄၇ ခုနှစ် မေလ ၁၁ ရက်တွင် လောပြည် ဘုရင်က ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေတရပ်ကို ထုတ်ပြန် ကြေညာသည်။ ယင်းဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ ရွေးအခါက ပြည်ထောင်နှစ်ခု ဖြစ်ခဲ့သော လောင်ပရာဗန်နှင့် ဗီယင်တျန်းတို့ကို ပူးပေါင်း၍ လောင်ပရာဗန် မင်းဆက်မှ ဘုရင်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေဖြင့် အုပ်စိုးရမည်ဖြစ်၏။ ၁၉၄၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် လောပြည်သည် ပြင်သစ်သမဂ္ဂအတွင်း၌ပင် လွတ်လပ်သောတိုင်းပြည်တခုဖြစ်လာသည်။ လောဣ္သရတ်အဖွဲ့ဝင် အများပင် လောနိုင်ငံတွင်းသို့ ပြန်လည် ဝင်ရောက်လာ၏။ သို့သော် အချို့ကမူ ပြည်ပတွင်နေထိုင်လျက်ရှိနေခဲ့၏။ ၁၉၅၃ ခုနှစ်တွင် ဗီယက်မင်း နိုင်ငံသည် ပသက်လော လက်နက်ကိုင်တပ်များ၏ အကူအညီဖြင့် လောနိုင်ငံကိုဝင်၍တိုက်သည်။ ပသက်လောတို့သည် လောဣ္သရတ် အဖွဲ့၏ အကြွင်းအကျန်များဖြစ်၍ ခေါင်းဆောင်မှာ သုဖန္နုဝေါင်မင်းသား ဖြစ်သည်။

လောနိုင်ငံအတွင်း တိုက်ခိုက်မှုများ ရပ်စဲရေးအတွက် ၁၉၅၄ ခုနှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့သော ဂျနီဗာ ကွန်ဖရင့်တွင် သဘောတူညီခဲ့၏။ ဤသဘောတူညီချက်အရ ပသက်လောတို့ကို စစ်ရေးအရရှင်း၊ နိုင်ငံရေးအရရှင်း လောနိုင်ငံအတွင်း ပေါင်းစည်း သိမ်းသွင်းရမည်ဖြစ်ရာ ထိုကိစ္စအတွက် (ထိုစဉ်က ဝန်ကြီးချုပ်) သုဝဏ္ဏဖူမာ မင်းသားနှင့် သုဖန္နုဝေါင် မင်းသားတို့ ကာလ ရှည်ကြာ ဆွေးနွေး စေ့စပ်ယူခဲ့ရပြီးလျှင် ၁၉၅၇ ခုနှစ် နိုဝင်ဘာလအတွင်း ဗီယင်တျန်းသဘောတူညီမှုများဖြစ်ပေါ်ခဲ့၏။ ထိုသဘောတူညီမှုများအရ ပသက်လောတို့၏ နိုင်ငံရေးပါတီဖြစ်သော နီယို လော ဟတ်ဆတ် ပါတီဝင်နှစ်ဦးပါဝင်သော အစိုးရအဖွဲ့သစ် တရပ်ကို ဖွဲ့စည်းခဲ့၍ ပသက်လော တပ်ဖွဲ့များကို လော တပ်မတော်အတွင်း သိမ်းသွင်းရန်အတွက် အစီအစဉ်များ ပြုလုပ်ခဲ့သည်။

၁၉၅၈ ခုနှစ်တွင် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများ ကျင်းပခဲ့ရာ နီယိုလော ဟတ်ဆတ်ပါတီ၏အောင်မြင်မှုများကို အားကျ၍ နိုင်ငံအကျိုးစီးပွား ကာကွယ်ရေးကော်မီတီခေါ် လက်ျာဂိုဏ်းအဖွဲ့တခုကို ဖွဲ့စည်းခဲ့၏။ ထိုကော်မီတီ၏ ထောက်ခံမှုဖြင့် ဖူအီဆနန်နီ ကုန်သည် အစိုးရအဖွဲ့သစ် ဖွဲ့စည်းခဲ့သည်။ သို့သော် ၁၉၅၉ ခုနှစ်တွင် ဗီယင်တျန်း သဘောတူညီချက်များ ပျက်ပြားသွားခဲ့၍ ပသက်လော တပ်များကိုလည်း လောတပ်မတော်အတွင်း သိမ်းသွင်းခြင်း မပြုနိုင် ဖြစ်ခဲ့ပြီးလျှင် နီယို လော ဟတ်ဆတ် ခေါင်းဆောင်များကိုလည်း ဖမ်းဆီးခဲ့သောကြောင့် ပသက်လောတို့ ပြောက်ကျား စစ်ဆင်ခဲ့လေသည်။


ဗိုလ်ချုပ်ဖူမီ ခေါင်းဆောင်သည့် တပ်မတော်၏ အကြပ်ကိုင်မှုကြောင့် ၁၉၆၀ ပြည့်နှစ် ဇန္နဝါရီလတွင် ဖူအီဆနန်နီကုန်၏အစိုးရအဖွဲ့ နုတ်ထွက်ခဲ့ရ၏။ ရွေးကောက်ပွဲများ အသစ်တဖန် ကျင်းပခဲ့ရာတွင် နိုင်ငံအကျိုးစီးပွား ကာကွယ်




www.burmeseclassic.com


www.burmeseclassic.com







မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော လောနိုင်ငံ၏ အုပ်ချုပ်ရေး မြို့တော်ဖြစ်သည့် ဗီယင်တျန်းမြို့ရှိ ထပ်လမ်စေတီတော် (ဝဲ)၊ ကျဆုံးလေပြီးသော အာဇာနည် သူရဲကောင်းများအား ဂုဏ်ပြုတည်ဆောက်ထားသည့် အာဇာနည်ဗိမာန်(အပေါ်)နှင့် လောအမျိုးသားလွှတ်တော်(အောက်)





www.burmeseclassic.com

www.burmeseclassic.com



ရေးကော်မီတီက အမတ်နေရာ အများစုရသဖြင့် ၁၉၆၀ ပြည့်နှစ် ဇွန်လတွင် ဆွန်ဆာနစ်မင်းသား ခေါင်းဆောင်၍ လက်ျာဂိုဏ်းအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့၏။

သို့သော် ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ဗိုလ်ကြီး ကောင်လီ ခေါင်းဆောင် အာဏာလုမှုကြောင့် ပသက်လောတို့နှင့် စေ့စပ်ရေးလုပ်လိုသည့် ကြားနေဂိုဏ်းသား သုဝဏ္ဏဖူမာ မင်းသား အာဏာ ပြန်ရလာသည်။ သို့ဖြစ်လင့်ကစား ထိုနှစ် ဒီဇင်ဘာလတွင် ဗိုလ်ချုပ် ဖူမီ ခေါင်းဆောင်သည့် လက်ျာဂိုဏ်းသားတို့၏ တော်လှန်မှုကြောင့် သုဝဏ္ဏဖူမာ လောနိုင်ငံမှ ထွက်ပြေး တိမ်းရှောင်ရပြီးလျှင် မင်းသား ဗွန်အုမ်းခေါင်းဆောင်၍ အစိုးရအဖွဲ့သစ်တခုကို ဖွဲ့စည်းခဲ့၏။ ၁၉၆၁ ခုနှစ်တွင် သုဝဏ္ဏဖူမာသည် ဇီယင်ခွေးအန်းတွင် မိမိ၏အစိုးရအဖွဲ့ကို တည်ထောင်ခဲ့ပြီးလျှင် သုဖန္နုဗောင်နှင့်အတူ ပူးတွဲဌာနချုပ်တခုကိုလည်းဖွင့်လှစ်ခဲ့သည်။

၁၉၆၁ ခုနှစ် ဧပြီလတွင် ၁၉၅၄ ခုနှစ် ဂျနီးဗားကွန်ဖရင့်၏ ပူးတွဲသဘာပတိများဖြစ်ကြသော ဗြိတိသျှနှင့် ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီးများ၏ တောင်းပန်မှုကြောင့် တိုက်ခိုက်မှုများရပ်စဲခဲ့၍ လောနိုင်ငံ၏ကြားနေမှုကို အသိအမှတ်ပြုရေးအတွက် ဂျနီးဗားမြို့တွင် ဆဲ့လေးနိုင်ငံ ကွန်ဖရင့်တရပ် စည်းဝေးနိုင်ခဲ့လေသည်။ ထို့ပြင် "မင်းသားသုံးဦး" (သုဝဏ္ဏဖူမာ၊ ဗွန်အုမ်းနှင့် သုဖန္နုဗောင်) တို့ အချင်းချင်း ကာလရှည်ကြာ ဆွေးနွေးစေ့စပ်ပြီးနောက် ၁၉၆၂ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် သုဝဏ္ဏဖူမာခေါင်းဆောင်၍ အမျိုးသား ညီညွတ်ရေးအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုနေ့တွင်ပင် ဂျနီးဗားတွင် ကျင်းပလျက်ရှိသော ဆဲ့လေးနိုင်ငံကွန်ဖရင့်မှ နိုင်ငံအားလုံးက လောနိုင်ငံမှ နိုင်ငံခြားတပ်များ ရုပ်သိမ်းရေးအတွက်၎င်း၊ လောနိုင်ငံ၏ ကြားနေမှုကို အသိအမှတ်ပြုရေးအတွက်၎င်း သဘောတူညီ လက်မှတ်ရေးထိုးခဲ့၏။

၁၉၆၃ ခုနှစ် ဧပြီလတွင် လက်ဝဲယိမ်း ကြားနေ နိုင်ငံခြားရေးဝန်ကြီး ကွီနင် ဖော်ဆီးနား လုပ်ကြံ သတ်ဖြတ်ခြင်းခံရ၍ ပသက်လောဝန်ကြီးများ ဗီယင်တျန်းမှ ထွက်ခွာသွားပြီးနောက်၌ တိုက်ခိုက်မှုများ ပြန်လည် ပေါ်ပေါက်ခဲ့၏။ ၁၉၆၄ ခုနှစ် ဧပြီလတွင် လက်ျာဂိုဏ်းမှ အာဏာလုမှုတရပ် ဖြစ်ပေါ်ခဲ့၍ သုဝဏ္ဏဖူမာသည် ခေတ္တမျှ မိမိနေအိမ်တွင် အကျယ်ချုပ် ချထားခြင်းခံရပြီးနောက် ဝန်ကြီးချုပ်အဖြစ် ဆက်လက် ဆောင်ရွက်သွားရလေသည်။ အစိုးရအဖွဲ့ကိုလည်း ပြန်လည်ဖွဲ့စည်းခဲ့ရာ ထိုအစိုးရ အဖွဲ့ကို ပသက်လောတို့က အသိအမှတ်မပြုခဲ့ချေ။

"မင်းသားသုံးဦး" တို့ အကြား စေ့စပ်ဆွေးနွေးမှုများကို လောနိုင်ငံတွင် ၁၉၆၄ ခုနှစ် ဧပြီလအတွင်း၌၎င်း၊ ပါရစ်မြို့တွင် စက်တင်ဘာလအတွင်း၌၎င်း ပြုလုပ်ခဲ့၏။ ၁၉၆၅ ခုနှစ် ဖေဖွာ်ရီလတွင် ဗိုလ်ချုပ် ဖူမီနိုဆာဗန်က အာဏာလုရန် ကြိုးပမ်းခဲ့ရာ မအောင်မြင်ပဲ ထိုင်းနိုင်ငံသို့ ပြည်နှင်ဒဏ်ပေးခြင်းခံရလေသည်။

၁၉၆၅ ခုနှစ်တွင် ရွေးကောက်ပွဲများကို ကန့်သတ်ကျင်းပခဲ့ရာ လက်ျာဂိုဏ်းမှ အားလုံးလိုလိုအနိုင်ရခဲ့၏။ ကြားနေဂိုဏ်းသားတို့လည်း အတော်အသင့်အနိုင်ရခဲ့သည်။ ထိုရွေးကောက်ပွဲကို ပသက်လောတို့က သပိတ် မှောက်ခဲ့သည်။ အမျိုးသားလွှတ်တော်က သုဝဏ္ဏဖူမာမင်းသားနှင့် ယင်း၏ အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့အပေါ် အယုံအကြည်ရှိကြောင်း အဆိုတင်သွင်း ဆုံးဖြတ်ခဲ့သည်။

လောနိုင်ငံတွင် ဘုရင်မင်းမြတ်သည် နိုင်ငံအကြီးအကဲဖြစ်၏။ တပ်မတော်၏ သေနာပတိချုပ်လည်းဖြစ်၏။ အယူဝါဒဆိုင်ရာ အချုပ်အချာအာဏာပိုင်လည်းဖြစ်၏။ ဘုရင်မင်းမြတ်က ဝန်ကြီးချုပ်ကို ခန့်ထား၍ ဝန်ကြီးအဖွဲ့က ဝန်ကြီးချုပ်ကို ကူညီရသည်။ ဥပဒေပြုအဖွဲ့မှာ အမျိုးသားလွှတ်တော်ဖြစ်၏။ လွှတ်တော် အဖွဲ့ဝင်များကို ငါးနှစ်တကြိမ် အရွယ်ရောက်သူတိုင်း မဲပေး ရွေးကောက် တင်မြှောက်လေသည်။

**လောပီတ ရေအားလျှပ်စစ် စီမံကိန်း။** ။ ဘီလူးချောင်း လျှပ်စစ်စီမံကိန်း — ရှု။

**လောရင့်,တီ၊ အီ** (ခရစ် ၁၈၈၈–၁၉၃၅)။ ။လောရင့် အော့ အာရေဗျ (အာရေဗျနိုင်ငံ၏ လောရင့်) ဟူ၍ ထင်ရှားသော ဗြိတိသျှ စစ်သည်တော်နှင့်စာရေးဆရာကြီးတောမတ် အက်ဒွပ် လောရင့်သည် အင်္ဂလန်ပြည် ဝေလနယ် မြောက်ပိုင်း ပို့မာဒေါခြိ၌ ၁၈၈၈ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဖွားမြင်လေသည်။ ၁၉၁၀ ပြည့်နှစ်အထိ အောက်စဖို့တက္ကသိုလ် ယေရှုကောလိပ်တွင် နိုင်ငံသမိုင်းနှင့် ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာရေး ပညာကို ကောင်းစွာသင်ကြား တတ်မြောက် အောင်မြင်ခဲ့ပေသည်။ အထူးသဖြင့် အာရေဗျ၊ ပါလက်စတိုင် စသော တိုင်းပြည်များ၏ နိုင်ငံသမိုင်းစာပေ စသည်တို့ကို လေ့လာခဲ့သည်။ အခြားသော ဘာသာရပ်များတွင်လည်း ကျွမ်းကျင်သည်။ ထို့နောက် ကရူးဆိတ်စစ်ပွဲများဖြစ်စဉ်က ပေါ်ပေါက်ခဲ့သော ဗိသုကာ စံနစ်များနှင့် အာရေဗျ ဘာသာစကားတို့ကို တတ်သိလို၍ လှည့်လည်သွားလာ စုံစမ်းခဲ့သည်။ ဗဟုသုတ ပြည့်စုံလာသောအခါ ဒီ ဂျီ ဟိုဂတ်နှင့်အတူ ယူဖရေးတီးမြစ်ဝှမ်း ဂျာဗလူးအရပ်သို့ ရှေးဟောင်း သမိုင်းသိုက်များကိုတူးဖော်ရန် လိုက်ပါခဲ့လေသည်။ ပဌမကမ္ဘာစစ် ဖြစ်စအချိန်ထိ ရှေးဟောင်းပစ္စည်းများကို တူးဖော်လေ့လာနေဆဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာစစ်ကြီး ဖြစ်ပွားသောအခါ စစ်ထဲသို့ ဝင်ရန် လျှောက်ထားသော်လည်း လောရင့်သည် အရပ်ပုသူ ဖြစ်သောကြောင့် တိုက်ပွဲများသို့ လိုက်ရသောတပ်တွင် ဝင်ခွင့်မရပေ။ စစ်ရုံး မြေပုံဆွဲဌာန တပ်ခွဲကလေးတတပ်တွင်သာ အမှုထမ်းခဲ့ရသည်။ သို့သော် မိမိနှင့်ဆိုင်ရာ တာဝန်များကို ကောင်းစွာ ထမ်းဆောင်ခဲ့ရကား အီဂျစ်နိုင်ငံရှိ စစ်ထောက်လှမ်းရေးဌာနကို ဦးစီးရန် စေလွှတ်ခြင်းခံရသည်။ နောက်များမကြာမီပင် ဗိုလ်မှူးကြီး အဆင့်အတန်းဖြင့် တူရကီအား ပုန်ကန်လျက်ရှိသော အာရပ်များကို လှုံ့ဆော်ပေးပြီးလျှင် အာရပ်တို့ဖက်မှ နေ၍ တိုက်စစ်ဆင်ရန် အာရေဗျနိုင်ငံသို့ စေလွှတ်ခြင်းခံရ၏။ လောရင့်သည် ထိုအာရပ်ပုန်ကန်မှုကြီးတွင် ပြောက်ကျားစနစ်ကို စတင်အသုံးပြုသူ ဖြစ်သည်။ ပြောက်ကျားစနစ် စစ်ဆင်မှုတွင် လောရင့်သည် အတန်ပင် နာမည် ထွက်ခဲ့လေသည်။ သူ၏စစ်ပရိယာယ်နှင့် နိုင်ငံရေးရာဆက်ဆံကျွမ်းကျင်မှုကြောင့် တူရကီတို့အား အောင်နိုင်ရုံမျှ မက ဆီးရီးယားနိုင်ငံ ဒမက်စကပ်မြို့တော်ကိုပင် သိမ်းပိုက်နိုင်ခဲ့လေသည်။ အာရေဗျနိုင်ငံသို့ လောရင့် ရောက်စဉ်က အာရပ်အင်အားစုများမှာ ဖရိုဖရဲဖြစ်ကာ စိတ်ဓာတ် ပျက်ပြား ကျဆင်းနေချိန်ဖြစ်သော်လည်း လောရင့်၏ မနားမနေ ကြိုးပမ်းမှု၊ ဆက်ဆံရေးကျွမ်းကျင်မှု တို့ကြောင့် အာရပ်လူမျိုးတို့၏ အသည်းစွဲ ယုံကြည် ကိုးစားခြင်းခံရသူတဦး ဖြစ်လာပြီးလျှင် အရာရာတွင် သူ၏ဩဇာ ညောင်းခဲ့သဖြင့် တူရကီတို့အား အောင်နိုင်ခဲ့ခြင်းဖြစ်၏။ လောရင့်သည် အာရေဗျနိုင်ငံ၌ မည်မျှစိတ်ဝင်စားခဲ့သနည်း ဟူမူ ထိုအာရပ် ပုန်ကန်မှုကြီးတွင် အာရပ်လူမျိုးများထက် စိတ်အားထက်သန်ကာ လောရင့်သည် အစားပျက်၊ အသောက်ပျက်၊ အအိပ်ပျက် ခံ၍ ကုလားအုပ်စီးကာ နေ့ရောညဉ့်ပါ လှည့်လည်ကာ စည်းရုံးလှုံ့ဆော်မှု ပြုသည်ဟုပင် အာရပ်လူမျိုးများက ဆိုကြလေသည်။ ထိုမျှသာမကသေး အင်္ဂလိပ် အဝတ်အစားကိုပင် စွန့်ကာ အာရပ်လူမျိုးတို့၏ အဝတ်အစားကိုဝတ်ဆင်၍ နေထိုင်ခဲ့သူဖြစ်လေသည်။



တောမတ်အက်ဒွပ်လောရင့်သည် ပဌမကမ္ဘာစစ်ကြီးအတွင်းက တူရကီလက်အောက်မှ အာရပ်လွတ်မြောက်ရေးကို ကြိုးပမ်းခေါင်းဆောင်ခဲ့သည်။

ထိုသို့ စွန့်စားအောင်မြင်မှုကြောင့် ဗြိတိသျှအစိုးရတို့က ဘွဲ့ထူးများဖြင့် ချီးမြှင့်ခဲ့သော်လည်း ဂုဏ်ပကာသနကိုမလိုလားသော လောရင့်သည် လက်မခံပဲ သာမန်ပုဂ္ဂိုလ်အနေနှင့် ဆက်လက် ဆောင်ရွက်လေသည်။ ဓာတ်ပုံကိုပင် အရိုက်မခံပေ။ ဗြိတိသျှ အစိုးရကသာမဟုတ် အာရပ်လူမျိုးများကလည်း သူ့အား အာရပ်တို့၏ အာဇာနည်အဖြစ် အသိအမှတ် ပြုထားလေသည်။ အာရေဗျနိုင်ငံ၏ သရဖူ မဆောင်းသော ဘုရင်ဟုပင် ချီးကျူးဆိုစမှတ်ပြုကြ၏။ ထို့ကြောင့် သူ့အား အာရေဗျနိုင်ငံ၏ လောရင့်ဟု ခေါ်တွင်ကြရာ ထိုအမည်ဖြင့် ကျော်ကြားလေသည်။

၁၉၁၉ ခုနှစ်တွင် ပါရစ်မြို့၌ကျင်းပသော ငြိမ်းချမ်းရေး ကွန်ဖရင့်သို့ လောရင့် တက်ရောက်ခဲ့ရ၏။ ထိုဆွေးနွေးပွဲတွင်လည်း လောရင့်သည် အာရပ်လူမျိုးတို့ဖက်မှ အရေးဆို၍ အခွင့်အရေးများကို တောင်းဆိုဘူးလေသည်။ ပါလက်စတိုင်း၊ မက်ဆိုပိုတေးမီးယားနှင့် အေဒင်နယ်များကို ဗြိတိသျှ ကိုလိုနီဆိုင်ရာရုံးက အုပ်ချုပ်ရာ လောရင့်အား ၁၉၂၁ ခုနှစ်တွင် အာရပ်ရေးရာ အကြံပေးအရာရှိ အဖြစ် ခန့်အပ်လိုက်လေသည်။ သို့ရာတွင် အာရပ်လူမျိုးတို့အပေါ် ဗြိတိသျှတို့၏ဆက်ဆံပုံကို မကြေနပ်သဖြင့် ၁၉၂၂ ခုနှစ်တွင် ကိုလိုနီဆိုင်ရာရုံးတော်မှ နုတ်ထွက်လိုက်၍ ဘုရင့်လေတပ်မတော်တွင် ဝင်ရောက်အမှုထမ်းသည်။ ဝါဒဖြန့်မှု၊ ဗန်းပြမှုများ ပေါ်များသဖြင့် ပကာသန မကြိုက်သူ လောရင့်သည် လေတပ်မတော်တွင် ရော့စဟု အမည်ပြောင်းကာ အမှုထမ်းနေရာမှ ထွက်၍ တင့်ကားတပ်စုတွင် ရှောဟု အမည် ပြောင်းကာ ဝင်ရောက် ထမ်းရွက် ပြန်လေသည်။ တဖန် ၁၉၂၅ ခုနှစ်တွင် ထိုအမည်ဖြင့်ပင် လေတပ်မတော်သို့ မထင်မရှား ဝင်ရောက်အမှုထမ်းရာ အိန္ဒိယနိုင်ငံ အနောက်မြောက် နယ်စပ်သို့ပင် ရောက်ခဲ့၏။ ၁၉၃၅ ခုနှစ်တွင် လေတပ်မတော်မှထွက်ခဲ့၍ ထိုနှစ်အတွင်း မေလ ၁၃ ရက်နေ့၌ အင်္ဂလန်ပြည် ဒိုဆက်ရှိုင်ယာတွင် မော်တော်ဆိုင်ကယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မတော်တဆတိုက်မိသောကြောင့် ဒဏ်ရာ အကြီးအကျယ် ရလေသည်။ ၁၉၃၅ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ထိုဒဏ်ရာဖြင့် ကွယ်လွန်လေသည်။ သူသည် အာရေဗျနိုင်ငံတွင် စစ်အတွင်း အတွေ့အကြုံ ဗဟုသုတများကို အခြေခံလျက် "အသိဉာဏ်၏ မဏ္ဍိုင် ခုနစ်ခု" ဟူသော စာအုပ်ထူးကို ရေးသားထုတ်ဝေခဲ့သည်။ ထိုပြင် သူသည် အော့ဒိဆီ ဂရိကဗျာကြီးကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့ရာ အကောင်းဆုံးသော အင်္ဂလိပ် ဘာသာပြန်ချက်များတွင် အပါအဝင်ဖြစ်သည်ဟု ဆိုလေသည်။

**လိုရန်း,ကလို** (ခရစ် ၁၆၀၀–၁၆၈၂)။ ။ကလို လိုရန်းသည် မြေပြင်ရှုခင်း ပန်းချီကားများ ရေးဆွဲရာတွင် ထင်ရှားသော ပြင်သစ်ပန်းချီဆရာကြီးတဦးဖြစ်၍ ပြင်သစ်နိုင်ငံ လိုရန်းနယ် ရှာမိန်းအရပ်တွင် ခရစ် ၁၆၀၀ ပြည့်နှစ်၌ ဖွားမြင်သည်။ သူ၏အမည်ရင်းမှာ ကလိုဇယ်လေး ဖြစ်သော်လည်း သူ၏ဇာတိဖြစ်သော လိုရန်းနယ် အမည်ဖြင့် ကလိုလိုရန်း တွင်လေသည်။ ငယ်စဉ်ကပင် ပန်းချီဖက်၌ ဝါသနာထုံခဲ့သည်။

ဆဲ့နှစ်နှစ်သားအရွယ်တွင် ဗေးဒင်နယ် ဖရိုင်ဗုမြို့ရှိ သူ၏အစ်ကို တယောက်နှင့် သွားရောက် နေထိုင် ခဲ့ပြီးနောက် ရောမမြို့သို့သွားကာ မြေပြင်ရှုခင်းရေး ပန်းချီကျော် အော်ဂတ်စတင် တာစီ ထံတွင် နေထိုင်သည်။ ၁၆၂၅ ခုနှစ်တွင် ရောမမြို့မှ ဗင်းနစ် စသည့် အနုပညာထွန်းကားရာ မြို့ကြီးများသို့ လှည့်လည်ကြည့်ရှုပြီးနောက် လိုရန်းသို့ ပြန်သည်။ လိုရန်းမြို့စားကြီး၏လက်သုံး ပန်းချီဆရာ ကလိုဒါရှဲသေးသည် သူ့အား လက်ထောက်အဖြစ် တနှစ် ခန့်ထားသည်။ ထိုအတွင်း၌ ကလို လိုရန်းသည် နန်းစီမြို့ရှိ ကာမိလိုက် ဘုရားဝတ်ကျောင်း၏ အတွင်းမျက်နှာကြက်ပန်းချီကားများကို ရေးဆွဲခဲ့၏။ ၁၆၂၇ ခုနှစ်တွင် ရောမမြို့သို့ ပြန်လာကာ ပုပ်ရဟန်းမင်း အဋ္ဌမအာဗန်၏ စောင်မ စောင့်ရှောက်ခြင်းကို ခံယူသည်။ ကလို၏ မြေပြင် ရှုခင်းကားများသည် ဣတလီဆရာတို့၏လက်ရာ အရိပ်အရောင်များ မကင်းချေ။ သူသည် ပန်းချီကားများကိုလည်း တခုနှင့်တခု မတူစေရန် အထူးလေ့လာပြီးမှ ရေးဆွဲလေ့ရှိသည်။ ၁၆၃၇ ခုနှစ်တွင် သူ၏အမည်သည် ချက်ခြင်း ထင်ပေါ်ကျော်စောလာသည်။ ထိုအခါ အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ ရုရှ၊ ဂျာမနီ နိုင်ငံများရှိ ပြတိုက်များတွင် သူ၏လက်ရာများကို တွေ့ကြရလေသည်။ ကလိုသည် အလွန် စေ့စပ်သေချာသည်ဖြစ်၍ အထူးသဖြင့် အလင်းရောင်၏ပြောင်းလဲပုံကို လေ့လာရေးဆွဲသည်။ သူရေးခြယ်သော ရှုခင်းတွင် ပတ်ဝန်းကျင်လောကဓာတ်၏ အခြေအနေကိုပါ တွေ့မြင်နိုင်စေရန် အလင်းရောင်တို့၏ ပြုပြင်မှု၊ လေတိုက်ခတ်ခြင်းကြောင့် သဘာဝ ပြောင်းလဲမှု၊ လှုပ်ရှားမှုများကို စေ့စပ်စွာ ထည့်သွင်းရေးဆွဲတတ်သည်။ သူ့ခေတ်က ရှုခင်းရေး ပန်းချီဆရာတို့သည် ကလို၏ လက်ရာများကို မှီရန် အားထုတ်ကြသော်လည်း တုချပင် မရနိုင်လောက်အောင် ထူးခြားသော ကလို၏ လက်များကို ခြီးကျူးကြရသည်သာ ဖြစ်၏။

ကလိုသည် နိုင်ငံသမိုင်းနှင့် သက်ဆိုင်သော ရှုခင်းကားများကိုလည်း ရေးဆွဲခဲ့သည်။

ကလိုသည် ၁၆၈၂ ခုနှစ် နိုဝင်ဘာ ၂၁ ရက်နေ့တွင် ရောမမြို့၌ ကွယ်လွန်သည်။ သူသည် ပန်းချီကားပေါင်း ၂၀၀ ကျော်ကို ရေးခြယ်ခဲ့သည်။ သူရေးဆွဲခဲ့သော ကားများမှာ အလွန် တွင်ကျယ်ခဲ့သည်။ သူ၏ပါရမီ ရင့်သန်ကြောင်းကိုပြသည့် ပန်းချီကားများကိုလည်း လန်ဒန်မြို့ နေရှင်နယ် ပုံတူပန်းချီ ပြတိုက်ကြီး၌၎င်း၊ ပြင်သစ်နိုင်ငံ လူးဗရ နန်းတော်ကြီး၌၎င်း၊ ရောမမြို့ ဒေါရိယနန်းတော်၌၎င်း၊ ဗြိတိန်နိုင်ငံရှိ အနုပညာ လိုက်စားသူတို့၏ထံ၌၎င်း တွေ့မြင်နိုင်လေသည်။ ကလိုသည် ပုံထွင်းခြင်းကိုလည်း ပြုလုပ်ခဲ့၍ ထို ပုံထွင်းပန်းချီများကို အနုပညာလိုက်စားသူတို့ အထူးပင်ရှာဖွေစုဆောင်းကြသည်။ သူ၏ကလောင်နှင့်ဆွဲသော ပန်းချီကားများကိုလည်း များစွာ တန်ဖိုးထားကြလေသည်။

**လိုဟင်းဂရင်း**။ ။ဗားဂနား,ရစ်ချတ် — ရှု။

**လိုး,ဒေးဗစ်** (ခရစ် ၁၇၉၁–၁၉၆၃)။ ။မျက်မှောက်ခေတ်တွင် ရုပ်ပြောင် ကာတွန်းများ ခေတ်စား လာသည့်အလျောက် နိုင်ငံရေးရုပ်ပြောင် ကာတွန်း ရေးဆွဲသူတို့တွင် ဒေးဗစ်လိုးသည် အလွန် ထင်ရှားပေသည်။ ဒေးဗစ်လိုးသည် နယူးဇီလန်နိုင်ငံ၊ ဒန်နီဒင်မြို့၌ ၁၇၉၁ ခုနှစ် ဧပြီလတွင် ဖွားမြင်သည်။ ဦးစွာ၌ နယူးဇီလန်နှင့် ဩစတြေလီးယားနိုင်ငံများတွင် ရုပ်ပြောင် ကာတွန်းရေးဆရာအဖြစ် လုပ်ကိုင်ခဲ့ပြီးနောက် လန်ဒန်မြို့သို့ ရွှေ့ပြောင်းလာခဲ့သည်။

၁၉၁၉ ခုနှစ်တွင် လန်ဒန်မြို့၌ ထုတ်ဝေသော စတားအမည်ရှိ သတင်းစာတွင် ရုပ်ပြောင် ကာတွန်းရေးဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်သည်။ ဒေးဗစ်လိုး ရေးဆွဲသော ရုပ်ပြောင်ကာတွန်းများမှာ အလွန်သရုပ်ပေါ်သဖြင့် ထင်ရှားကျော်စောလေလည်။ ၁၉၂၇ ခုနှစ်တွင် လော့ဗီးဗားဗရွတ်ပိုင် အီးဗနင်းစတင်းဒတ် သတင်းစာတိုက်၌ ရုပ်ပြောင် ကာတွန်းရေးဆရာအဖြစ် ဝင်ရောက် လုပ်ကိုင်သည်။ ဒေးဗစ်လိုးသည် ထင်ရှားသော နိုင်ငံပြုသုခမိန်တို့၏ ထူးခြားပေါ်လွင်နေသော အချက်များကို သူ ရေးဆွဲသော ရုပ်ပြောင်များဖြင့် သရုပ်ပေါ်စေ၏။ အထူးသဖြင့် ကာနယ်ဗလင့် ဟု အမည် တပ်သည့် ဗြိတိသျှ ကန့်လန့်ဖြတ်

www.burmeseclassic.com





နိုင်ငံရေး ရုပ်ပြောင်ကာတွန်းဝိဇ္ဇာ ဒေးဗစ် လိုး

နိုင်ငံရေးသမား၏ ရုပ်ပြောင်သည် ဒေးဗစ်လိုး၏လက်စွမ်းကို အကဲခတ်နိုင်စေသော ရုပ်ပြောင်အဖြစ် ထင်ရှားသည်။ ဒေးဗစ်လိုးသည် ရုပ်ပြောင်ရေးဆွဲရုံမကဘဲ ခေတ်ပေါ် ရုပ်ပြောင်သမိုင်း စာအုပ်ကိုလည်း ရေးသားပြုစုခဲ့လေသည်။

ဒေးဗစ်လိုးသည် ၁၉၆၃ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကွယ်လွန်သည်။

**လက်။** ။လူ၏စိတ်ဆန္ဒအရ အမျိုးမျိုး လှုပ်ရှားလုပ်ကိုင်နိုင်စွမ်းရှိသော ကိုယ်ခန္ဓာ၏ အလွန် အသုံးဝင်သည့် အစိတ်အပိုင်းမှာ လက်ဖြစ်၏။ လူတို့၏ လက်နှင့် တိရစ္ဆာန်တို့၏ လက်သည် အလွန်ကွာခြား၏။ လူနှင့်အတူဆုံး အနီးစပ်ဆုံးဟု ဆိုကြသည့် လူဝံပင် လူကဲ့သို့ လက်ကို စိတ်လိုရာ အသုံးပြုနိုင်သောသတ္တိ မရှိချေ။ အပူ အအေး၊ နာကျင်မှုစသော အာရုံတို့ကို ကလေးများလောက်ပင် သိလွယ် ထိလွယ်ခြင်း မရှိပေ။ ယင်းသို့ ဖြစ်ရခြင်းမှာ လူ၏ ဦးနှောက်မှာ တိရစ္ဆာန်၏ ဦးနှောက်ထက် အသိဉာဏ်အရာတွင် ပို၍ကောင်းသောကြောင့်ပင်တည်း။

လက်ဖဝါးအရေပြားအောက်တွင် အဖုမှားများ ရှိ၏။ ထိုအဖုမှားများတွင် ဦးနှောက်မှ လာသော နာဗ်ကြောများ သန်းနေ၏။ လက်သည် အလွန် အံ့ဩဖွယ် ကောင်းသော အင်္ဂါအစိတ်အပိုင်းတခု ဖြစ်သည်ဆိုက မမှားနိုင် ချေ။ လက်၏ ဖွဲ့စည်းထားပုံနှင့် အသုံးဝင်ပုံတို့မှာ အတော်ပင် ဆန်းကြယ်လေသည်။ ပခုံးနှင့် လက်မောင်းသည် ဆုံလည်ဆက် သဘောမျိုးဖြင့် ဆက်နေ၏။ လက်မောင်းနှင့် လက်ရုံးသည်လည်း ပတ္တာဆက်ကဲ့သို့ ဆက်ထား၏။ ထိုနေရာကို တံတောင်ဆစ်ဟုခေါ်၏။ လက်မောင်းတွင် အရိုးကြီးတချောင်းသာ ရှိသော်လည်း လက်ရုံးတွင် လက်ဖျံရိုးကြီး၊ လက်ဖျံရိုးငယ်ဟူ၍ အရိုးနှစ်ချောင်းရှိ၏။ လက်မောင်းရိုးကား အဖျားကြီး၍ လုံးပြီးလျှင် တံတောင်ဆစ်ဖက်သို့ကျသောအခါ အနည်းငယ် ပြား၍နေသည်။ ထိုမှလွန်သော် အရိုးလေးခုစီ နှစ်တန်းပေါင်း အရိုးရှစ်ခုရှိသော လက်ကောက်ဝတ်ရိုး ရှိ၏။ လက်ဖဝါးတွင်မူကား လက်ဖဝါးရိုး ငါးချောင်းရှိသည်။ ထိုအရိုးငါးချောင်းမှ လက်ချောင်း ငါးချောင်းသွယ်၍ ဆင်း၏။ ထိုလက်ချောင်း ငါးချောင်းတို့တွင်လည်း အရင်းဆစ်ရိုးငါးခု၊ အလယ်ဆစ်ရိုးလေးခုနှင့် အဖျားဆစ်ရိုး ငါးခုဟူ၍ အဆစ်ရိုးကလေးပေါင်း ၁၄ ခု ရှိသည်။ လက်မတွင် အလယ်ဆစ်ရိုးမရှိချေ။ ထိုအဆစ်ကလေးများသည် ပျော့ပျောင်းသော အရွတ်များဖြင့် ဆိုင်းလျက်ရှိ၏။ လက်မောင်းရိုး၊ လက်ဖျံရိုး၊ လက်ကောက်ဝတ်ရိုး၊လက်ဖဝါးရိုးနှင့်လက်ဆစ်ရိုးစသည်တို့မှာပြွန်ကဲ့သို့ ခေါင်းပွဖြစ်၍ အတွင်း၌ ခြင်ဆီနှင့်ပြည့်နေလေသည်။

လက်ကို လှုပ်ရှားစေနိုင်သော ကြွက်သားစိုင်တို့သည် များသောအားဖြင့် လက်ရုံးတွင်ရှိကြ၏။ ထိုကြွက်သားစိုင်တို့ကို ခိုင်မာသောကြွက်သားကြောများက လက်ရိုးများဖြင့်ဆက်၍ ပေးထားရာ ကျွန်ုပ်တို့၏ လက်ချောင်းများကို ချိုးကြည့်လျှင် ထိုကြွက်သားကြောများအား မျက်စိဖြင့်လည်း မြင်နိုင်၍ လက်ဖြင့်လည်း စမ်းသပ် တွေ့ရှိနိုင်သည်။ လက်များကို အထက်အောက်သို့ငှင်း၊ ဝဲယာသို့ ငှင်း လှုပ်ရှားပေးသောအခါ လက်ပြင်ရိုးနှင့် လက်မောင်းရိုးတို့သည် ချွတ်ချော် တိမ်းပါးသွားခြင်း မရှိချေ။ အဘယ်ကြောင့်ဆိုသော် ထိုအရိုးနှစ်ခုမှာ ဆုံလည်ဆက် သဘောမျိုးဖြင့် ဆက်နေခြင်းကြောင့် တကြောင်း၊ ကြွက်သားကြောတို့ဖြင့် ဆိုင်းလျက်ရှိခြင်းကြောင့်တကြောင်း ဖြစ်သည်။ အရိုးတခုနှင့်တခု ပွတ်တိုက်ရာတွင် မပွန်းမပဲ့စေခြင်းငှာ အရိုးများတွင် အရိုးနုတထပ် ခံလျက် ရှိလေသည်။ အရိုးအဆစ်တိုင်း၌လည်း အမြှေးတထပ် အုပ်လျက်ရှိသည်။ ယင်းအမြှေးတွင် အဆီဖြင့် ပြွမ်းလျက်ရှိ၏။ ထိုအဆီသည် အမြဲစွတ်စိုစေ၍နေသောကြောင့်လည်း လက်ကိုအမျိုးမျိုး လှုပ်ရှားရာတွင် ပိုမိုပြေပြစ်စေသည်။

လက်တွင် လက်မအသုံးဝင်ပုံမှာ အတော်ပင်ဆန်းကြယ်၏။ လက်မသည် ကိုင်တွယ်ကောက်ယူရာ၌ မည်သည့်လက်ချောင်းဖြင့် ကောက်သည်ဖြစ်စေ သူကဖေးမ ပေးရသည်။ သူမရှိက ကိုင်တွယ်၍မဖြစ်နိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com

# မဟာပုရိသ လက္ခဏာ

**ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးများ ဖြစ်ကြသော စကြာဝတေးမင်း၊ ဗုဒ္ဓဘုရားတို့၌ ခန္ဓာကိုယ် တခုလုံးရှိ အမှတ်အသား၊ အကြောင်း နိမိတ်၊ အစိတ်အပိုင်း အင်္ဂါတို့သည် အများတကာတို့နှင့်မတူ ထူးကဲသော လက္ခဏာတော်များ ရှိလေသည်။ အထူးကဲဆုံးကား မြတ်စွာဘုရားသခင်၏ လက္ခဏာတော်များ ဖြစ်လေသည်။**

**လက္ခဏာတော်ကြီးငယ်။** ။လက္ခဏာတော်ကြီးငယ် ဟူသည် သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ တရာ့ရှစ်ကွက် စက်လက္ခဏာများဖြစ်သည်။ ယင်းလက္ခဏာတို့ကား စကြာဝတေးမင်း၊ ဗုဒ္ဓဘုရားတို့နှင့်သာ သက်ဆိုင်သော မဟာပုရိသလက္ခဏာတို့ဖြစ်သည်။ ထိုလက္ခဏာတို့ကို မဟာပုရိသ လက္ခဏာကျမ်းတို့၌ ကျွမ်းကျင်လိမ်မာသော ပညာရှိတို့သည် ဗုဒ္ဓဘုရား မပွင့်မီကပင် သိရှိနားလည်ကြသည်။ ထို့ကြောင့် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မာယာတို့မှဖွားမြင်သော သိဒ္ဓတ္ထမင်းသားကို ဘုရားစင်စစ်ဖြစ်လိမ့်မည်ဟု ပုဏ္ဏားတို့က ဟောပြောနိုင်ခြင်းဖြစ်သည်။

လက္ခဏာခေါ်ဆိုရာ၌လည်း ခန္ဓာကိုယ်တခုလုံးရှိ အမှတ်အသားတို့ကိုရင်း၊ အကြောင်းနိမိတ်တို့ကိုရင်း၊ အစိတ်အပိုင်းအင်္ဂါတို့ကိုရင်း ခေါ်ဆိုခြင်းဖြစ်သည်။ အကြောင်းကား ထိုအမှတ်အသား၊ အကြောင်းနိမိတ်၊ အစိတ်အပိုင်းအင်္ဂါတို့ကို မြင်သဖြင့် ဤသူကား စကြာဝတေးမင်းဖြစ်လိမ့်မည်။ ဗုဒ္ဓဘုရားဖြစ်လိမ့်မည်။ မင်းဖြစ်လိမ့်မည်။ အမတ်ဖြစ်လိမ့်မည်။ သဌေးဖြစ်လိမ့်မည်။ သူကြွယ်ဖြစ်လိမ့်မည်။ သူဆင်းရဲဖြစ်လိမ့်မည်။ အသက်ရှည်လိမ့်မည်၊ တိုလိမ့်မည်။ ဘယ်အခါသေဆုံးလိမ့်မည် စသည်ဖြင့် ကောင်းကျိုး မကောင်းကျိုးတို့ကို သိရှိနားလည်နိုင်သောကြောင့်တည်း။ ထိုပြင် ကြန်စုံသည်။ ကြန်၊ အင်္ဂါ၊ လက္ခဏာနှင့်ပြည့်စုံသည်။ ဆင်ကြန်၊ မြင်းကြန်စသော စကားတို့၌လည်း လက္ခဏာကိုပင် ကြန်ဟု ခေါ်ဆိုကြသေးသည်။

ယခုအခါ တွေ့မြင်နေရသော လက္ခဏာဆရာတို့သည် လူခန္ဓာကိုယ်တခုလုံးရှိ အမှတ်အသားလက္ခဏာတို့ကိုကြည့်ရှုစစ်ဆေး၍ ကောင်းကျိုးမကောင်းကျိုးကို ဟောပြောကြသည် မဟုတ်၊ လက်ဖဝါးနှစ်ဖက်ရှိ အမှတ်အသား လက္ခဏာတို့ကိုသာ ကြည့်ရှုစစ်ဆေး၍ ဟောပြောနေကြသဖြင့် မပြည့်စုံ၊ သဘာဝမကျ။ အကြောင်းကား ဒီဃနိကာယ် ပါထိကဝဂ် လက္ခဏာသုတ်အစရှိသော ထိုထိုပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ နိဿယ ဂန္ထန္တရ လက္ခဏာခန်းပျို၊ မဟာပုရိသလက္ခဏာပျို၊ စည့်ပါဆရာတော်ရေး သာမုဒြိကပျို၊ နဝဒေးရေး သာမုဒြိက မော်ကွန်းတို့မှာ မဟာပုရိသလက္ခဏာနှင့် တပါးသော မိန်းမ ယောကျ်ားတို့လက္ခဏာတို့ကို ပြဆိုရာ၌ လက်ဖဝါးနှစ်ဖက်ရှိ အမှတ်အသား လက္ခဏာတို့ကိုသာ ပြဆိုသည် မဟုတ်၊ ခန္ဓာကိုယ်တခုလုံးရှိ အမှတ်အသား လက္ခဏာတို့ကိုပါ ပြဆိုထားသောကြောင့်ဖြစ်သည်။

ထို လက္ခဏာ ခေါ်ဆိုသောစကားမှာ သက်ရှိသက်မဲ့ အလုံးစုံနှင့်သက်ဆိုင်နေသော်လည်း ဤနေရာကား အလုံးစုံကို ပြဆိုရေးသားနေရန်မဟုတ်၊ မဟာပုရိသ လက္ခဏာကိုသာ ပြဆိုရေးသားရန်ဖြစ်သည်။

**သုံးဆဲ့နှစ်ပါးသော လက္ခဏာတော်ကြီး**

(၁) သုပ္ပတိဋ္ဌိတပါဒ—ရွှေခြေနင်းကဲ့သို့ ညီညွတ်စွာ မြေ၌တည်သော ခြေဖဝါး ရှိခြင်း။

ယင်းလက္ခဏာကို ရှေးလူဖြစ်စဉ်အခါ ကုသိုလ်ကောင်းမှုတို့ကို မတွန့်မဆုတ် မြဲမြံစွာဆောက်တည်၍ ပြုခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား သူတပါးတို့ မလှုပ်ချောက်ချားနိုင်၊ မဖျက်ဆီးနိုင်။

(၂) စက္ကေနင်္ကိတပါဒ—စကြာရတနာဖြင့် မှတ်သားအပ်သော ခြေဖဝါးရှိခြင်း။

ယင်းလက္ခဏာကို ရှေးလူဖြစ်စဉ်အခါ လူအများ ချမ်းသာအောင် ဆောင်ရွက်ခြင်း၊ အခြံအရံနှင့်တကွ ပေးလှူခြင်းတို့ကို ပြုခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား အခြံအရံ ပေါများခြင်း။

(၃) အာယတပဏှိ—ရွှေကျင်ဖုကဲ့သို့ ရှည်၍လုံးသော ခြေဖနောင့်ရှိခြင်း။

(၄) ဒီဃင်္ဂုလိ—ရှည်သော လက်ချောင်းခြေချောင်း ရှိခြင်း။

(၅) ဗြဟ္မုဇုဂတ္တ—ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်ရှိခြင်း။

ယင်းလက္ခဏာသုံးပါးကို ရှေးလူဖြစ်စဉ်အခါ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား အသက်ရှည်သည်။

(၆) သတ္တုဿဒ—လက်ဖမိုးနှစ်ဖက်၊ ခြေဖမိုးနှစ်ဖက်၊ ပခုံးနှစ်ဖက်၊ လည်ကုပ်၊ ခုနစ်ပါးသောအရပ်တို့၌ (တနည်း) ရင်၊ ညှပ်ရိုးနှစ်ဖက်၊ ပခုံးနှစ်ဖက်၊ လက်နှစ်ဖက်၊ ခုနစ်ပါးသောအရပ်တို့၌ ပြည့်ဖြိုးသောအသားရှိခြင်း။

ယင်းလက္ခဏာကို ရှေး လူဖြစ်စဉ်အခါ မွန်မြတ်သော ဘောဇဉ်ခဲဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်တို့ကိုပေးလှူခဲ့ဘူးသောကြောင့်ရရှိသည်။ အကျိုးကား မွန်မြတ်သော ဘောဇဉ်၊ ခဲဖွယ်၊ လျက်ဖွယ်၊ သောက်ဖွယ်တို့ကိုရရှိသည်။

(၇) မုဒု တလုန ဟတ္ထပါဒ—နူးညံ့သိမ်မွေ့သောလက်ဖဝါး ခြေဖဝါးရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



(၈) ဇာလဟတ္ထပါဒ — တိုရှည် မရှိ၊ ညီညွတ်သော လက်ချောင်း ခြေချောင်းရှိခြင်း။

ယင်းလက္ခဏာနှစ်ပါးကို ရှေးလူဖြစ်စဉ်အခါ ဒါန—ပေးကမ်း စွန့်ကြဲခြင်း၊ ပိယဝါစာ—ချစ်ဖွယ်သောစကားကို ဆိုခြင်း၊ အတ္ထစရိယ—အကျိုးစီးပွားကို ကျင့်ခြင်း၊ သမာနတ္တတာ—ချမ်းသာဆင်းရဲကို မိမိနှင့်အတူ ထားခြင်း၊ သင်္ဂဟ—ဝတ္ထုလေးပါးတို့ဖြင့် လူအပေါင်းကို ခြီးမြှောက် ထောက်ပံ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား ကောင်းစွာခြီးမြှောက် ထောက်ပံ့အပ်သော ပရိသတ်ရှိသည်။

(၉) ဥဿင်္ခပါဒ — ခြေဖမိုးအထက်၌ ဖည်၍ မြင့်သော ဖမျက်ရှိခြင်း။

(၁၀) ဥဒ္ဓဂ္ဂလောမ—လက်ယာရစ်လည်၍ အထက်သို့ အဖျားကော့တက်သော မွေးညှင်းရှိခြင်း။

ယင်းလက္ခဏာနှစ်ပါးကို ရှေးလူဖြစ်စဉ်အခါ အကျိုးစီးပွားရှိသောစကားကို ပြောဆိုခဲ့ဘူးသောကြောင့်ရရှိသည်။ အကျိုးကား ကြီးကျယ်မြင့်မြတ်သော အကျိုးကို ရရှိသည်။

(၁၁) ဧဏိဇင်္ဃ—ဧဏီ သားကောင်၏ မြင်းခေါင်းကဲ့သို့ ပြည့်ဖြိုးသော မြင်းခေါင်းရှိခြင်း။

ယင်းလက္ခဏာကို ရှေးလူဖြစ်စဉ်အခါ အတတ်ပညာကို ရိုသေစွာ သင်ကြားပေးခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား အသုံးအဆောင်ပရိဘောဂတို့ကို ရရှိသည်။

(၁၂) သုခုမစ္ဆဝိ—အညစ် အကြေးမရှိ နူးညံ့ သိမ်မွေ့သော အရေရှိခြင်း။

ယင်းလက္ခဏာကို ရှေးလူဖြစ်စဉ်အခါ ရဟန်း ပုဏ္ဏားပညာရှိတို့ထံ ဆည်းကပ်၍ ကုသိုလ်၊ အကုသိုလ်၊ အပြစ်ရှိမရှိ စသည်တို့ကိုမေးမြန်းခဲ့ဘူးသောကြောင့်ရရှိသည်။ အကျိုးကား ကြီးကျယ်မြင့်မြတ်သော ပညာရှိသည်။

(၁၃) သုဝဏ္ဏဝဏ္ဏ—သိင်္ဂီနိက္ခ ရွှေအဆင်းကဲ့သို့ အဆင်းရှိခြင်း။

ယင်းလက္ခဏာကို ရှေးလူဖြစ်စဉ်အခါ အမျက်ဒေါသနည်းပါးခြင်း၊ နူးညံ့သိမ်မွေ့သော အခင်းအရုံ စသည်တို့ကို ပေးလှူခဲ့ဘူးခြင်းကြောင့် ရရှိသည်။ အကျိုးကား နူးညံ့သိမ်မွေ့သော အခင်းအရုံ စသည်ကိုရရှိသည်။

(၁၄) ကောသော ဟိတ ဝတ္ထ ဂုယှ—ဆဒ္ဒန် ဆင်မင်း၏ အင်္ဂါဇာတ်ကဲ့သို့ အအိမ်ဖြင့်ဖုံးလွှမ်းသော အင်္ဂါဇာတ်ရှိခြင်း။

ယင်းလက္ခဏာကို ရှေးလူဖြစ်စဉ်အခါ ကြာမြင့်စွာ ကွဲကွာနေသော အမျိုးအဆွေ ခင်ပွန်းတို့ကို တပေါင်းတည်းဖြစ်အောင် ပေါင်းစပ်ပေးခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား သားကောင်း များစွာရရှိသည်။

(၁၅) နိဂြောဓပရိမဏ္ဍလ—ပြည်ညောင်ပင်၏ အဝန်းကဲ့သို့ အလံနှင့်အရပ် ညီမျှလျှက် ဝန်းသောကိုယ် ရှိခြင်း။

(၁၆) အနောနမ ဇဏ္ဏုပရိမဇ္ဇန—ရပ်လျက် မကိုင်းမညွတ်ဘဲ လက်ဖြင့် ပုဆစ်ဒူးကို သုံးသပ်နိုင်ခြင်း။

ယင်းလက္ခဏာနှစ်ပါးကို ရှေးလူဖြစ်စဉ်အခါ လူအပေါင်းကိုခြီးမြှောက်ထောက်ပံ့ရာဝယ် ထိုက်တန်သည်၊ မထိုက်တန်သည်ကိုဆင်ခြင်၍ ထိုက်တန်သည့်အလျောက် ခြီးမြှောက်ထောက်ပံ့ခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား ပစ္စည်းဥစ္စာနှင့် ပြည့်စုံသည်။

(၁၇) သီဟပုဗ္ဗဒ္ဓကာယ—ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်ကိုယ်ကဲ့သို့ ပြည့်ဖြိုးသောကိုယ်ရှိခြင်း။

(၁၈) စိတန္တရံသ—ရေစီးကြောင်းမထင် တပြင်တည်း ပြည့်ဖြိုးသော ကျောရှိခြင်း။

(၁၉) သမဝဋ္ဋက္ခန္ဓ—မုရိုးစည်ကဲ့သို့ ညီညွတ်စွာလုံးသော ပခုံး လည်ပင်းရှိခြင်း။

ယင်းလက္ခဏာသုံးပါးကို ရှေးလူဖြစ်စဉ်အခါ လူအများ၏အကျိုးစီးပွားကို အလိုရှိခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား စည်းစိမ်ဥစ္စာ သဒ္ဓါတရား စသည်တို့မှ ဆုတ်ယုတ်ခြင်းမရှိ။

(၂၀) ရသဂ္ဂသဂ္ဂီ—အရသာကို ဆောင်ယူ နိုင်သော ကောင်းသော အကြောရှိခြင်း။

ယင်းလက္ခဏာကို ရှေးလူဖြစ်စဉ်အခါ သတ္တဝါတို့ကို ခဲ တုတ် စသော လက်နက်ဖြင့် မညှဉ်းဆဲခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား အနာရောဂါ နည်းပါးသည်။

(၂၁) အဘိနီလနေတ္တ—အလွန် ညို(ပြာ) သော မျက်လုံးရှိခြင်း။

(၂၂) ဂေါ ပခုမ—ဖွားသစ်စ နွားငယ်ကဲ့သို့ နုပျိုသော မျက်မွေးရှိခြင်း။

ယင်းလက္ခဏာနှစ်ပါးကို ရှေးလူဖြစ်စဉ်အခါ လူအပေါင်းကို ချစ်ခင်မြတ်နိုးသော မျက်စိဖြင့် ကြည့်ရှုဘူးသောကြောင့်ရရှိသည်။ အကျိုးကား လူအများတို့ချစ်ခင်ကြင်နာသည်။

(၂၃) ဥဏှီသ သီသ—နားနှစ်ဖက်အကြား၌ တက်ကြွသော အသားလွှာ သင်းကျစ်များဖြင့် ရစ်ပတ်သော ဦးခေါင်းရှိခြင်း။

ယင်းလက္ခဏာကိုရှေးလူဖြစ်စဉ်အခါ ကုသိုလ်ကောင်းမှုတို့၌ အကြီးအမှူး ရှေ့သွားပြုလုပ်ခဲ့ဘူးသောကြောင့်ရရှိသည်။ အကျိုးကား လူအပေါင်းကို မိမိအလိုသို့ လိုက်စေနိုင်သည်။

(၂၄) ဧကေကလောမ—မွေးတွင်းတခုတခု၌ တချောင်းတချောင်းစီပေါက်သော မွေးညှင်းရှိခြင်း။

(၂၅) ဥဏ္ဏာလောမ—မျက်ခုံးနှစ်ခုအလယ်၌ လက်ယာရစ်လည်လျက် အထက်သို့ အဖျားကော့တက်သော ဥဏ္ဏလုံမွေးရှင် ရှိခြင်း။

www.burmeseclassic.com



ယင်းလက္ခဏာနှစ်ပါးကို ရှေးလူဖြစ်စဉ်အခါ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့ဘူးသောကြောင့်ရရှိသည်။ အကျိုးကား လူအပေါင်းသည် မိမိ အလိုသို့ အစဉ်လိုက်ရသည်။

(၂၆) စတ္တာလီသဒန္တ–အထက် အောက် နှစ်ဆယ်စီ အားဖြင့် သွားလေးဆယ်ရှိခြင်း။

(၂၇) အဝိရဠ ဒန္တ–မခေါ မကြဲ ညီညွတ်သော သွားရှိခြင်း။

ယင်းလက္ခဏာ နှစ်ပါးကို ရှေးလူဖြစ်စဉ်အခါ သူနှစ်ဦးကွဲပြားသွားအောင် ကုန်းတိုက်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား သူတပါးမဖျက်ဆီးနိုင်သော ပရိသတ်ရှိသည်။

(၂၈) ပဟုတဇိဝှ–ရှည်ပြန့်သော လျှာရှိခြင်း။

(၂၉) ဗြဟ္မဿရ–ဗြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အသံရှိခြင်း။

ယင်းလက္ခဏာနှစ်ပါးကို ရှေးလူဖြစ်စဉ်အခါ ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား သူတပါးတို့ နှသယူဖွယ်သော စကားရှိသည်။

(၃၀) သီဟ ဟနု–ခြင်္သေ့မင်း၏ မေးကဲ့သို့ တိဝန်းသော မေးရှိခြင်း။

ယင်းလက္ခဏာကို ရှေးလူဖြစ်စဉ်အခါ အကျိုးမရှိသော စကားကိုပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား ရန်သူတို့မဖျက်ဆီးနိုင်။

(၃၁) သမဒန္တ–ခရုသင်း ပွတ်သစ်ကဲ့သို့ ဖြူစင် ညီညွတ်သော သွားတော်ရှိခြင်း။

(၃၂) သုသုက္ကဒါဌာ–ခရုသင်း ပွတ်သစ်ကဲ့သို့ ဖြူစင်သော စွယ်တော်လေးချောင်းရှိခြင်း။

ယင်းလက္ခဏာနှစ်ပါးကို ရှေးလူဖြစ်စဉ်အခါ မှားယွင်းသော အသက်မွေးခြင်းမှ ရှောင်ကြဉ်ခဲ့ဘူးသောကြောင့် ရရှိသည်။ အကျိုးကား စင်ကြယ်သောအခြံအရံရှိသည်။

ဤကား ရှေးအခါက ပြုလုပ်ခဲ့ဘူးသော ကောင်းမှုကံ၊ ယင်းကောင်းမှုကံနှင့်တူစွာ ရရှိသော လက္ခဏာ၊ ယင်းလက္ခဏာ၏ အကျိုးတို့ဖြင့် စုံလင်စွာ ရေးသားအပ်သော ၃၂ ပါးသော လက္ခဏာတော်ကြီးတို့ဖြစ်သည်။

### ရှစ်ဆယ်သောလက္ခဏာတော်ငယ်

( ၁ ) စိတင်္ဂုလိတာ–စေ့စပ်သော လက်ချောင်း ခြေချောင်းရှိခြင်း။

( ၂ ) အနုပုဗ္ဗင်္ဂုလိတာ–အဖျားငယ်၍ အစဉ်အတိုင်း သွယ်သော လက်ချောင်းခြေချောင်းရှိခြင်း။

( ၃ ) ဝဋ္ဋင်္ဂုလိတာ–လုံးသော လက်ချောင်း ခြေချောင်းရှိခြင်း။

( ၄ ) တမ္ဗနခတာ–နီသောလက်သည်း ခြေသည်း ရှိခြင်း။

( ၅ ) တုင်္ဂ နခတာ–မြင့်ချွန်သော လက်သည်း ခြေသည်း ရှိခြင်း။

( ၆ ) သိနိဒ္ဓနခတာ–သိမ်မွေ့ပြေပြစ်သော လက်သည်း ခြေသည်းရှိခြင်း။

( ၇ ) နိဂူဠ ဂေါပ္ဖကတာ–မထင်ရှားသော ဖမျက်ရှိခြင်း။

( ၈ ) သမ ပါဒတာ–ဆယ်ချောင်းလုံး ညီညွတ်သော ခြေချောင်းရှိခြင်း။

( ၉ ) ဂဇ သမာနက္ကမတာ–မင်းနှင့် တူသော အသွားရှိခြင်း။

( ၁၀ ) သီဟ သမာနက္ကမတာ–ခြင်္သေ့မင်း နှင့်တူသော အသွားရှိခြင်း။

( ၁၁ ) ဟံသ သမာနက္ကမတာ–ဟင်္သာမင်းနှင့် တူသော အသွားရှိခြင်း။

( ၁၂ ) ဥသဘ သမာနက္ကမတာ–နွားမင်း ဥသဘနှင့်တူသော အသွားရှိခြင်း။

( ၁၃ ) ဒက္ခိဏာဝဋ္ဋ ဂတိတာ–လက်ယာရစ် လည်သော အသွားရှိခြင်း။

( ၁၄ ) သမန္တတော စာရုဇဏ္ဏုမဏ္ဍလတာ–ထက်ဝန်းကျင် တင့်တယ်သော ပုဆစ်ဒူးဝန်းရှိခြင်း။

( ၁၅ ) ပရိပုဏ္ဏ ပုရိသ ဗျဉ္ဇနတာ–ပြည့်စုံသော ယောကျ်ားမြတ်၏ အင်္ဂါဇာတ်ရှိခြင်း။

( ၁၆ ) အစ္ဆိဒ္ဒ နာဘိတာ–အရေးအကြောင်း မပေါက်ပြတ်သော ချက်ရှိခြင်း။

( ၁၇ )ဂမ္ဘီရ နာဘိတာ–တွင်းနက်သောချက်ရှိခြင်း။

( ၁၈ ) ဒက္ခိဏာဝဋ္ဋ နာဘိတာ–အရေးအကြောင်း လက်ယာရစ်လည်သော ချက်ရှိခြင်း။

( ၁၉ ) ဒွိရဒကရ သဒိသ ဦရုဘုဇတာ–ပိုးနသန် ခွေနှင့်တူသော ပေါင်နှစ်ဖက် ထက်ဝယ်ဖွဲ့ခွေခြင်း။

( ၂၀ ) သုဝိဘတ္တ ဂတ္တတာ–ကောင်းစွာ ဝေဖန်အပ်သော ကိုယ်ရှိခြင်း။

( ၂၁ ) အနုပုဗ္ဗ ဂတ္တတာ–အစဉ်အတိုင်း တက်သော ကိုယ်ရှိခြင်း။

( ၂၂ ) မဋ္ဌ ဂတ္တတာ–ပြေပြစ်သောကိုယ်ရှိခြင်း။

( ၂၃ ) အနုန္နာနုန္နတ သမ ဂတ္တတာ–မရှိုက် မဖြိုး ညီညွတ်သော ကိုယ်ရှိခြင်း။

( ၂၄ ) အလီန ဂတ္တတာ–မတွန့်မလိပ်သော ကိုယ်ရှိခြင်း။

( ၂၅ ) တိလကာဒိ ဝိရဟိတ ဂတ္တတာ–မှဲ့မည်း စသည်မှကင်းသော ကိုယ်ရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



( ၂၆ ) အနုပုဗ္ဗ ရုစိရ ဂတ္တတာ—အစဉ်အတိုင်း ပြိုး ပြိုးပြက်သော ကိုယ်ရှိခြင်း။

( ၂၇ ) သုဝိသုဒ္ဓ ဂတ္တတာ—အထူးသဖြင့် စင်ကြယ်သော ကိုယ်ရှိခြင်း။

( ၂၈ ) ကောဋိသဟဿ ဟတ္ထိဗလ ဓာရဏတာ—ကုဋေ တထောင်သော ကာဠာဝက ဆင်မျိုး၏ အားကို ဆောင်နိုင်သော အားရှိခြင်း။

( ၂၉ ) သုဝဏ္ဏ တုဂ်ံနာသတာ—ရွှေချွန်းကဲ့သို့ မြင့်ချွန်းသော နှာခေါင်းရှိခြင်း။

( ၃၀ ) ရတ္တ ဒွိဇ မံသတာ— နီမြန်းသော နှုတ်ခမ်းရှိခြင်း။

( ၃၁ ) သုဒ္ဓ ဒန္တတာ—စင်ကြယ်သော သွား ရှိခြင်း။

( ၃၂ ) သိနိဒ္ဓ ဒန္တတာ—ပြေပြစ်သောသွား ရှိခြင်း။

( ၃၃ ) ဝိသုဒ္ဓိန္ဒြိယတာ— အထူးသဖြင့် စင်ကြယ်သော စက္ခု စသော ဣန္ဒြေရှိခြင်း။

( ၃၄ ) ဝဋ္ဋ ဒါဌတာ— လုံးသော စွယ်တော် ရှိခြင်း။

( ၃၅ ) ဝဋ္ဋောဋ္ဌတာ—လုံးသော နှုတ်ခမ်း ရှိခြင်း။

( ၃၆ ) အာယတ ဝဒနတာ—ကျယ်ပြန့်သော နှုတ်ခမ်းရှိခြင်း။

( ၃၇ ) ဂမ္ဘီရ ပါဏိ လေခတာ— နက်သော ထင်ရှားသော လက်ကြားအရေးရှိခြင်း။

( ၃၈ ) အာယတ လေခတာ—ရှည်သောလက်ကြားအရေးရှိခြင်း။

( ၃၉ ) ဥဇုက လေခတာ – ဖြောင့်သောလက်ကြားအရေးရှိခြင်း။

( ၄၀ ) သုရုစိ သဏ္ဌာနလေခတာ—ရှုချင်ဖွယ်သဏ္ဌာန်လက်ကြားအရေးရှိခြင်း။

( ၄၁ ) ပရိမဏ္ဍလ ကာယပ္ပဘာ ဝန္တတာ—အဝန်းညီသော တလံမျှ ကိုယ်ရောင်ရှိခြင်း။

( ၄၂ )ပရိပုဏ္ဏကပေါလတာ—ပြည့်ဖြိုးသောပါးရှိခြင်း။

( ၄၃ ) အာယတ ဝိသာလ နေတ္တတာ—ရှည်ကျယ်သော မျက်ကွင်းရှိခြင်း။

( ၄၄ ) ပဉ္စပ္ပသာဒဝန္တ နေတ္တတာ— အဆင်းငါးပါးရှိသော ကြည်ညိုဖွယ်သော မျက်စိရှိခြင်း။

( ၄၅ ) အာကုဉ္စိတဂ္ဂ ဘမုကတာ – ကွေးညွတ်၍ တက်သော မျက်မှောင်ရှိခြင်း။

( ၄၆–၄၇ ) မုဒုတနုက ရတ္တ ဇိဝှတာ— နူးညံ့ပါး လှာသော နီမြန်းသော လျှာ ရှိခြင်း (ဤ၌ မုဒုတနုက ဇိဝှတာ—နူးညံ့ပါးလှာသော လျှာ ရှိခြင်း၊ ရတ္တ ဇိဝှတာ— နီမြန်းသော လျှာရှိခြင်း နှစ်ပါး ခွဲယူလျှင် ကောင်း၏။)

( ၄၈–၄၉) အာယတ ရုစိ ကဏ္ဏတာ – ရှည်သော နှစ်လိုဖွယ်သော နား ရှိခြင်း၊ (နှစ်ပါးယူသည်။)

( ၅၀ ) နိဂဏ္ဌ သိရတာ— ထွတ်မြင်းနာ ကင်းသော ဦးခေါင်းရှိခြင်း။

( ၅၁ ) နိဂုဠ္ဌ သိရတာ— နိမ့်ရှိုင်း မရှိသော ဦးခေါင်းရှိခြင်း။

( ၅၂ ) ဝိစ္ဆိဒ္ဒနိရဝ သိရတာ— အစုတ်အပြတ် မရှိသော ဦးခေါင်းရှိခြင်း။

( ၅၃ ) အာယတ ပုထုလ နလာတ သောဘတာ— ရှည်ကျယ်သော နဖူးပြင်၏ တင့်တယ်ခြင်း။

( ၅၄ ) သုသဏ္ဌာန ဘမုကတာ— ကောင်း သော သဏ္ဌာန်ရှိသော မျက်မှောင်ရှိခြင်း။

( ၅၅ ) သုသဏ္ဌာန ဟာရ ဘမုကတာ— ကောင်းသော သဏ္ဌာန်ကို ဆောင်သော မျက်မှောင်ရှိခြင်း။

( ၅၆ ) အနုလောမ ဘမုကတာ— ညွတ်ညွတ် တက်သော မျက်မှောင်ရှိခြင်း။

( ၅၇ ) သုခုမာလ ဂတ္တတာ— သိမ်မွေ့သော ကိုယ်ရှိခြင်း။

( ၅၈ ) အတိဝိယ သောဘာ ဂတ္တတာ—အလွန် ငြိမ်းချမ်းသော ကောင်းသော ကိုယ် ရှိခြင်း။

( ၅၉ ) အတိဝိယ ဥဇ္ဇလိတ ဂတ္တတာ – အလွန် ထွန်းပသော ကိုယ် ရှိခြင်း။

( ၆၀ ) ဝိမလ ဂတ္တတာ— အညစ်အကြေးကင်းသော ကိုယ် ရှိခြင်း။

( ၆၁ ) ကောမလ ဂတ္တတာ—နူးညံ့သောကိုယ်ရှိခြင်း။

( ၆၂ ) သိနိဒ္ဓ ဂတ္တတာ— သိမ်မွေ့ ပြေပြစ်သော ကိုယ် ရှိခြင်း။

( ၆၃ ) သုဂန္ဓ ဂတ္တတာ—မွှေးကြိုင်သောကိုယ်ရှိခြင်း။

( ၆၄ ) သမ လောမတာ—ညီညွတ်သော မွေးညှင်းရှိခြင်း။

( ၆၅ ) ကောမလ လောမတာ— နူးညံ့သော မွေးညှင်းရှိခြင်း။

( ၆၆ ) ဒက္ခိဏာဝဋ္ဋ လောမတာ— လက်ယာရစ်လည်သော မွေးညှင်းရှိခြင်း။

( ၆၇ ) ဘိန္နဉ္ဇန နဂသိရီ နီလ လောမတာ— ပေါက်ကွဲသော ရွှေတောင်၏ အသရေကဲ့သို့ ဦးခေါင်းတော်၌ ရောက်သော ညိုသော မွေးညှင်းရှိခြင်း။

( ၆၈ ) ဝဋ္ဋက လောမတာ— လုံးသော မွေးညှင်းရှိခြင်း။

( ၆၉ ) သိနိဒ္ဓ လောမတာ— သိမ်မွေ့သော မွေးညှင်းရှိခြင်း။

( ၇၀ ) အတိသုခုမ အဿာသ ပဿာသဓာရဏတာ— အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကို ဆောင်သော ကိုယ်ရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com



( ၇၁ ) သုဂန္ဓ မုခ္ဒတာ အလွန်မွှေးကြိုင်သော ဦးထိပ်ရှိခြင်း။

( ၇၂ ) သုနီလ ကေသတာ–ကောင်းစွာ မည်းနက်သော ဆံပင်ရှိခြင်း။

( ၇၃ ) ဒက္ခိဏာဝဋ္ဋ ကေသတာ– လက်ယာရစ်လည်သော ဆံပင်ရှိခြင်း။

( ၇၄ ) သုသဏ္ဌာန ကေသတာ– ကောင်းသော သဏ္ဌာန်ရှိသော ဆံပင်ရှိခြင်း။

( ၇၅ ) သိနိဒ္ဓ ကေသတာ– သိမ်မွေ့သော ဆံပင်ရှိခြင်း။

( ၇၆ ) သဏ္ဌာန ကေသတာ– ကောင်းစွာ တည်သော ဆံပင်ရှိခြင်း။

( ၇၇ ) အလုလိတ ကေသတာ– မရောရှက်သော ဆံပင်ရှိခြင်း။

( ၇၈ )သမ ကေသတာ–ညီညွတ်သောဆံပင်ရှိခြင်း။

( ၇၉ ) ကောမလ ကေသတာ–နူးညံ့သော ဆံပင်ရှိခြင်း။

( ၈၀ ) ကေတု မာလာ ရတန ဝိစိတ္တတာ–ဦးထိပ်တော်၌ အရောင်စုံ တူသော ကေတုမာလာဖြင့် ဆန်းကြယ်ခြင်း။

ဤကား ရှစ်ဆယ်သော လက္ခဏာငယ်တို့ ဖြစ်သည်။ ယင်း လက္ခဏာငယ်တို့ကား တကျမ်းနှင့် တကျမ်း အဆိုမညီ ကွဲလွဲလျက်ရှိကြသည်။ ထိုသို့ ကွဲလွဲလျက် ရှိသော်လည်း ဋီကာအစောင်စောင်၊ ဂဏ္ဌိဝိနိစ္ဆယ ဂန္ထန္တရ အစားစားကို ကြည့်ရှု နှိုင်းချိန်ကာ ဆုံးဖြတ် ထားသော သမန္တ စက္ခုဒီပနီကျမ်းကို မှုထား၍ ရေးသားဖော်ပြအပ်သတည်း။

### တရာ့ရှစ်ကွက် စက်လက္ခဏာ

( ၁ ) သတ္တိ–လှံမ၊ ( ၂ ) သိရိဝစ္ဆ–အိမ်မွန်၊ (ကျက်သရေတိုက်)၊ ( ၃ ) နန္ဒိယာဝဋ္ဋ–ဇလပ်ပန်း၊ ( ၄ ) သောဝတ္ထိက–လည်ရေး သုံးဆင့်၊ ( ၅ ) ဝဋံသက–ဦးဆောက်ပန်း၊ ( ၆ ) ဝဍ္ဍမာန–ထမင်းပွဲ၊ ( ၇ ) ဘဒ္ဒပီဌ–အင်းပျဉ်၊ သလွန်၊ ( ၈ ) အင်္ကုသ–ချွန်းတောင်း၊ ( ၉ ) ပါသာဒ–ပြာသာဒ်၊ ( ၁၀ ) တောရဏ–တုရိုင်တိုင်၊ ( ၁၁ ) သေတဆတ္တ–ထီးဖြူ၊ ( ၁၂ ) ခဂ္ဂ–သန်လျက်၊ ( ၁၃ )တာလဝဏ္ဋ–ထန်းရွက်ယပ်၊ ( ၁၄ ) မယူရဟတ္ထ–ဥဒေါင်းမြီးယပ်၊ ( ၁၅ ) စာမရီဟတ္ထ–စာမရီသားမြီးယပ်၊ ( ၁၆ ) ဥဏှီသ–သင်းကျစ်၊ ( ၁၇ ) ပတ္တ–မြသပိတ် ( ၁၈ )မဏိ–ပတ္တမြား၊ ( ၁၉ ) ကုသုမဒါမ–မုလေးပန်းကုံး၊ ( ၂၀ ) နီလုပ္ပလ–ကြာညိုပန်း၊( ၂၁ )သေတုပ္ပလ–ကြာဖြူပန်း၊ ( ၂၂ ) ရတ္တုပ္ပလ–ကြာနီပန်း၊( ၂၃ ) ပဒုမ–ပဒုမ္မာကြာပန်း၊ ( ၂၄ ) ပုဏ္ဍရိက–ပုဏ္ဍရိက် ကြာပန်း၊ ( ၂၅ ) ပုဏ္ဏဃဋ–ရေပြည့်အိုး၊ ( ၂၆ ) ပုဏ္ဏပါတိ–ရေပြည့်ဖလား၊ ( ၂၇ ) သမုဒ္ဒ–သမုဒ္ဒရာလေးစင်း၊ ( ၂၈ ) စက္ကဝါဠ–စကြာဝဠာတောင်၊ ( ၂၉ ) မေရု–မြင်းမိုရ်တောင်၊ ( ၃၀ ) သူရိယမဏ္ဍလ–နေစက်ဝန်း၊ ( ၃၁ ) စန္ဒမဏ္ဍလ–လစက်ဝန်း၊ ( ၃၂ )နက္ခတ္တ–နက္ခတ်၊ ( ၃၃ ) ပုဗ္ဗဝိဒေဟ–အရှေ့ကျွန်း၊ ( ၃၄ ) အပရ ဂေါယာန–အနောက်ကျွန်း၊ ( ၃၅ ) ဇမ္ဗုဒီပ–တောင်ကျွန်း၊ ( ၃၆ ) ဥတ္တရကုရု–မြောက်ကျွန်း၊ ( ၃၇ ) စက္ကဝတ္တိ–စကြဝတေးမင်း၊ ( ၃၈ ) ဒက္ခိဏာဝဋ္ဋသင်္ခ–လက်ယာရစ်ခရုသင်း၊ ( ၃၉ ) သုဝဏ္ဏမစ္ဆယုဂ–ရွှေငါးကြင်းအစုံ၊ ( ၄၀ ) စက္ကာဝုဓ–စက်လက်နက်၊ ( ၄၁ )သုပဏ္ဏရာဇာ–ဂဠုန်မင်း၊ ( ၄၂ )သံသုမာရ–မိချောင်းမင်း၊( ၄၃ ) ဓဇ ပဋာက–တံခွန် ကုက္ကား မုလေးပွား၊ ( ၄၄ ) သုဝဏ္ဏသိဝိကာ–ရွှေသန်လျင်း၊ ( ၄၅ ) သုဝဏ္ဏဝါလဗီဇနီ–ရွှေသားမြီးယပ်၊( ၄၆ )ကေလာသ ပဗ္ဗတ–ကေလာသငွေတောင်၊ ( ၄၇ ) သီဟရာဇာ–ခြင်္သေ့မင်း၊ ( ၄၈ )ဗျဂ္ဃရာဇာ–ကျားမင်း၊ ( ၄၉ ) ဝလာဟက အဿရာဇာ–ဝလာဟကမြင်းပျံ၊ ( ၅၀ ) ဥပေါသထ ဆဒ္ဒန္တနာဂရာဇာ–ဥပေါသထဆင်မင်း၊ ဆဒ္ဒန်ဆင်မင်း၊ ( ၅၁ ) ဗာသုကီ နာဂရာဇာ–ဗာသုကီနဂါးမင်း၊ ( ၅၂ ) ဟံသ ရာဇာ–ရွှေဟသ်ာမင်း၊ ( ၅၃ )ဥသဘရာဇာ–နွားလား ဥသဘမင်း၊( ၅၄ )ဧရာဝဏ–ဧရာဝဏ်ဆင်မင်း၊( ၅၅ ) သုဝဏ္ဏမကာရ–ရွှေမကာရ်း၊ ( ၅၆ ) စတုမုခ–လေးကျွန်းသားတို့မျက်နှာလေးမျိုး၊ ( ၅၇ ) သုဝဏ္ဏနာဝါ–ရွှေလှေ၊ ( ၅၈ ) သဝစ္ဆက ဓေနု–သားငယ်နှင့် နွားမ၊ ( ၅၉ ) ကိံပုရိသ–ကိန္နရာဖို၊ ( ၆၀ )ကိံပုရိသီ–ကိန္နရာမ၊ ( ၆၁ ) ကရဝိက–ကရဝိက်ငှက်မင်း၊ ( ၆၂ ) မယူရရာဇာ–ဥ ဒေါင်းမင်း၊ ( ၆၃ )ကောဉ္စရာဇာ–ကြိုးကြာငှက်မင်း၊ ( ၆၄ ) စက္ကဝက္က ရာဇာ–စက္ကဝက်ငှက်မင်း၊ ( ၆၅ ) ဇီဝ ဇီဝကရာဇာ–ဇီဝဇိုးငှက်မင်း၊ ( ၆၆ ) စာတုမဟာရာဇိက–စာတုမဟာရာဇ်နတ်ပြည်၊ ( ၆၇ )တာဝတိံသာ–တာဝတိံသာ နတ်ပြည်၊ ( ၆၈ )ယာမာ–ယာမာနတ်ပြည်၊ ( ၆၉ ) တုသိတာ–တုသိတာနတ်ပြည်၊( ၇၀ ) နိမ္မာနရတိ–နိမ္မာနရတိ နတ်ပြည်၊ ( ၇၁ ) ပရနိမ္မိတ ဝသဝတ္တိ–ပရနိမ္မိတ ဝသဝတီနတ်ပြည်၊ ( ၇၂ ) ဗြဟ္မပါရိ သဇ္ဇာ–ဗြဟ္မ ပါရိ သဇ္ဇာ ဗြဟ္မာ့ပြည်၊ ( ၇၃ ) ဗြဟ္မပုရောဟိတာ–ဗြဟ္မပုရောဟိတာ ဗြဟ္မာ့ပြည်၊ ( ၇၄ ) မဟာ ဗြဟ္မာ–မဟာဗြဟ္မာ့ပြည်၊ ( ၇၅ )ပရိတ္တာဘာ–ပရိတ္တာဘာ ဗြဟ္မာ့ပြည်၊ ( ၇၆ ) အပ္ပမာနာဘာ–အပ္ပမာနာဘာ ဗြဟ္မာ့ပြည်၊ ( ၇၇ ) အာဘဿရာ–အာဘဿရာဗြဟ္မာ့ပြည်၊ ( ၇၈ ) ပရိတ္တသုဘာ–ပရိတ္တသုဘာ ဗြဟ္မာ့ပြည်၊( ၇၉ )အပ္ပမာဏာသုဘာ–အပ္ပမာဏာသုဘာ ဗြဟ္မာ့ပြည်၊(၈၀) သုဘကိဏှာ–သုဘကိဏှာ ဗြဟ္မာ့ပြည်၊ (၈၁)ဝေဟပ္ဖလာ–ဝေဟပ္ဖလာ ဗြဟ္မာ့ပြည်၊(၈၂)အသည



www.burmeseclassic.com

www.burmeseclassic.com



သိတ္တာ—အသည်သတ္တာ ဖြဟ္မာပြည်၊ (၇၃) အဝိဟာ—အဝိဟာ ဖြဟ္မာပြည်၊ (၇၄) အတပ္ပါ—အတပ္ပါဖြဟ္မာပြည်၊ (၇၅) သုဒဿာ—သုဒဿာဖြဟ္မာပြည်၊ (၇၆) သုဒဿီ—သုဒဿီ ဖြဟ္မာပြည်၊ (၇၇) အကနိဋ္ဌာ—အကနိဋ္ဌာဖြဟ္မာပြည်၊ (၇၈) ယုဂန္ဓရ—ယုဂန္ဓိုရ်တောင်၊ (၇၉) ဤသိဓရ—ဤသိဓရတောင်၊ (၈၀) ကရဝိက—ကရဝိကတောင်၊ (၈၁) သုဒဿန—သုဒဿနတောင်၊ (၈၂) နေမိန္ဓရ—နေမိန္ဓရတောင်၊ (၈၃) ဝိနတက—ဝိနတကတောင်၊ (၈၄) အဿကဏ္ဏ—အဿကဏ္ဏတောင်၊ (၈၅) အနောတတ္တ—အနောတတ်အိုင်၊ (၈၆) ကဏ္ဏမုဏ္ဍ—ကဏ္ဏမုဏ္ဍအိုင်၊ (၈၇) ရထကာရ—ရထကာရအိုင်၊ (၈၈) ဆဒ္ဒန္တ—ဆဒ္ဒန္တအိုင်၊ (၈၉) ကုဏာလ—ကုဏာလအိုင်၊ (၁၀၀) မန္ဒာကိနီ—မန္ဒာကိနီအိုင်၊ (၁၀၁) သီဟပ္ပပါတ—သီဟပ္ပပါတအိုင်၊ (၁၀၂) လဝဏသီဘာ—ဆားငန်ရေသီဘာ၊ (၁၀၃) ဥစ္ဆုသီတာ—ကြံရေသီတာ၊ (၁၀၄) သုရာသီတာ—သေရည်သီတာ၊ (၁၀၅) သာမိသီတာ—အမှုခပ်သိမ်း ပြီးစေသော သီတာ၊ (၁၀၆) ဒဓိသီတာ—နို့ဓမ်းမလိုင်သီတာ၊ (၁၀၇) ဒုဒ္ဓသီတာ—နို့ရည်သီတာ၊ (၁၀၈) ဇလသီတာ — ရေချိုသီတာ။ ။

ဤကား တရာ့ရှစ်ကွက် စက်လက္ခဏာတို့ ဖြစ်သည်။ ယင်းလက္ခဏာတို့ကား မြတ်စွာဘုရား၏ ခြေဖဝါးတော်၌ ရှိသော လက္ခဏာတို့တည်း။ ဦးကြီးဖေ

**လက်ခုပ်ပင်။** ။လက်ခုပ်ပင်သည် စတာကျူလီအေစီအီး မျိုးရင်းတွင်ပါဝင်၍ ယင်းကို ရုက္ခဗေဒ အမည်အားဖြင့် စတာကျူလီယာ ဖီတီဒါ ဟု ခေါ်သည်။ လက်ခုပ်ပင်မျိုးကို မြန်မာနိုင်ငံ အောက်ပိုင်းတွင် တွေ့ရှိရသည်။ များသောအားဖြင့် ဤအပင်ကို လျှော်ရရှိရန်အတွက်စိုက်ပျိုးထားတတ်ကြသည်။ လက်ပံပင်နှင့်ဆင်သဖြင့် လက်ပံလျှော်ပင် ဟူ၍ ၎င်း၊ လျှော်ဖြူပင် ဟူ၍ ၎င်း ခေါ်ကြသည်။ အသားမှာ မွဲပြာရောင် ရှိ၍ ပွသည်။ ပျော့လည်း ပျော့သော သစ်သား ဖြစ်ရာ တာရှည်ခံသော သစ်မျိုး မဟုတ်ပဲ တဲအိမ်များ ဆောက်ရန်၊ လှေစပ်ရန်၊ ရွက်တိုင်နှင့် ပေါ့ပါးသော သေတ္တာများ လုပ်ရန် အသုံးဝင်သည်။

လက်ပံလျှော် ခေါ် လက်ခုပ်ပင်၏ အရွက်များကို ဝမ်းနုတ်ဆေး အဖြစ်ဖြင့်၎င်း၊ အသီးတွင် ဖန်သောသတ္တိ ရှိသဖြင့် ချုပ်ဆေးအဖြစ်ဖြင့်၎င်း အသုံးပြုနိုင်သည်။ လက်ခုပ်ပင်ကို ကရင်အမည်ဖြင့် လျှော်ဝါ၊ ကချင် အမည်ဖြင့် ခဒန်ထား ဟူ၍ ခေါ်ကြသည်။

ဆင် ခံတက်ပင် ဟု ခေါ်သော လက်ခုပ်ပင် တမျိုး ရှိသေးသည်။ ယင်းလက်ခုပ်ပင်မျိုးကို မြန်မာနိုင်ငံအောက်ပိုင်းနှင့် တနင်္သာရီတိုင်းတွင် အတွေ့ရ များသည်။ ပျမ်းမျှခြင်းအားဖြင့် အပင် အမြင့် ပေ ၁၀၀ အထိ ရှိ၍ ပင်စည်များ တည့်မတ်နေသည်။ ပင်စည်လုံးပတ် ခြောက်ပေမှ ရှစ်ပေ အထိ ရှိသည်။ အသားပွ သစ်ပင်မျိုးထဲမှဖြစ်သော်လည်း အခြားသစ်သားပွတို့နှင့် နှိုင်းယှဉ်ကြည့်လျှင် ဤလက်ခုပ်သားသည် ပိုမာ၍ ခိုင်ခံ့သည်။ သစ်သားမှာ အဖြူရောင်ဖြစ်စေ၊ အညိုရောင် ဖျော့ဖျော့ဖြစ်စေ ရှိသည်။ တာရှည်ခံသော သစ်သားပင် မဟုတ်ပြားသော်လည်း ပျဉ်ခွဲရန်နှင့် လက်ဖက်ခြောက် သေတ္တာ လုပ်ငန်းများ အတွက် အသုံးဝင်သည်။ ဤလက်ခုပ်သားကို ခွဲဖြတ်စိပ်



လက်ပံလျှော်ခေါ် လက်ခုပ်ပင်၏ အသီးနှင့် အရွက်များ

ဖြာပြီးလျှင်ပြီးခြင်း ဖိုတွင် အခြောက်ခံထားလျှင် ပျဉ်ကောင်း ပျဉ်သန့်များ ရနိုင်သည်။ မီးခြစ်ဆံနှင့် မီးခြစ်အိမ်များလုပ်ရန် သင့်တော်သော သစ်သားဖြစ်သည်။

**လက်ချား။** ။ဗိုရက် ခေါ် လက်ချားသည် ဆိုဒီယမ်နှင့် ဗောရစ် အက်ဆစ်တို့ ပေါင်းစပ်ရာမှ ရရှိသော ဓာတ်ဆားဖြစ်သည်။ ယင်း၏ ဓာတုဗေဒ အမည်မှာ ဆိုဒီယမ်ဗိုရိတ်၊ သို့မဟုတ် ဆိုဒီယမ် တက်တြာ ဗိုရိတ် ဖြစ်သည်။ အရောင်မှာ ဖြူ၏။ လက်ချားကို အမှုန့် အဖြစ်ဖြင့် ၎င်း၊ အပွင့်ကလေးများ အဖြစ်ဖြင့် ၎င်း တွေ့ရသည်။ လက်ချားသည် ရေတွင် အလွယ်တကူနှင့် ပျော်ဝင်၍ ထိုပျော်ဝင်ရည်တွင် အယ်လကာလီ အရသာ အနည်းငယ် ရှိ၏။

လက်ချားကို သတ္တုများဆက်ရာတွင် အထူးသဖြင့် သံများ ဆက်ရာ၌၎င်း၊ သတ္တုများကို ဂဟေဆော်ရာ၌၎င်း၊ ကြွေးရောင် တင်ရာ၌၎င်း၊ ကြွေရောင်တင်ရာ၌၎င်း၊ ကြွေထည်များတွင် အရောင် အမျိုးမျိုး စွဲအောင် ပြုလုပ်ရာ၌၎င်း၊ မျက်မှန်အတွက် မှန်များပြုလုပ်ရာ၌၎င်း အမျိုးမျိုး

www.burmeseclassic.com



အသုံးချနိုင်သည်။ ထို့ပြင် အခြား စက်မှုလုပ်ငန်း အမျိုးမျိုးတွင်လည်း များစွာ အသုံးချနိုင်သေး၏။ အထူးသဖြင့် လက်ချားကို သတ္တုများ အရည်ကျိုသောအခါ ပျော်လွယ်နိုင်စေခြင်းငှါ ဖလပ် (အပျော်ကူပစ္စည်း) အဖြစ်ဖြင့် အမြောက်အမြား အသုံးပြုကြ၏။ အမဲဆီကို လက်ချားရည်နှင့် ဆေးသောအခါ ရွတ်ခြည်း အရည်ပျော်၍ ဝင်သွားသောကြောင့် အမဲဆီချွတ်ဆေး အဖြစ်ဖြင့်လည်း အသုံးပြုရ၏။ ထို့ပြင် အစားအစာများ တာရှည်ခံနိုင်အောင် ပြုပြင်ပေးသော ပစ္စည်းအဖြစ်ဖြင့်လည်း အသုံးပြုရသေး၏။


လက်ချားသည် ရေကို စေးအောင်လုပ်သော မက်ဂနီဇီယမ်နှင့် ကယ်လဆီယမ် ဓာတ်ဆားများကို ဖယ်ရှားပစ်နိုင်သဖြင့် အဝတ်လျှော်ဖွပ်ရာတွင် လက်ချားကို အသုံးပြုခြင်းဖြင့် အဝတ်များ ဖြူစင်လွယ်၏။ ထို့ကြောင့် ခဝါလုပ်ငန်းများတွင် လက်ချားကို အသုံးပြုကြ၏။ လက်ချားကို ဂလစ်ဆရင်း ရောစပ်၍ ချေးချွတ်ဆေးကဲ့သို့ ၎င်း၊ အပုပ်အသိုးနိုင်ဆေးအဖြစ်ဖြင့် ၎င်း အသုံးပြုကြသေး၏။ လက်ချားနှင့် ပျားရည် ရောစပ်ထားသော မဲပိုးရက် ခေါ် ဆေးမှာ ဖြိတိသျှ ဆေးကျမ်းဝင် ချေးချွတ်ဆေး တမျိုးပင်ဖြစ်လေသည်။

လက်ချားကို ရှေးအခါက စ၍ တိဗက်နိုင်ငံရှိ ဆားကန်များမှ အမြောက်အမြား ရရှိ၍ ပါးရှား၊ ချီလီနှင့် ပီရူးနိုင်ငံများမှလည်း အနည်းငယ်စီ ရရှိခဲ့လေသည်။ ကမ္ဘာပေါ်တွင် တိဗက်နိုင်ငံမှ လက်ချား အများဆုံးထွက်၏။ ယခုအခါတွင်မူ လက်ချားကို မြောက်အမေရိကတိုက် ကာလီဖိုးနီးယားပြည်နယ် အရှေ့တောင်ဖက်ရှိ သဲကန္တာရများမှ အမြောက်အမြား ရရှိလေသည်။ ထိုသဲကန္တာရ ဒေသသည် ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်းများစွာ နိမ့်သဖြင့် ရှေးအခါက ထိုဒေသများတွင် ရေကန်များ တည်ရှိခဲ့ဘူး၏။ နှစ်ပရိစ္ဆေဒ ကြာလတ်သော် ထိုရေကန်များ ခန်းခြောက်သွားသောကြောင့် လက်ချားနှင့် အခြားဓာတ်ဆားများ အမြောက်အမြား ကျန်ရစ်ခဲ့ခြင်း ဖြစ်လေသည်။

**လက်ဆက်,ဖာဒီနန် ဒါ** (ခရစ် ၁၈၀၅ – ၁၈၉၄)။ ။ ဖာဒီနန် မာရီ ဒါ လက်ဆက်သည် ပြင်သစ်လူမျိုးအင်ဂျင်နီယာနှင့် သံအဖွဲ့ဝင်တဦးဖြစ်သည်။ ၁၈၅၉ ခုနှစ်တွင် စတင်ဖောက်လုပ်၍ ၁၈၆၉ ခုနှစ်တွင် ဖွင့်လှစ်ကာ ကမ္ဘာတွင် ထင်ရှားလှပသော ဆူးအက်တူးမြောင်းကို တာဝန်ယူ၍ ကြံစည်ဆောင်ရွက်ခဲ့သည့် အင်ဂျင်နီယာ အဖြစ်ကျော်ကြားသော ပုဂ္ဂိုလ် ဖြစ်သည်။

ဒါ လက်ဆက်သည် ပြင်သစ်နိုင်ငံ ဗာဆေးမြို့၌ ၁၈၀၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဖွားမြင်သည်။ ၁၈၂၅ ခုနှစ်တွင် ပြင်သစ်သံအဖွဲ့၌ ဝင်ရောက် အမှုထမ်းသည်။ ၁၈၃၂ ခုနှစ်တွင် အီဂျစ်နိုင်ငံ၊ အယ်လက်ဇန္ဒြီးယားမြို့၌ ကောင်စစ်ဝန်အဖြစ် ထမ်းရွက်နေစဉ် ဆူးအက်ကျွန်းဆက်ကိုဖြတ်၍ တူးမြောင်းဖောက်လုပ်ရန် စိတ်ကူးရလေသည်။ နပိုလီယန် ဗိုနာပတ်သည် ယင်းသို့ပြုလုပ်ရန် စိတ်ဝင်စားခဲ့ကြောင်းကို စာရွက်စာတမ်း တခုတွင် ဒါ လက်ဆက် တွေ့ရှိရာမှ ထိုကဲ့သို့ စိတ်ကူးပေါ် ခဲ့ခြင်း ဖြစ်၏။ မြေထဲ ပင်လယ်ကို ပင်လယ်နီနှင့် ဆက်သွယ်ရန် စိတ်ကူးမှာ အဆန်းမဟုတ်ပေ။ ဘီစီ ၆၀၀ ခန့်က ထိုသို့သော တူးမြောင်းတခု ရှိခဲ့၏။ သို့ရာတွင် ခရစ် ၇၆၇ ခုနှစ်တွင် အီဂျစ်ဘုရင်တပါးက ဖျက်ဆီးပစ်လိုက်သည်။ ဒါလက်ဆက်သည် အဆိုပါတူးမြောင်းကို ဖြစ်မြောက်စေလို၏။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် အရှေ့တိုင်းသားနှင့် အနောက်တိုင်းသားတို့ ပိုမို၍ နီးစပ်လာကာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆောင်ရွက် နိုင်လိမ့်မည် ဟု ဒါ လက်ဆက်က ထင်မိသည်။

ဒါ လက်ဆက်သည် အလုပ်တွင် နိုင်နင်း၍ အောင်မြင်သောသံတမန်တဦးဖြစ်၏။ အယ်လက်ဇန္ဒြီးယားတွင်၎င်း၊ ကိုင်ရိုမြို့တွင်၎င်း၊ ထိုနောက် ၁၈၃၇ ခုနှစ်၌ နယ်သာလန်နိုင်ငံ ရော့တာဒမ်းမြို့တွင်၎င်း ကောင်စစ်ဝန်အဖြစ် ထမ်းရွက်ပြီးလျှင် ဗာစီလိုနာမြို့တွင် ကောင်စစ်ဝန်ချုပ် အဖြစ်၎င်း၊ မဒရစ်မြို့တွင် သံအမတ် အဖြစ်၎င်း အမှုထမ်းရွက်သည်။



ဖာဒီနန်ဒါလက်ဆက်သည် ဆူးအက်တူးမြောင်းကို ဖောက်လုပ်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ လက်ဆက်သည် ၁၈၀၅ ခုနှစ်တွင် အလုပ်မှအငြိမ်းစား ယူသည်။ ၁၈၅၄ ခုနှစ်မှ စ၍ မိမိ၏ အကြံအစည်ကို အထမြောက် အောင်မြင်စေရန် စတင် ဆောင်ရွက်သည်။ ယင်းနှစ်တွင် ဒါ လက်ဆက်သည် အီဂျစ်ဘုရင်ခံချုပ် ဆာအိပါးရှားထံမှ တူးမြောင်း ဖောက်လုပ်ခွင့် ရရှိခဲ့သည်။ နိုင်ငံရေး ရပ်ကွက်များမှ အတိုက်အခံ ပြုသည်ကို ၎င်း၊ အင်္ဂလိပ်နီယာ လောကက သံသယဖြစ်ပွားသည်ကို ၎င်း ဒါ လက်ဆက်က ဂရုမမူပဲ ၁၈၅၈ ခုနှစ်တွင် သူ၏ကုမ္ပဏီကို စတင် တည်ထောင်စဉ် ဒါလက်ဆက်သည် ပြင်သစ်နှင့်အီဂျစ် အစိုးရတို့ထံမှ အကူအညီ အပြည့်အဝ ရရှိသည်။ သို့ဖြင့် ၁၁ နှစ် လွန်မြောက်သောအချိန်ဖြစ်သည့် ၁၈၆၉ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် မိုင် ၁၀၀ ကျော်ရှည်သော ဆူးအက်တူးမြောင်းကို အီဂျစ်ဘုရင်ခံချုပ် အစ္စမေ ပါးရှားက ဖွင့်လှစ်နိုင်ခဲ့ပေသည်။ (ဆူးအက်တူးမြောင်း—လည်းရှု။)

ဒါ လက်ဆက်က ဆူးအက်တူးမြောင်းကို အောင်မြင်စွာ ဖောက်လုပ်နိုင်ခဲ့သောအခါ အမေရိကတိုက်နှစ်ခုစပ်ကြားရှိ ပနားမား ကျွန်းဆက်တွင်လည်း အလားတူ တူးမြောင်း ဖောက်လုပ်ရန် သိပ္ပံပညာရှင်နှင့် အင်ဂျင်နီယာတို့က စိတ်ပါဝင်စားလာလေသည်။ ၁၈၇၆ ခုနှစ်တွင် ယင်းလုပ်ငန်း စီမံကိန်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းသော ကော်မီတီသည် ပါရစ်မြို့တွင် တွေ့ဆုံစည်းဝေး၏။ ကုမ္ပဏီအသစ် တခုကိုဖွဲ့၍ ဒါလက်ဆက်အား ဥက္ကဋ္ဌအဖြစ်တင်မြောက်၏။ သို့ရာတွင် ဤအကြိမ်တွင်မူ ဒါ လက်ဆက်သည် ဆူးအက်တူးမြောင်းကဲ့သို့ အောင်မြင်မှု မရှိခဲ့ပေ။ ငွေရေးကြေးရေး ချို့တဲ့မှု၊ အင်ဂျင်နီယာ အခက်အခဲ ပြဿနာများ၊ ထို့ပြင် ယင်းနေရာတွင် ဖြစ်ပွားသော ငှက်ဖျားရောဂါ၊ အဝါဖျားရောဂါများကြောင့် ဒါ လက်ဆက်အဖို့ မျက်နှာမလှ ဖြစ်ခဲ့ရ၏။ ၁၈၈၉ ခုနှစ်တွင် မိမိ၏ အင်ဂျင်နီယာများကို ဆက်လက်၍ မဆောက်လုပ်ရန် အမိန့်ပေးရတော့၏။ (ပနားမားတူးမြောင်း—လည်းရှု။) ဒါ လက်ဆက်သည် ပနားမား တူးမြောင်း ဖောက်လုပ်ရေးကိစ္စတွင် ငွေ အလွဲသုံးစားမှုဖြင့် တရားစွဲဆို စစ်ဆေးခြင်းခံရပြီးနောက် ထောင်ဒဏ် အပြစ်ပေးခံရသည်။ သို့ရာတွင် ဒါ လက်ဆက်သည် မမာမကျန်း ဖြစ်နေသဖြင့် တကယ်တမ်း အကျဉ်းချခြင်းကိုမူ မခံရချေ။

ဖာဒိနန် ဒါ လက်ဆက် သည် ၁၈၉၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကွယ်လွန်သည်။

# ယဉ်ကျေးစခေတ်က ကမ္ဘာသုံး ဘာသာ

**ရောမခေတ် မထွန်းကားမီကပင် မြောက်ဖက် ဒေသများရှိ လူရိုင်းမျိုးတို့ သုံးစွဲခဲ့ရာမှ ယင်းတို့ ရောမမြို့ နေရာသို့ လာရောက် မြို့ပြ တည်ဆောက်သည်တွင် ပိုမို ထင်ရှား ပျံ့နှံ့ ခဲ့သည်။ ရောမခေတ် ကုန်ဆုံးသည့်နောက် နှစ်ရာပေါင်းများစွာအထိ ထွန်းကား ခဲ့၍ ဂန္ထဝင်ကျမ်းပေါင်းများစွာကို ယင်းဘာသာဖြင့် ပြုစုခဲ့ကြသည်။**

**လက်တင်ဘာသာနှင့် စာပေ။** ။ယခုအခါ အင်္ဂလိပ်ဘာသာသည် ကမ္ဘာသုံးဘာသာ ဖြစ်နေသကဲ့သို့ လက်တင်ဘာသာသည်လည်း ရှေးအခါက ကမ္ဘာသုံးဘာသာတရပ် ဖြစ်ခဲ့လေသည်။ အင်္ဂလိပ်ဘာသာနှင့် စာပေသည် အင်္ဂလိပ်တို့နှင့်အတူ သူတို့အာဏာဖြန့်ချီရာ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားသကဲ့သို့ လက်တင်ဘာသာသည်လည်း ထိုအခါက အမြဲ အောင်ပွဲဆင်နွှဲနေရသော ရောမစစ်တပ်များနှင့် အတူ ဥရောပ၊ အာရှနှင့် အာဖရိကတိုက်များသို့ ပျံ့နှံ့ခဲ့လေသည်။

ထိုကဲ့သို့ အရပ်ရပ် ပျံ့နှံ့ခဲ့၍ လူတန်းစား အမျိုးမျိုးတို့ ပြောဆိုသုံးနှုန်းကြရာ လေယူလေသိမ်းကို တိကျ မှန်ကန်စွာ ပြောလိုသော ပညာတတ် အထက်တန်းစားနှင့် ဖြစ်သလို ပြောဆိုကြသော အောက်တန်းစား သာမန်လူများကြောင့် အခေါ်အဝေါ်များ တစတစ ကွဲပြားရာမှ နောင်တွင် တကျောင်းတဂါထာ တရွာတပုဒ်ဆန်း ဆိုသကဲ့သို့ ဘာသာစကားများ ကွဲပြားလာလေသည်။ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ ရူမေးနီးယား စသည့် ဘာသာ စကားများမှာ လက်တင်ဘာသာမှ ဆင်းသက်ကွဲပြားလာသော ဘာသာစကားများ ဖြစ်ကြသည်။

ယင်းသို့ ဥရောပတိုက်နိုင်ငံတို့ရှိ ဘာသာစကားများ၏ မိခင်ဖြစ်သော လက်တင်ဘာသာ၏ အရင်းအမြစ်မူလမှာ စတင်ထွန်းကားသည့် ဣတလီနိုင်ငံ မဟုတ်ချေ။ မြောက်ဖက်ဒေသများမှ လူရိုင်းမျိုးတို့သည် ဘီစီ ၁၀၀၀ ခန့်တွင် ဣတလီနိုင်ငံတွင်းသို့ ဝင်ရောက်လာကြပြီးသော် တိုက်ဗားမြစ်၏ မြစ်ဝအနီး လေရှိယမ်ဒေသတွင် အခြေစိုက်ခဲ့ကြ၏။ ထိုဒေသသည် နောင်အခါ၌ ရောမမြို့နိုင်ငံ ဖြစ်လာရာမှ ရောမလူမျိုးတို့ ကြီးပွားတိုးတက်သည်နှင့်အမျှ သူတို့၏ ဘာသာစကား ဖြစ်သော လက်တင် ဘာသာသည်လည်း ပျံ့နှံ့ ထွန်းကားလာခဲ့၏။ ဘီစီ သုံးရာစုနှစ်ခန့်တွင် ဣတလီ ကျွန်းဆွယ် တခုလုံး၌ ထိုဘာသာသည် အခြားတိုင်းရင်း ဘာသာများကို လွှမ်းမိုးခဲ့၍ တဖြည်းဖြည်းနှင့် ရောမ၏ လက်အောက်ခံ ဒေသများသို့ ရောက်ရှိသွားရာမှ ဥရောပ တိုက်တခုလုံးသို့ ပျံ့နှံ့ခဲ့လေသည်။

လက်တင်ဘာသာ၏ ထူးခြားချက်မှာ ပြတ်သားရှင်းလင်း၍ စကားလုံး နည်းနည်းနှင့် အဓိပ္ပါယ်ပြည့်စုံခြင်း ဖြစ်လေသည်။ ဂရိဘာသာကဲ့သို့ပင် ထိုဘာသာ၌လည်း နာမ်၊ ကြိယာ၊ နာမဝိသေသန စသည့် ဝါစင်္ဂများကို လိုက်၍

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်ပေါ်အောင် ဝါကျအဆုံးသတ်ပုံ အမျိုးမျိုး ရှိလေသည်။ ထိုဘာသာကို အသေအချာ စိစစ်လေ့လာကြည့်သောအခါ လက်တင်သည် ဂရိနှင့် သက္ကတဘာသာစကားများနှင့် တမိတည်းမှ ပေါက်ဖွားလာသော ဘာသာစကားမျိုး ဖြစ်ကြောင်း တွေ့ရှိရလေသည်။

ထိုဘာသာစကားသည် ဤသို့ ပျံ့နှံ့လာခဲ့သော်လည်း ဂရိစာပေထွန်းကားနေသည့် ခေတ်တွင် လက်တင်စာပေ မပေါ်ပေါက်ခဲ့သေးချေ။ တစ်ရာစုနှစ်လောက်မှ စတင်ကာ ခန့်ညား ကောင်းမွန်၍ သိပ်သည်းကျစ်လျစ်သော လက်တင်ဘာသာစာပေ ပေါ်ပေါက်ခဲ့သည်။ ထိုအခါမှစ၍ ဥရောပအလယ်ခေတ် ကျော်လွန်သည့်တိုင်အောင် ဥရောပတိုက် စာပေပညာရပ်များ ထွန်းကား ပြန့်ပွားရေးတွင် လက်တင်ဘာသာသည် အရေးပါအရာရောက်လှသောလက်နက်တရပ်ဖြစ်ခဲ့၏။ ယခုခေတ်တိုင်အောင်ပင် ဗရင်ဂျီဂိုဏ်း၏ ရုံးသုံးစာပေ ဖြစ်လေသည်။

လက်တင်ဘာသာဖြင့် စတင်ရေးသားသော စာပေများကို ဘီစီ သုံးရာစုနှစ်မတိုင်မီခေတ်က အနည်းငယ်သာ တွေ့ရှိရ၏။ ထိုအခါက စာပေများမှာ ဂရိတို့၏ နမူနာကို ယူ၍ရေးသားထားသောစာများဖြစ်လေသည်။ လစ်ဗီယပ် အန္ဒြိုနီယပ် (ဘီစီ ၂၈၄–၂၀၄ ခန့်) သည် အော့ဒီဆီနှင့် ဂရိပြဇာတ် အချို့ကို လက်တင်ဘာသာသို့ ပြန်ဆိုခဲ့၏။ ထိုသူ၏ နောက်တွင် လက်တင်ဘာသာဖြင့် စာပေ ပြုစုကြသော်လည်း များသောအားဖြင့် ဂရိ အလွမ်း၊ အသော ပြဇာတ်များကို အမှီပြုကာ ရေးသားထားသော စာပေများသာဖြစ်လေသည်။ အချို့ကလည်း ဂရိတို့၏ ကဗျာဖွဲ့နည်းကို အတုယူကာ ပျူနစ်စစ်ပွဲများမှ သူရဲကောင်းများအကြောင်းကို မော်ကွန်း လင်္ကာများ စတင်စမ်းသပ် ဖွဲ့ဆိုလာကြ၏။

ထိုနောက်မှ လူစီလီယပ် (ဘီစီ ၁၈၀ – ၁၀၃) သည် လက်တင်ဘာသာဖြင့် ပဌမဆုံးအဖြစ်ဖော်ထုတ်၍ ပြက်ရယ်ပြုသောကဗျာမျိုးကို စပ်ဆိုခဲ့လေသည်။ ကေးတိုး (ဘီစီ ၂၃၄ – ၁၄၉) အမည်ရှိ ပညာရှိကြီးတဦးကလည်း နိုင်ငံသမိုင်းနှင့် စိုက်ပျိုးရေးအကြောင်းကျမ်းများကို ပြုစုခဲ့ရာ စကားပြေနှင့်ရေးသားသော လက်တင်စာပေများထဲတွင် ပဌမဆုံး အရာရောက်လှသော စာပေများ ဖြစ်သည်။ (ကေးတိုး—ရှု။)

လူကရီးရှပ် (ဘီစီ ၉၆–၅၅) သည် သဘာဝတ္တနှင့်ဆိုင်ရာ ခန့်ညားကြီးကျယ်သော ကဗျာများကိုစပ်ဆိုခဲ့၍ ကတ်ကျူလပ် (ဘီစီ ၈၄–၅၄) သည် စိတ်နှလုံး ထိခိုက်ဖွယ်ရာ သီချင်းလင်္ကာများကိုစပ်ဆိုခဲ့ရာ သူတို့၏ခေတ်တွင် လက်တင်ကဗျာများသည် ကောင်းမွန်လေးနက်သည့် အင်္ဂါရပ်နှင့် ပြည့်စုံလာလေသည်။ ဆစ်ဆရို (ဘီစီ ၁၀၆–၄၃) ကား သူ၏ထင်ရှားလှသောဟောပြောချက်များ၊ သူ့ခေတ်ရောမ အခြေအနေများကို ကွက်ကွက်ကွင်းကွင်း ထင်ရှားစေသော ဆောင်းပါးများ၊ မေတ္တာစာများနှင့် သဘာဝတ္တစာတမ်းများဖြင့် လက်တင် စကားပြေလောကကို တမျိုးတဖုံထူးခြားစေပြန်သည်။ ထိုခေတ်တွင် ဂျူးလယက်ဆီဇာ (ဘီစီ ၁၀၂–၄၄) သည်လည်း လက်တင် စကားပြေနှင့် သူ၏ထင်ရှားလှသော စစ်မှတ်တမ်းများကို ရေးသားခဲ့လေသည်။ (ဆစ်ဆရို။ ဆီဇာ, ဂျူးလယက်—ရှု။)

လက်တင်စာပေ အထွန်းကားဆုံးခေတ်ကား အော်ဂတ်စတပ်ခေတ် (ဘီစီ ၄၃–အေဒီ ၁၇) ဖြစ်ပေ၏။ အော်ဂတ်စတပ်ဘုရင်ကိုယ်တိုင် စာဆိုပညာရှိကြီးများအား ချီးမြှင့်အားပေးခြင်းပြုရာ ထင်ရှားသောစာဆိုများနှင့် သမိုင်းဆရာကြီးများ ပေါ်ထွက်ခဲ့လေသည်။ ထိုဘုရင်၏ လက်ထက်တွင် ဂန္ထဝင် အထင်ရှားဆုံးသော စာဆိုကြီးမှာ ဗာဂျီ (ဘီစီ ၇၀–၁၉) ဖြစ်၏။ (ဗာဂျီ—ရှု။) ထိုစာဆိုကြီးသည် မျိုးချစ်စိတ် တက်ကြွဖွယ်ကောင်းသော ထင်ရှားသည့်စစ်ပွဲကြီးများ အကြောင်းကို ကဗျာစပ်ဆိုခဲ့လေသည်။ အထူးသဖြင့် အီးနီးယစ် ခေါ် ထရိုဂျန်စစ်ပွဲ အကြောင်းကို စပ်ဆိုထားသည့် မော်ကွန်းတင် လင်္ကာကြီးမှာ အလွန်ပင် အဖွဲ့အနွဲ့ကောင်းလှသောလင်္ကာကြီး ဖြစ်ပေ၏။ ဗာဂျီ၏နောက် ထင်ရှားသောစာဆိုကြီး တဦးမှာ ဟောရေ့ (ဘီစီ ၆၅–၈) ဖြစ်လေသည်။ ထိုစာဆိုကြီးကား အပြစ်ကိုဖော်ထုတ်၍ ပြက်ရယ်ပြုသော ကဗျာများကို ရေးစပ်ရာတွင် သူမတူအောင် ထူးခြားလှသူ ဖြစ်၍ သီချင်း လင်္ကာများ စပ်ဆိုရာ၌လည်း အပြစ်မရှိအောင် ကောင်းမွန်လှ၏။ စကားပြေဖက်တွင် နိုင်ငံသမိုင်း ဆရာကြီး လီဗီ (ဘီစီ ၅၉–၁၇) ၏ စာပေများမှာ ထင်ရှားလှပေသည်။ သို့သော် ထိုပုဂ္ဂိုလ်ကြီး၏ ရေးသားပုံများမှာ စာပေအရေးအသား ကောင်းမွန်ရေးကို အဓိကထား၍ ရေးသားသဖြင့် အဖြစ်အပျက် အချက်အလက် မှန်ကန်မှု၌ စိတ်မချရပေ။ (ဟောရေ့။ လီဗီ—ရှု။)

ထိုပုဂ္ဂိုလ်ကြီး များလောက် မကျော်ကြားလှသော်လည်း ထိုခေတ်က ထင်ရှားသောစာဆိုများတွင် အချစ်နှင့် ရောမဒဏ္ဍာရီတို့ကို လှပစွာသီကုံး၍ ကဗျာစပ်ဆိုသော အော့ဗစ် (ဘီစီ ၄၃–အေဒီ–၁၈) သည်လည်း တဦးအပါအဝင် ဖြစ်၏။ ထိုနောက် ပြေပြစ်လှသော ကဗျာများကို စပ်ဆိုကြသူတို့မှာ တီဗုလပ် (ဘီစီ ၅၄–၁၉ ခန့်) နှင့် ပရိုးပါရှပ် (ဘီစီ ၅၀–၁၅ ခန့်) တို့ ဖြစ်ကြလေသည်။

ထိုပုဂ္ဂိုလ်ကြီးများ နောက်တွင် လက်တင်စာပေသည် မှေးမှိန်စ ပြုလာလေ၏။ သို့သော် ဖော်ပြခဲ့သော ပုဂ္ဂိုလ်ကြီးများ၏ စာပေများလောက် ထိပ်တန်းစာ မဟုတ်သော်လည်း အတော်ပင် ကောင်းမွန်သေးသည့် စာပေ

www.burmeseclassic.com

www.burmeseclassic.com





လက်တင်ဘာသာစာပေတွင် ဂန္ထဝင်အထင်ရှားဆုံးသော စာဆိုကြီး ဗာဂျီသည် အီးနီးယစ်ခေါ် ထရိုဂျန်စစ်ပွဲအကြောင်းကို ကဗျာ စပ်ဆိုခဲ့သည်။ အထက်ပါပုံမှာ ထိုစစ်ပွဲပါ ထရိုဂျန်မြင်းရုပ်ကြီးကို မြို့တွင်းဆွဲသွင်းနေပုံဖြစ်သည်။

များ ပေါ်ထွက်ခဲ့ရာ ထိုခေတ်သည် နီးရိုးကေရာဇ် လက်ထက်မှ စတင်ခဲ့ပြီးလျှင် ဒုတိယတန်းစာပေ ထွန်းကားသည့် ခေတ်ဟု ခေါ်ဆိုကြပေသည်။ နီးရိုး၏ ဆရာဖြစ်ခဲ့သော ပညာရှိကြီး ဆီနီကာ (ဘီစီ ၄ ခန့်–အေဒီ ၆၅)သည် စတိုးဝစ်ဝါဒအရ ရေးသားထားသော ဒဿနိကဗေဒ ပညာကျမ်းများကို ပြုစုခဲ့၏။ ထိုပညာရှိကြီး အပြင် ဖာဆာလီယာ မော်ကွန်းကို ရေးသားခဲ့သော လူကန် (အေဒီ ၃၀–၆၅)နှင့် သဘာဝကျသော ပုံပြင်ဝတ္ထုများကို ရေးသားသည့် ပီတြိုနီယပ် (အေဒီ ၆၆ လွန်) တို့လည်း ပေါ်ထွက်ခဲ့လေသည်။

အေဒီ တစ်ရာစုနှင့် နှစ်ရာစုနှစ်များတွင် ထင်ရှားသော စာပေပညာရှိကြီးနှစ်ဦးမှာ အပြစ်ဖော်ထုတ်၍ ပြက်ရယ်ပြုသောကဗျာများရေးသားသည့် ဂျူဗီနယ် (အေဒီ ၆၀ ခန့်–၁၄၀)နှင့် နိုင်ငံသမိုင်း မှတ်တမ်းတင်သူ တက်စီတပ် (အေဒီ ၅၅ ခန့်–၁၂၀)တို့ ဖြစ်ကြ၏။ တက်စီတပ်သည် နိုင်ငံသမိုင်းကျမ်း အတော်များများပြုစုခဲ့ရာ သူ၏အရေးအသားမှာ အင်္ဂလိပ်နိုင်ငံသမိုင်းဆရာကြီး ကာလိုင် ရေးသားပုံနှင့် ဆင်ဆင်တူလေသည်။ ဂျူဗီနယ်၏ ရေးပုံရေးနည်းကို အင်္ဂလိပ်စာဆိုတို့ အတုယူ၍ရေးသားကြ၏။ အခြား စာပေပညာရှိများမှာ ကဗျာတိုများ ရေးသားသူ မာရှယ်(အေဒီ ၉၀ ခန့်–၁၄၀) နှင့် လောကဓာတ်ကျမ်းများပြုစုခဲ့သူပလင်နီအကြီး (အေဒီ ၂၃–၇၀)တို့ ဖြစ်ကြ၏။

ထိုပြင် ဆောင်းပါးနှင့်မေတ္တာစာ၊ တရားစာ ရေးသူ ပလင်နီအငယ် (အေဒီ ၆၂ ခန့်–၁၁၄)၊ ဝေဖန်ချက်များ ရေးသူ ကွင်တီလီယန် (အေဒီ ၁၅ ခန့်–၁၀၀) နှင့် ဆူတိုနီယပ် (အေဒီ ၇၅ ခန့်–၁၆၀)အပြင် မော်ကွန်း စာဆိုစတေးရှပ် (အေဒီ ၆၁ ခန့်–၉၆) ဗလာရီယပ် ဖလက်ကပ်နှင့် ဆီလီယပ် ဣတာလီကပ်တို့ ဖြစ်ကြ၏။

နှစ်ရာစုနှစ် သုံးရာစုနှစ်များအတွင်း၌ကား ခရစ်ယန်စာရေးဆရာများ ပေါ်ထွက်ခဲ့လေသည်။ လေးရာစုနှစ်များအတွင်းတွင် ကဗျာများခေတ်စားလာပြန်၍အော်ဆိုနီယပ် (အေဒီ–၃၁၀ ခန့်–၃၄၀)နှင့် ကလောဒီယန် (အေဒီ ၃၆၅ ဖွား)တို့အပြင် ခရစ်ယန်စာဆိုများဖြစ်သော ပရူဒင်းရှပ်(အေဒီ၃၄၈–၄၁၀)နှင့်စိန်အမ်ဗရို့ (အေဒီ၃၄၀–၃၉၇) တို့ ထင်ရှားခဲ့လေသည်။ ဂန္ထဝင်စာပေခေတ် ကုန်ဆုံး၍ အလယ်ခေတ်သို့ရောက်လာလေရာ သမ္မာကျမ်းစာကို ဘာသာပြန်ဆိုသူ စိန်ဂျရုမ်း (အေဒီ ၂၃၄ ခန့်–၄၂၀)နှင့် "ဘုရားမြို့တော်"ကို ရေးသားသူ စိန်အော်ဂတ်စတင်း (အေဒီ ၃၄၅–၄၃၀)တို့ ထင်ရှားခဲ့လေသည်။

ထို့နောက် ရောမနိုင်ငံတော်ကြီး တဖြည်းဖြည်း ပျက်စီးတိမ်းပါးသွားလေရာ လက်တင်စာပေမှာလည်း ပျောက်ကွယ်လုမတတ် ဆုတ်ယုတ်ခဲ့လေသည်။ သို့သော် ဗရင်ဂျီဂိုဏ်းကြီးကမူ လက်တင်ဘာသာကို အလယ်ခေတ် တခေတ်လုံးနှင့် အလယ်ခေတ် ကျော်လွန်သည့်တိုင်အောင် အသုံး



www.burmeseclassic.com

www.burmeseclassic.com



လက်သုံးစွဲခဲ့ကြ၏။ နိုင်ငံသမိုင်း၊ ဒဿနိကဗေဒနှင့် ဗြဟဒေဝဗေဒ ပညာရပ်များတွင် လက်တင်သာသာကိုပင် သုံးစွဲကြလေသည်။ ဥာဏ်သစ်အရေးပုံတွင်ပင် လက်တင် ဘာသာကို စာပေပညာရှိကြီးများက ကမ္ဘာ့ဘာသာရပ်ကြီး တခုအနေဖြင့် အဆင့်အတန်း မြှင့်ထားလေသည်။ မိုး၊ ဗေကာင်နှင့် မီလတန်တို့ကလည်း လက်တင်ဘာသာကို အရေးတယူ အသုံးပြုခဲ့ကြလေသည်။ သို့သော် လက်တင် စာပေမှာ ဥရောပတိုက်တွင် အော်ဂပ်စတပ် လက်ထက်ကကဲ့သို့ လျှမ်းလျှမ်းတောက် ထွန်းကားခြင်းကား မရှိတော့ချေ။

**လက်ထုတ်ပင်။** ။လက်ထုတ်ပင်သည် တရုပ် စံကား ပန်းပင်တို့နှင့်အတူ အဲပေါ့ဆိနေးစီအီးမျိုးရင်းတွင် ပါဝင်၍ ယင်းကို ရုက္ခဗေဒအမည်ဖြင့် အော်လစတိုးနီးယား စကော်လားရစ်ဟု ခေါ်သည်။ လက်ထုတ်ပင်ကို တောင်မဲအုပ်၊ တောင်မရိုး၊ ဆေးခါးပင်၊ တောင်စံကားပင် ဟူ၍လည်း အမျိုးမျိုး ခေါ်ကြသည်။ လက်ထုတ်ပင်သည် တောသစ်ပင်မြင့်မျိုးဖြစ်၍ မြန်မာနိုင်ငံရှိ သစ်တောများတွင် မြေပြင်အမြင့် ပေ ၃,၅၀၀ အထိ အနှံ့အပြား ပေါက်ရောက်သည်။

လက်ထုတ်သားသည် ဖြူ၍ ပျော့သည်။ အကြော အမျှင် ညီညာသဖြင့် ပြုပြင်ရ လွယ်ကူသည်။ အလွန်ပေါ့ပါးသော သစ်သားဖြစ်သည်။ သို့သော် ခိုင်ခံ့သော သစ်မျိုးမဟုတ်ပဲ စွန်းကွက်လွယ်သော သစ်သားဖြစ်သည်။ သစ်ခွဲပြီးလျှင် အထူး ဂရုစိုက်၍ ခြောက်သွေ့အောင် ပြုလုပ်ရသည်။ ပန်းပုထုလုပ်ရန် သင့်လျော်သော သစ်သားဖြစ်သည်။ မီးခြစ်များပြုလုပ်ရန် လက်ထုတ်သားကို ရန်ကုန်မြို့သို့ တင်ပို့ကြသည်။ ကုန်ပစ္စည်းများထည့်ပို့ရန် သေတ္တာများ၊ အိမ်အသုံးအဆောင် အညံ့စားများ၊ ဓားအိမ်များ၊ မြေဖြူနှင့်ရေးရန် သင်ပုန်းကြီးများ စသည်တို့ကို လက်ထုတ်သားဖြင့် ပြုလုပ်ကြသည်။

တနင်္သာရီတောင်ပိုင်း၌ လက်ထုတ်ပင်ကို "ကြည်ဆယ်ကလဝ" ဟူ၍၎င်း၊ ရှမ်းဘာသာစကားဖြင့် "မဲ့ရုံခေါင်" ဟူ၍၎င်း၊ ကချင်ဘာသာဖြင့် "ဖွန်းဒေါ်ဒေါ်" ဟူ၍၎င်း ဒေသအလိုက် အမျိုးမျိုး ခေါ်ကြသည်။

လက်ထုတ်ခေါက်ကို ဝမ်းကိုက်ရောဂါအတွက် ဆေးအဖြစ်ဖြင့်၎င်း၊ အစေးကို ယဉ်းသောအနာများ အတွက်၎င်း၊ အရွက်ကို အနာအုံရန်အတွက်၎င်း အမျိုးမျိုး အသုံးချနိုင်သည်။

လက်ထုတ်မျိုးထဲတွင် လက်ထုတ်ကြီး၊ လက်ထုတ်သိမ် ဟူ၍ရှိသေးသည်။ လက်ထုတ်ကြီးပင်များသည် တောသစ်ပင်ငယ်များဖြစ်၍ မြန်မာနိုင်ငံ သစ်တောများ၌ မြေပြင် အမြင့် ၃,၅၀၀ အထိ အနှံ့အပြား တွေ့မြင်ရသည်။ အသားမှာ လက်ထုတ်သားကဲ့သို့ပင် ဖြစ်၍ ထွန်ထယ်များ၊ ဆံပင်ဖီးရန် ဘီးများ၊ ကလေးကစားစရာများ၊ ယောက်ချိုများ စသည်တို့ကိုပြုလုပ်ရာ၌ အသုံးချသည်။ အသားပျော့ သစ်မျိုးဖြစ်၍လည်း ပန်းပုထုလုပ်ရန် သင့်တော်သည်။ အထူးသဖြင့် ပွတ်တိုက် ပွတ်ခံရန်အတွက် အလွန်သင့်တော်သော သစ်သားဖြစ်သည်။

လက်ထုတ်သိမ်ပင်များကို မြန်မာနိုင်ငံ မြေညီ သစ်တောများနှင့် တောင်နိမ့်ပိုင်းရှိ သစ်တောများ၌ တွေ့နိုင်သည်။ အမြင့် ပေ ၄၀ အထိ ရှိကြသည်။ အသားမှာ ဖြူ၍ အတော်အသင့်မာသည်။ အိမ်အသုံးအဆောင်များ၊ ကုန်ပစ္စည်းများထည့်ပို့ရန် သေတ္တာများ၊ ဆံပင်ဖီးရန် ဘီးများ စသည်တို့ကို လက်ထုတ်သိမ်သားဖြင့် ပြုလုပ်ကြသည်။ လက်ထုတ်ကြီး သစ်သားနည်းတူ လက်ထုတ်သိမ်သားသည်လည်း ပန်းပုထုလုပ်ရန်နှင့် ပွတ်ခံရန် အလွန်ကောင်းသော သစ်သားဖြစ်သည်။ လက်ထုတ်သိမ်ပင်ကို တောင်ဇလပ်ပင်ဟူ၍လည်း ခေါ်ကြသည်။

**လက်နှိပ်စက်။** ။စာရွက် ပေါ်တွင် ပုံနှိပ်စာလုံးကလေးများ ထင်လာအောင် လက်ဖြင့် ရိုက်နှိပ်နိုင်သော စက်တမျိုးကို လက်နှိပ်စက်ဟုခေါ်လေသည်။ ယခုခေတ် အသုံးပြုနေကြသည့်လက်နှိပ်စက်မျိုး ဖြစ်လာအောင် လက်နှိပ်စက် ပုံစံများကို အဆင့်ဆင့် တိုးတက် တီထွင် ခဲ့ရပေသည်။ ခရစ် ၁၈၀၀ ပြည့်နှစ် တခိုလောက်ဆီက အင်္ဂလန်နှင့် အမေရိကန် ပြည်ထောင်စု တို့တွင် လက်နှိပ်စက် အမျိုးမျိုးကို တီထွင်လုပ်ကိုင်ခဲ့ကြသည်။ ၁၇၁၄ ခုနှစ်က အင်္ဂလိပ်လူမျိုး အင်ဂျင်နီယာ မီး ဆိုသူသည် ပဌမဦးဆုံး လက်နှိပ်စက် ပုံစံအတွက် မူပိုင်ခွင့် မှတ်ပုံတင်ခဲ့သည်။ သို့ရာတွင် သူ၏ လက်နှိပ်စက် ပုံစံသည် ထိထိရောက်ရောက် အသုံးမပြုနိုင်သဖြင့် နောက်၌ တိမ်ကောသွား၏။ ၁၈၆၈ ခုနှစ်၌ လက်တွေ့ အသုံးချနိုင်သော လက်နှိပ်စက်တမျိုးကို စီအယ် ရှိုးနှင့် ကားလော့ ဂလစ်ဒင် ဆိုသူတို့က တီထွင်ပြန်၏။ သူတို့ နှစ်ဦးသည်လည်း မူပိုင်ခွင့် မှတ်ပုံတင်ခဲ့ကြ၏။ ယင်းလက်နှိပ်စက်ကို ၁၈၇၄ ခုနှစ်၌ အီး ရီမင်တန်နှင့် သားများကုမ္ပဏီမှ နယူးယော့မြို့တွင် ကုန်ပစ္စည်းအဖြစ်ဖြင့် စတင်ရောင်းချခဲ့လေသည်။

ယခုခေတ်အခါတွင် လက်နှိပ်စက်များသည် အစိုးရအလုပ်၊ ကိုယ်ပိုင်အလုပ်စသော အလုပ်အကိုင် အသီးအသီးတို့တွင် အလွန်အသုံးဝင်၍ မရှိလျှင် မဖြစ်သော ပစ္စည်းတခု ဖြစ်လာခဲ့လေသည်။ အရောင်းအဝယ် လုပ်ငန်းများတွင် စာရင်းအင်း တွက်ချက်ရာ၌ အသုံးချသော တွက်ချက်သည့် စက်ကလေးများသည် လက်နှိပ်



www.burmeseclassic.com

www.burmeseclassic.com





လက်နှိပ်စက်သည် ယခုအခါ ရုံးလုပ်ငန်းတွင် မရှိလျှင်မဖြစ် အလွန်အသုံးဝင်သော ပစ္စည်းဖြစ်သည်။

စက်များမှအစပြု၍ ပေါ်ပေါက်လာခဲ့သည်။ အချို့ လက်နှိပ်စက်များတွင် စာရင်းတွက်သော စက်များပါ ပူးတွဲပါရှိ၏။ အချို့လက်နှိပ်စက်များကား စက္ကူရိုးရိုးပေါ်တွင်သာမဟုတ်ဘဲ ကပ်ပြားစက္ကူများနှင့် စာအုပ်များပေါ်တွင်ပင် ရိုက်နှိပ်နိုင်ရန် ပြုလုပ်ထားလေသည်။

ပဌမဦးဆုံးပေါ်သော ရှိမင်တန်လက်နှိပ်စက်များသည် ယခုခေတ်သုံး လက်နှိပ်စက် ပုံစံမျိုးနှင့် ခပ်ဆင်ဆင် ဖြစ်သည်။ ယင်းကို တန်းစာလုံးစီစက်ဟု ခေါ်သည်။ နောက်တမျိုးမှာ လွှန်းစက်ဖြစ်သည်။ တန်းစာလုံးစီစက်တွင် တဖက်အစွန်း၌ ခဲစာလုံးများ တင်ထားသော သံမဏိတန်းများ ရှိသည်။ ထိုတန်းများသည် သုံးဆဲ့ရှစ်ခုမျှ ရှိ၍ အပြားလိုက် ချထားသော ကွင်းတခုကို လှည့်ပတ်ကာ ဆုံလည်ကဲ့သို့ တပ်ဆင်ထားသောကြောင့် သံမဏိတန်းကလေးများမှာ စက်ဝိုင်းသဏ္ဍာန် ဖြစ်နေသည်။ ထိုတန်းကလေး တခုစီတခုစီကို ကြေးနန်းကြိုးဖြင့် မောင်းတခုကို ဆက်သွယ်ထား၏။ ထိုမောင်းသည် လက်နှိပ်စက်၌ရှိသော စာလုံးခလုတ်များနှင့် ဆိုင်၏။ ထိုကြောင့် ခလုတ်များကို နှိပ်လိုက်သောအခါ စာလုံးတပ်ထားသော သံချောင်း (တန်း)သည် ကြွလာ၍ အလယ်တည့်တည့်နေရာရှိ စက္ကူထပ်ထားသော ရော်ဘာလုံးပေါ်သို့ရိုက်နှိုက်လိုက်သည်။ ထိုရော်ဘာလုံး၏ ရှေ့နားတွင် မင်ကြိုးထည့်ထားကာ ရိုက်လိုက်သောခဲစာလုံးကို ကြားဝင်ခံထားစေသည်။ ထိုအခါမှ စက္ကူပေါ်တွင် မင်သားထင်သည့် စာလုံး ပေါ်လာလေသည်။ အလွန် ရှေးကျသော လက်နှိပ်စက်များ၌ ရိုက်ပြီးသား စာလုံးကို ရိုက်သူသည် မမြင်ရချေ။ နောက်ပေါ် လက်နှိပ်စက်များ၌ကား ခဲစာလုံးတင် တန်းကလေးများကို တမျိုးတဖုံပြုပြင်ထားသဖြင့် ရိုက်သူသည် သူရိုက်ပြီးသော စာလုံးများကို ရိုက်နေယင်းပင် မြင်နိုင်ပေသည်။

လွှန်းစက် များမှာ မူကား စာလုံးများနှင့် အမှတ်အသားများကို ရော်ဘာတမျိုးဖြင့်ပြုလုပ်ထားသောအပြား တခုပေါ်တွင် တပ်ဆင်ထားလေသည်။ ထိုရော်ဘာပြားသည် ခပ်ကွေးကွေးသဏ္ဍာန်ရှိ၍ "လွှန်း"ဟု ခေါ်သည်။ ဆိုင်ရာခလုတ်ကို နှိပ်လိုက်သောအခါ စက္ကူကိုထိုစာလုံးနှင့် ထိမိအောင် တွန်းပေး၍ စာလုံးထင်စေသည်။ "လွှန်း" များသည် တခုနှင့်တခု လဲလှယ်၍သုံးနိုင်သဖြင့်စက်တလုံးထဲနှင့်ပင် စာလုံးနှင့်ဂဏန်းအမျိုးမျိုးကို ရိုက်နှိပ်နိုင်လေသည်။

ဗလစ်ကင်ဒါဖာ ခေါ် စက်မျိုးမှာ ခဲစာလုံးများကို ဘီးပေါ်တွင် တပ်ဆင်ထား၍ ဘီးလည်သွားကာ လိုသော စာလုံးများကို စက္ကူပေါ်သို့ရိုက်မိအမှတ်ထင်စေလေသည်။

များသောအားဖြင့်လက်နှိပ်စက်များသည်"တန်း"များဖြင့် တပ်ဆင်သည့် စက်ပုံစံများကို အနည်းငယ်ပြောင်းလဲကာ ပြုလုပ်ထားသည်ကို တွေ့ရသည်။ ရှေးကစက်များတွင် အသုံးပြုသည့် အပြားလိုက်ချထားသော ကွင်းပုံမျိုးကို မသုံးဘဲ စာလုံးများတပ်ဆင်ထားသည့်တန်းများကို စက်ဝိုင်းခြမ်းသဏ္ဍာန် တပ်ဆင်ထား၍ နှိပ်လိုက်သောအခါ စာလုံးများသည် ရော်ဘာဒလိမ့်တုံး၏ ရှေ့သို့ ရိုက်မိအောင် စီမံထားလေသည်။ ဤသို့ပြုလုပ်ထားခြင်းအားဖြင့် ရိုက်နှိပ်ပြီးသော စာလုံးများကို အမြဲ မြင်နေရလေသည်။

ယခုခေတ်အခါတွင် လက်နှိပ်စက်များ အထူးတိုးတက်ကောင်းမွန်နေသည်ကို တွေ့ရ၏။ အချို့ လက်နှိပ်စက်များ၌ စာကြောင်းတကြောင်းရိုက်၍ ပြီးဆုံးလုနီးလျှင် သတိပေးသည့်ခေါင်းလောင်းသံ မြည်လာသည်။ အချို့လက်နှိပ်စက်များမှာ နားမငြီးရအောင် အသံမမြည်သောစံနစ်ဖြင့် လုပ်ထားလေသည်။ ထိုလက်နှိပ်စက်မျိုးကို ၁၉၀၉ ခုနှစ်တွင် စတင်ရောင်းချလေသည်။ အချို့ခရီးဆောင် လက်နှိပ်စက်ကလေးများမှာ သေတ္တာနှင့်ထည့်၍ လိုရာအရပ်သို့ အလွယ်တကူဆောင်ကျဉ်းသွားနိုင်၏။ လက်နှိပ်စက်တမျိုးမှာ အပ်ချုန်သဏ္ဍာန် ခဲစာလုံးများတပ်ဆင်ထား၏။ယင်းကို ရိုက်ပြီးသော စာလုံးများ နောက်ထပ် မည်သည့်နည်းနှင့်မျှ မပြောင်းလဲနိုင်အောင် လုပ်ထားသည်။ မျက်စိမှုန်သူများအတွက် လက်နှိပ်စက်မှာ စာလုံးကြီးများ ထင်အောင် ခဲစာလုံးကို တမျိုးတဖုံ စီမံထားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



စာလုံးနှင့်အမှတ်အသားများကို စီစဉ်ထားရာတွင်လက်နှိပ်စက် အားလုံးပင် တမျိုးတည်း စီစဉ်ထားလေသည်။ လက်နှိပ်စက်ရိုက်သူများသည် လက်နှိပ်စက်ရိုက်နည်း သင်ယူရာတွင် လက်ထားပုံ သို့ပုံ၊ မည်သည့် လက်ချောင်းဖြင့် ရိုက်လျှင် မည်သည့် စာလုံးထင်သည်ကို ပုံသေ သင်ယူရလေသည်။ ထို့ကြောင့် လက်နှိပ်စက်များ၏ခလုတ်များကို အစီအစဉ်တမျိုးတည်းပြုလုပ်၍ ထားကြရသည်။ စာလုံးတပ်ဆင်ထားသည့် သံချောင်းများတွင် စာလုံးသေး၊ စာလုံးကြီး စသည်ဖြင့် တမျိုးထက်ပို၍ တပ်ထားလျက် ရှိရာ ခလုတ်နှိပ်ကာ လိုရာစာလုံးကို ရိုက်ယူရသည်။ လက်နှိပ်စက်များဖြင့် အမျိုးတူစာမူစာရွက်ပေါင်းများစွာကို မင်စက္ကူခံ၍ ရိုက်ယူနိုင်သည်။ လက်နှိပ်စက်ရိုက်နည်းကို သင်ယူ တတ်မြောက်ပြီးဖြစ်သော သူသည် မိမိ၏ လက်ဆယ်ချောင်းကို ခလုတ်များပေါ် တွင်တင်ကာ စာလုံးများကို မကြည့်ဘဲစမ်း၍ လျင်မြန်စွာ ရိုက်သွားနိုင်လေသည်။

လက်နှိပ်စက်သည် အရောင်းအဝယ်လောကတွင် အရေးကြီးသော ကုန်ပစ္စည်းတရပ်ဖြစ်၍ ထိုလက်နှိပ်စက်ကို အကြောင်းပြုကာ ရုံးနှင့် အလုပ်တိုက်များတွင် အမျိုးသမီးပေါင်း မြောက်မြားစွာ ဝင်ရောက်လုပ်ကိုင်နိုင်လာခဲ့သည်။

**လက်ပလန်နယ်။** ။အမှန်စင်စစ်ဆိုလျှင် လက်ပလန်နယ်သည် တသီးတခြား သတ်မှတ်ထားသည့် တိုင်းပြည်တခုမဟုတ်ပေ။ လက်ပလူမျိုးတို့နေထိုင်ရာ အရပ်ဖြစ်၍ လက်ပတို့၏ နယ်မြေဟု အဓိပ္ပါယ်ရသည်။ ယင်းဒေသကား ဥရောပတိုက် မြောက်ပိုင်း ဒေသများဖြစ်သော နော်ဝေး၊ ဆွီဒင်၊ ဖင်းလန်နှင့် ရုရှနိုင်ငံအနောက်ဖက်တို့၏ မြောက်ပိုင်းတလျှောက်ဖြစ်သည်။ ထိုဒေသများအနက် တဝက်ကျော်ကျော်မှာ အာတိတ်စက်ဝိုင်းအတွင်း၌ ကျရောက်နေသဖြင့် အလွန်အေးသော အာတိတ်ရာသီဥတုမျိုး ရှိသည်။ တနှစ်တွင် ကိုးလခန့်မှာ ဆောင်းရာသီဖြစ်၏။ နွေရာသီမှာလည်း သမပိုင်းဇုန်ရှိ အရပ်များမှ နွေဦးပေါက် ရာသီအစနှင့် တူပေသည်။

အပူဆုံးလဟုဆိုရသည့် ဩဂုတ်လ၌ပင် အပူချိန်ဖာရင်ဟိုက် ၅၆.၂ မျှသာ ရှိသည်ကို ထောက်ခြင့်ခြင်းအားဖြင့် လက်ပလန်နယ်၏ ရာသီဥတုအခြေအနေကို ခန့်မှန်းနိုင်ပေမည်။ စက်တင်ဘာလ၊ သို့မဟုတ် အောက်တိုဘာလမှစ၍ ရှည်လျားသော ဆောင်းတွင်းအတွက် ပြင်ဆင်မှုများ ကြိုတင်ပြုလုပ်ထားရလေသည်။ ထို့ပြင် လက်ပလန်နယ်သည် မြောက်ဖက်အစွန်အဖျားတွင် တည်ရှိသဖြင့် တိုတောင်းလှသော နွေရာသီ၌ နှစ်လခန့်မျှ ညဥ့်အခါများတွင် နေ့အခါများကဲ့သို့ ထိန်လင်းလျက်ရှိနေလေသည်။

လက်ပလူမျိုးတို့သည် ရိန်းဒီးယားခေါ် တန်းဒြာသမင်များကို အမှီတံကဲပြုကာ အသက်ရှင်နေကြရသည်ဟု ဆိုရပေမည်။ ထိုဒေသ၌ တန်းဒြာသမင်ပေါင်း ငါးသိန်းခန့်ရှိ၍ လက်ပလူမျိုး လူချမ်းသာတဦးဆိုလျှင် သမင်ပေါင်း ၂၀,၀၀၀ခန့် ပိုင်ဆိုင်လေသည်။ လက်ပလူမျိုးတို့အဖို့ ထိုသမင်များသည် ကျွေးဇူးရှင်များပင် ဖြစ်ချေသည်။ တနေရာမှ တနေရာသို့ရွှေ့ပြောင်းသွားလာရာ၌ ထိုသမင်များကို အသုံးပြုကြရသည်။ သမင်နို့ကို သောက်၍ အသားကို စားကြရသည်။ အဝတ်အစားအတွက် သမင်ရေကို ဝတ်ဆင်ကြရသည်။ သမင်ဆွဲ စွပ်ဖားများနှင့်သာ တနေရာမှ တနေရာသို့ သွားလာ နိုင်ကြသည်။ (တန်းဒြာသမင်—လည်းရှု။)

လက်ပလူမျိုးတို့တွင် တောင်ပေါ်နေ လက်ပလူမျိုး၊ ပင်လယ်တလျှောက်၌ နေသော လက်ပလူမျိုး၊ မြစ်ရိုးတလျှောက်နေ လက်ပလူမျိုးဟူ၍ သုံးမျိုးရှိသည်။ တောင်ပေါ်နေ လက်ပလူမျိုးတို့သည် သူတို့၏ ရိန်းဒီးယားသမင်အုပ်များနှင့်တနေရာမှတနေရာသို့ ပြောင်းရွှေ့နေထိုင်တတ်ကြသည်။ သမင်များအတွက် စားကျက်ရှိရာ နေရာတွင် ကနားဖျင်းတဲများထိုးကာ နေထိုင်တတ်ကြသည်။ မိသားတစုလုံးသည် မွေးမြူထားသောခွေးများနှင့်အတူ ကတောင့်ပုံတဲများတွင် နေလေ့ရှိကာ ရိန်းဒီးယားသမင်မှရသော နို့၊ ဒိန်ခဲနှင့် အသားတို့ကို မှီဝဲစားသုံးလေ့ရှိသည်။ ပင်လယ်တလျှောက်တွင် နေထိုင်သော လက်ပလူမျိုးတို့သည် လက်ပလန်နယ် ကမ်းရိုးတလျှောက်တွင် အပေါ်မြေလွှာတို့ဖြင့်မံထားသော သစ်ဖြင့်ပြုလုပ်ထားသည့် တဲကြမ်းများတွင် နေထိုင်ကြသည်။ သူတို့သည် တောင်ပေါ်နေ လက်ပလူမျိုးတို့ထက် ယဉ်ကျေးသည်။ စုစုဝေးဝေး တဲဆောက်၍ နေထိုင်ကြသည်။ မြစ်ရိုးတလျှောက်နေ လက်ပလူမျိုးတို့မှာ လက်ပလူမျိုး သုံးမျိုးအနက် အတိုးတက်ဆုံး ဖြစ်သည်။ အသင်းအပင်းနှင့် နေထိုင်တတ်ကြ၍ စိုက်ပျိုးခြင်းလည်း အနည်းငယ်ပြုသည်။ ငါးဖမ်းခြင်း၊ သားကောင်ဖမ်းခြင်းများကိုပြု၍ ရိန်းဒီးယား၊ နွားနှင့် သိုးများကိုလည်း မွေးမြူကြသည်။

လက်ပလူမျိုးတို့သည် အာရှတိုက်သားအနွယ်ဝင်များဖြစ်၍ ဘာသာစကားမှာ ဖင်းလူမျိုးများ ပြောသော ဘာသာစကားနှင့် ဆင်တူသည်။

လက်ပလန်နယ်တွင် လက်ပလူမျိုးပေါင်း ၂၅,၀၀၀ ခန့် နေထိုင်ကြ၏။ ထိုလူမျိုးသည် ဥရောပတိုက်တွင် အသေးကွေးဆုံး လူမျိုးဖြစ်သည်။ ဖျမ်းမျှ အရပ်အမောင်းမှာ ငါးပေ သာသာ ရှိသည်။ သူတို့၏ဆံပင်မှာ ဖြောင့်၍ မည်းနက်ပြီးလျှင် အသား အတန်ဝါသည်။ နဖူးနိမ့်၍ ပါးရိုးပေါ် လွင်သည်။ နှာခေါင်း ကား၍ ပြား၏။ နှုတ်ခမ်းပါးသည်။ ကိုယ်လုံးကိုယ်ထည် သေးငယ်လှသော်လည်း

www.burmeseclassic.com







ရိန်းဒီးယားခေါ် တန်းဖြသမင်သည် လက်ပလူမျိုးတို့အဖို့ ကျေးဇူးရှင်ဖြစ်သည်။ စားသောက်ရေး၊ ဝတ်စား ဆင်ယင်ရေး၊ ခရီးသွားလာရေးတို့တွင် ထိုသမင်များကို မှီအားထားရသည်။ (အပေါ်ပုံ) လက်ပ လူမျိုးတို့သည် ဥရောပတိုက်တွင် အသေးကွေးဆုံးလူမျိုးဖြစ်သည်။ ဈမ်းမျှ အရပ်အမောင်းမှာ ငါးပေသာသာရှိသည်။

လက်ပလူမျိုးတို့သည် အာရှတိုက်သား အနွယ်ဝင်များဖြစ်၍ ဘာသာ စကားမှာ ဖင်းလူမျိုးများပြောဆိုသော ဘာသာစကားနှင့် ဆင်တူသည်။ လက်ပလန်နယ်တွင် လက်ပ လူမျိုးပေါင်း ၂၅,၀၀၀ ခန့် နေထိုင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သန်စွမ်းတောင့်တင်းသူများဖြစ်၏။ လက်ပလူမျိုး အချို့သည် လက်ပနယ် မဟုတ်သော အခြားအရပ်များတွင်လည်း နေထိုင်လျက်ရှိကြသည်။

သူတို့သည် သိုးမွေးကိုရက်လုပ်ထားသော အထည်များနှင့် ရိန်းဒီးယား သားရေများကို ဝတ်ဆင်ကြ၏။ အဝတ်အစားများကို နွေရောည့်ဥပါ မချွတ်မလဲပဲ ဝတ်တတ်သည်။ ကိုယ်တွင်ဝတ်ထားသော အဝတ်အစားကို အသစ်နှင့်လဲသောအခါမှသာ ချွတ်လေတော့၏။ သူတို့သည် ရေလည်းချိုးခဲသည်။ တခါတရံ မျက်နှာပင်မသစ်ဘဲ နေတတ်သည်။ သို့သော် သူတို့သည် ကျန်းမာပျော်ရွှင်လျက်ရှိပြီးလျှင် သူတို့ဘဝကို ကျေနပ်နှစ်သက်ဟန် ရှိသည်။

လက်ပလူမျိုးတို့သည် ဆင်းရဲပင်ပန်းကြီးစွာ အသက်မွေးနေထိုင်ရ၍ ရတတ်သမျှနှင့် ရောင့်ရဲ တင်းတိမ်နိုင်ကြသည့် လူရိုးလူဖြောင့်များဖြစ်သည်။ များသောအားဖြင့် သနားကြင်နာတတ်၍ အေးချမ်းစွာသာ နေလိုကြ၏။

လက်ပလူမျိုး အများစုမှာ စာသင်ကျောင်းများနှင့် ဆရာများ အနည်းငယ်မျှသာ ရှိသောကြောင့် စာမတတ်ကြချေ။ သူတို့သည် များသောအားဖြင့် ပရိုတက်စတင့် ဂိုဏ်းဝင် ခရစ်ယန်ဝါဒီများ ဖြစ်ကြသည်။ ဘုရားရှိခိုးကျောင်းတက်ရန်အတွက် အလွန်ဝေးလံသော အရပ်များမှပင် လာရောက်ကြရလေသည်။

လက်ပလူမျိုးတို့သည် လွန်ခဲ့သည့် ထောင်ပေါင်းများစွာသော နှစ်ကာလက အာရှအလယ်ပိုင်းမှ လာရောက် နေထိုင်သည်ဟု ယုံကြည်ရပေသည်။ ခရစ် ၁၃၀၀ ပြည့်နှစ်ခန့်က ဖင်းလူမျိုးကုန်သည်တို့သည် လက်ပလူမျိုးတို့နှင့် ကုန်ကူးသန်းခြင်းပြုကြသည်။ ဆွိဘုရင်တို့သည် ခရစ် ၁၅၀၀ ပြည့်နှစ်မှသည် ၁၆၀၀ ပြည့်နှစ်အထိ လက်ပလူမျိုးတို့၏ ဘုရင်ဟူသောဘွဲ့ကို ယူခဲ့ကြပေသည်။

လက်ပလန်နယ်မှာ အလွန်အေးသော လွင်တီးခေါင်အရပ်ဖြစ်၍ သစ်ပင်အနည်းငယ်သာ ပေါက်သည်။ ပေါက်ရောက်သော်သစ်ပင်ပန်းပင်များမှာလည်း သေးလှိုပုက္ကလေသည်။ လက်ပလန်နယ်၏ အဖိုးတန်ဆုံးပစ္စည်းအားမှာ သံဖြစ်သည်။ ဆွီဒင်နိုင်ငံတွင် ပါဝင်သော လက်ပလန်နယ်အပိုင်းတွင် သံအကြီးအကျယ် တူးဖော်ရရှိ၏။ ဇာမ္ဘာပေါ်တွင် အကောင်းဆုံးနှင့် အကြီးဆုံး သံတွင်းများဟု ဆိုလေသည်။

**လက်ပံတန်းမြို့။** ။လက်ပံတန်းမြို့သည် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၏ ရုံးစိုက်မြို့ဖြစ်၍ ခရိုင်အတွင်း လူအစည်ကားဆုံးမြို့ဖြစ်သည်။ ယင်းသို့ လူစည်ကားရခြင်းမှာ လက်ပံတန်းမှ သာရဝေါသွား ရန်ကုန်-ပုသိမ်မီးရထားလမ်းနှင့် ရန်ကုန်-ပြည် မီးရထားလမ်းဆုံရာမြို့ ဖြစ်သောကြောင့်တည်း။ အရေးပိုင်ရုံးစိုက်သော သာယာဝတီမြို့နှင့် ရှစ်မိုင်ခန့်ကွာဝေး၏။ ရောင်းဝယ်ဖောက်ကားရန် အသွားအလာ လွယ်ကူရာ လမ်းဆုံမြို့ ဖြစ်သဖြင့် စည်ကားလေသည်။ ၁၉၆၉ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၂၂,၄၁၅ ယောက် ရှိလေသည်။ ရန်ကုန်နှင့်ပြည် အကြားအကြီးဆုံးသော မီးရထားဘူတာရုံမြို့ဖြစ်၍ မီးရထားအလုပ်ရုံလည်းရှိသည်။ မြို့ပိုင်ရုံးစိုက်၍ မျူနီစီပယ်အဖွဲ့ ရှိလေသည်။

ရန်ကုန်မှပြည်သွား မော်တော်ကားလမ်းမကား လက်ပံတန်းမြို့ထဲသို့ ဖြတ်သန်းမသွားဘဲ လက်ပံတန်းနှင့် သုံးမိုင်ခန့်ဝေးသော ကျွန်းကလေး တာဆုံကို ဖြတ်သွားလေသည်။ လက်ပံတန်းမြို့၌ စပါးအရောင်းအဝယ်ကို အထူးသဖြင့် လုပ်ကိုင်ကြ၏။ အစိုးရဆေးရုံ၊ အစိုးရတန်းမြင့်ကျောင်းနှင့် ရုံးများရှိလေသည်။

**လက်ပံပင်။** ။လက်ပံပင်သည် ဗုံဗကေစီအီး မျိုးရင်းတွင် ပါဝင်၍ ယင်း၏ ရုက္ခဗေဒအမည်မှာ ဗုံဗက် မာလဗာရီကမ်ဟု ခေါ်သည်။ အမြင့်ပေ ၁၃၀ အထိရှိ၍ ပင်စည်လုံးပတ်မှာ ၁၂ ပေအထိ ရှိသဖြင့် သစ်ပင်ကြီးမျိုး ဖြစ်သည်။ လက်ပံပင်၏ပင်စည်သည် တဖြောင့်တည်းတက်သွားပြီးနောက် အတော်မြင့်သော နေရာရောက်မှ အကိုင်းများသည် အခြားအပင်မှ အကိုင်းများကဲ့သို့ ခပ်ထောင်ထောင်မထွက်ဘဲ ပင်စည်နှင့် ထောင့်မှန် ခပ်ကျကျ အလျားလိုက်ထွက်ကြသည်။ အပင်ကြီးလာသည့်အခါ လေဒဏ်မိုးဒဏ်ကို ခံနိုင်စေသည့် အပင်ရင်းမှ မြေထောက်မြစ်ကြီးများထွက်လာရာ တခါတရံ ၁၂ ပေထိပင် မြင့်ကြသည်။ တလက်မခန့်ရှည်သော ရိုးတံကလေး တခုတခုတွင် ရွက်မွှာများ ငါးရွက်မှခုနစ်ရွက်အထိရှိသည်။ နီသောအပွင့်ကြီးများပွင့်ကြသည်။

လက်ပံပင်မှ ရွက်ဟောင်း၊ ရွက်ခြောက်တို့သည် နွေအခါ၌ များသောအားဖြင့် ဖေဖော်ဝါရီလမှ ဧပြီလအထိ ပင်လုံးကျွတ် ကြွေ၍ ရွက်နု ရွက်သစ်များ ထင်ထင်ရှားရှားမထွက်မီ အဖူး၊ အပွင့်တို့ဖြင့် ရဲရဲတောက် ဝေဆာလျက်ရှိတတ်လေသည်။ ထိုအချိန်အခါမျိုးတွင် ဆက်ရက် ငှက်များအပါအဝင် ကျေးငှက် အပေါင်းတို့သည် အအုပ်အသင်းဖွဲ့ကာ ပန်းဝတ်ရည်၊ ဝတ်ဆံတို့ကိုငှင်း၊ ပန်းပွင့်တွင်းရှိ ပိုးမွှားများကိုငှင်း ဆူဆူညံညံ အလုအယက် စားသောက်လေ့ ရှိရကား 'လက်ပံပင်၊ ဆက်ရက်ကျသလို' ဟု ဆိုလေ့ ဆိုထရှိကြသည်။ ထိုပြင် လက်ပံပင်တို့ ဖူးပွင့်ချိန်နှင့် မြန်မာနိုင်ငံအနယ်နယ်ရှိ ခွေးအချို့တို့ ရူးသွပ်ချိန် တိုက်ဆိုင်နေမှုကြောင့် 'လက်ပံဖူးစ၊ ခွေးရူးပေ' ဟူ၍လည်း ရှေးလူကြီးသူမများ ဆိုစမှတ် ပြုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ပံသားသည် ဖြူ၍ပွသည်။ ထို့ကြောင့် အရောင်ပျက်လွယ်၊ ပိုးဖျက်လွယ်သဖြင့် ကြာရှည်ခံသော သစ်သားမျိုးမဟုတ်ပေ။ မီးခြစ်နှင့်ကုန်ပစ္စည်းများ ထည့်ရန်သေတ္တာများ ပြုလုပ်ဖို့အတွက် လက်ပံသားသည် အလွန်အသုံးကျသည်။ မြန်မာနိုင်ငံရှိ စက္ကူလုပ်နိုင်သော သစ်သားများတွင် လက်ပံသားလည်း အပါအဝင် ဖြစ်သည်။ လက်ပံသားကို လှေငယ်များ၊ ရေတန်လျှောက်များနှင့် မသာအလောင်းထည့်သည့် ခေါင်းများစပ်ရာ၌ ၎င်း၊ ကလေးကစားစရာများ၊ သေတ္တာငယ်နှင့် အညံ့စား အိမ်အသုံးအဆောင်များ ပြုလုပ်ရာ၌၎င်း အသုံးချကြသည်။ ရေစည်များ ပြုလုပ်ရန် လက်ပံသားသည် သင့်တော်သောသစ်သားဖြစ်သည်။ လက်ပံသားဖြင့် လောင်းလှေများကိုလည်းပြုလုပ်နိုင်သည်။

လက်ပံပင်မှ ထွက်သည့်အစေးကို ဝမ်းကျရောဂါဆေးအဖြစ် အသုံးချကြသည်။ အပင်ငယ်မှ အမြစ်များကိုဆေးအဖြစ် အသုံးပြုသည်။ လက်ပံခါး အခေါက်သည်ဆေးဖက်ဝင်သည်။ လက်ပံသီးမှ ရသော ပိုးကဲ့သို့ ချောမွတ်သည့်လဲကို ခေါင်းအုံးများပြုလုပ်ရာ၌ အသုံးချသည်။ လက်ပံဖူး၊ အပွင့်နှင့်အသီးနုနုများကို ချက်ပြုတ် စားသောက်လေ့ ရှိကြသည်။ လက်ပံပွင့်သည် မြန်မာတို့ဟင်းချက်ရာတွင် အရေးပါ အရာရောက်သော ပစ္စည်းတခု ဖြစ်၏။ လက်ပံပွင့် ကြွေချိန်တွင် လူများသည်ကောက်ယူ၍ နေလှန်းပြီးလျှင် မြေအိုးနှင့် သိုလှောင်ထားကာ စားသုံးကြသည်။

လက်ပံပင်တို့သည် နွေရာသီတွင်၊ ပင်လုံးကျွတ် အရွက်ကြွေသဖြင့် လမ်းနံဘေး တလျှောက်၌ အရိပ်ကောင်းရရန်အတွက် စိုက်ပျိုးရန် မသင့်တော်လှပေ။ သို့သော်အရိပ်ကောင်း ပေးနိုင်သည့် အပင်များ အကြားတွင်လက်ပံပင်ကို စိုက်ထားပါက အဖူးအပွင့်တို့ဖြင့် ဝေဝေဆာဆာ ရှိနေချိန်တွင် လမ်းမကြီးကို ပို၍ တင့်တယ်စေနိုင်သည်။

လက်ပံပင်ကို အစေ့မှ၎င်း၊ အကိုင်းဖြတ်၍၎င်း မျိုးပွားစိုက်ပျိုးနိုင်သည်။ ခြောက်သွေ့သော ဒေသများမှအပ အိန္ဒိယနှင့် မြန်မာနိုင်ငံ တဝှန်းလုံးတွင် လက်ပံပင်ကိုတွေ့ရသည်။ လက်ပံပင်သည် မြစ်ကမ်းပါးရှိ - နုံးမြေများပေါ်တွင် အများဆုံးဖြစ်ထွန်းသည်။

# နတ်သစ်ရွက်

**မြန်မာ့ရိုးရာ ယဉ်ကျေးမှုတွင်အရေးပါသော ခဲဖွယ်တခု ဖြစ်ရုံမက လွတ်ရုံးများ၏ အဆုံးအဖြတ်၌ပင် ယင်းကို စား၍ အမှုပြေငြိမ်းခြင်း၊ အမှုပြတ်ကင်းခြင်းတို့ကို ပြုလုပ်လေ့ ရှိခဲ့ကြသည်။**

**လက်ဖက်။** ။ရှေး နှစ် ရာပေါင်းများစွာက တရုပ်နိုင်ငံတွင် ဘာသာရေးဖက်၌ ကိုင်းရှိုင်းလှသည့် ဗုဒ္ဓဝါဒီတဦးရှိသတတ်။ ထိုသူသည် ကိုးနှစ်တိုင်တိုင် မအိပ်ဘဲ တရားအားထုတ်မည်ဟု အဓိဋ္ဌာန်ပြုကာ မအိပ်ပဲ တရားအားထုတ်ပြီးနေလာခဲ့ရာ သုံးနှစ်ကြာသောအခါ ရုတ်တရက်အိပ်ပျော်သွားမိသည်။ နိုးလာသောအခါ ဤမျှညံ့ဖျင်းရပါမည်လောဟု မိမိကိုယ်ကို မိမိဆုံးမသည့်အနေနှင့် သူ၏မျက်ခွံများကို လှီးဖြတ်ပြီးလျှင် လွှင့်ပစ်လိုက်ရာ မျက်ခွံများကျရာနေရာ၌ မြေတွင်အမြစ်တွယ်၍ အပင်ကလေးတပင်ပေါက်လာသည်။ ထိုအပင်ကား ကမ္ဘာတွင် ပဌမဆုံး ပေါက်လာသည့် လက်ဖက်ပင်ပင် ဖြစ်တော့၏ဟု အချို့သော တရုပ်လူမျိုးများက အစဉ်အဆက် ပြောစမှတ်ပြုကြလေသည်။

ဤဝတ္ထုမှာ ရှေးဟောင်း ဒဏ္ဍာရီမျှသာ ဖြစ်၏။ သို့သော် လက်ဖက်ဆည် တရုပ်နိုင်ငံမှ စတင် ပေါ်ပေါက်ခဲ့သည်မှာ အမှန်ဖြစ်၍ မည်သည့်အချိန်က စတင်ပေါ်ပေါက်ခဲ့သည်ကိုကား အတိအကျ မည်သူမျှ မပြောနိုင်ချေ။ ဥရောပတိုက်တွင်မူ လွန်ခဲ့သော နှစ်ပေါင်းသုံးရာလောက်ကမှ လက်ဖက်ကို စတင် အသုံးပြုလာခဲ့ကြသည်။ သို့သော် ထိုစဉ်က မင်းစိုးရာဇာနှင့် သဌေးသူကြွယ်များသာလျှင် လက်ဖက်ရည်ကို သောက်သုံး နိုင်ကြ၏။ အကြောင်းမှာ အလွန်ဝေးကွာသောအရပ်ဒေသမှ အမျိုးမျိုးသော ဒုက္ခအပေါင်းကို ကျော်လွန်၍ ယူဆောင်လာခဲ့ရသဖြင့် လက်ဖက်မှာ ထိုအချိန်က အလွန်ဈေးကြီးသောကြောင့်ဖြစ်၏။ ယခုခေတ် တန်ဖိုးနှင့် ပြောရလျှင်အလေးချိန်တပေါင်ကို ဒေါ်လာငွေ လေးငါးရာခန့်ပင်တန်ဖိုးရှိခဲ့ပေသည်။ အချို့မှာ လက်ဖက်ကို မည်သို့အသုံးပြုရမည်ကိုပင် မသိရှာကြချေ။ လက်ဖက်ကို ဟင်းသီးဟင်းရွက်သဖွယ် ရေတွင် ပြုတ်ပြီးနောက် အရည်ကိုသွန်ပစ်၍ အဖတ်ကိုသာ ထောပတ်နှင့် ဆား ထည့်ကာစားသောက်သူများရှိခဲ့ဘူးသည်ဟု ဆိုလေသည်။

သို့ရာတွင် ယခုအခါ လက်ဖက်သည် လူတိုင်းသုံးစွဲနိုင်လောက်အောင် ပေါ၍နေပေပြီ။ ကမ္ဘာတွင် ရေမှလွဲလျှင် လူတို့သည် လက်ဖက်ရည်ကို အသောက်အများဆုံး အခြေသို့ပင် ရောက်နေလေပြီ။ အင်္ဂလန်၊ အမေရိကန်၊ ဩစတြေးလီးယား၊ နယူးဇီလန် စသော နိုင်ငံများတွင် လက်ဖက်ရည်ကို များစွာ အသုံးပြုလျက်ရှိကြ၏။ တရုပ်၊ ဂျပန်၊ အိန္ဒိယ၊ မြန်မာနှင့်တကွ အခြားသောအရှေ့များ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံများတွင်မူ လက်ဖက်ကို အင်္ဂလန်နိုင်ငံမှာထက်ပင် ပို၍ အသုံးများကြပေသေးသည်။

လက်ဖက်ကို ယခင်က နှစ်ပေါင်းအတော်ကြာအောင်ပင် တရုပ်နိုင်ငံမှသာ ရရှိခဲ့ကြရလေသည်။ တရုပ်နိုင်ငံတွင်ကား ဆိုခဲ့သည့်အတိုင်း နှစ်ထောင်ပေါင်း များစွာကပင် လက်ဖက်ပင်များကို စိုက်ပျိုးခဲ့ကြသည်။ တရုပ်နိုင်ငံမှ တဆင့် ဂျပန်နိုင်ငံသို့ ရောက်ခဲ့သည်။ ထိုနောက် လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ လောက်ကမှ ဗြိတိသျှလူမျိုးတို့သည် လက်ဖက်ပင်များကို အိန္ဒိယနိုင်ငံ၌ စတင် စိုက်ပျိုးခဲ့ကြ၍ ဒပ်ချလူမျိုးတို့ကလည်း အရှေ့အိန္ဒိယကျွန်းစုတွင် စ၍ စိုက်ပျိုးခဲ့ကြလေသည်။ ယခုအခါတွင်ကား လက်ဖက်များကို အိန္ဒိယနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ ဆူမတြားနှင့် ဂျားဗားကျွန်းတို့မှ အမြောက်အမြားတင်သွင်း ရရှိနေပေပြီ။ အာဖရိကတိုက်ရှိအချို့သောဒေသများမှလည်း လက်ဖက်ကို အနည်းငယ်ရနိုင်သည်။ လက်ဖက်ပင်သည် နွေး၍ မြေဩဇာကောင်းသော တိုင်းပြည်များတွင် ပေါက်နိုင်သောကြောင့် ယခုအခါတွင် အမေရိကန် ပြည်ထောင်စု၌ပင် အနည်းအကျဉ်းစိုက်ပျိုးလျက် ရှိလေပြီ။

လက်ဖက်ပင်သည် အပင်ငယ်မျိုးဖြစ်၍ အစဉ် စိမ်းလန်းလျက် ရှိ၏။ ဘာသာဘာဝ အလျောက် ပေါက်စေလျှင် လက်ဖက်ပင်သည် ပေ ၃၀ ခန့်ပင် မြင့်နိုင်၏။ သို့သော် လက်ဖက်ခြံများတွင်မူ ထိုမျှလောက်မြင့်အောင် မထားဘဲ လေးပေငါးပေလောက်သာ မြင့်ရန် အစဉ် ဖြတ်ပေးထားလေသည်။ ဤကဲ့သို့ ပြုလုပ် ပေးခြင်းမှာ ရည်ရွယ်ချက်နှစ်ခုရှိ၏။ ပဌမအချက်မှာ ပင်လုံး မကြီး၊ အကိုင်းအခက်များစွာ မထွက်ပဲ အရွက်များကို များနိုင်သမျှ များစေရန် ဖြစ်သည်။ လက်ဖက် ပင့်တွင် လက်ဖက်ရွက်သည်သာ အသုံးဝင် အဖိုးတန်သောပစ္စည်း ဖြစ်၏။ ဒုတိယ အချက်မှာ လက်ဖက်ရွက် ခူးသူများသည် များသောအားဖြင့် မိန်းမနှင့် ကလေးများသာ ဖြစ်သည့်အတွက် အရွက်များ ခူးရာတွင် လက်လှမ်းမှီမှီနှင့် တပင်လုံးကို ခူးနိုင်စေရန် ဖြစ်လေသည်။ လက်ဖက် စိုက်ပျိုးရာတွင် လက်ဖက်စေ့ များကို သင့်တော်သော မြေ၌ ရှေးဦးစွာ ပျိုးပေး၍ တပေလောက်ကြီးလာသော အခါမှ ခြံများသို့ ရွှေ့ပြောင်းပြီးလျှင် တပင်နှင့် တပင်ကို ငါးပေ ခြောက်ပေခန့် ခွာ၍ စိုက်ရသည်။ များသောအားဖြင့် လက်ဖက်ပင်များကို တောင်စောင်းများတွင် လှေကားထစ်သဖွယ် အဆင့်ဆင့်ပြုလုပ်၍ စိုက်ပျိုးလေ့ ရှိကြလေသည်။

လက်ဖက်ပင် သုံးနှစ်သားအရွယ်ခန့် ရောက်လျှင် အရွက်နှင့် အဖူးများကို ခူးနိုင်ပြီ။ သို့ရာတွင် အကောင်းဆုံး လက်ဖက်ရွက်ကိုကား ဆယ်နှစ်၊ ဆဲ့ငါးနှစ်ခန့်အရွယ်ရှိသော လက်ဖက်ပင်များမှသာ ရနိုင်လေသည်။ လက်ဖက်ပင်များကို မြင့်မတက်စေရန်နှင့် အရွက်များများ ထွက်စေရန် မကြာမကြာလည်း ချိုင်၍ ပေးရလေသည်။ ၂၅ နှစ်ခန့် အရွယ်ရောက်သောအခါ လက်ဖက်ပင်ကို မြေကြီးမှကပ်၍ ခုတ်လှဲပြီးနောက် အသစ်တဖန် အမြစ်မှ ပြန်ပေါက်စေပြန်သည်။

လက်ဖက်ပင် စိုက်ပျိုးသော ဒေသနှင့် ရာသီဥတုတို့အပြင် အပင်၏ သန်စွမ်းမှုပေါ်တွင် အကြောင်းပြု၍ လက်ဖက်ရွက်များကို တနှစ်လျှင် အကြိမ်ပေါင်းများစွာ ခူးယူနိုင်သည်။ ပူသောဒေသများတွင် နွေခြောက်လအတွင်း ရက်သတ္တတပတ်လျှင် တကြိမ်မျှ ခူးနိုင်၍ အေးသောနေရာများတွင်မူ ခူးသည့်အကြိမ် အရေအတွက်ကို လျော့ပေးရလေသည်။ လက်ဖက်ပင်များမှ အရွက်များ ခူးရာတွင် အကုန်မခူးရချေ။ အပင် မနာအောင်လည်း အထူး ဂရုပြုရန်လိုပေသည်။

လက်ဖက်ရွက်များ ခူးရာတွင် မိန်းမနှင့် ကလေးများသည် ကျောတွင် ပလိုင်းတလုံး ကိုယ်စီ လွယ်၍ တနေ့လုံး နေပူထဲ၌ ဟာပင်မှတပင်သို့ ကူး၍ လက်ဖက်ရွက်များကို ခူးပြီးလျှင် ကျောနောက်ရှိ ပလိုင်းထဲသို့ နောက်ပြန်ထည့်ကြရသည်။ လက်ဖက်ရွက် အခူးကောင်းသူ တဦးသည် တနေ့လျှင် ပေါင် နှစ်ရာအထိ ခူးနိုင်သည်။ ခူးသောအခါ များသောအားဖြင့် အဖူးနှင့် အရွက်နုကလေးများကိုသာ ခူးကြရ၏။ လက်ဖက်ခြောက်မှာ အရွက်နုလေကောင်းလေဖြစ်၍ လက်ဖက်အနုအရင့်ကို လိုက်ပြီးလျှင် လက်ဖက်ခြောက်ကို အမည်အမျိုးမျိုးဖြင့် မှည့်ခေါ်ကြလေသည်။

လက်ဖက်ရည်၏အရသာ ထူးခြားမှုမှာ လက်ဖက်ရွက်၏အနုအရင့်ပေါ်တွင်သာ အမှီပြုသည်မဟုတ်။ ခူးပြီးသားအရွက်များကို ပြုပြင်ပေးမှုပေါ်တွင်လည်း အမှီပြုလေသည်။ ကမ္ဘာတွင် လက်ဖက်ခြောက် အစားစားရှိရာအချို့တိုင်းပြည်များတွင် အရွက်ကြမ်းများနှင့် အမျှင်များကို အတုံးအခဲ ဖြစ်အောင် ရောဖိထားသည့် လက်ဖက်ခြောက် အညံ့စားများကိုပင် အသုံးပြုကြသေး၏။ အထင်ရှားဆုံးသော လက်ဖက်ခြောက် နှစ်မျိုးမှာမူ လက်ဖက်ခြောက်မဲဟု ခေါ်သော အချိုသောက် လက်ဖက်ခြောက်မျိုးနှင့် လက်ဖက်ခြောက်စိမ်းဟု ခေါ်သော အကြမ်းသောက် လက်ဖက်ခြောက်မျိုးတို့ ဖြစ်ကြသည်။ ထိုနှစ်မျိုးမှာ လက်ဖက်ပင် တမျိုးစီမှ ရခြင်းမဟုတ်၊ လက်ဖက်တပင်တည်းမှပင် ရ၍ တမျိုးစီ ပြုပြင်ထားခြင်းသာ ဖြစ်လေသည်။

လက်ဖက်ခြောက် ဖြစ်အောင် ပြုပြင်ရာ၌ ခူးပြီးသော အရွက်များကို ပဌမတွင် နွမ်း၍ နူးညံ့ ပျော့ပျောင်းလာ



www.burmeseclassic.com

www.burmeseclassic.com





လက်ဖက်ရွက်များခူးရာတွင် အမျိုးသမီးဘို့သည် ကျောဘွင်ပလိုင်းကိုယ်စီလွယ်၍ တပင်မှ တပင်သို့ကူးကာ လက်ဖက်ရွက်များကိုခူးပြီးလျှင် ပလိုင်းထဲသို့ နောက်ပြန်ထည့်ကြရသည်။

သည့်တိုင်အောင် ဖြန့်ထားရသည်။ ထိုနောက် အရွက်များ ကျိုး၍ အနံ့ရှိသည့် အစေးများ ထွက်လာစေရန် လိပ်ပေးရသည်။ ဤသို့ ပြုလုပ်ပြီးသောအခါ အရွက်များ အချဉ်ပေါက်လာအောင် နာရီ အနည်းငယ်မျှ စားပွဲများပေါ်တွင် ဖြန့်ထားရပြန်သည်။ အရွက်များ ကြေးနီရောင်သန်း၍ ပန်းသီးမှည့် အနံ့ ထွက်လာသောအခါ လေပူဖြင့် ဖာရင်ဟိုက် ဒီဂရီ ၁၉၀ မှ ၂၂၀ အထိ လှော်ပေးပြီးနောက် အကင်းသတ်ရသည်။ ထိုအခါ အရွက်တို့၏ အလေးချိန်သည် ၇၅ ရာခိုင်နှုန်းမျှ လျော့သွားသည်။ ထိုနောက် အရွက်နှင့် အဖူးများကို အကြီးအသေးအလိုက် ရွေးချယ်ပြီးလျှင် အမျိုးအစား ခွဲခြားလေသည်။ ထိုနောက် နောက်တကြိမ် ထပ်၍ လှော်ပြီးသောအခါ လက်ဖက်ခြောက်မှာ နိုင်ငံခြားသို့ တင်ပို့ ရောင်းချရန် အသင့်ဖြစ်တော့သည်။ ရှေးက လက်ဖက်ခြောက် ပြုပြင်သည့် အလုပ်ကို လက်ဖြင့်သာ ပြုလုပ်ခဲ့ကြ၍ ယနေ့တိုင်အောင် အချို့ဒေသများ၌ ဤသို့ပင် ပြုလုပ် နေကြပေသေးသည်။ သို့သော် လက်ဖက်ခြောက် အကြီးအကျယ် ပြုလုပ်သည့် ခေတ်မီ အလုပ်ရုံကြီးများ၌မူကား လက်ဖက်ရွက်များကို ခူးခြင်းမှ အပ စက်များဖြင့် သာလျှင် ပြုလုပ်ယူကြလေသည်။

လက်ဖက်ခြောက်စိမ်း ပြုလုပ်သည့်နည်းမှာ တမျိုးကွဲလွဲ၏။ အဓိက ကွဲလွဲချက်မှာ ခူးပြီးသားအရွက်များကို ရှေးဦးစွာ ရေနွေးငွေ့ဖြင့် ပေါင်းတင်ခြင်းနှင့် အရွက်များကို အချဉ်မပေါက်စေပဲ ထားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လက်ဖက်ခြောက်စိမ်းမှာ လက်ဖက်ခြောက်မဲနှင့် အနံ့အရသာချင်း သိသိသာသာ ခြားနားလေသည်။

လက်ဖက်ရည်ကို နှစ်သက်ကြသူများတွင် လူကိုလိုက်၍ တယောက်နှင့်တယောက် အကြိုက်ချင်း မတူညီနိုင်ပေ။ သို့ရာတွင် များသောအားဖြင့် အိန္ဒိယနိုင်ငံမှ လာသော လက်ဖက်ခြောက် အားလုံးလိုလိုမှာ အမဲမျိုးသာ ဖြစ်၍ တရုပ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှမူ အမဲနှင့် အစိမ်း နှစ်မျိုးစလုံး လာတတ်သည်။ အင်္ဂလန်ပြည်တွင် လက်ဖက်ခြောက်မဲကိုသာ အသုံးပြုလေ့ရှိကြ၍ အမေရိကန်နိုင်ငံ၌ကား အမဲရော အစိမ်းကိုပါ အသုံးပြုကြ၏။ တကမ္ဘာလုံး အသုံးပြုသည့် လက်ဖက်ခြောက်မှာ တနှစ်တနှစ်လျှင် ပေါင်ချိန် ကုဋေပေါင်း များစွာပင် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ခြောက်တွင် သီအင်းဓာတ် ပါ၍ ထိုဓာတ်မှာ ကာဖီတွင် ပါသည့် ကယ်ဖီအင်းဓာတ်နှင့် အတူတူပင် ဖြစ်သည်။ ထိုဓာတ်သည် သောက်သုံးသူကို အနည်းငယ် ထကြွ အားရှိစေ၍ နည်းလျှင် လူကို ဥပဒ်မပေးချေ။ လက်ဖက်ရည်ကို ခပ်ကျကျ အသောက် များသူများကိုမူ အကြောများကို ဥပဒ်ပေးတတ်ပေသည်။ သီအင်းဓာတ်သည် လက်ဖက်ရည် သောက်စမရှိသူတို့အဖို့ ညဥ့်ဖက်တွင် အိပ်မပျော်နိုင်အောင် ဖြစ်စေတတ်သည်။ လက်ဖက်ရည်၌ ဝါညိုရောင် ရှိခြင်းမှာ လက်ဖက်ရွက်တွင် တန်းနင်းဟု ခေါ်သော ဓာတ်ပစ္စည်းတမျိုး ပါသောကြောင့် ဖြစ်၏။ ထိုဓာတ်ပစ္စည်း များလျှင်လည်း ကျန်းမာရေးကို ထိခိုက်တတ်သည်။ ထို့ကြောင့် လက်ဖက်ရည်ဖျော်ရာတွင် တန်းနင်းဓာတ် အများအပြား ထွက်မလာစေရန် လက်ဖက်ခြောက်ကို အကြာကြီး နှပ်မထားလျှင် သာ၍ ကောင်းလေသည်။

လက်ဖက်ရည် ဖျော်နည်း အမျိုးမျိုး ရှိ၏။ သူချည်းသက်သက်လည်း ရေနွေးဖြင့်ဖျော်သောက်နိုင်၍ သကြား၊ နို့၊ နို့ဆီ၊ သို့မဟုတ် လီမ်မော်ရည် စသည်များနှင့်လည်း ဖျော်နိုင်သည်။ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ် စသော အချို့နိုင်ငံများတွင် အထူးသဖြင့် နွေရာသီ၌ မွန်းလွဲပိုင်းတွင် လက်ဖက်ရည် ဖျော်ပြီးနောက် ရေခဲဖြင့် အအေးခံ၍ သောက်လေ့ သောက်ထ ရှိကြသည်။ ဂျပန်နိုင်ငံတွင်မူ လက်ဖက်ရည်ပွဲ တည်ခင်းသည့်အခမ်းအနားမှာ ရှေးအစဉ်အဆက်က စ၍ ဆင်းသက်လာသော ယဉ်ကျေးမှုတရပ် ဖြစ်၏။ တည်ခင်းသည့် လက်ဖက်ရည်မှာ လက်ဖက်ရည်ကြမ်းပင် ဖြစ်သည်။ သို့ရာတွင် လက်ဖက်ရည် ဖျော်ပုံ၊ တည်ခင်းပုံ၊ သောက်သုံးပုံမှာ သတ်မှတ်ထားသော အစီအစဉ်များအတိုင်း စံနစ်တကျ ပြုလုပ်ကြရသည်။ ဤထုံးတမ်းစဉ်လာသည် ဂျပန်တို့၏ ပေါင်းသင်းဆက်ဆံရေးတွင် အရေးကြီးသည့် အစိတ်အပိုင်းတခု ဖြစ်၍ ရှေးနှစ်ပေါင်း ၅၀၀ က ဗုဒ္ဓအယူဝါဒီရဟန်းတော်များမှတဆင့် ဆင်းသက်လာခဲ့သော အမွေအနှစ်တခု ဖြစ်သည်ဟု ဆိုလေသည်။

မြန်မာလူမျိုးများအနှစ်သက်ဆုံးဟု ပြောလေ့ပြောထ ရှိခဲ့ကြသော အာဟာရဝတ္ထုသုံးမျိုးမှာ "အသားတွင်ဝက်၊ အသီးတွင်သရက်၊ အရွက်တွင် လက်ဖက်" ဟူ၍ ဖြစ်သည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှုတွင် လက်ဖက်သည် အရေးပါအရာရောက်၏။ မြန်မာနိုင်ငံတွင် လက်ဖက် အစိုနှင့် အခြောက် ဟူ၍ ရှိရာ ထိုနှစ်မျိုးလုံးကိုပင် သုံးစွဲကြသည်။

အထူးသဖြင့် လက်ဖက်စိုမှာ ရိုးရာအလိုက် ပွဲဝင်သော ခဲဖွယ်တခု ဖြစ်သည်သာမက၊ လွှတ်ရုံးများ၏ အဆုံးအဖြတ်များ၌ပင်လျှင် လက်ဖက်စား၍ အမှုပြေငြိမ်းခြင်း၊ လက်ဖက်စား၍ အမှုပြတ်ကင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လေ့ရှိကြ၏။ ရပ်ရွာ အတွင်း၌လည်း ဘာသာရေးပူဇော်ပွဲ၊ နတ်ပူဇော်ပွဲများတွင် လက်ဖက်မပါလျှင် မပြီးသကဲ့သို့ ဖြစ်သည်။

မြန်မာ့ရိုးရာအလိုက် ထိမ်းမြားမင်္ဂလာပွဲများ အတွက် ဖိတ်ကြားရာဝယ် လက်ဖက်ထုပ်များဖြင့် ဖိတ်ကြားလေ့ရှိခဲ့၏။ တောင်သူလယ်လုပ်တို့မှာ လက်ဖက်တရိုး ကွမ်းတယာ ပေးပြီးလျှင် သမီးပေး သားယူ ထိမ်းမြားလေ့ရှိလေသည်။

မြန်မာဘုရင်များသည် လက်ဖက်စိုကို အထူး မွန်မြတ်သော အာဟာရတခုအနေဖြင့် မှီဝဲသုံးဆောင်လေ့ ရှိခြင်းကြောင့် မင်္ဂလာမင်းခမ်းမင်းနားများတွင် "လက်ဖက်အိုး"၊ "လက်ဖက်ခွက်များ" ကို ဘုရင့် အသုံးအဆောင် ပစ္စည်းတခုအဖြစ်ထား၍ သုံးစွဲခဲ့ကြ၏။ ဆင်းရဲသား လယ်လုပ်ကုန်သည်များ အဖို့လည်း လက်ဖက်ကို နေ့စဉ် အာဟာရတခု အနေဖြင့် သုံးစွဲကြခြင်းကြောင့် အိမ်တိုင်းလိုမှာပင် လက်ဖက်အိုး၊ လက်ဖက်ခွက်များ ထားရှိကြလေသည်။

လက်ဖက်အစိုကို ရှေး အထက်ကျော်ကာရီက နှမ်းဆီနှင့် စိမ်ထားပြီးလျှင် စားသုံးလေ့ရှိ၏။ ထိုမှ နောက်ခေတ်များတွင် ကြက်သွန်ဖြူအကြော်၊နှမ်းလှော်၊ပဲလှော်စသော အဆာများဖြင့် ရောနှော သုံးဆောင်လေ့ ရှိကြသည်။

မြန်မာနိုင်ငံတွင် ရှမ်းပြည်မြောက်ပိုင်း တောင်ပိုင်နယ်၊ မိုးမိတ်နယ်နှင့် မိုင်းလုံနယ်များတွင် လက်ဖက်ပင်များကို စိုက်ပျိုးသည်။ မိုးမိတ်နယ်နှင့် မိုင်းလုံနယ်တို့မှ ထွက်သော လက်ဖက်ခြောက်၊ လက်ဖက်စိုများကို အပြင်တောင်ဟုခေါ်၍ တောင်ပိုင်နယ်၊ သို့မဟုတ် နမ့်ဆန်နှင့် မိုင်းငေါ့ အပါအဝင် ဒေသများမှ ထွက်သော လက်ဖက်ခြောက် လက်ဖက်စိုတို့ကို အတွင်းတောင်ဟု ခေါ်သည်။ နမ့်ဆန်နှင့် မိုင်းငေါ့တို့ ဖက်မှ ထွက်သော လက်ဖက်ခြောက်၊ လက်ဖက်စိုများမှာ ကောင်းလည်း ကောင်း၏။ လူသုံးလည်း များ၏။ လက်ဖက်လည်း အများဆုံးထွက်၍ နယ်လည်း အကျယ်ဆုံး ဖြစ်လေသည်။

လက်ဖက်ပင် ရွက်သစ်နုချိန်မှာ နှစ်စဉ်တန်ခူးလဆန်းစ အခါ၌ ဖြစ်စေ၊ သင်္ကြန်ရက် မတိုင်မီ၌ ဖြစ်စေ အနည်းအကျဉ်းသာ နု၍ သင်္ကြန်ရက်အတွင်း သင်္ကြန်မိုး ရွာချပြီးနောက် အပင်တိုင်း၌ ဝေဝေဆာဆာအောင် ရွက်နုများ ထလာလေသည်။

လက်ဖက်ရွက်နုများကိုခူးပြီးသော် (၁)လက်ဖက်ရည် အဖန်ခြောက်၊ (၂) လက်ဖက်ရည် အချိုခြောက်၊ (၃) လက်ဖက်အစို၊ (၄)လက်ဖက် အဆီ စသည်ဖြင့် လေးမျိုး လေးစားအထိ ခွဲခြား၍ လိုအပ်ရာရာ ပြုလုပ် သုံးစွဲကြသည်။


လက်ဖက်ခြောက် (လက်ဖက်ရည် အဖန်ခြောက်)



www.burmeseclassic.com

www.burmeseclassic.com





ရှမ်းပြည်နယ်မှထွက်သော လက်ဖက်အစိုနှင့်အခြောက်တို့ကို ဖြန့်ချိရန် ပိုများ ထုပ်ပိုးနေစဉ်

လုပ်ငန်းမှာ နွေရာသီနှင့် မိုးမကျမီ ကာလအတွင်းသာ လုပ်ကိုင်ပြီးလျှင် မိုးဦးကျ၍ မိုးအလွန်ရွာသောအချိန်၌ လက်ဖက်ခြောက် အလုပ်များ မလုပ်နိုင်ဘဲ၊ ရပ်ဆိုင်း၍ လက်ဖက်အစို၊ သို့မဟုတ် အချိုခြောက် လုပ်ငန်းများ ကိုသာ လုပ်ကိုင်ကြရသည်။ လက်ဖက်ခြောက်များ လုပ်ရာတွင် ရွက်ကြမ်း မကြွေမီ နှင်းအားကြီးသော ဆောင်းရာသီ အခါ၌လည်း လက်ဖက်ရွက်နုများ အသင့်အတင့် ခူးယူရရှိနိုင်၍ ထိုရာသီတွင် ထွက်သော လက်ဖက်ခြောက်များမှာ ရွှေဖီအိုင့်နမ့်ဟု ခေါ်၍ ပဌမတန်းစား ဖြစ်၏။ မြန်မာလို နှင်းတက်ခြောက်ဟု ခေါ်သည်။ ရေချိုအကောင်းခြောက်ဟုလည်း အခိပ္ပါယ်ရ၏။ တနှစ်အတွင်း ထွက်သော လက်ဖက်ခြောက် အမျိုးအစားတို့မှာ

(၁) ရွှေဖီ အိုင့်နမ့် (နှင်း တက် ခြောက် — ရေ ချို ခြောက်)
(၂) ရွှေဖီဦး (သင်္ကြန်မကျမီ ထွက်သည်။)
(၃) ရှီးရှီးရွှေဖီ (သင်္ကြန်ကျပြီးစအခါ ထွက်သည်။)
(၄) ခါးကန် (မိုးဦးကျခါနီး ခူးသည်။)
(၅) ခါးဝုပ် (မိုးဦးကျပြီးမှ ခူးသည်။)
(၆) ခါးန္ဒိုင်း (မိုးတွင်း ခူးသည်။) စသည်တို့ ဖြစ်လေသည်။ အရသာ၊ လက်ဖက်ခြောက် အသွေးအရောင်နှင့်တကွ ရောင်းဈေး မှာလည်း အဆင့်ဆင့် ကွာခြားသွားသည်။ အကောင်းဆုံး လက်ဖက်ခြောက်ဖြစ်သော ရွှေဖီဦးများမှာ အရောင်အဆင်းနက်မှောင်သည်။ အစအန သေးသွယ်၍ လက်နှင့် ဆုပ်ကိုင်လျှင် ဆူးချွန်များကဲ့သို့ စူးလေသည်။


**လက်ဗနွန်နိုင်ငံ။** ။လက်ဗနွန်နိုင်ငံသည် အာရှတိုက်၏ အနောက်မြောက်ဖက် မြေထဲပင်လယ်၏ အရှေ့ဖက်ကမ်းခြေတွင် တည်ရှိသော သမတနိုင်ငံတခုဖြစ်သည်။ အာရပ်အဖွဲ့ဝင် နိုင်ငံတခုလည်း ဖြစ်သည်။ လက်ဗနွန်နိုင်ငံသည် နယ်နိမိတ်အားဖြင့် မြောက်နှင့်အရှေ့ဖက်တွင် ဆီးရီးယားနိုင်ငံဖြင့်၎င်း၊ တောင်ဖက်တွင် အစ္စရေးယယ် နိုင်ငံဖြင့်၎င်း၊ အနောက်ဖက်တွင် မြေထဲပင်လယ်ဖြင့်၎င်း ဝန်းရံလျက်ရှိသည်။ လက်ဗနွန်နိုင်ငံသည် အာရှတိုက်နှင့် ဥရောပတိုက်တို့၏ အကြားတွင် နှစ်ပေါင်း ၄,ဝဝဝ ကျော်မျှ ကုန်သွယ်ရေး၌ အချက်အခြာ ဌာနဖြစ်ခဲ့သည်။ သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီး အပြီးတွင်မှ လွတ်လပ်ရေးရခဲ့သော နိုင်ငံတခု ဖြစ်သည်။ လက်ဗနွန်နိုင်ငံသည် အာရပ်နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com






အာရှတိုက် အနောက်မြောက်ဖက်၊ မြေထဲပင်လယ် အရှေ့ဖက်ကမ်းခြေရှိ လက်ဗနွန်နိုင်ငံ၏ တည်နေရာပြမြေပုံ

တခု ဖြစ်သော်လည်း လူဦးရေတဝက်မှာ ခရစ်ယန်များ ဖြစ်၍ ကျန်တဝက်မှာ အစ္စလာမ် အယူဝါဒီများ ဖြစ်၏။ ခရစ်ယန်ဂိုဏ်းပေါင်း ၁၁ ဂိုဏ်းကျော်မျှ ကွဲပြားလျက်ရှိရာ မာရိုနိုက်ခရစ်ယန်ဂိုဏ်းမှာ အကြီးဆုံးဖြစ်သည်။

လက်ဗနွန်ကမ်းခြေတွင် နွေရာသီ၌ ကိုယ်လက်လှုပ်ရှားကစားရန်အတွက် ကောင်း၍ တောင်ပေါ်တွင် ဆောင်းရာသီကစားခုန်စားရေးအတွက် ကောင်းမွန်သောကြောင့် လက်ဗနွန်နိုင်ငံကို တခါတရံ အရှေ့အနီးပိုင်း၏ ကစားကွင်းဟူ၍လည်းခေါ်သည်။ လက်ဗနွန်နိုင်ငံသည် အကျယ်အဝန်းအားဖြင့် ၄၀၁၅ စတုရန်းမိုင်ခန့်ရှိ၍ လူဦးရေမှာ ၂,၅၇၀,၀၀၀ ခန့် (၁၉၆၇) ဖြစ်သည်။ လက်ဗနွန်နိုင်ငံ၏ မြို့တော်မှာ ဗေးရွတ်မြို့ ဖြစ်၍ အခြား မြို့ကြီးများမှာ ထရစ်ပိုလီ၊ ဇာလေ့၊ ဆာအီးဒါးမြို့များဖြစ်ကြသည်။

လက်ဗနွန်နိုင်ငံသည် အလျား ၁၃၅ မိုင်၊ အနံ မိုင် ၂၁ နှင့် ၃၅ မိုင် အကြားတွင် ရှိသည်။ ကမ်းမြောင် မြေပြန့်ဒေသအလွန်တွင် လက်ဗနွန်နှင့် အန်တီလက်ဗနွန် တောင်တန်းများသည် မျဉ်းပြိုင် သွယ်တန်းလျက်ရှိသည်။ ယင်းတောင်တန်းနှစ်သွယ်၏ အခြားတွင် မြေသြဇာကောင်းသော အတွင်းပိုင်း မြေပြန့်ရှိသည်။ အဖြူရောင် ပေါက်နေသောထုံးပါကျောက်များဖြင့် ဖွဲ့စည်းထားခြင်းကြောင့် ယင်းတောင်တန်းကို လက်ဗနွန် ဟူ၍ ခေါ်ခြင်းဖြစ်သည်။ တောင်ကို အစွဲပြု၍ နိုင်ငံအမည်တွင်လာသည်။ ဆီမိုက်ဘာသာဖြင့် လက်ဗန်ဟူသည် ဖြူခြင်းဟု အဓိပ္ပါယ်ရသည်။

လက်ဗနွန်နိုင်ငံတွင် အရေးပါအရာရောက်သော မြစ်ဟူ၍ လီတာနီ မြစ်သာလျှင် ရှိသည်။ အတွင်းပိုင်း မြေပြန့်မှ တောင်ဖက်သို့ စီးဆင်းပြီးလျှင် အနောက်ဖက်သို့ကွေ့ကာ မြေထဲပင်လယ်တွင်းသို့ စီးဝင်သည်။ လက်ဗနွန်နိုင်ငံသည် သမမျှတသော ရာသီဥတုရှိသည်။ မိုးရာသီမှာ အောက်တိုဘာလအဆုံးပိုင်းမှ မေလအထိဖြစ်သည်။ လက်ဗနွန်နိုင်ငံသည် အနီးတဝိုက်ရှိ ဒေသများထက် နှစ်စဉ် မိုးရေချိန် ပိုသည်။ ဗေးရွတ်တွင် တနှစ်လျှင် မိုးရေချိန် ၃၇ လက်မခန့်ရွာသည်။ လက်ဗနွန်နိုင်ငံမှ သဘာဝထွက်ပစ္စည်းများမှာ အဆောက်အအုံအတွက် ကျောက်နှင့် စကျင်ကျောက်တို့အပြင် ဆီဒါထင်းရှူးပင်များဖြစ်သည်။ ကျောက်မီးသွေး၊ သံ၊ ကတ္တရာနှင့်ဂျစ်ပဆမ်တို့လည်း အနည်းငယ်စီထွက်ကြသည်။

လက်ဗနွန်နိုင်ငံမှ ပိုး၊ သံလွင်ဆီ၊ ဂျုံ၊ အရက်တို့အပြင် ဆေးရွက်၊ ဝါနှင့် ရှောက်မျိုးဝင်အသီးများ၊ပန်းသီး၊စပျစ်၊ တည်၊ ငှက်ပျော၊ သဖန်းစသော အသီးများထွက်သည်။ စည်သွတ်အစားအစာ၊ စီးကရက်၊ မီးခြစ်၊ သွားရေ၊ ဆပ်ပြာ၊ ခြည်ထည်၊ ဗိလတ်မြေတို့မှာ စက်ထွက် ပစ္စည်းများဖြစ်ကြ၏။ စက်ပစ္စည်းများ၊ ယာဉ်၊ အထည်အလိပ်၊ စက်ထွက်ကုန်ချော စသည်တို့ကို နိုင်ငံခြားမှ တင်သွင်းသည်။ လမ်းပန်းဆက်သွယ်ရေး၌ မော်တော်ကားလမ်းကို အဓိကထား၍ အသုံးပြုကြသည်။ လက်ဗနွန်နိုင်ငံတွင် မော်တော်ကားလမ်းကောင်း မိုင် ၁,၈၀၀ ခန့်ရှိသည်။ မီးရထားလမ်း

www.burmeseclassic.com



မိုင် ၅၀၀ ခန့်သာရှိ၍ ကုန်တင်ရန်အတွက် အသုံးပြုသည်။ ဗေးရွတ်မှာ ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ အပြည်ပြည်နှင့် ဆက်သွယ်သော လေဆိပ်တည်ရှိရာလည်း ဖြစ်သည်။ ဗေးရွတ်လေဆိပ်သည် အရှေ့အနီးပိုင်းတွင် အရေးပါသော လေဆိပ်တခုဖြစ်သည်။ အီရက်နိုင်ငံနှင့် ဆအူးဒီးအာရေဗျမှ ရေနံပိုက်လိုင်းနှစ်ခုသည် လက်ဗနွန်တွင် ဆုံးသည်။ သို့ဖြစ်၍လည်း လက်ဗနွန်နိုင်ငံသည် အရှေ့နိုင်ငံများနှင့် အနောက်နိုင်ငံများ ရေနံရောင်းဝယ်ရေး၌ အချက်အခြာဒေသဖြစ်၏။

လက်ဗနွန်နိုင်ငံတွင် နေထိုင်သူတို့မှာ ရှေးခေတ်အခါကတည်းကပင် ကုန်သည်များ ဖြစ်ကြ၏။ များသောအားဖြင့် အာရပ်လူမျိုးများဖြစ်ကြ၏။ ပဋ္ဌမကမ္ဘာစစ်ပြီးသည့်နောက် အာမီးနီးယန်းလူမျိုး အများအပြားသည် တူရကီနိုင်ငံမှ ထွက်ပြေးလာကာ လက်ဗနွန်နိုင်ငံတွင် ခိုလှုံနေထိုင်ကြသည်။ ၁၉၄၈ ခုနှစ်နှင့် ၁၉၄၉ ခုနှစ်က ဖြစ်ပွားသော အာရပ်–အစ္စရီယယ် စစ်အတွင်းကလည်း အာရပ်လူမျိုးပေါင်း ၁၂၀,၀၀၀ ခန့် လက်ဗနွန်နိုင်ငံသို့ ပြောင်းရွှေ့ကာ ခိုလှုံနေထိုင်ခဲ့ကြသည်။ လက်ဗနွန်နိုင်ငံတွင် လူဦးရေတဝက်ကျော်ကျော်သည် တောင်သူလယ်လုပ်များဖြစ်ကြ၍ ယင်းတို့၏ နေထိုင်မှုအဆင့်အတန်းသည် အတန်မြင့်၏။ ထို့ပြင် စာပေတတ်မြောက်ခြင်း၌ အဆင့်အတန်းမြင့်သည်။ လူ ၁၀၀ လျှင် ၇၅ ယောက်မှာ စာရေးတတ် ဖတ်တတ်သည်။ လက်ဗနွန်အမျိုးသမီးများသည် ဇာထိုးပန်းထိုး အထူးကျွမ်းကျင်၏။ ရုံးသုံးဘာသာစကားမှာ အာရေဗစ် ဘာသာပင်ဖြစ်၏။ သို့သော် ရုံးနှင့် စီးပွားရေးရပ်ကွက်များတွင် ပြင်သစ်ဘာသာစကားကို အနှံ့အပြားပြောဆိုကြသည်။ လက်ဗနွန် နိုင်ငံတွင် ကူးသန်းရောင်းဝယ်ရေးကျောင်း၊ စက်မှု ပညာသင်ကျောင်း၊ စိုက်ပျိုးရေးကျောင်း၊ ဆရာအတတ်သင်ကျောင်းနှင့် တက္ကသိုလ်များရှိသည်။ ထို့ပြင် အမေရိကန်နှင့် ပြင်သစ်တက္ကသိုလ်များလည်းရှိသည်။

လက်ဗနွန်နိုင်ငံသည် သမတနိုင်ငံမျိုးဖြစ်၍ နိုင်ငံ၏ အထွတ်အထိတ်မှာ သမတ ဖြစ်သည်။ သမတကို ခြောက်နှစ်တကြိမ် ပြည်သူ့လွှတ်တော်က ရွေးကောက်တင်မြှောက်ရသည်။ ဗါလီမန်၏ တရပ်တည်းသော ဥပဒေပြုလွှတ်တော်ဖြစ်သည့် ပြည်သူ့လွှတ်တော်တွင် လေးနှစ်တကြိမ် လူထုမဲဆန္ဒဖြင့် ရွေးကောက် တင်မြှောက်ထားသော ကိုယ်စားလှယ်ပေါင်း ၉၉ ဦး ပါဝင်၏။ ထိုသို့ ရွေးကောက် တင်မြှောက်ရာတွင် အယူဝါဒဆိုင်ရာအခြေခံသဘောအရ ရွေးကောက်သည်။ တနည်းဆိုရသော် သက်ဝင် ယုံကြည်ရာ အယူဝါဒအလိုက် ကိုယ်စားလှယ်အရေအတွက် သတ်မှတ်ပေးထားသည့်အတိုင်း သက်ဆိုင်ရာအယူဝါဒီများက ရွေးကောက် တင်မြှောက်ရသည်။ ထို့ပြင် သမတသည် အမြဲတမ်း မာရိုနိုက်ခရစ်ယန်ဂိုဏ်းဝင်ထဲမှရှင်း၊ အစိုးရ အဖွဲ့၏အကြီးအကဲဖြစ်သော ဝန်ကြီးချုပ်သည် ဆွန်နီမွတ်စလင်ဂိုဏ်းဝင်ထဲမှရှင်း၊ လွှတ်တော်ဥက္ကဋ္ဌသည် ရှီအာမွတ်စလင်ဂိုဏ်းဝင်ထဲမှရှင်း အသီးအသီးဖြစ်ကြရပေသည်။


လက်ဗနွန်နိုင်ငံသည် နှစ်ပေါင်း ၄,၀၀၀ ကျော်ကျော် အာရှတိုက်နှင့် ဥရောပတိုက်တို့အကြား ကုန်သွယ်မှုအတွက် အရေးပါသော ဗဟိုဌာနတခု ဖြစ်ခဲ့သည်။ သို့သော်လည်း ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်တွင်မှ လွတ်လပ်သည့်နိုင်ငံတခုဖြစ်လာခဲ့၏။ လက်ဗနွန်နှင့် ဆီးရီးယား ပြည်များသည် ၁၅၁၇ ခုနှစ်မှ ၁၉၁၈ ခုနှစ်အထိ အော်တိုမန်အင်ပိုင်ယာ၏ တစိတ်တဒေသဖြစ်ခဲ့ရသည်။ ပဋ္ဌမ ကမ္ဘာစစ်အပြီးတွင် အော်တိုမန် အင်ပိုင်ယာကို နိုင်ငံငယ်များအဖြစ် ခွဲခြမ်းစိတ်ဖြာလိုက်၏။ နိုင်ငံပေါင်းချုပ်အသင်းကြီးက ယခု လက်ဗနွန်နှင့် ဆီရီးယားနိုင်ငံတို့ တည်ရှိရာနယ်ပယ်ဒေသကြီးကို ပြင်သစ်တို့အား ဩဇာခံနယ်ပယ်အဖြစ် အုပ်ချုပ်စေခဲ့သည်။

ပြင်သစ်တို့သည် ၁၉၂၆ ခုနှစ်တွင် သမတအုပ်ချုပ်ရေးစံနစ်လက်ခံသည့် အခြေခံဥပဒေတရပ်ကိုပေးအပ်ခဲ့၍ အယူဝါဒီဆိုင်ရာ အုပ်စုများဖြင့် အုပ်ချုပ်ရေး စံနစ်ကိုလည်း အတည်ပြုခဲ့၏။ ၁၉၄၁ ခုနှစ်တွင် လွတ်လပ်သည့် သမတနိုင်ငံအဖြစ် ကြေညာခဲ့သည်။ ၁၉၄၃ ခုနှစ်တွင် ပဋ္ဌမဆုံးအကြိမ် ရွေးကောက်ပွဲကြီးကျင်းပခဲ့စဉ်က ဗက်ခါ ရာအယ်ခူရီသည် ပဋ္ဌမဆုံးသမတဖြစ်လာခဲ့၏။ သို့သော် ထို ၁၉၄၃ ခုနှစ်နောက်ပိုင်းမှာပင် အခြေခံဥပဒေကို ပြင်သောကြောင့် ဟုဆိုကာ ယင်းနှင့် ယင်း၏အစိုးရအဖွဲ့ကို ထောင်သွင်း အကျဉ်း ချထားခဲ့သည်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် ပြင်သစ်တပ်များကို ရုပ်သိမ်းသွားပြီး နောက်မှသာလျှင် လက်ဗနွန်နိုင်ငံသည် လုံးဝလွတ်လပ်သောနိုင်ငံ ဖြစ်လာခဲ့၏။ ၁၉၄၇ ခုနှစ်တွင် ပါလီမန်ရွေးကောက်ပွဲများကို လွတ်လပ်စွာ ကျင်းပခဲ့သည်။ လက်ဗနွန်နိုင်ငံသည် ၁၉၄၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂနှင့် အာရပ်အမျိုးသားအဖွဲ့တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လာခဲ့၏။ ၁၉၄၈ ခုနှစ်တွင် အစ္စရီယယ်နှင့် တိုက်ခိုက်ရသော စစ်ပွဲတွင်လည်း ပါဝင်ဆင်နွှဲခဲ့သည်။

**လက်ဗွေပုံစံ။** ။လက်ချောင်းများ၌ ဗွေကလေးများရှိသည့် အကြောင်းကို လူတိုင်းပင် သိကြ၏။ ဗွေဆိုသည်မှာလည်း မညီမညာ ခွေနေသောအကြောင်းကလေးများပင်ဖြစ်ကြသည်။ လက်မကို မင်ဆွတ်ထားသည့် အဝတ်ပေါ်တွင်နှိပ်ပြီးလျှင် ထိုလက်မကို စက္ကူဖြူပေါ်၌ တဖန်နှိပ်ကြည့်ပါက လက်မ၏ဗွေပုံစံသည် ထင်ရှားကျန်ရစ်သည်ကို တွေ့ကြရမည်။ လူတဦး၏လက်မဗွေပုံစံနှင့် အခြားလူ

www.burmeseclassic.com





သံသေတ္တာတွင် ကျန်ရစ်သော လက်ရာပုံစံကို ဓာတ်ပုံရိုက်ယူစဉ်

တဦး၏ လက်မဗွေပုံစံတို့မှာ တူကြသည်မဟုတ်ချေ။ အခြားသော လက်ချောင်းများ၏ ဗွေပုံစံတို့ကိုလည်း နှိပ်ကြည့်နိုင်၍ ထိုပုံစံများ သည်လည်း အခြား သူများ၏ လက်ချောင်းဗွေပုံစံများနှင့် တူကြသည်မဟုတ်ချေ။ ထိုကဲ့သို့ တဦး၏လက်ဗွေပုံစံနှင့် အခြားသူတဦး၏ လက်ဗွေပုံစံတို့ မတူသည်ကို သိရှိလာသည်နှင့် ရာဇဝတ်မှုများ နည်းပါးစေရန်အတွက် ရဲဌာနများမှ ထိုအချက်ကို အသုံးပြုခဲ့ကြလေသည်။

ရာဇဝတ်မှုကျူးလွန်သူများကို တွေ့သောအခါတွင် ထိုသူများကို ဓာတ်ပုံ ရိုက်ယူလေ့ ရှိကြပြီးလျှင် ထိုသူတို့၏ လက်ဗွေပုံစံများကိုလည်း နှိပ်ယူထားလေ့ရှိကြသည်။ ထိုသို့ ပြုလုပ်ထားကြရခြင်းမှာ နောင်အခါ ရာဇဝတ်မှုများ ထပ်မံဖြစ်ပွားခဲ့ပါမူ ထိုသူများ ဟုတ်မဟုတ်ကို ထင်ရှားစွာ သိသာစေရန်အတွက်ဖြစ်သည်။ ခိုးသည့်နေရာ တိုက်ခိုက်သည့်နေရာများ၌ အမှတ်မဲ့ ကျန်ရစ်ခဲ့သော လက်ဗွေပုံစံများနှင့် လူဆိုးလက်ဗွေပုံစံများကို တိုက်ဆိုင် ကြည့်နိုင်သဖြင့် ထိုခိုးမှု တိုက်ခိုက်မှုများတွင် ပါဝင်သော လူဆိုးဓားပြများကို ဖမ်းဆီးနိုင်လေသည်။

တရားဥပဒေနှင့်စပ်လျဉ်းသည့် စာချုပ်များ၌ လက်ဗွေပုံစံနှိပ်ခြင်းကို အသုံးပြုခဲ့သည်မှာ တရုပ်နိုင်ငံသည် ပဌမဆုံးနိုင်ငံပင် ဖြစ်လေသည်။ ရှေးအခါက အင်္ဂလန်ပြည်၌ စာမတတ်သူများရှိနေစဉ် လက်ဗွေပုံစံများသည် လက်မှတ်ကဲ့သို့ပင် အသုံးဝင်ခဲ့ကြောင်းကို သမိုင်းများတွင် တွေ့ရလေသည်။ ဆာ အက်ဒွပ်ဟင်နရီဆိုသူ လန်ဒန်မြို့မ ရဲမင်းကြီးသည် လက်ဗွေပုံစံများကို အစီအစဉ်နှင့်စာရင်းပြုလုပ်ထားခြင်းကြောင့် မိနစ်အနည်းငယ်အတွင်း ကျူးလွန်သည့် ရာဇဝတ်ကောင် ဟုတ်သည် မဟုတ်သည်ကို ထိုစာရင်းနှင့် တိုက်ဆိုင်ကြည့်၍ ပြောဆိုနိုင်သည်။

ရာဇဝတ်မှုတခုကို ကျူးလွန်သွားသောအခါတွင် ရာဇဝတ်ကောင် ကိုင်တွယ်နိုင်လောက်သည့် ပစ္စည်းဟူသမျှကို ရဲဖက်ဆိုင်ရာမှ ဓာတ်ပုံရိုက်ကူးယူလေ့ရှိသည်။ ထိုဓာတ်ပုံများကို လက်ဗွေပုံစံ စုံထောက်ဌာနသို့ ပို့၍ ထိုဌာန၌ စာရင်းပြုထားသော လက်ဗွေပုံစံများနှင့် နှိုင်းယှဉ်ကြည့်နိုင်သဖြင့် ရဲဖက်ဆိုင်ရာမှ လူဆိုးစာရင်းဝင် ဟုတ်မဟုတ်ကို ချက်ခြင်း သိနိုင်လေသည်။ လက်ဗွေပုံစံနှစ်ခုသည် မည်သည့်နည်းနှင့်မျှ မတူနိုင်သော်လည်း ပို၍ သေချာစေရန် လက်သုံးလေးချောင်း၏ဗွေပုံစံများကိုယူပြီးလျှင် မှတ်သားထားလေ့ ရှိသည်။ ယင်းသို့ ပြုလုပ်ထားခြင်းဖြင့် မှားနိုင်စရာအကြောင်း မပေါ်ပေါက်နိုင်တော့ချေ။

**လကျာ် – ဖရီးမင်း စာချုပ်။** ။လကျာ်—ဖရီးမင်း စာချုပ်သည် အောင်ဆန်း—အက်တလီစာချုပ်မှပူးတွဲဖြစ်ပေါ်လာသော ကာကွယ်ရေးစာချုပ် ဖြစ်သည်။ ထိုစာချုပ်ကို ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံ ရန်ကုန် မြို့တော်၌ ဗြိတိသျှအစိုးရကိုယ်စား ဂျွန် ဒဗလျူ ဖရီးမင်းနှင့် မြန်မာနိုင်ငံ ယာယီအစိုးရကိုယ်စား ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်လကျာ်တို့ နှစ်ဦးသဘောတူ ချုပ်ဆို၍ လက်မှတ်ရေးထိုးကြသည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဗြိတိသျှ အောက်လွှတ်တော်၌ ဗြိတိသျှနန်းရင်းဝန် ကလီမင့်ရစ်ချတ် အက်တလီသည် မြန်မာပြည်အား အာဏာလွှဲပြောင်းပေးအပ်ရေးကို ဆွေးနွေးရန် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ကို ဖိတ်ခေါ်ခဲ့လေသည်။ ထိုဖိတ်ခေါ်ချက်အရ ဘုရင်ခံ၏ အမှုဆောင်ကောင်စီအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဖဆပလအဖွဲ့ ဥက္ကဋ္ဌဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ ကိုယ်စားလှယ်တော်အဖွဲ့ ခေါင်းဆောင်အဖြစ်ဖြင့် လန်ဒန်မြို့တော်သို့သွားရောက်၍ ဗြိတိသျှအစိုးရနှင့် ဆွေးနွေးခဲ့လေသည်။ ထိုဆွေးနွေးပွဲများအပြီးတွင် ၁၉၄၇ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့၌ ဗြိတိန်နိုင်ငံဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံ ဘုရင်ခံ၏အမှုဆောင်ကောင်စီမှ ကိုယ်စားလှယ်တို့ ဆွေးနွေးတိုင်ပင်ရာမှ ရောက်ရှိခဲ့သောအဆုံးသတ်ချက်များ ပါဝင်သည့် အောင်ဆန်း—အက်တလီ စာချုပ်ကို လန်ဒန်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် နန်းရင်းဝန် အက်



www.burmeseclassic.com

www.burmeseclassic.com



ထလီတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ (အောင်ဆန်း-အက်တလီစာချုပ် — ရှု)ထိုစာချုပ်တွင်ပါဝင်သော အဆုံးသတ်ချက်များအနက် ကာကွယ်ရေး အဆုံးသတ်ချက် များလည်း ပါဝင်ရကား ယင်းအဆုံးသတ်ချက်များကို အကောင်အထည် ဖော်ရန် ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာနှင့် ဂျွန် ဒဗလျူ ဖရီးမင်းတို့သည် အောက်ပါ ကာကွယ်ရေး စာချုပ်ကို သဘောတူလက်မှတ် ရေးထိုး ချုပ်ဆိုကြခြင်း ဖြစ်လေသည်။ စာချုပ်၏မူရင်းမှာ ဤသို့ဖြစ်သည်။

**မူးတွဲစာ**

၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့တော်၌ လက်မှတ်ရေးထိုးသော ကာကွယ်ရေး သဘောတူညီချက်။

**အရပ်ရပ်ကိစ္စ**

၁။ မြန်မာနိုင်ငံအစိုးရနှင့် ဗြိတိသျှနိုင်ငံအစိုးရတို့ ချုပ်ဆိုသော ဤကာကွယ်ရေးသဘောတူညီချက်ကို နှစ်တိုင်း နှစ်နိုင်ငံတို့သည် လွတ်လပ်စွာ ချုပ်ဆိုပြီးစီးသည်။ ဤသဘောတူညီချက်သည် မြန်မာနိုင်ငံအစိုးရနှင့် ဗြိတိသျှနိုင်ငံအစိုးရတို့ နောင်အခါတွင် ဖွဲ့နိုင်ကြမည်ဖြစ်သော စစ်မှုမဟာမိတ် ဖြစ်ရေးကို မထိခိုက်ချေ။ ဤသဘောတူညီချက်ကို အာဏာလွှဲပြောင်းရေးစာချုပ်နှင့် ဆက်စပ်ကာ၊ စေ့စပ်ချုပ်ဆိုပြီး ဖြစ်သည်။ စာချုပ်ချုပ်ဆိုသူတို့၏ ပြည်ထောင်ချင်းချင်း ဝတ်တရားများနှင့်၎င်း၊ အငြင်းဖြစ်မှု ဖြေရှင်းရေးနှင့်၎င်း၊ အလားတူ အမှုကိစ္စများနှင့်၎င်း စပ်လျဉ်းသော အာဏာလွှဲပြောင်းရေး စာချုပ်ရှိ ပြဋ္ဌာန်းချက်များသည် ထိုစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဤသဘောတူညီချက်နှင့် သက်ဆိုင်လိမ့်မည်။

**ဗြိတိသျှစစ်တပ်များ ထွက်ခွာရေး**

၂။ ဤသဘောတူညီချက်ရှိ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ၊ ဗြိတိသျှနိုင်ငံအစိုးရသည် ဗြိတိသျှနိုင်ငံအစိုးရစစ်တပ်များကို မြန်မာနိုင်ငံသို့ အာဏာလွှဲပြောင်းပေးပြီးသည်နှင့်တပြိုင်နက်၊ လျင်မြန်နိုင်သမျှလျင်မြန်စွာ မြန်မာနိုင်ငံမှ ရွှေ့ယူ ထွက်ခွာစေလိမ့်မည်။ ထိုသို့ အပြီးတိုင် ရွှေ့ယူ ထွက်ခွာစေမှုအတွက် လိုအပ်သော စပ်ကြားအချိန်ကာလ အပိုင်းအခြားနှင့် စပ်လျဉ်း၍ နှစ်တိုင်း နှစ်နိုင်ငံအစိုးရတို့လည်း သင့်မြတ်အောင် စေ့စပ်စီမံလိမ့်မည်။ ဗြိတိသျှနိုင်ငံအစိုးရ စစ်တပ်များကို မြန်မာနိုင်ငံမှ ရွှေ့ယူထွက်ခွာစေရာ၌ မြန်မာနိုင်ငံအစိုးရသည် ဘုရင်မင်းမြတ်၏ စစ်တပ်များအား တတ်နိုင်သမျှကူညီကာကွယ်စောင့်ရှောက်ရန်သဘောတူသည်။

**ဗြိတိသျှနိုင်ငံ အစိုးရ၏ ငွေကြေး ဆိုင်ရာ ခွင့်ပြုချက်များ**

၃။ ဗြိတိသျှနိုင်ငံအစိုးရသည် —

(က) ၁၉၄၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံအတွက် ကုန်ကျခဲ့သော ကာကွယ်ရေးစရိတ်များနှင့် စပ်လျဉ်း၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်က ဘဏ္ဍာရေးနှင့် အခွန်တော်ဌာနသို့ ပေးပို့သော စာအရ မြန်မာနိုင်ငံအစိုးရထံမှ တောင်းဆိုအပ်သော ငွေများကို စွန့်လွှတ်ရန် သဘောတူသည်။

(ခ) သဘောတူခဲ့သော အဆင့်အတန်းအထိ မြန်မာနိုင်ငံ စစ်တပ်များအား၊ ကနဦး စစ်အသုံး အဆောင်များကိုလွှဲပြောင်းပေးသည့်အတွက် စရိတ်များကို မတောင်းမဆိုရန် သဘော တူသည်။

(ဂ) သဘောတူခဲ့သော အဆင့်အတန်းအထိ မြန်မာနိုင်ငံ စစ်တပ်များအား ကနဦး အထောက်အပံ့အရံပစ္စည်းများကို လွှဲပြောင်းပေးသည့် အတွက် စရိတ်များကို မတောင်းဆိုရန် သဘောတူသည်။

(ဃ) အာဏာလွှဲပြောင်းပေးသည့်နေ့ရက်တွင် စစ်တပ်များနှင့် ဘုရင့်လေတပ်တို့၏ မြန်မာနိုင်ငံ၌ ကျန်ရှိရစ်မည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို မြန်မာနိုင်ငံအစိုးရအား အခမဲ့ လွှဲပြောင်းပေးရန် သဘောတူသည်။

သို့ရာတွင် အထက်ပါ (ခ) (ဂ) (ဃ) အပိုဒ်များတွင် ဖော်ပြခဲ့သော လွှဲပြောင်းပေးသည့် ပစ္စည်းများတွင် ချေးငှားရေးဆိုင်ရာပစ္စည်းများ မပါချေ။

**ဗြိတိသျှနိုင်ငံ အမှုထမ်း မစ်ရှင်အဖွဲ့များ**

၄။ မြန်မာနိုင်ငံအစိုးရ၏ ဆန္ဒနှင့်အညီ ဗြိတိသျှနိုင်ငံအစိုးရသည် —

(၁) ရေတပ်၊ ကုန်းတပ်၊ လေတပ်ဆိုင်ရာ မစ်ရှင်အဖွဲ့တခုကို မြန်မာနိုင်ငံ၌ ထားရှိရန် သဘောတူသည်။

(၂) အပျော်အမှုထမ်းများကို ရရှိပါက ထိုမစ်ရှင် အဖွဲ့တွင် မြန်မာနိုင်ငံ တပ်ဖွဲ့များ အတွက် ပညာသင်ပေးသော ရာထမ်းမှုထမ်းများနှင့် အခြား ရာထမ်း မှုထမ်းများကို ပါဝင်စေရန် သဘောတူသည်။

(၃) မြန်မာနိုင်ငံ တပ်ဖွဲ့များ၏ ရာထမ်း မှုထမ်းများအတွက် ဗြိတိသျှနိုင်ငံရှိ ဘုရင် မင်းမြတ်၏ ဌာနများတွင် စစ်ပညာသင်ယူနိုင်သော အခွင့်အရေးများကို ထားရှိရန် သဘောတူသည်။

မစ်ရှင်အဖွဲ့ဖွဲ့စည်းပုံနှင့် တာဝန်များ၊ စစ်ပညာသင်ပေးသော ရာထမ်းမှုထမ်းနှင့် အခြားရာထမ်းမှုထမ်းများဖွဲ့စည်းပုံနှင့် တာဝန်များ၊ ဗြိတိသျှနိုင်ငံ ရာထမ်းမှုထမ်းများ၏ ရာထူးအလုပ်ဆိုင်ရာ စည်းကမ်းချက်များ၊ ထိုပြင် စစ်ပညာသင်ယူနိုင်သော အခွင့်အရေး အသေးစိတ်ကိစ္စများနှင့် စပ်



www.burmeseclassic.com

www.burmeseclassic.com


လျှင်း၍ နှစ်တိုင်းနှစ်နိုင်ငံ အစိုးရတို့သည် တသီးတခြား စေ့စပ်ပြောဆိုကြရလိမ့်မည်။

ဤသဘောတူညီချက် ဖြစ်ပေါ်လာအောင် ဖန်တီးကြသောအကြောင်းခြင်းရာ ကိစ္စတို့ကို ချောမောနိုင်စေရန် အထူး စီမံချက်အဖြစ်ဖြင့် ဗြိတိသျှနိုင်ငံ အစိုးရသည် အထက်ပါ အပိုဒ်ခွဲ ၂ အရ ဆိုထားသည့် စစ်ပညာသင်ပေးသော ရာထမ်းမှုထမ်းများ မပါဝင်သော မစ်ရှင်အဖွဲ့အတွက် ကုန်ကျသည့်စရိတ်ကို မတောင်းမဆို စွန့်လွှတ်ရန် အသင့်ဖြစ်သည်။ ထို့ပြင် အာဏာလွှဲပြောင်းပေးပြီးသည့်နောက် သုံးနှစ်ကာလအပိုင်းအခြားအတွက် ဗြိတိသျှနိုင်ငံရှိ ဘုရင်မင်းမြတ်၏ ဌာနများတွင် စစ်ပညာသင်ယူနိုင်သော အခွင့်အရေးများ ထားရှိသဖြင့် ကုန်ကျသော စရိတ်ကိုလည်း မတောင်းမဆို စွန့်လွှတ်ရန် အသင့်ဖြစ်သည်။ ဗြိတိသျှနိုင်ငံအစိုးရသို့ ပေးသွင်းရန်ရှိသောငွေများနှင့် ပင်ရှင်များ၊ ဆုငွေများမှတပါး မြန်မာနိုင်ငံ စစ်တပ်များ၏အကျိုးငှာ အမှုထမ်းရွက်ကြသော စစ်ပညာသင်ပေးသည့် ရာထမ်း မှုထမ်းနှင့် အခြားရာထမ်းမှုထမ်းများအတွက် ကုန်ကျသော စရိတ်ကို မြန်မာနိုင်ငံ အစိုးရက ကျခံရလိမ့်မည်။

### ရေတပ်ဆိုင်ရာ

၅။ ဗြိတိသျှနိုင်ငံအစိုးရသည် မြန်မာနိုင်ငံအစိုးရအား ဤ သဘောတူညီချက်ရှိ နောက်ဆက်တွဲ၌ ဖော်ပြထားသော ရေတပ်ဆိုင်ရာ သင်္ဘောများကို အခမဲ့ လွှဲပြောင်းပေးရန် သဘောတူသည်။

### လေကြောင်းဆိုင်ရာ အထောက်အပံ့များ

၆။ ဤ သဘောတူညီချက်ရှိ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဗြိတိသျှနိုင်ငံအစိုးရသည် —

(က) နှစ်တိုင်းနှစ်နိုင်ငံအစိုးရတို့ သဘောတူညီသော မင်္ဂလာဒုံလေယာဉ်ပျံကွင်း ထားရှိရေး စရိတ်၏ တစိတ်တဒေသကို ပေးဝေရန် သဘောတူသည်။ ထိုစရိတ်တွင် ကျွမ်းကျင် လိမ်မာမှုဆိုင်ရာ ရာထမ်းမှုထမ်းများအတွက် စရိတ် ပါဝင်သည်။

(ခ) မြန်မာနိုင်ငံ အစိုးရအား မိမိကိုယ်တိုင်တာဝန်ယူ၍ ဆောင်ရွက် နိုင်စေရန် အချိန်ပေးအပ်သော တနှစ်ထက် မပိုသည့် ကာလအပိုင်းအခြားအတွက် အစိုးရနှစ်ခုတို့ သဘောတူသော သင့်လျော်သည့် အဆင့်အတန်းများနှင့်အညီ မင်္ဂလာဒုံ လေယာဉ်ပျံကွင်းကို ထားရှိနိုင်ရန်နှင့် အသုံးပြုနိုင်ရန် အလို့ငှါ လိုအပ်သော ကျွမ်းကျင် လိမ်မာမှုဆိုင်ရာ ရာထမ်းမှုထမ်းများကို ပေးအပ်ရန်သဘောတူသည်။

(ဂ) အစိုးရနှစ်ခုတို့ သဘောတူညီသော အဆင့်အတန်းများနှင့်အညီ စစ်တွေနှင့် မြိတ်မြို့များတွင် လေယာဉ်ပျံကွင်းများ ထားရှိနိုင်ရန် ငွေပေါင်း ၄၀,၀၀၀ ထက် မပိုသော ငွေကို နှစ်စဉ်နှစ်တိုင်း သုံးနှစ်ကာလ အပိုင်းအခြားအတွက်ပေးရန် သဘောတူသည်။

### စစ်ပစ္စည်းထောက်ပံ့ရေး

၇။ ဤသဘောတူညီချက်ကို ချုပ်ဆို ပြီးစီးသောကြောင့် ထင်ရှားလာသော နှစ်ပြည်ထောင် ချစ်ခင်ရင်းနှီးမှုကို ထောက်ထား ငဲ့ညှာသော သဘောဖြင့် ဗြိတိသျှနိုင်ငံ အစိုးရသည် မြန်မာနိုင်ငံအစိုးရက စစ်ပစ္စည်းများ ဝယ်ယူသောအခါတွင် လျော်ကန် သင့်မြတ်သော အခွင့်အရေးများကို ပေးရန် သဘောတူသည်။

### မြန်မာနိုင်ငံအစိုးရ ဆောင်ရွက်အပ်သော တာဝန်များ

၈။ မြန်မာနိုင်ငံ အစိုးရသည် —

(က) ဗြိတိသျှနိုင်ငံ အစိုးရက လွှတ်သော ရေတပ်၊ ကုန်းတပ်၊ လေတပ်ဆိုင်ရာ မစ်ရှင်အဖွဲ့ကို လက်ခံရန် သဘောတူသည်။ ဗြိတိသျှအကျိုးတူ နိုင်ငံစု အပြင်အပရှိ အစိုးရများထံမှ စေလွှတ်သော မစ်ရှင်အဖွဲ့များကို လက်မခံရ။

(ခ) ဘုရင်မင်းမြတ်၏ ရေတပ်နှင့် မြန်မာနိုင်ငံ အစိုးရရေတပ်တို့ ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံမှု ရှိသည်ကို ရှေးရှု ငဲ့ညှာသော သဘောဖြင့်ရင်း၊ မိတ်ဆွေ နိုင်ငံများနှင့် ဆက်ဆံ ရာတွင် ပြုမူ လိုက်နာအပ်သော စစ်မက် ငြိမ်းချမ်းဆဲ ထုံးစံများနှင့် လျော်ညီစွာရင်း ဤစာချုပ်ကို ချုပ်ဆိုကြသော နှစ်တိုင်း နှစ်နိုင်ငံ၏ ရေတပ်ဆိုင်ရာ သင်္ဘောများတွင် ရောက်လေရာ အရပ်ရှိ ရေတပ်ဆိုင်ရာ အာဏာပိုင် အချင်းချင်း တိုက်ရိုက်ဆက်ဆံ အကြောင်းကြားရုံမျှဖြင့် တဦး၏ ဆိပ်ကမ်းသို့ တဦး ဝင်ရောက်နိုင်သော အခွင့်အရေး ရှိရမည်ဟု သဘောတူသည်။

(ဂ) ဗြိတိသျှနိုင်ငံ အစိုးရ လေတပ်နှင့် မြန်မာနိုင်ငံအစိုးရ လေတပ်တို့ ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံမှုကို ရှေးရှုငဲ့ညှာသော သဘောဖြင့် ရင်း၊ မိတ်ဆွေနိုင်ငံများနှင့် ဆက်ဆံရာတွင် ပြုမူလိုက်နာအပ်သော စစ်မက် ငြိမ်းချမ်းဆဲ ထုံးစံများနှင့် လျော်ညီစွာရင်း ဤစာချုပ်ကို ချုပ်ဆိုကြသော နှစ်တိုင်း နှစ်နိုင်ငံ၏ စစ်လေယာဉ်ပျံများတွင် လေတပ် ဆိုင်ရာ အာဏာပိုင် အချင်းချင်း တိုက်ရိုက်ဆက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကြားရုံမျှဖြင့် တဦး၏ နယ်မြေအပေါ်သို့ တဦး ပုံ့သန်း သွားလာနိုင်သော အခွင့်အရေးမျိုး ရှိရမည်ဟု သဘောတူသည်။ ထို့ပြင် အချက် ၆ ၌ ပြဋ္ဌန်းထားသော သဘောတူချက်များလည်း ပါဝင်သည့် အစိုးရနှစ်ခုတို့၏ သဘောတူချက်ဖြင့် အခါကာလအားလျော်စွာ ပြဋ္ဌာန်း သတ်မှတ်အပ်သော လေယာဉ်ပျံကွင်းတွင် စခန်းချ ရပ်နားနိုင်သော အခွင့်အရေးများ ရှိရမည်ဟုလည်း သဘောတူသည်။

(ဿ) မြန်မာနိုင်ငံ အစိုးရ၏ သဘောတူမှုဖြင့် မြန်မာနိုင်ငံသို့ အထောက်အပံ့ အကူအညီ ယူဆောင်လာသော ဘုရင်မင်းမြတ်၏ စစ်တပ်များအား၊ သို့တည်းမဟုတ် မြန်မာနိုင်ငံ အစိုးရ၏ သဘောတူမှုဖြင့်ရင်း၊ ဗြိတိသျှ အကျိုးတူ နိုင်ငံစု အဝင်အပါ သက်ဆိုင်ရာ နိုင်ငံသို့ အထောက်အပံ့ အကူအညီ ယူဆောင်လာသော ဘုရင်မင်းမြတ်၏ စစ်တပ်များအား သင့်မြတ်လျော်ကန်သော ကူညီမှုကို ပေးမည်ဟု သဘောတူသည်။ ထိုကူညီမှုတွင် မြန်မာနိုင်ငံသို့ လေကြောင်း၊ ကုန်းကြောင်း၊ ရေကြောင်း တို့ဖြင့် ချဉ်းကပ် နိုင်သော ဝင်ရောက် နိုင်သော အခွင့်အရေးများ ပါဝင်သည်။

### နောက်ထပ် စေ့စပ်ခြင်းများ

၉။ ကာကွယ်ရေးဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ အစိုးရအချင်းချင်း နောက်ထပ် စေ့စပ်ခြင်း မပြုရဟု ဤသဘောတူညီချက်က မတားမြစ်ရ။ သို့ရာတွင် ထိုစေ့စပ်ချက်များသည် နှစ်ဦးနှစ်ဖက်၏ သဘောတူမှုကို မရရှိလျှင် ဤသဘောတူညီချက်အရ နှစ်ဦးနှစ်ဖက်တို့ ပြုအပ်သော ဝတ်တရားများကို မထိခိုက်စေရ။

### ကာလ အပိုင်းအခြား

၁၀။ ဤသဘောတူညီချက်ရှိ ပြဋ္ဌာန်းချက်များသည် အစကနဦးတွင် အာဏာ လွှဲပြောင်း ပေးပြီးနောက် သုံးနှစ်ခန့် အတည်ဖြစ်နေရမည်။ သုံးနှစ် ကုန်လွန်ပြီးသော အခါ၌မူကား တဦးဦးက တဆဲ့နှစ်လ ကြိုတင် အကြောင်းမကြားမခြင်း အတည် ဖြစ်နေရမည်။

ဗိုလ်လက်ျာ ဂျွန် ဒဗလျူ ဖရီးမင်း
၁၉၄၇ ခု၊ ဩဂုတ်လ ၂၉ရက် ။၁၉၄၇ ခု၊ ဩဂုတ်လ ၂၉ရက်။

**လက်ရေးတို။** ။လက်ရေးရှည် (သာမန် လက်ရေး) အရေး အလွန်မြန်သော လူတယောက်သည် တမိနစ်လျှင် စကားလုံးပေါင်း ၆၀ ခန့်အထိသာ ရေးနိုင်သည်။ လက်ရေးတို ရေးနည်း သင်ထားသော လူတယောက်သည် လက်ရေးတိုနည်းဖြင့် တမိနစ်လျှင် စကားလုံးပေါင်း ၁၀၀ ရေးနိုင်သည်။ အထူး ကျွမ်းကျင်သော လက်ရေးတိုသမားတို့ကား တမိနစ်လျှင် စကားလုံးပေါင်း ၂၅၀ ကျော်အထိ (တစက္ကန့် လေးလုံးကျော်နှုန်း) ရေးနိုင်ကြောင်း သိရသည်။ လူထုစည်းဝေးပွဲတွင် စကား ပြောသော သူတယောက်သည် တမိနစ်လျှင် စကားလုံးပေါင်း ၁၀၀ မှ ၁၅၀ နှုန်းထိ ပြောသည်ဟု ခန့်မှန်းရသည်။ စီးပွားရေးကုန်သည်သည် သူပြောသော စကားကို သင်ခါစ လက်ရေးတိုသမား လိုက်ရေးနိုင်အောင်ပင် ဖြည်းဖြည်း ပြောလေ့ရှိသည်။

လက်ရေးတို ရေးနည်းများကို ရှေးခေတ်ကတည်းက အသုံး ပြုလာကြသည်။ ရောမနိုင်ငံပြု သုခမိန် တဦးဖြစ်သော ဆီဆရို (ဘီစီ ၁၀၆—၄၃) ပြောသောစကားများကို သူ၏အတွင်းရေးမှူးဖြစ်သူ တိုင်ရိုက လက်ရေးတိုတမျိုးဖြင့် ရေးယူထားသည်။ အင်္ဂလန်ပြည်သည် ယခုခေတ် လက်ရေးတို မွေးထုတ်ရာဒေသ ဖြစ်သည်။ ၁၆ ရာစု နှစ်မှ စ၍ ရှေ့သို့ နည်းအမျိုးမျိုးကို အသုံးပြုလာကြသော်လည်း ခရစ် ၁၈၃၇ တွင် အိုင်ဇက် ပစ်တမင်း ဆိုသူ ပဌမဆုံး ထုတ်ဝေသည့် အသံကိုလိုက်၍ လက်ရေးတို ရေးနည်း ပေါ်လာမှသာ လက်ရေးတိုပညာကို လက်တွေ့ အသုံးပြုလာ ကြသည်။ ယခုခေတ်တွင် လက်ရေးတို ရေးနည်း အမျိုးမျိုး အသုံးပြုလျက် ရှိသည့်အနက် အများ အပြားပင် ပစ်တမင်း နည်းကို အခြေပြုကြသည်။ ထို့ကြောင့် ပစ်တမင်းသည် ၁၈၉၄ ခုနှစ်က ဆာဘွဲ့ဖြင့် ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။

ယခုခေတ် လက်ရေးတိုနည်းတွင် စကားတလုံး ရေးရာ၌ ခြစ်ကြောင်းကလေးများ နည်းနိုင်သမျှ နည်းစွာ အသုံးပြုကြသည်။ ယခုလက်တွေ့ နည်းများတွင် ခြစ်ကြောင်းများ ပျမ်းမျှ နှစ်ခုမှ သုံးခုအထိ အသုံးပြုသည်။ လက်ရေးတိုအက္ခရာစဉ်တွင် ဗျည်း၊ သရနှင့် သရနှစ်လုံးတွဲ ပါသော စကားလုံးများအတွက် သီးခြား အက္ခရာများ ပါဝင်သည်။ စကားလုံးများ အတွက်ကိုသာ အတိုကောက်နည်း အမျိုးမျိုးတို့ဖြင့် ရေးကြသည်။ သာမန် စကားလုံးအမြောက်အမြားအတွက် များသောအားဖြင့် ခြစ်ကြောင်းတကြောင်းပါသော အတိုကောက်ကို အသုံးပြုကြသည်။ ရှေ့ပစ္စည်း၊ နောက်ပစ္စည်းများအတွက်လည်း အတိုကောက်များကို သုံးသည်။ လက်ရေးတို နည်းဖြင့် ပို၍လျှင်မြန်စွာ ရေးနိုင်ရန် စကားလုံး နှစ်လုံး၊ သို့မဟုတ် အများ စုပေါင်းထားသော စကားပိုဒ်များအတွက်လည်း အတိုကောက်များ ထားရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တဆဲ့ကိုးရာစုနှစ် မကုန်ခင် ကလေးတွင် လက်ရေးတို လက်နှိပ်စက်များ စတင်ပေါ်ပေါက်လာသည်။ ထိုစက်များ အနက် အချို့ကို လက်တွေ့ စမ်းသပ်ကြည့်ရာ ကောင်းမွန် ကြောင်းတွေ့ရသဖြင့် အမြောက်အမြား အသုံးပြုကြသည်။

မျက်မမြင်များအတွက် "လက်ရေးတိုစက်"ကို ဟင်နရီ စတိန်စဗီဆိုသူက တီထွင်ခဲ့၍ ထိုစက်ဖြင့် တမိနစ်လျှင် စာလုံး ၁၂၀ မျှ လိုက်၍ရိုက်နိုင်သည်ဆို၏။

**မြန်မာလက်ရေးတို။** ။ပဌမဆုံး လက်တွေ့အသုံးပြုသည့် မြန်မာလက်ရေးတိုနည်းကို ပုလိပ်မင်းကြီး ရှပ်တယ်ဝပ် တီထွင်ခဲ့၍ ၁၉၀၈ ခုနှစ်၌ စာအုပ်အဖြစ် ပုံနှိပ်ခဲ့သည်။ အဆိုပါနည်းကို မန္တလေးမြို့ ပုလိပ်အတတ်သင် ကျောင်း၌ မသင်မနေရ ဘာသာရပ် တခုအဖြစ်ဖြင့် မြန်မာပြည် အစိုးရက ၁၉၂၂ ခုနှစ် ဖေဖွာရီလ ၄ ရက်နေ့စွဲ အမိန့်ဖြင့် ပြဋ္ဌာန်းခဲ့သည်။

၁၉၁၂ ခုနှစ်၌ ပုံနှိပ်သည့် "လွယ်ကူသော မြန်မာအတိုကောက်နည်း "ခေါ် မြန်မာလက်ရေးတိုနည်းကို ဖြူးမြို့မှ အမိန့်တော်ရ ရှေ့နေ ဦးဆူးဟုံ ဆိုသူက တီထွင်ခဲ့သည်။

၁၉၁၅ ခုနှစ်၌ စတင်တီထွင်ခဲ့ပြီးလျှင် ၁၉၃၀ ခုနှစ်၌ ပြန်လည်ပြုပြင်ထားသော မြန်မာလက်ရေးတို စံနစ်ကို အငြိမ်းစား ရာဇဝတ်ဝန်ထောက် ကလတ်ဆိုသူက ပုံနှိပ်ခဲ့သည်။ ထိုစံနစ်မှာ စလုံးဒျူပလိုယန်ခေါ် အင်္ဂလိပ်လက်ရေးတိုစံနစ်ကို မှီငြမ်းပြုခဲ့ပေသည်။

၁၉၃၁ ခုနှစ်တွင် ရွှေဘို ဦးဘငြိမ်း၏ မြန်မာ လက်ရေးတိုဟူ၍ စာအုပ်တအုပ် ထွက်ပေါ်လာသည်။

ပစ်တမင်း အင်္ဂလိပ်လက်ရေးတိုစံနစ်ကို ၁၉၃၃ ခုနှစ်၌ မြန်မာလက်ရေးတိုအဖြစ် တိုက်ရိုက်ပြောင်းလဲ တီထွင်သူမှာ မော်လမြိုင်ကျွန်းမှ ဦးသိန်းမောင်ဖြစ်၏။ ဦးသိန်းမောင်သည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက အလုံရပ်၊ အမှတ် ၁၅၄ ကြည့်မြင်တိုင် အောက်လမ်းမကြီး၌ မြန်မာအမျိုးသား ကူးသန်းရောင်းဝယ်ရေးကျောင်း ဖွင့်ခဲ့ဘူး၏။

၁၉၃၄ ခုနှစ်ဆန်း၌ ဦးအုန်းဘေ ဆိုသူသည် သူရိယနေ့စဉ် သတင်းစာ၌ "အုန်းဘေ၏ မြန်မာလက်ရေးတိုစံနစ်" ကို စတင် ရေးသားဖော်ပြခဲ့သည်။

၁၉၄၁ ခုနှစ်တွင် သရက်မြို့မှ ဦးတိုးရွှေ၏ မြန်မာလက်ရေးတိုစာအုပ် ထွက်ပေါ်ခဲ့၍၊ ၁၉၆၇ ခုနှစ်တွင် ဒေါက်တာဦးဘ၏ "မြန်တို သင်ပုန်းကြီး လက်ရေးတို"ခေါ် မြန်မာလက်ရေးတိုစာအုပ် ထွက်ပေါ်ခဲ့သည်။

လက်တွေ့ အသုံးပြုလျက်ရှိသော မြန်မာလက်ရေးတိုစံနစ်များမှာ "ဦးဗေဒမောင် လက်ရေးတို"၊ "ဇွဲဦးအုန်းချိန် လက်ရေးတို"၊ သရက်မြို့မှ "ဦးတိုးရွှေ လက်ရေးတို" စသည်တို့ ဖြစ်ကြပေသည်။

**လက်ရေး လက်သား။** ။လက်ရေးလက်သား ရေးသားမှုအတတ်သည် ပညာတရပ် ဖြစ်လေသည်။ လက်ရေးလက်သား ညီညာ လှပခြင်းမှာလည်း ဂုဏ်အင်္ဂါတရပ် ဖြစ်၍ လေ့ကျင့်အပ်ပေသည်။ အစိုးရ အလုပ်ဌာနများတွင်ရှင်း၊ ကုန်သည်ပိုင်းတွင်ရှင်း လက်ရေး လက်သားကောင်းသူသည် သူများထက် ထူး၍ ဂုဏ်ပြုခံရလေသည်။

လက်ရေး ရေးရာ၌ ပီသစွာ ရေးသားနိုင်ခြင်းသည် ပဌမ အရေးကြီးဆုံးအချက် ဖြစ်၍ လျင်မြန်စွာ ရေးနိုင်ခြင်းမှာ ဒုတိယ အရေးကြီးသောအချက် ဖြစ်လေသည်။ လှပစွာရေးခြင်း၊ ဟန်အမျိုးမျိုး ထွင်၍ ရေးခြင်း စသည်တို့မှာ ယင်း အဓိကအချက်ကြီးနှစ်ချက်မှ ဆင့်ပွားလာလေသည်။ လက်ရေး မြန်လည်းမြန်၍ သေသပ်လှပရန်မှာ တခုတည်းသက်သက် မလေ့ကျင့်ပဲ၊ ထိုအင်္ဂါနှစ်ရပ်လုံးကို တပြိုင်နက် မျှ၍ လေ့ကျင့်သင့်သည်။ လက်ရေးအမြန်ကျင့်လွန်းလျှင် သော့သွားတတ်သည်။ အလှရေးချည်း ကျင့်လျှင်လည်း နှေးလွန်း၍ လက်မသွားဘဲရှိတတ်သည်။

လက်ရေးကောင်းအောင် ကျင့်ရာ၌ ထပ်တလဲလဲရေးသားကြည့်ခြင်းသည် နည်းမှန်ဖြစ်၏။ တခါ ရေးကြည့်၍ တွေ့ရသော အမှားကို နောက်တခါ ရှောင်ကွင်းကာ ထပ်ကျင့်လျှင် ကျင့်ဖန်များသဖြင့် အသားသေသွား၍ လက်ရေးကောင်း လက်ရေးမှန်ကို ရနိုင်လေသည်။ စာရေးတော့မည်ဆိုလျှင် ဦးစွာ အနေအထား မှန်အောင် ထိုင်ရမည်။ ကြမ်းပေါ်၌ ခြေနှစ်ဖက်ကို ချထား၍ ကုလားထိုင်တွင် မတ်လည်းမမတ်လွန်း၊ ကိုင်းလည်း မကိုင်းလွန်း အနေမှန်ရအောင် ထိုင်ရမည်။ စာရွက်ကို မိမိရှေ့တည့်တည့် စားပွဲပေါ်တွင်ထား၍ စာရွက်ထိပ်ကို လက်ဝဲဖက်သို့ အနည်းငယ် စောင်းထားသင့်သည်။ ကလောင်တံ၊ ခဲတံ စသည်တို့ကိုလည်း အနေမှန်ဖြစ်အောင်ကိုင်၍ ရေးရမည်။ လက်ရေးစ၍ သင်သောသူသည် ကျောင်းသုံးသင်ပုန်းချပ်ကြီးပေါ်တွင် မြေဖြူဖြင့် အတော်ကြာအရေးကျင့်သင့်သည်။ သင်ပုန်းချပ်ကြီးပေါ်တွင် လက်ကိုလွတ်လပ်စွာ ရွေ့နိုင်သဖြင့် စက္ကူပေါ်တွင် ခဲတံ၊ မင်တံနှင့် ရေးသည်ထက် ပို၍ လွယ်ကူသည်။

ကလေးသူငယ်တို့ စက္ကူပေါ်၌ စ၍ ရေးသောအခါ ချောမွတ် ပျော့ပျောင်းသော ခဲတံဖြင့် စာရွက်ကြမ်းပေါ်၌ အရေးကျင့်စေအပ်သည်။ ကျောင်းတွင် သုံးတန်းရောက်သောအခါမှ မင်တံကို သုံးစေသင့်သည်။

ငယ်ရွယ်စဉ်ကတည်းက လက်ရေးပီသမှုကို မကျင့်ခဲ့လျှင် ကြီးပြင်းလာသောအခါ အလုပ်အကိုင်၌ရှင်း၊ ပေါင်းသင်းဆက်ဆံမှု၌ရှင်း ဂုဏ်ပျက်တတ်လေသည်။ လက်ရေးကို ပီသ၍ သပ်သပ်ယပ်ယပ် ရေးတတ်သူသည် မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



အံလုပ်ကိုမဆို လုပ်ရာတွင် ပိပြားသေဝပ်၍ စည်းကမ်းနိုင်သည်။ လက်ရေးလက်သားကို ကြည့်ခြင်းဖြင့် ထိုသူ၏ စိတ်နေသဘောထား ပြုမူပုံတို့ကို ကောင်းစွာ အကဲခတ်နိုင်၏။ ထို့ကြောင့် လက်ရေးလက်သားကို အမူမဲ့ အမှတ်မဲ့ မရေးဘဲ၊ စည်းကမ်းတကျ ရေးတတ်ဖို့ များစွာ အရေးကြီးသည်။

**လက်ဝဲနော်ရထာ** (မြန်မာ ၁၀၇၅ – ၁၁၅၃)။ ။လက်ဝဲနော်ရထာဘွဲ့ဖြင့် ထင်ရှားသော အတွင်းသေနာပတိ အမတ်ကြီးဦးမြတ်သာနေသည် တနင်္ဂနွေမင်းတရားကြီးလက်ထက် မုံရွာမြို့နယ်အပါအဝင် မုံရွာမြို့၏ အရှေ့တောင်ယွန်းမုံရွေးရွာ၌ သက္ကရာဇ် ၁၀၇၅ ခုနှစ် ဝါဆိုလတွင် ဖွားမြင်သည်။

အမတ်ကြီး၏ အမည်ရင်းမှာ ဦးမြတ်သာနေဖြစ်သော်လည်း မုံရွေးမှ ပုဂ္ဂိုလ်များက အဖျားဆွတ်၍ဦးနေဟုရင်း၊ ဦးမြတ်သာဟုရင်း ခေါ်ကြသည်။ ယင်းသို့ ဦးမြတ်သာဟု ခေါ်ကြရာမှ သာကို ပီသအောင်မခေါ်ဘဲ စာဟု ခေါ်ကြရာ ဦးမြတ်စာဟုတွင်နေသဖြင့် မကျည်းတံ့ရှာဇာတိ လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံနှင့် အမှတ် မှားနေကြလေသည်။ ဦးမြတ်သာနေကား မင်းအဆက်ဆက် ဘွဲ့ ၁၁ ဘွဲ့ဖြင့် ချီးမြှင့်သူကောင်းပြုခံရသော ပညာရှိအမတ်ကြီးဖြစ်လေသည်။

ဦးမြတ်သာနေ အသက် ၂၀ အရွယ် သက္ကရာဇ် ၁၁၀၅ ခုနှစ်တွင် ဟံသာဝတီရောက် မင်းတရားကြီးလက်ထက် ဝင်ရောက်အမှုထမ်းရာ သားတော်ကြီး စစ်ကိုင်းဘုရင် သီရိမဟာ သုဓမ္မရာဇာ၏ အကြီးတော်အရာ ခန့်ထားအပ်နှံခံရသည်။ ယင်းသို့ ထမ်းရွက်နေစဉ် ရန္တကျော်စွာဟူသော ဘွဲ့ ချီးမြှင့်ခံရသည်။ သားတော် မရှိသည့်နောက် ပျံချီကျော်ထင်ဟူသော အမည်နှင့် ဒဝယ်ဆောင်တွင် မြဲစွဲခံ့ရသည်။

၁၁၁၃ ခုနှစ်တွင် အင်းဝမြို့တော် မွန်တို့လက်သို့ရောက်၍ ဟံသာဝတီရောက်မင်းကို ဟံသာဝတီသို့ ဆောင်ယူသွားသည်အထိ ဦးမြတ်သာနေသည် တောင်ငူရာဇာနှင့် အတူ မွန်တို့၏ရန်ကို နှိမ်နင်းလျက် အရှင့်သစ္စာတော်ကို စောင့်ထိန်းခဲ့သည်။ အင်းဝပျက်သော် မိမိရပ်ရွာ၌ပြန်နေသည်။ ၁၁၁၄ ခုနှစ်တွင် အလောင်းမင်းတရားကြီးက ခေါ်တော်မူသောကြောင့် မုဆိုးဘိုသို့ရောက်သည်။ ၁၁၁၅ ခုနှစ်တွင် ရတနာသိခမြို့တော်ကို တည်ထောင်စဉ် အခါလည်းပေး၊ မြို့ပုံလည်း ဆက်ရသည်။ အခါတော်ဆက် ဦးမြတ်သာနေကို အလောင်း မင်းတရားကြီးက မင်းတိုင်ပင်အရာ၌ ထား၍ မပြတ်တိုင်ပင်တော်မူသည်။ ၁၁၁၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက် တနင်္လာနေ့ပြာသာဒ်တော်ကြီးသိမ်းတော်မူသောအခါ မင်းတိုင်ပင်အမတ်ကြီး ဦးမြတ်သာနေအား အလောင်းမင်းတရားကြီးက လက်ဝဲသုန္ဒရ ဟူသောဘွဲ့ဖြင့် ချီးမြှင့်လေသည်။ ၁၁၁၆ ခုနှစ်တွင် အလောင်းမင်းတရားကြီး ဟံသာဝတီကိုစုန်၍ တပ်ချီရာတွင် အမတ်ကြီးသည် တပ်မတော်၌ တပ်ရေးအဖြစ် လိုက်ပါရသည်။ စနည်းနာ အမိန့်တော်ပြန်စာရေး ရာဇသံရေး အလုပ်များကိုလည်း အမတ်ကြီးပင် ဆောင်ရွက်ရသည်။ ဟံသာဝတီကို အလိုတော်ပြည့်၍ ၁၁၁၉ ခုနှစ် နယုန်လဆန်း ၁၄ ရက်နေ့တွင် မြို့စောင့်နတ်များကို အမိန့်တော်ပြန်ရရာ အမတ်ကြီးကိုယ်တိုင် အမိန့်တော်စာကို ရေး၍ မြေနန်းရှေ့တွင် အမိန့်ပြန်ရသည်။ အင်္ဂလိပ်မင်းတို့ထံမှ လက်ဆောင်ပဏ္ဏာများရောက်၍ ရာဇသံစာ ပြန်လည်ပေးအပ်ရသည့်အခါလည်း အမတ်ကြီးပင် ရေးသားခဲ့ရသည်။

ထိုနှစ် ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ဟံသာဝတီရွှေနန်းထက်၌ မှူးတော်မတ်တော်တို့ကို ဘွဲ့အမည် သနားတော်မူသည်တွင် လက်ဝဲသုန္ဒရအား လက်ဝဲနော်ရထာဘွဲ့ကို သနားတော်မူပြန်သည်။

အလောင်းမင်းတရားကြီးသည် ဟံသာဝတီမှ ရွှေမြို့တော်သို့ ပြန်လည် ကြွတော်မူ၍ ၁၁၁၉ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ရက် ဗုဒ္ဓဟူးနေ့တွင် ရတနာသိခမြို့တော်သို့ အစီအစဉ်နှင့်ချီဝင်တော်မူရာ မင်းတရားကြီး၏ ဝေါတော်ကို ရွှေမြို့တော်သား ကျွန်တော်ရင်းတို့သာ ထမ်းရသည့်၌ လက်ဝဲတော်ကအမတ်ကြီးလက်ဝဲနော်ရထာသည် ဝေါတော်ရှေ့တွင် ဝေါတော်ပေါင်ကိုကိုင်၍ လိုက်ပါရလေသည်။ ၁၁၂၀ ပြည့်နှစ်တွင် ကောင်းမှုတော်စေတီဌာပနာသွင်းရာ၌ အမတ်ကြီးသည် ဓာတ်တော် မွေတော်များကို ကြပ်မတ်ဆောင်ယူခဲ့ရသည်။

အလောင်းမင်းတရားကြီး နတ်ရွာစံလွန်တော်မူသောအခါ ၁၁၂၂ ခုနှစ်တွင် သားတော် နောင်တော်ကြီးမင်း နန်းတက်၍ ထိုနှစ် တပေါင်းလဆန်း ၆ ရက် တနင်္လာနေ့တွင် ကျင်းပသော မဟာဥကင်တော်ဖွင့် မင်္ဂလာသဘင်၌ အမတ်ကြီးသည် အတွင်းဝန်အဖြစ်နှင့် မင်းတရားကြီး၏ ဘွဲ့ပုံကို ခင်းရပြီးလျှင် ကိုယ်တိုင် နာမည်တော် ရေးခဲ့ရကြောင်းဖြင့် ဥကင်တော်ဖွင့် မင်္ဂလာကြီး စာတမ်း၌ ဖော်ပြထားလေသည်။ နောင်တော်ကြီးမင်း လက်ထက်တွင် မင်းလက်ဝဲ နော်ရထာသည် စည်သူကျော်ထင်ဘွဲ့ အသနားခံရသည်။ လက်ဝဲ နော်ရထာ လျှောက်ထုံး၌ ၁၁၂၃ ခုနှစ် တန်ဆောင်မုန်း လဆန်း ၃ ရက်နေ့တွင် စည်သူကျော်ထင် အမည်နှင့် လျှောက်ထားကြောင်း တွေ့ရှိရသည်။ လက်ဝဲ နော်ရထာဘွဲ့နှင့် နောက်ဆုံး လျှောက်ထားသောနေ့ကား ၁၁၂၂ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့ ဖြစ်ရကား ထီးတမ်းစဉ်လာအရိုင်း ဥကင်တော်ဖွင့် မင်္ဂလာသဘင်တွင် မှူးတော်မတ်တော်

www.burmeseclassic.com



တို့အား ဘွဲ့နှင်းမည် ဖြစ်သည်အလျောက် ထိုသဘင်၌ပင် စည်သူ ကျော်ထင်ဘွဲ့ ချီးမြှင့်ခံရသည်ဟု မှတ်ယူဖွယ် ဖြစ်သည်။ မှုံရွေးဆရာတော် ထပ်ဆင့် ရေးထိုးသော တိလောက ခေါင်းလောင်းစာတွင် နောင်တော်ကြီး မင်းတရားလက်ထက် နန္ဒသူရကျော်ထင်ဘွဲ့ ရသေးကြောင်း ဖော်ပြပါရှိသော်လည်း အခြား မည်သည့် အထောက်အထားမျှ မတွေ့ရှိရသေးချေ။

နောင်တော်ကြီးမင်း နတ်ရွာစံ၍ ညီတော် မြေဒူးမင်းသားသည် ဆင်ဖြူရှင်မင်းအဖြစ် နန်းတက်တော်မူသောအခါ သက္ကရာဇ် ၁၁၂၆ ခုနှစ် နယုန်လပြည့်ကျော် ၂ ရက်နေ့တွင် ဥကင်တော်ကြီး ဖွင့်တော်မူရာ ဆွေတော်မျိုးတော် မှူးတော် မတ်တော်တို့အား ဘွဲ့သနားတော်မူသည်။ အမတ်ကြီးအား နယုန်လပြည့်ကျော် ၈ ရက်နေ့တွင် မြဲတိုက်တော်၌ နေမျိုး သီရိဇေယျကျော်ထင် ဘွဲ့သနားတော်မူ၍ အတွင်းဝန် ခန့်တော်မူသည်။ ၁၁၂၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက် စနေနေ့တွင် မှူးတော်မတ်တော် သူရဲသူခက် ကျွန်တော်မျိုးအပေါင်းကို ရွေးကောက် သီးသန့်တော်မူ၍ လေးဆယ်တော် ငါးဆယ်တော် အတွင်းသွေးသောက် အပြင်သွေးသောက်ဖွဲ့တော်မူရာ အမတ်ကြီးသည် လူပေါင်း ၂၄ ဦး ပါဝင်သော လေးဆယ်ကျော်နေမျိုးသခ်ယာသွေးသောက်၌ ပါဝင်ရသည်။ ၁၁၂၇ ခုနှစ်တွင် အင်းဝမြို့ကို ပြန်လည် တည်ထောင်ပြီးနောက် ဆက်လက် တိုးချဲ့ရာတွင်လည်း အမတ်ကြီး နေမျိုးသီရိဇေယျကျော်ထင်ပင် မြို့ပုံကို ဆက်သွင်းခဲ့ရကြောင်း စေတီယကထာ ရာဇဝင်ချုပ်၌ ဆိုသည်။ ဆင်ဖြူရှင်မင်းလက်ထက်၌ပင် ထပ်ဆင့်၍ နေမျိုးမဟာကျော်ထင်ဘွဲ့ကိုရင်း၊ နေမျိုးမဟာအသခ်ယာကျော်ထင် ဘွဲ့ကိုရင်း ချီးမြှင့်ခံရလေသည်။ ၁၁၃၈ ခုနှစ်တွင် ဆင်ဖြူရှင်မင်းတရားကြီး နတ်ရွာစံ၍ သားတော် စဉ့်ကူးမင်း နန်းတက်သောအခါ ဦးမြတ်သာနေအား မင်းကြီးကျော်ထင်ဟူသောဘွဲ့နှင့် ထပ်မံချီးမြှင့်တော်မူသည်။ ၁၁၄၄ ခုနှစ် အမရပူရမြို့တည် ဘိုးတော်မင်းတရား လက်ထက်တော်တွင်ကား မင်းကြီး မဟာသီဟသူရဘွဲ့ဖြင့် အမရပူရမြို့ဝန် ခန့်ထားခြင်းခံရသည်။ ယင်းသို့ မင်းခြောက်ဆက်တိုင်တိုင် ဘွဲ့ထူးအမျိုးမျိုးဖြင့် အဆင့်ဆင့် ချီးမြှင့်ခံခဲ့ရသော ပညာရှိ အမတ်ကြီး ဦးမြတ်သာနေသည် ၁၁၅၃ ခုနှစ်တွင် ကွယ်လွန်လေသည်။

ဦးမြတ်သာနေတွင် သားနှစ်ယောက်ထွန်းကားသည်။ ဦးချမ်းငြိမ်းရာနှင့် ဦးချမ်းငြိမ်းသာတို့ ဖြစ်ကြရာ နှစ်ဦးစလုံးပင် အတွင်းသေနာပတိအရာ ဝန်ထောက်တော်အရာတို့နှင့် အသီးအသီး အမှုထမ်းခဲ့ကြသည်။ အမတ်ကြီး၏ အခြား ထင်ရှားသော ဆွေမျိုးသားချင်းတို့မှာ ညီအရင်းဖြစ်သူ ဦးမြတ်သာဝေနှင့် တူအရင်းဖြစ်သူ ရွှေကျောင်း ဦးပုတို့ ဖြစ်ကြသည်။ ဦးမြတ်သာဝေခေါ် ဦးဝေသည် အလောင်းမင်းတရားကြီးလက်ထက်ကပင် အကို ပညာရှိ အမတ်ကြီးကို အမှီပြု၍ မင်းမှုစိုးခွင် ဝင်ရောက် အမှုထမ်းဆောင်ရာ ဝေဠုသုန္ဒရဟူသော ဘွဲ့မည်နှင့် ချီးမြှင့်ခြင်းခံရ၍ အစဉ်အဆက် ကြီးပွားခဲ့ပြီးလျှင် ဘွဲ့ထူးအမျိုးမျိုး ရာထူးအမျိုးမျိုးကို တိုးတက် ရခဲ့လေရာ အမရပူရမြို့တည် ဘိုးတော်ဘုရား လက်ထက်တွင် မဟာသီရိသီဟသူဘွဲ့ဖြင့် အဂ္ဂမဟာသေနာပတိရာထူးကို ချီးမြှင့်ခြင်းခံရလေသည်။ မုံရွေးရွာ လေးကျွန်းရန်အောင် စေတီတော်ဒါယကာတည်း။ တူ ရွှေကျောင်း ဦးပုမှာလည်း ဘကြီးများကဲ့သို့ပင် ပျို့ကဗျာ လင်္ကာ ရတု ရေးသားမှုတို့၌ ဝါသနာ ပါသည့်အလျောက် စန္ဒကုမာရပျို့နှင့် ကုသပျို့တို့ကို ပြုစုရေးသားခဲ့သည်။ ဦးကြီးများကဲ့သို့ မင်းမှုထမ်း အလုပ်ကို မဆောင်ရွက်ဘဲ မုံရွေးရွာ၌ သဒ္ဓေးဘွဲ့ဖြင့် ပညာဗဟုသုတ ဆည်းပူးနေထိုင်သည်။ ဇေတဝန် ရွှေကျောင်း ဆောက်လုပ် လှူဒါန်းသဖြင့် ရွှေကျောင်းဦးပု တွင်သည်။

အမတ်ကြီးဦးမြတ်သာနေပြုစုရေးသားခဲ့သော စာပေများမှာ အများအပြားရှိသည်။ ယင်းတို့အနက် အလောင်းမင်းတရား အရေးတော်ပုံ (၁၁၁၉ ခုနှစ်)၊ ယိုးဒယားနိုင်မော်ကွန်း (၁၁၂၉ ခုနှစ်)၊ ဧညဝတီနိုင်မော်ကွန်း (၁၁၄၇ ခုနှစ်)၊ မြန်မာသံယောဂဒီပနီ (ပင့်ရစ်ဋီကာ) (၁၁၂၂ ခုနှစ်)၊ မဒ္ဒါဘိသေက မော်ကွန်း (၁၁၄၆ ခုနှစ်) တို့သည် အမတ်ကြီး၏ လက်ရာအစစ်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာရှိသည်။ ရာဇနီတိပျို့၊ ဟန်လင်းသမိုင်းပျို့တို့ကိုလည်း ပြုစုရေးသားခဲ့သည်ဟု အဆိုရှိသည်။ အချို့ကလည်း ဦးမြတ်သာနေသည် မော်ကွန်းသာ ရေးသည်။ ပျို့ မရေးဟု ဆိုသည်။

“မ ကာရ လောပ”ဟု ဆိုကြသော တောင်တွင်း ဆရာတော် ခင်ကြီးဖျော်သည် စာဆိုအမတ်ကြီးနှင့် ဆရာဒါယကာ အလွန်ရင်းနှီးခဲ့သည့်အလျောက် အမတ်ကြီးသည် မရှင်းလင်းသောကိစ္စ၊ ကူညီချီးမြှင့်ရန်ကိစ္စတို့၌ ဆရာတော်ထံ လျှောက်ထားခဲ့သော စာများကို စု၍ လက်ဝဲနေဝ်ရထာလျှောက်ထုံးဟူ၍ စာတစောင် ပေတဖွဲ့ တွေ့ရှိရသည်။

အမတ်ကြီးသည် မိမိဇာတိ မုံရွေးရွာတွင် ကုသိုလ်တော်များ အမှတ်တရပြုခဲ့သည်။ ၁၁၂၀ ပြည့်နှစ် တန်ဆောင်မုန်း လဆုတ် ၁၀ ရက်နေ့တွင် ဇေတဝန် သုံးထပ်ကျောင်း ဆောက်လုပ်လှူဒါန်းသည်။ အလောင်းမင်းတရားကြီးက “မောင်နေ ကျောင်းသည် ငါ့ကျောင်းပင် ဖြစ်သည်။ ဆင်ကပ် ပတ်လည်၊ မဟာရံ အုတ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကျူးများနှင့် ဆောက်လုပ် လှူဒါန်းစေ” အမိန့်တော်ရှိသည်။ အမတ်ကြီး၏ ကောင်းမှု ကိုယ်စားတော် ကျောင်းကြီးကို ဌာနတံဆိပ် မချီးမြှင့် သွားရရှာဘဲ အလောင်း မင်းတရားကြီး နတ်ရွာစံရာ၊ စာဆို၏ လျှောက်ထားချက်အရ ခမည်းတော်၏ အရိုက်အရာကို ဆက်ခံစိုးစံသော သားတော် နောင်တော်ကြီးမင်းက ကလျာဏီရွှေကျောင်းဟူသော ဌာနတံဆိပ်ကို လှူတော်မူပြီးလျှင် ၁၁၂၂ ခုနှစ် နတ်တော်လဆန်း ၁၀ ရက်နေ့တွင် ကမ္ပည်းတပ်ခဲ့သည်။ ကလျာဏီရွှေကျောင်းဦးရှိ ဘုရား၌ ခေါင်းလောင်းတလုံး လှူဒါန်းခဲ့သည်။ ခေါင်းလောင်းစာ သုံးဂါထာနှင့် အနက်ကို ၁၁၂၂ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့တွင် တောင်တွင်းဆရာတော်က စီကုံးပေးခဲ့လေသည်။ ၁၁၂၇ ခုနှစ် တပို့တွဲလပြည့်နေ့တွင် တိလောက ဘုရားရှင်၌ ကြေးချိန် ၂၀၀ ရှိ ဒုတိယ ခေါင်းလောင်း သွန်းလုပ်လှူဒါန်းသည်။ ယင်း ခေါင်းလောင်းကြီး ပျက်စီးယိုယွင်းမည် စိုးရိမ်သဖြင့် မုံရွေး ဇေတဝန် ဆရာတော် အရိယာဝံသ အာဒိစ္စရံသီ ပုဂ္ဂိုလ်သူမြတ်က ၁၁၉၀ ပြည့်နှစ်တွင် ဇေတဝန်ကျောင်းရွှေသို့ ပြောင်းရွှေ့စိုက်ထူခဲ့ရာ ယခုတိုင် တွေ့မြင်နိုင်သေးသည်။ မူလဒါယကာ အမတ်ကြီး၏ အဆိုအတိုင်း ပါဠိဂါထာဖြင့် အဆန်းတကြယ်ဖွဲ့ဆိုထားသော ခေါင်းလောင်းစာအပြင် ခေါင်းလောင်းရွှေ့ပြောင်းသူ ဆရာတော် ထပ်ဆင့်ရေးထိုးသည့်စာများကား အမတ်ကြီး၏ ဘွဲ့အမည်အရည်တို့ကို ဖော်ထုတ်ရန် အထူးအထောက်အထား ရခဲ့လေသည်။

**လက်ဝဲသုန္ဒရ** (မြန်မာ ၁၀၇၉ ခုဖွား)။ ။မြန်မာစာပေ သမိုင်းတွင် လက်ဝဲသုန္ဒရဟူသောဘွဲ့ဖြင့် ချီးမြှင့်ခံရသော ပညာရှိစာဆိုကြီးနှစ်ဦး ပေါ်ထွန်းခဲ့သည်။ တဦး၏အမည်ရင်းမှာ ဦးမြတ်စံဖြစ်၍ ကျန်တဦး၏ အမည်ရင်းမှာ ဦးမြတ်သာနေ ဖြစ်သည်။ နှစ်ဦးစလုံးသည် ကုန်းဘောင်ခေတ်တွင် ထင်ရှားသောစာဆိုအမတ်ကြီးများဖြစ်၍ အလောင်းမင်းတရားကြီးက ချီးမြှင့်သော လက်ဝဲသုန္ဒရဘွဲ့ကို ခံယူရသူများ ဖြစ်ကြသည်။ သို့ရာတွင် လက်ဝဲသုန္ဒရဟူသော ဘွဲ့ဖြင့် ထင်ရှားသူမှာ ဦးမြတ်စံ ဖြစ်၍ ဦးမြတ်သာနေမှာမူ လက်ဝဲ နော်ရထာဟူသော အခြားဘွဲ့တခုဖြင့် ထင်ရှားခဲ့သည်။ (လက်ဝဲနော်ရထာ — လည်းရှု။)

ဦးမြတ်စံကို ရွှေဘိုမြို့တောင်ဖက် ၁၄ မိုင်ဝေးသော မန်ကျည်းတုံရွာတွင် မြင်းစီးမျိုး ရိုးရာမှ သက္ကရာဇ် ၁၀၇၉ ခုနှစ်တွင်ဖွားမြင်သည်။ စာပေသင်ရန် အရွယ်ရောက်သော် မိဖများက မန်ကျည်းတုံရွာ ရွှေဘုံသာကျောင်းဆရာတော် ရှင်ဝရသမ္ဘာဓိထံ အပ်နှံ စာပေသင်ကြားစေသည်။ အသက်ခုနစ်နှစ် အရွယ်တွင် သဒ္ဒါကျမ်းဂန်ကို တဖက်ကမ်းရောက်သည်။ အသက် ၁၁ နှစ်အရွယ်တွင် ထိုဆရာတော် ဘုရားထံ၌ပင် သာမဏေပြုပြီးနောက် ရတနာပူရ အင်းဝမြို့တွင် ထင်ရှားသော ဒုတိယ မှန်စီဆရာတော်ဘုရားကြီးနှင့် စစ်ကိုင်းမင်းဝံတောင်ရိုးရှိ ကမ္ဘောဇမထေရ်တို့ထံ ခိုလှုံ၍ ပိဋကတ်သုံးပုံကို အဋ္ဌကထာဋီကာနှင့်တကွ သင်ကြားလေသည်။ သုံးဝါမြောက်တွင် ပိဋကတ်သုံးပုံကို တဖက်ကမ်းသို့ရောက်သည်။ ကဗျာ လင်္ကာ ရတု ချေါင်း မော်ကွန်းသီကုံးနှုန်းဖွဲ့မှုကို လေ့လာသင်ကြား၍ သာမဏေဘဝနှင့် ရှိစဉ် အသက် ၁၃ နှစ်နှင့်လေးလ အရွယ်၌ မဟော်ပျို့ကို စပ်ဆိုသည်။

စာပေတတ်မြောက်၍ တဆဲ့လေးနှစ်သားအရွယ်ရောက်လတ်သော် လူဝတ်လဲကာ အင်းဝနန်းတော်တွင်းဝင်ထွက်သွားလာနေသည်။ သို့ရာတွင် ငယ်ရွယ်သူဖြစ်သဖြင့် မိဖများက စိတ်မချသောကြောင့် ဟံသာဝတီရောက် မင်းတရားကြီး ထံတွင် အမှုတော်ကို မထမ်းရွက်ခဲ့ရချေ။ သက္ကရာဇ် ၁၁၁၁ ခုနှစ်တွင် ဟံသာဝတီရောက် မင်းတရားကြီးသည် မလွန်တပ်မှူး သတိုးမင်းခေါင်ကို စဉ့်ကိုင်တွင် အစောင့်အနေထားခဲ့ပြီးလျှင် အလုံးအရင်းနှင့် မွန်တပ်တို့ကို တွန်းလှန်သည်။ သတိုးမင်းခေါင်လည်း စဉ့်ကိုင်တပ်ကို အခိုင်အမာပြု၍နေခိုက် မွန်တပ်တို့ပြန်သွားလျှင် ဟံသာဝတီရောက် မင်းတရားကြီးသည် စဉ့်ကိုင်ကို ကေတုမတီဟု သမုတ်၍ သတိုးမင်းခေါင်အား ကိုးသိန်းသခင် ဘွဲ့ နှင်းသည်။ နန်းတော်၊ လွှတ်တော်၊ ရွှေရုံး၊ နောက်ရုံးများကိုလည်း ဆောက်စေပြီးလျှင် ထီးပွိုင့်နန်းပွိုင့် အုပ်ချုပ်စေသည်။ ထိုအခါတွင်မှ မောင်မြတ်စံသည် ကိုးသိန်းသခင်ထံ၌ ခစားထမ်းရွက်ခွင့်ရတော့သည်။

၁၁၁၃ ခုနှစ်တွင် မွန်-မြန်မာ စစ်ဖြစ်၍ အင်းဝနေပြည်တော်ကြီးမွန်တို့လက်သို့ကျရောက်သောအခါ မောင်မြတ်စံသည် မိဖရပ်ထံပြန်လည်နေသည်။ အလောင်းမင်းတရားကြီးသည် ကုန်းဘောင်ရွှေပြည်ကြီးကိုသိမ်းမြန်း၍ ထီးနန်းစံတော်မူသောအခါမှ ဦးမြတ်စံသည်ရွှေမြို့တော်သို့ ရောက်လာ၍ဉပရာဇာအိမ်ရှေ့မင်း (နောင်တော်ကြီးမင်း) ထံ၌ ခစား ထမ်းရွက်သည်။ အိမ်ရှေ့မင်း၏ လျှောက်ထားပေးချက်အရ အလောင်းမင်းတရားကြီးက ဦးမြတ်စံအား သားတော်အမြင့်မြို့စားအိမ်တော်တွင် အကြီးတော်အရာခန့်အပ်တော်မူသည်။အမြင့်မြို့စားထံတွင် ထမ်းရွက်ခစားဆဲမှာပင် ရွှေမြို့တော်သို့ခေါ်တော်မူ၍ လက်ဝဲသုန္ဒရ ဟူသော ဘွဲ့ထူးနှင့် မှူးမတ်အဖြစ်ဖြင့် ချီးကျူးမြှောက်စားကာ အဆောင်အယောင်ပါ ပေးအပ်ပြီးလျှင် မြောက်ဖက်ကိုးသင်းမြင်းမြေနှင့်တကွယင်းတော်ရွာကို ပေးသနားတော်မူလေသည်။

အလောင်းမင်းတရားကြီး နတ်ရွာစံ၍ နောင်တော်ကြီးမင်း နန်းတက်သောအခါ အမှုတော်ကို ဆက်လက်ထမ်း

www.burmeseclassic.com



ရွက်မြဲ ထမ်းရွက်သည်။ ၁၁၂၅ ခုနှစ်တွင် အင်းဝရွှေပြည်ကို ပြန်လည်ဖန်ဆန်း ကြငှန်း ဖွင့်တော်မူသော ဆင်ဖြူရှင်မင်းတရားလက်ထက် ၁၁၂၆ ခုနှစ် နယုန်လပြည့်ကျော် ၂ရက်နေ့တွင် ဥကင်တော်ကြီး ဖွင့်တော်မူကာ ဆွေတော် မျိုးတော်မှူးတော်မတ်တော်တို့အား ဘွဲ့များချီးမြှင့်သည့်အခါ၌ ယင်းလပြည့်ကျော် ၁၀ ရက်နေ့တွင် အမြင့်မင်းသားသုသီရိ ဓမ္မရာဇာ အကြီးတော် လက်ဝဲသုန္ဒရအမတ်အား ဘယရန္တမိတ်ဘွဲ့ ချီးမြှင့်ခဲ့ကြောင်းဖြင့် ဆင်ဖြူရှင်ဘုရားတံဆိပ်နာမံတော်နှင့် မိဖုရား သားတော် ညီတော် မှူးတော်မတ်တော် အမှုထမ်း အရာထမ်း ဘွဲ့စာရင်းပေမှု၌ ဖော်ပြထားလေသည်။ ၁၁၂၆ ခုနှစ် တော်သလင်းလပြည့်ကျော် ၆ ရက်နေ့တွင် မှူးတော် မတ်တော် သူရဲသူခက် ကျွန်တော်မျိုးအပေါင်းကို ရွေးကောက်သီးသန့်တော်မူ၍ လေးဆယ်တော် ငါးဆယ်တော် အတွင်းသွေးသောက် အပြင်သွေးသောက် ဖွဲ့တော်မူရာတွင် လက်ဝဲသုန္ဒရ အမတ်ကြီးသည် ဘယရန္တမိတ်ဘွဲ့ဖြင့် အရည်တူ လူပေါင်း ၃၉ ဦးပါဝင်သော အပြင်သွေးသောက်လတ်ကို ကြီးမှူးခဲ့ရသည်။

ဆင်ဖြူရှင်မင်းတရားလက်ထက် ညီတော်အမြင့်မြို့စား၏ အိမ်တော်တွင် အကြီးတော်အရာဖြင့် ခစားထမ်းရွက်ခိုက် အမြင့်မင်းသား၏ လူပျိုတော် မောင်ထင်ကျော် (အချို့အမှတ်အသားတွင် မောင်အောင်တင်ဟု ရှိသည်။) သည် အပျိုတော်မမိတ်နှင့် ချစ်ကြိုက်ကြ၍ နန်းတော်အနောက်တံခါး၏အပြင်ဖက်တွင် ချိန်းချက်စကားပြောနေကြသည်ကို အနောက်ဝန်နှင့်စာရေးတို့သိရှိ၍ ဖမ်းကြလေရာ ငထင်ကျော် လက်လွတ်ပြေးသဖြင့် ငထင်ကျော်ကို ဖမ်းပေးရန် အမြင့်မင်းထံ တောင်းလေသည်။ အမြင့်မင်းလည်း မပေးအပ်ဘဲ နေလေသောကြောင့် မင်းသားအား အစစအရာရာ ဆုံးမသွန်သင်ရန် အပ်ထားပါလျက် အဆုံးအမ အသွန်အသင်မရှိ၍သာ ဖြစ်ရသည်ဟု အကြီးတော် လက်ဝဲသုန္ဒရအပေါ် အမျက်တော်ရှကာ နဖူး၌စာတမ်းထိုးစေဟု မင်းတရားကြီးက အပြစ်ဒဏ်ခတ်သည်။ မျက်နှာတွင် စာတမ်းထိုးပါက တသက်လုံးဖျက်မရအောင် မဲတော့မည်ကို စိုးရိမ်လှသဖြင့် မယားမရွဲက ချမ်းသာ ပေးသနားတော်မူပါရန်အကြောင်း မယ်တော်ဘုရားအဆောင်သို့ ဝင်၍ တင်လျှောက်ရာတွင်မှ စာတမ်းထိုးခြင်းမှ ချမ်းသာ ပေး၍ အညာမဲဇာတောသို့ အပို့ခံရသည်။ မဲဇာ၌ နေရစဉ် ကုန်းဘောင်နေပြည်တော်ကို တသကြောင်း၊ သားမယားတို့ကို လွမ်းဆွတ်တသကြောင်း စပ်ဆိုသော "မဲဇာတောင်ခြေ"ချီ ပိုဒ်စုံရတုနှင့် "ဝေရွှန်းစန္ဒာ"ချီ ပိုဒ်စုံရတုများကို ရေးသား ဆက်သွင်းသည်။ ရတုများကို နားဆင်တော်မူရသော မင်းတရားကြီးသည် အမတ်ကြီးအပေါ် လွန်စွာသနားတော်မူလာသဖြင့် နေပြည်တော်သို့ ပြန်ခေါ်ရာ မဲဇာ၌ ၄၅ ရက်သာ နေခဲ့ရသည်။ အချို့ကလည်း ၆၄ ရက် နေရသည်ဟု ဆိုလေသည်။ အမတ်ကြီး၏ အရေးအသားသည် နှလုံးသားမှပေါ် ထွက်လာသော စကားလုံးများဖြင့် သိပ်သည်းစွာ ရေးသားနိုင်သဖြင့် သက်ဆိုင်သူများအား မဆိုထားဘိ အနှစ် ၂၀၀ ကွာခြားခဲ့ပြီဖြစ်သော ကျွန်ုပ်တို့၏ စိတ်နှလုံးကိုပင် ထိခိုက် ဆွဲဆောင်နိုင်သောသတ္တိထူး ရှိလေသည်။ နေပြည်တော်သို့ ပြန်လည်ရောက်ရှိပြီးနောက် ဦးမြတ်စံအား အကြီးတော်အရာ ပြန်လည်ပေးတော်မမူတော့ပဲ ထမ်းရွက်ရင်း အမြင့်မင်း အိမ်တော်ဝယ် ဘယရန္တမိတ်ဘွဲ့နှင့် အမှုတော်ကို ဆက်လက်ထမ်းရွက်စေတော်မူသည်။ ဘုရင်မင်းမြတ် ကိုယ်တိုင်ကလည်း အမျက်တော်ရှိရင်းစွဲဖြစ်သည့်အတိုင်း ခမည်းတော်၊ နောင်တော် မင်းတရားကြီးတို့ကဲ့သို့ မြှောက်စားခြင်းမရှိတော့ချေ။ အမတ်ကြီး ကိုယ်၌ကလည်း စိတ်ပျော်ရွှင်ချမ်းမြေ့ခြင်း မရှိရှာချေ။ သို့ရာတွင် ၁၁၃၁ ခုနှစ်နှင့် ၁၁၃၉ ခုနှစ် အကြား အမတ်ကြီးသည် လက်ဝဲနန္ဒမိတ်ဟူသောဘွဲ့ထူးကို ရရှိခဲ့သေးသည်ဟု ယူဆရသည်။ မည်သည့်ခုနှစ်၌ မည်သည့်မင်းက ပေးသည်ဟုကား အတိအကျမသိရချေ။ ၁၁၃၁ ခုနှစ်တွင် ပြုစုပြီးသော "နန္ဒိသေနပျို့" ၌ "လက်ဝဲသုန္ဒရ၊ ဘယရန္တမိတ်၊ ပဏ္ဍိတ်ဟူသည်၊ နှစ်မည်ဘွဲ့ခံ"ဟု ဘွဲ့နှစ်ဘွဲ့ရကြောင်းပါ၍ ၁၁၃၉ ခုနှစ်တွင် ပြုစုပြီးသော "ဝိနိစ္ဆယမေဓာသတ်လင်္ကာနိဂုံး"၌ "လက်ဝဲသုန္ဒရ၊ ဘွဲ့ဦးကလျှင်၊ ဘယရန္တမိတ်၊ ဝှန်ထိတ် ကြေငြာ၊ မည်သာဆင့်ကဲ၊ လက်ဝဲနန္ဒမိတ်၊ မတ်ပဏ္ဍိတ်လျှင်"ဟု ပါရှိရာ ထိုအချိန်တွင် ဘွဲ့သုံးဘွဲ့ရပြီဖြစ်ကြောင်း သိသာသည်။

ဘိုးတော်ဘုရားနန်းတက်တော်မူသောသက္ကရာဇ် ၁၁၄၄ ခုနှစ်တွင် လက်ဝဲသုန္ဒရ အမတ်ကြီး ဦးမြတ်စံသည် သရေသင်္ချာဘွဲ့ကိုရရှိသည်။ ထိုနောက်တွင်လည်း ဆက်လက်၍ လက်ဝဲဘိနန်သူဘွဲ့ကိုရရှိသည်။ အမတ်ကြီးရေးသားသော သေနင်္ဂဗျူဟာနိဂုံး၌ – "လက်ဝဲသုန္ဒရ၊ ဘွဲ့နောက်မှလျှင်၊ ဘယရန္တမိတ်၊ ကျော်ထိတ်သျှံဝေ၊ သရေသင်္ချာ၊ မည်သာထူးကဲ၊ လက်ဝဲဘိနန်သူ၊ ရွှန်းရွှန်းလူမျှ"ဟု စပ်ဆိုခဲ့လေသည်။

အမတ်ကြီးသည်ဘွဲ့ထူးငါးဘွဲ့ကိုရခဲ့သော်လည်း မြတ်နိုးတနာပြုသောဘွဲ့မှာ လက်ဝဲသုန္ဒရဘွဲ့ပင် ဖြစ်ဟန်တူသည်။ ယင်းဘွဲ့ဖြင့်ပင် လူသိများ၍ထင်ရှားသည်၊ ဘိုးတော်ဘုရားနန်းစံ၍ ၁၇ နှစ်အကြာ သက္ကရာဇ် ၁၁၆၁ ခုနှစ်တွင် သောဏပျို့ကို ရေးသားကြောင်း တွေ့ရရာ အမတ်ကြီးသည် အသက် ၇၂ နှစ်ရှိသည်တိုင် အသက်ရှင်လျက်ရှိသေးကြောင်း မှတ်သားအပ်ပေသည်။ အချို့ကလည်း အမတ်ကြီးသည် ဘကြီးတော်မင်းလက်ထက်တွင် တရားသူကြီးအဖြစ်ထမ်းရွက်၍ ရတနာပူရအင်းဝပြည်တော်ကြီးလာ ဖော်ကွန်းနှင့်

www.burmeseclassic.com



မဟာ ဝိဇယရံသီ ပုထိုးတော်ကြီး မော်ကွန်းတို့ကို သီကုံးရေးသားသည်ဟု အဆိုရှိသည်။ သို့ရာတွင် အထောက်အထားတိတိကျကျကား မတွေ့ရသေးချေ။ ရောဝတီမြစ်အနောက်ဖက် မင်းကွန်းဖက်တွင် အနိစ္စရောက်ကြောင်းကိုသာ အခိုင်အလုံသိရှိရလေသည်။

အမတ်ကြီးသည် အလောင်းမင်းတရားလက်ထက် ငယ်စဉ်က ရည်ငံခဲ့သောမရွှဲနှင့်အကြောင်းပါ၍ သားနှစ်ယောက်သမီးတယောက်ထွန်းကားခဲ့သည်။ သားကြီးမှာ နောင်အခါ မဟာဓမ္မိကရာဇာ ဘွဲ့နှင့် တရားသူကြီး ဖြစ်လာသော ဦးအေးဖြစ်၍ သားအလတ်မှာ ဦးရွှေသာ၊ သမီးအထွေးမှာ မလွန်းမယ်ဖြစ်သည်။

အမတ်ကြီး ရေးသားပြုစုခဲ့သည်ဟု အထောက်အထားနှင့်တွေ့ရှိရသောစာပေများမှာ (၁) မဟော်ပျို့ (၁၁၀၃ ခုနှစ်)၊ (၂) လက်ာသီရိကျမ်း (၁၁၁၀–၁၁၂၀ နှစ်အတွင်း)၊ (၃) ဓမ္မသတ်လင်္ကာ (၁၁၂၅–၁၁၃၁ ခုနှစ်အတွင်း)၊ (၄) နန္ဒိသေနပျို့ (၁၁၃၁ ခုနှစ်၊) (၅) ဝိနိစ္ဆယဓမ္မသတ်လင်္ကာ (၁၁၃၉)၊ (၆) သေနကဗျူဟာပျို့၊ (၇) အာဒါသမုခပျို့၊ (၈) သာမိနပျို့ (၁၁၄၅ ခုနှစ်)၊ (၉) ဗျူဟာစက္ကပျို့ (၁၁၅၂ ခုနှစ်)၊ (၁၀) မန္ဓာတုစကြာမင်းပျို့ (၁၁၅၇ ခုနှစ်)၊ (၁၁) သောဏပျို့ (၁၁၆၁ ခုနှစ်) တို့ အပြင် ရှစ်ဆယ်ပေါ် အဲရိုးများ၊ ရတုများနှင့် လူးတားများ ဖြစ်ကြသည်။

အမတ်ကြီးရေးသားခဲ့သည့် စာပေများအနက် "မဲဇာတောင်ခြေ" ချီ ရတုသည်အထင်ရှားဆုံးဖြစ်၍ "သာမိနပျို့" သည် အကောင်းဆုံးဖြစ်သည်။ အမတ်ကြီးသည် ဓမ္မသတ်ကျမ်း၌ ကျွမ်းကျင်သည့်အလျောက် သာမိနပျို့တွင် မနုရင်းဓမ္မသတ်ကြီးတစောင်လုံးကို စာတပိုဒ်တည်းဖြင့် ဖွဲ့ဆိုထားလေသည်။ အမတ်ကြီးသည် ဓမ္မသတ် အရာ၌သာမဟုတ်၊ စစ်မှုရေးရာ နည်းနာများ၌လည်း နှံ့စပ်သူ ဖြစ်သည့် အလျောက် ဗျူဟာစက္ကပျို့၊ နန္ဒိသေနပျို့၊ သေနကဗျူဟာပျို့များတွင် အမတ်ကြီး၏ သေနင်္ဂပညာအစွမ်းကို တွေ့မြင်နိုင်ပေသည်။

ကျန်လက်ဝဲသုန္ဒရဘွဲ့ခံ မုံရွေးရှာဇာတိ ဦးမြတ်သာနေမှာမူ လက်ဝဲသုန္ဒရဘွဲ့ ထက် အခြား ဘွဲ့တခု ဖြစ်သော လက်ဝဲနော်ရထာဘွဲ့ဖြင့် ပိုမိုထင်ရှားသည်။ ဦးမြတ်သာနေသည် လက်ဝဲသုန္ဒရဘွဲ့ထက် လက်ဝဲနော်ရထာဘွဲ့ကို ပိုမိုမြတ်နိုးတနာပြုခဲ့ဟန်တူသည်။ (လက်ဝဲနော်ရထာ — ရှု။)

**လက်ဝတ်လက်စား။** ။ကိုယ်တွင် အလှအပ အသုံးအဆောင်အဖြစ် လက်ဝတ်လက်စားများကို ဝတ်စားဆင်ယင်သော အလေ့အထသည် အလွန် ရှေးကျသောခေတ်မှ စ၍ ပြုလုပ်လာခဲ့ကြသည်။ အဝတ်အစား ဆို၍မရှိသေးသော် ဖြစ်ကြသော လူရိုင်းများသည်ပင် မိမိတို့၏ နားရွက်၊ နှုတ်ခမ်း၊ နှာခေါင်းများတွင် အရိုးများ၊ လှပသော သစ်သားစများ၊ ပြောင်လက်သော သံချောင်းများ ထိုး၍ အလှအပ ဆင်ယင်ကြသည်။ သွားများ၊ ကျောက်စရစ်ခဲကလေးများ၊ လှပချောမွတ်သော သစ်စေ့များ၊ ခရုခွံများကို ကြိုးကလေးများဖြင့် သီကာ လည်ဆွဲတန်ဆာနှင့် လက်ကောက်များအဖြစ် ဝတ်ဆင်ကြသည်။ ရွှေနှင့် ငွေ လက်ဝတ်လက်စားများကိုကား ထိုသတ္တုများ တူးဖော်တွေ့ရှိပြီးမှသာ အသုံးပြုလာကြသည်။ ရွှေကို အဓိက ထား၍ လက်ဝတ်လက်စား အဖြစ် အသုံးပြုကြသည့် အကြောင်းရင်းမှာ ရွှေသည် အရောင်အသွေးကောင်းသည့်ပြင် လိုရာပုံကို အလွယ်တကူနှင့် ပြုလုပ်ယူနိုင်သောကြောင့် ဖြစ်သည်။

ရှေးခေတ် လူများသည် လက်မှုပညာ၌ ကျွမ်းကျင်မှုရှိသည်အားလျော်စွာ လက်ဝတ်လက်စားများကို လက်ဖြင့်သာ ရိုးရိုး စူးဆောက် တန်ဆာပလာများနှင့် အလွန်လှပစွာ ပြုလုပ်ခဲ့ကြသည်။ အီဂျစ်နိုင်ငံ ကောင်းစားစဉ်အခါက ယင်းလူမျိုးတို့၏ ဆင်ယင်ထုံးဖွဲ့မှုတွင် လက်ဝတ်လက်စားများသည် အလွန် အရေးကြီးသော အပိုင်းကပါဝင်ခဲ့သည်ဖြစ်ရကား ယောကျ်ားရော မိန်းမများပါ ဝတ်စားဆင်ယင်ကြသည်။ ရွှေကို ပုံအမျိုးမျိုးပြုလုပ်ရာ၌ ဂရိလူမျိုးတို့သည် အလွန် လက်မြောက်သည်ဟု ဆိုသည်။ ဂရိ လက်ဝတ်လက်စားသည် နူးနယ်လှပသည့် အရာ၌ ထင်ရှားလှ၏။ ရောမလူမျိုးတို့၏ လက်ဝတ်လက်စားကား ပို၍ ခမ်းနားပေသည်။

ပညာအရပ်ရပ် ပြန်လည် ထွန်းကားလာသည့် အချိန်တွင် လက်ဝတ်လက်စားများ၏ ပုံများသည် အလွန်သပ်ယပ် ကောင်းမွန်လာပြီးလျှင် ကျောက်မျက် ရတနာတို့ဖြင့် မွမ်းမံစီခြယ်လာကြသည်။ ကျောက်မျက်အမျိုးမျိုးရှိသည့်အနက် လူမျိုးအလိုက် အကြိုက်တမျိုးစီ ရှိကြရာ အနောက်တိုင်းသားတို့က အမာဆုံးဖြစ်သည့် စိန်ကိုရွှေတွင် မြှုပ်၍ ဝတ်ဆင်ကြသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ ရှေးမင်းများသည် ပတ္တမြားကို ဇာန်ဖိုးအထူးထား၍ ရွှေဖြင့် ပတ္တမြားလက်စွပ်၊ ပတ္တမြားနားဋောင်း ပြုလုပ်ဝတ်ဆင်ကြသည်။ ခရစ် ၁၅၀၀ ပြည့်နှစ်လောက်တွင် စိန်ကိုအလွန် လှပစွာ သွေးလာနိုင်ကြသည်။ ဤသွေးနည်းဖြင့် စိန်များကို နှင်းဆီပန်းပွင့်သဏ္ဍာန် ဖြစ်အောင် သွေး၍ ဝတ်ဆင်ကြသည်။

အလယ်နှင့် တောင်အမေရိကတိုက်၌ အင်ဒီးယန်းလူမျိုးတို့သည် ကိုလံဗပ် မရောက်လာမီ နှစ်ပေါင်းများစွာကတည်းကပင် အလွန်ကောင်းမွန်သေသပ်သော လက်ဝတ်လက်စားများကို ပြုလုပ်ဝတ်ဆင်လျက်ရှိကြသည်။ မက္ကဆီကို နိုင်ငံ၊ မွန်တီ အဲလဗန်သင်းချိုင်းဂူများတွင် လက်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



လက်စား အမြောက်အမြားကို တူးဖော် တွေ့ရှိရသည်။

ယခုခေတ် လက်ဝတ်လက်စားလုပ်ကိုင်သည့် အနုပညာအတတ်ကား အထူးကျွမ်းကျင်၍ လက်ရာကောင်း လိုအပ်ပေသည်။ အချို့ လက်ဝတ်လက်စား လုပ်ကိုင်သူတို့သည် စက်များကို အသုံးပြုလာကြသော်လည်း အလွန်နုသည့် လက်ရာများကိုမူ လက်ဖြင့်သာ လုပ်ကိုင်လျက်ရှိကြသည်။ လန်ဒန်၊ ပါရစ်နှင့် နယူးယော့မြို့ကြီးများသည် ခေတ်ဆန်သည့် လက်ဝတ်လက်စားများ လုပ်ကိုင်ရာ ဌာနကြီးများဖြစ်ပေသည်။ အဖိုးတန် ကျောက်မျက်အစစ်တို့နှင့် လုပ်ကိုင်ကြသည့်ပြင် ရွှေသက်သက်၊ သို့မဟုတ် အခြား သတ္တုစပ်များနှင့်လည်း အမြောက်အမြား လုပ်ကိုင်ကြသည်။

မြန်မာနိုင်ငံတွင် ရှေးက ရွှေကိုအတုံးလိုက်အတစ်လိုက် ကြိုးလိမ် လက်ကောက် ပြုလုပ်၍၎င်း၊ ပုလဲကို တန်ဖိုးထားကာ ပုလဲနားကပ်၊ ပုလဲလက်စွပ် စသည် ပြုလုပ်၍၎င်း ဝတ်ဆင်လေ့ ရှိကြသည်။ ယခုခေတ်တွင်ကား စိန်ကို အထူးတန်ဖိုးထားကာ စိန်လက်ကောက်၊ စိန်လက်စွပ်၊ စိန်နားကပ်၊ စိန်ဘယက်၊ စိန်ဘီး၊ စိန်ဆံတိုး၊ စိန်ရင်ထိုး စသည်ဖြင့် ပြုလုပ်ဝတ်ဆင်လာကြသည်။ ရွှေလက်ကောက်၊ရွှေခြေချင်း စသော ရွှေသက်သက်ဖြင့် ပြုလုပ် ရာ၌လည်း ရွှေကို အတုံးလိုက် အတစ်လိုက် မပြုလုပ်တော့ပဲ ခပ်ပါးပါး ပန်းကွက် ဖော်ကာ ဝတ်ဆင်ကြသည်။

လက်ဝတ်လက်စားများ ပြုလုပ်ပုံ ပြုလုပ်နည်းမှာ တခေတ်နှင့်တခေတ် မတူဘဲ ပြောင်းလဲလာတတ်သော်လည်း အဝတ်အစား အဆင်များနှင့် ဆင်ယင်ထုံးဖွဲ့ပုံများလောက် ပြောင်းလဲမှု မမြန်လှချေ။ လက်ဝတ်လက်စားများ တခါက ပြုလုပ်ထားလျှင် တော်ရုံနှင့် မရိုးပဲ နှစ်ပေါင်းများစွာ ယင်းအတိုင်း အသုံးပြုကြသည်။ အချို့သော လက်ဝတ်လက်စားသည် ရောဂါဘယကို ကုစားနိုင်သည် ဟူ၍၎င်း၊ လာဘ်လာဘ တိုးတက်စေသည် ဟူ၍၎င်း၊ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်သည် ဟူ၍၎င်း ယုံကြည်ချက် အမျိုးမျိုးဖြင့် ဝတ်ဆင်ကြသည်။ ဥဒါဟရုဏ်အားဖြင့် ပတ္တမြားလက်စွပ်သည် ဘေးရောဂါအမျိုးမျိုးကို ကာကွယ်နိုင်သည်ဟု ဆိုသည်။ ပုလဲ၊ သန္တာ၊ နီလာ၊ စိန်၊ ကြောင်၊ မြ၊ ဥဿဖယား၊ ပတ္တမြား၊ ဂေါ်မုတ် ဟူသော ရတနာကိုးပါး စီခြယ်ထားသော နဝရတ် လက်စွပ်သည် ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေသည်ဟု ဆိုလေသည်။ (နဝရတ် — လည်းရှု။)

**လက်ဝှေ့ထိုးခြင်း။** ။လက်ဝှေ့ထိုးခြင်းသည် ယောကျ်ားပီပီ မိမိကိုယ်ကို မိမိ ကာကွယ်သည့် ကိုယ်ခံပညာတရပ် ဟုလည်း တခါတရံ ဆိုကြသည်။ ဤကစားနည်းမှာ မိမိ အထိုးမခံရဘဲ တဖက်ယှဉ်ပြိုင်သူအား ထိုးသတ်နည်း ဖြစ်သည်။ လက်ဝှေ့ထိုးခြင်းသည် ရှေးအကျဆုံး ကစားနည်း တနည်းဖြစ်၏။ ဤနည်းကို လွန်ခဲ့သည့် နှစ်ပေါင်း ငါးထောင်ကျော်လောက်က ဆူမားရီးယန်းလူမျိုးတို့ လေ့လာလိုက်စားခဲ့ကြောင်း မှတ်တမ်းများတွင် တွေ့ရသည်။ သို့သော် ဘီစီ ၉၀၀ လောက် ရောက်သောအခါ အပျော်သဘောမျိုး မဟုတ်တော့ပဲ လက်ဝှေ့ထိုးခြင်းသည် ရက်စက် ကြမ်းကြုတ်သော ကစားပွဲများအသွင်သို့ ပြောင်းလဲလာခဲ့သည်။ ရှေး အက်သင်းမြို့တော်တွင် အသန်စွမ်းဆုံးသော အက်သင်းမြို့သား လူငယ်များကိုသာ လက်ဝှေ့ထိုးရန် ရွေးချယ်ပြီးလျှင် တဦးနှင့်တဦး နှာခေါင်းချင်းထိလျက် ထိုင်နေစေ၏။ အချက် ပေးလိုက်သောအခါ ထိုသူနှစ်ဦးသည် လက်သီးသက်သက်ဖြင့် တဦးကိုတဦး ထိုးကြိတ်ကြလေရာ သွေးထွက်သံယို ဖြစ်ရသော်လည်း ကာလကြာသောအခါ ပရိသတ်များသည် ဤပွဲမျိုးကိုငြီးငွေ့လာကြ၏။ ထိုကြောင့် လက်ဝှေ့သမားများကို သံချွန်တပ်ထားသော လက်အိတ်များ စွပ်၍ ထိုးသတ်စေလေသည်။ သွေးထွက်သံယိုမှုကား ပြောဖွယ်ရာ မရှိပြီ။ မျက်စိကန်းသူကန်း၊ ဦးခေါင်းခွံကွဲသူကွဲနှင့် များသောအားဖြင့် ထိုးသတ်သူနှစ်ဦးလုံးပင် သေကြရလေသည်။ ထို့နောက် သံချွန်အစား သံပတ်များကို လက်အိတ်တွင် တပ်၍ ထိုးသတ် စေပြန်၏။ ဤနည်းမှာလည်း အတော် အတန် အထိနာလေသည်။ ရောမ နိုင်ငံတော် ခေတ်ကောင်းစဉ်က ဆစ္စတပ်ခေါ် ချောမွတ်မာကျောသော သားရေလက်အိတ်များကို လက်ဝှေ့ထိုးသတ်ရာတွင် အသုံးပြုခဲ့ကြ၏။ သို့သော် ထိုအချိန်အထိ ထိုးသတ်သူ နှစ်ဦးအနက်မှ တဦးဦး လဲကျမှသာလျှင် ပွဲသိမ်းလေ့ ရှိခဲ့လေသည်။

ခရစ် ၁၇၄၂ ခုနှစ်တွင် လက်ဝှေ့ပွဲများ၌ လက်အိတ်ကို ပဌမ စတင် သုံးခဲ့လေသည်။ သို့ရာတွင် ကမ္ဘာ့လက်ဝှေ့ဗိုလ်လုပွဲများ၌ကား ၁၈၉၂ ခုနှစ်အထိ လက်အိတ် မသုံးခဲ့ကြချေ။ ယခုအခါ ကြေးတမ်းစား လက်ဝှေ့သမား ဟူသမျှသည် ခြောက်အောင်စမှ ရှစ်အောင်စထိ လေး၍ အထဲတွင် အစာသွတ်ထားသည့် သားရေလက်အိတ်များကို အသုံးပြုကြသည်။ ဤလက်အိတ်မျိုးသည် ထိုးသူတို့၏ လက်များကို လုံခြုံစေ၍ ဒဏ်ရာ အပြင်းအထန် ရခြင်းမှလည်း ကာကွယ်သည်။ လက်အိတ် အကြီးစားမျိုးမှာ ၁၀ အောင်စမှ ၁၄ အောင်စထိ လေး၍ တခါတရံ ထိုထက်ပို၍လေး၏။ ယင်းတို့ကို အပျော်ထမ်း လက်ဝှေ့သမားများ နှစ်သက်ကြလေသည်။

ကွင်းစဗရီမြို့စား၏ စည်းမျဉ်း ဥပဒေများ ဟူသော ၁၈၆၇ ခုနှစ်တွင် သတ်မှတ်ခဲ့ကြသည့် လက်ဝှေ့စည်းမျဉ်း ဥပဒေများကို ယခုအခါတွင် တကမ္ဘာလုံး အသုံးပြုနေကြလေသည်။ ယင်း ဥပဒေများ၏ ပဌမ ရည်ရွယ်ချက်မှာ ကြေးစား လက်ဝှေ့ပွဲများ၏ ရက်စက် ကြမ်းကြုတ်မှုကို

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားပစ်ရန်နှင့် လက်ဝှေ့ ထိုးခြင်းကို ကျန်းမာရေး ကစားနည်း တနည်း ဖြစ်လာအောင် လုပ်ရန်ပင် ဖြစ်၏။ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲလာခဲ့သော ဤစည်းမျဉ်း ဥပဒေ များကို ယခုအခါ ကြေးစားနှင့် အပျော်ထမ်း လက်ဝှေ့ထိုးခြင်း နှစ်မျိုးစလုံးတွင် အသုံးပြုနေပေသည်။ ဤစည်းမျဉ်း ဥပဒေများအရ ထိုးသတ်သူများသည် တတ်နိုင်သလောက် လုံးတူရပ်တူဖြစ်ရမည့်ပြင် နပန်းသတ်ခြင်း၊ အတင်း ပူးကပ်ထားခြင်းတို့ကို ခွင့်မပြုချေ။ တချီလျှင် သုံးမိနစ်ကြာ၍ တချီနှင့်တချီကြားတွင် နားချိန် တမိနစ် ထားကာ သုံးချီ ထိုးရ၏။ အကယ်၍ ထိုးသတ်နေသူ တဦးဦးသည် အင်အားနည်းသောကြောင့်ငှင်း၊ လက်သီးချက် မိသွားသောကြောင့်ငှင်း လဲကျသွားလျှင် ၁၀ စက္ကန့် အတွင်း အကူအညီမယူဘဲ တယောက်တည်း ပြန်ထနိုင်အောင် ကြိုးစားရန် ခွင့်ပေးရလေသည်။

ဒိုင်လူကြီးက တစ်၊ နှစ်၊ သုံး စသည်ဖြင့် တဆယ်တိုင်အောင် ရေတွက် ပြီးသည်အထိ မထနိုင်လျှင် ထိုသူသည် ရှုံးလေတော့သည်။ အမေရိကန် အပျော်ထမ်း ကစားခုန်စားအသင်းကြီးသည် ကွင်းစဗရီစည်းမျဉ်းဥပဒေများကို အနည်းငယ် လွှဲပြောင်း၍ လက်ခံခဲ့လေသည်။ အပြောင်းအလဲများမှာ အလေးဆုံး လက်အိတ်သည် ရှစ်အောင်စ ရှိရမည် ဆိုခြင်းနှင့် လက်ဝှေ့ထိုးရန်စည်းဝိုင်းသည် ၁၆ ပေမှ ၂၄ ပေပတ်လည်ထိ ရှိရမည် ဆိုခြင်းတို့ ဖြစ်သည်။ ဤသို့ဖြင့် မူလစည်းမျဉ်း ဥပဒေများကို သင့်တော်သလို ပြင်ဆင် အသုံးပြုလာခဲ့ကြလေသည်။

ယခုခေတ်တွင် လက်ဝှေ့ထိုးသူများကို ကိုယ်အလေးချိန်အားဖြင့် အတန်း ရှစ်တန်း ခွဲထားလေသည်။ တတန်းစီအတွက် ကန့်သတ်ထားသော အများဆုံး ကိုယ်အလေးချိန်မှာ ဖလိုင်းဝိတ်တန်း ၁၁၂ ပေါင်၊ ဗင်တန်ဝိတ် ၁၁၈ ပေါင်၊ ဖဲသားဝိတ် ၁၂၆ ပေါင်၊ လိုက်ဝိတ် ၁၃၅ ပေါင်၊ ဝယ်လတာဝိတ် ၁၄၇ ပေါင်၊ မစ်ဒယ်ဝိတ် ၁၆၀ ပေါင်၊ လိုက်ဟဲဗီးဝိတ် ၁၇၅ ပေါင်နှင့် ဟဲဗီးဝိတ် ၁၇၅ ပေါင်အထက်တို့ ဖြစ်လေသည်။ ပမာအားဖြင့် လူတယောက်သည် ကိုယ်အလေးချိန် ၁၁၂ ပေါင်မှ ၁၁၄ ပေါင်သို့ တိုးလာလျှင် သူသည် ဖလိုင်းဝိတ်တန်းမှ ဗင်တန်ဝိတ်တန်းသို့ ရောက်လေသည်။ ကိုယ်အလေးချိန် ၁၁၈ ပေါင် မကျော်မခြင်း သူသည် ဗင်တန်ဝိတ်တန်း၌ပင် ရှိပေသည်။ ထိုးသူများသည် ကိုယ့်ဆိုင်ရာဆိုင်ရာ အတန်းတူလူချင်းမှသာ တွဲ၍ ထိုးသတ်ရလေသည်။

အပျော်ထမ်း လက်ဝှေ့ထိုးနည်းဟူ၍ ပြင်ဆင် ပြောင်းလဲထားသော စည်းမျဉ်းဥပဒေများပေါ် ပေါက်လာကတည်းကပင်လျှင် လက်ဝှေ့ထိုးခြင်းကို ကျန်းမာရေး ကစားနည်း တနည်း အဖြစ်ဖြင့် ကလပ်များ၊ တပ်စခန်းများ၊ ကလေးသူငယ်ရိပ်သာများတွင် လေ့လာလိုက်စားကြ၍ ထိုးပွဲများ ကျင်းပခဲ့လေသည်။ ၁၈၈၈ ခုနှစ်တွင် တည်ထောင်သော အပျော်တမ်း ကစားခုန်စား သမဂ္ဂသည် အတန်းအသီးအသီးအတွက် အပျော်တမ်း အမျိုးသား လက်ဝှေ့ပြိုင်ပွဲများကို ကျင်းပခဲ့၏။ ၁၉၂၇ ခုနှစ်တွင် နာမည်ကြီးသတင်းစာ အချို့က ဦးစီးခေါင်းဆောင်ကာ 'ရွှေလက်အိတ်'လက်ဝှေ့ပွဲများ ဟူ၍ ကျင်းပခဲ့၏။ ထိုအခါမှ စ၍ အမေရိကန် ပြည်ထောင်စုနိုင်ငံတွင် လက်ဝှေ့ပြိုင်ပွဲများကျင်းပသည့် အလေ့သည် ခေတ်စားလာခဲ့လေသည်။ လက်ဝှေ့ပြိုင်ပွဲဝါသနာအိုး ထောင်ပေါင်းများစွာတို့သည် ရပ်ကွက်လိုက် လက်ဝှေ့ပြိုင်ပွဲများတွင် ပါဝင် ဆင်နွှဲကြလေသည်။ အချို့ ကောလိပ်ကျောင်းများ၌လည်း လက်ဝှေ့ပြိုင်ပွဲများ ကျင်းပကြ၏။ အမေရိကန်ပြည်ထောင်စု နိုင်ငံလုံးဆိုင်ရာ တက္ကသိုလ် ကစားခုန်စားအသင်းကြီးမှ ကောလိပ်ကျောင်းများအတွက် လက်ဝှေ့စည်းမျဉ်းဥပဒေများကို ပြဋ္ဌာန်းခဲ့၏။ အပျော်တမ်း လက်ဝှေ့အသင်း အသီးသီးမှ လက်ဝှေ့ကျော်များကိုလည်း ကမ္ဘာ့အိုလင်းပစ်ကစားခုန်စားပွဲကြီးများတွင် ပါဝင် ယှဉ်ပြိုင်ခွင့်ပြုခဲ့ပေသည်။ များသောအားဖြင့် အမေရိကန် လက်ဝှေ့ကျော်များသည် ကမ္ဘာ့လက်ဝှေ့ပြိုင်ပွဲများတွင် အနိုင်များကြလေသည်။

လက်ဝှေ့ထိုးခြင်း၏ရည်ရွယ်ချက်မှာ မိမိကတဖက်လူကို မိအောင်ထိုး၍ တချိန်တည်းတွင် တဖက်လူ၏အထိုး မခံရအောင် ကာကွယ်ရန်ဖြစ်လေသည်။ ဝါရင့်သော လက်ဝှေ့သမားတိုင်းတွင် မိမိ၏အင်အားနှင့် ကျွမ်းကျင်မှုတို့ကို အစွမ်းကုန် အကျိုးရှိရှိ အသုံးပြုနိုင်သော ကိုယ်ပိုင်ဟန်နှင့်ခုခံကာကွယ်နည်းတို့ရှိသည်။ သို့ရာတွင် လက်ဝှေ့သင်စလူတို့ကား လက်ခံထားသောသဘောများကိုသာ တိကျစွာလိုက်နာ ထိုးသတ်ဖို့လိုပေသည်။ လက်ဝှေ့ထိုးခြင်း၏ ပဌမဆုံး အခြေခံ သဘောများကို မတတ်မြောက် မကျွမ်းကျင်မီ သဘာဝမကျသော အနေအထားမျိုးနှင့် ထိုးသတ်ရန် မသင့်ချေ။

လက်ဝှေ့ကြိုးဝိုင်းသည် လေးထောင့်ပုံဖြစ်၍ ထိုးသူနှစ်ဦးသည် မျက်နှာချင်းဆိုင် ထောင့်တထောင့်စီတွင်ထိုင်နေရ၏။ ထိုးသူနှစ်ဦးအကြားရှိ ထောင့်များကို ထောင့်လွတ် (ဝါ)ကြားထောင့်ဟု ခေါ်၏။ ဒိုင်လူကြီးလုပ်သူက ခေါ်သောအခါ ထိုးသူနှစ်ဦးသည် ထိုင်ရာနေရာမှထလာ၍ တဦးနှင့် တဦး လက်လှမ်းမမီသော နေရာတွင် မျက်နှာချင်းဆိုင် ရပ်နေရသည်။ များသောအားဖြင့် ဗယ်ခြေကိုရှေ့ထားရပ်၍ တဖက်လူဖက်သို့ ကိုယ်၏ဗယ်ဖက်အခြမ်းကို မသိမသာ လှဲထားရလေသည်။ အထိုးသင်စ လူများကား ကိုယ့်ကို မတ်မတ်ထားကာ ရပ်သင့်လေသည်။ အထူးသဖြင့် အမေရိကန်ပြည်ထောင်စု နိုင်ငံရှိ ကြေးစားလက်ဝှေ့သမားများသည် ခပ်ကုန်းကုန်းအနေအထားနှင့် စတင်ထိုးသတ်ကြ



www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ဤအနေအထားတွင် ကိုယ်ကို ညာဖက်သို့ကိုင်း ထား၍ ဗယ်လက်ကို မိမိနှင့်ထိုးမည့်သူ ဖက်သို့ ဆန့်တန်း ထားလေသည်။ ဗယ်လက်မှာ တည့်တည့် ထောက်ရာတွင် အသုံးများ၍ ညာလက်ကိုမူ ခပ်ပြင်းပြင်းထိုးရန်သာ သုံး ကြသည်။

လက်ဝှေ့ထိုးရာတွင် တဖက်လူကို တိုက်ခိုက်ထိုးသတ်ရန် နည်းအမျိုးမျိုးရှိ၏။ ပဌမနည်းမှာ တည့်တည့် ထောက်၍ ထိုးနည်းဖြစ်၏။ လက်ကို ကွေ့ကောက် ခြောက်လှန့်ခြင်း မပြုပဲ ပခုံးအင်အားနှင့် တည့်တည့်ခပ်ပြင်းပြင်း တင်ကြို၍ ထောက်ရလေသည်။ ခြောက်လှန့်ခြင်းသည် တဖက်လူအား လန့်စေ၍ ယောင်မှားကာ အကာအကွယ် မဲ့စေနိုင်၏။ ခြောက်လှန့်နည်း အမျိုးမျိုး ရှိပေသည်။ ပမာအားဖြင့် လက်ဝှေ့သမားတယောက်သည် ညာလက်နှင့် တဖက်လူ၏ ခေါင်းကို ချိန်ဟန်ပြု၍ ဗယ်လက်ဖြင့် ဝမ်းပိုက်အပေါ်ပိုင်း ကို ထိုးနိုင်ပေသည်။ တန်ပြန်ထိုးခြင်းမှာ ထောက်ခြင်းနှင့် အတူတူပင် ဖြစ်သော်လည်း တဖက်လူက မိမိကို ထိုးချိန်နှင့် တချိန်တည်းတွင် တုံ့ပြန် ထိုးရလေသည်။ ယင်းကို တန်ပြန် ထောက်ထိုးခြင်း ဟုလည်း ခေါ်၏။ ကိုယ် အနေအထား အလျင်အမြန် ပြောင်းလဲလိုက်သောအခါမျိုးတွင် ဤထိုး နည်းကို သုံးကြလေသည်။ ပမာဆိုသော် တဖက်သို့ ခြေ တလှမ်း ရွှေလိုက်သောအခါမျိုး၊ ခပ်ကုန်းကုန်း အနေ အထားသို့ ပြောင်းလိုက်သော အခါမျိုးတို့တွင် တဖက်လူ သည် မိမိအား တန်ပြန် ထောက်ထိုးတော့မည်ကို ရိပ်စားမိ ဖို့လိုပေသည်။ ကြက်ခြေခတ် တုံ့ပြန်ထိုးခြင်းမှာ တဖက်လူ က မိမိအား ဗယ်လက်ဖြင့် ရှိုးရိုးထောက်လိုက်သော အခါ တွင်၎င်း၊ တုံ့ပြန် ထောက်ထိုးလိုက်သော အခါတွင်၎င်း ညာလက်ဖြင့် တဖက်လူ၏ ဗယ်လက်အပေါ်မှ ကန့်လန့်ဖြတ် ကျော်ထိုးခြင်း ဖြစ်လေသည်။

လက်ဝှေ့ထိုးရာတွင် ကာကွယ်နည်း အမျိုးမျိုး ရှိ၏။ ထုံးစံအားဖြင့် လက်မောင်းသက်ဖျံတို့နှင့်သော်၎င်း၊ လက် သီးနှင့်သော်၎င်း ကာကွယ် ရလေသည်။ လက်သီးချက် တခုကို ဦးခေါင်းလျင်မြန်စွာငုံ့လိုက်ခြင်းဖြင့် ရှောင်နိုင်၏။ တဖက်လူ၏ လက်သီးချက်ကို တဖက်သို့ တွန်းလိုက်ခြင်းဖြင့် လည်းရှောင်နိုင်၏။ အချိန်မရသော အခါမျိုးတွင် ကိုယ်ကို နောက်သို့ယိမ်း၍ ရှောင်ရ၏။ တခါတရံ နောက်သို့ ခြေတ လှမ်းဆုတ်ပေးလိုက်ခြင်းဖြင့် လက်သီးချက် လွတ်နိုင်သည့် ပြင် ထိုးကွက်ကောင်းလည်း ရနိုင်၏။ တဖက်လူ၏ လက်သီး ချက်ကို တဝက်တပျက်သာ ကာကွယ် နိုင်သော်လည်း ကြောက်ရွံ့စရာ မလိုပေ။ အဘယ့်ကြောင့်ဆိုသော် ထိုလက် သီးချက်သည် တဝက်တပျက် ကာကွယ်လိုက်သဖြင့် မှန်း ရာသို့မရောက်ပဲ ချော်သွားရကား တဖက်လူအနေအထား ပျက်၍ မိမိအတွက် ထိုးကွက်ပေါ်လာတတ်ပေသည်။



လက်ဝှေ့ထိုးခြင်းသည် ကြံ့ခိုင်မှု၊ သတ္တိ၊ ဒေါသကို ချုပ်တည်းနိုင်မှု စသည့် အရည်အချင်းများ တိုးတက်စေသည်။

လက်ဝှေ့ပွဲတွင် ထိုးသတ်သူနှစ်ဦး အလွန် ပူးကပ်နေ သောအခါ ဒိုင်လူကြီးသည် ခွာထွက်ရန် အမိန့်ပေးရလေ သည်။ ထိုသူ နှစ်ဦးစလုံးကလည်း ထိုအမိန့်ကို တသဝေ မတိမ်း လိုက်နာရ၏။ ခါးပတ်အောက်ပိုင်း နေရာများကို ထိုးခြင်း၊ လဲနေစဉ် ထိုးခြင်း၊ လဲရာမှ ထစဉ် ထိုးခြင်း၊ တဖက်လူအား ပူးကပ်ချုပ်ကိုင်ထားခြင်း၊ လက်တဖက်နှင့် ချုပ်ကိုင်ထား၍ ကျန်လက်တဖက်ဖြင့် ထိုးခြင်း၊ ခေါင်း၊ ပခုံး၊ ဒူးတို့ဖြင့် ဆောင့်ခြင်း၊ လက်ဖနောင့် လက်ကောက် ဝတ် တံတောင်တို့ဖြင့် ထိုးခြင်း၊ ရိုက်ခြင်း၊ လက်သီးဆုပ် မထားပဲ လက်အိတ်ကို ဖြန့်၍ထိုးခြင်း၊ ကြိုးတန်းကိုင်ထား ခြင်း၊ နပန်းလုံးခြင်း၊ အထိုးမခံရပဲ တမင်လဲချင်ယောင် ဆောင်၍လှဲချခြင်း၊ဆီးစပ်အပေါ် နားကို အသဲအမဲကြီးကြီး နှင့်ထိုးခြင်း၊ ဦးခေါင်းနောက်ဆက်ကို ထိုးခြင်း၊ ဆဲရေး တိုင်းထွာခြင်း၊ ဒိုင်လူကြီး၏ အမိန့်ကို မနာခံခြင်း၊ သို့မ ဟုတ် အခြားသော အားကစားသမား မပီသသော မည် သည့် အပြုအမူ ကိုယ်ထိလက်ရောက်မှုကို မဆို ကျူးလွန် လျှင် ထိုသူသည် အပြစ်ကျူးလွန်သူဖြစ်၍ အမှတ်လျှော့ ခြင်းသော်၎င်း၊ အရှုံးပေးခြင်းသော်၎င်း ခံရတတ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြက်ပွဲများတွင် ကြက်ကု ကြက်ဆွဲများ ထားသကဲ့သို့ လက်ဝှေ့ပွဲတွင်လည်း ထိုးသူနှစ်ဦးအား ကူညီပြုစုရန် လက်ထောက် တယောက်စီသော်၎င်း၊ နှစ်ယောက်စီ သော်၎င်း ထားနိုင်၏။ ထိုသူတို့က စောင်နှင့်ပတ်ခြင်း၊ မျက်နှာသုတ်ပုဝါနှင့် ချွေးသုတ်ပေးခြင်း စသည်ဖြင့် တချီနှင့်တချီ အကြား လိုအပ်သော အကူအညီများကို ပေးရလေသည်။

ကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်း တခုအနေဖြင့် လက်ဝှေ့ထိုးခြင်းသည် အလွန်အဖိုးတန်သော ကစားနည်း တနည်းဖြစ်၏။ လက်မောင်း ခြေထောက်နှင့် ကျောပြင်ရှိ ကြွက်သားများကို ကြီးထွားစေလေသည်။ ခုခံရာနှင့်တိုက်ခိုက်ထိုးသတ်ရာတွင် အနေအထား အမျိုးမျိုးနှင့် ထိုးသတ်လှုပ်ရှားရသဖြင့် လက်ဝှေ့သမားသည် တစတစ လျင်မြန်လာကာ မိမိခြေပေါ်တွင် ကိုယ်ကို ပေါ့ပါး ခိုင်မြဲစွာ ထိန်းသိမ်းထားနိုင်လာသည်။ အထိုးမခံရပဲ ထိုးရအောင် လေ့ကျင့်ရင်းပင်လျှင် စိတ်ဖျတ်လပ်နိုးကြားသော အလေ့အကျင့်ကို ရရှိလာစေသည်။ အကျင့်စာရိတ္တ ကောင်းမွန်တိုးတက်ရေးကိုလည်း တစိတ်တဒေသ အားပေး၏။ စံနစ်တကျ မှန်ကန်စွာ လေ့ကျင့်လျှင် အားကစားသမားတို့၏ အကောင်းဆုံး အရည်အခြင်းများဖြစ်သည့် သတ္တိ၊ ရိုးသားမှု၊ အရှုံးနှင့်ရင်ဆိုင်ရန် ဝန်မလေးမှု၊ အခြေအနေအမျိုးမျိုး၌ ဒေါသကိုချုပ်တည်းနိုင်မှု စသည့် အရည်အခြင်းများကို တိုးတက်စေလေသည်။

လက်ဝှေ့ ထိုးခြင်းသည် ကိုယ်ခံ ပညာရပ်များအနက် သဘာဝအကျဆုံး ပညာရပ်တခုဖြစ်၍၊ မြန်မာလူမျိုးတို့တွင်လည်း ရိုးရာ အမွေအနှစ်အဖြစ် သတ်မှတ်ခြင်း ခံရသော မြန်မာလက်ဝှေ့ထိုးသတ်ခြင်းသည် လူမျိုးနှင့်အတူ ရပ်တည်ခဲ့ပေ၏။

ပုဂံမြို့ နဂါးရုံဘုရား တောင်ဖက်ရှိ ဂူငယ်၏ အရှေ့မုခ် မြောက်နံရံတွင် ကင်းမြီးကောက် ထောင်နေသော လူပုံပါသည့် ကမ္ပတ်ပန်း၊ နပန်းသတ်သူများနှင့် ကချေသည်တို့ကို တွေ့နိုင်သည်။ ဤဂူဘုရားငယ် တည်သော ခုနှစ်ကို အသေအချာ မသိနိုင်သော်လည်း ပုဂံခေတ်နောက်ပိုင်း ဖြစ်မည်ဟု ခန့်မှန်းနိုင်သည်။ ပုံမှာ သေးငယ်သော်လည်း ပုဂံသား နှစ်ဦး နပန်းသတ်နေပုံမှာ ပေါ်လွင်ထင်ရှား၍ နှစ်ဦးလုံး ကိုယ်လုံးကိုယ်ဖန် တောင့်တင်းပြီးလျှင် ခါးစီးတိုတိုမျှသာ ဝတ်ဆင်ထားကြသည်မှာ အားကစားသမား ပီသလှပေသည်။ ပုဂံခေတ်တွင် ဤကဲ့သို့ ဂျမ်းနှင့် နပန်းသတ်ခြင်း ဟူသော အားစမ်းပွဲနှင့် ပြိုင်ပွဲမျိုးရှိနေလျှင် ယင်းတို့နှင့် ဆက်နွယ် အကျုံးဝင်နေသည့် လက်ပမ်းသတ်ခြင်း (ဝါ) လက်ဝှေ့သတ်ခြင်းလည်း ပေါ်ပေါက်နေပြီဟု ယူသော် ရတန်ရာသည်။

သက္ကရာဇ် ၆၇၄ ခုနှစ်တွင် ပင်းယရွှေနန်း တက်တော်မူသော ဥစ္စနာမင်းသည် စကား ခုနစ်ကျောင်း ဆောက်လုပ် လှူတော်မူသည်။ နောင်အခါ ထိုစကား ခုနစ်ကျောင်း သံဃာစုကပင် ပါရာဇိကကျ်၍ လာသော ကိုဋ္ဌာဂီရိတိုင်းသား အဿဇိပုနဗ္ဗသုက ရဟန်းများကဲ့သို့ ယုတ်မာဆိုးသွမ်းကြ၍ ပွဲကျောင်း ဂါမဝါသီ ဖြစ်လေကုန်သည်။ လဇ္ဇီပေသလ ရဟန်းတို့လည်း စကားကျောင်းမှ ထွက်သွား၍ အခြားသင့်ရာ နေလေကုန်သည်။ စကားကျောင်း ရဟန်းတို့ ပွဲကျောင်း ဂါမဝါသီ ဖြစ်သော အကြောင်းကား ဥစ္စနာမင်းကြီး လှူဒါန်းခဲ့သည့် ဝတ်မိုး ဝတ်မြေအများကိုမှီ၍ အခင်းပွားများသောကြောင့် ပရိယတ်ပဋိပတ်လျော့လေသည်ကို မကြိုက်မနှစ်သက်ဟူ၍ ရဟန်းတော်အချို့ စကားကျောင်းမှ ထွက်ပြီးလျှင် တူရွင်းခြေတောင်၊ တောင်ဘီလူးကုန်း စစ်ကိုင်း ချောင်များတွင် နေသည်။ ထိုဆရာတို့ကို တောနေ ဇကာစာရဟုခေါ်သည်။ မြို့ရွာအနီး ကျန်ရစ်သော ရဟန်းတို့ကို ဂါမဝါသီ ဗဟုစာရဟု ခေါ်ဝေါ်ကြသည်။ ထိုမှစ၍ အရညဝါသီ၊ ဂါမဝါသီ အနေ နှစ်ပါး ကွဲပြားကြသည်။ ကိဋ္ဌာဂီရိတိုင်းသား ရဟန်းများတို့ လက်ဝှေ့ လက်ပမ်း သတ်ခတ်ကြောင်းကို နိဗ္ဗုဋ္ဌနိပိ ဟတ္ထေဟိ ဝိယုဋ္ဌဟု ဝိနည်းပါဠိရှိသကဲ့သို့ ပွဲကျောင်း ဂါမဝါသီတို့သည် ပွဲလမ်းဝင်၍ လက်ဝှေ့ လက်ပမ်း သတ်ခတ်ကြသည်။ ပွဲလမ်းသဘင်အလိုကြိုက်၍ ပရိယတ်၊ ပဋိပတ်ကို ဖြည့်စွမ်း ဆောင်ရွက်ခြင်း မရှိ။ အင်္ဂရတ်၊ လက်ဝှေ့ လက်ပမ်းကိုသာ အလေ့အလာပြု၍ အားထုတ်ကြသည်။ ဤသို့အားဖြင့် ပင်းယ ကောင်းစားစဉ် ပွဲကျောင်း ဂါမဝါသီဂိုဏ်း ပေါ်လာသည်။ အောင်စည်းခုံ သံဃရာဇာ (ဝတ်မိုးဝတ်မြေမှ အဖိုး အစု အခွန်ဘဏ္ဍာ ကောက်ခံ ထိန်းသိမ်းရသော ရဟန်းကို သံဃရာဇာဟုခေါ်သည်။ ပွဲကျောင်း ဂါမဝါသီ ဂိုဏ်းဝင်ဖြစ်သည်။)သည် လက်ဝှေ့သတ် အလွန်ကောင်းသည်။ လက်ဝှေ့ဆုဖြင့် နှစ်တိုင်း၊ မြင်းတဆဲ့ငါးစီး၊ အစီး ၂၀ ရသည်။ အင်းဝ မင်းခေါင်ကြီးလက်ထက် အုန်းပေါင်စော်ဘွားက လက်ဝှေ့ကောင်း ရှမ်းကြီးကို အင်းဝသို့ခေါ်ခဲ့၍ လက်ဝှေ့ မော်ကွန်းတင်မည်လာသည်။ အင်းဝစစ်ကိုင်း သတ်ဖက်မရှိ၍ သံဃရာဇာကို စုံစမ်းစေသော်ငါကား အထက်မင်းများ လက်ထက် လှူပျိုလှူရှယ်ဖြစ်၍ ကျော်စောရုံမျှ သတ်သည်။ ယခုမှာ အသက် ၆၉ နှစ်အရွယ်ရှိပြီ ဖြစ်၍ သေအောင် သတ်တော့မည် ဆိုလိုက်သည်။ မသေပါစေနှင့် တန်ရုံသာ သတ်ပါဟု ဆင့်ဆိုပြီးမှ စကားကျောင်းတော် မော်ကွန်းစိုက်ရာ မုခ်ဝတံခါးအရှေ့ ငါးတာခြားကုန်း၌ လက်ဝှေ့ပွဲ ကျင်းပသည်။ မင်း စော်ဘွားမှစ၍ ရဟန်းရှင်လူများလည်း ကုန်းပြည့်မျှကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အောင်စည်းခံ သံဃရာဇာနှင့် ရှမ်းကြီးတို့ သတ်ကြမည်ဟု ကခုန်သီဆိုပြီးလျှင် သံဃရာဇာက ခြေဖြင့် ခတ်ယောင် ခြောက်ကာ လက်ယာလက်ဖြင့် ရှမ်းကြီးကို သတ်လိုက်ရာ ရှမ်းကြီး၏ မျက်နှာသည် နောက်မှာ နေလေ၏။ ထိုအခါ အုန်းပေါင် စော်ဘွားက သေသော်ပင် အမြင်ကောင်းသေး၏၊ ယခုမှာ အမြင်မကောင်းပါတကားဟု ပြောဆိုလျှင် လက်ဝဲလက်ဖြင့် သတ်လိုက်ပြန်ရာ ရှမ်းကြီး၏ မျက်နှာ ရှေ့မှာ နေမြဲနေပြန်လေသည်။ မင်းနှင့် စော်ဘွားတို့လည်း အံ့ဘွယ်သရဲရှိလှပေသည်ဟု မြင်းနှစ်ကောင်၊ ဖျင်သုံးလိပ်နှင့် ငွေတပိဿာ ဆုလပ်ပေးကြသည်။

စစ်သွေး စစ်စိတ်ဖြင့် ပြည့်စုံ၍ သေနင်္ဂဗျူဟာ ကြွယ်ဝသော မြန်မာစစ်သည်တော်တို့အား လက်နက်မဲ့ တိုက်ခိုက်ရာတွင် အရေးပါလှသည့် မြန်မာ လက်ဝှေ့လက်ပမ်းသတ်ခြင်း ပညာရပ်ကို သေနင်္ဂဗျူဟာ တစိတ်တဒေသအဖြစ် ပို့ချခဲ့သည်။ ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဖြစ်သည့် သီပေါဘုရင်လက်ထက်တွင် လက်ဝှေ့သတ် တော်သူများကို လက်ဝှေ့တော်သတ်ဟု သတ်မှတ်ကာ ရှေ့တိုက်စာရင်းဝင်အဖြစ် စာရင်းသွင်းခဲ့သည်ဟု ရာဇဝင်သုတေသီအချို့က ဆိုကြလေသည်။

သို့သော် ထီးကျိုးစည်ပေါက်ဖြင့် သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရသော ခရစ် ၁၈၈၅ ခုနှစ်မှ အစပြု၍ မြန်မာလက်ဝှေ့သည် မှေးမှိန် သေးသိမ်ကာ အချီးအနှိမ်ခံဘဝသို့ ရောက်သွားခဲ့ရလေသည်။ စစ်ကိုခေတ်တွင် စီးပွားရှာသမားတို့က ဘုန်းကြီးပျံ၊ ဘုရားပွဲတော်များတွင် လူခေါ်ပွဲအဆင့်ဖြင့် ပွဲသွင်းပေးချက်ကြောင့် အထက် မြန်မာ နိုင်ငံတွင် ပျောက်ချည်တခါ ပေါ်ချည်တလှည့်ဖြင့် ရပ်တည်ခဲ့ရ၍ အစွမ်းထက်သော လက်ဝှေ့သမားများ ရှားရှားပါးပါး ပေါ်ထွက်ခဲ့သည်။ အောက်မြန်မာပြည်တွင်မူ အရည်အခြင်းရှေ့၊ အရေအတွက်ပါ ပြည့်စုံသည့် ကရင်၊ မွန်၊ မြန်မာ၊ တောင်သူ လက်ဝှေ့ အကျော်အမော်များ စစ်ကြိုခေတ်နှင့် စစ်ပြီးခေတ်တွင် အဆက်မပြတ် ထွက်ပေါ်ခဲ့သည်။ စစ်ကြိုခေတ်မှ လက်ဝှေ့ကျော်ကြီးများသည် ဝါးလုံးများကို ကွဲအောင် ထိုးနိုင်ခြင်း၊ လက်သီး အချိန်အဆတွင်လည်း မျက်နှာတွင် ထုံးတို့ထားသည့် အမှတ်ကိုပင် ထိအောင် ထိုးနိုင်ခြင်း စသည်ဖြင့် အစွမ်းထက်ကြလေသည်။ အလံလုပွဲကြီးများတွင်လည်း နေလုံးပျောက်သည်အထိ အနိုင်မခံ အရှုံးမပေးသော သတ္တိဖြင့် ယှဉ်ပြိုင်နိုင်အောင်ပင် သက်လုံကောင်းကြလေသည်။

စစ်ပြီးခေတ် လွတ်လပ်ရေးရပြီးမှ မြန်မာလက်ဝှေ့သည် အမျိုးသား စွမ်းရည်အဖြစ် ပြန်လည် ဖော်ထုတ်ခြင်း ခံခဲ့ရသည်။ သို့သော် မြန်မာ လက်ဝှေ့အား လုံးဝ ပျောက်ကွယ် မသွားရလေအောင် ထိန်းသိမ်းကြသည့် ပညာရှင်များမှာ များသောအားဖြင့် တောင်သူလယ်သမားများသာ ဖြစ်ကြသည်။ မြန်မာမှုကိစ္စတရပ်ဖြစ်သည့် မြန်မာလက်ဝှေ့အား မြန်မာ အမျိုးသားတို့ကိုယ်တိုင် အတွင်းကျကျ လေ့လာနိုင်ရန်အတွက် နှစ်စဉ်နှစ်တိုင်း ရန်ကုန်မြို့တွင် လွတ်လပ်ရေးနေ့၊ တောင်သူလယ်သမားနေ့ စသည့် တရားဝင် ပြိုင်ပွဲပြပွဲကြီးများတွင် အလျဉ်းသင့်သလို ပွဲထုတ်တင်ပြခဲ့သည်။ သို့သော် ယနေ့ မြန်မာလက်ဝှေ့ပွဲကြီးများအနက် လူစုံတက်စုံနှင့် အစွမ်းကုန် ယှဉ်ပြိုင်ကြရသော ပွဲကြီးများမှာ ဖားအံတွင် ကျင်းပသော ကော်သူးလေ ပြည်နယ်နေ့ပွဲ၊ မော်လမြိုင်တွင် ကျင်းပသော တော်လှန်ရေးနေ့ လက်ဝှေ့ပွဲနှင့် ရန်ကုန်တွင် ကျင်းပသည့် လွတ်သဘင် လက်ဝှေ့ပွဲတို့ပင် ဖြစ်လေသည်။

မြန်မာလက်ဝှေ့သတ်ပွဲ၏ မူလလက်ဝှေ့ဝိုင်းမှာ ၂၄ ပေခန့် အကျယ်အဝန်းရှိ၍ ဖွဲ၊ သို့မဟုတ် သဲများ ခင်းထားသည့် မြေဝိုင်းပင် ဖြစ်၏။ ထိုးသတ်ကြမည့် လက်ဝှေ့သမားများသည် ဝိုင်းကို ပတ်ပတ်လည် လှည့်ထိုင်လျက် ယှဉ်ပြိုင်ထိုးသတ်နေကြသော လက်ဝှေ့သမားများ၏ အလဲအကျတို့ကို ထိန်းပေး တတ်ကြသည်။ ယခုအခါ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် အနောက်တိုင်း စံနစ်နှင့် ထိုးသတ်သော လက်ဝှေ့ခုံကြီးများ (ပေ ၂၀ ပတ်လည်) ပေါ်တွင် ထိုးသတ်လျက် ရှိကြသည်။ သို့သော် မြန်မာ လက်ဝှေ့ ထိုးနည်းအဝင်အပါ ခုန်ခြင်း၊ ခတ်ခြင်းတို့ကို စိတ်တိုင်းကျ မလုပ်နိုင်အောင် ဝိုင်းကျဉ်းနေသည်ဟု ယူဆကာ မြန်မာ လက်ဝှေ့ပရိသတ်တို့က မကြိုက်လှပေ။

လက်ဝှေ့ပွဲ ကျင်းပချိန်ကို နေ့မွန်းတည့်ကို မြန်မာ လက်ဝှေ့သမားတို့ နှစ်သက်၏။

မြန်မာ လက်ဝှေ့သမားတို့သည် အင်္ကျီမပါ အထက်ပိုင်း ကိုယ်ဗလာကျင်းပြီးလျှင် ဖောင်းဗီတိုပေါ်မှ ပုဆိုးကို သုံးမြှောင့်ချိုးကာ ခေါက်၍ ခါးပုံအဖြစ် စည်းနှောင်ထားသည်။ ခါးပုံစကို တဖက်မှ ဆွဲယူ ချုပ်ကိုင် ထိုးနိုင်ခွင့်ရှိသည်။ ခါးပုံအတွင်းတွင်လည်း ကိုယ်ခံ အဆောင်အယောင်များ ထည့်သွင်း စည်းနှောင်ထားလေ့ ရှိပြီးလျှင် လက်မောင်းနှစ်ဖက်တွင်လည်း လက်ဖွဲ့များ စည်းနှောင်ထားလေ့ရှိသည်။ (ထိုသို့ ကိုယ်ခံ အဆောင်အယောင်များ အသုံးပြုရသည်မှာ ပညာ (လက်ဝှေ့ပညာ)၊ ဉာဏ်နှင့် သက်လုံရှိငြားလည်း မျက်နှာမှာ ချက်ကောင်းထိလျှင် ကွဲတတ်၍ ကွဲလျှင် ရှုံးသောကြောင့် ထိုသို့ မကွဲရအောင် အသုံးပြုရသည်ဟု ဆိုလေသည်။)

မြန်မာလက်ဝှေ့သတ်ခြင်းတွင် စည်းကမ်းကလနားနှင့် လူယဉ်ကျေးတို့ ကျင့်သုံးအပ်သော ဟန်အမူအရာများ အပြည့်အဝရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

## လက်ဝှေ့ထိုးခြင်း

မြန်မာလက်ဝှေ့တွင် ဖျဉ်ဒိုင်၊ ပြောဒိုင်၊ လွှတ်ဒိုင်ဟူ၍ ဒိုင်သုံးမျိုးရှိသည့်အပြင် အနည်းဆုံး လူသုံးဦးမျှ ပါဝင်သည့် ခုံသမာဓိလူကြီးအဖွဲ့လည်း ရှိသည်။ မြန်မာ လက်ဝှေ့တွင် အတန်းအစားခွဲခြားရာ၌ ကိုယ်အလေးချိန်ဖြင့် မခွဲခြားပေ။ လွှတ်ဒိုင်အဖြစ် ဆောင်ရွက်သူက လုံးတူ ခေါက်တူများကို တွဲဖက်၍ လက်ဝှေ့ အဆိုင်း ရွေးပေးရသည်။ များသောအားဖြင့် ခုံသမာဓိလူကြီးများနှင့် တိုင်ပင်၍ လုပ်လေ့ရှိသည်။ ပဌမတန်း လက်ဝှေ့သမားဖြစ်လာလျှင်မူ အရပ်အမောင်း အလုံး ခေါက် မရွေးရတော့ပဲ လူမရွေး ယှဉ်ပြိုင်ရလေသည်။ ပြောဒိုင် ဆိုသည်မှာ လက်ဝှေ့ထိုးမည့်သူများကို မထိုးမီ အမှမ်းတင်၍ ကိုယ်ရည်သွေးပေးရသည်။ထို့ပြင် လက်ဝှေ့ပွဲနှင့်စပ်လျဉ်း၍ ပရိသတ် မကျေနပ်လျှင်လည်း ရှင်းလင်း ဖြေဆိုပေးရလေသည်။

ယခုနေ့ မြန်မာလက်ဝှေ့တွင် အတန်းအစား များကို လက်ဝှေ့ပညာ အစွမ်းအစ အရည်အသွေးကိုမှီး၍ ပဌမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်းဟု သတ်မှတ်ထား၏။ စတုတ္ထတန်းမှာ နတ်ကတော်တန်း ဟုလည်း ခေါ်၍ လက်ဝှေ့လောကတွင် ထိုးခါစ လူငယ် လူရွယ်များ အတန်းအစားဖြစ်ကာ စစ်ကိုင်ခေတ်က "ကြားပွဲ" များသာ ထိုးသတ်စေပြီးလျှင် "အပျိုတော်ဆိုင်း" ဟု ခေါ်ဝေါ်၏။ စတုတ္ထတန်းတွင် ထိုးသတ်နေသူကို အခြားစတုတ္ထတန်းပြိုင်ဖက်များက ဝိုင်းပယ်လာလျှင် တတိယတန်းသို့ တက်ရသည်။တတိယတန်းမှ ဝိုင်းပယ်လျှင် ဒုတိယတန်းသို့ တက်ရပြီးလျှင် ဒုတိယတန်းမှ ဝိုင်းပယ်ပြန်လျှင် ပဌမတန်းသို့ တက်ရသည်။ အတန်းတက်ပြီးလျှင် အောက်တန်းသို့ ပြန်မဆင်းရတော့ပေ။

မြန်မာလက်ဝှေ့သည် လက်ဝှေ့ ဟန်ရေး ပြနေစိုက်နှင့် လက်ဝှေ့သတ်နေခိုက်တွင် ဆိုင်းတီးပေးရသည်။ မြို့ကြီးပြကြီးများတွင် ဆိုင်းဝိုင်းပြည့် အသုံးပြုပြီးလျှင် တောနယ်များတွင်မူ ဝိုင်းခါးပြတ်ခေါ် ခြောက်လုံးပတ်၊ ပတ်မနှဲ၊ လင်းကွင်းနှင့် ဝါးလက်ခုပ်တို့ကိုသာ သုံးသည်။

လက်ဝှေ့ ဟန်ရေးပြသောအခါ လေးခင်း တီးပေးရပြီးလျှင် ဟန်ရေးပြသူက ဆိုင်းချက်နှင့် အဝင်အထွက် အချီအချ ညီရလေသည်။ ထိုးသတ် နေခိုက်တွင် ဗိုန်းမောင်းတီးပေးရ၍ ထိုးလုံးကြမ်းလေ ဆိုင်းသံမာလေ ဖြစ်သည်။ လက်ဝှေ့ ဟန်ရေးပြခြင်းမှာ လက်ဝှေ့ ထိုးသတ်မည့်သူ၏ ပညာစွမ်း မည်မျှရှိသည်ကို ပရိသတ်လေ့လာနိုင်ရန်နှင့် ယှဉ်ပြိုင်လိုသူကလည်း စိန်ခေါ်ရင်း ဟန်ရေး ပြနေသူ၏ ပညာစွမ်းကို အကဲခတ်နိုင်ရန် ဖြစ်သည်။ လက်ဝှေ့ ဟန်ရေးပြရာတွင် နှစ်ဦးတွဲဖက် ဟန်ရေးပြသည့်အလေ့ရှိ၏။ တွဲဖက်ထိုးသတ်မည့်အဆိုင်းကို ပရိသတ်က အကဲခတ်နိုင်ရန် ဖြစ်သည်။ အရှုံးအနိုင် ပေါ်ပြီးသော အခါများတွင်လည်း အောင်ပွဲခံ ဟန်ရေးပြသကဲ့သို့ ရှုံးသူကလည်း စိတ်မကြေ၍ ဟန်ရေးပြသော အလေ့လည်း ရှိသည်။ လက်ဝှေ့ဟန်ရေးပြရာတွင် ယခင်က ကိုယ်ရည်သွေး ဆိုင်းဆင့် လင်္ကာများ ရွတ်ဆိုလေ့ရှိကြသော်လည်း ယနေ့ မြန်မာ လက်ဝှေ့သမားများသည် ဆိုင်းဆင့်လင်္ကာ ရွတ်ဆိုခြင်း၊ လက်ဝှေ့ဟန်ရေးပြခြင်းတို့ နည်းပါးနေလေပြီ။

မြန်မာလက်ဝှေ့ထိုးရာတွင် ဦးခေါင်းမှအစ ခြေဖျားအဆုံး ကြိုက်သလို သုံးနိုင်၏။ ဦးခေါင်း ဖြင့် တဖက်သားပြေးဝင်လာခိုက် ဆောင့်၍တိုက်ခြင်း၊ လက်နှစ်ဖက်ဖြင့် ချုပ်ကိုင်၍ တိုက်ခြင်း စသည်ဖြင့် ကြိုက်သလို ထိုးနိုင်သည်။ လက်နှစ်ဖက်ကိုမူ ဖမ်း၍ ချုပ်ကိုင်ရာတွင်ငင်း၊ လက်သီးအဖြစ် ထိုးရာတွင်ငင်း အသုံးပြုသည်။လက်သီးထိုးရာတွင် ဖြောင့်လက်သီး၊ ဝိုက်လက်သီး၊ ပန်းလက်သီး၊ ကျွတ်ခတ်၊ ဖြတ်လက်သီး၊ ပင့်လက်သီး၊ ပေါက်လက်သီး၊ အသွားအပြန်နှင့် နှစ်လုံးထိုး (စုံထိုး) စသည်ဖြင့် အဆင်သင့်သလို သုံးကြသည်။ တံတောင်ဖြင့်လည်း အတွက်၊ အထောက်၊အထောင်း ကြိုက်သလို သုံးရပြန်၏။ ဒူးနှစ်ဖက်ကိုမူ တဖက်သားကို လက်နှစ်ဖက်ဖြင့် ချုပ်ကိုင်၍ တိုက်ခြင်း၊ ဗလာခုန်၍ တိုက်ခြင်းမျိုးတွင် အသုံးပြုသည်။ ခြေဖျားကိုကား တဖက်သားကို ဟန်ရေးပျက်အောင် ခတ်ခြေအဖြစ်ငင်း၊ တဖက်သားပြေးဝင်လာလျှင် တားခြေ အဖြစ်ငင်း သုံးပြန်၏။

ဤသို့သော ခေါင်းမှအစ ခြေဖျားအဆုံး ကြိုက်သလို သုံးနိုင်သည့် ထိုးလုံးထိုးကွက်၊ သတ်လုံးသတ်ကွက်များ အပြင် မြန်မာသိုင်းပညာ၏ နည်းပရိယာယ်တို့ကိုငင်း၊နပန်းသတ်နည်း ပရိယာယ်တို့ကိုငင်း၊ ဂျမ်းဘားဆန်သော အခုန်အပံ့ အလွှား တို့ကိုငင်း အသုံးပြုကြသေးသည်။

မြန်မာ လက်ဝှေ့သတ်ပွဲကို ဖျဉ်ဒိုင်နှစ်ဦးက ကွပ်ကဲအုပ်ချုပ်၍၊ ယင်းသည့် ဒိုင်နှစ်ဦးစလုံးသည် လက်ဝှေ့ကျွမ်းကျင်သည့် လက်ဝှေ့သမားဟောင်းကြီးများသာ ဖြစ်သည်။

ထိုဒိုင်နှစ်ဦးက မိမိတို့အချင်းချင်း ဆွဲကိုင်ထားသော လက်များကို ဖြုတ်ချလိုက်လျှင် ပြိုင်ပွဲဝင်များ ပြေးဝင်ထိုးနိုင်သည်။ သို့သော် မြန်မာလက်ဝှေ့သမားတို့သည် ဤသို့သော အခွင့်အရေးမျိုးကို ယူလေ့မရှိပဲ၊ တဖက်သားအား စိန်ပလားဟေ့ ဟူသည့် အနေဖြင့် လက်ခမောင်းခတ်ကာ စိန်ပြီဆိုသော လက်ခမောင်းခတ်သံ ပြန်လာမှ တယောက်နှင့်တယောက် ယှဉ်ပြိုင်ကြ၏။ ထိုမျှသာ မဟုတ်သေး တဦးနှင့်တဦး သွေးထွက်သံယို ဖြစ်သည်အထိ အကြိတ်အနယ် ယှဉ်ပြိုင်နေကြရာမှ တဖက်သားမှာ မလှုပ်သာ မရှက်သာအောင် ဖြစ်နေလျှင် ပြိုင်ဖက်ဖြစ်သူအား ကျောပုတ်လိုက်လျှင် ဖြစ်စေ၊ လက်ပြကာ တားလိုက်လျှင် ဖြစ်စေ၊ ဒိုင်လူကြီးကတားလျှင်ဖြစ်စေ ထိုးသတ်နေခြင်းကို



www.burmeseclassic.com

www.burmeseclassic.com




ချက်ချင်း ရပ်နား၍ စောင့်ရသည်။ တဖက်မှ အသင့်ဖြစ် မဖြစ်ကိုလည်း လက်ခမောင်းခတ်ကာ (စိန်ပလားဟေ့) မေးပြီးမှ ရင်ဆိုင်ထိုးသတ်လေ့ရှိသည်။ တဖက်မှ အသင့် မရှိသေးခြင်း၊ မိမိကိုယ်ကိုမိမိ အကာအကွယ် မယူနိုင် လောက်အောင် အခြေအနေဆိုးရွားနေခြင်းတို့ကို အခွင့် ကောင်းယူကာ ထိုးသတ်ခြင်းမပြုပေ။ ထိုအပြုအမူမှာ အားကစားစိတ်ဓာတ်ကို အပြည့်အဝ ပြသသည့် အပြု အမူမျိုးပင်ဖြစ်၏။ ထိုးသူနှစ်ဦး မကြာခဏ နပန်းသမား သတ်သကဲ့သို့ ထွေးလုံးရစ်ပတ်နေလျှင် ဒိုင်များက လူခွဲ ပေးရသည်။

အချီကောက်ရာတွင် အချိန်နှင့် ကန့်သတ်ခြင်းမရှိ၊ လေးကြိမ်လေးလားတိတိ ယှဉ်ပြိုင်ခြင်းကို တချီဟုခေါ်ပြီး လျှင်၊ လေးချီမှာ တပွဲဖြစ်သည်။ (အချို့ဒေသများ၌ သုံး ချီသုံးလား ထိုးသတ်သည်။)

လက်သီး၊ဒူးခေါင်း၊တံတောင်တို့၏ ဒဏ်ရာဒဏ်ချက်ဖြင့် သွေးထွက်သံယိုဖြစ်လာသောအခါ အရှုံးအနိုင်ပေါ်လေ သည်။ နှာခေါင်းမှ သွေးယိုစီးခြင်း၊ ပါးစပ်အတွင်းမှ သွေး များယိုစီးခြင်းတို့ကို အတွင်းကွဲခေါ်၍ မည်သည့်အကွဲတွင် မဆို သွေးကို သုံးကြိမ်သုံးခါ သုတ်သိမ်းနိုင်ခွင့်ရှိ၏။ သွေး ရပ်သွားလျှင် ဆက်ထိုးနိုင်သည်။ သွေးမရပ်ဘဲ ငေါက် ငေါက်ထွက်နေလျှင် ကွဲရှုံးရှုံးရသည်။ အပြင်ကွဲဆိုသည် ကား ဒူးကွဲ၊ ခြေဖျားကွဲ၊ လက်သီးကွဲနှင့် လက်သည်းကွဲတို့ ဖြစ်၏။ ထိုးသူက လက်သီး၊ ဒူးတို့ဖြင့် တဖက်သားကွဲ အောင် ထိုးသတ်ရ၏။ လက်သည်းဖြင့် ကွဲအောင် မကုတ် ဖြတ်ရ၊ ကုတ်ဖြတ်၍ကွဲသည့်အကွဲကို အရှုံးအနိုင်မပေးပေ။

လက်ဝှေ့သမားနှစ်ဦး ထိုးသတ်ရာတွင် တဦးသည် နဖူး သော်၎င်း၊ ဦးခေါင်းသော်၎င်း၊ မျက်ခုံးသော်၎င်း၊ မေးရိုး သော်၎င်း ကွဲသွားခဲ့လျှင် ဖျဉ်ဒိုင်လုပ်သူက ကွဲသည့်ဒဏ် ရာကို သူ့လက်နှင့် မပွတ်၊ မကိုင်တွယ်ရ၊ ခုံသမာဓိ အကဲ ဖြတ်လူကြီးများကသာ ကိုင်တွယ်ဆုံးဖြတ်ပေးရလေသည်။ ခုံသမာဓိလူကြီးများက ထိုးသားနှစ်ဦး လက်တို့ဖြင့် ကုတ် ခြင်း၊ ကိုက်ခြင်း၊ ဆံပင်ဆွဲခြင်း၊ လည်ပင်းညှစ်ခြင်း၊မအား ပုတ်ခတ်ကန်ကျောက်ထိုးခြင်း မပြုရအောင် အထူးတား မြစ်ရသည်။ တားမြစ်၍မနာခံသူကို ထိုက်သင့်သည့်အပြစ် ပေးရသည်။ ထိုးသတ်ရင်း တဦးဦး ကြိုးတန်းအပြင်ဖက်သို့ လက်တဖက်၊ခြေတဖက်ရောက်သွားလျှင် အခြားသူကလိုက် ၍ဆက်မထိုးရပေ။ ထိုးလျှင် ဒိုင်က ထိုက်သင့်သလိုအပြစ် ပေးခွင့် ရှိသည်။ ထိုပြင် လဲကျနေသူအား ထိုးခြင်း၊ တိုက် ခြင်း၊ ကန်ခြင်းမပြုရပေ။ သို့သော် လဲကျနေသူကလည်း ကျောမြေထိ၊ ရင်မြေထိ၊ ဘေးမြေထိဖြင့် ထိခြင်းသုံးမျိုး နှင့်အညီ ပြားပြားဝပ်နေရပေသည်။

သွေးထွက်သံယိုမဖြစ်ပဲ ပြိုင်ပွဲကို ဆက်လက်မထိုးသတ်



မြန်မာလက်ဝှေ့ ထိုးရာတွင် ဦးခေါင်းမှ အစ ခြေဖျားအဆုံး ကြိုက်သလို သုံးနိုင်သည်။

နိုင်အောင် အနာတရဖြစ်ခဲ့လျှင်လည်း အရှုံးအနိုင်ရှိသည်။ အနိုင်အရှုံးကို လွတ်ဒိုင်နှင့် ခုံသမာဓိလူကြီးများ ညှိနှိုင်း ၍ ဆုံးဖြတ်၏။ သို့သော် ယခုခေတ် မြန်မာလက်ဝှေ့တွင် ဆရာဝန်စောင့်ကြပ်ဆုံးဖြတ်ထားသောစံနစ် ပေါ်ပေါက်နေ လေပြီ။

မြန်မာလက်ဝှေ့တွင် ကွဲရှုံး၊ ကြောက်ရှုံး၊ သရေရှုံး နှင့် သက်လုံရှုံးဟူ၍ ရှုံးခြင်းလေးမျိုးရှိသည်။ စည်းမျဉ်း ဥပဒေအရ ကွဲရှုံးနှင့် သက်လုံရှုံးတို့ကိုသာ အသိအမှတ် ပြုသည်။ ကြောက်ရှုံးနှင့် သရေရှုံးတို့ကို အသိအမှတ် မပြု၊ အခကြေးငွေလည်း မပေးပေ။

ထို့ပြင် မြန်မာလက်ဝှေ့တွင် ကြားပွဲနှင့် အလံပွဲဟူ၍ ရှိရာ၊ ကြားပွဲမှာ တဦးနှင့်တဦး စိန်ခေါ်၍ထိုးကြသော



www.burmeseclassic.com

www.burmeseclassic.com



လေးချီတိတိ ယှဉ်ပြိုင်ရသည့်ပွဲသာ ဖြစ်ပြီးလျှင် လေးချီစေ့၍ အရှုံးအနိုင်မရှိလျှင် သရေပွဲပင်ဖြစ်သည်။

အလံပွဲမှာမူ ရှုံးထွက်စံနစ်ဖြင့် ထိုးသတ်ရသည့်ဗိုလ်လုပွဲဖြစ်သည်။ လေးချီစေ့လျှင် အရှုံးအနိုင်မပေါ်မချင်း ထိုးသတ်ကြရလေသည်။ ယင်း အလံပွဲကြီးများမှာ မြန်မာလက်ဝှေ့သမားတို့၏ ဇွဲသတ္တိနှင့် ကြံ့ခိုင်မှုကို စမ်းသပ်သော အစိတ်အပိုင်းဖြစ်ပြီးလျှင် တောနယ်ကြီးများတွင် ထိုးသတ်ကြရသော အလံပွဲကြီးများတွင် နေ့ခင်း မွန်းတည့်မှ အလံလုကြရသည်မှာ နေလုံးပျောက်သည်တိုင် အရှုံးအနိုင်မရှိသဖြင့် သရေဖြစ်ယူရသည်ဟု ဆိုလေသည်။

မြန်မာလက်ဝှေ့ကို ကမ္ဘာ့အားကစား စည်းကမ်းအရ ကြေးစားဟု ဆိုရမည်ဖြစ်သော်လည်း အခကြေးငွေများမှာ မပြောပလောက်ပေ။ စင်စစ်သော်ကား မြန်မာလက်ဝှေ့သမားများသည် အခကြေးငွေမြတ်နိုး၍ ထိုးသတ်နေသူများမဟုတ်ပေ။ ယင်းတို့တွင် လယ်ယာကိုင်းကျွန်း၊ ခြံမြေပိုင်သူ အမြောက်အမြား ပါရှိကြပြီးလျှင် အမျိုးသားစွမ်းရည်ကို မြတ်နိုးခုံမင်စွာ ထိန်းသိမ်းလိုသဖြင့် ထိုးသတ်နေကြသူများသာ ဖြစ်ပေသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာေနှင့် ထိုင်းလင်းနိုင်ငံတို့တွင် မြန်မာလက်ဝှေ့ပုံသွင် ထိုးသတ်ကြသည့် လက်ဝှေ့ထိုးနည်းများ ရှိသည်။ သို့သော် အဆိုပါနိုင်ငံများ၌ လက်သီးတွင် လက်အိတ်များစွပ်၍ ထိုးသတ်ခြင်းကို တီထွင်ထားလေသည်။

**လက်အမှတ်ပညာ။** ။သင်၏လက်ဖဝါးများကို ကြည့်က အရေးအကြောင်းများစွာတို့သည် ထက်အောက် ကန့်လန့် ဖြတ်သန်းလျက် ရှိသည်ကို တွေ့ရပေလိမ့်မည်။ ဤအရေး အကြောင်းများကိုပင် လက်အမှတ်ဟု ရှေးအစဉ်အဆက်က ခေါ်ဝေါ် ခဲ့ကြသည်။ လက်ဝဲ လကျာ နှစ်ဖက်စလုံးကို ကြည့်လျှင် တဖက်နှင့်တဖက် မတူသည်ကို တွေ့ရလိမ့်မည်။ သင့်မိတ်ဆွေများ၏ လက်အမှတ်များနှင့် နှိုင်းယှဉ်ကြည့်က လုံးဝပင်မတူ၊ ကွဲပြားနေကြောင်း တွေ့ရလိမ့်မည်။ လက်အမှတ် အကြောင်းများသာမက လက်ချောင်းကလေးများ၏ အတို၊ အရှည်၊ အချွန်၊ အတုတ်၊ လက်ဖဝါး၏အနိမ့်၊ အမြင့်၊ အပျော့၊ အမာ၊ အပူ၊ အအေး၊ အဖြူ၊ အနီ စသည်ဖြင့် တယောက်နှင့် တယောက် မတူကြချေ။လူတယောက်၏ လက်အမှတ်နှင့် အခြားလူတယောက်၏လက်အမှတ်များ လုံးဝထပ်တူ တူညီသည်ဟူ၍ ယနေ့တိုင် မရှိခဲ့ဘူးသေးချေ။ အမြွှာပူး မွေးသူများပင် လက်အမှတ်ချင်း မတူကြပေ။ အဘယ်ကြောင့်နည်း။ လူတဦး တယောက်၏ အကျင့်စာရိတ္တ၊ စိတ်နေသဘောထားနှင့် ထိုသူ၏ ဘဝတာတွင် အဆိုးအကောင်း မတူသောကြောင့် လက်အမှတ်တွင် မတူနိုင်ချေ။ လူတဦး၏ တသက်တာတွင် အရေးအကြီးဆုံးဖြစ်သော အသက် အတိုအရှည်၊ ပညာရေး၊ စီးပွားရေး၊ အလုပ်အကိုင် အဆင့်အတန်း စသည်တို့မှာ လက်အမှတ်တွင် ထင်ရှားစွာ ပြလျက်ရှိသဖြင့် ရှေးကမ္ဘာဦး အစကပင် လက်အမှတ်ပညာကို လေ့လာခဲ့ကြလေသည်။

ဂေါတမမြတ်စွာဘုရား၏အလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်၍ ကင်ပွန်းတပ်မင်္ဂလာပြုသောအခါ လက္ခဏာဖတ် ပုဏ္ဏားရှစ်ယောက်တွင် ခုနစ်ယောက်သော ပုဏ္ဏားတို့က လက်နှစ်ချောင်းကို ထောင်၍ ဤမင်းသားသည် လူတွင်ထင်ရှား ဘုရားသော်ငင်း ဖြစ်ရမည်၊ သို့မဟုတ် ဇမ္ဗူဒီပါ ကျွန်းအလုံးကိုအစိုးရသော စကြဝတေးမင်းသော်ငင်း ဖြစ်ရမည်ဟု ဟောကြသည်။ ရှစ်ယောက်မြောက် အငယ်ဆုံးဖြစ်သော ကောဏ္ဍည္ဍနယ်ဖွား သုဒတ္တပုဏ္ဏားကမူ လက်ညှိုးတချောင်းကိုထောင်ကာ ဘုရားစင်စစ် မုချဖြစ်ရမည်ဟုဟောဆိုခဲ့သည့်အတိုင်း ဗုဒ္ဓဘုရားဖြစ်၍ လူ နတ် ဗြဟ္မာသတ္တဝါအများကို နိဗ္ဗာန်သို့ ပို့ဆောင်တော်မူခဲ့လေသည်။

လက်အမှတ်ပညာကို ဗုဒ္ဓဝါဒီတို့သာမဟုတ် အရှေ့တိုင်းယဉ်ကျေးမှု စတင်ခဲ့ရာ တရုပ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ စသောအာရှတိုက်နိုင်ငံအားလုံးနှင့် အနောက်တိုင်း ယဉ်ကျေးမှုစတင်ခဲ့ရာ အီဂျစ်၊ ဂရိ၊ ရောမ စသောနိုင်ငံတို့တွင် အင်ပိုင်ယာကြီးများ ထွန်းကား၍ ယဉ်ကျေးမှုများ စတင်ခဲ့သော အခါကလည်း ဤလက်အမှတ်ပညာကို လိုက်စားခဲ့ကြလေသည်။အမှန်အားဖြင့် ရှေးကမ္ဘာဦးအစကပင် စတင်ခဲ့သည်ဟု ဆိုရပေမည်။

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသော နိုင်ငံအားလုံးတွင် လူ့ဘဝကို သုံးသပ် ဆင်ခြင်ခဲ့သည်မှ စ၍ လက်အမှတ်ပညာ ပေါ်ပေါက် ခဲ့လေသည်။ ခရစ်မပေါ်မီ အနှစ် ထောင်ပေါင်း များစွာကပင် တရုပ်လူမျိုးတို့သည် မိမိတို့၏ ဘုရားကျောင်းများ၌ လက်ဝါး ပုံများတွင် လက်အမှတ်ကြောင်းများကို ထုလုပ်ထားခဲ့ကြလေသည်။ ထို့အတူပင် ဂျပန်၊ ပါးရှင်း၊ ဟိန္ဒူ လူမျိုးတို့သည် လက်ပုံများကို ထုလုပ်ခဲ့ကြလေသည်။ ဂျပန်နိုင်ငံရှိ အိုဆာကာ ရဲတိုက်ကြီးတွင် ဂျပန်သူရဲကောင်း ဗိုလ်မှူးကြီးများ၏ လက်အမှတ်ပုံများနှင့် ယင်းတို့၏ ဝတ်စားတန်ဆာများကို ယနေ့တိုင် တွေ့မြင်နိုင်ပေသည်။

ဟိန္ဒူလူမျိုး ရှေးပညာရှိကြီးများသည် လူတို့၏ ကိုယ်ခန္ဓာ ကြန်အင်လက္ခဏာ အချိုးအစားကိုကြည့်၍ အကျင့်စာရိတ္တ ဆင်းရဲချမ်းသာ စသည်တို့ကို ဟောပြောခဲ့ကြလေသည်။ ဤပညာရပ်များကိုပြသော သာမုဒြိကကျမ်းများ ရေးသား၍ ထားခဲ့ကြလေသည်။ ဤသို့ ကိုယ်အင်္ဂါအစိတ်အပိုင်းကို ခွဲခြားဟောဆိုရသော သာမုဒြိက ကျမ်းများမှ



www.burmeseclassic.com

www.burmeseclassic.com



တဆင့် လက်ဝါးပြင်ကို ကြည့်ရသော ဟတ္ထရိကခေါ် လက်အမှတ် ပညာများ ပေါ်ပေါက်ခဲ့လေသည်။ ဗေဒင်ပညာအားဖြင့် အဆိုးအကောင်း စသည်တို့ကို တွက်ချက်ကြည့်ရှုပြီးနောက်၊ လက်ဝါးပြင်တွင် လေ့လာ မှတ်သားလာခဲ့ရာ နှစ်ပေါင်းများစွာ ကြာသောအခါ လက်ဝါးပြင်ရှိ လက်အမှတ်ကိုကြည့်ခြင်းဖြင့် အဆိုးအကောင်းကိုနားလည်လာကြလေသည်။ ပုံပမာ ဇာတာပြင်တွင် ကြာသပတေးဂြိုဟ်သည် ဥစ်၊ ကသစ်၊ တြိဂုဏ်းရခြင်း၊ သို့မဟုတ် ကိန်းအိမ်၊ ဥပ္ပစ္စည်းအိမ်တွင်နေခြင်း၊သို့မဟုတ် ဥစ်နဝင်းစီးလျက် တြိကောဏ အိမ်နေခြင်း စသည် တွေ့ရက ကြာသပတေးဂြိုဟ် အားကောင်းသည့်အတိုင်း လက်ဝါးပြင်တွင် ရှိသော ကြာသပတေးကွက်သည် အထူးပင် မြင့်မောက် တက်ကြွနေ၍ နှိပ်ကြည့်လျှင် တင်းမာ၍ အားရှိကြောင်း ပြနေပေသည်။ ဤသို့လျှင် ဗေဒင်နည်းအတိုင်း တနင်္ဂနွေ၊ တနင်္လာ စသော ဂြိုဟ်များ၊ မိဿ ပြိဿစသော ရာသီကွက်များ၊ လဆန်း လဆုတ်စသော တိထိများကိုပါ လက်ဝါးပြင်တွင် ကန့်သတ်ခွဲခြား ပြထားသဖြင့် ဟိန္ဒူ လက်အမှတ်ပညာသည် ကမ္ဘာပေါ်တွင် အစုံလင်ဆုံးဖြစ်နေ၍မှန်ကန်လှသည်။

အနောက်တိုင်း လက်အမှတ်ပညာမှာမူ မျက်မြင်လက်တွေ့ လေ့လာခဲ့ရာမှ ပေါ်ပေါက်လာခဲ့လေသည်။ ပုံစံအားဖြင့် လူသတ်မှုကျူးလွန်သူတိုင်း၏ လက်အမှတ်ကို အနှစ် ၂၀ ခန့် လေ့လာပြီးနောက် လူသတ်သူတိုင်းတွင် ထပ်တူတူညီသော လက်အမှတ်များစွာကို တွေ့ရှိလာလေသည်။ နောင်အခါတွင် အခြားလူတဦး၌ ထိုလက်အမှတ်မျိုးပါလာလျှင် လူသတ်မှု ကျူးလွန်လိမ့်မည်ဟု ဟောဆိုခဲ့ရာ မှုချမှန်ကန်ကြောင်း သိလာကြလေသည်။ ဤသို့ တဆင့်တဆင့် ရှာဖွေ တိုးတက်လာပေသည်။

ဟီဗြူ လူမျိုးတို့၏ မူလလက်ဟောင်း သမ္မာကျမ်းစာ ဂျိဗ (ယောဘ) ဝတ္ထု၊ အခဏ်း ၃၇၊ လက်ာပိုဒ် ၇ ၌ ဤသို့ ရေးပြထားပေသည်။

"ထာဝရဘုရားသခင်သည် လူအားလုံးတို့အား မိမိတို့၏ လုပ်ငန်း တာဝန်များကို သိနိုင်စေရန် သားသမီးများ၏ လက်ဝါး ပြင်တွင် လက်အမှတ်များကို ထားပေးတော်မူသည်။"

ဤသို့ ရှေးခေတ်က စတင်ခဲ့သော လက်အမှတ်ပညာရပ်များသည် အီဂျစ်၊ ဂရိ၊ ရောမစသော ရှေးဟောင်းနိုင်ငံကြီးများတွင် များစွာပင် ထွန်းကားခဲ့လေသည်။

ရှေးဟောင်းသမိုင်းများကို ပြန်လည် ကြည့်ရှုခဲ့သော် ဟစ္စပါနုပ်သည် ဂရိလူမျိုးတို့ ဟားမီးနတ်သားအားရည်စူး၍ ဆောက်လုပ်ထားသော ပလ္လင်ပေါ်တွင် လက်အမှတ်ပညာကို ရွှေစာလုံးများဖြင့်ရေးထားသော ကျမ်းတစောင်ကို တွေ့ရရာ မြင့်မြတ်သော ပညာရှင်တို့ ဂရုတစိုက်ဖတ်ရှုသင့်သောပညာရပ်တခုအဖြစ်ဖြင့် ကေရာဇ်ဘုရင်အယ်လက်ဇန္ဒာအား ဆက်သခဲ့လေသည်။

ရောမ စစ်သူကြီး ဂျူးလယပ်ဆီဇာသည် လက်အမှတ် ပညာကို ကောင်းစွာ တတ်မြောက်ခဲ့လေသည်။ တရံရောအခါ နိုင်ငံခြားမှ မင်းသားတပါး လာရောက်ခစားစဉ် ထိုမင်းသား၏ လက်အမှတ်ကို ကြည့်၍ "သင်၏လက်အမှတ်တွင် မင်းသားအစစ် ဖြစ်သော အမှတ်မပါချေ။ လူလိမ်သာ ဖြစ်သည်"ဟု ဆိုကာ နှင်ထုတ်ခဲ့လေသည်။

ခရစ် ၁၅၅၉ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့တွင် နန်းတက်ခဲ့သော အင်္ဂလန်ပြည့်ရှင် ဘုရင်မကြီး ပဌမအယ်လစ်ဇဗက်သည် ၁၅၈၀ ပြည့်နှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် နန်းသုံး ဗေဒလက္ခဏာဆရာကြီး ဒေါက်တာ ဂျွန်ဒီးအား လက်အမှတ်ကြည့်စေရာ စပိန်နိုင်ငံက ရန်ပြု၍ ရေတပ်ကြီးဖြင့် လာရောက် တိုက်ခိုက်မည့်အကြောင်း ဟောပြော ခဲ့လေသည်။ ထိုကြောင့်ပင် ဘုရင်မကြီးသည် ချက်ခြင်း ရေကြောင်းဗိုလ် ရောလီအား ခေါ်ယူ၍ မီးဖောင် မီးတင်သင်္ဘောများစွာကို ပို့စမတ်မြို့တွင် အဆင်သင့် လုပ်ထားစေလေသည်။ ထိုကြောင့်ပင် စပိန်နိုင်ငံမှ အာမာဒါ ရေတပ်ကြီး ချီတက်လာ၍ အင်္ဂလန်ကို တိုက်ခိုက်သောအခါ အင်္ဂလန်က နိုင်လိုက်လေသည်။

လက်အမှတ်ပညာသည် ကမ္ဘာတဝှန်းလုံး ပျံ့နှံ့လျက်ရှိ၍ ယင်းပညာကို ပညာရှိကြီး များစွာတို့ လေ့လာလျက်ရှိကြသည်။ လက်အမှတ် ဟောရန် မဟုတ်သေးသော်လည်း ကမ္ဘာအရပ်ရပ်ရှိ စုံထောက်နှင့် ရဲဌာနများသည် လူဆိုးများ၏ လက်ဗွေပုံစံကို ယူထားခြင်းဖြင့် နောင်အခါ အလွယ်တကူ ထိုလူဆိုး၏ အကြောင်းအရာကို ယခင်ကလက်ဗွေပုံစံနှင့် တိုက်ကြည့်ခြင်းဖြင့် သိခဲ့ရာ ယခုအခါ တကမ္ဘာလုံးပင် အသုံးပြုလျက် ရှိကြသည်။ လူဆိုး သန်းပေါင်းများစွာ ရှိသော်လည်း တဦးနှင့်တဦး၏ လက်ဗွေများမှာ လုံးဝမတူကြချေ။ (လက်ဗွေပုံစံလည်း — ရှု။)

လက်အမှတ် ဖတ်ရာတွင် လက်ဝါးပုံ၊ လက်ချောင်းကလေးများပုံကို ကြည့်၍ ဖတ်ရသော လက်ပုံဖတ်ပညာနှင့် လက်အမှတ်ကြောင်းများကို ကြည့်၍ ဖတ်ရသော လက်အမှတ်ကြောင်းဖတ် ပညာဟူ၍ နှစ်ပိုင်း ခွဲထားသည်။

လက်ချောင်း လက်ဝါး ပုံသဏ္ဌာန်များသည် လူတယောက်၏ မျိုးရိုးစရိုက်နှင့် ထူးခြားသည့် အရည်အခြင်းများကို ပြသည်။ မြင်းတကောင်ကို မြင်လျှင် မြင်ခြင်းပင် ပြိုင်မြင်းဖြစ်မည်၊ ရထားဆွဲရသောမြင်း ဖြစ်မည် စသည်ဖြင့် မြင်း၏ခြေတံလက်တံကို မြင်ခြင်းဖြင့် ထိုမြင်းသည် မည်သည့်အလုပ်လုပ်၍ မည်သည့်အဆင့်အတန်းတွင် နေရမည်ကို သိနိုင်သကဲ့သို့ပင် လူတို့တွင်လည်း လက်ချောင်း

www.burmeseclassic.com



မျဉ်းကို ကြည့်ခြင်းအားဖြင့် မည်သည့် အဆင့်အတန်း အလုပ်အကိုင်တွင် လုပ်ကိုင်ရမည်၊ အလုပ်ကြမ်း လုပ်ရမည်၊ စိတ်အလုပ်ကို လုပ်ရမည် စသည်ကို ခွဲခြား သိမြင်နိုင်ပေသည်။ ပုံပမာ တိုတောင်းတုတ်ခိုင်သော လက်ချောင်းများ ရှိသူမှာ ရှည်လျားလှပသော လက်ချောင်းရှိသူနှင့် လုံးဝမတူနိုင်ချေ။

### ပဥ္စမပိုင်း

**လက်ပုံဖတ်နည်း။** ။လက်ပုံကို ခုနစ်မျိုး ခွဲခြားထားပေသည်။

(၁) အောက်တန်းစား လက်မျိုး။
(၂) လေးထောင့်ပုံလက်၊ သို့မဟုတ် အသုံးဝင်သော လက်မျိုး။
(၃) ပြတ်ကျည်ပွေ့ လက်ပုံ၊ သို့မဟုတ် လှုပ်ရှား ထကြွသော လက်မျိုး။
(၄) ပညာရှာဖွေသူ လက်ပုံ၊ သို့မဟုတ် အဆစ်များ ကြီးထွားသော လက်မျိုး။
(၅) အရင်းတုတ်၍ အဖျားဖက် ချွန်းသွားသော လက်ပုံ၊ သို့မဟုတ် လှပသော လက်မျိုး။
(၆) စိတ်ကူးယဉ်သူ လက်ပုံ၊ သို့မဟုတ် စိတ်ကူးနှင့်သာ ပျော်မွေ့လွမ်းဆွတ်တတ်သည့် လက်မျိုး။
(၇) ရောနှောနေသော လက်ပုံ။

ယဉ်ကျေးသော လူမျိုးကြီးများတွင် အောက်တန်းစားလက်မျိုး အနည်းငယ်သာ တွေ့ရသည်။ များသောအားဖြင့် လက်ဖဝါးပုံနှင့် လက်ချောင်းပုံများ ရောနေသူများသည်။

(၁) အောက်တန်းစား လက်မျိုး။ လက်ဝါးသည် ထူထဲ၍ လက်ချောင်းများ တုတ်တိုတို ရှိ၏။ အရုပ်ဆိုးပုံရသည်။ လက်သည်းများမှာလည်း အရုပ် ဆိုးလှသည်။ လက်မသည် အထူးပင် တုတ်တိုသည်။

ဤလက်မျိုးမှာ လူဖြစ်ရုံမျှသာ ရှိသည်။ စားသောက်အိပ်လျက် အလုပ်ကြမ်း လုပ်ကိုင်ခြင်းမှတပါး မည်သည့် ပညာကိုမျှ ဝါသနာမထုံချေ။ စဉ်းစားဉာဏ်မရှိ၊ တိရစ္ဆာန်လောကနှင့် အနီးဆုံးပင် ဖြစ်သည်။ လက်အမှတ်ကြောင်း နှစ်ကြောင်း သုံးကြောင်းသာ ပါရှိသည်။

(၂) လေးထောင့်ပုံလက်၊ သို့မဟုတ် လက်တွေ့ လုပ်ကိုင်တတ်သော လက်မျိုးမှာ လက်ဝါးသည် လေးထောင့်ပုံဖြစ်၍ လက်ချောင်းကလေးများ၏ အရင်းနှင့် ထိပ်တို့သည်၎င်း၊ လက်သည်းများသည်၎င်း လေးထောင့်ပုံ ရှိသည်။ သတိဝီရိယ ရှိ၍ လက်တွေ့ လုပ်ကိုင်တတ်သူ ဖြစ်သည်။ စည်းကမ်းစံနစ်ကြိုး၍ တရားဥပဒေကို ရိုသေသူ ဖြစ်သည်။ အထူးသဖြင့် စီးပွားရေး အလုပ်အကိုင်တွင် လုပ်ကိုင်သူများသည်။

(၃) ပြတ်ကျည်ပွေ့လက်ပုံမှာ လက်ချောင်းကလေးများသည် အဖျားတွင် ပြတ်ကျည်ပွေ့ကဲ့သို့ ကား၍ တုတ်နေသည်။ လက်ဝါးသည် အရင်းဖက်ကဖြစ်စေ၊ အဖျားဖက်ကဖြစ်စေ ပို၍ ကျယ်ပြန့်ကာ ကားနေသည်။ အမြဲတစေ လှုပ်ရှားထကြွခြင်း၊ အသစ်အဆန်း တီထွင်လိုခြင်း၊ ခွန်အားဗလ ကြီးခြင်း၊ လွတ်လပ်မှုကို ကြိုက်နှစ်သက်ခြင်းကို ပြသည်။ အင်ဂျင်နီယာကြီးများ၊ ကမ္ဘာလှည့်သူများ၊ အသစ်အဆန်း ပညာရပ်များကို တီထွင်သူများပင် ဖြစ်သည်။ မည်သည့် အလုပ် လုပ်စေကာမူ ရှေးစံနစ်များကို ချိုးဖျက်၍ အသစ်အဆန်း စတင်တီထွင်သူ ဖြစ်လာသည်။

(၄) ပညာရှာဖွေသူ၏ လက်ပုံမှာ လက်ဝါးသည် ရှည်လျား၏။ လက်ချောင်းများသည် ရှည်လျား၍ အဆစ်များတွင် အရိုးများ ကြီးကား ထွက်နေသည့်ပြင် လက်သည်းများမှာ ရှည်လျားသည်။ လောကီ စည်းစိမ်ဥစ္စာထက် ပညာရပ်များကိုသာ နက်နဲစွာ ရှာဖွေလိုက်စားသူ ဖြစ်သည်။ စီးပွားရေးသမား မဟုတ်ချေ။ ရှေးဟောင်းကမ္ဘည်း ကျောက်စာ ရှာဖွေသူများ၊ သဘာဝတ္တဗေဒ (ဒဿနိကဗေဒ) ပါမောက္ခများ၊ တက္ကသိုလ်ရှိ ပါမောက္ခကြီးများ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ စသည်တွင် ထူးချွန်သူများ၊ စာကြီးပေကြီးများကို ရေးသားသူများတွင် တွေ့ရသည်။ သူတော်ကောင်း ရဟန်းတို့၏ လက်ပုံမျိုးပင် ဖြစ်သည်။

(၅) အရင်းတုတ်၍ အဖျားဖက် ချွန်သွားသော လက်ပုံမျိုးမှာ လက်ချောင်းကလေးများသည် အရင်းပိုင်းတွင် ပြည့်ဖြိုးတုတ်ဝလျက် လက်ဖျားအထိ သေးသွယ်သွားသည်။ လက်ဝါးသည် ပြည့်ဖြိုး၍ နူးညံ့သည်။ အပေါင်းအသင်း များသည်၊ စိတ်မြန်သည်၊ ကြေလွယ်သည်။ စိတ်တွင် ရုတ်တရက် ပေါ်သလို ပြုမူတတ်သည်။ စားသောက်ပွဲ၊ ကပွဲများကို နှစ်သက်သည်။ ပန်းချီ၊ တူရိယာ စသောပညာများကို အထူးပင် ကြိုက်နှစ်သက်သည်။ သို့ရာတွင် ဇွဲမရှိတတ်ချေ။ အပြောကောင်းသည်။ လူချစ်လူခင်ပေါသည်။ အများနှင့်သက်ဆိုင်သည့် နာမည်ကျော် အလုပ်အကိုင်များတွင် လုပ်ကိုင်ရသူ ဖြစ်သည်။

(၆) စိတ်ကူးယဉ်သူ၏ လက်ပုံမှာ လက်ချောင်းကလေးများသည် သေးသွယ် ရှည်လျား ချောမွတ်နေ၏။ လက်ဖျားကလေးများ ချွန်၍ လက်သည်းမှာလည်း ရှည်လျားလျက် အရင်းအဖျားဖက်တွင် ဝိုင်းချွန်နေသည်။ အလွန်လှပသည့် လက်ဖြစ်၏။ သို့ရာတွင် လောကီအလုပ်များနှင့် မသင့်တော်။ စိတ်ကူးယဉ်နေသူများသာ ဖြစ်သည်။ စိတ်သဘော နူးညံ့သိမ်မွေ့၍ သည်းခံတတ်သည်။ သူတပါးကို ယုံလွယ်သည်။ ထိုကြောင့် သူတပါး၏ အလိမ်ကို ခံရ၍ ပျက်စီးတတ်လေသည်။ အယူဝါဒတွင် အထူး ယုံကြည်၍



www.burmeseclassic.com

www.burmeseclassic.com



ကံကို ယိုးမယ်ဖွဲ့လျက် စိတ်ကူးယဉ်တတ်သဖြင့် လောကီကြီးပွားရေးတွင် တိုးတက်ပြိုင်ဆိုင် လုပ်ကိုင်လိုစိတ် မရှိချေ။ မှော်အတတ်၊ နတ်ဝင်သည်၊ မျက်လှည့် စသောပညာများကို စွဲလမ်းတတ်သူ ဖြစ်သည်။ များသောအားဖြင့် မိန်းမများတွင် တွေ့ရသည်။ လူ့ဘောင်ကို ပယ်ခွာကာ သူတော်သူမြတ်လုပ်၍ ဖြစ်စေ၊ လူကိစ္စကို ပယ်ခွာ၍ ဖြစ်စေ လူ့ဘဝကို စွန့်ခွာတတ်သူများ ဖြစ်သည်။ ယခုခေတ်တွင် ဤလက်မျိုး ရှားပါးလှပေသည်၊ အနီးစပ်ဆုံးတူသည့် လက်များသာ တွေ့ရသည်။

(၇) ရောနှောနေသောလက်မှာ အထက်ပါ လက်မျိုးအားလုံး ရောစပ်နေသည့် လက်ပုံပင် ဖြစ်သည်။ လက်တချောင်းသည် အဖျားချွန်၍ တချောင်းမှာ အဖျားတုတ်လျက် ပြုတ်ကျည်ပွေ့ပုံ စသည်ဖြင့် မတူကွဲပြားနေသည့် လက်ပင် ဖြစ်သည်။ အစစအရာရာ တတ်မြောက်သူ ဖြစ်သော်လည်း အလုပ်အကိုင် မကြာခဏ ပြောင်းလဲတတ်သဖြင့် ပျက်စီးတတ်သည်။ လူ့ဘဝ၏ ဆင်းရဲ ချမ်းသာကို ဂရုမစိုက်တတ်ချေ။ ဖြစ်သလို နေတတ်သော သူမျိုးပင် ဖြစ်သည်။ မည်သည့်အလုပ် မည်သည့်အခြေတွင် လုပ်ကိုင်နေထိုင်ရစေကာမူ အလွယ်တကူပင် နေနိုင်သူပင် ဖြစ်သည်။

ဤသို့လျှင် လက်ခုနစ်မျိုး ခွဲခြားထားစေကာမူ လက်ဝါးသည် လေးထောင့်ဖြစ်၍ လက်ချောင်းသည် ပညာရှာသူလက်ချောင်း၊ သို့မဟုတ် လှပသည့် လက်ချောင်းများဖြစ်နေမူ အဓိပ္ပါယ်တမျိုး ပြောင်းသွားလေသည်။ ထိုပြင် လက်ဝါးတွင် ရှိသည့် လက်အမှတ်ကြောင်းများနှင့် ပေါင်းစပ်ယူမှသာ အမှန်ကို ရနိုင်ပေသည်။

## ဒုတိယပိုင်း

**လက်အမှတ်ကြောင်းဖတ်နည်း။** ။လက်ဝါးပြင်ရှိ လက်အမှတ်ကြောင်းများမှာ လက်ပုံစံ အနေအထားထက်ပင် နက်နဲ ကျယ်ဝန်းလှသည်။ လက်အမှတ်ကြောင်းတိုင်း၏ စပုံ၊ ဆုံးပုံ၊ ကွေ့ကောက်ပုံ၊ လမ်းကြောင်း ခွဲသွားပုံ စသည်ဖြင့် အထူးပင် အဓိပ္ပါယ်ကျယ်ဝန်းလှပေသည်။

အရေး အကြီးဆုံး လက်အမှတ်ကြောင်းများမှာ —

(၁) အသက်နှင့်ဆိုင်သည့် လမ်းကြောင်း၊ အာယုလေခါ၊
(၂) ဉာဏ် ပညာနှင့် ဆိုင်သည့် လမ်းကြောင်း၊ ဉာဏလေခါ၊
(၃) နှလုံးသားမေတ္တာနှင့် ဆိုင်သော လမ်းကြောင်း၊ ဟာဒယ လေခါ၊
(၄) ကံကြမ္မာနှင့် ဆိုင်သော လမ်းကြောင်း၊ ကမ္မလေခါ၊
(၅) အောင်မြင်ကြီးပွား ထွန်းကားခြင်းနှင့် ဆိုင်သော လမ်းကြောင်း၊ ဇေယျ လေခါ၊
(၆) အနာရောဂါကို ပြသော လမ်းကြောင်း၊ ရောဂလေခါ၊
(၇) လက်ထပ် ထိမ်းမြားခြင်းကို ပြသော လမ်းကြောင်း၊ ဝိဝါဟ လေခ တို့ပင် ဖြစ်သည်။

(၁) အာယု လေခသည် လက်ညှိုး၏ အောက်နားမှ လက်မရင်းကို ပတ်ဝိုင်း၍ လက်ဝါး အောက်ပိုင်းဆီသို့ ဆင်းသွားသော လမ်းကြောင်းပင် ဖြစ်သည်။ လူ့ဘဝ၏ အခြေအနေ သဘောထားနှင့် ကိုယ်ခန္ဓာ၏ သန်စွမ်းခြင်း၊ အားနည်းခြင်း၊ အသက်တိုခြင်း ရှည်ခြင်းကို ပြသည်။ သာမန်အားဖြင့် လူ၏ သက်တမ်းကိုပြသည်။ သို့ရာတွင် အခြား လမ်းကြောင်းများကြောင့်လည်း သေတတ်ပေသေးသည်။

(၂) ဉာဏလေခမှာ လက်ညှိုးနှင့် လက်ခလယ်ကြားမှ လက်ဝါးကို ကန့်လန့်ဖြတ်၍ လက်ဖဝါး၏ အလယ်တွင် ဘေးဖက်ဆီသို့ သွားသော လမ်းကြောင်းပင် ဖြစ်သည်။ လူတဦး၏ ပညာ၊ စိတ်ကူးဉာဏ်၊ စိတ်နေ သဘောထား၊ အကျင့်စာရိတ္တ၊ လူ့ဘဝ၏ ရည်ရွယ်ချက်ကို ပြသည်။ အရေးအကြီးဆုံး လက်အမှတ်ကြောင်းပင် ဖြစ်သည်။ ထိုသူ ဦးနှောက်၏ အသုံးချမည့် လုပ်ငန်းနှင့် အဆင့်အတန်းကို သေချာစွာ ပြလျက်ရှိသည်။ ဦးနှောက်နှင့်ဆိုင်သည့် တိုးတက်မှု ထိခိုက်မှုကို ပြသည်။

(၃) ဟာဒယလေခမှာ လက်ညှိုးနှင့် လက်ခလယ်ကြားမှ လက်ချောင်းများ အနီးဆုံးနေရာတွင် လက်ဝါး၏ ဘေးဖက်သို့သွားသော လမ်းကြောင်းပင် ဖြစ်သည်။ ထိုလမ်းကြောင်းသည် ကာမဂုဏ် တဏှာရာဂနှင့် မစပ်လျဉ်းသည့် သန့်ရှင်းသော ချစ်မေတ္တာ စိတ်ထား၏ အနည်းအများ၊ သစ္စာရှိ မရှိ၊ လူချစ် လူခင် ပေါ မပေါကို ပြသည်။ နှလုံးနှင့် ဆိုင်သော ရောဂါအကြောင်းကိုလည်း ပြသည်။

(၄) ကမ္မလေခမှာ လက်ကောက်ဝတ်ဆီမှ လက်ဝါး အလယ်တွင် စတင်၍ အထက်ဖက် လက်ခလယ်ဆီသို့ တက်သွားသော လမ်းကြောင်းပင်ဖြစ်သည်။ လူတယောက်၏ စီးပွားရေး၊ စစ်ပွဲတွင် အောင်မြင်မှု၊ ဆုံးရှုံးမှု၊ ကံကောင်းမှု၊ ကံဆိုးမှုများနှင့် ငါတည်းဟူသော စိတ်ဖြင့် ကြိုးစားလုပ်ကိုင်လျက် အရာရာ တိုးတက်မှုကို ကြိုးစား လေ့ရှိသော လက်အမှတ်ကြောင်းပင်ဖြစ်သည်။ ထိုအမှတ် ပါရှိမှဖြင့်ကား ချမ်းသာသူ တထစ်ချ မဖြစ်နိုင်ချေ။

(၅) ဇေယျလေခမှာ လက်သူကြွယ်ဆီသို့ လက်ဝါးပြင်မှ တက်သွားသော လမ်းကြောင်းပင်ဖြစ်သည်။ တချို့မှာ လက်ဝါးအရင်းက စ၍တက်သည်။ တချို့မှာ လက်ဝါးအလယ်လောက်မှ ပေါ်လာ၍ လက်သူကြွယ်ဆီသို့တက်သွားသည်။ တချို့မှာ ကမ္မလေခ၊ ဟာဒယလေခမှ ပေါ်ထွက်လာလျက် လက်သူကြွယ်ဆီသို့ တက်သွားသည်။ ထင်ပေါ်ကျော်စောခြင်း၊ ငွေကြေးချမ်းသာခြင်း၊ ရာထူးဂုဏ်ဒြပ်နှင့် ပြည့်စုံခြင်းကိုပြသည်။ အချုပ်အားဖြင့် မိမိရည်ရွယ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒအတိုင်း အကျိုးပေးခြင်းကိုပြသည်။ ဤဇေယျလေခါပါခဲ့လျှင် အောက်တန်းစား တောသားပင်ဖြစ်စေ တနေ့တွင် ကြီးပွား ထွန်းကားလာရမည် မုချပင်ဖြစ်သည်။

(၆) ရောဂ လေခမှာ လက်ဝါးအရင်းဖက်သို့ လက်သန်းဆီမှ ဆင်းသက် သွားသော လမ်းကြောင်းပင် ဖြစ်သည်။ အနာရောဂါမျိုးအကြောင်းကိုပြ၍ စိတ်တွင် ခံစားတွေ့ကြုံရသော အာရုံကြောများ အကြောင်းကိုပါပြသည်။ လူတယောက်၏ ကျန်းမာရေးနှင့် စိတ်လှုပ်ရှားမှု အတိုင်းတိုးတက် ထင်ရှားလာခြင်း၊ ပျောက်ကွယ်သွားခြင်းစသည်ဖြင့် လျင်မြန်စွာ ပြောင်းလဲတတ်ဆုံးသော လက်အမှတ်ကြောင်းပင်ဖြစ်သည်။

(၇) ဝိဝါဟ လေခမှာ လက်သန်းရင်းနှင့် ဟဒယလေခ စပ်ကြားတွင် လက်ဖနောင့်ဖက်သို့ ထင်နေသည့် လမ်းကြောင်းတိုများ ဖြစ်သည်။ ထိုလမ်းကြောင်းများရှိသည့်အချိန်ကာလတွင် လက်မထပ် စေကာမူ လက်ထပ်လောက်အောင် အချစ်ကိစ္စ၊ အိမ်ထောင်ရေးကိစ္စများ ပေါ်ပေါက်ခြင်းကိုပြသည်။ အထင်ရှားဆုံး၊ အရှည်လျားဆုံး လမ်းကြောင်းသာလျှင် အိမ်ထောင်ပြုသည့်လမ်းကြောင်း ဖြစ်သည်။ အိမ်ထောင်ရေးတွင် ဤလမ်းကြောင်း အပြင် အခြားများစွာသော လမ်းကြောင်း များကိုပါ ထည့် သွင်းတွက်ချက်ယူရသည်။

ဤကဲ့သို့ အရေးကြီးလှသော လမ်းကြောင်းကြီးများအပြင် ဒုတိယ အရေးကြီးသော လမ်းကြောင်း များမှာ (၁) အသက်ရှည်ရန် အထောက်အပံ့ပေးသော အာယုလေခကလေး၊ (၂) အလွန်အမင်း ချစ်ခင်တတ်၍ အနုပညာကို စိတ်ဝင်စားသော သောကြာခါးစီးလမ်းကြောင်း၊ (၃) သူတပါးအား သတ်ဖြတ်လိုခြင်း၊မိမိကိုယ်တိုင် သတ်သေလိုခြင်း၊ မိုက်မဲခြင်းများကို ပြသော စနေကွင်း လမ်းကြောင်း၊ (၄) ကျန်းမာရေး အားကောင်း မကောင်းပြသော လက်ကောက်ဝတ်နေရာရှိ လက်ကောက်ပုံလက်အမှတ်တန်း သုံးကြောင်း၊ (၅) အာရုံငါးပါးကို လိုက်စားခုံမင်ကြောင်းကို ပြသော ကာမဂုဏ် လမ်းကြောင်း၊ (၆)တစုံတခု ဖြစ်မည့်ကိစ္စ မှန်သမျှကို စိတ်တွင် ကြိုတင်သိမြင်တတ်၍ နတ်မျက်စိ၊ နတ်နား ရဘိသကဲ့သို့ အမှန်ကိုကြိုတင် ထင်မြင်တတ်သော နိမိတ်ပြလမ်းကြောင်း၊ (၇) နက်နဲခက်ခဲသော စိတ်ပညာ၊ လက္ခဏာဗေဒင်၊ မှော်အတတ်၊ အဘိဓမ္မာစသည့် စိန္တာမယပညာများကို လေ့လာ လိုက်စားလိုစိတ်ကိုပြသော စိန္တာမယ ကြက်ခြေ၊ (၈) နက်နဲခက်ခဲသော စိတ်ပညာ၊ မှော်အတတ်၊ လက္ခဏာဗေဒင်စသည်များကို တကယ်ပင်လေ့လာပြီးနောက် ထူးခြားစွာ တတ်မြောက်နိုင်သည့် စိန္တာမယ ဂုရုလမ်းကြောင်းများပင် ဖြစ်ပေသည်။

ဤသည်တို့အပြင် သေးငယ် သော်လည်း အဆိုး အကောင်းကို ပေးနိုင်သော လက်အမှတ်အသားများ ရှိသေးသည်။ ယင်းတို့မှာ သားသမီးနှင့်ဆိုင်သော လက်အမှတ်၊ ကြယ်သင်္ကေတန်၊ လေးထောင့်သင်္ကေတန်၊ ကျွန်းသင်္ကေတန်၊ စက်ဝိုင်းသင်္ကေတန်၊ မှိန်းသင်္ကေတန်၊ သံဆန်ကာအကွက်သင်္ကေတန်၊ ကြက်ခြေ သင်္ကေတန်၊ နိုင်ငံခြား ခရီးသွားရတတ်သည့် လက်အမှတ်၊ထိခိုက်ရှနာတတ်သည့် လက်အမှတ် စသည်ဖြင့် များစွာပင် ရှိသေးသည်။

အထက်ပါ လက်အမှတ်များကဲ့သို့ပင် အရေးပါသော အခြား လက်အမှတ်များ ရှိသေးသည်။ ယင်းတို့မှာ လက်ဝါးပြင်ရှိ ဂြိုဟ်ခုံများဖြစ်သည်။ လက်ဝါးပြင်ကို ကြည့်က အချို့နေရာများ ဖောင်းကြွတက်နေသော မို့မောက်သည့် နေရာ ချားကို တွေ့ရလိမ့်မည်။ လက်အမှတ်ပညာသည် ဗေဒင်ပညာမှ ပေါက်ဖွားလာသည့်အတိုင်း ဤမို့မောက်နေသည့် နေရာများကို တနင်္ဂနွေမှ စနေအထိ ဂြိုဟ်တို့အုပ်စိုးရာနေရာဟု အသိအမှတ်ပြု၍ ထိုဂြိုဟ်တို့အစိုးရရာ ဂြိုဟ်ခုံများဟု ခေါ်ဆို ပိုင်းခြားထားလေသည်။

(၁) လက်ညှိုးရင်း အောက်ခြေတွင် ကြာသပတေးဂြိုဟ်ခုံရှိသည်။ ထိုနေရာ မြင့်မောက်၍ အားကောင်းလျှင် သြဇာအာဏာ အလိုရှိခြင်း၊ ခေါင်းဆောင်နိုင်ခြင်း၊ ကြီးမြင့် ထင်ပေါ် လိုခြင်းကို ပြသည်။ ထိုနေရာ နိမ့်ခွက်၍ အားမရှိလျှင် အထက်ပါကောင်းကျိုးများ၏ ဆန့်ကျင်ဖက်ပင်ဖြစ်သည်။ ကြီးမြင့် ထင်ပေါ် လိုခြင်း မရှိ၊ ရှေ့သွားခေါင်းဆောင် မလုပ်လိုသည့် အောက်ကျစိတ်မျိုးရှိသည်။

(၂) စနေဂြိုဟ်ခုံမှာ လက်ခလယ်၏ အောက်ခြေရှိ ဖောင်းကြွနေသော နေရာပင် ဖြစ်သည်။ ထိုစနေဂြိုဟ်ခုံ ဖောင်းကြွကြီးမား၍ အားရှိနေလျှင် တကိုယ်တည်း နေလိုခြင်း၊ တိတ်ဆိတ်စွာနေတတ်ခြင်း၊ သတိရှိခြင်း၊ အလုပ်တွင်စိတ်အားထက်သန်စွာ လုပ်တတ်ခြင်း၊ အယူဝါဒဆိုင်ရာကဗျာ လင်္ကာများကို နှစ်သက်ခြင်းများ ရှိကြောင်းပြသည်။ အားမရှိ နိမ့်ခွက်နေလျှင် ဆန့်ကျင်ဖက် အဓိပ္ပါယ်ယူရသည်။

(၃) တနင်္ဂနွေဂြိုဟ်ခုံမှာ လက်သူကြွယ်၏ အောက်ခြေရှိ ဖောင်းကြွနေသော နေရာပင်ဖြစ်သည်။ ထိုဂြိုဟ်ခုံအားရှိလျှင် လှပသောအရာဟူသမျှကို ကြိုက်နှစ်သက်ခြင်း၊ ပန်းချီ၊ ပန်းပု၊ အနုပညာစာပေ စသည်တို့ကို မြတ်နိုးခြင်း၊ စိတ်သဘောထားကြီး၍ ပျော်ပျော်နေတတ်ခြင်း၊ ချစ်ခင်သူ မိတ်ဆွေပေါများ၍ ကြွယ်ဝ ချမ်းသာခြင်းကို ပြသည်။ အားမရှိ၍ ခွက်နေလျှင် ဆန့်ကျင်ဖက်အဓိပ္ပါယ်ယူရသည်။

(၄) ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ လက်သန်း၏ အောက်ခြေရှိ ဖောင်းကြွနေသော နေရာပင်ဖြစ်သည်။ ထိုဂြိုဟ်ခုံ အားရှိလျှင် ဖြတ်ထိုးဉာဏ်ကောင်းခြင်း၊ စကားပြော ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ သိပ္ပံပညာ၊ ကုန်သွယ်ရေး ရောင်းဝယ်ရေး စ သည့် တွင် အောင်မြင်ထွန်းကားနိုင်ခြင်း စသည်ကိုပြသည်။ ထိုဂြိုဟ်ခုံ အားရှိသော်လည်း အခြားလက္ခဏာများက အကျင့် စာရိတ္တ မကောင်းကြောင်းပြလျှင် လူလိမ်၊ သူခိုး၊ ခါးပိုက်နှိုက် ဖြစ်တတ်သည်။

(၅) သောကြာဂြိုဟ်ခုံမှာ လက်မ၏ တတိယအဆစ် နေရာပင်ဖြစ်သည်။ အလွန်အမင်း မြင့်မောက်ခြင်း မရှိဘဲ သင့်တင့်ရုံ မြင့်မောက်ပါက ချစ်ခင်တတ်ခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း၊ စိတ်ထားကောင်းမြတ်ခြင်း၊ အလှအပ နှင့် တူရိယာကို နှစ်သက်မြတ်နိုးခြင်း၊ ချစ်ခင်သူ ပေါခြင်း ကိုပြသည်။ အလွန်အမင်း အားကြီး မြင့်မောက်နေက တဏှာစိတ်ဖြင့် ပြင်းထန်စွာ စွဲလမ်း ချစ်ခင်ခြင်းကိုပြသည်။ ထိုဂြိုဟ်ခုံ အားနည်းက ဆန့်ကျင်ဖက် အဓိပ္ပါယ်ယူရသည်။

(၆) တနင်းလာဂြိုဟ်ခုံမှာ လက်ဖနောင့်ဖက်နှင့် လက် ကောက်ဝတ်ဆုံရာ လက်ဝါးထောင့်ပင်ဖြစ်သည်။ လက်ဖဝါးအောက်ပိုင်းတွင် သောကြာဂြိုဟ်ခုံနှင့် ယှဉ်လျက်ရှိသည်။ ထိုဂြိုဟ်ခုံ မြင့်မောက်အားရှိလျှင် ယဉ်ကျေး သိမ်မွေ့ခြင်း၊ ရှုမျှော်ခင်းများကို နှစ်သက်ခြင်း၊ စိတ်ကူးနှင့် လွှမ်းတတ်ခြင်း၊ စိတ်ကူးကောင်းခြင်း၊ စိတ်ကူးဖြင့် ရေးထားသော ပုံပြင် ကဗျာလင်္ကာများကို နှစ်သက်ခြင်း၊ ခရီး သွားလိုခြင်းများကိုပြသည်။ ထိုဂြိုဟ်ခုံ အားမရှိလျှင် ဆန့်ကျင်ဖက် အဓိပ္ပါယ်ယူရသည်။

(၇) အင်္ဂါဂြိုဟ်ခုံမှာ လကျ်ာလက်ဝဲ နှစ်မျိုးရှိသည်။ (က) လကျ်ာ အင်္ဂါဂြိုဟ်ခုံသည် လက်ညှိုးနှင့်လက်မကြား တွင် ကြာသပတေး ဂြိုဟ်ခုံအောက်၌ ရှိသည်။ ထိုဂြိုဟ်ခုံ အားရှိလျှင် သတ္တိကောင်းခြင်း၊ တိုက်ခိုက်လိုသော စိတ်ရှိခြင်း၊ အစစအရာရာ ခပ်ကြမ်းကြမ်းဖြင့် အောင်မြင်အောင် ပြုလုပ်လေ့ရှိသည်။ အလွန်မြင့်မောက်၍ မာနေက ရန်လိုခြင်း၊ ဒေါသကြီးခြင်းကို ပြသည်။ အား မ ရှိ ပါက ဆန့်ကျင်ဖက် အဓိပ္ပါယ်ယူရသည်။


(ခ) လက်ဝဲအင်္ဂါဂြိုဟ်ခုံမှာ လက်ဖနောင့်ဖက်အလယ် တွင် ဗုဒ္ဓဟူးနှင့် တနင်းလာဂြိုဟ်ခုံတို့ စပ်ကြား၌ ရှိသည်။ မြင့်မောက် အားရှိလျှင် စိတ် ကို နိုင် နင်း ခြင်း၊ သမာဓိ ရှိခြင်း၊ ခံနိုင်ရည် ဇွဲကောင်းခြင်း၊ မတရားမှုများ သွေးဆောင်ခြင်းကို တားဆီးနေနိုင်ခြင်း စသည်တို့ကို ပြသည်။ အကယ်၍ အားမရှိက ဆန့်ကျင်ဖက် အဓိပ္ပါယ်ယူရသည်။

ထိုဂြိုဟ်ခုံများမှာ နိမ့်လျက် အားရှိပုံ မရသော်လည်း ဂြိုဟ်ခုံများကို ဖြတ်၍ အထက်သို့ တက်သော လမ်းကြောင်း များရှိပါက အားရှိသည်ဟု ယူဆရသည်။

လက်အမှတ်ဖတ်ရာတွင် လက် အမှတ် လမ်းကြောင်း များ၊ လက်ဝါး၏ အပျော့အမာ၊ အရောင်အဆင်း၊ လက် ဝါးပုံ၊ လက်ချောင်းပုံ၊ ဂြိုဟ်ခုံ၊ လက်သည်းများ စသည်ကို ပေါင်းစပ်ယူမှသာ မှန်ကန်နိုင်ပေသည်။ တခုတည်းကြည့်၍ မည်သည့်အခါမျှ မဆုံးဖြတ်ရ။ အစစ နှိုင်းဆပြီးမှသာအမှန် ကိုရနိုင်သည်ဟု ဆိုလေသည်။

**လိုက်ပဆစ်မြို့။** ။လိုက်ပဆစ်မြို့သည် ဂျာမနီနိုင်ငံ အရှေ့ဖက် အလယ်ပိုင်း၊ ယခင် ပရပ်ရှင်းနယ်ဖြစ်သော ဆက်ဆွန်နီနယ်၏ အရှေ့မြောက်ဖက်တွင် တည်ရှိသော မြို့တမြို့ ဖြစ်သည်။ ယခုအခါ အရှေ့ဂျာမနီ(ဂျာမန် ဒီမိုကရက်တစ် သမတနိုင်ငံ)တွင် ပါဝင်သည်။ အရှေ့အနောက်ကုန်သွယ် ရေး လမ်းဆုံလမ်းခွတွင် တည်ရှိသောကြောင့် ဥရောပအ လယ်ခေတ်မှစ၍ စည်ပင်ဝပြောကာ အချက်အခြာဌာန ဖြစ်၏။ ကမ္ဘာ့ ကုန်စည်ပွဲဈေးများ ခင်းကျင်းရာ၌ ထင်ရှားသောဌာနတခုဖြစ်၍ ယခုတိုင် လိုက်ပဆစ်ပွဲဈေးများ မှာ ကျော်ကြားလျက်ပင် ရှိလေသည်။ ဤမျှမက ဥရောပ တိုက်တွင် စာပေနှင့် ဂီတအနုပညာများ ထွန်းကားရာ ဒေသလည်းဖြစ်သောကြောင့် လိုက်ပဆစ်မြို့သည် ဂျာမနီ နိုင်ငံတွင် အရေးပါသော မြို့တမြို့ဖြစ်၏။

လိုက်ပဆစ်မြို့သည် အယ်လစတာ၊ ပလိနှင့်ပါသီ မြစ် များ ဆုံရာတွင် တည်ရှိသည့်အပြင် မီးရထားလမ်းများဆုံ ရာနေရာလည်းဖြစ်သည်။ ဘာလင်မြို့၏ အနောက်တောင် ဖက် မိုင် ၁၀၀ ခန့်အကွာတွင် တည်ရှိသည်။ မြို့၏အတွင်း ပိုင်း၌ လမ်းများ ကျဉ်းမြောင်း၍ လူနေအိမ်ခြေ ပြည့်ကျပ် သည်။ အိမ်များမှာ ခေါင်မြင့်သော အိမ်များဖြစ်သည်။





လိုက်ပဆစ်မြို့ရှိ ဂီတစာဆိုကျော် ဗာခ်၏ကျောက်ရုပ်



www.burmeseclassic.com

www.burmeseclassic.com





လိုက်ပဆစ်မြို့သည် ဥရောပ အလယ်ခေတ်မှ စ၍ ကမ္ဘာ့ကုန်စည်ပွဲဈေးများ ခင်းကျင်းရာ၌ ထင်ရှားသော ဌာနတခုဖြစ်ခဲ့ရာ ယနေ့တိုင်ကျော်ကြားလျက် ရှိသည်။

လိုက်ပဆစ်မြို့ရှိ ဘုရားရှိခိုးကျောင်းများမှာ အလယ်ခေတ်က ဆောက်လုပ်ခဲ့သော အဆောက်အအုံများ ဖြစ်သည်။ မြို့အလယ်တွင် ပွဲဈေးများကျင်းပရာ လေးထောင့်ကွက်လပ်ရှိသည်။ လိုက်ပဆစ်မြို့ နေရာဟောင်းနှင့် ဆင့်ခြေဖုံးနေရာသစ်တို့မှာ ကျယ်ပြန့်သော လမ်းမကြီးတခုဖြင့် ခြားလျက်ရှိသည်။ မြို့နေရာသစ်တွင်ရှိသည့် ခေတ်မီအဆောက်အအုံများတွင် လူပေါင်းမြောက်မြားစွာ နေထိုင်ကြသည်။ လိုက်ပဆစ်မြို့ ဝန်းကျင်ရှိ ဆင်ခြေဖုံးရပ်ကွက်တွင် စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်သဖြင့် စည်ကားသည်။

လိုက်ပဆစ်မြို့သည် အရောင်းအဝယ် ဖွံ့ဖြိုးသောဒေသဖြစ်သည်။ ဥရောပ အလယ်ခေတ်က လိုက်ပဆစ်မြို့သူ မြို့သားတို့သည် တနှစ်တွင် တချိန်သတ်မှတ်၍ အရောင်း အဝယ်ပြုကြသည်။ ဤသည်မှစ၍ ကုန်စည်ပွဲဈေးများကို အစပြုကျင်းပခဲ့ရာ ကမ္ဘာတွင်ထင်ရှားပေသည်။ လိုက်ပဆစ်မြို့သည် သားမွေးလုပ်ငန်း၏ အချက်အခြာ ဌာနလည်းဖြစ်သည်။ အခြားလုပ်ငန်းများမှာ စက်မှုလက်မှုလုပ်ငန်း၊ သစ်ပန်းပုလုပ်ငန်း၊ စက္ကူ လုပ်ငန်း၊ သိပ္ပံပညာဆိုင်ရာ တန်ဆာပလာများလုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေခြင်းနှင့် စာအုပ်လုပ်ငန်းတို့ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေခြင်းနှင့် စာအုပ်လုပ်ငန်းကြောင့်လည်း လိုက်ပဆစ်မြို့သည် ထင်ရှားပေသည်။ တချိန်က လိုက်ပဆစ်မြို့မှ သတင်းစာနှင့် မဂ္ဂဇင်းပေါင်း ၂၇၀ မျှထုတ်ဝေခဲ့ပေသည်။ ပတ်ဝန်းကျင်တွင် ကျောက်မီးသွေးတွင်းများ ရှိခြင်းကြောင့် ဤကဲ့သို့ စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားခြင်းဖြစ်၏။ ၁၉၄၃–၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်းကတကြိမ်၊ ထိုနောက် စစ်ပြီးကာလ၌ ဂျာမနီကို အရှေ့အနောက် ခွဲရာတွင်တကြိမ် အဆိုပါ စက်မှုလက်မှုလုပ်ငန်းရပ်ကွက်များ နစ်နာပျက်စီးခဲ့ရသည်။

လိုက်ပဆစ်မြို့သည် ဂီတနှင့်စာပေ အနုပညာဆိုင်ရာ ကျောင်းများ၊ အနုပညာ ခန်းမဆောင်များ၊ ပြတိုက်များ စုဝေးရာနေရာဖြစ်သည်။ လိုက်ပဆစ်တက္ကသိုလ်မှာ ခရစ် ၁၄၀၉ ခုနှစ်ကတည်ထောင်သော တက္ကသိုလ်ဖြစ်၍ ဒုတိယကမ္ဘာစစ်ကြီး ပြီးသည့်နောက်တွင် ယင်းတက္ကသိုလ်ကို ကားလမတ်တက္ကသိုလ်ဟု ကွန်မြူနစ်တို့က အမည်ပြောင်းလိုက်သည်။ လိုက်ပဆစ်မြို့သည် အနုပညာရှင်များ ပေါက်ဖွားရာ၊ နေထိုင်ရာ ဒေသလည်းဖြစ်သည်။ ယိုဟာန်း ဆီဗတ်စတီယန်ဗာခ်၊ ရောဗတ် ရှူးမန်း၊ဖေးလစ် မင်ဒယ်ဇုန်စသည့်ပုဂ္ဂိုလ်ကျော်များ နေထိုင်ရာအရပ်ဖြစ်၍ ဂီတစာဆိုရှင် ရစ်ချတ်ဗားဂနားနှင့် ဒဿနိကဗေဒပညာရှင် လိုက်ဗနစ်တို့၏ ဇာတိ

www.burmeseclassic.com



ချက်မြုပ်ရာဒေသဖြစ်သည်။ လိုက်ပဆစ်မြို့တွင် စာကြည့်တိုက်ကောင်းများ၊ ဂျာမန်၊ ဒပ်ချပန်းချီကားများရှိသော ပြတိုက်များ ရှိသည်။ ရှေးအခါကမူ လိုက်ပဆစ်မြို့သည် ဂျာမနီနိုင်ငံ တရားလွှတ်တော်ချုပ် တည်ရှိရာဌာန ဖြစ်ခဲ့သည်။

လိုက်ပဆစ်မြို့ကို ၁၁၀၀ ပြည့်နှစ်ကတည်ထောင်ခဲ့သည်။ ၁၆၀၀ ပြည့်နှစ်တွင် ဖြစ်ပွားသော အယူဝါဒရေးစစ်ပွဲများအတွင်းက လိုက်ပဆစ်မြို့သည် စစ်တလင်း ဖြစ်ခဲ့သည်။ ၁၆၃၁ ခုနှစ်က ပဌမဆုံး လိုက်ပဆစ်တိုက်ပွဲ ဖြစ်ပွားခဲ့ရာ ထိုတိုက်ပွဲတွင် ဂပ်စတားဗတ် အဒေါဖတ် ခေါင်းဆောင်သော ဆွီတပ်များသည် ဂျာမန်တပ်များအပေါ် အနိုင်ရလိုက်သည်။ ၁၆၄၂ ခုနှစ်တွင် ထပ်မံဖြစ်ပွားသော စစ်ပွဲ၌လည်း ဆွီတပ်များကပင် အနိုင်ရပြန်သည်။ တတိယ တိုက်ပွဲမှာ ၁၈၁၃ ခုနှစ်တွင် ဖြစ်ပွားလျက် နပိုလီယန်၏စစ်ပွဲအတွင်းက ဖြစ်သည်။ ဤတိုက်ပွဲတွင် ပရပ်ရှား၊ရုရှ၊သြစတြီးယားနှင့် ဆွီဒင်တို့၏ တပ်ပေါင်းစုက ပြင်သစ်တပ်များကို အနိုင်ရလိုက်ပေသည်။

ပဌမကမ္ဘာစစ် ပြီးဆုံးသည့်နောက် လိုက်ပဆစ်တွင် ဆိုဗီယက် သမတနိုင်ငံတခု တည်ထောင်သည်။ သို့သော် အစိုးရတပ်များက လျင်မြန်စွာပင် ဖြိုခွင်းလိုက်သည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက လိုက်ပဆစ်မြို့သည် ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ရသည်။ စစ်ကြီးအပြီးတွင် လိုက်ပဆစ်မြို့သည် ဆိုဗီယက်သိမ်းပိုက်သော အပိုင်းတွင် ပါဝင်သွားသည်။

လိုက်ပဆစ်မြို့တွင် လူဦးရေ ၅၉၅, ၇၁၂ (၁၉၆၈) ယောက်ခန့်ရှိသည်။

**လိုက်ဗီးရီးယားနိုင်ငံ။** ။လိုက်ဗီးရီးယား နိုင်ငံသည် အာဖရိကတိုက်၏ အနောက်ဖက်ကမ်းခြေတွင် တည်ရှိသော သမတနိုင်ငံတခုဖြစ်၍ ရှေးအခါကတည်းက လွတ်လပ်သော နိုင်ငံဖြစ်၏။ အနောက်ဖက်ကမ်းခြေရှိ ပါလမစ်အငူမှသည် မန်ရိုမြစ်အထိ ၃၂၅ မိုင်မျှ ကျယ်ပြန့်သည်။ လိုက်ဗီးရီးယားနိုင်ငံသည် နယ်နိမိတ်အားဖြင့် အနောက်မြောက်ဖက်တွင် ဆီယားရားလေအွန်း၊ မြောက်ဖက်တွင် ဂင်းနီ၊အရှေ့မြောက်ဖက်နှင့် အရှေ့ဖက်တွင် အိုင်ဗရီကို့၊ တောင်နှင့်အနောက်တောင်ဖက်တွင် အတ္တလန္တိတ်သမုဒ္ဒရာတို့ဖြင့် ဝန်းရံလျက်ရှိသည်။ လိုက်ဗီးရီးယားနိုင်ငံသည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၄၃,၀၀၀ ရှိ၍ မြို့တော်မှာ မွန်ရိုးဗီးယားဖြစ်သည်။

လိုက်ဗီးရီးယား နိုင်ငံ၏ ကမ်းခြေသည် မြေနိမ့်ဖြစ်သည်။ မြောက်ဖက်တွင် အနားကပ်သဖွယ် တည်ရှိသော နင်ဗာတောင်တန်းသည် ပေ ၆,၀၀၀ မျှ မြင့်မားသည်။ လိုက်ဗီးရီးယားနိုင်ငံ၏ ရာသီဥတုမှာ အလွန်ပူပြင်း၍ စိုထိုင်းသည်။ အပူပြင်းဆုံး အချိန်မှာ ဇန္နဝါရီလတွင်ဖြစ်၍ ဆောင်းကူးရာသီနှင့်နွေရာသီတွင် မိုးအလွန်ကောင်းသည်။

လိုက်ဗီးရီးယားနိုင်ငံ၏ အဓိကထွက်ကုန်များမှာ ကော်ဖတ် (ရော်ဘာ)၊ အုန်းသီးဆန်၊ အုန်းဆီ၊ ရွှေနှင့် သံရိုင်းတို့ဖြစ်သည်။ လိုက်ဗီးရီးယားနိုင်ငံသည် စီးပွားရေးအားဖြင့် ကော်ဖတ်ကို လုံးဝဆိုသလို အမှီပြု အားထားရပေသည်။ ကျယ်ပြန့်လှသော ကော်ဖတ်ခြံများကို အမေရိကန်ကော်ပိုရေးရှင်းအဖွဲ့များက ပြုစုလုပ်ကိုင်လျက်ရှိသည်။ ပဌမဆုံး မီးရထားလမ်းများကို လိုက်ဗီးရီးယား သတ္တုတူးဖော်ရေးကုမ္ပဏီက ဆောက်လုပ်၍ ၁၉၅၁ ခုနှစ်တွင် ပြီးစီးသည်။ ရထားလမ်းမှာ မြို့တော်ဖြစ်သော မွန်ရိုးဗီးယားမှ အနောက်မြောက်ဖက် ဗိုမိ တောင် များ ဒေ သ သို့ မိုင် ၄၀ မျှရှည်လျားသည်။ အတွင်းဖက်ဆီ မော်တော်ကား လမ်းမများကိုလည်း ဖောက်လုပ်ထားရာ နိုင်ငံပိုင်လမ်း မိုင်ပေါင်း ၁,၂၀၀ မျှ ဖောက်လုပ်ပြီးစီးပေပြီ။ မီးသင်္ဘောများသည် စိန်ပေါ်မြစ် တလျှောက် ၂၅ မိုင် ခုတ်မောင်းနိုင်၍ ကဗယ်လာမြစ်တလျှောက် မိုင် ၅၀ မျှ ခုတ်မောင်းနိုင်သည်။ မွန်ရိုးဗီးယားမြို့မှ မိုင် ၅၀ ကွာဝေးသည့် ရောဗတ်ဖီးတွင်ရှိသော လေဆိပ်သည် အာဖရိကတိုက်၌ ခေတ်မှီသော လေဆိပ်တခု ဖြစ်ပေသည်။

လိုက်ဗီးရီးယား နိုင်ငံတွင် နေထိုင်သူ လူဦးရေ ၁,၆၅၀,၀၀၀ ခန့် ရှိသည်။ အုပ်ချုပ်သူ လူတန်းစားမှာ အမေရိကန် နီးဂရိုးများ၏ အဆက်အနွယ် ၂၀,၀၀၀ ခန့်ဖြစ်သည်။ သူတို့သည် ပရိုတက်စတန့် ဂိုဏ်းဝင်များ ဖြစ်၍ အင်္ဂလိပ်စကားပြောသည်။ ကမ်းရိုးတန်း တလျှောက်တွင် လူယဉ်ကျေးနီးဂရိုး ၆၀,၀၀၀ ခန့်ရှိသည်။ အတွင်းပိုင်းတွင် နေထိုင်သူတို့မှာ မွတ်စလင်နှင့်အယူဝါဒမဲ့သူများ ဖြစ်၏။ လူဖြူထောင်ပေါင်း အနည်းငယ်ခန့်လည်း ထိုနိုင်ငံတွင် နေထိုင်ကြသည်။


လိုက်ဗီးရီးယားနိုင်ငံ တည်ထောင်ရာ၌ အမေရိကန် ပြည်ထောင်စု၏ အကူအညီများစွာပါဝင်ခဲ့၍ ယခုလည်း အမေရိကန်အကူအညီနှင့် မကင်းသေးပေ။ ၁၉ ရာစု နှစ်ဦးပိုင်းတွင် ကျွန်ဘဝမှ လွတ်မြောက်သော နီးဂရိုးများအား မိမိတို့ဇာတိ အာဖရိကတိုက်၌ ပြန်လည်နေရာချထားပေးရန် စိုင်းပြင်းမှုတခု အမေရိကန် ပြည်ထောင်စု၌ ပေါ်ပေါက်လာသည်။ ဤအရေးကို တိုးတက်သောနီးဂရိုးများအပြင် ကရုဏာသက်သောလူဖြူများကလည်း သဘောကျကြသည်။ သို့ဖြင့် ၁၈၂၂ ခုနှစ်မှစ၍ နီးဂရိုးများ ဇာတိဌာနေ အာဖရိကမြေသို့ ပြန်ကြပြီးလျှင် ယခု မွန်ရိုးဗီးယားမြို့တည်ရာ အနီးတွင် ပဌမဦးဆုံးအကြိမ် အခြေစိုက်နေထိုင်ခဲ့လေရာ ၁၈၄၇ ခုနှစ်တွင် ထိုသို့ရောက်ရှိလာသော အမေရိ



www.burmeseclassic.com

www.burmeseclassic.com






အာဖရိကတိုက်၏ အနောက်ဖက်ကမ်းခြေတွင် တည်ရှိသော လိုက်ဗီးရီးယားနိုင်ငံ မြေပုံ

ကန်နီးဂရိုးများသည် နိုင်ငံတခုဖွဲ့နိုင်လောက်အောင် အားရှိလာပေသည်။ သို့ဖြင့် ယင်းသည့်နှစ်တွင် လွတ်လပ်သော လိုက်ဗီးရီးယားသမတနိုင်ငံကို တည်ထောင်နိုင်ခဲ့ပေသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းကို ရေးဆွဲရာ၌ အမေရိကန် ပြည်ထောင်စု၏ အခြေခံ စည်းမျဉ်းအတိုင်း ရေးဆွဲသည်။

လိုက်ဗီးရီးယားနိုင်ငံသည် ပဌမနှင့် ဒုတိယ ကမ္ဘာစစ်များအတွင်းက အမေရိကန် ပြည်ထောင်စု၏ မဟာမိတ်အဖြစ်ပါဝင်တိုက်ခိုက်ခဲ့သည်။ ဗာဆေးစာချုပ်တွင်ပါဝင်၍ လက်မှတ်ရေးထိုးသည်။ နိုင်ငံပေါင်းချုပ်အသင်းတွင်လည်း မူလပါဝင်သော အသင်းဝင်တဦးဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းဖြစ်သော ၁၉၄၂ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုနှင့် လက်မှတ်ရေးထိုး၍ မိမိမြေပေါ်၌ လေဆိပ်ဆောက်ခွင့်ပြုခဲ့သည်။ ၁၉၄၄ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့တွင် လိုက်ဗီးရီးယားနိုင်ငံသည် ဂျာမနီနှင့် ဂျပန်နိုင်ငံတို့အား စစ်ကြေညာခဲ့သည်။ လိုက်ဗီးရီးယားနိုင်ငံသည် ကုလသမဂ္ဂဝင် နိုင်ငံတနိုင်ငံဖြစ်ပေသည်။

**လက်ာ။** ။ကဗျာလင်္ကာ — ရှု။

**လင်ကောင်ပိုးငှက်။** ။မိန်ငှက် — ရှု။

**လင်ကွန်း,အေဗရာဟမ်** (ခရစ် ၁၈၀၉–၁၈၆၅)။ ။ တောရွာကလေးတရွာတွင် သစ်လုံးများဖြင့် ဆောက်လုပ်သည့် အလွန်နုံချာသော အိမ်ကလေး၌ မွေးဖွား၍ ထိုနေရာမှ မိမိ၏ ပကတိကိုယ်စွမ်းဖြင့် အစိုးရအိမ်ဖြူတော်သို့ တက်လှမ်းကြံစည်ခဲ့သူကား အမေရိကန် ပြည်ထောင်စုကြီး၏ ၁၆ ယောက်မြောက် သမတ အေဗရာဟမ် လင်ကွန်းဖြစ်လေသည်။

အေဗရာဟမ် လင်ကွန်းကို အမေရိကန်ပြည်ထောင်စု ကင်တပ်ကီပြည်နယ် ဟာဒင်ခရိုင်တွင် ၁၈၀၉ ခုနှစ် ဖေဖွာရီလ ၁၂ ရက်နေ့၌ ဖွားမြင်၍ မိဖများသည် ဆင်းရဲလှသောကြောင့် ငယ်စဉ်က ပညာကို ကောင်းစွာ မသင်ရရှာချေ။ အလုပ်အားလပ်ချိန်များတွင် ကွက်တိကွက်ကြားကြိုးစား အားထုတ်ယင်းဖြင့်သာ စာပေ အတော်အတန်တတ်မြောက်ခဲ့ရလေသည်။ ဖခင်မှာ အိမ်ထောင် ပရိဘောဂလုပ်ကိုင်ရောင်းချသူဖြစ်၍ ဖခင်၏ အလုပ်များကို အရွယ်အင်အားနှင့် မမျှအောင် ဝင်ရောက် ကူညီခဲ့ရ၏။

စာပေဝါသနာ ပါလှ၍ လင်ကွန်းသည် မီးခွက်ဖယောင်းတိုင် မတတ်နိုင်သောကြောင့် မီးလင်းဖိုအနီးတွင် စာဖတ်ရ၏။ လက်ရေးကို ပျဉ်ချပ်ပေါ်တွင် မီးသွေးဖြင့် ရေးခြစ် လေ့ကျင့်ခဲ့ရ၏။

လင်ကွန်းတို့မိသားတစုသည် ၁၈၁၆ ခုနှစ်တွင် အင်ဒီး



www.burmeseclassic.com

www.burmeseclassic.com




ယားနားပြည်နယ် တောင်ပိုင်းသို့ ရွှေ့ပြောင်းနေထိုင်ကြလေရာ၊ ၁၈၁၈ ခုနှစ်၌ပင် သူ၏ မိခင်သည် အသက်အရွယ် မကြီးရင့်သေးပဲ ဆေးဝါး မလုံလောက်မှု၊ အနေအထိုင် ချို့တဲ့မှုတို့ကြောင့် ကွယ်လွန် အနိစ္စရောက်ခဲ့၏။ ထိုအခါက လင်ကွန်းသည် ကိုးနှစ်အရွယ်မျှသာ ရှိသေး၏။ မိခင်မကွယ်လွန်မီက လင်ကွန်းအား တတ်နိုင်သမျှ ပညာသင်ကြား၍ ကမ္ဘာပေါ်တွင် ပေါ်လွင်ထင်ရှားအောင် ကြိုးစားနိုင်သမျှ ကြိုးစားရန် မှာထားခဲ့ဘူးရာ၊ မိထွေး ရပြန်သောအခါ၌လည်း မိထွေးသည် အမြော်အမြင် ကြီးစွာဖြင့် လင်ကွန်းအား ကိုယ်ကျင့်တရားကောင်းစေရန် အမျိုးမျိုးဆုံးမ ပဲ့ပြင်ခဲ့လေသည်။

အသက် ၂၁ နှစ်အရွယ်တွင် လင်ကွန်းသည် နယူးအော်လီယန်းမြို့သို့ သစ်ဖောင်များနှင့် နှစ်ကြိမ်မျှ ရောက်ခဲ့ဘူး၏။ ထိုအခါက အမေရိကန် မြေပိုင်ရှင်ကြီးများသည် မိမိတို့ စိုက်ပျိုးခင်းများတွင် အလုပ်ကြမ်း၌ ခိုင်းစေရန် အာဖရိကတိုက်မှ ကပ္ပလီလူမည်းများအား ငွေဝယ်ကျွန်အဖြစ် အပိုင် ဝယ်ယူကြ၏။ လူမည်းမများကိုပင် လမ်းသလား ပြစေ၍ တိရစ္ဆာန်များသဖွယ် ကိုင်တွယ် ကြည့်ရှုဝယ်ခြမ်းနေသည်ကို မြင်ရ၍ ထိုငွေဝယ်ကျွန် စံနစ်ကြီးကို လင်ကွန်းသည် မုန်းတီးရွံရှာလာပြီးလျှင် အသားဖြူသည် အသားမည်းသည် ပဓာနမထားပဲ လူအချင်းချင်း တူညီသော အခွင့်အရေး ရထိုက်ကြောင်းကို စိတ်ဝင်စားခဲ့၏။

ထိုနောက် လင်ကွန်းသည် နယူးဆာလင်ရွာတွင် ကုန်စုံရောင်းချသူ အဖြစ်ဖြင့်၎င်း၊ ရွာတရွာတွင် စာတိုက်ဗိုလ် အဖြစ်ဖြင့်၎င်း၊ မြေတိုင်းစာရေး အဖြစ်ဖြင့်၎င်း၊ အပျော်ထမ်း စစ်တပ်အဖွဲ့ တဖွဲ့တွင် ဗိုလ်ကြီး အဖြစ်ဖြင့်၎င်း အကြမ်း အနု အလုပ်မျိုးစုံ လုပ်ကိုင်ခဲ့ဘူး၏။

ကိုယ့်ဒူး ကိုယ်ချွန်၍ ပညာသင်ကြားကာ အလုပ်အကိုင် လုပ်ယင်း ဗဟုသုတ ဆည်းပူးလာရာမှ ၁၈၃၇ ခုနှစ်တွင် ရှေ့နေစာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့ပြီးလျှင် ထိုအခါမှစ၍ နိုင်ငံရေး နယ်ပယ်သို့ ဝင်ရောက်ကာ နိုင်ငံရေး ကိစ္စများကို ဆောင်ရွက်ခဲ့၏။ သို့သော်ရှေ့နေအလုပ်တွင် မအားမလပ်နိုင်အောင် ရှိခဲ့သဖြင့် နိုင်ငံရေးဖက်၌ များစွာ အချိန်ကုန် မခံနိုင်သေးချေ။

၁၈၃၄ ခုနှစ်၌ လင်ကွန်းသည် အီလီနွိုင်ပြည်နယ် ဥပဒေပြု လွှတ်တော် အမတ်အဖြစ် အရွေးခံရ၍ တတ်နိုင်သမျှ လူထု အကျိုးကို သည်ပိုးရွက်ဆောင်လာခဲ့ရာ ၁၈၄၂ ခုနှစ်အထိ အမတ် အကြိမ်ကြိမ် ဖြစ်ခဲ့၏။ ထိုနှစ်၌ပင် မေရီတော့ခေါ် အမျိုးသမီးတဦးနှင့် အိမ်ထောင် ပြုခဲ့လေသည်။ ၁၈၄၆ ခုနှစ်သို့ ရောက်သောအခါ ပြည်ထောင်စုလုံးဆိုင်ရာ ကွန်ဂရက်အမတ် ဖြစ်လာ၍ ဝါရှင်တန်မြို့တော်သို့ သွားရောက်ရ၏။



အမေရိကန်ပြည်ထောင်စု ၁၆ မြောက် သမတ အေဗရာဟမ် လင်ကွန်း

မြို့တော်သို့ ရောက်၍ မကြာမီပင် စကားပြောကောင်းသူ၊ အမူလိုက်ကောင်းသူ ဟူ၍ နာမည်ထွက်လာလေသည်။ ထိုအခါက ဒီမိုကရက်တစ်အဖွဲ့က အစိုးရဖြစ်နေ၍ သူကား ဝှစ်ပါတီဝင်အမတ် ဖြစ်နေရာ ကြိုးစားသလောက် ခရီးမရောက် ရှိခဲ့၏။ နောက်မှ ရီပတ်ဗလီကင် ပါတီသစ်ဝင် တဦး ဖြစ်လာ၏။

ထိုနောက် လင်ကွန်းသည် ၁၈၄၈ ခုနှစ်မှ ၁၈၅၄ ခုနှစ်တိုင် နိုင်ငံရေး အလုပ်များ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုပဲ နေခဲ့သော်လည်း၊ အမူလိုက် ကောင်းခြင်း၊ စကားပြောကောင်းခြင်းတို့ကြောင့် တနေ့တခြား ထင်ရှား၍သာ လာခဲ့လေသည်။ ထိုအခါက ကပ္ပလီလူမျိုးများအား ကျွန်အဖြစ် အသုံးပြုသင့် မပြုသင့် ပြဿနာမှာ နိုင်ငံအဝှန်းတွင် ခေတ်စားလျက်ရှိ၏။

သို့ဖြင့် လင်ကွန်းသည် ၁၈၅၄ ခုနှစ်မှစ၍ မိမိစိတ်ဝင်စားခဲ့သော ငွေဝယ်ကျွန် ပြဿနာ ပပျောက်ရေးအတွက် အပြင်းအထန် စတင် ဆောင်ရွက်တော့၏။ လင်ကွန်း၏ အတိုက်အခံဖြစ်သူမှာ အမေရိကန်ပြည်ထောင်စု ဥပဒေပြု ကွန်ဂရက်အဖွဲ့သို့ ဝင်ရန် အမတ်လောင်းအဖြစ် အရွေးခံသော အီလီနွိုင်ပြည်နယ်မှ စတီဖင် အေ ဒေါက်ဂလပ်ဖြစ်လေသည်။ နောက်ဆုံး၌ လင်ကွန်းပင် အမတ် ဖြစ်သွား၏။

၁၈၅၈ ခုနှစ်တွင် ဒေါက်ဂလပ်သည် အီလီနွိုင်ပြည်

www.burmeseclassic.com

www.burmeseclassic.com



နယ်မှ နေ၍ သူ့ဝါဒအတိုင်း ငွေဝယ်ကျွန်များ ထားနိုင်ကြောင်း ဟောပြော၍ အထက်လွှတ်တော်အမတ် အရွေးခံပြန်ရာ လင်ကွန်းကလည်း မထားနိုင်ကြောင်း အတိုက်အခံ ချေပ ဟောပြောလေသည်။ လင်ကွန်းမှာ အပြောလည်းကောင်း စေတနာလည်း ကောင်းလှသဖြင့် လူအများ ခြီးကျူး ကျေးဇူးတင်ခြင်းကို ခံရလေသည်။ သို့ဖြင့် နောက်ဆုံးတွင် ၁၈၆၀ ပြည့်နှစ်မေလ၌ ကျင်းပသည့် ရီပတ်ဗလီကင်ပါတီ အစည်းအဝေးကြီးက လင်ကွန်းအား အမေရိကန် ပြည်ထောင်စု သမတလောင်း အဖြစ် အရွေးခံရန် ရွေးချယ်လိုက်ကြ၏။ ယှဉ်ပြိုင် ရွေးချယ် မဲပေးသော အခါ၌လည်း လင်ကွန်းသည် မဲပေါင်းများစွာ အသာရရှိပြီးလျှင် သမတ ရာထူးကို ဆွတ်ခူးရရှိခဲ့လေသည်။

၁၈၆၁ ခုနှစ်မတ်လ ၄ ရက်နေ့တွင် လင်ကွန်းသည် သမတ ရာထူးကို လက်ခံသောအခါ ကျွန်ပိုင်ထားလိုသော ပြည်နယ် ခုနစ်နယ်သည် ပြည်ထောင်စုကြီးမှ ထွက်ကာ သီးခြား ပြည်ထောင်စုအဖြစ် ဖွဲ့စည်းကြ၏။ များမကြာမီ နောက်ထပ်ပြည်နယ်လေးခု ခွဲထွက်ပြန်လေသည်။ တလ ခန့်မျှကြာသော် အေဗရာဟမ် လင်ကွန်းသည် တပ်ပျက်တွင် ဗိုလ်ခန့်ခြင်း ခံရဘိသကဲ့သို့ ကျွန်ပိုင် ပြဿနာများနှင့် ရင်ဆိုင်ရတော့၏။ သို့ဖြင့် စစ်သားစုဆောင်းခြင်းကို ပြုလုပ်ရလေ၏။ ပြည်ထောင်စု အတွင်းရှိ ပြည်နယ်တို့သည် တဖက်စီ ကွဲသွားပြီးလျှင် ပြည်တွင်းစစ်ပွဲကြီး ဖြစ်ပွားတိုက်ခိုက်ကြလေသည်။

ပဌမနှစ်နှစ်တွင် လင်ကွန်းသည် ပြည်ထောင်စုအား မယိမ်းမယိုင်အောင် ထိန်းသိမ်း၍သာ နေရ၏။ ထိုအခါကား လင်ကွန်းသည် လှိုင်းကြမ်းလေကြမ်းကို ခံနိုင်အောင် ပဲ့ကိုင်၍ နေရသော သင်္ဘောသူကြီးနှင့် တူနေ၏။ နောက် နှစ်နှစ်တွင် မူကား ပြည်ထောင် အချင်းချင်း ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြလေရာ၊ လူသူ အမြောက်အမြား ကျဆုံးရလေသည်။

စစ်ပွဲများ၌ ကွပ်ကဲတိုက်ခိုက်နေရသည့် အတွင်း၌ပင် အိမ်မှုကိစ္စများကလည်း စိတ်ဒုက္ခရောက်စရာ ပို၍လာပြန်၏။ ဇနီးဖြစ်သူနှင့် မကြာခဏ ခိုက်ရန် ဖြစ်ရသည့်ပြင် သားတယောက်လည်း သေဆုံးသွားပြန်လေသည်။

၁၈၆၄ ခုနှစ်၌ အေဗရာဟမ် လင်ကွန်းကိုပင် ဒုတိယအကြိမ် သမတအဖြစ်ဖြင့် ရွေးကောက်ကြပြန်၏။ ဤသို့ ရွေးကောက် တင်မြှောက် ကြသည်မှာလည်း သူ့အပေါ်တွင် စေတနာမေတ္တာထားခြင်း၊ ရိုးသေ ကိုင်းရှိုင်းခြင်း၊ ကျေးဇူးတင်ခြင်း စသည်တို့ကြောင့် ဖြစ်လေသည်။ ထိုအကြိမ်၌ ကွန်ဂရက်လွှတ်တော်ကြီးတွင် သမတ ဝါရှင်တန် လက်ထက်က ကဲ့သို့ပင် အဖွဲ့အမျိုးမျိုးကွဲလျက်ရှိနေ၏။

ပြည်တွင်းစစ်ပွဲကြီး၌ ပဌမတွင် မြောက်ပိုင်းသားများ အတော်ပင် အနစ်နာခံရသော်လည်း ၁၈၆၅ ခုနှစ်တွင် တောင်ပိုင်းပြည်နယ် သမဂ္ဂအစိုးရ၏ စစ်တပ်များသည် နောက်ဆုံးတွင် အပြီးသတ် အရှုံးပေးကာ လက်နက်ချကြရကုန်၏။ လေးနှစ်ကြာခဲ့သော ပြည်တွင်း စစ်ကြီးကား ပြီးဆုံးခြင်းသို့ ရောက်၍ နောင်အခါ အမေရိကန် ပြည်ထောင်စု၌ ငွေဝယ်ကျွန်စံနစ် မရှိစေရဟူသော ၁၃ ခုမြောက် ပြင်ဆင်ချက်ကို ဥပဒေတရပ်အဖြစ်ဖြင့် ပြဋ္ဌာန်းနိုင်လေတော့၏။

သို့ဖြင့် တိရစ္ဆာန်ကဲ့သို့ ရောင်းစားခြင်းခံရသော ကပ္ပလီလူမည်းများလည်း လွတ်လပ်ခွင့် ရကြကုန်၏။ စစ်ဒဏ်ကို ခံခဲ့ရသော ပြည်ထောင်စုနိုင်ငံကြီး ပြန်လည်ထူထောင်ရန်နှင့် သဘော မပေါက်သေးသော တောင်ပိုင်းသားများအား နားလည်စေရန် သူ့၌တာဝန်ကျန်သေး၏။ သို့သော် ထိုတာဝန်ကြီးများကို အပြီးတိုင် ထမ်းဆောင်ခွင့် မရတော့ချေ။ ၁၈၆၅ ခုနှစ် ဧပြီလ ၁၄ ရက်နေ့ ညနေချမ်း၌ အေဗရာဟမ် လင်ကွန်းသည် ဝါရှင်တန်မြို့ရှိ ဖို့ဇာတ်ရုံကြီးတွင် ဇာတ်ပွဲကို ကြည့်ရှုလျက်ရှိစဉ် ဂျွန် ဝီလကီ ဗုသဆိုသူ သဘင်သည် တဦးက ပစ်စတိုသေနတ်နှင့် ပစ်လိုက်သဖြင့် နောက်တနေ့၌ပင် ကွယ်လွန် အနိစ္စရောက်ရရှာလေသည်။

ပြည်တွင်းစစ်အတွင်း ဂက်တစ်စဗတ် တိုက်ပွဲ အပြီး၌ သမတကြီးသည် အောက်ပါ အတိုင်း မိန့်မြွက် ခဲ့ဘူး၏။ 'ကျွန်ုပ်တို့၏ သူရဲကောင်းများ အချည်းနှီး မသေစေရန်နှင့် ပြည်သူတို့က ပြည်သူတို့အတွက် တင်မြှောက်ထားသော ပြည်သူ့ အစိုးရသည် ဤကမ္ဘာမြေပေါ်မှ ပျောက်ကွယ်မသွားရန် ကျွန်ုပ်တို့ လေးနက်စွာ သန္နိဋ္ဌာန်ချပါသည်' ဟူ၍ ဖြစ်သည်။ သမတကြီးလင်ကွန်း၏ အထက်ပါ မိန့်ခွန်းစကားများမှာ ကမ္ဘာကျော်အောင် ဥဒါန်းတွင်ရစ်ခဲ့လေသည်။

အေဗရာဟမ် လင်ကွန်းကား တနိုင်ငံတည်း အတွက်သာမဟုတ်၊ တလောကလုံး ကောင်းစားရေး အတွက် ဆောင်ရွက်ခဲ့သဖြင့် တကမ္ဘာလုံးကပင် ချစ်ခင်လေးစားကြကုန်သည်။

**လင်နင်ပိတ်။** ။ပိတ်ချော — ရှု။

**လင်း၊ ဦး** (မြန်မာ ၁၂၃၇–၁၃၁၆)။ ။မြန်မာစာပေလိုက်စားလေ့လာသူ ပညာရှင်အများ၏ အားကိုးရာ ဆရာတဆူဖြစ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ရ ဆရာကြီး ဦးလင်းသည် သက္ကရာဇ် ၁၂၃၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက် သောကြာနေ့တွင် မန္တလေးမြို့ တောင်ပြင် မဟာနွယ်စင်ရပ်၌ အဖ ဦးစံလု၊ အမိ ဒေါ်တုတ်တို့မှ ဖွားမြင်၏။ အမျိုးမှာ ရွှေဘိုမင်းအဆက်အနွယ် ဖြစ်သည်။

www.burmeseclassic.com



ဆရာကြီးဦးလင်းသည် ငယ်စဉ်ကပင် ပညာဥာဏ် ထက်မြက်သောပုဂ္ဂိုလ် ဖြစ်သည်။ ကျောင်းသားဘဝ၌ပင် မန္တလေးမြို့ သာသနာပိုင် မိုးထား ဆရာတော် ဘုရားကြီးထံ၌ ပါဠိသင်ရိုးများကို ကုန်သည်။ ဆယ်နှစ်သား အရွယ်တွင် ကစ္စည်းသဒ္ဒါကြီးကို စသင်သည်။ ဆရာတော်က တခေါက်တည်းဖြင့် သင်ပြရုံနှင့် အထစ်အငေါ့မရှိ ပြန်ဆိုနိုင်သည်။ ဆဲ့ရှစ်နှစ်သား ကိုရင်ဘဝ၌ သင်ရိုးစာများကို ထူးချွန်ကျေပွန်စွာ တတ်မြောက်လေသောကြောင့် စာဆို အဖြစ် ခံယူရပြီးလျှင် မိုးထား ဆရာတော်ဘုရားကြီး၏ အမိန့်အရ လက်ထောက်စာချအဖြစ် ဦးပဉ္ဇင်းများကို စာချပေးရသည်။ တခါသော် သဒ္ဒတ္ထဗေဒစိန္တာ ကျမ်းကို ကိုရင်သုံးလေးရာနှင့်အတူ တက်ကြရာတွင် စာဆို ကိုရင်လေး၏ ရှင်းလင်းပြတ်သားမှုကြောင့် မန္တလေးတမြို့လုံးတွင် ဗေဒစိန္တာကိုရင်လေး ဟု ကျော်ကြားခဲ့လေသည်။

မိုးထား ကျောင်းတိုက်ကြီးသည် စည်းကမ်းအလွန်ကြီးသော ကျောင်းဖြစ်ရကား လောကီစာပေ ဖြစ်သော ပျို့ကဗျာ လင်္ကာတို့ကို လုံးဝ မသင်သဖြင့် ဆရာလင်းသည် ဆရာသံဃာများ မျက်ကွယ်၌ ပျို့၊ ကဗျာ၊ လင်္ကာ၊ စာနဲ၊ စာယဉ်တို့ကို အချိန်ရသရွေ့ လေ့လာဆည်းပူးခဲ့၏။

၁၂၅၇ ခုနှစ်တွင် မိုးထား ကျောင်းတိုက် ကြီး၌ပင် ရဟန်းဘောင်သို့ တက်ခဲ့၏။ ဆရာတော်ကြီး၏ ဆုံးမချက်အရ ငါးဝါရသည်မှစ၍ စာပေကျမ်းဂန်တို့ကို ပို့ချကာ ဂဏဝါစက စာချဆရာသက်သက်အဖြစ် သီတင်းသုံးနေခဲ့သည်။ ထိုစဉ်ကပင် မန္တလေးမြို့ ပရိယတ္တိသာသနာ့ဟိတ အသင်းကြီး၏ အကိုးကွယ်ခံ စာချဆရာအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရ၍၊ ထိုအသင်းကြီးမှ ကြီးမှူးကျင်းပသော စာမေးပွဲအတွက် မေးခွန်းများ ထုတ်ပေးရလေသည်။

ဤသို့ နေလာခဲ့ရာ မန္တလေးမြို့၌ သာသနာပိုင် အရေးကိစ္စ အရှုပ်အထွေးဖြစ်လာသောအခါ ရန်ကုန်မြို့သို့ ၁၂၆၅ ခုနှစ်တွင် ဆင်းခဲ့၏။ ထိုနောက် ရဟန်းဝါ ရှစ်ဝါရသောအခါ လူဝတ်လဲလိုက်လေသည်။ လူဝတ်လဲလိုက်သည့်နှစ်၌ပင် ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်တွင် ဦးစီး ပါဠိဆရာအဖြစ်ဖြင့် ဝင်ရောက်လုပ်ကိုင်ပြီးနောက် နှစ်နှစ်ကြာသောအခါ ကဝိမျက်မှန် ပုံနှိပ်တိုက်သို့ ရွှေပြောင်းကာ ဦးစီး ပါဠိဆရာကြီး အဖြစ်ဖြင့် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့လေသည်။ ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် အင်္ဂုတ္တိုရ် ပါဠိတော်ကို ပဌမဆုံးအကြိမ် စတင်ပုံနှိပ်သည်။ ဆက်လက်၍လည်း ပိဋကတ်တော် မြောက်မြားစွာကို ကြီးကြပ် ပုံနှိပ်ခဲ့သေးသည်။

ထိုနောက် ဦးလင်းသည် ပညာမင်းကြီးရုံး အယ်ဒီတာဌာနတွင် ဝင်ရောက် အမှုထမ်းသည်။ ထိုအခါမှစ၍ ကွယ်



ရန်ကုန်တက္ကသိုလ်မှ ဒီလစ်ခေါ် စာပေပါရဂူဘွဲ့ ချီးမြှင့်ခြင်းခံရသည့် မြန်မာပညာရှိ ဆရာကြီးဦးလင်း

လွန်သည်အထိ အစိုးရ ပဌမပြန်ကော်မီတီဝင် တဦးအဖြစ် ဆောင်ရွက်ကာ စာမေးပွဲများကို စစ်ဆေး လာခဲ့ရသည်။ ထို့ပြင် ရန်ကုန်မြို့ စေတီယင်္ဂဏ ပရိယတ္တိ စာပြန်ပွဲကိုလည်း ၁၃၀၁ ခုနှစ်အထိ ဦးစီး ဆောင်ရွက်ခဲ့လေသည်။

ပညာမင်းကြီးရုံး၌ လုပ်ကိုင်နေစဉ် အတွင်း မြန်မာစာဖက်တွင် အခြေခံ ချပေးလိုသောကြောင့် ဦးရွှေကြူးနှင့် ပူးတွဲ၍ သူငယ်တန်းမှ ဆဌမတန်းအထိ ဒေါင်းတံဆိပ်မြန်မာဖတ်စာများကို ပြုစုရေးသားခဲ့၏။ ထို့ပြင် ဦးရွှေကြူးနှင့်ပင် တွဲဖက်၍ ခြင်္သေ့တံဆိပ် ဖတ်စာများကိုလည်း ပြုစုခဲ့သေးသည်။

ဤသို့လျှင် စာပေတွင် ပြောင်မြောက်လှသော ဆရာကြီး ဦးလင်းသည် သက္ကရာဇ် ၁၂၈၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ နည်းပြဆရာတဦး အဖြစ်ဖြင့် ခန့်ထားခြင်းခံရသည်။ ထိုဌာနတွင် တပည့်တပန်းများကိုသာမက ဆရာ ဆရာမများကိုပင် ပျို့အစောင်စောင်၊ မော်ကွန်းအသီးသီး၊ ကဗျာစကားပြေအမျိုးမျိုးကို ပို့ချဖြန့်ဖြူးပေးခဲ့၏။ ပါမောက္ခ ဦးဖေမောင်တင်၏ မြန်မာစာပေ သမိုင်း ထွက်ပေါ် ရေးတွင်လည်း အထူးအကူအညီပေးခဲ့သည်။

၁၂၈၇ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်က ဆရာကြီးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့ဖြင့် ချီးမြှင့်ခဲ့၏။ ဆရာကြီးသည် အသက် ၇၀ ကျော်သည်တိုင်အောင် ရန်ကုန် တက္ကသိုလ်၌ ထမ်းရွက်ခဲ့ရာ စစ်ပြီးခေတ်၌ လက်ထောက် ကထိကအဖြစ်

www.burmeseclassic.com



ဆောင်ရွက်ရလေသည်။ ဤကဲ့သို့ တက္ကသိုလ်၌ စာပေပို့ချနေစဉ် ကဝိမျက်မှန် မဂ္ဂဇင်းကြီး ပေါ်ထွက်လာရာ အမျိုးဘာသာ သာသနာအခန်းကို တာဝန်ယူ၍ ရေးသားခဲ့လေသည်။ ထို့အပြင် သစ္စာဝါဒီသတင်းစာ၌ သာသနာသတင်းကို ရေးသားပေးပို့ခဲ့လေသည်။ ၁၂၉၂ ခုနှစ်တွင် ရွှေတိဂုံစေတီတော် စိန်ဖူးနှင့်ငှက်မြတ်နား စောင်းယိုင်သွားရာ အသစ်တဖန် မွမ်းမံပြင်ဆင် ပြန်၍တင်သော အခမ်းအနား၌ ဆရာကြီးသည် ငှက်မြတ်နားနှင့် စိန်ဖူးတင် မော်ကွန်းကြီးကို စီကုံးစပ်ဆိုခဲ့လေသည်။ ၁၃၀၁ ခုနှစ်တွင် အထက်တန်းကဗျာ ကောက်နုတ်ချက်ကို အဖွင့်ဋီကာရေးသားခဲ့၏။ ထိုနှစ်မှာပင် ပညာဝန် ဦးစံရွှေနှင့် တွဲဖက်၍ လင်းယုန်တံဆိပ် မြန်မာဖတ်စာများကိုလည်း ပြုစုရေးသားခဲ့လေသည်။

၁၃၁၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပိဋကတ် ဘာသာပြန်ဌာနသို့ ပြောင်းရွှေ့ကာ အယ်ဒီတာချုပ်အဖြစ် အမှုထမ်းရ၏။ ထိုနှစ်တွင်ပင် (ခရစ်နှစ် ၁၉၅၁ ခု ဒီဇင်ဘာလ ၂၂ ရက်) ရန်ကုန် တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ ချီးမြှင့်ခြင်းခံရ၏။ ၁၃၁၄ ခုနှစ် (ခရစ်နှစ် ၁၉၅၃ ခု ဒီဇင်ဘာလ ၂ ရက်) တွင် ရန်ကုန်တက္ကသိုလ်မှ ဒီလစ် (စာပေပါရဂူ)ဘွဲ့ဖြင့် ချီးမြှင့်ခြင်း ခံရပြန်လေသည်။

ဤကဲ့သို့ ထူးချွန်လှသော ပညာရှင်ကြီးသည် ၁၃၁၆ ခုနှစ် နတ်တော်လဆန်း ၁၁ ရက်နေ့ (၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့) နံနက် ၉ နာရီအချိန်ခန့်တွင် အဆုပ်အအေးမိသော ရောဂါနှင့် ကွယ်လွန်လေသည်။

**လင်းကွင်း။** ။လင်းကွင်း၊ သို့မဟုတ် ယကွင်း၊ အချို့က ခွက်ခွင်းဟုခေါ်ကြ သော်လည်း လကွင်းဟုအခေါ်များကြသည်။ လင်းကွင်းသည် ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်တည်းဟူသော တူရိယာငါးမျိုးတွင် ကြေးဖြင့်ပြုလုပ်သော တူရိယာတခုဖြစ်သည်။ ကြေးနီကို စက်ာပူခဲနှင့် ရောစပ်၍ ပြုလုပ်ထားသည်။ ကြေးကို ခွက်ခွက်ခွင်းခွင်း နှုတ်ခမ်းတွင် အနားနှင့်ပြုလုပ်ထားလေသည်။ ယင်းကို လင်းကွင်းရွက်ဟူ၍လည်း ခေါ်၏။ ခွက်ခွင်းကို ပညာသည်တို့က လင်းကွင်း၏ အုံဟုခေါ်ဆိုကြသေးသည်။ ထိုအုံ၏ အထက်အလယ်ဗဟို၌ အပေါက်ငယ်ဖောက်၍ ကြိုးတပ်ကာ လင်းကွင်းနှစ်ခု(တစုံ)ကို ဗယ်ညာကိုင်ပြီး ဟပ်၍တီးရသည်။

လင်းကွင်းသည် အကြီး အငယ် အရွယ် အစားစားရှိသည်။ အထူအပါး အလေးချိန်မှာလည်း အမျိုးမျိုး ပြုလုပ်ကြသည်။ သို့သော် တူရိယာများ တီးမှုတ်ရာတွင် အကြီး၊ အလတ်၊ အငယ် သုံးမျိုးသုံးစားဟူ၍သာ အသိအမှတ်ပြုကာ သုံးနေကြသည်။ ဇာတ်၊ ရုပ်သေးပွဲနှင့် ဆိုင်းအဖွဲ့များ၌ သုံးမျိုးစလုံးကို သုံးလေသည်။ လင်းကွင်းကြီးတို့၏ ခွက်ခွင်းအုံ အကြီးအငယ် အကျယ်နှင့် နှုတ်ခမ်းရွက်၏ အထူအပါး အကျယ် အရွယ်အစားတို့မှာ တစုံနှင့်တစုံ မတူကြသော်လည်း များစွာ မကွာခြားကြပေ။ လင်းကွင်း အလတ်နှင့် အငယ်စားတို့မှာလည်း ထိုနည်းအတိုင်းပင် ဖြစ်၏။ လင်းကွင်းများ၏ အချင်း၊ မျက်နှာဝ အကျယ်နှင့် နှစ်ဖက်တစုံတို့၏ အလေးချိန်တို့မှာ ဖျမ်းမျှခြင်း အားဖြင့် ဆိုသော် လင်းကွင်းကြီး၏ အချင်း မျက်နှာဝသည် ၁၂ လက်မခန့်ဖြစ်၍ တပိဿာခန့် စီး၏။ လင်းကွင်းလတ်၏ အချင်းမျက်နှာဝသည် ၁၁ လက်မခန့်ဖြစ်၍ ၇၅ ကျပ်သားခန့် စီး၏။ လင်းကွင်းငယ်၏ အချင်းမျက်နှာဝ အကျယ်သည် ကိုး လက်မခန့်ဖြစ်၍ ၅၀ ကျပ်သားခန့် စီး၏။

မြန်မာတိုင်းရင်း တူရိယာများအနက် လင်းကွင်းသည် တခုတည်း သီးသန့်သုံးသော တူရိယာမျိုးမဟုတ်ပဲ အခြားသော တူရိယာများနှင့်ရော၍ တီးရသော တူရိယာမျိုး ဖြစ်သည်။

လင်းကွင်းကြီးမျိုးကို ဆိုင်းအဖွဲ့များ၌ ပတ်မကြီးနှင့်တွဲဖက် သုံးသည့်ပြင် စည်တော်ကြီးအဖွဲ့၊ ဗြောအဖွဲ့၊ ပုံရှည်နှင့် ပုံကြီး အဖွဲ့များတွင်လည်း သုံးသည်။

လင်းကွင်းလတ်ကို ဆိုင်းအဖွဲ့တွင် စခွံ့နှင့်တွဲဖက်၍တီးသည်။ ယင်းကို အငြိမ့်အဖွဲ့နှင့် ရေကင်းပုံထောင်အဖွဲ့များ၌လည်း တီးတတ်ကြသေး၏။

လင်းကွင်းအငယ်မှာ ဆိုင်းအဖွဲ့၊ အငြိမ့်အဖွဲ့များ အပြင် အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းများ၌ သုံးလေသည်။ အိုးစည်အဖွဲ့နှင့်တီးသော လင်းကွင်းအငယ်ကို အလှအပအသားပေး၍ တီးတတ်ကြသေး၏။

တီးပုံမှာ အိုးစည်ဝိုင်း၌ အိုးစည်တီးသမားကို အသားပေးသော "ရွှေအိုးစည်လွယ်သလေလေ" အစချီသည့်တေးသွားမျိုးကို သီဆိုတီးမှုတ်သောအခါ အိုးစည်တီးသမားသည် စကျွသောတပသာဒဖြစ်စေအောင် အဆန်းတကြယ်တီထွင်တီးကြရသကဲ့သို့ "ရွှေဗျာ ရွှေဗျာဒိတ်ကယ်နဲ့၊ တံဆိပ်တံဆိပ်ခ" အစချီသည့် တေးသွားမျိုးတို့ကို သီဆိုတီးမှုတ်လိုက်သောအခါ၌လည်း လင်းကွင်း သမားသည် အဆန်းတကြယ်ဖွင့်၍၊ တဝက်ဟ၍၊ ခြမ်း၍၊ ခုပ်၍၊ ပွတ်၍၊ မြှောက်၍ အမျိုးမျိုးတီးလေ့ရှိကြသည်။

ဤသို့ တီးကြရာတွင် လင်းကွင်း၏ လက်ကိုင်ကြိုးတွင် ကျားမြီးကြီးများကို တပ်ထားလေ့ရှိကြ၏။ လင်းကွင်းကို လှပအောင် အမျိုးမျိုးပြောင်းလဲ၍ တီးရာတွင် အမြီးဖျားချင်း အထက်၌ဝိုင်း၍ ဟပ်မိအောင်ဖြစ်စေ၊ လင်းကွင်းသမား၏ ကိုယ်ကို အမြီးဖျားချင်း ပတ်မိအောင်ဖြစ်စေ အမျိုးမျိုး ကိုယ်ကိုနွဲ့၍တီးကြလေသည်။

လင်းကွင်းအငယ်ကို ခေတ်ကာလပေါ် နိုင်ငံခြား တူရိယာများနှင့် အမျိုးသားတူရိယာတို့ ပေါင်းစပ်၍ ကာလ

www.burmeseclassic.com



သားတို့၏ ငြိမ့်ညောင်းသော တူရိယာ အပျော်ဝိုင်းများ၌လည်း သုံးကြသေး၏။

လင်းကွင်းများကို သူ့နေရာနှင့်သူသုံးလျှင် တန်ဖိုးရှိလှ၏။ ထိုကြောင့် "လင်းကွင်းမပါ၊ တူရိယာ၊ ဟာလာဟင်းလင်း၊ အတီးဖျင်း"ဟု ဆိုစမှတ်ပြုကြသည်။ သို့သော် လင်းကွင်းကို သူ့နေရာနှင့်သူ မဟုတ်ပဲ သုံးမိချေက "ပဒွင်တူရိယာ၊ နှဲခရာ၊ သာယာပေလျက်၊ လင်းကွင်းဖျက်" ဟူ၍၎င်း၊ "စောင်းညှင်းပတ်သာ၊ တူရိယာ၊ သာချင်ပါလျက်၊ လင်းကွင်းဖျက်"ဟူ၍၎င်း ဆိုစမှတ် ပြုကြပြန်သည်။

လင်းကွင်းများကို တီးရာ၌ ခွက်ခွင်း အုံချင်းအပ်၍ တီးခြင်းမှစ၍ အမျိုးမျိုးရှိကြရာ လင်းကွင်းနှစ်ဖက် ရိုက်ခတ်တီးပြီး ထားလိုက်ခြင်းအားဖြင့် အသံရှိန်ကုန်အောင် အတော်ကြာ မြည်ဟီးနေ၏။ ယင်းကို ဖွင့်၍တီးသည်ခေါ်၏။ စည်တော်ကြီးများတီးရာတွင် လင်းကွင်းကြီးကို အမြဲဖွင့်၍ တီးရလေသည်။

အကယ်၍ တီးလိုက်သောအသံသည် အသံကုန်အောင် ကြာရှည်မမြည်လိုပဲ တဝက်လောက်သာမြည်၍ တဖြည်းဖြည်း အသံစဲလိုက လင်းကွင်းကို နှစ်ဖက်ရိုက်ခတ်တီးပြီးလျှင် လင်းကွင်းကိုင်ထားသော လက်ဖျားကို အတွင်းသို့ ကွေးလိုက်ခြင်းအားဖြင့် လင်းကွင်း နှုတ်ခမ်း အရွက်သည် လက်မောင်းသားနှင့်ထိ၍ အသံရှည်စွာ မမြည်နိုင်တော့ပဲ တဖြည်းဖြည်း စဲသွားတော့၏။ ထိုထက် လင်းကွင်းသံကို နားငြီး၍ ကြားပြီးသည်နှင့် ပျောက်ကွယ်သွားလိုပါက နှစ်ဖက် ရိုက်ခတ်တီးပြီးသည်နှင့် တီးသူက လင်းကွင်းများကို မိမိရင်ပပ်ပေါ်သို့ အပြားလိုက်ကပ်လိုက်ပါက အသံအမြန် ပျောက်ကွယ်၍ သွားနိုင်လေသည်။ တဖန်လင်းကွင်းကို နှစ်ဖက်ရိုက်ခတ်ပြီး ဖွင့်ဟ၍မတီးပဲ "ဂျိ" ဟုမြည်အောင် ခွက်ခွင်းနှစ်ခုဆိုင်ကာ တီးခြင်းတမျိုး ရှိသေး၏။ ထို"ဂျိ"ဟူသော အသံကို ရှည်လျားစွာ မဖြစ်ပေါ်စေလိုလျှင် လင်းကွင်းနှစ်ခုကို အထက်အောက် ဖိ၍ တီးပြီးသည်နှင့် တီးသူသည် မိမိ၏ တင်ပျဉ်ခွေ ထိုင်နေသော ပေါင်တဖက်ပေါ်သို့ လင်းကွင်းများကို လက်နှင့်ဖိချ၍ အခြားပေါင်တဖက်ဖြင့် ထိုလင်းကွင်းများပေါ်သို့ အမြန် ဖိလိုက်ရလေသည်။ ဤကား အသံအရှည်၊ မတိုမရှည်နှင့် အသံအတိုဆုံးဖြစ်အောင် တီးနည်းများဖြစ်သည်။

မြန်မာအမျိုးသားတို့သည် လင်းကွင်းကို တူရိယာ သဘောမျိုးမဟုတ်ပဲ အလွတ်သုံးကြလေသေးသည်။ ပုံပမာ လောင်းလှေကြီးများ ပြိုင်ပွဲတွင် လှေလှော်သမား တို့၏ တက်ချ တက်ရွတ် အနှေးအမြန် ညီညာစွာ ရှိကြစေရန် လင်းကွင်းကို အုပ်ကာ ဖွင့်ကာ အချက်ပြ၍ လိုက်ပါတီးပေးကြလေသည်။ ထိုပြင် လေးဖက် အသားကျ မြန်မာ ပြိုင်မြင်းပွဲများတွင်လည်း မြင်းလွှတ်ရာ၌ လင်းကွင်း တီး၍ အချက်ပြပေးကြလေသည်။ လင်းကွင်းကို မြန်မာနိုင်ငံအပြင် အိန္ဒိယနိုင်ငံ၌လည်း သုံးလေသည်။ အယူဝါဒရေးရာ အခမ်းအနားတမျိုးတွင် လင်းကွင်းကြီးများကို ညီညာစွာ တီး၍ ကျင်းပတတ်ကြ၏။ အနောက်နိုင်ငံများတွင် ရှေးအခါက ဘင်ချက်နှင့်အတူ သံချောင်းကို ခေါက်ကြသော်လည်း နောင်အခါ၌ လင်းကွင်းကို အချိုးအစားထိုး၍ သုံးကြသည်။ တရုပ်လူမျိုးတို့၏ တူရိယာ များတွင်လည်း လင်းကွင်း ကြီးငယ်တို့ပါဝင်၏။ သို့သော် သူတို့၏ လင်းကွင်းပုံသဏ္ဌာန်တို့မှာ ခွက်ခွင်းအုံ သေးငယ်၍ နှုတ်ခမ်းအရွက် အနည်းငယ်ကျယ်သဖြင့် အခြားသော လင်းကွင်းသံများကဲ့သို့ မလေးပဲ အသံပေါ့လေသည်။ **ဦးဂုဏ်ဘဏ်**

**လင်းဆွဲ။** ။လင်းဆွဲသည် လင်းနို့အကောင်ကြီးမျိုးပင် ဖြစ်သည်။ ဦးခေါင်းနှင့်ကိုယ်ထည်သည် တပေခန့် ရှည်၍ အတောင်နှစ်ဖက်စွန်းကိုဖြန့်၍ တိုင်းထွာကြည့်လျှင် လေးပေမှ ငါးပေအထိရှည်လျားသည်ကို တွေ့ရသည်။ လင်းဆွဲသည် ခြံဥယျာဉ်များ၌ လူတို့စိုက်ပျိုးထားသော သစ်သီးဝလံများကို ညဥ့်အချိန် လိုက်လံ စားသောက် ဖျက်ဆီးတတ်၍ လင်းနို့မူကား ပိုးမွှားများ ကိုသာ လိုက်လံစားသောက်လေ့ရှိသည်။ ဤခြားနားချက်မှလွဲ၍ လင်းဆွဲနှင့် လင်းနို့တို့သည် အလေ့အထချင်း အစစတူညီကြသည်။

လင်းဆွဲသည် တာရိုပီဒီး မျိုးရင်းတွင် ပါဝင်၍ ပါဏဗေဒအလိုအားဖြင့် တာရိုပပ် အိဒူလစ်ဟုခေါ်သည်။ မျက်နှာနှင့် နှာတံသည် မြေခွေးနှင့်တူသည်။ လင်းဆွဲကို အာရှတိုက်၊ ဩစတြေးလီးယားတိုက်၊ မက်ဒါဂက်စကာကျွန်းရှိ အပူပိုင်းဒေသများနှင့် ဆမိုးအကျွန်းအရှေ့ပိုင်းတို့တွင်သာ တွေ့နိုင်သည်။ လင်းဆွဲအမျိုးမျိုးရှိရာ မလေးကျွန်းစုများတွင် အမျိုးပေါင်း အတော်များများကို တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံ၌လည်း လင်းဆွဲများကို အမြောက်အမြားတွေ့ရှိရသည်။ သို့သော် အကြီးစားမျိုးမဟုတ်ပေ။

ရှာထိပ်သစ်ပင်ကြီးများ၏ အကိုင်းများတွင် ဦးခေါင်းစောက်ထိုးထား၍ ခြေဖြင့် ချိတ်ကာ တွဲလဲ ဆွဲနေသော လင်းဆွဲများကိုတွေ့ရသည်မှာ သစ်သီးများ ပင်လုံးပြည့်မျှ သီးနေဘိသကဲ့သို့ ထင်ရ၍ အတော်ပင် စိတ်ဝင်စားဖွယ်ကောင်းပေသည်။ တနေ့လုံး တွဲလဲဆွဲ၍ အိပ်နေကြရာမှ မှောင်စပျိုးသည်နှင့် အစာထွက်ရှာရန် အုပ်လိုက်ချီ၍ ပျံသန်းထွက်သွားကြလေသည်။ လင်းအားကြီးလောက်မှ မိမိတို့နေရာ သစ်ပင်အသီးအသီးသို့ ပျံလာကြပြန်သည်။ လင်းဆွဲများသည် ခြံဥယျာဉ်များ၌စိုက်ပျိုးထားသော သစ်သီးသစ်ရွက်များကို ဖျက်ဆီးစားသောက်ကြသောကြောင့်လူတို့ အလွန်မုန်းတီးကြရာ၊ ညဥ့်အချိန်များတွင် ကွန်များဖြင့်ထောင်၍ ဖမ်းဆီးသတ်ဖြတ်ကြသည်။ လင်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com




အသားသည် ယုန်သားကဲ့သို့ နူးညံ့သဖြင့် လူတို့ စားကြသည်။ (လင်းနို့ — လည်းရှု။)

**လင်းတ။** ။လင်းတသည် လင်းယုန်၊ စွန်၊ သိမ်းတို့နှင့် အတူ ဖော်လကိုနီဖောမီးမျိုးစဉ်တွင် အက်ကဆစ်ပီထရီဒီး မျိုးရင်း၌ပါဝင်သည်။ လင်းတသည် ငှက်အကြီးစားထဲက ဖြစ်၍ လူတိုင်းလိုလိုပင် မြင်ဘူးကြသည်။ ကိုယ်လုံးကိုယ်ထည်မှာ ကြီးမား၍ အချိုးမကျသည့်ပြင် ဦးခေါင်းနှင့် လည်တိုင်တို့တွင် အမွေးမပေါက်ပဲ ပြောင်လျက် ရှိရကား အကြည့်ရ အလွန်အရုပ်ဆိုး၏။ ထိုကြောင့်'လင်းတလောက် တော့ ငှက်တိုင်းလှသည်'ဟုစကားတင်စားပြောဆိုတတ်ကြသည်။ လူများ အကြံအစည် အလုပ်အကိုင်ပျက်စီးသဖြင့် ငေးမှိုင်တွေဝေနေသည့်အခါ 'လင်းတကြီး မှိုင်းမိသလိုဘဲ' ဟူ၍လည်း ပုံခိုင်းပြောဆိုတတ်ကြသေးသည်။ လင်းတကို နီးနီးကပ်ကပ် ကြည့်လေလေ၊ ပို၍ စက်ဆုပ်ဖွယ်ကောင်းလေလေဖြစ်သည်။

လင်းတသည် ကောင်းကင်၌ ပျံဝဲနေယင်း အစာကိုရှာဖွေသည်။ ရှာဖွေရာ၌ အနံ့ခံ၍ ရှာဖွေသည်မဟုတ်ပေ။ မြေပေါ်တွင် တိရစ္ဆာန်အသေတကောင်ကို ကျီးများ၊ ခွေးများက စတင်တွေ့ရှိရာ မကြာမီပင် ကျီးအုပ် ခွေးအုပ်များရောက်ရှိလာတတ်ကြသည်။ ထိုကျီးအုပ် ခွေးအုပ်ကို ကောင်းကင်၌ ပျံဝဲနေသော လင်းတများက တွေ့ရှိရာမှ အခြားလင်းတများပါ ရောက်လာကြပြီးနောက် အသေကောင်ကို အရိုးသာကျန်အောင် အလုအယက်စားသောက်ကြသည်။ စားသောက်ပြီး၍ဝသောအခါ နားနေလေ့ရှိသော နေရာသို့ ပြန်၍ အပန်းဖြေယင်း ငိုက်မြည်းနေတတ်ကြသည်။ လင်းတသည် အသေကောင် ပုပ်များကို စွာ့စားသောက်သဖြင့် အပုပ်အသိုး သုတ်သင် ရှင်းလင်းရာတွင် များစွာအကူအညီရသည်။အကူအညီရသော်လည်း မင်္ဂလာမရှိသောငှက်ဟု ယူဆထားကြသည်။ အိမ်များ၊ ဘုရားများပေါ်တွင် လင်းတနားမိပါက မုချ ပျက်စီးသွားတတ်သည်ဟု ယူဆကြသည်။ လင်းတသည် အပုပ်အသိုးကိုမှ နှစ်နှစ်ခြိုက်ခြိုက် စားသောက်လေ့ရှိသည်အားလျော်စွာ ထင်းကိုယ်မှထွက်သော အနံ့မှာ မခံမရပ်နိုင်အောင် ပုပ်စောင်လေသည်။ ထိုဆိုးရွားလှသောအနံ့သည် အသိုက်နှင့် ဥများ၌ပင် စွဲနေလေသည်။

လင်းတများသည် သူရဲဘော နည်းသောကြောင့် တကြောင်း၊ ပျင်းရိသောကြောင့် တကြောင်း အသက်ရှင်နေသော သတ္တဝါတကောင်ကို စွန့်စွန့်စားစား ထိုးသုတ်တိုက်ခိုက်လေ့မရှိကြပေ။ မြေပေါ်ရှိ အသေကောင်ကိုသာ ရှာဖွေစားသောက်ကြသည်။ သို့သော် တခါတရံ ဝံ့ဝံ့စားစားဖြင့် အင်အား ချည့်နဲ့သော မွေးခါစ ဝက်ကလေး၊



အပုပ်အသိုးများသုတ်သင်ရာတွင် အကူအညီရသည့် လင်းတ

သိုးကလေးနှင့် နာမကျန်း ဖြစ်နေသော ဆိတ်များကို တိုက်ခိုက် သတ်ဖြတ်နိုင်ကြသည်။

လင်းတများသည် အသိုက်ကို လက်ပံပင်ကဲ့သို့ မြင့်မားသော သစ်ပင်ကြီးများပေါ်တွင် ပြုလုပ်၍ အသိုက်ဟောင်းကို နှစ်စဉ်ပြန်လည်အသုံးပြုကြသည်။ အသိုက်ကို သစ်ကိုင်း သစ်ခက်ကြီးများနှင့် သစ်ရွက်များဖြင့် ပြုလုပ်ကြသည်။ လင်းတသည် တကြိမ်လျှင် တဥသာ အုသည်။

လင်းတဟူသောအမည်မှာ လင်းတနွတ်သီးရှည်၊ လင်းတကျောဖြူ၊ လင်းတထိပ်နီစသော လင်းတ အမျိုးမျိုးကို သိမ်းကျုံးခေါ်သော အမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လင်းတထိပ်နီမှာ လူသိအများဆုံးဖြစ်သည်။ လင်းတထိပ်နီကို ပါဏဗေဒ အလိုအားဖြင့် တောဂို ကဲလဗတ်ဟု ခေါ်သည်။ အလျား ၃၂ လက်မရှိသည်။ မြေကြီးပေါ်တွင် ရှိစဉ် မည်းနက်သော အမွေးအတောင်၊ နီရဲနေသော ဦးခေါင်းပြောင်နှင့် လည်ပင်းရှိ အသားတွဲများကို အထင်အရှား မြင်နိုင်သည်။ ပျံသန်းနေစဉ်တွင် ပေါင်မှ အဖြူကွက်များကို ကောင်းမွန်စွာ မြင်နိုင်သည်။

လင်းတထိပ်နီသည် လင်းတမျိုးထဲတွင် ရဲရင့်၍ ဘုရင်တဆူပမာ မင်းမူကာ အစာကို မိမိ ဝအောင်စားပြီးမှ အခြား လင်းတများကို စားစေသည်။ လင်းတထိပ်နီသည် အအုပ်အသင်းနှင့် မနေချေ။ အသေကောင်များ အနား

www.burmeseclassic.com



တွင် နှစ်ကောင်သုံးကောင်လောက်သာ စုရုံးနေတတ်ကြသည်။ အချို့ လင်းတထိပ်နီများသည် အောက်တိုဘာလ မကုန်မီ အသိုက်များကို ပြန်လည် ပြင်ဆင်ကြသည်။ သို့သော် များသောအားဖြင့် ဥများကို ဒီဇင်ဘာလနှင့် ဇန္နဝါရီလများတွင် အုကြသည်။ လင်းတထိပ်နီများသည် အရှေ့တိုင်း နိုင်ငံများတွင် အနှံ့အပြား ရှိ၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် အမြဲတမ်းနေသော ငှက်များ ဖြစ်ကြသည်။ နွေရာသီတွင်ကား ယူနန်နယ်တွင် တွေ့ရတတ်သည်။

လင်းတနှုတ်သီးရှည်မျိုးကို ပါဏဗေဒအလိုအားဖြင့် ဂျစ် အင်ဒီကပ် ဟု ခေါ်သည်။ အလျား ၃၅ လက်မ ရှိသည်။ လည်ပင်းနှင့်နှုတ်သီးသည် အခြား လင်းတမျိုးထက် ရှည်၏။ လည်ကုတ်တွင် အမွေးဖြူများ ပတ်လျက်ရှိသည်။ လင်းတနှုတ်သီးရှည်သည် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတွင် အနှံ့အပြားလောက်ပင် ရှိသည်။ သို့သော် အခြားလင်းတမျိုးတို့လောက် မများချေ။ မြန်မာနိုင်ငံမြောက်ဖက်စွန်းနှင့် ယူနန်နယ်တို့တွင် မတွေ့ရချေ။ ရခိုင်တိုင်းတွင်ကား အမြောက်အမြား တွေ့ရသည်။

လင်းတကျောဖြူ၏ ပါဏဗေဒ အမည်မှာ ဆူဒိုဂျစ် ဗင်ဂါလင်ဆစ် ဖြစ်သည်။ အလျား ၃၅ လက်မရှိသည်။ မြေပေါ်တွင် နားနေစဉ် တင်ပါးမှအဖြူကွက်နှင့် ပျံသန်းနေစဉ် တောင်ပံ ရှေ့ပိုင်းတလျှောက်မှ အဖြူတန်းများကို အထင်အရှား မြင်နိုင်သည်။ အခြားလင်းတမျိုးထက် စောစော သားပေါက်ကြသည်။ စက်တင်ဘာလ တတိယအပတ်လောက်တွင် အသိုက်များ ပြင်ဆင်ကြသည်ကို တွေ့ခဲ့ရဘူးသည်။ မြစ်ကြီးနား ခရိုင်တွင် နိုဝင်ဘာလ၊ သို့မဟုတ် ဒီဇင်ဘာလအတွင်းတွင် သားပေါက်ကြသည်။ အိန္ဒိယ၊မြန်မာ၊ယိုးဒယား၊မလ္လာယုကျွန်းဆွယ် မြောက်ပိုင်းနှင့် အင်ဒိုချိုင်းနား နိုင်ငံများတွင် တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် အများဆုံး တွေ့ရသည်။ လွင်တီးပြင်များတွင် အနှံ့အပြား တွေ့ရသော်လည်း တောင်ပေါ်များတွင် တခါတရံမှသာ တွေ့ရသည်။ ရခိုင်တိုင်းတွင်မူ လင်းတကျောဖြူမျိုးကို တွေ့ရခဲသည်။

**လင်းနေ့,ကား ဖွန်**(ခရစ် ၁၇၀၇–၁၇၇၈)။ ။ကားဖွန် လင်းနေသည် ခရစ်ယန် သာသနာ့ဝန်ထမ်းတဦး၏သား ဖြစ်၍ ၁၇၀၇ ခုနှစ် မေလ ၂ ရက်နေ့တွင် ဆွီဒင်နိုင်ငံ ရီးရှားရွာ၌ ဖွားမြင်သည်။ ရုက္ခဗေဒတွင် အပင်အစားစားကို မည်သည့်အမျိုး၌ ပါဝင်သည်ဟူ၍ သာမန်မျှမဟုတ်ပဲ မည်သည့် မျိုးပေါင်း၊ မျိုးစဉ်၊ မျိုးရင်း၊ မျိုးရင်းခွဲ၊ မျိုးစု၊ မျိုးစိတ်၊ မျိုးပြားတွင် ပါဝင်သည် စသည်ဖြင့် အသေးစိတ် ခွဲခြားပြီးနောက် ပါဝင်သော



ခေတ်သစ် ရုက္ခဗေဒဖခင်ကြီး ကား ဖန် လင်းနေ

အမျိုးကိုလိုက်၍ လက်တင်အမည်များ မှည့်ခေါ်ထားသည်ကို တွေ့ရမည်။ ဤသို့ အမျိုးအမည် ခွဲခြားပုံစံနစ်ကို စတင်တီထွင်ခဲ့သူမှာ အခြားမဟုတ် လင်းနေပင်ဖြစ်သည်။ ရုက္ခဗေဒအတွက် ဤမျှ အရေးကြီး အဖိုးတန်လှသော စံနစ်ကို တီထွင်နိုင်ခဲ့သူ ဖြစ်သဖြင့် လင်းနေအား "ခေတ်သစ် ရုက္ခဗေဒဖခင်ကြီး" ဟူ၍ ခေါ်မည်ဆိုကလည်း ခေါ်ဆိုထိုက်ပေသည်။

လင်းနေ၏ မူလရေးသားဖော်ပြချက်များတွင် လွဲမှားချွတ်ချော်နေသည့်အတွက် နောက်ပေါ် သိပ္ပံပညာရှင်များက ပြင်ဆင်ပြုပြင်ပေးထားရသည့် နေရာများရှိ၏။ ရုက္ခဗေဒကို ကနဦး လေ့လာလိုက်စားသူတဦး၏ ရေးသားချက်များတွင် ထိုမျှလောက်သော အမှားများကား ရှိရပေမည်။ သို့ရာတွင် လင်းနေ တီထွင်ခဲ့သော အပင်များအား မျိုးခွဲပုံ မူလစံနစ်မှာမူ ယနေ့ထက်တိုင်အောင် ထိုအတိုင်းပင် မူမပျက်ပဲ ဆက်လက်တည်မြဲလျက် ရှိပေသည်။ အပင်များတွင်သာမက တိရစ္ဆာန်များမှာပင် ယခုအခါ လင်းနေ၏ မူအတိုင်း လက်တင်အမည်ဖြင့် မှည့်ခေါ် မျိုးခွဲသည့်စံနစ်ကို အသုံးပြုနေကြရပေသည်။

လင်းနေသည် သစ်ပင်ပန်းပင်များ၌ စိတ်ပါဝင်စားသည့် ဗိဇ ပါလာသူ ဖြစ်သည့်အတိုင်း ကလေးအရွယ်ကပင်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဖခင်ပိုင် ဥယျာဉ်အတွင်းနှင့် အနီးအနားရှိ အပင်အမျိုးမျိုးတို့၏ အမည်များကို သိပြီးဖြစ်နေလေတော့သည်။ လင်းနေ၏ ဖခင်ဖြစ်သူသည် သားအား မိမိကဲ့သို့ သာသနာ့ဝန်ထမ်းတဦး ဖြစ်စေလိုသည့်အတွက် လက်တင်နှင့် အခြား ဘာသာရပ်များကို တတ်မြောက်စေရန် လင်းနေ ဆဲ့သုံးနှစ်သားအရွယ်တွင် စည်းကမ်းကြီးလှသော လက်တင်ဘာသာသင် ကျောင်းတကျောင်းတွင် အပ်နှံထားလေသည်။ သို့သော် တနေ့တွင် ကျောင်းအားလပ်ချိန်အတွင်း တောထဲသို့ သွား၍ သူစိတ်ဝင်စားသော ပန်းများကို ရှာဖွေစုဆောင်းယင်း၊ အချိန်ကုန်မှန်းမသိ ကုန်လွန်သွားရာ ကျောင်းသို့ မပြန်ဝံ့သဖြင့် ထိုတောထဲမှာပင် အိပ်နေလိုက်ရတော့၏။ ထိုအခါ ကျောင်းဆရာက ဤကျောင်းသားကို ပုံပြင်၍ ရတော့မည်မဟုတ်ကြောင်းနှင့် အကြောင်းကြားသဖြင့် ဖခင်ဖြစ်သူသည် သားအား ကျောင်းမှထုတ်ပြီးလျှင် ဖိနပ်ချုပ်သမားတဦးထံ အပ်နှံပြန်သည်။ ဖိနပ်ချုပ်ပညာကို လေ့လာသင်ကြားနေစဉ်အတွင်းမှာလည်း လင်းနေသည် မိမိဝါသနာအလျောက် အားလပ်ချိန်ရတိုင်း အပင်အမျိုးမျိုးကို စုဆောင်းလေ့လာယင်းနှင့်သာ အချိန်ကုန်လွန်စေလေသည်။

တနေ့သော် အကြိုးစားလွန်၍ ပန်းဖျား ဖျားသွားသည့်အတွက် ဆရာဝန်ခေါ်ရရာ ဆရာဝန်၏ အမြော်အမြင်ကြီးစွာနှင့် ကူညီမှုကြောင့် လင်းနေသည် ဆရာဝန်၏ မိတ်ဆွေဖြစ်သူ လန်းတက္ကသိုလ်မှ ပညာရှိ အိမ်တအိမ်သို့ ရောက်သွားလေသည်။ လင်းနေသည် ထိုအိမ်တွင်အိမ်သားတယောက်သဖွယ် နေထိုင်ခဲ့ပြီးနောက် အပ်ပဆာလာတက္ကသိုလ်တွင် ဥယျာဉ်မှူးဖြစ်လာသည်။ ထိုသို့လုပ်ကိုင်လျက်ရှိစဉ် ၁၇၃၁ ခုနှစ် အသက် ၂၄ နှစ်အရွယ်တွင် အပင်အစားစားအား အမျိုးခွဲပုံ အစီအစဉ်ကို ရိုက်နှိပ်ထုတ်ဝေပြီးနောက် အထက်ပါတက္ကသိုလ်၌ ရုက္ခဗေဒဖက်ဆိုင်ရာ လက်ထောက် ကထိက အဖြစ် ခန့်ထားခြင်း ခံရသည်။ သို့သော် ထိုအလုပ်တွင် တနှစ်မျှသာလုပ်ကိုင်ပြီးနောက် ၁၇၃၂ ခုနှစ်တွင် စတော့ဟုမ်း သိပ္ပံပညာတံခွန်အသင်းမှ စေလွှတ်ချက်ဖြင့် နော်ဝေနိုင်ငံ မြောက်ပိုင်း လက်ပလန်နယ်သို့ အပင်များကို စုဆောင်းလေ့လာရန် သွားရောက်ရာ၊ အသွားအပြန် မိုင်ပေါင်း ၄,၀၀၀ ကျော် ကုန်းကြောင်း လျှောက်ခဲ့ခြင်းကို ထောက်၍ ထိုလုပ်ငန်း၌ လင်းနေ ညီမျှ စိတ်အား ထက်သန်ပုံ၊ မည်မျှ ဇွဲကြီးပုံကို သိနိုင်လေသည်။ ထိုလုပ်ငန်း ပြီးဆုံးသွားသောအခါ အပင်များ စုဆောင်းရန်အတွက် ဆွီဒင်နိုင်ငံ တောင်ပိုင်းသို့ သွားပြန်လေသည်။

နောက် သုံးနှစ်ကြာသောအခါ အပင်များကို လိုက်လံ စုဆောင်းယင်း ငွေကြေး ကုန်ခန်းသွားသည့် အတွက် ရပ်ဝေးထွက်၍ ငွေကြေးရှာဖွေရန် ရည်ရွယ်ချက်ဖြင့် ပဌမ ဒိန်းမတ်နိုင်ငံသို့၊ ထိုနောက် ဂျာမနီ၊ ဂျာမနီမှတဖန် ဟော်လန်နိုင်ငံသို့ ရောက်သွားသည်။ ဟော်လန်နိုင်ငံ၌ နေစဉ် ဆေးပညာကို သင်ယူကာ ဆရာဝန်ဘွဲ့ကိုပင် ရယူလိုက်သေးသည်။ မကြာမီပင် ဟော်လန်နိုင်ငံသား သဌေး တဦးက လင်းနေအား သူ၏ကျယ်ပြန့်သောဥယျာဉ်များနှင့် ပန်းပင်စိုက်ပျိုးရာ အိမ်များကို ကြီးကြပ်သူအဖြစ် ခန့်အပ်လိုက်လေသည်။

လင်းနေသည် ထိုအလုပ်ကို သုံးနှစ်မျှလုပ်ကိုင်၍ ထိုအချိန်အတွင်း၌ ရုက္ခဗေဒအတွက် အရေးအကြီးဆုံး ကျမ်းသုံးစောင်ကို ထုတ်ဝေခဲ့သည်။ ကျမ်းတစောင်မှာ အပင်များအား မျိုးခွဲပုံ စံနစ်နှင့် သက်ဆိုင်၏။ ထိုအချိန်မှ စ၍ လင်းနေ၏အမည်လည်း ကမ္ဘာသို့ တစတစ ကျော်ကြား ပျံ့နှံ့လာခဲ့ပေတော့သည်။


နောက်နှစ်များတွင် လင်းနေသည် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံတို့သို့ အလည်အပတ် သွားရောက်ပြီးနောက် ဆွီဒင်နိုင်ငံသို့ ပြန်ခဲ့ရာ ၁၇၄၂ ခုနှစ်တွင် အပ်ပဆာလာတက္ကသိုလ်၌ ဆေးဖက်နှင့် ရုက္ခဗေဒဖက်ဆိုင်ရာ ပါမောက္ခ အဖြစ် ခန့်ထားခြင်း ခံရ၍ ထိုရာထူးကို သူသည် ၃၇ နှစ်တိုင်တိုင် လက်ခံဆောင်ရွက်ခဲ့လေသည်။ ထိုအချိန်အတွင်း နန်းတွင်းသမားတော်အဖြစ် ခန့်အပ်ခြင်း ခံရရုံမက မှူးမတ် အဆင့်အတန်းဖြင့် ချီးမြှောက်ခြင်းလည်း ခံရသဖြင့် လင်းနေဟူသော ငယ်မည်ရင်းမှ ကား ဖွန် လင်းနေ ဟူ၍ အမည်ပြောင်းလဲ လာခဲ့ပေသည်။ သို့ရာတွင် အများကမူ သူ့အား လက်တင်အမည်ဖြစ်သော လင်နီယပ် အမည်ဖြင့်သာ ခေါ်စမှတ် ပြုကာ အသိများကြ၏။ အကြောင်းမှာ သူ၏ ကျမ်းများကို လက်တင်ဘာသာ ဖြင့်သာ ဖော်ပြခဲ့သောကြောင့် ဖြစ်လေသည်။

ငယ်စဉ်တောင်ကျေး ကလေးအရွယ်မှ စ၍ အပင်တို့နှင့် စပ်လျဉ်းသည့် သဘာဝ အချက်အလက်များကို အာရုံစူးစိုက်ပြီးလျှင် ရှာဖွေ စုဆောင်း လေ့လာဆည်းပူး ယင်းနှင့်သာ အချိန်ကုန်ခဲ့သော အဆိုပါပညာရှင်ကြီးသည် မိမိဇာတိဖြစ်သော ဆွီဒင်နိုင်ငံမှာပင် ခရစ် ၁၇၇၈ ခုနှစ် ဇန္နဝါရီလ ၁၀ ရက်နေ့၌ ကွယ်လွန်ခဲ့လေသည်။ အသက် ရှင်နေစဉ်အတွင်း ရုက္ခဗေဒနှင့်သက်ဆိုင်သော ကျမ်းပေါင်း ၁၈၀ ကျော်မျှကို ပြုစု ထုတ်ဝေခဲ့သည်ဟု သိရ၏။

**လင်းနေပင်။** ။လင်းနေပင်သည် အရေးစီအီး မျိုးရင်းတွင် ပါဝင်၍ ယင်းကို ရုက္ခဗေဒ အမည်အားဖြင့် အက်ကိုး ရပ် ကာလာမတ် ဟုခေါ်သည်။ ရှုံ့ညှိတွင် ပေါက်သော ပင်ပျော့မျိုးဖြစ်သည်။ အရွက်မှာ ခားလွယ် ပုံသဏ္ဌာန် နှစ်ပေမှ သုံးပေအထိ ရှည်၍ ပြက် တကက်မခန့်အထိ

www.burmeseclassic.com





ဆေးဖက်ဝင်သည့် လင်းနေပင်

ရှိသည်။ အရွက်၏ အလယ်ဗဟိုတွင် အရင်းမှ အဖျားထိ ရွက်ကြောင်းတခု ဖြတ်သွားနေသည်ကို ကောင်းစွာ မြင်ရသည်။ လင်းနေပင် ဥမှ အရွက်နှင့်တူသည့် ပင်စည် ထွက်လာပြီးလျှင် ယင်းမှ အပွင့်များ ပွင့်သည်။ အရွက်များသည် စပါးလင်ပင်မှာကဲ့သို့ အစုလိုက် ထွက်ကြသည်။

လင်းနေပင်ဥသည် ရွှံ့ထဲတွင်လျှောက်၍ပေါက်သွားတတ်ပြီးလျှင် အဆစ်များရှိသည်။ ဥနှင့်တကွအရွက်ပါမကျန် တပင်လုံး မွှေးသည်။ လင်းနေဥအခြောက်သည် ဆေးဖက်ဝင်သည်။ မြန်မာဆေးကျမ်း အလိုအားဖြင့် လင်းနေမြစ်သည် လေကို နိုင်၏။ အာဟာရအပုပ်ကို ကြေစေတတ်၏။ တေဇောဓာတ်ကို အားပေးနိုင်သည်။

**လင်းနို့**။ ။ကမ္ဘာပေါ်ရှိ အလွန်အေးသော အရပ်ဒေသများမှတပါး ကျန်ဒေသများ၌ လင်းနို့မျိုးပေါင်း ၃၀၀ ခန့်ကို အနှံ့အပြား တွေ့ရှိရသည်။ တောတွင်းကျသော အရပ်များ၌သာ မဟုတ်ပဲ မြို့ထဲရွာထဲနှင့် မြံ ဥယျာဉ်များထဲ၌လည်း လင်းနို့များကို တွေ့ရှိရသည်။ လင်းနို့များသည် အကောင်ငယ်မျိုးပင်ဖြစ်သော်လည်း မလေးရှားနိုင်ငံတွင် တွေ့ရှိရသော လင်းနို့ကောင်ကြီးများမှာ အတောင်ကို ဖြန့်၍ အစွန်းနှစ်ဖက်ကြားကို တိုင်းထွာကြည့်လျှင် တခါတရံ ငါးပေမျှရှိလေသည်။ မြန်မာနိုင်ငံကဲ့သို့ အပူပိုင်းဒေသတွင်ရှိသော တိုင်းပြည်များ၌လည်း လင်းနို့များကို တွေ့ရှိရသည်။ လင်းဆွဲများသည် ခြံဥယျာဉ်များတွင် လူတို့စိုက်ပျိုးထားသော သစ်သီးဝလံတို့ကို ညဉ့်အချိန်၌ လှည့်လည်ကာ စားသောက် ဖျက်ဆီး တတ်ကြသည်။ လင်းနို့များမှာမူ ပိုးမွှားများကိုသာ စားလေ့ရှိသဖြင့် လူ၏ မိတ်ဆွေကောင်းများဖြစ်ကြသည်။ လင်းနို့များသည် သစ်သီးဝလံပင်များနှင့် ကောက်ပဲသီးနှံပင်တို့ကို ကိုက်ဖြတ် ဖျက်ဆီးတတ်သော ဖလံကောင်များနှင့် ချေးထိုးပိုးကောင်များကို ရှာဖွေစားသောက်လေ့ ရှိသဖြင့် ခြံဥယျာဉ် လယ်ယာစိုက်စားသူတို့၏ ညဉ့်စောင့်များ စင်စစ် ဖြစ်တော့သည်။

အမေရိကန် ပြည်ထောင်စုနိုင်ငံ အချို့သော အပိုင်းများနှင့် ဩစတြေးလီးယား တိုက်တို့တွင် ပြည်သူ့ဘဏ္ဍာထဲမှ ငွေဖြင့် လင်းနို့များအတွက် အိပ်တန်းများ၊ သို့မဟုတ် ခိုအောင်းရာ အဆောက်အအုံများကို ဆောက်လုပ်ပေးထားကြသည်။ ထိုကဲ့သို့ လင်းနို့များ မွေးထားသည့် ရပ်ကွက်များ၌ ခြင်ကောင်များ ပျောက်ကွယ်လျက်ရှိသည်။

နေ့အချိန်တွင် လင်းနို့များကို တွေ့ရခဲသည်။ တနေ့လုံး ဂူများ၊ သစ်ခေါင်းများ၊ ချုံပိတ်ပေါင်းများ၊ စပါးကျီများ၊ ဘုရားရှိခိုးကျောင်း မျှော်စင်များနှင့် အိမ်အိုများအတွင်း၌ ပုန်းအောင်းကာ အိပ်စက်နေတတ်ကြသည်။ အအိပ်စုံမက်သောသတ္တဝါများဖြစ်ရာ နေ့အခါ၌ပင် ၂၄ နာရီအနက် နာရီပေါင်း ၂၀ ခန့် သူတို့၏ အိပ်တန်းကို စွန့်ခွာ၍ ထွက်ပျံလေ့မရှိကြချေ။ ဆောင်းရာသီသို့ရောက်လာလျှင် အပြင်သို့ အလျဉ်းမထွက်လာတော့ပေ။


လင်းနို့များသည် ကြည့်ပျော် ရှုပျော်ရှိသောသတ္တဝါများဟုမဆိုနိုင်ချေ။ နေ့အခါတွင် ထုတ်လျှောက် စသည်တို့မှာ တွဲရရွဲချကာ အလင်းရောင်ကို မကြည့်နိုင်သကဲ့သို့ ပတ်းစေ့မျက်လုံးများကို မှိတ်ချည်ဖွင့်ချည်ဖြင့် လင်းနို့များကို တွေ့ရလေ့ရှိသည်။ ထိုသို့ရှိနေစဉ် အတောင်နှစ်ဖက်ကို ရုပ်သိမ်းလျက် ကိုယ်ရုံထည်သဖွယ် ခြုံထားကြသည်။ လင်းနို့၏အတောင်မှာ ငှက်မွေးငှက်တောင်ကဲ့သို့ မဟုတ်ပဲ သားရေကဲ့သို့ ဖြစ်သည်။ အလွန်ရှည်လျားသော လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ချောင်းတို့သည် ထီးရွက်တွင် ထီးကိုင်းများသဖွယ် တွယ်ကပ်နေသည့် နည်းတူ အတောင်၌ ကပ်လျက်ရှိသည်။ လင်းနို့ တကောင်ကို လက်ထဲ၌ဖမ်းထားမည်ဆိုလျှင် တကိုယ်လုံး ဆတ်ဆတ်တုန်နေသည်ကို တွေ့ရမည်ဖြစ်၏။ ဤကဲ့သို့တဆတ်ဆတ်တုန်နေရခြင်းမှာ လင်းနို့၏အတောင်တွင် အတွေ့အထိကို အလွန် သိလွယ်သော အာရုံကြောများရှိခြင်းကြောင့် ဖြစ်သည်။ လေကို တိုးဝှေ့ပျံသန်းနေစဉ် ရှေ့၌ တိုက်မိစရာတခုခုရှိခဲ့သော် အတောင်



www.burmeseclassic.com

www.burmeseclassic.com





လင်းနို့များသည် ပိုးမွှားများကိုသာ စားလေ့ရှိသဖြင့် တောင်သူလယ်ယာဦးကြီးတို့၏ မိတ်ဆွေကောင်းဖြစ်သည်။

နှင့် နားရွက်တို့၌ရှိသော အာရုံကြောများအားဖြင့် လျင်မြန်စွာ သိနိုင်သည့်အလျောက် ရှောင်ရှားကာ ပျံသန်းနိုင်ကြလေသည်။ သို့ဖြစ်၍ လင်းနို့များသည် ပျံလွှားငှက်များနည်းတူ ကွေ့ကွေ့ကောက်ကောက် ပတ်ကာလှည့်ကာ၊ စိုက်ကာဖြင့် ပျံသန်းနိုင်စွမ်းရှိသည့်အပြင် တောကြီးမျက်မည်းထဲ၌ အလွန်မှောင်မိုက်သော ညဥ့်အချိန်၌ ပင်လျှင် သစ်ပင် သစ်ကိုင်း သစ်ခက် တစုံတခုကိုမျှ မတိုက်မခိုက်မိပဲ အစာဖြစ်သော ပိုးကောင်မွှားကောင်တို့ကို လိုက်လံဖမ်းဆီးနိုင်ကြလေသည်။ ဤကဲ့သို့ မှောင်မိုက်နေသော အခါမျိုးတွင် လင်းနို့များသည် မျက်စိဖြင့် မြင်နိုင်သည်ထက် အတောင်နှင့်နားတို့၌ရှိသော အာရုံကြောများဖြင့် သေားရန်မထိအောင် ပျံသန်းနိုင်ကြလေသည်။ လင်းနို့များသည် မျက်နှာပြင်အပြန့်မှထ၍ မပျံသန်းနိုင်ကြသဖြင့် မြေပြင်ပေါ်သို့ သက်ဆင်းလေ့ မရှိကြချေ။ မြေပြင်ပေါ်သို့ မတော်တဆကျမိလျှင် အလွန်ခဲခဲယဉ်းယဉ်းဖြင့် တွားသွားရလေသည်။ အမြင့်သို့အနည်းငယ်တက်ပြီးမှ လိုရာသို့ ထ၍ပျံသန်းနိုင်ကြသည်။

အိပ်တန်းတခုတည်းတွင် လင်းနို့ပေါင်း များစွာစု၍ အိပ်လေ့ရှိသည်။ မှောင်စပျိုး၍ မှောင်ရိပ်လွှမ်းလာချိန်ရောက်မှ ပျားအုပ်ကြီးသဖွယ် အပြင်သို့ အုပ်လိုက်ချီ၍ ထွက်လေ့ ရှိကြသည်။ လင်းနို့ များသည် ပေါက်ဖွားလာသော သားငယ်များအတွက် အသိုက်ဖွဲ့ပေးလေ့မရှိကြ။ လင်းနို့မတို့သည် သူတို့၏သားငယ်များကို အတောင်ဖြင့် ပိုက်ထွေးကာ ရင်နို့ကိုတိုက်ကျွေးလျက် မွေးမြူထားကြလေသည်။ သားငယ်သည် မိခင်၏ကိုယ်တွင် ခြေလက်မြဲမြံစွာ တွယ်ကပ်နိုင်စွမ်း ရှိလာသည့်အခါ မိခင်သည် သားငယ်နှင့်အတူ ညဥ့်အချိန်၌ အစာရှာ ထွက်လေ့ရှိသည်။ ရံဖန်ရံခါ မိခင်သည် သားငယ်တို့ကို သစ်ပင်များတွင် သစ်ရွက်များအကြား၌ ဖုံးကွယ်၍ ထားခဲ့တတ်ကြသည်။ ဤနည်းအားဖြင့် လင်းနို့ငယ်တို့သည် တစတစနှင့် အပြင်သို့ထွက်၍ အပျံသင်ကြလေသည်။

လူတို့သည် များသောအားဖြင့် လင်းနို့များကို မုန်းတီးရွံရှာတတ်ကြရာ လင်းနို့ကိုမြင်လျှင် သတ်ပစ်ချင်ကြသည်။ လင်းနို့၏ပုံပန်းသဏ္ဌာန်မှာ အမြင်ရဆန်းသလောက် နေထိုင်ပုံကလည်း အခြား တိရစ္ဆာန်တို့နှင့်မတူ ဇောက်ထိုး ပြောင်းပြန် ခြေဖြင့်ချိတ်၍ တွဲလွဲဆွဲကာ နေလေ့ရှိကြသဖြင့် အထင်သေး အမြင်သေး ခံရကြလေသည်။ သို့ရာတွင် လင်းနို့များသည် သီးနှံဖျက်ပိုးမွှားတို့ကို စားသောက်ဖျက်ဆီးပစ်ရုံမျှမက လင်းနို့ချေးကိုလည်း မြေဆီလွှာတွင် ဩဇာ ဖြည့်လောင်းရန်အတွက် အသုံးချနိုင်သဖြင့် လူ၏ မိတ်ဆွေကောင်းများဟု ဆိုရချေမည်ဖြစ်သည်။

အမေရိကတိုက် အလယ်ပိုင်းဒေသနှင့် တောင်အမေရိကတိုက်တို့တွင်တွေ့ရှိရသော သွေးစုတ်လင်းဆွဲမျိုးအချို့မှာ ကျွဲ၊ နွား၊ မြင်းစသော တိရစ္ဆာန်တို့၏ ကျောပေါ်တွင်နား၍ သွေးစုတ်လေ့ရှိကြရာ တခါတရံ သွေးစုတ် ခံရသော တိရစ္ဆာန်တို့သည် သွေးအားနည်း၍ အသက်ပင်ဆုံးရတတ်သည်။ ထိုသွေးစုတ်လင်းဆွဲတို့သည် အိပ်ပျော်နေသော လူများ၏သွေးကိုပင် စုတ်ယူတတ်ကြသည်။

လင်းနို့များသည် အလွန်ရှေးကျသော တိရစ္ဆာန်မျိုးထဲမှဖြစ်၍ လင်းနို့အတောင်ကို သေချာစွာ စစ်ဆေးကြည့်ရှုလျှင် အရိုးများ၏ အနေအထားများမှာ လူ၏လက်ချောင်းများအနေအထားနှင့် ခပ်ဆင်ဆင် တူသည်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရမည် ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် လင်းနို့ ၁၂ မျိုးမျှ ရှိလေသည်။

လင်းနို့သည် ခိုင်ရော့ပတာရာ ဟူသော နို့တိုက်သတ္တဝါမျိုးစဉ်တွင် ပါဝင်သည်။

**လင်းပိုင်။** ။လင်းပိုင်သည် ဝေလငါး အငယ်စားမျိုး ဖြစ်၍ ယင်းနှင့်အမျိုးနီးစပ်သည်။ လင်းပိုင်သည် ဆီတေဆီအီး မျိုးစဉ်တွင် ဒယ်လဖိနိဒီး မျိုးရင်း၌ပါဝင်၍ ပါဏဗေဒ အလိုအားဖြင့် ဒယ်လဖီးနပ် ဒယ်လဖစ်ဟုခေါ်သည်။ ဝေလငါးကဲ့သို့ပင် ငါးမဟုတ်ပဲ နို့တိုက်သတ္တဝါ ဖြစ်သည်။ ပူနွေးသော မြေထဲပင်လယ်နှင့် မြောက်အတ္တလန္တိတ် သမုဒ္ဒရာတို့တွင် အများအပြားတွေ့ရသည်။ အလျားခြောက်ပေမှ ရှစ်ပေအထိရှည်၍ မေးရိုးနှစ်ဖက်တွင် သွားများရှိသည်။ ခြောက်လက်မခန့်အရှည်ရှိသည့် နှုတ်သီးကဲ့သို့သော နှာတံသည် ဦးခေါင်းရှေ့သို့ သွယ်၍ ဆင်းသွားသည်။ လင်းပိုင်၏ ကျောပိုင်းသည် ခပ်မည်းမည်းရှိ၍ အောက်ပိုင်းတွင် ဖြူနေကာ ဘေးနှစ်ဖက်တွင် မွဲပြာရောင်ရှိသည်။ လင်းပိုင် အမသည် တကြိမ်လျှင်သားတကောင်သာမွေး၍ သားကလေး မကြီးမခြင်း အထူးဂရုပြုကာ အမြဲစောင့်ရှောက် နေတတ်သည်။ မျိုးစိတ်ပေါင်း အမြောက်အမြား ရှိသော်လည်း အားလုံးသည် အစာကို ငမ်းငမ်းတက် စားသောက်တတ်ကြသည်။ အခြားငါးများနှင့် သေးငယ်သည့် ရေသတ္တဝါများကို စားသောက်ကြသည်သာမက ကောင်းစွာ မသွားလာနိုင်ကြသော ဇာတ်တူသား လင်းပိုင်အိုများကိုပင် စားသောက်ကြသည်။

လင်းပိုင်များသည် အကောင်ပေါင်းများစွာပါဝင်သည့် အစု အအုပ်ကြီးများဖွဲ့၍ နေတတ်ကြရာ၊ ပင်လယ်ကူး သင်္ဘောစီး ခရီးသည်များသည် သင်္ဘောအနီးတဝိုက်တွင် ယင်းတို့ သွားလာခုန်ပျံလျက်ရှိသည်ကို တွေ့နိုင်ပေသည်။ သင်္ဘောဘေး ခပ်လှမ်းလှမ်းမှ လေထဲသို့ ခုန်ပျံတက်လာပြီးလျှင် တဖန်ရေထဲသို့ ရုတ်ချည်း ထိုးဆင်းသွားတတ်ကြသည်။ သင်္ဘောစီးခရီးသည်တို့အား ယင်းတို့ ရေကူး ကျင်လျှင်ကြောင်း ပြသသည့်အလား ရေပေါ်တွင် ဆပ်ကပ်ပြသကဲ့သို့ ကိုယ်များကို ကွေးကာကွေးကာ အမျိုးမျိုး ခုန်ပျံကူးသန်း၍ သင်္ဘောနှင့်ယှဉ်လျက် မိုင်ပေါင်းများစွာ လိုက်ပါသွားတတ်ကြသည်။ ခရီးသည်တို့လည်း ဤကဲ့သို့ လင်းပိုင်တို့၏ ထူးဆန်းသည့်အပြုအမူများကို ကြည့်ယင်း တနေ့ဝင်တနေ့ထွက် အချိန်ကုန်ကြရလေသည်။ ယင်းသို့ လူတို့နှင့်ရင်းနှီးစွာ ယဉ်ပါးမှုကြောင့် သမုဒ္ဒရာရှိ အခြားအခြားသော ရေသတ္တဝါတို့ထက် လင်းပိုင်ကို လူအများ ခင်မင်ကြသည်ဟု ပြောကြသည်။

လင်းပိုင်တမျိုးရှိသေးရာ ယင်းအမျိုးသည် သမုဒ္ဒရာတွင်မနေပဲ ကမ်းနှင့်မနီးဝေးအရပ်များ၌ ကျက်စားတတ်ကြသည်။ ကမ်းခြေနှင့် ဝေးဝေးမသွားတတ်ကြချေ။

လင်းပိုင်၏ ထူးခြားသည့် ကိုယ်အင်္ဂါ အစိတ်အပိုင်းတခုမှာ ယင်း၏အမြီးသည် အခြားသောငါးများကဲ့သို့ ထောင်လိုက်ပြားမနေဘဲ အလှဲလိုက် ပြားလျက်ရှိပေသည်။ ရှေးရှက်သင်္ဘောများခေတ်က လင်းပိုင်သားကို သင်္ဘောသားများ အလွန်နှစ်သက်ကြသည်။ ယခုအခါ လင်းပိုင်သားကို မစားကြတော့ချေ။ လင်းပိုင်ဆီသည် အလွန်အဖိုးတန်သော အဆီဖြစ်သည်။ လင်းပိုင် ဦးခေါင်းနှင့် မေးရိုးမှရသော ဆီကို နာရီနှင့်တိကျသော ကရိယာများ ဆီထည့်ရာတွင် အသုံးပြုကြသည်။

**လင်းဗတ်, စီအေ** (ခရစ် ၁၉၀၂ ဖွား)။ ။အမေရိကန်လူမျိုး ကမ္ဘာ့လေကြောင်း သူရဲကောင်း ချားအော်ဂတ်စတပ် လင်းဗတ်ကို ခရစ် ၁၉၀၂ ခုနှစ် ဖေဖွာရီလ ၄ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု မစ်ရှီဂန်ပြည်နယ် ဒီးထရွိုက်မြို့တွင်ဖွားမြင်သည်။ သူ၏ဖခင်ကား မင်နီဆိုတာပြည်နယ်မှ ကွန်ဂရက်အမတ်တဦးဖြစ်၏။ ငယ်ရွယ်စဉ်က လစ်တယ်ဖောမြို့ရှိ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီးနောက် ဝစ္စကွန်းဆင်း တက္ကသိုလ်တွင် အင်ဂျင်နီယာအတတ်ကို ဆက်လက်သင်ကြားခဲ့သည်။ ယင်းတက္ကသိုလ်မှ တတ်မြောက် အောင်မြင်ခဲ့ပြီးနောက် လင်ကွန်းလေကြောင်း အတတ်သင်ကျောင်းသို့ ဆက်လက် တက်ခဲ့ပြန်သည်။ လေကြောင်းဆိုင်ရာနှင့် စက်ကရိယာ ဆိုင်ရာတွင် ကျွမ်းကျင်လှသောကြောင့် ခရစ် ၁၉၂၄ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုလေတပ်သို့ ဝင်ခွင့်ရခဲ့သည်။ သူ၏အရည်အချင်းများကြောင့် ၁၉၂၅ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိ အဆင့်အတန်းသို့ တိုးမြှင့်ခန့်ထားခြင်းခံရ၏။

၁၉၂၇ ခုနှစ် မေလ ၂၀ ရက်နေ့ နံနက် ၇ နာရီ ၅ မိနစ်အချိန်တွင် လောင်းအိုင်လင်း ရူးဇဗဲ့ လေယာဉ်ပျံကွင်းမှ တက်ခဲ့၍ နောက်တရက် (မေလ ၂၁ ရက်နေ့)တွင် ပြင်သစ်နိုင်ငံ ပါရစ်မြို့ လဗူဇေး လေယာဉ်ပျံကွင်း၌ ည ၁၀ နာရီ ၂၁ မိနစ်အချိန် သက်ဆင်းခဲ့သည်။ အတ္တလန္တိတ် သမုဒ္ဒရာကို တယောက်တည်း ရှေးဦးစွာပျံသန်းဝံ့သူ ဖြစ်၍ လင်းဗတ်သည် လေယာဉ်ပျံကွင်းသို့ ဆင်းသည်နှင့် တပြိုင်နက် ပြင်သစ်ပြည်သူ ပြည်သားများက ဆီးကြို ဂုဏ်ပြုကြလေသည်။ မိုင်ပေါင်း ၃,၆၀၀ ကျယ်သော ပင်လယ်ကို ၃၃ နာရီ ၂၉ မိနစ်နှင့် အရောက်ဖြတ်သန်း၍ မောင်းနိုင်သော လေသူရဲကောင်းကြီး ဖြစ်လေသည်။ ဥရောပတိုက်မှ ထိပ်သီးပုဂ္ဂိုလ်ကြီးများကပင် မြှောက်စားချီးကျူးခြင်း ခံရလေသည်။

ပါရစ်မြို့မှ အမေရိကန် ပြည်ထောင်စုသို့ ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com





အတ္တလန္တိတ် သမုဒ္ဒရာကို ပျံသန်းခဲ့သော ကမ္ဘာ့လေကြောင်းသူရဲကောင်း ချားလ်စ် အော်ဂတ်စတပ် လင်းဗတ်

သောအခါ၌လည်း အမေရိကန်သမတ ကယ်လဗင် ကူးလစ်က နိုင်ငံတော်အစိုးရ၏ ခြီးကျူးပွဲတရပ် ကျင်းပပြီးလျှင် သူရဲကောင်း ဆုတံဆိပ်ပင် ပေးအပ်ခဲ့လေသည်။ အမေရိကန်ပြည်ထောင်စု လေတပ်မတော်၌ပင် ဗိုလ်မှူးကြီးအဆင့် အတန်းအထိ တိုးမြှင့်ခန့်ထားခြင်းခံရသည်။

လင်းဗတ်၏ အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်၍ ပျံသန်းသော လေကြောင်းခရီးအဖြစ်အပျက်ကို နယူးယော့တိုင်းသတင်းစာက ဒေါ်လာပေါင်း နှစ်သိန်းငါးသောင်းနှင့်ဝယ်သည်။ သူ၏ "ကျွန်ုပ်တို့" ဟူသော စာအုပ်သည် တခါက အရောင်းရဆုံးစာအုပ်ဖြစ်ခဲ့၏။

၁၉၂၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုဆိုင်ရာ မက္ကဆီကို သံအမတ်ဟောင်း၏ သမီး အန်းမောရိုးနှင့် ထိမ်းမြားလက်ထပ်၏။ အန်းမောရိုးမှာလည်း အသံဖမ်းစက် (ရေဒီယို)အတတ်ကို ကျွမ်းကျင်သူဖြစ်၍ လေကြောင်း၌လည်း တွဲဖက်ပါဝင်နိုင်သူ ဖြစ်ရုံမက စာရေးဆရာလည်းဖြစ်၏။ လင်းဗတ်ဇနီးမောင်နှံတို့သည် နယူးယော့မှ တရုတ်နိုင်ငံသို့ မြောက်ဖက်လမ်းမှ ပျံသန်းခဲ့ကြသည်။

၁၉၃၂ ခုနှစ်တွင် သူတို့၏ ကလေးကို လူဆိုးများက ပြန်ပေးဖမ်း၍ သတ်ဖြတ် လိုက်ကြ၏။ ထိုအခါမှစ၍ လင်းဗတ်ဇနီးမောင်နှံတို့လည်း စိတ်နှလုံးမချမ်းမသာဖြစ်ကာ ၁၉၃၅ ခုနှစ်တွင် အင်္ဂလန်ပြည်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြလေသည်။ ၁၉၃၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာကာ အလုပ်ဟောင်းတွင် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၄၁ ခုနှစ်တွင် အလုပ်မှ နုတ်ထွက်ပြီးနောက် ဖို့မော်တော်ကားကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်လေသည်။

**လင်းမြီးဆွဲငှက်။** ။လင်းမြီးဆွဲငှက်ကို ကျွဲမြီးဆွဲဟူ၍၎င်း၊ လင်းဆွဲဟူ၍၎င်း၊ မီးတောင်ဖိုနက်ဟူ၍၎င်း အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသည်။ လင်းမြီးဆွဲသည် ငှက်တော်နှင့်အတူ ဒိုင်ကရူးရီဒီးမျိုးရင်းတွင်ပါဝင်၍ ပါဏဗေဒ အလိုအားဖြင့် ဒိုင်ကရူးရပ် မာကရိုဆာကပ်ဟု ခေါ်သည်။ အလျား ၁၂ လက်မရှိသည့်အနက် အမြီးတခုတည်းကပင် ငါးလက်မခွဲ ရှည်သည်။ တကိုယ်လုံး သပိတ်ရောင်ထနေအောင် မည်းနက် တောက်ပြောင်နေသော အမွေး အတောင်များနှင့် ခက်ရင်းခွကဲ့သို့ ရှည်သော အမြီးခွများကြောင့် ထိုငှက်များကို အလွယ်တကူနှင့် ခွဲခြားသိရှိနိုင်သည်။ သို့သော် ငှက်တော်နှင့် ဆင်တူရိုးမှား ဖြစ်တတ်သည်။ ငှက်တော်တွင်လည်း အမြီးခွရှိ၍ အရောင်မှာမည်း



www.burmeseclassic.com

www.burmeseclassic.com



နက်၏။ သို့သော်အနက်နည်းသည်။ လင်းမြီးဆွဲအမြီး၌ရှိသည့် အမွေးကြီးများတွင် အပြင်အမွေးများသည် အလယ်မွေးများထက် တလက်မခွဲပိုရှည်သည်။ လင်းမြီးဆွဲတို့သည် တနေရာမှ တနေရာသို့ ရာသီအလိုက် ရွှေ့ပြောင်းနေထိုင်တတ်ကြသည်။

လင်းမြီးဆွဲသည် မည်းနက်တောက်ပြောင်သော အမွေးအတောင်နှင့် ရှည်လျားသော အမြီးခွကြောင့် လှပတင့်တယ်သည်။ ကြေးနန်းကြိုးများ၊ သစ်ပင်များပေါ်၌ နားနေ၍ ကျယ်လောင်စွာ ဆူဆူညံညံ အော်တတ်ကြသည်။ လင်းမြီးဆွဲသည် ကျီးကန်းမျိုးထဲကမဟုတ်သော်လည်း မိမိ၏ အသိုက်ကို ရဲရင့်စွာကာကွယ်ခြင်းနှင့် တိုက်ခိုက်လိုသော စိတ်ဓာတ် ပြင်းပြခြင်းတို့မှာ ကျီးကန်းထက်ပင် သာပေသည်။ တခါတရံ ကျီးကန်းတကောင်ကို လင်းမြီးဆွဲများက လိုက်လံထိုးဆိတ်နေသည်ကို တွေ့ရတတ်သည်။ ပျံသန်းရာ၌ကျင်လျင်၍လျင်မြန်သန်စွမ်းသည်။လင်းမြီးဆွဲကို လွင်တီးပြင်နှင့်ချုံတောများ၊ ကြေးနန်းကြိုးများတွင် တွေ့ရသည်။ သစ်ငုတ်တိုနှင့် အခြားမြင့်မားသော နေရာများတွင် နားနေယင်း လေထဲ၌ ပျံသန်းနေသောပိုးမွှားများနှင့် မြေပေါ်၌ သွားလာနေသော ပိုးမွှားများကို စောင့်၍ဖမ်းယူစားသောက်လေ့ရှိသည်။ နားနေချိန်တွင် အမြီးကိုနှိမ့်ချည်မြှင့်ချည်လုပ်နေတတ်သည်။ အစာစားနေသော ကျွဲနွားများပေါ်တွင်နား၍ ကျွဲနွားများကိုယ်ပေါ်၌ တွယ်ကပ်နေသော ပိုးမွှားများကိုလည်း ဖမ်းယူစားသောက်သည်။ တခါတရံ၌မူ အခြားငှက်များ ဖမ်းယူထားသောအစာများကို အဓမ္မလု၍ စားကြသည်။ လင်းမြီးဆွဲသည် ပိုးမွှားများကိုသာစားသဖြင့် လူတို့၏ အကျိုးဆောင်ငှက်လည်းဖြစ်ပေသည်။

ဥများကိုပြေလနှင့်မေလအတွင်း အုကြသည်။ အသိုက်ကို မြေပေါ်မှ အတော်မြင့်၍ အပြင်သို့အလျားလိုက် ထိုးထွက်နေသော သစ်ကိုင်းခွတွင် တဲလောင်း ပြုလုပ်သည်။ အသိုက်ကို မြက်၊ သစ်ကိုင်းခြောက်စသည်တို့ဖြင့် သပ်ရပ်ခိုင်ခံ့စွာ ပြုလုပ်ထားသည်။ သို့ရာတွင် အသိုက်၏ အောက်ခံမှာ ပါးသဖြင့် ဥများကို အောက်မှ အတိုင်းသားမြင်နိုင်သည်။ တမြုံလျှင် နှစ်ဥမှ ငါးဥအထိရှိ၍ အရောင်အမျိုးမျိုးရှိသည်။ သားငယ်များကို အစာကျွေးရာ၌ စားပြီးအစာကို တဖန် အန်၍ ခွံ့ကျွေးလေ့ ရှိသည်။

လင်းမြီးဆွဲကို အရှေ့တိုင်းနိုင်ငံ များတွင် အများအပြားတွေ့မြင်ရသည်။ မြန်မာနိုင်ငံ တဝှန်းလုံးရှိ တောင်ခြေနှင့် လွင်ပြင်များတွင် အနှံ့အပြား တွေ့ရလေသည်။ အချို့ လင်းမြီးဆွဲများသည် အမြဲတမ်း နေရာ အတည်တကျ နေကြသော်လည်း ကျန်များစွာသော လင်းမြီးဆွဲတို့မှာ နွေရာသီ၌ မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ အလယ်ပိုင်းနှင့်မြောက်ပိုင်း ဒေသများသို့ သားပေါက်ရန် ရွှေ့တတ်ကြသည်။ တဖန် အောက်တိုဘာလတွင် နေရင်းဒေသများသို့ ပြန်လာကြပြန်သည်။ ဤကဲ့သို့ လင်းမြီးဆွဲအုပ်ကြီးများ ပြန်လာကြသည်ကို အချို့ဒေသတွင် အထင်အရှားတွေ့ရလေသည်။



သဘာဝအားဖြင့် ရဲရင့်ခြင်းသတ္တိနှင့်ပြည့်စုံသော လင်းယုန်

**လင်းယုန်**။ ။လင်းယုန်သည် စွန်၊ လင်းတ၊ သိမ်းငှက်မျိုးတို့နှင့်အတူ ဖော်လကိုနီဖောမိး မျိုးစဉ်တွင် အက်ကဆစ် ပီထရီဒီး မျိုးရင်း၌ ပါဝင်၍ ငှက်ရဲဖြစ်သည်။ ပါဏဗေဒ အမည်မှာ စပိုင်လောနစ် ချီးလာ ဗာမေးနီးကပ်ဖြစ်သည်။ အလျား ၂၆ လက်မမှ ၂၈ လက်မထိရှိ၍ ငှက်မသည် ငှက်ဖိုထက် ထွားကျိုင်းသည်။ ပျံသန်းနေစဉ် အတောင်များသည် အလွန်ကျယ်ပြန့်၍ ဝိုင်းနေသကဲ့သို့ ထင်ရသည်။ အောက်မှနေကြည့်လျှင် အတောင်တခုစီ၏ နောက်ဖက်စွန်း တလျှောက်လုံးတွင် အဖြူတန်းကြီးနှစ်ခုနှင့် အမြီးတွင် ကန့်လန့်ဖြတ် အဖြူတန်းတခု တွေ့ရခြင်းအားဖြင့် လင်းယုန် ဟု အလွယ်တကူ မှတ်မိနိုင်သည်။

လင်းယုန်သည် သစ်တောနှင့် သစ်ပင်၊ ထူထပ်စွာ ပေါက်ရောက်သော ဒေသများတွင် နေထိုင် ကျက်စားသည်။ လင်းယုန်သည် များသောအားဖြင့် အလျား

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်ပေမှ ရှစ်ပေအထိ ရှည်သော မြွေများကို သတ်ဖြတ်စားသောက်သည်။ ပုတ်သင်၊ ကင်းလိပ်ချော စသောဖွတ်ပုတတ်မျိုး၊ ဖား၊ ပိုးမွှားနှင့် ငှက်များကိုလည်း ဖမ်းယူ စားသောက်သည်။ ကောင်းကင်ထက်၌ မြင့်မားစွာ ဝဲပျံ၍နေတတ်သည်။ လင်းယုန်သည် အလွန် ရဲရင့်ရာ အနီးသို့ လူရောက်လာသည်တိုင်အောင် မပြေးပဲ ဝံ့ဝံ့စားစား ခံနေတတ်သည်။ လင်းယုန်သည် ဆူညံစွာ နေတတ်၍ ပျံသန်းယင်း အသံမျိုးစုံဖြင့် အော်တတ်သည်။ မိတ်လိုက်ချိန်များတွင် ပို၍ဆူညံကြသည်။

လင်းယုန်သည် ဖေဖော်ဝါရီလမှ ဧပြီလအတွင်း သားပေါက်သည်။ အသိုက်များကို စမ်းချောင်းများ အနီးရှိ မြင့်မားသော သစ်ပင်ကြီးများ၌ သစ်ကိုင်း များဖြင့်ပြုလုပ်သည်။ အသိုက်မှာ ငှက်၏ အရွယ်နှင့် စာလျှင်သေးငယ်သည်။ ဥတလုံးတည်းသာ အုသည်။ လင်းယုန်များကို အရှေ့တိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံ သစ်တော အားလုံးလောက်တွင် ပေပေါင်းမည်မျှ မြင့်သည်ဖြစ်စေ အမြဲတမ်း နေထိုင်ကြသည်။

လင်းယုန်ငှက်သည် သဘာဝ အားဖြင့် ရဲရင့်ခြင်းသတ္တိနှင့် ပြည့်စုံသောကြောင့် ရှေးပဝေဏီကပင် ယင်းငှက်ကို အမျိုးသား အထိမ်းအမှတ် အဖြစ်ဖြင့် အသိအမှတ်ပြုကြသည်။ အမေရိကန်ပြည်ထောင်စုတွင် လင်းယုန်ငှက်ကို အမျိုးသားအထိမ်းအမှတ်အဖြစ်ဖြင့် သတ်မှတ်ထားသည်။ ရှေးက ခေတ်ကောင်းခဲ့သော ရောမနိုင်ငံတော်ကြီးတွင်လည်း လင်းယုန်ငှက်ကို အမျိုးသားအထိမ်းအမှတ် အဖြစ်ဖြင့် အသုံးပြုခဲ့ကြလေသည်။

**လင်းလေပင်။** ။လင်းနေပင် — ရှု။

**လင်းဝက်။** ။လင်းဝက်သည် ဗျိုင်းမျိုးတို့နှင့် အတူဆီကိုနီအီဖောမီး မျိုးစဉ်တွင် အာဒီအီဒီး မျိုးရင်း၌ ပါဝင်၍ ပါဏဗေဒ အလိုအားဖြင့် နစ်တီကောရက်ဟုခေါ်သည်။ အလျား ၂၄ လက်မ ရှိသည်။ လင်းဝက်သည် ဗျိုင်းမျိုးရင်း၌ပါဝင်သော်လည်း ဗျိုင်းနှင့်အလေ့အထချင်း လုံးဝမတူချေ။ ညဥ့်ငှက်ဖြစ်သည် အားလျော်စွာ ညဥ့်အချိန်တွင် ကျက်စား၍ နေ့ခင်းတွင် အရွက်ထူသောသစ်ပင်၌ အိပ်နေတတ်သည်။ ပျံသန်းနေသည့်အခါ ငင်ယော်ငှက်ကဲ့သို့ ဦးခေါင်းကို တုတ်ခိုင်သောကိုယ်ထည်အတွင်းသို့ ကျုံ့သွင်းထားဘိသကဲ့သို့ ရှိရကား အဝေးကကြည့်လျှင် လင်းဝက်သည် ခပ်လုံးလုံးကဲ့သို့ တွေ့ရသည်။ သို့ဖြင့် ဦးခေါင်းနှင့်ကျောရှိ အမည်းရောင် အမွေးများမှာ တဆက်တည်း ဖြစ်လျက် ရှိလေသည်။ ဝိုင်း၍ ကျယ်ပြန့်သော အတောင်များနှင့် အမြီး၏ အရောင်မှာမူ ညိုမှိုင်းမှိုင်းရှိ၏။ လဲနေသော အမောက်မည်းတခုနှင့် လည်ကုပ်တွင် ဖြူသောအမွေးမျှင် သုံးချောင်းရှိသည်။ မိတ်လိုက်သည့်အခါ လဲနေသောအမောက်နှင့် ရင်ပတ်၊ လည်ကုပ်၊ ကျောမှ အမွေးများ ထောင်ထလာတတ်သည်။ ငှက်သားကလေးများ၏ ကိုယ်အထက်ပိုင်းသည် အညိုပုပ်ရောင်ရှိ၍ ဖြူဝါဝါအပြောက်ကလေးများနှင့် အစင်းများရောလျက် နေသည်။ အောက်ပိုင်း၏ အရောင်မှာကား မွဲပြာပြာရှိ၍ အမည်းစင်းများ ရောလျက်ရှိသည်။

တခါတရံ နေ့လယ်ခင်းများပင် ဖြစ်သော်လည်း လင်းဝက်၏ အော်သံကို ကြားရတတ်သည်။ လင်းဝက်များသည် သဘာဝအားဖြင့် ကြောက်တတ်သည့်ပြင် ဆိတ်ဆိတ် နေလေ့ရှိသည်။ အအုပ်အသင်းဖြင့် နေ၍ မှောင်စပျိုးချိန်တွင် ပျံသန်းကာ အစာရှာဖွေထွက်ကြသည်။ အစာကို တကောင်ချင်း ရှာဖွေလေ့ရှိသည်။

မိုးရာသီအတွင်းသားပေါက်၍ တမြုံလျှင် လေးဥမှငါးဥအထိရှိ၏။ လင်းဝက်များကို ကမ္ဘာ အရပ်ရပ်တွင် တွေ့ရသည်။ မြန်မာနိုင်ငံ၌ လွင်တီးပြင်များတွင် တွေ့ရသည်။

**လောင်စာ။** ။လှုပ်ရှား သွားလာကာ အလုပ်လုပ်ကိုင်နိုင်ကြရန်အတွက် စွမ်းအင် ရရှိအောင် လူတို့သည် အစားအစာကို အမြဲတမ်း စားသောက်၍ ဖြည့်တင်းပေးနေကြရပေသည်။ အစာ၌ပါရှိသော ကာဗိုဟိုက်ဒြိတ် ဓာတ်သည် အသက်ရှူရာတွင် အဆုတ်တွင်းသို့ ဝင်လာသော အောက်ဆီဂျင်ဓာတ်ငွေ့၏ အကူအညီဖြင့် လောင်ကျွမ်း၍ အပူစွမ်းအင်ကို ဖြစ်ပေါ်စေသည်။ ထိုအပူစွမ်းအင်ကို ကျွန်ုပ်တို့၏ ကြွက်သားများနှင့် နာဗ်ကြောများက ရရှိ၍ လှုပ်ရှား ထကြွနိုင်ကြခြင်း ဖြစ်သည်။ ထိုအတူ စက်ကြီးများ၊ မီးဖိုကြီးများ စသည်တို့တွင်လည်း ဆောင်ရွက်စရာ အလုပ်ကို လုပ်နိုင်စေရန်အတွက် အပူစွမ်းအင်ကို လောင်စာများဖြင့် ဖြည့်တင်း ပေးကြရလေသည်။

လောင်စာများတွင် ကာဗွန်၊ အောက်ဆီဂျင်၊ ဟိုက်ဒြိုဂျင် ဓာတ်များ အဓိကအားဖြင့် ပါဝင်ကြ၍ နိုက်ထရိုဂျင်နှင့် ဆားလဖား (ကန့်) တို့လည်း အနည်းအကျဉ်းအားဖြင့် ပါဝင်ကြသေးသည်။ တခါတရံ ဖော့စဖောရပ် (မီးစုန်း)၊ အောက်ဆီဂျင် ဓာတ်နှင့် ပူးပေါင်းကာ အောက်ဆိုက် ဖြစ်လွယ်သည့် မက်ဂနီဇီယမ်၊ အလျူမီနီယမ်တို့ကဲ့သို့သော ဒြဗ်စင်များကိုလည်း လောင်စာအဖြစ် အသုံးပြုကြသည်။ လောင်စာများ လောင်ကျွမ်းသောအခါ လောင်စာထဲ၌ ပါရှိသော ကာဗွန်ဓာတ်သည် အောက်ဆိုက်အဖြစ် ပြောင်းလဲ၍ အပူကို ဖြစ်ပေါ်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



လောင်စာကို ရှေးပဝေဏီ ကာလကပင် အသုံးပြုခဲ့ကြလေသည်။ လူတို့သည် မီးကို အစားအစာများချက်ပြုတ်ရန်အတွက်ငှင်း၊အေးသည့်ရာသီဥတုဒဏ်မှကာကွယ်ရန်အတွက်ငှင်း၊ သားရဲ တိရစ္ဆာန်တို့အား ခြောက်လှန့်ရန်အတွက်ငှင်း စတင် အသုံးပြုခဲ့ကြဟန် တူလေသည်။ ထိုနောက် တဖြည်းဖြည်းနှင့် အပူဓာတ်ကို လက်နက်များ လုပ်ဆောင်သော လုပ်ငန်းများအတွက် အသုံးချလာနိုင်ကြလေသည်။ အပူဓာတ်ကို အသုံးချပေးမှုနယ်လည်း ကျယ်သည်ထက် ကျယ်လာသည့် အလျောက် အပူဓာတ်ကို ပိုမို အင်အားကြီးမားစွာ ရရှိနိုင်ပြီး အသုံးပြုရာ၌ ပိုမို လွယ်ကူ၍ သက်သာစေသည့် အသားဆီများ၊ သစ်သားများနှင့် မီးသွေးစသည့် အခြား လောင်စာများကိုလည်း ရှာဖွေတွေ့ရှိလာကြလေသည်။ ထိုအချိန်မှာ ကြာမြင့်လှပြီဖြစ်၍ မည်သည့် အချိန်မှ စတင်ခဲ့သည်ကိုကား မခန့်မှန်းနိုင်ချေ။ ကျောက်မီးသွေးကိုမူ သမိုင်းအရ ဘီစီ ၃၀၀ လောက်က ဂရိ ပန်းပဲဆရာများက စတင် အသုံးပြုခဲ့ကြသည်ကို တွေ့ရပေသည်။ ထိုနောက် တဖြည်းဖြည်းနှင့် ဓာတ်ဆီ၊ ရေနံဆီစသည်တို့နှင့် ဓာတ်ငွေ့ အမျိုးမျိုးတို့ကို တွေ့ရှိလာကြလေသည်။

လောင်စာကို အခဲ၊ အရည်၊ အငွေ့ ဟူ၍ သုံးမျိုးခွဲခြားပြနိုင်၏။ လောင်စာခဲတွင် သဘာဝမှဖြစ်သော လောင်စာနှင့် ပြုလုပ် စီမံယူသော လောင်စာ ဟူ၍ နှစ်မျိုးထပ်မံခွဲခြားနိုင်သည်။ ကျောက်မီးသွေး၊ ထင်း၊ သစ်ဆွေးမီးသွေးစသည်တို့သည် ပဌမ အမျိုး၌ ပါဝင်၍ ကုတ်ခေါ် မီးဖုတ်ပြီး ကျောက်မီးသွေးနှင့် မီးသွေးတို့မှာ ဒုတိယ အမျိုးတွင် ပါဝင်သည်။ ကျောက်မီးသွေးနှင့် ထင်းတို့ကို လေလုံသော အသုံးအဆောင်ထဲ၌ မီးတိုက်ပေးလျှင် မီးဖုတ်ပြီး ကျောက်မီးသွေးနှင့် မီးသွေးတို့ကို ရရှိသည်။ ထို့ပြင် ဓာတ်ငွေ့နှင့် ကတ္တရာတို့ကိုလည်း ရရှိသေးသည်။

ကျောက်မီးသွေးသည် အရေးအကြီးဆုံး လောင်စာဖြစ်သည်။ ကမ္ဘာတဝှန်းလုံးမှ ပေးသော စွမ်းအင် စုစုပေါင်း၏ လေးပုံ သုံးပုံမှာ ကျောက်မီးသွေးမှ ရသည်။ သစ်သား လောင်စာမှာ မီးခိုးအထွက်များပြီးလျှင် အလဟဿ အပူစွမ်းအင်ကို ဖြုန်းတီးသောကြောင့် ယခုအခါ၌ များစွာ အသုံးမပြုကြတော့ချေ။ သစ်ဆွေး မီးသွေးသည် မီးအလောင်နှေး၍ အပူစွမ်းအင် အနည်းငယ်ကိုသာ ပေးနိုင်သည်။ မီးသွေးသည် ရှေးခေတ်များက သတ္တုထုတ်လုပ်ငန်း၌ အရေးပါသည့် လောင်စာဖြစ်ခဲ့သော်လည်း ယခုအခါမူ ထိုထက် သာလွန်ကောင်းမွန်သော မီးဖုတ်ပြီး ကျောက်မီးသွေးကို အသုံး ပြုနေကြလေပြီ။ အခြား လောင်စာအခဲများမှာ ဖယောင်းတိုင်များအဖြစ် အသုံးပြုနိုင်သော ပါရဖင် ဖယောင်းနှင့် တဲလိုး အမဲဆီတို့ ဖြစ်ကြသည်။ လောင်စာ အခဲများကို စက်ရုံ လုပ်ငန်းတွင်သာမက အိမ်တွင်း လုပ်ငန်းများတွင်လည်း အသုံးပြုကြလေသည်။

လောင်စာအရည်ကို ရှေးကတည်းကပင် တွေ့ရှိအသုံးပြုခဲ့ကြသော်လည်း ခေတ်မှီ လောင်စာအရည် ထုတ်လုပ်ရေးလုပ်ငန်းကို ၁၉ ရာစုနှစ်အလယ်ပိုင်းလောက်ကမှစတင်နိုင်ခဲ့လေသည်။ အဓိက လောင်စာ အရည်မှာ ရေနံစိမ်းဖြစ်သည်။ ရေနံစိမ်းမှတဆင့် ဓာတ်ဆီ၊ ရေနံဆီ၊ ပါရဖင်ဆီ၊ ထင်းဆီစသော အခြား လောင်စာအရည်များကို အဆင့်ဆင့် ပေါင်းခံခြင်းဖြင့် ခွဲထုတ်ယူကြရလေသည်။

ထိုလောင်စာများသည် အရည်ဖြစ်သည့် အလျောက် သိုမှီးခြင်း၊ သယ်ယူခြင်းတို့၌ လွယ်ကူ သက်သာသည့်ပြင် ကျောက်မီးသွေးထက် နှစ်ဆမျှ ပို၍စွမ်းအင်ကိုဖြစ်စေနိုင်သဖြင့် ယခုအခါတွင် မီးသင်္ဘောများ၊ မီးရထားများ၌ ကျောက်မီးသွေးအစား လောင်စာရည်ဖြင့် မောင်းနှင်သောစက်များကို အသုံးပြုလာကြပြီဖြစ်သည်။ လောင်စာအရည်သည် အတွင်းမီး အင်ဂျင် စက်များ စတင်ပေါ်ပေါက်လာသောအခါတွင် အရေးအကြီးဆုံး လောင်စာအဖြစ် ထိပ်တန်းသို့ရောက်လာခဲ့ပေသည်။ ဒီဇယ်အင်ဂျင် စက်များကို ဈေးပေါသောရေနံချေးနှင့် မောင်းနှင်နိုင်ပေသည်။ အသားဆီနှင့်အသီးအရွက်ဆီတို့မှာ ရှေးကမီးထွန်းညှိရန်အတွက် အထူးအသုံးဝင်ခဲ့သော်လည်း ယခုအခါ၌မူ ပပျောက်သလောက် ဖြစ်ခဲ့ပေပြီ။ အရက်ပျံကို ပေါများစွာချက်လုပ်နိုင်သော်လည်း အရက်အဖြစ် အခွန်များကြီးလေးစွာ စည်းကြပ်ခြင်း၊ ကန့်သတ်ခြင်း ခံရသောကြောင့် ဈေးပေါပေါနှင့် ဝယ်ယူအသုံးမချနိုင်ပဲ အချို့ ဓာတ်မီးဆွဲအိမ်များ၌ မီးထွန်းညှိပေးရန်အတွက်သာ အနည်းငယ် အသုံးပြုကြသော်လည်း လောင်စာအရည်ကို ရေနံစိမ်းမှသာမက အခြား အရာဝတ္ထုများမှလည်း ဓာတုဗေဒနည်းဖြင့် ချက်လုပ်နိုင်ပေသည်။ ရေနံမထွက်သော ဒေသတို့၌ စစ်အတွင်း ခရီးလမ်းပြတ်နေသည့် အခါတွင် လောင်စာအရည်ကို ဓာတုဗေဒနည်းဖြင့် ထုတ်ယူ အသုံးပြုခဲ့ကြလေသည်။

လောင်စာအငွေ့များကို အသုံးပြုခဲ့ကြသည်မှာ အနှစ် ၁၀၀ ကျော်ခန့်မျှ ကြာခဲ့သေးသည်။ လောင်စာအငွေ့တို့ကို အစုခုနစ်စုခွဲထားနိုင်သည်။ ပဌမအစုတွင် သဘာဝဓာတ်ငွေ့၊ ကာဗွန်ဓာတ်ဝတ္ထုတို့အား အဆင့်ဆင့် ပေါင်းခံခြင်းဖြင့် ခွဲထုတ်ယူရသော ကျောက်မီးသွေးဓာတ်ငွေ့ ကာဗွန်ဓာတ်ဝတ္ထုတို့ကို တစိတ်တဒေသမျှလောင်ကျွမ်းစေရာမှရရှိသောဓာတ်ငွေ့၊နီရဲနေသောကာဗွန်ဓာတ်ဝတ္ထုပေါ်တွင် ရေနွေးငွေ့လွှတ်ပေး၍ ရရှိသောဓာတ်ငွေ့များပါဝင်သည်။ တတိယအစုတွင် ရေဓာတ်ငွေ့၊ ပရိုဂျူဆာဓာတ်ငွေ့၊ လေမှုတ်ဖိုမှဓာတ်ငွေ့ စသည်တို့ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝဓာတ်ငွေ့ကို ကျောက်မီးသွေး၊သို့မဟုတ် ရေနံနှင့်ယှဉ်တွဲ၍ အပေါ်မှပိတ်ဖုံးလျက်ရှိသော ကျောက်တုံးအပေါက်များထဲ၌တွေ့ရသည်။ ကျောက်မီးသွေးဓာတ်ငွေ့ကို ကျောက်မီးသွေးမှ ထုတ်ယူရသည်။ ထိုဓာတ်ငွေ့နှစ်ခုစလုံးမှာအရေးအကြီးဆုံးဓာတ်ငွေ့များဖြစ်ကြ၍ ကျောက်မီးသွေးဓာတ်ငွေ့မှာ သဘာဝဓာတ်ငွေ့ထက် ကြီးမားသောအပူအားကို ပေးစွမ်းနိုင်ပေသည်။ အခြားလောင်စာများထက် လောင်စာအငွေ့တို့က သာလွန်သောအချက်များမှာ ဖြန့်ချိထုတ်ဝေရန်လွယ်ကူခြင်း၊ အပူအား ကြီးမားစွာပေးနိုင်ခြင်း၊ မီးခိုးပြာမထွက်ခြင်း စသည်တို့ဖြစ်လေသည်။

လောင်စာသည် စက်ရုံလုပ်ငန်းများ၌ လွန်စွာအရေးကြီးသော အသက်သွေးခဲတခုဖြစ်သည့်အလျောက် လောင်စာနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်သော ကြီးကျယ်သည့် အကြောင်းအရာများကို နိုင်ငံသမိုင်းများ၌တွေ့ရှိရလေသည်။ ယခု ကျွန်ုပ်တို့သုံးဆောင်နေသော ပစ္စည်းများ၌လောင်စာလွတ်ကင်းပြီး ထုတ်လုပ်နိုင်သည့်ပစ္စည်းများ မရှိသလောက်ရှားပါးလှပေသည်။

**လောင်းကြက်မြို့။** ။လောင်းကြက်မြို့သည် ရှေးရခိုင်ပြည် ဘုရင်များ မင်းနေပြည်တော်အဖြစ် ထီးနန်း စိုက်ထူစိုးစံတော်မူခဲ့ဘူးသော မြို့တော်ဟောင်း တမြို့ဖြစ်သည်။ ယင်းမြို့သည် စစ်တွေခရိုင် မြို့ဟောင်းမြို့ (မြောက်ဦးမြို့) အနီး လေးမြို့မြစ်ကမ်း အနောက်ဖက် လောင်းကြက်ချောင်းပေါ်တွင် တည်ရှိ၍ ယခုအခါ ပျက်စီးသွားပြီဖြစ်ရကား အစအနလောက်သာရှိတော့သည်။ လောင်းကြက်မြို့၏ သမိုင်းအစဉ်ကား ဤသို့တည်း။

သက္ကရာဇ် ၄၄၀ ပြည့်နှစ်တွင် ပဉ္စာမင်းဆက်၏ ၁၂ ဆက်ဖြစ်သော မင်းဘီလူးအားသင်္ချာအမတ်(ဝရောင်ငှက်)က လုပ်ကြံ၍ မင်းပြု၏။ မင်းဘီလူး၏သားတော် မင်းရဲဘယသည် မိဖုရားနှင့်တကွ ပုဂံသို့ခိုဝင်ရာ ကျန်စစ်သားမင်းက ကောင်းစွာ ပြုစုစောင့်ရှောက်ထားသဖြင့် ၂၅ နှစ်မျှကြာခဲ့လေသည်။ မင်းရဲဘယ၏ မိဖုရားတွင် နောင်ရခိုင်ရာဇဝင်တွင် လက်ျာမင်းနန်ဟု တွင်သော မင်းသားတပါးကို ဖွားမြင်ခဲ့၏။ ကျန်စစ်သား၏ မြေးတော် အလောင်းစည်သူမင်းကြီးသည် လက်ျာမင်းနန်အား ရခိုင်ထီးနန်းကိုစိုးစံစေလိုတော်မူရကား အလုံးအရင်းကြီးစွာဖြင့် ရခိုင်ပြည်သို့ ချီတက် တိုက်ခိုက်ရာ သင်္ချာအမတ်၏မြေးတော် မင်းပတိ (မင်းဝတီး) က ကြံ့ကြံ့ခံသော်လည်း အောင်မြင်သဖြင့် လက်ျာမင်းနန်ကို ထီးနန်းအပ်နှင်းခဲ့လေသည်။ ထိုနောက် လက်ျာမင်းနန်သည် လောင်းကြက်မြို့ကို မင်းနေပြည်တော်အဖြစ်သက္ကရာဇ် ၄၆၅ ခုနှစ်တွင် ပဌမဆုံးစတင်တည်ထောင်သည်။သို့ရာတွင် မြို့တည်၍ နှစ်မလည်မီ ပျက်စီးဆုတ်ယုတ်သဖြင့် ယင်းမြို့ကိုစွန့်၍ မြောက်ဖက်ချောင်းကို ကူးပြီးလျှင် လေးမြို့ မြစ်အနောက်ဖက်ကမ်းတွင် ပရိန်မြို့ဟု သမုတ်ကာ မြို့နန်းတည်သည်။ ထိုပရိန်မြို့တွင် လက်ျာမင်းနန်နှင့်သားတော်မြေးတော်တို့သည် သက္ကရာဇ် ၅၀၄ ခုနှစ်တိုင်အောင် စိုးစံခဲ့လေသည်။

သက္ကရာဇ် ၆၁၃ ခုနှစ် နယုန်လဆန်း ၂ ရက် စနေနေ့တွင် အလောမာဖြူမင်းသည် လောင်းကြက်မြို့ကို မင်းနေပြည်တော်အဖြစ် အသစ်တဖန်တည်ထောင်၍ စိုးစံတော်မူခဲ့ရာ ထိုမင်းမှစ၍ မင်းပေါင်း၁၆ ဆက်ဣန္ဒသူမင်းအထိနှစ်ပေါင်း ၁၅၀ ကျော်ကျော် မင်းနေပြည်တော် ဖြစ်ခဲ့ပြန်လေသည်။ သက္ကရာဇ် ၇၆၆ ခုနှစ်တွင် ရခိုင်ဘုရင် ထောရာကြီး (ဣန္ဒသူ)သည် မြန်မာနိုင်ငံကို ထိပါးလာသည်နှင့် မင်းခေါင်ဘုရင်၏သားတော် မင်းရဲကျော်စွာက ရခိုင်ပြည်ကို အလုံးအရင်းနှင့် ချီတက်တိုက်ခိုက်ပြီးလျှင် မင်းခေါင်၏သားမက်တော် အနော်ရထာစောကို လောင်းကြက်မြို့တွင် နန်းတင်ခဲ့လေသည်။ ထောရာကြီး၏သား နရမိတ်လှသည် ရခိုင်မှ ပြေး၍ ဟံသာဝတီရာဇာဓိရာဇ်ထံသို့ ခိုဝင်လေသည်။ သက္ကရာဇ် ၇၆၇ ခုနှစ်တွင် ရာဇာဓိရာဇ်သည် ရခိုင်ကိုတိုက်၍ အနော်ရထာစောကို သတ်ပြီးလျှင် နရမိတ်လှအား လောင်းကြက်မြို့တွင် နန်းတင်ခဲ့သည်။ နရမိတ်လှကား မင်းစောမွန်ဟုလည်း တွင်သည်။ သက္ကရာဇ် ၇၇၂ ခုနှစ်တွင် အင်းဝမင်းခေါင် သားတော်မင်းရဲကျော်စွာသည် ဟံသာဝတီမှ လှည့်၍ ရခိုင်ကိုတိုက်ပြန်ရာ နရမိတ်လှ (မင်းစောမွန်) စစ်ရှုံး၍ အနောက်ဗင်္ဂလားသို့ အနှစ် ၂၀ ခန့်တိမ်းရှောင်၍ နေခဲ့ရသည်။ ထိုနောက် ရခိုင်တွင် ကျန်ရစ်ခဲ့သော ညီတော် နရနုမင်းလည်း နောင်တော်နရမိတ်လှရှိရာသို့ လူစေလွှတ်၍ချီပင့်ရာ သက္ကရာဇ် ၇၉၂ ခုနှစ်တွင် ရခိုင်သို့ ပြန်ရောက်၍ လောင်းကြက်ထီးနန်းကို စိုးစံတော်မူပြန်၍ မင်းစောမွန်ကြီး အမည်ကို ခံယူတော်မူလေသည်။

လောင်းကြက်မြို့သည် ရန်သူများ အဖက်ဖက်မှနှိပ်စက်ဖျက်ဆီးခြင်းခံရသောကြောင့် မြို့အနေအားဖြင့် မကောင်းဟု ယူဆကာ မင်းစောမွန်သည်လောင်းကြက်မြို့မှပြောင်း၍ မြို့ဟောင်းမြို့(မြောက်ဦးမြို့) ကို သက္ကရာဇ် ၇၉၂ ခုနှစ်တွင် တည်သည်။ သို့သော် ထိုနှစ်မှာပင် မင်းစောမွန် နတ်ရွာစံလေသည်။ သို့ဖြင့်လောင်းကြက်မြို့သည် မင်းနေပြည်တော်မြို့အဖြစ်ဖြင့် နှစ်ပေါင်း ၂၀၀ နီးပါးခန့်တည်တံ့လာခဲ့သည်။ မြို့ဟောင်းမြို့ကို မင်းနေပြည်တော် သတ်မှတ် ပြီးသည့်နောက်တွင် လောင်းကြက်မြို့သည် တဖြည်းဖြည်း တိမ်ကောလာခဲ့ရာမှ နောက်ဆုံး ပျက်စီးခဲ့လေသည်။

**လောင်းဖဲလိုး,အိပ်၊ဒဗျူ(ခရစ်၁၈၀၇–၁၈၈၂)။** ဟင်နရီ ဝေါ့ဇဝပ် လောင်းဖဲလိုးသည် အမေရိကန်လူမျိုးထင်ရှား



www.burmeseclassic.com

www.burmeseclassic.com



သော စာဆိုတဦးဖြစ်သည်။ လူကြီးများအတွက် သာမက ကလေးများအကြိုက် ကဗျာရှည်၊ ကဗျာတိုများ ရေးစပ်ခဲ့သဖြင့် ကလေးတို့၏ အချစ်တော်စာဆိုကြီးဟုလည်း ဆိုအပ်ပေသည်။ သူရေးသားခဲ့သည့် မြောက်မြားလှစွာသော ကဗျာများအနက် 'ဟိုင်ယာဝါသာ'၊ 'တောရွာမှ ပန်းပဲဆရာ'တို့မှာ အင်္ဂလိပ်စာသင်ဘူးသူတိုင်းလိုပင် ကလေးသူငယ်အရွယ်ကတည်းက သင်ကြားမှတ်ယူ ရွတ်ဆိုရသော ကဗျာများဖြစ်ပေသည်။ လောင်းဖဲလိုးသည် စာဆိုအဖြစ်သာ ကျော်စောသည်မဟုတ်၊ ဟားဗဒ်ကောလိပ်မှ ဥရောပခေတ်သစ် စာပေဆိုင်ရာ ပါမောက္ခတဦး အဖြစ်လည်း ကျော်ကြားခဲ့လေသည်။



အမေရိကန်စာဆို ဟင်နရီ ဝေါ့ဇဝပ် လောင်းဖဲလိုး

လောင်းဖဲလိုးသည် အမေရိကန်ပြည်ထောင်စု၊ မိန်းပြည်နယ်ရှိ ပေါ့တလန်မြို့၌ ခရစ် ၁၈၀၇ ခုနှစ်ဖေဖွာရီလ ၂၇ ရက်နေ့တွင်မွေးဖွားသည်။ ဖခင်မှာဟားဗဒ်တက္ကသိုလ်ကျောင်းထွက် နာမည်ကြီး ရှေ့နေတဦး ဖြစ်သည်။ မိခင်မှာလည်း တေးဂီတ ကဗျာ စာဆိုမှုများကို ဝါသနာပါသူဖြစ်သည်။ လောင်းဖဲလိုးသည် ဗိုဒင်ကောလိပ်ကျောင်းတွင် ပညာသင်ယူရာ ၁၈ နှစ်အရွယ်တွင် ထိုကောလိပ်မှ ဘွဲ့ထူးဆွတ်ခူးအောင်မြင်ခဲ့၍ ထိုကျောင်း၌ပင် ခေတ်သစ်ဘာသာစကားနှင့် စာပေဆိုင်ရာ ပါမောက္ခအဖြစ် လုပ်ကိုင်ရန် စကားကမ်းလှမ်းခြင်းခံရသည်။ သို့သော် ချက်ချင်းလက်မခံသေးပဲ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ဣတလီနိုင်ငံများသို့သွားရောက်၍ ယင်းတို့၏ ဘာသာစကား၊ စာပေနှင့် အလယ်ခေတ်သမိုင်းတို့ကို လေ့လာဆည်းပူးသည်။ ၁၈၂၉ ခုနှစ် အသက် ၂၂ နှစ်အရွယ်တွင် ဗိုဒင်ကောလိပ်တွင် ပါမောက္ခ အဖြစ်ဝင်ရောက်လုပ်ကိုင်သည်။ အသက်ပင် ငယ်သော်လည်း လောင်းဖဲလိုးသည် ထိုစဉ်က အမေရိကတိုက်တွင်အတော်ဆုံးသော ပညာရှင်တဦး ဖြစ်ခဲ့လေသည်။ ၁၈၃၄ ခုနှစ်၌ ဟားဗဒ် တက္ကသိုလ်တွင် အလားတူရာထူးဖြင့် ခန့်အပ်ခြင်းခံရသည်။သို့ရာတွင်အင်္ဂလန်၊နယ်သာလန်၊ ဂျာမနီ၊ ဆွစ်ဇာလန်နိုင်ငံများသို့သွားရောက်၍ ဆက်လက် ပညာဆည်းပူးပြီးနောက် ၁၈၃၆ ခုနှစ်တွင်မှ ထိုရာထူးတွင်စတင်အမှုထမ်းသည်။ လောင်းဖဲလိုးသည် ၁၈၅၄ ခုနှစ်အထိ ၁၇ နှစ်တာမျှ အမှုထမ်းခဲ့သည်။ ၁၈၆၈–၆၉ ခုနှစ်၌ ဥရောပတိုက်သို့နောက်ဆုံးအကြိမ် သွားရောက်လည်ပတ်ခဲ့စဉ်က အောက်စဖို့ တက္ကသိုလ်နှင့် ကိမ်းဗရစ်တက္ကသိုလ်များက လောင်းဖဲလိုးအား ဂုဏ်ထူးဆောင်ဘွဲ့ထူးများ ချီးမြှင့်ခဲ့လေသည်။

လောင်းဖဲလိုးသည်အိမ်ထောင်နှစ်ဆက်ပြုခဲ့သည်။ ပဌမဇနီးမှာ မေရီ စတိုရာ ပေါ့တာဖြစ်၍ ၁၈၃၁ ခုနှစ်က လက်ထပ်ခဲ့သည်။လောင်းဖဲလိုးသည် စာပေများလေ့လာဆည်းပူးရန် ဥရောပတိုက်သို့သွားခဲ့ရာတွင် ဇနီးဖြစ်သူကိုပါ ခေါ်သွားရာ၊ ထိုသို့ခရီးသွားစဉ် နယ်သာလန်နိုင်ငံ ရော့တာဒမ်းမြို့၌ မေရီပေါ့တာမှာဖျားနာ၍ကွယ်လွန်ခဲ့သည်။ လောင်းဖဲလိုးအဖို့ ပဌမဦးဆုံးအကြိမ် ပူဆွေးခြင်းဖြစ်၏။ သို့ရာတွင် စိတ်အားမလျှော့ပဲ စာပေများကို ဆက်တိုက်ရေးသွားလေသည်။ ခရစ် ၁၈၄၃ ခုနှစ်တွင် လောင်းဖဲလိုးသည် ဣတလီနိုင်ငံမှ ဖရန်းစစ် အယ်လစ်ဇဗက်အက်ပယ်တန်ဆိုသူ အမျိုးသမီးနှင့် ဒုတိယအိမ်ထောင်ထူသည်။ ဖရန်းစစ် အက်ပယ်တန်၏ဖခင်က မင်္ဂလာလက်ဆောင်အဖြစ် လက်ဖွဲ့သောအိမ်တွင် ဇနီးမောင်နှံပျော်ပိုက်စွာနေထိုင်၍ လောင်းဖဲလိုးလည်း ကဗျာများကို စပ်ဆိုခဲ့လေသည်။ သားသမီးခြောက်ယောက် ထွန်းကားရာ မိမိ၏ရင်သွေးများ အဖို့ကလေးကဗျာများကို ကိုယ်တိုင်ဖွဲ့နွဲ့ စီကုံးပေးလေသည်။ ဤသို့မိသားတစု ပျော်ရွှင်စွာ နေထိုင်လျက်ရှိစဉ် ၁၈၆၁ ခုနှစ် ဇူလိုင်လတွင် ဖရန်းစစ် အက်ပယ်တန်သည် အင်္ကျီစကို မီးခြစ်မှ ထတောက်သောမီးစွဲရာမှ တကိုယ်လုံး မီးလောင်၍ ရုတ်တရက်သေဆုံးသွားသဖြင့်လောင်းဖဲလိုးမှာ ယူကျုံးမရအောင် ပူဆွေးခဲ့ရပြန်၏။ ဤအကြိမ်တွင် စာမရေးနိုင်လောက်အောင်ပင် စိတ်ညှိုးငယ်ထိခိုက်ခဲ့သည်။

၁၈၆၃ ခုနှစ်တွင် သမီးသုံးယောက်နှင့်အတူ ဥရောပတိုက်နှင့် အင်္ဂလန်ပြည်သို့ နောက်ဆုံးအကြိမ် သွားရောက်လည်ပတ်ခဲ့၏။ ရောက်လေရာ အရပ်တိုင်းကပင် သူ့အား



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော်စာရေးဆရာ၊ ထူးချွန်သော ပညာရှင်အဖြစ် ဂုဏ်ပြုကြ၏။ လောင်းဖဲလိုး အသက် ၇၅ နှစ် ပြည့်မြောက်သောနေ့တွင် အမေရိကန်ပြည်ထောင်စုတခုလုံး၊ အထူးသဖြင့် စာသင်ကျောင်းများတွင် အထိမ်းအမှတ် ပွဲများ ပြုလုပ်ခဲ့ကြသည်။

လောင်းဖဲလိုးသည် ခရစ် ၁၈၈၂ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်သည်။ လောင်းဖဲလိုးအား ဂုဏ်ပြုသောအားဖြင့် အင်္ဂလန်ပြည် ဝက်စမင်စတာအက်ဗေးရှိ စာဆိုရိပ်မြုံဟု ခေါ်ဆိုအပ်သော ကဗျာစာဆိုတို့အတွက် သတ်မှတ်ထားသောထောင့်တွင် လောင်းဖဲလိုး၏ ကိုယ်တပိုင်းရုပ်လုံးကို ထားရှိပေသည်။ ယခင်က မည်သည့်အမေရိကန်လူမျိုးမျှ ဤသို့ဂုဏ်ပြုသည်ကို မခံရဘူးသေးပေ။

လောင်းဖဲလိုးသည် တသက်တာလုံး စာပေနှင့်သာမွေ့ပျော်၍ မြောက်မြားစွာသော ကဗျာအမျိုးမျိုးကို ရေးစပ်သီကုံးသွားပေသည်။ ယင်းတို့အနက် ‘ညချမ်းအတွက်မေ့သီချင်း’၊ ‘ဟက်စပီရပ်သင်္ဘော ပျက်ခြင်းအကြောင်း’၊ ‘တောရွာမှ ပန်းပဲဆရာ’စသည်တို့မှာ ထင်ရှားလှပေသည်။ ပုံပြင်၊ ကဗျာရှည်များအနက် ‘ပေါ ရီဗီယာ မြင်းဖြင့်စိုင်းခြင်း’၊ ‘စစ္စလီပြည်မှ ရေဗတ်ဘုရင်’၊ ‘မိုင်းလ စတန်းဒစ်၏ လူပျိုလှည့်ခန်း’ တို့မှာ ထင်ရှားပေသည်။ ကဗျာရှည်ကြီးများအနက်‘အီဗင်ဂျလင်း’နှင့်‘ဟိုင်ယာဝါသာ’တို့မှာ လူသိများ၍ ထင်ရှားပေသည်။အမေရိကန်ပြည်ထောင်စုရှိ တိုင်းရင်းသားလူနီတို့၏ သမိုင်းပုံပြင်ကိုမှတည်၍ ရေးသားထားသော ‘ဟိုင်ယာဝါသာ’မှာ ကလေးတို့၏အသဲစွဲ ပုံပြင်ကဗျာဖြစ်၍ လောင်းဖဲလိုး၏ ကဗျာများအနက် အထင်ရှားဆုံးကဗျာလည်း ဖြစ်သည်။ ၁၈၅၄ ခုနှစ်တွင် လောင်းဖဲလိုးသည် ဟားဗဒ်တက္ကသိုလ်မှထွက်ကာ ဟိုင်ယာဝါသာကဗျာကို ကြိုးကြိုးစားစားအချိန်ယူ၍ ပြုစုလေသည်။ကဗျာများသာမက ကျောင်းသုံးစာအုပ်များကိုလည်း ပြုစုခဲ့သည်။ ထို့ပြင် ဣတာလျံစာဆိုကျော် ဒန်တီ၏ ‘ဒီဗိုင်းကော်မဒီ’ ကိုလည်း ဘာသာပြန်ဆိုခဲ့သည်။ လောင်းဖဲလိုးသည် အသက် ၇၀ ကျော်အထိ အဆက်မပြတ်စာရေးခဲ့သည်။ သူနောက်ဆုံးရေးသားခဲ့သော ကဗျာမှာ ‘ဆန်ဗလပ်စ ခေါင်းလောင်းသံ’ဖြစ်၍ မကွယ်လွန်မီ ရက်သတ္တနှစ်ပတ်ခန့် အတွင်းက ရေးသားခဲ့လေသည်။

လောင်းဖဲလိုးသည် လူငယ်များအား ကဗျာလင်္ကာကို နှစ်သက်လာစေ၍ အရသာခံစားနိုင်အောင် နှိုးဆွနိုင်သော စာဆိုကြီး ဖြစ်လေသည်။ ဟားဗဒ်တက္ကသိုလ်တွင် စာပေပို့ချယင်း သူ့တပည့်ကလေးများအား သူကဲ့သို့စာပေကိုလိုက်စားချင်သော ဆရာကောင်းတပည့်ဖြစ်လာအောင် လိမ်မာရေးခြားစွာ ပညာကို ပေးဝေခဲ့၏။ လောင်းဖဲလိုးသည် ဥရောပတခွင် နှံ့စပ်အောင် လှည့်လည်ခဲ့၍ ဘာသာရပ်အမျိုးမျိုးတို့ကို လေ့လာ သင်ကြားခဲ့သူဖြစ်သည့်အလျောက် သူထူးချွန်စွာ ဆည်းပူးခဲ့သော ကမ္ဘာ့စာပေနှင့် ဘာသာတို့ကို အမေရိကန် ပြည်ထောင်စု၌ ဖြန့်ဖြူးခဲ့လေသည်။ လောင်းဖဲလိုးသည် ပညာဖြင့်ပြည့်ဝ၍ စိတ်နှလုံးထားသိမ်မွေ့နူးညံ့ပြီးလျှင် အေးချမ်းစွာ စာပေနှင့် မွေ့လျော်နေသူဖြစ်၏။ သူ၏ကဗျာများမှာ ဒဏ္ဍာရီ သမိုင်းပုံပြင်များကို မူတည်ရေးသား စပ်ဆိုထားသဖြင့် လူငယ်များ အကြိုက်ပင်ဖြစ်သည်။ သူ၏ကဗျာများသည် လူငယ်တို့၏ ကဗျာဉာဏ်ကို ရှင်လန်းအောင် ပြုလုပ်ပေးနိုင်သည်။ သူ၏ကဗျာများဖြင့် ဖွဲ့ဆိုထားသော ပုံပြင် ဒဏ္ဍာရီများမှာ ရိုးရိုးနှင့် ပြေပြေပြစ်ပြစ်ရှိလှသည်။

လောင်းဖဲလိုး၏ကဗျာများတွင် ပါရှိသော ရှေးဟောင်းသမိုင်းပုံပြင်တို့မှာ သူ၏ ကဗျာဉာဏ်နှင့် အာဝဇ္ဇန်းကြောင့်ပင် လူငယ်ကလေးများအဖို့ ပိုမိုနှစ်သက်ဖွယ်ဖြစ်လေသည်။ သူ့ကဗျာများမှာ ကဗျာသင်ခါစ ကလေးများ၊ သို့မဟုတ် ကဗျာကို လိုက်စားခါစသူများအတွက် အထူးသင့်လျော်လေသည်။ အရေးအသားမှာ မကွယ်မထောင့် ရှင်းလင်းပြတ်သား၍ ဂီတသံနှောကာ သဘောမိလွယ်အောင် စီစဉ်ထား၏။ လောင်းဖဲလိုး၏ ကဗျာများမှာ ရှင်းလင်းပြေပြစ်လွန်းသဖြင့် တခါတရံ ဝေဖန်သူများက သူ့ကဗျာမှာ ကဗျာ့ အဆင့်အတန်းတွင် အထက်တန်းမကျဟု ဆိုကြလေသည်။ သို့ရာတွင် လောင်းဖဲလိုး၏ အရေးအသားများမှ မမြော်လင့်ခဲ့သော ကဗျာ အလှသဘာဝကလေးများကို တချက်တချက် တွေ့ရလေသည်။

**လောင်းဗတ်လူမျိုး။** ။လောင်းဗတ် လူမျိုးတို့သည် ကား ခရစ် ၅၆၈ ခုနှစ်ခန့်က ဥရောပတိုက် ဣတလီပြည်တွင်းသို့ ပိုးမြစ်ဝှမ်း မြောက်ဖက်အရပ်မှ နောက်ဆုံး ချင်းနင်း ဝင်ရောက်လာသော ဂျာမန်အနွယ် လူရိုင်းများဖြစ်သည်။ ထိုသို့ ဝင်ရောက်လာသော အချိန်မှာ ဧကရာဇ် ဂျပ်စတင်းနီးယန်းသည် အရှေ့ ဂေါ့သလူမျိုးတို့အား နှင်ထုတ်ပြီးနောက် ၁၅ နှစ်အတွင်း ဖြစ်လေသည်။ ဣတလီကျွန်းဆွယ်ရှိ ရောမမြို့တော်ကဲ့သို့ အခိုင်အခံ့ ကာကွယ်ထားသော မြို့များမှအပ အခြား မြို့ရွာ တို့သည် လောင်းဗတ်တို့လက်တွင်းသို့ ကျရောက်ခဲ့လေသည်။ သို့သော် လောင်းဗတ်လူမျိုးတို့သည် မိမိတို့သိမ်းပိုက်ထားသော ဒေသများကို တအုပ်တချုပ်တည်း အောက်တွင် အညီအညွတ် ထိန်းသိမ်း၍ မထားနိုင်သဖြင့် ဣတလီကျွန်းဆွယ်တွင် သူတလူ ငါတမင်းနှင့် နယ်စားချင်း အပြိုင်အဆိုင် အုပ်စိုးလျက် ရှိလေသည်။

လောင်းဗတ်လူမျိုးတို့သည် ပိုးမြစ်ဝှမ်းကို နှစ်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com



၂၀၀ ကျော်မျှ သိမ်းပိုက်အုပ်စိုးထားလေသည်။ သို့သော် ၇၇၃ ခုနှစ်တွင် ဖရန့်နိုင်ငံဘုရင် ရှားလမိန်းသည် ပုပ်ရဟန်းမင်း၏ တောင်းဆိုချက်အရ လောင်းဗတ်နယ်ကို ဝင်ရောက် တိုက်ခိုက် သိမ်းပိုက်လေသည်။ ၈၀၀ ပြည့်နှစ်တွင် ပုပ်ရဟန်းမင်းသည် ရှားလမိန်းအား ရောမ ဧကရာဇ်အဖြစ် ဘိသိက်မြှောက်လေသည်။ ရှားလမိန်းသည် လောင်းဗတ်သံသရဖူကို ဆောင်းလျက် ဘိသိက် ခံလေသည်။ ထိုသံသရဖူတွင် ရွှေသားအောက်၌ သံခွေတခုရှိ၏။ ထိုသံခွေသည် ခရစ်တော်ကို လက်ဝါးကပ်တိုင်၌ တင်ရိုက်ခဲ့စဉ်က အသုံးပြုခဲ့သော သံမှိုတချောင်းဖြင့်ပြုလုပ်ထားသည်ဟုဆို၏။ ထို့ကြောင့် သံသရဖူဟု တွင်လေသည်။ (ရှားလမိန်း — လည်းရှု။)

ရှားလမိန်း၏ နိုင်ငံတော်ကြီး ယိုယွင်းပျက်စီးပြီးသည့်နောက်တွင် လောင်းဗတ်လူမျိုးတို့သည် ဣတလီကျွန်းဆွယ်ရှိ အခြားသောလူမျိုးများနှင့် တဖြည်းဖြည်း သွေးနှောသွားလေသည်။ သို့ရာတွင် ဣတလီ ကျွန်းဆွယ်မြောက်ပိုင်းတွင် မြေဩဇာထက်သန်သော ပိုးမြစ်ဝှမ်းကို မူကား လောင်းဗတ်လူမျိုးကိုအစွဲပြု၍ လောင်ဗာဒီအရပ်ဟု ယနေ့တိုင် ခေါ်တွင်လျက်ရှိသည်။

ယင်းကဲ့သို့ တောင်ပိုင်း လက်တင်လူမျိုးနှင့် မြောက်ပိုင်း တျူတန်လူမျိုးတို့ သွေးနှောရောစပ်၍ ပေါ်ပေါက်လာသောလူမျိုးသစ်သည် လုံ့လဝီရိယရှိသော လူမျိုးဖြစ်သဖြင့် ၁၃ ရာစုနှစ်မှ ၁၆ ရာစုနှစ်တိုင် စီးပွားအရှာကောင်းသော ကုန်သည်ကြီးများနှင့် ငွေချေးစားသူများအဖြစ်ဖြင့် သမိုင်းတွင် ထင်ရှားလေသည်။ ထိုသူတို့သည် လန်ဒန်မြို့သို့ရင်း၊ ဥရောပတိုက်ရှိ မြို့ကြီးများသို့ရင်း အမြောက်အမြား သွားရောက်နေထိုင်ကြလေ၏။ သို့ဖြစ်၍ အဲလပတောင်တန်းမြောက်ဖက်တွင် ဣတာလျံလူမျိုးများကို လောင်းဗတ်အမည်ဖြင့် မှည့်ခေါ်ကြလေသည်။ နောက်ဆုံး၌ မြန်မာနိုင်ငံတွင် ချစ်တီးယားလူမျိုးဆိုလျှင် ငွေချေးစားသူများဟု အသိအမှတ်ပြုထားကြသည့်နည်းတူ ထိုအခါကလည်း ငွေချေးစားသူများကို လောင်းဗတ် လူမျိုးဟူ၍ အသိအမှတ်ပြု ခေါ်ဝေါ်ကြလေသည်။ လန်ဒန်မြို့တွင် ထိုငွေချေးစားသူများ နေထိုင်ခဲ့ဘူးသောလမ်းကို လောင်းဗတ်လမ်းဟူ၍ပင် အမည်မှည့်ထားကြလေသည်။

**လောင်းရှည်မြို့**။ ။ယောနယ် — ရှု။

**လောင်းလုံမြို့**။ ။လောင်းလုံမြို့သည် ထားဝယ် ခရိုင် လောင်းလုံမြို့နယ်၏ ရုံးစိုက်မြို့ဖြစ်၏။ မြို့နယ်မှာ ထားဝယ် မြစ်ဝကျယ်နှင့် ဗင်္ဂလား ပင်လယ်အော် ကပ္ပလီပင်လယ် အကြားရှိ ကျွန်းဆွယ်အပိုင်းအပါအဝင်ဖြစ်သော မြို့နယ်ဖြစ်သည်။လောင်းလုံမြို့သည် ကျွန်းဆွယ်၏အလယ် မြစ်ဝကျယ်ထိပ်မှ မိုင် ၂၀ ခန့်အကွာတွင် တည်ရှိသည်။ ကျွန်းဆွယ်ပိုင်းဖြစ်၍ တောင်ကုန်းမထူထပ်ချေ။ နေထိုင်ကြသောလူများ၏ အဓိကအလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးခြင်းဖြစ်၏။ ကညင်ဆီဖြင့် ပြုလုပ်သော ကညင်တိုင်ခေါ် မီးတိုင်များကို အများအပြားလုပ်ကြသည်။ ဖျာကြမ်းများကိုလည်းရက်လုပ်၏။လောင်းလုံမြို့နယ် စစ်ပြဲရွာတွင် ဆားချက်သည်။ အခြားအရေးပါသော လုပ်ငန်းတခုမှာ တံငါလုပ်ငန်းဖြစ်လေသည်။ လူဦးရေမှာ ၁၉၅၃ ခုနှစ် သန်းကောင်စာရင်းအရ ၂,၀၇၈ ယောက်ဖြစ်သည်။

**လိုင်ကားဂတ်**။ ။ဂရိသမိုင်းတွင် ရှေးကျသောဘုရင်များနှင့် နိုင်ငံပြုသုခမိန်တို့၏ အကြောင်းများ၌ နတ်များနှင့် သူရဲကောင်းများ ရောထွေး၍ ပါရှိတတ်လေရာ ထင်ရှားသောပုဂ္ဂိုလ်တဦးတယောက်၏ အကြောင်းကို တိကျမှန်ကန်စွာ သိနိုင်ရန် ခဲယဉ်းပေသည်။သို့ဖြစ်၍ စပါးတားနိုင်ငံကို စတင်တည်ထောင်ခဲ့သူ ဥပဒေပြုပုဂ္ဂိုလ် လိုင်ကားဂတ် အကြောင်းကိုလည်း သမိုင်းဆရာတို့အမျိုးမျိုးအဖုံဖုံ ပြောဆိုလျက်ရှိကြလေသည်။

ရှေးဟောင်းသမိုင်းအရ လိုင်ကားဂတ်သည် ဘီစီ ၈၀၀ ခန့်က စပါးတားမင်းမျိုးထဲမှဖြစ်၍ ထီးနန်းကိုပင် ဆက်ခံစိုးစံနိုင်သူဖြစ်သည်ဟုဆို၏။ နောင်တော်ဘုရင် ကွယ်လွန်သည့်အခါ မရီးတော်က လိုင်ကားဂတ်အား နန်းညွန့်နန်းလျာဖြစ်သည့် လိုင်ကားဂတ်၏ တူတော်လေးကို ဖျက်ဆီး၍ အတူတကွ နန်းတက်ရန် အကြံပေးလေ၏။ သို့သော် လိုင်ကားဂတ်သည် မရီးတော်၏အကြံကိုပယ်၍ တူတော် ချာရီလာယပ်ကို မင်းမြှောက်လေသည်။ တူတော်မှာ ကလေးအရွယ် လူမမယ်ဖြစ်ရာ လိုင်ကားဂတ်သည် ရင်ခွင်ပိုက်ဘုရင်အဖြစ်ဖြင့် စပါးတားနိုင်ငံကို အုပ်စိုးလေသည်။

ထိုနောက် အခြားသောနိုင်ငံများတွင် အုပ်ချုပ်နည်းများကို လေ့လာဆည်းပူးရန် စပါးတားနိုင်ငံမှ ထွက်ခွာခဲ့လေသည်။နှစ်ပေါင်းများစွာကြာပြီးနောက် စပါးတားနိုင်ငံသို့ပြန်ရောက်လာသည့်အခါ နိုင်ငံတွင်း၌ ကစဉ့်ကလျားကွဲပြားလျက်ရှိသည်ကို တွေ့ရှိရလေသည်။ ထိုအခါ လိုင်ကားဂတ်သည် နိုင်ငံကို ဦးစီးလျက် တိုင်းပြည် ခေါင်းဆောင်များနှင့်တိုင်ပင်၍ အုပ်ချုပ်မှုအခြေခံ ဥပဒေသစ်များကို ရေးဆွဲလေသည်။

လိုင်ကားဂတ်သည် နိုင်ငံသားတို့ မြေယာ အညီအမျှရရှိရေး၊ ရွှေနှင့်ငွေကို ငွေကြေးအဖြစ်မသုံးစွဲပဲ သံကိုအစားထိုး၍သုံးစွဲရေး၊ စစ်ပညာကို စနစ်တကျ သင်ကြားရေးနှင့် ပညာရေးတို့ကို ဥပဒေပြု၍ ပြဋ္ဌာန်း လိုက်နာစေသည်။ ယင်းသို့အားဖြင့် ဂရိပြည်တွင် စပါးတားနိုင်ငံသည် စစ်ရေး



www.burmeseclassic.com

www.burmeseclassic.com





စပါးတားနိုင်ငံကို စတင်တည်ထောင်ခဲ့သူ လိုင်ကားဂတ်

စစ်ရာဖက်၌ အထက်တန်း ကျသော နိုင်ငံတခု ဖြစ်လာလေ၏။

လိုင်ကားဂတ်သည် မိမိပြဋ္ဌာန်းလိုက်သော ဥပဒေရပ်များသည် စပါးတားနိုင်ငံတည်တံ့ခိုင်မြဲရန် ဖြစ်မည်မဖြစ်မည်ကို ဒဲလဖိုင်နတ်ကွန်းတွင် မေးမြန်းကြည့်ရာ နိုင်ငံ၏အကျိုးဖြစ်စေမည်ဟု သိရှိရလေသည်။ ထိုအခါ သူပြန်မရောက်မီတွင် အဆိုပါ အခြေခံဥပဒေများကို တသွေမတိမ်းလိုက်နာပါမည်ဟု နိုင်ငံသားတို့ထံမှ ကတိကို တောင်းခံပြီးနောက် စပါးတားနိုင်ငံမှတဖန် ထွက်ခွာ သွားလေ၏။ နိုင်ငံသားတို့ ထာဝစဉ်အမြဲ ကတိတည်လျက် ရှိနေစေရန် လိုင်ကားဂတ်သည် စပါတားနိုင်ငံသို့ လုံးဝပြန်မလာတော့ချေ။

ထိုပုဂ္ဂိုလ်ကြီးသည် ရှေးဟောင်းခေတ်အခါက ဥပဒေပြုပုဂ္ဂိုလ်ကျော်ကြီးတဦးဖြစ်၍ အိန္ဒိယနိုင်ငံမှ ဓမ္မသတ်ဆရာကြီး မနုနှင့်၎င်း၊ ဗက်ဗီလုံးနိုင်ငံမှ ဟမ္မူရာဗီမင်းနှင့်၎င်း၊ ဟီဗရူးလူမျိုးထဲမှ မောရှေနှင့်၎င်း၊ အက်သင်းနိုင်ငံမှ ဆိုလွန်နှင့်၎င်း နှိုင်းယှဉ်ထိုက်သူဖြစ်သည်။ ဂရိလူမျိုး သမိုင်းဆရာ ပလူးတပ်က လိုင်ကားဂတ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ရေးသားခဲ့လေသည်။

တခါက လိုင်ကားဂတ်ပြဋ္ဌာန်းလိုက်သော ဥပဒေရပ်များကိုမနှစ်သက်သူ စပါးတားနိုင်ငံသားတစုတို့သည် ဥပဒေပြုပုဂ္ဂိုလ်အား နောက်မှလိုက်၍ ပြောင်လှောင်ပြက်ရယ်ပြုကြသည့်ပြင် ခဲများဖြင့်ပေါက်ကြလေ၏။ လိုင်ကားဂတ်လည်း လူအုပ် လိုက်၍မမှီနိုင်အောင် ပြေးပါသော်လည်း အပြေးသန်သည့်လူရွယ်တယောက်သည် သူ့အား မှီလာလေ၏။ နောက်သို့လှည့်အကြည့်တွင် ထိုသူငယ်သည် သူ၏မျက်လုံးတဖက်ကို လက်ထဲ၌ပါလာသည့်တုတ်ဖြင့် ထိုးဖောက်လိုက်လေသည်။ ဝေဒနာကြောင့် ဆက်လက်၍ မပြေးနိုင်တော့ချေ။ သို့သော် သူသည် ဝေဒနာမခံစားရဟန်ဖြင့် လူအုပ်ကို စောင့်ဆိုင်းနေလေ၏။ လူများလည်း အနားသို့ရောက်လာသောအခါ မိမိတို့၏ ရိုင်းစိုင်းသော အပြုအမူကိုရှက်၍ သနားစိတ် ပေါက်လာကြသည့်အတိုင်း လိုင်ကားဂတ်အား သူ၏နေအိမ်သို့ ပြန်ပို့ကြလေသည်။ လက်ရောက်ကျူးလွန်သည့်သူငယ်ကိုလည်း ထိုပုဂ္ဂိုလ်ကြီးထံ အပ်လိုက်လေ၏။ လိုင်ကားဂတ်သည် မိမိအား လက်ရောက်ကျူးလွန်သောသူငယ်အား လက်စားချေခြင်းမပြုပဲ မိမိအိမ်၌ပင် အတူတကွနေရန် ခွင့်ပြုထားလေသည်။ ထိုသူငယ်သည် ရှေးက မိမိအလွန်မုန်းတီးခဲ့သူ၏ မြင့်မြတ်သောစိတ်သဘောထားကို သိရှိလာသည့်အခါ အလွန်ပင် ဝတ်တရားကျေပြွန်သော တပည့်ကောင်းတယောက် ဖြစ်လာသည့်ပြင် ဥပဒေကို ရှိသေသော စပါးတားနိုင်ငံသားကောင်း တယောက် ဖြစ်လာလေသည်။

**လိုဏ်ခေါင်း။** ။ဥမင်လိုဏ်ခေါင်း — ရှု။

**လိုင်ဇိုလူမျိုး။** ။ချင်းလူမျိုး — ရှု။


**လိုင်နိုတိုက် စာစီစက်။** ။ပဌမ ပုံနှိပ်စက် ပေါ်ပေါက်ပြီး နှစ်ပေါင်း ၅၀ ခန့်ကြာသည့်တိုင်အောင် စာစီသမားသည် ပုံနှိပ်စာလုံးများကို တလုံးချင်းသာ စီပေးရသဖြင့် အချိန်များစွာကုန်ခဲ့ရ၏။သို့သော် နောင်အခါ ပုံနှိပ်စာလုံးများကို လက်အစား စက်နှင့် လျင်မြန်သေသပ်စွာ စီပေးနိုင်သောစက်မျိုး ပေါ်ပေါက် လာပြီးလျှင် ကမ္ဘာအနှံ့မှာပင် ယခုအခါ အများအစား အသုံးချလျက် ရှိပေပြီ။ လိုင်နိုတိုက်နှင့် မိုနိုတိုက်ဟူ၍ စက်နှစ်မျိုးရှိရာတွင် အထူးသဖြင့် ခေတ်မှီသတင်းစာတိုက်ကြီးများ၌ လိုင်နိုတိုက်ကို အသုံးပြုကြသည်။

လိုင်နိုတိုက်တွင် လက်နှိပ်စက်မှာကဲ့သို့ အက္ခရာနှိပ်သော ခလုတ်များပါရှိ၍ အလိုရှိသော စာများကို တကြောင်းချင်း စီပေးနိုင်သည်။ စာကြောင်းကို အင်္ဂလိပ်လို လိုင်းဟုခေါ်သဖြင့် စာတကြောင်းချင်းစီနိုင်သော ဤစက်ကို လိုင်နိုတိုက်ဟု ခေါ်ခြင်းဖြစ်သည်။

နိုင်ငံကြီးများရှိ အချို့သောသတင်းစာတိုက်ကြီးများ

www.burmeseclassic.com





ခေတ်မှီ သတင်းစာတိုက်ကြီးများ၌ လိုင်နိုတိုက်ကို အသုံးပြုကြသည်။

တွင် လိုင်နိုတိုက်ပေါင်း လေးငါးဆယ်ထက်မနည်း အသုံးပြုလျက်ရှိ၍ အချို့စက်များတွင် မိန်းမများပင် ဝင်ရောက်လုပ်ကိုင်နေသည်ကို တွေ့ရလေသည်။ လိုင်နိုတိုက် စက်ရှိ စာလုံးများကို ပြောင်းလဲပေးခြင်းဖြင့် အခြားဘာသာ စာပေများကိုလည်း စီနိုင်လေသည်။

လိုင်နိုတိုက်ကို စတင်တီထွင်သူမှာ အော့တမား မာဂင်သေလာဖြစ်သည်။ သူသည် အစက နာရီပြုလုပ်သူ တဦးဖြစ်ခဲ့၍ အသက် ၁၈ နှစ်အရွယ်၌ ဂျာမနီနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့နေထိုင်သည်။ လိုင်နိုစက်ဖြင့် စာစီရန် လွယ်ကူသလောက် လိုင်နိုတိုက်စက်အတွင်း၌ အစိတ်အပိုင်းများကို အလွန်ရှုပ်ထွေးစွာ တပ်ဆင်ထားသည်။ ထို့ကြောင့် ထိုစက်ဖြစ်မြောက်အောင် အလွန် ခက်ခဲစွာ ကြံစည်ကြိုးစားခဲ့ကြောင်း သိနိုင်ပေသည်။ မာဂင်သေလာသည် နှစ်ပေါင်းများစွာ တပင်တပန်း ကြံစည်စိတ်ကူးရပြီးနောက် ၁၈၈၆ ခုနှစ်သို့ရောက်မှ စာစီနိုင်သည့် စက်တလုံးကို တီထွင်နိုင်သောအခြေသို့ ရောက်ခဲ့ပေသည်။ သူ၏စက်ကို တဖန် နောက်နှစ်များတွင် အခြားသိပ္ပံပညာရှင်များက ကောင်းသည်ထက် ကောင်းအောင် တဖြည်းဖြည်း ထပ်မံပြုပြင်လာခဲ့ရာ ယခုအခါ လိုင်နိုတိုက်ကို ကမ္ဘာတွင် မရှိမဖြစ်သည့် စက်တခုအနေဖြင့် အသိအမှတ်ပြု၍ နေကြရပေပြီ။ ယခုခေတ် လိုင်နိုတိုက်ဖြင့် တနာရီလျှင် ပုံနှိပ်စာလုံးပေါင်း ၁,၂၀၀ မျှ စီနိုင်လေသည်။

လိုင်နိုတိုက်၏ အပေါ်ဖက်၌ မေးထရစ်ခေါ် စာလုံးပုံစံများထားရှိသော မဂ္ဂဇင်းဟု ခေါ်သည့် အိမ်တခုရှိသည်။

www.burmeseclassic.com






အလိုရှိသော အက္ခရာအလိုက် လက်နှိပ်ခလုတ်ကို နှိပ်လိုက်သောအခါ ထိုမဂ္ဂဇင်းအိမ်ထဲမှ စာလုံးပုံစံသည် စက်၏အောက်ဖက်သို့ဆင်းလာသည်။ စာတလုံးနှင့်တလုံး ကြားတွင် ခံသော ကြားခံတုံးကလေးများကိုလည်း လက်နှိပ်ခလုတ်ဖြင့် ထည့်ပေးနိုင်သည်။ စာတကြောင်း ပြည့်၍ ခလုတ်ကို နှိပ်ပေးသောအခါ အဆိုပါစာတတန်းလုံးသည် ထိုစက်မှာပင် တပ်ဆင်ထားသည့် ပုံသွန်းစက်ထဲသို့ ရောက်သွားသည်။ ထိုအခါ ပုံသွန်းစက်က စာလုံးပုံများ ထင်နေသော စာတကြောင်းစာမျှလောက်ကို တခဏ အတွင်း ပုံသွန်းပြုလုပ်ပေးသည်။ ထိုစာတတန်းစာရှိသော စာလုံးပုံဘလောက်ကို အခြားကရိယာများက အထူအပါးညီအောင် ညှိပေးပြီးသောအခါ စာစီခွက်ထဲသို့ ရောက်လာပြန်သည်။

အက္ခရာ တလုံးနှင့်တလုံးကြားတွင်ဖြစ်စေ၊ စာတလုံးနှင့်တလုံးကြားတွင်ဖြစ်စေ ကြားခံတုံးကလေးများ ထည့်ပေးရသည့် အလုပ်မှာ လက်နှင့် စာစီရမှာကဲ့သို့ မလွယ်ကူပေ။ စာတကြောင်းပြည့်အောင် အံကိုက်ဖြစ်သော ကြားခံတုံး ထည့်ပေးသည့် နည်းကို ဂျွန် အာ ရော့ဂျား ဆိုသူ အမေရိကန်လူမျိုးတဦးက တီထွင်နိုင်ခဲ့၍ သူ၏နည်းတွင် အောက်ဖက်ထူ၍ အထက်သို့ ရှူးသွားသော သံမဏိပြားကလေးများကို လိုသော ကြားနေရာတွင် ရိုက်သွင်းပေးလေသည်။

လိုင်နိုတိုက်စက်မှ စာတကြောင်းစီ ပုံသွန်းပြီး ထွက်လာသော စာတန်းဘလောက်များကို တဖန် စာမျက်နှာအရွယ်အလိုက် ဖောင်သွင်းပေး၍ ပုံနှိပ်စက်တွင် တပ်ဆင်ရိုက်နှိပ်ရလေသည်။ စာတကြောင်းစီပုံသွန်းရာ၌ ပုံသွန်းသောသတ္တုကို လျှပ်စစ်ဓာတ်ဖြင့် အရည်ကျိုထား၍ စာတတန်းစီ ပုံသွန်းပြီးတိုင်း စာလုံးပုံစံနှင့် ကြားခံတုံးများကို ရှိရင်းစွဲ နေရာများကို အလိုအလျောက်ပြန်ရောက်အောင် စက်တွင် ဖန်တီးထားခြင်းမှာလည်း အလွန် အံ့ဩဖွယ်ကောင်းသော ကြံစည်ချက်ပင်ဖြစ်ပေသည်။



ဩစတြေးလီးယားတိုက်တွင် တွေ့ရှိရသော လိုင်ယာငှက်

**လိုင်ယာငှက်။** ။ဩစတြေးလီးယား တိုက်တွင် တွေ့ရှိရသည့် လိုင်ယာဗတ်ခေါ် ငှက်သည် အသွင်အားဖြင့် ထူးခြားလှသောငှက်ဖြစ်သည်။ ခေါင်းပိုင်းနှင့် ကိုယ်လုံးကိုယ်ထည်မှာ အခြား ငှက်များနှင့် မခြားနားလှသော်လည်း အမြီးမှာ မည်သည့်ငှက်မြီးနှင့်မျှ မတူချေ။ သူ၏ အမြီးသည် အနောက်နိုင်ငံ ရှေးစောင်းများနှင့် အလွန်တူလေသည်။ ထို့ကြောင့်ပင်လျှင် လိုင်ယာဗတ်ဟု အမည်တွင်ခြင်းဖြစ်လေသည်။ အဓိပ္ပါယ်မှာ 'စောင်းသဏ္ဍာန် အမြီးရှိသောငှက်' ဟုဖြစ်ပေသည်။ ညိုမည်းသော အရောင်တွင် အစိမ်းမှတ်များဖြင့် တန်ဆာဆင်လျက် ရှိသည်။ အမြီးအတောင်များသည် နှစ်ပေခန့်ရှည်၍ ဥဒေါင်း၏အမြီးကဲ့သို့ နောက်တွင် တွဲကျလျက်ရှိသည်။ အမြီးကိုထောင်၍ ဖြန့်လိုက်သောအခါ အနောက်တိုင်းစာပေတွင် ထင်ရှားသော 'အပိုလို'၏ စောင်းနှင့် သဏ္ဍာန် တူလေသည်။ ထိုအမြီးကြောင့်ပင်လျှင် ထင်ရှားသောငှက်မျိုး ဖြစ်လာလေသည်။ ထူးခြားချက်မှာ ငှက်ဖို၏အမြီးသာ စောင်းနှင့် သဏ္ဍာန်တူခြင်းဖြစ်သည်။

လိုင်ယာငှက်သည် တေးဆိုတတ်သော ငှက်များတွင် အရွယ်အကြီးဆုံး ငှက်မျိုးဖြစ်သည်။ အသံမှာ နူးညံ့ပျော့ပျောင်းသည်။ အခြားငှက်များနှင့် တိရစ္ဆာန်များ၏ သီချင်းများကိုလည်း အတုခိုး၍ ဆိုတတ်သည် ဟုဆိုသည်။ မိတ်လိုက်ချိန်များ၌ ငှက်ဖိုသည် ငှက်မအား ချစ်ရေးဆိုသောအခါများတွင် သူ၏စောင်းသဏ္ဍာန်အမြီးကို တောင်ပူစာကလေးပေါ်မှနေ၍ အလှပြနေတတ်လေသည်။

လိုင်ယာငှက်သည် အသိုက်ကို မြေကြီးပေါ် သစ်ပင်ရင်းတွင်ဖြစ်စေ၊ ကျောက်ဆောင်ရင်းတွင်ဖြစ်စေ ပြုလုပ်လေ့ရှိသည်။ အသိုက်ပြုလုပ်ရာတွင် သာမန်မာသော သစ်မြစ်များကို ရက်ထား၍ ဘေးပတ်လည်တွင် အမွေးအတောင်များဖြင့် ကာရံထားသည်။ အသိုက်၏အနားပတ်လည်တွင် တုတ်ချောင်းများ၊ ရေညှိများနှင့် သစ်ရွက်များကို စုပုံထားပြီးလျှင် ဘေးပေါက်တခုဖောက်ထား၏။ အသိုက်ထဲတွင် ကား တခုတည်းသောဥကိုသာ တွေ့မြင်နိုင်သည်။ ငှက်ငယ်သည် သုံးလေးနှစ်ကြာမှ အမွေးအတောင် ဖုံးလေသည်။

www.burmeseclassic.com



လိုင်ယာငှက်သည် ကြောက်ရွံ့တတ်၍ အန္တရာယ်အရိပ်အယောင် တွေ့သောအခါ ထူထပ်သော သစ်ပင်များအောက်သို့ ထွက်ပြေးလေ့ရှိသည်။ အပြေးလျင်မြန်၏။ ကောင်းစွာ ပျံသန်းနိုင်သော ငှက်များမဟုတ်သဖြင့် တခါတရံတွင်သာ သစ်ပင်ထက်၌ နေကြသည်။ စားသောက်သော အစာမှာ ပိုးမွှားများနှင့် ခရုများဖြစ်သည်။ သြစတြေးလီးယားတိုက် နယူးဆောက်ဝေး၊ ကွင်းစလန်တောင်ပိုင်းနှင့် ဝိတိုရိယ ပြည်နယ်များတွင် လိုင်ယာငှက်မျိုးကို တွေ့နိုင်သည်။


လိုင်ယာငှက်သည် မင်နူရီဒီးမျိုးရင်းတွင် ပါဝင်ပြီးလျှင် မင်နူရာ နိုဗီဟော်လန်ဒီးနှင့် နူမင်ရာ အယ်လဗာတီ ဟူ၍ မျိုးစိတ် နှစ်ခုရှိလေသည်။

**လိုင်လူမျိုး။** ။ချင်းလူမျိုး — ရှု။

**လစ်စတာ၊ဂျိုးဇက်** (ခရစ် ၁၈၂၇–၁၉၁၂)။ ။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ခန့်လောက်ကဆိုလျှင် လူတယောက်သည် ခြေလက်အင်္ဂါတခုခု မတော်တဆ ကျိုးပဲ့သွားရုံမျှနှင့် သူ၏အသက်ဘေးမှာ အလွန်စိုးရိမ်ဖွယ်ဖြစ်ခဲ့ရပေသည်။ သို့သော် ယခုအခါတွင်မူ လူတဦးတယောက်သည် တော်ရုံခြေကျိုးကာမျှဖြင့် သေသွားရသည် ဆိုလျှင် ရယ်စရာသာ ဖြစ်နေပေလိမ့်မည်။ ထိုစဉ်က ခွဲစိတ်ရသည့် ရောဂါနှင့် သေဆုံးကြရသူများမှာ များသောအားဖြင့် ဒဏ်ရာကြောင့် မဟုတ်ပဲ ခွဲစိတ်သည့် ဆရာဝန်၏ ဓားမှ အဆိပ်အတောက်ဖြစ်ကာ သေဆုံးကြရခြင်းသာ ဖြစ်လေသည်။ ယခုအခါတွင် ဤသို့ အဆိပ်အတောက်ဖြစ်ခြင်းမှ လုံးဝ ကင်းလွတ်ခဲ့ပြီဖြစ်၍ ခွဲစိတ်ကုသခြင်းကို အထူးအဆန်းဟူ၍ပင် အမှတ်မထားကြတော့ချေ။

ခွဲစိတ်ကုသရေးတွင် ဤမျှလောက် တိုးတက်လာခဲ့ခြင်းမှာ ဂျိုးဇက် လစ်စတာအမည်ရှိ အင်္ဂလိပ်ဆေးပညာ ပါရဂူကြီး၏ ကျေးဇူးကြောင့် ဖြစ်ပေသည်။ လစ်စတာသည် ၁၈၂၇ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် အက်ဆက်နယ် အပ်ပတန်မြို့၌ဖွားမြင်သည်။ သူသည်ဆေးပညာကို သင်ယူတတ်မြောက်ခဲ့ပြီးနောက် သူ၏ တသက်တာအတွင်း ဂလပ်စဂိုးတက္ကသိုလ်၊ အက်ဒင်ဗာရာတက္ကသိုလ်နှင့် နောက်ဆုံး လန်ဒန်မြို့ ဘုရင့်ကောလိပ်ကျောင်းတို့တွင် ခွဲစိတ်ကုသမှုပညာဆိုင်ရာ ပါမောက္ခအဖြစ်ဖြင့် ဆောင်ရွက်ခဲ့လေသည်။

လစ်စတာသည် ဆေးပညာကို ဆည်းပူးနေစဉ်အတွင်း ခွဲစိတ်ကုသခြင်း ခံကြရသော လူနာတို့၏ သနားစဖွယ် အသက်ဆုံးရှုံးကြခြင်းကို မကြာခဏ တွေ့ရလေသည်။ ထိုကြောင့် ခွဲစိတ်ကုသရာမှ ဖြစ်ပေါ်လာသည့် ရောဂါတို့ကို အရင်းအမြစ်တိုင်အောင် စုံစမ်းလေ့လာ ရှာဖွေကြည့်လေသည်။ ၁၈၆၂ ခုနှစ်တွင် ပြင်သစ်သိပ္ပံပညာရှင်ကြီး တဦး



ခွဲစိတ်ကုပညာရှင် ဂျိုးဇက် လစ်စတာ

ဖြစ်သော ပါးစတားဆိုသူသည် မိုက္ကရိုစကုပ်ဖြင့်သာ မြင်နိုင်သည့် ရောဂါပိုးမွှားတို့အကြောင်းကို တွေ့ရှိလေသည်။ (ပါးစတား — လည်းရှု။) လစ်စတာသည်လည်းပါးစတား၏ အယူအဆကို အခြေခံ ပြုကာ ထိုရောဂါပိုးမွှားများ ကာကွယ်ရန်ဆေးကို ကြိုးစားကြံစည်ခဲ့ရာ ၁၈၆၅ ခုနှစ်တွင် ကာဗောလစ် အက်ဆစ်ကို တွေ့ရှိသည်။ ထိုကာဗောလစ် အက်ဆစ်ဖြင့် ပိုးမွှားတို့ကို သတ်နိုင်ခဲ့ရာ ခွဲစိတ်ကုသခြင်းမှ ဖြစ်ပေါ်လာသော ဘေးဥပဒ်တို့ကို ကင်းလွတ်စေနိုင်ခဲ့လေသည်။ လစ်စတာတွေ့ရှိခဲ့သည့် ကာဗောလစ် အက်ဆစ်မှာ အလွန်စပ်သောကြောင့် လူနာတို့ ကြောက်ရွံ့ခဲ့သော်လည်း ယခုအခါတွင်မူ မစပ်မနာစေရန် စီမံနိုင်ခဲ့ပြီ ဖြစ်သည်။ လစ်စတာသည် ခွဲထားသောအနာကို တိရစ္ဆာန်အူကြိုးဖြင့် စတင် ချုပ်ခဲ့ခြင်းဖြင့် အနာ ခွဲကြောင်းရာကို ပြန်လည်စေ့စပ်စေနိုင်ခဲ့လေသည်။

အသက်ပေါင်းများစွာကို ကယ်ဆယ်ခဲ့သော သူ၏တွေ့ရှိသိမှုများကြောင့် လစ်စတာသည် ဆော့ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည့်ပြင် တော်ဝင်အသင်းကြီး၏ ဥက္ကဋ္ဌရာထူး စသည်




www.burmeseclassic.com

www.burmeseclassic.com



တို့ဖြင့်လည်း ခြီးမြှောက်ခြင်းကိုခံခဲ့ရလေသည်။ သူသည် ၁၉၁၂ ခုနှစ် ဖေဖွာရီလ ၁၀ ရက်နေ့တွင် ကွယ်လွန်သွားလေသည်။

**လစ္စဗွန်မြို့။** ။၁၄၉၇ ခုနှစ်တွင် ဗက်စကို ဒါ ဂါးမားသည် ဥရောပတိုက်မှနေ၍ ရွက်သင်္ဘောဖြင့် အာဖရိကတိုက်ကို လှည့်ပတ်ကာ အိန္ဒိယနိုင်ငံသို့ သွားရာဖြစ်သော ရေလမ်းခရီးကို ရှာဖွေတွေ့ရှိခဲ့သည်ကို လူတိုင်းပင် သိရှိကြပေသည်။ ထိုပင်္ဂိုလ်စတင်ခရီးထွက်ရာ မြို့ကား လစ္စဗွန်မြို့ပင် ဖြစ်၏။ စပိန်လူမျိုးတို့ ပဌမ အယ်လစ်ဇဗက်ဘုရင်မကို အန်တု၍ အင်္ဂလန်ပြည်ကို သိမ်းယူရန် အာမာဒါခေါ် ရေတပ်ကြီးနှင့် ချီတက်စဉ်ကလည်း လစ္စဗွန်မြို့မှပင် စတင်ချီတက်ခဲ့ကြသည်။ လစ္စဗွန်မြို့သည် ရှေးပဝေဏီအခါက ဖိနီရှန်လူမျိုးတို့ စတင်တည်ထောင်ခဲ့သော မြို့တမြို့ဖြစ်၍ ရောမလူမျိုးများက ထိုမြို့ကို တိုက်ခိုက်သိမ်းယူခြင်းမပြုမီကပင် စည်ကားလျက် ရှိခဲ့ပေသည်။ ၇၁၁ ခုနှစ်မှ ၁၁၄၇ ခုနှစ်တိုင်အောင် ထိုမြို့မှာ မူးဝါးလူမျိုးတို့လက်အောက်သို့ ကျရောက်ခဲ့ရ၏။ ၁၁၄၇ ခုနှစ်တွင် တရိုးဇားမိဖုရား၏ သားတော် ပေါ်တူဂီမင်းသား ပဌမ အယ်လဖုန်းဆိုးသည် လစ္စဗွန်မြို့ကို မူးဝါးလူမျိုးတို့လက်မှ တိုက်ခိုက်သိမ်းပိုက် အောင်မြင်



လစ္စဗွန်မြို့၏ အလွန်စည်ကားသော မြို့လယ်ရှုခင်းတရပ်

ရာတွင် ထိုမြို့သည်လည်း ပေါ်တူဂယ်နိုင်ငံ၏ မြို့တော်ဖြစ်လာလေသည်။

လစ္စဗွန်မြို့သည် တေးဂပ် မြစ်ကမ်းပေါ်တွင်ရှိ၍ အတ္တလန္တိတ်သမုဒ္ဒရာနှင့် ကိုးမိုင်ခန့်ကွာဝေးသည်။ ပေါ်တူဂယ်နိုင်ငံ၏ မြို့တော်ဖြစ်သည်သာမက ဥရောပတိုက် တခုလုံးတွင် အနောက်ဖက်အကျဆုံး ပင်လယ်ဆိပ်ကမ်း မြို့ကြီးတမြို့လည်းဖြစ်၍ ထင်ရှားသည်။ တေးဂပ်မြစ်သည် လစ္စဗွန်မြို့အလွန်တွင် ကျယ်ဝန်းသော ရေအိုင်ကြီးသဖွယ် ဖြစ်ပေါ်လျက်ရှိ၏။ ၁၁ မိုင်မျှရှည်လျားလျက် လေးမိုင်မှ ရှစ်မိုင်အထိ ကျယ်ဝန်း၏။ သို့ဖြစ်၍ လစ္စဗွန်မြို့သည် ကမ္ဘာတဝှန်းလုံးတွင် အကောင်းဆုံး သင်္ဘောဆိပ်ကမ်း တခုအဖြစ် ထင်ရှားခဲ့ပေသည်။ သင်္ဘောဆိပ်များသည် မြောက်ဖက်ကမ်းခြေတလျှောက် ငါးမိုင်မျှရှည်လျား၏။ ထိုဆိပ်ကမ်းဒေသများမှ နေ၍ မျှော်ကြည့်လိုက်လျှင်လည်း ဖွေးနေသော တိုက်တာအိမ်ယာများ၊ စိမ်းလဲ့လဲ့ သစ်ပင်များ၊ အုံ့ဆိုင်း ညိုမှိုင်းလျက်ရှိသော လမ်းကြီးများသည် နှမ်းဖတ်ကျောက်အတိပြီးသော 'ဆင်တြာ'ခေါ် တောင်တန်းကြီးများကို နောက်ခံပြုလျက် အဆင့်ဆင့် အသွယ်သွယ် တည်ရှိလျက်နေသည်မှာ လစ္စဗွန်မြို့၏ သဘာဝအလှကို ကူညီဖြည့်စွမ်းနေသည့်ပမာ တူလှသည်။

လစ္စဗွန်မြို့သည် ယခုခေတ်၌ ပြန်လည်ဆောက်လုပ်ထားသောမြို့ဖြစ်၏။ ၁၇၅၅ ခုနှစ်က အကြီးအကျယ် တုန်လှုပ်သော မြေလျှင်၏ ဒဏ်ကြောင့် မြို့သူမြို့သားသုံးသောင်းကျော်မျှ အသက်ဆုံးရှုံးခဲ့ပြီးလျှင် မြို့တမြို့လုံး လိုလိုပင် ပျက်စီးခဲ့ဘူးရာ မြို့တော်ဟောင်း၏ သေးငယ်သော အစိတ်အပိုင်းမျှသာ အကောင်းကျန်ရစ်ခဲ့၏။ သို့သော်လည်း ရှေးခေတ်၏ စိတ်ဝင်စားဖွယ်ရာ အဆောက်အအုံများကို မူကား ထိုကြွင်းကျန်သောရပ်ကွက်၌ပင် တွေ့မြင်နိုင်သေးသည်။ ဘုရားရှိခိုးကျောင်းကြီးမှာ ၁၁၅၀ ပြည့်နှစ်ကပင် တည်ဆောက်ပြီးစီးခဲ့သော အဆောက်အအုံကြီး ဖြစ်၏။ ထိုကျောင်းကြီးထဲတွင် စိန်ဗင်းဆင့် ဘုန်းတော်ကြီး၏ သချိုင်းဂူကို ယခုတိုင် တွေ့မြင်နိုင်၏။ ကျောင်းဝင်းထဲ၌ တောကျီးကန်း ငှက်မောင်မယ်တစုံကို တွေ့မြင်နိုင်၏။ ထိုငှက်မောင်မယ်ကား သုံးရာစုနှစ်များအတွင်းက ဘုန်းတော်ကြီး၏ သဘော်ကို လစ္စဗွန်မြို့သို့ရောက်အောင် ရှေ့ဆောင်လမ်းပြကာ ခေါ်ယူခဲ့ကြသော ငှက်တို့မှ ဆင်းသက်ပေါက်ပွားလာကြသော ငှက်မောင်မယ်ဖြစ်သည် ဟုအဆိုရှိ၏။

လစ္စဗွန်မြို့တွင်းရှိ လမ်းများသည် ကျယ်ဝန်း ဖြောင့်တန်း၏။ အထူးသဖြင့် လွတ်လပ်ရေးရိပ်သာ လမ်းမကြီးကား အကျယ်ပေ သုံးရာမျှရှိလျက် အလျားတမိုင်မျှရှည်လျားသည့်ပြင် လမ်းမကြီး၏အလယ်တွင် အရိပ်သာယာကောင်းမွန်လှသော သစ်ပင်တန်းကြီးနှစ်တန်းဖြင့် အလွန်

www.burmeseclassic.com

www.burmeseclassic.com



ပင် လှပတင့်တယ်လှပေ၏။ ဤလမ်းကို လွတ်လပ်ရေးရိပ်သာဟုခေါ်တွင်ရသည်မှာ ၁၆၄၀ ပြည့်နှစ်က ပေါ်တူဂယ်နိုင်ငံသည် စပိန်တို့လက်အောက်မှ လွတ်မြောက်ခဲ့ခြင်းကို အထိမ်းအမှတ်ပြု၍ မှည့်ခေါ်ထားခြင်းဖြစ်၏။ လစ္စဗွန်မြို့၏ ပန်းဥယျာဉ်မှာ ဥရောပတိုက်၌ အလှပဆုံး ဥယျာဉ်တခု ဖြစ်လေသည်။


မြို့ထဲ၌ ဆေးဆိုးလုပ်ငန်း၊ ပိုးထည်သိုးမွေးထည်၊ ဝါဂွမ်းထည်များ ရက်လုပ်သည့်လုပ်ငန်း၊ အိုးခွက်လုပ်ငန်း၊ ဆပ်ပြာလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ဓာတ်သတ္တုဆိုင်ရာလုပ်ငန်း၊ ဗိလပ်မြေလုပ်ငန်း၊ ဖော့ဆို့လုပ်ငန်းနှင့် စည်သွပ်အစားအသောက်လုပ်ငန်းများရှိကြ၏။

လစ္စဗွန် မြို့သည် ကြီးကျယ်စည်ကားသော မီးရထားလမ်း ဗဟိုဌာနလည်းဖြစ်၏။ ထိုမြို့၏ ငါးဖမ်းခြင်းလုပ်ငန်းသည် အထူးကြီးကျယ်ပေသည်။ လူဦးရေမှာ ၁၉၆၆ ခုနှစ် ခန့်မှန်းသန်ကောင်စာရင်းအရ ၈၂၅,၈၀၀ ယောက်ခန့် ဖြစ်သည်။

**လင်္ဇ,ဖရန့်** (ခရစ် ၁၈၁၁—၁၈၈၆)။ ။ဖရန့် ဖွန် လင်္ဇသည် ၁၈၁၁ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ဟန်ဂေရီနိုင်ငံ ရေဒင်မြို့၌မွေးဖွားခဲ့ရာ ငယ်စဉ်က ချူခြာလှသည်။ တခါက သူ့အားသေပြီဟုထင်ကြ၍ လက်သမားများကို ခေါ်ငင်လျက် ခေါင်းစပ်ရန် တိုင်းထွာသောအခါမှပင် မသေသေးကြောင်း သိကြရသည်။ သူ၏ဖခင်မှာ စာရင်းကိုင် အလုပ်ကို လုပ်ကိုင်နေသော်လည်း ဂျူရိယာပညာကို အတော်အတန်တတ်မြောက်သဖြင့် ငယ်စဉ်ကပင် သူ့အား ဂီတပညာကို သင်ပေးခဲ့လေသည်။ လင်္ဇသည် အသက် ကိုးနှစ်အရွယ်က ပွဲသဘင်တခု၌ အသုံးတော်ခံခဲ့ရာ ကမ္ဘာကျော် ဂီတဆရာကြီး ဗေးထိုးဗင်ပင်လျှင် များစွာနှစ်သက်လှသဖြင့် လင်္ဇအား ပွေ့ဖက် နမ်းရှုတ်ခဲ့ဘူးလေသည်။ (ဗေးထိုးဗင်,လုဒဗစ်,ဖန် — လည်းရှု။)

ထိုနောက် ဟန်ဂေရီမှူးမတ်များက ငွေကြေးစုဆောင်း၍ အကုန်အကျခံကာ ဂီထပညာသင်ယူစေရန် ဗီယင်းနားမြို့သို့ စေလွှတ်ခဲ့လေသည်။ ဗီယင်းနားမြို့တွင် ခြောက်နှစ်တိုင်တိုင် ပညာဆည်းပူးနေစဉ်အတွင်း၌ ပွဲပေါင်းများစွာတွင် ပါဝင်သီဆိုတီးပြခဲ့ရာ လူတိုင်းနှစ်သက်၍ ချီးကျူးခြင်းခံခဲ့ရသည်။ သူ၏ပါရမီကြောင့် သူ့အား ဟန်ဂေရီပြည်ဖွား အံ့ဖွယ်တမါးဟုပင် အမည်ပေးခဲ့ကြသည်။

၁၈၂၈ ခုနှစ်တွင် သူ၏ဖခင်ကွယ်လွန်သောအခါ လင်္ဇသည် ၁၇ နှစ်မျှသာရှိသေးသော်လည်း နာမည်ကျော်ကြားလှသဖြင့် သူ၏မိခင်အား သူတတ်သောပညာဖြင့် လုပ်ကျွေးရန် မခဲယဉ်းတော့ပေ။ ဣတလီနိုင်ငံမှ ကမ္ဘာကျော် တယောဆရာကြီး ပါဂါနီနီသည် တယောပညာတွင် သူမတူ



ကမ္ဘာ့ ဂီတပညာရှင်တဦးဖြစ်သူ ဖရန့် ဖွန် လင်္ဇ

အောင် ထွန်းပေါက် ကျော်ကြားသကဲ့သို့ပင် လင်္ဇသည် စန္ဒရားပညာတွင် တဖက်ကမ်းခတ် တတ်ရမည် ဟု စိတ်ပြဋ္ဌာန်းလျက် မနေမနား အားထုတ်သင်ကြားလေသည်။ သူ၏ဝီရိယဇွဲကြောင့် ယခုတိုင် စန္ဒရားပညာတွင် လင်္ဇကိုမှီသူမရှိခဲ့သေးချေ။ နောက်နှစ်များတွင် ၁၅ နှစ်ပတ်လုံး သူအသုံးတော်ခံရာအရပ်တိုင်း ဩဘာသံမစဲတော့ပေ။ တခါသော် ဗီယင်းနားမြို့သို့ သွားရောက်အသုံးတော်ခံခဲ့စဉ်က ဩစတြီးယား ကေရာဇ်ထံမှ မှူးမတ်ဘွဲ့ထူးတခုကိုပင် ရရှိခဲ့လေသည်။

ထိုအချိန်အတွင်းတွင် ကမ္ဘာကျော် ဂီတဆရာကြီးများဖြစ်ကြသော ရှိုပန်း၊ ရှူးမန်း စသည့် ပညာရှင်ကြီးများနှင့် ရင်းနှီးသောမိတ်ဆွေ ဖြစ်ခဲ့လေသည်။ (ရှိုပန်း အက်(ဖ)အက်(ဖ)။ ရှူးမန်း, ရောဗတ် — လည်းရှု။) လင်္ဇသည် အပေးအကမ်း ရက်ရောသူ ဖြစ်သဖြင့် သူ့မိတ်ဆွေပညာသည်များအား အဖက်ဖက်က ကူညီခဲ့လေသည်။ ၁၈၄၇ ခုနှစ်မှ စ၍ သူ ရသမျှ ဝင်ငွေများအားလုံး လိုလိုကိုပင် ပေးလှူ ပစ်ခဲ့လေသည်။ ဂီတဆရာကြီး

ဗေးထိုးဗင်၏ အထိမ်းအမှတ် ရုပ်တု ဖြစ်မြောက်ရေးတွင် ငွေလိုနေသောအခါ သူ၏အိတ်ထဲကပင် စိုက်ထုတ်ပေးလှူခဲ့သည်။ သူ၏ မွေးဖွားရာဇာတိအရပ်တွင် ဆင်းရဲသားများအား ထောက်ပံ့ရန် အမြဲတမ်း ရန်ပုံငွေ ဖွင့်လှစ်၍ ကူညီ ထောက်ပံ့ခဲ့ပေသည်။

၁၈၄၈ ခုနှစ်တွင် ပြပွဲအလုပ်များကိုစွန့်၍ နန်းတော်တွင် ဂီတညွှန်ကြားသူအဖြစ် အမှုထမ်းပြီးလျှင် ငယ်ရွယ်သူ ဂီတပညာရှင်များအား အစစအရာရာ အကူအညီပေး၍ မြီးမြှင့်ခဲ့လေသည်။ လဇ္ဇသည် သူ့ခေတ်က တေးသီချင်းစပ်ဆိုသီကုံးသူများကဲ့သို့ မထင်ရှားခဲ့သော်လည်း သာယာနာပျော်ဖွယ် ဖြစ်သည့် တီးကွက်များကို ထားခဲ့နိုင်လေသည်။ ဟန်ဂေရီ ပြည်သူပြည်သားများနှင့် လိုက်အောင် သူသည် စန္ဒရားတူရိယာ တီးကွက်ဆန်းများ ထွင်၍ တီးခဲ့လေသည်။ သူ၏ စန္ဒရားတီးကွက်များကို သာမန်တတ်ရုံနှင့် မတီးနိုင်၊ စန္ဒရားကို တကယ်နိုင်နင်းစွာ တတ်မြောက်သူများသာလျှင် တီးနိုင်ကြ၏။ လဇ္ဇသည် အယူဝါဒဆိုင်ရာတွင် အထူးရိုသေကိုင်းရှိုင်းသူ ဖြစ်သည့်အတိုင်း ၁၈၆၅ ခုနှစ် အသက် ၅၄ နှစ် အရွယ်တွင် သာသနာ့ဝန်ထမ်းအဖြစ် ဘုန်းကြီး ဝတ်ခဲ့၍ မသေမီ ၂၁ နှစ်ပတ်လုံး ရောမ ကက်သလစ်ဂိုဏ်းကြီးတွင် ကျောင်းထိုင် ဘုန်းကြီးအဖြစ်ဖြင့် နေထိုင်ခဲ့လေရာ ၁၈၈၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ကွယ်လွန်လေသည်။



ပွန်ပိယိုင်မြို့၏နောက်ဆုံးနေ့များ ဝတ္ထုရေးခဲ့သူ လော့ လစ်တန်

**လစ်တန်,လော့** (ခရစ် ၁၈၀၃ – ၁၈၇၃)။ ။'ပွန်ပိယိုင်မြို့၏ နောက်ဆုံးနေ့များ' ခေါ် ဝတ္ထုစာအုပ်သည် ကမ္ဘာကျော်ဝတ္ထုတပုဒ် ဖြစ်ပေသည်။ ထိုဝတ္ထုကို ရေးသူ စာရေးဆရာ ဗျူလဝါး လစ်တန်သည် ၁၈၀၃ ခုနှစ် မေလ ၂၅ ရက်နေ့တွင် လန်ဒန်မြို့၌ ဖွားမြင်လေသည်။ သူသည် ၁၉ ရာစုနှစ်အတွင်းက ထင်ရှားသော ဒစ်ကင်း၊ သက္ကရေးနှင့် တင်နီဆန် တို့ကဲ့သို့သော စာရေးဆရာ အကျော်အမော်တို့နှင့် ခေတ်ပြိုင်ပေါ်ထွက်လာသည့် စာရေးဆရာ တယောက်ဖြစ်သည်။ လစ်တန် ရေးသားပြုစုခဲ့သော ဝတ္ထုများအနက် အခြားထင်ရှားသော ဝတ္ထုများမှာ ရီအင်ဇီ (၁၈၃၅)၊ သီ ကက်စတန် (၁၈၄၉)၊ ကျွန်ုပ်၏ ဝတ္ထု (၁၈၅၃) အစရှိသည်တို့ ဖြစ်လေသည်။

လစ်တန်သည် ကိမ်းဗရစ်တက္ကသိုလ်၌ ပညာသင်ကြားနေစဉ် ကဗျာ အရေးအသားဖက်တွင် ထူးချွန်သဖြင့် တက္ကသိုလ် အဓိပတိ ချီးမြှင့်သော ကဗျာဆုကို ရရှိခဲ့သည်။ လစ်တန်သည် ဝတ္ထုများအပြင် ပြဇာတ်များကိုလည်း ရေးသားခဲ့သည်။ ဓားသွားထက် ကလောင်သွားက ထက်သည် ဆိုသည့် စကားအသုံးအနှုန်းမှာ လစ်တန်ရေးသော ပြဇာတ်တခုထဲမှ ကောက်နုတ်ချက် ဖြစ်လေသည်။ လစ်တန်၏ "ငွေ" နှင့် "လီယွန်းမြို့သူ"ပြဇာတ်များသည် ယခုတိုင် နာမည်ကျော်ကြားလေသည်။

လစ်တန်သည် ၁၈၃၁ ခုနှစ်မှ ၁၈၄၁ ခုနှစ်အထိ တကြိမ်၊ ၁၈၅၂ ခုနှစ်မှ ၁၈၆၆ ခုနှစ်အထိ တကြိမ် ပါလီမန်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံခဲ့ရသည်။ ၁၈၆၆ ခုနှစ်တွင် ဗဲရွန်အဖြစ် သူကောင်းပြု ခံခဲ့ရ၍ အထက်လွှတ်တော် အမတ်ကြီး ဖြစ်လာသည့်နောက်၌ပင် စာပေများကို ရေးသားလျက်ရှိသေး၏။ ၁၈၅၈ ခုနှစ်မှ ၁၈၅၉ ခုနှစ် အထိ လစ်တန်သည် ကိုလိုနီများဆိုင်ရာ အတွင်းဝန်ရာထူးကို ထမ်းဆောင်ခဲ့သည်။ နက်ဗဝပ်မြို့ရှိ လစ်တန်၏ ပိဋကတ်တိုက်တွင် သူ ကိုယ်တိုင် ရေးခဲ့သော လက်ရေးစာမူများနှင့် အခြား ကိုယ်ပိုင်ပစ္စည်းများကိုပါ အမြတ်တနိုး သိမ်းဆည်းထားလျက် ရှိလေသည်။ လော့ လစ်တန်၏ တဦးတည်းသောသားဖြစ်သူသည် နောင်အခါ၌ အိန္ဒိယ နိုင်ငံတွင် ဘုရင်ခံချုပ် ဖြစ်လာသည်။

လော့လစ်တန်သည် ၁၈၇၃ ခုနှစ် ဇန်နဝါရီလ [illegible] ရက်နေ့တွင် အနိစ္စရောက်၍ သူ၏ ရုပ်အလောင်းကို ဝက်စမင်



www.burmeseclassic.com

www.burmeseclassic.com



စတာအက်ဖေး ဘုရားရှိခိုးကျောင်း အတွင်း၌ မြှုပ်နှံထားလေသည်။

**လစ်ဗရယ်ပါတီ။** ။ဗြိတိသျှ နိုင်ငံရေးနယ်ပယ်တွင် လွန်ခဲ့သော နှစ်ပေါင်းများစွာက စ၍ ကွန်ဆားဗတစ်ပါတီနှင့် အတိုက်အခံအာဏာလုဖက် ဖြစ်ခဲ့သော လစ်ဗရယ် ပါတီသည် ပဌမတွင် "ဝှစ်"ပါတီ အမည်ဖြင့် ထင်ရှားလေသည်။ (ကွန်ဆားဗတစ်ပါတီ — လည်းရှု။) လစ်ဗရယ်ဟူသောနာမည်ကို ၁၈၁၅ ခုနှစ်လောက်တွင် စတင် သုံးစွဲခဲ့သော်လည်း ၁၈၄၀ ပြည့်နှစ်ကျမှသာ ပါတီ၏နာမည်အဖြစ်ဖြင့် အတိအကျ လက်ခံသုံးစွဲကြ၏။ ယင်းသို့ ပါတီ၏နာမည်ပြောင်းခြင်းသည် ပါတီ၌ နှစ်ပေါင်းများစွာ ကြီးစိုးခဲ့သော ဝှစ်အထက်တန်းစားများ၊ အရင်းရှင်များ နေရာ၌ နိုင်ငံရေးအမြင်ကျယ်သော စက်မှုလက်မှု လုပ်ငန်းရှင်များ ရောက်လာခြင်းကို အမှတ်သညာ ပြုခြင်းပင် ဖြစ်လေတော့သည်။

လစ်ဗရယ်ဟူသော အင်္ဂလိပ်စကား၏အနက်မှာ မတွန့်တိုသော၊ ရက်ရောသော ဖြစ်၏။ အမှန်အားဖြင့်လည်း လစ်ဗရယ် ပါတီဝင်များသည် နိုင်ငံရေး၊ စီးပွားရေးနှင့် ပေါင်းသင်း ဆက်ဆံရေးများ၌ ပြုပြင် ပြောင်းလဲမှုကို လိုလားသူများ ဖြစ်လေသည်။ အစဉ်အလာကို တော်လှန်ရန် ဝန်မလေးသူများလည်း ဖြစ်လေသည်။ လစ်ဗရယ် ပါတီသည် ၁၈၃၂ ခုနှစ် ပြုပြင်ရေးအက်ဥပဒေ ပြဋ္ဌာန်းပြီးနောက် နှစ်ပေါင်း ၅၀ ခန့် နိုင်ငံရေးအာဏာကို လက်ဝယ်ရရှိကာ အုပ်ချုပ်နိုင်ခဲ့လေသည်။ ခေါင်းဆောင်များမှာ အား ဂရေး၊ အား ရပ်ဆယ်၊ လော့ ပါးမာစတန်၊ ဂလက်စတုန်း စသည်တို့ ဖြစ်ကြသည်။ (ပါးမာစတန်,ဟင်နရီဂျွန်တင်ပယ်။ ဂလက်စတုန်း,ဝီလျံ၊ အီ — လည်းရှု။)

၁၈၈၅ ခုနှစ်၌ ဟုမ်းရူးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပါတီတွင် အတွင်းသဘောကွဲလွဲမှုများ ဖြစ်ပေါ်လာသည်တွင် နိုင်ငံရေးအာဏာကို လက်လွှတ်လိုက်ရလေသည်။ တဖန် ၁၈၉၂ ခုနှစ်မှ ၁၈၉၅ ခုနှစ် အထိ အစိုးရ ဖွဲ့နိုင်ခဲ့ပြီးလျှင် ၁၉၀၅ ခုနှစ်မှ အစပြု၍ ၁၀ နှစ်ခန့် နိုင်ငံရေးအာဏာ ရရှိ၍ နိုင်ငံကို အုပ်ချုပ်ခဲ့ရပြန်လေသည်။ ပဌမ ကမ္ဘာစစ်အတွင်း ညွန့်ပေါင်း အစိုးရ အဖွဲ့တွင်လည်း ပါဝင်ခဲ့သည်။ စစ်ပြီးသောအခါ ပါတီမှာ အလွန်အင်အား နည်းလျက် ရှိနေသည်။ ပါတီလုပ်ငန်းစဉ်များမှာ များသောအားဖြင့် ဆောင်ရွက်ပြီး ဖြစ်ခဲ့၍ ကျန်နေသော လုပ်ငန်းရပ်များကိုလည်း နိုင်ငံက စိတ်ဝင်စားခြင်း မရှိတော့သဖြင့်၎င်း၊ လေဘာပါတီမှာလည်း တစတစ လစ်ဗရယ်ပါတီထက် အင်အား တောင့်တင်းလာကာ အတိုက်အခံ ပါတီအဖြစ် အသိအမှတ် ပြုရသည့် အခြေသို့ပင် ရောက်ရှိခဲ့သဖြင့်၎င်း လစ်ဗရယ်ပါတီသည် တဖြည်းဖြည်း နာမည်မှေးမှိန်သွားရလေသည်။

အခြား ထင်ရှားသော လစ်ဗရယ် ခေါင်းဆောင်ကြီးများမှာ ဂျိမ်း ဖောက်၊ ရစ်ချတ် ကော့ဗဒင်၊ ဂျွန် ဗရိုက်၊ အိပ်အိပ် အက်စကွစ်နှင့် ဒေးဗစ် လွိုက်ဂျော့တို့ ဖြစ်ကြသည်။ (ကော့ဗဒင်,အာ။ ဗရိုက်,ဂျွန်။ လွိုက်ဂျော့, ဒေးဗစ် — လည်းရှု။)

**လစ်ဗာဝတ်ပင်။** ။လစ်ဗာဝတ် ပင်များသည် စွတ်စိုထိုင်းမှိုင်းသော ရာသီဥတုကို နှစ်သက်ကြသဖြင့် ချမ်းအေးသော တောင်ထိပ်များ၊ စိုစွတ်သော မြေကွက်လပ်များ၊ လောင်းရိပ်ရှိသော နေရာများနှင့် သစ်တုံးများပေါ်တွင် အများအပြား ပေါက်လေ့ရှိကြသည်။ လစ်ဗာဝတ်တပင်လုံးသည် သစ်ရွက်ကဲ့သို့ ပြားချပ်၍ နေပြီးလျှင် ဘေးပတ်လည်တွင် အဝိုက်ဝိုက် ဖြစ်၍ နေသည်။ အပွင့် မပွင့်သည့်အပြင် ပင်စည်နှင့် အရွက် ဟူ၍လည်း သီးခြားမရှိချေ။ ထိုသို့ ဖြစ်နေသောကြောင့် သစ်ပင်၊ သို့မဟုတ် ကျောက်တုံးတခုခုတွင် ကပ်၍ ပေါက်ရောက်နိုင်ခြင်း ဖြစ်ပေသည်။ လစ်ဗာဝတ်ပင်၏ ပုံသဏ္ဌာန်မှာ လူ၏အသည်းနှင့်တူခြင်းကြောင့် အင်္ဂလိပ် ဘာသာစကားဖြင့် 'လစ်ဗာဝတ် (အသည်းပန်း)'ဟု တွင်ခြင်းဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် လစ်ဗာဝတ်ပင် မျိုးစိတ်ပေါင်း ၈,၀၀၀ ကျော်ရှိသည်။ လစ်ဗာဝတ်ပင် အမြောက်အမြားသည် သေးငယ်ကြသဖြင့် လူတို့၏ လျစ်လျူရှုခြင်းကို ခံကြရလေသည်။ အချို့သည် ရေညှိပင်နှင့်တူလှသဖြင့် ရေညှိပင်များဟုပင် မှတ်ထင်တတ်ကြသည်။ အချို့ လစ်ဗာဝတ် အပင်များကမူ ထင်ရှားကြပြီးလျှင် အပေါ်ပိုင်းအရောင်မှာ များသောအားဖြင့် အစိမ်းနုရောင်ဖြစ်သည်။ အောက်ပိုင်းတွင်ကား အဖြူရောင်ဖြစ်၍ ရှိုင်ဇိုက်ခေါ် အမြစ်ငယ်အမွေးနုကလေးများရှိသည်။ အစိမ်းရောင် ဖြစ်သော ကျောပိုင်းတွင် အချို့ လစ်ဗာဝတ် မျိုး၌ ဂျင်မီခေါ် စည်ပိုင်း ပုံသဏ္ဌာန် အင်္ဂါကလေးများ ရှိသည်။ ထိုစည်ပိုင်းပုံ အင်္ဂါကလေးများထဲတွင် ဂျင်မီ ခေါ် မျိုးစေ့ကလေးများ ရှိသည်။ ထိုဂျင်မီကလေးများသည် လစ်ဗာဝတ် အပင်သစ်များ ပြန့်ပွားရန်အတွက် မျိုးစေ့ဖြစ်သည်။ အချို့ လစ်ဗာဝတ်များတွင်မူ အပင်၏ ကျောဖက်တွင် ထီးပုံသဏ္ဌာန် အတက်ကလေးများ ထပ်၍ ပေါက်သည်။ အတက်ကလေးများ အချို့တွင် အမအင်္ဂါရှိ၍ အချို့တွင် အဖိုအင်္ဂါ ရှိသည်။ အဖိုနှင့်အမ တွေ့ထိကြခြင်းဖြင့် မျိုးမှုန်များ ဖြစ်လာသည်။ မျိုးမှုန်များ မြေကြီးပေါ်တွင် ပြန့်ကြဲ၍ အပင်သစ်များ ထပ်၍ပေါက်လေသည်။ လစ်ဗာဝတ်သည် ဟီပက်တီစီး မျိုးပေါင်းတွင် ပါဝင်လေသည်။

www.burmeseclassic.com



**လစ်ဗင်းစတုန်, ဒေးဗစ်** (ခရစ် ၁၈၁၃ – ၁၈၇၃)။ ။လူဖြူတို့ မရောက်မပေါက်ဘူးသော အာဖရိကတိုက်၏ တောကြီးမြက်မည်းအတွင်းသို့ စွန့်စား သွားရောက် နေထိုင်ခဲ့သော သာသနာပြု သူရဲကောင်းကြီး ဒေးဗစ် လစ်ဗင်းစတုန်သည် ၁၈၁၃ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် စကော့တလန်ပြည်၊ လန်နတ်ရှိုင်ယာနယ်၊ ဗလန်တိုင်ယာ ရွာ၌ ဖွားမြင်သူ ဖြစ်လေသည်။

မိဘများမှာ ဆင်းရဲ နွမ်းပါးသဖြင့် ၁၀ နှစ်သားအရွယ်တွင် ဒေးဗစ်သည်ဇာတိရပ်ရွာရှိ ခြည်စက်တခုသို့ ဝင်ရောက် အလုပ် လုပ်ခဲ့ရသော်လည်း သူ၏ မနေမနား လုံ့လထုတ်မှုကြောင့် ၂၃ နှစ် အရွယ်တွင် ဂလတ်စဂိုမြို့ရှိ အန်ဒါဆင် ကောလိပ်ကျောင်းသို့ တက်ရောက် ပညာသင်ကြားနိုင်ခဲ့လေသည်။ ဆေးပညာ၊ ဂရိစာပေနှင့် အယူဝါဒဆိုင်ရာ ဘာသာရပ်များကို သင်ယူပြီးနောက် ၁၈၃၈ ခုနှစ်တွင် လန်ဒန်မြို့သို့ သွားရောက်ကာ လန်ဒန် သာသနာပြု အသင်းကြီးသို့ ဝင်လေသည်။ ထိုနောက် ဂလတ်စဂိုမြို့သို့ ပြန်လာကာ ၁၈၄၀ ပြည့်နှစ်တွင် ဆေးပညာဘွဲ့ကို ရယူခဲ့၏။

လစ်ဗင်းစတုန်သည် တရုပ်နိုင်ငံဖက်သို့ သွားလိုသော အာသီသ ရှိခဲ့သည်။ သို့ရာတွင် လန်ဒန် သာသနာပြု အသင်းကြီးက သူ့အား အာဖရိကတိုက်သို့ စေလွှတ်ခဲ့လေသည်။ ထိုအချိန်က သူသွားရမည့်နေရာမှာ လူတို့ မရောက်မပေါက်ဘူးသေးချေ။ သို့ရာတွင် လစ်ဗင်းစတုန်သည် ထိုအခါက အာဖရိက ကမ်းခြေတလျှောက်၌ တွင်ကျယ်လျက်ရှိသော ဆိုးရွားကြမ်းကြုတ်လှသည့် ကျွန်ကုန်ကူးခြင်း အလေ့ကို တားဆီး ပိတ်ပင်လိုစိတ်ကြောင့် တကြောင်း၊ အာဖရိကတိုင်းရင်းသား လူရိုင်းများအား ခရစ်ယာန်အယူဝါဒကို လက်ခံစေလို၍ တကြောင်းကြောင့် အာဖရိကတိုက်သို့ သွားရန် သဘောတူခဲ့ပြီးလျှင် ၁၈၄၀ ပြည့်နှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် အင်္ဂလန်ကမ်းခြေမှ ထွက်ခွာခဲ့လေသည်။

သူသည် ရှေးဦးစွာ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်က ဗက်ချူအားနားလန်း နယ်တွင် ရောဗတ် မော့ဖတ် ဆိုသူ ဖွင့်လှစ်ထားခဲ့သော ကူရူမန် သာသနာပြုစခန်းသို့ သွားရ၍ ထိုမှ တဆင့် အာဖရိကတိုက် အတွင်းဖက်သို့ စူးစမ်း ရှာဖွေယင်း ခရီးဆက်လက် ထွက်ခဲ့လေသည်။

လစ်ဗင်းစတုန်သည် ကိုးနှစ်လုံးလုံး ဗက်ချူအားနားလန်းနယ်အတွင်း တနေရာမှ တနေရာသို့ စူးစမ်း ရှာဖွေ သွားလာယင်း သာသနာပြု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့နေစဉ် တခါသော် ခြင်္သေ့ အကိုက်ခံရသဖြင့် ဒဏ်ရာ ပြင်းစွာရခဲ့သေး၏။ ထိုအချိန် အတွင်းမှာပင် ကူရူမန် သာသနာပြု စခန်းကို ဖွင့်လှစ်ခဲ့သူ သာသနာပြု ဆရာကြီး မော့ဖတ်၏ သမီး မေရီ မော့ဖတ်နှင့် လက်ထပ်ခဲ့ပြီးလျှင် မာဗွတ်ဆာအရပ်တွင် အခြေစိုက်ကာ အတန်ကြာ နေထိုင်ခဲ့သည်။ ထိုအရပ်တွင် သူ၏ သာသနာပြု လုပ်ငန်းများမှာ များစွာ အောင်မြင်ခဲ့ရုံမက သနား ကြင်နာစွာ ဆက်ဆံမှုကြောင့် တိုင်းရင်းသား အားလုံးကပင် ချစ်ခင် ကြည်ညိုကြ၏။ သို့ရာတွင် လစ်ဗင်းစတုန်မှာ ဗီဇကပင် စူးစမ်းရှာဖွေ ခရီးထွက်လိုသော စိတ်ဓာတ်ပါခဲ့သူ ဖြစ်သဖြင့် လူသူ မရောက် မပေါက်သေးသော ကျယ်ပြောလှသည့် အာဖရိက တောကြီးမြက်မည်း အတွင်း လှည့်လည် သွားလာရန် အမြဲ ကြံစည် စိတ်ကူးခဲ့လေသည်။

၁၈၄၆ ခုနှစ်တွင် မာဗွတ်ဆာမှ ထွက်၍ မြောက်ဖက် မိုင် ၄၀ ကွာရှိ ခုန်နွမ်း အရပ်သို့ ရွှေ့ပြောင်းခဲ့၏။ ထိုအရပ်တွင် တနှစ်မျှ နေပြီးနောက် အနောက်ဖက် မိုင် ၄၀ အကွာရှိ ကိုလိုဗင်းအရပ်သို့ ရွှေ့ပြောင်း၍ နေထိုင်ခဲ့ပြန်၏။ သူသွားရာအရပ်သို့ တိုင်းရင်းသား များစွာ တို့လည်း လိုက်ပါ နေထိုင်ကြလေသည်။

သူတို့ ရောက်ရှိနေသော နေရာမှ မြောက်ဖက် ဝေးလံလှစွာသော နေရာတွင် ရေအိုင်ကြီး တအိုင် ရှိကြောင်း တိုင်းရင်းသားများ ထံမှ ကြားသိရကတည်းက လစ်ဗင်းစတုန်သည် ထိုရေအိုင်ကြီးဆီသို့ အရောက် သွားရန် ဆုံးဖြတ်၍ တနေရာမှ တနေရာသို့ စူးစမ်းရှာဖွေယင်း ခရီး ထွက်ခဲ့ကြရာ ၁၈၄၉ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ငါမိ ရေအိုင်သို့ ရောက်ခဲ့လေသည်။ (သူနှင့်အတူ အင်္ဂလိပ်လူမျိုး အော့စဝဲနှင့် မန်ဂိုးမာရေးဆိုသူတို့ ပါ၏။) ထိုမှ တဆင့် ဆက်လက်ကာ ခရီး ထွက်ခဲ့ပြန်ရာ လူဖြူတို့ မရောက်ဘူးသေးသော နေရာ များစွာတို့ကို တွေ့ရှိခဲ့ပြီးနောက် ၁၈၅၂ ခုနှစ်တွင် ကိပ်တောင်းမြို့သို့ ချောမောစွာ ဆိုက်ရောက်ခဲ့လေသည်။

ကိပ်တောင်းမြို့မှ တဆင့် သူ၏ ဇနီးကို အင်္ဂလန်ပြည်သို့ ပြန်ပို့ပြီးလျှင် အာဖရိကတိုက် အတွင်းဖက်သို့ ခရီးဆက်၍ ထွက်ခဲ့ပြန်သည်။ ရောက်ရာ အရပ်တွင် သူ့အား တိုင်းရင်းသားများက ကြည်ဖြူစွာလက်ခံကြသဖြင့် သူ၏ လုပ်ငန်းမှာ တောက်လျှောက် အောင်မြင်သည်ချည်း ဖြစ်၏။ သာသနာပြုစခန်း လုပ်ရန်အတွက် ကျန်းမာရေးနှင့် သင့်လျော်သော နေရာ အနှံ့အပြား ရှာဖွေရွေးချယ်ရာတွင် စက်စီယင်ခေါ် အာဖရိက ယင်ကောင်များမှ ကင်းလွတ်ရာကို မတွေ့သဖြင့် နောက်ဆုံးတွင် အရှေ့ဖက်ကမ်းခြေသို့ရင်း၊ အနောက်ဖက်ကမ်းခြေသို့ရင်း သွားလာပေါက်ရောက်နိုင်မည့်လမ်းကို ရှာဖွေရလေတော့သည်။

၁၈၅၃ ခုနှစ် မေလတွင် လစ်ဗင်းစတုန်သည် အဖျား ရောဂါဖိစီးလျက် ငတ်ပြတ်လုမတတ် ဖြစ်ပြီးမှ လိုအန်ဒါသို့

www.burmeseclassic.com



ရောက်ခဲ့၏။ (လိုအန်ဒါမှ နေ၍ သူ၏ ခရီးထွက်မှတ်တမ်းများကို အင်္ဂလန်ပြည်ရှိ တော်ဝင် ပထဝီဝင် အသင်းကြီးသို့ ပေးပို့ခဲ့ရာ ၁၈၅၅ ခုနှစ်တွင် ဆုတံဆိပ်များ ချီးမြှင့်ခြင်း ခံရလေသည်။) လိုအန်ဒါတွင် လေးလခန့် နားပြီးလျှင် ဆက်လက် ခရီးထွက်ပြန်ရာ ၁၈၅၅ ခုနှစ် ဇွန်လတွင် ဒီလိုလို ရေအိုင်ကြီးကို တွေ့ရှိရလေသည်။ ထိုနေရာမှတဖန် ရိက္ခာဖြည့်တင်းရန် လင်ယန်တေမြို့သို့ပြန်ကာ ဆက်လက် ခရီးထွက်ရာ ဇမ်ဗီဇီမြစ်ပေါ်ရှိ ကြီးမားသောရေတံခွန်ကြီး တခုကို တွေ့ရလေသည်။ ထိုရေတံခွန်ကြီးကို ဝိတိုရိယ ဘုရင်မကြီးအား ဂုဏ်ပြုသည့်အနေဖြင့် ဝိတိုရိယရေတံခွန်ကြီးဟု ခေါ်တွင်စေခဲ့၏။ ၁၈၅၆ ခုနှစ်တွင် လစ်ဗင်းစတုန်သည် အင်္ဂလန်ပြည်သို့ ပြန်လာကာ အာဖရိကတိုက်တွင် သူနေခဲ့သော ၁၆ နှစ်အတွင်း တွေ့မြင်ခဲ့ရသမျှကို ကျမ်းတစောင် ပြုကာ ပုံနှိပ်ထုတ်ဝေခဲ့လေသည်။

၁၈၅၈ ခုနှစ်တွင် လစ်ဗင်းစတုန်သည် အာဖရိကတိုက် အရှေ့ဖက်ကမ်းခြေနှင့် အလယ်ပိုင်းနယ်များဆိုင်ရာဗြိတိသျှ ကောင်စစ်ဝန်နှင့် အာဖရိကတိုက်အရှေ့ပိုင်းနှင့် အလယ်ပိုင်းသို့ လှည့်လည် စူးစမ်းရှာဖွေမည့် အဖွဲ့၏ခေါင်းဆောင် အဖြစ်ဖြင့် အာဖရိကတိုက်သို့ ရောက်ခဲ့ပြန်လေသည်။

ဇမ်ဗီဇီမြစ်ဝမှ အာဖရိကမြေပေါ်သို့တက်ခဲ့ပြီးလျှင် စူးစမ်းရှာဖွေရန် ခရီးထွက်ခဲ့ရာ ၁၈၅၉ ခုနှစ် စက်တင်ဘာလတွင် ညာစာရေအိုင်ကြီးကို တွေ့ရှိရပြန်သည်။ ၁၈၆၀ ပြည့်နှစ်အတွင်းက သူနှင့်အတူ လိုက်ပါလာသူတို့က ပြန်လိုကြသောကြောင့် ထိုသူများကို ပြန်ပို့နေရသည်နှင့် အချိန်ကုန်ခဲ့၏။

၁၈၆၂ ခုနှစ် ဇန္နဝါရီလတွင်ကား လစ်ဗင်းစတုန်၏ဇနီးနှင့် အမျိုးသားသာသနာပြု အဖွဲ့ဝင်များသည် ဇမ်ဗီဇီမြစ်ဝသို့ ရောက်လာကြလေသည်။ ထိုအဖွဲ့နှင့်အတူ ခရီးထွက်ခဲ့ရာ ဧပြီလ ၂၇ ရက်နေ့၌ ရှူပန်ဂါမြို့သို့ အရောက်တွင် သူ၏ဇနီး အနိစ္စရောက်လေသည်။ သူနှင့် အတူပါလာသူများထဲမှ ညီတော်သူ ချားလ် လစ်ဗင်းစတုန်မှာလည်း မကျန်းမမာ ဖြစ်သောကြောင့် ၁၈၆၃ ခုနှစ်တွင် အင်္ဂလန်ပြည်သို့ ပြန်ပို့လိုက်ရ၏။

၁၈၆၄ ခုနှစ်တွင် လစ်ဗင်းစတုန်သည် အင်္ဂလန်ပြည်သို့ ပြန်ခဲ့လေသည်။ အမျိုးမျိုးသောအကြောင်းများကြောင့် အာဖရိကတိုက်သို့ ပြန်သွားရန်မရည်ရွယ်တော့သော်လည်း သူခရီးလှည့်လည်သွားလာစူးစမ်းရှာဖွေခြင်းဖြင့် ရရှိသော အကျိုးထူးများကို သိမြင်သူများက ငွေကြေး အလုံအလောက် ထောက်ပံ့ကာ လစ်ဗင်းစတုန်အား အာဖရိကတိုက်အတွင်း စူးစမ်းရှာဖွေရန် စေလွှတ်ကြပြန်လေသည်။

လစ်ဗင်းစတုန်သည် သူမတွေ့ခဲ့သေးသော နိုင်းမြစ်ဖျားကို ရှာဖွေရန် အာသီသကလည်း ရှိသဖြင့် ထိုသို့ စေလွှတ်သည်ကို သဘောတူကာ ၁၈၆၆ ခုနှစ်တွင် တတိယအကြိမ် အာဖရိကတိုက်သို့ ရောက်ခဲ့ပြန်လေသည်။ ဤအကြိမ်တွင် လစ်ဗင်းစတုန်သည် ရိုဗူးမာမြစ်ဝမှ တန်ဂန်ယီးကာရေအိုင်ကြီး ဒေသ၏ မြောက်ဖက်ပိုင်းသို့ ခရီးတထောက်ပြီး တထောက်ဆက်၍ ထွက်ခဲ့ရာ နောက်ဆုံးတွင် နှစ်ပေါင်း အတော်ကြာမျှ သူ၏သတင်းကို မကြားရပဲ နေခဲ့လေသည်။

ထိုအခါ အချို့က လစ်ဗင်းစတုန်သေဆုံးပြီ ဟူ၍၎င်း၊ အချို့က အာဖရိက အလယ်ပိုင်းတွင် အသက်ရှင်လျက် ရှိနေသေးသည်ဟူ၍၎င်း အမျိုးမျိုး ပြောဆို ရေးသားခဲ့ကြလေသည်။ အမေရိကန် ပြည်ထောင်စု နယူးယောက့်ဟာ ရယ် သတင်းစာကမူ လစ်ဗင်းစတုန် မသေသေးကြောင်း ရေးသား ဖော်ပြခဲ့ရုံသာမက ခိုင်မာသော သက်သေခံ အထောက်အထားများ ရရှိစေရန် အိပ် အမ် စတန်လေ ဆိုသူအား ငွေကြေး အမြောက်အမြား အကုန်အကျ ခံကာ အာဖရိကတိုက်သို့ စေလွှတ်၍ လစ်ဗင်းစတုန်အား တွေ့အောင်အရှာခိုင်းခဲ့လေသည်။ (စလန်လေ, အိပ်၊ အမ် — လည်းရှု။)

စတန်လေလည်း အာဖရိကတိုက်အတွင်းပိုင်းသို့ ခက်ခက်ခဲခဲနှင့် စွန့်စားကာသွားရောက်ပြီးလျှင် ရှာဖွေခဲ့ရာ နောက်ဆုံး၌ လစ်ဗင်းစတုန်ကို အူးဂျီးဂျီတွင် တွေ့ခဲ့လေသည်။ လစ်ဗင်းစတုန်နှင့်စတန်လေတို့သည်တန်ဂန်ယီးကာရေအိုင်ကြီး၏ မြောက်ဖက်ဖျားသို့ စူးစမ်းရှာဖွေသွားရောက်ခဲ့ကြသေး၏။

စတန်လေသည် လစ်ဗင်းစတုန်အား အင်္ဂလန်ပြည်သို့ ပြန်ရန် ပြောသော်လည်း မရသဖြင့် လစ်ဗင်းစတုန် မသေကြောင်း ခိုင်လုံသော အထောက်အထားများကို ယူ၍ လစ်ဗင်းစတုန်အားလည်း ရိက္ခာနှင့်ပစ္စည်းများ လုံလောက်အောင်ပေးခဲ့ပြီးလျှင် ၁၈၇၂ ခုနှစ်တွင် အာဖရိက တိုက်မှပြန်သွားလေသည်။ ထိုအချိန်တွင် လစ်ဗင်းစတုန်မှာ အသက် ၆၀ မျှ ရှိပြီဖြစ်၍ ကောင်းစွာလည်း မကျန်းမမာတော့ချေ။ သို့ရာတွင် သူ၏ရည်မှန်းချက် မပြည့်ဝသေးသဖြင့် တကိုယ်တည်း ဆက်လက်ခရီးထွက်ခဲ့ရာ ၁၈၇၃ ခုနှစ်ထဲသို့ရောက်လျှင် သူ၏ကျန်းမာရေး အခြေအနေမှာ သိသိသာသာ ဆုတ်ယုတ်လာခဲ့ပြီးလျှင် ဗန်ဂွီးလူးရေအိုင်သို့ ရောက်သည့်အခါတွင်ကား အဖျားရောဂါ ဖိစီးလာခဲ့လေသည်။ ထိုနေရာ၌ပင် ၁၈၇၃ ခုနှစ် မေလ ၁ ရက်နေ့တွင် အာဖရိကလူမျိုးတို့၏ဖခင်ကြီး လစ်ဗင်းစတုန် ကွယ်လွန်လေသည်။


သူ၏ အလောင်းကို သူ၏ အာဖရိက တိုင်းရင်းသား တပည့်များက မပုပ်မသိုးအောင်စီမံ၍ ကမ်းခြေအရောက် ထမ်းယူခဲ့ကြလေသည်။ ထိုမှတဆင့် အင်္ဂလန်ပြည်သို့ ယူဆောင်ကာ ဝက်စမင်စတာ ဘုရားရှိခိုးကျောင်းကြီး အတွင်း၌ ခမ်းနားစွာဂုဏ်ပြု၍ မြှုပ်နှံထားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com






လစ်ဗျနိုင်ငံ တည်နေရာပြ မြေပုံ

**လစ်ဗျနိုင်ငံ။** ။လစ်ဗျ နိုင်ငံသည် အာဖရိကတိုက်၏ မြောက်ဖက်ကမ်းခြေတလျှောက်တွင် တည်ရှိသော သမတနိုင်ငံတခုဖြစ်၍ စတုရန်းမိုင်ပေါင်း ၆၇၉,၄၀၀ မျှ ကျယ်ဝန်းသည်။ လစ်ဗျအာရပ်သမတနိုင်ငံဟု တွင်၏။ လစ်ဗျနိုင်ငံတွင် ရှေးခေတ် ယဉ်ကျေးမှုများ ထွန်းကားခဲ့သော နယ်ကြီးနှစ်နယ်အပါအဝင် ပြည်နယ်သုံးခု ပါဝင်လေသည်။ ယင်းတို့မှာ အနောက်ပိုင်းတွင်း ထရစ်ပိုလီတန်းနီယနယ်နှင့် အရှေ့ပိုင်းတွင် ဆိုင်ရီနေးကနယ်(ယခု ဗာရကား) နှင့် ဖတ်ဇန်နယ်တို့ဖြစ်ကြ၏။ လစ်ဗျနိုင်ငံ၏ မြောက်ဖက်တွင် မြေထဲပင်လယ်၊ တောင်ဖက်တွင် ချဒ် သမတနိုင်ငံနှင့် နိုင်ဂျာသမတနိုင်ငံ၊ အရှေ့ဖက်တွင် ယူအေအာ (အီဂျစ်)နှင့်ဆူဒန်နိုင်ငံ၊ အနောက်ဖက်တွင် အယ်လဂျီးရီးယားနှင့် တျူနစ်ဇီးယားနိုင်ငံတို့ အသီးအသီးတည်ရှိသည်။

လစ်ဗျနိုင်ငံသည် ရှေးပဝေဏီကာလကပင် ယဉ်ကျေးသော လူမျိုးများ နေထိုင်ရာဒေသဖြစ်ခဲ့၏။ လစ်ဗျနယ်အနောက်ပိုင်းကို ကားသေ့ ပြည်သားတို့သည် ဦးစွာ၌ အုပ်စိုးခဲ့ကြဟန်တူသည်။ တျူနစ်ဇီးယားနိုင်ငံ ကမ်းခြေပေါ်တွင် ကားသေ့တို့၏ မြို့တော်ဟောင်းနေရာ အမှတ်အသားများကို တွေ့ရှိရ၏။ ဘီစီ ခုနစ်ရာစုနှစ်တွင် ဂရိလူမျိုးတို့သည် လစ်ဗျအရှေ့မြောက်ကမ်းခြေ၌ ဆိုင်ရီနီးမြို့ကို တည်ထောင်ကာ ဆိုင်ရီနေးက နယ်သစ်ကို ဖွင့်လျက်ဂရိယဉ်ကျေးမှုကို ဖြန့်ဖြူး ပေးခဲ့ကြသည်။ ဘီစီ လေးရာစုနှစ်က ထရစ်ပိုလီတန်းနီယနှင့် ဆိုင်ရီနေးကနယ် နှစ်နယ်စလုံးသည် အီဂျစ်လူမျိုးတို့၏လက်အောက်သို့ ကျရောက်ခဲ့ကြ၍ နောင်အခါတွင် ရောမလူမျိုးတို့၏ လက်အောက်ခံနယ်ပယ်များဖြစ်လေသည်။ ရောမတို့သည် လစ်ဗျတွင် ခမ်းနားသည့် မြို့ပေါင်းများစွာ တည်ထောင်ခဲ့၏။ ရောမခေတ်၌ ပွင့်သစ်စ ခရစ်ယန်အယူဝါဒ ထွန်းကားခဲ့၏။

အေဒီ ငါးရာစုနှစ်အတွင်းတွင် တိုင်းပြည်တခုလုံးသည် ဗင်းဒေါလူမျိုးတို့၏လက်ထဲသို့ကျရောက်ခဲ့၍အေဒီခုနစ်ရာစုနှစ် အတွင်းတွင်မူ အာရပ်လူမျိုးတို့၏ တိုက်ခိုက်သိမ်းယူခြင်းကို ခံခဲ့ရလေသည်။ အေဒီ ၁၅၁၀ ပြည့်နှစ်တွင် စပိန်ဘုရင် ဖာဒီနန်က အနောက်မြောက်ပိုင်းရှိ ထရစ်ပိုလီမြို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့၍ ၁၅၃၀ ပြည့်နှစ်မှ ၁၅၅၁ ခုနှစ်အထိ စိန့်ဂျွန်း နိုက်သူရဲကောင်းအဖွဲ့က သိမ်းယူထားခဲ့လေသည်။

ထိုနောက်တွင်ကား တူရကီတို့လက်အောက်သို့ တဖန်ကျရောက် ခဲ့ပြန်ပြီးလျှင် ထရစ်ပိုလီမြို့လည်း မကြာမီ ပင်လယ်ဓားပြများ ခိုအောင်းရာဌာနတခု ဖြစ်လာလေတော့သည်။

၁၈၃၅ ခုနှစ်တွင် တူရကီတို့သည် တိုင်းပြည်ကို ပို၍ ဖိဖိစီးစီး အုပ်ချုပ်လာခဲ့ကြ၏။ သို့ရာတွင် ၁၉၁၁–၁၂ ခု



www.burmeseclassic.com

www.burmeseclassic.com



နှစ်၌ ဣတာလီတို့နှင့် စစ်ဖြစ်ပွားခဲ့ပြီးနောက် ထိုနယ်ပယ်တခုလုံးကို ဣတာလျံတို့လက်သို့ အပ်လိုက်ရ လေသည်။ ပဌမ ကမ္ဘာစစ် (၁၉၁၄–၁၈) အပြီးတွင် ဣတာလျံတို့သည် မြို့သစ်ရွာသစ်များတည်ခြင်း၊ လမ်းများသွယ်တန်းဖောက်လုပ်ခြင်း စသည်တို့ဖြင့် လစ်ဗျနိုင်ငံ စည်ပင်တိုးတက်မှုကို ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်(၁၉၃၉–၄၅)အတွင်း၌ လစ်ဗျနိုင်ငံသည် အရေးကြီးသော စစ်မျက်နှာဖြစ်ခဲ့၏။ ဂျာမန်နှင့် ဣတာလျံစစ်တပ်များသည် လစ်ဗျတွင်စစ်စခန်းချကာ အီဂျစ်နိုင်ငံကို တိုက်ခိုက် သိမ်းပိုက်ရန် ကြိုးစားခဲ့ကြသဖြင့် ဂျာမန်တပ်နှင့် ဗြိတိသျှတပ်များသည် လစ်ဗျစစ်မြေပြင်တွင် အပြန်အလှန်အကြိတ်အနယ်တိုက်ခိုက်ခဲ့ကြသည်။ စစ်ကြီးအပြီးတွင် ထရစ်ပိုလီတန်းနိယနှင့်ဆိုင်ရီနေးကနယ်များကို ဗြိတိသျှတို့က အုပ်ချုပ်ခွင့်ရ၍ အနောက်တောင်ဖက်ပိုင်းရှိ ဖတ်ဇန်နယ်ကို ပြင်သစ်တို့က အုပ်ချုပ်ခွင့် ရလေသည်။ ၁၉၄၉ ခုနှစ် နောက်ပိုင်းတွင်ကမ္ဘာ့ကုလသမဂ္ဂ၊အထွေထွေလွှတ်တော်၌ လစ်ဗျပြည်အား ၁၉၅၂ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့ထက် နောက်မကျစေပဲ လွတ်လပ်သောနိုင်ငံအဖြစ် ထူထောင်ပေးရန် ဆုံးဖြတ်လိုက်ကြလေသည်။ ဤသို့ဖြင့် ၁၉၅၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် လစ်ဗျပြည်သည် လွတ်လပ်သောနိုင်ငံတခုဖြစ်လာသည်။ လစ်ဗျပြည်သည် ကမ္ဘာပေါ်တွင် ကမ္ဘာ့ကုလသမဂ္ဂက ပဌမဆုံးဖန်တီးပေးခဲ့သော လွတ်လပ်သည့်နိုင်ငံဖြစ်လေသည်။ ဆိုင်ရီနေးကနယ်ကို အုပ်ချုပ်သူ ဆယက် မိုဟမ္မဒ် အိဒရစ် အယ်ဆင်နွတ်ဆီးသည် လစ်ဗျနိုင်ငံ၏ ပဌမအိဒရစ်ဘုရင်ဖြစ်လာခဲ့၏။ လစ်ဗျနိုင်ငံသည် ၁၉၅၃ ခုနှစ်တွင် အာရပ် အမျိုးသားအဖွဲ့တွင် ပါဝင်လာခဲ့၍ ၁၉၅၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတခု ဖြစ်လာခဲ့လေသည်။

လစ်ဗျနိုင်ငံ၏ မြေထဲပင်လယ်ကမ်းရိုးတန်းမှာမိုင်ပေါင်း ၁,၃၀၀ ခန့်ရှည်လျား၏။ လစ်ဗျနိုင်ငံတွင် မြစ်ချောင်းများ၊ အိုင်များအနည်းငယ်သာရှိ၏။ ဆိုင်ရီနေးကနှင့် ထရစ်ပိုလီးတန်းနိယ နှစ်နယ်စလုံးမှာပင် မြေထဲပင်လယ်ကမ်းရိုး တလျှောက်၌ မြေဩဇာကောင်းသည့် ဒေသများ ရှိသည်။ ယင်းတို့၏ နောက်ဖက်တွင် ခြောက်သွေ့သည့်ကုန်းမြင့်ရပ်ဝန်းရှိ၏။ ထိုမှ လွန်သော် သဲခုံများနှင့် ကျောက်မြေပြင်များသာရှိသည့် သဲကန္တာရရှိလေသည်။ ကုန်းမြင့်ရပ်ဝန်းနှင့် သဲကန္တာရ စပ်ကြားတွင် အိုအေစစ်များရှိလေသည်။

မြေထဲပင်လယ် ကမ်းမြောင်ရပ်ဝန်းတွင် ဥယျာဉ်ခြံမြေများနှင့် မြို့ကြီးများအားလုံးလိုလို တည်ရှိသည်။ ရာသီဥတုနှစ်လိုဖွယ်ရှိ၍ ပူနွေး၏။ စိုက်ပျိုးချိန်တွင် မိုးအတန်အသင့်ရွာသည်။ သဲကန္တာရအပိုင်းမှာ ခြောက်သွေ့၏။ နေ့အချိန်ပူပြင်း၍ ညဥ့်အချိန်အေးသည်။ လစ်ဗျနိုင်ငံသည် သဘာဝပင်ရင်းအခြေအမြစ်များ အလွန်ခေါင်းပါး၏။

လစ်ဗျနိုင်ငံ၏ လူဦးရေမှာ ၁,၅၅၉,၃၇၉(၁၉၆၄)ဖြစ်၏။ အဓိကလုပ်ငန်းမှာ သိုး၊ ကုလားအုပ်၊ ဆိတ် စသည့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဖြစ်သည်။ကုလားအုပ်များကို အသားနှင့် နို့အတွက်သာမက သယ်ယူ ပို့ဆောင်ရေးအတွက်ပါ မွေးမြူကြသည်။ စိုက်ပျိုးရေးလုပ်ငန်းကို မြောက်ပိုင်းနှင့် အိုအေစစ်များတွင်ပြုလုပ်ကြ၏။ အဓိက ကောက်သီးကောက်နှံမှာ ဗာလီဖြစ်၍ ပဲ၊ ခရမ်းချဉ်သီး၊ ကြက်သွန်နီ၊ မုန်လာဥစပ် စသည့် ဟင်းသီး ဟင်းရွက်များကိုလည်း စိုက်ပျိုးသည်။ စွံပလွံပင်သည် လစ်ဗျနိုင်ငံတွင် အရေးပါ၏။ အိုအေစစ်များတွင် စွံပလွံများသာမက ဗာဒမ်ပင်၊ လိမ်မော်ပင်၊ သဖန်းပင်၊ ဗင်္ဂလားဆီးပင် စသည့်အပင်များကို စိုက်ပျိုးသည်။ မြောက်ဖက်ပိုင်းတွင် သံလွင်ခြံကြီးများ ရှိလေသည်။

စပန်းရေမြှုပ် ရှာဖွေစုဆောင်းရေးလုပ်ငန်းသည် လစ်ဗျနိုင်ငံ၏ အရေးပါသောလုပ်ငန်းတခုဖြစ်၏။ တျူနာ ငါးဖမ်းလုပ်ငန်းသည်လည်း တိုးတက်ထွန်းကားလျက်ရှိသည်။

သို့သော် ၁၉၅၈ ခုနှစ်ခန့်က လစ်ဗျသဲကန္တာရအတွင်း ရေနံများ ရှာဖွေတွေ့ရှိပြီးနောက်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းသည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၏ နေရာကိုယူလျက် နိုင်ငံ၏အဓိကစီးပွားရေး လုပ်ငန်းတရပ် ဖြစ်လာသည်။ ရေနံစိမ်းသည်လည်း တိုင်းပြည်၏ အဓိက ထုတ်ကုန် ဖြစ်လာသည်။ ၁၉၆၅ ခုနှစ်တွင် ရေနံစိမ်းစည်ပေါင်း ၄၄၃ သန်း ပြည်ပသို့ တင်ပို့ ရောင်းချခဲ့သည်။

လစ်ဗျနိုင်ငံတွင် မြို့တော်နှစ်ခုရှိရာ ယင်းတို့မှာ ဗင်ဂါဇီမြို့နှင့် ထရစ်ပိုလီမြို့ဖြစ်လေသည်။ ဒုတိယကမ္ဘာစစ်အတွင်းက တိုက်ပွဲများ အကြီးအကျယ်ဖြစ်ပွားခဲ့သည့် တိုဗရွတ်မြို့သည် ဆိုင်ရီနေးကပြည်နယ်အတွင်း တည်ရှိ၍ မြေထဲပင်လယ်ဆိပ်ကမ်းမြို့တခုဖြစ်သည်။

လစ်ဗျနိုင်ငံတွင်မီးရထားလမ်းတို အနည်းငယ်သာရှိ၏။ ဣတာလျံတို့ အုပ်စိုးနေသည့်အချိန်က တျူနစ်ဇီးယားမှ နယ်စပ် အရောက် မိုင်ပေါင်း ၁,၂၅၀ မျှ ရှည်လျားသည့် မော်တော်ကားလမ်းတခု ဖောက်လုပ်ထားခဲ့၏။

အစ္စလာမ်အယူဝါဒသည် နိုင်ငံတော်အယူဝါဒဖြစ်သော်လည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည်။ လစ်ဗျနိုင်ငံသည် စည်းမျဉ်းခံ ဘုရင့်အုပ်ချုပ်ရေးစံနစ်လက်ခံကျင့်သုံးခဲ့သောနိုင်ငံဖြစ်ခဲ့၏။အုပ်ချုပ်ရေးအကြီးအကဲမှာ ဝန်ကြီးချုပ်ဖြစ်၍ ယင်းအား ကူညီရန်အတွက် ဝန်ကြီးအဖွဲ့ရှိ၏။ ပါလီမန် (အမျိုးသားလွှတ်တော်) တွင် ရွေးကောက်တင်မြှောက်ထားသည့် အဖွဲ့ဝင် ၂၄ ဦးပါဝင်သော ဆီနိုပ်လွှတ်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်တင်မြှောက်ထားသည့်အဖွဲ့ဝင် ၅၅ ဦးတို့ပါဝင်သည့် ပြည်သူ့လွှတ်တော်တည်းဟူသော လွှတ်တော်နှစ်ရပ်ပါဝင်ခဲ့လေသည်။

သို့သော် ၁၉၅၁ ခုနှစ်မှအစပြု၍ အုပ်ချုပ်လာခဲ့သော ဘုရင်အိဒရစ်သည် ဆေးဝါးကုသရန် တူရကီနိုင်ငံသို့ သွားရောက်နေသည့်အခိုက် ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဗိုလ်မှူးကြီး ဆာဒူဒင် အဗူ အယ် ရှူဝီယာ ဦးဆောင်သော လစ်ဗျစစ်တပ်က သွေးမြေမကျ တော်လှန်အာဏာသိမ်းယူလိုက်သည်။

အာဏာသိမ်းပြီးနောက် စစ်တပ်မှ ဦးဆောင်ပြီးလျှင် လေတပ်အရာရှိများ ပါဝင်ဖွဲ့စည်းထားသော တော်လှန်ရေးကောင်စီက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် အမျိုးသားလွှတ်တော်တို့ကိုဖျက်သိမ်းလိုက်သည်။ ထို့ပြင် စက်တင်ဘာလ ၂ ရက်နေ့တွင် ယခင်က နိုင်ငံခြားတိုင်းပြည်များနှင့် ချုပ်ဆိုခဲ့သော စာချုပ်များကို လေးစားသွားမည်ဖြစ်ပြီးလျှင်၊ ရေနံတူးဖော်ခွင့်ပေးထားခြင်းများကိုလည်း ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း၊လစ်ဗျနိုင်ငံရှိ နိုင်ငံခြားသားအားလုံးကိုလည်း စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ အာရပ်နိုင်ငံများနှင့် စည်းလုံးညီညွတ်ရေး၊ လွတ်လပ်ရေးနှင့် ဆိုရှယ်လစ်ဝါဒအပေါ် အခြေခံသည့် လစ်ဗျအာရပ် သမတနိုင်ငံထူထောင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

စက်တင်ဘာလ ၈ ရက်နေ့တွင် တော်လှန်ရေးကောင်စီက လစ်ဗျအစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းလိုက်ရာ ဒေါက်တာမာမွတ် ဆိုလီမန် အယ် မက်ဂရက်ဗီက ဝန်ကြီးချုပ် အဖြစ် ဆောင်ရွက်သည်။

**လစ်သွေးနီးယားနိုင်ငံ။** ။လစ်သွေးနီးယားနိုင်ငံသည် ပြည်ထောင်စု ဆိုဗီယက် ဆိုရှယ်လစ် သမတနိုင်ငံတွင် ပါဝင်သော ဗောလတစ်သမတနိုင်ငံသုံးခုအနက် တောင်ဖက် အကျဆုံးနှင့်အကြီးဆုံးနိုင်ငံဖြစ်၍ ဗောလတစ် ပင်လယ်ကမ်းရိုးတန်းပေါ်၌ တည်ရှိသည်။ လစ်သွေးနီးယန်း ဆိုဗီယက် ဆိုရှယ်လစ် သမတနိုင်ငံ ဟု ခေါ်တွင်သည်။ ထိုနိုင်ငံ၏ မြောက်ဖက်တွင် လတ်ဗီးယားနိုင်ငံ၊ တောင်ဖက်တွင် ရုရှဆိုဗီယက် ပြည်ထောင်စု ဆိုရှယ်လစ် သမတနိုင်ငံနှင့် ပိုလန်နိုင်ငံ၊ အရှေ့ဖက်တွင် ရုရှဖြူနှင့် အနောက်ဖက်တွင် ဗောလတစ်ပင်လယ်တို့ အသီးအသီးတည်ရှိသည်။ အကျယ်အဝန်းမှာ ၂၅,၁၇၀ စတုရန်းမိုင်ဖြစ်ပြီးလျှင် အရှည်ဆုံးနေရာတွင် မိုင် ၁၂၀ ရှိ၍ အကျယ်ဆုံးနေရာတွင်မိုင် ၂၁၀ ရှိသည်။ ပင်လယ်ကမ်းရိုးတန်းမှာ မိုင် ၆၀ မျှသာရှည်လျား၏။

လစ်သွေးနီးယားနိုင်ငံသည် သစ်တောများ၊ အိုင်များ၊ ညွန်ပျောင်းတောများ ထူထပ်သည်။ မြစ်ချောင်း များစွာရှိသည်အနက် အထင်ရှားဆုံးမှာ နမူးနပ် (နီမန်း)မြစ်ဖြစ်၏။ လစ်သွေးနီးယားနိုင်ငံ၏ဆောင်းရာသီမှာ တာရှည်၍ အေးလွန်းလှသည်။ ဆောင်းရာသီတွင် မြစ်ချောင်းများ ရေခဲ၏။ နွေရာသီမှာမူ မပြင်းထန်လှပဲ စိုက်ပျိုးဖြစ်ထွန်းအောင် မိုးအလုံအလောက်ရွာသွန်းသည်။

လစ်သွေးနီးယားနိုင်ငံ၏ အဓိက ပင်ရင်း အခြေအမြစ်များမှာ သြဇာထက်သန်သည့် မြေကြီးနှင့် သစ်တောများဖြစ်၏။ နိုင်ငံ၏ငါးပုံတပုံမှာ သစ်တောများဖုံးလွှမ်းလျက်ရှိ၍ သစ်တောများတွင် ထင်းရှူးပင်၊ ဖားထင်းရှူးပင်နှင့် ဘုဇပတ်ပင်များ ပေါက်ရောက်သည်။

လစ်သွေးနီးယားနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်၍ လူဦးရေလေးပုံသုံးပုံသည် စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်လျက်ရှိ၏။ သို့သော် နိုင်ငံ၏ထက်ဝက်ခန့်တွင်သာ စိုက်ပျိုးလုပ်ကိုင်နိုင်၍ရိုင်းစပါး၊ မြင်းစားဂျုံ၊ မုယောစပါး၊ အာလူး၊ ဂျုံနှင့် ဘီသွာလျှော်တို့ကိုစိုက်ပျိုး၏။ သိုး၊ နွား ကြက်နှင့် ငန်းများကိုမွေးမြူ၍ ပျားများကိုလည်း စီးပွားဖြစ်မွေးမြူကြ၏။ ကောက်သီး ကောက်နှံ၊ နွား၊ ဝက်ပေါင်ခြောက်၊ ကြက်ငှက်၊ ကြက်ဥ၊ ထောပတ်၊ ဘီသွာလျှော်၊ သားရေစိမ်း၊ သိုးမွေးနှင့် သစ်တောထွက် ပစ္စည်းများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချသည်။ မြို့တော်မှာ လူဦးရေနှစ်သိန်းကျော်နေထိုင်လျက်ရှိသည့် ဗီလနီးယပ် (ဗီလနာ) မြို့ဖြစ်၏။

နိုင်ငံအတွင်း ကူးသန်းသွားလာနိုင်သည့် ရေကြောင်းခရီးလမ်းမိုင်ပေါင်း၁,၂၀၀ ခန့်ရှိ၍မီးရထားလမ်းများလည်း အတော်အသင့်ရှိသည်။ ထိုမီးရထားလမ်းများသည် ဗီလနီးယပ်၊ ကောင်းနပ်၊ မေမယ် စသည့် မြို့ကြီးများကို ရုရှနှင့် ပိုလန် မီးရထားလမ်းများနှင့် ဆက်သွယ်ပေးလေသည်။

လစ်သွေးနီးယားနိုင်ငံ၏ လူဦးရေမှာ ၂,၈၅၀,၀၀၀ (၁၉၆၅) ဖြစ်၍ လစ်သွေးနီးယန်းလူမျိုးများအပြင် ရုရှ၊ ပိုလန်၊ ဂျာမန်နှင့် ယဟူဒီများလည်း နေထိုင်ကြ၏။

ဆဲ့သုံးရာစုနှစ်တွင် လစ်သွေးနီးယားသည် မြို့စားပိုင်နယ်ပယ်ကြီးတခု ဖြစ်လာခဲ့၍ ၁၅ ရာစုနှစ်တွင် ယင်း၏တန်ခိုးအာဏာသည် အထွတ် အထိပ်သို့ ရောက်ခဲ့လေသည်။ ၁၅၆၉ ခုနှစ်တွင် ပိုလန်နိုင်ငံနှင့် ပူးပေါင်းခဲ့ရပြီးနောက် ၁၇၇၆ ခုနှစ်တွင် ရုရှနိုင်ငံ၏ လက်တွင်းသို့ ကျရောက်ခဲ့လေရာ ၁၉၁၈ ခုနှစ် ဖေဖွာရီလတွင် ပွင့်သစ်စ ဗော်လရှီဗစ် သမတနိုင်ငံမှ သီးခြားလျက် လွတ်လပ်သော နိုင်ငံအဖြစ် ကြေညာခဲ့သည်အထိ ရုရှနိုင်ငံတော်၏ ဗောလတစ်ပြည်နယ်တခုအဖြစ် တည်ရှိနေခဲ့လေသည်။ ၁၉၄၀ ပြည့်နှစ် သြဂုတ်လတွင် လစ်သွေးနီးယန်း သမတနိုင်ငံသည် ဆိုဗီယက်ဆမတနိုင်ငံတခုအဖြစ် ဆိုဗီယက်ယူနီယန် အတွင်းသို့ သွတ်သွင်းခြင်း ခံခဲ့ရလေသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ ဂျာမန်တို့သည် လစ်သွေးနီးယား နိုင်ငံကို ၁၉၄၁ ခုနှစ် ဇွန်လ



www.burmeseclassic.com


www.burmeseclassic.com



မှ ရုရှားတပ်များက ကယ်တင်ခဲ့သည့် ၁၉၄၅ ခုနှစ် ဇန္နဝါရီလအထိ သိမ်းပိုက်ထားခဲ့လေသည်။

**လည်ပင်းကြီးရောဂါ။** ။လည်ပင်းကြီး ရောဂါသည် လည်ပင်း၏ရှေ့ပိုင်း လည်စိနှင့် ရင်ပတ်ရိုးကြားရှိလည်ပင်းအဆမတန်ကြီးထွားနေသော ရောဂါဖြစ်သည်။ ထိုရောဂါသည် ယောကျ်ားကလေးနှင့် ယောကျ်ားကြီးများတွင် ဖြစ်လေ့ ရှိသည်ထက် မိန်းမကလေးများနှင့် မိန်းမကြီးများတွင် ပို၍အဖြစ်များ၏။ အရွယ်ကြီးထွားခြင်း အလွန်မြန်မှု၊ ကိုယ်ဝန်ဆောင်ရမှုနှင့် စိတ်လှုပ်ရှားမှု၏ ဒဏ်ကို ခံရခြင်းကြောင့်လည်း လည်ပင်းကြီး ရောဂါ စွဲကပ်တတ်သည်။အဆိုပါရောဂါသည်အသက်ဆယ်နှစ်နှင့် ၃၀ ကြားရှိ ယောကျ်ား မိန်းမများတွင်ဖြစ်တတ်လေ့ရှိသည်။ လူလားမြောက်စ ကြီးထွားမှုလျင်မြန်သောအခါ၌ ဖြစ်ပေါ်သော လည်ပင်းကြီးရောဂါသည် များသော အားဖြင့် အရွယ်ရောက်ပြီးသောအခါတွင် ပျောက်ကင်းသွားတတ်၏။ တခါတရံတွင် သောက်ရေ၌ အိုင်အိုဒင်းဓာတ်အပါနည်းလျှင် ထိုရောဂါဖြစ်တတ်၏။ ထိုပြင် မသန့်သည့်ရေကို သောက်သဖြင့်လည်း ထိုရောဂါဖြစ်တတ်သည်။

ထိုရောဂါဖြစ်ရသည်မှာ သိုင်းရွိုက်ဂလင်း ခေါ် ဒိုင်းပုံဂလင်း ဖြစ်ပျက်မှု မြန်ပြီးလျှင် ကြီးထွားလာခြင်းကြောင့်



မြန်မာနိုင်ငံတောင်တန်းဒေသမှ လည်ပင်းကြီး ရောဂါသည် တဦး

ဖြစ်သည်။ သို့မဟုတ် စစ်ထွက်ရည် များလွန်းသဖြင့် မူရင်းတစ်ရှူးများ ကြီးထွားလာခြင်းကြောင့်ဖြစ်သည်။

လည်ပင်းကြီးရောဂါ မဖြစ်ပေါ်စေရန် ပင်လယ်မှ ရရှိသော အစာများနှင့် အိုင်အိုဒင်း ဓာတ် ပါရှိသော ရေကို စားသောက်ပေးရသည်။ အခြား နည်းဖြင့် ပြုလုပ်ထားသော အိုင်အိုဒင်းဓာတ်ပါသည့် အစာများကို စားပေးခြင်းဖြင့်လည်း လည်ပင်းကြီးရောဂါကို ကာကွယ်နိုင်သည်။

လူ့ခန္ဓာကိုယ်တွင် ဂလင်းများ ရှိသည့်အနက် သိုင်းရွိုက်ဂလင်းသည် အရေးအကြီးဆုံး ဂလင်းများတွင် ပါဝင်လေသည်။ ထိုဂလင်းများတွင် ပြွန်မရှိချေ။ ထိုဂလင်းမှ စစ်ထွက်ရည်များက ကလေးများ၏ ကြီးထွားမှုကို အုပ်ထိန်းပေးသည့်အပြင် ကလေးနှင့်လူကြီးများ၏ ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပြောင်းလဲမှု နှုန်းကိုပါ ထိန်းသိမ်းပေးလေသည်။ ဓာတ်ပြောင်းလဲမှုနှုန်း၊ သို့မဟုတ် ဇီဝရုပ် အဖြစ်အပျက်များသူသည် စိတ်မြန်ကိုယ်မြန်ရှိပြီးလျှင် ထထကြွကြွရှိတတ်သည်။ ဇီဝရုပ် အဖြစ်အပျက်နည်း သူသည် ထိုင်းမှိုင်းတတ်၏။ သိုင်းရွိုက်ဂလင်းသည် အသက်ရှူမှု၊ သွေးတိုးမှု၊ ဦးနှောက်၏ အမှုဆောင်ရွက်မှုများနှင့် အခြား ပြွန်မဲ့ဂလင်းများတွင်လည်း အကျိုးသက်ရောက်မှုရှိလေသည်။

လည်ပင်းကြီးရောဂါကို ရောဂါ၏အခြေအနေကို စစ်ဆေး၍၎င်း၊ လူနာ၏ အခြေအနေကို စစ်ဆေး၍၎င်း ကုသပေးလေ့ရှိကြသည်။ တခါတရံတွင် ခွဲစိတ်၍၎င်း၊ တခါတရံတွင်မူ အိုင်စရေး ရောင်ခြည်ဖြင့်၎င်း ကုသပေးလေ့ရှိပေသည်။


**လတ်၊ ဦး** (မြန်မာ ၁၂၂၈–၁၂၇၃)။ ။မြန်မာစာရေးဆရာတို့၏ တရားဟောချင်သောအလေ့နှင့် အင်္ဂလိပ်စာရေးဆရာတို့၏ လောကသဘာဝနှင့် လူ့သဘာဝကို ဇာတ်ခင်း၍ ပြတတ်သော အလေ့ကိုတွဲ၍ လက်ခံသုံးစွဲနိုင်ခဲ့သူကား မြန်မာစာပေလောကတွင် အခန်းအသစ် ဖွင့်ခဲ့သူ ဦးလတ်ဖြစ်၏။ ဦးလတ်သည် မြန်မာစာပေနှင့် အင်္ဂလိပ်စာပေကို ကျွမ်းကျင်တတ်မြောက်သူဖြစ်၏။ ဇာတ် နိပါတ် ရာဇဝင် ပုံပြင် ဝတ္ထုများနှင့်တကွ ပျို့ကဗျာ လင်္ကာ စသည်တို့ကို အာဂုံနှုတ်တက် ကျက်မှတ် လေ့လာထားသူဖြစ်သည့်အပြင် အင်္ဂလိပ် စာပေဖက်တွင်လည်း အင်္ဂလိပ်ဝတ္ထုရေးဆရာ လော့လစ်တန် ရေးသားသော ဝတ္ထုများကိုလည်း လေ့လာထားသူဖြစ်၏။ ဤသို့ အင်္ဂလိပ် မြန်မာ ပညာစွယ်စုံ ပြည့်ဝ ခဲ့ရုံမျှမက အစိုးရအမှုထမ်းခဲ့ဘူးသူဖြစ်သည့်အလျောက် လူအမျိုးမျိုး ကိစ္စအဖုံဖုံနှင့် ကြုံတွေ့ရသော ဗဟုသုတကလည်း ပြည့်စုံရကား ဦးလတ်၏ စာတို့သည် သဘာဝကျကာ ဖတ်သူတို့စွဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com





မြန်မာစာပေလောကတွင် အခန်းသစ်ဖွင့်ခဲ့သူ "စပယ်ပင်" ဦးလတ်

ဦးလတ်သည် ၁၂၄၂ ခုနှစ်တွင် ရန်ကုန်မြို့ ကျောက်ကုန်သည်နှင့် ငွေပန်းထိမ်ဆရာကြီး ဦးမြတ်စံ ဒေါ်ထွေးတို့မှ ဖွားမြင်သော ဒုတိယသားဖြစ်သည်။ ဦးလတ်၏ ဖွားမြင်သော ခေတ်ကား အထက် မြန်မာနိုင်ငံ မန္တလေးတွင် မင်းတုန်းမင်းတရားကြီး နန်းစံသော ခေတ်ဖြစ်၏။ ဦးလတ်သည် အင်္ဂလိပ် စာပေကို ကောင်းစွာ တတ်မြောက်သည့် အလျောက် အင်္ဂလိပ်အစိုးရ လက်အောက်တွင် ရာဇဝတ်ဖက်ဌာနသို့ ဝင်ရောက်အမှုထမ်းလေသည်။ ဦးလတ်သည် မြန်မာစာပေနှင့် အင်္ဂလိပ် စာပေတို့ တွင်သာ ထူးချွန်သည်မဟုတ်သေး၊ အပြောအဟော ကောင်းခြင်း၊ အနေအထိုင် ကျစ်လျစ်ခြင်း၊ ပေါင်းသင်းဆက်ဆံမှု၌ ရည်မွန်ခြင်း၊ ပေးအပ်သော တာဝန်ဝတ်တရားများကို ကျေပြွန်စွာ ထမ်းဆောင်နိုင်ခြင်းတို့ကြောင့် များမကြာမီပင် ရာဇဝတ်ဝန်ထောက်ရာထူးသို့ တိုးတက်ခန့်အပ်ခြင်းခံရသည်။ ထိုရာဇဝတ်ဝန်ထောက် ရာထူးဖြင့်ပင် တောင်ငူမြို့၊ ရွှေဘိုမြို့၊ ကသာမြို့များသို့ သွားရောက်အမှုထမ်းရ၏။

ထိုသို့ အမှုထမ်းနေစဉ် အတွင်း ပျို့ ကဗျာ လင်္ကာ ရာဇဝင် မော်ကွန်းစသည်တို့နှင့်တကွ ဗုဒ္ဓ အယူဝါဒ ဆိုင်ရာ စာပေ ကျမ်းဂန်တို့ကို ကြိုးကြားကြိုးကြား အားလပ်ခွင့်ရတိုင်းပင် တိုးတက်၍ လေ့ကျက် ဆည်းပူး၍ လာခဲ့ရာ လောကီ လောကုတ္တရာ နှစ်ဖြာဖက်၌ပင် ဗဟုသုတ တိုးပွားပြည့်စုံလာသည်နှင့်အမျှ မင်းပွဲသဘင် စာပွဲသဘင် စသည်များ၌ စကားပြောကောင်းသော မြန်မာပညာရှိကြီး တဦးဟု အထူးကျော်ကြား ထင်ရှားခဲ့လေသည်။

ထိုနောက်တွင် ရာဇဝတ်ဖက်မှ နုတ်ထွက်ကာ ရေနံချောင်းမြို့အနီး ညောင်လှမြို့ရှိ ဘီ၊ အို၊ စီ မန်နေဂျာ မစ္စတာ လမ့်ဆိုသူထံတွင် ဘာသာပြန်အရာရှိအဖြစ် လုပ်ကိုင်ခဲ့၏။ ရေနံချောင်း၊ ညောင်လှ တွင်လည်း အပြောကောင်း အဟောကောင်း စာပေနှံ့စပ်ကြောင်း ကျော်ကြားခဲ့သည်။ အလှူအတန်း ပွဲလမ်းသဘင်မှ အစ ဦးလတ်မပါလျှင် မပြီးသကဲ့သို့ ဖြစ်ချေ၏။ သို့ရာတွင် မိမိ၏ အထုံဝါသနာဖြစ်သော စာပေ ဖြန့်ဖြူးမှုကိုကား မမေ့၊ ရေးမြဲကဗျာများ ဝတ္ထုများကိုမူ ဆက်လက် ရေးသားဆဲပင်ဖြစ်ပေသည်။ ကဗျာများစပ်ခြင်း၊ ဝတ္ထုများရေးခြင်း၊ အရွှမ်းအသော စာပြော စာဟောများ ပြုလုပ်ခြင်းတို့မှ အပ ဦးလတ်သည် ဗီလယက်ထိုးခြင်း၊ တရုပ် ကျင်ဖဲ ကစားခြင်း၊ ခြင်းလုံး ခတ်ခြင်း တို့ကိုလည်း ဝါသနာပါသေး၏။ သာမန်ပုဂ္ဂိုလ်တို့ထက်ပင် ထူးထူးချွန်ချွန် တတ်မြောက်သည်ဟုလည်းဆို၏။

စာပေကိုချစ်သူသည် စာပေကို လေ့လာသည်၊ ပြုစုသည် ဆိုသည့်အတိုင်း ဦးလတ်သည် ရေနံချောင်း ညောင်လှသို့ ရောက်ပြီး၍ အသက် ၄၅ နှစ်အရွယ်တွင် စပယ်ပင် ဝတ္ထုကို ရှေးဦး ပဌမ ရေးသားခဲ့၏။ ရေးသားရာ၌ ဇာတ်လမ်းတွင် အခါအခွင့်သင့်တိုင်း ဆုံးမစာများ၊ သြဝါဒများ၊ နီတိစကားများကို ထည့်သွင်းရေးသားခြင်း၊ တခါတရံ ကာရန်အချိတ်အဆက်ဖြင့် စကားပြေရေးထည့်ခြင်း၊ ကဗျာ လင်္ကာများဖြင့် စကားပြေ ရေးထည့်ခြင်းတို့ကို ပြုလေ့ရှိ၏။ ဦးလတ် ပဌမဦးဆုံးအကြိမ် ရေးသားသော ထိုစပယ်ပင်ဝတ္ထုနှင့်ပင် ဦးလတ်၏အမည်မှာ ထင်ရှားလာခဲ့သည်။ စပယ်ပင်ဝတ္ထုကို လူကြိုက်များ၍ လူသိများလာသည့်အလျောက် 'စပယ်' 'ပျော်တော်ဆက်စပယ်' 'ပျော်တော်ဆက် မောင်စပယ်' ဟူသောအမည်ဝှက်ကို ထိုစပယ်ဝတ္ထု အပြီးတွင်မှ ဦးလတ် ယူလိုက်ဟန် တူ၏။ ရွှေပြည်စိုး ဝတ္ထုကို ရေးသား ပုံနှိပ်သောအခါ၌မူ ထို'စပယ်' ဟူသော အမည်ဝှက်ကို ဦးလတ်သုံးလျက်ရှိလေပြီ။

ထိုနောက် နှစ်နှစ်ခန့်အကြာ ၁၂၇၆ ခုနှစ်တွင် ဦးလတ်သည် အရွယ်အားလုံးတို့ ဖတ်ရှုမှတ်သားနိုင်ရန် ပျော်ကန်လျောက်ပတ်သော သင်ခဏ်းစာတို့ဖြင့် ပြည့်ဝသည့် ရွှေပြည်စိုးဝတ္ထုကို ရေးသားထုတ်ဝေခဲ့သည်။ တပြည်လုံးကနှစ်ခြိုက်ကြ၍ ခေတ်အလိုက် ခေတ်အကြိုက် သိကြသော ကုန်



www.burmeseclassic.com

www.burmeseclassic.com




သည်ကြီးများက 'ရွှေပြည်စိုး' ဟူသော အမည်ကို ယူကာ 'ရွှေပြည်စိုး' ငှက်တံဆိပ်ကို မှတ်ပုံတင်၍ ပဒုမ္မာ ပိတ်များ၊ ဖိနပ်များစသည်တို့ကိုပင် ရွှေပြည်စိုး ငှက်တံဆိပ် ခတ်နှိပ် ရောင်းချကြလေသည်။ စပယ်ပင်နှင့် ရွှေပြည်စိုး ဝတ္ထုများ ရေးသားပြီးနောက်တွင် တနန်းပျော် ရင်သွေးတော်၊သုံးဘုံ စသော ဝတ္ထုများကိုလည်း ရေးသားခဲ့လေသည်။ စာပေ ရေးသားရာ၌ ဦးလတ်သည် ထီးသံ၊ နန်းသံ ပါရမည့်နေရာ၌ ထီးသံ နန်းသံပါ၍၊ စကား အသုံးအနှုန်းဆန်းကြယ်စွာ ရေးရမည့်နေရာတွင် ဖွယ်ဖွယ်ရာရာ ဆန်းကြယ်စွာ ရေးနိုင်သော ပုဂ္ဂိုလ်ဖြစ်၏။ ဦးလတ်သည် ဉာဏ်ကောင်း၏။ အာဝဇ္ဇန်း ကောင်း၏။ ရယ်မော ပျော်ရွှင်တတ်၏။ သနား ချစ်ခင်တတ်သည်။ မြန်မာ ဇာတ် ရုပ်သေး တေးဂီတ ဝါသနာထုံသည်။ မြန်မာ စာပေ ကျမ်းဂန် တတ်ကျွမ်းသည်။ အင်္ဂလိပ်ဘာသာ လေ့လာသည်။ ခရီးနှံ့စပ်သည် ဟု ဆိုသည်။ ထိုအဆိုနှစ်ရပ်၏ သဘောသကန်တို့သည် ဦးလတ်၏ စာများတွင် ရိပ်ပြန် ထင်ရှားလျက် ရှိလေသည်။

ဤသို့လျှင် ဗဟုသုတပေါင်းစုံ၍ ဉာဏ်ရည်ထက်လှသော ဦးလတ်သည် မျိုးခြား အင်္ဂလိပ်တို့၏ အာဏာစက်အတွင်း တွင် ဝပ်စင်းငြောင်းလျက်ရှိပြီးဖြစ်သော အထက်အောက် နိုင်ငံတွင် ဝံသာနုခေတ် ပေါ်စဖြစ်သည့် ၁၂၇၃ ခုနှစ် ကဆုန်လ၌ ညောင်လှမြို့တွင် ဘဝတပါးသို့ ပြောင်းသွားလေသည်။

**လတ်ခနောင်းမြို့။** ။လတ်ခနောင်း(လပ်ကနောင်း)မြို့ သည် အိန္ဒိယနိုင်ငံ၊ ဥတ္တရဒေသ ပြည်နယ်၊ ဂုမ္မတီ မြစ်၏ လက်ျာဖက်ကမ်းပေါ်တွင် တည်ရှိ၍ အိန္ဒိယနိုင်ငံ၏ ရှေးအကျဆုံး မြို့ကြီးတမြို့ဖြစ်သည်။ ဂုမ္မတီမြစ်မှာ ဂင်္ဂါမြစ်၏လက်တက်တခု ဖြစ်သည်။ ၁၇၅၇ ခုနှစ်တွင် စစ်သူပုန် ဖြစ်ပွားခဲ့စဉ်က လတ်ခနောင်းမြို့မှာ သူပုန်တို့၏ ဝိုင်းရံတိုက်ခိုက်ခြင်းခံခဲ့ရသည်။ အဝေးမှကြည့်လျှင် လတ်ခနောင်းမြို့သည် စုလစ်မွန်းချွန် တန်ဆာဆင်ကာ ဆောက်ထား အပ်သော ရှေးပလီ ဝတ်ကျောင်းများဖြင့် အထူးပင် သာယာလှပေသည်။ အနီးသို့ ကပ်ကြည့်လျှင်ကား သေးငယ်သော အိမ်များ ပြည့်နှက်ခြံရံနေသော လမ်းကျဉ်းလမ်းမြောင်ကလေး များကို တွေ့မြင်ရပေမည်။ ခေတ်ဆန်သော အဆောက်အအုံများလည်း အနည်းငယ်ရှိသည်။ လူကုံထံများနေထိုင်သည့် ရပ်ကွက်တွင်ကား အိမ်ကြီးအိမ်ကောင်း လမ်းကျယ် လမ်းကောင်းများကို တွေ့ရှိနိုင်ပေသည်။

လတ်ခနောင်းမြို့သည် လူဦးရေ ၅၉၅,၄၄၀ (၁၉၆၁)ရှိ၍ အရေးပါအရာရောက်သော စီးပွားရေးနှင့် မီးရထား ဗဟိုဌာန၊ ပညာရေး ဗဟိုဌာနလည်းဖြစ်၏။ မြို့နေ လူဦးရေ၏ သုံးပုံ နှစ်ပုံမှာ ဟိန္ဒူအယူဝါဒီဖြစ်၍ ကျန်လူဦးရေမှာ မွတ်ဆလင်နှင့် ခရစ်ယာန်များ ဖြစ်ကြသည်။ တွင်ကျယ်သော လုပ်ငန်းများမှာ ငွေထည် ကြေးထည်လုပ်ငန်း၊ ဖလ်ချက် လုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ဇာထိုးပန်းထိုး လုပ်ငန်းနှင့် ခြည်ထည်လုပ်ငန်းတို့ ဖြစ်ကြသည်။

စစ်သူပုန်မထမီက လတ်ခနောင်းမြို့မှာ ဥဓနေယ်၏ မြို့တော်ဖြစ်သည်။ ၁၇၅၈ ခုနှစ်၌ အင်္ဂလိပ်တို့က မြို့ကို ပြန်လည်သိမ်းပိုက်ခဲ့ပြီး နောက်တွင် ယူနိုက်တက်ပရော်ဗင့်နယ်ဟုခေါ်သော ပြည်နယ်ထဲတွင် စီရင်စု မြို့တမြို့ ဖြစ်လာခဲ့သည်။



လတ်ခနောင်းမြို့၏ ရှခင်းတရပ်



www.burmeseclassic.com

www.burmeseclassic.com



**လတ်စပါပင်။** ။လတ်စပါဆိုသည်မှာဗတ်တားကပ်မျိုးရင်းဝင် ဒယ်လဖင်နီယမ်ခေါ် အပွင့်အုပ်စုကို ခေါ်ခြင်းဖြစ်သည်။ ဥယျာဉ်စိုက်ပျိုးသူများက နှစ်ကြာခံပင်မျိုးကို ဒယ်လဖင်နီယမ် ဟုခေါ်ကြ၍ တနှစ်ခံပင်မျိုးကိုမူ များသောအားဖြင့် လတ်စပါ ဟုခေါ်ကြသည်။ လတ်စပါပင်သည် ကမ္ဘာလုံးခြမ်းနှစ်ခုလုံးတွင် အေးသော ဒေသများ၌ ပေါက်ရောက်လေသည်။ လတ်စပါး (မိုးစွေငှက်၏ အတက်) ဆိုသောအမည်သည် အပွင့်တိုင်း၏ အပေါ် ဖက်ရှိ ပွင့်ဖတ်သည် ကြက်တက်ကဲ့သို့ ကောက်နေခြင်းကြောင့် ဖြစ်ပေါ် လာခြင်းဖြစ်သည်။ အခြား ပွင့်ဖတ်ငါးဖတ်ကမူ အတူတကွ ထွက်ပေါ် နေကြလေသည်။ ထိုပွင့်ဖတ်တို့သည်လည်း ပုံသဏ္ဍာန်များတွင် မညီညာကြချေ။

သိရသမျှသော လတ်စပါပင်မျိုး တရာခန့်အနက် အငယ်ဆုံးသည် တပေခန့်သာရှိ၍ အချို့ကမူ ငါးပေမှ ခုနစ်ပေအထိ ရှိကြလေသည်။ ပန်းပွင့်များ၏ အရောင်မှာ အပြာ၊ အဖြူ၊ သို့မဟုတ် ပန်းရောင်ဖြစ်နိုင်သည်။ ဥရောပတိုက် လတ်စပါပင်တမျိုးကို ဆေးဝါးဖက်တွင် အသုံးပြုနိုင်၍ လတ်စပါပင်မှ အဆိပ်ဖြစ်သည်ကိုလည်း တွေ့ရသည်။ သိုးများသည် လတ်စပါပင်ကို စားခြင်းကြောင့် အဆိပ် မသင့်ကြချေ။ မြင်းများတွင်မူ အနည်းငယ် အဆိပ်ဖြစ်တတ်သည်။



အေးသောဒေသများ၌ ပေါက်ရောက်တတ်သည့် လတ်စပါပင်

လတ်စပါပင်မျိုး အမြောက်အမြားကို အလှစိုက်လေ့ ရှိကြသည်။ ယင်းတို့ကို ဂရုတစိုက် ပြုပြင်ပေးရန် မလိုချေ။ မည်သည့် မြေမျိုး၌မဆို စိုက်ပျိုး နိုင်သည်။ လတ်စပါပင် အကောင်းဆုံး ပေါက်ရောက်သည့် နေရာမှာ လေအများအပြား ရရှိသော နေရာမျိုးဖြစ်သည်။ များသောအားဖြင့် လတ်စပါပင်ကို အစေ့မှစိုက်ယူလေ့ရှိကြသည်။ နွေရာသီတွင် ပန်းပွင့်များ ပွင့်ရာ၌ အကိုင်းတကိုင်းတည်းတွင် ပန်းပွင့် အမြောက်အမြား ပွင့်လေ့ရှိသည်။ အချို့ လတ်စပါပင်မျိုးက နွေရာသီ နှောက် ကျ ကျ၊ သို့မဟုတ် ဆောင်းကူး ရာသီစောစောပိုင်းတွင် တကြိမ် ထပ်၍ပွင့်လေသည်။

လတ်စပါပင်သည် ရနန်ကျူလေးစီအီး မျိုးရင်းတွင် ပါဝင်သော ဒယ်လဖင်နီယမ် မျိုးစုဝင် ဖြစ်လေသည်။

**လတ္တာယင့်,ဆာ အက်ဒွင်**(ခရစ်၁၈၆၉–၁၉၄၄)။ ။ဗြိတိသျှ အနုပညာသည်ကြီးများတွင် ဗိသုကာအတတ်၌ တဖက်ကမ်းခပ် တတ်မြောက် ကျွမ်းကျင်လှသဖြင့် ကမ္ဘာ တဝှမ်းလုံး၌ ကျော်ကြားသူကား ဆာ အက်ဒွင် လန်ဆီယာ လတ္တာယင် ဖြစ်လေသည်။ အက်ဒွင် လတ္တာယင်သည် လန်ဒန်မြို့၌ ၁၈၆၉ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် ဖွားမြင်သူဖြစ်သည်။ ငယ်စဉ်က ကင်းဆင်တန်နယ် တောင်ပိုင်းရှိ ဗိသုကာအတတ်သင်ကျောင်းများနှင့် ဗိသုကာဆရာကြီးတို့ထံတွင် ဗိသုကာပညာ ဆည်းပူးခဲ့သည်။ အက်ဒွင်သည် အသက် ၁၉ နှစ်အရွယ်မှစ၍ ဗိသုကာလုပ်ငန်းကို လက်တွေ့ လုပ်ကိုင်ခဲ့၏။ သာယာလှပသော တောခြေ အိမ်ကလေးများ ဆောက်လုပ်ရာ၌ အထူးကောင်းမွန်လှသဖြင့် ထိုစဉ်အခါကပင် နာမည်ကျော်ကြားခဲ့၏။

ယင်းသို့ တဖြည်းဖြည်း နာမည်ကျော်ကြားလာခဲ့ရာ မြို့ကြီးများရှိ ရှေးဟောင်း အဆောက်အအုံများကို ပြင်ဆင်ရ၏။ ပြည်သူ့ အဆောက်အအုံများ ဖြစ်သည့် ရုံးများကိုလည်း ဆောက်ရသည်။ ၁၉၀၀ ပြည့်နှစ်တွင် ပါရစ်မြို့၌ကျင်းပသောပြပွဲကြီးနှင့် ၁၉၁၁ ခုနှစ်တွင် ရောမမြို့၌ကျင်းပသောပြပွဲများအတွက် ဗြိတိန်နိုင်ငံဆိုင်ရာ အဆောက်အအုံများကိုလည်း ဆောက်လုပ်ခဲ့ရသူဖြစ်၏။ ဆာအက်ဒွင်၏လက်ရာများကို အင်္ဂလန်ပြည် တောနယ် အနှံ့အပြား၌ တွေ့နိုင်ပေသည်။ ထိုမျှမကသေး ထင်ရှားသော အဆောက်အအုံကြီးများဖြစ်သည့် လင်ဒစ္စဖန်းရဲတိုက်ကြီးစသည့်အဆောက်အအုံများ၊ အိန္ဒိယနိုင်ငံနယူးဒေလီမြို့အဆောက်အအုံများ၊ လန်ဒန် ဝိုက်ဟောရှိ စစ်ပြေငြိမ်းအထိမ်းအမှတ် အဆောက်အအုံ စသည်တို့သည်လည်း သူ၏ လက်ရာများပင် ဖြစ်၏။ ၁၉၁၃ ခုနှစ်တွင် တော်ဝင်အနုပညာအသင်းကြီး၏အပေါင်းပါ အသင်းဝင် ဖြစ်လာသည်။ ၁၉၁၈ ခုနှစ်တွင် ဘုရင်က ဆာဘွဲ့ ချီးမြှင့်သူကောင်းပြုခြင်း ခံရသည်။ ၁၉၃၀ ပြည့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



တွင် တော်ဝင် အနုပညာအသင်းဝင် ဖြစ်လာသည်။ ၁၉၃၇ ခုနှစ်တွင် တော်ဝင် အနုပညာသင်းကြီး၏ ဥက္ကဋ္ဌဖြစ်လာပြီး နောက် ခြောက်နှစ်အကြာ ၁၉၄၄ ခုနှစ် ဇန္နဝါရီလ ၁ ရက်နေ့တွင် လန်ဒန်မြို့၌ ကွယ်လွန်လေသည်။

**လတ္တီတွဒ်နှင့် လောင်ဂျီတွဒ်။** ။ကမ္ဘာလုံး မြေပုံကို ကြည့်လျှင် အီကွေတာမှ မြောက်နှင့် တောင်ဖက်များသို့ မျဉ်းပြိုင်များ ဆွဲထားသည်ကို တွေ့ရပေလိမ့်မည်။ အဆိုပါ မျဉ်းပြိုင်များသည် အမှန်ရှိသော မျဉ်းပြိုင်များကားမဟုတ်ချေ။ ကမ္ဘာပေါ်တွင် တနေရာနှင့်တနေရာ၏ အကွာအဝေးကို တိုင်းတာနိုင်ရန် ပထဝီဝင် ဆရာများက စုပေါင်း၍ အကြံထုတ်ကာ ရေးဆွဲထားခြင်းမျှသာဖြစ်သည်။ ထိုမျဉ်းပြိုင်များကို လတ္တီတွဒ်များ ဟု ခေါ်သည်။

လတ္တီတွဒ်မျဉ်း တကြောင်းနှင့်တကြောင်းကို များသောအားဖြင့် ၁၀° (၁၀ ဒီဂရီ)စီခြား၍ ဆွဲထားကြသည်။ အီကွေတာ၏ မြောက်ဖက်ရှိ လတ္တီတွဒ်မျဉ်းများကို မြောက်လတ္တီတွဒ်များဟု ခေါ်၍ အီကွေတာ၏ တောင်ဖက်ရှိလတ္တီတွဒ်များကို တောင် လတ္တီတွဒ်များ ဟု ခေါ်သည်။ ကမ္ဘာကြီးသာ တိကျစွာ လုံးဝန်းလျက်ရှိလျှင် ဒီဂရီတိုင်းသည် ကမ္ဘာပေါ်တွင် အကွာအဝေးချင်း အတူတူ ဖြစ်ရပေမည်။ သို့သော် ကမ္ဘာကြီးသည် မြောက်နှင့်တောင် ဝင်ရိုးစွန်းနေရာများတွင် ပြားလျက် ရှိသဖြင့် ဝင်ရိုးဒေသများနှင့် အီကွေတာအနီးရှိ ဒေသများတွင် တစ်ဒီဂရီ၏ အကွာအဝေးသည် အနည်းငယ်ကွာခြားလေသည်။အီကွေတာမှ မြောက်ဝင်ရိုးစွန်းအထိကိုငှင်း၊ တောင်ဝင်ရိုးစွန်းအထိကိုငှင်း ၉၀° စီ ခွဲခြားထားသည်။ အကွာအဝေးကိုတွက်ရာတွင် အီကွေတာမှ စ၍ တွက်သဖြင့် အီကွေတာကို ၀° (သုညဒီဂရီ) ဟု မှတ်သားထားကြသည်။

ကမ္ဘာပေါ်တွင် အရှေ့နှင့်အနောက်ကိုလည်း တိုင်းတာရန် လိုသေးသည်။ ထိုကြောင့် ပထဝီဝင်ဆရာများက ကြံစည်ကြရာ ဗြိတိန် နိုင်ငံ၊ လန်ဒန်မြို့အနီးတွင် ၁၆၇၅ ခုနှစ်မှ စတင်၍ တည်ထောင်ခဲ့သော ဗြိတိသျှ တော်ဝင်နက္ခတ်မျှော်စင် ထားရှိရာ ဂရင်းနစ် အရပ်ကို ဖြတ်၍ ဆွဲထားသော မွန်းတည့်မျဉ်းမှအစပြုကြရန်သဘောတူခဲ့ကြသည်။ ထိုကြောင့် လတ္တီတွဒ် တိုင်းတာရာတွင် အီကွေတာကို သုည ဒီဂရီ ဟု သတ်မှတ်ခဲ့ကြသကဲ့သို့ ဂရင်းနစ် လောင်ဂျီတွဒ်ကိုလည်း သုညဒီဂရီအဖြစ် သတ်မှတ်ကြရန်သဘောတူကြသည်။ ဂရင်းနစ် မွန်းတည့်မျဉ်း၏ အရှေ့ဖက်ရှိ လောင်ဂျီတွဒ်များကို အရှေ့လောင်ဂျီတွဒ်များဟုခေါ်၍ အနောက်ဖက်ရှိ လောင်ဂျီတွဒ်များကို အနောက် လောင်ဂျီတွဒ်များ ဟု ခေါ်ရန် သတ်မှတ်ကြသည်။ ထို လောင်ဂျီတွဒ် များကို မြောက်နှင့် တောင် ဝင်ရိုးစွန်းများအား ဖြတ်၍ ဆွဲထားကြသဖြင့် အီကွေတာဒေသရှိ လောင်ဂျီတွဒ် တခုနှင့် တခု၏ အကွာအဝေးသည် ကျယ်ဝန်း၍ မြောက်နှင့် တောင်ဖက်များရှိ နေရာများသည် ဝင်ရိုးစွန်းများနှင့် နီးကပ်သွားလေလေ တခုနှင့်တခု ပို၍နီးကပ်သွားလေလေဖြစ်သည်။လောင်ဂျီတွဒ် တခုနှင့်တခု၏အကွာအဝေးကို တစ်ဒီဂရီစီ ခြားထားသဖြင့် ဂရင်းနစ် မွန်းတည့်မျဉ်း၏ အရှေ့ဖက်တွင် ကပ်လျက်ရှိသော လောင်ဂျီတွဒ်သည် အရှေ့လောင်ဂျီတွဒ် တစ်ဒီဂရီဖြစ်၍ မွန်းတည့်မျဉ်း၏ အနောက်ဖက်တွင် ကပ်လျက် ရှိသော လောင်ဂျီတွဒ်သည် အနောက် လောင်ဂျီတွဒ် တစ်ဒီဂရီဖြစ်လေသည်။

ကမ္ဘာကြီးသည် ၂၄ နာရီတွင် တပတ်၊ သို့မဟုတ် ၃၆၀° ပတ်လျက်ရှိသဖြင့် တနာရီတွင် $\left(\frac{၃၆၀}{၂၄}\right)$=၁၅° ဖြတ်သန်းသွားလာလျက် ရှိလေသည်။ ကမ္ဘာပေါ်ရှိ လူတဦးကမူ နေက ဖြတ်သွားသည် ဟုထင်မြင်ပေလိမ့်မည်။ ထိုကြောင့် ၁ နာရီသည် ၁၅° လောင်ဂျီတွဒ်နှင့် တူညီသည် ဟု ဆိုနိုင်ပေသည်။ တဖန် တစ်ဒီဂရီကို မိနစ် ၆၀ (၆၀′)အဖြစ်ငှင်း၊ တမိနစ်ကို စက္ကန့် ၆၀ (၆၀″) အဖြစ်ငှင်း ခွဲခြားထားကြပြန်သည်။ ထိုမိနစ်နှင့် စက္ကန့်တို့မှာ အကွာအဝေးများသာ ဖြစ်ကြ၍ အချိန်များ မဟုတ်ကြချေ။ အချိန် တမိနစ်နှင့် တစက္ကန့်ကိုလည်း လောင်ဂျီတွဒ် မိနစ်နှင့် စက္ကန့်တို့နှင့် မည်သို့ ဆက်သွယ် တူညီပုံကို ပြနိုင်ပေသည်။

၂၄ နာရီအချိန်သည် ၃၆၀° လောင်ဂျီတွဒ်နှင့်တူညီသဖြင့်
တနာရီအချိန်သည်=၁၅° လောင်ဂျီတွဒ်
လေးမိနစ်သည်　= ၁°　။
တမိနစ်သည်　=၁၅′　။
တစက္ကန့်သည်　=၁၅″　။　ဖြစ်လေသည်။

**လတ်ဗီးယားနိုင်ငံ။** ။လတ်ဗီးယားနိုင်ငံသည် လစ်သွေးနီးယား၊ အက်စတိုးနီးယားနိုင်ငံများအကြား ဗော့လတစ်ပင်လယ်ကမ်းခြေပေါ်ရှိ ပြည်ထောင်စု ဆိုဗီယက်ဆိုရှယ်လစ်သမတ နိုင်ငံတွင် အဝင်အပါ နိုင်ငံတခု ဖြစ်လေသည်။ ထိုနိုင်ငံ၏ အနောက်ဖက်တွင် ဗော့လတစ်ပင်လယ်နှင့်ရီးဂပင်လယ်ကွေ့တို့ တည်ရှိသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၅,၅၉၀ ဖြစ်၏။ ပင်လယ်ကမ်းရိုးတန်းမှာ မိုင် ၃၄၀ ခန့်ရှည်လျား၍ သင်္ဘောဆိပ်ကောင်းများရှိသည်။

လတ်ဗီးယား ဟူသော စကားမှာ "လက်" လူမျိုးတို့နေထိုင်ရာဒေသ ဟု ဆိုလိုသည်။ လတ်ဗီးယားနိုင်ငံသည် များသော အားဖြင့် မြေအလွန်နိမ့်၍ ညွန်ပျောင်းတောများ၊ သစ်ဆွေးညွန်အိုင်များဖြင့် ပြည့်လျက် ရှိ၏။ တနိုင်ငံလုံး၏ လေးပုံတပုံမှာ သစ်တောများဖြင့် ဖုံးလွှမ်းလျက် ရှိသည်။ ဆေးစမ်းများလည်း အလွန် ပေါများ၍ နားညည်းကျော်ကျန်းမာရေး စခန်းများလည်း ရှိလေသည်။ လတ်ဗီးယား


www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ၏ ရာသီဥတုမှာ နွေရာသီတွင် မပြင်းထန်သော်လည်း ဆောင်းရာသီတွင် အေးလှသည်။ မြောက်ဖက် ဆိပ်ကမ်းမြို့ များတွင် ရေခဲလေသည်။

လတ်ဗီးယား နိုင်ငံသည် အဓိကအားဖြင့် စိုက်ပျိုးရေး နိုင်ငံဖြစ်၏။ ရိုင်းဂျုံ၊ မုယော၊ မြင်းစားဂျုံ၊ အာလူး၊ဂျုံနှင့် ဘီသွာလျှော်တို့ကို စိုက်ပျိုးလုပ်ကိုင်သည်။ သိုး၊ နွား၊ဝက် ကြက်တို့ကိုလည်း မွေးမြူသည်။ အထည်အလိပ်၊ ဓာတုဗေဒ ပစ္စည်း စသည် ထုတ်လုပ်သည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်သည်။



လတ်ဗီးယား နိုင်ငံ၏မြို့တော် ရီးဂမြို့ရှိ လက်လူမျိုးများ၏ လွတ်လပ်ရေး ကျောက်တိုင်

အခိက ထုတ်ကုန်များမှာ ငါး၊ နွားနို့ထွက်ပစ္စည်းများ၊ ဘီသွာလျှော်နှင့် သစ်ဖြစ်သည်။ မြို့တော်မှာ ရီးဂမြို့ဖြစ်၏။ (ရီးဂမြို့ — လည်းရှု။)

လတ်ဗီးယား နိုင်ငံ၏ လူဦးရေမှာ ၂.၂ သန်း (၁၉၆၅) ဖြစ်သည်။ ထိုလူဦးရေ၏ ၇၆ ရာခိုင်နှုန်းခန့်မှာ လက်လူမျိုး များဖြစ်၍ ယင်းတို့သည်လည်း လစ်သွေးနီးယန်းလူမျိုးတို့ ကဲ့သို့ပင် ဆလဗ အနွယ်များ ဖြစ်လေသည်။

ဆဲ့သုံးရာစုနှစ်အတွင်းက ယခုလတ်ဗီးယားနိုင်ငံ တည်ရှိ ရာနယ်ပယ်ဒေသကို တျူတန်နိုက်သူရဲကောင်းများက တိုက် ခိုက် သိမ်းပိုက်ခဲ့ပြီးသော် ခရစ်ယန်အယူဝါဒ၌ သက်ဝင် ယုံ ကြည်အောင် ပြုခဲ့ကြသည်။ ထိုနောက် ရာစုနှစ်ပေါင်း အ တော်ကြာအောင်ပင် ထိုဒေသမှာ ပိုလန်နိုင်ငံနှင့် ရုရှနိုင်ငံတို့ လက်အောက်တွင် တပိုင်းစီ ကျရောက်နေခဲ့သော်လည်း ၁၇၉၅ ခုနှစ်တွင် ဇာဘုရင်၏ အုပ်ချုပ်မှုအောက်သို့ ရောက် သွားခဲ့ရာ ၁၉၁၈ ခုနှစ်တွင် တသီးတခြား သမတနိုင်ငံအဖြစ် ထူထောင်နိုင်ခဲ့သည့်အထိ ရုရှနိုင်ငံ၏တစိတ်တဒေသဖြစ်နေ ခဲ့လေသည်။ လတ်ဗီးယား သမတနိုင်ငံသည် ၁၉၂၁ ခုနှစ် တွင် နိုင်ငံပေါင်းချုပ် အသင်းကြီးသို့ ပါဝင်ခွင့်ရခဲ့၏။

၁၉၄၀ ပြည့်နှစ် ဇွန်လတွင် ရုရှအစိုးရက လတ်ဗီးယား နိုင်ငံပိုင်နက်အတွင်း ဆိုဗီယက်တပ်များ လွတ်လပ်စွာ ဖြတ် သန်းသွားလာနိုင်ခွင့်ကိုငှင်း၊ ယင်းတို့လက်ခံနိုင်မည့်အစိုးရ အဖွဲ့ ဖွဲ့စည်းရေးကိုငှင်း တောင်းဆိုခဲ့၏။ နောက်နှစ်လ အ ကြာတွင် လတ်ဗီးယား ပါလီမန်က ဆိုဗီယက်ယူနီယန်နှင့် ပူးပေါင်းရန် ဆုံးဖြတ်ခဲ့သည်။ ဂျာမန်တို့သည် ၁၉၄၁ ခုနှစ် ဇွန်လတွင် ရုရှနိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်စဉ်က လတ် ဗီးယား နိုင်ငံကို ချင်းနင်း သိမ်းပိုက်ထားခဲ့သည်။ သို့သော် လည်း ၁၉၄၄ ခုနှစ်တွင် ဆိုဗီယက်တပ်များသည် ဂျာမန် တပ်များကို လတ်ဗီးယားနိုင်ငံတွင်းမှ မောင်းထုတ်ပစ်လိုက် လေသည်။ ထိုနောက်တွင် လတ်ဗီးယားနိုင်ငံသည် ပြည် ထောင်စု ဆိုဗီယက် ဆိုရှယ်လစ် သမတ နိုင်ငံတွင် အဝင် အပါနိုင်ငံတခု ပြန်ဖြစ်လာခဲ့၍ လတ်ဗီးယား ဆိုဗီယက် ဆို ရှယ်လစ် သမတနိုင်ငံ ဟု တွင်လေသည်။

**လန်ဒန်တက္ကသိုလ်။** ။တက္ကသိုလ်များ — ရှု။

**လန်ဒန်မြို့။** ။လန်ဒန်မြို့သည် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ၏ မြို့တော်ဖြစ်၍ ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့ကြီး တမြို့ ဖြစ်သည်။ တင်းမြစ်၏ တဖက်တချက်တွင် ခွကာ တည်ရှိ လျက် ပင်လယ်ဝမှ မိုင် ၄၀ ခန့်ကွာဝေးလေသည်။ ရှေးပဝေ ဏီကာလ ရောမခေတ်ကပင် ထင်ရှားသောမြို့ ဖြစ်သည့်ပြင် အင်္ဂလန်ကျွန်းကို နော်မန်လူမျိုးတို့ သိမ်းပိုက်လိုက်သော အချိန်မှ စ၍ အင်္ဂလန်ပြည်၏ မြို့တော် ဖြစ်ခဲ့လေသည်။


ပဌမ တည်ခဲ့သော လန်ဒန်မြို့မမှာ တင်းမြစ်၏မြောက် ဖက်ကမ်းပေါ်တွင် တည်ရှိ၍ စတုရန်း တမိုင်မျှသာ ကျယ် ၏။ ထိုပတ်ဝန်းကျင်တွင်မှ လန်ဒန်မြို့တော်သစ်(မဟာလန် ဒန်)ကို တည်ဆောက်ထားရာ လန်ဒန်မြို့တော်သစ်မှာ ၆၉၉ စတုရန်း မိုင်ကျော်မျှ ကျယ်ဝန်းလေသည်။ လန်ဒန်မြို့မမှာ အရောင်းအဝယ် အစည်ကားဆုံးသော ရပ်ကွက်ဖြစ်၍ မြို့ တော်ဝန်က ကောင်စီလူကြီးများနှင့်တိုင်ပင်၍ အုပ်ချုပ်လေ သည်။ ခရစ်ယန်ဂိုဏ်းချုပ် ဘုန်းကြီးသည် ထိုလန်ဒန်မြို့၌ ပင် သီတင်းသုံး၍ ဗဟိုဘုရားရှိခိုးကျောင်းကြီးမှာ စိန့်ပေါ ကက်သီဒရယ် ဘုရားရှိခိုးကျောင်းကြီး ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com





လန်ဒန်မြို့ရှိ ရေတပ်ရေးရာ ဌာနချုပ် ရုံးခုံးကြီး၊ အဝေးတွင် စိန်ဂျိမ်းပန်းခြံနှင့် ဗက်ကင်ဟမ်နန်းတော်ကို လှမ်းမြင်နိုင်သည်။၊ ဗတ်ကင်ဟမ်နန်းတော်နှင့် စိန်ဂျိမ်းနန်းတော်တို့သည် လန်ဒန်မြို့၏ အလယ်ဗဟို၌ တည်ရှိသည်။

လန်ဒန်မြို့တွင် အင်္ဂလန်နိုင်ငံသမိုင်း၌ ထင်ရှားခဲ့သော အဆောက်အအုံပေါင်း များစွာရှိ၏။ စိန်ပေါ ဘုရားရှိခိုးကျောင်း၊ ဝက်စမင်စတာ အက်ဗေးနှင့် လန်ဒန်ရဲတိုက်ကြီးတို့သည် အင်္ဂလန်နိုင်ငံ သမိုင်းတွင် ထင်ရှားသော အဆောက်အအုံကြီးများဖြစ်လျက် ဗတ်ကင်ဟမ်နန်းတော်နှင့် စိန်ဂျိမ်း နန်းတော်တို့သည် လန်ဒန်မြို့၏ အလယ်ဗဟို၌ တည်ရှိလေသည်။ ဗြိတိသျှပါလီမန် အဆောက်အအုံကြီးသည် တင်းမြစ်ကမ်းပေါ်တွင် ထယ်ဝါခန့်ညားစွာ တည်လျက်ရှိပြီးလျှင် ထိုအနီး၌ပင် လန်ဒန်မြို့တော် ခန်းမကြီး ရှိလေသည်။ ပါလီမန်အဆောက်အအုံမှာ ကမ္ဘာပေါ်တွင် အကြီးဆုံးသော အဆောက်အအုံများတွင် အပါအဝင် ဖြစ်၏။ စိန်ပေါဘုရားရှိခိုးကျောင်းမှာ ခမ်းနားကြီးကျယ်သော ဘုရားရှိခိုးကျောင်းကြီးဖြစ်၍ နယ်လဆန်၊ ဝယ်လင်တန် စသော နာမည်ကျော်ပုဂ္ဂိုလ်ကြီးတို့၏ ရုပ်ကလာပ်ကို မြှုပ်နှံထားသည်။ ဝက်စမင်စတာအက်ဗေးမှာ အင်္ဂလန်ပြည်မှ နာမည်ကျော်စာဆိုတော်များ၊ နိုင်ငံခေါင်းဆောင်ကြီးများနှင့် ရှင်ဘုရင်များကိုမြှုပ်နှံရာဌာနဖြစ်လေသည်။

လန်ဒန်မြို့တွင်ထင်ရှားသောလန်ဒန်တက္ကသိုလ်ကျောင်း၊ နာမည်ကျော် အီတန်၊ ဟာရိုကျောင်းများနှင့် အခြားကျောင်းပေါင်း များစွာလည်း ရှိ၏။ မျူနီစီပယ်ကျောင်းများ၊ စက်မှု လက်မှုပညာသင်ကျောင်းများလည်း ရှိသေးသည်။လန်ဒန်မြို့ကြီးသည် အင်္ဂလန်ပြည်တွင် စာပေ အနုပညာနှင့် သိပ္ပံပညာများကို လေ့လာ ရှာမှီးရာ ဗဟိုဌာနတခုလည်းဖြစ်လေသည်။ လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်နှင့် စာကြည့်တိုက်များသည် မြို့တော်၏ ကျက်သရေဆောင်ဌာနကြီးများဖြစ်၍ ပညာဗဟုသုတ လိုလားသူတိုင်းပင် လန်ဒန်မြို့သို့ ရောက်လျှင် ထိုနေရာများသို့ သွားရောက်လည်ပတ်ခြင်းမပြုပဲ မနေနိုင်ကြချေ။ အမျိုးသားပန်းချီပြတိုက်၊ ဝိတိုရိယနှင့် အယ်လဗတ် ပြတိုက်၊ တိရစ္ဆာန်ရုံ၊ သဘာဝသမိုင်းပြခန်းများ၊ သိပ္ပံပညာပြခန်းများ၊ ဘူမိဗေဒဖက်ဆိုင်ရာပြတိုက်များ၊ နက္ခတ်တာရာကြည့်မျှော်စင်များ စသည်ဖြင့် ပညာရှာမှီးလိုသူတို့သွားရောက်လည်ပတ်ကြည့်ရှုရန်ကောင်းသော ဌာနများမှာလည်း လွန်စွာပင် ကြီးကျယ်၍ ပြည့်စုံလှပေ၏။ ထရာဖဲလဂါပန်းခြံ (နယ်လဆန်၏ ရုပ်တုရှိရာ)မှာလည်း ထင်ရှားသော နေရာဌာနများတွင် အပါအဝင်ဖြစ်လေသည်။

လူအများ စုရုံး သွားလာနိုင်သော ကွင်းပြင်ကြီးများရှိသည့် ပန်းခြံများလည်းရှိ၏။ ပန်းခြံများတွင် ဟိုက်ဒပတ်

www.burmeseclassic.com



ပန်းခြံမှာ အထင်ရှားဆုံးဖြစ်၏။ ထိုပန်းခြံသည် ၃၆၁ ဧကရှိ၍ ရန်ကုန်မြို့ အင်းယားကန်ကဲ့သို့ပင် တနင်္ဂနွေနှင့် အခြား ရုံးပိတ်ရက် နေ့အားများတွင် လူများ အပန်းဖြေ လာရောက်ကြသဖြင့် အလွန် စည်ကားသောနေရာ ဖြစ်လေသည်။ နိုင်ငံရေးသမား ဖြစ်လိုသူများသည် ထိုဟိုက်ဒပတ်ပန်းခြံတွင် ပရိသတ်အား သူတို့ ပြောလိုသော အကြောင်းအရာများကို ပြောဟောခြင်းအားဖြင့် ပရိသတ် အလယ်တွင် စကားပြောခြင်းအတတ်ကို လေ့ကျင့်လေ့ရှိကြ၏။ ရီးဂျင့်ပန်းခြံတွင်ကား တိရစ္ဆာန်ရုံနှင့် ပန်းဥယျာဉ်ရှိလေသည်။

လန်ဒန်မြို့သည် ကုန်ပစ္စည်းများကို အကြီးအကျယ် ထုတ်လုပ်ဖြန့်ဖြူးသောမြို့ဖြစ်၍ စက်ရုံအလုပ်ရုံကြီးများမှ အလှကုန်ပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများ၊ အထည်အလိပ်များနှင့် စားကုန် သောက်ကုန်များ ထွက်ပြီးလျှင် မော်တော်ကားနှင့် အခြားအထည်ကြီးစက်ကရိယာပစ္စည်းများကိုလည်း ထုတ်လုပ်လေသည်။ ဗဟိုဌာနကြီး ဖြစ်၍ ဘဏ်လုပ်ငန်းမှာလည်း အလွန်ကြီးကျယ်လှပေသည်။ လန်ဒန်ဆိပ်ကမ်းမှာသင်္ဘောကြီးငယ်တို့ဖြင့် ကြက်ပျံမကျ စည်ကား၍ သင်္ဘောကျင်းကြီး ကိုးကျင်းမျှရှိ၏။ အင်္ဂလန်ပြည်ရှိ မီးရထားများ ဆုံရာဌာနဖြစ်၍ ဝါးတာလူး၊ ချားရင်းကရော့စသောဘူတာများမှာ မီးရထားလမ်းများဆုံသော နေရာဖြစ်ပြီးလျှင် လျှပ်စစ်မီးရထားများမှာ များသောအားဖြင့် မြေအောက်တွင် သွားလာကြ၏။ တူးမြောင်းများလည်းရှိ၍ တာဝါဗရစ် ခေါ် မျှော်စင်တန်တားရှိရာ တင်းမြစ်၏အောက်တွင် လူများ ယာဉ်များ သွားလာနိုင်သော ဥမင်လိုဏ်ခေါင်းများရှိလေသည်။

ဒုတိယကမ္ဘာစစ်အတွင်းကလန်ဒန်မြို့သည်အပြင်းအထန် ဆုံး ဗုံးကြဲတိုက်ခိုက်ခြင်းခံရသည်။ ဂျာမန်တို့က ဒလကြမ်း ဗုံးကြဲချသဖြင့် လူပေါင်း နှစ်သောင်း ကိုးထောင် ကျော်ကျော်မျှသေဆုံး၍ လူပေါင်းငါးသောင်းကျော်ခန့် ဒဏ်ရာရကြသည်။ မီးလောင်ဗုံးများကြောင့်လည်း အဆောက်အအုံများစွာ ပျက်စီးခဲ့ရလေသည်။

လန်ဒန်မြို့မ၏ လူဦးရေမှာ ၄၇,၆၃,၀၀၀ ဖြစ်သည်။ ဂရိတ်တား လန်ဒန်(မဟာလန်ဒန်)ခေါ် လန်ဒန်ဒိစတြိတ်မှာ ၆၉၉ စတုရန်းမိုင်ကျယ်၍ လူဦးရေ ၈၂,၅၁,၀၀၀ ခန့်ရှိလေသည်။




အင်္ဂလန်နိုင်ငံသမိုင်း၌ ထင်ရှားသော ဗြိတိသျှပါလီမန်ကို တင်းမြစ်အတွင်းမှ မြင်ရပုံ



www.burmeseclassic.com

www.burmeseclassic.com





နာမည်ကျော်လန်ဒန်ရဲတိုက်ကြီး၏ ရှုခင်း


လန်ဒန်မြို့တော်ကို ရှေးဦးစွာ တည်ဆောက်ခဲ့စဉ်က ရွှံ့နွံများ ထူထပ်သော တင်းမြစ် ကမ်းပေါ်တွင် တဲစုများဖြင့် ပြီးသော ရွာငယ်ကလေးတခုမျှသာ ဖြစ်ခဲ့၏။ ခရစ် ၄၃ ခုနှစ်ခန့်တွင် ရောမတို့ ရောက်ရှိလာခဲ့ပြီးနောက်၌ လန်ဒန်သည် အရေးပါသော နေရာ တခုဖြစ်လာသည်။ ထိုစဉ်က လန်ဒီနီယမ်ဟု ခေါ်တွင်ခဲ့၏။ ဗြိတိန်ကို ရောမတို့အုပ်စိုးစဉ် ၁၆၉ ခုနှစ်မှ ၄၁၂ ခုနှစ်အထိမြို့တော်ဖြစ်ခဲ့သည်။ အရှေ့ဆက်ဇ့် နိုင်ငံ၏ မြို့တော်ဖြစ်ခဲ့စဉ်ကလည်း ကုန်ကူးသန်းရောင်းဝယ်မှုဖွံ့ဖြိုးခဲ့၏။ လန်ဒန်မြို့ကို ဒိန်းလူမျိုးတို့ကမီးရှို့ဖျက်ဆီး ခဲ့ပြီးနောက်တွင် အဲလဖရက်ဘုရင်က ပြန်လည်တည်ဆောက်ခဲ့သည်။ နော်မန်တို့ ရောက်လာပြီးသည့်နောက်တွင်လည်း လန်ဒန်မြို့သည် ဗြိတိန်ကျွန်း၏ ကုန်သွယ်မှုဗဟိုဋ္ဌာနဖြစ်ခဲ့၏။ ကူးသန်းရောင်းဝယ်ရေးသည် များစွာဖွံ့ဖြိုးတိုးတက်ခဲ့လေသည်။ လန်ဒန်မြို့သည် နှင်းဆီစစ်ပွဲများအတွင်းက ယော့ဂိုဏ်းသားများဖက်မှငင်း၊ အင်္ဂလိပ်ပြည်တွင်းစစ်ပွဲအတွင်းက ပါလီမန် ဂိုဏ်းသားများ ဖက်မှငင်း ပါဝင်ခဲ့၏။ လန်ဒန်မြို့တွင် ၁၆၆၅ ခုနှစ် ပလိပ်ရောဂါကပ်ကြီးဆိုက်ရောက်ခဲ့၍ ၁၆၆၆ ခုနှစ်တွင် မီး အကြီးအကျယ်လောင်ကျွမ်းခြင်းခံရသည်။ ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်၊ လမ်းပေါင်း ၄၀၀၊ အိမ်ခြေပေါင်း ၁၃,၄၀၀ နှင့်ဘုရားရှိခိုးကျောင်း ၈၉ ကျောင်း မီးလောင် ပျက်စီးခဲ့သည်ဟု ဆိုလေသည်။ သို့သော် မလျော့သော ဇွဲသတ္တိဖြင့် မြို့ကို ပြန်လည် ထူထောင်ခဲ့ရာ မှန်မှန်ပင် တိုးတက်လာခဲ့၏။ ၁၈၁၅ ခုနှစ်တွင် နပိုလီယန်စစ်ပွဲများပြီးဆုံးသွားပြီးနောက်၌ လန်ဒန်မြို့သည် တိုးတက်ကြီးမား စည်ကားလာရာ ထိုစဉ်က လူဦးရေ တသန်းကျော်ရှိခဲ့၍ ကမ္ဘာပေါ်တွင် အကြီးဆုံးမြို့လည်းဖြစ်၊ အကြီးဆုံးသော စီးပွားရေးအချက်အခြာဋ္ဌာနလည်း ဖြစ်နေခဲ့လေပြီ။ ဝိတိုရိယ ဘုရင်မကြီး လက်ထက်တွင် လန်ဒန်မြို့သည် တန်ခိုးအာဏာ တိုးတက်လာ၍ ပိုမိုစည်ပင် ဖွံ့ဖြိုးလာခဲ့၏။ မီးရထားလမ်းများ ဖောက်လုပ်ခဲ့ရာတွင် မီးရထားလမ်းဆုံကြီး ဖြစ်လာသည်သာမက စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ မြို့တော်လည်း ဖြစ်လာခဲ့လေသည်။ မြို့မတပိုက်တွင် ဆင်ခြေဖုံးရပ်ကွက်များ ပေါ်ပေါက်လာ၍ နောင်အခါအဆက်မပြတ်သော မြို့တန်းရှည်သဖွယ် ဖြစ်လာပြီးလျှင် မဟာလန်ဒန်ဟူ၍ဖြစ်ပေါ်လာလေသည်။

**လန်ဒန်ရဲတိုက်ကြီး။** ။လန်ဒန်မြို့အရှေ့ပိုင်း တင်းမြစ်၏မြောက်ဖက်ကမ်း၊ ယခင်မြို့ရိုးဟောင်း၏ အပြင်ဖက်တွင်တည်ရှိ၍ရှေးအခါက ခံတပ်အဖြစ်ဖြင့်၎င်း၊ အကျဉ်းထောင်အဖြစ်ဖြင့်၎င်း၊ ဘုရင်မင်းမြတ်တို့ စံတော်မူရာ နန်းတော်အဖြစ်ဖြင့်၎င်း အသုံးပြုခဲ့ကြသော ကျောက်သား အဆောက်အအုံစု ဖြစ်လေသည်။

ရဲတိုက်ကြီးတည်ရှိသည့်မြေနေရာမှာ ၁၃ ဧက ကျယ်ဝန်းကာ ဘေးပတ်လည်၌ မြင့်မားသော ကျောက်နံရံကြီးတခု



www.burmeseclassic.com



လန်ဒန်ရဲတိုက် မျှော်စင်ဖြူ မြေအောက်ခန်းတွင်းရှိ ရာဇဝတ်သား တို့ကို အဆုံးစီရင်ရာ ပုဆိန်နှင့် စဉ်းနှီးတုံးကြီး

ကာဆီးထား၍ ထိုနံရံကြီး၏ အောက်ခြေ တလျှောက်တွင် ရေအပြည့်နှင့် ကျုံးတခုရှိလေသည်။ ထိုနံရံကြီး၏ အတွင်းဖက်၌ ကျောက်သားအတိဖြင့် ဆောက်လုပ်ထားသော ထုထယ်ကြီးမားလှသည့် အဆောက်အအုံများ ရှိလေသည်။ ရှေးအခါကဆိုလျှင် ထိုရဲတိုက်ကြီးထဲတွင် စစ်တပ် တတပ်လုံးပင် စိတ်ချလက်ချ နေနိုင်ပေလိမ့်မည်။ယခုအခါဗြိတိသျှ အစိုးရက ရဲတိုက်ကြီးကို အခြားကိစ္စများအတွက် အသုံးမချပဲ အများပြည်သူတို့ လာရောက်ကြည့်ရှုနိုင်ရန် ပြတိုက်သဘောပြုလုပ်ထားလေသည်။

လန်ဒန်ရဲတိုက်ကြီးမှာ အင်္ဂလန်ပြည်၏သမိုင်းတွင်အထူးနာမည်ကျော်ခဲ့ပေသည်။ ထင်ရှားသော ပုဂ္ဂိုလ် အများအပြားပင် ထိုရဲတိုက်ကြီးထဲ၌ ထောင်သွင်းအကျဉ်းချထားခြင်း ခံခဲ့ကြရဘူးလေသည်။ ယင်းသည့် ပုဂ္ဂိုလ်ကြီးများအနက် အချို့မှာ စိန့်တောမတ်မိုး၊ လေဒီဂျိန်းဂရေး၊ ကာက်သရင်း ဟောင်းဝပ်၊ ဆာ ရော့ဂျာ ကေ့စမင့် စသည့် ပုဂ္ဂိုလ်ကျော်ကြီးတို့ ဖြစ်ကြသည်။ ပဥ္စမ အက်ဒွပ်ဘုရင်ကလေးနှင့် သူ၏ညီတော် ယော့မြို့စားတို့သည်လည်း ယင်းရဲတိုက်ကြီးထဲမှာပင် သူတို့၏ဦးရီးတော် တတိယ ရစ်ချတ်ဘုရင်၏ အမိန့်အရ ခေါင်းအုံးဖြင့်ဖိ၍ အသတ်ခံကြရသည်။

ဘုရင်မင်းမြတ်၏ အဖိုးထိုက်တန်သော မင်းမြောက်တန်ဆာ ပစ္စည်းများနှင့် ကျောက်မြက် ရတနာများကိုလည်း ယင်းရဲတိုက်ကြီးထဲမှာပင် အစောင့် အရှောက်နှင့် တကွ လုံခြုံစွာ ထားရှိသည်ဟုဆိုလေသည်။ လန်ဒန်ရဲတိုက်၏အလယ်တွင် မျှော်စင်ဖြူရှိသည်။ ထိုမျှော်စင်ကို ဝီလျံ-သ-ကွန်ကာရား ဘုရင်လက်ထက် ခရစ် ၁၀၇၈ ခုနှစ်က ဆောက်လုပ်ခဲ့သည်။ ရှေးခေတ်က အင်္ဂလန်ပြည် မင်းအဆက်ဆက်တို့သည် ဤ အဆောက်အအုံကြီးထဲတွင် စံနေတော်မူခဲ့ကြသည်ဟု သိရ၏။ ယင်းမျှော်စင်ဖြူကို မတည်ဆောက်မီက ထိုနေရာတွင် ဂျူးလယပ် ဆီဇာသည် ရဲတိုက်တခုကို ဆောက်လုပ်ထားခဲ့ဘူးသည်ဟု ဆိုလေသည်။


**လန်းဆီယာ,ဆာ အက်ဒွင်** (ခရစ် ၁၈၀၂–၁၈၇၃)။ ။ အင်္ဂလိပ် ပန်းချီကျော် ဆာ အက်ဒွင် ဟင်နရီ လန်းဆီယာသည် ခွေးများကို အထူးချစ်ခင်သူ ဖြစ်သည့် အလျောက် ခွေးရုပ်ပန်းချီကားများကို ရေးဆွဲရာ၌ အလွန်လက်မြောက်လေသည်။ လန်းဆီယာ၏ပန်းချီခန်းတွင် ခွေးရုပ်ပုံအမျိုးမျိုးကို တွေ့မြင်နိုင်သည်။ ခွေးကြီးပုံ၊ ခွေးကလေးပုံ၊ ခွေးဆိုးပုံ၊ ခွေးလိမ်မာပုံစသည်တို့မှာ တကယ်ပင် အသက်ရှင်နေသော ခွေးတို့နှင့်မခြား သရုပ်ပေါ်လှပေသည်။ လန်းဆီယာသည် ခွေးများကိုသာမဟုတ်ပဲ အခြား တိရစ္ဆာန်များကိုလည်း ချစ်ခင်သည်။ ယင်းတို့၏ ပုံများကိုလည်း ရေးဆွဲခဲ့လေသည်။

လန်းဆီယာကို ၁၈၀၂ ခုနှစ် မတ်လ ၇ ရက်နေ့တွင် လန်ဒန်မြို့၌ ဖွားမြင်သည်။ သူ၏ဖခင် ဂျွန် လန်းဆီယာကိုယ်တိုင် တံဆိပ်ထုဆရာနှင့် အနုသုခုမပညာအကြောင်း ရေးသူ စာရေးဆရာ ဖြစ်ရာ သူသည် ငယ်စဉ်ကတည်းက ပန်းချီပညာကို ဖခင်ထံတွင် စတင် သင်ယူခဲ့လေသည်။ အသက် ၄ နှစ်အရွယ်တွင် အရုပ်များ အသင့်အတင့် ရေးဆွဲတတ်လာ၍ ရှစ်နှစ်သားအရွယ် ရောက်သော် အလွန်လက်ရာကောင်းလာလေသည်။ ၁၁ နှစ်သားအရွယ်တွင် ရေးဆွဲခဲ့သော ပန်းချီ ကားများအတွက် လန်ဒန်မြို့ အနုပညာအသင်းမှ ငွေနှင့် ပြုလုပ်ထားသော ပန်းချီဆေးစပ်ပျဉ်ချပ်တခုကို ဆုအဖြစ် ချီးမြှင့်ခြင်းခံရလေသည်။ ပန်းချီကား အချို့မှာလည်း တော်ဝင်ပညာ့တံခွန်အသင်း ပြခန်းတွင် ချိပ်ဆွဲပြသခြင်းခံရလေသည်။

၁၈၁၆ ခုနှစ်တွင် တော်ဝင်ပညာ့တံခွန်အသင်းကျောင်းတွင် ဝင်ရောက် ပန်းချီပညာ သင်ကြားရ၏။ လန်းဆီယာသည် လက်နှစ်ဖက်စလုံးဖြင့် ပန်းချီရေးဆွဲနိုင်၏။ လကျ်ာလက်ဖြင့် သမင်ခေါင်းပုံကိုရေးဆွဲနေစဉ် လက်ဝဲလက်ဖြင့် မြင်းခေါင်းပုံကို တချိန်တည်း ရေးဆွဲနိုင်သည်ဟု ဆိုလေသည်။ လန်းဆီယာသည် ပန်းချီသင်တန်း တက်နေစဉ်

www.burmeseclassic.com





တိရစ္ဆာန်ကောင် အမျိုးမျိုး၏ပုံများကို ရေးဆွဲရာတွင် ထင်ရှားသည့် ပန်းချီဆရာ ဆာ အက်ဒွင် လန်းဆီယာ

တခါတရံ အတန်းမှ ထွက်ခွာခဲ့ပြီးလျှင် တိရစ္ဆာန်ရုံသို့ သွားရောက်ကာ တိရစ္ဆာန်ကောင်အမျိုးမျိုး၏ပုံကို သက်ရှိပုံစံများကိုကြည့်၍ ရေးဆွဲလေ့ရှိ၏။ လန်းဆီယာ ပဌမဦးဆုံး ရေးဆွဲခဲ့သော စိန်ဗားနပ် ခွေးရုပ်ပုံကို သူ၏အစ်ကို တောမတ် လန်းဆီယာက ပုံထွင်း၍ လူအများအတွက် ပုံတူကူးကာ ထုတ်ဝေခဲ့လေ၏။ လန်းဆီယာ၏ လက်ရာ အကောင်းဆုံး ခွေးရုပ်ပုံမှာ "ဂုဏ်ကျက်သရေနှင့် မထီလေးစားခြင်း" ဟု ခေါင်းစဉ်တပ်ထားသော ခွေးနှစ်ကောင်၏ ရုပ်ပုံဖြစ်လေသည်။ လန်းဆီယာသည် ငယ်စဉ်ကပင် တော်ဝင်ပညာ့တံခွန်အသင်းဝင်တဦးဖြစ်ခဲ့၍ ၁၈၆၅ ခုနှစ်၌ ဥက္ကဋ္ဌရာထူးကိုပင် အပ်နှင်းခြင်းခံရလေသည်။ သို့သော် မယူပဲ ငြင်းပယ်ခဲ့၏။ လန်းဆီယာသည် ခွေးရုပ်များသာမဟုတ်ပဲ ဒရယ်ရုပ်များ၊ ခြင်္သေ့ရုပ်များနှင့် ကျော်စော ထင်ရှားသောပုဂ္ဂိုလ်များ၏ ရုပ်ပုံများကိုလည်း ရေးဆွဲခဲ့လေသည်။ သူသည် ပန်းချီကားပေါင်း ရာထောင်များစွာ ရေးဆွဲခဲ့၏။ သူရေးဆွဲခဲ့သော ပန်းချီကားများကို ရောင်းချရာတွင် အဖိုးသားနားအမြောက်အမြား ရရှိခဲ့လေသည်။ အထူးသဖြင့် သူရေးဆွဲခဲ့သော တိရစ္ဆာန်ပုံများအတွက် သူသည် ထင်ရှားကျော်ကြားလာသည့်ပြင် ကြွယ်ဝချမ်းသာလာလေသည်။

၁၈၅၀ ပြည့်နှစ်တွင် ဆာဘွဲ့ ချီးမြှင့် သူကောင်းပြုခြင်း ခံရသည်။

လန်ဒန်မြို့ ထရာဖဲလဂါးစကွဲယားရှိ နယ်လဆင်ကျောက်တိုင်ခြေရင်း၌ တွေ့မြင်ရသော ခြင်္သေ့ရုပ် လေးရုပ်မှာလည်း လန်းဆီယာ၏ လက်ရာများပင်ဖြစ်ပေသည်။ လန်းဆီယာသည် ၁၈၇၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကွယ်လွန်ရာ စိန်ပေါ ဘုရားရှိခိုးကျောင်း၌ သူ၏ရုပ်ကလာပ်ကို မြှုပ်နှံထားလေသည်။

**လန်းဒေါ်, ဒဗျူ၊အက်(စ)** (ခရစ် ၁၇၇၅–၁၈၆၄)။ ။ အင်္ဂလိပ်စာဆို ဝေါလတာ ဆဲဗိတ် လန်းဒေါ်သည် စာရေးဆရာများတွင် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသူ ဖြစ်သည်။ မိဖများကိုယ်တိုင် ဥစ္စာပစ္စည်း ကုံလုံသူများ ဖြစ်ကြသည့်အလျောက် လန်းဒေါ်သည် မာနထောင်လွှားသူ တဦးလည်း ဖြစ်လေသည်။ ၁၇၇၅ ခုနှစ် ဇန္နဝါရီလ ၃၀ ရက်နေ့တွင် ဝါဝစ်ရှိုင်ယာနယ်၌ ဝေါလတာ လန်းဒေါ်နှင့် အယ်လဇဗက် ဆဲဗိတ်တို့မှ ဖွားမြင်သော သားအကြီးဆုံး ဖြစ်သည်။ လန်းဒေါ်သည် ငယ်စဉ်က ရပ်ဗီကျောင်းတွင် ပညာသင်ကြားခဲ့သည်။ သို့သော် ကျောင်းမှထုတ်ပယ်ခြင်း ခံရသဖြင့် မစ္စတာ လန်ဂလေးထံတွင် အလွတ်ပညာ သင်ကြားခဲ့ရလေသည်။ ၁၇၉၃ ခုနှစ်တွင် အောက်စဖို့တက္ကသိုလ် ထရင်နီတီကောလိပ်ကျောင်းတွင် ပညာ ဆက်လက်သင်ခဲ့၏။ ကောလိပ်ကျောင်း၌ ရှိစဉ် နိုင်ငံရေး အယူဝါဒစွဲကြောင့် လန်းဒေါ်သည် ကျောင်းမှထွက်ရပြန်လေသည်။ ကျောင်းမှ ထွက်လာသော်လည်း မည်သည့်အလုပ်ကိုမျှ ဝင်ရောက်လုပ်ကိုင်ခြင်းမရှိချေ။ ဖခင်ထံမှရသော ထောက်ပံ့ကြေးကိုသာ သုံးစွဲလျက်နေခဲ့၏။ သို့သော် လန်းဒေါ်သည် ပညာပါရမီ ရင့်သန်သူတယောက် ဖြစ်သဖြင့် စာပေဖက်၌ ထူးချွန်ခဲ့လေသည်။ စာရေးဆရာ ဖြစ်လာသည့် အခါ၌ပင် အခြား စင်ပြိုင် စာရေးဆရာများကို ကဲ့ရဲ့ရှုတ်ချတတ်လေသည်။ သို့သော် ရောဗတ် ဆောက်သီ ကဲ့သို့သော စာရေးဆရာများနှင့်မူကား အလွန်ရင်းနှီးစွာ ဆက်ဆံပေါင်းသင်းခဲ့၏။ (ဆောက်သီ,ရောဗတ် — လည်းရှု။)

၁၇၉၅ ခုနှစ်တွင် လန်းဒေါ်သည် "ဝေါလတာ ဆဲဗိတ် လန်းဒေါ်၏ ကဗျာများ" ဟူသောအမည်ဖြင့် သုံးအုပ်တွဲ စာစောင်ကို ရေးသား ထုတ်ဝေခဲ့လေသည်။ ၁၇၉၈ ခုနှစ်တွင် သူ၏အကောင်းဆုံးလက်ရာ ဖြစ်သော "ဂီဗျာ" ခေါ် စာအုပ်ကို ထုတ်ခဲ့ပြန်၏။ လန်းဒေါ်ရေးသားခဲ့သော စာအုပ်များကို စာပေလိုက်စားသူများနှင့် စာပေဖက်၌ ဝါသနာပါသူတို့သာ ယခုအခါ ဖတ်ရှုကြသည်။ သာမန် အရပ်သားတို့သည် လန်းဒေါ်ရေးသားခဲ့သော စာပေ၌ စိတ်ဝင်စားခြင်း မရှိကြချေ။

လန်းဒေါ်ကိုယ်တိုင်ကလည်း ပြည်သူအများ ဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ရေးခဲ့ခြင်းမဟုတ်သဖြင့် ထင်ရှားသော




www.burmeseclassic.com

စာရေးဆရာတယောက် မဖြစ်ခဲ့ချေ။ လန်းဒေါ်ပြုစုခဲ့သော 'စိတ်ကူးနှင့် စကားပြောပုံများ'မှာ ယင်း၏ ထင်ရှားသော လက်ရာ ဖြစ်ပေသည်။ ၁၈၂၄ ခုနှစ်တွင် ထိုစာအုပ်ပဌမတွဲ ထွက်သည်။ လက်တင်ဘာသာဖြင့် စာအုပ်များကိုလည်း ရေးသားခဲ့သေး၏။ လန်းဒေါ်သည် စိတ်လိုက်မာန်ပါ မည်သည့်အရာကိုမဆို ပြုလုပ်လေ့ရှိ၏။ ၁၈၀၈ ခုနှစ်တွင် လန်းဒေါ်သည် မိမိကိုယ်တိုင် ကုန်ကျစရိတ်ကို တာဝန်ယူ၍ စစ်တပ် တတပ်ဖွဲ့စည်းကာ နပိုလီယန်နှင့် တိုက်ခိုက်ရန် စပိန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ဘူးလေသည်။ ၁၈၆၄ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့၌ ဖလော်ရင့်မြို့တွင် လန်းဒေါ် ကွယ်လွန်လေသည်။

**လပ်ဇင်ဗူး နိုင်ငံ။** ။စစ်ကြီးမဖြစ်မီအချိန်က ကမ္ဘာပေါ်တွင် အအေးချမ်းအသာယာဆုံးသော တိုင်းပြည်၏အမည်ကိုမေးလျှင် လပ်ဇင်ဗူး (လပ်ဇင်ဗတ်)နိုင်ငံကလေးကို ညွှန်ပြရပေမည်။ မြောက်ဖက်၊ အရှေ့ဖက်နှင့် အရှေ့တောင်ဖက်တို့တွင် အနောက်ဂျာမနီနိုင်ငံ၊ အနောက်ဖက်တွင် ဗဲလဂျီယမ်နိုင်ငံ၊ တောင်ဖက်တွင် ပြင်သစ်နိုင်ငံ စသော လက်နက်နိုင်ငံကြီးများ ဝိုင်းရံလျက်ရှိသော်လည်း တခါကမူ အလွန်အေးချမ်းသာယာသော နိုင်ငံငယ်တခု ဖြစ်ခဲ့၏။

လပ်ဇင်ဗူးသည် သာယာ လှပသော တိုင်းပြည်ကလေး တပြည်ဖြစ်၍ အကျယ်အဝန်းမှာ ၉၉၉ စတုရန်းမိုင်ဖြစ်၏။ မြေမျက်နှာပြင်မှာ မညီမညာပဲ၊ သစ်တောများ ဖုံးလျက်ရှိသော ကုန်းမြင့်များ ဖြစ်၏။ မြောက်ပိုင်း၌ မြင့်မားသော တောင်များရှိပြီးလျှင် တောင်ပိုင်း၌ မြေဩဇာကောင်းမွန်သော ဒေသများရှိလေသည်။ ဂျုံ၊ မြင်းစားဂျုံ၊ အာလူးနှင့် စပျစ်ပင်များ စိုက်ပျိုးကြ၏။ သံကိုတူးဖော်၍ အရည်ကျိုသည့်လုပ်ငန်းနှင့် အရက်ချက်သော လုပ်ငန်းများလည်း ရှိ၏။ လပ်ဇင်ဗူးနိုင်ငံ၏ လူဦးရေမှာ ၃၃၆,၀၀၀ (၁၉၆၈) ဖြစ်၏။ ဗရင်ဂျီဂိုဏ်းဝင် များပြားသည်။ နိုင်ငံ၏အဓိပတိမှာ နတ်ဆောမြို့စားရိုးမှ မြို့စားကြီး၊ သို့မဟုတ် မြို့စားမကြီး ဖြစ်၍ အုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့မှာ ယင်းကခန့်ထား၍ ဝန်ကြီးချုပ် ဦးဆောင်သည့် ကက်ဗီနက် အစိုးရအဖွဲ့ဖြစ်သည်။ ထိုအပြင် နိုင်ငံတော်ကောင်စီ ဟူသည့် အကြံပေးအဖွဲ့လည်း ရှိသေးသည်။ ဥပဒေပြုအဖွဲ့ ဖြစ်သော ပြည်သူ့လွှတ်တော်တွင် အသက် ၂၁ နှစ်ပြည့်ပြီး နိုင်ငံသူ နိုင်ငံသားများက ရွေးကောက် တင်မြှောက်ထားသည့် ကိုယ်စားလှယ်တော် ၅၆ ဦးပါဝင်သည်။ ပြည်တွင်းရှိ မီးရထားလမ်းများမှာ မိုင် ၃၀၀ ကျော်သာ ရှည်လျား၏။

လပ်ဇင်ဗူးနိုင်ငံသည် ယခုအခါ ဂျာမနီနှင့် ပြင်သစ်နိုင်ငံကို ခြားထားသော တိုင်းကျပ် ပြည်ကျပ်ကလေး တခုမျှသာ ဖြစ်သော်လည်း ၁၃၄၇ ခုနှစ်မှ ၁၄၃၇ ခုနှစ်အထိ စိုးစံခဲ့သော လပ်ဇင်ဗူးမင်းများမှာဗိုဟီးမီးယားဘုရင်များဖြစ်ကြ၍ ရောမသာသနာစောင့် နိုင်ငံတော်ကြီးကိုလည်း ထိုသူတို့




လပ်ဇင်ဗူးနိုင်ငံ တည်နေရာပြ မြေပုံ

www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးခဲ့ရလေသည်။ ၁၅ ရာစုနှစ်မှစ၍ လပ်ဇင်ဗူး နိုင်ငံကို ဗာဂန်ဒီ၊ ဩစတြီးယား၊ ပြင်သစ်နှင့် ဒပ်ချတို့က အုပ်စိုးခဲ့ကြ၍ ၁၈၆၇ ခုနှစ်တွင် လွတ်လပ်သော ပြည်အဖြစ်ဖြင့် ကျေညာလိုက်သော်လည်း ပဌမကမ္ဘာစစ် ဖြစ်သည်အထိ လပ်ဇင်ဗူးနိုင်ငံမှာ ဂျာမန်အကောက်တော် သမဂ္ဂ၌ ပါဝင်နေခဲ့ရ၏။ ပဌမ ကမ္ဘာစစ် ဖြစ်ပွားသောအခါ ဂျာမနီ၏ သိမ်းပိုက်ခြင်းကို ခံရပြီးနောက် ၁၉၁၈ ခုနှစ်တွင် ဂျာမနီလက်အောက်မှ လွတ်မြောက်ပြီးလျှင် ဗာဆေးစာချုပ်အရ လပ်ဇင်ဗူး နိုင်ငံ၏ လွတ်လပ်ရေးမှာ ပိုမိုခိုင်မြဲ သွားလေသည်။ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းတွင် ဂျာမန်တို့က ထပ်မံ သိမ်းယူခဲ့ပြန်ရာ စစ်ကြီးပြီးမှ လွတ်မြောက်သွား၏။

တိုင်းပြည်၏အဓိကဖြစ်သော စက်မှုလက်မှုလုပ်ငန်းများမှာ သိုးမွေးထည်၊ လက်အိတ်၊ စက္ကူ၊ အိုးခွက်၊ သားရေ၊ သကြား၊ အရက်ပျံ စသည် ထုတ်လုပ်သည့် လုပ်ငန်းများ ဖြစ်ကြ၏။

မြို့တော်မှာ လပ်ဇင်ဗူး(လပ်ဇင်ဗတ်)မြို့ဖြစ်၍ လူဦးရေ ၇၇,၇၂၁ ယောက် ရှိပြီးလျှင် ဥရောပတိုက်တွင် အလှပဆုံးသော မြို့တမြို့ဖြစ်၏။ မြို့မှာ နှစ်ထပ်ဆောက်ထားဘိသကဲ့သို့ အဆင့် နှစ်ဆင့်ရှိရာ ပဌမအထပ်ကို ပေ ၂၀၀ မြင့်သည့် တောင်စွန်းပေါ်၌ တည်ထား၍ အောက် ဒုတိယအဆင့်သို့ လှေကားထစ်များ၊ ဝင်္ကပါလမ်းများ၊ တန်တားကြီးများဖြင့် ဆက်သွယ်ထားလေသည်။

# သံချပ်ကာတန်ဆာဝတ် ရေနေ ကုန်းနေ သတ္တဝါ

**ခန္ဓာကိုယ် တခုလုံး မာကျောသော အရိုးခွံဖြင့် ဖုံးအုပ်နေသဖြင့် ပုံပန်း သဏ္ဌာန်ရော အနေအထိုင် အသွားအလာပါ ထူးဆန်းသော သတ္တဝါမျိုးဖြစ်သည်။ အချို့သည် ကုန်းပေါ်၌ နေကြ၍ အချို့သည် ရေထဲ၌သာ နေကြသည်။ မြန်မာဘုရင်များ လက်ထက်က လိပ်တိုက်ပွဲဟူ၍ အပျော်အပါး ကျင်းပခဲ့ဘူးလေသည်။ လိပ်များမှာ ထုံထိုင်းသောသတ္တဝါများဖြစ်သည်ဟု ထင်မှတ်ရသော်လည်း မျက်စိ၊ နား အလွန်အကင်းပါးသော သတ္တဝါများဖြစ်သည်။**

**လိပ်။** ။လိပ်ကိုအကြမ်းအားဖြင့် ကုန်းလိပ်၊ပင်လယ်လိပ်ဟူ၍ နှစ်မျိုးခွဲခြားထား၏။ ကုန်းလိပ်သည် ကုန်းကိုခင်မင်သကဲ့သို့ ပင်လယ်လိပ်သည်လည်း ပင်လယ်ကို ခင်မင်သည်။ လိပ်ကို ကမ္ဘာတဝှန်းလုံး၌ တွေ့ရ၏။ ကမ္ဘာဟောင်းတွင် ကမ္ဘာသစ်မှာထက် လိပ်မျိုးစုံ ပေါများသည်။ ကုန်းလိပ်များသည် ပင်လယ်လိပ်များကဲ့သို့ ခရီးများစွာ မသွားကြချေ။ အချို့ကုန်းလိပ်မျိုးသည် တနေရာတည်းသို့ နှစ်စဉ်နှစ်တိုင်း ပြန်၍လာတတ်သည်ကို တွေ့ရ၏။ သို့သော် ပင်လယ်လိပ်များကား တနေ့လျှင် မိုင်ပေါင်းများစွာ ခရီးသွားကြလေသည်။ အမျိုးပေါင်းများစွာကို ဥရောပတိုက်၊ အာရှတိုက် တောင်ပိုင်းနှင့် အာဖရိကတိုက်တဝှန်းလုံးတွင် တွေ့ရ၏။ သူတို့၏အသွားအလာ၊ အနေအထိုင်နှင့် သူတို့၏ ဘဝမှာ လွန်စွာ ပျင်းရိငြီးငွေ့ဖွယ် ကောင်းပေသည်။

လိပ်တကောင်လုံးသည် မာကျော၍ ဦးချိုကဲ့သို့ထူသော အရိုးခွံဖြင့် ဖုံးအုပ်လျက် ရှိသည်။ ထို အရိုးခွံကြီးသည် သံချပ်ကာ ကားသဖွယ် ရန်သူဘေးမှ ကာကွယ် ပေးသည်။ အခွံမှာ တိရစ္ဆာန်၏ ဦးချိုသဖွယ် မာကျော၍ အတွင်းမှ အသားနှင့် ဆက်စပ်လျက် ရှိနေရကား အကောင်သည် အခွံတွင်းမှ သက်သက်ထွက်၍ မလာနိုင်ချေ။ လိပ်၏ကျောရိုးမှာ အိမ်၏ဝန်ကို ထမ်းထားသော ခေါင်မကြီးကဲ့သို့၎င်း၊ နံရိုးများမှာ ထုတ် လျောက် ဒိုင်း မြား များကဲ့သို့၎င်း၊ အပေါ်ခွံနှင့် ကပ်နေသည့် အရိုးချပ်များမှာ အိမ်မိုးကို ခံထားသည့် မြားတန်းများသဖွယ်၎င်း ရှိရာ အိမ်ကို မပျက်စေပဲ အမိုးကိုသက်သက်ခွာထုတ်၍ မရသကဲ့သို့ပင်ရှိသည်။

လိပ်၏ အောက်ပိုင်း၌ အခွံသည် ရင်ပတ်ရိုးနှင့် ပူးတွဲဆက်စပ်လျက်ရှိ၏။ ကုန်းလိပ်များ၌ အပေါ်ခွံနှင့် အောက်ခွံ ဆက်စပ်ရာတွင် ရှေ့ နောက် အပေါက် နှစ်ပေါက်ရှိရာ ရှေ့ အပေါက်မှာ ဦးခေါင်းနှင့် လက်များ ဝင်ရန် ဖြစ်၍ နောက်အပေါက်မှာ အမြီးနှင့် ခြေထောက်ဝင်ရန်ဖြစ်သည်။

လိပ်သည် အခွံတွင်းသို့ ဦးခေါင်း၊ အမြီးနှင့်ခြေလက်တို့ သွင်းမိသောအခါ သံချပ်ကာ ကားအတွင်းသို့ ရောက်နေသူသည် ရန်သူကို အမှုမထားသကဲ့သို့ပင် ရှိချေသည်။ ဦးခေါင်းနှင့် ခြေလက်များ၌လည်း ဦးချိုနှင့်တူသည့် အလွန်မာကျောသော အကြေးများဖြင့် ဖုံးအုပ်နေပြီးလျှင် ကျားလက်သည်း၊ စွန်လက်သည်းများကဲ့သို့ သန်မာသော လက်သည်းများလည်း ရှိလေသည်။

အခွံမှာ အမျိုးကိုလိုက်၍ ပုံအမျိုးမျိုး အကွက် အမျိုးမျိုး ရှိပြီးလျှင်၊ များသောအားဖြင့် ခုံးဝိုင်းခြမ်း သဏ္ဌာန် ရှိ၏။ အရောင်မှာ ညိုမွဲသောအရောင် ဖြစ်သည်။

လိပ်သည် မြေပေါ်တွင် တွားသွားကောင် မျိုးစဉ်တွင် ပါဝင်၍ မြွေ၊ အိမ်မြှောင် အစရှိသော တွားသွားတိရစ္ဆာန်တို့နှင့် မျိုးစဉ်တခုတည်းဖြစ်၏။ ကုန်းလိပ်၊ ပင်လယ်လိပ်ဟူ၍ မျိုးစဉ်နှစ်ခု ခွဲခြားထားသည့်အနက်၊ ကုန်းမြေပြင်နှင့် ရေချိုများတွင် တွေ့ရသည့် လိပ်မျိုးများကို ကုန်းလိပ်ဟု အမည်ပေးထားပြီးလျှင်၊ ပင်လယ်၌ တွေ့ရသော လိပ်မျိုးများကို ပင်လယ်လိပ်ဟု အမည်ပေးထားသည်။


ကုန်းလိပ်မျိုးစဉ်အစစ်များမှာ ခြောက်သွေ့သော မြေပေါ်၌၎င်း၊ သဲစပ်သောင်ပြင်နှင့် သဲကန္တာရ အနှံ့အပြား



www.burmeseclassic.com

www.burmeseclassic.com





တွားသွားကောင်မျိုးစဉ်တွင် ပါဝင်သော လိပ်မျိုး

တို့၌ဂုင်း ကျစ်စာတွင်းကလေးများ တူးယက်ကာ နေကြ၏။ သူတို့သည် နေ့အချိန်တွင် ထို တွင်းကလေးများ၌ အောင်းကာ ညဥ့်အချိန်များ၌ တရွေ့ရွေ့ အစာရှာ ထွက်တတ်သည်။ သူတို့စားသော အစာမှာလည်း ဆူးရှိသော ရှားစောင်းပင်များ၊ မြက်ခြောက်များ၊ နွယ်ပင်ကလေး များ ဖြစ်၏။

ရေချို၌နေသည့် လိပ်များမှာမူ တွေ့မြင်ရာ အကောင် ကလေးများကို စားသောက်တတ်၍ ထိုအစာများမှာ ခရု၊ ဖားလောင်း၊ဖား၊ငါးကလေးများနှင့် ဗုဇွန်များ ဖြစ်သည်။ ဟင်းသီး ဟင်းရွက်သာ စားသော လိပ်များလည်း ရှိ သေးသည်။

ထိုရေချိုလိပ်မျိုးမှာ ကုန်းတွင် ပျော်မွေ့ကြ၍ ကုန်း လိပ်ပင် ဆိုရလင့်ကစား နွံအိုင်များ၊ ပွက်များ၊ ရေစပ်စပ် ရှိသော နေရာများ၌သာ တွေ့ရ၍ ရေမရှိသည့် ခြောက်သွေ့ သောနေရာများတွင် မည်သည့်အခါမျှ မတွေ့ရချေ။ သူတို့ ၏ နောက်ခြေများ၌ ရေကူးနိုင်ရန် ဘဲခြေထောက်မှာကဲ့သို့ ခြေချောင်း အကြားတွင် ဆက်စပ်နေသည့် အရေပြားမျိုး ရှိသည်။

## ကုန်းလိပ်ကြီးများ

ကုန်းလိပ်ကြီးများသည် မြေပေါ်တွင်တွားသွားကောင် များအနက် အလွန်ပင်ရှေးကျသော သတ္တဝါများဖြစ်သည်။ ယခုခေတ်တွင် တိမ်ကောသွားပြီဖြစ်သော ပေ ၈၀ ခန့်ရှည် သည့် ကျောက်ဖြစ်ရုပ်ကြွင်းကိုသာ တွေ့ရသော ဒိုင်နိုဆော ခေါ် တွားသွားကောင်ကြီးများထက်ပင် ရှေးကျသေးသည် ဟု ဆိုလေသည်။ (ကမ္ဘာဦးတိရစ္ဆာန်များ — လည်းရှု။)

ထင်ရှားသော "လိပ်ဘီလူး" များဟု ခေါ်လောက်သည့် ကုန်းလိပ်ကြီးမျိုးများကို ပစိဖိတ် သမုဒ္ဒရာ တောင်ပိုင်း တောင်အမေရိကတိုက် အနောက်ဖက်ကမ်းခြေနှင့် မိုင် ၅၀ ကွာခန့်၌ရှိသည့် ဂလားပါးဂိုး ကျွန်းစု၌ တကြိမ်က အမျိုး ပေါင်း အတော်များများ တွေ့ရှိခဲ့သော်လည်း ယခုအခါ မတွေ့ရတော့ချေ။ အခြားအလားတူ အကောင်ကြီးများ ကို အိန္ဒိယသမုဒ္ဒရာအတွင်းရှိ အချို့ကျွန်းများပေါ်၌ တွေ့ ရသည်။ အချို့မှာ ပေါင် ၅၀၀ ခန့်ပင် အချိန်စီး၍ အခွံ များပင် လေးငါးပေခန့် အလျားရှိလေသည်။

သို့သော် အကြီးဆုံး တွေ့ရသော လိပ်ဘီလူးကြီး တ ကောင်၏ အခွံစုကို ၁၉၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ မြောက် ပိုင်းမှ ကံအားလျော်စွာ တူးဖော်ရရှိလေသည်။ အခွံစုမှာ ကြေမွနေပြီဖြစ်၍ ရှားပါးသော ရှေးဟောင်း ပစ္စည်းတခု အနေဖြင့် အဖိုးထိုက်တန်လှသောကြောင့် သိပ္ပံပညာရှင် များသည် နဂိုပကတိအတိုင်း ဖြစ်စေရန် နှစ်နှစ်တိုင်တိုင် ကြိုးစား ဆက်စပ် ယူရ၏။ ပြီးစီးသောအခါ လိပ်ကြီးကို နဂို မြင်နေရသည့် ပုံအတိုင်း ရရှိ၍ အခွံကြီး၏အရှည်မှာ ရှေ့အဖျားစွန်းမှ နောက်အဖျားစွန်းအထိ ခုနစ်ပေ ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှိလေသည်။ ထိုသတ္တဝါကြီးမှာလူအများတွေ့ရသော ကုန်းလိပ်များထဲတွင် အကြီးဆုံးသော သတ္တဝါကြီး ဖြစ်လေသည်။

လိပ်များမှာ အလွန်အသက်ရှည်၍ နှစ်ပေါင်း ၂၀၀ ကျော် ၃၀၀ မျှပင် နေရသည်ဟု ဆိုသည်။

### ပင်လယ်လိပ်များ

ကုန်းလိပ်များမှာ "လိပ်ကဲ့သို့နှေးသည်" ဟု စကားပုံဖွဲ့လောက်အောင် နှေးကွေးသော်လည်း ပင်လယ်လိပ်များမှာမူ ရေကူးအလွန်ကျင်လျင်ကြ၍ ကမ်းမှအလွန်ဝေးသော နေရာများ၌ပင် တွေ့ရသည်။ သူတို့၌ လမ်းလျှောက်သည့် ခြေများအစား ခတ်တက်သဖွယ် အသုံးပြုသည့် ရေယက်ပါရှိ၍ ရေတွင် ကောင်းစွာကူးခတ်သွားလာနိုင်၏။ ကျွန်းများ၌ဖြစ်စေ၊ သဲသောင်များ၌ဖြစ်စေ၊ ကမ်းစပ်၌ဖြစ်စေ ဥများကို အုလိုသောအခါမှ ပြန်၍ လာတတ် ကြသည်။ ပင်လယ်လိပ်ဆိုသည့်အတိုင်း ရေ၌သာပျော်မွေ့၍ ရေ၌သာ နေ၏။ အစာလည်း ရှာ၏။ အိပ်လည်း အိပ်၏။ တခါတရံ ကမ်းခြေမှ မိုင်တရာ၊ နှစ်ရာမျှဝေးသည့် ပင်လယ်ပြင်၌ တွေ့ရ၏။

ကုန်းလိပ်များသည် များသောအားဖြင့် အလွန်သဘောကောင်းသော သတ္တဝါများဖြစ်ကြ၍ မြေထဲ သဲထဲတွင် ကျစ်စာများ ယက်ထုတ်ရသည့် ကျင်းကလေးများကို တူးသည်မှတပါး၊ အိပ်ခြင်း၊ စားခြင်း၊ အလဟဿ နေခြင်းဖြင့်သာ အချိန်ကုန်စေသည့် အကောင်မျိုးဖြစ်၏။ ပိုးကောင် မွှားကောင်များကို ဟပ်မျိုသည်မှတပါး မည်သူ့ကိုမျှလည်း ရန်မမူတတ်ချေ။ သို့သော် အပြိုင်အဆိုင် အထီးနှစ်ကောင် တွေ့ဆုံမိကြသောအခါ တကောင်နှင့်တကောင် ကြောက်မက်ဖွယ်ကောင်းအောင် တိုက်ခိုက် သတ်ပုတ် တတ်လေသည်။ လိပ်ခွံခြင်း ပြင်းထန်စွာ ရိုက်ခတ်ပြီးနောက် ဦးခေါင်းများကို ရှည်နိုင်သမျှ ဆန့်ထုတ်ကာ အသားပျော့ရှိရာ လည်တံ၌ရင်း၊ လက်ရင်း၌ရင်း တကောင်နှင့်တကောင် အကျိတ်အနယ် ကိုက်ခဲကြသည်။ ဤသို့ဖြင့် အပြင်းအထန်ဒဏ်ရာရကြသောအခါ စစ်ပွဲပြီး၍ မိမိတို့အလိုရှိရာလမ်းကို ဆက်လက်သွားကြ၏။

အပျော်အပါးကြိုက်သော ရှေးမြန်မာ ဘုရင်များသည် ကျဉ်းမြောင်းသော ရေမြောင်းကလေးများထဲတွင် လိပ်များကို ရင်ဆိုင်ချကာ လိပ်တိုက်ပွဲများကို ရံဖန်ရံခါ ကျင်းပခဲ့ဘူးလေသည်။

လိပ်များ၏ ထူးဆန်းသော အလေ့အကျင့်တခုမှာ နွေရောညဥ့်ပါ မလှုပ်မရှက် အိပ်စက်နေရုံနှင့် တင်းတိမ်အားရခြင်း မရှိသေးပဲ၊ တနှစ်လျှင်တကြိမ်ကျ အနားယူအိပ်စက်တတ်ကြသေးခြင်း ဖြစ်သည်။ အပူပိုင်းဒေသများ၌ အပူဆုံးလများကို ရွေးချယ်၍ရင်း၊ သမပိုင်းဒေသများ၌ ချမ်းအေးစပြုလာသော အချိန်မှ စ၍ရင်း မြေထဲတွင် လက်ယက်တွင်းများ တူးကာ ငါးလ ခြောက်လခန့် မည်သည့် အစာအာဟာရကိုမျှ မစားသောက်ပဲ မလှုပ်မရှက် အနားယူအိပ်တတ်ကြသည်။

လိပ်များ၌ သွားမရှိချေ။ သို့သော် သူတို့၏နှုတ်သီးနှင့် တူသော ပါးစပ်တွင် ကိုက်ဖြတ်ရန် ထက်မြက်သော အစွန်းများရှိ၍ ထိုအစွန်းများဖြင့် အစားအစာများကို လွယ်ကူစွာ ဖြတ်တောက် စားသောက်သည်။ သို့သော် ဝါးရာတွင် အလွန် အားစိုက်ရသည့် ဟန်ဖြင့် မြဲအောင် နင်းထားပြီးနောက်၊ စားပိုးနင့်၍ နေဘိသကဲ့သို့ လည်မျိုကို အထက်သို့ မြှောက်ချည်တခါ အောက်သို့ နှိမ့်ချည်တလှည့် မျိုဟပ်၍ ချတတ်လေသည်။

ရန်သူနှင့်တွေ့လျှင် လိပ်သည် အခွံတွင်းသို့ ဦးခေါင်းနှင့် ခြေလက်များကို သွင်းလိုက်ခြင်းဖြင့် ဘေးကင်း၍ သွား၏။ ထိုအခါ သာမန် အသားစား တောတိရစ္ဆာန်တို့သည် မာကျောသော အခွံကြီးမှတပါး ကိုက်ဖဲ့ရန် နေရာ ရှာမတွေ့သည်နှင့် စိတ်ပျက်ကာ ထွက်ခွာ သွားတတ်ကြသည်။ သို့သော် ကျားသစ်များ၊ တောကြောင်ကြီးများမှာမူ လိပ်ကို ပက်လက်လန်အောင် ပြုလုပ်ပြီးနောက် ဦးခေါင်းနှင့် အမြီးဝင်ရာအပေါက်များကို စမ်းသပ်ရှာဖွေပြီးလျှင် ထိုအပေါက်တွင်းသို့ လက်သည်းရှည်ကြီးများဖြင့် နှိုက်ကာ ကော်ခြစ်ထုတ်ယူတတ်သည်။

လိပ်များမှာ ထုံထိုင်းသော သတ္တဝါများ ဖြစ်သည်ဟု ထင်မှတ်ရသော်လည်း မျက်စိ၊ နား အလွန်အကင်းပါးသော သတ္တဝါများဖြစ်သည်။ တီးသံ မှုတ်သံကို နှစ်ခြိုက်ကြ၏။

ဆွစ်ဇာလန်နိုင်ငံရှိ ဥယျာဉ်တခု၌ ဆရာဝန် တဦးသည် ဂရိနိုင်ငံမှ ယူလာသော လိပ်များကို မွေးထားရာ ညနေ ဥယျာဉ်ထဲတွင် ဘင်ခရာ တီးမှုတ်သော အချိန်၌ လိပ်များသည် ဘင်တီးသံကြားသည်နှင့် တပြိုင်နက် ဘင်တီးရာ ခြံစည်းရိုးဆီသို့ သူထက်ငါ ဦးအောင် မြန်နိုင်သရွေ့မြန်စွာ လာရောက်ကြပြီးလျှင် လူများ ပွဲကြည့်သကဲ့သို့ လည်တံကြီးများကို ဆန့်တန်းကာ နားထောင်ကြပြီးနောက် ဘင်တီးပြီးသည်နှင့်တပြိုင်နက် မိမိတို့နေရာသို့ ပြန်ကြသည်။ ဤသို့ ယဉ်ပါးသောကြောင့်လည်း လေ့ကျင့်၍ သင်ပြထားလျှင် လူ၏လက်ထဲမှ အစာကိုပင်ယူ၍ စားသောက်တတ်ကြ၏။

ပင်လယ်လိပ်များ၌ အထီးများသည် ရေနှင့် မခွဲခွာပဲ နေကြသော်လည်း လိပ်မများမှာမူ သဲပေါသော ကမ်းစပ်၌ဖြစ်စေ၊ လူသူမရောက်သော ကျွန်းများ၌ဖြစ်စေ ဥများကို အုရန်လာရောက်ကြ၏။ ဤသို့လာသည့်အခါများ၌ လိပ်မသည် အလွန်လသာသောညဥ့်များကိုရွေးချယ်ပြီးလျှင် ရေမှတက်လာသည်နှင့်တပြိုင်နက် အနီးပတ်ဝန်းကျင်သို့ သတိ



www.burmeseclassic.com

www.burmeseclassic.com



အတောင်များသည် လွန်စွာလှပသော ပန်းများနှင့် တူခြင်းကြောင့် အတောင်ရှိပန်းများ
ဟု တင်စား စာဆိုခံရလေ့ရှိသည့် လိပ်ပြာများ

www.burmeseclassic.com

www.burmeseclassic.com



ကြီးစွာဖြင့် ကြည့်ပြီးမှ ရန်သူများထွက်ပြေးစေရန် မြွေကဲ့သို့ ကျယ်လောင်စွာ တွန်မြည်သည်။

ကုန်းသို့ရောက်လျှင် ဒီရေမမှီသော နေရာ၊ ခြောက်သွေ့သော နေရာကို ရွေးချယ်ပြီးသော် ရှေ့လက်ပြားများဖြင့် မြေကို တူးဆွခြင်း၊ နောက်ခြေဖြင့် ကျစ်စာများကို ယက်ထုတ်ခြင်းတို့ဖြင့် တွင်းကို အတန်နက်စွာ တူးပြီးနောက် ဥပေါင်း တရာ၊ တရာကျော်ခန့်ကို အုသည်။ ထိုနောက် မြေကို နေသားတကျ ပြန်၍ ဖုံးထား၏။

နှစ်လခန့်အတွင်း၌ ဥများသည် နေ၏အပူရှိန်ဖြင့် ပေါက်လာရာ ပေါက်စ လိပ်ကလေးများသည် အသိုက် ဖြစ်သော တွင်းမှထွက်ခဲ့၍ သဘာဝအတိုင်း ရေသို့တဖြည်းဖြည်း တွားဆင်းကြသည်။ သို့သော် အချို့မှာ ကုန်းပေါ်တွင်သိမ်းများ၊ ဇင်ယော်များ၊ ကနန်းများ၊ မြွေများ၏ ဘေးရန်ကြောင့် သေကြေကြ၍ ရေတွင် ငါးကြီးများ၊ မိကျောင်းများ ဝါးမျိုစားသောက်သဖြင့် ပျက်စီးကြရသည်။

ကုန်းလိပ်နှင့် ပင်လယ်လိပ်တို့သည် ကိလိုနီယာ မျိုးစဉ်တွင် ပါဝင်လေသည်။ အချို့ပါရဂူများကမူ ကုန်းလိပ်ကို တက်စတူဒိနေတာမျိုးစဉ်၊ ပင်လယ်လိပ်ကို ကဲလိုနီဒ မျိုးစဉ်တို့တွင် ပါဝင်သည်ဟု သတ်မှတ်ကြသည်။ ကုန်းလိပ်သည် ယင်း၏ ဦးခေါင်းကို လုံးဝ လိပ်ခွံအတွင်း သွင်းယူနိုင်သော်လည်း ပင်လယ်လိပ်ကမူ ယင်း၏ ဦးခေါင်းကို တစိတ်တဒေသသာ သွင်းယူနိုင်လေသည်။

# အတောင်ရှိသော ပန်းများ

**ပျံတတ်သော ပိုးကောင်များအနက် လိပ်ပြာနှင့် ပိုးဖလံတို့၏ ဇီဝစက်လည်ပုံသည် အလွန် အံ့သြ စိတ်ဝင်စားဖွယ် ဖြစ်သည်။ ယင်းတို့၏ အံ့သြဖွယ်များကို အောက်တွင် ဖော်ပြထားသည်။**

**လိပ်ပြာ(ပိုးဖလံ)။** ။ပိုးကောင်များတွင် လိပ်ပြာနှင့် ပိုးဖလံများလည်း ပါဝင်၏။ အချို့ ကဗျာ ဆရာများက လိပ်ပြာများကို "အတောင်ရှိပန်းများ"ဟုပင် တင်စား၍ စာဆိုလေ့ရှိကြသည်။ ထိုသို့စာဆိုကြခြင်းမှာ လိပ်ပြာ၏ အတောင်များသည် လွန်စွာလှပသော ပန်းများနှင့် တူခြင်းကြောင့် ဖြစ်သည်။

လိပ်ပြာ၏အတောင်များနှင့် ခန္ဓာကိုယ် အစိတ်အပိုင်း အချို့တွင် မှုန်မှုန်များရှိသည်ကို တွေ့ရပြီးလျှင် ထိုမှုန်မှုန်များကို မိုက္ကရိုစကုပ်ဖြင့် ကြည့်လျှင် အကြေးကလေးများ ဖြစ်နေကြသည်ကို တွေ့ရလေသည်။ ထိုသို့ အကြေးကလေးများ ရှိနေခြင်းကြောင့်လည်း သိပ္ပံ ပညာရှင်များက ယင်းကို 'လက်ပီဒေါ့တာရာ' မျိုးစဉ်တွင် ပါဝင်သည်ဟု သတ်မှတ်ကြခြင်းဖြစ်သည်။ လက်ပီဒေါ့တာရာ ဆိုသည့် စကားလုံး၏ အဓိပ္ပါယ်မှာ အကြေးရှိအတောင်များဖြစ်သည်။

လိပ်ပြာနှင့်ပိုးဖလံကို ခွဲခြားရာတွင် အကောင်းဆုံးနည်းမှာ အာရုံမှင်များ၏ ပုံသဏ္ဍာန်ကို ကြည့်ခြင်း ဖြစ်သည်။ ထိုသို့ ကြည့်လျှင် လိပ်ပြာ၏ အာရုံမှင်များမှာ သေး၍ အဖျားတွင် အဖုကလေး ရှိနေသည်ကို တွေ့ရပေလိမ့်မည်။ ပိုးဖလံ၏ အာရုံမှင် အဖျားတွင်မူ အဖုကလေးကို တွေ့ရမည် မဟုတ်ချေ။ ထို့ပြင် လိပ်ပြာအများအပြားသည် နေ့ခင်းတွင် ပျံသန်းကြ၍ ညဉ့်တွင် အိပ်ကြသည်။ ပိုးဖလံများကမူ လိပ်ပြာများနှင့် ဆန့်ကျင်ကာ ညဉ့်ဖက်တွင် ပျံသန်း ကြ၍ နေ့ဖက်တွင် အိပ်ကြသည်။ တဖန် လိပ်ပြာသည် နားသောအခါ၌ အတောင်များကို ယင်း၏ ကိုယ်ပေါ်တွင် ထောင်၍ထားသည်။ ပိုးဖလံကမူ ယင်း၏အတောင်များကို ဖြန့်ထားလေသည်။ ထို့ပြင် လိပ်ပြာ၏ ခန္ဓာ ကိုယ်သည် သေးသေးသွယ်သွယ် ဖြစ်၍ ပိုးဖလံ၏ခန္ဓာကိုယ်မှာမူ ကြီး၍ ဆူဖြိုးလေသည်။ ထိုမျှမကသေး ပိုးဖလံ အကောင်လောင်းကလေးသည် အတောင်များ မစုံမီတွင် ပိုးအိမ် အတွင်း၌ နေ၍ လိပ်ပြာ အကောင်လောင်း ကလေးကမူ အရေပြား မရှိသော ပိုးတုံးလုံးအဖြစ်ဖြင့်သာ နေလေသည်။

လိပ်ပြာ၏ခန္ဓာကိုယ်တွင် အခြားပိုးကောင်များမှာကဲ့သို့ အဓိကအားဖြင့် အစိတ်အပိုင်း သုံးပိုင်းရှိသည်။ ယင်းတို့မှာ (၁) ဦးခေါင်းပိုင်း၊ (၂) ရင်ပိုင်းနှင့် (၃) နောက်ပိုင်းတို့ ဖြစ်သည်။ ဦးခေါင်းရှေ့ဖက်တွင် အပ်ခြည်မျှင်ကဲ့သို့သော အာရုံမှင် နှစ်ခုရှိသည်။ သေးသွယ်ပြီးလျှင် သန်မာပုံ မရသော ခြေထောက် ခြောက်ချောင်းလည်း ရှိသည်။ ရင်ပိုင်းတွင် အတောင်နှစ်စုံရှိရာ ယင်းတို့တွင် မှုန်မှုန်များနှင့်တူသော အကြေးများရှိသည်။ ထိုအကြေးများကြောင့် လိပ်ပြာ၏ အတောင်ဖျားတွင် အရောင်များ ရှိနေခြင်းဖြစ်သည်။ ရှေ့ဖက်ရှိ အတောင်တစုံသည် ယေဘုယျအားဖြင့် နောက်ဖက်ရှိ အတောင်တစုံထက် ကြီးလေ့ရှိသည်။

လိပ်ပြာ၏ပါးစပ်တွင် ပြွန်ရှည်တချောင်း ပါရှိ၏။ ထိုပြွန်သည် အသုံးမပြုသောအခါ၌ နာရီသံပတ်ကဲ့သို့ ခွေလျက်ရှိ၏။ အသုံးပြုလိုသောအခါတွင်မူ ပန်းများ၏ အတွင်းဖက်ရှိ ဝတ်ရည်အိတ်များ အတွင်းသို့ပင် ထိုးသွင်းနိုင်လေသည်။ ထိုနည်းဖြင့် ဝတ်ရည်ကို စုတ်ယူလေသည်။

လိပ်ပြာတွင် မျက်စိကြီး နှစ်လုံးရှိသည်။ ထိုမျက်စိကြီးများသည် မျက်စိထပ်များ ဖြစ်ကြ၏။ မျက်စိထပ်များ ဟုခေါ်ခြင်းမှာ ယင်းတို့၌ မျက်စိကလေး အမြောက် အမြား ရှိနေကြခြင်းကြောင့် ဖြစ်သည်။ အရွယ်ရောက်သည့် အခါမှသာ မျက်စိထပ်များ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာဖို၏ အတောင်များရှိ အချို့သောအကြေးများက လိပ်ပြာမများကို သွေးဆောင် နိုင်သော နှစ်သက်ဖွယ်ကောင်းသည့် ရနံ့များကို ထုတ်လွှတ်ပေးကြလေသည်။ လိပ်ပြာမျိုးစိတ် အချို့၏ လိပ်ပြာဖိုများမှ ထုတ်လွှတ်သော ရနံ့သည် အဖိုးတန် ရေမွှေးနံ့များနှင့် တူသည်။ လိပ်ပြာမကမူ နှစ်သက်ဖွယ် ကောင်းသော ရနံ့ကို မထုတ်လွှတ်နိုင်ချေ။ နှစ်သက်ဖွယ်ကောင်းသည့် ရနံ့အစား မနှစ်မြို့ဖွယ်သော အနံ့များကိုသာ ထုတ်လွှတ်လေသည်။ ထိုသို့ အနံ့ဆိုးများကို ထုတ်လွှတ်သဖြင့် ငှက်နှင့် အခြားရန်သူများက လိပ်ပြာမများကို မစားလိုကြဟု ယူဆကြသည်။

လိပ်ပြာနှင့် ပိုးဖလံသည် ဇီဝစက်လည်ရာ၌ အတူတူပင် ဖြစ်သည်။ လိပ်ပြာနှင့် ပိုးဖလံများဖြစ်မလာမီ အဆင့်လေးဆင့်ကို ဖြတ်ကျော်လာကြရသည်။ ထိုအဆင့်များမှာ (၁) ဥ၊ (၂)အကောင်လောင်း၊ (၃) ပိုးတုံးလုံးနှင့် (၄) အရွယ်ရောက်ပြီး လိပ်ပြာ၊ သို့မဟုတ် ပိုးဖလံတို့ဖြစ်သည်။

လိပ်ပြာသည် တကောင်ချင်း ဖြစ်စေ၊ အုပ်ဖွဲ့၍ ဖြစ်စေ ဥများကို အုလေ့ရှိ၏။ အုသောအခါ ဥမှ ပေါက်ဖွားလာမည့် အကောင်ငယ် ကလေးများ စားသောက်မည့် အပင်တွင်ဖြစ်စေ၊ သို့မဟုတ် ထိုအပင်၏ အနီးအနားတွင် ဖြစ်စေ အုလေ့ရှိသည်။ ဥအမြောက်အမြားမှ အနည်းငယ်မျှသော ဥများကသာ ပေါက်နိုင်ကြလေသည်။ ထိုသို့ဖြစ်ရသည်မှာ လိပ်ပြာ၏ ရန်သူ ပိုးကောင်ငယ်ကလေးများကြောင့် ဖြစ်သည်။ ထိုရန်သူ ပိုးကောင်ငယ်ကလေးများက လိပ်ပြာ၏ ဥများကို ရှာပြီးလျှင် ထိုဥများအတွင်း၌ ယင်းတို့က တဖန် ဥများကိုအုကြပြန်သည်။ ထိုဥကလေးများမှ အကောင်ငယ် ကလေးများ ပေါက်လာကြသောအခါတွင် လိပ်ပြာဥများကို စားသောက်ပစ်ကြသည်။ ပရွက်ဆိတ် အချို့နှင့် ပင့်ကူများကလည်း လိပ်ပြာဥများကို စားသောက်ကြကုန်သည်။ လိပ်ပြာသည် ယင်း၏ ဥများ အန္တရာယ်များမှ ကင်းလွတ်ကြစေရန် နည်းအမျိုးမျိုးကို တီထွင်လေသည်။ အချို့ကလည်း နေရာအမျိုးမျိုးတွင် အုကြလေသည်။

လိပ်ပြာဥများသည် အရွယ်ပုံသဏ္ဌာန်နှင့် အရောင်များတွင် ကွဲလွဲကြလေသည်။ လိပ်ပြာအချို့၏ ဥများသည် ရက်အနည်းငယ်၊ သို့မဟုတ် ရက်သတ္တပတ်အနည်းငယ်အတွင်း၌ ပေါက်ကြ၍ အချို့လိပ်ပြာများ၏ ဥများကမူ လပိုင်းအထိ ကြာတတ်သည်။ ရာသီဥတုအေးသော ဒေသများ၌ရှိ လိပ်ပြာများ၏ ဆောင်းကူးရာသီ၌ အုသော ဥများသည် နွေကူးရာသီ မတိုင်မီ ဥများမှ ပေါက်လေ့မရှိကြချေ။

လိပ်ပြာဥမှ ပေါက်လာသော ပေါက်ဖတ်၊ သို့မဟုတ် အကောင်လောင်းသည် လိပ်ပြာ မိဖများနှင့် လုံးဝမတူချေ။ အချို့ပေါက်ဖတ်တွင် အမွေးအမှင်လုံးဝမရှိပဲ စင်းလုံးချော အရေပြားသာရှိ၍ အချို့တွင်မူ အမွေးထူများရှိကြလေသည်။

လိပ်ပြာမသည် မိတ်လိုက်ပြီး မကြာမီအတွင်း၌ ဥများကို အုလေသည်။ ဥမှ ပေါက်စ ပေါက်ဖတ်သည် သေးငယ်သော်လည်း လွန်စွာ ဆာလောင်မွတ်သိပ်သဖြင့် လောဘတကြီး အစာစားပြီးလျှင် အလွန် လျင်မြန်စွာ ကြီးထွား လာလေသည်။ မကြာမီအတွင်း၌ ယင်း၏ အရေပြားသည် ခန္ဓာကိုယ်၏ ကြီးထွားလာမှုဒဏ်ကို မခံနိုင်အောင် ဖြစ်လာသဖြင့် ပေါက်ပြဲ သွားလေသည်။ ရှုန်းကန် သတ္တိရှိသော အရေပြားအသစ်ရှိသည့် ပေါက်ဖတ်သည် ယင်း၏ အရေပြား ဟောင်းမှ ထွက်လာပြီးလျှင် တဖန် အစာများကို စား၍ ကြီးထွားလာပြန်သည်။ ထိုသို့ အရေပြား ခွာချခြင်းကို "အရေလဲခြင်း"ဟု ခေါ်သည်။ ပေါက်ဖတ်သည် အရွယ်ရောက်မလာမီ လေးငါးကြိမ် အရေပြားများကို လဲရလေသည်။ ထိုနောက်တွင် ပိုးတုံးလုံး အဖြစ်ဖြင့် ငြိမ်သက်စွာ နေထိုင်ရန် အဆင်သင့် ဖြစ်လာတော့သည်။

နောက်ဆုံးအကြိမ် အရေလဲပြီးသောအခါတွင် ပေါက်ဖတ်၌ ထူးခြားသော ပုံသဏ္ဌာန်ရှိသည့် အရေပြား အမာ တခုရှိလာသည်။ ထိုအခြေတွင် မျက်စိသော်၎င်း၊ အာခံ့မှင် သော်၎င်း၊ ပါးစပ်သော်၎င်း၊ အတောင်များ သော်၎င်း၊ ခြေထောက်များသော်၎င်း မရှိသေးချေ။ လှုပ်လည်းမလှုပ်ရှားနိုင်လှချေ။ ထိုအခြေ၌ ပြောင်းလဲမှုများ ဖြစ်ပေါ်လာကြသည်။ ခန္ဓာကိုယ်တခုလုံးသည် အရည်အဖြစ်သို့ ပြောင်းလဲသွားပြီးလျှင် ထိုအရည်မှ အတောင်များ၊ ခြေထောက်များနှင့် အရွယ်ရောက်ချိန်တွင် ရှိမည့် ခန္ဓာကိုယ်၏ အခြားအစိတ်အပိုင်းများပါ တဖြည်းဖြည်း ဖြစ်ပေါ်လာကြသည်။

လိပ်ပြာအကောင်လောင်း အမြောက်အမြားသည် ပိုးတုံးလုံးဘဝတွင် နေထိုင်ရန် ပိုးအိမ်များကို မပြုလုပ်ပဲ ပိုးမျှင်များဖြင့် သစ်ခက်၊ သို့မဟုတ် သစ်ရွက်ရှိ အဖုကလေးတွင် တွယ်ကပ်၍ နေထိုင်ကြလေသည်။ လိပ်ပြာ ပိုးတုံးလုံးမျိုး အများအပြား၏ အရေပြား အရောင်များသည် မှဲ့ခြောက်ခြောက် ဖြစ်ကြသဖြင့် ယင်းတို့ကို မြင်နိုင်ရန်မှာ မလွယ်ကူလှချေ။

လိပ်ပြာ ပိုးတုံးလုံးသည် လိပ်ပြာမျိုးစိတ်နှင့် အချိန်ကာလကို လိုက်ကာ ပိုးတုံးလုံး ဘဝတွင် ရက်သတ္တပတ် အနည်းငယ်ခန့်မှ လအတော်ကြာသည်အထိ နေတတ်၏။ အရွယ်ရောက်လာသော အခါတွင် အရေပြား အမာသည် အလင်းပေါက် ဖြစ်လာပြီးလျှင် အတွင်းဖက်ရှိ တွန့်ခေါက်လျက်ရှိသော အတောင်၏ ပုံသဏ္ဌာန်ကိုပင် မြင်နိုင်လေသည်။

နောက်ဆုံးတွင် ပေါက်ဖတ်၏ အရေပြားများ ပေါက်ပြဲ၍ သွားကြသကဲ့သို့ ပိုးတုံးလုံး၏ အရေးပြားသည်လည်း ပေါက်ပြဲ၍ သွားပြီးလျှင် အရွယ်ရောက်ပြီးဖြစ်သော လိပ်ပြာသည် အားနည်းပြီးလျှင် ရေငွေ့များဖြင့် စိုစွတ်ကာ ပြည်ထွက်လာပြီးနောက် လေထဲသို့ထွက်လာတော့သည်။ ထိုသို့ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



သော လိပ်ပြာ၏ ဝမ်းပိုက်သည် ကြီးမား၍ အတောင်များမှာလည်း စိုထိုင်းပြီးလျှင် တွန့်ခေါက်၍ နေကြလေသည်။ ထိုလိပ်ပြာသည် သစ်ခက်တခုသို့ ဖြစ်စေ၊ အခြား နားစရာ တခုခုသို့ဖြစ်စေ တွားသွားပြီးလျှင် ခေါင်းကိုငိုက်စိုက်ချကာ အတောင်များကို လျှင်မြန်စွာ ခါပေးလေသည်။ ထိုအခါ အတောင်များသည် တဖြည်းဖြည်း ပြန့်သွားလေသည်။ ဝမ်းပိုက်သည်လည်း တဖြည်းဖြည်း သေးသေးသွယ်သွယ် ဖြစ်သွားလေသည်။ အချို့လိပ်ပြာမျိုး၏ ခန္ဓာကိုယ်မှ ထွက်လာသော အရည်သည် အနီရောင် ရှိလေသည်။ ထိုလိပ်ပြာမျိုး တနေရာတည်းနှင့် တချိန်တည်းတွင် အမြောက်အမြား လိပ်ပြာအဖြစ်သို့ ကူးပြောင်းသောအခါတွင် မြက်နှင့် ကျောက်တုံးများတွင် တောက်ပသော အစက် အမြောက် အမြား ကျန်ရှိ နေတတ်သည်။ ဥရောပတိုက်တွင် ထိုသို့ ဖြစ်သည်မှာ ကြိမ်ဖန်များစွာ ဖြစ်သည်။ ထိုဒေသများတွင် အနီစက်ကလေးများကို သွေးမိုးဟု ခေါ်ကြပြီးလျှင် အယူသည်းသူများအား ကြောက်၍ ထိတ်လန့်စေသည်။

အပူပိုင်း ဒေသရှိ လိပ်ပြာနှင့် ပိုးဖလံ အမြောက်အမြားတွင် တောက်ပသော အတောင်များ ရှိကြပြီးလျှင် ကြီးလည်း ကြီးမားကြသည်။ အချို့သည် အတောင်စွန်းတခုမှ တခုသို့ ၁၀ လက်မမှ ၁၀ လက်မကျော်ကျော်အထိ ရှိကြလေသည်။

အချို့လိပ်ပြာ၏ ပုံသဏ္ဍာန်နှင့် အရောင်များသည် ယင်းတို့ကျက်စားရာ ဒေသရှိ အပင်များ၏ အစိတ်အပိုင်းများနှင့် လွန်စွာ တူကြသည်။ ထိုသို့ဖြစ်ခြင်းကြောင့် ရန်သူများ၏ ဘေးမှ လွတ်ကင်းနိုင်ကြလေသည်။

ပိုးဖလံ၏ပေါက်ဖတ်များအနက် လူသိများသော ပိုးဖလံမှာ ပိုးမျှင်များကို ဖြစ်ပေါ် စေသော ပိုးကောင် ဖြစ်သည်။ ထို့ကြောင့် ထိုပိုးကောင်မျိုးသည် လူတို့အဖို့ အသုံးဝင်လေသည်။ အချို့ပိုးဖလံများ၏ ပေါက်ဖတ်များကမူ သားမွေးများ၊ သိုးမွေးထည်များနှင့် သိုးမွေးချည်မျှင်များကို ဖျက်ဆီးတတ်ကြသည်။ အကောင်လောင်း အမြောက် အမြားကမူ သီးနှံပင်များကို ဖျက်ဆီးလေ့ ရှိကြသဖြင့် နှစ်စဉ် များစွာ ဆုံးရှုံးကြရလေသည်။

လိပ်ပြာမသည် လုံးဝမကိုက်နိုင်ချေ။ အန္တရာယ်လည်း မပေးတတ်ချေ။ သိမ်မွေ့ပုံလည်း ရသည်။ သို့သော် လိပ်ပြာမျိုးအမြောက်အမြား၏ လိပ်ပြာဖိုများကမူ မနာလိုကြသည့် အပြင် တိုက်လည်း တိုက်ခိုက်လိုကြသည်။ ပိုးကောင်များ၊ ငှက်များနှင့် တိရစ္ဆာန်ကြီးများကိုပင် သူတို့၏ နယ်ပယ်ဟု သူတို့က သတ်မှတ်ထားသော နေရာများသို့ ဝင်ရောက်လာကြလျှင် ပြင်းထန်စွာ တိုက်ခိုက် တတ်ကြလေသည်။ သို့သော် လိပ်ပြာဖိုချင်း တိုက်ခိုက်ကြသည်က ပို၍ များသည်။

ကမ္ဘာ အနှံ့အပြားတွင် လိပ်ပြာများကို တွေ့နိုင်၍ လိပ်ပြာ မျိုးစိတ်ပေါင်း ၂၀,၀၀၀ ခန့်ရှိသည် ဟု သိပ္ပံပညာရှင်များက ယုံကြည်ကြလေသည်။

**လိပ်ပြာ။** ။လိပ်ပြာဟူသော စကားသည် ပါဠိဘာသာ အတ္တနှင့် ဇီဝကို မြန်မာပြန်ဆိုထားသော စကား ဖြစ်၏။ လိပ်ပြာ ဝိညာဉ်၊ လိပ်ပြာ အသက် စသည်ဖြင့် တွဲဖက် သုံးစွဲကြသည်ကို ထောက်လျှင် လိပ်ပြာကို ဝိညာဉ်လည်း ခေါ်သည်၊ အသက်လည်း ခေါ်သည်။ ထို့ကြောင့် ပါဠိဘာသာ အတ္တ၊ ဇီဝ၊ မြန်မာဘာသာ လိပ်ပြာ၊ ဝိညာဉ်၊ အသက် ဟူသော စကားများသည် အနက် အဓိပ္ပါယ်တူ ဖြစ်ကြသည်။

လိပ်ပြာ အယူဝါဒသည် အိန္ဒိယနိုင်ငံမှ မြန်မာ နိုင်ငံသို့ ရောက်လာဟန် တူသည်။ အကြောင်းကား လိပ်ပြာ အယူဝါဒသည် ဗြဟ္မာကို ကိုးကွယ်သော အယူဝါဒနှင့် သက်ဆိုင်လျက်ရှိသည်။ ခန္ဓာအိမ်၌ ငါကောင် ရှိသည် ယူဆသော အယူဝါဒနှင့်လည်း သက်ဆိုင်လျက် ရှိသည်။ မှော်ပညာ ပယောဂ ပညာနှင့်လည်း သက်ဆိုင်လျက် ရှိသည်။ ယင်း အယူဝါဒများနှင့် ယင်းပညာများမှာလည်း အိန္ဒိယ နိုင်ငံ ဗေဒင်ဖက်ဆိုင်ရာ သက္ကတ ကျမ်းများ၊ ဆေးဖက်ဆိုင်ရာ သက္ကတကျမ်းများနှင့် အယူဝါဒ ဆိုင်ရာ သက္ကတကျမ်းများ၌ ပါရှိသော အယူဝါဒများနှင့် ပညာများ ဖြစ်သော ကြောင့်တည်း။

လိပ်ပြာ အယူဝါဒကို အနည်းငယ် ရှင်းလင်း၍ ပြဦးအံ့။ သတ္တဝါနှင့် ကမ္ဘာလောကကြီးတခုလုံးကို ကောင်းကင်ဘုံ၌ ရှိသော ဗြဟ္မာကြီးက ဖန်ဆင်းသည်။ သတ္တဝါတွေ သေလွန်၍ ဗြဟ္မာပြည်သို့ ရောက်သွားလျှင် ဆင်းရဲဒုက္ခ မရှိ၊ အမြဲတမ်း ချမ်းသာနေသည်၊ သို့မဟုတ် နိဗ္ဗာန်ပြည်သို့ ရောက်သွားသည် ဟု အယူဝါဒရှိသော သူတို့က အတ္တသည် ဗြဟ္မာကြီး၏ အစိတ်အပိုင်း တခု ဖြစ်၏။ ဥပမာ မီးခဲကြီးမှ ထွက်သွားသော မီးပွားကလေးကဲ့သို့ ဖြစ်၏ ဟု ယူဆကြသည်။ ယင်းသို့ ယူဆသော အတ္တကား ပရမအတ္တဖြစ်သည်။ တနည်း၊ သတ္တဝါတို့ ခန္ဓာကိုယ်၌ ငါကောင်ခေါ် သော အစိတ်အပိုင်း တခု ရှိ၏။ ယင်းအစိတ်အပိုင်းကား အတ္တ ဖြစ်၏။ ထိုအတ္တကား ဇီဝအတ္တ ဖြစ်သည်။ ထိုအတ္တ နှစ်မျိုးလုံးကိုပင် မြန်မာနိုင်ငံ၌ လိပ်ပြာဟူ၍ရင်း၊ ဝိညာဉ်ဟူ၍ရင်း၊ အသက်ဟူ၍ရင်း ယူဆ သုံးစွဲနေကြသည်။ ထို့ကြောင့် လိပ်ပြာအယူဝါဒမှာ အရင်းစစ် အမြစ်မြေက ဆိုသည့်အတိုင်း ဗြဟ္မာကို ကိုးကွယ်သော အယူဝါဒနှင့် ခန္ဓာအိမ်၌ ငါကောင်ရှိသည် ဟူသော အယူဝါဒတို့မှ ဆင်းသက် လာကြောင်း ထင်ရှားသည်။

တနည်း၊ ထိုလိပ်ပြာ အယူဝါဒမှာ စုန်းနတ် တစ္ဆေ မြေဘုတ် စသည်တို့နှင့်လည်း ဆက်သွယ်နေသည်။ ယင်းတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း မှော်ပညာ၊ ပယောဂ ပညာတို့၌ပါရှိနေသောကြောင့် မှော်ပညာ ပယောဂ ပညာမှ ဆင်းသက်လာကြောင်း ထင်ရှားသည်။

ထိုလိပ်ပြာ ခေါ် အတ္တသည် သတ္တဝါတို့၏ ခန္ဓာအိမ် အတွင်း၌တည်နေ၏၊နာမ်တရားလည်း မဟုတ်၊ရုပ်တရားလည်း မဟုတ်။ ဘယ်အခါမျှ မပျက်စီးနိုင်၊ မအို၊ မသေ၊ အမြဲတည် နေရသော အနှစ်သာရ တခု ဖြစ်၏။ ခန္ဓာအိမ်ပျက်စီးသွားသော်လည်း၊ သေလွန်သွားသော်လည်း ယင်း လိပ်ပြာခေါ် အတ္တသည် မပျက်စီး၊ မသေလွန်။ ခန္ဓာအိမ်ဟောင်း ပျက်စီးသွားလျှင် 'လောက်လမ်းသဖွယ် ဝိညာဉ်တွယ်' ဆိုသည့်အတိုင်း ခန္ဓာအိမ်သစ်တခုကို ရှာဖွေ ကူးပြောင်း၍ နေသည်။ အကြီး အငယ် ပမာဏကား အချို့ကျမ်းတို့က အဏုမြူပမာဏ ရှိ၏ ဟု ဆိုသည်။ အချို့ကျမ်းတို့က ခန္ဓာအိမ်ငယ်လျှင် ငယ်သည်။ ခန္ဓာအိမ် ကြီးလျှင် ကြီးသည် ဟု ဆိုသည်။ အချို့ကျမ်းတို့က မနှိုင်းရှည့် မပိုင်းခြားနိုင်လောက်အောင်ကြီးသည်။ သို့သော် ခန္ဓာအိမ်ဟောင်းကို စွန့်ခွာ၍ ခန္ဓာအိမ်သစ်ကို ရှာဖွေသောအခါ အကြောင်းအားလျော်စွာ လက်မလောက် ပမာဏ၊ အပ်နဖားထွင်းစူးဖျားလောက် ပမာဏ၊ ထိုအောက် ငယ်သော ပမာဏ၊ ဆံချည်ပင်အစိတ်တရာစိတ်၍ တစိတ်လောက်ပမာဏ ရှိ၏ ဟု ဆိုသည်။

ထိုလိပ်ပြာခေါ် အတ္တသည် ခန္ဓာအိမ်ကို စိုးပိုင်၏။ခန္ဓာအိမ်သည် မိမိအလိုသို့ လိုက်ရ၏။ မိမိခိုင်းစေသမျှ လုပ်ရ၏။ မျက်စိက မြင်ခြင်း၊ နားက ကြားခြင်း၊ နှာခေါင်းက နံခြင်း၊ လျှာက လျက်ခြင်း၊ ကိုယ်က တွေ့ထိခြင်း၊ စိတ်က ကြံစည်တွေးတောခြင်း သိခြင်း ကိစ္စဟူသမျှကို ဆောင်ရွက်၏။ မျက်စိအရသာ၊ နားအရသာ၊ နှာခေါင်းအရသာ၊ လျှာအရသာ၊ ကိုယ်အရသာ၊ စိတ်အရသာ ဟူသမျှကို ခံစား၏ ဟု ဆိုသည်။

အချို့ကလည်း လူသေပြီး အသက် လိပ်ပြာထွက်သွား၍ ဘဝသစ်သို့ ကူးပြောင်းသောအခါ ဘဝဟောင်းက တစုံတရာ ပါလာသည် ဟု ယူဆကြသည်။ သို့အတွက် သေခါနီးတွင်၊ သို့မဟုတ် လူသေကောင်တွင် နန္ဒင်း၊ အိုးမဲ၊ ဆီချေး စသော တစုံတခုဖြင့် လက် ခြေ စသည်တို့၌ အမှတ်အသား ပြုလိုက်လျှင် ဘဝသစ်သို့ ရောက်သောအခါ ဘဝဟောင်းက အမှတ်အသား ပြုလိုက်သော နေရာမှာပင် ယင်းအမှတ်အသား ပါလာသည်။ အချို့ ဓား၊ လှံ၊ သေနတ်စသော လက်နက်ဖြင့် သေသွားသော်ငြား၊ တစုံ တခု ဒဏ်ချက်ဖြင့် သေသွားသော်ငြား ဘဝသစ်သို့ရောက်သောအခါ လူဝင်စား ဖြစ်၍ ဘဝဟောင်းက ဒဏ်ရာဒဏ်ချက် ပါလာသည် ဟု အယူ ရှိကြသည်။ အချို့က သေသွားပြီးနောက် အသက် လိပ်ပြာသည် မေ့ပင် မုန်းပင် အောက်သို့ ဝင်သွားမိ၍ ဘဝသစ်သို့ ရောက်သောအခါ ဘဝဟောင်းက အံဖြစ်အပျက်ကို မပြောနိုင် မေ့သွားသည်။ ဘဝဟောင်းတွင် အလွန်ချစ်ခင်သော မိဖ ဆွေမျိုး ဉာတိများကိုလည်း မုန်းတီးသွားသည် ဟု အယူရှိကြသည်။

သည်တွင်မကသေး၊ စုန်း၊နတ်၊ တစ္ဆေ၊မြေဘုတ် စသည်တို့၏ အကြောင်းအရာ၊ မှော်ပညာ ပယောဂပညာနှင့် စပ်သော အကြောင်းအရာ၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တန်၊ မန္တရား စသည်တို့နှင့် စပ်သော အရာတို့ကို ရေးသားထားသော ကဝေသာရ ကျမ်းရင်းကြီး ၄ တွဲ၊ ဗားမဲ့ဆရာတော် လက်တွေ့ကျမ်း၊ အင်းအင်္ဂုတ္တိုရ်၊ ဆေးအင်္ဂုတ္တိုရ်၊ မန္တန်အင်္ဂုတ္တိုရ် စသော ကျမ်းတို့၌ လိပ်ပြာ အကြောင်း ရေးသားထားသည်ကို ဖတ်ရှုရသည်။ 'လောကသစ္စံ၊ နသစ္စံ၊ လောကီ အတတ်ပညာတို့ကား မှန်သည်လည်း ရှိ၏။ မမှန်သည်လည်း ရှိ၏။'ဟု အဆို ရှိသော်လည်း မှန်သည် မမှန်သည်ကို ထားဘိဦး၊ အလွန်ဆန်းကြယ်လျက် အံ့ဩဖွယ်ကောင်းသည်ကို တွေ့ရသည်။

ထိုထို ကျမ်းတို့၌ငြား၊ နိုင်ငံတော် အတွင်းရှိ အရပ်ဒေသတိုင်း၌ငြား မြန်မာတိုင်းရင်းသားလူမျိုးတို့သည် (၁) လိပ်ပြာချင်းကူး၍ ချစ်ကြိုက်သည်၊ (၂) လိပ်ပြာ လုသည်၊ (၃) လိပ်ပြာစဉ်သွားသည်၊ (၄) လိပ်ပြာကို ခေါ် သွားသည်၊ လိပ်ပြာကို နှုတ်သွားသည်၊ (၅) လိပ်ပြာကို ဖမ်းချုပ်ထားသည်၊ (၆) လိပ်ပြာကို အသက်သွင်းသည်၊ (၇) လိပ်ပြာကို ခေါ် သည်၊ (၈) လိပ်ပြာ ခွဲသည် စသည်ဖြင့် သုံးစွဲကြသည်၊ ယုံကြည်ကြသည်၊ ယုံကြည်သည့် အတိုင်းလည်း နည်းအမျိုးမျိုး ရှိရာတွင် မိမိတို့ နှစ်သက်ရာ ယုံကြည်ရာ နည်းကို ပြုလုပ်လေ့ရှိကြသည်။

လိပ်ပြာချင်း ကူး၍ ချစ်ကြိုက်သည် ဆိုရာ၌ တယောက်နှင့် တယောက် မိတ်သင်္ဂဟအဖြစ် ချစ်ခင်ရာ၊ မိန်းမ ယောကျ်ားတို့ တယောက်နှင့် တယောက် အကြင်လင်မယား အဖြစ် ချစ်ကြိုက်ရာတို့၌ အချင်းချင်း တယောက် လိပ်ပြာက တယောက်ထံ ကူးပြောင်းသဖြင့်ငြား၊ လိပ်ပြာ အချင်းချင်း ပေါင်းသင်း ဆက်ဆံသဖြင့်ငြား မိတ်ဆွေသင်္ဂဟ အဖြစ် ချစ်ခင်ကြသည်။ အကြင်လင်မယား အဖြစ် ချစ်ကြိုက်ကြသည်ဟု အယူရှိကြသည်။

အကြင်လင်မယားတို့ မပေါင်းသင်းလိုတော့သဖြင့် ကွာရှင်းကြရာ၌ လိပ်ပြာကိုယ်စား ထားခြင်း ပြုလုပ်ဖွယ် မရှိ၊ မိတ်ဆွေသင်္ဂဟ အဖြစ် ချစ်ခင်ကြရာ၊ သို့မဟုတ် သားသမီးကဲ့သို့ ချစ်ခင် နေကြရာ၌ လူကြီး အချင်းချင်း ဖြစ်လျှင် တယောက်နှင့် တယောက် သည်းခံ ဖြေဖျောက် နိုင်သော အရွယ်ဖြစ်ကြ၍ ပြုလုပ်ဖွယ်မရှိ၊ လူကြီးနှင့်ကလေးဖြစ်လျှင် ခွဲခွာရတော့မည့်အခါ ကလေးဖြစ်သူက လွမ်းဆွတ် သတိရလျက် စိတ်ဆင်းရဲနေမည်ကို စိုးရိမ်သဖြင့် အချို့ ပြုလုပ်ကြသည်။ပြုလုပ်ပုံကား လူကြီးဖြစ်သူက ချည်မျှင်ကို မိမိကိုယ်

www.burmeseclassic.com



နှင့် အညီအမျှ တိုင်း၍ ကွင်းလုပ်ကာ ငါ့ကိုယ်စား ထားခဲ့သည်ဆို၍ ကလေး၏ လည်ပင်း၌၊ သို့မဟုတ် လက်ကောက်ဝတ်၌ စွပ်ပေးခဲ့ရသည်။ ဤသို့ ပြုလုပ်လျှင် ကလေးအလွမ်းအဆွတ် ပြေ၍ စိတ်မဆင်းရဲတော့ပြီ ဟု အယူရှိကြသည်။

လိပ်ပြာ လှသည်ဆိုရာ၌ လူတို့တွင် လိပ်ပြာလှသူ မလှသူ ဟု နှစ်မျိုးရှိ၏။ ယင်းနှစ်မျိုးတို့အနက် စုန်း နတ် တစ္ဆေ မြေဘုတ်စသည်တို့သည် မိမိတို့ အလိုအလျောက် ပူးဝင်ရာ၌၊ သို့မဟုတ် အာဏာရှိသူ၊ အာဏာပိုင်သူ၊မှော်ဆရာ ပယောဂဆရာတို့က ပူးဝင်စေရာ၊ သွင်းရာ၌ လိပ်ပြာ လှသူကိုသာ ပူးဝင်လေ့ရှိ၏။ ပူးဝင်နိုင်၏ ဟု အယူရှိကြသည်။

လိပ်ပြာစဉ်သွားသည် ဆိုရာ၌ အနာရောဂါ အလွန်အားကြီးသဖြင့် မေ့မျော သွားသူ၊ စုန်း နတ် တစ္ဆေ မြေဘုတ်စသည်တို့ ခြောက်လှန့်သောကြောင့်ရင်း၊ အလွန်ကြောက်မက်ဖွယ် ကောင်းသော အဆင်း သဏ္ဌာန် အသံ အတွေ့အာရုံ တခုခုကြောင့်ရင်း အထိတ်အလန့် အားကြီးသဖြင့် မေ့မျောသွားသူ၊ သတိကင်းမဲ့သွားသူတို့ကို လိပ်ပြာစဉ်သွားသည်၊ ကိုယ်တွင်းမှလိပ်ပြာ ထွက်ခွာသွားသည်၊ ကိုယ်တွင်းမှ လိပ်ပြာ ထွက်ခွာသွား၍ တနေရာမှာ ခေတ္တနေသည် ဟု အယူရှိကြသည်။

လိပ်ပြာကို ခေါ်သွားသည်၊ လိပ်ပြာကို နှုတ်သွားသည် ဆိုရာ၌ စုန်း နတ် တစ္ဆေ မြေဘုတ် စသည်တို့က၊ သို့မဟုတ် မှော်ဆရာ ပယောဂဆရာတို့က လူကိုမေ့မျောသွားအောင်၊ သတိ ကင်းမဲ့သွားအောင် ပြုလုပ်၍ မိမိတို့ ပညာစွမ်းဖြင့် ထိုမေ့မျောသွားသူ၏ လိပ်ပြာကို လိုရာသို့ ခေါ်သွားနိုင်သည်။ လိပ်ပြာကို နှုတ်သွားနိုင်သည် ဟု အယူရှိကြသည်။

ဥစ္စာစောင့်တို့ကလည်း မိမိတို့ အလိုရှိသော သူ၏ လိပ်ပြာကို နှုတ်၍ မိမိတို့နေရာ သိုက်သို့ ခေါ်ပြီးလျှင် ပဒ္မည်း ဥစ္စာ ရတနာ ရွှေငွေတို့ဖြင့်ရင်း၊ နှစ်သက် သာယာဖွယ် ကောင်းသော အာရုံတို့ဖြင့်ရင်း ဖျားယောင်း သွေးဆောင်ကာ မိမိတို့နှင့်အတူတူ နေရန် ပြောကြားလေ့ရှိကြသည်။ ထိုပြောကြားချက်ကို သဘောမကျ၍ ဝန်မခံပဲ လိပ်ပြာ ပြန်လာလျှင် မေ့မျောနေသူသည် သတိပြန်ရကာ ချမ်းသာသည်။ သဘောကျ၍ ဝန်ခံလိုက်လျှင် လိပ်ပြာ ပြန်မလာနိုင်တော့သဖြင့် မေ့မျောနေသူ သေဆုံးသွားကာ ဥစ္စာစောင့်ဖြစ်သွားသည် ဟု အယူရှိကြသည်။

လိပ်ပြာကို ဖမ်းချုပ်ထားသည် ဆိုရာ၌ လိပ်ပြာ ထွက်မသွားနိုင်အောင် ဖမ်းချုပ်ထားလိုသူတယောက်ယောက်ကဖြစ်စေ၊မှော်ဆရာ ပယောဂဆရာကဖြစ်စေ ချည်ခုနစ်မျှင်ကို ကြိုးကျစ်ပြီးလျှင် ပိတ်ခြင်းသီး ခုနစ်လုံးထိုးကာ မန္တန်ဖြင့် ခုနစ်အုပ် စုတ်၍ ချည်မန်းကွင်း လုပ်ပြီးလျှင် လိပ်ပြာဖမ်းချုပ်ခံရသူ၏ လည်ပင်း၌၊ သို့မဟုတ် လက်၌ စွပ်ထားပါက လိပ်ပြာထွက်မသွားနိုင် ဟု အယူရှိကြသည်။

လိပ်ပြာ အသက်သွင်းသည် ဆိုရာ၌ အစောင့်အရှောက်ထားရန်၊ သို့မဟုတ် လိုရာ ခိုင်းစေ အသုံးပြုရန် နတ်ရုပ်၊ သို့မဟုတ် အရုပ်တခုခုကို ထုလုပ်ပြီးလျှင် လိပ်ပြာ အသက်သွင်းကြသည်။

သွင်းပုံမှာ လိပ်ပြာ အသက်သွင်းမည့် နတ်ရုပ်၊ သို့မဟုတ် အရုပ်တခုခုကို ကောင်းမွန်စွာ ခင်းကျင်းပြင်ဆင်ပြီး နေရာချထား၍ အုန်း ငှက်ပျော ပွဲစုံ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ပသလျက် လိပ်ပြာ အသက်သွင်းမည့် ဆရာများက ချည်ခုနစ်မျှင်ကို ကွင်းလုပ်ကာ ဒေဝဒေဝါ စသော ဂါထာဖြင့် ရွတ်မန်းပြီးလျှင် လိပ်ပြာ အသက်သွင်းမည့် နတ်ရုပ်၌၊ သို့မဟုတ် အရုပ်တခုခု၌ စွပ်ထားကြသည်။ နောက် စိန္တာမဏိဂါထာ စူဠာမဏိ ဂါထာများကို ရွတ်မန်း၍ နှိုးကြသည်။ နောက် ဥုံ ဗိဒြာ မဟာဗိဒြာ စသော ဂါထာဖြင့် ရွတ်မန်း၍ လိပ်ပြာ အသက်သွင်းကြသည်။ ဤသို့ ပြုလုပ်လျှင် လိပ်ပြာအသက်ဝင်၍ လိုရာကိစ္စ ပြီးစေနိုင်သည်ဟု အယူရှိကြသည်။

လိပ်ပြာကိုခေါ်သည်ဆိုရာ၌ မေ့မျောပြီး စဉ်သွားသော လိပ်ပြာကို ပြန်လာရန်ခေါ်ရခြင်း ဖြစ်သည်။ တနည်း၊ နှုတ်သွားသော လိပ်ပြာ၊ အာဏာရှိသူများ ခေါ်သွားပြီး ဖမ်းချုပ်ထားသော လိပ်ပြာကို ပြန်လာရန် ခေါ်ရခြင်း ဖြစ်သည်။ လိပ်ပြာ ပြန်မလာလျှင် လိပ်ပြာရှင်မှာ ထိတ်လန့်ခြင်း၊ မကျန်းမာခြင်း၊ နောက်ဆုံးတွင် သေဆုံးခြင်းသို့ ရောက်အောင်ပင် ဖြစ်နိုင်သည်ဟု အယူရှိကြသည်။ သို့အတွက် လိပ်ပြာကို ခေါ်ရသည်။

လိပ်ပြာခေါ်ပုံမှာ ပဌမ အိမ်တွင်းနတ်ကို လက်ဖက်တပွဲတင်၍ 'မည်သည့်နေ့သား ကလေး မည်သူ၏ လိပ်ပြာကို အိမ်သို့ဝင်ရန် ခွင့်ပြုပါ' ဆို၍ ခွင့်တောင်းရသည်။ ဒုတိယ မနဲမိကို ထမင်းတပွဲ၊ ကြက်ဥပြုတ်ပြီးနှစ်လုံး၊ သို့မဟုတ် ဝမ်းဘဲဥပြုတ်ပြီး နှစ်လုံး တင်၍ 'မည်သည့် နေ့သား ကလေး မည်သူ၏ လိပ်ပြာကို စောင့်ရှောက်ပါ' ဆို၍ တောင်းပန်ရသည်။ တတိယ လိပ်ပြာ ခေါ်ရန် လင်ပန်းတွင် ဖြစ်စေ၊ ပန်းကန်ပြားတွင်ဖြစ်စေ ထမင်းခုနစ်ဆုပ်၊ ပြုတ်ပြီးဝမ်းဘဲဥ တလုံး၊ ရေတခွက်၊ တတောင်ခန့် အပ်ချည် ခုနစ်ချောင်းစီ နှစ်ခင်၊ ယောက်မ တချောင်း အသင့်ထည့်ပြီး ပွဲပြင်ထားရသည်။ နောက် လိပ်ပြာစဉ်နေသော ကလေး၏ လိပ်ပြာကို 'မည်သည့် နေ့သား ကလေး မည်သူ၏ လိပ်ပြာ လာပါ' ဟု ဆို၍ အိမ်လှေကားကို ယောက်မဖြင့် ခုနစ်ချက် ခေါက်ရသည်။နောက် အိမ်ပေါက်ကိုလည်း ယခင်အတိုင်းဆို၍ ခုနစ်ချက် ခေါက်ရသည်။ နောက်ပွဲပြင်ထားသော လင်ပန်းဖြစ်လျှင် လင်ပန်း၊ ပန်းကန်ပြားဖြစ်လျှင် ပန်းကန်ပြားကိုလည်း ယခင်အတိုင်း ဆို၍ ခုနစ်ချက် ခေါက်ရသည်။ နောက် အပ်ချည်နှစ်ခင်ကို ကိုင်၍ မလန့်နှင့်ဟု ဆိုပြီး ကလေးလက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်လုံး လက်ဖျားမှ တတောင်ဆစ်အထိ အထက်သို့ လှန်၍ ခုနစ်ချက် ဆွဲရသည်။ ယင်း အပ်ချည်တခင်ကို ကလေး လက်တဖက်၌ သုံးပတ် ပတ်၍ ချည်ထားရသည်။ ကျန်တခင်ကို ကျန်လက်တဖက်၌ သုံးပတ်ပတ်၍ ချည်ထားရသည်။ နောက် လက်၌ ချည်ထားသော ကြိုးစကလေးကို အနည်းငယ် ဖြတ်၍ယူ၊ ဝမ်းဘဲဥ အခွံခွာပြီး အနည်းငယ်ထည့်၊ ထမင်း တဆုပ်နှင့် စုပေါင်းပြီး ကလေး ခေါင်းပေါ်မှာတင်၍ 'ကရွး-လာကို ပွားရန်' ဟု ဆို၍ ခေါ်ရသည်။ နောက် ကလေးကို ဝမ်းဘဲဥထမင်းရည် အနည်းငယ်စီ စတိ တိုက်ကျွေးရသည်။ ဝမ်းဘဲဥကို အခွံခွာသော အခါ ကြည့်ရသည်။ ဝမ်းဘဲဥ တနေရာ၌ အဟောက် အချိုင့် ပါလျှင် ကိစ္စပြီးသည်။ မပါလျှင် ကိစ္စမပြီးသေး၊ ထပ်မံလုပ်ရသည်။ ဤကဲ့သို့ ပြုလုပ်လျှင် စဉ်သွားသော လိပ်ပြာ ပြန်လာသည်ဟု အယူရှိကြသည်။

လိပ်ပြာ ခွဲသည်ဆိုရာ၌ သေဆုံးသွားသောအမိနှင့် ကျန်သောကလေး၊ သို့မဟုတ် တမိမွေး ကလေးနှစ်ယောက် သုံးယောက်ရှိရာ သေဆုံးသွားသော ကလေးနှင့် ကျန်ရစ်သော ကလေးများ၊ယင်းတို့မှာ တယောက်နှင့်တယောက် လိပ်ပြာ ချင်း ပူးတွဲနေသည်ဟု ယူဆကြသည်။ သို့အတွက် ပူးတွဲနေသော လိပ်ပြာကို ခွဲပစ်ရသည်။ မခွဲလျှင် ကျန်ရစ်သော ကလေးမှာ မကျန်းမမာ ဖြစ်နေတတ်သည်။ သေဆုံးသော်လည်း သွားတတ်သည်ဟု အယူရှိကြသည်။ သို့အတွက် ကျန်ရစ်သောကလေး ကျန်းမာအောင်၊အသက်ရှည်အောင် လိပ်ပြာကို ခွဲကြရသည်။

လိပ်ပြာခွဲပုံမှာ သေဆုံးသွားသူအတွက် ငှက်ပျောသီး တလုံး၊ ကျန်ရစ်သော ကလေးအတွက် တလုံး၊ ကလေးနှစ်ယောက် ကျန်ရစ်လျှင် ကလေးအတွက်နှစ်လုံး၊သေဆုံးသွားသူအတွက် နှစ်လုံး၊ မီးကင်၍ ကလေးကို တလုံးကျွေး၊ နှစ်ယောက်ဖြစ်လျှင် နှစ်လုံးကျွေး။ကျန်ငှက်ပျောသီးတလုံးကို ကလေး နှစ်ယောက် ဖြစ်လျှင် နှစ်လုံးကို 'မိမည်သူ ကျန်ရစ်သောကလေး မည်သူ မည်သူတို့ ယနေ့ကစ၍ ပြတ်ပြီ' ဟု ဆို၍ ခေါင်းအုံသို့ ထည့်ရသည်။

တနည်း။ ကွမ်း ဆေး လက်ဖက်စသည်ပွဲပြင်၍ ရေထည့်ထားသော စလုံတွင် ကွမ်းသီးခြမ်း ခြောက်ခုကို ဖြစ်စေ၊ ကြေးစေ့ ခြောက်စေ့ကို ဖြစ်စေ လက်ဖြင့် ဆုပ်၍ 'မည်သူနှင့် မည်သူ ယနေ့ကစ၍ ပြတ်ပြီ' ဆို၍ ပစ်ရသည်။ တချို့မှောက် တချို့လန် ဖြစ်နေလျှင် လိပ်ပြာ မကွဲသေး၊ ခြောက်ခုလုံး မှောက်လျှင်မှောက်၊ လန်လျှင်လန်မှ လိပ်ပြာကွဲသွားသည် ဟု အယူရှိကြသည်။

တနည်း။ အိမ်ပြင် တနေရာတွင် တိုင်ကလေး တတိုင် စိုက်၍ ချိန်ခွင်တခု ချိပ်ထားပြီး သေဆုံးသူ ကြိုက်တတ်သော အစာအာဟာရ တခုခုကို ပွဲပြင်၍ တင်ပြီးလျှင် ချိန်ခွင်တဖက်၌ ကလေးအဝတ်ထည့်၊ ကျန်တဖက်၌ ကလေး အဝတ်နှင့် အချိန် ညီမျှနေအောင် ဝါဂွမ်း၊ သို့မဟုတ် ကွမ်းသီး ခြမ်းကို ထည့်၍ထား၊ သေဆုံးသူနှင့်ကလေးအမည်ကို ဖော်ကာ ယခုကလေးမှာ 'သင်နှင့် ဘာမျှ မဆိုင်၊ သင်ကြီးပွားအောင် ဘာမျှမတတ်နိုင်၊ ကလေးကို တွယ်တာ မနေပါနှင့်၊ ငါတို့ကို ပေးပါ၊ ငါတို့ ကြီးပွားအောင် စောင့်ရှောက်ထိန်းသိမ်းမည်၊ အားလုံး တာဝန်ယူမည်၊ သင် အနှောင့်အရှက် မပြုပါနှင့်၊သွားလိုရာသွားပါ' ဟုပြောဆို၍ တောင်းရသည်။ ပေးသည်၊ မပေးသည်ကို ချိန်ခွင်လျှာကို ကြည့်နေရသည်။ ချိန်ခွင်လျှာ ကလေးအဝတ်ဖက် မထွက်သေးလျှင် ထပ်၍ တောင်းရသည်။ ချိန်ခွင်လျှာ ထွက်လာသည်နှင့် တပြိုင်နက် ကလေးကို ငါတို့ပိုင်ပြီဆို၍ ချိန်ခွင်ရှိ ကလေးအဝတ်ကို အမြန်ဆွဲယူရသည်။ ဤသို့ ပြုလုပ်လျှင် လိပ်ပြာ ကွဲသွားသည် ဟု အယူရှိကြသည်။

မှတ်ချက်။ လိပ်ပြာ အကြောင်းကို ရေးသား ရာ၌ အတ္တ ဇီဝ လိပ်ပြာ ဝိညာဉ် အသက် ရှိသည်ဆိုသော အယူဝါဒသည် ဗုဒ္ဓဘုရားအယူဝါဒရှိသူတို့မှတပါးသော အယူဝါဒရှိသူတို့၏ အယူဝါဒမျှသာဖြစ်၏။ ဗုဒ္ဓဘုရားအယူဝါဒ၌ကား သတ္တဝါတို့၌ နာမ်တရား၊ ရုပ်တရားသာ ရှိ၏။ အတ္တ ဇီဝ လိပ်ပြာ ဝိညာဉ် အသက်ဟူ၍ မရှိ။ ယင်းတို့ကား ကြံစည်တွေးဆ၍ မှည့်ခေါ်ထားသော အမည် ပညတ်မျှသာ ဖြစ်၏။ဥပမာ ယုန်ချို၊ လိပ်မွေး၊ ဗုဇ္ဈန်သွေး ဆိုသော စကားကဲ့သို့တည်း။

ဦးကြီးဖေ

**လုပ်ငန်း ဘုံအဖွဲ့။** ။ရွှေပန်းထိမ် ငွေပန်းထိမ်အစရှိသော လုပ်ငန်းချင်း တူရာ အလုပ်ရှင်၊ ကျွမ်းကျင်သူ၊ အလုပ်သမား စသည်တို့သည် မိမိတို့၏ လုပ်ငန်းကို ဖွံ့ဖြိုးစေရန် အလို့ငှါ စုပေါင်းဖွဲ့စည်းလေ့ ရှိကြသည်။ ယင်းသို့ ဖွဲ့စည်းရာ၌ အရင်း မ,တည်ငွေကို စုပေါင်း ဖွဲ့စည်းသော ကုမ္ပဏီဖွဲ့စည်းနည်းမျိုး မဟုတ်ချေ။ လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုတို့ကို စုပေါင်းဖွဲ့စည်းသော သဘော ဖြစ်သည်။ ကျွမ်းကျင်မှုကို ဖွဲ့စည်းသည် ဆိုရာ၌ ထုတ်ကုန်ပစ္စည်းများ အဆင့် အတန်း မှီစေရန်ငှာ၊ အဆင့်အတန်း အလိုက် ဈေးနှုန်းမှန်ကို ရစေရန်ငှာ၊ လုပ်ငန်းအလိုက် လုပ်ချိန်နှင့်လခသားနား မျှတစေရန်ငှာ၊ အလုပ်သမားများ ကြီးပွား ချမ်းသာလာ စေရန်ငှာ ရည်စူး၍ ဖွဲ့စည်းသည်။ ဤအလားတူ အဖွဲ့အစည်း မျိုးသည် မြန်မာတို့၏ ရွှေပန်းထိမ် ငွေပန်းထိမ် လုပ်ငန်းတို့၌ အထင်အရှား ထွန်းကားခဲ့ဘူးသည်။ ဤသဘောမှာ လုပ်ငန်းအားဖြင့် အတူတကွ သဘောတူညီ၍ ပေါင်းစပ်ထားခြင်းဖြစ်၍ လုပ်ငန်း ဘုံအဖွဲ့ဟု အမည်ပေးသည်။ အင်္ဂလိပ် ဘာသာစကားဖြင့်မူကား ဂီးဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါအဖွဲ့များသည် ဥရောပတိုက်တွင် ၁၂ရာစုနှစ်က စတင်ပေါ်ပေါက်လာခဲ့သည်။ ထိုအသင်းအဖွဲ့များကို ရက်ကန်းသည်များက ဦးစွာပဌမ ဖွဲ့စည်းတည်ထောင်ခဲ့ဟန် တူသည်။ ယင်းတို့၏ အတုကိုယူ၍ နောင်တွင် ရွှေပန်းထိမ်သည်များ၊ လက်စွပ်အိတ် ရက်သမားများ၊ ပေါင်မုန့်ဖုတ်သမားများ၊ ငါးစိမ်းသည် အမဲသည်များ၊ ကုန်းနှီးကကြိုးတန်ဆာ ပြုလုပ်သူများ၊ ဆေးဆိုးသမားများ စသော ခေတ်အလိုက် ထွန်းကား ထင်ရှားကြသော အလုပ်သမားများသည် အချင်းချင်း စုပေါင်းကာ သက်ဆိုင်ရာအသင်းအဖွဲ့များကို တည်ထောင်လာကြသည်။ ထိုအဖွဲ့များကို ဒေသန္တရအစိုးရများ၏ ခွင့်ပြုချက်အရသာလျှင် သာမန် အားဖြင့် ဖွဲ့စည်း တည်ထောင်ကြရ၏။ သို့ရာတွင် ရံဖန်ရံခါ ဘုရင်၏ ခွင့်ပြုချက်အရဖွဲ့စည်းတည်ထောင်သည်လည်းရှိသေးသည်။ ၁၄ ရာစုနှစ်အတွင်းသို့ ရောက်လာသည့်အခါ လန်ဒန်မြို့၊ ပါရစ်မြို့ကဲ့သို့သော မြို့ကြီးများတွင် တမြို့တမြို့လျှင် ထိုသို့သော အဖွဲ့မျိုးပေါင်း ၅၀ ကျော်စီမျှ ရှိခဲ့ကြ၏။

လုပ်ငန်း ဘုံအဖွဲ့များတွင် အသင်းဝင်တဦး ဖြစ်ရန်မှာ ပညာသည်လောင်း တဦးသည် ဦးစွာ အလုပ် သင်ရသည်။ အလုပ် သင်တန်း နှစ်မှာ ယေဘုယျအားဖြင့် ခုနစ်နှစ် ဖြစ်သည်။ ထိုကာလအတွင်း အလုပ်သင်များကို အလုပ်ရှင်က ပညာ သင်ကြားပေးယင်းနှင့် ခိုင်းစေရန် အလို့ငှါ မိဘများသည် အလုပ်သင်မည့် မိမိတို့၏သားကို အလုပ်ရှင်ထံ၌ အပ်နှံစမြဲ ဖြစ်သည်။ ထိုအခါ အလုပ်ရှင်သည် မိမိ၏ တပည့် ဖြစ်လာသူ အလုပ်သင်အား မိမိ၏ ဆိုင်နောက်၌ ဖြစ်စေ၊ အပေါ်ထပ်၌ ဖြစ်စေ မိမိ၏ အိမ်သူအိမ်သားများနှင့် အတူ နေထိုင်စေ၍ အစား ကျွေးခြင်း၊ အဝတ်ဆင်ခြင်း၊ ပညာ ပေးခြင်း စသောလုပ်ငန်းတာဝန်တို့ကို ယူလိုက်ရလေသည်။ အလုပ်ရှင် ထံတွင် အလုပ် သင်တန်းချိန် ပြည့်အောင် သင်ကြား လုပ်ကိုင်ပြီးသည့်အခါ အလုပ်သင်သည် နေ့စား လုပ်သား ဘဝသို့ ကူးပြောင်းသွား၏။ နေ့စား လုပ်သားဘဝသို့ ရောက်ရှိလာသောအခါ အလုပ်သင်သည် မိမိ သဘောကျနှစ်ခြိုက်ရာ အလုပ်ရှင် တဦးဦးထံ၌ အခသားနား ယူ၍ အလုပ် လုပ်နိုင်သော အခွင့်အရေး ရရှိလာသည်။ ထိုသို့ အခြားလူများထံ၌ လူငှါးအဖြစ်ဖြင့် လုပ်ကိုင်နေသည်တွင် ချွေတာ၍ ရလာဘ် မြင်ခဲ့သော် ကြိုးစား လုပ်ကိုင်ခြင်း၊ ငွေကြေး စုဆောင်းခြင်း၊ ဆိုင်ခွဲ ဖွင့်လှစ်ခြင်း စသော ဆောင်ရွက်မှုတို့ဖြင့် မိမိ၏ တက်လမ်းကို မိမိ ဖန်တီးနိုင်ပေသည်။ ဆိုင်ပိုင်ဖြစ်လာသည့်အခါ မိမိ၏ လက်အောက်၌ အလုပ်သင်များထားရှိ သင်ကြားပေးခြင်း၊ နေ့စား လုပ်သားများ ငှားရမ်းထားရှိခြင်း စသည်တို့ဖြင့် အလုပ်ရှင်တဦး ဖြစ်လာနိုင်ပြန်သည်။ ထိုအခါ လုပ်ငန်းဘုံအဖွဲ့သို့ အသင်း၏ ရန်ပုံငွေတွင် ပေးသွင်းကာ အသင်းသား ဖြစ်လာနိုင်ပေသည်။ အသင်းဝင် ဖြစ်လာလျှင် ထိုအသင်း၏ အစည်းအဝေးများသို့ တက်ရောက်နိုင်ခြင်း၊ ထိုအသင်း၏ အမှုဆောင်အဖြစ် ဝင်ရောက်ဆောင်ရွက်နိုင်ခြင်း၊ ပြောရေးဆိုခွင့် ရှိခြင်း စသော အခွင့်အရေးများကို ရရှိလာလေသည်။

ရှေးက တည်ထောင်ခဲ့သော လုပ်ငန်းဘုံအဖွဲ့များ၏ ရည်ရွယ်ချက်မှာ အသင်းဝင်များ၏ လုပ်ငန်းရပ်များကို စည်းကမ်း သတ်မှတ်ပေးရန်နှင့် ထိုလုပ်ငန်းရပ်များကို အသင်းဝင်များကသာ ချုပ်ကိုင်ထားနိုင်ရန် ဖြစ်သည်။ ထို့နောက်တွင် အဆိုပါ အဖွဲ့များ၏ စည်းမျဉ်းတို့မှာ ကျယ်ဝန်းလာခဲ့ကြသည်။ အဖွဲ့ဝင် မဟုတ်သော ပညာသည် တဦးသည် ထိုအဖွဲ့ တည်ရာ မြို့နယ်နိမိတ်အတွင်းတွင် သက်ဆိုင်ရာ လုပ်ငန်းကို လုပ်ကိုင်ခွင့် မရချေ။ အဖွဲ့ဝင်များ လုပ်ကိုင် ရောင်းချသော ပစ္စည်းဟူသမျှတို့သည် အဖွဲ့က သတ်မှတ်ပေးသော အမျိုးအစားအတိုင်းသာ ဖြစ်ကြရမည် ဟု ပြဋ္ဌာန်းထား၏။ ပုံစံအားဖြင့်ဆိုသော် ရက်ကန်းသည်များ၏ အဖွဲ့စည်းမျဉ်းများအရ စံထား၍ အရောင်းအဝယ် ပြုသော အထည်အလိပ်များတွင် တလက်မလျှင် ခြည်မျှင် မည်မျှ ပါရှိရမည် ဟူ၍ ဖြစ်လေသည်။ ထိုမျှမကသေး၊ အလုပ် လုပ်ချိန်တို့ကိုလည်း သတ်မှတ်၍ ပေးထား၏။ အဖွဲ့ဝင် အချင်းချင်း ကူညီယိုင်းပင်းရန်ငှင်း၊အဖွဲ့ဝင်များ နာဖျားခဲ့သော်စောင့်ရှောက်ကုသပေးရန်ငှင်း၊ နွမ်းပါး ဆင်းရဲသော အဖွဲ့ဝင်များအား ဖေးမ ထောက်ပံ့ရန်ငှင်း၊ ကွယ်လွန်သူ အဖွဲ့ဝင်တို့၏ သမီးသားနှင့် မယားတို့အား ကြည့်ရှု စောင့်ရှောက်ရန်ငှင်း စည်းမျဉ်းများ ပြုလုပ်ထားရှိ၏။ ထို စည်းမျဉ်းများတွင် ပျော်မှု ရွှင်မှုအတွက်ပင်လျှင် လျာထားချက်များ ပါရှိလေသည်။ အဖွဲ့ဝင်တို့သည် တနှစ်လျှင် တကြိမ်၊ သို့မဟုတ် နှစ်ကြိမ် သုံးကြိမ် စသည်ဖြင့် အခွင့်အခါအားလျော်စွာ စုဝေးရောက်ရှိလာကြပြီးလျှင် ပျော်ပွဲရွှင်ပွဲများကိုပင်လျှင် ကျင်းပပြုလုပ်လေ့ ရှိကြသည်။ အဖွဲ့ဝင်တို့သည် သာမန်အားဖြင့် တရပ်တည်း တလမ်းတည်း၌သာ နေထိုင်လေ့ရှိကြသဖြင့် သာမှု နာမှုတို့နှင့် စပ်လျဉ်းသော ဝေယျာဝစ္စများ အတွက် လုပ်ငန်းတူသူများ ဖွဲ့စည်းထားသည့် ဘုံအဖွဲ့သည် အလွန်အရေးပါ အရာရောက်ပေသည်။

လက်မှုပညာသည် အဖွဲ့များ အပြင် ကုန်သည်အဖွဲ့များလည်း ရှိခဲ့လေသည်။ ကုန်သည် အဖွဲ့များတွင် ရပ်ဝေးရပ်နီး လက်ကား အရောင်းအဝယ် ပြုသော ကုန်သည်ကြီးများ ပါဝင်ကြသဖြင့် ထိုအဖွဲ့များသည် အထူး တန်ခိုးအင်အား ကြီးမားခဲ့ကြလေသည်။ ထိုသို့သော အဖွဲ့များ စုပေါင်း ဖွဲ့စည်းထားသည့် ဟန်ဆီအက်တစ် လိခေါ် ဂျာမန်မြို့ ပေါင်းစုံ သမဂ္ဂကြီးသည် ၁၄ ရာစုနှစ်လောက်တွင် ဗောလတင်ပင်လယ်ကမ်းခြေ တလျှောက်၌ ရှိသော တိုင်းပြည်များ၌ အတန်ပင် အာဏာစက် လွှမ်းခဲ့၏။ ဥရောပတိုက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်အဖွဲ့များသည် မြို့ကြီးများ အုပ်ချုပ်ရေး၌ အထူးဩဇာ ညောင်းခဲ့ကြသည်။ ကုန်သည်အဖွဲ့များ ဆောက်လုပ်ထားရှိခဲ့သော ဂီး(လ)ဟော ခေါ် အသင်းတိုက် ခန်းမကြီးဖြစ်သည့် ကြီးကျယ်ထယ်ဝါသော အဆောက်အအုံများကို မြို့ကြီးများစွာတို့တွင် ယနေ့တိုင် တွေ့မြင်နိုင်ပေသည်။


လုပ်ငန်းဘုံအဖွဲ့များ၏ စည်းမျဉ်းများသည် ရည်ရွယ်ချက် ကောင်းသလောက် တင်းပြည့်ကျပ်ပြည့် အကျိုးသက်ရောက်မှု မဖြစ်သည်ကို နောင်တွင် တွေ့လာလေသည်။ အဖွဲ့များက သတ်မှတ်ပေးလိုက်သော အမျိုးအစား တို့သည် ရံဖန်ရံခါ ရိုးသွားကြပြီးလျှင် ခေတ်မမှီ ဖြစ်လာတတ်ကြသည်။ ထိုအခါ သတ်မှတ်ပေးသည့် စည်းမျဉ်းကို တသဝေမတိမ်း လိုက်နာနေပါက လုပ်ငန်း တိုးတက်ရေးကို ထိခိုက်ကာ နစ်နာမှုများ ပေါ်ပေါက်လာတတ်သည်။ ထိုအတွက် များစွာသော လက်မှုပညာသည် လုပ်ငန်းရှင်တို့သည် အဖွဲ့များ ကင်းသည့် မြို့များ ရွာများသို့ ရွှေ့ပြောင်း လုပ်ကိုင်လာကြလေသည်။ သို့အားဖြင့် လုပ်ဖော်လုပ်ဖက် အသင်းအဖွဲ့များသည် ၁၆ ရာစုနှစ်လောက်တွင် ယိမ်းယိုင် ပျက်ပြားစ ပြုလာကြပြီးလျှင် စက်မှုလုပ်ငန်း အရေးတော်ပုံကြီး ပေါ်ပေါက်လာသည့်အခါ လုံးလုံးလျားလျား တိမ်ကောသွားကြလေတော့သည်။ သို့ရာတွင် လန်ဒန်မြို့၌ ထိုအသင်းအဖွဲ့တို့၏ အကြွင်းအကျန်များကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။

**လမ့်,ချားး** (ခရစ် ၁၇၇၅–၁၈၃၄)။ ။အင်္ဂလိပ် စာပေလောကတွင်ထင်ရှားကျော်ကြားခဲ့သောစာပေသမားများတွင် ချားလမ့်သည်လည်း တဦးအပါအဝင်ဖြစ်သည်။ လမ့်သည် စာမွန်အရေးအသားကောင်းမွန်သော စာရေးဆရာတဦးဖြစ်၍ စာပေဝေဖန်ရေးတွင်လည်း ထူးချွန်လေသည်။

ချားလမ့်ရေးသားခဲ့သော စာပေများသည် ဖတ်ရသူ၏ စိတ်နှလုံးကို ကြည်နူးနှစ်သိမ့်စေ၏။ သူနှင့် သူ၏ အစ်မဖြစ်သူ မေရီလမ့်တို့၏ အတ္ထုပ္ပတ္တိ ကလေးသည်ပင် သနားဖွယ်ဇာတ်လမ်းတခု ဖြစ်တော့သည်။ ချားတို့ မောင်နှမမှာ ရှေးရှေးဘဝ၏ အကုသိုလ်ဝဋ်ကြွေးကို နှစ်ဦးတည်း လက်တွဲကာ ဇွတ်မှိတ်၍ ခံယူနေရသည့်ကြားမှပင် စင်ကြယ်သောစိတ်၏ ပျော်ရွှင်မှုကို ရယူနိုင်ခဲ့ကြသည်သာမက အခြားသူများအားလည်းတူမျှသောပျော်ရွှင်မှုကို ပေးစွမ်း နိုင်ခဲ့ကြသည်။ (လမ့်, မေရီ — လည်းရှု။)

လမ့်၏ဘဝဖြစ်စဉ်ကို သုံးသပ်ခြင်းအားဖြင့် စာပေပါရမီခံရှိသူများသည် မည်သို့သော ပတ်ဝန်းကျင်တွင်ပင် ရှိနေစေကာမူ မတိမ်မြုပ်နိုင်ကြောင်း သိသာနိုင်ပေသည်။

ချားလမ့်အား ၁၇၇၅ ခုနှစ် ဖေဖွာရီလ ၁၀ ရက်နေ့တွင် လန်ဒန်မြို့ အင်းနားတင်ပယ် ရပ်ကွက်၌ ဖွားမြင်ခဲ့သည်။



နာမည်ကျော် အင်္ဂလိပ်စာရေးဆရာ ချားလမ့်

ချားလမ့်မွေးဖွားရာ နေအိမ်မှ လှမ်းမျှော်ကြည့်လိုက်သော် အင်းနားတင်ပယ်ခေါ် ရှေးရှေးကပင်တည်ရှိခဲ့သော ဥပဒေအတတ်သင် ကျောင်းကြီးနှင့်တကွ ပတ်ဝန်းကျင် မြက်ခင်းစိမ်းညို့ညို့ကြီးကို ထင်ရှားစွာ မြင်နိုင်သည်။ ချားကားထိုအရပ်တွင် ကြီးပြင်းလာခဲ့ရသောကြောင့်လော မသိရ၊ ပတ်ဝန်းကျင်ရှိ တိုက်တာအဆောက်အအုံကြီးများကို နှစ်သက်၏။ ရေပန်းတိုင်ကြီးများအနီးတွင် ကလေးတို့ဘာဝ ပျော်ရွှင်မြူးထူးစွာ ကစားခဲ့ရသည်တို့ကိုလည်း စွဲလမ်းခဲ့၏။ သူ့အသက် ခုနစ်နှစ်သားအရွယ်အထိ မိခင်ငယ်ပမာ ပွေ့ချီယုယခဲ့သည့် သူ၏အစ်မမေရီအားလည်း အထူးပင်ချစ်မြတ်နိုးခဲ့လေသည်။

ချား၏မိဖများကား ချမ်းသာကြွယ်ဝသူများ မဟုတ်ကြချေ။ သူ၏ဖခင်မှာ ရှေ့နေကြီးတဦး၏ သာမန်စာရေးကလေးမျှသာဖြစ်သည်။ ချားလမ့်သည် အသက် ခုနစ်နှစ်အရွယ်တွင် ခရိုက်စဟော့စပီတယ်ကျောင်း၌ စာသင်ကြားခဲ့သည်။ ချားသည် သိမ်မွေ့နူးညံ့၍ ချစ်စဖွယ် အမူအရာရှိသူကလေးဖြစ်ရာ ကျောင်းသားတိုင်းကပင် သူ့အား ချစ်ခင်ကြ၏။ အထူးသဖြင့် ထိုစဉ်က ကျောင်းသားကြီးအဖြစ်သို့ရောက်နေသူ ဆယ်မျူးယယ် တေလာ ကိုးလားရစ် နှင့် အထူးချစ်ကျွမ်းခဲ့သည်။ ချားနှင့်ကိုးလားရစ်တို့၏ ခင်မင်မှုကား နောင် နှစ်ယောက်စလုံး ကြီးပြင်းလာ၍ နာမည်ကျော် စာရေးဆရာကြီးများ ဖြစ်လာကြသည် အထိ



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် တည်မြဲခဲ့ကြသည်။ (ကိုးလားရစ်, အက် (စ) တီ — လည်း ရှု။)

ချားသည် အသက် ၁၆ နှစ်အရွယ်တွင် ကျောင်းမှထွက်ကာ ဆောက်ဆီးကုမ္ပဏီတွင် စာရေးကလေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထိုနောက် အရှေ့အိန္ဒိယ ကုမ္ပဏီသို့ ရွှေ့ပြောင်း လုပ်ကိုင်ခဲ့၍ နှစ်ပေါင်း ၃၃ နှစ်အကြာတွင် အငြိမ်းစား ယူခဲ့သည်။

ချားလမ့်သည် လူလားမြောက်သည့် အရွယ်မှ စ၍ အရောင်းအဝယ်လုပ်ငန်းကိုသာ လုပ်ကိုင်လာခဲ့သော်လည်း အားလပ်သည့်အခါတိုင်း စာဖတ်ခြင်း၊ စာရေးခြင်းတို့ကို ပြုလုပ်သည့်အပြင် ရံဖန်ရံခါလည်း ပြဇာတ်များ၊ ကပွဲများသို့ သွားရောက်လေ့ရှိသည်။ စာရေး ဝါသနာပါသည့် အလျောက် ထိုခေတ်က စာရေးဆရာဆိုလျှင် ချားကိုမသိသူ ဟူ၍ မရှိသလောက်ပင် ဖြစ်တော့သည်။

ချားလမ့်သည် အသက် ၂၁ နှစ်သို့ ရောက်သောအခါ အစ်မဖြစ်သူ မေရီသည် ဒုက္ခိတမိခင်အိုကြီးအား ပြုစုယင်း ရုတ်တရက်စိတ်ဖောက်ပြန်ကာ မိခင်အိုကြီးကိုပင် ပြန်သတ်မိသည်အထိ ဖြစ်ခဲ့လေသည်။ ထိုရောဂါမှာ ချားလမ့်တို့ မျိုးရိုးအစဉ်အဆက် ဖြစ်လေ့ရှိသော ရောဂါဆိုးတခုပင် ဖြစ်လေသည်။ မေရီမှာလည်း ပြစ်မှုကျူးလွန်ထားသော အရူးမတရားခံတယောက် အဖြစ်ဖြင့် အရေးယူခြင်းခံရကာ အရူးထောင်သွင်း အကျဉ်းထားခြင်း ခံရလေသည်။

ယင်းသို့ အစ်မရူးသွပ်နေချိန်တွင် သူတို့၏ဖခင်ကြီး ကွယ်လွန်သွားပြန်သည်။ ချားလမ့်မှာ တပူပေါ် နှစ်ပူဆင့်ကာ ရတက်ပွေနေရာမှချစ်လှစွာသော အစ်မဖြစ်သူအားအသက်ထက်ဆုံး စောင့်ရှောက် ထိန်းသိမ်းပါမည် ဟူသော ခံဝန်ချက်ဖြင့် အရူးထောင်မှ ထုတ်ယူကာ ပြုစုစောင့်ရှောက်နေရသည်။ သူ၏ကတိအတိုင်းလည်း သူ ကွယ်လွန်သွားသည်အထိ အိမ်ထောင်မပြုပဲ ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ချစ်လှစွာသော အစ်မမေရီ၏တာဝန်ကို ချားသည် အရွယ်နှင့်မလိုက် ပြုစုဆောင်ရွက်ခဲ့ယင်း မောင်နှမနှစ်ယောက်သည် အမြဲမပြတ် ချစ်ခင်ယုယစွာ ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ကြသည်။ အနှစ် ၄၀ မျှ အစ်မဖြစ်သူအား ယုယုယယ ပြုစုခဲ့ရသည့် အတောအတွင်း ချားသည် မေရီနှင့်အတူ စာပေများကို ရေးသားခဲ့၏။ ချားတို့မောင်နှမသည် ရှိတ်စပီးယား၏ပြဇာတ်အားလုံးကို လေ့လာပြီးလျှင် ၁၈၀၇ ခုနှစ်တွင် ရှိတ်စပီးယားပုံပြင်များ ဟူသော အမည်ဖြင့် ထိုပြဇာတ်များ၏ဇာတ်လမ်းအကျဉ်းချုပ်ကို ကလေးသူငယ်များ ဖတ်ရှုနားလည်စေရန် လွယ်ကူသော စကားအသုံးအနှုန်းဖြင့် ရေးသားခဲ့လေသည်။ ထိုပုံပြင်ကလေးများမှာ ထွက်သမျှသော ရှိတ်စပီးယားပုံပြင် စာအုပ်ထဲတွင် အကောင်းဆုံး ဖြစ်လေရာ၊ ကလေးသူငယ်များသာမက လူကြီးများပင် သဘောကျနှစ်သက်ကြသည်။ ချားတို့မောင်နှမ၏ နာမည်သည်လည်း ထိုဝတ္ထုများဖြင့်ပင် ကျော်ကြားထင်ရှားလာသည်။ သို့ရာတွင် ချား၏ဂုဏ်သတင်းကို အထူးပေါ် လွင်ထင်ရှားစေခဲ့သော စာပေမှာကား ၁၈၂၀ ပြည့်နှစ်တွင် အယ်လီယားဟူသောကလောင်အမည်ဖြင့် ချားတဦးတည်း ရေးသားပြုစုခဲ့သည့် 'အယ်လီယား၏ စာမွန်များ' ဖြစ်ပေသည်။ ယင်းသို့ အစ်မသံယောဇဉ်တဖက်ဖြင့် စာပေပြုစုခဲ့သော ချားလမ့်သည် ၁၈၃၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကွယ်လွန်သွားလေသည်။

**လမ့်, မေရီ** (ခရစ် ၁၇၆၄–၁၈၄၇)။ ။မေရီလမ့်သည် ချားလမ့်၏အစ်မဖြစ်သည်။ မေရီ၌ မွေးချင်းခုနစ်ယောက်ရှိသည့်အနက် သုံးယောက်အသက်ရှင်၍ ကျန်ရစ်ခဲ့ရာတွင် ချားသည် အငယ်ဆုံးဖြစ်၏။ ချားငယ်စဉ်က မေရီကပင် အသက်ခုနှစ်နှစ်သားအထိ ပြုစုစောင့်ရှောက်ခဲ့လေသည်။

မေရီလမ့်တို့ မောင်နှမတစုတွင် ရိုးရာအားဖြင့် အစွဲအလန်းကြီးမှုရှိခဲ့လေသည်။ ချားလမ့် အသက် နှစ်ဆဲ့တနှစ်ရသော ၁၇၉၉ ခုနှစ် စက်တင်ဘာလအတွင်း၌ မေရီသည် သူ၏ နာမကျန်းဖြစ်နေသော မိခင်ကြီး၏ရင်ဝကို ဓားဖြင့် ထိုးသတ်လိုက်လေသည်။ မိခင်ကြီး သေဆုံးပြီးသည့်နောက်



ချားလမ့်၏အစ်မ မေရီလမ့်



www.burmeseclassic.com

www.burmeseclassic.com



တွင် မေရီ၏စိတ်သည် ပြန်ကောင်းလာသော်လည်း ရာဇဝတ်မှုကို ကျူးလွန်မိပြီးဖြစ်သဖြင့် စိတ်ဖောက်ပြန်သူများ၏ ခိုလှုံရာနေရာ (အရူးထောင်)တွင် ရက်သတ္တပတ်ပေါင်း အတော်ကြာကြာ အစောင့်အရှောက်ကို ခံခဲ့ရလေသည်။ ၁၇၉၇ ခုနှစ်တွင် ချားနှင့် မေရီတို့၏ဖခင်ကြီး ကွယ်လွန်ပြန်သည်။ အသုဘကိစ္စများ ပြီးစီးသောအခါ ချားသည် စိတ်ဖောက်ပြန်သူများ စောင့်ရှောက်သည့် နေရာရှိ အုပ်ချုပ်သူများထံသို့ သွားရောက်ကာ သူ၏အစ်မကို သူကပင် တာဝန်ခံ၍ စောင့်ရှောက်မည့် အကြောင်း ပြောသဖြင့် အုပ်ချုပ်သူများက မေရီကို သူ့မောင်နှင့်အတူ ထည့်လိုက်လေသည်။ သူတို့မောင်နှမ အတူနေထိုင်ကြရာတွင် တဦးနှင့် တဦး အလွန်ကြင်နာစွာ စောင့်ရှောက်ကြလေသည်။

အစ်မဖြစ်သူမေရီ နေကောင်းသည့် အချိန်များတွင် ချားသည် သူဝါသနာပါသော စာပေများကို ရေးသားလေသည်။ ထိုအခါမျိုးတွင် အစ်မဖြစ်သူမေရီက များစွာအကူအညီပေးလေသည်။ အထူးသဖြင့် ကမ္ဘာကျော် စာရေးဆရာကြီးတဦးဖြစ်သော ရှိတ်စပီးယား ရေးစပ်ပြုစုခဲ့သည့် ပြဇာတ်များကို စကားပြေဖြင့် ရေးသားသော အခါတွင် မောင်ဖြစ်သူချားက အလွမ်းပြဇာတ်များကို စကားပြေဖြင့် ရေးသား၍ အစ်မဖြစ်သူမေရီက အသောပြဇာတ်များကို ရေးသား ခဲ့လေသည်။ စာအုပ် ထုတ်ဝေသောအခါတွင် မေရီ၏အမည်ကို အသုံးမပြုခဲ့ချေ။ ထိုစာအုပ်သည် လူကြိုက်များသဖြင့် ဒုတိယအကြိမ်ပင် ထပ်မံ၍ ထုတ်ဝေခဲ့ရလေသည်။


မေရီသည် သူ့မောင်ချား ကွယ်လွန်ပြီးနောက် ၁၃ နှစ်ကြာမှ ကွယ်လွန်သွားလေသည်။

**လမ့်ရီငါး။** ။လမ့်ရီငါးသည် ရှည့်ကဲ့သို့ ခန္ဓာကိုယ်ရှည်လျားလျား ရှိသော သတ္တဝါတမျိုး ဖြစ်သည်။ ထိုငါးကိုယ်၌ အခြားငါးများမှာကဲ့သို့ အကြေးများ မရှိသည့်အပြင် ချောမွတ်၍လည်း နေပြန်သေးသည်။ မေးရိုးလည်းမရှိချေ။ လမ့်ရီငါးကို သမုဒ္ဒရာတိုင်း၊ ပင်လယ်တိုင်းနှင့် မြစ်တိုင်းလိုလိုတွင် တွေ့နိုင်၏။ ထိုငါး၏ ပါးစပ်သည် ခွက်ပုံ ဖြစ်နေပြီးလျှင် ထိုပါးစပ်ဖြင့် အခြား ရေသတ္တဝါများ၏ ကိုယ်ကို တွယ်ကပ်၍ သွေးများကို စုတ်ယူလေသည်။ လမ့်ရီငါး၏ သွေးအစုတ်ကို ခံရသော ရေသတ္တဝါများသည် များသောအားဖြင့် သေကုန်ကြလေသည်။

အင်္ဂလန်ပြည့်ရှင် ပဌမ ဟင်နရီဘုရင်(၁၀၆၈—၁၁၃၅)သည် သူ အလွန်ကြိုက်နှစ်သက်သော လမ့်ရီငါးကို စားရာမှ အစာမကျေသဖြင့် နတ်ရွာစံသည်ဟုဆိုသည်။ ရောမခေတ်ကောင်းစဉ်ကလည်း ကြေးရတတ်များက ဂုဏ်သရေရှိသည့် သည်ကြီးများကို ထိုငါးများဖြင့် ကျွေးမွေးနိုင်ရန် ရေကန်များတွင် အထူးမွေးမြူထားကြပြီးလျှင် ကျေးကျွန်များကို သတ်ဖြတ်ကာ ကန်ထဲသို့ ပစ်ချ၍ ထိုငါးများကို ကျွေးသည်ဟု ဆိုသည်။ မည်သို့ပင်ဖြစ်စေ ထိုခေတ် ရောမလူမျိုးတို့က အရသာများတွင် လမ့်ရီငါးသည် အကောင်းဆုံးအရသာ တခု ဖြစ်သည်ဟု ယူဆကြကုန်သည်။

လမ့်ရီငါး၏ အရောင်မှာ ညို၍ အညိုရင့်ရောင်နှင့် အစိမ်းရောင် အစက်များနှင့် အကွက်များ ရှိသည်။ အလျားမှာ ၁၆ လက်မမှ လက်မ ၂၀ အထိ ရှိသည်။

လမ့်ရီငါးသည် ဆိုင်ကလိုစတိုမာတာ မျိုးစဉ်တွင် ပါဝင်၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ငါးများတွင် ရှိစမြဲဖြစ်သော အကြေးများ မပါရှိသည့် အပြင် ဆူးတောင် အစုံ



ရှည့်ကဲ့သို့ ခန္ဓာကိုယ်ရှည်လျားလျားရှိသော လမ့်ရိငါးမျိုး



www.burmeseclassic.com

www.burmeseclassic.com



လည်းမပါရှိချေ။ ထိုမျှသာမကသေး၊ အခြားအတွင်းဖက် အနာတမီ ဆိုင်ရာတို့တွင်လည်း သာမန်ငါးများနှင့် များသောအားဖြင့် မတူချေ။ ထိုကြောင့်လည်း သိပ္ပံပညာရှင်များက လမွရိငါးမျိုးသည် ရှေးခေတ် ကျောရိုးရှိသတ္တဝါများ၏ အဆက်အနွယ် ဖြစ်လိမ့်မည် ဟု ယူဆကြခြင်း ဖြစ်သည်။

လမွရိငါး အားလုံးသည် ရေချိုတွင်သာ ဥများကို အုကြလေသည်။ ဥများကို နွေကူးရာသီ၌ အုတတ်ကြသည်။ ပင်လယ် လမွရိငါးများသည် အုချိန် ကျရောက်သော အခါ မြစ်များသို့ သွားကြ၍ ဥများကို အုကြပြီးလျှင် သေကုန်ကြလေသည်။

ပင်လယ် လမွရိငါးများသည် အုပ်နှင့်ချီ၍ ရေချိုများသို့ သွားရောက်ကြကာ ရေချိုရှိ ငါးများ၏ သွေးများကိုစုတ်ယူကြခြင်းဖြင့် ရေချိုငါးများကို သတ်ပစ်လေ့ရှိကြသည်။

လမွရိငါးတွင် အဓိကအားဖြင့် မျိုးစိတ် နှစ်ခု ရှိရာ ပင်လယ်နေ လမွရိငါးမျိုးစိတ်ကို ပါဏဗေဒအလိုအရ ပက်ထရိုမိုက်ဇွန် မရင်းနပ် ဟုခေါ်၍ မြစ်များအတွင်းနေ လမွရိငါး မျိုးစိတ်ကို ပက်ထရိုမိုက်ဇွန် ဖလူဗီယာတိလစ်ဟုခေါ်သည်။

# ကုန်းကြောင်း သယ်ယူပို့ဆောင်ရေး၏ အသက်သွေးကြော

**ယခုခေတ်တွင် ကျွန်ုပ်တို့ တမြို့မှ တမြို့သို့ ကူးသန်းသွားလာရာ၌ အသုံးပြုနေကြသော လမ်းမကြီးများသည် လွန်ခဲ့သည့် နှစ်ပေါင်း ထောင်ပေါင်းများစွာက လူတို့သည် သားရဲတိရစ္ဆာန်များကို ခြေရာခံကာ ရှာဖွေဖမ်းဆီးရာမှ ဖြစ်ပေါ်လာသော လမ်းကြောင်း များ ဖြစ်ကောင်း ဖြစ်နိုင်လေသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းသည် နိုင်ငံစီးပွားရေး၊ ပညာရေး၊ ထဥ်ကျေးမှု ပြန့်ပွား ဖွံ့ဖြိုးရေးတို့ကို အထောက်အကူ ပြုလေသည်။**

**လမ်းကြီးလမ်းငယ်။** ။အလွန် ရှေးကျသောအခါကပင် တောကြီး မြက်မဲထဲ၌ လူတို့အသုံးပြုခဲ့သည့် လမ်းကြောင်းများဟူ၍ ရှိခဲ့၏။ ထိုလမ်းကြောင်းများသည် လူတို့အရိုင်းဘဝတွင် ရှိစဉ်က တောနေ သားရဲတိရစ္ဆာန်များကို ခြေရာခံကာ ရှာဖွေဖမ်းဆီးရာ၌ ဖြစ်ပေါ်လာသည့်လမ်းကြောင်းများဖြစ်၏။ ကာလကြာမြင့်၍ လူတို့သည် ဝန်တင်တိရစ္ဆာန်များကို အသုံးပြုလာသည့်အခါ ထိုလမ်းကြောင်းများသည် ပိုမို ကျယ်ပြန့်၍လာ၏။ ဘီးတပ်ယာဉ်များ ပေါ်ပေါက်လာသည့် အခါ၌ အကျယ်ဆုံးဖြစ်ခဲ့၏။ ထိုလမ်းကြောင်းများနှင့်တကွ ရှေးအခါက ဝန်တင်ကုန်သည်စုများ အသုံး ပြုခဲ့သည့် လမ်းကြောင်းများမှာ လမ်းများတွင် အကျုံးမဝင်ချေ။အဘယ်ကြောင့်ဆိုသော် လမ်းဟူသမျှကို ပုံရေးဆွဲကာ ဖောက်လုပ်ရသောကြောင့် ဖြစ်၏။

ကမ္ဘာပေါ်တွင် လမ်းများ ဖောက်လုပ်ခဲ့ရာ၌ ရှေးအကျဆုံးဟုအတိအကျသိရှိရသည့်လမ်းများမှာ ရောမတို့ကောင်းစားစဉ်က ဖောက်လုပ်ခဲ့သော လမ်းများ ဖြစ်၏။ ထိုလမ်းများအနက် ရှေးအကျဆုံးနှင့် ဖောက်လုပ်ခဲ့ပုံတွင် ခန့်ညားကောင်းမွန်ဆုံး ဖြစ်သော လမ်းမှာ အက်ပီယန်ဝေး ခေါ် လမ်းမကြီး ဖြစ်၏။ ထိုလမ်းမကြီးသည် ၁၄ ပေ ကျယ်၍ မိုင်ပေါင်း ၃၅၀ ခန့် ရှည်လျားပြီးလျှင် ရောမမြို့ကို ဗရန်ဒီဆီယမ်မြို့နှင့် ဆက်လျက်ရှိ၏။လမ်းမကြီးတလျှောက်တွင် ခရီးအကွာအဝေးကို အလွယ်တကူသိရှိအောင် မိုင်တိုင်များစိုက်ထူထားသည့်အပြင် ရောမ မြင်းစီး စစ်သည်တော်များ အလွယ်တကူမြင်းပေါ်သို့ ထက်ရောက်စီးနင်းနိုင်ရန် လမ်းဘေးတွင် ကျောက်တုံးကြီးများ ချထား၏။ ရောမလူမျိုးများသည် လမ်းမကြီးများအပြင်အခြားလမ်းပေါင်းမြောက်မြားစွာကိုလည်း ဖောက်လုပ် ခဲ့ကြ၏။ ထိုလမ်းအားလုံးသည် ရောမမြို့တော်ကြီးနှင့် ဆက်လျက် ရှိသဖြင့် "ဘယ်လမ်းက သွားသွား ရောမမြို့တော်ကြီးကို ရောက်တာပဲ" ဟူသော အသုံးအနှုန်းပင် ပေါ်ပေါက်ခဲ့လေသည်။ ရောမလူမျိုးများ ဖောက်လုပ်ခဲ့သော လမ်းများတွင် ထူးခြားချက် တချက်မှာ လမ်းဖောက်လုပ်ရာ၌ အတားအဆီးများ တွေ့ရှိသောအခါ အနည်းငယ် ရှောင်တိမ်းပေးရုံဖြင့် ထိုအတားအဆီးများကို လွတ်မြောက်နိုင်သော်လည်း ရှောင်တိမ်းခြင်း ဟူ၍ လုံးဝ မရှိပဲ အတားအဆီးဟူသမျှကို ဖြိုဖျက်ကာ ဖောက်လုပ်လေ့ရှိကြခြင်း ဖြစ်၏။ ထို့ကြောင့် ထိုခေတ်က အသုံးပြုခဲ့သော လမ်းများမှာ အလွန် ညီညာဖြောင့်ဖြူးလှ၏။ ခိုင်ခံ့ရာတွင်လည်း ပြိုင်ဖက်ကင်း၏။အချို့လမ်းများမှာ ယခုတိုင်အောင် တည်တံ့လျက် ရှိ၍ အချို့မှာမူကား ခေတ်သစ်လမ်းများ ဖောက်လုပ်ရာ၌ အမာခံ အောက်ခြေအဖြစ်ဖြင့် အသုံးဝင်၏။ အင်္ဂလန်နိုင်ငံတွင် ရောမ လူမျိုးများထံမှ အမွေ အနှစ် ရရှိခဲ့သောလမ်းများအနက် များစွာသောလမ်းတို့ကို ၁၈၂၀ ပြည့်နှစ်မှ စ၍ ခေတ်သစ် နည်းစံနစ်ဖြင့် တစတစ မွမ်းမံ ပြင်ဆင်လာခဲ့လေသည်။

လမ်းဖောက်လုပ်ရာ၌ ရောမလူမျိုးများ အသုံးပြုခဲ့သည့် နည်းမှာ ပဌမဆုံး ဖောက်လုပ်မည့် နေရာ၌ အောက်ခြေ အမာခံသို့ ရောက်ရှိသည်တိုင်အောင် မြေပွများကို တူးပစ်၏။လမ်းခင်းရန်နေရာကို ထိုသို့တူးဖော်ပေးပြီးသည့်နောက် လမ်းအတွက် သင့်တော်သောပစ္စည်းများကို လောင်းထည့်၍ ထုရိုက်ခြင်းဖြင့် ဖြစ်စေ၊ အခြားနည်းများဖြင့် ဖြစ်စေ ခိုင်ခံ့တောင့်တင်းအောင်ပြုလုပ်ပေး၏။ များသောအားဖြင့် ထိုပစ္စည်းများ၏ထုမှာ သုံးပေခန့်ရှိပြီးလျှင် အလွှာလေးလွှာ



www.burmeseclassic.com

www.burmeseclassic.com



ခန့် ပါဝင်လေ့ရှိ၏။သို့သော် အောက်ခြေသည်ကျောက်ဖြစ်ခဲ့လျှင် အခြားပစ္စည်းများကို လောင်းထည့် မပေးတော့ပဲ တခါတည်း လမ်းခင်း ကျောက်ဖြင့် ခင်းယူလေ့ ရှိကြ၏။ လမ်းတွင် လောင်းထည့်ပေးရန် ပစ္စည်းများကို အနီးအနားရှိ နေရာတဝိုက်မှ ရရှိတတ်သော်လည်း တခါတရံ၌မူကား ဝေးလံသော အရပ်ဒေသမှ ဆောင်ယူကြရလေသည်။အောက်ဖက်ဆုံးအလွှာတွင် ကျောက်ပြားများကိုဖြစ်စေ၊ ကျောက်ပြားများ မရနိုင်ခဲ့သော် အခြား ကျောက်များကို ဖြစ်စေ အင်္ဂတေကိုင်ပြီးလျှင် နှစ်ထပ်မှ သုံးထပ်အထိ ခင်းပေးလေ့ရှိကြ၏။ ဒုတိယအလွှာတွင် ကျောက်ခဲငယ်နှင့် အင်္ဂတေကို ရော၍ ဖြစ်စေ၊ သို့မဟုတ် အင်္ဂတေ အကြမ်းသက်သက်ကို ဖြစ်စေ လောင်းပေးကြ၏။ ထိုအလွှာပေါ်တွင် တဖန်အင်္ဂတေအချောကို လောင်း၍ တတိယအလွှာကို ပြုလုပ်ပြီးလျှင် အထက်မှ ကျောက်တုံးကြီးများကို စီခင်း ယူကြလေသည်။ကျောက်တုံးခင်းထားသည့်လမ်းများမှာ များသောအားဖြင့် ၁၄ ပေ ခန့် ရှိ၍ ထိုလမ်းဘေး တဖက်တချက်၌ လမ်းမကြီး၏ ထက်ဝက်မျှ ကျယ်သော ဘေးလမ်းများကို လမ်းမကြီးမှ ကျောက်တုံးများဖြင့် ခြားထားကာ ဖောက်လုပ်လေ့ရှိ၏။ ကျောက်တုံးများ ခင်းခြင်းမရှိသော လမ်းများ၌ များသောအားဖြင့် လမ်း၏ မျက်နှာပြင်ကို ကျောက်စရစ်ဖြင့် ဖြစ်စေ၊ မီးခတ်ကျောက်များဖြင့်ဖြစ်စေ အင်္ဂတေကိုင်ထားလေ့ရှိသည်။ တခါတရံ အင်္ဂတေအစား ရွှံ့များကို သုံး၍ အညံ့စား လမ်းမျိုးကို ခင်းယူလေ့ရှိရာ ထိုလမ်းများသည် မြေပြင်ထက် မြင့်တက်လျက်ရှိသည့်အပြင် လမ်း၏ အလယ်ပိုင်းသည် အနား တဖက် တချက်ထက် မို့တက်၍ နေလေသည်။


အလယ်ခေတ်တွင် ရောမလူမျိုးများ ဖောက်လုပ်ခဲ့သည့် လမ်းများမှာ တဖြည်းဖြည်း ပျက်စီးခဲ့၏။ မည်သူ တဦးတယောက်မျှ လမ်းများကို ပြုစုစောင့်ရှောက်ရန် တာဝန်ရှိသည်ဟု မယူဆခဲ့ချေ။ တခါတရံ အချို့ခရစ်ယာန်ဘုန်းကြီးများသည် ကျောင်းအနီးအနားတဝိုက်၌ရှိသော လမ်းများကို ထိန်းသိမ်းစောင့်ရှောက်လေ့ရှိကြ၏။ တခါက တန်တားဆောက်လုပ်သော ဖရိုင်ယာခေါ် ခရစ်ယာန်ဘုန်းကြီး အဖွဲ့တဖွဲ့ ပေါ်ပေါက်ခဲ့ရာ ထိုဘုန်းကြီးတို့သည် တန်တားများနှင့်တကွ လမ်းများကိုပါ မပျက်စီးရအောင် ပြုပြင်ပေးခဲ့ကြ၏။ သို့သော် လမ်းများမှာ ကြာလေဆိုးလေ ဖြစ်ခဲ့၏။ မာနအလွန်ကြီးသော ပဌမ အယ်လစ်ဇဗက် ဘုရင်မပင်လျှင် လန်ဒန်မြို့ထဲ၌ သွားသည့်အခါ မိမိ၏ ရထားသစ်ကို အသုံးပြုပါက ဆောင့်မိ၍ ဒဏ်ရာရမည်စိုးသဖြင့် အခြားသူများကဲ့သို့ မြင်းဖြင့်သာ ခရီးသွားခဲ့ရ၏။ ၁၇ ရာစုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ ရောမလူမျိုးများခင်းခဲ့သောလမ်းများ၌ ရွှံ့ပွက်များ အလွန်ထူထပ်ပေါ်များရကား တခါက ရထားပိုင်ရှင်တဦး၏ ရထားတစီးနှင့် မြင်းခြောက်ကောင်မှာ ဝပ်တာလင်လမ်းရှိ ပွက်အိုင်တွင် နစ်မြုပ်သွားခဲ့ဘူးသည်။ အင်္ဂလန်နိုင်ငံတွင် ဆပ်ဆက်အရပ်သည် ပွက်ထူရာ၌ နာမည် အကျော်ဆုံးဖြစ်၏။ ဆပ်ဆက် အရပ်သူအရပ်သားများ ခြေတံ ရှည်ရခြင်းအကြောင်းမှာ ခြေထောက်များ ဆန့်ထွက်လောက်အောင် ရွှံ့ပွက်မှ ရုန်းရခြင်းကြောင့်ဖြစ်သည် ဟု ပြောင်လှောင်၍ပင် ပြောဆိုခဲ့ကြလေသည်။

ဆဲ့ကိုးရာစုနှစ် ပဌမပိုင်းတွင် တယ်လဖို့နှင့် မက္ကဒမ်ဆိုသူ ပုဂ္ဂိုလ်နှစ်ဦး ပေါ်ပေါက်လာပြီးလျှင် လမ်းခင်းမည့် နေရာတွင် မြေအောက် အမာခံအထိ တူး၍ ကျောက်များကို လောင်းထည့်ကာ လမ်းကို ခင်းယူကြသော အခါမှသာ လမ်း၏ အခြေအနေသည် တိုးတက်ခဲ့၏။ ထိုလမ်းများ၌ ရေဝပ်၍ မနေရအောင် မြောင်းများကို စံနစ်တကျ ဖောက်ထား၏။ ယခု ဥရောပတိုက်နှင့်တကွ အမေရိကန်နိုင်ငံများတွင် အသုံးပြုလျက်ရှိသည့် လမ်းများသည် ထိုပုဂ္ဂိုလ်နှစ်ဦး တီထွင်ခဲ့သည့် လမ်းဖောက်လုပ်နည်းပေါ်တွင် အခြေပြု၍ ဆောက်လုပ်ထားသော လမ်းများဖြစ်ကြသည်။ တယ်လဖို့၏ အမည်ကို ယခုအခါ သိရှိသူ မရှိသလောက် နည်းပါးသွားပြီ ဖြစ်သော်လည်း ကျောက်ခင်းလမ်းကို မက္ကဒမ်မိုက်လမ်းများဟု ခေါ်သဖြင့် ထိုသို့ခေါ်သည့်အခါတိုင်း တီထွင်သူ မက္ကဒမ်အား အမြဲ သတိရရှိစေလေသည်။ (မက္ကဒမ့်,ဂျေ၊ အယ — လည်းရှု။)

ရွှံ့ပွက် ထူထပ်သော လမ်းကို ခေတ်သစ်လမ်းအဖြစ်သို့ ပြောင်းလဲပြုပြင်ယူရာ၌ ပဌမဆုံး လမ်းခင်းလိုသည့် နေရာတွင် မြေထွန်စက်ဖြင့် ထွန်၍ မြေပျော့ကို ဖယ်ရှားပစ်ပြီးလျှင် မျက်နှာပြင်ကို ညီအောင် ညှိပေးရ၏။ ထိုနောက် လော်ရီကြီးငယ်များဖြင့် ကျောက်စရစ်ကို သယ်ဆောင်ယူခဲ့ပြီးလျှင် မြေပြင်ညီပေါ်တွင် ခင်းပေးသည်။ ကျောက်ခင်းရာတွင် ကျောက်တုံးကြီးများကို အောက်မှခံပြီး ကျောက်တုံးအငယ်များကိုအပေါ်မှခင်းပေးကြ၏။ ထိုသို့ခင်းပေးပြီးသောအခါ ကျောက်များကို မာ၍ညီလာသည်အထိ လမ်းကြိတ်စက်ဖြင့် လှိမ့်ပေးရ၏။ ကျောက်လမ်း ဖြစ်လာသောအခါ အင်္ဂတေကိုင်ရန် ကိစ္စမှာ အလွန် လွယ်ကူလာသည်။ ပဌမဆုံး လမ်းကြိတ်စက်ဖြင့် ကြိတ်ထားသော ကျောက်လမ်းပေါ်တွင် အင်္ဂတေလောင်းရန် ပုံများကို ပြုလုပ်ပေး၍ အင်္ဂတေနယ်စက်ကြီးများမှ အင်္ဂတေကို ပုံထဲသို့ လောင်းပေးသည်။ အင်္ဂတေကိုင်ထားသော လမ်းတွင် မျက်နှာပြင်သည် အလွန်ချောလွန်းပါက မော်တော်ကားဘီးများသည် ချော်ထွက်သွားကာ လူကို ဘေးအန္တရာယ် ဖြစ်စေတတ်၏။ ထို့ကြောင့် အင်္ဂတေကိုင်ရာ၌ လမ်း၏ မျက်နှာပြင်ကို အနည်းငယ် ကြမ်းနေအောင် ပြုပြင်ပေးရသည်။ ထိုသို့အင်္ဂတေကိုင်ထားသော လမ်းများကို မည်သို့မျှ မပြုမပြင်ပဲ

www.burmeseclassic.com





ကားတိုက်မှုအန္တရာယ်မှ ကင်းအောင် ဤသို့ လမ်းများကို တလမ်းနှင့်တလမ်း ကျော်၍ ဖောက်လုပ်ထားသည်။

အခြောက်ခံပေးပါက လျင်မြန်စွာ ခြောက်သွေ့လာပြီး ကွဲအက်သွားတတ်သည်။ ထိုကြောင့် အင်္ဂတေကိုင်၍ ပြီးစီးသော လမ်းများကို စိုထိုင်းလျက်ရှိစေရန် ကောက်ရိုးများဖြင့် ဖုံးအုပ်ပြီးလျှင် မကြာခဏ ရေဖြန်းပေးကြရ၏။ ရက်အနည်းငယ်ကြာ၍ ကောက်ရိုးများကို ဖယ်ရှား ပစ်လိုက်သောအခါ ကြမ်းပြင်တမျှ တောင့်တင်းညီညာသော လမ်းကို ရရှိလေသည်။ ကတ္တရာစေးလမ်း ပြုလုပ်လိုသော အခါ ကျောက်လမ်းပေါ်တွင် အင်္ဂတေ လောင်းပေးမည့် အစား ကတ္တရာစေး လောင်းပေးရသည်။ ထိုလမ်းမျိုးသည် ဖုန်မှုန့်များ ကင်းစေပြီးလျှင် ရေဝပ်ခြင်းမရှိသဖြင့် အချို့ နေရာများ၌ များစွာအသုံးဝင်၏။ သို့သော် အင်္ဂတေလမ်းများကဲ့သို့ တောင့်တင်းခိုင်မာခြင်း မရှိပေ။

ခေတ်သစ် လမ်းများတွင် ရှုပ်ထွက်များ ကင်းသဖြင့် ရထားဘီးကျွံသွားမည်ကိုရင်း၊ လမ်းကြမ်း၍ ဆောင့်မိခြင်းကြောင့် ရထားဝင်ရိုးကျိုးသွားမည်ကိုရင်း အနည်းငယ်မျှ စိုးရိမ်စရာ မရှိတော့ချေ။ လမ်းများမှာ ညီညာပြောင့်ဖြူးခြင်း၊စောက်မတ်သောကုန်းထက်ဟူ၍ အလွန်နည်းပါးခြင်း၊ လမ်းကွေ့များမှာ ကျယ်ပြန့်ခြင်း၊ မြေပြိုမကျအောင် ပေါင်ခတ်ထားခြင်းတို့ကြောင့် မော်တော်ကားများသည် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့်မောင်းနှင်သွားလာနိုင်ကြသည်။

# လူတိုင်း ယာဉ်ဘေး ကင်းဝေးချမ်းသာ

**စက်တပ်ယာဉ်များပေါ်သည့်အချိန်မှစ၍ လူတို့ သက်သောင့်သက်သာ သွားလာနိုင်ခဲ့သလောက် အသက်အန္တရာယ်လည်း အလွန်ကြုံတွေ့ခဲ့ရလေသည်။ ယင်းအန္တရာယ်မှ ကင်းဝေးချမ်းသာစေရန် နိုင်ငံတိုင်း၌လိုပင် နည်းအမျိုးမျိုးဖြင့် ဖြေရှင်းလျက်ရှိကြသည်။**


**လမ်းအန္တရာယ်ကာကွယ်ရေး။** ။လမ်းအန္တရာယ် ဖြစ်ပွားမှု၏ အဓိက အကြောင်းခံသည် များသော အားဖြင့် မော်တော်ယာဉ်များပင် ဖြစ်သည်ကို တွေ့ရသည်။ မော်တော်ယာဉ် တစီးနှင့်တစီးတိုက်မှု၊ ခြေလျင် ခရီးသွားများကို ယာဉ်များက ဝင်တိုက်မှု စသည်ဖြင့် မြို့ကြီးများ၌ နေ့စဉ်နှင့်အမျှ ယာဉ်တိုက်မှုများ ဖြစ်ပွားလျက် ရှိလေသည်။ ရန်ကုန်မြို့တွင် ယာဉ်တိုက်မှု မရှိသည့်လ ဟူ၍ မရှိချေ။ ၁၉၆၂ ခုနှစ်တွင် ယာဉ်တိုက်မှုပေါင်း ၁,၀၂၈ မှုဖြစ်ပွား၍ ဒဏ်ရာရသူပေါင်း ၁,၀၃၂ ယောက်၊ သေဆုံးသူပေါင်း ၇၄ ယောက် ရှိလေသည်။ အမေရိကန် ပြည်ထောင်စုတွင်



www.burmeseclassic.com

www.burmeseclassic.com





လမ်းပေါ်ရှိ အမျိုးမျိုးသော အမှတ်အသားများသည်မော်တော်ယာဉ်မောင်းသူနှင့် ခြေလျင်ခရီးသွားများအား လမ်း၏အခြေအနေကို ကြိုတင်သိစေသည်။

၁၉၆၂ ခုနှစ်က ယာဉ်တိုက်ခံရသူပေါင်း တသန်းကျော်ရှိခဲ့၍ ယာဉ်တိုက်မှုကြောင့် လူပေါင်း ၃၈,၀၀၀ ကျော် သေဆုံးခဲ့သည်ဟု ဆိုသည်။ အသေအပျောက် များသည်ဟု ဆိုသော နှလုံးရောဂါ၊ကင်ဆာရောဂါတို့ဖြင့် သေဆုံးသူ ဦးရေထက်ပင် ပိုမိုများပြားစေသော လမ်းပေါ်မှ လူသတ်မှုကြီးဟုပင် ဆိုစရာ ဖြစ်ခဲ့လေသည်။

အထူးသဖြင့် လူဦးရေ ထူထပ်များပြားသော မြို့ကြီးများ၌ ထိုအမှုမျိုး ပိုမိုများပြားလေရာ တိုင်းပြည်တိုင်းမှ မြို့ကြီးတိုင်း၌ လမ်းအန္တရာယ်ကာကွယ်ရေးများကို အမျိုးမျိုး ဆောင်ရွက်ကြရလေသည်။ လမ်းများကို အမျိုးမျိုး ပြုပြင်ပေးကြသည်။ ကျဉ်းမြောင်းသော လမ်းများကို ချဲ့ထွင်ခြင်း၊ လမ်းကောက်များကို တတ်နိုင်သမျှ ဖြောင့်ပေးခြင်း၊ လမ်းပေါ်ရှိ ချိုင့်ခွက်များကို ဖို့ပေးခြင်း၊ ခရီးရှည်လမ်းများတွင် ယာဉ်မောင်းသူများ ငြီးငွေ့ ထိုင်းမှိုင်းခြင်း မဖြစ်စေရန် ရှုခင်းအမျိုးမျိုး ဖန်တီးပေးခြင်း၊ သာယာသော စခန်းထောက်များ ပြုစုပေးခြင်းစသည်ဖြင့် ကောင်းသည်ထက် ကောင်းအောင် ငွေကုန်ကြေးကျခံ၍ ပြုပြင်ပေးလေသည်။ လမ်းပေါ်၌လည်း အမျိုးမျိုးသော အထိမ်းအမှတ် မှတ်တိုင်များဖြင့် မော်တော်ယာဉ် မောင်းသူနှင့် ခြေလျင် ခရီးသွားသူများအား လမ်း၏ အခြေ အနေကို ကြိုတင်သိစေသည်။ ဘေးအန္တရာယ် ထူပြောသော လမ်း၊ အကွေ့အကောက်ရှိသောလမ်း၊တဖက်သွားလမ်း၊ မီးရထားလမ်းနှင့် ဆုံသောလမ်း စသည်ဖြင့် မှတ်တိုင်များ စိုက်ထူ၍ သတိ ပေးထားလေသည်။ ယင်းသို့ သတိပေးချက်များကို နိုင်ငံရင်းသားများသာမက တိုင်းတပါးမှ ရောက်လာသော နိုင်ငံခြားသားများပါ လွယ်ကူစွာ နားလည်၍ လိုက်နာနိုင်အောင် ကမ္ဘာ့စံတင် လမ်းမှတ်တိုင်နှင့် အချက်ပြနည်းများကို ၁၉၅၉ ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂမှ ကျင်းပသော လမ်းနှင့် မော်တော်ယာဉ် သယ်ယူပို့ဆောင်ရေး ညီလာခံကြီးက တီထွင် ထုတ်ပြန်ထားလေသည်။ ဤသို့ဖြင့် မော်တော်ယာဉ်မောင်းသူတို့သည် မည်သည့်နိုင်ငံသို့ရောက်စေကာမူ အမှတ်အသား အချက်ပြတိုင်များကိုကြည့်၍ လိုက်နာပါက ဘေးကင်းစွာ မောင်းနှင်နိုင်ကြလေသည်။

ရှေးအခါက လက်ပြရဲများက ယာဉ် အသွားအလာကို ထိန်းသိမ်းခဲ့ကြသော်လည်း ယခုမူ ခေတ်မှီနည်းများ အရအလိုအလျောက် မီးရောင်ပြောင်း၍ဖြစ်သော မီးတိုင်များကို စိုက်ထူ၍ ယာဉ်အသွားအလာ အန္တရာယ်ကင်းအောင် ထိန်းသိမ်းပေးလေသည်။


ထိုသို့ လမ်းပေါ်တွင် ယာဉ်တိုက်မှုများ မရှိအောင် ဆောင်ရွက်ရာတွင် အချို့နိုင်ငံများ၌ နိုင်ငံအစိုးရကို အဆအောခေါ် မော်တော်ယာဉ် အဖွဲ့များက ကူညီယိုင်းပင်းကြသည်။ လမ်းအန္တရာယ် ကင်းရှင်းရန် နိုင်ငံတိုင်း လိုလိုတွင်



www.burmeseclassic.com

www.burmeseclassic.com

## လမ်းအန္တရာယ် ကာကွယ်ရေး




ထမ်းပေါ်၌ ထိခိုက်မှုမဖြစ်ပွားစေရန် ခြေလျင် ခရီးသွားများက လမ်းစည်းကမ်းများကို လိုက်နာရန် လိုအပ်သကဲ့သို့ မော်တော်ယာဉ်မောင်းသူများ၌လည်း တာဝန်ရှိသည်။ မော်တော်ယာဉ်မောင်းသူများသည် လမ်းအန္တရာယ်သတိပေးချက်များကို အမြဲလေးစားရသည်။ မြန်မာနိုင်ငံ တဝန်းလုံးတွင် အသုံးပြုနေသည့် လမ်းညွှန်ပုံစံများကို ကြည့်၍ လိုက်နာပါက ဘေးအန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ကြမည်ဖြစ်သည်။

www.burmeseclassic.com



ယာဉ်ထိန်းရဲများသည် ကျောင်းသွားကျောင်းပြန် ကလေးများ၊သက်ကြီးရွယ်အိုများ၊လမ်းမကူးတတ်သူများကိုစောင့်ရှောက် ပေးကြရလေသည်။ လမ်းများတွင်လည်း ဖြတ်ကူးရန် နေရာများ သတ်မှတ်ထားသည်။ လမ်းကျယ်ကြီးများ၊ ကျောင်းများ၊ ဈေးများနှင့် လူစည်ကားသော နေရာများတွင် ခြေလျင်ခရီးသွားများ အန္တရာယ်ကင်းစွာဖြတ်ကူးနိုင်ရန် လမ်းပေါ်၌ လူကူးမျဉ်းကျားများ ဆွဲပေးထားလေသည်။ မျဉ်းကျားပေါ်၌ လူသွားနေလျှင် ယာဉ်များက ရပ်ပေးရသည်။ လမ်းဆုံများ၌ လမ်းဖြတ်ကူးသူတို့အတွက် အချက်ပြမီးများလည်း တပ်ဆင်ထားလေသည်။ အချက်ပြမီးတွင် လူပုံသင်္ကေတန် မီးစိမ်းပေါ်မှ လမ်းကိုဖြတ်ကူးရလေသည်။

လမ်းပေါ်၌ ထိခိုက်မှုများ မဖြစ်ပွားစေရန် ခြေလျင်ခရီးသွားသူများက စည်းကမ်းများကို လိုက်နာရန် လိုအပ်သကဲ့သို့ မော်တော်ယာဉ် မောင်းနှင်သူများ၌လည်း တာဝန် ရှိသည်။ မော်တော်ယာဉ် မောင်းသူသည် အမြဲတမ်းမျက်စိရှင်နေရ၍ လမ်းပြရဲ၏ အချက်ပေးချက်များကို အတိအကျ လိုက်နာရလေသည်။ မော်တော်ယာဉ် မောင်းသူများအတွက် ရည်စူးထုတ်ဝေသော စာအုပ်စာတမ်းများကို အမြဲတမ်း ဆောင်ထားရ၍ အတွင်း၌ ပါသော စည်းကမ်းများကို လိုက်နာရလေသည်။ ယင်းသို့ လမ်းအသုံးပြုသူတိုင်း စည်းကမ်းများကို လိုက်နာကြမှသာလျှင် ယာဉ်တိုက်မှုများ လျော့ပါးနိုင်ပေမည်။

ယာဉ်တိုက်မှု လျော့ပါးသွားစေရန် ယာဉ်မောင်းသူတို့သည် မော်တော်ယာဉ်ကို ကောင်းစွာ ထိန်းသိမ်း မောင်းနှင်ခြင်း၊ မော်တော်ယာဉ် စည်းကမ်းကို နားလည်ခြင်း၊ လမ်းစည်းကမ်းကို ကောင်းစွာ နားလည် သဘောပေါက်ခြင်း၊ သည်းခံမှု စိတ်ရှည်မှုရှိခြင်း၊ အာရုံ ထွေပြားမှု မရှိခြင်းတို့နှင့် အဓိကအားဖြင့် ပြည့်စုံဖို့လိုသည်။

မော်တော်ယာဉ်ကို ကောင်းစွာ ထိန်းသိမ်းရာ၌ မော်တော်ယာဉ်တွင် ဓာတ်ဆီ၊ အချက်ပြလက်နှင့် အချက်ပြမီး၊ ရေ၊စတီယာရင်ဗရိတ်၊နောက်ကြည့်မှန်၊စက်ဆီ၊ဟွန်း၊မီးလုံး၊ ကားနံပတ်ပြား၊ တာယာ၊ ဝိုက်ပါခေါ် ရေသုတ်တံ၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်တို့ ကောင်းမွန်စွာရှိမရှိ စစ်ဆေးပြီးမှ မော်တော်ယာဉ်ကို မောင်းနှင်ရန် ဖြစ်သည်။ မော်တော်ယာဉ်ကို မောင်းနှင်သည့်အခါ၌လည်း အန္တရာယ်အကင်းဆုံး မောင်းနှင်နိုင်စေရန် အရှိန်ကို ထိန်းတတ်ဖို့ အရေးကြီးသည်။ မည်သည့် အရှိန်နှင့် မောင်းနှင်လျှင် မည်သည့် အကွာအဝေးလောက်မှစ၍ အရှိန်သတ်ရန် လိုအပ်သည်ကို သိသင့်သည်။ ခြောက်သွေ့သော လမ်းတွင် တနာရီ မိုင် ၃၀ နှုန်းနှင့်သွားသော ယာဉ်သည် ဗရိတ်အုပ်သင့်ပြီဟု ဆုံးဖြတ်သည့်အချိန်မှစ၍ ဗရိတ်ကို ခြေနှင့်တော့လိုက်ပါက ၇၈ ပေ လိမ့်သွားပြီးမှ ရပ်နိုင်၍ စိုစွတ်သော လမ်းပေါ်တွင် ၁၀၀ ပေ လိမ့်သွားပြီးမှ ရပ်နိုင်သည်။ ထို့ကြောင့် ယာဉ်မောင်းသူသည် အချိန်အဆ အလွန်လိုလေသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို နားလည်နိုင်ရန်လည်း သက်ဆိုင်ရာ ယာဉ်ဌာနများက အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်း ဥပဒေများကို လေ့လာထားဖို့ လိုသည်။ လမ်းအန္တရာယ်ကင်းရှင်းရန် လမ်းအသုံးပြုသူတိုင်း လမ်းစည်းကမ်းကို အဓိက နားလည်လိုက်နာဖို့ လိုလေသည်။ လမ်းစည်းကမ်း ဟူသည်မှာ သက်ဆိုင်ရာအပြစ်ဒဏ်များနှင့်တကွ ချမှတ်ထားသော ဥပဒေရပ်ကား မဟုတ်ချေ။ ပိုင်းခြားဝေဖန်တတ်သော ဉာဏ်နှင့် လူယဉ်ကျေးမှု ဆက်ဆံရေးပေါ်တွင် အခြေတည်၍ လမ်းအသုံးပြုသူများ လုပ်သင့်သော အချက်များနှင့် မလုပ်သင့်သော အချက်များကို စုပေါင်း ရေးဆွဲထားခြင်း ဖြစ်သည်။ ထို့ကြောင့် ယာဉ်အမျိုးမျိုးကို မောင်းနှင်သူများ၊ လမ်းပေါ်တွင် ခြေလျင် လျှောက်သူများ၊ လူကြီး လူငယ်၊ ကျောင်းသူကျောင်းသား၊ ယောကျ်ား မိန်းမများပါ မကျန် အားလုံးသော သူတို့အား လမ်းပေါ်၌ ဘေးရန် မတွေ့စေရန် ကျောင်းများ၌ရင်း၊ မော်တော်ယာဉ်ဌာန၌ရင်း၊ နွေရာသီ



ယာဉ်ထိန်းရဲများသည် ကျောင်းသွား ကျောင်းပြန်ကလေးများနှင့် လမ်းမကူးတတ်သူများကို စောင့်ရှောက်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com






ကျောင်းများ၌ရင်း၊ နွေရာသီသင်တန်းစခန်းများ၌ရင်း လမ်းစည်းကမ်း များကို ယာဉ်ထိန်းရဲများက သင်ကြားပေးကြသည်။

သင်တန်းစခန်းများ၌ရင်း လမ်းစည်းကမ်းများကိုသင်ကြားပေးလေသည်။ လမ်းများပေါ်၌ တွေ့ရှိရသော ညွှန်ကြားချက် မှတ်တိုင်အမျိုးမျိုး၊ ယာဉ်မောင်းနှင်သူများ လိုက်နာရန် စည်းကမ်းအမျိုးမျိုး၊ ခြေလျင်ခရီးသွားများ လမ်းဖြတ်ကူးသည့်အခါ သတိထားရမည့်အချက်များ၊ လမ်းပြရဲ၏ အချက်ပေးပုံအမျိုးမျိုးကို နားလည်စေရန် ဆောင်ရွက်ပေးလေသည်။ အချို့ နိုင်ငံများ၌မူ လမ်းအန္တရာယ် ကာကွယ်ရေးကို ကျောင်းများ၌ ဘာသာတရပ် အနေဖြင့် သင်ကြားပေးလေသည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် လမ်းအန္တရာယ် ပိုမိုနည်းပါးသွားစေရန် ၁၉၇၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့မှ စ၍ တလမ်းမောင်းစံနစ်ကို ကျင့်သုံးစေခဲ့လေသည်။ တလမ်းမောင်းစံနစ်ကို ကျင့်သုံးလိုက်ခြင်းဖြင့် မျက်နှာချင်းဆိုင်မှ လာသောယာဉ် မရှိသောကြောင့် မျက်နှာချင်းဆိုင်တိုက်ခိုက်မှု နည်းပါးလာနိုင်ခြင်း၊ ဂငယ်တွေ့မတွေ့ရတော့သဖြင့် ဂငယ်တွေ့တိုက်ခိုက်မှု လျော့ပါးနိုင်ခြင်း၊ လမ်းဆုံများတွင် ယာဉ်ဖြတ်သန်းမှုလမ်းကြောင်း နည်းပါးသည့်အတွက် လမ်းဆုံတိုက်ခိုက်မှု လျော့ပါးနိုင်ခြင်း၊ လမ်းဖြတ်ကူးသူတို့သည် ယာဉ်များ ဦးတည်ရာ တဖက်တည်းကိုသာ ကြည့်၍ ကူးရသောကြောင့် ယာဉ်နှင့်လူတိုက်ခိုက်မှုတို့ လျော့နည်းနိုင်ခြင်းတို့ ဖြစ်နိုင်ရာ လမ်းအန္တရာယ် လျော့လာနိုင်သည်။

ရန်ကုန်မြူနီစီပယ်အဖွဲ့ လမ်းအင်ဂျင်နီယာ ဌာနနှင့် ပြည်သူ့ရဲတပ်ဖွဲ့ ယာဉ်ထိန်းဌာနကလည်း လမ်းအန္တရာယ်ကို တတ်နိုင်သမျှ ကာကွယ်ရန် ညွှန်ကြားချက် မှတ်တိုင်များ ချပေးခြင်း၊ လမ်းပေါ် အမှတ်အသားများ ရေးဆွဲပေးခြင်း၊ မီးအချက်ပြများ စိုက်ထူပေးခြင်း၊ စိတ်ချရသော ယာဉ်မောင်းသူများ ဖြစ်အောင် ယာဉ်မောင်းသူများကို အခါအားလျော်စွာ သင်တန်းများပို့ချခြင်း၊ လမ်းအန္တရာယ် သတိပေးချက်များကို ရိုက်နှိပ် ဝေငှခြင်းတို့ကို ပြုလုပ်ပေးလေသည်။ ပြည်သူ့ရဲအဖွဲ့က လမ်းအသုံးပြုသူများအတွက် အောက်ပါ သတိပေးချက်များ ဝေငှ၍ လမ်းအန္တရာယ်ကို ကာကွယ်ပေးလေသည်။

မော်တော်ယာဉ် မောင်းသူများအတွက် လမ်းအန္တရာယ် သတိပေးချက် —

(၁) လမ်းပြရဲ၏ အချက်ပြခြင်းကို အမြဲ လေးစားပါ။



www.burmeseclassic.com

www.burmeseclassic.com



(၂) ယာဉ်၏ဗရိတ်၊ တက်မနှင့်မီးလုံးများကောင်းပါစေ။
(၃) ခွင့်ပြုသော မိုင်နှုန်းထက် ပို၍မမောင်းပါနှင့်။
(၄) မူးလျှင် မမောင်းနှင့်၊ မောင်းလျှင် မမူးနှင့်။
(၅) ကျောင်းများအနီး ပို၍သတိနှင့်မောင်းပါ။
(၆) အခြားယာဉ်နောက်မှ ကပ်မလိုက်ပါနှင့်။
(၇) ရှေ့ကိုကြိုကြည့်တတ်သည့် အလေ့ လေ့ကျင့်ပါ။
(၈) ရှေ့မှသွားနေသော ယာဉ်က ကျော်တက်နိုင်ခွင့် အချက်မပြမီ ကျော်မတက်ပါနှင့်။
(၉) အကွေ့ လမ်းထောင့်လမ်းဆုံတွင် ဖြတ်ကျော်မတက်ပါနှင့်။
(၁၀) အခြား ယာဉ်မောင်းသူက မထေမဲ့မြင် ပြုသည်ကို တုံ့ပြန် မပြုပါနှင့်။
(၁၁) အပြိုင်မောင်းလိုသော စိတ်ကို ဖယ်ရှားပါ။
(၁၂) ရပ်လိုလျှင် နေးလိုလျှင် ကွေ့လိုလျှင် အချက်ပြပါ။
(၁၃) ညဦးအခါ ရှေ့မှ ယာဉ်လာနေလျှင်၊ သို့မဟုတ် မိမိ ရှေ့၌ ယာဉ်ရှိလျှင် မီးမှိန်ကို အသုံးပြုပါ။
(၁၄) ယာဉ်မောင်းနေလျှင် အခြားအာရုံများကို လုံးဝ ဖယ်ရှားပါ။
(၁၅) လက်ပြရဲနှင့် အချက်ပြမီးမရှိလျှင် လက်ပြတိုင်ကို ပတ်၍ ကွေ့ပါ။
(၁၆) လမ်းသေးမှ လမ်းမကြီးသို့မထွက်မီ ယာဉ်ကိုရပ်၍ ဝဲယာကြည့်ပြီးမှ ထွက်ပါ။
(၁၇) လမ်းမှတ်တိုင်မှ သတိပေးချက်၊ ညွှန်ကြားချက် များကို လေးစားပါ။
(၁၈) လက်ဝဲဖက် ကွေ့လိုသည့် အခါနှင့် ရှေ့မှ ယာဉ်ကို ကျော်တက်သည့်အခါမှလွဲ၍ ယာဉ်များကိုယာဖက် မှ ကပ်၍ မောင်းပါ။
(၁၉) တလမ်းမောင်းစံနစ် ကျင့်သုံးရန် သတ်မှတ်ထား သော နယ်နိမိတ်အတွင်းသို့မဝင်မီ မိမိသွားရမည့် ခရီးလမ်းကို ကြိုတင်စီစဉ်ထားပါ။
(၂၀) ယာဉ်ကြောတခုမှ တခုပြောင်းရန် လိုအပ်လျှင် ကြိုတင်အချက်ပြပြီးမှ ပြောင်းပါ။
(၂၁) ယာဉ်ကြောကူးပြောင်းရန် သတ်မှတ်ထားသော မျဉ်းပြတ်နေရာမှ ယာဉ်ကြောကူးပါ။
(၂၂) လူစည်ကားသော နေရာများ၌ ယာဉ်ကို နောက် ဆုတ် မမောင်းပါနှင့်။

မော်တော်ဆိုင်ကယ်နှင့် စက်ဘီးစီးသူများ အတွက် လမ်း အန္တရာယ် သတိပေးချက် —

(၁) စက်ဘီးသည် ယာဉ်တစီးဖြစ်သည်ကို သတိပြုပါ။
(၂) ရပ်လို ကွေ့လို ကျော်တက်လိုလျှင် အချက်ပြပါ။
(၃) အခြားယာဉ်များနည်းတူ ညွှန်ကြားသည်ကို လိုက် နာပါ။
(၄) လူပိုနှစ်ယောက် မတင်ပါနှင့်။
(၅) ကြီးလေးသော ပစ္စည်းများ မတင်ပါနှင့်။
(၆) အခြားယာဉ်များကို တွယ်၍ မလိုက်ပါနှင့်။
(၇) ရှေ့မှသွားနေသော ယာဉ်နှင့် ကပ်မလိုက်ပါနှင့်။
(၈) လမ်း၏ လက်ယာဖက်ကပ်၍ စီးပါ။
(၉) ညဦးအခါ မီးထွန်း၍ စီးပါ။
(၁၀) အရှိန်ပြင်းစွာ မစီးပါနှင့်။
(၁၁) လူသွားစင်္ကြံပေါ်မှ မစီးပါနှင့်။
(၁၂) ရှေ့နှင့် နောက် ဗရိတ်များ ကောင်းမကောင်း စစ် ဆေးပါ။
(၁၃) လက်လွှတ် မစီးပါနှင့်။
(၁၄) ရဲအဖွဲ့မှ တပ်ဆင်ထားသော လမ်းမှတ်တိုင်များကို လေးစားလိုက်နာပါ။
(၁၅) အဆန်းထွင်မစီးပါနှင့်၊ ရုပ်ရှင်စတန့် ထွင်လျှင် ဒုက္ခ ရောက်တတ်သည်။
(၁၆) မိုးရွာနေလျှင် လမ်းချော်တတ်၍ ဂရုစိုက်ပါ။
(၁၇) စက်ဘီးနှစ်စီး ယှဉ်မစီးပါနှင့်။

ခြေလျင် ခရီးသွားများအတွက် လမ်းအန္တရာယ် သတိပေး ချက် —

(၁) လမ်းဘေး ပလက်ဖောင်း၊ သို့မဟုတ် လူသွားလမ်း ရှိလျှင် လူသွားလမ်းပေါ်မှ လျှောက်ပါ။ လမ်းပေါ် ဆင်းမလျှောက်ပါနှင့်။
(၂) လမ်းပလက်ဖောင်းမရှိလျှင် လမ်းနှုတ်ခမ်းကို ကပ် ၍ လျှောက်ပါ။
(၃) လမ်းကို ဖြတ်ကူးသည့်အခါ လူကူးမျဉ်းကျားပြုလုပ် ထားသည့် နေရာမှသာ ဖြတ်ကူးပါ။
(၄) မီးပွိုင့်လမ်းဆုံတွင် လေးဖက်လေးတန်၌ ဆေးဝါဖြင့် ရေးဆွဲထားသော မျဉ်းနှစ်ကြောင်းအတွင်းမှသာ ဖြတ်ကူးပါ။
(၅) လမ်းဖြတ်ကူးခါနီး၌ လမ်းနှုတ်ခမ်း၌ ရပ်၍ ယာဉ် လာမည့်ဖက်သို့ ကြည့်ပြီး ကူးပါ။ လမ်းလယ်၌ ရပ်နားရန် နေရာရှိလျှင် ရပ်တန့်ပြီး ပဋမ ဖြတ် ကူးစဉ်ကအတိုင်း ကြည့်၍ ဆက်ကူးပါ။
(၆) မိမိ၏ လက်ဝဲလက်ျာတို့မှအသွားအလာကိုကောင်း စွာ မမြင်ရလောက်အောင် ယာဉ်များနှင့် အခြား အတားအဆီးများ ရှိနေပါက၊ သို့မဟုတ် မျက်စိ တဆုံးမမြင်နိုင်ပါက အထူး သတိထား ဖြတ်ကူးရ မည်။ သွားလာနေသည့် ယာဉ်မှ ယာဉ်မောင်း မြင်နိုင်သောဖက်မှသာ ဖြတ်ကူးပါ။
(၇) မီးအချက်ပြ ရှိသည့်နေရာ၌ ယာဉ်အတွက် မီးပြ ထားချိန်ကျမှ လမ်းဖြတ်ကူးပါ။ အချို့နေရာ၌ လူ ရုပ်နှင့် အစိမ်းအနီ မီးအချက်ပြများ တပ်ဆင်ထား

www.burmeseclassic.com



တတ်သည်။ လူရုပ်နှင့် မီးအစိမ်းရောင်လင်းမှ ဖြတ်ကူးပါ။ လူရုပ် နီနေသောအခါ ဖြတ်မကူးပါနှင့်။

(၈) လူအစုအအုပ်နှင့် လမ်းဖြတ်ကူးလျှင် တယောက်နောက်တယောက်စီ၍ မဖြတ်ပါနှင့်။ စောင့်ရသောယာဉ်များ အချိန်ကုန်အောင် လုပ်ရာ ကျသည်။ ပခုံးချင်းယှဉ်စီပြီး ခပ်မြန်မြန် ဖြတ်ကူးပါ။

(၉) လမ်းကို ဖြတ်ကူးသည့်အခါ ခားလွယ်ခုတ်မကူးပဲ တည့်တည့်ဖြတ်ကူးပါ။တည့်တည့်ဖြတ်ကူးခြင်းသည် ခရီးအတိုဆုံးဖြစ်၍ အမြန်ဆုံး ရောက်နိုင်သည်။

(၁၀) အရွယ်မရောက်သေးသော၊ အသိဉာဏ် မပြည့်ဝသေးသော ကလေးငယ်များအား အုပ်ထိန်းသူများက လက်ကို မြဲမြဲတွဲပြီးမှ လမ်းကို ဖြတ်ကူးပါ။

(၁၁) လမ်းပေါ်၌ မူးယစ် သောက်စား သွားလာခြင်းကို ရှောင်ပါ။

(၁၂) လမ်းပေါ်၌ ငေးမောမလျှောက်ပါနှင့်။

(၁၃) လိုအပ်လျှင် ယာဉ်ထိန်းရဲ အကူအညီတောင်းပါ။

ယင်းသို့ သင်တန်းပေးခြင်း၊ သတိပေးခြင်း၊ လမ်းညွှန်အမှတ်အသားများ ချပေးခြင်းမျှဖြင့် ခြေလျင် ခရီးသွားပြည်သူများအတွက် လမ်းအန္တရာယ် ကာကွယ်ရန် လုံလောက်ပြီဟု မယူဆသေးသဖြင့် နိုင်ငံအစိုးရက တဆင့် အာမခံ စံနစ်ကို ထားရှိကြရန် စီစဉ်လျက် ရှိလေသည်။ တဆင့် အာမခံစံနစ်၏ သဘောမှာ ကားပိုင်ရှင်များက ခရီးသွားများအတွက် အာမခံထားပေးခြင်း ဖြစ်သည်။ ကားတိုက်မှုဖြစ်ပါက ထိခိုက်ဒဏ်ရာရ ဆုံးရှုံးရမှု အခြေအနေကိုလိုက်၍ ကားတိုက်ခံရသူများအား လျော်ကြေးနှုန်း သတ်မှတ် ထားရှိပေးပြီး အကျိုးခံစားခွင့် ပြုမည်ဖြစ်လေသည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံအများတွင် ကျင့်သုံးနေသော လက်ျာမောင်းစံနစ်ကို ကြိုတင်လေ့ကျင့်ပြီး၍ အသားကျသွားပါက ကမ္ဘာ့အရပ်ရပ်မှ ယင်းစံနစ်ကို ပြောင်းလဲကျင့်သုံးချိန်ကျသောအခါ ခက်ခဲမှုနှင့် ရင်မဆိုင်ရတော့ပဲ လမ်းအန္တရာယ် နည်းပါးသွားစေရန် မြန်မာနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၆ ရက် တနင်္ဂနွေနေ့ နံနက် ၆ နာရီမှ စတင်၍ လက်ျာမောင်းစံနစ်ကို ပြောင်းလဲ ကျင့်သုံးခဲ့သည်။

**လိမ်မော်ပင်။** ။သံပရာ၊ သံပရို၊ ရှောက်၊ ကျွဲကောနှင့် လိမ်မော်တို့မှာ မျိုးတူသစ်ပင်များ ဖြစ်ကြသည်။ သိပ္ပံပညာရှင်များက အာရှတိုက် အရှေ့ပိုင်းတွင် တည်ရှိသော အိန္ဒိယနိုင်ငံ၊ သို့မဟုတ် တရုပ်နိုင်ငံတောင်ပိုင်း အရပ်တို့သည် လိမ်မော်ပင်၏ မူလပေါက်ရောက်ရာအရပ် ဖြစ်သည်ဟုဆိုကြသည်။ ခရစ်မပေါ်မီကပင် အိန္ဒိယနိုင်ငံနှင့် တရုပ်နိုင်ငံ တောင်ပိုင်းတို့၌ လိမ်မော်ပင်ကို စိုက်ပျိုးခဲ့ကြသည်။

သို့ရာတွင် ထိုအရပ်များမှာ ခေါင်လွန်းလှသဖြင့် အနောက်ဖက်တိုင်းနိုင်ငံတို့မှ ရံဖန်ရံခါ လာရောက်ဘူးသူတို့သည် ထိုသစ်သီးပင် ရှိကြောင်းကိုပင် မသိရှိကြချေ။ထိုကြောင့်သာလျှင် ခရစ်နှစ် တထောင်လောက်အထိ ဥရောပတိုက်သားတို့သည် များသောအားဖြင့် လိမ်မော်သီးကိုမကြားဘူးကြချေ။ ကိုးရာစုနှစ်များသို့ ရောက်လာသည့် အခါ၌ အာရပ်ကုန်သည် အချို့တို့သည် အရှေ့တိုင်း နိုင်ငံများမှ အပြန်တွင် လိမ်မော်သီးကို ကွန်စတန်တီနိုပယ်မြို့သို့ ပဌမဦးဆုံး ယူလာခဲ့ကြသည်။သို့သော် အာရပ်တို့ ယူလာခဲ့သည့် လိမ်မော်သီးနမူနာမှာ အခါးမျိုးဖြစ်သဖြင့် လူများ စိတ်မဝင်စားကြချေ။ လိမ်မော် အချိုမျိုး ရှိသေးကြောင်းကိုလည်း အာရပ်တို့ မသိကြချေ။ သစ်သီးမျိုး အသစ်အဆန်းအနေဖြင့်စပိန်နိုင်ငံ၌ ထိုအခါးမျိုးကို စိုက်ပျိုးကြသည်။ယခုအခါ၌ ထိုလိမ်မော်အခါးမျိုးဖြင့် မားမလိတ်ခေါ် လိမ်မော်ယိုပြုလုပ်၍ သုံးစွဲကြသည်။ ၁၅ ရာစုနှစ် နောက်ပိုင်းသို့ရောက်မှ ပေါ်တူဂီသင်္ဘောသားတို့သည် အိန္ဒိယနိုင်ငံ၊ သို့မဟုတ် တရုပ်နိုင်ငံမှ လိမ်မော်အချိုမျိုးကို ဥရောပတိုက်သို့ ယူဆောင်လာခဲ့ကြလေသည်။ ထို့ကြောင့် ဥရောပတိုက်တွင် စပိန်နိုင်ငံသည် လိမ်မော်ပင်စိုက်ပျိုးသည့် လုပ်ငန်းတွင် အထွန်းကားဆုံးနိုင်ငံတခု ဖြစ်လာလေသည်။

လိမ်မော်သုံးမျိုး အထင်အရှားရှိရာ ပဌမမျိုးမှာ အချိုမျိုးဖြစ်သည်။ ဒုတိယလိမ်မော်မျိုးမှာ ကမ္မလာသီး ခေါ် လိမ်မော်သီးအငယ်စားဖြစ်၍၊ တတိယမျိုးမှာ လိမ်မော်ယိုပြုလုပ်ရသော အခါးမျိုးဖြစ်သည်။ လိမ်မော်ပင်သည် အလွန်လှပတင့်တယ်သော အပင်မျိုးဖြစ်သည်။ အစိမ်းရင့်ရောင် ရှိသော လိမ်မော်ရွက်များမှာ ပြောင်လက်၍ နေသည်။ ပန်းပွင့်အဖြူကလေးများတွင် အလွန်သင်းပျံ့သောရနံ့ရှိသဖြင့် ခူးချင်စရာ၊ ပန်ချင်စရာ ပန်းများဖြစ်သည်။ အသီးမှည့်များသည် ဝါကြန့်ကြန့်အရောင်ဖြင့် လိမ်မော်ပင်ကိုပို၍တင့်တယ်စေသည်။ ထို့ပြင် လိမ်မော်ပင်ကို စိုက်ပျိုးရာ၌ စံနစ်တကျ အတန်းလိုက် ညီညီညာညာ စိုက်ပျိုးလေ့ရှိသဖြင့် လိမ်မော်ခင်းများမှာ အလွန် ရှုချင်စဖွယ် ရှိပေသည်။ အကိုင်းအခက်များ အထက်သို့ ပျံတက်မနေစေရန် အထူးဂရုစိုက်၍ အပင်များကို ချိုင်ပေးရသည်။အသီးမျိုးကောင်းများရနိုင်ရန် အစေ့ကိုစိုက်ပျိုးသဖြင့် ရရှိသောသန်စွမ်းသည့်အပင်များတွင် အကိုင်းကူး၍ မျိုးပွားယူလေ့ရှိကြသည်။

လိမ်မော်ပင် အကြီးအကျယ် စိုက်ပျိုးသော တိုင်းပြည်များ၌ အပင်များကို ပိုးမွှားတို့ဖျက်ဆီးမည့်ဘေးအန္တရာယ်မှသော်၎င်း၊ နှင်းပေါက်ခဲကျသဖြင့် သီးကင်းများနှင့်အပွင့်များ ကြွေပျက်ယိုယွင်းရသည့် ဘေးရန်မှသော်၎င်း ကာကွယ်ပေးရန် ခေတ်မှီနည်းအမျိုးမျိုးကို တီထွင်ထားကြရ



www.burmeseclassic.com

www.burmeseclassic.com





ချမ်းအေးသော ဒေသများတွင် စိုက်ပျိုးရန် သင့်လျော်သော လိမ်မော်ပင်

လေသည်။ ပုံစံဆိုလျှင် အမေရိကန်ပြည်ထောင်စုရှိ သစ်သီးစိုက်ပျိုးရာ၌ ထင်ရှားသော ကာလီဖိုးနီးယား နယ်စပ်တလျှောက်တွင် နယ်အတွင်းသို့ ဝင်ရောက်လာသမျှသော ခရီးသည်တို့နှင့်ပါလာသော ပစ္စည်းအရပ်ရပ်တို့ကို စစ်ဆေးကြည့်ရှုရသည့်အရာရှိများကို ခန့်ထားလေသည်။ ထိုအရာရှိများ၏တာဝန်မှာ ခရီးသည်များတွင်ကျွဲကောသီး၊ သံပရာသီး၊ လိမ်မော်သီး အစရှိသော ရှောက်ပင်မျိုးထဲမှ အသီးတမျိုးမျိုး ပါသည် မပါသည်ကို စစ်ဆေးရန်ဖြစ်သည်။ အကယ်၍ခရီးသည်တဦးဦးထံတွင် ထိုသစ်သီးမျိုးပါလာလျှင် ပါသမျှသစ်သီးတို့ကို သိမ်းဆည်း၍ မီးရှို့ပစ်လိုက်ရသည်။ ဤကဲ့သို့ ပြုလုပ်ပေးခြင်းမှာ အသီးများကို ဖျက်ဆီးတတ်သော ပိုးမွှားများ နယ်အတွင်းသို့ မဝင်ရောက်နိုင်အောင် ဆီးတား ကာကွယ်ပေးခြင်း ဖြစ်လေသည်။ ထိုသို့ ငွေကုန်ကြေးကျခံ၍ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရသည်မှာ မကြာမီက ဖလောရီဒါပြည်နယ် ထဲသို့ မြေထဲပင်လယ် အရပ်ဒေသမှ လိမ်မော်ဖျက်ပိုးတကောင် အမှတ်တမဲ့နှင့် ရောက်ရှိ လာသဖြင့် ထိုနယ်အတွင်းရှိ လိမ်မော်ပင်များ ပိုးကျပျက်စီးကုန်ရာ သစ်သီးစိုက်ပျိုးသူတို့ အကြီးအကျယ် နစ်နာဆုံးရှုံးခဲ့ရဘူးလေသည်။ လိမ်မော်ပင် စိုက်ပျိုးခြင်းလုပ်ငန်းတွင် ငွေပင်ငွေရင်းမြှုပ်နှံထားကြသော ဘဏ်တိုက်ကြီးများသည်လည်း ထိုမထင်မရှားလှသော ပိုးတကောင်ကြောင့် ရင်းစားပြန်မရနိုင်လောက်အောင် အရှုံးကြီးရှုံးကြရလေသည်။ ထိုကြောင့်ကာလီဖိုးနီးယား ပြည်နယ်ထဲသို့ အခြားအရပ်မှ ရှောက်ပင်မျိုးထဲမှ မည်သည့် သစ်သီးမျိုးကိုမျှ ယူဆောင်လာခွင့်မပြုကြချေ။

ထိုမျှမကသေး လိမ်မော်ပင်များကို ပိုးမွှားများ မဖျက်ဆီးရအောင် ဆေးရည်ဖြင့် အပင်များကိုပက်ဖျန်းပေးခြင်း၊ မှိုင်းတိုက် ပေးခြင်း အစရှိသည်တို့ကို မကြာခဏ ပြုလုပ်ပေးရသည်။ နှင်းပေါက်ခဲကျမည့် အချိန်ကိုလည်း ကြိုတင်သိနှင့်ထားရသည်။ နှင်းပေါက်ခဲ ကျလာမည့် လက္ခဏာရှိလျှင် လိမ်မော်ခြံအတွင်း၌ အသင့်ထားသော ဓာတ်မီးဖို၊ မြေမီးဖိုစသည့် မီးဖိုများတွင် မီးမွေး၍ အပင်များ၏ ပတ်ဝန်းကျင်ရှိလေကို နွေးလာစေခြင်းဖြင့် အပင်များကို ထိခိုက်ခြင်း မှ ကာကွယ်ပေးရလေသည်။ ကာလီဖိုးနီးယားပြည်နယ်တွင် မိုးပါးသဖြင့် လိမ်မော်ပင်များအတွက် ရေအလုံအလောက်ရရှိနိုင်ရန် တူးမြောင်းများ ဖောက်လုပ်၍ ရေ

www.burmeseclassic.com



သွင်းယူရသည်။ လိမ်မော်သီးကို ဆွတ်ခူးရာ၌ လက်အလွန်နူရပေသည်။ ဆွတ်ခူးသူတို့တွင် လက်အိတ်များစွပ်၍ကတ်ကျေးဖြင့် အသီးရင့်တို့၏အညှာတံများကို ဖြတ်ပစ်ရသည်။ အသီးရင့်များကို ဆွတ်ခူးသည့်အခါ အပင်ပေါ်တွင် ကျန်နေသေးသော အသီးများကို မထိမခိုက်စေရန် အထူးဂရုစိုက်ရသည်။ အသီးများ ပွန်းပဲ့သွားလျှင် ပိုးများဝင်နိုင်သဖြင့် အသီးကိုဆွတ်ခူးသည့် အခါ၌သော်၎င်း၊ အခြားအရပ်များသို့ တင်ပို့သည့်အခါ၌သော်၎င်း အထူးသတိထား၍ အသီးများကို ကိုင်တွယ်ရလေသည်။

ခရစ် ၁၆၀၀ ပြည့်နှစ်လောက်တွင် ဗရာဇီးနိုင်ငံရှိ ဗေးယားနယ်၌ လိမ်မော်ပင်တပင်မှ အစေ့မပါသော အသီးဖြစ်ထွန်း၍လာလေသည်။ ထိုလိမ်မော်သီးမှာ အခြားလိမ်မော်သီး မျိုးကောင်းများကဲ့သို့ အနှစ်အရသာနှင့် ပြည့်စုံသဖြင့် ၁၇၇ဝပြည့်နှစ်လောက်တွင် အမေရိကန်ပြည်ထောင်စု၌ ထိုလိမ်မော်သီးမျိုးကို စိုက်ပျိုးကြလေသည်။

မြန်မာနိုင်ငံ၌ ရှမ်းပြည်မြောက်ပိုင်း သီပေါနယ်နှင့် ရှမ်းပြည်တောင်ပိုင်း ရပ်ဆောက်နယ်များတွင်လိမ်မော်ပင်များကို စိုက်ပျိုးကြသည်။ သို့သော် မြန်မာနိုင်ငံမှ ထွက်သောလိမ်မော်သီးများမှာ အငယ်စားမျိုးဖြစ်၍ လိမ်မော်သီးနှင့် ကမ္ဘလာသီးဟူ၍ နှစ်မျိုးနှစ်စားရှိလေသည်။ လိမ်မော်သီးဟု အများခေါ်နေကြသောအသီးမှာ လိမ်မော် အခွံပွမျိုးဖြစ်၍ ကမ္ဘလာသီးမှာ အခွံကျစ်မျိုးဖြစ်သည်။ ဒီဇင်ဘာလဆန်းမှ မတ်လကုန်အထိ အချိန်သည် မြန်မာနိုင်ငံတွင် လိမ်မော်သီးပေါ်ချိန်ဖြစ်လေသည်။

လိမ်မော်ပင်သည်ရှုတေစီအီး၊ သို့မဟုတ်ရှူးမျိုးရင်းတွင် ပါဝင်၍ လိမ်မော်အချိုမျိုးကို ရုက္ခဗေဒအလိုအရ စစ်ထရပ်ဆီနင်ဆစ်ဟုခေါ်၍ အခါးမျိုးကို စစ်ထရပ်အော်ရန်တီယမ်ဟုခေါ်သည်။ လိမ်မော်သီးကို စားသုံးခြင်းဖြင့် ဗီတာမင်စီကို ရရှိနိုင်ပေသည်။

**လိမ်မော်ပင်စိုက်ပျိုးခြင်း။** ။လိမ်မော်ပင် စိုက်ပျိုးရာ၌ အရေးအကြီးဆုံးအချက်မှာ ရာသီဥတုဖြစ်သည်။ လိမ်မော်ပင်တို့သည် အသက်ပြင်းသောအပင်မျိုးဖြစ်သဖြင့် ပူအိုက်သော ရာသီဥတုရှိသည့်တိုင်းပြည်တို့၌သော်၎င်း၊ချမ်းအေးသော ရာသီဥတုရှိသည့် တိုင်းပြည် နယ်ပယ်တို့၌သော်၎င်း ပေါက်ရောက်နိုင်သည်။ သို့သော် ပူအိုက်သည့်တိုင်းပြည်တို့မှ ရရှိသော လိမ်မော်သီးတို့မှာ အနံ့အရသာ အသွေးအရောင်မှစ၍ အနည်းငယ် ချွတ်ယွင်း ပျက်ပြယ်တတ်၍ ချမ်းအေးသော ရာသီ ဥတု ရှိသည့် တိုင်းပြည်တို့သည် လိမ်မော်ပင်စိုက်ပျိုးရန် အသင့်လျော်ဆုံးဖြစ်သည်။

## မြေရွေးချယ်နည်း

အင့်လျော်သော ရာသီဥတုကို ရွေးချယ်ပြီးနောက် သင့်လျော်သောမြေကို ရရှိခြင်းသည် ဒုတိယ အရေးကြီးသောအချက်ဖြစ်သည်။လိမ်မော်ပင်တို့သည် သဲနှင့် ရောစပ်လျက်ရှိသော မြေမျိုးမှတပါး မည်သည့် မြေမျိုးမဆို ပေါက်ရောက်နိုင်ပေသည်။ လိမ်မော်ပင်စိုက်ပျိုးရန် မြေကွက်တို့မှာ အကာအဆီးမရှိပဲ လွင်ကျသောနေရာမျိုး ဖြစ်ရမည့်အပြင် မိုးရွာသွန်းသည့်အခါ အလွယ်တကူ မိုးရေလျှောကျစီးဆင်းနိုင်သော မြေမျိုးဖြစ်စေရလေသည်။ လိမ်မော်ပင်သည် မြေဩဇာ ကောင်းမွန် ထက်သန်၍ အလွယ်တကူကြေမွနိုင်သောမြေမျိုးကို အထူးကြိုက်နှစ်သက်လေသည်။

လိမ်မော်ပင်တို့သည်အမြစ်ခိုင်သောအပင်မျိုးဖြစ်သဖြင့် လေတိုက်သည့်အခါ လဲပြိုမည်ကို စိုးရိမ်ဖွယ်မရှိသော်လည်း အပွင့် ပွင့်ချိန် အခါ၌ လေပြင်းစွာတိုက်ခတ်လျှင် အပွင့်တို့သည် ကြွေကျတတ်သဖြင့် အသီးများစွာ မသီးနိုင် ဖြစ်သောကြောင့် လိမ်မော်ပင်တို့နှင့် မနီးမဝေးတွင် လေကိုကွယ်ကာရန်အတွက် မာလကာစသောအပင်မျိုး စိုက်ပျိုးခဲ့လျှင် ကောင်းမွန်လေသည်။ သို့ရာတွင် လေကိုကွယ်ကာရန်အတွက် စိုက်ပျိုးသည့် အပင်တို့၏အမြစ်သည် လိမ်မော်ပင်များရှိရာ မြေကွက်သို့ ဝင်ရောက် နှောင့်ရှက်၍ မြေဆီမြေနှစ်ကိုစုတ်ယူမည်ကိုလည်း စိုးရိမ်ဖွယ်ရှိသဖြင့် ထိုအပင်တို့သည် လိမ်မော်ပင်တို့နှင့် အလွန်နီးကပ်လျက် ရှိမည်ကို သတိပြုအပ်လေသည်။

## စိုက်ပျိုးနည်း

လိမ်မော်ပင်ကို အစေ့ကို ပျိုး၍သော်၎င်း၊ အကိုင်းကို ကူး၍သော်၎င်း စိုက်ပျိုးနိုင်လေသည်။ သို့ရာတွင် အစေ့မှစိုက်ပျိုးသောအပင်သည် မိဖ ဖြစ်သော အပင်တို့ကဲ့သို့ ကောင်းမွန် သန့်စွမ်းစွာမရှိတတ်ပဲ ညံ့ဖျင်းသော အသီးများကိုသာ များသောအားဖြင့် သီးတတ်ကြလေသည်။ သို့ရာတွင် အချို့ဖြစ်ထွန်းသော အပင်တို့မှာ အစေ့မှပင်စိုက်ပျိုးသော်လည်း အကိုင်းမှစိုက်ပျိုးသော အပင်များထက်ပင် တာရှည်စွာ အသက်ရှည်နိုင်သည့်အပြင် အသီးများမှာလည်း အမြောက်အမြား သီးတတ်ကြလေသည်။ အကိုင်းမှစိုက်သောအပင်တို့မှာမူ အစေ့မှစိုက်သော အပင်များထက် လျင်မြန်စွာ သီးပွင့်တတ်ကြလေသည်။

လိမ်မော်ပင်များကို အစေ့မှစိုက်ပျိုးသည့်အခါ အစေ့တို့ကိုအသီးမှလတ်ဆတ်စွာ ယူငင်ပြီးလျှင် ပျိုးခင်းများ၌ ရှေးဦးစွာစိုက်ပျိုးရလေသည်။အပင်ငယ်တို့၏ ရေသောက်မြစ်တို့သည် မြေသို့ရှည်လျားစွာစူးဝင်တတ်သဖြင့် ပျိုးခင်းများကို ပြင်ဆင်သည့်အခါ မြေကိုနက်စွာတူး၍ ပြုပြင်ရလေသည်။ ပျိုးခင်းများတွင် အပင်များ ပေါက်ရောက်၍ တနှစ်ခန့်ရှိသဖြင့် ကြီးပြင်းသည့်အခါ အပင်များကို ရွှေ့ပြောင်းစိုက်ပျိုးရန် အချိန်သင့်လျော်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လိမ်မော်ပင်များကိုအမြဲစိုက်ပျိုးရန် မြေကိုပြင်ဆင်ရန်မှာ နွေရာသီတွင် မြေများနှစ်ပေခွဲမှ သုံးပေအထိ နက်အောင် တူးဆွ၍ အမှိုက်သရိုက် စသည်ကို ရွေးချယ်ကောက်ယူ၍ ပစ်ပြီးလျှင် နေပူလှန်း၍ လေသလပ်ခံထားရလေသည်။ အကယ်၍ မြေသည် နာသော ကျပ်တီးမြေမျိုးဖြစ်လျှင် အင်္ဂတေမှုန့်၊ ပြာစသည်တို့နှင့် ရောနှော၍ပြုပြင်၍ပေးရလေသည်။ အပင်များကို စိုက်ပျိုးသည့်အခါ တပင်နှင့်တပင် အကွာအဝေးမှာ မြေမှု၊ မြေမာကို ထောက်ချင့်၍ခြားနားခြင်း ရှိလေသည်။ အလွန်မွသဖြင့် ရေအလွယ်တကူ စိမ့်ဝင်နိုင်သော မြေတို့၌မူ တပင်နှင့် တပင်သည် အနည်းဆုံး ၂၅ပေမျှ ကွာခြားရမည်ဖြစ်ရာ မြေမာမြေကျစ်တို့၌မူ ၁၅ ပေ၊ ပေ ၂၀ အထိ ကွာခြားခဲ့လျှင် လုံလောက်ပြီဖြစ်သည်။

အပင်များကိုမစိုက်ပျိုးမီ အနက် လေးပေ၊ အနံ သုံးပေ၊ အလျား သုံးပေ ရှိသော ကျင်းများကို တူးပြီးလျှင် မြေစာများကို အရိုးဆွေးအစရှိသော မြေဩဇာတို့နှင့် သမအောင် ရောနှော၍ မိုးဦးမကျမီ တွင်းများတွင် ပြန်၍ ဖို့ထားရလေသည်။ မိုးရာသီ ကုန်ခါနီး အချိန်တွင် အပင်ငယ်များကို တွင်းများ၌ချ၍ စိုက်ပျိုးပြီးလျှင် မိုးမရွာသည့်အခါ တနက်နွေတပတ်လျှင် နှစ်ကြိမ်ကျ ရေမြောင်းများနှင့် ရေပေးရလေသည်။ အပင်များကို ရေပေးရန် ရေမြောင်းများ တူးသည့် အခါ၌လည်း မြောင်းတို့သည် အပင်မြစ်ရင်းသို့ တိုက်ရိုက်မရောက်စေရပဲ အပင် အကြား၌ သာလျှင် ရှိစေရလေသည်။ ဆောင်းရာသီအခါ၌မူ အပင်တို့ကို ၁၀ ရက်လျှင် တကြိမ်ကျ ရေပေး၍ နွေရာသီ၌မူ လေးရက်လျှင် တကြိမ်ကျ ရေသွန်းလောင်းရလေသည်။

အပင်မြစ်ရင်းတွင် ဝိုင်းရံလျက် ရှိသော မြေတို့ကို ကျပ်တည်းစွာမရှိစေရန် မကြာမကြာ တူးဆွ၍ ပေးရလေသည်။ မြေကို ဆွရန် ကရိယာတန်ဆာတို့ အနက် နှစ်ခွရှိသောခက်ရင်းသည် အမြစ်များကို မထိခိုက်စေ၍ အကောင်းဆုံး ဖြစ်လေသည်။ နောင်နှစ် မိုးဦးကျစအခါတွင် မြေများကိုတဖန်ထယ်ဖြင့် ထိုးပြန်ပြီးလျှင် အမြစ်ရင်း၌ ရှိသော မြေတို့ကိုလည်း တူးဆွ၍ မြေဩဇာတို့နှင့် ရောနှောရပြန်လေသည်။ အမြစ်ရင်း၌ရှိသော မြေတို့ကို အဘယ်အခါမျှ ကျပ်တည်းစွာ မရှိစေရန် မနားမနေ တူးဆွ၍ ပေးရလေသည်။ လိမ်မော်ပင်တို့သည် အမြစ်များသော အပင်မျိုး ဖြစ်၍ အမြစ်ရင်း၌ရှိသော မြေကို တူးဆွသည့် အခါ အမြစ်များကို မထိခိုက်စေရန် အထူး သတိပြု၍ သုံးလက်မ လေးလက်မထက်ပိုမို၍ နက်အောင် မတူးမဆွရချေ။ အပင်တို့သည် နှစ်နှစ်ရှိသဖြင့် ကောင်းစွာ အရှိန်ရသည့်အခါ၌မူ ထိုထက် နက်အောင် တူးဆွနိုင်လေသည်။ နွေရာသီ၌ အပင်များကို ရေပေးပြီးသည့်နောက် အပင်ငယ်တို့၏ အမြစ်ရင်း၌ သစ်ရွက်ခြောက်တို့ဖြင့် ဖုံးအုပ်လျက် ထားခြင်းသည် ကောင်းသော နည်းလမ်းတခု ဖြစ်လေသည်။ ဤကဲ့သို့ ပြုလုပ်ခြင်း အားဖြင့် သွန်းလောင်းလိုက်သော ရေသည် နေပူ၍ သော်၎င်း၊ လေသလပ်၍ သော်၎င်း ခြောက်ခန်းခြင်း မရှိပဲ မြေ၌ တာရှည်စွာ တည်နိုင်လေသည်။

## မြေဩဇာ ကျွေးခြင်း

အပင်ငယ်တို့သည် မြေဩဇာကို များစွာ အလိုမရှိသေးသောကြောင့် စိုက်ပျိုးပြီးသည့်နောက် သုံးနှစ်ခန့် ကြာရှိ၍ အသီးများ သီးစပြုလာသည့်အခါ၌မူ မြေဩဇာကို အထူးသဖြင့် အလိုရှိလေသည်။ ထိုအခါမှစ၍ မြေဩဇာကို နှစ်စဉ်တကြိမ်ကျ ကျွေးရလေသည်။ မြေဩဇာ ကျွေးရန် အချိန်မှာ မိုးတွင်းအချိန် ဖြစ်လေသည်။ မိုးတွင်း၌ ကျွေးသည့် မြေဩဇာတို့မှာ မိုးရေနှင့်အတူ မြေအောက်သို့ စိမ့်ဝင်၍ အပင်များ မှီဝဲရန်အတွက် အလွယ်တကူ ရရှိနိုင်လေသည်။

ထည့်ကျွေးရန် မြေဩဇာတို့မှာ နွားချေး၊ မြင်းချေး၊ သိုးချေး၊ ငှက်ချေး၊ မိလ္လာနှင့် အရိုးများ ဖြစ်လေသည်။ သို့ရာတွင် ထိုပစ္စည်းတို့ကို မြေသို့ မသွန်းလောင်းမီ ကောင်းစွာ ဆွေးမြည့်လျက် ရှိစေရလေသည်။

မဖောက်ထုံးသည်လည်း လိမ်မော်ပင်တို့အထူးကြိုက်နှစ်သက်သော ပစ္စည်းတမျိုး ဖြစ်သဖြင့် အခြား မြေဩဇာတို့ကို မဖောက်ထုံးရေနှင့် ဖျန်းပြီးနောက် ထည့်ကျွေးလျှင် ကောင်းမွန်လေသည်။ မြေဩဇာမှာ မြေကို ရှေးဦးစွာ တူးဆွပြီးလျှင် အထက်ပါ မြေဩဇာတို့နှင့် သမအောင် ရောစပ်၍ နေရာကျအောင် ပြန်၍ ထည့်ပေးရလေသည်။ မြေဩဇာကျွေးခြင်းကြောင့် အပင်တို့၌ အသီးကောင်းစွာ သီးစေနိုင်သည့်အပြင် အပင်များမှာလည်း သန်စွမ်းသဖြင့် ပိုး အစရှိသော ရန်သူတို့ကို အလွယ်တကူ ကွယ်ကာနိုင်လေသည်။

## အကိုင်းအခက်များကို သုတ်သင်ခြင်း

အပင်များကို စိုက်ပျိုးပြီးသည့်အခါ ပင်စည်၌ အတက်ငယ်တို့သည် များစွာ ပေါ်ပေါက်တတ်လေသည်။ ထိုအတက်များသည် နံဘေးသို့သာ ထွက်၍ အပင်ကို ကြီးပွားစေနိုင်သော အတက်မျိုး မဟုတ်သဖြင့် ချိုးဖဲ့၍ ပစ်ပြီးလျှင် အပင်ကြီး ဖြစ်သည့်အခါ မြေမှ ငါးပေမြင့်သော အရပ်တွင် အကိုင်းများမပေါက်ရောက်စေရန်ပြုပြင်၍ ပေးရလေသည်။ နံဘေး၌ ပေါက်သော အတက်တို့ကို ချိုးဖဲ့သည့်အခါ ပင်စည်ပင်ရင်းမှ ကပ်၍ ချိုးဖဲ့ရလေသည်။ သို့ရာတွင် အတက်များစွာ အပင်မှ တကြိမ်တည်း မချိုးမဖဲ့ရချေ။ တကြိမ်တည်းနှင့်အတက်များစွာတို့ကို ချိုးဖဲ့သည့်အခါ အပင်သည် အားပြတ်၍ ကောင်းစွာ မကြီးထွားနိုင်ပဲ ရှိတတ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အပင်ကြီးတို့မှ မညီညွတ် မလှပသော အောက်ကိုင်း အောက်တက်တို့ကို ချိုးဖဲ့လိုသည့် အခါ အရင်းမှ ကပ်၍ လွှနှင့် တိုက်ဖြတ်ပြီးလျှင် ဖြတ်သည့် နေရာ၌ ကတ္တရာစေး ဖြင့်သော်၎င်း၊ ရွှံ့နှင့် နောက်ချေး ရောစပ်၍ သော်၎င်း သုတ်လိမ်း မွမ်းမံရလေသည်။

အတက်များကို အထက်ပါနည်းအတိုင်း ပြုပြင်သုတ်သင် ရမည့်ပြင်၊ အမြစ်များကိုလည်း သုတ်သင်ရန် လိုသေးသည်။ လိမ်မော်ပင်များသည် တနှစ်လျှင် နှစ်ကြိမ် ပွင့်ကြလေ သည်။ ထိုသို့ ပွင့်သော လများမှာ ဇွန်လ၊ သို့မဟုတ် ဇူလိုင် လတွင် တကြိမ်၊ ဖေဖွာရီလ၊ သို့မဟုတ် မတ်လတွင် တကြိမ် ဖြစ်လေသည်။ ဖေဖွာရီလတွင် ပွင့်သော ပန်းများမှ အသီး တို့သည် ဒီဇင်ဘာလလောက်တွင် မှည့်၍ ဇွန်လ၌ ပွင့်သော ပန်းတို့မှ အသီးတို့သည် ဖေဖွာရီလလောက်တွင် မှည့်ကြ လေသည်။ မိုးဦးမကျမီ မေလလောက်တွင် အပင်နှင့် နှစ်ပေ ခန့်ခွာ၍ အနံ နှစ်ပေ၊ အနက်တပေရှိသော မြောင်းများကို အပင်၏ ပတ်လည်၌ တူးပြီးလျှင် အမြစ်များကို လေသလပ် ခံစေရလေသည်။ သို့ရာတွင် အသက်ငါးနှစ်ထက် ငယ်သော လိမ်မော်ပင်တို့ကိုကား ထိုသို့ အမြစ်ကို လေသလပ်ခံစေခြင်း ကို မပြုလုပ်ရချေ။ ထိုအမြစ်များ ပေါ်လျက်ရှိသည့် အခါ အမြစ်ငယ်များကို ဖြတ်ပစ်၍ အမြစ်ကြီးများကို မထိမခိုက် စေရအောင် သတိပြုရလေသည်။ ထိုကဲ့သို့ အမြစ်ကိုလေသ လပ်ခံ၍ ထားသဖြင့် အပင်သည် အနည်းငယ် အားယုတ် လျော့၍ အရွက်များ ကြွေစပြုသည့် အခါ မြေဩဇာ လေးပုံ သုံးပုံနှင့် မြေသစ် လေးပုံ တပုံကို ရောစပ်ပြီးလျှင် ထိုမြောင်းများတွင် ပြန်၍ ဖို့လောင်းရလေသည်။

မြေများကို နေရာကျအောင် ပြန်၍ဖို့ပြီးသည့်နောက် မိုးကောင်းစွာ မရွာသွန်းခဲ့လျှင် လေးရက် တကြိမ်ကျ ရေ ကောင်းစွာ ပေးရလေသည်။ မိုးကောင်းစွာ ရွာသွန်းခဲ့လျှင် ရေပေးခြင်းကို ရပ်စဲပြီးလျှင် အမြစ်ရင်း၌ ရေအိုင်လျက် မရှိ စေရန် သတိပြုရလေသည်။ မြေကို အထက်ပါ နည်းအားဖြင့် ပြုပြင်၍ အမြစ်များကို ဖြတ်ပြီးသည့်နောက် ၁၄ ရက်ခန့် ကြာသည့်အခါ ရွက်သစ်များနှင့် အဖူးတို့သည် ထွက်ပေါ်စ ပြုလိမ့်မည်။ အသီးတို့သည် ပွင့်သည့်အခါမှ စ၍ ရင့်မှည့် သည့်တိုင်အောင် ကိုးလခန့် ကြာရှိလေသည်။ အသီးများကို တနှစ်လျှင် နှစ်ကြိမ်ကျ ဆွတ်ခူးခြင်းမှာ အပင်ကိုအားနည်း စေ၍ လျင်မြန်စွာ သေစေတတ်လေသည်။

တခါတရံ အချို့သော လိမ်မော်ပင်တို့သည် သန်လွန်း၍ အသီး မသီးပဲ အရွက်များနှင့် အကိုင်းများသာလျှင် ပေါ ပေါက်လျက် ရှိတတ်ရာ ထိုအပင်မျိုးကို မြေမျက်နှာပြင်မှ ၁၅ လက်မခန့်ခွာ၍ ရေသောက်မြစ်ကိုဖြတ်ပစ်ခြင်းအားဖြင့် အသီး သီးအောင် ပြုလုပ်ပေးနိုင်လေသည်။ သန်လွန်း၍ အရွက်အကိုင်း စသည်တို့သာလျှင် ဖြစ်ထွန်းလျက် ရှိသော ထိုအပင်မျိုးကို အသီး သီးအောင် ပြုလုပ်သော အခြား နည်းတနည်းမှာ ပင်စည်ပင်လုံးကို သံကြိုးဖြင့် ကျပ်တည်း စွာ ရစ်ပတ်၍ပေးခြင်း ဖြစ်လေသည်။ ထိုသို့ပြုလုပ်ပေးခြင်း ဖြင့် အပင်သည် ကြီးလိုတိုင်းမကြီးနိုင်ပဲ သံကြိုးဖြင့် အစ်၍ ထားဘိသကဲ့သို့ ရှိသောကြောင့် အသီးသီးစေရန် အားကို ဖြစ်စေနိုင်သည်။ ထိုသို့သောနည်းများမှာ အပင်ကြီးပွား လျက်ရှိသည့် ရာသီဥတုတို့၌သာ ပြုလုပ်ရလေရာ နွေရာသီ တွင် အပင်များ အားယူလျက်ရှိသည့် အခါတို့၌မူ မပြုလုပ် ရချေ။

## အကိုင်းမှ ပျိုး၍စိုက်ခြင်း

လိမ်မော်ပင်များကို အစေ့မှသာလျှင် မဟုတ်၊ အကိုင်း များကိုလည်းကူး၍ စိုက်ပျိုးနိုင်လေသည်။ လိမ်မော်ပင်ကြီး တို့မှ အကိုင်းများကို မိုးတွင်း၌၎င်း၊ ဆောင်းဦး အခါ၌၎င်း အကိုင်းကို ဖြတ်ယူပြီးနောက် သဲနှင့် မီးသွေးမှုန့်များရောစပ် ပါရှိသော အိုးများ၌ ထည့်သွင်းပြီးလျှင် မှန်များဖြင့် ကာ ကွယ်၍ ထားသည့်အခါ အတက်သစ်များ ပေါ်လာတတ် ကြလေသည်။ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် အပင် ကောင်းစွာ အမြစ်တွယ်သည့်အခါ ရှေးကနည်းတူ ပြုပြင်၍ထားသော မြေကွက်သို့ ရွှေပြောင်းစိုက်ပျိုးရလေသည်။

## အသီးများ

လိမ်မော်သီးများသည် မြေဩဇာကိုသော်၎င်း၊ ရာသီ ဥတုကိုသော်၎င်း၊ စိုက်ပျိုးပြုစုနည်းကိုသော်၎င်း အမှီပြုကာ ကောင်းလျှင် ကောင်းသည့် အလျောက် ပေါများစွာ သီး တတ်ကြလေသည်။ အချို့သော နယ်ပယ်တို့၌ လိမ်မော် တပင်မှ တနှစ်လျှင် လိမ်မော်သီး လုံးရေ ၄၀၀ မှ ၆၀၀ အထိ သာလျှင် သီးနိုင်သည် ဖြစ်ရာ အမေရိကတိုက်၊ ဒိုမီနီကန် ကျွန်း၌မူ ရာသီဥတုနှင့်တကွ မြေဩဇာသည် လိမ်မော်ပင် နှင့် အထူးသင့်လျော်သောကျွန်း ဖြစ်သောကြောင့် ၇,၀၀၀ ခန့် ရှိသော လိမ်မော်သီးတို့ကို သာမည လိမ်မော်ပင်များမှ ပင် ရရှိနိုင်လေသည်။ သို့ရာတွင် ကျွန်ုပ်တို့ အရှေ့ပိုင်းအရပ် တို့၌မူ လိမ်မော်ပင်တပင်မှ တနှစ်လျှင် အသီး ၄၀၀ မျှရလျှင် တော်သင့်ပြီ ဟု မှတ်ထင်ရလေသည်။

## ဖျက်ဆီးတတ်သော ပိုးများ

လိမ်မော်ပင်များသည် တခါတရံတွင် မည်မျှပင်သန်စွမ်း သော်လည်း ပိုးမွှားတိရစ္ဆာန်တို့ ဝင်ရောက် ဖျက်ဆီးတတ် လေသည်။ လူတို့ ပြုစုစောင့်ရှောက်ခြင်း ကောင်းသဖြင့် မြေဩဇာ ကောင်းမွန်သော မြေတို့၌ ပေါက်ရောက်သည့် လိမ်မော်ပင်သည် သန်စွမ်းကြီးထွား၍ ပျက်စီးခြင်း နည်း ပါးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသီးများ၌ အပွေးတက်ခြင်းမှာ ပိုးကောင်တို့ဖျက်ဆီးခြင်းကြောင့် ဖြစ်သည်။ ထိုသို့ ဖျက်ဆီးခြင်း ရှိသည့်အခါ အပင်ကို မဖောက်ထုံးမှုန့်ဖြင့် ဖြူး၍ ပေးရလေသည်။ အပင်တို့၌ အကိုင်းများ ခြောက်တတ်သောရောဂါ စွဲကပ်သည့်အခါ ခြောက်သော အကိုင်းကို ဖြတ်၍ မီးနှင့်ရှို့ပစ်ရလေသည်။ ထို့ပြင် ပင်စည်ကို ဖောက်ထွင်း၍ ခိုအောင်းတတ်သော ပိုးကောင်တမျိုးလည်း ရှိသေးရာ ယင်းတို့ ရှိသည့် အပေါက်ငယ်များတွင် ရေနံလောင်းပေးခြင်းဖြင့် ပိုးကောင်များကို နှင်ထုတ်နိုင်လေသည်။

**လုံဘန်းမြို့။** ။ချင်းဝိသေသတိုင်း ဖလမ်းမြို့နှင့် ၁၉ မိုင်အကွာ မဏိပူရမြစ်၏ အရှေ့ဖက်ကမ်းတွင် လုံဘန်း (လွှမ်ဘန်း)မြို့ တည်ရှိသည်။ မြို့နယ်ခွဲရုံးစိုက်မြို့ ဖြစ်၏။

လုံဘန်းမြို့၏ပတ်ဝန်းကျင်သည် သီးပင်စိုက်ခင်းပျိုးခင်းများနှင့် အမြဲ စိုပြည်လျက် ရှိ၏။ မြို့၏ အရှေ့ဖက် သုံးမိုင်အကွာတွင် အိမ်ခြေ ၁၂၀ ခန့်ရှိသော ခေါလိုင်ရွာ ရှိသည်။ မြို့၏ အနောက်ဖက်တမိုင်ခန့် အကွာတွင် ပါရသဲရွာ တည်ရှိ၍ ထိုရွာတွင် အိမ်ခြေ ဂ၀ ကျော် ရှိသည်။ လုံဘန်းမြို့နှင့် တီးတိန်မြို့များသို့ ကားကြီး ကားငယ်တို့ဖြင့် သွားလာနိုင်သော မော်တော်ကားလမ်း ရှိသည်။ ကလေးမြို့သည် လုံဘန်းမြို့နှင့် ၅၅ မိုင် ဝေးကွာသည်။

သီးစားပင်များကို လုံဘန်းမြို့ရှိအိမ်တိုင်းလိုလိုတွင်စိုက်ပျိုးထားလေ့ရှိကြသည်။ ထိုသီးစားပင်များတွင် လိမ်မော်ပင်များ ပါဝင်သည်။ ရာသီအလိုက် စိုက်ပျိုးရသော အခြားအရွက်စားပင်နှင့် သီးစားပင်များကိုလည်း စိုက်ပျိုးကြသည်။

မြို့နေ လူများတွင် အစိုးရအရာထမ်း၊ အမှုထမ်းအနည်းငယ်နှင့် အငြိမ်းစား စစ်ဗိုလ် အနည်းငယ်တို့လည်း ပါဝင်သည်။လုံဘန်းမြို့သည် မော်တော်ကားလမ်းပေါ်တွင် တည်ရှိသည့် အပြင် သီးနှံပင်များကိုလည်း စိုက်ပျိုးကြသဖြင့် အရောင်းအဝယ် အထိုက်အလျောက် ရှိသည်။ ကြက်ဥ၊ လိမ်မော်သီး၊ ကော်ဖီ၊ ကြက်သွန်နီနှင့် ကြက်သွန်ဖြူများကို ရောင်းချကြသည်။

လုံဘန်းမြို့တွင် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပင် မူလတန်းကျောင်း ရှိခဲ့လေသည်။ ထိုမူလတန်းကျောင်းသည် ပဌမတွင် ကိုယ်ပိုင်ကျောင်း ဖြစ်ခဲ့သော်လည်း နောင်တွင် အစိုးရ အသိအမှတ်ပြုသော မူလတန်းကျောင်း ဖြစ်လာခဲ့သည်။ စစ်ပြီးခေတ် ဖြစ်သော ၁၉၄၆ ခုနှစ်တွင် ကိုယ်ပိုင် အလယ်တန်းကျောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီးလျှင် ၁၉၄၉ ခုနှစ်တွင် ထိုကျောင်းကို အစိုးရက အသိအမှတ် ပြုခဲ့လေသည်။ ထို့နောက်တွင် ပညာကို အားပေးလိုသူများထံမှ အလှူငွေများကို ကောက်ခံကာ ရရှိသည့် အလှူငွေ နှစ်သောင်းကို မ တည်ပြီးလျှင် နှစ်ထပ်ကျောင်းနှင့် ကျောင်းအိပ် ကျောင်းသားများအတွက် အဆောင်များကိုပါ ဆောက်လုပ် နိုင်ခဲ့သည်။ ယခုအခါတွင် ထိုကျောင်းကို အထက်တန်းကျောင်းဖြစ်ရန် ကြိုးပမ်းလျက်ရှိ၏။ ထို့ပြင် ၁၉၅၆ ခုနှစ်မှ စ၍ စိန်ဂျွန်း အမည်ရှိ ဗရင်ဂျီ သာသနာပြုကျောင်း တကျောင်းလည်း ရှိခဲ့သေးသည်။ထိုကျောင်းတွင် အသက် ခြောက်နှစ်မပြည့်သေးသော ကလေးများကို လက်ခံ၍ သင်ကြားပေးခဲ့သည်။

လုံဘန်းမြို့တွင် အစိုးရ ဆေးပေးဌာန တခုအပြင် ဗရင်ဂျီ သာသနာပြု ဆေးပေးဌာန တခုကိုလည်း ဖွင့်လှစ်ထားရှိခဲ့သေးသည်။

လုံဘန်းမြို့၏အပူချိန်မှာ ၅၀ ဒီဂရီနှင့် ၁၀၀ ဒီဂရီအတွင်းတွင်ရှိသဖြင့် အပူအအေး မျှတသည်ဟု ဆိုနိုင်ပေသည်။ မိုးရေချိန်မှာ လက်မ ၂၀ နှင့် ၄၀ ကြားတွင်ရှိလေသည်။

လုံဘန်းမြို့ဟူသည်မှာ ချင်းဘာသာစကားဖြင့် အချမ်းလုံသည့်မြို့ အဓိပ္ပါယ်ရသည်ဟု ဆိုလေသည်။

**လွှားမြစ်။** ။လွှားမြစ်သည် ပြင်သစ်နိုင်ငံရှိ ပေ ၄,၅၀၀ ကျော် မြင့်သော ဆေးဗင်းတောင်များတွင် မြစ်ဖျားခံ၍ ရှေးဦးစွာ မြောက်ဖက်သို့ စီးသွားပြီးနောက် ကွေ့ကာ အနောက်တောင်ဖက်သို့ စီးသွားပြန်သည်။ ယင်းကဲ့သို့ အနောက်တောင်သို့စီးသွားစဉ် ရှေးရောမလူမျိုးများကောင်းစားစဉ်က တည်ဆောက်ခဲ့သော ရဲတိုက်ကြီးများနှင့် ရှေးဟောင်းအဆောက်အအုံကြီးများ ရှိရာဒေသကို ဖြတ်သန်းစီးသွားလေသည်။ပင်လယ်မှ ၃၅ မိုင်ခန့်ဝေးသည့် နန့်မြို့ကို ကျော်လွန်သောအခါ မြစ်ဝမှာကျယ်ပြန့်သွား၍ ဗစ္စကေးပင်လယ်အော်သို့ စီးဝင်လေသည်။

မြစ်ဖျားခံသည့်နေရာမှ မြောက်ဖက်သို့ စီးဆင်းသည့် ရေကြောင်းမှာ မြစ်တခုလုံး၏ထက်ဝက်မျှ ရှည်လျား၍ မြစ်ဖျားမှမြစ်ဝအထိ မိုင်ပေါင်း ၆၂၀ ကျော်ခန့်ရှည်လျား၏။ ဤမြစ်သည် ပြင်သစ်နိုင်ငံတွင် အရှည်ဆုံးသော မြစ်ဖြစ်သည်။

ဤမြစ်သည်မြောက်ဖက်သို့စီးဆင်းသွားစဉ်မြောက်ဖက်အစွန်ဆုံး ကျသော နေရာ၌ အော်လီယန်းမြို့ တည်ရှိ၏။ ထိုမြို့သည် ပြင်သစ် အမျိုးသမီးသူရဲကောင်း ဂျုန်းအော့အတ်က အင်္ဂလိပ်တို့လက်မှ သိမ်းယူခဲ့ဘူးသော မြို့ဖြစ်သဖြင့် သမိုင်းကြောင်းတွင် ထင်ရှားလေသည်။ အော်လီယန်းမြို့၏ အောက်ပိုင်းတွင် ရှေးရောမတို့၏ လက်ရာများဖြစ်သောအဆောက်အအုံဟောင်းကြီးများရှိသည့် တူးရိန်းနယ် ရှိလေသည်။ ထိုနယ်ကို လွှားမြစ်သည် ဖြတ်သန်းစီးဆင်းလေသည်။

ပြင်သစ်ဘုရင် စတုတ္ထ ဟင်နရီသည် ပြင်သစ်ပရိုတက်စတန့်ဂိုဏ်းဝင် ဟျူးဂျနိုးများ လွတ်လပ်စွာ ကိုးကွယ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



စသော ပြည်သူ့အခွင့်အရေးများပေးအပ်ခဲ့သော နန့်ပြန် တမ်းကို နန့်မြို့မှ ၁၅၉၈ ခုနှစ်တွင်ထုတ်ပြန်ကြေညာခဲ့သည်။

လွှားမြစ်၏ အထက်ပိုင်းမှမျောပါလာသော ကျောက် တုံးများ၊သဲကျောက်များသည် မြစ်ကြောင်းကို ပိတ်ဆို့နေ သဖြင့် သင်္ဘောများ တောက်လျှောက် မခုတ်မောင်းနိုင် ချေ။ ထိုမြစ်၏အကြီးဆုံးသော မြစ်လက်တက်မှာ မိန်းမြစ် ဖြစ်လေသည်။ နွေအခါတွင်ရေနည်း၍ အချို့နေရာများ၌ သဲသောင်များ ပေါ်တတ်သော်လည်း မိုးရာသီများတွင် မြစ်လက်တက်များမှ ရေအကျ များသောကြောင့် ရေလျှံ တတ်လေသည်။ အသွားအလာ လွယ်ကူစေရန် လွှားမြစ်ကို စိန်းမြစ်၊ ဆုန်းမြစ်တို့နှင့် တူးမြောင်းများ ဖောက်လုပ် ဆက်သွယ်ထားလေသည်။

**လွိုက်ဂျော့,ဒေးဗစ်**(ခရစ်၁၈၆၃—၁၉၄၅)။ ။ဗြိတိသျှ နိုင်ငံပြူသုခမိန် ဒေးဗစ် လွိုက်ဂျော့သည် ၁၈၆၃ ခုနှစ် ဇန္နဝါရီလ ၁၇ ရက်နေ့တွင် မန်ချက်စတာမြို့၌ ဖွားမြင်သည်။ သူ၏ ဖခင်မှာ ဝေလပြည် ကေအာနာဗွန်နယ်ရှိ အလယ် တန်းကျောင်း တကျောင်းမှ ကျောင်းဆရာကြီးဝီလျံ ဂျော့ ဖြစ်၏။ လွိုက်ဂျော့ ဆဲ့ရှစ်လသား အရွယ်တွင် ဝီလျံ ဂျော့ ကွယ်လွန်သွားလေရာ ဒေးဗစ်နှင့်သူ၏မိခင်တို့မှာ ဆင်းရဲစွာ ကျန်ရစ်ရုံမက မျှားမကြာမီပင် သူ့မိခင်၌ သားတယောက် ဖွားမြင်ပြန်သဖြင့် ဒေးဗစ်အား ဦးလေးဖြစ်သူ လန်နီစတမ် ဒွီမြို့ရှိ ရစ်ချတ် လွိုက်ထံသို့ စောင့်ရှောက် ကျွေးမွေးရန် ပို့ လိုက်ရလေသည်။ ထိုအခါတွင် ဒေးဗစ်မှာ နေရေးထိုင်ရေး မှအစ ပညာသင်ကြားရေးပါ အထောက်အပံ့ ခိုင်လုံခဲ့၍ ပင်ကိုယ်ဉာဏ် ထက်သန်သူတဦး ဖြစ်သည့်အတိုင်း ထူးချွန် ခဲ့လေသည်။ လွိုက်ဂျော့ဟူသော အမည်မှာ သူ၏ဖခင်နှင့် ဦးလေးတို့၏အမည်နှစ်ခုကို ပေါင်းစပ် မှည့်ခေါ်ထားသော အမည်ဖြစ်၏။


လွိုက်ဂျော့သည် ၁၈၈၄ ခုနှစ်တွင် ဥပဒေ စာမေးပွဲကို အောင်မြင်ခဲ့ပြီးနောက် ရှေ့နေလိုက်ရာမှ နိုင်ငံရေးနယ်သို့ ဝင်ခဲ့သည်။ ၁၈၈၈ ပြည့်နှစ်တွင် ကရစ်ဆီယက်မြို့မှလူကုံထံ တဦး၏ သမီး မာဂရက် ဆိုသူနှင့် လက်ထပ်ခဲ့သည်။ ထို နောက်တွင် နန်းကွန်ဖောမစ်ဂိုဏ်းဝင်တို့၏ အခွင့်အရေး များကို ရရှိရန်ဆောင်ရွက်ရာမှ အစ လွိုက်ဂျော့၏ အမည် မှာ ထင်ရှားလာသည်။

၁၈၉၀ ပြည့်နှစ်အတွင်း ပေါ်ပေါက်ခဲ့သော ပါလီမန် လွှတ်တော် ကြားရွေးကောက်ပွဲ တခုတွင် ကေအာနာဗွန် နယ်မှ လစ်ဗရယ်အဖွဲ့ဝင် ကိုယ်စားလှယ်အမတ် အဖြစ် ဝင်ရောက် ယှဉ်ပြိုင်အရွေးခံခဲ့ရာ အင်အားကောင်းလှသော ကွန်ဆားဗတစ်အဖွဲ့ဝင် အမတ်လောင်းထက် လွိုက်ဂျော့က ၁၈ မဲသာသဖြင့် ပဌမဆုံးအကြိမ် အရွေးခံခဲ့ရလေသည်။

လွှတ်တော်အတွင်းတွင်လွိုက်ဂျော့သည်ရဲတင်းဖျတ်လပ် စွာ အချက်ကျကျ ပြောဆိုခြင်း၊ ချေပခြင်းတို့ကိုပြုနိုင်ခဲ့သူ ဖြစ်လေသည်။ ထိုနောက် ၁၈၉၂ ခုနှစ်၊ ၁၈၉၅ ခုနှစ်နှင့် ၁၉၀၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင်လည်း ဆက်ကာ ဆက်ကာ ရွေးကောက်တင်မြှောက်ခြင်းခံရ၍ ဝေလအမျိုး သားတို့၏ အကျိုးတော်ဆောင် လူစွမ်းကောင်းကြီး တ ယောက် ဖြစ်လာခဲ့သည်။

၁၉၀၅ ခုနှစ် အကုန်တွင် လစ်ဗရယ်အဖွဲ့ အင်အားကြီး မားလာပြီးလျှင် ဆာ ကင်းဗဲ ဗန်းနားမန်းက ဝန်ကြီးချုပ် အဖြစ်ဆောင်ရွက်၍ လစ်ဗရယ် အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် လွိုက်ဂျော့သည် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဖြစ်လာ သည်။ ထိုအခါတွင် လွိုက်ဂျော့၏ အရည် အချင်းနှင့် ဆောင်ရွက်ချက်များသည် ပိုမိုထင်ရှားလာပြန်သည်။

၁၉၀၈ ခုနှစ်တွင် ဆာကင်းဗဲ ဗန်းနားမန်း မကျန်းမာ သဖြင့် ရာထူးမှ နုတ်ထွက်လေရာ အခြား လစ်ဗရယ်ခေါင်း ဆောင်တဦး ဖြစ်သော အက်စကွစ်က ဝန်ကြီးချုပ်အဖြစ် ဆက်ခံလေသည်။ အက်စကွစ်အစိုးရအဖွဲ့တွင် လွိုက်ဂျော့ သည် ရွှေတိုက်စိုးဝန်ကြီး အဖြစ် ဆောင်ရွက်ရလေသည်။ ထိုအခါ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းကို လွှတ် တော်သို့ တင်ပြရန်မှာ သူ၏တာဝန်ဖြစ်လာခဲ့၏။ ထိုစဉ်က အသုံးစရိတ်အတွက် လိုနေသော ပေါင် ၁၆ သန်း ရရှိရန် ဝင်ငွေကြီးများနှင့် လူကုံထံများပိုင် မြေယာများပေါ်တွင်



ဗြိတိသျှ နိုင်ငံပြူသုခမိန် ဒေးဗစ် လွိုက်ဂျော့



www.burmeseclassic.com

www.burmeseclassic.com



အခွန်တော် တိုးတက်ကောက်ခံရန် ကြံစည်ခဲ့သည်။ ထို လိုနေသောငွေအချို့အဝက်မှာ သက်ကြီးရွယ်လွန် ရိက္ခာတော် အက်ဥပဒေ အရ ငွေကြေးထောက်ပံ့ရန် အတွက် ဖြစ်လေသည်။

လွိုက်ဂျော့ရေးဆွဲတင်ပြခဲ့သော ရသုံးခန့်မှန်းခြေငွေစာရင်းကို အောက်လွှတ်တော်က အတည်ပြုခဲ့သော်လည်း လူကုံထံ မနရှင်တို့ကြီးစိုးသော အထက်လွှတ်တော်က ပယ်ချလိုက်လေသည်။ သို့ဖြင့် အောက်လွှတ်တော်ကို ဖျက်သိမ်းပြီးနောက် ၁၉၀၀ ပြည့်နှစ်တွင် ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ရပြန်ရာ လစ်ဗရယ်ပါတီပင်လျှင် အနိုင်ရရှိပြန်လေသည်။ ထို့ပြင် ၁၉၁၁ ခုနှစ်တွင် ပါလီမန် အက်ဥပဒေကို ပြဋ္ဌာန်း အတည်ပြုခဲ့၏။ ယင်းဥပဒေအရ အထက် လွှတ်တော်တွင် ရသုံး ခန့်မှန်းခြေ ငွေစာရင်းကဲ့သို့သော ငွေဥပဒေကြမ်းများကို ပယ်ချနိုင်ခွင့် မရှိတော့သည်သာမက အခြားဥပဒေကြမ်းများကိုလည်း အောက်လွှတ်တော်က သုံးကြိမ်တိုင်တိုင် အဆက်မပြတ် အတည်ပြုပြီးပါက အထက်လွှတ်တော်မှ သဘောတူသည် ဖြစ်စေ၊ မတူသည် ဖြစ်စေ ဘုရင်က လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာရလေတော့သည်။

ထိုနောက်တွင် လက်တွေ့ပြုပြင်ရေးသမားကြီးတယောက်ဖြစ်သော လွိုက်ဂျော့သည် အင်္ဂလန်ပြည်ရှိ အလုပ်သမားလုတန်းစားတို့အတွက် ထိရောက်၍ အကျိုးရှိစေသော ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့သဖြင့် အလုပ်သမားများ၏ နေမှုထိုင်မှုမှာ တိုးတက် ကောင်းမွန်လာရုံမျှ မက အစိုးရထံမှ အကူအညီ အစောင့်အရှောက်များကိုပါ ရရှိခဲ့၏။ အလုပ်သမားများ နာမကျန်းဖြစ်သောအခါ၊ သို့မဟုတ် အလုပ်လက်မဲ့ဖြစ်သောအခါ အစိုးရထံမှ ငွေကြေးအထောက်အပံ့ကို ရရှိကြ၏။ ထိုအပြင်လည်း အလုပ်သမားများ တစုံတရာ ထိခိုက် ဒဏ်ရာရရှိ၍ အလုပ်ခွင်သို့ မဝင်နိုင်သေးသည့် အခိုက်အတန့်အတွင်း လစာ အချို့အဝက်ကို ရရှိကြ၏။ အလုပ်သမားများ၏ ဇနီးသည်များအတွက် သားဖွားခန်းများကို အစိုးရက ဖွင့်လှစ်ပေးခဲ့၏။ အလုပ်သမားများအတွက် အဆုတ်နာရောဂါကုဆေးရုံများ တည်ဆောက်ပေးရန် စီစဉ်သူမှာလည်း လွိုက်ဂျော့ပင် ဖြစ်ပေသည်။

၁၉၁၄ ခုနှစ်၌ ပဌမကမ္ဘာစစ် ဖြစ်ပွားသော အခါတွင် လစ်ဗရယ်ဝန်ကြီးချုပ် အက်စကွစ်သည် အင်္ဂလန်ပြည်အား ကာကွယ်ရန် အထူးကြိုးစားခဲ့သော်လည်း ထိုအချိန်က အစိုးရအဖွဲ့တွင် လွိုက်ဂျော့သာ မပါရှိပါက အင်္ဂလန်ပြည်သည် အရှုံးကြီးရှုံးရပေလိမ့်မည်။

ပဌမကမ္ဘာစစ်မဖြစ်ပွားမီက လွိုက်ဂျော့သည်ငြိမ်းချမ်းရေး လိုလားသူတဦး ဖြစ်ပေသည်။ သို့သော် စစ်ကြီးဖြစ်ပွားသောအခါ သူ၏သဘောထားသည် ပြောင်းသွားကာ စစ်ကြီးအတွက် စိတ်ရောကိုယ်ပါ လုံးပမ်းလေတော့သည်။ စစ်ကြီးဖြစ်စ၌ လက်နက်ခဲယမ်းမီးကျောက် ထုတ်လုပ်ရေးတွင် ထိရောက်စွာ ဆောင်ရွက်နိုင်သူ လိုအပ်သည်နှင့်အညီ လွိုက်ဂျော့အား လက်နက်ဝန်ကြီး ရာထူးကို ပေးအပ်ခဲ့လေသည်။ ထိုအခါတွင် လွိုက်ဂျော့၏ ဆောင်ရွက်ချက်များမှာ အထူးပင်အောင်မြင်ခဲ့ပြန်သဖြင့် အင်္ဂလန်ပြည်သည် လက်နက်အင်အား တောင့်တင်းလှသော ဂျာမနီနိုင်ငံနှင့်ယှဉ်ပြိုင်နိုင်သောအခြေသို့ ရောက်ခဲ့လေသည်။

၁၉၁၆ ခုနှစ်တွင် နိုင်ငံရေးခေါင်းဆောင်များနှင့်စစ်ဖက်ဆိုင်ရာ ခေါင်းဆောင်ကြီးများ၏ သဘောတူညီချက်ဖြင့် စစ်အစိုးရ အဖွဲ့ကို လွိုက်ဂျော့သည် ခေါင်းဆောင်လျက် ဖွဲ့စည်းခဲ့ရလေသည်။

စစ်ကြီးအတွင်းက လွိုက်ဂျော့သည် ဝန်ကြီးချုပ်အဖြစ်ဖြင့်၎င်း၊ လက်နက် ဝန်ကြီး အဖြစ်ဖြင့်၎င်း တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ခဲ့၏။ စစ်ဦးစီး အဖွဲ့ကိုလည်း ပြန်လည်ဖွဲ့စည်းခဲ့သည်။ ထိုကြောင့်ပင် အင်္ဂလန်ပြည်သည် ပဌမကမ္ဘာစစ် ပြီးဆုံးသွားသောအခါ စစ်အောင်သော တန်ခိုးကြီးနိုင်ငံတခု အဖြစ်ဖြင့် ကမ္ဘာ့နိုင်ငံများ အလယ်တွင် မျက်နှာပန်း လှခဲ့လေသည်။

၁၉၁၈ ခုနှစ်တွင်ကျင်းပသောစစ်ပြီးရွေးကောက်ပွဲတွင် လွိုက်ဂျော့သည် နောက်လိုက် အမတ်များစွာနှင့် အတူ ရွေးကောက်တင်မြှောက်ခြင်း ခံရပြန်သဖြင့် ဝန်ကြီးချုပ်ရာထူးတွင် ဆက်လက်ထမ်းဆောင်ရပြန်သည်။ ထိုအခါတွင်လည်း လွိုက်ဂျော့၏ ဆောင်ရွက်ချက်များမှာ အထူးပင် အောင်မြင်ခဲ့လေသည်။

၁၉၁၉ ခုနှစ် ငြိမ်းချမ်းရေး ညီလာခံတွင် လွိုက်ဂျော့သည် နိုင်ငံရေးပရိယာယ် ကြွယ်ဝစွာဖြင့် အတိုက်အခံ ပြုမည့်သူများကိုထိန်းသိမ်းနိုင်ခဲ့သည်။ မဟာမိတ်နိုင်ငံအသီးအသီးတို့၏ သဘောကွဲလွဲမှု များကိုလည်း ညီညွတ်စေခဲ့သည်။

ငြိမ်းချမ်းရေးညီလာခံ အပြီးတွင် အိုင်ယာလန်ပြည် အရေးသည် ဆူပူလှုပ်ရှားလာရုံမက အလုပ်သမားအရေးများ ပြန်လည်ထူထောင်ရေး အခက်အခဲများ ပေါ်ပေါက်လာပြန်သည်။ ထိုအချိန်၌ လွိုက်ဂျော့အစိုးရမှာ အတိုက်အခံ များစွာရှိသော်လည်း ထိုကဲ့သို့ ဆူပူလှုပ်ရှားချိန်တွင် တိုင်းပြည်က လွိုက်ဂျော့ကိုသာလျှင် လိုလားအားထားကြသောကြောင့် အဖွဲ့အသင်းအနေနှင့် မဟုတ်ပဲ တဦး တယောက်အနေဖြင့် အင်အားကြီးမားလျက်ပင်ရှိလေသည်။

အိုင်ယာလန်ပြဿနာကို ဖြေရှင်းပြီးသည့်နောက်၁၉၂၂ ခုနှစ်စက်တင်ဘာလတွင် အရှေ့အနီးပိုင်း ဒေသ၌ အင်္ဂလန်ပြည်သည် တူရကီနိုင်ငံနှင့်စစ်ဖြစ်ရဦးမည့် အခြေသို့ ရောက်နေသဖြင့် ထိုကိစ္စတွင် လွိုက်ဂျော့၏အစိုးရအဖွဲ့၌ သဘော



www.burmeseclassic.com

www.burmeseclassic.com



ကွဲလွဲမှုများ ပေါ်ပေါက်လာသဖြင့် ဝန်ကြီးအချို့ရာထူးမှ နုတ်ထွက်ကြသည်။ လှိုက်ကျော့လည်း ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်လိုက်လေသည်။

ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ခဲ့သော်လည်း နိုင်ငံရေးကိုမစွန့်သေးပဲ ဗြိတိသျှပါလီမန်တွင် အတိုက်အခံ ခေါင်းဆောင်ကြီးအဖြစ် ဆောင်ရွက်လေသည်။ ၁၉၂၆ ခုနှစ်တွင် ခေါင်းဆောင်ကြီး အက်စကွစ်သည် လစ်ဗရယ်အဖွဲ့ ဥက္ကဋ္ဌအဖြစ်မှနုတ်ထွက်သဖြင့် လှိုက်ကျော့အား လစ်ဗရယ်အဖွဲ့၏ ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ကြလေသည်။ ထိုနောက် အဖွဲ့အင်အား စုဆောင်းရန်အတွက် အင်္ဂလန်တပြည်လုံးတွင် လှည့်လည်တရားဟောပြောခဲ့လေသည်။ သူ၏ ဟောပြောချက်များကြောင့် ၁၉၂၉ ခုနှစ် ရွေးကောက်ပွဲတွင် လစ်ဗရယ် အဖွဲ့မှ ကိုယ်စားလှယ်ပေါင်း ၅၉ ယောက် အရွေးခံရလေသည်။

၁၉၃၁ ခုနှစ် ရွေးကောက်ပွဲ ကျင်းပပြီးနောက် အမျိုးသားအစိုးရ ဖွဲ့စည်းပြီးသည့် အချိန်ခန့်ကစ၍ လှိုက်ကျော့သည် အတိုက်အခံခေါင်းဆောင်အဖြစ် လူသိများလျက်ပင်ရှိသော်လည်း နိုင်ငံရေးမှ အနားယူကာ အေးချမ်းစွာ နေထိုင်ခဲ့လေသည်။ ပဌမကမ္ဘာစစ်နှင့် စပ်လျဉ်း၍ လှိုက်ကျော့သည်စစ်မှတ်တမ်းခြောက်တွဲကိုရေးသားခဲ့ကာ ၁၉၃၃ ခုနှစ်မှ ၁၉၃၆ ခုနှစ်အတွင်း၌ ထုတ်ဝေဖြန့်ချိခဲ့လေသည်။ ၁၉၄၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လှိုက်ကျော့သည် အားလဘွဲ့ ချီးမြှင့်ခြင်းခံရလေ၏။ ၁၉၄၅ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်လေသည်။

**လှိုင်ကော်မြို့။** ။ပြည်ထောင်စု မြန်မာနိုင်ငံတွင် အပါအဝင် ကယားပြည်နယ်၏ မြို့တော်ဖြစ်သော လှိုင်ကော်မြို့သည် တောင်ငူမြို့၏ အရှေ့မြောက်ဖက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့၏တောင်ဖက်တွင် တည်ရှိသည်။

လှိုင်ကော်မြို့၏ မြို့တည်စ မူလအမည်ရင်းမှာ'ဆီရိဒေါ်' ဖြစ်၏။မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ဦးသီရိဆိုသူ ဥာဏ်အမြော်အမြင်နှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်ကြီး တဦးသည် ထိုနေရာဒေသ၏ အချက်ကျကောင်းမွန်ပုံကို တွေ့မြင် သိရှိသည့်အလျောက် မြို့၏ဂုဏ်အင်္ဂါရပ်များနှင့်ညီညွတ်စေခြင်း အလို့ငှာ ဆီအိုးလေးလုံးတွင် ဆီအပြည့်ထည့်၍ သတ်မှတ်ထားသော မြို့လေးထောင့်၌ မြှုပ်နှံခြင်း၊ မြို့ဦးမြို့ထိပ်တွင် မြို့နံ့သင့် စေတီတည်ထားကိုးကွယ်ခြင်း၊ မြို့တွင်း၌ ဗုဒ္ဓအယူဝါဒီ ဘုန်းကြီးကျောင်းများ ဆောက်လုပ် လှူဒါန်းခြင်း၊ မြို့ပတ်လည်တွင် ကျုံး၊မြောင်း၊ခံကတုတ်များ ဆောက်လုပ်ခြင်း၊ အတွင်းဖက် ခံကတုတ်တွင် ကြခတ်ဝါးများ စိုက်ထူကာရံခြင်း၊ မြို့၏ အနောက် တောင်ထောင့် နေရာတွင် သင်္ချိုင်းနေရာသတ်မှတ်ခြင်း စသည်ဖြင့် မွမ်းမံတည်ထောင်ခဲ့သည်။ ထိုကြောင့် မြို့တည်သူ ဦးသီရိ၏အမည်ကို အစွဲပြု၍ မြို့အမည်ကို ဆီရိဒေါ် ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်၏။ ကယားဘာသာစကားဖြင့် သီရိကို ဆီရိဟူ၍၎င်း၊ မြို့ကို ဒေါ်ဟူ၍၎င်း ခေါ်ဆိုရာ ဆီရိဒေါ်ဟူသည် သီရိမြို့၊သို့မဟုတ် ဦးသီရိ တည်ထောင်သောမြို့ဟု အဓိပ္ပါယ်ရသည်။ ရှမ်းအမျိုးသားများ ဝင်ရောက် နေထိုင်ကြသောအခါတွင် ဘီလူးချောင်းဘေး၌ တသီးတခြား တည်ရှိသော ရွှေတောင်ကိုအစွဲပြု၍ 'လှိုင်ခေါ်' ဟု ခေါ်ပြန်သည်။ ရှမ်းဘာသာ စကားဖြင့် 'လှိုင်'မှာ တောင်ဖြစ်၍'ခေါ်'မှာ သီးခြားတည်ရှိခြင်း ဆိုလိုသည်။ ကာလရွှေလျော၍'လှိုင်ကော်'ဟု ဖြစ်လာသော်လည်း ကယားအမျိုးသားတို့ကမူ'ဆီရိဒေါ်'ဟု ယနေ့တိုင် ပြောဆိုသုံးစွဲလျက်ရှိသည်။

လှိုင်ကော်မြို့၏ မြို့စည်စ အနေအထားမှာ အရှေ့သို့ လားသော် မင်းကျောင်း၊ အနောက်သို့လားသော် ဘီလူးချောင်း၊ တောင်သို့လားသော် ရွှေကျောင်း၊ မြောက်သို့ လားသော် မြို့နံ့စေတီတို့ဖြစ်သည်။

လှိုင်ကော်မြို့သည် ရှမ်းပြည်နှင့် ကုန်းလမ်းရေလမ်းအားဖြင့် အဆက်အသွယ် ရှိ၍ ကုန်သန်းရောင်းဝယ်ရေး ဗဟိုစခန်းမြို့အဖြစ် ထင်ရှားခဲ့သည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးသည့် နောက်ပိုင်းတွင် လှိုင်ကော်မြို့သည် ဗြိတိသျှအစိုးရတို့၏ နိုင်ငံရေး ဝန်ထောက်များ ရုံးစိုက်ရာမြို့ဖြစ်လာသည်။ ကန္တာရဝတီ စောဖျာစဝ်ခွန်လီ၏ လက်ထက် ခရစ် ၁၉၁၀ ပြည့်နှစ်တွင် စဝ်လုံမြို့မှ လှိုင်ကော်မြို့သို့ ပြောင်းရွှေ့စံစားသဖြင့် လှိုင်ကော်မြို့သည် ကန္တာရဝတီနယ်၏ မြို့တော်ဖြစ်လာသည်။

မြန်မာသက္ကရာဇ် ၁၂၆၇ ခုနှစ်ခန့်တွင် အမတ်ကြီး ဦးနီသည် လှိုင်ကော်မြို့၏ လူနေအိမ်ခြေများကို ချဲ့ထွင် ပြုပြင်ခြင်း၊ ဘီလူးချောင်း အနောက်ဖက်ကမ်းတွင် ဈေးတည်ဆောက်ခြင်း စသည်ဖြင့် လှိုင်ကော်မြို့ကို ဒုတိယအကြိမ် တိုးချဲ့ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် ကန္တာရဝတီ စောဖျာစဝ်ခွန်လီသည် လှိုင်ကော်မြို့၏ အရှေ့အနောက် တောင်မြောက် လေးဖက် လေးမျက်နှာတို့သို့ လူနေအိမ်ခြေ တိုးတက်ဆောက်လုပ်စေခြင်းဖြင့် လှိုင်ကော်မြို့ကို တိုးချဲ့ ပြုပြင်ခဲ့လေသည်။

ခရစ် ၁၉၄၈ ခုနှစ်၌ ကယားပြည်နယ် အစိုးရ စတင်ဖွဲ့စည်းသည့် အချိန်တွင် လှိုင်ကော်မြို့ကို ကန္တာရဝတီ၊ ဘောလခဲနှင့် ကြယ်ဖိုးကြီးနယ်များ အပါအဝင် ကယားပြည်နယ်၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ်တွင် လှိုင်ကော်မြို့ကို ကယားပြည်နယ်၏ မြို့တော်ဂုဏ်အင်္ဂါနှင့် ညီညွတ်စေရန် ထပ်မံ ပြုပြင် တိုးချဲ့ တည်ဆောက်ရာတွင် မြို့သစ်ရုံးများ



www.burmeseclassic.com

www.burmeseclassic.com





လွိုင်ကော်မြို့လယ်ကို ဖြတ်သန်းစီးဆင်းသွားသော ဘီလူးချောင်း

ထုတ်လုပ်ခြင်း၊ အစိုးရနှင့် လူထုအတွက် နေရာများ သတ်မှတ်၍ ရုံး၊ဈေး၊ ဥယျာဉ်၊ ကစားကွင်း၊လူနေအိမ်ခြေများ၊ လေယာဉ်ကွင်းနှင့်လမ်းများကို စံနစ်တကျ အကွက်ချကာ တည်ဆောက်ခဲ့လေသည်။

လွိုင်ကော်မြို့သည် ကယားပြည်နယ်၏ရုံးစိုက်မြို့ ဖြစ်သဖြင့် ပြည်နယ်အစိုးရရုံးများ၊ ဒေသဆိုင်ရာရုံးများ၊ ပြည်သူ့ဆေးရုံ၊ စာသင်ကျောင်းများ စသည့် အစိုးရအဆောက်အအုံများလည်းရှိသည်။ လွိုင်ကော်မြို့တွင် အိမ်ခြေ ၂,၀၀၀ ကျော်ရှိ၍လူဦးရေမှာ ၁၉၆၃ ခုနှစ်ခန့်မှန်းခြေအရ ၁၀,၀၀၀ ကျော်ဖြစ်သည်။

ထို့ပြင် လွိုင်ကော်မြို့သည် ကယားပြည်နယ်တွင် ဗုဒ္ဓသာသနာရောင်ဝါ စတင် ထွန်းကားရာမြို့လည်း ဖြစ်သဖြင့် ဘုရားပုထိုး၊ ကျောင်းကန်ဇရပ် များစွာရှိ၍ ဗုဒ္ဓအယူဝါဒီ အများဆုံး မှီတင်းနေထိုင်ရာ မြို့ဖြစ်သည်။ မင်္ဂလာ သီရိတောင်တော်စေတီနှင့် ရွှေတောင်စေတီတို့သည် ထင်ရှား၍ မြို့၏ကျက်သရေဆောင် စေတီများဖြစ်၏။

ရှမ်းပြည်နယ်အင်းလေးကန်မှစီးဆင်းလာသော ဘီလူးချောင်းသည် လွိုင်ကော်မြို့ကို မြောက်မှတောင်သို့ဖြတ်ပြီး စီးဆင်းသွားသည်။ ထို့ကြောင့် လွိုင်ကော်မြို့သည် မိုးဗြဲနယ်၊ မိုးဗြဲမြို့၊ ဖယ်ခုံမြို့တို့နှင့်ရင်း၊ ရှမ်းပြည်နယ် အင်းလေးနှင့်ရင်း လှေများဖြင့် ကူးသန်း သွားလာနိုင်သည်။ လွိုင်ကော်မြို့သည် ရန်ကုန်မြို့နှင့် လေကြောင်းခရီး အဆက်အသွယ်ရှိသည်။ ကုန်းလမ်းအားဖြင့်မူကား လွိုင်ကော်-တောင်ကြီး-သာစည်-ရန်ကုန်ကားလမ်း၊ လွိုင်ကော်-မိုးဗြဲ-ကလော-သာစည်- ရန်ကုန်ကားလမ်း၊ လွိုင်ကော်- ခဲမဖြူ-မော်ချီးမိုင်း-တောင်ငူ-ရန်ကုန်ကားလမ်း၊ လွိုင်ကော်-ယာဒို-လိပ်သို-တောင်ငူ-ရန်ကုန် ကားလမ်းများဖြင့် သွားလာဆက်သွယ်နိုင်သည်။

လွိုင်ကော်မြို့၏ တောင်ဖက် ၁၄ မိုင်ကွာ နေရာတွင် သာယာတင့်ဆန်းသော တော တောင်တန်းများနှင့်တကွ သဘာဝအလျောက် ထက်အောက်နိမ့်မြင့် အဆင့်ဆင့် ညီညာစွာ စီတန်းလျက်ရှိသော ရေကန် ၁၄ ကန်ရှိသည်။ အလွန်ကြည်နူးဖွယ်ကောင်းသော သဘာဝ ရှုမျှော်ခင်းများနှင့် ပြည့်စုံသည်။ ထိုရေကန်များသည် ဒွေးမယ်နော် ငွေတောင်ပြည်ပြန်ခန်းဇာတ်လမ်း၌ ပါရှိသည့် ငွေတောင်ပြည်ဘုရင်၏သမီးတော် ဒွေးမယ်နော် မင်းသမီးနှင့် ကိန္နရီ ညီအစ်မ ခုနစ်ဖော်တို့ ပျော်ရွှင်စွာ ရေကစားရာ ရေကန်များဖြစ်သည်ဟု ကယားအမျိုးသားတို့က ယုံကြည်ကြသည်။

လွိုင်ကော်မြို့၏ အရှေ့တောင်ဖက် ခုနစ်မိုင်ကွာ နေရာတွင် မထေးခု ရေတံခွန်စခန်းရှိသည်။ ထိုစခန်းသည်လည်း ရေတံခွန် ရေကျများနှင့် အလွန်သာယာ ကြည်နူးဖွယ်ကောင်း၏။ လွိုင်ကော်မြို့၏ အရှေ့တောင်ဖက်၁၂မိုင်ကွာတွင် ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းအရ ရေအားဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသည့်စက်ရုံကြီး တည်ရှိရာ လောပိတ တောင်ပေါ် စခန်းမြို့ကလေး ရှိသည်။ (ဘီလူးချောင်းရေအားလျှပ်စစ်စီမံကိန်း — လည်းရှု။)



www.burmeseclassic.com


www.burmeseclassic.com



**လွိုင်ယိုလာ, အစ်ဂနေးရှပ်** (ခရစ် ၁၄၉၁ – ၁၅၅၆)။ ။ ယေရှု အသင်းကြီးအား စတင် တည်ထောင်ခဲ့သော အစ်ဂနေးရှပ် လွိုင်ယိုလာကို ၁၄၉၁ ခုနှစ်တွင် စပိန်နိုင်ငံ ဂီပွတ်ဇကိုအာပြည်နယ် လွိုင်ယိုလာရဲတိုက်ကြီး၌ ဖွားမြင်ခဲ့သည်။ ငယ်စဉ်က စပိန်ဘုရင် ဖာဒီနန်၏ နန်းတော်တွင် အမှုထမ်းလာခဲ့ပြီးနောက် အသက် ၂၆ နှစ် အရွယ်တွင် စစ်တပ်သို့ ဝင်ရောက် အမှုထမ်းလေသည်။ အခြား စစ်သားများထက် စွမ်းစွမ်းတမံ တိုက်ခိုက်လေ့ ရှိသောကြောင့် စပိန်စစ်တပ်ကြီးတွင် သူရဲကောင်းအဖြစ်ဖြင့် ထင်ရှားလာခဲ့သည်။

၁၅၂၁ ခုနှစ်တွင် ပြင်သစ်နှင့် စပိန်တို့ စစ်ဖြစ်ပွားရာ ပြင်သစ်တို့သည် နာဗားပြည်နယ်မြို့တော် ဝမ်ပေလူနာကို ဝန်းရံ တိုက်ခိုက်ခဲ့လေသည်။ ထိုအခါ လွိုင်ယိုလာသည် အခြား စပိန် စစ်သည်တော်တို့နှင့်အတူ မြို့တွင်းမှ ခုခံတိုက်ခိုက်ခဲ့ရာတွင် ရန်သူတို့ဖက်မှ ပစ်ခတ်လိုက်သော အမြောက်ဆန်တခုသည် သူ၏ ခြေတဖက်တွင် ထိမှန်သဖြင့် ဒဏ်ရာအကြီးအကျယ် ရရှိခဲ့လေသည်။ ကံကောင်း ထောက်မ၍ အသက်မသေသော်လည်း ခြေတဖက် မသန်တော့သဖြင့် ဆက်လက်၍ စစ်မှုမထမ်းနိုင်တော့ပေ။

ဒဏ်ရာကို ဆေးဝါးကုသနေခိုက် အချိန်ကို အလဟဿ မဖြုန်းပဲ ခရစ်တော် အယူဝါဒ၌ သက်ဝင် ယုံကြည်ကြသော သူတော်စင်တို့၏ အတ္ထုပ္ပတ္တိတို့ကို ဖတ်ရှု လေ့လာခဲ့ရာ လက်နက်ကိုင်စစ်သားဘဝမှ ခရစ်တော်၏ စစ်သားဘဝသို့ ပြောင်းလဲရန် များစွာ စိတ်အား ထက်သန်လာခဲ့ပြန်သည်။ သို့ဖြစ်၍ စစ်တပ်တွင် ပြန်လည် အမှုမထမ်းနိုင်တော့ခြင်းကြောင့် တကြောင်း၊ စိတ်ဓာတ် ပြောင်းလဲသွားခြင်းကြောင့် တကြောင်း သူ၏ စစ်ဝတ်တန်ဆာတို့ကို လုံးဝစွန့်ပယ်လိုက်ပြီးလျှင် သူတော်စင်တို့ ဝတ်ဆင်သော အင်္ကျီရှည်ကြီးကို ဝတ်ကာ ပိုက်ဆံလျှော်ဖြင့်ပြုလုပ်သော ဖိနပ်ကိုစီး၍ တောင်ဝှေးကို ဆွဲကိုင်ခဲ့သည်။ နေ့စဉ်အနည်းဆုံးခုနစ်နာရီမျှ ဘုရားရှိခိုး ဝတ်တက်လေသည်။



စပိန် အမျိုးသား သာသနာရေး ခေါင်းဆောင် လွိုင်ယိုလာ

၁၅၂၃ ခုနှစ်တွင် ဂျေရုဆလမ်မြို့သို့ ဘုရားဖူး သွားခဲ့သည်။ ထိုသို့ သွားရောက်ခဲ့သည်မှာ လွယ်ကူသည့် အလုပ်မဟုတ်ပေ။ ဘေးဒုက္ခ အပေါင်းတို့ကို ကျော်နင်းရလေသည်။ သူ၏ဆန္ဒမှာ ဂျေရုဆလမ်မြို့တွင် တရားအားထုတ်ရန် ဖြစ်သည်။ သို့ရာတွင် သူ၏ ကြံရွယ်ချက်ကား အထမမြောက်ခဲ့ချေ။ အကြောင်းမှာ ၁၅၂၃ ခုနှစ် စက်တင်ဘာလတွင် ဂျေရုဆလမ်မြို့ကြီးသို့ ဆိုက်ရောက်ခဲ့သော်လည်း သက်ဆိုင်ရာ အာဏာပိုင်တို့က လွိုင်ယိုလာအား နေ့တိုင်း တရားအားထုတ်ခွင့် မပြုသောကြောင့် ဖြစ်၏။ သို့ဖြင့် ဂျေရုဆလမ်မြို့မှ ပြန်လာခဲ့ရာ ၁၅၂၄ ခုနှစ်တွင် စပိန်နိုင်ငံ ဗာစီလိုနာမြို့သို့ ပြန်လည်ဆိုက်ရောက်ခဲ့သည်။

ထိုနောက်တွင် လွိုင်ယိုလာသည် လက်တင်ဘာသာနှင့် ဒဿနိကဗေဒ ပညာရပ်များကို လေ့လာ သင်ကြားထားလျှင် သူ၏ အယူဝါဒဆိုင်ရာ လေ့လာမှုများတွင် များစွာ အထောက်အပံ့ ဖြစ်လိမ့်မည်ဟု ထင်မြင်သဘော ရရှိသောကြောင့် ထိုပညာရပ်များကို မနားမနေ သင်ကြားခဲ့၏။ ၁၅၃၅ ခုနှစ်တွင် သူသင်ယူခဲ့သော ပညာရပ်များအားလုံးကို တတ်မြောက်ခဲ့သည်။ ထိုနောက် ပြင်သစ်နိုင်ငံ ပါရစ်မြို့တော်တွင် ခုနစ်နှစ်မျှ ဆက်လက် ပညာသင်ကြားခဲ့ရာ မကျန်းမာသဖြင့် စပိန်နိုင်ငံသို့ ပြန်လာခဲ့လေသည်။

လွိုင်ယိုလာသည် သူ သင်ကြား တတ်မြောက်ခဲ့သော ပညာရပ်များ၏ အထောက်အပံ့ဖြင့် မှားသော အယူဝါဒများ ဖြစ်ပေါ်တတ်ပုံကို တွေ့မြင်လာသဖြင့် "ယေရှုအသင်းကြီး" ကို တည်ထောင်ရန် ဆုံးဖြတ်လိုက်သည်။ သူ၏ ရည်ရွယ်ချက်မှာ ယေရှု အသင်းဝင်များအား စိတ်ဓာတ်များပြုပြင်ကာ စည်းကမ်း သေဝပ်စွာ လုပ်ကိုင်နိုင်စေရန် လေ့ကျင့်ပေးပြီးလျှင် ခရစ်ယန်အယူဝါဒ မထွန်းကားသေးသော အရပ်ဒေသများသို့ သာသနာပြု စေလွှတ်ရန် ဖြစ်သည်။ ထိုအပြင် အသင်းဝင်တိုင်းအဆင်းရဲခံရမည်။ သိက္ခာသမာဓိ ရှိရမည်။ တာဝန်ကို ရိုသေ လေးစားရမည် ဟူသောစည်းမျဉ်းများကိုလည်း ထားရှိရန် ရည်ရွယ်လေသည်။

ပါရစ်မြို့တော်တွင် ရှိစဉ်က လွိုင်ယိုလာသည် အခြားသော ပညာရှင်ခြောက်ဦးနှင့်ပူးပေါင်းကာ ၁၅၃၄ ခုနှစ်တွင် ယေရှုအသင်းကြီးကို အောင်မြင်စွာ တည်ထောင်ခဲ့သည်။

www.burmeseclassic.com



သူကိုယ်တိုင် စစ်ဗိုလ်တယောက် ဖြစ်ခဲ့ခြင်းကြောင့် သူ ဦးစီး တည်ထောင်သော အသင်းမှာလည်း စစ်တပ်တတပ်ကဲ့သို့ပင် စည်းစနစ် ကျနလှပေသည်။ များသောအားဖြင့် ထို အသင်းကို ဂျက်ဇူးအစ် အသင်းဟု အတိုကောက် ခေါ်ဝေါ်ကြသည်။ ဤ ယေရှုအသင်းကြီးကိုရင်း၊ အသင်းသားများကိုရင်း ရောမမြို့တော်ရှိ ပုပ်ရဟန်းမင်းကြီးက အသိအမှတ်ပြုစေရန် အတွက် လွိုင်ယိုလာကိုယ်တိုင် ကြိုးစားအားထုတ်ခဲ့သောကြောင့် ၁၅၄၀ ပြည့်နှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီး တတိယပေါလု၏ အသိအမှတ်ပြုခြင်းကို ခံရလေသည်။ ၁၅၄၁ ခုနှစ် ဧပြီလတွင် လွိုင်ယိုလာအား ယေရှု အသင်းကြီး၏ ပဌမဆုံး ခေါင်းဆောင်ချုပ်ကြီးအဖြစ်ဖြင့် အသင်းသား အပေါင်းတို့က သဘောတူတင်မြှောက်ကြသည်။ လွိုင်ယိုလာသည် ထိုနေ့မှစ၍ ယေရှု အသင်းကြီးအတွက် အသက်ထက်ဆုံး ကြိုးစား ဆောင်ရွက်ခဲ့လေသည်။ လွိုင်ယိုလာသည် ၁၅၅၆ ခု နှစ်ဆန်းစတွင် မကျန်းမာသဖြင့် အသင်းကြီး၏ ခေါင်းဆောင် အဖြစ်မှ နုတ်ထွက်ခဲ့ပြီးလျှင် ဆေးဝါးကုသနေစဉ် ထိုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ကွယ်လွန်လေသည်။

**လှိုင်လင်မြို့။** ။လှိုင်လင်မြို့သည် ယခင် လဲချားနယ်၏ တောင်ပိုင်း ပင်လုံမြို့၏ တောင်ဖက်တွင်တည်ရှိ၍၊လှိုင်လင်ခရိုင်၏ ရုံးစိုက်မြို့ဖြစ်သည်။ လှိုင်လင်ခရိုင်တွင် မိုးနဲမြို့နယ်၊မိုင်းပန်မြို့နယ်၊ မောက်မယ်မြို့နယ်၊မိုင်းကိုင်မြို့နယ်၊မိုင်းနောင်မြို့နယ်၊ မိုင်းရှူးမြို့နယ်၊ ကျေးသီးမြို့နယ်နှင့် လဲချားမြို့နယ် စသည်တို့ ပါဝင်၍၊ ထိုခရိုင်သည် ရှမ်းပြည်တောင်ပိုင်းတိုင်းတွင် ပါဝင်၏။ လှိုင်လင်ခရိုင်၏အကျယ်အဝန်းမှာ ၁၄,၇၁၄ စတုရန်းမိုင် ဖြစ်သည်၊ လူဦးရေမှာ ၂၇၆,၈၇၀ (၁၉၆၁)ဖြစ်၏။

လှိုင်လင်မြို့သည် ခရိုင်ရုံးစိုက်မြို့ဖြစ်သည်နှင့်အညီ မြို့ပေါ်တွင် ခရိုင်ဝန်ရုံး၊ ခရိုင်ရဲဝန်ရုံး၊ ခရိုင်အင်ဂျင်နီယာရုံး၊ ဆေးရုံ၊ အထက်တန်းကျောင်း စသည်တို့ရှိသည်။ လှိုင်လင်မြို့သည် ပေ ၅၀၀၀ ကျော်မြင့်သော တောင်ကုန်းဒေသတွင် တည်ရှိ၍ ရာသီဥတု ညီညွတ်မျှတသည်။ လှိုင်လင်မြို့၏လူဦးရေမှာ ၁,၆၆၆ (၁၉၅၆) ဖြစ်၏။

တောင်ကြီးမြို့မှ ကျိုင်းတုံ၊ ယိုးဒယားနယ်စပ်ရှိ တာချီလိတ်သို့ ပေါက်သော ကားလမ်းသည် လှိုင်လင်မြို့ကို ဖြတ်သန်းသွားသည်။ လှိုင်လင်မှ လဲချား၊ မိုင်းကိုင်၊ သီပေါ တို့ကို ဖြတ်သန်း၍ လားရှိုးအရောက် ၁၇၅ မိုင် ရှည်လျားသော ကားလမ်းတလမ်းနှင့် လှိုင်လင်မှ လဲချား၊ မိုင်းနောင်၊ ကျေးသီးမန်စံ၊ မိုင်းရယ်တို့ကို ဖြတ်သန်း၍ လားရှိုးအရောက် ၂၀၂ မိုင် ရှည်လျားသော ကားလမ်းတလမ်းတို့လည်း ရှိသည်။ ထို့ပြင် တောင်ဖက်တွင် မိုးနဲနယ်၊ မိုင်းပန်နယ်တို့နှင့်ရင်း၊ မိုင်းပွန်နယ်၊ ဘန်းယဉ်နယ်၊ သထုံနယ်၊ ကယားပြည်နယ်တို့နှင့်ရင်း ကားလမ်း အဆက်အသွယ်များရှိလေသည်။ ထိုသို့ လမ်းပန်းအဆက်အသွယ် ကောင်းမွန်သည့်အလျောက် အရှေ့ဖက်ယိုးဒယားနိုင်ငံမှ လာသော ကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံမှ ကုန်ပစ္စည်းများ ဖလှယ် ရောင်းဝယ် တင်ပို့ရာ ဖြစ်၍ စည်ကားလေသည်။

**လွတ်လပ်ရေးနေ့။** ။တိုင်းတပါးတို့၏ စိုးမိုး အုပ်ချုပ်မှုအောက်မှ လွတ်မြောက်လာခဲ့သော တိုင်းပြည်နိုင်ငံများတွင် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်သည့်နေ့ကို လွတ်လပ်ရေးနေ့ဟူ၍ အထွတ်အမြတ်သတ်မှတ်ထားတတ်လေသည်။ ခရစ်နှစ် ၁၉၄၈ ခု ဇန္နဝါရီလ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့ကား မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာ အာဏာပိုင် သမ္မတနိုင်ငံတော်အဖြစ်သို့ ကောင်းစွာရောက်ရှိသောနေ့ ဖြစ်လေသည်။ ထိုနေ့သည် ပြည်ထောင်စု မြန်မာနိုင်ငံသားများအဖို့ ထူးမြတ်သော နေ့တနေ့ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ အနှံ့အပြားရှိ မြို့ရွာများတွင် ထိုနေ့ကို မှတ်တမ်းတင်သော မော်ကွန်းကျောက်စာတိုင်များ စိုက်ထူကြပြီးလျှင် အောက်ပါအတိုင်း ကမ္ပည်းထိုးထားကြသည်။

"ဓမ္မသက္ကရာဇ် တစ်ထောင့်သုံးရာကိုးခုနှစ်၊ ပြာသိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့အား ဤငါတို့မြန်မာပြည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ နိုင်ငံတော်ကြီး အဖြစ် ကောင်းစွာ ရောက်သတည်း။"


မြန်မာနိုင်ငံ အောက်ပိုင်း၌ နှစ်ပေါင်း ၁၀၀ မျှ၊ မြန်မာနိုင်ငံအထက်ပိုင်း၌ နှစ်ပေါင်း ၆၀ ကျော်မျှ နိုင်ငံခြားသားတို့၏ အချုပ်အချယ်ကို ခံခဲ့ကြရပြီးနောက် မြန်မာခေါင်းဆောင်ကြီးများ၏ အမျိုးမျိုးသော ကြိုးပမ်းမှုတို့ကြောင့် ရရှိခဲ့သော ဤ လွတ်လပ်ရေးကို တည်တံ့ ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးစေရန်မှာ ပြည်ထောင်စုသား အားလုံး၏ တာဝန်ဖြစ်သည်နှင့်အညီ မမေ့မလျော့ကြစေရန် သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ် ထိုနေ့တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများ ဆင်ယင်ကျင်းပကြ၏။

ထိုအထိမ်းအမှတ်ပွဲများတွင် များသောအားဖြင့် လွတ်လပ်ရေးကျောက်တိုင်၌ စုဝေးကြ၍ ပြည်ထောင်စုတည်မြဲရေးတိုးတက်ရေးကို မမေ့မလျော့ ဆောင်ရွက်ရန် အဓိဋ္ဌာန်များ ပြုလေ့ရှိကြသည်။ ပျော်ပွဲရွှင်ပွဲနှင့် ပြပွဲပြိုင်ပွဲ အမျိုးမျိုးကိုလည်း တခမ်းတနား ဆင်ယင်ကျင်းပကြ၍ အစိုးရက



www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲတွင် ရန်ကုန်မြို့ ဗန္ဓုလ ပန်းခြံ၌ မီးများ ထွန်းညှိထားစဉ်

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်မြို့၌ ကျင်းပသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲတွင် မီးများထွန်းညှိထားစဉ်

လည်း နိုင်ငံ၏ တာဝန်ကို ထူးချွန်စွာ ထမ်းဆောင်သူတို့အား ဘွဲ့ထူး ဂုဏ်ထူးနှင့် ဆုလာဘ်များ ပေးအပ် ချီးမြှင့်လေသည်။

**လွန်ဆွဲခြင်း။** ။မြန်မာနိုင်ငံ၌ မည်သည့် အချိန်က စ၍ လွန်ဆွဲခဲ့ကြသည် ဆိုသည်ကို အတိအကျ မပြောနိုင်ချေ။ အဘယ်ကြောင့် လွန်ဆွဲကြသည် ဆိုသည်ကိုလည်း သေချာစွာ မပြောနိုင်ချေ။ သို့သော် အတော် ရှေးကျကျကပင် လွန်ဆွဲခဲ့ကြသည်ဟု ယူဆရပေသည်။ အထူးသဖြင့် မိုးခေါင်နေသော အခါများတွင် မန္တလေးမြို့ကဲ့သို့သော အထက် မြန်မာနိုင်ငံရှိ မြို့ရွာများ၌ လွန်ဆွဲလေ့ ရှိကြသည်ကို တွေ့ရသည်။ လွန်ဆွဲလျှင် မိုးရွာသည်ဟု ယုံကြည်ကြပုံလည်း ရသည်။ လွန်ဆွဲကြသောအခါတွင် တခါတရံ၌အရပ်တွင်းရှိ လူများ (ယောကျ်ားနှင့် မိန်းမများ) ချည်းသာမဟုတ်ပဲ တရပ်နှင့်တရပ်ပင် ချိန်း၍ ဆွဲလေ့ ရှိကြသည်။

အကြီးအကျယ် လွန်ဆွဲကြသောအခါတွင် အလယ်၌ လွန်ခေါင်းလုပ်သူတဦး ထားလေ့ရှိကြသည်။ ထိုလွန်ခေါင်းလုပ်သူ၏ အဆုံးအဖြတ်ကို လွန်ဆွဲသူများက နာခံကြရသည်။အရပ် နှစ်ရပ် ချိန်း၍ လွန်ဆွဲသောအခါတွင် ထိုအရပ်နှစ်ရပ်မှ လွန်ဆွဲရန်ရောက်လာကြသူများ (ယောကျ်ားရော မိန်းမများပါ) စုံလောက်သောအခါတွင် လွန်ခေါင်းက လွန်ဆွဲခြင်း စရန် အမိန့်ပေးလိုက်သောအခါ အရပ်နှစ်ရပ်မှ လူများသည် တဖက်နှင့်တဖက် မျက်နှာချင်းဆိုင်ရပ်ကြကာ ကြိုးကို ကိုင်ကြလေသည်။ အဆင်သင့်ဖြစ်ပြီဟု လွန်ခေါင်းလုပ်သူက ယုံကြည်သောအခါ သူက ဆွဲဟု အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက် တဖက်နှင့်တဖက် အနိုင်မခံအရှုံးမပေးလိုသော ဇွဲဖြင့် အားအင် ရှိသမျှ ဆွဲကြလေသည်။ ရှုံးမည်ဟု ထင်သောဖက်မှ လူအချို့က အနီးတွင် ရပ်၍ ကြည့်နေကြသူများအား သူတို့၏ဖက်မှ ဝင်၍ ကူဆွဲပေးရန် တောင်းပန်တတ်ကြသည်။ ထိုအခါ အချို့က ဝင်၍ ကူကာ ဆွဲပေးလေ့ရှိကြသည်။ အချို့ကမူ ရယ်မောကာသာ ဆက်၍ ကြည့်နေတတ်ကြသည်။ ရှုံးသွားသော အခါတွင် လွန်ဆွဲသူများက လွန်ကြိုးကို လွှတ်လိုက်ကြပြီးလျှင် ဒိုးပတ်ကို လွယ်သူက လွယ်၍ လင်းကွင်းကို ကိုင်သူက ကိုင်ပြီးလျှင် လွန်ခေါင်းရှိရာသို့ "ထဘီကျွတ်၍ လွတ်လိုက်တာ၊ နိုင်တယ်လို့ ထင်သလား" စသော သံချပ်များ ထိုးကာ သီချင်းများကို သီဆို တီးမှုတ်ကာ က၍လာကြသူက လာကြ၊ လက်ခုပ်တီးသူက တီးကြ၍ တဖက်သား မခံချင်အောင် ပြုလေ့ရှိကြသည်။ နိုင်သည့်ဖက်မှလည်း သူတို့ အားအင်တောင့်တင်း၍ လိမ္မာ ပါးနပ်သောကြောင့်သာလျှင် နိုင်ခြင်းဖြစ်ကြောင်းကို သံချပ်ထိုးကာ သီချင်းများ သီဆိုကခုန်လေ့ရှိကြလေသည်။

ထိုသို့ လွန်ဆွဲကြခြင်းသည် တရက်တည်းနှင့် ပြီးခဲ့၍ ရက်အတော်ကြာသည်အထိ ဆက်၍ ဆွဲလေ့ ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လွှန်ဆွဲကြသောအခါတွင် မိုးရွာသည်နှင့် ကြုံကြိုက်တတ်သည်။

အချို့ မြန်မာများက လွှန်ဆွဲခြင်းသည် အပျော်သက်သက်သာ ပြုလုပ်သည်ဟု ဆိုကြသော်လည်း အချို့ကမူ မိုးခေါင်ကျော်စွာနတ်နှင့် ဆက်သွယ်၍ ပြုလုပ်ခြင်း ဖြစ်သည်ဟု ဆိုကြသည်။

အနောက် နိုင်ငံများတွင် လွှန်ဆွဲခြင်းမှာ အသင်း အဖွဲ့အလိုက် အားစမ်းခြင်းမျိုး ဖြစ်သည်။ ဤကဲ့သို့သော အားစမ်းပွဲမျိုးသည် အတော် ရှေးကျသည့် အချိန်ကပင် စတင်ပေါ်ပေါက်ခဲ့၍ ထိုစဉ်အခါက ကောက်သီးကောက်နှံ ဖွံ့ဖြိုးရေးအတွက် ပြုလုပ်သည့် အခမ်းအနားနှင့် ဆက်သွယ်နေကြသည်ဟုလည်း ယူဆခဲ့သည်။

ရှေးအခါကပင် ကောက်သီး ကောက်နှံ ဖွံ့ဖြိုးရေးအတွက် စောင့်ရှောက် မစမည့် အရှင်သခင်၏ အထိမ်းအမှတ်ဖြစ်သော ကောက်ရိုးကြိုးကိုင်း၊ ကောက်ရိတ်သိမ်းပွဲမှ နောက်ဆုံး ကောက်လှိုင်းကိုင်း လုယက်ယူငင်ရသည့် အလေ့အထလည်း ရှိခဲ့သည်။ ထိုကဲ့သို့ လုယက်ယူငင်ရာတွင် တရွာနှင့်တရွာ ပြိုင်ဆိုင်ခြင်းများလည်းရှိခဲ့၍ ကောက်ရိုးကြိုးကိုဖြစ်စေ၊ သို့မဟုတ် ကောက်လှိုင်းကိုဖြစ်စေ ရသည့်ဖက်တွင် ကောက်သီး ကောက်နှံ ဖွံ့ဖြိုးမည်ဟုလည်း ယုံကြည်ခဲ့လေသည်။

ယခုအခါတွင် လွှန်ဆွဲခြင်းမှာ အားကစား ပြိုင်ပွဲတွင် ပါဝင်လေ့ရှိသည့် အားကစား အစီအစဉ်တရပ် ဖြစ်နေလေပြီ။ ထိုသို့ လွှန်ဆွဲသည့်အခါ အသင်းအဖွဲ့နှစ်ခုကျစီ ယှဉ်ပြိုင်ရသည်ဖြစ်၍ တဖက်လျှင် လူရှစ်ယောက်စီ ပါဝင်ရသည်။ ဆွဲရမည့် လွှန်ကြိုးသည် အလုံးလေးလက်မထက် မသေးပဲ ၃၅ ပေထက်လည်း မတိုရပေ။ ကြိုး၏ အလယ် ဗဟိုတွင် အမှတ်အသားတခု ပြုလုပ်ထားရ၍ ထို အမှတ်အသား၏ တဖက်တချက်တွင်လည်း ခြောက်ပေခန့်စီခြား၍ အမှတ်အသားတခုစီ ပြုလုပ်ထားရလေသည်။ မြေပေါ်တွင်လည်း အလားတူပင် မှတ်သားထားရ၏။ ကြိုးပေါ်ရှိ ဗဟိုအမှတ်အသားကို မြေပေါ်ရှိ ဗဟိုအမှတ်အသားပေါ်တွင် တည့်တည့်ရှိနေစေပြီးမှ စတင် လွှန်ဆွဲရသည်။ ထိုသို့ ဆွဲသောအခါ အခြားတဖက်တွင်ရှိနေသော ဗဟိုမှ ခြောက်ပေကွာ အမှတ်အသားသည် မိမိဖက်မှ မြေပေါ်တွင် သတ်မှတ်ထားသော ဗဟိုမှ ခြောက်ပေကွာ အမှတ်အသားကို ကျော်လွန်၍ ပါလာအောင် ဆွဲနိုင်လျှင် သော်၎င်း၊ သို့မဟုတ် တဖက်မှ လူတဦးတယောက်၏ ခြေထောက်မှ မည်သည့် အစိတ်အပိုင်းဖြင့် ဖြစ်စေ၊ ထိုအမှတ်အသားကို ထိလာအောင် ဆွဲနိုင်လျှင် သော်၎င်း ထိုသို့ဆွဲနိုင်သည့်ဖက်မှ အနိုင်ရသည်။ သို့သော် သုံးကြိမ် သုံးခါဆွဲ၍ နှစ်ကြိမ်နိုင်ပြီးမှသာ နိုင်သည်ဟု ဆိုရလေသည်။

**လွန်း၊ ဦး** (မြန်မာ ၁၂၃၇–၁၃၂၆)။ ။မစ္စတာ မောင်မှိုင်း ဟူ၍၎င်း၊ သခင်ကိုယ်တော်မှိုင်း ဟူ၍၎င်း ကလောင်အမည်ဖြင့် တိုင်းသူ ပြည်သားတို့၏ ချစ်ကြည်လေးစားခြင်းကို ခံယူရရှိသော ဆရာကြီး ဦးလွန်းသည် ပြည်ခရိုင်၊ ရွှေတောင်နယ်၊ ဝါးလည်ရွာ၌ မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့ (ခရစ်နှစ် ၁၈၇၅ ခု မတ်လ ၂၃ ရက်နေ့) တွင် ဖွားမြင်သည်။ အဖ ဦးစံဒွန်း၊ အမိ ဒေါ်အုန်း ဖြစ်သည်။

မောင်လွန်း၏ ကန့်ကူလက်လှည့် ဆရာမှာ ရွှေတောင် ကျီးသဲ လေးထပ် ဆရာတော်ကြီး ဖြစ်သည်။ သီပေါမင်းလက်ထက် မန္တလေး မြတောင်ကျောင်းတွင် ပညာ ဆက်လက် သင်ယူသည်။ ၁၂၄၇ ခုနှစ် သီပေါမင်း အင်္ဂလိပ်လက်သို့ လိုက်ပါသွားရချိန်တွင် အသက် ၁၀ နှစ်ခန့်အရွယ် ရှိသေးသော မောင်လွန်းသည် မင်းမိဖုရားနှစ်ပါးကြောင့် ပြည်သား ပြည်သူ ယူကျုံးမရ ဖြစ်ကြသည်ကို မျက်မြင်ဖြစ်သည်တွင် မခံချင်စိတ်၊ မျိုးချစ်စိတ်တို့သည် ရင်တွင်း၌ ကိန်းအောင်းခဲ့သည်ဟု ဆိုနိုင်သည်။

မန္တလေးတွင် မြန်မာ့ထီးနန်း ကွယ်ပျောက်ခဲ့သည့်အချိန်မှ စ၍ မောင်လွန်းသည် မြတောင်ကျောင်း၌ အတည်တကျ မနေတော့ပဲ ချောင်းဦး၊ အလုံ၊ မုံရွာ၊ ကြေးမုံ၊ ဘုတလင် စသော အရပ်များသို့ ကိုရင်ဘဝဖြင့် လှည့်လည်၍ စာပေသင်ကြား ပြန်လေသည်။ ထိုစဉ်အခါကပင် မေတ္တာစာမှာတမ်းတို့ကို ရေးစပြုသည်ဟု ဆိုသည်။ ယင်းသို့ အလုံ၊ မုံရွာ စသည်တို့၌ တလှည့်၊ မန္တလေး၌ တလှည့် စာပေသင်ကြားနေထိုင်စဉ် ကိုလွန်း အသက် ၁၉ နှစ်အရွယ်၌ အဖ ဦးစံဒွန်း ကွယ်လွန်သည်။ မကြာမီ ဆရာရင်း ဖြစ်သော ကျီးသဲလေးထပ်ကျောင်း ဆရာတော်လည်း ပျံလွန်တော်မူလေသည်။

ဖခင် မရှိတော့သဖြင့် ကိုလွန်းသည် ခိုးကိုးရာမဲ့ဖြစ်သော မိခင်ကို လုပ်ကျွေးပြုစုရန် တာဝန်ရှိလာသည့် အလျောက် ကိုရင်ဘဝမှ တဆင့်တက်၍ ပဉ္စင်းခံကာ ရဟန်းပြုနေထိုင်ရန် ရည်မှန်းချက် ရှိသော်လည်း ရဟန်းမတက်နိုင်တော့ပဲ လူထွက်၍ ရန်ကုန်မြို့သို့ ဆင်းလာကာ အလုပ်ရှာရသည်။ ကိုလွန်းသည် ရှေးဦးစွာ ဆူးလေဘုရားအနီး ဇမ္ဗူ့ကြက်သရေ စာပုံနှိပ်တိုက်၌ စာစီ အလုပ်ကို ရလေသည်။ ထိုမှ တစတစ စာပြင်အယ်ဒီတာဖြစ်လာသည်။ ဇမ္ဗူ့ကြက်သရေ တိုက်၌ အလုပ်လုပ်နေစဉ် ကိုလွန်းသည် ကလောင်စမ်းစပြုသည်။ ထိုခေတ်မှာ စပါးဈေးတက်သည့်ခေတ် ဖြစ်သဖြင့် ပြည်သူတို့ ငွေစရှင်သောကြောင့် ဇာတ်ပွဲများ အလွန်ခေတ်စားလျက် ရှိရာ ကိုလွန်းသည် ပြဇာတ်စာအုပ်များကို ကလောင်စမ်းသည့် အနေဖြင့် ရေးလေသည်။ သို့ရာမှာ သောကဇာတ်၊ မဟောသဓာဇာတ်၊ ဥပက ဆာဝါဇာတ်

www.burmeseclassic.com

www.burmeseclassic.com



စသော ပြဇာတ်ပေါင်းများစွာ ရေးခဲ့လေသည်။ ပြဇာတ်ကို "ရွှေတောင်မြို့ ဆရာလွမ်း"အမည်နှင့် ရေးသည်။ထိုပြဇာတ်များကို ရုပ်သေး ဦးဖိုးညို၊ ဇာတ်ဆရာ ဦးစိန်ကတုံး၊ ဦးအောင်ဗလ၊ ဦးဘိုးစိန်တို့က ခင်းကျင်း ပြသကြသည်။ ရေးခဲ့သော ပြဇာတ်များအနက် "ရွှေတိဂုံ ဘုရားအမူးကို ကျားအဖူးတက်ခြင်း"ပြဇာတ်သည် အရောင်းရ အတွင်ဆုံး ဖြစ်သည်။

ကိုလွန်းသည် ဇမ္ဗူ့ကြက်သရေတိုက်၌ လုပ်ကိုင်နေစဉ် ကြည့်မြင်တိုင်သူ မရှင်နှင့် အကြောင်းပါလေသည်။ ဇမ္ဗူ့ကြက်သရေတိုက် ပိတ်လိုက်ရသောအခါ ကိုလွန်းသည် ရန်ကုန်တိုင်း သတင်းစာတိုက်သို့ ပြောင်းရွှေ့၍ မြန်မာစာ အယ်ဒီတာအဖြစ်လုပ်ကိုင်သည်။ ယင်းသို့ လုပ်ကိုင်စဉ် အစိုးရ စာတော်ပြန်ဌာန၌ အလုပ်ရနိုင်သော်လည်း စာတော်ပြန်မြို့အုပ်များ၏ လက်စွဲ မလုပ်လိုဟု ဆိုကာ ငြင်းပယ်လိုက်သည်။ ရန်ကုန်တိုင်း သတင်းစာတိုက်သည် အစိုးရထံမှ ကန်ထရိုက်ယူထားသော ပုလိပ်ဂေဇက် သတင်းစာကို ရပ်ဆိုင်းလိုက်သောအခါ ဆရာလွန်းသည်မော်လမြိုင်သို့ပြောင်းရွှေ့၍ မြန်မာတိုင်း သတင်းစာတွင် အယ်ဒီတာ လုပ်သည်။ ဆရာလွန်းသည် မောင်သမာဓိ အမည်ဖြင့် ဆောင်းပါးများ၊ ကဗျာများ ရေးစပြုလေသည်။ ယင်းကဗျာ၊ ဆောင်းပါး စသည်တို့သည် ထူးခြားမှုဟူ၍မရှိသေးချေ။နတ်တော်လဘွဲ့၊ တန်ခူးလဘွဲ့၊ကဆုန်လဘွဲ့ စသည်ဖြင့် သမရိုးကျ ကဗျာမျိုး၊ ဆောင်းပါးမျိုးသာ ဖြစ်သည်။ မော်လမြိုင်၌ နေစဉ် မော်လမြိုင် ရာဇဝင်ဝတ္ထု၊ ကဗျာသာရ မဥ္ဇူကျမ်း၊ မော်လမြိုင် နတ်လမ်းညွှန် စသည်တို့ကို ရေးသားထုတ်ဝေခဲ့သည်။

၁၉၁၁ ခု(မြန်မာ ၁၂၇၃ ခု) နှစ်တွင် ရန်ကုန်မြို့၌ သူရိယ သတင်းစာအမည်ဖြင့် သတင်းစာတစောင် ပေါ်လာသည်။ ထိုအချိန်တွင် ဆရာလွန်းသည် မြန်မာတိုင်း သတင်းစာမှ အလုပ်ထွက်၍ ဇင်းကျိုက်တောင်၌ မိမိဝါသနာကြီးလှသော အင်္ဂရတ် အတန်ကြာ ထိုးနေပြီးနောက် ဇာတိ ဖြစ်သော ရွှေတောင်မြို့သို့ ပြန်ရောက် နေထိုင်ခိုက် ဖြစ်သည်။ ထိုအခါ သူရိယ သတင်းစာကို တည်ထောင်သူတဦး ဖြစ်သော ဦးလှဖေက ဆရာလွန်းအား သူရိယသတင်းစာတွင် အယ်ဒီတာ အဖြစ် ဝင်ရောက် လုပ်ကိုင်ရန် ခေါ်ယူလေသည်။ သူရိယ သတင်းစာတိုက်သို့ ရောက်စတွင် ဆရာလွန်းဟူသော အမည်ရင်းဖြင့်ပင် မြန်မာနည်းဖြင့်လုပ်သော လက်မှုပညာများကို ဖော်ထုတ်သည့် လက်မှုပညာဋီကာကို ရေးသားသည်။ သူရိယ သတင်းစာသို့ ဆရာလွန်း ရောက်သောအခါ မြန်မာနိုင်ငံတွင် ဝံသာနုလုပ်ငန်း လှုပ်ရှားစပြုချိန်ဖြစ်ရာ အသက် ၁၀နှစ်ခန့်အရွယ် သီပေါမင်း ပါတော်မူစဉ်က ဆရာလွန်းတွင် ဖြစ်ပေါ်ခဲ့ဘူးသော ဇာတိမာန် မျိုးချစ်စိတ်သည် ဆရာလွန်း၌ ပြန်လည် ပေါ်ပေါက်လာလေသည်။ ထိုအချိန်မှ စ၍ ဆရာလွန်းသည် ဤစိတ်ဤစေတနာတို့ဖြင့်သာ ကလောင်ကို ကိုင်လေသည်။ ဤစိတ် ဤစေတနာတို့သာ ဆရာလွန်း၏ ဘဝရည်ရွယ်ချက် ဖြစ်လာလေသည်။

၁၂၇၇ ခုနှစ်တွင် ဆရာလွန်း အသက် ၄၀ အရွယ်၌ ဇနီးသည် ဒေါ်ရှင် အနိစ္စရောက်လေသည်။ ဇနီးသည် ကွယ်လွန်သောအခါ ဆရာလွန်းတွင် သားသမီး ငါးယောက် ကျန်ခဲ့သည်။ အကြီးဆုံးမှာ ၁၁ နှစ်သမီးဖြစ်၍ အငယ်ဆုံးမှာ ၁၁ လသမီး ဖြစ်သည်။ ဆရာလွန်းသည် ထိုအခါမှစ၍ စာရေးရသည်က တဖက်၊ သားသမီးများကို ထိန်းသိမ်းရသည်က တဖက်နှင့် ပင်ပန်းလှသော်လည်း စာအရေးနိုင်ဆုံး အခိုက်အတန့်ကာလ ဖြစ်သည်။ ကြာဋီကာ၊ ဗိုလ်ဋီကာ ဆောင်းပါးများနှင့် မှာတော်ပုံ ဝတ္ထုဆန်းတို့သည် ထိုကာလတွင် ပေါက်ဖွားသော စာများဖြစ်လေသည်။

ဆရာလွန်းသည် ဗိုလ်ဋီကာ ဆောင်းပါးကဗျာများမှ စ၍ ကလောင် အမည်ကိုလည်း မစ္စတာ မောင်မှိုင်း ဟူ၍ ခံယူလိုက်လေသည်။ ထိုအချိန်က ပညာတတ်မြန်မာအမျိုးသားအချို့သည် မစ္စတာ ဟူသော အသုံးအနှုန်းကို မိမိတို့ မြန်မာ အမည်ရှေ့တွင် တပ်၍ ဂုဏ်တင်ခေါ်ဝေါ်ကြလေသည်။ဆရာလွန်းသည် ထိုအပြုအမူကို ရွံရှာသည်အလျောက် ချဉ်ပေါင်ရွက်သည်မောင်မှိုင်းဝတ္ထုမှ ဇာတ်လိုက်ဖြစ်သူ လူလိမ်လူပွေ လူယုတ်မာ မောင်မှိုင်းအမည်ကိုယူ၍ သရော်သည့်အနေနှင့် မစ္စတာ တပ်ကာ "မစ္စတာ မောင်မှိုင်း" ဟူ၍ ကလောင်အမည် ခံယူခြင်းဖြစ်သည်။

ဆရာလွန်းသည် သူရိယသတင်းစာတိုက်တွင် ၁၉၂၁ ခုနှစ်အထိ မြန်မာစာဖက်ဆိုင်ရာ အယ်ဒီတာ အဖြစ်ဖြင့် ဆောင်ရွက်သည်။ သူရိယ မဂ္ဂဇင်းတွင် ဆရာလွန်းသည် နိုင်ငံရေး စီးပွားရေး ပညာရေး အစရှိသော အရေးများနှင့် စပ်လျဉ်း၍ နိုင်ငံရေးရုပ်ပြောင် ဆုံးမခန်း၌ လေးချိုးများ ရေးလေသည်။ ပဌမကမ္ဘာစစ်ကြီး အပြီးတွင် ဦးဘဘေ၊ ဦးပု၊ ဦးထွန်းရှိန်တို့ နိုင်ငံကိုယ်စားလှယ် အဖြစ်ဖြင့် ဟုမ္မရူးရမှုအတွက် ဗိလတ်သို့ သွားကြသောအခါ ဆရာလွန်းသည် ဒေါင်းဋီကာသစ် ဆောင်းပါးများကို ရေးသည်။ ဗြိတိသျှအစိုးရက မြန်မာတို့ တောင်းသော ဟုမ္မရူးကို မပေးပဲ ဒိုင်အာခီ အုပ်ချုပ်ရေးကို အတင်း ထိုးပေးလိုက်သောအခါ ဆရာလွန်းသည် ယခင်က ဗြိတိသျှ အစိုးရအပေါ်၌ နိုင်ငံရေးပြုပြင် ပြောင်းလဲရေးအတွက် အနည်းငယ် မြော်လင့်ချက်ထားခဲ့သောစိတ်တို့မှာ ပျက်ပြားသွား၍ ဇာတိသွေး ဇာတိမာန်တို့ ပိုမိုပြင်းထန်လာလေသည်။


၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ပဌမ သပိတ်ကြီး ပေါ်ပေါက်ပြီးနောက် အမျိုးသား ပညာရေးကောင်စီဖွဲ့စည်းကာ ဗဟန်းရပ်တွင် ရန်ကုန်တက္ကသိုလ်နှင့် ခင်ပြိုင်အမျိုးသားကောလိပ်ကို တည်ထောင်လေသည်။ ထိုအမျိုး



www.burmeseclassic.com

www.burmeseclassic.com





ကမ္ဘာ့ငြိမ်းချမ်းရေး လီနင်ဆုရ မြန်မာအမျိုးသား မျိုးချစ် စာရေးဆရာကြီး ဦးလွန်း

သား ကောလိပ်တွင် မြန်မာစာပေနှင့်မြန်မာရာဇဝင် ပို့ချရန် ဆရာလွန်းအား ပင့်ခေါ်သောအခါ ဆရာကြီးသည် သူရိယ သတင်းစာတိုက်မှ အလုပ်ထွက်၍ သွားရောက် ဆောင်ရွက်သည်။ ဆရာလွန်းသည် ကျောင်းသားများအား မြန်မာ ရာဇဝင် ပို့ချသည့်အခါ ဇာတိမာန်နှင့် မျိုးချစ်စိတ်ဓာတ်ကို အထူးသဖြင့် သွင်းပေးခဲ့သည်။ ယင်းသို့ စာပေ ပို့ချနေစဉ် နယ်ကျောင်းသားများအတွက် မှန်နန်းရာဇဝင်ချုပ်ကို ပြုစုစီရင်၍ အမျိုးသား ကောလိပ်ကျောင်းသားများအတွက် မှန်နန်းရာဇဝင်တော်ကြီးကို တည်းဖြတ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ မျောက်ဋီကာနှင့် ဘိုင်းကောက်ဋီကာ ဆောင်းပါးများကိုလည်း ရေးသားသည်။

၁၉၂၃ ခုနှစ်တွင် ဗဟန်း အမျိုးသားကောလိပ်ပျက်သော အခါ ဆရာလွန်းသည် ဒဂုန်မဂ္ဂဇင်းတိုက်တွင် အယ်ဒီတာ အဖြစ်ဖြင့်ဆောင်ရွက်စဉ် စစ်ကိုင်းပြန်မှာတော်ပုံဆောင်းပါး များကို ရေးသည်။ ထို့ပြင် ဓမ္မစေတီဝတ္ထုကိုရင်း၊ အိမ်နောင် နန်းတွင်း ဇာတ်သစ်ကိုရင်း စကားပြေနှင့် လေးချိုးများဖြင့် ရေးသား ထုတ်ဝေခဲ့လေသည်။ ထိုအချိန်တွင် ၂၁ ဦးကိုအား

သားများ ဖြစ်ကြသည့် ဒိုင်အာခီသမားများနှင့် မူလ ဂျီစီဘီအေ ဝံသာနုသမားတို့ မညီမညွတ်ဖြစ်လျက် ရှိသည်ကို ဆရာလွန်းသည် ညီညွတ်စေလိုသော စေတနာ ရှိသည်။ ထိုစေတနာကို ဗန္ဓုလဂျာနယ်တွင် ခွေးဋီကာ ဆောင်းပါးများ ရေးသား၍ ဖော်ပြခဲ့လေသည်။ သို့ရာတွင် မြော်လင့် သကဲ့သို့ ညီညွတ်မလာသဖြင့် ဆရာလွန်းသည် မည်သူ့ကိုမျှ မယုံကြီး၊ မည်သူ့ဝါဒဖြင့်မျှ ကလောင်မကိုင်တော့ပဲ မိမိတကာယ ယုံကြည်နှစ်သက်သော လမ်းစဉ် နောက်သို့သာ ကိုယ်နှုတ်နှလုံး သုံးပါးစလုံးဖြင့် လိုက်စပြုလာသည်။ ထိုလမ်းစဉ်ကား လုံးဝလွတ်လပ်ရေး ဝါဒလမ်းစဉ် ဖြစ်သည်။ ဆရာစံ ခေါင်းဆောင်သော တောင်သူလယ်သမား တော်လှန်ရေး အရေးတော်ပုံကြီး ဖြစ်ပွားနေစဉ်အတွင်း ဆရာလွန်းသည် ဂဠုန်ပျံ ဒီပနီဋီကာကို ရေးသည်။ တိုးတက်ရေး မဂ္ဂဇင်း၌လည်း ရာဇဝင်နီတိ ဆောင်းပါးများကို ရေးသားလေသည်။

ဆရာစံ အရေးပုံ တခန်းရပ်သောအခါ တို့ဗမာ အစည်းအရုံးခေါ် လူငယ်အသင်းတသင်း ပေါ်လာသည်။ (တို့ဗမာအစည်းအရုံး—လည်း ရှု။) ဆရာလွန်းသည် တို့ဗမာအစည်းအရုံး၏ ဝါဒတွင် မိမိ၏အကြိုက်ကိုတွေ့သည့်ပြင် လူငယ်တို့၏ ဇွဲသတ္တိကို သဘောကျသဖြင့် ၁၂၉၆ ခုနှစ် (ခရစ် ၁၉၃၄ ခု) တပေါင်းလတွင် တို့ဗမာ အစည်းအရုံးသို့ လူသိရှင်ကြား ဝင်သည်။ ဆရာလွန်းအသုံးပြုနေသော မစ္စတာ မောင်မှိုင်းဟူသည့် ကလောင်အမည်၌လည်း မစ္စတာ အစား သခင်ကိုယ်တော် တပ်၍ သခင်ကိုယ်တော်မှိုင်းဟူ၍ အသုံးပြုသည်။ ရဲရဲတောက် သခင်ဋီကာ ကဗျာများကို ရေးသားခဲ့သည်။

ဒုတိယ ကမ္ဘာစစ် ဖြစ်လာသောအခါ တို့ဗမာ အစည်းအရုံးဝင်တို့သည် နိုင်ငံရေးကို လျှို့ဝှက် ဆောင်ရွက်ရသောအခါ ဆရာကြီးလည်း အသက်အရွယ် ကြီးရင့်မှ နိုင်ငံရေးဝရမ်းပြေးသဖွယ် ရှောင်တိမ်းနေခဲ့ရသည်။ စုံထောက်များက ဆရာကြီးကို လိုက်လံ ချောင်းမြောင်းနေသဖြင့် ဆရာကြီးသည် ရန်ကုန်မှ ပဲခူး၊ ပဲခူးမှ သထုံသို့ ရှပ်ဖျောက်တိမ်းရှောင်ရလေသည်။ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသောအခါ ဆရာကြီးသည် ရန်ကုန်သို့ ပြန်လာသည်။ ဂျပန်တခေတ်လုံးလည်း ဆရာကြီးသည် သခင်များနှင့် အတူ တိမ်းယင်း ရှောင်ယင်း အသက်စွန့် ဆောင်ရွက်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်ပြီး၍ ၁၉၄၇ ခုနှစ် ရောက်သော အခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်အချို့ ကျဆုံးလေရာ ဆရာကြီးသည် အလွန်ကြေကွဲဝမ်းနည်းသည် အလျောက် "အာဇာနည်ဗိမာန်ဋီကာ" ကို ရေး၍ မှတ်တမ်းတင်ခဲ့သည်။

စစ်ပြီးခေတ်တွင် ဆရာကြီးသည်အသက်လည်း ၇၀ ကျော်ပြီဖြစ်၍ အိုမင်းမစွမ်းလည်း ဖြစ်လာသည် အလျောက် စာရေးမှု၊ ကဗျာဖွဲ့မှု နည်းပါးလာသည်။ ၁၉၅၀ ပြည့်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေသော အိပ်မက်ဒိဋ္ဌငြိကာသည် ဆရာကြီး၏ နောက်ဆုံးစာအုပ် ဖြစ်သည်။ သို့ရာတွင် ဆရာကြီးသည် ပြည်တွင်းငြိမ်းချမ်းရေး အတွက်၎င်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး အတွက်၎င်း အသက်အရွယ်နှင့်မမျှ အပင်းအပန်း ခံကာ လှုပ်လှုပ်ရှားရှားသည် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ယင်း ဖက်ဆစ်ငြိကာ၊ မဟာနိဒါန်း ကဗျာ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ကဗျာ၊ သခင်ကိုယ်တော်မှိုင်း၏ မေတ္တာပတ္ထနာ ကဗျာ စသည်တို့ကို ကြိုးကြား ကြိုးကြား ဖွဲ့ဆိုခဲ့လေသည်။ ဆရာကြီးသည် ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် ဥရောပသို့၎င်း၊ တရုပ်နိုင်ငံသို့၎င်း လှည့်လည်ခဲ့သည်။

၁၉၅၀ ပြည့်နှစ်တွင် ဆရာကြီးအား မြန်မာ အစိုးရအဖွဲ့မှ အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်သည်။ ၁၉၅၅ ခုနှစ်တွင် ဆိုဗီယက် ရုရှနိုင်ငံက ဆရာကြီးအား ကမ္ဘာ့ ငြိမ်းချမ်းရေးဆု ချီးမြှင့်လေသည်။ ကမ္ဘာ့ ငြိမ်းချမ်းရေးဆုနှင့် အတူ ဆရာကြီးသည် ဆုငွေ မြန်မာငွေ တသိန်းကျော် ရရှိသည်။ ဘဝတလျှောက်လုံး ပစ္စည်းချမ်းသာမှုကို လိုလားသူ မဟုတ်သော ဆရာကြီးသည် ယင်းငွေအနက် ငွေရှစ်သောင်းကျော်ကို လှူဒါန်းလိုက်သည်။ ၁၉၆၀ ပြည့်နှစ်တွင် အရှေ့ဘာလင် ဟမ်းဗတ်တက္ကသိုလ်က ဆရာကြီးအား ဂုဏ်ထူးဆောင် ပါရဂူဖြစ်သော ပီအိပ်ချ်ဒီဘွဲ့ ချီးမြှင့်လေသည်။

ဆရာကြီးသည် စာပေကို မနားမနေပြုစုရုံသာမက စာများကိုလည်း အထူးလေ့လာဖတ်ရှုသည်။ ဗားနဒ်စာကြည့်ပိဋကတ်တိုက်တွင် ဆရာကြီးမဖတ်ဘူးသည့်စာအုပ်စာတမ်း ပေပုရပိုက်ဟူ၍ မရှိသလောက်ဖြစ်ကြောင်း ဆိုစမှတ်ပြုကြလေသည်။

ဆရာကြီး၏အမည်သည်၎င်း၊ ဆရာကြီး၏စာများသည်၎င်း တနိုင်ငံလုံး ကျော်ကြားခဲ့သော်လည်း ဆရာကြီးသည် စိတ်ကြီးဝင်လေ့ မရှိ။ သနားတတ်သည်။ ပတ်ဝန်းကျင်လောက၌ အပြစ်ကိုမြင်သော်လည်း အပြစ်မတင်လို။ ဆရာကြီးသည် သတ္တိရှိသူကို ချစ်တတ်သည်။ ကိုယ်တိုင်လည်း သတ္တိရှိသည်။ ရတနာသုံးပါး၌ ကြည်ညိုသည်။ ဆရာကြီးသည် အရွယ်ကောင်းသော အသက် ၄၀ ခန့်တွင် ဇနီးကွယ်လွန်သော်လည်း လောကီအာရုံကာမဂုဏ်ကို စက်ဆုပ်သည် အလျောက် နောက်အိမ်ထောင်ပြုရန် မည်သူက တိုက်တွန်းသည်ဖြစ်စေ ခါးခါးသီးသီးငြင်းဆိုခဲ့လေသည်။

အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွင်၎င်း၊ အမျိုးသား စာပေလှုပ်ရှားမှုတွင်၎င်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းကာကွယ်ရေး လှုပ်ရှားမှုတွင်၎င်း ထူးချွန်စွာ ဦးဆောင်ခဲ့သော ဆရာကြီးသည် ၁၃၂၆ ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၁၄ ရက်(၁၉၆၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်)နေ့ အသက် ၈၉ နှစ်အရွယ်၌ ကွယ်လွန်သည်။ ဆရာကြီး၏ ရုပ်အလောင်းကို ရွှေတိဂုံစေတီတော် တောင်ဖက်မုခ် မြေရင်း ဦးဥတ္တမပန်းခြံအတွင်း စုဗုရားလတ် မိဖုရားကြီးဂူအနီး၌ ဂူသွင်းထားလေသည်။

**လွမ်းချင်း။** ။သတိရ အောက်မေ့ဖွယ်ရာတို့ကို လွမ်းဆွတ် တသ စပ်ဆိုထားသော သီချင်း တမျိုးကို လွမ်းချင်းဟု ခေါ်သည်။ လွမ်းချင်းများသည် အလောင်းမင်းတရားကြီးလက်ထက်တော်ကပင် စတင် ပေါ်ပေါက်ခဲ့၏။သို့သော် ထိုအခါက လွမ်းချင်းဟူသော အမည်နှင့် ခေတ်မစားခဲ့သေးချေ။ မြောက်ဖက်သံ ဟူ၍သာ လူများခေါ်ဝေါ်နေကြ၏။ ရွှေဘိုမြို့ မြောက်ဖက် ကျေးလက်တောရွာများတွင် စတင်ပေါ်ပေါက် သီဆိုကြသောကြောင့် မြောက်ဖက်သံ ဟု အမည်ပေးထားကြဟန်တူ၏။

ထိုသီချင်းမျိုး စတင် ပေါ်ပေါက်စဉ်က ဆင်းရဲသော တောသူ တောင်သားများသာ မိမိတို့ လွမ်းရာရာကို တွေး၍ စီကုံးဖွဲ့နွဲ့ သီဆိုခဲ့ကြ၏။ နန်းတွင်း၌ကား ခေတ်မစားခဲ့သေးချေ။ ကုန်းဘောင်ခေတ်သို့ ရောက်သော် ရာသီဖွဲ့ကို ရတုဖြင့် တမျိုး၊ လင်္ကာနှင့်တတန်၊ ပျို့ဖြင့်တဖုံ၊ တေးထပ်ဖြင့်တနည်း အမျိုးမျိုး ဖွဲ့ဆိုခဲ့ဘူးပြီ ဖြစ်ရာ၊ ယခု လောလောလတ်လတ် ပေါ်နေသော မြောက်ဖက်သံ၊ သို့မဟုတ် လွမ်းချင်းဖြင့် ဖွဲ့ရသော် ကောင်းလတ္တံ့ဟု ယူဆကြပြီးလျှင် ၁၂ ရာသီဘွဲ့ လွမ်းချင်းများ စ၍ ဖွဲ့ကြသည်။ ထိုသို့ ၁၂ ရာသီဘွဲ့ လွမ်းချင်းများပေါ်မှ လွမ်းချင်း ဟူသော သီချင်းသည် နန်းတွင်းသို့ ပေါက်ရောက်လာတော့၏။

လွမ်းချင်း စာကိုယ်တွင် အချီးနှစ်ချီးရှိ၍ အချီးတို့၏ အဆုံး၌ "လေး" ဟူသော ညွှင်းညွှင်းသာသာ ရွတ်ဆိုရသော အက္ခရာတို့ဖြင့် အရေးအသား များလေသည်။ အကြောင်းအရာမှာ လွမ်းဆွေးစရာကို အရင်းခံ၍ စပ်ရလေသည်။ ကုန်းဘောင်ခေတ်စာဆို နာခံတော် ဝေါကြီးမှူး ဦးခြိုးရေးသားသည့် "ဂနိုင်စဆီက၊ ထိုင်ကြမယ်လိုလို၊ မိုင်တငယ် ငို၊ မြိုင်မကို မဝင်ခင်က၊ တသွင်သွင် မျက်ရည်ဥတွေနဲ့၊ ညက်ကျေနု တအားငယ်တယ်၊ သနားစဖွယ် တပင်နတ်မှာဖြင့်" အစချီသော လွမ်းချင်းသည် လွမ်းချင်းများတွင် စံနမူ ထားလောက်အောင် ကောင်းမွန် လှသောကြောင့် "စံတေး"ဟုပင် ခေါ်ဝေါ်ကြ၏။ ထိုလွမ်းချင်းမှာ သီပေါမင်းနှင့် မိဖုရား အရှင်နှစ်ပါးတို့ ရွှေကြက်ယက်သို့ ထွက်စံတော်မူရာ တောတောင် ကန္တာရခရီး၌ လွမ်းစဖွယ်အခြင်းအရာများကို ဖွဲ့နွဲ့၍ ဦးခြိုးက စပ်ဆိုရေးသား ဆက်သသည်တွင် အလွန်ကျေနပ်တော်မူ၍ ဆုတော် တထောင်ပင် ချီးမြှင့်ခြင်းခံရသည့် အဖွဲ့ကောင်းတခု ဖြစ်၏။

များသောအားဖြင့် ထိုလွမ်းချင်းတို့တွင် တောတောင်ရေမြေ၏ လွမ်းဆွတ် ကြည်ကွဲဖွယ်တို့ကို ဖွဲ့လေ့ရှိ၏။ တောရွာ မလေ့ထုံးစံတို့ကို သရုပ်ဖော်သော အဖွဲ့များလည်း ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



ရေးပေး၍ ဟံသာဝတီသတင်းစာတွင်လည်း စာများရေးခဲ့သည်။

ထိုအတောအတွင်းမှာပင် သွက်ချာပါဒ ရောဂါ စွဲကပ်လာပြန်၍ ဆရာဝန်များ၏ ညွှန်ကြားချက်အရ အပူပိုင်းဒေသ မိတ္ထီလာမြို့သို့ ပြောင်းရွှေ့ခဲ့ရ၏။ မိတ္ထီလာမြို့တွင်လည်း ဥပဒေကျောင်းကို ဆက်ဖွင့်ကာ ဝါသနာထုံသည့် ဝတ္ထု အရေးအသားကိုလည်း ဆက်လက် ပြုလုပ်ခဲ့ပြီးလျှင် ဗားမားကရစ်တစ် သတင်းစာတွင် "ကိုမြို့အုပ်" ဟူသော ဝတ္ထုကို ရေးသားခဲ့လေသည်။

၁၉၁၂ ခုနှစ်တွင် မိတ္ထီလာမြို့မှ တဖန် ရွှေဘိုမြို့သို့ပြောင်းရွှေ့ နေထိုင်ခဲ့၍ စွဲကပ်ရင်း ဝေဒနာ သက်သာလာသည့် အလျောက် ရွှေဘိုမြို့တွင်လည်း ဥပဒေကျောင်းကို ဖွင့်သည်။ "နောက်လင်" ဝတ္ထုကို ရေးသည်။ "နောက်လင်" ဝတ္ထုသာမက အခြားဝတ္ထုများကိုလည်း ရေးသားခဲ့သည်။ သို့သော် မည်သည့်ဝတ္ထုကိုမျှ ပုံနှိပ် ထုတ်ဝေခြင်း မပြုခဲ့ချေ။ ထို့ပြင် ဂျိမ်းလှကျော်သည် ဝတ္ထုများသာမက ဥပဒေ ဆိုင်ရာ စာအုပ်များကိုလည်း ရေးသားခဲ့သည်ဟု ဆိုလေသည်။

ဂျိမ်းလှကျော်သည် တူရိယာဂီတဖက်တွင် အထူး ဝါသနာပါသည်။ မိကျောင်းနှင့် စောင်းကောက်ကို ထူးခြားစွာ တီးနိုင်၍ တယောနှင့် ပတ္တလားတို့ကိုလည်း တီးတတ်သည်။ ထိုသို့ တူရိယာ ဂီတဖက်တွင် ဝါသနာထုံသည့် အလျောက် မြို့အုပ်၊ နယ်ပိုင် စသည်ဖြင့် လုပ်ကိုင်ခဲ့စဉ်က ရောက်လေရာတွင် ဇာတ်ပွဲများ မကြာခဏ ကပြစေသောကြောင့် "ပွဲမြို့အုပ်"ဟူ၍ပင် ခေါ်ဝေါ်ခြင်း ခံခဲ့ရသည်ဟု ဆိုလေသည်။

ဂျိမ်းလှကျော်သည် သားသမီး ဇနီး အိမ်သူများအပေါ်တွင် ကြင်နာတတ်သည်။ ဂရု စိုက်သည်။ အလိုလိုက် မြှောက်စားတတ်သူ ဖြစ်သည်။ အလုပ်ကို အချိန်စည်းကမ်းထား၍ လုပ်တတ်သည်။ ရွှေနေအဖြစ်လည်း အလွန် နာမည်ရလေသည်။

ဂျိမ်းလှကျော်သည် အိမ်ထောင် လေးဆက် ပြုခဲ့ရာ နောက်ဆုံး စတုတ္ထ အိမ်ထောင်ဆက်ဖြစ်သူ ရွှေကျင်သူ ဒေါ်မင်းသာနှင့်မိတ္ထီလာမြို့တွင် ကံဆုံခဲ့ကြပြီးနောက် ရွှေဘိုမြို့သို့ ပြောင်းရွှေ့ နေထိုင်ခဲ့စဉ် ဗုဒ္ဓအယူဝါဒီအဖြစ် ပြန်လည်ကူးပြောင်းခဲ့သည်။ ယခုအခါ မြသိန်းတန်ဘုရားဟု ခေါ်တွင် လျက်ရှိသော စေတီတော်မှာ မူလက ပြိုကျပျက်စီးနေရာမှ ဦးလှကျော်က ၁၂၇၀ ပြည့်နှစ်တွင် ပြုပြင်ပြီးနောက် ၁၂၇၁ ခုနှစ်တွင် ထီးတော်တင်ကာ "အောင်ချမ်းသာ" စေတီဟု ဘွဲ့တော် ဆင်ခဲ့သော စေတီဖြစ်သည်။ မြသိန်းတန် ဘုန်းကြီးကျောင်းတိုက်တွင် ရှိသောကြောင့် နောင်အခါ မြသိန်းတန်ဘုရားဟုခေါ်တွင်လာခြင်း ဖြစ်လေသည်။

ဦးလှကျော်သည် အောင်ချမ်းသာစေတီကို ထီးတင်ပြီးသည့်နှစ် ၁၂၇၁ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၁ ရက်နေ့တွင် ရွှေဘိုမြို့၌ ကွယ်လွန်သည်။

**လှေ။** ။အလွန် ရှေးကျသောခေတ်က လူတို့သည် ရေလမ်းခရီးကို ဖောင်များဖြင့် လှော်ခတ်၍ သွားလာခဲ့ကြသည်။ ဖောင်များကို အသုံးပြုနေရာမှတဖန် လူတို့သည် သစ်တုံးမှ ထွင်းယူသော လုံးထွင်းလှေများကို ပြုလုပ်သုံးစွဲရန် အကြံဉာဏ် ရလာပြန်သည်။ ထိုသို့ အကြံဉာဏ်ရလာခဲ့ခြင်းမှာလည်း အခေါင်းရှိသော သစ်တုံးများ ရေတွင်မျောနေသည်ကို မြင်ရာမှ စတင်ခဲ့ဟန်တူပေသည်။ ဤနည်းဖြင့် သစ်တုံးထက် ပေါ့ပါးပြီး ဝန်ကို ပိုမိုတင်ဆောင်နိုင်သော လုံးထွင်းလှေများ ပေါ်ပေါက်ခဲ့ကြသည်။

ထိုမှတဆင့် ပိုမိုပေါ့ပါးသော လောင်းလှေ၊ စပ်လှေများ နောင်သော် ပေါ်ပေါက်လာပြန်သည်။ ရှေးက လုံးထွင်းလှေများကို ပြုလုပ်ရာ၌ လက်အလွန်ဝင်သည့် အတွက် လပေါင်းများစွာကြာမှ ပြီးစီးလေသည်။ အစပဌမ၌ လဲနေသော အပင်များကိုသာ အသုံးပြုခဲ့ကြ၍ နောင်သော် ရှည်လျား ဖြောင့်ဖြူးသော အပင်များကို ရွေးချယ်ခုတ်လှဲပြီးလျှင် အသုံးပြုခဲ့ကြသည်။ အပင်များကို ခုတ်လှဲရာ၌ အခြားလက်နက်ဟူ၍ ထွေထွေထူးထူး မရှိသဖြင့် ကျောက်လက်နက်နှင့် မီးကို အသုံးပြုခဲ့ကြရသည်။ အပင်ကြီးကို လှေပုံဖြစ်အောင် ပြုလုပ် အချောကိုင်ရာ၌လည်း ကျောက်လက်နက်ဖြင့်ပင် ပြုလုပ်ပေးကြရ၏။ ထို့နောက် ပင်စည်တလျောက် ထွင်းလိုသည့်နေရာတွင် မီးရှို့ပေး၍ ချွန်ထက်သော ကျောက်ကရိယာများ၊ သို့မဟုတ် ခရုခွံများဖြင့် ခြစ်ပစ်ပေးသည်။ ထို့နောက် သစ်ခေါင်းတွင် ရေထည့်ပြီးလျှင် ကျောက်ပူများချ၍ ရေကို ပူလာအောင် လုပ်ပေးသည်။ ရေပူ၍ သစ်တုံးပူလာသောအခါ ဒိုင်းများကို ကန့်လန့်ခံပေး၍ ခွဲယူသည်။ အမေရိကတိုက် အနောက်မြောက်ပိုင်းရှိ အင်ဒီးယန်း လူမျိုးတမျိုးသည် လုံးထွင်းလှေများကို ယခုတိုင် ဤနည်းဖြင့် ပြုလုပ်လျက်ရှိကြလေသည်။

ကမ္ဘာ၏ အချို့သောအရပ်ဒေသများတွင် လှေ၏ကိုယ်ထည်ကို ခိုင်မာစွာ ပြုလုပ်ယူကြပြီးသော် အပေါ်မှ သားရေဖြင့် ဖုံးအုပ် အသုံးပြုကြသည်။ အက်စကီးမိုး လူမျိုးတို့ အသုံးပြုကြသော ကိုင်ယက်ခေါ် တယောက်စီး လှေများသည် ဤလှေမျိုးတွင် အကျုံးဝင်သည်။ လှေတွင် ကိုယ်ထည် အခြင်ကို ဝေလငါးရိုး၊ သို့မဟုတ် သစ်များဖြင့်ပြုလုပ်ယူပြီးနောက် လူထိုင်၍စီးနင်းလိုက်ပါမည့်နေရာမှတပါး လှေတခုလုံးကို သားရေဖြင့် ဖုံးအုပ်ထားသည်။စီးနင်းသူမှာသားရေဖြင့် ချုပ်ထားသောရေလုံအဝတ်များ ဝတ်ဆင်၍ တနေရာမှ တနေရာသို့ ကျင်လျင်စွာ ကူးခတ် သွားလာကြသည်။

ကိုင်ယက်ကဲ့သို့ပင် သားရေဖြင့် ပြုလုပ်ထား၍ အထက်

www.burmeseclassic.com

www.burmeseclassic.com



ဖက်၌ ဖွင့်ထားသော အမိုးယက်ခေါ် အက်စကီးမိုး လှေတမျိုးလည်း ရှိသေးသည်။ အမိုးယက်သည် ကိုင်ယက်ထက် အသွားနှေးသည်။ သို့သော် လူအများ စီးနင်းလိုက်ပါနိုင်၍ ဝန်ကိုလည်း ပိုမို တင်ဆောင်နိုင်လေသည်။

မြောက်အမေရိကတိုက်ရှိ အင်ဒီးယန်းလူမျိုးများပြုလုပ်သုံးစွဲခဲ့ကြသည့် ကနူးခေါ် လှေများအနက် အကောင်းဆုံးကို ဗုဇဗတ်(ဗတ်ချ) အပင်မှ အခေါက်ဖြင့် ပြုလုပ်ယူကြသည်။ လှေပြုလုပ်မည့် သူသည် သင့်တော်သော ဗုဇဗတ်အပင်ကို ရွေးချယ်ပြီးနောက် မိမိအရပ်နှင့်အညီ အပင်တွင် အခေါက်ကို ဓားဖြင့် ရစ်ပေးသည်။ ဤသို့ ရစ်ထားသော နေရာမှ အခေါက်ကို အလျားလိုက် ခွာယူပြီးလျှင် စပရုထင်းရှူးသားဖြင့် ပြုလုပ်ထားသော လှေကိုယ်ထည်တွင် လျှော်များဖြင့် သေချာစွာချုပ်၍ တပ်ဆင်ပေးသည်။ ထို့နောက် စပ်ကြောင်းများကို အပင်မှရရှိသော သစ်စေးများဖြင့် ဖာထေးယူသည်။ အပင်မှ အခေါက်ကို နွေကူးရာသီ၌ ခွာယူကြရ၍ ထိုသို့ခွာယူစဉ် မပျက်မစီးပဲ ရရှိစေရန် များစွာ ကျွမ်းကျင်ဖို့လိုပေသည်။ ဤလှေမျိုးကို များသောအားဖြင့် မိန်းမများသာ ဆောက်လုပ်လေ့ရှိကြသည်။ လူတယောက်တည်း ထမ်းယူနိုင်လောက်အောင် ပေါ့ပါး၍ ဝန်ကို အသင့်အတင့် တင်ဆောင်နိုင်သည်။ အမေရိကတိုက်သို့ ပဌမဦးဆုံး ရောက်ရှိခဲ့သော မျက်နှာဖြူ လူမျိုးများသည် ဤလှေများကို ခရီးသွားလာရာ၌ များစွာ အသုံးပြုခဲ့ကြရလေသည်။

တိုင်းဂရစ်နှင့် ယူဖရေးတီးမြစ်များတွင် အသုံးပြုလျက်ရှိသည့် ဂူးဖားခေါ် လှေတမျိုးမှာ ရေဖလားပုံကဲ့သို့ ဝိုင်းဝိုင်းဖြစ်သည်။ ဤလှေမျိုးသည် အသွား နှေး၏။ သို့သော် မှောက်ရန် အလွန်ခဲယဉ်းသည်။ဂူးဖားကို မိုးမခအက်များဖြင့် ယက်လုပ်၍ ရေလုံစေရန် ကတ္တရာစေး သုတ်ပေးထားသည်။ ရောမလူမျိုးတို့ အင်္ဂလန်နိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ထားစဉ်က ဂူးဖားပုံမျိုးရှိသည့် လှေတမျိုးကို သုံးစွဲခဲ့ကြသည်။ ထိုလှေမှာ ကော်ရာကယ်ခေါ် တယောက်စီးလှေ ဖြစ်၍ ထိုလှေမျိုးကို ယခုတိုင်အောင် ပြင်သစ်နိုင်ငံ၊ အိုင်ယာလန်နိုင်ငံနှင့် ဝေလနယ်များတွင် တံငါလုပ်ငန်း၌ အသုံးပြုလျက်ရှိကြသည်။ထိုလှေတွင် ကိုယ်ထည်ကို ပါးလွှာသည့် ပျဉ်ပြားငယ်များဖြင့်ပြုလုပ်ရ၍ အပြင်မှ သားရေ၊ သို့မဟုတ် ဆီစိမ်အဝတ်ဖြင့် ဖုံးအုပ်ထားလေသည်။

တဟီတီကျွန်းကဲ့သို့သော ပစိဖိတ် သမုဒ္ဒရာရှိ ကျွန်းစုများတွင် ကက်တာမာရန် ခေါ် လှေငယ်တမျိုးကို တွေ့ရသည်။ ကက်တာမာရန်ဟူသော ဝေါဟာရမှာ တမီလ် ဝေါဟာရဖြစ်၍ ချည်နှောင်ထားသော သစ်ပင်ဟု အဓိပ္ပာယ်ရသည်။ ဤလှေမျိုးတွင် သစ်တုံးတတုံးကို လှေနံဘေးတွင် အနည်းငယ်ခွာ၍ အထိန်းအနေဖြင့် ဆွဲထားသည်။ လှိုင်းလေကြီးသော ပင်လယ်ရေပြင်များမှာပင်တိမ်းမှောက်သွားခြင်း မရှိနိုင်ချေ။ လှေမတိမ်းမှောက်ရအောင် အလားတူအထိန်းများ တပ်ဆင်ပါရှိသော အခြား လှေမျိုးကိုလည်း ကက်တာမာရန် ဟူ၍ပင် ခေါ်ဝေါ်သုံးစွဲကြသည်။

လှေတွင် လှော်တက်ကိုဖြစ်စေ၊ခတ်တက်ကိုဖြစ်စေအသုံးပြုကြသည်။ခတ်တက်မှာ အများသိကြသည့်အတိုင်း လှော်တက်ထက် ရှည်၍ အပြားကြီးပြီးလျှင် များသောအားဖြင့်လည်း ခတ်တက်နှစ်ချောင်းကို အစုံလိုက်အသုံးပြုလေ့ ရှိကြသည်။ သို့ရာတွင် ခတ်တက်ကို အသုံးပြုပုံမှာ ဒေသအလိုက်ခြားနားတတ်ပြန်သည်။

အရှေ့ပိုင်း ဒေသများတွင် လှေများ၌ ခတ်တက်ကိုင်သူသည် လှေဦးဖက်သို့ မျက်နှာမူသည်။ အနောက်နိုင်ငံများတွင်မူ လှေပဲ့ဖက်သို့ မျက်နှာမူ၍ မိမိသွားလိုရာဖက်သို့ ကျောခိုင်းကာ ထိုင်လေ့ရှိလေသည်။ ခတ်တက်များကို အစုံလိုက် အသုံးများကြသည်ဟုဆိုထားသော်လည်း အနောက်နိုင်ငံသုံး ပြိုင်လှေများတွင် လူတကိုယ်လျှင် တချောင်းချင်း အသုံးပြုကြပြန်သည်။ ပြိုင်လှေများ၌ သာမန်လှေများထက် ထူးခြားချက်တခုမှာ ခတ်တက်ကို အလှမ်းကျဲကျဲ ဆွဲနိုင်စေခြင်းငှာ လှော်ခတ်သည့်အခါတိုင်း ဖင်နေရာရွှေ့စေရန် ထိုင်ခုံအောက်၌ ဘီးကလေးများ တပ်ဆင်ပေးထားသည်။ ပြိုင်လှေများမှာ တယောက်စီး၊ လေးယောက်စီး၊ ရှစ်ယောက်စီးဟူ၍ အသီးအသီးရှိကြလေသည်။

ရှေးမြန်မာမင်းများ ရှိစဉ်က တော်သလင်း လတွင် မိုးလေကင်းရှင်း၍ လှိုင်းလေများ ငြိမ်သက်ပြီးလျှင် မြစ်တွင်းပျံ့ပျူးသောကြောင့် လှေပြိုင်ပွဲများ ဆင်ယင်ကျင်းပလေ့ရှိသည်။ (ဆဲ့နှစ်ရာသီ ပွဲတော်များ။ တော်သလင်းလ — လည်းရှု။)

လှေပြိုင်ပွဲများကိုအရှေ့နိုင်ငံများတွင်သာ လူကြိုက်များသည်မဟုတ်၊ အနောက်နိုင်ငံများတွင်လည်း အခါ ရာသီအလိုက် တခမ်းတနား ကျင်းပလေ့ရှိကြသည်။ အင်္ဂလန်နိုင်ငံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အောက်စဖို့နှင့် ကိမ်းဗရစ် တက္ကသိုလ်လှေသင်း နှစ်သင်း၏ ပြိုင်ပွဲများမှာ ကမ္ဘာ၌ အထင်ရှားအကျော်ကြားဆုံးပင် ဖြစ်၏။ ပြိုင်ပွဲဝင်မည့် လှေသမားတို့သည် လှေကိုသာ မြန်ရှိန် ကောင်းသည်ထက်ကောင်းအောင် ပြုပြင်ကြရသည် မဟုတ်၊ မိမိတို့ကိုယ်တိုင်လည်း ကျန်းမာ သန်စွမ်း၍ အမောခံနိုင်အောင် အပြင်အချိန်မှန်မှန် တက်ချက်ညီညီ ဆွဲနိုင်ရအောင် တနှစ်ပတ်လုံး ကုန်းရော ရေတွင်ပါ လေ့ကျင့်ထားကြရပေသည်။


အနောက်နိုင်ငံများတွင် အလွန်ခေတ်စားသော အခြားလှေပြိုင်ပွဲတမျိုးမှာ ရွက်လှေပြိုင်ပွဲဖြစ်၏။ ပြိုင်ရွက်လှေများမှာ ရိုးရိုးရွက်လှေများကဲ့သို့မဟုတ်ပဲ အလွန်ခေသွယ်သော ပုံသဏ္ဌာန်များရှိကြ၍ ရွက်များမှာလည်း ပြိုင်လှေမျိုးကို



www.burmeseclassic.com

www.burmeseclassic.com





မြစ်ရိုးချောင်းများ ကူးသန်းရာတွင် အသုံးဝင်လှသော လှေသမ္ဗန်များ

လိုက်ပြီးလျှင် အရေအတွက်အားဖြင့် အနည်းအများ ရှိကြသည်။ လှေ၏အရှယ်မှာမူ ၁၅ ပေမှ အတ္တလန္တိတ်သမုဒ္ဒရာကို ကျော်ဖြတ်နိုင်လောက်အောင် ကြီးမားသော ပြိုင်ရွက်လှေကြီးများအထိ အရွယ်အမျိုးမျိုးရှိပေသည်။

ရွက်လှေပြိုင်ပွဲများအနက် ကမ္ဘာတွင် အထင်ရှားဆုံးမှာ ၁၈၅၁ ခုနှစ်က အင်္ဂလန်နိုင်ငံမှ ဦးစီးကျင်းပသော ပြိုင်ပွဲ၌ အမေရိကန် ပြည်ထောင်စု နယူးယော့ ရွက်လှေအသင်းမှ အနိုင်ယူခဲ့သော ဖလားပွဲပင် ဖြစ်၏။ အမေရိကန်မှ "အမေရိက" ဟုအမည်ပေးထားသော ရွက်လှေဖြင့် ပါဝင်ယှဉ်ပြိုင်၍ အနိုင်ဆွတ်ခူးခဲ့သော ဖလားကြီးမှာ ယခုအခါ 'အမေရိကဖလားကြီး' ဟု အမည်တွင်လျက် ရှိလေသည်။ ထိုဖလားကြီးကို ပြန်လည်ခူးဆွတ်ရန်အတွက် အင်္ဂလိပ်လူမျိုးများက ၁၆ ကြိမ်၊ ကနေဒီယန် လူမျိုးများက တကြိမ်၊ ပေါင်း ၁၇ ကြိမ် ကြိုးစားခဲ့ကြ၏။ သို့သော် ကြိုးစားသမျှ အချည်းနှီးသာ ဖြစ်ခဲ့၍ ထိုဖလားကြီးမှာ ယနေ့တိုင်အောင် အမေရိကန်တို့ လက်ထဲတွင် ရှိနေလေသည်။

ကမ္ဘာအရပ်ရပ်မှာပင် ရွက်လှေအသင်းများ မြောက်မြားစွာရှိ၍ နှစ်စဉ်လည်း ရာသီအလိုက် ပြိုင်ပွဲများ ကျင်းပလျက်ရှိ၏။ သို့ရာတွင် ပြိုင်ရွက်လှေစီးသူတို့သည် လှေနှင့်ရေအကြောင်းကို နားလည်ရုံနှင့်မပြီးချေ။ လေအကြောင်းနှင့် ရွက်အကြောင်းကိုလည်း ကောင်းစွာ နားလည်၍ ရွက်လှေကို လေစုန်လေဆန်မရွေး အလွန်ကျွမ်းကျင်စွာ ကစားတတ်ရန် လိုပေသည်။

မော်တော်ဗုတ်ဆိုသည်မှာ မော်တော် အင်ဂျင်စက်ဖြင့် မောင်းနှင်ရသော လှေမျိုးကို ခေါ်သည်။ မြန်မာမင်းများလက်ထက်က ဓာတ်လှေတော် ဟုခေါ်၏။ မော်တော်ဗုတ်များကို မြစ်ချောင်းများတွင် အသုံးပြုရန် အလွန်သင့်တော်သည်။ ရာသီဥတုမရွေးပဲ လွယ်လင့်တကူ မောင်းနှင်စီးနင်းနိုင်သည့်အတွက်လည်း ယခုအခါ မော်တော်ဗုတ်များကို အမြောက်အမြား အသုံးပြုလျက်ရှိကြသည်။ မော်တော်ဗုတ်အကြီးစားများတွင် အင်ဂျင်စက်ကို ဝမ်းလယ်တွင် ထိုင်လေ့ရှိ၍ ထိုလှေမျိုးသည် သာမန်သင်္ဘောများကဲ့သို့ ရေထဲ၌ ဦးစိုက်နေတတ်သည်။ အပျော်စီး မော်တော်ဗုတ်အငယ်စားများတွင်မူ ပဲ့ချိတ်စက်ကို ပဲ့ပိုင်း၌ တပ်ဆင်အသုံးပြုလေ့ရှိကြ၏။ ထိုအခါ စက်အလေးကြောင့် လှေသည်ဦးမော့မော့ ဖြစ်နေတတ်၍ အသွားလည်း မြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲ့ချိတ်စက်များသည် ပေါ့ပါး၍ ရေတိမ်တွင် သုံးနိုင်ခြင်းကြောင့် အလွန်ခေတ်စားလာခဲ့သည်။ ယခင်က ပဲ့ချိတ်စက်ထခုသည် ပေါင် ၄၀ ခန့်မျှသာ လေး၍ မြင်းအားတကောင်ခွဲမှ နှစ်ကောင်အထိသာ ရှိသည်။ ၁၉၃၅ ခုနှစ်၌ ပေါ်ပေါက်ခဲ့သည့် ပဲ့ချိတ်စက်တမျိုးမှာမူ ပေါင် ၁၅၀ ခန့်လေးပြီးလျှင် မြင်းကောင်ရေအား ၆၀ မျှ ရှိလေသည်။ သို့သော် စက်အလေးကြောင့် တကြောင်း၊ ပန်ကာ လည်ရှိန်ကြောင့် တကြောင်း လှေ၏ပဲ့ပိုင်းကို နစ်စေတတ်သဖြင့် ဤစက်မျိုးကို လှေကြီးများ၌ တပ်ဆင် အသုံးပြုလေ့ မရှိကြပေ။

နောက်ဆုံးပေါ် အပျော်စီး လှေတမျိုးမှာ ခေါက်လှေဟု တွင်သော လှေမျိုးဖြစ်၏။ ထိုလှေမှာ အလွန်ပေါ့ပါးစွာ ဆောက်လုပ်ထား၍ အသုံးမလိုသည့်အခါ လှေကို ခေါက်ပြီး သိမ်းဆည်းထားနိုင်လေသည်။

ရွှေဘုံ နိဒါန်းတွင် လှေစု အခန်း၌ လှေ အမျိုးမျိုး အကြောင်းကို ဖော်ပြထားသည်။ သထုံမင်းတို့လက်ထက် သထုံပြည် တောအရပ်၌ သစ်ပင်ကြီးတပင်သည်(ထိုသစ်ပင်ကို ပိန္နဲမပင်ဟု ဆိုကြသည်။) လုံးပတ်ညီညွတ်သည်၊ ခက်မလေးဖြာရှိသည့်အကြောင်းကို ကြည့်ရှုစေသည်တွင် တကိုင်း၌ သာလိကာ နား၍ အသံသာယာစွာ ကြွေးကြော်သည်။ တကိုင်း၌ ရှူးပျံ နားလျက်ရှိသည်။ တကိုင်း၌ ကင်းကြီး ကန့်လန့်ရှိသည်။ တကိုင်း၌ သစ်ကြောအဆင့်ဆင့် ရှိသည်။ ထိုလေးကိုင်း လေးခက်တို့ကို လှေလေးစင်းလုပ်သည်။

သစ်ကြောအဆင့်ဆင့် ရှိသည့် အကိုင်းကို လုပ်ဆောင်လျှင် အနှစ်အကြောသည် ဘုံဗိမာန်ကဲ့သို့ ထူးဆန်းတင့်တယ်သည်ကိုအစွဲပြု၍'သာရဗိမာန်'ဟုခေါ်ဝေါ်သမုတ်လေသည်။

ရှူးပျံနားလျက် ရှိသည့်အကိုင်းကို ရာမညတိုင်းသားတို့ လုပ်ဆောင်ရ၍ ထိုလှေကို 'ကမကော်'ဟု ခေါ်ဝေါ်သမုတ်လေသည်။ ရှူးပျံကို ရာမည တိုင်းသားတို့က ကမကော် (ကမကာရ်)ဟု ခေါ်ဝေါ်သည်။ ကျားမျက်နှာနှင့် တူသည့် သတ္တဝါ ဆိုလိုသည်။

တနည်းလည်း ထိုအကိုင်းတွင် ငါးကြီးရသည်ဖြစ်၍ က၊မကော်(က=ငါး+မကော်=ကမ္ဘာ)ကမ္ဘာငါးကြီးဟု ဆိုလိုသည်။ သုရာငါးကြင်းရုပ် လှေတော်လည်း ရှိသည် ဖြစ်၍ ကမ္ဘာငါးကြီး ဆိုသည့် စကားနှင့် ညီလျော်သည်။

သာလိကာနားသည့်အကိုင်းကိုလှေလုပ်သည်မှာ သိကြားဗြဟ္မာတို့ သာလိကာငှက်အယောင် ဖန်ဆင်းပြ၍ ကြွေးကြော်သည်ဟု ဟူးရားဖြူ ဟူးရားညိုတို့ ဟောပြောသည်ကို ထောက်သဖြင့် သာလိကာ သမုတ်အည်။ ရှည်လျား၍စကားရွေ့လေလျှင်'သရကာ'ခေါ်ဝေါ်လေသည်။ သိကြားဗြဟ္မာတို့ ငှက်အယောင်ပြသည့် နိမိတ်ကိုလိုက်၍ ဦးကားသိကြားခရှသင်းကိုင်လျက် ရေဖျန်းဟန်၊ ပဲ့ကား ဗြဟ္မာရုပ် ဗိမာန်ကပ်လျက် ထုလုပ်လေသည်။

ကင်းကြီးကန့်လန့်နေသည့် အကိုင်းကို ရာမညတိုင်းသားတို့ လုပ်ဆောင်ရ၍ ထိုလှေကို 'အကင်' ဟုသမုတ်ခေါ်ဝေါ်လေသည်။ ကင်းကို ရာမညတိုင်းသားတို့က အကင်ဟု ခေါ်ဝေါ်သည်။ ကာလရှည်လျားလေလျှင် 'အီကင်း' ဟု ခေါ်ဝေါ်ပြန်လေသည်။

ပင်စည်ကို ကြီးမားထူထဲလှသည် ဖြစ်၍ ဝန်တင်ရန် လှေလုပ်သည်။ မင်းလှေ သမုတ်ရာ ကာလရှည်လျားလျှင် 'မင်းစီးလှေ' ခေါ်ဝေါ်ပြန်လေသည်။ ထိုမှတဖန် ကာလ ရှည်လျားလေသောကြောင့် စကားရွေ့လျှင် နန်းစဉ်လှေ ခေါ်ဝေါ်ပြန်သည်။ ဇမ္ဗူအုံ့လှေပင်ဖြစ်၏။

'သုံးလူပူဇော်လှေ'မှာ ဝေသာလီပြည်ဝယ် ဘေးသုံးပါး ရောက်လေလျှင် သိကြားနတ်တို့ ဖန်ဆင်းသည့်လှေဖြင့် ဘုရားသခင် ရေကြောင်းကြွတော်မူသည်။ လူနတ်ဗြဟ္မာတို့ ရှိခိုးပူဇော်ကန်တော့ခြင်းကို ပြုလေသောကြောင့် ထိုလှေကို ဥပစာအားဖြင့် 'သုံးလူပူဇော်လှေ' သမုတ်ခေါ်ဝေါ်သည် ဆိုသည်။ ထိုလှေသည်ကား လူမင်း၊ သိကြားမင်း၊ ဗြဟ္မာမင်း ပေါင်း သရဖူမကိုဋ်ဆင်လျက် နောက်ပဲ့မြီး ထီးသုံးစင်း စိုက်၍လုပ်ဆောင်သည်ဆိုသည်။ 'သုံးလူတောက်ပလှေ'သည် သုံးလူပူဇော်လှေပင်ဖြစ်သည်ဆိုသည်။

'ပြည်ကြီးမှန်လှေ' မှာ မြန်မာမင်းကို တရာသော မင်းမျိုးတို့ ဦးညွှတ်ဟန်၊ ဦးကကို လျှောက်၍ ပဲ့ကုန်အောင် လက်ဝဲက အရုပ် ၅၀၊ လကျာ်က အရုပ် ၅၀ ထုလုပ်သည့် လှေ ဖြစ်သည်ဆိုသည်။ ရေကြောင်း ထွက်တော်မူကြီး ထွက်တော်မူလျှင် ဖောင်တော်ရှေ့က ပြည်ကြီးမှန်လှေ ခင်းကျင်းရသည်။

'နဝရာလှေ' မှာ 'နဝရှုပလှေ'ပင် ဖြစ်သည်ဆို၏။ အချို့လည်း နဝရာလှေသည် နဝရာဇာ (နဝရာဇာ=မင်းကိုးပါး) ဆိုလိုသည်။ မင်းကိုးပါး ဆိုကြောင်းလည်း ကမ္ဘာတည်ဦး ဗြဟ္မာကိုးယောက်ကို အစွဲပြု၍ ကမ္ဘာ၏နိမိတ် ထင်စေခြင်းငှာ ထိုဖောင်လှေသည် ဦးကား ဗြဟ္မာ ငါးရုပ်၊ ပဲ့ကား ဗြဟ္မာလေးရုပ် ထုလုပ်၍ မဟာသမ္မတမင်းကစ၍ သုံးဆောင်သည်ဆိုသည်။

'သက်န်းနက်လှေ' မှာ သက်န်းနက်သစ်ပင်ကို လုပ်သည် ဖြစ်၍ သက်န်းနက်လှေခေါ်ဝေါ်သည်။ စကားရွေ့လေလျှင် သင်းကနက် ခေါ်ပြန်သည်။

'လင်းဇင်းလှေ' မှာ 'လာဇာလှေ' ဆိုလိုသည်။ လာဇာလှေဆိုသည်မှာ မဂဓဘာသာ၌ ပေါက်ပေါက် ဆိုသည်။ ပေါက်ပေါက်ပွင့်ကဲ့သို့ အလွန့်အလိမ် ဦးနိမ့်ပဲ့မြင့် လုပ်သည့် လှေ ဆိုလိုသည်။ ထိုလှေကို လဝရဋ္ဌတိုင်း လင်းဇင်းမင်းတို့ အသုံးပြုသောကြောင့် လင်းဇင်းလှေ ခေါ်ဝေါ်သည်။

'ပသုံလှေ'မှာ ဗြသုံဖြစ်၏။ မုတ္တမ မင်းတို့လက်ထက် မြစ်ကြီးငါးသွယ်မှ စီးဝင်သည့် ရေဖြစ်သည်ကိုနိမိတ်အမှတ်ပြု၍



www.burmeseclassic.com

www.burmeseclassic.com



ပွန်စလိုင်မြစ်မှ သကြိန်ရေ သောက်ရေတို့ကို ခပ်ရသည်။ ရံဖန်ရံခါ မှူးမတ်ဗိုလ်ပါတို့နှင့် ပွန်စလိုင်သို့ ကူး၍ ပွဲသဘင်ခံသည်။

ဖြင်းနှတ်ဘုရား တည်ရာ တောင် (ဇင်းကျိုက်တောင်) သည် ဘီလူးတို့နေရာဟောင်းတောင်ဖြစ်၍ ဘီလူးတို့ အသာမုခီကို ကြောက်ရွံ့သည်ကို အစွဲပြု၍ ပွဲသဘင်ခံမည်။ ပွန်စလိုင်ရေကို သုံးဆောင်မည် ကူးသွားသည်ကာလ အသာမုခီရုပ် လုပ်သည့်လှေကို မင်းတို့စီးနင်းသည် ဆိုသည်။ ထိုလှေသည် ဦးကား အသာမုခီရုပ်၊ ပဲ့ကား မင်းစီးလှေဖြစ်သောကြောင့် လှော်ကားပဲ့ကဲ့သို့ လုပ်ဆောင်သည် ယူရန်ရှိသည်။

ဘုန်းရှိသော မင်းတို့ ထိုရေကိုသောက်သည်။ ထိုရေဖြင့် ကူးသန်းသွားလာသည်ကို အကြောင်းပြု၍ ဖြသုံလှေ ခေါ်ဝေါ် သမုတ်သည်။ ဖြဆိုသည်မှာ ဘုန်းတန်ခိုးကြီးသည်။သုံဆိုသည်မှာ သောက်သည်ဆိုသည်။ ကာလရှည်လျားသဖြင့် စကားရွေ့လေလျှင် ပသုံဟု ရေးသား ခေါ်ဝေါ်လေသည်။

'ပြည်ကုံးလှေ'မှာပြည်သူတိုင်းသားတို့ရှိခိုးတင်လျှောက်ရာ လှေကိုဆိုလိုသည်။ ပြည်သူတိုင်းသား အများလူတကာတို့ ရှိခိုးဦးတင်ရာ ဆိုသည်ကို ထောက်လျှင် ကမ္ဘာဦးသူတို့ ရှိခိုးတောင်းတပြုသဖြင့် နေလပေါ်ခြင်းနိမိတ်ကို ထောက်၍ ဦးကား လဗိမာန် လနတ်ရုပ်၊ ပဲ့ကား နေဗိမာန် နေနတ်ရုပ် လုပ်သည့်လှေဖြစ်သည်။

'သရဘူလှေ'မှာ ကာလရှည်လျား၍ အရေးအသား အခေါ် အဝေါ် ရွေ့သောကြောင့် သရဘ ခေါ်ဝေါ်သည်။ ဦးကား သရဘူကဲ့သို့ အနိမ့်၊ ပဲ့ကား သရဘူကဲ့သို့ အမြင့် လုပ်သည့်လှေ ဖြစ်သည်။ အချို့လည်း သရပတ်လှေ ဖြစ်သည် ဆိုသည်။

'လောကဗိမာန် လှေ'မှာ လူမင်းဗိမာန်ကို ဆိုလိုသည်။ လူမင်း ဗိမာန် ဆိုလိုသည်ကို ထောက်လျှင် ဦးကလည်း ဗိမာန်၊ ပဲ့ကလည်းဗိမာန် လုပ်ဆောင်သည့်လှေ ဖြစ်သည် ယူရန်ရှိသည်။

'ဒွါလောင်းလှေ' မှာ ဦးနှစ်မြွာ၊ ပဲ့နှစ်မြွာလုပ်သည့် လှေ ဖြစ်သည် ဆိုလိုသည်။ 'သုဝလှေ' မှာ ကြက်တူရွေး ကျေးလှေဖြစ်သည်။ 'သံသုမာရလှေ'မှာ မွေလျှော်ဘွယ် ရှိသော မိချောင်းလှေကို ဆိုလိုသည်။

'မနုသီဟလှေ' မှာ လူမျက်နှာ လူလက် ခြသေ့်ကိုယ်နှစ်မြွာ ခြသေ့်ခြေနှစ်ဖက် ဖြစ်သည်တွင် လက်နှစ်ဖက် ထိသည်၊ ရင်အုပ်နှင့်လက် ထိသည်၊ ပေါင်နှင့်ကိုယ် ထိသည် ဖြစ်၍ ထိသုံးပါးဆိုသည်။ မနုသီဟရုပ် လှေပင်ဖြစ်သည်။ 'နာဂဒေဝလှေ'မှာ ဦးကနတ်ရုပ်တွင် ထိပ်၌နဂါးရုပ်ထပ်၍ လုပ်သည့်လှေ ဖြစ်သည် ယူရသည်။

လှော်ကား၏အကြောင်းမှာအလောင်းစည်သူမင်းသည် သာကေ်နီးနက် ဖောင်နှင့် ဇမ္ဗူ လှည့်လည်သည့်ကာလ ကျွန်းကြီး တခု၌ ကင်းကြီးတခုသည် ဆင်ကိုသတ်၍ ဆင်စွယ်ကို အသိုက်ပြုလျက် နေ၏။ ကင်းကြီး အစာရှာသွားသည့်အခိုက် ကင်းသိုက်ကို တွေ့၍ ဆင်စွယ်တို့ကို ယူဆောင်ခဲ့၏။ ကင်းကြီးလည်း အစာရှာရာက ရောက်၍ အသိုက်ပျက်သည်ကို မြင်လျှင် သမုဒ္ဒရာကိုကူး၍ လိုက်၏။ အုတ်အုတ်ကျက်ကျက် သဲသဲရှုတ်ရှုတ်မျှရှိသော အသံကို အလောင်းစည်သူမင်းကြားလျှင် အကြောင်းကိုမေးသော် မှူးမတ်တို့က ကင်းကြီးလိုက်လာကြောင်းကို လျှောက်ကြ၏။ ဘုန်းအာနုဘော်ကြောင့် မမှီနိုင်လျှင် သမီးလှ၊ ရည်ရ၊ ပင်ထွက်ခန့် ရှိသော ထန်းတရပ်မျှ ခေါင်းအမြီးထောင်လျက် ခြေလက်ကားကားကြည့်မျှော်လိုက်၏။ အလောင်းစည်သူမင်းလည်း 'သင်းမျှသတ္တဝါသည် လှော်ယက်၍ ကားကား ခေါင်းအမြီးထောင်လျက်ပြဝံ့သည်'ဆိုလေလျှင် ဟူးရားညို ဟူးရားဖြူ မှူးမတ်တို့က 'ကင်း၏သဏ္ဌာန် လှေလုပ်၍ စီးတော်မူစေလိုသောကြောင့် ပြခြင်းအကြောင်း ဖြစ်ပါသည်' လျှောက်ကြလျှင် ထိုကင်း၏ သဏ္ဌာန် လှေလုပ်သည်။ လှော်ယက်၍ ကားကား ခေါင်းအမြီးထောင်လျက် ပြဝံ့သည် ဆိုရင်းနိမိတ်ကို အစွဲပြု၍ ထိုလှေကို လှော်ကားသမုတ် ခေါ်ဝေါ်လေသည်။

'သမ္ဗန်လှေ'မှာ ပဋိက္ကယား မင်းကို ကျည်းကုလားတို့က ဆက်သည့်လှေ ဆိုသည်။ အဖိုးပေး၍ ဝယ်လိုက်သည်လည်း ဆိုသည်။ သမ္ဗန်ခေါ်ဝေါ်ခြင်းသည် မာဂဓဘာသာဖြစ်၏။ မြန်မာပြန်လျှင် စပ်သည် ဆိုလိုသည်။ မိဖုရား မင်းကိုယ်လုပ်တို့နှင့် စပ်သည့်လှေဆိုသည်။ တကြောင်းမှာလည်း တလိမ်းမထေး၊ သစ်စေး မထည့်၊ အုန်းဆံမရိုက်၊ ပျဉ်ကို ပျဉ်ချင်းစူးရဲသပ်နှက်၍ စေ့စပ်အောင် လုပ်သည့်လှေ ဖြစ်၍ ထိုလှေကို သမ္ဗန်ခေါ်ဝေါ်သည်လည်း ဆိုသည်။

'သက္ကဒါန်'လှေမှာမလ္လာယုကျွန်းသို့ရောက်လျှင်အလောင်းစည်သူမင်းအား သိကြားပေး၍ရသည့် သစ်ပင်ကို ထိုသစ်ပင်၌အကိုင်းအညွှာက်ပေါ်စ ရွက်နုသဏ္ဌာန် ဦးလုပ်သည်။ ရွက်နုရင့်သဏ္ဌာန် ပဲ့လုပ်သည်။ ထိုသို့ သိကြားပေး၍ရသည့် သစ်ကို လှေလုပ်လေသောကြောင့် ထိုလှေကို သက္ကဒါန် (သက္ကဒါန=သိကြားပေးသည်) သမုတ် ခေါ်ဝေါ်သည်။

'ကူရှပ်လှေ'မှာရာမညတိုင်းသားတို့ဘာသာခေါ်ဝေါ်ခြင်းဖြစ်သည်။ ပန်းကန်လုံးကို ခရှပ် (ခရော်) ခေါ်ဝေါ်သည်။ ပန်းကန်လုံးကဲ့သို့ ဦးက အနိမ့်၊ ပန်းကန်လုံးကဲ့သို့ ပဲ့အမြင့် လုပ်သည့် လှေဖြစ်သည်။ ကာလရှည်လျား၍ စကားရွေ့လေလျှင် ကူရှပ် ခေါ်ဝေါ်ရေးသားလေသည်။

'ဇလာကပင်လှေ'မှာ ရာမညတိုင်းသားတို့ အခေါ် ဖြစ်သည်။ သေတ္တာကို ဇလာ၊ သဘော်ကို ကပင် ခေါ်သည်။ သဘော်သေတ္တာ တဖက်ရပ်ကဲ့သို့ ဦးကား သဘော်သေတ္တာ တဖက်ရပ်သဏ္ဌာန် အနိမ့်၊ ပဲ့ကား သဘော်သေတ္တာ တဖက်ရပ်သဏ္ဌာန် အမြင့် လုပ်သည့်လှေ ဆိုလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



'ရဲလှေ'မှာ ဦးကားဂန္ဓမာဒနတောင်ညွန့်သဏ္ဌာန်လှေကို ဖန်ဆင်း၍ ခမည်းတော် နေမင်းက သားတော် ပြူစောထီး အား ပေးအပ်သည့်လှေ ဖြစ်သည်။ ထိုလှေကို စီး၍ ရဲရင့်ခြင်းရှိသည်ကို အကြောင်းပြု၍ ရဲလှေဟု ခေါ်ဝေါ် သမုတ်လေသည်။

'လွှမ်းကြင်'လှေမှာ ပုဂံပြည်ဝယ် မင်းယဉ် နရသိင်္ခသည် ဝေဠုဝတီကို ယူလို၍ ညီတော် နရပတိစည်သူကို ငဆောင်ချမ်းအရပ်မှာ စစ်ပေါ်သည် ခန့်၍ ချီသွားရသည့်အခိုက် မိုးကောင်းမိုးညွှင်းက လွှမ်းကြင်ငှက်ဖိုမဆက်လာသည်ကို လှေနှင့် လုံ့ခြုံ ကောင်းမွန်အောင် ယူခဲ့သည့်ကာလ ရံဖန်ရံခါ ကြည့်ရှုတော်မူလိုလျှင် လွှမ်းကြင်လှေကို ခေါ်၍ ကြည့်ရသည်။ လွှမ်းကြင်ငှက်ရှိစဉ်ကပင် လွှမ်းကြင်လှေ ခေါ်တွင်လေသည်။ လွှမ်းကြင်ငှက်မ ငှက်ဖို၏နိမိတ်ကို ဖတ်ယူသည့် အတိုင်းလည်း ဝေဠုဝတီနှင့် တွေ့ကြုံရပြန်သည်။ လွှမ်းကြင်ငှက်ဖိုမ မရှိသည့်နောက် ထိုနိမိတ်ကို ထောက်၍ မပျောက်ပျက် မတိမ်မြုပ်စေခြင်းငှာ ဦးကား လွှမ်းကြင် ငှက်ဖိုမ သဏ္ဌာန် ခြေနှစ်ဖက်၊ ပဲ့ကား လွှမ်းကြင်ငှက် အမြီးယှက်လျက် လုပ်ဆောင်လေသည် ဟူ၍ အစဉ်ပြောဆိုကြသည်။

ထကြောင်းလည်း အလောင်းစည်သူ မင်းသည် ဇမ္ဗူလှည့်လည်သည့် ကာလ နံ့သာကျွန်းတွင် လွှမ်းကြင်ငှက်ဖိုမကို ရ၍ တိရစ္ဆာန်သတ္တဝါတို့တွင် ထိုငှက်ကဲ့သို့ မရှိ။ လည်ချင်းယှက်နေသည်ကို စုံမက်တော်မူ၍ ထိုငှက်သဏ္ဌာန်လှေလုပ်သည်။ ထိုလှေကို မနာပလှေ သမုတ်သည်ဟူ၍ ပြောကြကုန်သည်။

'ကတ္တုလှေ'မှာ ခတုလှေ ဟူ၍ ဆိုသည်။ ရာမညတိုင်းသားတို့ ဘာသာ လကို ခတု ဟုခေါ်သည်။ လဆန်းဖြစ်သော လ၏သဏ္ဌာန် ဦးပဲ့လုပ်သည့်လှေ ဆိုသည်။

**လှေသင်းအတွင်းဝန်။** ။ချိန်၊ ဦး — ရှု။

**လှော်ကားသုံးထောင်မှူး။** ။တောင်ငူခေတ်စာဆိုတော် လှော်ကားသုံးထောင်မှူးသည် အင်းဝမြို့သား ဖြစ်ပြီးလျှင် အင်းဝရွှေနန်းကြော့ရှင် နရပတိလက်ထက်မှစတင်၍ စာဆိုခဲ့သူ ဖြစ်၏။ သက္ကရာဇ် ၈၆၃ ခုနှစ်က ရေတွင် ပျောက်၍ အသတ်ခံခဲ့ရသော ရွှေနော်ရထာ၏ ကျွန်ရင်းဖြစ်သည်။ ရွှေနော်ရထာ အသတ်ခံရပြီးနောက် တောင်ငူမင်းကြီးညိုထံ ဝင်ရောက်၍ စာဆိုတော် အဖြစ်ဖြင့် ခစားလေသည်။ ထိုသို့ခစားရာ ရေတပ်ဖွဲ့ စစ်သည်တော် ၃၀၀၀ အပေါ်တွင် အကြီးအမှူး ခန့်ထားခြင်းခံရသောကြောင့် လှော်ကားသုံးထောင်မှူးဟုတွင်၏။

လှော်ကားသုံးထောင်မှူးသည် အင်းဝတွင်ရှိစဉ်က ရတုမော်ကွန်းများကို ဖွဲ့ဆိုခဲ့၏။ မင်းကြီးညို လက်ထက် သက္ကရာဇ် ၈၇၈ ခုနှစ်တွင် မင်းတရားရွှေထီး ချေင်း၊ သက္ကရာဇ် ၈၉၂ ခုနှစ် မင်းတရားရွှေထီး သက်တော် ၁၄ နှစ်အရွယ်တွင် တောင်ငူ ရွှေနန်းကို သိမ်းမြန်းတော်မူသည့် အကြောင်း ပါသည့် မင်းတရားရွှေထီး ရွှေနားတော်သွင်း၊ မင်းရဲသိင်္ခသူ ချေင်း၊ မင်းရဲကျော်စွာစုန် ချေင်းတို့ကို ရေးသား ခဲ့၏။ ချေင်းများအပြင် ၂၈ စီး မြင်းယာဉ်တက်လက်ာ ဘုန်းတော်ဘွဲ့ရတုနှင့် အင်းဝဘုရင် သတိုးမင်းစော၏ ဆင်တော်သန်မြင်စွာမော်ကွန်းကိုလည်း ရေးသားခဲ့၏။ ထိုသို့ စာပေအရာ၌ ပြောင်မြောက်လှသဖြင့် ရာဇဒေဝဘွဲ့၊ ရာဇဗလဘွဲ့၊ ရာဇဗာဟုဘွဲ့၊ တောင်ငူနဝဒေးဘွဲ့တို့ကိုပင် ရခဲ့လေသည်။ သို့သော် နဝဒေးဘွဲ့နှင့် ကောင်းစွာ မကျော်ကြား ခဲ့ပေ။ ရတုများကိုလည်း ဆိုခဲ့သေး၏။ ထိုရတုများအနက် "မေရုဗဟို" ချီ ဘုန်းတော်ဘွဲ့ရတုသည် အကောင်းဆုံး ဖြစ်၏။ သို့ရာတွင် ရတု စာဆိုကျော် နဝဒေးကြီးနှင့် တခေတ်တည်းတွင် ပြိုင်၍ စာဆိုခဲ့ရသူ ဖြစ်သဖြင့် နဝဒေး၏ ရတုများက လွှမ်းမိုးသွားသောကြောင့် ရတုအဖွဲ့၌ မကျော်စောခဲ့ပေ။ အာဘော်ချင်းမှာကား မတိမ်းမယိမ်း ရှိ၏။ အချို့ အဖွဲ့အနွဲ့များတွင် လှော်ကားသုံးထောင်မှူးက နဝဒေးကြီးထက်သာမယောင် ရှိသည်ကို တွေ့ရ၏။

**လှိုင်ထိပ်ခေါင်တင်**(မြန်မာ ၁၁၉၅ – ၁၂၃၇)။ ။ဘောလယ် သီချင်းကို ကြားရတိုင်း ဘောလယ်အဖွဲ့အနွဲ့ စတင်တီထွင်ခဲ့သည်ဟု ယူဆရသူ လှိုင်ထိပ်ခေါင်တင်အား သတိရအပ်ပေသည်။ (ဘောလယ်—လည်းရှု။) ရှေး စာဆိုတော်များ မဖွဲ့နွဲ့ခဲ့ဘူးသေးသော အဖွဲ့ဆန်းမျိုးကို ကိုယ်ပိုင်ဉာဏ်အသုံးပြု၍ စတင် ဖွဲ့နွဲ့သော အမျိုးသမီး စာဆိုကျော်ကား ရွှေဘိုမင်းနှင့် အနောက်နန်း မိဖုရား မမြကလေးတို့မှ ၁၁၉၅ ခုနှစ်တွင် ဖွားမြင်သော သမီးတော် လှိုင်ထိပ်ခေါင်တင် ဖြစ်၏။ (သာယာဝတီမင်း။ မြကလေး၊ အနောက်နန်း မ — လည်း ရှု။) ငယ် မည်မှာ မဖွားဖြစ်၏။ (မဖွားကြီးလည်း ဟူ၏။) ၁၁၉၉ ခုနှစ်တွင် ရွှေဘိုမင်းအထွတ်အမြတ်သို့ရောက်တော်မူသောအခါ သမီးတော်ကို သိရီမြတ်စွာ ရတနာဒေဝီဘွဲ့နှင့် လှိုင်မြို့ကိုအပိုင်စားပေးတော်မူသည်။ ထိုကြောင့် လှိုင်မင်းသမီးဟူ၍၎င်း၊ လှိုင်ထိပ်ခေါင်တင် ဟူ၍၎င်း တွင်လေသည်။

လှိုင်မင်းသမီးသည် အဆင်းအင်္ဂါနှင့် ပြည့်စုံသူ ဖြစ်၍ မြင်သူတိုင်း မင်းသမီးကို ချစ်ခင်မြတ်နိုးကြကုန်၏။ ခမည်းတော် ရွှေဘိုမင်းတရားကြီးကိုယ်တော်တိုင်က မိဖုရားခေါင်ကြီး၏ သမီးတော်များနှင့် အတူ အခွင့်အရေး ပေးကာ မြှောက်စားတော်မူသည်။ ၁၂၀၂ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၅ ရက်နေ့ကစ၍ သျှောင်ထုံး နားထွင်း၊ တဘက်ဝတ်၊ ဒက်ဆင်မင်္ဂလာ ဆောင်တော်မူရာတွင် လှိုင်ထိပ်ခေါင်

www.burmeseclassic.com



တင် မင်းသမီးကိုလည်း မိဖုရားခေါင်ကြီး၏ သမီးတော်များနှင့်အတူ မှန်နန်းတော် ဘမရာသန ပလ္လင်တော်ရှေ့တွင် ဆင်ယင်ကျင်းပစေသည်။ မင်းသမီးအသက် ၁၁ နှစ်အရွယ်တွင် မယ်တော် အနောက်နန်း မိဖုရား ရာဇဝတ်သင့်လေရာ အားကိုးရာမဲ့ ဖြစ်နေသော မိတဆိုး သမီးကလေးကို မင်းတုန်းမင်းသား၏ ကြင်ယာတော်က ခေါ်ယူ၍ ကျွေးမွေး စောင့်ရှောက်ထား၏။

သက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် မင်းတုန်း မင်းတရားကြီးသည် ရွှေထီး ရွှေနန်းကို ဆက်ခံသိမ်းပိုက်ပြီးနောက် ၁၂၁၅ ခုနှစ်၌ မင်းတရားကြီးသည် လှိုင်မင်းသမီးကို ညီတော်ကနောင်မင်းသားနှင့် စုလျားရစ်ပတ် လက်ထပ်ထိမ်းမြားပေး၍ အိမ်ရှေ့နန်းတော်မူသောကြောင့် အသက် ၂၀ အရွယ်တွင် အိမ်ရှေ့မိဖုရားဖြစ်လေသည်။ (ကနောင်မင်း — လည်းရှု။) ထန်းတပင် မင်းသားဟူသော သားတော်တပါး ထွန်းကားခဲ့၏။ ထိုမင်းသားသည် ၁၂၄၀ ပြည့်နှစ် သီပေါမင်းလက်ထက် ထောင်မှာလွန်သည်။ ၁၂၂၈ ခုနှစ် မြင်းကွန်းမြင်းခုံတိုင်အရေးတော်ပုံတွင် မောင်တော်ကနောင်မင်းသားနတ်ရွာစံလေသည်။ (မြင်းကွန်း မြင်းခုံတိုင် မင်းသားများ — လည်းရှု။)

လှိုင်မင်းသမီးသည် ကဗျာလင်္ကာ၊ပတ်ပျိုး၊သီချင်းကြီး၊ သီချင်းခံ၊ ယိုးဒယား၊ ဘောလယ်၊ တေးထပ်တို့ကို စီကုံးရေးသားရာ၌ ထီးသုံး နန်းသုံး အနှုန်းအဖွဲ့ ယဉ်ကျေးလှသောကြောင့် မယ်တော်ဘုရားကဲ့သို့ပင် စာဆိုလောကတွင် ကျော်စောထင်ရှားလေသည်။ အထူးသဖြင့် ဘောလယ်နှင့် နန်းတွင်းဇာတ်များ ရေးရာတွင် ကျော်စောလှ၏။ ‘ဘောလယ်’ဟူသော အဖွဲ့အနွဲ့မှာ လှိုင်မင်းသမီးက စတင် တီထွင်ခဲ့သော သီချင်းဆန်းဟုပင်ဆိုကြလေသည်။ ထိုသီချင်းမျိုးကို စည်းဝါးလွတ်သော်ငြား၊တူရိယာနှင့် တွဲဖက်၍သော်ငြား သီဆိုနိုင်သည်။

မောင်တော် ကနောင်မင်းသားသည် ကိုယ်လုပ်တော်အများအပြားနှင့်သာ ပျော်ပါးနေတတ်၏။ ထိုအခါများတွင် လှိုင်မင်းသမီးသည် မောင်တော်အား မျှော်ခေါ် တမ်းတ၍ နေကြောင်းများကို ဘောလယ်များရေးစပ်၍ ဆက်သွင်းလေ့ရှိ၏။ မင်းသားသည် ဘောလယ်ကို ဖတ်ရသည့်အခါ လှိုင်မင်းသမီးအပေါ်၌ သနားကရုဏာ သက်ရောက်တော်မူပြီးလျှင် ပြန်လည် ယုယ ပိုက်ဖြားလေ၏။ ဤသည်ကို ထောက်၍ မင်းသမီး၏ အဖွဲ့အနွဲ့ စာသားတို့မှာ မည်မျှကောင်းမွန်သည်ကို သိနိုင်ပေသည်။ ‘စိန်ခြူးကြာညောင်’ ချီ ဘောလယ်ဖြင့် မောင်တော် မင်းသားအား မိမိဖက်သို့ စိတ်လည်လာအောင် ချော့မြူနိုင်ပုံ၊ မောင်တော်က မျက်မာန်တော် ယုသည့်အခါ မိမိမှာအပြစ်မရှိကြောင်း၊ တပါးသူတို့ ချောပစ်ကုံးတိုက်ခြင်းများကိုယုံတော်မမူသင့်ကြောင်းများကို‘နာဂဆဒ္ဒန်’၊ ‘ပဏ္ဍုသေလာ’ အစချီသော ဘောလယ်များဖြင့် ဖြောင်းဖျနိုင်ပုံတို့ကို ကြည့်လျှင် လှိုင်မင်းသမီးသည်စာဆိုမှုဖြင့်သူတပါးစိတ်ကိုဆွဲဆောင်နိုင်ကြောင်း ထင်ရှားစေသည်။ ယင်းသည့် ဘောလယ်များအပြင် ‘ပုလဲမြိတ်စုံ’ ချီ ဘောလယ်၊‘ထုံပန်းမာလာ’ ချီ ဘောလယ်၊‘ရွှလဲသာတွေ့’ချီ ဘောလယ်၊‘ပြဒိုငယ်ချပ်ရံ’ချီ ဘောလယ်တို့ကိုလည်း စပ်ဆိုခဲ့သေးသည်။ လှိုင်ထိပ်ခေါင်တင်သည် ‘ပန်းသဉ်လယ်’ချီ ပတ်ပျိုး၊ ‘ညဥ္စသုံးယံခါ’ချီ ပတ်ပျိုးနှင့် ‘ရေယမုန်’ချီ ပတ်ပျိုးစသည်တို့ကိုလည်း ဖွဲ့နွဲ့သီကုံးခဲ့၏။ ထိုရေယမုန်ချီပတ်ပျိုးကို ဗိမ္ဗာလွဲချင်း ပတ်ပျိုးဟုလည်း ခေါ်သည်။ထိုပတ်ပျိုးမှာ မိမိ၏သားတော် မြှုပ္ပခက်တင်မင်္ဂလာဆင်ယင် ကျင်းပသည့်အခါ အထိန်းတော် အချီတော်တို့ သီဆိုရွှေနားတော်သွင်းရန် အတွက် ‘ရွှေဗျိုင်းညို’၊‘ကြောင်ဖားရယ်မြီးတံတို’၊‘ဟီးလေးပေါက်ပင် ကန်စွန်းပင်’ဟူသော အရပ်သုံး သားချော့သီချင်းသုံးပုဒ်ကို ထီးသုံးနန်းသုံးအဖြစ်ဖွဲ့နွဲ့စပ်ဆိုထားသော ပတ်ပျိုးတပုဒ်ဖြစ်လေသည်။ (မြန်မာကလေးချော့ကဗျာများ — လည်းရှု။)

လှိုင်မင်းသမီးသည် ဝိဇယကာရီနှင့်ကုန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးနှစ်စောင်ကိုလည်း ရေးသားခဲ့သေး၏။ အရေးအသားမှာ ထီးသံနန်းသံပါ၍ အလွန်ယဉ်ကျေးသိမ်မွေ့လှပေသည်။ အဖွဲ့အနွဲ့ အလွန် စေ့စပ်လှ၏။ မင်းသမီးရေးသားအပ်သော ဘောလယ်နှင့် ပတ်ပျိုးများမှာ နှစ်ပေါင်းတရာကျော်ခဲ့ပြီဖြစ်သော်လည်း လူတို့၏နှုတ်ဖျားတွင် မရှိုးနိုင်၊ လက်မလွှတ်နိုင်အောင် ရှိသည်ကား အထူး ဆိုဖွယ်ရာမရှိချေ။ ယင်းသို့လျှင် မယ်တော်၏ခြေရာကိုနင်း၍ စာဆိုလောကတွင် ကျော်စောခဲ့သော မင်းသမီးသည် ၁၂၃၇ ခုနှစ် သက်တော် ၄၂ နှစ်တွင် ကံကုန်လေသည်။

**လှိုင်မြစ်။** ။မြစ်မခ — ရှု။

**လှိုင်း။** ။စကြဝဠာ အတွင်း ဖြစ် ပျက် သမျှသော အလင်း၊ အပူ၊ အသံ စသည်တို့၏ လှုပ်ရှား သွားလာမှုတွင် လှိုင်းသည် အလွန် အရေးကြီးသဖြင့် လှိုင်း အကြောင်းကို သိရှိထားရန် လိုအပ်လှပေသည်။ အလင်း၊ အပူ၊ အသံတို့၏လှိုင်းများသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ရှုပ်ထွေးပေါများစွာ လှုပ်ရှားသွားလာနေကြသော်လည်း ထိုလှိုင်းတို့ကို သာမန်မျက်စိဖြင့် မမြင်နိုင်ချေ။


အမှန်စင်စစ် အလုံးစုံသောလှိုင်းတို့သည် သဘောအားဖြင့် အတူတူပင်ဖြစ်ကြသည်။ ထို့ကြောင့် ရေလှိုင်းတို့ကို ကြည့်ရှုဆင်ခြင်ခြင်းဖြင့် ကျွန်ုပ်တို့သည် လှိုင်းအကြောင်းကို သိနားလည်နိုင်ပေသည်။ ရေကန်တကန်ထဲသို့ ကျောက်ခဲကလေးတလုံးကို ပစ်ချလိုက်သော အခါ ကျောက်ခဲ



www.burmeseclassic.com

www.burmeseclassic.com





ပင်လယ်ရေမျက်နှာပြင်ပေါ်၌ လေတိုက်ခတ်သည့်အခါ လေ၏ဖိအားကြောင့် လှိုင်းများဖြစ်ပေါ်လာရသည်။

ကလေး ကျရာနေရာကို ဗဟိုပြု၍ စက်ဝိုင်းသဏ္ဍာန် လှိုင်းကလေးများ တကွင်းပြီး တကွင်း ဖြစ်ပေါ်ပြန့်ထွက်သွားပုံကို လူတိုင်းပင် တွေ့မြင်ဘူးပေမည်။ ဤသို့ ဖြစ်ရခြင်းမှာ ကျောက်ခဲ ကျသည့်နေရာတွင် ရှေးဦးစွာ ရေ၏မျက်နှာပြင်နိမ့်ကျသွားသည်။ ထိုအခါ ထိုနေရာအနီးတွင် ကပ်လျက်ရှိသော ရေ၏ မျက်နှာပြင်သည် မို့မောက်သွားပြီးလျှင် စက်ဝိုင်းသဏ္ဍာန် လှိုင်းကွင်းကလေးတခု ထလာလေသည်။ ကမ္ဘာမြေကြီး၏ ဆွဲအားကြောင့် ထိုမို့မောက်သွားသော ရေမျက်နှာပြင်သည် ပြန်ပြီး နိမ့်ကျလာသောအခါ အဆိုပါလှိုင်းကွင်းအပြင်ဖက်တွင် အခြားလှိုင်းကွင်းတခု ဖြစ်ပေါ်လာပြန်သည်။ ဤသို့ဖြင့် စက်ဝိုင်းသဏ္ဍာန် လှိုင်းများသည် တကွင်းပြီးတကွင်း ဖြစ်ပေါ်ပြီးလျှင် ပြန့်၍ပြန့်၍ ထွက်သွားကြလေသည်။

ထိုနည်းအတူပင် ရေအိုင်၊ မြစ်ချောင်း၊ ပင်လယ်များအတွင်း ရေမျက်နှာပြင်ပေါ်၌ လေတိုက်ခတ်သည့်အခါတွင်လည်း လေ၏ဖိအားကြောင့် လှိုင်းများ ဖြစ်ပေါ်လာရလေသည်။ ထိုသို့လှိုင်းများဖြစ်ပေါ်လာရာတွင် အမှတ်မဲ့အားဖြင့် ရေသည် လှိုင်းနှင့်အတူ ရွေ့ရှားသွားသကဲ့သို့ မှတ်ထင်ရပေသည်။ အမှန်စင်စစ်မှာမူ ထိုသို့မဟုတ်ချေ။ ရေသည် တနေရာတည်းမှာပင် နိမ့်တုံမြင့်တုံဖြစ်နေ၍ လှိုင်း၏ လှုပ်ရှားမှုသာလျှင် နေရာရွေ့သွားခြင်းဖြစ်သည်။ လှိုင်းထနေသော ရေထဲတွင် ဖော့စဖော့နမျှးကို ချထားကြည့်ပါက ဖော့စတို့သည် လှိုင်းဖြင့် ပါမသွားပဲ တနေရာတည်း၌သာ နိမ့်တုံမြင့်တုံလှုပ်ရှားနေကြသည်ကို တွေ့မြင်ရလိမ့်မည်။ သို့သော် ကမ်းနဖူး ချောက်ကမ်းပါးကို ရိုက်ခတ်ပြီး ကွဲသွားသည့် လှိုင်းမျိုးမှာမူကား ရေကိုပါ တပါတည်း သယ်ဆောင်နိုင်၍ ထိုလှိုင်းမျိုးကို 'ရွေ့လှိုင်း' ဟု ခေါ်လေသည်။

လှိုင်းသည် ရေတွင်သာမဟုတ်၊ အခြားပစ္စည်းများတွင်လည်းဖြစ်ပေါ်လာနိုင်သည်။ လေကိုရင်း၊ အာကာသတွင်ရှိသော အီသာကိုရင်း ဖြတ်သန်းသွားသော လှိုင်းများမှာ ကျွန်ုပ်တို့အတွက် အရေးအကြီးဆုံးဖြစ်လေသည်။ အီသာထဲတွင် အလင်းလှိုင်း၊ အသံလှိုင်း၊ အီပ်စရေးလှိုင်းနှင့် အချို့သော လျှပ်စစ်လှိုင်းများ ဖြတ်သန်းသွားကြ၍ လေထဲတွင်မူ အဓိကအားဖြင့် အသံလှိုင်းများ ဖြတ်သန်း သွားကြလေသည်။ အီသာထဲ၌ သွားသော လှိုင်းအားလုံးတို့သည် တစက္ကန့်လျှင် ၁၈၆,၀၀၀ မိုင်နှုန်းဖြင့် တမျိုးတစားတည်း



www.burmeseclassic.com

www.burmeseclassic.com



သွားလာကြသည်။ အခြား ကြားခံပစ္စည်းအတွင်း သွားလာကြသော လှိုင်းတို့၏ အသွားနှုန်းမှာမူ ကြားခံပစ္စည်း၏ ဂုဏ်သတ္တိကိုလိုက်၍ ကွဲလွဲတတ်လေသည်။ အသံလှိုင်းသည် ပကတိဟာမျှမရှိသော ပလာနယ်အတွင်း၌ ဖြစ်ပေါ်နိုင်ခြင်းမရှိပေ။ အသံလှိုင်းသည် လေထဲ၌ သာမန်အပူချိန်တွင် တစက္ကန့်လျှင် ပေ ၁,၁၀၀ နှုန်းခန့်ဖြင့် ရွေ့လျားသည်။


လှိုင်းများ၌ အဆီးအတား တခုခုနှင့်တွေ့ဆုံက ပြန်လည်ရိုက်ဟပ်နိုင်ခြင်း၊ လှိုင်းသွားရာလမ်းကြောင်း တိမ်းစောင်းသွားခြင်းဟုဆိုအပ်သော အခြား ထူးခြားသော သတ္တိများ ရှိသေးသည်။ အတားတခုနှင့် တွေ့၍ ပြန်လည် ရိုက်ဟပ်သည့်အခါ ပြန်ဟပ်သည့် လှိုင်းနှင့် မူလလှိုင်းတို့သည် ပုံသဏ္ဌာန်ပျက်ပြားသွားခြင်းမရှိပဲ တခုကိုတခု ဖြတ်သွားနိုင်ကြလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသံမျိုးစုံ ရောပြွန်းနေသောကြားထဲမှ မိမိလိုရာအသံကို ရွေးချယ်၍ နားထောင်နိုင်ခြင်းဖြစ်ပေသည်။ လှိုင်းများသည် ကြားခံပစ္စည်းတခုမှ တခုသို့ ကူးပြောင်းသွားသည့်အခါ သွားလမ်းကြောင်း တိမ်းစောင်းသွားတတ်ကြသည့် အတိုင်း ကျွန်ုပ်တို့သည် အလင်းလှိုင်းတို့ကို မှန်ချပ်တို့ဖြင့်ခံကာ သွားရာလမ်းကြောင်းများကို ပြောင်းလွှဲ ပေးနိုင်ကြပေသည်။ (အသံ။ ပဲ့တင်သံ။ အပူ။ အလင်း — လည်းရှု။)

**လှိုင်းဘွဲ့မြို့။** ။လှိုင်းဘွဲ့မြို့သည် ကော့သူးလေ ပြည်နယ်၏မြို့တော်ဖြစ်သည့် ဘားအံမြို့အရှေ့မြောက်ဖက် ၂၄ မိုင်အကွာတွင်ရှိသော ဂျိုင်းမြစ်၏မြစ်လက်တက်ဖြစ်သည့်လှိုင်းဘွဲ့ချောင်း၏ကမ်းပေါ်တွင်တည်ရှိသည်။ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၏ရုံးစိုက်ရာမြို့ဖြစ်၏။ မြို့၏အကျယ်အဝန်းမှာ အရှေ့နှင့် အနောက် လေးဖာလုံနှင့် တောင်နှင့်မြောက် ခြောက်ဖာလုံ ရှိသည်။

၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ လှိုင်းဘွဲ့မြို့၏ အိမ်ခြေမှာ အိမ်ပေါင်း ၄၄၅ အိမ်နှင့် လူဦးရေမှာ ၂,၂၇၇ ယောက်ဖြစ်သည်။ သို့သော် ၁၉၅၉ ခုနှစ်အထိ အိမ်ခြေနှင့် လူအရေအတွက်များစွာတိုးတက်လာသဖြင့် ယခုအချိန်တွင် အိမ်ခြေနှင့်လူဦးရေ နှစ်ဆခန့်တိုးလာမည်ဟု ခန့်မှန်းရလေသည်။

လှိုင်းဘွဲ့မြို့နေ လူအများစုသည် ဗုဒ္ဓဝါဒီများ ဖြစ်ကြသော်လည်း ခရစ်ယာန်၊ မွတ်စလင်နှင့် နတ်ကိုးကွယ်သူများလည်း ရှိကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ခန့်က ယခုလှိုင်းဘွဲ့မြို့တည်ရာနှင့် တမိုင်ကျော်ခန့် ဝေးကွာသောနေရာတွင် ပန်ကရန်တုန်မြို့ဟုခေါ်သော မြို့ဟောင်းတခု ရှိခဲ့ဘူးသည်။ ထိုအခါက နယ်ခြားဒေသများတွင် အားကောင်းသူက အားနည်းသူအား အစဉ်တစိုက် နှိပ်စက်လေ့ရှိသည့်အတိုင်း ပန်ကရန်တုန်



လှိုင်းဘွဲ့မြို့အဝင် ကြည်ညိုဖွယ်ရာ ဖူးမြင်ရသည့် မြို့ဦးစေတီ

မြို့ကို ယိုးဒယားဘုရင်က တိုက်ခိုက်သိမ်းပိုက်ပြီးလျှင်ယိုးဒယားနယ်မြေအတွင်းသို့ ပန်ကရန်တုန်မြို့မှ လူအားလုံးကို ခေါ်ဆောင်သွားသည်။ ထို့နောက် ဖမ်းဆီး ခေါ်ဆောင်သွားသော သုံ့ပန်းများကို ယိုးဒယား လက်အောက်ခံအဖြစ် အသိအမှတ်ပြု၍ ပြန်လွှတ်လိုက်လေသည်။ ထိုအခါ လွတ်မြောက်လာသူများသည် ပန်ကရန်တုန် မြို့ဟောင်းနေရာတွင် ပြန်လည်၍ မတည်ထောင်ကြတော့ပဲ ယခုလှိုင်းဘွဲ့မြို့တည်ရာအရပ်တွင် စုရုံးကာ မြို့ပြတည်ထောင်၍ နေထိုင်ကြလေသည်။

လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ခန့်က ယခုလှိုင်းဘွဲ့မြို့၌နေထိုင်ကြသောလူမျိုးများမှာ ကရင်နှင့် မွန်လူမျိုးများသာ ဖြစ်ကြသဖြင့် ပြန်လည်၍ မြို့တည်သော ယခု လှိုင်းဘွဲ့မြို့နေရာကို မွန်ဘာသာဖြင့် "လိုင်းပလွဲ" ဟူ၍ ခေါ်ဝေါ်လာခဲ့ကြရာ ကာလ ရွေ့လျောလာသောအခါ "လိုင်ပလွဲ" ဟုငင်း၊ ထိုမှတဆင့် "လိုင်ပလွဲ"၊ "လိုင်းပွဲ"၊ "လှိုင်းပွဲ"၊ "လှိုင်းဘွဲ့" ဟုငင်း ပြောင်းလဲခေါ်လာကြသည်ဟု သက်ကြီးစကားများအရ သိရသည်။

လှိုင်းဘွဲ့မြို့သူမြို့သားတို့၏ အဓိကလုပ်ငန်းများမှာ သစ်များကို လှိုင်းဘွဲ့ချောင်းမှမျော၍ ကျုံဒိုးချောင်းမှ တဆင့် မော်လမြိုင်မြို့သို့သွားရောက်ရောင်းချခြင်း၊ လယ်ယာ စိုက်ပျိုးလုပ်ကိုင်ခြင်း၊ကိုင်းသီးနှံများကို စိုက်ပျိုး လုပ်ကိုင်ခြင်းများဖြစ်သည်။ လှိုင်းဘွဲ့မှထွက်သောကုန်များမှာ စပါး၊ မြေ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဆေး၊ ငရုတ်၊ ကြံသကာ၊ အုန်း၊ ကွမ်းပေါင်း၊ တိမ်ညင်းနှင့်ပျားရည်များဖြစ်သည်။ မိုးတွင်းအခါ၌ လှိုင်းဘွဲ့ချောင်းမှ သစ်များနှင့် စပါး၊ ကြံသကာ၊ မြေပဲတို့ကို ယူဆောင်၍ မော်လမြိုင်မြို့တွင် ရောင်းချကြသည်။

လှိုင်းဘွဲ့မြို့မှမော်လမြိုင်မြို့အထိရေလမ်းခရီးဖြင့် မိုင် ၈၀ ဝေးသည်။ သို့သော် တိုက်ရိုက်သွား၍ကား မရချေ။လှိုင်းဘွဲ့ချောင်းမှ ကျုံဒိုးချောင်းသို့ ပဌမသွားရ၍ ထိုမှတဆင့် မော်လမြိုင်မြို့သို့ သွားရသည်။ လှေနှင့် သမ္ဗာန်များကိုသာ အသုံးပြုနိုင်သည်။ သင်္ဘောများ မသွားနိုင်ချေ။ ကုန်းလမ်းခရီးဖြင့် လှိုင်းဘွဲ့မြို့မှ ဖားအံမြို့အထိ မော်တော်ကားလမ်း ၂၄ မိုင်ရှိ၍ ရွှေဂုန်းမြို့သို့ ၁၄ မိုင်၊ ပိုင်ကြုံရွာသို့ ၁၂ မိုင်၊ ထီလုံရွာသို့ ၁၁ မိုင် အသီးအသီးရှိလေသည်။

လှိုင်းဘွဲ့မြို့နယ်အတွင်း၌ ဂူဖရမ်(အဖြိုက်နက်)၊ အန်တီမိုနီ (ခနောင်စိမ်း)၊ ခဲ၊ ဒန်၊ သွပ် စသည့် ပစ္စည်းများ ထွက်သည့် ဒေါနတောင်ရှိသည်။

လှိုင်းဘွဲ့မြို့နယ်တွင် ကော့လှိုင်းရွာအနီး၌ ကျိုက်မရောဘုရား၊ ကမော့အချုံးရွာအနီး၌ ကျိုက်ပူတော် ဘုရားနှင့် ဝင်းစိန်ရွာအနီး၌ ကျိုက်ပုရွှေဘုရားများ ရှိကြ၍ နှစ်စဉ်တပေါင်းလပြည့် နေ့တွင် ကျိုက်မရော ဘုရားပွဲတော်ကို ကျင်းပကြလေသည်။

**လှည်း။** ။လှည်းသည် ရှေးခေတ်မှစ၍အသုံးပြုခဲ့ရသော နှစ်ဘီးတပ် သယ်ယူပို့ဆောင်ရေး ယာဉ်တမျိုးဖြစ်၏။ နွားမြင်းစသော တိရစ္ဆာန်အမျိုးမျိုးဖြင့်ဆွဲရသော လှည်းများ ရှိသကဲ့သို့ လူဆွဲ လူတွန်းရသော လှည်းမျိုးလည်း ရှိသည်။ လူဆွဲလူတွန်းလှည်း၏ ထင်ရှားသောပုံစံမှာ လန်ခြား ဖြစ်သည်။ အရှေ့တိုင်းနိုင်ငံများတွင် နွားဆွဲလှည်း (ဝါ) နွားလှည်းများကို ယခုတိုင်အသုံးပြုလျက်ရှိသည်။

မြန်မာနိုင်ငံရှိ မြို့ကြီးများတွင် ယခုအခါ စက်မောင်းယာဉ်များကို အသုံးများလျက် ရှိကြပြီ ဖြစ်သော်လည်း တောလက်ကျေးရွာများ၌ လှည်းများကို လက်မလွှတ်နိုင်ကြသေးချေ။ မြန်မာနိုင်ငံတွင် တခေတ်က လှည်းကိုအရေးပါသော လူသုံးပစ္စည်းတခုအဖြစ် အသိအမှတ် ပြုခဲ့ကြရလေသည်။ လယ်ယာလုပ်ငန်း၌ရှင်း၊ ကူးသန်း ရောင်းဝယ်ရေး၌ရှင်း၊ ဘုရားပွဲ ဘုန်းကြီးပြန်ပွဲစသော ပွဲကြီးလမ်းကြီးများ၌ရှင်း လှည်းသည်မရှိလျှင်မဖြစ်ပေ။

မြန်မာ့ကျေးလက်တောရွာ မင်္ဂလာဆောင်များ၌ လက်ဖွဲ့ရာတွင်‘လယ်တပွဲ၊ လှည်းတစီး၊ နွားတရှဉ်း’စသည်တို့ ပါလာခြင်းကို ထောက်ခြင်းဖြင့် မြန်မာလူမျိုးများ လှည်းကို တန်ဖိုးထားကြပုံကို သိသာနိုင်ပေသည်။

မြန်မာ လူမျိုးတို့ အစဉ်အဆက် အသုံးပြုခဲ့ကြသော လှည်းများတွင် (၁) လှည်းယာဉ်၊ (၂)ခြံအိမ်လှည်း၊ (၃) ပေါင်းမိုးလှည်း၊ (၄) လှည်းမြီးတို၊ (၅) ရေစည် လှည်း၊ (၆) ဘုံလျှိုလှည်းနှင့် (၇) မယားကန်လှည်းဟူ၍ အသုံးပြုပုံကိုလိုက်၍ အကြမ်းအားဖြင့် ခုနစ်မျိုးရှိလေသည်။

(၁)လှည်းယာဉ်ဆိုသည်မှာ ခြောက်စထောင်၊ ပွတ်လုံးရုံတိုင်ကဲ့သို့ လှည်းအိမ်ကို အလှအပ ပြင်ဆင် မွမ်းမံထားသော အလှစီးလှည်းမျိုးဖြစ်သည်။

(၂) ခြံအိမ်လှည်းဆိုသည်မှာ လှည်းကြမ်းဖြစ်၍ စပါး၊ နှမ်း၊ ပြောင်း၊ ထင်း စသော ကုန်များတင်သည့် လှည်းမျိုးဖြစ်သည်။

(၃) ပေါင်းမိုးလှည်းဆိုသည်မှာ တရပ်တရွာသို့ ပွဲလိုက်ရာ၌ ဖြစ်စေ၊ ကုန်ရောင်းကုန်ဝယ်သွားရာ၌ ဖြစ်စေ နေမိုးဒဏ်ကို ကာကွယ်ရန် အမိုးတင်ထားသည့် လှည်းမျိုးဖြစ်သည်။

(၄) လှည်းမြီးတို ဆိုသည်မှာ လှည်းအိမ်မပါပဲ လှည်းအိမ်အစား တိုင်ငုတ်များ စိုက်ထူထား၍ သစ်တုံးများ၊ ကျောက်တုံးကြီးများ၊ ဝါးစည်းများ တင်ဆောင်ရန် အသုံးပြုသည့် လှည်းမျိုး ဖြစ်သည်။

(၅) ရေစည်လှည်း ဆိုသည်မှာ လှည်းအိမ်နေရာတွင် ရေစည်လုံးကြီး တင်နိုင်ရန် သစ်သားဘောင် ခတ်လျက် ရေသယ်ရာ၌ အသုံးပြုသည့်လှည်းမျိုး ဖြစ်သည်။

(၆) ဘုံလျှိုလှည်း ဆိုသည်မှာ လှည်းအိမ်ကို အမြင့်ပြုလုပ်ထားပြီးလျှင် အတွင်းဖက်၌ အံဖုံးထားရှိသော လှည်းမျိုးဖြစ်သည်။ လိုလှည်းမျိုးကို လူကုံထံများနှင့် ဘုန်းတော်ကြီးများ အသုံးပြုလေ့ရှိရာ အံဖုံးအတွင်း၌ ခရီးဆောင်ပစ္စည်းများနှင့် ငှက်ပျောသီး အုန်းသီးစသော ပစ္စည်းများကို ထည့်ယူလေ့ရှိကြသည်။

(၇) မယားကန်လှည်း ဆိုသည်မှာ လှည်းအိမ်ကို ရှေ့နိမ့်နောက်မြင့် စီစဉ်ထားကာ ရှေ့သို့ နိမ့်လျှောနေသော လှည်းမျိုးဖြစ်သည်။ လင်နှင့်မယား တရပ်တကျေးသို့ ခရီးသွားသောအခါ နောက်ပိုင်းတွင် လိုက်ပါလာသူ မယားကရှေ့ပိုင်းတွင် လှည်းမောင်းလျက် ရှိသူ လင်ကို ခြေဖြင့် ကန်ထားသကဲ့သို့ ဖြစ်နေသဖြင့် မယားကန်လှည်း ဟု ခေါ်တွင်ခြင်းဖြစ်သည်။


မြန်မာနိုင်ငံရှိ အချို့ဒေသများတွင် အထက်ပါလှည်းမျိုးများအပြင် ပြိုင်လှည်း၊ သို့မဟုတ် ဒုန်းလှည်းဟု ခေါ်သည့် လှည်းတမျိုးလည်း ရှိသေးသည်။ ထိုပြိုင်လှည်း၊ သို့မဟုတ် ဒုန်းလှည်းသည် လှည်းများတွင် အသေးငယ်ဆုံးနှင့်အပေါ့ဆုံးလှည်းမျိုး ဖြစ်သည်။ လှည်းမောင်းသူတဦးသာ ချောင်ချောင် ချိချိ ထိုင်၍ လိုက်ပါနိုင်လေသည်။ ထိုလှည်းမျိုးနှင့် စပ်လျဉ်း၍ ‘လှည်းစက္ကူ၊ လူသိကြား’ ဆိုသည့် စကားကို ပင် တဖက်လူ မခံချင်အောင် ပြောလေ့ရှိလေသည်။ ထိုစကား၏အဓိပ္ပာယ်မှာ လှည်းသည် စက္ကူကဲ့သို့ ပေါ့ပါးလိုက



www.burmeseclassic.com

www.burmeseclassic.com





ကျေးလက်တောရွာများတွင် အဓိက ပို့ဆောင်ရေးယာဉ်အဖြစ် လှည်းကို အသုံးပြုကြသည်။

ပေါ့ပါးစေ၊ လှည်းမောင်းသူမှာလည်း သိကြားတမျှ ကျွမ်းကျင်လိုက ကျွမ်းကျင်ပါစေ ဂရုမစိုက်ပါဟု ဆိုလိုခြင်းဖြစ်ပေသည်။

မြန်မာလှည်းတစီးတွင်ပါဝင်သောအစိတ်အပိုင်းများမှာ ပုံတောင်း (လှည်းပုံတောင်း)၊ ထောက်ကူ (တကူ)၊ ခွေသတ်ဘီးထောက်၊ နန်းရင်းခွေ၊ နန်းဖျားခွေ၊ ဘီးဖိနပ် (သံဖိနပ်)၊ ဆိတ်မျက်လုံး (ဗုဇ္ဇန်မျက်လုံး)၊ ကလန့် (လှည်းနားစောင့် (ဝါ) လှည်းနားပန်ဟု လည်း ခေါ်၏။)၊ ဝင်ရိုး (ဝန်ကိုင် ဟု လည်းခေါ်၏။)၊ ဆင့်တုံး၊ ဝက်စွယ်၊ ဝင်ရိုးဖုံး၊ ခြံအိမ်၊ ရုံတန်း၊ လက်တင်တန်း၊ ရုံတိုင်၊ ရုံမတိုင်၊ ထုပ်၊ ယက်ဖောက်ထုပ်၊ လှည်းသန်၊ လှည်းသန်တုပ်၊ ကာတ်ကျည်း၊ ခြံအိပ်ကပ်၊ ကပ်ဖုံးငြိမ်၊ ဝန်ကော်၊ ဆောင်ပန်း၊ ဆောင်ပန်းကပ်၊ စွယ်ရန်း၊ စွယ်ရန်းတိုင်၊ ခေါ်မချပ်၊ ထမ်းပိုးတုံး၊ ထမ်းပိုးကျည်း၊ဘွဲ့ကြိုး (ထမ်းပိုးကြိုး)၊ ဦးပွတ်ကြိုး၊ဦးပွတ်ကျည်း (ကုပ်နှိပ်)၊ကုပ်နှိပ်ကြိုး၊ ဦးကင်း၊ ဦးထောက် (လှည်းထောက်ခွ)၊ပြန်ကထောက်၊နောက်ထောက်နှင့်ပေါင်းမိုးတို့ဖြစ်သည်။

ထိုမှတပါး လှည်းကာက်အိမ်ကို လိုက်၍

(၁) ဘီးစပ်လှည်း (စပ်ဘီးလှည်း)
(၂) ဝမ်းခြမ်း (ဝါ) ဝက်ခြံ (ဝါ) လှည်းကြမ်း
(၃) လှည်းယာဉ်
(၄) ဒိုင်းလှည်း
(၅) ဂုတ်လှည်း
(၆) ရွှတ်လှည်း
(၇) ခြောက်စထောင်လှည်း

ဟူ၍ ရှိသည်ဟုလည်း ဆိုလေသည်။

(၁) ဘီးစပ်လှည်း ဟူသည်မှာ ဘီးစပ်ဖြင့် တည်ဆောက်ထားသောလှည်းကို ခေါ်သည်။ ဘီးစပ်ဟူသည်မှာ လေးလက်မထုရှိ ပျဉ်ပြားချပ်ကို အတွင်းသားအဖြစ် အသုံးပြုကာ ပျဉ်ပြား၏ ဗဟိုတွင် ပုံတောင်းအပေါက် ထွင်းဖောက်ရသည်။ ပုံတောင်း အပေါက်ထဲသို့ ဝင်ရိုးကိုလျှို၍ ဝင်ရိုးမချောင်စေရန် ကြိမ်ခွေများကို မဲတင်းရသည်။ ထို့နောက် ဗဟိုပျဉ်ပြားချပ်နှင့် နှစ်လက်မခွဲရှိ ပျဉ်ချပ်နှစ်ချပ်ကိုတဖက်

www.burmeseclassic.com



တချက်တွင် စပ်၍ ဆက်လိုက်ပြီးသော် ပျဉ်ပြား နခမ်းသားများကို ရွေလိုက်လျှင် အဝိုင်းဖြစ်သည်။ ယင်းကို ဘီးစပ် ဟုခေါ်သည်။ (ဘီး — လှည်းရှု။)

(၂) ဝမ်းခြမ်း (ဝါ) ဝက်ခြံ (ဝါ) လှည်းကြမ်းကား ကုန်ကြမ်း ခရီးကြမ်း တင်ရန်စီးရန် ဖြစ်သည်။

(၃) လှည်းယာဉ်မှာ အလှအပအခမ်းအနားတို့တွင် စီးနင်းရန် အလို့ငှာ ပြုလုပ်ထားသော လှည်းဖြစ်၏။ ထိုလှည်းယာဉ်သည် လှည်းကက်အိမ်ကို အစွဲပြု၍ (က) ဆင်စွယ်ညွှတ် (ခ) ဇင်ယော်တောင်(ဂ) မွန်းတည့်ကောက် ဟူ၍သုံးမျိုး သုံးစားရှိ၏။

(၄) ဒိုင်းလှည်း၊ ဂုတ်လှည်း၊ ရွှတ်လှည်း ဟူသည်တို့မှာ လှည်းယာဉ်ကို ဒိုင်းကန်ခြင်း ဂုတ်စီးခြင်း၊ ရွှတ်တိုက်ခြင်းတို့ကို အမှီသဟဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ နွားနှစ်ကောင် မောင်းနှင်ရာမှ နွားတကောင်သည် တစုံတခု ဖြစ်သွားသည့်အခါ လှည်းမောင်းသမားသည် အလွယ်တကူခရီးဆက်လက်သွားလာနိုင်ရန် ဒိုင်းကန်ရသည်။ ဒိုင်းကန်ပုံမှာ ဝင်ရိုးအောက်တွင် ဝါးလုံး တလုံးကို လျှို၍ လှည်းသန်ပေါ်တွင် ကျော်ကာ ထမ်းပိုးနှင့် ချုပ်နှောင် (လစ်လပ်နေသော နွားနေရာ) တုပ်ရသည်။ ဤသို့တုပ်နှောင်မှသာ ကျန်တဖက်နွားသည် ကောင်းစွာ ရုန်းနိုင်သည်။

(၅) ဂုတ်လှည်းမှာ နွားတကောင်ကို ထမ်းပိုးကျည်းနှစ်ချောင်းကြားတွင် ဂုတ်ကိုလည်ခွံပတ်ကြိုးနှင့်ပတ်၍ မောင်းနှင်ရသည်။ မောင်းသူသည် လှည်းသန်ရှိ ခြေကန်ရန်ပြုလုပ်ထားသော ဂွင်းကို နင်းထားပြီးသော် နှင်တံနှစ်ချောင်းကို စုံကိုင်လျက် ရိုက်နှက်၍ ဒုန်းမောင်းရသည်။ အထူးသဖြင့် နွားတကောင်ချင်း ယှဉ်ပြိုင်ရာတွင် အသုံးပြုလေသည်။

(၆) ရွှတ်လှည်းမှာ နွားနင်း (အလှည့်) နှင့် နွားမွှေးပြေး(အတိုင်)ဟူ၍ နွားနှစ်ကောင် မောင်းရသည်။ ရွှတ်တိုက်ပုံမှာ နွားနင်းဖက်ရှိဝင်ရိုးတွင် ကြိုးကိုချည်နှောင်၍ နွားပြေးဖက်ရှိ ထမ်းပိုးတွင် ထိုရွှတ်တိုက်ထားသော ကြိုးစကို တဖန်ချည်နှောင်၍ မောင်းနှင်ရသည်။ ဤသို့ ရွှတ်တိုက်ခြင်းကို ပြိုင်လှည်းများတွင် လုပ်လေ့လုပ်ထရှိသည်။

(၇) ခြောက်စထောင် လှည်းဆိုသည်မှာ ဆင်စွယ်ညွှတ်၊ ဇင်ယော်တောင်၊ မွန်းတည့်ကောက် ဟူသော လှည်းယာဉ်များတွင် လှည်းဆောင်ပန်းပုခက်သည် လေးစထောင်နေ၍ စွယ်ရန်း (ဗယ်ညာ) နှစ်စနှင့် ပေါင်းသော်ခြောက်စထောင် ဖြစ်လာသည်။

လှည်းဆောက်လုပ်ရာ၌ စည်းစံနစ် ရှိလေသည်။ လှည်းသန်၊ ထမ်းပိုးတုံး၊ ဝင်ရိုးတို့၏ အတိုင်းအရှည် ပမာဏကို လှည်းဆရာများက အထူးဂရုစိုက်ကြရသည်။ လှည်းပြုလုပ်ရာ၌ စည်းစံနစ် ကျနမှန်ကန်မှ လှည်းကောင်းတစီး ဖြစ်လာနိုင်သည်။ လှည်းကောင်းဟု ဆိုရာတွင် ကြည့်၍လှပရုံ၊ကြာရှည်ခိုင်ခံ့ရုံမျှနှင့် လှည်းကောင်း ဟု မခေါ်နိုင်သေးပေ။ အမှန်ကောင်းသော လှည်းသည် နွားများ ကျွဲများ ဆွဲရာ၌ လွယ်ကူသက်သာစေရမည်။သူ့အချိုးအစားနှင့်သူ ချိန်သားကိုက် စီမံထားသော လှည်းသည် ကုန်ချိန်မည်မျှပင် လေးသည်ဖြစ်စေ အလေးမျှ၍ ပြေပြစ်စွာ လိမ့်ပါသွားခြင်းကြောင့် ရုန်းဆွဲရသော ကျွဲ နွားများကို အများဆုံး သက်သာမှု ပေးနိုင်လေသည်။

**လှည်းကူးမြို့။** ။လှည်းကူးမြို့သည်မှော်ဘီခရိုင်၊လှည်းကူးမြို့နယ်၏ ရုံးစိုက်မြို့ဖြစ်သည်။ ခရိုင်၏ အရှေ့မြောက်ဖက် ရန်ကုန်-ပဲခူး မော်တော်ကားလမ်းကြီးပေါ်တွင် တည်ရှိ၍ ရန်ကုန်မြို့မှ ၂၇ မိုင်ဝေးလေသည်။ မြို့တည်နေရာသည် အချက်အခြာ ကျသဖြင့် ကျေးလက်ပုပြင်ရေးသမားများ၏ စံပြဌာနတခု ဖြစ်ခဲ့သည်။ မြို့ပေါ်တွင် မြို့ပိုင်ရုံး၊ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၊ စိုက်ပျိုးရေးရုံး၊ ဆောက်လုပ်ရေးဌာနရုံး၊ သမဝါယမမြို့အုပ်ရုံးနှင့် အစိုးရ ဆေးပေးရုံတို့အပြင် အစိုးရ အထက်တန်းကျောင်းလည်း ရှိသည်။

၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ လှည်းကူးမြို့တွင် လူဦးရေ ၆,၇၇၈ ယောက်ရှိသည်။

လှည်းကူးမြို့နယ်သည် မှော်ဘီခရိုင်ခွဲတွင် ပါဝင်၍ ၅၉၆ စတုရန်းမိုင် ကျယ်ဝန်းသည်။ သူကြီးပိုင်နယ်ပေါင်း ၆၆ နယ် ပါဝင်၏။ လူဦးရေမှာ ၁၉၇၁ ခုနှစ် ခန့်မှန်း သန်ကောင်စာရင်းအရ ၁၁၆,၀၀၀ ခန့်ရှိသည်။

**လုံ့။** ။တုတ်အရှည် ရှစ်ပေမှ ကိုးပေအထိနှင့် ထိပ်ဖက်တွင် စူး၍ ဝင်နိုင်သည့် အချွန်ရှိသော တိုက်ခိုက်သည့် ကရိယာကို လုံ့ဟုခေါ်သည်။ လုံ့ကိုအသုံးပြုရာတွင် မြားကဲ့သို့ လေးမှ ပစ်၍ မလွှတ်ပဲ လက်ဖြင့်သာ ပစ်၍ ထိုးရသည်။

ရှေးအခါက လုံ့၏ အဖျားသည် သာမန်ချွန်ထားခြင်းမျှသာ ဖြစ်ပြီးလျှင် ထိုအချွန်ကို မာစေရန် မီးသင်း၍ထားကြပေလိမ့်မည်။ ထိုနောက်မှ အရိုးချွန်ကို ထည့်နိုင်ခဲ့ကြသည်။ ထိုလက်နက်မျိုးကို ယခုတိုင် ရှေးဆံသည့် လူမျိုးများ သုံးစွဲလျက် ရှိကြသေးသည်။

အလယ်ခေတ် စစ်သားများ၏ လုံ့သည် ၁၆ ပေရှည်၏။ ယခုခေတ် အလံကိုင် မြင်းစီး စစ်သားများ၏ လုံ့အရှည်မှာ ရှစ်ပေခွဲမှ ၁၁ ပေအထိ ရှိသည်။ ထိုလုံ့များ၏ ထိပ်ဖက်တွင် အလံကလေးများ ချိတ်ဆွဲထားကြလေသည်။ပါးရှင်းစစ်သားများ၏လုံ့ထိပ်တွင် အသွားနှစ်ခွ၊ တခါတရံတွင်သုံးခွရှိသော လုံ့များကို အလှသက်သက် ပြုလုပ်ထားကြသည်။ လူရိုင်းများ၏ လုံ့အဖျားတွင် ငါးရိုးကိုဖြစ်စေ၊ အခြားအရိုး တခုခုကို ဖြစ်စေ ချည်ထားတတ်ကြသည်။ ထိုလုံ့များကို အမဲလိုက်ရာတွင် ဖြစ်စေ၊ စစ်တိုက်ရာတွင် ဖြစ်စေ အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ စစ်တိုက်ရာတွင်သုံးသည့် လှံများ၏ အဖျားတွင် တခါတရံ အဆိပ်သုတ်လိမ်းထားတတ်ကြသည်။ လှံသွားများကို ကြေးညိုဖြင့် ပြုလုပ်လေ့ရှိကြသည်။ တောဝက်သိုးများနှင့် အခြား အမဲကောင်ကြီးများကို လိုက်ရာတွင် လှံများကို ယခုတိုင်ပင် အသုံးပြုလျက် ရှိကြသေးသည်။ ရှုရှနှင့် အနောက်ဥရောပ နိုင်ငံရှိ မြင်းစီးတပ်များတွင်၎င်း၊ အိန္ဒိယ မြင်းစီးတပ်များတွင်၎င်း ယခင်က လှံများကိုလက်နက်အဖြစ် အသုံးပြုခဲ့ကြသော်လည်း ယခုအခါတွင်မူ လှံများကို အခမ်းအနားများတွင်သာ အသုံးပြုကြတော့သည်။

ရှေးမြန်မာစစ်သားများသည် လှံထိုးနှင့် ဓားခုတ်ကျင်လည်ကြသည်ဟု အဆိုရှိသည်။ ဆဲ့နှစ်ရာသီ ပွဲတော်အလိုက် ပြသိုလတွင် မြင်းခင်းစက်သွင်းပွဲတော် ကျင်းပရာ၌ 'မြေနန်းတော် လက်ဝဲဘက်တွင် အမြင့် တဆဲ့ငါးတောင်က စ၍ နှစ်ဆယ်၊ နှစ်ဆဲ့ငါးတောင်၊ သုံးဆယ်၊ ငါးဆယ်၊ အနောက်က အရှေ့သို့ အတည့်အတန်း စက်တိုင်ငါးစိုက်ထူပြီးလျှင်.... မင်းညီ မင်းသား၊ ဝန်ကြီး၊ အတွင်းဝန်၊ ဝင်းတော်မှူး၊ မှူးတော် မတ်တော်၊ လက်သုံးတော်၊ လက်စွဲတော်တို့ သနားတော်မြတ်ခံရသည့် မျဉ်း၊ မောက်တို၊ စစ်ဝတ်တန်ဆာဆင်ယင်ပြီးလျှင် မြင်းကြိုးကစုံများကို စီးနင်း၍ တကိုယ်လျှင် ဆယ်ခေါက်ကျ လှံလျှင်ဆယ်စင်းစီ ကုန်အောင် ထိုးကြရသည်။....စက်စွဲသည့် မင်းညီမင်းသား၊ မှူးတော် မတ်တော် လက်သုံးတော် လက်စွဲတော်တို့မှာ တလက်စွဲလျှင် ငွေပွင့်ထိုး ပန်းပုဝါတစ်၊ သဇင်ပန်းခိုင်တစ်စီ သနားတော်မူသည်' ဟု ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် ဖော်ပြထားလေသည်။

၁၂၂၇ ခုနှစ်က မင်းတုန်းမင်းတရားကြီးသည် ကျောက်တော်ကြီး ဘုရားကို ဖူးမြော်ရန် ရွှေခြောက်တပ်၊ ငွေခြောက်တပ်၊ ဆင်တပ် မြင်းတပ် ရထားတပ် ခြေသည်တပ် တည်းဟူသော စစ်အင်္ဂါလေးပါး ခင်း၍ ထွက်တော်မူသည်။ ထိုသို့ ထွက်တော်မူကြီး ထွက်တော်မူရာတွင် စစ်သည်တော်တို့သည် လေး၊ မြား၊ သေနပ်၊ အမြောက် စသော လက်နက်အမျိုးစုံတို့ကို စွဲကိုင်ဆောင်ကြဉ်းကြသည်။ ထိုလက်နက်အမျိုးမျိုးတွင် လှံသည် အလွန်အရေးပါ အရာရောက်ပုံ ရ၏။ အကြောင်းမူ ဆင်တပ်တွင်လည်း လှံပါရသည်။ မြင်းတပ်တွင်လည်း လှံပါရသည်။ ရထားတပ်တွင်လည်း လှံပါရသောကြောင့် ဖြစ်လေသည်။

ဆင်တပ်တွင် ဆင်တစီးတစီးလျှင် ဆင်ခြေဖုံးမိုးနဲ့ရွှေလှံကိုင် ဆယ်ယောက်စီ ခြံရံလိုက်ပါရသည်။

မြင်းတပ်တွင် မြင်းတစီးတစီးလျှင် စီးသူတယောက် တယောက်ပါသည်။ ထိုမြင်းစီးသူရဲသည် လက်ချည်းသက်သက် ဖြစ်သည်လည်း ရှိ၍၊ အဲမောင်း ကိုင်ထားသည်လည်း ရှိ၏။ မြင်းတစီးလျှင် လှံကမ်းသူ နှစ်ယောက်နောက်က ပါရသည်။

ရထားတပ်တွင် သူရဲစီးမြင်းကရထား တစီးလျှင် ဝဲယာနားပန်းစောင့် လှံကိုင်သူရဲနှစ်ယောက် ပါရသည်။

ခြေသည်တပ် တွင်ကား လှံကိုင်သူရဲအများအပြားပါဝင်သည်။ များသောအားဖြင့်ကား လှံရှည်ကိုင်၊ ရွှေဒိုင်း၊ ရွှေလှား၊ ရွှေကာစွဲ သူရဲတို့ ဖြစ်၏။ သို့သော်လည်း အတွင်းကိုယ်ရံတော်တပ်တို့တွင်မူ ရွှေလှံကိုင် သူရဲတို့ပါသည်။

ပုဂံဝန်ထောက်မင်း ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်း စတုတ္ထပိုင်း စာမျက်နှာ ၇၀ ၌ လှံအကြောင်း ဤသို့ ဖော်ပြပါရှိသည်။

လှံသည် (၁) လှံလျှင်၊ (၂) ခြေသည်ကိုင်လှံ၊ (၃)မြင်းသည်ကိုင်လှံ၊ (၄) ဆင်သည်ကိုင်လှံ ဟူ၍ လေးမျိုး ပြားသည်။

(၁) လှံလျှင်ဆိုသည်မှာ အဝေးရှိ ရန်သူကိုလည်း ထိုးနိုင်သည်။လက်ထဲတွင် အစွဲအမြဲ ကိုင်၍လည်း ထိုးနိုင်သည်။ ထိုကြောင့် ပါဠိတွင် မုတ္တာမုတ္တ လက်နက်ဟု ခေါ်သည်။ လှံလျှင်ထိုးနည်းတွင် လက်တဖက်လျှင် လှံ ၁၀ စင်းစီ ကိုင်ထားပြီးမှ တစင်းစီ နှစ်စင်းစီ တဖက်ရန်သူရှိရာထိုးနိုင်သော အတတ်မျိုးလည်းပါသည်။ လှံလျှင်ဖြင့် အဝေးကိုတွင် မက အမြင့်ကိုလည်း ထိုးနိုင်သည်။

(၂) ခြေသည်ကိုင်လှံ ဆိုသည်မှာ ယခုကာလ ကိုင်ကြသော လှံမျိုးပင်ဖြစ်သည်။ သို့ရာတွင် စွဲကိုင်သူ၏ အင်အား အလျောက် လှံသွား အကြီးအသေး ကွာခြားသည်။

(၃) ဆင်ထိုးလှံဆိုသည်ကား များသောအားဖြင့် လှံမများပင်ဖြစ်သည်။ အရိုးရှည်၊ အရိုးတိုအသွားအချွန်များမှာလည်း ကိုင်လိုသူ၏ အင်အားအလိုက် အရွယ်အစား ကွဲပြားသေးသည်။ လှံမဆိုသည်မှာလှံကြီးကို ဆိုလိုသည်။

(၄) မြင်းသည်ကိုင်လှံကို အဲမောင်းလည်းခေါ်သည်။

**လျှာ**။ ။လျှာသည်ကြွက်သားမျှင်၊ မျူကပ်မင်ဗရိန်းခေါ် ချွဲမြေးတို့ဖြင့် ပြီးသော ခံတွင်း၏ အောက်အခင်းနှင့် ပမာတူ၏။အတွင်းကား ကြွက်သားစိုင်ဖြစ်ပြီးလျှင် အပေါ်ယံမျက်နှာပြင်ကား မျူကပ်မင်ဗရိန်းဖြစ်၏။ အမြဲသဖြင့် စိုထိုင်းနေလေသည်။

မျူကပ်မင်ဗရိန်းကို မှန်ဘီလူးဖြင့် ကြည့်လျှင် အဖုမြွာများဖြင့် ပြည့်နှက်နေသည်ကို တွေ့၏။ ထိုအဖုမြွာတို့သည် သုံးမျိုးရှိ၏။ ယင်းတို့မှာ (၁) လျှာပေါ်တွင် အမြောင်းလိုက် တန်းနေ၍ လျှာတခုလုံး၏အပေါ်တွင် အနှံ့အပြား တည်ရှိနေသော အဖုမြွာများ၊ (၂) လျှာဖျားနှင့် အနားတဝိုက်၌တည်ရှိသောမှိုပွင့်သဏ္ဌာန် အဖုမြွာများ၊ (ယင်းတို့ကို အရသာဖုကလေးများဟုလည်းခေါ်၏။) (၃)လျှာရင်း၌ရှိ၍ အရွယ်အားဖြင့်အကြီးဆုံးနှင့် အရေအတွက်အားဖြင့် အနည်းဆုံးဖြစ်သော စက်ဝိုင်းစိတ်ပုံရှိ အဖုမြွာကြီးများဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ထိုအဖုမြွာကြီးများသည် အနည်းဆုံး ခုနစ်ခုမှ အများဆုံး ဆယ့်နှစ်ခုအထိ ရှိပြီးလျှင် လျှာ၏နောက်ပိုင်းတွင် မြားဦးပုံ ပေါ်နေအောင် တန်းလျက်ရှိ၍ လျှာရင်းသို့ ဦးလှည့်နေ၏။ ဤအဖုမြွာမျိုးသည် အလယ်တွင် ချိုင့်လျက်ရှိသည်။ထိုချိုင့်ခွက်နှင့်အဖုမြွာတွင် နှစ်ကြောမြှင်များရှိ၏။ အစာကို စားလိုက်သောအခါ လျှာဖျားဖြင့် အရသာကို အတန်ငယ်သာ သိ၍ လျှာရင်းရောက်မှသာ အရသာမှာ သိသိသာသာကြီး ပေါ်လာသည်။ အထူးသဖြင့် အချိုအရသာကို လျှာဖျားဖြင့် ပိုမိုသိလွယ်၍ အချဉ်ကို လျှာနံဘေးဖြင့် သိလွယ်ပြီးလျှင် အခါးအရသာကိုမူကား လျှာရင်းအဖုမြွာကြီးများဖြင့်သာ သိလွယ်လေသည်။

လျှာရင်းမှာ အာခေါင်ဖြင့်တွယ်၍နေသော်လည်း လျှာဖျားမှာ လွတ်လပ်စွာ ခေါက်ချည်ဖြန့်ချည် ဝဲယာအထက်အောက် လှုပ်ရှားနိုင်လေသည်။ လျှာသည် အောက်ဖက်တွင် ချောမွတ်သော အသားမြှင် အသားမြေးတို့ဖြင့် ဆိုင်းတွယ်ကပ်လျက် ရှိပြီးလျှင် အဖျားကလေးလောက်သာ အတွယ်အဆိုင်း မရှိပဲ လွတ်လပ်လျက် ရှိလေသည်။ အချို့သောသူတို့၌ လျှာသည် အဖျားတိုင်အောင် အောက်ဖက်မှ တွယ်လျက်ရှိသောကြောင့် လျှာကို အခြားသူတို့ကဲ့သို့ ရှည်ရှည် မထုတ်နိုင်ကြချေ။ လျှာကိုအပြင်သို့ထုတ်ခြင်း၊ ရှေ့သို့ ချွန်းခြင်း၊ လုံးခြင်း၊ လိပ်ခြင်းတို့သည် လျှာ၌ရှိသောကြွက်သားတို့၏ လှည့်ပတ် လှုပ်ရှားနိုင်ခြင်းကြောင့် ဖြစ်လေသည်။ စကားပြောသည့်အခါ ထစ်ခြင်း၊ ဆွံ့ခြင်း၊ အခြင်းတို့သည် လျှာတွင်ရှိသည့် ကြွက်သားများ ကောင်းစွာ မလှုပ်ရှားနိုင်ခြင်းကြောင့် ဖြစ်ကြရလေသည်။

လျှာတွင် အခြားကိုယ်ခန္ဓာအစိတ်အပိုင်းမှာကဲ့သို့သွေးကြောများ အနှံ့အပြားရှိလေသည်။ လျှာ၏ အရေးကြီးသောလုပ်ငန်းလေးရပ်မှာ အရသာခံခြင်း၊ အစာကိုဝါးရာ၌ သမအောင်လှိမ့်နယ်ကူညီပေးခြင်း၊အစာကိုမျိုချရန် ကူညီပေးခြင်းနှင့် ပြောဆို ရယ်မောရာ၌ အသံထွက်စေခြင်းတို့ဖြစ်၏။ လျှာသည် သတ္တဝါကိုလိုက်၍ ကွဲပြားခြားနား၏။ ပုံစံပြရလျှင် ကြောင်တွင် အစာကို အရိုးအသားခွဲခြား၍ ထုတ်ယူနိုင်ရန် ဝက်မှင်မွှေးကဲ့သို့ ကြမ်းသောလျှာရှိ၏။ မြက်စားသတ္တဝါများ၌ကား မြက်ကိုသွားဖြင့် မကိုက်ဖြတ်မီ လျှာဖြင့် ခပ်များများ သိမ်းယူနိုင်ရန် ကြမ်း၍ ရှည်သောလျှာ ရှိ၏။ ဖားနှင့် ပုတ်သင်ညိုမျိုးတို့၌မူကား အစာဖြစ်သော ပိုးမွှားများကို လျှာဖြင့် ဖမ်းလိုက်တိုင်း စေးကပ်၍ ပါလာအောင် လျှာမှာ ရှည်၍ အစေးလူးထားသကဲ့သို့ ခပ်ထိုင်းထိုင်း ဖြစ်နေသည်ကို တွေ့ရသည်။

**လျှို့ဝှက်မဲ။**　။ဒီမိုကရေစီ နိုင်ငံများတွင် အရွယ်ရောက်သူတိုင်းသည်. မဲဆန္ဒပေးပိုင်ခွင့် ရရှိကြသည်။ ဒေသန္တရအဖွဲ့ ရွေးကောက်ပွဲများတွင်ရင်း၊ဥပဒေပြုလွှတ်တော်အဖွဲ့အစည်း ရွေးကောက်ပွဲများတွင်ရင်း လူထုသည် မိမိတို့ သဘော



ဗြိတိန်နိုင်ငံတွင် လျှို့ဝှက် မဲဆန္ဒပေးရာ၌ ဤသို့ စည်းကမ်းတကျ မဲပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com





ကျ နှစ်ခြိုက်သူများကို မိမိတို့ ကိုယ်စားလှယ်များ အဖြစ် မဲဆန္ဒဖြင့် ရွေးကောက် တင်မြှောက်နိုင်သည်။ ထိုသို့သော ရွေးကောက်ပွဲများတွင် များသောအားဖြင့် လျှို့ဝှက်မဲပေးနည်းကို လက်ခံသုံးစွဲကြလေသည်။

လျှို့ဝှက် မဲပေးနည်းကို ၁၈၅၆ ခုနှစ်ခန့်က တောင်ဩစတြေလီးယား ပြည်နယ်တွင် စတင် အသုံးပြုခဲ့သည်။ ထို့ကြောင့်ပင် တခါတရံ ထိုနည်းကို ဩစတြေလီးယား မဲပေးနည်းဟု ခေါ်ကြ၏။

ရှေးအခါက လူများသည် မိမိတို့၏ဆန္ဒကို မဲဖြင့် ဖော်ပြရာ၌ ဘောလုံးလေးများကို အသုံးပြုခဲ့သည်ဟု အဆိုရှိ၏။ အဖြူရောင် ဘောလုံးမှာ သဘောကျ နှစ်ခြိုက်ကြောင်းကို ပြ၍ အနက်ရောင်မှာ အလိုမတူ ကန့်ကွက်ကြောင်းကို ဖော်ပြသည်ဟု ဆိုသည်။

ဂရိတ်ဗြိတိန်နိုင်ငံတွင် ၁၈၇၂ ခုနှစ် လျှို့ဝှက်မဲပေးနည်း အက်ဥပဒေအရ လျှို့ဝှက် မဲပေးနည်း စတင် အသုံးပြုခဲ့၏။ ထိုအက်ဥပဒေတွင် အောက်ပါအတိုင်း ရှင်းလင်း ဖော်ပြထားသည်။

ရွေးကောက်ပွဲတခုတွင် ယှဉ်ပြိုင်မှုရှိခဲ့သော် မဲဆန္ဒများကို လျှို့ဝှက် မဲပေးနည်းအရ ပေးရမည်။ မဲဆန္ဒရှင်တဦးစီ၏ မဲမှာ အရွေးခံသူများ၏ အမည်နှင့် သူတို့၏ အကြောင်းအရာများကို ဖော်ပြထားသော စက္ကူကပ်ပြား ဖြစ်ရမည်။ မဲစက္ကူကပ်ပြားတခုစီ၏ နောက်ကျောတွင် အမှတ်စဉ်တခုစီ ရိုက်နှိပ်ထား၍ ယင်းအမှတ်စဉ်ကိုပင် မျက်နှာဖက်တွင် ရိုက်နှိပ်ထားသော လက်ခံတခုစီနှင့် ပူးတွဲ ရှိနေစေရမည်။ မဲပေးသောအခါတွင် မဲစက္ကူကပ်ပြား နှစ်ဖက်စလုံးတွင် ရုံးသုံး အမှတ်နှင့် မှတ်သားထား၍ မဲပေးရုံအတွင်းတွင် မဲဆန္ဒရှင်သို့ ပေးအပ်ပြီးနောက် မဲဆန္ဒရှင်၏ မဲစာရင်းမှ အမှတ်စဉ်ကို လက်ခံတွင် ရေးမှတ်ထားရမည်။ မဲဆန္ဒရှင်သည် မိမိ၏ဆန္ဒကို မဲစက္ကူကပ်ပြားပေါ်တွင် လျှို့ဝှက်စွာ ရေးမှတ် ဖော်ပြ၍ သူ၏ဆန္ဒ ရေးမှတ်ထားခြင်းကို လျှို့ဝှက်ရန်အတွက် ထိုစက္ကူကပ်ပြားကို ခေါက်ပြီးနောက် မဲရုံစောင့် အရာရှိ၏ရှေ့တွင် ပိတ်ထားသောပုံးထဲသို့ ထည့်လိုက်ရမည်။

မဲဆန္ဒရှင်သည် မိမိ၏ ဆန္ဒကို မဲစက္ကူကပ်ပြားတွင် လျှို့ဝှက်စွာ ရေးမှတ်ဖော်ပြသည်ဆိုရာ၌ ထိုကပ်ပြားပေါ်တွင် အရွေးခံရသူများ၏ အမည်များ ပါရှိရာ၊ မိမိနှစ်ခြိုက်သူ၏ အမည်နှင့် ယှဉ်လျက် ကြက်ခြေတခု ပြုလုပ်ရန်ပင် ဖြစ်သည်။ ယင်းအမှတ်အသားမှလွဲ၍ အခြားအမှတ်အသားများကို ပြုလုပ်လျှင် မဲကို ပျက်ပြယ်စေရန်ပြုလုပ်ရာ ရောက်လေသည်။

လျှို့ဝှက်မဲပေးနည်း၏ကောင်းမွန်သောအချက်မှာ မဲဆန္ဒရှင်များသည် လွတ်လပ်စွာ မဲပေးနိုင်ခြင်း ဖြစ်လေသည်။

**လျှပ်စစ်ဓာတုဗေဒ။** ။ဆဲ့ရှစ်ရာစုနှစ် နောက်ပိုင်းမှစ၍ ဓာတုဗေဒတွင် လျှပ်စစ်ဓာတ်ကို စတင်အသုံးပြုလာခဲ့ကြရာ ဗန်မာရမ်ဆိုသူသည် လျှပ်စစ်ဓာတ်ပွတ်စက်ကို လှည့်နေစဉ်အတွင်း အိုဇုန်းဓာတ်ငွေ့ကို ပဌမဆုံး တွေ့ရှိခဲ့သည်။ ခရစ် ၁၈၀၀ ပြည့်နှစ်တွင် အယ်လက်ဇန္ဒြို ဗိုလတာသည် လျှပ်စစ်ဓာတ်အိုးကို အသစ်ထွင်၍ ထမြောက်အောင်မြင်ခဲ့သည်။ (ဗိုလတာ, ကောင့် အယ်လက်ဇန္ဒြို — ရှု။) နောက် နှစ်နှစ်အကြာတွင် နစ်ကာလဆန်နှင့် ကာလိုင်းတို့သည် ရေတွင် လျှပ်စစ်ဓာတ်ကို လွှတ်လိုက်ခြင်းအားဖြင့် ရေကို ဟိုက်ဒြိုဂျင်နှင့် အောက်ဆီဂျင် ဓာတ်ငွေ့ နှစ်မျိုးအဖြစ် ကွဲထွက်သွားစေနိုင်ကြောင်းကို သိရှိလာကြသည်။ ၁၈၀၇ ခုနှစ် ရောက်လာသောအခါ ဆာ ဟန်ဖရီ ဒေဗီသည် လျှပ်စစ်ဓာတ်ခွဲနည်းဖြင့် ဆိုဒီယမ်နှင့် ပိုတက်ဆီယမ်တို့ကို ထိုသတ္တုတို့၏ ဟိုက်ဒရောက်ဆိုက် အရည်များမှ ခွဲထုတ် ယူနိုင်ခဲ့သည်။ ဤကဲ့သို့ လျှပ်စစ်ဓာတ်ကို အသုံးပြုသဖြင့် အက်တမ်များ ဒြပ်စင်များ ကွဲထွက်လာခြင်းနှင့် စပ်လျဉ်း၍ ဓာတုဗေဒစည်းများ ရှိကြောင်းကို ၁၉ ရာစုနှစ် အလယ်လောက် ရောက်သောအခါ မိုက်ကယ် ဖားရဒေးက စမ်းသပ်ပြလေသည်။ (ဒေဗီ, ဆာ ဟန်ဖရီ။ ဖားရဒေး, အမ် — ရှု။)

လျှပ်စစ်ဓာတ်ကို ဓာတုဗေဒတွင် အသုံးပြုသောအခါ လိုက်နာ ဆောင်ရွက်ရသည့် သဘောတရားများ အနက် မူလအရင်းခံသဘောတရားမှာ အိုင်းယွန်းနိုက်ဇေးရှင်းခေါ် လျှပ်စစ်ဓာတ်ဝင် အစိတ်အပိုင်းများအဖြစ်သို့ အစည်းကွဲသွားတတ်ခြင်းပင် ဖြစ်သည်။ လျှပ်စစ်ဓာတ်လိုက်ရည်တခုခုထဲသို့ လျှပ်စစ်ဓာတ်လွှတ်လျှင် ဓာတ်လိုက်ရည်သည် အိုင်းယွန်းခေါ် လျှပ်စစ်ဓာတ်ဝင်နေသော အစိတ်အပိုင်းကလေးများအဖြစ်သို့ ကွဲထွက်သွား၏။ အိုင်းယွန်းတွင် အက်တမ်တခု၊ သို့မဟုတ် တခုထက်ပို၍ ပါရှိတတ်၏။ ရေတွင် ပျော်ဝင်နေသော ဟိုက်ဒြိုဂျင်ကလိုရိုက် ပျော်ဝင်ရည်ကို ကြည့်လျှင် ထိုပျော်ဝင်ရည်၌ ပျော်ဝင်ပစ္စည်းသုံးမျိုးရှိကြောင်းကို တွေ့ရှိရသည်။ ထိုပစ္စည်း သုံးမျိုးမှာ (၁) အစည်းမကွဲသေးသော ဟိုက်ဒြိုဂျင်ကလိုရိုက် မော်လီကျူးများ၊ (၂) လျှပ်စစ်အဖိုဓာတ်ကိုဆောင်သော ဟိုက်ဒြိုဂျင် အိုင်းယွန်းများ($H^+$) နှင့် (၃) လျှပ်စစ်အမဓာတ်ကို ဆောင်သော ကလိုရင်းအိုင်းယွန်းများ ($CL^-$)ဖြစ်သည်။ ထိုပစ္စည်း သုံးမျိုးသည် ပျော်ဝင်ရည် တခုလုံးတွင် တညီတညွတ်တည်း ပျံ့နှံ့လျက်ရှိကြ၏။

အစည်းမကွဲသော ဟိုက်ဒြိုဂျင် ကလိုရိုက် မော်လီကျူးများကား လျှပ်စစ်ဖြင့် ဓာတ်ခွဲသောအခါ မည်သို့မျှ ပါဝင်ခြင်း မရှိချေ။ အမှန်မှာ ပျော်ဝင်ရည် ထဲတွင် အစည်း မကွဲသော ဟိုက်ဒြိုဂျင် ကလိုရိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အစည်းကွဲသွားသော ဟိုက်ဒြိုဂျင်အိုင်းယွန်း (H+)၊ ကလိုရင်းအိုင်းယွန်း (CL−) တို့သည် အစည်း ကွဲသွားလိုက်၊ အစည်းကွဲပြီးသည်နှင့် တပြိုင်နက် ပြန်၍ ပေါင်းစပ်လိုက်နှင့် ညီညွတ်မှု ရလျက်ရှိလေသည်။ ညီညွတ်မှု ရရှိပုံကို အောက်တွင် ပြထားသည်။

$$H\ CL \rightleftharpoons H^{+}CL\ -$$

အဓိပ္ပာယ်မှာ ရေတွင် ဟိုက်ဒြိုဂျင်ကလိုရိုက်ကို ထည့်လိုက်သောအခါ လျှပ်စစ် အဖိုဓာတ်ကို ဆောင်သော ဟိုက်ဒြိုဂျင် အိုင်းယွန်း (H+) နှင့် လျှပ်စစ် အမဓာတ်ကို ဆောင်သော ကလိုရင်းအိုင်းယွန်း (CL−) တို့သည် ကွဲထွက်သွားကြ၏။ယင်းသို့ ကွဲသွားပြီးသည်နှင့် တဖန် ဟိုက်ဒြိုဂျင်နှင့် ကလိုရင်းတို့သည် ပြန်၍ ပေါင်းစပ်ကြပြီးလျှင် ဟိုက်ဒြိုဂျင် ကလိုရိုက်အက်ဆစ် ပြန်ဖြစ်၏။ ဤသို့ဖြင့် ကွဲသွားလိုက် ပြန်ပေါင်းလိုက်နှင့်အစဉ်မျှတမှုရှိလေသည်။ဆိုခဲ့သော အဖြစ်အပျက်သည် လျှပ်စစ်ဓာတ်ကို ပျော်ဝင်ရည်ထဲသို့ မလွှတ်မီအချိန်တွင်ဖြစ်၏။ လျှပ်စစ်ဓာတ်ကို ပျော်ဝင်ရည်ထဲသို့ လွှတ်လိုက်သည်နှင့် တပြိုင်နက် အစည်းကွဲနေသော အိုင်းယွန်းတို့သည် ဆိုင်ရာ လျှပ်စစ်ဓာတ်လိုက်တိုင်များသို့ အသီးအသီးကူးသွားကြ၏။ လျှပ်စစ်အဖိုဓာတ်ကို ဆောင်သော ဟိုက်ဒြိုဂျင် အိုင်းယွန်း (H+) များသည် ဓာတ်မ တိုင်ရှိရာသို့ သွား၍ လျှပ်စစ် အမဓာတ်ကိုဆောင်သော ကလိုရင်းအိုင်းယွန်း (CL−) များက ဓာတ်ဖိုတိုင်ရှိရာသို့ သွားကြ၏။

ထို့ကြောင့် အိုင်းယွန်း ဆိုသည်မှာ လျှပ်စစ်ဓာတ်ကို ဆောင်သော အက်တမ်တခု၊ သို့မဟုတ် လျှပ်စစ်ဓာတ်ကို ဆောင်သော အက်တမ်အများကို ဆိုလိုသည်။ လျှပ်စစ်အဖိုဓာတ်ကို ဆောင်သော အိုင်းယွန်းများကို ဇက်တိုင်ယွန်ဟု ခေါ်၍ လျှပ်စစ်အမဓာတ်ကို ဆောင်သော အိုင်းယွန်းများကို အန်နိုင်ယွန်ဟု ခေါ်၏။

လျှပ်စစ်အဖိုဓာတ်ကို ဆောင်သော ဟိုက်ဒြိုဂျင် အိုင်းယွန်း (H+) သည် ဓာတ်မတိုင်သို့ရောက်၍ တွေ့ထိသောအခါ လျှပ်စစ် အဖိုဓာတ်သည် ပျောက်ပျက်သွားသောကြောင့် သာမန် ဟိုက်ဒြိုဂျင် အက်တမ် အဖြစ်နှင့်သာ ရှိ၏။ ဤကဲ့သို့ သာမန် ဟိုက်ဒြိုဂျင်အက်တမ်များ စုဝေးနေရာတွင် ဟိုက်ဒြိုဂျင် မော်လီကျူးများ ဖြစ်လာပြီးလျှင် ပလုံစီများ ထလာလေသည်။ ထိုနည်းအတူ တချိန်တည်းမှာပင် လျှပ်စစ်အမဓာတ်ကို ဆောင်သော ကလိုရင်းအိုင်းယွန်း (CL−) ကလည်း ဓာတ်ဖိုတိုင်ရှိရာသို့ရောက်၍ တွေ့ထိသောအခါ လျှပ်စစ် အမဓာတ်သည် ပျောက်ပျက်သွားသောကြောင့် သာမန် ကလိုရင်းအက်တမ် အဖြစ်နှင့်သာ ရှိ၏။ ဤကဲ့သို့ သာမန် ကလိုရင်း အက်တမ်များ စုဝေးနေရာတွင် ကလိုရင်း မော်လီကျူးများ ဖြစ်လာကြပြီးလျှင် ပလုံစီများ ထပြန်လေသည်။ ဟိုက်ဒြိုဂျင် အိုင်းယွန်းများနှင့် ကလိုရင်းအိုင်းယွန်းတို့သည် ပျော်ဝင်ရည်ထဲမှ ထွက်သွားကြသောကြောင့် အစည်းမကွဲသေးသော ဟိုက်ဒြိုဂျင်ကလိုရိုက်တို့သည် ထပ်၍အစည်းကွဲကြပြီးလျှင် တဖန် အိုင်းယွန်းများ ဖြစ်ကြပြန်၏။ ဤသို့ လျှပ်စစ်ဓာတ် လွှတ်ထားလျှင် ဟိုက်ဒြိုဂျင်နှင့် ကလိုရင်းဓာတ်တို့သည် ဓာတ်ဖိုတိုင်နှင့် ဓာတ်မတိုင်တို့မှအသီးအသီးထွက်နေကြလေသည်။

လျှပ်စစ်ဓာတ်ကို မည်သည့် အရည်တွင်မဆို လွှတ်လိုက်သောအခါ အိုင်းယွန်းများကွဲထွက်လာကြပြီးလျှင် ဆိုင်ရာဓာတ်လိုက်တိုင်များဆီသို့ အသီးအသီးသွားကြသည်။ ထိုအချင်းအရာမှာ အက်ဆစ် ပျော်ဝင်ရည်၊ ဗေ့ပျော်ဝင်ရည်နှင့် ဓာတ်ဆား ပျော်ဝင်ရည်များတွင် ပို၍ ထင်ရှား၏။ အကြောင်းသော်ကား အက်ဆစ်၊ ဗေ့နှင့် ဓာတ်ဆားတို့သည် ရေတွင် ပျော်ဝင်သည့်အခါတိုင်း လျှပ်စစ်ဓာတ်စီးမလွှတ်ခင်မှာပင် အိုင်းယွန်းအဖြစ်ဖြင့် အစည်း ကွဲထွက်၍ ဓာတ်ဖောက်ပြန်မှုများ ဖြစ်နေကြသောကြောင့်တည်း။ ထို့ကြောင့် မည်သည့်ပစ္စည်းမဆို ရေတွင်ပျော်ဝင်၍ ထိုပျော်ဝင်ရည်ထဲ၌ လျှပ်စစ်အဖိုဓာတ်ကို ဆောင်သော ဟိုက်ဒြိုဂျင် အိုင်းယွန်း(H+ )များရှိလျှင် ထိုပစ္စည်းကို အက်ဆစ်ဟုခေါ်၏။ အကယ်၍ ပစ္စည်းတခု၏ ပျော်ဝင်ရည်ထဲ၌ လျှပ်စစ် အမဓာတ်ကိုဆောင်သော ဟိုက်ဒရောက်ဆီ အိုင်းယွန်း (HO−) များရှိလျှင် ထိုပစ္စည်းကို ဗေ့ ဟုခေါ်၏။ အကယ်၍ ပစ္စည်းတခု၏ ပျော်ဝင်ရည်ထဲ၌ ဟိုက်ဒြိုဂျင် အိုင်းယွန်း( H+ )အစား အခြား လျှပ်စစ် အဖိုဓာတ်ကို ဆောင်သည့် အိုင်းယွန်းများနှင့် ဟိုက်ဒရောက်ဆီအိုင်းယွန်း (HO−) အစား အခြားလျှပ်စစ် အမဓာတ်ကိုဆောင်သည့် အိုင်းယွန်းများ ရှိခဲ့လျှင် ထိုပစ္စည်းကို ဓာတ်ဆားဟုခေါ်သည်။အိုင်းယွန်းများ ကွဲထွက်တတ်သော အက်ဆစ်၊ဗေ့နှင့် ဓာတ်ဆားတို့၏ ဥပမာများကို အောက်တွင်ပြထားသည်။

### အက်ဆစ်များ

ဟိုက်ဒြိုကလောရစ် အက်ဆစ် (ဟိုက်ဒြိုဂျင် ကလိုရိုက်) တွင် ($H^{+}$,CL−) အိုင်းယွန်းများ ရှိ၏။

နိုက်ထရစ်အက်ဆစ်တွင် ($H^{+}$,$NO_3$−) အိုင်းယွန်းများ ရှိ၏။

ဆာလဖျူရစ် အက်ဆစ်တွင် ($H^{+}$,$SO_4$=) အိုင်းယွန်းများရှိ၏။

### ဗေ့များ

ဆိုဒီယမ်ဟိုက်ဒရောက်ဆိုက်တွင်($Na^{+}$,OH−) အိုင်းယွန်းများ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ပိုတက်ဆီယမ် ဟိုက်ဒရောက်ဆိုက်တွင် $(K^+, OH^-)$ အိုင်းယွန်းများ ရှိ၏။

### ဓာတ်ဆားများ

ဆိုဒီယမ် ကလိုရိုက်တွင် $(Na^+, CL^-)$ အိုင်းယွန်းများ ရှိ၏။

ပိုတက်ဆီယမ် ကလိုရိုက်တွင် $(K^+, CL^-)$ အိုင်းယွန်းများ ရှိ၏။

ဆိုဒီယမ် နိုက်ထရိတ်တွင် $(Na^+ NO_3^-)$ အိုင်းယွန်းများရှိ၏။

ဆိုဒီယမ် ဗိုင်ကာဗွန်နိတ်တွင် $(Na^+, H\,CO_3^-)$ အိုင်းယွန်းများရှိ၏။

ဟိုက်ဒြိုကလောရစ် အက်ဆစ်ပျော်ဝင်ရည်ထဲသို့ လျှပ်စစ်ဓာတ် လွှတ်လိုက်သည့်အခါ ဟိုက်ဒြိုဂျင်နှင့် ကလိုရင်းတို့ ထွက်လာကြောင်းကို အထက်တွင်ပြခဲ့ပြီ။ သို့သော် ကော့ပါး ဆာလဖိတ် $(Cu\,SO_4)$ ပျော်ဝင်ရည်ထဲသို့ လျှပ်စစ်ဓာတ် လွှတ်လိုက်သည့် အခါတွင်မူကား $(Cu^+)$ ကော့ပါး ခေါ် ကြေးနီသည် ဓာတ်မတိုင်တွင် စုရုံးနေသည်ကို တွေ့ရ၏။ လျှပ်စစ် အမဓာတ်ကိုဆောင်သော ဆာလဖိတ် $(SO_4^-)$ အိုင်းယွန်းမှာမူ သတ်သတ်ထွက်မလာပဲ ရေနှင့် ရောသွားပြီးလျှင် ဆာလဖျူရစ် အက်ဆစ် ဖြစ်သွား၏။ ဖြစ်ပုံမှာ

$$2\,SO_4 + 2H_2\,O \rightarrow 2H_2SO_4 + O_2$$

ဆာလဖိတ်အိုင်းယွန်း+ရေ → ဆာလဖျူရစ် အက်ဆစ် +အောက်ဆီဂျင်

ဤပုံစံကို ကြည့်ခြင်းအားဖြင့် ဓာတ်ဖိုတိုင်မှ ဆာလဖိတ် $(SO_4^-)$ ထွက်၍မလာပဲ အောက်ဆီဂျင်ဓာတ်သာလျှင် ထွက်လာကြောင်း သိရ၏။

လျှပ်စစ်ဓာတ်စီးကို ဓာတုဗေဒ နည်းအမျိုးမျိုးဖြင့် ရယူနိုင်၏။ သို့သော် ထိုသို့ ရရှိသော လျှပ်စစ်ဓာတ်စီးသည် စွမ်းအင်အနေမှ ပြောင်းလဲလာသဖြင့် ထိုလျှပ်စစ်ဓာတ်စီး၏ အနည်းအများသည် ပြောင်းလဲလာသော စွမ်းအင်ပေါ်တွင် အမှီပြု၍ တည်၏။ အဓိပ္ပာယ်မှာ စွမ်းအင်များလျှင် လျှပ်စစ်ဓာတ်စီးများ၍ စွမ်းအင်နည်းလျှင် လျှပ်စစ်ဓာတ်စီး နည်းသောဟူ၏။

လျှပ်စစ်ဓာတ်စီးရသော နည်းတွင် အလွယ်ကူဆုံးသော နည်းတနည်းမှာ အောက်ပါအတိုင်း ဖြစ်၏။

ဆာလဖျူရစ် အက်ဆစ် အပျော့ရည် ထည့်ထားသော ဖန်အိုးတလုံးထဲသို့ သွပ်တချောင်း(Zn)နှင့် ကာဗွန်တချောင်း(C)ထည့်ထား၏။ (ဟိုက်ဒြိုကလောရစ် အက်ဆစ်ကိုလည်း သုံးနိုင်သည်။) အက်ဆစ်ရည်သည် သွပ်ချောင်းကို တဖြည်းဖြည်းစား၏။ သွပ်ချောင်းကို အက်ဆစ် စားရာမှ ထွက်လာသော သွပ်အက်တမ် တခုတခုသည် သွပ်ချောင်းတွင်အီလက်ထရွန် နှစ်ခုစီ ချန်ထားရစ်ခဲ့၏။ ဤကဲ့သို့ ကျန်ရစ်ခဲ့သော အီလက်ထရွန်များသည် သွပ်ချောင်းတွင် လျှပ်စစ် အမဓာတ်ကိုဖြစ်စေ၏။ သွပ်ကိုဆာလဖျူရစ် အက်ဆစ်က စား၍ သွပ်အက်တမ်သည် သွပ်ချောင်းမှ ထွက်လာသောကြောင့် ဆာလဖျူရစ် အက်ဆစ်မှ ဟိုက်ဒြိုဂျင် အိုင်းယွန်း$(H^+)$နှစ်ခုသည် လျှပ်စစ်အဖိုဓာတ်ကို ဆောင်ပြီးလျှင် ကာဗွန်ချောင်း (C) ရှိရာသို့ သွားကြ၏။ ရောက်သွားသော ဟိုက်ဒြိုဂျင် အိုင်းယွန်းတိုင်းသည် ကာဗွန်ချောင်းမှ အီလက်ထရွန်တခုစီကို ယူပြီးလျှင် ဓာတ်မျှတသွားသောကြောင့် သာမန် ဟိုက်ဒြိုဂျင်အက်တမ် တခုဖြစ်သွား၏။ ထို့ပြင် ကာဗွန်ချောင်းမှ အီလက်ထရွန်များ ထွက်သွားသောကြောင့် ကာဗွန်ဓာတ်လိုက်တိုင်သည် လျှပ်စစ် အဖိုဓာတ်ကို ဆောင်၏။ သွပ်ဓာတ်လိုက်တိုင်သည် လျှပ်စစ် အမဓာတ် မပြည့်ဝမခြင်း အီလက်ထရွန်များကို ဆက်၍ဆက်၍ လက်ခံလျက်ရှိရာ လျှပ်စစ် အမဓာတ်နှင့် ပြည့်ဝသော အခါမှ အီလက်ထရွန်များ အလာရပ်သွားတော့၏။ ထိုနည်းအတူ ကာဗွန်ဓာတ်လိုက်တိုင်သည်လည်း လျှပ်စစ် အဖိုဓာတ်နှင့် ပြည့်ဝသောအခါမှ အီလက်ထရွန်များ အထွက် ရပ်သွားတော့၏။ ဤအခြေအနေကို ရောက်သောအခါ အိုင်းယွန်းများ ပြောင်းလဲခြင်း မရှိတော့ချေ။

ဓာတ်လိုက်တိုင်များကို လျှပ်စစ်ဓာတ်အိုး အပြင်ဖက်မှ သတ္တုကြိုးတခုနှင့် ဆက်သွယ်ပေးလိုက်လျှင် သွပ်ဓာတ်လိုက်တိုင်နှင့် ကာဗွန် ဓာတ်လိုက်တိုင် နှစ်ခုကြားတွင် လျှပ်စစ်ဓာတ် စီးနေ၏။ အိုင်းယွန်းများ ပြောင်းလဲမှု ရပ်စဲသွားသော အခါမှသာလျှင် လျှပ်စစ်ဓာတ်စီး ရပ်စဲသွားလေသည်။

### သတ္တုတို့၏ လျှပ်စစ်ဓာတ်အားစဉ် စာရင်း

အက်ဆစ် အပျော့ရည်ထဲသို့ သွပ်ကို ထည့်လိုက်သောအခါ သွပ်က ဟိုက်ဒြိုဂျင်ကို ဖယ်ရှားလိုက်သဖြင့် ဟိုက်ဒြိုဂျင် ဓာတ်ငွေ့ ထွက်သွားသည်။ ထွက်သွားပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

$$Zn + 2H\,CL \rightarrow Zn\,CL_2 + H_2$$

ဇင့်(သွပ်) + ဟိုက်ဒြိုကလောရစ် အက်ဆစ် → ဇင့် ကလိုရိုက် + ဟိုက်ဒြိုဂျင်

ထိုနည်းအတူ ကော့ပါး ဆာလဖိတ် ဓာတ်ဆားရည်ထဲသို့ သွပ်ကို ထည့်လိုက်သောအခါ သွပ်သည် ကော့ပါး(ကြေးနီ) ကို ဖယ်ထုတ်လိုက်၏။ ဖယ်ထုတ်လိုက်ပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

$$Zn + Cu\,SO_4 \rightarrow Zn\,SO_4 + Cu$$

ဇင့်+ကော့ပါး ဆာလဖိတ် → ဇင့်ဆာလဖိတ် + ကော့ပါး (ကြေးနီ)



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ ဖယ်ထုတ်လိုက်ပုံသည် အိုင်းယွန်းများ လှုပ်ရှားမှုကိုသာလျှင် အရင်းခံသောကြောင့် အိုင်းယွန်းများနှင့်သာ သက်ဆိုင်လေသည်။ အောက်တွင် ဖော်ပြထားသော သတ္တုများနှင့် ဟိုက်ဒြိုဂျင်တို့သည် အိုင်းယွန်းများ ကွဲထွက်နေသောအရည်တွင် တခုကိုတခု အစဉ်အတိုင်းဖယ်ရှားနိုင်၏။

ပုံပမာအားဖြင့် လစ်သီယမ်သည် ပိုတက်ဆီယမ်ကိုငှင်း၊ထိုအောက်ရှိ ဒြပ်စင်အသီးအသီးကိုငှင်း ဖယ်ရှားနိုင်၏။ ပိုတက်ဆီယမ်သည် ဆိုဒီယမ်ကိုငှင်း၊ထို အောက်ရှိ ဒြပ်စင်အသီးအသီးကိုငှင်း ဖယ်ရှားနိုင်၏။ ဆိုဒီယမ်သည် ဗေရီယမ်ကိုငှင်း ထိုအောက်ရှိ ဒြပ်စင်အသီးအသီးကိုငှင်း ဖယ်ရှား၏။ ဤသို့ဖြင့် အစဉ်အတိုင်း ဖယ်ရှား သွားနိုင်ကြပေသည်။ ယင်းကဲ့သို့ စီစဉ်ထားသော စာရင်းကို သတ္တုတို့၏ လျှပ်စစ်ဓာတ်အားစဉ် စာရင်း ဟုခေါ်၏။ လျှပ်စစ်ဓာတ်အိုးတခုတွင်ဓာတ်လိုက်တိုင်နှစ်ခုရှိရာ ထိုဓာတ်လိုက်တိုင် နှစ်ခုလုံးသည် အကယ်၍ သတ္တုချည်းဖြစ်ခဲ့လျှင် စာရင်း၌ အထက်ဖက်ကျသော သတ္တုသည် ဓာတ်မတိုင်ဖြစ်၍ အောက်ဖက်ကျသောသတ္တုချောင်းသည် ဓာတ်ဖိုတိုင်ဖြစ်သည်။ ဓာတ်လိုက်တိုင် ပြုလုပ်ထားသော သတ္တုနှစ်မျိုးသည် စာရင်းတွင် အထက်နှင့်အောက် ကပ်မနေပဲ ကွာနေလေလေ လျှပ်စစ်ဓာတ်အားမှာ ပို၍ကောင်းလေလေဖြစ်၏။ အဓိပ္ပာယ်မှာလျှပ်စစ်ဓာတ်အိုးတွင်ရှိသော လျှပ်စစ် ဓာတ်အား ပို၍ကောင်းသည် ဟု ဆိုလို၏။ သတ္တုဓာတ်ဆား ပျော်ဝင်ရည်များကို လျှပ်စစ် ဓာတ်ဖြင့် ခွဲရာတွင်မူကား အဆိုပါ စာရင်းတွင် အပေါ်ဖက်ကျသော သတ္တုဖြစ်လေလေ၊ ပျော်ဝင်ရည်မှ ထိုသတ္တုကို ထုတ်ပစ်ရန် လိုအပ်သောလျှပ်စစ်ဓာတ်အားမှာ ပို၍များရလေလေဖြစ်သည်။ သို့မှသာလျှင် ပျော်ဝင်ရည်မှ လွတ်ထွက်လာသည့်သတ္တုသည် ဓာတ်မတိုင်တွင် စု၍နေမည် ဖြစ်လေသည်။

လစ်သီယမ်
ပိုတက်ဆီယမ်
ဆိုဒီယမ်
ဗေရီယမ်
ကယ်လဆီယမ်
မက်ဂနီဇီယမ်
အလျူမီနီယမ်
မန်းဂနိ
ဇင့်(သွပ်)
ကရိုမီယမ်
ကက်ဒမီယမ်
အိုင်းယန်း (သံ)
ကိုဗော့
နစ်ကယ်
တင်း
လက်(ခဲ)
ဟိုက်ဒြိုဂျင်
ကော့ပါး(ကြေးနီ)
အာဆီနစ်
ဗစ်စမတ်
အန်တီမိုနီ
မာကျူရီ(ပြဒါး)
ဆီးလဗား (ငွေ)
ပလေဒီယမ်
ပလက်တီနမ်
ဂိုး(ရွှေ)

### ဓာတ်ငွေ့များမှ အိုင်းယွန်းကွဲထွက်ခြင်း

ဓာတ်ငွေ့များသည် အရည်နှင့် အခဲတို့ထက် ပို၍ လွတ်လပ်စွာ နေရာတကာသို့ ပျံ့နှံ့သွားနိုင်ကြသည်။ ယင်းသို့ ပျံ့နှံ့နိုင်ခြင်းကြောင့် ဓာတ်ငွေ့တို့၏အက်တမ်များသည် တခုနှင့်တခု တိုက်ခိုက်မိတတ်ကြလေသည်။ ယင်းသို့ တိုက်ခိုက်မိကြခြင်းကြောင့်ငှင်း၊ နေပူရှိန် အလင်းရောင် အိပ်စရေးရောင်ခြည် စသည်တို့ကြောင့်ငှင်း ဓာတ်ငွေ့တို့၏ အက်တမ်များသည် အိုင်းယွန်းများအဖြစ်သို့ အစည်းကွဲထွက်သွားကြ၏။ အရည်သည် အိုင်းယွန်းများအဖြစ်ဖြင့် အစည်းကွဲထွက်မှုကြောင့် လျှပ်စစ်ဓာတ်လိုက်နိုင်ဘိသကဲ့သို့ ဓာတ်ငွေ့သည်လည်း အိုင်းယွန်းများ အဖြစ်ဖြင့် အစည်းကွဲထွက်သောအခါ လျှပ်စစ်ဓာတ်လိုက်နိုင်၏။ သို့သော် ဓာတ်ငွေ့တို့၏ အစည်းကွဲထွက်မှုသည် အရည်တို့၏ အစည်းကွဲထွက်မှုလောက် အသုံးမဝင်လှချေ။ ယခုအခါ နီယွန် မီးလုံးများ ထွန်းရာ၌လောက်သာ ဓာတ်ငွေ့တို့၏ အစည်းကွဲထွက်မှုကို လက်တွေ့အသုံးပြုလျက် ရှိလေသည်။

အိုင်းယွန်း နိုက်ဇေးရှင်း ခေါ် အိုင်းယွန်းများ အဖြစ် အစည်းကွဲထွက်မှုသည် ယခုအခါ ဆေးဖက်ဆိုင်ရာတွင် များစွာပင် အသုံးဝင်လာလေသည်။ အသုံးပြုပုံမှာ ကိုယ်ခန္ဓာအတွင်းသို့ အရေပြားမှတဆင့် လိုအပ်သောဆေးဖြင့် စိမ်ထားသည့် အိုင်းယွန်းများကို လျှပ်စစ်ဓာတ် အကူအညီဖြင့် သွင်းပေးခြင်းဖြစ်၏။ဤနည်းကို အထူးသဖြင့် အဆစ်အမြစ်ရောင်သောရောဂါများ ကုသရာတွင် အသုံးပြုလေသည်။

## စက်မှုလုပ်ငန်းများ၌ အရေးပါသည့် စွမ်းအင်

**လျှပ်စစ်ဓာတ်သဘောကို မည်သို့ စ တင် တွေ့ရှိခဲ့ကြသနည်း။ လျှပ်စစ်ဓာတ် ဖိုနှင့် လျှပ်စစ်ဓာတ်မ၊ ဓာတ်လိုက် ပစ္စည်းနှင့် ဓာတ်မလိုက် ပစ္စည်း၊ လျှပ်စစ် ဓာတ်စီးတွင် သတ္တိ အမျိုးမျိုးရှိပုံ၊ လျှပ်စစ် သံလိုက်သဘောစသည်တို့ကို ဖော်ပြထားသည်။**


**လျှပ်စစ်ဓာတ်။** ။ကျွန်ုပ်တို့လူဖြစ်လာကြသည့် ယခုခေတ်ကြီးတွင် အထူးဆန်းဆုံး၊ အရှုပ်ထွေးဆုံးနှင့် အသုံး အဝင်ဆုံးသော လုပ်ငန်းကြီးများကို လျှပ်စစ် စွမ်းအင်၏ အကူအညီဖြင့် ဆောင်ရွက် ပြီးမြောက် နိုင်ခဲ့ကြ ပေသည်။ ယခုခေတ် သိပ္ပံပညာရှင်တို့၏ ပြောဆိုချက် အရ ကျွန်ုပ်တို့၏ အဝတ်အစား အသုံးအဆောင် မှန်သမျှနှင့် ကျွန်ုပ်တို့ကိုယ်ခန္ဓာများ အပါအဝင်ဖြစ်သော ဤစကြဝဠာ တခုလုံးသည် လျှပ်စစ်ဓာတ်ဖြင့် ဖွဲ့စည်းထားခြင်းသာ ဖြစ်သည်ဟု ဆိုလေ



www.burmeseclassic.com

www.burmeseclassic.com





လျှပ်စစ်ဓာတ်အားကို သယ်ယူပို့ဆောင်ရေးအတွက်လည်း အသုံးချလျက်ရှိသည်။

သည်။ ကျွန်ုပ်တို့သည် လျှပ်စစ်ဓာတ်ကို အမျိုးမျိုးထုတ်ယူ အသုံးချ၍ လျှပ်စစ်ဓာတ်၏ အကျိုးအာနိသင်တို့ကို ခံစားလျက် ရှိကြသော်လည်း အမှန်စင်စစ် လျှပ်စစ် ဓာတ်သည် မည်သည့်အရာမျိုး ဖြစ်သည်ကို မည်သူ တဦးတယောက်မျှ ရေလည်တိကျစွာ ကျေနပ်လောက်အောင် အဖြေမပေးနိုင်သေးပေ။

လျှပ်စစ်ဓာတ်ကို လူတို့ တွေ့ရှိခဲ့သည်မှာ ရှေးပဝေဏီကပင် ဖြစ်သည်။ ထိုအခါက လူတို့သည် ပယင်းကို ပိုးထည်စ၊ သားမွေးစ စသည်တို့ဖြင့်ပွတ်တိုက်လိုက်လျှင် ပယင်း၌ စက္ကူစ၊ ဖော့စ စသော ပေါ့ပါးသည့် အစအန ကလေး များကို ဆွဲငင်နိုင်သည့် သတ္တိ ဖြစ်ပေါ် လာသည်ကို သိခဲ့ကြသည်။ သို့သော် ထိုအကြောင်းကို အရေးတယူ ဂရုတစိုက် လေ့လာသူ ဆို၍ကား မရှိခဲ့ချေ။ လွန်ခဲ့သည့် နှစ်ပေါင်း ၂,၆၀၀ ကျော်ကာလကျမှ ဂရိသိပ္ပံပညာရှင်ကြီး သေးလီက ထိုသတ္တိ အကြောင်းကို ထုတ်ဖော် ကျေညာခဲ့လေသည်။ သူ၏အဆိုအရ ပယင်းထဲ၌ ထူးဆန်းသော နတ်ရှိ၍ ထိုနတ်၏ တန်ခိုးကြောင့် ဤသို့ ဆွဲငင်သည့်ဓာတ် ဖြစ်ပေါ်လာသည်ဟု ဆိုလေသည်။ ပယင်းကို ဂရိဘာသာဖြင့် "အီလက်ထရွန်"ဟု ခေါ်၍ "အီလက်ထရစ်စစ်တီး" (လျှပ်စစ်ဓာတ်)ဟူသော ဝေါဟာရမှာ ထိုစကားမှ ဖြစ်ပေါ် ဆင်းသက်လာခြင်း ဖြစ်လေသည်။

လျှပ်စစ်ဓာတ် နှစ်မျိုး နှစ်စား ရှိသည်။ ပယင်း၊ ဖန်၊ ကန့်၊ ချိပ်တောင့်စသော အရာဝတ္ထုတို့အပေါ်၌ ပိုးထည်စ၊ သားမွေးစ စသည်တို့ဖြင့် ပွတ်တိုက်၍ ဖြစ်ပေါ် လာသော ဆွဲငင်သည့်ဓာတ်ကို ပွတ်တိုက်မှု လျှပ်စစ်ဓာတ်၊ သို့မဟုတ် လျှပ်စစ်ဓာတ်ငြိမ်ဟု ခေါ်သည်။ လျှပ်စစ်ဓာတ်အိုး၊ ဒိုင်နမို စသည်တို့မှစ၍ တနေရာတည်းတွင် တည်မနေပဲ အဆက်မပြတ် ရွေ့ရှားနေသည့် ဓာတ်ကိုမူ လျှပ်စစ်ဓာတ်စီး ဟု ခေါ်လေသည်။ ထိုနောက် လျှပ်စစ်ဓာတ်ငြိမ်ဆိုင်ရာ သိပ္ပံပညာကို အီလက်ထရိုစတက်တစ်(လျှပ်စစ်ဓာတ်ငြိမ်ပညာ) ဟူ၍၎င်း၊ လျှပ်စစ်ဓာတ်စီးဆိုင်ရာ သိပ္ပံပညာကို အီလက်ထရို ဒိုင်နမစ်၊ သို့မဟုတ် အီလက်ထရိုကိုင်နက်တစ် (လျှပ်စစ်ဓာတ်စီးပညာ) ဟူ၍၎င်း နှစ်ဘာသာ ခွဲထားလေသည်။ လျှပ်စစ်ဓာတ်ငြိမ်နှင့် လျှပ်စစ်ဓာတ်စီးတို့သည် အတူတူပင် ဖြစ်၍ ခြားနားချက်မှာ ကန်ရေနှင့် ချောင်းရေတို့ နှိုင်းလှပုံ သဘောမျိုးသာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



**လျှပ်စစ် ဓာတ်ငြိမ်။** ။ပွတ်တိုက်မှုကြောင့် ဖြစ်သော လျှပ်စစ်ဓာတ်ငြိမ်တွင် ဆွဲငင်မှုနှင့် တွန်းဖယ်မှု သတ္တိရှိခြင်းကို ပဌမဦးစွာ တွေ့ရသည်။ အက်ဗိုနိုက် (ကန့်နှင့် ကြက်ပေါင်စေးကို ရောပြီး ပြုလုပ်ထားသော ပစ္စည်း) တုတ်ချောင်းကို သားမွေးဖြင့် ပွတ်တိုက်ပြီးနောက် လျှပ်စစ်ဓာတ်သွင်းပေး ထားသော ဖန်ချောင်းနှင့် ပြကြည့်ပါက ထိုအချောင်းနှစ်ခုသည် တခုကိုတခု ဆွဲငင်ကြသည်ကို တွေ့ရလိမ့်မည်။ သို့သော် အက်ဗိုနိုက်နှင့် ဖန်အစား အက်ဗိုနိုက်နှင့် အက်ဗိုနိုက်၊ သို့မဟုတ် ဖန်နှင့် ဖန်တို့ကို အသုံးပြု စမ်းသပ်ကြည့်ပါမူကား တခုနှင့်တခု တွန်းဖယ်ကြသည်ကို တွေ့ရပေလိမ့်မည်။

ထိုကြောင့် ဖန်ချောင်းပေါ်တွင် ပိုးထည်စဖြင့် ပွတ်တိုက်ပေး၍ ရရှိသော လျှပ်စစ်ဓာတ်နှင့် အက်ဗိုနိုက်ချောင်းပေါ်တွင် သားမွေးစဖြင့် ပွတ်တိုက်ပေး၍ ရရှိသော လျှပ်စစ်ဓာတ်တို့သည် တမျိုးနှင့်တမျိုး မတူကြချေ။ မတူသည့်အတိုင်း ဖန်ပေါ်တွင် ပိုးထည်စဖြင့် ပွတ်တိုက်ပေး၍ ရရှိသော လျှပ်စစ်ဓာတ်ကို လျှပ်စစ်ဓာတ်ဖို ဟူ၍ငင်း၊ အက်ဗိုနိုက် ပေါ်တွင် သားမွေးစဖြင့် ပွတ်တိုက်ပေး၍ ရရှိသော လျှပ်စစ် ဓာတ်ကို လျှပ်စစ် ဓာတ်မ ဟူ၍ငင်း ခွဲခြားကာ အမည်ပေး ခေါ်ဝေါ်ကြ လေသည်။ ဤနေရာ၌ ကျွန်ုပ်တို့ ရရှိသော ဥပဒေသမှာ "မျိုးတူလျှပ်စစ်ဓာတ်တို့သည် တခုနှင့်တခုတွန်းဖယ်ကြ၍ မျိုးကွဲလျှပ်စစ်ဓာတ်တို့သည် အချင်းချင်း ဆွဲငင်ကြသည်" ဟူ၍ ဖြစ်လေသည်။

ပစ္စည်းနှစ်ခုတွင် တခု၌ လျှပ်စစ်ဓာတ်ဖိုကို သွင်းပေး၍ ကျန်တခု၌ ဓာတ်အားပမာဏ တူညီသော လျှပ်စစ်ဓာတ်မကို သွင်းပေးပြီးနောက် ထိုပစ္စည်း နှစ်ခုကို လျှပ်စစ်ဓာတ်ကင်းသည့် တတိယပစ္စည်းနှင့် တို့ကြည့်ပါ။ ထိုအခါ အဆိုပါ တတိယပစ္စည်း၌ လျှပ်စစ်ဓာတ်ဖို ရှိကြောင်းကို ဖြစ်စေ၊ လျှပ်စစ်ဓာတ်မ ရှိကြောင်းကိုဖြစ်စေ မည်သို့မျှမပြပဲ ကြားနေ ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။ ထိုသို့ ဖြစ်ခြင်းမှာ တတိယပစ္စည်း၌ လျှပ်စစ်ဓာတ် မရှိ၍ မဟုတ်၊ ရှိသော မျိုးကွဲဓာတ်နှစ်ခုအားချင်းမျှပြီး "သမ" နေခြင်းသာ ဖြစ်သည်။

အရာဝတ္ထုတခု၌ လျှပ်စစ်ဓာတ် ရှိ မရှိကို လျှပ်စစ်ဓာတ်ငြိမ်၏ လက္ခဏာအားဖြင့် စမ်းသပ် ရှာဖွေနိုင်သည့် ကရိယာမျိုးကို "အီလက်ထရိုစကုပ်" (လျှပ်စစ်ဓာတ်ရှာ ကရိယာ) ဟုခေါ်သည်။ အလွယ်ဆုံး အီလက်ထရိုစကုပ်မှာ ပိုးခြည်မျှင်ဖြင့် ဆွဲထားသော ဖော့လုံးကလေး ဖြစ်သည်။ ထိုဖော့လုံးကလေးကို လျှပ်စစ်ဓာတ်ဝင်နေသည့် ပစ္စည်း အနီးသို့ ပြသောအခါ လျှပ်စစ်ဓာတ် ရှိရိုးမှန်က ဖော့လုံးကလေးကို ဆွဲငင်ပေလိမ့်မည်။ အကောင်းဆုံးသော အီလက်ထရိုစကုပ်မှာ သတ္တုချောင်းတခု ထိပ်ဖျား၌ ရွှေမျက်ပါး နှစ်ရွက်ကို ဘေးတိုက် ယှဉ်ပြီး ဆွဲချိတ်ထားသည့် ကရိယာ ဖြစ်သည်။ ရွှေမျက်ပါးတို့ကို လေမတိုက်ခတ်နိုင်စေရန် ဖန်ဗူးထဲ၌ထည့်ထားပြီးလျှင် သတ္တုရိုးတံ၏ အပေါ်ဖက်ထိပ်၌ကြေးဝါပြား၊ သို့မဟုတ် ကြေးဝါဖုလုံးတခု တပ်ဆင်ထားလေ့ ရှိသည်။ ရွှေမျက်ပါးများ တပ်ထားခြင်းကို အကြောင်းပြု၍ ထိုကရိယာကို "ရွှေမျက်ပါး အီလက်ထရို စကုပ်" ဟု ခေါ်ကြသည်။ အဆိုပါ ကြေးဝါဖု အနီးတွင် လျှပ်စစ် ဓာတ်ငြိမ် ( အဖိုဖြစ်စေ၊ အမဖြစ်စေ ) သွင်းပေး ထားသော ပစ္စည်းတခုကိုပြသောအခါ ရွှေမျက်ပါး နှစ်ခု၌လည်း လျှပ်စစ်ဓာတ် ဖြစ်ပေါ်လာသည်။ သို့သော် ဤလျှပ်စစ်ဓာတ်မှာ မျိုးတူဖြစ်နေသဖြင့် မျိုးတူဓာတ်ချင်း တွန်းဖယ်တတ်သည့်အတိုင်း ရွှေမျက်ပါး နှစ်ခုသည် ပူးနေရာမှ တခုစီ ကွဲပြီး ကားထွက်သွားလေသည်။ ရွှေမျက်ပါးတို့သည် လျှပ်စစ်ဓာတ် များလျှင် များသလို၊ နည်းလျှင် နည်းသလို ကားထွက်ကြ၍ လျှပ်စစ်ဓာတ် ကုန်ခမ်းသွားသောအခါ ပြန်၍ ပူးမြဲပူးသွားပြန်လေသည်။ (ဤကရိယာတွင် ရွှေအစား အလျူမီနီယမ်ခေါ် ဒန်ကိုလည်း မျက်ပါးပြုလုပ်၍ အသုံးပြုနိုင်သည်။)

ကျွန်ုပ်တို့သည် တခါတရံ လျှပ်စစ်ဓာတ် စီးနေသော ဓာတ်ကြိုးနှင့် မတော်တဆ ထိမိသောအခါ တကိုယ်လုံး ကျဉ်သွားလောက်အောင် ဓာတ်လိုက်တတ်သည်ကို တွေ့ကြုံဘူးကြပေမည်။ ဤသို့ ဓာတ်လိုက်ရာတွင် ဓာတ်အားကြီးလျှင် အသက်ဘေးကိုပင် ရန်ရှာနိုင်သည်။ ဤသို့ လျှပ်စစ်ဓာတ်လိုက်သော ပစ္စည်း၊ တနည်းအားဖြင့် လျှပ်စစ်ဓာတ်ကို စီးဖြတ်ခွင့်ပေးသည့် ပစ္စည်းမျိုးကို "ကွန်ဒပ်တား" (ဓာတ်လိုက်ပစ္စည်း)ဟု ခေါ်သည်။ လျှပ်စစ်ဓာတ် စီးဖြတ်ခွင့် မပေးသည့် ပစ္စည်းမျိုးကိုမူ "နန်းကွန်ဒပ်တား"(ဓာတ်မလိုက်ပစ္စည်း)ဟု ခေါ်၍ ဤပစ္စည်းမျိုးကို လျှပ်စစ်ဓာတ်မလိုက်အောင် ကာကွယ်သည့် နေရာများ၌အသုံးပြုရသဖြင့် "အင်ဆူလေးတား" (ဓာတ်ကာပစ္စည်း) ဟုလည်း ခေါ်သည်။ ကမ္ဘာပေါ်ရှိ ဒြပ်ဝတ္ထု ဟူသမျှတို့သည် ဤနှစ်မျိုးနှစ်စားတွင် တမျိုးမျိုး၌ ပါဝင်ကြသည်။ သတ္တုအားလုံး၊ လူ၏ကိုယ်ခန္ဓာ၊ ကမ္ဘာမြေ၊ ရေ၊ စိုစွတ်သော အရာဝတ္ထု၊ စိုထိုင်းသောလေ စသည်တို့သည် ဓာတ်လိုက်ပစ္စည်းများဖြစ်ကြ၍ အက်ဗိုနိုက်၊ ဖန်၊ ကြက်ပေါင်စေး၊ ပိုး၊ ကန့်၊ ဖယောင်း၊ ကြွေ၊ စက္ကူ၊ ခြည်မျှင်၊ ခြောက်သွေ့သော သစ်သား၊ ခြောက်သွေ့သောလေ စသည်တို့သည် ဓာတ်မလိုက်ပစ္စည်း၊ သို့မဟုတ် ဓာတ်ကာပစ္စည်းများဖြစ်ကြသည်။

ဓာတ်မလိုက် ပစ္စည်းများကို ပွတ်တိုက် ပေးသောအခါ လျှပ်စစ်ဓာတ် ဖြစ်ပေါ်လာပုံကို အခြေပြု၍ နောင်သော်အော့တို ဖွန် ဂေးရိကဲ၊ ဟို၊ ဝင်းရှပ် စသော ပုဂ္ဂိုလ်တို့အသီးအသီးက လျှပ်စစ်ဓာတ်ထုတ်စက်အမျိုးမျိုးကိုထွင်လာကြသည်။ ထိုစက်မျိုးတွင် ဖန်၊ ကန့် စသည့် ပစ္စည်းများကို ဘီးဝိုင်းပေါ်၌ တပ်ထား၍ လက်ကိုင်ကို လှည့်ပေး

www.burmeseclassic.com





လျှပ်စစ်ဓာတ်အားကို အသုံးပြုသော ဂဏန်းတွက်စက်

သောအခါ ဘီးဝိုင်းလည်ပြီးနောက် ဘီးဝိုင်းပေါ်ရှိ ပစ္စည်းများသည် အခြား သင့်တော်သော ပစ္စည်းတခုခုဖြင့် အပွတ်အတိုက် ခံရမှုကြောင့် လျှပ်စစ်ဓာတ်ငြိမ် ဖြစ်ပေါ်လာသည်။ သို့သော် ထိုစက်မျိုးမှ တခဏမျှ မီးပွင့်သော လျှပ်စစ်မီးပွားများကိုသာရ၍ အမြဲတမ်း ဆက်တိုက်စီးသည့် လျှပ်စစ်ဓာတ်စီးကို မရပေ။

ထိုနောက် လျှပ်စစ်ပြက်ရာ၌ဝင်းကနဲလက်သောအလင်းသည် လျှပ်စစ်မီးပွားပင် ဖြစ်သည်ကို ဗင်ဂျာမင် ဖရန်ကလင်က လက်တွေ့ စမ်းသပ်ခဲ့၍ ထိုစမ်းသပ်မှုမှာ ယနေ့တိုင်အောင်ပင် ကျော်ကြားလျက် ရှိပေသည်။ ဖရန်ကလင်သည် ထစ်ချုန်းရွာသွန်းမည့် မိုးသားများ တက်လာစဉ် စွန် (လေတံခွန်) ကို လွှတ်တင်ပြီးနောက် ကြိုးစအဖျားတွင် ချည်ထားသောသော့မှ လျှပ်စစ်မီးပွား ထွက် မထွက်ကို စမ်းသပ်ကြည့်ရာ မိမိထင်သည့်အတိုင်းပင် လျှပ်စစ် မီးပွားထွက်သည်ကို တွေ့ရလေသည်။ မီးပွားထွက်ခြင်းမှာ တိမ်ထဲတွင်ရှိသော လျှပ်စစ်ဓာတ်သည် စွန်ကြိုးမှ ဓာတ်လိုက်လာကာ သော့သို့ တဆင့် ကူးလာသောကြောင့် ဖြစ်သည်။ (ဖရန်ကလင်, ဗင်ဂျမင် — လည်းရှု။)

လျှပ်စစ်ဓာတ်စီး။ ။ဆဲ့ရှစ် ရာစုနှစ်တွင် ဣတာလျံလူမျိုး သိပ္ပံပညာရှင်တဦးဖြစ်သူ လွီဂျီ ဂယ်လဗားနီးသည် လျှပ်စစ်ဓာတ်ငြိမ်၏ သတ္တိကို တမျိုး စမ်းသပ် ကြည့်ပြန်သည်။ သူသည် အရေခွာထားသော ဖားတကောင်၏ ခြေထောက်တစုံကို ယူပြီးသော် ခြေထောက် တဖက်ကို လျှပ်စစ်ဓာတ်ငြိမ် ထုတ်ပေးသည့်စက်ဖြင့် ဆက်၍ ကျန် တဖက်ကို မြေကြီးသို့ ဆက်ပေးသည်။ ထိုနောက် စက်ကိုလှည့်၍ပေးသောအခါ ဖားခြေထောက်ရှိ ကြွက်သားများ တွန့်သွား၍ ဖားခြေထောက်ကလေးများ လှုပ်ရှားလာသည်ကို ထူးဆန်းစွာ တွေ့ရလေသည်။ တဖန် သူသည် ဖားခြေထောက် တဖက်ကို (အေရီယယ်) ကောင်းကင်ကြိုးနှင့်ဋင်း၊ အခြားတဖက်ကို မြေကြီးသို့ဋင်း ဆက်ပေး၍ ဖရန်ကလင်၏ စမ်းသပ်မှုကို အခြေပြုပြီးသော် စမ်းသပ်ကြည့်ပြန်ရာ မိုးထစ်ချုန်းရွာသွန်းနေစဉ် အချိန်တွင် ခြေ ထောက် က လေး များ လှုပ်ရှားသည်ကို တွေ့ရလေသည်။ (ဂယ်လဗားနီး, အယ် — လည်းရှု။) သို့သော် ထိုကဲ့သို့ အမျိုးမျိုး စမ်းသပ်ကြည့်နေရာမှ အခြား ထူးဆန်းသော အချက်တခုကို အောက်ပါအတိုင်း တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂယ်လဗားနီးနှင့် တပည့်များသည် ဖားခြေထောက်ကလေးများကို ကြေးနီချိတ်ဖြင့် ချိတ်ပြီးလျှင် ဝရံတာ သံကြိုးတန်းတွင် ချိတ်ဆွဲထားမိသည်။ ထိုအခါ လျှပ်ပြက်ခြင်း မိုးခြိမ်းခြင်းမရှိပါပဲလျက် ဖားခြေထောက်နှင့် သံကြိုးတန်း ထိမိသည့်အခါတိုင်း ခြေထောက်ကလေးများ လှုပ်ရှားသည်ကို အံ့ဩစွာ တွေ့ရလေသည်။ ဖား ခြေထောက်ကလေးများကို လှုပ်ရှားစေသည့် ဤလျှပ်စစ် ဓာတ်မှာ အဘယ်မှ ဖြစ်ပေါ်လာသနည်း။ဂယ်လဗားနီးက ဤလျှပ်စစ်ဓာတ်မှာ ကြွက်သား၊ သို့မဟုတ် အကြောကို ကြေးဝါနှင့်သံတို့ ထိတွေ့ရာမှ ဖြစ်ပေါ်လာသည်ဟု ယူဆလေသည်။ သို့သော် ထို ယူဆချက်သည် ပြည့်စုံမှန်ကန်ခြင်း မရှိသေးပေ။

မကြာမီပင် အခြား ဣတာလျံလူမျိုး ပေါမောက္ခ အယ်လက်ဇန္ဒြို ဗိုလတာ (ခရစ် ၁၇၄၅–၁၈၂၇) က ထိုထက် ကောင်းမွန်သော ယူဆချက် တခုကို ထုတ်ဖော် ရှင်းပြလေသည်။ သူ၏အဆိုအရ အထက်ပါ လျှပ်စစ်ဓာတ်သည် ကြေးနီ၊ သံနှင့် ဖားကောင် ကြွက်သားအတွင်းရှိ အရည် တမျိုးတို့၏ အချင်းချင်း ဓာတ်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသည်ဟုဆိုလေသည်။ ထို့နောက် သူသည် ဤအယူအဆကို အခြေခံထား၍ အမျိုးမျိုးကြိုးစားစမ်းသပ်ခဲ့ရာ နောက်ဆုံး၌ လျှပ်စစ်ဓာတ်အိုး တမျိုးကို တီထွင်နိုင်ခဲ့လေသည်။ ထိုဓာတ်အိုးမှာ တီထွင်သူ ဗိုလတာကိုအစွဲပြု၍ ဗိုလတိတ်ဓာတ်အိုးဟု အမည်တွင်လေသည်။ ထိုဓာတ်အိုးတွင် သွပ်ပြားတချပ်နှင့် ကြေးနီပြား တချပ်ကို ဆာလဖျူရစ် အက်ဆစ်ထဲ၌ နှစ်ထား၍ ထိုသွပ်ပြားနှင့် ကြေးနီပြားတို့ကို အိုးအပြင်ဖက်တွင် ကြေးနန်းကြိုး တပင်ဖြင့် ဆက်လိုက်သောအခါ ကြေးနီမှ သွပ်သို့ နန်းကြိုးတလျှောက် လျှပ်စစ်ဓာတ် စီးလေသည်။ ဤဓာတ်အိုးကို တီထွင်နိုင်ခဲ့ခြင်းကြောင့် ဗိုလတာမှာ လျှပ်စစ်ဓာတ်စီးကို ပဌမဦးစွာ ကြံဆောင်ထုတ်ယူနိုင်သူ အဖြစ်ဖြင့် မှတ်တမ်းတင် ထားခြင်းခံရလေသည်။ (ဗိုလတာ, ကောင့် အယ်လက်ဇန္ဒြို — ရှု။)

ဗိုလတိတ် ဓာတ်အိုးအပြင် လျှပ်စစ်ဓာတ်အိုးအခြောက် (ဓာတ်ခဲ)၊ လက်ကလန့် ဓာတ်အိုး စသည်ဖြင့် အလားတူ ဓာတ်အိုးအမျိုးမျိုး ရှိသေးသည်။ ထိုဓာတ်အိုးတို့မှာ ဗိုလတိတ် ဓာတ်အိုးနှင့် ဆင်တူကြသည်။ ထိုဓာတ်အိုးများကို လျှပ်စစ် ခေါင်းလောင်းနှင့် ကြေးနန်း ဆက်သွယ်ရေး ကိစ္စတို့၌ သုံးလေ့ရှိသည်။ ထိုဓာတ်အိုးမျိုးအပြင် အက်ကျူမူလေးတားခေါ် လျှပ်စစ်ဓာတ်လှောင်အိုးဟူ၍လည်း တမျိုး ရှိသေးသည်။ ထိုအိုးမျိုးတွင် ကြေးနီနှင့် သွပ်တို့အစား ခဲပြားချပ်များကို အသုံးပြုထားသည်။ မော်တော်ကား၊ ရေဒီယို အသံဖမ်းစက် စသည်တို့တွင် ကျွန်ုပ်တို့ အသုံးပြုနေကြသော ဗက်ထရီအိုးများမှာ ဤအမျိုးအစား ဖြစ်သည်။ (ဗက်ထရီအိုး — ရှု။) အဆိုပါ ဓာတ်အိုးနှစ်မျိုး၏ ခြားနားချက်မှာ ဗိုလတိတ်ဓာတ်အိုးကဲ့သို့သော "ပရိုင်မာရီ ဓာတ်အိုး" (မူလဓာတ်အိုး) များသည် သုံးဖန်များသော် အားကုန်သွား၍ အားကို ပြန်မသွင်းနိုင်ချေ။ အက်ကျူမူလေးတား (လျှပ်စစ် ဓာတ်လှောင်အိုး) ဟု ခေါ်သော "စကင်ဒရီ ဓာတ်အိုး" (ဒုတိယဓာတ်အိုး) များမှာမူ အားကုန်ခန်းသွားသောအခါ ဓာတ်အိုးအတွင်းသို့ အခြားမှ လျှပ်စစ်ဓာတ်ကို ပြောင်းပြန်စီးဖြတ်စေခြင်းဖြင့် အားပြန်သွင်းပေးနိုင်သည်။

လျှပ်စစ်ဓာတ်အိုး အမျိုးမျိုးတွင် ဆာလဖျူရစ်အက်ဆစ်ကဲ့သို့သော ပစ္စည်းကို "အီလက်ထရိုလိုက်" (ဓာတ်လိုက်ရည်) ဟူ၍၎င်း၊ ကြေးနီ၊ သွပ်၊ ခဲ စသည်တို့ကို "အီလက်ထရုတ်" (ဓာတ်ခေါင်း)ဟူ၍၎င်း ခေါ်ကြသည်။

**သီအိုရီများ။** ။လျှပ်စစ်ဓာတ်နှင့် သက်ဆိုင်သော သီအိုရီ တခုကို ပထမဦးဆုံး ကြံစည်ထုတ်ဖော်သူမှာ ၁၈ ရာစုနှစ် အလယ်လောက်တွင် ကောင်းကင်သို့ စွန်လွှတ်ပြီး လျှပ်စစ်ဓာတ်ကို ထုတ်ပြခဲ့သူ ဗင်ဂျမင် ဖရန်ကလင်ပင် ဖြစ်သည်။ သူ၏ သီအိုရီအရ လျှပ်စစ်ဓာတ်သည် မျက်စိဖြင့် မမြင်နိုင်၊ အလေးချိန် ဟုလည်း မရှိသည့် အရည်တမျိုး ဖြစ်၍ ထိုအရည်မှာ မည်သည့်ပစ္စည်း၌မဆို အထိုက်အလျောက် ပါဝင်သည်ဟု ဆိုလေသည်။ ထိုသီအိုရီကို "ဧကရည် သီအိုရီ" ဟု ခေါ်မှတ်ပြုကြသည်။တဖန် ဖရန်ကလင်က လျှပ်စစ်ဓာတ်ဖိုနှင့် ဓာတ်မကို ဤသို့ ခွဲပြပြန်သည်။ အရာဝတ္ထုတိုင်း၌ လျှပ်စစ်ဓာတ်အရည် ပါမြဲဖြစ်ရာ အကယ်၍ ပါသင့်သမျှထက် ပိုနေခဲ့လျှင် ထိုအရာဝတ္ထု၌ "လျှပ်စစ်ဓာတ်ဖို" ဝင်သည်ဟု ဆိုရပြီးလျှင် ပါသင့်သမျှထက် လျော့ပါက "လျှပ်စစ်ဓာတ်မ" ဝင်သည်ဟု ဆိုရသည်။ ထို့နောက် လျှပ်စစ်ဓာတ်သည် ဓာတ်ဖိုဝင်နေသည့် ပစ္စည်းမှ ဓာတ်မ ဝင်နေသည့် ပစ္စည်းဖက်သို့ စီးသည်ဟု ဆိုလေသည်။

သို့ရာတွင် နောက် နှစ်ပေါင်း တရာကျော်၌ ၁၉ ရာစုနှစ် ကုန်ဆုံးကာနီးအချိန်တွင် ဖရန်ကလင်၏ သီအိုရီထက် သာလွန် ကောင်းမွန်ရုံမျှမက ယခုထက်တိုင် အကောင်းဆုံး အမှန်ဆုံး အဖြစ်နှင့် လက်ခံခဲ့ရသော သီအိုရီကို ဆာ ဂျေဂျေ သွန်မဆင်က ထုတ်ဖော်လိုက်လေသည်။ သွန်မဆင်သည် အီလက်ထရွန်ကို တွေ့ရှိ တိုင်းတာပြီးနောက်မှ ထုတ်ဖော်လိုက်ခြင်းဖြစ်၍ ထိုသီအိုရီသည် အီလက်ထရွန် သီအိုရီဟု တွင်လေသည်။

အီလက်ထရွန် သီအိုရီမှာ ဤသို့ဖြစ်သည်။ ကျွန်ုပ်တို့ စကြဝဠာကြီး အတွင်းရှိ အရာဝတ္ထုအားလုံးတွင် ဒြပ်စင်ဟုခေါ်သော သီးသန့်ဓာတ်များ ရောထွေးပေါင်းစပ်ပြီး ပါဝင်လျက် ရှိသည်။ ဒြပ်စင်ကို အသေးဆုံး စိတ်ပိုင်းလိုက်သောအခါ မော်လီကျူးများကို ရရှိ၍ ထိုမော်လီကျူးတွင် တဖန် အက်တမ်များ ပါဝင်ပြန်သည်။ ထို့ကြောင့် အရာဝတ္ထု မှန်သမျှသည် အက်တမ်ဖြင့် ဖွဲ့စည်းထားသည့် အရာ



www.burmeseclassic.com

www.burmeseclassic.com



များသာ ဖြစ်သည်။ ဒြပ်စင်ပေါင်းမှာ ၉၀ ကျော်ရှိသည့်အတွက် အက်တမ်တို့မှာလည်း ဟိုက်ဒရိုဂျင် အက်တမ်၊ အောက်ဆီဂျင် အက်တမ် စသည်ဖြင့် အမျိုးပေါင်း ၉၀ ကျော်ရှိသည်။ အက်တမ်တို့၏ ဖွဲ့စည်း တည်ဆောက်နေပုံကို ကြည့်ပြန်သောအခါ အက်တမ်တွင် "အီလက်ထရွန်" များ ပါဝင်၍ ထိုအီလက်ထရွန်တို့ကို အက်တမ်၏ဝတ်ဆံတွင်ရှိသည့် "ပရိုတွန်" တို့က ဆွဲငင်ထားသည်။ အက်တမ်တွင် အီလက်ထရွန်နှင့် ပရိုတွန်တို့အပြင် လျှပ်စစ်ဓာတ်အားဖြင့် အဖိုလည်းမဟုတ်၊ အမလည်းမဟုတ်သည့် နျူထရွန်များလည်း ရှိသေးသည်။ ထိုကြောင့်လည်းသိပ္ပံပညာရှင်ကြီးများက "အလုံးစုံသောဒြပ်တို့သည် လျှပ်စစ်ဓာတ်ဖြင့် ပြီးကြ၍ ဒြပ်နှင့်လျှပ်စစ်ဓာတ်မှာ အတူတူပင်ဖြစ်သည်" ဟု ဆိုကြခြင်း ဖြစ်လေသည်။

အက်တမ်အဖြစ် ပေါင်းစပ်ဖွဲ့စည်းလျက်ရှိသော အီလက်ထရွန်နှင့် ပရိုတွန်တို့၏ ဆွဲငင်ထားမှုကို အပြင်အပစွမ်းအင်တခုခုက နှောင့်ရှက်လိုက်သောအခါ အဆိုပါ ဆွဲငင်မှုမှာ ပျက်ပြားသွားသောကြောင့် အီလက်ထရွန် အချို့သည် မူလနေရာမှ လွတ်ထွက်လာပြီးသော် အခြား အက်တမ်များရှိရာသို့ ရောက်သွားနိုင်သည်။ လျှပ်စစ်ဓာတ်စီးကြောင်းမှာ ဤကဲ့သို့ အီလက်ထရွန်များ နေရာပြောင်းခြင်းပင် ဖြစ်သည်ဟု အီလက်ထရွန် သီအိုရီက ဖော်ပြလေသည်။

အီလက်ထရွန် အရေအတွက် ပိုလာလျှင်ဖြစ်စေ၊ ယုတ်လျော့သွားလျှင် ဖြစ်စေ ထိုအက်တမ်မှာ အခြေမခိုင်တော့ပေ။ ပိုနေသော အီလက်ထရွန်တို့သည် အခွင့်ကြုံသည်နှင့် တပြိုင်နက် ထွက်ပြေး လွတ်မြောက်သွားမည် ဖြစ်သည်။ ထိုအတူ အီလက်ထရွန် လိုနေသော အက်တမ်ကလည်း ရရာနေရာမှ အီလက်ထရွန်ကို ပြန်ယူမည်ဖြစ်သည်။ အီလက်ထရွန် အရေအတွက် ရှိသင့်သည်ထက် ပိုနေသော အက်တမ်ကို လျှပ်စစ်ဓာတ်မ ဝင်သော အက်တမ်ဟု ဆို၍ အီလက်ထရွန် အရေအတွက် ရှိသင့်သည်ထက် လျော့နေသော အက်တမ်ကို လျှပ်စစ်ဓာတ်ဖိုဝင်သော အက်တမ် ဟု ဆိုသည်။

ပွတ်တိုက်မှုကြောင့်ဖြစ်စေ၊ သံလိုက်ဓာတ်ကြောင့် ဖြစ်စေ၊ အပူ၊ သို့မဟုတ် ဓာတ်လှုပ်ရှားမှုကြောင့်ဖြစ်စေ အက်တမ်များတွင် အီလက်ထရွန်တို့ လွတ်မြောက်သွားနိုင်ကြသည်။ ယင်းသို့ လွတ်မြောက်သွားသော အီလက်ထရွန်တို့သည် မိမိတို့ ထွက်ခွာသွား၍ အဖိုဓာတ် ဖြစ်ကျန်ခဲ့သော မူလနေရာသို့ တပတ်လှည့်ပြီး ပြန်ရောက်လာနိုင်လျှင် ထိုအီလက်ထရွန်တို့ သွားရာလမ်းသည် လျှပ်စစ် "ဆာကစ်" ဖြစ်လေသည်။ ထိုလွတ်မြောက်သွားသော အီလက်ထရွန်တို့သည် အကယ်ပင် အစမှအဆုံးတိုင်အောင် ခရီးပြည့်သွားသည် မသွားသည် ဆိုသည်ကို သေချာစွာ မပြောနိုင်ပေ။

သို့ရာတွင် ဆာကစ် တလျှောက်တွင် အဆက်မပြတ် အီလက်ထရွန်တို့ ရွေ့ရှားမှု ရှိသည်မှာ အမှန်ပင် ဖြစ်သည်။ အီလက်ထရွန် သီအိုရီ အရ လျှပ်စစ်ဓာတ်သည် အမမှအဖိုဖက်သို့ စီးသည်ဟု ဆိုရပေမည်။ သို့သော် ဖရန်ကလင်၏ သီအိုရီကမူ လျှပ်စစ်ဓာတ်သည် အဖိုမှ အမဖက်သို့ စီးသည်ဟုဆိုသဖြင့် ဤသီအိုရီ နှစ်ခုမှာ ဆန့်ကျင်လျက် ရှိလေသည်။ သို့ရာတွင် လျှပ်စစ်ဓာတ်နှင့် စပ်လျဉ်းသည့် လက်တွေ့ ကိစ္စများ၌ ဖရန်ကလင်၏ သီအိုရီကို မူတည်လာခဲ့ကြသည့်အတိုင်း ယခုလည်း ထိုအတိုင်းပင် ဆက်လက်၍ သုံးစွဲနေဆဲဖြစ်လေသည်။

အဖိုနှင့်အမဆိုရာ၌ အမှန်စင်စစ် အီလက်ထရွန် အနည်းအများကို နှိုင်းရှည့်ပြီးလျှင် သုံးစွဲသည့် စကားများသာဖြစ်သည်။ ပုံပမာ — တနေရာတွင်ရှိသော အီလက်ထရွန်တို့သည် ရှိသင့်သည်ထက် လျော့နေသည်ဖြစ်စေ၊ ရှိသင့်သမျှအတိုင်း ရှိသည်ဖြစ်စေ၊ သို့မဟုတ် ရှိသင့်သည်ထက် ပိုနေသည်ဖြစ်စေ ထိုနေရာမှာထက် အခြားတနေရာတွင် ရှိသော အီလက်ထရွန် အရေ အတွက်က များနေ ခဲ့သော် ထိုများသည့်နေရာမှာ 'အမ' ဖြစ်၍ နည်းနေသည့် နေရာမှာ 'အဖို' ဖြစ်တော့သည်။ အီလက်ထရွန်၏ သဘောမှာကား လမ်းရှိခဲ့လျှင် အီလက်ထရွန် ပိုနေသည့် နေရာမှ အီလက်ထရွန် လျော့နေသည့် နေရာသို့ သွားမည်သာဖြစ်၍ ထိုကဲ့သို့သွားသောအခါ လျှပ်စစ်ဓာတ် စီးသည် မည်ပေသည်။ ဤကဲ့သို့ အီလက်ထရွန် အပိုအလျော့ ခြားနားမှု မရှိလျှင် လျှပ်စစ်ဓာတ်သည်လည်း မစီးနိုင်ပေ။

လျှပ်စစ်ဓာတ်အိုး (ဗက်ထရီ) အမျိုးမျိုးတွင် အီလက်ထရုတ်အတွက် သွပ်၊ ကြေး၊ ခဲ၊ ကာဗွန် စသည်တို့ကိုင်၊ အီလက်ထရိုလိုက် အတွက် အက်ဆစ်ရည်၊ ဇဝက်သာရည်၊ ဇဝက်သာမှုန့် စသည်တို့ကိုင် သူနည်းနှင့်သူ အမျိုးမျိုး ကွဲပြီး အသုံးချထားသည့် သဘောမှာ ဓာတ်လှုပ်ရှားမှုဖြင့် လျှပ်စစ် ဓာတ်ကို စီးစေသည့် သဘော တခုတည်းပင် ဖြစ်သည်။ ဓာတ်အိုးထဲ၌ ဓာတ်လှုပ်ရှားမှု ဖြစ်ပေါ် လာသောအခါ ဓာတ်ခေါင်းတဖက်တွင် အီလက်ထရွန် ပိုလာ၍ ကျန်တဖက်တွင် လျော့သွားသည်။ ဓာတ်ခေါင်း နှစ်ခုကို နန်းကြိုးဖြင့် ဆက်လိုက်သောအခါ ပိုနေသော အီလက်ထရွန်များအဖို့ လျော့နေသည့် နေရာသို့သွားရန် လမ်းရသွားလေသည်။

ဓာတ်လပ်ရှားမှုကြောင့် အက်တမ်တို့ လှုပ်ရှားပြီးလျှင် လျှပ်စစ်ဓာတ် ထွက်ပေါ်လာသည့် နည်းတူ လျှပ်စစ်ဓာတ်ကြောင့်လည်း အရာဝတ္ထု အတွင်းရှိ ဓာတ်များ လှုပ်ရှားပြီး ကွဲထွက်နိုင်သည်။ ဤသို့ လျှပ်စစ်ဓာတ်ဖြင့် ဓာတ်ခွဲနည်းကို "အီလက်ထရို လစ်ဆစ်" ဟုခေါ်သည်။ (လျှပ်စစ်ဖြင့် ဓာတ်ခွဲခြင်း — ရှု။)



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်ခေတ်အိုးနှင့် ဒိုင်နမိုများအပြင် လျှပ်စစ်ခေတ်စီးကို ရစေနိုင်သည့် တတိယတနည်း ရှိသေး၍ ဤနည်းတွင် သုံးသော ကရိယာကို "သာမိုအီလက်ထရစ်ကာပယ်" (အပူဖြင့် လျှပ်စစ်ခေတ်ထုတ် ကရိယာ) ဟုခေါ်လေသည်။ ဤနည်းတွင်အခြေခံအားဖြင့် အမျိုးမတူသော သတ္တုနန်းကြိုး၊ ဟုံပမာ — ကြေးကြိုးနှင့် သံကြိုး နှစ်ပင်ကို အစွန်း နှစ်ဖက်စလုံးတွင် ဆက်ထားပြီးနောက် အဆက်တခုကို အပူတိုက် (မီးမြိုက်)ပေးရသည်။ သာမန် အပူချိန်တွင် အီလက်ထရွန်တို့သည် သံမှ ကြေးသို့ ကူးလိုသည့် လက္ခဏာ ရှိသည်။ သို့သော် အဆက်တနေရာတွင် ဤသို့ ကူးဖြတ်လိုသည့်အတိုင်း ကျန်အဆက်တွင်လည်း ဤသို့ပင် ဖြစ်သဖြင့် အီလက်ထရွန်တို့သည် ပတ်ပြည့်အောင် မသွားနိုင် ကြပေ။ သို့ရာတွင် အဆက်တခုကို အပူတိုက်ပေးလိုက်သော အခါ၌ကား ဤအဆက်တွင်ရှိသည့် အီလက်ထရွန်တို့၏ လှုပ်ရှားမှုမှာ ကျန်အဆက်ဖက်မှာထက် ပိုလာသည့်အတွက် ပတ်ပြည့်အောင် လှည့်သွားနိုင် လာလေသည်။ ဤနည်းဖြင့် ရရှိသော လျှပ်စစ်ခေတ်စီးမှာ အလွန်သေးငယ်၍ ခေတ်မီးထွန်းရန် မိုတာကို လည်စေရန်အတွက် မလုံလောက်ပေ။ သို့သော် အပူချိန်ကိုသိလျှင် ဖြစ်ပေါ်လာသော လျှပ်စစ်ခေတ်စီး ပမာဏကို သိနိုင်၍ လျှပ်စစ်ခေတ်စီးကိုသိလျှင် အပူချိန်ကို သိနိုင်သည့်အတွက် အဆိုပါ သာမိုအီလက်ထရစ်ကာပယ် များသည် အပူချိန်တိုင်း ကရိယာ (သာမိုမီတာများ) အဖြစ်ဖြင့် အလွန် အသုံးကျလေသည်။

**ဂယ်လဗာနိုမီတာ။** ။လျှပ်စစ်ခေတ်စီးတွင် သတ္တိ အမျိုးမျိုးရှိသည့်အနက် အရေးအကြီးဆုံးမှာ သံလိုက်ခေတ် ဖြစ်ပေါ်စေသော သတ္တိ ဖြစ်သည်။ လျှပ်စစ်ခေတ် စီးနေသည့် နန်းကြိုး အနီးသို့ အိမ်မြှောင်သံလိုက်အပ်ကို ပြကြည့်သော အခါ တောင်နှင့်မြောက် တန်းနေသော မူလနေရာမှ တိမ်းစောင်းသွားသည်ကို တွေ့နိုင်သည်။ လျှပ်စစ်ခေတ်စီး နည်းလျှင် အနည်းငယ်သာ တိမ်းစောင်း၍ များလျှင် ပိုပြီး တိမ်းစောင်းသည်။ ဤသဘောကို မူတည်၍ လျှပ်စစ်ခေတ်စီးကို စမ်းသပ်တိုင်းတာနိုင်အောင် နန်းကြိုးရစ်ခွေများနှင့်သံလိုက်အပ်ကိုအသုံးပြုထားသည့် ကရိယာကို "ဂယ်လဗာနိုမီတာ" (လျှပ်စစ်ခေတ်စီးတိုင်း ကရိယာ)ဟု ခေါ်သည်။ ဂယ်လဗားနီးကို ဂုဏ်ပြုသော အားဖြင့် ခေါ်ဝေါ်ခြင်း ဖြစ်လေသည်။ (ဂယ်လဗားနီး၊ အယ် —လည်းရှု။)

ဂယ်လဗာနိုမီတာ အမျိုးမျိုးအစားစားရှိသည်။ တမျိုးတွင် နန်းကြိုးရစ်ခွေက အသေဖြစ်၍ သံလိုက်အပ်က လှုပ်ရှားနိုင်သည်။ အခြားတမျိုးတွင် သံလိုက်တုံး ခပ်ကြီးကြီးကို အသေ ပြုလုပ်ထား၍ နန်းကြိုးရစ်ခွေကို ခပ်ငယ်ငယ် ပြုလုပ်ထားပြီးလျှင် လှုပ်ရှား တိမ်းစောင်းနိုင်အောင် ကြိုးဖြင့် တွဲလောင်း ဆွဲထားသည်။ အလွန်သေးငယ်သော လျှပ်စစ်ခေတ်စီးကို တိုင်းတာရန်အတွက် အရှင်ပြုလုပ်ထားသော သံလိုက်အပ်တွင် ဖြစ်စေ၊ နန်းကြိုးရစ်ခွေတွင် ဖြစ်စေ မှန်ဝိုင်း သေးသေးကလေး တပ်ထားသည့် အမျိုးလည်းရှိသည်။ ဤကရိယာမျိုးတွင် အလင်းရောင်ခြည် မျှင်ကလေးကို မှန်ဝိုင်းပေါ်သို့ ထိုးပေးထားရ၍ မှန်ဝိုင်းကလေး လည်သောအခါ မှန်ဝိုင်းမှ ပြန်ဟပ်သည့် ရောင်ခြည်မျှင်လည်း လည်ပြီးလျှင် လျှပ်စစ်ခေတ်စီး မည်မျှရှိကြောင်းကို အမှတ်စကေးပေါ်၌ ထိုးပြလေသည်။ မော်တော်ကားတွင် တပ်ဆင်ထားသော "အမ်မီတာ" ခေါ် ကရိယာ ကလေးမှာ ဂယ်လဗာနိုမီတာတမျိုးပင် ဖြစ်သည်။

လျှပ်စစ်ခေတ်ကြောင့် သံလိုက်ခေတ် ဖြစ်ပေါ်လာခြင်းကိုအကြောင်းပြု၍ "လျှပ်စစ်သံလိုက်"များကို ပြုလုပ်ထားသည်။ ထို လျှပ်စစ်သံလိုက် များတွင် တန်ချိန်များစွာရှိသည့် သံတုံး၊ သံထည်များကို ချီမသယ်ယူနိုင်သော လျှပ်စစ် သံလိုက် မောင်းတံကြီးများလည်း ရှိသည်။ လျှပ်စစ်သံလိုက် ပြုလုပ်ပုံ သဘောမှာ သံတုံးတတုံးပေါ်တွင် နန်းကြိုးတပင်ကို အထပ်ထပ် ရစ်ပတ်ထားပြီးနောက် နန်းကြိုးတလျှောက်ကို လျှပ်စစ်ခေတ် စီးဖြတ်စေသည်။ ထိုအခါ သံတုံးသည် လျှပ်စစ်ခေတ် စီးဖြတ်နေချိန်တွင် အခိုက်အတန့်အားဖြင့် သံလိုက် ဖြစ်သွားလေသည်။

လျှပ်စစ်ခေတ်စီး ဆိုသည်မှာ အရာဝတ္ထုများ အတွင်း၌ အီလက်ထရွန်များ တနေရာမှ တနေရာသို့ သွားခြင်းပင်ဖြစ်သည်ဟု တနေရာတွင် ဆိုခဲ့ပြီ။ သို့သော် အလွန် ကောင်းသည်ဟု ဆိုရသော ခေတ်လိုက်ပစ္စည်းများတွင်ပင် အီလက်ထရွန်တို့သည် လွတ်လပ်စွာ သွားနိုင်ခြင်း မရှိပေ။ မည်သည့် ပစ္စည်းတွင်မဆို အဆီးအတား အနည်းနှင့် အများ ရှိပြီးလျှင် ထိုအဆီးအတားကြောင့် အီလက်ထရွန်တို့၏ စွမ်းအင်အချို့မှာ ကုန်ခမ်း သွားရလေသည်။ ဤ တားဆီးအားကို "ရီဇစ္စတန့်" ဟုခေါ်၍ ထိုတားဆီးအားသည် ပစ္စည်းတခုနှင့်တခု မတူပဲ အေးနေသောအခါ၌ ပူနေသောအခါထက် နည်းလေသည်။

ရီဇစ္စတန့် (တားဆီးအား)နှင့် ဆန့်ကျင်ဖက်မှာ "ကွန်ဒပ်တစ်ဗစ်တီး" (ခေတ်လိုက်အား) ဖြစ်သည်။ အဓိပ္ပါယ်မှာ တားဆီးအား များသော ပစ္စည်းတွင် ခေတ်လိုက်အား နည်း၍ တားဆီးအားနည်းလျှင် ခေတ်လိုက်အား များလေသည်။ အကယ်၍ ကြေးနီ၏ ခေတ်လိုက်အားကို ၁၀၀ ဟု ပြခဲ့သော် ငွေ၊ ရွှေနှင့် ဒန်တို့၏ အားအသီးအသီးမှာ ၁၀၄၊ ၇၀ နှင့် ၆၄ . ၅ ဖြစ်လေသည်။

ခေတ်မလိုက် ပစ္စည်းများမှာ ခေတ်လိုက်အား အနည်းဆုံးဖြစ်သည်။ သို့သော် ခေတ်မလိုက်ပစ္စည်းဟု ဆိုရသော်ကာမူ လျှပ်စစ်ခေတ်အားကြီးသောအခါ အီလက်ထရွန် အချို့အဝက်ကို ဖြတ်သန်းခွင့်ပေးလေသည်။ ခေတ်မလိုက်ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ခေတ်မလိုက်အောင် ကာကွယ်ထားနိုင်သည့် ပစ္စည်းမျိုးကို "အင်ဆူလေးတား" (ခေတ်ကာပစ္စည်း)ဟု ခေါ်၍ လျှပ်စစ် မီးပွားကို ကာကွယ်ထားနိုင်သည့် ပစ္စည်းမျိုးကို "ဒိုင်အီလက်ထရစ်" (လျှပ်စစ်မီးပွားကာ ပစ္စည်း)ဟု ခေါ်သည်။ ဤပစ္စည်းနှစ်မျိုးကို အတူတူဟု ယူဆလေ့ ရှိကြသော်လည်း အမှန်အားဖြင့် မတူပေ။ ပုံပမာ – ဖန်နှင့် လချေးတို့သည် ကြက်ပေါင်စေးနှင့် ဗေကလိုက်တို့နှင့် စာသော် အင်ဆူလေးတား အဖြစ် ပိုညံ့၍ ဒိုင်အီလက်ထရစ် အဖြစ် ပိုကောင်းလေသည်။

လျှပ်စစ် ခေတ်စီးသည် အပူကိုဖြစ်ပေါ်စေသည်။ ခေတ်မီးခလုတ်ကို ဖွင့်လိုက်ချိန်၌ ခေတ်မီးလင်းလာခြင်းမှာ လျှပ်စစ်ခေတ်စီးကြောင့် ခေတ်မီးလုံး အတွင်းရှိ နန်းကြိုးမျှင် ကလေးများ ပူလွန်းအားကြီးပြီး လင်းလာခြင်း ဖြစ်သည်။ ခေတ်မီးပူအိုး၊ ခေတ်မီးဖို စသည်တို့မှာလည်း ဤသဘောကိုမှီး၍ ပြုလုပ်ထားသည့် ကရိယာများ ဖြစ်သည်။ ကြေးနီနန်းကြိုးများမှာ တားဆီးအားနည်းသဖြင့် လျှပ်စစ်ခေတ်စီးဖြတ်ချိန်တွင် အနည်းငယ်မျှသာ ပူလေ့ရှိသည်။ သို့သော် အကြောင်းတခုခုကြောင့် လျှပ်စစ်ခေတ်စီးအား များလာသည့်အခါ နန်းကြိုးတနေရာရာတွင် အပူအားကြီးပြီးလျှင် မီးဘေးကိစ္စများ ဖြစ်ပေါ်တတ်သည်။ သို့အတွက် လျှပ်စစ်ခေတ်ဆိုင်ရာ အသုံးအဆောင်များတွင် ဖျူခေါ် ခားစခံနန်းကြိုးတိုများကို သီးသန့် တပ်ဆင်ထားရမြဲ ဖြစ်သည်။ ဖျူသည် အရည်ပျော်လွယ်သည့် ပစ္စည်း (များသော အားဖြင့် ခဲနှင့် စပ်ထားသော သတ္တုရော)ဖြင့် ပြုလုပ်ထားသော နန်းကြိုး ဖြစ်သဖြင့် အပူလွန်၍ အရည်ပျော်စရာ ရှိသော အခါ ဖျူကသာ အလျှင်ပျော်လေသည်။

**လျှပ်စစ်ခေတ်စီး အတိုင်းအတာ။** ။လျှပ်စစ် ခေတ်စီးတွင် (၁) လျှပ်စစ်ကားရင့် (ခေတ်စီး)၏ ပမာဏ၊ (၂) လျှပ်စစ် ပိုတင်ရှယ် ခြားနားမှု (လျှပ်စစ်ခေတ် ပို့ဆောင်အား)၊ (၃) လျှပ်စစ်ခေတ် ရီဇစ္စတန့် (တားဆီးအား) တို့သည် တခုနှင့်တခု ဆက်သွယ်လျက်ရှိသည်။

လျှပ်စစ်ကားရင့် ပမာဏ၏ ခုကိန်းမှာ "အမ်ပီယာ" ဖြစ်၍ ပြင်သစ် သိပ္ပံပညာရှင် အန္ဒရေး မာရီ အမ်ပီယာကို အစွဲပြုကာ မှည့်ခေါ်သောအမည် ဖြစ်သည်။ အီလက်ထရိုမီးတစ်ဖိုခေါ် လျှပ်စစ်ခေတ် ပိုတင်ရှယ် ခြားနားမှုကို လျှပ်စစ်ဖိအားဟုလည်း ခေါ်သည်။ ထိုအား၏ ခုကိန်းမှာ "ဗို့" ဖြစ်၍ ထိုအမည်မှာ ဣတာလျံ သိပ္ပံပညာရှင် ဗိုလတာကို အစွဲပြု၍ မှည့်ခေါ်သောအမည် ဖြစ်သည်။ ရီဇစ္စတန့် ခေါ် လျှပ်စစ်တားဆီးအား ခုကိန်းမှာ "အုမ်း" ဟုခေါ်၍ ထိုအမည်မှာလည်း ဂျာမန် သိပ္ပံပညာရှင် ဂျော့ ဆိုင်မွန် အုမ်းကို ဂုဏ်တင်ကာ ခေါ်ဝေါ်သည့် အမည် ဖြစ်လေသည်။ ဖိအား တဗို့ဆိုသည်မှာ တအမ်ပီယာရှိသော ကားရင့်ကို တအုမ်းရှိသော ရီဇစ္စတန့်ကို ကျော်လွန် စီးဖြတ်နိုင်အောင် ဖိပေးရသော လျှပ်စစ်ဖိအား ဖြစ်သည်။

အထက်ပါ ခုကိန်း သုံးမျိုးနှင့် စပ်လျဉ်း၍ သိပ္ပံပညာရှင်ကြီး အုမ်းက ပုံသေနည်းတခု တီထွင်ထားခဲ့၍ ထိုပုံသေနည်းကို "အုမ်းစည်း" ဟု ခေါ်လေသည်။ ထိုစည်းအရ C မှာ ကားရင့် E မှာ လျှပ်စစ်ဖိအား R မှာ ရီဇစ္စတန့်တို့ဖြစ်ခဲ့လျှင် ပုံသေနည်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

$$C = \frac{E}{R}; E = CR; \ R = \frac{E}{C}$$

အထက်ပါ ပုံသေနည်းများတွင် C မှာ အမ်ပီယာ၊ E မှာ ဗို့နှင့် R မှာ အုမ်းဟူ၍ အသီးအသီးဖြစ်ကြသည်။

လျှပ်စစ်ပါဝါကို သိလိုလျှင် "ဝပ်"ဖြင့်တိုင်းတာရသည်။ ထိုအမည်မှာ အင်္ဂလိပ် သိပ္ပံပညာရှင်ကြီးတဦးဖြစ်သူ ဂျိမ်းဝပ်ကိုအစွဲပြု၍ မှည့်ခေါ်သောအမည် ဖြစ်သည်။ တဝပ်မှာ ဖိအား တဗို့နှင့် ဖိထားသော တအမ်ပီယာ၏ စွမ်းအင်ဖြစ်သည်။ ထို့ကြောင့် ဗို့အရေအတွက်ကို အမ်ပီယာ အရေအတွက်နှင့် မြှောက်လျှင် ဝပ်အရေအတွက်ကို ရနိုင် လေသည်။ သို့သော် ဝပ်မှာသေးငယ်လှသောကြောင့် လျှပ်စစ်ပါဝါကို များသော အားဖြင့် ဝပ် ၁၀၀၀ နှင့် ညီသော "ကီလိုဝပ်"နှင့် တိုင်းတာလေ့ ရှိကြသည်။ မြင်းတကောင်အားသည် ဝပ်အရေအတွက် ၇၄၆ နှင့် ညီမျှသဖြင့် မြင်းကောင်ရေ အားနှင့်လည်း တိုင်းတာနိုင်သည်။ (ပါဝါ။ဝပ်, ဂျိမ်း — လည်းရှု။)

**ကွန်ဒင်ဆား။** ။လျှပ်စစ်ပညာတွင် လျှပ်စစ်ခေတ်ပမာဏကြီးလာအောင် သိုမှီးပေးသည့် ကရိယာကို ကွန်ဒင်ဆားဟု ခေါ်သည်။ ကွန်ဒင်ဆားတွင် ခေတ်လိုက်သတ္တုပြား နှစ်ခုကို ဖြစ်စေ၊ နှစ်ခုထက်ပိုသော သတ္တုပြားများကို ဖြစ်စေ တခုနှင့်တခု အကြားတွင် ဒိုင်အီလက်ထရစ်တခုခုကို ခံပေးထားသည်။ များသောအားဖြင့် လချေးပြားများကို ဒိုင်အီလက်ထရစ်အဖြစ်ဖြင့် သုံးလေ့ရှိသည်။ ထိုနည်းဖြင့် လျှပ်စစ်ခေတ်၏ ဗို့အားနှင့် စာသော် ပမာဏ အားဖြင့် အဆမတန် ကြီးမားသည့် လျှပ်စစ်ခေတ်ကို စုဆောင်း ပေးနိုင်လေသည်။ မည်မျှ စုဆောင်းပေးနိုင်သည် ဟူသော စွမ်းရည်ကို ထိုကွန်ဒင်ဆား၏ "ကပက်စီးတီး" ဟု ခေါ်၍ ထိုစွမ်းရည်မှာ ကွန်ဒင်ဆားအတွင်းရှိ ခေတ်လိုက်သတ္တုပြားများ တခုနှင့်တခု နီးကပ်လေလေ၊ ကြီးလေလေဖြစ်သည်။ လျှပ်စစ် ဆာကစ်တခု၌ ကွန်ဒင်ဆားကို သွင်းထားသော အခါ ဆာကစ်တွင် စီးမည့် လျှပ်စစ်ခေတ်၏ ပမာဏမှာ ကွန်ဒင်ဆား၏ ကပက်စီးတီး (စွမ်းရည်)ပေါ်၌ တည်လေသည်။ ထို့ကြောင့် ကွန်ဒင်ဆားသည် တဖက်တပြန့် လျှပ်စစ်စီးရာတွင် လျှပ်စစ်ခေတ်ကြောင့် ဖြစ်ပေါ်လာသော



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်တုန်ကြိမ်ကို ထိန်းပေးနိုင်သဖြင့် ဝိုင်ယာလက်နှင့် ရေဒီယိုများတွင် ရေဒီယိုလှိုင်းများကို ညှိပေးရန် အတွက် ကွန်ဒင်ဆာများကို အသုံးပြုရလေသည်။ ကပက်စီးတီးကို သိထားသော စံတင် ကွန်ဒင်ဆာဖြင့် ဆာကစ်တခုအတွင်း စီးလျက်ရှိသည့် လျှပ်စစ် ကားရင့်တို့၏ ပမာဏ ကိုလည်း တိုင်းတာနိုင်လေသည်။

**ဒိုင်နမို။** ။လျှပ်စစ် ကားရင့်ကို စက်ဖြင့် ထုတ်ယူနိုင်ပုံ သဘောကို ၁၈၃၁ ခုနှစ် ဩဂုတ်လတွင် ပဌမ စတင်တွေ့ရှိသူမှာ ခေတ်သစ် လျှပ်စစ်ပညာ၏ ဖခင်ဟု အသိအမှတ်ပြုရသော အင်္ဂလိပ်လူမျိုး သိပ္ပံပညာရှင် မိုက်ကယ် ဖားရဒေး ဖြစ်လေသည်။ (ဖားရဒေး၊ အမ် — ရှု။) ဂယ်လဗာနီ မီတာ အကြောင်းတွင် လျှပ်စစ် ကားရင့်ကြောင့် သံလိုက်ခေတ် ဖြစ်ပေါ် လာပုံကို ဖော်ပြခဲ့ပြီ။ ဖားရဒေး တွေ့ရှိသော အချက်မှာ သံလိုက်ခေတ်ဖြင့် နန်းကြိုးတွင် လျှပ်စစ် ကားရင့် ဖြစ်ပေါ် လာအောင် ညှိယူနိုင်ခြင်း ဖြစ်၍ အထက်ပါ သဘောနှင့် ပြောင်းပြန် ဖြစ်ပေသည်။ ဖားရဒေးသည် သံလိုက်ပိုစွန်းရှေ့၌ နန်းကြိုးခွေ တခုကို လှုပ်ရှား ပေးသော အခါ၊ တနည်း နန်းကြိုးခွေကို အသေထား၍ သံလိုက်ကို လှုပ်ရှားပေးသောအခါ နန်းကြိုးခွေ၌ လျှပ်စစ်ကားရင့် ဖြစ်ပေါ်လာသည်ကို တွေ့ရှိသည်။ သို့သော် ဤလျှပ်စစ် ကားရင့်မှာ နန်းကြိုးခွေနှင့် သံလိုက်တခုခုကို လှုပ်ရှား ပေးချိန်တွင်သာ ဖြစ်ပေါ်၍ လှုပ်မပေးပဲ တည်ငြိမ်ထားပါက လုံးဝဖြစ်ပေါ်ခြင်း မရှိပေ။

နန်းကြိုးတွင် လျှပ်စစ်ကားရင့် ဖြစ်ပေါ်လာခြင်းမှာ သံလိုက်ခေတ်အား လမ်းကြောင်းများကို နန်းကြိုးက ဖြတ်တောက်မှုကြောင့် ဖြစ်၍ လျှပ်စစ်ကားရင့်၏ ပမာဏမှာ တစက္ကန့်အတွင်း ဖြတ်တောက်ခံရသည့် သံလိုက်ခေတ်အား လမ်းကြောင်း အရေအတွက်ပေါ်၌ တည်လေသည်။ ထို့ကြောင့် သံလိုက်၏အား ကြီးလာလျှင်ဖြစ်စေ၊ သို့မဟုတ် သံလိုက်အားလမ်းကြောင်းကို နန်းကြိုး ဖြတ်တောက်သည့် အကြိမ်ပေါင်း များလာလျှင် ဖြစ်စေ ဖြစ်ပေါ်လာသော လျှပ်စစ်ကားရင့်၏ ပမာဏမှာလည်း များလာလေသည်။ သို့ရာတွင် ဖြစ်ပေါ်လာသည့် လျှပ်စစ်ကားရင့်သည် စီးလိုရာ စီးခြင်း မဟုတ်ပေ။ သံလိုက်၊ သို့မဟုတ် နန်းကြိုးခွေ လှုပ်ရှားသည့်ဖက်ကို လိုက်ပြီး စီးခြင်း ဖြစ်လေသည်။ ပုံပမာ နန်းကြိုးခွေထဲသို့ သံလိုက် ပိုစွန်းကို ထိုးသွင်းချိန်တွင် နန်းကြိုးခွေ၌ ဖြစ်ပေါ်လာသော လျှပ်စစ်ကားရင့်သည် ဝဲမှယာသို့ စီးသည်ဆိုပါစို့။ ထိုအခါ သံလိုက်ပိုစွန်းကို ဆွဲထုတ်လိုက်ချိန်တွင် အဆိုပါ လျှပ်စစ်ကားရင့်သည် ယာမှဝဲသို့ပြောင်းပြန်စီးလေသည်။

အထက်ပါ အခြေခံ သဘောကို တွေ့ရှိပြီးနောက် ဖားရဒေးသည် သံလိုက်အားလမ်းကြောင်းများ ရှိသော သံလိုက်နယ်တွင်နန်းကြိုးခွေကို အဆက်မပြတ်လည်စေနိုင်မည့်နည်းကို ကြံစည်ပြန်ပြီးလျှင် ၁၈၃၁ ခုနှစ် အောက်တိုဘာလမှာပင် ပဌမဒိုင်နမိုကို တီထွင်လိုက်လေသည်။ (ဒိုင်နမို — ရှု။)

ဒိုင်နမိုတွင် အရေးအကြီးဆုံး အပိုင်းနှစ်ပိုင်း ရှိသည်။ တပိုင်းမှာ အသေဖြစ်၍ တပိုင်းမှာ အရှင်ဖြစ်ကာ လှုပ်ရှားနိုင်သည်။ လှုပ်ရှားသော အပိုင်းသည် ထုလုံးရှည် သဏ္ဌာန် သံ ကိုယ်ထည်ပေါ်၌ နန်းကြိုးများကို ရစ်ပတ်ထားသောအပိုင်းဖြစ်သည်။ ထိုအပိုင်းကို "အာမေချာ" (နန်းကြိုးခွေ ရစ်လုံး)ဟု ခေါ်သည်။ အသေဖြစ်သည့် အပိုင်းသည် အာမေချာကို ဝိုင်းရံထားသော သံကိုယ်ထည်ကြီး တခု ဖြစ်၍ ထိုသံကိုယ်ထည်ပေါ်၌ အားကောင်းသော သံလိုက်အများကို တပ်ဆင်ထားသည်။ ထိုသံလိုက်တို့မှာ သာမန် သံလိုက်များ မဟုတ်ကြပေ။ သံပျော့ချောင်းများ ပေါ်တွင် နန်းကြိုးများ ရစ်ပတ်ထားသော လျှပ်စစ်သံလိုက်များ ဖြစ်ကြ၍ ထိုသံလိုက်များကို "ဖီး မက်ဂနက်"(အားပေးသံလိုက်)ဟု ခေါ်လေသည်။ ယခင်က ဆိုလျှင် လျှပ်စစ်သံလိုက်အစား သံမဏိသံလိုက်များကိုသာ သုံးခဲ့၍ ထိုဒိုင်နမိုမျိုးကို "မက်ဂနက်တို" (သံလိုက် လျှပ်စစ်စက်)ဟု ခေါ်လေသည်။

အာမေချာတွင် နန်းကြိုးရစ်ခွေအားလုံးတို့၏ အဖျားများကို တခုနှင့်တခု ဆက်ထား၍ နောက်ဆုံး အစနှစ်ဖက်ကို အာမေချာဝင်ရိုးတံ၌ တပ်ဆင်ထားသော ကြေးဝါကွင်းနှစ်ခုသို့ ဆက်ထားသည်။ အာမေချာကို လည်စေသော အခါ အာမေချာ နန်းကြိုးရစ်ခွေများ၌ အားကောင်းသော လျှပ်စစ်ကားရင့် ဖြစ်ပေါ်လာလည်း။ ကြေးဝါကွင်းများ၌ ကာဗွန်၊ သို့မဟုတ် ကြေးနီဖြင့် ပြုလုပ်ထားသော ဗရပ် (သွားပွတ်တံ)နှစ်ခု တပ်ထားသည်။ ထိုသွားပွတ်တံတို့က နန်းကြိုးရစ်ခွေတွင် ဖြစ်ပေါ်လာသော လျှပ်စစ်ကားရင့်တို့ကို စုဆောင်း သိမ်းဆည်းပြီးနောက် မိမိတို့နှင့် ဆက်သွယ်လျက် ရှိသော ကြေးနန်းကြိုးများသို့ ဖြန့်၍ ပေးသည်။ သို့သော် ဤသို့ အာမေချာ လည်စဉ် နန်းကြိုးရစ်ခွေများ အတွင်း၌ စီးသော လျှပ်စစ်ကားရင့်တို့သည် "အပတ်ဝက်" တိုင်းတွင် တကြိမ်စီးရာအရပ် ပြောင်းကြသဖြင့် ဤစက်မျိုးမှ အေစီကားရင့်ခေါ် တဖက်တပြန်စီး လျှပ်စစ်ကားရင့်မျိုးကိုသာ ရလေသည်။ ထိုကြောင့် ဤစက်မျိုးကို အော်လတာနိတာ၊သို့မဟုတ် အေစီဒိုင်နမိုဟုခေါ် လေ့ ရှိကြသည်။ ဒီစီကားရင့်ခေါ် တဖက်သတ်စီး လျှပ်စစ်ကားရင့်ကို ပေးသော စက်မျိုးကိုသာ ဒိုင်နမိုဟုခေါ် လေ့ ရှိကြလေသည်။

အမှန်မှာ တဖက်တပြန်စီး လျှပ်စစ်ကားရင့်သည် တဖက်သတ်စီး လျှပ်စစ်ကားရင့်နည်းတူ အသုံးကျ၍ စရိတ်ပိုင်း ပို၍ သက်သာသေးသည်။ ထိုကြောင့် အေစီဒိုင်နမိုကိုအသုံးများကြသည်။ သို့ရာတွင် တဖက်သတ်စီး လျှပ်စစ်ကားရင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ အသုံးပြုလိုသောအခါများလည်း ရှိသေးရာ ထိုအခါမျိုးတွင် ဒိုင်နမိုသို့ ကွန်မျူတေးတား ခေါ် ဓာတ်ပြောင်းကွင်းကို ကြေးဝါကွင်းအစား တပ်ဆင်ပေးရလေသည်။

ကွန်မျူတေးတားမှာလည်း ကြေးဝါကွင်းပင် ဖြစ်သည်။ သို့သော် ကွင်းပြည့် မဟုတ်ပဲ အမြှောင်းများအဖြစ် အလျားလိုက် ခွဲစိတ်ထားပြီးနောက် အမြှောင်း တခုနှင့်တခု စပ်ကြားတွင် ဓာတ်မလိုက် ပစ္စည်းဖြင့် ကြားခံထားသည်။ အာမေချာ နန်းကြိုးရစ်ခွေမှ အစနှစ်ဖက်စီကို ဆက်ထားရန်အတွက် အမြှောင်းနှစ်ခု လိုသဖြင့် အမြှောင်း အားလုံး၏ အရေအတွက်မှာ နန်းကြိုးရစ်ခွေ ရှိသမျှ၏ နှစ်ဆနှင့် ညီမျှရလေသည်။

ကွင်းပြည့် ကြေးဝါကွင်း နှစ်ခုကို သုံးစဉ်က အာမေချာနှင့်အတူ လိုက်၍လည်သော ထိုကွင်းနှစ်ခုမှာ လျှပ်စစ်ကားရင့် တဖက်တပြန် စီးမှုကြောင့် အဖိုတလှည့် အမတလှည့်ဖြစ်နေရာ ကွင်းပေါ်တွင် ဖိနှိပ်ထားသော သွားပွတ်တံနှစ်ခုမှာလည်း အဖိုတလှည့် အမတလှည့် ဖြစ်၍ နေလေသည်။ ကွန်မျူတေးတားကို သုံးစဉ်မှာလည်း ဤအတိုင်းပင် ဖြစ်သည်။ သို့သော် ကြေးဝါကွင်းကို အမြှောင်းလိုက် စိတ်ထားသဖြင့် အမြှောင်းတခုသည် အဖိုမှ အမသို့ဖြစ်စေ၊ အမမှ အဖိုသို့ ဖြစ်စေ ပြောင်းလဲချိန်တွင် သွားပွတ်တံနှင့် လွတ်သွားလေသည်။ ထိုကြောင့် သွားပွတ်တံ တခုသည် အမြှောင်းများတွင် ဓာတ်ဖိုပေါ်ချိန်၌သာ ပွတ်တိုက်မိ၍ ကျန်သွားပွတ်တံက ဓာတ်မပေါ်ချိန်၌သာ ပွတ်တိုက်မိသည့်အတိုင်း သွားပွတ်တံနှစ်ခုမှ ထွက်ပေါ်လာသော လျှပ်စစ်ကားရင့်သည် တဖက်သတ်စီး လျှပ်စစ်ကားရင့် ဖြစ်လာလေသည်။

ဒိုင်နမိုကို များသောအားဖြင့် မီးသွေးမီး၊ ထင်းမီးတို့ဖြင့် ရေကို ဆူစေပြီးနောက် ရရှိအပ်သော ရေနွေးငွေ့အားဖြင့် လည်စေကြသည်။ သို့သော် ဤနည်းမှာ စရိတ်ကြီးလေးသဖြင့် အင်ဂျင်နီယာကြီး အချို့က လေအားကို အသုံးချနိုင်မည့်နည်းကို ရှာကြံလျက် ရှိကြသည်။ လက်ရှိ အပေါ်ဆုံးနည်းမှာမူ ရေအားကို သုံးသည့် နည်းပင် ဖြစ်သည်။ ဤနည်းတွင် ရေစီးနေသောမြစ် ရေတံခွန်တို့မှ ရေကို ဆည်ပြီးသော် ဆည်မှတဆင့် ရေကို အရှိန်ပြင်းစွာ ကျဆင်းစေကာ ရေရဟတ်ကို လည်စေသည်။ ထိုနောက် ရေရဟတ်မှတဆင့် ဒိုင်နမိုကို လည်စေပြန်သည်။ ကမ္ဘာပေါ်၌ ရေတံခွန်ကြီးများရှိရာ နိုင်ငံအသီးအသီးတွင် ရေအားနှင့် မောင်းနှင်သည့် လျှပ်စစ်ဓာတ်အားပေးရုံကြီးများ မြောက်မြားစွာ ရှိကြသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း လောပိတ ရေအားလျှပ်စစ် စီမံကိန်းကို ဆောင်ရွက် လုပ်ကိုင်ခဲ့ရာ ထိုစီမံကိန်း အောင်မြင်မှုသည် လျှပ်စစ်ဓာတ်အားကို သက်သာစွာနှင့် သုံးစွဲနိုင်ကြစေရန် အစပျိုးလိုက်ခြင်းပင်ဖြစ်ပေသည်။ (ဘီလူးချောင်း ရေအား လျှပ်စစ် စီမံကိန်းလည်း — ရှု။)

ဒိုင်နမိုအပြင် ကျွန်ုပ်တို့နှင့် နီးစပ်၍ စက်ရုံ၊ မော်တော်ကားနှင့် အခြားစက်အမျိုးမျိုးတွင် အသုံးပြုထားသော လျှပ်စစ် မိုတာများ ဟူ၍လည်း ရှိသေးသည်။ ဒိုင်နမိုနှင့် မိုတာ ပြုလုပ်ထားပုံချင်းမှာ ဆင်တူ၍ သဘောသာ ပြောင်းပြန် ဖြစ်သည်။ အဓိပ္ပာယ်မှာ ဒိုင်နမို၌ စက်လည်မှုကြောင့် လျှပ်စစ်ကားရင့် ဖြစ်ပေါ်လာ၍ မိုတာ၌မူ လျှပ်စစ်ကားရင့်ကြောင့် စက်လည်လေသည်။ မိုတာကို အသုံးပြုထားသော တွေ့နေကျကရိယာတခုမှာ လျှပ်စစ်ပန်ကာဖြစ်၍ ဓာတ်ရထား၊ ထရော်လီ၊ ဓာတ်လှေကားများနှင့် တကူ ခေတ်ပေါ် မီးရထား၊ ဂရမ်မိုဖုန်း ဓာတ်စက်၊ အပ်ချုပ်စက် စသည်တို့မှာလည်း မိုတာကို သုံးထားသည့် ပစ္စည်းများပင် ဖြစ်လေသည်။

လျှပ်စစ်ဓာတ်ပညာတွင် အရေးကြီးသည့် ကရိယာတခု ရှိသေးသည်။ ထိုကရိယာမှာ "ထရန်စဖော်မား" (ဓာတ်အားပြောင်းကရိယာ)ဖြစ်၍ ထိုကရိယာကို လျှပ်စစ်ဓာတ်၏ ဗို့အား တိုးစေလို၊ လျော့စေလိုသည့် နေရာမျိုးတွင် အသုံးချရလေသည်။ ပုံပမာ—ဓာတ်အားပေးရုံမှ မူလ ထွက်ပေါ်လာသော ဓာတ်အားသည် ခရီးဝေးသွားရန် အားနည်းနေသည် ဆိုပါစို့။ ထိုအခါ အားကြီးစေမည့် ထရန်စဖော်မားကိုသုံးခြင်းဖြင့် ဗို့အားကို လိုသလို ကြီးလာနိုင်စေသည်။ တဖန် အားများလျက်ရှိသော ထိုဓာတ်ကြိုးမျိုးမှ အိမ်သုံးဓာတ်မီးကြိုးများသို့ ဆက်သွယ်လိုသောအခါ အားလျော့ ထရန်စဖော်မားကို သုံးရပြန်လေသည်။ (ထရန်စဖော်မား — ရှု။)

ထရန်စဖော်မားကို ပြုလုပ်ထားပုံ သဘောမှာ လျှပ်စစ်သံလိုက်ဓာတ်ဖြင့် လျှပ်စစ်ဓာတ်ကို ညှို့ယူဖြစ်ပေါ်စေသည့် သဘောပင် ဖြစ်သည်။ ထရန်စဖော်မားတွင် အလယ်ဗဟို၌ လျှပ်စစ်သံလိုက်တုံးတခု ရှိ၍၊ ထိုလျှပ်စစ်သံလိုက်တုံးဖက်တွင် "ပရိုင်မရီ" (မူလ) နှင့် "စကင်ဒရီ" (အညှို့ခံ) နန်းကြိုးခွေ နှစ်ခု ရှိသည်။ မူလ နန်းကြိုးခွေတွင် လျှပ်စစ်ဓာတ်ကို ပြတ်တောင်းပြတ်တောင်း စီးဖြတ်စေသောအခါ လျှပ်စစ် သံလိုက်တုံးတွင်လည်း သံလိုက်ဓာတ်သည် ပြတ်တောင်း ပြတ်တောင်း ဖြစ်ပေါ်သည်။ ထိုပြတ်တောင်းပြတ်တောင်း ဖြစ်ပေါ်သော သံလိုက်ဓာတ်ကြောင့် အညှို့ခံ နန်းကြိုးခွေတွင်ရှိသော နန်းကြိုးရစ်၏ အရေအတွက်မှာ မူလ နန်းကြိုးခွေတွင် ရှိသည့် အရေအတွက်ထက် များက လျှပ်စစ်ဓာတ် ဗို့အား များလာ၍ နန်းကြိုးရစ် အရေအတွက် နည်းက ဗို့အားနည်းသွားသည့် အချက်မှာ မှတ်သားဖွယ် ကောင်းလှသည်။ ပုံပမာ-မူလနန်းကြိုးခွေတွင် အရစ်ပေါင်း တရာရှိ၍ အညှို့ခံ နန်းကြိုးခွေတွင် အရစ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းတထောင်ရှိသည် ဆိုပါစို့။ ထိုအညွှိခံ နန်းကြိုးခွေတွင် ဖြစ်ပေါ်လာသော ဓာတ်အားသည် မူလနန်းကြိုးခွေရှိ ဓာတ်အားထက် ဆယ်ပြန်ကြီးလာလေသည်။ ထိုနည်းအတူပင် အကယ်၍ မူလဓာတ်ကြိုးကို အညွှိခံ နန်းကြိုးခွေသို့ ဆက်ပေးမည် ဆိုပါက မူလနန်းကြိုးခွေတွင် ဖြစ်ပေါ်လာသော ဓာတ်အားမှာ မူလအား၏ ဆယ်ပုံ တပုံအထိ သေးငယ်သွားမည် ဖြစ်ပေသည်။ လျှပ်စစ်ဓာတ်ကို ပြတ်တောင်းပြတ်တောင်း စီးစေမည့်အစား တဖက်တပြန်စီးသည့်အေစီကားရင့်ကို သုံးလျှင်လည်း ရရှိသည့်အကျိုးမှာ အတူတူပင် ဖြစ်သည်။ ထို့ကြောင့်လည်း အေစီကားရင့်ခေါ် တဖက်တပြန်စီး လျှပ်စစ်ကားရင့်ကို ဒီစီကားရင့်ခေါ် တဖက်သတ်စီး လျှပ်စစ်ကားရင့်ထက်ပို၍အသုံးများခြင်းဖြစ်လေသည်။

**လျှပ်စစ်ပုံသွင်းနည်း။** ။လျှပ်စစ် ပုံသွင်းနည်းသည် လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ ပုံနှိပ်စာလုံးများ ပြုလုပ်ခြင်း ဖြစ်သည်။ ပုံနှိပ်စာလုံးများ ပြုလုပ်ရာ၌ စာလုံးများပြုလုပ်မည့် သတ္တုများကို ထွင်း၍၎င်း၊ သတ္တုစားဆေးတင်၍၎င်း ပြုလုပ်ကြသည်။ သို့သော် လျှပ်စစ်ပုံသွင်းနည်း၌ စာလုံးများကို လျှပ်စစ်ဓာတ်ကို အသုံးပြု၍ လျှပ်စစ်ဖြင့် ဓာတ်ခွဲနည်းဖြင့် ပြုလုပ်ကြသည်။ ပဌမဖယောင်းကို အိုးထဲတွင် ကျိုသည်။ ထိုနောက်ဖယောင်းကို ပုံစံသွင်းမည့် ခွက်ထဲသို့ လောင်းထည့်လိုက်သည်။ ထိုနည်းဖြင့် ဖယောင်းပေါ်၌ပြုလုပ်လိုသော စာလုံးများကို ပြောင်းပြန် ထင်စေသည်။ ထိုနောက် ဖယောင်းပုံစံပေါ်တွင် ဂရပ်ဖိုက် (ခဲနက်)မှုန့်များကို ဖြူးပေးသည်။ ထိုသို့ ပြုလုပ်ခြင်းသည် ဖယောင်းသို့ လျှပ်စစ်ဓာတ် လိုက်စေရန် ဖြစ်သည်။ ထိုနောက် လျှပ်စစ်ဓာတ်အိုး၏ ဓာတ်မတိုင်ကို ပုံစံခွက်နှင့် ဆက်၍ ဓာတ်ဖိုတိုင်ကို ကြေးနီစတခုနှင့် ဆက်ပေးသည်။ယင်းတို့ နှစ်ခုစလုံးကိုမူ ကော့ပါးဆာလဖိတ်ရည်ထဲတွင် နှစ်ထားရသည်။ ထိုနောက် လျှပ်စစ်ဓာတ်ကို လွှတ်ပေးရသည်။ ထိုအခါ ဖယောင်းပုံစံခွက်ပေါ်၌ ကြေးနီသတ္တုများ အမြှေးပါးကဲ့သို့ တင်လာသည်။ ဓာတ်ဖိုတိုင်ကို နစ်ကယ်၊ သို့မဟုတ် သံစများနှင့်လည်း ဆက်ထားတတ်ကြသည်။ လျှပ်စစ်ဖြင့်ဓာတ်ခွဲခြင်းကို ဆက်၍ ပြုလုပ်ပေးသည်နှင့်အမျှ သတ္တု အမြှေးပါးသည် တဖြည်းဖြည်း ထူလာသည်။ အမြှေးပါးသည် တလက်မ၏ အပုံတထောင်ပုံ ရှစ်ပုံမျှလောက် အထိ ထူလာစေရန် နှစ်နာရီခန့်ကြာသည်။ ထို သတ္တု အမြှေးပါးသည် စက္ကူ အထူစားလောက် ရှိလာသောအခါ လျှပ်စစ်ဓာတ်ကို ရပ်လိုက်ပြီးလျှင် ကော့ပါးဆာလဖိတ်ရည်ထဲမှ ထုတ်ယူ၍ သတ္တုအမြှေးပါးကို ခွာယူလိုက်သည်။ပြီးလျှင် ထိုအလွှာကို တောင့်တင်း ခိုင်ခံ့စေရန် အနောက်ဖက်မှ ပုံနှိပ်စာလုံးလုပ်သည့် သတ္တုကို အရည်ကျို၍ လောင်းထည့်ပေးသည်။ ပုံနှိပ်စာလုံးများ ပြုလုပ်သည့် သတ္တုမှာ ခဲ၊ သံဖြူနှင့် အင်တီမိုနီ အနည်းငယ် ရောထားသော သတ္တုစပ် တမျိုး ဖြစ်သည်။ ထိုနောက် စာလုံးချပ်ကို အလိုရှိသည့် ပုံစံအထူအပါးရရှိစေရန် ပွတ်ပြင်ပေးသည်။ ထိုပြင် စာလုံး၏ အနားထောင့်စွန်းများကို ညှိပေးပြီးလျှင် စာလုံး၏ မျက်နှာကိုလည်း တညီတည်းဖြစ်စေရန် ပြုလုပ်ပေးသည်။ ထိုစာလုံးပုံများကို သစ်သားတုံးများပေါ်တွင် တပ်၍ အသုံးပြုလေ့ရှိကြသည်။

လျှပ်စစ်ပုံသွင်းနည်း၌ နည်းအမျိုးမျိုးရှိသည်။ အချို့စာလုံးများကို ပြုလုပ်ရာ၌ ပဌမ ဖယောင်းပုံစံခွက်ပေါ်၌ နစ်ကယ်အထူ တလက်မ၏ အပုံတထောင်ပုံ တပုံမျှ အထူရှိအောင် ပြုလုပ်ပေးသည်။ ထိုနောက် ထိုနစ်ကယ် အမြှေးပေါ်၌ နောက်ထပ် ကြေးနီ အထူ တလက်မ အပုံတထောင်ပုံ ခုနစ်ပုံခန့် ရှိလာစေရန် လျှပ်စစ်ဖြင့် ဓာတ်ခွဲနည်းဖြင့် တဖန် ပြုလုပ်ပေးကြသည်။ အချို့ ကြေးနီနှင့် ပြုလုပ်ထားသော စာလုံးများကို နစ်ကယ်စိမ်၍ ထားတတ်ကြသည်။ တာရှည် အသုံးပြုလိုသော ကြေးနီ စာလုံးများကို ကရိုမီယမ်စိမ်ထားတတ်ကြသည်။အကောင်းဆုံး စာလုံးများကိုပြုလုပ်ရာ၌ ပုံစံလောင်းရာတွင် ဖယောင်းအစား အလွန်ပါးသော ခဲပြားများကို အသုံးပြုကြသည်။ ဤကဲ့သို့သော စာလုံးပုံစံများကို နစ်ကယ်နှင့် အုပ်လိုက်သောအခါ ထိုစာလုံးများသည် အကောင်းဆုံး ပုံနှိပ်စာလုံးများ ဖြစ်လာလေသည်။

စာအုပ်များကို ထုတ်လုပ်ရာတွင် လျှပ်စစ် ပုံသွင်းနည်းဖြင့် ပြုလုပ်ထားသော စာလုံးချပ်များဖြင့် ပုံနှိပ်လေ့ ရှိကြသည်။ ထိုသို့ ပြုလုပ်လေ့ရှိကြသည်မှာ ထိုစာလုံးပုံစံများသည် တာရှည် ခံခြင်းကြောင့် ဖြစ်သည်။ စာအုပ်များ အရောင်းရတွင်ကျယ်သဖြင့် နောက်တကြိမ် ထပ်၍ ရိုက်နှိပ်ရန် လိုလျှင် စာလုံးပုံစံများကို အဆင်သင့်ရရှိနိုင်လေသည်။

**လျှပ်စစ်ဖြင့်ဓာတ်ခွဲခြင်း။** ။ဒြပ်ပေါင်းထဲသို့အထူးသဖြင့် ပျော်ဝင်ရည်ထဲသို့ လျှပ်စစ်ဓာတ်ကို လွှတ်၍ ဓာတ်ခွဲလိုက်ခြင်းကို လျှပ်စစ်ဖြင့် ဓာတ်ခွဲခြင်း (အီလက်ထရိုလစ်ဆစ်) ဟုခေါ်၏။ ဓာတ်ခွဲပုံကို ပုံစံပြရသော် ကော့ပါးဆာလဖိတ် ( $Cu\ SO_4$ )ကို ရေတွင် ပျော်ဝင်စေသောအခါ လျှပ်စစ်အဖိုဓာတ်ကို ဆောင်သော ကော့ပါးအိုင်းယွန်း($Cu^{++}$) များနှင့် လျှပ်စစ်အမဓာတ်ကို ဆောင်သော ဆာလဖိတ်အိုင်းယွန်း ($SO_4^{=}$) များအဖြစ်သို့ အစည်းကွဲထွက်သွားသည်။ ဤသို့ အစည်းကွဲထွက်ခြင်းသည် လျှပ်စစ်ဓာတ်ကို ကော့ပါးဆာလဖိတ် ပျော်ဝင်ရည်ထဲသို့ မလွှတ်မီ အချိန်တွင် ဖြစ်၏။ လျှပ်စစ်ဓာတ်ကို လွှတ်လိုက်သည်နှင့်တပြိုင်နက် လျှပ်စစ်ဓာတ်သည် အနုတ်ခေါ် ဓာတ်ဖိုတိုင်မှ ပျော်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရည်ထဲသို့ ဝင်၍ ထိုပျော်ဝင်ရည်ကို ဖြတ်သွားပြီးလျှင် ကက်သုတ်ခေါ် ဓာတ်မတိုင်မှ ထွက်သွားလေသည်။ ထိုအခါ ကော့ပါးအိုင်းယွန်း($Cu^{++}$)များသည် ကက်သုတ်ဓာတ်မတိုင်ရှိရာသို့၎င်း၊ ဆာလဖိတ် အိုင်းယွန်း ($SO_4^{=}$) များက အန်နုတ်ဓာတ်ဖိုတိုင် ရှိရာသို့၎င်း အသီးအသီး အစည်းကွဲ၍ ကူးသွားကြသည်။ မကြာမီအတွင်း ကော့ပါးအိုင်းယွန်း ($Cu^{++}$) များသည် သာမန် ကြေးနီအဖြစ်ဖြင့် ကက်သုတ် ဓာတ်မတိုင်တွင် စု၍ တည်နေ၏။ ထိုနည်းအတူ ဆာလဖိတ်အိုင်းယွန်း ($SO_4^{=}$) များကလည်း အန်နုတ်ဓာတ်ဖိုတိုင်တွင် လွတ်ထွက်၍ ရေနှင့် ဓာတ်ပေါင်းပြီးလျှင် ဆာလဖျူရစ် အက်ဆစ် ပျော်ဝင်ရည် ဖြစ်လာ၏။ ထိုနောက် အောက်ဆီဂျင် ဓာတ်ငွေ့သည် အန်နုတ်ဓာတ်ဖိုတိုင်မှ ထွက်လာ၏။ ဆာလဖျူရစ် အက်ဆစ် ရပုံနှင့် အောက်ဆီဂျင် ဓာတ်ငွေ့ ထွက်လာပုံမှာ ဤသို့တည်း။

$$2\,SO_4 + 2\,H_2O \rightarrow 2\,H_2SO_4 + O_2$$

(ဆာလဖိတ်) + (ရေ) → (ဆာလဖျူရစ်အက်ဆစ်) + (အောက်ဆီဂျင်)

အကယ်၍ ကော့ပါး ဆာလဖိတ် ($Cu\,SO_4$) ပျော်ဝင်ရည်ထဲသို့ ကြေးနီဓာတ်လိုက်တိုင်နှစ်ခုကို အသုံးပြု၍ လျှပ်စစ်ဓာတ်လွှတ်ပြီး ဓာတ်ခွဲလိုက်သောအခါ ယခင်ကကဲ့သို့ပင် ကြေးနီသတ္တုသည် ကက်သုတ်ဓာတ်မတိုင်တွင် စု၍ တည်နေမည် ဖြစ်၏။ သို့သော် ကြေးနီဖြင့် ပြုလုပ်ထားသော အန်နုတ်ဓာတ်ဖိုတိုင်ရှိရာသို့ ရောက်လာသည့် ဆာလဖိတ်ရက်ဒီကယ် ($SO_4$) ခေါ် အတွဲသည် ကြေးနီနှင့် ဓာတ်ပေါင်းမိပြန်သဖြင့် ကော့ပါး ဆာလဖိတ် ($Cu\,SO_4$) ပင် ပြန်၍ဖြစ်၏။ ထို့ကြောင့် ကော့ပါးဆာလဖိတ် ပျော်ဝင်ရည်၏ တန်ခိုး အာနိသင်သည် လျော့မသွားပဲ ယခင်ကကဲ့သို့ တည်မြဲတိုင်း တည်မြဲလျက် ရှိပေသည်။

**ရေကိုလျှပ်စစ်ဖြင့်ဓာတ်ခွဲခြင်း။** ။လျှပ်စစ်ဖြင့် ဓာတ်ခွဲမည့် ရေထဲသို့ ဆာလဖျူရစ် အက်ဆစ်ရည် အနည်းငယ် ထည့်၍ ရောလိုက်သည့်အခါ အချဉ်ဓာတ် အနည်းငယ် ပေါက်လာသည်။ လျှပ်စစ်ဓာတ်ကို ရေထဲသို့ မလွှတ်မီပင် ဆာလဖျူရစ် အက်ဆစ်ပျော်ဝင်ရည်သည် ဟိုက်ဒြိုဂျင်အိုင်းယွန်း($H^+$) များနှင့် ဆာလဖိတ်အိုင်းယွန်း ($SO_4^{=}$) များ အဖြစ်သို့ အစည်းကွဲထွက်လျက်ရှိ၏။ ကွဲထွက်ပုံမှာ ဤသို့ဖြစ်၏။

$$H_2\,SO_4 \rightarrow H^+ \;\; H^+ \rightarrow SO_4^{=}$$

လျှပ်စစ်ဓာတ်ကို လွှတ်လိုက်သောအခါ အထက်တွင် ပြခဲ့သည့်အတိုင်း လျှပ်စစ်ဓာတ်သည် ဓာတ်ဖိုတိုင်မှ ရေထဲသို့ ဝင်၍ ထိုရေကို ဖြတ်သွားပြီးလျှင် ဓာတ်မတိုင်မှ ထွက်သွားလေသည်။ ဤသို့လျှင် လျှပ်စစ်ဓာတ်စီးကြောင်းသည် ဓာတ်ဖိုတိုင်မှ ဓာတ်မတိုင်သို့ စီးလျက်ရှိ၏။ လျှပ်စစ်ဓာတ်လွှတ်လိုက်သည်နှင့် တပြိုင်နက် လျှပ်စစ်အဖိုဓာတ်ကို ဆောင်သော ဟိုက်ဒြိုဂျင် အိုင်းယွန်းများသည် ကက်သုတ် ဓာတ်မတိုင်ရှိရာသို့ ရောက်လာကြ၍ သာမန် ဟိုက်ဒြိုဂျင် အက်တမ် အဖြစ်ဖြင့် လွတ်ထွက်ကုန်ကြ၏။ ဟိုက်ဒြိုဂျင် အက်တမ် နှစ်ခုတိုင်းသည် ပေါင်းစပ်ကြ၍ ဟိုက်ဒြိုဂျင် မော်လီကျူးများ ဖြစ်လာကြကုန်၏။ ယင်းသို့ ဖြစ်ရကား ဟိုက်ဒြိုဂျင် ဓာတ်ငွေ့သည် ကက်သုတ်ဓာတ်မတိုင်မှ ထွက်ပေါ်လျက် ရှိတော့၏။

ဆာလဖိတ် အိုင်းယွန်း ($SO_4^{=}$) တို့သည်လည်း အန်နုတ် ဓာတ်ဖိုတိုင်ရှိရာသို့ ရောက်ရှိလာကြပြီးလျှင် ထိုနေရာ၌ပင် လွတ်ထွက်ကြကုန်၏။ ယင်းသို့ လွတ်ထွက်သဖြင့် သာမန် ဆာလဖိတ် ရက်ဒီကယ်များ အဖြစ်သို့ ရောက်လာကြပြီးလျှင် ရေမော်လီကျူးတို့နှင့် တွေ့၍ ဓာတ်ပေါင်းစပ်ကြသဖြင့် ဆာလဖျူရစ် အက်ဆစ်ရည် ဖြစ်ပြန်၏။ ယင်းသို့ ဆာလဖျူရစ်အက်ဆစ် ( $H_2\,SO_4$ ) ရရှိရာတွင် အောက်ဆီဂျင်ဓာတ်ငွေ့သည် အန်နုတ်ဓာတ်ဖိုတိုင်မှ ထွက်ပေါ်လာ၏။ အောက်ဆီဂျင်ဓာတ်ငွေ့ ထွက်ပေါ်လာပုံမှာ ဤသို့ဖြစ်၏။

$$2\,SO_4 + 2\,H_2O \rightarrow 2\,H_2SO_4 + O_2$$

(ဆာလဖိတ်) + (ရေ) → (ဆာလဖျူရစ် အက်ဆစ်) + (အောက်ဆီဂျင်)

ဤသို့လျှင် ရေကို လျှပ်စစ်ဖြင့် ဓာတ်ခွဲလိုက်သည့်အခါ ဟိုက်ဒြိုဂျင်ဓာတ်ငွေ့သည် ကက်သုတ် ဓာတ်မတိုင်မှ ထွက်လာ၍ အောက်ဆီဂျင်ဓာတ်ငွေ့သည် အန်နုတ်ဓာတ်ဖိုတိုင်မှ ထွက်လာလေသည်။

**လျှပ်စစ်မိုတာ။** ။လျှပ်စစ်မိုတာသည် အလုပ်လုပ်နိုင်ရန် အတွက် လျှပ်စစ်ဓာတ် စွမ်းအင်ကို စက်၏ စွမ်းအားအဖြစ်သို့ ပြောင်းပေးသော ကရိယာ ဖြစ်သည်။ လျှပ်စစ်ဓာတ်ဖြင့် ခုတ်မောင်းရသော စက်အားလုံးလိုလိုမှာပင် လျှပ်စစ်မိုတာကို အသုံးပြုကြသည်။ အရွယ်များမှာမူ ကိစ္စကိုလိုက်၍ သေးငယ်သောအရွယ်မှ အလွန် ကြီးမားသည့် အရွယ်အထိ အမျိုးမျိုး ရှိကြပေသည်။ ခေတ်မီ အလုပ်ရုံကြီးများရှိ စက်တိုင်းလိုလို၌ မိုတာတခုစီ တပ်ဆင်ထားတတ်ကြသည်ကို တွေ့ရ၏။ အသုံးပြုမည့် လျှပ်စစ်ဓာတ်ကို အလိုအလျောက် ဖန်တီးပေးသည့် စက်ကိုပင်လျှင် လျှပ်စစ်မိုတာဖြင့် လည်စေရပေသည်။

လျှပ်စစ်မိုတာ ပြုလုပ်ထားပုံနှင့် အလုပ်လုပ်ပုံ သဘောမှာ လျှပ်စစ်ဓာတ်အကြောင်းတွင် ရေးထားသည့်အတိုင်း လျှပ်စစ်ဒိုင်နမိုနှင့် ပြောင်းပြန်ပင် ဖြစ်သည်။ ဒိုင်နမိုတွင် အာမေချာကို လည်စေခြင်းဖြင့် လျှပ်စစ်ဓာတ်ကို ဖန်တီးပေးသည်။ လျှပ်စစ်မိုတာတွင်မူ လျှပ်စစ်ဓာတ်ကို စီးဖြတ်စေခြင်းဖြင့် အာမေချာကို လည်စေသည်။ စက်များကို



www.burmeseclassic.com

www.burmeseclassic.com



လည်စေရာ၌ အသုံးပြုသောအခါ မိုတာမှ အာမေချာကို စက်ဝင်ရိုးနှင့် တိုက်ရိုက်ဖြစ်စေ၊ ဗယ်လတင် ခေါ် ခါးပတ်ကြိုးဖြင့်ဖြစ်စေ တနည်းတလမ်း ဆက်သွယ်ပေးရလေသည်။

လျှပ်စစ်မိုတာတွင် ဒီစီမိုတာနှင့် အေစီမိုတာ ဟူ၍ နှစ်မျိုး ရှိသည်။ ဒီစီမိုတာမှာ ဒီစီကားရင့် ခေါ် တဖက်သတ်စီး ကားရင့်ဖြင့် လည်သော မိုတာမျိုး ဖြစ်၍ အေစီမိုတာမှာ အေစီကားရင့် ခေါ် တဖက်တပြန်စီး ကားရင့်ဖြင့် လည်သော မိုတာမျိုးဖြစ်၏။ ဤမိုတာနှစ်မျိုးတွင် တဖန် အမျိုးမျိုး အစားစား ရှိပြန်သေး၍ ယင်းတို့ အကြောင်းကို အောက်တွင် ဆက်လက် ဖော်ပြထားသည်။

**ဒီစီမိုတာ။** ဤမိုတာမျိုးတွင် (၁) ဆီးရီးမိုတာ၊ (၂) ရှန့်မိုတာနှင့် (၃) ကွန်ပေါင်းမိုတာဟူ၍ သုံးမျိုးရှိ၏။

ဆီးရီးမိုတာမှာ အသုံးအများဆုံး ဖြစ်၍ ပြုလုပ်ထားပုံ သဘောမှာလည်း အလွယ်ဆုံး ဖြစ်၏။ ဤမိုတာမျိုးတွင် လျှပ်စစ်ဓာတ်သည် အာမေချာနှင့် ဖီးမက်ဂနက်ခေါ် အားပေးသံလိုက်တို့ကို ဆီးရီးနည်းဖြင့် ရှေ့စဉ်နောက်ဆက် စီးဖြတ်သည်။ မိုတာလည်ပုံမှာ လှည့်ပေးရသည့် ဝန်အားအနည်းအများကို လိုက်၍ အနှေးအမြန် ရှိသည်။ သို့သော် မိုတာ စ၍လည်ချိန်၌ လည်အား ကြီး၏။ ဤမိုတာမျိုးကို ဓာတ်ရထား၊ မီးရထား၊ ဝန်တင်ဝန်ချမောင်း စသော လည်အားကြီးကြီးနှင့် စတင် ခုတ်မောင်းရမည့် စက်များတွင် အသုံးများကြသည်။


ရှန့်မိုတာတွင် လျှပ်စစ်ဓာတ်ကို အာမေချာသို့ တလမ်း၊ ဖီးမက်ဂနက်သို့ တလမ်း နှစ်လမ်းခွဲ၍ ပရဲလဲနည်းဖြင့် ယှဉ်ပြိုင် စီးဖြတ်စေသည်။ ဤမိုတာမျိုးသည် ဝန်အားနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ခပ်မှန်မှန်ပင် လည်တတ်လေသည်။

ကွန်ပေါင်းမိုတာမှာအထက်ဖော်ပြပါမော်တာနှစ်မျိုးကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ဤမိုတာတွင် လျှပ်စစ်ဓာတ်သည် နှစ်လမ်းခွဲပြီးလျှင် တလမ်းက ဖီးမက်ဂနက်ကိုလှည့်ပတ်စီးဖြတ်၍ ကျန်တလမ်းက အာမေချာနှင့် မက်ဂနက်နှစ်ခုစလုံးကို ရှေ့စဉ်နောက်ဆက် စီးဖြတ်သည်။ ဝန်အား ရုတ်တရက် တိုးလာသည့်တိုင်အောင် မိုတာ၏ လည်ပုံကို သိသာစွာ မထိခိုက်တတ်ပေ။ ထို့ကြောင့် ဆန်ကြိတ်စက်၊ ဂျုံကြိတ်စက် စသော ဝန်အား ရုတ်တရက် တိုးလာတတ်သည့်စက်များတွင် ဤမိုတာမျိုးကို သုံးကြရလေသည်။

**အေစီမိုတာ။** ဤမိုတာမျိုးတွင်လည်း အစားစားပင် ရှိ၏။ သို့သော် ပြုလုပ်ထားပုံ လွယ်ကူ၍ အသုံး အများဆုံး အမျိုးမှာ အင်ဒပ်ရှင်းမိုတာမျိုး ဖြစ်သည်။ ဤမိုတာတွင် အာမေချာကို လျှပ်စစ်ဓာတ်ဖြင့် မည်သို့မျှ ဆက်သွယ်ထားခြင်း မရှိပေ။ အေစီကားရင့်ကို ဖီးမက်ဂနက်တွင် စီးဖြတ်စေသောအခါ ဖီးမက်ဂနက်တွင် လည်ပတ်နေသောသံလိုက်နယ် ဖြစ်ပေါ်လာသည်။ ဤသံလိုက်ဓာတ်က တဖန် အာမေချာတွင် သံလိုက်နယ် ဖြစ်အောင် ညှို့ပေးသည်။ ဖီးမက်ဂနက်ရှိ သံလိုက်နယ်သည် လည်ပတ်လျက် ရှိသည့်အတိုင်း အာမေချာရှိ သံလိုက်နယ်သည်လည်း လိုက်၍ လည်ပတ်ရသည့်အတွက် အာမေချာ လည်ရလေသည်။ ဤမိုတာမျိုးကို လွယ်ကူစွာ ပြုလုပ်နိုင်၍ လျှပ်စစ်နာရီကဲ့သို့သော အိမ်သုံးပစ္စည်းများတွင် အသုံးများကြလေသည်။

**လျှပ်စစ်လိပ်ကျောက်။** ။လျှပ်စစ်လိပ်ကျောက်သည် မြေထဲပင်လယ်နှင့် မြောက်အမေရိကတိုက် ကမ်းခြေတဝိုက်တွင် တွေ့ရလေ့ရှိသော ငါးတမျိုး ဖြစ်သည်။ ထိုငါး၏ ခန္ဓာကိုယ်မှာ ပြား၍ အမြီးဖက်သို့ ရှူးသွားသည်။ ပါးစပ်သည် ကိုယ်၏ အောက်ဖက်တွင် ရှိ၏။ ကိုယ်၏ အပေါ်ပိုင်းမှာ မည်း၍ အောက်ပိုင်းမှာ ဖြူသည်။ ထိုငါးမျိုးသည် လေးပေအထိ ရှည်လေသည်။

ထိုငါးသည် ရေကူးနှေးသည့်အပြင် ပါးစပ်နှင့် သွားများမှာလည်း အစာဖြစ်သော အခြားငါးများကိုဖမ်းယူနိုင်စွမ်း မရှိကြချေ။ ထို့ကြောင့် လျှပ်စစ်လိပ်ကျောက်သည် ပင်လယ်အောက်ခြေတွင် ငြိမ်သက်စွာ နေလေ့ရှိပြီးလျှင် မိမိ၏ လျှပ်စစ်ဓာတ်အား သက်ရောက်နိုင်သော နေရာသို့ အစာဖြစ်မည့်ငါးတကောင်ကောင် ရောက်ရှိလာသောအခါတွင် လျှပ်စစ်ဓာတ်ကို ထုတ်လွှတ်လေသည်။ ထိုအခါ ငါး



လျှပ်စစ်ဓာတ်ကို ထုတ်လွှတ်နိုင်သည့် လျှပ်စစ်လိပ်ကျောက်



www.burmeseclassic.com

www.burmeseclassic.com





သည် လျှပ်စစ်ဓာတ်ကြောင့် မေ့သွားသဖြင့် လွယ်ကူစွာပင် လျှပ်စစ်လိပ်ကျောက်၏အစာ ဖြစ်သွားရလေသည်။ ကြီးမားသန်စွမ်းသော လျှပ်စစ်လိပ်ကျောက် တကောင်သည် လူတယောက်ကို တခဏမျှမေ့သွားအောင် လျှပ်စစ်ဓာတ် ထုတ်လွှတ်နိုင်လေသည်။ ထိုသို့မေ့သွားရာမှ ရေနစ်၍သေဆုံးသွားနိုင်လေသည်။

လျှပ်စစ်လိပ်ကျောက်တွင် လျှပ်စစ်ဓာတ် ဖြစ်ပေါ်စေနိုင်သည်မှာ ငါး၏ ဦးခေါင်းအနီးတွင် ပရစ်ဇင်(သုံးမြှောင့်တုံး) ပုံသဏ္ဌာန်ဖြစ်သော ထောင်လိုက်တည်ရှိသည့် ကြွက်မျှင်ခန်းများ အစုလိုက် တည်ရှိနေခြင်းကြောင့် ဖြစ်သည်။ ငါး၏အပေါ်ပိုင်းသည် လျှပ်စစ်ဓာတ် ဖြစ်ပေါ်သည့် နေရာ၏ အဖိုစွန်းဖြစ်၍ အောက်ပိုင်းသည် အမစွန်း ဖြစ်သည်။ လျှပ်စစ်လိပ်ကျောက်သာ ကုန်းပေါ်တွင် ရှိလျှင် လျှပ်စစ်ဓာတ် ဖြစ်ပေါ်စေရန် နှစ်နေရာတွင် ထိပေးရလေသည်။ ရေထဲတွင်မူ တနေရာတွင်သာ ထိပေးရန်လိုလေသည်။ ထိုသို့ ဖြစ်ရသည်မှာ ရေသည် အကောင်းမွန်ဆုံး လျှပ်စစ်ကူးပစ္စည်းတမျိုးဖြစ်ခြင်းကြောင့် ဖြစ်သည်။

လျှပ်စစ်လိပ်ကျောက်သည် ရေး မျိုးရင်းတွင် ပါဝင်၍ ယင်းကို ပါဏဗေဒ အလိုအရ တော်ပီဒို မာမိုရေတာ ဟုခေါ်သည်။

**လျှပ်ပြက်ခြင်း။** ။လျှပ်စစ်ဓာတ်စီးကြောင့် ကောင်းကင်တွင်ဝင်းကနဲလက်ကနဲမြင်ရခြင်းကို လျှပ်စစ်လက်သည်၊ လျှပ်ပြက်သည်ဟုဆိုကြသည်။ ဤ လျှပ်စစ် ဓာတ်စီးသည် တိမ်တိုက် တခုမှတခုသို့ ဖြစ်စေ၊ တိမ်တိုက်မှ မြေကြီးသို့ ဖြစ်စေ ကူးဖြတ်သွားခြင်းဖြစ်၏။ ရှေးရောမလူမျိုးတို့က မိုးခြိမ်းခြင်းနှင့် လျှပ်ပြက်ခြင်းတို့ကို ဂျူပီတာနတ်မင်း၏ လက်နက်များဖြစ်သည်ဟု အယူရှိကြသည်။ သို့သော် ယခုခေတ် သိပ္ပံပညာအရ လျှပ်ပြက်ခြင်းသည် အမှန်စင်စစ် ကောင်းကင်တွင်လျှပ်စစ်ဓာတ်ဖြစ်ပေါ်ခြင်းဖြစ်ကြောင်းကို သိကြရလေပြီ။ လျှပ်ပြက်သည့် လျှပ်စစ်ဓာတ်သည် အလွန်အားကြီး၏။ တမိုင်မျှရှည်သော လျှပ်စစ်တခုတွင် ရှိသည့် လျှပ်စစ်ဓာတ်စီးကို အသုံးပြုနိုင်ခဲ့လျှင် ထိုလျှပ်စစ်ဓာတ်အားဖြင့် ဓာတ်မီးသီးပေါင်း တသန်းမျှကိုပင် ထွန်းနိုင်လောက်အောင် အားကြီးပေသည်။

လျှပ်စစ်ဓာတ်နှင့် ကောင်းကင်တွင်လျှပ်ပြက်သည့်လျှပ်စစ်ဓာတ်တို့ တခုနှင့်တခု အဆက်အသွယ် ရှိပုံကို ဗင်ဂျမင် ဖရန်ကလင်ဆိုသူက ခရစ် ၁၇၅၂ ခုနှစ်တွင် စွန်လွှတ်စမ်းသပ်ခြင်းဖြင့် ပဌမဦးဆုံး ပြသခဲ့လေသည်။ သူသည် လွှတ်ကစားသော စွန်တွင် ကြိုးရှည်ရှည်တပင် တပ်ပြီးနောက် ကြိုးစအဆုံး၌ သံသော့တချောင်းကိုချည်ထားသည်။ ထိုနောက်သော့ကိုပိုးကြိုးတခုနှင့် ချည်ထားပြန်သည်။ ပိုးကြိုးမှာ လျှပ်စစ်ဓာတ် မလိုက်သော ပစ္စည်းဖြစ်သောကြောင့် အကယ်၍ လျှပ်စစ်ဓာတ်ရှိခဲ့လျှင် ထိုပိုးကြိုးကို ကိုင်ထားခြင်းဖြင့် စွန်လွှတ်သူအား လျှပ်စစ်ဓာတ်မလိုက်စေရန် ဖြစ်သည်။ သူသည် မိုးထစ်ချုန်းနေစဉ်အတွင်းစွန်ကိုလွှတ်တင်လိုက်သည်။ ထိုနောက် တိမ်များ စွန်အနီးသို့ရောက်လာခိုက်သော့အနီးသို့သူ့လက်ချောင်းကို ကပ်ကြည့်ရာလက်ချောင်းနှင့်သော့အကြားတွင် မီးပွင့်ပြီးလျှင် လက်ချောင်းကိုပြင်းထန်စွာ ဓာတ်လိုက်သည်ကို တွေ့ရှိခံစားလိုက်ရသည်။ ထိုအတွင်း မိုး သည်းထန်စွာ ရွာလာရာ စိုနေသောစွန်မှ လျှပ်စစ်ဓာတ်စီး အမြောက်အမြား စီးလာသဖြင့် လေဒင်ဂျားခေါ် လျှပ်စစ်ဓာတ်အိုးထဲ၌ပင် အချို့အဝက် စုဆောင်းမိသည်ကို တွေ့ရလေသည်။ (ဖရန်ကလင်, ဗင်ဂျမင် — ရှု။)

အစိုင်အခဲတခုခုကို လျှပ်စစ်ဓာတ် သွင်းလိုက်သည့်အခါ လျှပ်စစ်ဓာတ်သည် ထိုအစိုင်အခဲ၏မျက်နှာပြင်၌သာ တည်၏။ တိမ်တိုက်တခုတွင် လျှပ်စစ်ဓာတ် ဝင်နေသောအခါ၌မူ တိမ်တိုက်တခုလုံးမှာပင် လျှပ်စစ်ဓာတ်သည် တည်လျက်ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် တိမ်တိုက်သည်အလွန်သေးငယ်သော လျှပ်စစ်ဓာတ်ဖြင့် ပြီးသည့် အမှုန်ကလေးများဖြင့် စုပေါင်း ဖွဲ့စည်းထားသောကြောင့် ဖြစ်၏။ ထိုကြောင့် တိမ်တိုက်တခု၏ လျှပ်စစ်ဓာတ် စွမ်းအားသည် အလွန်ကြီးမား၍ ထိုတိမ်တိုက်သည် ဆန့်ကျင်ဖက်လျှပ်စစ်ဓာတ်တခုနှင့် တွေ့ဆုံမိသောအခါ အလွန် ကြီးမားသော လျှပ်စစ်မီးပွားကို လွှတ်နိုင်သည်။ လျှပ်စစ်ဓာတ်ဖြင့် ပြီးသော ထိမ်တိုက်နှင့် မြေကြီးအကြားတွင် ရှိသော လေကအင်ဆူလေးတားခေါ် လျှပ်စစ်ဓာတ်ကာပစ္စည်းကဲ့သို့ ပြုမူ၍ ဆန့်ကျင်ဖက် လျှပ်စစ်ဓာတ်များကို တခုနှင့်တခု အပြင်းတိုးစင်တွေ့ဆုံခြင်းမှကာကွယ်ထားသည်။ သို့ရာတွင် ယင်းသို့ကာကွယ်ထားရာမှ ဆန့်ကျင်ဖက် လျှပ်စစ်ဓာတ်များသည် မကာကွယ်ထားနိုင်လောက်အောင် အလွန်အမင်း ကြီးမားလာသောအခါ ဓာတ်လိုက်၍ ဝင်းကနဲ လက်ကနဲ ဖြစ်သွားတော့၏။ ဤကား လျှပ်ပြက်ခြင်းပေတည်း။

တိမ်တိုက်နှင့် မြေကြီးအကြားတွင် ဖြစ်ပေါ်သောလျှပ်စစ်မီးပွားသည် တခါတရံ တမိုင်ကျော်မျှ ရှည်လျား၏။ ဆန့်ကျင်ဖက် လျှပ်စစ်ဓာတ်ဝင်နေသည့် တိမ်တိုက်များ အကြားတွင် ဖြစ်ပေါ်သော လျှပ်စစ်မီးပွားမှာမူ မိုင် ၂၀ လောက်အထိပင် ရှည်လျားတတ်ပေသည်။ တိမ်တိုက်များအကြားတွင် ဖြစ်ပေါ်သော လျှပ်စစ်စွမ်းအင်သည် လေထဲသို့ ရောက်သွားသောကြောင့် မြေပေါ်၌ရှိနေသူတို့အား ဘေးဥပဒ်မဖြစ်စေနိုင်ပေ။ သို့သော် တိမ်တိုက်နှင့် မြေကြီးအကြားတွင် လျှပ်ပြက်ရာ ဖြစ်ပေါ်သော လျှပ်စစ်ကြောင့် အသက်သေခြင်း၊ အိမ် မီးလောင်ခြင်းများ ဖြစ်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



လျှပ်ပြက်သည့်အခါလျှပ်စစ်ဓာတ်သည်မိမိသွားရာလမ်းကြောင်းတွင်ရှိသောလေကို ရုတ်တရက် ပူသွားစေပြီးလျှင် ပတ်ဝန်းကျင်လေကို ပြင်းပြင်းထန်ထန် ကားထွက်စေသည်။ ကားထွက်သော လေက အဝေးတွင်ရှိသော လေအားကို ဖိညှစ်ပြန်သည်။ဤသို့ဖြင့် လေထဲတွင် အလွန်ကြီးမားသော လှိုင်းကိုဖြစ်ပေါ်စေ၍ ထိုလေလှိုင်းကြောင့် မိုးခြိမ်းသံ ဖြစ်ပေါ်လာခြင်းဖြစ်လေသည်။

လျှပ်ပြက်ရာမှ ဖြစ်ပေါ်လာသော လျှပ်စစ်ဓာတ်သည် အတိုဆုံးနှင့်အလွယ်ဆုံးလမ်းကိုလိုက်လေ့ရှိသည်။ထိုကြောင့် အလံတိုင်၊ တောင်ထိပ်၊ ဘုရားရှိခိုးကျောင်းထိပ်၊ သစ်ပင်ထိပ်၊အိမ်မိုးစသည်ဖြင့် မြင့်သောနေရာတို့သို့ လျှပ်စစ်ဓာတ်လိုက်တတ်၍ ထိုမှတဆင့် မြေကြီးထဲသို့ ဝင်ရောက် သွားလေသည်။ ထိုကြောင့် အဆောက်အအုံများတွင် ထိပ်၌ဖြစ်စေ၊အမိုးပေါ်၌ဖြစ်စေ သံချောင်း၊ ကြေးနီချောင်းများကို စိုက်ထူထားပြီးနောက် ယင်းတို့ကို တဖန် ကြေးနန်းကြိုးနှင့်ဆက်၍ မြေကြီးအတွင်း နက်နက်မြှုပ်ထားရလေသည်။ ဤသို့ ကာကွယ်ထားသောအခါ လျှပ်စစ်သည် နန်းကြိုးတလျှောက် မြေကြီးသို့ တိုက်ရိုက် ဝင်ရောက်သွားသောကြောင့် အဆောက်အအုံနှင့်တကွ အတွင်းရှိ လူများကိုပါ မည်သို့မျှ ဘေးဥပဒ် မပြုတော့ပေ။ ဤကရိယာမျိုးကိုမိုးကြိုးလွှဲဟု ခေါ်သည်။ မိုးကြိုးလွှဲ ထားနည်းကို ၁၇၅၂ ခုနှစ်မှာပင် ဗင်ဂျမင်ဖရန်ကလင်က စတင်၍တီထွင်ခဲ့လေသည်။

လျှပ်ပြက်ခြင်း အမျိုးမျိုးရှိသည်။ တခါတရံ လျှပ်စစ်မီးပွားသည် ကွေ့ကောက်သော အလင်းရောင်ကြောင်းကြီးဖြစ်၍ တကြောင်းတည်းမှလည်း သစ်ကိုင်း သစ်ခက်များသဖွယ် ဖြာထွက်သွားတတ်သည်။ တခါတရံတွင် လျှပ်စစ်မီးကြောင်းကို မမြင်ရပဲ မိုးကုတ်စက်ဝိုင်း အပေါ်နား မှောင်းကင်၌ လင်းထိန်သွားသည်ကိုသာ တွေ့ရသည်။ ထိုအရောင်မှာ မိုးကုတ်စက်ဝိုင်း အောက်ဖက်၌ ပြက်သော လျှပ်စစ်၏ အလင်းရောင်ပင် ဖြစ်သည်။ တခါတရံတွင်မူ လောင်မီးဟုခေါ်သည့် မီးလုံးကြီးမျိုးအဖြစ်ဖြင့် ကောင်းကင်မှ ကျလာ၍ ပေါက်ကွဲသွားလေသည်။

အသံသည် လေထဲတွင် တစက္ကန့်လျှင်ပေ ၁,၁၀၀ ခန့်နှုန်းဖြင့် သွား၍ အလင်းမှာ ဖြစ်ပေါ်သည့်အချိန်မှာပင် မြင်ရလောက်အောင် အသွားနှုန်း လျင်မြန်လှ၏။ ထိုကြောင့် လျှပ်ပြက်သည်ကို မြင်ရသည့် အချိန်မှ မိုးခြိမ်းသံကို ကြားရသည့်အချိန်အထိ ကြားသောစက္ကန့်အချိန်ပိုင်းကို တစ်၊နှစ်၊ သုံး၊ လေးဟူ၍ အကြိမ်းအားဖြင့်ရေတွက်ထားလျှင် မည်မျှဝေးကွာသောအရပ်၌ လျှပ်ပြက်သည်ကို တွက်ချက် မှန်းဆနိုင်ပေသည်။ပုံပမာ—ငါး စက္ကန့် ကြာသည်ဆိုပါစို့။ ထိုအခါ ပေ ၅,၅၀၀၊ သို့မဟုတ် တမိုင်ခန့်ဝေးသောအရပ်၌လျှပ်ပြက်သည်ဟုသိရသည်။ လူတယောက်သည် လျှပ်ပြက်ချိန်၊ မိုးကြိုးပစ်ချိန်များ၌ လမ်းပေါ်တွင် ဖြစ်စေ၊ ကွင်းပြင်တွင်ဖြစ်စေ ရောက်နေပါက ရပ်၍မနေပဲ သစ်ပင်ကြီးများရှိရာမှ ဝေးဝေးရှောင်၍ မြေကြီးပေါ်တွင် အလျားမှောက်ပြီး နေသင့်၏။ အိမ်ထဲတွင် ရှိနေခဲ့လျှင်လည်း အိမ်တံခါးများပိတ်ထားပြီးလျှင် လျှပ်စစ်ဓာတ်လိုက်တတ်သည့် ပစ္စည်းများမှ ခပ်ဝေးဝေး ရှောင်နေသင့်ပေသည်။

**လွှ။** ။ရှေးအခါက လွှမပေါ်သေးသဖြင့် သစ်တောအတွင်းရှိ သစ်ပင်ကိုခုတ်လှဲလိုသောအခါ ပုဆိန်ဖြင့်သာ ပေါက်၍ ခုတ်လှဲခဲ့ကြရလေသည်။ သစ်ခုတ်သမားများသည် ပုဆိန်ဖြင့် သစ်ပင်ကို လိုသလို ခုတ်လှဲနိုင်ခဲ့ကြသည်။ ပုဆိန်ကို အားစိုက်၍ ခုတ်ပုံမရသော်လည်း ပုဆိန်သွားကား ပင်စည်အတွင်းသို့ အတော်နက်နက်ပင် ဝင်သွားသည်။ ထိုနည်းဖြင့် သစ်ပင်သည် မကြာမီအတွင်း၌ လဲရလေတော့သည်။

လွှ ဆိုသည်မှာ သတ္တုအသွားပါရှိသော ဖြတ်သည့် ကိရိယာတမျိုး ဖြစ်ပြီးလျှင် အသွားတွင် ခပ်စောင်းစောင်းတပ်ဆင်ထားသော ခွေးသွားစိတ်များ ပါရှိသည်။ လက်သမားလွှကိုမြင်ဘူးသူ များလေသည်။သို့သော် လွှကားအမျိုးမျိုးရှိသည်။ သစ်သားကိုဖြတ်သောလွှ ရှိသကဲ့သို့ ကျောက်တုံး၊ သတ္တု၊ ပလပ်စတစ်၊ သို့မဟုတ် အခြားပစ္စည်းများကို ဖြတ်သော လွှများလည်း ရှိလေသည်။

၁၇၇၇ ခုနှစ်တွင် အင်္ဂလန်ပြည်မှ ဆယ်မျူယယ် မီလာက လွှဝိုင်းကို တီထွင်ခဲ့ပေသည်။ ထိုလွှမျိုး၏ နှုတ်ခမ်း ပတ်လည်တွင် ခွေးသွားစိတ်များ ရှိသည်။ ထိုလွှဝိုင်းမျိုး၏ အချင်းသည် ခုနစ်ပေအထိ ရှိတတ်၍ ယင်းကို စက်အားဖြင့် လည်စေသည်။ ထိုကဲ့သို့သော လွှဝိုင်းများသည် သစ်သားကို တမိနစ်လျှင် ပေ ၂၀၀ အထိ ဖြတ်နိုင်၍ ဖြတ်ရာတွင် အဝိုင်းပုံရှိသော သစ်ကို ဖြတ်နိုင်သကဲ့သို့ ဖြောင့်မတ်သော သစ်များကိုလည်း ဖြတ်နိုင်လေသည်။

ပတ်ဝိုင်းလွှတမျိုးလည်း ရှိသေးရာ ယင်းမှာ ကောက်ကွေးနိုင်သော သံမဏိပြားဖြစ်၍ အစွန်းဖက်တွင် ခွေးသွားစိတ်များရှိသည်။ ထိုပတ်ဝိုင်းလွှကို စက်သီးများတွင် ပတ်ထား၍ စက်သီးများကို စက်အားဖြင့် လည်စေသည်။ ဖြတ်လိုသည့်သစ်သားကို ပတ်ခွေထားသည့် လွှရှိရာသို့ တွန်း၍ ပို့ပေးပြီးလျှင် ဖြတ်စေသည်။ ထိုလွှမျိုးကို စည်စပ်ပျဉ်များကိုဖြတ်ရာနှင့် အိမ်ထောင်ပရိဘောဂများအနက် ပါးလွှာသော ပျဉ်ပြားများရရန်အတွက် အသုံးပြုသည်။ ထိုပတ်ဝိုင်းလွှမျိုးကိုလည်း ဝီလျံ နယူးဗာရီဆိုသူ အင်္ဂလိပ်လူမျိုးတဦးကပင် ၁၈၀၈ ခုနှစ်တွင် တီထွင်ခဲ့လေသည်။

ဖြတ်လွှတမျိုးလည်း ရှိသေးသည်။ သစ်ပင်များဖြတ်ရာတွင် ထိုဖြတ်လွှမျိုးကို များသောအားဖြင့် အသုံးပြုကြသည်။ ထိုလွှမျိုးသည် ရှစ်ပေခန့်အထိ ရှည်တတ် ပြီးလျှင်

www.burmeseclassic.com



အစွန်းနှစ်ဖက်လုံးတွင် လက်ကိုင်များရှိသည်။ ထိုလွှမျိုးကို မည်သည့်ဖက်သို့ ဆွဲသည်ဖြစ်စေ သစ်ပင်၊ သို့မဟုတ် ဖြတ်လိုသည့် ပစ္စည်းကို ဖြတ်နိုင်စေရန် ထိုလွှမျိုးရှိ ခွေးသွားစိတ်များကို ဖန်တီးထားသည်။ လွှ၏ အလေးချိန်ကြောင့် အမာဆုံးသစ်ကိုပင် လူနှစ်ယောက်သည် အားမစိုက်ရပဲနှင့် ဖြတ်နိုင်ပေသည်။

အမဲသတ်သမားနှင့် စက်မှုပညာသည်သုံး လွှမျိုးကို မာအောင် ဆေးထားသည့် သံမဏိဖြင့် ပြုလုပ်ထား၍ အလွန်စိတ်သော ခွေးသွားစိတ်များ ပါရှိသည်။ ထိုလွှမျိုးသည် အလွန်မာသော သံမဏိများကို ဖြတ်နိုင်လေသည်။

ကြိုးလွှသည် ပတ်လည် သွားလျက်ရှိသော သံကြိုးတွင် ခွေးသွားစိတ်များ တပ်ထားသော လွှမျိုး ဖြစ်သည်။ သစ်တုံးများကို ဖြတ်ရာတွင် ထိုလွှမျိုးကို အသုံးပြုလေ့ ရှိကြသည်။ သစ်တောငယ်ငယ်များ အတွင်း၌ သစ်ပင်များကို ခုတ်လှဲလိုသောအခါ လူတယောက်ကိုင်ကြိုးလွှကို အသုံးပြုခြင်းဖြင့် ကိစ္စပြီးစီးနိုင်လေသည်။

အုပ်စုလွှတွင် အကွာအဝေးတူ၍ တခုနှင့်တခု ယှဉ်ပြိုင်ထားသော လွှသွားများ ပါရှိသည်။ ဤလွှမျိုးဖြင့် သစ်တုံးတတုံးကို လိုသည့်သစ်သားအချပ်များ ရရှိအောင် တကြိမ်တည်းဖြင့် ဖြတ်ပေးနိုင်သည်။ လွှသွားများကို လိုသည့်အကွာအဝေးတွင် ရွှေ့ပြောင်း၍ တပ်ဆင်ပေးနိုင်သည်။ ရွှေ့ရှားနိုင်သည့် စင်ပေါ်တွင် သစ်တုံးများကို လွှသွားများရှိရာသို့ ရွှေ့ပေးခြင်းဖြင့် ဖြတ်စေနိုင်သည်။

ထိုမှတပါး ပျဉ်ပါးပါးတွင် လိုသည့် ပန်းပုံများ ဖြတ်ယူနိုင်သော ပန်းဖောက်လွှ၊ ပန်းထိမ်ဆရာများ အသုံးပြုသော ပန်းထိမ်လွှ၊ သော့ပေါက်များဖောက်ရာတွင် အသုံးပြုသော သော့ဖောက်လွှ စသော လွှမျိုးများလည်းရှိပေသေးသည်။

**လွှာထပ်လေထု။** ။အမြင့်ဆုံးတိမ်၏အထက်တွင် လေပါးပြီးလျှင် လေစီးကြောင်းများ လေလွှာတလွှာမှ အခြားတလွှာသို့ ရွေ့ရှားသွားခြင်းမရှိသော လေထု၏အပြင်လွှာကို လွှာထပ်လေထုဟု ခေါ်သည်။ အီကွေတာ၏ အထက်ဖက်တွင် ထိုအလွှာသည် အထက်ကိုးမိုင်၊ သို့မဟုတ် ကိုးမိုင်ကျော်အမြင့်၌ တည်ရှိ၍ ကမ္ဘာ့ ဝင်ရိုးစွန်းများတွင်မူ ခြောက်မိုင်ခန့်အမြင့်တွင် ရှိသည်။ ဤအလွှာ၏ ထုကို ယခုတိုင် အတိအကျ မသိရသေးပေ။

အလွန် မြင့်မားသောအရပ်တွင် ပျံသန်းကြသည့် လေယာဉ်ပျံနှင့် မီးပုံးပျံများတွင် အထက်သို့ မြင့်တက်လေ အပူချိန် နိမ့်ကျသွားလေဖြစ်ကြောင်း တွေ့ရှိရသည်။ အင်္ဂလန်နိုင်ငံ၌ မြေပေါ်တွင် အပူချိန် ဖာရင်ဟိုက် ဒီဂရီ ၅၀ ဖြစ်လျှင် တမိုင်အမြင့်တွင် ဖာရင်ဟိုက် ဒီဂရီ ၃၂၊ ငါးမိုင်အမြင့်တွင် ရေခဲအမှတ်အောက် ၄၀ ဒီဂရီနှင့် ခုနစ်မိုင်အမြင့်တွင် ရေခဲအမှတ်အောက် ၇၀ ဒီဂရီ အသီးအသီးရှိသည်။ ထိုနောက် အပူချိန် တဖြည်းဖြည်း နိမ့်ကျသွားခြင်း မရှိသောအရပ်သို့ ရောက်လာသည်။ ထိုအရပ်သည် လွှာထပ်လေထုပင် ဖြစ်သည်။ တခါတရံ ထိုနေရာမှ တမိုင်၊ သို့မဟုတ် နှစ်မိုင်အမြင့်တွင် အပူချိန် အနည်းငယ်မြင့်တက်လာတတ်သည်။ သို့သော် များသောအားဖြင့် အထက်သို့ မိုင် ၂၀၊ သို့မဟုတ် ထိုထက်မြင့်သည်အထိ အပူချိန်သည် တသမတ်တည်း ရှိတတ်သည်။ ထိုနောက် ယခုအထိ ကျွန်ုပ်တို့မသိရသေးသော အကြောင်းတစုံတရာကြောင့် လေသည် တဖြည်းတဖြည်း ပူလာရာ မိုင် ၄၀ အမြင့်၌ ရေဆူသည့် အပူချိန်သို့ပင် ရောက်ရှိလာသည်။ထိုနေရာမှတဖန် အထက်သို့ အေးသွားရာ ဂြိုဟ်များအကြားနေရာတွင်ရှိသည့် အပူချိန်သို့ ရောက်ရှိသွားသည်အထိ ဖြစ်သည်။ လွှာထပ် လေထု၏ အမြင့်တနေရာတွင် တိုင်းတာယူသော အပူချိန်သည် ထိုအမြင့်၏ အောက်ဖက်ရှိ အရပ်ဒေသကို လိုက်၍ ကွဲပြားလေသည်။ ထူးဆန်းသော အချက်တချက်မှာ ကမ္ဘာပေါ်တွင် အအေးဆုံးအရပ်ဖြစ်သော ကမ္ဘာ့ဝင်ရိုးစွန်း၏အထက်ဖက်ရှိ လွှာထပ်လေထုသည် အပူဆုံးဖြစ်သည် ဟူသော အချက်ပင် ဖြစ်သည်။

ကမ္ဘာ့ မျက်နှာပြင်အနီးရှိ လေထုတွင် ကမ္ဘာ့မျက်နှာပြင်မှ အပေါ်သို့တက်သောအခါ အပူချိန် ကျသွားလေ့ရှိသော နေရာများတွင် အသံလမ်းကြောင်း များသည် အပေါ်ဖက်သို့ ကောက်သွားတတ်၍ အပူချိန်မကျတော့ပဲ အပူချိန် တက်သွားသည့် နေရာများတွင်မူ အသံလမ်းကြောင်းများသည် အောက်ဖက်သို့ ကောက်သွားသည်ကို တွေ့ရလေသည်။

ယခု အထိ ကျွန်ုပ်တို့သည် တိုက်ရိုက်တိုင်းတာခြင်းဖြင့် လွှာထပ်လေထု အကြောင်းကို အနည်းအကျဉ်း မျှသာ သိရှိရသေးသည်။ သာမန်လေယာဉ်ပျံများသည် အမြင့်ဆုံး ၁၀မိုင်ခွဲအထိသာ ပျံသန်းနိုင်ခဲ့သေးသည်။ လွှာထပ်လေထုထဲသို့ လွှတ်ပေးသည့် မီးပုံးပျံများသည် အမြင့်ဆုံး ၁၃ မိုင်ခွဲအထိသာ ရောက်ရှိခဲ့သည်။ လေ၏ အခြေအနေကို တိုင်းတာရန် ကရိယာများ၊ သို့မဟုတ် မြေပြင်ပေါ်ရှိ မိုးလေဝသဆိုင်ရာ ပညာရှင်များအား လေ၏အခြေအနေကို ရေဒီယိုဖြင့် အလိုအလျောက် သတင်းပေးနိုင်ရန် ကရိယာများတပ်ဆင်ထားသော လူမပါသည့် မီးပုံးပျံများသည်လည်း အမြင့်ဆုံး မိုင်၂၀ အထိသာ ရောက်သေးသည်။ အမှန်မှာ မိုင် ၂၀ အမြင့်သည် လွှာထပ်လေထု၏ အောက်ဖက်ပိုင်းမျှသာ ဖြစ်ပေသေးသည်။

ထိုသို့ တိုက်ရိုက်တိုင်းတာနည်းများအပြင် အပူချိန်နှင့် ဖိအားကို သွယ်ဝိုက်သောနည်းဖြင့် မှန်းဆကြသည်။ သွယ်ဝိုက်သောနည်းများကို အသုံးပြုရာတွင် ပေါက်ကွဲမှု



www.burmeseclassic.com

www.burmeseclassic.com



များမှ အသံ၏အသွားနှုန်းကို တိုင်းတာယူခြင်း၊ ကြယ်ပံ့များ ကျဆင်းလာရာတွင် တွေ့ဆုံရသော ခုခံအားကို တိုင်းတာယူခြင်း၊ ရေဒီယိုလှိုင်းများ ပြန်လည်ရိုက်ဟပ်ပုံကို လေ့လာခြင်း စသည်များကိုသာ အသုံးပြုကြရသည်။ သို့သော် လေ၏သိပ်သည်းခြင်းသည် အပူချိန်တွင်ကဲ့သို့ တစုံတရာ ထူးဆန်းသည့် အချက်ကို မပြပဲ မြင့်တက်လာသောအခါ တဖြည်းဖြည်း နည်းသွားကြောင်း တွေ့ရသည်။

ကမ္ဘာ့မျက်နှာပြင်နှင့် ဝေးကွာရာဖြစ်သော အလွန်မြင့်သည့် နေရာများတွင် လေထုဖိအား နည်းပါးကြောင်းကို အောက်ပါဇယားရှိ ဂဏန်းများကို ကြည့်ခြင်းဖြင့် သိနိုင်ပေသည်။

| အမြင့်မိုင် | ၅ | ၁၀ | ၁၅ | ၂၀ | ၂၅ |
|---|---|---|---|---|---|
| ပင်လယ်မျက်နှာပြင် ဖိအား၏ ရာခိုင်နှုန်း | ၁၀ | ၁၀ | ၃.၁ | ၀.၇၅ | ၀.၂၅ |

မိုင် ၆၀ အမြင့်၌လေ၏သိပ်သည်းခြင်းသည်မြေမျက်နှာပြင်ပေါ်ရှိ သိပ်သည်းခြင်း၏ အပုံတသန်းတွင် တပုံမျှသာ ရှိသည်။ ရေဒီယိုလှိုင်းများသည် ထိုနေရာမှ ပြန်လည်ရိုက်ဟပ်ပြီးလျှင် ကမ္ဘာကို လှည့်ပတ်သွားကြသည်။ ကြယ်ပံ့များ ခုခံအားနှင့် တွေ့ဆုံပြီးလျှင် လင်းလာကြခြင်းနှင့် နေမှ မြူမှုန်များစွန့်ထုတ်ပစ်ခြင်းကြောင့် အော်ရီးရားခေါ် မြောက်ဝင်ရိုးစွန်းအလင်းရောင် ပေါ်ပေါက်လာခြင်းတို့မှာလည်း ထိုအရပ်ဒေသမှပင်ဖြစ်သည်။ လူတို့ပြုလုပ်ယူသည့် အရာဝတ္ထုများမှာ ဒုတိယ ကမ္ဘာစစ်အတွင်းက လန်ဒန်မြို့ကို ပစ်ခတ်ရန် ဂျာမန်များအသုံးပြုခဲ့သည့် ဗွီ ၂ လက်နက်ဖြစ်၍။ ယခုအခါ ထိုလက်နက်မျိုးဖြင့်၎င်း၊ ဂြိုဟ်တုစသော အာကာသယာဉ်များဖြင့်၎င်း အထက်ဖက် လေထုရှိ အခြေအနေကို သိပ္ပံပညာရှင်များက စုံစမ်းလျက်ရှိကြပေသည်။

**လွှား၊ ကာ၊ ဒိုင်း။** ။ဒိုင်း၊ လွှား၊ ကာ — ရှု။

**လွှတ်တော်။** ။လွှတ်တော်ဟူသော ဝေါဟာရသည် မြန်မာဘာသာ ဝေါဟာရဖြစ်၍ ရှင်ဘုရင် အမိန့်အာဏာတော်အတိုင်း လိုက်နာဆောင်ရွက်ရသော ဌာနကို ဆိုလိုသည်။ မြန်မာဘုရင်များ လက်ထက်က လွှတ်တော်သည် နန်းတော်မှ တပါး တနိုင်ငံလုံးတွင် အမြင့်ဆုံးနှင့် အကြီးဆုံးဌာန ဖြစ်၍ လွှတ်တော်က ဆောင်ရွက်ရ ဆင့်ဆိုရသော အရေးကိစ္စများမှာလည်း လွန်စွာ ကျယ်ဝန်း များပြားသည်။ လွှတ်တော်သည် သာသနာတော်ရေးနှင့် တိုင်းရေး ပြည်ရေးရှိသမျှကို အုပ်ချုပ် ဆင့်ဆို ဆောင်ရွက်ရသည်။

လွှတ်တော်ဟူသော ဝေါဟာရတွင် 'လွှတ်' ဆိုသော စကားသည် ဩဇာအာဏာလွှတ်ခြင်း၊ အမိန့်တော်၊ အမှာတော်လွှတ်ခြင်း၊ အခွင့်လွှတ်ခြင်း၊ ကိုယ်တိုင်ပိုင်နက်မှလက်လွှတ်ခြင်း၊ ပြတ်ကင်းခြင်း၊ လှူခြင်း၊ ပေးခြင်းနှင့်သက်ဆိုင်သည်။ လွှတ်ဟူသော ဌာနတွင် ဆင်းရဲသား ပြည်သူတို့က မင်းဧကရာဇ်ထံ အခွန်အတုတ် လွှတ်မြဲ၊ ဆက်သမြဲဖြစ်သည်။ ထိုအခွန်အတုတ်များကို ကသောင်းမြောင်း တိုက်တော် (လွှတ်တော် ငွေတိုက်)မှာ ထားရသည်။ သို့ဖြစ်၍ ဆင်းရဲသား ပြည်သူတို့ အခွန်အတုတ်လွှတ်ရာ၊ ဆက်သရာဌာနကို လွှတ်ဟူ၍ ခေါ်ဝေါ်သမုတ်သည်ဟုလည်း ဆိုသည်။

'တော်'ဟူသော ဝေါဟာရသည် မြန်မာစကားဖြစ်၍ အသျှင်ခေါ်ခြင်း၊ဘုရားခေါ်ခြင်းများနှင့်ဆိုင်သည်။ ရှင်ဘုရင်နှင့်စပ်ဆိုင်သော အမှတ်အသားများမှာ တော်ကြီး ဟူ၍ ရေးသားထိုးမှတ်လေ့ရှိသည်။ ထိုကြောင့် နန်းတော်၊ဉယျာဉ်တော်ဟုဆိုလျှင် ရှင်ဘုရင်နှင့် ဆိုင်ကြောင်းကို ပြသည်။

ရွှေဘုံနိဒါန်းကျမ်းတွင် ပုဂံပျူစောထီးမင်း လက်ထက်က စ၍ လွှတ်တော်ပေါ်ကြောင်းနှင့် လွှတ်တော်ဟု ခေါ်ကြောင်းများ ဖော်ပြပါရှိသည်။ ထိုကျမ်းအဆိုမှာ မဇ္ဈိမဒေသမှ ပုဂံသို့ရောက်လာသော မင်းမျိုးလေးယောက်ကို ဘွဲ့ထူးအစီးအနင်း၊ မင်းခမ်းမင်းနား ပေးကမ်းချီးမြှင့်အရေးလွှဲအပ်ပြီးလျှင် အဆောက်အဦသို့ အမတ် လေးယောက် တက်ရောက်၍ ပြည်ထဲရေး လေးမျက်နှာကို စီရင်စေရန် အခွင့်လွှတ်သောကြောင့် ထိုအဆောက်အဦ ကိုလွှတ် ဟူ၍ ခေါ်သည်။

ထို့ပြင် ပုဂံမင်းဆက် နရပတိစည်သူမင်းသည် ထီးနန်းကို သားတော်ကြီးလေးပါးသို့ မပေးအပ်ပဲ၊ မင်းပရိယာယ်ဖြင့် သားတော်ငယ် ဇေယျသိခ်မင်းသားကို ပေးအပ်ခဲ့သည်။သို့ရာတွင်တိုင်းရေးပြည်ရေးကိုလေးပါးသောနောင်တော်တို့နှင့် တိုင်ပင်ဆွေးနွေးပြီးလျှင် စီရင်ဆုံးဖြတ်ရမည်ဟု နတ်ရွာစံခါနီးဆဲဆဲ၌ မှာထားခဲ့သည်။ဇေယျသိခ်မင်းသားသည် ထီးလိုမင်းလိုမင်း ဘွဲ့ကိုခံ၍ ထီးနန်းဆက်ခံပြီးနောက် ခမည်းတော်မှာထားခဲ့သည့်အတိုင်း နောင်တော် မင်းသားလေးပါးအိမ်သို့ တအိမ်စီ တအိမ်စီ လှည့်လည်သွားရောက်ဝတ်ပြုရခြင်း၊ ဆွေးနွေးတိုင်ပင် စီရင်ဆုံးဖြတ်ရခြင်းကိုပြုလုပ်ရသည်။ ရှင်ဘုရင်ဖြစ်သူ ညီတော်သည် နောင်တော်များထံ လာရဖန်များသည့်အခါ နောင်တော်များက အားနာသွားတာပြီးလျှင် နန်းရင်ပြင်၌ အဆောက်အဦကြီး တခုကို ဆောက်စေ၏။ နောင်တော်လေးပါးတို့ ထို အဆောက်အဦကြီးသို့ သွားရောက်စုံညီသောအခါ ညီတော်ရှင်ဘုရင် လာ၍ခစားဝတ်ပြုခြင်း၊တိုင်းရေးပြည်ရေးများကိုဆွေးနွေးဆုံးဖြတ်ခြင်း ပြုရန် ညီတော်ကို ခွင့်လွှတ်၍၊ညီတော် ထီးလိုမင်းလိုမင်းကလည်း နောင်တော်တို့သည် ညီတော်ကိုယ်စား ပြည်ထဲရေး

www.burmeseclassic.com



များကို ခန့်ထား စီရင် ဆုံးဖြတ်ပါတော့ဟု အရေးပေးသဖြင့် ခွင့်လွှတ်ပြန်သည်။ ထိုကဲ့သို့ အပြန်အလှန် ခွင့်လွှတ်သော အဆောက်အဦ နေရာကို လွှတ် ဟုခေါ်သည် ဟူ၍လည်း ရာဇဝင်ကျမ်းများနှင့် ရွှေဘုံနိဒါန်းတွင် ဆိုသည်။

လွှတ်တော်အဆောက်အဦမှာ နှစ်ဆောင်တွဲ ဖြစ်သည်။ အနောက်ဖက် အဆောင်သည် သုံးထပ်လည်ပေါ်ဆောင် ဖြစ်၍ ဇေတဝန်ဆောင်ဟု ခေါ်သည်။ ထိုဇေတဝန်ဆောင်သို့ ရှင်ဘုရင် လွှတ်တက်မြဲ ဖြစ်သောကြောင့် ရာဇပလ္လင် ဥကင် ထားရှိရသည်။ ယင်း ရာဇပလ္လင်သည်လည်း မြေနန်း ရာဇပလ္လင်ကဲ့သို့ပင် ယမနေသားဖြင့်လုပ်သော ခြင်္သေ့ရုပ်ခံ သီဟာသနရာဇပလ္လင်ဖြစ်သည်။လွှတ်တော်ဇေတဝန်ဆောင်တွင် အကာ မာရဘင်များ၊ တိုင်များ အပြောက် အမွမ်းများကို ရွှေပိန်းချရသည်။

လွှတ်တော်အရှေ့ဆောင်သည် နှစ်ထပ်လည်ပေါ်ဆောင် ဖြစ်၍ ဝန်ကြီးများနေသော ကွန်းစင်တိုင်ကြီး လေးလုံးကိုသာ ရွှေပိန်းချရသည်။ထိုတိုင်ကြီး လေးလုံးမှတပါး သည်မသည်ရံစသော တိုင်များနှင့် အပြောက်အမွမ်းကို အနီတစု ရွှေနှစ်စု ခြယ်လှယ်ရသည်။

လွှတ်တော်ကွန်းစင်အခန်းကြီးများအတွင်းသို့ မင်းသားများနှင့် ဝန်ကြီးများမှတပါး မည်သူမျှဝင်ခွင့်မရ။ အခြားလွှတ်တော်အရာရှိများအတွက် နေရာသီးခြားစီရှိကြသည်။ ထိုနေရာများတွင် ကွမ်းသွေးပေါက်တပေါက်စီ ဖောက်ထားသည်။ ဝန်ကြီးတို့ ဆေးတံသောက်ရှူသည့်အခါ လွှတ်အောက်ကနေ၍ ကွမ်းသွေးပေါက်တွင်းမှ အဆောင်ကိုင်တို့က ဆေးတံထိုးပေးရသည်။ ဝန်ထောက်လေးနေရာမှာ ဝန်ကြီးမင်းများ နေရသော ကွန်းစင်ပြင်ဖက်နားက ကွမ်းသွေးပေါက်လေးပေါက် ဖောက်ထားသည်။ နားခံ၊ စာရေးတော်ကြီး၊ အမှုတော်ရေး၊ အသုံးစာရေး၊ အဝေးရောက် စသောအရာရှိများမှာလည်း ကွမ်းသွေးပေါက်လေးပေါက်စီ ရှိကြသည်။ကွမ်းသွေးပေါက် ရသူများသာ ကွမ်းသွေးပေါက်အတွင်းဝင်ပြီးလျှင် ထိုင်ခွင့်ရသည်။ လွှတ်တော်အရာရှိများမှတပါး အခြားအရာရှိ၊အဝေးအရာရှိတို့သည်ကွမ်းသွေးပေါက်အတွင်း ဝင်ပြီးလျှင် ကွန်းစင်တိုင်ကို မှီ၍ ထိုင်ခွင့်မရကြချေ။ သို့ရာတွင် နားခံတော်များသည် အမိန့်တော်ပြန်ရန်အတွက် ကွန်းစင်တိုင်တွင်းသို့ ခေတ္တဝင်၍ ရာဇပလ္လင်ရှေ့မှာ အမိန့်တော်ပြန်ခွင့်ရသည်။

လွှတ်တော်ပေါ်တွင် ညဥ့်အိပ်သည်မှတပါး နေ့အခါ၌ မည်သည့်အရာရှိမျှ ဖျာ၊ သင်ဖြူးခင်း၍ ထိုင်ခွင့်မရ။ထိုပြင် မည်သူမျှ လွှတ်တော်ပေါ်သို့ အင်္ကျီမပါ၊ ခေါင်းပေါင်းဖြူမပါပဲ မတက်ရ။လွှတ်တက်ဆဲအခါ၌လည်း မည်သူမျှ မြောက်လှေကားက မတက်ရ။ အမိန့်တော်ခံနှင့် ဗိုလ်များမှ တပါး အခြား မည်သူမျှ ဓါးတောင်းကျိုက်၍ လွှတ်တော်ပေါ်သို့ မတက်ရ။ လွှတ်တော်ပေါ်သို့ ဖိနပ်များကိုလည်း မတင်ရချေ။

လွှတ်တော် တည်ရာဌာနသည် နန်းတော်နယ်မြေတွင် သစ်တပ် အုတ်မြို့ရိုး ကာထားသော နန်းတော်အတွင်း မြေနန်းတော်ရှေ့ တံခါးနီ၏ လကျ်ာဖက်ဖြစ်သော တောင်မျက်နှာ၌ တည်ရှိသည်။ တံခါးနီပြင်ဖက်ကလည်း လွှတ်တော်ပေါ်သို့တက်ရန် လှေကား ရှိသည်။

လွှတ်တော်ဆိုင်ရာ အရာရှိတို့သည် သီတင်းနေ့များမှတပါး အခြားနေ့များတွင် တနေ့နှစ်ကြိမ် လွှတ်တော်သို့ တက်ရောက်ရမြဲဖြစ်သည်။ နံနက် တချက်မတီးမီ (စက်နာရီ ၉ နာရီ)လွှတ်တော် မြောက်နှရောင်မှာစု၍(တရားရာဇဝတ်မှုမှတပါး) လျှောက်လွှာ အသေးအဖွဲ့များကို လက်ခံသည်။ မြောက်နှရောင်ဆိုသည်မှာ လွှတ်တော် နှစ်ဆောင် အနက် အရှေ့ဆောင် မြောက်မျက်နှာကထိပ်ဝကို ဆိုလိုသည်။နံနက် တချက်တီးလျှင် နန်းတော်သို့ဝင်၍ ရှင်ဘုရင် ရှေ့တော်မှာ အရာရှိအစုံအညီ ညီလာခံကြသည်။ နံနက် ညီလာခံသည် မွန်းမတည့်မီ ပြီးစီးလေ့ရှိသည်။နံနက်ညီလာခံတွင် ရှင်ဘုရင်ရှေ့တော်သို့ ဝင်ရောက်ကြသည့်အခါ လက်နက်များကို လျှို့ဝှက်ယူဆောင်လာမည် စိုးရိမ်၍ အထူးခွင့်ပြုထားသူများမှတပါး မည်မျှလောက်ပင် ချမ်းလှသော်လည်း မည်သည့်အရာရှိမျှ စောင်၊ သက္ကလတ်ညဥ့်ရုံခြုံထည် စသည်များ ခြုံရုံခစားခွင့် မရှိချေ။

နေ့ နှစ်ချက်တီး (စက်နာရီ ၁၂ နာရီ)အချိန်တွင်လွှတ်တက်ကြပြန်သည်။ ထိုအခါ တရား ရာဇဝတ်ဖက်ဆိုင်ရာ လျှောက်လွှာများကို လက်ခံသည့်အပြင် အမှုများကိုလည်း စစ်ဆေးဆုံးဖြတ်သည်။ ညနေ သုံးချက်တီး (စက်နာရီ ၃ နာရီ)အချိန်တွင် လွှတ်ဆင်းမြဲ ဆင်းသည်။ သို့ရာတွင် ဆုံးဖြတ်ရန် အဆုံးမသတ်သေးသော အမှုများကို အခြားနေရာသို့ ရွှေ့ပြောင်း၍ ဆက်လက် ဆောင်ရွက်ရသည်။

ရှင်ဘုရင်များသည်လွှတ်တော်သို့တက်၍ တရားဆုံးဖြတ်ရမြဲ ဖြစ်သည်။ ရှင်ဘုရင် လွှတ်တော်သို့ မတက်သည့်အခါ အိမ်ရှေ့မင်းရှိလျှင် အိမ်ရှေ့မင်းက တက်ရသည်။အိမ်ရှေ့မင်း မရှိလျှင် ရှင်ဘုရင်၏ ညီတော်ကြီး၊ သားတော်ကြီးများက လွှတ်တက် စီရင်ရသည်။ အိမ်ရှေ့မင်းနှင့် မင်းသားကြီးများ မရှိမှသာလျှင် ဝန်ကြီးများ တက်၍ စီရင်ရသည်။


လွှတ်တော်က ဆုံးဖြတ်ရသော အမှုများသည် အပိုင်းအခြား တန်ဖိုးမရှိ။ သို့ရာတွင် ငွေ ၅,၀၀၀(ငါးထောင်)တန်ထက်ပိုလျှင် ရှင်ဘုရင်ထံ အယူခံ ဝင်နိုင်သည်။ ရှင်ဘုရင်က ဆုံးဖြတ်ရသော အမှုများမှာ အပိုင်းအခြား တန်ဖိုးလည်း မရှိ၊ အယူခံခွင့်လည်းမရှိချေ။ အခြားရုံးများက စီရင်သော အမှုများသည် ငွေ ၅,၀၀၀(ငါးထောင်)တန်ထက် ပိုလျှင် လွှတ်တော်မှာ အယူခံဝင်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com





ကုန်းဘောင်မင်းဆက် အသုံးပြုခဲ့သော မြန်မာလွှတ်တော်

ရှင်ဘုရင် လွှတ်တက်သည့်အခါ လျှောက်လွှာများတွင် "ရွှေဘဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည် ဘုရား"ဆိုသော စကားကို အစ အဆုံးမှာ ရေးသားထည့်သွင်းရသည်။ အိမ်ရှေ့မင်းဖြစ်စေ၊ မင်းသားများ ဖြစ်စေ လွှတ်တက်သည့်အခါ လျှောက်လွှာများတွင် "ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား" ဆိုသောစကားကို အစ အဆုံး ရေးသားထည့်သွင်းရသည်။ မင်းသားများလွှတ်တက်သည့်အခါ မင်းသားများစားသော မြို့၏အမည်ကို အစွဲပြု၍ ရေးသားထည့်သွင်းရသည်။ ပုံစံအားဖြင့် မင်းသားသုံးပါးလွှတ်တက်သည့်အခါ ဟံသာဝတီမင်း၊ ပြည်မင်း၊တောင်ငူမင်းတို့အမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်းဟု ထည့်သွင်းရေးသားရသည်။ မင်းသားတပါးတည်း လွှတ်တက်ရသည့်အခါဖြစ်လျှင် မည်သည့်မင်းအမိန့်တော်ကို ဦးထိပ်ထက်ဆင်ရွက်ရသည့်အတိုင်းဟု ရေးသားရသည်။ ဝန်ကြီးများ လွှတ်တက်သည့်အခါ ဝန်လေးပါးရှိလျှင် စန်လေးပါးဘွဲ့အမည်ကို ရေးသား၍ ကြားရောက်သည်၊ ကြားလိုက်သည်၊ မှာလိုက်သည် အစရှိသဖြင့် ကြားစာ မှာစာနှင့် သင့်လျော်အောင် ရေးသား ထည့်သွင်းရသည်။ သို့ရာတွင် လွှတ်တော်က ဆင့်ဆိုသော စာချွန်များမှာ မည်သည့်အခါမဆို ဝန်မင်းများ စာဟူ၍သာ စာလုံးကြီးကြီးနှင့် ဆင့်စာအောက်ခြေနားက ရေးသားထည့်သွင်းမြဲဖြစ်သည်။ လွှတ်တော်တံဆိပ်ကိုလည်း ရိုက်နှိပ်လိုက်ရသည်။

လွှတ်တော်ဌာနတွင် ပါဝင်သော လွှတ်တော် အရာရှိတို့သည် နံနက်ညီလာခံအချိန်နှင့် နေ့လွှတ်တက် အချိန်များ၌ အင်္ကျီလက်ကျယ်၊ရွှေစလွယ်ဆင်ရသည်၊အင်္ကျီလက်ကျယ်မှာ ပုံတမျိုးတည်းကို ဝတ်ရသော်လည်း စလွယ်မှာရာထူးအဆင့်အတန်း အနိမ့်အမြင့်အလိုက် အောက်ဆုံးသုံးသွယ်မှ အမြင့်ဆုံး တဆဲ့ရှစ်သွယ်အထိ ဆင်ယင်ရသည်။ ထိုပြင် ဝန်ကြီးများနှင့် ဝန်ထောက်များ သွားလာသည့်အခါ လက်ရတောင်ခေါ် သော အမှုထမ်းနှစ်ယောက်သည် ထိုအရာရှိများ ရှေ့က အတောင် ၃၀(၄၅ ပေ)ကွာ လောက်က မောက်တိုဆောင်းကာ ဝဲယာကြိမ်ကို ထောင်လျက် ကိုင်ဆောင်ရသည့်အပြင် ပုဆိုးခါးတောင်းကျိုက်၍ လိုက်ပါရသည်။ အင်္ကျီဖြူ ထိုင်မသိမ်း ဝတ်ရသည်။ မောက်တိုကို တည့်တည့်ဆောင်းရသည်။ ထိုလက်ရတောင် အမှုထမ်း နှစ်ယောက်ကို လွှတ်တော်ရှေ့လိုက် ဟူ၍လည်း ခေါ်သည်။

ဝန်ကြီးများမှ တပါး လွှတ်နှင့် ဆိုင်သော အရာရှိများသည် ဝဲယာ အလှည့်ခွဲလျက် တရက်ခြား တခါ လွှတ်မှာ လာရောက်အိပ်ကြရသည်။မြေမြို့ရိုးအတွင်း မီးလောင်သည့်အခါ အိပ်ဖန်အလှည့်ကျ မဟုတ်သော လွှတ်ဆိုင်ရာအရာရှိများသည်လွှတ်တော်သို့လာရောက်၍စာရင်းချမှတ်ရသည်။

လွှတ်တက်ရန်ဖြစ်စေ၊ ရှင်ဘုရင်ရှေ့တော်သို့ဝင်ရန် ဖြစ်စေ နန်းတော်အတွင်းသို့ လာရောက်သည့်အခါ မင်းသားများမှတပါး အခြားအရာရှိ မည်သူမျှ ထီးဆောင်းခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



သက်ရှိ သက်မဲ့ယာဉ် စီးခြင်း မပြုရ။ သို့ရာတွင် နန်းတော်လှေကားများနှင့် လွှတ်တော်လှေကားများသို့ ထိအောင် ရာထူးအလျောက် ခမောက်များကို ဆောင်း၍ ဝင်ခွင့်ရသည်။

လွှတ်တော်တွင်ပါဝင်မြဲဖြစ်သော အရာရှိများမှာ ဝန်ကြီး ၄၊ မြင်းစုကြီးဝန် ၁၊ အသည်ဝန်-၁၊ မြေတိုင်အမတ်-၁၊ မြေတိုင် အမတ်ရာထူးကို စာရေးတော်ကြီးရာထူးနှင့်တွဲဖက်ခန့်ထားလေ့ရှိသည်။ ဝန်ထောက်-၄၊ နားခံတော်-၄၊ စာရေးတော်ကြီး-၄၊ မြင်းစာရေးကြီး-၂၊ အမိန့်တော်ရေး-၄၊ အမှာတော်ရေး-၄၊ အသုံးစာရေး-၄၊ အဝေးရောက်-၄၊ မြန်မာသံခံ-၄၊ ရှမ်းသံခံ-၄၊ ယွန်းသံခံ-၄၊ ကသည်းစာပြန်-၂၊ တရုပ်စာပြန်-၁၊ အသည်စာရေး-၄၊ အမိန့်တော်ရ-၄၊ သစ္စာတော်ရေး-၁၊ ပြော့နေရာချ သွေးသောက်ကြီး-၁၊ လွှတ်စောင့်သွေးသောက်ကြီး-၁၊ လက်နက်တိုက်ဝန်- ၁၊ ငွေ တိုက်စိုး ၂၊ ကသောင်းမြောင်း တိုက်စိုး-၁၊ ငွေတိုက်စာရေး-၁၊ လက်ဆောင်ယူ တိုက်စိုး-၁၊ ငွေတိုက်စာရေး-၁ ခန့်ထားလေ့ ရှိသည်။ သို့ရာတွင် ရှင်ဘုရင်များသဘောအတိုင်း မို့၍ သော်၎င်း၊ လျော့၍ သော်၎င်း ခန့်ထားကြသည့် အခါလည်း ရှိသည်။

ထိုအရာရှိများတွင် မြင်းစုကြီးဝန်၊ ဝန်ထောက်တို့သာ ပြန်တမ်းကြီးခံခွင့်ရသည်။ ပြန်တမ်းကြီးဆိုသည်မှာ တာဝန်ခံရသော ဝတ်တရားကို ပြဆိုသော အစီအစဉ်မာတိကာပင် ဖြစ်သည်။

လွှတ်စေလေးတန်းနှင့် လက်ရသုံးတန်း ဟူသော လွှတ်တော်နှင့်ဆိုင်သည့် လက်အောက်အမှုထမ်းများကိုလည်းခန့်ထားမြဲဖြစ်သည်။သာမညအမှုနှင့် လွှတ်တော်က ဆင့်ခေါ်ရန်၊ သာမညအမှုနှင့် လွှတ်တော်က ချုပ်ထားရန် အလုပ်ဝတ်တရားများမှာ လွှတ်စေလေးတန်းက ဆင့်ခေါ် ချုပ်ထားရသည်။ လွှတ်စေလေးတန်း ဆိုသည်မှာ (၁) တည်တော၊ (၂) မြို့သစ်၊ (၃) ခင်ဦး၊ (၄)စည်ပုတ္တရာတန်းဟူ၍ လေးမျိုးလေးဌာန ခွဲခြားထားသည်။ လွှတ်စေလေးတန်းက ခေါ်ရန်မဟုတ်ပဲ၊ အကြပ်အတည်းခေါ်ရန် အမှုထမ်းများမှာ လက်ရ သုံးတန်းအမှုထမ်းများက ဖမ်းဆီးချည်နှောင်ခေါ်ရသည်။ ထိုလက်ရသုံးတန်းအမှုထမ်းများသည် လူကို အဆုံးစီရင်ရန် ရှိသည့်အခါ၌လည်း ပါဝင်ရသည်။ ရာဇဌာနီ အတွင်း၌ လွှတ်တော်အမိန့်မှတပါး အခြားရုံးများအမိန့်နှင့် ချည်နှောင်ခွင့်မရချေ။ တရားမရုံးက ချည်နှောင်တောင်းခံလိုလျှင် လွှတ်တော်သို့ အစီရင်ခံစာ တင်ပို့ရသည်။

လွှတ်တော်ဌာနကဆောင်ရွက်ရမြဲ အစဉ်အလာထုံးစံမှာ သာသနာတော်ရေးနှင့် တိုင်းရေးပြည်ရေး ရှိသမျှကို အုပ်ချုပ်ဆင့်ဆိုရသော ဌာနကြီးဖြစ်၍ ရှေးအခါက ဝေပုံဌာန အပိုင်းအခြားမှာ ကိုးဌာနသာရှိသည်။ ဘကြီးတော်ဘုရားလက်ထက်ကစ၍ နိုင်ငံခြားဌာန တဌာနတိုးရသောကြောင့် ဆယ်ဌာနဖြစ်လာသည်။

ထို ဆယ် ဌာနတို့မှာ —

(၁) အရာအထူးခန့်ထားခြင်း၊ နုတ်ပယ်ခြင်း၊ ၎င်းပြန် အရာအထူး အသစ်ခန့်ခြင်း၊ တိုးတက်ခြင်း ပေါ်လာသည့် အခါ သစ္စာတော်ပေးရ တိုက်ရခြင်းများနှင့် စပ်လျဉ်းသမျှ အမှု။

(၂) ဥပဒေ စကားချက်များမှာ မှတ်စာ ရေးသားခြင်း၊ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသမျှအမှု။

(၃) ကျောက်စာ စာဟောင်းစာတမ်း၊ ပိဋကတ် ရာဇဝင်၊ ဗေဒင် ဝတ္ထုကံ၊ဘေးမဲ့ပေး၊ အရပ်ရပ်စာမေးပွဲ စာပြန်ပွဲ၊ အလှူအတန်း ပေးကမ်း ထောက်ပံ့ခြင်းစသော သာသနာပညာများနှင့် စပ်လျဉ်းသမျှအမှု။

(၄) ကြည်းကြောင်း ရေကြောင်း အနီးအဝေး အစောင့်အရှောက်စသော စစ်ဖက်နှင့် စပ်လျဉ်းသမျှအမှု။

(၅) မျက်နှာညီမှု၊လူလူမှု၊ ကြေးတွက်မှု၊ရိုးရာလူမှု၊စစ်တမ်းသွင်းစသော တရားရာဇဝတ်နှင့် စပ်လျဉ်းသမျှအမှု။

(၆) ကင်းခွန်၊ သစ်တောခွန်၊ တွင်းထွက်ခွန်၊ ရွှေခွန်၊ ငွေခွန်၊ သစ္စေးခွန်၊ ဈေးခွန်၊ ကူးတို့ခွန် စသော အကောက်အခွန်နှင့် စပ်လျဉ်းသမျှအမှု။

(၇) မြေခွန်၊ ရေခွန်၊ ဥယျာဉ်ခွန်စသော လယ်ယာဌာနနှင့် စပ်လျဉ်းသမျှအမှု။

(၈) မြို့လုပ် ကျုံးတာ၊ နန်းတော်အိမ်တော်၊ ကျောင်းဘုရား၊ ဆဲ့နှစ်ရာသီစသော အလုပ်အဆောင်နှင့် စပ်လျဉ်းသမျှ အမှု။

ဆဲ့နှစ်ရာသီဆိုရာ၌ နေ့စဉ် လစဉ် နှစ်စဉ် လုပ်ဆောင်မြဲ အခမ်းအနားများနှင့် သေမှု ရှင်ခမ်းစသော အကြောင်းများလည်း ပါဝင်သည်။ ထိုကဲ့သို့လုပ်ဆောင်ရန် အခမ်း အနား စာတမ်းများကို လွှတ်တော်က ရေးသား တင်သွင်းရသည်။ဤကဲ့သို့ ရေးသွင်းသောစာတမ်းကို လွှတ်တော်သွင်းစာ မှာတမ်းဟု ခေါ်သည်။

(၉) ခြေလျင်၊ လှေလျင်၊ မြင်းလျင်စသော စာပေးစာယူနှင့် စပ်လျဉ်းသမျှအမှု။

ကြေးနန်းအလုပ်မှာ ၁၂၃၆ ခု (၁၈၇၄ ခု) နှစ်လောက်စ၍ ပေါ်လာရာ ကြေးနန်းဝန်၊ ကြေးနန်းစာရေး၊ ကြေးနန်းအုပ် ဟူ၍ သီးခြားထားသည်။ သို့ရာတွင် ကြေးနန်းဌာနသည် စာပေးစာယူဌာနတွင် ပါဝင်သည်။

(၁၀) နိုင်ငံခြားနှင့်စပ်သောအမှုများ။

ဤဌာနသည်လည်း ရှေးအခါက မရှိ။ ၁၁၁၉ ခု(၁၇၅၇ ခု)နှစ်လောက်ကစ၍ပေါ် ပေါက်လာပြီးလျှင် ဝန်ကြီးတဦးဦးက နိုင်ငံခြားဌာနကို ကြည့်ရှုရသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာဗျည်း ၃၃ လုံးတွင် ဝသည် ၂၉ ခုမြောက် အက္ခရာဖြစ်သည်။ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ ဟူသော အဝဂ်တွင်ပါဝင်၍ ဝအသံ၏ ဖြစ်ရာဌာနမှာ ဒန္တ-ဩဋ္ဌ ဌာန် သွားနှင့် နှုတ်ခမ်းအရပ် ဖြစ်သည်။ ဝ ကို ဝဟူ၍ပင် အသံထွက်သည်။ ဝအရေးအသား၏ မူလမှာ ဗြာဟ္မီအက္ခရာ ဖြစ်သည်။ ဗြာဟ္မီ မှ ကုသန ဂုတ္တ ကဒံဗ သို့ အဆင့်ဆင့် ပြောင်းလဲလာပြီးနောက်၊ ကျောက်စာများတွင် နှင့် ပေစာများတွင် ဟု ရေးသားသည်ကို တွေ့ရသည်။ ဗြာဟ္မီ အရေးအသား ကို ထိပ်စမျဉ်းဖြုတ်ပြီးလျှင် ကျောက်စာများတွင် လေးထောင့်ပုံသဏ္ဌာန် တွင်း၍ ရေးရာမှတဆင့် ပေစာများတွင် မြန်မာအက္ခရာ ဝ ဟူ၍ ခပ်ဝိုင်းဝိုင်းရေးသားလာသည်။ ဝ အက္ခရာ၏ အဆင့်ဆင့် ဖြစ်ပေါ်လာပုံကို အောက်တွင် အစဉ်အတိုင်းယှဉ်တွဲ၍ ပြထားသည်။



**ဝဇီရ၊ ဘိုး** (မြန်မာ ၁၂၁၀–၁၂၈၇)။ ။ပဌမဆုံးသော မြန်မာ သတင်းစာ ဆရာ မည်သူနည်းဟု မေးလာလျှင် ဘိုးဝဇီရဟု ဖြေရပေလိမ့်မည်။ ဘိုးဝဇီရသည် ကုန်းဘောင်ခေတ် မင်းတုန်း မင်းတရားလက်ထက် ၁၂၃၆ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သော "ရတနာပုံ"ခေါ် ပဌမဆုံး မြန်မာသတင်းစာ၏ စာရေးတော်(စာတည်း)အဖြစ် ဆောင်ရွက်ခဲ့သည်။ ဘိုးဝဇီရသည် ဘုရင့်သတင်းစာ၏ စာတည်းဖြစ်၍ အရည်အသွေး တောက်ပြောင်သော စာဆိုကြီးတဦး ဖြစ်လင့်ကစား မြန်မာစာပေလောကတွင် ထင်ပေါ်သင့်သလောက် မထင်ပေါ်ပဲ တိမ်မြုပ်နေခဲ့လေသည်။ ယင်းသို့ ဖြစ်ရသည်မှာ ဘိုးဝဇီရသည် မင်းတုန်းမင်းလွန်ပြီးနောက်တွင် စာပေရေးသားမှု လွတ်လပ်ခွင့်မရှိ ဟူ၍၎င်း၊ ဗြိတိသျှခေတ်တွင်လည်း လူမျိုးခြား၏ လက်အောက်တွင် အမှုမထမ်းလိုဟူ၍၎င်း တောရွာတွင် ဇာတ်မြုပ်ကာအနေကုတ်ခဲ့ခြင်းကြောင့် ဖြစ်တန်ရာသည်။ ယင်းသို့ကြောင့် ဘိုးဝဇီရ၏ စာပေတို့ကို လူသိနည်းကာ မထင်ပေါ်ပဲ ရှိနေခဲ့လေသည်။

ဘိုးဝဇီရ၏ဇာတိမှာ အမရပူရမြို့ ပုထိုးတော်ကြီးဘုရားအနီး သရက်သုံးပင်အရပ်ဖြစ်၍ ဘိုးဝဇီရသည် ၁၂၁၀ ပြည့်နှစ် နှောင်းတန်ခူးလဆုတ် ၄ ရက် ဗုဒ္ဓဟူးနေ့တွင် ပုဂံမင်း၏ သေနတ်စာရေးကြီး မင်းလှရာဇာဘွဲ့ခံ ဦးထွန်းနှင့် ဇနီးဒေါ်ခိုတို့မှ ဖွားမြင်သော သားဖြစ်သည်။ ငယ်မည်မှာ မောင်လွင် ဖြစ်လေသည်။

ငယ်ရွယ်စဉ်ကပင် ဉာဏ်သွေး ဉာဏ်ရည် ထက်မြက်ကြောင်းမြင်ရသဖြင့် ဖခင်ဖြစ်သူကလည်း ထွန်းထွန်းပေါက်ပေါက် ဖြစ်စေရန် လမ်းကြောင်း၍ ပြုစု ပျိုးထောင်ပေးသည်။ ၁၃ နှစ်သားအရွယ်တွင် မန္တလေးမြို့ ခင်မကန်တိုက်တွင် ကျောင်းသားအဖြစ် ဖခင်က အပ်နှံသည်။ မောင်လွင်သည် စာပေကျမ်းဂန်များကို သင်အံ၍ ၁၆ နှစ်သားအရွယ်တွင် သာမဏေဘောင်သို့ ကူးခဲ့လေသည်။

သာမဏေဖြစ်လာသောအခါ ခင်မကန် တိုက်အုပ်ဆရာတော် ဦးပဏ္ဍိတက ကိုရင်မောင်လွင်သည် ဝရဇိန်လက်နက်ကဲ့သို့ ထက်မြက်သော ဉာဏ်ပညာရှိသည်ကို သိမြင်သဖြင့် ရှင်ဝဇီရဟု ဘွဲ့ပေးသည်။ ရှင်ဝဇီရသည် ခင်မကန်တိုက်တွင် သုံးနှစ်မျှ ပညာဆည်းပူးပြီးနောက် ဒက္ခိဏာရာမဘုရားကြီးတိုက်သို့ ပြောင်းရွှေ့ကာ ပညာစွယ်စုံ ဆရာတော်ကြီးများထံမှ ပိဋကသုံးပုံကို သင်ယူသည်။ အခြား ရဟန်းသာမဏေများကိုလည်း စာချပေးသည်။

ရှင်ဝဇီရသည် စာပေကျမ်းဂန်များစွာကို အာဂုံဆောင်နိုင်သည်။ စာပြန်ရာ၊ ရွတ်ဖတ်ရာ၌လည်း သံနေသံထားဌာန်ကရိုဏ်း ကျနပီသလှသဖြင့် ရှင်ဝဇီရစာပြန်သည်ကို အခြားပုဂ္ဂိုလ်များက လာ၍ နာယူကြရသည်။ ရှင်ဝဇီရ၏ ထက်မြက်သော ဉာဏ်ရည်၊ ပြင်းထန်သော ဇွဲလုံ့လတို့ကိုလည်း ဆရာတော်ကြီးများက ခြီးကျူးကြလေသည်။

ဘုရားကြီးကျောင်းတိုက်တွင် ခြောက်နှစ်ကြာမျှ ပညာဆည်းပူးပြီးနောက် မန္တလေးတောင်ခြေ သစ်ဆိမ့် ဆရာတော်ထံတွင် တနှစ်မျှ ဆည်းကပ်နေထိုင်ခဲ့သည်။ ထို့နောက် ခင်မကန်တိုက်သို့ပြန်လည်ပြောင်းရွှေ့ပြီးလျှင် တနှစ်အကြာတွင် လူဝတ်လဲလေသည်။ ရဟန်းဝတ်နှင့် တသက်လုံး နေမည်ဟု မရည်မှန်းခဲ့သည့်အလျောက် ရဟန်းမခံပဲ နေခဲ့လေသည်။

လူဝတ်လဲပြီးနောက်တွင် ဦးရိုးတော်သူ နံ့သာနန်းဝန်မင်း ဦးနှင်းနှင့်အတူ ရှေ့ပတ်စာရေးအဖြစ် အောက်မြို့ကျေးရွာ



www.burmeseclassic.com

www.burmeseclassic.com



များသို့ လိုက်ပါသွားယင်း ဒေသန္တရဗဟုသုတများကို လေ့လာဆည်းပူးခဲ့သည်။

ဆရာတော်ရင်းဖြစ်သော ဦးပဏ္ဍိတနှင့် မြောင်လှမြို့စားဝန်ထောက်တော် မင်း ဦးခြိမ့်တို့သည် ဆရာရင်း တကာရင်းဖြစ်ကြသည်။ ဦးခြိမ့်သည် ဆရာတော်ထံသို့ သွားလာ ဝင်ထွက်နေရာမှ ရှင်ဝဇီရ လူထွက်၏ အရည်အသွေးကို သတိပြုမိသည်။ ထို့ပြင် ကိုရင်လူထွက်အားလည်း ခင်မင်ရင်းနှီးသည်။ ထို့ကြောင့် ကင်းဝန်မင်းကြီး၏ အကူအညီဖြင့် ရတနာပုံသတင်းစာတွင် စာရေးတော် (စာတည်း)အဖြစ် တလ ၁၅ိနှင့် ခန့်ထားပေးလေသည်။

ဘုရင့်သတင်းစာတွင် ဝင်ရောက်ဆောင်ရွက်ရသော အခါ မောင်လွင်သည် မင်းတုန်းမင်း၏ ငယ်မည်နှင့် ဆင်တူဖြစ်နေသဖြင့် ကင်းဝန်မင်းကြီးက မောင်ထင်ဟု အမည်ပြောင်းပေးသည်။ သို့သော် ဝဇီရဟူသော အမည်ဖြင့် အခြားသူများက အခေါ်များလေသည်။ ထို့ကြောင့် ဘိုးဝဇီရကိုယ်တိုင်က သူ့အမည်များအကြောင်းကို —

“ရွာတွင် မောင်လွင်၊ မန်း မောင်ထင်၊ ဘွဲ့တွင် ဝဇီရ၊
သုံးမည်ရပ်နိုက်၊ ခေါ် သမိုက်၊ ကျော်လှိုက် သတင်းပ”

ဟူ၍ စပ်ဆိုခဲ့သည်။

ထိုစဉ်က ရတနာပုံသတင်းစာကို ကွပ်ကဲအုပ်ချုပ်လျက်ရှိသူမှာ ဘာသာခြောက်မျိုး တတ်သော တရုပ်-မြန်မာကပြား ဦးအဟီးဖြစ်သည်။ မောင်လွင်ရောက်လာသောအခါ



ရှေးဦး မြန်မာသတင်းစာဆရာကြီး ဘိုးဝဇီရ

စာပေ အရေးအသားဖက်ကို မောင်လွင်က တာဝန်ယူရလေသည်။

မောင်ထင်သည် ရတနာပုံသတင်းစာတွင် ဝင်ရောက်ဆောင်ရွက်ခွင့်ရသောအခါ မိမိလေ့လာဆည်းပူးခဲ့သော ပညာရပ်တို့ဖြင့် လက်စွမ်းပြလေသည်။ သတင်းစာပရိသတ်တို့ကလည်း ရှေးနှင့်မတူ တမူထူးခြားလာသော အရေးအသားတို့ကြောင့် သတင်းစာကို ပို၍ အာရုံစိုက်လာကြသဖြင့် တလလေးကြိမ်ထုတ် ရတနာပုံသတင်းစာ စောင်ရေလည်း တိုးတက်လာလေသည်။ ကင်းဝန်မင်းကြီး၊ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ဝန်ထောက်တော်မင်း ဦးခြိမ့်တို့ကလည်း အားပေးကြ၍ အရေးအသားကို ညွှန်ပြသင်ကြားပေးကြသည်။

မောင်ထင်၏လက်စွမ်းသည် တနေ့တခြားထင်ပေါ်လာသဖြင့် တလ ၁၅ိ စား အဖြစ်မှ ၆ဝိ စားအထိ တိုးမြှင့်ပေးသနားခြင်းခံရသည်။ မင်းတုန်းမင်းကြီး ကိုယ်တိုင်ကလည်း သံတော်ဆင့်ရာထူးအထိ တိုးမြှင့်ပေးရန် ရည်ရွယ်ထားလေသည်။

၁၂၄၀ ပြည့်နှစ် နန်းတွင်းအရေးတော်ပုံ ရှုပ်ထွေးလာသောအခါ မောင်ထင်သည် လက်မောင်းတွင် အနာပေါက်သဖြင့် အလုပ်မှ ခေတ္တနုတ်ထွက်၍ ခင်မကန်တိုက်တွင် ဆရာတော်ရင်းထံ ပြန်၍နေသည်။ အနာပျောက်ကင်းသည့် အချိန်တွင် မင်းတုန်းမင်းတရားနတ်ရွာစံပြီးဖြစ်၍ သီပေါမင်းနန်းစံလေပြီ။ ထိုအချိန်တွင် အုပ်ချုပ်သူ မင်း မိဖုရားတို့နှင့်တကွ မှူးမတ်တို့ပါ ရှေးကနှင့် မတူတော့ချေ။ နန်းတွင်းရေးရာများကလည်း ရှုပ်ထွေးလှသည်။ ထို့ပြင် သတင်းစာအရေးအသားသည်လည်း လွတ်လပ်ခွင့် မရှိတော့ပေ။ ထို့ကြောင့် မောင်ထင်ခေါ် မောင်ဝဇီရသည် သတင်းစာတိုက်တွင် ဆက်လက် အမှုမထမ်းလိုတော့ပဲ တပည့် လူငယ်တို့အား ကဗျာလင်္ကာပညာရပ်တို့ကို သင်ကြားပို့ချကာ အေးရာ အေးကြောင်း ရွာကြံလျက် မန္တလေးမှာပင် နေထိုင်လေသည်။

သုံးနှစ်မျှကြာလျှင် စစ်ကိုင်းမြို့နယ်၊ ဆားတောင်မ ငါးရွာမှ ရဟန်းရှင်လူတို့သည် ကိုဝဇီရ ခေါ် ကိုထင်၏ အရည်အသွေးကို သိကြသဖြင့် ဆားတောင်သို့ ပင့်ဆောင်ကြသည်။ ကိုဝဇီရသည် ကျမ်းဂန် ဓမ္မသတ်တို့ကိုလည်း ကျွမ်းကျင်သဖြင့် ဆားတောင်ရွာတွင် စာပေပို့ချခြင်း၊ တရားဓမ္မသတ် ဆုံးဖြတ်ပေးခြင်း၊ မော်ကွန်းများ၊ မေတ္တာစာများရေးသားခြင်းဖြင့် နေထိုင်ခဲ့သည်။ အသက် ၃၆ နှစ်အရွယ်တွင် မကျီးဖြူရွာမှ လာရောက်ပင့်ဆောင်ကြသဖြင့် လိုက်ပါသွားရပြီးလျှင် မကျီးဖြူရွာကျောင်းတကာတဦး၏သမီး အသက် ၁၈ နှစ်ရွယ်ရှိ မသိန်းခေါ် ချောမောလှပသော မိန်းမလေးတဦးနှင့် လက်ဆက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သားဦး မောင်ကျင့်ကို မွေးဖွားပြီးသောအခါ ဆားတောင်ရွာသို့ပြန်ပြောင်းပြီးလျှင် ထိုရွာတွင်ပင်နေထိုင်၍ ဗေဒင်ဟောခြင်း၊မှူခင်းကြီးငယ်တို့ကို ဆုံးဖြတ်ပေးခြင်း၊ မော်ကွန်းကျောက်စာ ရေးခြင်းဖြင့် အသက်မွေးခဲ့ရာ အသက် ၇၀ ကျော်အထိ ဖြစ်သည်။ ဘိုးဝဇီရတွင် သားကြီး မောင်ကျင့်၊ သားငယ် မောင်မြင့်နှင့် သမီး မကြီးဟူ၍ သားသမီးသုံးယောက် ရှိခဲ့သည်။ ဘိုးဝဇီရသည် အသက် ၈၀ ကျော်သည်အထိ စာပေအရပ်ရပ်ကို ဖတ်ရှုမှတ်သားခြင်း၊ ညဥ့်အခါ စာပြန်ခြင်း၊ မှတ်စု ပေစာ ပုရပိုက်စာတို့ကို စုဆောင်းခြင်းပြုခဲ့ရာ ထင်းရှူးသေတ္တာငါးလုံးစာမျှရှိခဲ့သည်။ သို့သော် ထိုစာများမှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးကုန်ကြသည်။

ဘိုးဝဇီရသည် ဘုရင့်ရွှေတော်တွင် ပညာရှိကြီး တဦး၊ လွှတ်တော်တရားသူကြီးတဦးအဖြစ် ရည်မှန်းချက်ရှိခဲ့သော်လည်း နန်းတွင်းအရှုပ်အထွေးများ၌ မရောရှက်လို၍ ချောင်ကွတ်ခဲ့သည်။ ဗြိတိသျှခေတ်တွင် ရန်ကုန်နှင့် မန္တလေး ပုံနှိပ်တိုက်များက အတန်တန် တောင်းပန် ပင့်ဆောင်ကြသော်လည်း လူမျိုးခြားအကျိုး မဆောင်လိုသဖြင့် ငြင်းပယ်ခဲ့လေသည်။

အသက် ၈၀ ကျော်လျှင် ရဟန်းဘောင်တွင်ရှိနေကြသော သားနှစ်ပါးက ဆားတောင်မှ ကျောက်ပနန်းရွာသို့ ခေါ်ယူထားသဖြင့် ဇနီးမောင်နှံနှစ်ဦးသည်သီလဆောက်တည်ပုတီးစိတ်ကာ အေးချမ်းစွာနေထိုင်၍ ၁၂၉၈ ခုနှစ် တပေါင်းလတွင် မြန်မာ ရှေးသတင်းစာဆရာနှင့် စာဆိုကြီး ဘိုးဝဇီရသည် ဘဝတပါးသို့ ပြောင်းသွားလေသည်။

သတင်းစာဆရာဘဝတွင်ရှိစဉ်က မောင်ထင်သည် မိမိ၏ ကဗျာ ဉာဏ်စွမ်းဖြင့် သတင်းများကို ကန္တကရ ကာရန်နသောများဖြင့် သီကုံး ရေးသားခဲ့သောကြောင့် ရတနာပုံသတင်းစာသည် ထူးခြားထင်ရှားကာ လူကြိုက်များခဲ့လေသည်။ “နဂိုဖျော်ရင်း၊ စိန်သေမင်းကို၊ အိမ်နေရင်း မှောက်မှား၊ နှစ်ယောက်ဆင့် စားသောကြောင့်၊ အူယားလေပင့်၊ ငွေဇလပ်တာ၊ ရေပြတ်ခါကို၊ နေဟပ်လာ သင့်သကဲ့သို့....” စသော စိန်စားသတင်း၊ မြင်းပေါ်ကျ သတင်း၊ ဆွဲကြိုးချသတင်း၊ တောပုဘုရားပွဲ သတင်း စသည်တို့မှာ ထင်ရှားလှလေသည်။ တောပုဘုရားပွဲ သတင်းတွင် ထိုခေတ်က အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုကို “နွဲ့နောင်းညိုစင်၊ အပျိုခင်တို့၊ ဟိုခွင်တိုင်းဖြစ်၊ လှိုင်းရစ်ဆန်းပုံ၊ ကွမ်းတုံစက်ချိတ်၊ ကွက်မိုတ်ကွက်လွှဲ၊ ဖက်ကဲ့ရွှန်းလျှံ၊ လွန်းပျံကိုက်ဆင့်၊ ဝိုက်နှင့်ဘလာ၊ ပြုချက်မှာ၊ သူ့ထက်ငါ၊ ညာမြေတောင်၊ ရှာဘွေဆောင်၊ သာလေအောင်၊ ဝတ်ထမိ၊ အင်္ကျီက ငွေပွင့်ထိုး၊ရွှေဆင့်ကြိုးနှစ်ထပ်လိမ်၊ နဂါးပတ်အိမ်သန္တာပေါက်၊ဇာပြောက်က အဆန်းဆန်းနဲ့” စသည်ဖြင့် ဖွဲ့နွဲ့ ဖော်ပြထားလေသည်။

ဘိုးဝဇီရ၏ ခေတ်တွင် လက်ဘစ်နသောထပ် အရေး အသားများ ခေတ်စားခဲ့ရာ ဘိုးဝဇီရသည် လက်ရာ အပြောင်မြောက်ဆုံး ပုဂ္ဂိုလ်တဦးဖြစ်သည်။ ဘိုးဝဇီရ၏ နသောထပ်တို့သည် ထိထိမိမိ၊ ပိပိပြားပြား သားနား ချစ်စဖွယ်ကောင်းသည့်ပြင် အလင်္ကာနယဖြင့် ချိန်ထိုးကြည့်သည့် အခါတွင်လည်း ရသကြွယ်ဝကြောင်း တွေ့ရသည်။

ဘိုးဝဇီရသည် ပိဋက ကျမ်းစာများကို ပေချပ်ရေ တထောင်တိတိ နှုတ်ငုံထားနိုင်၍ အသက် ၈၀ ကျော်အရွယ်အထိ အချိန်အခါမရွေး ပြန်ဆိုပြနိုင်သည်။ သတ်ပုံကျမ်း၊ မမ္မသတ်ကျမ်း၊ ချောင်းမော်ကွန်းအစောင်စောင်တို့ကိုလည်း အာဂုံဆောင်ထားနိုင်သည်။ တေးထပ်၊ လေးချိုးနှင့် ရတုကဗျာများကို ထောင်နှင့်ချီ၍ အရ ဆောင်ထားနိုင်သည်။ ထို့ကြောင့် ဘိုးဝဇီရသည် မော်ကွန်း၊ပျို့စသည်တို့ကို တထိုင်တည်းနှင့် အစအဆုံး ရေးစပ်နိုင်သည်။ လွယ်လွယ် ကူကူ ထိထိမိမိ ရေးစပ်နိုင်သဖြင့် ကဗျာမည်ကာမတ္တ မဟုတ်ပေ။ ကာရန်ဝါကျညီညီ၊ အဓိပ္ပာယ်ရှိရှိ၊ ထိမိသော စာသွားများဖြင့် ရေးစပ်နိုင်ခြင်း ဖြစ်လေသည်။ အခန့်လည်း ရ၊ အနုလည်းရ၍ အသောအရွှမ်းများကိုလည်း ရေးသားနိုင်သည့် ဘိုးဝဇီရ၏ စာပေဥာဏ်ရည်မှာ အံ့ဩချီးကျူး လောက်ပါပေသည်။

**ဝနယ်။** ။ဝနယ်သည် ရှမ်းပြည်နယ် အရှေ့မြောက်ဖက် လတ္တီတွဒ် ၂၃°၅၀′ နှင့် ၂၂° ၁၀′ အတွင်း၌တည်ရှိသည်။ တရုပ်နိုင်ငံနှင့် နယ်နိမိတ်ချင်း စပ်လျက်ရှိသည်။ အရှေ့ဖက်တွင် တရုပ်နိုင်ငံ၊ အနောက်ဖက်တွင် သိန္နီနယ်၊ မြောက်ဖက်တွင် ကိုးကန့်နယ်၊ တောင်ဖက်တွင် မိုင်းလွန်းနယ်တို့ ဝန်းရံလျက်ရှိသည်။ ကိုးကန့်နယ် မိုင်းလွန်းနယ်တို့နှင့်အတူ ဝနယ်သည် ရှမ်းပြည်အရှေ့မြောက် အထူးခရိုင် (ယခုကွမ်းလုံခရိုင်)တွင် ပါဝင်သော နယ်ဖြစ်သည်။ ဝနယ်ကို တောင်ပိုင်း ဝနယ်၊ မြောက်ပိုင်းဝနယ်ဟူ၍ ခွဲထားခဲ့ရာ မြောက်ပိုင်း ဝနယ်သည် ၁,၆၈၆ စတုရန်းမိုင်ကျယ်၍ တောင်ပိုင်း ဝနယ်သည် ၈၁၄ စတုရန်းမိုင်ကျယ်သည်။ ထို့ကြောင့် ဝနယ် တခုလုံးဆိုလျှင် ၂,၅၀၀ စတုရန်းမိုင် ကျယ်သည်။

ဝလူမျိုးအများအပြားနေထိုင်ရာ နယ်ဖြစ်သဖြင့် ဝနယ်ဟုခေါ်ခြင်းဖြစ်သည်။ (ဝလူမျိုး—ရှု။) သို့ရာတွင် ထိုနယ်၌ ဝလူမျိုးချည်း နေထိုင်ကြသည် မဟုတ်ချေ။ လွယ်လ ခေါ် တောင်ပေါ်လလူမျိုး၊ ကွန်းလွယ်လူမျိုး စသည်တို့လည်း နေထိုင်ကြသည်။ မျောင်စီးလူမျိုး၊ရှမ်းနှင့်တရုပ်လူမျိုး၊ပန်းသေးလူမျိုးတို့လည်း အစုလိုက် ရှာဖွေနေကြသည်။ လွယ်လလူမျိုးများကား ရှမ်း မြန်မာနှင့်အဆက်အသွယ်နီးစပ်သော သံလွင်မြစ်အနီးအနားတွင် နေထိုင်ကြ၍ ပန်လုံ၊ နံခေါင်၊ ပန်တွေ၊ ကန်ဆေးနှင့် ကတ်ဟီတို့သည် လလူမျိုးတို့ နေထိုင်

www.burmeseclassic.com



ရာဖြစ်သည်။ ဝလူမျိုးများကား ရှမ်း မြန်မာနှင့် အဆက်အသွယ်ဝေးသောအတွင်းပိုင်းကျကျတောတောင်လျှိုမြောင်များသော ဒေသတွင် အနေများသည်။ ထတ်တင့်နယ်၊ နောင်ချိုကန် ဒေသပတ်ဝန်းကျင်၊ ဆန်ထုံနယ်၊ စုံကရမန်နယ်တို့သည် ဝလူမျိုးများအနေများသော ဒေသဖြစ်သည်။ ကွန်းလွယ်လူမျိုးများသည် ကောင်းစွန်၊ဟိုမိုင်း၊ ဝက်လိုက်၊ မွတ်တင့်၊ ဝိန်းငင်း နှင့် လွယ်လိန်းနယ်များတွင် နေထိုင်ကြသည်။ သို့ရာတွင် လွယ်လနှင့် ကွန်းလွယ်လူမျိုးများသည် ဝနယ်တွင် ဝလူမျိုးများနောက်မှ ရောက်လာကြသည် ဟု ယူဆကြသည်။ မျောင်စီးလူမျိုးများသည် ဝနယ်အရှေ့ဖျားဒေသ တရုပ်မြန်မာနယ်စပ်တွင် နေထိုင်ကြသည်။ (မျောင်လူမျိုး — ရှု။)

အချို့သော လွယ်လများသည် မိမိတို့၏နောက်ကြောင်းရာဇဝင်များကို ပြုစုရေးသားလျက်ရှိသည်ဟု အဆိုရှိသည်။ ကွန်းလွယ်နှင့် ဝလူမျိုးများကား လွယ်လများကဲ့သို့ မှတ်တမ်းပြုစုရေးသားထားခြင်း မရှိခဲ့ကြချေ။ သူတို့သည် ပတ်ကတေ့ရွာအနီးရှိ ကျောက်ဂူကြီးမှစ၍ ပေါက်ပွားပျံ့နှံ့လာသည်ဟု အယူရှိကြသည်။

ဝနယ်တွင် အချို့သောအရပ်ဒေသ၌ ယခုတိုင် လူခေါင်းဖြတ်၍ ယဇ်နတ်ပူဇော်သည့် အလေ့အထ အနည်းအကျဉ်းရှိသေးသည်။ ယခုအခါ အချို့ဒေသတွင်မူ လူခေါင်းအစားကျွဲ ခွေးစသည်တို့နှင့် ယဇ်ပူဇော်လေ့ရှိကြသည်။ သို့ရာတွင် ထနေ့တခြား အသိတရား တိုးတက်လာသည်နှင့်အမျှ လူခေါင်းဖြတ်သည့်အလေ့အထ နည်းပါးလာလေပြီ။

အိမ်ခြေ ၂၀၀ မှ ၂၅၀ ရှိလျှင် နယ်ကလေးတနယ်၊ အိမ်ခြေ ၃၀၀ မှ ၄၀၀ ရှိလျှင်နယ်ကြီးတနယ်ဟု ခွဲခြားသတ်မှတ်ကာ ဆိုင်ရာနယ်ရှင် ‘စဝ်ဖ’ခေါ် စော်ဘွားများနှင့် အုပ်ချုပ်နေထိုင်လျက်ရှိရာ ဝနယ်တွင် စော်ဘွားပေါင်း နှစ်ဆယ် အစိတ်ခန့် ရှိခဲ့ဘူးသည်။ လူဦးရေနည်းလျှင် ရွာမတည်ဝံ့ကြချေ။ အခြားလူဦးရေများသောရွာ၏အန္တရာယ်ကိုကြောက်သောကြောင့်ဖြစ်သည်။ ဝရွာများသည် ပင်လယ် ရေမျက်နှာပြင်အထက် ပေ ၅,၀၀၀ အမြင့်ရှိသော တောင်ပေါ်တွင် အားလုံးလိုလိုတည်ရှိကြသည်။ ၁၉၄၇ ခုနှစ် နယ်ခြားဒေသစုံစမ်းရေးအစီရင်ခံစာနောက်ဆက်တွဲအရ ဝနယ်တွင် လူဦးရေသည် ၇၃,၀၀၀ ယောက်ခန့် ရှိခဲ့သည်။

ဝနယ်တွင်စံနစ်တကျဖွင့်လှစ်ထားသောစာသင်ကျောင်းဟူ၍ မရှိချေ။ တရုပ်ရွာများတွင် ကိုယ်ပိုင်ကျောင်းကလေးများဖွင့်၍ အနည်းငယ် စာသင်ပေးသည်။ ပလောင်များကသူတို့၏ သားသမီးများကို ဘုန်းကြီးကျောင်းများသို့ ပို့ကြသည်။ ဝနယ်မှ ရဟန်းတော်များသည် ဆံပင်အရှည် လက်နှစ်သစ်ခန့်နှင့် နှုတ်ခမ်းမွေးထားခြင်း၊ သင်္ကန်းများ အခန်းမပါ အဝါရောင်ဆိုးထားသော အဝတ်ကို လွှမ်းခြုံ၍ ခါးပတ်စီးပတ်ခြင်း၊ ခါးမြှောင် ခါးလွယ် တရုပ်ရိုင်ဖယ်သေနတ်များ ထမ်းပိုးလွယ်ဆောင်သွားလာခြင်း၊ မြင်းစီးခြင်း၊ အရက်သောက်ခြင်း၊နေ့လွဲညစာကို ထမင်းနှင့်ခေါက်ဆွဲမှတပါးစားသောက်ခြင်း ပြုကြသည်ဟု ဆိုသည်။ သို့ရာတွင် ယခုအခါ သာသနာပြုများ၊ ဘဝသစ်မြင့်တင်ရေးအဖွဲ့ဝင်များသွားရောက်၍ ဝနယ်၏ ဘဝမြင့်တင်ရေးကို ဆောင်ရွက်နေကြလေပြီ။

ဝနယ်သူနယ်သားများသည် သူတို့၏နယ်မြေသို့ စစ်တပ်များဝင်ရောက်သည်ကို လုံးဝမနှစ်သက်ချေ။ အင်္ဂလိပ် စစ်တပ်များ ဝနယ်တွင်းသို့ ချီတက်သည့်အခါတိုင်း ဝနယ်များကခုခံတိုက်ခိုက်တတ်ကြသည်။ ၁၉၃၅ ခုနှစ် ကုန်လောက်က လူပေါင်း ၁,၄၀၀ ကျော်ပါဝင်သော တရုပ် တပ်တတပ်ဝင်ရာ ဝတို့က ခုခံတိုက်ခိုက်သဖြင့် နှစ်ဦးနှစ်ဖက်လူ ၆၀ ခန့်စီ ကျဆုံးဘူးလေသည်။ ၁၉၃၆ ခုနှစ် တိုက်ပွဲဖြစ်စဉ်ကမူ အင်္ဂလိပ်ဖက်မှ တဦးကျဆုံးဘူးလေသည်။

ဝနယ်သည် မဖွံ့ဖြိုးသေးသော ဒေသဖြစ်သည်။ ပထဝီအနေအထားအရ တောတောင် ထူထပ်သော ဒေသဖြစ်သည့် အလျောက် ယင်းနယ်ရှိ လူတို့သည် တောင်ခါးပန်း၊ တောင်စောင်း၊ တောင်ထိပ်၊ တောင်နှာမောင်းစသည့်နေရာများတွင် အိမ်များ ဆောက်လုပ် နေထိုင်ကြသည်။ တန်ဆောင်မုန်း၊နတ်တော်၊ ပြာသိုလများတွင် ဆောက်လုပ်လေ့ရှိကြသည်။ သူတို့၏ အိမ်တွင်းသို့ အမှတ်မဲ့ မဝင်ရချေ။ ဝလူမျိုးများသည် အလွန်အယူသည်းကြရာ ဧည့်သည်သွားအပ်သည့်နေရာ မသွားအပ်သည့် နေရာ ဟူ၍ ခွဲခြားထားသည်။ မသွားအပ်သည့် နေရာသို့သွားမိချေက အိမ်ရှင်ကိုခိုက်တတ်သဖြင့် အိမ်ရှင်လုပ်သူက ငွေအကုန်အကျခံကာ အိမ်ဦးနတ်ကို ပူဇော်ကန်တော့ကြရသဖြင့် အိမ်တွင်း ကျူးကျော်မှုဖြစ်က နတ်ပူဇော်ရန် ဧည့်သည်ထံမှ လျော်ကြေးတောင်းကြသည်။

ဝနယ်မှအိမ်များသည် ခေါင်စောက်၍ အမိုးတံစက်မြိတ်သည် မြေကြီးနှင့် ထိလုနီးပါး ဖြစ်နေတတ်သည်။ ပြတင်းပေါက်မရှိ၊ ဝင်ပေါက်ထွက်ပေါက်တပေါက်တည်း ခပ်နိမ့်နိမ့်ဖောက်ထားပြီးလျှင် အိမ်အလယ်လောက်တွင် ဆဲ့နှစ်ရာသီမပြတ်မီးဖိုလျက်ထားတတ်သည်။အကြောင်းတခုခုကြောင့်အလင်းရောင် အလိုရှိလျှင် အိမ်အမိုးကို တုတ်နှင့်ထိုး၍ထောက်ထားတတ်သည်။

ဝနယ်သည် မိုးအလွန်များသောဒေသဖြစ်၍ ရွာတွင်း၌ ရွှံ့ဗွက်များပြည့်နှက်နေသည်။ ဝနယ်သူနယ်သားများသည် ရှိသမျှ မြေပြင်နှင့် တောင်စောင်းတွင် စပါး၊ ပြောင်း၊ ဂျုံ ကြံ စသည်ကို စိုက်ပျိုးကြသော်လည်း မြေသြဇာမကောင်းသဖြင့် ပင်ပန်းကျိုးမနပ်လှချေ။ အချို့နှစ်များတွင် စိုက်ပျိုး၍ထွက်သောစပါး၊ ပြောင်းတို့ဖြင့်ပင်စားသုံးရန်မလုံလောက်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မန်းခေါ်သစ်ဥများကို ရှာဖွေ တူးဖော်စားသောက်ကြရသည်။ နာဖန်၊ ဟိုမိုင်း၊ ကောင်းစောက်၊ အထက်ကတ်ဟီ၊ အောက်ကတ်ဟီ၊ မန်ကျွေ၊ မွတ်လုံတို့တွင် လက်ဖက်ပင်များ စိုက်ပျိုးကြသည်။ အထူးသဖြင့် စီးပွားဖြစ် ဘိန်းပင်များကို စိုက်ပျိုးကြသည်။ သို့ရာတွင် ဘိန်းဖြင့် စီးပွားဖြစ်သလောက် ဘိန်းဖြင့်ပင် အကျင့်စာရိတ္တ ပျက်စီးကြသေးသည်။ ဘိန်းရှူ ဘိန်းစားသူများအလွန်ပေါသဖြင့်သက်ဆိုင်ရာ အာဏာပိုင်တို့က ဖမ်းဆီးအပြစ်ဒဏ်ပေးခြင်းထက် ပို၍ ထိရောက်သော ဘိန်းစားပပျောက်ရေးလုပ်ငန်းကိုစီမံလျက်ရှိသည်။ ဘိန်းစိုက်ပျိုးလုပ်ကိုင်သကဲ့သို့ပင် ဝင်ငွေကောင်းသော အခြားစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းစီစဉ်ပေးလျက်ရှိသည်။

ဝနယ်၏အခြားလုပ်ငန်းများမှာအိမ်တိုင်းစေ့ကြက် ဝက် တိရစ္ဆာန်မွေးမြူခြင်း၊ မြေအိုးမြေခွက်လုပ်ကိုင်ခြင်း၊ ပိုးမွေးမြူခြင်း၊ ဝန်တင် တိရစ္ဆာန်မျိုးဖြစ်သော လားမွေးမြူခြင်းတို့ဖြစ်သည်။ ဟိုမိုင်း၊ ဆန်ထုံ၊ စုံကရမန်၊ ဝိန်းငင်းနှင့် ဝက်လိုက်နယ်များတွင် မြေအိုးမြေခွက် လုပ်ကိုင်၍ ပန်ခေါင်မွတ်လူ၊ ဟိုမိုင်း၊ ဝိန်ငင်းနှင့် ဝက်လိုက်တို့တွင် ပိုးမွေးမြူရေးကို လုပ်ကိုင်ကြသည်။

ဝနယ်တွင် စက်မှုလုပ်ငန်းဟူ၍ မရှိချေ။ မြောက်ပိုင်းဝနယ်တွင် လူဖန်အရပ်၌ ဘော်နှင့်ခဲသတ္တုတွင်း ရှိသည်။ သို့ရာတွင် ယခင်က အကြီးအကျယ် လုပ်ကိုင်ခဲ့ကြ၍ ယခုမလုပ်ကြတော့ချေ။

ဟိုပန်၊ ပန်လုံ၊ မန်းတုံး၊ မိုင်းမော၊ နာဖန်း၊ ဆောင်ဖာ၊ ဆောင်ဟင်း၊ဝိန်းငင်း၊ဆန်တုံနှင့်မန်ဆိုင်မြို့များသည် ရောင်းဝယ်ဖောက်ကားရေး၌ အစည်ကားဆုံးသော ဈေးမြို့များဖြစ်သည်။ ယင်းတို့အနက်ဟိုပန်မြို့သည် အစည်ကားဆုံးဖြစ်သည်။ ကွမ်းလုံခရိုင်၊ ဟိုပန်ခရိုင်ခွဲ ရုံးစိုက်မြို့လည်းဖြစ်သည်။ ဝနယ်ဈေးများသည် ရှမ်းပြည်နယ်ရှိ ဈေးများကဲ့သို့ ငါးရက်တဈေးပင်ဖြစ်သည်။

ဈေးနေ့များတွင် ခြည်ခင်၊ ရောင်စုံဖျဉ်၊ ရောင်စုံအပ်နှင့်အပ်ချည်ရောင်စုံ၊ ကြေးမောင်း အရွယ်အစားစား၊ သံဒယ်အိုး ကြေးငယ်၊ ဆားနှင့်ဖန်ကြယ်သီးများကို ယူနန်တရုပ်လူမျိုးနှင့် ပန်းသေးလူမျိုးများက လာ၍ ရောင်းကြသည်။ ရှမ်းနှင့် ရှမ်းတရုပ်လူမျိုး၊ လွယ်လလူမျိုးများကလည်းပဲပုပ်နှင့် ဟင်းသီးဟင်းရွက်ဆိုင်၊အမဲချဉ်ထုပ်၊ ဝက်သားချဉ်ထုပ်ဆိုင်၊ ဆန်နီထမင်းဆိုင်နှင့်ဝက်၊ သို့မဟုတ် ဘိန်းစေ့မှရသောဆီဖြင့် ချက်ထားသည့် အမဲဝမ်းတွင်းသားဟင်း၊ နံပေါင်ကြော်ခေါ် သားရေကြော်တို့ပါပူးတွဲရောင်းချသော ထမင်းဆိုင်များထွက်ကြသည်။ဈေးနေ့တွင်လက်မလည်နိုင်အောင်ရောင်းရသောဆိုင်မှာ ဝလူမျိုးများ ရောင်းသော ဆန်နီမငှက်ပျောဖူး၊ သို့မဟုတ် ရရာ ဟင်းသီး ဟင်းရွက်၊ ခွေးသား၊ ဆားနှင့် ရေရောပြုတ်ထားသော တမွတ်ခေါ် စားစရာဆိုင်ဖြစ်သည်။ တခါတရံ ဝ နယ်သူနယ်သားများသည် ဈေးနေ့များတွင် ရွှေခဲ၊ ယမ်းစိမ်းများနှင့် သူတို့ကြိုက်နှစ်သက်သောကုန်များကို တန်ဘိုးထား၍လဲယူတတ်ကြသည်။

ဝနယ်သည် တောတောင်ထူထပ်သော ဒေသဖြစ်သဖြင့် လမ်းပန်း ဆက်သွယ်ရေး မကောင်းလှချေ။ ကွမ်းလုံကူးတို့ဆိပ်မှမြောက်ပိုင်းဝနယ်သို့သွားသောလမ်းတလမ်းသာလျှင် အနည်းငယ် ပျံ့ပျူးသာယာသော ကားလမ်း ဖြစ်သည်။ အသင့်အတင့်ကျယ်ဝန်း၍ ကောင်းသော အခြားလမ်းမှာ မန်းတုံးမှတဆင့် ကန်းဆေပန်ပွဲသွားသောလမ်း၊ လွယ်လိန်းဝိန်းငင်းသွားလမ်းနှင့်စုံကရမန်၊ဆန်ထုံသွားလမ်းတို့ ဖြစ်ကြသည်။ မိုင်းမောမှ ကောင်းစွန်း၏ တောင်ဖက်ကို ဖြတ်ကာ အနောက်မြောက်ဖက်သို့သွားသောလမ်းသည် ကတ်ဟီ၊မန်ကျွေနှင့် ကန်းဆေးဒေသဖက်သို့သွားပြီးလျှင် တာဆိုင်းလှိုင်ကူးတို့နှင့် မျက်နှာချင်းဆိုင် မိုင်းနောင်မြို့အထိ ပေါက်ရာ ယင်းလမ်းမကြီးသည် ဝနယ်နှင့် ရှမ်းပြည်နယ် ဆက်သွယ်သောလမ်းဖြစ်သည်။ မိုင်းမောမှ ကောင်းစောက်သွားလမ်းမှ မန်ကျွေဖက် ခွဲထွက်သွားသော လမ်းလည်းရှိသေးသည်။ ဟုံစုံးမြို့မှ ဖန်ကရိုမြို့သို့လည်း နမ်းမားမြစ်ကို ကြိုးတန်တားဖြင့် ဖြတ်ကာ လမ်းဖောက်ထားသေးသည်။အခြား ကုန်ကူးလမ်းမှာ မိုင်းဝမှ မိုင်းမော်၊ မိုင်းလှူင်း၊ ပန်ဆင်၊ ထိုမှ ကျိုင်းတုံနှင့် တာဆိုင်းလှိုင်မှ ပန်ယန်းလွယ်လိန်းဖြတ်၍ ဝက်လိုက်မှတဆင့် အနောက်မြောက်ရှိ မိုင်းမောနှင့် ကာဝိန်းငင်း၊ စုံကရမန်နှင့် ဆန်ထုံအထိ သွားသောလမ်း ဖြစ်သည်။

ဝနယ်တွင် စာပို့တိုက်ဟူ၍မရှိသော်လည်း အုပ်ချုပ်ရေးအရာရှိရုံးမှ တဆင့်ဟူ၍ လိပ်စာတပ်ပေးပို့ပါက စာများကိုဖြန့်ဝေခြင်း၊ ပေးပို့ခြင်း ပြုသည်။

အင်္ဂလိပ်အစိုးရလက်ထက်က ဝနယ်ကိုအုပ်ချုပ်ရန် မန်ခံမြို့တွင် ဝနယ်တာဝန်ခံအုပ်ချုပ်ရေး အရာရှိတဦး ခန့်ထားရုံးစိုက်စေသည်။ ထိုတာဝန်ခံ အုပ်ချုပ်ရေး အရာရှိ လက်အောက်တွင် ဒုတိယဝန်ထောက်တဦးရှိ၍ စုံလုံမြို့တွင်ရုံးစိုက်စေသည်။ သာမန်အုပ်ချုပ်ရေး ကိစ္စများမှ အပ အခြားအရေးကြီးသော ကိစ္စရပ်များကို လားရှိုးမြို့၌ ရုံးစိုက်သောအရေးပိုင်နှင့် ဆက်သွယ် အုပ်ချုပ်ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသည့်နောက် ၁၉၅၄ခုနှစ်မှစ၍ ဝနယ်၊ ကိုးကန့်နယ်၊ မိုင်းလွန်းနယ်တို့ကို ရှမ်းပြည်အရှေ့မြောက် အထူးခရိုင်ဟု ဖွဲ့စည်းကာ မြောက်ပိုင်းဝနယ်ဟိုပန်မြို့တွင် ခရိုင်ဝန်ရုံးစိုက်၍ အုပ်ချုပ်ရေးကို ဆောင်ရွက်သည်။ ခရိုင်ဝန်အောက်တွင် မြောက်ပိုင်း ဝနယ်အတွက် နယ်ပိုင် ဝန်ထောက်တယောက်၊ တောင်ပိုင်း ဝနယ်ကို မိုင်းလွန်းနယ်နှင့်တွဲ၍ အုပ်ချုပ်ရန် မိုင်းလွန်းနယ် ပန်ဆန်းမြို့တွင် နယ်ပိုင်ဝန်ထောက်တယောက် ထားရှိအုပ်ချုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၂ ခုနှစ်၌ တော်လှန်ရေးအစိုးရတက်လာပြီးသည့်နောက်တွင် ရှမ်းပြည်နယ်၏ အုပ်ချုပ်ရေး ထိရောက်စေရန် အလို့ငှာ တိုင်း၊ ခရိုင်၊ ခရိုင်ခွဲ၊ မြို့နယ်များစသည်ဖြင့် ပြန်လည်ပိုင်းခြား သတ်မှတ်ခြင်းပြုခဲ့ရာ အရှေ့မြောက် အထူးခရိုင်သည် ကွမ်းလုံခရိုင်ဟူ၍ ဖြစ်လာသည်။ ကွမ်းလုံခရိုင်တွင် ဟိုပန်နှင့် မိုင်းမောဟူ၍ ခရိုင်ခွဲနှစ်ခုနှင့် ဟိုပန်၊ ကွမ်းလုံ၊ ကုန်ကျန်း၊ မိုင်းမော၊ ပန်ဝိုင်း၊ နာဖန်း၊ မန်ဖန်၊ ပန်ယန်း ဟူ၍ မြို့နယ်ရှစ်ခုပါဝင်လေသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် လက်မှတ် ရေးထိုးသော မြန်မာ—တရုပ် နယ်နိမိတ် စာချုပ်အရ ဝနယ်အတွင်းရှိ မြန်မာနိုင်ငံက ပိုင်ဆိုင်၍ ပန်ဟုန်းနှင့် ပန်လောလူမျိုးများအုပ်ချုပ်သည့် ၇၃ စတုရန်းမိုင်ခန့် အတိုင်းအတာရှိသည့် ဒေသများကို မိုင်းမောတြိဂံဒေသ(သတ်မှတ်ထားသော နမ့်ဝန်နယ်မြေ)နှင့် လဲလှယ်သောအားဖြင့်၎င်း၊ ရာဇဝင်အရဖြစ်သော ဆက်ဆံမှုနှင့်လူအမျိုးအနွယ်တည်တံ့ခိုင်မြဲခြင်းကို ထောက်ထားသော အားဖြင့်၎င်း ၁၉၄၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် တရုပ်အစိုးရနှင့် ဗြိတိသျှအစိုးရတို့ အပြန်အလှန် ပေးစာများပါ ပြဋ္ဌာန်းချက်များ အရ တရုပ်နိုင်ငံပိုင် နယ်မြေ၏ တစိတ်တဒေသအဖြစ်ဖြင့် တရုပ်နိုင်ငံသို့ လွှဲပြောင်းပေးလိုက်လေသည်။ ယင်း နယ်မြေဒေသများသည် ၁၉၄၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် တရုပ်အစိုးရနှင့် ဗြိတိသျှအစိုးရတို့ အပြန်အလှန် ပေးစာများ၌ ဖော်ပြပါရှိသော နမ့်တင်းနှင့် နမ့်ဖမြစ်ဆုံမှ နယ်နိမိတ်သတ်မှတ်ပြီးသော တောင်ဖက်အစိတ်အပိုင်းပေါ်ရှိ အမှတ် ၁ နယ်နိမိတ် မှတ်တိုင်အထိဖြစ်သည့် နယ်နိမိတ်မျဉ်း၏ အနောက်ဖက်တွင် ကပ်လျက်တည်ရှိကြသည်။ တရုပ်နိုင်ငံသို့ လွှဲပြောင်းပေးရန် ဖြစ်သော ဤနယ်မြေဒေသများ၏ အကျယ်အဝန်းနှင့် စပ်လျဉ်း၍ ၁၉၅၇ ခုနှစ် ဇူလိုင်လ ၂၆ ရက်နှင့် ၁၉၅၉ ခုနှစ် ဇွန်လ ၄ ရက်နေ့ အသီးအသီးတွင် တရုပ်နိုင်ငံ အစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့က မြေပုံများပေါ်တွင် မှတ်သားလျက် အဆိုပြုထားကြသည်။ နှစ်နိုင်ငံအစိုးရတို့၏ အဆိုပြုချက်များတွင် ထပ်တူထပ်မျှဖြစ်သော နယ်မြေဒေသကို တရုပ်နိုင်ငံသို့ လွှဲပြောင်းပေးမည်။ ပန်ဟုန်းလူမျိုးများ အုပ်ချုပ်သည့် နယ်မြေဒေသနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံအစိုးရတို့၏ အဆိုပြုချက်များ၌ ခြားနားချက်ရှိရာ ထိုခြားနားသော နယ်မြေဒေသသည် ပန်ဟုန်း လူမျိုးများ အမှန် အုပ်ချုပ်သည့် နယ်မြေ ဟုတ်သည် မဟုတ်သည်ကို ထိုနယ်မြေသို့ သွားရောက်စုံစမ်း၍ တရုပ်နိုင်ငံသို့ လွှဲပြောင်းပေးရမည် မပေးရမည်ကို ဆုံးဖြတ်ရန် အတွက် တဖက်စီ တဖက်စီမှ ပုဂ္ဂိုလ်ဦးရေ အညီအမျှ ပါဝင်သော ပူးတွဲကော်မီတီဖွဲ့ကာ ပန်ဟုန်းနှင့် ပန်လောင်လူမျိုးများ အုပ်ချုပ်သည့် နယ်မြေဒေသများ၏ အကျယ်အဝန်းကို ဆုံးဖြတ်ပြီးသည့်နောက် မြေပေါ်တွင် အတိအကျ တိုင်းတာ၍ နယ်နိမိတ်မှတ်တိုင် စိုက်ထူရန် ပူးတွဲမြေတိုင်းအဖွဲ့ စေလွှတ်စိုက်ထူ ခဲ့ကြလေသည်။

ပန်ဟုန်းနှင့် ပန်လော ဒေသများအပြင် ဝနယ်အတွင်းရှိ ၁၉၄၁ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် တရုပ်အစိုးရနှင့် ဗြိတိသျှအစိုးရတို့ အပြန်အလှန် ပေးစာများတွင် သတ်မှတ်ထားသည့် နယ်နိမိတ်မျဉ်းကြောင်း ဖြတ်သန်း သွားသည့် ယောင်ဟုတ်၊ လုန်နိုင်း (ယောင်နိုး)၊ အမ်ဖ၊ ပန်ကွန်၊ ပန်နောင်၊ ပန်ဝိုင် (ပန်ဝိုင်း) ရွာများကို ထိုနယ်နိမိတ် မျဉ်းကြောင်း ဆက်လက်ဖြတ်သန်းခြင်း မရှိစေရန် ယောင်ဟုတ်နှင့် လုန်နိုင်းရွာများကို တရုပ်နိုင်ငံတွင်းသို့၎င်း၊ အမ်ဖ၊ ပန်ကွန်၊ ပန်နောင်နှင့် ပန်ဝိုင်းရွာများကို မြန်မာနိုင်ငံ တွင်းသို့၎င်း ထည့်သွင်းရန် မြန်မာ တရုပ် နယ်နိမိတ်စာချုပ် အပိုဒ် ၃ အရ သဘောတူလက်မှတ် ထိုးပြီးဖြစ်သည်။ (မြန်မာ — တရုပ် နယ်နိမိတ်သတ်မှတ်ရေး — ရှု။)

**ဝလူမျိုး။** ။ဝ လူမျိုးသည် မွန်-ခမာ အုပ်စုတွင် ဝ — ပလောင်အုပ်စုခွဲ၌ ဝ၊ လ၊ လဝ၊ ခမူ၊ တိုင်းလွိ၊ အန်၊ ယန်းလမ်၊ ပလောင်၊ ပလေး၊ မနော လူမျိုးတို့နှင့်အတူ ပါဝင်သည်။

ဝလူမျိုးများသည် မြန်မာနိုင်ငံနှင့်ယူနန်နယ်စပ်အကြားရှိ တောင်တန်းဒေသတွင် အခြေစိုက်နေထိုင်ကြသည်။ ယူနန်နယ်စပ်မှနေ၍ သံလွင်မြစ် အရှေ့ဖက်ကမ်း တိုင်အောင် အနှံ့အပြား နေထိုင်ကြသည်။ အချို့ဝများသည် မိုင်းလွန်းနယ်နှင့် ကျိုင်းတုံနယ် တောပိုင်း အရပ်များတွင် နေထိုင်ကြသည်။ ဝနယ်တွင် ဝလူမျိုး အများဆုံး နေထိုင်သည်ကို တွေ့ရသည်။ (ဝနယ် — ရှု။) ယင်းလူမျိုးတို့ကို ဝ၊ သို့မဟုတ် လဝလူမျိုးဟု ခေါ်ကြသည်။ အချို့က လွယ်လလူမျိုး ဟူ၍လည်းခေါ်သည်။

ဝလူမျိုးသည် ပတ်ကတေ့ရွာ အနီးရှိ ကျောက်ဂူကြီးမှ စတင်ပေါက်ဖွား၍ ပတေ့နယ်၊ လွယ်လိန်းနယ်တို့သို့ ရောက်လာပြီးလျှင် ထိုကမှတဆင့် ဝနယ် အခြားဒေသများသို့ ပျံ့နှံ့သည်ဟုယူဆကြသည်။ ဝနယ် နောင်ချိကန် အရှေ့မြောက်အရပ်မှ အနောက်တောင်ဖက်သို့ရောက်၍ မိုင်းလွန်းနယ်မှတဆင့် ကျိုင်းတုံနယ်ဖက်သို့ ပျံ့နှံ့လာသည်ဟု ဆိုသည်။

စုံကရမန်နယ်နေ ဝလူမျိုးများက ယင်းတို့သည် ယခင်လွယ်လိန်းအမျိုးအနွယ်မှ သက်ဆင်းခဲ့သည် ဟူ၍၎င်း၊ ဟိုမိုင်းနယ်မှ ဝလူမျိုးများကလည်း ယင်းတို့သည် ကွန်လုမန်းအနွယ်မှ ပေါက်ခဲ့သည် ဟူ၍၎င်း ဆိုကြသည်။ သို့ရာတွင် ကွန်လုမန်းအနွယ်၏ ဇာစ်မြစ်ကိုစုံစမ်းသောအခါ ယင်းတို့က "ဟိုအရှေ့ဖက်စူးစူးမှာရှိသည်"ဟု ပြောသည်ကလွဲ၍ အတိအကျ မပြောနိုင်ချေ။ ဟိုမိုင်းနယ်မှ ဝများ၏ အမူအယူ



www.burmeseclassic.com

www.burmeseclassic.com



ခလေ့သည် စုံကရမန်နယ်မှ ဝများနှင့် ဆင်ဆင်တူရာ ယင်းတို့ပြောသည့် ကွန်လုမန်းနှင့်စုံကရမန်သည် အတူတူပင်ဖြစ်စရာအကြောင်းရှိသည်။ ထိုစုံကရမန်သည်လည်း ဝနယ်၏ အလယ်ဗဟို နယ်တနယ်ဖြစ်သဖြင့် ယင်းမှပြန့်ပွားသည်ဟုယူဆသော် ယူဆနိုင်စရာ ရှိလေသည်။

ဝလူမျိုးများ စတင် ပေါက်ဖွားရာဟု ယူဆကြသော ကျောက်ဂူကြီးမှ တခါက အသံမြည်ဟီးလာသဖြင့် အမျိုးအနွယ်သစ်၊ လူမျိုးသစ်ပေါ်ပေါက်မည့် နိမိတ်ဖြစ်သည်ဟု ဆိုကြသည်။ *ယင်းလူမျိုးသစ်သည်လက်ရှိဝလူမျိုးများအားလွှမ်းမိုးရှ် နှင်ထုတ်ဖွယ်ရှိသည်ဆိုကာ လူမျိုးသစ်များပေါ်* ထွက်လာခြင်း မရှိစေရန် ဝလူမျိုးများက ထိုကျောက်ဂူအတွင်းသို့ လေးမြားများပစ်သွင်းခဲ့ကြသည်ဟု အဆိုရှိသည်။

ဝလူမျိုးများ ဝတ်စား ဆင်ယင်ပုံမှာ မြို့ကြီး များ၌ ယောကျ်ားများက ဖျင်နက်၊ သို့မဟုတ် ဖျင်ပြာဗောင်းဘီနှင့် အင်္ကျီကို ဝတ်ပြီးလျှင် ခေါင်းတွင် အဖြူအနီ၊ အဖြူအနက်၊ အနီအဝါ၊ အနက် အစင်းကျားများကို ပေါင်းကြသည်။ မိန်းမများက အပြာရောင်၊ သို့မဟုတ် အနက်၊ သို့မဟုတ် အပြာ၊ အဝါ၊ အနက်၊ အနီ ရောင်စုံ ရောယှက်ထားသော သုံးတောင်ကွင်းရှိ ဖျင်ထမိကို ဒူးဆစ်နားထိ ခတ်တိုတိုဝတ်၍ အနက်ရောင်ဖျင် လက်ကျပ်ကိုယ်ကျပ် အင်္ကျီကိုယ်ထည်ခပ်ရှည်ရှည် ရင်စိအင်္ကျီဝတ်လျက် ခေါင်းတွင် ဗော့ဟဲယားခေါ် ဆံတိုဆံထောက် ပုံသဏ္ဌာန် ဆံပင်ခပ်တိုတို ထား၍ မျက်နှာသုတ်ပုဝါ အလတ်စားအရွယ်ရှိ အနီ အပြာ အဝါ စသည်တို့ဖြင့် ပြောက်ကျားသော ဖျင်စများကို ကြက်ခြေခတ်ပေါင်းကာ လည်ပင်းတွင် ပွဲသီးခေါ် အသီး တမျိုးကို ပုတီးလုပ် ဆွဲထားကြသည်။ အတွင်းပိုင်းကျသော ဒေသများတွင် ယောကျ်ားများက ဂျပ်ရက်အစကို ရှေ့ကာဖုံးအုပ်ထားပြီးလျှင် ကိုယ်တုံးလုံးနှင့်နေ၍၊ မိန်းမများက အနံတတောင့်ထွာခန့်ရှိ အနီ အနက် အပြာရောင် ဖျင်စကို အောက်ပိုင်း၌ ပတ်ထားပြီးလျှင် အထက်ပိုင်းတွင် ပွဲသီးခေါ် ပုတီးကိုဆွဲထား၍ ပလာကျင်းထားလေသည်။

ဝလူမျိုးများသည် များသောအားဖြင့် ရေချိုးလေ့မရှိကြ၊ အဝတ်ဖွတ်လျှော်လေ့ မရှိကြဟု ဆိုသည်။ ရေမချိုးကြသဖြင့် ယင်းတို့၏ အသားအရေများသည် ကြမ်းတမ်းကာ အသားအရေပေါ်ရှိ ချွေးပေါက်ကလေးများ ပိတ်ဆို့ခြင်းကြောင့် ကျန်းမာရေး ချို့တဲ့ကြသည်။ နာမကျန်းဖြစ်သည့်အခါ ဆေးသောက်လေ့မရှိ။ နတ်ဆရာများကို ပင့်၍မေးကြမြန်းကြသည်။ ဆရာလုပ်သူက တွက်ချက်ပြီးလျှင် ဝက်၊ သို့မဟုတ် ကြက် စသည်တို့ဖြင့် နတ်ပူဇော်ခိုင်းတတ်သည်။ ထိုအခါမျိုးတွင် ရှိစုမဲ့စုငွေဖြင့် ဝယ်ခြမ်း ပူဇော်ရသည်။ တကြိမ်နှင့် ရောဂါ မပျောက်ပါက ဆရာခိုင်း သလောက် ပူဇော်ကြရသည်။ အချို့ လွယ်မူးတောင်နှင့် နီးသူ



ဝလူမျိုး မိသားတစု ရေခပ်အပြန်

များက လွယ်မူးတောင်မှ ဆေးမြစ်များသည် ၉၆ ပါးရောဂါ ပျောက်ကင်းစေနိုင်သည်ဟု ဆိုကာ ယင်းဆေးမြစ်များကို ကြို၍သောက်ကြသည်။ လွယ်မူးတောင်သည် ဝနယ်၏ ပုပ္ပားတောင်ဟုဆိုရပေမည်။ ဝလူမျိုးများသည် အပူရှိန်ကို ကြောက်ကြသည်။ အပူရှိန်ကြီးသော နေရာသို့ တတ်နိုင်က မသွားကြချေ။ မတတ်သာ၍ သွားရလျှင် ညဥ့်အိပ်ညဥ့်နေ မနေကြပဲ ကိစ္စပြီးသည်နှင့် ချက်ခြင်း ဒုက္ခခံ၍ပြန်ကြသည်။

ဝလူမျိုးတို့သည် တောင်ဆင်းတောင်တက် လျှင်မြန်ပြီးလျှင် ပစ်ခတ် သတ်ဖြတ်ရန် လက်မနှေးကြချေ။

ဝနယ်တွင် ယခုတိုင် ခေါင်းဖြတ်၍ ယင်းနတ်ပူဇော်သည့် အလေ့အထ အနည်းအကျဉ်း ရှိသေးသည်။ ပတ်ကတော့နယ်မှ ဝလူမျိုးများ စတင် ပေါက်ဖွားရာဟု ယုံကြည်ကြသော ကျောက်ဂူတွင်းမှ တာလီနှင့် ယာနမ်တို့သည် လွယ်လိန်းဖက်သို့ ထွက်လာစဉ် လမ်းခုလတ်၌ အပန်းဖြေခိုက် သားကြီးဖြစ်သူ (အချို့ကလည်း တူဟု ဆိုကြသည်။) က ခေါင်းမှ ဆံပင်ကို ဖြတ်ကြည့်စဉ် မားသည် ဆံပင်ကိုသာ မဖြတ်ပဲ ဦးခေါင်းကိုပါ ပိုင်းဖြတ်လိုက်သဖြင့် နတ်များက



www.burmeseclassic.com

www.burmeseclassic.com



လူ၏ဦးခေါင်းကို လိုလားသောကြောင့် ဤကဲ့သို့ဖြစ်ရသည် ဆိုကာ ခေါင်းဖြတ် ယဇ်နတ်ပူဇော်သည့် ဓလေ့ ပေါ်လာ သည်ဟု ဆိုကြသည်။ ခေါင်းဖြတ် ယဇ်နတ်ပူဇော်လျှင် ရပ် ရွာ နယ်ပယ်တွင် လူအသေအပျောက် နည်းရုံသာ မက ကောက်ပဲသီးနှံ ကောင်းမွန်ခြင်း၊ စီးပွားရေး ဖွံ့ဖြိုးခြင်းရှိ သည်ဟု အယူရှိကြသည်။ အကယ်၍ ဝရွာတရွာတွင် နတ် က လူဦးခေါင်း လိုလားကြောင်းဖြင့် အတိတ်နိမိတ် ပေး သောအခါ ထိုရွာရှိ နတ်ဆရာတို့က သက်ငယ်နှင့် ကြက်ကို ယူကာ ဆိုင်ရာနတ်ကို ပသ၍ မိမိတို့ တတ်ထားသောပညာ ဖြင့် ဗေဒင်သဘော ကြည့်ရှု အဟောထုတ်ကြသည်။ နတ် က မည်သည့် အရပ်မှ လူဦးခေါင်းကို အလိုရှိသည်ဆိုလျှင် ထိုအရပ်မှ လူဦးခေါင်းကို ဖြတ်ရသည်။ သို့ရာတွင် ထိုအရပ် သည် မိမိတို့၏ မဟာမိတ် ရပ်ရွာနယ်ပယ် ဖြစ်လျှင် မသွား ကြချေ။ ခေါင်းဖြတ်ထွက်ရာတွင် မိမိတို့ဖက်မှ ဆုံးရှုံးဖွယ် ရှိသည်ဟု အဟောထွက်လျှင်လည်း ခေါင်းဖြတ် မထွက်ကြ ချေ။ ထိုအခါမျိုး၌ အချို့နယ်များတွင် အသင့်ရောင်းရန် ထားသော ခေါင်းများကို ၂၀ဝ မှ ၃၀ဝ အထိ အဖိုးပေး ဝယ်ယူပူဇော်ကြသည်။ ယင်းသို့မှ မရလျှင် မြေမြှုပ်သင်္ဂြိုဟ် ထားသော လူသေ အလောင်းများမှ ခေါင်း ဖြတ်ယူကြရ သည်။ ထို့ကြောင့် လူသေအလောင်းကို သုသာန် သီးသန့် ထား၍ မမြှုပ်နှံကြပဲ ရွာပြင်ခြံစည်းရိုးနှင့် ကပ်၍သော် ၎င်း၊ အိမ်အောက်၌သော်၎င်း လူသူမသိအောင် မြှုပ်နှံကြ ခြင်းဖြစ်သည်။ ဆန်ထုံနယ်တွင် လူခေါင်း ရောင်းလေ့ ရှိ၍ လွယ်မူး၏ အရှေ့နှင့် အရှေ့တောင်ဖက် ဒေသ များတွင် ခေါင်းဖြတ်သည့်အလေ့ ယနေ့တိုင် ရှိသေးသည်။ လွယ်လိန်း နယ်နှင့် ဆီတော်နယ် တို့တွင်ကား လူခေါင်းဖြင့် နတ်မပူ ဇော်ပဲ သင်းချောနက်ခွေးဖြင့် ပူဇော်ကြသည်။ ယဇ်ပူ ဇော်ပြီးသော အချို့ ခေါင်းများကို ၁၀ နှစ်တိုင်အောင်ပင် အသစ်မလဲပဲ အကျိုးအာနိသင် ရှိသည်ဆိုကာ ထားတတ် ကြသည်။ ဆန်ထုံနယ်အပိုင် ဟောင်တက်ရွာတွင် ခေါင်း ဖြင့် ပူဇော်ပသထားသော တိုင်ပေါင်း ၂၀ဝ ကျော်ရှိ၍ စုံ ကရမန်တွင် ၁၅၀ ကျော်ရှိသည်။ သို့ရာတွင် ယခုအခါ တ ရွာနှင့်တရွာ အမြဲသတိထား နေတတ်ကြသဖြင့် လူခေါင်း ဖြတ်ရန် မလွယ်ကူသောကြောင့် လူခေါင်းအစား ကျွဲ၊ ခွေး စသည်တို့နှင့် ယဇ်ပူဇော်လာကြလေပြီ။

ဝလူမျိုးများသည် မျိုးချစ်များ ဖြစ်ကြသည်။ မိမိတို့၏ အဆက်အနွယ်ကိုဎင်း၊ မိမိတို့၏ ကျေးရွာကိုဎင်း အခြားလူ များက နိုင်ထက်စီးနင်းပြုခြင်းကို မခံကြချေ။ ကွန်းလွယ် နှင့် လွယ်လလူမျိုးတို့လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ရန်သူကို ကလဲ့စားချေနိုင်ရန် အမျိုးမျိုးကြံစည်ဝီရိယထုတ် တတ်ကြသည်။ ထို့ကြောင့် ယနေ့တိုင် တနယ်နှင့် တနယ် အခဲမကြေပဲ ရန်စောင်လျက်ရှိကြသည်။ ရန်သူကို စွဲစွဲမြဲမြဲ ရန်ငြိုးဖွဲ့တတ်သလောက် မဟာမိတ်ပြုထားသူများ အပေါ် ၌လည်း ကတိသစ္စာ တည်ကြသောသူများ ဖြစ်ကြသည်။ တနယ်နှင့်တနယ် သစ္စာပြုသည့်အခါ နယ်ကိုယ်စားလှယ် များသည် အများသဘောတူသည့် နေရာတွင် စုဝေးကာ ကျွဲကိုသတ်၍ ဝေယူကြရသည်။ ထို့နောက် ငွေဒင်္ဂါး အ ဟောင်း၊ သို့မဟုတ် ကျည်ဆန် ယမ်းတောင့်များကို အရက် တွင်ထည့်၍ ထိုကတိသစ္စာအရက်ကို ညီတူညီမျှ သောက် ကြသည်။ သစ္စာအရက်ကို သောက်ပြီးသောအခါ ငွေဒင်္ဂါး ကျည်ဆန်ယမ်းတောင့် စသည်တို့ကို ညီတူညီမျှ ဝေစုခွဲယူ ကြသည်။ ကတိပြုပြီးသည်နှင့် တပိုင်နက် တဦးအကြောင်း ပေါ်လျှင် တဦးက လူအားလက်နက်အားနှင့် ကူကြသည်။

ဝလူမျိုးများသုံးစွဲသော လက်နက်များတွင် အမြောက် များလည်းပါသည်။ အမြောက်၏ ပြောင်းအရှည်မှာ ၁၀ ပေ၊ ၁၂ ပေခန့်ရှိ၍ ပြောင်းဝမှာ တလက်မခွဲမှ နှစ်လက်မ ရှိကြသည်။ကိုက် သုံးလေးရာကို လှမ်း၍ပစ်နိုင်သော လက် နက်ဖြစ်သည်။

အချို့ ဝရွာများတွင် ခံတပ်များ ပြုလုပ်ထားကြသည်။ အချို့ ဝရွာများတွင် ရွာဝင်တံခါးပေါက်ကြီးကို အမြင့် ပေ ၃၀၊ အကျယ်ပေ ၃၀ ထား၍ ဝင်ပေါက်ကို ဆူးတို့ဖြင့် ခက် ထား ယက်ထားကြသည်။ အချို့ ဝရွာတို့၌ကား ပျဉ်ရိုင်း နှစ်ချပ်ကို မြေကတုတ်သဖွယ် တဖက်တချက် ထားရှိပြီးလျှင် အလယ်တွင် မြေဖို့ထားကြလေသည်။ အချို့ကမူ ဝါး ဖြင့် နှစ်ထပ်ခန့် ရက်ကာ အပြင်ဖက်သို့ ဝါးချွန်များ ထိုး ထွက်စေပြီးလျှင် ၁၂ ပေ၊ ပေ ၂၀ ကျယ်၍ ခြောက်ပေနက် သော ကျင်းများကို ခြံစည်းရိုး ကြားတွင် တူးထားကြ လေသည်။

ဝလူမျိုးများသည် ရွာသို့ ဦးတည်သွားသော လမ်းများ တွင် လမ်းကို ကန့်လန့်ဖြတ်၍ ကျင်းများ တူးထားတတ်ကြ သည်။ ထိုကျင်းထဲမှ အမြောက်ပစ်ကျင့်ခြင်း၊ တိုက်နည်း ခိုက်နည်းကျင့်ခြင်းပြုကြသည်။ အချို့ရွာများ၌မူ ထိုကျင်း များထဲသို့ အဆိပ်ဖြင့် လူးထားသော ဝါးချွန်များကိုထောင် စိုက်ပြီးလျှင် အပေါ်မှ မသိမသာ သစ်ရွက်သစ်ခက်ဖြင့် ဖုံး အုပ်ထားကြသည်။ အပြင်အပ လူကို ရွာတွင်းသို့ ဝင်ရန် မဆိုထားဘိ၊ နယ်အတွင်းသို့ပင် ဝင်ခွင့်မပြုကြချေ။မသင်္ကာ သူများကို ဝင်ခွင့်သာ ပြုပြီးလျှင် ထွက်ခွင့်မပြုကြချေ။

ဝလူမျိုးများသည် အိမ်များကို တန်ဆောင်မုန်း၊ နတ် တော်၊ ပြာသိုလများတွင် ဆောက်လုပ်လေ့ ရှိကြသည်။ ထိုသို့ ဆောက်လုပ်ပြီးသည့်အခါ အိမ်တက်မင်္ဂလာ ပြုလုပ် လေ့ ရှိကြသည်။ တတ်နိုင်လျှင် တတ်နိုင်သလောက် တည၊ နှစ်ည၊ သုံးည စသည်ဖြင့် မိတ်သင်္ဂဟများကို အရက်တိုက်၍ ကျွေးပကြသည်။

ဝလူမျိုးတို့သည် အယူသည်းသူများဖြစ်ကြသည်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်၌ ဧည့်သည် သွားအပ်သော နေရာ၊ မသွားအပ်သော နေရာဟူ၍ ရှိသည်။ ဖက်စိမ်းများကိုလည်း အရမ်းမဲ့ ယူသွားခြင်းမပြုရ။ အိမ်ဦးကြမ်းပြင် ထားရှိသော နေရာ၏ လက်ဝဲဖက် အိမ်ထောင့်၊ အိမ်အတွင်း လက်ျာဖက်ထောင့်တွင် ပစ္စည်း အရမ်းမထားရချေ။ အိမ်အတွင်း လက်ျာဖက်ထောင့်သည် သူတို့၏နတ်ကိုးကွယ်ရာဌာနဖြစ်သည်။ အိမ်ရှင်ထိုင်သောနေရာကို မည်သူမျှ ကျော်ဖြတ်မသွားရချေ။ အိမ်ရှင်ထိုင်သည့် နေရာအနီး မီးဖို၌လည်း အိမ်ရှင်ထိုင်သည့်ဖက်တွင် ထမင်းအိုးများ မချရချေ။ အကယ်၍ မပြုထိုက်သည်တို့ကို ပြုမိချေသော် အိမ်ရှင်ကို ခိုက်တတ်သည်ဟု အယူရှိကြသည်။ ထိုအခါ အိမ်ဦးနတ်ကို ပူဇော် ကန်တော့ကြရသည်။ ထို့ကြောင့် ဧည့်သည်လုပ်သူက မသွားအပ် မပြုအပ်သည်ကို ပြုမိချေလျှင် အိမ်နတ် ပူဇော်ရန် ဧည့်သည်ထံ စာရင်းလုပ် အရေးဆိုတတ်ကြသည်။

# မြေပေါက် ငွေခြည်

**ဝါနှင့် ဂွမ်း။ ဝါ ခြည်မျှင်ဖြင့် ရက်လုပ်သော အထည်အလိပ်သည် ယခုအထိ ခေတ် မတိမ်သေး။ ဝါဂွမ်းရရှိသောဝါပင်သည် မည်သည့်နိုင်ငံ၌ ပဌမဦးဆုံး ပေါက်ရောက်သည်၊ ပဌမဦးဆုံး အသုံးပြုခဲ့သည်ဟူသောအချက်ကို အတိအကျ ဆုံးဖြတ်ရန် ခဲယဉ်းသော်လည်း အိန္ဒိယနိုင်ငံတွင် ခရစ်မပေါ်မီကပင် ခြည်ထည်များကို အသုံးပြုနေပြီဖြစ်ကြောင်း အထောက်အထားများတွေ့ရသည်။ စီးပွားရေးလောက၌ အရေးပါလှသော ဝါသည် အမျိုးမျိုး အဖုံဖုံဖြစ်၍ မြန်မာနိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသော ဝါမျိုးများ အကြောင်းကိုရင်း၊ ဝါနှင့် ဝါစေ့တို့မှ ထုတ်လုပ်နိုင်သော လူသုံးပစ္စည်းများ အကြောင်းကိုရင်း စုံစုံလင်လင် ဖတ်ရှုရပေမည်။**

**ဝါ(ဂွမ်း)။** ။ဝါပင်၏ဝါသီးမှရရှိသော နုနုဖပ်ဖပ်အမွေးအမျှင်ထွေးကို အစေ့မထုတ်မီ ဝါ၊ သို့မဟုတ် ဝါပေါက်ဟုခေါ်၍ အစေ့ထုတ်ပြီးလျှင်မူ ဂွမ်း၊သို့မဟုတ် ဝါဂွမ်းဟုခေါ်သည်။ ကမ္ဘာ့လူဦးရေ လေးပုံ သုံးပုံခန့်သည် ဝါဂွမ်းမှ ထုတ်လုပ်သော ဝါချည်မျှင်တို့ဖြင့် ရက်လုပ်သည့် ခြည်ထည် အဝတ်အစားတို့ကို ဝတ်ဆင်ကြသည် ဟု အချို့ရေးသားချက်များတွင် ဖော်ပြထားသည်။ ဝတ်စားဆင်ယင်ရေးအတွက် ပိုး၊ ဖဲ သက္ကလတ်၊ နိုင်လွန် စသည့် အထည်အလိပ် အမျိုးမျိုး ရှိသော်လည်း ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ ငွေကြေးအနည်းငယ်မျှနှင့်လည်း ဝယ်ယူနိုင်၍ လူအများစုလက်လှမ်းမှီသော အထည်အလိပ်မျိုးလည်း ဖြစ်ခြင်းတို့ကြောင့် ခြည်ထည်များကို ယခုတိုင် လူသုံးများလျက်ပင် ရှိနေလေသည်။

ဝါဂွမ်းရရှိသော ဝါပင်သည် မည်သည့်နိုင်ငံ၌ ပဌမဆုံး ပေါက်ရောက်သည်၊ မည်သည့်နိုင်ငံသည် ဝါဂွမ်းကို ပဌမဆုံး အသုံးပြုခဲ့သည် ဟူသောအချက်ကို အတိအကျ ဆုံးဖြတ်ရန် ခဲယဉ်းပေသည်။ သို့သော် အိန္ဒိယနိုင်ငံတွင် ခရစ်မပေါ်မီ နှစ်ပေါင်း ၁၅၀၀ ခန့်ကပင် ခြည်ထည်များကို အသုံးများနေပြီဖြစ်ကြောင်း အထောက်အထားများ တွေ့ရသည်။ ၁၉၂၀ ပြည့်နှစ်တဝိုက်တွင် ရှေးမြို့ဟောင်းကြီးများမှတူးဖော်တွေ့ရှိချက်များအရ အိန္ဒိယနိုင်ငံတွင် ခရစ်မပေါ်မီ အနှစ် ၃၀၀၀ ခန့်ကပင် ခြည်မျှင်ကို အထည်အလိပ်နှင့် ကြိုးအမျိုးမျိုး ပြုလုပ်ရာ၌ အသုံးပြုခဲ့ကြောင်း သိရသည်။ ခရစ်နှစ် ၁၅၀၀ ခန့်တွင် အိန္ဒိယနိုင်ငံသည် ခြည်ထည်လုပ်ငန်း၏ အချက်အခြာ နိုင်ငံတနိုင်ငံ ဖြစ်နေလေပြီ။ အိန္ဒိယနိုင်ငံမှ တဆင့် ဝါပင်စိုက်ပျိုးခြင်း၊ဝါချည်မျှင်ဖြင့် အထည်အလိပ်များ ရက်လုပ်ခြင်းအတတ်သည် ပါးရှား(အီရန်)၊ တရုပ်နှင့်ဂျပန်နိုင်ငံတို့သို့ ရောက်ရှိသွားသည်။ တရုပ်နှင့် ဂျပန်နိုင်ငံတို့တွင် ပိုးထည်လုပ်ငန်းလည်းထွန်းကားနေပြီဖြစ်၍ခြည်ထည်လုပ်ငန်းသည် ယင်းလုပ်ငန်းကို ထိုးဖောက်ကြီးထွားခဲ့ရလေသည်။

ဟီရော့ဒိုးတပ်နှင့် ပလင်နီတို့၏ မှတ်တမ်းများ၌ ဝါခြည်မျှင်အသုံးချနည်းကို ရှေးဂရိနှင့် ရောမတို့လည်း သိနားလည်ကြကြောင်း ဖော်ပြထားသည်။ ကိုလံဗပ်သည် ကမ္ဘာသစ် (အမေရိကတိုက်) သို့ ရောက်သွားစဉ်က တိုင်းရင်းသားတို့သည် ဝါဂွမ်းကို အသုံးပြုလျက် ရှိကြောင်း တွေ့ခဲ့ရသည်။ မက္ကဆီကိုနှင့်ပီးရူးနိုင်ငံများကို ရှာဖွေတွေ့ရှိခဲ့သော ရေသစ်မြေသစ်ရှာ အာဇာနည်များသည်လည်း ယင်းနိုင်ငံများ၌ ဝါဂွမ်းကို တိုင်းရင်းသားများ အသုံး ပြုလျက် ရှိကြောင်း တွေ့ခဲ့ကြရသည်။ရှေး ပီးရူးဂူသင်္ချိုင်းများကို တူးဖော်ကြည့်သည့်အခါ လူသေအလောင်းရစ်ပတ်ထားသော အဝတ်များသည် ဝါချည်မျှင်ဖြင့် ရက်လုပ်ထားကြောင်း တွေ့ရသည်။ ခရစ်ပေါ်စခေတ်က အီဂျစ် မံမီ(ဆေးစိမ်ထားသော လူသေအလောင်း) များကို လင်နင်ထည်များဖြင့် ရစ်ပတ်ထားကြောင်း တွေ့ရသော်လည်း တခေတ်တည်း၌ပင် အီဂျစ်တို့သည် ခြည်ထည်များကိုလည်း အသုံးပြုလျက်ရှိနေပြီ ဖြစ်ကြောင်း အထောက်အထားများ ရှိလေသည်။

ဥရောပတိုက်သို့ ဝါဂွမ်းကို စတင်တင်သွင်းခဲ့သူများသည် ဆာရဆင်နှင့် မူးဝါးလူမျိုးတို့ဖြစ်၍ ခရစ် ၇၁၂ ခုနှစ်တွင် အာဖရိက မြောက်ပိုင်းမှ ဝါဂွမ်းများကို စပိန်နိုင်ငံသို့ ယူဆောင်ခဲ့ကြသည်။ ယင်းသည်မှ အခြားဥရောပနိုင်ငံများသို့လည်း တစတစ ပျံ့နှံ့ခဲ့သည်။ အင်္ဂလန်ပြည်သည် ၁၂၉၇ ခုနှစ်ခန့်ကပင် ဝါဂွမ်းအကြောင်း ကြားဘူးနေလေပြီ။ တတိယ အက်ဒွပ် ဘုရင်သည် ဖလန်းဒါးနိုင်ငံသား ရက်ကန်းသည်များကို မန်ချက်စတာမြို့၌ အခြေစိုက်စေခဲ့သည်။ ထိုမြို့သည် ခြည်ထည် လုပ်ငန်းအတွက် ထင်ရှား ကျော်ကြားလာ၍



www.burmeseclassic.com

www.burmeseclassic.com





**ဝါပင်၏ အကိုင်းထွက်ပုံသည် အခြေကား၍ အပေါ်သို့ ရှူးသွားသည်။ အောက်ကိုင်းများ၌ အသီးသီးနေစဉ် အပေါ်ကိုင်းများတွင် ဖူးဆဲ၊ ပွင့်ဆဲ ရှိတတ်သည်။**

ရက်ကန်း လုပ်ငန်းသည် အင်္ဂလန်ပြည်၏ အဓိက လုပ်ငန်းကြီးတခုဖြစ်လာသည်။ ရက်ကန်းရက်လုပ်သော စက်ကရိယာများကိုလည်း အမျိုးမျိုး တီထွင်လုပ်ကိုင်လာခဲ့ကြရာ ၁၈ ရာစုနှစ် နောက်ပိုင်းတွင် အထည်အလိပ်ရက်လုပ်သောလုပ်ငန်း၌ စက်ကရိယာများကိုအများအပြားအသုံးပြုလာကြသဖြင့် လုပ်ငန်းတွင်ကျယ်၍ ကုန်ပစ္စည်း အထွက်များလာသောကြောင့် စက်ရုံအလုပ်ရုံများ၌ ကုန်ပစ္စည်း ထုတ်လုပ်သောစံနစ် ပေါ်ထွက်ထွန်းကားလာလေသည်။

ဝါဂွမ်းသည် ကုန်သွယ်စီးပွားရေး လောက၌ အရေးပါလှသော ကုန်ပစ္စည်းတမျိုး ဖြစ်သည်။ ကမ္ဘာအရပ်ရပ်၌ လူတို့သည် ဝါဂွမ်းရရန်အလို့ငှာ ဝါပင်ကို စိုက်ပျိုးကြသည်။

ဝါပင်သည် မော်လဗေစီအီး မျိုးရင်း၊ ဂေါ့ဆီပီယမ် မျိုးခွဲ၌ ပါဝင်၍ ချဉ်ပေါင်၊ ရုံးပတီတို့နှင့် မျိုးရင်းတူသည်။ မျိုးစိတ်မျိုးပြား အများ အပြားရှိရာ မျိုးစိတ် မျိုးပြားကိုလိုက်၍ အပင်အနေအထား၊ အနိမ့်အမြင့်၊ အကိုင်းအခက်၊ အရွက်အပွင့်၊ အသီးအရွယ် အစားပုံသဏ္ဌာန်၊ ဝါပေါက်ချိန်၊ ဂွမ်းအဆင့် အတန်း စသည်တို့၌ အနည်းနှင့် အများ ကွာခြားသည်။

ဝါပင်သည် ယေဘုယျအားဖြင့် လေးပေမှ ခြောက်ပေအထိ မြင့်သည်။ ပင်စည်နှင့် အကိုင်းအခက် မာကြောသောအပင်ငယ်မျိုး ဖြစ်သည်။ အရွက်ကြီး၍ အဟိုက် သုံးခုမှ ခုနစ်ခုအထိပါဝင်သည်။ အချို့အပင်ရိုင်းများ၏ အရွက်မှာ

www.burmeseclassic.com



မှု အနားညီသည်။ အပွင့်သည် ပွင့်ကိုင်းမှထွက်ပွင့်၍ ခေါင်းလောင်းပုံသဏ္ဍာန်ရှိပြီးလျှင် ပန်းချဉ်ပေါင်ပွင့်နှင့် ဆင်ဆင်တူသည်။ အပွင့်ကြီး၍ ပွင့်ဖတ်ငါးခုပါရှိသည်။ များသောအားဖြင့် အပွင့်တို့သည် အဝါရောင် ဖြစ်သော်လည်း အဖြူ၊ ဆင်စွယ်ရောင်နှင့် ခရမ်းရင့်ရောင်တို့လည်း ရှိတတ်၍ တခါတရံ ခရမ်းရင့်ရောင် အစက်အပြောက်များလည်း ပါရှိတတ်သည်။ အချို့သော ဝါပင်မျိုးတို့၏ အပွင့်တို့သည် ပွင့်စဉ်အဖြူရောင်၊ ထိုနောက်တွင်မှ ခရမ်းရင့်သို့ အရောင်ပြောင်းသွားသည်။

ဝါပင်၏ အကိုင်းအခက် ထွက်ပုံသည် အခြေ ကား၍ အပေါ်သို့ ရှူးသွားသည်။ တပင်လုံးတွင် တချိန်တည်း ပြိုင်တူ အပွင့်ပွင့်သည်ကို တွေ့ရခဲ၍ အောက်ပိုင်း အကိုင်းအခက်များမှ အပေါ်ကိုင်းများသို့ တဆင့်ပြီးတဆင့် အပွင့်များပွင့်သွားသည်။ အောက်ကိုင်းများတွင် အသီးသီးနေစဉ် အပေါ်ကိုင်းများတွင် ဖူးဆဲ ပွင့်ဆဲ ရှိတတ်သည်။ ထို့ကြောင့် ဝါပင်ကို စပါး၊ ဂျုံတို့ကဲ့သို့ တချိန်တည်းတခါတည်းဖြင့် ဝါကောက်သိမ်း၍မရပေ။

ဝါသီးများသည် အက်ကွဲတတ်သော အသီးတောင့်မျိုးဖြစ်သော်လည်း ပုံသဏ္ဍာန်သည် ရှည်လျားလျား မဟုတ်ပဲ ခပ်စင်းစင်း ဖြစ်ပြီးလျှင် ထိပ်ချွန်သည်။ အစိတ် သုံးစိတ်မှ ငါးစိတ် အထိ ပါရှိတတ်သည်။ အသီး ရင့်လာသော အခါ အစိမ်းရောင်မှ အညိုရောင်သို့ ပြောင်းလာသည်။ ရင့်သည်ထက် ရင့်လာလျှင် အက်ကွဲစပြုလာ၍ အတွင်းမှ ဝါပေါက်များ ပြူထွက်လာသည်။ အသီးများ ခြောက်လိမ်လာ၍ ပွင့်အာကွဲထွက်လျှင် ဝါများကိုကောက်သိမ်းချိန်တန်လေပြီ။ ဝါ၊ သို့မဟုတ် ဝါပေါက်၏အရောင်သည် ယေဘုယျအားဖြင့် ဖြူသော်လည်း ရုံဖန်ရံခါ ဝါသည်။ နီကြန့်ကြန့်လည်း ရှိသည်။ သို့သော် အဖြူရောင်သည် စျေးရလေသည်။

တခါတရံ အချို့သောဝါပင်မှ ဝါပေါက်တို့၏ အရောင်သည်'ထွန်း'တတ်သည်။ 'ထွန်း' တတ်သော အရောင်မျိုးတို့မှာ များသောအားဖြင့် အစိမ်းနှင့် အညိုရောင် ဖြစ်သည်။ ယင်းသို့ အရောင်'ထွန်း'သော ဝါပေါက်တို့ ဖြစ်ပေါ်တတ်သည်ကို အကြောင်းပြု၍ ဝါစိုက်ပျိုးသူများနှင့် သုတေသီတို့သည် ဝါပင်တို့မှ ဝါပေါက်တို့ကို အရောင်အမျိုးမျိုးဖြင့် သဘာဝအတိုင်း ရရှိစေရန် တီထွင်စမ်းသပ်စိုက်ပျိုးကြရာ ရုရှနိုင်ငံတွင် အနီ၊ အစိမ်း၊ အညို၊ အပြာ၊ အနက်နှင့် ကာကီရောင် ဝါပေါက်များ ထွက်သော ဝါပင်များကို စိုက်ပျိုးအောင်မြင်ခဲ့သည် ဟု ဆိုကြလေသည်။

ဝါပင်သည် ပူနွေးသော ရာသီဥတု မျိုးကို နှစ်သက်၍ တနှစ်လျှင် ရက်ပေါင်း ၂၀၀ ခန့် ဆီးနှင်းမှ လွတ်ကင်း၍ အပူချိန်ဖာရင်ဟိုက် ဒီဂရီ ၇၀ ခန့်ရှိသော ဒေသမျိုး၌ စိုက်ပျိုး ဖြစ်ထွန်းနိုင်သည်။ အထူးသဖြင့် နေရောင်ခြည် များရရှိ၍ အုံ့မှိုင်းသော ရာသီဥတု တာမရှည်သည့် ဒေသမျိုး၌ စိုက်ပျိုး လုပ်ကိုင်ရသည်။ ရာသီဥတု အုံ့မှိုင်းလျှင် ဝါပင်၌ ဝါပိုးများ ကျရောက်တတ်လေသည်။ ထို့ကြောင့် ကမ္ဘာ့ အပူပိုင်း ဒေသနှင့် အပူပိုင်းဒေသနှင့် နီးကပ်သော သမပိုင်းဒေသ၊ ရေမဝပ်သော သဲမြေနုနှင့် မြေစေးမြေမျိုးတို့၌ ဝါပင်များ စိုက်ပျိုးလုပ်ကိုင်ကြသည်။ အပူပိုင်းဒေသများ၌ ဝါပင်များအတွက် ဆီးနှင်းကို မစိုးရိမ်ရပဲ မိုးများလွန်းမည်ကိုစိုးရိမ်ရသည်။ သို့သော် ရေသွင်း စိုက်ပျိုးသောဒေသမှ လွဲလျှင် ဝါပင်သည် မိုးရေ အတော်အတန် လိုအပ်ပြန်သည်။ တနှစ်လျှင် မိုးရေချိန်လက်မ ၂၀ ခန့်၊ သို့မဟုတ် ဝါစိုက်ချိန်တွင် မိုးရေချိန် ခုနစ်လက်မမှ ရှစ်လက်မအထိ ရရှိသော ဒေသများ၌ စိုက်ပျိုးရသည်။ သမပိုင်းဒေသပေါက် ဝါပင်တို့သည် တနှစ်တခါ စိုက်ပျိုးရသော ဝါပင်မျိုးတို့ ဖြစ်ကြပြီးလျှင် အပူပိုင်းဒေသပေါက် ဝါပင်မျိုးတို့သည် နှစ်ရှည်ခံသည်။ အချို့သော ဝါပင်တို့သည် အတော်အတန် မြင့်မား၍ သစ်ပင်သဖွယ် ဖြစ်နေသည်။ အနောက်နိုင်ငံများတွင် ဝါထွက်လည်းကောင်း၍ မြေဩဇာဖြစ်ထွန်းစေရန် တနေရာတည်းတွင် ဝါတလှည့် ပြောင်းတလှည့် စိုက်ကြသည်။ တခါတရံ ဝါပင်အတန်းများ အကြားတွင် ပဲပိစပ်ပင်မျိုးတို့ကိုလည်း စိုက်ပျိုးပေးခြင်းဖြင့် ဝါပင်တို့အား မြေဩဇာဓာတ်ကောင်းစွာရရှိစေလေသည်။

အနောက်နိုင်ငံများတွင် ဝါပင် စိုက်မည့် မြေနေရာ၌ ယခင်က အပင်ဟောင်းများကို ရှင်းလင်း ခုတ်ထွင်ပစ်ပြီးလျှင် တလခန့် ထွန်စက်ဖြင့် ထွန်ပစ်သည်။ သဲမြေ၌စိုက်မည်ဆိုလျှင် ထွန်သွားကို လေးလက်မသာ နက်စေ၍ မြေစေး၌ စိုက်မည်ဆိုလျှင် ကိုးလက်မခန့် နက်အောင် ထွန်ရသည်။ ထွန်ယက်ပြီးသော မြေကို ကြေမွအောင် ပြုပြင်ပေးရပြန်လေသည်။

ဝါပင်များကို ကေပေါင်းများစွာ စိုက်ပျိုးသည့်အခါ ဝါခင်းငယ်တခုတွင် ဝါပင်စိုက်ရန် မြောင်းနှစ်မြောင်းထက် မနည်း၊ များသောအားဖြင့် နှစ်မြောင်းမှ လေးမြောင်းအထိ ဖော်၍ စိုက်ပျိုးကြသည်။ ဝါခင်း ပိုင်ရှင်တို့သည် အဖျက်အဆီး ပိုးမွှားတို့၏ ဒဏ်ကို ခံနိုင်ရည် ရှိ၍ သန်စွမ်းသော ဝါပင်များရရှိရန်နှင့် ဝါထွက်ကောင်းသော ဝါပင်မျိုးရရှိရန် မျိုးစေ့များကို ရွေးချယ်စိုက်ပျိုးလေ့ ရှိကြသည်။ ခြည်မျှင်ရှည်ဝါနှင့် ခြည်မျှင်တိုဝါဟူ၍ နှစ်မျိုးရှိသည့်အနက် ခြည်မျှင်ရှည်ဝါမျိုးလည်း ဖြစ်၊ အချိန်တိုတိုနှင့် ကောက်သိမ်းနိုင်သော ဝါမျိုးလည်းဖြစ်လျှင် ဝါခင်းပိုင်ရှင်တို့အတွက် အကျိုးရှိလေသည်။

ဝါ မျိုးကြဲသည့်အခါ ဝါပင်များ လိုသည်ထက် ပိုမိုပေါက်စေရန် ခပ်များများ ကြဲရသည်။ ပြွတ်သိပ်ပေါက်လာသော ဝါပင်ငယ်များ အတန်ငယ် ကြီးလာလျှင် ထယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တပင် အကိုင်းအခက်ချင်း ရှုပ်ထွေး ကျပ်တည်းမနေစေရန် သန့်စွမ်းကောင်းမွန်သော အပင်များကို ချန်လှပ်၍ ပိုသော အပင်များကို ရှင်းလင်းသုတ်သင်ပစ်ရသည်။ ဝါပင်များကို ဝါသီး သီးသည်အထိ ရက်ပေါင်း ၂၀၀ ခန့်ကြာအောင် ပြုစု ပျိုးထောင်ရသည်။ ဝါပင်တို့၏အောက်ပိုင်း အကိုင်းအခက် များမှ ဝါသီးများက အလျင်စ၍ ရင့်ပြီးလျှင် အက်ကွဲကြ သည်။ ထို့ကြောင့် အောက်ကိုင်းများမှ ဝါများကို အလျင် စ၍ကောက်သိမ်းရပြီးလျှင် အလယ်ကိုင်းမှဝါ၊ အထက်ကိုင်း မှဝါများကို ဆင့်ကဲဆင့်ကဲ ကောက်သိမ်းကြရပေရာ ဝါတ ပင်ကို နှစ်ကြိမ်မှ သုံးကြိမ်အထိ ဝါကောက်ရသည်။

ဝါကောက်သောစက်များကို တီထွင်ခဲ့ကြ၍ ထိုစက်များ ကို တိုးတက် ပြုပြင်ခဲ့ကြသော်လည်း ဝါကောက်စက်များ သည် တန်ဖိုးကြီးသောကြောင့်၎င်း၊ လေးလံသဖြင့် မြေ ပျော့များ၌ သုံးမဖြစ်သောကြောင့်၎င်း၊ ဝါကောက်အလုပ် သမားအများအပြား အလုပ်လက်မဲ့ဖြစ်စေနိုင်သော အလား အလာရှိသဖြင့် ဝါကောက် အလုပ်သမားများက ကန့်ကွက် သောကြောင့်၎င်း ထိုစက်ကြီးများကို အသုံးပြုသင့်သ လောက်မပြုခဲ့ကြပေ။ ထို့ကြောင့်ကမ္ဘာတဝှန်းလုံးတွင်လက် ကောက်ဝါနှင့် စက်ကောက်ဝါဟူ၍ ခွဲခြားလိုက်လျှင် လက် ကောက်ဝါက စက်ကောက်ဝါထက် ပို၍များကြောင်း သိရ လေသည်။ ဝါပင်ကို ရက်ပေါင်းကြာရှည်စွာ စိုက်ပျိုးလုပ် ကိုင်ရ၍မြောက်လတ္တီတွဒ် ၄၀ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၃၀ ဒီဂရီအကြားရှိ ကမ္ဘာ့ဒေသများ၌ စိုက်ပျိုးကြသည်။

ကမ္ဘာ၌ ဝါအထွက်ဆုံး နိုင်ငံသည် အမေရိကန် ပြည် ထောင်စု တောင်ပိုင်းဖြစ်သည်။ ဝါစိုက် ရပ်ဝန်းကြီးသည် အရှေ့မှအနောက်သို့ မိုင် ၂,၀၀၀ ရှည်၍ မြောက်မှ တောင်သို့ မိုင် ၇၀၀ ကျယ်ပေရာ ဂျော်ဂျီးယားပြည်နယ်မှ တက္ကဆက် ပြည်နယ်အထိ ဖြစ်သည်။ နယူးမက္ကဆီကို၊ အယ်ရီဇိုးနားနှင့် ကာလီဖိုးနီးယားပြည်နယ်တို့မှလည်း ဝါအသင့်အတင့်ထွက် သည်။ ဆိုခဲ့သော ဝါစိုက်ရပ်ဝန်းကြီးတွင် ဝါဖြစ်ထွန်းအောင် မြင်သော ရေ၊ မြေ၊ ရာသီဥတုမျိုးရှိပေသည်။

အိန္ဒိယ၊ တရုပ်၊ တာကီစတန်၊ ဂျပန်၊ အီရက်၊ ပယ်လက် စတိုင် စသော အာရှတိုက်နိုင်ငံများ၌လည်း ဝါစိုက်ပျိုးလုပ် ကိုင်ကြသည်။ တောင်အမေရိကတိုက်တွင် ဗရာဇီး၊ ပီရူး၊ အာဂျင်တီးနား၊ ဂီယားနား၊ အနောက် အိန္ဒိယကျွန်းစုနှင့် မက္ကဆီကိုနိုင်ငံ အချို့ အရပ်ဒေသများတွင်လည်း စိုက်ပျိုး လုပ်ကိုင်ကြသည်။ အာဖရိကတိုက်တွင် မြောက်ဖက်ကမ်းရိုး တန်းဒေသ၊ အီဂျစ်နိုင်ငံ နိုင်းမြစ်ဝှမ်းဒေသတို့မှ ဝါ ထွက် သည်။ ဥရောပတိုက်တွင် ဂွာတာလုံကျွန်းဆွယ်၏အောက်ပိုင်း ၌ ဝါကို အထူးသဖြင့် စိုက်ပျိုးလုပ်ကိုင်ကြ၍ ဝါထွက်သော အခြားဒေသတို့မှာ ဂရိ၊ တူရကီ၊ ဆိုဗီယက်ရုရှ တောင်ပိုင်း၊ မြေထဲပင်လယ် အတွင်းရှိ ဆိုက်ပရပ်ကျွန်းနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မောရိရှပ်ကျွန်းတို့ ဖြစ်ကြသည်။ ပစိဖိတ်ဒေသ များအနက် ဩစတြေးလီးယားတိုက်မှ ကွင်းစလန်းပြည်နယ် နှင့် နယူးဆောက်ဝေးပြည်နယ်၊ ဖီဂျီကျွန်းစု စသည်တို့၌ ဝါကို စိုက်ပျိုး လုပ်ကိုင်ကြလေသည်။

ဝါပင်သည် ဂေါ့ဆီပီယမ် မျိုးနွဲ့ဖြစ်ကြောင်း အထက်တွင် ဖော်ပြခဲ့သည်။ မျိုးစိတ် မျိုးပြား အများအပြား ရှိသော် လည်း ကုန်သွယ်စီးပွားရေးအတွက် အရေးပါသောမျိုးစိတ် သည် သုံးမျိုးဖြစ်ရာ ပဌမ အမျိုးအစားသည် မက္ကဆီကိုနှင့် အမေရိက အလယ်ပိုင်း၌ မူလပေါက်ရောက်၍ အမေရိကန် ပြည်ထောင်စု အရပ်ရပ်သို့ မျိုးပြန့်ခဲ့သော ကုန်းမြင့်ဝါခေါ် ဝါပင်မျိုးဖြစ်ရာ ရုက္ခဗေဒ အမည်အားဖြင့် ဂေါ့ဆီပီယမ် ဟိုင်ယာဆူတမ် ဟု ခေါ်သည်။ (ထိုဝါမျိုးကို မြန်မာနိုင်ငံ၌ စမ်းသပ်စိုက်ပျိုးလျက်ရှိရာ ကမ္ဘောဇ ဝါ ဟု ခေါ်သည်။) ထိုမျိုးစိတ်ဝင် ဝါပင်တို့သည် အမြင့်နှစ်ပေခွဲမှ လေးပေ အထိရှိသည်။ အပွင့်များသည် အဖြူရောင်ဖြစ်၍ အသီးတွင် အစိတ် လေးစိတ်မှ ငါးစိတ်အထိ ပါသည်။ ဝါပေါက်သည် လည်း အဖြူရောင်ဖြစ်၍ ခြည်မျှင် ရှည်သည်။ ထိုဝါမျိုးကို အာဂျင်တီးနား၊ ဗရာဇီး၊ တရုပ်၊ မက္ကဆီကိုနှင့် ဆိုဗီယက် ရုရှတို့၌လည်း စိုက်ပျိုးလုပ်ကိုင်ကြရာ ကမ္ဘာ့ ဝါထွက် ထက် ဝက်ခန့်သည် ထိုဝါမျိုးဖြစ်သည်ဟု ဆိုကြလေသည်။

ဒုတိယ အမျိုးအစားသည် တောင်အမေရိကတိုက်၌မူလ ပေါက်ရောက်၍ ရုက္ခဗေဒ အမည်အားဖြင့် ဂေါ့ဆီပီယမ် ဗာဗေဒင့်ဟု ခေါ်သည်။ ယင်းမျိုးစိတ်ဝင်တို့၏ အပွင့်သည် အဝါရောင်တွင် ခရမ်းရောင် ပြောက်ကလေးများ ပါရှိတတ် သည်။ အသီးတွင် အစိတ် သုံးစိတ်ပါ၍ အစေ့ မည်းနက် သည်။ ထိုဝါပင်မျိုးမှ ရရှိသော ခြည်မျှင်တို့သည် ကုန်းမြင့် ဝါခြည်မျှင်တို့ထက်ပင် ရှည်သေးသည်။ ထိုအုပ်စုတွင် ပိုး ရောင်ထ၍ ခိုင်မာသောခြည်မျှင် ရရှိသည့် အီဂျစ်ဝါ၊ သိုးမွေး နှင့် ဆင်တူသောခြည်မျှင် ရရှိသည့် ပီးရူးဗီးယန်း ဝါမျိုး၊ ဖြူဖွေးသော ပိုးရောင်ခြည်မျှင်မျိုး ရရှိသည့် ဗရာဇီးလီးယန်း ဝါမျိုး၊ ခြည်မျှင်ရောင် ဝါဖန့်ဖန့်ရှိသော ဆီးအိုင်းလန်း ခေါ် အမေရိကန်ဝါတမျိုးနှင့် အမေရိကန် အီဂျစ် ကပြား ဝါမျိုးတို့လည်း ပါဝင်သည်။ ထိုဝါမျိုးတို့သည်လည်း ခြည် မျှင်ရှည်ဝါမျိုးတို့ ဖြစ်ကြသည်။

တတိယ အမျိုးအစားမှာ အိန္ဒိယ၊ အီရန်၊ တရုပ် နိုင်ငံ အချို့ အရပ်ဒေသများနှင့် အရှေ့ဖျားနိုင်ငံများ၌စိုက်ပျိုး လုပ်ကိုင်ကြသော ဝါမျိုးတို့ ဖြစ်ပြီးလျှင် အာရှဝါမျိုး ဟု အချို့က ခေါ်ဆိုကြသည်။ ဂေါ့ဆီပီယမ် အာဗောရီယမ်နှင့် ဂေါ့ဆီပီယမ်ဟာဗေစီယမ်တို့သည် ထိုအုပ်စု၌ပါဝင်ကြသည်။ ထိုအုပ်စုဝင်တို့သည် ခြည်မျှင်တိုမျိုး ဖြစ်ကြလေသည်။ ထို ဝါ နှစ်မျိုးသည် မျိုးစိတ် ကွဲပြားသည် ဟု ဆိုရသော်လည်း ရုက္ခဗေဒ အလိုအားဖြင့် အလွန်နီးစပ်သည် ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို ဝါ နှစ်မျိုးတို့၏ ခြည်မျှင်သည် တို၍ ကြမ်းသော်လည်း ခိုင်မာသည်။

ယခု အခါ မြန်မာနိုင်ငံ၌ အများဆုံး စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော ဝါသုံးမျိုးတို့မှာ (၁) ဝါကြီး၊ (၂) ဝါကလေး (၃) ခြည်မျှင်ရှည်ဝါ ဟူ၍ ဖြစ်ကြသည်။ ဝါကြီးကို မိုးအတော်အတန် များသည့် ပြည်နှင့် သရက်ခရိုင်များတွင် မိုးဦးတွင် စိုက်၍ ပြာသို၊ တပို့တွဲလများတွင် ဝါပေါက်သည်။ ဝါကြီး မျိုးသန့် ရွေးချယ်ဆဲ ဖြစ်သည်။ ဝါကလေးမျိုးကို မုံရွာ၊ ရွှေဘို၊ စစ်ကိုင်း၊ မန္တလေး၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မင်းဘူးစသော အထက်မြန်မာနိုင်ငံ မိုးပါးရေရှားဒေသများတွင် တောင်သူများ အားထားစိုက်ပျိုးကြသည်။ မိုးဦးတွင် စိုက်၍ တော်သလင်းလတွင် ဝါများ စတင်ပေါက်နိုင်သည်။ ဝါကလေး မျိုးကောင်းကို မလှိုင်စိုက်ပျိုးရေးဥယျာဉ်တွင် ရွေးချယ်စမ်းသပ်ပြုစုပျိုးထောင် စိုက်ပျိုးခဲ့ရာ မလှိုင် နံပတ် ၅ နှင့် မလှိုင် နံပတ် ၆ မျိုးသန့်တို့ကို ရရှိ၍ ယခုအခါ တိုးချဲ့စိုက်ပျိုးလျက် ရှိကြသည်။

ခြည်မျှင်ရှည်ဝါမျိုးကို ၁၉၅ဂ ခုနှစ်မှ စ၍ ရုရှနှင့်အမေရိကန်ဝါမျိုးတို့ကို မှာယူ၍ စမ်းသပ် စိုက်ပျိုးခဲ့သည့် အနက်မှ အကောင်းဆုံးကို ရွေးချယ်၍ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ရေသွင်း စိုက်ပျိုးနိုင်သော ရွှေဘို၊ မန္တလေး၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရမည်းသင်းနှင့် မင်းဘူး ခရိုင်တို့တွင် ကောင်းစွာ အောင်မြင်သည်ကို တွေ့ရသည်။ တပို့တွဲ၊ တပေါင်းလများတွင် စ၍ စိုက်ကြပြီးလျှင် ဝါဆို၊ ဝါခေါင်တွင် ဝါကောက်နိုင်သဖြင့် ဒုတိယသီးနှံအဖြစ် စပါးကို ဆက်လက်၍ စိုက်ပျိုးနိုင်ကြသည်။ ထိုဝါမျိုးသည် ဂရုစိုက်နိုင်သည်နှင့်အမျှ ဝါထွက်ကောင်း၍ တောင်သူများ အကျိုးရှိနိုင်သည်။ အထက် မြန်မာနိုင်ငံ ရေ၊ မြေ၊ ရာသီဥတုနှင့် သင့်လျော်သော ဝါမျိုးတို့မှာ ရုရှ နံပတ် ၁၀ဂ နှင့် ၁၂၉ဂ အမေရိကန် စတုန်းဗီးနှင့် ဒယ်လဖောက် ဝါမျိုးတို့ ဖြစ်ကြသည်။ အီဂျစ်ဝါမျိုးကို ယခုအခါ မိတ္ထီလာခရိုင်တွင် စတင်စမ်းသပ် စိုက်ပျိုးကြည့်ဆဲ ဖြစ်လေသည်။

မိုးရေကို အားကိုး၍ စိုက်ပျိုးရသော ဝါခင်းများတွင် ပေါင်းမြက်ကို ကောင်းစွာနှိမ်၍ အစိုဓာတ် ထိန်းပေးရန် လိုသည်။ ပိုးမွှားရောဂါ ကာကွယ်ပေးရန်လည်းအရေးကြီးသည်။ အထူးသဖြင့် အရွက်နှင့် အသီးအပွင့်များ နူးညံ့သည့် ခြည်မျှင်ရှည် ဝါမျိုးအတွက် ပိုးနှင့် ရောဂါအဖျက်အဆီး ပို၍



ဝါသီးများ ရင့်ခြောက်လာလျှင် ဝါပေါက်များကို လက်ဖြင့် ဆွတ်ခူးကြရသည်။ ဆွတ်ခူးပြီးသောဝါပေါက်များကို ဝါကြိတ်စက်များသို့ပို့၍ ဝါမှအစေ့များကိုဖယ်ရှားကာ ဂွမ်းထုတ်ယူရသည်။



www.burmeseclassic.com

www.burmeseclassic.com



များတတ်သဖြင့် ကာကွယ်နှိမ်နင်းရေးကို အဓိကလုပ်ငန်း အဖြစ် ဆောင်ရွက်ရန် စံနစ်တကျ ကြိုတင်စီစဉ်ကြရသည်။ အများဆုံး ဖျက်ဆီးသည့် ပိုးများမှာ ရွက်စုတ်ဖြုတ်စိမ်းများနှင့် သီးလုံးဖောက်ပိုးများ ဖြစ်သည်။ ပိုးမွှားရောဂါ နှိမ်နင်းရန် ခေတ်မီ ဆေးများ သုံးစွဲရာတွင် စံနစ်မကျက လူကိုပါ ဘေးဥပဒ် ဖြစ်စေနိုင်သဖြင့် အထူး သတိထား သုံးစွဲကြရသည်။ ဝါပင်များကို စိုက်ကြရာ၌ အပင်ငယ်များကို ကောင်းစွာ ပြုစုနိုင်ရန် အတန်းလိုက် စိုက်နည်းသည် အကောင်းဆုံး ဖြစ်သည်။ သို့သော် အချို့ လုပ်အား တတ်နိုင်သူများကမူ လေးကွက်ကြား စိုက်ကြလေသည်။

ဝါသီးများ ရင့်ခြောက်လာလျှင် ဝါပေါက်များကို လက်ဖြင့်ပင် ကောက်သိမ်းကြသည်။ ကောက်သိမ်းပြီးသော ဝါပေါက်များကို ဝါကြိတ်စက်များသို့ ပို့၍ ဝါမှ အစေ့များဖယ်ရှားကာ ဂွမ်း ထုတ်ယူရသည်။ ပိုးနှင့်မိုး ဖျက်လျှင် ဝါသီးများနာ၍ ကောင်းစွာ ဝါမပေါက်ပဲ ဂွမ်းညံ့ဖျင်းသည့် ကျယ်ဝါများသာ ရသည်။ ဝါများ မကြိတ်မီ ကျယ်ဝါများကို ရွေးထုတ်၍ သီးခြားကြိတ်ရသည်။ ကြိတ်ထုတ်၍ ရရှိသော ဝါများကို သယ်ယူ ပို့ဆောင်ရာတွင် ဝန်ကျဉ်းစေရန် ဖိစက်များဖြင့် ဖိချ၍ အထုပ်များ ပြုလုပ်ကြသည်။ မြန်မာနိုင်ငံတွင် ဂွမ်းတထုပ်၏ အလေးချိန်သည် ပိသာ တရာ ရှိသည်။ အမေရိကန်မှ စံတင်ထားသော ဂွမ်းထုပ်သည် ပေါင်ချိန် ၅၀၀ လေးသည်။

ဝါတမျိုး၏ ဈေးကို ဂွမ်း အဆင့်အတန်းကို လိုက်၍ကန့်သတ်ကြရသည်။ အရေးအကြီးဆုံးသည် ဂွမ်းမွေး၏ အတိုအရှည်ပင် ဖြစ်သည်။ ဂွမ်းမွေးရှည်လျှင် ခြည်ချော ဆွဲနိုင်၍ အထည်ချော ရက်နိုင်သည်။ ဂွမ်းမွေး တိုလျှင် ခြည်ကြမ်းသာ ဆွဲနိုင်သည်။ ဝါတမျိုး၏ ဂွမ်းမွေးကို တိကျစွာ တိုင်းတာနိုင်ရန် စက်ကရိယာကို အသုံးပြုကြသည်။ အကြမ်းတိုင်းတာနည်းမှာ ဝါစေ့ကို အလယ်ဗဟို ထား၍ ဖွာထွက်နေသည့် အမျှင်များကို တိုင်းတာရသည်။ ဝါကလေးနှင့် ဝါကြီးမျိုးတို့၏ ဂွမ်းမွေးသည် လက်မဝက်မှ ၇/၈ လက်မ အထိ ရှည်၍ ခြည်မျှင်ရှည် ဝါ၏ ဂွမ်းမွေးသည် တလက်မမှ ၁ ၃/၈ လက်မအထိ ရှည်သည်။ ခြည်အချောဆုံးရသည့် အီဂျစ် ဝါမျိုးမှာမူ ၁ ၁/၄ လက်မ မှ ၁ ၁/၂ အထိ ရှည်သည်။ ဂွမ်းမွေး အဆင့်အတန်းကို ဂွမ်းမွေး အရှည်အတိုအပြင် ဂရုစိုက်ရသည့် အခြားအချက် အလက်တို့မှာ ဂွမ်းမွေး ခိုင်ခံ့ခြင်း၊ ညီညာခြင်း၊ အရောင်အဆင်း ကောင်းခြင်းနှင့် အမှိုက်သရိုက် ကင်းစင်ခြင်းတို့ ဖြစ်သည်။ ဝါတမျိုးကို တိုးချဲ့စိုက်ပျိုးရန် ရွေးချယ်ရာ၌ ဂွမ်းမွေး အဆင့်အတန်း အရေးကြီးသည့် နည်းတူ တောင်သူနှင့် ကြိတ်ထုတ်သူတို့အတွက်လည်း အကျိုးရှိရန် ထည့်သွင်း စဉ်းစားရသည်။ ဝါတောင်သူတို့ လိုလားသော ဝါမျိုးမှာ ရေငတ်ခံနိုင်ခြင်း၊ ရေဝပ် ခံနိုင်ခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ခြင်း၊ ဝါကောက်ရန် လွယ်ကူခြင်း၊ ဝါထွက်**ကောင်း**ခြင်းတို့နှင့် အနည်းနှင့်အများပြည့်စုံသော ဝါမျိုး**ဖြစ်သည်။** ဝါကြိတ်သူတို့ လိုလားသော ဝါမျိုးမှာ ဂွမ်းထွက်**ကောင်း**ခြင်း၊ဝါစေ့မှ ဆီထွက်နှုန်းကောင်းခြင်းနှင့်ပြည့်စုံသော**ဝါမျိုး** ဖြစ်သည်။ ဂွမ်းထွက်ကောင်းသည့် ဝါ ပိသာတရာ **ကြိတ်**လျှင် ဂွမ်း ပိသာ ၄၀ ခန့်ရ၍ ညံ့သည့် ဝါ ပိသာ တရာ**ကို** ကြိတ်လျှင် ဂွမ်း ပိသာ ၃၀ ခန့်သာ ရသည်။ ဝါစေ့ ပိသာ တရာကြိတ်လျှင် ပျမ်းမျှ ဆီရှစ်ပိသာခန့် ရလေသည်။

မြန်မာနိုင်ငံတွင် ယခု စိုက်ပျိုးနေသည့် ဝါ ဧက ၆၅၀,၀၀၀ ခန့်မှ တနှစ်လျှင် ဂွမ်းပိသာ ၃၅ သန်းခန့် ထွက်သည့် အနက် ဝါကြီးနှင့် ဝါကလေး ဂွမ်းပိသာ ၁၀ သန်းခန့်ကို နိုင်ငံခြားသို့ တင်ပို့ရောင်းချရ၍ ခြည်မျှင်ရှည်ဝါနှင့် မလှိုင်နံပတ် ၅ နှင့် ၆ ဂွမ်းပိသာ ၂၅ သန်းခန့်ကို သမိုင်းခြည်မျှင်နှင့် အထည်စက်တွင် အသုံးပြုသည်။ ပြည်တွင်း ဖူလုံရန် တနှစ်လျှင် ဂွမ်းမျိုးကောင်း ပိသာ သန်း ၁၂၀ ခန့် လိုအပ်သဖြင့် တိုးချဲ့ စိုက်ပျိုးရန် စီစဉ် ဆောင်ရွက်လျက် ရှိလေသည်။ မြန်မာနိုင်ငံ၌ တိုးချဲ့ စိုက်ပျိုးရန် သင့်လျော်သော ဒေသများမှာ မိုးပါးသော ရပ်ဝန်းတွင်ရှိ၍ ရေသွင်းစိုက်ပျိုးနိုင်ပြီးလျှင် နုံးဆန်သော မြေမျိုးရှိသည့် ဒေသများ ဖြစ်လေရာ မြန်မာနိုင်ငံ အထက်ပိုင်း၌ တိုးချဲ့ စိုက်ပျိုးနိုင်သော ဒေသများ ရှိလေသည်။


ဝါဂွမ်းသည် လူသုံးပစ္စည်း အမြောက်အမြား ပြုလုပ်ရန် အသုံးဝင်လှပေသည်။ ယင်းမှ အဝတ်အစားနှင့် အိပ်ရာခင်းခြင်ထောင် စသော အိမ်သုံးအတွက် အထည်အလိပ် အမျိုးမျိုးကို ရက်လုပ်နိုင်သည့်ပြင် တိပ် ခေါ် ကော်ပါသော ကျပ်ကြိုး အမျိုးမျိုး၊ ပတ်တီး၊ စာအုပ်ချုပ်ရန် ပိတ်စ စသော ပစ္စည်း အသုံးအဆောင် အများအပြားအပြင်၊ မော်တော်ကားစသော ယာဉ်တို့အတွက် တိုင်ယာများ ပြုလုပ်ရာ၌လည်း ဝါခြည်မျှင်ကို အသုံးပြုရသည်။ ဝါခြည်မျှင်ဖြင့်ပိတ်အမျိုးမျိုး ရက်လုပ်နိုင်ရာ ကြမ်းတမ်း၍ အညံ့စားဈေးပေါသောအမျိုးအစားမှ ပိုးသားပမာ နူးညံ့သည့်ပြင် ခိုင်ခံ့၍ လေယာဉ်ပျံ တောင်ပံကို ဖုံးအုပ်ရန် အသုံးပြုနိုင်လောက်အောင် အမျိုး အစား ကောင်းမွန်သော ပိတ်မျိုးအထိ အစားစား ပါဝင်လေသည်။

လူသုံးပစ္စည်း ပြုလုပ်ရာ၌ ဝါမျှင်သာမက ဝါစေ့များကိုလည်း အသုံးချရသည်။ ဝါစေ့မှဆီကို စက်ဖြင့် ကြိတ်၍ ထုတ်ယူပြီးနောက် ကျန်ရစ်သော ဝါစေ့ဖတ်နှင့် ဝါစေ့ခွံတို့သည်လည်း လူသုံးပစ္စည်း ပြုလုပ်ရာ၌ အသုံးဝင်ကြသည်။ မြန်မာနိုင်ငံတွင် ချေးညှော် အထပ်ထပ် ချထပ်ပြီးသော ဝါစေ့ဆီသည် လက်ဖက်နှင့် စားသုံးသော ကြက်သွန်ဖြူ ကြော် ပဲကြော်များကြော်လှော်ရန်အတွက် အကောင်းဆုံး ဖြစ်သည်။ ဝါစေ့ဆီ၊ ဝါစေ့ဖတ်၊ ဝါစေ့ခွံတို့ဖြင့် ပြုလုပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com





စီးပွားရေး နယ်ပယ်တွင် တန်ဖိုးရှိလှသည့် ဝါဂွမ်းကို တောင်သူ ဦးကြီးများ အဝယ်ဒိုင်တခုသို့ လာရောက်ရောင်းချစဉ်

သော လူသုံး ပစ္စည်းများမှာ မာကျရင်း ထောပတ်မျိုး၊ ထောပတ်တုများ၊ ဝက်ဆီတု၊ ဆပ်ပြာ၊ စက္ကူ၊ ဖယောင်းတိုင်၊ နှုတ်ခမ်းဆိုးဆေး၊ အလှရည်၊ ရေခံစက္ကူ၊ ဖယောင်းပုဆိုး အပါးစား၊ ဓာတ်ကာပစ္စည်း၊ ချောဆီ၊ ပေါက်ကွဲစေတတ်သော ပစ္စည်း၊ ကျွဲစာ၊ နွားစာ၊ ဓာတ်မြေဩဇာ၊ သုတ်ဆေး စသည်တို့ ဖြစ်ကြလေသည်။

ဝါကြိတ်စက်တွင် ဝါဖတ်၍ ဂွမ်းနှင့်အစေ့ကို ခွဲထုတ်လိုက်ပြီးနောက်တွင် ဝါစေ့တွင် အမွေးနုံကလေးများ ကပ်ကျန်နေသေးသည်။ထိုအမွေးနုကလေးများကို အကြိမ်ကြိမ်ထပ်မံ ဖတ်ယူရသည်။ ယင်းသို့ ဖတ်ယူရရှိသော မွေးနုမျှင်ကလေးများသည်လည်း လူသုံးပစ္စည်း အမြောက်အမြားလုပ်ကိုင်ရာ၌ အသုံးချရသည်။ဆေးဝါးကုသရေးတွင် အသုံးပြုရသော ဂွမ်းနှင့် ပိတ်စိမ်းပါးတမျိုး၊ သားရေတု၊ မော်တော်ယာဉ်ပစ္စည်းများ၊ ကော်ဇော၊ လေယာဉ်ပျံ တောင်ပံသုတ်လိမ်းရသောပစ္စည်း၊ လျှပ်စစ်ဖက်ဆိုင်ရာ အချို့ပစ္စည်းများ၊ ကြိုတ် သက္ကလတ်၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ ယမ်းဆေး၊ ဓာတ်ပုံ ဖလင်ကော်ပြား၊ ရေယွန်ခေါ် ပိုးတုတမျိုး၊ ကြိုးအမျိုးမျိုး၊ အခိုးမထွက်သော ယမ်းမှုန့်၊ အရောင်တင်ဆီ၊ ဂွမ်းခက်စောင်နှင့် ဂွမ်းထိုး ဖတ်များ၊ သေနတ်ကာဖတ်၊ ဆံလျှူလှိုက်၊ ဆံလိုဖိန်း၊ ဆံလျှူလှိုနှင့် အချို့အလှကုန်ပစ္စည်းများ လုပ်ကိုင်ရာ၌ အဆိုပါ ဂွမ်းမျှင်နုကလေးများကို အသုံးပြုကြရလေသည်။

ဝါဂွမ်းမှ လူသုံးပစ္စည်း အမျိုးအမည် ရာထောင်မကာ ထုတ်လုပ်နိုင်ခဲ့သဖြင့် စီးပွားရေး နယ်ပယ်တွင် ယင်းသည် တန်ဖိုးရှိ၍ အရေးပါ အရာ ရောက်လှပေသည်။ သို့သော် ကုန်သွယ်မှု လောက၌ ဝါဂွမ်းကိုယှဉ်ပြိုင်၍ နေရာလုလျက်ရှိသော အခြားပစ္စည်းများလည်း ပေါ်ပေါက်ခဲ့သည်။ အထည်အလိပ်နယ်၌ ခြည်ထည်သည် သိုးမွေး၊ လင်နင်၊ ပိုး၊ ဖဲတို့နှင့် ယှဉ်ပြိုင်ရသည်။ ခြည်ထည်ကြမ်းများနယ်၌ နာနတ်လျှော်၊ ဂုံလျှော်၊ မနီလာလျှော် စသည်တို့နှင့် ယှဉ်ပြိုင်ရသည်။ အကြိတ်အနယ် အပြိုင်ရဆုံး ပစ္စည်းများကား ဓာတုဗေဒနည်းဖြင့် လုပ်ကိုင်ထားသော ဆင်သတစ် ခြည်မျှင်ဖြင့် ပြုလုပ်သည့် အထည်အလိပ်များဖြစ်ကြရာ ယင်းတို့မှာ ရေယွန်၊ နိုင်လွန်၊ ဗင်ယွန်နှင့် အရလက်တို့ဖြစ်ကြသည်။ ပဲပိစပ်၊ ဂျုံနှင့် ဖန်မှ ထုတ်လုပ်သော ခြည်မျှင်တို့နှင့်လည်း ဝါခြည်မျှင်သည် ယှဉ်ပြိုင်ရသည်။ ထူးဆန်းသည်မှာ ဝါဂွမ်း

www.burmeseclassic.com

www.burmeseclassic.com



မှ ထုတ်လုပ်သော ဆဲလျူလိုဖြင့် ပြုလုပ်သည့် ရေယွန်နှင့်လည်း ခြည်ထည်က ပြိုင်ရခြင်း ဖြစ်ပေသည်။ ပိုး၊ ဖဲ၊ ကတ္တီပါတို့သည် အဖိုးတန် အထည်အလိပ်များ ဖြစ်ကြသဖြင့်လူသုံးနည်းသော်လည်း ဆင်သတစ်ခြည်မျှင်များကို ပေါပေါရနိုင်သော ပစ္စည်းများမှ ထုတ်လုပ်ခြင်းဖြစ်၍ အဖိုးနည်းနည်းနှင့်ရောင်းချနိုင်သောကြောင့် လူသုံး များနိုင်ပေရာ ခြည်မျှင်ဖြင့် ရက်လုပ်သော အထည်အလိပ်များက ယင်းတို့နှင့်အကြိတ်အနယ် ယှဉ်ပြိုင်ရလေသည်။ သို့သော် ကြာရှည်ခိုင်ခံ့ခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ ဝတ်ဆင်ရာ၌ သက်သောင့်သက်သာ ရှိခြင်းတို့ကြောင့် ကမ္ဘာ့ဝါဈေးနှင့် ဝါစိုက်ပျိုးရေး အခြေအနေတို့သည် ရှည်ကြာစွာ တည်တံ့ခိုင်မြဲလျက် နေနိုင်ခဲ့လေသည်။

**ဝါ။** ။ဝါဟူသော ဝေါဟာရ စကားမှာ မြတ်စွာဘုရား ဒေသနာတော်အရ ရဟန်းတို့ ခေါ်ဝေါ်သုံးစွဲ အပ်သော သာသန ဝေါဟာရ၊ ဝိနယ ဝေါဟာရ စကားဖြစ်သည်။

ထို ဝေါဟာရစကားမှာ ဝါဆိုသည်၊ ဝါကပ်သည်၊ ဝါထပ်သည်၊ ဝါပန်သည်၊ ဝါကျိုးသည်၊ ဝါတွင်းဖြစ်သည်၊ ဝါပဖြစ်သည်၊ ဝါကျွတ်သည် စသည်တို့၌ ကိန်းအောင်း တည်နေခြင်းအနက်၊ အကျင့် သီလ သိက္ခာ အနက်တို့၌ ဖြစ်၏။

တဝါရသည်၊ နှစ်ဝါရသည်၊ ဝါကြီးသည်၊ ဝါငယ်သည် စသည်တို့၌ ရေတွက်အပ်သော နှစ်အနက်၊ အသက် အနက်၊ အကျင့်သီလ သိက္ခာ အနက်တို့၌ဖြစ်၏။ ထို့ကြောင့် ဝါ ဟူသော ဝေါဟာရ စကားနှစ်မျိုးတို့သည် အကျင့်သီလသိက္ခာ အနက်တချို့၌သာ တူကြ၍ ကြွင်းသော အနက်တို့၌ မတူ၊ ခြားနားကြသည်။

ထို ဝါ ဟူသော ဝေါဟာရ စကားနှစ်မျိုးလုံးသည်ပင် မြန်မာ ဝေါဟာရ စကားစစ်စစ် မဟုတ်၊ ဝဿ ပါဠိမှ ဿ ကို ဖြုတ်ပယ်၍ ဝ ကို အချနှင့် တွဲစပ်ကာ ဝါ ဖြစ်လာ၏ ဟု ယူဆရန်ရှိသည်။

ဝါနှစ်မျိုးတွင် ဝါဆိုသည် စသည်ဖြင့် သုံးစွဲသော ဝါ၏ အကြောင်းအရာ အတ္ထုပ္ပတ်ကား ဤသို့တည်း။ ။မြတ်စွာဘုရားပွင့်တော်မူပြီးနောက် ပဉ္စဝဂ္ဂီရဟန်းငါးဦးမှစ၍တပည့်သားရဟန်းတို့ တဖြည်းဖြည်းတိုးပွားလျက် သာသနာတော်ထွန်းကား လာခဲ့ရာ၊ မြတ်စွာဘုရား ပဌမဗောဓိ ခေါ် ဝါနှစ်ဆယ်အတွင်းမှာ ဝါဆို ဝါကပ်နှင့် စပ်လျဉ်းသော ဝိနည်းသိက္ခာပုဒ်ကို ခွင့်ပြုပညတ်ခြင်းမရှိသေး။ ထို့ကြောင့် ရဟန်းတို့သည် ဆောင်းဥတု၌ရင်း၊ နွေဥတု၌ရင်း၊ မိုးဥတု၌ရင်း ဥတုသုံးပါးလုံးပင် (တနှစ်လုံးပင်)မိမိတို့ အလိုရှိရာ အရပ်ဒေသသို့ ဒေသစာရီ ကြွချီလျက် ရှိကြ၏။

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ရဟန်းအပေါင်းနှင့် သီတင်းသုံးစဉ် ရဟန်းတို့သည် ဥတု သုံးပါးလုံးပင် ဒေသစာရီ ကြွချီကြကုန်၏။ ထိုအခါ လူတို့သည် သာသနာတော်မှ ပြင်ပဖြစ်သော တိတ္ထိတို့သော်မှလည်း မိုးလအတွင်း၌ ကိန်းအောင်း တည်နေကြသေး၏။ ငှက်တိရစ္ဆာန်တို့သော်မှလည်း သစ်ပင်ဖျားဝယ် အသိုက်လုပ်ကာ ကိန်းအောင်း တည်နေကြသေး၏။ သာကီဝင်မင်းသား ရဟန်းတို့ကား ကိန်းအောင်း တည်နေခြင်းမရှိပဲ စိမ်းလန်း၍ အသက်ရှင်နေသော မြက်သစ်ပင်တို့ကို နင်းနယ် ညှင်းဆဲကြကုန်လျက်၊ ပိုးမွှားငယ်တို့ကိုလည်း သေကြေပျက်စီးခြင်းသို့ ရောက်စေကြကုန်လျက် ဒေသစာရီ ကြွချီနိုင်ကြပါပေ၏ဟု ပြစ်တင်ကဲ့ရဲ့ကြသည်။

ထိုအခါ မြတ်စွာဘုရားသည် လူတို့ ပြစ်တင် ကဲ့ရဲ့သံကို ကြားသဖြင့် ရဟန်းတို့အား "ရဟန်းတို့....ဝါသို့ ကပ်ခြင်းငှာ (မိုးတွင်း သုံးလ၌ ကိန်းအောင်း တည်နေခြင်းငှာ)ခွင့်ပြုတော်မူ၏" ဟု ပညတ်ခွင့်ပြုတော်မူ၏။

ဝါကပ်ခြင်းသည် ပုရိမဝါကပ်ခြင်း၊ ပစ္ဆိမဝါကပ်ခြင်းဟု နှစ်ပါးဖြစ်သည်။ ယင်း နှစ်ပါးတို့တွင် ပုရိမဝါကို ဝါဆိုလပြည့်ကျော် တရက်နေ့ ညဉ့် အရုဏ်မတက်မီ "ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ" (ဤကျောင်းအာရမ် အတွင်း၌ ဤဝါတွင်းသုံးလပတ်လုံး ဝါသို့ကပ်ပါ၏။ နေပါ၏။) ဟု နှုတ်ဖြင့် သုံးကြိမ်ဆို၍ ကပ်ရသည်။

ကျောင်းအာရမ်မှတပါး ခွင့်ပြုအပ်သော စရပ်၊ တန်ဆောင်း၊ လှည်း၊ လှေ စသည်တို့၌ ဝါကပ်လိုမူ "ဣဓဝဿံ ဥပေမိ" (ဤအရပ်၌ ဝါသို့ကပ်ပါ၏။ နေပါ၏။)ဟု ဆို၍ ကပ်ရသည်။

အထူးအားဖြင့် ဝါကပ်သောအခါ အကာအာရမ်ရှိသော ကျောင်းဖြစ်လျှင် အကာအာရမ်ကို၊ အကာအာရမ်မရှိသော ကျောင်းနှင့် တပါးသောနေရာဖြစ်လျှင် အရပ်ဌာန တခုခုကို ပိုင်းခြား သတ်မှတ်၍ ထို ပိုင်းခြားသတ်မှတ်အပ်သည့် အတွင်း၌ ဝါကပ်ရသည်။ ဝါထပ်သော နှစ်ဖြစ်လျှင် ပဌမဝါဆိုလ၊ ဒုတိယဝါဆိုလဟု နှစ်လဖြစ်ရာ ဒုတိယ ဝါဆိုလပြည့်ကျော် တရက်နေ့ ညဉ့်၌ ဝါကပ်ရသည်။

ပစ္ဆိမဝါကို ဝါခေါင်လပြည့်ကျော်တရက်နေ့ ညဉ့်အရုဏ်မတက်မီ ဝါကပ်ရသည်။ ဝါကပ်ပုံမှာ ပုရိမဝါကပ်ပုံနှင့်တူ၏။

ပုရိမဝါကပ်သော ရဟန်းသည် သီတင်းကျွတ် လပြည့်နေ့ ပဝါရဏာပြုပြီး၊ သို့မဟုတ် လပြည့်ကျော် တရက်နေ့ ဝါကျွတ်သည်။

ပစ္ဆိမဝါကပ်သော ရဟန်းသည် တန်ဆောင်မုန်း လပြည့်နေ့ ပဝါရဏာပြုပြီး၊ သို့မဟုတ် လပြည့်ကျော် တရက်နေ့ ဝါကျွတ်သည်။

ပုရိမဝါဖြစ်စေ၊ ပစ္ဆိမဝါဖြစ်စေ ဝါကပ်ပြီးသော ရဟန်းသည် ဝါတွင်းသုံးလပတ်လုံး မိမိဝါကပ်သော ကျောင်းအာရမ်အတွင်းမှ၊ သို့မဟုတ် ပိုင်းခြား သတ်မှတ်သည့် အရပ်



www.burmeseclassic.com

www.burmeseclassic.com



ဌာနအတွင်းမှ တပါးသော အရပ်ဌာနသို့ ညဥ့်အိပ် မသွားရ၊ ခဏခေတ္တသွားလျှင်လည်း ညဥ့်အရုဏ်မတက်မီ မိမိ ဝါကပ်သည့် အရပ်ဌာနအတွင်းသို့ ပြန်ရောက်ရသည်။ ဝါကပ်သည့် အရပ်ဌာန၌ အရုဏ် တက်စေရသည်။ တပါးသော နေရာအရပ်၌ အရုဏ်တက်စေလျှင် ဝါကျိုး ဝါပြတ်သည်။ ဝါကျိုး ဝါပြတ်လျှင် အပြစ်ရှိသည်။

ဝါကပ်ပြီးသော ရဟန်းသည် ဝါတွင်း သုံးလအတွင်း၌ တစုံတခုသော အရပ်ဌာနသို့ ခွင့်ပြုအပ်သော တစုံတခုသော အကြောင်းကိစ္စဖြင့် ညဥ့်အိပ်သွားလိုလျှင် "အန္တော သတ္တာ ဟဗ္ဗန္တရေ ပဋိနိဝတ္တေဿာမိ" (ခုနစ်ရက် အတွင်း၌ တဖန် ပြန်လာပါမည်)ဟု ဝါကပ်ရာ အရပ်ဌာနအတွင်း၌ ဝါပန်၍ မိမိအလိုရှိရာ အရပ်ဌာနသို့ သွားရသည်။ သွားသော်လည်း တပါးသော အရပ်ဌာန၌ အလွန်ဆုံး ခြောက်ညဥ့်သာ အိပ်၍ ခြောက်ကြိမ်သာ အရုဏ်ခံရသည်။ ခုနစ်ကြိမ်မြောက် ညဥ့် အရုဏ်တက်စေလျှင် ဝါကျိုး ဝါပြတ်သည်။ အပြစ်လည်း ရှိသည်။ ရက်ကြာကြာ သွားလိုလျှင် ခုနစ်ရက်တကြိမ် ဝါကပ်သော အရပ်ဌာနသို့ပြန်လာပြီးလျှင် ယင်းခုနစ်ရက်နေ့ ညဥ့် အရုဏ်ခံပြီးမှ ရှစ်ရက်နေ့ တဖန် ဝါပန်၍ သွားရသည်။ ဤကား ဝါဆိုသည် စသည်ဖြင့် သုံးစွဲသော ဝါ၏ အကြောင်းအရာ အတ္ထုပ္ပတ်တည်း။

ထဝါရသည် စသည်ဖြင့်သုံးစွဲသော စကား၏အကြောင်းအရာ အတ္ထုပ္ပတ်ကား ဤသို့တည်း။

ရဟန်းများ ရဟန်းခံရာဝယ် ဥတ်ကမ္မဝါ အဆုံး ရဟန်းဖြစ်သော အချိန်၌ သက္ကရာဇ်၊ နှစ်၊ ဥတု၊ လ၊ ရက်၊ ဖဝါး၊ ဖိုလာ၊ နာရီ၊ မိနစ်နှင့်သိမ်၊ ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါဆရာ၊ ကာရက သံဃာ(အရံသံဃာ)တို့ကို စာအုပ်တအုပ်တွင် သေချာစွာ မှတ်သားထားရသည်။ ထိုသို့ မှတ်သားထားခြင်းမှာ ထိုရဟန်းသည် သာသနာ့ဘောင်၌ တည်နေသမျှ ကာလပတ်လုံး နှစ်တပတ်လည်လျှင် တဝါရပြီ၊ နှစ်ပတ်လည်လျှင် နှစ်ဝါရပြီ စသည်ဖြင့် ရဟန်း အသက်၊ ဝါ၊ သိက္ခာကို သိရှိနိုင်ရန်ဖြစ်သည်။

ထိုသို့ သိရှိမှ အတူနေ ရဟန်းတို့နှင့်ရှင်း၊ တပါးသော ရဟန်းတို့နှင့်ရှင်း တပါးနှင့်တပါး ဝါငယ်သည်၊ ဝါကြီးသည်၊ သိက္ခာငယ်သည်၊ သိက္ခာကြီးသည်တို့ကို သိနိုင်သည်။ ထိုသို့ သိနိုင်မှ မြတ်စွာဘုရား ခွင့်ပြု ပညတ်ထားသော သိက္ခာပုဒ်နှင့်အညီ ကျင့်ကြံနိုင်သည်။ သိက္ခာ ဝါနှင့် စပ်လျဉ်းသော သိက္ခာပုဒ်တို့ကား များပြားလှကုန်၏။

သာသနာ့ဘောင်၌ နေသမျှ ကာလပတ်လုံး ဝါငယ်သော ရဟန်းက ဝါကြီးသော ရဟန်းအား ခရီးဦး ကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ ရှိခိုးခြင်း၊ အရိုအသေပြုခြင်း၊ နေရာပေးခြင်း၊ ကျောင်းဦး၊ သင်္ကန်းဦး၊ ဆွမ်းဦး၊ ဆေးဦး ပေးခြင်း စသော ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုရသည်။

ရဟန်းတို့နှင့် သက်ဆိုင်သော သံဃကံ(သံဃ လုပ်ငန်းကိစ္စ)အရပ်ရပ်၌ရှင်း၊ စကားပြောဆို မေးမြန်းရာ၌ရှင်း ဝါငယ်သော ရဟန်းက ဝါကြီးသော ရဟန်းအား ပါဠိလို 'ဘန္တေ'မြန်မာလို'အရှင်ဘုရား'ဟူ၍ သုံးစွဲရသည်။ ဝါကြီးသော ရဟန်းက ဝါငယ်သော ရဟန်းအား ပါဠိလို 'အာဝုသော' မြန်မာလို 'ငါ့ရှင်'ဟု သုံးစွဲရသည်။

အထူးအားဖြင့် ဗဟုသုတနည်းပါးသော ရဟန်း အချို့နှင့် လူ ဒါယကာအချို့သည် ရဟန်းတပါး ပါး ဝါတွင်း သုံးလအတွင်း ဝါမကပ်သော်ရှင်း၊ ဝါကပ်ပါလျက် အကြောင်းတခုခုကြောင့် ဝါကျိုး ဝါပြတ်သွားသော်ရှင်း ထိုရဟန်းကို ရဟန်းသက် သိက္ခာဝါ လျော့နည်းသွားသည်ဟု မှတ်ထင်ကြ၏။ ဘယ်နှစ်ကြိမ်ပင် ဝါမကပ်ပဲနေသော်ရှင်း၊ ဝါကျိုး ဝါပြတ်သော်ရှင်း သိက္ခာ-ဝါ-လျော့နည်းသွားသည် မဟုတ်၊ ကြီးမြဲ ကြီး လာသည် သာတည်း။ အကြောင်းကား ရဟန်းဝါကို ရေတွက်မှတ်သားရာ၌ ဝါကပ်သော အကြိမ်၊ ဝါကျွတ်သော အကြိမ်တို့ဖြင့် ရေတွက် မှတ်သား ရသည် မဟုတ်။ ရဟန်းဖြစ်ပြီး မိနစ်၊ နာရီ၊ ဖိုလာ၊ ဖဝါး၊ ရက်၊ လ၊ ဥတု၊ နှစ် သက္ကရာဇ်တို့ဖြင့်သာ ရေတွက် မှတ်သားရသော ကြောင့်တည်း။

ဦးကြီးဖေ

**ဝါကျ။** ။လူတဦးတယောက်သည် မိမိ၏ စိတ်ကူး စိတ်သန်းများကို သူတပါးအား ကြားသိစေလိုလျှင် ဘာသာစကားဖြင့် ပြောဆို ရေးသား၍ ကြားသိစေနိုင်သည်။ ဘာသာစကား၏ ရင်းမြစ်သည် ဝါကျဖြစ်၍ "ဘာသာအစ ဝါကျက"ဟူ၍ ဆိုသင့်ပေသည်။

ဝါကျဆိုသည်မှာ အဓိပ္ပါယ် ပြည့်စုံသော စကားစုကို ဆိုလိုသည်။ ဝါကျ၏ အင်္ဂါတို့မှာ နာမ်၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန အစရှိသည်တို့ ဖြစ်၏၊ ဝါကျဖွဲ့ခြင်း အတတ်သည် နာမ်၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန အစရှိသော ဝါကျ၏ အင်္ဂါတို့အပေါ်တွင် တည်လျက်ရှိ၏။ ထိုအင်္ဂါတို့ကို အလိုရှိသည့်အတိုင်း စပ်ဟပ် စီစဉ်ခြင်းအားဖြင့် ဝါကျအမျိုးမျိုးတို့ကို ဖွဲ့နိုင်၏။

ဝါကျ၌ အယုတ်သဖြင့် ကတ္တား (နာမ်)နှင့် ကြိယာ ဟူသော အင်္ဂါနှစ်ခု ပါရှိ၏။ ကတ္တားသည် ပြုသူ ဖြစ်သူ ရှိသူကို ဆိုသည်။ ကြိယာသည် ပြုသည် ဖြစ်သည် ရှိသည်ကို ဆိုသည်။ မြန်မာဘာသာတွင် အဓိပ္ပါယ်မငုပ်ပါက ကတ္တားကို တခါတရံ မြုပ်ထားလေ့ ရှိရကား ဝါကျဖွဲ့ရာ၌ ကြိယာသည် ကတ္တားထက် ပို၍ အရေးကြီး၏။ ကြိယာသည် ဝါကျ၏ အချုပ်အချာဖြစ်၏။

ဝါကျတို့သည် ကြိယာတခုရှိသော ဝါကျ၊ ကြိယာနှစ်ခုရှိသောဝါကျ၊ ကြိယာ သုံးခုရှိသော ဝါကျ အစရှိသည်ဖြင့် ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



### ကြိယာတခုရှိသော ဝါကျဖွဲ့နည်းများ

(၁) ကတ္တားပုဒ်၊ ကြိယာပုဒ်တို့ဖြင့်ဖွဲ့သော ဝါကျ။
ပုံစံ – တောင် (ကတ္တား) ပြိုသည်။ (ကြိယာပုဒ်)

(၂) ကတ္တားပုဒ်၊ အဖြည့်ကတ္တား၊ ကြိယာပုဒ်တို့ဖြင့် ဖွဲ့သော ဝါကျ။
ပုံစံ–ဗာဝရီ ရသေ့ကား (ကတ္တားပုဒ်) အနာဂံ (အဖြည့်ကတ္တား) ဖြစ်၏။ (ကြိယာပုဒ်)

(၃) ကတ္တားပုဒ်၊ ကံပုဒ် ကြိယာပုဒ်တို့ဖြင့်ဖွဲ့သော ဝါကျ။
ပုံစံ – ယောကျ်ားသည် (ကတ္တားပုဒ်) မိန်းမကို (ကံပုဒ်) ကြည့်၏။ (ကြိယာပုဒ်)

(၄) ကတ္တားပုဒ်၊ ကံပုဒ်၊ အဖြည့်ကံ၊ ကြိယာပုဒ်တို့ဖြင့် ဖွဲ့သောဝါကျ။
ပုံစံ – ပြူမိဖုရားလည်း (ကတ္တားပုဒ်) မဟာသမ္ဘဝအား (ကံပုဒ်) မင်း (အဖြည့်ကံ) မြှောက်လေ၏။ (ကြိယာပုဒ်)

(၅) ကတ္တားပုဒ်၊ ကံပုဒ်၊ လက်ခံပုဒ်၊ ကြိယာပုဒ်တို့ဖြင့် ဖွဲ့သော ဝါကျ။
ပုံစံ – ဘေဒါရီကလည်း (ကတ္တားပုဒ်) အကြောင်းမျိုးကို (ကံပုဒ်) ခမည်းတော် ရှင်ရသေ့အား(လက်ခံပုဒ်)လျှောက်လေ၏။ (ကြိယာပုဒ်)

(၆) ကတ္တားပုဒ်၊ ထွက်ခွာရာ ပြသည့်ပုဒ်၊ ကြိယာပုဒ်တို့ဖြင့် ဖွဲ့သော ဝါကျ။
ပုံစံ–ပုဏ္ဏားတို့ (ကတ္တားပုဒ်) ကျွန်အဖြစ်မှ (ထွက်ခွာရာပြသည့်ပုဒ်)လွတ်လေသတည်း။ (ကြိယာပုဒ်)

(၇) ကတ္တားပုဒ်၊ ရွေ့ရှုရာပြသည့်ပုဒ်၊ ကြိယာပုဒ်တို့ဖြင့် ဖွဲ့သောဝါကျ။
ပုံစံ – တောင်ငူမင်းလည်း (ကတ္တားပုဒ်) တောင်ငူမြို့သို့ (ရွေ့ရှုရာ ပြသည့်ပုဒ်) ပြန်လေ၏။ (ကြိယာပုဒ်)

(၈) ကတ္တားပုဒ်၊ နေရာပြပုဒ်၊ ကြိယာပြပုဒ်တို့ဖြင့် ဖွဲ့သောဝါကျ။
ပုံစံ–မိုးကြိုး(ကတ္တားပုဒ်) နန်းမှာ (နေရာပြပုဒ်) ကျသည်။ (ကြိယာပုဒ်)

(၉) ကတ္တားပုဒ်၊ အချိန်ပြပုဒ်၊ ကြိယာပုဒ်တို့ဖြင့် ဖွဲ့သောဝါကျ။
ပုံစံ–ဤအိုင်သည်(ကတ္တားပုဒ်)ရှေးန္ဓက် (အချိန်ပြပုဒ်) မရှိ။ (ကြိယာပုဒ်)

(၁၀) ကတ္တားပုဒ်၊ အကြောင်းပြပုဒ်၊ ကြိယာပုဒ်တို့ဖြင့် ဖွဲ့သော ဝါကျ။
ပုံစံ–ထိုအစာတို့သည် (ကတ္တားပုဒ်) အကုသိုလ်ကြောင့် (အကြောင်းပြပုဒ်) ကွယ်ခဲ့ကုန်၏။ (ကြိယာပုဒ်)

(၁၁) ကတ္တားပုဒ်၊ ကံပုဒ်၊ အသုံးခံပုဒ်၊ ကြိယာပုဒ်တို့ဖြင့် ဖွဲ့သော ဝါကျ။
ပုံစံ–မဒ္ဒီမိဖုရားသည် (ကတ္တားပုဒ်)တိုက်တံခါးရွက်ကို (ကံပုဒ်) လက်ဖြင့် (အသုံးခံပုဒ်) ခေါက်၏။ (ကြိယာပုဒ်)

ကြိယာတခုရှိသော ဝါကျဖွဲ့နည်းတို့တွင် ကတ္တားနှင့် ကြိယာ နှစ်ပုဒ်တည်းဖြင့် ဖွဲ့သော ဖွဲ့နည်း (၁) သည် အတိုဆုံးသော ဝါကျ ဖြစ်သည်။ ဖွဲ့နည်း (၄)၊ (၅)၊ (၁၁) တို့သည် အရှည်ဆုံး ဖြစ်ကြသည်။

ပြောဆိုရေးသားရာ၌ ကြိယာတခုရှိသော ဝါကျတို့ချည်းနှင့်သာ နေရာတိုင်း မလုံလောက်ရကား ကြိယာ နှစ်ခုဝါကျ၊ ကြိယာသုံးခုဝါကျ အစရှိသည်ဖြင့် ဝါကျရှည်များကိုလည်း လိုအပ်သည့်အတိုင်း ပြောဆို ရေးသားကြရ၏။

ကြိယာ တခုမက ရှိသော ဝါကျတွင် ကတ္တားကြိယာပါဝင်သော စကားစုကို ပုဒ်စု ဟုခေါ်၏။ တခါတရံ ကတ္တား မြုပ်နေတတ်သည်။ သို့ဖြစ်၍–

"ဘကြီးတော် ပြေးလေသောကြောင့်သာ ဒလမြို့တွင် ငါနေသည်" ဟူသော ဝါကျ၌ "ဘကြီးတော် ပြေးလေသောကြောင့်သာ" ဟူသော ပုဒ်စုတခုနှင့် "ဒလမြို့တွင် ငါနေသည်" ဟူသော ပုဒ်စုတခု ပေါင်း နှစ်ခု ပါဝင်၏။ ထိုပုဒ်စု နှစ်ခုတို့တွင် ဒုတိယ ပုဒ်စုသည် ကတ္တား ကြိယာနှင့် ပြည့်စုံရကား မိမိဘာသာ တည်နေနိုင်သော ပုဒ်စု ဖြစ်၏။ 'နေသည်' ဟူသော အဆုံးသတ် ကြိယာပုဒ် ပါဝင်သောကြောင့် အဆုံးသတ် ပုဒ်စုဟု ခေါ်အပ်၏။ ပဌမ ပုဒ်စုကား ထိုသို့ မိမိဘာသာ တည်နေနိုင်သည်မဟုတ်၊ ကတ္တားနှင့် ကြိယာ ရှိသော်လည်း ဒုတိယ ပုဒ်စုကို ကြိယာဝိသေသနသဘောဖြင့် မှီလျက် ရှိ၏။ ဒုတိယ ပုဒ်စု၏ ရှေ့က နေသဖြင့် ပဌမ ပုဒ်စုကို ရှေ့ပြေးပုဒ်စု ဟုခေါ်အပ်၏။ ကြိယာတခုမက ဝါကျတွင် ရှေ့ပြေးပုဒ်စုသည် အဆုံးသတ် ပုဒ်စုကို မှီလျက် ရှိ၏။ အဆုံးသတ် ပုဒ်စုကား အနက်အားဖြင့် ရှေ့ပြေး ပုဒ်စုနှင့် ဆက်စပ်သော်လည်း မိမိဘာသာ တည်နေနိုင်၏။

ရှေ့ပြေး ပုဒ်စုတို့သည် ကြိယာဝိသေသန သဘော သက်ရောက်သကဲ့သို့ နာမ်သဘော သက်ရောက်၍ နာမ်ကဲ့သို့ အမှုဆောင်ရွက်သည်လည်း ရှိ၏။ နာမဝိသေသနသဘော သက်ရောက်၍ နာမဝိသေသနကဲ့သို့ အမှုဆောင်ရွက်သည်လည်း ရှိ၏။ သို့ဖြစ်၍ ကြိယာနှစ်ခု ဝါကျ၌ ရှေ့ပြေး ပုဒ်စုတို့သည် ကြိယာ (ဝိသေသနသဘော သက်ရောက်သော) ပုဒ်စု၊ နာမ် (သဘော သက်ရောက်သော) ပုဒ်စု၊ နာမဝိသေသန (သဘော သက်ရောက်သော) ပုဒ်စု ဟူ၍ သုံးမျိုးသုံးစား ရှိလေသည်။

ထိုကြိယာနှစ်ခုနှင့် ဝါကျဖွဲ့နည်းတို့အနက် ဆိုင်ပိုသော အဓိပ္ပါယ်အတိုင်း လိုအပ်သော ဖွဲ့နည်းတို့ကို ရှေးနှော၍



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့လျှင် ကြိယာနှစ်ခုမက ဝါကျများ ဖြစ်လာ၏။ ယင်းသို့ ရောနှော၍ ဖွဲ့ရာ၌လည်း ကြိယာတခုပြီးတခု ဆက်လက် ပြုလုပ်သည်ကို ပြသော '၍' ပစ္စည်းကို အသုံးများ၏။

ပုံစံ—ကိန္နရာ ကိန္နရီတို့သည် ဘုရားလောင်းကို ခြံရံ၍ သစ်သီးကြီးငယ်တို့ကို ဆွတ်ယူ၍ ဘုရားလောင်းအား ပေး ကုန်၏။

ထိုပြင် မေးခွန်းဝါကျ၊ မဟုတ်ဝါကျ (မဟုတ်ကြောင်း ပြသော ဝါကျ)၊ ညွှန်ကြားခြင်း စသည်တို့ကို ပြသော ဝါကျများလည်း ရှိသေး၏။

**မေးခွန်းဝါကျ**

(၁) ဟုတ်သည် မဟုတ်သည် ဟူ၍ အဖြေလိုသော မေး ခွန်းများ။

(က) "လော"သည် မေးခွန်း ဝါကျ၏ အဆုံးသတ် ပစ္စည်း ဖြစ်သည်။

ပုံစံ—ဘုရားရှင်သည် စိတ္တကုတ်တောင်သို့ ကြွတော် မူလေသလော။

(ခ) "လား" ကိုလည်း အသုံးပြုနိုင်သည်။

ပုံစံ—ဘုန်းတော်ကြီးဘုရား မာတော်မူပါလား။

(၂) ဟုတ်သည် မဟုတ်သည် ဟူ၍ မဖြေနိုင်သော မေး ခွန်းများ။

(က) "နည်း" သည် မေးခွန်းဝါကျ၏ အဆုံးသတ် ပစ္စည်း ဖြစ်သည်။

ပုံစံ— ဘုရား ဟူသည်ကား အဘယ်သို့သောသူ နည်း။

(ခ) "လဲ" ကိုလည်း အသုံးပြုနိုင်သည်။

ပုံစံ—ထိုးစံ ဘယ်မှာ ရှိသလဲ။

**မဟုတ်ဝါကျ (မဟုတ်ကြောင်းပြသော ဝါကျ)။**

(၁) အဟုတ်ဝါကျကို မဟုတ်ဝါကျသို့ ပြောင်းလိုလျှင် အဟုတ်ပြပစ္စည်း 'သည်' '၏' တို့ကို ချေ၍ 'မ' ကို ကြိယာရှေ့က ထား၏။

ပုံစံ— သူတော်ကောင်း ဥစ္စာကို ရေမှာပစ်လည်း မနစ်၊ မီးမှာပစ်လည်း မခြစ်၊ (သူတော်ကောင်း ဥစ္စာကို ရေမှာပစ်လည်း နစ်၏၊ မီးမှာပစ်လည်း ခြစ်၏ ဟုဆိုလျှင် အဟုတ်ဝါကျ ဖြစ်ရာ၏။)

(၂) အထက် (၁) အတိုင်း ဖွဲ့သော မဟုတ်ကြိယာ နောက်က ကာလ ပစ္စည်း စသည်တို့ဖြင့် ဝါကျကို အဆုံးသတ်၏။

ပုံစံ— ဟုတ်သည့်အတိုင်းဆို၊ မဆိုသော် သင့်အသက် မရှိပြီ။

(၃) 'မ' ကို 'ဘဲ'(ပဲ) နှင့်ဖက်၍ အသုံးပြုနည်း။

(က) ရှေးပြေးပုဒ်စု၌သာ အသုံးပြုသည်။ 'မ' နှင့် 'ဘဲ' အကြားတွင် ကြိယာကို ထား၏။

ပုံစံ— ငါသည် စားဦးကို မလှူဘဲ စားလေ့မရှိ။

(ခ) 'ဘဲ' အစား 'မူ၍' ကိုလည်း အသုံးပြုနိုင်သည်။

ပုံစံ— သုဇာတသူကြွယ်သည် တပါးသော မာတုဂါမကို မကြည့်မူ၍ နတ်သမီးကိုသာ တောင့်တ၍ သေလေ၏။

(၄) 'မ' ကို 'မီ' နှင့်ဖက်၍ အသုံးပြုနည်း။

ရှေးပြေး ပုဒ်စု၌သာ အသုံးပြုသည်။ 'မ' နှင့် 'မီ' အကြား တွင် ကြိယာရှိ၏။

ပုံစံ—မဒ္ဒီဒေဝီ မလာမီ (ငါ) သွားအံ့။

('မီ' အစား 'ခင်' ကိုလည်း သုံးနိုင်သည်။)

(၅) အဟုတ်ဝါကျကို မဟုတ်ဝါကျသို့ ပြောင်းလိုလျှင် 'မဟုတ်' ဟူသော စကားနှင့် အဆုံးသတ်နိုင်သည်။

ပုံစံ—လင်းဇင်း အမှုအမတ်တို့သည် ပျပ်ဝပ်ကျိုးနွံမည် မဟုတ်။

(၆) (က) အဓိပ္ပါယ်လေးနက်စေလိုလျှင် မဟုတ်ကြိယာ နောက်က 'ဘူး' 'ဖူး' ဖြင့် အဆုံးသတ်၏။

ပုံစံ—ငါမမြင်ပါဘူး။

(ခ) မည်သည့်အခါမျှ အပြုအမူ အဖြစ်အပျက် မရှိခဲ့ကြောင်း ပြလိုလျှင် 'ဘူး' အစား 'စဘူး' 'စဖူး' "ဘူး ဘူး" တို့ကို အသုံးပြု၏။

ပုံစံ—ငါ ဤမျှသော ကာလပတ်လုံး မြက်မရိတ်စဘူး။

ကြားမျှ မကြားစဖူး။

သည်အရွှေ့မကို တခါမျှ ကြားလဲ မကြားဘူးဘူး မြင်လဲ မမြင်ဘူးဘူး။

(၇) အဓိပ္ပါယ် လေးနက်စေလိုလျှင် 'မ' တလုံး ကြိယာ တလုံး ထပ်ကာ သုံးလေ့ရှိ၏။

ပုံစံ—ထား မကူ၊ လှံမကူ၊ ပြည်သူ မပန်းမနွမ်းစေရ။

(၈) တားမြစ်ခြင်း အနက်ကို အလိုရှိလျှင် မဟုတ်ကြိယာ နောက်က —

(က) 'နှင့်' 'လင့်' တို့ဖြင့် အဆုံးသတ်သည်။

ပုံစံ—သောက်ယောင်သာပြု၊ မသောက်နှင့်၊

ဆရာ မကြောက်လင့်

(ခ) 'ရ' ဖြင့် အဆုံးသတ်သည်။

ပုံစံ—နောင် သည်ကဲ့သို့ မပြုမကျင့်ရ၊

(၉) 'မ' ကို 'ခြင်း' နှင့်ဖက်၍ အသုံးပြုနည်း။

ပုံစံ—ငါမလာမခြင်း တံခါးမပိတ်နှင့်ဦး။

**ညွှန်ကြားခြင်း စသည်တို့ကို ပြသော ဝါကျများ။**

(၁) ညွှန်ကြားခြင်းအနက်ကို ပြလိုလျှင် —

(က) ပစ္စည်းမဲ့ ကြိယာသက်သက်နှင့် ဝါကျကို အဆုံး သတ်နိုင်သည်။

ပုံစံ—ငါတို့ ခနစ်ယောက် ညီမှပေး။

(ခ) 'လော့' နှင့် ဝါကျကို အဆုံးသတ်နိုင်သည်။

ပုံစံ—လျင်လျင် ပေးလိုက်လော့။



www.burmeseclassic.com

www.burmeseclassic.com



(ဂ) 'ရမည်' နှင့် ဝါကျကို အဆုံးသတ်နိုင်သည်။
ပုံစံ—သင်မူကား ငါ့အလိုတော်ကိုသာ လုံခြုံစွာ စောင့်ရှောက်ရမည်။
(ဃ) 'ခဲ့' ခဲ့လေ့' တို့ကို အသုံးပြုနိုင်သည်။
ပုံစံ—ငါနှင့် လိုက်ခဲ့။
ငါ့ထံ ထားခဲ့လေ့။
(င) 'စေ' 'စေလေ့' တို့နှင့် ဝါကျကို အဆုံးသတ်နိုင်သည်။
ပုံစံ—ခိုးသူကို ဖမ်းပါစေ။
သင်တို့အား စိုးအုပ် စီမံ ကွပ်ကဲစေလေ့။
(၂) ခွင့်ပန်ခြင်းအနက်ကို ပြလိုလျှင် 'ပါရစေ' နှင့် ဝါကျကို အဆုံးသတ်သည်။
ပုံစံ—ထို့ကြောင့် ကျွန်ုပ်လင်နှင့်အတူ လိုက်ပါရစေ။
(၃) ကျိန်ဆဲခြင်း၊ ဆုတောင်းမေတ္တာပို့ခြင်း၊ သစ္စာရှိခြင်း အနက်တို့ကို ပြလိုလျှင် 'ပါစေ' 'စေသား' 'စေသော' 'စေသတည်း" တို့နှင့် ဝါကျကို အဆုံးသတ်သည်။
ပုံစံ—ငါတို့ ဆရာရဟန်းလည်း ကျန်းခံ့ပါစေ၊ အနာကင်းပါစေ။
မြေပြင်အလုံး၌ မနုနန္ဒမင်းသား အကျိုးမဲ့သာ ဖြစ်စေသား။
ဤအရာသည် ဝန်ရှင်တော် မင်းကြီးအား နှစ်သိမ့်သည် ဖြစ်စေသော။
ငါ့သား သုဝဏ္ဏသာမအား မြားဆိပ်ပျောက်စေသတည်း။
(၄) အတူတကွ ဆောင်ရွက်လိုခြင်း အနက်ကို ပြလိုလျှင် 'စို့' ကို အသုံးပြုသည်။
ပုံစံ—ကျွန်းဖြစ်ပုံကို အလုံးစုံ သိရအောင် ကျွန်ုပ်ကြည့်လယ်စမ်းကြစို့၊ မောင်မင်းများ။

**ဝါခေါင်လ။** ။ဝါခေါင်လသည် မြန်မာလ တဆဲ့နှစ်လတွင်ပဉ္စမလဖြစ်၏။ မိုးဥတုတွင် ပါဝင်သည်။ ဝါခေါင်လကို ရှေးအခါက 'နံကာလ' ဟုလည်းခေါ်ကြ၏။ ပုဂံခေတ်ကျောက်စာများတွင် ဝါခေါင်ဟူ၍ငင်း၊ နံကာလ ဟူ၍ငင်း အရေးအသား နှစ်မျိုးလုံးကို တွေ့ရ၏။ နံကာလ အကြောင်းကို ဝေါဟာရလီနတ္ထ ဒီပနီကျမ်း၌—

"ထိုနံကာလ သဘော အဓိပ္ပါယ်ကို ကြံသော် အဘိဓာန် ကျမ်းတွင် သာဝဏော၊ နံကာလ၊ နိက္ခမနီယော၊ နံကာလဟူ၍ ပရိယာယ် နှစ်ပုဒ်ပြသည်။ အဘိဓာန် ဋီကာတွင် အန္တော ဝီထိတော ဗဟိနိက္ခမတိ သူရိယောတွောတိ နိက္ခမနီယော၊ အဓိကရဏေ အနီယော ဟူ၍ ဖွင့်သည်။ အနက်ကား၊ တွေ၊ ဤကာလ၌။ သူရိယော၊ နေသည်။ အန္တော ဝီထိတော၊ အတွင်း ခရီးမှ။ ဗဟိဝီထိ၊ ပြင်ခရီးသို့။ နိက္ခမတိ၊ ထွက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ နိက္ခမနီယော၊ နိက္ခမနီယမည်၏။ အဓိကရဏေ၊ အဓိကရဏ သာဓန၌။ အနီယော၊ အနီယပစ္စည်းတည်း ဟူ၍ ဆိုသည်။ နိက္ခမနီယ သဒ္ဒါ ရွေလျော၍ မြန်မာဘာသာ နံကာလ ဝေါဟာရဖြစ်သည် ယူရန်ရှိ၏။"

ဟူ၍ ဖော်ပြထားလေသည်။ နံကာလ၏ အနက် အဓိပ္ပါယ်ကို လယ်လုပ်ချိန်၊ ထွန်ထယ်ချိန်၊ စိုက်ပျိုးချိန်၊ လယ်လုပ်ချိန်လ၊ ထွန်ထယ်ချိန်လ၊ စိုက်ပျိုးချိန်လ ဟူ၍ ယူဆသည်လည်းရှိ၏။ ဗေဒင်အခေါ် အားဖြင့် ဝါခေါင်လကို သိဟ်ရာသီဟု ခေါ်၏။ ထိုရာသီတွင် သရဝဏ်နက္ခတ်နှင့် လမင်းတို့ ယှဉ်ပြိုင်ကာ မွန်းတည့်၏။ ဖုသျှနက္ခတ်နှင့် နေမင်း ယှဉ်ပြိုင်လေသည်။ ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်၏။ ရာသီပန်းမှာ ခတ္တာပန်းတည်း။

ဝါခေါင်လတွင် ရှေးမြန်မာမင်းများ ရှိစဉ်အခါက ရာသီပွဲတော်အဖြစ် စာရေးတံပွဲသဘင်ကို ဆင်ယင်ကျင်းပလေ့ရှိသည်။ ဤကိုရည်၍ ဦးယာ၏ ဆဲ့နှစ်ရာသီဘွဲ့လူးတား ဝါခေါင်လဘွဲ့၌—

"ရတုဝါခေါင်၊ တိမ်တောင်ပတ်ယှက်၊ သည်ရက်အခါ၊ မြတ်စွာထွတ်ထား၊ ရွှေစကားတွင်၊ ပွဲများခြိမ့်ခံ၊ စာရေးတံဟု၊ စီမံခင်းကျင်း၊ မင်းသားတသီး၊ မင်းသမီးနှင့်၊ မှူးကြီးမတ်ရာ၊ မြတ်သဃာတို့၊ ရတနာထွေပြား၊ အပါးပါးနှင့်၊ သကြားကြံချို၊ ဆိမ့်ယိုအုန်းသီး၊ ပျော့သီး ရွှေရောင်၊ မြဒေါင်းပေါင်တွင်၊ အသာတင်၍၊ သဘင်ခံပွဲ၊ ညံမစဲသား၊ ပုလဲရွှေမြင်၊ ငါးအင်ကလျာ၊ မိုးသူဇာသို့၊ ဖလ်ပြာတကောင်း၊ ရှိစုံပေါင်း၍၊ ဝပ်ညောင်းပန်ကြား၊ လျှောက်ဆိုထားသည်။"

ဟူ၍ စပ်ဆိုထား၏။ ထိုပြင် ဝါခေါင်လသည် တောင်ပြုံး ညီနောင် နတ်ပွဲများ ကျင်းပသောလ ဖြစ်သည်။ ထိုနတ်ပွဲအတွက် လှေပွဲများလည်း ပြုလုပ်သည်ဟု ဆိုလေသည်။ ဤကို ရည်၍ ဦးအောင်ကြီး၏ အင်းဝမြို့ဘွဲ့ ဆဲ့နှစ်ရာသီလူးတား ဝါခေါင်လဘွဲ့၌—

"ဝါခေါင်လကား၊ ကျောင်းမှမကွာ၊ ထေရ်သံဃာတို့၊ သဒ္ဒါရှင်လန်း၊ ဆွမ်းပန်း ကျွေးဟန်၊ စာရေးတံနှင့်၊ ကောင်းမွန် စီရင်၊ သဘင်ဒါန၊ လှူဒါန်းကြလျက်၊ ရှေးကထိမ်းမှတ်၊ ညီနောင်နတ်ကို၊ ရည်ညွှတ်သောင်သဲ၊ တက်စမြဲနှင့်၊ လှေပွဲများစွာ၊ မြစ်ရောဝယ်၊ ကြော်ငြာ သံကျူး၊ ပြိုင်ကြမြူးသည်။"

ဟူ၍ စပ်ဆိုထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါခေါင်လတွင် နံနက် စက်နာရီ ၅ နာရီ မိနစ် ၄၀ ၌ နေထွက်၍ ညနေ စက်နာရီ ၆ နာရီ ၂၉ မိနစ်တွင် နေဝင်သည်။ မြန်မာ နာရီအားဖြင့် နေ့ ၃၄ နာရီ၊ ည၌ ၂၆ နာရီရှိသည်။ ဤကို ရည်၍ ဦးယာက —

"တောင်လေသွဲ့၍၊ ရွာတဲ့မလို၊ ငွေသဲပျိုက၊ ရေညိုနဒီ၊ လှိုင်းလုံးချီ၍၊ ရာသီထိနှ၊ သည်မာသတွင်၊ ဇယတြိ၊ နေ့ရှိနာရီ၊ မမှီည၌ရောက်၊ နှစ်ဆယ့်ခြောက်တည်း။"

ဟူ၍ စပ်ဆိုခဲ့၏။

ဝါခေါင်လမှာ ရက်မစုံ ကွယ်သောလ ဖြစ်သောကြောင့် ရက်ပေါင်း ၂၉ ရက်ရှိသည်။ ဝါခေါင်လတွင် ကြာသပတေးနှင့် စနေမှာ ပြဿဒါးနေ့များဖြစ်၍ ဗုဒ္ဓဟူးနှင့် သောကြာမှာ ရက်ရာဇာများ ဖြစ်ကြသည်။

**ဝါဆောမြို့။** ။ဝါဆောမြို့သည် ပိုလန်နိုင်ငံ၏မြို့တော် ဖြစ်၍ ဗစ္စတျူလာမြစ်၏ လက်ဝဲဖက်ကမ်းပေါ်တွင် တည်ရှိသည်။ မြေသြဇာကောင်းသော နယ်မြေ၏ အလယ်ဗဟို၌ ရှိ၍ငှင်း၊ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းတို့ဖြင့် လွယ်ကူစွာ ဆက်သွယ်နိုင်သောကြောင့်ငှင်း ဥရောပတိုက် အရှေ့ပိုင်းတွင် ကုန်သွယ်ရေးလုပ်ငန်း၌ ထင်ရှားသောမြို့ ဖြစ်သည်။ စက်ကရိယာ၊ သတ္တုထည်၊ ရထားတွဲ၊ အိမ်ထောင်ပရိဘောဂနှင့် အထည်အလိပ်တို့ကို ထုတ်လုပ်သည်။ စိုက်ပျိုးရေးနှင့် တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းကိုလည်း အကြီးအကျယ် လုပ်ကိုင်သည်။

ဝါဆောမြို့သည် ယခင်အခါက ဈေးဟောင်း နန်းတော်ကြီးများ၊ ဘုရားရှိခိုးကျောင်းများ၊ ပြတိုက်နှင့် စာကြည့်တိုက်များ၊ ပြည်သူ့ ပန်းခြံများဖြင့် စည်ပင်သာယာသော မြို့ကြီး ဖြစ်ခဲ့သည်။ အထူးသဖြင့် ၁၃ ရာစုနှစ်က တည်ဆောက်ခဲ့သော စိန့်ဂျွန်း ကသီဒရယ် ဘုရားရှိခိုးကျောင်းသည် ထင်ရှား၏။ သို့ရာတွင် ဒုတိယ ကမ္ဘာစစ်အတွင်းက ဝါဆောမြို့သည် စစ်ဒဏ်ကို ပြင်းထန်စွာ ခံခဲ့ရသဖြင့် တမြို့လုံးနီးပါးမျှ ပျက်စီးခဲ့လေသည်။ စစ်ပြီးခေတ်တွင် ပြန်လည်တည်ဆောက်သော အဆောက်အအုံများအနက် ကမ္ဘာကျော် ရူပဗေဒပါရဂူ ပိုလန်အမျိုးသမီး မာရီကျူးရီး အထိမ်းအမှတ် ဆေးရုံမှာ ထင်ရှားသည်။ (ကျူးရီး၊ အမ် — လည်းရှု။)

ဝါဆောမြို့သည် ၁၆၅၅ ခုနှစ်မှစ၍ နိုင်ငံခြားမင်း တလက်မှ အခြားတလက်အောက်သို့ ပြောင်းလဲကျရောက်ခဲ့ရသည်။ ဆွီဒင်နိုင်ငံ၊ ဩစတြီးယားနိုင်ငံ၊ ရုရှနိုင်ငံတို့က တလှည့်စီ အုပ်စိုးခဲ့ကြပြီးလျှင် ပဌမ ကမ္ဘာစစ်အတွင်းက ဂျာမန်တို့၏ လက်အောက်သို့ ကျရောက် ခဲ့ရလေသည်။ ၁၉၁၉ ခုနှစ်တွင် လွတ်လပ်သော ပိုလန်နိုင်ငံ၏ မြို့တော်အဖြစ်ကို ပြန်လည်ရရှိလေသည်။ တဖန် ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာသောအခါ ဂျာမန်လေတပ်မှ ဗုံးကြဲတိုက်ခိုက်ခြင်းကို ပြင်းထန်စွာခံခဲ့ရသည်။ ဂျာမန်တို့သည် ဝါဆောမြို့ကို ငါးနှစ်မျှ သိမ်းပိုက်ခဲ့ရာ ၁၉၄၅ ခုနှစ် ဇန်နဝါရီလသို့ ရောက်ခါမှ ရုရှတပ်များက တိုက်ခိုက် အောင်မြင်သဖြင့် ဂျာမန်တို့သည် မြို့ကို လက်လွှတ်ခဲ့ကြလေသည်။ ထို့နောက် ဝါဆောမြို့သည် ပိုလန်နိုင်ငံ၏ မြို့တော် ဖြစ်လာပြန်သည်။ လူဦးရေမှာ ၁၉၆၄ ခုနှစ် ခန့်မှန်းခြေအရ ၁,၂၄၁,၀၀၀ ယောက် ရှိလေသည်။

**ဝါဆိုလ။** ။မြန်မာ တဆဲ့ နှစ်လတွင် စတုတ္ထလ ဖြစ်သော ဝါဆိုလသည် မိုးဥတုတွင် ပါဝင်သည်။ ဝါထပ်သည့် နှစ်များတွင် ဝါဆိုလကို နှစ်လပြုကာ ပဌမဝါဆို ဒုတိယဝါဆို ဟူ၍ ဝါထပ်၏။

ဝါဆိုလကို ပုဂံခေတ်ထိုး ကျောက်စာတို့၌ လှိုယ်တာ၊ မြှယ်တာ ဟူ၍ ရေးသားသည်။ တခါတရံ နွယ်တာ၊ နွေတာ ဟူ၍လည်း ရေးသား၏။ ထိုနွယ်တာ၊ နွေတာတို့၏အနက်ကို ဝေါဟာရ လီနတ္ထဒီပနီတွင် နွေတာမှ ရွေ့လျော၍ နွယ်တာဖြစ်လာကာ နွေသည် နွေဥတု ရာသီ ဟောသည်။ တာသည် ပါဠိဘာသာ အတီတ ပုဒ်ပျက်၊ အတိတ်ဟောသော်ငှင်း၊ အန္တ ပုဒ်ပျက် အဆုံးအဖျား ဟောသော်ငှင်း ဖြစ်သည်။ ဝါဆိုလပြည့်နေ့တွင် နွေဥတုရာသီ ကုန်ဆုံး၍ အတိတ်ဖြစ်လာသောကြောင့် အဆုံးအဖျား အပိုင်းအခြား ရောက်သည် ဖြစ်၍ နွေတာလ ဟုခေါ်သည် စသည်ဖြင့် ဖော်ပြထား၏။ ဝါဆို ဟူသောစကားတွင် ဝါသည် ပါဠိ ဘာသာ နေခြင်းဟော ဝဿပုဒ်ပျက် ဖြစ်သည် ဆိုသည်။ မြန်မာဘာသာ ရွတ်ခြင်း ဟောသည်။ ဝါဆို ဟူသည်မှာ ရဟန်းတော်တို့သည် မိုးသုံးလအတွင်း အခြားတပါးသို့ အကြောင်းမဲ့ မသွားရပဲ မိမိတို့၏ ကျောင်းအရံ အတွင်း၌ နေခြင်းဖြစ်လေသည်။ (ဝါ — ရှု။) ဤသို့ ရဟန်းတို့ ဝါဆိုသည်ကို စွဲ၍ ဝါဆိုလဟုခေါ်သည်။

ဝါဆိုလကို ဗေဒင်အခေါ်အားဖြင့် ကရကဋ်ရာသီခေါ်သည်။ ထိုရာသီတွင် ပုပ္ပသနှင့် လမင်းတို့ ယှဉ်ပြိုင်ကာ မွန်းတည့်၏။ ဖုသျှနက္ခတ်နှင့် နေမင်းတို့ ယှဉ်ပြိုင်လေသည်။ ရာသီရုပ်မှာ ဗုဇွန်လုံးဖြစ်၏။ ရာသီပန်းမှာ ပုန်းညက်ပန်း၊ မြတ်လေးပန်းတည်း။ ဤကိုရည်၍ ဦးယာက—

"ပျံ့မွှေးဝတ်ဆံ၊ ရိုးတံမြရွက်၊ ပုန်းညက်ရွှေလော်၊ မွှေးပေါင်းဖျော်၍၊ တောင်တော် မြင့်ဖျား၊ မြင့်မိုရ်ခါးက၊ ပတ္တမြားဗိမာန်၊ ပုပ္ပသနှင့်၊ ယုဂန္ဓိုရ်မှ၊ လှည့်သွားကြသော်၊ နောက်ကမက္ကာ၊ ဗျိုင်းတာရာဝယ်၊ ညီညာခံသ၊ ရောင်ထွန်းပလ္လင်၊ ဖုသျှနက္ခတ်၊ ဖန်နေနတ်နှင့်၊ လှည့်ပတ်ညီစွာ၊

www.burmeseclassic.com

www.burmeseclassic.com



သွားသောခါတွင်၊ မမြင်ဘဝါး၊ အသဉ်းညားချွဲ၊
ပန်းများလှိုင်ကြူ၊ မဉ္ဇူရွှေခက်၊ ပုန်းညက်ကြိုင်
သော်”

ဟူ၍ ဆဲ့နှစ်ရာသီဘွဲ့ လူးတား၌ ရေးစပ်ထား၏။

ဝါဆိုလတွင် ရှေးမြန်မာမင်းများ ရှိစဉ်အခါက ပဌွင်းတော်ခံပွဲများ ကျင်းပမြဲဖြစ်၏။ ယင်းသို့ မြန်မာမင်းတို့ ပဌွင်းတော်ခံပွဲ ကျင်းပသည်ကို ရည်၍ ဦးအောင်ကြီးက အင်းဝမြို့ဘွဲ့ ဆဲ့နှစ်ရာသီလူးတား ဝါဆိုလဘွဲ့တွင် —

“သာစွလေ၊ မှိုင်းဝေညိုမျှ၊ ကောင်းကင်ဝဝယ်၊
လနှင့် အာသဠ်၊ ပြည့်ဝရန်လျက်၊ ယဉ်ထန်ရေရှူး၊
မိုးလေဦးနှင့်၊ ကြိုင်မွှူးမြေက်၊ ပုန်းညက်သရဖီ၊ ပွင့်
ချင်းညီ၍၊ ရာသီလှည့်ပတ်၊ ကရကဋ်ဟု၊ နတ်လည်း
စက်လို၊ လဝါဆိုကား၊ မြင့်မိုမာဃ၊ ဒေဝိန္ဒသို့၊ မင်း
မျှော့သခင်၊ ဆင်စီရင်၍၊ ထမ်းစင်ယာဉ်သာ၊ ရွှေ
ချက်ကာလျက်၊ရတနာပေါင်းဖျင်၊ စီရင်ခင်းကျင်း၊
သိကြားမင်းသို့၊ တင့်ခြင်းဆောင်ရွက်၊ စံစေလျက်
တည့်၊ ဘဝဂ်ထိန်ကျော်၊ ပဌွင်းတော်ကို၊ ရွှေလှော်
မွှမ်းရုံ၊ ရွှေစည်းခုံဝယ်၊ သုံးဘုံဝဠ်မှ၊ လွှတ်စေရသား၊
ဂေါတမမုနိ၊ သီရိကြိမ်ကြိမ်၊ မြတ်သည့်သိမ်သို့၊ငြိမ်
ဆိမ်လည်းဝင်၊ သိက္ခာတင်သည်၊ ပဌွင်းတော်မြတ်
ရဟန်းတည့်လေး”။

ဟူ၍ ဘွဲ့ဆိုခဲ့၏။

ရွှေဗျိုင်းတာရာ ထွန်းပသည့် ဝါဆိုလတွင် နံနက်စက်နာရီ ၅ နာရီ ၂၉ မိနစ်တွင် နေထွက်၍ ညနေ စက်နာရီ ၆ နာရီ ၄၃ မိနစ်တွင် နေဝင်သည်။ မြန်မာနာရီအားဖြင့် နေ့ ၃၆ နာရီ၊ ည ၂၄ နာရီရှိသည်။ ဤကိုရည်၍ ဦးယာက ဆဲ့နှစ်ရာသီဘွဲ့ လူးတား ဝါဆိုလဘွဲ့တွင် —

“သည်ရာသီတွင်၊ နာရီနေ့ကို၊ သုံးဆယ်ဆိုရှင့်၊
စွန်းပိုခြောက်ခု၊ ကြွင်းစုနာရီ၊ ညဥ့်သို့စီသော်၊ မညီ
အရေး၊ နှစ်ဆယ့်လေးတည့်”။

ဟူ၍ စပ်ဆိုခဲ့၏။

ဝါဆိုလတွင် အင်္ဂါနှင့် ရာဟုခေါ်သော ဗုဒ္ဓဟူးနေ့မွန်းလွဲပိုင်းမှာ ပြဿဒါးရက်များဖြစ်၍ တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့များမှာ ရက်ရာဇာများဖြစ်သည်။ ဝါဆိုလတွင် ရက်စုံကွယ်သောကြောင့် ရက်ပေါင်း ၃၀ ရှိသည်။ ဝါဆိုလတွင် ရဟန်းတော်များသည် အခြားတပါးသို့ အကြောင်းမဲ့ မသွားပဲ ဝါကပ် ဝါဆိုမြဲဖြစ်၏။

**ဝါဆိုလပြည့်နေ့။** ။ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်ကြသူများအဖို့ ဝါဆိုလပြည့်နေ့သည် အယူဝါဒရေးဆိုင်ရာ နေ့ထူးနေ့မြတ် ဖြစ်ပေသည်။ ထူးခြားပုံမှာ ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် အထက် တုသိတာနတ်ပြည်မှ သက်ဆင်း၍ လူ့ပြည်၌ ပဋိသန္ဓေတည်သောနေ့၊ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို နတ်များ ဖန်ဆင်းပြရာတွင် သံဝေဂရ၍ တောထွက်တော်မူသောနေ့၊ ဘုရားအဖြစ်သို့ ရောက်ပြီးနောက် ဓမ္မစကြာ တရားဦး ဟောတော်မူသောနေ့၊ သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ တိတ္ထိသင်းကို နှိမ်နင်း၍ တန်ခိုးပြာဋိဟာ ပြသောနေ့တို့ ဖြစ်သောကြောင့်တည်း။

ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရှေးဦးစွာဖြစ်သော ဓမ္မစကြာ ဒေသနာတော်ကို ပဥ္စဝဂ္ဂီ ငါးဦးတို့အား ဝါဆိုလပြည့်နေ့တွင် မိဂဒါဝုန်တော၌ ဟောကြားတော်မူသည်။ ထိုကြောင့် ဝါဆိုလပြည့်နေ့ကို ဓမ္မစကြာ အခါတော်နေ့ဟူ၍ နိုင်ငံအစိုးရတို့က သတ်မှတ်ထားလေသည်။ (ဓမ္မစကြာ သုတ္တန် — လည်းရှု။)

ဘုရားရှင် သာသနာတော်ရှိ ရဟန်းတို့သည် ဤဝါဆိုလပြည့်နေ့တွင် ဝါတွင်း သုံးလပတ်လုံး မိမိတို့၏ကျောင်းအာရမ်အတွင်းမှ အရပ်တပါးသို့ ရွှေ့ပြောင်း သွားလာခြင်း မပြုပါ ဟူသော ပဋိညာဉ်ဖြင့် ဝါဆိုဝါကပ်မှုများကို ပြုကြသည်။ (ဝါ — ရှု။)

ထိုကဲ့သို့ ရဟန်းသံဃာတော်တို့သည် ဝါတွင်း သုံးလပတ်လုံး ငြိမ်သက်စွာ တရား အားထုတ်လျက်ရှိစဉ် လူတို့သည်လည်း ထိုဝါတွင်းသုံးလတွင် ရဟန်းတို့၏ သိက္ခာပုဒ်တော်များကို ကြည်ညိုခြင်းဖြစ်လျက် ရှစ်ရက် လပြည့် လကွယ်နေ့များတွင် သီတင်းသီလ ဆောက်တည်၍ သူတော်ကောင်းတရား ပွားများအားထုတ်ကြခြင်း၊ ကုသိုလ်ဒါနမှုများကို ပြုကြခြင်းဖြင့် ဝါကပ်သော ရဟန်းတို့အား ချမ်းမြေ့စေရန် ထောက်ပံ့ကြ၏။ ဤသို့ ရဟန်းရှင်လူတို့ သုံးလပတ်လုံး ဒါန၊ သီလ၊ ဘာဝနာ အစရှိသော သူတော်ကောင်းတရားများကို ငြိမ်သက်စွာ အားထုတ်ရန် အစပြုသော ဝါဆိုလပြည့်နေ့များတွင် လူတို့သည် ဝါကပ်ခြင်းအမှုကို ပြုကြကုန်သော ရဟန်းသံဃာတို့အား ပန်း ဆီမီးတို့ဖြင့် ပူဇော်ကြကုန်သည်။ ဝါဆိုဝါကပ်ကို အစွဲပြု၍ ဝါဆိုပန်း ဝါဆိုဖယောင်းတိုင် စသည့် ဝေါဟာရများ ပေါ်ပေါက်လာသည်။

မြန်မာမင်းများ လက်ထက်တော်တွင် တလလျှင် ပွဲတော် တမျိုးကျ ကျင်းပလေ့ရှိရာ၊ ဤဝါဆိုလ အခါတွင် ပဥ္စင်းတော်ခံပွဲများ ကျင်းပမြဲဖြစ်၏။ ပဥ္စင်းတော်ခံပွဲမှာ ရဟန်းအဖြစ်သို့ ဝင်ခွင့်ရှိ၍ ဝင်လိုသူ ရှင်လူရဟန်းလောင်းတို့အား ရဟန်းဘောင်သို့ အခမ်းအနားနှင့် သွတ်သွင်းချီးမြှင့်ခြင်းပင် ဖြစ်လေရာ ဘုရင်မင်းများ ကိုယ်တော်တိုင် အလေးအမြတ် ပြုလျက် ကျင်းပသော ပွဲတော် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

# လထပ်ရက်ငင် ပြဿနာ

**မြန်မာ ပက္ခဒိန်နှင့် သိုးဆောင်း ပက္ခဒိန်တို့ ကွာခြားသည်။ မြန်မာပက္ခဒိန်တွင် သူရိယ မာသနှစ်၊ စန္ဒရ မာသနှစ်၊ ဝေါဟာရ မာသနှစ် ဟူ၍လည်း ရှိသည်။ အချို့သော နှစ်များတွင် ဝါဆိုလ နှစ်လထား၍ နယုန်လတွင် တရက် တိုးရသည်။ ကမ္ဘာမြေကြီးသည် နေကိုဗဟိုပြုလျက် လှည့်လည်ရာတွင် တပတ်ပြည့်သောအချိန်၌ နှစ်ဟူ၍ အညီအညွတ် သတ်မှတ်သော်လည်း နှစ်ဆန်းရက်များသည် လူမျိုးတဦးနှင့်တဦး မတူချေ။**

**ဝါထပ်ခြင်း။** ။ကမ္ဘာပေါ်ရှိ တိုင်းပြည်များမှ လူမျိုး အသီးအသီးတို့သည် မိမိတို့၏ ဘာသာဘာဝအရ ပက္ခဒိန် ပြုလုပ်ရေးတွင် နေ (သူရိယ)နှင့် လ (စန္ဒရ) သဘာဝ များကို အခြေပြုကြသည်။ ထို့ကြောင့်ပင် ပက္ခဒိန်များ၏ နှစ်အပိုင်းအခြားသည် မူအားဖြင့် အတူတူပင် ဖြစ်ကြ၏။ ကမ္ဘာမြေကြီးသည် နေကို ဗဟိုပြုလျက် လှည့်လည်ရာတွင် တပတ်ပြည့်သောအချိန်၌ 'နှစ်' ဟူ၍ အညီအညွတ် သတ်မှတ်ကြသော်လည်း နှစ်ဆန်းရက်များသည် လူမျိုးတဦး နှင့် တဦး မတူကြချေ။ အနောက်နိုင်ငံ သိုးဆောင်းများ၏ နှစ်ဆန်းရက်သည် ဇန္နဝါရီလ တရက်နေ့ ဖြစ်၍ အိန္ဒိယလူ မျိုးတို့၏ ပက္ခဒိန်အရ နှစ်ဆန်းရက်သည် မတ်လ ၂၂ရက်နေ့ ဖြစ်၏။ မြန်မာတို့၏ နှစ်ဆန်းရက်သည်ကား သင်္ကြန်တက် နှစ်ဆန်းချိန် (အတာတက်ချိန်) ဖြစ်၍ အတာတက်ပြီး နောက်တရက်သည် နှစ်ဆန်းတရက် ဖြစ်သည်။ မြန်မာနှစ် ဆန်းတရက်သည် ဧပြီလ ၁၆ ရက်၊ သို့မဟုတ် ၁၇ ရက်နေ့နှင့် ယခုအခါ တိုက်ဆိုင်လျက်ရှိ၏။ မြန်မာပက္ခဒိန်တွင် အသုံး ပြုသော နှစ်အပိုင်းအခြားသည် သူရိယသိဒ္ဓန္တ ကျမ်းမှ ရ သော ကိန်းဖြစ်၍ အနောက်နိုင်ငံသုံး ပက္ခဒိန်တွင် အသုံး ပြုသော နှစ်အပိုင်းအခြားနှင့် အချိန် အနည်းငယ် ကွာမှု ကြောင့် မြန်မာနှစ်ဆန်းရက်သည် အနောက်နိုင်ငံသုံး ပက္ခ ဒိန်တွင် ရက်များ အနည်းငယ် ရွှေ့လျက်ရှိ၏။ (သင်္ကြန်— လည်းရှု။)

အနောက်နိုင်ငံသုံး ဂျူလီယန်ပက္ခဒိန်သည် နေသွားနှစ် ကို ၁၂ လ ပိုင်းခြားထားသော ပက္ခဒိန် ဖြစ်သောကြောင့် ရာသီပက္ခဒိန် ဖြစ်၍ လထပ် ပြဿနာများ မပေါ်ချေ။ မြန်မာ ပက္ခဒိန်မှာမူကား နေသွားနှင့် လသွားကို အမှီ ပြု၍ တွက်ရသော ပက္ခဒိန် ဖြစ်သဖြင့် လထပ်ပြဿနာများ အစဉ် ဖြစ်ပေါ်လျက် ဂျူလီယန်ပက္ခဒိန် တွက်နည်းကဲ့သို့ မလွယ်ကူချေ။ သူရိယ သိဒ္ဓန္တကျမ်း စသော ဗေဒင် တွက် ကိန်း ကျမ်းများကို လေ့လာသော ပညာရှိများသာ မြန်မာ ပက္ခဒိန်ကို တွက်နိုင်ကြပေသည်။

မြန်မာပက္ခဒိန်သည် အောက်တွင် ဖော်ပြသော နှစ်သုံး မျိုးကို အခြေခံထား၍ တွက်ရသည်။

(၁) သူရိယမာသနှစ်
(၂) စန္ဒရမာသနှစ်
(၃) ဝေါဟာရမာသနှစ်

(၁) သူရိယမာသနှစ်သည် နေသွားတနှစ် ပြည့်သော အချိန်၊သင်္ကြန်တက်တကြိမ်မှ တကြိမ်တက်အထိရက်ပေါင်း ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့် ရှိသည်။ (သူရိယ သိဒ္ဓန္တကျမ်းမှ)

(၂) စန္ဒရမာသနှစ်သည် ကောင်းကင် မျက်မြင်အရ လဆန်းချိန်မှ နောက်လဆန်းချိန် (ဝါ) တလပြည့်ချိန်၊ တကြိမ်တကြိမ်တွင် ၂၉ ရက် ၁၂ နာရီ ၄၄ မိနစ် ၃ စက္ကန့် ခန့်ရှိသော မျက်မြင် လပေါင်း ၁၂ တွင် ရက်ပေါင်း ၃၅၄ ရက် ၈ နာရီ ၄၈ မိနစ် ၃၄ စက္ကန့်ရှိ၏။ (သူရိယသိဒ္ဓန္တ ကျမ်းမှ)

(၃) ဝေါဟာရမာသနှစ်သည် ဗေဒင်ပညာရှိများစီစဉ် ရေးဆွဲသော ပက္ခဒိန် ဝေါဟာရနှစ် ဖြစ်၏။ ကောင်းကင် မျက်မြင်အရ စန္ဒရမာသ တလလျှင် အကြမ်းအားဖြင့် ၂၉½ ဖြစ်၍ ဝေါဟာရ ပက္ခဒိန်တွင် ပဌမလ တန်ခူးလတွင် ရက် ပေါင်း ၂၉ ရက် သတ်မှတ်လျက် ဒုတိယလ ကဆုန်လတွင် ရက်ပေါင်း ၃၀ စသည်ဖြင့် အောက်ဖော်ပြပါ အစီအစဉ် အတိုင်း လပေါင်း ၁၂ လရှိ၍ ရက်ပေါင်း ၃၅၄ ရက်ရှိသော နှစ်ကို ပေါဟာရမာသနှစ်ဟု ခေါ်၏။

| | | |
|---|---|---|
| (၁) | တန်ခူးလ | ၂၉ ရက် |
| (၂) | ကဆုန်လ | ၃၀ ရက် |
| (၃) | နယုန်လ | ၂၉ ရက် |
| (၄) | ဝါဆိုလ | ၃၀ ရက် |
| (၅) | ဝါခေါင်လ | ၂၉ ရက် |
| (၆) | တော်သလင်းလ | ၃၀ ရက် |
| (၇) | သီတင်းကျွတ်လ | ၂၉ ရက် |
| (၈) | တန်ဆောင်မုန်းလ | ၃၀ ရက် |
| (၉) | နတ်တော်လ | ၂၉ ရက် |
| (၁၀) | ပြာသိုလ | ၃၀ ရက် |
| (၁၁) | တပို့တွဲလ | ၂၉ ရက် |
| (၁၂) | တပေါင်းလ | ၃၀ ရက် |

ဝေါဟာရမာသနှစ်မှာလည်း နှစ်မျိုးရှိသေး၏။

(က) သာမန်နှစ်-လပေါင်း ၁၂ လဖြင့် ရက်ပေါင်း ၃၅၄ ရက်။

(ခ) ဝါထပ်နှစ်—လပေါင်း ၁၃ လဖြင့် ရက်ပေါင်း ၃၈၄ ရက်။

ဝါထပ်နှစ်၏ ပက္ခဒိန်တွင် ဝါဆိုလကို နှစ်ထပ်ခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



**ပဋ္ဌမဝါဆို**၊ ဒုတိယဝါဆို ဟူ၍ ရက်ပေါင်း ၃၀ တိုးလာခြင်း **ကြောင့်** ဝါထပ်နှစ်တွင် လပေါင်း ၁၃ လဖြစ်၍ ရက်ပေါင်း **၃၈၄** ရက် ဖြစ်၏။

| | | |
|---|---|---|
| (၁) | တန်ခူးလ | ၂၉ ရက် |
| (၂) | ကဆုန်လ | ၃၀ ရက် |
| (၃) | နယုန်လ | ၂၉ ရက် |
| (၄) | ပဋ္ဌမဝါဆိုလ | ၃၀ ရက် |
| (၅) | ဒုတိယဝါဆိုလ | ၃၀ ရက် |
| (၆) | ဝါခေါင်လ | ၂၉ ရက် |
| (၇) | တော်သလင်းလ | ၃၀ ရက် |
| (၈) | သီတင်းကျွတ်လ | ၂၉ ရက် |
| (၉) | တန်ဆောင်မုန်းလ | ၃၀ ရက် |
| (၁၀) | နတ်တော်လ | ၂၉ ရက် |
| (၁၁) | ပြာသိုလ | ၃၀ ရက် |
| (၁၂) | တပို့တွဲလ | ၂၉ ရက် |
| (၁၃) | တပေါင်းလ | ၃၀ ရက် |

တဖန် ဝေါဟာရ ဝါထပ်နှစ်၌လည်း ဝါငယ်ထပ်နှစ်နှင့် ဝါကြီးထပ်နှစ်၊ သို့မဟုတ် ဝါထပ်ရက်ငင်နှစ် ဟူ၍ ခွဲခြား သတ်မှတ်ထား၏။ ဝါငယ်ထပ်နှစ်သည် ဖော်ပြပြီးအတိုင်း ၁၃ လရှိ၍ ရက်ပေါင်း ၃၈၄ ရက် ရှိ၏။ ဝါကြီးထပ်နှစ်မှာ ကား ၁၃ လပင် ရှိသော်လည်း ရက်ပေါင်း ၃၈၅ ရက်ရှိ၏။ အပိုရက်တရက် ရှိသည်။ ဗေဒင်စကားအားဖြင့် 'ရက်ငင်' ဟုခေါ်၏။ ထိုရက်ငင်တရက်မှာ နယုန်လတွင် ထည့်၍ ဝါကြီးထပ်နှစ်တွင် နယုန်လသည် ရက်ပေါင်း ၃၀ ရှိ၏။

သူရိယသိဒ္ဓန္တကျမ်းအရ မြန်မာပက္ခဒိန်တွက်ရာ၌ အခြေပြုသော နှစ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။ (အချို့ဆရာများသည် သံဒိဋ္ဌမူမှ တွက်သဖြင့် အနည်းငယ် ကွာ၏။)

(၁) သူရိယမာသနှစ် - ၃၆၅ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့် (သဘာဝ)

(၂) စန္ဒရမာသနှစ် - ၃၅၄ ရက် ၈ နာရီ ၄၈ မိနစ် ၃၄ စက္ကန့် (သဘာဝ)

(၃) ဝေါဟာရမာသနှစ် - ၃၅၄ ရက်တိတိ(စီစဉ်ရေးဆွဲသော ပက္ခဒိန်နှစ်)

အထက်ပါ နှစ်သုံးမျိုးတို့၏ အချုပ်သည် သူရိယမာသနှစ်ပင် ဖြစ်၏။ ယင်းနှစ်တွင် စန္ဒရမာသနှစ်နှင့် ကိုက်ညီနိုင်သမျှ ကိုက်ညီစေရန် ဝေါဟာရပက္ခဒိန်ကို စီစဉ်ရ၏။ ဖော်ပြခဲ့သည့်အတိုင်း စန္ဒရမာသ တလလျှင် ၂၉ ရက် ၁၂ နာရီ ၄၄ မိနစ် ၃ စက္ကန့်ရှိ၍ ဝေါဟာရ လများသည် ၂၉ ရက်တလနှင့် ၃၀ ရက် တလစီဖြင့် ခြောက်လစီ ဝေဖားသဖြင့် ဝေါဟာရ လပြည့်၊ လကွယ်သည် မျက်မြင်သဘာဝ စန္ဒရမာသ လပြည့်လကွယ်များနှင့် နှစ်လလျှင် တကြိမ်သာ ညီညွတ်ပေမည်။ သို့အတွက် မြန်မာပက္ခဒိန် ဝေါဟာရမာသ ၁၂ လတွင် ခြောက်လသာလျှင် လပြည့်လကွယ် ညီညွတ် အလွန်မှန်ကန်သောပက္ခဒိန်ဟု ဆိုရပေမည်။

အထက်ဖော်ပြခဲ့ပြီးသောနှစ်သုံးမျိုး၏ ရက်နာရီများကို နှိုင်းယှဉ်လျှင် သူရိယမာသ တနှစ်ကာလ ကုန်ဆုံးသည့်အခါတွင် စန္ဒရမာသနှစ်ဖြင့် ၁၂ လပြည့်မြောက်သည့်အပြင် ၁၀ ရက် ၂၁ နာရီ ၂၄ မိနစ် ၃ စက္ကန့် ပိုလျှံလျက်ရှိ၏။ ဝေါဟာရမာသနှစ်ဖြင့်လည်း သူရိယမာသနှစ်တနှစ်မြောက်တွင် ၁၁ ရက် ၆ နာရီ ၁၂ မိနစ် ၃၃ စက္ကန့် ပိုလျှံလျက်ရှိ၏။ ဤဇာတ်သို့ ပိုလျက်ရှိသော ရက်နာရီပိုင်းများသည် သူရိယမာသနှစ်၏ ရက်ပေါင်း ၉၉၀ ရက် ၇ နာရီ ၄၅ မိနစ် ၃၇ စက္ကန့် ကျရောက်သည့် ကာလတွင် သဘာဝအားဖြင့် ၂၉ ရက် ၁၂ နာရီ ၄၄ မိနစ် ၃ စက္ကန့်ရှိသော စန္ဒရမာသ တလ ပိုလာ၏။ ထိုပိုလျှံသောနှစ်တွင် ၁၃ လ နှစ် ဖြစ်လာရ၏။ အကြမ်းနည်းအားဖြင့် ဥဒါဟရုဏ်ဆောင်ရသော် သူရိယမာသ တနှစ်တွင် အထက်ဖော်ပြပါ စန္ဒရမာသ ရက်နာရီစသည်များ ပိုလျှင် သူရိယမာသနှစ် သုံးနှစ်တွင် စန္ဒရမာသ ရက်ပို ၃၁ ရက် ၄ နာရီ ၁၂ မိနစ် ၉ စက္ကန့် ဖြစ်၍ စန္ဒရမာသလ တလပြည့်ခဲ့သဖြင့် သူရိယမာသနှစ် သုံးနှစ်နီးပါးတွင် (ဝါ) ၃၃ လတွင် စန္ဒရမာသ တလတိုးရခြင်းသည် လထပ်ခြင်း မည်၏။ သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများအရ ရက်ပေါင်း ၉၉၀ ရက် ၇ နာရီ ၄၅ မိနစ် ၃၇ စက္ကန့် အချိန်ကာလတွင် စန္ဒရမာသ တလ လွန်၍ အဓိမာသ တကြိမ် ပိုသည် မည်၏။ သို့အတွက် ဝေါဟာရမာသနှစ်၌လည်း ရက်ပေါင်း ၃၀ ရှိသောလ တလ တိုးရသည်။ ယင်းကဲ့သို့ တိုးခြင်းသည် လထပ်ခြင်းမည်၏။ သို့သော် ဗုဒ္ဓအယူဝါဒီ မြန်မာလူမျိုးများ အတွက်မှာကား ဝါဆိုလတွင်သာ လထပ်ခြင်း ပြုရသော ဥပဒေကြောင့် "ဝါထပ်ခြင်း" ဟု ခေါ်ဝေါ်ကြ၏။

ဆိုခဲ့ပြီးသည့်အတိုင်း သဘာဝအရ စန္ဒရမာသ တလ တိုးခြင်းကို ညီညွတ်အောင် ဝေါဟာရမာသ တလတိုးခြင်းဖြင့် ပြုပြင်ပေးရလိမ့်မည်။ အဘယ်သို့ ပြုပြင်ပေးရမည်နည်း ဟူမူကား သဘာဝနှင့် တသွေမတိမ်း လိုက်နာရမည်ဆိုလျှင် အဓိမာသပိုသည်နှင့် တပြိုင်နက် တလ တိုး၍ ယင်းလကို နှစ်လပြုလုပ်ရပေမည်။ ပုံပမာ-သက္ကရာဇ်တခု၌ နတ်တော်လတွင် အဓိမာသ ပို၏။ ထိုပိုသော နတ်တော်လ ဟူသည် စန္ဒရမာသ၏ အမည်သာ ဖြစ်၍ သူရိယမာသနှင့် မညီညွတ်သဖြင့် ညီညွတ်အောင် နတ်တော်လတွင် တလ ထပ်တိုးရပေမည်။ ထိုသို့ ထပ်တိုးသည့်လကို ပြာသိုလ ဟု အစဉ်အလာ ခေါ်ရန် ရှိသော်လည်း လထပ်ခြင်းအထူး ဒုတိယနတ်တော်လ ဟူ၍ပင် ခေါ်ရမည်။ ဤတွင် နောက်ကျနေသော သူရိယမာသနှင့် ညီညွတ်ပြီဖြစ်၍ ရှေ့သို့ ပြာ



www.burmeseclassic.com

www.burmeseclassic.com



သို့လ၊ တပို့တွဲလ စသည်ဖြင့် ဆက်လက်၍ လအလို ခေါ်ဝေါ်သွားရမည်။

ဤကဲ့သို့ ပူပြင်ခြင်းဖြင့် သဘာဝအရ ဖြစ်သင့်သော်လည်း မြန်မာနိုင်ငံတွင်ကား အယူဝါဒ ဓလေ့ထုံးစံများ ရှိနေခြင်းကြောင့် ဤစံနစ်ကို မလိုက်နိုင်ချေ။ မည်သည့်လတွင် အဓိမာသ ပို့သည် ဖြစ်စေ၊ ဗုဒ္ဓအယူဝါဒ ထုံးစံအရ ဝါဆိုလ ကျရောက်မှ ပဌမဝါဆိုလ၊ ဒုတိယဝါဆိုလဟူ၍နှစ်လ ထပ်ရိုး ထုံးစံရှိခဲ့လေသည်။ ဓညဝတီ ရခိုင်ပြည်မှာကား ဒွေ့စိတြ ဆို၍ တန်ခူး နှစ်လ ထပ်ရိုးပြုကြ၏။ ဟိန္ဒူပက္ခဒိန်မှာကား ဒွေ့ဝိသာခါဆို၍ ကဆုန်နှစ်လ ထပ်သည်ကိုတွေ့ရ၏။ အချို့လူမျိုးများ၏ ပက္ခဒိန်တွင် လိုသောလ၌ပင်နှစ်လထပ်၏။

အဓိမာသပို့၍ လထပ်ကြုံသောအခါ ဝါဆိုလနှစ်လသာ ထပ်ရမည် ဖြစ်သောကြောင့် အဓိမာသ၏ အနီးအဝေးကို ခြင့်ချိန်ရသဖြင့် ဝါထပ်ရန် စည်းကမ်းများနှင့် ဝါဒအမျိုးမျိုး ကွဲပြားလျက် ရှိ၏။

လထပ်နည်း၏ စည်းကမ်းတခုမှာ မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ်၊ဤလေးရာသီသို့တနင်္ဂနွေဂြိုဟ်ရောက်စဉ်အဓိမာသ ပို့လျှင် ဝေါဟာရ တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို အတွင်း ဖြစ်သောကြောင့် ဒုတိယဝါဆိုလ တလ တိုးရန် အချိန်သင့်ပင် ဖြစ်၏။ အဓိမာသ ပို့ချိန်နှင့်လည်း နီး၏။ သိဟ်၊ ကန်၊ တူ စသော ကျန် ရှစ်ရာသီသို့ တနင်္ဂနွေဂြိုဟ်ရောက်မှ အဓိမာသပို့လျှင် ဝေါဟာရ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် စသော ရှစ်လအတွင်း ဖြစ်သောကြောင့် ဒုတိယဝါဆိုလတိုးရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် အဓိမာသ ပို့သောနှစ်တွင် လမထပ်ပဲ ရှေ့လာမည့်နှစ်သို့ ရောက်မှ လထပ်ရ၏။ ဤအတိုင်း လိုက်နာလျှင် များသောအားဖြင့် ကဆုန်လ၌ သင်္ကြန်ကျ၏။ ထို့ကြောင့် ကိန်းသေနည်းမဖြစ်။ အချို့ဝါဒမှာ ရက်လွန်ကို ကြည့်၍ ဝါထပ်သင့်၊ မထပ်သင့် ဆုံးဖြတ်ကြ၏။ သက္ကရာဇ် ၁၃၁၇ နှစ်မတိုင်မီ နှစ်များတွင် ရက်လွန် ၂၅ ဖြစ်သော်လည်း ဝါမထပ်ခဲ့ချေ။ ၁၂၅၂၊၁၂၇၁၊ ၁၂၉၀၊ ၁၃၀၉ ခုနှစ်များတွင် ရက်လွန် ၂၆–၂၇ ရှိ၍ ဝါထပ်နှစ် ပြုလုပ်ကြ၏။ သို့သော် ၁၃၁၇ ခုနှစ်တွင် ရက်လွန် ၂၃ ရက်သာ ရှိသော်လည်း ဝါထပ်ခဲ့၏။ ထိုသို့ ဝါထပ်ခဲ့ရသည့် အကြောင်းမှာ ဆဋ္ဌသံဂါယနာတင်ပြီးနှစ် ဗုဒ္ဓနေ့သည်ကမ္ဘာ့ဗုဒ္ဓနေ့နှင့် တလကွာဖြစ်နေသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရတို့ အလိုအရ ၁၃၁၇ ခုနှစ်တွင် ရက်လွန် ၂၃ ရက်ဖြင့် တင်ကြို၍ ဝါထပ်ခဲ့သောကြောင့် ကဆုန်လသင်္ကြန်ကင်းသည့်အပြင် ကဆုန်လပြည့် ဗုဒ္ဓနေ့သည်လည်း မေလနှင့် ကြုံခဲ့ပြီးလျှင် ကမ္ဘာ့ဗုဒ္ဓနေ့နှင့် ကိုက်ညီခဲ့၏။ သက္ကရာဇ် ၁၃၁၇ ခုနှစ် မတိုင်မီအခါက ဤသို့ မကျင့်သုံးခဲ့ခြင်းကြောင့် မြန်မာပက္ခဒိန်တွင် သုံးနှစ်တကြိမ်၊ နှစ်နှစ်တကြိမ် ကဆုန်လတွင် သင်္ကြန်တက်သည်မှာ အလွန် အရုပ်ဆိုးပေသည်။ သင်္ကြန်တက်ရက်သည် မြန်မာ့နှစ်ဆန်းရက်ဖြစ်၍ နှစ်ဦးတန်ခူးလတွင်သာ ကျသင့်၏။ ကဆုန်လတွင် မကျထိုက်ချေ။ ကဆုန်လ သင်္ကြန်ကင်းသော လထပ်နည်းသာ ညောင်ကန် ဆရာတော်ဘုရားကြီးအလို ဖြစ်သည်။ ထို့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ ပက္ခဒိန် အကြံပေးအဖွဲ့မှ ခေတ်မီပက္ခဒိန် ရေးဆွဲရန် နှစ်ပေါင်း ၅၀ ကျော် ပက္ခဒိန်ကို ဝါဒအမျိုးမျိုးဖြင့် လက်တွေ့ စမ်းသပ်ရေးဆွဲခဲ့ရာတွင် ရက်လွန် ၂၃ ဖြင့် တင်ကြို၍ဝါထပ်ခြင်းသည် အလွန်သင့်လျော်သောမူ ဖြစ်ကြောင်း အဆုံးအဖြတ် ပြုလုပ်ကြ၏။

လျော်ကန် သင့်မြတ်ဆုံးသောဝါဒမှာ ဝေါဟာရလပြည့်၊ လကွယ်များသည် သဘာဝ မျက်မြင် လပြည့် လကွယ်နှင့် ကိုက်ညီနိုင်သရွေ့ ကိုက်ညီစေခြင်း၊ ထို့မှတပါးလည်း ဝေါဟာရ လပြည့်နေ့၌ဖြစ်စေ၊ လပြည့်ကျော်တရက်နေ့၌ဖြစ်စေ လကြတ်စေခြင်းနှင့် ဝေါဟာရ လကွယ်နေ့၌ဖြစ်စေ၊ လဆန်းတရက်နေ့၌ဖြစ်စေ နေကြတ်စေခြင်းတို့ဖြစ်၏။ တခါတရံ လထပ် မှန်ကန်သော်လည်း ဤအခြင်းအရာ မပြည့်စုံချေ။ သို့အတွက် ရက်ငင်ခြင်းဖြင့်သာ ပြည့်စုံနိုင်မည် ဖြစ်ပေသည်။

ဦးအုန်းကြိုင်

**ဝါဖလေးငှက်။** ။ဝါဖလေးငှက်သည် ဥသြငှက်မျိုး၌ ပါဝင်၍ မျိုးရင်းသည် ကျူကျူလီဒီး ဖြစ်သည်။ ဇီဝဗေဒ အမည်အားဖြင့် ဖီနီကော့ဖီးယပ် ထရစ်တစ် လောင်ဂျီကော်ဒေးတပ်ဟု ခေါ်သည်။ ကိုယ်အလျားသည် ၂၄ လက်မ ရှိရာ ရှည်လျားသော အမြီးကပင် ၁၆ လက်မ ရှိသည်။ နှုတ်သီးအရောင်သည် စိမ်း၍ မျက်စိပတ်လည်တွင် အနီကွက်ရှိသည်။ အမွေးထူထဲသိပ်သည်းသည်။ ကိုယ်ထည်၏ အရောင်သည် ဦးခေါင်းပိုင်း၌ ခရမ်းနုသွေးဖြစ်၍ အမြီးပိုင်း၌ အစိမ်းရင့်ရောင်နှင့် ခရမ်းရင့်ရောင်တို့ ရောနှောနေသည်။ သို့သော် အဝေးမှ မြင်ရသည့်အခါ အမြီးရှိ အဖြူကွက်များမှလွဲလျှင် တကိုယ်လုံး မည်းနေသည်ဟု ထင်ရလေသည်။

တောထဲ၌ နေထိုင် ကျက်စားသော ငှက်မျိုးဖြစ်၍ ဝါဖလေးကို အလွန်အတွေ့ရနည်းသည်။ ယင်းတို့သည် တခါတရံမှသာ မြို့စွန်ရွာဖျား၊ တောအုံ ချုံကြားသို့ လာတတ်သည်။ အပုံသန်သော ငှက်မျိုးလည်းမဟုတ်ချေ။ ချုံဖုတ်များကြား၌ ခုန်ဆွခုန်ဆွ သွားလာတတ်သည်။ အနွယ်ပင်များ ရစ်ပတ်နေသော သစ်ပင်ကြီးများ၏ အရွက်များ အကြားနှင့် အကိုင်းအခက်များအကြား၌ ယင်း၏ ရှည်လျားသော အမြီးကို ကျင်လျင်စွာ ထိန်းသိမ်းလျက် လူး၍ ပတ်သွားလာနေတတ်သည်။ ဝါဖလေးငှက်တို့သည် အဖို အမ ရာသက်ပန် တွဲလျက် နေထိုင်တတ်သည်။ "ကွတ်"



www.burmeseclassic.com

www.burmeseclassic.com



"ကွတ်"ဟု အစချီပြီးလျှင် အဆုံးသတ်တွင်"ကူး"၊"ကူး"၊"ကူး"ဟု ခတ်တိုးတိုး အော်လေ့ရှိသည်။ နံနက်ခင်း ချိန်ခါတွင် အဖိုအမ လေချွန်သံမျိုးဖြင့်အော်သည်ကိုလည်း ကြားဘူးသူတို့ရှိသည်။ ဝါဖလေးသည် ပိုးမွှားနှင့် သစ်သီး သစ်စေ့တို့ကို စားသောက်လေသည်။

ထိုငှက်တို့သည် မြေပြင်မှ ၁၀ ပေခန့်မြင့်သောဝါးရုံများတွင်၎င်း၊ ချုံဖုတ် ခပ်မြင့်မြင့်များတွင်၎င်း အသိုက်များပြုလုပ်တတ်သည်။ ယင်းတို့၏ အသိုက်သည် ချိုးသိုက်နှင့် ဆင်ဆင်တူသော်လည်း သစ်ရွက်စိမ်းများဖြင့်လည်း ခင်းထားတတ်သည်။ မတ်လဆန်းမှ စက်တင်ဘာလ အတွင်း ဥအုတတ်သည်။ တမြုံလျှင် နှစ်ဥမှ သုံးဥအထိရှိ၍ ချိုးဥကဲ့သို့ အရောင်ဖြူသည်။

ဝါဖလေး ငှက်မျိုးကို မလ္လာယကျွန်းဆွယ်၊ ဟိမဝန္တာတောင်တန်းဒေသနှင့်ယူနန်ပြည်နယ်တို့၌ တွေ့ရသည်။ မြန်မာနိုင်ငံတွင် နေရာဒေသ အနှံ့အပြားရှိ တောစပ် ချုံဖုတ်များ၌ နေထိုင်ကြ၍ ယင်းတို့သည် ပေ ၅,၀၀၀ အထိ မြင့်သော ကုန်းမြင့်ဒေသတို့၌လည်း နေထိုင် ကျက်စားနိုင်ကြလေသည်။

**ဝါရီရူမင်း**(မြန်မာ ၆၄၃–၆၅၇)။ ။ဝါရီရူမင်းဆက်ခေါ် မုတ္တမမြို့၏မင်းဆက် စတင် တည်ထောင်သူ ဝါရီရူမင်းသည် ဆင်းရဲသားဘဝမှ ကြံရည်၊ ဉာဏ်ရည်နှင့် ဝီရိယကြောင့် အထွတ်အထိပ် မင်းအဖြစ်သို့ ရောက်လာသော မွန်ဘုရင်ဖြစ်သည်။ ဤမင်းသည် အောက်မြန်မာနိုင်ငံရှိ မွန်ဒေသအားလုံးကို စိုးပိုင်ခဲ့လေသည်။ ပုဂံတွင် နရသီဟပတေ့ တရုပ်ပြေးမင်းနှင့် သားတော်အငယ် ကျော်စွာတို့ အုပ်စိုးချိန်၌ အောက်မြန်မာနိုင်ငံတွင် ဝါရီရူမင်း အုပ်စိုးလျက်ရှိသည်။ ငယ်မည်မှာ မဂဒူးဖြစ်သည်။ ယိုးဒယားရာဇဝင်၌ မိုဂဒိုဟု တွေ့ရသည်။

မဂဒူးကား ယခု သထုံနယ်ရှိ ရွှေးအခေါ် တကောဝန်၊ သို့မဟုတ် ဝန်မြို့ဟု ခေါ်သော ဒုံဝန်းရွာ ဇာတိဖြစ်သည်။ အဖဖြစ်သူမှာ မွန်ရှမ်းအနွယ်ဖြစ်၍ ကွမ်းကုန်သည် သုံးကျိပ်နှစ်ယောက်တွင် အကြီးအမှူးဖြစ်၏။ မဂဒူးတွင် ညီ မဂဒါ၊ နှမ နှင်းဥရွှန် ဟူ၍ ရှိသည်။

မဂဒူးအသက် ၂၀ တိုင်လျှင် အဖကိုယ်စား ကွမ်းရောင်းရန် ငယ်သားသုံးကျိပ်နှစ်ယောက်နှင့် ယိုးဒယား ဇင်းမယ်ဖက်ရှိ သောက္ကတဲသို့ ထွက်လာခဲ့သည်။ ထိုသို့သွားစဉ် လမ်း၌ ငယ်သားတယောက် မကျန်းမာသဖြင့် ထိုသူ၏ဝန်ကို မဂဒူးကိုယ်တိုင် ထမ်းဆောင်ခဲ့ရာ ထမ်းပိုးကို မိုးကြိုးပစ်လေ၍ ထမ်းပိုး နှစ်ပိုင်း ကြိုးလေ၏။ ထိုမိုးကြိုးပစ်သော လျှပ်စစ်ရောင်တွင် ရွှေပြာသာဒ်သဏ္ဌာန် တခုကို ထင်ထင်ရှားရှားတွေ့မြင်လိုက်ရသည်။

ထိုသို့ တွေ့မြင်လိုက်ရသည်ကိုနိမိတ်ကောင်းလှသည် ဟု ထိုအရပ်ရှိ နိမိတ်ဖတ်ကောင်းသူ စောမွန်ထွတ် လူထွက်ကြီး ထံသွား၍ မေးမြန်းရာ သင်၏နိမိတ်ကြီးလှသည်၊ အရပ်နှင့် အမျှ ငွေပုံ၍ ပူဇော်မှ ဟောမည်ဆိုသောကြောင့် မဂဒူးလည်း ဝါးကို ကိုယ်နှင့် အမျှ ဖြတ်၍ ထောင်လျက် ငွေတကျပ်တင်ကာ ပူဇော်လေသည်။ ဤသည်ကို မြင်သော စောမွန်ထွတ်က "သင်သည် ပါရမီလည်းကြီး၊ ဉာဏ်လည်း ကြီးသည်။ ဤနှစ်ပင် မင်းဖြစ်လိမ့်မည်။ ယနေ့ကစ၍ ကုန်မသွယ်နှင့်တော့။မင်းတွင် ခစားလေ"ဟု ဟောလေ၏။

မဂဒူးလည်း ကွမ်းများကို ရောင်းချ၍ ငယ်သားတို့အား ပြန်လွှတ်ပြီးလျှင် ကိုယ်တိုင်မူ သောက္ကတဲမင်း၏ ဆင်ဖြူဦးစီးထံ၌ ဝင်ရောက်ခစားလေ၏။ ဆင်ဦးစီးထံ၌ ခစားစဉ် ထကြွသော လုံ့လဝီရိယဖြင့်နေ့ညဉ့်မဟူ ဆင်စာကျွေးခြင်း၊ ဆင်ချေး အမှိုက်များကို သုတ်သင် ရှင်းလင်းခြင်း စသည်တို့ကို ကောင်းစွာ ပြုစု၏။ တင်းကုပ်မှာလည်း မဂဒူးရောက်သည့်နေ့မှစ၍ သန့်ရှင်း စင်ကြယ်သဖြင့် ဦးစီးလည်း ဝမ်းထွက်သားကဲ့သို့ မေတ္တာထားလေသည်။ တနေ့တွင် သောက္ကတဲမင်း ဆင်ကြည့်လာသောအခါ သန့်ပြန့်ကျစ်လျစ်စွာတွေ့၍ မေးတော်မူလျှင် မဂဒူး အကြောင်းကိုသိ၍ သနား ကြင်နာတော်မူလေသည်။ နောက်တကြိမ် ဆင်ကြည့်ရန် လာပြန်သောအခါ မင်းကြီးသည် ခံတွင်းဆေးတော်မူရာ မြေ၌ မြုပ်နေသော ကြွေငယ်တလုံး ရေကျသည့် နေရာ၌ ပေါ်လာသဖြင့် မဂဒူးအား ခေါ်၍ ညွှန်ပြတော်မူလျှင် မဂဒူးလည်း ကောက်ယူလေသည်။

မဂဒူးလည်း ကြွေစေ့ကို ကြည့်၍ ဤသို့ စဉ်းစား၏။ မင်းကြီးသည် ငါ၏ လုပ်ရည်ကိုင်ရည်ကြံရည်ကို စမ်းသပ်လို၍ ဤကြွေစေ့ကို ပေးသည်။ ဤကြွေစေ့ဖြင့်အကျိုးစီးပွားတခုဖြစ်အောင် ဆောင်ရွက်မည်ဟု စိတ်ကူးကာ ကြွေစေ့ဖြင့် ဟင်းနုနွယ်စေ့ ဝယ်လေသည်။ ဟင်းနုနွယ်စေ့ ရှင်က 'မင်း၏ ကြွေစေ့သည် မဖြစ်လောက်၊ မင်းလိုချင်က မင်းလက်ညှိုးတွင် တင်သလောက် ယူလော့'ဟု ဆိုလေသော် မဂဒူးလည်း လက်တွင် တံတွေးဆွတ်၍ လက်ညှိုးနှင့် ထိုးယူရာ ဟင်းနုနွယ်စေ့များ ပါလာလေသည်။ ထိုအစေ့များကို ဆင်တင်းကုပ်ဘေးတွင် ဂရုတစိုက် စိုက်ပျိုးလိုက်သောအခါ အပင်များထွားကြိုင်း ရှင်သန်လာလေသည်။ နောက်တကြိမ် သောက္ကတဲမင်း ထွက်လာပြန်သောအခါ မဂဒူးလည်း ထွားကြိုင်းသော အပင်တို့ကို နုတ်၍ ဆက်၏။ မေးတော်မူသောအခါ အလုံးစုံပြန်၍ လျှောက်၏။ မင်းကြီးသဘောကျ၍ ဆင်ကဲထံမှ တောင်းယူခဲ့လျက် ထိုဟင်းကို ကိုယ်တိုင်ချက်၍ ဆက်စေ၏။

ဟင်းနုနွယ်ဟင်း အလွန်အရသာ ရှိသဖြင့် ထိုနေ့မှစ၍ စားတော်ဖက်ဆိုင်ရာ၌ အကြီးအမှူး ခန့်လေသည်။ နေ့ညဉ့်



www.burmeseclassic.com

www.burmeseclassic.com



မပြတ် လှံ့လဖြင့် ဆော်ဖန်ကြည့်ရှု အလုပ် ကောင်းသဖြင့် မကြာမီ ဝင်းမှူးအရာကို ရလေသည်။ ထို ဝင်းမှူးအရာ၌ အစီအမံ အဆောင်အရွက် အရည်အချင်း ထူးလှသောကြောင့် စောရှိခံ့ရည်" ဟူသော အမည်ကို သနားတော်မူသည်။ 'စောလီလပ်ရဲ'ဟုလည်း အချို့ ရာဇဝင်တို့၌ ဆိုကြသည်။ ယိုးဒယားရာဇဝင်၌မူ 'ကျောက်ဖရူအာ' ဟု တွေ့ရသည်။ ဤသို့လျှင် ဝင်းမှူးအရာဖြင့် အထဲဝင် အပြင်ထွက် မင်းခမ်းမင်းနား ရှိသရွှေကို ပြင်ဆင်သုတ်သင်၍ အကျွမ်းတဝင် ဖြစ်ရာတွင် သောက္ကတဲမင်းသမီး မည်းနှင်းသွယ်ဒါနှင့် ချစ်ကျွမ်းဝင်လေ၏။ ယင်းသောအခါ သောက္ကတဲကျေးလက်များ၌ ကုလားဇဝါတို့ အမြောက်အမြား စစ်ပြုလာသောကြောင့် မင်းကြီးချီတော်မူရာ မဂဒူးအား မြို့စောင့်ထားခဲ့၏။ နေ့ရက် များမကြာမီ မဂဒူးနှင့် သမီးတော်ရည်ငံနေကြကြောင်းကို မှူးမတ်များ သိသဖြင့် ဘုရင့်ထံ စာပေ စီကုံး လျှောက်ထားကြောင်း မဂဒူး ကြားသိရာ မင်းသမီးကို ဆင်နှင့်တင်၍ ဒပြိုင်ပတ်ဝါလမ်းဖြင့် ဇာတိဒုံဝန်းသို့ ခိုးပြေးလေသည်။ မဂဒူးနှင့် စိတ်တူသဘောတူ ဖြစ်သော ဒိုင်းကိုင် ၇၀ နှင့် ရှမ်းသူရဲ ၂၀၀ ကျော်လည်း ပါလာလေသည်။ ဒုံဝန်းသို့ ရောက်လျှင် ထိုအရပ်ကို မြို့တည်လျက် မင်းပြုနေသည်။

မဂဒူးလည်း မြန်မာမင်း၏ လက်အောက်ခံ မုတ္တမကို စားရသော အလိမ္မာအမတ်နှင့် မိတ်ဖွဲ့ရသော် အရှည်အကျိုးရှိမည်ကို မြင်မိ၍ မိမိနှမ နှင်းဥရွှန်ကိုပေး၍ မိတ်ဖွဲ့၏။ ထိုသို့ အနှုးအညွတ် မိတ်ဖွဲ့သည်ကိုပင် အလိမ္မာအမတ် အကောက်ကြံ၍ စားဖွယ်သောက်ဖွယ်တို့၌ အဆိပ်ခတ်ထားကြောင်း သိသဖြင့် အလိမ္မာအမတ်ကို လုပ်ကြံကာ မုတ္တမမြို့ကို သိမ်းပိုက်လေသည်။ သက္ကရာဇ် ၆၄၃ ခုနှစ်တွင် မုတ္တမကို ရ၍ နောက်မကြာမီ အောက်မြန်မာ တနိုင်ငံလုံးကိုရသည်။

မဂဒူး၏ သတင်းကို သောက္ကတဲမင်းကြီး ကြားသိလေလျှင် ဝမ်းမြောက်တော်မူကာ သားမက်တော်အပေါ်၌ အမျက်တော် ပြေပြီးသော် မင်းမြှောက်တန်ဆာငါးပါး ပို့ပေးသည်။ မိုးပေါ် ကျမင်းဟု အဓိပ္ပါယ်ရသော ဝါရီရူ ဟူသောဘွဲ့ကိုလည်း ခံစေသည်။ ၆၄၉ ခုနှစ်တွင် အလောင်းစည်သူမင်း တည်ခဲ့သည့် မုတ္တမမြို့ဟောင်း တောင်ဖက်တွင် သုတ်သင်ရှင်းလင်းပြီးနောက် ထီးသစ်နန်းသစ်တည်၍ နန်းစိုက်သည်။

မင်းပြု၍ သုံးနှစ်တိုင်လျှင် ပြည်သူတို့ နှလုံး ချမ်းသာအောင် ဓမ္မသတ်တစောင် စီရင်စေသည်။ ယခုတိုင် ယင်းဓမ္မသတ်ကို ဝါရီရူဓမ္မသတ်ဟု ခေါ်တွင်သည်။

သက္ကရာဇ် ၆၅၆ ခုနှစ်တွင် သောက္ကတဲမြို့မှ ဆင်ဖြူတော်ရောက်လာလေသည်။ ဆင်ဖြူတော်ရောက်၍မကြာမီပင် မြို့ကြီး ကျည်းကုလားဇဝါ၊ဇဝိန်တရောတို့က ဗိုလ်ပါ ဆင်မြင်းအများတို့နှင့် မုတ္တမမြို့ကို ဝန်းရံလာသည်။ အချို့ ရာဇဝင်တို့၌ကား တပြည်ထောင် ငေါ်ဒေါ်မင်းတို့ စစ်ချီလာသည်ဟုဆို၏။ အချို့၌မူ မြင်စိုင်း ရှမ်းမင်းညီနောင်တို့ စစ်ချီလာသည်ဟုဆိုသည်။ ယင်းသို့ စစ်ချီလာသည်ကို ဆင်ဖြူတော်၏ အိပ်မက်ပေးချက်အရ ပိဋကတ်သုံးပုံ ဂန္ထဓူရ၊ ဝိပဿနာဓူရ ကျင့်ဆောင်သော ရဟန်းတို့အား မဏ္ဍပ်၌ပင့်ဖိတ်၍ အမွှေးရေ၊ ပန်းမာလ်ထည့်ထားသည့် ရွှေအင်ကို ရဟန်းတို့ ရွှေ၌ချကာ ပရိတ် ရွတ်လေသည်။ ဆင်ဖြူတော်ကို မြို့တောင်ဖက်ရှိ တောင်ထိပ်၌ထား၍ ရွှေအင်ထဲမှ ပရိတ်ရေကို စစ်လေးမျက်နှာသို့ ရတနာဆင်ဖြူအား ပက်ဖျန်းခိုင်းရာ ရန်သူအများ ကိုးကွယ်ရာမရ ပြိုပျက်ရလေသည်။ ဤသို့ စစ်သည်ဗိုလ်ပါ အမြောက်အမြား ပျက်စီးကြောင်းကို မြင်လျှင် ငါ၏အသက်ရှည်လေသမျှကို သူ့မြို့ သူ့ကျေးကိုလည်း အလိုမရှိ၊ ငါ့မြို့ ငါ့ပြည်ကိုလည်း သူတို့ အလိုမရှိပါစေနှင့်ဟူ၍ ရတနာသုံးပါး ပိဋကတ်သုံးပုံ သာသနာတော်စောင့်နတ်တို့အား တိုင်တည်၍ မင်းပြုလေသည်။

ပဲခူးတွင် မင်းပြုနေသော တရဖျားအမည်ခံ ပဲခူးစားငပမွန်နှင့် ဝါရီရူမင်းသည် အချင်းချင်းသမီးပေး၍ မဟာမိတ်ပြုကြလေသည်။ ပုဂံနရသီဟပတေ့မင်းလက်ထက် ရာဇသင်္ကြံတို့ ပဲခူး ဟံသာဝတီကို တိုက်လာသည်နှင့် တရဖျားနှင့် ဝါရီရူတို့ ပေါင်း၍ တိုက်ရာ ရာဇသင်္ကြံတို့ ဆုတ်ခွာရသည်။ နောက်ဆက်လက်၍ တိုက်ခိုက်ရာ မွန်တပြည်လုံးကိုရသည်။ တရဖျားက မသင့်မတင့်ကြံသည်ကို တရဖျား၏ မိဖုရား ဝါရီရူ၏သမီးတော် လျှောက်ထားသဖြင့် သိရာ တရဖျားအား ကွပ်မျက်လျက် ပဲခူးတွင်မြို့စားခန့်၍ မုတ္တမမှနေပြီးလျှင် ရာမညတိုင်း တတိုင်းလုံးကို ဝါရီရူမင်း အုပ်ချုပ်ရလေသည်။ တရဖျားနှင့် သမီးတော်တို့မှ မြင်သော ရှင်ကြီးနှင့် ရှင်ငယ်ခေါ် သားနှစ်ယောက်ကိုမူ ကွမ်းကိုင် ရေကိုင် အပါးတွင်စေပါး၍ စွဲမြဲနေစေသည်။ ထိုမြေးတော် နှစ်ပါးကပင် လုပ်ကြံ၍ ဝါရီရူမင်း နတ်ရွာစံလေသည်။ လုပ်ကြံသူ နှစ်ယောက်ကိုလည်း ဖမ်း၍ ဝါရီရူမင်း အလောင်းတော်သင်္ဂြိုဟ်ရာတွင် ခြေရင်း၌ ထား၍ ဖျောက်ဖျက် သင်္ဂြိုဟ်လိုက်သည်။ သင်္ဂြိုဟ်သည့်နေရာတွင် 'နောက်မဖြစ်စေလိုသောစိတ်ရှိက ကြိမ်နွယ်ပင်တို့ကို သတ်လျှင် အမြစ်အခေါင်းကို မထားရာသကဲ့သို့ အဖကိုသတ်လျှင် သားကိုလည်း မထားရာ'ဟူ၍ ရေးသား မော်ကွန်း ထူထားဘူးသောဟူ၏။

ဝါရီရူမင်းမှစ၍ မုတ္တမမင်း ရှစ်ဆက်ရှိလေသည်။

**ဝါရှင်တန်,ဂျော့** (ခရစ် ၁၇၃၂–၁၇၉၉)။ ။မြေ့ာဝါရှင်တန်သည် အမေရိကန် ပြည်ထောင်စု၏ ပဌမဦးဆုံး သမတ

www.burmeseclassic.com




ဖြစ်သည်။ အမေရိကန် ပြည်သူ လူထုကရင်း၊ အခြား တိုင်းတပါးတို့ကရင်း ဂျော့ဝါရှင်တန်ကို 'အမေရိကန်နိုင်ငံ၏ဖခင်' ဟူသောဘွဲ့အမည်ဖြင့် ကင်ပွန်းတပ် ခေါ်လေ့ရှိကြသည်။ စင်စစ်အားဖြင့် ဝါရှင်တန်သည် ဖခင်ကောင်းတဦးက မိမိ၏သားကို ပြုစုစောင့်ရှောက်သည့်နည်းတူ သူ၏နိုင်ငံကို ပြုစုစောင့်ရှောက်ခဲ့သူ ဖြစ်ပေသည်။ မိမိနိုင်ငံအတွက် စစ်တိုက်ရန် အရေးပေါ်လာသည့်အခါ စစ်တိုက်ခဲ့၏။ ကြီးပွားတိုးတက်၍ အင်အားတောင့်တင်းလာရန် ကူညီခဲ့၏။ လွတ်လပ်သည့် အမေရိကန် ပြည်ထောင်စု တည်စအခါက အခြေအနေ မတိမ်းမစောင်းရအောင် ဖေးမထိန်းသိမ်းခဲ့၍ နိုင်ငံသားတို့နှင့် သင့်တော်သော အုပ်ချုပ်ရေး ဖြစ်မြောက်လာရန်အတွက်ကိုလည်း အခြေချပေးခဲ့သည်။ ထို့ကြောင့် ကမ္ဘာ့သမိုင်းတွင် ဝါရှင်တန်ကဲ့သို့ မိမိ၏ တိုင်းပြည်အတွက် အကျိုးဆောင်နိုင်သူ မရှိဟူ၍ ဆိုရလောက်အောင်ပင် နိုင်ငံ၏အကျိုးကို သည်ပိုးခဲ့သူ ဖြစ်ပေသည်။

ဝါရှင်တန်သည် ငယ်စဉ်အခါကပင် မိမိ၏တိုင်းပြည်ကို ချစ်ခင်သူဖြစ်၏။ တိုင်းပြည်တွင်းရှိ ရေ၊ မြေ၊ တောတောင်တို့ကိုလည်း မြတ်နိုးသူ ဖြစ်၏။ တိုင်းသူပြည်သားတို့ နေထိုင်ပုံနှင့် ကျင့်သုံးသည့် ဓလေ့ထုံးစံတို့ကိုလည်း နှစ်သက်သူဖြစ်၏။ ဝါရှင်တန်သည် ထိုအရာများထက် တိုင်းသူ ပြည်သားတို့တွင်ရှိသော လွတ်လပ်မှုကို လိုလားသည့်စိတ်ဓာတ်နှင့် ထိုလွတ်လပ်မှုကို ကာကွယ်လိုသည့် သတ္တိတို့ကို အမြတ်နိုးဆုံး ဖြစ်သည်။

ဝါရှင်တန်သည် ဗာဂျင်းနီးယားပြည်နယ် ဝိက္ကဖီး လယ်တောတွင် ၁၇၃၂ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့၌ ဖွားမြင်၏။ မျိုးရိုးအားဖြင့် လယ်မြေပိုင်ရှင်များဖြစ်၍ ပစ္စည်းကြွယ်ဝသည်။ ဖခင်ဖြစ်သူ အော်ဂပ်စတင်း ဝါရှင်တန်တွင် အိမ်ထောင် နှစ်ဆက်ရှိ၍ ပဌမ အိမ်ထောင်ဖြင့် သားသုံးယောက်နှင့် သမီးတယောက် ကျန်ရစ်ခဲ့သည်။ ဂျော့ဝါရှင်တန်ကား ဒုတိယ အိမ်ထောင်ဖြင့်ရသော သားဦးဖြစ်သည်။ ဂျော့တွင် ညီသုံးယောက်နှင့် နှမ နှစ်ယောက်ရှိသည်။ အသက် ၁၁ နှစ်အရွယ်တွင် ဖခင်ကွယ်လွန်ခဲ့ရာ မိခင်အုပ်ထိန်းမှုဖြင့် ကြီးပြင်းလာရလေသည်။

ဂျော့ကို မွေးပြီးနောက် မကြာမီ သူ၏မိဖတို့သည် ရက်ပါဟန်နောက် မြစ်ကမ်းရှိ ဖယ်ရီဖမ်း စိုက်ခင်းသို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ ဂျော့ဝါရှင်တန်သည် ကျောင်းတွင် စာကို ကျနစွာ သင်ကြားခဲ့ရသည် မဟုတ်ချေ။ မြေတိုင်းပညာဖက်တွင် ဝါသနာပါသဖြင့် ဂဏန်းသင်္ချာကို အထူးစူးစိုက်သင်ကြားခဲ့သည်။ အသက် ၁၆ နှစ်အရွယ်တွင် အစ်ကိုတော်သူ လောရင့် ဝါရှင်တန်မှတဆင့် လော့ ဖဲယားဖက်ဆိုသူ မြေပိုင်ရှင်နှင့် ဆက်သွယ်သိကျွမ်းရသဖြင့် ထိုမြေပိုင်ရှင်ထံ၌ မြေတိုင်းစာရေးအလုပ်ကို ရရှိလေသည်။ ဂျော့



အမေရိကန် နိုင်ငံ၏ ပဌမဦးဆုံး သမတ ဂျော့ ဝါရှင်တန်

ဝါရှင်တန်သည် လော့ ဖဲယားဖက်ထံမှ အခကြေးငွေ ရရှိသည့်အပြင် မြေယာလုပ်ငန်း၌ ငွေအရင်းအနှီး ထည့်ဝင်ခွင့်ကိုလည်း ရရှိသည်။

၁၇၅၁ ခုနှစ်တွင် လောရင့်သည် မကျန်းမမာသဖြင့် အနောက် အိန္ဒိယကျွန်းစုရှိ ဗာဗေးဒိုးကျွန်းသို့ သွားရောက်နေထိုင်ရာ ဂျော့ဝါရှင်တန်လည်း လိုက်ပါသွားရလေသည်။ ထိုကျွန်းသို့ အသွားတွင် ဂျော့ဝါရှင်တန်သည် ကျောက်ပေါက်ခဲ့၍ လောရင့်၏ ရောဂါမှာလည်း မသက်သာခဲ့ချေ။ ထို့ကြောင့် လောရင့်ပိုင် ဗာဂျင်းနီးယားပြည်နယ်ရှိ မောင့်ဗားနွန် နေအိမ်သို့ ပြန်လာကြသည်။ မကြာမီ လောရင့် သေဆုံးသွားရာ သူပိုင်ဆိုင်သော မောင့်ဗားနွန် ခြံမြေကို ဂျော့ဝါရှင်တန်က ဆက်ခံ ရရှိလေသည်။ ထိုသို့အားဖြင့် ဂျော့ဝါရှင်တန်သည် မြေပိုင်ရှင်တဦးဖြစ်လာလေသည်။

၁၇၅၃ ခုနှစ်တွင် ပြင်သစ်တို့သည် အိုဟိုင်းအိုကုမ္ပဏီပိုင် နယ်မြေကို ထိပါးလာကြရာ ဗာဂျင်းနီးယား ဘုရင်ခံက ဂျော့ဝါရှင်တန်အား နယ်ခြား၌ အငြင်းပွားသည့် ကိစ္စကို သွားရောက်စုံစမ်းရန် ရွေးချယ်စေလွှတ်လေသည်။ ထိုစဉ်အခါက ဝါရှင်တန်သည် အသက် ၂၁ နှစ်အရွယ်ရှိ၍ ဗာဂျင်းနီးယားတပ်ဖွဲ့တွင် ဗိုလ်မှူးအဆင့်၌စစ်မှုထမ်းလျက်ရှိသည်။ ပြင်သစ်တို့သည် ကုမ္ပဏီ ပိုင်နက်ထဲမှ ပြန်လည် ဆုတ်ခွာရန် ငြင်းဆိုကြကြောင်း အစီရင်ခံသည်တွင် ဘုရင်ခံသည် ဝါရှင်တန်ကို ဒု ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့် ခန့်ထားပြီးလျှင် ပြင်သစ်တို့ကို နှိမ်နင်းရန် တာဝန် ပေးအပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် ၁၇၅၄ ခုနှစ်တွင် ဒုဗိုလ်မှူးကြီး ဝါရှင်တန်သည် ဗာဂျင်းနီးယားတပ်ဖွဲ့တဖွဲ့ကို ခေါင်းဆောင်၍ ပြင်သစ်တို့ကို ချီတက်တိုက်ခိုက်သည်။ သို့ရာတွင် ဝါရှင်တန်၏ တပ်ဖွဲ့၌ လက်နက်ပစ္စည်းအင်အား မပြည့်စုံသောကြောင့် အရေးနိမ့်ခဲ့လေသည်။

တဖန် ၁၇၅၅ ခုနှစ်တွင် ဝါရှင်တန်သည် ဗြိတိသျှ ဗိုလ်ချုပ်ဗရက်ဒေါ့နှင့်အတူ ပြင်သစ်တို့ကို တိုက်ခိုက်ရန်အတွက် လိုက်ပါခဲ့ရသည်။ ပြင်သစ်တို့ဖက်မှ တိုင်းရင်းသား ရက်အင်ဒီးယန်းတို့က ကူညီတိုက်ခိုက်ကြသည်။ ထိုကြောင့် ပြင်သစ်တပ်များသည် တောတွင်း ပုန်း၍ တိုက်ခိုက်နည်းကို ကျွမ်းကျင်သော ရက်အင်ဒီးယန်းတို့၏ အကူအညီဖြင့် ဗြိတိသျှတပ်များကို ရုတ်တရက် ဝင်ရောက် တိုက်ခိုက်ရာ ဗိုလ်ချုပ်ဗရက်ဒေါ့သည် ပြင်းထန်စွာ ဒဏ်ရာရ၍ တပ်လည်း ပျက်လေသည်။ အရာရှိ စစ်ဗိုလ်များတွင် ဝါရှင်တန် တဦးတည်း အသက်မသေပဲ လွတ်မြောက်ခဲ့သည်။

ထိုနောက် ဝါရှင်တန်ကို ဗိုလ်မှူးကြီး ရာထူးသို့ တိုးမြှင့်လျက် ဗာဂျင်းနီးယားတပ်တွင် သေနာပတိအဖြစ် ခန့်လေသည်။ သုံးနှစ်မျှ စစ်မှုထမ်းပြီးနောက် ၁၇၅၈ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၇၅၉ ခုနှစ် ဇန္နဝါရီလတွင် ဝါရှင်တန်သည် ပစ္စည်းကြွယ်ဝသော မာသာကပ်စတစ်ဆိုသူ မုဆိုးမတဦးနှင့် လက်ထပ်သည်။ ၁၅ နှစ်မျှ မြေပိုင်ရှင်အဖြစ်နှင့်၄င်း၊ ဗာဂျင်းနီးယားနယ် ကောင်စီအဖွဲ့ဝင်အဖြစ်နှင့်၄င်း အေးချမ်းစွာ နေထိုင်လေသည်။

ထိုအချိန်တွင် ဗြိတိသျှ အစိုးရနှင့် အမေရိက တိုက်ရှိ ကိုလိုနီတို့သည် အခွန်ကောက်သည့် ကိစ္စနှင့် စပ်လျဉ်း၍ မသင့်မဘင့်ဖြစ်လာကြသည်။ ယင်းသို့ တဖက်နှင့် တဖက် ဆက်ဆံရေး တင်းမာလျက်ရှိစဉ် ဗော့စတန်မြို့၌ ဖက်ဖက်ခြောက်အရေး ဖြစ်ပွားခြင်းအားဖြင့် အမေရိကန် လွတ်လပ်ရေးစစ်ပွဲကို အစပျိုးခဲ့လေသည်။ ဂျော့ဝါရှင်တန်သည် လွတ်လပ်မှုကို မြတ်နိုးသူတဦး ဖြစ်သောကြောင့် ဗြိတိသျှ အစိုးရ၏ ချုတ်ချယ်ခြင်းကို တိုက်ဖျက်ရန် ဗာဂျင်းနီးယား ပြည်နယ်ဖက်တွင် စစ်သားများ စုဆောင်း၍ အရေးရှိက အသင့်ဖြစ်စေရန် လေ့ကျင့်ပေးထားလေသည်။

၁၇၇၄ ခုနှစ်တွင် ဖိလဒဲလဖီယားမြို့၌ ကျင်းပသော ပဌမဦးဆုံး ကိုလိုနီကိုယ်စားလှယ်များ ညီလာခံသို့ ဗာဂျင်းနီးယားနယ်မှ ဝါရှင်တန်အား ရွေးချယ်စေလွှတ်ခဲ့သည်။ တဖန် ၁၇၇၅ ခုနှစ်တွင် ကျင်းပသော ဒုတိယ ညီလာခံ၌ ဂျော့ဝါရှင်တန်ကို အမေရိကန် ကိုလိုနီ တပ်ပေါင်းစု၏ သေနာပတိအဖြစ် သဘောတူ ခန့်အပ်ကြလေသည်။ ထိုစဉ်အခါက ကိုလိုနီ တပ်ပေါင်းစုတွင် ပါဝင်ကြသူတို့မှာ တိုက်ခိုက်ရေး၌ ကျင့်သားမရှိသော လယ်သမားများ ဖြစ်သည်။ လက်နက်နှင့် ရိက္ခာပစ္စည်းလည်း မပြည့်စုံသည့်ပြင် ကိုလိုနီများဆိုင်ရာ ကွန်ဂရက်အဖွဲ့ကိုလည်း အားမကိုးရချေ။ ထို့ကြောင့် ထိုကဲ့သို့သော စစ်တပ်ကို ခေါင်းဆောင်၍ ဗြိတိန်နိုင်ငံမှ ကျင့်သားရပြီးသော စစ်တပ်များနှင့် ရင်ဆိုင်တိုက်ခိုက်ရမည်မှာ မလွယ်ကူချေ။ သို့သော်လည်း ဝါရှင်တန်သည် ကိုလိုနီတပ်ပေါင်းစုကို မိမိအလိုရှိသော အခြေအနေမျိုးသို့ရောက်ရန် စိတ်ရှည်စွာ ပြုပြင်ခဲ့လေသည်။

၁၇၇၆ ခုနှစ်တွင် အမေရိကန် စစ်တပ်သည် ဗော့စတန်မြို့ကို ဗြိတိသျှတို့၏ လက်မှ ပြန်၍ သိမ်းပိုက်နိုင်ခဲ့လေသည်။ ယင်းသို့ အောင်ပွဲရခဲ့သဖြင့် ဝါရှင်တန်သည် သူရဲကောင်းအာဇာနည်အဖြစ် ထင်ရှားလာလေသည်။ ၁၇၇၈ ခုနှစ်တွင် ပြင်သစ်တို့သည် အမေရိကန်တပ်များဖက်မှ ဝင်ရောက်ကူညီကြသည်။ နောက်ဆုံး ၁၇၈၁ ခုနှစ်တွင် ယော့တောင်းမြို့၌ တပ်စွဲလျက်ရှိသော လော့ကွန်ဝေါလစ် ဦးစီးသည့် ဗြိတိသျှ တပ်များသည် ဂျော့ဝါရှင်တန်ထံ လက်နက်ချ အညံ့ခံရလေသည်။ ယော့တောင်းတိုက်ပွဲသည် အမေရိကန် လွတ်လပ်ရေးစစ်ပွဲ အရှုံးအနိုင်ကို ဆုံးဖြတ်သော တိုက်ပွဲ ဖြစ်ရာ ၁၇၈၃ ခုနှစ်တွင် ထိုစစ်ပွဲ ပြီးဆုံးလေသည်။

စစ်ပွဲအပြီးတွင် ဝါရှင်တန်သည် မောင့်ဗာနွန်ရှိ မိမိ၏ နေအိမ်သို့ပြန်သွား၍ လုပ်ငန်းများကို စီမံခန့်ခွဲလျက် ချမ်းမြေ့စွာ နေထိုင်ခဲ့လေ၏။ ထိုအချိန်တွင် အမေရိကန် ကိုလိုနီနယ်များသည် လွတ်လပ်ရေးရပြီး ဖြစ်သော်လည်း အုပ်ချုပ်ရေး၌ အခြေမကျပဲ ရှိကြ၍ ဗဟိုအစိုးရ၌လည်း သြဇာကင်းမဲ့လျက်ရှိ၏။ ထိုကြောင့် ဝါရှင်တန်သည် အခြေမကျဖြစ်နေသောတိုင်းပြည်အရေးအတွက် နိုင်ငံရေးထဲသို့ ပြန်ဝင်ခဲ့ရပြန်လေသည်။

ဝါရှင်တန်သည် အမေရိကန် ကိုလိုနီများမှာ အုပ်ချုပ်ရေးဖက်၌ အင်အားတောင့်တင်းသော ဗဟို အစိုးရမျိုးနှင့် ဘဏ္ဍာရေးဖက်၌ အခြေခံကောင်းသော စံနစ်မျိုး လိုအပ်ကြောင်း ထုတ်ဖော်ပြောဆိုပြီးလျှင် အကူအညီပေးနိုင်သူများထံမှ အကူအညီတောင်းလေသည်။ ထိုကြောင့် အုပ်ချုပ်ရေးကို အသစ်ပြုပြင်ရန် တတ်စွမ်းသူများ၏အကူအညီနှင့် ဆောင်ရွက်၍ ထိုအုပ်ချုပ်ရေး အခြေခံ ဥပဒေသစ်ကို အမေရိကန် ပြည်နယ်များ အားလုံးက လက်ခံဆောင်ရွက်ရန် ကြိုးစားလေ၏။ ဝါရှင်တန်၏ ကြိုးစားမှုကြောင့်ပင် ပြည်နယ်များက ထိုအုပ်ချုပ်ရေး အခြေခံ ဥပဒေသစ်ကို လက်ခံခဲ့ကြ၍ ဝါရှင်တန်ကိုလည်း ထိုဥပဒေသစ်အရ ၁၇၈၉ ခုနှစ်တွင် ပြည်ထောင်စု အစိုးရ၏ ပဌမဦးဆုံး သမတအဖြစ် တင်မြှောက်ကြလေသည်။

၁၇၉၃ ခုနှစ်တွင် သမတအဖြစ် ဒုတိယအကြိမ် ထပ်မံ၍ အရွေးခံရပြီးနောက်၊ တတိယအကြိမ်မြောက် ထပ်မံရွေးကောက်ကြသော်လည်း ဝါရှင်တန်က လက်မခံခဲ့ပေ။ ယင်းသို့ဖြင့် အမေရိကန် ပြည်ထောင်စုတွင် သမတများသည်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်မျှသာ ဆက်၍ ဆောင်ရွက်ရန် အစဉ်အလာတရပ် ဖြစ်ပေါ်ခဲ့ရာ ၂၀ ရာစုနှစ်အတွင်း ဖရန်ကလင် ရူးဇဗဲ့ လက်ထက်တွင်မှ ထိုအစဉ်အလာ ပျက်ခဲ့လေ၏။

၁၇၉၇ ခုနှစ်တွင် ဝါရှင်တန်သည် နိုင်ငံရေးမှ အနားယူပြီးလျှင် မောင့်ဗာနွန်သို့ပြန်၍ မိမိတို့၏ လယ်မြေ ယာမြေလုပ်ငန်းတွင်သာ လုံးပန်းလျက် စိတ်အေးချမ်းသာစွာ နေထိုင်ခဲ့လေသည်။ ၁၇၉၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မိမိနယ်မြေကို လှည့်လည်ကြည့်ရှုရန် မြင်းစီး၍ ထွက်သွားရာမှ အအေးမိလာလေသည်။ ထိုအအေးမိသည့် ဒဏ်မှာ ဆိုးရွားပြင်းထန်လာခဲ့ရာ နောက်တနေ့ညဉ့် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် ကွယ်လွန်လေ၏။ သူ၏အလိုဆန္ဒအတိုင်း အလောင်းကို မောင့်ဗာနွန်၌ပင် မြှုပ်နှံထားကြလေသည်။

ဂျော့ဝါရှင်တန်သည် ရုပ်ရည်ခန့်ညားး၍ မျက်နှာထားတည်သူ ဖြစ်သည်။ သွားလာနေထိုင်ပုံကို ကြည့်ရခြင်းအားဖြင့် မာန်မာနကြီးသူ ဟုထင်ရသော်လည်း စင်စစ်အားဖြင့် သူတပါးအား ကြင်နာတတ်သူ ဖြစ်သည်။ အထူးသဖြင့် ကလေးသူငယ်များကို ချစ်ခင်သည်။ လက်တွေ့သမားတဦး ဖြစ်သောကြောင့် အရေးကိစ္စပေါ်လျှင် မဖြစ်မနေ လုပ်ဆောင်တတ်သည်။ ထိုကြောင့် 'ဂျော့ဝါရှင်တန်သည် စစ်ပွဲ၌လည်း ထိပ်ဆုံး၊ ငြိမ်းချမ်းသည့် အခါ၌လည်း ထိပ်ဆုံး၊ ပြည်သူလူထု၏ အသည်းနှလုံး၌လည်း ထိပ်ဆုံးရောက်ရှိသူ' ဟူ၍ ခြီးကျူးထောမနာ ပြုခြင်းကို ခံရသူ ဖြစ်ပေသည်။

**ဝါရှင်တန်ပြည်နယ်။** ။ဝါရှင်တန်ပြည်နယ်သည် အမေရိကန် ပြည်ထောင်စုတွင် အနောက်မြောက်စွန်း၌ တည်ရှိသော ပြည်နယ်ဖြစ်သည်။ အရှေ့ဖက်တွင် အိုက်ဒဟိုပြည်နယ်၊ အနောက်ဖက်တွင် ပစိဖိတ် သမုဒ္ဒရာ၊ မြောက်ဖက်တွင် ကနေဒါနိုင်ငံ၊ တောင်ဖက်တွင် သြရီဂန်ပြည်နယ်တို့ အသီးအသီး ရှိကြသည်။ အမြဲစိမ်းလန်းသော ထင်းရှူးတောများ ရှိခြင်းကြောင့် "စိမ်းရောင်စို ပြည်နယ်" ဟူ၍လည်း အမည်တွင်သည်။ ပြည်နယ် အကျယ်အဝန်းမှာ ၆၈,၁၉၂ စတုရန်းမိုင်ဖြစ်၍ ခန့်မှန်းခြေ လူဦးရေ ၃,၀၃၆,၉၀၀ (၁၉၆၅) ရှိသည်။

ကက်စကိတ် တောင်တန်းသည် ဝါရှင်တန်ပြည်နယ်ကို တောင်နှင့်မြောက် ဖြတ်သန်း တည်ရှိရာ အတွင်းပိုင်းနှင့် ကမ်းရိုးတန်းပိုင်း ဟူ၍ သဘာဝ အပိုင်းအခြား နှစ်ခုကို ပိုင်းခြားထားလေသည်။ ကမ်းရိုးတန်း အနီးရှိ အိုလင်းပစ်တောင်တန်းနှင့် ကက်စကိတ် တောင်တန်း အကြားတွင် ပူဂျက်ဆောင်း ရေလက်ကြားရှည် ရှိသည်။ ကက်စကိတ်တောင်တန်းတွင် မီးငြိမ်းတောင်များ ရှိသည့်အနက် မောင့်ရေးနီးယားတောင်မှာ အမြင့်ဆုံး ဖြစ်သည်။ ကိုလမ္ဘီးယားမြစ်သည် ပြည်နယ်အရှေ့ပိုင်းတွင် တောင်နှင့်မြောက် ဖြတ်သန်းလာ၍ အနောက်သို့ တောင်ဖက်နယ်စပ် တလျှောက်ကွေ့ဆင်းပြီးလျှင် ပစိဖိတ် သမုဒ္ဒရာထဲသို့ စီးဝင်သည်။ ပူဂျက်ဆောင်း ရေလက်ကြားရှည် ဒေသတွင် အိုင်များစွာ ရှိသည်။ သို့ရာတွင် အကြီးဆုံး ရေအိုင်မှာ ကက်စကိတ် တောင် အရှေ့စောင်း၌ တည်ရှိသော ရှီလန်းအိုင် ဖြစ်သည်။ ထိုအိုင်ကြီးသည် အလျား ၅၅ မိုင် ရှိသည်။

ဝါရှင်တန်ပြည်နယ် အနောက်ပိုင်းသည် အရှေ့ပိုင်းထက် ရာသီဥတု ပို၍ မျှတညီညွတ်သည်။ အနောက်ပိုင်းတွင် ဆောင်းရာသီ၌ မိုးရွာသည်။ ကက်စကိတ် တောင်တန်း အရှေ့ဖက်၌မူကား မိုးနည်းသည်။ နွေအခါ၌ ပူ၍ ဆောင်းအခါ၌ အေးသည်။

ဝါရှင်တန် ပြည်နယ် ကမ်းရိုးတန်းပိုင်းတွင် သစ်လုပ်ငန်း၊ တံငါလုပ်ငန်း၊ သင်္ဘော တည်ဆောက်သည့် လုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်း၊ တိရစ္ဆာန် မွေးမြူရေး လုပ်ငန်း၊ သစ်သီးဥယျာဉ် စိုက်ပျိုးသည့်လုပ်ငန်းတို့သည် ထင်ရှားသော လုပ်ငန်းများ ဖြစ်သည်။ ပူဂျက်ဆောင်း ရေလက်ကြားရှည် ဒေသ၌ သင်္ဘောဆိပ်ကောင်းများစွာရှိသဖြင့် ထိုဒေသတွင် စက်မှုလုပ်ငန်းများ ထွန်းကားသည်။

ဝါရှင်တန်ပြည်နယ် အတွင်းပိုင်းသည် ကိုလမ္ဘီးယားမြစ် ရေဆင်းနယ်ဖြစ်၍ ဂျုံ၊ သစ်သီး စသည်တို့ကို ရေသွယ်စိုက်ပျိုးသည်။ ထိုအရပ်မှ ထွက်သော ပန်းသီးမှာ အထူးသဖြင့် ထင်ရှားသည်။ ကိုလမ္ဘီးယားမြစ်ကို ဖြတ်၍ ဆောက်လုပ်ထားသော ဂရင်းကူလီရေကာတာကြီးမှ လျှပ်စစ်ဓာတ်အားရသည့်အပြင် မြေဧကတသန်းကျော်ကိုလည်း ရေသွင်းပေးနိုင်သည်။ ဂရင်းကူလီ ရေလှောင်ကန်ကြီးသည် အလျား ၁၅၁ မိုင်ရှိသည်။

ဝါရှင်တန်ပြည်နယ်သည် ပစိဖိတ်ကမ်းခြေရှိ ပြည်နယ်များတွင် ကျောက်မီးသွေးအများဆုံးထွက်သော ပြည်နယ်ဖြစ်သည်။ အခြား ထင်ရှားသော တွင်းထွက်ပစ္စည်းမှာ မဂ္ဂနီဆိုက် ဖြစ်သည်။ ရွှေ၊ ကြေးနီ၊ သွပ်၊ ငွေ၊ ခဲ၊ တန်စတင်၊ သံတို့ကိုလည်း တူးဖော်ရရှိသည်။

ဝါရှင်တန်ပြည်နယ်မှ အဓိက ထွက်ကုန်များမှာ ဂျုံ၊ သစ်သီး၊ စည်သွတ်သစ်သီး၊ စည်သွတ် အစားအစာ၊ သစ်လုပ်ငန်းထွက်ပစ္စည်းများဖြစ်သော သစ်ပျော့ဖတ်၊ စက္ကူ၊ သုံးထပ်သားနှင့် ပို့တလန် ဗိလတ်မြေ၊ မဂ္ဂနီဆိုက်၊ ကျောက်မီးသွေးတို့ ဖြစ်သည်။ စည်သွတ်ဆာမန်ငါးကို အများဆုံး တင်ပို့သော ပြည်နယ်လည်း ဖြစ်သည်။

ပြည်နယ်ရှိ ထင်ရှားသောမြို့ကြီးများသည် များသောအားဖြင့် ပူဂျက်ဆောင်းရေလက်ကြားရှည်ဒေသတွင် တည်ရှိကြသည်။ ဆီအက်တယ်မြို့နှင့် တာကိုးမာမြို့တို့သည် ကုန်သွယ်ရေးအတွက် အချက်အခြာမြို့ကြီးများဖြစ်၍ အိုလင်း



www.burmeseclassic.com

www.burmeseclassic.com





ပီးယားမြို့သည် အစိုးရရုံးစိုက်ရာ မြို့ဖြစ်သည်။ အတွင်းပိုင်းတွင်ရှိသော စပိုကန်းမြို့သည် ပြည်နယ်၌ ဒုတိယမြို့ကြီး ဖြစ်သည်။ အခြားထင်ရှားသော မြို့များမှာ ဗယ်လင်ဂမ်မြို့၊ အဲဗရက်မြို့နှင့် ဗန်ကူဗားမြို့များ ဖြစ်ကြသည်။

ပဌမကမ္ဘာစစ်အတွင်းက ဆီအက်တယ်မြို့တွင် ဗိုးအင်းလေယာဉ်ပျံတည်ဆောက်သည့် စက်ရုံကို တည်ထောင်ခဲ့လေသည်။ ဒုတိယ ကမ္ဘာစစ်အတွင်း၌ ထင်ရှားခဲ့သော "မိုးပျံခံတပ်"ခေါ် စစ်လေယာဉ်ပျံကြီးများကိုရင်း၊ ယခုခေတ်၌ အသုံးပြုလျက်ရှိသော ခရီးသည်တင် ဗိုးအင်းဂျက်လေယာဉ်ပျံကြီးများကိုရင်း ထိုစက်ရုံတွင် တည်ဆောက်ခဲ့လေသည်။

မြောက်အမေရိကတိုက် အနောက်မြောက်ဖက်ရှိပစိဖိတ်သမုဒ္ဒရာ ကမ်းခြေတလျှောက်သို့ ရှေးဦးစွာရောက်ဘူးခဲ့ကြသူများမှာ ဗြိတိသျှလူမျိုးနှင့် စပိန်လူမျိုးတို့ပင် ဖြစ်တန်ရာသည်။ ၁၈၁၀ ပြည့်နှစ်တွင် ဝါရှင်တန်ပြည်နယ် အရှေ့ပိုင်း၌ ဗြိတိသျှတို့က သားမွေးလုပ်ငန်းဆိုင်ရာ စခန်းကို စတင်တည်ထောင်ခဲ့ကြသည်။ ထိုနောက် အမေရိကန် လူမျိုးတို့ကလည်း သားမွေးလုပ်ငန်းအတွက် စခန်းများကို အပြိုင်အဆိုင် တည်ထောင်ခဲ့ကြလေသည်။ ယင်းသို့ အားဖြင့် ဗြိတိသျှနှင့် အမေရိကန်တို့သည် နယ်လုလာခဲ့ရာ ၁၈၄၆ ခုနှစ်၌ လက်ရှိနယ်နိမိတ်အတိုင်း ပိုင်နက် သတ်မှတ်ရန် သဘောတူ စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ မူလက ဝါရှင်တန် ပြည်နယ်သည် ဩရီဂန်ပြည်နယ်တွင်း၌ ပါဝင်ခဲ့သော်လည်း ၁၈၅၃ ခုနှစ်တွင် သီးခြားပြည်နယ်တခု ဖြစ်လာလေသည်။ ၁၈၈၇ ခုနှစ်တွင် အရှေ့ဖက်ရှိ ပြည်နယ်များနှင့် ဆက်သွယ်နိုင်သော မီးရထားလမ်းကို ဖောက်လုပ်ပြီးစီးခဲ့သည်။ ၁၈၈၉ ခုနှစ်သို့ ရောက်သောအခါ ဝါရှင်တန်ပြည်နယ်သည် အမေရိကန် ပြည်ထောင်စုတွင် လေးဆဲ့နှစ်ခုမြောက် ပြည်နယ်အဖြစ် ပါဝင်ခဲ့လေသည်။

**ဝါရှင်တန်မြို့တော်။** ။ဝါရှင်တန်မြို့သည် အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ မြို့တော်ဖြစ်သည်။ ပြည်ထောင်စု မြို့တော်ဖြစ်သော်လည်း မည်သည့် ပြည်နယ်အတွင်းတွင်မျှ မတည်ရှိပဲ၊ ကိုလမ်ဘီးယားခရိုင်တွင် သီးခြား တည်ရှိလေသည်။ အမေရိကန် ပြည်ထောင်စုနိုင်ငံ၏ ပဌမဆုံး သမတ ဂျော့ဝါရှင်တန် လက်ထက် ၁၇၉၁ ခုနှစ်တွင် မေရီလန်ပြည်နယ်၏ တစိတ်တဒေသကို အစိုးရရုံးစိုက်ရာ မြို့တော် တည်ဆောက်ရန်အတွက် သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ဝါရှင်တန်မြို့သည် အစိုးရ ရုံးစိုက်ရာ သက်သက်အတွက် ပုံစံထုတ်၍ စံနစ်တကျ တည်ဆောက်ခဲ့သော ပဌမဦးဆုံးမြို့ ဖြစ်သည်။

ဝါရှင်တန် မြို့တော်သည် ပိုတိုမက် မြစ်ကမ်းဘေးတွင် တည်ရှိ၍ မြစ်ဝမှ အထက် မိုင် ၁၀၀ ခန့်ကွာဝေးသည်။ မြို့တော် နယ်နိမိတ်သည် ကိုလမ်ဘီးယားခရိုင် နယ်နိမိတ်နှင့် ထပ်တူထပ်မျှပင် ဖြစ်၍ အကျယ်အဝန်းအားဖြင့် ၆၉.၂၄၅ စတုရန်းမိုင်ရှိသည်။ အမေရိကန် သမတက ဆီးနိတ်အဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်ထားသော ကော်မရှင်နာ သုံးဦးတို့က ကိုလမ်ဘီးယားခရိုင်ကို အုပ်ချုပ်ရသည်။

ထိုမြို့တော်ကို ပုံစံထုတ် ရေးဆွဲခဲ့သူကား အမေရိကန် လွတ်လပ်ရေး စစ်ပွဲတွင် ပါဝင်ခဲ့သူ ပြင်သစ်အင်ဂျင်နီယာ မေဂျာ လင်ဖန့် ဖြစ်သည်။ ၁၇၉၃ ခုနှစ်တွင် မြို့တော်ကို စတင် အုတ်မြစ်ချခဲ့၍ ၁၈၀၀ ပြည့်နှစ်တွင် ထိုမြို့တော်သို့ အစိုးရအဖွဲ့ ပြောင်းရွှေ့ ရုံးစိုက်ခဲ့၏။ မြို့တော်၏ အမည်ကိုလည်း ထိုမြို့ကို စတင်တည်ခဲ့သူ ဂျော့ ဝါရှင်တန်၏ အမည်ကို အစွဲပြုကာ ဝါရှင်တန်မြို့တော်ဟု ခေါ်တွင် စေခဲ့လေသည်။

မြို့ကွက်ကို စံနစ်တကျ ပုံစံချ၍ တည်ဆောက် ထားသောကြောင့် ဝါရှင်တန်မြို့တော်သည် လှပတင့်တယ်သော မြို့ကြီးတမြို့ ဖြစ်ပေသည်။ ကက်ပီတော်ဟု အမည်တွင်သော ပါလီမန်လွှတ်တော် အဆောက်အအုံကြီးကို ကက်ပီတော် တောင်ကုန်းပေါ်တွင် တည်ဆောက် ထားသည်။ ထိုအဆောက်အအုံကြီးကို ဗဟိုပြု၍ မြောက်ဖက်၊ အရှေ့ဖက်နှင့် တောင်ဖက်သို့ လမ်းမကြီး သုံးသွယ်ရှိသည်။ အခြားလမ်းအသွယ်သွယ်တို့သည်လည်း တလမ်းနှင့်တလမ်း ထောင့်မှန်ကျကျ ဖြတ်သန်းလျက် ရှိသည်။ တဖန် ထိုလမ်းတို့ကို ထောင့်ဖြတ် လမ်းမကျယ်များက ဖြတ်သန်းလျက် ရှိပြန်သည်။

ဝါရှင်တန်မြို့တော်တွင် ကက်ပီတော် အဆောက်အအုံကြီးသည် ပေ ၉၀ ခန့်မြင့်သော တောင်ကုန်းပေါ်၌ တည်ရှိ၍ သာယာသော ဥယျာဉ် ခြံရံလျက် ရှိသဖြင့် ခန့်ညားတင့်တယ်လှပေသည်။ အပေါ်ပိုင်းသည် ခုံးဝိုင်းပုံ ဖြစ်၍ ထိပ်တွင် ၁၉ ပေမြင့်သော လွတ်လပ်ရေးကြေးရုပ်ရှိသည်။ လက်ဝဲဖက်တွင် ပြည်သူ့လွှတ်တော် အဆောက်အအုံနှင့် လကျာဖက်တွင် ဆီးနိတ်လွှတ်တော် အဆောက်အအုံများ အသီးအသီးရှိကြသည်။ ခုံးဝိုင်းအတွင်း၌ အမေရိကန်သမိုင်းမှ ထင်ရှားသော အဖြစ်အပျက်တို့ကို သရုပ်ဖော်ထားသည့် ပန်းချီကားများ၊ နိုင်ငံခေါင်းဆောင်ကြီးတို့၏ ရုပ်တုများ ရှိလေသည်။

ကက်ပီတော်အဆောက်အအုံ၏ အရှေ့တောင်ဖက်တွင် ကမ္ဘာပေါ်၌ အခန့်ညားဆုံး စာကြည့်တိုက်တခုအဖြစ် ထင်ရှားသော ကွန်ဂရက် စာကြည့်တိုက်ကြီး ရှိသည်။ ထိုစာကြည့်တိုက်တွင် စာအုပ်ပေါင်း လေးသန်းကျော်မျှ ရှိသည်။


ကက်ပီတော်မှအနောက်မြောက်သို့ထောင့်ဖြတ်ဖောက်လုပ်ထားသော ပင်ဆီလဗေးနီးယား ရိပ်သာလမ်းမကျယ်သည် လေးမိုင်ခွဲမျှရှည်လျားသည်။ ထိုလမ်းတွင် အမေရိ



www.burmeseclassic.com

www.burmeseclassic.com





အမေရိကန် ပြည်ထောင်စု၏မြို့တော် ဝါရှင်တန်မြို့တွင် မီးရှူးမီးပန်းများ ထွန်းညှိထားစဉ်

ကန် သမတ၏ စံအိမ်ဖြစ်သော အိမ်ဖြူတော် တည်ရှိသည်။ အိမ်ဖြူတော် ခြံဝင်းသည် ၁၈ ဧကရှိ၍ သစ်ပင်၊ ပန်းပင်စသည်တို့ဖြင့် သာယာပေသည်။ ပင်ဆိလဗေးနီးယား လမ်းမ တလျှောက်တွင် အစိုးရ ဌာနဆိုင်ရာ အဆောက်အအုံများ ရှိလေသည်။ ထိုအဆောက်အအုံတို့မှာ များသောအားဖြင့် ပဋ္ဌမကမ္ဘာစစ်ပြီးသည့်နောက်မှ တည်ဆောက်ခဲ့သော အဆောက်အအုံများဖြစ်သည်။

ကက်ပီတော်၏ အနောက်ဖက် ပိုတိုမက် မြစ်ကမ်းအနီးတွင် လင်ကွန်း အထိမ်းအမှတ် အဆောက်အအုံ တည်ရှိသည်။ ထိုအဆောက်အအုံသည် ဂရိဝတ်ကျောင်းပုံ ဖြစ်၍ အတွင်း၌ အမေရိကန် သမတ အေဗရာဟမ် လင်ကွန်း၏ ကျောက်ဖြူ ရုပ်တု ရှိသည်။ ကက်ပီတော်နှင့် လင်ကွန်း အထိမ်းအမှတ် အဆောက်အအုံ အကြားတွင် ၅၅၅ ပေမြင့်သော ဝါရှင်တန်အထိမ်းအမှတ် ကျောက်ဖြူတိုင်ကြီး ရှိလေသည်။ တဖန် ကက်ပီတော် အနောက်တောင်ယွန်းယွန်း တိုက်ဒယ်ဗေဆင် ရေအိုင်ဘေးတွင် ဂျက်ဖာဆန် အထိမ်းအမှတ် အဆောက်အအုံ ရှိသည်။

ဝါရှင်တန် မြို့တော်တွင် ဂျော့ဝါရှင်တန် တက္ကသိုလ်၊ အမေရိကန် ကက်သလစ် တက္ကသိုလ်၊ ဂျော့တောင်း တက္ကသိုလ်နှင့် ဟောင်းဝပ် တက္ကသိုလ်တို့သည် ထင်ရှားသော တက္ကသိုလ်များ ဖြစ်ကြသည်။ ထိုပြင် အမျိုးသား အနုပညာပြတိုက်၊ သိပ္ပံပြတိုက် အစရှိသော ပြတိုက် အမျိုးမျိုးလည်း ရှိလေသည်။

ဝါရှင်တန်မြို့တော်တွင် ခန့်မှန်း လူဦးရေ ၈၁၁,၀၀၀ (၁၉၆၅)ရှိ၍ သုံးပုံတပုံခန့်မှာ ကပ္ပလီလူမျိုးများ ဖြစ်ကြလေသည်။

**ဝါလပိုး, ဆာ ရောဗတ်**(ခရစ် ၁၆၇၆–၁၇၄၅)။ ။ပဋ္ဌမ အောဖိုနယ်စားဘွဲ့ရ ဆာ ရောဗတ် ဝါလပိုသည် ဗြိတိန်နိုင်ငံ၏ ပဋ္ဌမဦးဆုံး ဝန်ကြီးချုပ် ဟူ၍ ခေါ်ဆိုထိုက်သော နိုင်ငံရေး ခေါင်းဆောင်ဖြစ်သည်။ ၁၆၇၆ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် နောဖိုနယ်၊ ဟောင်တန်မြို့၌ ဖွားမြင်သည်။ အီတန်ကျောင်းနှင့် ကိမ်းဗရစ်တက္ကသိုလ်၊ ဘုရင့်ကောလိပ် ကျောင်းတွင် ပညာသင်ကြားခဲ့ပြီးနောက် ၁၇၀၁ ခုနှစ်၌ ဝှစ်ပါတီဝင် အမတ် အဖြစ်ဖြင့် ပါလီမန်သို့ ရွေးကောက်တင်မြှောက်ခြင်း ခံရသည်။ ၁၇၀၈ ခုနှစ်တွင် စစ်ဖက် ဆိုင်

www.burmeseclassic.com





ရာ အတွင်းဝန်ရာထူး၌ အမှုထမ်းရသည်။ ထိုနောက် ဝှစ်ပါတီ အာဏာ ကျဆင်းလာသဖြင့် ရာထူးမှ နုတ်ထွက်ရလေသည်။

၁၇၁၂ ခုနှစ်တွင် ဝါလပိုသည် မိမိနှင့် နိုင်ငံရေး အတိုက်အခံတို့က စာရိတ္တ ပျက်ပြားသည်ဟု စွပ်စွဲချက်ကြောင့် ပါလီမန်မှ ထုတ်ပယ်ခြင်းကို ခံရသည်သာမက လန်ဒန် ရဲတိုက်ကြီး၌ပင် ခေတ္တမျှ အကျဉ်းချထားခြင်းကို ခံရလေသည်။ သို့ရာတွင် ၁၇၁၄ ခုနှစ်၌ ပါလီမန် အမတ်အဖြစ် တဖန် ရွေးကောက်တင်မြှောက်ခြင်းခံရလေသည်။ ထိုနှစ်ထဲ၌ပင် ဝှစ်ပါတီကို လိုလားသော ပဌမ ဂျော့ဘုရင် နန်းတက်လာလေသည်။

၁၇၁၅ ခုနှစ်မှ ၁၇၁၇ ခုနှစ်အထိ ဝါလပိုသည် ဘဏ္ဍာရေးနှင့် ရွှေတိုက်စိုးဝန်ကြီးအဖြစ် အမှုထမ်းသည်။ သူသည် နိုင်ငံရေးထက် ဘဏ္ဍာရေးကိစ္စများ၌ ပို၍ ကျွမ်းကျင် လေသည်။ ထို့ကြောင့် ၁၇၂၁ ခုနှစ်တွင် ဆောက်ဆီး ကုမ္ပဏီအရေး ပေါ်ပေါက်လာသည့်အခါ၌ တိုင်းပြည်၏ ဘဏ္ဍာရေး အခြေအနေကို ထိန်းသိမ်း ပေးရန် ဝါလပိုအား ဘဏ္ဍာရေး ဝန်ကြီးအဖြစ် တဖန် ခန့်အပ်လေသည်။ ယင်းကုမ္ပဏီကို ၁၇၁၁ ခုနှစ်တွင် တည်ထောင်ခဲ့ရာ တိုင်းသူ ပြည်သား အများတို့သည် အမြတ်အစွန်း မြောက်မြားစွာ ထွက်ပေါ်လာမည်အထင်ဖြင့် အစုများဝယ်၍ ငွေရင်း မြှုပ်နှံခဲ့ကြသည်။ နောက်ဆုံး၌ ကုမ္ပဏီပျက်၍ အစုရှင်များ ငွေကြေး ဆုံးရှုံး နစ်နာကြရလေသည်။ ဝါလပိုသည်လည်း တိုင်းပြည်တွင် ထိုကိစ္စကြောင့် ကျရောက်အံ့သော စီးပွားရေး အခြေ ပျက်ခြင်းကို ကာကွယ်နိုင်သဖြင့် ထင်ရှားလာလေသည်။

ထိုသို့ ဖြစ်သောကြောင့် ဝါလပိုသည် ၁၇၂၁ ခုနှစ်မှ ၁၇၄၂ ခုနှစ်အထိ ထိုရာထူး၌ တည်မြဲလျက် ပဌမ ဂျော့ဘုရင် လက်ထက်၌ရင်း၊ ဒုတိယ ဂျော့ဘုရင် လက်ထက်၌ရင်း ညာလက်ရုံးသဖွယ် အားကိုးရသော နိုင်ငံရေး ခေါင်းဆောင် ဖြစ်ခဲ့လေသည်။ သူ၏ဝါဒမှာ နိုင်ငံ၏ ကြီးပွားရေးအတွက် ကူးသန်းရောင်းဝယ်ရေးကို အားပေးခြင်းပင် ဖြစ်သည်။ ကူးသန်းရောင်းဝယ်ရေးဖွံ့ဖြိုးရန် အတွက်မှာလည်း တိုင်းပြည်၌ ဘဏ္ဍာရေး အခြေခိုင်ရမည့်ပြင် နိုင်ငံအချင်းချင်း ငြိမ်းချမ်းသာယာမှု ရှိရမည် ဟူ၍ ဖြစ်သည်။

ဝါလပိုသည် ပြည်တွင်း ပြည်ပတို့တွင် ငြိမ်းချမ်းမှု ရှိရန် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း ၁၇၃၉ ခုနှစ်တွင် ဗြိတိန်နိုင်ငံသည် စပိန်နိုင်ငံနှင့် စစ်ဖြစ်ပွားခဲ့ရလေသည်။ ဝါလပိုသည် စစ်ဖက်ဆိုင်ရာဝန်ကြီးအဖြစ် အမှုထမ်းရပြီးနောက် ၁၇၄၂ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်လေသည်။ ထိုနှစ်၌ပင် ဘုရင်က ဝါလပိုအား အောဖို့ နယ်စားဘွဲ့ဖြင့် သူကောင်းပြုခြီးမြှင့်ခဲ့သည်။



ဗြိတိန်နိုင်ငံ၏ ပဌမဦးဆုံး ဝန်ကြီးချုပ်ဖြစ်သူ
ဆာ ရောဗတ် ဝါလပို

ဆာ ရောဗတ် ဝါလပိုသည် ဝန်ကြီးချုပ် ဟူသော ရာထူးဘွဲ့ကို မခံယူခဲ့ရသော်လည်း ဝန်ကြီးချုပ် တဦးကဲ့သို့ပင် ဗြိတိန် နိုင်ငံကို ၁၀ နှစ်ကျော်မျှ အုပ်ချုပ် ခဲ့ပြီးနောက် ၁၇၄၅ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ကွယ်လွန်လေသည်။

**ဝါလပို့ ဟိုရေ့ (ခရစ် ၁၇၁၇–၁၇၉၇)။** ။စတုတ္ထ အောဖို့နယ်စား ဘွဲ့ရ ဟိုရေ့ ဝါလပိုသည် ဗြိတိန်နိုင်ငံမှ နိုင်ငံရေး ခေါင်းဆောင် ဆာ ရောဗတ်ဝါလပို၏ သားအငယ်ဆုံး ဖြစ်သည်။ လန်ဒန်မြို့တွင် ၁၇၁၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့၌ ဖွားမြင်၍ အီတန်ကျောင်းနှင့် ကိမ်းဗရစ် တက္ကသိုလ်၊ဘုရင့်ကောလိပ်ကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၇၄၁ ခုနှစ်မှ ၁၇၆၈ ခုနှစ်အထိ ပါလီမန် လွှတ်တော်အမတ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်းကို ခံခဲ့ရသော်လည်း နိုင်ငံရေးဖက်၌ ထင်ရှားခဲ့သူကား မဟုတ်ချေ။ ခေတ်အခြေအနေကို မှတ်တမ်းတင်ခဲ့သူ အဖြစ်ဖြင့်သာ ထင်ရှားလေသည်။

ဖခင်ဖြစ်သူ၏ မျက်နှာကြောင့် ဟိုရေ့ ဝါလပိုသည် နိုင်ငံရေး ဆိုင်ရာ အလုပ်အကိုင် ရာထူး အမျိုးမျိုးတို့ကို ရရှိခဲ့သည်။သို့ရာတွင် သူသည် စာပေဖက်၌ရင်း၊ အဆောက်အအုံ ပညာဖက်၌ရင်း၊ ရှေးဟောင်းပစ္စည်းစုဆောင်းရေးဖက်၌ရင်း ပို၍စိတ်ဝင်စားလေသည်။ ထို့ကြောင့် စာရေး

www.burmeseclassic.com





**ဗြိတိသျှဝန်ကြီးချုပ် ဆာ ရောဗတ် ဝါလပို၏သား ဟိုရေ့ဝါလပို**

ခြင်း၊ နေအိမ်ကို ပုံစံတမျိုးပြင်၍ ဆောက်လုပ်ခြင်း၊ ရှေးဟောင်း အိမ်ထောင်ပရိဘောဂ၊ ပန်းချီကား စသည်တို့ကို စုဆောင်းခြင်းဖြင့် အချိန်ကုန်စေခဲ့သည်။

၁၇၄၇ ခုနှစ်တွင် ဟိုရေ့ဝါလပိုသည် မစ်ဒဲဆက်နယ် တွစ်ကင်ဟမ်မြို့အနီး၌ ဂေါ့သပုံစံ ရဲတိုက်ကိုတည်ဆောက်၍ နေထိုင်သည်။ ကိုယ်ပိုင်စာပုံနှိပ်စက်ကိုလည်း တည်ထောင်သည်။ သူရေးသားသော စာပေများသည်လည်း စိတ်ကူးယဉ်စာပေမျှလောက်သာဖြစ်သည်။ ၁၇၆၄ ခုနှစ်တွင် ရေးသော "အောတရန်တိုရဲတိုက်"မှာ ထိတ်လန့်ဖွယ်ရာ ဝတ္ထုဖြစ်သည်။ သို့ရာတွင် သူရေးခဲ့သော ဆောင်းပါးစာများ၊ မှတ်တမ်းများသည်ကား ၁၈ ရာစုနှစ်အတွင်းက အင်္ဂလန်နိုင်ငံရှိ လူတို့နေထိုင်ပုံစံနစ်ကို ဖော်ပြထားသဖြင့် ထင်ရှားပေသည်။

ဟိုရေ့ဝါလပိုသည် ၁၇၉၁ ခုနှစ်တွင် အောဖို့နယ်စားဘွဲ့ကို ဆက်ခံရရှိသည်။ ၁၇၉၇ ခုနှစ် မတ်လ ၂ ရက်နေ့တွင် လန်ဒန်မြို့၌ ကွယ်လွန်လေသည်။

**ဝါး။** ။ကမ္ဘာ့အပူပိုင်းဒေသများတွင် ပေါက်ရောက်လျက်ရှိသောဝါးသည် သစ်ပင်နှင့်တူသော မြက်ဖြစ်သည်။ ထိုအပင်သည်လွန်စွာအံ့ဩဖွယ်ကောင်းပြီးလျှင် အလွန်လည်း လှပလေသည်။ အာရှ အာဖရိကနှင့် အမေရိကတိုက်တို့တွင် ပေါက်ရောက်လျက်ရှိကြသော ဝါးအမျိုးပေါင်းမှာ ၅၀၀ ခန့် ရှိသည်။ ဂျပန်နိုင်ငံရှိ အလွန်အေးသောဒေသများတွင် အချို့ဝါးမျိုး ပေါက်ရောက်လျက် ရှိသည်ကို တွေ့ရသည်။

ဝါးသည် အမြစ်တခုတည်းမှ ပင်စည်ပေါင်း ၁၀၀ ခန့်အထိ ပေါက်ရောက်နိုင်ရာ အချို့သည် ပေ ၃၀၊ ပေ ၅၀ နှင့် ပေ ၁၀၀ အထိပင် မြင့်နိုင်လေသည်။ ပေါက်ရောက်ရာတွင်လည်း အလွန်လျင်မြန်သည်။ အချို့ဝါးမျိုးသည် တနေ့အတွင်း၌ ၁၀ လက်မအထိပင် မြင့်တက်နိုင်လေသည်။ ဝါးမှ များသောအားဖြင့် အကိုင်းများထွက်လေ့ မရှိပေ။ ထိပ်ဖျားလောက်တွင်သာ အကိုင်းများသည် ချုံများသဖွယ် ဖြာထွက်လေ့ရှိသည်။ ထိုအကိုင်းများတွင် အချို့ဝါးမျိုး၏ ဝါးပွင့်များသည် အခိုင်ကြီးများအဖြစ်နှင့် ပွင့်လေ့ရှိသည်။ တခါတရံတွင် အချို့ဝါးပင်မှာ နှစ်တိုင်းပွင့်လေ့ရှိသော်လည်း အချို့ဝါးပင်များကမူ လုံးဝ မပွင့်ကြချေ။ အစေ့များကိုလည်း မြင်ရခဲသည်။ အချို့ဝါးမျိုး၏ အညွှာက်များကို လူများက မျှစ်အဖြစ် စားလေ့ရှိကြသည်။ အချို့မျှစ်များကို အချဉ်တည်၍ မျှစ်ချဉ်အဖြစ် စားလေ့ရှိကြသည်။

ဝါးသည် ယင်း၏အလေးချိန်နှင့် စာက အလွန်ခိုင်၍ မာ ကျော ပြီး လျှင် အိလေသည်။ ဝါး ပေါက်ရောက်ရာဒေသရှိလူများသည် ဝါးကိုအမျိုးမျိုးအသုံးပြုကြလေသည်။ ဝါးကို အိမ်တိုင်များအဖြစ် အသုံးပြု၍ ဝါးကိုပင် ခြမ်းပြီးလျှင် အခင်းအဖြစ် အသုံးပြုကြသည်။ အိမ်၏ အမိုးနှင့် အကာများအဖြစ်လည်း ဝါးကိုရက်၍ အသုံးပြုလေ့ ရှိကြသည်။ အချို့ဝါးကြီးများ၏ အဆစ်ပိုင်းများကို ချက်ပြုတ်ရန် အိုးအဖြစ် အသုံးပြုလေ့ရှိကြသည်။ လေးနှင့်မြှားများကိုလည်း ဝါးဖြင့်ပင် ပြုလုပ်ကြသည်။ လိုက်ကာများ၊ ကစားစရာများ၊ ကရိယာတန်ဆာပလာများနှင့် အခြားလူအသုံးအဆောင်များကိုလည်း ဝါးဖြင့်ပင် ပြုလုပ်ကြလေသည်။ ယပ်တောင်များ၊ လမ်းလျှောက်တုတ်များနှင့် ငါးမျှားတံများ အဖြစ်လည်း ဝါးကို အသုံးပြုကြသည်။ ရေတန်လျှောက်အဖြစ်လည်း ဝါးကို ခြမ်း၍ အသုံးပြုလေ့ ရှိကြသည်။တန်တားများ ပြုလုပ်ရာတွင် ဝါးကို အသုံးပြုလေ့ရှိကြသည်။ ငှက်လှောင်အိမ်၊ ဖျာ၊ ကုလားထိုင်၊ အိပ်ယာနှင့် ပုခက်များကို ဝါးဖြင့်ပင် ပြုလုပ်လေ့ ရှိကြသည်။ ဝါး၏ အတွင်းသားကို ထုပြီးလျှင် စက္ကူအမျိုးမျိုး ပြုလုပ်နိုင်ရန် ပျော့ဖတ်အဖြစ် အသုံးပြုကြသည်။


မြန်မာနိုင်ငံ၌ ဝါးမျိုးပေါင်း ၂၀၀ ခန့် ရှိသော်လည်း လူသိများသော ဝါးမျိုးများမှာ ဝါးပိုး၊ ဝါးနက်၊ ဝါဖြူ၊ ဝါးယား၊ သိုက်ဝါး၊ မျက်ဆန်ကျယ်၊ တင်းလယ်ခဲ၊ တင်း



www.burmeseclassic.com

www.burmeseclassic.com





တရုပ်နိုင်ငံတွင် ဝါးများကို စံနစ်တကျ စိုက်ပျိုးကြသည်။

ဝါး၊ တပင်တိုင်ဝါး၊ ဝါးကောက်၊ ဝါးဖယောင်း၊ ကြသောင်းဝါး၊ မြင်ဝါး၊ ထီးရိုးဝါး၊ ကြခတ်ဖို၊ ကြခတ်မ၊ ဝါးမင်း၊ ခဲလံဝါး စသည်တို့ ဖြစ်သည်။

မြန်မာနိုင်ငံတွင် အိမ်တဆောင်လုံးကို ဝါးဖြင့် ဆောက်လုပ်နိုင်သည့်အပြင် ထမင်းအိုးမွှေသည့် ယောက်မကိုလည်း ဝါးဖြင့်ပင် ပြုလုပ်လေ့ရှိကြသည်။ ထမင်းအိုး ဟင်းအိုးများ တင်ရန် ကရွတ်များကိုလည်း ဝါးဖြင့်ပင် ပြုလုပ်ကြလေသည်။ ဆန်ထည့်စရာနှင့် ဆန်ပြာစရာ ဗန်း၊ ထမင်းထည့်စရာ ပလုံး၊ အမဲခြောက်လှန်းသော တံစို၊ မီးမှုတ်သည့် မီးပြောင်းနှင့် ဈေးဝယ်ရန် လက်ဆွဲခြင်းတို့ကိုလည်း ဝါးဖြင့်ပင် ပြုလုပ်လေ့ရှိကြသည်။ ကောက်ညှင်းထုပ်များကို ဝါးပိုးရွက်များဖြင့် ထုပ်လေ့ရှိကြသည်။ အိမ်သုံးပစ္စည်းများ ဖြစ်သော ကွမ်းအစ်၊ ရေခွက်၊ ယွန်းချိုင့်၊ ကျောက်ကာနှင့် အခြား ယွန်းထည်ပစ္စည်းများကိုလည်း ဝါးဖြင့်ပင် ပြုလုပ်ကြလေသည်။

ခြံစည်းရိုး ကာရာတွင်လည်း ဝါးကို အသုံးပြုနိုင်လေသည်။ အလှကိုင်တုတ်၊ ဝါးဆေးတံ၊ဝါးဦးထုပ်၊ဝါးခမောက်၊ ဝါးရေကျည်တောက်နှင့် ကြိုးတို့ကိုလည်း ဝါးဖြင့် ပြုလုပ်နိုင်လေသည်။ လှည်းပေါင်းမိုးကို ပြုလုပ်ရာတွင်လည်း ဝါးကိုပင် အသုံးချလေ့ရှိကြသည်။ လှေများတွင် လှော်ထိုးသားများ အသုံးပြုလေ့ရှိကြသော လှော်ထိုးဝါးများသည် ဝါးများပင် ဖြစ်လေသည်။ နှစ်ဖက်ချွန်ဝါး၊ လေးနှင့်မြား၊ လောက်စာလုံးနှင့် ပစ်ရသော တပင်တိုင်နှင့် နှစ်ပင်တိုင်ကိုင်းလေးမှာလည်း ဝါးကိုပင် ပြုလုပ်ထားခြင်း ဖြစ်သည်။ မီးသတ်ရန် မီးကပ်၊ဝါးရင်းတုတ်နှင့် ရွာစည်းရိုးပတ်လည်တွင် ထောင်လိုက် စိုက်လေ့ရှိကြသော ဝါးစူးကြီးများသည်လည်း ဝါးများပင် ဖြစ်သည်။ တံငါ၊ အင်းသမားနှင့် ပိုက်သမားများ အသုံးပြုကြသော မြုံး၊ ယင်းတန်း၊ ငါးအုပ်ဆောင်းနှင့် မှုံ့ဟင်းခါးသည်၊အညာဆီသည်၊မုန့်လက်ဆောင်းသည်၊ရေထမ်းသမားနှင့် အခြားအထမ်းသမားများအတွက် ပခုံးသက်သာစေသော ထမ်းပိုးတို့မှာလည်း ဝါးဖြစ်ပစ္စည်းများဖြစ်သည်။ ဂီတဖက်တွင် အသုံးပြုသော ပြွေ၊ ပတ္တလားနှင့် ဝါးလက်ခုပ်တို့သည် ဝါးနှင့် မကင်းကြချေ။တောင်ဝှေးနှင့် ချိုင်းထောက်တို့သည်လည်း ဝါးများပင်ဖြစ်ကြသည်။

အလှူမဏ္ဍပ်၊ မင်္ဂလာဆောင် မဏ္ဍပ်၊ အစည်းအဝေး ညီလာခံမဏ္ဍပ်၊ ပွဲရုံ၊ ဇာတ်ရုံ၊ ပြပွဲရုံစသည့် ယာယီအဆောက်အအုံများကိုလည်း ဝါးဖြင့် ဆောက်လုပ်ကြသည်။ ဘုရားပုထိုး တိုက်တာ၊ အုတ်အင်္ဂတေတို့ဖြင့် ဆောက်လုပ်သော အဆောက်အအုံများ တည်ဆောက်ရေးနှင့် ဘုရားကို ရွှေသင်္ကန်းကပ်လှူသည့်ကိစ္စများအတွက် ငြမ်းဆင်ကြရာတွင်လည်း ဝါးကိုပင် အသုံးပြုကြလေသည်။

ဖရဲ၊ ဖရုံ၊ ဗူး၊ သခွား၊ ပဲ စသောအပင်မျိုးတို့စိုက်ပျိုးသည့် စင်များသည် ဝါးတိုင်များကို စိုက်ထူပြီးလျှင် ဝါးခြမ်းများဖြင့် ကွက်ကျား ရက်ထားသော ဝါးကပ်များ တင်ထားသော စင်များဖြစ်ကြသည်။ စပါးများကို လှေ့ကြရာတွင်လည်း ဝါးစင်များဖြင့်ပင်လှေ့လေ့ရှိကြလေသည်။တောင်သူလယ်သမားသုံး ပလိုင်း၊ ရှိုင်ပတ်၊ ပုတ် စသည်တို့ကို ဝါးဖြင့် ရက်လုပ်ထားကြသည်။ လယ်တောများတွင် ဆောက်လုပ်ထားလေ့ရှိကြသောနွားတင်းကုပ်နှင့်ကနားဖျင်းတို့ကိုလည်း ဝါးဖြင့်ပင် ဆောက်လုပ်ထားကြလေသည်။ဝါးကွပ်ပြစ်များကိုလည်း မြန်မာများ လွန်စွာ ကြိုက်နှစ်သက်ကြလေသည်။ ရေတွင်း၊ ရေကန်များမှ ရေများကို ခတ်ယူသုံးစွဲရာတွင် ဝါးမောင်းတက်များကို အသုံးပြုလေ့ ရှိကြသည်။ အိမ်တော်ရာထီး၊ ပုသိမ်ထီးနှင့် ငါးမျှားတံများကို ဝါးဖြင့် ပြုလုပ်ကြသည်။ ရဟန်းသင်္ဃာများအတွက် ကနုတ်သည်လည်း ဝါးများဖြစ်ကြလေသည်။

ဝါးသည် မြက်မျိုးရင်းတွင် ဗမ်ဗူးဆီအီး အုပ်စုအဖြစ်နှင့် ပါဝင်သည်။ ဝါးတွင် မျိုးစုပေါင်း ၂၀ မကရှိရာ အရေးအကြီးဆုံးများမှာ ဗမ်ဗူဆား၊ အာရန်ဒီနေရီယာနှင့် ဖစ်လိုစတေးခစ်တို့ ဖြစ်လေသည်။

**ဝါးခယ်မမြို့**။ ။ဝါးခယ်မမြို့သည် ဧရာဝတီတိုင်း၊မြောင်းမြခရိုင်အတွင်း တည်ရှိ၍ ဝါးခယ်မခရိုင်ခွဲ၏ ရုံးစိုက်မြို့ ဖြစ်သည်။ ဧရာဝတီမြစ်၏ မြစ်ခွဲများဖြစ်ကြသော ရွှေလောင်း



www.burmeseclassic.com

www.burmeseclassic.com



မြစ်နှင့်ပြန်မလေ့မြစ်တို့ကို ဆက်သွယ်ထားသည့် အလျား ၂၃ မိုင်ရှိသော ဝါးခယ်မမြစ်၏ ကမ်းပါးပေါ်၌ မြို့တည်ထားလေသည်။

ဧရာဝတီ မြစ်ဝကျွန်းပေါ် မြို့တမြို့ ဖြစ်သဖြင့် တည်ရာအရပ်သည် ပြန့်ပြူးသော မြေနိမ့်ဒေသ ဖြစ်သည်။ မြို့၏အကျယ်အဝန်းမှာ ၁၀ဂ၉ ဧက ဖြစ်၍ မြို့၏ အလျားမှာ နှစ်မိုင်၊ အနံမှာ အနောက်ဖက်၌ တမိုင်ရှိ၍ အရှေ့ဖက်၌ ခြောက်ဖာလုံ ရှိသည်။ အရောင်းအဝယ် စည်ကားသော မြို့ဖြစ်၍ မြို့ပေါ်ရှိ လူဦးရေမှာ (၁၉၆၂ ခုနှစ် စာရင်းအရ) ၂၀,၀၉၂ ယောက် ရှိသည်။ ဗုဒ္ဓဝါဒီ မြန်မာလူမျိုးတို့သည် အများစုဖြစ်၍ ၁ဂ,၀၀၀ ကျော် ရှိသည်။ မြို့ပေါ်နေ ပြည်ထောင်စု တိုင်းရင်းသားများထဲမှ ဒုတိယ အများဆုံးသည် ကရင်လူမျိုး ဖြစ်သည်။ မြို့နေ တိုင်းတပါးသားများတွင် တရုပ်အမျိုးသားသည် အများဆုံးဖြစ်၍ ဒုတိယ အများဆုံးသည် အိန္ဒိယ တိုင်းရင်းသားများ ဖြစ်ကြလေသည်။

မြို့၏ စည်ပင်သာယာရေးကို မျူနီစီပယ်အဖွဲ့က ဆောင်ရွက်သည်။ မြို့ပေါ်ရှိ အစိုးရ အဆောက်အအုံများမှာ နယ်ပိုင်ရုံး၊ မြို့ပိုင်ရုံး၊ ပြည်သူ့ ရဲတပ်ဖွဲ့ စခန်း၊ စာတိုက်နှင့် ကြေးနန်း ဌာန၊ လူဝင်မှု ကြီးကြပ်ရေးရုံး၊ သစ်တောအကောက်ဌာန၊ ဆေးရုံ စသည်တို့ဖြစ်၍ အစိုးရ အထက်တန်းကျောင်း တကျောင်း၊ အလယ်တန်းကျောင်း နှစ်ကျောင်းနှင့် မူလတန်းကျောင်း ခုနစ်ကျောင်းလည်း ရှိလေသည်။

မြို့၏ ကျက်သရေဆောင် သာသနိက အဆောက်အအုံများအနက် သကျမဟာသိရိ ရုပ်ပွားတော်ကြီးသည် အဓိကရဖြစ်၍ ယင်း ဆင်းတုတော်ကြီးကို နှစ်သစ်ကူးချိန်တွင် တခါ၊ သီတင်းကျွတ်တွင် တကြိမ် တခမ်းတနား ရေချိုးတော် ဖွင့်ပွဲ ကျင်းပလေ့ ရှိကြသည်။ ဝါးခယ်မမြို့ တဖက်ကမ်းရှိ သော်ကစေတီကို နှစ်စဉ် တပေါင်းလပြည့်၌ စည်ကားသိုက်မြိုက်စွာ ပွဲတော်ကျင်းပသည်။ မြို့ပေါ်နှင့် ဆင်ခြေဖုံးတွင် ဘုန်းကြီးကျောင်းပေါင်း ၃၀ ကျော်ရှိ၍ သာသနာ့ရိပ်သာနှင့် ဟံသာဝတီရိပ်သာ အမည်ရှိ ကမ္မဋ္ဌာန်းရိပ်သာ နှစ်ခုလည်း ရှိလေသည်။

ဝါးခယ်မမြို့နယ်သည် ဝါးခယ်မခရိုင်ခွဲ၏ မြို့နယ်တခုဖြစ်၍ ဝါးခယ်မခရိုင်ခွဲတွင် ပါဝင်သော အခြား မြို့နယ်တခုမှာ မော်လမြိုင်ကျွန်းမြို့နယ်ဖြစ်သည်။ ဝါးခယ်မမြို့နယ်သည် မြောင်းမြခရိုင်၏ အရှေ့မြောက်ဖက် ကျသည်။ မြို့နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၄၂၀ ခန့်ရှိ၍ကျေးရွာအုပ်စုပေါင်း ၁၃၅ ရှိသည်။ မြို့နယ်တခုလုံး၏ လူဦးရေသည် (၁၉၇၁ ခုနှစ်) ၂၁၆,၀၀၀ ယောက် ဖြစ်၍ ဗုဒ္ဓဝါဒီ မြန်မာလူမျိုးတို့သည် အများစု ဖြစ်သည်။ ကရင်လူမျိုး အများအပြား နေထိုင်သော မြို့နယ်တခုလည်း ဖြစ်ရာ မြို့နယ်အတွင်းရှိ ကရင်လူဦးရေသည် ၃၀,၀၀၀ ကျော်မျှ ရှိလေသည်။ မြို့နယ်လူထု၏ အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်း ဖြစ်သည်။

မြေနုကျွန်းပေါ်ဒေသဖြစ်သည့်ပြင် မိုးလည်း ကောင်းစွာရရှိသဖြင့် ဝါးခယ်မမြို့နယ်မှ ဆန်စပါး အထွက်ကောင်းသည်။ ဆန်စပါးကို အဓိကစိုက်ပျိုးကြ၍ မြေပဲနှင့် ဂုံလျှော်ကိုလည်း အများအပြားစိုက်ပျိုးလုပ်ကိုင်ကြသည်။ ၁၉၆၅–၆၆ ခုနှစ် မြေပဒေသာ စီမံကိန်းအရ စပါး၊ မြေပဲ၊ ဂုံလျှော်၊ ပဲ အမျိုးမျိုး၊ ငရုတ်၊ ကြက်သွန်စသည်တို့ အပါအဝင် လယ်ယာကိုင်းကျွန်သီးနှံ ၁၇ မျိုးအတွက် ဧကပေါင်း ၁ဂ၄,ဂ၀၀ စိုက်ပျိုး လုပ်ကိုင်ရန် လျာထားသည်။ ဆိုခဲ့သော စိုက်ပျိုးမည့် ဧကများအနက် စပါးအမျိုးမျိုးအတွက် ဧက ၁၆၃,၀၀၀၊ မြေပဲ အတွက် ၄,၉၀၁ ဧက၊ ဂုံလျှော်အတွက် ဧက ၁၁,၂၅၀ ဟူ၍ သီးသန့်ထားလေသည်။

ဝါးခယ်မမြို့ပေါ်နှင့် ဆင်ခြေဖုံးတွင် ဆန်စက် ၁၀ လုံးခန့်ရှိသည်။ ထို့ပြင် နယ်သုံးအတွက် ဆီစက် နှစ်စက်နှင့် သစ်စက် နှစ်စက်လည်း ရှိပေသည်။


ဝါးခယ်မမြို့နယ်သည် ရှေး ရာမညမွန်တိုင်း၊ ပုသိမ် ၃၂ မြို့ပိုင်သော နယ်မြေအတွင်း၌ တည်ရှိခဲ့သည်။ ရှေးက ဟံသာဝတီ၊ ပဲခူးနှင့် ပုသိမ်မြို့တို့ ကူးလူးဆက်ဆံသော လမ်းကြောင်းအတွင်း ကျခဲ့သည်။ ထိုစဉ်က ဝါးခယ်မမြို့သည် လူနေအိမ်ခြေ စည်စည်ကားကား ရှိခဲ့သေးဟန် မတူပေ။ ဝါး ခယ်မ ဟူသော အမည်သည်လည်း မွန်ဘာသာ "ဝါကြူယ်မ"ဟူသော စကားလုံးမှ ရွေ့လျောလာသော အမည်ဖြစ်သည်။

ဝါကြူယ်မကိုမြန်မာဘာသာဖြင့် အနီးစပ်ဆုံးအသံထွက်မှာ ဝါကရယ်မ ဖြစ်ရာ ယင်းသည်မှ ဝါးခယ်မ ဟူ၍ ခေါ်တွင်လာခဲ့သည်။ ဝါကြူယ်မ၏အဓိပ္ပါယ်မှာ ဝါ=ကွင်း၊ကြူယ်=ကြဲ=မျိုးစေ့ဟူ၍ ဖြစ်ရာ မျိုးစေ့ကြဲရာကွင်း၊ တနည်းအားဖြင့် ဆိုရလျှင် လယ်ကွင်းဟူ၍ ဖြစ်သည်။ ယင်းသည်ကို ထောက်၍ ထိုခေတ်အခါကပင် ဝါးခယ်မ တည်ရာဒေသတဝိုက်သည် ဆန်စပါးလုပ်ကိုင်ရာ လယ်ကွင်း တခွင်တပြင်ကြီး ဖြစ်ခဲ့ဟန်တူလေသည်။

**ဝါးတာလူးတိုက်ပွဲ။** ။ပြင်သစ် စစ်သူရဲကောင်းကြီး နပိုလီယန် ဗိုနာပတ်၏ အဆုံးစွန်သောတိုက်ပွဲမှာ နာမည်ကျော် ဝါးတာလူးတိုက်ပွဲပင် ဖြစ်လေသည်။ ၁ဂ၁၅ ခုနှစ် ဇွန်လ ၁ဂ ရက်နေ့တွင် ဗဲလဂျီယမ်နိုင်ငံ ဝါးတာလူးရွာအနီး၌ တိုက်ပွဲဖြစ်ပွားခဲ့၏။ စစ်တလင်းကား ဗရပ်ဆဲမြို့ အရှေ့တောင်ဖက် ဆယ်မိုင်ခန့်အကွာတွင် ဖြစ်၏။ ဝါးတာလူးတိုက်ပွဲ၌ နပိုလီယန်၏ စစ်တပ်များသည် ရန်သူဖြစ်သော ဗြိတိသျှ၊ ဒပ်ချ၊ ဗဲလဂျီယန်နှင့် ပရပ်ရှင်း စစ်တပ်တို့ကို တိုက်ခိုက်ရ

www.burmeseclassic.com





ဝါးတာလူး တိုက်ပွဲတွင် ဗြိတိသျှဗိုလ်ချုပ်ကြီး ဝယ်လင်တန်နှင့် ပရပ်ရှား မဟာမိတ် ဗိုလ်ချုပ်မှူး ဗလီးခါးတို့ တေဆုံစဉ်

လေသည်။ ဗြိတိသျှဖက်မှ ဗိုလ်ချုပ်ကြီး ဝယ်လင်တန်မြို့စား သည် သူ၏တပ်များကို ဝါးတာလူးရွာ တောင်ဖက်ရှိ ကုန်း ပြင်မြင့်ပေါ်တွင် တပ်စွဲထားစေခဲ့၏။ နပိုလီယန်ကလည်း မိမိ၏တပ်မတော်ကို ဝယ်လင်တန်၏ တပ်စခန်းနှင့် မျက်နှာ ချင်းဆိုင်ရှိ တောင်ကုန်းများပေါ်တွင် ချထားလေသည်။ ထိုအခိုက် ပရပ်ရှင်း စစ်တပ်ကြီးသည် ဗြိတိသျှတပ်များကို ကူညီရန် ချီတက်လာနေဆဲ ဖြစ်လေသည်။ နပိုလီယန်သည် စစ်ကူပရပ်ရှင်းတပ်များ မရောက်လာခင် ဝယ်လင်တန်၏ စစ်တပ်ကို အလျင်ချေမှုန်းတိုက်ခိုက်ရန် စိတ်ပိုင်းဖြတ်ခဲ့၏။ ထိုကြောင့်ဇွန်လ ၁၈ ရက်နေ့တွင် ပြင်သစ်တပ်များက ပြင်း ထန်စွာ တိုက်စစ်ဆင်ခဲ့လေသည်။ သို့ရာတွင် ဗြိတိသျှတပ် များက ကြံ့ကြံ့ခံနေခဲ့သဖြင့် ပြင်သစ်တို့ နောက်ဆုတ် သွားခဲ့ရလေသည်။ ညဥ့်အချိန်ရောက်လျှင် တနေ့လုံး နှစ်ဦး နှစ်ဖက် ပြင်းထန်စွာတိုက်ခိုက်ရသည့်အတွက် အကျအဆုံး လည်းများ တပ်သားများလည်း ပန်းလျက်ရှိကြတော့၏။

ယင်းသို့ဖြစ်နေခိုက် ဗိုလ်ချုပ်မှူး ဗလီးခါး ဦးစီးကွပ်ကဲ သော ပရပ်ရှင်း စစ်ကူတပ်ကြီး ရောက်လာလေသည်။ ဝယ်လင်တန်၏ တပ်သားများမှာ အားတက်လာကာ စစ်ကူ တပ်များနှင့်အတူ ပူးပေါင်းပြီးလျှင် ပြင်သစ်တပ်ကို တိုက် ခိုက်ခဲ့ပြန်ရာ ပြင်သစ်တို့ အရေးနိမ့်သွားလေတော့သည်။ နပိုလီယန်သည် တိုက်ပွဲကြီးအောင်မြင်ရေးအတွက် နောက် ဆုံးအကြိမ် ကြိုးပမ်းခဲ့သေး၏။ သူသည် လက်ရွေးစင်ကိုယ်ရံ တော် တပ်သားများအား ဗြိတိသျှတို့ကို တိုက်ခိုက်စေခဲ့ သည်။ ကိုယ်ရံတော်တပ်ရင်းသုံးခုလည်း ရှေ့သို့ချီတက်ပြီး လျှင် ရန်သူတို့ကို ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်လေသည်။ သို့ရာ တွင် ရန်သူ့အင်အားကို မဖြိုနိုင်အောင် ရှိခဲ့၏။ ထိုအခိုက် ဝယ်လင်တန်၏တပ်သားများက လှံစွပ်တိုက်ပွဲ ဆင်နွှဲလေရာ ပြင်သစ်တို့ ပရမ်းပတာ ဆုတ်ခွာထွက်ပြေးရလေသည်။ နှစ် ဖက်စလုံးမှာ အကျအဆုံး အလွန်ပင် များပြားခဲ့၏။ ပြင် သစ်တို့ဖက်မှ လူ ၄၀,၀၀၀ ခန့်ကျဆုံး၍ ဗြိတိသျှနှင့် မဟာ မိတ်ဖက်မှ ၂၃,၀၀၀ ခန့် ကျဆုံးလေသည်။ တိုက်ပွဲမှာ အလွန်ပြင်းထန်သော လူသတ်ပွဲကြီးဖြစ်သည်ဟု ဆိုရပေ မည်။ အဘယ်ကြောင့်ဆိုသော် စတုရန်းမိုင် သုံးမိုင်အတွင်း စစ်သားပေါင်း ၄၅,၀၀၀ ခန့် ကျဆုံး ပြန့်ကျဲ နေခဲ့သော ကြောင့်ဖြစ်လေသည်။

ဝါးတာလူးတိုက်ပွဲကြီးပြီးဆုံးသွားသောအခါ နပိုလီယန် သည်ခြေကုန်လက်ပန်းကျသကဲ့သို့ များစွာအားလျော့သွား ခဲ့ပေ၏။ တိုက်ပွဲတိုင်း အောင်ပန်းဆွတ်ခူးခဲ့သည့် အောင်ပွဲ မှူးသခင် နပိုလီယန်သည် ဝါးတာလူး၌ စစ်ရှုံးခဲ့ပြီးနောက် တွင် မည်သည့်အခါတွင်မျှ နာလန်မထူတော့ချေ။ သမိုင်းဝင် ဝါးတာလူးတိုက်ပွဲကို ကဗျာဖြင့်တဖုံ၊ ပုံဝတ္ထုဖြင့်တသွယ်မှတ် တမ်းတင်ခဲ့ကြလေသည်။ (နပိုလီယန် ဘုရင်များ — လည်းရှု။)

**ဝါးတားပိုလိုကစားခြင်း။** ။ဝါးတားပိုလိုကစားခြင်းကို ကန်ရေပြင်ကျယ်များ၌၎င်း၊ ရေကူးကန်များ၌၎င်း ကစား နိုင်သည်။ ကစားကွင်းမှာ ၁၉ ကိုက်မှ ကိုက် ၃၀ ခန့်ထိ

www.burmeseclassic.com


www.burmeseclassic.com



ရှည်လျား၍ ကိုက် ၂၀ ခန့် ကျယ်ဝန်း၏။ ကစားကွင်းအစွန်းနှစ်ဖက်တွင် ၁၀ ပေခန့် ကျယ်၍ ရေပြင်ပေါ်တွင် သုံးပေခန့်မြင့်သော ဂိုးတိုင်များ စိုက်ထူထားကာ ပိုက်ဖြင့်ကာထားသည်။ ကစားသူအရေအတွက်မှာ တဖက်လျှင် ခုနစ်ယောက်ဖြစ်၏။ ရှေ့တန်းသုံးယောက်၊ အလယ်တယောက်၊ နောက်တန်း နှစ်ယောက်နှင့် ဂိုးစောင့်တယောက်ဖြစ်သည်။ ကစားချိန်မှာ တချိန်လျှင် ငါးမိနစ်မှ ခုနစ်မိနစ်အထိဖြစ်၍ ကြားတွင် ခေတ္တနားကာ နှစ်ချိန် ကစားရ၏။ ကစားပုံမှာ လေထိုးထားသော ဘောလုံးကို တဖက်မှတဖက်သို့ လက်တဖက်တည်းဖြင့် ရေကူးယင်း ပစ်ပေးကာ ဂိုးသွင်းကစားရခြင်းဖြစ်၏။ ကစားသူများသည်ဦးထုပ်ကျပ်ကလေးများကို ဆောင်းထားရ၍ တဖက်နှင့်တဖက် ဦးထုပ်အရောင်ခွဲခြားထားလေသည်။ စ ကစားသောအခါ ဒိုင်လူကြီးက ဘောလုံးကို ကစားကွင်းအလယ်သို့ မြှောက်ပစ်လိုက်ရ၏။ ရရာဖက်မှနေ၍ ဂိုးသွင်းနိုင်သည်အထိ ကစားသွားကြရ၏။ ဘောလုံးကို လက်နှစ်ဖက်နှင့် စုံကိုင်ထားလျှင်၎င်း၊ တဖက်လူကို ကန်ကျောက်ခြင်း၊ ရေနှင့်ပက်ခြင်း ပြုလျှင်၎င်း၊ တဖက်လူက လုသည့်အခါ ရေအောက်တွင် ဘောလုံးကို နှစ်ထားလျှင်၎င်း ဝါးတားပိုလို ကစားခြင်းနှင့် ဆိုင်သော စည်းကမ်းများကို ဖောက်ဖျက်သည် မည်၏။

ဝါးတားပိုလို ကစားခြင်းမှာ များစွာ စိတ်ဝင်စားဖွယ်ကောင်း၍ အထူး သတိဝီရိယရှိစွာဖြင့် အားစိုက်၍ကစားရသော ကစားမျိုးဖြစ်သည်။ ကစားသူများအား ကျန်းမာရေးနှင့် ပြည့်စုံစေသည့်အပြင် ရေကူး ပိုမို ကျင်လျှင်စေ၍ ခွန်အားဗလ တိုးတက်စေနိုင်သောကြောင့် ဝါးတားပိုလိုကစားနည်းမှာ တနေ့တခြား ခေတ်စားလာသည်။ ယင်းကစားနည်းကို အင်္ဂလန်ပြည်တွင် ၁၇၇၀ ပြည့်နှစ်က စတင်ကစားခဲ့၍ အမေရိကန် ပြည်ထောင်စုသို့ ၁၇၉၀ ပြည့်နှစ်လောက်မှ ရောက်သွားလေသည်။

**ဝါးဗလားငှက်မျိုး။** ။နိုင်ငံအသီးအသီးတွင်မျိုးရင်းချင်းမတူသော်လည်း အလေ့အကျင့်ချင်း ပုံသဏ္ဌာန်ချင်း တူညီသော ပိုးမွှားစား ငှက်ငယ် အမျိုးမျိုးတို့ကို ဝါးဗလားငှက်မျိုး ဟုခေါ်ကြသည်။ ဝါးဗလားငှက်မျိုးကို မြင်နိုင်ခဲ၏။ ထိုသို့ဖြစ်ရသည်မှာ ထိုငှက်များသည် သေးငယ်ကြသည့်အပြင် သစ်ပင်နှင့် ချုံပင်များရှိ အရွက်များနှင့် ကပ်၍နေလေ့ရှိကြခြင်းကြောင့် ဖြစ်သည်။ ဝါးဗလားငှက်မျိုးတွင် အရောင်အမျိုးမျိုး ရှိကြသည်။ လှုပ်ရှားမှုမှာလည်းလျင်မြန်ပြီးလျှင် ရှောင်တခင် ပြုလုပ်လေ့ ရှိကြသည်။ ယင်းတို့၏အသံသည် များသောအားဖြင့်သာယာ၍စူးရှပြီး



ဝါးတားပိုလို အကြိတ်အနယ် ကစားနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



လျှင် အပြောင်းအလဲ မြန်သည်။ ထိုကြောင့် ငှက်သိကို နှစ်သက်သူများသည် ယင်းတို့၌ စိတ်ဝင်စားကြပြီးလျှင် ယင်းတို့၏ အသံကြောင့် ဝမ်းမြောက်ကြလေသည်။

ဝါးဗလား ငှက်မျိုး အမြောက်အမြားသည် အမေရိကန် ပြည်ထောင်စု တောင်ပိုင်းနှင့် အလယ်ပိုင်းတို့၌ ဆောင်းရာသီ၌ နေထိုင်ကြပြီးလျှင် နွေကူးရာသီ နောက်ကျကျတွင် အမေရိကန်ပြည်ထောင်စုကို ဖြတ်ကာ နယ်ပြောင်းရွှေ့ကြသည်။ မေလတွင် တောအုပ်များ၊ မြို့ကြီးများအတွင်းရှိ ပန်းခြံများနှင့် အဆောက်အအုံများအနီးရှိသစ်ပင်များတွင် ဝါးဗလားငှက်မျိုးများကိုစ၍မြင်နိုင်ကြသည်။ဝါးဗလားငှက်



စာဗူးတောင်း ငှက်ထက် အရွယ်သေးငယ်သည့် ဝါးဗလားငှက်

မျိုးအမြောက်အမြားသည် မြောက်ဖက်သို့ သားငယ်များ ပေါက်ဖွားရန် ရွှေ့ပြောင်းလေ့ ရှိကြရာ၊ အချို့သည် မြောက်ဖက်သို့ ဟဒ်ဆန် ပင်လယ်အော်နှင့် ယူးကွန်းဒေသများတိုင်အောင် သွားကြသည်။ အချို့ကမူ တောင်ဖက်ရှိ ပြည်နယ်များ၌ပင် အသိုက်များကို ပြုလုပ်ကြလေသည်။

ဝါးဗလားငှက်မျိုး၏ အသိုက်သည် များသောအားဖြင့် ခွက်ပုံသဏ္ဌာန်ဖြစ်ပြီးလျှင် ယင်းကိုသစ်ပင်၌ဖြစ်စေ၊ ချုံတွင်ဖြစ်စေ၊ မြေကြီးပေါ်တွင် ဖြစ်စေ ပြုလုပ်လေ့ ရှိသည်။ အသိုက်ကို သစ်ခက်နှင့် မြက်များကို ရောထွေး၍ ပြုလုပ်လေ့ရှိသည်။ အချို့ကို သစ်ပင်ရှိ အရွက်နုများဖြင့် ကျကျနန ပြုလုပ်တတ်သည်။ ငှက်မသည် သုံးလုံးမှ ခြောက်လုံးအထိ ရှိသောဥများကို အုလေ့ရှိသည်။ အရောင်မှာ ဖြူရောင်ရောင်ဖြစ်ပြီးလျှင် အရင်းပိုင်းတွင် အညိုရောင် အမှတ်အသားများ ပါရှိသည်။

ဝါးဗလားငှက်မျိုး၏ အသံသည် များသောအားဖြင့် သာယာ၍ အချို့၏ အသံသာလျှင် မပီမသ ရှိတတ်ကြသည်။ ဝါးဗလားငှက်မျိုးတွင် မျိုးစိတ်ပေါင်း ၁၅၀ ကျော် ရှိသည်။

ဝါးဗလားငှက်မျိုးသည် တောင်ယာလုပ်ကိုင်သူများအား များစွာ အကူအညီပေးသည်။ ယင်းတို့သည် အပင်နှင့် အသီးများကို အန္တရာယ် ဖြစ်စေသည့် ပိုးကောင်များကို သတ်ဖြတ်ပေးကြသည်။ အရွယ်သေးငယ်ကြသဖြင့် အပင်၏ အခေါက်များ အကြားတွင် ပိုးကောင်များကို ရှာဖွေ စားသောက်နိုင်သည့်အပြင် အသီးဖူးကလေးများရှိ ပိုးကောင်များကိုလည်း ဖမ်းယူ စားသောက်ပေးကြသေးသည်။

ဗြိတိန်နိုင်ငံရှိ ဝါးဗလား ငှက်မျိုးတို့သည် အမွေးအတောင် လှပသည်ထက် သာယာစွာ အော်မြည်တတ်ခြင်းကြောင့် လူများက ယင်းတို့အား စိတ်ဝင်စားကြသည်။ ထိုငှက်များသည် ဗြိတိန်နိုင်ငံသို့ မတ်လ အလယ်လောက်မှ စတင်၍ ရောက်ရှိလာကြသည်။

ကမ္ဘာပေါင်းတွင် တွေ့ရှိရသော ဝါးဗလားငှက်မျိုးတို့သည် ပက်စာရင်းငှက်များ ပါဝင်သော မျိုးစဉ်ကြီး အတွင်းရှိ ဆီလဗိုင်အိဒီး မျိုးရင်းဝင် ငှက်များ ဖြစ်ကြလေသည်။ မြောက်အမေရိကတိုက်ရှိ ဝါးဗလား ငှက်မျိုးတို့သည် အရောင်အဆင်း လှပကြပြီးလျှင် ပို၍ အားနည်းသည့် ငှက်များ ဖြစ်ကြလေသည်။ ထိုငှက်များသည် စာဖြူ စာမဲစသည့် ငှက်မျိုးနှင့်၎င်း၊ မြေလူးငှက်များနှင့်၎င်း သာ၍ နီးစပ်ကြသည်။ မနီယိုတီလတီဒီး မျိုးရင်းဝင် ဖြစ်လေသည်။

မြန်မာနိုင်ငံတွင်လည်း ဝါးဗလားငှက်မျိုး အတော်များများ ရှိလေသည်။ သို့သော် ထိုငှက်မျိုးအနက် ငှက်လက်မကိုသာ သိသူများသည်။ (ငှက်လက်မ — ရှု။)ငှက်လက်မသည် ပက်စာရီဖောမီး မျိုးစဉ်တွင် ဆီလဗိုင်အိဒီး မျိုးရင်း၌ ပါဝင်လေသည်။ ယင်းကို ပါဏဗေဒ အလိုအားဖြင့် ပရီနီယာအင်အောနေတာ ဗလန်ဖောဒီး ဟု ခေါ်သည်။

**ဝါးရောင်းငှက်မျိုး။** ။မြန်မာ နိုင်ငံ၌ လူသိများသော ဝါးရောင်းငှက် နှစ်မျိုးရှိသည်။ယင်းတို့မှာ ဝါးရောင်းငှက်နှင့် ဝါးရောင်းငှက် ခေါင်းဖြူတို့ ဖြစ်ကြ၍ နှစ်မျိုးလုံးသည် ပက်စာရီဖောမီးမျိုးစဉ်တွင် တင်မလိုင်အိဒီးမျိုးရင်းနှင့် တာဒိုင်ဒီးနီး မျိုးရင်းခွဲတို့၌ ပါဝင်သည်။ ဝါးရောင်းငှက်ကို ပါဏဗေဒ အလိုအားဖြင့် ဂါရွူးလက် ပက်တိုရေးလစ် မာရီဒီအိုနယ်လစ်ဟု ခေါ်သည်။

ဝါးရောင်းငှက်၏ အရွယ်မှာ အလျား ၁၃ လက်မရှိသည်။ အမှတ်မဲ့ကြည့်လျှင် ဝါးရောင်းငှက်သည်ရှုချင့်စဖွယ်ကောင်းလောက်အောင် ထူးခြားသည့်ငှက်ဟု မထင်ရချေ။ သို့သော် အမွေးအတောင်စုံလင်သော ဝါးရောင်းငှက်ကို အလင်းရောင်ရသည့် ကွင်းပြင်တွင် သေချာစွာကြည့်လျှင် စိုပြည်သော သံလွင်ရောင်နှင့် အညိုရောင်သန်းနေသည့် လှပသော ငှက်

www.burmeseclassic.com



ဖြစ်သည်ကို တွေ့ရသည်။ ဝါးရောင်းငှက်၏ အော်သံမှာ ထူးဆန်း၏။ ပြေမှုတ်သံကဲ့သို့ ညင်သာသော အသံမျိုးဖြစ်ပြီးလျှင် များသောအားဖြင့် စူးရှ၍ တိုတောင်းသော လေချွန်သံများလည်း ထိုအသံနှင့် ရောပြွမ်းလျက် ရှိသည်။ ကောင်ရေများစွာ ရောနှော၍ များသောအားဖြင့် အအုပ်အသင်းနှင့် ကျက်စားတတ်သဖြင့် အချင်းချင်း ပြိုင်တူရှုပ်ထွေးစွာ အော်မြည်သံမှာ ကြည်ကွဲဖွယ် ကောင်းသည့် ပြေမှုတ်သံနှင့် တူလေသည်။ ထိုအသံမျိုးအပြင် အခြားအော်သံ အထူးသဖြင့်ပွတ်ကြိတ်သံများကိုလည်းမကြာခဏကြားရသေးသည်။

ဝါးရောင်းငှက်များကို ကျွန်းတောများရှိရာ ကွင်းပြင်နှင့် တောင်ခြေများတွင် တွေ့ရတတ်သည်။ မေမြို့ရှိ ဝက်သစ်ချပင် ပေါက်ရောက်ရာ သစ်တောများတွင်လည်း ကျက်စားတတ်သည်။ မြေပေါ်တွင် သွားလာသည့် အခါတွင်ဖြစ်စေ၊ ချုံဖုတ်၊ သို့မဟုတ် သစ်ကိုင်းတကိုင်းမှ တကိုင်းသို့ ကူးသည့် အခါတွင် ဖြစ်စေ ခုန်၍ ကူးသန်းသွားတတ်သည်။ တခုန်နှင့် တခုန် အလွန်ကျဲ၏။ သစ်ပင် ကင်းရှင်းသည့် မြေပြန့်တွင် ကူးသန်းသွားလာပုံမှာ ဤငှက်၏ ထူးခြားချက်တရပ် ဖြစ်သည်။ ဝါးရောင်းငှက်သည် အအုပ်အသင်းနှင့် ကျက်စားတတ်သော်လည်း ဘေးအန္တရာယ် တခုခုကြောင့် ထိတ်လန့်ခြင်းမျိုး မဟုတ်လျှင် မည်သည့်အခါမျှ သင်းလုံးကျွတ်စုပြုံ၍ ပျံသန်းလေ့ မရှိချေ။ ကောင်ရေအနည်းငယ် စုပြုံ၍လည်း မပျံသန်းကြချေ။ ဘေးအန္တရာယ် ကင်းရှင်းကြောင်းကို အသီးအသီး စိတ်ချရလျှင် ပုန်းကွယ်နေသည့် ချုံတောမှ တကောင်နောက်သို့ တကောင် ခပ်လှမ်းလှမ်းမှ ပျံသန်းသွားတတ်လေသည်။ ပျံသန်းပုံမှာ အချိုးမကျသဖြင့် ကြည့်၍ မကောင်းချေ။

ဝါးရောင်းငှက် သားပေါက်ချိန်မှာ မတ်လမှ မေလ အထိ ဖြစ်သည်။ ဩဂုတ်လတွင် ဒုတိယအကြိမ် သားပေါက်သည်။ အသိုက်ကို များသောအားဖြင့် ချုံတောများတွင် ပြုလုပ်ထားတတ်သည်။ အသိုက်၏ပုံသဏ္ဌာန်မှာ စောက်တိမ်သော ခွက်ပြန့်နှင့်တူသည်။အသိုက်ကို များသောအားဖြင့် မြက်ပင်နှင့် ဝါးရွက်တို့ကို လျော့ရိလျော့ရဲ လုံးထွေးပြီးလျှင် ပင်စည်ငယ်တွင် နွယ်နှာမောင်းတို့ဖြင့် ချည်နှောင်၍ ပြုလုပ် ထားတတ်သည်။ တမြုံလျှင် ဥသုံးလုံး၊ သို့မဟုတ် လေးလုံးရှိသည်။ ဥငါးလုံး တွေ့ရခဲသည်။ အရောင်မှာ စိမ်းပြာရောင်ဖြစ်သည်။

ဝါးရောင်းငှက်ကို အရှေ့တိုင်း နိုင်ငံများတွင် အနှံ့အပြားတွေ့ရသည်။ အနောက်ဖက်တွင် နီပေါနိုင်ငံအထိ တွေ့ရသည်။ မြန်မာနိုင်ငံ၌ ပေ ၅,၀၀၀ မြင့်သည့် သစ်တောများတွင် ကျက်စားလေ့ ရှိရာ၊ မြန်မာနိုင်ငံမြောက်ပိုင်း၌ ပေ ၅,၀၀၀ ထက် နိမ့်သည့် သစ်တောဒေသများတွင် ကျက်စားလေသည်။

ဝါးရောင်းငှက် ခေါင်းဖြူကို ပါဏဗေဒ အလိုအားဖြင့် ဂါရွူးလက် လျူကိုလိုးဖပ် ဗီလန်ဂျာရီဟုခေါ်သည်။

ဝါးရောင်းငှက်ခေါင်းဖြူ၏ အရွယ်မှာ အလျား ၁၂ လက်မ ဖြစ်သည်။ ထိုငှက်ကို တောင်ခြေရင်းရှိ သစ်တောများတွင် အအုပ်လိုက် အသင်းလိုက် များသောအားဖြင့် တွေ့ရသည်။

ဝါးရောင်းငှက် ခေါင်းဖြူသည် အလွန်ဆူညံစွာ အော်မြည်တတ်သည်။ တကောင်နှင့် တကောင် သူ့ထက်ငါ အပြိုင်အဆိုင် ကျယ်လောင်စူးရှစွာ အော်တတ်လေသည်။ တကောင်က အသံတမျိုးဖြင့် အော်၍ အခြားတကောင်က အခြားအသံမျိုးဖြင့် အော်မြည်နေသည်မှာ စည်းကျ ဝါးကျ အော်နေသည်နှင့် တူလေသည်။

ဝါးရောင်းငှက်ခေါင်းဖြူသည် ကျွန်းတောများတွင် အတွေ့ရအများဆုံးငှက် ဖြစ်သည်။ သစ်ပင် ထူထပ်စွာ ပေါက်ရောက်၍ အရိပ်ကောင်းသည့် သစ်တောများ၊ အထူးသဖြင့် ဝါးရုံတောများတွင် ကျက်စားရန် နှစ်သက်ဟန် ရှိသည်။ ဝါးရောင်းငှက်ခေါင်းဖြူ၏ အရောင်အဆင်း၊ အလေ့အထနှင့် အော်မြည်သံတို့မှာ မှတ်သားစရာ ကောင်းသည်။

ဝါးရောင်းငှက်ခေါင်းဖြူသည် ကောင်ရေ အနည်းငယ်ပါသည့် အအုပ်အသင်းဖွဲ့၍ ဖြစ်စေ၊ ကောင်ရေများစွာပါဝင်သည့် အအုပ်အသင်းဖွဲ့၍ ဖြစ်စေ ချုံတောများတွင် ပျံသန်းသွားလာကျက်စားတတ်သည်။ ဤငှက်မျိုးရှိရာ သစ်တောတွင် ဆိတ်ငြိမ်ခြင်း မရှိပဲ လှုပ်လှုပ်ရွရွနှင့် ဆူညံလျက် ရှိသည်။ ဦးခေါင်း ဖြူပြီးလျှင် အနီရောင်သန်းနေသည့် အညိုရောင် ကိုယ်ထည် ရှိသော ဝါးရောင်းငှက်ခေါင်းဖြူသည် ဝါးရုံကိုင်း တကိုင်းနှင့်တကိုင်း ကြားမှ၊ သို့မဟုတ် မြေပေါ်တွင် ပေါက်ရောက်သည့်အပင်ကလေးများကြားမှရှုတ်ခြည်း ထပျံ သွားတတ်လေသည်။ အကိုင်းကြိုအကိုင်းကြားတို့တွင် ကွဲအက်သည့် အသံ၊ အရာဝတ္ထု အချင်းချင်းပွတ်ကြိတ်သံ၊ ညည်းသံ စသည့် ဝါးရောင်းငှက် ခေါင်းဖြူ၏ အော်သံတမျိုးမျိုးကို ကြားရတတ်သည်။ ထိုငှက်အုပ်အနီးသို့ လူချဉ်းကပ်သွားလျှင် ငှက်များသည် ရှုတ်ခြည်း ထပျံ သွားတတ်ကြလေသည်။

ယင်းသို့ ပျံသန်းကြရာတွင် အတောင်ရိုက်ခပ်သည့် အသံ၊ သို့မဟုတ် လေထဲသို့ တိုးဝင်သွားသည့် အသံကို ကြားရ၏။ ထိုသို့ပျံသန်းပြီးလျှင်ဝါးရောင်းငှက်ခေါင်းဖြူသည် ဆူညံခြင်း မရှိတော့ပဲ တိတ်ဆိတ်လျက် နေတတ်သည်။ သို့သော် တခဏမျှသာ ကြာပြီးလျှင် တိုတောင်း၍ တိမ်သည့်အော်သံကို ကြားရပြန်သည်။ ထိုနောက် ကတော်သံကို သံပြိုင်ကြားရပြန်သည်မှာ အသံ၏ ထူထယ်ကြီးမားမှုနှင့်အသံပြင်းထန်မှုတို့ကြောင့် အသံကြားရသူများအဖို့ ထိတ်လန့်ဖွယ်ပင် ဖြစ်လေသည်။ ထိုသို့ အော်မြည်ပြီးလျှင် တဖန် တိတ်ဆိတ်သွားကြပြန်သည်။ နောက်မကြာမီပင် ဆိုခဲ့ပြီးသည့်အတိုင်း ဆူ



www.burmeseclassic.com

www.burmeseclassic.com



ညံလာပြန်သည်။ ထိုသို့ ဆူညံနေသည့်နေရာသို့ လူချဉ်းကပ်သွားလျှင် ငှက်တို့သည် ပျံသွားကြသဖြင့် ထိုအသံမှာ တောနက်ကြီးတွင် ကွယ်ပျောက်သွားလေသည်။

တနင်္သာရီနယ်မှ အပ အခြားသော ဒေသများတွင် ဝါးရောင်းငှက်ခေါင်းဖြူ၏ သားပေါက်ချိန်မှာ မတ်လကုန်မှ မေလအထိ ဖြစ်သည်။ ဩဂုတ်လ အစဦးလောက်တွင် ဒုတိယအကြိမ် သားပေါက်သည်။ တနင်္သာရီနယ်တွင် ဝါးရောင်းငှက်ခေါင်းဖြူ၏ ဥများကို ဖေဖော်ဝါရီလတွင် တွေ့ရသည်။ အသိုက်များကို များသောအားဖြင့် ချုံတောများတွင် လုပ်ထားတတ်သည်။ အသိုက်ပုံသဏ္ဌာန်မှာ စောက်တိမ်သော ခွက်ပြန့်နှင့် တူသည်။ အသိုက်ကို များသောအားဖြင့် မြက်ပင်နှင့် ဝါးရွက်တို့ကို လျော့ရိလျော့ရဲ လုံးထွေးပြီးလျှင် ပင်စည်ငယ်တွင် နွယ်နှာမောင်းတို့ဖြင့် ချည်နှောင်၍ လုပ်ထားတတ်သည်။ တမြုံလျှင် ဥသုံးလုံးမှ ငါးလုံးအထိ ရှိသည်။ ဥနှစ်လုံး၊ သို့မဟုတ် ခြောက်လုံးကိုကား တွေ့ရခဲသည်။ ဥ၏ အရောင်မှာ ဆွတ်ဆွတ်ဖြူ ဖြစ်သည်။

ဝါးရောင်းငှက် ခေါင်းဖြူကို အရှေ့တိုင်း နိုင်ငံ အနှံ့ အပြားတွင် တွေ့ရသည်။ အနောက်ဖက်တွင် ဆင်းမလားမြို့အထိ တွေ့ရသည်။ မြန်မာနိုင်ငံရှိ သစ်တောများတွင် အမြဲ ကျက်စားသော ငှက်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ မြောက်ပိုင်းတွင် ပေ ၇,၀၀၀ မြင့်သည့် နေရာဒေသများ၌ပင် တွေ့ရသော်လည်း သာမန်အားဖြင့်မူ ပေ၄,၀၀၀ ထက် မြင့်သည့် နေရာများတွင် ထိုငှက်ကို တွေ့ရလေ့ မရှိချေ။

**ဝါးရုံကြက်။** ။ဝါးရုံကြက်သည် ပက်စာရီဖောမီးမျိုးစဉ်တွင် လာနိုင်အီဒီးမျိုးရင်း၌ ပါဝင်၍ ယင်းကို ပါဏဗေဒ အလိုအားဖြင့် လန်နီယပ် ကရစ်စတေးတပ်ဟု ခေါ်သည်။ ဝါးရုံကြက်ကို ငှက်တဇပ်ဟုလည်း ခေါ်သေးသည်။

ဝါးရုံကြက်၏အရွယ်မှာ အလျား ခုနစ်လက်မခွဲရှိသည်။ ဝါးရုံကြက်ငယ်ကလေးများ၏ ကိုယ်ထည် အောက်ပိုင်းတွင် လခြမ်း ပုံသဏ္ဌာန် အကန့်များရှိသည်။ ချုံဖုတ်၊ ချုံတောများမှ အသံခပ်အုပ်အုပ် အော်မြည်တတ်သည့်ပြင် မျိုးရင်းတူသည့် အခြားငှက်များကဲ့သို့လည်း စူးရှစွာ အော်လေ့ ရှိသည်။ အလေ့အထနှင့် အစားအစာမှာ မျိုးရင်းတူ ငှက်များနှင့် အတူတူပင် ဖြစ်သည်။ ဝါးရုံကြက်သည် အတင့်ရဲသော ငှက်ဖြစ်၍ ခက်ထန်သော ငှက်လည်းဖြစ်၏။ နို့တိုက် သတ္တဝါငယ်များ၊ ငှက်ငယ်၊ ပျားကောင်၊ နှံကောင်၊ ပုစဉ်းကောင်၊ ပိုးတောင်မာ၊ လိပ်ပြာနှင့် ချုံတောများတွင် တွယ်ကပ် ခိုအောင်းတတ်သည့် ပိုးကောင်များကို စားသောက်လေ့ ရှိသည်။ ဖားငယ်များကို အရှင်လတ်လတ် ဖမ်းယူပြီးလျှင် နားရာ သစ်ပင်၊ သို့မဟုတ် ချုံဖုတ်များသို့ ယူဆောင်သွားသည်ကို တွေ့ရသည်။ ယင်းတို့ကို ဥယျာဉ်များ၊ သစ်ပင်ကင်းရှင်းသည့် မြေပြန့်များ၊ ချုံဖုတ်များတွင် မကြာခဏတွေ့ရသည့်ပြင် ကြေးနန်းကြိုးနှင့် ဝရံတာ လက်ရန်းများပေါ်တွင်လည်း နားနေတတ်သည်ကို တွေ့ရသည်။ ရန်ကုန်မြို့နှင့် အနီးအဝိုက်တွင် ဝါးရုံကြက် အော်မြည်သံကို တနေ့လုံး ကြားရတတ်သည်။

ဝါးရုံကြက်သည် ဆိုက်ဗီးရီးယား အရှေ့ပိုင်း၊ မွန်ဂိုးလီးယား၊ မန်ချူးရီးယားနှင့် တရုပ်နိုင်ငံ အချို့ အရပ်ဒေသများတွင် သားပေါက်သည်။ ဆောင်းရာသီတွင် တောင်ပိုင်းဒေသများသို့ ပြောင်းရွှေ့ ကျက်စား တတ်သည်။ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်း ဒေသများတွင် ဝါးရုံကြက်ကိုတွေ့ရခဲသော်လည်း ဆောင်းဦးပေါက် အချိန်တွင် စက်တင်ဘာလမှ အောက်တိုဘာလအထိ တွေ့ရ၍ တဖန် မတ်လမှ မေလထိ တွေ့ရတတ်သည်။ ဆောင်းရာသီတွင် ဝါးရုံကြက် အချို့ကို လွင်ပြင်များတွင် တွေ့ရသည်။ ဇွန်လတွင် ယူနန်နယ် အနောက်ပိုင်း၌ ပေ ၆,၀၀၀ မှ ၈,၀၀၀ အထိမြင့်သည့် ဒေသတွင် တွေ့ရသည်။ စက်တင်ဘာလလောက်တွင် ရန်ကုန်မြို့သို့ လာရောက် ကျက်စားသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံ တောင်ပိုင်းရှိ လွင်ပြင်များတွင် အနှံ့အပြား တွေ့ရတတ်သည်။ ရခိုင်တိုင်းတွင်လည်း စက်တင်ဘာလမှ မေလအထိ အတွေ့ရ များသည်။ ရှမ်းပြည်တွင်မူ ဧပြီလအထိ ဝါးရုံကြက်များကို တွေ့ရတတ်ပေသည်။

**ဝါးလရပ်ဖျံ။** ။မြောက်ဖက် ပင်လယ် ဒေသများတွင် နေထိုင်သော ဝါးလရပ်ဖျံကြီးမျိုးသည် ရေသတ္တဝါများတွင် ပုံပန်း အတော်ထူးဆန်းလှပေသည်။ ထိုးထိုးထောင်ထောင် ငေါထွက်နေသော နှုတ်ခမ်းမွေး ကျင်စွယ် အနည်းငယ်ခန့်သည် ကြီးမား ဖူးကြွလျက်နေသော နှုတ်သီးကြီးများ ကြောင့် အဝေးမှ ကြည့်လျှင်ပင် သိသာသည်။ ယင်းတို့၏ အပေါ် မေးရိုးမှ အောက်ဖက်သို့ ထွက်ပြူလျက် ရှိသော အစွယ်ကြီး နှစ်ချောင်းမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင်ပင် ကြီးမားလှသည်။ ဤအစွယ်ကြီးမှာ ဝါးလရပ်ဖျံမျိုးတို့အတွက် အဖိုးမဖြတ်နိုင်သော အင်္ဂါတခု ဖြစ်ပြီးလျှင် တခါတရံ နှစ်ပေခန့်အထိ ရှည်လျားတတ်၍ လုံးပတ် လေး လက်မအထိရှိသည်။ အစွယ်တချောင်း၏အလေးချိန်သည် ၁၀ ပေါင်ကျော်အထိ ရှိသည်။

ဝါးလရပ်ဖျံ၏ အတွန့်တွန့် ဖြစ်လျက်ရှိသော အရေထူကြီးသည် အမွေးမရှိသလောက်ပင် ပြောင်ချော၍နေသည်။ ကိုယ်လုံးကိုယ်ထည်သည် ကြီးမား လေးလံပြီးလျှင် ပခုံးဆီလောက်တွင် ကိုယ်ခန္ဓာသည် ပြက်အကျယ်ဆုံးဖြစ်သည်။


ဦးခေါင်းသည် ရှေ့ တည့်တည့်က ကြည့်လျှင် လေးထောင့် မြင်ရ၍ အနောက်က ကြည့်လျှင်မူ လုံးဝန်းလျက် နေပေသည်။ ယင်း၏ နှာသီးမှာ တိုတောင်း၍ ပြက်ကျယ်



www.burmeseclassic.com

www.burmeseclassic.com





အာတိတ်ဒေသတွင် နေထိုင်ကျက်စားသည့် ဝါးလရပ်ဖျံ

ပြီးလျှင် တဖက်တချက်တွင် ဆိုခဲ့သည့်အတိုင်း သန်စွမ်းသော နှုတ်ခမ်းမွေးများ အပြိုင်းပြိုင်း ထောင်လျက် ရှိပေသည်။

ဝါးလရပ်ဖျံ၏ ကိုယ်အရှည်သည် ၁၀ ပေမှ ၁၂ ပေအထိ ရှည်ပြီးလျှင် ကိုယ်အလေးချိန် ပေါင် ၂,၀၀၀ မှ ၃,၀၀၀ အထိ ရှိတတ်သည်။

ဝါးလရပ်ဖျံသည် အစွယ်ကြီးများဖြင့် ရေအောက် ရွှံ့နွံများအကြားမှ ယောက်သွားနှင့် ကမာမျိုးများကို တူးဖော်စားသောက်သည်။ ကျောက်တုံးကြီးများတွင် ကပ်နေသော ပင်လယ်ရေညှိပင်များကိုလည်း ထိုအစွယ်ကြီးများဖြင့်ပင် ကုတ်ခြစ် စားသောက်၏။ ယင်း၏ အစွယ်ကြီးသည် အစာရှာဖွေ စားသောက်နိုင်ရန် အထောက်အပံ့ ပြုရုံသာ မက အသက်စည်းစိမ် ကာကွယ်ရေးအတွက်လည်း များစွာ အသုံးကျပေသည်။ ယင်းကို တိုက်ခိုက်မည့် ရန်သူဖြစ်သော ဝင်ရိုးစွန်းဝက်ဝံ စသော တိရစ္ဆာန်ကြီးများကို ထိုလက်နက်ဖြင့်ပင် ခုခံတွန်းလှန်လေသည်။

ဝါးလရပ်ဖျံကြီးသည် ယင်းသို့ လက်နက်ကောင်းတရပ်ရှိငြားသော်လည်း တိုက်ခိုက်လိုစိတ် မရှိချေ။ အေးဆေးငြိမ်းချမ်းစွာနှင့် ရန်မလိုတတ်သော သဘောရှိသည်။ ရေထဲတွင် လျှင်မြန်ဖျတ်လတ်စွာကျက်စားသွားလာနေသော ငါးတို့၏ နောက်သို့လည်း လိုက်လံ ဖမ်းယူ စားသောက်ခြင်းမပြုပေ။ လွယ်လင့်တကူ ဖမ်းယူရရှိနိုင်သော ယောက်သွားနှင့် ကမာမျိုးကိုသာရှာဖွေယူပြီးသော် ခိုင်မာလှသော သွားကြီးများဖြင့် ကိုက်ခွဲကာ စားသောက်လေ့ ရှိသည်။ သို့မဟုတ်လျှင်လည်း ပင်လယ်ရေညှိပင်များကို တမြုံ့မြုံ့ ဝါးနေတတ်သည်။

ဝါးလရပ်ဖျံကြီးများသည် အစုအအုပ်ဖွဲ့ကာ တစုတဝေးကြီး သွားလာ ကျက်စားတတ်သော တိရစ္ဆာန်မျိုး ဖြစ်၏။ ယင်းတို့ တစု ဆုံမိကြလျှင် တကောင်၏ ကျောကို တကောင်က မှီလျက် ဝက်ကြီးများကဲ့သို့ စည်းစိမ်ယူကာ လဲလျောင်း၍ နေလေ့ ရှိကြသည်။ ထိုသို့ အပေါင်းအဖော်များနှင့် ကောင်းစွာ စည်းစိမ်ယူနေစဉ်အတွင်း ဝါးလရပ်ဖျံကြီး တကောင် နှစ်ကောင်က မလှုပ်မကမ်းမှုနေ၍ ကင်းစောင့်နေတတ်ပြီးလျှင် မကြာခဏ အနားယူနေသော မိမိအဖော်များ၏ နံဘေးတွင် အစွယ်နှင့် ထောက်၍ သတိပေးတတ်လေသည်။

ဝါးလရပ်ဖျံမကြီးသည် ဖျံထီးကြီးလောက်ပင် ကိုယ်လုံးကိုယ်ထည် ကြီးမားသော်လည်း အစွယ်မှာမူ အထီးလောက် မရှည်ချေ။ ဖျံမကြီးသည် တခါမွေးလျှင် တကောင်မွေးလေ့ ရှိသည်။ ယင်း၏ ကလေးငယ်ကို မွေးစတွင် များစွာ ယုယ ချစ်ခင်သည်။ မိခင်သည် သူ၏ အသက်ကို မငဲ့ပဲ သူ



www.burmeseclassic.com

www.burmeseclassic.com



သားငယ်၏ အသက်ကိုလည်း ကာကွယ်ပေးသည်။ ရေထဲတွင် သွားလာ ကျက်စားသည့် အခါများ၌ သားငယ်ကို ကျောကုန်းပေါ်တွင် ပိုး၍ သွားလေ့ ရှိသည်။ သားငယ်သည် မိခင်၏ ကိုယ်ထည် နီးနီးမျှ ကြီးမားလာပြီးလျှင် အသက် နှစ်နှစ်အရွယ်ခန့် ရောက်သည်အထိ မိခင်၏ စောင့်ရှောက်ခြင်းကို ခံရလေသည်။

ဝါးလရပ်ဖျံမျိုးသည် အထူးသဖြင့် အက်စကီးမိုးလူမျိုးတို့အတွက် အဖိုးထိုက်တန်လှပေသည်။အက်စကီးမိုးတို့သည ဝါးလရပ်ဖျံ၏ အသားနှင့် အဆီကို သုံးပြီးလျှင် အစွယ်များကို ငါးများချိတ်အဖြစ်ဖြင့် ပြုလုပ် အသုံးချကြသည်။ ဝါလရပ်ဖျံကြီးမျိုးတို့၏ ခြေထောက်မှာ မသန်လှချေ။ သို့သော် ချောသည့် ကျောက်များတွင် တွယ်ကပ်၍ နေနိုင်အောင် ထယ်ကြောင်းကဲ့သို့သော အကြောင်းကြီးများ ပါရှိသည်။ ဝါးလရပ်ဖျံကြီးများသည် မြေကြီးပေါ်တွင် ထင်သလို သွားလာ ကျက်စားခြင်း မပြုနိုင်ချေ။ သူတို့၏ ကိုယ်လုံးများမှာ အလျား ၁၀ ပေမှ ၁၂ ပေခန့်အထိ ရှိတတ်ပြီးလျှင် ကိုယ်အလေးချိန် ပေါင် ၂,၀၀၀ မှ ၃,၀၀၀ အထိ ရှိတတ်ပေသည်။

ကမ္ဘာပေါ်တွင် ဝါးလရပ်ဖျံ မျိုးစိတ် နှစ်မျိုးရှိ၏။ မျိုးစိတ်တခုသည် အတ္တလန္တိတ် သမုဒ္ဒရာ၌ ကျက်စားပြီးလျှင် ကျန်တမျိုးက ပစိဖိတ် သမုဒ္ဒရာ၌ ကျက်စားသည်။ ထိုမျိုးစိတ်နှစ်ခုသည် အိုဒိုဗိနိဒီး မျိုးရင်းတွင် ပါဝင်လေသည်။ အတ္တလန္တိတ် သမုဒ္ဒရာ၌ ကျက်စားသော ဝါးလရပ်ဖျံမျိုးသည် ပါဏဗေဒ အလိုအရ အိုဒိုဗီးနပ် ရော့စမေးရပ် ဖြစ်၍ ပစိဖိတ် သမုဒ္ဒရာတွင် ကျက်စားသော ဝါးလရပ်ဖျံမျိုးသည် အိုဒိုဗီးနပ် အိုဗီးဆပ်ဖြစ်သည်။

**ဝိစာရ၊ ဦး**(မြန်မာ ၁၂၅၀–၁၂၉၁)။ ။မြန်မာနိုင်ငံတွင် နိုင်ငံရေး နိုးကြားမှုကို ရှေ့ဆောင် လှုံ့ဆော်ခဲ့သော ပုဂ္ဂိုလ်များအနက် ရဟန်းတော် ဦးဝိစာရ အရှင်သည် တပါး အပါအဝင် ဖြစ်သည်။ ဗြိတိသျှ အစိုးရလက်ထက်၌ ဖိနှိပ် ချုပ်ချယ်မှုများ ကြားမှ လွတ်လပ်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ကြရာတွင် ရဲရင့်သော သတ္တိနှင့် မျိုးချစ်စိတ် ထက်သန်ဆုံး ပုဂ္ဂိုလ်များသာ စွဲစွဲမြဲမြဲ ဆောင်ရွက်နိုင်ကြသည်။

ဆရာတော် ဦးဝိစာရသည် အောက်ချင်းတွင်း (ယခု မုံရွာ)ခရိုင် ချောင်ဦးမြို့အပိုင် အမြင့်တောင်လက်၊ အနိမ့်ကိုးရွာ အပါအဝင် ကမ်းနိမ့်ရွာတွင် ခမည်းတော် ကျောင်းဒါယကာကြီး ဦးပြား မယ်တော် ကျောင်းအမကြီး ဒေါ်ဇလပ်တို့မှသက္ကရာဇ် ၁၂၅၀ ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်နေ့တွင် ဖွားမြင်တော်မူ၍ ငယ်မည်မှာ မောင်လှကျော် ဖြစ်လေသည်။

ငယ်စဉ်က အင်းနားရွာ ဦးစန္ဒိမာ ဆရာတော် ကျောင်းတွင် ပညာသင်ကြားနေစဉ် ရှင်ပြုခဲ့လေသည်။ သာမဏေဝါ လေးဝါရ၍ အသက် ၁၆ နှစ်အရွယ်တွင် ရှင်လိင်ပြန်ပြီးနောက် ကမ်းနိမ့်ရွာ၏ မြောက်ဖက် ရွှေလှေရွာမှ ဦးရွှေမှော် ဒေါ်မယ်ပေါတို့၏ သမီး မယ်ဉာဏ်နှင့် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ လက်ထပ် ထိမ်းမြားခဲ့သည်။ ထိုမယ်ဉာဏ်နှင့် မဖွားတင် ဟူသော သမီးဦး တယောက် ဖွားမြင်ခဲ့ပြီးနောက် ငယ်ချစ်ဖြစ်သူ မသေးမျှင်နှင့် တဖန် အိမ်ထောင်ပြုပြန်ရာ သမီးကလေး မနွယ်ကို ဖွားမြင်လေသည်။

ထိုသို့ သမီးနှစ်ယောက် ထွန်းကားပြီးနောက် အသက် ၂၃ နှစ်အရွယ်တွင် မြောင်မြို့နယ် အကြီးပုတ် ဆရာတော်ထံတွင် ပဉ္စင်းအဖြစ် ခံယူသည်။ ထူးမြတ်သော အကျင့်စာရိတ္တရှိသည်က တကြောင်း၊ ဗုဒ္ဓဟူးသား ဖြစ်သည်က တကြောင်း တို့ကြောင့် ဦးဝိစာရ ဟူ၍ ဘွဲ့ ချီးမြှင့်ခြင်းကို ခံတော်မူရသည်။

ထိုနောက် ပျဉ်းမနားမြို့ ကံဦးကျောင်းတိုက်တွင်၎င်း၊ မန္တလေးမြို့ ရွှေရေးဆောင် ကျောင်းတိုက်တွင်၎င်း၊ ပခုက္ကူမြို့ မဟာ ဝိသုတာရာမ အနောက်တိုက်ကြီးတွင်၎င်း စာသင်စာချ ပြုလုပ်ခဲ့သည်။ ထိုမှတဖန် အိန္ဒိယပြည်သို့ နှစ်ဝါကြာ သွားရောက် နေထိုင်တော်မူပြီးလျှင် သက္ကတနှင့်နာဂရီ ဘာသာခြား ပညာရပ်များကို ကြိုးစား သင်ကြားခဲ့ပြန်သည်။

အရှင်ဦးဝိစာရသည် ပခုက္ကူမြို့ ရေစကြို ဆရာတော်ဘုရားကြီး၏ ကျောင်းတိုက်တွင် သီတင်း သုံးတော်မူစဉ် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာသံဃ အဖွဲ့ချုပ်ကြီး စတင်ပေါ်ထွန်းစဉ် အခါကပင် ပခုက္ကူမြို့ သံဃာတော်များသည် သံဃသာမဂ္ဂီအဖွဲ့များ ဖွဲ့စည်း တည်ထောင်ကာ သာသနာရေး ကိစ္စများကို ဆောင်ရွက်တော်မူကြသည်။ ထိုနောက်တွင် အရှင်ဦးဝိစာရသည်လည်း အမှူးဆောင် ဆရာတော်တပါးအဖြစ် တာဝန်လွှဲအပ်ခြင်း ခံရလေသည်။ ၁၂၈၅ ခုနှစ်တွင် ဆရာတော် ဦးဥတ္တမသည် နိုင်ငံရေးကို ဆောင်ရွက်လျက်ရှိပြီ ဖြစ်သဖြင့် အရှင်ဦးဝိစာရသည် အရှင်ဦးဥတ္တမနှင့် တွေ့ဆုံကာ ဆွေးနွေးပြီးနောက် တိုင်းပြည် လွတ်လပ်ရေးအတွက် သွေးနိုး ဟောပြောကာ စတင် ဆောင်ရွက်ခဲ့လေသည်။ (ဥတ္တမ၊ ဦး — လည်းရှု။)


သက္ကရာဇ် ၁၂၈၈ ခုနှစ်တွင် အရှင် ဦးဝိစာရသည် သာယာဝတီ ခရိုင်၊ သာရဝေါတိုက်နယ်ရှိ ကျေးရွာတရွာ၌ တရားဟောတော်မူစဉ် ခရိုင်ရာဇဝတ်တရားသူကြီးက ပုဒ်မ ၁၄၄ အရ ဆရာတော်အား တရားမဟောရန် တားမြစ်ပိတ်ပင်သော အမိန့်စာတွင် 'မောင်မင်း နာခံရမည်' ဟူသော မယဉ်ကျေးသည့် စကားအသုံးအနှုန်းများ ပါလာ၍ ထိုအသုံးအနှုန်းများကို ကန့်ကွက်သည့် အနေဖြင့် အမိန့်ကို ဖီဆန်မှုဖြင့် ထောင်ဒဏ် နှစ်လ အပြစ်ပေးခြင်းကို ပထမဦးစွာ



www.burmeseclassic.com

www.burmeseclassic.com





ဦးဝိစာရ ဆရာတော် အထိမ်းအမှတ် ကျောက်တိုင်နှင့် ပုံတော်ကြေးရုပ်တုကို ရန်ကုန်မြို့၌ ဤသို့ စိုက်ထူထားရှိသည်။

ခံတော်မူရသည်။ ထိုပြင် ပုဒ်မ ၁၂၄(က)အရ အစိုးရအား အကြည်ညိုပျက်စေရန် ဟောပြောသည်ဟု ဆိုပြီးလျှင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် တနှစ်နှင့် ကိုး လ ကျခံစေရန် အပြစ်ပေးခြင်းကိုလည်း ခံတော်မူရသည်။

ထောင်မှ လွတ်မြောက်လာသောအခါ ၁၂၉၀ ပြည့်နှစ် နှောင်း တန်ခူးလဆန်း ၁၄ ရက် နေ့တွင် တော၀င်မြို့၌ ကျင်းပသော မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံး ဆိုင်ရာ မဟာသံဃသာမဂ္ဂီ အဖွဲ့ချုပ်ကြီး၏ အဌမပြည်လုံး ကျွတ် နှစ်ပတ်လည် သံဃကွန်ဖရင့် ဒုတိယနေ့ အစည်း အဝေးကြီးသို့ တက်ရောက်ခဲ့ပြီးလျှင် သံဃာပရိသတ်အား လျှောက်ထားသည်မှာ "တပည့်တော်အား ထောင်ချစဉ် အခါနှင့် ထောင်ထဲရောက်သည့် အခါတွင် အဝတ်လဲရမည် ပြော၍ အကျဉ်းသား တထောင်ကျော်ထဲမှ တယောက် ယောက်ကို သင်္ကန်း အတင်းချွတ်ရန် စေခိုင်းသော်လည်း မရပါ။ အိန္ဒိယပြည်သား ထောင် အမှုထမ်းများကလည်း အတင်းမချွတ်သဖြင့် မျက်နှာဖြူလူမျိုး ထောင်အရာရှိ သုံး လေးယောက်တို့ လာပြီးလျှင် အဓမ္မ သင်္ကန်းကို ချွတ်ယူ သွားသဖြင့် သာသနာ၏ စည်းကမ်းကို ထောင်ဥပဒေ ဟူသော အစိုးရတို့၏ စီမံချက်စံနစ်က ကျူးလွန် စော်ကား ပါတယ်။ တပည့်တော်သည် သင်္ကန်းမှ မရလျှင် အသက်ပင် သေစေတော့ ဆွမ်းမစားပဲ နေတော့အံ့ဟု ဆုံးဖြတ်ပြီးလျှင် နေခဲ့ရာ မကြာမီရက်အတွင်း ဝိနည်းတော်နှင့်ဆန့်ကျင်သည့် ဝစ္စမဂ်၌ ထိုးသွင်း၍ ဝမ်းချုပြခြင်းကို တားမြစ်၍ မရ၊ အတင်းအဓမ္မ ပြုကြပြန်ပါတယ်။"

"ဆွမ်းမစားပဲ နေခဲ့ရာ နားနှင့် နှာခေါင်းတို့မှ နွားနို့ကို အတင်းထိုးသွင်းခြင်း ပြုလုပ်ပါတယ်။ အရက် ၄၀ ကျော်မှာ မေးခိုင်၍ စကားမပြောနိုင်ပဲ မျက်စိများ ပြာပြီးနေပါတယ်။ မကြာမီ ဒီဘုန်းကြီး အရှူးပဲဟု ပြောပြီးလျှင် အရူးထောင်သို့ ပို့ပါတယ်။ ထောင်အရာရှိများက ခွေးမသား ထမင်းစားပါလား စသည်ဖြင့် ဆဲရေး တိုင်းထွာပြီးနောက် ညနေ ၅ နာရီ အချိန်လောက်တွင် ခြေများကိုတုပ်၍ ထားပြီးလျှင် ခုနစ်ရက် လုံးလုံး ရိုက်နှက် ဖနောင့်နှင့် ပေါက်၊ ပါးကိုလည်း ရိုက်ကြပါတယ်။"

"ထိုသို့ အမျိုးမျိုး နှိပ်စက်ကြသော်လည်း အသက်ပင် အသေခံတော့အံ့၊ ဤမျှလောက် သာသနာတော်ကို ထိခိုက်လျှင် အသေပင်ခံတော့မည်ဟု ဆုံးဖြတ်ပြီးလျှင် ဇေကောင်းရန်သာ ဘုရားကိုတ၍ အသက်စွန့်ရန် အချိန်ကိုသာ မြှော်လင့်နေစဉ် သင်္ကန်းကိုတဖန် ပြန်၍ပေးပြီးလျှင် အိန္ဒိယပြည် ဗင်္ဂလားအနောက်ပိုင်း မေဒနာပူမြို့ ထောင်သို့ ပို့ဆောင် ထားပါတယ်။ ၁၉၂၉ ခုနှစ် ဖေဖွာရီလ ၂၉ ရက်နေ့တွင် ထောင်မှလွတ်မြောက်လာခဲ့ပါတယ်" ဟုလျှောက်ထားသည်ကိုကွန်ဖရင့်မှတ်တမ်းပုံနှိပ်စာအုပ်တွင်တွေ့ရလေသည်။

www.burmeseclassic.com



ထိုနောက် တဖန် ဟံသာဝတီစီရင်စု၊ သုံးခွမြို့အပိုင် ဖရုံကန်ရွာတွင် စီရင်စုလုံးဆိုင်ရာ နှစ်ပတ်လည် ဝိသာနုအစည်းအဝေးကြီးနှင့် တွဲ၍ ကျင်းပသော ပရိယတ္တိ စာပြန်ပွဲနှင့် မဟာတ္တမ ဂန္ထိအား ကြိုဆို ညွှန်ခံပွဲ၌ ဝိသာနုတရားများကို စိတ်အားထက်သန်စွာ ဟောပြောပြန်ရာ ဆရာတော်အား ထပ်မံ၍ ဖမ်းဆီးပြီးနောက် ထောင်အတွင်း၌ပင် စစ်ဆေး၍ ဟံသာဝတီစက်ရှင်တရားသူကြီးက ထောင်ဒဏ် ခြောက်နှစ် အပြစ်ပေးခြင်းကို ခံရသည်။

ထောင်သို့ ရောက်သောအခါ ဦးဝိစာရဆရာတော်သည် သင်္ကန်းဝတ်ရုံခွင့်နှင့် တလနှစ်ကြိမ်၊ လပြည့်နှင့် လကွယ်နေ့များတွင် ဥပုသ်ပြုခွင့်များကို တောင်းဆို သော်လည်း ထောင်အာဏာပိုင်များက မလိုက်လျောခဲ့ကြချေ။

ထိုအခါ ကျမ်းတတ်ပညာရှင်ဖြစ်သော အရှင်ဦးဝိစာရက ရဟန်းတို့ ဆောက်တည်အပ်သော ပါတိမောက္ခ သံဝရသီလ ပျက်စီးမည်ကို စိုးရိမ်၍ အသက်ကို အသေခံခြင်းကသာ မြတ်သည်ဟု ဆုံးဖြတ်တော်မူပြီးလျှင် မိမိတောင်းဆိုသော အချက်နှစ်ချက်ကိုသာ မရက အစာတော်ပင်ခံတော့မည် ဟု ဆုံးဖြတ်တော် မူပြီးလျှင် ဆွမ်းကို မဘုန်းပေးတော့ချေ။

ထိုအခါ အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ အလယ်တောရ ဆရာတော်၊ ဗားဂရာ ဆရာတော်၊ သာခု တိုက်အုပ်ဆရာတော်၊ ဇောတနာရာမ ဆရာတော်၊ ရတနာစကြံ ကျောင်း ဆရာတော်တို့သည် ရွှေတိဂုံဘုရားရာဟုထောင့်တွင် ကျင်းပသော မြို့လုံးကျွတ် အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်များအရ ပြည်ထဲရေး ဝန်ကြီး ဆာ ဂျေ အေ မောင်ကြီးထံသို့ ကြွရောက်တွေ့ဆုံကြပြီးလျှင် ဗုဒ္ဓအယူဝါဒီ ရဟန်းတော်တပါးဖြစ်သော ဦးဝိစာရ၏ ထောင်အတွင်း တောင်းဆိုချက်များကို လိုက်လျောကာ ခွင့်ပြုရန် မိန့်ဆိုတော်မူကြလေသည်။

ပြည်ထဲရေးဝန်ကြီးက သင်္ကန်းမဝတ်ရခြင်းနှင့် ဥပုသ်မပြုရခြင်းတို့ကြောင့် ဦးဝိစာရကိုယ်တော်၌ မည်သို့သော အပြစ်ရှိမည်နည်းဟု လျှောက်ထားရာ ဆရာတော်ကြီးများက ဝိနည်းတော်တွင်လာသည့်အတိုင်း ရှင်းလင်းဖြေဆိုတော်မူကြလေသည်။ ထိုသို့ မိန့်ကြား ဖြေဆိုချက်များနှင့် စပ်လျဉ်းသော ဝိနည်းတော်များကို အကိုးအကားပြု၍ ရေးသားပေးပို့ပါရန်ပြည်ထဲရေးဝန်ကြီးကတောင်းပန်လျှောက်ထားရာ ဆရာတော်ကြီးများက ဘုရားဟောကျမ်းဂန်များမှ လာရှိသည့် ဝိနည်းတော်များကို ရေးသားပေးပို့မည့် အကြောင်း ကတိပေးပြောကြားပြီးလျှင် အကြောင်း မထူးပဲ ပြန်ကြွကြရလေသည်။

၁၉၂၉ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ထောင်အတွင်းသို့ သတင်းမေးကြွတော်မူကြသော အလယ်တောရ ရတနာစကြံ ကျောင်း ဆရာတော်၊ ကြည့်မြင်တိုင် သာခုတိုက်သစ် ဆရာတော် ဦးဇဝန၊ ထိုကျောင်းတိုက် စာချ ဆရာတော် ဦးဓမ္မစာရ အရှင်မြတ်သုံးပါးတို့အား အရှင်ဦးဝိစာရက အသံသဲ့သဲ့ဖြင့် "တပည့်တော်ကို မသနား သော်လည်း သာသနာတော်ကြီးကို ငဲ့ကွက်လျက် အားထုတ်ဆောင်ရွက်သွားတော်မူကြပါ။ တပည့်တော်တော့ သေရတော့မှာ အမှန်ပါ။ တပည့်တော်အတွက်ဆိုလျှင် သင်္ကန်းပေးက နွားနို့ကို လက်ခံမည်။ ဥပုသ် ပြုခွင့်ရလျှင် ဆွမ်းစား ပါမည် ဘုရား" ဟု လျှောက်ထားလေသည်။

ဤသို့ဖြင့် ရက်ပေါင်း ၁၆၆ ရက်အကြာ ၁၂၉၁ ခုနှစ် တော်သလင်း လပြည့်ကျော် ၂ ရက်နေ့ညဉ့် ၈ နာရီ မိနစ် ၂၀ အချိန်တွင် ဦးဝိစာရ အရှင်သူမြတ်သည် ပျံလွန်တော်မူသည်။ ဆရာတော်၏ အလောင်းကို လပြည့်ကျော် ၃ ရက်နေ့နံနက် ၃ နာရီအချိန်တွင် တိတ်တဆိတ် လော်ရီကားဖြင့် ကြည့်မြင်တိုင်၊ ဉယျာဉ်တိုက်၊ တွံတေးကျောင်းသို့ ပို့ဆောင်ပေးလေသည်။ ထိုနောက် ဉယျာဉ်တိုက် နိဗ္ဗာန်စံကျောင်းမှ ရွှေဘိုဂုံ စေတီတော်ကြီး၏ အနောက်ဖက် စောင်းတန်းအပြင်ကွက်လပ်သို့ ပင့်ဆောင်၍ ပြည်လုံးကျွတ် အစည်းအဝေးကြီးများ ကျင်းပလျက် အဂ္ဂိဈာပန သာခုကိုဋ္ဌန်သဘင်ဖြင့် သင်္ဂြိုဟ် ပူဇော်လေသည်။

ဆရာတော် ဦးဝိစာရ မပျံလွန်တော်မူမီ "လိမ္မာရစ်ကြပါ" ဟု နောက်ဆုံး ဩဝါဒပေးခဲ့သည်။ နိုင်ငံရေး ဆောင်ရွက်စဉ် အသက်ပေးလှူသွား သူများတွင် အရှင်ဦးဝိစာရသည် ပဌမဆုံး မြန်မာရဟန်းတော်ဖြစ်သည်။

နောင်တွင် ဆရာတော်၏လွတ်လပ်ရေး သေ့နိုးမှုကျေးဇူးကို ဂုဏ်ပြုလျက် နှစ်စဉ် တော်သလင်းလပြည့်ကျော် ၂ ရက်နေ့တိုင်း ဦးဝိစာရနေ့ဟု အထိမ်းအမှတ် ပြုကြသည်။ ဆရာတော်၏ ပုံတော်ကို ကြေးရုပ်ထု၍ ရန်ကုန်မြို့ အလုံလမ်းနှင့် တိုက်ဂါးအယ်လီ လမ်းထောင့် အဝိုင်းကြီး၌ စိုက်ထူထားရှိသည်။ တိုက်ဂါးအယ်လီလမ်းကိုလည်း ဆရာတော်၏ ဂုဏ်ကျေးဇူးကို သတိရစေသော အနေဖြင့် ဦးဝိစာရလမ်းဟု ခေါ်တွင်လေသည်။

**ဝိညာဉ်။** ။ဝိညာဉ်ဟူသည် စိတ်ပင်ဖြစ်၏။ စိတ်ကိုဝိညာဉ်ဟူ၍၎င်း၊ မနောဟူ၍၎င်း ခေါ်သည်။ မြန်မာ့အလို နှလုံးဟူ၍၎င်း၊ လိပ်ပြာဟူ၍၎င်း၊ အသက်ဟူ၍၎င်း ခေါ်ကြပြန်၏။ (လိပ်ပြာ — ရှု။) ဤနေရာ၌ မည်မျှပင် အခေါ်များသော်လည်း အဘိဓမ္မာဒေသနာအရ ပရမတ္ထတရား လေးပါးတွင် တပါးအပါအဝင် စိတ်ခေါ်သော ဝိညာဉ်ကိုသာ ရေးသားပါအံ့။

ကမ္ဘာလောကကြီး အတွင်း၌ သက်မဲ့သက်ရှိ နှစ်မျိုးရှိရာ သက်မဲ့ဖြစ်သော တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ သိတာ၊ သတ္တရဘန် စသည်တို့ကို ပထဝီ၊ အာပေါ၊ တေ



www.burmeseclassic.com

www.burmeseclassic.com



ဇော၊ ဝါယော အမာခံ ဓာတ်ကြီးလေးပါးအနက် တေဇော ဓာတ်ဖြစ်သော ဥတုက အုပ်စိုးသည်။ တေဇောဓာတ်ဖြစ်သော ဥတု အစီအမံကို ခံကြရသည်။ ဥတု စေခိုင်းသမျှ လုပ်ကြရသည်။ ထိုကြောင့် တေဇောဓာတ်ဖြစ်သော ဥတုသည် အချုပ်အချာ ပဓာနဖြစ်သည်။

တေဇောဓာတ်ဖြစ်သော ဥတုသည် အလွန်တန်ခိုးကြီး၏။ အလွန်ဆန်းကြယ်၏။ ယင်းဥတု၏ တန်ခိုးကြီးမှု ဆန်းကြယ်မှုကြောင့် သစ်ပင်များကို ကြည့်လျှင် အချို့ သစ်ပင်တို့ကြီးမားကြသည်။ အချို့သစ်ပင်တို့ သေးငယ်ကြသည်။ အချို့မွှေးကြိုင်ကြသည်။ အချို့ နံစော်ကြသည်။ အချို့ချိုဆိမ့်ကြသည်။ အချို့ ချဉ်ကြသည်။ အချို့ စပ်ကြသည်။ အချို့ ဖန်ကြသည်။ အချို့ငန်ကြသည်။ အချို့ခါးကြသည်။

သက်ရှိဖြစ်သော ဗြဟ္မာ နတ် လူ တိရစ္ဆာန်တို့ကို စိတ်ဝိညာဉ် အုပ်စိုးသည်။ စိတ်ဝိညာဉ် အစီ အမံကို ခံကြရသည်။ စိတ်ဝိညာဉ် စေခိုင်းသမျှကို လုပ်ကြရသည်။ စိတ်ဝိညာဉ် ဖန်ဆင်းသည့်အတိုင်း ဖြစ်ကြရသည်။ စိတ်ဝိညာဉ် နောက်သို့ အစဉ်တစိုက် လိုက်ကြရသည်။ ထိုကြောင့် စိတ်ဝိညာဉ်သည် အချုပ်အချာ ပဓာနဖြစ်သည်။

စိတ်ဝိညာဉ်သည် အလွန်တန်ခိုးကြီး၏။ အလွန် ဆန်းကြယ်၏။ ယင်းစိတ်ဝိညာဉ်၏ တန်ခိုးကြီးမှု၊ ဆန်းကြယ်မှုကြောင့် ကုသိုလ်ကံ အကုသိုလ်ကံ ဆန်းကြယ်သည်။ ကံ ဆန်းကြယ်မှုကြောင့် အကျိုးပေးဆန်းကြယ်သည်။ အကျိုးပေးဆန်းကြယ်မှုကြောင့် သတ္တဝါတို့တွင် အချို့ဗြဟ္မာ ဖြစ်ကြရသည်။ အချို့ နတ်ဖြစ်ကြရသည်။ အချို့ လူဖြစ်ကြရသည်။ အချို့ တိရစ္ဆာန် ဖြစ်ကြရသည်။ အချို့ ပုက္ကကြသည်။ အချို့ ရှည်လျားကြသည်။ အချို့ ရုပ်အဆင်း လှကြသည်။ အချို့ ရုပ်အဆင်း မလှကြ။ အချို့ ဆင်းရဲကြသည်။ အချို့ ချမ်းသာကြသည်။ အချို့ ရောဂါ ကင်းကြသည်။ အချို့ ရောဂါများကြသည်။ အချို့ မိုက်ကြသည်။ အချို့ လိမ္မာကြသည်။ အချို့ အသက်တိုကြသည်။ အချို့ အသက်ရှည်ကြသည်။

နာမ်တရားတို့တွင်အာရုံကိုခံစားခြင်းအစု—ဝေဒနာက္ခန္ဓာ၊ အာရုံကိုမှတ်ခြင်း အမှတ်ပြု၍ သိခြင်းအစု—သညာက္ခန္ဓာ၊ ပြုပြင်စီရင်ခြင်းအစု—သင်္ခါရက္ခန္ဓာ၊ ဤနာမက္ခန္ဓာ တရားသုံးပါးတို့သည် အာရုံကို သိခြင်းအစု— ဝိညာဏက္ခန္ဓာခေါ် စိတ်ဝိညာဉ်ကိုသာ မှီခိုကြရသည်။ စိတ်ဝိညာဉ်ကသာ ရှေ့သွားဖြစ်သည်။ စိတ်ဝိညာဉ် ဖန်ဆင်းသည့်အတိုင်း ဖြစ်ကြရသည်။ စိတ်ဝိညာဉ်ကသာ အချုပ်အချာ ပဓာန ဖြစ်သည်။ ထိုကြောင့် စိတ်ဝိညာဉ်နှင့် အတူတကွ ဖြစ်ကြရသည်။

ထိုသို့ ဖြစ်ကြရာ၌ စိတ်ဝိညာဉ်သည် အမိနှင့်တူ၏။ အကုသိုလ်တရားတို့သည် သားဆိုး သမီးဆိုးတို့နှင့် တူကုန်၏။ ကုသိုလ်တရားတို့သည် သားကောင်း သမီးကောင်း တို့နှင့် တူကုန်၏။ အမိနှင့်တူသော စိတ်ဝိညာဉ်သည် သူချည်းသက်သက်နေသောအခါ အလွန်ဖြူစင်သည်။ သားဆိုးသမီးဆိုးတို့နှင့် တူသော အကုသိုလ်တရားတို့နှင့် အတူတကွ ဖြစ်သောအခါ မကောင်းသော အကုသိုလ်စိတ်ဝိညာဉ် ဖြစ်ရသည်။ သားကောင်း သမီးကောင်းနှင့်တူသော ကုသိုလ်တရားတို့နှင့် အတူတကွ ဖြစ်သောအခါ ကောင်းသော ကုသိုလ်စိတ်ဝိညာဉ် ဖြစ်ရသည်။

ထိုစိတ်ဝိညာဉ်သည်(၁)စက္ခုဝိညာဉ်—မြင်သောဝိညာဉ်၊ (၂) သောတဝိညာဉ်—ကြားသော ဝိညာဉ်၊ (၃) ဃာနဝိညာဉ်—နံသော ဝိညာဉ်၊ (၄) ဇိဝှါဝိညာဉ်—လျက်သော ဝိညာဉ်၊ (၅) ကာယဝိညာဉ်—တွေ့ထိသော ဝိညာဉ်၊ (၆) မနောဝိညာဉ်—သိသောဝိညာဉ် ဟူ၍ ခြောက်ပါးဖြစ်သည်။ ယင်းခြောက်ပါးတို့ ဖြစ်ပုံကို ဒွါရခြောက်ပါး၊ အာရုံခြောက်ပါးနှင့်တွဲစပ်၍ ရေးသားမှ သိရှိနိုင်မည်။ ထိုကြောင့် ဒွါရခြောက်ပါး အာရုံခြောက်ပါးကို ရေးသားပါအံ့။

(၁) စက္ခုဒွါရ—မျက်စိအကြည်၊ (၂)သောတဒွါရ—နားအကြည်၊ (၃) ဃာနဒွါရ—နှာခေါင်းအကြည်၊ (၄) ဇိဝှါဒွါရ—လျှာအကြည်၊ (၅) ကာယဒွါရ—ကိုယ်အကြည်၊ (၆) မနောဒွါရ—စိတ်အကြည်ဟူ၍ ခြောက်ပါးဖြစ်သည်။

(၁) ရူပါရုံ—အဆင်းအရောင်၊ (၂)သဒ္ဒါရုံ—အသံ၊ (၃) ဂန္ဓာရုံ—အနံ့၊ (၄) ရသာရုံ—အရသာ၊ (၅) ဖောဋ္ဌဗ္ဗာရုံ—အတွေ့အထိ၊ (၆) ဓမ္မာရုံ—တရားသဘောဟူ၍ ခြောက်ပါးဖြစ်သည်။ဤခြောက်ပါးသုံးလီ—တဆဲ့ရှစ်ပါးကို ဓာတ်တဆဲ့ရှစ်ပါးခေါ်သည်။ ယင်း ဓာတ်တဆဲ့ရှစ်ပါးမှာ ရုပ်တရား နာမ်တရား အလုံးစုံပါဝင်သည်။

ထို ဓာတ်တဆဲ့ရှစ်ပါးတို့တွင် ဒွါရခြောက်ပါးကား အခံဓာတ်ဖြစ်သည်။ အာရုံ ခြောက်ပါးကား အတိုက်ဓာတ် ဖြစ်သည်။ ဝိညာဉ် ခြောက်ပါးကား အပွင့်ဓာတ် အပေါ်ဓာတ် ဖြစ်သည်။

## ဝိညာဉ်ဖြစ်ပုံ

ဒွါရခြောက်ပါးသည်မီးခြစ်အိမ်နှင့်တူ၏။ အာရုံခြောက်ပါးသည် မီးခြစ်ဆံနှင့်တူ၏။ ဝိညာဉ် ခြောက်ပါးသည် မီးပွင့်လာခြင်း မီးဖြစ်ပေါ်လာခြင်းနှင့် တူ၏။

မီးခြစ်အိမ်ကို မီးခြစ်ဆံနှင့် ခြစ်လိုက်သောအခါ ယခင်အခါက ရှိနှင့်ပြီး မဟုတ်သော မရှိသေးသော မီးသည် ဖြစ်ပေါ်လာသကဲ့သို့ ထိုအတူ အခံဓာတ်ခြောက်ပါးကို အတိုက်ဓာတ် ခြောက်ပါးနှင့် တိုက်လိုက်သောအခါ၊ ထိခိုက်လိုက်သောအခါ၊ ( အခံဓာတ်နှင့် အတိုက်ဓာတ်တို့ ပေါင်းဆုံသောအခါ ) ယခင်အခါက ရှိနှင့်ပြီးမဟုတ်သော မရှိသေးသောဝိညာဉ် ဖြစ်ပေါ်၍လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါရုံနှင့် သူ့အာရုံ သူ့ဝိညာဉ်ကို စပ်ဟပ်၍ ပြရလျှင် စက္ခုဒွါရအကြည် နှင့်ရူပါရုံအဆင်းအရောင်တို့ ထိခိုက်သောအခါ၊ ပေါင်းဆုံမိသောအခါ စက္ခုဝိညာဉ်စသော တရားတို့ ဖြစ်ပေါ် လာကြသည်။ ( မျက်စိဖြင့် အဆင်း အရောင်ကို မြင်လာသည်။)

သောတဒွါရ အကြည်နှင့် သဒ္ဒါရုံအသံတို့ ထိခိုက်သောအခါ၊ ပေါင်းဆုံမိသောအခါ သောတဝိညာဉ်စသော တရားတို့ ဖြစ်ပေါ်လာကြသည်။ ( နားဖြင့် အသံကို ကြားလာသည်။)

ဃာနဒွါရအကြည်နှင့် ဂန္ဓာရုံအနံ့တို့ ထိခိုက်သောအခါ၊ ပေါင်းဆုံမိသောအခါ ဃာနဝိညာဉ်စသော တရားတို့ ဖြစ်ပေါ်လာကြသည်။ (နှာခေါင်းဖြင့် အနံ့ကို နံလာသည်။)

ဇိဝှါဒွါရ အကြည်နှင့် ရသာရုံအရသာတို့ ထိခိုက်သောအခါ၊ ပေါင်းဆုံမိသောအခါ ဇိဝှါဝိညာဉ်စသော တရားတို့ ဖြစ်ပေါ် လာကြသည်။ (လျှာဖြင့် အရသာကို လျက်လာသည်။)

ကာယဒွါရ အကြည်နှင့် ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိတို့ ထိခိုက်သောအခါ၊ ပေါင်းဆုံ မိသောအခါ ကာယဝိညာဉ်စသော တရားတို့ ဖြစ်ပေါ်လာကြသည်။ (ကိုယ်ဖြင့်အတွေ့အထိကို တွေ့ထိလာသည်။)

မနောဒွါရ အကြည်နှင့် ဓမ္မာရုံ တရားသဘောတို့ ထင်လာ၊ ထင်ရှားလာသောအခါ၊ ပေါင်းဆုံမိသောအခါ မနောဝိညာဉ်စသော တရားတို့ ဖြစ်ပေါ် လာကြသည်။ (တရားသဘောကို သိလာသည်။)

ဤသို့ ဒွါရခြောက်ပါးနှင့် အာရုံခြောက်ပါးတို့ ပေါင်းဆုံမိသောအခါ ဘုရားရဟန္တာမှ တပါးသော သူတို့မှာ နှလုံးသွင်းမကောင်းလျှင်၊ စိတ်ထားမကောင်းလျှင် မကောင်းသော အကုသိုလ်တရားတို့ ဖြစ်ပွား လာကြသည်။ နှလုံးသွင်းကောင်းလျှင် စိတ်ထားကောင်းလျှင် ကောင်းသော ကုသိုလ်တရားတို့ ဖြစ်ပွားလာကြသည်။ ဘုရား ရဟန္တာတို့မှာကား ကိလေသာ အာသဝေါ မရှိတော့သဖြင့် အဗျာကတခေါ် ကြိယာတရားတို့သာ ဖြစ်ပေါ်လာကြသည်။

ဦးကြီးဖေ

**ဝိတိုရိယပြည်နယ်။** ။ဝိတိုရိယပြည်နယ်သည် ဩစတြေးလီးယားတိုက် ဓနသဟာယ ပြည်ထောင်စုတွင် ပါဝင်၍ တက်စမေးနီးယားကျွန်းမှ လွဲလျှင် အငယ်ဆုံးပြည်နယ် ဖြစ်သည်။ ထိုပြည်နယ်သည် ဩစတြေးလီးယားတိုက် အရှေ့တောင်ဖက်စွန်းတွင် တည်ရှိ၍ ၈၇,၈၈၄ စတုရန်းမိုင် ကျယ်ဝန်းသည်။

ပြည်နယ်တောင်ဖက် ပင်လယ် ကမ်းရိုးတန်းသည် ပင်လယ်လက်ကြား များစွာရှိ၍ မညီညာချေ။ ဂရိတ်ဒိုင်ဗင်း တောင်တန်းကြီးသည် ပြည်နယ်ကို အရှေ့အနောက် ဖြတ်သန်းလျက်တည်ရှိသည်။ ထိုတောင်တန်း အရှေ့ပိုင်းကို ဩစတြေးလီးယန်း အဲ့လပတောင်တန်း ဟု ခေါ်သည်။ တောင်တန်းများ ပေါ်တွင် ယူကလစ်တပ်ပင် ကဲ့သို့သော သစ်စေးပင်တောများ ဖုံးအုပ်လျက်ရှိသဖြင့် ရှုခင်းသာယာစိုပြည်သည်။ပြည်နယ် အနောက်မြောက်ဖက်ပိုင်းတွင် မြက်ခင်းလွင်ပြင်များရှိသည်။

မာရေးမြစ်သည် ဝိတိုရိယပြည်နယ်နှင့် နယူးဆောက်သဝေးပြည်နယ်ကို ခြားထားသော မြောက်ဖက်နယ်နိမိတ်ဖြစ်သည်။ ပြည်နယ်အတွက် အဓိကရေကြောင်းခရီးလမ်းလည်း ဖြစ်သည်။ ပို့ဖိလစ်အမည်ရှိ ပင်လယ်အော်သည် နက်ရှိုင်းကျယ်ဝန်းသဖြင့် အကြီးဆုံး ပင်လယ်ကူး သင်္ဘောများပင် ဆိုက်ကပ်နိုင်သည်။ ဝိတိုရိယပြည်နယ်၏မြို့တော် မဲလဗုန်းမြို့သည် ထိုပင်လယ်အော် ကမ်းခြေပေါ်၌တည်ရှိ၍ ဩစတြေးလီးယားတိုက်တွင် ဆစ်ဒနီမြို့မှ လွဲလျှင် အကြီးဆုံးမြို့ဖြစ်သည်။ (မဲလဗုန်းမြို့ — လည်းရှု။)

ဝိတိုရိယပြည်နယ်၏ ရာသီဥတုသည် အခြားပြည်နယ်များထက် ပို၍အေးသည်ဟု ဆိုရသော်လည်း ဆောင်းတွင်း၌ တောင်ထိပ်များပေါ်တွင်သာ ဆီးနှင်းကျသည်။ အခြားအရပ်ဒေသများ၌မူကား ရာသီဥတု မျှတညီညွတ်သည်။နွေအခါ၌ တရံတခါ အပူချိန် ဖာရင်ဟိုက် ဒီဂရီ ၁၀၀ ကျော်အထိ တက်သွားတတ်သည်။ မိုးအသင့်အတင့်ရွာသည်။

ဩစတြေးလီးယားတိုက်တွင် စိုက်ပျိုးရေး လုပ်ငန်းကို အကြီးအကျယ်ဆုံး လုပ်ကိုင်သော ပြည်နယ် ဖြစ်သည်။ စိုက်ပျိုးလုပ်ကိုင်သော မြေဧကပေါင်း ခုနစ်သန်းကျော် ရှိ၍ ဂျုံ၊ မြင်းစားဂျုံ၊ မုယော၊ အာလူးနှင့် မြက်ခြောက်တို့ကို အဓိကစိုက်ပျိုးသည်။ သစ်သီးစိုက်ပျိုးရေးလုပ်ငန်းနှင့် ဝိုင်အရက်ချက် လုပ်ငန်းတို့သည်လည်း တိုးတက်လျက်ရှိသည်။ ထို့ပြင် သိုးနွားတိရစ္ဆာန် မွေးမြူရေး လုပ်ငန်းသည်လည်း ထင်ရှားသော လုပ်ငန်းကြီးတခုဖြစ်သည်။

တဆဲ့ကိုးရာစုနှစ်အလယ်ခန့်တွင် ဝိတိုရိယပြည်နယ်၌ ရွှေကို စတင် တွေ့ရှိခဲ့ကြ၏။ ဗလာရပ်နှင့် ဗင်ဒီဂိုမြို့များ အနီးရှိ ရွှေတွင်းများမှာ ရွှေအမြောက်အမြားထွက်သဖြင့် ထင်ရှားသည်။ ယခုအခါ၌မူ ရွှေအထွက်လျော့နည်းသွားပြီ ဖြစ်၍ ကျောက်မီးသွေးသည် ပြည်နယ်၏အဓိက တွင်းထွက်ပစ္စည်း ဖြစ်သည်။ ငွေ၊ သံဖြူနှင့် ခနောက်စိမ်းတို့ကိုလည်း တူးဖော်ရရှိသည်။

ကပ္ပတိန်ကွတ်သည် ၁၇၇၀ ပြည့်နှစ်တွင် ဗော်တနီ ပင်လယ်အော်သို့ ခရီးထွက်လာစဉ်က ထိုဒေသကို စတင် တွေ့ရှိခဲ့သည်။ သို့ရာတွင် ၁၈၃၄ ခုနှစ်သို့ရောက်ခါမှ ပို့ဖိလစ်ပင်လယ်အော် အနီးအနားဒေသတွင် လူများ အခြေစိုက်နေထိုင်ခဲ့ကြသည်။ ဝိတိုရိယပြည်နယ်ဒေသသည် မူလက နယူး



www.burmeseclassic.com

www.burmeseclassic.com



ဆောက်သဝေးပြည်နယ်ထဲ၌ ပါဝင်ခဲ့သည်။ ၁၈၅၁ ခုနှစ်တွင် သီးခြားပြည်နယ်အဖြစ် တည်ထောင်ပြီးလျှင် ဝိတိုရိယဘုရင်မကို အစွဲပြု၍ ဝိတိုရိယ ပြည်နယ်ဟု အမည်ပေးခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် ဩစတြေးလီးယားတိုက် ဓနသဟာယပြည်ထောင်စု၌ ကိုယ်ပိုင်အုပ်ချုပ်ရေး ရရှိသောပြည်နယ်တနယ်ဖြစ်လာသည်။

ဗြိတိသျှ ဘုရင်က ခန့်အပ်သော ဘုရင်ခံသည် ဝန်ကြီးအဖွဲ့၏အကူအညီဖြင့် ပြည်နယ်ကိုအုပ်ချုပ်ရသည်။ အမတ်ဦးရေ ၃၄ ယောက်ပါဝင်သော အထက်လွှတ်တော်နှင့် အမတ်ဦးရေ ၆၅ ယောက် ပါဝင်သော အောက်လွှတ်တော်ဟူ၍ လွှတ်တော် နှစ်ရပ်ကို ဖွဲ့စည်းထားရှိသည်။ အထက်လွှတ်တော် အမတ်များကို ခြောက်နှစ်လျှင် တကြိမ် ရွေးကောက်တင်မြှောက်ရ၍ အောက်လွှတ်တော် အမတ်များကို သုံးနှစ်လျှင်တကြိမ် ရွေးကောက် တင်မြှောက်ရသည်။ အမျိုးသမီးများလည်း မဲဆန္ဒ ပေးခွင့်ရရှိသည်။ ဝိတိုရိယပြည်နယ်မှ ကန်းဗရားမြို့တော်ရှိ ဗဟို ပါလီမန်လွှတ်တော်သို့ အထက်လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးတို့ကို စေလွှတ်ခွင့်ရသည်။

အသက် ခြောက်နှစ်မှ ၁၄ နှစ်အတွင်းရှိ ကလေးတိုင်းမူလတန်းပညာကို မသင်မနေရဟူ၍ ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့်ပြင် အခမဲ့သင်ကြားခွင့်ကိုလည်း ပေးထားသည်။ မဲလဗုန်းမြို့ရှိ အစိုးရအထောက်အပံ့ခံ တက္ကသိုလ်ကို ၁၈၅၅ ခုနှစ်က စတင် တည်ထောင်ခဲ့သည်။

၁၈၅၁ ခုနှစ်တွင် ဝိတိုရိယ ပြည်နယ်၌ ရွှေကို တွေ့ရှိရသဖြင့် နှစ်အနည်းငယ်အတွင်း လူဦးရေသည်လည်း များစွာတိုးတက်လာခဲ့သည်။ ယခုအခါ ပြည်နယ် လူဦးရေသည် ၂,၉၃၀,၁၁၃ ယောက်ခန့်ဖြစ်၍ ထိုလူဦးရေအနက် တဝက်ကျော်တို့မှာ မဲလဗုန်းမြို့တွင် နေထိုင်ကြသည်။

**ဝိတိုရိယ ဘုရင်မ**(ခရစ် ၁၈၁၉ – ၁၉၀၁)။ ။ဝိတိုရိယဘုရင်မသည် ဗြိတိသျှထီးနန်းတွင် နန်းသက် အရှည်ဆုံးဘုရင်မဖြစ်သည့်အပြင် သမိုင်းအလိုအရ ဂရိတ်ဗြိတိန်နိုင်ငံ၌ "ဝိတိုရိယခေတ်" ဟု ခေါ်တွင်သော တိုးတက်မှု ထွန်းကားရာခေတ်ကို ဖန်တီးဖြစ်ပေါ်စေခဲ့သူလည်းဖြစ်ပေသည်။ ဝိတိုရိယဘုရင်မသည် စတုတ္ထဝီလျံဘုရင်၏ ညီတော် ကင့်မြို့စားအက်ဒွပ်၏တဦးတည်းသောသမီးဖြစ်၍ ၁၈၁၉ ခုနှစ် မေလ ၂၄ ရက်နေ့တွင် ကင်ဆင်တန် နန်းတော်၌ ဖွားမြင်သည်။ တနှစ်သမီးအရွယ် မရောက်မီကပင် ဖခင် ကင့်မြို့စား ကွယ်လွန်သဖြင့် မိခင်လက်ထဲတွင် ကြီးရသည်။

မိခင်ဂျာမန်မင်းသမီး ဝိတိုရိယ မာရီယာ လီဇာက သမီးအား ဘာသာစကား၊ နိုင်ငံသမိုင်း၊ ဗြိတိသျှနိုင်ငံရေးစံနစ်အစရှိသောပညာရပ်များကို သင်ပေးခဲ့သည်သာမက နိုင်ငံတွင်း၌ လှည့်လည်၍ လူမှုရေးဆိုင်ရာ အခြေအနေတို့ကိုလည်း လေ့လာစေခဲ့သည်။

ဝိတိုရိယမင်းသမီးသည် ငါးယောက်မြောက် နန်းညွန့်နန်းလျာဖြစ်သော်လည်း သူ့ထက်အလျင်ကျသူ နန်းလျာလေးဦးမှာ သူငယ်ရွယ်စဉ်ကပင် ကွယ်လွန်သွားကြသည်။ ထို့ကြောင့် ဝိတိုရိယသည် အသက် ၁၈ နှစ်အရွယ်၌ ဦးရီးတော် စတုတ္ထဝီလျံဘုရင် ကွယ်လွန်သောအခါ ဗြိတိသျှထီးနန်းကို ဆက်ခံအုပ်စိုးရလေသည်။ သို့သော် မိန်းမသားဖြစ်ခြင်းကြောင့် ဟန်နိုဗာမင်းအဖြစ်ဖြင့် မူကား မဆက်ခံနိုင်တော့ချေ။ (ဟန်နိုဗာမင်းဆက် — လည်းရှု။) ၁၈၃၈ ခုနှစ်တွင် ဝက်စမင်စတာ အက်ဗေး ဘုရား ရှိခိုးကျောင်း၌ ဘိသိက်ခံသည်။

ဘုရင်မကလေးသည် မိမိကိုယ်တိုင် အနေအထိုင် အပြောအဆိုတို့၌ ခြိုးခြံစွာ ကျင့်သုံးတတ်သူ တယောက် ဖြစ်သည့်အားလျော်စွာ ထီးနန်းနှင့် ဆက်ဆံရသူအားလုံးတို့ကိုလည်း မိမိနည်းတူ ခြိုးခြံစွာကျင့်သုံးစေသည်။ အင်္ဂလိပ်လူမျိုးတရပ်လုံးသည်လည်း စိတ်နေစိတ်ထား မြင့်ခြင်း၊ လုံ့လဝီရိယ ရှိခြင်း၊ မိမိကိုယ်ကို မိမိ အားကိုးလိုစိတ်ရှိခြင်း စသော အရည်အချင်းတို့နှင့် ပြည့်စုံလာကြသည်။ သို့ဖြစ်၍ ဝိတိုရိယခေတ်ဟု အမည်တွင်သော ထိုခေတ်၌ ဂရိတ်ဗြိတိန်နိုင်ငံသည် အထွတ်အထိပ်သို့ ရောက်ရှိလေသည်။ ပြည်တွင်း၌ စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားလာ၏။ ဗြိတိသျှ အင်ပိုင်ယာကြီးသည်လည်း ပို၍ကျယ်ဝန်းလာသည်။

ဘုရင်မကလေးသည် ငယ်ရွယ်သူဖြစ်၍ တိုင်းပြည် အုပ်ချုပ်ရေးတွင်အတွေ့အကြုံဗဟုသုတ နည်းသေးသော်လည်း ဝှစ်ပါတီခေါင်းဆောင် ဝန်ကြီးချုပ် လော့မဲလဗုန်းက တိုင်းပြည်အုပ်ချုပ်ရေးကိုရင်း၊ လူမှုဆက်ဆံရေးကိုရင်း ဖခင်သဖွယ် သွန်သင်လမ်းပြပေးခဲ့သည်။

ဝိတိုရိယဘုရင်မသည် နန်းတက်ပြီးနောက် သုံးနှစ်ခန့်ကြာသောအခါ မောင်တဝမ်းကွဲ တော်စပ်သူ အဲလဗတ်မင်းသားနှင့် ထိမ်းမြားလက်ထပ်သည်။ သူတို့နှစ်ဦး၏ အိမ်ထောင်ရေးသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာသာ ဖြစ်ခဲ့ပေသည်။ အဲလဗတ်မင်းသားသည် အကျင့်စာရိတ္တ ကောင်းမွန်၍ စာပေ၊ ဂီတနှင့် အနုပညာတို့ကို မြတ်နိုးသူလည်း ဖြစ်သည်။ တိုင်းသူပြည်သားတို့၏ ကြည်ညိုလေးစားခြင်းကိုလည်း ခံရသည်။ ဘုရင်မကလည်း မင်းသားကို အထူးပင်အားကိုးသည်ဖြစ်ရာ မိမိ၏ အကြံပေးအရာရှိချုပ် အဖြစ်ရင်း၊ အတွင်းရေး အတွင်းဝန်အဖြစ်ရင်း တာဝန်ပေးအပ်ထားသည်။ ၁၈၅၇ ခုနှစ်တွင် အဲလဗတ်မင်းသားအား "ကြင်ဖက်တော်မင်းသား" ဘွဲ့ကို အပ်နှင်းချီးမြှင့်ခဲ့သည်။ ဘုရင်မနှင့် ကြင်ဖက်တော် မင်းသားတို့တွင် သားသမီး ကိုးယောက်ထွန်းကားခဲ့ရာ သားတော်များထဲက အကြီးဆုံးဖြစ်သူသည်



www.burmeseclassic.com

www.burmeseclassic.com





ဗြိတိသျှ ထီးနန်းတွင် နန်းသက်အရှည်ဆုံး ဝိတိုရိယ ဘုရင်မ

နောင်အခါ၌ သတ္တမ အက်ဒွပ်ဘုရင်အဖြစ် အရိုက်အရာကို ဆက်ခံရလေသည်။

ဝိတိုရိယ ဘုရင်မလက်ထက်တွင် ဆာရောဗတ်ပီး၊ လော့ပါမာစတန်၊ ဗင်ဂျမင် ဒစ်ဇရေလီ၊ ဂလက်စတုန်း၊ လော့ဆော့စဗရီ စသော ထူးချွန်သည့် ဝန်ကြီးချုပ်များ ပေါ်ထွက်လာခဲ့သဖြင့် ဗြိတိသျှ အင်ပိုင်ယာကြီးသည် တန်ခိုးအာဏာ တိုးတက်ကြီးမြင့်ခဲ့လေသည်။ အရေးကြီးသော အဖြစ်အပျက်များနှင့်လည်း တွေ့ကြုံခဲ့ရသည်။ ၁၈၃၇ ခုနှစ်တွင် ကနေဒါပြည်၌ ပုန်ကန်မှု ပေါ်ပေါက်လာပြီးနောက် ၁၈၄၀ ပြည့်နှစ်တွင် အထက်နှင့် အောက် ပြည်နယ်တို့ကို ပေါင်းစည်း၍ ကိုယ်ပိုင်အုပ်ချုပ်ရေး ပေးခဲ့သည်။ ထိုနှစ်၌ပင် ဗြိတိန်နိုင်ငံသည် တရုပ်နိုင်ငံတွင် ဘိန်းစစ်ပွဲကို တိုက်ခဲ့ရသည်။ တဖန် ၁၈၅၄ ခုနှစ်တွင် ကရိုင်းမီးယားစစ်ပွဲကို၎င်း၊ ၁၈၉၉ ခုနှစ်တွင် တောင်အာဖရိက စစ်ပွဲကို၎င်း တိုက်ခဲ့ရလေသည်။

၁၈၅၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ တပ်တွင်းပုန်ကန်မှု ဖြစ်ပွားခဲ့၍ နောက်နှစ်တွင် အိန္ဒိယနိုင်ငံ အုပ်ချုပ်ရေးကို အရှေ့အိန္ဒိယကုမ္ပဏီလက်မှ အစိုးရလက်သို့ လွှဲပြောင်းပေးခဲ့လေသည်။ အင်္ဂလိပ်အစိုးရသည် အီဂျစ်ပြည်၌ကြီးစိုး၍ အင်ပိုင်ယာကိုလည်း တိုးချဲ့ခဲ့သည်။ မြောက်အမေရိကတိုက်နှင့် ဩစတြေးလီးယားတိုက်ရှိ ပြည်နယ်များကို ပြည်ထောင်စုများအဖြစ် အသီးအသီးစုပေါင်းခဲ့၍ ကိုယ်ပိုင်အုပ်ချုပ်ရေးကိုလည်းပေးခဲ့၏။ ပါလီမန်သည် အလုပ်သမားတို့၏ အခြေအနေ တိုးတက်ရန်သော်၎င်း၊ မသင်မနေရပညာရေး ဖြစ်ပေါ်လာရန်သော်၎င်း အက်ဥပဒေများ ပြုလုပ်ပြဋ္ဌာန်းပေးခဲ့သည်။ မြို့ပြအုပ်ချုပ်ရေးစနစ်ကိုလည်း ပြုပြင်ပေးခဲ့သည်။ မဲဆန္ဒပေးနိုင်ခွင့်ကို တိုးချဲ့သတ်မှတ်ခဲ့၍ ဒေသန္တရ အုပ်ချုပ်ရေးတွင် ဒီမိုကရေစီသဘော သက်ဝင်အောင် ပြုပြင်ပေးခဲ့၏။ အယူဝါဒဆိုင်ရာတွင် သာတူညီမျှမှု ရှိစေရန်ကိုလည်း အစိုးရက ဆောင်ရွက်ပေးခဲ့သည်။ အိုင်ယာလန်ပြည်၌ လယ်မြေစံနစ်ကို ပြုပြင်ပေးခဲ့သည်။ ထိုပြင် ဂရိတ်ဗြိတိန်နိုင်ငံသည် လွတ်လပ်စွာ ကုန်သွယ်ခွင့်ပေးသော နိုင်ငံလည်း ဖြစ်လာသည်။ ယင်းသို့ဖြင့် ဝိတိုရိယနန်းတက်စ ဂရိတ်ဗြိတိန်နိုင်ငံ၏ အခြေအနေနှင့် ဝိတိုရိယဘုရင်မ ကွယ်လွန်သည့်အချိန်က ဂရိတ်ဗြိတိန်နိုင်ငံ၏ အခြေအနေတို့မှာ များစွာပြောင်းလဲခဲ့လေသည်။

ဘုရင်မကြီးသည် နန်းတက်စက ဝှစ်ပါတီကို အားပေးခဲ့သော်လည်း နောင်အခါတွင် တိုရီ(ဝါ) ကွန်ဆားဗတစ်ပါတီခေါင်းဆောင် ဝန်ကြီးချုပ်ဒစ်ဇရေလီကို စွဲစွဲမြဲမြဲအားပေးခဲ့၏။ ဝန်ကြီးချုပ်များထဲတွင် ဘုရင်မကြီးသည် ဒစ်ဇရေလီကို အရေးအပေးဆုံးဖြစ်၍ ဂလက်စတုန်းကိုမူ သဘောမကျဆုံးဖြစ်သည်။

၁၈၇၆ ခုနှစ်တွင် ဒစ်ဇရေလီသည် ဘုရင်မကြီးအား အိန္ဒိယ နိုင်ငံ၏ ကေသရီဘုရင်မဘွဲ့ကို ခံယူရအောင် ကြိုးပမ်းခဲ့သည်။ ဒစ်ဇရေလီ ဝန်ကြီးချုပ်အဖြစ်မှ ပြုတ်ကျသွားပြီးနောက်၌ပင် ဘုရင်မကြီးသည် နိုင်ငံရေးကိစ္စများတွင် ထိုပုဂ္ဂိုလ်နှင့် လျှို့ဝှက်စွာ ဆက်သွယ်ခဲ့သည်။ ဘုရင်မကြီးသည် နန်းသက်နောက်ပိုင်းတွင် ရုရှနှင့် စစ်ဖြစ်တော့မည့် အခြေသို့ရောက်အောင် တုရကီအားကူညီ၍ ကမ္ဘာ့ရေးရာ၌ ပါဝင်ရမည်ဟူသော နိုင်ငံခြားဝါဒကိုပါ ကျင့်သုံးခဲ့လေသည်။

၁၈၆၁ ခုနှစ်တွင် ကြင်ဖက်တော်မင်းသား ကွယ်လွန်သဖြင့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်များကို မပျက်မကွက်ထမ်းရွက်သည်မှတပါး နှစ်ပေါင်းများစွာ မင်းပွဲသဘင်များသို့ တက်ရောက်ခြင်းမပြုခဲ့ချေ။ ၁၈၈၇ ခုနှစ်တွင် ဘုရင်မကြီး၏ နန်းသက် အနှစ်ငါးဆယ်မြောက် ရွှေရတုသဘင် ပွဲတော်နှင့် ၁၈၉၇ ခုနှစ်တွင် နန်းသက် အနှစ်ခြောက်ဆယ်မြောက် စိန်ရတုသဘင်ပွဲတော်ကျင်းပသည့် အခါများတွင်သာ မင်းပွဲများသို့ ကိုယ်တိုင်တက်ရောက်၍ ပြည်သူလူထု၏ ကောင်းချီး ဩဘာပေးခြင်းကို ခံယူလေသည်။ ဘုရင်မကြီးသည် ကြင်ဖက်တော်ကွယ်လွန်ပြီးနောက်တွင် လန်ဒန်မြို့၌ စံနေသည်ဟူ၍မရှိပဲ ဝင်ဆာနန်းတော်တွင်၎င်း၊ ကြင်ဖက်တော်ပုံစံထုတ်လုပ်သည့်အတိုင်း ဆောက်လုပ်ခဲ့သော ဘယ်လမိုးရဲ



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်၌ရှင်း၊ ဝိုက်ကျွန်းရှိ ဆောင်းရာသီ စံအိမ်တော်၌ ရှင်း စံနေခဲ့သည်သာ များလေသည်။ ဝိတိုရိယဘုရင်မကြီးသည် ၆၃ နှစ်မျှနန်းစံပြီးနောက် သက်တော် ၈၁ နှစ်အရွယ် ၁၉၀၁ ခုနှစ် ဇန္နဝါရီလ ၂၂ ရက်နေ့တွင်ကွယ်လွန်လေသည်။


**ဝိတိုရိယရေတံခွန်။** ။ဝိတိုရိယရေတံခွန်သည် အာဖရိကတိုက်တောင်ပိုင်း ရိုဒီးဇီးယားနိုင်ငံနှင့် ဇမ်ဗီယာ နိုင်ငံတို့၏ နယ်ခြား ဇမ်ဗီဇီမြစ်ပေါ်တွင် တည်ရှိသည်။ ၁၈၅၅ ခုနှစ်၌ ဒေးဗစ် လစ်ဗင်းစတုန်သည် ထိုရေတံခွန်သို့ ရောက်ရှိသည်တွင် ဝိတိုရိယဘုရင်မကို အစွဲပြု၍ ဝိတိုရိယရေတံခွန်ဟု အမည်ပေးခဲ့သည်။ ဇမ်ဗီဇီမြစ်သည် အာဖရိကတိုက်အလယ်ပိုင်း ကုန်းမြင့်တလျှောက် စီးဆင်းလာပြီးနောက် ဝိတိုရိယ ရေတံခွန်နေရာသို့ ရောက်သော် ရုတ်တရက် အောက်ခြေရှိ ချောက်ထဲသို့ အဟုန်ပြင်းစွာ ထိုးဆင်းလေသည်။ ကျဆင်းသည့် ရေတံခွန်အမြင့်သည် ပေ ၃၆၀ ခန့်ဖြစ်၍ အကျယ်မှာ တမိုင်ကျော်ဖြစ်သည်။ ချောက်ကမ်းပါးထိပ်တွင် ရေသည် တပြင်တည်း ကျဆင်းလာသည်မဟုတ်၊ ကျွန်းကလေးများက ကြားခံလျက်ရှိသဖြင့် ရေကြောင်း လေးကြောင်းခွဲ၍ ကျဆင်းသည်။ အလယ်တွင်ရှိကြသည့် ရေတံခွန်မကြီးနှင့် သက်တံ့ရေတံခွန်တို့သည် အကျယ်ဆုံး ရေပြင်နှစ်ပိုင်း ဖြစ်သည်။

ကျဆင်းသော ရေအဟုန်ကြောင့် ထွက်ပေါ်လာသည့် အခိုး အငွေ့ကို ၁၀ မိုင်ခန့်ဝေးသော နေရာကပင် မြင်နိုင်သည်။ ရေကျဆင်းသံသည်လည်း အဆက်မပြတ် မိုးခြိမ်းသံကဲ့သို့ပင် ပြင်းထန်သည်။ ထိုကြောင့် တိုင်းရင်းသားတို့က ထိုရေတံခွန်ကြီးကို "မိုးကြိုးမီးခိုး" ဟု အမည်ပေးထားကြသည်။

၁၉၀၅ ခုနှစ်တွင် ထိုချောက်ကြီး၏ ကမ်းအစွန်းနှစ်ဖက်ကို ပေါင်းကူးတန်တား ဆောက်လုပ်၍ ဆက်သွယ် ထားရာ ကိပ္ပတောင်းမြို့မှ ကိုင်ရိုမြို့သို့သွားသော မီးရထားသည် ထိုတန်တားဖြင့် မြစ်ကိုဖြတ်ကျော်ရလေသည်။ ၁၉၃၈ ခုနှစ်တွင် ဝိတိုရိယရေတံခွန်၌ ရေအားသုံး လျှပ်စစ်ထုတ်လုပ်ရေး စခန်းကို ဖွင့်လှစ်ခဲ့ကြသည်။

**ဝိတိုရိယအငူ။** ။ကော့သောင်းမြို့ — ရှု။

**ဝိတိုရိယအိုင်။** ။ဝိတိုရိယအိုင်သည် အာဖရိကတိုက်တွင် အကြီးဆုံးအိုင်ဖြစ်၍ မြောက်အမေရိကတိုက်ရှိ ဆူပီးရီးယားအိုင်မှလွဲလျှင် ကမ္ဘာပေါ်၌ အကြီးဆုံး ရေချိုအိုင်ဖြစ်သည်။ အင်္ဂလန်ပြည့်ရှင် ဝိတိုရိယဘုရင်မအမည်ကို အစွဲပြု၍ ဝိတိုရိယနီယန်ဇာ၊ သို့မဟုတ် ဝိတိုရိယအိုင်ဟု ခေါ်တွင်လေသည်။



အာဖရိကတိုက် တောင်ပိုင်း ရိုဒီးဇီးယားနှင့် ဇမ်ဗီယာနိုင်ငံတို့ အကြားရှိ ဝိတိုရိယ ရေတံခွန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုအိုင်ကြီးသည် ယူဂန်းဒါးနိုင်ငံ၊ တန်ဂန်ယီးကနိုင်ငံနှင့် ကင်ညာနိုင်ငံ အသီးအသီး အတွင်း၌ တစိတ်တဒေသစီ ကျရောက်လျက်ရှိသည်။အလျား ၂၅၅ မိုင်ကျော် အနံ ၁၅၅ မိုင်ခန့်ရှိ၍ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၂၆,၂၀၀ ခန့်ရှိသည်။ ပင်လယ်ရေပြင်ထက် ပေပေါင်း ၃,၇၂၆ မြင့်သော ကုန်းပေါ်၌ တည်ရှိသည်။

၁၈၅၈ ခုနှစ်၌ အင်္ဂလိပ်အမျိုးသား ဂျွန် ဟန္နင်း စပိဆိုသူသည် အာဖရိကတိုက်ရှိ နိုင်းမြစ်ဖျားခံရာ အရပ်ကို စူးစမ်းရှာဖွေသည်တွင် ထိုအိုင်ကြီးကို တွေ့ရှိခဲ့၏။ နိုင်းမြစ်သည် အိုင်ကြီး၏မြောက်ဖက်မှ စီးထွက်သည်။၁၈၇၅ ခုနှစ်နှင့် ၁၈၈၉ ခုနှစ်များတွင် အိပ်၊ အမ်၊ စတန်လေ ဆိုသူကလည်း အိုင်တွင်း၌ လှည့်ပတ်စူးစမ်းခဲ့ဘူးသည်။

ဝိတိုရိယအိုင်သည် ရေတိမ်၍ ကျောက်ဆောင်ပေါများသည်။ရှေးအခါက အိုင်အတွင်းရှိ ကျွန်းများပေါ်တွင် တိုင်းရင်းသားတို့ နေထိုင်ခဲ့ကြသော်လည်း စက်စီယင်ကောင်ကိုက်သဖြင့် စွဲကပ်ထတ်သော ဦးနှောက်ရောင် အိပ်မဝရောဂါဆိုးကြောင့် အိုးအိမ်ကို စွန့်လွှတ် ထွက်ပြေးကြရလေသည်။ ၁၈၉၈ ခုနှစ်မှစ၍ အရှေ့ဖက်နှင့် အနောက်ဖက်ကမ်းရှိ မြို့များသည် သင်္ဘောများဖြင့် ကူးလူး ဆက်ဆံ နိုင်ကြသည်။ အရှေ့ဖက် အိန္ဒိယသမုဒ္ဒရာကမ်းခြေရှိ မွန်ဗာဆာမြို့နှင့်လည်း မီးရထားလမ်းဖြင့် ဆက်သွယ်လျက် ရှိသည်။ ၁၉၄၈ ခုနှစ်တွင် ဝိတိုရိယအိုင်၌ ရေအားသုံး လျှပ်စစ်စီမံကိန်းကို စတင်လုပ်ကိုင်ခဲ့လေသည်။

**ဝိဓူရ ဇာတ်တော်။** ။ဝိဓူရ ဇာတ်သည် ဂေါတမ မြတ်စွာဘုရား ဟောကြားတော်မူသော ဇာတ်တော်ကြီး ဆယ်ဖွဲ့တွင် နဝမဇာတ်တော် ဖြစ်သည်။ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဂါထာပေါင်း ၃၁၄ ဂါထာဖြင့် တန်ဆာဆင်လျက် ဝိဓူရဇာတ်ကို ဟောကြားတော်မူသည်။

ဝိဓူရ ဇာတ်တော်၏ အကြောင်းအရာအကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။ ရှေး လွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည်၌ ဓနဥ္စယ ကောရဗျ အမည်ရှိသော မင်းသည် စိုးစံ၏။ ထိုမင်း၌ ဝိဓူရမည်သော ပညာရှိ အမတ်တဦးရှိသည်။ ဓနဥ္စယ ကောရဗျမင်းတွင် ကောရဗျမည်သော သားတယောက် ဖွားမြင်၏။အရွယ်ရောက်သော် ဓနဥ္စယကောရဗျမင်း နတ်ရွာစံသဖြင့် သားတော်ကောရဗျ နန်းတက်သည်။

ထိုမင်းကား ကြွေအန်ကစားမှု၌ အလွန်တပ်မက်သည်။ တနေ့သ၌ ကောရဗျမင်းသည် ဥပုသ်စောင့်၍ ဥယျာဉ်တော်၌ တရားအားထုတ်သည်။ ထိုအခါ ရှေးဘဝက အဆွေခင်ပွန်းများ ဖြစ်ခဲ့ဘူးကြသော သိကြားမင်း၊ နဂါးမင်း၊ ဂဠုန်မင်းတို့လည်း ထိုနည်းအတူ ဥပုသ်စောင့်၍ မင်းကြီးနေရာ ဥယျာဉ်သို့ ရောက်လာကြသဖြင့် မင်းလေးပါးဆုံကြသည်။ ထိုအခါ ထိုမင်းလေးပါးတို့သည် မည်သူ၏ သီလက ပိုမို မြင့်မြတ်ကြောင်းကို အသီးအသီး အငြင်းအခုံ ဖြစ်ကြကုန်သည်။ ထိုသို့ အငြင်းအခုံ ဖြစ်ကြပုံကို ပညာရှိ ဝိဓူရအမတ်ကြီးထံ အဆုံး အဖြတ် ဝင်ကြရာ အမတ်ကြီးသည် အခြင်းအရာအလုံးစုံကို စစ်ဆေးပြီးနောက် မင်းလေးပါးတို့၏ သီလသည် ထပ်တူထပ်မျှဖြစ်ကြောင်း အဆုံးအဖြတ်ပေးသည်။

ထိုအခါ မင်းလေးပါးတို့ ဝမ်းမြောက်လျက် သိကြားမင်းက ဘုံဖြူပုဆိုး၊ ဂဠုန်မင်းကရွှေပန်း၊ နဂါးမင်းက ပတ္တမြား၊ ကောရဗျမင်းက ဆင်မြင်း စသည်ဖြင့် အသီးအသီး ပူဇော်ကြသည်။ နဂါးမင်းသည် နဂါးပြည်သို့ ရောက်သော် နဂါးမိဖုရားက ပတ္တမြားကို မမြင်၍ မေးသဖြင့် အကြောင်းစုံကို ပြောပြ၏။ ထိုအခါ မိဖုရားသည် ဝိဓူရ၏ တရားစကားကို နာကြားလိုသဖြင့် တိုက်ရိုက် ခေါ်ဆောင်စေက မရမည်စိုးသောကြောင့် ဖျားနာဟန် ပြု၍ ဝိဓူရ၏ နှလုံးကို အလိုရှိသည်ဟု ပူဆာ၏။

နဂါးမင်းသည် ဝိဓူရ၏ နှလုံးကို ရနိုင်ရန် ခက်ခဲသောကြောင့် ပူပန်နေစဉ် သမီးတော်ဣရန္ဒတီသည် ရောက်လာသဖြင့် နဂါးမင်းသည် သမီးတော်အား ဝိဓူရ၏ နှလုံးကို ဆောင်ယူနိုင်မည့်လင်ယောကျ်ားကို ရှာဖွေချေဟု စေလိုက်သည်။ မင်းသမီးလည်း ကာဠတောင်သို့သွား၍ လင်လျာကို ရှာခိုက် ပုဏ္ဏက ဘီလူးစစ်သူကြီးကို တွေ့မြင်ရသည်။ မင်းသမီးအား ပုဏ္ဏကသည် လွန်စွာမြတ်နိုးသဖြင့် မင်းသမီး၏ မယ်တော်မိဖုရား အလိုရှိသော ဝိဓူရ၏ နှလုံးကို ဆောင်ယူနိုင်ရန် ကတိပြုသည်။ ထိုအခါ ဣရန္ဒတီသည် ပုဏ္ဏကကို ခေါ်ဆောင်၍ ခမည်းတော်ထံသို့ သွားကာ အကြောင်းကို လျှောက်ထားသည်။

နဂါးမင်းလည်း ဝိဓူရအမတ်၏နှလုံးကို ဆောင်ယူပေးနိုင်ပါက အမှန်ပင် သမီးတော်နှင့် လက်ထပ်ထိမ်းမြားပေးမည်ဟု ကတိပြုသည်။ ထိုအခါ ပုဏ္ဏကသည်ဝန်ခံ၍ ဦးရီးတော် ကုဝေရနတ်မင်းကြီးစံရာ စာတုမဟာရာဇ် နတ်ပြည်သို့ သွားရောက်သည်။ ထိုနောက် နတ်မင်းကြီး၏ အခွင့်ကို ဥပါယ်တံမျဉ်ဖြင့်ရယူ၍ ဝိဓူရကိုလည်း ဥပါယ်တံမျဉ်ဖြင့် ရယူနိုင်ရန် ဝေပုလ္လတောင်မှ ပတ္တမြားကိုဆောင်လျက် ကောရဗျမင်းထံသို့ရောက်သည်။

ကြွေအန် ကစားရန် ပုဏ္ဏကသည် ကစ္စည်းလုလင်အသွင်ဖြင့် ကောရဗျမင်းထံသို့ ဝင်ရောက်၍ မင်းအား ကြွေအန် ကစားရန် ဖိတ်ခေါ်၏။ မင်းက လောင်းကြေးကို မေး၍ ပုဏ္ဏက က အဖိုးမဖြတ်နိုင်သော ပတ္တမြားနှင့် မနောမယ

www.burmeseclassic.com

www.burmeseclassic.com



ဝိဓူရဇာတ်တော်လာ ပုဏ္ဏကနှင့် ဣရန္ဒတီတို့၏ သစ်ထွင်းရုပ်လုံးပုံ

www.burmeseclassic.com

www.burmeseclassic.com



မြင်းပျံကိုပြ၍'ကျွန်ုပ်ရှုံးလျှင် ဤပစ္စည်းကို ယူပါ' ဟု ဆိုသည်။ ထိုအခါ မင်းကြီးကလည်း 'ကျွန်ုပ်ရှုံးလျှင်ထီးနန်း၊ မိဖုရားနှင့် မိမိကိုယ်မှတပါး လိုရာကိုယူပါ'ဟု ဆိုသည်။

ထိုနောက် မင်းနှစ်ပါးတို့ ကြွေအန်ကစားကြသည်။ ကောရဗျမင်းမှာ လွန်ခဲ့သော သုံးခုမြောက်ဘဝက မိခင်ဖြစ်ခဲ့ဘူးသည့် ထီးဖြူစောင့်နတ်သမီးက တန်ခိုးဖြင့် ကူညီသဖြင့် အခြား လောင်းကစားဖော် မင်းများကို နိုင်မြဲဖြစ်သည်။ ကစားရာတွင် ကောရဗျမင်းက အရှုံးကျမည့် ကြွေကို ကြိုတင် သိသဖြင့် ဖမ်းနိုင်သည့်အခါ ပုဏ္ဏကသည် နတ်သမီး၏ တန်ခိုးမှန်း သိသဖြင့် နတ်သမီးကို မျက်စောင်းထိုး၍ နှင်ထုတ်လိုက်သည်။ ထိုနောက် ကစားပြန်သော အခါ ကောရဗျမင်း ရှုံးလေသည်။

ထိုအခါ ပုဏ္ဏကသည် လောင်းကြေးထားသည့်အတိုင်း မင်းကြီး၏ အမတ်ဖြစ်သော ဝိဓူရအမတ်ကို တောင်းသည်။ မင်းလည်းကတိအတိုင်းပေးရသည်။ ပုဏ္ဏကသည် ဝိဓူရအား ခေါ်ဆောင်၍သွားသည်။ လမ်းတွင် ပုဏ္ဏကသည် ဝိဓူရအား ယူဆောင် သွားသည်ထက် သတ်ဖြတ်ပြီးမှ နှလုံးသားကို ယူဆောင်သွားအံ့ဟု မြင်းမြီးကို ကိုင်စွဲစေလျက် တောတောင်အထပ်ထပ် လှည့်၍ မြင်းကိုစိုင်းသည်။ သို့ရာတွင် ဝိဓူရ၏ သစ္စာ သီလ အာနုဘော်ကြောင့် မသေပဲ ပင်ပန်းရုံသာ ရှိလျှင် အမျိုးမျိုးခြိမ်းခြောက်၍၎င်း၊ တောင်ထိပ်မှ ပစ်ချ၍၎င်း သတ်ရန်ကြိုးစားပြန်သည်။ ဝိဓူရလည်း ပုဏ္ဏကသည် မသေ သေအောင် သတ်မည်ကိုသိ၍ အဘယ်ကြောင့် မိမိအား သတ်လိုသနည်းဟု မေးသည်။ ပုဏ္ဏကက ဣရန္ဒတီ နဂါးမကို ယူလိုသောကြောင့်ဖြစ်၍ ရယူရန်မှာလည်း ဝိဓူရ နှလုံးသည်းပွတ်ကို ပေးနိုင်ပါမှဟု ဆိုသဖြင့် ယခု ဝိဓူရ၏ နှလုံးကို ထုတ်ယူရန်ဖြစ်ကြောင်း ပြန်ပြောသည်။

ထိုအခါ ဝိဓူရက ပုဏ္ဏကအား'သင်သတ်လိုကသတ်လော့၊ သို့ရာတွင် သာဓုနရ တရားကို ရှေးဦးစွာ နာဦးလော'ဟု ဆိုသည်။ ထိုနောက် ဝိဓူရသည် တရားဟောပြောသဖြင့် ပုဏ္ဏကသည် မိမိအမှားကိုသိ၍ တောင်းပန်ကာ ပြန်ပို့မည်ဟုဆိုသည်။ သို့ရာတွင် ဝိဓူရက နဂါးပြည်သို့ပင် လိုက်ပါလိုသေးသည်ဟု ဆိုသဖြင့် နဂါးပြည်သို့ ပို့ရသည်။ ဝိဓူရသည် နဂါးပြည်သို့ ရောက်သောအခါ ဝရုဏနဂါးမင်းအား တရားဟောပြ၏။ ထိုနောက် နဂါးမိဖုရား ဝိမလာဒေဝီကိုလည်း တရားဟောပြောသည်။ မိဖုရားလည်း မိမိလိုအင်ပြည့်ဝပြီဖြစ်သဖြင့် ဝိဓူရသုခမိန်ကို ဣန္ဒပတ္တနဂိုရ်ပြည်သို့ ပြန်၍ပို့စေသည်။ ပုဏ္ဏကလည်း ဣရန္ဒတီနဂါးမကို ရလေသည်။

ကောရဗျမင်းကြီးလည်း ဝိဓူရသုခမိန်ကို ပြန်၍ တွေ့ရလျှင် ဝမ်းမြောက်၏။ ဝိဓူရသည် မိမိ၏အဖြစ်အပျက်များကို ပြန်ကြား လျှောက်ထားသည်။ မိမိ ပုဏ္ဏကထံမှ ရရှိခဲ့သော ပတ္တမြားကိုလည်း မင်းကြီးအား ဆက်သည်။ ထိုမှစ၍ ဝိဓူရသုခမိန်သည် အသက်အတိုင်းနေ၍ သေလွန်သော် တာဝတိံသာ နတ်ပြည်၌ ဖြစ်သည်။

ဇာတ်ပေါင်းသော် ဝိဓူရသုခမိန်သည် ဂေါတမ မြတ်စွာဘုရား ဖြစ်လာသည်။ ဝိဓူရသုခမိန်၏ မယား အနောဇာဒေဝီသည် ယသောဓရာဖြစ်လာသည်။ ဝရုဏနဂါးမင်းသည် သာရိပုတ္တရာထေရ် ဖြစ်လာသည်။ ဂဠုန် မင်းသည် မောဂ္ဂလာန်ထေရ် ဖြစ်လာသည်။ သိကြားမင်းသည် အနုရုဒ္ဓါထေရ်ဖြစ်လာသည်။ ကောရဗျမင်းကား အာနန္ဒာထေရ် ဖြစ်လာသည်။ ပုဏ္ဏက ဘီလူးစစ်သူကြီးမူ အင်္ဂုလိမာလ ဖြစ်လာသည်။ မနောမယ သိန္ဓောမြင်းသည် ကဏ္ဍကမြင်း ဖြစ်လာသည်။ နဂါးမိဖုရားဝိမလာဒေဝီသည် ခေမာဘိက္ခုနီမ ဖြစ်လာသည်။ ဣရန္ဒတီ နဂါးမသည် ကိသာဂေါတမီ ဖြစ်လာသည်။

**ဝိနည်း။** ။ဝိနည်းဟူသည် ဝိနယ ဟူသော ပါဠိမှ ဖြစ်လာသော ဝေါဟာရတခု ဖြစ်သဖြင့် ဆုံးမရာဆုံးမကြောင်း ဖြစ်သောတရားဟု အဓိပ္ပါယ်ရသည်။

ထိုဝိနည်းသည် အာဂါရိယဝိနည်း၊ အနာဂါရိယဝိနည်းဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် လူများနှင့်သက်ဆိုင်သောဝိနည်းကို အာဂါရိယ ဝိနည်းခေါ်၍ ရဟန်းသံဃာတော်များနှင့် သက်ဆိုင်သော ဝိနည်းကို အနာဂါရိယ ဝိနည်းဟု ခေါ်သည်။

ဒုစရိုက် ၁၀ ပါး၊ သုစရိုက် ၁၀ ပါး အပြစ်အကျိုး၊ သိင်္ဂါလောဝါဒသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ်တို့၌လာသော ပျက်စီးကြောင်း၊ ကြီးပွားကြောင်း စသော လူတို့ရှောင်ကြဉ်အပ်၊ ပြုကျင့်အပ်သောတရားသည် အာဂါရိယဝိနည်း (ဝါ)လူ့ဝိနည်းမည်၏။ မြတ်စွာဘုရား တပည့်သား သံဃာတော်များ လိုက်နာကျင့်သုံးရန် ပညတ်ထားသော ဥပဒေစည်းမျဉ်းများဖြစ်သော ဝိနည်းပညတ်တော်သည် အနာဂါရိယဝိနည်း (ဝါ)ရဟန်းဝိနည်းမည်၏။

ထို နှစ်မျိုးတို့တွင် ဝိနည်းပိဋကတ်အရာ၌ အနာဂါရိယ ဝိနည်းဖြစ်သော ရဟန်းဝိနည်းကိုသာ ယူအပ်လေသည်။

အဋ္ဌကထာတို့၌ ဤ ဝိနယသဒ္ဒါကို ဝိဟူသော ဥပသာရနှင့် နယသဒ္ဒါ ပေါင်းစပ်၍ဖြစ်သည်ဟူ၍၎င်း၊ ဝိဓေ့ရှိသော နိမိတ်ဖြင့်ပြီးသည်ဟူ၍၎င်း နှစ်နည်းပြဆိုထား၏။ ထိုနှစ်နည်းတွင် ပဌမနည်းအရ အထူးထူးသော နည်းနာနယ ရှိသောကြောင့် ဝိနည်းဟု အဓိပ္ပါယ်ရ၏။ ထိုစကားမှန်၏။ ဝိနည်း၌ နိဒါနုဒ္ဒေသစသော ပါတိမောက်ပြခြင်း၊ ပါတိမောက္ခုဒ္ဒေသငါးမျိုး၊ ပါရာဇိကစသော အာပတ် ခုနစ်ပုံ၊ သိက္ခာပုဒ်၊ ဝတ္ထု၊ ပုဂ္ဂလ၊ မူလပညတ်၊ အနုပညတ် စသော အထူးထူးသော နည်းနာတို့သည် ရှိကြကုန်သည်။

ဒုတိယနည်းအရ ကိုယ်နှုတ်တို့ဖြင့် ဖြစ်နိုင်သော အကု



www.burmeseclassic.com

www.burmeseclassic.com



သိုလ်ဟူသမျှကို တားမြစ်၍ ထူးခြားသော အသွင်မျိုးသို့ ရောက်စေတတ်၏ဟု အဓိပ္ပါယ်ယူရပေမည်။

ယင်းဝိနယပိဋကတ်ကို ဒေသနာဘေဒစသည်ဖြင့် ဝေဖန်ရသော် အာဏာဒေသနာ၊ ဝေါဟာရ ဒေသနာ၊ ပရမတ္ထ ဒေသနာ ဟူ၍ ဒေသနာအပြား သုံးပါးရှိရာတွင် အာဏာ ထားခြင်းငှာ ထိုက်တော်မူသော မြတ်စွာဘုရားသည် များသောအားဖြင့် အာဏာတော်ကို ပဓာနထား၍ ဟော ကြားတော် မူအပ်သောကြောင့် အာဏာဒေသနာ ဖြစ် လေသည်။

ယထာပရာဓ သာသနာ၊ ယထာနုလောမ သာသနာ၊ ယထာဓမ္မသာသနာ ဟူ၍ သာသနာအပြား သုံးပါးရှိရာ တွင် များသော အပြစ်ရှိကုန်သော သတ္တဝါတို့ကို အပြစ် အားလျော်စွာ ဆုံးမရာ ဆုံးမကြောင်း ဖြစ်သောကြောင့် ယထာပရာဓသာသနာ ဖြစ်လေသည်။

သံဝရာ သံဝရ ကထာ၊ ဒိဋ္ဌိ ဝိနိဝေဌနကထာ၊ နာမရူပ ပရိစ္ဆေဒကထာဟူ၍ ကထာအပြား သုံးပါးရှိရာတွင် ကာယ ဒွါရ ဝစီဒွါရတို့ဖြင့် လွန်ကျူးခြင်း၏ ဆန့်ကျင်ဖက်ဖြစ်သော သေးငယ်သော စောင့်စည်းခြင်း၊ ကြီးသောစောင့်စည်းခြင်း ကို ဟောရာ ဖြစ်သောကြောင့် သံဝရာ သံဝရကထာ ဖြစ် လေသည်။

အဓိသီလ သိက္ခာ၊ အဓိစိတ္တ သိက္ခာ၊ အဓိပညာ သိက္ခာ ဟူ၍ သိက္ခာအပြား သုံးပါးရှိရာတွင် အကျင့်သီလ အရာ ဖြစ်သောကြောင့် အဓိသီလသိက္ခာဖြစ်၏။

ဝီတိက္ကမ ပဟာန်၊ ပရိယုဋ္ဌာနပဟာန်၊ အနုသယ ပဟာန် ဟူ၍ ပဟာန်အပြား သုံးပါးရှိရာတွင် သီလသည် ဝီတိက္ကမ ကိလေသာ၏ ဆန့်ကျင်ဖက် ဖြစ်သောကြောင့် ဝီတိက္ကမ ပဟာန်ဖြစ်၏။

စကားအစဉ်၏ နက်နဲခြင်း၊ အနက်အဓိပ္ပါယ်၏ နက်နဲ ခြင်း၊ ဖော်ထုတ်ဟောပြောမှု၏နက်နဲခြင်း၊ မှန်ကန်စွာ သိရှိ နားလည်မှု၏ နက်နဲခြင်း တည်းဟူသော နက်နဲခြင်းလေး မျိုးနှင့်လည်း ပြည့်စုံပေ၏။

ဤဝိနည်းသည် ဟိရိ သြတ္တပ္ပ ဟူသော လောကပါလ တရားများကို မြဲမြံခိုင်ခံ့ အရှည်တည်တံ့စေလျက် ကောင်း မွန်စွာ ကျင့်သုံးတော်မူကြကုန်သော ရဟန်းတော်တို့အား သီလ၏ ပြည့်စုံခြင်းကို အမှီပြု၍ ဝိဇ္ဇာ သုံးပါး တရားသို့ ရောက်ကာ နိဗ္ဗာန်ဖေါက် ပို့ပေးတော်မူနိုင်သည်ကိုထောက် ၍ သာသနာတော်၌ အလွန်အရေးမူနိုင်သည်ကို ထောက် ၍ သာသနာတော်၌ အလွန် အရေးကြီးကြောင်း သိသာ နိုင်ပေသည်။ ထို့ကြောင့်ပင် ဝိနည်းအဋ္ဌကထာ၌ –

'ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ ဟောတိ'ဟု မိန့်တော်မူ၏။

အဓိပ္ပါယ်မှာ ဝိနည်း မည်သည်ကား ဘုရားသာသနာ တော်၏ အသက်ဖြစ်ပေသည်။ ဝိနည်းတရားတော် တည်ရှိမှ သာ သာသနာတော် တည်ရှိသည်မည်၏ဟု ဆိုလိုသည်။

ယင်းသို့ သာသနာတော်တွင် ဝိနည်းတရားတော်အရေး ကြီးသောကြောင့်ပင် ပဌမ သင်္ဂါယနာနှင့်တကွ သင်္ဂါ ယနာ အဆက်ဆက်၌ သာသနာတော်၏ အသက်ဖြစ်သော ထိုဝိနည်းကို အဦးအစ ထား၍ သင်္ဂါယနာတင်တော်မူခဲ့ကြ လေသည်။ ထိုစကားသည် မှန်၏။ ဝိနည်းတရားတော်သည် ကာယကံမှု၊ ဝစီကံမှုတို့ကို ယဉ်ကျေးသိမ်မွေ့စေ၍ ကာယ ဒွါရ၊ ဝစီဒွါရ၌ ဖြစ်လတ္တံ့သော အပြစ်တို့ကို ပိတ်ဆို့ တတ်သည့် ဘုရားစည်းမျဉ်း ဥပဒေတော်ကြီးပင် ဖြစ်လေ ရာ၊ အဦးအစထား၍ သင်္ဂါယနာ တင်ရလောက်အောင် လည်း အရေးကြီးလှပေသည်။

ထို ဝိနည်း တရားတော်သည် သင်္ဂါယနာ တင်သော အစဉ်အားဖြင့် –

၁။ ရဟန်းယောကျ်ားများနှင့် ဆိုင်သော သိက္ခာပုဒ် များကို အကျယ် ဝေဖန်ပြရာ အပိုင်းဖြစ်သော ဘိက္ခုဝိဘင်၊

၂။ ရဟန်း မိန်းမများနှင့်ဆိုင်သော သိက္ခာပုဒ်များကို အကျယ် ဝေဖန်ပြရာ အပိုင်းဖြစ်သော ဘိက္ခုနီ ဝိဘင်၊

၃။ မဟာ ခန္ဓက၊ ဥပေါသထက္ခန္ဓက စသော ကြီး ကျယ်ရှည်လျားသော အကြောင်းအရာ များကို ဖော်ပြရာ အပိုင်းဖြစ်သော မဟာဝဂ္ဂ၊

၄။ ကမ္မက္ခန္ဓက၊ ပါရိဝါသိကက္ခန္ဓက စသော မဟာ ဝဂ္ဂခန္ဓကလာ အကြောင်းအရာများထက် ငယ် သော (ဝါ) တိုသော အကြောင်းအရာများကို ဖော်ပြရာ အပိုင်းဖြစ်သော စူဠဝဂ္ဂ၊

၅။ ဝိနည်း ဆိုင်ရာတွင် အကြွင်းအကျန် ဆိုဖွယ် မရှိ စေရန် အခြံအရံသဖွယ် သိမ်းကျုံး ဖွင့်ပြရာ ဖြစ် သော ပရိဝါရဟူ၍ အပိုင်း ငါးပိုင်း ရှိလေသည်။

ယင်း ငါးပိုင်းကို ကျမ်းစာအားဖြင့် ခွဲဝေလိုက်သော် –

၁။ ပါရာဇိကဏ် ပါဠိတော်၊
၂။ ပါစိတ် ပါဠိတော်၊
၃။ မဟာဝဂ် ပါဠိတော်၊
၄။ စူဠဝဂ် ပါဠိတော်၊
၅။ ပရိဝါ ပါဠိတော် ဟူ၍ ကျမ်းငါးကျမ်း ဖြစ်လာ လေသည်။

ဘိက္ခုဝိဘင်တွင် ပါရှိသော ပါရာဇိက–သာသနာတော် မှ ဆုံးရှုံးခြင်းသို့ ရောက်စေနိုင်သော အကြီးဆုံး အပြစ်၊ သံဃာဒိသေသ–အပြစ်စင်ကြယ်အောင် ကုစားရာ၌ အစ အလယ်၊ အဆုံး သုံးပါးလုံး၌ သံဃာကို အလိုရှိအပ်သော ဒုတိယ အကြီးဆုံး အပြစ်၊ အနိယတ–အပြစ်အမည်ကို အမြဲ

www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်၍ မထား၊ သင့်သလို ဆုံးဖြတ်ရသော အပြစ်အာပတ် တမျိုးနှင့် နိဿဂ္ဂိယ – စွန့်ခြင်း ရှေးသွားရှိသော အပြစ် (ဝါ) စွန့်ပြီးမှ အပြစ်ကို ကုစားရသော သိက္ခာပုဒ်တို့ကို အာဒိလဒ္ဓနာမ – အစဖြစ်သော ပါရာဇိက အပိုင်းအားဖြင့် သတ်မှတ်၍ ရအပ်သော အမည်အနေဖြင့် ပါရာဇိကပါဠိ – ပါရာဇိကဏ်ပါဠိတော် ဟူ၍ အမည် မှည့်ခေါ်ပြီးလျှင် ကျမ်းတကျမ်း ဖွဲ့စည်းထားခဲ့ပေသည်။

ထိုနောက် ဘိက္ခုဝိဘင်္ဂမှ ပါစိတ္တိယ– ကုသိုလ်စိတ်ကို လျှော့ကျစေတတ်သောအပြစ်၊ ပါဋိဒေသနီ–အသီးအခြား ပြောကြားရသော အပြစ်၊ သေခိယ–ယဉ်ကျေးမှု ကျင့်ဝတ်အနေဖြင့် မကျင့်မနေ ကျင့်ရသော သိက္ခာပုဒ်များ၊ အဓိကရဏ သမထ–ဖြစ်ပေါ်လာသော အဓိကရုဏ်း (ဝါ) အပြစ်အာပတ်ဆိုင်ရာ အရေးအရာကို ငြိမ်းအေးအောင် ဆုံးဖြတ်နည်း ဟူသော အပိုင်းကြီး လေးပိုင်းနှင့် ဘိက္ခုနီဝိဘင်္ဂပါဠိ အပိုင်းအားလုံးကို စုပေါင်း၍ ပါစိတ္တိယပါဠိ–ပါစိတ်ပါဠိတော် ဟူ၍ အမည်တပ်ပြီးလျှင် ကျမ်းတကျမ်း ဖွဲ့စည်းခဲ့ပေသည်။

ထိုနောက်မှ အစဉ်အတိုင်း မဟာဝဂ္ဂပါဠိ၊ စူဠဝဂ္ဂပါဠိနှင့် ပရိဝါရပါဠိတို့ကို တကျမ်းစီ ဖွဲ့စည်း၍ ဝိနည်းငါးကျမ်းဟု ရှေးမဟာထေရ်မြတ်ကြီးတို့ သတ်မှတ်တော်မူခဲ့ကြပေသည်။

ထိုဝိနည်းကျမ်းဂန်များ၌ ပါရှိသော အချက်များသည် ရဟန်း သံဃာတော်များ လိုက်နာ ကျင့်သုံးရန် ပညတ်ထားသော ဥပဒေ စည်းမျဉ်းများသာ ဖြစ်ပေရာ ထိုဥပဒေစည်းမျဉ်းများကို ဖော်ပြရာ ဝိနည်း ကျမ်းဂန်များသည်လည်း မြတ်စွာဘုရား တပည့်သား သံဃာတော်များနှင့်သာ တိုက်ရိုက် သက်ဆိုင်သော ကျမ်းစာများ ဖြစ်၍ ထိုကျမ်းစာများကို လူပုဂ္ဂိုလ်များ ကြည့်ရှုဖွယ်မလို၊ သိမှတ်ဖွယ်မလိုဟု ထင်တတ်ကြသည်။ အမှန်အားဖြင့်ကား ဝိနည်းကျမ်းဂန်များတွင် ပါရှိသော အချက်အလက် များစွာတို့မှာ မြတ်စွာဘုရားလက်ထက်တွင် အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး၊ ယဉ်ကျေးမှုနှင့် လူမှုအဆင့်အတန်းမှုစ၍ များပြားလှသော အရေးအရာတို့ကို ခန့်မှန်းနိုင်သဖြင့် ဗဟုသုတ ရှာမှီးသူတိုင်းအဖို့ ထိုဝိနည်းကျမ်းဂန်များကို ဖတ်ရှုသင့်လှပေသတည်း။ **ဆရာညဏ်**

**ဝိဘတ်။** ။ဝိဘတ်ဟူသော ဝေါဟာရသည် သဒ္ဒါကျမ်းမှ လာသော ဝေါဟာရ ဖြစ်သည်။

ဝါကျ အပေါင်းဖြင့် ဖွဲ့စပ် တည်ဆောက်ထားအပ်သော အရာကို ကျမ်းဂန်၊ ပုဒ်အပေါင်းဖြင့် ဖွဲ့စပ်တည်ဆောက်ထားအပ်သောအရာကို ဝါကျဟု ဆိုသဖြင့် ပုဒ်တို့သည် ဝါကျ၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။ ဝိဘတ်သည် ထိုပုဒ်တို့၏ အသက်ဝိညာဉ် သဖွယ် ဖြစ်သည်။ များသော အားဖြင့် ပုဒ်ဟူသမျှသည် ဝိဘတ်နှင့် မကင်းစကောင်း၊ ဝိဘတ်ဖြင့် အဆုံးသတ်လျက် ရှိရမြဲ ဖြစ်သည်။ ထို့ကြောင့် ဝိဘတ်ဟူသည် ပုဒ်တို့ကို သိရှိရေး၏ အမှတ်သင်္ကေတ ဖြစ်သည်။

ထိုဝိဘတ်သည် နာမ်၊ အာချာတ် ဟူ၍ နှစ်မျိုးရှိသည်။

အမည်ဟော ပုဒ်တို့၏ အဆုံးသတ်ကို နာမ်ဝိဘတ်၊ သွားခြင်း ချက်ခြင်းစသော ကြိယာဟော ဓာတ်တို့၏ အဆုံးသတ်ကို အာချာတ်ဝိဘတ်ဟု ခေါ်သည်။

နာမ်ဝိဘတ်သည် ပဌမာ၊ ဒုတိယာ၊ တတိယာ၊ စတုတ္ထီ၊ ပဉ္စမီ၊ ဆဋ္ဌီ၊ သတ္တမီ ဟူ၍ ခုနစ်သွယ် (ခုနစ်လုံး) ရှိသည်။

တသွယ်တသွယ်၌ ဧကဝုစ်၊ ဗဟုဝုစ်အားဖြင့် နှစ်မျိုးစီ ရှိသဖြင့် ၁၄ သွယ်ရှိသည်။

ယင်းတို့ကို မြန်မာအနက်အားဖြင့် အစဉ်အတိုင်း သည်ကား-က၊ကို-သို့၊ ဖြင့်၊ အား၊ မှ-က-ထက်-အောက်၊ ၏၊ ၌-မှာ-ဝယ် ဟူ၍ ပြန်ဆိုကြသည်။

ယင်း ၁၄ သွယ်သည် "လိင်" အနက်ကို ကတ္တား၊ ကံ စသည်အားဖြင့်၎င်း၊ ဧကဝုစ်-ဗဟုဝုစ်အားဖြင့်၎င်း ခွဲခြားဝေဖန်တတ်သည်။ ထို့ကြောင့် ဝိဘတ်ဟူသော အမည်ကို ရသည်။

'ယောကျ်ား' ဟူသော သဒ္ဒါသည် 'သည်' နှင့် တွဲဖက်၍ 'ယောကျ်ားသည်' ဟူသော ပုဒ် ဖြစ်လာသည်။ 'ကို' နှင့် တွဲဖက်၍ 'ယောကျ်ားကို' ဟူသော ပုဒ် ဖြစ်လာသည်။ ဤသို့ စသည်ဖြင့်'ယောကျ်ား'ဟူသော သဒ္ဒါသည် အဆုံးသတ်ဝိဘတ်တို့နှင့် တွဲဖက်ကာ ပုဒ်တိုင်း ပုဒ်တိုင်းတွင် ပါဝင်နိုင်သည်။ ယင်းသို့ ပါဝင်နိုင်သော သဒ္ဒါကို ဤ၌'လိင်'ဟု ခေါ်သည်။

ဝိဘတ်သည် ယင်းအဖြူထည်သက်သက် လိင်အနက်ကို ကတ္တားအနက်ပြ'သည်' နှင့် တွဲဖက်၍ 'ယောကျ်ားသည်' ဟူ၍၎င်း၊ ကံနက်ပြ'ကို'နှင့် တွဲဖက်၍ 'ယောကျ်ားကို' ဟူ၍၎င်း ဤသို့စသည်ဖြင့် ကရိုဏ်းအနက်ပြ'ဖြင့်'၊ သမ္ပဒါန်အနက်ပြ'အား'၊ အပါဒါန် အနက်ပြ'မှ'၊သမ္ဗန်အနက်ပြ'၏'၊ ဩကာသအနက်ပြ '၌' တို့ဖြင့် တွဲဖက်ကာ ကတ္တား၊ ကံ စသည်ဖြင့် ခွဲခြားဝေဖန်တတ်သည်။ ထို့ပြင် ကတ္တား၊ ကံ စသည် ကွဲပြားပြီးကိုပင် အနည်းဖြစ်လျှင် ဧကဝုစ်၊အများဖြစ်လျှင် ဗဟုဝုစ်အားဖြင့် ထပ်၍ ခွဲခြား ဝေဖန်တတ်ပြန်သည်။ ဤသို့ လိင်အနက်ကို ကတ္တား၊ ကံ စသည်ဖြင့်၎င်း၊ ဧကဝုစ်၊ ဗဟုဝုစ်အားဖြင့်၎င်း ခွဲခြားဝေဖန်တတ်သောကြောင့်'သည်' 'တို့သည်'စသော ၁၄ သွယ်ကို ဝိဘတ်ဟု ခေါ်ဆိုလေသည်။

အာချာတ် ဝိဘတ်သည် ဝတ္တမာန်၊ ပဉ္စမီ၊ သတ္တမီ၊ ပရောက္ခာ၊ ဟိယျတ္တနီ၊ အဇ္ဇတနီ၊ ဘဝိဿန္တိ၊ ကာလာတိပတ္တိဟူ၍ ရှစ်မျိုးရှိသည်။

တမျိုးတမျိုးတွင် ဝိဘတ် ၁၂ လုံးစီ ရှိသဖြင့် စုစုပေါင်း ၉၆ လုံးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့သည် ကြိယာဟောဓာတ်၏ အနက်ကို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလအားဖြင့်၎င်း၊ ကတ္တား-ကံ-ဘော ကာရကအားဖြင့်၎င်း၊ ဧကဝုစ် ဗဟုဝုစ်အားဖြင့်၎င်း ခွဲခြား ဝေဖန်တတ်ကြသည်။ ထို့ကြောင့် ဝိဘတ် ဟု ခေါ်ဆိုရလေသည်။

'ဂစ္ဆတိ' ဟူသောပုဒ်သည် အရင်းခံအားဖြင့် ဂမုဓာတ်၊ တိဝိဘတ်တို့ဖြင့် ဆက်သွယ် ပေါင်းစပ်ထားသော ပုဒ်ဖြစ်သည်။ ဝိဘတ် မပါသော ဂမုဓာတ်သက်သက်ဆိုလျှင် သွားခြင်းအနက် တခုကိုသာ သိရသည်။ ဂစ္ဆတိဟု 'တိ' နှင့် တွဲဖက်သည့် အခါ ပစ္စုပ္ပန်ကာလ၊ ကတ္တုကာရက၊ ဧကဝုစ် အနက်တို့ကို သိရသည်။ ဤသို့ စသည်ဖြင့် ကြိယာဟောဓာတ်၏အနက်ကို ကာလအမျိုးမျိုး၊ ကာရက အမျိုးမျိုး၊ ဝုစ်အမျိုးမျိုးတို့ဖြင့် ခွဲခြား ဝေဖန်တတ်သောကြောင့် တိ၊ အန္တိ စသော သဒ္ဒါတို့ကို ဝိဘတ်ဟု ခေါ်ဆိုလေသည်။

**ဝိသာခသဋ္ဌေး။** ။ဂေါတမ မြတ်စွာဘုရား လက်ထက်တော်တွင် ဓမ္မကထိက အရာ၌ ဧတဒဂ်ရသော ဓမ္မဒိန္နာထေရီလောင်း၏ ခင်ပွန်းမှာ ဝိသာခသဋ္ဌေးဖြစ်သည်။

ဝိသာခသည် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်း၏ ငယ်သူငယ်ချင်းဖြစ်သည့်အပြင် တက္ကသိုလ်ပြည်၌ အတူပညာသင်ဖက်လည်း ဖြစ်သည်။ ရာဇဂြိုဟ်ပြည်သို့ မြတ်စွာဘုရား ရှေးဦးစွာ ကြွလာသောအခါ ဝိသာခသဋ္ဌေးသည် ဗိမ္ဗိသာရမင်းနှင့်အတူ သွားရောက်၍ တရားနာရာ တရားတော်၏အဆုံးတွင် သောတာပတ္တိဖိုလ် တည်သူ ဖြစ်သည်။

ဓမ္မဒိန္နာသည်လည်း ရာဇဂြိုဟ်ပြည် သဋ္ဌေးကြီးတဦး၏ သမီးဖြစ်သည်။ အရွယ်ရောက်သောအခါ ဓမ္မဒိန္နာအား သဋ္ဌေးအမြောက်အမြားက ထိမ်းမြားရန် စကားကမ်းလှမ်းခဲ့ကြသော်လည်း ဗိမ္ဗိသာရမင်းက ပညာသင်ဖက် မိတ်ဆွေ ဝိသာခ သဋ္ဌေးနှင့်သာ ဓမ္မဒိန္နာကို လက်ထပ်ပေးသည်။

ဝိသာခသဋ္ဌေးသည် အိမ်ထောင်သည်ဘဝနှင့် နေသော်လည်း မြတ်စွာဘုရား၏ ကျောင်းတော်သို့ မပြတ်တရားနာသွားလေ့ရှိသည်။ ဇနီးဖြစ်သူ ဓမ္မဒိန္နာကို မြတ်စွာဘုရားထံ၌ တရားနာလိုက်ပါရန် မကြာခဏ ခေါ်ဘူးသော်လည်း ဓမ္မဒိန္နာသည် တကြိမ်တခါမျှ မလိုက်ပါပဲ နေခဲ့၏။

တနေ့တွင် ဝိသာခသဋ္ဌေးသည် ဘုရားကျောင်းတော်သို့ သွားကာ တရားကို နာယူရာ နက်နဲသည့် ရုပ်တရား နာမ်တရားများကို နာကြားရသဖြင့် ဉာဏ်နှင့် အခန့်သင့်ပြီးလျှင် အနာဂါမိဖိုလ်သို့ တည်လေသည်။ ထိုသို့ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သွားသဖြင့် ဇနီးဖြစ်သူ ဓမ္မဒိန္နာနှင့် ဆက်ဆံခြင်းသည် ယခင် သောတာပန်ပုဂ္ဂိုလ်ဖြစ်စဉ်က ဆက်ဆံခြင်းမျိုးနှင့် လုံးဝမတူတော့ချေ။ ဓမ္မဒိန္နာက အကျိုး အကြောင်း မေးမြန်းသည့် အခါဝယ် ဝိသာခသဋ္ဌေးက မိမိသည် အနာဂါမ်အဖြစ်ကို ရရှိပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိကိုမောင်ဖွားကဲ့သို့အောက်မေ့၍ ဓမ္မဒိန္နာ နောက်ထပ် အိမ်ထောင်ပြုလိုက ပြုနိုင်ကြောင်း ပြောပြလေသည်။

ထိုအခါ ဓမ္မဒိန္နာသည် ပူဆွေးငိုယိုပြီးနောက် မခံချင်စိတ်ကြောင့် ဘုရားကျောင်းတော်သို့ သွား၍ ဘိက္ခုနီမ ပြုလုပ်ပြီးလျှင် တရားကို အားထုတ်ရာ အာသဝေါကုန်ခမ်းသည့် ရဟန္တာမအဖြစ်သို့ ရောက်ရှိသွားသည်။ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်သော ဝိသာခသဋ္ဌေးမှာ ရဟန်း မပြုနိုင်သည့်အတွက် အိမ်၌ ဝတ်ကြောင်ဖြင့် ကျန်ရစ်လေသည်။ ထို့နောက် ဓမ္မဒိန္နာထေရီသည် ဝိသာခ သဋ္ဌေးအား စူဠဝေဒလ္လသုတ်ကို ဟောကြားသည်။ (ဓမ္မဒိန္နာထေရီ — လည်းရှု။)

ဝိသာခ သဋ္ဌေးကြီးကဲ့သို့ အနာဂါမ် အဖြစ်သို့ ရောက်သော်လည်း လူဝတ်ကြောင်နှင့် နေသည့် ပုဂ္ဂိုလ်များမှာ အများအပြားပင် ဖြစ်သည်။ရှေးရှေးဘဝများတွင် ရဟန်း မပြုဘူးသူများ၊ သင်္ကန်းမလှူဘူးသူများသည် ရဟန်းဘဝကို မရနိုင်ကြဟု အဋ္ဌကထာ ဆရာကြီးများက အကြောင်းပြကြလေသည်။

**ဝိသာခါ ကျောင်းအမ။** ။ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်း၏ အခွန်ထမ်းရာဖြစ်သော အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့ မေဏ္ဍကသဋ္ဌေးကြီး၏သား၊ ဓနဉ္စယသဋ္ဌေးနှင့် သုမနာအမည်ရှိသော သဋ္ဌေးကတော်တို့မှ ဝိသာခါ သတို့သမီး ဖွားမြင်၏။ ဝိသာခါသည် ဂေါတမ မြတ်စွာဘုရားအလောင်း ဒုက္ကရစရိယာ ကျင့်၍ နှစ်နှစ်ကျော်တွင် ဖွားဟန်ရှိသည်။ ဝိသာခါခုနစ်နှစ်သမီးအရွယ်သို့ အရောက်တွင် ဂေါတမ မြတ်စွာဘုရား ကြွရောက်လာမည် ဖြစ်၍ ထိုအကြောင်းကို အဖိုး ဖြစ်သူ မေဏ္ဍက သဋ္ဌေးကြီးက ပြောသဖြင့် အခြံအရံဖြစ်သော သတို့သမီး ငါးရာတို့နှင့်အတူ ဘုရားသခင်အား ခရီးဦးကြိုဆိုခြင်း ပြုခဲ့ရာမှ တရားတော်ကို နာကြားခဲ့ရပြီးလျှင် တရားတော်၏ အဆုံးတွင် ငါးရာကုန်သော သတို့သမီးငယ်တို့နှင့်အတူ ဝိသာခါသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ထို့နောက်တွင် ဗိမ္ဗိသာရမင်း၏ ယောက်ဖတော်သာဝတ္ထိပြည် ပသေနဒီကောသလမင်းက တောင်းဆိုသောကြောင့် ဝိသာခါ၏အဖ ဓနဉ္စယသဋ္ဌေးသည် ပသေနဒီ ကောသလမင်း၏ နောက်သို့ လိုက်ပါသွားရပြီးလျှင် သာဝတ္ထိပြည်နှင့် ခုနစ်ယူဇနာကျော် ဝေးကွာသည့် အရပ်၌ သာကေတမြို့ တည်ကာ နေထိုင်ခွင့်ရလေသည်။

ဝိသာခါ၏အဖ သာကေတမြို့ကိုတည်၍ ခြောက်နှစ်ခုနစ်နှစ်ခန့် ရှိလာသောအခါ သာဝတ္ထိပြည် မိဂါရသဋ္ဌေး၏သား ပုဏ္ဏဝဍ္ဎန သတို့သားနှင့် ဝိသာခါ သတို့သမီးကို ထိမ်းမြား လက်ထပ် ပေးလေသည်။ ဓနဉ္စယသဋ္ဌေးသည် ယောက္ခမ အိမ်သို့ လိုက်သွားရလတ္တံ့သော သမီးအား အသပြာကိုး



www.burmeseclassic.com

www.burmeseclassic.com



ထုဋ္ဌေထိုက်တန်သော မဟာလ္လတာ တန်ဆာနှင့်တကွ ပစ္စည်းဥစ္စာ အမြောက်အမြား ပေးလိုက်သည့်အပြင် (၁)အတွင်းမီးကို အပပြင်ဖက်သို့ မထုတ်ဆောင်အပ်၊ (၂)အပပြင်ဖက်ဖြစ်သော မီးကို အတွင်းသို့မသွင်းအပ်၊ (၃)ပေးကမ်းသောသူအားသာလျှင် ပေးကမ်းအပ်၏၊ (၄) မပေးမကမ်းသောသူအား မပေးမကမ်းအပ်၊ (၅) ပေးကမ်းသောသူအားလည်းကောင်း၊ မပေးမကမ်းသော သူအားလည်းကောင်း ပေးကမ်းအပ်၏။ (၆) ချမ်းသာစွာ နေထိုင်အပ်၏။ (၇) ချမ်းသာစွာ စားသောက်အပ်၏။ (၈) ချမ်းသာစွာ အိပ်အပ်၏။ (၉) မီးကို လုပ်ကျွေးအပ်၏။ (၁၀) အိမ်တွင်းနတ်ကို ရိုသေညွတ်လျှိုး ရှိခိုးအပ်၏ဟု ဤဆယ်ပါးသော အဆုံးအမ ဩဝါဒကိုပေးလိုက်လေသည်။

မိဂါရသဌေးသည် သားပုဏ္ဏဝဍ္ဎနအား ထိမ်းမြားမင်္ဂလာ ပြုသော် အဦးဖြစ်သော ကျောင်းတော်၌ နေသော မြတ်စွာဘုရားကို ပစ်ထား၍ အခါလေးမြင့်ဖြစ်သော ချစ်ခြင်းရှိသော အချည်းစည်း အဝတ်မဝတ်သော တိတ္ထိတို့ကိုသာ ကျွေးမွေးလျက် ငါ၏ အရှင်တို့အား ပူဇော်သက္ကာရပြုအံ့ဟု များစွာကုန်သော အိုးသစ်တို့ဖြင့် ရေမရှိသော နို့ဃနာကို ချက်စေ၍ ငါးရာသော အစေလကတိတ္ထိတို့ကို ပင့်ဖိတ်၍ အိမ်တွင်းသို့ ဝင်စေပြီးသော် ချွေးမသည်လည်း လာ၍ ရဟန္တာ အရှင်ကောင်းတို့ကို ရှိခိုးလှည့် ဟုဝိသာခါသို့ စေလိုက်၏။ အရိယာတပည့်မ သောတာပန် ဖြစ်သော ဝိသာခါသည် ထိုတိတ္ထိတို့ ထမင်းကျွေးရာသို့ လာ၍ကြည့်သော် ဤသို့ အရှက်အကြောက်ကို ကြဉ်၍ ရဟန္တာမဖြစ်ကုန်၊ စက်ဆုတ်ဖွယ်သာ ဖြစ်သည်ဟု ကဲ့ရဲ့၍ မိမိနေရာသို့ သွားလေသည်။

ထိုအခါ အဝတ်မဝတ်သော တိတ္ထိတို့က ရဟန်းဂေါတမ၏ တပည့် သူယုတ်မကို နှင်ထုတ်ပစ်ရန် တိုက်တွန်းပြောဆိုရာ၊ သဌေးကြီးက အမျိုးကြီး၏ သမီးဖြစ်၍ ထိုသူတို့၏ စကားဖြင့် နှင်ထုတ်အံ့သောငှာ မတတ်ကောင်းဟု ကြံ၍ တိတ္ထိတို့ကို တောင်းပန်ပြောဆို၍ လွှတ်လိုက်လေသည်။

ထိုနောက် သဌေးကြီးသည် မြတ်သောနေရာ၌နေ၍ ရွှေခွက်ဖြင့် ရေမရှိသော နို့ဃနာကို စားနေသည့် အခိုက်ဆွမ်းခံသွားသော မထေရ်တပါးသည် ဆွမ်းအလို့ငှာ ထိုအိမ်သို့ ဝင်လေသည်။ သို့သော် သဌေးမိုက်သည် မထေရ်ကိုမြင်သော်လည်း မမြင်သကဲ့သို့ အောက်သို့ မျက်နှာချ၍ စား၏။ ထိုအခါ ယောက္ခမကို ယပ်ခပ်၍ ပေးနေသော ဝိသာခါက မထေရ်ကိုမြင်၍လည်း ငါ၏ယောက္ခမသည် ရဟန်းဟူသော အသိအမှတ်ကိုမျှ မပြုဟုသိ၍၊ ကန်တော့ပါ၏ အရှင်ဘုရား၊ အကျွန်ုပ်၏ ယောက္ခမသည် အသစ်ကိုမပြု၊ အဟောင်းကိုသာစားပါ၏ဟုဆို၏။ သဌေးကြီးသည် နိဂဏ္ဌတို့ကိုဆိုသောအခါ သည်းခံ၍၊ အဟောင်းကိုသာစားသည်ဟု ဆိုသောခဏ၌ လက်ကိုဖယ်၍ ဤဃနာကို ဆောင်လေကုန်၊ ဤသူယုတ်မကိုလည်း အိမ်မှနှင်ထုတ်လေကုန်၊ ဤချွေးမသည် ငါ့အား ဤမင်္ဂလာအခါ၌ မစင်စားမည်သည်ကိုပြု၏ဟု ဆို၏။

ဝိသာခါသည် ယောက္ခမ၏စကားကို ကြား၍ ဤမျှဖြင့် ငါတို့သည် မထွက်ကုန်သေး။ အဖတို့သည် ငါ့ကို ရေဆိပ်မှ ရေခပ်ကျွန်မကဲ့သို့ ဆောင်အပ်သည် မဟုတ်။ ထင်ရှားရှိသော မိဖ၏ သမီးတည်း။ ဤမျှဖြင့် မထွက်သေး။ ဤသို့သော အကြောင်းကြောင့်ပင် အကျွန်ုပ်အဖသည် ဤမြို့သို့ လာသောအခါ၌ ဤရှစ်ယောက်သော သူကြွယ်တို့ကို အကယ်၍ ငါ၏သမီးအား အပြစ်ဖြစ်အံ့၊ သင်တို့ သုတ်သင်ပါလေကုန်ဟု အကျွန်ုပ်ကို ထိုသူတို့၏လက်၌ အပ်ထား၏။ ထိုသူကြွယ်တို့ကို ခေါ်၍ ကျွန်ုပ်၏ အပြစ်ကို သုတ်သင် ပါစေ ကုန်လော့ ဟု ဆိုသော် ဤချွေးမသည် ကောင်းသောစကားကို ဆို၏ဟု သူကြွယ်တို့ကို ခေါ်စေ၍ ဤသူငယ်မသည် မင်္ဂလာပြုသောအခါ ရွှေခွက်ဖြင့် နို့ဃနာ စားသော ငါ့ကို မစင်စားသည်ဆို၏။ ထို့ကြောင့် ဤချွေးမအား အိမ်မှ နှင်ထုတ်ကုန်လော့ ဟုဆို၏။ ဤသို့ဆိုသည် မှန်လေသလောဟု သူကြွယ်တို့ကမေးသော် အကျွန်ုပ် ဤသို့ မဆိုပါ။ မထေရ်တပါး ဆွမ်းရပ်လာသည်ရှိသော် ယောက္ခမသည် ရေမရှိသော နို့ဃနာကို မိမိသာစား၍ ထိုမထေရ်ကို သတိမမူပါသောကြောင့် ငါ၏ ယောက္ခမသည် ကောင်းမှုသစ်ကိုမပြု၊ အဟောင်း ကိုသာ စားသည်ဟု ကြံ၍ ယောက္ခမသည် အဟောင်းကိုသာလျှင် စားသည်ဟုဆို၏။ ဤစကား၌ ငါ့အား အဘယ်အပြစ် ရှိအံ့နည်း ဆို၏။

ထိုအခါ သူကြွယ်တို့က ရှင်သဌေး ဤစကား၌ အပြစ်မရှိ၊ ငါတို့၏သမီးသည် သင့်သည်ကိုသာ ဆိုပေ၏။ သင် အဘယ်ကြောင့် အမျက်ထွက်သနည်းဟု ဆိုကြသော် အရှင်တို့ ဤချွေးမသည် တနေ့ ညဉ့်သန်ကောင်ယံ၌ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ ခြံရံလျက် အိမ်အနောက်သို့ သွားလေသည် ဟုဆိုပြန်၏။ ဝိသာခါကလည်း ဤအိမ်၌ မြည်းမ သားဖွားသည်ကို အမှတ်မဲ့နေအံ့သောငှာ မသင့်ဟုကြံ၍ ဆီမီးထွန်းလျက် ကျွန်မများနှင့် သွား၍ မြည်းမအား ရေနွေးနှင့် ဆေးကြော သုတ်သင်ခြင်းကို ပြု၏။ ဤသို့ပြုရာ၌ အဘယ်အပြစ် ရှိအံ့နည်း ဟုဆိုလေသည်။ သူကြွယ်တို့ကလည်း ငါတို့၏သမီးသည် ကျွန်တို့ မပြုသည့် အမှုကိုပင် ပြုပေသည်။ ဤသို့ သွားရာ၌ အဘယ်အပြစ် မြင်သနည်းဟု မေးလေသည်။

သဌေးကြီးက အရှင်တို့ ဤ၌ အပြစ် မရှိသော် လွှတ်စေ။ ဤသူငယ်မ၏ အဖသည် ဤမြို့သို့ လာခါ၌ တွင် ပုန်းကွယ်ရာ၌ နေ၍ အတွင်းက မီးကို အပြင်သို့

www.burmeseclassic.com

www.burmeseclassic.com



မထုတ်အပ် စသည်ဖြင့် ဆယ်ပါးသော အဆုံးအမကို ဤသူငယ်မအား ပေး၏။ ဤဆယ်ပါးတို့၏ အနက်အဓိပ္ပါယ်ကို ဆိုအပ်သော်ငှာ အပ်၏။ ငါတို့သည် အိမ်နီးချင်းတို့အား မီးကိုမပေးပဲ နေအံ့သောငှာရင်း၊ ထိုသူတို့၏မီးကို မယူပဲ နေအံ့သောငှာရင်း မတတ်နိုင်ကုန်ဟု ဆို၏။ ဤသို့ ဆိုတိုင်း မှန်သလော ဟုမေးလေသော် အကျွန်ုပ်၏ အဖသည် ဤအကြောင်းများကို ရည်၍ ဆိုသည် မဟုတ်။ ထိုဆုံးမခြင်း တို့၏ အနက် အဓိပ္ပါယ် မှာမူ အတွင်းဖြစ်သော ယောက္ခမ လင်တို့၏ ကျေးဇူးမဲ့ စကားကို အပြင် ဖြစ်သော မိန်းမယောကျ်ား တို့ကို မပြောဆိုလင့်၊ ပြင်ပ မိန်းမ ယောကျ်ား တို့၏ ယောက္ခမ လင်တို့၏ ကျေးဇူးမဲ့ စကားကို ဆောင်ခဲ့၍ ယောက္ခမ လင်တို့အား မပြောဆိုလင့်၊ တခဏ ငှားရမ်းသော ဥစ္စာကို ပြန်ပို့လာသူတို့အား ပေးကမ်း အပ်၏။ ပြန်မပို့ သူတို့အား မပေးအပ်။ ပေးပြန်လာသည် ဖြစ်စေ၊ မပေးပြန်လာသည် ဖြစ်စေ ဆွေဆင်းရဲ မျိုးဆင်းရဲတို့အားကား သင်္ဂြိုဟ်ထောက်မသဖြင့် ပေးအပ်၏။ ယောက္ခမ လင်တို့ကို မြင်လျှင် ထရပြောင်းရမည့်အရပ်၌ မနေမူ၍ ချမ်းသာစွာ မပြောင်းမထရမည့် အရပ်၌ နေအပ်၏။ ယောက္ခမ လင်တို့ မစားခင် မစားမူ၍ အရိုအသေပြုအပ်၏။ ယောက္ခမ လင်တို့ကို လုပ်ကျွေး၍ ထိုသူတို့ စားရသည် မစားရသည်ကို သိ၍ နောက်မှ စားအပ်၏။ ယောက္ခမ လင်တို့၏ရှေးဦးစွာ အိပ်ရာသို့တက်၍ မအိပ်မူ၍ ထိုသူတို့အား ပြုအပ်သော ဝတ်ကြီး ဝတ်ငယ်တို့ကိုပြု၍ နောက်မှအိပ်အပ်၏။ ယောက္ခမ လင်တို့ကို မီးပုံကြီးကဲ့သို့ မှတ်၍ အရိုအသေပြုအပ်၏။ ယောက္ခမ လင်တို့ကို နတ်တို့ကဲ့သို့ ပြု၍ ရှုအံ့သောငှာ အပ်၏ ဟူ၍သာ ဆိုလိုကြောင်းနှင့် ဖြေလေသည်။

ထိုနောက်တွင် သဌေးကြီးသည် မည်သို့မျှ နောက်ထပ်၍ အပြစ်မဆိုနိုင် ရှိသည့်အပြင် မသိ၍ ဆိုမိသည်များကိုပင် သည်းခံရန် တောင်းပန်ရလေသည်။ ဝိသာခါကိုလည်း သူ၏ သဘောအတိုင်း ရဟန်းသံဃာတို့အား လုပ်ကျွေးခွင့် ပေးရလေသည်။

ဝိသာခါသည် ထိမ်းမြားမင်္ဂလာပြု၍ မိုးသောက်သော နေ့၌ မြတ်စွာဘုရားကို ဆွမ်းဖိတ်၍ လုပ်ကျွေး၏။ တိတ္ထိတို့သည် မြတ်စွာဘုရား မိဂါရ သဌေးအိမ်သို့ ကြွတော်မူသော အဖြစ်ကို သိလျှင် အိမ်၏နောက်ဖက်၌ခြံရံ၍ နေကုန်၏။ ဝိသာခါသည် အလုံးစုံ ပူဇော်သက္ကာရကို စီရင်ပြီး၍ ငါ၏ ယောက္ခမသည် လာ၍ မြတ်စွာဘုရားကို လုပ်ကျွေးလှည့်ဟု စေလိုက်၏။ သို့သော် တိတ္ထိတို့က တားမြစ်၍ မလာပဲ နေလျှင် ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတို့ကို လုပ်ကျွေး၍ ဆွမ်းဘဉ်းပေးပြီးသော် တရားနာရန် ခေါ်ပြန်၏။ ထိုအခါတွင် မိမိဆရာ တိတ္ထိတို့ ပြောဆိုသည့်အတိုင်း ကန့်လန့်ကာအပြင်၌နေ၍ တရားကို နာလေသည်။ သဌေးလည်း ကန့်လန့်ကာအပြင်၌နေလျက် သောတာပတ္တိဖိုလ်၌ တည်လေသည်။ ထိုအခါ ကန့်လန့်ကာကို မ,လျက် ဝင်လာပြီးလျှင် ဝိသာခါ၏ သားမြတ်ကို နှုတ်သီးဖြင့် စုတ်၍ ယနေ့မှစ၍ သင်သည် ငါ၏ အမိတည်းဟု ဝိသာခါကို အမိ၏ အရာ၌ ထား၏။ ထို့ကြောင့် ဝိသာခါသည် မိဂါရမာတာဟူ၍ တွင်လေသည်။ ထိုနောက်တွင် မိဂါရသဌေးကြီးက ငါ၏ချွေးမ ဝိသာခါသည် ကျေးဇူးရှိလေစွ၊ ကြည်ညိုသော အချင်းအရာကို ပြုကုန်အံ့ဟု အဖိုး တသိန်းထိုက်သော မဟာလ္လတာ တန်ဆာကိုပြု၍ ပြီးသည်ရှိသော် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ဆွမ်းဖိတ်၍ ဆွမ်းလုပ်ကျွေး၏။ ဝိသာခါကို တဆဲ့ခြောက်လုံးသော နံ့သာရေတို့ဖြင့် ချိုးစေ၍ ထိုတန်ဆာကို ဆင်စေ၍ မြတ်စွာဘုရားကို ရှိခိုးစေ၏။

ဝိသာခါသည် ထိုအခါမှစ၍ အလှူအစရှိသော ကောင်းမှုတို့ကိုပြု၍ မြတ်စွာဘုရားအထံ၌ဆုရှစ်ပါးတို့ကိုရ၍ ကောင်းကင်၌ လကဲ့သို့ ထင်ရှား၏။ သားသမီးတို့ဖြင့် ပွားစီးခြင်းသို့ ရောက်၏။ သားယောကျ်ား တကျိပ်၊ သမီးမိန်းမ တကျိပ်တို့သည် ဖြစ်ကုန်၏။ ထိုသားသမီးတို့တွင် တယောက် တယောက်၌လည်း သား တကျိပ် သမီး တကျိပ် အားဖြင့် နှစ်ကျိပ်စီ ဖြစ်၍ မြေးလေးရာဖြစ်၏။ မြေးတို့တွင်လည်း တယောက် တယောက်၌ နှစ်ကျိပ်စီဖြစ်၍ မြစ်ရှစ်ထောင် ဖြစ်၏။ ဝိသာခါသည် အသက်တရာ့နှစ်ဆယ်နေ၍ ဆံဖြူ တပင်မျှ မပေါက်။ တဆဲ့ခြောက်နှစ်ရွယ်ကဲ့သို့ အမြဲဖြစ်၏။ သားမြေးမြစ်တို့နှင့် ကျောင်းသို့သွားသော် ဤသူတို့တွင် ဝိသာခါသည် အဘယ်နည်းဟု မေးရကုန်၏။ ဣရိယာပုထ် လေးပါးလုံး၌ပင် တင့်တယ်၏။ ဝိသာခါသည် ဆင်ငါးစီးအားကိုဆောင်၏။

ထိုအခါ သာဝတ္ထိပြည်၌ ဝိသာခါသည် သား မြေး မြစ် များစွာဖြစ်၍ အလွန်မင်္ဂလာရှိသောသူဟု သမုတ်အပ်၏။ သား မြေး မြစ်တို့တွင် တယောက်သောသူမျှ အကြား၌ သေသူဟူ၍ မရှိ၊ မင်္ဂလာပွဲလမ်းသဘင်တို့၌ ဝိသာခါကို ဖိတ်မန်၍ ရှေးဦးစွာ ကျွေးမွေးကုန်၏။

ဝိသာခါသည် သာဝတ္ထိပြည် အရှေ့တံခါး၌ ကျောင်းရာမြေအတွက် အသပြာကိုးကုဋေ၊ ကျောင်းဆောက်ရာ၌ အသပြာ ကိုးကုဋေ၊ အလှူ၌ အသပြာ ကိုးကုဋေအားဖြင့် ၂၇ ကုဋေသော အသပြာတို့ကို အကုန်အကျခံလျက် ဘုံခုနစ်ဆင့်ရှိသော ပုဗ္ဗာရုံကျောင်းကို ဆောက်လုပ်လှူဒါန်းသည်။ ထိုအခါမှစ၍ ဝိသာခါကို ပုဗ္ဗာရုံ ကျောင်းအမ ဝိသာခါဟုလည်း ခေါ်စမှတ်ပြုကြလေသည်။

**ဝိသာခါ နက္ခတ်။** ။နက္ခတ် ၂၇ လုံး —— ရှ။



www.burmeseclassic.com

www.burmeseclassic.com



**ဝီလဆန်၊ ဝူဒရို**(ခရစ် ၁၈၅၆–၁၉၂၄)။ ။ဝူဒရို ဝီလဆန်သည် ၂၈ ဆက်မြောက် အမေရိကန် ပြည်ထောင်စု၏သမတဖြစ်၍ ပဌမ ကမ္ဘာစစ်အပြီးတွင် ကမ္ဘာ့ ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန်အတွက် နိုင်ငံပေါင်းချုပ် အသင်းကြီးကို တည်ထောင်ခဲ့သူဖြစ်သည်။ သမတအဖြစ် ၁၉၁၂–၁၆ ခုနှစ်တွင် တကြိမ်၊၁၉၁၆–၂၀ ခုနှစ်တွင် တကြိမ်၊ ပေါင်းနှစ်ကြိမ် အရွေးခံရသူလည်း ဖြစ်သည်။ ဝီလဆန်သည် စာပေသမားတယောက်ဖြစ်သည်။ ငြိမ်းချမ်းရေးကို မြတ်နိုးသည်။ သို့သော်လည်း နိုင်ငံရေးခေါင်းဆောင်အဖြစ်ဖြင့် ပို၍ ထင်ရှားလေသည်။

ဝူဒရို ဝီလဆန်သည် ဘုရားတရားကို ရိုသေကိုင်းရှိုင်း၍ ပညာကို အထူး လိုလား အားပေးသော မိဘမျိုးရိုးမှ ဆင်းသက်ပေါက်ဖွားလာသူဖြစ်သည်။ ၁၈၅၆ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ဗာဂျင်းနီးယားပြည်နယ် စတွန်တန်မြို့၌ ဖွားမြင်၍ မြောက်ကယ်ရိုလီးနားပြည်နယ်၊ ဒေးဗစ်ဆန် ကောလိပ်ကျောင်း၌ ပညာသင်ကြားခဲ့သည်။ ထိုနောက် ပရင့်စတန် တက္ကသိုလ်မှ ဘွဲ့ရပြီးလျှင် ဗာဂျင်းနီးယား တက္ကသိုလ်တွင် ဥပဒေပညာကို ဆက်လက်ဆည်းပူးခဲ့သည်။ ဂျော်ဂျီးယားပြည်နယ် အတ္တလန်တာမြို့တွင် ရှေ့နေအလုပ်ကို လုပ်ကိုင်ခဲ့ရာ မအောင်မြင်သဖြင့် ထိုအလုပ်ကို စွန့်ခဲ့ရသည်။ ၁၈၈၅ ခုနှစ်တွင် ဗရင်မား ကောလိပ်ကျောင်း၌ နိုင်ငံသမိုင်းနှင့် နိုင်ငံရေးပညာဆိုင်ရာ တွဲဖက် ပါမောက္ခ ရာထူး၌ ခန့်ထားခြင်း ခံရလေသည်။

၁၉၀၂ ခုနှစ်တွင် ဝီလဆန်သည် ပရင့်စတန် တက္ကသိုလ် ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ရာ ၁၉၁၀ ပြည့်နှစ်သို့ ရောက်သော် နယူးဂျာစီပြည်နယ် ဘုရင်ခံအဖြစ် အရွေးခံရန် ထိုရာထူးမှ နုတ်ထွက်ခဲ့သည်။ ဝီလဆန်သည် ဘုရင်ခံအဖြစ် အရွေးခံရပြီးနောက် ပြည်နယ် ကြီးပွား တိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့သည်တွင် နိုင်ငံရေး ခေါင်းဆောင်အဖြစ်ဖြင့် နာမည် ထွက်လာလေသည်။ ထို့ကြောင့် ဒီမိုကရက်တစ်ပါတီက ဝီလဆန်အား သမတအဖြစ် အရွေးခံရန် ရွေးကောက်သည်။ သမတရွေးကောက်ပွဲ၌လည်းအနိုင်ရရှိသဖြင့် ၁၉၁၂ ခုနှစ်တွင် ဝီလဆန်သည် အမေရိကန်သမတ ဖြစ်လာသည်။

၁၉၁၄ ခုနှစ်တွင် ဥရောပတိုက်၌ ပဌမကမ္ဘာစစ် ဖြစ်ပွားသောအခါ သမတ ဝီလဆန်သည် အမေရိကန်နိုင်ငံကို ကြားနေ နိုင်ငံအဖြစ် ကျေညာခဲ့သည်။ ၁၉၁၆ ခုနှစ် သမတရွေးကောက်ပွဲ၌လည်း ဝီလဆန်သည်ဒုတိယအကြိမ်ရွေးကောက်ခြင်း ခံရသည်။ သို့ရာတွင် ဂျာမန် ရေငုပ်သင်္ဘောတို့သည် အမေရိကန် ရေကြောင်း သွားလာရေးကို တိုက်ခိုက်ဖျက်ဆီးလျက်ရှိခြင်းကြောင့် အမေရိကန် နိုင်ငံသည် ကြားနေသည့် ဝါဒကို စွန့်၍ ၁၉၁၇ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ဂျာမနီနိုင်ငံကို စစ်ကျေညာခဲ့လေသည်။ (ကမ္ဘာစစ်၊ ပဌမ — လည်းရှု။)

၁၉၁၈ ခုနှစ် ဇန္နဝါရီလ ၈ ရက်နေ့တွင် သမတ ဝီလဆန်သည် ကွန်ဂရက် လွှတ်တော်၌ ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော သမိုင်းဝင် အချက် ၁၄ ချက်ကို တင်ပြခဲ့သည်။ ပဌမကမ္ဘာစစ် ပြီးဆုံး၍ စစ်ရပ်စဲရေး စာချုပ်ကို ချုပ်ဆိုကြသောအခါ ဝီလဆန်၏ ၁၄ ချက်ကို အခြေခံခဲ့ကြသည်။ ၁၉၁၈ ခုနှစ် ဒီဇင်ဘာလတွင် ပါရစ်မြို့၌ကျင်းပသော ငြိမ်းချမ်းရေးကွန်ဖရင့်သို့ အမေရိကန် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့သည်။ ထိုကွန်ဖရင့်တွင် သူ တင်ပြခဲ့သော ငြိမ်းချမ်းရေးမူကို ယေဘုယျအားဖြင့် သဘောတူ လက်ခံကြ၍ နိုင်ငံပေါင်းချုပ်အသင်းဖွဲ့စည်းရေး၌လည်း အတော်ပင် ခရီးရောက်ခဲ့သည်။ သို့ရာတွင် အမေရိကန် နိုင်ငံတွင် ကွန်ဂရက်လွှတ်တော်၌ ရီပတ်ဗလီကန် ပါတီဝင်တို့က ကြီးစိုးလျက်ရှိခြင်းကြောင့်၎င်း၊ ဆီးနိတ်လွှတ်တော်ကလည်း နိုင်ငံပေါင်းချုပ် အသင်းကို ကန့်ကွက်ခြင်းကြောင့်၎င်း အမေရိကန် အစိုးရက ဗာဆေးစာချုပ်ကို အတည်မပြုချေ။ ထို့ကြောင့် သမတ ဝီလဆန်သည် လူထု၏ ထောက်ခံမှုကို ရရှိရန်အတွက် နိုင်ငံတွင်း၌ လှည့်လည်၍ ဟောပြောခဲ့သည်။ သို့ရာတွင် ကိုယ်စိတ်ပင်ပန်း နွမ်းရိလာသဖြင့် မိမိအကြံကို စွန့်လွှတ်ကာ ၁၉၁၉ ခုနှစ်မှစ၍ အနားယူခဲ့ရလေသည်။

ဝီလဆန်သည် ၁၉၂၀ ပြည့်နှစ်တွင် ငြိမ်းချမ်းရေးအတွက်



အမေရိကန် ပြည်ထောင်စု၏ နှစ်ဆဲ့ရှစ်ဆက်မြောက် သမတ ဝီလဆန်



www.burmeseclassic.com

www.burmeseclassic.com



နိုဗဲဆု ခြီးမြှင့်ခြင်းခံရပြီးနောက် ၁၉၂၄ ခုနှစ် ဖေဖွာရီလ ၃ ရက်နေ့တွင် ဗာဒင်တန်မြို့ နေအိမ်၌ ကွယ်လွန်လေသည်။

**ဝီလယ်မင်းနာ့း ဘုရင်မ** (ခရစ် ၁၈၈၀ – ၁၉၆၂)။ ။ ဝီလယ်မင်းနာ့း ဘုရင်မသည် နယ်သာလန် နိုင်ငံကို အုပ်စိုးခဲ့သော ဘုရင်မကြီးဖြစ်သည်။ ၁၈၉၀ ပြည့် နှစ်တွင် ခမည်းတော် တတိယဝီလျံဘုရင် ကွယ်လွန်သဖြင့် ထီးနန်းအရိုက်အရာကို ဆက်ခံရရှိသည်။ သို့ရာတွင် အရွယ်မရောက်သေးသောကြောင့် အစဦး၌ မယ်တော်က ရင်ခွင်ပိုက်အဖြစ် အုပ်ချုပ်ခဲ့ရသည်။ ၁၈၉၈ ခုနှစ်တွင် ဝီလယ်မင်းနာ့းသည် အရွယ်ရောက်လာသဖြင့် ဘိသိက်ခံ၍ နန်းတက် အုပ်စိုးသည်။

ဝီလယ်မင်းနာ့းသည် ၁၈၈၀ ပြည့်နှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ဟိတ်မြို့တော်၌ ဖွားမြင်၍ အမည်အပြည့်အစုံမှာ ဝီလယ်မင်းနာ့း ဟာယ်လီနာ ပေါလင်း မာရီယာ ဖြစ်သည်။ နန်းတော်၌ပင် ပညာ သင်ကြားခဲ့သည်။ ၁၉၀၁ ခုနှစ် ဖေဖွာရီလ ၇ ရက်နေ့တွင် မက္ကလင်မတ် ရှဗေရင်း နယ်စားဟင်နရီနှင့် ထိမ်းမြား လက်ထပ်ခဲ့သည်။ ၁၉၀၉ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် တဦးတည်းသော သမီးတော် ဂျူးလီးယန္နာ့း မင်းသမီးကို ဖွားမြင်ခဲ့သည်။

ဘုရင်မကြီးသည် အနေအထိုင်၌ ရိုးသား၍ နိုင်ငံ၏ အုပ်ချုပ်မှု အခြေခံ စည်းမျဉ်းကို တိကျစွာ လိုက်နာကျင့်သုံးသူဖြစ်သည်။ ပဌမကမ္ဘာစစ်အတွင်းက နယ်သာလန်နိုင်ငံကို ကြားနေ နိုင်ငံအဖြစ် ထိန်းသိမ်းခဲ့သည်။ ဘုရင်မကြီးသည် ဒုတိယကမ္ဘာစစ် ဖြစ်ပွားသောအခါ၌လည်း ကြားနေနိုင်ငံဖြစ်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် ၁၉၄၀ ပြည့်နှစ် မေလ၌ ဂျာမန် တပ်များသည် နယ်သာလန် နိုင်ငံတွင်းသို့ ကျူးကျော် ဝင်ရောက်ကြရုံမက၊ ဘုရင်မကြီးကိုပင် ဖမ်းဆီးရန် ကြံစည်ကြသည်။ ထိုကြောင့်ဘုရင်မကြီးနှင့်တကွ အစိုးရအဖွဲ့တို့သည် အင်္ဂလန် နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြရလေသည်။ နယ်သာလန် စစ်ပြေးအစိုးရသည် မဟာမိတ်နိုင်ငံတို့နှင့် ပူးပေါင်း၍ ဂျာမန်တပ်များကိုင်း၊ ဂျပန်တပ်များကိုင်း တိုက်ခိုက်ရာ၌ ကူညီခဲ့သည့်အပြင် ဒပ်ချ်လူမျိုးတို့ စိတ်ဓာတ်မကျဆင်းရန်အတွက်ကိုလည်း ထိန်းသိမ်းပေးခဲ့သည်။

၁၉၄၅ ခုနှစ် မေလတွင် နယ်သာလန်နိုင်ငံသည် ရန်သူ၏ လက်အောက်မှ လွတ်မြောက်သောအခါ ဝီလယ်မင်းနာ့း ဘုရင်မသည် မိမိ၏ နိုင်ငံသို့ ပြန်ခဲ့လေသည်။ ထိုနောက် ဘုရင်မကြီးသည် ကျန်းမာရေးချို့တဲ့လာသဖြင့် ၁၉၄၈ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့တွင် သမီးတော် ဂျူးလီးယန္နာ့း မင်းသမီးအား ထီးနန်းကို လွှဲအပ်ခဲ့သည်။ ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၂၈ ရက် နေ့တွင် နှလုံး ရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်လေသည်။



နယ်သာလန် နိုင်ငံကို အုပ်စိုးခဲ့သော ဝီလယ်မင်းနာ့း ဘုရင်မ

**ဝီလျံဘုရင်များ(ဂျာမန်)**။ ။ဝီလျံ အမည်ခံ ပရပ်ရှား ဘုရင်များအနက် ဟိုအင်ဆောလန်းမင်းဆက်၌ အပါအဝင်ဖြစ်သော ဘုရင်နှစ်ပါးတို့သည် "ဂျာမန်ကေရာဇ်" ဘွဲ့ကိုလည်း ခံယူခဲ့ကြသည်။

**ပဌမ ဝီလျံဘုရင်** (ခရစ် ၁၇၉၇–၁၈၈၈)။ ။ဂျာမန်ကေရာဇ်ဘွဲ့ကို ပဌမဦးဆုံးခံယူခဲ့သော ပဌမဝီလျံသည် ပရပ်ရှားဘုရင် တတိယ ဖရက်ဒရစ်ဝီလျံ၏ ဒုတိယသားတော်ဖြစ်သည်။ ၁၇၉၇ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင်ဘာလင်မြို့၌ဖွားမြင်သည်။ ငယ်စဉ်ကတည်းက စစ်တပ်တွင် ဝင်ရောက် အမှုထမ်းခဲ့ရာ ၁၈၁၄ ခုနှစ်နှင့် ၁၈၁၅ ခုနှစ်များ၌ နပိုလီယန်နှင့် ဖြစ်ပွားသောစစ်ပွဲတွင်ရှပ်ရှပ်ချွံချွံတိုက်ခိုက်ခဲ့သဖြင့် နာမည်ထင်ရှား ခဲ့လေသည်။ ၁၈၄၀ ပြည့်နှစ်တွင် ခမည်းတော်ဘုရင်ကြီးကွယ်လွန်လေသော် နောင်တော်က စတုတ္ထ ဖရက်ဒရစ်ဝီလျံဘွဲ့ခံ၍ နန်းတက်ခဲ့သည်။ နောင်တော်ဘုရင်တွင် သားထောက်သမီးခံ မရှိသဖြင့် ဝီလျံမင်းသားသည် နန်းညွန့်နန်းလျာဖြစ်လာလေသည်။

၁၈၄၈ ခုနှစ်တွင် ပရပ်ရှားနိုင်ငံ၌ တော်လှန်ရေး ဖြစ်ပွားလာရာ ဝီလျံမင်းသားသည် အခြေခံစည်းမျဉ်းဥပဒေပြင်ဆင်ရေးကို မထောက်ခံနိုင်သဖြင့် အင်္ဂလန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သို့ရာတွင် နောက်တနှစ်၌ ပရပ်

www.burmeseclassic.com



ရှားနိုင်ငံသို့ ပြန်လည် ရောက်ရှိ၍ တော်လှန်ရေး တပ်ကို အောင်မြင်စွာ တိုက်ခိုက် နှိမ်နင်းခဲ့သည်။

၁၈၅၈ ခုနှစ်တွင် ဖရက်ဒရစ်ဝီလျံဘုရင်သည် စိတ်မနှံ့ဖြစ်လာသောကြောင့် ဝီလျံမင်းသားက နိုင်ငံကို ရင်ခွင်ပိုက် အုပ်စိုးခဲ့ရလေသည်။ ၁၈၆၁ ခုနှစ်တွင် နောင်တော် ကွယ်လွန်သောအခါ ပဌမဝီလျံဘုရင်အဖြစ် ပရပ်ရှားထီးနန်းကို ဆက်ခံအုပ်စိုးသည်။

ပဌမဝီလျံဘုရင်သည် ပရပ်ရှားစစ်တပ်ကို တိုးချဲ့ပြုပြင်ရာ၌ ပါလီမန်လွှတ်တော်နှင့် သဘောကွဲလွဲခဲ့သည်။သို့ရာတွင် ဖွန်ဗစ်စမတ်ဆိုသူကို ဝန်ကြီးချုပ်အဖြစ်ခန့်၍ နိုင်ငံကို အုပ်ချုပ်စေသည်။ ထို့ကြောင့် ၁၈၆၂ ခုနှစ်မှစ၍ ဗစ်စမတ်က သာလျှင် ပရပ်ရှား နိုင်ငံရေးကို စီမံ ခန့်ခွဲခဲ့လေသည်။ ဗစ်စမတ်သည် ပရပ်ရှား နိုင်ငံက ခေါင်းဆောင်၍ ဂျာမန်နိုင်ငံအားလုံး သွေးစည်းပူးပေါင်းရေးကို မရမနေအားထုတ်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ထိုရည်ရွယ်ချက် အောင်မြင်ရန်အတွက် ပါလီမန် လွှတ်တော်ကို ဖျက်သိမ်းခဲ့သည်။ စစ်ပွဲသုံးပွဲလည်း တိုက်ခိုက်ခဲ့သည်။

၁၈၆၄ ခုနှစ်တွင် ပရပ်ရှားနိုင်ငံသည် ဩစတြီးယားနိုင်ငံနှင့် ပူးပေါင်း၍ ဒိန်းမတ်နိုင်ငံကို တိုက်ခိုက်အောင်မြင်သဖြင့် နယ်ပယ်အချို့ကို ရရှိခဲ့လေသည်။ တဖန် ၁၈၆၆ ခုနှစ်တွင် ဩစတြီးယားနိုင်ငံနှင့် စစ်ဖြစ်လေသည်။ ထိုစစ်ပွဲ၌လည်း ပရပ်ရှားက စစ်နိုင်သဖြင့် ဂျာမန်နိုင်ငံတို့၏ ဦးစီးခေါင်းဆောင်ဖြစ်လာသည်။ သို့ဖြစ်၍ ဗစ်စမတ်သည် မြောက်ပိုင်း ဂျာမန်နိုင်ငံများသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

ပြင်သစ်ဘုရင် တတိယနပိုလီယန်သည် ဂျာမန်နိုင်ငံများ ပေါင်းစည်းမိကြခြင်းအားဖြင့် ဥရောပတိုက်တွင် မိမိ၏ အာဏာ ကျဆင်းမည့်ဘေးကိုစိုးရိမ်လာလေသည်။ဗစ်စမတ် [illegible] ပြင်သစ်နိုင်ငံနှင့် မုချ စစ်ဖြစ်ရဦးမည်ဟု သိသည်။ ၁၈၆၉ ခုနှစ်တွင် စပိန်ထီးနန်းဆက်ခံရေးနှင့် စပ်လျဉ်း၍ ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ အငြင်းပွားခဲ့ကြလေသည်။ ထို့ကြောင့် ၁၈၇၀–၇၁ ခုနှစ်တွင် နှစ်နိုင်ငံတို့ စစ်ကျေညာ တိုက်ခိုက်ကြရာ၌ ပြင်သစ်တို့ စစ်ရေးနိမ့်၍ ပါရစ်မြို့သည် လည်း ဂျာမန်တို့လက်တွင်းသို့ ကျရောက်ခဲ့သည်။ ထိုသို့အားဖြင့် ဂျာမန်နိုင်ငံပြည်နယ်အားလုံး ပေါင်းစည်းခဲ့ကြပြီးလျှင် ၁၈၇၁ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့တွင် ပဌမဝီလျံဘုရင်သည် ပါရစ်မြို့အနီးရှိ ဗာဆေးမြို့၌ ဂျာမန်ကေရာဇ်ဘွဲ့ကိုခံယူခဲ့လေသည်။ (ဗစ်စမတ်,ဖွန် — လည်းရှု။)

ပဌမဝီလျံဘုရင်သည် ဝန်ကြီးချုပ် ဗစ်စမတ်ကို စိတ်ချယုံကြည်သဖြင့် ဂျာမန်အင်ပိုင်ယာ အုပ်ချုပ်ရေးကို လွှဲအပ်ထားသည်။ ပဌမဦးဆုံး ဂျာမန်ကေရာဇ် ဝီလျံသည် ၁၈၈၈ ခုနှစ် မတ်လ ၉ ရက်နေ့တွင် ဘာလင်မြို့၌ ကွယ်လွန်လေသည်။

**ဒုတိယ ဝီလျံဘုရင် (ခရစ် ၁၈၅၉ – ၁၉၄၁)။** ။ဒုတိယ ဝီလျံဘုရင်သည် ဂျာမန်ကေရာဇ် တတိယ ဖရက်ဒရစ်နှင့် အင်္ဂလန်ပြည့်ရှင် ဝိတိုရိယာဘုရင်မ၏ အကြီးဆုံးသမီးတော်တို့၏ သားတော်ဖြစ်၍ ၁၈၅၉ ခုနှစ် ဇန္နဝါရီလ ၂၇ ရက်နေ့တွင် ဘာလင်မြို့၌ဖွားမြင်သည်။ ၁၈၈၈ ခုနှစ်တွင် ပဌမဝီလျံဘုရင် ကွယ်လွန်လျှင် အိမ်ရှေ့မင်းသားဖရက်ဒရစ်သည် တတိယဖရက်ဒရစ်ဘုရင်အဖြစ်ဖြင့် ဂျာမန်ထီးနန်းကို ဆက်ခံအုပ်စိုးလေသည်။ သို့ရာတွင် ထိုနှစ် မတ်လမှ ဇွန်လအထိသာ နန်းစည်းစိမ်ကို ခံစားပြီးနောက် ကွယ်လွန်ခဲ့ရာ ဝီလျံသည် ဒုတိယ ကိုင်ဇာဝီလျံဘွဲ့ကို ခံယူ၍ နန်းတက်ခဲ့သည်။ ဝီလျံဘုရင်သည် နိုင်ငံကိုအုပ်စိုးရာ၌ ဘုရင်အမည်ခံမျှသာ မဟုတ်ပဲ၊ ကိုယ်တိုင် ကိုယ်ကျ အုပ်ချုပ်လိုသည်။ ထို့ကြောင့် ဝန်ကြီးချုပ် ဗစ်စမတ်နှင့် မသင့်မြတ်ချေ။ သို့ဖြစ်၍ ၁၈၉၀ ပြည့်နှစ်တွင် ဝီလျံဘုရင်သည် ဗစ်စမတ်ကို ဝန်ကြီးချုပ်ရာထူးမှ နုတ်ပယ်ပြီးလျှင် သက်ဦးဆံပိုင် ဘုရင်ကဲ့သို့ နိုင်ငံကို အုပ်ချုပ်ခဲ့လေသည်။

ဝီလျံဘုရင်၏ လက်ထက်တွင် ဂျာမနီနိုင်ငံသည် စီးပွားရေးတိုးတက်ခဲ့သည်။ စိုက်ပျိုးရေးနိုင်ငံအဖြစ်မှ စက်မှုလက်မှုထွန်းကားသော နိုင်ငံအဖြစ်သို့ပြောင်းလဲလာသည်။ ထွက်ကုန်ပစ္စည်းများကို ရောင်းချရန် ဈေးကွက်ရှာရမည် ဖြစ်သောကြောင့် ကိုလိုနီနယ်ချဲ့ဝါဒကို ကျင့်သုံးခဲ့သည်။ သို့ရာတွင် ဝီလျံဘုရင်သည် ဂျာမနီနိုင်ငံကို ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ်သို့ရောက်အောင် ဆောင်ရွက်ရာ၌ အာဏာတန်ခိုးကို ရှေးရှု၍ ဆောင်ရွက်သဖြင့် နိုင်ငံခြားနှင့် ဆက်ဆံမှုတို့တွင် အမှားမှားအယွင်းယွင်းဖြစ်ခဲ့ရလေသည်။ဂျာမန်ကြည်းတပ်ကိုသာမက ရေတပ်ကိုလည်း အင်အားကြီးမားလာအောင် တိုးချဲ့ခဲ့သည်။ ထို့ကြောင့် အင်္ဂလန်နိုင်ငံသည်လည်း ထိပ်တန်း ရောက်လာသော ဂျာမန်ရေတပ်အင်အားကို ထိတ်လန့် လာလေသည်။

၁၉၁၄ ခုနှစ်သို့ ရောက်သောအခါ ဥရောပတိုက်တွင် ပဌမ ကမ္ဘာစစ်ဖြစ်ပွားခဲ့လေသည်။ (ကမ္ဘာစစ်၊ ပဌမ — လည်းရှု။) ကိုင်ဇာဝီလျံသည် ထိုစစ်ပွဲတွင် ဂျာမနီနိုင်ငံက အနိုင်ရမည်ဟု ယုံကြည်သဖြင့် သုံးနိုင်ငံမဟာမိတ်ဖြစ်သော အင်္ဂလိပ်၊ ပြင်သစ်နှင့် ရုရှတို့ကို ကြည်းတပ်၊ ရေတပ် အင်အားဖြင့် တိုက်ခိုက်လေသည်။ သို့ရာတွင် ၁၉၁၈ ခုနှစ် နိုဝင်ဘာ လဆန်း၌ ဂျာမနီပြည်တွင်း ပုန်ကန်မှုများ ဖြစ်ပွားလာသည်သာမက ဂျာမန်ရေတပ်ကလည်း ထကြွပုန်ကန်ခဲ့သဖြင့် ဒုတိယဝီလျံဘုရင်သည် ထီးနန်းကိုစွန့်၍ ဟော်လန်နိုင်ငံသို့ ထွက်ပြေးရလေသည်။

နန်းကျဘုရင်ဝီလျံသည် ယူးထရက်မြို့အနီးရှိ ဒွန်းရဲတိုက်တွင်နေထိုင်ခဲ့ရာ ၁၉၄၁ ခုနှစ် ဇွန်လ ၄ ရက်နေ့တွင် ကွယ်လွန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





ဂျာမနီကို ထိပ်တန်းရောက်အောင် ဆောင်ရွက်ခဲ့သူ ဒုတိယ ဝီလျံဘုရင်

ကိုင်ဇာဝီလျံ၏ ကြင်ယာတော်သည် ၁၉၂၁ ခုနှစ်တွင် အနိစ္စရောက်၍ ၁၉၂၂ ခုနှစ်တွင် ရဲစုမင်းသမီး ဟာမင်းဆိုသူနှင့်တဖန် လက်ထပ်ခဲ့သည်။ ပဌမ ကြင်ယာတော်ဖြင့် သားခြောက်ယောက်နှင့် သမီးတယောက်ထွန်းကားခဲ့သည်။

**ဝီလျံဘုရင်များ(အင်္ဂလိပ်)။** ။အင်္ဂလန်နိုင်ငံကို ဝီလျံဘွဲ့ခံ ဘုရင်လေးပါး အုပ်စိုးခဲ့ကြဘူးသည်။ ၁၀၆၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံကို သိမ်းပိုက်အုပ်စိုးသော နော်မန်ဘုရင်ဝီလျံ-သ—ကွန်ကာရာသည် ပဌမဦးဆုံး ဝီလျံဘုရင် ဖြစ်သည်။

**ပဌမဝီလျံဘုရင်(ခရစ် ၁၀၂၇—၁၀၈၇)။** ။ဝီလျံ-သ-ကွန်ကာရာဟု အမည်တွင်သော ပဌမဝီလျံ ဘုရင်သည် အင်္ဂလန်နိုင်ငံကို အုပ်စိုးသည့် ပဌမဦးဆုံး နော်မန်ဘုရင် ဖြစ်သည်။ နော်မန်ဒီနယ်စား ရောဗတ်၏ သားတော် ဖြစ်၍ အသက် ရှစ်နှစ်အရွယ်တွင် နော်မန်ဒီ နယ်စားအဖြစ် ဆက်ခံခဲ့ရသည်။အင်္ဂလန်ဘုရင် အက်ဒွပ်—သ—ကွန်ဖက်ဆား နှင့်လည်း တူဝရီးတော်စပ်သည်။ အရွယ်ရောက်သော် မိမိနယ်တွင်းရှိ သူကောင်းမျိုးတို့၏ ထကြွပုန်ကန်မှုကို အပြီးအပိုင် နှိမ်နင်းနိုင်ခဲ့သဖြင့် ပြင်သစ်နိုင်ငံတွင် တန်ခိုးအာဏာ ကြီးသော နယ်စားကြီးအဖြစ် ထင်ရှားလေသည်။

၁၀၅၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသို့ အလည်ရောက်ရှိခဲ့စဉ် ဦးရီးတော်က ဝီလျံအား ထီးနန်း ဆက်ခံစေမည်ဟု ကတိပေးခဲ့ကြောင်း ဆိုသည်။ အက်ဒွပ်ဘုရင်တွင် သားထောက်သမီးခံ ဟူ၍ မရှိချေ။ အက်ဒွပ်ဘုရင်၏ ယောက်ဖတော် ဟဲရိုးကလည်း ဝီလျံ၏ကျေးဇူးခံဖြစ်ခဲ့ရ၍ အင်္ဂလိပ်ထီးနန်း ဆက်ခံရရှိရေး၌ ကူညီမည်ဟု ကတိပေးခဲ့ဘူးလေသည်။ သို့ရာတွင် ၁၀၆၆ ခုနှစ်၌ အက်ဒွပ်ဘုရင် ကွယ်လွန်သော အခါ ဟဲရိုးက ထီးနန်းကို ဆက်ခံ အုပ်စိုးလေသည်။ ထိုကြောင့် ၁၀၆၆ ခုနှစ် အောက်တိုဘာလတွင် ဝီလျံသည် အင်္ဂလန်နိုင်ငံသို့ စစ်သည် အလုံးအရင်းဖြင့် ချီတက်ခဲ့ လေသည်။ နော်မန်တို့သည် ဆပ်ဆက်ကမ်းခြေပေါ်သို့ တက်ရောက်၍ တပ်စွဲကြသည်။ အင်္ဂလန်မြောက်ပိုင်းတွင် နော့သမန်း လူမျိုးတို့၏ရန်ကိုနှိမ်နင်းလျက်ရှိသော ဟဲရိုးဘုရင်သည်လည်း တောင်ဖက်ကမ်းခြေသို့ လှည့်ဆင်း ခဲ့ရသည်။ အောက်တိုဘာလ ၁၄ ရက်နေ့တွင် နော်မန်တပ်နှင့် အင်္ဂလိပ်တပ် တို့သည် ဟေးစတင်းအရပ်၌ တွေ့ဆုံ တိုက်ခိုက် ကြရာ ဟဲရိုးဘုရင် ကျဆုံး၍ အင်္ဂလိပ်တို့ အရေးနိမ့်လေသည်။ (ဟဲရိုးဘုရင်။ ဟေးစတင်းတိုက်ပွဲ — လည်းရှု။)

ဝီလျံသည် ၁၀၆၆ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဝက်စမင်စတာ အက်ဗေး၌ အင်္ဂလန်ပြည့်ရှင်အဖြစ် ဘိသိက်ခံသည်။ သို့ရာတွင် အညံ့မခံသော အင်္ဂလိပ်သူကောင်းမျိုးတို့ကို ငါးနှစ်ကြာမျှ တိုက်ခိုက်နှိမ်နင်းပြီးခါမှ တနိုင်ငံလုံးကို အုပ်ထိန်းနိုင်လေသည်။ ဝီလျံဘုရင်သည် မိမိကို ခုခံသူမှန်သမျှကို ပြင်းထန်စွာ နှိပ်ကွပ်သည့်အပြင် ယင်းတို့ပိုင်မြေယာများကိုလည်း သိမ်းယူသည်။ မိမိအား သစ္စာခံသူတို့ကိုသာ ထိုမြေယာများကို ပြန်လည်ချပေးသည်။ မြေငှားလုပ်သူတို့ကလည်း ဘုရင်၏သစ္စာတော်ကိုသာ ခံယူရသည်။ ထိုသို့အားဖြင့် ဘုရင်၏အာဏာကို ခိုင်မြဲစေခဲ့သည်။

ဝီလျံဘုရင်သည် ရှိရင်းဖြစ်သော အင်္ဂလိုဆက္ကဆန်တရားဥပဒေနှင့် ထုံးတမ်းစဉ်လာတို့အနက် အချို့ကိုသာ ပြင်ဆင်ဖြည့်စွက်ခဲ့သောကြောင့် တိုင်းသူပြည်သားတို့၏ ကြည်ညိုလေးစားခြင်းကို ခံယူရရှိလေသည်။ ဘုရင်ကြီး၏ ထင်ရှားသော ဆောင်ရွက်ချက် တရပ်မှာ ဒွမ်းစဒေးစစ်တမ်းကို တီထွင်ခြင်းပင်ဖြစ်သည်။ ၁၀၈၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ တလျှောက်၌ ဓနပစ္စည်းအင်အား အရပ်ရပ်တို့ အတွက် စစ်တမ်း ကောက်ယူစေခဲ့သည်။ ထိုကဲ့သို့ ကောက်ယူရရှိသော စာရင်းကို ဒွမ်းစဒေးစစ်တမ်းခေါ် စာအုပ်တွင် မှတ်တမ်းတင်ခဲ့သည်။ (ဒွမ်းစဒေး စစ်တမ်း — လည်းရှု။)

ဝီလျံဘုရင်သည် အင်္ဂလန်နိုင်ငံကို သက်ဦးဆံပိုင် စနစ်ဖြင့် အုပ်ချုပ်ခဲ့သည်ဟု ဆိုရသော်လည်း ငြိမ်ဝပ်ပိပြားရေးကို ထိရောက်စွာ ထိန်းသိမ်းနိုင်သော နိုင်ငံခေါင်းဆောင်ဖြစ်သည်သာမက စစ်ရေးစစ်ရာ၌လည်းထူးချွန်သူဖြစ်ပေသည်။


၁၀၈၇ ခုနှစ်တွင် ပြင်သစ်နှင့် စစ်ဖြစ်ရသောအခါ ဝီလျံဘုရင်သည် ပြင်သစ်ပိုင် မန်တေမြို့ကို တိုက်ခိုက်ဖျက်ဆီး ခဲ့သည်။ သို့ရာတွင် ဝီလျံဘုရင်သည် မြင်းပေါ်မှ လိမ့်ကျ



www.burmeseclassic.com

www.burmeseclassic.com





အင်္ဂလန်ပြည့်ရှင် ဝီလျံ-သ-ကွန်ကာရာ ခေါ် ပဌမဝီလျံဘုရင်

သောကြောင့် ဒဏ်ရာရရှိခဲ့ရာ၊ ၁၀၈၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ရူးအန်းမြို့၌ အနိစ္စရောက်လေသည်။ သူ၏ ရုပ်အလောင်းကို ကန်းမြို့တွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြသည်။

ဝီလျံဘုရင်သည် မကွယ်လွန်မီကတည်းက မိမိသားတို့အား အမွေခွဲဝေပေးခဲ့သည်။ သားအကြီးဆုံး ရောဗတ်အား နော်မန်ဒီနယ်ကိုဂုင်း၊ ဒုတိယသား ဝီလျံအား အင်္ဂလန်နိုင်ငံကိုဂုင်း၊ အငယ်ဆုံးသား ဟင်နရီအား ငွေသားပေါင်ချိန် ၅,၀၀၀ ကိုဂုင်း ပေးခဲ့လေသည်။

**ဒုတိယ ဝီလျံဘုရင် (ခရစ် ၁၀၅၆ – ၁၁၀၀)။** ။ဒုတိယ ဝီလျံဘုရင်သည် ပဌမ ဝီလျံဘုရင်၏ သားတော်ဖြစ်၍ အင်္ဂလန်နိုင်ငံကို ၁၀၈၇ ခုနှစ်မှ ၁၁၀၀ ပြည့်နှစ်အထိ အုပ်စိုးခဲ့သည်။ ဝီလျံရူးဖပ် ဟူ၍လည်း အမည်တွင်သည်။ ခမည်းတော်၏ အရိုက်အရာကို ဆက်ခံအုပ်စိုးသော အခါ သားတော်အကြီးဖြစ်သူ နော်မန်ဒီ နယ်စား ရောဗတ်ကို အင်္ဂလန်ပြည့်ရှင်အဖြစ် နန်းတင်လိုသော နော်မန် မှူးမတ်တို့က ထကြွ ပုန်ကန်ကြသည်။ သို့ရာတွင် ဝီလျံသည် အင်္ဂလိပ်တို့၏ အကူအညီဖြင့် ထိုပုန်ကန်မှုကို နှိမ်နင်းနိုင်ခဲ့သည်။

ဒုတိယ ဝီလျံဘုရင်သည် တိုင်းသူပြည်သားတို့ အပေါ်တွင် ကတိ မတည်ချေ။ လောဘရမ္မက်လည်း ကြီးသည်။ ရက်စက်ကြမ်းကြုတ်သည်။ထို့ကြောင့် ပြည်သူလူထုက မလိုမုန်းတီးကြသည်။ ခရစ်ယန် သံဃာတို့နှင့်ဆိုင်သော ရာထူးများ၌ ဝင်ရောက် စွက်ဖက်၍ ကိုယ်ကျိုးရှာသူ ဖြစ်သဖြင့် သံဃာ အဖွဲ့နှင့်လည်း မသင့်မြတ်ချေ။ ၁၀၈၉ ခုနှစ်တွင် ကန်တာဗာရီ ဂိုဏ်းချုပ်ကြီး ကွယ်လွန်သော အခါ ဂိုဏ်းချုပ်သစ် တဦးကို မခန့်ပဲ ထိုရာထူး အတွက် ရရှိသော အခွန် ဘဏ္ဍာများကို သုံးစွဲသည်။ ၁၀၉၃ ခုနှစ်တွင် အသည်းအသန် ဖျားနာသဖြင့် သေရအံ့ဟု ထင်လျက် နော်မန်ဒီက ဘုန်းတော်ကြီး အင်ဆမ်ကို ကန်တာဗာရီဂိုဏ်းချုပ်အဖြစ် ရွေးချယ်ခဲ့သည်။ သို့ရာတွင် ဝီလျံဘုရင်သည် ဂိုဏ်းချုပ် အဆောင်အယောင်ကို ပုပ်ရဟန်းမင်းက အပ်နှင်းရသည့် အစဉ်အလာကိုပယ်၍ မိမိကသာ အပ်နှင်းလိုသည်။ ထို့ကြောင့် ဂိုဏ်းချုပ်ကြီးနှင့် ဘုရင်တို့ သဘောကွဲလွဲလာခဲ့ကြရာ နောက်ဆုံး၌ ဂိုဏ်းချုပ်ကြီး အင်ဆမ်သည် အင်္ဂလန်နိုင်ငံမှ ထွက်ခွာသွားလေသည်။

နော်မန်ဒီနယ်စား ရောဗတ်သည် ပဌမကရူးဆိတ် စစ်ပွဲ ဆင်နွှဲရန်အတွက် ဝီလျံဘုရင်ထံမှ ငွေ အမြောက်အမြား ချေးယူခဲ့ရသည်။ ထိုသို့အားဖြင့် နော်မန်ဒီနယ်သည် နောင်အခါတွင် ဝီလျံဘုရင်၏ အာဏာစက်အောက်သို့ ရောက်ရှိခဲ့ရလေသည်။ ဝီလျံဘုရင်သည် စကော့တလန်ပြည်၌လည်း သြဇာလွှမ်းမိုးခဲ့သည်။

ဒုတိယ ဝီလျံဘုရင်သည် ၁၁၀၀ ပြည့်နှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ဟမ့်ရှိုင်ယာခရိုင်၊ နယူးဖောရက်၌ တောကစားထွက်နေခိုက် မြှားသင့်၍ ကွယ်လွန်လေသည်။ ထိုကဲ့သို့ မြှားသင့်ရခြင်းမှာ မတော်တဆပင် ဖြစ်သည်၊ သို့မဟုတ် တမင်သက်သက် လုပ်ကြံခြင်း ဖြစ်သည် ဟူ၍ကား အတိအကျ မသိနိုင်ချေ။ ဘုရင်နှင့်အတူ တောကစားလိုက်ပါခဲ့သော ဝေါလတာ တိုင်ရယ် ဆိုသူ၏ လက်ချက်ပင် ဖြစ်တန်ရာသည် ဟူ၍ ထင်ကြသည်။ ဝီလျံဘုရင်၏ ရုပ်အလောင်းကို ဝင်ချက်စတာမြို့၌ သင်္ဂြိုဟ်ခဲ့ကြသည်။ ညီတော် ဟင်နရီက အင်္ဂလိပ်သီးနန်းကို ဆက်ခံအုပ်စိုးလေသည်။

**တတိယ ဝီလျံဘုရင် (ခရစ် ၁၆၅၀ – ၁၇၀၂)။** ။တတိယ ဝီလျံ ဘုရင်သည် အောရိန်းမင်းသား ဒုတိယဝီလျံနှင့် အင်္ဂလန်ပြည့်ရှင် ပဌမ ချားဘုရင်၏ သမီးတော် မေရီတို့၏ သားတော်ဖြစ်၍ အင်္ဂလန်နိုင်ငံကို ၁၆၈၉ ခုနှစ်မှ ၁၇၀၂ခုနှစ်အထိ အုပ်စိုးခဲ့သည်။ ၁၆၅၀ ပြည့်နှစ် နိုဝင်ဘာလ ၄ ရက်နေ့တွင် နယ်သာလန်နိုင်ငံ ဟိတ်မြို့တော်၌ ဖွားမြင်သည်။

၁၆၇၂ ခုနှစ်တွင် ပြင်သစ်ဘုရင် ၁၄ ဆက်မြောက် လူဝီသည် နယ်သာလန်ကို တိုက်ခိုက်သောအခါ ဒပ်ချ်တို့က ဝီလျံကို ခေါင်းဆောင်မြှောက်၍ ပြင်သစ်ရန်ကို ကာကွယ်ကြသည်။ သို့ရာတွင် ဒပ်ချ်တို့ဖက်က အကြိမ်ကြိမ် အရေးနိမ့်ခဲ့သည်။ ဝီလျံသည် ဥရောပတိုက်ရှိ ဩစတြီးယား၊ စပိန်စသော နိုင်ငံတို့နှင့်ပူးပေါင်း၍ ပြင်သစ်တို့ကို ခုခံမြဲ ခုခံလျက်ရှိသည်။ ၁၆၇၇ ခုနှစ်တွင် နောင်အခါ၌ အင်္ဂလန်နိုင်ငံကို အုပ်စိုးရသော ဒုတိယ ဂျိမ်းဘုရင်၏ သမီးတော် မေရီနှင့်



www.burmeseclassic.com

www.burmeseclassic.com





ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်ပြည့်ရှင် တတိယ ဝီလျံဘုရင်

လက်ထပ်ခဲ့သည်။ ထိုသို့အားဖြင့် ဝီလျံဖက်တွင် မဟာမိတ် အင်အား တောင့်တင်းလာသောကြောင့် ၁၆၇၈ ခုနှစ်၌ ပြင်သစ်နိုင်ငံနှင့် စစ်ပြေငြိမ်းရေး စာချုပ်ကို ချုပ်ဆိုခဲ့သည်။

အင်္ဂလန်ပြည့်ရှင် ဒုတိယဂျိမ်းဘုရင်သည် သက်ဦးဆံပိုင် စံနစ်ဖြင့် အုပ်စိုးသည် သာမက ဗရင်ဂျီဂိုဏ်းဝင်လည်း ဖြစ်ခြင်းကြောင့် ပြည်တွင်း၌ ဆူပူထကြွမှုများ ဖြစ်ပေါ် လေသည်။ ဝီလျံသည် မင်းမျိုးမင်းနွယ်ဖြစ်၍ ပရိုတက်စတန့် ဂိုဏ်းဝင်လည်း ဖြစ်သည်။ မေရီမင်းသမီးလည်း အင်္ဂလိပ် ထီးနန်းကို ဆက်ခံထိုက်သူ ဖြစ်သည်။ သို့ဖြစ်၍ အင်္ဂလိပ် မှူးမတ်တို့နှင့် သံဃာအဖွဲ့ဝင်တို့က ဒုတိယဂျိမ်းဘုရင်၏ လက်အောက်မှ ကယ်တင်ရန် ဝီလျံကို ဖိတ်ခေါ် ခဲ့ကြသည်။

၁၆၈၈ ခု နိုဝင်ဘာလ ၅ ရက်နေ့တွင် ဝီလျံသည် တပ်သား ၁၄,၀၀၀ နှင့် အတူ ဒက်ဗွန်ရှိုင်ယာ ခရိုင်၊ တော်ဗေးအရပ်သို့ ဆိုက်ရောက်လာသည်။ ဂျိမ်းဘုရင်လည်း ပြင်သစ်နိုင်ငံကို ထွက်ပြေးလေသည်။ ထိုသို့အားဖြင့် အင်္ဂလန် နိုင်ငံတွင် "သွေးမြေမကျတော်လှန်ရေး" ပြီးဆုံးခဲ့ပြီးနောက် ၁၆၈၉ ခုနှစ် ဖေဖွာရီလ ၁၃ ရက်နေ့၌ ဝီလျံနှင့်မေရီတို့အား ဘုရင်နှင့် မိဖုရားအရာသို့ တင်မြှောက်ကြသည်။ နန်းကျဘုရင် ဂျိမ်းသည် ပြင်သစ်တို့၏ အကူအညီဖြင့် အိုင်ယာလန်ပြည်ဖက်မှ နေ၍ ထီးနန်းကို ပြန်လည်သိမ်းပိုက်ရန် ကြိုးစားသေးသည်။ သို့ရာတွင် ဝီလျံသည် ဂျိမ်း၏ တပ်များကို ဗွိုင်းတိုက်ပွဲ၌ အောင်မြင်စွာ နှိမ်နင်းခဲ့ရာ အိုင်ယာလန် ပြည်သည်လည်း ၁၆၉၀ ပြည့်နှစ်တွင် အညံ့ခံခဲ့လေသည်။

တတိယ ဝီလျံဘုရင်သည် တိုင်းပြည်ကို အုပ်ချုပ် ထိန်းသိမ်းနိုင်သော ဘုရင်ဖြစ်၍ ထိုမင်း၏လက်ထက်တွင်အင်္ဂလန်နိုင်ငံ၌ စည်းမျဉ်းသတ်အစိုးရ အုပ်ချုပ်ရေး ထွန်းကား ခဲ့သည်။ သို့ရာတွင် ပြည်သူလူထုက သူကိုမကြည်ညိုလှချေ။ သူသည် ဥရောပတိုက်တွင် ပြင်သစ်တို့၏ ဩဇာလွှမ်းမိုးမှုကို တွန်းလှန်ဖြိုဖျက်ရန် အမြဲကြံစည်အားထုတ်လျက် ရှိသည်။ ၁၇၀၁ ခုနှစ်တွင် ဝီလျံဘုရင်သည် ပြင်သစ်ရန်ကို ချိုးနှိမ်ရန်အတွက် ဥရောပတိုက်ရှိ နိုင်ငံများပါဝင်သော မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ သို့ရာတွင် တတိယ ဝီလျံဘုရင်သည် မြင်းပေါ် က လိမ့်ကျသောဒဏ်ဖြင့် ၁၇၀၂ခုနှစ် မတ်လ ၈ရက်နေ့တွင် ကွယ်လွန်လေသည်။

မိဖုရား မေရီသည် ၁၆၉၄ ခုနှစ်ကပင် ကွယ်လွန်ပြီး ဖြစ်၍ ညီမတော် အန်းမင်းသမီးက အင်္ဂလိပ် ထီးနန်းကို ဆက်ခံသိမ်းပိုက်လေသည်။

**စတုတ္ထ ဝီလျံဘုရင် ( ခရစ် ၁၇၆၅ – ၁၈၃၇ )။** ။စတုတ္ထ ဝီလျံဘုရင်သည် တတိယ ဂျော့ဘုရင်၏ တတိယသားတော် ဖြစ်၍ ၁၇၆၅ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် လန်ဒန်မြို့ ဗတ်



တတိယ ဂျော့ဘုရင်၏သားတော် စတုတ္ထဝီလျံဘုရင်



www.burmeseclassic.com

www.burmeseclassic.com



ကင်ဟမ် နန်းတော်၌ ဖွားမြင်သည်။အင်္ဂလန်နိုင်ငံကို ၁၈၃၀ ပြည့်နှစ်မှ ၁၈၃၇ ခုနှစ်အထိ ခုနစ်နှစ်မျှသာ အုပ်ချုပ်ခဲ့သည်။ ၁၇၇၉ ခုနှစ်တွင် ဘုရင့်ရေတပ်၌ ဝင်ရောက်အမှုထမ်းသည်။ ရေတပ်တွင် ၁၁ နှစ်မျှ အမှုထမ်းခဲ့ဘူးသောကြောင့် ဝီလျံဘုရင်ကို"သင်္ဘောသားဘုရင်"ဟူ၍ ခေါ်စမှတ်ပြုကြသည်။

၁၇၈၉ ခုနှစ်တွင် ကလဲရင့် မြို့စားဘွဲ့ကို ရရှိသည်။ ၁၇၉၀ ပြည့်နှစ်မှ ၁၈၁၀ ပြည့်နှစ်အထိ ကခြေသည်မ မစ္စစ် ဂျော်ဒန် ဆိုသူနှင့် အတူ ပေါင်းသင်းနေထိုင်ခဲ့သည်။ ၁၈၁၈ ခုနှစ်တွင် ဝီလျံသည် ဆက္ကဆ မိုင်းနင်ဂန်နယ်စား၏ သမီး အက်ဒီလိတ်နှင့် ထိမ်းမြားလက်ထပ်သည်။ ၁၈၂၇ ခုနှစ်တွင် ယော့မြို့စားမင်းသားကွယ်လွန်သောအခါ အင်္ဂလိပ်ထီးနန်းအတွက် နန်းလျာဖြစ်လာသည်။ တဖန် ၁၈၃၀ ပြည့်နှစ်တွင် နောင်တော်စတုတ္ထ ဂျော့ဘုရင် ကွယ်လွန်လေသော် ဝီလျံသည် အင်္ဂလိပ်ထီးနန်းကို ဆက်ခံအုပ်စိုးရလေသည်။ ထိုအခါ ဝီလျံဘုရင်သည် အသက် ၆၅ နှစ် ရှိပြီဖြစ်၏။

စတုတ္ထ ဝီလျံ လက်ထက်တွင် ထင်ရှားသော ဆောင်ရွက်ချက်မှာ ၁၈၃၂ ခုနှစ် ပါလီမန် ပြုပြင်ရေး အက်ဥပဒေကို ပြဋ္ဌာန်းခြင်းပင်ဖြစ်သည်။ ဝီလျံဘုရင်သည် ၁၈၃၇ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ကွယ်လွန်၍ တူမတော် ဝိတိုရိယ မင်းသမီးက ထီးနန်းကို ဆက်ခံခဲ့လေသည်။



ဒပ်ချ်သမတနိုင်ငံ၏ဖခင် ဩရိန်းမင်းသား ဝီလျံ-သ-ဆိုင်းလင့်

**ဝီလျံ-သ-ဆိုင်းလင့်( ခရစ် ၁၅၃၃ – ၁၅၈၄ )။** ။ဩရိန်းမင်းသား ဝီလျံ-သ-ဆိုင်းလင့်သည် ဒပ်ချ် သမတနိုင်ငံ (နယ်သာလန်)ကို တည်ထောင်ခဲ့သူဖြစ်သည်။ နိုင်ငံရေးရာကိစ္စ၌ ချင့်ချိန်တိုင်းထွာ၍ ပြောဆိုတတ်သောကြောင့် ဝီလျံ-သ-ဆိုင်းလင့် ဟု အမည်တွင်သည်။ နက်စိုးမြို့စား၏ သားဖြစ်၍ ၁၅၃၃ ခုနှစ်တွင် ဒီလင်ဗတ် ရဲတိုက်၌ ဖွားမြင်သည်။

ဝီလျံသည် ရောမကေရာဇ် ပဉ္စမ ချားဘုရင်၏ နန်းတော်တွင် ကြီးပြင်းလာခဲ့သူဖြစ်သည့်အပြင် ဘုရင်ကြီး၏ မြှောက်စားခြင်းကိုလည်း ခံရသည်။ မိဘတို့သည် ပရိုတက်စတင့်ဂိုဏ်းဝင်များ ဖြစ်ကြသော်လည်း ဘုရင်ကြီး၏ အလိုဆန္ဒအရ သူသည် ရောမကက်သလစ်ဂိုဏ်းသို့ ကူးပြောင်းခဲ့သည်။ ၁၅၄၄ ခုနှစ်တွင် ဩရိန်းမင်းသားဘွဲ့ကို ဆက်ခံ ရရှိသည်။ ၁၅၅၅ ခုနှစ်တွင် နယ်သာလန်ရှိ စစ်တပ်တို့၏ တပ်မှူးအဖြစ် ခန့်အပ်ခြင်း ခံရသည်။ ထိုနှစ်၌ပင် ချားဘုရင်ကြီးသည် နယ်သာလန်နိုင်ငံ အုပ်ချုပ်မှုကို သားတော် ဒုတိယ ဖိလစ်အား လွှဲအပ်ခဲ့သည်။ တဖန် ၁၅၅၆ ခုနှစ်တွင် ဖိလစ်သည် စပိန်ထီးနန်းကိုလည်း ခမည်းတော်ထံမှ ဆက်ခံ ရရှိလေသည်။

ထိုအခါက နယ်သာလန် နိုင်ငံသည် စပိန်ဘုရင်၏ လက်အောက်ခံ နိုင်ငံဖြစ်ခဲ့သည်။ ၁၅၅၉ ခုနှစ်တွင် ဖိလစ်ဘုရင်က ဝီလျံကို ဟော်လန်၊ ဇီလန်နှင့် ယူးထရက်တို့ အတွက် ဘုရင်ခံအဖြစ် ခန့်အပ်ခဲ့သည်။ သို့ရာတွင် ဖိလစ်ဘုရင်၏ စစ်ဗိုလ်ချုပ် အာလဗာမြို့စားသည် ဒပ်ချ်အမျိုးသားတို့ကို နှိပ်စက်ညှင်းပန်းသဖြင့် ဝီလျံသည် ဂျာမနီပြည်၊ ဒီလင်ဗတ် မြို့သို့ သွားရောက်၍ စပိန်အစိုးရကို တော်လှန်ရန် စီစဉ်လေသည်။ ပရိုတက်စတင့် ဂိုဏ်းသို့လည်း ကူးပြောင်း ခဲ့သည်။ အစအဦးတွင်ဝီလျံခေါင်းဆောင်သော ဒပ်ချ်တော်လှန်ရေးသည် မအောင်မြင်ခဲ့ချေ။ သို့ရာတွင် ဝီလျံသည် ဇွဲသန်သန်ဖြင့် တော်လှန်ရေးကို ဆက်လက် ကြိုးပမ်းခဲ့ရာ ၁၅၈၁ ခုနှစ်၌ နယ်သာလန်မြောက်ပိုင်း ပြည်နယ် ခုနစ်နယ်တို့သည် စပိန်၏ ကြီးစိုးမှု အောက်မှ လွတ်မြောက်၍ ဒပ်ချ် သမတ နိုင်ငံအဖြစ် ကျေညာခဲ့သည်။ထိုသို့အားဖြင့် နယ်သာလန် နိုင်ငံဟူ၍ သီးခြားနိုင်ငံ ဖြစ်ပေါ်ခဲ့လေသည်။

ဒုတိယ ဖိလစ်ဘုရင်ကလည်း ဝီလျံကို ဖမ်းဆီးပေးနိုင်သူအား ဆုငွေချီးမြှင့်မည် ဟူ၍ ထုတ်ပြန်ကျေညာထားသည်။ ဝီလျံသည် ဒက်ဖခရိုင်တွင် နေထိုင်စဉ် ၁၅၈၄ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့၌ ဗာလသာဇာ ဂျဲရတ် ဆိုသူ လူသတ်သမားတဦး၏ လုပ်ကြံခြင်းကို ခံရ၍ အနိစ္စရောက်လေသည်။

ဝီလျံသည် နယ်သာလန်နိုင်ငံ လွတ်လပ်ရေးနှင့် စည်းလုံးညီညွတ်ရေးကို အုတ်မြစ် ချပေးခဲ့သူဖြစ်သဖြင့် ဒပ်ချ်သမတနိုင်ငံ၏ ဖခင်ဟု ဥဒါန်း တွင်ရစ်ခဲ့လေသည်။

www.burmeseclassic.com




**ဝု၊ ဂျိမ်း**(ခရစ် ၁၇၂၇ – ၁၇၅၉)။ ။ဂျိမ်းဝုသည် ကနေဒါပြည် ကွီဗက်မြို့တိုက်ပွဲတွင် ပြင်သစ်တပ်ကို အနိုင်ရခဲ့ရသဖြင့် ထင်ရှားသော ဗြိတိသျှ ဗိုလ်ချုပ်ဖြစ်သည်။ ဗြိတိသျှတို့သည် ထိုစစ်ပွဲကို အောင်သဖြင့် ကနေဒါတပြည်လုံးကို သိမ်းယူရရှိခဲ့သည်။

ဂျိမ်းဝုသည် ၁၇၂၇ ခုနှစ် ဇန္နဝါရီလ ၂ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ ကင့်နယ်ရှိ ဝက်စတာဟာမ်မြို့၌ ဖွားမြင်သည်။ အသက် ၁၄ နှစ်အရွယ်တွင် စစ်တပ်ထဲသို့ ဝင်ရောက်ခဲ့ရာ ဖလန်းဒါးနယ်နှင့် စကော့တလန်ပြည်ဖက်၌ ဦးစွာ စစ်မှုထမ်းခဲ့ရသည်။ ဂျိမ်းဝုသည် ကိုယ်လုံးကိုယ်ထည် သေးသွယ်၍ ကျန်းမာရေး၌ ချူချာသူတယောက် ဖြစ်သော်လည်း စစ်ပညာကို စေ့စပ် သေချာစွာ လေ့လာခဲ့ရသည်။ ထိုကြောင့် စစ်ဖက်ရာထူး အဆင့်ဆင့်သို့ တိုးမြှင့် ခန့်ထားခြင်းခံရသည်။

၁၇၅၈ ခုနှစ်တွင် ဝုသည် ဗိုလ်ချုပ်ကြီး ဂျက်ဖရီ အမ်းမှတ်လက်အောက်၌ ဗိုလ်မှူးချုပ် အဖြစ်ဖြင့် ပြင်သစ်တို့ကို တိုက်ခိုက်ရန် အမေရိကတိုက်သို့ လိုက်ပါခဲ့လေသည်။ နိုဗာစကိုးရှားပြည်နယ် လွီစဗတ်တိုက်ပွဲတွင် ဝုသည် ရှေ့တန်း စစ်ကြောင်းကို ကွပ်ကဲတိုက်ခိုက်ခဲ့ရာ ပြင်သစ်တို့က အခိုင်အမာ တပ်စွဲထားသော ထိုခံတပ်ကို သိမ်းပိုက် ရရှိလေသည်။

တဖန် ၁၇၅၉ ခုနှစ်တွင် ဝန်ကြီးချုပ် ပီလံပစ်က ဝုအား ကွီဗက်မြို့ကို ဦးစီးတိုက်ခိုက်ရန် စေလွှတ်လေသည်။ ဝုကိုလည်း ဗိုလ်ချုပ်အဆင့်သို့ ရာထူး တိုးမြှင့် ခန့်ထားသည်။ သုံးလတိုင်တိုင် ကွီဗက်ခံတပ်ကို တိုက်ခိုက်သော်လည်း မအောင်မြင်ချေ။ နောက်ဆုံး၌ ၁၇၅၉ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ညဉ့်တွင် ဗြိတိသျှတပ်သား ၄,၀၀၀ ကို မြို့အထက်ရှိ အေဗရာဟမ် လွင်ပြင်သို့ စိန်လောရင့် မြစ်ကြောင်းအတိုင်း လှေများဖြင့် ချီတက်စေသည်။ ၁၃ ရက်နေ့ အရုဏ်တက်အချိန်တွင် ပြင်သစ်တပ်များသည် ဝုက ပရိယာယ်ဆင်၍ ရွေးချယ်ထားသော စစ်မြေပြင်၌ ဗြိတိသျှတပ်များကို ရင်ဆိုင် တိုက်ခိုက်ရလေသည်။

ထိုကွီဗက်တိုက်ပွဲတွင် ဗိုလ်ချုပ်ဝုသည် နှစ်ကြိမ်တိုင် ဒဏ်ရာရသော်လည်း ဆက်လက်၍ တိုက်ခိုက်မြဲ တိုက်ခိုက်သည်။ သို့ရာတွင် တတိယအကြိမ် ကျည်သင့်သောအခါ ကွယ်လွန်လေ၏။ ဗိုလ်ချုပ်ဝုသည် မကွယ်လွန်မီ မိမိတို့ဖက်မှ အရေးသာလျက်ရှိကြောင်း သိရှိသွားလေသည်။ ပြင်သစ် ဗိုလ်ချုပ် မွန့်ကမ်းလည်း ထိုတိုက်ပွဲ၌ပင် ကျဆုံးသည်။ ဗိုလ်ချုပ် ဝု၏ ရုပ်အလောင်းကို အင်္ဂလန်နိုင်ငံသို့ ယူဆောင်၍ ဂရင်းနစ်မြို့ရှိ ဘုရားရှိခိုးကျောင်း၌မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြသည်။



ကနေဒါပြည် ကွီဗက်မြို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သူ ဗြိတိသျှ ဗိုလ်ချုပ် ဂျိမ်းဝု

**ဝူလဇီ၊ ကာဒင်နယ်**(ခရစ် ၁၄၇၅ – ၁၅၃၀)။ ။ကာဒင်နယ် တောမတ် ဝူလဇီသည် အင်္ဂလန်ပြည့်ရှင် အဋ္ဌမ ဟင်နရီဘုရင်နန်းစံနှစ် စောစောပိုင်းတွင် ပြည်တွင်းပြည်ပ နိုင်ငံရေးရာ၌၎င်း၊ အယူဝါဒ ရေးရာ၌၎င်း ဆယ်နှစ် ကျော်မျှ ဦးစီးကြီးကိုင်ခဲ့သော ရောမကက်သလစ် ဘုန်းတော်ကြီးဖြစ်သည်။ တောမတ် ဝူလဇီသည် အင်္ဂလန်နိုင်ငံ ဆပ်ဖတ်ခရိုင် အစ်ပဝစ်မြို့တွင် ဖွားမြင်၍ ဖခင်မှာ ပစ္စည်းဥစ္စာပြည့်စုံသူ တယောက် ဖြစ်သည်။

ဝူလဇီသည် အောက်စဖို့ တက္ကသိုလ်၊ မော့ဒလင်း ကောလိပ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ဉာဏ်ထက်မြက်သူဖြစ်ခြင်းကြောင့် အသက် ၁၅ နှစ်အရွယ်၌ ဘွဲ့ရသည် ဟု ဆိုသည်။ ၁၄၉၈ ခုနှစ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ပြီးနောက် သတ္တမဟင်နရီဘုရင် လက်ထက်၌၎င်း၊ အဋ္ဌမ ဟင်နရီဘုရင် လက်ထက်၌၎င်း မင်းဆရာဘုန်းတော်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ဝူလဇီသည် နိုင်ငံချင်း ဆက်ဆံရေး ပရိယာယ်၌ ထူးချွန်သူဖြစ်ခြင်းကြောင့် ရာထူးအဆင့်ဆင့်သို့ လျင်မြန်စွာ တိုးတက်ခန့်အပ်ခြင်း ခံရသည့်အပြင်၊ နိုင်ငံခေါင်းဆောင် အဖြစ်သို့လည်း ရောက်ရှိလေသည်။ အထူးသဖြင့် အဋ္ဌမ ဟင်နရီဘုရင် လက်ထက်တွင် ခြီးမြှင့် မြှောက်စားခြင်းခံရသည်။

ထိုမင်းလက်ထက် ၁၅၁၁ ခုနှစ်တွင် ပရီဗီကောင်စီ အဖွဲ့ဝင် အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၅၁၄ ခုနှစ်တွင် ယော့ဂိုဏ်းချုပ်ကြီး အဖြစ်၎င်း၊ ၁၅၁၅ ခုနှစ်တွင် ရှေ့တိုက်စိုးဝန်ကြီး အဖြစ်၎င်း ရာထူးအဆင့်ဆင့် တိုးတက်ခဲ့သည်။ ပုပ်ရဟန်း



www.burmeseclassic.com

www.burmeseclassic.com





**အင်္ဂလန်နိုင်ငံ၏ အယူဝါဒရေးနှင့် နိုင်ငံရေးခေါင်းဆောင်**
**ကာဒင်နယ် ဝူလဇီ**

မင်းကလည်း ဝူလဇီအား ကာဒင်နယ်ဂိုဏ်းချုပ်အဖြစ်ဍင်း၊ မိမိ၏ သံတမန်အဖြစ်ဍင်း ခြီးမြှင့်ခန့်ထားသည်။

အင်္ဂလန်နိုင်ငံတွင် အယူဝါဒရေး ဆိုင်ရာ အာဏာသည်ဍင်း၊ အုပ်ချုပ်ရေး ဆိုင်ရာ အာဏာသည်ဍင်း ကာဒင်နယ် ဝူလဇီ၏ လက်ထဲ၌ တည်ရှိလေသည်။ သို့ရာတွင် သူသည် ဂုဏ်ပကာသနကို အလွန် နှစ်သက်သည့်အပြင် အာဏာ တန်ခိုးကိုလည်း အထူးပင် မက်မောသည်။ ဘုရင်တပါးကဲ့သို့ အဆောင်အယောင်ဖြင့် ခန့်ညားထည်ဝါစွာ နေထိုင်သည်။

ကာဒင်နယ် ဝူလဇီသည် ဇွဲကောင်း၍ အုပ်ချုပ်ရေး၌ ကျွမ်းကျင်သူ ဖြစ်သည်။ အမှုကိစ္စတို့တွင် မထောက် မညှာပဲ အဆုံးအဖြတ် ပေးတတ်သည်။ ကံကျွေးချ စံနစ်အရ သူကောင်းမျိုး မြေပိုင်ရှင်တို့လက်၌ရှိသော တန်ခိုးအာဏာကို ပယ်ဖျက်၍ ဘုန်းကြီးကျောင်းများကို ဖျက်သိမ်းရန် စီမံကိန်းကိုလည်း စတင် ဆောင်ရွက်ခဲ့သည်။ ဘုန်းကြီးကျောင်းများကို ဖျက်သိမ်းရောင်းချ၍ ရသော ငွေအချို့ဖြင့် အောက်စဖို့ တက္ကသိုလ်၊ ခရိုက်ချပ် ကောလိပ်ကျောင်းကို တည်ထောင်ခဲ့သည်။ ၁၅၁၅ ခုနှစ်တွင် မစ်ဒဲဆက် ခရိုင်ရှိ ဟာမ္ပတန်ကုတ် နန်းတော်ကိုလည်း ကြီးကျယ်ခမ်းနားစွာ တည်ဆောက်၍ နောင်တွင် ထိုနန်းတော်ကြီးကို အဋ္ဌမ ဟင်နရီဘုရင်အား ပေးအပ်ခဲ့သည်။

ကာဒင်နယ် ဝူလဇီသည် အင်္ဂလန်နိုင်ငံ၌ ကြီးစိုးရရုံမျှဖြင့် မကျေနပ်နိုင်ပဲ ဥရောပတိုက်၌လည်း ကြီးစိုးလို၏။ ပုပ်ရဟန်းမင်းအဖြစ်ကိုလည်း ရယူလိုသည်။ ထိုကြောင့် ဥရောပတိုက်တွင် စပိန်ဘုရင် ပဉ္စမ ချားနှင့် ပြင်သစ်ဘုရင် ပဌမ ဖရန်စစ်တို့ အာဏာလုကြရာ၌ ကာဒင်နယ် ဝူလဇီသည်ဝင်၍ စွက်ဖက်သည်။ ပဉ္စမ ချားဘုရင်က မိမိ ပုပ်ရဟန်းမင်းရာထူး ရရှိရေးအတွက် ကူညီထောက်ခံမည် ဟု ယူဆသဖြင့် စပိန်ဖက်ကို အားပေးခဲ့သည်။ သို့ရာတွင် မိမိယူဆချက် အတိုင်း မဖြစ်ခဲ့ချေ။

ကာဒင်နယ် ဝူလဇီသည် ထိုကဲ့သို့ ခန့်ညားထည်ဝါစွာ နေထိုင်နိုင်ခြင်းမှာ မိမိရာထူးအတွက် အစိုးရထံမှရရှိသောလစာ ရိက္ခာသက်သက်ကြောင့် မဟုတ်ပဲ နိုင်ငံခြားဘုရင်များထံမှ ရရှိသော ထောက်ပံ့ကြေးကြောင့်ဍင်း၊ တိုင်းသူ ပြည်သား အမှုသည်များထံမှ ရရှိသော တန်ဆိုးလက်ဆောင်ကြောင့်ဍင်း ဖြစ်သည်။ သူ၏နိုင်ငံရေး ဝါဒနှင့် မာနကြီးမှုတို့ကြောင့် လူထုကလည်း သူ့ကိုငြိုငြင်လာလေသည်။

နောက်ဆုံး၌ ကာဒင်နယ် ဝူလဇီ အာဏာကျဆင်းရန် အကြောင်းဆိုက်လာသည်။ ဟင်နရီဘုရင်သည် အာရဂွန်မင်းသမီး ကက်သရင်းကို ကွာရှင်း၍ အန်းဗူးလင်းနှင့်လက်ထပ်လို၏။ ဘုရင်က ကာဒင်နယ်ဝူလဇီအား ထိုကွာရှင်းရေး ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်စေသည်တွင် မအောင်မြင်သဖြင့် ယော့ဂိုဏ်းချုပ်ကြီးအဖြစ်မှတပါး အခြားရာထူး အဆောင်အယောင် အားလုံးတို့ကို ရုပ်သိမ်းခဲ့လေသည်။ ထိုကြောင့် လန်ဒန်မြို့မှ ထွက်ခွာ၍ ယော့မြို့သို့သွားရောက်နေထိုင်ရသည်။ ဟင်နရီဘုရင်လည်း အမျက်မပြေနိုင်သဖြင့် ၁၅၃၀ပြည့်နှစ်တွင် ဂိုဏ်းချုပ်ကြီးအား သစ္စာဖောက်မှုဖြင့် အရေးယူသည်။ ဘုရင်က အစစ်ခံရန် ဆင့်ခေါ်သဖြင့် လန်ဒန်မြို့သို့ ထွက်ခွာခဲ့ရာ ကာဒင်နယ် ဝူလဇီသည် လမ်းခုလတ်၌ လက်စတာအက်ဗေးတွင် ထိုနှစ်နိုဝင်ဘာလ ၁၉ ရက်နေ့၌ အနိစ္စရောက်လေသည်။


ဝူပရမ်။ ။တန်စတင် — ရှု။

**ဝေဗယ်၊ ဗိုလ်ချုပ်**(ခရစ် ၁၈၈၃ – ၁၉၅၀)။ ။အားဘွဲ့ရ ဗြိတိသျှ ဗိုလ်ချုပ် အာခီဗော ပါစီဗယ် ဝေဗယ်သည် အိန္ဒိယ နိုင်ငံ ဘုရင်ခံချုပ်ဟောင်း တဦးလည်း ဖြစ်သည်။ ၁၈၈၃ ခုနှစ် မေလ ၁၂ ရက်နေ့တွင် အင်္ဂလန်ပြည်၊ အက်ဆက်နယ်၌ ဖွားမြင်သည်။ ဝင်ချက်စတာကောလိပ်ကျောင်းနှင့်ဆင်းဒဟတ် စစ်ကောလိပ်ကျောင်းတို့တွင် ပညာသင်ပြီးနောက် ၁၉၀၁ ခုနှစ်၌ စစ်တပ်သို့ ဝင်ရောက် အမှုထမ်းသည်။တောင်အာဖရိကတိုက်တွင် ဖြစ်ပွားသော ဗိုးဝါး စစ်ပွဲ၌ဍင်း၊အိန္ဒိယ အနောက်မြောက်နယ်ခြားဒေသ၌ဍင်း စစ်မှုထမ်းခဲ့သည်။

ပဌမကမ္ဘာစစ်အတွင်းက ဝေဗယ်သည် ပြင်သစ် စစ်မြေ

www.burmeseclassic.com





ဗြိတိသျှဗိုလ်ချုပ်ကြီး အာခိဗော ပါစီဗယ် ဝေဗယ်

ဖြင့်တွင် အမှုထမ်းစဉ် ဒဏ်ရာရရှိ၍ မျက်လုံးတဖက်ကွယ်သည်။ ထိုနောက် ကော်ကေးဆပ်နယ်ရှိ ရုရှ စစ်တပ်တွင် ဗြိတိသျှစစ်ဖက် သံအရာရှိ အဖြစ် ဆောင်ရွက်ရသည်။ ၁၉၁၇ ခုနှစ်မှ ၁၉၂၀ ပြည့်နှစ်အထိ အီဂျစ်၌ ဗြိတိသျှတပ်ပေါင်းစုစစ်ဦးစီးအဖွဲ့တွင် ဗိုလ်မှူးချုပ်အဖြစ် အမှုထမ်းသည်။ ၁၉၃၇–၁၉၃၈ ခုနှစ်အတွင်း ပယ်လက်စတိုင်း၌ အာရပ်တော်လှန်ရေး ဖြစ်ပွားသောအခါ ဝေဗယ်ကို ဗိုလ်ချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်၍ ဗြိတိသျှတပ်များကို ကွပ်ကဲစေသည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွားခါနီးဖြစ်သော ၁၉၃၉ ခုနှစ်ဇူလိုင်လတွင် ကိုင်ရိုမြို့စစ်ဌာနချုပ်၌ အရှေ့အလယ်ပိုင်းရှိ ဗြိတိသျှတပ်များ၏ တပ်မှူးချုပ်အဖြစ် အမှုထမ်းရသည်။ ၁၉၄၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်မှူးရာထူးသို့ တိုးမြှင့်ခြင်းခံရပြီးလျှင် အီဂျစ်နိုင်ငံကို ထိပါးလာသော ဣတာလျံ တပ်များကို အောင်မြင်စွာ တွန်းလှန် ဖြိုဖျက်ခဲ့လေသည်။

၁၉၄၁ ခုနှစ် ဇူလိုင်လတွင် ဗိုလ်ချုပ် ဝေဗယ်ကို အိန္ဒိယနိုင်ငံရှိ ဗြိတိသျှတပ်ပေါင်းစု၏ သေနာပတိအဖြစ် ခန့်ထားသည်။ တဖန် ဂျပန်နှင့်စစ်ဖြစ်သောအခါ မြန်မာပြည်၊မလ္လာယုကျွန်းဆွယ်နှင့် နယ်သာလန် အရှေ့အိန္ဒိယကျွန်းစုရှိ ဗြိတိသျှနှင့် ဒပ်ချတပ်များ၏ စစ်သေနာပတိချုပ်အဖြစ် ၁၉၄၂ ခုနှစ် မတ်လအထိ ဆောင်ရွက်ရသည်။ ထိုနောက် အိန္ဒိယနိုင်ငံသို့ ပြန်လာ၍ မူလရာထူး၌ အမှုထမ်းခဲ့လေသည်။

၁၉၄၃ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် ဗြိတိသျှအစိုးရက ဗိုလ်ချုပ်ဝေဗယ်အား စစ်သူကြီးရာထူးသို့ တိုးမြှင့်ပြီးလျှင် အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ထိုနှစ်တွင်ပင် ဗိုင်းကောင့်ဘွဲ့ချီးမြှင့်၍ သူကောင်းပြုခြင်းခံရသည်။ အိန္ဒိယနိုင်ငံတွင် ထိုအချိန်၌ လွတ်လပ်ရေးအတွက် အမျိုးသားစိတ်ပြင်းပြလျက်ရှိရာ ဘုရင်ခံချုပ် ဝေဗယ်သည် မိမိ၏တာဝန်ကို ကျေပြွန်စွာ ဆောင်ရွက်နိုင်ခဲ့၍ နိုင်ငံရေး ခေါင်းဆောင်အဖြစ်ဖြင့်လည်း ထင်ရှားလာသည်။ ၁၉၄၇ ခုနှစ် ဖေဖွာရီလတွင် ဘုရင်ခံချုပ် ရာထူးမှ နုတ်ထွက်ခဲ့သည်။ ထိုနှစ်တွင် အားဘွဲ့ဖြင့် ချီးမြှင့်ခြင်းခံရပြီးနောက် ၁၉၅၀ ပြည့်နှစ် မေလ ၂၄ ရက်နေ့တွင် လန်ဒန်မြို့၌ ကွယ်လွန်လေသည်။

အားဘွဲ့ရ ဝေဗယ်သည် လော့အယ်လင်ဗီ(၁၉၄၀)၊ စစ်သားကောင်း (၁၉၄၈) စသည့် စာအုပ်များကို ရေးသားပြုစုခဲ့၍ သူ၏ စစ်ရေးစစ်ရာနှင့်ဆိုင်သော ဆောင်းပါးတို့မှာလည်း ထင်ရှားလေသည်။

# ကမ္ဘာ့အကြီးဆုံး သတ္တဝါ

**ရှေးပဝေဏီက ကုန်းသတ္တဝါ ဖြစ်ခဲ့ဘူးသည် ဆိုသော ဝေလငါးသည် အခြား ငါးမျိုးတို့ကဲ့သို့ ဥ မအုချေ။ ရေ၌လည်း ကြာကြာ မနေနိုင်ပေ။ ဝေလ ငါးဖမ်းလုပ်ငန်းသည် အန္တရာယ် များလှသည်။**

**ဝေလငါး။** ။ကမ္ဘာတွင် အကြီးဆုံး သတ္တဝါမှာ ဝေလငါးဖြစ်၏။ ဝေလငါးဟုပင် ခေါ်ကြသော်လည်း ဝေလငါးသည် ငါးအစစ်ကား မဟုတ်ချေ။ ဝေလငါးသည် ပေပေါင်း ၁၁၁ ပေအထိ ရှည်နိုင်ပြီးလျှင် တန်ချိန်ပေါင်း ၉၀၊ ၁၀၀ ခန့်အထိ ကြီးနိုင်သည်။

ဝေလငါး ထိုသို့ ကိုယ်ထည်ကြီးနိုင်သည်မှာ ယင်း၏ကိုယ်ထည်ကို ရေက ထောက်ပံ့ထားရခြင်းကြောင့် ဖြစ်သည်။ ကုန်းပေါ်ရှိ သတ္တဝါများ၏ ကိုယ်ထည်သည် ယင်းတို့ရှိ ခြေထောက်များက သယ်ဆောင်နိုင်သည် အထိသာ ကြီးထွားနိုင်ကြလေသည်။ ငှက်များ၏ ကိုယ်ထည်သည်လည်း ယင်းတို့၏ တောင်ပံ များက သယ်ဆောင်နိုင်သည်အထိသာ ကြီးထွားနိုင်ကြလေသည်။ ဝေလငါးအဖို့တွင် ထိုသို့သော အခက်အခဲများ မရှိချေ။

ရှေး နှစ် ပေါင်းများစွာ လွန်သွားသော တချိန်က ဝေလငါးသည် ကုန်းသတ္တဝါဖြစ်ခဲ့၏။ ထိုအတွက်အထောက်အထားအများအပြားရှိလေသည်။ ဆင့်ကဲတိုးပွားသွားသည့် ဝေလငါး၏နောက်ခြေများကို ဝေလငါး၏ခန္ဓာကိုယ်နောက်ဖက်အတွင်း၌ တွေ့ရှိနိုင်ပေသည်။

ဝေလငါးသည် အဘယ့်ကြောင့် ကုန်းကိုစွန့်၍ ရေတွင် နေထိုင်သည် ဆိုသည်ကို မည်သူမျှ အတိအကျ မပြောနိုင်




www.burmeseclassic.com

www.burmeseclassic.com



ချေ။ သို့သော် ဝေလငါးသည် အထက်တွင်ဆိုခဲ့သည့်အတိုင်း ငါးအစစ်ကား မဟုတ်ချေ။ ငါးသည် ရေထဲ၌ လေကိုရှူရာတွင် ပါးဟက်များဖြင့် ရှူ၍ ကုန်းပေါ်၌သာ တာရှည်ထားလျှင် အသက်မရှူနိုင်သဖြင့် သေသွားပေလိမ့်မည်။ ဝေလငါးကမူ လူရေနစ်သကဲ့သို့ ရေထဲတွင် တာရှည်နေလျှင် မွန်း၍ သေသွားပေလိမ့်မည်။ ဝေလငါး ရေပေါ်သို့ ပေါ်လာသောအခါတွင် ရေကို ပန်း၍ ထုတ်ပစ်သည် ဟု အချို့က ထင်ကြသည်။ ထိုသို့ထင်ခြင်းမှာ မှား၏။ ဝေလငါးသည် ရေထဲတွင် ရှိနေစဉ် နှာခေါင်းပေါက်များကို အလုံပိတ်ထားပြီးလျှင် အသက်မရှူပဲ နေသည်။ ထိုကြောင့် ယင်း၏ အဆုတ်အတွင်းရှိ လေသည် ပူလျက်ရှိပြီးလျှင် ရေငွေ့များဖြင့် ပြည့်နှက်လျက် ရှိလေသည်။ ရေပေါ်သို့ ပေါ်လာသောအခါတွင် ရုတ်တရက် လေပူများကို မှုတ်ထုတ်လိုက်သဖြင့် ထိုလေပူများ ပတ်ဝန်းကျင်ရှိလေအေးနှင့် ထိတွေ့သောအခါ ငွေ့ရည် ဖွဲ့သွားလေသည်။ ဆောင်းတွင်း၌ လူအသက်ရှူလိုက်သောအခါတွင် ဖြစ်သကဲ့သို့ ဖြစ်၏။ ငါးသည် သွေးအေးသတ္တဝါ ဖြစ်ပြီးလျှင် ယင်း၏ ခန္ဓာကိုယ် အပူချိန်သည်



ဂရင်းလန်ကျွန်းတွင် ကျက်စားသော ဂရင်းလန်ဝေလငါး

သွားလာရာ အရပ်ရှိ ရေ၏အပူချိန်ကို လိုက်၍ ပြောင်းလဲသည်။ ဝေလငါးမှာမူ သွေးနွေးသတ္တဝါ ဖြစ်သဖြင့် ယင်းနေထိုင်ရာသည် မည်မျှပင် အေးစေကာမူ ယင်း၏ ခန္ဓာကိုယ် အပူချိန်သည် မပြောင်းလဲချေ။ ဝေလငါးတွင် အရေပြားနှင့် အသားကြားတွင် အဆီပြင် ရှိ၏။ ထိုအဆီပြင်က ယင်း၏ ခန္ဓာကိုယ်ကို နွေးလျက် ရှိစေသည်။ ဝေလငါးကြီးများ၏ အရေပြားသည် ထူသော်လည်း အလွန်နူးညံ့လေသည်။

ငါးသည် ဥများကို အု၏။ ဝေလငါးကမူ ကုန်းနေသတ္တဝါအများကဲ့သို့ပင် အကောင်လိုက် မွေးပြီးလျှင် သားငယ်ကို နို့ချိုတိုက်ကျွေးလေသည်။ နို့အရောင်မှာ နွားနို့နှင့်တူ၏။

ဝေလငါး၏ဦးခေါင်းသည် ရေမျက်နှာပြင်သို့ ပေါ်လာသည်နှင့် တပြိုင်နက် အသက်ရှူနိုင်စေရန် ယင်း၏နှာခေါင်းပေါက်များသည် ဦးခေါင်းထိပ်၌ တည်ရှိနေသည်။ ဝေလငါး၏ မျက်စိများသည် ကိုယ်ထည်နှင့် မလိုက်အောင် သေးငယ်ကြလေသည်။ နားများလည်း လွန်စွာသေးငယ်ကြသည်။

ဝေလငါးတွင် အမျိုးပေါင်းများစွာရှိ၏။ သို့သော်ယင်းတို့ကို အဓိကအားဖြင့် အုပ်စုနှစ်စု ခွဲခြားနိုင်ပေသည်။ ပဌမအုပ်စုမှာ ဝေါးလဗုန်း၊ သို့မဟုတ် ဗလင်း ဝေလငါးမျိုးဖြစ်၍ ထိုအမျိုးကို ပါဏဗေဒအလိုအရ မိုင်စတေကိုစီတီး ဟုခေါ်သည်။ ဒုတိယအုပ်စုမှာ သွားရှိ ဝေလငါးမျိုး ဖြစ်၍ ထိုအမျိုးကို ပါဏဗေဒအလိုအရ အိုဒွန်တိုစီတီးဟု ခေါ်သည်။

ပဌမအုပ်စုဝင် ဝေလငါးများ၌ သွားများမရှိချေ။ သွားအစား လှလက်သည်းကဲ့သို့သော ပစ္စည်းများသည် ယင်းတို့၏ ပါးစပ်အတွင်း၌ မျဉ်းပြိုင် တည်ရှိနေကြလေသည်။ ထိုပစ္စည်းများ၏ အတွင်းပိုင်းရှိ ပစ္စည်းများသည် အမွေးကြမ်းကဲ့သို့ ဖြစ်နေကြလေသည်။ ထိုကြောင့် ဗုဇွန်ဆိတ်အုပ်များကို တွေ့သောအခါ ထိုဝေလငါးမျိုးသည် ပါးစပ်ကြီးကို ဟကာ ဗုဇွန်ဆိတ်အုပ်အတွင်းသို့ ဝင်သွားလေသည်။ ပါးစပ်ကို ပိတ်လိုက်သောအခါ ရေများထွက်သွားပြီးလျှင် ဗုဇွန်ဆိတ်များ ကျန်ရစ်လေသည်။ ဗလင်း ဝေလငါးမျိုးသည် ရေသတ္တဝါငယ်များကိုသာ စားသောက်ကြသဖြင့် ယင်းတို့တွင် သေးငယ်သော လည်ချောင်းများသာ ရှိကြသည်။


ဒုတိယ အုပ်စုတွင် ပါဝင်ကြသော ဝေလငါးမျိုးတို့၏ သွားများသည် ကျီချွသည့် ငါးများနှင့်ကင်းမွန်ဘဲလိပ်ကဲ့သို့သော အကောင်များကို ဖမ်းယူနိုင်ရန် တည်ရှိနေကြလေသည်။ စပမ်း ဝေလငါးကြီးများရှိ သွားများမှာ ပို၍ကြီးကြပြီးလျှင် အနည်းငယ်လည်း ကောက်နေသည်။ ကီးလာဝေး၊ သို့မဟုတ် ဖင်လယ်ဝံပုလွေခေါ် ဝေလငါးမျိုးတွင် ကြောက်မက်ဖွယ်ကောင်းသော သွားများ ရှိကြသည်။ သွားရှိဝေလငါးမျိုးတို့၏ အစာသည် ကြီးမားကြသဖြင့် ယင်းတို့၌ ဗလင်းဝေလငါးမျိုးရှိ လည်ချောင်းထက် ပို၍ကြီးမားသော လည်ချောင်းများ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





ဖမ်းဆီးရမိသောဝေလငါးများ မြုပ်မသွားစေရန် ဤသို့လေသွင်းကာ ပင်လယ်တွင်း ဆွဲလာရသည်။

မွေးဖွားလာသည့် ဝေလငါးကလေး၏ အရွယ်သည် ထိုသားငယ်ကို မွေးဖွားသည့် မိခင် ဝေလငါးမကြီး၏ အရွယ်ကိုလိုက်ပြီး အကြီးအငယ်ခြားနားလေသည်။ ပေ ၈၀ ရှည်သောဝေလငါးမမှ ၂၅ ပေရှိသော ဝေလငါးငယ်ကို မွေးဖွားလေသည်။

ဝေလငါးသည် နှစ်နှစ်တွင် တကြိမ်ခန့် သားဖွားလေ့ရှိသည်။ မွေးဖွားရာတွင်လည်း များသောအားဖြင့် တကောင်ချင်းသာ အမွေးများသော်လည်း အမြွှာမွေးခြင်းမျိုးလည်း ရှိတတ်သည်။ မိခင် ဝေလငါးမကြီးသည် သားငယ်အားလွန်စွာ ချစ်မြတ်နိုးလေသည်။ သားငယ်သာ အသတ်ခံရလျှင် မိခင်သည် ထိုနေရာမှ ခွာခဲလေသည်။

ဝေလငါး မည်မျှအသက်ရှည်သည်ကို အတိအကျမပြောနိုင်ချေ။ သို့သော် နှစ်တရာခန့် နေနိုင်သည့် အချက်အလက်များကို တွေ့ရလေသည်။ ဝေလငါးကလေးများသည် မွေးပြီး၍ သုံးလေးနှစ်အတွင်း၌ ကြီးထွားမှု မြန်သည်။

များသောအားဖြင့် ဝေလငါးသည် အုပ်ဖွဲ့၍နေလေ့ရှိ၏။ အချင်းချင်းလည်း တိုက်ခိုက်လေ့မရှိကြချေ။ အနှောင့်အယှက်ရှိသော မဖြစ်လျှင် ဝေလငါးသည် ငြိမ်းချမ်းစွာ နေလေ့ရှိ၏။ သို့သော် တခါတရံတွင် အကြောင်းမဲ့ သက်သက် လှေနှင့် သင်္ဘောများကို တိုက်ခိုက်တတ်လေသည်။

ရေမျက်နှာပြင်သို့ ဝေလငါး၏ ဦးခေါင်း ပေါ်လာပြီးလျှင် လေကိုမှုတ်ထုတ်သောအခါ အသံသည် ဖြစ်ပေါ်လာ၏။ထိုသို့ ဖြစ်ပေါ်လာသော အသံသည် ဝေလငါးကပြုလုပ်သောအသံဟု အချို့က ထင်မှတ်ကြ၏။ ထိုသို့ထင်မှတ်ခြင်းသည် မမှန်ချေ။ အမှန်မှာ ဝေလငါးသည် အသံကို မပြုလုပ်နိုင်ချေ။ ဝေလငါးသည် ရေထဲတွင် တာရှည်မနေနိုင်သဖြင့် ဆယ်မိနစ်မှ နာရီဝက်ခန့်အထိသာ ရေထဲတွင် နေလေ့ရှိသည်။ သို့သော် သွားရှိဝေလငါးမျိုးအချို့သည် တခါတရံ၌ ရေထဲတွင် တနာရီကျော်နေသည်ကို တွေ့ရလေသည်။

ဝေလငါးသည် ရေမှုတ်ထုတ်ရာ၌ တမျိုးနှင့်တမျိုး မတူကြချေ။ ထို့ကြောင့် ဝါရင့်သော ဝေလငါးဖမ်းသူများသည် ရေမှုတ်ထုတ်ပုံကို ကြည့်၍ မည်သည့် ဝေလငါးမျိုး ဖြစ်ကြောင်းကို ခွဲခြား၍ ပြောနိုင်ကြလေသည်။

ပင်လယ်၊ သို့မဟုတ် သမုဒ္ဒရာအတွင်း မည်မျှ နက်သည်အထိ ဝေလငါးများသွားလာနိုင်သည်ကို သေချာစွာမပြောနိုင်ချေ။ သို့သော် လွန်စွာနက်သည်အထိ သွားလာနိုင်သောအခြေအနေများကား ရှိနေလေသည်။

ဗလင်း ဝေလငါးမျိုးသည် ပင်လယ်သမုဒ္ဒရာ ရေမျက်နှာပြင်အနီးတွင်သာ ကျက်စားသွားလာလေ့ ရှိ၏။ သွားရှိဝေလငါးမျိုးကမူ ယင်းတို့၏ အစာဖြစ်သော ကင်းမွန်ဘဲလိပ်တို့ရှိရာ အလွန်နက်သော နေရာအထိသွား၍ ကျက်စားလေ့ ရှိကြလေသည်။

ဝေလငါးသည် ကမ္ဘာတွင် အကြီးဆုံး သတ္တဝါပင်ဖြစ်သော်လည်း ယင်း၌ လူအပြင် အခြားရန်သူတမျိုးလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသေး၏။ ထိုရန်သူမှာ အခြားမဟုတ် ဝေလငါးပင် ဖြစ်သည်။ ထိုဝေလငါးမှာ ကီးလားဝေ့းခေါ် ကီးလားဝေလငါးမျိုးဖြစ်၏။ သို့သော် ကီးလားဝေလငါးမျိုးသည် စပမ်းဝေလငါးမျိုးကိုမူ မတိုက်ခိုက်ဝံ့ချေ။ ထိုစပမ်းဝေလငါးမျိုးတွင် လူမှ လွဲ၍ အခြားရန်သူရှိပုံ မရချေ။

ရှေးအခါက ဝေလငါးမှ ရသော အဆီကို မီးထွန်းရာတွင် အသုံးပြုခဲ့ကြ၏။ ယခုအခါတွင်မူ ဆပ်ပြာလုပ်ငန်းနှင့် အခြားဆီထည့်ပေးရသော ကရိယာများကို ထည့်ရန် အသုံးပြုကြသည်။ ပေါက်ကွဲစရာ ပြုလုပ်ရာတွင်လည်း အသုံးပြုကြသည်။ စပမ်းဝေလငါးဆီသည် အပ်ချုပ်စက်များနှင့်နာရီစက်များတွင် ထည့်ရန်အတွက် ပို၍ ကောင်းမွန်လေသည်။

ဝေလငါးရိုးများကို လမ်းလျှောက်တုတ် လက်ကိုင်များနှင့် ထီးလက်ကိုင်များ ပြုလုပ်ရာတွင် အသုံးပြုကြ၏။ ကျွဲနွားနှင့် ကြက်ကလေးများအတွက် အစာကို ဝေလငါး၏ အသားနှင့် အရိုးတို့မှ ပြုလုပ်ယူနိုင်လေသည်။ ဝေလငါးအရိုးသည် ဖော့စဖိတ်များ ကြွယ်ဝ၏။ ဝေလငါး၏ အသားမှာ ကျွဲ နွား၏ အသားနှင့် ခပ်ဆင်ဆင်တူလေသည်။ ထိုအသားကို ဂျပန်လူမျိုးများက လွန်စွာ ကြိုက်နှစ်သက်ကြလေသည်။

ရှေးအခါက ဝေလငါးဖမ်းသည့် လုပ်ငန်းသည် ကြာသည့်အပြင် ဘေးအန္တရာယ်လည်း များလှ၏။ ဝေလငါးအဖမ်းတခါထွက်လျှင် သုံးနှစ်မှ ငါးနှစ်အထိ ကြာတတ်လေသည်။ ဝေလငါးကို မြင်လျှင် သင်္ဘောကြီးမှ လှေငယ်များကိုချပေး၏။ ထိုလှေငယ်များဖြင့် ဝေလငါး၏အနီးသို့ လှော်ခတ်သွားပြီးလျှင် ဝေလငါး၏ အနီးသို့ ရောက်သောအခါ ကြိုးတပ်ထားသည့်မှိန်း(သားလွှတ်)ဖြင့် ဝေလငါးကိုပစ်၍ထိုးကြရလေသည်။မှိန်းအထိုးခံရသော ဝေးလငါးသည် လှေငယ် အများအပြားကိုနာရီအတော်ကြာသည်အထိပင်လယ်သမုဒ္ဒရာထဲ၌ ဆွဲ၍ခေါ် သွားလေ့ရှိသည်။လွတ်အောင်ကြိုးစားရာတွင် ဝေလငါးသည် ရေအောက်၌ အတော်ကြာသည်အထိ နေတတ်လေသည်။ ရေမျက်နှာပြင်သို့ အသက်ရှူရန် တက်လာသောအခါတွင် ရိုက်ဝေ့းခေါ် ဗလင်းဝေလငါးကြီးမျိုးဖြစ်လျှင် ယင်း၏ အမြီးဖြင့် လှေတစင်းစင်းကို မှောက်ပစ်တတ်၍ စပမ်း ဝေလငါးကြီး ဖြစ်ပါက ယင်း၏ ပါးစပ်ကြီးဖြင့် လှေတစင်းစင်းကို ချေမွှန်းပစ်ကောင်း ပစ်ပေလိမ့်မည်။ ထိုသို့ ပေါ်လာသောအခါတွင် လှေတစင်းက ဝေလငါး ရှိရာသို့ လျင်မြန်စွာ လှော်ခတ်သွားပြီးလျှင် လှံရှည်များဖြင့် ပစ်၍ ထိုးလေ့ရှိသည်။ ဝေလငါး သေသောအခါတွင် လှေငယ်များက သင်္ဘောကြီးဆီသို့ ဆွဲ၍ လှော်ခတ် သွားကြသည်။ သင်္ဘောကြီးပေါ်တွင် ဝေလ ငါးကြီး၏ အဆီပြင်ကို ခွာယူပြီးလျှင် ဆီချက်ယူကြလေသည်။

ယခုအခါတွင်မူ အလုပ်ရုံ တည်ဆောက် ထားသည့် သင်္ဘောကြီးများသည် လျင်မြန်စွာ သွားလာနိုင် ကြသည့် မော်တာတပ် သင်္ဘောငယ်များနှင့်ဖြစ်စေ၊ ရေနွေးငွေ့များဖြင့် မောင်းနှင်သော သင်္ဘောငယ်များနှင့် ဖြစ်စေ ဝေလငါးဖမ်း သွားလေ့ ရှိကြသည်။ ဝေလငါးရှိရာကို လေယာဉ်ပျံဖြင့် ရှာဖွေပြီးလျှင် တွေ့သည့်အခါ ထိုနေရာကို သင်္ဘောကြီးသို့ ကြိုးမဲ့ကြေးနန်းဖြင့် အကြောင်း ကြားပေးသည်။ ထိုအခါတွင် လျင်မြန်စွာ သွားလာနိုင်ကြသော သင်္ဘောငယ်များက ထိုနေရာသို့ သွားရောက်ကြပြီးလျှင် သင်္ဘောငယ်တိုင်း၏ ဦးပိုင်းတွင် တပ်ဆင် ထားသည့် မှိန်းပစ် အမြောက်ကလေးဖြင့် ဝေလငါးကို ပစ်ခတ်လေတော့သည်။ ပစ်လိုက်သော မှိန်းသည် ငါးပေ ရှည်ပြီးလျှင် ပေါင် ၁၀၀ ကျော်လေးသည်။ မှိန်း၏ ထိပ်ပိုင်းတွင် သတ်မှတ်ထားသော အချိန်၌ ပေါက်ကွဲမည့် ဗုံးတလုံးကိုလည်း ထည့်ထားတတ်ကြသေးသည်။ ဝေလငါး သေသောအခါ ယင်းအား သင်္ဘောငယ်များက ပင်မသင်္ဘောကြီးသို့ ဆွဲသွားကြလေသည်။ သင်္ဘောပေါ်သို့ ရောက်သောအခါ အဆီပြင်ခွာခြင်း၊ အသားခွာခြင်း၊ ကြက်စာနှင့် မြေဩဇာ ပြုလုပ်ခြင်းများကို စက်အသီးအသီးဖြင့် ပြုလုပ်ယူလေသည်။

**ဝေလနယ်။** ။ဝေလနယ်သည် ဂရိတ် ဗြိတိန် နိုင်ငံ အနောက်ကမ်းရိုးတန်းတွင် တည်ရှိ၍ အင်္ဂလန်ပြည်နှင့် တစပ်တည်းဖြစ်သည်။ သို့ရာတွင် တောင်ထူထပ်သော ဒေသဖြစ်ခြင်းကြောင့် ဝေလနယ်သားတို့တွင် မိမိတို့၏ ဘာသာစကား၊ မိမိတို့၏စာပေ၊ မိမိတို့၏ ထုံးစံဓလေ့ ဟူ၍ တသီးတခြား ရှိကြသည်သာမက မျိုးချစ်စိတ်လည်း အလွန်ထက်သန်ကြသည်။ တောင်စွယ် တောင်တန်း ချိုင့်ဝှမ်း တို့ဖြင့် သဘာဝရှုခင်း အထူးပင် သာယာသောနယ် ဖြစ်ပေသည်။

ဝေလနယ်သည် တောင်နှင့်မြောက် အလျား ၁၃၆ မိုင်ရှိ၍ အကျယ်ဆုံး အပိုင်းတွင် ၉၆ မိုင်ရှိသည်။ ဧရိယာအားဖြင့် ၇,၄၆၆ စတုရန်းမိုင်ရှိသည်။ အုပ်ချုပ်ရေးနယ်ပယ် ၁၂ နယ်ပါဝင်သည်။ အနောက်မြောက်စွန်းတွင် မင်နိုင် ရေလက်ကြား ခြားထားသော အင်ဂဲဆီကျွန်း တည်ရှိသည်။ ကုန်းမနှင့် ထိုကျွန်းကို ကြိုးတန်တားဖြင့် ဆက်သွယ်ထားသည်။

မြောက်ဖက်တွင်ရှိသော ကမ္ဗရီယန် တောင်တန်းများ၌ ပေပေါင်း ၃,၅၆၀ မြင့်သည့် စနိုးဒွန် တောင်သည် အင်္ဂလန် နိုင်ငံတွင် အမြင့်ဆုံးတောင် ဖြစ်သည်။ အလယ်ပိုင်းတွင် ဖလင်းလီမွန် တောင်တန်းများရှိသည်။ မြစ်များသည် တို၍ ရေစီးသန်သည်။ မြောက်ဖက်တွင် ဒီးမြစ်သည် အိုင်ရစ် ပင်လယ်ထဲသို့ စီးဝင်သည်။ တောင်ဖက်တွင် ဆဲဗန်းမြစ်နှင့် ဝိုင်းမြစ်တို့သည် ဝေလနယ် အလယ်ပိုင်း၌ မြစ်ဖျားခံပြီးလျှင် အရှေ့ဖက်သို့စီးဆင်း၍ ဗရစ္စတိုရေလက်ကြားထဲသို့ စီးဝင်သည်။ ကမ်းရိုးတန်းတလျှောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ကားနာဗွန် ပင်လယ်ကွေ့၊ ကာဒီယန် ပင်လယ်ကွေ့နှင့် ကာမာသင် ပင်လယ်ကွေ့တို့ ရှိကြသည်။

ဝေလနယ်တွင် သစ်တောကြီးများ မရှိချေ။ များသောအားဖြင့် မြက်ခင်းလွင်ပြင်နှင့် တောင်ပေါ် စားကျက်တို့ရှိခြင်းကြောင့် နွားနှင့် သိုးကို မွေးမြူကြသည်။မြင်းစားဂျုံနှင့် မုယောကို စိုက်ပျိုးသည်။ တွင်းထွက် ပစ္စည်းကြွယ်ဝသောနယ် ဖြစ်သောကြောင့် သတ္တု တူးဖော်ခြင်းသည် အဓိကလုပ်ငန်းဖြစ်သည်။ အထူးသဖြင့် ဝေလနယ်မှ ထွက်သောကျောက်မီးသွေးသည် ထင်ရှားသည်။ ဗြိတိသျှကျွန်းစုမှ ထွက်သော ကျောက်မီးသွေး ငါးပုံ တပုံကို ဝေလနယ် တောင်ပိုင်းမှ ရရှိလေသည်။ အခြားထင်ရှားသော တွင်းထွက်ပစ္စည်းများမှာ သံ၊ ကြေးနီ၊ သွပ်၊ သံဖြူ၊ ခဲတို့ဖြစ်၍ ရွှေအနည်းငယ်ကိုလည်း တူးဖော်ရရှိသည်။

ဝေလနယ်သည် ပင်လယ်ရေပူကြောင်း၌ ကျရောက်လျက် ရှိခြင်းကြောင့် ရာသီဥတု သင့်တင့်သည်။ မိုးသည်းထန်သည်။ စနိုးဒန်ဒေသတွင် တနှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် မိုးရေချိန်လက်မ ၁၂၀ ခန့် ရရှိသည်။

ဝေလနယ်တွင် လူဦးရေ ၂,၇၀၇,၀၀၀ ရှိသည်အနက် ထက်ဝက်ခန့်သည် ကျောက်မီးသွေးတွင်းနှင့် စက်မှုလုပ်ငန်းများရှိရာ ဂလာမိုဂန်ခရိုင်၌ နေထိုင်ကြသည်။

ဝေလနယ်တွင် မူလ နေထိုင်သူတို့သည် ကဲလ့်လူမျိုးတို့၏ အဆက် အနွယ်များ ဖြစ်ကြသည်။ (ကဲလ့်လူမျိုး — လည်းရှု။) အေဒီ ငါးရာစုနှင့်ခြောက်ရာစုနှစ်သို့ ရောက်သော် အင်္ဂလိုဆက္ကဆွန် လူမျိုးတို့သည် ဗြိတိန်နိုင်ငံကို တိုက်ခိုက်အောင်မြင်ကြလေသည်။ ထိုအခါ ဗရစ်တန် လူမျိုးတို့သည် ဝေလနယ်ဖက်သို့ ထွက်ပြေး တိမ်းရှောင် ကြရသည်။ တဖန် အလယ်ခေတ်တွင် နော်မန် လူမျိုးတို့သည် အင်္ဂလန် နိုင်ငံတွင်းသို့ ဝင်ရောက် အခြေစိုက်ကြသည်။ ဝေလနယ်ကိုမူ လွယ်ကူစွာ သိမ်းသွင်း၍ မရကြချေ။ ဝေလနယ်သား ခေါင်းဆောင်တို့သည် နော်မန် ဘုရင်ကို တော်လှန်ပုန်ကန်၍ မင်းသားဘွဲ့ခံယူကာ နယ်ကို အုပ်စိုးကြသည်။ လူဝဲလင်း ဂရစ်ဖစ် ဆိုသူသည် ဝေလမင်းသားဘွဲ့ကိုခံ၍ မင်းမူလျက်ရှိစဉ် ပဋ္ဌမ အက်ဒွပ် ဘုရင်သည် ဝေလနယ်ကို တိုက်ခိုက် အောင်မြင်သဖြင့် မိမိ၏သားတော်အား ဝေလမင်းသားဘွဲ့ အပ်နှင်းခဲ့သည်။ (ဝေလမင်းသား — လည်းရှု။)

ထိုနောက် ဝေလနယ်သားတို့သည် အင်္ဂလိပ်တို့ကို အကြိမ်ကြိမ်တော်လှန်ပုန်ကန်ခဲ့ကြသည်။ ၁၄၀၂ ခုနှစ်တွင် အိုဝင် ဂလင်းဒူးဝါး ဆိုသူသည် အင်္ဂလိပ် တို့ကို တိုက်ခိုက်၍ ဝေလနယ်ကို စည်းရုံးခဲ့သည်။ နောက်ဆုံး ၁၄၈၅ ခုနှစ်



တောင်စွယ်တောင်တန်း ချိုင့်ဝှမ်းတို့ဖြင့် ဝေလနယ်၏ သာယာဖွယ် ရှုခင်းတရပ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝေလအမျိုးသား အဆက်အနွယ် ဖြစ်သူ ဟင်နရီ တျူဒါသည် သတ္တမ ဟင်နရီဘုရင်အဖြစ် အင်္ဂလိပ် ထီးနန်းကို ဆက်ခံစိုးစံရလေသည်။ ဤဘုရင်နှင့် သူ၏ သားတော် အဋ္ဌမ ဟင်နရီတို့ လက်ထက်တွင် ဝေလနယ်သည် ငြိမ်းချမ်းရေးကို ရရှိခဲ့သည်။ ၁၅၃၆ ခုနှစ်တွင် အက်ဥပဒေ တရပ်ကို ပြဋ္ဌာန်း၍ ဝေလ နယ်ကို အင်္ဂလန် နိုင်ငံနှင့် ပေါင်းစည်းခဲ့သည်။ ဝေလနယ်မှ ရွေးကောက်တင်မြှောက်သော အမတ်များသည်လည်း ဗြိတိသျှ ပါလီမန်တွင် ပါဝင်ခွင့် ရကြလေသည်။ ပဌမ ကမ္ဘာစစ် အတွင်းက ဂရိတ်ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သော ဒေးဗစ် လွိုက်ဂျော့သည် ဝေလနယ်သားပင် ဖြစ်လေသည်။

ထိုအခါမှ အစပြု၍ ဝေလနယ်၏ သမိုင်းသည် ပညာရေးနှင့် အယူဝါဒရေးဆိုင်ရာ တိုးတက်မှု အကြောင်းပင် ဖြစ်သည်။ ၁၈ ရာစုနှစ်တွင် မက်သဒစ် ခရစ်ယာန်ဂိုဏ်းသည် ဝေလနယ်၌ အခြေစိုက်မိပြီးလျှင် ၁၉၂၀ ပြည့်နှစ်သို့ရောက်သော် ဝေလ သာသနာ ဂိုဏ်းကို အက်ဥပဒေဖြင့် ဖျက်သိမ်းခဲ့သည်။ ဝေလ ဘာသာစကားဖြင့် စကားပြေ အရေးအသား၊ ကဗျာ လင်္ကာ အရေးအသားတို့လည်း ဖွံ့ဖြိုးတိုးတက်လာသည်။

၁၉ ရာစုနှစ်နှင့် ၂၀ ရာစုနှစ်တို့တွင် ဝေလနယ်သည် စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ အမျိုးသား ယဉ်ကျေးမှု ထုတ်ဖော်ရေးလုပ်ငန်း စသည်တို့၌ ခေတ်မီ တိုးတက်ခဲ့သည်။ အမျိုးသား ယဉ်ကျေးမှုကို မပျောက်မပျက်ရအောင် ထိန်းသိမ်းခဲ့သည့် အက်စတက်သဖွိုဒ် ကဗျာ လင်္ကာနှင့် ဂီတပြိုင်ပွဲကို နှစ်စဉ်ကျင်းပသည်။

ကားဒစ်မြို့သည် ဗရစ္စတို ရေလက်ကြားတွင် တည်ရှိ၍ ဝေလနယ်၏ မြို့တော် ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကျောက်မီးသွေး အများဆုံး တင်ပို့သော ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ ၁၉၂၇ ခုနှစ်က တည်ထောင်ခဲ့သော ဝေလအမျိုးသား ပြတိုက်လည်း ရှိသည်။ (ကားဒစ်မြို့ — လည်းရှု။)

အက်ဗာရစ္စဝစ် မြို့သည် ဝေလနယ်၏ ပညာရေးနှင့် ယဉ်ကျေးမှု ဗဟိုဋ္ဌာနဖြစ်၍ ၁၉၁၁ ခုနှစ်က ဖွင့်လှစ်တည်ထောင်ခဲ့သော ဝေလအမျိုးသား စာကြည့်တိုက်ရှိသည်။

အခြားထင်ရှားသော မြို့များမှာ မားသာတစ်ဖီးမြို့၊ ရွှန်းဒါမြို့နှင့် စွမ်းဆီးမြို့တို့ဖြစ်ကြသည်။

**ဝေလမင်းသား။** ။ဝေလမင်းသားဟူသော ဘွဲ့သည် ဂရိတ် ဗြိတိန် နိုင်ငံတွင် အိမ်ရှေ့ဥပရာဇာ မင်းသားအား ချီးမြှင့်ရသောဘွဲ့ ဖြစ်သည်။ ဤဘွဲ့ကို ဘုရင့်သားတော် အကြီးဆုံးဖြစ်သော နန်းလျာများသာ ရရှိသည်။ သို့သော်လည်း တခါတရံ ဝေလမင်းသားဘွဲ့ရသူ အနိစ္စရောက်သောကြောင့်သော်ရင်း၊ ဘွဲ့ကို စွန့်သောကြောင့်သော်ရင်း အခြားသားတော် တပါးပါးလက်သို့ ထိုဘွဲ့ရောက်နိုင်သည်။ အင်္ဂလိပ်ဘုရင် ပဌမ အက်ဒွပ်သည် ၁၃၀၀ ခုနှစ်တွင် ဝေလမင်းသားဟူသော ဘွဲ့ကို တီထွင်ခဲ့သည်။

အက်ဒွပ်ဘုရင်သည် ဝေလနယ်ကို သိမ်းသွင်းပြီးနောက် ၁၂၈၄ ခုနှစ်တွင် ကားနာဗွန်ရဲတိုက်၌ သားတော်တယောက် ဖွားမြောက်ခဲ့သည်။ ထိုအခါ ဘုရင်က သားတော်ကို ဝေလနယ်သားတို့အတွက် အင်္ဂလိပ်စကားမပြောတတ်သော မင်းသားအဖြစ်ဖြင့် အပ်နှင်းခဲ့သည်ဟုဆိုသည်။ သားတော် ၁၇ နှစ် အရွယ်သို့ရောက်သော် ဘုရင်က ဝေလမင်းသား ဟူသောဘွဲ့ကို အပ်နှင်းခဲ့သည်။ နောင်အခါတွင် ထိုမင်းသားသည် ဒုတိယအက်ဒွပ်ဘုရင်ဖြစ်လာသည်။ ထိုမင်း၏ သားတော်သည်ကား ဝေလမင်းသားဘွဲ့ကို မခံခဲ့ချေ။ သို့ရာတွင် နောင် အိမ်ရှေ့မင်း အဆက်ဆက်တို့အား ထိုဘွဲ့ဖြင့် ချီးမြှင့်ခဲ့လေသည်။

ဝေလမင်းသား ဟူသောဘွဲ့သည် ဂုဏ်ထူးဆောင်ဘွဲ့ သက်သက်ဖြစ်၍ ဆက်ခံရရှိသော ဘွဲ့မဟုတ်ချေ။ အိမ်ရှေ့ဥပရာဇာ တဦး ထွက်ပေါ်လာသောအခါ အသစ် တဖန်ပေးအပ်ချီးမြှင့်ရသော ဘွဲ့ ဖြစ်သည်။ ထီးနန်းကို စွန့်ခဲ့သော အဋ္ဌမ အက်ဒွပ်ဘုရင်သည် ဝေလမင်းသား ဘွဲ့ကို ဝေလနယ် ကားနာဗွန်ရဲတိုက်တွင် ပဌမဦးဆုံး ချီးမြှင့်ခြင်းခံရသူ ဖြစ်သည်။ ခမည်းတော် ပဉ္စမ ဂျော့ဘုရင်ကိုယ်တိုင် ၁၉၁၁ ခုနှစ် ဇူလိုင်လတွင် ထိုရဲတိုက်၌ ဘွဲ့နှင်းသဘင် ဆင်ယင်ခဲ့လေသည်။

**ဝေလောင်လူမျိုး။** ။ချင်းလူမျိုး — ရှု။

**ဝေသာလီပြည်။** ။အိန္ဒိယနိုင်ငံ ဗီဟားပြည်နယ် မြောက်ပိုင်း ဗေဆာရမြို့ တည်ရာအရပ်သည် ဗုဒ္ဓဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါက ဝေသာလီပြည် တည်ရာဌာနဖြစ်သည်။ အင်္ဂုတ္တရနိကာယ်၊ တိကနိပါတ်၊ ပေါသထသုတ် ပါဠိတော်လာ တိုင်းကြီး ၁၆ တိုင်း အဝင် ဝဇ္ဇီတိုင်း၏ မြို့တော်လည်းဖြစ်သည်။ ယခု အခါ မူဇဖာပူရ ဒိစတြိတ်အတွင်း၌ တည်ရှိသည်။ ရာဇဂြိုဟ် ပြည်နှင့်မူ ဂင်္ဂါမြစ်ခြား၍ ရှစ်ယူဇနာ ကွာဝေးသော ဟူ၏။

မဟာသက္ကရာဇ် ၁၀၆ ခုနှစ် မရောက်ခင် ကာလက ဝေသာလီပြည်သည် ဝပြော၏။ သာယာ၏။ များစွာသော လူတို့ဖြင့် ပြွမ်း၏။ လူတို့သည် အလှည့်အားဖြင့် မင်းပြုကုန်၏။ တာဝတိံသာနတ်တို့နှင့် ပုံဟန်တူ၍ ပမာပြု၍ ဘုရားသခင်ကိုယ်တော်တိုင် ချီးမွမ်းမြှောက်စား ဟောကြားခြင်းကို ခံယူရရှိကြသော လိစ္ဆဝီမင်းပေါင်း ၇,၇၀၇ ယောက် ရှိကုန်၏။ မင်းတို့နေရာ ပြာသာဒ် ၇၇၀၇ ဆောင်၊ စုလစ်



www.burmeseclassic.com

www.burmeseclassic.com



မွန်းချိန် တပ်သော တိုက် ၇၇၀၇ ခု၊ ဥယျာဉ် ရေကန် ပေါင်း ၇၇၀၇ ခု ရှိကုန်၏။ ဘုရားသခင် လက်ထက်တော်ကပင် လွန်စွာ ကြီးကျယ်ခမ်းနားသော တန်တိုင်းသုံးထပ် အရံရှိသည့် မြို့တော်ဖြစ်သည်။

မဟာသက္ကရာဇ် ၁၀၆ ခုနှစ် ရောက်သကာလ ဝေသာလီပြည်သည် မိုးခေါင်၏။ ငတ်မွတ်၏။ ကောက်ပဲသီးနှံတို့ ညှိုးဖျင်း၏။ စွန့်ပစ်အပ်သော အကောင်ပုပ်တို့၏ အနံ့ဖြင့် ဘီလူးတို့သည် မြို့သို့ ဝင်ကုန်၏။ ထိုဘီလူးတို့ နှိပ်စက်သဖြင့် များစွာသောလူတို့ သေကုန်၏။ အပုပ်နံ့တို့ကြောင့် လူတို့၌ ယဉ်းအနာ ကျရောက်လာလေသည်။ ဤသို့ ငတ်မွတ်သောဘေး၊ ဘီလူးဘေး၊ အနာဘေး အားဖြင့် ဘေးသုံးပါးတို့ ကျရောက်သော် ဝေသာလီပြည်သူ ပြည်သားတို့ စည်းဝေး၍ ယင်းဘေးတို့မှ လွတ်ရန် နည်းလမ်းရှာကြ၏။ မင်းတို့ တရားမစောင့်၍ ဘေးရောက်ရသလောဟု စစ်ကြောသောအခါ မင်းတို့၌လည်း အပြစ်မမြင်၊ ဗလိနတ်စာ တင်ကြကုန်အံ့ဟု တိုင်ပင်ကာ တင်ကြသော်လည်း ဘေးမငြိမ်းသဖြင့် မြတ်စွာဘုရားအား ဝေသာလီပြည်သို့ ပင့်ဖိတ်ရန် တိုင်ပင်ကြလေသည်။ ဘုရားသခင်သည် ထိုကာလ၌ ဗိမ္ဗိသာရ မင်းအား ပဋိညာဉ်ကို ဖြေတော်မူလို၍ စတုတ္ထဝါ ကပ်အံ့သောငှာ ဝါဆိုနေ့ နီးလတ်ချိန်မှစ၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်၌ နေတော်မူ၏။

ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူသော ဘုရားသခင်အား ပင့်ရန် သောတာပန် ဖြစ်သော မဟာလိမည်သည့် ဝဇ္ဇီမင်းနှင့် ပုရောဟိတ် ပုဏ္ဏားသားတို့ကို စေလွှတ်လိုက်လေသည်။ ဝေသာလီ ပြည်၌ ရတနသုတ်ကို ဟောသဖြင့် ပရိတ်တော်၏ အာဏာတော်သည် စကြဝဠာကမ္ဘာတသိန်း နှံ့လတ္တံ့၊ ဒေသနာအဆုံး၌ ၈၄,၀၀၀ ကုန်သော ဝေနေယျတို့ အကျွတ်တရား ရကုန်လတ္တံ့၊ ထိုဘေးတို့သည်လည်း ငြိမ်းကုန်လတ္တံ့ဟု မြင်တော်မူသည့်အလျောက် ဝေသာလီပြည်သို့လိုက်ကြွတော်မူရန် ပင့်လျှောက်သည်ကို ဘုရားသခင် ဝန်ခံတော်မူလေသည်။

ဂင်္ဂါမြစ်ကို အထူးထူးသောအဆောင်အယောင်တို့ဖြင့် ဖြတ်ကူး၏။ ဘုရားသခင် ကြွလာတော်မူသည်ကို ဝဇ္ဇီ မင်းများသည် လည်တိုင်အောင် ရေသို့သက်၍ ကြိုဆိုပင့်ဆောင်ကြလေသည်။ မြတ်စွာဘုရားသည် ဝေသာလီဖက်ကမ်းနားကိုနင်းကာမျှဖြင့် ကြီးစွာသောမိုးသည် တက်လတ်၍ ပေါက္ခရ မိုးကဲ့သို့ ရွာ၏။ အလုံးစုံသော ဝေသာလီတိုင်း၌ ပုဆစ်ဒူးမျှ ရှိသော ရေအယဉ်တို့သည် စီးကုန်လျက် ခပ်သိမ်းသော အရပ်၌ အကောင်ပုပ်တို့ ဂင်္ဂါမြစ်ထဲသို့ စီးဝင်ကြကုန်သဖြင့် မြေများ သန့်ရှင်း စင်ကြယ်လာလေသည်။ မြတ်စွာဘုရားလည်း ညချမ်းသောအခါ မြို့တံခါး၌ရပ်၍ အာနန္ဒာမထေရ်ကိုခေါ်ကာ ရတနသုတ်ပရိတ်ကို တတ်အောင်သင်စေပြီးလျှင် မင်းသားပျိုတို့နှင့်တကွ ဝေသာလီပြည် တန်တိုင်းသုံးထပ်တို့ အကြား၌ ပရိတ်ကို ရွတ်စေသည်။ ပဏိမာနတော၊ ပဋ္ဌာယ တထာဂတဿ’ အစရှိသော ပါဠိဖြင့် ဆိုအပ်သော မြတ်စွာဘုရား၏ ဆယ်ပါးသော ပါရမီတော် အစရှိသည့် အလုံးစုံသော မြတ်စွာဘုရား ကျေးဇူးတော်ဂုဏ်တော်တို့ကိုဆင်ခြင်၍ ဝေသာလီပြည်၏ တန်တိုင်းသုံးထပ်အကြားတို့၌ ညဉ့်သုံးယံပတ်လုံး ပရိတ်တော်ရွတ်ခြင်းကို ပြုလျက်သွား၏။ ထိုအခါ ဘီလူးတို့လည်း ထွက်ပြေးကြကုန်သည်။

ဘေးသုံးပါးမှ ကင်းငြိမ်းကုန်သော ဝေသာလီပြည်သားတို့သည် မြတ်စွာဘုရားအား မြို့လယ်၌ အထူးထူးစီမံအပ်သော မင်းကွန်းစရပ်၌ ပင့်၍ ပူဇော်ကြကုန်၏။ မြတ်စွာဘုရားလည်း ပရိသတ်တို့အား ရတနသုတ်ကိုပင် ဟောတော်မူသည်။ သိကြား နတ် စသော ပရိသတ်တို့လည်း တရားတော်ကို နာကြကုန်ရာ ဒေသနာတော် အဆုံး၌ ၈၄,၀၀၀ ကုန်သော ဝေနေယျတို့ အကျွတ်တရားရကြကုန်၏။ မြတ်စွာဘုရားလည်း ခုနစ်ရက်ပတ်လုံး ရတနသုတ် ပရိတ်ကိုသာ ရွတ်တော်မူပြီးမှ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူသည်။ ထိုအခါမှ စ၍ ဝေသာလီပြည် အလုံးသည် သာယာဝပြော လာခဲ့လေသည်။ ဝေသာလီပြည်၌ ဘေးရန် ကင်းစေရန် ရတနသုတ်ကို ဟောတော်မူပြီးနောက် မြတ်စွာဘုရားသခင်သည် စတုတ္ထဝါကိုရာဇဂြိုဟ်ပြည်၌ ဝါဆိုတော်မူသည်။ သက္ကရာဇ် ၁၀၇ ခုနှစ်တွင် ပဉ္စမဝါကို ဝေသာလီပြည်၊ မဟာဝုန်တော၊ ကုဋာဂါရသာလာသို့ကြွ၍ ဝါကပ်တော်မူပြန်သည်။ ထိုသို့ဝါကပ်တော်မူစဉ် မိထွေးတော် ဂေါတမီ အမှူးရှိသော သာကီဝင်မင်းသမီးအပေါင်းတို့အား ရဟန်းအဖြစ်သို့ ခွင့်ပြုခဲ့ခြင်းဖြစ်သဖြင့် ဘိက္ခုနီသာသနာကို ဝေသာလီပြည်၌ စခဲ့သည်ဟု ဆိုနိုင်သည်။

မြတ်စွာဘုရားသခင်သည် မာရ်နတ်သား၏ အာယုသင်္ခါရ လွှတ်တော်မူရန် လျှောက်ထားခြင်းကို လက်ခံတော်မူပြီးနောက်လည်း ဝေသာလီပြည် ကုဋာဂါရသာလာသို့ ကြွ၍ ရဟန်းအပေါင်းတို့အား သာသနာတော်၏ ကာလအရှည် တည်ထွန်းပေရာသော အကြောင်းတရားကို ဟောတော်မူပြီးနောက် သုံးလအကြာတွင် ပရိနိဗ္ဗာန် ပြုမည့်အကြောင်း မိန့်တော်မူလေသည်။ ထိုနောက်မိုးသောက်သော် ဝေသာလီပြည်သို့ ဆွမ်းခံဝင်ကာ ဆွမ်းခံရာမှ ဖဲခဲ့ပြီးသော် ပရိနိဗ္ဗာန်စံလွန်တော်မူခါနီး ဆင်မင်း၏ ကြည့်ရှုတော်မူခြင်းဖြင့် ဝေသာလီပြည်အား ပြန်လှည့်ကြည့်တော်မူလေသည်။ ဘုရားသခင်သည် ဝေသာလီပြည်အား အဆုံးစွန်သော ကြည့်ခြင်းဖြင့် ကြည့်တော်မူသည့် အကြောင်းကား “ပြည်သူပြည်သားတို့သည် မကြာမြင့်မီ ပျက်စီးခြင်းသို့ ရောက်ကုန်လတ္တံ့။ ဘုရားသခင် ရပ်၍ ကြည့်တော်မူရာကို နာဂါပလောကိတ

www.burmeseclassic.com

www.burmeseclassic.com



မည်သော စေတီတည်၍ ပူဇော်ကုန်လတ္တံ့။ ထိုပူဇော်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး စီးပွားချမ်းသာ ဖြစ်ကြလတ္တံ့” ဟု ကြံ၍ ကြည့်တော်မူခြင်း ဖြစ်လေသည်။

ဝေသာလီပြည်ကြီး ပျက်စီးရသော အကြောင်းကား ဤသို့တည်း။

ရာဇဂြိုဟ်ပြည်နှင့် ဝေသာလီပြည် နှစ်ပြည်အကြား၌ ဂင်္ဂါမြစ်သည်ရှိ၏။ ထိုမြစ်၏ကမ်းနား၌ ရွာကြီးတရွာ ရှိသည်။ ထိုရွာဆိပ်မှစ၍ ဝေသာလီပြည် လိစ္ဆဝီမင်းတို့၏ အာဏာစက်နှံ့ရာ အခွန်ခံရာ ဌာနသည် ယူဇနာခွဲဖြစ်၏။ ရာဇဂြိုဟ်ပြည် အဇာတသတ်မင်း၏ အာဏာနှံ့ရာ အခွန်ခံရာ ဌာနသည်လည်း ယူဇနာခွဲဖြစ်၏။ အခါတပါး အဇာတသတ်မင်း၏ အာဏာနှံ့ရာ ဌာန၌ ကျရောက်လာသော ကုန်သည်တို့၏ အခွန်ဘဏ္ဍာကို ဝေသာလီမင်းတို့ ကောက်ခံ သုံးဆောင်သည်မှာ နှစ် နှစ်တိုင်အောင် ဖြစ်ခဲ့လေသည်။ ထိုအကြောင်းကို အဇာတသတ်မင်း သိသောအခါ ပြင်းစွာ အမျက်ထွက်၍ စစ်မက် ပြုရန် စိတ်ပေါ်လာလေသည်။ သို့ရာတွင် စစ်မက်ထိုးခြင်းသည် အလွန်ဝန်လေးသဖြင့် ဘုရားထံလျှောက်ထားပြီးမှ အကျိုးရှိမည်ဆိုလျှင် စစ်ထိုးမည်ဟုစဉ်းစားလေသည်။ ထိုကြောင့် ဝဿကာရ ပုဏ္ဏားအား ဘုရားသခင်ထံသို့ လွှတ်၍ ဝေသာလီ လိစ္ဆဝီမင်းတို့အား ဖျက်ဆီးခြင်းကို ပြုလိုပါကြောင်း လျှောက်ထားစေ၏။ ဘုရားသခင် ဆိတ်ဆိတ်နေက သဘောတူသည်ဟု ယူဆ၍ စစ်ထိုးရန် ရည်ရွယ်သည်။

ဘုရားသခင်အား ဝဿကာရ ပုဏ္ဏားက အကြောင်းစုံလျှောက်သော် မြတ်စွာဘုရားသခင်လည်း ပုဏ္ဏားအား တစုံတခုသော စကားကို မပြန်မူ၍ အရှင်အာနန္ဒာကိုသာလျှင် လှည့်ကြည့်တော်မူလျက် ‘ဝေသာလီမင်းတို့သည် မင်းတို့ကျင့်အပ်သော အပရိဟာနိယတရားခုနစ်ပါးနှင့်ပြည့်စုံ၏သည်ဟု သင်ကြားဘူးသလား’ ဟုမေးတော်မူ၏။ ရှင်အာနန္ဒာကလည်း ခုနစ်ပါးသော ကျင့်ဝတ်မမှတို့ဖြင့် ပြည့်စုံသည် ဟု ကြားဘူးကြောင်း နားတော်လျှောက်လေသည်။ ထိုအခါ ဘုရားသခင်က ပုဏ္ဏားအား‘ဝေသာလီမင်းတို့သည် ငါဟောကြားတော်မူခဲ့သည့်အတိုင်း အပရိဟာနိယတရား ခုနစ်ပါးနှင့် ပြည့်စုံစွာ ကျင့်လျက်ရှိကြသည်။ ထိုသို့ကျင့်သမျှသော ကာလပတ်လုံး ပျက်သုန်းယိုယွင်းခြင်း မဖြစ်နိုင်ရာ’ ဟု မိန့်တော်မူလိုက်၏။ ဘုရားသခင်သည် ဤမျှမမြွက်ကြားပါက ဘုရားသခင် အလိုတူ၍ ဆိတ်ဆိတ်နေသည်ဟု ယူဆကာ အဇာတသတ်လည်း ဝဇ္ဇီမင်းတို့အား ညှဉ်းပန်းလိမ့်မည်ကို သိတော်မူသောကြောင့် ဖြစ်၏။

ဝဿကာရ ပုဏ္ဏားလည်း ဘုရားထံမှ ပြန်လာ၍ ဘုရားသခင် မိန့်တော်မူသည့် အတိုင်း အဇာတသတ် မင်းအား လျှောက်ထား၍ ဝဇ္ဇီမင်းတို့ အပရိဟာနိယဓမ္မ ပြည့်စုံသရွေ့ ဖျက်ဆီးမရနိုင်သော် ထိုမင်းများ၏ အညီအညွတ်ကို ဖြားယောင်း လှည့်ပတ်နိုင်မှ ဖြစ်မည့်အကြောင်း အကြံပေးလေသည်။

ပုဏ္ဏားကြီး အကြံပေးသည့်အတိုင်း အဇာတသတ်မင်းသည် ဝဿကာရ ပုဏ္ဏားကြီးအား အမျက်ထွက်ဟန် ပြု၍ ဦးဆံရိတ်စေပြီး နှောင်ကြိုးတည်း၍ ပြည်မှ နှင်တော်မူလေသည်။ ထိုအခါ ပုဏ္ဏားကြီးလည်း ဝေသာလီပြည်သို့ သွား၍ ဝဇ္ဇီမင်းတို့၏ အကျိုးစီးပွားကို ဆိုမိသဖြင့် ရာဇဂြိုဟ်ပြည်မှ ထွက်လာရကြောင်း လျှောက်ကြားလေသည်။ ဝဇ္ဇီမင်းတို့လည်း ယုံကြည်သဖြင့် ပုဏ္ဏားကြီးအား တရားဆုံးဖြတ်သော အမတ်အရာ ပေး၏။ ပုဏ္ဏားကြီးလည်း တနှစ် နှစ်နှစ်ခန့် ဝဇ္ဇီမင်းတို့အကျိုးကို များစွာအလိုရှိဟန်ကျင့်၍ နောက်သောအခါ တဦးနှင့်တဦး မေတ္တာပျက်၍ မသင့်မတင့် ဖြစ်ကြစေရန် ပြောဆို၏။ ဝဇ္ဇီမင်းများ ချစ်ခြင်းပျက်၍ ညီညွတ်ခြင်း မရှိသောအခါ အဇာတသတ်မင်းထံ ပုဏ္ဏားကြီးက အကြောင်း ကြားလိုက်လေသည်။ အဇာတသတ်မင်း၏ စစ်သည်တို့ ချီတက်လာသောအခါ ညီညီညွတ်ညွတ် မခုခံသောကြောင့် မြို့တွင်းသို့ လွယ်လင့်တကူဝင်၍ ဝဇ္ဇီမင်းများကိုဖမ်းယူသည်မှစ၍ ဝေသာလီပြည်သည် ရာဇဂြိုဟ်မင်း၏ လက်နက်နိုင်ငံ ဖြစ်လေသည်။

ထိုပြင် ဝေသာလီပြည်သည် သာသနာတော်နှစ် တရာမြောက်တွင် ကာလာသောကမင်းလက်ထက် ဝဇ္ဇီတိုင်းသား ရဟန်းဆိုးများ၏ဒုဒ္ဓမ္မဒုဗ္ဗိနယ ဆယ်ပါးဖြင့်ထောင်လွှားခြင်းကိုအကြောင်းပြု၍ အရှင်မဟာယသ အမှူးရှိသော ရဟန္တာအရှင်မြတ် ၇၀၀ တို့ ဒုတိယသင်္ဂါယနာတင်တော်မူရာ မြို့တော်ကြီးဖြစ်လေ၏။

**ဝေသိန္နီပင်။** ။ဝေသိန္နီပင်သည် ကြီးလွယ်၍အမြင့်ပေ ၇၀ မှ ၈၀ အထိ မြင့်သည်။ အကိုင်းကြီးများသည်လည်း ဖြာထွက်ပြီးလျှင် အချိုးအစားကျစွာ ပေါက်လေ့ရှိသည်။ ထိုအပင်သည် နှစ်ပေါင်း ၂၀၀ အထိ အသက်ရှည်၏။ တောင်ထူထပ်သော ဂရိ၊ ပါးရှားနှင့် အိန္ဒိယနိုင်ငံ မြောက်ပိုင်းတို့သည် ထိုအပင်၏ မူလပေါက်ရောက်ရာ ဒေသများဖြစ်သည်။ သို့သော် ယခုအခါတွင် ထိုဝေသိန္နီပင်ကို အခြား ဒေသများတွင်လည်း စိုက်ပျိုးယူကြလေသည်။

ထိုအပင်မှ သင်ကြားသီးနှင့်တူသော အသီးများကို သီးလေ့ ရှိသော်လည်း ထိုအသီးများကို သစ်ကြားသီးကဲ့သို့ မစားနိုင်ချေ။ ထိုသို့ဖြစ်ရသည်မှာ ဝေသိန္နီသီးသည် အလွန်ခါးသောကြောင့်ဖြစ်သည်။


အမေရိကန် ပြည်ထောင်စုတွင် ပေါက်ရောက်သော ဝေသိန္နီပင်သည် ဝေသိန္နီပင်အစစ်နှင့် အဆက်အစပ်မရှိချေ။ အမေရိကန် ပြည်ထောင်စုအတွင်း၌ ပေါက်ရောက်သော ဝေသိန္နီပင်ကို ဗတ်အိုင်းဟု ခေါ်သည်။ ထိုသို့ ခေါ်ခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com





ဥရောပတိုက်၌ ဝေသိန္နီပင်များကို လမ်းဘေးနှင့်ပန်းခြံများတွင် စိုက်လေ့ရှိကြသည်။

ထိုအပင်၏ အစေ့တွင်အညိုဖျော့ရောင်နှင့် အနည်းငယ် ပွင့်နေပုံရသော ဒရယ်၏မျက်စိနှင့် တူခြင်းကြောင့် ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု၊ မစ္စစ္စပီမြစ်ဝှမ်းတွင် ပေါက်လေ့ရှိသော ဗတ်အိုင်းခေါ် သစ်ပင်တမျိုးသည် ဝေသိန္နီပင်နှင့် အတူ မျိုးစုတခုတည်းတွင် ပါဝင်လေသည်။ ထိုသို့သော အပင်မျိုး ပေါက်ရောက်ခြင်းကြောင့် အိုတိုင်းအိုပြည်နယ်ကို ဗတ်အိုင်းပြည်နယ်ဟုပင် ခေါ်လေ့ရှိကြသည်။

ဥရောပတိုက်၌ ပေါက်သော သာမန် ဝေသိန္နီပင်များကို လမ်းဘေးနှင့် ခြံများတွင် အထူးစိုက်ပျိုးလေ့ ရှိကြသည်။ ထိုသို့စိုက်ပျိုးကြခြင်းမှာ ထိုအပင်မှ အစိမ်းရင့်ရောင် အရွက်များ ထူထပ်စွာ ပေါက်ခြင်းနှင့် ယင်းတို့မှပွင့်သော ပန်းများကြောင့် ဖြစ်သည်။ အပွင့်များ၏အရောင်မှာ ဆွတ်ဆွတ်ဖြူရောင်သော်၎င်း၊ အစိမ်းရောင်သန်းသည့် အဖြူရောင်သော်၎င်း၊ အဝါရောင်သော်၎င်း ဖြစ်တတ်သည်။ ထိုအပင်မှ သီးသောအသီးကို ခါးသဖြင့် မစားနိုင်ကြသော်လည်း ယင်းမှ စတာ့(ကစီ)ပြုလုပ်နိုင်လေသည်။ ထို့ပြင် ထိုအသီးမှ စက္ကူကပ်ကော် ပြုလုပ်သောအခါ ထိုကော်က စာကြည့်တိုက် အတွင်းရှိပိုးကောင်များကို နှင်ထုတ်ပစ်သည်ဟု-ဆိုသည်။ ထိုအပင်၏သစ်သားမှာ ပေါ့၍ နူးညံ့သဖြင့် အသုံးမဝင်လှချေ။ မီးဖိုအသုံးအဆောင် ပစ္စည်းများနှင့် ကစားစရာများသာ ပြုလုပ်နိုင်သည်။ အပင်၏အခေါက်ကိုမူ သားရေနယ်ရာတွင် အသုံးပြုနိုင်လေသည်။

ဝေသိန္နီပင်တွင် အရွက်မြွာကြီးများ ရှိသည်။ ထိုအရွက်မြွာကြီးများသည် တနေရာတည်းမှ စု၍ ထွက်လေ့ရှိသည်။ အစေ့ကြီးများသည် ဆူးများရှိသော အခွံများအတွင်း၌ ရှိကြလေသည်။ ဗတ်အိုင်းပင်တွင် အရွက်မြွာ ငါးခုသာရှိ၍ ဝေသိန္နီပင်တွင်မူ အရွက်မြွာ ခုနစ်ခုရှိလေသည်။


ပြည်ထောင်စု မြန်မာနိုင်ငံ မေခမြစ်ဝှမ်း၊ မေမြို့နှင့် တောင်ကြီးမြို့များတွင် ဝေသိန္နီပင်ကို တွေ့မြင်နိုင်ပေသည်။

အက်စကူလပ်မျိုးစုဝင် ဝေသိန္နီပင်သည်ဟစ်ပိုကက်စတာနေစီအီးမျိုးရင်းတွင် ပါဝင်သည်။ အမေရိကန်ပြည်ထောင်စု အိုဟိုင်းအို ပြည်နယ်တွင် ပေါက်ရောက်သော ဝေသိန္နီပင်ကို အက်စကူလပ် ဂလေဗရာဟုခေါ်၍ ရိုးရိုးဝေသိန္နီပင်ကိုမူ အက်စကူလပ် ဟစ်ပိုကက်စတာနမ်ဟု ခေါ်သည်။

**ဝယ်လင်တန်,လော့**(ခရစ်၁၇၆၉ – ၁၈၅၂)။ ။"သံမဏိမြို့စား" ဟုခေါ်တွင်သော ပဌမ ဝယ်လင်တန်မြို့စားကြီး၏ အမည်ရင်းမှာ အာသာ ဝဲ့စလီဖြစ်သည်။ အိုင်းရစ် မျိုးရိုးမှ ပေါက်ဖွားလာသူဖြစ်၍ မောနင်တန်မြို့စားကြီး၏ စတုတ္ထသားဖြစ်သည်။ ၁၇၆၉ ခုနှစ်တွင် အိုင်ယာလန်ပြည် ဒဗ္ဗလင်မြို့၌ ဖွားမြင်ခဲ့ရာ ပြင်သစ်ဧကရာဇ် နပိုလီယန်ဗိုနာပတ်နှင့် တနှစ်တည်း၌ မွေးဖွားခဲ့သူ ဖြစ်၏။ ဝဲ့စလီသည် ဥရောပတိုက်တွင် အောင်ပွဲများရ၍ မင်းမူလျက်ရှိသော နပိုလီယန်၏တပ်များကို စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့၌ နှိမ်နင်းခဲ့ပြီးလျှင်

www.burmeseclassic.com





ဝါးတာလူးတိုက်ပွဲတွင် စစ်သည်တို့အား ဗိုလ်ချုပ်ကြီးဝယ်လင်တန်က အားပေးစကား ပြောကြားစဉ်

၁၈၀၅ ခုနှစ်တွင် ဗိုလ်ချုပ် ဝဲစလီသည် အင်္ဂလန်နိုင်ငံသို့ ပြန်လာပြီးနောက် မကြာမီ ပါလီမန်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။ နှစ်နှစ်မျှကြာသောအခါ အိုင်ယာလန်ပြည်ဆိုင်ရာ အတွင်းဝန်ချုပ်အဖြစ်ဖြင့် ခန့်အပ်ခြင်းခံရသည်။ ၁၈၀၈ ခုနှစ်တွင် နပိုလီယန်ကို တော်လှန်ပုန်ကန်ခဲ့သော စပိန်တပ်များကို ကူညီရန်အတွက် အင်္ဂလိပ်တို့က စစ်ကူတပ်ပို့ရာ၌ ဝဲစလီသည် ဗိုလ်ချုပ်ကြီး အဖြစ် တပ်မဟာတခုကို ကွပ်ကဲ၍ လိုက်ပါခဲ့လေသည်။ ပေါ်တူဂီနိုင်ငံသို့ ဆိုက်ရောက်ပြီးနောက် ရက်သတ္တပတ်သုံးပတ်ကြာသောအခါ ဗီမီးရိုးတိုက်ပွဲတွင် ပြင်သစ်တပ်များကို အောင်မြင်စွာ တိုက်ထုတ်နိုင်ခဲ့သည်။ တဖန် ၁၈၀၉ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဝဲစလီသည် စပိန်နှင့် ပေါ်တူဂီနိုင်ငံရှိ ဗြိတိသျှတပ်ပေါင်းစု၏ သေနာပတိအဖြစ် နပိုလီယန် တပ်များကို တိုက်ခိုက်ခဲ့ရာ ငါးနှစ်အတွင်း အောင်ပွဲ တပွဲပြီးတပွဲ ရခဲ့လေသည်။ နောက်ဆုံး ၁၈၁၄ ခုနှစ်တွင် တူးလူးတိုက်ပွဲ၌ အနိုင်ရပြန်သဖြင့် ပြင်သစ် နိုင်ငံတွင်းသို့ပင် ချင်းနင်း ဝင်ရောက်နိုင်ခဲ့သည်။ ထိုနှစ် ဧပြီလတွင် နပိုလီယန် နန်းစွန့်၍ စစ်ပွဲပြီးဆုံးလေသည်။ ဗြိတိသျှ အစိုးရက ဥရောပတိုက်တွင် အောင်ပွဲရခဲ့သော ဗိုလ်ချုပ်ကြီး ဝဲစလီကိုလည်း ဝယ်လင်တန်မြို့စားဘွဲ့ဖြင့် ချီးမြှင့်ခဲ့သည်။

ထို့နောက် ဝယ်လင်တန် မြို့စားကြီးသည် ပြင်သစ်နိုင်ငံတွင် ဗြိတိသျှသံအမတ်အဖြစ် ဆောင်ရွက်နေစဉ် ဗီယင်းနားမြို့၌ ကျင်းပသော အစည်းအဝေးသို့ ဗြိတိန်နိုင်ငံ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ရသည်။ မကြာမီ မြို့စားကြီးသည် စစ်မှုတာဝန်ကို ထမ်းရွက်ရန် အရေးပေါ် ပေါက်လာ

နောက်ဆုံး ဝါးတာလူးတိုက်ပွဲတွင် နပိုလီယန်ကို အပြီးအပိုင် အနိုင်ယူလိုက်သဖြင့် နာမည်ထင်ရှားသော ဗြိတိသျှ ဗိုလ်ချုပ်ကြီးဖြစ်ပေသည်။ (ဝါးတာလူးတိုက်ပွဲ — လည်းရှု။)

အာသာ ဝဲစလီသည် အီတန်ကျောင်းတွင် ပညာသင်ကြားခဲ့ပြီးနောက် ပြင်သစ်နိုင်ငံ၊ အန်ဂျားမြို့ရှိ စစ်ကောလိပ်ကျောင်း၌ စစ်ပညာသင်ယူခဲ့သည်။ အသက် ၁၇ နှစ်အရွယ်တွင် စစ်ဖက်၌ ဝင်ရောက်အမှုထမ်းခဲ့ရာ ရာထူးအဆင့်ဆင့်သို့ လျင်မြန်စွာ တိုးမြှင့်ခန့်အပ်ခြင်းခံရသဖြင့် ၁၇၉၆ ခုနှစ်တွင် ဗိုလ်မှူးကြီးအဆင့်သို့ ရောက်ရှိလေသည်။

၁၇၉၄ ခုနှစ်တွင် ဖလန်းဒါးနယ်၌ ပဌမဦးဆုံးအကြိမ် တိုက်ပွဲ ဝင်ခဲ့ရသည်။ ထိုအချိန်မှစ၍ ဝဲစလီသည် သူရသတ္တိရှိသော စစ်သားကောင်းတဦးအဖြစ် နာမည်ထင်ရှားလာလေသည်။ ၁၇၉၆ ခုနှစ်မှ ၁၈၀၅ ခုနှစ်အထိ အိန္ဒိယပြည်သို့ မိမိတပ်နှင့်အတူ သွားရောက်၍ စစ်မှုထမ်းရသည်။ ထိုအချိန်က သူ၏ အစ်ကို ရစ်ချတ်ဝဲစလီသည် အိန္ဒိယ၌ ဘုရင်ခံချုပ်အဖြစ် အမှုထမ်းလျက်ရှိသည်။ ၁၈၀၃ ခုနှစ်တွင် မာရတ္တစစ်ပွဲဖြစ်ပွားလာသောအခါ ဗိုလ်ချုပ်ရာထူး အဆင့်သို့ရောက်ရှိနေသည့် ဝဲစလီသည် ဗြိတိသျှတပ်များကို ဦးစီးတိုက်ခိုက်ရသည်။ အဆာယီတိုက်ပွဲ၌မာရတ္တတိုင်းရင်းသားစော်ဘွားတို့ကို အောင်မြင်ပြီးနောက် ချုပ်ဆိုခဲ့သော ငြိမ်းချမ်းရေးစာချုပ်များကို ထောက်ရှုခြင်းအားဖြင့် ဗိုလ်ချုပ်ဝဲစလီသည် စစ်ရေး၌သာမက နိုင်ငံရေးပရိယာယ်၌လည်း လိမ်မာပါးနပ်ကြောင်းသိသာနိုင်လေသည်။ ထို့သို့ဖြင့်အိန္ဒိယပြည်၌ ဗြိတိသျှတို့၏ အာဏာ တည်မြဲစေခဲ့သည်။ ၁၈၀၄ ခုနှစ်တွင် ဆာဘွဲ့ဖြင့် သူကောင်းပြု ချီးမြှင့်ခြင်း ခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ နပိုလီယန်သည် အကျယ်ချုပ် ချထားရာ အယ်လဗာကျွန်းမှ ပြင်သစ်နိုင်ငံသို့ လွတ်မြောက် ထွက်ပြေးလာပြီးလျှင် ကမ္ဘာကို ကြီးစိုးရန် ကြိုးပမ်းပြန်သည်။ ထိုအခါ ဝယ်လင်တန် မြို့စားကြီးသည် နယ်သာလန် နိုင်ငံရှိ မဟာမိတ် တပ်ပေါင်းစုကို ကွပ်ကဲရလေသည်။ ၁၈၁၅ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် ဗဲလဂျီယမ်နိုင်ငံ၊ ဝါးတာလူးရွာ အနီး၌ ဗြိတိသျှ ဗိုလ်ချုပ်ကြီး ဝယ်လင်တန်နှင့် ပရပ်ရှင်း ဗိုလ်ချုပ်မှူး ဗလီးခါးတို့သည် နပိုလီယန် ကိုယ်တိုင် ဦးစီးသော ပြင်သစ် တပ်များကို နာလန် မထူနိုင်အောင် ချေမှုန်းခဲ့ကြသည်။ ၁၈၁၅ ခုနှစ်မှ ၁၈၁၈ ခုနှစ်အထိ ဝယ်လင်တန် အုပ်ချုပ်သော တပ်ပေါင်းစုသည် ပြင်သစ်နိုင်ငံကို သိမ်းပိုက်ထားခဲ့ရသည်။


၁၈၁၈ ခုနှစ်တွင် ဝယ်လင်တန်မြို့စားကြီးသည် အင်္ဂလန်နိုင်ငံသို့ ပြန်လာပြီးလျှင် တိုရီ ပါတီဝင်အဖြစ်ဖြင့် နိုင်ငံရေး ဆောင်ရွက်လေသည်။ ၁၈၂၈ ခုနှစ်မှ ၁၈၃၀ ပြည့်နှစ်အထိ တိုရီ အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်ရသည်။ သို့ရာတွင် ထိုခေတ်လူထု၏ နိုင်ငံရေး နိုးကြားမှုကို မရိပ်စားမိသဖြင့် ပါလီမန်ဥပဒေပြုပြင်ရေး ဥပဒေကြမ်းကို လက်မခံခဲ့ချေ။ ထို့ကြောင့် ၁၈၃၀ ပြည့်နှစ်တွင် ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့ရသည်။

၁၈၃၄ ခုနှစ်တွင် တိုရီအဖွဲ့က အာဏာပြန်ရခဲ့သော်လည်း မြို့စားကြီးသည် ဝန်ကြီးချုပ်ရာထူးကိုလက်မခံပဲ နိုင်ငံခြားရေးဝန်ကြီးအဖြစ်ဖြင့်သာ ဆောင်ရွက်ခဲ့သည်။ တဖန် ခုနှစ်နှစ်ခန့် ကြာသောအခါ ဆာ ရောဗတ်ပီး ခေါင်းဆောင်သော အစိုးရအဖွဲ့၌ ပါဝင်ခဲ့ရပြီးနောက် သေနာပတိ ရာထူးကို လက်ခံဆောင်ရွက်ရပြန်သည်။ ၁၈၄၆ ခုနှစ်တွင် နိုင်ငံရေး ဆောင်ရွက်ခြင်းမှ အနားယူခဲ့သည်။

ဝယ်လင်တန် မြို့စားကြီးသည် နိုင်ငံရေး၌ လူထုနှင့် သဘောကွဲလွဲမှု ရှိခဲ့သော်လည်း နောင်တွင် လူထုက သူ၏ စေတနာကိုငင်း၊ စစ်မက်ရေးရာ၌ ထူးချွန်မှုကိုငင်း ထောက်၍ ကြည်ညိုမြဲကြည်ညိုခဲ့ကြသည်။ မြို့စားကြီးသည် ၁၈၅၂ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့ အသက် ၈၃ နှစ် အရွယ်တွင် ကွယ်လွန်ခဲ့ရာ လန်ဒန်မြို့၊ စိန့်ပေါကသီဒရယ် ဘုရား ရှိခိုးကျောင်းတွင်း၌ သင်္ဂြိုဟ်ခဲ့ကြလေသည်။

**ဝယ်လင်တန်မြို့။** ။ဝယ်လင်တန်မြို့သည် နယူးဇီလန်နိုင်ငံ၏ မြို့တော်ဖြစ်သည်။ နယူးဇီလန် မြောက်ကျွန်း တောင်ဖက်စွန်းရှိ ပို့နစ်ကာလဆန် ပင်လယ်လက်ကြား အနောက်ဖက် ကမ်းတွင် တည်ရှိသည်။ သဘောဆိပ်ကောင်း ရှိသဖြင့် ထင်ရှားသော ဆိပ်ကမ်းမြို့လည်း ဖြစ်သည်။

မြို့တွင်းရှိ ကြီးကျယ်ခမ်းနားသော အဆောက်အအုံများမှာ အစိုးရအိမ်တော်၊ ပါလီမန်လွှတ်တော်နှင့် မြို့တော်ခန်းမတို့ ဖြစ်သည်။ ဝယ်လင်တန်မြို့တွင် နယူးဇီလန် တက္ကသိုလ်၌ အပါအဝင်ဖြစ်သော ဝိတိုရိယ ကောလိပ်ကျောင်း တည်ရှိ



နယူးဇီလန်ကျွန်း ဝယ်လင်တန်မြို့တော်ရှိ ပါလီမန်အဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com




သည်။ ထောပတ်၊ ဒိန်၊ သိုးမွေး၊ သစ်သီး၊ သစ်သားနှင့်အမဲ ဟင်းလျာတို့ကို တင်ပို့သည်။

၁၈၄၀ ပြည့်နှစ်တွင်ဝယ်လင်တန်မြို့ကိုစတည်ခဲ့ကြသည်။ ၁၈၆၅ ခုနှစ်တွင် နယူးဇီလန်ပြည်၏မြို့တော်ကို အော့ကလန် မြို့မှ ဝယ်လင်တန်မြို့သို့ ပြောင်းရွှေ့ခဲ့သည်။ လူဦးရေ ၁၅၅, ၄၀၀ ယောက်(၁၉၆၃)ရှိသည်။

**ဝဲ,အိပ်၊ ဂျီ**(ခရစ် ၁၈၆၆ – ၁၉၄၆)။ ။ဟားဗတ် ဂျော့ ဝဲသည် စာဖတ် ပရိသတ်၏ စိတ်ကို ဆွဲဆောင်နိုင်လောက် အောင် တီထွင် ကြံဆ၍ ရေးသားတတ်သော အင်္ဂလိပ် စာရေးဆရာကျော် တယောက်ဖြစ်ပေသည်။ "အိပ်၊ ဂျီ၊ ဝဲ" ဟူ၍ လူသိများသည်။ ဝဲသည် မိမိ၏ အတွေးအခေါ်နှင့် အယူအဆများကို လူတန်းစားမရွေး လက်ခံနိုင်အောင် ရေး သား ဖော်ပြနိုင်စွမ်း ရှိသည်။ သိပ္ပံပညာရပ်ကို အခြေခံ၍ သော်၎င်း၊ သမိုင်း ပညာရပ်ကို အခြေခံ၍သော်၎င်း၊ လူမှု ရေး ပညာရပ်ကို အခြေခံ၍သော်၎င်း မိမိ၏ အမြင်ကို ဝတ္ထု ကြောင်းဖြင့် ပြုစုရေးသား၍ တင်ပြခဲ့သည်။

အိပ်၊ ဂျီ၊ ဝဲသည် ကင့်ခရိုင်၊ ဗရွမ်လီမြို့တွင် ၁၈၆၆ ခုနှစ် စက်တင်ဘာ ၂၁ ရက်နေ့၌ ဖွားမြင်သည်။ သူ၏ ဖခင် ဂျိုးဇက် ဝဲသည် ကြေးတမ်းစား ကရစ်ကက် ကစားသမား ဖြစ်၏။ အိပ်၊ဂျီ၊ဝဲသည် ဗရွမ်လီမြို့နှင့် ဆပ်ဆက်ခရိုင်၊မစ်ဒဟပ်မြို့ တို့တွင် ပညာသင်ကြားပြီးနောက် ဆေးတိုက် တခု၌၎င်း၊ အထည်တိုက်တခု၌၎င်း အလုပ် လုပ်ခဲ့ရသည်။ သို့ရာတွင် ဉာဏ်ကောင်းသူဖြစ်၍ ပညာသင်ဆုကို ရရှိသဖြင့် လန်ဒန်



ကမ္ဘာကျော် အင်္ဂလိပ် စာရေးဆရာကြီး အိပ်ဂျီဝဲ

တက္ကသိုလ်၌ ပညာဆက်သင်ခဲ့ရာ ၁၈၈၈ ခုနှစ်တွင် သိပ္ပံ ဂုဏ်ထူးဘွဲ့ကို ရခဲ့သည်။

အိပ်၊ဂျီ၊ ဝဲသည် ကျောင်းဆရာအဖြစ်ဖြင့် ခေတ္တမျှ လုပ် ကိုင်ပြီးလျှင် သတင်းစာဆရာ၊ စာရေးဆရာ အဖြစ်သို့ ကူး ပြောင်းလုပ်ကိုင်သည်။ ၁၈၉၅ ခုနှစ်တွင် သိပ္ပံအတတ်ကို အခြေပြု၍ နှောင်းအဖြစ်ကို ဖော်ပြရေးသားသည့် "သည် တိုင်း မရှင်း"ခေါ် ဝတ္ထုကို ပဌမဦးဆုံး ပြုစုခဲ့လေသည်။ ထို နောက် "ကမ္ဘာများ၏စစ်ပွဲ"(၁၈၉၈)၊ "လဗိမာန်က ရှေး ဦးလူ" (၁၉၀၁)၊ "နတ်တို့၏ ဩဇာ" (၁၉၀၄) အစရှိ သော အလားတူ ဝတ္ထုစာအုပ်များကို ရေးသားပြုစုခဲ့သည်။

တဖန် အိပ်၊ ဂျီ၊ ဝဲသည် မိမိ၏ လူနေမှုအတန်းအစားမှ ရရှိသော အတွေ့အကြုံကို မှီး၍ လူ့ဘဝအစစ်အမှန်ကို ထုတ် ဖော် ရေးသားပြန်သည်။ ဝဲသည် ထိုကဲ့သို့သော ဝတ္ထုမျိုးကို ရေးရာ၌ ရယ်ရွှင်ဖွယ်ဖြစ်အောင် ဘဝအခြေအနေကို သရော် ထားလေသည်။ ယင်းဝတ္ထုအမျိုးအစားတွင် "အချစ်နှင့် မစ္စတာ လူဝစ်ရှမ်"(၁၉၀၀)၊ "ကစ်ပစ" (၁၉၀၅) နှင့် "ထိမ်းမြား မင်္ဂလာ"(၁၉၁၂)စသည်တို့ ပါဝင်သည်။

၁၉၀၈ ခုနှစ်တွင် "လေကြောင်း စစ်ပွဲ"ဟူသော စာအုပ် ဖြင့် ပဌမကမ္ဘာစစ်အခြေကို ကြိုတင် သိမြင်နိုင်ခဲ့ခြင်းကို အကြောင်းပြု၍ ထိုစစ်အတွင်းက ပြည်တွင်း စစ်မျက်နှာ ကို သရုပ်ဖော်သည့် ဝတ္ထု ဇာတ်လမ်းများကို ရေးသား ပြန်သည်။

ပဌမ ကမ္ဘာစစ်ပြီးသောအခါ ဝဲသည် လူမှုရေးနှင့် နိုင်ငံ ရေးအမြင်ကို "ကမ္ဘာ့သမိုင်း အကျဉ်းချုပ်" (၁၉၂၂)စာ အုပ်တွင် ဖော်ပြခဲ့သည်။ ၁၉၂၂ ခုနှင့် ၁၉၂၃ ခုနှစ်တွင် ကျင်းပသော အထွေထွေ ပါလီမန်ရွေးကောက်ပွဲ၌ လန်ဒန် တက္ကသိုလ်မှ လေဘာပါတီ ကိုယ်စားလှယ်အဖြစ် ဝင်ရောက် အရွေးခံရာ မအောင်မြင်ခဲ့ချေ။ ၁၉၂၉ ခုနှစ်တွင် ဂျူလီယန် ဟပ်စလေနှင့် သားဖြစ်သူ ဂျီ၊ ပီ၊ ဝဲတို့၏ အကူအညီဖြင့် "သည်ဆိုင်းယင့် အော့လိုက်ဖ"ခေါ် ဇီဝဗေဒစစ်တမ်း စာ အုပ်ကို ရေးခဲ့သည်။ တဖန် ၁၉၃၂ ခုနှစ်တွင် လူ့လောက နှင့်ဆိုင်၍ အလွန်ကျယ်ပြန့်သော စီးပွားရေး၊ ချမ်းသာရေး၊ ပျော်ရွှင်ရေးတို့ အကြောင်းကို စာအုပ်ပြုစုခဲ့သည်။

ထိုနောက် ဝဲသည် မိမိစိတ်ကူးဖြင့် ရည်မှန်းသော ကမ္ဘာ့ ဓနသဟာယ ဖြစ်ပေါ်လာရေးနှင့် ဆိုင်သည့် စာအုပ်များ ကို ပြုစုရေးသားလေသည်။ ၁၉၃၃ ခုနှစ်တွင် နောင်ရေး ကို တွေးခေါ်၍ ဖြစ်လတ္တံ့သော အကြောင်းအရာတို့ကို "ဖြစ်ပေါ်လာမည့် အကြောင်းအရာများ"ဟူသော စာအုပ် ၌ ရေးသား တင်ပြခဲ့ရုံမျှမက မိမိကိုယ်တိုင် ရုပ်ရှင်ရိုက်ကူး ခဲ့လေသည်။

အိပ်၊ ဂျီ၊ ဝဲသည် စာအုပ်ပေါင်းများစွာကို ရေးသား ပြုစုခဲ့သည့် အပြင် မိမိ၏ စိတ်ကူးစိတ်သန်းကို ဖတ်ချင့်စဖွယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ဇာတ်လမ်း ဇာတ်ကွက်ဆင်၍ တင်ပြနိုင်စွမ်း ရှိသော စာရေးဆရာဖြစ်ပေသည်။ သူသည် ၁၉၄၆ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် လန်ဒန်မြို့၌ ကွယ်လွန်သည်။

**ဝဲလန်းတူးမြောင်း။** ။ဝဲလန်း တူးမြောင်းသည် မြောက်အမေရိကတိုက်ရှိ အီရီအိုင်နှင့် အွန်တေးရီးယိုးအိုင် နှစ်ခုကို ဆက်စပ် ဖောက်လုပ်ထားသော တူးမြောင်းဖြစ်သည်။ ထိုအိုင်နှစ်ခုကို ဆက်သွယ်လျက်ရှိသော နိုင်အဂ္ဂရာမြစ်တွင် နိုင်အဂ္ဂရာရေတံခွန် တည်ရှိခြင်းကြောင့် သင်္ဘောများသည် ထိုမြစ်ကြောင်းဖြင့် ခရီးတဆက်တည်း မသွားနိုင်ချေ။ သို့ဖြစ်၍ ၁၈၂၄–၁၈၂၉ ခုနှစ်အတွင်းက ထိုအတားအဆီးကို ကျော်လွှန်နိုင်စေရန် သစ်သားရေတံခါး ၄၀ ရှိသော တူးမြောင်းငယ်တခုကို ဖောက်လုပ်ခဲ့ကြသည်။ ကနေဒါ နိုင်ငံအစိုးရက ပင်လယ်ကူး သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်သော လက်ရှိ တူးမြောင်းကို ၁၉၁၂ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ ၁၇ နှစ်ကြာမှ ပြီးသည်။

ဝဲလန်းတူးမြောင်းသည် အလျား ၂၇ မိုင်၊ အကျယ်ပေ ၂၀၀ ရှိသည်။ အွန်တေးရီးယိုးအိုင်ဖက်တွင် ပို့ ဝဲလားမြို့နှင့် အီရီအိုင်ဖက်တွင် ပို့ ကိုလဗုန်းမြို့တို့ အသီးအသီး တည်ရှိကြသည်။ ထိုတူးမြောင်းကို ဖြစ်မြောက်အောင် ဖောက်လုပ်နိုင်ခြင်းမှာ အင်ဂျင်နီယာ အတတ်ပညာ၏ အောင်မြင်မှုကြီးတရပ် ဖြစ်ပေသည်။ အီရီအိုင်သည် အွန်တေးရီးယိုးအိုင်ထက် ၃၂၅ ပေ မြင့်သောကြောင့် အိုင်နှစ်ခုကြားတွင် ဖြတ်သန်းလာသော သင်္ဘောကို ရေတံခါး ခုနစ်ခုဖြင့် လိုအပ်သည့်အတိုင်း နှိမ့်ချည် မြှင့်ချည် ပြုလုပ်ပေးရသည်။

ဝဲလန်းတူးမြောင်းသည် မြောက်အမေရိကတိုက်အလယ်ပိုင်းမှ အတ္တလန္တိတ် သမုဒ္ဒရာဖက်သို့ ထွက်နိုင်သော ရေကြောင်းလမ်း ဖြစ်ခြင်းကြောင့် အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့၏ ကုန်သွယ်ရေးအတွက် အရေးပါအရာရောက်သော ခရီးလမ်းဖြစ်သည်။ ထိုတူးမြောင်းကို ၁၉၃၂ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့လေသည်။

**ဝေါ။** ။ဘုရင်ကေရာဇ်၊ အိမ်ရှေ့ မင်းနှင့် ကေရာဇ်မင်းမြတ်က သဒ္ဓါတော်မူသည့် မင်းသားကြီးများသာလျှင် စီးရသော လူထမ်းသည့် ယာဉ်တမျိုးကို ဝေါဟု ခေါ်သည်။

ဝေါဟူသော စကားသည် ဘဝေါဟူသော စကားမှ လာသည်။ ဘဝေါဆိုသည်ကား ဘဝန်ဟူသော စကားမှ လာ၍ မြန်မာလို အနက်အဓိပ္ပါယ်အားဖြင့် နေရာကို ဆိုလိုသည်။

အချို့ ခွဲခြားမသိသူတို့က ထမ်းစင်ကိုပင် ဝေါဟု ဆိုကြသည်။ မန္တလေးမြို့ ရွှေကြီးမြင့် ဘုရားအတွင်းရှိ ဆေးနီသုတ် ထမ်းစင်များကိုရင်း၊ မန္တလေးမြို့ နန်းတော်ပြတိုက်အတွင်းရှိ ကင်းဝန်မင်းကြီး ထမ်းစင်ကိုရင်း အချို့က ဝေါတော်ဟု မှားယွင်းပြောဆိုကြသည်။ ဝေါနှင့် ထမ်းစင်သည် စင်စစ်မတူ ကွဲပြားခြားနားသည်။ ထမ်းစင်၌ မြင်းမိုရ်ကျေးစေတိုင်၊ ထောင့်အုံ ကျေးစေတိုင်တပ်ရ၍ ဝေါ၌ မြင်းမိုရ်တုရင်တပ်၊ အမခြီးငါးဆင့်၊ ဦးခြီး သုံးဆင့် တပ်သည်။ ထမ်းစင်၌ တုရင်မပါ၊ ဝေါ၌သာ တုရင်ပါသည်။ မှူးတော်မတ်တော်တို့သည် ထမ်းစင်ကိုသာ စီးရသည်။ ဝေါကိုမစီးရချေ။

ဘုရင်သာ စီးရသော ဝေါတော်သည် သဠာလီတင် ရွှေပြာသာဒ်တော်ကြီး ဖြစ်သည်။ သဠာလီ မတင်သော ရွှေပြာသာဒ်တော်ကြီးကိုမူ ဝေါနိမ့် ဟု ခေါ်သည်။ ယင်းကို မိဖုရား အပျိုတော် စသည်တို့ အခွင့်နှင်းရောက်က စီးရသည်။ ဟင်းလင်းပွင့် အမိုးအကာမပါသော ဝေါကို ဝေါပလာခေါ်၍ အမိုးအကာပါရှိသော ဝေါကို ဝေါပေါင်းချုပ် ခေါ်သည်။

ဝေါကို လူအများ ထမ်းရသည်။ ဝေါထမ်းရသူများကို ဝေါတော်ထမ်း၊ သို့မဟုတ် ဝေါသား ဟုခေါ်သည်။ ဝေါသားများကို ကြီးမှူးရသည့် အကြီးအမှူးကို ဝေါကြီးမှူး ဟုခေါ်သည်။ ဝေါသားများကို ဝေါထမ်းသည့်အခါ ဝေါကြီးမှူးက ကြပ်မ လိုက်ရသည်။ မင်းကေရာဇ် စီးတော်မူသည့် ဝေါပလာ၊ ဝေါကြီးရိပ်ဝှဲ၊ လင်းဇင်းဝေါ စသည်တို့ကို အပေါင်းအထုပ်နှင့် ဝေါတော်မှာ လူ ၁၂၀ ခန့် ထမ်းရွက်ရသော ဝေါသားတို့ ရှေးအခါက ရှိသည်။ နောက်အခါ ဝေါကြီးရန်လွင့်၊ ဝေါပလာရန်လွင့်၊ ဝေါကြီးရွှေတိမ်ညွှင်း ဟူသော လေ့တော်အမှုထမ်းများ ဝေါတော်ထမ်းစေသည်။

အမရပူရ နန်းမြေရာဟောင်း၌ ဝေါတိုက်ဟု ခေါ်သော ဝေါထားသည့် အဆောက်အအုံဟောင်း နေရာကို ဒုတိယကမ္ဘာစစ်ပြီး ခေတ်အထိ တွေ့ရှိနိုင်သေးသည်။ စာရင်းတိုက် (ဝါ) ပြတိုက်ခေါ်သော လေးထောင့် အုတ်တိုက်ကြီး၏ အရှေ့တောင်ဖက်တွင် ကျန်ရှိသော အုတ်တိုင်ကြီးများသည် ဝေါတိုက်၏ အကြွင်းအကျန် အဆောက်အအုံ အစိတ်အပိုင်း ဖြစ်လေသည်။

**ဝေါမြို့။** ။အောက် မြန်မာနိုင်ငံ ပဲခူးတိုင်းတွင် တည်ရှိသော ဝေါမြို့သည် ပဲခူးခရိုင်၏ ပဲခူးခရိုင်ခွဲအတွင်း ပါဝင်သည့် ဝေါမြို့နယ်၏ ရုံးစိုက်မြို့ ဖြစ်သည်။ ပဲခူးမြို့၏ အရှေ့မြောက် ယွန်းယွန်း၌ ပဲခူး–စစ်တောင်း တူးမြောင်းပေါ်တွင် တည်ရှိသော မြို့ဖြစ်သည်။ ရန်ကုန်–မုတ္တမ (မော်လမြိုင်) မီးရထားလမ်းသည်၎င်း၊ ရန်ကုန်–မော်လမြိုင် မော်တော်ကားလမ်းသည်၎င်း ဝေါမြို့ကို ဖြတ်သန်းသွားသည်။ ထိုမြို့သည် ရန်ကုန်မြို့မှ မီးရထားလမ်းအားဖြင့် ၅၄ မိုင်၊ မော်တော်ကားလမ်းအားဖြင့် ၇၁ မိုင် ကွာဝေး၍ ပဲခူးမြို့မှူကား မီးရထားလမ်းအားဖြင့် ၂၂ မိုင်၊ မော်တော်ကားလမ်းအားဖြင့် ၁၇ မိုင် ကွာဝေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေါမြို့၏ အလား လေးရပ်မှာ အရှေ့ဖက်တွင် သပြေကန်ရွာ (စစ်တောင်းမြစ်၊ ကျောက်ညှပ်ကမ်းခြေ)၊ အနောက်ဖက်တွင် နောင်ပတ္တရာရွာ၊ တောင်ဖက်တွင် ညောင်သုံးခွ၊ မြောက်ဖက်တွင် သူရဲသမိန်ရွာတို့ဖြစ်သည်။ မူလအစက မွန်ဒေသဖြစ်ခဲ့သော်လည်း ယခုအခါ မွန်အဆက်အနွယ် မြန်မာလူမျိုးတို့ အများစုနေထိုင်လျက်ရှိသည်။ ၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ မြို့ပေါ်ရှိ လူဦးရေ ၉,၆၇၈ ယောက်ဖြစ်ရာ အများစုသည် မြန်မာလူမျိုးများ ဖြစ်ကြသည်။

မြို့ပေါ်၌ မြို့နယ်ရုံးစိုက် အဆင့်အတန်း အလိုက် မြို့ပိုင်ရုံး၊ တရားမနှင့် ရာဇဝတ် တရားသူကြီးရုံး စသော အစိုးရ အဆောက်အအုံ၊ ဈေး၊ ကျောင်း စသည်တို့ရှိလေသည်။

ဝေါ ဟူသော အမည်နှင့် စပ်လျဉ်း၍ မွန်ဘာသာ ဝေါဟာရ ကွာန်အစွေ့ (မြန်မာအသံနှင့် အနီးစပ်ဆုံး ဖော်ပြရသော် ကွာန်အကျဝေါ့)မှ ဆင်းသက်လာသည်ဟု ဆိုရာ (ကွာန်-ရွာ၊အစွေ့-သက်ငယ်ကျင်း) "သက်ငယ်ကျင်းရွာ" ဟု အဓိပ္ပာယ်ရသည်။ တနည်းအားဖြင့် ဆိုရသော် သက်ငယ်များ ပေါက်ရာအရပ် ဟူလို။ ကာလ ရှည်ကြာသော် ကွာန်ကိုဖြုတ်ထားခဲ့၍ မြန်မာအသံဖြင့် မပီမသခေါ် ဝေါ် ရာ၊ အကျဝေါ့မှ ဝေါဟူ၍ ဖြစ်လာသည် ဆိုလေသည်။

ဝေါမြို့၏ အနောက်မြောက်ဖက် တမိုင်ကွာတွင် တည်ရှိသော ယခုခေတ် အခေါ် ကြုံတူဘုရားမှ တူးဖော်တွေ့ရှိရသည့် စဥ့်အိုး၊ စဥ့်ခွက်များ၊ ဆေးခြယ် နိုပါတ်ရုပ်လုံးများသည် ဟံသာဝတီ ဒုတိယခေတ် (ဗညာဦး — ရာဇာဓိရာဇ်ခေတ်)၏ အသုံးအဆောင်ပစ္စည်းမျိုးဖြစ်သည်ကို ထောက်ဆ၍ ဝေါမြို့တည်ရာဌာနတွင် မြန်မာသက္ကရာဇ် ၇၃၀ မှ ၉၀၀ ပြည့်နှစ်အတွင်း အိမ်ခြေ ရွာခြေ စတင် ပေါ်ပေါက်ခဲ့သည်ဟု ယူဆရသည်။ ကြုံတူ ဘုရားသမိုင်းအရ ရာမညမွန်တိုင်းတွင် အခါတပါး၌ စစ်မက်ရေးရာ မငြိမ်မသက် ရှိမှုကြောင့် မုတ္တမဖက်မှ သဒ္ဓေးနှစ်ဦး ခေါင်းဆောင်သော မွန်တစုတို့သည် မိမိတို့ဌာနေမှ တိမ်းရှောင်လာပြီးလျှင် ယခု ရွှေလင်းယုံဆီစက်နေရာ၌ စတင် ရွာတည်ခဲ့သည်ဟု ဆိုလေသည်။

နောင်အခါ ဗြိတိသျှတို့ခေတ်၌ ခရစ် ၁၈၇၃ ခုနှစ်တွင် ဘုံဘေဘားမားသစ်ကုမ္ပဏီသည် တောင်ငူနယ်မှ သစ်များကို ပေါင်းလောင်း(စစ်တောင်း)မြစ်မှ ထုတ်ယူရာ၊ လမ်းရှည်သဖြင့် မြစ်ကျိုး — တာဝ တူးမြောင်းကို ဖောက်လိုက်သည်။ ၁၉၀၇ ခုနှစ်၌ ပဲခူး—မော်လမြိုင် မီးရထားလမ်းကို ဖောက်လိုက်ပြန်သည်။ ယင်း အချက်များကြောင့် ဝေါရွာသည် လူနေအိမ်ခြေ တိုးတက် စည်ကားလာသည်။ ထိုကြောင့် လူနေရပ်ကွက်များ တိုးချဲ့၍ မြို့တမြို့ အဖြစ်သို့ ရောက်ရှိလာခဲ့ကာ ပဲခူးခရိုင်၊ ပဲခူးခရိုင်ခွဲအတွင်း၌ ဝေါမြို့နယ်ဟူ၍ သတ်မှတ်ပိုင်းခြားပြီးလျှင် ဝေါမြို့ကို ရုံးစိုက်မြို့အဖြစ် ထားရှိခဲ့လေသည်။

ဝေါမြို့နယ်သည် ၁၉၃၁ ခုနှစ် သန်ကောင်စာရင်းအရ အကျယ်အဝန်း ၃၅၉ စတုရန်းမိုင်ရှိ၍ ကျေးရွာအုပ်စုပေါင်း ၄၈ စု ပါဝင်သည်။ မြို့နယ်လူဦးရေသည် ၁၉၇၁ ခုနှစ် ခန့်မှန်းခြေ သန်ကောင်စာရင်းအရ ၁၁၄,၀၀၀ ယောက် ဖြစ်သည်။ အကြမ်းဖျင်း အားဖြင့် ဝေါမြို့နယ်၏ အရှေ့ဖက်၌ သထုံခရိုင်၊ အနောက်ဖက်၌ ပဲခူးမြို့နယ်၊ တောင်ဖက်၌ သနပ်ပင်မြို့နယ်၊ မြောက်ဖက်၌ ဒိုက်ဦးမြို့နယ်တို့ ရှိသည်ဟု ဆိုရပေမည်။

မိုးကောင်းပြီးလျှင် မြေသြဇာ ထက်သန် ကောင်းမွန်သော ပဲခူးခရိုင်အတွင်း၌ တည်ရှိသဖြင့် မြို့နယ်အတွင်း နေထိုင်ကြသူများ၏ အဓိကလုပ်ငန်းသည် စိုက်ပျိုးရေး ဖြစ်ရာ ဆန်စပါးကို အများဆုံးစိုက်ပျိုးကြ၍ မြေပဲ(သီးထပ်)လည်း စိုက်ပျိုးလုပ်ကိုင်ကြသည်။ မြို့နယ်အတွင်း အင်းများပေါများ၍ အင်းလုပ်ငန်းလည်း ကြီးကျယ်သည်။ စုစုပေါင်း အင်း ၆၄ အင်းရှိသည်အနက် မိုးအင်းကြီးသည် ဝေါမြို့နယ်အတွင်း အကြီးဆုံးအင်းကြီး ဖြစ်သည်။

မြို့နယ်အတွင်း သယ်ယူပို့ဆောင်ရေးအတွက် မီးရထားလမ်းနှင့် မော်တော်ကားလမ်းကို အားထားကြရလေသည်။

ကြုံတူဘုရားသည် မြို့နယ်အတွင်း အထင်ရှားဆုံးသော စေတီတဆူဖြစ်သည်။

**ဝေါလေ့,ဆာ ဝီလျံ** (ခရစ် ၁၂၇၀ခန့် — ၁၃၀၅)။ ။ဆာဝီလျံဝေါလေ့သည် အင်္ဂလိပ်ဘုရင်ကို တော်လှန်တိုက်ခိုက်ခဲ့သော စကော့အမျိုးသား မျိုးချစ်ခေါင်းဆောင်ကြီး ဖြစ်သည်။ သူသည် စကော့တလန်ပြည်ကို အင်္ဂလိပ်တို့၏စိုးမိုးမှုအောက်မှ လွတ်မြောက်အောင် ကြိုးပမ်းရာ၌ မအောင်မြင်ခဲ့သော်လည်း စကော့လူမျိုးတို့၏ မျိုးချစ်စိတ်ကို လှုံ့ဆော် နှိုးဆွပေးခဲ့လေသည်။ ထိုကြောင့်ပင် ရောဗတ်ဗရုစ ဘုရင်(၁၂၇၄—၁၃၂၉)လက်ထက်တွင် စကော့တလန်ပြည်သည် လွတ်လပ်ရေး ရရှိခဲ့သည်။ (စကော့တလန်ပြည် — လည်းရှု။)

ဝီလျံဝေါလေ့ ငယ်ရွယ်စဉ်က ဘဝကို အသေချာ မသိရချေ။ အချို့က ဆာ မဲလကွမ်း ဝေါလေ့၏ ဒုတိယသား ဖြစ်သည်ဟု ဆိုကြသည်။ ထိုအခါက အင်္ဂလိပ်ဘုရင် ပဌမ အက်ဒွပ် (ခရစ် ၁၂၃၉—၁၃၀၇)သည် စကော့တလန်ပြည်ကိုလည်း စိုးမိုးအုပ်ချုပ်လျက်ရှိသည်။ ဝေါလေ့သည် ဒန်ဒီမြို့တွင် နေထိုင်စဉ် အင်္ဂလိပ်အမျိုးသားတယောက်က မိမိအား စော်ကားသဖြင့် ထိုသူကို သတ်လိုက်သည်။ ထိုကြောင့် ဝရမ်းပြေးအဖြစ်ဖြင့် ထွက်ပြေး တိမ်းရှောင်နေရသည်။ ဝေါလေ့သည် စကော့အမျိုးသား မျိုးချစ်ပုဂ္ဂိုလ်တစုကို ခေါင်းဆောင်၍ အင်္ဂလိပ်တို့၏ ကင်းစခန်းများကို တိုက်ခိုက်ကြသည်။ အင်္ဂလိပ်တို့၏ အုပ်ချုပ်မှုကို မလို



www.burmeseclassic.com

www.burmeseclassic.com




လားကြသော စကော့သူကောင်းမျိုး များစွာတို့သည်လည်း၊ ဝေါလေ့စ်နှင့် ပေါင်းမိပြီးလျှင် အင်္ဂလိပ်တို့ကို တော်လှန် ပုန်ကန်ကြလေသည်။

ထိုအခါ၌ အင်္ဂလိပ်စစ်တပ်သည် စကော့သူပုန်များကို တိုက်ဖျက်ရန် ချီတက်လာလေသည်။ ဝေါလေ့စ်ဖက်ရှိ စကော့သူကောင်းမျိုးများတို့သည်လည်း အင်္ဂလိပ်တို့ထံ ဝင်ရောက်၍ အညံ့ခံကြသည်။ ယင်းသို့ ဖြစ်စေကာမူ ဝေါလေ့စ်သည် အားမလျော့ပဲ လူအင်အား အလုံးအရင်းဖြင့် စတာလင်မြို့တွင် အင်္ဂလိပ်စစ်တပ်ကို ဆီးကြို တိုက်ခိုက်လေသည်။ ၁၂၉၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် စတာလင်တန်တား တိုက်ပွဲ၌ အင်္ဂလိပ်တို့ ရှုံးသဖြင့် တပ်ပျက်လေသည်။ ဝေါလေ့စ်၏ စစ်တပ်သည် အင်္ဂလိပ်တို့ကို စကော့တလန်ပြည်မှ တိုက်ထုတ်ရုံမျှမက အင်္ဂလန်ပြည်မြောက်ပိုင်း နျူးကပ်ဆဲမြို့သို့ တိုင်အောင် တိုက်ခိုက် ဖျက်ဆီးခဲ့သည်။ အောင်ပွဲရ အမျိုးသားခေါင်းဆောင် ဝေါလေ့စ်အား "စကော့တလန်ပြည်၏ အုပ်ထိန်းသူ"အဖြစ် တင်မြှောက်ကြသည်။

ဖလန်းဒါးနယ်သို့ ရောက်ရှိနေသော ပဌမ အက်ဒွပ်ဘုရင်လည်း စကော့သူပုန်တို့ အရေးသာကြောင်း ကြားသိရလျှင် အင်္ဂလန်သို့ အမြန်ပြန်လာလေသည်။ ထိုနောက် ဘုရင် ဦးစီးသော အင်္ဂလိပ်စစ်တပ်ကြီးသည် စကော့တလန်ပြည်သို့ ချီတက်ခဲ့သည်။ ၁၂၉၈ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ဖောလကာပ် တိုက်ပွဲ၌ ဝေါလေ့စ်တပ်များ အရေးနိမ့်သည်။ ဝေါလေ့စ်လည်း တောင်ပေါ်သို့ ထွက်ပြေး တိမ်းရှောင်နေရလေသည်။ ခုနစ်နှစ်မျှ အင်္ဂလိပ်တို့ကို ပြောက်ကျား တိုက်နည်းဖြင့် ဆက်လက် တိုက်ခိုက်ခဲ့၍ နောက်ဆုံး၌ သစ္စာဖောက် တဦးကြောင့် ၁၃၀၅ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ဂလပ်စဂိုမြို့အနီး၌ အဖမ်းခံရလေသည်။ ထိုနောက် လန်ဒန်မြို့သို့ ခေါ်ဆောင်ပြီးလျှင် ဩဂုတ်လ ၂၃ ရက်နေ့၌ နိုင်ငံတော်သစ္စာဖောက်အဖြစ် ကွပ်မျက်ခံခဲ့ရလေသည်။

စကော့တလန်ပြည်လွတ်လပ်ရေးအတွက် သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သော ဆာ ဝီလျံဝေါလေ့စ် အထိမ်းအမှတ် ကျောက်တိုင်ကို စတာလင်မြို့တွင် တည်ဆောက် ထားရှိလေသည်။


စကော့ မျိုးချစ်ခေါင်းဆောင်ကြီး ဆာ ဝီလျံ ဝေါလေ့စ်

**ဝေါလေ့စ်၊ အဂ္ဂါ**(ခရစ် ၁၈၇၅ – ၁၉၃၂)။ ။အဂ္ဂါ ဝေါလေ့စ်သည် သာမည သတင်းစာရေးသူဘဝမှ စိတ်လှုပ်ရှားမှုပါဝင်သော ဝတ္ထုရေးဆရာ အဖြစ်သို့ ရောက်ရှိခဲ့သူ ဖြစ်သည်။ သူရေးခဲ့သော ဝတ္ထုများမှာ များသောအားဖြင့် စုံထောက်ဝတ္ထုများ ဖြစ်သည်။ အာဖရိကတိုက် စွန့်စားခန်းများ ပါဝင်သော ဝတ္ထုများကိုလည်း ရေးခဲ့သည်။ ပြဇာတ်၊ ရုပ်ရှင် ဇာတ်ညွှန်း၊ သတင်းစာဆောင်းပါးများကိုလည်း ရေးသားခဲ့သည်။ အဂ္ဂါ ဝေါလေ့စ်သည် ဝတ္ထုပေါင်း ၁၅၀ ကျော်နှင့် ပြဇာတ်ပေါင်း ၁၄ ခုကို ရေးခဲ့ရာ၌ ဇာတ်အိမ်ဖွဲ့ပုံ၊ ဇာတ်ကွက်ဆင်ပုံတို့တွင် ကျွမ်းကျင်နိုင်နင်းလှသဖြင့် ဝတ္ထုဖတ်ပရိသတ်တို့ ကြိုက်နှစ်သက်သော စာရေးဆရာ ဖြစ်ပေသည်။

အဂ္ဂါ ဝေါလေ့စ်သည် ၁၈၇၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် လန်ဒန်မြို့၌ ဖွားမြင်သည်။ ခုနစ်ရက်သား အရွယ်တွင် မိဘနှစ်ပါးတို့က စွန့်ပစ်ထားခဲ့ရာ ငါးအလုပ်သမား တဦးက ကောက်ယူ မွေးစားခဲ့လေသည်။ ထိုကဲ့သို့ ဆင်းရဲသားတယောက်၏ လက်တွင် ကြီးလာခဲ့ရသူ ဖြစ်ခြင်းကြောင့် လူ့ဘဝကို ကောင်းစွာ နားလည်ခဲ့သည်။ ငယ်စဉ်က သတင်းစာ ရောင်းခြင်းဖြင့်၎င်း၊ အခြား ရရာ အလုပ်ကို စင်ရောက် လုပ်ကိုင်ခြင်းဖြင့်၎င်း အသက်မွေး ဝမ်းကျောင်းခဲ့ရသည်။

အသက် ၂၀ နှစ်အရွယ်တွင် စစ်တပ်သို့ဝင်ပြီးလျှင် အာဖရိကတိုက် တောင်ပိုင်းသို့ သွားရောက် စစ်မှုထမ်းရသည်။ စစ်သားဘဝတွင် ဝတ္ထု၊ ဆောင်းပါးများကို စတင်ရေးသားခဲ့သည်။ ၁၈၉၉ ခုနှစ်တွင် အာဖရိကတိုက်၌ ဗိုးဝါးစစ်ပွဲ ဖြစ်ပွားလာသောအခါ ဝေါလေ့စ်သည် စစ်တပ်မှထွက်၍ ရိုက်တားအတွက် စစ်သတင်းထောက် အဖြစ် လုပ်ကိုင်သည်။ လန်ဒန်မြို့ရှိ 'ဒေးလီးနယူး' သတင်းစာ၊ 'ဒေးလီးမေး' သ



www.burmeseclassic.com

www.burmeseclassic.com





စုံထောက်ဝတ္ထုရေးရာတွင် နာမည်ကျော်သူ အဂ္ဂါ ဝေါလေ့

တင်းစာတို့အတွက် အာဖရိကတိုက် သတင်းကိုယ်စားလှယ် ဖြစ်သည်။ ထို့နောက် လန်ဒန်မြို့သို့ ပြန်လာ၍ သတင်းထောက် အလုပ်ကို လုပ်သည်။

၁၉၀၆ ခုနှစ်သို့ ရောက်သောအခါ အဂ္ဂါဝေါလေ့သည် စွန့်စားခန်းပါဝင်သော ဝတ္ထုရေးဆရာအဖြစ်ဖြင့် နာမည် ထင်ရှားလာလေသည်။ 'အခန်း ၁၃'၊ 'မျက်နှာဖြူ'၊ 'တရားစောင့်သူ လေးဦး' တို့သည် ထင်ရှားသော ဝတ္ထုအချို့ဖြစ်၍ ပြဇာတ် များတွင် 'မျက်နှာဖုံးဝါ'၊ 'ထိတ်လန့်စရာ'၊ 'ဖော်ကောင်' တို့မှာ ဝေါလေ့၏ လက်ရာကောင်းအချို့ ဖြစ်သည်။

အဂ္ဂါဝေါလေ့သည် အမေရိကန်နိုင်ငံ၊ဟောလီဝုဒ်၌ ရုပ်ရှင်ဇာတ်ညွှန်းများ ရေးနေခိုက် ၁၉၃၂ ခုနှစ် ဖေဖွာဝါရီလ ၁၀ ရက်နေ့တွင် ရုတ်တရက် ကွယ်လွန်ခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် လန်ဒန်မြို့ရှိ သတင်းစာရပ်ကွက်၏ ဗဟိုဌာန ဖြစ်သော ဖလိလမ်းထောင့်၌ 'သတင်းထောက် အဂ္ဂါဝေါလေ့' အတွက် အထိမ်းအမှတ် ပြုလုပ်ထားရှိကြလေသည်။

**ဝက်**။ ။ဝက်ကို လူတိုင်းမြင်ဘူးကြမည်ဖြစ်သော်လည်း ဝက်မျိုး၏မူရင်းအစကို သိရှိသူကား နည်းပါးလှပေမည်။ ယခု ကမ္ဘာအနှံ့အပြားတွင် တွေ့ရှိနေရသော ဝက်များမှာ တောဝက်များကို ယဥ်ပါးအောင် အိမ်တွင် မွေးမြူကြရာမှ တဖြည်းဖြည်း ပေါက်ဖွားလာသော ဝက်များဖြစ်ကြသည်။ မြေတွင်မြုပ်၍ ကျောက်သားဖြစ်နေသော ဝက်ရိုးအကြွင်းအကျန်များကို တူးဖော်တွေ့ရှိရခြင်းဖြင့် ရှေးဝက်ရိုင်းများကို ဥရောပတိုက်နှင့် အာရှတိုက်တွင် တွေ့ရကြောင်း သိရလေသည်။ အမေရိကတိုက်တွင်ကား မတွေ့ရချေ။ ယခု ဝက်များသည် ဥရောပတိုက်နှင့် အာရှတိုက်ရှိ တောဝက်ရိုင်းများမှ ဆင်းသက်ပေါက်ပွားလာကြသော ဝက်များဖြစ်ကြသည်။ ဘီစီ ၂၉၀၀ နှစ်လောက်မှစ၍ တရုပ်တို့သည် ဝက်များကို ယဥ်ပါးအောင် မွေးမြူလာကြသည်ဟု ဆိုသည်။

ဝက်များသည် ညစ်ပတ်၍ မသန့်ဟု အယူရှိကာ အချို့သောလူမျိုးတို့က ဝက်သားကို မစားကြသော်လည်း အခြားလူမျိုးများ အထူးသဖြင့် တရုပ်လူမျိုးသည် ဝက်သားကို အလွန်နှစ်သက်ကြလေသည်။ အမှန်မှာ ဝက်သည် ထင်သလောက် ညစ်ပတ်ပေကျံသော တိရစ္ဆာန် မဟုတ်ပေ။ သဘာဝအလျောက် ဝက်သည် အခြား သန့်ရှင်းသော တိရစ္ဆာန်များကဲ့သို့ပင် သန့်ရှင်းသော တိရစ္ဆာန်ဖြစ်သည်။ မညစ်ပတ်သည်သာမက ဝက် မွေးမြူသူတို့သည် ဝက်ကို သန့်ရှင်းစွာသာ ထားနိုင်ပါက အထူးပင် စင်ကြယ်သော တိရစ္ဆာန်ဖြစ်နိုင်သည်။မွေးမြူသူတို့၏ ညစ်ပတ်စွာ ထားရှိမှုကြောင့်သာ ဝက်များကို ညစ်ပတ်သည်ဟု ထင်မှတ်ကြလေသည်။ ဝက်မွေးမြူရာ၌ သန့်ရှင်းစင်ကြယ်စွာ ကျန်းမာရေးနှင့် ကိုက်ညီအောင် ထားနိုင်လျှင် ကြီးလွယ်၍ ဝက်ဦးရေ များစွာ တိုးပွားနိုင်လေသည်။

ကျန်းမာ သန်စွမ်းသော ဝက်သိုးတကောင်သည် အသက် ရှစ်လအရွယ်မှစ၍ မိတ်လိုက်နိုင်စွမ်းရှိ၍ ဝက်မတာန်းများမှာလည်း အသက်ရှစ်လ၊ ရှစ်လခွဲအရွယ်မှစ၍ မိတ်လိုက်နိုင်ပြီးလျှင် တနှစ်အရွယ်တွင် ပဌမသားများ မွေးကြလေသည်။ ထိုသို့မွေးပြီးနောက် တနှစ်လျှင် နှစ်သားပေါက်သည်။ တသားတသားလျှင် ဝက်ရိုင်းဖြစ်ပါက ဝက်ကလေးလေးကောင်မှ ခြောက်ကောင်အထိ မွေး၍ အိမ်မွေးဝက်မှာကား ရှစ်ကောင်မှ ဆယ်ကောင်အထိ မွေးလေသည်။ ဝက်ကလေးများသည် ရက်သတ္တ ခြောက်ပတ်မှ ဆယ်ပတ်အတွင်းတွင် မိခင်ဝက်မကြီးမှ သားခွဲလေသည်။


ဝက်သည် ဗိုင်းရပ် ရောဂါ တမျိုးဖြစ်သော ဝက်ကာလဝမ်းရောဂါ အထူးသဖြင့် စွဲကပ်တတ်၏။ ထိုရောဂါ စွဲကပ်သောဝက်၏ အဆုတ်နှင့် နှာခေါင်းတို့သည် ရောင်လာပြီးလျှင် များသောအားဖြင့် ထိုရောဂါကြောင့် သေတတ်သည်။ ထို့ကြောင့် ဝက်မွေးမြူသူများသည် ဝက်ကလေးများ ရက်သတ္တပတ် အနည်းငယ် ကြီးပြင်း လာသောအခါတွင် ထိုကာလဝမ်းရောဂါ မကျရောက်စေရန် ဆေးထိုးပေးလေ့ရှိကြသည်။ အကယ်၍ ဝက်တွင် ကာလဝမ်းရောဂါ ကျရောက်



www.burmeseclassic.com

www.burmeseclassic.com





ဝက်ကို ဂရုတစိုက် သန့်ရှင်းပေးပြီးလျှင် အလေးချိန် လျင်မြန်စွာတိုးတက်စေမည့် အစာများကို ကျွေးရသည်။

လာလျှင် ဝက်အားလုံးကိုသတ်ပြီးလျှင် ထိုသတ်ပြီး ဝက်များကို မီး ရှို့ပစ်ရပေမည်။ ဝက်များ နေထိုင်သည့် နေရာများကိုလည်း ပိုးများသေကုန်သည်အထိ ပိုးသတ်ဆေးများဖြင့် သုတ်သင် ရှင်းပစ်ရပေမည်။

ဝက်တကောင်လုံးသည် အသုံးဝင်၏။ အသားကို စားရ၍ အဆီကို အိမ်သုံးဟင်းချက်ဆီအဖြစ် အသုံးပြုနိုင်ပြီးလျှင် အမွေးကို ဝက်မှင်ဘီးပြုလုပ်ရာ၌၎င်း၊ ဝက်ရေကို မြင်းကုန်းနှီး၊ ပိုက်ဆံအိတ် စသည်တို့ကို ပြုလုပ်ရာ၌၎င်း အသုံးပြုကြ၏။

ဝက်သည် အစာအကျွေးရနည်းပြီးလျှင် အသားအများဆုံးဖြစ်သော တိရစ္ဆာန်မျိုးဖြစ်၏။ ယင်းတို့ စားသောက်ရသော အစားအစာတို့၏ ၂၀၊ သို့မဟုတ် ၂၅ ရာခိုင်နှုန်းမျှကို အသားဖြစ်စေနိုင်ကြသည်။ ပုံပမာ—ကောင်းမွန်သော အစာလေးပိဿာ၊သို့မဟုတ် ငါးပိဿာကျွေးတိုင်း ကျွေးတိုင်း ဝက်တို့သည် အသားတင် ဝက်သား တပိဿာကျ ထွက်နိုင်ကြသည်။ နွားများမှာကား ၁၀ ပိဿာ၊ ၁၂ ပိဿာကျွေးမှ အသားတင် နွားသား တပိဿာ ထွက်နိုင်သည်။

အခြားတိရစ္ဆာန်များကဲ့သို့ပင် ဝက်တွင်လည်း ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ ဓာတ်သတ္တုနှင့် ဗီတာမင်များ ယင်းတို့၏ အစာများ၌ ပါဝင်ရန် အရေးကြီးလေသည်။ ဝက်သည် ဓာတ်သတ္တုများချို့တဲ့သည့် ကောက်နှံအများအပြားကို စားသောက်၏။ ထို့ကြောင့် ယင်း၏ အစာတွင် ဓာတ်သတ္တု ထည့်ပေးရပေမည်။ အခြေအနေကိုလိုက်၍ ဝက်၏ အစာကို ပြောင်းလဲပေးသင့်သည်။ ထင်ရှားအောင်ဖော်ပြရလျှင် ကိုယ်ဝန်ဆောင်ဝက်မကို သားငယ်များ၏ ခန္ဓာကိုယ် ထွားကျိုင်းစေမည့်အစာကို ကျွေးသင့်၍ အသားအတွက် ရောင်းစားမည့် ဝက်ကိုမူ အလေးချိန် လျင်မြန်စွာ တိုးတက်စေမည့် ကာဗိုဟိုက်ဒရိတ်နှင့် အဆီများကို ကျွေးသင့်သည်။ ကိုယ်ဝန်ဆောင် ဝက်မများကို တခါတရံ အိုင်အိုဒင်း ပါသော အစာများကို ကျွေးသင့်၏။ သို့မှသာ မွေးဖွားလာမည့် သားငယ်များတွင် အမွေးများ လုံလောက်စွာ ပါလာနိုင်ပေလိမ့်မည်။ အခြားတိရစ္ဆာန်များကဲ့သို့ပင် ဝက်သည်လည်း ဗီတာမင်များကို လုံလောက်စွာ မရရှိလျှင် ဒုက္ခရောက်နိုင်လေသည်။ ဝက်အတွက် အထူး အရေးကြီးသော ဗီတာမင်များမှာ ဗီတာမင် အေ နှင့် ဒီတို့ဖြစ်သည်။ လူကဲ့သို့ပင် ဝက်သည်လည်း ဗီတာမင် ဒီ ကိုသာ လုံလောက်စွာ မရရှိလျှင် ရစ်ကက်ရောဂါဖြစ်တတ်ပေသည်။

ဝက်များ မွေးမြူခြင်းနှင့် ဝက်သား စည်သွတ်လုပ်ငန်းသည် အမေရိကန်ပြည်ထောင်စုတွင် အလွန်ကြီးကျယ်သော လုပ်ငန်းတရပ် ဖြစ်၏။ ဝက်သား စည်သွတ် လုပ်ငန်းသွင်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်သော မြို့ကြီးများမှာ ရှီကားဂိုးမြို့၊ ကင်းဆပ်မြို့နှင့် အိုမာဟာ မြို့တို့ဖြစ်ကြသည်။

အင်္ဂလန် နိုင်ငံတွင် မွေးမြူသော ထင်ရှားသည့်ဗြိတိသျှ ဝက်မျိုးများမှာ ယောက်ရှိုင်ယာနယ်ရှိ ဝက်ကြီး၊ ဝက်လတ်၊ ဝက်ငယ်မျိုး၊ လင်ကွန်ရှိုင်ယာနယ်ရှိ အမွေးလိမ်ဝက်ဖြူမျိုး နှင့် ဗတ်ရှိုင်ယာနယ်ရှိ ဝက်မျိုးများဖြစ်ကြသည်။

ပါဏဗေဒအလိုအားဖြင့် ဝက်သည် ဆူအီဒီးမျိုးရင်းတွင် ပါဝင်၏။ ယခုအခါ၌ တွေ့မြင်နေကြရသော အိမ်မွေး ဝက်များ များသောအားဖြင့် ဆင်းသက် ပေါက်ဖွားလာသည့် ရိုးရိုးဥရောပတိုက် တောဝက်သည် ဆပ်စ ဆကရိုဖာ ဖြစ်၍ တရုပ်ဝက်သည် ဆပ်စ အင်ဒိကပ် ဖြစ်သည်။

**ဝက္ကလိထေရ်။** ။သာဝတ္ထိပြည် ပုဏ္ဏားမျိုးတွင် ဝက္ကလိ ထေရ်လောင်းသည် ဖွားမြင်၏။ အရွယ်ရောက်သောအခါ ဂေါတမမြတ်စွာဘုရားသခင် ဆွမ်းခံဝင်လာသည်ကို ဖူးမြင် ရလေသည်။ ဝက္ကလိထေရ်လောင်းသည် မြတ်စွာဘုရား၏ လက္ခဏာကြီးငယ် အံ့ဖွယ် အဖုံဖုံ ကိုယ်တော်၏ပြည့်စုံခြင်း ကို ကြည့်ရှုဖူးမျှော်ရ၍ တင်းတိမ်ရောင့်ရဲခြင်းမရှိနိုင်ရကား မြတ်စွာဘုရားထံတော်တွင် ရဟန်းပြုက ဘုရားသခင်အား မပြတ်စေ့ငု ကြည့်ရှုဖူးမျှော်ခြင်းငှာ အခွင့်ရကောင်းသော နေရာ၌ တည်နေလျက် သရဇ္ဈာယ်ခြင်း၊ ကမ္မဋ္ဌာန်း နှလုံး သွင်းခြင်း စသည်တို့ကို ပယ်စွန့်၍ မြတ်စွာဘုရားသခင်ကို ဖူးမြင်ကြည့်ရှုလျက်သာလျှင် လှည့်လည်နေလေသည်။

မြတ်စွာဘုရားသည် ထိုဝက္ကလိထေရ်၏ ပညာဉာဏ် ရင့် ကျက်ခြင်းကို ငံ့လျက် တစုံတခုသောစကားကိုမျှ ပြောဆို ဆုံးမတော်မမူချေ။ သို့သော် တနေ့တွင် မြတ်စွာဘုရား သည် ဝက္ကလိ၏ အသိအလိမ္မာ ပညာဉာဏ် ရင့်ကျက်လာပြီ ဖြစ်ကြောင်းကို သိတော်မူ၍ 'ချစ်သား ဝက္ကလိ၊ ပိသာဒ စက္ခုဖြင့် ကြည့်ရှုထင်ထင် တွေ့မြင်နိုင်ကောင်းသော သုံး ဆဲ့နှစ်ဝ ကောဋ္ဌာသကို ပေါင်းထုစုချုပ် ဤငါဘုရား၏အပုပ် ကောင်တည်းဟူသော ကိုယ်ဖြင့် သင့်အား အဘယ်အကျိုး ရှိချေအံ့နည်း။ ချစ်သားဝက္ကလိ၊ စင်စစ် အကြင်ပုဂ္ဂိုလ်သည် ငါဘုရား ဟောကြားသော တရားတော်ကို ပညာစက္ခုဖြင့် ထင်မြင်အောင် ကြည့်ရှု၏။ ဘုရားဟောကြား မြတ်တရား ကို ပညာစက္ခုဖြင့် ထင်မြင်အောင် ကြည့်ရှုနိုင်သော ထို ပုဂ္ဂိုလ်သည် ငါဘုရားကို ကြည့်ရှုဖူးမျှော်သည် မည်ပေ၏။ အကြင် ပုဂ္ဂိုလ်သည် ငါဘုရား ဟောကြားသော တရား တော်ကို ပညာစက္ခုဖြင့် ထင်မြင်အောင် မကြည့်ရှု၊ ဘုရား ဟောကြား တရားတော်ကို ထင်မြင်အောင်မကြည့်ရှုသော ထိုပုဂ္ဂိုလ်သည် ငါဘုရားကို မဖူးမျှော်မကြည့်ရှုသည် မည်၏' ဟု မိန့်ဆိုဆုံးမ ဩဝါဒ ပေးသနားတော်မူ၏။

သို့သော် ဝက္ကလိထေရ်သည် မြတ်စွာဘုရားအား ဖဲခွာ၍ အရပ်တပါးသို့ သွားခြင်းငှာ မတတ်နိုင်ခဲ့ချေ။ ထိုကြောင့် မြတ်စွာဘုရားသည် ဤရဟန်းကား တုန်လှုပ်ထိတ်လန့်ခြင်း ကို မရမူ၍ သစ္စာလေးပါး တရားကို ပိုင်းခြားတည့်တည့် ထိုးထွင်း၍မသိလတ္တံ့ဟု သိမြင်တော်မူသောကြောင့် ရာဇ ဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဝါကပ်မည့်နေ့တွင် 'ချစ်သား ဝက္ကလိ၊ အရပ်တပါး ဖဲသွားလေလော့၊ ချစ်သားဝက္ကလိ၊ အရပ်တပါး ဖဲသွားလေလော့'ဟု မိန့်တော်မူပြန်၏။

ထိုအခါ ဝက္ကလိထေရ်က ငါသည် သုံးလပတ်လုံး မြတ်စွာ ဘုရားအား ဖူးမျှော်ခြင်းငှာ မစွမ်းနိုင်တော့ပြီ။ ထိုသို့မစွမ်း နိုင်၍ အသက်ရှင်နေခြင်းဖြင့် အဘယ်အကျိုး ရှိတော့အံ့ နည်း။ မြင့်မောက်လှစွာသော ဂိဇ္ဈကုဋ်တောင်ထက်မှ ခုန် ဆင်းခြင်းဖြင့်သာ သေစေတော့အံ့'ဟု ကြံ၍ ဂိဇ္ဈကုဋ် တောင်ထက်သို့ ရှေးရှုတက်လေသည်။ မြတ်စွာဘုရားသည် ဝက္ကလိထေရ်၏ ပင်ပန်းနွမ်းနယ်ကြောင်းကိုသိတော်မူသဖြင့် 'ဤရဟန်းသည် ငါဘုရား၏အထံ၌ လျော်ကန်သင့်စွာ သက်သာရာကို မရခဲ့သည်ရှိသော် မဂ်ဖိုလ်တို့၏ ရကြောင်း ဥပနိဿယအချည်းနှီးပျက်စီးလေရာ၏'ဟု ဆင်ခြင်တော် မူ၍ မိမိတည်းဟူသော ကိုယ်တော်ကို ဖူးမျှော်ကြည့်ရှုရန် ရည်သန် ပြသတော်မူခြင်းငှာ အရောင်ကို လွှတ်တော်မူ၏။ ထိုအခါ ဝက္ကလိထေရ်၏ကြီးကျယ်လှစွာသော စိုးရိမ်ကြောင့် ကြခြင်း သောကသည် ပျောက်ကွယ်သွားလေသည်။

ထိုနောက် ဝက္ကလိထေရ်အား နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်စေလို၍ 'ဘုရားမြတ်စွာ သာသနာ၌ ကြည်ညိုသော ရဟန်းသည် ဘုရားမြတ်စွာ သာသနာ၌ ငြိမ်သက်အေးမြ သော၊ ပြုပြင်တတ်စွ သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာ ဖြစ် သော၊ တုမဲ့ဖက်လွတ် အထွတ်အထိပ် ချမ်းသာဖြစ်သော နိဗ္ဗာန်သို့ ရပေရာ၏'ဟု ဟောကြားတော်မူပြန်သည်။ ထို ဂါထာကို ဟောကြားတော်မူပြီး၍ ဝက္ကလိထေရ်အား ဆွဲ ခေါ်တော့မည့်ကဲ့သို့ လက်တော်ကို ဆန့်တန်းတော် မူပြီး လျှင် 'ချစ်သားဝက္ကလိ ငါဘုရားထံသို့ အမြန်လာလော့၊ ငါ၏ မျက်မှောက်မှ နှင်ထုတ်လိုက်ခြင်းကို မကြောက်ရွံ့ပါ လေလင့်၊ ငါဘုရားသည် ညွန်ပျောင်းတွင် နစ်မြုပ်နေသော ဆင်ပြောင်ကြီးကို ကယ်တင်ထုတ်ဆောင်ဘိသကဲ့သို့ ကိလေ သာ ညွှန်ပျောင်း၌ နစ်မြုပ်နေသော သင်ဝက္ကလိကိုလည်း ငါဘုရားသည် လျင်မြန်စွာ ကယ်တင် ထုတ်ဆောင်တော်မူ ပေအံ့။'

'ချစ်သားဝက္ကလိ၊ ငါဘုရားထံသို့ အမြန်လာလော့၊ နှင် ထုတ်သည်ဟု မကြောက်ရွံ့ပါလေလင့်၊ ငါဘုရားသည် ရာဟု အမည်ရှိသော အသုရိန်နတ်က နေကို ဖမ်းဆီး ချုပ်ချယ် ထားခြင်းမှ လွှတ်မြောက်စေဘိသကဲ့သို့ သင် ချစ်သားဝက္က လိအား ကိလေသာထု ရာဟုနတ်ကြီး ဖမ်းဆီး၍သွားသော လက်မှ အလျင်ထုတ်ချောက် လွှတ်မြောက်တော်မူစေအံ့။'



www.burmeseclassic.com

www.burmeseclassic.com



'ချစ်သား ဝက္ကလိ၊ ငါဘုရားထံသို့ အမြန်လာလော့၊ သင့်အား နှင်ထုတ်ပစ်သည်ကို မကြောက်ရွံ့ပါလေလင့်၊ ငါသည် သင့်အား ရဟုအမည်ရှိသော အသုရိန်နတ်ကြီးက လက်ကိုဖမ်းဆီးချုပ်ချယ်ထားခြင်းမှ လွတ်မြောက်စေဘိသကဲ့သို့ သင် ချစ်သားဝက္ကလိကို ကိလေသာထု ရာဟုနတ်ကြီး ဖမ်းဆီး၍ ထားသော လက်မှ အလျင်ထုတ်ချောက် လွတ်မြောက်တော်မူစေအံ့'ဟု ဆိုတော်မူ၏။

ထိုအခါ ဝက္ကလိထေရ်သည် လွန်စွာနှစ်သက်ခြင်း ဖြစ်ပြီးလျှင် မြတ်စွာဘုရား ရှိရာကို ဆင်ခြင်ရာ မမြင်နိုင်သဖြင့် မြတ်စွာဘုရားသခင်၏ မျက်မှောက်ဖြစ်သော ကောင်းကင်သို့ ကြွမြောက်ပျံတက်၍ ပဌမခြေလှမ်းသည် တောင်ထိပ်၌ တည်လျက်သာလျှင် မြတ်စွာဘုရား ဟောကြားတော်မူသော တရားဂါထာကို ဆင်ခြင်လျက် ကောင်းကင်ထက်၌ သာလျှင် လွန်စွာပြန့်ထွက် နှစ်သက်ခြင်း ပီတိကို ခွာ၍ ပဋိသမ္ဘိဒါ တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ပြီးသော် မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုး လျက်သာလျှင် ကောင်းကင်မှ သက်ဆင်း၍ မြတ်စွာဘုရား၏ ထံတော်၌ တည်နေလေသည်။


မြတ်စွာဘုရားသခင်သည် ဝက္ကလိထေရ်အား သဒ္ဓါတရား ဖြစ်ပွားရှိးရင်း နှလုံးသွင်းရှိကုန်သော ပုဂ္ဂိုလ်တို့တွင် ထူးကဲသူအဖြစ် အထွတ်အထိပ် အမြတ်အရာ၌ ထားတော်မူလေသည်။

**ဝက်။** ။မြန်မာသဒ္ဒါ — ၅။

**ဝက်စမင်စတာ အက်ဗေး။** ။ဝက်စမင်စတာ အက်ဗေးသည် လန်ဒန်မြို့ ဝက်စမင်စတာရပ်တွင် ဗြိတိသျှပါလီမန် အဆောက်အအုံအနီး၌ တည်ရှိ၍ ထင်ရှားသော ဘုရားရှိခိုးကျောင်းကြီးဖြစ်သည်။ ရှေးအခါက ဗင်နဒစ်ဂိုဏ်းဝင် ဘုန်းကြီးကျောင်းဖြစ်ခဲ့သည်။ ရှစ်ရာစုနှစ်က တည်ဆောက်ခဲ့သော ဘုန်းကြီးကျောင်းနေရာမှာ လက်ရှိ ဘုရားရှိခိုးကျောင်း၏ အနောက်ခပ်ယွန်းယွန်းတွင် ဖြစ်သည်။ ဝက်စမင်စတာအက်ဗေး၏ အမည်ရင်းသည် စိန့်ပီတာ ဘုရားရှိခိုးကျောင်းဖြစ်သည်ဟုဆို၏။

ဝက်စမင်စတာ အက်ဗေးသည် အင်္ဂလန်နိုင်ငံ သမိုင်းနှင့် ဆက်စပ်လျက် ရှိသည်။ ပဉ္စမအက်ဒွပ်နှင့် အဋ္ဌမ အက်ဒွပ် ဘုရင်တို့မှတပါး ဝီလျံ—သ—ကွန်ကာရာဘုရင် လက်ထက်မှစ၍ အင်္ဂလန်ပြည့်ရှင် ဘုရင်အသီးအသီးတို့သည် ထိုကျောင်းတော်ကြီးတွင်ဘိသိက်ခံခဲ့ကြသည်။အက်ဒွပ်—သ—ကွန်ဖက်ဆား ဝတ်ကျောင်း ဆောင်တွင် ဘိသိက်ခံရာ ကုလားထိုင်ကိုင်း၊ ထိုကုလားထိုင်အောက်၌ စကော့တလန်ပြည်မှ ၁၂၉၆ ခုနှစ်တွင် ယူဆောင်ခဲ့သော စကုန်း ကျောက်တုန်းကိုရင်း တွေ့နိုင်သည်။ ဝက်စမင်စတာ အက်ဗေးသည် မင်းမျိုးမင်းနွယ်တို့ ထိမ်းမြားလက်ထပ်ရာ ဘုရားရှိခိုးကျောင်းလည်းဖြစ်သည်။ ဘုရင်နှင့် မိဖုရားတို့ကို ဂူသွင်း သင်္ဂြိုဟ်ရာဌာနလည်းဖြစ်သည်။ ထို့ပြင် နိုင်ငံခေါင်းဆောင်များ၊ အာဇာနည် သားကောင်းများ၏ ဂူသင်္ချိုင်းများလည်း ထိုကျောင်းအတွင်း၌ ရှိသည်။ ကျောင်း၏ တောင်ဖက်အဆွယ်တွင် 'ကဗျာစာဆိုထောင့်'ဟူ၍ ကဗျာစာဆိုကျော်တို့အတွက် အထိမ်းအမှတ် အဖြစ်ဖြင့် သီးသန့်နေရာ သတ်မှတ်ထားရှိသည်။ထိုနေရာတွင် ချော်စာ၊ရှိတ်စပီးယား၊ ဗင် ဂျွန်ဆင်၊ မီလတန်၊ စပင်ဆာ၊ ဒရိုင်ဒင်စသော စာဆိုတော်တို့၏ရုပ်တုနှင့် ကမ္ပည်းစာတမ်းတို့ကိုတွေ့နိုင်သည်။ အခြားစာဆိုတော်နှင့် လူရည်ချွန်များဖြစ်သော ကိုးလားရစ်၊ ဗန်း၊ ဆယ်မျူယယ် ဂျွန်ဆင်၊ မကောလေး၊ ဒစ်ကင်း၊ လစ်ဗင်းစတုန်း၊ ဒါဝင်၊ နျူတန်၊ ပစ်၊ ဖောက်၊ ဂလက်စတုန်း၊ ဒစ်ဇရေလီ၊ ဟာဒီ၊ ကစ်ပလင်း တို့အတွက် ဂူများ၊ အထိမ်းအမှတ်များလည်း ကျောင်းအတွင်း၌ ရှိကြသည်။

၁၀၅၀—၁၀၆၅ခုနှစ်များအတွင်းကအက်ဒွပ်—သ—ကွန်ဖက်ဆား ဘုရင်သည် ထိုနေရာ၌ နော်မန်ပုံစံ ဘုရားရှိခိုးကျောင်း တဆောင်ကို တည်ဆောက် ခဲ့သည်။ ၁၂၄၅ ခုနှစ်တွင် တတိယ ဟင်နရီဘုရင် (ခရစ် ၁၂၀၇–၇၂)က အရှေ့ဖက်အ



ဝက်စမင်စတာ အက်ဗေး၏ ရှုခင်းတရပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ကိုဆောက်လုပ်သည်။ တဖန် ၁၅ ရာစုနှစ်တွင် သတ္တမ ဟင်နရီဘုရင်(ခရစ်၁၄၅၇-၁၅၀၉)က တတိယဟင်နရီဘုရင် ဆောက်လုပ်ခဲ့သော အဆောင်ကို အသစ်ပြင်၍ ဆောက်သည်။ ထိုကဲ့သို့ ဝက်စမင်စတာ အက်ဗေးကို ဘုရင်အဆက်ဆက်တို့က ပြင်ဆင်မွမ်းမံလာခဲ့ကြရာ နောက်ဆုံး ၁၈ ရာစုနှစ်တွင် ဆာ ခရစ္စတိုဖာ ရင်းက အနောက်ဖက်ရှိ မျှော်စင်ကြီးနှစ်ခုကို ပုံစံထုတ်၍ တည်ဆောက်ခဲ့သည်။ ထိုမျှော်စင်ကြီးများသည် ၁၇၄၀ ပြည့်နှစ်တွင် ပြီးစီးလေသည်။ (ရင်း၊ ဆာ ခရစ္စတိုဖာ — လည်းရှု။)

ဝက်စမင်စတာ အက်ဗေးသည် ဂေါ့သ ဗိသုကာပုံစံ လက်ရာကောင်းတခု ဖြစ်သည်သာမက ပြောင့်ကြောင်းထိုးတိုင်များ၊ ခုံးချွန်များ၊ အရောင်ခြယ် ပြတင်းမှန်များဖြင့် ခမ်းနား တင့်တယ်လှပေသည်။ အဆောက်အအုံ အလျား ပေ ၅၁၀ ရှိ၍ မျှော်စင်အမြင့်မှာ ၂၂၅ ပေ ဖြစ်သည်။ ဘုရားဝတ်ပြုရာ အဆောင်ပေါင်း ၁၁ ခု ရှိသည်။ အဝင်ဝ လက်ျာဖက်တွင် ဂျရူးဆလမ်း ခန်းမဆောင် တည်ရှိသည်။

ဝက်စမင်စတာ အက်ဗေး၏ အလယ်ခန်းမတွင် ပဌမကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သော အညတြစစ်သည်တော်များ၏ ဂူသင်္ချိုင်းရှိသည်။ သတ္တမ ဟင်နရီ ဝတ်ကျောင်းဆောင်၌လည်း ဒုတိယ ကမ္ဘာစစ်အတွင်းက ဗြိတိန် လေကြောင်းတိုက်ပွဲတွင် ကျဆုံးခဲ့သော လေသူရဲတို့အတွက် အထိမ်းအမှတ် ပြတင်းပေါက် တပ်ဆင်ထားသည်။ ဝက်စမင်စတာ အက်ဗေးသည် ဒုတိယကမ္ဘာစစ်အတွင်း ဂျာမန်လေတပ်က ဗုံးကြဲသဖြင့် အတော်အတန် ပျက်စီးခဲ့ရသည်။

ဝက်စမင်စတာ အက်ဗေးကို မည်သည့် ဂိုဏ်းအုပ်၊ဂိုဏ်းချုပ် လက်အောက်၌မျှ မထားပဲ၊ ဘုရင်က ခန့်အပ်သော ဘုန်းတော်ကြီးက စီမံ အုပ်ချုပ်ရလေသည်။

**ဝက်စလီ,ဂျွန်**(ခရစ် ၁၇၀၃–၁၇၉၁)။ ။ဂျွန် ဝက်စလီသည်မက်သဒစ်ခရစ်ယန်ဂိုဏ်းကိုတည်ထောင်ခဲ့သူဖြစ်သည်။ ၁၈ ရာစု နှစ်ဦးပိုင်းတွင် အောက်စဖို့ တက္ကသိုလ်၌ အင်္ဂလန်သာသနာဂိုဏ်း သင်းထောက်ဆရာ ဂျွန်ဝက်စလီနှင့် သူ၏ညီ တက္ကသိုလ်ကျောင်းသား ချားဝက်စလီတို့ ခေါင်းဆောင်သော လူငယ်အဖွဲ့အစည်းတခု ပေါ်ပေါက်ခဲ့သည်။ ထိုအဖွဲ့ဝင်တို့သည် ဘုရားဝတ်ပြုကိုးကွယ်မှု၌ရင်း၊ အနေအထိုင်၌ရင်း အလွန် စည်းကမ်းစံနစ် ကြီးကြသည်။ အခြားကျောင်းသူ ကျောင်းသားတို့က ထိုအဖွဲ့ကို "ဟိုးလီးကလပ်" ဟုရင်း၊ အဖွဲ့ဝင်များကို "မက်သဒစ်" ဟု ရင်း သရော်သည့် အနေဖြင့်ခေါ်ကြသည်။ ထိုသို့အားဖြင့် မက်သဒစ်ခရစ်ယန်ဂိုဏ်း ဟူ၍ ပေါ် ထွက်လာလေသည်။

ဂျွန် ဝက်စလီသည် ၁၇၀၃ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ လင်ကွန်းရှိုင်ယာနယ်၊ အက်ပဝပ်မြို့၌ ဖွား



မက်သဒစ် ခရစ်ယန်ဂိုဏ်းကို တည်ထောင်ခဲ့သူ ဂျွန် ဝက်စလီ

မြင်သည်။ဖခင်ဆယ်မျူယယ် ဝက်စလီသည် သင်းအုပ်ဆရာဖြစ်၍ဂျွန်သည် သားသမီး ၁၉ ယောက်အနက် ၁၅ ယောက်မြောက်သား ဖြစ်သည်။ ၁၇၂၄ ခုနှစ်တွင် အောက်စဖို့ တက္ကသိုလ်မှ ဘွဲ့ရပြီးနောက် ဖခင်၏ သင်းထောက် ဆရာအဖြစ် သာသနာ့ဝန်ထမ်းအလုပ်၌ ဝင်ရောက် ဆောင်ရွက်သည်။ ၁၇၃၅ ခုနှစ်တွင် ဂျွန်နှင့် ချား ဝက်စလီ ညီနောင်နှစ်ဦးတို့သည် သာသနာပြုရန် အမေရိကန် ပြည်ထောင်စု၊ ဂျော်ဂျီယာ ပြည်နယ်သို့ ထွက်ခွာခဲ့ကြသည်။ ဂျွန်သည် သင်္ဘောပေါ်တွင် မိုရားဗီးယားပြည်က ခရစ်ယန် ခရီးသည်တို့၏ တည်ကြည်သော ယုံကြည်မှုကို အားကျမိခဲ့သည်။ အမေရိကန် နိုင်ငံ၌ သာသနာပြုခြင်းသည် မအောင်မြင်လှသောကြောင့် ၁၇၃၇ ခုနှစ်တွင် အင်္ဂလန် နိုင်ငံသို့ ပြန်လာပြီးလျှင် မိုရားဗီးယား အမျိုးသားတို့၏ အယူဝါဒဆိုင်ရာ ယုံကြည်မှုကို လေ့လာသည်။ ထိုနောက် ၁၇၃၈ ခုနှစ် မေလ ၂၄ ရက်နေ့ညဉ့်တွင် မိုရားဗီးယား အမျိုးသားတို့၏ အစည်းအဝေးတခုသို့ တက်ရောက်နေစဉ် မိမိ၏ အယူဝါဒဆိုင်ရာ ယုံကြည်မှုအသစ်ကို ဟောပြောရန်ဆုံးဖြတ်ခဲ့သည်။ ထိုအခါမှ စ၍ ဂျွန်ဝက်စလီသည် မိမိ၏ ယုံကြည်ချက်ကို လှည့်လည် ဟောပြောခဲ့လေသည်။

အင်္ဂလန် သာသနာဂိုဏ်းက ဘုန်းတော်ကြီးများသည် ဂျွန် ဝက်စလီ၏ အယူအဆကို လက်မခံနိုင်ကြသဖြင့် မိမိတို့နှင့်ဆိုင်ရာ ဘုရားရှိခိုးကျောင်းများ၌ တရားဟောပြောခွင့်



www.burmeseclassic.com

www.burmeseclassic.com



မပြုကြချေ။ ထို့ကြောင့် ဝက်စလီသည် လယ်ပြင် ဟောပြောပွဲများကို စီစဉ်၍ လူထုအား ဟောပြော ရသည်။ တနှစ်အတွင်း မိုင်ပေါင်း ၅,၀၀၀ ခန့်မျှ ခရီးပေါက်အောင် လှည့်လည်၍ တရားဟောသည်။ အင်္ဂလန်နိုင်ငံ၌ တနေရာမှ တနေရာသို့ မြင်းစီးသွားလာလေ့ရှိသည်။ ဝက်စလီ၏ ဝါဒကို နှစ်သက်လက်ခံသူတို့သည်လည်း အတိုက်အခံ ပြုခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း အကြားမှာပင် တိုးပွားများပြားလာသည်။ ထိုအခါ နောက်လိုက်များ ပါဝင်သော အဖွဲ့အစည်းတို့ကို စံနစ်တကျ ဖွဲ့စည်းပေးသည်။ အယူဝါဒနှင့်ဆိုင်သော စာရွက် စာတန်း မြောက်မြားစွာကိုလည်း ပြုစုရေးသားခဲ့သည်။ သို့ရာတွင် ဂျွန် ဝက်စလီသည် အင်္ဂလန်သာသနာ ဂိုဏ်းမှ ခွဲထွက်၍ သာသနာဂိုဏ်းသစ်တခုကို တည်ထောင်ရန် မရည်ရွယ်ခဲ့ချေ။ ထို့ကြောင့် သူ ကွယ်လွန်ပြီးနောက်မှသာ မက်သဒစ် ခရစ်ယာန်ဂိုဏ်း ဟူ၍ သီးခြားတည်ထောင်ကြသည်။

မက်သဒစ် ခရစ်ယာန် သာသနာသည် အင်္ဂလန်၊ စကော့တလန်နှင့် အိုင်ယာလန် နိုင်ငံတို့တွင် အခြေကျပြီးလျှင် အမေရိကန် ပြည်ထောင်စုသို့ ပျံ့နှံ့ရောက်ရှိသည်။ ဂျွန် ဝက်စလီသည် ၁၇၉၁ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကွယ်လွန်လေသည်။

ချားလ်စ် ဝက်စလီ (ခရစ် ၁၇၀၇–၁၇၈၈) သည် အစ်ကို ဂျွန်ဝက်စလီနှင့်အတူမက်သဒစ်ခရစ်ယာန်သာသနာလုပ်ငန်း၌ ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ဓမ္မသီချင်းပေါင်း ၆,၀၀၀ ကျော်မျှ ရေးစပ်ခဲ့သူအဖြစ်ဖြင့် ပို၍ ထင်ရှားသည်။

**ဝက်ရူးနာ။** ။ဝက်ရူးနာ ဖြစ်ရသည့် အကြောင်းရင်းကို ယခုတိုင် မသိကြသေးချေ။ သို့သော် ဆရာဝန်များသည် ထိုရောဂါဖြစ်နေသူ၏ ဦးနှောက်မှ ဖြစ်ပေါ်စေသော လျှပ်စစ်လှိုင်းများကို ဦးနှောက်၏ လျှပ်စစ်လှိုင်းမှတ်သည့် ကရိယာတွင် တွေ့မြင်နိုင်ကြလေသည်။ ထိုရောဂါအတွက် ထိုကရိယာကို သီးခြား တီထွင်ထားခြင်း ဖြစ်ရာ ရောဂါကျရောက်နေစဉ်၌ ဖြစ်ပေါ်လာသော လျှပ်စစ်လှိုင်းများ၏ ပုံသဏ္ဍာန်များ ထူးခြားစွာပြောင်းလာသည်ကို တွေ့ရသည်။

ဝက်ရူးနာသည် နာဗ်ကြော အဖွဲ့တွင် ကျရောက်သည့် ရောဂါကြောင့် ဖြစ်လာခြင်းဖြစ်သည်။ ယေဘုယျအားဖြင့် ထိုရောဂါသည် မျိုးရိုးဇာတိနှင့် မဆိုင်ချေ။ တဦးမှတဦးသို့လည်း မကူးစက်ချေ။

ပြင်းထန်သော ဝက်ရူးနာ ဖြစ်လျှင် ဝေဒနာရှင်သည် ရုတ်တရက် သတိမေ့ သွားပြီးလျှင် လဲကျသွားနိုင်လေသည်။ သူ၏ ကြွက်သားများ သည်လည်း လှုပ်ရှားလာပြီးလျှင် တက်တတ်လေသည်။ ထိုသို့ ဖြစ်ခြင်းသည် နှစ်မိနစ်မှ ငါးမိနစ်အထိ ကြာတတ်ပြီးနောက် တွေဝေနေတတ်သည်။

ဝက်ရူးနာသည် မပြင်းထန်လျှင် သတိလစ်သည့်အချိန်သည် အလွန် တိုတောင်းလေသည်။ သို့မဟုတ်လျှင် ထူးခြားသည့် ခံစားချက်များ ရှိတတ်သည်။ သို့မဟုတ်လျှင်လည်း စိတ်အနှောင့်အရှက်များ ရှိတတ်သည်။ ထိုအခြေအနေမျိုးသည် ကလေးများတွင် ဖြစ်ပေါ်လေ့ရှိသည်။

အထက်တွင် ဖော်ပြပါ အခြေအနေနှစ်မျိုး မဖြစ်ပဲ ထူးခြားသည့် အခြေအနေတမျိုးလည်းဖြစ်တတ်သေးသည်။ ထိုတတိယအမျိုးအစား အခြေအနေမျိုး ဖြစ်သော အခါတွင် ဝေဒနာရှင်သည် သာမန်အခါကကဲ့သို့ လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်၍နေလေသည်။ သို့သော် ထိုဝေဒနာရှင်သည် သူပြုလုပ်နေသည်ကို သူ သိလေ့မရှိချေ။ တခါတရံတွင် ဝေဒနာရှင်သည် အထက်ဖော်ပြပါ အခြေအနေ သုံးမျိုးအနက် တမျိုးမက ဖြစ်ပေါ်တတ်လေသည်။

ဦးနှောက်၏ အရေးကြီးသော အမှုဆောင်ရွက်ချက်မှာ သွေးအတွင်းမှ ရရှိသော သကြားနှင့် အောက်ဆီဂျင် စွမ်းအင်ကို နာဗ်ကြော စွမ်းအင်အဖြစ်သို့ ပြောင်းလဲ ပေးရန်ဖြစ်သည်။ဦးနှောက် နာဗ်ကြော စွမ်းအင်အဖြစ်သို့ ပြောင်းလဲပေးရာ၌ အချိန်နှင့် စွမ်းအင် ထုတ်လွှတ်ပေးသည့် နေရာကို မကန့်သတ်နိုင်၊ မအုပ်ထိန်းနိုင်လျှင် ဝက်ရူးနာ ဖြစ်လာလေတော့သည်။ ဝက်ရူးနာ ဖြစ်လာပြီးနောက် အချိန်အတော်ကြာ တွေဝေ၍နေခြင်းသည် ဦးနှောက်မှ စွမ်းအင်ကို မရနိုင်တော့ခြင်းကြောင့် ဖြစ်သည်။

တခါတရံတွင် ဝေဒနာရှင်၏ ဦးနှောက် တခုလုံး၌ အနှောင့်အရှက် မဖြစ်ပဲ အစိတ်အပိုင်းတခုခုတွင်သာ ဖြစ်ပေါ်တတ်သေးသည်။ သာဓကအဖြစ် ဖော်ပြရလျှင် တခါတရံတွင် ဝေဒနာရှင်၏ ခြေတဖက်တည်းသာ ဆတ်တောက်ဆတ်တောက်ဖြစ်သွားတတ်စေသည်။ ထိုသို့ ဖြစ်ရသည်မှာ ဦးနှောက်တွင် ခြေထောက်နှင့် သက်ဆိုင်သော အစိတ်အပိုင်း၌သာ အနှောင့်အရှက် ဖြစ်ခြင်းကြောင့် ဖြစ်သည်။

ဝက်ရူးနာ ဖြစ်လာစဉ် လူနာအား သူ့ကိုယ်သူ ထိခိုက်အောင် မပြုလုပ်နိုင်စေရန် ပြုပြင်ထားသင့်သည်။ ဝေဒနာရှင်အား ထွေးထွေးနွေးနွေး ထားပေးသင့်ပြီးလျှင် လည်ပင်းဖက်ရှိ အဝတ်များကို ချောင်ချောင် ထားပေးသင့်သည်။ ပါးစပ်အတွင်း အပေါ်နှင့် အောက် သွားများအကြား၌လည်း အဝတ်ကို လိမ်၍ ခံထားပေးသင့်သည်။ သို့မှသာ ရောဂါအတက်တွင် လျှာကို ကိုက်ဖြတ်မိခြင်းဘေးမှ လွတ်ကင်းနိုင်ပေမည်။

ဝက်ရူးနာ ဖြစ်လာသည့်တိုင်အောင် ဘေးမဖြစ်စေနိုင်သည့် လုပ်ငန်းကိုသာ ဝက်ရူးနာရှိသူအားလုပ်စေသင့်သည်။ ဝေဒနာရှင်အား စိတ်အနှောင့်အရှက် မဖြစ်စေပဲ အေးဆေးစွာ နေစေသင့်သည်။ ထို့ပြင် အရက်သေစာများကိုလည်း ရှောင်ရှားစေသင့်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



**ဝက်လက်မြို့။** ။ဝက်လက်မြို့သည် ရွှေဘိုမြို့၏ တောင်ဖက် ၁၇ မိုင်အကွာ စစ်ကိုင်း-မြစ်ကြီးနားမီးရထားလမ်းပေါ်တွင် တည်ရှိသည်။ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရုံးစိုက်မြို့ ဖြစ်လေသည်။

မြန်မာနိုင်ငံအထက်ပိုင်းကို ဗြိတိသျှတို့ သိမ်းပိုက်စကယခု ဝက်လက်မြို့နေရာသည် ဝက်လက် ရွာကလေးမျှသာဖြစ်၍ ရှိမ်းမကားမြို့နယ်တွင်ပါဝင်သည်။ ၁၈၉၈–၉၉ ခုနှစ်ခန့်တွင် စစ်ကိုင်း–မြစ်ကြီးနား မီးရထားလမ်း ဖောက်လုပ်ပြီးစီးခဲ့ရာ ရှိမ်းမကားမှ လူအများပင် ရထားလမ်းဘေးရှိ ဝက်လက်ရွာသို့ တဖြည်းဖြည်း ပြောင်းရွှေ့ လာခဲ့ကြသည်။ ဤသို့ဖြင့် အစိုးရရုံးများကိုလည်း ရှိမ်းမကားမှ ဝက်လက်သို့ ရွှေ့ပြောင်းလိုက်ရတော့သည်။ တဖန် ၁၉၀၆ ခုနှစ်တွင် ရွှေဘို တူးမြောင်းကို ဖောက်လုပ်ပြီးစီးသွားပြန်သောအခါ ဝက်လက်မြို့မှာ ပိုမိုစည်ကား၍ လာပြန်သည်။

ဝက်လက်မြို့နယ် တခုလုံး၏ အကျယ်အဝန်းမှာ ၅၁၂ စတုရန်းမိုင်ဖြစ်၍ ကျေးရွာနယ်မြေပေါင်း ၉၀ ခန့်ရှိသည်။

ဝက်လက်မြို့နယ်၌ လမ်းပန်း အဆက် အသွယ်များ မကောင်းချေ။ တနေရာမှ တနေရာသို့ တူးမြောင်းဘောင် လမ်းများဖြင့်သာ သွားလာကြရ၍ မိုးရာသီ၌ အသွားအလာ မလွယ်ကူချေ။ ရွှေဘို–စစ်ကိုင်းသွား မော်တော်ကားလမ်းသည် ဝက်လက်မြို့၏ အနောက်ဖက် ခုနစ်မိုင်အကွာတွင် ရှိလေသည်။ ဝက်လက်မှ ရွှေဘိုမြို့သို့လည်း တူးမြောင်းဘောင်လမ်းအတိုင်းပင် သွားနိုင်သည်။

မြို့ပေါ်၌ အစိုးရရုံးများ၊ ဆေးပေးရုံ၊ ကြေးနန်းရုံး၊ စာပို့တိုက်များ ရှိသည့်အပြင် အစိုးရ အထက်တန်းကျောင်းလည်း ရှိ၏။ ဆန်စက်များလည်း အသင့်အတင့် ရှိသည်။

ရွှေဘိုတူးမြောင်း၏ ကျေးဇူးကြောင့် ဆန်စပါးများ ပိုမို စိုက်ပျိုးလာခဲ့ရာ ဝက်လက်မြို့နယ်သည် ရွှေဘိုခရိုင်၌ ဆန်စပါးအထွက်ဆုံး မြို့နယ်ဖြစ်၏။ ထိုမှတပါး နှမ်း၊ မြေပဲ၊ နှံစားပြောင်း၊ မတ်ပဲနှင့် ဝါဂွမ်းများလည်း အသင့်အတင့် ထွက်သည်။ဝက်လက်မြို့နယ်အတွင်း၌ ဆားချက်လုပ်ငန်းကိုလည်း လုပ်ကိုင်လျက်ရှိရာ ဟန်လင်းကြီးရွာသည် ထိုလုပ်ငန်းဖြင့် ထင်ရှားသည်။ မြို့နယ်အတွင်း၌ ထင်ရှားသော ဟန်လင်းနှင့် ကဒူး အင်းကြီးနှစ်ခုရှိသည်။

၁၉၅၃ ခုနှစ် သန်းကောင် စာရင်းအရ ဝက်လက်မြို့၌ လူဦးရေ ၃,၇၀၀ ခန့်ရှိလေသည်။

**ဝက်ဝံ။** ။ဥရောပ၊ အာရှနှင့်မြောက်အမေရိကတိုက်များ တွင်သာမက မြောက်အာဖရိကတိုက်ရှိ အချို့ဒေသများ၌ လည်း ဝက်ဝံသည် ပျံ့နှံ့လျက်ရှိ၏။ တောင်အမေရိကတိုက် တွင်မူ ဝက်ဝံမျိုး တမျိုးတည်းသာ ရှိသည်ကို တွေ့ရသည်။

သဘာဝအားဖြင့် ဝက်ဝံသည် ကြောက်တတ်၍သဘော ကောင်းပြီးလျှင် ရန်မမူတတ်ချေ။ လူကိုစားလိုသဖြင့် တိုက်ခိုက်ရန် ဝေးစွ၊ ဝက်ဝံသည် လူကိုရှောင်နိုင်သမျှ ရှောင်ကြဉ်လေ့ရှိသည်။ ထိုသို့ပြုလုပ်သည်မှာ သူရဲဘော နည်း၍ကား မဟုတ်၊ လိုအပ်လျှင် သူ့ကိုယ်ကို သူကာကွယ်ရာ၌ ကြမ်းကြုတ်စွာပင် တိုက်ခိုက်တတ်လေသည်။

အမြင်အားဖြင့် ဝက်ဝံသည် အချိုးအစား မကျချေ။ ကျောကုန်း၏ အလယ်သည် ဝက်ဝံ၏တကိုယ်လုံးတွင် အမြင့်ဆုံး အစိတ်အပိုင်းဖြစ်သည်။ လည်တံ တို၍ ဦးခေါင်းလုံးပြီးလျှင် နှာတံချွန်၏။ မျက်စိများမှာလည်း သေးငယ်ကြလေသည်။ ဝက်ဝံ၌ ခိုင်ခံ့သည့် ခြေထောက်များ ရှိရာ လမ်းလျှောက်ရာတွင် ခြေပြားချ၍ လျှောက်သည်။ ဝင်ရိုးစွန်းဒေသရှိ ဝက်ဝံမျိုးမှအပ အခြား ဝက်ဝံမျိုးများတွင် ခြေဖဝါးများ၌ အမွေးများ မရှိကြချေ။ ဝင်ရိုးစွန်းဒေသရှိ ဝက်ဝံမျိုးတွင်မူ ရေခဲပြင်များပေါ်၌ လမ်းလျှောက်သောအခါ မချော်စေရန် ခြေဖဝါးများ၌ အမွေးများ ရှိသည်။ ခြေထောက် လေးဖက်၌ ခြေချောင်းကလေး ငါးချောင်းစီ ရှိရာ ယင်းတို့၌ သန်မာသည့် ခြေသည်းများ ရှိကြလေသည်။ ကြောင်၌လည်း ခြေချောင်းများတွင် ခြေသည်းများ ရှိပြီးလျှင် ယင်းတို့ကို မလိုသည့်အခါများ၌ ဝှက်ထားနိုင်လေသည်။ ဝက်ဝံတွင်မူ ရှိသည့် ခြေသည်းများကို ဝှက်မထားနိုင်ချေ။ ဝက်ဝံ၏ အမွေးများသည် ရှည်၍ ကြမ်းတမ်းကြ၏။ ထိုအမွေးများကို နှစ်တိုင်း လဲလှယ်လေသည်။ ဝက်ဝံ၌ အမြီးရှိသော်လည်း ထိုအမြီးသည် လွန်စွာတို၏။ ဝက်ဝံသည် ဥဿုံစားကောင်ဖြစ်သည့်အတိုင်း ယင်း၏ သွားများသည်လည်း အလိုက်သင့် ရှိနေကြလေသည်။

ဝက်ဝံသည် လမ်းလျှောက်ရာ၌ မလျှောက်ချင်လျှောက်ချင်ဖြင့် ခြေနှစ်ချောင်းလုံးကိုတပြိုင်တည်း မ,ကာ လျှောက်လေ့ရှိသည်။ သို့သော် အရေးကြုံလာသောအခါတွင် အလျင်အမြန်ဆုံး ပြေးနိုင်သော လူတယောက်ကိုပင် မှီအောင် လိုက်နိုင်ရုံမက မြင်းတကောင်ကိုပင် မိနစ် အနည်းငယ်အတွင်း၌ မှီအောင် ပြေးနိုင်လေသည်။ ရန်သူကို တိုက်ခိုက်ရာ၌ ဝက်ဝံသည် များသောအားဖြင့် ပတတ်ရပ်ပြီးလျှင် ရှေ့ခြေနှစ်ချောင်းနှင့် သွားများကို အသုံးပြုလေ့ရှိသည်။

ဝက်ဝံသည် အနံ့နှင့် အကြားတွင် သန်သော်လည်း ရှိသည့် မျက်စိများသည် သေးငယ်သဖြင့် ကောင်းမွန်စွာ မမြင်နိုင်ချေ။ ဝက်ဝံ အများအပြားသည် ယင်းတို့၌ရှိသော အမွေးကြမ်း ရှည်ကြီးများကြောင့် ယင်းတို့၏ ကိုယ်ထည်များသည် အမှန်ရှိသည်ထက် ပို၍ ကြီးနေပုံရသည်။ ယင်းတို့၏ အရေပြားများသည်လည်း တင်းတင်းကျပ်ကျပ် မရှိချေ။ ဝက်ဝံမျိုးအမြောက်အမြားရှိသည့်အနက် အကြီးဆုံး ဝက်ဝံမျိုးတွင် ဆယ်ပေ ကျော်သည်အထိ ကြီးနိုင်သည့် အပြင်၊ ပေါင် ၁,၅၀၀ အထိ လေးနိုင်ပေသည်။ ဝက်ဝံတွင်



www.burmeseclassic.com

www.burmeseclassic.com



ခြေသည်းရှည်ကြီးများ ရှိခြင်းကြောင့် တွင်းတူးခြင်း၊ သစ်ပင်တက်ခြင်းနှင့် မညီညာသော ကျောက်တောင်များပေါ်တွင် သွားလာခြင်းများကို ပြုလုပ်နိုင်သည်။

တိရစ္ဆာန်ရုံများရှိ ဝက်ဝံများသည် ဆောင်းခိုလေ့ မရှိကြချေ။ သို့သော် ဝက်ဝံရိုင်းများကား နွေးသော ဒေသများ၌ပင် အစာသာ တနှစ်ပတ်လုံး ပေါများလျှင် တနှစ်တွင် နှစ်လမှ ခြောက်လတိုင်အောင် ဆောင်းခိုလေ့ ရှိကြသည်။ ဆောင်းရာသီ နီးလာသော အခါတွင် ဝက်ဝံသည် ဆောင်းတွင်း၌ နေထိုင်ရန် သင့်လျော်မည့် နေရာကို ရွေးချယ်လေတော့သည်။ တခါတရံတွင် လဲနေသော သစ်ပင်ရင်းရှိ အမြစ်များ၏ အောက်ဖက်တွင်းကို ရွေးချယ်၍ တခါတရံတွင် သစ်ပင်ရှိ အခေါင်းကို ရွေးချယ်တတ်သည်။ တခါတရံတွင်မူ သင့်လျော်မည့် နေရာတခုကို ရွေးချယ်ပြီးလျှင် တွင်းတူးလေ့ရှိသည်။ တွင်းတူးပြီးသော အခါတွင် အတွင်းသို့ဝင်ပြီးလျှင် ကိုယ်ကိုသစ်ရွက်များ၊ မြက်များ၊ သို့မဟုတ် မြေမှုန့်များဖြင့် ဖုံး၍ နေလေ့ရှိ၍ အသက်ရှူနိုင်ရန် အပေါက် တပေါက်သာ ချန်ထားလေ့ ရှိသည်။ ထိုသို့ နေသော အခါတွင် အစဉ်သဖြင့်ကား အိပ်၍မနေချေ။ အစာနှင့် ရေကိုသာ လုံးဝရှောင်ကြဉ်၍ နေလေသည်။

ထိုသို့ ငြိမ်သက်စွာ နေစဉ်အတွင်း ဇန္နဝါရီလ၊ သို့မဟုတ် ဖေဖွာရီလ၌ ဝက်ဝံမသည် သားငယ်များကို မွေးဖွားလေ့ရှိသည်။ ဝက်ဝံကလေးများကို မွေးဖွားရာတွင် များသောအားဖြင့် နှစ်ကောင်သာ မွေးလေ့ရှိသည်။ မွေးစ ဝက်ဝံကလေးများသည် သေးငယ်ကြပြီးလျှင် ဝက်ဝံကြီးများနှင့် လုံးဝ မတူကြချေ။ အမွေးများမှာလည်း မရှိသလောက်ဖြစ်၍ မိခင်ဖြစ်သော ဝက်ဝံမကြီး၏ အပူအစု အစောင့်အရှောက်ကို လအတော်ကြာသည် အထိ ခံယူ ကြရသည်။ မိခင်ဖြစ်သော ဝက်ဝံမကလည်း သားငယ်များအား အသက်ကို ပဓာနမထားပဲ ပြုစု စောင့်ရှောက်ပေးလေသည်။

ဝက်ဝံကို သားစားကောင်ဟု ခွဲခြားသတ်မှတ်လေ့ ရှိသော်လည်း ဝက်ဝံအများအပြားသည် ဟင်းရွက် ဟင်းသီးများကို များသောအားဖြင့် စား၍ နေလေ့ ရှိကြသည်။ ပျားရည်ကို ဝက်ဝံသည် လွန်စွာ ကြိုက်နှစ်သက်လေသည်။ ခြများနှင့် ပရွက်ဆိတ် များကိုလည်း ကြိုက်နှစ်သက် ကြသည်။ ဝက်ဝံသည် အမှန်အားဖြင့် ဥဿုံစားကောင် ဖြစ်သည့်အတိုင်း မြက်၊ ကောက်နှံ၊ သစ်မြစ်၊ ခွံမာသီး၊ သစ်သီး၊ဗယ်ရီသီး၊ပိုးကောင်၊ ဖား၊မြွေ၊ကြွက်၊ခရုပက်ကျိ၊ကြက်ဥ၊ ငှက်ဥ၊ ငါးနှင့်ငှက်များကို စားသောက်လေသည်။ ထို



ပျားရည်ကို အထူးနှစ်သက်သည့် ဝက်ဝံ



www.burmeseclassic.com

www.burmeseclassic.com



ပြင် ဖမ်း၍ရသမျှနှင့် ကောင်းမွန်သေးသော ရသမျှ သားကောင် အသေများကိုလည်း စားသောက်လေသည်။

မြောက်အမေရိကတိုက်တွင် တွေ့ရသော ဝက်ဝံမျိုးများအနက် ဝက်ဝံမည်းသည် ဝက်ဝံမျိုးတွင် အတွေ့ရအများဆုံးအမျိုး ဖြစ်သည်။ တိရစ္ဆာန်ရုံများတွင် ထိုဝက်ဝံမျိုးကို ထားလေ့ရှိကြသည်။ ဘေးအန္တရာယ်မကင်းဟု ဆိုကြသော်လည်း လူတို့သည် ထိုဝက်ဝံမည်းမျိုး ကလေးများကို ချစ်စနိုး တိရစ္ဆာန်အဖြစ် မွေးမြူလေ့ ရှိကြသည်။ ထိုဝက်ဝံမျိုးသည် က,တတ်၊ ကင်းမြီးကောက် ထောင်တတ်၊ ဖင်ချ၍ ထိုင်တတ်ရုံမက လူကဲ့သို့ လက်များကို ဆန့်တန်း၍ အစာကို တောင်းတတ်လေသည်။

ဆောင်းရာသီ၌ ဝက်ဝံမည်း၏ အမွေးများသည် အကောင်းဆုံးဖြစ်သည်။ဘေးဖြစ်စေနိုင်မည့် အသံနှင့် အနံ့ကို ကြားရရုံမျှနှင့် ဝက်ဝံမည်းကို မတွေ့နိုင်တော့ချေ။ တောကျွမ်းကျင်သည့် မုဆိုးသည်ပင် ဝက်ဝံမည်းမျိုးကို ရိုင်ဖယ်သေနတ်နှင့် ပစ်နိုင်အောင် ရှာရန် ခဲယဉ်းလေသည်။ ဝက်ဝံမည်းသည် ပေါင် ၅၀၀ နှင့် ပေါင် ၅၀၀ ကျော်အထိ ကြီးနိုင်သော်လည်း များသောအားဖြင့် ထိုမျှမကြီးချေ။

ဂရစ်ဇလီ ဝက်ဝံခေါ် မွဲပြာရောင်ရှိသည့် ဝက်ဝံမျိုးကိုလည်း မြောက်အမေရိကတိုက်တွင် တွေ့နိုင်သေးသည်။ ထိုဝက်ဝံမျိုးသည် အထက်ဖော်ပြပါ ဝက်ဝံမည်းခန့်သာ ကြီးလေ့ရှိသည်။ သို့သော် ဆယ်ပေအထိ ကြီးသော ဂရစ်ဇလီ ဝက်ဝံမျိုးကို တွေ့ရပြီးလျှင် ထိုဝက်ဝံသည် ပေါင် ပေါင်း ၁,၅၀၀ အထိပင် လေးသည်ကို တွေ့ရလေသည်။ ထိုဝက်ဝံကြီးသည် မြင်းကလေးများနှင့် ကျွဲ နွားများကိုပင် သယ်ဆောင်သွားနိုင်လေသည်။ အမေရိကန်နိုင်ငံရှိ အင်ဒီးယန်းခေါ် တိုင်းရင်းသား များသည် ထိုဝက်ဝံမျိုးကို လွန်စွာကြောက်ရွံ့ကြလေသည်။ ထိုဝက်ဝံမျိုးသည် ဝက်ဝံမည်းမျိုးထက်ပို၍ ဉာဏ်ရှိပြီးလျှင် ဒဏ်ရာရသော အခါ၌ ဖြစ်စေ၊ အကျဉ်းအကြပ်တွေ့သော အခါ၌ဖြစ်စေ လွန်စွာ ကြောက်မက်ဖွယ် ကောင်းလေသည်။

အလာစကာ ဝက်ဝံညိုမျိုးကို အလာစကာ ကျွန်းဆွယ်တွင်သာ တွေ့နိုင်သည်။ ထိုဝက်ဝံမျိုးသည် ဝက်ဝံမျိုးတွင်သာ အကြီးဆုံးမဟုတ်သေး။ကုန်းပေါ် ရှိသားစားတိရစ္ဆာန်များတွင်လည်း အကြီးဆုံး ဖြစ်သည်။ ထို ဝက်ဝံမျိုး ရှိကြောင်းကို ၁၈၉၈ ခုနှစ် မတိုင်မီက မသိခဲ့ကြချေ။ ထိုဝက်ဝံမျိုးသည် လူကို ကြောက်တတ်ပြီးလျှင် လူနှင့် ဝေးရာသို့ ရှောင်သွား တတ်သည်။ သို့သော် ဒဏ်ရာရလျှင် ဖြစ်စေ၊ လူနှင့်နီးနီးကပ်ကပ် တွေ့ရသောအခါမျိုးတွင် ဖြစ်စေ လူကို ပြင်းထန်စွာ တိုက်ခိုက်တတ်လေသည်။ ထို ဝက်ဝံမျိုးသည် တိရစ္ဆာန်ငယ်ကလေးများနှင့် ကြွက်များကို ရှာဖွေခြင်းဖြင့် အချိန် ကုန်လွန်စေတတ်သည်။ ကြွက်များကို ယင်းတို့၏ တွင်းများကို တူး၍ ဖမ်းယူလေ့ ရှိသည်။ ငါးများ အုရန်မြစ်အတွင်းမှ တက်လာကြသောအခါ ငါးများကို ဖမ်း၍ စားသောက်သည်။ နွေရာသီအလယ်နှင့် ဆောင်းကူးရာသီအတွင်း၌မူ ကျွဲ နွားများကဲ့သို့ မြက်များကို စားသောက်လေသည်။

အာရှတိုက်တွင် အီရန်နိုင်ငံမှ ဂျပန် ကျွန်းများ အထိ ဟိမဝန္တာ ဝက်ဝံမျိုးကို တွေ့နိုင်လေသည်။ ထို ဝက်ဝံမျိုးသည် အရွယ်၊ အရောင်နှင့် အလေ့အကျင့်များတွင် ဝက်ဝံမည်းမျိုးနှင့် တူလေသည်။

ဥရောပတိုက်ရှိ ဝက်ဝံညိုမျိုးသည် ဂရစ်ဇလီ ဝက်ဝံမျိုးနှင့်တူ၍ ဝက်ဝံမည်းမျိုးထက် ပို၍ကြီးသည်။ ထို့ပြင် ထိုဝက်ဝံမျိုးသည် လူအဖို့ အခြားဝက်ဝံမျိုးများထက်ပို၍ကြောက်မက်ဖွယ် ကောင်းလေသည်။ သို့သော် ထိုဝက်ဝံမျိုးသည် အမျက်ထွက်သော အခါမျိုးနှင့် လွန်စွာ ဆာလောင် မွတ်သိပ်နေသော အခါမျိုးတို့တွင်သာ လူကို ရန်မူတတ် လေသည်။ ထိုဝက်ဝံမျိုးသည် နွားတကောင်ကို သတ်ပြီးလျှင် လက်နှစ်ဖက်ဖြင့်ကိုင်ကာ ချောင်းငယ်တခုကို ဖြတ်ကျော်၍ သွားနိုင်သဖြင့် ယင်း၏ အင်အားသည် မယုံကြည်နိုင်လောက်အောင်ပင် ကြီးမား လေသည်။ ထို့ပြင် တွင်းတတွင်းမှ ပေါင် ၆၀၀ လေးသော သမင်တကောင်ကို ပေ ပေါင်း သုံးလေးထောင်ခန့် ဝေးသည်အထိ ဆွဲသွား နိုင်သည်ကိုလည်း တွေ့ရလေသည်။

မလ္လာယုကျွန်းဆွယ်နှင့် အရှေ့အိန္ဒိယ ကျွန်းစုများ အနက် ကျွန်းကြီးများတွင် တွေ့ရသော ဝက်ဝံမျိုးကို မလ္လာယုဝက်ဝံမျိုး၊ သို့မဟုတ် ပျားရည်ဝက်ဝံမျိုးဟု ခေါ်သည်။ ထိုသို့ခေါ်ခြင်းမှာ ထိုဝက်ဝံမျိုးသည် ပျားရည်ကို လွန်စွာနှစ်ခြိုက်ခြင်းကြောင့် ဖြစ်သည်။ ထိုဝက်ဝံမျိုး၌ အလွန်ရှည်လျားပြီးလျှင် ပျော့ပျောင်းသည့် လျှာရှိသည်။ ထိုလျှာရှည်ကြီးဖြင့် သစ်ခေါင်းများ အတွင်းရှိ ပျားသလက်များကို ဆွဲယူ၍ စားလေ့ရှိသည်။ ထိုဝက်ဝံမျိုးသည် ဟိမဝန္တာ ဝက်ဝံမျိုးထက် ပို၍ သေးငယ်သည်။

ဝင်ရိုးစွန်းဒေသရှိ ဝက်ဝံမျိုးတွင် ပတ်ဝန်းကျင် အရောင်နှင့် ကိုက်ညီသော အဖြူရောင် အမွေးများရှိသည်။ ထိုဝက်ဝံများ၌ အမွေးများသည် နေရာ အနှံ့အပြားတွင် ရှိကြလေသည်။ ခြေဖဝါးများ၌ပင် ထူ၍ ရှည်သည့် အမွေးများ ရှိသည်။ ထိုဒေသနေ ဝက်ဝံဖိုသည် ရှည်လျားသော ဆောင်းရာသီညဉ့်များ၌ အစာကို လိုက်လံရှာဖွေ၍ နေလေသည်။ ငါး၊ ပင်လယ်ဖျံ၊ ဝါးလရပ်ဖျံနှင့် ရရာအစာများကို စားသောက်လေသည်။ အစာရှာ၍ မရနိုင်သည့်အဆုံးတွင် လူကိုပင် သတ်စားလေ့ ရှိသည်။ အက်စကီးမိုး လူမျိုး အမြောက်အမြားသည် ဝင်ရိုးစွန်းဒေသရှိ ဝက်ဝံများ၏ အသားအဖြစ် အစားအသောက်ကို ခံကြရလေသည်။ အစာ



www.burmeseclassic.com

www.burmeseclassic.com



ပေါများသော နွေရာသီ၌မူ ဝက်ဝံသည် လူကို သူ့ကိုယ်သူကာကွယ်ရန်မှတပါး မတိုက်ခိုက်ချေ။ ထိုဒေသနေ ဝက်ဝံမများကမူ ဆောင်းရာသီ၌ ဆောင်းခိုကြလေသည်။ ထိုသို့ဆောင်းခိုရာ၌ ရေခဲအောက်ရှိ တွင်းကို အသုံးပြုလေ့ ရှိသည်။ ထိုအခါ၌ ဝက်ဝံမသည် သားငယ်များကို မွေးဖွားလေသည်။ ရေခဲများ အရည်ပျော်သွားသော အခါတွင် ဝက်ဝံကလေးများကို ပဌမစ၍ အပြင်သို့ထွက်စေသည်။

ထိုအခါသည် ထိုဒေသ၌ အလွန်အေးသည်မှာ မှန်၏။ သို့သော် ထိုအချိန်တွင် ဝက်ဝံကလေးများ၌ အမွေးထူများ ရှိနေလေပြီ။ မိခင်ဖြစ်သော ဝက်ဝံမသည် ထိုအခါ၌ ဆောင်းရာသီက အစာမစားရသဖြင့် ပိန်ကြုံ၍နေလေပြီ။ ထိုသို့ ကြုံလှီ၍ပင် နေသော်လည်း မိခင်ဖြစ်သည့် အလျောက် သားငယ်များအား နို့ချိုကို တိုက်ကျွေးလျက်ပင် ရှိသေးသည်။ ထိုပြင်ရသမျှသော အစာများကိုလည်း မိမိစားသည်ထက် သားငယ်များအား ခွဲဝေ၍ ပေးသည်က များလေသည်။

ထိုနောက် မကြာမီအတွင်းတွင် မိခင်ဝက်ဝံမသည် သားငယ်များအား အစာရှာနည်းကို သင်ကြားပေးသည်။ ရေခဲပြင်ပေါ်၌ ပင်လယ်ဖျံများရှိရာသို့ မည်ကဲ့သို့ ချောင်းမြောင်း၍ သွားရပုံနှင့် နွေကူးရာသီ၌ ကျောက်ဆောင်များသို့ အုရန်လာကြသော ငှက်အုပ်ကြီးများအား မည်ကဲ့သို့ လက်ဝါးဖြင့် ရိုက်ပုတ်ရပုံများကို သင်ကြား၍ ပေးသည်။ ထိုမျှမကသေး ရေခဲတမျှ အေးလှသော ရေတွင် ရေချိုးရန် ကိုလည်း သင်ကြားပေး သေးသည်။ ရေထဲသို့ ဆင်းရန် ငြင်းဆန်နေသော ဝက်ဝံငယ်အား လက်ဖြင့် ရိုက်တန်ရိုက်၊ ရေထဲသို့ တွန်းချတန် တွန်းချပြီးလျှင် ရဲရင့် လာစေသည်။ ကြောက်ရွံ့နေသော ဝက်ဝံငယ်ကိုမူ ရေထဲသို့ ချပြီးလျှင် ကမ်းနှင့် အတော်ဝေးဝေးသို့ ဆွဲခေါ် သွားလေ့ ရှိသည်။ ထိုအခါမျိုးတွင် ဝက်ဝံငယ်ကလေးသည် မိခင်၏ အမြီးကို သူ၏ သွားများဖြင့်ကိုက်ကာ ပါသွားလေ့ ရှိသည်။ ထိုနည်းဖြင့် ဝက်ဝံငယ်များအား ကိုယ့်ဝမ်း ကိုယ်ကျောင်းနိုင်စေရန် သင်ကြားပေးသည်မှာ ဝက်ဝံငယ်ကလေးများ ကြီးပြင်းလာ၍ ကိုယ်တိုင် အစာရှာထွက်နိုင်သည် အထိ ဖြစ်လေသည်။

ဖခင်ဖြစ်သော ဝက်ဝံဖိုကမူ သားသမီးဖြစ်သော ဝက်ဝံငယ်ကလေးများအား ဂရုစိုက်လေ့ မရှိချေ။

ပါဏဗေဒ အလိုအားဖြင့် ဝက်ဝံသည် အာဆီဒီးမျိုးရင်း၌ ပါဝင်လေသည်။

**ဝက်သက်။** ။ကလေးတိုင်း လိုလိုတွင် ဖြစ်ပေါ်လေ့ရှိသော ရောဂါတမျိုးမှာ ဝက်သက်ဖြစ်သည်။ ထိုဝက်သက်ကို အာရပ်လူမျိုး ဆေးဆရာဝန်တဦးဖြစ်သူ ရေးဇီးက ကိုးရာစုနှစ်အတွင်းက ထုတ်ဖော်ပြောဆိုနိုင်ခဲ့သော်လည်း သီးခြားရောဂါတမျိုး ဖြစ်ကြောင်းကိုမူ မပြောနိုင်ခဲ့ချေ။ ၁၇ ရာစုနှစ် အတွင်းတွင်မှ တောမတ် ဆစ်ဒင်နမ်က ထိုရောဂါကို လေ့လာပြီးလျှင် သီးခြားရောဂါ ဖြစ်ကြောင်း ပြောဆိုနိုင်ခဲ့လေသည်။

ဝက်သက်၏ ရောဂါပျိုးရက်မှာ ခုနစ်ရက်မှ ၁၈ ရက်အထိ ကြာတတ်သော်လည်း များသောအားဖြင့် ၁၄ ရက်သာ ကြာလေ့ရှိသည်။ ထိုသို့ ရောဂါပျိုးနေစဉ်တွင် မကူးစက်သေးချေ။ ဝက်သက် ဖြစ်နေချိန်တွင် ကျောင်းများကို ရက်အတော်ကြာသည့်တိုင်အောင်ပင်ဖွင့်ထားနိုင်လေသည်။ ရောဂါကူးစက်ခြင်းကို ချောင်းဆိုးရာနှင့် ချေရာတွင် ပါလာလေ့ ရှိသော တံတွေးစက်၊ နှာရည်စက် ကလေးများက ဖြစ်စေသည်။

ဝက်သက်ပေါက်သူတို့၏ ပဌမ လက္ခဏာမှာ အအေးမိခြင်းနှင့် ဆင်တူပြီးလျှင် ခေါင်းကိုက်တတ်သည်။ မျက်ရည်နှင့် နှာရည်များလည်း ယိုတတ်သည်။ ညနေပိုင်းတွင် ကိုယ်ပူလာပြီးလျှင် လွန်စွာ ပန်းတတ်သည်။ ချောင်းဆိုးခြင်းနှင့် မျက်စိနီခြင်းများလည်း ရှိတတ်သည်။ အန်လည်း အန်တတ်သည်။ ထိုသို့ဖြစ်ပြီးလျှင် များသော အားဖြင့် စတုတ္ထနေ့တွင် မျက်နှာ၌ အဖုများထွက်လာပြီးနောက် ထိုအဖုများသည် လည်ပင်း၊ ရင်ပတ်နှင့် ခန္ဓာကိုယ်၏အခြားအစိတ်အပိုင်းများသို့ ပျံ့နှံ့သွားတတ်သည်။ ပဌမတွင် နဖူးနှင့်နား၏ နောက်ဖက်များတွင် အနီစက်ကလေးများ ဖြစ်ပေါ် လာသည်။ ထို အနီစက်ကလေးများသည် မကြာမီအတွင်း၌ အကွက်များ ဖြစ်လာပြီးလျှင် တကိုယ်လုံးလိုလိုသို့ပျံ့နှံ့သွားလေသည်။ များသောအားဖြင့် အဖုများမထွက်မီတွင် ပါး၏အတွင်းပိုင်းများ၌ ကျိခဲ့မြွေးများ ပေါ်တွင် ကော့ပလစ် အစက်အစက်များ ပေါ်ထွက်လာတတ်သည်။ ကော့ပလစ် အစက်များ ဆိုသည်မှာ ကော့ပလစ် ဆိုသူက စတင်၍ တွေ့ရှိခဲ့သော အစက်များဖြစ်၏။ သုံးလေးရက်ကြာသော အခါတွင် အဖုများ ပျောက်စ ပြုလာပြီးလျှင် အရေပြားများ ကွာလေတော့သည်။ ထိုအချိန်၌ ဝက်သက် အပေါက်ခံရသူသည် နာလှန်ထ နေ့လျှင် အခြားရောဂါများ ဝင်လာတတ်လေသည်။

ဝက်သက်၌ အဖုများသည် အကွက်လိုက် ပေါ်တတ်ပြီးလျှင် တကိုယ်လုံးတွင် ညီညီညာညာ ထွက်ပေါ်လေ့ မရှိချေ။ အနီရောင်မှာလည်း ရင့်သည်။ ပြင်းထန်သည့် ဝက်သက်တွင် အစက်များသည် ညိုမည်းနေ၏။

မျောက်များတွင် ဝက်သက် ပေါက်နေသူ၏ သွေး၊ ချောင်းဆိုးရာတွင် ပါလာသော တံတွေးစက်များ၊ သို့မဟုတ် နှာရည်စက်များကို ထိုးသွင်းပေးလိုက်သော အခါ ဝက်သက်ဖုများ ထွက်ပေါ်လာသည်ကို တွေ့ရသည်။ ထို့ကြောင့် ဝက်သက်ပေါက်နေသူ၏ သွေး၊ ချောင်းဆိုးရာတွင်

www.burmeseclassic.com



ပါလာသော တံတွေးစက်များ၊ သို့မဟုတ် နှာရည်စက်များတွင် အလွန်သေးငယ်သည့် ဗိုင်းရပ်ခေါ် ရောဂါပိုးများ ပါလာသည်မှာ ထင်ရှားသည်။ ရောဂါကိုလည်း ထိုရောဂါ ပိုးများက ဖြစ်ပေါ်စေသည်မှာ ထင်ရှားသည်။ ဝက်သက်သည် ကလေးများ၌ ပေါက်လေ့ ရှိသော်လည်း အသက် မည်မျှကြီး၍ မည်သည့်လူမျိုးတွင်မဆို ယောကျ်ား၊ မိန်းမ မရွေး ပေါက်နိုင်လေသည်။ ဝက်သက်သည် တောမြို့များမှာထက် မြို့ကြီးများတွင် ပို၍ပေါက်လေသည်။ မြို့ကြီးများရှိကလေးများသည် ဝက်သက်အပေါက် မြန်ကြသော်လည်း တခါ ဝက်သက် ပေါက်ဘူးပြီးက ထိုသူသည် နောင်တွင် ထပ်၍ ပေါက်လေ့ မရှိတော့ချေ။ ဝက်သက်ကြောင့်ငါးနှစ်အောက် ကလေးများ အသေများသည်ဟု ဆိုရသော်လည်း ထိုသို့ သေကြရသည်မှာ ဝက်သက်ပေါက်ပြီးစတွင် အခြားရောဂါများ ဝင်လာခြင်းကြောင့် ဖြစ်လေသည်။

ဝက်သက်ပေါက်သူများသည် များသောအားဖြင့် ထိုရောဂါမှ နာလှုန်ထလာကြသူသာ များလေသည်။ သို့သော် ဝေဒနာရှင်များကို အထူးဂရုပြုကြရလေသည်။ ထိုသို့ ဂရုပြုကြရခြင်းမှာ အခြားရောဂါများ ဝင်လာတတ်ခြင်းကြောင့် ဖြစ်သည်။ ဝက်သက်ပေါက်၍ သေကြရသူများ အနက် တရာလျှင် ကိုးဆယ်မျှလောက်သည် အဆုတ်ရောင်နာ ဝင်လာခြင်းကြောင့် ဖြစ်သည်။ ပြင်းထန်သည့် ဝက်သက်သည် လူကို သေစေနိုင်သော်လည်း ကံအားလျော်စွာ ထိုရောဂါမျိုး အဖြစ်နည်းပါးသည်။

ဝက်သက် ဖြစ်မည့် အချိန်တွင် ထိုရောဂါမှ နာလှန်ထလာသူ၏သွေးကြည်ရည် (သွေးငန်ရည်) ကိုသာ ထိုးသွင်းပေးနိုင်လျှင် ဝက်သက်ရောဂါဖြစ်ခြင်းမှ ကာကွယ်ပေးနိုင်လေသည်။ အကယ်၍ ဖြစ်လျှင်လည်း သက်သာစွာ ဖြစ်တတ်သည်။ အထူးသဖြင့် ထိုနည်းသည် လေးနှစ်ကျော် ကလေးများအဖို့ အထူးကောင်းမွန်လေသည်။ ခံနိုင်ရည် မရှိသူများသည် ဝက်သက်ကပ် ဆိုက်လာလျှင် ပြင်းထန်စွာ ခံရတတ်သည်။

အချို့သောမိဖများသည် မိမိတို့၏ကလေးများကို ကလေးအရွယ်တွင် ဝက်သက် ပေါက်က သက်သာလိမ့်မည်ဟု ယူဆကြကာ တမင်သက်သက် ဖြစ်စေ၊ အမှတ်မဲ့ ဖြစ်စေ မိမိတို့၏ကလေးကို ဝက်သက်ကူးစေလေ့ ရှိကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် လွန်စွာ မှားယွင်းလေသည်။ အမှန်မှာ ဆယ်နှစ်အရွယ်အထိ ဝက်သက်မပေါက်ဘူးသေးသော ကလေးသည် ထိုရောဂါဖြစ်ခြင်းမှ လုံးဝ ကင်းဝေးနိုင်ပေသည်။ အကယ်၍ ဝက်သက် ပေါက်လျှင်လည်း သက်သက်သာသာနှင့် ပြီးသွားလေ့ရှိသည်။

ဝက်သက် ဖြစ်လာသည့် ကလေးကို သီးခြားထားပေးရလေသည်။ တတ်ကျွမ်းသည့် ဆေးဆရာ တဦးဦးဖြင့်လည်း ကုသပေးရလေသည်။ ကျန်းမာသည့် ကလေးများကို ဝက်သက်ပေါက်နေသော ကလေး၏ အနီးသို့ မည်သည့်နည်းနှင့်မျှ မလာစေရချေ။

**ဝက်သစ်ချပင်။** ။ဥရောပတိုက်၊ အာရှတိုက်၊ မြောက်အမေရိကတိုက်၊ အာဖရိကတိုက် မြောက်ပိုင်းနှင့် သမပိုင်းဒေသများတွင် ဝက်သစ်ချမျိုးပေါင်း ၂၀၀ ကျော်မျှ အနှံ့အပြား ပေါက်ရောက်လျက်ရှိသည်။ ဟိမဝန္တာတောင်တန်း၊ ဖိလစ်ပိုင်ကျွန်းစု၊ ဗော်နီယိုကျွန်းနှင့် အန်ဒီးတောင်တန်းတို့တွင်ကား ဝက်သစ်ချပင်မျိုး အနည်းငယ်လောက်သာ ရှိသည်။

ရှေးအခါများက ဝက်သစ်ချတောများသည် အင်္ဂလန်ပြည်တပြည်လုံးနှင့် ဥရောပတိုက် အလယ်ပိုင်းတခုလုံးတွင် ပြည့်နှက်လျက် ရှိသည်။ သို့သော် ယခုအခါတွင် လူတို့ တဖြည်းဖြည်း ခုတ်ထွင် ရှင်းလင်းလာကြသောကြောင့် ခုတ်ထွင်ရန်ခက်ခဲလှသည့် အရပ်များမှတပါး များစွာ မပေါက်ရောက်ကြတော့ချေ။သို့ရာတွင် ဂျာမနီနိုင်ငံမှရင်း၊ ပြင်သစ်နိုင်ငံမှရင်း၊ ရုရှနိုင်ငံတောင်ပိုင်းမှရင်း အဖိုးတန် ဝက်သစ်ချသစ်များကို ရလျက် ရှိနေပေသေးသည်။

ရှေးအခါက ဝက်များကို ဝက်သစ်ချပင် အောက်သို့ဆောင်းကူးရာသီတွင် မောင်းနှင်ပို့လေ့ရှိကြသည်။ ထိုသို့ပြုလုပ်ကြသည်မှာ ဝက်တို့သည်ဝက်သစ်ချသီးများကို ကြိုက်နှစ်သက်ကြသောကြောင့် ဖြစ်သည်။ ရှဉ့်များသည်လည်း ဝက်သစ်ချသီးကို စုဆောင်းထားတတ်ကြသည်။ ထိုသို့ထားကြသော အသီးများမှ အညှောက် ပေါက်လာတတ်သည်။ ထိုပြင် ငှက်များ အထူးသဖြင့် ခိုများကလည်း ဝက်သစ်ချသီးများကို လွန်စွာ ကြိုက်နှစ်သက်ကြလေသည်။ ထိုသို့ အသီးများကို ထိုးချကြရာမှ အချို့ အသီးများသည် နေရာကျဲကျဲနှင့် ထူးခြားသည့်နေရာများတွင် ပေါက်ရောက်လျက် ရှိကြလေသည်။

ဝက်သစ်ချပင် အားလုံးမှ သီးသော ဝက်သစ်ချသီးသည် အခြားသစ်သီးများနှင့် မတူပဲ အလွန်ထူးခြားသည်။ ဝက်သစ်ချသီးတွင် အစေ့မာရှိ၍ ထိုအစေ့မာ၏ အရင်းပိုင်းတဝက်ခန့်သည် အစေ့ရွက်များနှင့် ဖုံးအုပ်လျက်ရှိသည်။ အညှာသည် ထိုအစေ့ရွက်များ၏ အရင်းတွင် ရှိသည်။ ထိုကြောင့် အသီး၏ အပေါ်ပိုင်းတဝက်ခန့်မှာ ပေါ်နေသည်။ အရွက်များကား အတော်အတန်ကြီး၍ နံဘေးတွင် အဝိုက်အဝိုက်တွန့်နေသည်။

ဝက်သစ်ချမျိုးထဲတွင် အကြီးထွားဆုံးမျိုးမှာ ရုက္ခဗေဒအမည်အားဖြင့် ကွားကပ်ရိုဗာခေါ် ဝက်သစ်ချမျိုးဖြစ်သည်။ ယင်းမှာ အဖိုးအတန်ဆုံးလည်း ဖြစ်သည်။ ပင်စည်လုံးပတ်မှာ ပေ ၆၀ မှ ၇၀ အထိရှိတတ်၍ အမြင့်မှာ ပေ ၁၂၀ အထိ



www.burmeseclassic.com

www.burmeseclassic.com





အရိပ်အာဝါသအတွက် စိုက်ပျိုးရသည့် ဝက်သစ်ချပင်

ရှိတတ်သည်။ အသက်မှာ နှစ်ပေါင်း ၃၀၀ ကျော်မျှ ရှိတတ်ကြသည်။ သို့ကြောင့်ပင် အင်္ဂလန်ပြည် အင်္ဂလိုဆက္ကဆွန်များ ကြီးစိုးစဉ်ကရှိခဲ့သောအပင်များကို ယခုတိုင် တွေ့မြင်နိုင်ပေသေးသည်။ ဂလော့စတာနယ်တွင်ပေါက်သော နယူးလန့်ဝက်သစ်ချပင်များမှာ မည်မျှကြီးမားသနည်းဟူမူ ပင်စည်လုံးပတ်မှာ ၄၇ ပေမျှ ရှိလေသည်။ ဝက်သစ်ချပင်၏ အနှစ်သားမှာ အညိုရင့်မှ ဝါဖျော့ဖျော့အရောင်အထိ ကွဲပြားလျက်ရှိပြီးလျှင် အလွန်မာကျောကျစ်လျစ်လေသည်။

ဂရိတ်ဗြိတိန်မှထွက်သော ဝက်သစ်ချသားများကို အိမ်ထောင်ပရိဘောဂများ ပြုလုပ်ကြသည်။

အခြား အရေးကြီးသော ဥရောပတိုက်မှ ဝက်သစ်ချမျိုးကို ရုက္ခဗေဒအမည်ဖြင့် ကွားကပ်စယ်ရစ်ဟု ခေါ်သည်။ ယင်းကို တူရကီ ဝက်သစ်ချ ဟူ၍လည်းခေါ်သေးသည်။ ၁၇ ရာစုနှစ်လောက်က အင်္ဂလန်သို့ အခြားတိုင်းပြည်များမှ မျိုးယူ၍ စိုက်ပျိုးခြင်း ဖြစ်သည်။ ယခု အင်္ဂလန်ပြည်တောင်ပိုင်းရှိ နယ်ကလေးများတွင် အကြီးအကျယ် စိုက်ပျိုးကြသည်။

အမြဲစိမ်းလန်းသော ဝက်သစ်ချမျိုးမှာ ကွားကပ် အိုက်လက် ဖြစ်သည်။ အမြင့်ဆုံးအပင်မှာ ပေ ၉၀ ခန့်မျှသာရှိ၍ များစွာ မကြီးထွားလှချေ။

မြေထဲပင်လယ်၏ အနောက်ပိုင်း ဒေသများတွင် ပေါက်ရောက်သော ဝက်သစ်ချကို ရုက္ခဗေဒအမည်ဖြင့် ကွားကပ်ဆူဗာဟု ခေါ်သည်။ ထိုဝက်သစ်ချပင်၏အခေါက်မှ ဖော့များကို ရရှိသည်။ စပိန်နိုင်ငံအတွက် အဖိုးတန်သစ်များ ရ၍ အခေါက်၏ အတွင်းသားကို သားရေနယ်ရန် ဖန်ရည်ချက်ဆေးအဖြစ် အသုံးပြုကြသည်။

အင်္ဂလိပ် ဝက်သစ်ချသားမှာ တောင့်တင်းမာကျောလှသောကြောင့် အခြားသစ်များနှင့်နှိုင်းစာလျှင် အသုံးပြုရန်ပိုမိုလွယ်ကူသည်။ခြောက်သွေ့ခြင်း၊ စွတ်စိုခြင်း၊ အေးခြင်းစသည့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်သည်။ တောင့်တင်းခိုင်ခံ့ခြင်းနှင့် အရောင်အဆင်း လှပခြင်းတို့ကို ထည့်သွင်းစဉ်းစားလျှင် အင်္ဂလိပ်ဝက်သစ်ချမှာ အကောင်းဆုံးအမျိုးအစား ဟု ဆိုထိုက်သည်။ သို့ရာတွင် အမျက်ဆုံပေါ်များခြင်းကြောင့် အိမ်ထောင်ပရိဘောဂများ ပြုလုပ်ရာ၌ အခက်အခဲများနှင့် တွေ့ရသည်။ အိမ်ဆောက်ရန်အတွက် ယက်မများနှင့် အခြင်များပြုလုပ်ရန်ကား အင်္ဂလိပ် ဝက်သစ်ချသားမှာ အသင့်တော်ဆုံးပင်ဖြစ်သည်။ အိမ်ထောင်ပရိဘောဂ များကိုကား ဝက်သစ်ချသားဖြင့် ပြုလုပ်ထားသည်။

အမေရိကန်ဝက်သစ်ချများကို ဝက်သစ်ချဖြူ၊ဝက်သစ်ချနီ ဟူ၍ နှစ်မျိုးခွဲထားသည်။ ပဌမအမျိုးတွင် အသီးများမှာ ပဌမရာသီကုန်လျှင်ကုန်ခြင်း ရင့်မှည့်ကြသည်။ အသီးရှိ အစေ့တွင် အမွေးနုများမရှိ။ ဒုတိယ အမျိုးတွင်ကား အသီးများမှာ ဒုတိယရာသီကုန်ဆုံးမှသာ ရင့်မှည့်၍ အစေ့



www.burmeseclassic.com

www.burmeseclassic.com



တွင် အမွေးနုများရှိသည်။ ဤအချက်များသည် ယင်းတို့၏ ကွာခြားချက်များဖြစ်သည်။

ဗား ဝက်သစ်ချပင်သည် မြောက်အမေရိကတိုက်တွင် အဖိုးတန်သော အမေရိကန် ဝက်သစ်ချပင်မျိုးဖြစ်သည်။ သို့သော် အင်္ဂလိပ်ဝက်သစ်ချသားလောက်ကား မမာချေ။ ကုန်ထုတ်လုပ်ငန်းနှင့် သင်္ဘောများ တည်ဆောက်ရာ၌ အသုံးချသည်။

မာကျောသော ပိုးဖုများကို ဝက်သစ်ချကိုင်းများတွင် တွေ့ရသည်။ ယင်းတို့သည် သစ်ပင်၏ အသားထဲသို့ ဝင်၍ အုသော ပိုးကောင်ကလေးများကြောင့် ဖြစ်ပေါ်လာရပေသည်။ ထိုပိုးကောင်ကလေးများ ကိုက်သော အသားမှာ ပွဖောင်းလာပြီးနောက် သစ်သီးပုံသဏ္ဌာန် လုံး၍လာသည်။ ထိုအလုံးထဲတွင် ပိုးကောင်ကလေးများ ကြီးပြင်း လာကြသည်။ ဝက်သစ်ချ ပိုးဖုများတွင် တန်နစ်အက်ဆစ် ခေါ် အဆိပ်ဓာတ်တမျိုးပါရှိ၍ ယင်းကို မင်ပြုလုပ်ရာ၌၎င်း၊ သားရေနယ်လုပ်ငန်း၌၎င်း အသုံးပြုနိုင်သည်။

ဝက်သစ်ချပင်အိုကြီးများ၏ အသားထဲတွင် ပိုးတောင်မာနှင့် ပိုးလောင်းများ ခိုအောင်း၍ အသက် မွေးလေ့ရှိကြသည်။

ရုက္ခဗေဒအလိုအားဖြင့် ဝက်သစ်ချပင်သည် ဖဂေးစီအီးမျိုး၌ ပါဝင်လေသည်။

**ဝက်အူ။** ။ဝက်အူကို သစ်သားတွင် စွဲအောင် ပြုလုပ်လိုသောအခါ လက်ျာရစ် လှည့်ပေးရသည်ကို၎င်း၊ ထိုဝက်အူကို ဖြုတ်လိုသောအခါ လက်ဝဲရစ် လှည့်ပေးရသည်ကို၎င်း လူတိုင်းပင် သိကြသည်။ ထိုအတူ လွန်ပူကို သစ်သားတွင် လှည့်ပေးသောအခါ လွန်ပူအသွားသည် သစ်သားထဲသို့ ထိုးစိုက် ဝင်သွားပြီးလျှင် လွန်ကို ဆွဲယူသွားလေသည်။ မူလီကို မူလီခေါင်းတွင် လှည့်သွင်းပေးရာ၌ အခြေခံ သဘောမှာ ဝက်အူနှင့်လွန်ပူတွင်ကဲ့သို့ပင် ဖြစ်သည်။ မော်တော်ကားသမားများသည် ဘီးကိုလဲရန် မော်တော်ကားကို ဂျက်ဝက်အူဖြင့် မ,ပေးသည်ကိုမြင်ဘူးကြပေလိမ့်မည်။ ဂျက်ဝက်အူမှာ စင်စစ်အားဖြင့် ဝက်အူရစ်ဖော်ထားသော ဝင်ရိုးပင်ဖြစ်သည်။ မော်တော်ကားသမားသည် ဂျက်ခေါင်းတွင် သံတန်းကို ထည့်၍ လှည့်ပေးသောအခါ ဝက်အူသည် လည်သွားလေသည်။ ဂျက်အိမ်အတွင်းဖက်တွင် ဝက်အူလှည့်အသွားကို ဖော်ပေးထားသဖြင့် ထိုသို့ လှည့်ပေးသောအခါ ဝင်ရိုးသည် အထက်သို့ တက်လာခြင်းဖြစ်သည်။

ဝက်အူသည် အမှန်အားဖြင့် ခရုပတ်ပုံ ရှိသော သပ်တမျိုးဖြစ်သည်။ ဤအချက်ကို သွပ်ရိုက်သံတွင် ထင်ရှားစွာ တွေ့မြင်နိုင်သည်။ သွပ်ရိုက်သံသည် ဝက်အူ အကြမ်းစားတမျိုး ဖြစ်သည်။ ထိုသံကို ရိုက်လိုက်သောအခါ ဝက်အူသည် လည်၍ ဝင်သွားလေသည်။ သာမန် ဝက်အူရစ်များသည် တခုနှင့်တခု အလွန်စိပ်သည်။ ထို့ကြောင့် ထိုဝက်အူမျိုးကို သစ်သားတွင် စွဲစေလိုသောအခါ ဝက်အူလှည့်ဖြင့် လှည့်ပေးရသည်။ သတ္တုများတွင် အသုံးပြုသည့် ဝက်အူများ၏ ဝက်အူရစ်သည် သာ၍ပင် စိပ်သေးသည်။ သို့သော် သစ်သားတွင် စွဲစေသော ဝက်အူများကဲ့သို့ အဖျားမချွန်ချေ။

အချို့သတ္တုများမှ လွဲ၍ သတ္တု အမြောက်အမြားတွင် ဝက်အူ စွဲလိုသောနေရာ၌ အပေါက်ဖောက်ပေးကြရသည်။ ထိုသို့ ဖောက်ပေးရာတွင် ဝက်အူ၏အချင်းထက် အနည်းငယ်သေးသော အပေါက်ကို ပဌမ ဖောက်ပေးသည်။ ထို့နောက် ဝက်အူရစ်အကြောင်း ဖော်ထားသော 'တက်' ခေါ် သံမဏိချောင်းကို လှည့်၍ ထိုးသွင်းပေးသည်။ ထိုသံမဏိချောင်းသည် အနည်းငယ် အဖျားရှူးလျက်ရှိသည်။ သတ္တုထဲသို့ ထိုးဝင်သွားပြီးလျှင် ဝက်အူနှင့် သင့်တော်သော ဝက်အူရစ်ကို ဖော်ပေးလေသည်။

ဝက်အူတွင် ဝက်အူရစ်ကြားဆိုသည်မှာ ဝက်အူရစ် နှစ်ရစ်အကြားရှိ အကွာအဝေးကိုခေါ်သည်။ မက္ကင်းနစ်ပညာတွင် အချင်း လေးပိုင်းသုံးပိုင်းလက်မရှိသော ဝက်အူတမျိုးကို အသုံးများရာ ထိုမူလီတွင် တလက်မလျှင် ဝက်အူရစ်ပေါင်း ဆယ်ရစ်ရှိသည်။ တနည်းအားဖြင့် ဆိုသော် ဝက်အူ၏ ဝက်အူရစ်ကြားသည် တလက်မ၏ ဆယ်ပုံတပုံဖြစ်သည်။ အကယ်၍ မူလီတွင် မူလီခေါင်း (ဇာဝီ)ကို တပ်ပြီးလျှင် မူလီခေါင်းကို အသေထားကာ မူလီကို လှည့်ပေးလျှင် မူလီသည် တပတ်လည်သွားတိုင်း တလက်မ၏ ဆယ်ပုံတပုံ ရွေ့လိမ့်မည်။ အကယ်၍ မူလီကို ရှေ့နောက်မရွေ့နိုင်အောင် ပြုလုပ်ထား၍ မူလီကိုလှည့်ပေးလျှင် မူလီခေါင်းသည် ရှေ့သို့ဖြစ်စေ နောက်သို့ဖြစ်စေ ရွေ့လိမ့်မည်။ ဤအစီအစဉ်မျိုးကို ကင်မရာ (ဓာတ်ပုံရိုက်ကရိယာ) တွင် ပုံချိန်ရန် အသုံးပြုကြသည်။

ဝက်အူတခုတွင် တလက်မ၌ ဝက်အူရစ်ပေါင်း ငါးရစ်ရှိလျှင် ထိုဝက်အူ၏အနက်သည် တလက်မ၏ ငါးပုံတပုံဖြစ်သည်။

ဝက်အူအဖို့ အဓိကလုပ်ငန်းမှာ ဝက်အူရစ်များပေါ်တွင် ဝန်ချိန်ကိုတင်ပြီးလျှင် အားအနည်းငယ်မျှ စိုက်ထုတ်ပေးရုံဖြင့် ထိုဝန်ချိန်ကို ဝက်အူရစ်များပေါ်တွင် တက်လာစေရန်ဖြစ်သည်။ ဝက်အူ၏ အကျိုးကျေးဇူးမှာ အားအနည်းငယ် စိုက်ထုတ်ပေးရုံမျှဖြင့် စိုက်ထုတ်လိုက်ရသော အားနှင့် စာက အလွန်များပြားသော ဝန်ချိန်ကို အပေါ်သို့ မ,ပေးနိုင်ခြင်းဖြစ်သည်။ အားမှာ ဝက်အူ၊ သို့မဟုတ် မူလီခေါင်းကို လည်စေသည့် မောင်းတံတွင် စိုက်ထုတ်ပေးရသော အလေးချိန် ဖြစ်သည်။ ထိုသို့ မောင်းတံကို လည်စေသော အခါ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝက်အူ၏ ပတ်လည်၌ စက်ဝိုင်းပုံ ရွေ့ရှားသွားစေသည်။ ထိုစက်ဝိုင်းပုံ၏ အကွာအဝေးကို အဝန်းဟုခေါ်သည်။ မောင်းတံက ပြုလုပ်ပေးသော အလုပ်အားလုံးသည် မောင်းတံတွင် စိုက်ထုတ်ပေးရသော အားနှင့် မောင်းတံလည်သော စက်ဝိုင်း၏ အဝန်းကို မြှောက်ရကိန်းနှင့် အတူတူပင်ဖြစ်သည်။ တနည်းဆိုသော် $W=F\times 2\pi$ ဖြစ်သည်။ ဤမူသေကိန်းတွင် W မှာ အလုပ်ဖြစ်၍ F မှာ စိုက်ထုတ်ပေးရသော အားဖြစ်သည်။ $2\pi$ မှာ စက်ဝိုင်း၏ အဝန်းဖြစ်သည်။

တခါတရံတွင် အား ဤရွေ့ဤမျှကို စိုက်ထုတ်ပေးလိုက်က မည်မျှလေးသော ဝန်ချိန်ကို မ, ပေးနိုင်လိမ့်မည်နည်း ဆိုသည့် သိလိုချက်မျိုး ရှိတတ်သည်။ ထိုအခါမျိုးတွင် စိုက်ထုတ်လိုက်ရသည့် အားကို မောင်းတံက ဖြစ်ပေါ်စေသော စက်ဝိုင်း၏အဝန်းနှင့်မြှောက်ရ၍ ထိုမြှောက်ရကိန်းကို ဝက်အူ၏ အနက်ဖြင့် စားပေးရလေသည်။ တနည်းဆိုလျှင် $L=\frac{F\times 2\pi}{P}$ ဖြစ်သည်။ဤမူသေကိန်းတွင် L မှာ ဝန်ချိန်ဖြစ်၍ F မှာ စိုက်ထုတ်ပေးရသောအားဖြစ်သည်။ $2\pi$ မှာ အဝန်းဖြစ်၍ P မှာ ဝက်အူ၏အနက်ဖြစ်သည်။

ဝက်အူကို သစ်သားများတွင်ဖြစ်စေ၊ မူလီထိပ်တွင် ဖြစ်စေ အများအပြား အသုံးပြုကြ၏။ ပြုတ်တူကြီးများတွင်လည်း ဝက်အူကိုပင် အသုံးပြုကြလေသည်။ အဆောက်အအုံများကို မ, လိုသောအခါတွင် ဂျက်ဝက်အူကို အသုံးပြု၍ မိုက္ကရိုမီတာ ခေါ် အဏုတိုင်း များတွင်လည်း ဝက်အူကိုပင် အသုံးပြုကြလေသည်။ ထိုမိုက္ကရိုမီတာများဖြင့် အသေးစိတ် အကွာအဝေးများကို တိုင်းတာလေ့ ရှိကြသဖြင့် ယင်းတို့ရှိ ဝက်အူရစ်များသည်လည်း လွန်စွာ စိပ်ကြလေသည်။

သင်္ဘောရှိ ပန်ကာ ခေါ် ငမန်းတောင်သည် အမှန်အားဖြင့် ဝက်အူရစ် ပါရှိသော ဝင်ရိုး ဖြစ်သည်။ ဝင်ရိုးကို အင်ဂျင်စက်တခုခုဖြင့် ဆက်ပေး၍ လည်စေသောအခါ ဝက်အူရစ်သည် ရေတွင် စိုက်ဝင်သွားပြီးလျှင် ရေကို နောက်သို့ တွန်းကန် ပစ်လိုက်လေသည်။ ထိုသို့တွန်းကန်ပစ်ရာမှ ဖြစ်ပေါ်လာသည့် နောက်ပြန်ကန်အားသည် သင်္ဘောကို ရှေ့သို့ ခုတ်မောင်းသွားစေသည်။ ၁၇၈၄ ခုနှစ်ကပင် ဗီလျံလစ်တဲလတန် ဆိုသူက ငမန်းတောင် ပုံစံတခုကို မူပိုင်မှတ်ပုံတင်ခဲ့၍ စက်ရစ်လုံး၊ ကြိုး၊ စက်သီး စသည်များဖြင့် လူအားကို အသုံးပြုပြီးလျှင် သင်္ဘောကို ခုတ်မောင်းရန် ကြံဆခဲ့သည်။အင်္ဂလန်နိုင်ငံတွင် ဆာ ဖရန်စစ်ပက်တစ် စမစ် (၁၈၃၆ ခုနှစ်) နှင့် ဆွီဒင်ပြည်ဖွား ကက်ပတိန် အီရစ်ဆန် (၁၈၃၆ ခုနှစ်) တို့သည် ကိုယ်တွေ့လုပ်ငန်းများတွင် အသုံးဝင်သော ငမန်းတောင်များကို ပြုလုပ်ခဲ့ကြလေသည်။၁၈၃၉ ခုနှစ်တွင် ငမန်းတောင်ဖြင့် ခုတ်မောင်းသော သင်္ဘောတစင်း ပေါ်ပေါက်လာခဲ့လေသည်။ ဝက်အူကို ပဌမဆုံး တီထွင်၍ ရေတင်ရာတွင် အသုံးပြုခဲ့သည့် ဂရိ ဒဿနိကဗေဒနှင့် သိပ္ပံပညာရှင် အားခီးမီးဒီးကို အစွဲပြုပြီးလျှင် ထိုသင်္ဘောကို အားခီးမီးဒီး ဟု အမည်ပေးခဲ့လေသည်။

ထိုသင်္ဘောကို ကောင်းမွန်စွာ ခုတ်မောင်း၍ရကြောင်း သိရသောအခါ ရေတပ်မှ တပင်တိုင် သင်္ဘောတစင်းကို ဆောက်လုပ်ခဲ့သည်။ အစပဌမတွင် ထိုသင်္ဘော၏ အမည်မှာ အားဒင့် ဖြစ်သည်။ ထိုသင်္ဘောကို ရှည်လျားအောင် ပြုပြင်၍ ငမန်းတောင် တပ်ပေးပြီးလျှင် ၁၈၄၃ ခုနှစ်တွင် အိပ်ချ၊ အင်မ၊ အက်စ၊ ရက်တလာ အမည်ဖြင့် ရေသို့ချပေးခဲ့လေသည်။ သို့သော် ရေတပ်တွင် ပဌမဆုံး ငမန်းတောင်ဖြင့် ခုတ်မောင်းခဲ့သည့် မီးသင်္ဘောမှာ ၁၈၄၂ ခုနှစ်တွင် ဆောက်လုပ်ခဲ့သော အိပ်ချ၊ အင်မ၊ အက်စ၊ ဒွါဖ အမည်ရှိသည့် သင်္ဘောဖြစ်လေသည်။

ပဌမဆုံး အီရစ်ဆန် ငမန်းတောင်ဖြင့် ခုတ်မောင်းခဲ့သည့် လှေမှာ လီဗာပူးအရပ်ရှိ အမေရိကန် သံအမတ်ကို အစွဲပြု၍ မှည့်ခေါ်ထားသောဖရန်းစစ် ဗီး အော့ဒင်ခေါ် အလျား ၄၅ ပေ ရှည်သောလှေ ဖြစ်သည်။ ဤလှေကို အစမ်းခုတ်မောင်းသည်ကို ဗြိတိသျှ ရေတပ်မှ တွေ့ရှိခဲ့လေသည်။ သို့သော် နောက် စမ်းသပ်မှုများကို အမေရိကန်များကသာ ပြုလုပ်ခဲ့ကြသည်။ ၁၈၃၉ ခုနှစ်တွင် အီရစ်ဆန်သည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိသွားသည်။ ထိုအချိန်မှ စ၍ အမေရိကန် ပြည်ထောင်စုတွင် အီရစ်ဆန် ငမန်းတောင်ဖြင့် ခုတ်မောင်းသည့် လှေများပေါ်ပေါက်ခဲ့လေသည်။ ၁၈၄၂ ခုနှစ်တွင် အမေရိကန် စစ်သင်္ဘောတစင်းကို ဤငမန်းတောင်မျိုး တပ်ဆင်၍ ဆောက်လုပ် ခဲ့သည်။ နှစ်နှစ်ကြာသောအခါမှသာ အင်္ဂလိပ်လူမျိုးတို့သည် အီရစ်ဆန် ငမန်းတောင်ဖြင့် ခုတ်မောင်းသော အိပ်ချ၊ အင်မ၊ အက်စ၊ အမ်ဖီယန်ကို ဆောက်လုပ်ခဲ့ကြသည်။

လေယာဉ်ပျံတွင် ပန်ကာသည် ဝက်အူရစ်နောက်၌ ရှိသော လေကို နောက်သို့ တွန်းလိုက်၍ လေယာဉ်ပျံကို ရှေ့သို့ ခုတ်မောင်းသွားစေသည်။ ဤသို့ အတွန်းခံရသည့် လေထုသည် ဗူးဆို့ဖွင့်သော ဝက်အူရစ်ကဲ့သို့ လည်ပြီးလျှင် လေယာဉ်ပျံ၏ ကိုယ်ထည်ကို ဖြတ်ကျော်သွားသည်။ ပန်ကာ၏ တွန်းအားနှင့်တကွ လေယာဉ်ပျံ၏ အလေးကြောင့် ဖြစ်ပေါ်လျက် ရှိသော ကမ္ဘာ့ဆွဲအားသည် လေယာဉ်ပျံကို လေထဲသို့ တက်ရောက်စေပြီးလျှင် ပျံသန်းသွားစေသည်။


**ဝက်ပါ။** ။အကွေ့အကောက်ပေါင်း မြောက်မြားစွာနှင့် လူတို့အား မျက်စိလည်စေနိုင်သော အဆောက်အဦမျိုးကို ဝက်ပါဟုခေါ်သည်။ ကောက်ကွေ့သော တောင်ဟု အနက်ထင်သည့် ပါဠိစကား ဝင်္ကပဗ္ဗတမှ ဆင်းသက်လာသော



www.burmeseclassic.com

www.burmeseclassic.com





ဘုရားပွဲတော်များတွင် ဆောက်လုပ်ထားလေ့ရှိသော ကမ္ဘဋ္ဌိတိ ဝင်္ကပါပုံစံ

စကား ဖြစ်ဟန်တူသည်။ ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူတော်ကို လှူပြီးနောက် ပြည်သူတို့ မကြည်ဖြူသည့်အတွက် တိုင်းပြည်မှ ထွက်တော်မူကာ ဝင်္ကပါ တောင်ရှိ ကျောင်းသခ်မ်း၌ နေထိုင်ခဲ့သည်။ မြောင်ကြား ချောက်ကြား ကမ်းပါးတောင်ယံသို့ ကွေ့လည်၍ သွားရသော ယင်း ဝင်္ကပါတောင်ကို အစွဲပြု၍ ဝင်္ကပါများကို ဆောက်လုပ် ခေါ်တွင်ကြသည်ဟုလည်း ယူဆကြသည်။

ဝင်္ကပါကို လွန်ခဲ့သည့် နှစ်ပေါင်း ၄,၀၀၀ ကျော် ခရစ်တော်မပေါ်မီ အနှစ် ၂၃၀၀ ခန့်ကပင် အီဂျစ်နိုင်ငံ၌ စတင်ဆောက်လုပ်ခဲ့သည်ဟု ဆိုသည်။ ဤအလေ့အထသည် မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံဖက်မှ တဆင့် ရောက်ရှိလာသည်ဟု ယူဆကြသည်။ အချို့ကမူ ကရိကျွန်း နောဆတ်အနီး တောင်စောင်းတွင် တူးဖော်တွေ့ရှိရသော ဝင်္ကပါက အဦးကျ၍ ကရိဝင်္ကပါကို အီဂျစ်တို့ အတုခိုး၍ ဆောက်သည်ဟု ဆိုကြသည်။

သမိုင်း ပုံပြင်များအရ ကရိကျွန်းဘုရင်ကြီး မိနိုအတွက် ဒီးဒလပ်ဆိုသူက ဝင်္ကပါတခုကို ဆောက်လုပ်ပေးကြောင်းနှင့် တွေ့ရသည်။ (ဒီးဒလပ် — လည်းရှု။) မိနိုဘုရင်သည်



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကြောက်မက်ဖွယ်ကောင်းသော မီနိုတော ခေါ် သတ္တဝါကြီးအား ထားရန် အလွန်ကောက်ကွေ့သောလမ်းများဖြင့် ပြီးသည့် ဝက်ပါတခုကို ဆောက်လုပ်စေသည်။ တနှစ်တကြိမ်လည်း ထိုသတ္တဝါကြီးအား သတို့သားခုနစ်ယောက်၊ သတို့သမီး ခုနစ်ယောက် ဆက်သရသည်။ တနှစ်သော် သီးဆယုဆိုသူက အဆက်သခံဖို့ ကိုယ်တိုင် အရွေးခံကာ သွားလေသည်။ သူအား မီနိုဘုရင့် သမီးတော်က အပ်ချည်ကြိုး တခင်ပေးလိုက်ရာ အပ်ချည်စကို ဂူဝတွင် ချည်နှောင်ထားခဲ့၍ မီနိုတောနှင့် တိုက်ပွဲဆင်ရာ နိုင်နင်းသဖြင့် ထိုကြိုးကို လက်ဖြင့် စမ်းကာ အထွက်ခက်သော ဝက်ပါအပေါက်သို့ ပြန်ထွက်နိုင်ခဲ့သည်။ (သီးဆယု — လည်းရှု။) ၁၉၀၀ ပြည့်နှစ်မှ ၁၉၀၈ ခုနှစ်အတွင်း အေ ဂျေ အီးဗန်းဆိုသူ ရှေးဟောင်းသုတေသီတဦးက ထိုဒေသကို တူးဖော်ရာ ဝက်ပါနှင့် ဆင်သည့် အကွေ့အကောက် အပိတ်အဆို့ပေါင်းများစွာနှင့်လမ်းကလေးများ အမြောင်မြောင် အသွယ်သွယ်သော အခန်းများပါသော အဆောက်အဦ ပန္နက်ပုံကို တွေ့ရှိရလေသည်။


အီဂျစ်နိုင်ငံ ဟာဝါရာအရပ် မိုးရစ်အိုင်ကြီး အနီးတွင် တတိယ အမင်းနင်းဟတ်ဘုရင် ဆောက်လုပ်ခဲ့သော အလွန်ကြီးကျယ်ခမ်းနားသည့် ဝက်ပါ တခုလည်း ရှိသေးသည်။ ကရိကျွန်းမှ ဝက်ပါကြီးနှင့် မတိမ်းမယိမ်းခေတ်တွင် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ကရိကျွန်းတွင် မီနိုဘုရင်များ တန်ခိုးထွားချိန်ကာလနှင့် အမင်းနင်းဟတ်ဘုရင် ခေတ်သည် မရှေးမနှောင်းပင် ဖြစ်လေသည်။ အခန်းပေါင်း ၃,၀၀၀ ရှိ၍၊ မြေအောက်တွင် ၁,၅၀၀၊ မြေပေါ် တွင် ၁,၅၀၀ ရှိပြီးလျှင် အခန်းအားလုံးကို ကျောက်နံရံဖြင့်တဆက်တည်း ကွေ့ကောက် ပတ်သွယ် ထားလေသည်။

တဖြည်းဖြည်း ဝက်ပါဆောက်လုပ်မှုကို လူတို့စိတ်ဝင်စားလာကြရာ ဘုရားရှိခိုးကျောင်းများ၊ ဘုရားပရဝုဏ်များ၊ ပန်းခြံများ၌ ဝက်ပါများ ဆောက်သည့် အလေ့အထ ခေတ်စားလာခဲ့သည်။ သို့ရာတွင် ရှေးဝက်ပါကြီးများလောက် မကြီးကျယ်ချေ။ အင်္ဂလန်ပြည်တွင် ခရစ် ၁၀၇၆ ခုနှစ်လောက်က ဝက်ပါပုံစံစာအုပ်များပင် ထုတ်ဝေရောင်းချဘူးလေသည်။

အင်္ဂလန်ပြည် လန်ဒန်မြို့ အနီးတွင် အလှပဆုံး ဖြစ်၍ စည်းရိုးပင်တို့ဖြင့် အဆန်းတကြယ် တည်ဆောက်ထားသော ဟမ္ပတန်ကုတ် ဝက်ပါသည် အလွန်ထင်ရှားသည်။ တတိယ ဝိလျံ ဘုရင် လက်ထက်က ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံ၌ကား ပြည်ခရိုင် ရွှေတောင်မြို့အနီး ရွှေနတ်တောင်ဘုရားအနီး၌တခု၊ အင်းဝဖက်တွင်တခု၊ မော်လမြိုင် လေယာဉ်ပျံကွင်းအနီး ကုသိနာရုံဘုရားတွင် တခု ထင်ထင်ရှားရှား အုတ်ရိုးများနှင့် ပြုလုပ်ထားသည့် ဝက်ပါများကို တွေ့နိုင်သည်။ ထို့ပြင် တန်ဆောင်မုန်းလအခါတွင် မြန်မာနိုင်ငံအနှံ့အပြား၌ တန်ခိုးကြီးဘုရား ယင်ပြင်၊ သို့မဟုတ် ခြေတော်ရင်း မြေကွက်လပ်များ၌ ဝက်ပါများ တည်ဆောက်၍ မီးရောင်စုံထွန်းညှိကာ ဝက်ပါပွဲ ဆင်နွှဲလေ့ ရှိကြသည်။

**ဝင်နီပက်မြို့။** ။ဝင်နီပက်မြို့သည် ကနေဒါနိုင်ငံ၊ မနီတိုးဗား ပြည်နယ်၏ မြို့တော် ဖြစ်သည်။ ဝင်နီပက်အိုင် တောင်



ဝင်နီပက်မြို့ရှိ စီပီအာ မီးရထားဘူတာရုံကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖက် ၄၅ မိုင် အကွာတွင် မြစ်နီနှင့် အက်ဆီးနီဗွိုင်းမြစ်တို့ ဆုံရာ၌ တည်ရှိသည်။ ဝင်နီပက်မြို့သည် မူလက နယ်စပ်ကုန်သွယ်စခန်းမျှသာ ဖြစ်သော်လည်း ယခုအခါ ကနေဒါနိုင်ငံ၌ စတုတ္ထမြို့ကြီး အဆင့်သို့ ရောက်ရှိနေသည်။


ထိုကဲ့သို့ ကြီးကျယ်စည်ကားသော မြို့ကြီးအဖြစ်သို့ တိုးတက်လာခဲ့ခြင်းမှာ မြို့၏ ပထဝီ အနေအထား အချက်ကျခြင်းကြောင့်ဟု ဆိုရပေမည်။ ဝင်နီပက်မြို့သည် ဝင်နီပက်အိုင်နှင့် ကနေဒါနိုင်ငံ တောင်ဖက်နယ်နိမိတ်အကြား အလယ်ဗဟို၌ တည်ရှိသည့်အပြင် ပရေရီလွင်ပြင်ဒေသမှ ထွက်ကုန်များကိုင်း၊ အရှေ့ပိုင်းဒေသမှ ထွက်ကုန်များကိုင်း ထိုမြို့က တဆင့် ဖြန့်ချီရောင်းချရလေသည်။ ကနေဒီယန်ပစိဖိတ် မီးရထားလမ်း၊ ကနေဒီယန် နေရှင်နယ်မီးရထားလမ်းနှင့် အမေရိကန်ပြည်ထောင်စုမှ မီးရထားလမ်းတို့ ဆုံရာဌာနလည်း ဖြစ်ခြင်းကြောင့် ကနေဒါနိုင်ငံတွင် အကြီးဆုံး မီးရထားလမ်း ဗဟိုအချက်အခြာဌာနဖြစ်သည်။ လေကြောင်းခရီးလမ်းဆုံလည်း ဖြစ်သည်။

ဝင်နီပက်မြို့သည် ကနေဒါ နိုင်ငံ၌ ရှိသော ဂျုံစပါးထွက်ရာ ဒေသအတွက် တံခါးပေါက်သဖွယ်ဖြစ်၍ ဂျုံစပါး သိုလှောင်ခြင်း၊ ဂျုံမှုန့်ကြိတ်ခြင်းနှင့် တင်ပို့ရောင်းချခြင်း၌ ဗဟိုအချက်အခြာဌာန ဖြစ်သည်။ ထိုပြင် အမဲသားစည်သွတ်လုပ်ငန်း၊ သံထည်ပစ္စည်းလုပ်ငန်း၊ ထွန်ယက်စက်ကရိယာလုပ်ငန်း၊ သစ်လုပ်ငန်း၊ သားရေလုပ်ငန်း တို့သည်လည်း ထင်ရှားသော စက်မှုလုပ်ငန်းများ ဖြစ်သည်။ မြို့အတွက် ရေကို ဝုရေအိုင်မှ မိုင် ၁၀၀ ကျော်ရှည်သော ရေသွယ်ပြွန်ဖြင့် သွယ်ယူရရှိသည်။

ဝင်နီပက်မြို့ရှိ လမ်းမကြီးများတွင် ကျယ်၍ ဖြောင့်တန်းသည်။ လမ်းဘေးတလျှောက်၌ သစ်ပင်များကို အစီရရီ စိုက်ပျိုးထားသည်။ အပန်းဖြေရန် အတွက် ပန်းဥယျာဉ်နှင့် ကစားကွင်း များစွာရှိသည်။ မနီတိုးဗား တက္ကသိုလ်ကြီးလည်း တည်ရှိသည်။ ဝင်နီပက်မြို့တွင် လူဦးရေ ၂၆၅,၄၂၉ ခန့် (၁၉၆၁) ရှိလေသည်။

ဝင်နီပက်မြို့ တည်ရာအရပ်တွင် ဖိုရှတ်ခေါ် သားမွေးကုန်သွယ်စခန်းကို ၁၇၃၈ ခုနှစ်၌ စတင်ဖွင့်ခဲ့ကြသည်။ တဖန် ၁၈၁၂ ခုနှစ်မှ ၁၈၇၃ ခုနှစ်အထိ ဖိုဂယ်ရီဟု အမည်တွင်လေသည်။ ၁၈၇၃ ခုနှစ်တွင် ဝင်နီပက်အိုင် အမည်ကို ယူ၍ ဝင်နီပက်မြို့ဟု အမည်သစ်ဖြင့် ခေါ်တွင်ခဲ့ကြလေသည်။

**ဝင်ရိုးစွန်းသို့။** ။လူသူမရောက်ဘူးသေးသော ရေခဲအတိကန္တာရကြီး ဖြစ်နေသည့် ဝင်ရိုးစွန်းဒေသများသို့ စွန့်စွန့်စားစား သွားရောက်ရှာဖွေခြင်းသည်ကား သာမန် လူသားတို့၏ စွမ်းဆောင်နိုင်မှု မဟုတ်ပဲ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူယောကျ်ား အာဇာနည်တို့၏ အလုပ်သာ ဖြစ်တော့သည်။



စကော့၏ ရှက်သဘော် ရေခဲများတွင် ညပ်မိနေစဉ်

လူတို့၏ စွန့်စားမှု အမျိုးမျိုးတွင် ဤစွန့်စားမှုကို ထိပ်တန်းမှ စာရင်းတင်လောက်ပေသည်။ ခရစ်နှစ် ၈၀၀ ကျော် ၉၀၀ ခန့်က အင်္ဂလန်ပြည့်ရှင် အဲလဖရက်ဘုရင်၏ အဆွေတော် နော်ဝီဂျန်လူမျိုး အော့တားဆိုသူ လက်ထက်မှ အစပြု၍ ဝင်ရိုးစွန်းဒေသများသို့ သွားရောက်ရှာဖွေမှုများ စခဲ့သည်ဟု ဆိုသည်။

အော့တားသည် အာတိတ် စက်ဝိုင်းအတွင်းရှိ ပင်လယ်ဖြူကို ဦးစွာ ပဌမ တွေ့ရှိသူဖြစ်သည်။ အီရစ်ဆိုသူမှာ သူ့ထက်ပင် နှံ့စပ်သော နော်ဝီဂျန်လူမျိုးတဦး ဖြစ်၍ သူသည် ဂရင်းလန်းကျွန်းကြီးကို ၉၈၃ ခုနှစ်တွင် တွေ့ရှိခဲ့လေသည်။ ထိုသတင်းများသည် ကမ္ဘာ တဝှန်းလုံးသို့ ပျံ့နှံ့သွားပြီးနောက် စွန့်စားလိုသူများ ပေါ်ထွက် လာကြတော့၏။ ဂျာမနီ၊ ဩစတြီးယား၊ ဣတလီ၊ နော်ဝေး၊ အင်္ဂလန်၊ ပေါ်တူဂယ်၊အမေရိကန်၊ရုရှား၊ဆွီဒင်နိုင်ငံတို့မှ အသီးအသီးထွက်ပေါ် လာပြီးလျှင် အစိုးရက သော်၎င်း၊ တိုင်းသူပြည်သားများက သော်၎င်း စရိတ်ကြေးငွေ ထောက်ပံ့ကြလေသည်။

ထိုသို့ စွန့်စားသွားရောက်ကြသူ များစွာ ပေါ်ထွက်လာခဲ့ကြသည့် အနက် ထင်ရှားသူများအား အစဉ်အတိုင်း ဖော်ပြရမည်ဆိုလျှင်အယ်လစ်ဇဗက်ဘုရင်မကြီးလက်ထက်၌ မာတင် ဖရိုးဗစ်ရှား ဆိုသူသည် ဝင်ရိုးစွန်းဒေသများသို့သွားရောက်စဉ် အမေရိကတိုက် အာတိတ်သမုဒ္ဒရာဖက်တွင် ပင်လယ်အော်သစ်တခုကို တွေ့ရှိခဲ့၍ ထိုပင်လယ်အော်ကို သူ၏



www.burmeseclassic.com

www.burmeseclassic.com



အမည်ဖြင့် ဖရိုးဗစ်ရှား ပင်လယ်အော်ဟု ခေါ်တွင်စေခဲ့သည်။ (ဖရိုးဗစ်ရှား, ဆာမာတင် — လည်းရှု။)

ထိုနောက်တွင် ဒိန်းလူမျိုး ဗဲရင်း၊ အင်္ဂလိပ်လူမျိုး ဒေးဗစ် ဗက်ဖင်နှင့် ဟင်နရီ ဟာဒ်ဆန်တို့ ဖြစ်ကြလေသည်။ (ဟာဒ်ဆန်, ဟင်နရီ — လည်းရှု။) ဟာဒ်ဆန်သည် ဟာဒ်ဆန် ပင်လယ်အော်ကိုတွေ့ရှိပြီးလျှင် အမည်ပေးခဲ့သူ ဖြစ်သည်။ ထိုအခါက မြောက်ဝင်ရိုးစွန်းအထိ ပေါက်ရောက်ခြင်း မရှိကြသေးသော်လည်း ဝင်ရိုးစွန်းအရပ်ဟုခေါ်သည့်အာတိတ်စက်ဝိုင်းဒေသအတွင်းသို့၎င်း၊ အနီးအနားသို့၎င်း ပေါက်ရောက်ခဲ့ကြလေပြီ။ သို့ရာတွင် ဗဟုသုတနည်းပါးလျက် သိပ္ပံပညာမှာ ထွန်းကားခြင်းမရှိသေးသည့်ပြင် သင်္ဘောများကိုလည်း သွားရမည့်ခရီးဒဏ်ကို ခံနိုင်ရည်ရှိအောင် တည်ဆောက်နိုင်ခြင်း မရှိသေးသဖြင့် အသွားအလာမှာ အလွန်ခက်ခဲလေသည်။

ဤသို့ အခက်အခဲများ ကြားမှပင် ကပ္ပတိန် ဂျွန် ရော့စ ဆိုသူသည် ဗူးသီယကျွန်းဆွယ်အနောက်ဖက်ကမ်း၌ရှိသော မြောက်ဖက် သံလိုက်ဝင်ရိုးစွန်းသို့ ရောက်ရှိခဲ့လေသည်။ ထိုနောက် ဆာ ဂျွန် ဖရန်ကလင်သည် အနောက်မြောက် ဖြတ်လမ်းကို ရှာဖွေရန် သုံးနှစ်တိုင်တိုင် ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင် ခဲ့ရပြီးနောက် ဗူးသီယန် ကမ်းခြေ၌ပင် သင်္ဘောပျက်၍ ဇာတ်သိမ်း ခဲ့ရရှာ၏။ (ဖရန်ကလင်, ဆာဂျွန် — လည်းရှု။)

ထိုနောက် ကပ္ပတိန် ရောဗတ် မက္ကလျူး ခေါင်းဆောင်သော အဖွဲ့သည် ဗန့် ကုန်းမြေဒေသအနီးတွင် သင်္ဘောပျက်၍ ရေခဲပြင်ပေါ်၌ မျောပါသွားရာ နောက်တသုတ် ရှာဖွေစွန့်စားသူများကကယ်ဆယ်နိုင်ခဲ့သဖြင့် အသက်ချမ်းသာရာရပြီးလျှင် ၁၈၅၄ ခုနှစ်တွင် အင်္ဂလန်သို့ ပြန်လည်ရောက်ရှိခဲ့၏။ သူသည် သင်္ဘော ခရီးစဉ်ဖြင့် မဟုတ်စေကာမူ အနောက်မြောက် ဖြတ်လမ်းကို တွေ့ရှိခဲ့ကာ ရေခဲပြင်ပေါ်မှ တစိတ်တဒေသအားဖြင့် ဖြတ်၍ လာခဲ့ကြရသဖြင့် သူ၏ စွန့်စားမှုကို ချီးကျူးသည့်အနေဖြင့် ရွှေဒင်္ဂါးပေါင် ၁၀,၀၀၀ နှင့်တကွ ဆာဘွဲ့ကို ချီးမြှင့်ခြင်းကို ခံခဲ့ရလေသည်။

ဤသည်တို့ကား ၁၉ ရာစုနှစ်အတွင်း စွန့်စားရှာဖွေမှုများ ဖြစ်လေသည်။ ထိုနောက် ဥရောပတိုက် မြောက်ဖက်စွန်းနယ်များနှင့် ဆိုက်ဗီးရီးယားနယ်များကို ရှာဖွေကြပြီးလျှင် စပစ်ဗားဂျင်း၊ ဖရန့် ဂျိုးဇက်လန်၊ နိုဗယာ ဇင်းမလယားကျွန်းများ၏ မြေပုံကြမ်းများကို ရေးဆွဲနိုင်သည့်အခြေသို့ပင် ရောက်ရှိခဲ့၏။ မြောက်ဝင်ရိုးစွန်းသို့ ရောက်ရန် စွန့်စားသူများအနက် ရှေးဦးစွာ ထင်ရှားသူမှာ နော်ဝီဂျန်လူမျိုး သိပ္ပံပညာရှင်ဖရစ်တယော့နန်းဆန်ဖြစ်၍ သူ၏အတ္ထုပ္ပတ္တိကို မှတ်သားထိုက်ပေသည်။ (နန်းဆန်, အက်(ဖ) — လည်းရှု။)

ရေခဲတုံးများ ဖိညှပ်ခြင်း ခံနိုင်၍ ရေခဲပြင်နှင့် တွေ့ကာ သင်္ဘောကို အလိုအလျောက် ရေပေါ်သို့ ပေါ်တက်လာအောင် နည်းသစ်ထွင်၍ နန်းဆန်သည် သင်္ဘောတစင်း တည်ဆောက်ပြီးသော် ၁၈၉၃ ခုနှစ်တွင် ဆိုက်ဗီးရီးယားပြည်၏ မြောက်ဖက်၌ ရှိသော ရေခဲပြင်ဒေသသို့ အဖော် ၁၃ ယောက်နှင့် အတူ ထွက်ခွာသွားရာ သုံးနှစ်တိုင်တိုင် ရေခဲထဲတွင် မျောပါလျက်ရှိခဲ့လေသည်။ အာရှ ကမ်းခြေမှ အာတိတ် သမုဒ္ဒရာကို ဖြတ်၍ မျောပါလာသော သစ်တုံးများသည် နောက်ဆုံး၌ ဂရင်းလန်းကျွန်းနှင့် ဥရောပတိုက် အကြား မြောက် အတ္တလန္တိတ်သမုဒ္ဒရာသို့ ရောက်လာသည်ကို ထောက်သဖြင့် မိမိသင်္ဘောသည်လည်း မြောက်ဝင်ရိုးစွန်းသို့ ရောက်သွားလိမ့်မည်ဟု ဒေါက်တာ နန်းဆန် တွေးဆချက်မှာ မှန်ကန်သော တွေးဆချက်ဖြစ်သော်လည်း သူတို့၏ သင်္ဘောသည် မြောက်ဝင်ရိုးစွန်းသို့ ရောက်အောင် မျောပါ၍ မသွားသဖြင့် ထင်ကြေးနှင့် မကိုက်ပဲ ဖြစ်ခဲ့၏။ ထိုကြောင့် ဒေါက်တာနန်းဆန်သည် သင်္ဘောကို ထားခဲ့ပြီးသော် အဖော်တယောက်ကို ခေါ်ကာ ဝင်ရိုးစွန်းကို ရှာဖွေရန် ထွက်ခွာသွားရာ ဝင်ရိုးစွန်းသို့ မရောက်သော်လည်း မြောက်လတ္တီတွဒ် ၈၆ ဒီဂရီ ၁၄ မိနစ်အရပ်သို့ တိုင်အောင် ရောက်ခဲ့လေသည်။

ထိုထက် မိနစ် ၂၀ ခန့်တိုး၍ မြောက်လတ္တီတွဒ် ၈၆ ဒီဂရီ ၃၄ မိနစ်သို့ ရောက်ခဲ့သူများမှာ နောက်လေးနှစ်အကြာတွင် သွားရောက်သော အဗရုဇီးမြို့စား ခေါင်းဆောင်သည့် ဣတာလျံ လူမျိုးအဖွဲ့ ဖြစ်လေသည်။

မတွေ့မနေ ဟူသော ဇွဲဖြင့် ဆက်လက်ရှာဖွေကြသူများအနက် ဆွီလူမျိုး မီးပုံးပျံသမား အက် (စ) အေ အန်ဒရီး ဆိုသူ၏ အတ္ထုပ္ပတ္တိကလေးမှာ စိတ်ဝင်စားဖွယ်ကောင်းသည့်အပြင် သနားဖွယ်လည်း ကောင်းလေသည်။ နန်းဆန်သင်္ဘော လွင့်သွားပြီးနောက် လေးနှစ်မျှအကြာ ၁၈၉၇ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် သူသည် အဖော်နှစ်ယောက်နှင့် အတူ စပစ်ဗားဂျင်းကျွန်းမှ မြောက်ဝင်ရိုးစွန်းသို့ မှန်းဆကာ မီးပုံးပျံဖြင့် တက်လေ၏။ သို့သော် ထိုလူစု၏ အကြောင်းကို နှစ်ပေါင်း ၃၀ ကျော်ကြာမြင့်သည့်တိုင်အောင် မကြားရတော့ပဲ ၁၉၃၀ ပြည့်နှစ်တွင်မှ ဝှိုက်ကျွန်းပေါ်မှ သူတို့၏ အရိုးစုအကြွင်းအကျန်များကို တွေ့ရလေတော့သည်။

ဇွဲကောင်းကောင်းကြိုးစားက နောက်ဆုံးတွင် အောင်မြင်ရမြဲ ဖြစ်သည့်အတိုင်း အမေရိကန်လူမျိုး ရောဗတ် ပီယားရီသည် ၁၈ နှစ်တိုင်တိုင် ကြိုးစားခဲ့ပြီးနောက် နောက်ဆုံးတွင် လိုအပ်သော ပန်းတိုင်သို့ ကောင်းစွာရောက်ရှိခဲ့ပြီးလျှင် ၁၉၀၉ ခုနှစ်တွင် မိမိနေရင်းဌာနသို့ ပြန်နိုင်ခဲ့လေသည်။ (ပီယားရီ, ရောဗတ် အက်ဒွပ် — လည်းရှု။) သို့သော် အခြား အမေရိကန်တဦးဖြစ်သူ ဒေါက်တာ အက်(ဖ)အေကွတ် ဆိုသူက မိမိသည် ပီယားရီထက် တနှစ်ကျော် [illegible]လျှင်



www.burmeseclassic.com

www.burmeseclassic.com


စော၍ မြောက်ဝင်ရိုးစွန်းသို့ ရောက်ခဲ့ကြောင်း ပြောဆိုလေသည်။ သို့ရာတွင် နောက်ဆုံး၌ ပီယားရီ၏ ရောက်ရှိခြင်းကိုသာ အသိအမှတ် ပြုကြလေသည်။

တောင်ဝင်ရိုးစွန်း ရှိရာ အန္တာတိတ်ဒေသကား ဥရောပတိုက်နှင့် များစွာ ကွာလှမ်းသည့်အပြင် ပြင်းထန်ဆိုးရွားလှသော ရာသီဥတုရှိခြင်းကြောင့် တကြောင်း၊ အလွန်မြင့်မားသော ရေခဲတောင်တန်းကြီးများ ဝိုင်းရံကာဆီးလျက်ရှိခြင်းကြောင့် တကြောင်းကြောင့် တောင် ဝင်ရိုးစွန်းသို့ ရုတ်တရက် မရောက်နိုင်ပဲရှိခဲ့၏။ ၁၇၇၂ ခုနှစ်မှစ၍ ရှာဖွေခဲ့ကြသော ကပ္ပတိန် ဂျိမ်းကွတ်၊ ထိုနောက် အမေရိကန်ရေတပ်ဗိုလ်မှူးကြီး ချား ဝီလကီ၊ ထိုနောက် ဆာ ဂျိမ်းရော့ စသော ပုဂ္ဂိုလ်များ၏ စွန့်စားမှုကြောင့် အတော်အတန် ပေါက်ရောက်ခဲ့ကြပြီးလျှင် ၁၉ ရာစုနှစ် ကုန်လွန်သွားခဲ့လေသည်။ ထိုနောက် ၁၉၀၂ ခုနှစ်တွင် ဗြိတိသျှရေတပ် ဗိုလ်မှူးကြီး ရောဗတ် စကော့ဆိုသူသည် အန္တာတိတ် ကုန်းမြေဒေသပေါ်သို့ ရောက်ရှိခဲ့လေသည်။ ထိုဒေသ၌ အလွန်မြင့်မားသော တောင်ကြီးများနှင့် အံ့ဖွယ်ကောင်းလောက်သော ရေခဲမြစ်ကြီးများကို တွေ့ခဲ့ရလေသည်။ နောက်ခုနစ်နှစ်မျှ ကြာပြန်သော် တောင်ဝင်ရိုးစွန်းနှင့် ၉၇ မိုင်မျှသာ ဝေးသော နေရာအထိ ဆာ အားနက် ရှက်ကယ်လတန်သည် ပေါက်ရောက်ခဲ့လေသည်။ (စကော့, အာအက်(ဗ)။ ရှက်ကယ်လတန်,ဆာ အားနက် — လည်းရှု။)

၁၉၁၂ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့တွင် ကပ္ပတိန် စကော့သည် တောင်ဝင်ရိုးစွန်းသို့ အောင်မြင်စွာ ရောက်ရှိသွား၏။ ဤကား သူ၏ ဒုတိယအကြိမ် ထပ်မံကြိုးစားမှုဖြစ်၏။ သို့ရာတွင် နော်ဝီဂျန်လူမျိုး အားမန်ဆင်ဆိုသူသည် မိမိထက် တလအလျင်စော၍ ရောက်ရှိပြီး ဖြစ်နေသည်ကို သိရှိရလေသည်။ ဝင်ရိုးစွန်းမှ သင်္ဘောရှိရာသို့ အပြန်၌ စကော့နှင့် သူ၏လူစုမှာ တယောက်မကျန် သေကြေပျက်စီးကြလေသည်။ သို့ဖြင့် အားမန်ဆင်သည် တောင်ဝင်ရိုးစွန်းသို့ ရောက်သူ အဖြစ်ဖြင့် ဂုဏ်ယူနိုင်တော့လေသည်။ (အားမန်ဆင် — လည်းရှု။)

တောင်ဝင်ရိုးစွန်းသို့ အားမန်ဆင်ရောက်ရှိပုံမှာ ကပ္ပတိန်နန်းဆန် မြောက်ဝင်ရိုးစွန်းသို့ သွားစဉ်က အသုံးပြုခဲ့သော ဖရမ်းသင်္ဘောဖြင့် ရော့ပင်လယ်ရှိ ဝေလငါးပင်လယ်အော်တွင် ဆောင်းခိုပြီးနောက် နွေဦးပေါက်သောအခါ ရိက္ခာထောက်စခန်း သုံးခုချထားကာ တောင်ဝင်ရိုးစွန်းကို ကာဆီးထားသည့် ပေ ၁၀,၀၀၀ ခန့်မြင့်သော ရေခဲကုန်းပြင်မြင့်ကြီးကို တက်ရောက် ကျော်လွှားပြီးလျှင် ၁၉၁၁ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် တောင်ဝင်ရိုးစွန်းသို့ ရောက်ရှိခဲ့လေသည်။ သုံးရက်ကြာမျှ တောင်ဝင်ရိုးစွန်းတွင် ကြည့်ရှုလေ့လာပြီးနောက် နေရင်းဌာနသို့ ပြန်နိုင်ခဲ့လေသည်။

ထိုနောက် ဝင်ရိုးစွန်းများသို့ သွားခြင်းသည် ခေတ်စားလျက်ပင် ရှိသေး၏။ ၁၉၂၆ ခုနှစ်၌ အမေရိကန် ရေတပ်အရာရှိ ရစ်ချတ် ဗတ်ဆိုသူသည် မေလ ၉ ရက်နေ့တွင် စပစ်ဗားဂျင်းကျွန်းမှ မြောက်ဝင်ရိုးစွန်းသို့ ပျံသန်းရာတွင် အသွား အပြန် မိုင် ၁,၆၀၀ ခန့်ရှိ၍ ၁၅ နာရီခွဲ အချိန်ကြာခဲ့၏။ (ဗတ်,ရစ်ချတ် — လည်းရှု။)ထိုနောက် သုံးရက်မျှအကြာတွင်အားမန်ဆင်သည် ဣတာလျံလူမျိုးတဦး မောင်းနှင်သော လေသင်္ဘောဖြင့် မြောက်ဝင်ရိုးစွန်းသို့ ပျံသန်းပြန်လေသည်။

ထိုနောက် ၁၉၂၈ ခုနှစ်တွင် ကပ္ပတိန် ဆာ ဟျူးဗတ်ဝီလကင်ဆိုသူသည် မြောက်ဝင်ရိုးစွန်းသို့ ပျံသန်းခဲ့၏။ နိုဗိုင်သည် ၁၉၂၈ ခုနှစ် မေလ၌ မြောက်ဝင်ရိုးစွန်းသို့ ရောက်ရှိခဲ့သော်လည်း အပြန်ခရီးတွင် လေသင်္ဘောပျက်၍ လူရှစ်ယောက် သေကြေ ပျက်စီးရ၏။ အားမန်ဆင်နှင့် အဖော်ငါးယောက်တို့သည် ထိုသူများအား လိုက်၍ ကယ်ဆယ်ရာတွင် သေဆုံးပျက်စီးရပြန်လေသည်။

ယခုအခါတွင် ဥရောပတိုက်မှ အရှေ့နိုင်ငံများသို့ လမ်းရိုးလမ်းစဉ်အတိုင်း ပနားမားတူးမြောင်း၊ သို့မဟုတ် ဆူးအက်တူးမြောင်းများကို ဖြတ်ကာ ကျယ်ဝန်းသော သမုဒ္ဒရာကြီးများကို ကျော်၍ သွားကြရလေသည်။ အကယ်၍ လေယာဉ်ဖြင့် ကမ္ဘာ့ထိပ်ဖျားမြောက်ဝင်ရိုးစွန်းကို ကျော်၍ သွားနိုင်လျှင် လမ်းသည် များစွာတို၍ သွားပေမည်။

လေယာဉ်ပျံ တစင်းသည် ဂရင်းလန်းနှင့် စပစ်ဗားဂျင်းကျွန်းအကြားမှ မြောက်ဝင်ရိုးစွန်းပေါ်သို့ ဖြတ်ပြီးနောက် ဗဲရင်းရေလက်ကြားကို ကျော်၍ တောင်ဖက်သို့ပျံလိုက်လျှင် ဂျပန်၊ တရုပ် စသော နိုင်ငံများသို့ အချိန်သက်သာစွာနှင့် ရောက်ပေမည်။ ဥရောပတိုက် အနောက်ဖျားသည် ဤသို့ဖြင့် အရှေ့ပိုင်းနိုင်ငံများနှင့် ပို၍ နီးကပ်လာပေမည်။ ဤသို့ဖြတ်လမ်းများကို တွေ့ရှိမှုသည် အချိန်တိုခြင်း၊ စရိတ်ကုန်သက်သာခြင်း၊ တနိုင်ငံနှင့် တနိုင်ငံ ကူးလူးဆက်ဆံရန်ပို၍ လွယ်ကူခြင်း စသည်တို့ကြောင့်လည်း လူ့အသက်နှင့် စရိတ်ကြေးငွေကို ပမာနမထားပဲ ဤမျှလောက် အားတက်သရော သွားရောက်ရှာဖွေကြခြင်း ဖြစ်လေသည်။ ယခုအခါ မြောက်ဝင်ရိုးစွန်းကို ဖြတ်ကျော်သည့် လေယာဉ်လမ်းကို အသုံးပြုနေကြပြီဖြစ်၏။

ဆာဟျူးဗတ်ဝီလကင်သည် ၁၉၂၈ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အတွင်း မြောက်ဝင်ရိုးစွန်းကို စုံစမ်းရာမှ တောင်ဝင်ရိုးစွန်းဖက်သို့ ပြောင်းရွှေ့ကာ စုံစမ်းပြန်ရာ လေယာဉ်ပျံနှင့်ပျံသန်းရာတွင် ကမ်းခြေသစ် မိုင် ၃၀၀ ကို တွေ့ခဲ့လေသည်။ ထိုနည်းအတူ နော်ဝေးနိုင်ငံနှင့် ဩစတြေးလီးယားတိုက်တို့မှလည်း စွန့်စားရှာဖွေသူများသည် လေယာဉ်ပျံများဖြင့် ပျံသန်းကာ လူသူမရောက်သေးသော ထိုဒေသများမှ နယ်



www.burmeseclassic.com

www.burmeseclassic.com



သစ်များ တွေ့ရှိကာ မိမိတို့ နိုင်ငံအတွက် အသီးအသီး သတ်မှတ်နိုင်ခဲ့ကြလေသည်။

အန္တာတိတ် ဒေသ ရှာဖွေမှုများမှာ ၁၉၂၈ ခုနှစ်မှ စ၍ ရှေးကထက် တိုးတက်လာပြီးလျှင် အမေရိကန် ရေတပ်ဗိုလ်ချုပ်တဦးဖြစ်သော ရစ်ချတ် ဗတ်ဆိုသူသည် ပေါင်နှစ်သိန်းကျော် အကုန်ခံကာ နှစ်နှစ်တိုင်တိုင် စူးစမ်းရှာဖွေခဲ့၏။ ၁၉၂၉ ခုနှစ်နိုဝင်ဘာလ၌ အဖော်သုံးဦးနှင့်အတူ တောင်ဝင်ရိုးစွန်းဒေသပေါ်သို့ လေယာဉ်ပျံဖြင့် မိုင်ပေါင်း ၁,၆၀၀ ခန့် ခရီးကို ၁၉ နာရီနှင့် ပျံသန်းခဲ့၏။ သို့ဖြင့် ထိုဒေသ၏ မြေပုံအကြမ်းကို ရေးဆွဲနိုင်ပြီးလျှင် အမေရိကန် နိုင်ငံအတွက် စတုရန်းမိုင် တသိန်းခွဲခန့်ရှိ နယ်ပယ်သစ်များကို သိမ်းသွင်းနိုင်ခဲ့လေသည်။

ကနေဒါ နိုင်ငံက မိမိ၏ နိုင်ငံ မြောက်ဖက် ကမ်းခြေနှင့် ဝင်ရိုးစွန်းအတွင်းရှိကုန်းမြေအားလုံးကိုမိမိပိုင်ဆိုင်ကြောင်းနှင့် အခိုင်အမာ ကျေညာခဲ့၏။ အမေရိကန် ပြည်ထောင်စု၊ ဒိန်းမတ်၊ နော်ဝေးနိုင်ငံတို့ကလည်း ကျယ်ဝန်းသော ဒေသအသီးအသီးကို မိမိတို့ပိုင် ဟု ကျေညာကြ၏။ ဤသည်တို့အနက် ရုရှနိုင်ငံ၏ပိုင်နက်မှာ အကျယ်ဝန်းဆုံးဖြစ်သည်ကို တွေ့ရလေသည်။

၁၉၃၇ ခုနှစ်ကပင် ရုရှားလူမျိုးတစုသည် မြောက်ဝင်ရိုးစွန်းအနီးတွင် ဝိုင်ယာလက် စကားပြောစက် စခန်းတခုကို ဖွင့်လှစ်ခဲ့လေသည်။ သို့ဖြင့် အာတိတ်သမုဒ္ဒရာ ကမ်းခြေတဝိုက်သည် ကူးသန်း ရောင်းဝယ်ရေး အမြင်ဖြင့်ရှင်း၊ စစ်ပရိယာယ် အမြင်ဖြင့်ရှင်း၊ ဗဟုသုတဆိုင်ရာ သုတေသနလုပ်ငန်းအမြင်ဖြင့်ရှင်း ကမ္ဘာပေါ်တွင် အရေးအကြီးဆုံးဒေသများအနက် တခုအပါအဝင် ဖြစ်လာခဲ့လေသည်။ ထိုကြောင့်လည်း နိုင်ငံအတွက် စွန့်စားရှာဖွေသူ အာဇာနည်သူရဲကောင်းများသည် မိမိတို့၏အသက်ကို ပမာနမထားကြပဲ ထိထိရောက်ရောက် သွားရောက်ရှာဖွေကြခြင်း ဖြစ်လေသည်။



"ချင်းဒစ်"တပ်ဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဝင်းဂိတ်

**ဝင်းဂိတ်၊ ဗိုလ်ချုပ်** (ခရစ် ၁၉၀၃ – ၁၉၄၄)။ ။ဗိုလ်ချုပ်ဝင်းဂိတ်သည် ဒုတိယ ကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံမှ ဂျပန်တပ်များကို တိုက်ထုတ်ရာ၌ အလွန် အရေးပါသော စစ်ဆင်မှုကို ပြုလုပ်ရန်အတွက် 'ချင်းဒစ်' တပ်ဖွဲ့ကို ခေါင်းဆောင်ရသော ဗြိတိသျှဗိုလ်ချုပ် ဖြစ်သည်။ ဝင်းဂိတ်တပ်၏ အမှတ်တံဆိပ်သည် ခြသေ့ရုပ်ဖြစ်၍ 'ချင်းဒစ်' ဟူသော အမည်မှာ မြန်မာ 'ခြသေ့' ကို အင်္ဂလိပ်အသံနှင့် ခေါ်ဆိုခြင်း ဖြစ်သည်။

အော့ဒ ချား ဝင်းဂိတ်သည် ၁၉၀၃ ခုနှစ် ဖေဖွာရီလ ၂၆ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ နယ်နီတယ်မြို့၌ ဖွားမြင်သည်။ ဗိုလ်မှူးကြီး ဂျော့ ဝင်းဂိတ်၏သားကြီးဖြစ်၍ အင်္ဂလန်နိုင်ငံ ဝူးလစ်ချ် စင်တက္ကသိုလ် ကျောင်းတွင် စစ်ပညာသင်ကြားခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် ဘုရင့်အမြောက်ကြီးတပ်၌ ဝင်ရောက်အမှုထမ်းသည်။ ၁၉၂၈ ခုနှစ်မှ ၁၉၃၃ ခုနှစ်အထိ ဆူဒန်နယ်၌ရှင်း၊ ၁၉၃၆ ခုနှစ်မှ ၁၉၃၉ ခုနှစ်အထိ ပယ်လက်စတိုင်ပြည်၌ရှင်း စစ်မှုထမ်းခဲ့သည်။ အထူးသဖြင့် ပယ်လက်စတိုင်တွင် အမှုထမ်းစဉ်က ပြောက်ကျားစစ်ဆင်ရေး၌ ထူးချွန်ခဲ့လေသည်။

ဒုတိယကမ္ဘာစစ် ဖြစ်ပွားလာသောအခါ ဗိုလ်ချုပ်ကြီး ဝေဗယ်သည် အရှေ့ အလယ်ပိုင်း စစ်မျက်နှာတွင် တာဝန်ကျသဖြင့် ဝင်းဂိတ်ကို ပြောက်ကျားစစ်ဆင်ရေး အတွက် ခေါ်ယူခဲ့သည်။ ဝင်းဂိတ်သည် အီသီယိုးပီးယား ပြောက်ကျားတပ်ကို ဦးစီး၍ ဣတာလျံတပ်များကို တိုက်ခိုက်အောင်မြင်ခဲ့သည်။ တဖန် ၁၉၄၁ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး ဝေဗယ်သည် အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့ရလေသည်။

၁၉၄၂ ခု နှစ်ဦးတွင် မြန်မာနိုင်ငံစစ်မျက်နှာ၌ ဂျပန်တို့ အရေးသာလျက်ရှိရာ ဗြိတိသျှတပ်များသည် အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာခဲ့ရလေသည်။ ထိုအခါ၌လည်း ဗိုလ်ချုပ်ကြီး ဝေဗယ်က ဗိုလ်မှူးချုပ်ဝင်းဂိတ်ကို အိန္ဒိယသို့ခေါ်ယူ၍ ဗြိတိသျှ တပ်သား၊ ဂေါ်ရခါးတပ်သားနှင့် ဗားမားရိုင်ဖယ်တပ်သားတို့ ပါဝင်သော ပြောက်ကျားတပ်ကို ဖွဲ့စည်းစေ

www.burmeseclassic.com



သည်။ ထိုသို့အားဖြင့် 'ချင်းဒစ်' တပ် ဟူ၍ ပေါ်ထွက်လာလေသည်။

၁၉၄၃ ခုနှစ် ဖေဖွာရီလတွင် ဝင်းဂိတ်၏ ပြောက်ကျားတပ်သည် ချင်းတွင်းမြစ်ကို ဖြတ်ကျော်၍ ဂျပန်စစ်ကြောင်းနောက်ပိုင်းသို့ ဝင်ရောက်လာပြီးလျှင် တန်တားများကို ချိုးဖျက်ခြင်း၊ မီးရထားလမ်းကို ဖျက်ဆီးခြင်း၊ ဂျပန်တို့၏ ရိက္ခာနှင့်လက်နက် သိုလှောင်ရာဌာနများကို ဖျက်ဆီးခြင်းဖြင့် ဂျပန်တပ်ဦးကို တန့်သွားစေသည်။ ဝင်းဂိတ်တပ်အတွက် ရိက္ခာနှင့် လက်နက်များကို လေကြောင်းမှချပေးခဲ့ရာ မြန်မာနိုင်ငံကို ပြန်လည် စစ်ဆင် တိုက်ခိုက်ရေး၌ ထိုနည်းသည် ထိရောက်နိုင်ကြောင်း တွေ့ရှိရလေသည်။ ဝင်းဂိတ်သည် အင်္ဂလန်နိုင်ငံသို့ ပြန်သွားပြီးနောက် ဝန်ကြီးချုပ် ချာချီနှင့်အတူ အမေရိကန် သမတ ရူးဇဗဲ့နှင့် တွေ့ဆုံဆွေးနွေးရန် ကနေဒါနိုင်ငံ ကွီဗက်မြို့သို့ လိုက်ပါခဲ့ရသည်။

၁၉၄၄ ခုနှစ် မတ်လအလယ်တွင် ဗိုလ်ချုပ်ဝင်းဂိတ်သည် ယခင်ကထက် အင်အားကြီးမားသော 'ချင်းဒစ်' တပ်ကို ဦးစီး၍ မြန်မာနိုင်ငံ အထက်ပိုင်း တနေရာ၌ ခြေကုပ်စခန်း တခု တည်ရန် ရောက်ရှိလာသည်။ ယခုအကြိမ်တွင် လီဒိုလမ်းမှ ကုန်းကြောင်းခရီးဖြင့် ဝင်ရောက်မည့် တပ်သားများမှတပါး ကျန်တပ်သားတို့ကို လေကြောင်းဖြင့်ပို့ဆောင်ခဲ့သည်။ ဗိုလ်ချုပ် ဝင်းဂိတ်သည် မိမိ၏'ချင်းဒစ်' တပ်များကို စီမံ ခန့်ခွဲနေခိုက် ၁၉၄၄ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့ ခေတ္တပြန်ခဲ့ရာ၌ စီးလာသော လေယာဉ်ပျံသည် တောင်နှင့်တိုက်မိ၍ ပျက်စီးသဖြင့် အသက်ဆုံးရှုံးခဲ့ရလေသည်။

**ဝိုင်(အရက်)။** ။ဝိုင်(အရက်)ပြုလုပ်သည့် အစွာတ်မှာ ရှေးပဝေဏီကပင် ရှိခဲ့လေသည်။ ထိုအတတ်သည် မည်သူက စတင်တီထွင်ခဲ့ကြောင်းကို မသိနိုင်လောက်အောင်ပင် ကြာရှည်ခဲ့လေပြီ။ သို့သော် ရှေးခေတ် အီဂျစ်လူမျိုးများသည် သူတို့၏ ယဉ်ကျေးမှု ပွင့်လင်းလာစကပင် ဝိုင် အရက်များကို ပြုလုပ်လာကြကြောင်း သိရပေသည်။

ဝိုင် အရက်ကို စတင် သုံးသောက် လာကြသည့် အကြောင်းရင်းမှာ ဤသို့ဖြစ်ဟန်တူ၏။ ရှေးခေတ်လူမျိုးတွင် သန့်ရှင်းစင်ကြယ်သော သောက်ရေမှာ အရနည်းခဲ့သည်။ ထို့ကြောင့် ရေအစား သောက်စရာ တခုခုကို ကြံဆလာကြရာမှ ဝိုင်အရက်ကို ပြုလုပ်လာကြ၏။ ထိုဝိုင်အရက်သည် မသန့်ရှင်းသောရေကို သောက်ခြင်းထက် လူတို့အား ဘေးဥပဒ် မဖြစ်စေပဲ ကျန်းမာစေကြောင်းကို သိလာ ကြ၏။ ရှေးလူတို့သည် သစ်သီးရေများကို ကဇော်ဖောက်ထားခြင်းဖြင့် မပျက်စီးနိုင်ကြောင်းကိုလည်း သိလာ ကြသည်။ ထို့ကြောင့် ဝိုင်အရက်သောက်ခြင်းကို စတင်ခဲ့ရာ များစွာသော ကမ္ဘာ့ဒေသများသို့ ပျံ့နှံ့ခဲ့လေ၏။ အထူးသဖြင့် လက်တင်တိုင်းပြည်များတွင် ဝိုင်အရက်မှာ လက်တင်လူမျိုးတို့၏ နေ့စဉ် အစာအာဟာရထဲတွင် အပါအဝင် ဖြစ်လေသည်။

ဝိုင်အရက်မှာ များသောအားဖြင့် စပျစ်သီးမှ ပြုလုပ်သောကြောင့် မြန်မာတို့က စပျစ်ရည် ဟုပင် ခေါ်ကြ၏။ ဝိုင်အရက်ကို ပန်းသီး၊ ချယ်ရီသီး၊ ဗလက်ဗယ်ရီသီးများဖြင့်လည်း ပြုလုပ်နိုင်သည်။ သို့သော် စပျစ်သီးများဖြင့်သာ များသောအားဖြင့် ပြုလုပ်လေ့ရှိ၏။

ဝိုင်အရက် ပြုလုပ်ပုံမှာ စပျစ်သီးမှည့်မှည့်များကို ဒလိမ့်ကြီးနှစ်ခုကြားတွင် ထည့်၍ ဖိညှစ်ချ၏။ သို့သော် အစေ့များ ကြေမသွားစေရန် ဒလိမ့်နှစ်ခုတို့ကို အနည်းငယ် ခွာထားရသည်။အသီးများကို ဖိညှစ်လိုက်၍ထွက်ကျလာသော အရည်များကို စည်ကြီးများထဲတွင် သိုလှောင် ထားပြီးလျှင် ကဇော်ဖောက်ထား၏။ ပဌမဆုံး ညှစ်ချ၍ ထွက်လာသော အရည်မှာ လက်ရွေးစင် ဝိုင်အရက်ဖြစ်၍ ယင်းကို တသီးတခြား ဖယ်ထားရ၏။ ကဇော်ဖောက်ခြင်းကို လိုအပ်မည့် အချိန်အပိုင်းအခြားအလိုက် ထား၍ အချိန်စေ့သောအခါ အခြားစည်ကြီးများထဲသို့ ပြောင်းရွှေ့ကာ သောက်သုံး၍



ဝိုင်အရက်ချက်ရန် စပျစ်သီးများကို ခူးနေစဉ်

www.burmeseclassic.com





ကောင်းမည့် အချိန်အထိ ထားရ၏။ ထိုအချိန်အတွင်း၌ ဝိုင်အရက်၌ ပါသော ဓာတ်သဘာဝများ ပြောင်းလဲလာ၍ ဝိုင်အရက်၏ အနံ့အရသာများ ဖြစ်ပေါ်လာ၏။

ဝိုင်အရက် နှစ်မျိုး နှစ်စား ရှိရာ ဝိုင်အရက် အချိုမျိုးနှင့် ဒရိုင်းဝိုင်ခေါ် မချိုလွန်းသော ဝိုင်အရက်မျိုး ဖြစ်၏။ ဝိုင်အရက်အချိုတွင် သကြားဓာတ်များများပါ၍ ဒရိုင်းဝိုင်တွင်ကား သကြားဓာတ်များကို အရက်ပျံ များများ ဖြစ်သွားအောင် ပြုလုပ်ထားလေသည်။ ဝိုင်အရက်ကို အသွေးအရောင်နှင့် အရသာကို လိုက်၍ ခွဲခြားထားခြင်းလည်း ရှိသေးသည်။ များစွာသော ဝိုင်အရက်များကို ယင်းတို့ လုပ်ကိုင်ရာ ဒေသများကိုအစွဲပြု၍ ခေါ်ဝေါ်ကြ၏။ ဥရောပတတိုက်လုံးမှ ထွက်သော ဝိုင်အရက်၏ သုံးပုံ တပုံမှာ ပြင်သစ်နိုင်ငံမှ လာ၏။ အခြား အရေးပါသော ဝိုင်အရက်ထွက်သည့် နိုင်ငံနှင့် ဝိုင်အမည်များမှာ ဂျာမနီ (ရိုင်းဝိုင်)၊ စပိန် (ရှယ်ရီ)၊ ပေါ်တူဂီ(ပို့ဝိုင်)၊ အီတလီ (ရှန်တီ) နှင့် (ဗာရိုလို)၊ ဟန်ဂေရီ (တိုကေး)တို့ ဖြစ်ကြ၏။ အယ်လဂျီးရီးယားနှင့် တောင်အာဖရိကတိုက်များမှလည်း ဝိုင်အရက်ထွက်သေးသည်။ ယခုအခါ အမေရိကန် ပြည်ထောင်စုနိုင်ငံ ကာလီဖိုးနီးယားပြည်နယ်မှာ ဝိုင်အရက် အများဆုံးထွက်သောဒေသ ဖြစ်၏။ ဝိုင်အရက်ထွက်နိုင်သော ဒေသများမှာ စပျစ်ပင် များစွာ စိုက်ပျိုးနိုင်၍ ထိုအသီးများ မှည့်ရန် နေရောင်ကောင်းကောင်းရသော ဒေသများ ဖြစ်ကြ၏။

**ဝိုင်၊ ဒဗျူ၊ ဘီအော။** ။ဗုဒ္ဓဘာသာ ကလျာဏ ယုဝ ကမ္မာရီအသင်း — ရှု။

# လေကိုဖမ်း၍ ဝါးတန်းချည်ခဲ့ပြီ

**ကြေးနန်းရိုက် စံနစ်ကို အခြေခံသည့် အံ့ဖွယ်ရာ ကြံဆတီထွင်မှု။ သမုဒ္ဒရာကို ဖြတ်၊ ကမ္ဘာကို ဖြတ်လာသော အသံလှိုင်းများကို ဖမ်းယူနိုင်ခြင်း၊ ပို့လွှတ်နိုင်ခြင်း။ ရေဒီယိုများ၊ တယ်လီဗီးရှင်းများ ပေါ်ပေါက်လာ၍ ကမ္ဘာ့အရပ်ရပ်မှ အဖြစ်အပျက်များကို မိနစ်၊ နာရီ မဆိုင်း မိမိနေအိမ်မှ နေ၍ ကြားနိုင်၊ သိနိုင်၊ မြင်နိုင်ကြပေပြီ။**

**ဝိုင်ယာလက်။** ။ဝိုင်ယာလက် ခေါ် ကြိုးမဲ့ကြေးနန်း ရိုက်နည်း၊ သို့မဟုတ် ကြိုးမဲ့အချက်ပြ သတင်းပို့နည်းကို တွေ့ရှိခြင်းမှာ တနေ့တခြား တိုးတက်လျက်ရှိသည့် သိပ္ပံပညာ၏ အံ့သြဖွယ် အကောင်းဆုံးသော အောင်မြင်ချက်များအနက် တခု အပါအဝင် ဖြစ်လေသည်။ ဝိုင်ယာလက် မပေါ်မီက တနေရာနှင့် တနေရာ ကြေးနန်းကြိုး အဆက်အသွယ်ရှိမှသာ ကြေးနန်းသတင်း ပေးပို့နိုင်ခဲ့သည်။ သို့ရာတွင် ဝိုင်ယာလက် ပေါ်လာသောအခါ ကြေးနန်းကြိုး ဆက်သွယ် နေစရာမလိုတော့ပဲ ဝိုင်ယာလက်အသံလွှင့်စက်နှင့် အသံဖမ်းစက်များ လုံလောက်စွာရှိလာ၍ အတိုင်းတိုင်း အပြည်ပြည်မှ စစ်သင်္ဘောများမှာ နေ့ချင်းညချင်းပင် ဝိုင်ယာလက်စက်များဖြင့် တပ်ဆင်ပြီးသား ဖြစ်သွားလေသည်။ ၁၉၀၄ ခုနှစ် ရုရှ–ဂျပန် စစ်ပွဲတွင် ရေကြောင်းစစ်ဆင်ရေး ကိစ္စများ၌ ဝိုင်ယာလက်သည် အရေးပါစွာ ဆောင်ရွက်ခဲ့ ရသည်။ ၁၈၉၆ ခုနှစ်တွင် ဝိုင်ယာလက် စတင်ပေါ်ပေါက်၍ ၁၈၉၉ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ပင်လယ်ပြင်ရှိ နစ်မြုပ်ဆဲဆဲ သင်္ဘောတစင်းမှ ပဌမအကြိမ် အကူတောင်းသော ဝိုင်ယာလက် သတင်းကြောင့် ကမ်းတွင် ဆိုက်ကပ်ထားသော လှေများကို အချိန်မှီ စေလွှတ်ပြီးလျှင် ကယ်ဆယ်နိုင်ခဲ့သည်။ မကြာမီပင် ပင်လယ်ကူး သင်္ဘောတိုင်း လိုလို၌လည်း ဝိုင်ယာလက်စက်များ တပ်ဆင်ပြီးသား ဖြစ်သွားပြီးလျှင် ပင်လယ်ပြင်မှာနေယင်း ကမ္ဘာ့သတင်းများကို ကြားရစ ပြုလာလေသည်။ ၁၉၀၄ ခုနှစ်သို့ ရောက်သော အခါ ပင်လယ်ကူး သင်္ဘောကြီးများပေါ်၌ ဝိုင်ယာလက်ဖြင့် ရသော နေ့စဉ် သတင်းများကိုပင် သတင်းစာများအဖြစ် ရိုက်နှိပ် ထုတ်ဝေလာကြသည်။ ၁၉၀၇ ခုနှစ်သို့ ရောက်သော် ပင်လယ် သမုဒ္ဒရာကို ကျော်ဖြတ်ကာ တနိုင်ငံနှင့် တနိုင်ငံ ဝိုင်ယာလက်သတင်းများကို ရိုက်ကြား ပေးပို့နေကြလေပြီ။

ဤမျှ ဆန်းကြယ်၍ အသုံးကျသော ဝိုင်ယာလက်စက် အကြောင်းကို စဉ်းစားလိုက်တိုင်း ကျွန်ုပ်တို့သည် ဝိုင်ယာလက် ဖြစ်မြောက် အောင်မြင်ရေးအတွက် ကြိုးစား အားထုတ် လာခဲ့ကြသော သိပ္ပံပညာရှင်ကြီးများအနက် အောက်ပါ ပုဂ္ဂိုလ်ကြီးလေးဦးကို မည်သည့်အခါမျှ မမေ့အပ်ပေ။ ထိုပုဂ္ဂိုလ်ကြီးလေးဦးမှာ ဂျိမ်း ကလပ်မက္ကဆွဲ၊ ဂျော့ ဖရန်စစ်ဖစ်ဇဂျရယ်၊ ဟိုင်းနရစ် ရုဒေါ့ ဟာက်ဇနှင့် ဂူလဲ့မိုး မာကိုနီတို့ ဖြစ်လေသည်။ (မာကိုနီ၊ ဂူလဲ့မိုး—ရှု။) လျှပ်စစ်ဓာတ်သည် မည်ကဲ့သို့လှိုင်းထ၍ ရွေ့လျားသွားလာပုံကို မက္ကဆွဲက မိမိ၏ "လျှပ်စစ် သံလိုက်ဓာတ် သီအိုရီ"ဖြင့် ၁၈၇၃ ခုနှစ်တွင် ပြသပြီးလျှင် နောင်တွင် ရေဒီယိုလှိုင်းများကို တွေ့ရှိလာရမည်ဟူ၍ပင် ကြိုတင်၍ အဟောထုတ်ထားခဲ့သည်။ ၁၈၈၃ ခုနှစ်တွင် ဖစ်ဇဂျရယ်က အာကာသ (စပေ့) အတွင်း၌ လျှပ်စစ်သံလိုက်လှိုင်းများ လွှတ်နိုင်သော နည်းကို တွေ့ရှိသည်။ ၁၈၈၇ ခုနှစ်တွင် ဟာက်ဇက အဆိုပါလှိုင်းတို့၏ လှိုင်းအလျားနှင့် တုန်ကြိမ်တို့သည် မည်သို့ရှိကြ၍ ထိုလှိုင်းတို့



www.burmeseclassic.com

www.burmeseclassic.com



သည် အလင်းလှိုင်း၊ အပူလှိုင်းတို့နှင့် တမျိုးတစားတည်း ဖြစ်ကြောင်း ပြဆိုခဲ့သည်။ ၁၈၈၆ ခုနှစ်တွင် မာကိုနီက လျှပ်စစ်သံလိုက်လှိုင်းများဖြင့် အချက်ပြသတင်းပေးပို့သော ကရိယာကို ပဌမဦးစွာ တီထွင်ခဲ့လေသည်။

မာကိုနီသည် လျှပ်စစ်သံလိုက်လှိုင်းများကို အာကာသ (စပေ့)ထဲသို့ လွှတ်နိုင်ရန် အင်ဒပ်ရှင်းကွိုင်ခေါ် ညှိခွေ တခုကိုအသုံးပြုသည်။ ထိုညှိခွေကို အေရီယယ်ခေါ် ကောင်းကင်ကြိုးနှင့် ဆက်သွယ်ထားသည်။ ညှိခွေတွင် လျှပ်စစ်မီးပွားများ ဖြစ်ပေါ်စေသော နေရာ ပါရှိသည်။ လျှပ်စစ်ဓာတ်ကို စီးဖြတ်စေခြင်းဖြင့် ညှိခွေ၌ လျှပ်စစ်မီးပွားများ ဖြစ်ပေါ်သောအခါ လျှပ်စစ်သံလိုက်လှိုင်းတို့သည် ကောင်းကင်ကြိုးမှ ပတ်ဝန်းကျင် အရပ်မျက်နှာအားလုံးသို့ ပျံ့ထွက်သွားသည်။ သတင်းပို့သောအခါ မော့ တီထွင်ခဲ့သော အချက်ပြ အမှတ်အသားများကို အသုံးပြုကာ အလိုရှိသော အက္ခရာနှင့် ဂဏန်းများ အလိုက် လျှပ်စစ် သံလိုက်လှိုင်းများကို ပြတ်တောင်း ပြတ်တောင်း ဖြစ်ပေါ်စေသည်။ ဤ လျှပ်စစ် သံလိုက်လှိုင်းများကို အခြား တနေရာမှ ဖမ်းယူသောအခါ ထိုနေရာရှိ ကောင်းကင်ကြိုးထဲသို့ ထိုလှိုင်းများ ဝင်ခြင်းဖြင့် လျှပ်စစ် ဓာတ်စီးကြောင်း ဖြစ်ပေါ်လာသည်။ ထိုလျှပ်စစ် ဓာတ်စီးကြောင်းကို မာကိုနီက အသံမြည်စေသော ကရိယာဖြင့် အသံဖြစ်ပေါ်လာအောင် ပြန်ဖော်ယူသည်။ ထိုအခါ မူလလွှင့်လိုက်သော အချက်ပြ အမှတ်အသားများအတိုင်း အသံများ ဖြစ်ပေါ်လာသည့် အားလျော်စွာ အသံလွှင့်စက်မှ ပေးပို့သော သတင်းကို အသံဖမ်းစက်မှ ဖမ်းယူရရှိလေသည်။ ဤသို့ ကြေးနန်းကြိုးကို မသုံးပဲ လျှပ်စစ် သံလိုက်လှိုင်းများအားဖြင့် သတင်းပို့နိုင်သောကြောင့် ဤနည်းကို ဝိုင်ယာလက်၊ သို့မဟုတ် ကြိုးမဲ့အချက်ပြ သတင်းပို့နည်း ဟု ခေါ်တွင်လေသည်။

အစ ပဌမတွင် ဤနည်းကို ခရီးတိုများအတွက်သာ အသုံးပြုနိုင်သေးသည်။ ၁၈၉၉ ခုနှစ်တွင် ပြင်သစ် နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့သို့ အသွားအပြန် ဝိုင်ယာလက်သတင်းများ ပို့နိုင်သည့် ရုံနှစ်ရုံ ပေါ်ပေါက်လာသည်။ ၁၉၀၁ ခုနှစ်တွင် မိုင် ၂၀၀ အထိ သတင်းပို့ရန် အောင်မြင်လာသည်။ ထိုနောက် မာကိုနီသည် အတ္တလန္တိတ် သမုဒ္ဒရာကြီးကိုပင် ကျော်ဖြတ်ကာ အင်္ဂလန်နှင့် အမေရိကတိုက်ကို အသံလွှင့် ဆက်သွယ်ရန် ရောမ အကြံကြီးကို ကြံစည်အားထုတ်ပြန်လေသည်။ ထိုအတွက် မာကိုနီသည် ရှေးဦးစွာ အင်္ဂလန်ပြည် အနောက်ဖက်ကမ်းခြေရှိ ကွန်းဝေါနယ်တွင် အားကောင်းသော ဝိုင်ယာလက် အသံလွှင့်ရုံတရုံကို ဆောက်လုပ်သည်။ ထိုနောက် ထိုအသံလွှင့်ရုံမှ နေ့စဉ် သတ်မှတ်ထားသော အချိန်တွင် အင်္ဂလိပ်အက္ခရာ အက်စ (S) ကို အသံလွှင့်ရန် မှာထားပြီးလျှင် အမေရိကတိုက် နျူးဖောင်းလန်းကျွန်းသို့ ထွက်သွားသည်။ ၁၉၀၁ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် မာကိုနီသည်သူ၏ အသံဖမ်းစက်မှ အက်စ (S) အက္ခရာကို ပဌမအကြိမ် ဖမ်းမိပြီးလျှင် အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်ကျော်၍ သတင်းပေးပို့နိုင်သူဟု တကမ္ဘာလုံးသို့ ကျော်ကြားသွားလေသည်။

## ရေဒီယိုဖြစ်ပေါ်လာပုံ

ဝိုင်ယာလက် ပေါ်ပေါက်လာခြင်းမှာ ကမ္ဘာကြီးကို တခေတ်ပြောင်းလိုက်ခြင်းပင်ဖြစ်သည်။ သို့ရာတွင် ဝိုင်ယာလက်မှာ ထိုစဉ်က အချက်ပြသတင်းပို့သည့် အဆင့်တွင်သာ ရှိသေး၍ ကြေးနန်းရိုက်သည်နှင့် ဘာမျှမခြားပေ။ ၁၉၁၈ ခုနှစ်တိုင်အောင်ပင် ပြည်တွင်း ပြည်ပ သတင်းအမျိုးမျိုး နှင့် သာယာနာပျော်ဖွယ် တီးသံမှုတ်သံအမျိုးမျိုးကို အိမ်တိုင်ယာရောက် သယ်ပို့ပေးမည့် ရေဒီယိုများ မပေါ်ပေါက်သေးချေ။

ဝိုင်ယာလက်မှ ရေဒီယိုဖြစ်ပေါ်လာပုံမှာ တယ်လီဂရပ်ခေါ် အချက်ပြကြေးနန်းရိုက်ခြင်းမှ တယ်လီဖုန်းခေါ် စကားပြောကြေးနန်း အဆင့်သို့ တိုးတက်လာသည့် ပြောင်းလဲမှုမျိုးပင်ဖြစ်သည်။ ရေဒီယိုပေါ်ပေါက်လာရခြင်းမှာ အောက်ပါ အသုံးအဆောင် နှစ်ခုကို တီထွင် နိုင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ထိုအသုံးအဆောင်နှစ်ခုမှာ ဗက်ကျူအမ်ကျူခေါ် လေဟာပြွန်နှင့် မိုက္ကရိုဖုန်း ခေါ် စကားပြောခွက်တို့ ဖြစ်သည်။ စကားပြောခွက်ကို အသံ ဖြစ်ပေါ်စေရာတွင် အသုံးပြု၍ လေဟာပြွန်ကို အသံလွှင့် အသံဖမ်းရာတွင် အသုံးပြုသည်။

၁၉၀၄ ခုနှစ်တွင် ဂျွန်အမ်ဗရို့ ဖလင်းမင်းခေါ် အင်္ဂလိပ်လူမျိုး သိပ္ပံပညာရှင်ကြီးက လေဟာပြွန်ကို တီထွင်၍ ထိုပြွန်ကို လီဒါ ဖောရက်ဆိုသူ အမေရိကန် သိပ္ပံပညာရှင်တဦးက ကောင်းသည်ထက် ကောင်းအောင် ပြုပြင်ယူလေသည်။ ထိုအချိန်တွင် သေသပ်ကောင်းမွန်သော စကားပြောခွက်များ ဖြစ်ထွန်းနေပြီဖြစ်၍ ၁၉၀၈ ခုနှစ်တွင် ရောမမြို့နှင့် စစ္စလီကျွန်းကို ရေဒီယိုဖြင့် စကားပြောလာနိုင်လေသည်။ တဖြည်းဖြည်းနှင့် ကရိယာ တန်ဆာပလာများ တိုးတက်ကောင်းမွန်လာသည်နှင့်အညီ ၁၉၁၅ ခုနှစ်သို့ ရောက်သောအခါ လေဟာပြွန်ပေါင်း ၃၀၀ မျှကို အသုံးပြုခြင်းဖြင့် မိုင်ပေါင်း ၃,၀၀၀ ကျော်အထိပင် ရေဒီယိုဖြင့်စကားပြောနိုင်လာကြသည်။ ယခုမူ ကမ္ဘာ့အရပ်ရပ်မှ လွှင့်လိုက်သော အသံများကို ဖမ်းယူနားထောင်နိုင်သည့် ရေဒီယိုများမှာ အိမ်တိုင်းစေ့ မဟုတ်သည့်တိုင်အောင် မြို့တိုင်း ရွာတိုင်းမှာပင် မှိုပေါက်သလောက် ပေါများ၍ နေပေပြီ။ အင်္ဂလန်-အမေရိကန်ကဲ့သို့သော ရှေ့တန်းနိုင်ငံကြီးများမှာ တယ်လီဗစ်ရှင်းခေါ် ရုပ်မြင်သံကြား ကရိယာများပင်ပေါ်ပေါက်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



### ခေတ်မှီရေဒီယိုဖြစ်ပေါ်လာပုံ

ရေဒီယိုခေတ်စားလာသည်မှာ ၁၉၂၀ ပြည့်နှစ် လောက်ကစ၍ ဖြစ်သည်။ ဥရောပနှင့် အမေရိကတိုက်တို့တွင် အပျော်ထမ်း အသံဖမ်းရုံများ အလျှိုအလျှို ပေါ်ပေါက်လာသည်။ ထိုနောက် မကြာမီပင် အစီအစဉ်နှင့် လွှင့်သော အသံလွှင့်ရုံများ ပေါ်ပေါက်လာလေသည်။ ငွေကြေးတတ်နိုင်သူတို့က အသံဖမ်းစက်များကို ဝယ်ယူကြ၍ အချို့ ဝါသနာပါသူများကလည်း မိမိတို့ဖာသာ လုပ်ယူကြသည်။

ရေဒီယို ခေတ်စားစ အချိန်၌ လေထဲတွင် ပျံ့လွင့် နေသော ရေဒီယိုလှိုင်းများမှာ မများလှသေး၍ အသံဖမ်းရာတွင် အခက်အခဲမရှိပေ။ သို့ရာတွင် အသံလွှင့်ရုံများ တနေ့တခြား တစထက်တစ ပေါများလာသောအခါ အသံလွှင့်အစီအစဉ်များ အချင်းချင်း တခုနှင့်တခု တိုက်ဆိုင်လာသည့်အတွက် အသံတခုကို ကြည်လင်ပြတ်သားစွာ ဖမ်း၍ မရလောက်အောင် ရှုပ်ထွေး လာတော့သည်။ ထိုအခါ အသံချင်း ရောထွေး ယှက်တင် မဖြစ်ရလေအောင် အသံလွှင့်ရုံ အသီးအသီးတို့အား ကွဲပြားသော လှိုင်းလျားတို့ဖြင့် အသံလွှင့်ကြရန် ကန့်သတ်ခွဲဝေ၍ ပေးလာရလေသည်။ အသံဖမ်း စက်များတွင်လည်း မိမိလိုရာ အသံတခုတည်းကို ရွေးချယ်နားထောင်နိုင်ရန်အတွက် လိုရာ လှိုင်းလျားတခုတည်းကို သီးသန့်ဖမ်းယူနိုင်သည့် ကရိယာများ တပ်ဆင်ထားသဖြင့် အသံဖမ်းရာတွင် အခက်အခဲ မတွေ့ရတော့ပေ။

ရေဒီယို နားထောင်သော ပရိသတ်ကား များလှပေသည်။ အထူးသဖြင့် အာရုံဖြေမှုအတွက် တေးသံဂီတသံများကို နားထောင်သူ သောတရှင်ပရိသတ်မှာ အများဆုံး ဖြစ်သည်။ သို့ရာတွင် ရေဒီယိုကို ထိရောက်စွာ အသုံး ချနိုင်သည့် ကိစ္စများမှာ မနည်းလှချေ။ ယခင်က ကျွန်ုပ်တို့သည် ကမ္ဘာ့ အရပ်ရပ် သတင်းများအတွက် သတင်းစာများကိုသာ အားကိုးခဲ့ရသည်။ ယခု ရေဒီယိုများ ပေါ်လာသောအခါ အရေးကြီးသည့် အဖြစ် အပျက်များကို ဖြစ်ပျက်ပြီးလျှင်ပြီးခြင်း၊ တခါတရံ ဖြစ်ပျက်ဆဲ အချိန်မှာပင် သိခွင့် ကြားခွင့် ရလာသည်။ အရေးကြီးသည့် ပုဂ္ဂိုလ်ကြီးများ၏ မိန့်ခွန်းများကို သတင်းစာတွင် တဆင့်ခံ ဖတ်ရခြင်းထက် မိန့်ခွန်းစကားကို နားနှင့်ဆတ်ဆတ် ကြားရခြင်းမှာလည်း အရသာ ပိုရှိပြီးလျှင် ပို၍လည်း ပြည့်စုံသေချာလေသည်။ ကုန်သည်ကြီးများ အဖို့တွင် နေ့စဉ် ကုန်စျေးနှုန်း အခြေအနေကို အလုပ်စားပွဲ၌ ထိုင်နေယင်းမှာပင် သိနိုင်ကြသည်။ ရဲဖက်တွင် ရဲဌာနာ အသီးအသီးနှင့် ရေဒီယိုကား (ဝိုင်ယာလက်ကား) များသို့ အကြောင်းကြားခြင်းဖြင့် ရာဇဝတ်ပြေး တရားခံများကို လွယ်ကူ လျင်မြန်စွာ စောင့်ကြပ် ဖမ်းဆီးနိုင်သည်။ မိုးလေဝသ ဌာနမှ လေမိုးဘေးရန်များကို ကြိုတင် သတိပေးခြင်းဖြင့် အသက်ပေါင်း များစွာကို ကယ်ဆယ်နိုင်ခဲ့သည်။ ရေဒီယိုဖြင့် ဘာသာရေး တရားဟောနိုင်သည်။ ပညာရပ်အလိုက် ဟောပြောခြင်း၊ သင်တန်းပေးခြင်းဖြင့် ပညာရေးဖက်တွင် တိုးတက် လာသည်။ ဒုက္ခ တွေ့နေသော သင်္ဘော လေယာဉ်ပျံ တို့မှ ရေဒီယိုဖြင့် အကူ တောင်းနိုင်သည်။ အထူးသဖြင့် ယခုခေတ် စစ်ပွဲများတွင် ရေဒီယိုမှာ မပါလျှင် မဖြစ်လောက်အောင် ခရီးရောက်လျက်ရှိပေသည်။ ရေဒီယိုမှတဆင့် တက်၍ "ရေဒါ" ခေါ် မှောင်ထဲ၌မြင်နိုင်သည့် လမ်းညွှန်ကရိယာကိုပင် ပြီးခဲ့သော ကမ္ဘာစစ်ကြီးအတွင်း၌ တီထွင် အသုံး ပြုခဲ့သည်ကို တွေ့ရလေသည်။ (ရေဒါ — ရှု။) ရေဒီယိုများကို သူထက်ငါသာ အပြိုင်အဆိုင် ပြုလုပ်ရောင်းချသည့် အတွက်လည်း ပုံသစ် ပုံဆန်း အမျိုးမျိုး ထွက်ပေါ်လာရုံမက ခရီးဆောင် အိတ်ဆောင် ရေဒီယို အသေးစားကလေးများပင် ပေါ်ပေါက်လျက်ရှိပေပြီ။

### အသံလွှင့်ရုံအတွင်း

ရေဒီယိုနှင့်စပ်လျဉ်း၍ အသံလွှင့်ရုံအတွင်း ပြုလုပ်စီစဉ်ထားပုံအချက်အလက်များကိုလည်း ကျွန်ုပ်တို့ သိထားထိုက်ပေသည်။

အသံလွှင့်ရုံ တရုံတွင် အသံခွက် (မိုက္ကရိုဖုန်း) လေးငါးဆယ်ခုထက် မနည်း ရှိတတ်သည်။ တူရိယာ တီးဝိုင်းမှ တီးမှုတ် သီဆိုသံမျိုးကို အသံလွှင့်ရာတွင် အသံခွက်သည် အခရာဖြစ်သည်။ အသံခွက်သည် ခွက်နှင့် တည့်တည့်ဝင်လာသော အသံကိုသာ လက်ခံ၍ ခွက်ထဲသို့ မဝင်သော အသံလှိုင်းများကို ပယ်သည်။ ထို့ကြောင့် တူရိယာသံစုံ ညီညွတ်ပြေပြစ်အောင် တူရိယာ ဂီတပညာသည်တို့သည် အသံခွက် အနီးတွင် သင့်တော်သော နေရာများ၌ နေ၍ သီဆို တီးမှုတ်ကြရသည်။

အသံလွှင့်နေစဉ် အခြားအသံများ အသံခွက်အတွင်းသို့မရောက်ရန် အရေးကြီးသည်။ ထိုပြင် စကားပြောသံ သီဆိုတီးမှုတ်သံတွင် ပဲ့တင်သံများ မပါရှိစေရန် အတွက် နံရံများတွင် ထူထဲသော ကန့်လန့်ကာများ ဆွဲချိတ်ထားရသည်။ သို့မဟုတ် အသံလှိုင်းများကို စုတ်ယူနိုင်သော ကပ်ထူချပ်ပြားများကို တပ်ဆင်ထားရသည်။ မြို့ကြီးများတွင် အသွားအလာ ရှုပ်ထွေးသော နေရာများ၌ အသံလွှင့်ရုံများ ဆောက်လုပ်လျှင် ပြင်ပအသံများ အသံခွက်ထဲသို့မဝင်အောင် ပြုလုပ်ရန် အရေးကြီးပြန်သည်။ အပြင်မှ အသံတို့သည် နံရံများမှဖောက်ဝင်၍ အသံခွက်ထဲသို့ ရောပြွမ်းဝင်ရောက်တတ်သည်။ သို့အတွက် အသံလွှင့်သော အခန်းကို အခြားအခန်းများနှင့် ဆက်မနေစေပဲ ကြားတွင် လေခံ၍ နေစေရန် နံရံနှစ်ထပ်ဖြင့် ဆောက်လုပ်ရသည်။ တခန်



www.burmeseclassic.com

www.burmeseclassic.com





အဝေးရှိ ပစ်ကွင်းကို ပစ်ခတ်နိုင်ရန် ရွှေ့ပြောင်းအဖွဲ့မှ ဝိုင်ယာလက်ဖြင့် ညွှန်ကြားပေးရသည်။

အသံလွှင့်ခန်းတွင်းရှိ လူများ မွန်းမေ့၍မသွားအောင် အခန်းတွင်းသို့ လေကောင်း လေသန့်ကို အမြဲသွင်းပေးရ၍ ရေးသားထားသော စာများကို ကောင်းစွာ ဖတ်နိုင်ရန် မီးခွတ်မီးများကိုလည်း လုံလောက်အောင် တပ်ဆင်ပေးထားရန် လိုသည်။

အသံလွှင့်ခန်းတွင် အသံလုံရသည့်အလျောက် ပြတင်းပေါက် မရှိတတ်ပေ။ လူဝင် လူထွက် တံခါးသာရှိ၍ ထိုတံခါးကို နှစ်ထပ်လုပ်ထားသည်။ အသံလွှင့်နေစဉ် တဦး တယောက်သည် ပဌမ တံခါးကို ဖွင့်၍ ဝင်လာသောအခါ ပြင်ပမှ အသံတို့သည် အတွင်းသို့ ရုတ်တရက် မဝင်နိုင်ပေ။ မဝင်နိုင်ခြင်းမှာ ဒုတိယတံခါး ပိတ်လျက်ရှိနေသောကြောင့် ဖြစ်သည်။ ပဌမတံခါးကို ပြန်လည်ပိတ်ပြီးမှ ဒုတိယ တံခါးကို ဖွင့်၍ အခန်းတွင်းသို့ ဝင်လာနိုင်သည်။ သို့သော် ထိုကဲ့သို့ပြုလုပ်ရုံနှင့် စကားပြောခွက်ထဲသို့ ပြင်ပအသံများ မဝင်နိုင်ဟု မဆိုသာသေးသည့် အတွက် အသံလွှင့်ရုံတွင် အသံလွှင့်လျက်ရှိစဉ် အခြားလူများ ဆူဆူညံညံ မပြုလုပ်စေရန် သတိပေးဆိုင်းဘုတ်များ တပ်ထားလေ့ရှိသည်။

အသံလွှင့်ရာတွင် အသံကို စမ်းသပ်ပြုပြင်ပေးရသော အသံညှိခန်း တခန်းရှိသည်။ အသံလွှင့်ခန်းမှ တူရိယာသံစုံသည် ပြင်ပသို့ ရောက်မသွားမီ အင်ဂျင်နီယာ တဦးကြီးကြပ်သော အသံညှိခန်းသို့ ပဌမ ရောက်လာသည်။ အင်ဂျင်နီယာသည် ထိုအသံကိုနားထောင်၍ ခလုတ်များအားဖြင့် အသံကို အလိုရှိသလို အတိုးအကျယ် ညှိပြီးမှ ကမ္ဘာအရပ်ရပ်သို့ တဆင့် လွှင့်လေသည်။

## ရေဒီယိုလှိုင်း

အသံလွှင့်ရုံမှ လွှင့်လိုက်သော အသံတို့သည် ထိုရုံမှ ကမ္ဘာအရပ်ရပ်သို့ တိုက်ရိုက် ပျံ့နှံ့၍မသွားပေ၊ စကားပြောခွက်ထဲသို့ ဝင်ရောက်လာသော တီးသံမှုတ်သံ စကားသံတို့သည် လျှပ်စစ်ဓာတ်၏ သတ္တိကြောင့် လျှပ်စစ် သံလိုက် လှိုင်းအဖြစ်သို့ ပြောင်းသွားကာ ကောင်းကင်ကြိုးမှ တဆင့် ထွက်သွားသည်။ ထို့ကြောင့် ထိုလှိုင်းတို့သည် အမှန်စင်စစ် အသံများမဟုတ်၊ လျှပ်စစ်စွမ်းအင် လှိုင်းများသာဖြစ်လေသည်။ ထိုလျှပ်စစ် သံလိုက် လှိုင်းတို့သည် အလင်းလှိုင်း နည်းတူ တစက္ကန့်လျှင် မိုင်ပေါင်း ၁၈၆,၀၀၀ (သို့မဟုတ် မီတာ ၃၀၀,၀၀၀,၀၀၀) ခန့် ပြေးသည်။ အ



www.burmeseclassic.com

www.burmeseclassic.com



သံလှိုင်းတို့သည် လေရှိသောအရပ်၊ သို့မဟုတ် သယ်ဆောင်ပို့ပေးနိုင်သော ကြားခံပစ္စည်း တခုခုရှိသည့် နေရာများတွင်သာ သွားလာနိုင်ကြသည်။ သို့သော် လျှပ်စစ် သံလိုက်လှိုင်းတို့မှာမူ လေနှင့် အခြား ကြားခံပစ္စည်းများကို များစွာ အားကိုးစရာ မလိုသည့် အတိုင်း အာကာသ (စပေ့) အတွင်း၌ လွတ်လပ်စွာ ပြေးနိုင်သည်။ ထိုလှိုင်းတို့သည် အလင်းလှိုင်း၊ အပူလှိုင်း၊ အိပ်စရေးလှိုင်း၊ ကော့စမစ်လှိုင်းများနှင့် တမျိုး တစားတည်းဖြစ်၍ လှိုင်းလျား အတို အရှည်တွင်သာ တခုနှင့် တခု ခြားနားလေသည်။ (ရေဒီယေးရှင်း — ရှု။)

လျှပ်စစ်သံလိုက်လှိုင်း၊ သို့မဟုတ် ရေဒီယို လှိုင်းတို့သည် မြေပြင်တလျှောက် ပြေးသောအခါ လမ်းနှစ်သွယ် ပြေးတတ်သည်။ တလမ်းမှာ မြေပြင်အနီးတလျှောက်ဖြစ်၍ ကျန်တလမ်းမှာ မြေပြင်မှ အထက်သို့ မြင့်မားစွာ တက်သွားသည်။ မြေပြင်ကို လျှပ်၍ ပြေးလျှင် ခရီးရှည်မသွားနိုင်ပေ။ မြေပြင်မှ အထက်သို့ တက်သွားသောအခါတွင်မူ ခရီးမိုင်ပေါင်း များစွာ ပြေးနိုင်သည်။ သို့သော် အနှောင့်အယှက်နှင့်ကား မကင်းပေ။ မြေပြင်မှ အထက် မိုင် ၇၀ မှ ၂၀၀ ခန့် အတွင်းတွင် နေမှ ထွက်လာသော အာလတြာ ဝိုင်အိုလက်ရောင်ခြည်တို့ကြောင့် လျှပ်စစ်ဓာတ်ဝင်လျက်ရှိသည့် လေလွှာ တလွှာရှိသည်။ ထိုလေလွှာနှင့် စပ်လျဉ်းသည့် ယူဆချက်ကို ကင်နယ်လီခေါ် အမေရိကန်လူမျိုး လျှပ်စစ် အင်ဂျင်နီယာနှင့် ဟဲဗီးဆိုက်ခေါ် အင်္ဂလိပ်လူမျိုး ရူပဗေဒ ပညာရှင်တို့က တဦးစီ သီးခြားထုတ်ဖော်ခဲ့သည်ကို ဂုဏ်ပြုသောအားဖြင့် ထိုလေလွှာကို ကင်နယ်လီဟဲဗီးဆိုက်လေလွှာ ဟုခေါ် ဆိုကြသည်။ အထက်သို့ တက်သွားသော ရေဒီယိုလှိုင်းတို့သည် ထိုလေလွှာနှင့် တွေ့သောအခါ မြေပြင်ရှိရာသို့ ပြန်၍ဟပ်ကြသည်။ ညဉ့်ဖက်တွင် အဆိုပါ လေလွှာသည် နှစ်ခြမ်း ကွဲသွားသည်။ ထိုအခါမျိုးတွင် ရေဒီယိုလှိုင်းတို့သည် တခါတရံ အောက်ဖက်အလွှာကို ထိုးဖောက် သွားပြီးနောက် အထက်နှင့် အောက် ကွဲနေသည့် အလွှာ နှစ်ခုအတွင်း၌ တက်ချည်ဆင်းချည်ဖြင့် ခရီး အတော် အတန် ပြေးပြီး နောက်မှ အောက်ဖက်အလွှာကို တဖန် ထိုးဖောက်ကာ မြေပြင်ရှိရာသို့ သက်ဆင်းလာတတ်သည်။ ထိုသို့ဖြစ်သောအခါ ရေဒီယိုလှိုင်းများ အတက်နှင့် အဆင်း ကြားခုလတ်တွင် ရောက်နေသော ရေဒီယိုများမှာ အသံဖမ်း၍ မမိပဲ ဖြစ်နေတတ်သည်။ ကင်နယ်လီဟဲဗီးဆိုက် လေလွှာမှ ပြန်ဟပ်ပြီး ဆင်းလာစေကာမူ မြေပြင်သို့အရောက် နောက်ကျသည့်အတွက် မြေပြင်ကို လျှပ်၍ ပြေးနေသည့် ရေဒီယို လှိုင်းများကို အချိန်မီ အားမဖြည့် နိုင်ပြန်လျှင်လည်း ဖမ်းမိသည့် အသံသည် တိုး၍ သွားတတ်ပြန်သည်။ တဖန် လျှပ်စစ်မိုတာ တခုခု လည်လျက်ရှိချိန်၊ ဓာတ်မီးခလုတ်ကိုဖွင့်လိုက်ချိန်၊ မိုးချုန်းရွာသွန်းချိန်များတွင် လျှပ်စစ်သံလိုက်လှိုင်းများ ထွက်ပေါ်ကြရာ ထိုအချိန်မျိုးတွင် ရေဒီယိုကို ဖွင့်ထားမိပါက ရေဒီယိုလှိုင်းနှင့် မျိုးချင်း နီးစပ်သော ထိုလှိုင်းတို့၏ နှောင့်ယှက်မှုကြောင့် မလိုလားအပ်သော အသံများကို ကြားရတတ်လေသည်။

### အသံလွှင့်ခြင်း

ရေဒီယို အသံလွှင့်ခြင်း အသံဖမ်းခြင်း တို့ကို နားလည်လိုလျှင် လျှပ်စစ်ဓာတ် အကြောင်းကို အတော် အတန် နားလည်ရန် လိုအပ်ပေသည်။ နန်းကြိုး တပင်ကို လျှပ်စစ်ဓာတ် စီးဖြတ်စေသောအခါ ထိုနန်းကြိုးမှ သန်းပေါင်းများစွာသော အီလက်ထရွန်တို့သည် လှုပ်ရှားသွားကြသည်။ နန်းကြိုးတလျှောက်ကို စီးသော လျှပ်စစ်ဓာတ်အားတွင် အေစီကားရင့်ခေါ် အပြန်အလှန်စီးသော လျှပ်စစ်ဓာတ်စီးနှင့် ဒီစီကားရင့်ခေါ် တဖက်သတ်စီးသောလျှပ်စစ်ဓာတ်စီးဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ အပြန်အလှန် စီးသော လျှပ်စစ်ဓာတ်စီးကို အသုံးပြုသောအခါ အီလက်ထရွန်တို့သည် အလွန် လျင်မြန်စွာ ရှေ့တိုး နောက်ငင် ဖြစ်နေကြသည်။ တဖက်သတ်စီးသော လျှပ်စစ် ဓာတ်စီး ဖြစ်ခဲ့သော် အီလက်ထရွန်တို့သည် တဖက်သတ်တည်းသာ ငြိမ်သက်စွာ စီးကြသည်။

ရေဒီယို အသံလွှင့်ရာတွင် လျှပ်စစ်သံလိုက်လှိုင်းများ ဖြစ်ပေါ် လာစေရန် အပြန်အလှန် စီးသော လျှပ်စစ်ဓာတ်စီးကို အသုံးပြုရသည်။ လျှပ်စစ်ဓာတ် အပြန်အလှန် စီးနေချိန်တွင် အီလက်ထရွန် တို့သည် တစက္ကန့်အတွင်း အကြိမ်ပေါင်း များစွာ လှုပ်ရှားကြသော်လည်း ဤသို့ အီလက်ထရွန်တို့ လှုပ်ရှားတိုင်း လျှပ်စစ်သံလိုက် လှိုင်းများ မဖြစ်ပေါ်နိုင်ပေ။ အောက်ထစ် တစက္ကန့်တွင် လျှပ်စစ်ဓာတ် အပြန်အလှန် စီးမှု အကြိမ်ပေါင်း တသိန်းရှိမှသာ ရေဒီယိုလှိုင်းများ ဖြစ်ပေါ် နိုင်လေသည်။ ဤသို့ လျှပ်စစ်ဓာတ် အပြန်အလှန် စီးမှုကို အော်စီလေးရှင်း ဟုခေါ်၍ အပြန်အလှန် စီးသည့် အကြိမ် အရေအတွက်ကိုမူ ဆိုင်ကယ်နှင့် ပြဆိုလေ့ရှိသည်။ ဆိုင်ကယ် တထောင်ကို ကီလိုဆိုင်ကယ် ဟုခေါ်၍ ကီလိုဆိုင်ကယ် တထောင်ကို မက်ဂဆိုင်ကယ် ဟုခေါ်ပြန်သည်။ တစက္ကန့်အတွင်း လှုပ်ရှားသည့် အကြိမ်ပေါင်းကို ဖရီကွင်စီ (တုန်ကြိမ်) ဟု ဆိုကြသည်။ ထို့ကြောင့် အသံလွှင့်ရုံ တရုံသည် ၁.၆ မက်ဂဆိုင်ကယ်ရှိသော ဖရီကွင်စီဖြင့် အသံလွှင့်နေသည် ဟု ဆိုခဲ့သော် ထိုရုံမှ တစက္ကန့်လျှင် အကြိမ်ပေါင်း ၁,၆၀၀ ကီလိုဆိုင်ကယ်၊ သို့မဟုတ် အကြိမ်ပေါင်း ၁,၆၀၀,၀၀၀ တုန်လှုပ်သည့် ရေဒီယိုလှိုင်းများကို လွှင့်နေသည်ဟု သိရသည်။ အီလက်ထရွန်



www.burmeseclassic.com

www.burmeseclassic.com



တို့၏ ရှေ့တိုးနောက်ငင် လှုပ်ရှားမှုကို လျင်မြန်လာအောင် ပြုလုပ်ပေးနိုင်သည့် နည်းအမျိုးမျိုး ရှိသည်။ ဤကိစ္စ အတွက် ယခင်က စပတ်ကွိုင်ခေါ် လျှပ်စစ် မီးပွားများကို ဖြစ်ပေါ်စေသော မီးခတ်ခွေကိုရင်း၊ တုန်ကြိမ် (တစက္ကန့်အတွင်း တုန်လှုပ်ကြိမ်ပေါင်း) များစွာ ရှိသည့် လျှပ်စစ် မောတ်စီးကို ဖြစ်ထွန်းစေသော လျှပ်စစ် မောတ်စက်ကိုရင်း အသုံးပြုခဲ့ကြသည်။ သို့ရာတွင် ယခုအခါ၌မူ ထိုအသုံးအဆောင်တို့အစား ဗက်ကျူအမ်ကျူ (လေဟာပြွန်) ကို အသုံးပြုကြတော့သည်။ အသံလွှင့်ရာတွင် အသုံးပြုသော လေဟာပြွန်မှာ ရေဒီယို အသံဖမ်းစက်ရှိ လေဟာပြွန်နှင့် ဆင်တူယိုးမှားပင် ဖြစ်သည်။ အသံလွှင့်ရာ၌ အသုံးပြုသော လေဟာပြွန်က အသံဖမ်းရာတွင် အသုံး ပြုသော လေဟာပြွန်ထက် ပိုကြီး၍ အားလည်း ပိုရှိခြင်းသာလျှင် ထူးခြားလေသည်။

စပတ်ကွိုင်ကို အသုံးပြုသောအခါ ဖြစ်ပေါ်လာသော လှိုင်းတို့သည် အမြင့်အနိမ့် ညီညာခြင်းမရှိသည့် အပြင် တဖြည်းဖြည်း နိမ့်ကျသွားပြီးနောက် အရှိန် သေသွားကြသည်။ ထို့ကြောင့် ဤလှိုင်းမျိုးကို ဝိုင်ယာလက် ကြေးနန်းရိုက်ရာတွင်သာ အသုံးပြုနိုင်၍ ရေဒီယို အသံ လွှင့်ရန် အတွက် မသင့်တော်ပေ။ လေဟာပြွန်ကို အသုံးပြုသော အခါတွင်မူ တသမတ်တည်း ညီညာသောလှိုင်းများကို ရရှိလေသည်။ ဤလှိုင်းတို့သည် အသံလွှင့်ရာတွင် လွှင့်လိုက်သည့် အသံလှိုင်းများကို သယ်ဆောင် သွားကြ သဖြင့် ယင်းတို့ကို ကယ်ရီယာလှိုင်း (သယ်ဆောင်လှိုင်း) များ ဟု ခေါ်ကြသည်။ တုန်ကြိမ် အလွန်များသော ကယ်ရီယာ လှိုင်းများကို ဖြစ်ထွန်းစေသည့် ကားရင့် (လျှပ်စစ်မောတ်စီး) များကိုမူ ရေဒီယို ဖရီကွင်စီ ကားရင့်များ ဟု ခေါ်ကြသည်။ ရေဒီယို ဖရီကွင်စီ ကားရင့်များကို လေဟာပြွန်များဖြင့် ဖန်တီး ထိန်းသိမ်းပေးနိုင်လေသည်။

ရေဒီယို အသံလွှင့်ရာတွင် ရေဒီယိုဖရီကွင်စီ ကားရင့်ကို အသုံးပြုခြင်းဖြင့် ကယ်ရီယာလှိုင်းများကို ဖန်တီးပေးနိုင်သည်။ အသံခွက်ထဲသို့ မည်သည့်အသံမှမဝင်မခြင်း ရေဒီယို ဖရီကွင်စီကားရင့်ကြောင့် ကယ်ရီယာလှိုင်းများသာ ဖြစ်ပေါ်လျက် ရှိသည်။ ကယ်ရီယာ လှိုင်းများမှာ လှိုင်းလုံး အရွယ်ချင်း ညီတူကြ၍ တုန်ကြိမ် များလွန်းသည့်အတွက် ဤလှိုင်းများကို အသံဖမ်းစက်မှ မကြားရပေ။ အသံခွက်တွင် စကားပြောသံ တီးသံ မှုတ်သံတို့ကို သွင်းလိုက်သော အခါ အသံလှိုင်းများသည်အော်ဒီယို ဖရီကွင်စီခေါ် တုန်ကြိမ်နည်းသော ကားရင့် (လျှပ်စစ်မောတ်စီး) များအဖြစ်သို့ ပြောင်းသွားကြသည်။ အော်ဒီယို ဖရီကွင်စီ ကားရင့်နှင့် ရေဒီယိုဖရီကွင်စီ ကားရင့် နှစ်မျိုး ရောစပ်သွားရာမှ ဖြစ်ပေါ်လာသော တတိယ ကားရင့်ကို မော်ဒျူလိတ်တက် ကားရင့် (ပြုပြင်ပြီး လျှပ်စစ်မောတ်စီး) ဟူ၍ ခေါ်သည်။ ထိုမော်ဒျူလိတ်တက်ကားရင့်ကို အေရီယယ် (ကောင်းကင်ကြိုး) သို့ ပို့၍ အေရီယယ်မှ တဆင့် ပတ်ဝန်းကျင် အရပ်မျက်နှာအားလုံးသို့ ရေဒီယိုလှိုင်းများအဖြစ် ပျံ့နှံ့သွားစေသည်။ ရေဒီယိုလှိုင်းများကို မလွှင့်မီ လိုအပ်သော တုန်ကြိမ်နှင့် လှိုင်းလျားများ ရှိစေရန် လေဟာပြွန်များဖြင့် လိုသလို ချိတ်ထွင်ပေးရလေသည်။

ရေဒီယိုလှိုင်းများမှာ တုန်ကြိမ် အနည်းအများကို လိုက်၍ လှိုင်းလျား ရှည်ကြတိုကြသည်။ အသွားနှုန်းမှာမူ အားလုံး အတူတူပင် ဖြစ်သည်။ အသံလွှင့်ရုံမှ ရေဒီယိုလှိုင်းများ လွှင့်ရာတွင် လှိုင်းလျားများကို သုံးမျိုးသုံးစား ခွဲပြီးလွှင့်ကြသည်။ လှိုင်းရှည်အစားတွင် မီတာ ၁,၀၀၀ မှ ၂,၀၀၀ အထိ လှိုင်းများသည်ရင်း၊လှိုင်းလတ်အစားတွင် မီတာ ၂၀၀ မှ ၅၀၀ အတွင်းရှိ လှိုင်းများသည်ရင်း၊ လှိုင်းတိုအစားတွင် မီတာ ၁၆ မှ ၅၀ အတွင်းရှိလှိုင်းများသည်ရင်း ပါဝင်ကြလေသည်။

### အသံဖမ်းခြင်း

အသံဖမ်းခြင်းမှာ အသံလွှင့်ရာတွင် အသံမှ ရေဒီယိုလှိုင်းအဖြစ်သို့ အဆင့်ဆင့် ပြောင်းလဲပေးသည့် အစီအစဉ်များကို ပြောင်းပြန် ပြုလုပ်ပေးခြင်းပင် ဖြစ်၍ ဤသို့ ပြောင်းပြန်ပြုလုပ်ပေးသည့်အစီအစဉ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ရေဒီယို လှိုင်းများကို အေရီယယ် ကောင်းကင်ကြိုးဖြင့် ဖမ်းယူခြင်း။

(၂) အလိုရှိသော အသံကို ရစေရန်အတွက် အလိုရှိသော လှိုင်းကို ညှိယူခြင်း။

(၃) ဖြစ်ပေါ်လာသော တုန်ကြိမ်များသည့် မော်ဒျူလိတ်တက်ကားရင့် (ပြုပြင်ပြီး လျှပ်စစ်မောတ်စီး) ကို တုန်ကြိမ် နည်းသည့် အော်ဒီယို ဖရီကွင်စီ ကားရင့်သို့ ပြောင်းပေးခြင်း။

(၄) လျှပ်စစ်မောတ် လှုပ်ရှားမှုမှ အသံ ဖြစ်လာအောင် ဖော်ယူခြင်း။

အသံလွှင့်ရုံ အသီးအသီးမှ လွှင့်လိုက်သော ရေဒီယိုလှိုင်းများကို ရှေးဦးစွာ အသံဖမ်းရုံ အသံဖမ်းစက်ရှိ အေရီယယ်က ဖမ်းယူသည်။ အေရီယယ်ကို ရေဒီယိုလှိုင်းများ လာ၍ ထိသောအခါ မူလ အသံလွှင့်ရုံ၌ ဖြစ်ပွားသည့် လျှပ်စစ်မောတ်လှုပ်ရှားမှု အော်စီလေးရှင်းများအတိုင်း အေရီယယ်တွင် လျှပ်စစ်မောတ်လှုပ်ရှားသည်။ အေရီယယ်ကို အန်တင်နာဟုလည်း ခေါ်ကြသည်။ အသံတခုတည်းကို ပီပီသသ ဖမ်းနိုင်ရန်မှာ အေရီယယ်သို့ ရောက်လာသည့် ရေဒီယိုလှိုင်းများအနက်မှ တမျိုးတည်းသော လှိုင်းကို ရွေးထုတ်၍ တနည်း ညှိပေးရန် လိုပေသည်။ ထိုသို့ လှိုင်းညှိပေးရန် အတွက် အသံဖမ်းစက်တွင် အင်ဒပ်တန့်ကွိုင်ခေါ် လျှပ်စစ်



www.burmeseclassic.com

www.burmeseclassic.com



ခါတ်သွိုခွေ တခုနှင့် ကွန်ဒင်းဆားခေါ် လျှပ်စစ် ဓါတ်လှောင် ကရိယာတခုရှိသည်။ ဤကရိယာနှစ်ခုကို လိုသလို ပြုပြင်ပေးခြင်းဖြင့် မိမိအလိုရှိသော လျှပ်စစ်ဓါတ် လှုပ်ရှားမှုကို ဖြစ်စေ၍ အလိုရှိသော လှိုင်းကို ဖမ်းယူနိုင်ပေသည်။ အင်ဒပ်တန့်ကွိုင်ကို အန်တင်နာကွိုင်ဟုလည်း ခေါ်သည်။ အေရီယယ်သို့ ရောက်လာသော ရေဒီယိုလှိုင်းများမှာ အားနည်း၍နေရာ အားကြီးလာအောင် အန်တင်နာ ကွိုင်က ရှေးဦးစွာ ချဲ့ပေးသည်။ အန်တင်နာကွိုင်တွင် ပရိုင်မာရီခွေနှင့် စကင်ဒရီ (အညွှိခံ) ခွေ ဟူ၍ နန်းကြိုးနှစ်ခွေ ရှိ၍ ပရိုင်မာရီခွေကို မြေကြီးနှင့် ဆက်ထားသည်။ အေရီယယ်တွင် ဖြစ်ပေါ်လာသော လျှပ်စစ်ဓါတ်စီးသည် ပရိုင်မာရီခွေမှ ဖြတ်၍ မြေကြီးသို့ ဆင်းပြီး ပြန်တက်လာခြင်းဖြင့် စကင်ဒရီ (အညွှိခံ) ခွေတွင် အားကောင်းသော လျှပ်စစ်ဓါတ်စီးကို ဖြစ်ပေါ်စေသည်။ စကင်ဒရီ (အညွှိခံ) ခွေကို ကွန်ဒင်းဆားနှင့် တဖန်ဆက်ထားသည်။ ကွန်ဒင်းဆားတွင် လျှပ်စစ်ဓါတ်ကို သိုလှောင်ပြီးမှ စီးဖြတ်ခွင့် ပေးသည်။ ကွန်ဒင်းဆား၏ လျှပ်စစ်ဓါတ် သိုလှောင်နိုင်သော စွမ်းရည်ကို ပြုပြင်ပေးခြင်းဖြင့် အလိုရှိသော လှိုင်းကို ညှိယူရလေသည်။

ရေဒီယို လှိုင်းများကို ညှိယူရုံဖြင့် အသံမထွက်သေးချေ။ မော်ဒျူလိတ်တက်ကားရင့်မှ အော်ဒီယို ဖရီကွင်စီ ကားရင့်ဖြစ်စေရန် တုန်ကြိမ်များစွာနှင့် အပြန်အလှန် စီးလျက်ရှိသည့် ကားရင့်ကို တုန်ကြိမ်နည်းနည်းနှင့် တဖက်သတ်စီးသော ကားရင့်ဖြစ်အောင် ပြုလုပ်ပေးရသည်။ ဤကိစ္စအတွက် ယခင်က ဂလီးနားခေါ် လက်ဆာလဖိုက် (ဒ်) ခရစ္စတယ်ကို အသုံးပြုခဲ့ကြသော်လည်း အဆိုပါ ခရစ္စတယ်မှာ အမြဲတမ်း စိတ်တိုင်းကျ မဖြစ်သည့်အတွက် ဖျော်ခုအခါ ထိုသလင်းပွင့်အစား သာမျှန်းနစ်ဗာ့၊ သို့မဟုတ် ရေဒီယိုဗာ့ ခေါ် လေဟာပြွန်များကို အသုံးပြုလျက် ရှိကြသည်။

ဆိုခဲ့သော လှိုင်းပြောင်းကရိယာကို ဒီတက်တားဟုခေါ်သည်။ ဒီတက်တားများအနက် ရေဒီယိုဗာ့သည် အကောင်းဆုံး စိတ်အချရဆုံး ဖြစ်သည်။ ရေဒီယိုဗာ့ ပေါ်လာခြင်းကြောင့်သာလျှင် ရေဒီယိုပညာသည် ယခုလောက် အဆင့်အတန်းမြင့်လာရခြင်း ဖြစ်ပေသည်။ ဂလီးနား ခရစ္စတယ်နှင့်တကွ ရေဒီယိုဗာ့ စသော ဒီတက်တားတို့၏ သဘောမှာ အသွားအပြန် သွားရသောလမ်းကို တဖက်တည်းသာသွားရသော လမ်းအဖြစ်သို့ ပြောင်းလိုက်ခြင်းပင် ဖြစ်သည်။

ရေဒီယိုဗာ့ များတွင် ဒိုင်အော့နှင့် ထရိုင်အော့ ဟူ၍ လေဟာပြွန် နှစ်မျိုးရှိ၍ ထိုလေဟာပြွန်တို့သည် ဓါတ်မီးလုံး (ဓါတ်မီး ဖန်သီး) များနှင့် သဏ္ဍာန်တူသည်။ ဒိုင်အော့တွင် ဓါတ်လိုက်သတ္တုပြားတခုနှင့် သတ္တုမျှင်ဖြင့် ပြုလုပ်ထားသော မီးစာခွေတခု ပါသည်။ ထရိုင်အော့တွင်မူ အဆိုပါ ဓါတ်လိုက် သတ္တုပြားနှင့် မီးစာခွေ စပ်ကြား၌ ဂရစ်ခေါ် ဓါတ်လိုက်ဆန်ခါတခု အပိုပါသည်။

မီးစာ အတွင်းသို့ လျှပ်စစ်ဓါတ် စီးဖြတ်သော အခါ မီးစာသည် ပူလာ၍ အီလက်ထရွန်များ ထွက်ပေါ်လာသည်။ ထိုအချိန်တွင် ဓါတ်လိုက် သတ္တုပြားကို လျှပ်စစ်အဖိုဓါတ်ပေးထားပါက အီလက်ထရွန်တို့သည် အဖိုဓါတ်ရှိရာ သတ္တုပြားသို့ သွားကြသဖြင့် မီးစာနှင့် သတ္တုပြားစပ်ကြားတွင် လျှပ်စစ်ကားရင့် တခု ဖြစ်ပေါ်လာရသည်။ အကယ်၍ သတ္တုပြားကို လျှပ်စစ်အမဓါတ် ပေးပြီး မီးစာကို အဖိုဓါတ်ပေးလျှင် အီလက်ထရွန်များ ထွက်ပေါ်ခြင်းမရှိသည့်အတွက် လျှပ်စစ်ကားရင့်မဖြစ်ပေါ်ပေ။ ထို့ကြောင့် ဒိုင်အော့ အတွင်းသို့ အပြန်အလှန် စီးသည့် ကားရင့် (အေစီ ကားရင့်) စီးဖြတ်သောအခါ သတ္တုပြားနှင့် မီးစာတွင် လျှပ်စစ်ဓါတ် အဖိုတလှည့် အမတလှည့် ဖြစ်ပေါ်ရာတွင် သတ္တုပြား၌ အဖိုဓါတ်ရှိ၍ မီးစာ၌ အမဓါတ်ရှိချိန်တွင်သာလျှင် ထိုပစ္စည်းနှစ်ခု စပ်ကြား၌ လျှပ်စစ်ဓါတ် စီးဖြတ်လေသည်။ တနည်းအားဖြင့်ဆိုလျှင် ဒိုင်အော့သည် အပြန်အလှန်စီးသည့် ကားရင့် (အေစီ ကားရင့်) ကို တဖက်သတ်စီးသည့် ကားရင့် (ဒီစီ ကားရင့်)အဖြစ်သို့ ပြောင်းလဲစေသည်။

ထရိုင်အော့၌ အထက်တွင် ပြောခဲ့သည့်အတိုင်း ဂရစ်တခု အပိုပါသည်။ ဂရစ်ကို လျှပ်စစ်အဖိုဓါတ် ပေးသောအခါ မီးစာမှထွက်လာသော အီလက်ထရွန်တို့ကို ဂရစ်က ပို၍ ဆွဲသဖြင့် သတ္တုပြားသို့ အီလက်ထရွန် အရောက်များသည်။ ဂရစ်မှာ အလွန်သေးငယ်သော နန်းကြိုးကလေးများဖြင့် ဆန်ခါပမာ ပြုလုပ်ထားသောကြောင့် သတ္တုပြားရှိရာသို့ သွားသော အီလက်ထရွန်တို့အတွက် အဆီးအတားမဖြစ်လှပေ။ အကယ်၍ ဂရစ်ကို လျှပ်စစ်အမဓါတ် ပေးပါက ဓါတ်တူချင်း တွန်းဖယ်သည့်အတွက် သတ္တုပြားသို့ အီလက်ထရွန်အရောက် နည်းသွားသည်။ ထို့ပြင် အီလက်ထရွန်များ အလျှင်း မရောက်နိုင်ပဲလည်း ဖြစ်နိုင်သည်။ သဘောမှာ ထရိုင်အော့သည် မီးစာနှင့်သတ္တုပြားစပ်ကြား၌ ဖြစ်ပေါ်စီးဖြတ်သည့် လျှပ်စစ်ကားရင့်ကို ဒိုင်အော့မှာထက် ပို၍ အားကြီးစေသည်။ ထို့ကြောင့် ထရိုင်အော့ကို အသံဖမ်း စက်များတွင် အမ်ပလီ ဖိုင်းယား (လှိုင်းချဲ့ကရိယာ) အဖြစ်အသုံးပြုကြလေသည်။

ရေဒီယိုလှိုင်းများကို အထက်ဖော်ပြပါ ကရိယာတို့ဖြင့် လိုသလို ညှိယူ ချဲ့ထွင် ပြောင်းလဲပေးပြီးသောအခါ အသံဖော်ရန် တခုသာ ကျန်တော့သည်။ ယခင်က ဆိုလျှင် နောက်ဆုံး ပြောင်းလဲပြီး လှိုင်းကို နားကြပ်ဖြင့် အသံလှိုင်းဖြစ်အောင် ပြုလုပ်ကြသည်။ နားကြပ်မှာ တယ်လီဖုန်း စကားပြော ကရိယာရှိ နားထောင်သည့် ခွက်ကဲ့သို့ဖြစ်၍

www.burmeseclassic.com





ထိုခွက်သည် လျှပ်စစ် သံလိုက်ဓာတ်အားဖြင့် အော်ဒီယို ဖရီကွင်စီ ကားရင့်ကို အသံအဖြစ်သို့ ပြောင်းပေးသည့် ကရိယာ ဖြစ်သည်။ သို့သော် နားကြပ်ကို သုံးလျှင် အသံမှာ တိုး၍ ဤအသံကို နားကြပ်ဖြင့် နားထောင်သူသာ ကြားရသည်။ အခြားလူများ ကြားလောက်အောင် အသံ မကျယ်ပေ။ ထို့ကြောင့် လူအများ ကြားနိုင်ရလေအောင် အသံဖမ်းစက်များတွင် နားကြပ်အစား အသံချဲ့ ကရိယာကို တပ်ဆင် ပေးရပြန်သည်။ အသံချဲ့ ကရိယာတွင် နားကြပ်နည်းတူ လျှပ်စစ်သံလိုက်ဓာတ်၏ အစွမ်းကိုပင် အသုံးချထားသည်။သို့သော် အသံချဲ့ကရိယာက အသံလှိုင်းတို့ကို အားကြီးစေသည့် အတွက် အလွန်ကျယ်သော အသံကို ထွက်ပေါ်စေသည်။

အထက်ပါတို့မှာ ဝိုင်ယာလက် ရေဒီယို ဆိုင်ရာ အဓိက အစိတ်အပိုင်းများသာဖြစ်၍ ဤပညာမှတဆင့် ယခုအခါ တယ်လီဗစ်ရှင်း၊ ရေဒါစသည်တို့ ပေါ်လာသည်ကိုထောက်လျှင် ရှေ့ကိုလည်း တိုးတက်စရာလမ်း အများကြီး ရှိသေးသည်ဟု မျှော်မှန်းရပေသည်။ (တယ်လီဗစ်ရှင်း။ ရေဒါ — လည်းရှု။)

**ဝိုင်အိုးမင်း ပြည်နယ်။** ။(ဝိုင်အိုးမင်း ပြည်နယ်သည်) အမေရိကန် ပြည်ထောင်စုနိုင်ငံတွင် အနောက်မြောက်ပိုင်း ပြည်နယ်တနယ်ဖြစ်သည်။ မြောက်ဖက်တွင် မွန်တားနား ပြည်နယ်၊ အရှေ့ဖက်တွင် တောင်ဒကိုးတား ပြည်နယ်နှင့် နီဗရက်စက ပြည်နယ်၊ တောင်ဖက်တွင် ကော်လိုရားဒိုးပြည်နယ်နှင့် ယူးတားပြည်နယ်၊ အနောက်ဖက်တွင် အိုက်ဒဟိုး ပြည်နယ်တို့ အသီးအသီး တည်ရှိကြသည်။ ဝိုင်အိုးမင်း ပြည်နယ် အကျယ်အဝန်းမှာ ၉၇,၉၁၄ စတုရန်း မိုင် ဖြစ်၍ လူဦးရေ ခန့်မှန်းခြေ ၃၄၀,၀၀၀ ယောက် (၁၉၆၅) ရှိသည်။

ဝိုင်အိုးမင်း ပြည်နယ်သည် ကုန်းပြင်မြင့်ဖြစ်၍ ရော့ကီး တောင်တန်းမှ တောင်အစွယ်အပွားတို့ ဖြတ်သန်း တည်ရှိသော်လည်း အရှေ့ပိုင်းသည် ကျယ်ပြန့်သော လွင်ပြင် ဖြစ်၏။ တောင်တန်းတို့ အကြား၌လည်း ချိုင့်ဝှမ်းများ ရှိသည်။ ယင်းသည့် တောင်တန်းများတွင် ဂန္နက်တောင်ထိပ် (၁၃,၇၈၅ ပေ) နှင့် ဖရီးမွန့်တောင်ထိပ် (၁၃,၇၃၀ ပေ) တို့သည် ဝိုင်အိုးမင်း ပြည်နယ်တွင် အမြင့်ဆုံး တောင်ထိပ်များ ဖြစ်ကြသည်။

ပြည်နယ်တွင်း၌ မိဇူးရီမြစ်၏ ထင်ရှားသော မြစ်လက်တက်များဖြစ်သည့် ယဲလိုးစတုန်းမြစ်၊ ဗစ်ဟွန်းမြစ်၊ ပေါင်ဒါမြစ်တို့သည် မြောက်ဖက်သို့၎င်း၊ ဗဲလဖူးရှေးမြစ်သည် အရှေ့မြောက်ဖက်သို့၎င်း၊ နော့သပလက် မြစ်သည် အရှေ့ဖက်သို့၎င်း အသီးအသီး စီးဆင်းကြသည်။ ထိုပြင် စနိတ်မြစ်သည် အနောက်ဖက် ကိုလမ်ဘီးယားမြစ်ထဲသို့၎င်း၊ ဂရင်းမြစ်သည် အနောက်တောင်ဖက် ကော်လိုရားဒိုး မြစ်ထဲသို့၎င်း စီးဝင်လေသည်။ ထိုမြစ်အားလုံးတို့သည် လှေသင်္ဘောသွားလာရန်အတွက် အသုံး မဝင်ကြချေ။ ယဲလိုးစတုန်း



ဝိုင်အိုးမင်းပြည်နယ် ယဲလိုးစတုန်း အမျိုးသားဥယျာဉ်တွင် ထိရစ္ဆာန်များကို သဘာဝအတိုင်း နေထိုင်သွားလာနိုင်ရန် ဖန်တီးပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုင်၊ ဂျက္ကဆန်အိုင်နှင့် ရှိုရှုန်းအိုင်တို့သည် ထင်ရှားသော တောင်ပေါ် အိုင်များဖြစ်သည်။

ပျမ်းမျှခြင်းအားဖြင့် တနှစ်လျှင် မိုးရေချိန် ၁၄ လက်မ ခန့်သာ ရရှိသောကြောင့် ခြောက်သွေ့သော ပြည်နယ် ဖြစ်သည်။ စိုက်ပျိုးရေး၊ တိရစ္ဆာန် မွေးမြူရေးနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းတို့မှာ အဓိက လုပ်ငန်းများ ဖြစ်သည်။ အသီးအနှံများကို ရေသွင်း စိုက်ပျိုးရသည်။ ရေသွင်းစိုက်ပျိုးသောမြေကေပေါင်း ၁,၅၀၀,၀၀၀ ခန့်ရှိသည်။ မြက်ခြောက်၊ သကြား မုန်လာ၊ အာလူး၊ ပဲ၊ ဂျုံနှင့် မြင်းစားဂျုံတို့ကို စိုက်ပျိုးကြသည်။

ဝိုင်အိုးမင်း ပြည်နယ်တွင် မြက်ခင်း ပေါများသဖြင့် ရှေး နယ်သစ်ဖွင့်စ အချိန်ကတည်းက တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ၁၈၇၀ နှင့် ၁၈၈၀ ပြည့်နှစ်များအတွင်းက နွားမွေးမြူရေးသည် ကြီးကျယ်သော လုပ်ငန်း ဖြစ်၍ ထိုနယ်တွင် နွားမွေးမြူသူတို့ မင်းမူခဲ့ကြသည်။ ၁၈၉၀ ပြည့်နှစ် လွန်သော် သိုးမွေးမြူရေး လုပ်ငန်းသည် ကြီးကျယ်လာသည်။ ထိုအခါ သိုးမွေး အထွက်အများဆုံး ပြည်နယ်တနယ်အဖြစ် ထင်ရှားခဲ့သည်။ ယခုအခါ၌မူကား နွားနို့လုပ်ငန်း၊ ကြက်ငှက်မွေးမြူရေးလုပ်ငန်းတို့မှာ ထင်ရှားသော လုပ်ငန်းများ ဖြစ်သည်။ သားမွေးအတွက် တိရစ္ဆာန်မွေးမြူသည့် လုပ်ငန်းလည်း တိုးတက်လျက် ရှိသည်။ တွင်းထွက်ပစ္စည်းများအနက် ရေနံအများဆုံးထွက်သည်။ အခြား တွင်းထွက်ပစ္စည်းများမှာ ကျောက်မီးသွေး၊ သံ၊ ရွှေ၊ ဓာတ်ငွေ့တို့ဖြစ်ကြသည်။

ပြည်နယ်၏ အနောက် မြောက်ပိုင်းတွင် ယဲလိုးစတုန်းအမျိုးသားဥယျာဉ်နှင့် တက်တန်အမျိုးသားဥယျာဉ်ဟူ၍ အံ့ခြီးဖွယ်ရာ ကောင်းသော သဘာဝဥယျာဉ်ကြီးများတည်ရှိသည်။ ထိုဥယျာဉ်များ၌ ရေပူစမ်းနှင့် ရေပူပန်းများ၊ ကင်ညွန်ချောက်နှင့် ရေတံခွန်များ၊ ဘေးမဲ့လွှတ်ထားသော သားရဲတိရစ္ဆာန်များ ရှိလေသည်။

ပြည်နယ်၏ မြို့တော်မှာ ရှိုင်းအင်းမြို့ ဖြစ်၍ လူဦးရေ ၄၃,၅၅၅ (၁၉၆၀) ယောက်ရှိသည်။

ဝိုင်အိုးမင်းပြည်နယ် ဒေသသည် ရှေးအခါက ရက်အင်ဒီးယန်း မျိုးတူစုကြီး ၁၂ စုတို့ အမဲလိုက်ရာ အရပ် ဖြစ်သည်။ ထိုနောက် အမေရိကန် နိုင်ငံသားတို့သည် ထိုပြည်နယ်သို့ လာရောက်၍ သားမွေးကုန်သွယ်ရေး စခန်းများကို ဖွင့်လှစ်ကြသည်။ ၁၈၄၇ ခုနှစ်တွင် မော်မန်ဂိုဏ်းသားတို့သည်၎င်း၊ ၁၈၆၇ ခုနှစ်တွင် ရွှေသိုက်တူးသမားတို့သည်၎င်း ရောက်ရှိလာကြသည်။ ၁၈၆၇ ခုနှစ်တွင် ယူနီယံ ပစိဖိတ် မီးရထားလမ်းကို ရှိုင်းအင်းမြို့သို့ တိုးချဲ့ဖောက်လုပ်ခဲ့သည်။ ၁၈၆၈ ခုနှစ်တွင် ဝိုင်အိုးမင်းပြည်နယ်ဟူ၍ ဖွဲ့စည်းခဲ့ကြပြီးလျှင် ၁၈၉၀ ပြည့်နှစ်၌ အမေရိကန် ပြည်ထောင်စုတွင် ပါဝင်ခဲ့လေသည်။ အမေရိကန် နိုင်ငံတွင် အမျိုးသမီးများ မဲဆန္ဒပေးနိုင်ခွင့်ကို ပဌမဦးဆုံးရရှိခဲ့သော ပြည်နယ်ဖြစ်လေသည်။

**ဝိုင်၊အမ်၊စီ၊အေ။** ။ခရစ်ယန်လူငယ်အသင်း — ရှု။

**ဝိုင်အမ်ဘီ ဆရာတင်** (မြန်မာ ၁၂၅၅–၁၃၁၂)။ ။ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် ပြည်သူ လူထုတရပ်လုံးကို အမျိုးသားစိတ်ဓာတ် ရင့်သန်အောင် ဥာဏအားဖြင့် စွမ်းဆောင်အားပေးခဲ့ဆုံးသော ဂီတစာဆိုကြီးကား ဝိုင် အမ်ဘီ ဆရာတင်ပင် ဖြစ်သည်။ ယနေ့ နိုင်ငံတော်သီချင်းအဖြစ် အသုံးပြုလျက်ရှိသော "ကမ္ဘာမကြေ ဗမာပြေ၊ တို့ ဘိုးဘွား အမွေစစ်မို့ ချစ်မြတ်နိုးပေ" သီချင်း၏ မြစ်ဖျားခံရာ "တကောင်းအဘိရာဇာ၊ တို့ဗမာ သာကီမျိုးဟာမို့၊ မညှိုးဂုဏ်တေဇာ" အစချီသည့် တို့ဗမာ အမျိုးသားသီချင်းကို ကိုယ်တိုင်ရေးသားရုံမက ကိုယ်တိုင် သီဆိုခဲ့သော မျိုးချစ်စိတ်ဓာတ် လွန်ကဲ ပြင်းထန်သည့် အနုပညာရှင်ကြီး ဖြစ်လေသည်။

ဆရာတင်ကို ၁၂၅၅ ခုနှစ် တပို့တွဲလဆန်း ၇ ရက်နေ့တွင် မန္တလေးမြို့ ရွှေဘုန်းရှိန် မင်းသားစုရပ်၌ ဖွားမြင်သည်။ ဖခင် ဖြစ်သူမှာ သီပေါဘုရင် လက်ထက်တွင် မင်းမှုထမ်းတဦးဖြစ်သူ ဦးရန်အောင် ဖြစ်၍ မိခင်မှာ ရွှေဘုန်းရှိန် မင်းသားစုရပ်သူ ဒေါ်သိန်းဖြစ်သည်။ မွေးချင်းသုံးယောက်ရှိသည့်အနက် အလတ်ဖြစ်၍ အမကြီး ဒေါ်မိ၊ ညီမငယ် ဒေါ်ငါ့မ တို့ဖြစ်သည်။

မောင်တင်သည် ခြောက်နှစ်သားအရွယ်တွင် ဘီတီအင်ခေါ် ဗုဒ္ဓသာသနာနုဂ္ဂဟ ကျောင်းတွင် ပညာသင်ယူသည်။ ထိုအချိန်က ဘီတီအင်ကျောင်း၏ ကျောင်းအုပ်ကြီးမှာ ကရက်ဒေါက် စီမံကိန်း တိုက်ဖျက်ရန် ၁၉၁၉ ခုနှစ်တွင် အင်္ဂလန်ပြည်သို့ မြန်မာကိုယ်စားလှယ်အဖြစ် ဦးပု၊ ဦးဘဘေ တို့နှင့်အတူ သွားရသော ဦးထွန်းရှိန်ဖြစ်သည်။ ငယ်စဉ်ကပင် ဂီတဝါသနာပါသည့်အလျောက် မောင်တင်သည် ကျောင်းအားချိန်၌ တေးကိုသာ ညည်း၍ အချိန်ကုန်စေတတ်သည်။ ဤသို့နေသည်ကို အတန်းဆရာက ပညာသင်ချိန်၌ တေးသီချင်းဖက်ကိုသာ စိတ်ပါသွားမည် စိုးရိမ်ကြီးမှုကြောင့် တေးမညည်းရန် အခါမလပ် သတိပေး ဆုံးမသည်ကို သူ့အား မတရားချုပ်ခြယ်သည်ဟု ယူဆကာ သတ္တမတန်း အောင်သည်နှင့် ကျောင်းထွက်လိုက်လေသည်။

ထိုနောက် ဖခင်ကြီး၏ တိုက်တွန်းချက်အရ ကျောင်းဆက်လက်နေရာ ၁၉၀၉ ခုနှစ်တွင် အသက် ၁၇ နှစ်အရွယ်၌ ကယ်လီကျောင်းမှ ဆယ်တန်းစာမေးပွဲ အောင်မြင်သည်။ ဆယ်တန်း အောင်ပြီးနောက် အမ် ဘီ တီ အလှတ်ပညာ


www.burmeseclassic.com



သင်ကျောင်းတွင် ဆရာလုပ်သည်။ ထိုအချိန်မှစ၍ဆရာတင်ဟုထင်ရှားလာသည်။ ဆရာတင်သည် ကျောင်းသားများကို စာပြပြီးလျှင် လက်ဆွဲ ဗာဂျာတလုံးနှင့် တေးညည်းနေလေ့ရှိသည်။ ယင်းသို့ ဝါသနာအလျောက် အားလပ်ချိန်တွင် တေးဆို၍ ဗာဂျာဆွဲနေသည်ကို ဆရာ၏ ဂုဏ်သိက္ခာနှင့်မညီ၊ သဘင်သည် ဆန်သည်ဟု စွပ်စွဲကြသံကို ကြားရပြန်သောအခါ ကျောင်းတာဝန်ခံထံ သွား၍ ကျောင်းဆရာအဖြစ်မှနုတ်ထွက်ခွင့်တောင်းကာအလုပ်မှထွက်ခဲ့လေသည်။ အမ် ဘီ တီ ကျောင်း၌ ဆရာအဖြစ် သုံးနှစ် လုပ်ခဲ့သည်။

အလုပ်မှထွက်ပြီးသောအခါ ဆရာတင်သည်တေးဆို၍ဗာဂျာဆွဲသည်။ ဗာဂျာသံကို လေးလေးနက်နက်သုတေသနပြုလေသည်။ သီချင်းကြီးများကို ဆိုတီးယင်း ကာလပေါ်သီချင်းများ စတင်ရေးစပ်ခြင်းပြုသည်။ ၁၂၇၆ ခုနှစ်ကစ၍သီချင်းများရေးစပ်ခဲ့သည်။ ဗာဂျာဖြင့် အသံစမ်းခြင်း၊တေးသွားသွင်းခြင်း ပြုသည်။ သို့ရာတွင် အောင်မြင်သော သီချင်းရေးဆရာအဖြစ် စိတ်ချယုံကြည်ချက် မရှိသေးသဖြင့် ရေးစပ်ပြီး သီချင်းများကို ဂီတနယ်သို့ မသွင်းသေးချေ။

ဆရာတင်သည် တပည့်ဟောင်းများ၏တိုက်တွန်းချက်



မြန်မာတို့ကို အမျိုးသားစိတ်ရင့်သန်အောင် စွမ်းဆောင်အားပေးခဲ့သော ဂီတစာဆို ဝိုင်အမ်ဘီဆရာတင်

ဖြင့် ၁၉၁၈ ခုနှစ်ခန့်တွင် ဗုဒ္ဓဘာသာ လူငယ်များ အင်္ဂလိပ်အလွတ်ပညာသင် ညကျောင်း ခေါ် ဝိုင် အမ် ဘီ အလွတ်ပညာသင်ကျောင်းကို ၈၄ လမ်းနှင့် ၃၆ လမ်းထောင့်၌ စတင်ဖွင့်လှစ်သည်။ ဆရာတင်၏ကျောင်းတွင် မန္တလေးမြို့ပေါ်မှသာမက ရေနံချောင်း၊ ချောက်၊ မကွေး၊ စလေ စသောမြို့များမှ ကျောင်းသားများ လာတက်ကြသည်။ ကျောင်းဖွင့်စက ကျောင်းသား ၁၀ ယောက်မျှ ရှိသော်လည်း သုံးလေးလအကြာ ကျောင်းသား ၅၀ ကျော် ဖြစ်လာသည်။ ဆရာတင်သည် ညဖက်၌ စာသင်၍ နေ့ဖက်တွင် သီချင်းစပ်သည်။ မန္တလေးမြို့ မင်းသားစုရပ်နှင့် ပြည်လုံးအံ့ လှေတန်းရပ် အကြား ရွှေတချောင်း မြောင်းဘောင် အနောက်ဖက်သဲပုံစေတီနှင့် မျက်နှာချင်းဆိုင် ညောင်ပင်ကြီးအောက်ရှိ ကွပ်ပျစ်သည် ဆရာ၏ဂီတရိပ်မြုံ စာဆိုရာဘုံနန်းဖြစ်သည်။

ဆရာတင် ပဌမဆုံး စပ်ဆိုသော သီချင်းမှာ အာကာသဇိုး အမည်ရှိ သီချင်းဖြစ်သည်။ ထိုသီချင်းကို မြခြေကျင်း မငွေမြိုင်အား သီဆိုစေရာ အတော်ပင် လူကြိုက်များသည်။ ထိုအခါမှစ၍ ဝိုင်အမ်ဘီကျောင်းကို အစွဲပြု၍ သီချင်းရေးဆရာ ဝိုင်အမ်ဘီ ဆရာတင်ဟု တွင်ကာ တမုဟုတ်ခြင်းကျော်ကြားလာလေသည်။ ဒုတိယ ရေးသော သီချင်းမှာ ပဌမကမ္ဘာစစ်အောင် သီချင်းဖြစ်သည်။ ပဌမကမ္ဘာစစ် ပြီးဆုံး၍ စစ်အောင်ပွဲများ ကျင်းပသည်တွင် မန္တလေးမြို့ ဥပုသ်တော်ကုန်းရိုး၌ စစ်အောင်ပွဲ အထိမ်းအမှတ်အဖြစ် မငွေမြိုင်ပွဲကသောအခါဆိုရန် ရေးပေးခြင်းဖြစ်သည်။ ယင်းသီချင်းဆိုအပြီးတွင် စစ်သားများအားလုံး မတ်တတ်ရပ်၍ အလေးပြုကြသောဟူ၏။

ဝိုင်အမ်ဘီ ဆရာတင်သည် ကျောင်းဆရာ လုပ်ယင်းကာလပေါ် သံဆန်းသီချင်းများကို ရေးသား၍ နာမည်ရလာသည်။ ကျောင်းကပွဲများ ကျင်းပသောအခါတွင် ဆရာတင်သည်ပင် သီချင်းများ ရေးပေး ရသည်။ မြန်မာညွန့်ဦးချစ်မောင် တည်ထောင်သော မြန်မာညွန့် အငြိမ့်အဖွဲ့နှင့်အလွန် ရင်းနှီးခင်မင်သည့်အလျောက် သီချင်းများကို ကူ၍ရေးပေးသည်။ ယင်းအငြိမ့်အဖွဲ့နှင့်အတူ ၁၉၂၅ ခုနှစ်ကရန်ကုန်မြို့သို့ လိုက်ပါလာဘူးသည်။ မန္တလေးမြို့၌လည်းကိုယ်တိုင်ဦးစီး၍ ဝိုင်အမ်ဘီတီးဝိုင်းအဖွဲ့ကို ဖွဲ့ပြီးလျှင် အဖိုးအခမယူပဲ ရပ်ရွာကိစ္စများတွင် ကူညီတီးမှုတ်ပေးလေသည်။

မန္တလေးမြို့၌ ငါးပွင့်ဆိုင် ကွန်ဖရင့်ကြီးအပြီး ၁၂၈၃ ခုနှစ်တွင် ဂီတဖြင့် နိုင်ငံရေးစိတ်ဓာတ် လှုံ့ဆော်ရန် တူရိယာအသင်းချုပ် ဖွဲ့စည်းသည်။ ခေတ်မီရွေ့ပြေး သီချင်းခန့်များရွေးထုတ်၍ မြန်မာ့လွတ်လပ်ရေးကို တေးနှင့်လှုထု စည်းရုံးရေး လုပ်ရန် ရည်ရွယ်သော်လည်း နယ်ချဲ့တို့၏ သွေးခွဲအနှောင့်အရှက် ပေးမှုကြောင့် မအောင်မြင် ခဲ့ချေ။ ဆရာတင်သည် မင်းသမီး ဥသြမယ်တင်၊ ဥက္ကလာ ရေအား

www.burmeseclassic.com


ကြည်၊ တလိုင်းမလေး မြကျင်၊ နေရှင်နယ်ခင်ပု၊ မြသီ၊ မြရီ တို့အတွက် ဟေမန်တွင်း၊ ရွှေနွယ်ရိုး၊ ပါးချိုင့်ကလေး၊ သူက လေး၊ အုံ့ပုံးချစ်၊ လူ၊ အောင်တော်မူ၊ မယ့်ဖူးစာ၊ ပလုတ်တုတ် စသော အချစ်နှင့်စပ်လျဉ်းသည့် သီချင်းများကို စပ်ဆိုပေးခဲ့သည်။

ဆရာတင်သည် ခေတ်ကာလအလျောက် အများဆန္ဒကို မပယ်နိုင်သေး၍ ငွေအသပြာအတွက် အချစ်နှင့်သက်ဆိုင်သော တေးသီချင်းများ ရေးပေးရခြင်းကို ငြီးငွေ့စပြုလာလေသည်။ ထိုအချိန်တွင် ဆရာတင်သည် သီချင်း အပုဒ်ပေါင်း တထောင်ကျော်ခန့်ရေးစပ်ပြီးဖြစ်သည်။ ၁၉၂၇ ခုနှစ်တွင် နိုင်ငံခြားဖြစ် အင်္ကျီပါးများ ဝတ်စပြုလာသည်ကို သရော်သည့်အနေနှင့် ဦးချစ်ဖွယ် သီဆိုရန် ဝံသာနုသီချင်း တပုဒ်စပ်ပေးလေသည်။ ဆရာတင်သည် ခေတ်ကို သရော်ရာတွင် ထူးခြားသော အတွေးအခေါ် အယူအဆရှိသူ ဖြစ်သည်။ ခေတ်ပြောင်း တော်လှန်ရေးကို ထာဝစဉ် ရှေးရှုနေသူဖြစ်သည်။ ထိုနောက် ရွှေဘိုသားများ ယောကျ်ားပီသကြောင်း တပ်လှန့်ပေးကာ ဇာတိမာန် ဆွပေးသည့် အလောင်းဘုရား ဦးအောင်ဇေယျ သီချင်းကိုလည်း စပ်ဆိုပြန်သည်။

မကြာမီ လန်ဒန်အတ် ဦးအုန်းမောင်၏ ရုပ်ရှင်လုပ်ငန်း အောင်မြင်မှုကို တွေ့ရှိလာသောအခါ ဝိုင် အမ် ဘီ တီးဝိုင်း အဖွဲ့ဝင် ဦးဘသိန်းသည် မြန်မာသွေးဖလင်း ရုပ်ရှင်ကုမ္ပဏီ တခု တည်ထောင်ကာ ဗိုလ်ဆင်တောင် အမည်ရှိ ဇာတ်ကားကို ရိုက်ကူးရန် စီစဉ်သောအခါ ဝိုင် အမ် ဘီ ဆရာတင်က ဒါရိုက်တာအဖြစ် လုပ်ကိုင်၍ ကိုယ်တိုင် သီချင်းရေးသည်။ သို့ရာတွင် ဇာတ်ကား မပြီးမီ အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် ရန်ကုန်သို့ ဆင်းလာကာ လန်ဒန်အတ် ရုပ်ရှင်ကုမ္ပဏီမှ အသံတိတ် ရုပ်ရှင်ကားများအတွက် ရုပ်ရှင်တီးဝိုင်းတွင် သီဆိုရန် သီချင်းများ ရေးပေးသည့် သီချင်းရေးဆရာ အလုပ်ကို ဝင်ရောက် လုပ်ကိုင်သည်။ ထိုနောက် မြန်မာ အဆွေနှင့် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီတို့မှ ကားများအတွက် သီချင်းများ ရေးစပ်ပေးရသည်။ ရုပ်ရှင်ကုမ္ပဏီများအတွက် ဆရာတင် စပ်ဆိုပေးသော သီချင်း အပုဒ်ပေါင်း သုံးထောင်ကျော် လေးထောင်နီးပါး ရှိသည်။

ရန်ကုန်မြို့သို့ ဆရာတင် ဒုတိယအကြိမ် ရောက်ခဲ့ရခြင်းသည် ဆရာတင်အဖို့ နိုင်ငံရေးနယ်သို့ တနည်းတဖုံ ခြေစုံပစ်ဝင်နိုင်ရန် ဖန်တီးပေးလိုက်သကဲ့သို့ ဖြစ်လေသည်။ ဆရာတင်သည် မန္တလေးမြို့ ဗုဒ္ဓဘာသာ အထက်တန်း ကျောင်းတွင် ကျောင်းကပ္ပဲလုပ်စဉ် ၁၉၁၀ ခုနှစ်ခန့်ကပင် သိကျွမ်းခင်မင်ခဲ့သော သခင်ဗသောင်းနှင့် ရန်ကုန်မြို့တွင် တွေ့လေသည်။ သခင်ဗသောင်းသည် မြန်မာပြည်တွင် ကျွန်စိတ်ပေါက်သူများအား ချွတ်၍ မြန်မာပြည်ကို ကျွန်တွင်းမှ နုတ်ယူရန် သခင်အမည်ကို ရှေးဦးဆုံး ခံ၍ တို့ဗမာ အစည်းအရုံးဖွဲ့ရန် အကြံယူ စိုင်းပြင်းနေဆဲ ပုဂ္ဂိုလ် ဖြစ်သည်။ (တို့ဗမာ အစည်းအရုံး — လည်းရှု။)

သခင်ဗသောင်း၏ သိမ်းသွင်းမှုကြောင့် ဝိုင် အမ် ဘီ ဆရာတင်သည် သခင်မည်ခံကာ နိုင်ငံရေး ကြိုးပမ်းမှုများတွင် တဖက်တလမ်းမှ ထောက်ခံတော့အံ့ဟု ဆုံးဖြတ်လိုက်လေသည်။ ထိုနောက် မန္တလေးသို့ပြန်ကာ မိမိ၏ ဝိုင်အမ်ဘီ ကျောင်းကို အခြေအနေအရ ဖျက်သိမ်းပြီးလျှင် ရန်ကုန်သို့ ပြန်ဆင်းလာသည်။ ငွေရှင်ကြေးရှင်များနှင့် ဘဝတူ သီချင်းရေးဖော် ရေးဖက်များ၏ နှိမ်မှုကို နာကြည်းသဖြင့် မန္တလေးသို့ ပြန်ရောက်စဉ်ခဏ၌ “မိုးကို ဒူးနဲ့တိုက်မယ်” အမည်ရှိ သီချင်းကို စပ်ဆိုသည်။ ဤသီချင်းမှ စ၍ မိမိ အမည်ကို သခင်တင်ဟု ထည့်သွင်း စပ်ဆိုခဲ့သည်။

ဝိုင် အမ် ဘီ သခင်တင်သည် ရန်ကုန်မှ မန္တလေးသို့ ပြန်ရောက်လာပြီးနောက် ဝိုင်အမ်ဘီ အလွတ်ပညာသင်ကျောင်းကို ပြန်ဖွင့်သည်။ သို့ရာတွင် သခင်တင်သည် ရန်ကုန်သို့ မကြာခဏ ဆင်း၍ ရုပ်ရှင်ကုမ္ပဏီများ၊ ဓာတ်ပြား ကုမ္ပဏီများသို့ သီချင်းရေးပို့နေလေ့ရှိသဖြင့် ဆရာကိုယ်တိုင် စာသင်ရက် မမှန်တော့သောကြောင့် ကျောင်းသားဦးရေ သိပ်မများတော့ချေ။ ထိုကြောင့် ဝိုင်အမ်ဘီကျောင်းကို ပိတ်လိုက် ဖွင့်လိုက်နှင့် နောက်ဆုံး စတုတ္ထအကြိမ်တွင် လုံးဝပိတ်ကာ ရန်ကုန်သို့ အပြီး ပြောင်းသွားလေသည်။

သခင်တင်သည် ရန်ကုန်၌ မိတ်ဆွေ သခင် ဗသောင်းတို့နှင့် အမြဲတွေ့ဆုံ ဆွေးနွေးကာ နိုင်ငံရေး သီချင်းများကိုရေးရန် အကြံယူသည်။ သို့ဖြင့် ယခု နိုင်ငံတော်သီချင်းအဖြစ် ရောက်ရှိလာသော တို့ဗမာသီချင်းသည် အကောင်အထည် ပေါ်လာလေသည်။ (နိုင်ငံတော်သီချင်း— လည်းရှု။) ပဌမတွင် တို့ဗမာသီချင်းကို “နောင် ဥဒါန်း ဘယ်မကျေစရာ” အပိုဒ်မှစ၍ ရေးလေသည်။ နောက်မှ မိတ်ဆွေများနှင့် ဆွေးနွေးကာ “တကောင်း အဘိရာဇာ” အစချီ ခြေဆင်း စာပိုဒ်ကို ထပ်မံ ထည့်သွင်းလေသည်။

တို့ဗမာသီချင်းကို ၁၉၃၀ ပြည့်နှစ် ဇူလိုင်လ ၂၀ ရက် (၁၂၉၂ ခုနှစ် ဝါဆိုလဆုတ် ၁၁ ရက်) တနင်္ဂနွေနေ့ ညနေ ၅ နာရီအချိန်တွင် ရွှေတိဂုံစေတီတော်၊ ရာဟုထောင့် တန်ဆောင်းကြီး၌ အခမ်းအနားနှင့် ဝိုင်အမ်ဘီ သခင်တင်ကိုယ်တိုင် သီဆိုခဲ့လေသည်။ ၁၉၃၆ခုနှစ် ဇူလိုင်လတွင် မြင်းခြံမြို့၌ ကျင်းပသည့် တို့ဗမာ အစည်းအရုံး ဒုတိယအကြိမ် ညီလာခံတွင် အမျိုးသားသီချင်းအဖြစ် ထပ်မံ ဆုံးဖြတ်ချက်ချ အတည်ပြုခဲ့သည်။ တို့ဗမာသီချင်းကို သခင်တင် ရေးသားစဉ်က သီချင်းရေး ဆရာများ၊ နိုင်ငံရေး သီချင်းကောင်းများကို တိုးတက် ရေးသားနိုင်ကြပါစေဟူသည့် စေတနာထားထား၍ အကောင်းဆုံး နိုင်ငံရေးသီချင်း ဖြစ်စေသည်ဟု


www.burmeseclassic.com

www.burmeseclassic.com


မရည်ရွယ်သော်လည်း ဤသီချင်းထက် ကျော်လွန်၍ ကောင်းသော သီချင်း ပေါ်မလာရကား လွတ်လပ်ရေး ရသည့် ခေတ်တိုင် ခိုင်ခံ့မြဲမြံကာ နိုင်ငံတော်သီချင်းအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရလေသည်။

သခင်တင်သည် မြန်မာ တမျိုးသားလုံးအား တပ်လှန့်နှိုးကာ ဇာတိသွေး ဇာတိမာန် တက်ကြွ၍ လွတ်လပ်ရေး အောင်ပွဲရသည်အထိ ပို့ဆောင်ခဲ့သော တို့ဗမာသီချင်းကို သာမက အခြား နိုင်ငံရေးသီချင်းများကိုလည်း စပ်ဆိုခဲ့သေးသည်။ ယင်းတို့မှာ သခင်သီချင်း၊ အလံတော်သီချင်း၊ မီးတုတ် သီချင်း၊ လက်ရုံးတပ်မှူးသီချင်း၊ လက်ရုံးစစ်ချီသီချင်း၊ လူ သီချင်း၊ နဂါးနက်သီချင်း စသည်တို့ဖြစ်သည်။ သခင်တင်သည် ဒုတိယကမ္ဘာစစ်ကြိုခေတ်တွင် အမျိုးသားရေးနှင့် စပ်လျဉ်းသော တေးသီချင်းများကို အရေးသားခဲ့ဆုံး ဂီတစာဆိုတဦး ဖြစ်သည်။

သခင်တင်သည် ဒုတိယကမ္ဘာစစ် ဖြစ်ပွားသောအခါ မန္တလေးသို့ပြန်၍ ဝါးရင်းတုတ် ကျေးရွာအနီး ရွှေတချောင်းအရှေ့ဖက်တွင် ရှိသော သရက်ကန်လေးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ စစ်အတွင်း၌ပင် သခင်တင်သည် ဆွေတစမျိုးတစ တော်သူ လေ့သင်းမောင်မောင် လက်အောက်တွင် ဆည်မြောင်း အင်စပိတ်တော်အဖြစ် ဝင်ရောက် လုပ်ကိုင်သည်။ ယင်း ဆည်မြောင်း အင်စပိတ်တော် အလုပ်ကို ပြု၍ သခင်တင်သည် ဗိုလ်မှူးဗထူး၏ ဗမာ့တပ်မတော်နှင့် မဟာမိတ်တပ်အကြား ဆက်သွယ်ရေးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့လေသည်။ ဂျပန်တော်လှန်ရေးတွင်လည်း မြေအောက်ဂျပန် ဆန့်ကျင်ရေးအဖွဲ့နှင့် ဆက်သွယ်ကာ တော်လှန်ရေးသမား တယောက်အဖြစ် ဝင်ရောက် ဆောင်ရွက်ခဲ့သည်။

စစ်ပြီးသောအခါ သခင်တင်သည် ပြဇာတ် အဖွဲ့များအတွက် သီချင်းများကို စတင် ရေးသားသည်။ ပေါင်းဟောင်း သင်းဟောင်းဖြစ်သော စာရေးဆရာ ရန်နိုင်စိန်ဦးစီးသည့် ပြဇာတ် မန္တလေးသို့ ရောက်လာသောအခါ သီချင်းများ ရေးပေးရုံမက ကိုယ်တိုင်လည်း ပြဇာတ်ထဲတွင် ဝင်ရောက် သရုပ်ဆောင်ခဲ့သည်။ ထိုနောက် ရန်ကုန်မြို့သို့ ဆင်းကာ အခြေစိုက်၍ ဂီတအနုပညာနယ်အတွင်း လှည့်လည် ကျက်စားနေလေသည်။

၁၉၄၇ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် မြင်းခြံမြို့၌ ကျင်းပသော လွတ်လပ်ရေး အထိမ်းအမှတ် အောင်ပွဲအခမ်းအနားတွင် 'နိုးနိုးနော'ပြဇာတ်နှင့် 'နှစ်ကိုယ့်တစိတ်' အော်ပရာကို ကိုယ်တိုင် သရုပ်ဆောင် ကပြခဲ့သည်။ ထိုပြဇာတ်နှင့် အော်ပရာတို့သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းချိန်က သွေးစည်းညီညွတ်စွာ တမျိုးသားလုံး အုံကြွကာ နယ်ချဲ့အရင်းရှင်နှင့် ဖက်ဆစ်ဘီလူးတို့အား တော်လှန်တိုက်ခိုက်ခဲ့ကြသလောက် လွတ်လပ်ရေး ရရှိလာချိန်၌ ကိုယ်ရေးကိုယ်တာ အကျိုးစီးပွားအတွက် အခွင့်အရေးယူကြသည့် နိုင်ငံရေး သမားများအား သရော် လှောင်ပြောင်ထားသော ဇာတ်လမ်းနှင့် ပါးစပ်ကဘုရား လက်က ကားယားနှင့် အမြီးအမောက် မတည့် ဖြစ်နေသည့် ခေတ်ကာလကို သရော်ထားသော ဇာတ်လမ်းများဖြစ်သည်။

မြင်းခြံတွင် ဂီတပညာဖြင့် နောက်ဆုံး တိုင်းပြည်ဝန်ကို ထမ်းဆောင်ပြီးသည့်နောက် သခင်တင်သည် ပုတီးစိပ်ဂိုဏ်းသို့ ဝင်ကာ နဝင်္ဂသီလ ဆောက်တည်ခြင်း စသော လောကုတ္တရာ အကျိုးစီးပွား များရာများကြောင်းကို ကျင့်ကြံအားထုတ်သည်။ မြင်းခြံ လွတ်လပ်ရေး အောင်ပွဲမှ ရန်ကုန်မြို့သို့ ပြန်ရောက်လာပြီးနောက် ငါးလခန့်အကြာတွင် တီဘီရောဂါဖြင့် ဆေးရုံသို့ တက်ရောက် ကုသရာ ရောဂါမှ မသက်သာတော့ပဲ မြန်မာသက္ကရာဇ် ၁၃၁၂ ခု ဒုတိယ ဝါဆိုလပြည့်ကျော် ၁၀ ရက်(ခရစ် ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၈ ရက်)နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်၍ ဩဂုတ်လ ၉ ရက်နေ့တွင် ကြံတောသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်လိုက်လေသည်။ သခင်တင် မကွယ်လွန်မီ မြန်မာ့လွတ်လပ်ရေး ဒုတိယနှစ်ပတ်လည်နေ့ (၁၉၅၀ ပြည့်နှစ် ဇန္နဝါရီလ ၄ ရက်နေ့)တွင် နိုင်ငံတော် အစိုးရက ဝဏ္ဏကျော်ထင်ဘွဲ့ ပေးအပ် ချီးမြှင့်ခဲ့သည်။

ဝိုင် အမ် ဘီ သခင်တင်သည် အရပ်ပု၍ အသားညိုသည်။ ပါးစပ် ပြဲ၍ မျက်လုံး အရောင်တောက်သည်။ အသံမှာ အသံကောင်းဟူ၍ မခေါ် နိုင်ချေ။ အသံမြည်၍ စူးရှသောအသံမျိုးဖြစ်သည်။ အဆိုပိုင်၍ မှင်နှင့်မောင်းနှင့် ဟန်ကောင်းလှသည်။ စကားပြောရာတွင်လည်း စိတ်ပါ လက်ပါ ရှိ၍ နားထောင်ကောင်းအောင် ပြောနိုင်သည်။

ဝိုင် အမ် ဘီ သခင်တင်သည် အစဉ်အလာကို မျက်စိမှိတ်၍ လိုက်လေ့မရှိ။ အကြောင်းအရာ၊ စကားလုံးနှင့် အသံကိုပါ အသစ် ထွင်တတ်သူဖြစ်သည်။ သခင်တင်၏ သီချင်းများသည် လေးနက်သည်။ အဓိပ္ပာယ် ပြည့်ဝသည်။ သို့ရာတွင် အသံမှာ အကွေ့အကောက် အရစ်အဝဲများနှင့် ခက်ခဲလှသဖြင့် အဆိုခက်သည်။ အတီးခက်သည်။ များသောအားဖြင့် ပတ်စာပိုး ခြောက်ပေါက်သံနှင့် အစပ်များသည်။ သီဆိုတီးမှုတ်လိုသူများသည် အတော်ကြိုးစားပမ်းစား တက်ယူရတတ်သည်။ ကြေညက်အောင် ရပြီးသောအခါတွင်မူ အလွန် နှစ်သက် သဘောကျကြသည်။ အသံရှာ၍ တီးကွက်သွင်းရာ၌ မြန်မာပြည်တွင် နှစ်ယောက်မရှိသူဟု စိန်ဗေဒါက ပြောဆို ချီးကျူးခဲ့ကြောင်း သိရသည်။

ဝိုင်အမ်ဘီ သခင်တင်သည် အင်္ဂလိပ်စကားပြောကောင်းသည်ဟုလည်း ဆိုကြသည်။ လက်ရေး လက်သားလည်း လှသည်။ မြန်သည်။ သို့ရာတွင် စာရေး သီချင်းရေးပြုလုပ်သည့်အခါ စာရွက်ပေါ်၌ မျဉ်းဖြောင့်အတိုင်း မရေး၊ လက်ဝဲဖက် ထိပ်ဆုံးထောင့်တွင် တက်လူ၊ တက်ကျမ်း၊ တက်ခေတ်

www.burmeseclassic.com



စသည်ဖြင့် ထိုခေတ်က အလွန်ခေတ်စားသော 'တက်' ဟူသော စကားလုံးကို သုံး၍ 'တက်စာအမှတ်....'ဟူ၍ ခေါင်းစဉ်တပ်ပြီး စာရွက်ကို ကန့်လန့် ရေးသွားလေ့ရှိသည်။ သူ့စာကို ဖတ်လျှင် စာရွက်ကို တည့်တည့် ထားပြီး ဖတ်၍ မရ၊ ထောင်လိုက် ကန့်လန့် ထားပြီး ဖတ်မှ ရလေသည်။ မင်ကိုလည်း မင်ပြာမင်နက်ကို မသုံး၊ သွေးနီသည် သတ္တိရှိသည် ဟူသော သဘောကို ဆောင်၍ မင်နီကို သုံးလေ့ရှိသဖြင့် မိတ်ဆွေအချို့က သူ့အား လူကန့်လန့်ကြီးဟု ခေါ်တတ်ကြသည်။

သခင်တင်သည် ဒေါ်သီတာ ဆိုသူ မိုးကုတ်သူနှင့် အိမ်ထောင်ကျသည်။ သို့ရာတွင် အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် ကွဲကွာသွားပြီးနောက် နောက်ထပ် အိမ်ထောင်မပြုတော့ပဲ နိုင်ငံလွတ်လပ်ရေးကို ဥာဏအားဖြင့် တတပ်တအား ဆောင်ရွက်ခဲ့သည်။

ဝိုင် အမ် ဘီ သခင်တင် ရေးစပ်ခဲ့သော သီချင်းများမှာ အထက်ဖော်ပြပါ သီချင်းများအပြင် မေတ္တာ ဘာဝနာ၊ ပြုံးပြုံးလေး၊ ဒိုခေတ် ( ခေတ်ပြား သွင်းပြီးမှ အပိတ်ခံရသည်။)၊ ရဲဗိုလ်၊ တောင်သူလယ်သမား၊ မော်တော်ကား၊ အောင်လံတော်၊ နတ်သုဒ္ဓါ၊ အချစ်ဋီကာ၊ သဥ္စာလီလေး၊ တောင်ပြုံးညွန့်၊ စစ်သည်တော်၊ မောင့်အချစ်တော်၊မြောက်ပြန်လေမကွာ၊ သူကလေး၊ ရွှေတော်ပြေးမကလေး၊ ပန်းထိပ်ခေါင်တင်၊ နှစ်ကျိပ်ရှစ်ဆူ ပေါင်းချုပ် စသော သီချင်းများနှင့် ဆုထူးပန်၊ ရွှေနှင်းဆီ၊ ရွှေတံငါ၊ ခိုင်သစ္စာ၊ မြကြေးမုံ၊ စိုးပါနဲ့မေ၊ ဝေဘူစံ၊ မှော်စက်ရောင်၊ ဝေဘာဂီ၊ ဖူးစာရှင်၊ ခေတ်သစ်ဖာတလုံး၊ အထောက်တော်၊ ရွှေဝါမြေ၊ ချစ်ရဲဆော်၊ လွတ်ပြီကျွတ်ပြီ၊ တသွေးတမြေ၊ ချစ်မာယာ၊ ရဲတံခွန် စသော ဇာတ်ကားများအတွက် သီချင်းများဖြစ်သည်။ သခင်တင်သည် သီချင်း အပုဒ်ပေါင်း လေးထောင်ကျော်ငါးထောင် စပ်ဆိုခဲ့သည်ဟု ဆိုသည်။ ချစ်မာယာ ဇာတ်ကားတွင်မူ စိန်ဘလှအဖြစ် ကိုယ်တိုင် သရုပ်ဆောင် ပါဝင်ခဲ့လေသည်။

ဝိုင်အမ်ဘီ သခင်တင်ကား ဘက်စုံ နယ်စုံသော အနုပညာရှင်ကြီး တဦးပေတည်း။

**ဝိုင်၊ အမ်၊ ဘီ၊ အေ။** ။ဗုဒ္ဓ ဘာသာ ကလျာဏယုဝ အသင်း — ရှု။

**ဝစ်ကလစ်,ဂျွန်** (ခရစ် ၁၃၂၀ ခန့်–၁၃၈၀)။ ။ဂျွန်ဝစ်ကလစ်သည် အယူဝါဒနှင့် စပ်လျဉ်း၍ ခေတ်ပြင်ဆရာအဖြစ်နှင့်သော်၎င်း၊ သမ္မာကျမ်းစာ တအုပ်လုံးကို အင်္ဂလိပ် ဘာသာသို့ ပြန်ဆိုရန် ပဌမဦးဆုံးစီစဉ်ခဲ့သူ အဖြစ်နှင့်သော်၎င်း ထင်ရှားသော အင်္ဂလိပ် ဘုန်းတော်ကြီး ဖြစ်သည်။ ဗရင်ဂျီဂိုဏ်း သံဃာအဖွဲ့ဝင်တို့၏ အပြုအမူ အချို့ကိုလည်း အပြင်းအထန် ဝေဖန် ကန့်ကွက်ခဲ့သူ ဖြစ်သောကြောင့် သူ့အား"ခရစ်ယန် သာသနာအရေးပုံ၏ မိုးသောက်ကြယ်"ဟူ၍ ကင်ပွန်းတပ် ခေါ်လေ့ရှိကြသည်။

ဝစ်ကလစ်သည် ယော့ရှိုင်ယာနယ်၊ ရစ်ချမွန်မြို့ အနီးတွင် မွေးဖွား၍ အောက်စဖို့တက္ကသိုလ်၊ ဗေးလယားကောလိပ်ကျောင်း၌ ပညာ ဆည်းပူးခဲ့သည်။ ၁၃၆၀ ပြည့်နှစ်တွင် ထိုကောလိပ်ကျောင်း၌ ကျောင်းအုပ်အဖြစ် လုပ်ကိုင်သည်။ ထို့နောက် ဝစ်လရှိုင်ယာနယ် ဖီလင်ဂမ်မြို့တွင်၎င်း၊ လက်စတာ ရှိုင်ယာနယ် လတ္တာဝပ်မြို့တွင်၎င်း သင်းအုပ်ဘုန်းကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။

ထိုခေတ်တွင် ပုပ်ရဟန်းမင်းသည် အလွန်တန်ခိုးကြီး၏။ မိမိသဘောအတိုင်း သာသနာဆိုင်ရာအခွန်အကောက်များကို စည်းကြပ်ကောက်ခံလိုသည်။ ခရစ်ယန် သံဃာအဖွဲ့ဆိုင်ရာ ရာထူးများကိုလည်း မိမိအလိုကျ ခန့်အပ်လိုသည်။ ထို့ပြင် သံဃာအဖွဲ့ဝင်တို့သည် အကျင့်သိက္ခာပျက်ပြားလျက် စည်းစိမ်ချမ်းသာကို ခံစားနေကြသည်။ နိုင်ငံ အုပ်ချုပ်ရေး၌လည်း သံဃာတို့သည် ပါဝင် စွက်ဖက် လွန်းသည်ဟု ဝစ်ကလစ်က ယူဆသည်။ ထို့ကြောင့် သာသနာရေး အာဏာပိုင်တို့ကို ပြင်းထန်စွာ ဝေဖန်ခဲ့လေသည်။ တိုင်းပြည်၌ ဩဇာရှိသော လန်ကာတ်စတာမြို့စား ဂျွန် အော့ ဂေါင့်နှင့် အခြား သူကောင်းမျိုးတို့က ဝစ်ကလစ်၏ အယူအဆကို ထောက်ခံကြသည်။

၁၃၇၄ ခုနှစ်တွင် တတိယ အက်ဒွပ်ဘုရင်သည် သာသနာရေး အာဏာပိုင်တို့၏ အခွင့်အရေးနှင့် စပ်လျဉ်း၍



ခရစ်ယန် သာသနာရေးခေါင်းဆောင် ဂျွန်ဝစ်ကလစ်

www.burmeseclassic.com



အင်္ဂလိပ်အစိုးရနှင့် အငြင်းပွားသည့် ကိစ္စကို ပုပ်ရဟန်းမင်း၏ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ ဖြေရှင်းရန် ဝစ်ကလစ်အား ဗဲလဂျီယမ်နိုင်ငံ ဗရုဂျမြို့သို့ စေလွှတ်ခဲ့သည်။ သို့ရာတွင် ထိုဆွေးနွေးပွဲမှာ မအောင်မြင်ချေ။ ဝစ်ကလစ်က လူတိုင်း ဘုရားသခင်နှင့် တိုက်ရိုက် ဆက်ဆံနိုင်ရမည် ဟူ၍ရင်း၊ သမ္မာကျမ်းစာ၌ ပါရှိသော တရားတော်အားဖြင့်သာ လူတို့သည် ကယ်တင်ခြင်းကို ရနိုင်မည် ဟူ၍ရင်း ဟောပြောလေသည်။ အယူဝါဒရေးနှင့် နိုင်ငံရေးကို ခွဲခြားထားသင့်သည် ဟူ၍လည်း ယူဆသည်။ ထိုကဲ့သို့ သာသနာရေးအာဏာပိုင်တို့၏ ဝါဒနှင့် ဆန့်ကျင်၍ ဟောပြောသောကြောင့် ၁၃၇၇ ခုနှစ်တွင် ၁၁ ဆက်မြောက် ပုပ်ရဟန်းမင်း ဂရက်ဂရီက ဝစ်ကလစ်အား သာသနာဖျက်အဖြစ် ရှုတ်ချပြီးလျှင် ဖမ်းဆီး၍ အချုပ်ချထားရန် အင်္ဂလိပ်အစိုးရထံ တောင်းဆိုခဲ့သည်။ သို့ရာတွင် အစိုးရက ထိုတောင်းဆိုချက်ကို မလိုက်လျောခဲ့ချေ။

၁၃၈၁ ခုနှစ်တွင် တောင်သူလယ်သမား အရေးပုံ ပေါ်ပေါက်လာရာ ဝစ်ကလစ်သည် မိမိ၏အယူဝါဒဆိုင်ရာ ယုံကြည်ချက်တို့ကို သာမန်လူတန်းစားတို့ လက်ခံလာအောင် ဆောင်ရွက်ရမည် ဟူ၍ သဘော ပေါက်လေသည်။ ထိုကြောင့် လူတိုင်း သမ္မာကျမ်းစာကို ဖတ်ရှုတ်လေ့လာနိုင်စေရန် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းကို ၁၃၈၂ ခုနှစ်တွင် စတင်ဆောင်ရွက်သည်။ ဝစ်ကလစ်ကိုယ်တိုင် သမ္မာကျမ်းကို မည်ရွေ့မည်မျှအထိ ဘာသာပြန်ခဲ့သည် ဟူ၍ကား အသေအချာ မသိရချေ။ ဓမ္မသစ်ကျမ်းနှင့် ဓမ္မဟောင်းကျမ်း တစိတ်တပိုင်းကို ဘာသာပြန်ခဲ့သည် ဖြစ်တန်ရာ၏။ ကျန်အပိုင်းများကိုမူ သူ၏နောက်လိုက် တပည့်တို့က ပြန်ဆိုခဲ့ကြသည်။ ၁၃၈၈ ခုနှစ်ခန့်တွင် ဝစ်ကလစ်ဦးစီး၍ ပြန်ဆိုခဲ့သော သမ္မာကျမ်းကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုသမ္မာကျမ်းသည် လူတို့အတွက် အယူဝါဒရေး၌ အကျိုးပွားစေရုံမျှမက အင်္ဂလိပ်စကားပြေ အရေးအသား၌လည်း စံထားထိုက်သော ကျမ်းတစောင် ဖြစ်လာပေသည်။

ဝစ်ကလစ်သည် သမ္မာကျမ်း၌ ပါရှိသော ခရစ်တော်၏ တရားကို ဟောပြောရန် တပည့်များကို အရပ်ရပ်သို့ စေလွှတ်သည်။ ထိုတပည့်တို့သည် အဆင်းရဲ အပင်ပန်းခံကာ တရားတော်ကို ခြေလျင် လှည့်လည် ဟောပြောကြသဖြင့် ယင်းတို့ကို လောလဒ်(ဝါ)ခင်ကြီးမွဲများဟု ခေါ်ကြသည်။ ၁၅ ရာစုနှစ်အတွင်းက လောလဒ်တို့သည် ညှဉ်းဆဲနှိပ်စက်ခြင်းကို ခံခဲ့ကြရ၏။ အချို့တို့မှာ မီးရှို့သတ်ခြင်းကိုပင် ခံခဲ့ရ၏။ သို့ရာတွင် လောလဒ်တို့သည် ခရစ်ယာန် သာသနာအရေးပုံ ဖြစ်ပွားသည်အထိ အင်အားကောင်းမြဲ ကောင်းလျက် ရှိလေသည်။

ဝစ်ကလစ်၏ ဆောင်ရွက်ချက်ကြောင့် ခရစ်ယာန် သံဃာအဖွဲ့တွင် ထင်ရှားသော ပြုပြင် ပြောင်းလဲမှုများ မဖြစ်ပေါ်ခဲ့သော်လည်း နောင်တွင် ဗိုဟီးမီးယားပြည်က ဂျွန် ဟပ်စ၊ ဂျာမနီပြည်က မာတင် လူသာကဲ့သို့သော ခေတ်ပြင် ဆရာတို့အတွက် လမ်းစဖော်ပေးရာ ရောက်လေသည်။ ဂျွန်ဝစ်ကလစ်သည် ၁၃၈၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လတ္တာဝပ်မြို့၌ လေဖြတ်သည့်ရောဂါဖြင့် ကွယ်လွန်လေသည်။ (လူသာ,မာတင်။ ဟပ်စ,ဂျွန် — လည်းရှု။)

**ဝစ္စကွန်းဆင်း ပြည်နယ်။** ။ဝစ္စကွန်းဆင်းပြည်နယ်သည် အမေရိကန် ပြည်ထောင်စုနိုင်ငံ အလယ်ပိုင်းတွင် မြောက်ဖက်ကျသော ပြည်နယ် တနယ်ဖြစ်သည်။ မြောက်ဖက်တွင် ဆူပီးရီးယားအိုင်၊ အရှေ့ဖက်တွင် မစ်ရှီဂန်အိုင်၊ တောင်ဖက်တွင် အီလီနွိုင်ပြည်နယ်၊ အနောက်ဖက်တွင် မင်နီဆိုတာပြည်နယ်နှင့် အိုင်ယိုးဝါးပြည်နယ်တို့ အသီးအသီး တည်ရှိကြသည်။ ပြည်နယ် အကျယ်အဝန်းမှာ ၅၆,၁၅၄ စတုရန်းမိုင် ဖြစ်၍ ခန့်မှန်းခြေ လူဦးရေ ၄,၁၀၇,၀၀၀ ယောက် (၁၉၆၄) ရှိသည်။

ဝစ္စကွန်းဆင်းပြည်နယ်သည် များသောအားဖြင့် ကုန်းပြင်မြင့် ဖြစ်သည်။ မြေဩဇာထက်သန်သော ချိုင့်ဝှမ်းများ၊ အိုင်များ၊ သစ်တောများလည်း ရှိသည်။ စိန့်လောရင့်မြစ်နှင့် မစ်စစ်စပီမြစ်တို့ မြစ်ဖျားပိုင်းဒေသနှစ်ခု စပ်ကြားတွင် တည်ရှိခြင်းကြောင့် ကူးသန်းရောင်းဝယ်ရေး၌ စည်ပင် တိုးတက်လျက်ရှိသော ပြည်နယ် ဖြစ်သည်။ စိန့်ကရွား မြစ်၊ ချစ်ပီဝါမြစ်၊ ဗလက်မြစ်နှင့် ဝစ္စကွန်းဆင်းမြစ်တို့သည် အနောက်ဖက်ရှိ မစ်စစ်စပီမြစ်ထဲသို့စီးဝင်၍ ဖောက်မြစ်သည် အရှေ့ဖက်ရှိ ဂရင်းပင်လယ်အော်ထဲသို့ စီးဝင်သည်။ အိုင် မြောက်မြားစွာ ရှိသည်အနက် ဝင်နီဗာဂိုအိုင်သည် အကြီးဆုံးဖြစ်သည်။

ဝစ္စကွန်းဆင်း ပြည်နယ်တွင် ရာသီဥတု အပူအအေး အပြောင်းအလဲ မြန်သည်။ပျမ်းမျှခြင်းအားဖြင့် တနှစ်လျှင် မိုးရေချိန် လက်မ ၃၀ ခန့် ရသည်။

၁၈၅၀ ပြည့်နှင့် ၁၈၈၀ ပြည့်နှစ်အတွင်းက ဝစ္စကွန်းဆင်းပြည်နယ်တွင် ဂျုံတမျိုးတည်းကိုသာ အဓိက စိုက်ပျိုးခဲ့ကြသည်။ ထိုနောက် ပြောင်း၊ မြင်းစားဂျုံ၊ မုယော၊ ရိုင်းစပါး၊ အာလူး၊ ဘီသွာလျှော်၊ဆေး၊သကြားမုန်လာနှင့် တိရစ္ဆာန်များအတွက် အစာ စိုက်ပျိုးခြင်းကို ပြောင်းလဲလုပ်ကိုင်ကြသည်။ တဖန် ၁၈၇၀ ပြည့်နှစ်မှ အစပြု၍ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းနှင့် နွားနို့လုပ်ငန်းတို့ကို လုပ်ကိုင်ခဲ့ရာ ယခုအခါ ထောပတ်၊ ဒိန်ခဲနှင့် နို့ဆီ အများဆုံးထုတ်လုပ်သော ပြည်နယ်ဖြစ်သည်။ ဝစ္စကွန်းဆင်းပြည်နယ်သည် အမေရိကန် ပြည်ထောင်စုတွင် တောင်သူလယ်သမား သမဝါယမ လုပ်ငန်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သော ပြည်နယ်ဖြစ်သည်။ သစ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်း၊ စက္ကူလုပ်ငန်း၊ သားရေလုပ်ငန်း တို့သည်လည်း ထင်ရှားသည်။ သစ်တောတွင်းများ၌ သံ၊ သွပ်နှင့် ခဲတို့ကို တူးဖော်ရရှိသည်။

မီလဝေါကီးမြို့သည် မစ်ရှီဂန်အိုင် ကမ်းပေါ်တွင် တည်ရှိ၍ ပြည်နယ်၌ အကြီးဆုံးမြို့ဖြစ်သည့်အပြင် စက်မှုလုပ်ငန်း ဗဟိုဌာနလည်း ဖြစ်သည်။ လူဦးရေ ၇၄၁,၃၂၄ (၁၉၆၀) ယောက် ရှိသည်။ မြို့တော်မှာ မယ်ဒီဆန်မြို့ ဖြစ်၍ လူဦးရေ ၁၂၆,၇၀၆ (၁၉၆၀) ယောက်ရှိသည်။

ထိုပြည်နယ်ဒေသသို့ ရှေးဦးစွာရောက်ခဲ့သော ဥရောပတိုက်သားများမှာ ပြင်သစ်တို့ဖြစ်ကြသည်။ ပြင်သစ်တို့နှင့် တိုင်းရင်းသား ရက်အင်ဒီးယန်းတို့ နယ်လုရာမှ စစ်ပွဲများ ဖြစ်ပွားခဲ့ရသည်။ ထိုနောက် အင်္ဂလိပ်တို့က လာရောက်၍ သားမွေး ကုန်သွယ်ရေးစခန်းများ ဖွင့်ကြသည်။ ထိုဒေသ၌ အတည်တကျ နေထိုင်ရန် ဦးစွာ လာရောက်ကြသူတို့သည် သတ္တုတွင်းတူးသမားများ ဖြစ်သည်။ ထိုကြောင့် မြေတွင်းတူး ကျင်လျင်သော ဗက်ဂျားခေါ် ခွေးတူဝက်တူ ကောင်အမည်ဖြင့် ကင်မွန်းတပ်၍ ဝစ္စကွန်းဆင်းပြည်နယ်ကို "ဗက်ဂျားပြည်နယ်" ဟု ခေါ်လေ့ရှိသည်။ ၁၈၄၈ ခုနှစ် မေလ ၂၉ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု၏ ပြည်နယ်တနယ် ဖြစ်လာလေသည်။

**ဝေဿန္တရာ ဇာတ်တော်။** ။ဝေဿန္တရာ ဇာတ်တော်သည် ဂေါတမမြတ်စွာဘုရား ဟောကြားတော်မူသော ဇာတ်ကြီး ဆယ်ဘွဲ့တွင် ဆယ်ခုမြောက်ဇာတ်တော်ဖြစ်၍ မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက် အင်္ဂါနေ့ညချမ်းတွင် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ သုဒ္ဓေါဒနမင်း အမှူးရှိသော ပရိသတ်ကို ဂါထာ ၁၀၀၀ ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူသည်။

ဝေဿန္တရာ ဇာတ်တော်၏ အကြောင်းအရာ အကျဉ်းချုပ်ကား အောက်ပါအတိုင်း ဖြစ်သည်။ ရှေးလွန်လေပြီးသောအခါ သိဝရာဇ်တိုင်း စေတုတ္တရာပြည်တွင် သိဝရာဇ်မင်းကြီး မင်းပြုသည်။ သားတော်ကား သိဉ္စည်းမင်းသားဖြစ်၍ ဖုဿတီမင်းသမီးနှင့်ထိမ်းမြားကာ ခမည်းတော် နတ်ရွာစံသောအခါ ထီးနန်းဆက်ခံသည်။ သိဉ္စည်းမင်းနှင့် ဖုဿတီဒေဝီ မိဖုရားတို့မှ သားတော်တပါးကို ဖွားမြင်ရာ ကုန်သည်တို့ သွားရာလမ်းခရီးအစွန်တွင် ဖွားမြင်သောကြောင့် ဝေဿန္တရာဟူသော အမည်ကို မှည့်သည်။ ဖွားဦးကပင် စကားပြောလေသည်။ ဝေဿန္တရာကို ဖွားသောနေ့၌ ဆင်ဖြူတော်ရောက်လာ၍ ထိုဆင်ဖြူကို ပစ္စယဟူသော အမည်ကို မှည့်သည်။

ဝေဿန္တရာသည် အလှူအတန်း ဝါသနာပါ၍ ငယ်ရွယ်စဉ်ကပင် အဖိုးတသိန်းထိုက်သော လည်ဆွဲကို လှူခဲ့သည်။ ခမည်းတော်က အသစ်ဆင်ယင်ပေးတိုင်း ကိုးကြိမ် တိုင်အောင် လှူသည်။ ရှစ်နှစ်အရွယ်သို့ ရောက်သောအခါ မိမိ ကိုယ်လက် အင်္ဂါကို တောင်းလာလျှင်ပင် လှူမည်ဟု ရည်မှတ်ထားသည်။

အသက် ၁၆ နှစ်သို့ ရောက်သော် မဒ္ဒရာဇ်မင်း၏ သမီးတော် မဒ္ဒီ မင်းသမီးနှင့် လက်ထပ်ပေး၍ ထီးနန်းလွှဲရာ သားတော်ဇာလီနှင့် သမီးတော်ကဏှာဇိန်တို့ကို ဖွားသည်။ ဝေဿန္တရာသည် ဘုရင်အဖြစ်သို့ ရောက်ပြီးနောက် အလှူစရပ် ခြောက်ဆောင် ဆောက်လုပ်၍ နေ့စဉ် အလှူကြီး ပေးလေသည်။

တနေ့သ၌ ကာလိင်္ဂရာဇ်ပြည်တွင် မိုးခေါင်၍ ငတ်မွတ်ခေါင်းပါးလှသဖြင့် ပြည်သူတို့သည် ဆူပူကြကုန်သည်။ ထိုအခါ ကာလိင်္ဂရာဇ်မင်းက ဆင်ဖြူတော်ရှိရာအရပ်၌ မိုးရွာမြဲ ဖြစ်သဖြင့် စေတုတ္တရာပြည် ဝေဿန္တရာ မင်းကြီးထံမှ ဆင်ဖြူတော်ကို အလှူခံခိုင်းရန် ပုဏ္ဏားတို့အား စေလွှတ်သည်။ ပုဏ္ဏားတို့လည်း ရောက်လာကြ၍အလှူခံလေသော် ဆင်တန်ဆာပလာနှင့်တကွ ပစ္စယဆင်ဖြူတော်ကိုဝေဿန္တရာမင်းကြီးက လှူလိုက်သည်။

ထိုအခါ ပြည်သူပြည်သားတို့သည် မိမိတို့နိုင်ငံမှ ဆင်ဖြူတော် ကင်းလွတ်ရသည်ကို များစွာ မကျေမနပ် ဖြစ်ကြ၍ နန်းတော်သို့ ဝိုင်းဝန်းစုရုံးခါ သိဉ္စည်းမင်းကြီးအား အရှင်၏ သားတော် ဝေဿန္တရာမင်းကို အလိုမရှိပါ။ ဟိမဝန္တာတောသို့သာ နှင်ထုတ်လိုက်ပါလေ့ဟု လျှောက်ထား ကြွေးကြော်ကြသည်။ထိုအခါ သိဉ္စည်းမင်းကြီးလည်း သားတော်အား ထိုအကြောင်းကို သိစေသည်။

ဝေဿန္တရာမင်းသည် တနေ့နှင့်တညဉ့်မျှ စောင့်ပါဟု ဆို၍ အလှူကြီးပေးပြီးနောက် ဟိမဝန္တာတောသို့ ထွက်တော်မူရန် ပြင်ဆင်သည်။ မယ်တော် ဖုဿတီဒေဝီမိဖုရားလည်း ပူပန်ငိုကြွေးသည်။ မဒ္ဒီဒေဝီနှင့် သားတော် ဇာလီ၊ သမီးတော် ကဏှာဇိန်တို့လည်း လိုက်ပါကြရန် စီစဉ်သည်။ ဝေဿန္တရာမင်းကြီးက တားသော်လည်း မနေရစ်ခဲ့ကြချေ။ နောက်တနေ့တွင် ဝေဿန္တရာမင်းကြီးသည် ဝင်္ကပါတောင်သို့ ထွက်တော်မူသည်။


ဝေဿန္တရာမင်းကြီးနှင့် မိဖုရား သားတော် သမီးတော်တို့သည် အခြွေအရံများကိုစွန့်၍သွားကြလေသော် သုဝဏ္ဏဂိရိ တာလတောင်၊ ကောန္တိမာရမြစ်၊ အဉ္စရ ဂိရိတောင်၊ တုဏ္ဏဝိနာလိဒဏ္ဍ ပုဏ္ဏားရွာ၊ မဒ္ဒရာဇ်ပြည်သို့ အဆင့်ဆင့်ရောက်သည်။ ထိုပြည်တွင် တညဉ့်နား၍ နောက်တနေ့နံနက်တွင် ထွက်ကြပြန်သော် ဂန္ဓမာဒနတောင်၊ ဝေပုလ္လတောင်၊ကေတုမတီမြစ်၊နာလိက ကျောက်တောင်၊မုစလိန္ဒာအိုင် စသည်တို့ကိုဖြတ်၍ ဝင်္ကပါတောင်သို့ ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com





မန္တလေးခေတ် ဆေးရေး ပုရပိုက်တွင် ဖော်ပြထားသော ဝေဿန္တရာမင်းကြီးက ဆင်ဖြူတော်ကို ရေစက်ချ၍ ပုဏ္ဏားလက်သို့ ပေးလှူခန်း

ဝေဿန္တရာ မင်းကြီးသည် သိကြားနတ်မင်း ဖန်ဆင်းအပ်သော ကျောင်းသင်္ခမ်း၌ အသင့်တွေ့ရှိရသော ပရိက္ခရာတို့ကိုယူလျက် ရဟန်းအသွင်ကို ယူသည်။ မဒ္ဒီဒေဝီလည်း ရသေ့မအသွင်ကို ယူသည်။ သားငယ်သမီးငယ်တို့ကိုလည်း ရသေ့ငယ်တို့ကဲ့သို့ ဝတ်စေသည်။ ထိုသို့အားဖြင့် တရားဆောက်တည်၍ နေကြသည်။

ထိုအချိန်တွင် ကလိင်္ဂရာဇ်တိုင်း၊ ဒုန္နိဝိဋ္ဌအမည်ရှိသော ပုဏ္ဏားရွာ၌ ဇူဇကာ အမည်ရှိသော ပုဏ္ဏား၏ မယား အမိတ္တာပုံသည် မိမိအတွက် အိမ်မှုကိစ္စ အစေခံကျွန်ယောကျ်ား ကျွန်မိန်းမအလို့ငှာ ရှာဖွေချေဟု စေလွှတ်သဖြင့် ဇူဇကာပုဏ္ဏားသည် ဝေဿန္တရာ မင်းကြီး၏ သားတော် သမီးတော်တို့ကို အလှူခံရန် အဆင့်ဆင့် မေးမြန်းစုံစမ်း၍ ဝင်္ကပါတောင်သို့ လိုက်သွားသည်။

ပုဏ္ဏားသည် ဝေဿန္တရာ မင်းကြီးထံသို့ ရောက်သောအခါ မဒ္ဒီဒေဝီ မရှိခိုက် ဖြစ်သဖြင့် မင်းကြီးသည် ပုဏ္ဏား အလှူခံသည့်အတိုင်း သားတော် ဇာလီနှင့် သမီးတော် ကဏှာဇိန်တို့ကို ရက်ရောစွာ လှူလိုက်သည်။ ပုဏ္ဏားလည်း ကလေးငယ်များကို ဆောင်ယူ၍သွားသည်။ မဒ္ဒီဒေဝီလည်း သစ်သီးရှာဖွေရာမှ ပြန်လာသောအခါ သားငယ် သမီးငယ်များကို မိမိမရှိခိုက် လှူလိုက်သောကြောင့် စိတ်ပင်ပန်းခြင်း ဖြစ်ရသည်။ ပုဏ္ဏားသည် ကလေးငယ်များနှင့် အတူ သွားလေသော် သိဝိဥည်းမင်းကြီး စိုးစံရာ စေတုတ္တရာပြည်သို့ ရောက်သည်။ သိဝိဥည်းမင်းကြီးသည် ပုဏ္ဏားအိုနှင့် မိမိမြေးများကို တွေ့ရပြီးနောက် ပုဏ္ဏားအိုအား ပစ္စည်းများစွာပေး၍ ရွေးယူထားလိုက်သည်။

ထိုအချိန်တွင် သိကြားမင်းသည် ဝေဿန္တရာမင်းကြီး၏ ရက်ရောစွာ လှူတတ်သော သဘောကို သိသဖြင့် မဒ္ဒီဒေဝီအား အခြားသူများကို လှူခဲ့သော် ဝတ်ကြီး ဝတ်ငယ် ပြုစုမည့်သူ ကင်းမဲ့တော့မည်ကို သိသဖြင့် ပုဏ္ဏားဟန် ဆောင်၍ မဒ္ဒီဒေဝီကို အလှူခံပြီးလျှင် သိကြားမင်း ဖြစ်ကြောင်းကို ပြလျက် ဆုရှစ်ပါးကို ပေးကာ မဒ္ဒီဒေဝီကို ပြန်၍ ပေးအပ်ပြီးမှ တာဝတိံသာသို့ ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် သိဿည်းမင်းကြီးသည် မြေးတော်ဇာလီနှင့် ကဏှာဇိန်တို့ပြောပြချက်အရ သားတော်၏ဆင်းရဲဒုက္ခကိုသိသဖြင့်တကြောင်း၊ ပြည်သူပြည်သားများကလည်း စိတ်ပြေကြပြီဖြစ်၍တကြောင်းတို့ကြောင့်နှင့်ထုတ်မိခြင်းကိုနောင်တတရားရကာ စစ်သည်ဗိုလ်ပါများစွာနှင့်တကွ ဝင်္ကပါတောင်သို့လိုက်၍ သားတော် ချွေးမတော်တို့ကို ပြန်ခေါ်သည်။

ဝင်္ကပါတောင်တွင် သိဿည်းမင်းကြီး၊ ဖုဿတီ မိဖုရား၊ သားတော် ဝေဿန္တရာ မင်းကြီး၊ မဒ္ဒီဒေဝီ၊ ဇာလီ၊ ကဏှာဇိန်တို့ ပေါင်းဆုံမိကြသောအခါ ဝမ်းသာဝမ်းနည်း ငိုကြွေးကြသည်။ ထိုအခါ သိကြားမင်းက စွတ်စိုလိုသော သူကိုသာ စွတ်စိုစေ၍ မစွတ်စိုလိုသောသူကို မစွတ်စို စေသည့် ပေါက္ခရဝဿမိုးကို ရွာစေသည်။ ထိုအခါ ကြီးစွာသော မြေငလျင် လှုပ်သည်။

ဝေဿန္တရာ မင်းကြီး ဖွားတော်မူ၍ ရှစ်နှစ်မြောက်၌ ခြေလက်၊ မျက်စိ စသော အတွင်းအလှူကို လှူမည် ကြံသောအခါတွင်၎င်း၊ ဆင်ဖြူတော်ကို လှူသော အခါတွင်၎င်း၊ ပြည်တော်မှအထွက် ခုနစ်ရာ ခုနစ်လီသော အလှူကြီးပေးရာ၌၎င်း၊ ဝင်္ကပါတောင်သို့အထွက် ပြည်တော်ကိုပြန်၍ ကြည့်ရာတွင်၎င်း၊ သားတော်သမီးတော်တို့ကို လှူရာ၌၎င်း၊ မဒ္ဒီဒေဝီကို လှူရာ၌၎င်း၊ ဝင်္ကပါတောင်၌ ခမည်းတော် မယ်တော် စသော ဆွေမျိုးများ စည်းဝေး မိကြသော အခါ၌၎င်း ခုနစ်ကြိမ်တိုင် မြေငလျင်လှုပ်သည်။

ဝေဿန္တရာ မင်းကြီးနှင့် မဒ္ဒီဒေဝီတို့လည်း စေတုတ္တရာပြည်သို့ ပြန်၍မင်းပြုကာ နေ့စဉ် အလှူကြီးကို ပေးလျက် အသက်ထက်ဆုံး နေသည်။

ဇာတ်တော်ကို ပေါင်းသော် ဝေဿန္တရာ မင်းကြီးသည် ဂေါတမ မြတ်စွာဘုရား၊ မဒ္ဒီဒေဝီသည် ယသောဓရာ၊ ဇူဇကာ ပုဏ္ဏားသည် ဒေဝဒတ်၊ အမိတ္တာပုံသည် စိဉ္စမာဏဝိကာ၊ ဟိမဝန္တာတောနေ အစ္စုတ ရသေ့သည် သျှင်သာရိပုတ္တရာ၊ သိကြားမင်းသည် သျှင်အနုရုဒ္ဓါ၊ သိဿည်းမင်းကြီးသည် သုဒ္ဓေါဒနမင်းကြီး၊ ဖုဿတီဒေဝီသည် မဟာမာယာဒေဝီ၊ ဇာလီမင်းသားသည် ရာဟုလာ၊ ကဏှာဇိန် မင်းသမီးသည် ဥပ္ပလဝဏ်၊ စေတမုဆိုးသည် ဆန္နအမတ် စသည်အားဖြင့် အသီးအသီး ဖြစ်လာကြသည်။

# တောင်းအကွပ်၊ လူအဝတ်

အပူ အအေးဒဏ် ကာကွယ်ရန် ဝတ်ဆင်ကြရာမှ အလှအပ ဆင်ယင်မှုတရပ် ဖြစ်လာသည်။ လူမျိုးအလိုက်၊ နေရာဒေသအလိုက်၊ ဆင်ယင်ထုံးဖွဲ့မှုတို့ ကွာခြားသည်။ လူတမျိုးတည်း အတွက်ပင် ဆင်ယင်ထုံးဖွဲ့မှုသည် ခေတ်အလိုက် ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံ ခေတ်အမျိုးမျိုး၌ ဝတ်စားဆင်ယင်ကြပုံကိုလည်း စိတ်ပါဝင်စားဖွယ်ရာ ဖော်ပြထားသည်။

**ဝတ်စားဆင်ယင်မှု။** ။ကမ္ဘာဦးလူများ၏ ဝတ်စားဆင်ယင်မှုကို စဉ်းစားလျှင် ထိုအချိန်က ခြည်ငင်ခြင်းနှင့်အထည်ရက်ခြင်းများ မပြုလုပ်တတ် သေးသည်ကို သတိပြုရ ပေမည်။ ထိုအခါက လူများသည် သူတို့၏ကိုယ်ကို ဆေးရေးခြယ်ခြင်း၊ သို့မဟုတ် မင်ကြောင်ထိုးခြင်းများ ပြုလုပ်ခဲ့ကြကောင်း ပြုလုပ်ခဲ့ကြပေမည်။ ထို့ပြင် ငှက်များ၏ အမွေးအတောင်များနှင့် ပန်းများကို သီကာ ဝတ်ဆင်ကောင်းဝတ်ဆင်ခဲ့ကြပေလိမ့်မည်။ တခါတရံတွင်လည်း သူတို့ သတ်ခဲ့သော ဝက်ဝံများ၏ ခြေသည်း လက်သည်းများကို သီ၍လည်း ဝတ်ဆင်ခဲ့ကြပေမည်။ သို့မဟုတ် ရန်သူ၏ ဦးခေါင်းအရေများကို ခွာယူ၍ ဝတ်ဆင်ခဲ့ကြကောင်း ဝတ်ဆင်ကြပေမည်။ အချို့ကလည်း သူတို့၏ သွားများကို တမျိုး တမည် ပြုပြင်ခြင်း၊ ဦးခေါင်းများကို လှပအောင် ပြားသွားစေရန် သံပြားများဖြင့် ပြားသွားစေခြင်း၊ ခါးများကို သေးသိမ်သွားစေရန် ပြုပြင်ခြင်းများလည်း ပြုလုပ်ကြပေလိမ့်မည်။ ထို့ပြင် နှာခေါင်းများတွင် အပေါက်များဖောက်ပြီးလျှင် ကွင်းများ တပ်ဆင်ခြင်း၊ နားများတွင် အပေါက်များဖောက်ပြီးလျှင် ကွင်းများတပ်ဆင်ခြင်း၊ လက်စွပ်များ၊ လက်ကောက်များ၊ လက်ကြပ်များ၊ ခြေချင်းများ ဝတ်ဆင်ခြင်းနှင့် ခါးများတွင် အစည်းများ တပ်ဆင်ခြင်းများကိုလည်း ပြုလုပ်ခဲ့ကြသည်။

ထိုသို့ ခါးတွင် အစည်းများ တပ်ဆင်ကြရာမှ မြက်ပင်များ၊ ပန်းများ၊ သို့မဟုတ် ငှက်မွေးများကို ဆွဲထားနိုင်ခြင်းကို တွေ့ရှိခဲ့ကြသည်။ ထိုသို့ ပြုလုပ်ရာမှ 'အတုမြင် အတတ်သင်' ဆိုသလို ခါးပိုင်းတွင် ဝတ်စားဆင်ယင်မှုများ ပြုလုပ်လာနိုင်ကြလေသည်။

ထိုသို့ ခါးများတွင် ဝတ်စားဆင်ယင်မှုများ ပြုလုပ်လာနိုင်ကြပြီ ဖြစ်သော်လည်း ထိုသူများသည် သူတို့၏ လည်ပင်းတွင် ပင်လယ်တိရစ္ဆာန်များ၏ အခွံများကို သီ၍ဆွဲကြရသည်လောက် စိတ်ဝင်စားပုံ မပေါ်ခဲ့ကြချေ။ ထို့ပြင် ထိုသူတို့သည် သူတို့၏ ကိုယ်ပေါ်တွင် ဆေးရေး ခြယ်ထားခြင်း မရှိလျှင် ယခုအခါတွင် လူများ သူတို့၏ ကိုယ်၌ အဝတ် မဝတ်ဆင်ပဲ အပြင်သို့ ထွက်ကြရာတွင် စိတ်ထဲ၌ တမျိုးတမည် ဖြစ်သကဲ့သို့ ထိုသူတို့၏ စိတ်တွင်လည်း တမျိုးတမည် ဖြစ်ခဲ့မည်မှာ မလွဲချေ။

ထိုသို့ နေထိုင်လာခဲ့ကြရာမှ တနေ့တွင် လူတမျိုးမျိုး၏ ခေါင်းဆောင် တဦးဦးက သူသတ်ခဲ့သော တိရစ္ဆာန်တကောင်ကောင်၏ အရေကို ခွာယူပြီးလျှင် လွှမ်းခြုံကာ ဝင်

www.burmeseclassic.com



လာသည်ကို တွေ့ကြရမှ တိရစ္ဆာန်များ၏ အရေများကို ခွာယူကာ လွှမ်းခြုံခဲ့ကြလေသည်။ ထိုပြင် အပူပိုင်းဒေသတွင် နေထိုင်သူဖြစ်သည့်တိုင်အောင် တညဥ့်ညဥ့်၌ အေးသဖြင့် သူသတ်ခဲ့သော တိရစ္ဆာန်၏အရေကို လွှမ်းခြုံခြင်းဖြင့် အအေးဒဏ်ကို ကာကွယ်နိုင်ကြောင်း သိနိုင်ခဲ့လေသည်။

ရှေးလူများသည် သိုးမွေးများ၊ သို့မဟုတ် ဂုံလျှော်များကို ခါးတွင် ဝတ်ဆင်ခြင်းဖြင့် ကျေနပ်လာခဲ့ကြလေသည်။ ထိုမှတဆင့် မကျစ်ရသေးသော သိုးမွေးများကို ညဥ့်တွင် ဝတ်ဆင်ခဲ့ကြလေသည်။ ထိုသို့ ပြုလုပ်နိုင်သည်မှာ လူတိုင်း မဟုတ်သေးပဲ အထက်တန်းစား ပုဂ္ဂိုလ်များနှင့် ကြွယ်ဝချမ်းသာသူများသာ ဝတ်ဆင်နိုင်ခဲ့ကြသည်။ ထိုပြင် ဦးခေါင်းတွင် ဦးခေါင်း တန်ဆာပလာ ဝတ်ဆင် နိုင်ခြင်းမှာလည်း အကြီးအကဲများကသာ ပြုလုပ်နိုင်ခဲ့ကြ လေသည်။ ထို့ကြောင့် ယောကျ်ားရော မိန်းမများပါ ဆံပင်ရှည် များကို ထားခဲ့ကြလေသည်။

ထိုသို့ ဝတ်ဆင် လာနိုင်ကြရာတွင် ကမ္ဘာ၌ ရာသီဥတု အမျိုးမျိုးရှိသဖြင့် လူတို့သည် မိမိတို့ နေထိုင်ရာ ဒေသ၏ ရာသီဥတုနှင့် ကိုက်ညီသော ဝတ်စား ဆင်ယင်မှု များကို ပြုလုပ်ခဲ့ကြလေသည်။

မြန်မာနိုင်ငံ၌ခေတ်အဆက်ဆက်အသုံးပြုခဲ့ကြသောဝတ်စားဆင်ယင်မှုများကား အောက်ပါအတိုင်း ဖြစ်ပေသည်။

## မြန်မာတို့၏ ဝတ်စားဆင်ယင်မှုများ

**သမိုင်းမတင်မီ ရှေးခေတ်ဟောင်း။** ။မြန်မာနိုင်ငံ၌ ရှေးဦးနေထိုင်ကြသော ရှေးလူဟောင်းများသည် အာရှတိုက် အလယ်ပိုင်း ကုန်းပြင်မြင့်ဆီမှ ရွှေ့ပြောင်း လာခဲ့ကြသော မွန်ဂိုလူမျိုး အဆက်အနွယ်ထဲမှ ဖြစ်ကြ၍ ပဋမ၌ မွန်ဂိုများကဲ့သို့ သားရေထည်များကို ဝတ်ဆင်ကြပေလိမ့်မည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် ပတ်ဝန်းကျင် အခြေအနေများက ပုံပြင် ပြောင်းလဲ ပေးလိုက်သောကြောင့် ထိုသားရေထည် အဝတ်များမှ သစ်ခေါက် လျှော်မျှင်အဝတ်၊ ထိုမှ တဆင့်တက်၍ လဲမှို့ကို ပုံပြင်စီမံ၍ရသော အဝတ်များကို ပြောင်းလဲ ဝတ်ဆင်ကြသည့် လက္ခဏာ ရှိပေသည်။ ထိုနောက် အထည်အဝတ်များကို မဲနယ်များဖြင့်ဆိုး၍ အသုံးပြုလာတတ်သည့် လက္ခဏာ ရှိပေသည်။ ဝါဂွမ်းကား ထိုခေတ်ဆီလောက်က မပေါ်ပေါက်သေးဟု ယူဆကြရ၏။ အဝတ်အထည် အဖြစ်ကိုလည်း သစ်ခေါက်ကို ထုတေပုံပြင်ရာမှ လျှော်မျှင်များ ရရှိပြီးနောက် ယခုခေတ် အာရှအလယ်ပိုင်းရှိ ကီရဂစ်လူမျိုး၊ မြန်မာနိုင်ငံ တိုင်းရင်း သားများ ဖြစ်ကြသော ချင်း၊ ကချင်၊ ရှမ်း၊ ကရင်တို့၏ ဂျပ်ရက်နည်းမျိုးဖြင့် လွှာချင်းထည်များကို စတင်ရက်လုပ် သုံးစွဲလာခဲ့သည့် လက္ခဏာရှိပေသည်။

**တကောင်းခေတ်။** ။ထိုနောက်ကာလအတန်ကြာ၍ ပျူ၊ ကမ်းယံ၊ သက် ဟူသော ဒုတိယအသုတ် မွန်ဂိုနွယ်များ ဝင်ရောက်လာကြသည့် အချိန်၌ကား မြန်မာနိုင်ငံ သမိုင်းကို မှတ်တမ်းတင်၍ ရပြီဟု ဆိုနိုင်ပေသည်။ ထိုအချိန်လောက်မှာပင် တကောင်းနေပြည်တော်လည်း ထွန်းကားလာသည်ဟု ယူဆရပေသည်။ တကောင်းခေတ်ကို ခန့်မှန်း ကြရာ၌ မြန်မာနိုင်ငံ သမိုင်း ဆရာများက ခရစ် မပေါ်မီ အနှစ် ၅၀၀ ကျော်လောက်က စသည်ဟု ခန့်မှန်း၍ ခေတ်သစ်သမိုင်း ဆရာများကမူ တရုပ်–ရောမ ကုန်သည်လမ်းကြီးကို အကြောင်းပြုပြီးမှ ပေါ်ပေါက်လာသည်ဟု ယူဆကြလျက် တကောင်းခေတ်ကို အနှစ် ၁,၇၀၀ ထက်ပို၍ မမှန်းကြပေ။

ထို တကောင်းခေတ်၌ 'ကြဲသေး'ခေါ်သော နဂါးရေကို ချုပ်လုပ်သည့် စစ်ဝတ်အင်္ကျီတမျိုး ပေါ်ပေါက်ခဲ့ခြင်းသည် မြန်မာ့ အဝတ်အစား သမိုင်း၌ ရှေးဦးစွာ မှတ်တမ်းတင်ရခြင်းပင်ဖြစ်ပေသည်။ထိုခေတ်ကအများသုံးအဝတ်အစားမှာ အဘိရာဇာမင်း အစရှိသော သာကီဝင်မင်းများအုပ်စိုးခဲ့ဘူးသည် ဆိုခြင်းကို ထောက်သဖြင့် အိန္ဒိယ ယဥ်ကျေးမှုဖက်သို့ များစွာနွှယ်လိမ့်မည်ဟု ယူဆရပေသည်။ ထိုပြင် ထိုခေတ်က တနည်းတဖုံ အားဖြင့် ဆက်ဆံမှု ရှိခဲ့လိမ့်မည်ဟု ယူဆရသော တရုပ်တို့ထံမှလည်း ရတန်သမျှရကြပေလိမ့်ဦးမည်။

**ပျူခေတ်။** ။ပျူလူမျိုးတို့ ခေတ်ကား တကောင်းခေတ်ပြီးလျှင် ရှေးအကျဆုံးဟု ယူဆရ၍ ဟန်လင်း – သရေခေတ္တရာ သမိုင်းများကို ထောက်သော် ဘီ၊စီ၊ ၄၀၀ ကျော်လောက်ကပင် စတင်ခဲ့သည်ဟု ဆိုရပေမည်။ မှန်နန်း ရာဇဝင် စသည်တို့၌ သရေခေတ္တရာမြို့ကို သာသနာနှစ် ၁၀၁ ခုနှစ်တွင် တည်ထောင်သည် ဆိုသောကြောင့် ထိုသာသနာနှစ်ကို ကမ္ဘာသုံးနှစ်နှင့် တွက်ယူလျှင် ဘီ၊ စီ၊ ၄၄၃ ခုနှင့် ညီမျှနေသည်ကို တွေ့ရပေမည်။ သို့ရာတွင် ပြည်ပမှ ရသော တရုပ်မှတ်တမ်း စသည်များ၌ ပျူလူမျိုးတို့ အကြောင်းကို ခရစ်နှစ် ၂၀၀ ထက် စော၍ မတင်ပြနိုင်ကြ သေးပေ။ ကမ္ဘာ့သမိုင်း ဆရာများကမူကား ပျူလူမျိုးတို့ ထွန်းကားချိန်ကို တရုပ်ပြည် တင် မင်းဆက်များ ထွန်းကားခဲ့ချိန်နှင့် ခေတ်ပြိုင်၍ ပြကြပေသည်။ တင် မင်းဆက် ခေတ်ကား အေဒီ ၆၁၈ မှ ၉၀၇ ခုနှစ်အထိ ဖြစ်ပေသည်။

စင်စစ်အားဖြင့် ပျူလူမျိုးတို့ ခေတ်ကား ယင်းတို့၏ နေပြည်တော် ဖြစ်သော သရေခေတ္တရာပြည် ပျက်သုဉ်းသွားသည့်တိုင်အောင် တိမ်ကော သွားခြင်း မရှိသေးပဲ ရှေးဦး ပုဂံခေတ်အထိ ဆက်လာပြီးသော် ပျူတို့၏ စာပေကို ခရစ်နှစ် ၁၂၀၀ ကျော်ဆီလောက်ထိ တွေ့ရှိခြင်းဖြင့် ဤမြန်မာ့ အဝတ် အစားသမိုင်း အရာ၌ ပျူလူမျိုး တို့၏ ခေတ်ကို အနော်ရထာမင်း မတိုင်မီ (အေ၊ ဒီ ၁၀၄၄)တိုင် ခေတ်အထိ ပိုင်းခြားထားသင့်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com




**ဟန်လင်း ပျူတို့၏ ဝတ်ဆင်ထုံးဖွဲ့မှု။** ။ထိုပျူခေတ်၌ အထောက်အထားများကို ရှေးတကောင်း ခေတ်မှာထက် ပိုမို စုံလင်စွာ တွေ့ရှိ လာရခြင်းသည် ပျူလူမျိုးများအကြောင်းကို ပို၍နီးကပ်စွာ လေ့လာနိုင်ခွင့် ရရှိလာခြင်းပင်ဖြစ်သည်ဟု ဆိုရပေမည်။ ဟန်လင်းနှင့် သရေခေတ္တရာမြို့ဟောင်းများမှ ရှာဖွေ တွေ့ရှိရသော ပျူရုပ်များကား ပျူခေတ် ဝတ်စားဆင်ယင်မှုများ အတွက် ရှေးအကျဆုံးသော အထောက်အထားများ ဖြစ်ပေသည်။

ဟန်လင်းမြို့ဟောင်းမှ ရှာဖွေတွေ့ရှိရသော ပျူရုပ်များတွင် ဗောင်းထုပ်နှင့် မကိုဋ်သရဖူများ ဆောင်းထားသော ပျူယောကျ်ားပုံများနှင့် ပုဂံခေတ်တွင် တွေ့ရလတ္တံ့သော ရွှေနဖူးစည်းမျိုးနှင့် ပျူမိန်းမပုံများကို တွေ့မြင် နိုင်ပေသည်။ ထို့ကျော်ပြားတွင် နားဋ္ဌောင်းနှင့် ပျူပုံများ အတွေ့နည်းသေးသော်လည်း တွဲလျားကျနေသော နားပေါက်ကျယ်ကြီး များကို တွေ့ရှိရခြင်းဖြင့် နားဋ္ဌောင်းပန်ဆင်သောအလေ့ အမှန်ပင် ခေတ်စားခဲ့လိမ့်မည်ဟု တွေးဆနိုင်ပေသည်။ အဆင်တန်ဆာများမှာ လာလတ္တံ့သော ပုဂံခေတ်မှာလောက် မများတတ် သေးသော်လည်း ပုတီးသွယ်ကြီးများကိုကား ပျူယောကျ်ား မိန်းမတို့၏ လည်တွင်ဆွဲဆင်လျက် တွေ့ရှိရပေသည်။ အင်္ကျီနှင့် ခါးဝတ်ထဘီကား ထင်ရှားပြတ်သားစွာ မတွေ့ရပေ။ လက္ခဏာမှာ ပါးလွှာလွန်းသဖြင့် အသားမှာ ကပ်နေပုံရသည်။

အိရန် ကုန်သည်တဦး၏ မှတ်တမ်း၌ 'ပျူနိုင်ငံတွင်း၌ အခြား ဘယ်နိုင်ငံကမျှ မရက်တတ်သော အဝတ်အထည်များကို တွေ့ရပေသည်။ ဤမျှကောင်းမွန်သော အဝတ်အထည်များကို အဝတ်အစား ချုပ်လုပ်ပြီးသော အခါ အလွန်ချောမွေ့ပျော့ပျောင်းသောကြောင့် လက်စွပ်ကွင်းထဲသို့ပင် လျှိုသွင်းနိုင်ပေသည်။ ဤမျှ သိမ်မွေ့ ကျစ်လျစ်သော်လည်း အဝတ်အထည်များသည် ခြည်ထည် များသာဖြစ်၏။' ဟု ဖော်ပြထားသည်ကို ထောက်သော် ဟန်လင်းပျူများ၌ ခါးဝတ်အင်္ကျီ မရှိဟု မဆိုနိုင်ပေ။

**သရေခေတ္တရာ ပျူတို့၏ ဝတ်ဆင်ထုံးဖွဲ့မှု။** ။သရေခေတ္တရာပျူတို့၏ ဝတ်ဆင်ထုံးဖွဲ့ပုံမှာ ဟန်လင်းပျူတို့၏ ဝတ်ဆင်ထုံးဖွဲ့ပုံများနှင့်စာလျှင် တိုးတက်လာသည်ဟု ဆိုရပေမည်။ ခါးဝတ်ထဘီနှင့် ပုဆိုးထည်များကို ရုပ်ပုံများ ပေါ်တွင် ထင်ရှားပြတ်သားစွာ ဖော်ပြလာကြပေသည်။ အချို့ ပျူမိန်းမပုံများ၌ ပါးလွှာလွန်းသော ခါးဝတ်ထဘီများ ဝတ်ဆင် ထားသောကြောင့် ရုပ်လုံးပေါ်လျက် ရှိသော်လည်း အချို့ပုံများ၌ အတော်အတန် ထူထဲသိပ်သည်းဟန်ရှိသော ခါးဝတ်ထဘီများ ဝတ်ဆင်လျက် တွေ့ရှိရပေသည်။ ပျူယောကျ်ားများ အဖို့မှာလည်း ပုဂံခေတ်တွင် တွေ့ရလတ္တံ့သော ပုဆိုးမျိုးကို ပုဂံသားများ ကဲ့သို့ပင် ခါးတောင်းကျိုက်ယောင်မျိုး ဝတ်ဆင်ပြီးလျှင် ခါးကြိုးဖြင့် စည်းနှောင်ထားသည်ကို တွေ့ရပေသည်။ ထို့ပြင် အင်္ကျီယောင်ယောင် စလွယ်သိုင်းလျက် မထင်မရှားလည်း တွေ့ရပေသေးသည်။ ထို့ပြင် ပျူယောကျ်ား ပုံများ၌ လက်ကောက်နှင့် နားဋ္ဌောင်းကြီးများကိုလည်း ဝတ်ဆင် ထားတတ်ကြပေသေးသည်။ ဆံထုံးမှာ ယောကျ်ားနှင့်မိန်းမ နှစ်ဦးစလုံးပင် တပုံစံတည်းကဲ့သို့ ဆံစအရင်းလောက်ဆီမှ တစုတခုဖြင့် ဖွဲ့ချည်ထားသော ဆံထုံးနှင့်သျှောင်ထုံးကြီးများပင်ဖြစ်ကြသည်။




**မင်းခမ်းဝင် မင်္ဂလာဆံထုံးတော် ခုနစ်မျိုး၊ ၁။ မြိတ်ဖြူ၊ ၂။ မြိတ်ရှိ၊ ၃။ မြိတ်လွှတ်၊ ၄။ စုလည်း၊ ၅။ ယကင်၊ ၆။ လုံးထင်၊ ၇။ မြိတ်ရစ်။**

အထူးသဖြင့် ပျူမိန်းမတို့ ထုံးဖွဲ့ပုံမှာ တရုပ်မှတ်တမ်းအဆိုများနှင့် ကိုက်ညီသကဲ့သို့တွေ့ရ၏။ ခရစ်နှစ် ၂၆၅ မှ ၄၂၀ အထိ အုပ်စိုးသွားသော တရုပ်ပြည် ဆင်း နန်းဆက်ခေတ်က မှတ်တမ်းများ၌ 'လက်ထပ်ပြီး ပျူအမျိုးသမီးများကား ဆံပင်ကို ဦးခေါင်းပေါ်၌ ရစ်ပတ်ထားပြီးလျှင် ဆံထုံးကို ငွေထည်၊ သို့မဟုတ် ပုလဲသွယ်များဖြင့် တန်ဆာဆင်လေ့ရှိ၏။' ဟု ဖော်ပြထားလေသည်။ အချို့ ပျူရုပ်များတွင်ကား ဆံထုံးများအစား သံပုရာခွံကို မှောက်ထားသည်နှင့် သဏ္ဍာန်တူသော ဦးထုပ်ဝိုင်းများကိုဆောင်းထားကြပေရာ ပျူမိန်းမတို့အဖို့မှာ အထွတ်ပါသော ဦးထုပ်ဝိုင်းများဖြင့် ကွဲပြားစေသည်။

တရုပ် နိုင်ငံသမိုင်းဆရာများ၏ မှတ်တမ်း၌ ပျူတို့သည် ခြည်လုံးကွင်းကိုသာ ဝတ်ကြ၏။ ပိုးထည်များသည် သိုး



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကလေးများကို သတ်ဖြတ်ကာ ရက်လုပ်ရသဖြင့် သူတပါးအသက်နှင့် မလွတ်ကင်းသောကြောင့် မဝတ်ဆင်ကြ ဟု ဆိုသည်။ ထို့ပြင် ရွှေဖြင့် ပြုလုပ်ထားသော ပန်းနွယ် ပန်းခက်များဖြင့် တပ်ဆင်ထားသည့် ဦးထုပ်၊ ပုလဲများဖြင့် စီချယ်မွမ်းမံထားသည့် ဦး ထုပ် များ ကိုလည်း ဆောင်းကြ၏ဟု ဖော်ပြထားလေသည်။ ပျူမိန်းမတို့မှာလည်း အရောင် အမျိုးမျိုး ဆိုးထားသော ထဘီများကို ဝတ်ကြပြီးသော် အင်္ကျီအပေါ်၌လည်း ပိုးတံပက် ပါးပါးကလေးများကို လွှမ်းခြုံတတ်ကြ၍ လမ်းထွက်သော အခါများ၌ ယပ်တောင်များ ကိုင်ဆောင်တတ်ကြသည်။ မင်းမှူးမတ် ကတော်တို့မှာ ယပ်တောင်ကိုင် လေးငါးဦးပင် ပါကြသည်ဟု ဖော်ပြထားသည်။

ဤတရုပ်မှတ်တမ်းများ ရေးမှတ်ကြသည့် အချိန်ပိုင်းသည် မြန်မာနိုင်ငံသမိုင်းတွင် သရေခေတ္တရာခေတ် ကုန်ဆုံးပြီးနောက် ပုဂံခေတ် အစပျိုးချိန်လောက်နှင့် လာ၍ခေတ်ပြိုင် ဖြစ်နေသဖြင့် ပျူစောထီးမင်းတို့ ခေတ်တဝိုက်ဆီလောက်က ပျူများနှင့် သက်ဆိုင်နေလိမ့်မည်ဟု ယူဆနိုင်ပေသည်။ ပျူစောထီးမင်း ခေတ်ကား အေဒီ ၁၆၇ မှ ၂၄၂ အထိ ဖြစ်သည်။

**ရှေးဦးပုဂံခေတ်။** ။ထိုပျူစောထီးမင်းကား ရှေးဦးပုဂံခေတ် မင်းများတွင် ထင်ရှား ကျော်စောဆုံးသော မင်းတပါး ဖြစ်သည်။ ထိုမင်း၏ဘွဲ့တော်သည် ပျူလူမျိုးတို့၏ အရှင်ဖြစ်ကြောင်း ဖော်ပြလျက်ရှိ၍ ထိုမင်းလက်ထက်၌ တရုပ်နိုင်ငံနှင့် အဆက်အသွယ် ရှိခဲ့ကြောင်း သမိုင်းများက ပြဆိုကြ၏။ ထိုမင်း လက်ထက်၌ပင် နဂါးအမတ်များကို ဂဠုန်ရန်မှ ကာကွယ် စေခြင်းငှါ 'ပေါင်းထုပ် ရွှက်ချွန်းကျောက်ကွင်းတပ်' သဏ္ဌာန် ဖောင်းထုပ်များ ဆင်ယင်ပေးသည်ဟု ဆိုသည်။ ထိုဖောင်းထုပ်များမှာ ပုံသဏ္ဌာန်ကို ခန့်မှန်းကြည့်ရခြင်းအားဖြင့် 'ခေါင်းပေါင်းဖြူဖော့လုံး' နှင့်နီးစပ်လှသည်ဟု ဆိုရပေမည်။ ထို့ပြင် သေဉ်လည်ကြောင်မင်း လက်ထက်၌ ပေါ်ပေါက်သည်ဟု ယူဆရသော 'သိုးကလေ' အစချီသော ပုပ္ပါးနတ်တော်တွဲ လက်ာတွင် 'မြိတ်လွတ်' 'စုလည်း' စသော အထုံးအဖွဲ့များ၊ 'ရထည်ဖျင်' စသော ဝတ်ဆင်မှုနှင့်ဆိုင်သည့် အဝတ် အထည်မျိုးများ တွေ့ရှိရခြင်းသည်လည်း ရှေးဦးပုဂံခေတ်နှင့် သက်ဆိုင်သော မှတ်သားဘွယ်များပင်ဖြစ်ပေသည်။

**ပုဂံခေတ်။** ။ခေတ်သစ် သမိုင်း ဆရာများက ပုဂံခေတ် သန့်သန့်ကို၊ သို့မဟုတ် တကယ့်ပုဂံခေတ်စစ်စစ်ကို အနော်ရထာမင်းလက်ထက် သက္ကရာဇ် ၃၇၉ (အေ၊ ဒီ၊ ၁၀၄၄) ခုနှစ်လောက်မှ စ၍ မှတ်သားကြသည်။ ထို ပုဂံခေတ်အတွင်း၌ မြန်မာတို့၏ ဝတ်ဆင် ထုံးဖွဲ့မှုများသည် ရှေးတကောင်းခေတ် ပျူခေတ်တို့ထက် အဆင့်အတန်းများစွာ တိုးတက် လာသည်ကို တွေ့ရပေသည်။ စင်စစ်အားဖြင့် ပုဂံခေတ် ဝတ်ဆင်မှုများဟု ခေါင်းတပ်ရသော်လည်း ထိုဝတ်ဆင်မှုများသည် ရှေးတကောင်းခေတ် ပျူခေတ် ဆင်ပြင်မှုများပေါ်တွင် ခေတ်သစ်ဖြစ်သော သထုံနွယ် မွန်နှင့် အိန္ဒိယ ယဉ်ကျေးမှုများကို ဖြည့်စွက် ထည့်သွင်းထားသည့် ခေတ်အမျိုးမျိုးတို့မှ ယဉ်ကျေးမှု ညွန့်ပေါင်းများသာ ဖြစ်ပေသည်။ အထူးသဖြင့် ပုဂံခေတ်၏ ဆင်ယင်ထုံးဖွဲ့မှုများမှာ ပျူနှင့် မွန်တို့၏ ယဉ်ကျေးမှုဖက်ထက် အိန္ဒိယယဉ်ကျေးမှုဖက်သို့ ပို၍နွယ်နေသည်ကို တွေ့နိုင်ပေသည်။

ပုဂံခေတ်တွင် ရေးချယ်ထုလုပ်ခဲ့သည့် ဆေးရေးပန်းချီကားနှင့် မြေပုံ၊ ကျောက်ပုံ၊ စဉ့်ပုံများအပေါ်တွင် အခြေခံထား၍ ပုဂံခေတ်သူတို့၏ ဆင်ယင်ထုံးဖွဲ့မှုများကို ဆန်းစစ်ကြည့်မည်ဆိုလျှင် မျက်လုံးမျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ နဖူးလယ် မှန်ကူကွက်နှင့် အိန္ဒိယတိုင်းသူဆန်ဆန် ဆံပင်ကို ထုံးဖွဲ့ ထားပြီးလျှင် ကိုယ်ထည်နှင့် ချပ်ချပ် ရပ်ရပ် ရှိလှသည့် ခါးတို လက်ပြတ် အင်္ကျီကျပ်ကလေးများ ဝတ်ဆင်ကာ ဂါဝန်ရှည်ကြီးနှင့် သဏ္ဌာန်တူလှသည့် ကွင်းစွပ် အိတ်ရှုံ့ထဘီတမျိုးကို ခါးကြိုးဖြင့် ရစ်ပတ်ထားသော ဝတ်ဆင်ထားပုံမျိုးကို တွေ့ရမည် ဖြစ်၍ မည်မျှ ကုလားဆန်နေမည်ကို ခန့်မှန်းနိုင်ပေသည်။ ထို့ပြင် ပုတီး၊ နားဒွောင်း၊ လက်ကောက်၊ လက်ကြပ်၊ ခြေချင်းမှစ၍ တကိုယ်လုံး ဖုံးလွှမ်း ဝတ်ဆင်ထားသမျှ တန်ဆာပလာတို့မှာလည်း ကုလားမှု ကုလားဟန် အတိုင်းပင် ဖြစ်နေလေသည်။

ပုဂံခေတ် ယောကျ်ားများလည်း ပုဂံခေတ်အမျိုးသမီးများကဲ့သို့ပင် ဆံပင်နောက်တွဲထုံးပြီးလျှင် နားဒွောင်းကြီးများပန်ဆင်ကာ အတွင်းခံ ကိုယ်ကျပ်အင်္ကျီကို ဝတ်ဆင်၍ 'ခဆီး' ခေါ်သော ပုဂံခေတ် ပုဆိုးတမျိုးကို ကုလားများကဲ့သို့ပင် ဝတ်ဆင်ထားသည်ကို တွေ့ရမည်ဖြစ်၏။ အချို့အထက်တန်းကျသော မင်း၊ မှူးမတ်စသည်များမှာ ဆံမုတ်ဆိတ်တို့ကို ကုလားဟန်အတိုင်းပင် ပြုပြင်ထားတတ်ကြပေသေးသည်။ ထိုအထက်တန်းကျသော မင်း၊ မှူးမတ်များသည် ရွှေခေါင်းစွပ်၊ သို့မဟုတ် မကိုဋ်သရဖူတမျိုးကို ဆောင်းလေ့ရှိ၍ သင်တိုင်းဦးစွပ်၊ သို့မဟုတ် ဝတ်လုံရှိုးရှိုးနှင့် ဒုယင်တပ် ဝတ်လုံတမျိုးကို ဝတ်ဆင်ကြပေသည်။

ခရစ်နှစ် ၁၁၀၆ ခုနှစ်၌ ပုဂံ ကျန်စစ်သားမင်းသည် တရုပ်ပြည်သို့ သံတမန်များ စေလွှတ်ခဲ့ဘူးသည်။ ထို အကြောင်းကို ချုန်ဖေး၏မှတ်ချက်၌ ပုဂံမင်းနှင့် တကွသော မှူးမတ်တို့သည် ကြွံ၏ဦးချိုနှင့် သဏ္ဌာန်တူသော ရွှေဦးထုပ်များကို ဆောင်းကြ၏ဟု ဖော်ပြထားလေသည်။ ထို မကိုဋ်ပုံမျိုးနှင့် မင်းရုပ်တခုကို ပုဂံပုထိုးသမြား ဘုရားလိုဏ်အတွင်း၌ ရေးခြယ်ထားသည်ကို တွေ့ရှိနိုင်သေးသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com





အင်းဝခေတ်နှင့် အမရပူရခေတ် မြန်မာတို့၏ ဝတ်ဆင် ထုံးဖွဲ့မှုများ

နောက် ၁၁၇၈ ခုနှစ် မှတ်တမ်း၌ အရာရှိများနှင့်တကွ ပုဂံပြည်သူပြည်သားတို့သည် နဖူးပေါ်တွင် သျှောင်ထုံး ထုံးကာ အရောင်အသွေးဝါသော ပိုးစနှင့်ရစ်ပတ်ထားတတ်ကြသည်။ တိုင်းပြည်၏အကြီးအမှူးဖြစ်သူကား ပို၍မြင့်သော ရွှေဦးထုပ်ဖြင့် ခြားနားသိသာပေသည်ဟုဖော်ပြထား၏။ ထိုမှတ်တမ်းအဆိုနှင့် နီးစပ်သော ပုဂံသားများ၏ သျှောင် ထုံးပုံအချို့ကို ပုဂံဆေးရေးကားများတွင် ထင်ရှားစွာ တွေ့ရပေသည်။

ထိုပုဂံခေတ်၌ အင်္ကျီဟူသော ဝေါဟာရအစား တုရင် (ဒုရင်)၊ ဖျင်၊ ဝတ်လုံဟူသော အမည်များသာ ခေတ်စားခဲ့လေသည်။ ခါးဝတ်အတွက်မှာလည်း ယောကျ်ားများအဖို့ 'ခဆီး'ဟူသောစကားကို ရှေးဦးစွာတွေ့ရပြီးမှ နောက်ပိုင်းတွင် 'ပုဆိုး' အသုံးပေါ်လာပေသည်။ 'ပုခြည်' ဟူသောစကားကို ဖျင်နှင့်တွဲ၍တွေ့ရသောကြောင့် အင်္ကျီအသုံးပင်ဖြစ်ဟန် တူသည်။ လက္ခဏာမှာ ပုခြည်ဖျင် ဟူသည်မှာ ပိုးခြည်ဖြင့် ယက်လုပ်သော ပိုးအင်္ကျီဟု ဆိုလိုရင်းဖြစ်ပေမည်။ 'ထဘီ' အသုံးမှာ ကျောက်စာများ၌ အလွန်အသုံးနည်းသေးသော်လည်း ရွှေကူနန်းချာဘုရား ကျောက်စာ၌ 'တုရင်ထဘီ ပြော်' ဟု ပါလာသည်ကို တွေ့ရှိရခြင်းဖြင့် ထိုထဘီဝေါဟာရမှာ ပုဂံခေတ်ကပင် စတင်ခဲ့သည်ဟု ဆိုနိုင်ပေသည်။ သို့ရာတွင် ထဘီ အသုံးမှာ အင်းဝခေတ်ကျမှ တွင်ကျယ် ခေတ်စားသည်ဟု ဆိုရပေမည်။ ထိုပြင် ရင်ကွဲအင်္ကျီနှင့် ရှေကွဲ ထဘီ များသည် ပုဂံခေတ်၌ ကောင်းစွာ ခေတ်စားခဲ့ဟန် မတူချေ။ အဘယ်ကြောင့် ဆိုသော် ပုဂံခေတ်တလျှောက်လုံး၌ ထိုအဝတ်အစားမျိုးနှင့် သက်ဆိုင်သည့်ပုံများ မတွေ့ရသေးသလောက်ပင် ဖြစ်ပေသည်။ သို့ရာတွင် ထိုအဝတ်အစားမျိုး အင်းဝခေတ်သို့ရောက်သောအခါ တွေ့နိုင်ပြီဖြစ်၍ ပုဂံခေတ် ဆင်ယင်မှုများသည် အင်းဝခေတ် ဆင်ယင်မှုများ၏ ရှေ့ပြေးဟူ၍ကား ဆိုနိုင်ပေသည်။

**ပဋမရှမ်းခေတ်။** ။ပုဂံခေတ်ကို တာတာ ခေါ် တရုပ်တရက်တို့ ဝင်ရောက်တိုက်ခိုက်ပြီးနောက် သက္ကရာဇ် ၆၄၈ (အေ၊ ဒီ၊ ၁၂၈၇) ခုနှစ်လောက်တွင် နိဂုံးချုပ်ကြပေသည်။ ထိုနောက် ပုဂံထီးနန်းကို ဆက်ခံကြသည့် မင်းနှစ်ဆက်သုံးဆက်မှာ ဩဇာတိက္ကမ မရှိလှကြတော့ပေပဲ ရှမ်းအနွယ်အဆက် မကာင်းသူတို့က ကြိုးကိုင် အုပ်ချုပ်ကြသည်ကိုသာ တွေ့ရပေသည်။ စင်စစ်အားဖြင့် ကျော်စွာမင်းနန်းကျပြီးနောက် သက္ကရာဇ် ၆၆၀ (အေ၊ ဒီ၊ ၁၂၉၈) ပြည့်

www.burmeseclassic.com



နှစ်လောက်ကစ၍ အင်းဝမတည်မီ ၇၂၆ (အေ၊ ဒီ၊ ၁၃၆၄) ခုနှစ်လောက်ထိ အချိန်ပိုင်းသည် ရှမ်းတို့ကြီးစိုးသောခေတ် ဖြစ်သည်။ ထိုရှမ်းခေတ်အတွင်း၌ ပုဂံခေတ် နောက်ပိုင်းနှင့် စစ်ကိုင်း၊ ပင်းယ ခေတ်များလည်း ပါဝင်ကြ၏။ ထိုခေတ် အတွင်းသည် ရှမ်းအနွယ်အဆက် မကင်းသူတို့က အုပ်ချုပ် လျက် ရှိကြသောကြောင့် ရှမ်းတို့၏ ယဉ်ကျေးမှုများသည် မြန်မာ့ ယဉ်ကျေးမှုများ အပေါ်တွင် လွှမ်းမိုးတန် သမျှ လွှမ်းမိုးခဲ့မည်မှာ ယုံမှားဖွယ်မရှိချေ။

သက္ကရာဇ် ၆၇၄ ခုနှစ်တွင် ပင်းယ၌ နန်းတက်တော်မူ သော သီဟသူမင်း လက်ထက်တွင် ရေးသည်ဟု ယူဆရ သော ကာချင်း၊ သို့မဟုတ် တျာဘွဲ့ တပုဒ်တွင် 'ခါးပတ် တော်မှာ ရွှေခြည်စုံ၊ မှိုင်းလုံး ရွှေဝတ်လုံ။ မလုံသာ ချမ်း အေးမြ၊ မိုးသောက်ထ ရောင်ဖြူလာငယ်ကို' ဟူ၍ စပ်ဆို ထားသည်ကို တွေ့ရပေရာ ယင်းမှာ ပင်းယခေတ် ဝတ်ဆင် ထုံးဖွဲ့မှုများနှင့် သက်ဆိုင်သည့် အထောက်အထား အချို့ ဟု ဆိုရပေမည်။ (ထိုသီချင်းကို မြန်မာစာညွှန့်ပေါင်းကျမ်း က 'တျာဘွဲ့' ဟု ပြ၍ မြန်မာစာပေသမိုင်းက 'ကာချင်း' ဟု ပြဆိုထားသည်။)

**အင်းဝခေတ်။** ။အင်းဝခေတ်ကို သတိုးမင်းဖျား နန်း တက်သည့် သက္ကရာဇ် ၇၂၆ ခုနှစ် (အေ၊ ဒီ၊ ၁၃၆၄) မှ ဟံသာဝတီရောက်မင်း လက်ထက် အင်းဝပျက်သည့် သက္က ရာဇ် ၁၁၁၃ ခုနှစ် (အေ၊ ဒီ၊ ၁၇၅၁) အထိ ပိုင်းခြားရပေ မည်။ ဤခေတ်ရှည်ကြီးထဲတွင် သိုဟန်ဘွား၏ ဒုတိယရှမ်း ခေတ်နှင့် ညောင်ရမ်းခေတ်များလည်း ပါဝင်လေသည်။ ထိုပြင် ခေတ်ပြိုင် ဖြစ်သော တောင်ငူနှင့် ရခိုင် ခေတ်များ လည်း ရှိပေသေးသည်။ တောင်ငူခေတ်မှာ မြန်မာ မျိုးနွယ် ဖြစ်သော မင်းများက အုပ်စိုးလျက် ရှိကြ သောကြောင့် အင်းဝခေတ်နှင့် မခြားသော မြန်မာ အဝတ် အစားမျိုး ဟူ၍ပင် ယူဆရပေမည်။ နိုင်ငံသမိုင်းတွင် တပင်ရွှေထီးမင်း တပါးသော မွန် ဦးဆံဖြတ်၍ သမိန်တွတ် ဟူသော မွန် ဦးဗောင်းတော်ကို ဆောင်းတော် မူကြောင်း တွေ့ရ သည်။ မွန်လူမျိုးတို့ ဆံဖြတ်ပုံမှာ ရှေ့က ဝိုင်းဖြတ်ပြီးလျှင် နောက်နားက နားရွက်မှဦးခေါင်းထိပ်အထိ လခြမ်းသဏ္ဍာန် ရိတ်ထားသည်ဟုဆိုသည်။

ထိုအခါက အင်းဝနှင့် ခေတ်ပြိုင်ဖြစ်သော ရခိုင်သူများ ဆင်ယင် ထုံးဖွဲ့ပုံကိုလည်း ရှင်တေဇောသာရစသော အင်း ဝခေတ် စာဆိုတော်များက ကဗျာဖြင့် မှတ်တမ်း တင်ခဲ့ကြ သောကြောင့် ရခိုင်သူများသည် ဆံပင်နောက်တွဲထုံး၍ ဆွတ်ဆွတ်ဖြူသောအပေါ် ရုံများ လွှမ်းခြုံထားတတ်ကြောင်း သိရှိရပေသည်။ ယခုခေတ်တိုင် ရှေးမူမပျက် ဆင်ယင်ထုံးဖွဲ့ ကြသည်ကို ရခိုင်ပြည်တွင် အတော်များများ တွေ့မြင်နိုင် ပေသေးသည်။

အင်းဝခေတ် သက်သက်ကား ပုဂံခေတ် အပျက်တွင် ရှမ်းခေတ်က ကာလ ခြားပေးလိုက်သဖြင့် ပုဂံမှုနှင့် မတူ သော ဆင်ယင်ထုံးဖွဲ့မှု မူအသစ် ဖြစ်ပေါ်လာသည်မှာ မှတ်သားဖွယ် ဖြစ်ပေသည်။ ထိုဆင်ယင်ထုံးဖွဲ့မှုမှာ ပုဂံ ခေတ်ကဲ့သို့ ကုလားမဆန်တော့ပဲ ကုန်းဘောင်ခေတ်တွင် ခေတ်စားလတ္တံ့သော မြန်မာ့အဝတ်အစား မူများ၏ ရှေ့ ပြေးသဖွယ်ဖြစ်သည်ကို တွေ့ရ၏။ ခရစ်နှစ် ၁၃၉၆ ခုနှစ်၌ မှတ်သားသော တရုပ်နိုင်ငံသမိုင်း မှတ်တမ်း တစောင်၌ အင်းဝသားမြန်မာတို့သည် အင်္ကျီအဖြူ လက်ပွမျာ းကို ဝတ် ကြသည်။ ခါးဝတ်မှာ ရှေ့မှ နောက်သို့ ဖြတ်သန်းယှက်ပြီး လျှင် ပတ်ပတ်လည် ရစ်ထားသည်။ လူကုံထံတို့ ပုဆိုးမှာ ပေ ၂၀ ရှည်၍ လူသာမန်တို့၏ပုဆိုးမှာ ၁၀ ပေသာ ရှိလေ သည်ဟု ဆိုလေသည်။ ချေဆိုး အဆိုအရ ယောကျ်ားများ ၏ အဝတ်အစားအကြောင်း ဤသို့ ထပ်လောင်း၍ သိရ ပေသေးသည်။ ယောကျ်ားများသည် ပန်းရိုက်ထားသော အဝတ်နှင့် ဦးခေါင်းကို ရစ်ပတ်ထားပြီး သကာလ ကျန် သော အစကို နောက်တွင် တွဲလျားချထားသည်။ ကိုယ် တပိုင်းသာ အင်္ကျီဆင်မြန်းလျက် ပုခုံးကို ပလာထားသည်။ မိန်းမများမှာ ကိုယ်ပေါ်တွင် ပိတ်ဖြူထည်ကို လွှမ်းခြုံကာ ပန်းရိုက်အဝတ်ကို လည်စည်းစသဖွယ် ဆင်မြန်းကြပေသည်။

ဤကား တရုပ်မှတ်တမ်းလာ မင်းကြီးစွာစော်ကဲ လက်ထက်နှင့် သက်ဆိုင်သော အင်းဝသူ အင်းဝသားများ အဝတ် ဝတ်ဆင်ကြပုံတို့ပေတည်း။ ထိုမှတ်တမ်း အရမှာ အင်းဝခေတ် ယောကျ်ားများသည် ပန်းရိုက်ခေါင်းပေါင်း များ၊ လက်ပွကိုယ်ထည်ဖားသော သိုရင်း အင်္ကျီရှည်ကြီးမျို နှင့် ပုဆိုးတောင်ရှည်များကို မြန်မာဆန်ဆန် ဝတ်ဆင်တတ် ကြပြီဟု ဆိုရပေမည်။ ပုဂံ ဥပါလိသိမ် ဆေးရေးကားများ ၌ တရုပ်မှတ်တမ်းအဆိုများနှင့် အတော်အတန် ကိုက်ညီ သော ဝတ်ဆင်ထုံးဖွဲ့မှုများကို တွေ့မြင်နိုင်ပေသည်။ သို့သော် လက်မှာ တရုပ်မှတ်တမ်းများတွင် ပြဆိုသကဲ့သို့ မပွလှ၊ ခပ် ကျယ်ကျယ်ပင်ဖြစ်သည်။ ခေါင်းပေါင်းပုံမှာလည်း 'ပျို ကြိုက်တဲ့သူ၊ ပုဝါထည်ကို ထိပ်လယ်မှာပေါင်း၊ ဆံသွယ် ပျောင်းနှင့်' ဟူသော အိုင်ချင်းအဆိုနှင့် ပို၍နီးစပ်ပေသည်။ အချို့ ဆေးရေးကားများ၌ကား ပုဝါမသုံး သျှောင်ထုံး သက်သက်ကို သပ်သပ်ယပ်ယပ် ထုံးဖွဲ့ပြီးလျှင် ပုဝါကိုမူ ကား လည်တွင်ရစ်ပတ်ထားသည်ကို တွေ့ရတတ်သည်။ ထို ပုံမျိုး၌ အပေါ်ဝတ်အင်္ကျီ မပါတတ်ပေ။ ပုဝါလည်ရစ် ထားပုံမှာ "ပုဝါရက်သစ်၊ မယ်ကပေးတဲ့ ခေါင်းပေါင်း ပြာ၊ လည်မှာ ရစ်လို့" ဟူသော စာဆိုနှင့် ညီလှသည်။ ဆင်းရဲသားများအဖို့ကား "အင်္ကျီလက်တို၊ တံပက်ယိုနှင့်၊ ကိုယ်၏ဖြစ်လား၊ ဆင်းရဲသားလျက်" ဟူသော ဘုံခန်းပျို နှင့်အညီ ဝတ်ဆင်ကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အင်းဝခေတ် အမျိုးသမီးများကား ပုဂံခေတ် ကုလား ကျမင်းလက်ထက် တီထွင်ခဲ့သော ရင်ကွဲအင်္ကျီနှင့် ရှေ့ကွဲ ထဘီများကိုပင် ယဉ်ကျေးမှု မထိခိုက်အောင် အနည်းငယ် ပြုပြင်ပြီးလျှင် ဝတ်ဆင်ကြသည် ဟု ယူဆရပေသည်။ ပုဂံ စူဠမဏိဘုရားအတွင်း၌ ရေးခြယ်ထားသော အင်းဝခေတ် ကခြေသည်တဦးပုံမှာ အပေါ်ပိုင်းကို ပလာကျင်းထားပြီး လျှင် အောက်ပိုင်းက ရှေ့ကွဲထဘီ ဝတ်ဆင်ထားသည်ကို တွေ့ရှိရပေသည်။ ဆံထုံးကား စုလည်းထုံး ဟု ဆို ရပေမည်။ စင်စစ်အားဖြင့် အင်းဝခေတ် ဆံထုံးများကား ပုဂံခေတ်က ပေါ်ပေါက်ခဲ့သော ဆံထုံးနည်း ၅၅ မျိုးမှ အချို့ကို ပြန်လည် ဆန်းစစ်ထားခြင်းမျှသာ ဖြစ်ပေသည်။ ထိုခေတ်က "ဗျာပါဆံ"ဟူသော ဆံထုံးနည်း အသစ် အ ဆန်းတမျိုး ပေါ်ပေါက်ခဲ့သေးသည်ဟု ယူဆကြပေသည်။ သို့ရာတွင် ဗျာပါဆံပုံများကို ကုန်းဘောင်ခေတ် နောက် ပိုင်းလောက်ရောက်မှ ထင်ထင်ရှားရှား တွေ့မြင်နိုင်ပေတော့ သည်။ ဤ အင်းဝခေတ်၌ အချိတ်ပုဆိုးနှင့် ကေနမ်များ စတင်ပေါ်ပေါက်ခဲ့ခြင်းနှင့် ဆင်းရဲသားများ ရွှေခြေချင်း မဝတ်ရ ဟူသော တားမြစ်ချက် အမိန့်တော်များ ပေါ် ပေါက်လာခြင်းသည် မှတ်သားဖွယ်ပင် ဖြစ်ပေသည်။

**ကုန်းဘောင်ခေတ်။** ။ကုန်းဘောင်ခေတ်ကို အလောင်း မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၁၁၃(အေ၊ဒီ၊ ၁၇၅၂) ခုနှစ်မှ သီပေါမင်း ကုလားပြည်သို့ ပါတော်မူသည့် ၁၂၄၇ (အေ၊ ဒီ၊ ၁၈၈၅)ခုနှစ်အထိ ပိုင်းခြားရပေသည်။ ထိုကုန်း ဘောင်ခေတ်အတွင်းမှာလည်း ရွှေဘိုခေတ်၊ စစ်ကိုင်းခေတ်၊ အင်းဝ ခေတ်၊ အမရပူရ ခေတ်၊ မန္တလေး ခေတ် ဟူ၍ ခေတ်ငယ်ကလေးများ ပါဝင်ကြပေသေး၏။ သို့ရာတွင် ဝတ်ဆင်ထုံးဖွဲ့မှုအရာ၌ ထိုခေတ်ကလေးများကို လိုက်၍ ပြောပလောက်အောင် ကွဲပြားမှုများ မရှိခဲ့ကြပေ။ စင်စစ် အားဖြင့် ပဌမအင်းဝခေတ် လက်ကျန်ဖြစ်သော ရင်ကွဲအင်္ကျီ နှင့် ရှေ့ကွဲထဘီ မူများအပေါ်တွင် အခြေတည်သော မြန်မာ့ဝတ်ဆင်နည်းများသာ ဖြစ်ကြ၍ ခေတ်အလိုက် ပြု ပြင်မွမ်းမံမှုများသာ အနည်းငယ်စီ ရှိခဲ့ကြပေသည်။

ပုဂံ အာနန္ဒာ အုတ်ကျောင်း အတွင်းမှ တွေ့ရသော ဆေးရေးကားများမှာ သက်တမ်း အားဖြင့် အင်းဝ နှင့် အမရပူရ စပ်ကူးမတ်ကူး အချိန်ဖြစ်သော မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်နှင့် ၁၁၄၇ ခုနှစ် အကြားတွင် ရေးခြယ်ခဲ့ သော ဆေးရေးကားများ ဖြစ်ကြ၍ ရှေး အင်းဝခေတ်ကို လည်း လှမ်းမျှော်နိုင်ပေသည်။ ထိုဆေးရေးကားများတွင် တွေ့ရှိရသည့် ကုန်းဘောင်ခေတ် အမျိုးသမီးများမှာ ဆံ ထုံးကို ပုဂံခေတ် နမူနာအတိုင်း နောက်တွဲ ထုံးပြီးလျှင် ပန်းကုံးများဖြင့် ရစ်ပတ်ထားတတ်ကြပေသည်။ အချို့ ဆံထုံးများမှာ တပတ်လျှိုဆံထုံးများနှင့် သဏ္ဌာန် တူပေ သည်။ အပေါ်ဝတ်အင်္ကျီမှာ ထိုင်မသိမ်းကဲ့သို့ လက်ကျပ် နှင့် ဖြစ်ပြီးလျှင် တံပက်၊ သို့မဟုတ် ပုဝါဖြင့် ရစ်ပတ်ထား သည်။ ကခြေသည်ပုံမှာ အင်္ကျီပင်မပါပဲ ရှေ့ကွဲထဘီကို အထက်ဆင့် ရှည်စွာ တပ်ပြီးလျှင် ရင်ရှား၍ ခါးဆီတွင် အနည်းငယ် ခေါက်တင်ပြီး တချက်ဆွဲလိမ်၍ ဝတ်ဆင်ရ သော "ခါးတင်ထိုး"ဝတ်နည်းမျိုး တွေ့ရှိရပေသည်။

ဘကြီးတော်ခေတ်နှင့် သက်ဆိုင်သော ဆေးရေးပန်းချီ ကားများ၌ကား ရင်စီးပုဝါ အသုံးပြုထားသည်ကို တွေ့ရှိ နိုင်ပေသည်။ ယင်းမှာ နန်းတွင်းသူတို့ ဝတ်ဆင်နည်းမျိုး ဖြစ်၍ "ခါးချပ်"ဝတ်ဆင်နည်း ဟုခေါ်ကြသည်။ ရခိုင် ရာဇဝင်လက်ာ၌ ပါရှိသော ပျို့ဘွဲ့လက်ာ၌ "ညှို့နှုတ်ကျော လွတ်၊ ခါးချပ်ဝတ်လျက်၊ ရစ်ပတ်ခါးကြိုး၊ မပတ်ပိုးတည့်" ဟူ၍ စပ်ဆိုထားသည်နှင့်အညီ ဖြစ်ပေသည်။ အင်္ကျီရင်ကွဲ များမှာ ဘကြီးတော်ခေတ်တွင် ရေးခြယ်သော ပန်းချီ ကားများ၌ ပို၍ ထင်ရှားလာပေသည်။ မန္တလေးခေတ်တွင် တွေ့ရလတ္တံ့သော ထိုင်မသိမ်းပုံမျိုးနှင့်လည်း အတော်ပင် နီးကပ်လာပေသည်။ သို့ရာတွင် "အင်္ကျီအနွဲ့" ခေါ်သော အောက်နားက ပိတ်စပိုင်းရှည်ရှည်ကလေး နှစ်ခု မပါလာ သေးပေ။ စင်စစ်အားဖြင့် ထိုရင်ကွဲအင်္ကျီနှင့် ရှေ့ကွဲထဘီ များသည် မန္တလေးခေတ်သို့ ရောက်မှ ပို၍ အချိုးကျလာ ပြီးလျှင် သပ်သပ်ယပ်ယပ်လည်း ရှိလာပေသည်။ ထို မန္တလေးခေတ် အဝတ်အစားများသည် အမျိုးသား အဝတ် အစားအဖြစ်ဖြင့် ယနေ့တိုင် တည်မြဲနေသည်မှာလည်း ဂုဏ် ယူဖွယ်ပင် ဖြစ်သည်။

ရတနာပုံ မန္တလေးခေတ်က ရွှေမန်းသူတို့၏ အဆင် အပြင်ကို ရတနာပုံ နေပြည်တော် သတင်းစာဆရာကြီး ဘိုးဝဇီရက သူ၏ တောပုဘုရားပွဲ ဆောင်းပါး၌ ဤသို့ စာပန်းချီ ရေးခြယ်ပြခဲ့ပေသည်။ "နွဲ့နောင်းညိုစင်၊ အပျို ခင်တို့၊ ဟိုခွင်တိုင်းဖြစ်၊ လိုင်းရစ်ဆန်းပုံ၊ ကွမ်းတုံစက်ချိတ်၊ ကွက်မိုက်ကွက်လှ၊ ဖက်ကံ့ ချွန်းလျှံ၊ လွန်းပျံတိုက်ဆင့်၊ ဝိုက် နှင့်ဘလာ၊ ပြုချက်မှာ၊ သူ့ထက်ငါ၊ ညာမြေဘောင်၊ ရှာ တွေဆောင်၊ သာလေအောင် ဝတ်ထဘီ၊ အင်္ကျီက ငွေ ပွင့်ထိုး၊ ရွှေဆင့်ကြိုး နှစ်ထပ်လိမ်၊ နဂါးပတ်အိမ် သန္တာ ပေါက်၊ ဇာပြောက်က အဆန်းဆန်း၊ အခန်းခန်း ပျံ့ပြော ကြွယ်၊ အုံ့သြဖွယ် ပုဝါများမှာ၊ အသားကောင်း၊ အပါး ကောင်း၊ အများခေါင်း အဖိုးတန်၊ အမျိုးမှန် အဆင် ထပ်၊ ကြင်ခပ်နှင့် ရောင်ရှိန်ဖဲ၊ ပြောင်ထိန်ကဲ ကွမ်းတုံဆန်း၊ ပန်းတဲ့ကာ ရန်းတဲ့ကာ၊ သန်းလဲ့ပြာ မှိုညက်ကို၊ စုံမက်ဘွယ် ဆင်ခြုံ၊ နံ့သာငွေလွှင်မှုံကို၊ ယဉ်ရှုံသာ သူတို့၌၊ မှုနဂိုရ်၊ မျက်နှာထားနှင့်၊တဖက်သားမြင်သူတို့၊ ဘဝင်ဆိုလောက်စရာ နေဘ်ဇာနှင့် ရွှေလည်ထပ်၊ ခွေရှည်တပ်ကျောက်ကြိုး၊ နေ ခြည်ဟပ် ပြောက်ထိုးက၊ တောက်နီးလုရည်ပေါ်ဘဲ၊ ပြည်



www.burmeseclassic.com

www.burmeseclassic.com



တော်ဖြစ် မန်းနွယ်၊ ဆန်းကြယ်သော စိန်မြခံ၊ ထိန်ပလ္လံ ဆွဲ ပုတီးကလဲ၊ ဝှဲခြီးလို မပြောနိုင်၊ အဆိုင်ဆိုင် ဝတ်စားလျက်" ဟူ၍ ဖြစ်ပေသည်။

ယောကျ်ားများဖက်က အဝတ်အစားများမှာ ကုန်းဘောင်ခေတ် အလယ်ပိုင်းလောက်ထိ ရှေး အင်းဝခေတ် လက်ကျအတိုင်း ထုံးကြ၊ ဖွဲ့ကြ၊ ဝတ်ဆင်ကြသည်ကို ထိုခေတ်က ရေးခြယ်ခဲ့သည့် ဆေးရေးကားများ၌ အထင်အရှားတွေ့မြင်နိုင်ပေသည်။ များသောအားဖြင့် ယောကျ်ားများသည် အင်္ကျီမဝတ်ပဲ ပုဆိုးတောင်ရှည်၊ သို့မဟုတ် ဧကနံ့ ဝတ်လျက် တွေ့ရသည်။ ရတနာ သုံးပါး စသည်များသို့ ဆည်းကပ်သည့်အခါမျိုး၌သာ သိုရင်းပုံဖားလျားဝေသော အင်္ကျီရှည်ကြီးများ ဝတ်ဆင်ကြသည်ကို တွေ့ရပေသည်။

ထိုခေတ်က နန်းတော်သားတို့ အနက် ကွမ်းရည်တော်၊ လက်ဖက်ရည်တော်၊ ဖိနပ်တော်တို့မှာ ပုဆိုးခါးပုံထိုး ဝတ်ဆင်၍ ခါးစိုက် ခေါ်သော ထိုင်မသိမ်း အင်္ကျီကို ဝတ်ဆင်ပြီးလျှင် ခေါင်းပေါင်းဖြူဖော့လုံး ဆင်က နရန်းထုတ် တစထောင် ပေါင်းကြသည်။ လွှတ်တော် ရုံးတော် အရာရှိတို့မှာ ခေါင်းပေါင်းနှစ်စ အညီထောင်၍ ထိုနှစ်စကို ခပ်ထပ်ထပ် ထားပြီးလျှင် ဆင်က နရန်း မပါပဲ တမျိုးအားဖြင့် ရိုးရိုးပေါင်းကြသည်။ စာရေးစာချီတို့မှာ ခေါင်းပေါင်းဖြူပါလျှင် ပြီးရော ဆိုသကဲ့သို့ ခပ်လိမ်လိမ် ကျစ်၍ နဖူးထက်၌ ရစ်ပြီးလျှင် တစတို့ရှည် ဖြစ်သလို ပေါင်းကြသည်။ ထိုခေတ်က ပုဝါစကို လက်ဝဲမှ ချ၍ ပေါင်းလေ့ရှိသည်။ လကျ်ာက ထုတ်၍ပေါင်းလျှင် ဘုန်းကြီးလူထွက်ပေါင်းဟု ဆိုကြသည်။ ဤသည်တို့ကား မြန်မာဘုရင်တို့ နောက်ဆုံး စိုးစံသွားသည့် အချိန်ပိုင်းအထိ အနှစ် ၂,၀၀၀ ကျော်မျှသော ခေတ်ကာလ အတွင်း၌ မြန်မာတို့ ဝတ်ပုံ စားပုံတို့ပေတည်း။

**မန္တလေး နောက်ပိုင်းခေတ်မှ ယခု မျက်မှောက် ခေတ်အထိ။** ။ဖော်ပြခဲ့ပြီးသော မန္တလေးခေတ် အဝတ်အစားများသည် မန္တလေးခေတ် ပျက်သုဉ်းသွားသည်တိုင်အောင် အထက်ပိုင်း မြန်မာနိုင်ငံ၌ ရုတ်တရက် တိမ်ကောသွားခြင်း မရှိသေးပဲ ၁၅ နှစ် အနှစ် ၂၀ ခန့်လောက်ထိ တည်မြဲနေသေးသည်ဟု ခန့်မှန်းရပေသည်။ သို့ရာတွင် ခေတ်သစ်ယဉ်ကျေးမှုတို့၏ တစတစ လွှမ်းမိုးခြင်းဒဏ်ကိုကား ကြာရှည်မခံနိုင်ပဲ ခေတ်ကိုလိုက်၍ တဖြည်းဖြည်း ပြုပြင်ပြောင်းလဲမှုများ ရှိလာရပေတော့သည်။ ပဌမ အင်္ကျီများမှာ ထိုင်မသိမ်းပုံအတိုင်းပင် ဖြစ်၍ ကိုယ်ထည်နှင့် လက်မှာ ဖောင်းပွ ကြွရွခြင်း မရှိပဲ အသားနှင့်ကပ်၍ ချပ်ချပ်ရပ်ရပ် ရှိလှပေသည်။ ဤကဲ့သို့သော အင်္ကျီမျိုးမှ ယခုခေတ်နှင့်စာလျှင် လုံခြုံသိပ်သည်းဟန် ရှိသော လက်ဝကျယ်၍ ကိုယ်ထည်ပွသည့် တရုပ်ပုံ ရင်စိရင်ဖုံး အင်္ကျီမျိုးသို့ ကူးပြောင်းလိုက်ကြရသည်။ သို့ရာတွင် ထဘီမှာ ရှေးမူအတိုင်းပင် ရှိသေး၍ မြေတွင် ဒရွတ်တိုက်လျက် ရှိနေဆဲပင် ဖြစ်သည်။ ဆံထုံးမှာလည်း မနိမ့်လွန်း မမြင့်လွန်းတွင် ထောင့်ညီသော မဟာနဖူးနှင့် ပန်စားတုန်းပင် ဖြစ်သည်။ ထိုဆံထုံးနှင့် ထိုအင်္ကျီ၊ ထိုထဘီတို့မှာ ထိုခေတ်က အဆင်ပြေစွာ လိုက်လျောတုန်းပင် ရှိသေးသည်။ သို့ရာတွင် တနေ့တခြား တိုးတက်ပြောင်းလဲလျက် ရှိသော ခေတ်ကြီးကိုကား ထို ရှေးဆန်လှသေးသော အဆင်အပြင်မျိုးသည် ကြာကြာ မဖက်ပြိုင်နိုင်ရှာပေ။ မကြာမီ လက်လျော့သောအားဖြင့် ပြောင်တင်းတင်း နိုင်လှသော မဟာနဖူးကို ဆံယဉ်စကလေးများဖြင့် ဖုံးလွှမ်းလိုက်ပြီးသော် ဆံထုံးကိုလည်း အတော်အတန် မြင့်လာအောင် မြှင့်တင်လိုက်ကြရပေသည်။ ဝန်အင်္ကျီလက် ကဲ့သို့သော အဝကျယ်လှသည့် လက်ကိုလည်း အလောတော်အောင် ပြုပြင်လိုက်ပြီးနောက် ကသိကအို နိုင်လှသော ရှေးထဘီနေရာကိုလည်း ခေတ်လုံကွင်းဖြင့် အစားထိုးလိုက်ရပေသည်။ ဤ ခေတ် အဝတ်အစားသည်ပင် နောက်တနှစ်၌ ခေတ်မမှီနိုင်လောက်အောင် လျင်မြန်လှသော လေယာဉ်ပျံခေတ်၊ မော်တော်ကား ခေတ်ကြီး ဖြစ်နေသဖြင့် ယခင်ခေတ်ဟောင်းက အနှစ်တရာမှ တခါလောက် ပြုပြင်ပြောင်းလဲမှု ရှိခဲ့သော မြန်မာ့ အဝတ်အစားများသည် ယခုခေတ်သစ်တွင် ၁၀ နှစ် တကြိမ်လောက် ပြောင်းလဲပေးခဲ့ရခြင်းအားဖြင့် ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ အချိန်ပိုင်း၌ ပါးနိုင်၊ ကျပ်နိုင်၊ တိုနိုင်မှ ခေတ်မှီရမည့်ကဲ့သို့ ဖြစ်ခဲ့ပေသည်။ စစ်ပြီး ဤဖက်ခေတ်တွင်ကား ထုံးဖွဲ့မှုတွင် အမောက်၊ ဝတ်ဆင်မှုတွင် နိုင်လွန် ဟူ၍ ခေတ်စားလာပြန်သည်။ အင်္ကျီများမှာ ယခင်စစ်မဖြစ်မီ ခေတ်ကထက်ပင် ပါးကျပ်တိုလာရုံမျှမက နိုင်လွန် လက်ပြတ်အင်္ကျီများပင် ခေတ်စား လာခဲ့ပေသည်။ ဖိနပ်ဖက်ကလည်း ကတ္တီပါ ပုံတော် ခေတ်မှ ခွာမြင့်သော ရှူတိုင်းယဉ် ဖိနပ်ဆန်းများခေတ်သို့ ကူးပြောင်းခဲ့ပေသည်။

ယောကျ်ားများဖက်ကလည်း မြန်မာ့ဦးစွန်း သျှောင်များမှ ဗိုလ်ကေသို့ရင်း၊ ပုဆိုးတောင်ရှည်မှ လုံချည်လုံကွင်းအဖြစ်သို့ရင်း ပြောင်းလဲခဲ့၍ စစ်ပြီး ဤဖက်ခေတ်တွင်ကား ဖောင်းဗိဝတ် မြန်မာယောကျ်ားများပင် အတော်ပေါလာသည်ကိုတွေ့ရပေသည်။ အင်္ကျီဖက်ကလည်း ဝတ်ရိုး ဝတ်စဉ်ဖြစ်သော အပေါ်ဝတ်တိုက်ပုံ၊ အတွင်းခံ ရှပ်၊ ချွေးခံ စွပ်ကျယ်များအပြင် စစ်ပြီး ဤဖက် ခေတ်တွင်ကား အပြင်ထုတ်၍ ဝတ်ရသော ဟာဝေယန်ရှပ်များပင် ခေတ်စားနေပေပြီ။ နောင်လည်း ခေတ်အလိုက် ပြုပြင်ပြောင်းလဲမှုများ တချပြီးတချ ပေါ်လာကြဦးမည်ဖြစ်ပေရာ စောင့်၍ ကြည့်ရှုမှတ်သားရပေဦးမည်။ **ဦးသောဘိတ**

**ဝတ္ထု။** ။ကျွန်ုပ်တို့သည် ငယ်စဉ်က မိခင်၏ ပေါင်ကို ခေါင်းအုံးကာ ပုံဝတ္ထုများကို နားထောင်ယင်း အိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြ၏။ သိတတ်ခါစ ကလေးအရွယ်တွင် ထိုပုံဝတ္ထုများမှ အကြောင်းအရာများကို အတုခိုး၍ ကစားနည်း အမျိုးမျိုးကို စိတ်ကူးယဉ် ကစားခဲ့ကြသည်။ စာဖတ်နိုင်သော အရွယ်သို့ ရောက်သော် ဝတ္ထုများကို ဖတ်၍ စိတ်ကူးယဉ် အတွေးနယ် ချဲ့ခဲ့ကြသည်။ အသက် အနည်းငယ်ရလာသောအခါ မြောက်မြားလှသော လောကီကိစ္စ အဝဝကြားမှပင် ရံဖန်ရံခါ စိတ်အပန်း ဖြေသောအားဖြင့် ပုံဝတ္ထုများကို ဖတ်၍ မွေ့လျော်ကြသည်။ အိုမင်းမစွမ်းရှိသော အခါ၌လည်း မိမိငယ်စဉ်က ဖတ်ခဲ့ဘူးသော ပုံဝတ္ထုများကို တဆင့်ပြောကြားခြင်းဖြင့် ပျော်မွေ့ကြလေသည်။ စင်စစ် ပုံဝတ္ထုများသည် လူ့လောကကြီး၌ ကြုံတွေ့ရသော ငြီးငွေ့ စက်ဆုပ်ဖွယ်အပေါင်းမှ တခဏ်မျှလွတ်မြောက်ရာ လွတ်မြောက်ကြောင်း ရှာမှု ဖြစ်၏။ ပမာအားဖြင့် အိမ်၌ လူများ၍ ဆူညံလွန်းသဖြင့် စိတ်ညစ်နေသူသည် နားအေးအောင် ခြံထဲသို့ ထွက်၍ သဘာဝ အလျောက် စိမ်းလန်းစိုပြေနေသော ပတ်ဝန်းကျင် အခြေအနေများကို ကြည့်၍ စိတ်၏ လွတ်မြောက်ရာ ဖြစ်စေသကဲ့သို့ လောကကြီး၏ ငြီးငွေ့ စိတ်ပျက်ဖွယ်များမှ မေ့ပျောက် လွတ်မြောက်လိုသည့်အခါများ၌ ဝတ္ထုကိုဖတ်၍ စိတ်အပန်း ဖြေကြရလေသည်။

ဝတ္ထုဆိုသည်မှာ လူတို့၏ အဖြစ်အပျက် ဇာတ်ကြောင်းကို စိတ်ကူးယဉ်ယဉ်နှင့် ရေးသားထားသော ပုံပြင် ဖြစ်၏။ မည်သူ့ အကြောင်းကို မဆို မူတည်၍ ရေးနိုင်လေသည်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော ဧကရာဇ်ဘုရင်မင်းမြတ်မှ သူတောင်းစား အထိ၊ ဘုရားဆုပန် သူတော်သူမြတ်မှ အကျင့် ဖောက်ပြားသော သူယုတ်မာအထိ မိမိဝတ္ထု၏ ဇာတ်လိုက်အဖြစ် ရေးနိုင်လေသည်။ ပြင်သစ် စာရေးဆရာကြီး ဗစ်တာ ဟျူးဂိုး ရေးသားသော လား မီဇာရေးဖဲ ဝတ္ထု၏ ဇာတ်လိုက်သည် ဆင်းရဲသော ပေါင်မုန့်သူခိုး ထောင်ထွက်ကြီး ဖြစ်၍ ပဋမဆုံး စာပေဗိမာန် ဆုရ စာရေးဆရာ မင်းအောင်၏ မိုးအောက်မြေပြင် ဝတ္ထု၌လည်း တောသူကလေးနှင့် ကျေးလက်တောရွာ ပွဲပြင်ရေးသမားတို့သည် ဇာတ်လိုက်များ ဖြစ်၏။ ဝတ္ထု ဇာတ်လိုက်တို့ကား စာရေးဆရာတို့၏ ကလောင်ဖြင့် ကြိုက်သလို ဖန်ဆင်းခြင်း ခံရသော ဇာတ်လိုက်သည် လူ့လောကတွင် အကယ်ပင်ရှိသကဲ့သို့ ကျော်စောတော့၏။ အင်္ဂလိပ် စာရေး ဆရာကြီး ဆာ အာသာ ကိုနင် ဒွိုင်းသည် ရှားလော့ဟုမ်း စုံထောက်ဝတ္ထုများကို ရေးခဲ့ရာ စာဖတ်သူတို့၏ စိတ်တွင် စုံထောက်ကြီး ရှားလော့ဟုမ်းသည် ဗေကာလမ်း၌ အကယ်ပင် ရှိလိမ့်မည်ဟု ထင်ကြလေသည်။ လူတို့၏စိတ်၌ မည်မျှ တကယ့်သက်ရှိသူ လူဟု ထင်သနည်းဟူမူ တခါက ပြင်သစ်နိုင်ငံမှ ကျောင်းသားကလေးများ အင်္ဂလန်ပြည်သို့ ရောက်လာရမည်သည့်အရပ်သို့ ဦးစွာသွား၍ ကြည့်လိုသနည်းဟု မေးသော် အင်္ဂလန်ပြည်၏ ကျက်သရေဆောင်များ ဖြစ်သော နန်းတော်ကြီးများ၊ ဘုရားရှိခိုးကျောင်းကြီးများကို ကြည့်လိုသည်ဟု မပြောပဲ ဗေကာလမ်းရှိ ရှားလော့ဟုမ်း အိမ်ကို သွားကြမည်ဟု တသံတည်း ပြောကြသောဟူ၏။

ဝတ္ထုကောင်း တခု၌ ရှိအပ်သော အရည်အခြင်း များကား ငါးမျိုးရှိ၏။ ယင်းတို့မှာ ဇာတ်လမ်း ကောင်းခြင်း၊ လူ့သဘာဝအဖွဲ့ ကောင်းခြင်း၊ ဇာတ်ကွက် နောက်ခံဖြစ်သော အခြေအနေ ဆီလျော်ခြင်း၊ စာရေးသူ၏ အထင်အမြင် ဖြစ်သော လောကသဘာဝ အဖွဲ့ကောင်းခြင်းနှင့် အရေး အသား အသုံးအနှုန်း ရှင်းလင်းပြတ်သားခြင်းတို့ ဖြစ်၏။ ဝတ္ထုကောင်း တပုဒ်မှာ ထိုအချက် ငါးချက်စလုံး ညီမျှ ပါရှိရန် လိုလေသည်။

ဝတ္ထုရေး ဆရာသည် အိမ်ဆောက်သော ဗိသုကာ နှင့် တူသည်။ အိမ်ဆောက်သူသည် မဆောက်မီ အိမ်ပုံစံအချိုးအစားကို ရေးဆွဲပြီးမှ ဆောက်လျှင် အိမ် အချိုးအစားကျနသကဲ့သို့ ဝတ္ထုကောင်း ရေးလိုသူသည်လည်း ဇာတ်ကွက် ဇာတ်အိမ်ကို သေသေချာချာ စဉ်းစား၍ ဇာတ်ကွက်ချပြီးမှ ရေးရန်လိုလေသည်။ စာရေးဆရာကြီး တောမတ်ဟာဒီသည် ကိုယ်တိုင်ကပင် အင်ဂျင်နီယာ ကျောင်းသားဟောင်း ဖြစ်ရကား အိမ်ပုံစံ စံနစ်တကျ ဆွဲပြီးမှ အိမ်ဆောက်ခြင်း၏ ကောင်းမွန်ပုံကို သဘောကျသည့် အလျောက် ဝတ္ထုရေးသည့်အခါ ဇာတ်လမ်းကို ဦးစွာ စဉ်းစား ရေးဆွဲပြီးမှ ရေးသဖြင့် သူ၏ ဝတ္ထုများမှာ အပိုအလို မရှိ ဇာတ်လမ်း ဇာတ်ကွက် ကောင်းမှုကြောင့် ကမ္ဘာကျော်ခဲ့လေသည်။ (ဟာဒီ, တောမတ် — လည်းရှု။) သို့ရာတွင် အင်္ဂလိပ်ဝတ္ထုများသည် များသောအားဖြင့် ဇာတ်လမ်း တိတိကျကျ မရှိ၊ မလိုသော အချက်များ ပါလေ့ရှိသည်ကို တွေ့ရလေသည်။ စာရေးဆရာကြီးများဖြစ်သော ဆာ ဝေါလတာ စကော့နှင့် ချားဒစ်ကင်းတို့၏ ဝတ္ထုများသည် ကျန် အချက်များနှင့် ပြည့်စုံ၍ နာမည်ကျော်သော်လည်း ဇာတ်လမ်းမှာ အဆင်ပြေ ညီညွတ်ခြင်းမရှိ၊ မပိုသင့်ပဲ ပိုနေသည့် အကွက်များ ပါနေသည်ကို တွေ့ရလေသည်။ ဝတ္ထုကောင်း ရေးသားရာ၌ ဇာတ်လမ်းကောင်းရုံဖြင့် ပြည့်စုံသည်ဟု မခေါ်နိုင်ချေ။ နာမည်ကျော် ဝတ္ထုရေးဆရာကြီး ဆာ ရိုက်ဒါ ဟက်ဂဒ်၏ ဝတ္ထုများသည် ဇာတ်လမ်း ဇာတ်ကွက်ချပုံ အလွန်ကောင်းသော်လည်း လောကသဘာဝအဖွဲ့ဟု ခေါ်သော လူ့လောကအကြောင်း မှတ်သားဖွယ် ဟူ၍ မပါ။ လူ့သဘာဝအဖွဲ့ဟု ခေါ်သော လူတဦးတယောက်၏ စိတ်ဓာတ်ကို ကွင်းကွင်းကွက်ကွက်ဖော်ပြခြင်း မရှိမှုကြောင့် လူကြိုက် မများခြင်း ဖြစ်လေသည်။ အမှန်အားဖြင့် ဝတ္ထုရေးဆရာတို့သည် မိမိတို့ ရေးသားသည့် ဇာတ်လမ်းသည် မည်သူ့ကြောင့် ဖြစ်ပျက်ရသည်ကို ထိုသူ၏ စိတ်ဓာတ်ကို

www.burmeseclassic.com



ဇာတ်လမ်း ရေးသွားယင်း ကွင်းကွင်း ကွက်ကွက် ပေါ်လွင်အောင် ဖော်ပြဖို့ လိုလေသည်။

ဝတ္ထုကောင်းတို့၏ အခြား အင်္ဂါရပ် တခု ဖြစ်သော ဇာတ်လမ်း၏ နောက်ခံကောင်း ရှိရေးကိုလည်း ဝတ္ထုရေးဆရာတို့ ဂရုစိုက်ဖို့ လိုလေသည်။ စာပေ လောကတွင် နောက်ခံ အခြေအနေ ကောင်း၍ ကျော်ကြား ရသော ဝတ္ထုများစွာရှိ၏။ ဆာ ဝေါလတာ စကော့ ရေးသားသော ဝတ္ထုများသည် အဘယ်ကြောင့် ဝတ္ထုကောင်းများအဖြစ် ကျော်ကြားရသနည်း ဟူမူ သူ၏ ဝတ္ထုများ၏ နောက်ခံများသည် ရှေးခေတ် စကော့တလန်ပြည်၏ အနေအထိုင် အပြောအဆို ယဉ်ကျေးမှုများကို ခေတ်၏ ကြေးမုံသဖွယ် ထည့်သွင်း ရေးသားခြင်းကြောင့် ဖြစ်လေသည်။ မြန်မာစာရေး ဆရာကြီး ဦးလတ်၏ စပယ်ပင်နှင့် ရွှေပြည်စိုးဝတ္ထုများကို လူကြိုက်များခြင်းမှာလည်း နောက်ခံ ကောင်းမှုကြောင့် တကြောင်း ဖြစ်သည်ဟု ဆိုရပေမည်။ ထိုဝတ္ထုများတွင် အင်္ဂလိပ်များ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မြန်မာနိုင်ငံတွင် နေထိုင် စားသောက် ပေါင်းသင်း ဆက်ဆံမှု မည်ကဲ့သို့ ပြောင်းလဲလာပုံကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ဖော်ပြထားလေသည်။ (စကော့, ဆာ ဝေါလတာ။ လတ်၊ ဦး — လည်းရှု။)

နောက်ခံကောင်း ရှိရန်ထက် လောက သဘာဝ အဖွဲ့ကို နိုင်နိုင် နင်းနင်း ဖွဲ့နိုင်ရန် လိုလေသည်။ လောကတွင် ရှိသော လူတို့၏ သဘာဝ အနေအထိုင် လူတို့ တွေ့ကြုံနေရသော သုခဒုက္ခများအကြောင်း စသော လောက၌ မည်သို့မျှ လွှဲဖယ်၍မရသော သဘာဝ အဖြစ်အပျက်များကို ထင်ရှားအောင် ရေးနိုင်ရန် အထူး လိုလေသည်။ အင်္ဂလိပ် စာရေးဆရာကြီး တောမတ် ဟာဒီ၏ ဝတ္ထုများ အလွန်ကျော်ကြားရခြင်းမှာ လူ့လောက အကြောင်း ကွက်ကွက် ကွင်းကွင်းပေါ်အောင် ရေးသားနိုင်မှုကြောင့်ဖြစ်၏။ လူ့လောကတွင် ကံကို မည်သူမျှ မလွန်ဆန်နိုင်၊ ကံစီမံရာ ခြယ်လှယ်ရာ ခံရသည်။ ကံက သေဆိုသေ ရှင်ဆို ရှင်ရသည် စသည်ဖြင့် လူ့လောက သဘာဝကို သူ့အမြင်ဖြင့် ရေးသားထားခဲ့လေသည်။ ဝတ္ထုများကို ရေးသားရာ၌ မည်မျှပင် စိတ်ကူးယဉ်ယဉ်နှင့် ရေးထားစေကာမူ လူ့သဘာဝနှင့် ဆန့်ကျင်အောင် မရေးအပ်ချေ။ လူ့သဘာဝနှင့် ဆန့်ကျင်ကာ မဖြစ်နိုင်သည်များကို ကျွကောက် ရေးထားသော ဝတ္ထုမျိုးမှာ အညံ့ဆုံး ဖြစ်လေသည်။

ရှေးနှစ်ပေါင်း ၁,၀၀၀ လောက်က ယခုခေတ် ဝတ္ထုမျိုး မရှိခဲ့ဘူးချေ။ ဒဏ္ဍာရီပုံပြင်များသာ ရှိလေသည်။ ရှေးဟောင်း ဂရိနှင့်ရောမ နိုင်ငံတို့တွင်လည်း ဒဏ္ဍာရီပုံပြင်များ ရှိခဲ့သည်။ နိုင်ငံတိုင်း၌ပင် သက်ကြီးစကား သက်ငယ်ကြားသည့် ပုံပြင်များကို တဖန် တေးသီချင်းများစပ်၍ သီဆိုကြခြင်းဖြင့် ပုံဝတ္ထုများကို ဖြစ်ပေါ်စေခဲ့လေသည်။ အလယ်ခေတ်လောက်က ဥရောပတွင် ရိုမန့်ခေါ် စိတ်ကူးယဉ်ဝတ္ထုများ ပေါ်လာခဲ့ရာ လူတို့၏ စိတ်ကူး၌ ဖြစ်စေချင်သော အဖြစ်အပျက်များကို ရေးသားထားခြင်း ဖြစ်သည်။ ထိုခေတ်က တိုက်ပွဲ၌ စွန့်စားခြင်း၊ အကျဉ်းချခံရသော မင်းသမီးကလေးအား ကယ်ယူခြင်း စသည့် စွန့်စားမှု ပါသည့် အဖြစ်အပျက်များ ခေတ်စားခဲ့ကြသည်။ အထက်တန်းစား မင်းညီ မင်းသားတို့သည် ထိုသူရဲကောင်း ဝတ္ထုများကို နှစ်သက်ကြ၍၊ အောက်တန်းစား ဆင်းရဲသားတို့ကား မိမိတို့ တသက်တွင် မြှော်မှန်း၍ ရနိုင်တော့မည် မဟုတ်သော မင်းညီ မင်းသား သူရဲကောင်း အစရှိသည့် လူတို့အား သရော်၍ ရေးသားသော ပုံဝတ္ထုများကို နှစ်သက်ကြလေသည်။ စပိန်နိုင်ငံ စာရေးဆရာကြီး သာဗင်တေး(စာဗင်းတီး) ရေးသားခဲ့သော ဒွန် ကီဟိုးတေး ဝတ္ထုသည် ထိုသို့သောဝတ္ထုမျိုးဖြစ်လေသည်။ (သာဗင်တေး — လည်းရှု။)

ရိုမန့် ခေါ် စိတ်ကူးယဉ် ဝတ္ထုများသည် စာရေးဆရာ စိတ်ကူးပေါက်သလောက် ဆန်းကြယ်ရှုပ်ထွေးသော အဖြစ်အပျက်များကို ရှည်လျားစွာ ရေးသားထားခြင်း ဖြစ်၍ လူ၏သဘာဝ လေ့လာမှုမှာ မပါသလောက် ဖြစ်လေသည်။ ဇာတ်လမ်းကို မဆန်း ဆန်းအောင် ချဲ့ထွင် ရေးသားကြခြင်း ဖြစ်သည်။ ဆာ ဝေါလတာ စကော့၏ အိုင်ဗင်ဟိုအစရှိသော ပုံများမှာ စိတ်ကူးယဉ် စာပေတွင် အကျုံးဝင်သည်။ နေ့စဉ် တွေ့ကြုံရသော အဖြစ်အပျက်များ၊ နေ့စဉ် မြင်နေရသော လူတို့ အကြောင်းများကို သဘာဝကျကျ သရုပ်ပါပါ ရေးသားသည့် ပုံများသာလျှင် ဝတ္ထုအစစ်ဖြစ်သည်။ အမှန်အားဖြင့် ထိုစိတ်ကူးယဉ် ပုံပြင်များမှာ ဝတ္ထု၏ ရှေ့ပြေးဟုသာ ခေါ်သင့်ပေသည်။

အင်္ဂလိပ် စာပေလောကတွင် ဝတ္ထု အရေးအသားသည် ၁၈၇၅ ခုနှစ်လောက်မှ တရှိန်တည်း တိုးတက်လာသည်ဟု ဆိုရပေမည်။ ထိုခေတ် မတိုင်မီက ပေါ်ခဲ့သော ပုံပြင်များကား ထိုဝတ္ထုအရေးအသားကို အုတ်မြစ်ချပေးသော စာပေတို့သာ ဖြစ်လေသည်။ ၁၄၆၉ ခုနှစ်က စာရေးဆရာကြီး တောမတ် မလော်ရီ ရေးသားသော ‘အာသာဘုရင်’ စာအုပ်သည်၎င်း၊ ဣတာလျံ စာရေးဆရာကြီး ဂျိုဗန္နီ ဗိုကာချို ရေးသားသော ‘ဒီကမ္မရွန်’ စာအုပ်သည်၎င်း၊ ၁၆၇၈ ခုနှစ်တွင် ပေါ်သော ဂျွန် ဗန်ညန် ရေးသားသော ‘ခရစ်ယာန်၏ ထွက်ရပ်လမ်း’ (ပီးလဂရင်းပရိုဂရက်) ခေါ် စာအုပ်သည်၎င်း ယခုခေတ် ခေါ်ဆိုနေကြသော ဝတ္ထုအင်္ဂါတို့နှင့် မပြည့်စုံသော ပုံဝတ္ထုများဖြစ်၍ ဝတ္ထု၏ ရှေ့ပြေးများဟု ဆိုရပေမည်။ ၁၆ ရာစုနှစ်သည် အင်္ဂလိပ် စာပေလောက၌ ပြဇာတ်ဆရာကြီး ရှိတ်စပီးယား၏ ခေတ်ဖြစ်၍ ပြဇာတ်များ အထူး ခေတ်စား ခဲ့ကြသည်ဟု ဆိုရပေ



www.burmeseclassic.com

www.burmeseclassic.com



မည်။ ကျွန်ုပ်တို့ မြန်မာ စာပေလောက၌လည်း ဦးပုည၊ ဦးကြင်ဥ အစရှိသော ပြဇာတ် ဆရာကြီးတို့၏ ခေတ်တွင် ဝတ္ထုများ မတိုးနိုင်ပဲ ရှိသကဲ့သို့ ဖြစ်၏။ (ဗန်ညန်,ဂျွန်။ ရှိတ်စပီးယား။ ပုည၊ ဦး။ ကြင်ဥ၊ ဦး — လည်းရှု။)

အင်္ဂလိပ် စာပေလောကတွင် ဝတ္ထု၏ ဂုဏ်အင်္ဂါတို့ဖြင့် ပြည့်စုံ၍ ဝတ္ထုဟု ခေါ်လောက်သော စာပေ အရေးအသားမျိုးသည် ၁၇၁၉ ခုနှစ်လောက်ကမှ စတင် ပေါ်ပေါက်ခဲ့လေသည်။ ပဌမဆုံးပေါ်သော စာအုပ်မှာ စာရေးဆရာကြီး ဒန်းနယဲ ဒီဖိုး ရေးသားသော 'ရော်ဗင်ဆန် ကရူးဆိုး' (၁၇၁၉) ဝတ္ထုဖြစ်၏။ (ဒီဖိုး,ဒန်းနယဲလည်း — ရှု။) သို့ရာတွင် ယခုခေတ် ဝတ္ထုမျိုးကား မဟုတ်ချေ။ ထိုဝတ္ထုသည် ခရီးဝေးကွာသော ဒေသ စွန့်စားခန်း အဖြစ်အပျက် ဝတ္ထုသက်သက် ဖြစ်လေသည်။ ဇာတ်လမ်းလည်း မရှိ၊ လူ့သဘာဝ သရုပ်ဖော်မှုလည်းမပါရကား ဝတ္ထုစစ်စစ်ဟုမခေါ်လောက်သော်လည်း ဝတ္ထုမျိုးစေ့ပါပြီဟုကား ဆိုရပေမည်။

၁၇၄ဝ ပြည့်နှစ်ခန့်တွင် အိမ်တွင်းရေး အဖြစ်အပျက်များကို သရုပ်ဖော်ကာ ရေးသားသော ဝတ္ထုများစတင်ပေါ်ခဲ့၏။ ထိုအိမ်တွင်းရေး သရုပ်ဖော် ဝတ္ထုပေါ်ပေါက်လာရပုံကား အကြောင်းအားလျော်စွာ ဖြစ်ခဲ့ရသည်ဟု ဆိုရပေမည်။ ထိုဝတ္ထုကို ရေးသားသူ စာရေးဆရာကြီး ဆယ်မျူယယ် ရစ်ချတ်ဆန်အား စာအုပ်ထုတ်ဝေသူ တဦးက မိတ်ဆွေ သားချင်း၊ အချင်းချင်း စာပေး စာယူ ရေးသားသော နည်းကို လူတို့ ကောင်းစွာ နည်းယူနိုင်ရန်၊ စံပြ စာများ ရေး၍ စုပေါင်း ထုတ်ဝေရန် အကြံပေးရာ ရစ်ချတ်ဆန်က စာသက်သက်ကို ရေး၍ စုပေါင်းကာ တုံးတိတိ ထုတ်ခြင်းထက်၊ ထိုစာအမျိုးမျိုးဖြင့် ဝတ္ထုသွား ဖြစ်အောင် ရေးရလျှင် စာဖတ်သူတို့ ပို၍ စိတ်ဝင်စားဖွယ် ဖြစ်မည်ဟု စိတ်ကူး ရမိသည့်အလျောက် အချစ်ဝတ္ထုလည်း ဖြစ်၍ သင်ခန်းစာလည်း ဖြစ်ရန် 'သီလ၏ အကျိုးကျေးဇူး' (ဝါ) 'ပမ်မီလာ' (၁၇၄ဝ)ခေါ် ဝတ္ထုကို အချင်းချင်း ပေးစာများဖြင့် ဆက်စပ်ကာ ရေးသားခဲ့လေသည်။ ဝတ္ထု၏ ဇာတ်လိုက် ပမ်မီလာကား ထိုခေတ် မိန်းမ စာဖတ် ပရိသတ်၏ အသည်းစွဲ ဖြစ်ခဲ့လေသည်။ ထိုဝတ္ထုနောက် ရစ်ချတ်ဆန်သည် အခြားဝတ္ထုများကို ဆက်၍ ရေးလေသည်။ ထိုနောက် ၁၇၄၉ ခုနှစ်တွင် ဟင်နရီ ဖီးလဒင်းဆိုသူ စာရေးဆရာကြီး ရေးသားသော "တွမ်ဂျုံး" ဝတ္ထုကြီး ပေါ်ခဲ့၏။ (ဖီးလဒင်း,အိပ်—လည်းရှု။) ထိုဝတ္ထုသည် လူ့လောက သဘာဝ အဖွဲ့ကို နိုင်နိုင်နင်းနင်း ဖွဲ့ထားရုံမက အသောအရွှမ်းတို့နှင့် ပြည့်စုံရကား အင်္ဂါအရည်အခြင်းနှင့် ပြည့်စုံသော ခေတ်မှီ ဝတ္ထုဖြစ်၏။ ရစ်ချတ်ဆန်၊ ဖီးလဒင်းတို့နှင့် တခေတ်တည်း ပေါ်ပေါက်ခဲ့သော တိုဗီယတ် စမောလက်နှင့် လောရင့် စတန်း စသော စာရေးဆရာကျော်ကြီးများသည်လည်း ဝတ္ထုလောက တည်ဆောက်ရာတွင် ပါဝင်ခဲ့ကြသူများ ဖြစ်ပေသည်။ သို့ရာတွင် သူတို့၏ ဝတ္ထုများသည် ယခုခေတ်တွင် လူကြိုက်မများတော့ချေ။ ရစ်ချတ်ဆန်တို့ ခေတ်နောက် မကြာမီ ပေါ်ပေါက်လာသော စာရေး ဆရာကြီး အော်လီဗာ ဂိုးစမစ် ရေးခဲ့သည့်'ဗစ်ကား အော့ ဝိတ်ကဖီး' ဝတ္ထုမှာ သားအမိ သားအဖ တစု၏ အိမ်တွင်းရေး အဖြစ်အပျက် အရိုးဆုံးဝတ္ထုဖြစ်သော်လည်း ဇာတ်လမ်းကောင်း၍ လောက သဘာဝကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ဖွဲ့နိုင်ခဲ့သဖြင့် ယခုတိုင် စာဖတ်ပရိသတ်၏ အသည်းစွဲ ဖြစ်နေလေသည်။ (ဂိုးစမစ်, အော်လီဗာ — လည်းရှု။)

၁၈ဝဝ ပြည့်နှစ်ကျော်ခန့်တွင် ရှေးဟောင်းဝတ္ထုများကို လူတို့ စိတ်ဝင်စားလာကြပြန်သည်။ ဆာ ဝေါလတာ စကော့၏ ဝေဗာလီ ခေါ် ရာဇဝင်ဝတ္ထုများမှာ ထိုအခါက ဝတ္ထုလောကကို လွှမ်းမိုးခဲ့လေသည်။ အင်္ဂလန် ပြည်၌သာမက ဥရောပတိုက်သို့ပင် ပျံ့နှံ့ခဲ့လေသည်။ ထိုအချိန်၌ပင် ဝေးလံသော ဒေသများနှင့် ရှေးခေတ်၌ စိတ်မဝင်စားပဲ မိမိ၏ မျက်စိအောက်ရှိ အနီးဆုံး ခေတ်နှင့် လောကကလေးကို ကလောင်ဖြင့် သရုပ်ဖော်နိုင်သော အမျိုးသမီး စာရေးဆရာ ဂျိန်း အော်စတင်သည် အင်္ဂလန်ပြည် တောရွာကလေး တရွာမှ ပေါ်ထွက်ခဲ့လေသည်။ ဂျိန်း အော်စတင်သည် ဝတ္ထုရေးသားရာ၌ သူ့မျက်စိနှင့် တွေ့ကြုံရသော အဖြစ်အပျက်ကို အခြေခံကာ ရေးသား ရကား သူ၏ ဝတ္ထုများသည် သဘာဝ ကျလှသည်။ လောကသဘာဝ လူ့သဘာဝ အဖွဲ့များကိုလည်း နိုင်နင်းစွာ ရေးသားနိုင်ခဲ့သည်။ သူ့ပတ်ဝန်းကျင်၌ ဖြစ်ပျက်သော အဖြစ်အပျက်ကိုပင် ရာဇဝင်ဝတ္ထုကြီးနှင့်တတန်းစားတည်း ထားနိုင်အောင်ရေးသားနိုင်လေသည်။ ထို့ကြောင့် ဂျိန်း အော်စတင်သည် မိန်းမချင်း ပြောသော အတင်း စကားကို စာပေအရာရောက်အောင် လုပ်ခဲ့သည်ဟု ဆိုကြခြင်းဖြစ်၏။ ဂျိန်းအော်စတင်ရေး "အင်မာ" နှင့်'ဂုဏ်နှင့်မာန' ခေါ် ဝတ္ထုများမှာ ဝတ္ထု လောကတွင် စံထားလောက်လေသည်။ (အော်စတင်,ဂျိန်း — လည်းရှု။)

ဆဲ့ကိုးရာစုနှစ်အဝင်လောက်တွင် လူ့လောက၌ ပြောင်းလဲမှု အမျိုးမျိုး ဖြစ်လာသကဲ့သို့ စာပေ လောကတွင်လည်း ဝတ္ထုခေတ်တမျိုး ပြောင်းလဲခဲ့လေသည်။ ခေတ်ဟောင်းမှ စည်းကမ်းများကို တော်လှန်ကာ ခေတ်စမ်းစာပေကို ပြုစုပျိုးထောင်သော စာရေးဆရာ တစု ပေါ်လာလေသည်။ ချား ကင်းစလေး၊ မစ္စစ်ဂတ်စကယ်၊ ချား ရိနှင့် ချား ဒစ်ကင်းတို့သည် စာပေခေတ်ကိုအစ်ဆန်းအောင် ပြောင်းခဲ့ကြသော ခေါင်းဆောင်စာရေးဆရာကြီးများဖြစ်ကြသည်။ (ကင်းစလေး,ချား။ဒစ်ကင်း,ချား — လည်းရှု။) ဒစ်ကင်းကား အောက်တန်းစားလူထုကို သရုပ်ဖော်



www.burmeseclassic.com

www.burmeseclassic.com



ရေးသားသော စာရေးဆရာကြီး ဖြစ်၏။ ဒစ်ကင်း၏ ဝတ္ထုများသည် အလွမ်းအသောစုံလင်၍ သရုပ်ဖော်ရာ၌ ကွင်းကွင်း ကွက်ကွက် ရှိရုံမျှမက ဇာတ်လမ်းမှာလည်း သဘာဝကျလှသဖြင့် အထူးပင် ကျော်ကြားလေသည်။ ဒစ်ကင်းရေးသော "ဒေးဗစ် ကော့ပါးဖီး" ဝတ္ထုသည် သူ၏ငယ်စဉ်က အဖြစ်အပျက်ကို မူတည်ကာ ဇာတ်ဆင်၍ ရေးသားထားသော လောက သဘာဝ လူ့သဘာဝ အဖွဲ့တို့ဖြင့် ပြည့်စုံသော ဝတ္ထုကောင်းတခု ဖြစ်၏။ ၁၉ ရာစုနှစ် အလယ်လောက်က လူ့သဘာဝအဖွဲ့ကို နိုင်နိုင်နင်းနင်း ရေးသားနိုင်သဖြင့် ထင်ရှားသော နာမည်ကျော် စာရေးဆရာကြီးကား ဝီလျံ သက္ကရေး ဖြစ်သည်။ သူ၏ဝတ္ထုများမှာ အထက်တန်းစားလောက သရုပ်ဖော်များ ဖြစ်၏။ လူကုံထံလောက၏အတွင်းရေးများ အနှစ်သာရမရှိပုံများကို ကွက်ကွက် ကွင်းကွင်း ပေါ်လွင်အောင် သရုပ်ဖော်ခဲ့လေသည်။ ဂုဏ်လောက၏ ဝန့်တိုစိတ်ပေါ်မှု မနာလိုမှုများကို ဖော်ပြ၍ ထိုဝန့်တိုမနာလိုမှုများကြောင့် နောက်ဆုံး ဆင်းရဲဒုက္ခတွေ့ရပုံကို သိမ်ဏ်းစာပေါ်အောင် ရေးသား ထားလေသည်။ (သက္ကရေး,ဝီလျံမိတ်ပိ — လည်း ရှု။)

ဒစ်ကင်း၊ သက္ကရေးတို့နှင့်မရှေးမနှောင်းပင် ဂျော့ အီးလီယော့ ဟူသော ယောကျ်ားအမည်ယူကာ ကမ္ဘာကျော်ဝတ္ထုများကိုရေးသားသူ စာရေးဆရာမကြီး မေရီအန်း အီးဗန်း ပေါ်လာလေသည်။ ဒစ်ကင်းနှင့် သက္ကရေးတို့သည် လောကသဘာဝနှင့် လူ့သဘာဝရှိသည့်အနက် လောကသဘာဝကို အဖွဲ့ကောင်းသလောက်၊ ဂျော့ အီးလီယော့သည် လူတို့၏ သဘာဝ စိတ်နေ သဘောထားကို ပို၍ သရုပ်ပေါ်အောင် ရေးသားနိုင်သူ ဖြစ်၏။ ထိုကြောင့်ပင် သူရေးသားသော "မီး အွန် သ ဖလော့" "ဆိုင်းလတ် မာနာ့" စသော ဝတ္ထုများမှာ ယခုတိုင် လူကြိုက် များလျက်ရှိလေသည်။

ဆဲ့ကိုးရာစုနှစ် ကုန်ခါနီးလောက်တွင် စိတ်ဝင်စားဖွယ်ကောင်းသော စွန့်စားခန်းများ ပါသည့် ဝတ္ထုများ ပေါ်လာပြန်သည်။ ဆာ ဝေါလတာ စကော့၏ တပည့်ဖြစ်သူ စာရေးဆရာကြီး ရောဗတ် လူဝီ စတီဗင်ဆန်သည် 'ရတနာသိုက်' နှင့် 'ကစ်ဒနက်' စသော စိတ်ဝင်စားဖွယ် စွန့်စားခန်းဝတ္ထုများဖြင့် နာမည်ကျော်သူဖြစ်၏။ (စတီဗင်ဆန်, ရောဗတ် လူဝီ — လည်း ရှု။) သူကား ပြင်သစ်စာရေးဆရာကြီး ဒျူးမား၏ နည်းကို အတုခိုးသူဖြစ်လေသည်။ လူ့သဘာဝကို ရှင်းရှင်းလင်းလင်း ရေးသား ဖော်ပြနိုင်သဖြင့် စာပေလောကတွင်ထင်ရှားသော စာရေးဆရာကြီး တောမတ် ဟာဒီသည်လည်း ဝိတိုရိယဘုရင်မကြီးလက်ထက် ၂၀ ရာစုနှစ်အစလောက်တွင် ပေါ်ခဲ့လေသည်။ အင်္ဂလန်ပြည် အနောက်တောင်ပိုင်းရှိ သူ၏ နေရင်းနယ်ကလေး ဖြစ်သော ဝက်ဆက် နယ်သူ နယ်သားတို့၏ အကြောင်းကို နိုင်နင်းစွာ ရေးသားခဲ့လေသည်။ (ဟာဒီ, တောမတ် — လည်း ရှု။)

နှစ်ဆယ်ရာစုနှစ်အတွင်း၌ သိပ္ပံပညာသည် တနေ့တခြား ထွန်းကားလာရကား သိပ္ပံပညာဆိုင်ရာ ဝတ္ထုများ ပေါ်ခဲ့လေသည်။ သိပ္ပံပညာ၏ ဆန်းကြယ်ပုံ၊ အမြောက်ကြီးများပစ်၍ လပေါ်သို့အရောက် သွားသူများ အကြောင်း စသည်တို့ကို ဝတ္ထု အရေးအသားမျိုးဖြင့် စာရေးဆရာကြီး အိပ်၊ ဂျီ၊ ဝဲက ရေးသားထားလေသည်။ ထိုမျှသာမက ဆရာကြီး အိပ်၊ ဂျီ၊ ဝဲသည် ကိုယ်တိုင်ကပင် ဆင်းရဲသားဘဝမှ တက်လာရသူဖြစ်ရကား ပေါင်းသင်း ဆက်ဆံရေးဝတ္ထုဟု ခေါ်လောက်သော လူတို့၏ အဆင့်အတန်းမြှင့်တင်မှု ပြုပြင်ရေး ဝတ္ထုကြီးများကို ရေးသားလေသည်။ (ဝဲ,အိပ်ဂျီ — လည်း ရှု။) ဝဲနှင့် တခေတ်တည်းပေါ်သော စာရေးဆရာကြီး အာနိုဗင်းနက်သည် သူ၏ဝတ္ထုများကို ရေးသားရာ၌ သေးနုပ်သည့်အရာဝတ္ထုကိုပင် တိကျသေချာစွာ ရေးသားနိုင်မှုကြောင့် ကျော်ကြားခဲ့၏။ အထူးသဖြင့် ပြင်သစ်ဝတ္ထုများမှ နည်းယူသည်ကို တွေ့ရလေသည်။ (ဗင်းနက်,အာနို — လည်း ရှု။)

စစ်ပြီး ခေတ်တွင် ဝတ္ထုလောက၌ အလွန်နာမည်ကြီးလာသူကား ဝတ္ထုရေးဆရာကြီး ဂရေဟမ် ဂရင်း ဆိုသူဖြစ်၏။ ဂရင်း၏ဝတ္ထုများတွင် ခေတ်ကြီးသည် သိပ္ပံပညာကိုယုံကြည် အားကိုးသောစိတ် ပိုကဲလာရာ ဘုရားကိုပင် ယုံကြည်မှုလျော့သွားပုံကို ကွက်ကွက်ကွင်းကွင်း ပေါ်အောင် ရေးသားခဲ့လေသည်။ အယူဝါဒဆိုင်ရာ၌ လစ်ဟင်းမှုများကို ဖော်ထုတ်ရေးသားပြီးလျှင် မည်သို့ပင် အေးငြိမ်းသည့်အခါ၌ အယူဝါဒကို ပေါ့ပေါ့တန်တန် ထားသော်လည်း ဆင်းရဲ ဒုက္ခနှင့် ကြုံသောအခါ ဘုရားကိုပင် အားကိုးကြသည်ချည်း ဖြစ်ကြောင်းဖြင့် လူ့လောကသဘာဝကို ဖွင့်၍ ရေးသားခဲ့လေသည်။

အင်္ဂလိပ်စာပေလောကတွင် ကာလပေါ်ဝတ္ထုမျိုး ထင်ပေါ်ခေတ်စားခဲ့သည်မှာ နှစ်ပေါင်း ၂၀၀ နီးပါးခန့် ရှိပြီးဖြစ်သော်လည်း မြန်မာစာပေနယ်ထဲတွင် ကာလပေါ်ဝတ္ထုအရေးအသားမျိုး ပေါ်လာသည်မှာ နှစ်ပေါင်း ၇၀ နီးပါးခန့်သာ ရှိသေးသည် ဟု ဆိုရပေမည်။ ၁၉၀၂ ခုနှစ်နှင့် ၁၉၀၄ ခုနှစ်က အနောက်နိုင်ငံမှ ကာလပေါ် ဝတ္ထုနှစ်ပုဒ်ဖြစ်သော ရော်ဗင်ဆန် ကရူးဆိုးနှင့် ကောင့် အော့ မွန်တီကရစ်စတိုဝတ္ထုများကို ဦးဘိုးဇော်နှင့် ဂျိမ်းလှကျော် ဆိုသူတို့က အသီးအသီး ဘာသာပြန်ဆို၍၎င်း၊ မှီငြမ်းပြု၍၎င်း ရေးသားရာမှ အစ ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်၏။ အမှန်အားဖြင့် မြန်မာ စာပေ သမိုင်းတွင် ဘုရားဟောနိပါတ်ဝတ္ထုများကို မှီငြမ်းမပြုပဲ စိတ်ကူးဉာဏ် သက်သက်

www.burmeseclassic.com



နှင့် ရေးသားခဲ့သော ဝတ္ထုမျိုးသည် အလောင်းမင်းတရားကြီးခေတ်က ပေါ်ပေါက် ခဲ့ဘူးလေပြီ။ ထိုဝတ္ထုမှာ ရွှေတောင် သီဟသူ ရေးသားသော "ရတနာကြေးမုံ"ဝတ္ထုဖြစ်၏။ သို့ရာတွင် ထိုရတနာကြေးမုံဝတ္ထုကို နှစ်ပေါင်းများစွာ အမွေဆက်ခံမည့် ဝတ္ထုများ စာပေသမိုင်း၌ မပေါ်ခဲ့ပဲ အထီးတည်းဖြစ်ခဲ့လေသည်။ ရော်ဗင်ဆန် ကရူးဆိုးနှင့် ကောင့် အော့ မွန်တီကရစ်စတို ဝတ္ထုများကို ဘာသာပြန်၍ရင်း၊ မှီငြမ်းပြု၍ရင်း ထုတ်လိုက်သည့် အချိန်မှစ၍သာ ဝတ္ထုခေတ် ဖွံ့ဖြိုးလာခဲ့လေသည်။ ထိုဝတ္ထုနှစ်ပုဒ် ပေါ်ခဲ့ပြီးနောက် ဆက်၍ ပေါ်လာသော ဝတ္ထုများကား ဦးလတ်၏ စံပယ်ပင်ဝတ္ထု၊ ရွှေပြည်စိုး ဝတ္ထု၊ တနန်းပျော်၊ ရင်သွေးတော်ဝတ္ထု၊ မစ္စတာမောင်မှိုင်း အမည်ခံ ဆရာကြီး ဦးလွန်း ရေးသားသော မှာတော်ပုံဝတ္ထုကြီးများ၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး ရေးသားသော ရာဇဝင်ဝတ္ထုများ၊ ပီမိုးနင်း အစရှိသော ခေတ်စာရေးဆရာတို့ ရေးသားသော ကာလပေါ်ဝတ္ထုများ အဆက်မပြတ် ထွက်ခဲ့လေသည်။ (မြန်မာ ကာလပေါ်ဝတ္ထုများ။ လွန်း၊ ဦး။ မောင်ကြီး၊ ဦး၊ လယ်တီပဏ္ဍိတ — လည်းရှု။)

အမေရိကန် စာပေ လောက၌လည်း ဝတ္ထု အရေးအသားကို ၁၇၀၀ ပြည့်နှစ်ကျော်မှ သိသိသာသာ အားပေးရေးသားကြသည်ကို တွေ့ရ၏။ အမေရိကန် ဝတ္ထုလောကကို အုတ်မြစ်ချသူကား စာရေးဆရာကြီး ချား ဗရော့ဒင် ဗရောင်းဖြစ်သည်။ သူ၏'အာသာ မာတင်' ခေါ် ဝတ္ထုကြီးသည် ၁၇၀၀ ပြည့်နှစ်လောက်တွင် ထွက်ပေါ်ခဲ့၏။ သို့ရာတွင် စာရေးဆရာကြီး ဗရောင်းကား စရုံသာစခဲ့၍ ဝတ္ထုလောကကြီးကို အမှန်အားဖြင့် မြေတောင် မြှောက်သူမှာ စာရေးဆရာကြီး ဂျိမ်း ဖင်နီမိုး ကူးပါး ဖြစ်၏။ သူ၏ဝတ္ထုများမှာ အင်္ဂလိပ်စာရေးဆရာကြီး ဆာ ဝေါ်လတာ စကော့၏ ဝတ္ထုများနှင့် တူလှသဖြင့် သူ့အား အမေရိကန် စကော့ဟုပင် ခေါ်ကြလေသည်။'သူလျှို'၊ 'သ ပိုင်းလော့' စသော သူ၏ဝတ္ထုများမှာ ကမ္ဘာကျော် ဝတ္ထုကြီးများ ဖြစ်ကြ၏။ ဝတ္ထုအရေးအသားကို အဆန်းထွင်ကာ ရေးသားသူကား 'စကားလက် လက်တာ'၊ 'သဟောက် အော့ သ ဆဲဗင်းဂေဗယ်'ဝတ္ထုများကိုရေးသားသူ စာရေးဆရာကြီး နသန္နီယယ် ဟောသွန်းဖြစ်၏။ (ဟောသွန်း,နသန္နီယယ် — လည်းရှု။) လူ့သဘာဝကိုသေချာစွာ လေ့လာ ရေးသားနိုင်မှုကြောင့် ကျော်ကြားလေသည်။ သူနှင့် ခေတ်ပြိုင် ကျော်ကြားသူကား အမေရိကန်စာပေလောကတွင် ထင်ရှား ကျော်ကြားသော စာအုပ်အနည်းငယ်အနက် တအုပ် အပါအဝင်ဖြစ်သည့်'မော်ဗီဒစ်'ဝတ္ထုကို ရေးသားသူ ဟာမင် မယ်လဗီး ဖြစ်၏။ လောကတွင် တွေ့ကြုံရသော ဆင်းရဲဒုက္ခတို့မှ လူတို့လွတ်အောင် ရုန်းနေရပုံကို ပေါ်အောင် ရေးသားထားလေသည်။

လူ့လောက၏ မကောင်းမှုညစ်ပတ်မှုများကို ဝတ္ထုများ၌ မှတ်တမ်းတင်ကာ သရုပ်ဖော် ရေးသားရာတွင် ပါရဂူဟုခေါ်လောက်သူကား စာရေးဆရာကြီး အပ္ပတန် ဆင်ကလဲယားဖြစ်၏။ (ဆင်ကလဲယား,အပ္ပတန်ဗီးလ — လည်းရှု။) ဆင်ကလဲယား လူဝစ် ဆိုသူ စာရေးဆရာကြီးကား လူ့လောကကို သရော်သော ဝတ္ထုများကို ရေးခဲ့လေသည်။ 'ရှိုးဗုတ်' ခေါ် ကမ္ဘာကျော် ဝတ္ထုကြီးကို ရေးသားခဲ့သူ အက်ဒနာ ဖာဗာသည်လည်း အမေရိကန်ခေတ်ဝတ္ထုရေးဆရာများတွင် အကောင်းဆုံး ဝတ္ထုရေး ဆရာကြီးပင် ဖြစ်၏။လူ့လောကကို သရော်သော ဟာသဝတ္ထုများရေးသားရာ၌ အထူးကျော်ကြားသော စာရေးဆရာကြီး မတ်တွိန်းသည်လည်း ကမ္ဘာကျော် အမေရိကန် ဝတ္ထုရေးဆရာကြီးဖြစ်လေသည်။ (တွိန်း,မတ် — လည်းရှု။)

အင်္ဂလိပ်၊ အမေရိကန်နှင့် မြန်မာဝတ္ထုလောကကို လေ့လာပြီးနောက် ဥရောပတိုက်ရှိ ထင်ရှားသော တိုင်းပြည်ကြီးများ၏ ဝတ္ထုလောကကို လေ့လာသော် စပိန်စာပေလောကတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ကျော်ခန့်က ထင်ရှားခဲ့သော သာဗင်တေး (စာဗင်တီး)၏ လက်ရာကို ကျော်လွန်နိုင်သော ဝတ္ထုရေးဆရာ ဟူ၍ မရှိသလောက်ဖြစ်လေသည်။ ယခုခေတ် စပိန် စာပေလောက တွင်သာမဟုတ် ကမ္ဘာ့စာပေလောက၌ ကျော်ကြားသော စပိန်ဝတ္ထုရေးဆရာကြီးများမှာ ဖာနန် ကာဗလျေးရိုး၊ ပေးထရို အန်တိုနီယို သေ အလာကွန်၊ ပရေးထား၊ ဂါလဒိုးနှင့် ဗလက်စကိုး အီဗာနေ့ တို့ ဖြစ်ကြ၏။

နော်ဝေးနှင့် ဆွီဒင်နိုင်ငံတို့တွင် ဗျန်းဆန်း၏ နော်ဝေးနိုင်ငံကို နောက်ခံထားသော ဝတ္ထုများ၊ ဆယ်မာ လာဂါလော့၏ ဆွီဒင်နိုင်ငံ ရှေးဟောင်းသမိုင်းများကို အခြေပြုသော ဝတ္ထုများနှင့် ယိုဟန်း ဗွအာနှင့် နွတ် ဟန်းဆွန်တို့၏ လောက သဘာဝ သရုပ်ဖော် ဝတ္ထုများသည် ကမ္ဘာ့ဝတ္ထုလောကတွင် အထူးပင်ကျော်ကြားခဲ့၏။ (ဗျန်းဆန်း,ဗျန်စတျာနေ။ လာဂါလော့,ဆယ်လမာ — လည်းရှု။)

ပိုလန်နိုင်ငံသား စာရေးဆရာကြီး ဟင်နရစ် ရှင်ကျီဗစ်၏ ရာဇဝင်ဝတ္ထုများမှာ ပိုလန်နိုင်ငံ၏ ဆင်းရဲဒုက္ခများကို ကွင်းကွင်း ကွက်ကွက် ပေါ်အောင် သရုပ်ဖော် ရေးသားထားပုံတွင် အထူး ကောင်းမွန်လှ၏။ ရောမနိုင်ငံ နီးရိုးဘုရင် လက်ထက်၌ ဖြစ်ပျက်သော အဖြစ်အပျက်များကို နောက်ခံထား၍ ရေးသားသော 'ကူ ဗာဒီ' ဝတ္ထုကား ထိုဆရာကြီး၏ လက်စွမ်းပြဝတ္ထု ဖြစ်သည်။ ၁၇ ရာစုနှစ်လောက်က ဂျာမနီနိုင်ငံတွင် အထူးကျော်ကြားသော စာရေးဆရာကြီး ဂါတာသည် လူတို့၏စိတ်ကို အလွန်ထိလှိုက်သည့် ဝတ္ထုများရေးသားခဲ့သဖြင့် ကျော်ကြားခဲ့၏။ 'ဗာတာ၏ အဆွေး'ခေါ် ဝတ္ထုသည်ရင်း၊ မိမိ၏ အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



မှန်ကို မူတည်၍ ရေးသားသော 'ဝီလဟမ်း မိုင်စတား' သည်ရင်း သူ၏ကမ္ဘာကျော်ဝတ္ထုများ ဖြစ်လေသည်။ (ဂါတာ — လည်း ရှု။)

၁၉၂၄ ခုနှစ်က ထွက်ပေါ်လာသော လူလောကသရုပ်ဖော်သည့် ကမ္ဘာကျော်ဝတ္ထုကြီးကို ရေးသားသူ စာရေးဆရာကြီး တောမတ် မန်းသည်လည်း ဂျာမန်ခေတ်ဝတ္ထုရေးဆရာတို့တွင် အထူးကျော်ကြားသူဖြစ်၏။ ဣတာလျံစာပေလောက၌ကား ဝတ္ထုအရေးအသား ပေါ်ခဲ့သည်မှာ အင်္ဂလိပ်ဝတ္ထုတို့ထက် ဦးသည်ဟုဆိုရပေမည်။ နိုဗယ်လာခေါ် ပုံပြင်ဆန်သော ဝတ္ထုကလေးများမှ အတုခိုးကာ သူတို့၏ ဝတ္ထုများကို နိုဗယ်လာဟု ခေါ်ကြလေသည်။ ဣတာလျံစာပေလောက ဝတ္ထုရေးဆရာတို့တွင် ကမ္ဘာကျော်အောင် ထင်ရှားခဲ့သူများကား ဂေးဗရီးယယ် ဒွန်နွမ်းရှိုး၊ မာဘီလဒါ ဆီရာအိုတို့ဖြစ်ကြ၏။

ပြင်သစ် နိုင်ငံ၌ကား ၁၉ ရာစုနှစ် အစလောက်ကမှ စိတ်ကူးဖြင့် ဇာတ်လမ်းဆင်ကာ ရေးသားသော ဝတ္ထုများပေါ်ခဲ့၏။ ၁၉ ရာစုနှစ်အတွင်းက အင်္ဂလိပ် စာပေလောကတွင် အလွန် ကျော်ကြားသော ရာဇဝင်ဝတ္ထုရေးဆရာကြီး ဆာ ဝေါ်လတာ စကော့ကို အားကျကာ ပြင်သစ်စာရေးဆရာကြီး ဗစ်တာ ဟျူးဂိုးနှင့် အယ်လက်ဇန္ဒာ ဒျူးမားတို့သည် ရာဇဝင် နောက်ခံသောဝတ္ထုများမှအစ ဝတ္ထုမျိုးစုံကိုရေးခဲ့ကြ၏။ (ဟျူးဂိုး, ဗစ်တာ။ဒျူးမား,အယ်လက်ဇန္ဒာ — လည်း ရှု။) စာရေးဆရာကြီး ဖလိုဗဲယား၏ 'မဒမ် ဗိုဗာရီ' ဝတ္ထုသည် အလွန်သဘာဝကျသော ဝတ္ထုကြီးဖြစ်သည်။ ၁၉ ရာစုနှစ် အစလောက်က ထွန်းကားသော ပြင်သစ် ဝတ္ထုရေးဆရာကြီးတို့တွင် အထူး ထင်ရှားသူကား စာရေးဆရာကြီး ဗောလဇက်ဖြစ်၏။ ဗောလဇက်သည် မျက်မြင်ကိုယ်တွေ့များနှင့် အစစ အရာရာ တကယ်တမ်းဖြစ်နိုင်၍ သဘာဝကျသော အဖြစ်အပျက်များကိုသာ အခြေပြု၍ ရေးသားသင့်သည်ဟု ထင်မြင် ယူဆသည့်အတိုင်း ရေးသားခဲ့သည်။ ကမ္ဘာ့စာပေလောကတွင် အထူးကျော်ကြားသော ပြင်သစ် စာရေးဆရာကြီး အေမီး ဇိုလာသည် လူစိတ်သဘာဝကို စေ့စေ့စပ်စပ် လေ့လာကာ လူလောက၏မတရားမှုများကို သူ၏ ဝတ္ထုများတွင် သဘာဝကျကျ ဖော်ထုတ် ရေးသားနိုင်သူဖြစ်၏။ (ဇိုလာ,အေမီး — လည်း ရှု။) ပြင်သစ်လူမျိုးတို့ မြော်မှန်းသည့် မြင့်မြတ်သော စိတ်ကူးတို့ကို ရိုးမန်း ရိုးလန်း ရေးသော 'ဇန်း ခရစ္စတိုဖီ' ခေါ် ဝတ္ထု၌ အတည့်အလင်း ဖော်ပြခဲ့လေသည်။ ထိုဝတ္ထုများမှာ စာရေးသူ၏ အဖြစ်အပျက် ပေါ်တွင် မူတည်ထားရကား၊ ပဌမ ကမ္ဘာစစ်မဖြစ်မီ ဥရောပတိုက် အခြေအနေကို ဖော်ပြထားလေသည်။

ရုရှ စာပေလောကကို လေ့လာသော် ဝတ္ထုအရေးအသားသည် ၁၈၀၀ ပြည့်နှစ် ကျော်ခန့်က အဆင့်အတန်းမှီသော ဝတ္ထုများ ပေါ်လာသည်ဟု ဆိုရပေမည်။ သို့ရာတွင် အစ နှောင်းသော်လည်း ရုရှ ဝတ္ထုရေးဆရာများ၏ လူသဘာဝ၊ လောက သဘာဝ စသည်တို့ကို နက်နက်နဲနဲ တွေး၍ သရုပ်ဖော်ကာ ရေးသားမှုကြောင့် ယခု အခါ အတိုင်းတိုင်း အပြည်ပြည်မှ ဝတ္ထုအဆင့်အတန်းကို မှီရုံသာမက လွှမ်းမိုး၍ပင် နေပြီ ဟုဆိုရပေမည်။ စာရေးဆရာကြီး ဂိုဂါး၏ ပြင်းထန်သော ဝတ္ထုများသည် ခေတ်ရုရှစာပေကို အုတ်မြစ် ချခဲ့လေသည်။ (ဂိုဂါး, အင်ဗွီ — လည်း ရှု။) ၁၉ ရာစုနှစ်လောက်က ကျော်ကြားခဲ့သော ရုရှစာရေးဆရာကြီး တူရဂေနျက်၏ ဝတ္ထုများသည် သိမ်မွေ့နက်နဲ၍ လူတို့၏စိတ်ကို ထိခိုက်အောင် ကောင်းမွန်လှ၏။ (တူရဂေနျက်,အိုင်ဗန် — လည်း ရှု)။ တူရဂေနျက်နှင့် တခေတ်တည်းပေါ်သော စာရေးဆရာကြီး ဒတ်စတာ့ယေးဖစကီကား စိတ်ပညာတွင် ပါရဂူဟုပင် ခေါ်လောက်အောင် လူသဘာဝ အဖွဲ့တွင် နိုင်သူဖြစ်၏။ (ဒတ်စတာ့ယေးဖစကီ, အက်(ဖ)၊ အမ် — လည်း ရှု။) ကမ္ဘာကျော် ရုရှစာရေးဆရာကြီး တော်စတွိုင်ကား ဗဟုသုတ စွယ်စုံသူ ဖြစ်သည့်အလျောက် သူ၏ ဝတ္ထုများမှာ ကမ္ဘာ့ စာပေလောကကြီးတွင် ထင်ရှား ကျော်ကြား လေသည်။ (တော်စတွိုင်, ကောင့်လီယို — လည်း ရှု။)

၁၉၀၀ ပြည့်နှစ် ကျော်လာသောအခါ ကမ္ဘာ့ဝတ္ထုလောက တခုလုံးကို ခြုံကြည့်သော် ထူးခြား တိုးတက်ဖြစ်ပေါ်မှု နှစ်ခုကို တွေ့ရပေမည်။ လူတို့၏ စိတ်ဓာတ်ကို လေ့လာ၍ ရေးသားသော စိတ်ပညာဆိုင်ရာ ဝတ္ထုများနှင့် စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ ဝတ္ထုများ ခေတ်စားလျက်ရှိခြင်းပင်ဖြစ်၏။

**ဝန်။** ။မြန်မာမင်းလက်ထက်က ရာဇဌာနီ မင်းနေပြည်တွင် ဆိုင်ရာအုပ်ချုပ်ထိန်းသိမ်းမှုများမှ တာဝန်ခံအကြီးအမှူး ပြုလုပ်ဆောင်ရွက်ရသူများကို ဝန် ဟူသော အစုတွင် ထည့်သွင်းလေသည်။ ဝန်စုရမျာ းသည် များသောအားဖြင့် နိုင်ငံအုပ်ချုပ်မှုတွင် မပါ၊ ဆိုင်ရာ အုပ်ချုပ်မှု ဝန်စုတွင်သာ သာယာငြိမ်ဝပ်အောင် ဆောင်ရွက် ရသော ပုဂ္ဂိုလ်များဖြစ်သည်။

ဝန်စုရ များတွင် ဝါရင့်မှသာ ဘွဲ့မည် ရွာစား မြို့စားဖြစ်ရသည်။ ရွာစား မြို့စားဖြစ်မှသာ နေရာငါးသွယ်တွင် နေရလေ့ရှိသည်။ ဘွဲ့မည် မြို့စား ရွာစားမှာလည်း သာမညနှင့် ရလေ့ရှိသည်မဟုတ်။ နှလုံးရည် ဖက်က ဝန်စုရဖြစ်လျှင် နှလုံးရည် ဖက်တွင် ထက်မြက် ထူးခြား ထင်ရှားစွာ ဂုဏ်ထူးရမှ ဖြစ်သည်။ လက်ရုံးရည် ဖက်ကဖြစ်လျှင် လက်ရုံးရည်ဖက်က ထက်မြက် ထင်ရှား တပဲ့သာ



www.burmeseclassic.com

www.burmeseclassic.com



လမ်း အမှုထမ်းကောင်းမှ အကြောင်းအားလျော်စွာ တွဲမည် ရွာစား မြို့စား ဖြစ်လေ့ရှိသည်။

ဝန်စုရများ၏ စားကွက် စားလမ်းသည် ရွာစား မြို့စား မရသေးလျှင် အုပ်ထိန်းရသူများထံမှ ထုံးစံ အတိုင်း ရမြဲ စားကွက် စားလမ်းများက ရတန် သမျှနှင့် မျှတစွာ စားရသည်။ ရွာစား မြို့စားရသည့်အခါ ရွာကြီး၊ ရွာလတ်၊ မြို့ကြီး၊ မြို့ငယ်အလိုက် ထိုက်သင့်ရာရသည်။ ဤဓလေ့ကား လစာရန်ပုံစံနစ် မပေါ်မီ ရှည်မြင့်စွာအခါက မြန်မာတို့၏ ထုံးစံ နိုင်ငံဓလေ့ပင် ဖြစ်သည်။ သသာမေဓ အခွန်တော် ပေါ်ပြီးနောက် တအိမ်လျှင် တဆယ်နှုန်း ငွေတော်ခွဲသည်မှစ၍ ဝန်တို့အား လစာရန်ပုံပေးသည်။

ဝန်စုရ ဖြစ်ရုံဖြင့် ပြန်တမ်းကြီးခံစားခွင့် ရကြသည် မဟုတ်ချေ။ ပြန်တမ်းကြီး ခံစားခွင့်ရသော ဝန်စုရများသည် သာမန် ဝန်စုရများထက် အထက်တန်း ကျသဖြင့် ကြီးမြင့်သည်။ (လွှတ်တော် — လည်းရှု။)

ဝန်စုများတွင် ပြန်တမ်းကြီးခံ ဝန်စုနှင့် ပြန်တမ်းရိုးခံ ဝန်စုဟူ၍ နှစ်မျိုးခွဲနိုင်သည်။

ကုန်းဘောင်မင်း ၁၁ ဆက်တွင် ပြန်တမ်းကြီး ခံခွင့် ရသောဝန်စုမှာ —

(၁) ဆင်ဝန် —
(၂) ဆင်မင်းဝန် —
(၃) ရွှေပြည်တန် မြင်း ဝန်နှင့်အလားတူ မြင်းဝန်များ။ — } (ကုန်းကြောင်းစစ်ဖက်ဌာန။)
(၄) ဖောင်ဝန် — (ရေကြောင်းဌာန။)
(၅) ရွှေတိုက်ဝန်
(၆) ကျီဝန် } (ပစ္စည်းများ၊ အမှတ်အသားများကိုစောင့်ရှောက်ထိန်းသိမ်းရသည်။)
(၇) ခင်မမင်းဝန်— (မိဖုရားကြီး ဝေပုံပါ မြို့ရွာအစု အ ငန်းနှင့် စပ်ဆိုင်သည်။)

တို့ ဖြစ်ကြသည်။

ရှေးအခါက အင်းဝ ညောင်ရမ်း ၁၀ ဆက် မင်းတို့လက်ထက်တွင် အမှေ့ဝန်၊ မဟာဒါန်ဝန်၊ ရဲလှေဝန်၊ ကုလားဝန်၊ နန်းကံကျေးဝန်များလည်း ပြန်တမ်းကြီး ခံရသည်ကို အမိန့်တော် ပြန်တမ်း စာကိုယ် အမှတ်အသားများ၌ ထင်ရှားစွာ တွေ့မြင်ရလျက်ရှိသည်။

ပြန်တမ်းကြီး ခံရသည့်အခါ ဘုရင်မင်းမြတ်၏ ဝန်ခန့် ပြန်တမ်းဖြင့် ခန့်ထားခံရသည်။ ပြန်တမ်း စာကိုယ် ပုံစံတခုကို အောက်တွင် ဖော်ပြအပ်ပါသည်။

### ရွှေတိုက်ဝန်ခန့် ပြန်တမ်း

"ဘုန်းတော်ချီ မြဲ၊ လ။ ။ရွှေတိုက်ဝန်ဆိုသည် အရှင် ဒေါ အရှင် ကေရာဇ် မင်းမြတ်တို့တွင် ရာဇဌာနီ ရွှေပြည်တော်ကြီး အခြံအရံများသော တိုင်းနိုင်ငံ သဘောဆိပ်များက ဘိုးတော် ခွန်တော် အနဂ္ဃရွှေငွေ အုပ်မျိုးထည်မျိုးမှစ၍ များသော စီးပွားတော် ဘဏ္ဍာတော်ကို နေ့စဉ်လစဉ် ရွှေဖဝါးတော်မြတ်အောက်၊ မပြတ်ဆိုင်ရာ တိုက်တော် ကြတော်များမှာ ဆက်သွင်းရသည်။ နေ့စဉ် လစဉ်မပြတ် သုံးဆောင်သည့် အရာများသည်လည်း ရှိသည်။ သို့သွင်းသည်။ သို့သုံးသည်။ အဖိုးထိုက်ရသည်။ အကောင်း အလတ် အညံ့ဖြစ်သည်။ မထွေး မရှက် ခြားနားသိသာ သေချာအောင် မပြတ် ကြည့်ရှုရမည်။ ရွှေတိုက်တော်မှစ၍ အရပ်ရပ် တိုက်တော် ကြတော်များမှာလည်း အရပ်ရပ်သွင်းသည်။ သုံးသည်။ ဘဏ္ဍာတော် အချိန် အရေအတွက် မည်မျှရှိသည်များကိုလည်း စာရင်းပေးယင်း သေချာအောင် တိုက်စိုး တိုက်စာရေး တို့ကို မပြတ် ဆင့်ဆို၍ မှတ်သားစေ။ သော့ဖနောက်ကို သေချာအောင် ထိန်းထားစေ။ တိုက်တော် ကြတော် မည်သို့သွင်းသည်။ သုံးသည်ကိုလည်း နေ့ရက်စွဲမှတ်၍ တိုက်စိုးတို့ကို စာရင်းပေးစေ။ အလုပ်တော်၊ အဆောင်တော်၊ ကျောက် ရွှေ ငွေ ကုန်ရှိလျှင်လည်း စာရင်းနှင့် ရွှေတိုက်ဝန်က ဆက်မြဲဆက်၊ တိုက်စိုး၊ တိုက်စာရေး အဝန်း ငယ်သားတို့သည် ဆိုင်ရာတိုက်တော်များတွင် ညဥ့်နေ့ စောင့်နေစေ။ ဘိုးတော် ခွန်တော် သွင်းတို့တွင် ရှေးထုံးစံ ရှိသည်အတိုင်း ရွှေတိုက်ဝန်၊ ရွှေတိုက်ကြပ်၊ ရွှေတိုက်စာရေး သဒ္ဒေးတို့မှာ ဆိုင်ရာ ပေးယူစေ။ အချိန်ကျူးလျှင် အတွင်းဝန်တို့မှာ အစီရင်ခံ၍ အတွင်းတော်မြဲတို့နှင့် သွင်းပိတ် သုံးဆောင်စေ။ အလုံးစုံကို သတိဝိရိယ ပြု၍ မယို မယွင်း မလစ်ဟင်းရ ဖြောင့်မတ် မှန်ကန်စွာ နှိုးဆော်စီရင်။"

ယင်းသို့ ဧကရာဇ်မင်းမြတ်၏ ပြန်တမ်းကြီး ထုတ်ပြန်ခံရမှ ဝန်တို့သည် ပြန်တမ်းကြီးခံ ဝန်အစုရသည်။

ပြန်တမ်းရိုးခံ ဝန်စုရများတွင် (၁) အဝေးကျီဝန်၊ (၂) အုတ်ဝန်၊ (၃) နန်းကံကျေးဝန်၊ (၄) မြေနန်းဝန်၊ (၅) ရွှေနန်းရိုး လမိုင်းဝန်၊ (၆) သံချက်ဝန်၊ (၇) ဖန်ချက်ဝန်၊ (၈) စက်ဝန်၊ (၉) ပန်းဘဲဝန်၊ (၁၀) အနီးလက်နက်တိုက်ဝန်၊ (၁၁)အဝေးလက်နက်တိုက်ဝန်၊ (၁၂)နိုင်ငံတော်ဆိုင်ရာလယ်ဝန်၊ (၁၃) အဝေးမြို့ဆိုင်ရာ လယ်ဝန်၊ (၁၄) ဝတ်မြေဝန်၊ (၁၅) နိုင်ငံတော်ဆိုင်ရာ အခွန်ဝန်၊ (၁၆) အဝေးမြို့ဆိုင်ရာအခွန်ဝန်၊ (၁၇)ရွှေခွန်ဝန်၊ (၁၈)ငွေခွန်ဝန်၊ (၁၉) ယွန်းစုဝန်၊ (၂၀) စို့၊ (၂၁) ဒိုင်းဝန်၊ (၂၂)မြေစွန်းဝန်၊ (၂၃)ကောင်းဟန်ဝန်၊ (၂၄)အရွတ်စန်၊ (၂၅) လမိုင်းမြင်းဝန်၊ (၂၆) အောင်ပင်လယ် လမိုင်းဝန်၊ (၂၇) သူရဲဝန်၊ (၂၈) အောက်မားဝန်၊ (၂၉) နက်

www.burmeseclassic.com



ပလာဝန်၊ (၃၀) စီးတော်မြင်းဝန်၊ (၃၁) အမွေ့ဝန်၊ (၃၂) အကောက်ဝန်၊ (၃၃) ဒေးဝန်၊(၃၄) အကောက်ဝန်၊(၃၅) စားတော်ဝန်၊ (၃၆) ရေကြည်ဝန်၊ (၃၇)တံဆိပ်ဝန်၊(၃၈) တရုပ်ဝန်၊ (၃၉) ကုလားဝန်၊ (၄၀) ယိုးဒယားဝန်၊ (၄၁) ကသည်းဝန်၊ (၄၂) ပုဏ္ဏားဝန်၊ (၄၃) ဆတ္တာဝန်တို့ ဖြစ်လေသည်။

အမှတ် ၁ မှ ၃၇ အထိ ဝန်တို့ကို များသောအားဖြင့် မြန်မာများအားသာ ခန့်လေ့ရှိသော်လည်း အမှတ် ၃၈ မှ ၄၃ အထိ ဝန်တို့ကိုမူ ဆိုင်ရာ လူမျိုးအား ခန့်ထားလေ့ရှိသည်။

အထက်ပါ ဝန်စုများ အနက် ယွန်းစုဝန် ဆိုသည်မှာ ဇင်းမယ်ပါ လူစုကို လက်နက်ကိုင်ဖွဲ့သော အစု ဖြစ်သည်။ ကောင်းဟန်ဝန် ဆိုသည်မှာ ရှမ်းလူမျိုးကို လက်နက်ကိုင်ဖွဲ့သောအစုဖြစ်သည်။ မြေစွန်းဝန် ဆိုသည်မှာ တိုက်ဖွဲ့ရာ မပါမဝင် လစ်ဟင်းကြွင်းကျန်သော နောက်မှ ဖြစ်ထွန်းသည့် အစွန်းအစ မြို့ရွာနယ်ပယ်များကို စုစည်းလုံးပေါင်း ခန့်ထားသည့် ဝန်ကို ဆိုလိုသည်။ ပင်လယ် မြစ်ချောင်းများကို အမှီပြု၍ မြေစွန်းနယ်များ မကြာမကြာ ပြောင်းလဲတတ်သည်။ လမိုင်းပါသောဝန်များသည် လယ်လုပ်သားများကို အခြေခံပြု၍ အမှုထမ်းဖွဲ့သော ဝန်များဖြစ်သည်။ အရွှတ်ဝန်ဟူသည်ကား သွေးမစွမ်းသူ အနူ ၁၈ မျိုးနှင့် ရွှေတိုက်စပ်မှ တပါး အခြား စဏ္ဍာလ လေးစို့၊ အမှုထမ်း၊ ပျဉ်လုပ်စပ် အမှုထမ်းတို့ကို အုပ်ချုပ်သူ ဖြစ်သည်။ အမွေ့ဝန်သည် ဓမ္မသတ်တတ်ရသည်။ အမွေပြတ်သင့် ဆက်သင့် ဆုံးဖြတ်ရသည်။ ယခုအခါ အမွေထိန်းစာ ပေးရသူများနှင့် အလားတူသည်။ အောက်မားဝန်မူကား အောက်မားဆင်အစု အမှုထမ်းများကို အုပ်ချုပ်ရသည်။ ဓနက်ပလာဝန်ကမူ ဆင်ကိုကြိုးဖြင့် ကြော့ဖမ်းသော အမှုထမ်းစုကို အုပ်ချုပ်ရသည်။

ဖော်ပြပါ ပြန်တမ်းကြီးခံ၊ ပြန်တမ်းရိုးခံ ဝန်စုများအပြင် သေနတ်ဝန်ဟူ၍လည်း သီးခြားရှိသေးသည်။ သေနတ်ဝန်ရာထူးမှာ အရာကြီးသော်လည်း သီးခြား မခန့်ပဲ ဝန်ကြီးအရာနှင့် တွဲဖက် ခန့်ထားလေ့ရှိသည်။ ရွှေပြည်သေနတ်အစု ရှိသမျှကို ဆင့်ဆိုအုပ်ချုပ်ရသည်။ ရွှေပြည်သေနတ်ဝန်ကို ရွှေပြည်ဝန်ဟု အလွယ် ခေါ်သော်လည်း ရွှေမြို့တော်ဝန်များနှင့် တခြားစီဖြစ်သည်။ သေနတ်ဝန်ကို သီးခြားခန့်သည့်အခါ ပြန်တမ်းကြီးခံရသည်။

ပြန်တမ်းကြီး မခံရသော အခြား ဝန်စုများမှာလည်း ဆိုင်ရာ ဌာနများကို အုပ်ချုပ်ရန် မှတ်စာ စကားချက်အရ သက်ဆိုင်ရာကို လိုက်နာအုပ်ချုပ်ရသည်။ အုပ်ချုပ်ရာပါ ဌာနက ငယ်သားများကို ဆင့်ဆိုအုပ်ထိန်းရန်၊ စီမံရန်၊ စောင့်ရှောက်ရန် တာဝန် အသီးအသီးရှိကြသည်။

ဝန်များသည် ငယ်သားများ တရားစကား များလျှင် ကြီးသည်အမှုငယ်အောင်၊ ငယ်သည်အမှု ပပျောက်အောင် ဆုံးမစီရင်ရသည်။ ရုံးသီးခြား ဆောက်ထားခြင်း မရှိသော အရာရှိများသည် ဆိုင်ရာ မှုခင်းကိစ္စ တရားဆုံးဖြတ်ရန် ထိုအရာရှိ၏ အိမ်ဦးတွင်ပင် စီရင် ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။ အိမ်တွင်လည်း အိမ်ဦးဝန် စာရေးကြီးများ ထားမြဲရှိသည်။ တရား ရာဇဝတ်မှု ဆုံးဖြတ်ရန်များသော အရာရှိများသည် အိမ်ဦးခုံခေါ်သော သူများလည်း သီးခြားထားခွင့်ရှိသည်။ ကိုယ်တိုင်လည်း ဆုံးဖြတ်ခွင့်ရှိသည်။

ပြန်တမ်းကြီး ခံရသော ဝန်စုရများမှတပါး အခြား ဝန်စုရများမှာ ဝန်စုရဖြစ်ရုံနှင့် ပွဲတက် အခမ်းအနားတွင် ပါဝင်ခွင့်မရသေးချေ။ နေရာ ရပြန်ပါလည်း နေရာကြီးကို ရောက်ခဲသည်။ နေရာမှာလည်း သာမန်သော ဆိုမြဲအတိုင်း နေရာ ငါးသွယ်ဟူ၍သာ လိုက်နာ ထင်မှတ်ကြသည်။ နေရာ ငါးသွယ်မှတပါး အခြားနေရာများလည်း သီးခြား ထားလျက် ရှိလေသည်။

**ဝန်ဇင်း မင်းရာဇာ။** ။ဘိုးရာဇာ — ရှု။

**ဝန်းသိုစော်ဘွား** (မြန်မာ ၁၂၂၃–၁၃၂၆)။ ။မြန်မာ့လွတ်လပ်ရေးအတွက် ပဌမဆုံး တော်လှန်ရေးသမားတဦး ဖြစ်ခဲ့သူ ဝန်းသိုစော်ဘွား၏ အမည်ရင်းမှာ ဦးအောင်မြတ် ဖြစ်သည်။ ဦးအောင်မြတ်ကို ၁၂၂၃ ခုနှစ် တပို့တွဲလဆန်း ၁၁ ရက် တနင်္ဂနွေနေ့ မွန်းတည့်အချိန်တွင် အဖ မင်းလှသမန္တ ရန်အောင် ဘွဲ့ခံ ဝန်းသိုစစ်ကဲ ဦးရွှေသားနှင့် အမိ ဒေါ်ဒွေးဖြူခေါ် သုဝဏ္ဏကာယဒေဝီတို့မှ ဖွားမြင်သည်။

ငယ်စဉ်က ဝန်းသိုဆရာတော် ဦးဂုဏထံတွင် မိဘများက အပ်နှံ၍ စာပေပညာ သင်ကြားစေခဲ့ရာ စာပေ ကျမ်းဂန်များ တတ်မြောက်၍ သာမဏေဘောင်သို့ ဝင်ခဲ့သည်။ ၁၂၂၈ ခုနှစ် တန်ဆောင်မုန်းလတွင် မောင်အောင်မြတ် အသက် ငါးနှစ် အရွယ်၌ ဖခင်ဖြစ်သူ ဦးရွှေသားအား မဟာဝံသရာဇာ သိုဟ်ဘွား ဟူသောဘွဲ့ကို အပ်နှင်းလျက် ဝန်းသိုစော်ဘွားအဖြစ် တိုးမြှင့် ခန့်အပ်ခြင်း ခံရသည်။ ဦးအောင်မြတ် အရွယ်ရောက်လျှင် သူ၏ ဆန္ဒအတိုင်း ဖခင်ဖြစ်သူ ဝန်းသိုစော်ဘွားကြီး ဦးရွှေသားက ကင်းဝန်မင်းကြီး ဦးကောင်းထံတွင် အပ်နှံ၍ ထီးသုံး နန်းသုံး တရားဥပဒေ ပညာရပ်များနှင့် တကွ အုပ်ချုပ်မှု ရေးရာများကို သင်ကြားစေသည်။ သီပေါမင်းတရား ထံတွင်လည်း ကွမ်းရေတော်ကိုင်အဖြစ် အမှုထမ်းရသည်။ ထို့ကြောင့် ဦးအောင်မြတ်သည် စာပေကျမ်းဂန် ဗဟုသုတတို့၌ရင်း၊ ရှေးဓလေ့ထုံးတမ်း အနုပညာ၊ ရာဇဝင်၊ဗေဒင်ကျမ်းတို့၌ရင်း၊ကဗျာလင်္ကာများ၌ရင်း၊ အုပ်ချုပ်မှုရေးရာများ၌ရင်း ကျွမ်းကျင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com


၁၂၄၃ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်နေ့တွင် မိုးကောင်းမြို့ဝန် အဖြစ် ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ဖခင်ဖြစ်သူ ဦးရွှေသား၏ နေရာဖြစ်သော ဝန်းသိုစော်ဘွားအဖြစ် သီပေါမင်းတရားကြီးက ဦးအောင်မြတ်အား ခန့်အပ်၍ "မဟာဝံသ သီရိဇယ သိုဟုံဘွား" ဟူသောဘွဲ့ကိုလည်း ပေးသနားသည်။ ဝန်းသိုမြို့သည် နေပြည်တော်နှင့် အတန်ဝေးသောမြို့ဖြစ်သည်။ အအုပ်အချုပ် မကောင်းလျှင် နယ်ခြား နိုင်ငံရေးပြဿနာ အချိန်မရွေး ပေါ်နိုင်သည်။ မီးဝေး ချိပ်မှာ ဆိုသကဲ့သို့ လူဆိုးဓားပြတို့ အတန်သောင်းကျန်းသောနေရာ ဖြစ်သည်ဟုလည်း ကြားသိရပေရာ လက်ရုံးရည် ပြည့်သော မောင်အောင်မြတ်နှင့် သင့်လျော်သည်ဟု ကင်းဝန်မင်းကြီး ဦးကောင်းက သူ၏ မှတ်တမ်း၌ ရေးသားထားသည်။ ဝန်းသိုစော်ဘွား အဖြစ် ခန့်အပ်ခြင်း ခံရစဉ်က ဦးအောင်မြတ်သည် ၂၃ နှစ်သာ ရှိသေးသည်။

ဦးအောင်မြတ် စော်ဘွားဖြစ်ပြီး နောက်တနှစ်တွင် မိုးညှင်းဒေသ တလျှောက်၌ ဗိုလ်ဝ ခေါင်းဆောင်သော သူပုန်များထကြွလေသည်။ လူအင်အား သုံးထောင်ကျော် လေးထောင်နီးပါးရှိသော သူပုန်တို့အား နှစ်ထောင်မျှလောက်သော အင်အားစုနှင့် ဦးအောင်မြတ်သည် အောင်မြင်စွာ နှိမ်နင်းနိုင်ရုံမက သူပုန်ဗိုလ် ဗိုလ်ဝကိုပါ အသေဖမ်းမိခဲ့ရာ သီပေါမင်းတရား ကိုယ်တိုင် အားရတော်မူလှသဖြင့် မောရိယ မဟာဝံသ သီရိသုဓမ္မရာဇာဟူသောဘွဲ့ဖြင့် ထပ်မံချီးမြှင့်ခြင်း ခံရသည်။ ထိုနှစ်တွင် စကားစော်ဘွားကြီး၏ သမီးတော် မှန်နန်းအပျိုတော် စဝ်ရွှေကြည်နှင့် လက်ထပ်လေသည်။

စော်ဘွား ဦးအောင်မြတ်သည် ဝန်းသိုမြို့တွင် ဟော်နန်းရှိသော်လည်း နယ်ပယ် ငြိမ်သက်ရေးကို ရှေးရှု၍ ဝန်းသို အနောက်မြောက် မိုင် ၃၀ ကျော်ဝေးသော ပင်လည်ဘူးမြို့၌ ရွှေ့ပြောင်းနေထိုင်သည်။

၁၂၄၇ ခုနှစ်တွင် တတိယ အင်္ဂလိပ်–မြန်မာ စစ်ပွဲဖြစ်ပွားလုနီး အချိန်တွင် တိုင်းရေးပြည်ရေး မငြိမ်မသက် ဖြစ်လာသဖြင့် သတင်းမှန် ရရှိစေရန် ဦးအောင်မြတ်သည် နေပြည်တော်သို့ အထောက်တော်များ စေလွှတ်စုံစမ်းစေသည်။ နေပြည်တော်မှလည်း အင်္ဂလိပ်တို့အား တိုက်ခိုက်ရန်အတွက် စစ်သားများ စုဆောင်းရန် စာချွန်တော်ရောက်လာသဖြင့် လက်နက် လူသူ အသင့်စုဆောင်းလျက်ရှိသည်။ အထောက်တော်များ ပြန်လည် ရောက်ရှိလာသောအခါ သီပေါဘုရင် ပါတော်မူပြီ ဖြစ်ကြောင်း ကြားသိသဖြင့် အင်္ဂလိပ်တို့အား ပြန်လည်တိုက်ခိုက်ရန် ကြိုးစားလေသည်။ သို့ရာတွင် အင်္ဂလိပ်တို့အား ပြန်လည်တိုက်ခိုက်ခြင်းမပြုပဲ ငြိမ်သက်စွာနေရန် ကင်းဝန်မင်းကြီးထံမှ အမိန့်



ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်

လွှာတစောင် ရောက်လာရာ အဖကဲ့သို့၎င်း၊ ဆရာသမားကဲ့သို့၎င်း လေးစားအပ်သော မင်းကြီး အမိန့်ဖြစ်သဖြင့် ခက်ထန်သော စစ်စိတ် စစ်မာန်တို့သည် ရဲရဲညီးသည့် မီးခဲကို ပြာဖုံးသကဲ့သို့ ဖြစ်ခဲ့ရလေသည်။ အင်္ဂလိပ်လက်အောက်သို့ကား ဝင်ရောက်ခြင်းမပြုပဲ သစ်လုပ်ငန်း၊ စပါးလုပ်ငန်းများကိုသာ လုပ်ကိုင်၍ နေလေသည်။

ဝန်းသို စော်ဘွားကြီး ဦးစီးလုပ်ကိုင်နေသော သစ်လုပ်ငန်းထွန်းကားရာ နေရာကို မိမိတို့သာရရှိလျှင် ချက်ခြင်းချမ်းသာနိုင်သည်ဟု စိတ်ကူးမိသူများက ဦးအောင်မြတ်သည် စီးပွားရေးကို ဖိဖိစီးစီးလုပ်ကိုင်၍ ငွေကြေး စုဆောင်းကာ တော်လှန် ပုန်ကန်ရန် အကြံပြုနေသည် ဟု အင်္ဂလိပ်အရာရှိများအား ချောပစ်စကား ပြောဆိုကြသည်။ ထိုအခါ ဦးအောင်မြတ်ကို နေပြည်တော်သို့ ခေါ်ယူစစ်ဆေးလိုကြောင်း ကင်းဝန်မင်းကြီးအား အကြောင်းကြားသဖြင့် ကင်းဝန်မင်းကြီးက ဦးအောင်မြတ်ကို မန္တလေး နေပြည်တော်သို့ လာရောက် ရှင်းလင်းရန် ဆင့်ခေါ်လေသည်။ သို့ရာတွင် ဦးအောင်မြတ်က အရှင်သခင်များ မရှိသည့်နောက် နေပြည်တော်သို့ မလာရောက် လိုတော့ကြောင်း၊ တပါးကျွန် မခံလိုတော့ကြောင်း၊ အင်္ဂလိပ်မင်းနှင့် တကွ အင်္ဂလိပ်မင်း ကိုယ်စားလှယ်တို့ကိုလည်း အရိုအသေ မပြုလိုတော့ကြောင်း အကြောင်း ပြန်လိုက်သည်။ ယင်းသို့



www.burmeseclassic.com

www.burmeseclassic.com



စာပြန်ကြားပြီးနောက် အင်္ဂလိပ်များ လာရောက်တိုက်ခိုက်ပါက အသင့်ဖြစ်စေရန် ဝန်းသိုမြို့ပတ်ဝန်းကျင်၌ သစ်တပ်မြို့ရိုးများ ဆောက်ခြင်း၊ ကင်းများ အထပ်ထပ်ချခြင်း၊ လူသူလက်နက် စုဆောင်းခြင်း ပြုသည်။

မကွေးရာ မင်းသားကြီး၏ သားတော် ထိပ်တင်ရန်ပိုင်နှင့် မှူးမတ်တစုသည် အင်္ဂလိပ်တို့အား တိုက်ခိုက်ရာမှ ရှုံးနိမ့်၍ ဦးအောင်မြတ်၏ ဖခင် ဦးရွှေသား၏ အကူအညီဖြင့် ယူနန်နယ်သို့ ဆုတ်ခွာသွားခဲ့ရာ ဦးရွှေသားကို တော်လှန်ပုန်ကန်မှု အားပေးသည် ဟုဆိုကာ အင်္ဂလိပ်အစိုးရတို့က ဖမ်းဆီးရန် အမိန့်ထုတ်ကြောင်း ဦးအောင်မြတ် သိသောအခါ ဖခင်ရှိရာ မိုးကောင်းမြို့သို့သွားရောက်၍ အခြေအနေကို ဆွေးနွေးသည်။ အင်္ဂလိပ်တို့ကား ဦးအောင်မြတ်တို့သားအဖကို မဖမ်းသေးပဲ ကင်းဝန်မင်းကြီးကို ဖျောင်းဖျနားချရန် စေလွှတ်လိုက်သည်။ သို့ရာတွင် ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် မိုးကောင်းသို့ သွားနေခိုက် ဖြစ်သဖြင့် ကင်းဝန်မင်းကြီးသည် ဦးအောင်မြတ်နှင့်မတွေ့ပဲ မန္တလေးသို့ ပြန်ခဲ့ရသည်။ကင်းဝန်မင်းကြီးမှတဆင့် စေ့စပ်မရသဖြင့် အင်္ဂလိပ် အစိုးရသည် ဦးအောင်မြတ်၏ယေဆရာ ဝန်းသိုဆရာတော် ဦးဂုဏမှ တဆင့် ဝန်းသိုစော်ဘွားနှင့် စေ့စပ်ပြန်သည်။ သို့သော်လည်း အင်္ဂလိပ်တို့ ကျွန်အဖြစ်မခံလို၊ အင်အားပြည့်လာသည့်တနေ့ မန္တလေးကို တိုက်ခိုက်ယူပါမည်ဟု ဆရာတော်အား လျှောက်ထားလေသည်။ နောက်ဆုံး စေ့စပ်မရသည့်အဆုံး၌ မြန်မာသက္ကရာဇ် ၁၂၅၂ ခုတွင် အင်္ဂလိပ်အစိုးရသည် ချွန်းတောင်းမြို့အုပ်နှင့် အခွန်ဝန် ဦးစံတို့ကို စစ်တပ်တတပ်နှင့် စေလွှတ်လိုက်သည်။

ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် အင်္ဂလိပ်တို့လွှတ်လိုက်သော တပ်များကို မှန်ကင်းတောင် စခန်းမှ ဆီးကြိုတိုက်ခိုက်ရန် ချီတက်သည်။ မှန်ကင်းတောင် စခန်းတွင် အင်္ဂလိပ်တပ်များနှင့် ဝန်းသိုစော်ဘွားတပ်များတွေ့ဆုံတိုက်ပွဲဖြစ်ပွားရာ အင်္ဂလိပ်တို့ ဆုတ်ခွာရသည်။ တိုက်ပွဲဖြစ်ရာ မှန်ကင်းတောင် စခန်းတွင် ယခုတိုင် အမှတ်အသား စိုက်ထူထားသော ကျွန်းတိုင်ကြီးတတိုင် ရှိသည်။ ကောလင်းမြို့ဖက်သို့ ဆုတ်ခွာသွားသော အင်္ဂလိပ်တပ်များကို ဝန်းသိုစော်ဘွားတပ်က လိုက်လံတိုက်ခိုက်ရာ အင်္ဂလိပ်တို့ဖက်မှ စစ်ဗိုလ်တဦးနှင့် တပ်သား သုံးဦး ကျဆုံးခဲ့သည်။ အင်္ဂလိပ်တပ်များလည်း ကောလင်းမြို့မှ ဆုတ်ခွာရသည်။ ထိုအခါမှ စ၍ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၏ အမည်သည် အင်္ဂလိပ်မင်းများ အုပ်ချုပ်သည့် မန္တလေးမြို့မှသည် အောက်ပြည်ဒေသ ရန်ကုန်မြို့အထိ ကျော်ကြားခဲ့သည်။

အရေးရှုံးနိမ့်၍ ဆုတ်ခွာနေရသော အင်္ဂလိပ်တပ်များကို ကူရန် ၁၂၅၂ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်နေ့တွင် ကသာမှဗိုလ်နစ်စဗက် ဦးဆောင်သော အမှတ် ၂၀ ခြေလျင်တပ်ရင်းနှင့် ရွှေဘိုမှ ဗိုလ်ကြီးကေရီ ဦးဆောင်သော မြင်းတပ်များ ရောက်ရှိလာသဖြင့် ကောလင်းမြို့သို့ ပြန်၍ ချီတက်လာကြပြန်သည်။ ဝန်းသိုစော်ဘွား ဦးအောင်မြတ်သည် သူ၏ ဝန်းသိုတပ်များနှင့်အတူ ဖခင်ဖြစ်သူ မိုးကောင်းမြို့ဝန်၏ တပ်များနှင့်ပါ ကောလင်းသို့ အပြင်း ချီတက်ကာ အင်္ဂလိပ်တပ်များကို တိုက်ခိုက်သည်။ သို့ရာတွင် အင်အားချင်း မမျှသဖြင့် ရုတ်တရက် မြို့သို့ မချဉ်းကပ်သေးပဲ မြို့ပြင်မှသာ ဝန်းရံနေ၍ ချောက်လှန့်ပြီးလျှင် အင်္ဂလိပ်တပ်များကို တောထဲသို့ မျှားခေါ်သည်။ ယင်း တိုက်ပွဲတွင် နှစ်ဖက်စလုံးမှ အကျအဆုံး ဒဏ်ရာရသူ များသည်။ လက်နက် အင်အား လူအင်အား မမျှသဖြင့် ဆုတ်ခွာခဲ့ရသော်လည်း ဝန်းသိုတပ်များသည် အင်္ဂလိပ်တို့ကို အကြိမ်ကြိမ်ပြန်လည် တိုက်ခိုက်မှုများ ပြု၍ ထိုနယ်မြေဒေသတဝိုက်၌ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားသည်။ အင်္ဂလိပ်တို့အတွက် ရွှေဘိုမြို့မှ နောက်ထပ် တပ်များ စစ်ကူလာရောက်လာရာ ဝန်းသိုတပ်များသည် တဖြည်းဖြည်းဆုတ်ခွာယင်း ကျိုင်းခွင်တောင်ကုန်း၌ တပ်စွဲ၍ အခိုင်အမာ ခုခံရာ အင်္ဂလိပ်တပ်များမကပ်နိုင်အောင် ရှိလေသည်။ အဝေးမှ အမြောက်သေနတ်များဖြင့် အင်္ဂလိပ်တပ်များက ပစ်ခတ်သော်လည်း ခပ်ဝေးဝေးမှ လှမ်းပစ်ရသဖြင့် ဝန်းသိုတပ်များ အထိအခိုက်နည်းသည်။ နောက်ဆုံး၌ ကျိုင်းခွင် တောင်ကုန်းကိုပတ်၍ စီးသော ဒေါင်းမြူချောင်းကို အင်္ဂလိပ်တပ်များသည် အကျအဆုံး များစွာနှင့် ဖြတ်ကူးကာ ဝန်းသိုတပ်များကို အနီးကပ် တိုက်ခိုက်ကြသည်။ ဝန်းသိုစော်ဘွား၏ တပ်များသည် အတော်ကြာကြာ ခုခံ တိုက်ခိုက်ပြီးနောက် တောင်ကုန်းတဖက်မှ အင်္ဂလိပ်တပ်များကို ဖောက်ထွက်၍ ဝန်းသိုမြို့သို့ ဆုတ်ခွာသည်။ ကျိုင်းခွင် တိုက်ပွဲတွင် နှစ်ဖက်စလုံးမှ အပျက်အစီးများသည်။ အင်္ဂလိပ် စစ်သားသုံးဦး ကျဆုံးသည့် နေရာတွင် ကျောက်တိုင်တခု စိုက်ထူထားရာ ယခုတိုင် တွေ့နိုင်သေးသည်။

ကျိုင်းခွင် တောင်ကုန်းမှ ဆုတ်ခွာသည့် နေ့တွင်ပင် ရေဦးမြို့နယ်မှ ဗိုလ်ကြီး ဟတ်ချင်ဆန် ဦးဆောင်သော အင်္ဂလိပ် စစ်ပုလိပ်တပ် တတပ်နှင့် ဥက္ကံမြို့နားရှိ မိုးနန်းကျောင်းတွင် တပ်စွဲနေသော ဝန်းသိုတပ်များ တိုက်ပွဲအပြင်းအထန် ဖြစ်ပွားသည်။ ထိုတိုက်ပွဲတွင် စော်ဘွားကြီး၏ တပ်မှ ၂၇ ယောက် ကျဆုံးသည်။ အင်္ဂလိပ်စစ်ဗိုလ် ဗိုလ်ကြီး ဟတ်ချင်ဆန်လည်း ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရ၍ ယင်းဒဏ်ရာနှင့်ပင် မကြာမီ သေဆုံးခဲ့သည်။ တပ်သား ခုနစ်ယောက် ဒဏ်ရာပြင်းထန်စွာ ရ၍ တဦးကျဆုံးသည်။ လက်နက် အင်အား လူအင်အားချင်း မမျှပါပဲလျက် သူ့ကျွန်မခံလိုသော မျိုးချစ်စိတ်ဓာတ်ဖြင့် ဝန်းသိုစော်ဘွား ကြီး ဦးအောင်မြတ်သည် အင်္ဂလိပ်တို့ကို ဝန်းသို



www.burmeseclassic.com

www.burmeseclassic.com



ကောလင်း၊ မိုးကောင်း၊ ပင်လည်ဘူး၊ မိုးညှင်း စသော ဒေသများမှ အပြင်းအထန် တော်လှန် တိုက်ခိုက်သည်။ မဲဇာချောင်းနားရှိ မန်လော်၊ မန်စီ ဒေသများတွင်လည်း အင်္ဂလိပ်တို့နှင့် အကြိမ်ကြိမ် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ စော်ဘွားကြီးသည် လူသူ လက်နက် အနည်းငယ်ဖြင့် တနှစ်နီးပါးမျှ အားမလျှော့ပဲ တိုက်ခိုက်ခဲ့သည်။ အင်္ဂလိပ်အစိုးရသည် စော်ဘွားကြီးကို ထိုအချိန် အထိ သူပုန်ဟုလည်း မကျေညာပဲ သူတို့ဖက်ဝင်လာလျှင် အခါ မရွေးလက်ခံ၍ ရာထူးများပင် ပေးမည်ဟု စကားကမ်း လှမ်းမြဲ ကမ်းလှမ်းလျက်ရှိသည်။ သို့ရာတွင် အင်္ဂလိပ်တို့ မည်သို့ပင် ချော့မော့ ခေါ်ယူသည် ဖြစ်စေ၊ စကားပင် မပြန်ခဲ့ချေ။ နောက်ဆုံးတွင် ဝန်းသို စော်ဘွားကြီး၏ တပ်များသည် မန်စီအနီး၌ အင်္ဂလိပ်စစ်တပ်နှင့် တွေ့၍ ဝိုင်းမိနေသောအခါ အင်္ဂလိပ်စစ်တပ်နှင့်အတူ ပါလာသော မြတောင်မြို့စားက ဝန်းသိုစော်ဘွားကြီးကို စကား ကမ်းလှမ်းပြန်ရာ ရာထူးမက်၊ ဥစ္စာမက်၊ စိတ်မခိုင်သူများ သစ္စာဖောက်ကာ အင်္ဂလိပ်ဖက်သို့ တစတစ ဝင်သွားကြသည်က တကြောင်း၊ မိုးဥတုကျလာသဖြင့် နောက်လိုက်နောက်ပါများ ငှက်ဖျားရောဂါဖြစ်လျက် စိတ်ဓာတ် ကျဆင်းလာကြသည်ကတကြောင်းကြောင့် အတိုက်အခိုက်ရပ်ရန် ဆုံးဖြတ်လိုက်လေသည်။ သို့ရာတွင် အင်္ဂလိပ် လက်အောက်သို့ကား မဝင်။ ဖခင်ရှိရာ တရုပ်ပြည်သို့ ထွက်ခွာသွားတော့မည်ဟု အကြောင်းပြန်ရာ မြတောင်မြို့စားက ဘေးရန်ကင်းရှင်းသော တရုပ်ပြည်ထွက်လမ်းကို အလံစိမ်း လွှင့်ပြသဖြင့် ထိုလမ်းအတိုင်း ၁၂၅၃ ခုနှစ်တွင် ထွက်ခဲ့သည်။ မိုးညှင်းမှ ဘီလူးမြို့၊ ယင်းမှ ဟိုပင် နန့်ဆော်လော်၊ ထိုမှ စန်းတာမြို့သို့ ဝင်သည်။ စန်းတာမြို့မှ စန်းတာစော်ဘွားက ကျောင်းစွာကြို၍ နေရာထိုင်ခင်းများ ချပေးသည်။ စန်းတာမြို့၌ပင် ၁၂၇၇ ခုနှစ်တွင် ဝန်းသိုစော်ဘွားကြီး၏ ဖခင် မိုးကောင်းစော်ဘွား ဦးရွှေသား ကွယ်လွန်ရာ ဦးအောင်မြတ်ကိုယ်တိုင် အလောင်းကို ထမ်း၍ မြို့ဦးဈေး နေရာ၌ သင်္ဂြိုဟ်ခဲ့သည်။

ယူနန်နယ် စန်းတာမြို့၌ ရှိနေစဉ်လည်း အင်္ဂလိပ်အစိုးရက စော်ဘွားကြီး၏ သတင်းများကို အမြဲ သိရှိနေလိုသည် ဟူသော အမိန့်ကြောင့် စန်းတာ၊ မိုင်းလ စသော မြို့များမှ လာသည့် ခရီးသည်များထံတွင် စုံစမ်းပြီးလျှင် မြတောင်မြို့စားက အမြဲ အစီရင်ခံစာ သွင်းနေခဲ့ရသည်။ ယူနန်နယ်တွင် စော်ဘွားကြီးသည် စပါးပေး ပေးခြင်း၊ ဝါသနာ အလျောက် လေ့လာထားသော မြန်မာဆေးပညာဖြင့် ဆေးဝါးကုသပေးခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း ရှာဖွေစားသောက်နေထိုင်သည်။ အင်္ဂလိပ် အစိုးရ လက်အောက် အညံ့ခံ၍ ဝင်လျှင် ရာထူးရာခံနှင့် ချမ်းသောင့် ချမ်းသာ နေရမည်ဖြစ်ပါလျက် သူကျွန် မခံလိုသော စိတ်ကြောင့် စည်းစိမ်ချမ်းသာများကို စွန့်လွှတ်ခဲ့လေသည်။

စော်ဘွားကြီးသည် ယူနန်နယ် မိုင်းလမြို့၌ ၁၉ နှစ်၊ စန်းတာမြို့၌ ၁၃ နှစ် နေထိုင်ပြီးနောက် စော်ဘွားကြီး၏ မဟာဒေဝီ စဝ်ရွှေကြည်၏ ဦးရီး ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင်က အသက်အရွယ် ကြီးပြီ ဖြစ်သဖြင့် ကိုယ့်ရပ်ကိုယ့်ဒေသသို့ ပြန်နေပါရန် တောင်းပန် သည်ကို အတန်တန်စဉ်းစားပြီးမှ ၁၂၈၅ ခုနှစ် တပေါင်းလဆန်း ၉ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ လာခဲ့သည်။ မြန်မာနိုင်ငံ ဘုရင်ခံကလည်း စော်ဘွားကြီးအား စိတ်မငြိုငြင်စေရပါ။ မြန်မာနိုင်ငံသို့ ပြန်ရောက်သော အခါ၌လည်း အထောက်အပံ့ငွေကိုပင် ပေးပါဦးမည်ဟု ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင်မှ တဆင့် ပြောကြားလှာသည်။ ၁၂၈၅ ခုနှစ် နှောင်းတန်ခူးလဆန်း ၈ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ရောက်ရှိ၍ ဟော်ကုန်းရှိ သထုံဟော်တွင် နေထိုင်သည်။ သထုံဟော်၌ပင် မဟာဒေဝီ စဝ်ရွှေကြည်သည် အသက် ၇၁ နှစ်၌ ကွယ်လွန်လေသည်။

ဝန်းသို စော်ဘွားကြီး ဦးအောင်မြတ်ကို အင်္ဂလိပ်အစိုးရတို့က တလလျှင် ထောက်ပံ့ငွေ ၁၀၀ိ ပေးလေသည်။ စော်ဘွားကြီးသည် ထိုထောက်ပံ့ငွေကိုနည်းသည်များသည်လည်းမပြော၊ အချိန်တန်၍ လာရောက် ထုတ်ပေးလျှင် သားသမီးများလက်သို့ လွှဲအပ်ပေးခဲ့သည်။ စော်ဘွားကြီးအတွက်မူ ဦးရီးတော် ညောင်ရွှေစော်ဘွားကြီး ထောက်ပံ့နေသော ငွေဖြင့်သာ ရောင့်ရဲစွာ သုံးစွဲနေထိုင်သည်။ ညောင်ရွှေ စော်ဘွားကြီး ဆာစဝ်မောင်သည် ဝန်းသို စော်ဘွားကြီး ပြန်ရောက်၍ သုံးနှစ်အကြာ ကွယ်လွန်သောအခါ စော်ဘွားကြီးသည် မည်သူ့အားမျှ အပူမကပ်ပဲ ရသမျှဖြင့် တင်းတိမ်ရောင့်ရဲစွာ လောကုတ္တရာဖက်တွင်သာ အားထုတ် နေထိုင်ခဲ့လေသည်။ ညောင်ရွှေစော်ဘွားစပ်ရွှေသိုက်ကလည်း ဆက်လက် ထောက်ပံ့ခဲ့သည်။ ဒုတိယကမ္ဘာစစ်ဖြစ်၍ မြန်မာနိုင်ငံသို့ ဂျပန်များ ဝင်လာသည့်အခါလည်း အင်္ဂလိပ်အစိုးရကဲ့သို့ပင် တလလျှင် ငွေ ၁၀၀ိ ထောက်ပံ့ခဲ့ရာ ဂျပန်တို့ ထွက်ပြေးသည့် အချိန် အထိ ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရသောအခါ ၁၉၅၀ ပြည့်နှစ် အောက်တိုဘာလမှ စ၍ ဝန်းသိုစော်ဘွားကြီးနှင့် သခင်ကိုယ်တော်မှိုင်းတို့ကို မြန်မာအစိုးရက ကျေးဇူးဆပ်သည့် အနေဖြင့် တလလျှင် ထောက်ပံ့ကြေး ၅၀၀ ကျပ်စီ ပေးခဲ့သည်။

၁၃၂၆ ခုနှစ် နတ်တော်လဆန်း ၉ ရက်နေ့တွင် စော်ဘွားကြီး၏ လွတ်လပ်ရေးတိုက်ပွဲ သမိုင်းဝင် ပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



ကို သား ဦးခွန်ဆက်က တပ်မတော်မော်ကွန်းတိုက် ကိုယ်စား အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ဦးစီး ဒုဗိုလ်မှူးကြီး တင်ညွန့်လက်သို့ ပေးအပ်ခဲ့ရာ ယခုအခါ ရန်ကုန်မြို့ရှိ တပ်မတော် မော်ကွန်းတိုက်၌ ပြသထားလေသည်။

မြန်မာ သက္ကရာဇ် ၁၃၂၆ ခုနှစ် ပြာသိုလဆန်း ၃ ရက် ခရစ်နှစ် ၁၉၆၅ ခု ဇန္နဝါရီလ ၅ ရက်နေ့တွင် ဝန်းသို စော်ဘွားကြီး ဦးအောင်မြတ်သည် တောင်ကြီးမြို့၌ အသက် ၁၀၃ နှစ် အရွယ်တွင် ကွယ်လွန်အနိစ္စ ရောက်ရာ ပြာသိုလဆန်း ၉ ရက်နေ့တွင် စော်ဘွားကြီး၏ရုပ်ကလာပ်ကို တောင်ကြီးမြို့ ရုပ်တော်မူကုန်း မြောက်ဖက်ရှိ စီစဉ်ရွေးချယ် သတ်မှတ်ထားသော မြေနေရာသို့ ယူဆောင်ကာ ရှေးထုံးစဉ်လာအတိုင်း ဂူသွင်းသင်္ဂြိုဟ်သည်။ မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကလည်း စော်ဘွားကြီး၏ လွတ်လပ်ရေး တိုက်ပွဲဝင်ခဲ့သည့် ဂုဏ်ကျေးဇူးကို ဆပ်သည့်အနေဖြင့် မဿာတော်စရိတ် ငွေငါးထောင် ထောက်ပံ့ခဲ့သည်။

စော်ဘွားကြီးတွင် စောခွန်ဆက်၊ စောစံမြ၊ ခွန်လုံး၊ ခွန်ဖုံးနှင့် ခွန်ချိုဟူသော သားငါးယောက်နှင့် နန်းဆိုင်မယ်နှင့် မစောဖြူဟူသော သမီးနှစ်ယောက် ထွန်းကားသည်။

**ဝန်းသိုမြို့။** ။ဝန်းသိုမြို့သည် ကသာ ခရိုင်၊ ကောလင်းခရိုင်ခွဲအတွင်း ဝန်းသိုမြို့နယ် ရုံးစိုက်မြို့ ဖြစ်၏။ စစ်ကိုင်း-မြစ်ကြီးနား မီးရထားလမ်းပေါ်တွင် ထင်ရှားသော မီးရထား ဘူတာရုံမြို့လည်း ဖြစ်သည်။ တောင်ကြား အရပ်၌ တည်ရှိ၍ မြို့ပတ်လည်၌ တောင်ကုန်းများသာ ဝန်းရံနေသည်။ ၁၉၅၃ ခုနှစ် သန်ကောင်စာရင်း အရ လူဦးရေ ၂,၆၀၂ ရှိသည်။

ဝန်းသိုမြို့မှာ မြို့ငယ်ကလေးပင် ဖြစ်သော်လည်း ထင်ရှားသော သမိုင်းရှိသည်။ ဝန်းသိုနယ်ကို အလွန် ရှေးကျသောအခါကပင် စတင်၍ စော်ဘွားအဆက်ဆက် အုပ်စိုးခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် နောက်ဆုံးစော်ဘွား ဖြစ်သော ဦးအောင်မြတ်၏ လက်ထက်သို့ ရောက်မှ ထင်ရှားသော သမိုင်းအမှတ်အသား ရှိခဲ့သည်။ ဦးအောင်မြတ်၏ ဖခင် ဦးရွှေသားမှာ မင်းတုန်းမင်းကြီး၏ ကျွန်တော်ရင်း တဦးဖြစ်၍ ဝန်းသိုနယ်ကို စားရသောအခါ ဝန်းသိုနယ်၏ ကောင်းကျိုးများကို ဆောင်ရွက်ခဲ့သည့်ပြင် မြန်မာ သက္ကရာဇ် ၁၂၃၉ ခုနှစ်တွင် ထိုနယ်မှ ထကြွသော သူပုန်တို့ကို နှိမ်နင်း အောင်မြင်ခဲ့လေသည်။ ၁၂၄၃ ခုနှစ်တွင် ဦးရွှေသားသည် စော်ဘွားရာထူးကို ဦးအောင်မြတ်အား လွှဲအပ်ပေး၍ ဦးအောင်မြတ်သည် ၁၂၄၇ ခုနှစ် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပြီးသည့်တိုင်အောင် သီးခြား စော်ဘွားအဖြစ် ဝန်းသိုနယ်ကို ဆက်လက် အုပ်ချုပ်နေခဲ့သည်။ ခရစ် ၁၈၉၁ ခု (မြန်မာသက္ကရာဇ် ၁၂၅၂ ခု)တွင် ဦးအောင်မြတ်သည် အင်္ဂလိပ် အစိုးရအား တော်လှန်ခြားနားခဲ့ရာမှ အရေးရှုံးနိမ့်၍ ထွက်ပြေးရလေသည်။ (ဝန်းသိုစော်ဘွား — လည်းရှု။) ထိုအခါမှစ၍ ဝန်းသိုစော်ဘွား၏ သီးခြားနယ်ကို အစိတ်စိတ်ခွဲ၍ ကသာနှင့်ရေဦး (ရွှေဘို) ခရိုင်များသို့ သွတ်သွင်းခဲ့ပြီးလျှင် ဝန်းသိုတွင် ခရိုင်ခွဲရုံး စိုက်ခဲ့လေသည်။ ဒုတိယ ကမ္ဘာစစ် အပြီးတွင် ခရိုင်ခွဲရုံးကို ကောလင်းသို့ ပြောင်းရွှေ့ လိုက်သဖြင့် ကောလင်း ခရိုင်ခွဲဟူ၍ ဖြစ်လာသည်။ ဝန်းသိုမြို့နယ်သည် ၅၂၈ စတုရန်းမိုင်ခန့် ကျယ်ဝန်း၍ ကျေးရွာအုပ်စုပေါင်း ၅၁ ရှိသည်။

**ဝပ်,ဂျိမ်း** (ခရစ် ၁၇၃၆ – ၁၈၁၉)။ ။ရေနွေးငွေ့ စက်များကို အသေအချာ လေ့လာစမ်းသပ်၍ ခေတ်မှီအောင် တီထွင်ခဲ့သော ပညာကျော်ကြီးကား ဂျိမ်း ဝပ်ပင် ဖြစ်လေသည်။ ရေနွေးငွေ့အားအကြောင်းကို လေ့လာသူနှင့် စက်မှု လက်မှုပညာတွင် စိတ်ပါဝင် လိုက်စားသူ မှန်သမျှ ဂျိမ်း ဝပ်အား မသိသူ မရှိချေ။ သူ၏ အတ္ထုပ္ပတ္တိမှာ စိတ်ဝင်စားဖွယ် အလွန်ကောင်း၍ သူ၏ စွမ်းဆောင်ချက်၊ စူးစမ်းချက်၊ လေ့လာချက်များမှာ လူအများ စံနမူနာ ထားလောက်အောင် ထူးချွန်လှပေသည်။

စကော့တလန်ပြည်သား အင်ဂျင်နီယာ ဂျိမ်းဝပ်သည် စကော့တလန်ပြည် ဂရင်းနော့ ဆိပ်ကမ်းမြို့တွင် ၁၇၃၆ ခုနှစ် ဇန္နဝါရီလ ၁၉ ရက်နေ့တွင် ဖွားမြင်သည်။ ဖခင်မှာ ကုန်သည် ဖြစ်သော်လည်း အရောင်းအဝယ် မကောင်းသည့် အတွက် တနေ့တခြား လုံးပါးပါးလာမှုကြောင့် အိမ်ထောင်ရေးတွင် အဆင်မပြေလှချေ။ ဝပ် ကိုယ်တိုင်မှာလည်း ကျန်းမာခြင်းမရှိပဲ ချူချာလှသဖြင့် ပိုးမွေးသကဲ့သို့ မွေးခဲ့ရ လေသည်။ ကျန်းမာရေး ပြည့်စုံရန်အတွက် ကိုယ်လက်ကြံ့ခိုင်ရေးကို လိုက်စားအားထုတ်နေစဉ် ရူက္ခဗေဒ၊ ပထဝီနှင့် ရေအားကိုအသုံးပြုမှုဆိုင်ရာ ပညာရပ်များကို လေ့လာ ဆည်းပူးလာခဲ့သည်။ သင်္ဘောဆောက်လုပ်ရေးတွင်လည်း အထူးတလည် စိတ်ဝင်စားခဲ့ပေသည်။

ဝပ် အသက် ၁၉ နှစ်အရွယ်တွင် သူ၏ဖခင်သည် စီးပွားရေး၌ အကြီးအကျယ် ပျက်စီး ဆုံးပါးသွားသောကြောင့် သူ့အဖို့ အလုပ်မလုပ်လျှင် မဖြစ်တော့သော အခြေသို့ ဆိုက်ရောက်လာသည်။ ဝပ်သည် ကုန်သည်၏သားပင် ဖြစ်သော်ငြားလည်း ကူးသန်းရောင်းဝယ်ရေး ကိစ္စတွင် နားမလည်ချေ။ လက်သမား ကရိယာများကို ကိုင်တွယ် အသုံးပြုရာတွင်သာ ကျွမ်းကျင်နားလည်သည်။ ထိုကြောင့် လန်ဒန်မြို့တော်ရှိ သိပ္ပံပညာဆိုင်ရာ ကရိယာများ လုပ်ကိုင်သူ ဂျွန်မော်ဂန်ထံသို့ တနှစ်မျှ သွားရောက်၍ ပညာဆည်းပူးရလေသည်။ ရှိရင်းစွဲဝါသနာနှင့် ကိုက်ညီသော ပညာရပ်ကိုသင်ကြားရသဖြင့် ထူးချွန်စွာ တတ်မြောက် လာသော အခါ



www.burmeseclassic.com

www.burmeseclassic.com




စကော့တလန်ပြည် ဂလပ်စဂို တက္ကသိုလ်တွင် သချာၤဖက်ဆိုင်ရာ ကရိယာများ ပြုလုပ်သူအဖြစ်ဖြင့် ခန့်အပ်ခြင်း ခံရသည်။ ထိုအချိန်တွင် ရေနွေးငွေ့အားကို အသုံးပြုသောစက်များ ပေါ်ပေါက်နေပေပြီ။ အကောင်းဆုံးစက်မှာ 'နယူးကိုမင်'စက်ဟု တွင်၍ ကျောက်မီးသွေးတွင်း တူးရာ ဒေသများတွင် ရေစုတ်စက် အဖြစ်ဖြင့် အသုံးပြုလျက် ရှိကြလေသည်။

တနေ့တွင် တက္ကသိုလ်ကျောင်းရှိ သိပ္ပံပစ္စည်း စုဆောင်းရေးဌာန၌ ထားရှိသော နယူးကိုမင် စက်ပုံစံ အငယ်ကလေးပျက်သွားသဖြင့် ပြင်ဆင်ရန် ဝပ်အား ဆိုင်ရာမှ ပေးအပ်စေခိုင်းရာမှ ထိုစက်ကို တိုးတက်ကောင်းမွန်အောင် ပြုပြင်ရန် စိတ်အား သန်လာခဲ့သည်။ ထိုစက်၌ ချွတ်ယွင်းချက်အမျိုးမျိုးကို တွေ့ရပြီးလျှင် ထိုချွတ်ယွင်းချက်များကို ပြုပြင်ရန် အမျိုးမျိုးကြံဆ တွေးတောလေတော့သည်။

နယူးကိုမင်အင်ဂျင်စက်တွင် ရေနွေးငွေ့ကို မြောက်မြားစွာ အသုံးပြုပြီးမှ အနည်းငယ်မျှသော အားကိုသာရသဖြင့် ထိုစက်သည် စရိတ်ကုန်သလောက် အကျိုးမရှိသည့် အဖြစ်ကို ဂျိမ်းဝပ် တွေ့ခဲ့သည်။ အချိန်နှင့်အမျှ တွေးတော ကြံဆလျက် ရှိသော ဝပ်၏ဦးနှောက်တွင် ရေနွေးငွေ့ကို အကျိုးအများဆုံးရှိအောင် အသုံးချနိုင်မည့် ခေတ်မှီ အသိဉာဏ်သည် တဖြည်းဖြည်း ပေါ်လာသည်။ တနှစ်မျှ ကြာသောအခါ ဝပ်သည် အင်အားကောင်း၍ ယခုခေတ်သုံး ရေနွေးငွေ့စက်မျိုး တလုံးကို ဖြစ်မြောက်အောင် ကြံစည် တီထွင်နိုင်ခဲ့လေသည်။

ဝပ် တီထွင်လိုက်သော ရေနွေးငွေ့စက်မှာ ယခုခေတ်၌ နေရာ အနှံ့အပြားမှာပင် အလွန်အသုံးဝင်လှ၏။ သို့သော် ပေါ်စကမူ ထိုစက်၏ အသုံးကျမှု တန်ဖိုးကို မသိကြသေးသဖြင့် အရေးတယူ သုံးစွဲခြင်းမပြုခဲ့ကြချေ။ အများဆုံး အသုံးပြုသည့် နေရာမှာ ရေစုတ်ရန်သာ ဖြစ်လေသည်။ ၁၇၈၁ ခုနှစ်သို့ ရောက်သောအခါမှ ဝပ်၏ ရေနွေးငွေ့စက်ကို ခြည်ငင်ခြင်းနှင့် အခြားလုပ်ငန်းများတွင် အသုံးပြုလာကြလေသည်။

တီထွင်သူ ပညာကျော်ကြီးများအနက် အချို့မှာငွေပင်ငွေရင်း မ,တည်၍ ကူညီအားပေးမည့်သူ. ကင်းဝေးသဖြင့်



ဂျိမ်း ဝပ်တီထွင်ခဲ့သည့် ရေနွေးငွေ့စက် မူရင်းပုံစံကို ၁၈၀၀ ပြည့် နှစ်တွင် ဤသို့တွေ့မြင်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com




ထူးချွန်သင့်သလောက် မထူးချွန်၊ တိုးတက်သင့်သလောက် မတိုးတက်ပဲ နောက်ဆုံး ဆင်းရဲနွမ်းပါးပြီးလျှင် လောက မျက်မှောက်မှ ကွယ်ပျောက် သွားကြရရှာ၏။ သို့သော် ဝပ်မှာ ဗာမင်ဂမ်မြို့မှ မက်သယူးဗိုလ်တန်ဆိုသူ အမြင်ကျယ် သော အရင်းရှင်တဦး၏ အထောက်အပံ့ကို လုံလောက်စွာ ရရှိသောကြောင့် သူ၏ ရေနွေးငွေ့စက်ကို ကောင်းသည် ထက် ကောင်းအောင် ပြုပြင် ကြံစည်နိုင်ခဲ့လေသည်။

၁၇၆၈ ခုနှစ်တွင် ဝပ်သည် ဗိုလတန်နှင့် စတင် တွေ့ဆုံ ပူးပေါင်းမိသည်။ ထိုနောက် ၁၇၇၅ ခုနှစ်တွင် ဗြိတိသျှ အစိုးရက သူတို့၏ စက်ကို ၂၅ နှစ်တိုင်တိုင် မှတ်ပုံတင်ထား ခွင့် ပြုခဲ့သောကြောင့် အကြီးအကျယ် ငွေဝင်လမ်းဖြောင့်ခဲ့ လေသည်။

၁၈၀၀ ပြည့်နှစ်သို့ရောက်သောအခါ ဝပ်သည် အသက် အားဖြင့် ၆၄ နှစ်ရှိပြီဖြစ်၍ တသက်လျှာ ထိုင်စားလောက် အောင်လည်း ပစ္စည်းဥစ္စာ စုဆောင်းမိပြီး ဖြစ်ခြင်းကြောင့် အလုပ်မှ အနားယူကာ မက္ကင်းနစ်၊ ဓာတုဗေဒနှင့် ရူပဗေဒ စသော ပညာရပ်များကိုသာ လေ့လာ စမ်းသပ်ခြင်းအား ဖြင့် အချိန်ကို ကုန်လွန်စေသည်။ ကုမ္ပဏီတွင် ရှိသော သူ၏အစုများကို သူ၏သားနှစ်ယောက်အား ခွဲဝေပေးခဲ့ လေသည်။

ဂျိမ်း ဝပ်သည် အနားယူသည် ဆိုသော်လည်း သူ၏စိတ် ကို လုံးဝအနားပေးခြင်းမရှိပဲ အစဉ်မပြတ် စူးစမ်းရှာဖွေ စမ်းသပ်လျက်ရှိရာ အချို့သောစမ်းသပ်ချက်များမှာ ရေ၌ ပါဝင်သော ဓာတ်ဖက်များ၏ အချိုးအစား၊ မီးထွန်းနိုင် သည့် ဓာတ်ငွေ့၊ မြေသြဇာဓာတ်များ၊ အလေးချိန်နှင့် အတိုင်းအတာများ တညီတညွတ်တည်း ဖြစ်စေနိုင်သော စံနစ် စသည်တို့ ဖြစ်ကြလေသည်။ အသက် ၈၃ နှစ်အတွင်း သို့ ဝင်လာသည် အထိပင် သူ၏ စူးစမ်းချက်၊ စမ်း သပ်ချက်၊ လုပ်ကိုင်ချက်များသည် ရပ်ဆိုင်းခြင်း မရှိသေး ချေ။ ဝပ်သည် ၁၈၁၉ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ကွယ်လွန် အနိစ္စရောက်ခဲ့၍ သူ့ကို ဂုဏ်ပြုသောအားဖြင့် လျှပ်စစ်ဓာတ်အား၏ စံတင်ကေမူတခုကို "ဝပ်" ဟု အမည် ပေးထားကြလေသည်။

**ဝပ်ဇဝပ်၊ ဝီလျံ** (ခရစ် ၁၇၇၀–၁၈၅၀)။ ။ ဝီလျံ ဝပ်ဇဝပ်သည် ထင်ရှားသော အင်္ဂလိပ်ကဗျာစာဆိုတော် ဖြစ် သည့်အပြင် ဂျွန် မီလတန်နောက် ထွက်ပေါ်သောကဗျာစာ ဆိုများအနက် အထူးချွန်ဆုံးဟူ၍ အသိအမှတ်ပြုခြင်း ခံရ သူလည်း ဖြစ်ပေသည်။ ဝပ်ဇဝပ်သည် သဘာဝ အလှကို စိတ်ကူးဉာဏ်ဖြင့် ခံ့ညားကြယ်စွာ တန်ဆာဆင်၍ သီကုံး နွှန်းဖွဲ့ဆိုနိုင်စွမ်း ရှိသောကြောင့် အင်္ဂလိပ်စာပေလောက၌ သဘာဝအကျိုးမြင် ဝါဒကို စတင်ထုတ်ဖော်သူ ဖြစ်သည်ဟူ၍



နာမည်ကျော် အင်္ဂလိပ် ကဗျာဆရာကြီး ဝီလျံ ဝပ်ဇဝပ်

လည်း ဆိုကြသည်။ "ဝက်စမင်စတာတန်တား"၊ "တင်တန်း အက်ဗေး"၊ "ဒက်ဖိုဒီပန်း" ကဲ့သို့သော ရိုးရိုးအကြောင်း ရပ်များကို ဂန္ထဝင်မြောက်အောင် ရေးစပ်ဖွဲ့ဆိုနိုင်ခဲ့သည်။

ဝီလျံ ဝပ်ဇဝပ်သည် မြေပိုင်ရှင်မိဖများမှဆင်းသက်လာ သူ ဖြစ်၍ ကမ်ဗာလန် တောင်တန်းဒေသရှိ ကော့ကား မောက်မြို့တွင် ၁၇၇၀ ပြည့်နှစ် ဧပြီလ ၇ ရက်နေ့၌ ဖွားမြင် သည်။ ငယ်စဉ်ကတည်းက မိမိနေထိုင်ရာ ပတ်ဝန်းကျင်ရှိ ဘာဂအလှကိုရှင်း၊ တောရွာဓလေ့ကိုရှင်း ချစ်ခင် မြတ် နိုးလာခဲ့သူ ဖြစ်သည်။ ဝင်ဒါမီယာ တောင်ကြားရှိ ဟော့ ကစယက်စာသင်ကျောင်းတွင်ရှင်း၊ ကိမ်းဗရစ် တက္ကသိုလ် စိန်ဂျွန်းကောလိပ် ကျောင်းတွင်ရှင်း ပညာသင်ကြားခဲ့ သည်။ ၁၇၉၁ ခုနှစ်တွင် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုရရှိသည်။

ဝပ်ဇဝပ်သည် ကျောင်းအားလပ်ချိန်တွင်ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံများသို့ သွားရောက် လည် ပတ်လေ့ရှိသည်။ ၁၇၉၁ ခုနှစ်တွင် ဒုတိယအကြိမ် ဥရောပ တိုက်သို့ သွားရောက်သောအခါ ပြင်သစ်တို့၏ ပြင်းပြ သော တော်လှန်ရေးစိတ် တက်ကြွမှုကို တွေ့ခဲ့ရလေသည်။ ဝပ်ဇဝပ်သည် ပြင်သစ်တော်လှန်ရေးသမားတို့၏ နိုင်ငံရေး သဘောတရားများကို နှစ်သက်သဖြင့် စိတ်ရောကိုယ်ပါ ထောက်ခံ အားပေးရန် ကြံစည်ခဲ့သည်။ မိဖများက တား ဆီးသဖြင့် ၁၇၉၂ ခုနှစ်၌ အင်္ဂလန်နိုင်ငံသို့ ပြန်ခဲ့ရလေသည်။ ဝပ်ဇဝပ်သည် ပြင်သစ်နိုင်ငံ၌ရှိနေစဉ် မာရီ အန်း ဗာလန်ဆို သူအမျိုးသမီးနှင့် ရည်ငံခဲ့သော်လည်း လက်မထပ်ဖြစ်ချေ။



www.burmeseclassic.com

www.burmeseclassic.com

ဝပ်ဇဝပ်သည် သုံးနှစ်မျှ မတည်မကျ နေထိုင်ခဲ့ပြီး နောက် ၁၇၉၅ ခုနှစ်တွင် အမွေတရပ်ကို ဆက်ခံရရှိသဖြင့် ဒေါ်ဆက်ရှိုင်ယာနယ် ရွှေစဒေါင်းမြို့၌ အိမ်တဆောင်ဝယ်၍ နှမဖြစ်သူ ဒေါ်ရသီနှင့်အတူ နေထိုင်လေသည်။ ထိုနောက် ကဗျာစာဆို ဆယ်မျူယယ် တေလာ ကိုးလားရစ်နှင့် မိတ်ကျွမ်းဝင်ခဲ့သည်။ ၁၇၉၇ ခုနှစ်တွင် ဝပ်ဇဝပ်တို့ မောင်နှမနှစ်ယောက်သည် ကိုးလားရစ်နှင့် နီးနီးကပ်ကပ် နေထိုင်နိုင်ရန် ဆမ္မာဆက်ရှိုင်ယာနယ်၊ အယ်လဖောက်စဒင်မြို့သို့ ပြောင်းရွှေ့လာကြသည်။ ထိုအခါ "သူတော်ချင်းချင်း၊ သတင်းလွှလွှ၊ ပေါင်းဖက်တွေ့"ဟူသော စကားအတိုင်း ကဗျာစာဆို နှစ်ဦးတို့သည် အတူသွား အတူလာရင်း ၁၇၉၈ ခုနှစ်တွင် နှစ်ဦးပေါင်းစပ်၍ "လစ်ရစ်ကယ် ဗဲလက်"ခေါ် ကဗျာ့ပဒေသာ စာစောင်ကို ရေးသား ထုတ်ဝေခဲ့ကြသည်။ ထိုစာစောင်တွင် ကိုးလားရစ်၏"ရှေးသင်္ဘောသား" ကဗျာနှင့် ဝပ်ဇဝပ်၏"တင်တန်းအက်ဗေး"ကဗျာတို့သည် စိတ်ကူးဆန်းသော သဘာဝကဗျာ လက်ရာမွန်များ ဖြစ်ပေသည်။

တဖန် ဝပ်ဇဝပ်သည် အင်္ဂလန်နိုင်ငံမြောက်ပိုင်း အိုင်ဒေသရှိ ဂရပ်စမီယာမြို့သို့ ပြောင်းရွှေ့ နေထိုင်သည်။ ၁၈၀၂ ခုနှစ်တွင် မေရီ ဟတ်ချင်ဆန်ဆိုသူ အမျိုးသမီးနှင့် လက်ထပ်သည်။ ထိုနောက် ကဗျာပုဒ်ရေ များစွာ ဖွဲ့စပ်ရေးသားခဲ့လေသည်။ ထိုခေတ် ကဗျာဆရာတို့သည် ခက်ခဲနက်နဲသော ကဗျာများကိုသာ ရေးစပ် ဖွဲ့ဆိုလေ့ ရှိကြရာ ယင်း အစဉ်ပြလာကို သွေဖည်၍ ရိုးလှသည့် ဝပ်ဇဝပ်၏ ကဗျာများကို အင်းထန်စွာ ဝေဖန်ခဲ့ကြသည်။ သို့ရာတွင် ဝပ်ဇဝပ်သည် မိမိရေးဟန်ကို မစွန့်ခဲ့ချေ၊ ၁၈၁၃ ခုနှစ်တွင် ရိုင်ဒယ်မောင့်အရပ်သို့ တဖန် ပြောင်းရွှေ့နေထိုင်သည်။

ဝပ်ဇဝပ်သည် "သည် ပရီလျူ"ခေါ် ကဗျာရှည်ကြီးတွင် မိမိငယ်စဉ်က ဘဝအကြောင်းကို ဖော်ပြထားသည်။ စာပေလောက၌လည်း တဖြည်းဖြည်း ထင်ရှားလာသည်။ ထို့သို့အားဖြင့် ၁၈၄၃ ခုနှစ်တွင် ကဗျာ စာဆိုတော်ကြီး ဆောက်သီ ကွယ်လွန်သော အခါ ဝိတိုရိယ ဘုရင်မကြီးလျှံ ဝပ်ဇဝပ်အား ဘုရင့်စာဆိုတော်ဘွဲ့ဖြင့် ချီးမြှင့်မြှောက်စားခဲ့သည်။ ဆယ်မျူယယ် ကိုးလားရစ်၊ ရောဗတ် ဆောက်သီနှင့် ဝီလျံ ဝပ်ဇဝပ်တို့သည် အိုင်ဒေသတွင် နေထိုင်ကြသဖြင့် ယင်းတို့ကို "အိုင်ဒေသ ကဗျာဆရာများ"ဟူ၍ ခေါ် စမှတ်ပြုကြသည်။ (ကိုးလားရစ်,ဆယ်မျူယယ် တေလာ။ ဆောက်သီ,ရောဗတ် — လည်းရှု။)

ဝီလျံ ဝပ်ဇဝပ်သည် ၁၈၅၀ ပြည့်နှစ် ဧပြီလ ၂၃ ရက်နေ့ အသက် ၈၀ အရွယ်တွင် ကွယ်လွန်လေသည်။

**ဝံတောင်လည် ဘုန်းတော်ကြီး။** ။ရှင် သဒ္ဓမ္မဇောတဘွဲ့ခံ ဝံတောင်လည်ဘုန်းတော်ကြီးသည် ပြည်မြို့ဇာတိ ဖြစ်၏။ ရဘု အဖွဲ့အနွဲ့ အလွန်ကောင်းသဖြင့် အင်းဝခေတ်စာပေလောကတွင် ထင်ရှားလေသည်။ အင်းဝခေတ်တွင် ကျော်ဇောထင်ရှားသော ရဟန်းစာဆိုတော် ရှင်မဟာရဋ္ဌသာရ ပြည်မြို့သို့ရောက်၍ သီတင်းသုံးတော်မူစဉ် ဝံတောင်လည် ဘုန်းတော်ကြီးနှင့် အပြန်အလှန် ရတုဖွဲ့သည်ဟု အဆိုရှိ၏။ ထိုသို့ စာဆိုကျော်ရဟန်းတော်နှင့်အပြန်အလှန် ဖွဲ့ဆိုနိုင်သော ဘုန်းတော်ကြီးကား သာမန်ပုဂ္ဂိုလ် မဟုတ်နိုင်။ ပုဂ္ဂိုလ်ကျော်တဦးဖြစ်ရမည်။ ရဟန်းတော်ချင်း ဖြစ်သဖြင့် ဖွဲ့ဆိုခဲ့သော ရတုများမှာ လောကအကြောင်းနှင့် မဆိုင်ပဲ တရားဒေသနာများ၏ ခက်ခဲချက်ဆစ်တို့ ဖြစ်၏။ ပြည်ဘုရင် နရပတိထံသို့ ဝံတောင်လည် ဘုန်းတော်ကြီး တင်သွင်းသော မေတ္တာစာ များကို တွေ့ရသောကြောင့် မေတ္တာစာကိုလည်း ရေးသားခဲ့ကြောင်း သိသာလေသည်။

**ဝံပုလွေ။** ။ဝံပုလွေသည် ကေနိဒီးမျိုးရင်းတွင် ကေနစ်မျိုးစိတ်၌ ပါဝင်၍ ယင်းကို ပါဏဗေဒအလိုအားဖြင့် ကေနစ်ပါးလီပက်ဟု ခေါ်သည်။ ခွေးမျိုးရင်းတွင် ပါဝင်သည့် သားစား နို့တိုက်သတ္တဝါ ဖြစ်သည်။

အရွယ် ရောက်ပြီး ဝံပုလွေ၏ အရွယ်မှာ အမြီးအပါအဝင် အလျား ငါးပေခြောက်လက်မအထိ ရှိ၍ အမြင့် နှစ်ပေ နှစ်လက်မမှ နှစ်ပေ ခြောက်လက်မအထိရှိသည်။ အမြီးမှာ တပေခွဲခန့် အထိ ရှည်လျား၏။ အလေးချိန်အားဖြင့် ပေါင် ၄၀ မှ ပေါင် ၆၀ အထိရှိသည်။ ဦးခေါင်းခွံ အရွယ်ကြီးခြင်း၊ ကိုယ်ထည်အရွယ်နှင့် သွားများ၏အနေအထားပုံသဏ္ဌာန်ကြောင့် အခြားခွေးမျိုးများမှ ခွဲခြား၍ သိသာနိုင်လေသည်။ ဝံပုလွေသည် ခြေတံရှည်သည့် ကြံ့လိုသော ခွေးနှင့်တူ၏။ ဦးခေါင်းကျယ်ပြန့်ပြီးလျှင် နှာတံရှည်သည်။ နှုတ်သီးချွန်၍ နားရွက် အမြဲထောင်လျက်ရှိ၏။ အမြီးမှာ အမွေးဖွား၍ လဲလျက်ရှိသည်။ ရှေ့ခြေတွင် ခြေချောင်း ငါးချောင်းရှိ၍ နောက်ခြေတွင်လေးချောင်းရှိသည်။ ရာသီအလိုက် အရောင်အသွေး အမျိုးမျိုးကွဲပြားလျက် ရှိသည်။ အိန္ဒိယနိုင်ငံရှိ လွင်ပြင်တွင် ကျက်စားသော ဝံပုလွေမှာ ယေဘုယျအားဖြင့် မွဲပြာရောင်သန်းသည့်သဲရောင်ထလျက်ရှိသော အညိုရောင်ရှိပြီးလျှင် အမည်းရောင် အကွက်များ၊ သို့မဟုတ် အပြောက်များပါရှိသည်။ နွေရာသီတွင် အဆိုပါ အရောင်သည် မွဲပြာရောင်သို့ ပြောင်းလဲ သွားပြီးလျှင် အမည်းရောင် အပြောက် များသည် မှေးမှိန် သွား၏။ မြောက်ပိုင်း ဟိမဝန္တာတောင်ခြေ၊ တိဗက်နှင့် လဒက်တွင် ကျက်စားသော ဝံပုလွေတွင် တခါတရံ မှည်းနက်သော အရောင်၊ သို့မဟုတ် မည်းယောင်ယောင် အရောင်ရှိသည်။ ဆောင်းရာသီ၌ ယင်းတို့တွင် ရှည်လျား မည်းနက်သော အမွေးနှင့် အဖြူရောင် အမွေးများ ရှိသည်၊ သို့မဟုတ်


www.burmeseclassic.com



သားရေရောင် အမွေးနှင့် မည်းနက်သော အမွေးများ ရှိသည်။ ကိုယ်ထည်အောက်ပိုင်းတွင် မွဲပြာရောင်၊သို့မဟုတ် သားရေရောင် လွှင့်လွှင့်အမွေးနုများ သိပ်သည်းစွာပေါက်လျက်ရှိသည်။ ဥရောပတိုက်တွင် ကျက်စားသော ဝံပုလွေများသည် မြောက်အမေရိကတိုက်တွင် ကျက်စားသော တင်းဗား ဝံပုလွေနှင့် မျိုးချင်း နီးစပ်၏။ ဥရောပတိုက် ဝံပုလွေသည် တင်းဗား ဝံပုလွေထက် အရွယ်အနည်းငယ် ငယ်ပြီးလျှင် အမွေးကြမ်း၏။ယင်း၌ အညိုရောင်၊သို့မဟုတ် အဝါရောင်သန်းသည့် မွဲပြာရောင် ရှိသည်။

ဝံပုလွေသည် သစ်တောများတွင်ကျက်စားနေနိုင်သော တိရစ္ဆာန်မျိုးဖြစ်သည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၌ သစ်ပင်ကင်းရှင်းသော လွင်ပြင်တွင် အတွေ့ရများသည်။ သစ်ပင်ကင်းရှင်းသည့် ကသ္မီရနယ်အထက်ပိုင်း၊ လဒက်နှင့် တိဗက်တို့တွင် ဝံပုလွေသည် အတည်တကျ ကျက်စားခြင်းမရှိပဲ ဆောင်းရာသီတွင် မြစ်ဝှမ်းဒေသများသို့ လာရောက် ကျက်စားပြီးလျှင် နွေရာသီတွင် ဆီးနှင်းထူထပ်ရာ ဒေသများသို့ သွားရောက်ကျက်စားသည်။ ဆောင်းရာသီတွင် ထိုဒေသများရှိ ကျောက်ဆောင်တို့၌ရှိသည့် အပေါက်များ၊ ဂူများတို့တွင် ခိုအောင်းနေပြီးလျှင် နွေရာသီတွင် ကျူတောချုံတောများတွင် ခိုအောင်းနေတတ်သည်။ အိန္ဒိယနိုင်ငံရှိ သဲကန္တာရတွင်တွေ့ရသော ဝံပုလွေများသည် နေပူဒဏ်မှ အကာအကွယ် ရရှိရန် သဲတောင်များ၌ အပေါက်များ ဖောက်၍ ခိုအောင်းနေကြသည်။သဲကန္တာရမှအပ အခြား ဒေသများတွင် နေရိပ်ရှိသဖြင့် ဝံပုလွေသည် ချုံတော ဆူးတော ပေါက်ရောက်ရာ မြေပြန့်တို့တွင် နေထိုင်သည်။ နေ့အချိန်၊ သို့မဟုတ် ညဥ့်အချိန်တွင် အစာရှာထွက်လေ့ရှိသည်။ စားသောက်သည့် အစာမှာ နေထိုင်ရာဒေသကို လိုက်၍ အမျိုးမျိုး ကွဲပြားလျက်ရှိ၏။ လူနှင့်နီးကပ်သော ဒေသတွင် ဝံပုလွေ၏ အဓိက အစာမှာ ကျွဲနွား ဖြစ်၏။ တခါတရံ ငယ်ရွယ်သည့် ကလေးများကို ကိုက်ချီ သွားတတ်၏။ ငတ်မွတ်ချိန်တွင် လူကိုပင် ရန်မူတတ်သည်။ လူနှင့်ဝေးသည့် အရပ်ဒေသတွင် ဒရယ်နက်၊ တွင်းယုန်၊ မြေခွေးနှင့် ဒရယ်ငယ်မျိုးကို စားသောက်၏။ စင်စစ် ဖမ်းစားနိုင်သည့် မည်သည့် တိရစ္ဆာန်နှင့် ငှက်မျိုးကိုမဆို စားသောက်လေ့ရှိသည်။ ဟိမဝန္တာတွင် တွေ့ရသော ဝံပုလွေတို့၏ အစာမှာ ရာသီဥတုကိုလိုက်၍ သိသာစွာကွဲပြား၏။ နွေရာသီတွင် ကိုက်ဖြတ်သတ္တဝါနှင့် အခြားတိရစ္ဆာန်ငယ်များကိုဖမ်းစား၍ ဆောင်းရာသီတွင် သိုးရိုင်းနှင့် ဒရယ်ငယ်များကို စားသောက်လေ့ရှိသည်။

အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံ အနှံ့အပြားတွင် တကြိမ်က ဝံပုလွေ ပေါများခဲ့သော်လည်း ယခုအခါတွင် အနှံ့အပြား မတွေ့ရတော့ချေ။ တင်းဗား ဝံပု



သစ်တောများတွင် အုပ်သင်းဖွဲ့ကာ နေထိုင် ကျက်စားလေ့ ရှိသည့် ဝံပုလွေ



www.burmeseclassic.com

www.burmeseclassic.com



လွေများကို ယခုအခါ တွေ့ရခဲသော်လည်း ရော့ကီးတောင်တန်း၊ ကနေဒါနိုင်ငံရှိ သစ်တောနက်များနှင့် အမေရိကန်ပြည်ထောင်စု မြောက်ပိုင်းဒေသများတွင် တွေ့ရသေးသည်။

ပရေရီ ဝံပုလွေများကို အနောက်ပိုင်း လွင်ပြင်များမှ ပစိဖိတ်ကမ်းခြေအထိ ဒေသများတွင် တွေ့ရသည်။ နွေရာသီတွင် ၎င်းဝံပုလွေတို့သည် တကောင်ချင်း၊ သို့မဟုတ် အထီးနှင့် အမတွဲလျက် အစာရှာလေ့ရှိသည်။ ယုန်၊ ဖြူငယ်၊ ငှက်၊ မြွေ၊ ကြွက်များကို စားလေ့ရှိသည်။ တခါတရံ သိုးအုပ်ကို ဝင်ရောက် ဖျက်ဆီးတတ်သည်။ ဆောင်းရာသီတွင် အအုပ်အသင်းဖွဲ့လျက် ကျွဲ၊ နွား၊ မြင်း၊ ဒရယ်များကို ဖမ်းစားတတ်သည်။ လူကိုလည်း ရန်မူတတ်သေးသည်။

အိန္ဒိယ နိုင်ငံ ဝံပုလွေတို့၏ သားပေါက်ချိန်မှာ မိုးကုန်ချိန်ဖြစ်၍ များသောအားဖြင့် ဒီဇင်ဘာလတွင် ဝံပုလွေငယ်များ ပေါက်ဖွားလာသည်။ ဟိမဝန္တာတောင်တန်းများတွင်မူ ဒီဇင်ဘာလထက်ပင် နောက်ကျ၍ နွေကူးရာသီ၊ သို့မဟုတ် နွေရာသီ အဝင်လောက်တွင် ဝံပုလွေငယ်များ ပေါက်ဖွားလေသည်။ တကြိမ်မွေးလျှင် သုံးကောင်မှ ကိုးကောင်အထိ မွေးတတ်၏။ ဝံပုလွေကလေးများ၏ မျက်စိသည် များသောအားဖြင့် မွေးပြီးသည့်နောက် ကိုးရက်မြောက်နေ့တွင် ပွင့်လာသည်။ ဝံပုလွေ၏ သက်တမ်းမှာ ၁၂ နှစ်မှ ၁၅ နှစ်အထိ ဖြစ်သည်။ ဝံပုလွေငယ်များကို ယဉ်ပါးအောင် အလွယ်တကူ မွေးမြူနိုင်သည်။

မြောက်အမေရိကတိုက်တွင် တွေ့ရသော တင်းဗား ဝံပုလွေ (ကေနစ် အော့ဆီဒင်တဲလစ်) သည် နွေကူးရာသီနှင့် နွေရာသီတွင် တကောင်ချင်း၊ သို့မဟုတ် အထီးနှင့်အမတွဲလျက် ကျက်စားတတ်၍ ဆောင်းဦးပေါက်အချိန်တွင် မိသားစုနှင့်၎င်း၊ ဆောင်းရာသီတွင် အအုပ်အသင်းနှင့်၎င်း ကျက်စားလေ့ရှိသည်။ မိတ်လိုက်ချိန်မှာ ဒီဇင်ဘာလနှင့် ဇန္နဝါရီလ ဖြစ်သည်။ ထိုအချိန်တွင် ဝံပုလွေမကို ရရှိရေးအတွက် အထီး အထီးချင်း ကိုက်ဖြတ် ရန်မူတတ်ပြီးလျှင် အနိုင်ရသော ဝံပုလွေထီးသည် ဝံပုလွေကလေးများ ကြီးပြင်းလာသည်အထိ ဝံပုလွေမနှင့် အတူ နေထိုင်၏။ သားမွေးချိန်တွင် အထီးက အမကို အစာရှာကျွေး၏။ သန္ဓေလွယ်ချိန်မှာ ၆၃ ရက်ဖြစ်သည်။ ဝံပုလွေမသည် ဝံပုလွေကလေးများ နှစ်လသားအထိကြီးပြင်းလာသည့်တိုင်အောင် နို့တိုက်ပြုစုသည်။ တလသားအရွယ်တွင် ဝံပုလွေကလေးများသည် မိမိတို့၏ အမိက အန်၍ကျွေးသည့် တဝက်တပျက်ကြေနေသော အသားကို စားလေသည်။

နိုဝင်ဘာလ၊သို့မဟုတ် ဒီဇင်ဘာလတွင် ဝံပုလွေကလေးများသည် မိမိတို့၏ အမိအဖထံမှ ထွက်ခွာ သွားကြ၏။ သို့ရာတွင် အချို့ ဝံပုလွေကလေးများသည် ထိုအချိန်ထက်နောက်ကျ၍ ဖြောက်လ၊ သို့မဟုတ် ရှစ်လကြာမှ ထွက်ခွာသွားတတ်သည်။ ဝံပုလွေငယ်သည် သုံးနှစ်အကြာတွင် အကောင်ကြီး ဖြစ်လာလေသည်။ သိုး၊ နွား၊ ဆိတ် စသော လူတို့ မွေးမြူထားသည့် တိရစ္ဆာန်များကို ဖျက်ဆီးလေ့ရှိသဖြင့် ကနေဒါနိုင်ငံ အယ်လဗားတား၊ ဆက်စကက်ချီဝမ်နှင့် မနီတိုးဗားပြည်နယ်တို့တွင် တနှစ်အတွင်း တင်းဗား ဝံပုလွေ ၇၀၀ ကိုသုတ်သင် ရှင်းလင်းခဲ့ရလေသည်။


ရှေးအခါက ဗြိတိသျှ ကျွန်းစုတွင် ဝံပုလွေ ပေါများသော်လည်း တဖြည်းဖြည်း ပျောက်ကွယ်ခဲ့သည်။ ဗြိတိန်နှင့် အင်္ဂလို ဆက္ကဆွန် လူမျိုးတို့သည် အမဲလိုက်ရာတွင် ဝံပုလွေကို သတ်ဖြတ်ခဲ့ကြသည်။ သတ္တမ ဟင်နရီ ဘုရင် (ခရစ် ၁၄၈၅–၁၅၀၉) လက်ထက်တွင် အင်္ဂလန်ပြည်တွင် ဝံပုလွေများ မျိုးပြတ်သွားသည်အထိ ဖြစ်ခဲ့၏။ စကော့တလန်တွင် ထိုထက်ပင် ပို၍ အစွန့်ရှည်ခဲ့သည်။ အိုင်ယာလန်ပြည်တွင်မူ ယင်းတို့၏ ကွယ်ပျောက်ချိန်ကို ၁၇၆၆ ခုနှစ်ကို အနှောင်းဆုံး ထား၍ ဖော်ပြခဲ့သည်။ သို့ရာတွင် ထိုခုနှစ်မှာ မသေချာလှပေ။ ဗြိတိသျှ ကျွန်းစုမှ ဝံပုလွေများ ပျောက်ကွယ်နိုင်ခဲ့သည်မှာ ထိုကျွန်း၏ ပထဝီ အနေအထားကြောင့်သာ ဖြစ်လေသည်။ အဘယ်ကြောင့် ဆိုသော် ပြင်သစ်နိုင်ငံတွင် ဝံပုလွေတို့၏ အရှေ့ဖက်ဒေသမှ နယ်ကျူးမှုကို တားဆီးနိုင်သည့် သဘာဝ အတားအဆီးများ မရှိသဖြင့် ဆောင်းရာသီတိုင်း ဝံပုလွေများ လာရောက်ကျက်စားကြသည်။ ယခုအခါတွင် အမေရိကတိုက်၌ မစ္စစ္စပီ အရှေ့ပိုင်းနှင့် ဟျူရွန် ရေအိုင်တွင် ဝံပုလွေများကို မတွေ့ရတော့ချေ။ သို့ရာတွင် အလာစကာနှင့် ကနေဒါနိုင်ငံမြောက်ပိုင်းတွင် အနှံ့အပြား တွေ့ရသေးသည်။

ဝံပုလွေများကို ဥရောပတိုက်၊ မြောက်အမေရိကတိုက်၊ အာရှတိုက် မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တွေ့ရသည်။ အိန္ဒိယနိုင်ငံ၊ တိဗက်၊ လဒက်၊ ကသ္မီရနယ် အချို့ အပိုင်းတို့တွင်လည်း တွေ့ရသည်။ အိန္ဒိယ ကျွန်းဆွယ်ရှိ သဲကန္တာရနှင့် ခြောက်သွေ့သည့် လွင်ပြင်များတွင်လည်း ဝံပုလွေများကို တွေ့ရသေးသည်။ အခြား နိုင်ငံများထက် ရုရှနိုင်ငံတွင် ဝံပုလွေပေါများသည်။ မြောက်အမေရိကတိုက်တွင် ဂရင်းလန်ကျွန်းမှ မက္ကဆီကိုနိုင်ငံသို့ တိုင်အောင် ဝံပုလွေများကို တွေ့ရသည်။ သို့ရာတွင် တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်တို့တွင်ကား ဝံပုလွေကို မတွေ့ရချေ။

**ဝံပို။** ။ဝံပိုငှက်အုပ်များကို မြန်မာနိုင်ငံ မြစ်မကြီးများ၏ကမ်းခြေတလျှောက်နှင့် ထုံးအိုင်များ၏ပတ်ဝန်းကျင်တွင် အစဉ်မပြတ် တွေ့ရသော်လည်း မည်သည့်နေရာတွင် သားပေါက်သည်ဆိုသည်ကိုမူအတိအကျမပြောနိုင်ချေ။သို့သော် ပတ်ဝန်းကျင်တွင်ဖြစ်လိမ့်မည်ဟူ၍ကားမှန်းဆနိုင်ပေသည်။

www.burmeseclassic.com





အင်း အိုင်များတွင် နေထိုင်ခလေ့ရှိသည့် ဝံပိုငှက်

ဝံပိုငှက်သည် စက္ကဝက် ငှက်မျိုးနှင့်အတူ ပယ်လီကင်နီဖောမီး မျိုးစဉ်မှ ပယ်လီကင်နီဒီး မျိုးရင်းတွင် ပါဝင်၍ ယင်းကို ပါဏဗေဒအလိုအားဖြင့် ပယ်လီကင်နပ် ဖိုသစ်ပင်ဆစ်ဟု ခေါ်သည်။

ဝံပိုငှက်၏ အလျားသည် ၅၂ လက်မမှ လက်မ ၆၀ အထိ ရှိသည်။ အရွယ်ရောက်ပြီး ဝံပိုငှက်၏ သားပေါက်ချိန်အမွေးရောင်မှာ အပေါ်ပိုင်း၌ မီးခိုးရောင်နှင့် အောက်ပိုင်းမှာ အဖြူရောင်ဖြစ်သည်။ နောက်ပိုင်းကျကျနှင့် အောက်ဖက်ပိုင်းတို့၏ အရောင်တွင် ပန်းရောင်သန်းနေလေသည်။ သာမန် အချိန်တွင်မူ ဝံပိုငှက်၏ အတောင်ပံများ၊ အမြီးနှင့် ကိုယ်၏ အောက်ဖက်ပိုင်းများတွင် အရောင်စက်ကလေးများရှိသော်လည်း ယင်းတို့ကို ကွင်းပြင်၌ ရှိစဉ်တွင် မမြင်နိုင်ချေ။

ဝံပိုငှက်၏ အသံမှာ အာခေါင်သံပါသည့် ညည်းတွားပုံသာ ဖြစ်ပုံရသည်။

တနှစ်ပတ်လုံးတွင် ဝံပိုငှက် အုပ်စုကလေးများကို ဧရာဝတီမြစ်ရိုး တလျှောက်တွင်၎င်း၊ ဒီရေ အတက် အကျရှိသော ချောင်းများ တလျှောက်တွင်၎င်း တွေ့မြင်နိုင်ပေသည်။ ဝံပိုငှက်များ၏ ပျံသန်းပုံမှာလည်း ထူးခြား၏။ မြစ်၊ သို့မဟုတ် ချောင်း၏ မျက်နှာပြင်နှင့် ကပ်၍ ပျံလေ့ရှိပြီးလျှင် ကိုက် ၅၀ ခန့် လေဟုန်စီးပြီးတိုင်းတွင် အတောင်ပံကြီးများကို ခတ်နိုင်စေရန် တပေမျှ မြင့်အောင် ပျံပြီးသည့်နောက်တွင် ယခင်အတိုင်းပင် မြစ်၊ သို့မဟုတ် ချောင်းမျက်နှာပြင် အနီးသို့ နှိမ့်ချလိုက်ပြန်သည်။ ပျံသောအခါတွင် ဦးခေါင်းကို ပခုံး၏ နောက်ဖက်သို့ ရောက်သည်အထိ ဆွဲထားပြီးလျှင် ပျံလေ့ရှိသည်။ နှုတ်သီးကိုမူ ရေမျက်နှာပြင်နှင့် တပြေးတည်း ဖြစ်အောင် ထားလေ့ရှိသည်။ မြေကြီးပေါ်တွင် ဝံပိုငှက်များ လမ်းလျှောက်သည်ကို ကြည့်ရသည်မှာ အချိုးအစား မကျသော်လည်း သဲသောင်ပြင်တွင် ဖြစ်စေ၊ ကမ်းစပ်ရှိ ရွှံ့ပြင်ပေါ်တွင်ဖြစ်စေ မြင်ရလေ့ရှိသည်။ သစ်ပင်များ ပေါ်၌လည်း နားလေ့ရှိသည်။ ဝံပိုငှက်သည် များသောအားဖြင့် ငါးကို စားလေ့ရှိ၏။ ငါးကို ဖမ်းရာတွင် အမွေးမရှိသည့် စလုတ်နှင့် ဆက်သွယ်လျက်ရှိသော နှုတ်သီးကို ရေထဲသို့ လျင်မြန်စွာ ထိုးနှစ်၍ ဖမ်းယူလေ့ရှိသည်။ ထိုစလုတ်ကို အစာများလျှင် များသလို ချဲ့နိုင်လေသည်။ ဝံပိုအုပ်များသည် မြစ်၊ သို့မဟုတ် ချောင်းကိုဖြတ်၍ တန်းစီကာ ရေပေါ်တွင် နေပြီးလျှင် ယင်းတို့၏ တောင်ပံများကို ရိုက်ခတ်ခြင်းဖြင့် ငါးများ ရေတိမ်ရာသို့ သွားစေသည်ဟု ဆိုသော်သည်း ထိုအပြုအမူမျိုးကို တွေ့ရခဲလေသည်။

ရွှေကျင်မြို့၏ တောင်ဖက်ရှိ စစ်တောင်းလွင်ပြင်သည် တခါက ဝံပိုငှက်များ ပေါက်ဖွားရာဒေသ ဖြစ်ခဲ့ဘူးသည်။ (ငှက်ကြီး ဝံပို — လည်းရှု။)

**ဝံလူ။** ။ဝံလူငှက်သည် ဖယ်လကိုနီဖောမီး မျိုးစဉ်တွင် အက်ဆီပီတြိဒီး မျိုးရင်း၌ ပါဝင်၍ ယင်းကို ပါဏဗေဒအလိုအားဖြင့် အက်ကွိလာ နီပါလင်းဆစ်ဟု ခေါ်သည်။

ဝံလူငှက်၏ အရွယ်မှာ ၂၅ လက်မမှ ၂၇ လက်မအထိ ရှိသည်။ ငှက်မသည် ငှက်ဖိုထက် အရွယ်ကြီး၏။ အရောင်မှာ အညိုဖြစ်သည်။ သို့ရာတွင် အညိုရောင်နုမှ အညိုရောင်ရင့်အထိ အရောင်အမျိုးမျိုး ကွဲပြားသော ဝံလူငှက်ကိုလည်း တွေ့ရသည်။ ဝံလူသည် ကြီးမားသော ငှက်ဖြစ်သည်။ နှုတ်သီးမှာ ချွန်၍ ချိတ်ကဲ့သို့ ကောက်နေ၏။ အမွေးထူသော ခြေထောက်တွင် ချွန်ထက်သော ခြေသည်းများ ရှိသည်။ ကြမ်းကြုတ်သော အသွင်ကို ဆောင်သော ငှက် ဖြစ်သည်။ သစ်ပင်ထိပ်ဖျားတွင်၎င်း၊ မြေပေါ်တွင်၎င်း နားနေတတ်၏။ စွန်များ၏ အထက်တွင် ပျံဝဲနေတတ်၏။ ထိုသို့ ပျံဝဲနေစဉ် ကိုယ်ထည်ကြီးခြင်းနှင့် အမြီးပုံသဏ္ဌာန် ဝိုင်းနေခြင်းကြောင့် စွန်နှင့် ခွဲခြား၍သိနိုင်သည်။ ဝံလူငှက်သည် သစ်ပင်ပါးသော ကွင်းပြင်များတွင် ကျက်စားလေ့ ရှိ၍ များသောအားဖြင့် ခပ်နိမ့်နိမ့် ပျံသန်းတတ်



www.burmeseclassic.com

www.burmeseclassic.com



၏။ ဝံလူ ငှက်ငယ်ကလေးများတွင် မဆင် ရှားသည့် အပြောက်များ ပါရှိ၍ အောက်ခံရောင်မှာ အတော်ပင် ဖျော့တော့သည့်ပြင် အတောင်ပံတွင် အတော် အသင့် ထင်ရှားသည့် သားရေရောင် အစင်းကြောင်းများလည်း ပါရှိသည်။ နောင်ကြီးလာသောအခါတွင် ယင်းတို့သည် ကွယ်ပျောက်သွားကြသည်။

အာရှတိုက် အလယ်ပိုင်းတွင် ဝံလူငှက်များ သားပေါက်သည်။ ဆောင်းရာသီတွင် အာဖရိကတိုက် အရှေ့မြောက်ပိုင်းနှင့် အာရှတိုက်တောင်ပိုင်း၌ ကျက်စားသည်။ မြန်မာနိုင်ငံတောင်ပိုင်းရှိ ကွင်းပြင်များနှင့် တနင်္သာရီတိုင်း၌ ဝံလူငှက်များကို ဆောင်းရာသီတွင် အနှံ့အပြား တွေ့ရသည်။ ထိုဒေသများ၏ မြောက်ပိုင်း ကျကျ နေရာများတွင်လည်း ဝံလူငှက်များကို တွေ့နိုင်သည်။ ရှမ်းပြည်တောင်ပိုင်းတွင် ပေ ၄,၀၀၀ နှင့် ထိုထက်မြင့်သော ဒေသများတွင် ဝံလူငှက်ကို အနှံ့အပြား တွေ့နိုင်သည်။

**ဝံလို**။ ။ဝံလိုငှက်သည် ဖယ်လကိုနီဖောမီး မျိုးစဉ်တွင် အက်ဆီပီတြီဒီးမျိုးရင်း၌ ပါဝင်၍ ယင်းကို ပါဏဗေဒအလို အားဖြင့် ဟယ်လီအေးတပ် လျူကိုဂတ်စတားဟု ခေါ်လေသည်။

ဝံလိုငှက်၏ အရွယ်မှာ အလျား ၂၈ လက်မ ရှိသည်။ ဦးခေါင်းတခုလုံးနှင့် ကိုယ်ထည် အောက်ပိုင်းသည် ဆွတ်ဆွတ်ဖြူ၏။ ကျောဖက်တွင် မွဲပြာရောင် သန်းသည့် အညိုရောင်ရှိ၍ အတောင်၏ အဖျားသည် မည်း၏။ အမြီးမှာလည်း မည်းပြီးလျှင် အဖျားတွင် ကျယ်ပြန့်သော အဖြူစင်း ပါရှိသည်။ ပျံသန်းသည့် အခါ အတောင်သည် ကိုယ် အထက်တွင် အင်္ဂလိပ် အက္ခရာ 'V' ပုံကဲ့သို့ ဖြစ်နေ၏။ ဝံလို ငှက်ငယ်ကလေးများ၏ ဦးခေါင်း၊ လည်ပင်းနှင့် ကိုယ်ထည် အောက်ပိုင်းတို့၏ အရောင်သည် ညို၏။ ဝံလိုငှက်၏ အသံမှာ ကျယ်လောင်ပြီးလျှင် သတ္တုချင်း ထိခိုက်သံနှင့် တူသည်။ ထိုအသံကို ခပ်လှမ်းလှမ်းမှ ကြားနိုင်သည်။ ပင်လယ်ကမ်းစပ်တွင် ကျက်စားလေ့ ရှိသော ငှက်မျိုး ဖြစ်သော်လည်း တခါတရံ ဒီရေ အတက်အကျရှိသည့် မြစ်ဝ ကျွန်းပေါ် ဒေသများတွင်လည်း တွေ့ရတတ်သည်။ဝံလိုငှက်သည် သားပေါက်ရာ ဒေသမှ အဝေးသို့ ထွက်ခွာသွားလေ့ မရှိချေ။ အဓိက အစာမှာ ငါးနှင့် ရေမြွေများ ဖြစ်သည်။

ဝံလိုငှက် သားပေါက်ချိန်မှာ အောက်တိုဘာလမှ ဖေဖွာ ရီလအထိ ဖြစ်သည်။ မြင့်မားသော သစ်ပင်ထက်တွင် အသိုက် ပြုလုပ်လေ့ရှိသည်။ အသိုက်၏ အရွယ်မှာ အလွန်ကြီး၍ အသိုက်ဟောင်းကိုပင် ပြန်လည် အသုံးပြုလေ့ ရှိသည်။ ဝံလိုငှက်ဥမှာ အဖြူရောင်ဖြစ်၍ တမြုံလျှင် ဥ နှစ်လုံး ရှိသည်။

အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ၊ သီဟိုဠ်ကျွန်းတို့၏ ပင်လယ် ကမ်းခြေတလျှောက်မှ မလ္လာယုကျွန်းဆွယ်ကို ဖြတ်၍ ဩစတြေးလီးယားတိုက်အထိ ဝံလိုငှက်ကို အနှံ့အပြား တွေ့နိုင်သည်။ မြန်မာနိုင်ငံ ကမ်းရိုးတန်းတွင် အနှံ့အပြား တွေ့ရပြီးလျှင် မြန်မာနိုင်ငံရှိ မြစ်ကြီးများတလျှောက်တွင်လည်း မြစ်ဝမှ မိုင် ၆၀ နီးပါးခန့် ကွာဝေးသည့် ဒေသများ၌ အနှံ့အပြား တွေ့ရသည်။

**ဝံလက်**။ ။ဝံလက်သည် ဖယ်လကိုနီဖောမီး မျိုးစဉ်တွင် ပန်ဒီအွန်နီဒီး မျိုးရင်း၌ ပါဝင်၍ ယင်းကို ပါဏဗေဒ အလို အားဖြင့် ပန်ဒီအွန် ဟယ်လီအေးတပ် ဟယ်လီးအေးတပ်ဟု ခေါ်သည်။

ဝံလက်၏ အရွယ်မှာ အလျားလက်မ ၂၀ မှ ၂၃ လက်မ အထိ ရှိသည်။ ကျောဖက်မှာ အညိုရင့်ရောင် ဖြစ်ပြီးလျှင် ကိုယ်ထည်အောက်ပိုင်းမှာ ဖြူသည်။ ဦးခေါင်း၏ အရောင်မှာ ဖြူဖတ် ဖြူဖယော်ဖြစ်၍ ကိုယ်ထည်နံဘေးတွင် မည်း၍ ကျယ်ပြန့်သော ကန့်လန့်ဖြတ် အစင်းကြောင်း တခုရှိသည်။ ရင်အုပ်တွင် အညိုနုရောင် ကန့်လန့်ဖြတ် အစင်းကြောင်း တခု ရှိသည်။ ဦးခေါင်း နောက်ပိုင်းတွင် အမောက်နှင့် တူသော အမွေးများ ရှိသည်။ အတောင် ရှည်၍ အနံတိုသည်။ ဝံလက်အော်သံသည် စူးရှသော်လည်း သာယာ၏။ ဆက်ကာ ဆက်ကာ အော်မြည်တတ်၍ နောက်ဆုံးတွင် အသံတိမ်သွား၏။

ဝံလက်သည် ရေနှင့်နီးနီးနားနားတွင် အမြဲ ကျက်စားသော ငှက် ဖြစ်၍ မြစ်များ၊ ရေကန်၊ ထုံးအိုင်၊ ဒီရေ အတက်အကျရှိသည့် မြစ်ဝများတွင် အမြဲတွေ့ရသည်။ အဓိကအစာမှာ ငါးဖြစ်သည်။ ငါးဖမ်းရာတွင် ကျင်လျှင် ဖျတ်လတ်၍ အတော်ကြီးသော ငါးကိုပင် ဖမ်းယူနိုင်လေသည်။ ငါးဖမ်းစဉ်တွင် ဝံလက်သည် ရေပြင်မှအမြင့်ပေ ၃၀မှ ပေ ၁၀၀ အထိပျံဝဲနေတတ်၏။ ငါးကိုမြင်လျှင် ခြေကိုတွဲလျား ချကာ အချိန်အနည်းငယ် ပျံဝဲနေပြီးလျှင် တောင်ပံကို သိမ်း၍ ရေသို့တိုးဆင်းတတ်၏။ တခါတရံ တစက္ကန့်၊ သို့မဟုတ် နှစ်စက္ကန့်အထိ ရေထဲသို့ ငုပ်လျှိုးနေတတ်၏။ရေမှ ထွက်ပေါ် လာသော အခါ ကိုယ်မှရေကို ခါချတတ်၏။ တခါတရံ ဝံလက်သည် ရေပြင်ပေါ်သို့ ဝဲခြင်း၊ ရေထဲသို့ ငုပ်လျှိုးခြင်းတို့ကို မပြုလုပ်ပဲ ငါးဖမ်းယူတတ်၏။ အရွယ်ကြီးသော ငါးကိုမိလျှင် ငါး၏ ခေါင်းပိုင်းကို မြဲမြံစွာ ဆုပ်ကိုင်ထားပြီးလျှင် နားနေကျ သစ်ပင်ခြောက်၊ ရေထဲတွင်စိုက်ထားသည့်တိုင်၊ သို့မဟုတ် ကျောက်ဆောင်များသို့ ယူဆောင်သွားတတ်၏။ ငါးကို စားပြီးသည့် နောက် ခြေချောင်းနှင့် ခြေသည်းတွင် ပေကျံနေသော အကြေးအညှီကို သုတ်သင်ရန် ခြေထောက်များကို ရေတွင် မြုပ်သည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ရေပြင်သို့ဆင်းလာတတ်၏။ တခါတရံ ဦးခေါင်းကိုပင် ရေစိုသည့် တိုင်အောင် ရေထဲသို့ မြုပ်သွားစေ၏။ ဝံလက်၏ ခြေထောက်မှာ သန်စွမ်းသည့်ပြင် ခြေချောင်းများ၏ အောက်ပိုင်းတွင်ရှိသော အကြေးခွံများကြောင့်လည်း ငါးကို မြဲမြံစွာ ဖမ်းထားနိုင်သည်။ အလေးချိန်လေးပေါင် ရှိသော ငါးကိုပင် ဖမ်းနိုင်သည်။ မိမိအားနှင့်မမျှသောငါးကြီးကို ဖမ်းရန် အားထုတ်ခိုက်တွင် ရံဖန် ရံခါ ဝံလက်များ ရေနစ်၍ သေဆုံးကြသည်။ အဓိက အစာမှာ ငါးဖြစ်သော်လည်း ငတ်မွတ်သောအခါတွင်မူ ကြက်ငယ်ကလေး၊ ပိုးတောင်မာ၊ ဖား၊ ငှက်ငယ်များနှင့် နို့တိုက်တိရစ္ဆာန်ငယ်များကိုပင် ဖမ်းယူစားသောက်တတ်သည်။

မြန်မာနိုင်ငံတွင် ဝံလက်များ မည်သို့ ပေါက်ပွားသည်ကို တတ်အပ်သေချာမသိရချေ။ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လများတွင် မြစ်ကြီးနားခရိုင်၊ မေမြို့ရှိရေကန်၊ ရန်ကုန်မြို့အနီးရှိ လှော်ကားကန်တွင် ဝံလက်ကို တကောင်ချင်းတွေ့ရတတ်သည်။ ဆောင်းရာသီတွင်မူ ဝံလက်ကို မြန်မာနိုင်ငံ တနိုင်ငံလုံးရှိ သင့်လျော်သောရေပြင်များတွင် တွေ့နိုင်လေသည်။

**ဝံသဗေဒ။** ။ဝံသဗေဒသည် ကမ္ဘာပေါ်ရှိလူမျိုးအသီးအသီးတို့ တိုးတက်ထွန်းကားလာပုံနှင့် ပျံ့နှံ့သွားပုံကို စံနစ်တကျ လေ့လာသော သိပ္ပံပညာတရပ် ဖြစ်သည်။ ဝံသဗေဒနှင့် အလားတူသော လူမျိုးခွဲခြား ပြသရေး ပညာမှာကား ကမ္ဘာပေါ်တွင် လူများ ပထဝီဝင် ဒေသအလိုက် ပျံ့နှံ့နေပုံကိုလိုက်၍ လူများကို မြေပုံနှင့်တကွ အမျိုးခွဲခြား ဖော်ပြသော သိပ္ပံပညာ ဖြစ်လေသည်။ အမှန်အားဖြင့် လူမျိုးခွဲခြားပြသရေး ပညာသည် ဝံသဗေဒ အတွက် အကြောင်းအချက်များ ရှာဖွေပေးလေသည်။

ဤပညာ နှစ်ရပ်ကို ပူးပေါင်း လေ့လာခြင်း အားဖြင့် ကမ္ဘာပေါ်တွင် လူအမျိုးမျိုး ကွဲပြားခြားနားပုံ၊ လူများ ကမ္ဘာအရပ်ရပ်တွင် အနှံ့အပြား နေထိုင်ကြပုံနှင့် ဘာသာ အယူဝါဒ ဓလေ့ထုံးစံများ၊ စီးပွားရေး၊ နိုင်ငံရေး၊ ပေါင်းသင်းဆက်ဆံရေး၊ နေထိုင်စားသောက်ရေး အစရှိသည်တို့တွင် လူတမျိုးနှင့်တမျိုး မတူကြသည့် အကြောင်းများကို နှိုင်းရှည့်လေ့လာနိုင်လေသည်။

ဝံသဗေဒပညာ ပါရဂူကြီးများ၏ ယူဆချက်အရ လူသည် ရှေးဦးပဌမ လူမျိုးတမျိုးတည်းမှ ဆင်းသက်ပေါက်ဖွားလာပြီးနောက် နှစ်ပေါင်း များစွာ ကြာသော အခါကမ္ဘာ အရပ်ရပ်သို့ ပျံ့နှံ့သွားသဖြင့် ကာလဒေသ အလျောက် လူအမျိုးမျိုး ကွဲပြား သွားခဲ့လေသည်။ ကမ္ဘာပေါ်ရှိ အဓိက လူမျိုးကြီးများကို လူဝါမျိုး၊ လူဖြူမျိုး၊ လူမည်းမျိုးဟူ၍ အသွေးအရောင်ကိုလိုက်၍ သုံးမျိုး ခွဲခြားထားသည်။ အဓိက လူဝါမျိုးမှာ မွန်ဂို လူမျိုးများဖြစ်၍ အာရှတိုက်၊ အမေရိကတိုက်နှင့် ပိုလီနီးရှားဒေသများတွင် အနှံ့အပြား နေထိုင်ကြသည်ဟုဆိုသည်။ မွန်ဂိုလူမျိုးများ၏ ပုံပန်းသဏ္ဌာန်မှာ အသား ဝါသည်။ သို့မဟုတ် ညိုသည်။ ဆံပင်မှာ မည်းနက်၍ ဖြောင့်စင်းသည်။ မျက်နှာပြား၍ နဖူးမှာ နောက်သို့ ခွက်နေသည်။ အဓိက လူဖြူများ၏ ပုံပန်းသဏ္ဌာန်မှာ အသားဖြူသည်။ နဖူးမောက်သည်။ ချွန်၍ ပေါ်လွင်သော နှာတံရှိသည်။ ဆံပင်မှာ များသောအားဖြင့် နီညိုရောင်ဖြစ်သည်။ လူဖြူများသည် ဥရောပတိုက်နှင့် အာရှတိုက် အနောက်ပိုင်းတွင် နေထိုင်ကြ၏။ အဓိက လူမည်းမျိုးဖြစ်သော နီဂရိုး အစရှိသည့် လူမျိုးများကိုကား အာဖရိကတိုက်တွင်သာ တွေ့ရှိရ၏။ သူတို့၏ပုံပန်းသဏ္ဌာန်မှာ အသားမည်းသည်။ အရပ်ပုသည်။ နှာခေါင်းပြားသည်။ ပါးရိုးများ အပြင်သို့ ငေါထွက်နေ၍ မည်းမှောင်လိမ်ကောက်သော ဆံပင်များရှိသည်။

အနောက်နိုင်ငံများရှိ ပြတိုက်များတွင် ဝံသဗေဒ ဌာနခွဲများထားရှိ၍ လူအမျိုးမျိုး၏ နေထိုင် လုပ်ကိုင် သွားလာပုံ ဓလေ့ထုံးစံနှင့် အလေ့အကျင့်များကို ဖော်ပြသည့် အရာဝတ္ထုများကို ပြသထားလေရာ နီးစပ်ရာလူမျိုးအချင်းချင်း ကွဲပြားခြားနားပုံ တူညီပုံတို့ကို နှိုင်းရှည့်လေ့လာနိုင်လေသည်။ လူမျိုးခွဲခြားပြသရေးသမားများကမူ ကမ္ဘာပေါ်တွင် လူမျိုး အသီးသီး ပျံ့နှံ့နေကြပုံနှင့် ရွှေ့ပြောင်းနေထိုင်ကြပုံတို့ကို မြေပုံဖြင့် ဖော်ပြကြသည်။ အမှန်အားဖြင့် ဝံသဗေဒနှင့် လူမျိုးခွဲခြားပြသရေး ပညာတို့မှာ ဒွန်တွဲနေ၍ မနုဿဗေဒ ပညာရပ် အစိတ်အပိုင်းများသာ ဖြစ်လေသည်။

**ဝမ်းတွင်းမြို့။** ။ဝမ်းတွင်းမြို့သည် မြန်မာနိုင်ငံအထက်ပိုင်း မန္တလေးတိုင်းတွင်ပါဝင်သော မိတ္ထီလာခရိုင် အတွင်းရှိ ဝမ်းတွင်းမြို့နယ်၏ ရုံးစိုက်မြို့ဖြစ်သည်။ ဝမ်းတွင်းမြို့နယ်သည် မိတ္ထီလာခရိုင်၏ အရှေ့မြောက်ဖက်ပိုင်း မြို့နယ်ဖြစ်၍ ၅၃၈ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၉၆ ရွာ၊ သူကြီးပိုင် နယ် ၆၉ နယ်ရှိ၏။ အိမ်ခြေပေါင်း ၁၉,၉၀၈ ခန့်ရှိ၍ လူဦးရေ ၈၆,၉၁၁ရှိသည်။


ဝမ်းတွင်းမြို့သည် ရန်ကုန် - မိတ္ထီလာ-မန္တလေး မော်တော်ကားလမ်းပေါ်တွင် တည်ရှိသည်။ မိတ္ထီလာမှ မိုင် ၂၀ ကွာဝေး၍ ရန်ကုန်မြို့နှင့် ဆိုသော် ၃၅၈ မိုင် ကွာဝေးသည်။ ရန်ကုန်-မန္တလေး မီးရထားလမ်းပေါ်ရှိ သဲတောမြို့နှင့်မူ နှစ်မိုင်ကွာဝေးသည်။ မြို့ပေါ်တွင် အိမ်ခြေ ၉၁၀ ခန့် ရှိ၍ လူဦးရေ ၄,၅၈၄ နေထိုင်သည်။ မြို့ပိုင်ရုံး၊ သမဝါယမအရာရှိရုံးစသည့် အစိုးရရုံးများနှင့် စာသင်ကျောင်းများလည်း ရှိသည်။ ဝမ်းတွင်းမြို့မှာ လက်ရက်ထည် အရောင်းအဝယ်



www.burmeseclassic.com

www.burmeseclassic.com





ဝမ်းတွင်းမြို့နယ်ရှိ အိမ်တွင်းမှုလုပ်ငန်းတရပ်ဖြစ်သည့် ရက်ကန်းလုပ်ငန်း

အစည်ကားဆုံး မြို့ကလေး ဖြစ်သည်။ ဝမ်းတွင်းမြို့နယ်ထွက် သဲတောငြုတ်မှာ မြန်မာနိုင်ငံတွင် ထင်ရှားသော မျိုးကောင်းငြုတ်ဖြစ်၏။ မြို့နယ်တွင် များသောအားဖြင့် ရေသွင်း စိုက်ပျိုး လုပ်ကိုင် ကြရသဖြင့် ထင်ရှားသော ဆည်တို့မှာ ဦးဘိုးထွန်းဆည်၊ တောင်ပုလုဆည် အလေ့ာင်းစည်သူဆည် စသည်တို့ဖြစ်ကြသည်။

ဝမ်းတွင်းမြို့အနီးရှိ သိမ်တောင်စာသင်တိုက်၊ ကမ္ဗည္ဇာနီးတိုက်တို့သည်လည်း ထင်ရှားကျော်ကြား၍ ထိုအနီးတွင် ဓာတ်ပေါင်းစေတီ တည်ရှိသည်။

ဝမ်းတွင်းမြို့ဟူ၍ အမည်တွင်ခြင်းမှာ ကျန်စစ်သားသည် အနော်ရထာမင်း လက်ထက် မင်းမျက်သဖြင့် ပုန်းရှောင်နေရသည့်အခိုက် ယခု ဝမ်းတွင်းမြို့တည်ရာ၌ ကျဲ့ရိုင်း တကောင်နှင့်တွေ့ပြီးလျှင် ထိုကျဲ့ရိုင်း၏ဝမ်းကို လှံနှင့် ထွင်းသတ်ခဲ့သဖြင့် ဝမ်းထွင်းဟုတွင်ရာမှ နောင်သော် ဝမ်းတွင်းဖြစ်လာသည်ဟု ဆိုလေသည်။

**ဝမ်းဘဲ။** ။မြန်မာနိုင်ငံ အမြို့မြို့အရွာရွာတွင် ဝမ်းဘဲကို တွေ့နိုင်သည်။ အမြီးနှင့် နောက်ဖက်ပိုင်းတွင် အလွန်နက်သည့်အရောင်ရှိပြီးလျှင် အတောင်များကို ပိတ်ထားသော အခါတွင် အဖြူစင်းကြီး ရှိသဖြင့် ဝမ်းဘဲသည် ထူးခြားသည်။ ခြေထောက်များမှာ တောက်ပသည့် အနီရောင် လိမ်မော်ရောင် အထိ ရှိတတ်သည်။ ဝမ်းဘဲ၏ သာမန်အော်သံမှာ 'ဂတ်''ဂတ်''ဂတ်'ဖြစ်သည်။

ဧရာဝတီနှင့် ချင်းတွင်း ဖြစ်သည်။ ရောဝတီနှင့် ရွှေလီကဲ့သို့သောမြစ်ကြီးများတွင်ဝမ်းဘဲကိုတွေ့နိုင်ပေသည်။ ဝမ်းဘဲသည် အခြားငှက်များနှင့်ရော၍ နေလေ့မရှိချေ။ သို့သော် ဘဲခေါင်းစိမ်း (ဘဲခြေနီ) နှင့်ကား ရော၍နေထိုင်သည်ကို တွေ့ရသည်။ ထုံးအိုင်များ၌လည်း ဝမ်းဘဲကို တွေ့မြင်နိုင်သည်။ ဝမ်းဘဲသည် ရေမျက်နှာပြင်တွင်သာ အစာရှာဖွေသော ငှက်မျိုးဖြစ်သည်။ ထုံးအိုင်ပတ်ဝန်းကျင်ရှိ စပါးပင်များကို စားပစ်သည်ထက် ခြေနှင့်နင်း၍ပစ်ခြင်းကြောင့် ပို၍ပျက်စီးစေသည်။ ဝမ်းဘဲ၏အနှစ်သက်ဆုံးအစာမှာ ရေပိုးရေမွှားများ၊ ဖားများနှင့် တီကောင်များဖြစ်သည်။

ဝမ်းဘဲသည် အသိုက်ကို အပင်များ ဖုံးအုပ်နေသော မြေကြီးပေါ်တွင် ပြုလုပ်လေ့ရှိသည်။ ထိုအသိုက်များသည် ရေနှင့် အတော် ဝေးဝေးတွင် ရှိတတ်သည်။ ဘဲဥများ



www.burmeseclassic.com

www.burmeseclassic.com



သည် သားပေါက်ချိန်၌ အတောင်နှင့် အမြီးရှိ အတောင်ရှည်များ လဲလှယ်ရန် ကျွတ်ကုန် ကြလေသည်။ ထိုသို့ အတောင်များ ကျွတ်နေစဉ်တွင် ဝမ်းဘဲသည် အသိုက်မှ အလွန်ထွက်ခဲသည်။ တခါအုလျှင် ဝမ်းဘဲသည် ရှစ်ဥမှ ဆယ်ဥ အထိ အုတတ်သော်လည်း တခါတရံတွင်မူ ၁၄ ဥ အထိ အုတတ်လေသည်။

ဝမ်းဘဲသည် အာရှတိုက် အရှေ့တောင်ပိုင်း၊ ဩစတြေးလီးယားတိုက်၊ ပစိဖိတ် ကျွန်းစုများနှင့် မြောက်ဖက်တွင် တရုပ်နိုင်ငံနှင့် ဆိုက်ဗီးရီးယား အရှေ့ပိုင်းအထိ ပျံ့နှံ့လျက်ရှိသည်။

ဝမ်းဘဲသည် အန်ဆာရီဖော်မီး မျိုးစဉ်တွင် အနာတီဒီး မျိုးရင်းနှင့် အနာတီနီး မျိုးရင်းခွဲတို့တွင် ပါဝင်ပြီးလျှင် ယင်းကို ပါဏဗေဒ အလိုအားဖြင့် အနပ် ပီစီလောရင်းချား ပီစီလောရင်းချားဟု ခေါ်သည်။

ဝမ်းဘဲနှင့် မျိုးစဉ်တူ၊မျိုးရင်းတူနှင့်မျိုးရင်းခွဲတူအခြားဘဲတမျိုးမှာ ဘဲခေါင်းစိမ်း ဖြစ်သည်။ ဘဲခေါင်းစိမ်း၏ အလျားမှာ ၂၃ လက်မဖြစ်သည်။ ဘဲခေါင်းစိမ်းဟု ခေါ်ကြသည့်အတိုင်း ဦးခေါင်း၏ အရောင်သည် ကိုယ်အရောင်နှင့် မတူပဲ အစိမ်းရောင် လွှမ်းလျက်ရှိသည်။ ဘဲခေါင်းစိမ်း အဖို၏ အမြီးအလယ်ရှိ အမွေး လေးချောင်းသည် အပေါ်သို့ တွန့်လိမ်လျက်ရှိသဖြင့် အခြားဘဲများနှင့် ခြားနားသည်။ ဘဲခေါင်းစိမ်းအဖို၏ အရောင်သည် များသောအားဖြင့် မွဲခြောက်ခြောက် ဖြစ်ပြီးလျှင် လည်ပင်း ပတ်လည်တွင် အဖြူရစ်ရှိသည်။ ဘဲခေါင်းစိမ်း အမ၏ အသံသည် ကျယ်လောင်၍ ကြမ်းတမ်းသော်လည်း အဖို၏အသံမှာ ခတ်အုတ်အုတ်ဖြစ်သည်။

ဘဲခေါင်းစိမ်းများကို ရေကန်များ၊ ထုံးအိုင်များနှင့် အသီးအနှံ စိုက်ပျိုးခင်းများရှိသည့် ရေဝပ် ဒေသများတွင် စုံတွဲ ဖြစ်စေ၊ အုပ်ကလေးများဖွဲ့၍ ဖြစ်စေ တွေ့ရသည်။ များသောအားဖြင့် ဘဲခေါင်းစိမ်းသည် ရေမျက်နှာပြင်တွင်သာ ကျက်စားလေ့ ရှိသော်လည်း တခါတရံတွင် အစာအတွက် နှစ်ပေ သုံးပေမျှ ရေတွင် ငုပ်လေ့ရှိသည်။ ရေမှ ထ၍ ပျံရာတွင် တည့်တည့် မတ်မတ် ထလေ့ရှိသည်။ မြေကြီးပေါ်၌ လမ်းလျှောက်ရာဘွင် သာမန်ဝမ်းဘဲထက် ပို၍ ကောင်းမွန်စွာ လျှောက်နိုင်သည်။ ဘဲခေါင်းစိမ်းအုပ်များသည် စားကျက်သို့ ဖြစ်စေ၊ စားကျက်မှဖြစ်စေ အချိန်မှန်မှန် ပျံသန်းလေ့ရှိကြသည်။

ဘဲခေါင်းစိမ်း ပျံသန်းရာတွင် လျင်မြန်ပြီးလျှင် ထူးခြားသည့်လှုပ်ရှားမှု ရှိသည်။ အတောင်များကို ခတ်ရာတွင် မမြန်လှသော်သည်း လေချွန်သံပေါက်သည်။ အစာရှာရန် ပျံသန်းစဉ်တွင် ပုံသဏ္ဌာန်ထား၍ ပျံသန်းလေ့မရှိကြသော်လည်း နယ်ပြောင်းကြသော အခါမှာမူ ပုံသဏ္ဌာန်နှင့်ဖြစ်စေ၊ အမြဲသဖြင့် ပြောင်းလဲလေ့ရှိသော ရွှေ့ရွှေ့ အတန်းလိုက်ဖြစ်စေ ပျံသန်းလေ့ရှိကြသည်။

ဘဲခေါင်းစိမ်းသည် မြန်မာနိုင်ငံတွင် အမြဲနေထိုင်သော ငှက်မျိုး မဟုတ်ချေ။ မြန်မာနိုင်ငံနှင့် အနီးဆုံး ဘဲခေါင်းစိမ်း၏ သားပေါက်သောနေရာများမှာ တိဗက်နှင့် ကသ္မီယပြည်တို့ဖြစ်သည်။ ဆောင်းရာသီ၌ မြန်မာနိုင်ငံမြောက်ပိုင်းသို့ အုပ်ကလေးများဖွဲ့၍ မှန်မှန် လာပုံရသည်။ ချင်းတွင်းအထက်ပိုင်း၊ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း၊ အလယ်ပိုင်းနှင့် ရှမ်းပြည် မြောက်ပိုင်းတို့ဘွင်လည်း ဘဲခေါင်းစိမ်းကို တွေ့ရသည်။

ဘဲခေါင်းစိမ်းသည် ကြောက်တတ်သဖြင့် သေနတ်သံကို ကြားသည်နှင့် တပြိုင်နက် ရှေးဦးစွာ ပျံသန်း သွားလေ့ရှိသည်။

ဘဲခေါင်းစိမ်းကို ပါဏဗေဒ အလိုအားဖြင့် အနပ် ပလက်တိုင်းရင်းချား ပလက်တိုင်းရင်းချားဟု ခေါ်သည်။

ဝမ်းဘဲနှင့်မျိုးစဉ်တူ၊ မျိုးရင်းတူနှင့် မျိုးရင်းခွဲ တူသော အခြားဝမ်းဘဲတမျိုးလည်း ရှိသေးသည်။ ယင်းမှာ ဘဲရစ် ဖြစ်သည်။ ဘဲရစ်သည် မြန်မာနိုင်ငံတွင် အမြဲနေထိုင်သော ငှက်မျိုးမဟုတ်သော်လည်း အောက်တိုဘာလမှ ဖေဖွာရီလလယ်အထိ လာရောက် နေထိုင်သော ငှက်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ဒေသပြောင်း၍ လာရောက် နေထိုင်သော ငှက်များတွင် ဘဲရစ်သည် အများဆုံးတွေ့နိုင်သော ငှက်မျိုး ဖြစ်ကောင်း ဖြစ်နိုင်သည်။ မြန်မာနိုင်ငံ အနှံ့အပြားတွင် ဘဲရစ်ကို တွေ့နိုင်သော်လည်း မြန်မာနိုင်ငံ၏ မြောက်ဖက်နှင့် အလယ်ပိုင်းတို့တွင် ပို၍အတွေ့ရများသည်။

ဘဲရစ်၏ ကိုယ်အလျားသည် ၂၂ လက်မရှိ၍ ဘဲရစ်ဖို၏ အမြီး အတောင်များသည် သာမန် ဝမ်းဘဲ၏ အမြီးအတောင်ထက် လေးလက်မ ပို၍ရှည်သည်။ ဘဲရစ်၏ ကိုယ်ထည်သည် သေးသေးသွယ်သွယ် ရှိပြီးလျှင် လှပသည်။ လည်ပင်းရှည်ပြီးလျှင် အမြီးချွန်သည်။

အရွယ်မရောက်သေးသော ဘဲရစ်အဖိုသည် ဘဲရစ်အမနှင့် တူ၏။ ရေမှ အထတွင် အတန်ငယ်ခဲယဉ်းသော်လည်း ပျံသန်းရာတွင် အလွန်လျင်မြန်သည်။ အတောင်ရိုက်ခတ်ရာတွင်လည်း လျင်မြန်ပြီးလျှင် သွားကြားလေသံ ကဲ့သို့ အသံထွက်ပေါ်သည်။

ဘဲရစ်သည် များသောအားဖြင့် ဆိတ်ညိမ်စွာ နေလေ့ရှိသော်သည်း ဘဲရစ်အမကမူ တခါတရံ အသံပြုတတ်သည်။

ဘဲရစ်သည် အလွန် ကြောက်ဘတ်သော ငှက်မျိုးဖြစ်သည်။ အကောင် ၂၀ မှ ရာပေါင်းများစွာ အထိ ရှိသော ဘဲရစ်အုပ်ကို ထုံးအိုင်၏အလယ်တွင် တွေ့တတ်ရာ သေနတ်ပစ်ဖောက်လိုက်သည်နှင့် တပြိုင်နက် တအုပ်လုံး ပျောက်ကွယ်သွားလေ့ရှိသည်။ ရခိုင်နယ်တွင် လူမရောက်နိုင်သည့်

www.burmeseclassic.com



လမုတောစိမ့်များအတွင်း၌ နေ့အခါတွေ့ရ၍ ညဉ့်အခါတွင် မှော်များ ရှိသည့် တိမ်သော ရေချို ရေအိုင်များတွင် ကျက်စားသည်။

ဘဲရစ်ကို ပါဏဗေဒ အလိုအရ အနပ် အကူတာ အကူတာ ဟု ခေါ်သည်။

ဘဲအသည်လည်း ဝမ်းဘဲနှင့်မျိုးစဉ်တူ၊ မျိုးရင်းတူ၊ မျိုးရင်းခွဲတူ ငှက်ဖြစ်သည်။ ဘဲအသည် မြန်မာနိုင်ငံသို့ နိုဝင်ဘာလမှ မတ်လအထိ လာရောက်လေ့ရှိသော ငှက်မျိုးပင် ဖြစ်သော်လည်း ယင်းကို တွေ့ရခဲသည်။

ဘဲအ၏ အလျားမှာ ၁၉ လက်မရှိသည်။ ဘဲအ အမ၏ အရောင်မှာ အညိုရောင်အနုတွင် အညိုရင့်ရောင် အကွက်များ ရှိသည်။ နှုတ်သီးမှာ အခြားဘဲမျိုးများထက် တိုပြီးလျှင် အမွေးအတောင်၏ အရောင်မှာ အနီရောင်ပို၍ ထနေလျက် အမြီးချွန်လည်း ရှိသဖြင့် ခွဲခြား၍ သိနိုင်လေသည်။ ဘဲအ တွင် အဖိုရော အမ၌ပါ ရင်ပတ်ဖြူ များရှိသဖြင့် ထူးခြားလေသည်။

ဘဲအ အဖို၏အသံမှာ ကျယ်လောင်ပြတ်သား၍ သာယာသော လေချွန်သံမျိုး ဖြစ်သည်။ အမ၏ အသံမှာ ညည်းသံမျိုးဖြစ်သည်။

ဘဲအသည်လည်း ဘဲရစ်နှင့် ဘဲခေါင်းစိမ်းတို့ကဲ့သို့ပင် ကြောက်တတ်သဖြင့် သေနတ်သံကြားသည်နှင့် တပြိုင်နက်၊ ပျောက်ကွယ်သွားလေ့ရှိသော ငှက်မျိုးဖြစ်သည်။ ပျံသန်းသောအခါ များသောအားဖြင့် တန်း၍ ပျံသန်းလေ့ရှိကြသော်လည်း မညီမညာနှင့် ပုံသဏ္ဌာန်ကို ပြောင်းလဲ၍ ပျံသန်းတတ်ကြသည်။

ဘဲအ ကို ပါဏဗေဒအလိုအားဖြင့် အနပ် ပင်နဲလုပ်ဟု ခေါ်သည်။

**ဝမ်းရောဂါ။** ။ဝမ်းရောဂါ (ကာလဝမ်းရောဂါ) သည် အရှေ့ဖျားဒေသ၌ ရှေးနှစ်ပေါင်း ထောင်ပေါင်းများစွာကပင် စတင်၍ ဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။ သင်္ကရိုက်ဘာသာဖြင့် ရေးသားထားချက်များတွင် ထိုရောဂါသည် ခရစ်မပေါ်မီ ရာစုနှစ်ပေါင်းများစွာက ဖြစ်ပေါ်ခဲ့သည်ဟု ဖော်ပြထားသည်။ သို့သော် အိန္ဒိယနိုင်ငံ ဂိုအာနယ်မှ ပေါ်တူဂီလူမျိုး ဆေးဆရာဝန်တဦးက ၁၅၆၃ ခုနှစ်တွင်မှ ထိုရောဂါနှင့် စပ်လျဉ်း၍ လုံလောက်စွာ ဖော်ပြနိုင်ခဲ့လေသည်။ အင်္ဂလန်ပြည်၊ လန်ဒန်မြို့နေ ထင်ရှားသည့် ဆေးဆရာဝန်တဦးဖြစ်သူ ဂျွန် စနိုး (ခရစ် ၁၈၁၃-၁၈၅၈) က ၁၈၄၉ ခုနှစ်တွင် ဝမ်းရောဂါရှိသည့် ရေက ထိုရောဂါကို သယ်ဆောင်သွားသည့် အကြောင်း လက်တွေ့ ပြနိုင်ခဲ့သည်။ ၁၈၈၄ ခုနှစ်တွင်လည်း ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ရောဗတ် ကိုး (ခရစ် ၁၈၄၃–၁၉၁၀) က ဝမ်းရောဂါကို ဖြစ်ပေါ်စေသော ဗက်ဆီလပ်ပိုးကို တွေ့ရှိရလေသည်။ ထိုရောဂါကပ်ကြီးသည် ၁၇ နှင့် ၁၈ ရာစုနှစ်များအတွင်း၌ အကြီးအကျယ် ဖြစ်ပွားခဲ့သော်လည်း ထိုရောဂါသည် အာရှတိုက်ရှိ တိုင်းပြည်များတွင်သာ ဖြစ်ပေါ်ခဲ့လေသည်။ ၁၈၂၆ ခုနှစ်မှ ၁၈၃၇ ခုနှစ်အထိ နှစ်များ အတွင်း၌ ထိုရောဂါသည် ဥရောပတိုက်သို့ စတင် ပြန့်ပွားသွားခဲ့လေသည်။ ၁၈၃၂ ခု နှစ်ခန့်တွင် ထိုရောဂါကို အမေရိကန်ပြည်ထောင်စု အတွင်း၌ စတင်တွေ့ရှိခဲ့သော်လည်း ၁၈၃၅၊ ၁၈၃၆၊ ၁၈၄၉ ၁၈၅၄၊ ၁၈၇၃ နှင့် ၁၈၈၄ ခုနှစ်များတွင် ထိုရောဂါသည် ကပ်ကြီးဆိုက်သကဲ့သို့ ဖြစ်ပွားခဲ့လေသည်။ ၁၈၉၃ ခုနှစ်တွင် ထိုရောဂါကပ်သည် နောက်ဆုံး ဖြစ်ခဲ့လေသည်။ သို့သော် ၁၈၇၃ ခုနှစ်မှ စ၍ အကြီးအကျယ် မဖြစ်ခဲ့တော့ချေ။ ဖိလစ်ပိုင် ကျွန်းစုတွင် ထိုရောဂါသည် ယခုရာစုနှစ်အတွင်း၌ပင် ပျောက်ကျား ဖြစ်ပေါ်လျက် ရှိသေးသည်။ ရောဂါကပ် အနေမျိုးနှင့်ကား ၁၉၁၁ ခုနှစ်တွင်နောက်ဆုံး တွေ့ခဲ့ရလေသည်။

ဝမ်းရောဂါဖြစ်ရခြင်းမှာ စပီရီလမ် ကိုလာရီး ခေါ် အလွန်သေးငယ်သည့် သက်ရှိကလေးများကြောင့် ဖြစ်သည်။ ထိုသက်ရှိကလေးများသည် အလွန်အန္တရာယ်ပေးသည့် ဗစ်ဗရီအိုခေါ် ဗက်တီးရီးယားပိုး ဖြစ်ကြောင်း ယခုအခါတွင် သိကြရပေပြီ။ ထိုပိုးသည် အူကိုတိုက်ခိုက်ပြီးလျှင် ရောဂါသည် များသောအားဖြင့် သုံးဆင့် ဖြစ်တတ်လေသည်။ ပဌမ အဆင့်တွင် သာမန်သာ ဝမ်းသက်လေသည်။ ဒုတိယ အဆင့်တွင် ဝမ်းသက်ခြင်းသည် ပြင်းထန်လာပြီးလျှင် ပင်ပန်းစွာ အန်ရခြင်းလည်း ရော၍ ဖြစ်ပေါ်လာသည်။ ထိုအခါတွင် အရေပြားသည် မွဲပြာရောင် ဖြစ်လာပြီးလျှင် ရှုံ့၍လည်းလာသည်။ ခန္ဓာကိုယ်၏ မျက်နှာပြင်ပိုင်းသည် အေးလာကာ ကြွက် အကြီးအကျယ်တက်ပြီးလျှင် ရေလည်းလွန်စွာငတ်လာလေသည်။ ထို အခြေတွင် ဝေဒနာရှင်သည် သေနိုင်လေသည်။ အကယ်၍ ထိုအခြေ၌ မသေသေးလျှင် တတိယအဆင့်သို့ ရောက်သွားလေသည်။ ထိုအဆင့်တွင် ဝေဒနာရှင်၏ သွေးလှည့်ပတ်မှုသည် နှေးသည်ထက် နှေးလာပြီးလျှင် အရေပြား၏ မွဲပြာရောင်သည်လည်း ပို၍ရင့်လာလေသည်။ ထိုအဆင့်တွင် ဝေဒနာရှင်သည် သေလျှင်လည်း သေသွားတတ်၍ မသေလျှင်လည်း ရုတ်တရက် ကောင်းမွန်လာတတ်သည်။ သို့သော် ထိုရောဂါ ဖြစ်သောအခါ ပြန်၍ ကောင်းစအချိန်၌ အစဉ်လိုလိုပင် ရောဂါ ပြန်၍ဖြစ်လာတတ်လေသည်။

ဝမ်းရောဂါကို ယင်ကောင်များက ပြန့်ပွားစေနိုင်သော်လည်း သုံးစွဲသည့် ရေသည် ကျန်းမာရေးနှင့် မညီညွတ်ခြင်းနှင့် အညစ်အကြေး စွန့်ပစ်ခြင်းတို့မှ ပို၍ စတင်လေ့ရှိသည်။ ရေသည် ရောဂါကို ပြန့်ပွားစေရာ၌ အဓိက အ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဖြစ်နိုင်လေသည်။ ထိုအချက်သည် ဂျာမနီနိုင်ငံတွင် ထင်ရှားခဲ့လေသည်။ ၁၉ ရာစုနှစ် နောက်ပိုင်းတွင် ဂျာမနီနိုင်ငံ ဟမ်းဗတ်မြို့၌ သောက်ရေမကောင်းသဖြင့် လူအမြောက်အမြား ဝမ်းရောဂါ ဖြစ်ကာ သေဆုံးကြရလေသည်။ ဟမ်းဗတ်မြို့နှင့် ကပ်လျက်ရှိသော မြို့တွင်မူ ရေကိုသန့်ရှင်းအောင်ပြုလုပ်ပြီးမှ သောက်ကြသဖြင့် ထိုရောဂါကြောင့် လူတယောက်မျှ မသေချေ။ ဟမ်းဗတ်မြို့မှကူးစက်လာသူများသာ သေကြရလေသည်။ ရောဂါဖြစ်ပေါ်သည့် နေရာများကို သီးခြားထားရှိခြင်းနှင့် ခေတ်မီစွာ ကျန်းမာရေးနှင့် ညီညွတ်စေခြင်းတို့ကြောင့် ဥရောပတိုက်အနောက်ပိုင်းနှင့် မြောက်အမေရိကတိုက်များတွင် ထိုရောဂါသည် လုံး၀ ပျောက်ကွယ်သွားပေပြီ။ သို့သော် ကမ္ဘာ့ရှိ အခြားအစိတ်အပိုင်းများတွင်မူ ထိုရောဂါသည် ဆက်၍ ဖြစ်ပွားလျက်ပင် ရှိပေသေးသည်။ ၁၉၁၈–၁၉ နှစ်အတွင်း၌ တရုပ်နိုင်ငံတွင် ဝမ်းရောဂါကပ် ဆိုက်ရောက်လာသောအခါ ထိုရောဂါကြောင့် လူပေါင်း ၅၀၀,၀၀၀ ကျော် သေဆုံးကြရလေသည်။ ထိုရောဂါကို ကာကွယ်နိုင်သည့် သွေးကြည်ရည် (သွေးနင်းရည်) ကို တွေ့ရှိထားကြပေပြီ။ ထို့ပြင် ဝမ်းရောဂါဖြစ်ပွားနေသော တိုင်းပြည်များသို့ သွားကြရသူများသည် ရောဂါပိုး ရှိမည် ဟု ထင်ရသော မြေတွင်ပေါက်သည့် ဟင်းသီး ဟင်းရွက်နှင့် အသီးအနှံအစိမ်းများကို ရှောင်ကြဉ်ကြပြီးလျှင် မမှည့်သေးသော အသီးများကိုလည်း မစားကြလျှင် ထိုရောဂါမှ ကင်းဝေးနိုင်ကြပေသည်။ ထို့ပြင် ရေကိုလည်း မကျိုပဲ မသောက်ကြရချေ။

ဒုတိယ ကမ္ဘာစစ်အတွင်းက ဝမ်းရောဂါ ကာကွယ်ရေးဆေးများကို စစ်သားများအား ထိုးပေးခြင်းဖြင့် ထိုရောဂါကို ကာကွယ်ပေးရာ အထူးအောင်မြင်သည်ကို တွေ့ရှိရလေသည်။ ထို့ပြင် အခြား သောက်ဆေးများ၊ အကြောထိုးဆေးများနှင့်လည်း ထို ရောဂါကို ကာကွယ်ပေးနိုင်ပေသေးသည်။

**ဝှေးပင်**။ ။ဝှေး(ဂွေး)ပင်သည် မြန်မာနိုင်ငံတွင်အမြင့်ပေ ၃,၀၀၀ အထိ အနှံ့အပြား တွေ့မြင်နိုင်သော အရွယ်အလတ်စားမျိုး သစ်ပင်ဖြစ်သည်။ ဝှေးပင်များကို အထက်နှင့် အောက် မြန်မာနိုင်ငံရှိ ဥယျာဉ်များတွင်၎င်း၊ လမ်းဘေးတလျှောက်တွင်၎င်း တခါတရံ တွေ့မြင်နိုင်သော်လည်း ယင်းတို့သည် အထူးတလည် စိုက်ပျိုးကြရသော အပင်များဟု မဆိုနိုင်ချေ။ အစေ့ကို စိုက်၍ အပင်သစ်ပွားအောင် ပြုလုပ်ယူနိုင်သည်။ အစေ့ကို ပျိုး၍ရသည့် တနှစ်သားအရွယ်ရှိ အပင်ငယ်တွင် အကိုင်းဆက်ခြင်းဖြင့်လည်း အပင်သစ်ပွားအောင် လုပ်ယူနိုင်ပေသေးသည်။

ဝှေးပင်၏အခေါက်သည် ချောမွတ်၍ ယင်း၌မွေးကြိုင်သောရနံ့ ရှိသည်။ အပင်၏ အမြင့်သည် ပေ ၇၀ အထိ ရှိနိုင်၍ ပင်စည်လုံးပတ်မှာ ခုနစ်ပေမျှအထိရှိသည်။ ဝှေးပင်၏ အသားသည် ပျော့၍ ဖြူသည်။ ဝှေးသားသည် ပျက်စီးယိုယွင်းလွယ်သဖြင့် ထိုသစ်သားကို အသုံးချနည်းသည်။ သို့သော် စက္ကူလုပ်ရန်ကား ကောင်းမွန်လေသည်။ မီးခြစ်လုပ်ငန်းအတွက်လည်းကောင်းမွန်သောသစ်သားဖြစ်သည်။

ဝှေးပင်မှ သစ်စေးတမျိုးကို ရရှိနိုင်သည်။ ဝှေးပင်၏ အခေါက်ကို ဝမ်းကိုက်ပျောက်ဆေး အဖြစ်၎င်း၊ အသီးကို အစာအိမ်ပျက်သဖြင့် ခံစားရသော လေနာရောဂါအတွက် ဆေးအဖြစ်၎င်း အသုံးပြုကြသည်။

ဝှေးပင်ကို ရုက္ခဗေဒအလိုအားဖြင့် စပွန်ဒီယက် မန်ဂျစ်ဖာရာဟုခေါ် သည်။

ဝှေးပင်တွင် ဝှေးချိုပင်၊ သို့မဟုတ် သဘော်ဝှေးပင်နှင့် တောင်ဝှေးပင် ဟူ၍လည်း အခြား ဝှေးပင်မျိုးများ ရှိကြသေးသည်။

အထက် မြန်မာနိုင်ငံတွင် ပေပေါင်း ၂,၅၀၀ ကျော် မြင့်သော တောင်ပေါ် သစ်တောများတွင် တောင်ဝှေးပင်များ ပေါက်ရောက်သည်။

ဝှေးချိုပင်သည် သာမန် ဝှေးပင်နှင့် ခပ်ဆင်ဆင် တူသော်လည်း အရွက်သေး အရွက်ငယ်တို့သည် အလျား ပို၍ရှည်သည့်အပြင် အရွက်နားတို့တွင်လည်း ခွေးသွားစိတ်များ ပါရှိလေသည်။ အသီး၌ ချိုသောအရသာ ရှိသည်။ မြန်မာနိုင်ငံ၌ ကြံပဒေသာများနှင့် ဆီးယိုများကို သရေစာအဖြစ်နှင့် ရောင်းချကြသည့် နည်းတူ ဝှေးချိုသီးကို အခွံသင်၍ ဆားနှင့် ငရုတ်သီးမှုန့် ရောရာကို သုတ်လူးပြီးလျှင် ရုပ်ရှင်ရုံ၊ မော်တော်ကားဆိပ် စသော လူစည်ကားသည့် နေရာများ၌ အနှံ့အပြား လှည့်လည်ရောင်းချလျက် ရှိကြသည်ကို တွေ့မြင်နိုင်ပေသည်။

**ဝှစ်တမန်,ဝေါ့** (ခရစ် ၁၈၁၉–၁၈၉၂)။ ။ဝေါ့လတာ ဝှစ်တမန်သည် ထင်ရှားသော အမေရိကန် ကဗျာဆရာတဦးဖြစ်သည်။ သူရေးသော ကဗျာများတွင် အမေရိကန် ပြည်ထောင်စုနှင့် အမေရိကန် ဒီမိုကရေစီကို ချီးကျူး ရေးသားခဲ့ရာ အမေရိကန် မျိုးချစ် ကဗျာဆရာကြီးဟူ၍ပင် နိုင်ငံခြား၌ အသိအမှတ်ပြုထားကြလေသည်။ ထို့ပြင် ဝှစ်တမန်သည် မိမိ၏ စိတ်နေ စိတ်ထားကို အရေးအသားအားဖြင့် ထုတ်ဖော်ခဲ့ရာ၌ ခေတ်ရှေ့ပြေးလျက်ရှိခြင်းကြောင့် သူကွယ်လွန်ပြီးနောက်တွင်မှ သူ၏ စာပေလက်ရာ၏ အရသာကို အကဲဖြတ်နိုင်လာကြလေသည်။

ဝေါ့ဝှစ်တမန်သည် ၁၈၁၉ ခုနှစ် မေလ ၃၁ ရက်နေ့တွင် နယူးယော့မြို့နယ် လောင်းအိုင်လန်၌ ဖွားမြင်သည်။ ငယ်စဉ်က အခြေခံပညာလောက်ကိုသာ ရရှိခဲ့ပြီးနောက် ရိုး



www.burmeseclassic.com

www.burmeseclassic.com



လုလင်၊ ပုံနှိပ်စက်အလုပ်သမား၊ ကျောင်းဆရာ၊ သတင်းစာဆရာ စသည်ဖြင့် အလုပ်အမျိုးမျိုးကို လုပ်ကိုင်ခဲ့သည်။ ၁၈၄၆ ခုနှစ်မှ ၁၈၄၈ ခုနှစ်အထိ "ဗရွတ်ကလင်း အီးဂဲ" သတင်းစာတွင် အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ဝှစ်တမန်သည် ထိုသတင်းစာတွင် နိုင်ငံရေး၊ ပြည်သူ့အရေး၊ ပညာရေး၊ ကျန်းမာရေး၊ အကျဉ်းထောင်ပြုပြင်ရေး၊ ဂီတ အစရှိသည်ဖြင့် ကျယ်ပြန့်သော အကြောင်းအချက်တို့ကို ရေးသားခဲ့သည်။ ပြည်ထောင်စု ပြိုကွဲခြင်းကို မလိုလားချေ။ ကျေးကျွန်စံနစ်ကိုလည်း ပြင်းထန်စွာ ရှုတ်ချသည်။

၁၈၅၅ ခုနှစ်တွင် ဝှစ်တမန် ရေးသော "မြက်ပင်၏အရွက်များ" ခေါ် ကဗျာစာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ အစအဦးတွင် ထိုကဗျာစာအုပ်သည် မထင်ပေါ်ခဲ့ချေ။ နောင်အခါ နာမည်ကျော် အမေရိကန် ကဗျာဆရာ အီမာဆန်က ဝှစ်တမန်၏ ကဗျာကို ထုတ်ဖော် ချီးကျူးသောကြောင့် ထင်ရှားလာလေသည်။ (အီမာဆန်၊ အာ၊ ဒဗျူ — လည်းရှု။) ထိုအခါမှစ၍ ဝှစ်တမန်သည် မိမိကဗျာကို ပြုပြင်တိုးချဲ့ရန် အားထုတ်လေသည်။ "မြက်ပင်၏ အရွက်များ" တွင် ကဗျာဂုဏ်နှင့် ပြည့်စုံသည် ဟု မဆိုသာသော်ငြားလည်း စာဆိုသူသည် ပေါက်ဖွားရာ ပြည်ထောင်စုကို ချစ်ခင်မြတ်နိုးသဖြင့် မိမိအဖြစ် ဘဝကို ကျေနပ်ကြောင်း ထုတ်ဖော်ခဲ့လေသည်။

၁၈၆၁–၁၈၆၅ ခုနှစ်တို့တွင် အမေရိကန် ပြည်တွင်းစစ်ဖြစ်ပွားသောအခါ ဝှစ်တမန်သည် သူနာပြုအဖြစ် ဝင်ရောက်ဆောင်ရွက်ခဲ့သည်။ စစ်ပွဲအတွင်းက ရရှိခဲ့သော အတွေ့အကြုံများကို စကားပြေနှင့်၎င်း၊ ကဗျာနှင့်၎င်း ရေးသား စပ်ဆိုခဲ့သည်။ "ဒရမ်းတကက်" ကဗျာ၌ "အို–ခေါင်းဆောင်၊ ကျွန်ုပ်၏ခေါင်းဆောင်" ဟူ၍ သမတ လင်ကွန်းကျဆုံးသည့် အတွက် ယူကြုံးမရ ဖြစ်ခြင်းကို ဖော်ပြထားသည်။

၁၈၆၃ ခုနှစ်မှ ၁၈၇၅ ခုနှစ်အထိ ဝှစ်တမန်သည် ဝါရှင်တန်မြို့တွင် အစိုးရဌာန၌ အမှုထမ်းဆောင်ခဲ့ပြီးနောက် လေသင်မုန်းဖြတ်သဖြင့် အလုပ်မှ အနားယူခဲ့ရသည်။ ထိုနောက် နယူးဂျာစီပြည်နယ် ကင်မဒင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ ၁၈၉၂ ခုနှစ် မတ်လ ၂၆ ရက်နေ့တွင် ကွယ်လွန်လေသည်။

**ဝှန်ဟိုမြစ်။** ။ဝှန်ဟိုမြစ်သည် တရုပ်နိုင်ငံတွင် ယန်ဆီမြစ်မှလွဲလျှင် အရှည်ဆုံးမြစ် ဖြစ်၍ အလျားမိုင် ၂,၆၀၀ ခန့်ရှိသည်။ တိဗက်ပြည်ရှိ တောင်တန်းများတွင် မြစ်ဖျားခံ၍ အရှေ့ဖက်သို့ စီးဆင်းပြီးလျှင် ပင်လယ်ဝါထဲသို့ စီးဝင်သည်။ မြစ်အထက်ပိုင်း တလျှောက် သုံးပုံနှစ်ပုံသည် တောင်များကို ဖြတ်သန်းလာ၍ ကုန်းမြင့်ပိုင်းကို လွန်သောအခါ မြေပြန့်လွင်ပြင် တလျှောက် စီးဆင်းသည်။ ဝှန်ဟိုမြစ်သည် အထက်ပိုင်းတွင် ရေစီးသန်၍ အောက်ပိုင်းတွင် ရေတိမ်သောကြောင့် ရေကြောင်းခရီးလမ်း အဖြစ် အသုံးမဝင်ချေ။ မြေဝါဒေသကို ဖြတ်သန်းစီးဆင်းလာရ၍ တိုက်စားသယ်ဆောင်ခဲ့သော နုံးမြေဝါကြောင့် ရေသည် ဝါ၏။ သို့ဖြစ်၍ ဝှန်ဟိုမြစ်ကို မြစ်ဝါဟူ၍၎င်း၊ ထိုမြစ်စီးဝင်သော ပင်လယ်ကို ပင်လယ်ဝါ ဟူ၍၎င်း အမည်မှည့်ခေါ်ကြသည်။

မြေပြန့်တွင် ရေစီး နှေးလာသောအခါ နုံးမြေသည် အနည်ထိုင်လေသည်။ ထိုသို့အားဖြင့် မြစ်အောက်ခင်းသည် တစတစ မြင့်တက်လာသောကြောင့် မြစ်ရေလျှံမည့် ဘေးမှ ကာကွယ်ရန် မြစ်ကမ်းတလျှောက်တွင် တာတမံများကို ဆောက်လုပ်ရသည်။ သို့ရာတွင် အချိန်ကာလ ကြာလတ်သော် ထိုတာတမံတို့သည် ရေအားကို မခံနိုင်သဖြင့် ကျိုးပေါက်လေသည်။ ထိုအခါ မြစ်တဖက်တချက်ရှိ ပတ်ဝန်းကျင်အရပ်တို့တွင် ရေလွှမ်းမိုးသဖြင့် လူပေါင်း မြောက်မြားစွာတို့၏ အသက်အိုးအိမ် ဆုံးရှုံးခဲ့ကြရသည်။ ရှေးအခါက စ၍ မကြာခဏ ရေလွှမ်းမိုးခြင်းဘေး ဆိုက်ရောက်တတ်သောကြောင့် ဝှန်ဟိုမြစ်ကို "တရုပ်ပြည်၏ သောမင်းတမန်" ဟူ၍ ခေါ်စမှတ် ပြုကြသည်။ ကျိုးပေါက်သည့် တာရိုးကို မပြင်ပဲ ထားလျှင်လည်း ပင်လယ်ထဲသို့ စီးဝင်ရာမြစ်ကြောင်း ပြောင်းလေ့ရှိသည်။

၁၈၁၅ ခုနှစ် မတိုင်မီက ဝှန်ဟိုမြစ်သည် ရှန်တန်ကျွန်းဆွယ်တောင်ဖက်မှ ပင်လယ်ထဲသို့ စီးဝင်ခဲ့သည်။ ထိုနှစ်တွင် မြစ်ကြောင်းသည် ကျွန်းဆွယ် မြောက်ဖက်သို့ လွဲပြောင်း စီးဆင်းလေသည်။ ယင်းသို့ ဖြစ်သောကြောင့် ယခင်က စိုက်ပျိုး လုပ်ကိုင်ရန်အတွက် ရေလုံလောက်စွာ ရရှိသော တောင်ပိုင်းမြစ်ဝှမ်းတွင် ရေပြတ်ခဲ့ရလေသည်။ မြောက်ပိုင်းမြစ်ဝှမ်းသစ်တွင်လည်း သဲနုံးများကြောင့် ချက်ခြင်းစိုက်ပျိုး၍ မဖြစ်နိုင်ချေ။ ကျိုးပေါက်သော တာကိုလည်း ၁၅ နှစ်ကြာမျှ ပြင်ဆင်ရသည်။

၁၈၈၇ ခုနှစ်တွင် တကြိမ် မြစ်ရေလျှံသောကြောင့် စတုရန်းမိုင်ပေါင်း ၅၀,၀၀၀ မျှ ရေလွှမ်းမိုးခြင်း ခံရသဖြင့် လူပေါင်းတသန်းကျော် သေဆုံး၍ ရွာပေါင်းများစွာ ပျက်စီးခဲ့လေသည်။ ယင်းသို့ မြစ်ဝ အကြိမ်ကြိမ်ပြောင်း၍ စီးဆင်းလေ့ ရှိသည် ဖြစ်ရာ မြစ်ဝဟောင်းနှင့် မြစ်ဝသစ်တို့သည် တခါတရံ မိုင် ၅၈၀ မျှအထိပင် ကွာဝေးတတ်သည်။

တရုပ်–ဂျပန်စစ်ပွဲ (ခရစ် ၁၉၃၇–၁၉၄၅) အတွင်းက တရုပ်တို့သည် တာတမံများကို ချိုးဖောက်၍ ချီတက်လာသော ဂျပန်တပ်ကို ဟန့်တားခဲ့သည်။ ထိုကြောင့် မြစ်ကြောင်းလည်း အသစ်ပြောင်း၍ စီးဆင်းလေသည်။ ၁၉၄၇ ခုနှစ်တွင် ကုလသမဂ္ဂ၏ အကူအညီဖြင့် ကျိုးပေါက်သော တာတမံများကို ပြင်ဆင်ခြင်းအားဖြင့် မြစ်ကြောင်းဟောင်းအတိုင်း ပြန်၍ စီးဆင်းစေခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာဗျည်း ၃၃ လုံးတွင် သ သည် ၃၀ ခုမြောက် အက္ခရာဖြစ်သည်။ ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ၊ ဠ၊ အ ဟူသော အဝဂ်တွင် ပါဝင်၍ သ အသံ၏ဖြစ်ရာဌာနမှာ ဒန္တဌာန် သွားအရပ်ဖြစ်သည်။ သ ကို သ ဟူ၍ပင် အသံထွက်သည်။ သ အရေးအသား၏ မူလမှာ ဗြာဟ္မီ ဖြစ်သည်။ ဗြာဟ္မီ မှ ကုသန ဂုတ္တ ကဒံဗ သို့ အဆင့်ဆင့် ပြောင်းလဲလာပြီးနောက်၊ ကျောက်စာများတွင် နှင့် ပေစာများတွင် ဟု ရေးသားသည်ကို တွေ့ရသည်။ ဗြာဟ္မီအရေးအသား တွင် ထောင်မတ်နေသောမျဉ်းကြောင်းနှစ်ခုကို ထိပ်စအရှည်ညီညီထား၍ ရေးဖန်များသောအခါ၊ လက်ဝဲဖက်တွင် ကုပ်လျက်နေသော အကွေးသည်လည်း အလျားလိုက် တဖြည်းဖြည်း ဖြောင့်တန်းပြီးနောက်၊ လက်ဝဲဖက်တွင် ထောင်မတ်နေသောမျဉ်းကို လက်ဝဲဖက်သို့ယိမ်း၍ အတွင်းသို့ ခပ်ကွေးကွေး ရေးဖန်များသော် မြန်မာအက္ခရာ သ ဖြစ်ပေါ်လာသည်။ သ အက္ခရာ၏ အဆင့်ဆင့် ဖြစ်ပေါ်လာပုံကို အောက်တွင် အစဉ်အတိုင်း ယှဉ်တွဲ၍ ပြထားသည်။



**သကြား။** ။သကြားသည် လူတို့၏ အရေးကြီးသော အစာတမျိုးဖြစ်သည်။ ဓာတ်ဆီသည် မော်တော်ယာဉ် စက်ကို အပူငွေ့နှင့် စွမ်းအင်ပေးရန် အတွက် မရှိ မဖြစ်သကဲ့သို့ သကြားဓာတ်သည်လည်း လူ့ခန္ဓာကိုယ် စက်ကြီးအား အပူငွေ့နှင့် စွမ်းအင်ပေးရန် အတွက် မရှိမဖြစ်သော အာဟာရဓာတ် ဖြစ်သည်။ ကိုယ်လက်လှုပ်ရှား ကစား၍ ဖြစ်စေ၊ အပင်ပန်းခံ အလုပ်လုပ်၍ဖြစ်စေ အင်အား ကုန်ခန်း မောပန်းသော အခါ သကြားကို စားကြရသည်။ ဂလူးကို့ ဆေးသကြားကို အင်အားကုန်ခန်း မောပန်းနေသည့် လူနာများအား တိုက်ခြင်း၊ ထိုးဆေးအဖြစ် ထိုးပေးခြင်းတို့ကိုထောက်၍ သိသာသည်။ ထို့ပြင် သကြားသည် အရသာ အရှိဆုံးသော အစာတခုလည်း ဖြစ်သည်။ သာမန်အားဖြင့် လူတို့သည် တနှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် မိမိခန္ဓာကိုယ် အလေးချိန်နှင့်အမျှ သကြားစားကြသည်ဟု ဆိုသည်။

သကြား တပေါင်လျှင် အပူ၏ပမာဏ ဖြစ်သော ကယ်လိုရီ ၁,၈၀၀ ပါရှိသည်။ လူတို့၏ အသက်ရှင် ကျန်းမာရေး အတွက် လိုအပ်သော ဓာတ်တပါးဖြစ်သည့် ကာဗိုဟိုက်ဒြိတ်ဓာတ်သည် သကြား၌ ရာခိုင်နှုန်းပြည့် ပါသည်။ အမိုင်ပွာယ်ကား ကာဗွန်၊ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ဓာတ်သုံးမျိုးစလုံးပါသည်ဟု ဖြစ်သည်။ ထို့ကြောင့် သကြား၏ ဓာတုပုံသေနည်းသည် $C_{12}H_{22}O_{11}$ ဖြစ်သည်။ မေပယ်ပင်မှရသော သကြား၌ ကာဗိုဟိုက်ဒြိတ် ၈၃ ရာခိုင်နှုန်း၊ ရေ ၁၆ ရာခိုင်နှုန်းနှင့် ဓာတ်ဆား တစ်ရာခိုင်နှုန်းပါသည်။


သကြားကို ခရစ်မပေါ်မီကာလကပင် လူတို့ စားသုံးနေကြပြီ ဟုဆိုသည်။ ခရစ်ပေါ်ပြီး အနှစ် ၄၀၀ ခန့်အကြာတွင် အိန္ဒိယနိုင်ငံ၌ စတင် အသုံးပြုခဲ့ကြပြီ ဖြစ်ကြောင်းကိုမူ အတိအကျ သိရသည်။ အေဒီ ၅၀၀ ခန့်တွင် အိန္ဒိယ နိုင်ငံမှ တဆင့် အရှေ့အိန္ဒိယကျွန်းစု၊ တရုပ်နိုင်ငံ၊ ပါးရှားနိုင်ငံတို့သို့ ၎င်း၊ ထိုမှ အေဒီ ၇၀၀ ခန့်တွင် စပိန်နိုင်ငံတို့သို့၎င်း၊ အေဒီ ၉၀၀ ခန့်တွင် ဥရောပတောင်ပိုင်း နိုင်ငံများနှင့် အာဖရိကမြောက်ပိုင်း နိုင်ငံများသို့၎င်း သကြားပြုလုပ်နည်းများ ပျံ့နှံ့ခဲ့သည်။ အလယ်ခေတ်တွင် အီဂျစ်နိုင်ငံသည် သကြားချက်နည်းကို အတော်အဆင့်အတန်း မြင့်မြင့် သိရှိနေပြီဖြစ်ကြောင်း သိရသည်။ ၁၆ ရာစုနှစ်ခန့်တွင် အနောက်အိန္ဒိယ ကျွန်းစုနှင့် တောင်အမေရိကတိုက်တို့သို့ သကြားလုပ်နည်း ရောက်ရှိပျံ့နှံ့ခဲ့သည်။ ၁၇ နှင့် ၁၈ ရာစုနှစ်ခန့်တွင် အမေရိကန် ပြည်ထောင်စု နယူးအင်္ဂလန်ပြည်နယ်မှ ကုန်သည်များသည် ကျူးဗားကျွန်းထွက် သကြားချက်ရာမှ ထွက်သော သကာရည်များကို ခိုးသွင်း၍ အရက်ချက်ကာ နိုင်ငံခြားသို့ အရက်ကုန်ကူးကြကြောင်းဖြင့် ဆိုသည်။

သကြားကို ကြံ၊ မုန်လာဥနီ (သကြားမုန်လာ)၊ မေပယ်ပင်၊ စပျစ်သီး၊ ပြောင်း၊ သစ်သား စသည်တို့မှ ချက်လုပ်နိုင်သည်။ သို့ရာတွင် ကြံနှင့် သကြားမုန်လာတို့မှ အများဆုံး ချက်လုပ်ကြလေသည်။ (ကြံ။ မုန်လာဥနီ—လည်းရှု။) ဥတုဘောဇန သင်္ဂဟကျမ်း အလိုအရ သကြားကို သစ်မယ်ဇယ်ပွင့်၊ ပျားရည်၊ ဝက်မြေဖူဥတို့မှ ချက်၍ရကြောင်း သိရသည်။

**ကြံမှထုတ်သောသကြား။** ။ကြံကို ဦးစွာဆေးကြော၍ အပိုင်းပိုင်း ခုတ်ဖြတ်ပြီးနောက် ဒလိမ့်တုံးကြိတ်စက်ထဲထည့်၍ အရည် ညှစ်ယူရသည်။ ကြံဖတ်၌ အရည်လုံးဝကုန်သည်

www.burmeseclassic.com





ကြံပင်များ ရင့်သန်စေရန် ကြံရွက်ခြောက်များကို ခုတ်ထွင် မြေဩဇာ မြှောက်ပေးရသည်။

အထိ အထပ်ထပ် ရေပက်၍ ညှစ်ရသည်။ ထိုနောက် ကြံရည်ကို သန့်အောင် စစ်ပြီးလျှင် ထုံးရည်ထည့်၍ ကျိုအိုးနှင့် ကျိုရသည်။ ယင်းသို့ ကျိုစဉ် ထွက်လာသော အညစ်အကြေးများကို ဂရုစိုက်၍ ထုတ်ပစ်ရသည်။ အညစ်အကြေးများ ကုန်သောအခါ ထိုကြံရည်ထဲမှ ထုံးဓာတ် ကုန်သွားစေရန် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ် ထည့်ပေးရသည်။ သန့်စင်အောင် ကျိုချက်ပြီးသော ကြံရည်ကို အီဗက်ပရေတာခေါ် ဒယ်ပက်အိုးကြီးထဲသို့ ထည့်၍ အရည်ပျစ်ခဲလာသည် အထိ အပူတိုက်၍ ကျိုရသည်။ ယင်းသို့ ပျစ်ခဲလာသော အရည်ကို အခြားအိုးသို့ ပြောင်းကာ လေဖိအားလျော့ထားသောအခန်းထဲ၌ မီးမျှင်းမျှင်းဖြင့် သကြားခဲကလေးများ ဖြစ်လာသည်အထိ ချက်ရသည်။ ယင်းသို့ ကျိုချက်ပြီးနောက် တင်လဲရည်နှင့် ရောနေသော သကြားများကို စက်နှင့် ခွဲထုတ်ယူပြီးနောက် အရိုး၊ ကျပ်ခိုးတို့နှင့် ဖြူအောင်ချွတ်မှ ကျွန်ုပ်တို့ စားသုံးနေသော သကြားဖြူကို ရသည်။

**မုန်လာ ဥနီမှ ထုတ်သော သကြား။** ။မုန်လာ ဥနီမှ သကြား ထုတ်နည်းကို ၁၇၄၇ ခုနှစ်တွင် ဂျာမန်သိပ္ပံပညာရှင် အန်းဒရီးယ မတ်ဂရပ် က စတင် တွေ့ရှိသည်။ သို့ရာတွင် ၁၈၀၀ ပြည့်နှစ် နောက်ပိုင်းကျမှ မုန်လာဥနီမှ သကြားထုတ်ခြင်းကို တွင်တွင် ကျယ်ကျယ် လုပ်ကိုင် လာကြသည်။ ယခု အခါတွင်မူ မုန်လာဥနီကို ကြံနောက် သကြားအထွက်ဆုံးပစ္စည်းအဖြစ် အသိအမှတ် ပြုလာခဲ့ကြသည်။ မုန်လာဥနီမှ သကြားချက်သည့်အခါ ယင်းဥများကို ဆေးကြောပြီးနောက် အပိုင်းပိုင်းဖြတ်ကာ ကြိတ်စက်ထဲသည့်၍ ကြိတ်ရသည်။ ယင်းသည် ကြံကဲ့သို့ အရည်မရွှမ်းသောကြောင့် ကြိတ်နေစဉ် ရေနွေးနှင့်သမအောင် လုပ်ပေးရသည်။ ယင်းသို့ အဖန်ဖန် ကြိတ်၍ ထွက်လာသော အရည်ကို ကြံရည်ကဲ့သို့ ကျိုချက်လျှင် သကြားဖြစ်လာသည်။

**ပြောင်းမှ ထုတ်သော သကြား။** ။ပြောင်းမှ ထုတ်ယူသော သကြားကို ပြောင်းမှ ထွက်သည့် အစေးရည်၌ ဟိုက်ဒရိုကလောရစ် အက်ဆစ်ကို ထည့်၍ ကျိုခြင်းဖြင့် ရသည်။ ယင်းသည် ကြံမှထုတ်သော သကြားလောက် မချိုချေ။ အရက်ချက်ရာနှင့် သကြားခဲ၊ သကြားချောင်း လုပ်ရာတို့၌ ယင်းသကြားကို အသုံးပြုသည်။ ပြောင်းမှ ထုတ်သော သကြားကို ဂလူးကို့၊ သို့မဟုတ် ဒက်စထရို့ ဟုလည်း ခေါ်သည်။ ယင်းသည် သကြား အမျိုးမျိုးအနက် အစာကြေ လွယ်ဆုံးသော သကြားဖြစ်သည်။ ပြောင်းစေ့ကို သေချာစွာ အမှုန့်ကြိတ်ပြီးလျှင် ဟိုက်ဒရိုကလောရစ် အက်ဆစ်ဖြင့် ရောပြီးနောက် ရေနွေးငွေ့ဖြင့် အပူဓာတ်ပေးရသည်။ ယင်းမှ ထွက်သော အရည်ကို ကြံရည်မှ သကြားချက်သည့်သို့ ကျိုချက်လျှင် သကြားထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com




**မေပယ်ပင်မှ ထုတ်သော သကြား။** ။မေပယ်ပင်သည် အမေရိကန် ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့တွင် အများအပြားပေါက်သဖြင့် ယင်းနိုင်ငံတို့မှ ထိုသကြားမျိုး အများအပြား ထွက်သည်။ မေပယ်ပင်စည်ကို နွေကူးရာသီ အစတွင် အနက် နှစ်လက်မခန့် ဖောက်ထွင်း၍ ယင်းမှ ကျလာသောအရည်ကို ကတော့ဖြင့် ခံယူကာ ကျိုချက်လျှင် သကြား ထွက်သည်။ (မေပယ်ပင် — လည်းရှု။)

**သစ်သားမှ ထုတ်သော သကြား။** ။သစ်သားမှသကြားထုတ်နည်းကို ၁၉၂၀ ပြည့်နှစ်တွင် ဂျာမန်တို့ စတင် တီထွင်သည်။ သစ်သားကို အမှုန့်ကလေးများ ဖြစ်သည်အထိ ကြိတ်ချေကာ ယင်းသစ်မှုန့်တို့ကို ဟိုက်ဒရိုကလောရစ် အက်ဆစ် ရာခိုင်နှုန်း ၄၀ အရည်ဖြင့် ရောရသည်။ ထိုနောက် သစ်မှုန့်နှင့် ဆတူ ရေရောပြီးနောက် ကျိုချက်ရသည်။ သစ်သားမှ ထုတ်သော သကြားသည် ပြောင်းမှ ထုတ်သော သကြားနှင့် ခပ်ဆင်ဆင် တူသည်။ အချိုအရသာ များစွာ မပါသော်လည်း ဩဇာဓာတ် အလွန်ပါသော သကြားမျိုး ဖြစ်သည်။

ကမ္ဘာ တဝှန်းလုံးမှ တနှစ်လျှင် သကြား တန်ချိန် လေးကုဋေခွဲခန့် ထွက်သည်။ အိန္ဒိယနှင့်ကျူးဗား နိုင်ငံတို့သည် ကမ္ဘာပေါ်တွင် သကြား အထွက်ဆုံး နိုင်ငံများ ဖြစ်ကြသည်။ အိန္ဒိယနိုင်ငံမှ တနှစ်လျှင် သကြားပေါင်ချိန် ၁၃ ကုဋေခန့်ထွက်၍ ကျူးဗားနိုင်ငံမှ ခုနစ် ကုဋေကျော် ထွက်သည်။ သကြား ထွက်သော အခြား နိုင်ငံများမှာ ဂျားဗားကျွန်း၊ဖော်မိုးဆားကျွန်း၊ဟဝိုင်းယန်းကျွန်း၊ ဗရာဇီးနိုင်ငံ၊ တောင်အမေရိကတိုက်ရှိ ဂူယားနား၊ မော်ရစ်ရှပ် စသော နိုင်ငံများ၊ ဩစတြေးလီးယား၊ ဂျာမနီ၊ အမေရိကန်၊ ရုရှ၊ တရုပ် စသော နိုင်ငံများ ဖြစ်သည်။ မြန်မာ နိုင်ငံ၌လည်း ပြည်တွင်း စားသုံးမှုအတွက် အစိုးရက ပျဉ်းမနား၊ ဇေယျဝတီ၊ ဆားမှော်၊ နမ္မတီး၊ နှင်းပလဲ၊ ဘီးလင်း၊ အင်းလေး စသော မြို့ရွာဒေသ များ၌ သကြားစက်များ တည်ထောင်ထုတ်လုပ်ခဲ့ရာ၊ ၁၉၆၇-၆၈ ခုနှစ်အတွင်း သကြား တန်ချိန် ၆၅,၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့သည်။ သို့ရာတွင် ပြည်တွင်းသုံး၏ ၈၀ ရာခိုင်နှုန်းသာထွက်သဖြင့် လုံလောက်မှု မရှိသေးသောကြောင့် ပေါင်းတည် စသော မြို့များတွင် နောက်ထပ်သကြားစက်များတည်ရန်စီစဉ်လျက်ရှိပေသည်။

ဥတုဘောဇန သင်္ဂဟကျမ်း အဆိုအရ သကြားကြမ်းသည် စဉ်းငယ်အေး၏။ အော့အန်သော အနာကို လွန်စွာ နိုင်၏။ သကြားဖြူသည် ချို၏။ အေး၏။ အဆီ ဩဇာ မရှိ။ လေ၊ သည်းခြေ၊ သွေး၊ ပူလောင်သော အနာတို့ကို နိုင်၏။ မူးဝေခြင်း၊ အော့အန်ခြင်း အဖျားတို့ကို နိုင်၏။ သုက်ကို ပွားစေတတ်၏။ ထိခိုက်ရှနသော အနာကိုနိုင်၏။ အပွင့်ငယ်သော သကြားဖြူသည် အေး၏။ ကြေလွယ်၏။ ရတ္တပိတ်နာကို နိုင်၏။ အပွင့်ကြီးသော သကြားဖြူသည် ကြေလွယ်၏။ အေး၏။ လေသည်းခြေကို နိုင်၏။ အသံကိုကောင်းစေတတ်၏ ဟုဆိုလေသည်။



သကြားမုန်လာပင်များကို စံနစ်တကျ စိုက်ကြသည်။

**သကြားမုန်လာ။** ။မုန်လာဥနီ — ရှု။

**သကြားပင်။** ။သကြားပင်သည် သရက်ပင် မရန်းပင် တို့ကဲ့သို့ ပင်စောက်မျိုးဖြစ်သည်။ အသီးသည်သကြားကဲ့သို့ ချိုသောကြောင့် ယင်းအပင်ကို သကြားပင်ဟု ခေါ်ကြသည်။ သွတ္တာပတ်ပင်နှင့် တူသဖြင့် သကြားပင်နှင့် သွတ္တာပတ်ပင်ကို အတူတူဟု ထင်ကြသည်။ ရုက္ခဗေဒ အမည်အားဖြင့် ယင်းကို အားခရပ် ဆာပိုတာဟုခေါ်၍ ဆာပိုတာစီအီး မျိုးရင်းဝင် ဖြစ်သည်။ အင်္ဂလိပ်လို ဆပိုဒီးလပင် ဟုခေါ်သည်။

သကြားပင်သည်အပူပိုင်းဒေသတွင် ပေါက်ရောက်သော အပင်မျိုး ဖြစ်သည်။ အနောက်အိန္ဒိယ ကျွန်းစုနှင့် အမေရိကတိုက် အပူပိုင်း ဒေသများတွင် စတင်ပေါက်ရောက်၍ ဖလော်ရီဒါပြည်နယ် တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ သီဟိုဠ်ကျွန်း စသည်တို့မှတဆင့် ကမ္ဘာအရပ်ရပ် အပူပိုင်း ဒေသတို့သို့ ပျံ့နှံ့ပေါက်ရောက်သည်။ မြန်မာ နိုင်ငံ၌လည်း ယခုအခါ မြို့များ၌ သကြားပင်ကို အများအပြား စိုက်ပျိုးလျက် ရှိကြသည်။

သကြားပင်သည် အမြဲစိမ်းလန်းသော အပင်မျိုး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပေ ၂၀ မှ ၆၀ အထိ မြင့်တတ်သည်။ အရွက်သည် အစိမ်းရင့်ရောင် ပြောင်ချောချော နေ၍ အရင်းရှူးကာ ထိပ်ကားသည်။ အသီးသည် အချင်း သုံးလက်မခန့် လုံးဝိုင်းသော သဏ္ဍာန်ရှိ၍ အာလူးအနှမ်းရောင်နှင့် ခပ်ဆင်ဆင်တူသည်။ အပေါ်ခွံပါး၍ အတွင်း၌ ပြောင်ချောမည်းနက်သော အစေ့ နှစ်စေ့သုံးစေ့ပါသည်။ မှည့်သည့်အခါ အတွင်းသားသည် ညိုဖျော့ဖျော့ အရောင်ရှိ၍ နူးညံ့ပျော့ပျောင်းပြီး ချိုမြိန်သော အရသာ ရှိသည်။ အနံ့ချိုမွှေးသည်။ မမှည့်မီ စားမူ အရသာ ဖန်၍ အစေးများသည်။ ယင်းသို့ ထူးကဲ ချိုမြိန်သော အရသာထူးနှင့် ပြည့်စုံခြင်းကြောင့် ရှေးမြန်မာမင်းများ လက်ထက်က ရှင်ဘုရင်များ စားသုံးရန် သီးသန့်စိုက်ပျိုး၍ တိုင်းသူ ပြည်သားများ စားသုံးမိပါက ကြီးလေးသော အပြစ်ဒဏ် ခံရကြောင်းဖြင့် ဆိုသည်။

သကြားပင် ပင်စည် အခေါက်မှ ထွက်သော အစေးကို လူတို့ စားသုံးကြသည့် ချူးအင်းဂမ်း ခေါ် ကပ်စေးနဲ သကြားခဲ ပြုလုပ်ရာ၌ အသုံး ပြုကြသည်။ သကြားပင်မှ အစေးကို ချိကလာ၊ သို့မဟုတ် ချစ်ကယ် ဟု ခေါ်သည်။ ကော်ဖတ်စေးနှင့် ခပ်ဆင်ဆင်တူသည်။ ၁၀ နှစ်သားကျော်သောအပင်၏ ပင်စည်ကို ငါးဆူးတောင်သဖွယ် ထစ်ပေးလျှင် အစေးထွက်သည်။သို့ရာတွင် အစေး မကြာခဏထုတ်ပါက အပင်သေတတ်သည်။ (ချူးအင်းဂမ်း — လည်းရှု။)

သကြားပင်၏ သစ်သားသည် မာ၍ ကြာရှည်ခံသည်။ သကြားပင်ကို အစေ့မှငုင်း၊အကိုင်းဆက်၍ငုင်း စိုက်ပျိုးနိုင်သည်။ ပူ၍ စိုစွတ်သော မြေနိမ့်ဒေသ၌ ပေါက်ရောက်နိုင်သည်။ သကြားပင်မှ ဩဂုတ်လနှင့် စက်တင်ဘာလ အတွင်း တကြိမ်၊ ဖေဖွာရီလမှ မတ်လအတွင်းတကြိမ် တနှစ်လျှင် သကြားသီး နှစ်သီး သီးတတ်သည်။ သကြားပင်သည် အမျိုးအစားတော်များများရှိသည်။

မြန်မာဆေးကျမ်းအလိုအရ ယင်းအသီးသည် အသားအရေ ကုန်ခမ်းခြောက်သွေ့သော အနာကိုငုင်း၊ သုက်ခေတ်ပျက်သော အနာကိုငုင်း၊ သည်းခြေဆိုတောင့် နောက်ကျိသော အနာကိုငုင်း၊ နှလုံးကိုလေဝင်၍ ဆာလောင်နောက်ကျိသော အနာကိုငုင်း၊ သန္ဓိပါတ်ရောက်၍ ရူးသောအနာကိုငုင်း၊ စိတ်ပျံ့လွင့်သော အနာကိုငုင်း ချမ်းသာစေတတ်၏ ဟု ဆိုသည်။

အထက် ဖော်ပြပါ သကြားပင်မျိုးအပြင် မြန်မာတို့ သကြားပင်ဟုခေါ်သော ချုံပင်ကလေးမျိုးလည်း ရှိသေးသည်။ ယင်းကို မှန်ပင်၊ ဒန္တသုခပင် ဟုလည်း ခေါ်ကြသည်။ ဒန္တသုခသည် ပါဠိစကား ဖြစ်ရာ ဒန္တ၏ အနက်သည် သွားဖြစ်၍ သုခသည် ချမ်းသာခြင်းဖြစ်သဖြင့် သွားရောဂါမှ ချမ်းသာစေသော အပင်ဟု ဆိုလိုသည်။ ယင်းအပင်ကို ပဥ္စငါးပါးအကုန်နုတ်၍ ပြုတ်ကာ အရည်ကို ငုံ



သကြားပင်၏ အသီးနှင့် အရွက်

လျှင် သွားကိုက်ပျောက်သည်ဟု ဆိုကြသည်။ အချို့ကမူ အပင်ကိုပြာချ၍ သွားတိုက်ကြသည်။ ယင်းကို ရုက္ခဗေဒအမည်ဖြင့် စကိုပါးရီးယား ဒါးလဆစ်ဟု ခေါ်သည်။ တပေမှ သုံးပေအထိ မြင့်သော နှစ်ရှည်ခံပင်မျိုးဖြစ်သည်။ ပင်စည်မာ၍ ပြောင်ချောဖြစ်သည်။ အရွက်သည် ခွေးသွားစိတ် အနားကွပ်ဖြစ်၍ တလက်မမှ နှစ်လက်မအထိကြီးကာ အဖျားရှူးသည်။ မတ်လမှ ဇွန်လအတွင်း အပွင့် ပွင့်သည်။ အပွင့်သည် ပင်စည်နား ကပ်ပွင့်၍ အချင်း လက်မ တမတ်ခန့် ကြီးသည်။ ခြံမြေနှင့် လယ်ကန်သင်းရိုးတို့၌ အလေ့ကျရောနှော ပေါက်လေ့ရှိသည်။

**သကြားလုံး။** ။သကြားလုံးသည် ယခုအခါ ယဉ်ကျေးသော နိုင်ငံတိုင်း၌ ကြီးငယ်မရွေး သုံးဆောင်သော စားစရာတမျိုး ဖြစ်သည်။

မြန်မာဝေါဟာရဖြင့် သကြားလုံးဟု သိမ်းကျုံး ခေါ်သော်လည်း အမှန်အားဖြင့် သကြားလုံးတိုင်းသည် အလုံးကလေးများချည်း မဟုတ်ချေ။ အလုံး၊ လေးထောင့်၊ အပြား၊ အဝိုင်း စသည်ဖြင့် စိတ်ကူးရမိသည့် သဏ္ဍာန်အမျိုး

www.burmeseclassic.com

www.burmeseclassic.com





မျိုး ပြုလုပ်ထားလေသည်။ သို့ရာတွင် သကြားပါ၍ ချိုရုံသောအရသာရှိခြင်းကား သကြားလုံးများ၏ ယေဘုယျသဘောပင် ဖြစ်လေသည်။

သကြားလုံးကို သကြားတမျိုးတည်းဖြင့်သာ ပြုလုပ်သည်မဟုတ်ပဲ အခြားချိုဆိမ့်သော အရသာရှိသည့်ပစ္စည်းများပါ ထည့်သွင်းပြုလုပ်သည်။ ထိုပြင် အနံ့မွှေးကြိုင်စေရန်အတွက် ဗနီလာရနံ့ထည့်သွင်း၍ လှပတင့်တယ် စားချင်စဖွယ်ဖြစ်စေရန် ဆေးရောင်အမျိုးမျိုး တင်ပေးလေသည်။

သကြားလုံးများသည် ပဌမပေါ်စက လူတိုင်း ဝယ်ယူသုံးဆောင်နိုင်သော စားစရာ မဟုတ်ပဲ ငွေကြေး ချမ်းသာသူများသာ စားသုံးနိုင်သော ဇိမ်ခံအစားအစာ ဖြစ်ခဲ့သည်။ သို့ရာတွင် တဖြည်းဖြည်း လူကြိုက်များလာသဖြင့် ဆင်းရဲချမ်းသာမရွေး စားသုံးနိုင်အောင် စီမံ ပြုလုပ်ကြလေသည်။ ယင်းသို့ အများသုံးအတွက် ပြုလုပ်လာကြသောအခါ အမျိုးအစားညံ့၍ ဖူနီကြောင်ကြား ဆေးဆိုးထားသော အပေါစား သကြားလုံးများ အမြောက်အမြားထွက်ပေါ်လာလေသည်။ ထိုမှတဆင့် အမျိုးအစား အသင့်အတင့် ကောင်းမွန်၍ ဈေးလည်းမကြီးလှသော သကြားလုံးများကို တိုးတက်ချဲ့ထွင် လုပ်ကိုင်လာကြသည်။ ယခုအခါတွင်ကား သကြားလုံး လုပ်ငန်းမှာ ကြီးကျယ်လာပြီးလျှင် ကမ္ဘာအနှံ့အပြား လူတန်းစားမရွေး ဝယ်ယူသုံးဆောင်နိုင်သော အဖိုးနှုန်းထားဖြင့် အများအပြား ရောင်းချနိုင်လေပြီ။ သကြားလုံး များကိုလည်း တနေ့တခြား ဆန်းသစ်လှပသော ပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ထူးခြား၍ အရသာရှိလာအောင် တီထွင် ပြုလုပ်ကြလေသည်။

သကြားလုံးပြုလုပ်ပုံ ပြုလုပ်နည်းမှာ အမျိုးမျိုး ဖြစ်လေသည်။ များသောအားဖြင့် သကြားလုံး ပြုလုပ်ရာတွင် သကြား နွားနို့၊ အမွှေးရည်နှင့် အရောင်တင်ဆေးများကိုထည့်သွင်းအသုံးပြုရသည်။ အချို့သောသကြားလုံးမျိုးတွင်ကား ချိုဆိမ့်သော သစ်သီးဆန်များ ပါရှိတတ်သည်။အအီပြေ စားသုံးရန် ခပ်ချဉ်ချဉ် ပြုလုပ်ထားသော သကြားလုံးမျိုးလည်း ရှိပေသည်။

သကြားလုံးများ ပြုလုပ်ရာတွင် များသော အားဖြင့် ကြေးရည်သုတ် ခွက်များကိုသာ အသုံးပြုရသည်။ နွားနို့၊ သကြား စသည်တို့ကို ထိုခွက်ကြီးများတွင် ထည့်ကျို၍ အနည်းငယ် ပျစ်ခဲလာသောအခါ အုန်းသီးဆန်၊ ဗာဒမ်စေ့ စသော အဆာများနှင့် အမွှေးအကြိုင်များ ထည့်ပေးရသည်။ ထိုနောက် ကျိုထားသော အရည်ကို လက်ဖြင့် ပုံသွင်းပြီးနောက် ခဲသွားနိုင်မည့်အနေတွင် ဖိုပေါ်မှ ချပြီးလျှင် ထောပတ်သုတ်ထားသော ကြေးရည်သုတ်ခွက်များထဲသို့ လောင်းချရသည်။ ထိုအခါမှ ကျိုထားသော အရာများ အေး၍ ခဲမသွားမီ အလိုရှိရာ သကြားလုံးပုံအမျိုးမျိုးကို ပုံစံခွက်ဖြင့်ရင်း၊ ဓားဖြင့် ခွဲစိတ်၍ရင်း ပြုလုပ်ပေးရလေသည်။

သကြားလုံး ပြုလုပ်ပုံ အခြေခံမှာ အထက်ပါအတိုင်း ဖြစ်သော်လည်း မိမိတို့ နှစ်သက်ရာ အမျိုးအစားမျိုး ရရှိအောင် အမယ်များထည့်၍ ပြုလုပ်နိုင်လေသည်။ အမယ်များထည့်ရာ၌ အချိန်အဆအမျိုးမျိုး ရှိလေသည်။ အများဆုံးထည့်ရသော အမယ်မှာ သကြားဖြစ်၍ နွားနို့ကောင်း မရနိုင်လျှင် နို့ဆီ၊ နို့စိမ်းများကို အသုံးပြုနိုင်လေသည်။

သကြားလုံးများသည် မပုပ်မသိုးနိုင်ပဲ တာရှည်ထား၍ စားသုံးနိုင်သော စားစရာမျိုးဖြစ်သည်။ ပြုလုပ်ရာတွင်လည်း ခဲခဲယဉ်းယဉ်း မရှိလှပဲ အားလပ်သည့် နေ့ရက်များတွင် အိမ်၌ အပျင်းပြေ လုပ်ကိုင်စားသောက်နိုင်သည်။

**သခင်ကိုယ်တော်မှိုင်း။** ။လွန်း၊ ဦး — ရှု။

**သခွားပင်။** ။သခွားပင်သည် ဗူး၊ ဖရုံ စသည်တို့ကဲ့သို့ ကျူကာဗီဘေစီအီး မျိုးရင်းတွင် ပါဝင်သော နွယ်ပင်မျိုးဖြစ်သည်။ ရုက္ခဗေဒအမည်အားဖြင့် ယင်းကို ကျူကူမစ်ဆာတီဗပ် ဟု ခေါ်သည်။ ယင်းကို ယာတော၌သာမဟုတ် ခြံထဲ၌လည်း စိုက်၍ရသည်။

သခွားပင်ကို အသီးအလို့ငှာ စိုက်ပျိုးကြသည်။ တနှစ်တခါ စိုက်ပျိုးရသော အပင်မျိုးဖြစ်၍ ကမ္ဘာအနှံ့အပြား အထူးသဖြင့် အပူအအေး မလွန်ကဲသော နေရာတိုင်း၌ ပေါက်ရောက်သည်။ သခွားပင်သည် ဖရဲပင်ကဲ့သို့ နွာမောင်းအညွန့်တို့ အဖက်ဖက်သို့ဖြာထွက်သော နွယ်ပင်ဖြစ်သည်။ထိုကြောင့် ယင်းတို့အတွက် အနွယ်တက်ရန် စင်လုပ်ပေးရသည်။ အပင်အနွယ်နှင့် အရွက်တွင် အမွေးနုံကလေးများရှိသည်။ အရွက်သည် ကြီး၍ အဟိုက်သုံးခုမှ ငါးခုအထိ ရှိသည်။ အရွက်ညှာတံ တိုသည်။ ပင်စည်မှ အရွက်များ ထွက်သည့် နေရာနှင့်ကပ်လျက် အပွင့်များထွက်သည်။ အပွင့်သည် ခေါင်းလောင်းပုံသဏ္ဌာန်ရှိ၍ အဝ နှစ်လက်မခွဲခန့် ကျယ်ကာ အဝါရောင်ဖြစ်သည်။ အဖိုပွင့်ရော အမပွင့်ပါ တနွယ်တည်း၌ ပွင့်လေ့ရှိသည်။

သခွားသီးသည် ရှည်ရှည်လုံးလုံးဖြစ်၍ လေးလက်မမှ လက်မ ၃၀ အထိ အမျိုးလိုက်၍ ရှည်သည်။ အချို့ သခွားမျိုး၏ အခွံသည် ပြောင်ချော၍ အချို့သော အခွံသည် အဖုအပိမ့် တက်နေတတ်သည်။ အခွံသည် စိမ်းညိုညို အရောင်ရှိ၍ မှည့်သည့်အခါ ဝါညိုညို ဖြစ်လာသည်။ အတွင်းသားသည် စိမ်းသည့်အခါ ကြွပ်၍ မှည့်သည့်အခါ ပျော့သည်။ အသားဖတ်ထက် အရည် ပို၍များသော အံဖတ်များ ဖြစ်သည်။ အသားရောင်မှာ အစိမ်းနုနှင့် အဖြူဖြစ်သည်။ အလယ်၌ အစေ့များ ရှိသည်။ အစေ့သည် အမြုံ



www.burmeseclassic.com

www.burmeseclassic.com



ရောင် ပြားကပ်ကပ်ဖြစ်၍ ထိပ်ချွန်ပြီး ဖင်ဝိုင်းသည်။ မှည့်နေသော အစေ့ကို မစားကောင်းဟုလည်း ဆိုကြသည်။ အစေ့ရင့်ရင့်ကို ဆားနှင့်နယ်၍ လှော်ပြီး ကွာစိကဲ့သို့ စားတတ်ကြသည်။

သခွားသီးသည် ယင်းသို့လျှင် အရည် ၉၅ ရာခိုင်နှုန်းပါ၍ ငါးရာခိုင်နှုန်းသည် သကြားနှင့် ကာဗိုဟိုက်ဒြိတ်ဓာတ်ဖြစ်သဖြင့် အာဟာရတန်ဖိုး မရှိလှချေ။ ဗီတာမင် ဘီနှင့် ဂျီ သင့်တင့်ရှိပါ၍ အခြား ဗီတာမင်နှင့် သတ္တုဓာတ်များ မပါသလောက်ပင် နည်းသည်။သခွားသီးအမှည့်ကို အစိမ်းစားလျှင် စပရူခေါ် ဝမ်းဖောနာ တမျိုးကို ပျောက်ကင်းစေနိုင်သည်။ အင်ဒိုချိုင်းနားပြည်၌ ဝမ်းဖောဝမ်းရောင်ဖြစ်သော ကလေးကို သခွားသီးနုချက်၍ ကျွေးတတ်ကြသည်ဟု ဆိုသည်။ မြန်မာဆေးကျမ်းအလိုအရ သခွားသီး အစိမ်းသည် ချို၏။ သည်းခြေနိုင်၏။ မောပန်းခြင်း၊ ရေငတ်ခြင်း၊ ဝမ်းမီးတောက်ခြင်း တို့ကို နိုင်၏။ အမှည့်သည် အေးချို၏။ သည်းခြေကို ပျက်စေတတ်၏။ လေသလိပ်ကို ပျက်စေတတ်၏ဟု ဆိုသည်။ သို့ရာတွင် အလွန်အကြူးစားက ရင်ပြည့် အစာမကြေ ဖြစ်တတ်၏။

သခွားအမျိုးမျိုး ရှိရာ သွယ်ပြောင်း ရှည်မြောသော သခွားဆင်စွယ်မျိုး၊ အလွန်သေးသော သခွားတဆစ်မျိုး၊ သခွားချဉ်ခေါ် သခွားပြေတ်မျိုး၊ သခွားချိုမျိုး၊ သခွားမွှေးမျိုး၊ သခွားရှည်မျိုး စသည်တို့မှာ ထင်ရှားသည်။

သခွားသီးကို အစိမ်းတို့စားခြင်း၊ ခြစ်၍သုတ်စားခြင်း၊ ပေါင်မုန့်ကြား ညှပ်စားခြင်း၊ ချက်စားခြင်း စသည်ဖြင့် အမျိုးမျိုး စားကြသည်။ သခွားသီးစိမ်းကို သနပ် လုပ်၍လည်း စားကြသည်။မလေးရှားနိုင်ငံ၌ များသောအားဖြင့် ချက်စားကြသည်။အရွက်ကိုလည်း ပြုတ်တို့ကြသည်။ ဟင်းချို၊ ကြော်ချက် စသည်အဖြစ်လည်း ချက်စားကြသည်။

သခွားပင်ကို မှည့်သောအသီးမှ အစေ့ရင့်ကို စိုက်လျှင် ပေါက်သည်။ ယင်းကို မြေဩဇာ ကောင်းသည် ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မည်သည့် ခြံမြေ၌မဆို စိုက်ပျိုး၍ ရသည်။ ကြက်ငှက်ခြံမှ ရသော မြေဩဇာကို ထည့်လျှင်မူ ပို၍ကောင်းသည်။ သခွားပင်သည် အမြစ်ရင်း၌ ရေဝပ်သည်ကို မကြိုက်သဖြင့် စိုက်ခင်း၌ ရေကောင်းစွာ စီးဆင်းနိုင်ရန် ရေမြောင်းများ လုပ်ပေးဖို့အရေးကြီးသည်။ တပင်နှင့် တပင် ခြောက်ပေခန့်ခွာ၍ စိုက်သင့်သည်။ အစေ့မျိုးစဉ်က တတွင်းလျှင် နှစ်စေ့သုံးစေ့ထည့်သော်လည်း အပင်များပေါက်လာသည့်အခါ တတွင်းလျှင် သန်သော အပင် တပင်သာချန်၍ ကျန်အပင်များကို နုတ်ပစ်ရသည်။ စိုက်ပြီး နှစ်လခန့် အကြာတွင် အသီး သီးတတ်သည်။ သခွားပင်ကို မကြီးထွားမီ ပိုးဖျက်တတ်သည်။ ဖရဲပင်ဖျက်သော ပိုးမျိုးပင်ဖြစ်သည်။

သခွားပင်ကို ရှေးနှစ်ပေါင်းများစွာကပင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း၌ စိုက်ပျိုးခဲ့လေသည်။ အမေရိကတိုက်သို့ ရှေးဦး လာရောက်နေထိုင်သူများသည် သခွားပင် စိုက်ပျိုး စားသောက်ခဲ့ကြောင်းသိရ၍ အင်္ဂလန်ပြည်၌ ရှေးနှစ်ရာပေါင်းများစွာကပင် သခွားပင် စိုက်ပျိုးခဲ့ကြသည်ဟု ထင်မှတ်ရလေသည်။

**သခွတ်ပင်။** ။'သခွတ်ပွင့်ချိန်၊အသုရိန်၊ဝတိံသာသို့ဆင်း' ဟူသော ကဝိလက္ခဏာ သတ်ပုံကျမ်းလာ စကားကို ကြားဘူးသူ များပေလိမ့်မည်။ သခွတ်ပင်သည် အသုရာ နတ်ပြည်၏ အထိမ်းအမှတ် သစ်ပင်အဖြစ် ထင်ရှားသည်။ ကျမ်းဂန်အဆိုအရ ဘုရားအလောင်း မာဃလုလင်သည် သိကြားဖြစ်သောအခါ ရှိရင်းသိကြားကို တာဝတိံသာမှ ယယ်ချလိုက်ရာ မြင့်မိုရ်တောင်ခြေရှိ အသုရာပြည်သို့ ရောက်လေ၏။ အသုရာပြည်၏ အခင်း အကျင်း တည်နေပုံသည် တာဝတိံသာနတ်ပြည်နှင့် အတူတူပင် ဖြစ်ရာ အသုရာနတ်တို့စိတ်၌ အသုရာပြည်ကို တာဝတိံသာ ဟုပင် ထင်မှတ်နေကြ၏။သခွတ်ပင်များ ပွင့်ချိန်ရောက်မှ ပင်လယ် ကသစ်ပွင့်ရာ တာဝတိံသာနတ်ပြည် မဟုတ်မှန်း သိသဖြင့် တာဝတိံသာသို့ စစ်ချီတက် တိုက်ခိုက်ကြလေသည်။ယင်းသို့ နှစ်စဉ် သခွတ်ပွင့်ချိန်တွင် စစ်ချီတက်ရာ၌ မြည်သော အသံကို မိုးထစ်ချုန်းသည်ဟု ပြောလေ့ ပြောထ ရှိလေသည်။ ထို့ကြောင့် သခွတ်ပင်သည် မိုးဦးကာလ၌ ပွင့်သည်ဟု ယူရသည်။

သခွတ်ပင်သည် နွေအခါ၌ အရွက်ကြွေသော အရွယ်အလတ်စား သစ်ပင်မျိုး ဖြစ်သည်။ မလွှပင်၊ ကြောင်လျှာပင်တို့ကဲ့သို့ ဗစ်နိုးနီးယားစီအီးမျိုးရင်းဝင် ဖြစ်၏။ရုက္ခဗေဒအမည်အားဖြင့် ဒိုလီချန်ဒရုန်း ကရစ္စပါ ဟု ခေါ်သည်။ သခွတ်ပင်သည် ပေ ၄၀ မှ ၆၀ အတွင်း မြင့်သည်။ ပါဠိဘာသာဖြင့် ဿသာချ ဟု ခေါ်သည်။ ယင်းမှ ဿကြေ၍ သာချမှ သခွတ်ဖြစ်လာသည်ဟု ဆိုကြသည်။ သခွတ် နှစ်မျိုး ရှိသည်။ သခွတ်ဖိုနှင့် သခွတ်မဖြစ်သည်။ သခွတ်ဖို၏ ရုက္ခဗေဒ အမည်မှာ စတီရီယိုစပါမံ ပါဆိုနာတမ် ဟု ခေါ်၍ သခွတ်မကို ဒိုလီချန်ဒရုန်း စပါသာဆီး ဟုခေါ်သည်။ သခွတ်ဖိုပင်ကို မြန်မာနိုင်ငံ အထက်ပိုင်း၌ တွေ့ရ၍ သခွတ်မပင်ကို မြန်မာနိုင်ငံ တဝှန်းလုံး၌ တွေ့ရသည်။ သခွတ်ပင်များကို အထူးသဖြင့် စစ်ကိုင်း၊ ပျဉ်းမနား၊ သံတွဲမြို့များ၌ တွေ့နိုင်သည်။

သခွတ်ပင်၏အရွက်သည် အလျား သုံးလက်မခန့် ရှိ၍ အဖျားချွန်သည်။ တခါတရံ အရွက်နုတ်ခမ်းသားသည် ခွေးသွားစိတ်ကဲ့သို့ ဖြစ်နေတတ်သည်။ အရောင်သည် စိမ်းရင့်ရောင် ပြောင်လက်နေသည်။ ဇူလိုင်လမှ နေ့ဝေါက်တို



www.burmeseclassic.com

www.burmeseclassic.com




ဘာလအတွင်း အပွင့်များ ပွင့်သည်။ သခွတ်ပွင့်သည် မလ္လပွင့်ကဲ့သို့ အဝကားချဲ့၍ နံနက်စောစောအချိန် အပင်မှ ကြွေကျလေ့ရှိသည်။ အနီရောင်အဆင်းရှိသောအပွင့် ပွင့်သည့် သခွတ်ပင်မျိုးလည်း ရှိသည်ဟု ဆေးကျမ်းများ၌ ဆိုသည်။ မြန်မာ ဆေးကျမ်းအလိုအရ သခွတ်ပွင့် အနီအဖြူ နှစ်မျိုးစလုံးပင် ချိုဖန်ခါး ရသာရှိ၏။ အေး၏။ အစာကို ပွစေတတ်၏။ သွေးသလိပ်ကို နိုင်၏ဟု ဆိုသည်။ သခွတ်ပွင့်ကို ပြုတ်သုတ် ချက်စားလျှင် အသံပျက်သူတို့ အသံထွက်လာသည်ဟု ဆိုလေသည်။

**သဇင်ပန်း။** ။မြန်မာလူမျိုးတို့ အမြတ်တနိုး အဖိုးတတန်ထား၍ တော်ဝင်နတ်ပန်းဟု အမှတ်ပြုကြသော သဇင်ပန်းကို သန့်ပြန့်စင်ကြယ်သော နေရာ၌သာ ပေါက်တတ် ပွင့်တတ်သောကြောင့် သန့်စင်ပန်း ဟူ၍၎င်း၊ ဒဏ္ဍာရီပုံပြင်များအရ မင်းသမီးကလေးသည် သူ၏နှလုံးသားကို ထုတ်၍ သစ်ပင်ပေါ် တင်လိုက်ရာမှ နှလုံးသားသည် သဇင်ဥဖြစ်၍ ပွင့်လာသော အပွင့်ကို နှလုံးသားမှ သွေးစင်သည်ဟု အယူရှိကာ သွေးစင်ပန်း ဟူ၍၎င်း ခေါ်ကြကြောင်းဖြင့် အဆိုအမျိုးမျိုးရှိသည်။

သဇင်ပင်သည် သစ်ခွပင်များနှင့်အတူ ဩခစ်ဒေစီအီးမျိုးရင်း၌ ပါဝင်သည်။ ရုက္ခဗေဒ အမည်အားဖြင့် ဗာလဗိုဖိုင်လမ် ဩရီကိုမမ် ဟုခေါ်သည်။ ယင်းသည် ဂမုန်းမျိုးတွင် အပါအဝင်ဟူ၍လည်း စာဟောင်း ပေဟောင်းများ၌ အဆိုရှိသည်။

သဇင်ပင်သည် တနှစ်တခါသာ ပွင့်သော အပင်မျိုးဖြစ်သည်။ ဆောင်းရာသီ ဖြစ်သော နတ်တော် ပြာသို လများတွင် လှိုင်လှိုင် ပွင့်လေ့ရှိသည်။ ထို့ကြောင့်ပင် မြဝတီမင်းကြီး ဦးစက သူ၏ သဇင်ပန်းဘွဲ့၌ "သည်ဆောင်း ဟေမန်၊ မြောက်ပြန်လေညှင်း ဆော်တယ်ကို၊ နတ်တော် ပြာသို၊ စိုစိုတည့် နှင်းဖုံဖုံ၊ ရိုးတံဆင့်ဖူးငုံ၊ ဝတ်မှုံတင့်ဆုံး၊ သဇင်ပန်း ဂမုန်းငယ်နှင့်လေး" ဟု စပ်ဆိုခဲ့ခြင်း ဖြစ်သည်။

သဇင်ပင်သည် သစ်ကိုင်းသစ်ခက် အုန်းခွံတို့တွင် တွယ်ကပ်၍၎င်း၊ အိုးထဲ၌ အုန်းဆံပွပွနှင့် ထည့်၍၎င်း ခတ်သန့်သန့် စိုက်ရသော ဥမှ ထွက်သည့် အပင်ကလေးမျိုး ဖြစ်သည်။ မူလက စိမ့်ကြီးတောကြီးထဲ၌ ပေါက်ရောက်သော အပင်မျိုးဖြစ်၏။ ထို့ကြောင့် စာဆိုတော်ကြီး ဦးတိုးက သူ၏ ရာမရကန်၌ 'စိမ့်ကြီးမှိုင်ကြီး၊ ရိပ်ကြီးတောတောင်၊ နေရောင်မခံ၊ ပန်းပျံ ပင်ဆင့်၊ မြေနှင့် ရန်ဖက်၊ ခက်လက်စိမ်းမြ၊ မိုးမခဘူး" ဟု စပ်ဆိုခဲ့ခြင်း ဖြစ်သည်။ သဇင်ဥသည် စိမ်းညိုရောင်လုံးရှည်သွယ် ဖြစ်၍ ယေဘုယျအားဖြင့် တလက်မ သာသာခန့်ကြီးသည်။ သဇင်ဥအရင်းမှ အရွက်ကလေး နှစ်ရွက်သည် မိုးဦးကျစတွင် ထွက်သည်။ အရွက်



ဆောင်းရာသီတွင် လှိုင်လှိုင်ပွင့်လေ့ရှိသော သဇင်ပန်း

သည် တလက်မမှ သုံးလက်မအထိ ရှည်၍ အစိမ်းနုရောင်ဖြစ်သည်။ အလယ်ကြောမကြီး တခုသာပါ၍ အရွက်သားသည် ပြောင်ချောသည်။အပွင့် ပွင့်ချိန်၌ အရွက်များ ကြွေလေသည်။ အပွင့်သည် ခိုင်တံသွယ်သွယ်၌ ဘေးတဖက်တချက်စီ ပွင့်သည်။ အပွင့်သည် သေးငယ်၍ အလယ်၌ ဝတ်ဆံပါသည်။

သဇင်ပန်းပွင့် အရောင်သည် လေးမျိုးရှိ၍ ယင်းတို့မှာ (၁) သဇင်ဖြူ၊ (၂) သဇင်ဝါ၊ (၃) သဇင်နီ၊ (၄) သဇင်နက် တို့ဖြစ်ကြသည်။ ရှမ်းပြည်တောင်ပိုင်းနှင့် မော်လမြိုင်မြို့အနီးတဝိုက်တွင် သဇင်ဖြူများထွက်၍ ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲ၊ သီပေါ၊ လားရှိုးမြို့များ၊ ကျေးလက်တောရွာများနှင့် မေမြို့တဝိုက်မှ သဇင်ဝါများ ထွက်သည်။ သဇင်နီမျိုးသည် တောင်ငူနယ် တောတောင် စိမ့်ကြီးများ၌ ပေါက်၍ မေမြို့တဝိုက် ကျေးလက် တောအုံများတွင် သဇင်နက်များ တခါတရံ ရသည်။ သဇင်ဝါနှင့် သဇင်ဖြူသာလျှင် များများစားစားရသဖြင့် ရောင်းချနိုင်ကြသည်။ သဇင်ဖြူသည် သဇင်ဝါလောက် မမွှေးချေ။ သဇင်ဝါပွင့်ထက် အပွင့်ကြီးသော်လည်း ရိုးတံတွင် အပွင့်ကျဲသည်။ သဇင်ဝါသည် အပွင့်သေး၍ ရိုးတံ၌ စိတ်စိတ် အခိုင်လိုက်ပွင့်သည်။ ယနံ့အလွန်မွှေးသည်။ သဇင်နက်နှင့် သဇင်နီသည် ယနံ့မမွှေးချေ။ အတွေ့ရလည်း အလွန်နည်းသည်။ သဇင်နီ နှစ်မျိုးရှိသည်။ အပွင့်ရော အရိုးတံပါ နီသော သဇင်နီမျိုးနှင့် အပွင့်သာ နီ၍ ရိုးတံမနီသော သဇင်နီမျိုး တို့ ဖြစ်သည်။သဇင်နီဟု ဆိုသော်လည်း ပန်းရောင်ရင့်ရောင် ဖြစ်သည်။ သဇင်နက်ပွင့်သည် မီးသွေးခဲကဲ့သို့ နက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဥကမှူ စိမ်းသည်။ သဇင်နီထက် သဇင်နက်က ရှားပါးသည်။ အလွန်တွေ့ရခဲသည်။

မြန်မာမင်းများ လက်ထက်တော် အခါက သဇင်ပန်းသည် ဘုရင်မိဖုရားတို့သာ ဦးဦးဖျားဖျား ပန်ခွင့်ရသော ပန်းဖြစ်သဖြင့် တော်ဝင်ပန်း အဖြစ် အသိအမှတ် ပြုကြသည်။ သဇင်ပန်းသည် သိုင်းတော် အဆောင်အယောင်နှင့် နေပြည်တော်သို့ တက်၍ နန်းတော်တွင်း မြတ်ရာတို့တွင် ဝင့်ဝါနိုင်ခဲ့သော တောပန်းတောင်ပန်း စိမ့်မြိုင်ပန်း ဖြစ်သည်။ ရာဇဝင်စဉ်ဆက်မှ ဆင်းသက်လာခဲ့သော နန်းတွင်းထုံးစံတခုမှာ တောင်ငူနတ်တောင်မှ သဇင်နီကိုဎင်း၊ ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းများမှ သဇင်ဖြူနှင့် သဇင်ဝါကိုဎင်း ဆိုင်ရာနယ်ပယ်အုပ်ချုပ်သူ အရာရှိ၊ သို့မဟုတ် နယ်ရှင် စော်ဘွားတို့သည် နန်းတော်သို့ ရှိခိုးလက်ဆောင်တော် ဆက်ကြရသည်။ ဤသို့ အချိန်နှင့် ဆက်သရန် နှီးဆော်မှု၊ ယူဆောင်မှု၊ နန်းတော်သို့ သွင်းဆက်မှုများကို မှူးတော် မတ်တော်ကြီး တဦးဖြစ်သော ကျီ ဝန်မင်းက တာဝန်ယူရသည်။ နန်းတော်တွင် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ သဇင်ပန်းကို အဦးပူ၍ သစ်ခွပန်း အမျိုးမျိုးကို ပန်ဆင်တော်မူသော သဘင်တခု သီးခြားရှိလေသည်။ ဤပန်ဆင်ပွဲ သဘင်ပြီးမှ မြို့ဝန်က အမိန့်ဆင့်ထုတ်ပြီးလျှင် တိုင်းသူပြည်သား လူအများအား ပန်ဆင်ခွင့်ပေးလေသည်။ ထိုကြောင့်ပင် စာဆိုတော်ကြီး ဦးတိုးက "တချို့က နီပြာပြာ၊ တချို့က ဖြူဝါဝါ၊ တချို့မှာ ပန်းရင့်လို၊ ပင်ဆင့် ပန်းပုံ၊ ဘွဲ့မည်များ ခံကြသည်။ ဝေယံ နန်းမြင့်၊ ပန်တိုင်းတင့်မို့၊ မြို့ဝန်မင်းစာ၊ လိပ်မပါပဲ၊ ကွယ်ရာဈေးပြင်၊ ရောင်းလို့များ မြင်မလား၊ အင်မတန် အင်တန်၊ ရာဇဝတ်တော် ခံရသည်။ မြတ်ပန်တော်ပန်း၊ ခိုင်လုံး[illegible]ပန်းကို၊ ဟိုတောင်းပန်းပွင့်၊ ဘယ်ဂုဏ်ကြောင့် ဝင့်မတုန်း၊ ဘုန်းနှင့်ကံနှင့် ရွှေသဇင်" ဟု စပ်ဆိုခဲ့ခြင်းဖြစ်လေသည်။ သဇင်ပန်းကို ယင်းသို့ မြို့ဝန်မင်း အမိန့်မထုတ်ဆင့်မီ ဘုရင်မင်းမြတ်၏ သားတော် သမီးတော်များပင် ပန်ဆင်ခွင့် မရကြောင်းကို ၁၁၆၇ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်နေ့က ထုတ်ပြန်သော ဘိုးတော်ဘုရား၏ အောက်ပါ အမိန့်တော်က ထင်ရှားစေသည်။

"သဇင် ပန်းတော် ရွှေနန်းတော်သို့ မဆက် မသွင်းသေးသည်ကို မင်းသားများ အိမ်သို့ ပန်းများရောက်ကြောင်းနှင့် ကြားသိတော် မူရသည်။ ကျီဝန်ကို တန်းမှာထား၊ ပန်း ဆက် လာ သူ တို့ ကို ရ အောင် တောင်း။ ၁၁၆၇ ခု ပြာသိုလပြည့်ကျော် ၉ ရက်နေ့ နာခံတော် ရာဇနေ့ရထာပြန်။"

ဇင်စစ်အားဖြင့် သဇင်ပန်းကို လေးလေးစားစား မည်မျှထားသည်ကို ဤအမိန့်တော်အရ ထင်ရှားသည်။ ဤအမိန့်တော်သည် သဇင်ပန်းကိုသာ လေးစားလို၍ချည်း မဟုတ်၊ တိုင်းပြည်၌ မင်းအာဏာ မည်မျှတည်၍ တိုင်းသူပြည်သားများသည် မင်းအာဏာကို မည်မျှ ပျပ်ဝပ်မှု ရှိသည်ကို အကဲစမ်းရန် ကိစ္စတခု ပြုလုပ်ထားခြင်း ဖြစ်လေသည်။

သဇင်ပန်းသည် နတ်တော်လ၌ ပွင့်သဖြင့် အမြတ်တနိုးထား၍ နတ်တင်ကြသောကြောင့် နတ်ပန်းဟုလည်း ခေါ်ကြသည်။ သဇင်ပွင့်သည် ဆေးဖက်ဝင်သည်။ မြန်မာဆေးကျမ်း အလိုအရ သဇင်ပွင့်သည် မူးဝေဝိုက်မည်းသော အနာကိုဎင်း၊ ဦးခေါင်းကိုက်ခြင်း မျက်စိနာခြင်းတို့ကိုဎင်း၊ ဆာလောင် မွတ်သိပ်သော အနာကိုဎင်း၊ သလိပ် သည်းခြေအားကြီးသော အနာကိုဎင်း ချမ်းသာစေတတ်၏ဟု ဆိုသည်။ မြန်မာ ဘယဆေးသမားတို့သည် ဆေးဖော်ရာ၌ အလွန်စွမ်းသော သဇင်နီနှင့် သဇင်နက်တို့ကို ရှားရှားပါးပါး ရှာဖွေကြရသည်။

သထုံ၊ မော်လမြိုင်၊ ထားဝယ်၊ တောင်ငူ ပတ်ဝန်းကျင်မှ လာသော သဇင်ဖြူမျိုးကို ပိသာချိန်၊ သို့မဟုတ် အခက်ရေနှင့် ရောင်းကြသည်။ ပေါ်ဦး ပေါ်ဖျားတွင် တခက်တကျပ် နှစ်ကျပ်အထိ ပေးရတတ်သည်။ ယခုအခါ သဇင်ပန်းကို ရန်ကုန်မြို့၌လည်း ခြံများတွင် တယုတယ စိုက်ပျိုးနေကြလေပြီ ဖြစ်သည်။

# နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်

**သတင်းစာသည် လူထုနှင့် မကင်းကွာရသော ကျေညာမောင်းသမားကြီး၊ ကမ္ဘာ့ ကြည့်မှန်တချပ်ဟုလည်း တင်စားခေါ်ဝေါ်ကြ၏။ သတင်းစာလုပ်ငန်းသည် အချိန်လု၍ လုပ်ရသော လုပ်ငန်းဖြစ်သည်။ သတင်းစာ ပုံနှိပ်ထုတ်လုပ်ပုံ၊ သတင်းစာနှင့် ကြော်ငြာ၊ သတင်းစာတိုက်များ စုပေါင်းလုပ်ကိုင်ရေး စံနစ် စသည်တို့ကို စုံလင်စွာ ဖော်ပြထားသည်။**

**သတင်းစာ။** ။မိနစ် နာရီနှင့်အမျှ နေ့စဉ် ဖြစ်ပျက်ပြောင်းလဲနေသော လူလောက အခြေအနေကို သတင်းစာက ဖော်ပြပေသည်။ သတင်းစာ၏ ကျေးဇူးကြောင့် မြို့ရေး၊ ရွာရေးမှအစ ကမ္ဘာ့ရေးရာ သတင်းများတိုင်အောင် အချိန်မှီ မှန်မှန်ကြီး ကျွန်ုပ်တို့ သိရှိနေရသည်။ ယင်းသို့ အချိန်မှီ လူထုလက်သို့ အရောက် သတင်းဖြန့်ချိရသော လုပ်ငန်းသည် သက်သာ လွယ်ကူလှသည် မဟုတ်ပေ။ တခါတရံ အခက်အခဲ အတိုက်အခံ အမျိုးမျိုးတို့ကို ကျော်နင်း၍ သက်စွန့်ကြိုးပမ်း ဆောင်ရွက် ကြရသည်လည်းရှိသည်။ သတင်းစာလုပ်ငန်းကား ကိုယ်[illegible]စိတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



အပင်ပန်းခံ၍ လုပ်ကိုင်ရသည်။ ကိုယ်ရောစိတ်ပါ အပင်ပန်းခံ၍ လုပ်ကိုင်ရသလောက် စိတ်ဝင်စားဖွယ်လည်း ကောင်းလှပေသည်။

သတင်းစာသည် အမည်နှင့် လိုက်လျောညီစွာ သတင်းများကို စာဖြင့် ရေးသားဖော်ပြထားခြင်း ဖြစ်သည်။ သတင်းစာလုပ်ငန်း၏ အဓိက အချက်မှာ သတင်းဖြန့်ချိမှုပင်တည်း။ သတင်းစာများ မပေါ်မီ ရှေးရှေးအခါက မိမိတို့ နယ်ပယ်အတွင်း ရန်သူများ ချဉ်းကပ်လာကြောင်း ကင်းစခန်းတခုမှ တခုသို့ အုန်းမောင်း၊ သို့မဟုတ် ကုလားတက် (ကလတက်)များကို သံတိုသံရှည်ခေါက်၍ အချက်ပေး သတင်းပို့ရသည်။ သားရေဖြင့် ကြက်ထားသော စည်များကို ရိုက်တီး၍ တစခန်းမှတစခန်း၊ တရွာမှတရွာသို့ သတင်းပေးပို့လေ့လည်း ရှိခဲ့သည်။ မြန်မာမင်းများ လက်ထက်ကမူ အမိန့်တော် ပြန်တမ်းများကို မောင်းကြေးနင်းခတ်၍ မြို့ရွာများတွင် သတင်းဖြန့်ချိကြရလေသည်။

ကမ္ဘာတွင် သတင်းစာ သဘောမျိုး သက်ရောက်သော သတင်းဖြန့်ချိမှုသည် လွန်ခဲ့သော နှစ်ပေါင်း ၂,၀၀၀ နီးပါးက ဖြစ်သော ရောမဘုရင် ဂျူးလယက်ဆီဇာ၏ လက်ထက်က စတင်ခဲ့သည်ဟု ဆိုကြသည်။ ထိုစဉ်က. ရောမအင်ပိုင်ယာအတွင်း ဖြစ်ပျက်သော အများပြည်သူတို့နှင့် သက်ဆိုင်သည့် သတင်းစာများကို နန်းတော်နံရံ လူမြင်ကွင်း၌ ကပ်ထားလေ့ရှိသည်။ ယင်းကို အက်တာဒိုင်ယာနာဟု ခေါ်၍ နေ့စဉ် ပြန်တမ်းဟူသော အဓိပ္ပာယ်ရှိသည်။ ထိုပြန်တမ်းကို စာကူးစာရေးများက ကူးယူပြီးလျှင် ရပ်ဝေးနေနိုင်ငံရေး၊ စီးပွားရေးပိုင်းမှ ပုဂ္ဂိုလ်ကြီးများထံသို့ ပို့ပေးကြသည်။ တရုပ်နိုင်ငံတွင်လည်း ခုနှစ်ရာစုနှစ်ခန့်က အလားတူနည်းမျိုးဖြင့် သတင်းဖြန့်ချိခဲ့သည်ဟုဆိုသည်။ နောက်အခါ တရုပ်တို့သည် စာလုံးများကို သစ်သား၌ ထွင်းပြီး ဗလောက်နှိပ်သကဲ့သို့ စက္ကူပေါ် နှိပ်ယူသည့် စံနစ်ကို တီထွင်ကာ မှိုင်းကိုင် စက္ကူပေါ်တွင် စာလုံးများကို ပုံနှိပ်ခဲ့သည်။ ယင်းသို့ဖြင့် ပုံနှိပ်သတင်းစာသည် တရုပ်နိုင်ငံမှစတင်ခဲ့လေသည်။

တရုပ်နိုင်ငံမှ ပုံနှိပ်စာလုံးများသည် အက္ခရာ အလိုက် ခွဲခြားထားခြင်း မရှိပဲ ဝေါဟာရ အလိုက် တွဲထားသော စာလုံးများ ဖြစ်သည်။ ဂျာမန်လူမျိုး ဂူးတင်းဗတ်သည် ဗျည်းအက္ခရာ တလုံးစီ ခွဲ၍ သုံးနိုင်သော စာပုံနှိပ်စက်မျိုးကို တီထွင်လိုက်ပြီးသည့်နောက်တွင် ဥရောပနိုင်ငံများ၌ ပုံနှိပ် သတင်းစာများ ထွက်ပေါ်လာခဲ့သည်။ သို့သော် အချိန်မှန် ရက်မှန် မဟုတ်သေးချေ။

၁၆၀၉ ခုနှစ်တွင် ဂျာမနီနိုင်ငံမှ၎င်း၊ ၁၆၁၆ ခုနှစ်တွင် ဗဲလဂျီယမ်နိုင်ငံ အန်တွပ်မြို့မှ၎င်း၊ ၁၆၂၂ ခုနှစ်တွင် အင်္ဂလန်ပြည်မှ၎င်း အချိန်မှန် ရက်မှန် ထုတ်ဝေသော သတင်းစာများ ပေါ်ထွက်လာခဲ့သည်။ ပြင်သစ်၊ အမေရိကန်စသော အခြားနိုင်ငံများမှလည်း သတင်းစာများသည် ရှေ့ဆင့် နောက်ဆင့်ဆိုသကဲ့သို့ ပေါ်ထွက်လာခဲ့သည်။

မြန်မာနိုင်ငံတွင်မူ ၁၈၃၆ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မော်လမြိုင် ခရောနီကယ် သတင်းစာမှ အစပြု၍ မြန်မာနိုင်ငံတွင် သတင်းစာလုပ်ငန်း စတင်ခဲ့လေသည်။ ထိုနောက် ခရစ်ယန် နှစ်ခြင်း သာသနာပြုအဖွဲ့က ကရင်ဘာသာဖြင့် ထုတ်ဝေသော မိုးသောက်ကြယ် (မောနင်းစတား) နှင့် မြန်မာဘာသာဖြင့် ထုတ်ဝေသော ဓမ္မသိတင်းစာတို့သည် ၁၈၄၁ ခုနှစ်နှင့် ၁၈၄၂ ခုနှစ်တို့တွင် အသီးအသီး ပေါ်ထွက်ခဲ့သည်။ မင်းတုန်း မင်းတရားကြီး လက်ထက်တွင် ပေါ်ထွက်ခဲ့သော ရတနာပုံ သတင်းစာ (၁၈၇၄) သည် မြန်မာပိုင် ပဌမဆုံး မြန်မာသတင်းစာဟု ဆိုကြလေသည်။ (မြန်မာနိုင်ငံ သတင်းစာများ — လည်းရှု။)

သိပ္ပံပညာရပ်များ ထွန်းကားလာခြင်းကြောင့် သတင်းစာများတွင် များစွာ အကျိုးကျေးဇူး ရှိခဲ့သည်။ ကြေးနန်း၊ စကားပြောကြေးနန်း၊ ရေအောက်ကြေးနန်း၊ ကြိုးမဲ့ကြေးနန်း စသည်တို့ ပေါ်ပေါက်လာသဖြင့် နာရီမဆိုင်း နေ့ရက် မဆိုင်းပဲ သတင်းဦး သတင်းထူးတို့ကို လောလော လတ်လတ် သတင်းစာဖတ်ပရိသတ်များက သိရှိနိုင်ခဲ့သည်။ တိုင်းပြည် နိုင်ငံ အသီးအသီး၌လည်း သတင်းစာများ ပိုမို ထွက်ရှိလာရာ ကမ္ဘာ၌ စာမတတ်သူဦးရေအများဆုံးရှိသော အာဖရိကတိုက်၌ပင် နေ့စဉ်သတင်းစာ အများအပြား ထုတ်ဝေလျက် ရှိလေပြီ။ ယခုအခါ ကမ္ဘာ့နိုင်ငံကြီးများတွင် ပလူပျံသကဲ့သို့ နေ့စဉ် ထွက်လျက်ရှိနေသော သတင်းစာ စောင်ရေများသည် ၂၅၅ သန်း ကျော်သည်။ ဘာသာ အမျိုးမျိုးဖြင့် ထုတ်ဝေလျက် ရှိကြရာ အချို့သတင်းစာများသည် တမြို့ တနယ်အတွက် ဖြစ်သည်။ အချို့သည် ပြည်နယ် တခုအတွက် ဖြစ်သည်။ အချို့သည် တနိုင်ငံအတွက်ဖြစ်သည်။ နိုင်ငံကြီးများမှ သတင်းစာကြီးများကိုမူ ကမ္ဘာ့နိုင်ငံကြီးများသို့ပင် တင်ပို့ကြရလေသည်။

သတင်းစာ ပေါ်ထွက်စ ခေတ်က သတင်းစာဖတ် ပရိသတ် နည်းခဲ့သော်လည်း တခေတ်ထက်တခေတ်၊ တနှစ်ထက်တနှစ် တိုးတက် များပြားလာသည်။ ယခုအခါ သတင်းစာသည် အများသုံးပစ္စည်းတခု ဖြစ်နေ၍ သတင်းစာဖတ်သည့် အလုပ်ကို ထမင်းစား ရေသောက်သကဲ့သို့ နေ့စဉ် ဆောင်ရွက်ကြရသည်။ သတင်းစာဖတ်သူ ဦးရေအများဆုံးသည် ဥရောပတိုက်ဖြစ်၍ ဒုတိယ အများဆုံးသည် မြောက်အမေရိကတိုက် (ကနေဒါနိုင်ငံနှင့် အမေရိကန် ပြည်ထောင်စု) ဖြစ်သည်။ အင်္ဂလိပ်လူမျိုးများသည် သတင်းစာ မဖတ်ရပဲ မနေနိုင်ကြသကဲ့သို့ ဆွီဒင်၊ လပ်ဇင်ဗတ်၊ အိုက်စလန်၊ ဩစတြေးလီးယားနှင့် ဂျပန်နိုင်ငံသားတို့သည်လည်း ထိုနည်းအတူပင် ဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သတင်းစာ ပေါ်ထွက်စက နန်းတွင်းသတင်း၊ နိုင်ငံရေးသတင်းလောက်သာ ရေးသား ထုတ်ဝေခဲ့ကြသော်လည်း စီးပွားရေး၊ လူမှုရေး သတင်းများကိုလည်း တစတစ ဖြည့်စွက် လာကြသည်။ ကုန်ပစ္စည်း ကြော်ငြာများ၊ စာပေ အနုပညာ၊ ဥပဒေ၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာ ဖြစ်လာကြသည်။ တဖြည်းဖြည်းဖြင့် သတင်းစာများတွင် မဂ္ဂဇင်း ကဏ္ဍများကိုလည်း ထည့်သွင်းလာကြ၍ စီးပွားရေးကို အသားပေးသော သတင်းစာ၊ အားကစားရေးကို အသားပေးသော သတင်းစာ စသည်ဖြင့် အမျိုးမျိုးခွဲခြားပြီး ထုတ်ဝေသော သတင်းစာများလည်း ရှိပေသည်။

ပုဂ္ဂလိကပိုင်၊ လူတစုပိုင်၊ အစိုးရပိုင် သတင်းစာများ ရှိကြရာ ပုဂ္ဂိုလ်စွဲအလိုက် အားပေး ရေးသားမှုလည်း ရှိပေသည်။ ပါတီစွဲ၊ ဝါဒစွဲအလိုက် ရေးသားသော သတင်းစာများလည်းရှိပေသည်။

သတင်းစာကောင်းတို့မည်သည် မည်သည့်အစိုးရကိုပင် ဖြစ်စေ မျက်နှာမထောက်၊ နိုင်ငံနှင့်လူထု အကျိုးရှိရေး အတွက် ဟုတ်တိုင်းမှန်ရာကို ညွှန်ပြဝေဖန်ရေးသားရသည်။ သတင်းစာတကာတွင် စစ်သတင်း၊ ကာမမှုနှင့် ရာဇဝတ်မှု သတင်းတို့သည် သတင်းစာရောင်း အကောင်းဆုံးသော သတင်းများ ဖြစ်ကြသည်။ သို့သော် ထို သတင်းစာမျိုးကား 'အတင်းစာ၊အဖျင်းစာ' ဟု ခေါ်ဆိုထိုက်၍ အဆင့်အတန်း နိမ့်ကျသော သတင်းစာမျိုးသာ ဖြစ်သည်။ အချို့နိုင်ငံများ၌ သတင်းစာ၊ ဂျာနယ်၊မဂ္ဂဇင်း(စာ—နယ်—ဇင်း) တို့ လွတ်လပ်စွာ ရေးသားခွင့် မပြုပဲ ချုပ်ချယ်မှု ရှိသည်။ ဒီမိုကရေစီဝါဒ ထွန်းကားသော နိုင်ငံများ၌မူ စာ-နယ်-ဇင်းတို့ လွတ်လပ်ခွင့် ရှိကြသည်။

မြန်မာနိုင်ငံတွင် သက်ဦးဆံပိုင်ခေတ်ဖြစ်သည့် မင်းတုန်းမင်း လက်ထက်၌ ရတနာပုံ သတင်းစာကို လွတ်လပ်စွာ ရေးသားခွင့် ပြုခဲ့သည်။ ယင်းကိစ္စနှင့် စပ်လျဉ်းသော မင်းတုန်းမင်းတရားကြီး အမိန့်တော်မှာ —

"ငါမကောင်းလျှင်၊ ငါ့ကိုရေး။
ငါ့မိဖုရားမကောင်းလျှင်၊ မိဖုရားကိုရေး။
ငါ့သားသမီးမကောင်းလျှင်၊ သားသမီးကိုရေး။
လွှတ်တရားသူကြီးမကောင်းလျှင်၊ လွှတ်တရားသူကြီးကိုရေး။
မင်းတို့သတင်းစာ၌ အပြစ်မရှိ။ နန်းတော်တွင်းသို့ သတင်းစာတိုက်က မည်သူမဆို၊ အဆီးအတားမရှိ။ ဝင်စေထွက်စေ"

ဟူ၍ ဖြစ်သည်။

မြန်မာသတင်းစာ ဆရာတို့၏ ဘိုးအေဟု ခေါ်ဆိုထိုက်သော ဘိုးဝဇီရသည် မင်းတရားကြီး၏ အမိန့်တော်ကို ရတနာပုံ သတင်းစာ၌ ဂုဏ်ယူကာ ဖော်ပြထားလေသည်။

လူစဉ်မှီမှီနေထိုင်ရေးအတွက် နား မျက်စိ အင်္ဂါတို့သည် အရေး ပါလှသည့် နည်းတူ ဒီမိုကရေစီ နိုင်ငံတို့အတွက် သတင်းစာသည်လည်း အရေးပါလှပေသည်။ သတင်းစာ၏ အရေးပါပုံကို အမေရိကန်သမတတဦး ဖြစ်ခဲ့သူ တောမတ် ဂျက်ဖာဆန်က ဤသို့ဆိုခဲ့သည်။

"တိုင်းပြည်တခုကို ကိုယ်စားပြုသော သတင်းစာတစောင်ကိုသာ ဖန်တီးခွင့်ရပါစေ။ ထိုတိုင်းပြည်၏ တရားဥပဒေတို့ကို မည်သူပင်ပြုပြု ကျွန်ုပ်မမှုပါ။"

ပုံနှိပ်တိုက် လွတ်လပ်မှုရှိသည်ဟု ဆိုကြသော အမေရိကန်နှင့် အင်္ဂလန်တို့၌ပင် စိတ်ရှိသလောက် လွတ်လပ်စွာ ရေးသားနိုင်ကြသည် မဟုတ်ချေ။ မိမိတို့ သတင်းစာတိုက်အား ငွေကြေးထောက်ပံ့ အားပေးသူတို့ကို ငဲ့ညှာရသည်က တကြောင်း၊ မိမိ၏သတင်းစာ လူကြိုက်များမှုကို ကြည့်ရသည်က တဖုံတို့ကြောင့် များစွာသော သတင်းစာတို့သည် အချုပ်အချယ် မကင်းလှကြပေ။

စစ်ကာလ အခါများတွင်မူ သတင်းစာများအပေါ် အစိုးရ၏ ချုပ်ချယ်မှုများ ပိုမို၍ရှိလာသည်။ သတင်းများကို အစိုးရ၏ အဖြတ်အတောက်ကို ခံယူပြီးမှ ထည့်သွင်းရသည်။ သို့ရာတွင် စစ်အောင်နိုင်ရေးအတွက် စာ-နယ်-ဇင်းတို့၏ အရေးပါပုံကို အစိုးရများ သိရှိကြသည်။ ထို့ကြောင့်လည်း တတ်နိုင်သမျှ အခွင့်အရေးများကို ပေးကြသည်။ စစ်သတင်းများ အတိအကျ ရနိုင်ရေးအတွက် စစ်သတင်းထောက်များကို စစ်ယူနီဖောင်း ဝတ်၍ စစ်စခန်းများ၌ နေခွင့်ပြုသည်။ အချို့ စစ်သတင်းထောက်များသည် ရှေ့တန်း စစ်မျက်နှာများသို့ လိုက်၍ သတင်းယူယင်း တိုက်ပွဲတွင် ကျဆုံးခဲ့ရသည်များလည်း ရှိကြပေသည်။ ပဌမနှင့် ဒုတိယ ကမ္ဘာစစ် နှစ်ခုလုံးအတွင်း၌ပင် ထိုနည်းနှင်နှင် ဖြစ်ခဲ့သည်။ စစ်သတင်း ရနိုင်ရေးကား မလွယ်ကူလှပေ။ အသက်ပင် အဆုံး အရှုံးခံ၍ ထောက်လှမ်း စုံစမ်းကြရပေသည်။

ပဌမ ကမ္ဘာစစ်ကာလအတွင်း အနောက်တိုင်းသတင်းစာလောက၌ ထူးခြားချက် တရပ်မှာ တနင်္ဂနွေ နေ့ထုတ် သတင်းစာများကို အောင်မြင်စွာ ထုတ်ဝေနိုင်ခြင်း ဖြစ်သည်။ ၁၉၀၀ ပြည့် မတိုင်မီကပင် တနင်္ဂနွေနေ့တွင် သတင်းစာ ထုတ်ဝေရန် စိုင်းပြင်းခဲ့ကြသော်လည်း အယူသည်းခရစ်ယန်ဂိုဏ်းသားများ၏ ကန့်ကွက်မှုကြောင့် မထုတ်ဝေနိုင်ခဲ့ကြပေ။ သို့သော် စစ်ကာလတွင်မူ စစ်သတင်းကို အမြဲမပြတ် နားစွင့်နေကြသဖြင့် အယူဝါဒနှင့် ဆန့်ကျင်မှုကို မစဉ်းစားနိုင်ကြတော့ပဲ တနင်္ဂနွေ သတင်းစာများကို အလုအယက်ပင် ဝယ်ယူ ဖတ်ရှုကြလေရာ တနင်္ဂနွေသတင်းစာထုတ်ဝေရေးသည် ထိုမှစ၍ အောင်မြင်ခဲ့သည်။ သတင်းစာများသည်လည်း နိုင်ငံတွင်းသတင်းများထက် စစ်သတင်း



www.burmeseclassic.com

www.burmeseclassic.com



များကိုသာ သူ့ထက်ငါ အသာပေး ထည့်သွင်း ကြလေသည်။

ကမ္ဘာ့နိုင်ငံကြီးများတွင် သတင်းစာကို စတုတ္ထမဏ္ဍိုင်ဟူ၍ ဂုဏ်တင် ခေါ်ဝေါ်ကြသဖြင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ထိုအခေါ်အဝေါ် ခေတ်စားလျက် ရှိသည်။ ယင်းသို့ ခေါ်ဝေါ်ရခြင်း အကြောင်းမှာ ပြင်သစ်နိုင်ငံ၌ တိုင်းရေးပြည်ရာများတွင် သာသနာ့ဝန်ထမ်း ရဟန်းများကို ပဌမ မဏ္ဍိုင်၊ မင်းစိုးမှူးမတ်တို့ကို ဒုတိယမဏ္ဍိုင်၊ နိုင်ငံလူထုကိုကား တတိယမဏ္ဍိုင် ဟူ၍ တင်စား ခေါ်ဝေါ်ခဲ့သည်။ ယင်းသို့ နိုင်ငံရေး၌ ဩဇာညောင်းသော ရဟန်းရှင်လူ၊ အစိုးရ သုံးဦးကို မဏ္ဍိုင်ကြီးတခုသဖွယ် တင်စားသည်ကို အတုယူပြီးလျှင် ဗြိတိသျှ ပါလီမန်အမတ် အက်ဒမန် ဗတ် (ခရစ်၁၇၂၉–၉၇) က သတင်းစာကို စတုတ္ထမဏ္ဍိုင်ဟူ၍ တင်စားခေါ်ဝေါ်ခဲ့လေသည်။

သတင်းစာကို စတုတ္ထမဏ္ဍိုင် အရာ၌ ထားကာ အဘယ်ကြောင့် အားကိုး အားထား ပြုရပါသနည်း။ စတုတ္ထမဏ္ဍိုင် ဟူသော ဂုဏ်အင်္ဂါဖြင့် ထိုက်တန်သော သတင်းစာကောင်းတို့မည်သည် နိုင်ငံနှင့် လူထု အကျိုးကို ပဌမဆုံး နေရာ၌ ထားရသည်။ သတင်းစာဟူသည် တိုင်းသူ ပြည်သားများနှင့်တကွ ခပ်သိမ်းသော အရာတို့တွင် အဆက်မပြတ် စိတ်ဝင်စားတတ်သော သဘောရှိသည်။ ပြည်သူလူထုနှင့် သတင်းစာသည် မကင်းကွာပဲ ဆက်စပ် နေရသည်။ လူတယောက်တွင် ခိုးမှုတခုဖြစ်သည်ဖြစ်စေ၊ လက်နက်ဆန်း တခုကို တီထွင်လိုက်သည် ဖြစ်စေ သတင်းစာက မှတ်တမ်းတင်လိုက်သည်။ ပုဂ္ဂိုလ်ကြီးတဦးက မိန့်ခွန်းတရပ်ကို ယနေ့ပြောကြားလိုက်လျှင် နက်ဖန် နံနက်တွင် သတင်းစာက တကမ္ဘာလုံးသို့ သတင်းဖြန့်ချိ ပေးလိုက်လိမ့်မည်။ ယင်းသို့ဖြင့် သတင်းစာသည် ပြည်သူလူထုနှင့် မကင်းကွာသော ‘ကျေညာမောင်းသမားကြီး’ ဖြစ်လေသည်။

သတင်းစာကို ကမ္ဘာကြည့် မှန်တချပ်ဟုလည်း ဆိုနိုင်သည်။ တကမ္ဘာလုံးမှ အရိပ်များသည် ထိုကြည့် မှန်ထဲတွင် လာ၍ ထင်သကဲ့သို့ ကမ္ဘာအရပ်ရပ်၌ ဖြစ်ပျက်သော သတင်းအမျိုးမျိုးသည် သတင်းစာ၌ လာ၍ ထင်ကြသည်။ ထိပ်တန်း နိုင်ငံကြီးများတွင် ဆိုလျှင် ညနေပိုင်းထုတ် သတင်းစာ တစောင်ကို ဖတ်လိုက်လျှင် ထိုနေ့နံက်ပိုင်းမှ ညနေပိုင်းအထိ ဖြစ်ပျက်ခဲ့သော သတင်းများကို သိရှိနိုင်ကြသည်။ သတင်းစာထဲ၌ ပါလာသော စာပိုဒ် တပိုဒ်သည် အံ့ဩဖွယ်ရာ ခရီးကို ဖြတ်သန်းလာခဲ့ရလေသည်။

သတင်းစာ လုပ်ငန်းသည် ဘောလုံး သမားများကဲ့သို့ အဖွဲ့အစည်းအလိုက် ညီညာဖျဖျ လုပ်ကိုင်ရသော အလုပ်မျိုးဖြစ်သည်။ အပေးအယူ တာဝန်ခွဲဝေမှု မျှတညီညွတ်မှသာလျှင် အောင်မြင်သည်။ သတင်းစာ လုပ်ငန်းတွင် သတင်းရှာဖွေစုဆောင်းသူ သတင်းထောက်၊ သတင်းစီစဉ်တည်းဖြတ်၍ ဝေဖန်ချက် ရေးသားပေးသူ အယ်ဒီတာ (စာတည်း)၊ သတင်းစာဖြစ်အောင် ပုံနှိပ်ထုတ်ဝေသူများ စသည်ဖြင့် အကြမ်းဖျင်းအားဖြင့် ပါဝင်ရာ ထိုသူများသည် တဦးနှင့်တဦး အဆက်အသွယ် အပေးအယူ ညီညွတ်စွာဖြင့် မဆောင်ရွက်ခဲ့လျှင် သတင်းစာ လုပ်ငန်းသည် တနေ့တွင် ပျက်စီးမည်သာတည်း။

ခေတ်မီ သတင်းစာတိုက်ကြီး တတိုက်သို့ သွားရောက်ကြည့်ရှုလျှင် အယ်ဒီတာ သတင်းထောက် စသည်တို့ မည်မျှ အလုပ်ရှုပ်နေကြသည်ကို တွေ့ကြရပေလိမ့်မည်။ သတင်းဆိုင်ရာ အယ်ဒီတာ၏ စာပွဲပေါ်တွင် နောက်ဆုံး ဖြစ်ပျက်သော သတင်းများကို ရေးသားထားသည့် စာရွက်များဖြင့် ပြည့်နှက်နေပေသည်။ အယ်ဒီတာသည် ထိုသတင်းများအနက်မှ အရေးကြီးသောသတင်း၊ ထည့်သင့် ထည့်ထိုက်သော သတင်းများကို ရွေးထုတ်စီစစ်ရသည်။ ထည့်သွင်းမည့်သတင်းများကို လိုအပ်သလို ဖြတ်တောက် ဖြည့်စွက်ပြင်ဆင် တည်းဖြတ်ရသည်။ ဥပဒေဖြင့် ဗညိစွန်းစေရန်လည်း ဂရုပြုရလေသည်။

သတင်းစာတိုက်များတွင် သတင်းထောက်ကောင်းများ ရှိရန် လိုအပ်လှသည်။ သတင်းထောက်ကောင်းတို့ မည်သည် သတင်းယူရာတွင် ကျင်လျင်နှံ့စပ်၍ အကင်းပါးပြီးလျှင် အပေါင်းအသင်းဆံ့ရသည်။ တန်ဖိုးရှိသော သတင်းဟုတ်မဟုတ်ကို အကဲဖြတ် ဆုံးဖြတ်နိုင်ရသည်။ မည်သည့်သတင်းမျိုးကို မဆို သတင်းထောက်သည် ဟုတ်မှန်သည့် အချက်အလက်များကိုသာ တိတိကျကျယူရသည်။ အရေးအကြီးဆုံးမှာ အခြားသတင်းစာတိုက်တို့ထက် သတင်းဦးသတင်းထူး ရရန် နေ့ရက် အချိန်အခါမရွေး သတင်းလိုက်နိုင်ရခြင်း ဖြစ်ပေသည်။

ရပ်ဝေးသတင်းထောက်များသည်အလျှင်လိုလျှင်လိုသလို အရေးကြီးလျှင် ကြီးသလို သက်ဆိုင်ရာ သတင်းစာတိုက်သို့ စကားပြောကြေးနန်း၊ ကြေးနန်းစာတို့ဖြင့် သတင်းပို့ပေးကြရသည်။ သတင်းစာတိုက်များသည် နိုင်ငံခြား သတင်းများကိုရိုက်တာ၊ အက်ဆိုစီယိတ်တက် ပရက်၊ ယူနိုက်တက် ပရက်၊ အင်တာနေရှင်နယ် နယူးဆားဗစ် ဟူသော သတင်းဖြန့်ချိရေး အဖွဲ့ကြီးများမှ သတင်းများကို ဝယ်ယူကြရသည်။ ထိုအဖွဲ့ကြီးများသည် ကမ္ဘာအရပ်ရပ်၌ သတင်းထောက်များကို ထားရှိပြီးလျှင် ကမ္ဘာ့မြို့ကြီးပြကြီးများ၌ ယင်း၏ ဌာနခွဲရုံးများ ဖွင့်ထားသည်။ ကမ္ဘာ့ သတင်းများကို ယင်း၏ သတင်းထောက်များက ကြေးနန်း၊ ရေဒီယိုကြေးနန်း၊ ကြိုးမဲ့ကြေးနန်း၊ ရေဒီယိုတို့ဖြင့် ပို့ပေးသည်။ ယင်းသို့ ရရှိသော သတင်းများကို ထိုအဖွဲ့ကြီးများက မိမိတို့ သက်ဆိုင်ရာ အဖွဲ့ဝင် သတင်းစာတိုက်ကြီးများသို့ ဖြန့်ချိ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းချလေသည်။ ယခုအခါ သတင်းများကိုသာ မက အရေးကြီးသော သတင်းဓာတ်ပုံများကိုပါ ရေဒီယိုနှင့်ကြေးနန်းတို့ဖြင့် ပေးပို့ ဖြန့်ချီလျက်ရှိလေသည်။

ခေတ်မှီ နိုင်ငံကြီးများရှိ သတင်းစာတိုက်ကြီးများတွင် ကိုယ်ပိုင် ကြိုးမဲ့ကြေးနန်းထား၍ သတင်းယူခြင်း၊ နိုင်ငံရပ်ခြားမှ သတင်းဓာတ်ပုံများကိုပင် တယ်လီဖိုတိုနည်းဖြင့် ချက်ခြင်းကူးယူခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။

သတင်းဆိုင်ရာ အယ်ဒီတာတွင် အလုပ်များသလောက် ဓာတ်ပုံဆိုင်ရာ အယ်ဒီတာတွင်လည်း အလုပ် မနည်းလှပေ။ ဓာတ်ပုံ သတင်းထောက်များ ရိုက်ယူခဲ့သော ဓာတ်ပုံများကို သတင်းစာ မျက်နှာတွင် ဖော်ပြမည့် နေရာကို လိုက်၍ ပုံကြီးချဲ့ခြင်း၊ ပုံငယ်ချုံ့ခြင်း စသည်ဖြင့် အရွယ်တော်ဖြစ်အောင် ပြုပြင်ပြီးနောက် စာစီခန်းသို့ပို့ရလေသည်။

အယ်ဒီတာသည် ပြုပြင်တည်းဖြတ်ပြီးသော စာများကို စာစီခန်းသို့ ပို့ရသည်။ မြန်မာ နိုင်ငံကဲ့သို့ မတိုးတက်လှသေးသော နိုင်ငံငယ်များရှိ သတင်းစာ တိုက်များတွင် များသောအားဖြင့် စာများကို လက်ဖြင့်စီလျက် ရှိကြသေးသော်လည်း ခေတ်မှီ နိုင်ငံများမှ သတင်းစာတိုက်များတွင်မူ လိုင်နိုတိုက်ခေါ် စာစီစက်ဖြင့် စီကြသည်။ (လိုင်နိုတိုက်စာစီစက် — လည်းရှု။) လက်ဖြင့်ဖြစ်စေ၊ စက်ဖြင့်ဖြစ်စေ စာစီပြီးသွားသော စာလုံးများကို လိုအပ်လျှင် ရုပ်ပုံ ဘလောက်များ တွဲလျက် စာမျက်နှာ ဖွဲ့ပေးရသည်။ မြန်မာ သတင်းစာတိုက်များတွင်မူ ယင်းသို့စာမျက်နှာဖွဲ့၍ 'ဖောင်' သွင်းပြီးနောက်တွင် 'ဖောင်'ကို ပုံနှိပ်စက်ပေါ်သို့ တင်ကာ စတင် ရိုက်နှိပ်ရန်သာ ရှိတော့သည်။ နေ့စဉ် စောင်ရေ သိန်းသန်း ချီ၍ ထုတ်ဝေနေရသော ကမ္ဘာ့ သတင်းစာ တိုက်ကြီးများတွင်မူ စာမျက်နှာ ဖွဲ့၍ ဖောင်သွင်းပြီးရုံမျှဖြင့် ကိစ္စမပြီးသေးချေ။

လန်ဒန်မြို့ သတင်းစာတိုက်ကြီးများတွင် အသုံးပြုသော 'ဟိုး'အမည်ရှိ သတင်းစာရိုက် စက်ကြီးများသည် တနာရီလျှင် သတင်းစာစောင်ရေ တသိန်းနှစ်သောင်း ရိုက်နိုင်သည်။ ယခင်က မြန်မာသတင်းစာ အရွယ် (ဒီမိုင်းဆိုက်) လေးမျက်နှာပါသော စာဖောင်တဖောင်ကို အပြားလိုက် စက်ပေါ် တင်၍ ရိုက်မည်ဆိုပါက တနာရီလျှင် ရိုက်ချက် ၃,၀၀၀ ခန့်သာ ရိုက်နိုင်သည်။ သတင်းစာစောင်ရေသည် သန်းနှင့် ချီ၍ ထုတ်ဝေနေရသော သတင်းစာတိုက်ကြီးများတွင် ထိုစက်မျိုးဖြင့် မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် 'ဟိုး' ကဲ့သို့ ပတ်လည်ရိုက် စက်ကြီးများကို တီထွင် ခဲ့ကြရသည်။ ထိုစက်ကြီးများ၏ (စည်ပိုင်းငယ်များနှင့်တူသော) ဆလင်ဒါလုံးတွင် စာဖောင်ကို တင်ရသည်ဖြစ်ရာ စာဖောင်သည် အခုံးကြီးဖြစ်သည်။ စာဖောင်ကိုအခုံးကြီးဖြစ်အောင် မည်သို့ပြုပြင်ကြရပါသနည်း။

လိုရင်းကို ဖော်ပြရလျှင် အထက်တွင်ဆိုခဲ့သည့်အတိုင်း စာဖောင် အပြားကြီး ဖွဲ့ကြီးနောက် အထူးတလည် စီမံပြုပြင်ထားသော စက္ကူပြားကြီး (ပေပါမာရှေး) ကို ထိုအပြားကြီးပေါ် သို့တင်ကာ အပေါ် မှဖိစက်ဖြင့် ဖိချလိုက်ရသည်။ ထိုအခါ စက္ကူပြားကြီးတွင် စာဖောင်၏ စာမျက်နှာပုံစံ ထင်လာသည်။ ထိုစက္ကူပြားကြီးကို အပူငွေ့ ပေးလိုက်သော အခါ ခြောက်သွေ့ မာကျောသွားသည်။ ခြောက်သွေ့မာကြောနေသော စက္ကူပြားကြီးကို အော်တိုပလိပ် ခေါ် သော စက်သို့ ယူဆောင်ပြီးလျှင် သတ္တုရည်များ လောင်းချလိုက်သောအခါ ဆလင်ဒါပုံကဲ့သို့ စာဖောင် အခုံးကြီး ဖြစ်လာလေသည်။ ထိုစာဖောင် အခုံးကြီးကို ပုံနှိပ်စက် ဆလင်ဒါလုံးတွင် တပ်၍ ရိုက်နှိပ်ရလေသည်။

လျှပ်စစ်ဖြင့် ရိုက်နှိပ်သော အော်တိုမက်တစ် တယ်လီတိုက် ပုံနှိပ်စက်ကြီးများ ပေါ်ပေါက်လာသဖြင့် သတင်းစာစောင်ရေ သိန်းသန်းမျှကို တိုတောင်းလှသော အချိန်ပိုင်းအတွင်း၌ ရိုက်နှိပ်ထုတ်ဝေနိုင်သည်။ သတင်းစာများကို ရပ်ဝေးရပ်နီးတို့သို့ သင်္ဘော၊ မီးရထား၊ လေယာဉ်ပျံတို့ဖြင့် အချိန်မှီ တင်ပို့နိုင်အောင် အပြီးအစီး ဆောင်ရွက်ရသဖြင့် သတင်းစာလုပ်ငန်းသည် အချိန်ကိုလု၍ အလုပ်လုပ်ရသော လုပ်ငန်းကြီးဖြစ်လာလေသည်။

နယ်သို့ပို့မည့် နယ်ထုတ်သတင်းစာများကို မြို့ပေါ်တွင် ထုတ်ဝေသည့် မြို့ထုတ်သတင်းစာများထက် ဦးဦးဖျားဖျား ရိုက်နှိပ် ပေးရသည်။ တခါတရံ စာစီပြီး၍ စာဖောင်ပိတ်ချိန်တွင် သတင်းထူးတခုကို စက်ရပ်ပြီး ထည့်သွင်း ရတတ်သေးရာ ထိုသဘာင်းမျိုးကို စက်ရပ်သတင်း ဟု ခေါ်သည်။ ထိုကိစ္စမျိုးတို့ကြောင့် နယ်ထုတ်နှင့် မြို့ထုတ်၊ ပဌမနှိပ်ခြင်းနှင့် ဒုတိယနှိပ်ခြင်းတို့သည် သတင်းများတွင် အနည်းငယ် ကွဲပြားခြားနားကြလေသည်။

သတင်းစာဟူသည် ကြော်ငြာရမှုအပေါ်တွင် တည်တံ့နေလေသည်။ ကြော်ငြာရှင်များကလည်း စောင်ရေ များများ ထုတ်ဝေရသော သတင်းစာများတွင်မှ ကြော်ငြာလိုကြသည်။ ထို့ကြောင့် သတင်းစာများသည် ကြော်ငြာများများရနိုင်ရန် စောင်ရေ အမြောက်အမြား ထုတ်ဝေနိုင်ရေးကို ရှေးရှုကြသည်။ ထိုအခါ သတင်းစာတိုက်ကြီးများသည် သတင်းစာတိုက် ကလေးများကို ဝယ်ယူ၍ သတင်းစာတိုက်များ စုပေါင်း လုပ်ကိုင်ရေး စံနစ်ကို ထွင်ကြသည်။ ထိုစုပေါင်း ထုတ်ဝေရေးစံနစ်ကို ပဌမကမ္ဘာစစ်မတိုင်မီကပင် ကြံစည်ခဲ့ရာ စစ်ပြီးခေတ်တွင် ထိုစံနစ်သည် အောင်မြင်လာသည်။ ၁၉၂၄ ခုနှစ်တွင် အမေရိကန်နိုင်ငံရှိ သတင်းစာပေါင်း ၁၅၀ ခန့်ကို စုပေါင်း သတင်းစာတိုက်သုံးဆယ်က ထိုစံနစ်ဖြင့် ချယ်လှယ်လျက်ရှိသည်။ ဗြိတိန်နိုင်ငံ၌လည်း လော့ ရော့သားမီးယားအဖွဲ့သည် လော့ နော့

www.burmeseclassic.com



သကလစ်၏ ဒေးလီးမေး သတင်းစာနှင့် တိုင်းသတင်းစာကြီးများကိုဝယ်ယူ၍ ပူးပေါင်းထုတ်ဝေကြသည်။

ဗြိတိသျှ သတင်းစာ လောကတွင် လူသစ်များဖြစ်ကြသော ဗယ်ရီ ညီနောင်သည် ဆန်းဒေးတိုင်း သတင်းစာကြီးကို ဝယ်ယူ၍ ပြုပြင်ထုတ်ဝေကြရာမှ နာမည် ရလာသည်။ ဗယ်ရီညီနောင်သည် သတင်းစာမဟာမိတ်လီမိတက်ကို ဖွဲ့စည်း၍ သတင်းစာ အမြောက်အမြားကို စုပေါင်းထုတ်ဝေခဲ့လေသည်။ ဒေးလီးအိတ်စပရက် သတင်းစာ၏ ရှယ်ယာအများဆုံး ပိုင်ရှင်ဖြစ်သော လော့ဗီးဗားဗရွတ်အဖွဲ့နှင့် ဗယ်ရီညီနောင်တို့သည် သတင်းစာလောကတွင် စောင်ရေအများဆုံး ထုတ်ဝေနိုင်ခဲ့ကြလေသည်။

ပဌမ ကမ္ဘာစစ်ပြီး ခေတ်တွင် စုပေါင်း ထုတ်ဝေရေးသာလျှင် ခေတ်စားသည်မဟုတ်။ ရုပ်စုံ သတင်းစာ မဂ္ဂဇင်း ဂျာနယ်များလည်း ခေတ်စားလာလေသည်။ ပဌမဆုံးထုတ်ဝေသော ရုပ်စုံသတင်းစာသည် လော့ ရော့သားမီးယား၏ ဆန်းဒေး ပစ်တိုးရီးယယ် ဖြစ်၍ နောင်အခါ အမေရိကန်မှလည်း ရုပ်စုံသတင်းစာများ ပေါ်ထွက်ခဲ့လေသည်။ အခြားနိုင်ငံများမှလည်း ရုပ်စုံသတင်းစာများ ထုတ်ဝေလာကြလေသည်။

နိုင်ငံအလိုက် ထုတ်ဝေလျက် ရှိကြသော သတင်းစာဦးရေကို ဖော်ပြရလျှင် အမေရိကန် ပြည်ထောင်စုတွင် နေ့စဉ်သတင်းစာဦးရေ ၁၇၈၀ မျိုး၊ အင်္ဂလန် တွင် ၁၃၇ မျိုး၊ ဆိုဗီယက်ရုရှတွင် ၇၆၈၆ မျိုး၊ အနောက်ဂျာမနီ နိုင်ငံတွင် ၁၆၀၀ မျိုး၊ ပြင်သစ်နိုင်ငံတွင် ၁၃၂ မျိုး၊ ဂျပန်နိုင်ငံတွင် ၁၇၉ မျိုးရှိလေသည်။ တရုပ်နိုင်ငံတွင် ၁၉၅၂ ခုနှစ်နောက်ပိုင်းတွင် စုစုပေါင်း သတင်းစာဦးရေ အမျိုးပေါင်း ၄၅၀ နီးပါး ထုတ်ဝေလျက်ရှိလေသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် နေ့စဉ်ထုတ်ဝေလျက်ရှိသော သတင်းစာ အမျိုးမျိုး၏ဦးရေသည် ရှစ်စောင်ဖြစ်သည်။ ထိုသတင်းစာများ၏ တနေ့ထုတ် စောင်ရေ စုစုပေါင်းသည် ၂.၇၃ သိန်း (၁၉၇၁) မျှသာ ဖြစ်လေရာ မြန်မာနိုင်ငံ၏ လူဦးရေ ၂၈ သန်း ကျော်နှင့် နှိုင်းစာလျှင် သတင်းစာ စောင်ရေသည် နည်းနေသေးသည်ဟု ဆိုရပေမည်။

**သတင်းစာပညာ။** ။စာနယ်ဇင်း — ရှု။

**သတွေးဥ။** ။စတွေးဥ — ရှု။

**သထုံခရိုင်။** ။သထုံ ခရိုင်သည် ပြည်ထောင်စုမြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီတိုင်း၌ ပါဝင်သည်။ စစ်တောင်းမြစ်ဝ ဝဲဖက်ကမ်းမှသည် သံလွင်မြစ်ဝ ယာဖက်ကမ်းတိုင်အောင် အလျားရှည်၍ ပင်လယ်ကမ်းရိုးတန်း ခရိုင်တခုဖြစ်ပေသည်။ မြောက်ဖက်တွင် တောင်ငူခရိုင်နှင့် ဖာပွန်မြို့နယ်၊ အရှေ့ဖက်တွင် လှိုင်းဘွဲ့ မြို့နယ်နှင့် ဖားအံမြို့နယ်၊ တောင်ဖက်တွင် မော်လမြိုင်ခရိုင်၊ အနောက်ဖက်တွင် ပဲခူးခရိုင်နှင့် မုတ္တမ ပင်လယ်ကွေ့တို့ဖြင့် ဝိုင်းရံလျက် ရှိသည်။ အရှေ့ဖက်တွင် ဒုံသမိမြစ်နှင့်သံလွင်မြစ်အောက်ပိုင်းတို့သည်၎င်း၊ တောင်ဖက်တွင် မုတ္တမပင်လယ်ကွေ့သည်၎င်း၊ အနောက်မြောက်ဖက်တွင် စစ်တောင်းမြစ်အောက်ပိုင်းသည်၎င်းသဘာဝနယ်နိမိတ်များအဖြစ်ဖြင့် ခရိုင်ကိုပိုင်းခြားပေးထားကြသည်။

သထုံခရိုင်တွင်မြောက်ဖက်ပိုင်း၌ တောင်ရိုးတောင်တန်းများ ပေါ်များ၍ မြစ်ချောင်း စိမ့်စမ်းများလည်း အနှံ့အပြား ဖြစ်သည်။ မုတ္တမကွေ့၏ အရှေ့ဖက်၌ ရှမ်းကုန်းပြင်မြင့်၊ သို့မဟုတ် အရှေ့ရိုးမမှ သွယ်တန်းလာသော တောင်တန်းတခုသည် တောင်ဖက် သံလွင်မြစ်ဝပေါ်ရှိ မုတ္တမမြို့ကလေးသို့တိုင်အောင် အနောက်မြောက်ယွန်းယွန်းမှသည် အရှေ့တောင် ယွန်းယွန်းသို့ဆင်းလာသည်။ ခရိုင်ရုံးစိုက်မြို့ဖြစ်သော သထုံမြို့ကို ထိုတောင်တန်းကို နောက်ခံပြု၍ တည်ထားရာ သထုံမြို့အနီးတွင် ထိုတောင်တန်းကို သထုံတောင်တန်း၊ တောင်ဖက်၌ မုတ္တမတောင်တန်း ဟူ၍၎င်း၊ ကုလားမတောင်တန်းဟူ၍၎င်း ခေါ်ဆို ကြသည်။ ခရိုင်၏ အနောက်မြောက်ဖက်တွင် အရှေ့ရိုးမရှိ ပေါင်းလောင်းတောင်တန်း၏ အဆက်ဖြစ်သော တောင်ရိုး တောင်စွယ်တို့သည် ခရိုင်အတွင်း ဝင်ရောက်လာပြီးလျှင် ကျိုက်ထိုနှင့် ဘီးလင်းဖက်သို့ တောင်စွယ်နှစ်ခု ခွဲထွက်သည်။ အနောက်ဖက် တောင်စွယ်ကို ကေလာသတောင်တန်း ဟု ခေါ်၍ စစ်တောင်းရွာနှင့် မျက်နှာချင်းဆိုင်တဖက်တွင် ပေ ၃,၆၅၀ ခန့်အထိမြင့်သည်။ ကျိုက်ထိုဖက်သို့ခွဲထွက်သော တောင်ရိုးတောင်စွယ်ပေါ်တွင် မြန်မာနိုင်ငံ တဝှန်းလုံး၌ ကျော်ကြား ထင်ရှား တန်ခိုးကြီးသော ကျိုက်ထီးရိုးစေတီရှိလေသည်။ (ကျိုက်ထီးရိုး — ရှု။)

ကော်သူးလေ ပြည်နယ်မှလာသော ဘီးလင်းမြစ်သည် မြောက်ဖက်မှနေ၍ ခရိုင်အတွင်းသို့ ဝင်ရောက်ကာ အထက်တွင်ဆိုခဲ့သော ပေါင်းလောင်းအဆက် တောင်ရိုးတောင်တန်းနှင့် မုတ္တမတောင်တန်း၏အကြားမှ မိုင်ပေါင်း ၂၈၀ ခန့် ရှည်လျားစွာ စီးဆင်းလာပြီးလျှင် မုတ္တမကွေ့ အတွင်းသို့ စီးဝင်သည်။ ထို့ပြင် ခရိုင်၏ မြောက်ဖက် နယ်စပ်ရှိ အရှေ့ရိုးမ၏အဆက် တောင်ကုန်းများ၌ မြစ်ဖျားခံသော ဒုံသမိမြစ်သည် မုတ္တမတောင်တန်း၏ အရှေ့ဖက်မှ အကွေ့အကောက်များစွာဖြင့် စီးဆင်းလာပြီးလျှင် နတ်မော်ရွာတွင် သံလွင်မြစ်နှင့်ပူးပေါင်း၍ မုတ္တမ ပင်လယ်ကွေ့အတွင်းသို့ စီးဆင်းလေသည်။ ခရိုင်၏ အနောက် မြောက်ဖက်တွင် စစ်တောင်းမြစ်သည် ပင်လယ်တွင်းသို့မစီးဝင်မီ မိုင် ၄၀ ခန့်



www.burmeseclassic.com

www.burmeseclassic.com



မျှ သထုံခရိုင်၏သဘာဝ နယ်နိမိတ်ကို တစိတ်တဒေသဖြစ်စေလေသည်။

မုတ္တမ တောင်တန်း၏ အနောက်ဖက်နှင့် ပင်လယ်ကမ်းရိုးတန်းစပ်ကြားတွင် မြောက်ဖက် ဘီးလင်းမြစ်ဝမှ တောင်ဖက် သံလွင်မြစ်တိုင်အောင် ရှည်လျား၍ အနံအားဖြင့် ၁၂ မိုင်မှ ၁၅ မိုင်ခန့်မျှသာ ကျယ်သော စိုက်ပျိုးဖြစ်ထွန်းလွယ်သည့် မြေနိမ့်လွင်ပြင်ဒေသမှ လွဲလျှင် ခရိုင်တခုလုံး၌ ကျယ်ပြန့်သော မြေနိမ့်လွင်ပြင်ဒေသများ နည်းပါးလှသည်။ ဆိုခဲ့သော မြေနိမ့်လွင်ပြင်ဒေသတွင် ယင်းငြိမ်စသော မြစ်ငယ် ချောင်းငယ်များ စီးဆင်း ကြလေသည်။ ခရိုင်၏တောင်ဖက်ပိုင်းတွင်မူ မြောက်ဖက်ပိုင်းနှင့် နှိုင်းစာလျှင် မြေနိမ့်မြေပြန့်ဒေသ ပို၍များသည်။ အောက်ပိုင်းသည် မြေနုကျွန်းပေါ် မြေမျိုးဖြစ်သည်တိုင်အောင် ထုံးကျောက် မြေများကိုလည်း နေရာအနှံ့အပြား၌ ပြောက်ကျားတွေ့ရသည်။

ဘီးလင်းနှင့် ကေလာသတောင်တန်း တို့သည်လည်း ထုံးကျောက်များပင် ဖြစ်သည်။ မုတ္တမ တောင်တန်းသည်မူ သက်ရင့် ကျောက်ဖြစ်၍ လိပ်သည်းကျောက်နှင့် နှမ်းဖတ်ကျောက်များလည်း အများအပြား ပါရှိသည်။ ထို့ပြင် ဂဝံကျောက်များကိုလည်း တခရိုင်လုံး နေရာ အနှံ့အပြား၌ တွေ့ရှိရလေသည်။

သထုံခရိုင်သည် အပူပိုင်းဒေသဖြစ်သော်လည်း ပင်လယ်နှင့် နီးကပ်ခြင်း၊ တောတောင်ထူထပ်သည့် အရပ်ဒေသများပြားခြင်းတို့ကြောင့် ခရိုင်အတွင်း ရာသီဥတုသည် မပူပြင်းပဲ မျှတပေသည်။ သို့သော် မိုးများသောဒေသ ဖြစ်၍ စိုစွတ်ထိုင်းမှိုင်းသည်။ မေလမှ အောက်တိုဘာလ အထိ ရွာသွန်းသော ပျမ်းမျှမိုးရေချိန်သည် တလအတွက် လက်မ ၅၀ ကျော်ခန့်ပင် ရှိတတ်လေသည်။ တောင်ကုန်း ဒေသများ၌ ဆောင်းအခါ အအေးဓာတ်ပို၍ များလေသည်။

သထုံ ဟူသော အမည်သည် ပါဠိဘာသာ 'သုဓမ္မ'မှ ရွေ့လျောလာသည်ဟု ယူဆကြသည်။ သုဓမ္မ၏အဓိပ္ပာယ်သည် မြတ်သောတရားဖြင့် ပြည့်ဝခြင်းဟူ၍ ဖြစ်ရာ ရှေးသထုံပြည်၌ ဗုဒ္ဓ အယူဝါဒ စည်ပင်ပွင့်လင်းခဲ့၍ မြတ်စွာဘုရား၏ ပိဋကတ်တော်များ ရှိခဲ့ခြင်းနှင့် လျော်ကပ်ဆီလျော်သော အမည်ဖြစ်သည်။ အချို့ကမူ ကောင်းသော အဆင်းရှိသော မြို့ဟု အနက်အဓိပ္ပာယ်ရှိသည့် သုဝဏ္ဏဓံမှ ဝဏ္ဏကိုချေ၍ သုဓံ (ကောင်းသောမြို့)၊ ထိုမှ တဖန် သထုံ ဟူ၍ ရွေ့လာခြင်း ဟုလည်း ဆိုပြန်သည်။ ပုဂံမြို့ မနုဟာဘုရားကျောက်စာတွင် သီရိတြိဘဝနာ ဒိတျပဝရသုဓမ္မရာဇာ မနုဟာမည်သော သုဓံမင်းကြီးဟု ရေးသားထားသည်ကို တွေ့ရလေသည်။ ထို့ပြင် ရွှေမြေဟူသော အဓိပ္ပာယ်ရှိသည့် သုဝဏ္ဏဘူမိဟူ၍လည်း အချို့ကခေါ်ဝေါ်ကြရာ ထိုအမည်သည် တိုင်း၏အမည်ဟု အချို့က ဆိုပြန်လေသည်။

ဓမ္မစေတီမင်းကြီး၏ကလျာဏီကျောက်စာတွင် သုဝဏ္ဏဘူမိသည် သထုံပြည် ဖြစ်ကြောင်း ဆိုထား သော်လည်း အိန္ဒိယ ရှေးဟောင်းကျမ်းဂန်များအရမူ သထုံပြည်သည် သုဝဏ္ဏဘူမိတိုင်း၏ တစိတ်တဒေသ ဟူ၍ ယူဆဖွယ်ရာရှိသည်။ (သုဝဏ္ဏဘူမိ — ရှု။) ရှေးသထုံပြည်သည် ခရစ်နှစ် နှစ်ရာစုခေတ်ကပင် အိန္ဒိယနိုင်ငံနှင့် ကူးလူး ဆက်ဆံရှိကြောင်း။ အထူးသဖြင့် အိန္ဒိယနိုင်ငံတောင်ပိုင်း အန္ဓရာပြည်နှင့် ပို၍ အဆက်အဆံ များသည့် အထောက်အထားများ တွေ့ရှိရသည်ဟုဆိုသည်။ သီဟိုဠ်ဓမ္မာသောကမင်းကြီး သာသနာပြုစေလွှတ်သော ရှင်သောဏနှင့် ရှင်ဥတ္တရမထေရ်မြတ်တို့ ဗုဒ္ဓအယူဝါဒကို စတင် မျိုးစေ့ချရာ သုဝဏ္ဏဘူမိသည် သထုံပြည်ဖြစ်သည် ဟု အခိုင်အမာ မဆိုနိုင်သော်လည်း မြန်မာနိုင်ငံတွင် ပဌမဆုံး ဗုဒ္ဓ အယူဝါဒ စတင် ပွင့်လင်းရာ အရပ်တခုအနေဖြင့်မူကား အခိုင်အမာ ဆိုနိုင်လေသည်။

မြန်မာသက္ကရာဇ် ၄၁၈—၄၁၉ ခုနှစ်တို့တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းသည် ပိဋကတ်တော်များရယူရေးအတွက် သထုံပြည်ကို တိုက်ခိုက် ဖျက်ဆီးပြီးသည့် နောက်တွင် သထုံပြည်သည် မှေးမှိန်သွားလေသည်။ သထုံပြည်သားတို့ တည်ထောင်ခဲ့သည့် ဟံသာဝတီ၊ မုတ္တမ တို့သည် နောင်အခါ ရာမညတိုင်း မွန်သုံးရပ်တွင် ထင်ရှားပေါ်ထွန်းလာခဲ့ကြသော်လည်း သထုံသည် ရာမညတိုင်းတွင် ပါဝင်ခဲ့စေကာမူ ထူးခြားထင်ပေါ်ခဲ့ခြင်း မရှိတော့ပေ။

ပဌမ အင်္ဂလိပ်—မြန်မာ စစ်ပွဲအပြီးတွင် အင်္ဂလိပ်တို့က ရခိုင်နှင့် တနင်္သာရီတိုင်းတို့ကို သိမ်းပိုက်လိုက်သော အခါ ယခု သထုံခရိုင်ဖြစ်သော ဒေသပါ ပါဝင်ခဲ့သည်။ သို့သော် ရန္တပို စာချုပ်အပြီးတွင် သံလွင်မြစ် အနောက်ဖက်ပိုင်းကို မြန်မာတို့အား ပြန်၍ပေးခဲ့သည်။ ဒုတိယ အင်္ဂလိပ်—မြန်မာ စစ်ပွဲ အပြီးတွင်မူ အင်္ဂလိပ်တို့က ပြန်၍ သိမ်းပိုက်လိုက်လေသည်။

ထိုနောက်တွင် သထုံခရိုင် ဖြစ်လာမည့် ဒေသသည် ရွှေကျင်နှင့် ကျိုက္ခမီ ခရိုင် (ယခု မော်လမြိုင်ခရိုင်) များထဲတွင် ပါဝင်ခဲ့သေးသည်။ ၁၈၉၅ ခုနှစ်တွင်သာလျှင် ခရိုင်ဝန်တဦး၏ လက်အောက်ခံ ခရိုင် တခရိုင် ဖြစ်လာခဲ့သည်။ အထက်မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းပိုက်လိုက်သော အခါ မရမ်းချောင်းနှင့် ကျောက်ကလပ် ဘုန်းကြီးများက ခေါင်းဆောင်၍ ဗြိတိသျှ အစိုးရအား ပုန်ကန်ကြရာ စစ်တပ်များဖြင့် နှိမ်နင်းခဲ့ရသည်။

သထုံခရိုင်၏နယ်နိမိတ်များသည် ၁၉၁၈ ခုနှစ်တွင်သထုံခရိုင်တွင်းရှိ ကျိုက်ထိုမြို့နယ်မှ ပဲခူးခရိုင်၊ သနပ်ပင်မြို့နယ်သို့



www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာများ ပြောင်းရွှေ့ထည့်ပေးသဖြင့် အပြောင်းအလဲ ရှိခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးသည့်နောက် ၁၉၅၁ ခုနှစ်တွင် ကရင်ပြည်နယ်(ကော့သူးလေပြည်နယ်)ကို ဖွဲ့စည်းစဉ်က သထုံခရိုင်မှလှိုင်းဘွဲ့မြို့နယ်နှင့်ဖားအံမြို့နယ်တို့ကို ခွဲထုတ်ပေးခဲ့ရသည်။ ယင်းသို့ ခွဲမထုတ်မီက သထုံခရိုင်တွင် သထုံ၊ ကျိုက်ထို၊ ဖားအံဟူ၍ ခရိုင်ခွဲ သုံးခု ခွဲထားပြီးလျှင် သထုံခရိုင်ခွဲတွင် သထုံမြို့နယ်နှင့်ပေါင်မြို့နယ်တို့ပါဝင်သည်။ ကျိုက်ထို ခရိုင်ခွဲတွင် ကျိုက်ထိုမြို့နယ်နှင့် ဘီးလင်း မြို့နယ်တို့ ပါဝင်သည်။ ဖားအံခရိုင်ခွဲတွင် ဖားအံမြို့နယ်နှင့် လှိုင်းဘွဲ့ မြို့နယ်တို့ ပါဝင်ခဲ့လေသည်။ ကရင်ပြည်နယ် (ကော့သူးလေ ပြည်နယ်) ဖွဲ့စည်းပြီးနောက်တွင် သထုံခရိုင်အတွင်းရှိ စီရင်စုများမှာ သထုံခရိုင်ခွဲနှင့် ကျိုက်ထိုခရိုင်ခွဲတို့သာလျှင် ဖြစ်လေတော့သည်။

သထုံခရိုင်သည် ၁,၉၀၉ စတုရန်းမိုင်ကျယ်ဝန်း၍ လူဦးရေ ၄၇၉,၀၀၀ (၁၉၇၁ ခန့်မှန်း သန်ကောင်စာရင်း) ဖြစ်လေသည်။ ခရိုင်အတွင်းတွင် တိုင်းရင်းသားများ ဖြစ်ကြသော မြန်မာ၊ မွန်၊ ပအိုး(တောင်သူ)၊ ကရင်နှင့် ရှမ်းတို့ အများအပြား နေထိုင်ကြ၍ နိုင်ငံခြားသား တရုပ်၊ အိန္ဒိယ လူမျိုးများကိုလည်း တွေ့ရသည်။ မြန်မာလူမျိုးတို့သည် လူဦးရေ အများဆုံး ဖြစ်၍ အောက်မြန်မာနိုင်ငံတွင် ပအိုးလူမျိုးအများဆုံးကို သထုံခရိုင်၌ တွေ့ရလေသည်။ ခရိုင်အတွင်း နေထိုင်ကြသူများတွင် ဗုဒ္ဓဝါဒီဦးရေသည် အများဆုံးဖြစ်၍ ခရစ်ယန်ဝါဒီများလည်း ရှိကြပေသည်။

ခရိုင်အတွင်း အဓိက လုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ ခရိုင်အတွင်း နေထိုင်ကြသောသူများသည် များသောအားဖြင့် ဆန်စပါး၊ကြံ၊မြေပဲစသည်တို့ကိုစိုက်ပျိုးလုပ်ကိုင်ကြသည်။ကျိုက်ထို၊ သိမ်ဆိပ်၊ မရမ်းကုန်း စသည့် အရပ်ဒေသများတွင် ကျယ်ဝန်းသောကြက်ပေါင်စေးခြံကြီးများရှိသည်။ ကြက်ပေါင်စေးခြစ်ယူခြင်းသည် ထိုဒေသများမှလူများ၏ လုပ်ငန်းတရပ်ဖြစ်သည်။ သံလွင်မြစ်ဝရှိ ကျွန်းကလေးများနှင့် မြစ်ကမ်းဘေး သောင်ပြင်များပေါ်တွင် ခနိခြံများရှိသည်။ အိမ်မိုးရန်ခနိပျစ်များကို နယ်တွင်းသုံးအတွက်သာ ပြုလုပ်ရုံမက ပဲခူး၊ ရန်ကုန်မြို့များအထိ တင်ပို့နိုင်သည်။ တောင်ခြေ တောင်စောင်း၊ စိမ့်စမ်း ပေါများသော အရပ်ဒေသများ၊ အထူးသဖြင့် သထုံနှင့် ပေါင်မြို့နယ်တွင် ဒူးရင်းခြံများရှိသည်။ ဘီးလင်းမြို့ ပတ်ဝန်းကျင်တွင် ကြံခင်းကြီးများ အနှံ့အပြားရှိသည်။ ဇင်းကျိုက်၊ တောင်စွန်း စသော အရပ်ဒေသများ၌ ကျောက်ရီခေါ် ကျောက်မိုင်းများရှိ၍ လမ်းခင်းရာ၌ အသုံးပြုသော ကျောက်များကို ဖြိုခွဲရောင်းချခြင်းသည်လည်း သထုံခရိုင်၏ လုပ်ငန်းတရပ် ဖြစ်ပေသည်။ ခရိုင်အတွင်း၌ သစ်တောကြီးများလည်း ရှိရာ ကျွန်း၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ ကညင်၊ သစ်ယာ၊ အင်ကြင်း စသော သစ်များ ရရှိသည်။ အထူးသဖြင့် ဇင်းကျိုက်ရွာနှင့် မျက်နှာချင်းဆိုင် တောင်စောင်း ပေါ်တွင် ထူထပ်သော သစ်တောကြီးများ ရှိသည်။ သထုံခရိုင် အတွင်းမှ ထွက်သော သစ်များသည် များသော အားဖြင့် နယ်တွင်းသုံး အတွက်သာ များလေသည်။

အားလုံး ခြုံ၍ ဆိုရလျှင် သထုံခရိုင်၏ အရေးပါသော ထွက်ကုန်ပစ္စည်းများမှာ ဆန်စပါး၊ ကြက်ပေါင်စေး၊ ကြံ၊ ကြံသကာ၊ ခနိပျစ်များ၊ ကျွန်း၊ပျဉ်းကတိုးစသော သစ်များ၊ လိပ်သည်းကျောက်များနှင့် ရာသီပေါ် အသီးအနှံများ ဖြစ်ကြသော ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်တို့ ဖြစ်ကြလေသည်။

သထုံခရိုင် အတွင်းရှိ ဘီးလင်း မြစ်သည် ခရိုင်အတွင်း ရေကြောင်းခရီး သွားလာရေး အတွက် များစွာ အသုံးဝင်သည်။ သို့သော် လှေသမ္ဗန်များဖြင့်သာ သွားလာ ကူးသန်းနိုင်သည်။ တိုင်းပြည် အေးချမ်းသာယာသော ကာလတွင် ထိုမြစ်ကြောင်းအားဖြင့် ကော့သူးလေ ပြည်နယ်နှင့် ကူးသန်း ရောင်းဝယ်မှု ပြုကြသည်။ ကော့သူးလေ ပြည်နယ်မှ ကွမ်းသီး၊ ငှက်ပျော၊ တညင်း၊ ရှောက်၊ သံပရာ စသည်တို့ကို၎င်း၊ ကော့သူးလေ ပြည်နယ်သို့ ငပိ ငခြောက် များကို၎င်း ဘီးလင်းမြစ်ကြောင်းဖြင့် သယ်ယူ ပို့ဆောင်ကြ၍ မြစ်ညာရှိ ကြိုးဝိုင်း သစ်တောများမှ သစ်လုံး များကိုလည်း ထိုမြစ်ကြောင်း အတိုင်းပင် မျှောချကြလေသည်။ ဒုံသမိမြစ် အတွင်း၌မူ သင်္ဘောငယ်များ သွားလာနိုင်သည်။

ခရိုင်အတွင်း၌ မြစ်ချောင်းများ ပေါများ လေရာ ကုန်ပစ္စည်း များကို လှေသမ္ဗန် ကြီးငယ်တို့ဖြင့် သယ်ယူပို့ဆောင်ကြ၍ စစ်တောင်း၊ ကျိုက်ထို စသော ခရိုင်တွင်း မြို့ရွာများသာမက ခရိုင်ပဖြစ်သော ပဲခူး၊ ရန်ကုန် စသည့် မြို့ကြီးများအထိ သွားလာ ပို့ဆောင်ခြင်းကို ပြုသည်။

ရေကြောင်း ခရီးလမ်းများအပြင် ကုန်းကြောင်း ခရီးလမ်းဖြင့်လည်း ခရိုင်အတွင်း ခရိုင်အပ ကူးလူး ဆက်ဆံနိုင်ကြသည်။ရန်ကုန်–မော်လမြိုင် မီးရထားလမ်းနှင့် မော်တော်ကားလမ်းတို့သည် သထုံခရိုင်ကို ဖြတ်ကျော် သွားသည်။ မီးရထား လမ်းအားဖြင့် ပဲခူး မီးရထားလမ်းဆုံမှ မုတ္တမအထိ ၁၂၂ မိုင်ရှိသည်။ ကူးတို့ဖြင့် တဖက်ကမ်းသို့ ကူးလျှင် မော်လမြိုင်သို့ ရောက်သည်။ မော်တော်ကားလမ်းအားဖြင့် ရန်ကုန်မှ မုတ္တမအထိ ၁၇၄ မိုင် ရှိသည်။ ထို့ပြင် ဘီးလင်း တန်တားမှ နေ၍ ကော့သူးလေပြည်နယ်၊ ဖာပွန် မြို့နယ်သို့ (၇၆ မိုင်)၎င်း၊ သထုံမှ ဖားအံမြို့နှင့် လှိုင်းဘွဲ့မြို့တို့သို့ (၄၇ မိုင်)၎င်း မော်တော်ကားလမ်း ပေါက်သည်။ ဘီးလင်းမြို့မှ တောင်စွန်းရွာသို့လည်း မော်တော်ကား လမ်းတိုကလေး (ရှစ်မိုင်)ရှိသေးသည်။ ဖားအံမှ ရန်ကုန်သို့ မီးရထားဖြင့် သွားလိုသူတို့ သက်သာ လွယ်ကူစေရန် သထုံနှင့် ဖားအံ



www.burmeseclassic.com

www.burmeseclassic.com



မီးရထားလမ်းဖြင့် ဆက်သွယ်ရေးကို စီမံဆောင်ရွက်လျက် ရှိလေသည်။

လေကြောင်း ခရီးဖြင့်လည်း သွားလာ ဆက်သွယ်နိုင်ရန် သထုံမြို့တွင် လေယာဉ်ပျံကွင်း ရှိ၍ ရန်ကုန်၊ မော်လမြိုင်၊ ဖားအံမြို့များနှင့် လေကြောင်း ဆက်သွယ်မှု ရှိလေသည်။ ခရီးစဉ်နှင့် နေ့ရက် အပိုင်းအခြားတို့မှာမူ အခြေ အနေ အလိုက် အပြောင်းအလဲ ရှိတတ်လေသည်။

သထုံ ခရိုင်အတွင်းတွင် ထင်ရှားသော စေတီပုထိုး မြောက်မြားစွာ ရှိသည်။ နိုင်ငံတဝှန်း၌ ထင်ရှား ကျော် ကြားသော ကျိုက်ထီးရိုး ဘုရားအပြင် သထုံမြို့ပေါ်ရှိ ရွှေစာရံ ဘုရား၊ ရွှေစာရံ၏ အရှေ့တောင်ဖက် နှစ်ဖာလုံခန့် တွင် ရှိသည့် အနော်ရထာမင်း တည်ခဲ့သည် ဟုဆိုကြသော ရန်အောင်မြင်ဘုရား၊ ဇင်းကျိုက် တောင်ပေါ်ရှိ ဇင်းကျိုက် ဘုရား၊ သထုံမြို့၏ အရှေ့ဖက် သိဂ်ီနိုတ်တောင်ကုန်း ပေါ်ရှိ သိဂ်ီနိုတ်ဘုရား၊ သို့မဟုတ် မြသပိတ်ဘုရား စသည်တို့ ဖြစ်ကြ သည်။ ရွှေစာရံဘုရားကို ရှေးသထုံပြည်ရှင် သူရိယစန္ဒာမင်း တည်ထားခဲ့သည်။ မြသပိတ်ဘုရားတွင် ဗုဒ္ဓဘုရားရှင်၏ ဆံတော်ဆွဲသုံးဆူကို ဌာပနာ၍ သောဏထေရ် အမှူးပြု သော ရဟန္တာနှစ်ထောင်တို့က တည်ထား ခဲ့သည်ဟုလည်း ဆိုလေသည်။

ဘီးလင်းမြို့၏ အရှေ့မြောက်ဖက် ရှစ်မိုင်ခန့်တွင် ကုသိနာရုံတောင်ကုန်းရှိသည်။ ထိုတောင်ကုန်းပေါ်တွင် သောဏ နှင့် ဥတ္တရ မထေရ်မြတ်နှစ်ပါးအား ရဟန္တာများခြံရံလျက် ရှိပုံ ထုလုပ်ထားသော ရုပ်ပွားတော်များ ရှိလေသည်။

ကေလာသ တောင်ပေါ်တွင်လည်း ကေလာသ စေတီ ဟု ခေါ်တွင်သော ရှေးဟောင်း စေတီတဆူ ရှိသည်။ အချို့က ထိုစေတီကို မြတ်စွာဘုရား သက်တော် ထင်ရှား ရှိစဉ် သုဝဏ္ဏဘူမိတိုင်းသို့ ကြွလာခိုက် ဆံတော်ခေါက်ကို ရရှိလိုက်သော ရသေ့ သူမြတ်တို့ တည်ထားကိုးကွယ်ခဲ့၍ နောင် မင်းအဆက်ဆက်တို့ ပြုပြင်ခဲ့သော စေတီဟု ဆိုကြ သည်။ အချို့ကမူ ရှင်သောဏနှင့် ဥတ္တရမထေရ် မြတ်တို့ သုဝဏ္ဏဘူမိသို့ ပဌမဆုံး ကြွရောက်လာသည့် နေရာ၌ ဓမ္မ စေတီမင်းတရားက အထိမ်းအမှတ် စေတီတည်ထားခြင်း ဖြစ်သည်ဟုလည်း ဆိုကြသည်။

သထုံမြို့မှ ၁၁ မိုင်အကွာ ဒုံသမိမြစ်ကို ဖြတ်ကျော်ပြီး နောက်တွင် ဘုရင့်ညီဂူ ဟူ၍ ဂူတခု ရှိသည်။ ထိုဂူ၏ ရှေ့တွင် ရေပူစမ်း ရှိသည်။ တရံရောအခါက ဘုရင့်ညီတော် တပါးသည် ထိုရေပူစမ်း၌ ရေချိုးရာမှ ကုဋ္ဌနူနာ ရောဂါ ပျောက်ကင်းသည်ကို အစွဲပြု၍ ထိုဂူကို ဘုရင့်ညီဂူ ဟုခေါ် တွင်ခဲ့သည်ဟု ဆိုသည်။ ဂူတွင်း၌ မဲမဲမှောင်မှောင် ရှိနေ သော်လည်း ဘုရားရုပ်တုတော်များ ထုလုပ်ထားသည်ကို ဖူးတွေ့နိုင်လေသည်။

သထုံခရိုင် အတွင်း အခြား ရှေးစေတီပုထိုး များစွာ ရှိသေးသည်။ တောတောင်စိမ့်စမ်းနှင့် ဘုရားပုထိုးပေါ်များ ၍ သွားလာ လည်ပတ်နိုင်စရာ နေရာ အများ အပြား ရှိသည့် သထုံခရိုင်သည် ရှုခင်းသာယာလှပသော ခရိုင်တခု ဖြစ်လေသည်။

**သထုံနယ်(ရှမ်းပြည်)။** ။ သထုံ နယ်သည် ရှမ်းပြည် တောင်ပိုင်းရှိ နယ်တနယ် ဖြစ်သည်။ ၁၉၅၉ ခုနှစ် စော် ဘွားများ အာဏာ မစွန့်မီကာလအထိ မြို့စား အုပ်ချုပ်ခဲ့ သည်။ ထိုနယ်၏ မြောက်ဖက်တွင် ဘန်းယဉ်နှင့် မိုင်းပွန် နယ် တစိတ်တဒေသ ရှိသည်။ နမ့်ပွန်မြစ်သည် အရှေ့ဖက် တွင် သထုံနယ်ကို မောက်မယ်နယ်နှင့် ပိုင်းခြား ထားသည်။ တောင်ဖက်တွင် နမ့်တမ်ဖတ်ချောင်းသည် သထုံနယ်နှင့် ကယားပြည်နယ်ကို ပိုင်းခြား ထားသော နယ်နိမိတ် ဖြစ် သည်။ သထုံနယ်၏ အနောက်တောင်ဖက်တွင် စကွယ်နယ် တစိတ်တဒေသ ရှိ၍ အနောက်ဖက်တွင် စကားနယ်ရှိသည်။ နမ့်တမ်ဖတ်၏ အနောက်ဖက် ရေဝေကုန်းတန်းသည် သထုံ နယ်နှင့် စကားနယ်တို့ကို ပိုင်းခြားထားသည်။ ညောင်ရွှေ နယ် တစိတ်တဒေသသည် အနောက် မြောက်ဖက်တွင် သထုံနယ်နှင့် နယ်နိမိတ်ချင်း စပ်လျက် ရှိလေသည်။

သထုံနယ်သည် ယခု ရှမ်းပြည်နယ် တောင်ကြီးခရိုင်၊ တောင်ကြီးခရိုင်ခွဲမှ ဆီဆိုင်မြို့နယ် ဖြစ်သည်။ လူဦးရေမှာ ၁၉၇၁ ခု ခန့်မှန်းခြေ ၅၅,၀၀၀ ရှိသည်။

သထုံနယ်၏ မြေမျက်နှာပြင်သည် ကုန်းလှိုင်း ထသကဲ့သို့ ရှိနေသော တောင်ကတုံးများ များပြား၍ သစ်ပင်နှင့် ချုံပင် အနည်းငယ်ခန့်သာ ရှိသည်။ နယ်၏ အလယ် ပိုင်းနှင့် အရှေ့ပိုင်း အမြင့်သည် ပေ ၄,၀၀၀ ကျော်ရှိသော ကုန်းပြင်မြင့် ဖြစ်သည်။ ထိုအပိုင်းတွင် ပအိုး (တောင်သူ) များကို အများဆုံး တွေ့ရသည်။ သထုံနယ်၏ တောင်ဖက် ပိုင်းတွင် မြေနိမ့်ဒေသများရှိ၍ ရှမ်းလူမျိုးများ နေထိုင်ကြ လေသည်။

သထုံနယ် အတွင်း ပအိုး (တောင်သူ) နှင့် ရှမ်းလူမျိုးတို့ နေထိုင်လျက် ရှိကြသည့် အပြင် ကရင်လူမျိုးများကိုလည်း တွေ့ရသည်။ ကရင်ရွာများကို နမ့်တမ်ဖတ် ချောင်းတ လျှောက်တွင် တည်ထားကြသည်။ ထိုရွာများသည် ညောင် ရွှေနယ်စပ်အထိ ရောက်သည်။ သထုံနယ်သည် ရှမ်းပြည်ရှိ ပအိုးနယ်တနယ် ဖြစ်၍ ထိုနယ်တွင် ပအိုးလူဦးရေသည် အများဆုံး ဖြစ်လေသည်။ ပအိုးနှင့်ရှမ်း အားလုံးလိုပင် ဗုဒ္ဓဝါဒီများ ဖြစ်ကြ၍ ဘာသာရေးကို အလွန်လေးစားကြ သည်။ သထုံနယ်သည် ချမ်းအေး၍ စိုစွတ်သော်လည်း ကျန်းမာရေးနှင့် ညီညွတ်သည်။ နမ့်တမ်ဖတ်မြစ်ဝှမ်း၌သာ မိုးတွင်းအခါ ငှက်ဖျားရောဂါကို သတိထားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



သထုံနယ်၌ တွင်းထွက် သတ္တုများ မရှိသလောက် ဖြစ်သည်။ ထိုဒေသသည် များသောအားဖြင့် ရေဝပ်ခြင်းကင်းသော ထုံးကျောက်မြေများ ဖြစ်၍ ရွာချလိုက်သော မိုးရေတို့သည် ထုံးကျောက်မြေများ အတွင်းသို့ စိမ့်ဝင်ပျောက်ကွယ် သွားကြလေသည်။

သထုံနယ်၏ အဓိက ထွက်ကုန်သည် ဆန်စပါး ဖြစ်သည်။ ပအိုးတို့သည် များသောအားဖြင့် တောင်စောင်း ဆင်ခြေလျှောများတွင် တောင်ယာများ လုပ်ကိုင် ကြသည်။ အထူးသဖြင့် နမ့်တမ်ဖတ် အရှေ့ဖက်တွင် တောင်ယာစိုက်ခင်းများကိုသာ အများဆုံး တွေ့ကြရလေသည်။ ကန်သင်း လယ်ယာများကို လုပ်ကိုင်ကြသော်လည်း တောင်ယာများလောက် မများပေ။ ထို့ပြင် လယ်များ လုပ်ကိုင်ရာ ဒေသများတွင် ရေရှားပါးသဖြင့် နမ့်တမ်ဖတ်မှ ရေကို သွယ်ယူလုပ်ကိုင်ကြရသည်။ ပအိုးများသည် လုံ့လ ဝီရိယရှိ၍ ယောက်ျားမိန်းမ အလုပ်လုပ်ကြသည်။ တောင်ယာလုပ်ငန်းအပြင် မိမိတို့နေအိမ် အနီးအနား ပတ်ဝန်းကျင်တွင် ငရုတ်၊ ခရမ်းချဉ် စသော ဟင်းသီး ဟင်းရွက်များ၊ နာနတ်ပင်များကို စိုက်ပျိုးလုပ်ကိုင်ကြသည်။ ကြံခင်းများကိုလည်း အချို့နေရာများတွင် တွေ့ရလေသည်။

သထုံနယ်၏ တောင်ဖက်စွန်း မြေနိမ့်ပိုင်းရှိ ရှမ်းလူမျိုးတို့သည်လည်း ဆန်စပါး စိုက်ပျိုး ကြ၍ ခြံဥယျာဉ်များကိုလည်း အနည်းငယ် လုပ်ကိုင်ကြသည်။ နမ့်တမ်ဖတ်မြစ်ရိုးရှိ ကရင်ရွာများမှ ကရင်လူမျိုးများသည် နွား၊ ဝက်၊ ကြက် မွေးမြူခြင်း၊ မြစ်ရိုးတလျှောက် ငါးဖမ်းခြင်းတို့ကိုလည်း လုပ်ကိုင်ကြလေသည်။

ဆန်စပါးမှ လွဲလျှင် သထုံနယ်၏ အဓိက ထွက်ကုန်သည် ဝါဂွမ်းနှင့် ဆေးရွက် ဖြစ်သည်။ ကျေးရွာများရှိ အိမ်များစုတို့၌ ခြည်ထည်များ ရက်လုပ်သည့် ရက်ကန်းစင်များကို တွေ့ရသည်။ မြေ ရေတကောင်းများကို တိုင်းမောင်း၊ လွယ်ပွတ်နှင့် ဆီဆိုင် ရွာကြီးများတွင် လုပ်ကိုင် ခဲ့ကြသည်။ ပအိုးများ အကြိုက် ငွေနားဒောင်း၊ ငွေဆံညှပ် စသော ငွေထည်ပစ္စည်း များကိုလည်း လုပ်ကိုင် ရောင်းချကြလေသည်။

ကျွန်းတောများကို သထုံနယ်၏ အရှေ့ တောင်ဖက်ထောင့်စွန်းတွင် တွေ့ရှိရသည်။ ကျွန်းတောများဟု ဆိုသော်လည်း အင်ကြင်း၊ သစ်ယာ၊ အင်နှင့် ထင်းရှူးပင်များ ပေါက်ရောက်သော တောင်ကုန်းဒေသသည် လေးပုံ သုံးပုံ ခန့် ဖြစ်သည်။ ကျွန်းပင်များကို မြေနိမ့်ပိုင်းများ၊ နမ့်ပွန်နှင့် နမ့်တမ်ဖတ် ကမ်းပါး တလျှောက်တို့တွင် တွေ့ရလေသည်။ ပျဉ်းကတိုးပင် များလည်း ရှိသည်။ ရှေးက သထုံနယ်၏ သစ်တော အကျယ်အဝန်းသည် ဂ၁ စတုရန်းမိုင်ခန့်မျှပင် ကျယ်ဝန်းခဲ့သည်။ နောင်အခါ တောင်ယာ ခုတ်ထွင်ကြ၍၎င်း၊ အရမ်းမဲ့ ခုတ်လှဲ ကြ၍၎င်း သစ်တောများ အတော်ပင် ပျက်စီး ယုတ်လျော့ ခဲ့လေသည်။

သထုံနယ်သည် ရှမ်းပြည် တောင်ပိုင်း၌ ပအိုးတို့၏ အချက်အခြာ ဒေသဖြစ်သည်။ ထိုနယ်ရှိ ပအိုးတို့၏ မူလဇာစ်မြစ်သည် တနင်္သာရီတိုင်း သထုံပြည်မှ ပြောင်းရွှေ့လာသူများ၏ အဆက်အနွယ်များဟု ဆိုကြသည်။ သက္ကရာဇ် ၄၁၀ ခုနှစ်တွင် ပုဂံပြည့်ရှင် အနော်ရထာမင်းသည် သထုံပြည်ကို တိုက်ခိုက်လာသော အခါ သထုံပြည် ပျက်၍ သထုံပြည့်ရှင် မနုဟာမင်းလည်း ပုဂံသို့ ပါလေသည်။ သထုံပြည် ပျက်ပြီးနောက်တွင် မြန်မာတို့ စိုးမိုးမှုကို မခံလိုသော သထုံပြည်မှ ပအိုးတို့သည် သထုံမှ ရေနှင့် မြေတို့ကို ယူဆောင်ကာ နယ်သစ် မြေသစ်ရှာရန် သထုံမှ ခွာခဲ့ကြသည်။ အချို့သည် ရှမ်းပြည်တောင်ပိုင်းသို့ ရောက်ခဲ့ကြရာ အိုးအိမ်တည်၍ အခြေစိုက်ခဲ့ကြသည်။ နှစ်ကာလကြာမြင့်သော် လူဦးရေ တိုးပွား၍ ရွာအိမ်ခြေတို့လည်း များပြားလာသည်။

သထုံမှ ပြောင်းရွှေ့ လာကြသည့် ပအိုးတို့၏ အဆက်အနွယ်များ ရွာခြေ အိမ်ခြေ တည်ထောင်သည့် အထဲတွင် ခန်ဆိုင်းရွာလည်း ပါဝင်သည်။ ခန်ဆိုင်းကို ရွာကြီး တရွာအဖြစ် တည်ထောင်ပေးသူ တဦးလည်း ဖြစ်၍ ရွာ၏ ပဌမဆုံး အကြီးအကဲလည်း ဖြစ်သူသည် ခွန်စံဦးဟု အမည်ရှိသည်။ ထိုအချိန်ကာလသည် မြန်မာ နိုင်ငံ၌ အမရပူရမြို့တည် ဘိုးတော်မင်းတရား (ဗဒုံမင်း) ၏ လက်ထက်တော်ဖြစ်သည်။ မင်းတရားကြီးသည် ခွန်စံဦး အုပ်ချုပ်သော ဒေသများကို ပအိုးတို့၏ မူလဇာတိ အရပ်ဒေသကို အစွဲပြုပြီးလျှင် သထုံနယ်ဟု ခေါ်ဝေါ် သမုတ်စေသည်။ ခွန်စံဦး လွန်သောအခါ ညီတော်သူ ဦးမြတ်အောင်သည် ဆက်ခံ၍ ခန်ဆိုင်းမှ လင်းပွန်းသို့ ပြောင်းရွှေ့၍ မြို့တည်သည်။ ဦးမြတ်အောင်၏ သား ဦးနိုင်၏လက်ထက်တွင်မူ လင်းပွန်းမှ ပြောင်း၍ ကန်ဝင်းတွင် မြို့တည် ပြန်သည်။ ဦးနိုင်၏ လက်ထက်မှ စ၍ မြန်မာဘုရင်အား အခွန်ပဏ္ဏာတော် ဆက်သခဲ့လေသည်။

ရွှေဘိုမင်း၏ လက်ထက် ၁၁၉၉ ခုနှစ်တွင် သထုံနယ်၏ အကြီးအမှူးကို မြို့စားဘွဲ့ပေးသနားသည်။ မြို့စား ခွန်အို၏ လက်ထက်တွင် သက္ကရာဇ် ၁၂၄၂ ခုနှစ်၌ လွယ်ပွတ်သို့ ပြောင်း၍ မြို့တည်ပြန်လေသည်။ ခွန်အိုသည်လင်းပင်မင်းသား၏ ဖက်တော်သားတဦး ဖြစ်၍ လင်းပင်အရေးတော်ပုံတွင်ပါဝင်ခဲ့သည်။ညောင်ရွှေစော်ဘွား စဝ်မောင် (နောင်ဆာ စဝ်မောင်)ကိုပင် တိုက်ခိုက်ခဲ့သဖြင့် စဝ်မောင်သည် ဒဏ်ရာရကာ ဘုရင့်နေပြည်တော်သို့ သွားရောက် ခိုလှုံနေခဲ့ရသည်။

ထိုစဉ်ကာလက ရှမ်းပြည်၌ စော်ဘွားနယ် အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ထိပါးတိုက်ခိုက်မှု အရေးအခင်း ဖြစ်ပွားမှုများ ရှိခဲ့သော်လည်း သထုံနယ်သည် ထိုအရေးများတွင် မပါဝင်ခဲ့ပေ။ တောင်ဖက် ကရင်နီ (ယခု ကယားပြည်နယ်) နယ်မှ ဝင်ရောက် တိုက်ခိုက်ခြင်းများကို မောက်မယ်၊ စကွယ် စသော နယ်များသည် စိုးရိမ်ကြောက်ရွံ့ နေကြရသည်။ သထုံနယ်မှာမူ ကရင်နီ (ကယား)တို့က တိုက်ခိုက်လာလျှင်လည်း ခုခံ ကာကွယ်နိုင်စွမ်း ရှိခဲ့ပေသည်။ အခြား နယ်များက လာရောက် တိုက်ခိုက်ခြင်းကိုလည်း မခံခဲ့ရဘူးချေ။ မြန်မာသက္ကရာဇ် ၁၂၄၉ ခုနှစ်အထိ ရှမ်းပြည်တောင်ပိုင်းတွင် အစွန်ဆုံးကျ၍ အပျက်အစီး မခံရသော နယ်အချို့တွင် သထုံနယ်လည်း အပါအဝင်ဖြစ်သည်။ ဗြိတိသျှ အစိုးရက သထုံနယ်ကိုသိမ်းသွင်းစဉ်ကာလသည် ခွန်အိုး၏ လက်ထက် ဖြစ်၍ ခွန်အိုသည် ငွေခွန်မှုးဘွဲ့ အမည်ဖြင့် အုပ်ချုပ်လျက်ရှိသည်။နောင်အခါ သထုံနယ်သည် မြို့စား နယ်တနယ် ပြန်ဖြစ်လာ၍ ဆီဆိုင်တွင် မြို့စားရုံး စိုက်ပြန်လေသည်။ထို့ကြောင့် သထုံနယ်ကို ရုံးစိုက်ရာမြို့ကို အစွဲပြုပြီးလျှင် ဆီဆိုင်နယ်ဟုလည်း ခေါ်ကြလေသည်။

ဆီဆိုင်မြို့သည် ဟိုပုံး–လွိုင်ကော် ကားလမ်းပေါ်တွင် ရှိသည်။ ဟိုပုံးသည် တောင်ကြီး–လွိုင်လင် ကားလမ်းပေါ်တွင် ရှိ၍ လွိုင်ကော်သည် ကယားပြည်နယ်၏ မြို့တော် ဖြစ်လေသည်။ ထို့ကြောင့် သထုံနယ်ရှိ မြို့ရွာတို့သည် တောင်ပိုင်း ရှမ်းပြည်၏ နယ်များနှင့်ငင်း၊ ကယားပြည်နယ်နှင့်ငင်း ကူးသန်းဆက်သွယ်ရေး မခဲယဉ်းလှပေ။

**သထုံမြို့။** ။သထုံခရိုင်၏ ရုံးစိုက်မြို့ ဖြစ်သော သထုံမြို့သည် မုတ္တမကွေ့ကို မျက်နှာပြုလျက် မြသပိတ်ဘုရားနှင့် လဝတောင်ဘုရားတို့ တည်ရှိသည့် သထုံတောင်တန်းကို နောက်ခံ ပြုထားလေသည်။ မြို့တည်နေပုံသည် သစ်ပင်တောအုပ်တို့ဖြင့် စိမ်းစို သာယာသော တောင်စောင်းဆင်ခြေလျှောကို နောက်ခိုင်းကာ တောင်ကုန်းနှင့် မြေပြန့်အကြား၌ ရှိလေရာ ရှုခင်းယာယာလှပသော မြို့ဖြစ်သည်။ သထုံမြို့သည် မြန်မာနိုင်ငံ၌ ဗုဒ္ဓအယူဝါဒ စတင်ပွင့်လင်းရာ အရပ်တခုပေတည်း။

သထုံမြို့သည် ပြန့်ပြူး၍ သစ်ပင်ကြီးငယ်များ ပေါများသည်။ အရှေ့ဖက်တွင် တောင်တန်းကြီးဖြင့် ကာဆီးနေသော်လည်း မြောက်ဖက်နှင့် အနောက် တောင်ဖက်တွင် လယ်ကွင်းများ ရှိသောကြောင့် ဆောင်းနှင့် မိုးအခါတွင် လေဒဏ်မိုးဒဏ်ကို ခံရသည်။ သို့သော် သထုံမြို့၏ ရာသီဥတုသည် အပူအအေး မျှတကောင်းမွန်သည်။မိုးများသော်လည်း ရေဆင်းကောင်းသည်။ ဂဝံကျောက်မြေပေါ်တွင် တည်ထားသော မြို့ဖြစ်၍ ရေဝပ်ခြင်းကင်းကာ ရေလည်း အလွယ်တကူ လျှောကျသွားနိုင်လေသည်။ အပူချိန်သည် ၉၅ ဒီဂရီထက် ကျော်လွန်သည့် အခါ ကျော်လွန်သော်လည်း ပင်လယ်လေ ရနေသဖြင့် အပူရှိန်သက်သာသည်။ သထုံမြို့သည် ပင်လယ်မှ ၁၆ မိုင်ခန့်သာ ဝေးလေသည်။

သထုံမြို့သည် ခုနှစ်စတုရန်းမိုင် ကျယ်ဝန်းပြီးလျှင် နောက်ဆုံးခန့်မှန်းခြေ စာရင်းအရ လူဦးရေ ၄၆,၉၀၂ (၁၉၇၁)ယောက်ရှိသည်။ မြို့ပေါ်တွင်ငင်း၊ မြို့နယ်တွင်ငင်း တိုင်းရင်းသားများဖြစ်ကြသော မြန်မာ၊ မွန်၊ ကရင်၊ ပအိုး (တောင်သူ)တို့ အများအပြား နေထိုင်ကြ၍ နိုင်ငံခြားသား တရုပ်၊ အိန္ဒိယ လူမျိုးများလည်း ရှိသည်။ရာခိုင်နှုန်း ၇၅ ခန့်မျှသော လူများစုသည် ဗုဒ္ဓဝါဒီများ ဖြစ်ကြ၍ ခရစ်ယာန်များလည်း ရှိကြပေသည်။

သထုံမြို့ မျူနီစီပယ်အဖွဲ့ကို ၁၈၈၇ ခုနှစ်ကပင် စတင်ဖွဲ့စည်းခဲ့၍ မြို့စည်ပင်သာယာရေးကို ဆောင်ရွက်ခဲ့သည်။ ခရိုင် စည်ပင်သာယာရေးအတွက် ဒေသန္တရအုပ်ချုပ်ရေးကောင်စီကို ၁၉၂၃ ခုနှစ်တွင် ဖွဲ့စည်းသည်။

သထုံမြို့ပေါ်တွင် နေထိုင်ကြသော သူများသည် ကုန်သည်များ၊ အစိုးရအမှုထမ်းများနှင့် အေးချမ်းစွာ လာရောက် အခြေစိုက်နေထိုင်ကြသော ပင်စင်ရ အစိုးရအရာရှိဟောင်းများသာ များပြားလေသည်။

သထုံမြို့၏ မြောက်ဖက်တွင် ခရိုင်ဝန်ရုံး၊ ခရိုင် စက်ရှင်တရားသူကြီးရုံး၊ ခရိုင်ရဲဝန်ရုံးစသော အစိုးရရုံး အဆောက်အအုံများ ရှိသည်။ အစိုးရ အထက်တန်းကျောင်း တကျောင်းနှင့် အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများလည်း သထုံမြို့ပေါ်တွင် ရှိလေသည်။

သထုံမြို့သည် ခရိုင်အတွင်း ကူးသန်း ရောင်းဝယ်မှု အချက်အချာကျသောမြို့ဖြစ်သည်။ ရန်ကုန်–မော်လမြိုင် မီးရထားလမ်းသည်ငင်း၊ မော်တော်ကား လမ်းသည်ငင်း၊ သထုံမြို့ကို ဖြတ်သန်းသွားသဖြင့် ကူးသန်း ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလွယ်ကူသည်။ ထို့ပြင် လေယာဉ်ပျံကွင်းလည်းရှိ၍ လေကြောင်းခရီးဖြင့်လည်း သထုံမြို့နှင့် ဆက်သွယ်နိုင်လေသည်။


သထုံမြို့သည် ရှေးပဝေဏီအခါက မထင်ရှားသော တံငါရွာကလေးမျှသာ ဖြစ်သည်။ ထိုစဉ်က လဝ လူမျိုးများ နေထိုင်ကြသည်ဟု ဆိုသည်။ နောင်အခါ မွန်လူမျိုး၊ ပအိုး(တောင်သူ)လူမျိုးတို့လည်း လာရောက် နေထိုင်ကြသည်။ ပင်လယ်ကမ်းနားတွင် တည်ရှိသဖြင့် အိန္ဒိယတောင်ပိုင်းနိုင်ငံများနှင့် ပင်လယ်ခရီးဖြင့် ဆက်ဆံမှုရှိသဖြင့် သထုံသည် လူနေအိမ်ခြေ တိုးတက်စည်ကားလာပြီးလျှင် မြို့ပြဖြစ်လာလေသည်။ အချို့ သမိုင်း ဆရာတို့၏ အဆိုမှာ သထုံသည် မွန်လူမျိုးတို့၏ ရှေးဦးစွာ တည်ထောင်သော မြို့ဖြစ်၍ မြတ်စွာဘုရား၏ဘိုးတော် အဥ္စနမင်းကြီးဖိုးကြွင်း သက္ကရာဇ် ၉၄ ခုနှစ်တွင် တည်ထောင်သည်ဟုဆိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com





အနော်ရထာမင်း တည်ထားကိုးကွယ်ခဲ့သည့် ရန်အောင်မြင်စေတီတော်

တစတစနှင့် သထုံသည် မင်းနေပြည်တော် ဖြစ်လာ၍ မင်း ၅၉ ဆက် စိုးစံခဲ့သည်ဟု ဆိုသည်။ သထုံကို မင်းနေပြည်တော်ပြု၍ ပဌမဆုံး စိုးစံခဲ့သောမင်းသည် သီဟရာဇာ ဖြစ်လေသည်။ မင်းနေပြည်တော်ဖြစ်လာသည်အထိ ရှေးခေတ်သထုံ တိုးတက်လာရခြင်း၏ အကြောင်းရင်း အထောက်အခံများ ရှိပေသည်။ မြို့၏နောက်ခံ တောင်တန်း၏ အရှေ့ဖက်တွင် သံလွင်နှင့် ဒုံသမိမြစ်ဝှမ်းသို့ သွားရောက်နိုင်သော လမ်းပေါက်များ ရှိသည်။ ယင်းတို့သည် ယခု ဒုံဝန်း၊ ကင်ပွန်းခြုံ၊ သိမ်ဆိပ်ရွာများရှိရာ အရှေ့ဖက်သို့သွားသောလမ်းများနှင့် သထုံ အရှေ့ဖက်ရှိ ဈေးမသွယ်နှင့် ဒူးရင်းဆိပ်သို့ပေါက်သော ဘင်လှိုင်တောင်ကြားလမ်းတို့ဖြစ်သည်။ တောင်ဖက်၌လည်း ဝင်းစိန်ရွာ၏ အရှေ့ဖက်၌ တောင်ကြားလမ်း ရှိသေးသည်။ တောင်တန်းတလျှောက်၌လည်း တောင်ပေါ်ဖြတ် လူသွားလမ်းများရှိလေသည်။

အဆိုပါ လမ်းပေါက်များရှိသဖြင့် ရှေးခေတ်သထုံတည်နေရာသည် သံလွင်မြစ်ဝှမ်းနှင့် အဆက်အသွယ်ရခြင်း၊ သံလွင်မြစ်ဝှမ်းမှ ထွက်ကုန် အထူးသဖြင့် ဆန်စပါးကို အားထားနိုင်ခြင်း၊ ထိုစဉ်က ကမ်းရိုးတန်းလွင်ပြင်သည် ကျဉ်းမြောင်း၍ ယခုကဲ့သို့ ဆန်ရေစပါး မပေါသေးသော်လည်း ဝင်းစိန်မြေပြန့်မှ ဆန်စပါးရနိုင်ခြင်း၊ ပင်လယ်ကိုမျက်နှာမူထားသောမြို့ဖြစ်သဖြင့် အနောက်ဖက်နိုင်ငံများ (အထူးသဖြင့် အိန္ဒိယ အရှေ့ကမ်းခြေဒေသ တိုင်းပြည်များ) နှင့် ကူးသန်းရောင်းဝယ်မှု ပြုနိုင်ခြင်းကြောင့် တိုးတက် စည်ကားလာခဲ့ခြင်း ဖြစ်ပေသည်။

ရှေးသထုံပြည်၏ မြို့တော်နေရာသည် ယခုခေတ် သထုံမြို့တည်ရာ အရပ်ပင်ဖြစ်ကြောင်း သုတေသန အထောက်အထားများအရ သိရပေသည်။ အချို့ သမိုင်းဆရာများကမူ ပါဠိဘာသာဖြင့် ဂါဠမုတ္တိက နဂရ ခေါ် ကေလာသတောင်ခြေရင်းရှိ အရက်သည်မရွာ နေရာဖြစ်သည့် တိုက်ကုလား မြို့ဟောင်းသည် ရှေးသထုံမြို့ တည်ရာဟု ဆိုပြန်သည်။ အချို့ကလည်း သာသနာသက္ကရာဇ် ၁၃၇ ခုနှစ်တွင် သထုံပြည်ကို ရေလွှမ်းမိုး၍ပျက်သည်နှင့် သက္ကရာဇ် ၁၄၄ ခုနှစ်တွင် သထုံမြို့ဟောင်း တောင်ဖက် ကေလာသတောင်အနီးတွင် မြို့သစ်တည်ရသည်။ မင်းဆယ်ဆက် စိုးစံပြီးမှ မြို့ဟောင်းသို့ပြန်ပြောင်းရသည်ဟု ဆိုပြန်လေသည်။

မည်သို့ပင်ဖြစ်စေ ရှေးခေတ်သထုံနှင့် ယခုခေတ်သည် မြေမျက်နှာသွင်ပြင် အနေအထားအားဖြင့် ခြားနားနေလေပြီ။ ရှေးခေတ် သထုံသည် ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်ခဲ့သည်။ ပင်လယ်ရေပြင်သည် ယခု မုတ္တမ တောင်တန်း၏ အနောက်ဖက်ရှိ စိုက်ပျိုး ဖြစ်ထွန်းသော မြေနိမ့်လွင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ဒေသများကို ဖုံးလွှမ်းနေခဲ့သည်။ ယခု အရက်သည်မရွာ တည်ရှိသော ကေလာသတောင် ခြေရင်းသို့ တိုင်အောင် ပင်လယ်ရေ ရောက်ခဲ့သည်။ ထို့ကြောင့် အရက်သည်မရွာ နှင့် သထုံမြို့မြေကြီးထဲမှ မင်းတုပ်သံချောင်းများ၊ကျောက် ဆူးများစသည့် နိုင်ငံခြားသင်္ဘောပစ္စည်းများဟု ယူဆရ သော ပစ္စည်းအတိုအစများကို တူးဖော်ရရှိသည်။နှစ်ကာ လ ကြာမြင့်လေသော် ပင်လယ်ရေသည် တရွေ့ရွေ့ ဆုတ်သွားတော့သဖြင့် အရက်သည်မရွာသည် ကုန်းခေါင် ခေါင် ဖြစ်သွားခဲ့သည်။ သထုံပြည်ကို အနော်ရထာတိုက် စဉ်ကပင် ယင်းသည် ပင်လယ်ဆိပ်ကမ်းမြို့ မဟုတ်တော့ ချေ။ စစ်တောင်းမြစ်ဝတွင် သဲသောင်ပေါ် ထွန်း၍ ပင်လယ် ကမ်းခြေ ဆုတ်သွားသည်နှင့် သင်္ဘောဆိပ်အဖြစ် အသုံး မကျတော့ခြင်း ဖြစ်ပေသည်။ သထုံပြည်၏ နောက်ဆုံး မင်းသည် မနုဟာမင်းဖြစ်သည်။ အချို့ မှန်ကျောက်စာ တို့၌ မကုဋမင်း ဟုလည်း ခေါ်သည်။ ထိုမင်း လက်ထက် တွင် ပုဂံပြည့်ရှင် အနော်ရထာမင်း လာရောက်တိုက်ခိုက် သဖြင့် မနုဟာမင်းလည်း ပုဂံပြည်သို့ ပါသွားပြီးလျှင် သထုံပြည်လည်း ပျက်လေသည်။

အနော်ရထာမင်း သထုံပြည်သို့ ချီတက် တိုက်ခိုက်စဉ် အချိန်ကာလ၌ သထုံသည် သင်္ဘောဆိပ်ကမ်း မဟုတ်တော့ ချေ။ သို့တိုင်အောင် ရန်သူတို့ ရုတ်တရက် ချဉ်းကပ်တိုက် ခိုက်ရန် မလွယ်ကူပဲ မြို့အနေအထားကောင်းမွန်ပေသည်။ သုတေသန ပြုချက်များအရ သထုံမြို့တော်ဟောင်းသည် အရှေ့ဖက်၌ မတ်စောက်မြင့်မားသော ပေ ၇၀၀ ကျော်ရှိ သည့် တောင်တန်းများက ကာကွယ်ထားသည်။ အနောက် ဖက်၌ ပင်လယ်ရှိသည့်အပြင် ဒီရေရောက်သော ရေဖုံး သော ရွှံ့ပြင်များရှိသည်။ မြောက်ဖက်၌လည်း မြို့ရိုးလေး ထပ် ခံတပ်ကြီးတထပ်ဖြင့် ကာကွယ်ထားသည်။ တောင် ဖက်၌ မြို့ရိုး နှစ်ထပ်အပြင် ခံတပ်တခု၊ ဘင်လှိုင် တောင် ကြားလမ်းကို တောင်ဖက်မှ ခံတပ်တခု၊ သို့ဖြင့် ခံတပ်နှစ်ခု ဖြင့် ထိန်းထားခဲ့သည်။ သို့သော် ဆန်ရေစပါး ပေါများ သောသံလွင်မြစ်ဝှမ်း ဝင်းစိန်မြေပြန့်ကို မြန်မာတို့စီးမိထား ပြီးလျှင် သထုံကို စဝ်းနပ်ရိက္ခာ ပြတ်လပ်စေကာ ဘင် လှိုင်တောင်ကြားလမ်းမှ မြန်မာတို့ သထုံမြို့တွင်းသို့ ဝင် ရောက်၍ မြို့ကို စီးနင်းနိုင်ခဲ့သည်ဟုယူဆရလေသည်။

သထုံမြို့ဟောင်း တည်ထားပုံသည် လေးထောင့် ဖြစ် သော်လည်း စတုဂံပုံ တည့်မတ်စွာမကျပေ။ မြို့၏နောက်ခံ တောင်၏အနေအထားကိုလိုက်၍ တည်ထားခြင်း ဖြစ်ပေ ရာ နောက်ခံတောင်တန်း အလိုက်ပင် အနောက်ဖက်သို့ ခပ်စောင်းစောင်း ဖြစ်နေခဲ့သည်။ မြို့သည် တောင်နှင့် မြောက် ရှည်လျား၍ အရှေ့နှင့် အနောက် အလျားတို သည်။ မြို့ရိုးအတွင်းရှိ မြို့၏ အလျား အနံတို့သည် မြောက် ဖက် အပြင်မြို့ရိုးမှသည် တောင်ဖက် အပြင်မြို့ရိုးအထိ ပေ ပေါင်း ၇,၀၀၀ ကျော်ရှည်လျား၍ အတွင်းမြို့ရိုးနှစ်ခုအတွင်း အကွာအဝေးသည် ပေပေါင်း ၆,၇၀၀ နီးနီးဖြစ်သည်။ အ ရှေ့နှင့် အနောက်သို့ အတွင်းမြို့ရိုးများ အတွင်းရှိ အကွာ အဝေးသည် ပေ ၄,၃၀၀ ခန့်ရှိသည်။ နှစ်ထပ်မြို့ရိုးများ၌ အတွင်းနှင့်အပြင် မြို့ရိုးတို့သည် ပေ ၁၇၀ ခန့် ကွာသည်။ မြို့၏ အကျယ်အဝန်းသည် အတွင်းမြို့ရိုးများအတွင်း၌ စတု ရန်း တမိုင်ကျော်ရှိလေသည်။ နှစ်ထပ်မြို့ရိုးများကို ရှေး ရှေးသောမင်းများလက်ထက်ကပင် သထုံမြို့ကို ကာကွယ် ရန် ရည်မှန်းတည်ဆောက်ခဲ့ကြဟန် ရှိပေသည်။ မြို့ရိုးနှစ်ခု အတွင်း၌ ကျုံးရှိလေရာ မြောက်ဖက်ကျုံးနေရာ၌ စမ်း ချောင်းတချောင်း၊ အရှေ့ဖက်၌ ရွှေချောင်းနှင့် ဘင်လှိုင် စမ်းချောင်းများရှိသည်။ ထိုစမ်းချောင်းများသည် ယခု အခါ မြသပိတ်တောင်မှစီးဆင်းလာကြရာ ထိုစမ်းချောင်း များမှ ရေဖြင့် ကျုံးကိုရေသွင်းခဲ့ဟန်တူလေသည်။

အကြမ်းအားဖြင့် ရှေးသထုံ မြို့ဟောင်းသည် ကျုံးနှစ် ထပ်၊ မြို့ရိုးနှစ်ထပ် ကာရံထားသောမြို့ဖြစ်သည်။ သို့သော် မြို့၏ မြောက်ဖက်တွင် စစ်မက်အရေး၌ ရန်သူတို့ မချဉ်းကပ် နိုင်စေရန် မြို့ရိုးလေးထပ် ကာရံထား၍ မြို့၏မြောက် မျက် နှာစာ အလယ်တည့်တည့်တွင် ခံတပ်တခုကိုလည်း ထားရှိ လေသည်။ ယခုအခါတွင်မူ မြောက်ဖက်နှင့် အရှေ့ဖက်၌ သာလျှင် မြို့ရိုးများကို သိသာထင်ပေါ်စွာ တွေ့မြင်ကြရ၍ တောင်ဖက်တွင်မူ မြို့ရိုးသည် မထင်ရှားလှတော့ချေ။ မြို့ အနောက်မျက်နှာတွင်မူ အနောက်မြောက်ထောင့်၌သာ မြို့ ရိုးနှင့် ကျုံးကို တွေ့ရသည်။ ခေတ်သစ်သထုံ၌ လူနေအိမ် ခြေ ပြန့်ပွားလာသဖြင့် ကျုံးများ၌၎င်း၊တခါတရံမြို့ရိုးများ ကိုပင် ဖို့၍၎င်း အိမ်များ ဆောက်လုပ် နေထိုင်လျက် ရှိကြသည်။

ရှေးနန်းတော်ရာကို ယခု မြို့အလယ်၌ တွေ့ကြရသည်။ ထိုနေရာတွင် ဆေးရုံ၊ စိုက်ပျိုးရေး ဌာနဝင်း၊ သာသနာ့ ရိပ်သာ အဆောက်အအုံများနှင့် နန်းတော်ရာ ဘုန်းကြီး ကျောင်းတို့ကို ဆောက်လုပ်ထားသည်။ နန်းတော်ရာသည် စတုဂံပုံကျကျရှိ၍ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် သို့ ပေ ၁,၁၂၂ စီ ရှိကြသည်။ မြို့ဟောင်း၏ အလယ်တည့် တည့်တွင် ရှိခဲ့သည်ဟု ဆိုရပေမည်။ မြို့၏ မြောက်ဖက် အတွင်း မြို့ရိုးနှင့် နန်းတော် မြောက်မြို့ရိုးတို့သည် ပေ ၃,၇၀၀ ခန့် ကွာဝေး၍ တောင်ဖက်မြို့ရိုးနှင့် နန်းတော် တောင်မြို့ရိုးတို့သည် ပေ ၂၅,၀၀၀ ခန့်ကွာလေသည်။ အရှေ့ နှင့် အနောက်ဖက် မြို့ရိုးတို့သို့ နန်းတော်မြို့ရိုးများမှ ပေ ၁,၇၀၀ ခန့်စီ အသီးအသီး ကွာဝေးကြောင်း ကိုလည်း တွေ့ရလေသည်။

သထုံမြို့နှင့် မြို့နယ်တဝိုက်တွင် ထင်ရှား စည်ကားသော



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲတော်များမှာ တပို့တွဲလတွင်ကျင်းပသော မြသပိတ်ဘုရားပွဲတော်၊ တပေါင်းလတွင် ကျင်းပသော ရွှေစာရံဘုရားပွဲတော်၊ တန်ခူးလပြည့်တွင်ကျင်းပသော ဇင်းကျိုက်ဘုရားပွဲတော်တို့ ဖြစ်ကြပေသည်။ ဒုတိယကမ္ဘာစစ် မတိုင်မီကာလက ရွှေစာရံဘုရားပွဲတော်ရက်များတွင် ရန်ကုန်၊ မန္တလေး စသော မြန်မာပြည် အရပ်ရပ်မှပင် ဆိုင်ကြီးကန္နားကြီးများ လာရောက် ဖွင့်လှစ် ရောင်းချရလောက်အောင် ကြီးကျယ်စည်ကား သိုက်မြိုက်သော ပွဲတော်တရပ် ဖြစ်ပေသည်။ ရန်အောင်မြင်စေတီနှင့် လဝတောင်ပေါ်မှ လဝဘုရားတို့သည်လည်း မြို့နယ်အတွင်း ထင်ရှားသော စေတီပုထိုးများ ဖြစ်ကြသည်။

သထုံမြို့သည် ရှုခင်း သာယာ လှပသည်ဟု ဆိုခဲ့သည့်အတိုင်း သထုံမြို့ အနီးသို့ မီးရထား ချဉ်းကပ် လာသည့်အခါ မြသပိတ်တောင်၊ လဝတောင်တန်းများ ပေါ်မှ စေတီတန်ဆောင်းတို့ကို နောက်ခံ ပြုထား၍ တိုက်တာအိုးအိမ် စေတီ တန်ဆောင်း ကျောင်းတို့ဖြင့် သိုက်မြိုက်သော သထုံမြို့သည် သာယာရှုမောဖွယ်ရာ ဖြစ်ပေသည်။ မြသပိတ်တောင်ပေါ်မှ အရှေ့ဖက်သို့ လှမ်းမျှော်ကြည့်လိုက်လျှင် ကော့သူးလေပြည်နယ်မှ ဇွဲကပင်တောင်ကိုသော်၎င်း၊ ငွေရောင် ဖဲပြားပမာ သွယ်တန်း စီးဆင်း နေသော ဒုံသမိမြစ်ကိုသော်၎င်း မှိုင်းမှုန်ပြာရီစွာ တွေ့မြင်နိုင်ကြပေသည်။ လဝတောင်တန်း ပေါ်တွင် ရှေးလူများ အသုံးပြုခဲ့သော မြေပန်းကန်များ၊ မြေအိုး ကွဲများကို တွေ့ရှိရ၍ တခေတ်က ထိုတောင်ပေါ်တွင် လူများ နေထိုင်ခဲ့ဘူးသည်ဟု ခန့်မှန်းကြရလေသည်။

**သနပ်ခါးပင်။** ။သနပ်ခါးသည် မြန်မာ အမျိုးသမီးများ လိမ်းကျံ အလှခြယ်ကြသော ပစ္စည်းတရပ် ဖြစ်ပေသည်။ သနပ်ခါးကို မခံမင်မနှစ်သက်သူ မြန်မာအမျိုးသမီးအလွန် ရှားပေလိမ့်မည်။ ယခုခေတ်ပေါ် အနောက်တိုင်းအလှခြယ် ပစ္စည်းကရိယာများ အသုံးများ၍ ခေတ်စားနေစေကာမူ သနပ်ခါးနှင့် ကင်းနိုင်သူ မြန်မာအမျိုးသမီးတို့၏အရေအတွက်သည် အလွန်အလွန် နည်းပါးလှပေသည်။

သနပ်ခါးသည် စိတ်ကြည်လင် လန်းဆန်းဖွယ်ရာ သင်းပြန့်သော ရနံ့နှင့် ပြည့်စုံခြင်း၊ အသားအရေကို အေးမြစေခြင်း၊ အသားအရေကို ချောမွတ်စေခြင်း၊ သနပ်ခါးလိမ်းကျံသူအား လှပစေခြင်း စသော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသဖြင့် ရှေးခေတ်နန်းတွင်းသူများမှအစ ကောက်စိုက်သမများအဆုံး သနပ်ခါးကို လက်မလွှတ်နိုင်ခဲ့ကြပေ။ သနပ်ခါးကို အမြဲတစေ လိမ်းကျံသဖြင့် အသားအရေ စိုပြေဝင်းဖန့်၍ နေလျှင် 'သနပ်ခါးသားရသည်'ဟု အမျိုးသမီးများ ဆိုလေ့ရှိကြပေသည်။

မြန်မာ အမျိုးသမီးများ လိမ်းကျံသော သနပ်ခါးသည် သနပ်ခါးပင်၏ အကိုင်းအခက်များကို၎င်း၊ ပင်စည်ပင်လုံးများကို၎င်း ခုတ်ဖြတ်ထားသော သနပ်ခါးတုံးများ၊ သို့မဟုတ် သနပ်ခါးခေါက်များ၏ အပေ့ါးများကို ကျောက်ပျဉ်ထက်တွင် ရေဖြင့် သွေး၍ ရရှိသောအနှစ်ကို လိမ်းကျံကြခြင်းဖြစ်သည်။ ရှေးနန်းတွင်းသူများကား ပို၍ နူးညံ့သောသနပ်ခါးနှစ်ကို ရရှိစေရန် သနပ်ခါးတုံးများကို အလျားလိုက် မသွေးပဲ ထောင်၍ သွေးကာ လိမ်းကျံကြသည်ဟုဆိုကြသည်။ ထို့ပြင် မြန်မာ အမျိုးသမီးများသည် သနပ်ခါးနှစ်ကို အခြောက်ခံ၍ နုညက်လှသော အမှုန့်များ ပြုလုပ်ပြီးလျှင် ပေါင်ဒါသဖွယ် အသုံးပြုကြသည်။ ထိုသနပ်ခါးမှုန့်များသည် ယခုခေတ်ပေါ် အချို့ ပေါင်ဒါမှုန့်များကဲ့သို့လိမ်းကျံထားသည့်အခါ ပြာခြင်း၊ ပြောင်ခြင်း မရှိပဲ ဖုံ့ဖုံ့ကလေးနေသဖြင့် တမျိုးအားဖြင့် နှစ်သက်ဖွယ် ကောင်းပေသည်။

သနပ်ခါး အတုံးများ အခေါက်များ ခုတ်ယူရရှိသော သနပ်ခါးပင်ကို ရုက္ခဗေဒ အမည်အားဖြင့် လင်မိုနီယား အက်ဆစ်ဒီစီမား ဟုခေါ်သည်။ ရုတေစီအီး မျိုးရင်းတွင် ပါဝင်၍ သီး၊ ဥသျှစ်၊ လိမ်မော်၊ ရှောက်၊ သံပရာ၊ ပျဉ်းတော်သိမ်တို့နှင့် မျိုးရင်းတူလေသည်။

အိန္ဒိယ နိုင်ငံ ဟိမဝန္တာတောင်၏ အနောက် မြောက်တောင်ခြေရင်း ပေ ၄,၀၀၀ အထိ အမြင့်ရှိသော ဒေသများတွင်၎င်း၊ အာသံပြည်နယ်၊ ဩရိဿပြည်နယ်တို့ နှင့် ဒက္ခိဏကုန်းပြင်မြင့်ရှိ ခြောက်သွေ့သော ဒေသများတွင်၎င်း၊ မြန်မာနိုင်ငံအလယ်ပိုင်း ရွှေဘိုခရိုင်မှ တောင်ဖက် ပြည်ခရိုင်အထိ ဖြစ်သော မိုးပါးရေရှား ရပ်ဝန်းတွင်၎င်း သနပ်ခါးပင်များ ပေါက်ရောက်ကြောင်း တွေ့ရှိရသည်။ ယင်းတို့သည် တောခြောက်များ၊ သန်း၊ ဒဟတ်တောများတွင် သန်း၊ ဒဟတ်၊ ထနောင်း၊ ဆူးဖြူ၊ ရှား၊ တည်၊ ခံ စသော အပင်များနှင့် ရောနှော၍ ပေါက်တတ်လေသည်။

သနပ်ခါးပင်သည် ချုံပင်၊ သို့မဟုတ် ပင်စည်လုံးပတ် သုံးပေခန့်အထိ ကြီးမားနိုင်သော အပင်ငယ်မျိုးဖြစ်၍ ရွက်ကြွေပင်မျိုးတွင် ပါဝင်သည်။အကိုင်းဖျားများသည် တောင့်တင်း ခိုင်မာ၍ ကိုင်းတက်များပေါ်တွင် ဆူးရှိသည်။ ထိုဆူးများသည် ဖြောင့်တန်း၍ လက်မဝက်မှ တလက်မခန့်အထိ ရှည်လေသည်။

သနပ်ခါး ရွက်တို့သည် အစိမ်းရောင်ဖျော့သည်။ ရွက်လက်၊သို့မဟုတ် ရွက်တံတခုတွင် ရွက်မြွှာကလေးများ စုံပြိုင်ထွက်၍ ထိပ်ရွက်မြွှာလည်း ပါရှိသော ရွက်ပေါင်းဖြစ်သည်။ ရွက်မြွှာမစုံ ဟုခေါ်သည်။ ထို့ပြင် ရွက်မြွှာတစုံနှင့် တစုံအကြား ရွက်လက်ရိုးတံ၏ တဖက် တချက်တွင် အရွက်ကလေးများနှင့် တူသော လည်တောင် ပါရှိလေရာ ရွက်



www.burmeseclassic.com

www.burmeseclassic.com



လက်ရိုးတံ တဆစ်တဆစ်တွင် ရွက်မြွှာတစုံနှင့် လည်တောင်တို့ ရှိနေပုံသည် ရွက်မြွှာသုံးခု ထွက်နေဘိသကဲ့သို့ ထင်ရသည်။ ရွက်မြွှာကလေးများနှင့် လည်တောင်ကလေးများ၏ အနားသည် မညီပဲ လွှသွားစိတ်များသဖွယ် ဖြစ်နေသည်။ သနပ်ခါးရွက်များကို ဝက်ရူးပြန် ရောဂါ ကုသရေးအတွက် အချို့ ဒေသများတွင် အသုံးချလေသည်။ သနပ်ခါးပွင့်သည် ဖြူ၍ မွှေးကြိုင်သည်။ ပွင့်ဖတ်၌ ဆီအိမ်ကလေးများသည် အရည်ကြည် ပေါက်ကလေးများသဖွယ် ပါရှိ၍ နေရောင်တွင် ထောင်ကြည့်လျှင် တွေ့မြင်နိုင်သည်။ အသီးသည် အခွံပျော့သော ဗဲရီသီးမျိုး ဖြစ်၍ အချင်း လက်မဝက်ခန့် ရှိသည်။ မှည့်သည့် အခါ မဲနက်သွားလေသည်။ ထိုအသီးများကို အဆိပ်ဖြေဆေး၊ အားတိုးဆေးများတွင် အချို့ ထည့်သွင်း အသုံးပြုကြသည်ဟု ဆိုလေသည်။

သနပ်ခါးပင်၏ အသားသည် မာကျော၍ အဝါရောင်ရှိသည်။ မွှေးကြိုင်၍ ကျစ်လျစ် သိပ်သည်းသည်။ အခြောက် ခံထား၍ အသားသေပြီးသော သနပ်ခါး သားကုဗတပေလျှင် ၆၁ ပေါင်ခန့် အလေးချိန် စီးသည်။ ထိုအသားဖြင့် ဆီကြိတ်ဆုံ ဝင်ရိုးများ၊ စပါးထောင်း မောင်းများ ပြုလုပ်ကြသည်။ ထို့ပြင် ပွတ်ထိုးရာတွင်၎င်း၊ ပန်းပုထုရာတွင်၎င်း၊ အတိုင်းအတာ ကရိယာပစ္စည်းများ ပြုလုပ်ရာတွင်၎င်း သနပ်ခါးသားကို အသုံးပြုနိုင်သည်။ သနပ်ခါးပင်၏ အမြစ်ကို ဝမ်းနုတ်ဆေးတွင်လည်း ထည့်သွင်း အသုံးပြုကြလေသည်။

မြန်မာနိုင်ငံ အထက်ပိုင်း အညာမြေ ဒေသတခွင်တွင် "မီးဖုန်းလှူမြဲ၊ တပို့တွဲ"ဟု ဆိုကြသည့်အတိုင်း တပို့တွဲလတွင် မီးဖုန်းပွဲ ကျင်းပလေ့ ရှိကြသည်။ တပို့တွဲလသည် အအေးဓာတ် လွန်ကဲသော လဖြစ်သဖြင့် မြတ်စွာဘုရားရှင် လက်တော်ကင်ရန်အတွက် ရည်စူးကာ မီးပုံ၍ ပူဇော်သော ပွဲတော်ကို မီးဖုန်းပွဲဟုခေါ်ကြသည်။ ထိုအလေ့အထသည် ပုဂံခေတ်ကပင် အစပျိုးခဲ့၍ မြန်မာမင်းများ လက်ထက်က တခမ်းတနား ကျင်းပခဲ့လေသည်။ အညာမြေ ဒေသတခွင်တွင် သနပ်ခါးပင် ပေါများလေရာ အဆိုပါ မီးဖုန်းပွဲ၌ သာမန်ထင်းကို အသုံးမပြုပဲ သနပ်ခါး အတုံး၊ အခက်အလက် အမျိုးအပြားကို ကရမက်၊ နံ့သာဖြူနီတို့နှင့် ရောနှော၍ မီးရှို့ ပူဇော်ခဲ့ကြသည်။ မီးဖုန်းပွဲတော်အတွက် တပျော်တပါး သနပ်ခါးခုတ် ထွက်ကြသည်။ ယခု ခေတ်တွင်မူ သနပ်ခါးပင်များ နည်းပါးလာခြင်းကြောင့် ထိုအလေ့အထသည် ပပျောက်စ ပြုလာလေပြီ။

သနပ်ခါးပင်သည် အကြီးနှေးသည်။ တနေရာနှင့်တနေရာ၌ပင် အပင်ကြီးထွားနှုန်း မတူချေ။ ပင်စည် အချင်း နှစ်လက်မ (လက်ကောက်ဝတ်ခန့်) အရွယ်သို့ ရောက်ရှိရန်ပင် သုံးနှစ်မှ ၁၀ နှစ်ခန့်အထိ ကြာမြင့်တတ်လေသည်။ ထိုသို့ နှေးကွေးစွာ ပေါက်ရောက်တတ်သော သနပ်ခါးပင်များကို စည်းမဲ့ ကမ်းမဲ့ အမြစ်ပါ တူးဆွခုတ်ယူခဲ့ကြသဖြင့် ယခုအခါ သနပ်ခါးပင်များ မြန်မာနိုင်ငံတွင် အတော်ပင် ရှားပါးလာလေပြီ။

ဈေးကွက်များတွင် ရောင်းဝယ် ဖောက်ကားကြသော သနပ်ခါး အတုံးနှင့် အခေါက်များကို သုံးမျိုး ခွဲခြားနိုင်သည်။ ယင်းတို့မှာ (၁) အချင်း လက်ကောက်ဝတ်ခန့်ရှိ၍ ခြောက်လက်မမှ ကိုးလက်မခန့် ရှည်သော အခေါက်ပါရှိသည့် ကျောက်တန်း သနပ်ခါးတုံးများ၊ (၂)အကျယ် လေးလက်မမှ ခြောက်လက်မ အထိရှိ၍ တပေခန့် ရှည်သော အခေါက်ပါသည့် မြိုင်သနပ်ခါး ပေါက်ခြမ်းများနှင့် (၃) အကျယ် လေးလက်မမှ ခြောက်လက်မအထိရှိ၍ အရှည် တပေခန့် ရှိသော သနပ်ခါးခေါက်များ ဖြစ်လေသည်။

ပဌမ အမျိုးအစားသည် ခြောက်သွေ့သော အင်တိုင်း ကုန်းမြေများတွင် ဆူးပင် ချုံပုတ်များနှင့် ရောနှောပေါက်ရောက်၍ အကြီးနှေးသော သနပ်ခါးပင်များ ဖြစ်သည်။ ထိုအပင်မျိုးမှ သနပ်ခါး တုံးများသည် အလွန်ကျစ်လျစ်မာကျော၍ မွှေးကြိုင်သဖြင့် အမျိုးသမီးများ အလွန်ခုံမင် နှစ်သက်ကြသည်။ ဒုတိယနှင့် တတိယ အမျိုးအစားတို့သည် ကြီးထွားမြန်သော သနပ်ခါးပင်ကြီးများ ဖြစ်၍ ယင်းတို့ကို ခုတ်လှဲကာ၊ လွယ်ကူစွာ သယ်ယူနိုင်ရန် သင့်လျော်သော တုံးတို အပိုင်းအစများအဖြစ် ပိုင်းဖြတ်ပြီးလျှင် ခွဲခြမ်းရောင်းချခြင်း ဖြစ်လေသည်။

အောက်ပါတို့သည် သစ်တောဌာန နည်းဥပဒေအပိုဒ် ၅၃ အရ သနပ်ခါး ရောင်းဝယ် ဖောက်ကားရေး အတွက် ထုတ်ပေးရသော မျှောစာများမှ စုဆောင်းထားသော သနပ်ခါးအတုံးနှင့် အခေါက်များ၏ စာရင်းဖြစ်ပေသည်။

| ခုနှစ် | (သနပ်ခါးတုံး အရေအတွက်) (ထောင်ဂဏန်းများ) | (သနပ်ခါးခေါက် ပိသာချိန်) (ထောင်ဂဏန်းများ) |
|---|---|---|
| ၁၉၅၃–၅၄ | ၇၅ | |
| ၁၉၅၄–၅၅ | ၂၄ | |
| ၁၉၅၅–၅၆ | ၁၇ | ၅၂ |
| ၁၉၅၆–၅၇ | ၁၃၆ | ၁၀၀ |
| ၁၉၅၇–၅၈ | ၅၂ | ၁၇၅ |
| ၁၉၅၈–၅၉ | ၃၁၁ | ၁၂၆ |
| ၁၉၅၉–၆၀ | ၃၅၃ | ၁၇၆ |
| ၁၉၆၀–၆၁ | ၁၂၅ | ၁၅၆ |

သနပ်ခါး ထွက်သော မိုးပါး ရေရှား ရပ်ဝန်းဒေသများအနက် ရွှေဘိုနယ်ထွက် သနပ်ခါးနှင့် ပခုက္ကူနယ်မှ ရှင်မတောင် သနပ်ခါးသည် ကျော်ကြားလေသည်။ ရွှေဘို ခရိုင်



www.burmeseclassic.com

www.burmeseclassic.com



အချို့သော မြို့နယ်များ၌ အချို့သူတို့သည် မိမိတို့ပိုင် မြေများပေါ်ရှိ သနပ်ခါးပင်များကို အပင်ငယ်စဉ် ခုတ်ယူခြင်း မပြုသေးပဲ မွေးထားကာ သင့်လျော်သော အရွယ်သို့ ရောက်မှ အပင်လိုက် ခုတ်ရောင်းခြင်းများ ရှိသော်လည်း ပြောပလောက်အောင် စိုက်ပျိုးခြင်းကား မရှိကြပေ။

**သနပ်ပင်။** ။မြန်မာ နိုင်ငံသားတို့သည် သနပ်ပင်ကို မမြင်ဘူးသူ ရှိချင်ရှိမည်ဖြစ်သော်လည်း သနပ်ဖက်ကိုကား မမြင်ဘူးသူ ရှားသလောက်ပင် ရှိချေမည်။ အဘယ်ကြောင့် ဆိုသော် မြန်မာ နိုင်ငံ အရပ်ရပ်တိုင်း၌လိုပင် ဆေးလိပ်သောက်သူ ရှိသောကြောင့် ဖြစ်သည်။ ဆေးလိပ်သောက်သူများအနက် အထူးသဖြင့် သနပ်ဖက်ဖြင့် လိပ်သော ဆေးပေါ့လိပ်ကို သောက်သူ များလေသည်။

သနပ်ပင်သည် တောင် ကလမက်ပင်ကဲ့သို့ပင် ဗိုရာဂျီနာစီအီး မျိုးရင်းဝင် ပင်စောက်မျိုး ဖြစ်သည်။ ရုက္ခဗေဒ အမည်အားဖြင့် ယင်းကို ကောဒီယာ ဒိုင်ခိုတိုမာ ဟုခေါ်သည်။ ယင်းကို မြန်မာနိုင်ငံ ရှမ်းပြည်တောင်ပိုင်း မိုင်းပွန်နယ်ဒေသ လုံတွေ၊ နောင်ဖက်၊ ကောင်းလိုင်၊ ကောင်းဖယာ၊ တောင်ကွဲ၊ နန်းလီ၊ မိုင်းကြင်၊ ပန်လျင်း၊ နန်းမော်မား၊ ဟူမိန်း၊ မိုင်းကြည်၊ နန်းကွပ်၊ ပန်းလင်း စသော အရပ်များအပြင် မဲနယ်တောင် ဒေသ၊ နန်းခုပ်၊ ဟိုပုံးဒေသတို့၌ အမြောက်အမြား ပေါက်၍ လွယ်လုံ၊ ပင်လောင်း၊ ပင်းတယ၊ နောင်ချို စသော နယ်တဝိုက်တို့၌ အသင့်အတင့် ပေါက်သည်။ ယခုအခါ ချင်းပြည်နယ် မင်းတပ် စသော မြို့များ၌ ဖက်အလို့ငှာ စိုက်ပျိုးနေကြသည်။ သနပ်ပင်ကို အထူးသဖြင့် အရွက်အလို့ငှာ စိုက်ကြသည်။ သနပ်ပင်မှ အရွက်ကို သနပ်ဖက် ဟုရင်း၊ ရှမ်းဖက် ဟုရင်း၊ မြည်ိုဖက် ဟုရင်း ခေါ်ကြသည်။ သနပ်ပင်ကို ရှမ်းဘာသာဖြင့် ထွန်းပေါမန်း၊ သို့မဟုတ် ဖက်မောင်းဟု ခေါ်၍ မွန်ဘာသာဖြင့် ကစုန်မေ ဟုခေါ်သည်။ ကချင်ဘာသာဖြင့် ပတ်ကမန်းဟုခေါ်သည်။

သနပ်ဖက် လုပ်ငန်းသည် ရှမ်းပြည်နယ်၏ စီးပွားရေး လုပ်ငန်းတရပ် ဖြစ်နေရာ၊ ယခုအခါ တောရှင်း၍ သနပ်ပင်များကို တမင်စိုက်ပျိုးပြုစုကြသည်။ သနပ်ပင် တခြံလျှင် ပင်ရေ ၅၀ မှ ၄,၀၀၀ အထိ စိုက်ပျိုးကြသည်။ ရေမဝပ်သော တောင်ခါးပန်းများတွင် စိုက်ပျိုးလေ့ ရှိကြသည်။ ရှေးဦးစွာ ပြာသို တပို့တွဲလများတွင် မြေရှင်း၍ မီးရှို့ရသည်။ တန်ခူးလတွင် တဖန် ထပ်မံ မီးရှို့ရပြန်သည်။ ထိုနောက် ကဆုန်လတွင် မြေဆွကာ မျိုးကြဲရသည်။ သနပ်ပင်ကြီးများမှ သီးသော သနပ်သီးကို နေလှန်း၍ ဆုံတွင် ဖွဲများ ထည့်ထောင်း၍ အခွံချွတ်သောအခါ ထွက်သော အစေ့သည် မျိုးဖြစ်သည်။ ယင်းမျိုးများမှ ပေါက်လာ



သနပ်ပင်၏ အကိုင်းအရွက်များ

သော ပင်ပေါက်ကလေးများ နှစ်တောင့်ထွာခန့်ရှိသောအခါ နုတ်၍ မူလ ပင်မ မြစ်ရှည်တခုသာ ထား၍ ဘေးသို့ ဖြာထွက်နေသော အမြစ်များကို ဖြတ်တောက်ပြီးလျှင် တပင်နှင့်တပင် လက်မ ၅၀ ခန့်စီ ခြား၍ စိုက်ရသည်။ မြေဩဇာ ကောင်းအောင် ထည့်ပေးခြင်း၊ မြေဆွပေးခြင်း၊ ပေါင်းနုတ်ပေးခြင်းတို့ကို မကြာခဏ ပြုလုပ်ရန်လိုသည်။ အပင်အတော် တက်၍ အကိုင်းအခက်များ ဖြာထွက်လာသောအခါ ပင်မကိုင်းကြီး နှစ်ကိုင်း သုံးကိုင်းသာချန်၍ ကျန်ကိုင်းများကို ချိုင်ပစ်ရသည်။ ယင်းသို့ ချိုင်ရာ၌ ဓားထက်ထက်ဖြင့် တချက်တည်း ပြတ်အောင် ခုတ်ရသည်။ တချက်နှင့် မပြတ်၍ နောက် နှစ်ချက် သုံးချက် ထပ်ခုတ်ရပါက အပင်နာ၍ အရွက်များ လိုတတ်သည်။ ယင်းသို့ ဘေးကိုင်းများကို ချိုင်ပစ်မှသာလျှင် ကိုင်းကြီးများသို့ အင်အားများစုသွား၍ အရွက်ကြီးတွားသည်ဟု ယုံကြည်ကြသည်။ နှစ်စဉ် တပို့တွဲ တပေါင်းလများတွင် အကိုင်းခုတ်ကြသည်။ ထို့ပြင် အရွက်ကြီးထွားစေရန် အရွက်နှင့်အရိုးကြား၌ ပေါက်သော အထက်ငယ်များကို သုတ်သင် ပစ်ကြသေးသည်။ မြေဩဇာကောင်းလျှင် သုံးနှစ်အရွယ် သနပ်ပင်မှ အရွက်ကို ခူးနိုင်၍ မြေညံ့က လေးနှစ်အရွယ်ရောက်မှ ခူးနိုင်သည်။ သနပ်ဖက် တပင်လျှင် အကောင်းအဆိုးလိုက်၍ ရွက်ရေ ၃၀ မှ ၄၀ အထိ ထွက်နိုင်သည်။ သနပ်ဖက်ကို ဝါဆို၊ ဝါခေါင်၊ တော်သလင်း လများ၌ ခူးကြသည်။ အပင်များလည်း



www.burmeseclassic.com

www.burmeseclassic.com


တနှစ်လျှင် လေးကြိမ် ခူးကြသည်။ လေးကြိမ် ခူးသည့် အနက် နှစ်ကြိမ် အောင်မြင်က ထိုခြံရှင်သည် ကုသိုလ်ကောင်းသည်ဟု ဆိုကြသည်။

သနပ်ပင်သည် ပင်ကြီးမျိုး မဟုတ်ချေ။ လူတရပ်သာသာမျှသာ မြင့်သော အပင်မျိုးဖြစ်သည်။ တနှစ်တခါ ရွက်ကြွေသစ်ပင်မျိုး ဖြစ်သည်။ အကိုင်းအလက်ကို မခုတ်ပဲ ထားပါက ပေ ၃၀ အထိ မြင့်တတ်သည်ဟု ဆိုသည်။ ပင်စည်၌ အခေါက်ရှိသည်။ အရွက်သည် သုံးလက်မမှ ၁၂ လက်မခန့်ထိ ရှိသည်။ တခါတရံ တတောင်ခန့်ရှိ အရွက်များကိုပင် တွေ့ရတတ်သည်။ အရွက်သည် ဥဝိုင်းလှံစွပ်ပုံဖြစ်သဖြင့် ဖင်ပိုင်းသည် တညီတညာတည်း ကျယ်ဝိုင်း၍ အဖျားသည် လှံစွပ်ကဲ့သို့ ချွန်းသွားသည်။ တရွက်နှင့်တရွက် အလှဲပေါက်၍ ရွက်ကြောသုံးခုစီရှိသည်။ ရွက်ညှာတံသည် တလက်မခွဲခန့်ရှိသည်။ သနပ်ရွက်ကို သနပ်ဖက်ဟု အခေါ်များသည်။ သနပ်ပွင့်သည် ပွင့်ချပ် ငါးခု ပွင့်ဖတ် ငါးခု ရှိသည်။ ပွင့်ချပ်အုံသည် တိုသည်။ ပြောင်းကဲ့သို့ အခေါင်းဖြစ်၍ ခေါင်းလောင်း ကဲ့သို့ ထိပ်ကားသည်။ ပွင့်ဖတ်သည့်အဖြူရောင်ဖြစ်ပြီးလျှင် ကတော့ပုံကဲ့သို့ အဝကားသည်။ အတွင်းသား၌ မွေးနုကလေးများ ရှိသည်။ တပင်တည်း၌ အဖိုပန်းနှင့် အဖို အမ အင်္ဂါနှစ်မျိုးစလုံးပါသောပန်း ပွင့်တတ်သည်။ ဖေဖွာရီလမှ မေလအတွင်း အပွင့် ပွင့်သည်။ အသီးသည် အခွံမာသီးဖြစ်၍ အဝါ၊သို့မဟုတ် ပန်းရောင်ဖြစ်သည်။ တလက်မနီးနီး ကြီးသည်။

သနပ်ဖက်ကို ဆေးလိပ် လိပ်ရန် အစိမ်းအတိုင်း အသုံးပြုရသည် မဟုတ်ချေ။ အမျိုးမျိုးပြုပြင်ပြီးမှ အသုံးပြုကြရသည်။ ဦးစွာ ခူးစဖက်ရွက်ကို မှောက်၍ ကိုင်ပြီးသော် အကြော ကလေးများကို တရွက်ချင်း သင်ပေးရသည်။ အကြောသင်ပြီး ဖက်များကို မြေလုံ ဖိုရှည်ကြီး ပေါ်၌ တည်ထားသော ဒယ်ပြား အပက်ဝိုင်းများတွင် တင်၍ လှော်ရသည်။ တဖိုတွင် ဆယ်ဒယ်မှ ၁၂ ဒယ်အထိတည်နိုင်၍ တဒယ်တွင် ဖက်ရွက် ၁၅ ရွက်ခန့်စီကာ အပေါ်မှ သဲထုတ်ဖိ၍ လှော်ရသည်။ တဖက်ပြီးတဖက် လှည့်၍ လှော်



မြန်မာနိုင်ငံအရပ်ရပ်ရှိ ဆေးပေါ့လိပ်ခုံများတွင် သနပ်ဖက် ဆေးပေါ့လိပ်များ လိပ်ရန်အတွက် ဆေးလိပ်သမများသည် သနပ်ဖက်များကို ဤသို့ ရှေးဦးစွာ အရွယ်အစားအလိုက် ရွေးချယ်ရလေသည်။

www.burmeseclassic.com



ရသည်။ ယင်းသို့ လှော်ပြီးသော ဖက်များကို အကြီး အငယ် အလိုက် တရွက်စီ ရွေးထုတ်၍ ခုနစ်မျိုး ခွဲခြားကာ အမည် သတ်မှတ်ကြသည်။

(၁) ၇ ၁/၂ လက်မမှ ၉ လက်မအထိ ရှိသော ဖက်ကို ခေါင်၊ သို့မဟုတ် ခ ဟုခေါ် သည်။

(၂) ၅ ၁/၂ လက်မမှ ၇ လက်မရှိသော ဖက်ကို ရွက်ကြီး၊ ယင်းကိုကြီး၊ သို့မဟုတ် က ဟုလည်း ခေါ် သည်။

(၃) ၅ လက်မမှ ၆ ၁/၂ လက်မရှိသော ဖက်ကို ရွက်လတ်၊ ယင်းကို လ ဟုလည်းခေါ် သည်။

(၄) ၅ လက်မမှ ၅ ၁/၂ လက်မ ရှိသော ဖက်ကို စက ဟု ခေါ် သည်။

(၅) ၄ ၃/၄ လက်မမှ ၅ ၁/၂ လက်မရှိသော ဖက်ကို ဝ ဖက် ဟုခေါ် သည်။

(၆) ၄ ၁/၄ လက်မမှ ၅ ၁/၂ လက်မဖက်ကို အသေး ဟု ခေါ် သည်။ ယင်းကို သ ဟုလည်းခေါ် သည်။

(၇) အသားကောင်း အရွယ်ညီ ပိုးလွတ်ဖက်ကို လက်ရွေး စင်၊ ယင်းကို ရွေးဟု ခေါ် သည်။

တတောင်ပတ်လည်ခန့် ရှိသည့် ထွန်းကားသည့် ဖက်ကို ပဒုံးဟု ခေါ် သည်။ ဤအရွယ်ဖက်မျိုးကို အလွန် ရခဲသဖြင့် သနပ်ပင် စိုက်ရာ ဒေသ၌ ပဒုံး ရ မျက်နှာ ဟု ဆိုလျှင် မှိုရသည့် မျက်နှာ ဟု ဆိုသကဲ့သို့ လာဘ်ကောင်းသည်၊ ကံကောင်းသည် ဟု အယူ ရှိကြသည်။ ယင်းဖက်မျိုးကို ရောင်းဝယ်ခြင်း၊ သောက်သုံးခြင်း မပြုကြပဲ ဘုရားစင်၌ ဆွဲချိတ်၍ မြတ်စွာဘုရားအား ပူဇော်ကြသည်။ အသေးဆုံး ဖက်ကိုမူ ပဒီးဟုခေါ် သည်။

ယင်းသို့ အတန်းအစား အလိုက် ရွေးချယ်ပြီးသော ဖက်များကို အမြီး ခေါင်း စီ၍ ဖက်သား ညီညာရန် ၁၅ ရက်ခန့် ကျောက်နှင့် ဖိရသည်။ ထိုနောက်မှ တပိုလျှင် ၁၆ ပိသာမှ ပိသာ ၂၀ ခန့်စီ အထိ သွင်းကာ မောင်ယစ် တောင်ဟု ခေါ် သော သစ်သားမောင်းဖြင့် လူနှစ်ယောက် က နင်း၍ လူနှစ်ယောက်က ဖက်ပိုကို ကိုင်ကာ အကြမ်း သဘော ပိုပိတ်ရသည်။ ပြီးမှ နှီးဖြင့် အချောလိုက်၍ ပိတ်ချုပ်ရသည်။ ပို ဟူသော စကားမှာ ပအိုးဘာသာ စကားဖြစ်၍ ခြောက်ကြိမ်ဟု အနက်ထွက်သည်။ အပင်မှ ဖက်ကို (၁) ခူးရခြင်း၊ (၂) အကြောသင်ရခြင်း၊ (၃) လှော်ရခြင်း၊ (၄) အမျိုးအစား ခွဲရခြင်း၊ (၅) ကျောက်ဖိ ရခြင်း၊ (၆) ပိုသိပ်ရခြင်းစသည်ဖြင့် အဆင့်ခြောက်ဆင့် ပြုမှ အသင့်ဖြစ်သဖြင့် အသင့်ဖြစ်ရန် ထည့်သည့် ဝါးကပ်ခံ ဝါးခြင်းကို ပိုခေါ် သည်ဟုဆိုသည်။

သနပ်ဖက်များကို အမျိုးအစား ခုနစ်မျိုး ခွဲထားသော် လည်း ယေဘုယျအားဖြင့် တောင်ချော၊ တောင်လတ်၊ တောင်ကြမ်း ဟု ခေါ်ကာ ဈေးသတ်မှတ် ကြသည်။ တောင် ဟူသည်မှာ ရှမ်းဘာသာဖြင့် ဖက်ကို ခေါ်ခြင်း ဖြစ်၍ ဖက်ချော၊ ဖက်လတ်၊ ဖက်ကြမ်း ဟု ဆိုခြင်း ဖြစ်လေသည်။

သနပ်သီးမှာ အရသာချိုသည်။ အေးသည်။ ကြေခဲ သည်။ သလိပ်ကို ပျက်စေတတ်သည်။ သနပ်ရွက်သည် ဝမ်းကိုချုပ်စေ၍ ဝမ်း၌ သန်ကောင်ကိုပွားစေတတ်သည်။ သနပ်ခေါက်သည် နှာစေး ချောင်းဆိုး ရောဂါကို ပျောက် စေနိုင်သည်ဟု မြန်မာဆေးကျမ်းများ၌ ဆိုသည်။

သနပ်သားသည် မွဲပြာရောင်ရှိ၍ သစ်သားပျော့ ဖြစ် သည်။ တာရှည်ခံသော အသားမျိုးမဟုတ်။ မြန်မာနိုင်ငံ အချို့ဒေသတို့၌ အိမ်တိုင်၊ ထုတ်လျောက်၊ လှေ၊ လှည်း၊ လှည်းဘီး၊သေတ္တာစသည်တို့ ပြုလုပ်သုံးစွဲကြသည်။

သနပ်ပင်ကို စိုက်ပျိုးရာ၌ အလွန်ယုယရသည်။ ရာသီ ဥတုဒဏ်၊ မိုးဒဏ်မှ ကင်းလွတ်ပါမှ ဖက်ကောင်းရနိုင်သည်။ လေများများတိုက်ပါက ဖက်ရွက်မှာ တွန့်၍ နီကာ ကြမ်း သည်။ မိုးနည်းပါက ဖက်ရွက်သည် စိမ်း၍ ဝါသဖြင့် အ ရောင်ညှိုတတ်သည်။ မိုးသီးမိလျှင် ဖက်ရွက်များ ပေါက် ကန့်တတ်သည်။ မိုးအသင့် အတင့်ရွာမှ ဖက်ရွက်သည် ညို၍ ချောမွတ်သည်။ သင့်တင့်သော ရာသီဥတုနှင့် ကြုံ ကြိုက်ပါသော်လည်း ပိုးဒဏ်ကို အထူး ဂရုပြုရသေးသည်။ သနပ်ဖက်ကိုဖျက်သော ပိုးများအနက် အဆိုးရွားဆုံးမှာ (၁) ပျန်းချိုးပိုး၊ (၂) ဝန်ခံ၊ (၃) မင်းဘူး၊ (၄) ဆန်ပေ၊ (၅) မင်းရောယံ၊ (၆) သတ်တင်၊ (၇) မင်းဆင်း၊ (၈) ဝန်ကိုင်း၊ (၉) ဝန်ချို၊ (၁၀) မျင်းနွှ ဟု ရှမ်းဘာ သာဖြင့် ခေါ်တွင်သည့် ပိုးများ ဖြစ်ကြသည်။ ထိုပိုးများ သည် သနပ်ဖက်ကို အရိုးမကျန် စားတတ်ကြသည်။ တနာရီ ခန့်အတွင်း ပင်လုံးကျွတ် စားသောက်ဖျက်ဆီးပစ်တတ်ကြ သည်။ ထို့ကြောင့် သနပ်ပင် စိုက်သူတို့သည် သနပ်ပင်၌ အမြဲစောင့်၍ ပိုးဖမ်းကြရသည်။ အထူးသဖြင့် နေ့အချိန် ထက် ညဉ့်အချိန်၌ ပို၍ ပိုးထသဖြင့် ညဉ့်ဖက်တွင် ဂရုတစိုက် လိုက်၍ ဖမ်းကြရသည်။ သို့မှသာလျှင် ဖက်ကောင်း ရ၍ စီးပွားရေးကောင်းနိုင်လေသည်။

သနပ်ပင်မှ အရွက်နုများကို ချဉ်ရည် ချက်စားခြင်း၊ ပြုတ်၍ သုတ်စားခြင်းများ ပြုကြသည်။ သနပ်ပင်ကို အ ကိုင်းအခက် မချိုင်ပဲ အလိုအလျောက် ကြီးထွားခွင့် ပြုလျှင် အရွက်များ သေးသွားလေသည်။ ထို့ကြောင့် ဖက်အတွက် စိုက်ပျိုးကြသောအခါ အပင်ကို အကြီးမခံ ပဲ အကိုင်းအခက်များကို နှစ်စဉ်ချိုင်ပေးရလေသည်။

**သနပ္ပင်မြို့။** ။သနပ္ပင် မြို့သည် အောက်မြန်မာနိုင်ငံ ပဲခူးတိုင်း၊ ပဲခူးခရိုင်၊ သနပ္ပင်မြို့နယ်၏ မြို့ပိုင်ရုံးစိုက်မြို့ ဖြစ် သည်။ ပဲခူးမြို့၏အနောက်ဖက် ငါးမိုင်ခန့် အကွာတွင် ရှိသည်။

www.burmeseclassic.com



သနုပွင်ဟု ခေါ်ဝေါ်ခြင်းမှာ မြို့မတည်မီ ရှေးနှစ်ပေါင်း ၇၀ ကျော်ခန့်က ယခုမြို့တည်ထားသည့် အရပ်တွင် သနပ်ပင် အများအပြား ပေါက်ရောက်နေခဲ့၍ ယင်းတို့အနက် အပင်ကြီးနှစ်ပင်မှာ ပဲခူးမြို့မှပင် လှမ်း၍ မြင်နိုင်လောက်အောင် ကြီးထွားမြင့်မားသည် ဟု ဆိုကြသည်။ ထိုစဉ်က ထိုအရပ်တွင် တဲကလေး လေးငါးလုံးခန့်သာရှိ၍အနီးအနားမှာလည်း တောကောင်းသဖြင့် မျက်နှာဖြူလူမျိုးများ အမဲလိုက်စခန်းတခု ဖြစ်ခဲ့သည်။ အဓိကရ သနပ်ပင်ကြီးနှစ်ပင်ကိုအစွဲပြု၍ ထိုစခန်းကို သနပ်ပင်စခန်း ဟု ခေါ်ဆိုခဲ့ကြလေသည်။ ထိုဒေသပတ်ဝန်းကျင်တွင် နေထိုင်သူများမှာ မွန်လူမျိုးများဖြစ်ကြ၍ မြေရိုင်းဖုန်းဆိုးများကို ခုတ်ထွင်ရှင်းလင်းကာ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။ လူနေအိမ်ခြေ တစတစ တိုးတက်လာရာ မြန်မာ ၁၁၇၀ ပြည့်နှစ်ခန့်တွင် ထိုအရပ်ကို သနပ်ပွင်ကျေးရွာ ဟု ခေါ်ဝေါ်လာကြသည်။ ယင်းမှတဆင့် စိုက်ပျိုးဖြစ်ထွန်းသော နယ်မြေ ဒေသဖြစ်သဖြင့် တိုးတက်စည်ကားလာသောကြောင့် မြို့ပိုင်ရုံးစိုက် မြို့တမြို့ ဖြစ်လာလေသည်။

မြို့၏အကျယ်အဝန်းသည် နှစ်မိုင်ပတ်လည်ခန့် ရှိသည်။ ၁၉၅၃ ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေသည် ၆,၇၀၅ ယောက်ဖြစ်၍ မြန်မာလူမျိုးသည် အများစုဖြစ်လေသည်။

သနုပွင်မြို့သည် ကူးသန်း သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအဆင်ပြေသော မြို့တမြို့ဖြစ်ပေသည်။ ပဲခူး–သနုပွင် မော်တော်ကားလမ်းသည် ရန်ကုန်–မန္တလေးမော်တော်ကား လမ်းမကြီး၏ လမ်းခွဲ တစိတ်တဒေသ ဖြစ်သည်။ ဒုတိယကမ္ဘာစစ် မတိုင်မီကာလက ၄၉ မိုင်မျှသာ ရှည်သော ပဲခူး–သုံးခွ မီးရထားလမ်းသည် သနုပွင်မြို့ကို ဖြတ်သန်း သွားသည်။ ဒုတိယကမ္ဘာစစ် ကာလအတွင်းမှ စ၍ မီးရထားလမ်းကို ပိတ်ထားခဲ့ရာ ယခုအခါ ယင်းကို ပဲခူးမှ ခရမ်းသုံးခွအထိ လမ်းပေါက်သော မော်တော်ကားလမ်း အဖြစ်သို့ ပြုပြင်ပြောင်းလဲ ဖောက်လုပ်ဆဲ ဖြစ်လေသည်။ ထိုလမ်း ပြီးစီးသွားပါက ပဲခူးခရိုင်နှင့် ဟံသာဝတီခရိုင်တို့၏ ကူးသန်းသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးသည် ယခုထက်ပင် လွယ်ကူကောင်းမွန်ပေလိမ့်မည်။


ရေလမ်းခရီးဖက်တွင် မိုင်၃၀ ရှည်လျားသော ပဲခူး–စစ်တောင်း တူးမြောင်းသည် သနုပွင်မြို့လယ်ကို ဖြတ်သန်း သွားခလသည်။ မြို့တဖက်ကမ်းနှင့် တဖက်ကမ်း ကူးသန်း



သနုပွင်မြို့ မြစ်ကျိုးတူးမြောင်း အတွင်းမှ လှေသမ္ဗန် မော်တော်ဆိပ်

www.burmeseclassic.com





သနပ္ပင် မြို့နယ်တွင်းရှိ မြစ်ကျိုးနှင့် စစ်တောင်းမြစ် ဆက်သွယ်ထားသော မင်းရွာ ရေတံခါးကြီး

နိုင်ရန် ပေ ၁၂၀ ရှည်သော တန်တားကို ၁၉၀၀ ပြည့်နှစ်တွင် လမ်းဌာနက ဆောက်လုပ်ခဲ့သည်။ ထိုတူးမြောင်းသည် ယခင်က လှေ၊ သမ္ဗန်မှ စ၍ တံကင်းကြီးများအထိ သွားလာ နိုင်ခဲ့သော်လည်း ယခုအခါ ကောလာသဖြင့် လှေ၊ သမ္ဗန်၊ ဘောက်တူနှင့် ကူးတို့ မော်တော်ကလေး များသာ သွားလာနိုင်သည်။ ဗြိတိသျှ လက်ထက်က ပျဉ်းမနား၊ တောင်ငူ၊ လယ်ဝေး၊ ရွှေကျင်နယ်များဖက်မှ ကျွန်းသစ်များကို ထိုတူးမြောင်းအားဖြင့် မျှောချခဲ့လေသည်။ ထိုပြင် ပဲခူးခရိုင်အတွင်း ကျေးရွာပေါင်း ၃၀၀ ကျော်တို့မှ ဆန်စပါး၊ ထင်း၊ ဝါး၊ ဓနိ၊ စဥ့်အိုးနှင့် ကုန်စိမ်းပစ္စည်းများကိုလည်း ထိုတူးမြောင်းဖြင့် သယ်ယူပို့ဆောင်ခဲ့ကြသည်။ ထိုမှတပါး အခြားချောင်းကြီး ချောင်းငယ်တို့ဖြင့် ဟံသာဝတီခရိုင်သို့ရင်း၊ သထုံခရိုင်ဖက်သို့ရင်း ကူးသန်းသွားလာနိုင်သည်။

သနပ္ပင် မြို့နယ်သည် ပဲခူးခရိုင်၏ မြေနိမ့်မြေပြန့်ပိုင်းကျသော မြို့နယ်ဖြစ်သည်။ ၁၉၃၁ ခု နှစ် သန်ကောင်စာရင်းအရ မြို့နယ်၏ အကျယ်အဝန်းသည် ၃၄၁ စတုရန်းမိုင်ဖြစ်၍ သူကြီးတပိုင်ကျေးရွာ အစုပေါင်း ၅၁ ခုပါဝင်သည်။ မြို့နယ် အတွင်း အိမ်ခြေ ၁၀,၆၄၇ အိမ်ရှိ၍ လူဦးရေသည် ၅၂,၆၄၈ ယောက် ဖြစ်သည်။ ဆန်စပါး စိုက်ပျိုးရေးသည် မြို့နယ်၏ အဓိက လုပ်ငန်း ဖြစ်၍ စိုက်ပျိုးလုပ်ကိုင်သော လယ်မြေကေပေါင်း ၁၄၅,၇၆၈ ရှိလေသည်။ မြန်မာတနိုင်ငံလုံးတွင် မြေပဲသီးထပ် ဒုတိယအများဆုံး စိုက်ပျိုးနိုင်သော မြို့နယ်ဖြစ်၍ ယင်းသို့ စိုက်ပျိုးသော ကေပေါင်းမှာ ၂၆,၆၆၂ ဖြစ်သည်။ တော်လှန်ရေး အစိုးရလက်ထက်တွင် လက်မှုလယ်ယာမှ စက်မှု လယ်ယာသို့ ပြောင်းခဲ့သဖြင့် ဆောင်းရာသီ သီးထပ်စိုက်ပျိုးရေးတွင် ကေ ၂,၀၀၀ ကျော်မျှ ပိုမိုစိုက်ပျိုးလုပ်ကိုင်နိုင်ခဲ့လေသည်။ ထိုပြင် မြို့နယ်အတွင်း၌ ငါးလုပ်ငန်း၊ ဝက်၊ ဝမ်းဘဲ မွေးမြူရေး လုပ်ငန်းများဖြင့် အသက်မွေးသူများလည်း အတော်အတန် များပြားသည်။ သနပ္ပင်မြို့နယ်သည် တနိုင်ငံလုံးတွင် ဝမ်းဘဲဥအများဆုံးထွက်သော နယ်တနယ်ဖြစ်သည်။

မြို့နယ်အတွင်း ထင်ရှားကျော်ကြားသော အဆောက်အအုံနှင့် စေတီ ပုထိုးများမှာ အလောင်းမင်းတရားကြီး ယိုးဒယား နိုင်ငံသို့ ချီတက်ရာတွင် စစ်လမ်းကြောင်း တလျှောက် တည်ထားခဲ့သော စေတီတဆူဖြစ်သည့် ပုဂံစေတီသည် ယခု သနပ္ပင်မြို့၏ တောင်ဖက် နှစ်မိုင်ခန့်အကွာတွင် တည်ရှိလေသည်။ ထိုပြင် ရာဇာဓိရာဇ် သားတော် ဗညားဓမ္မရာဇာ တည်ထား ကိုးကွယ်ခဲ့သည်ဆိုသော ကျောက်ပဒိုင် စေတီကို မြို့နှင့် ငါးမိုင်ခန့်အကွာတွင် ဖူးတွေ့ရသည်။ မြို့နှင့် သုံးမိုင်ခန့်အကွာတွင်ရှိသော ကျိုက်ကစစ်စေတီကို အသားမင်းသားတည်ထားခဲ့သည်ဟု ဆိုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဝေါဟာရ နှင့် အသံလှယ်အမည်များ

ဤကျမ်းတွင် ကမ္ဘာပေါ်ရှိ ကျယ်ဝန်းလှသော ပညာရပ်အမျိုးမျိုး၊ အကြောင်းရပ်အမျိုးမျိုးတို့ ပါဝင်သည့်ပြင်၊ မြန်မာနိုင်ငံတွင် ပဌမဆုံး ပေါ်ထွက်လာရခြင်းဖြစ်သည့်အလျောက်၊ ဘာသာခြားမှ မြန်မာလိုပြန်ဆိုထားသော ဝေါဟာရသစ်များနှင့် အသံလှယ်ယူထားသော အမည်များ မြောက်မြားစွာပါရှိသည်။ ဤကျမ်းတွင်ပါဝင်သော ဝေါဟာရနှင့် အသံလှယ်ယူထားသောအမည်တို့ကို မူရင်းစကားနှင့်တကွ အောက်တွင် အက္ခရာစဉ်အတိုင်း ဖော်ပြထားသည်။ ထုတ်ဝေပြီးအတွဲများတွင် ဖော်ပြပါရှိပြီးဖြစ်သော ဝေါဟာရများနှင့် အသံလှယ်အမည်များကိုမူ အောက်ပါစာရင်း၌ ထပ်မံဖော်ပြခြင်းမပြုပါ။

## ဝေါဟာရများ

| | |
|---|---|
| ကဗယ်လာ မြစ် | Cavalla, River |
| ကယ်ရီယာလှိုင်း (သယ်ဆောင်လှိုင်း) | Carrier Wave |
| ကော့ကားမောက်မြို့ | Cocker Mouth |
| ကက်ဖီအင်းဓာတ် | Caffeine |
| ကင်ဆင်တန်နန်းတော် | Kensington Palace |
| ကောင်းကင်ကြိုး | Aerial |
| ကုန်းလိပ် | Tortoise |
| 'ကမ္ဘာများ၏စစ်ပွဲ' | 'The War of the Worlds' |
| ကြိုးမဲ့ကြေးနန်း | Wireless |
| ကြိုးလွှ | Chain Saw |
| ကြင်ဖက်တော်မင်းသား | Prince Consort |
| ကွင်းစဗာရီ မြို့စား၏ စည်းမျဉ်း ဥပဒေများ | Marquis of Queensbury Rules |
| ခရိုက်ဟော့စပီတယ်ကျောင်း | Christ Hospital School |
| 'ခင်ကြီးမွဲ' | 'Poor Priests' |
| 'ခေတ်သစ် ရုက္ခဗေဒ ဖခင်' | 'Father of Modern Botany' |
| ချစ်ပီဝါ မြစ် | Chippewa, River |
| ချွဲမြေး | Mucous Membrane |
| ဂရင်း ကူလီ ရေကာတာ | Grand Coulee Dam |
| ဂရင်းနော့မြို့ | Greenock |
| ဂရစ်ဇလီ ဝက်ဝံ | Grizzly Bear |
| ဂရိတ် ဒဗိုက်ဒင်း တောင်တန်း | Great Dividing Range |
| ဂက်တီးစဗတ် တိုက်ပွဲ | Gettysburg, Battle of |
| ဂန္နက် တောင်ထိပ် | Gannett Peak |
| ဂုမ္ဗတီ မြစ် | Gumti, River |
| ငါမီ ရေအိုင် | Ngami, Lake |
| ငွေ့ရည် သီအိုရီ | Fluid Theory |
| 'စကော့တလန်ပြည်၏ အုပ်ထိန်းသူ' | 'Guardian of Scotland' |
| စကုန်း ကျောက်တုံး | Stone of Scone |
| စတော့ဟုမ်း သိပ္ပံ ပညာတံခွန် အသင်း | Stockholm Academy of Science |
| စတွန်တန်မြို့ | Staunton |
| စပိုကန်းမြို့ | Spotcane |
| 'စာဆိုရိပ်မြုံ' | 'Poet's Corner' |
| စိန့်ကရွား မြစ် | St. Croix, River |
| 'စိမ်းရောင်စို ပြည်နယ်' | 'The Evergreen State' |
| ဆီအက်တယ်မြို့ | Seattle |
| ဆေးဗင်း တောင် | Sevennes Mt. |
| ဆိုင်ရီးနီမြို့ | Cyrene |
| ဇာလေးမြို့ | Zaile |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| တဖက်တပြန်စီး လျှပ်စစ်ကားရင့် | A. C. Current |
| တဖက်သတ်စီး လျှပ်စစ်ကားရင့် | D. C. Current |
| 'တရားစောင့်သူ လေးဦး' | 'The Four Just Men' |
| တာကိုးမာမြို့ | Tacoma |
| တားဆီးအား | Resistance |
| တူးလူး တိုက်ပွဲ | Battle of Toulouse |
| 'တောရွာမှ ပန်းဘဲဆရာ' | 'The Village Blacksmith' |
| တန်းစာလုံးစက် | Type-Bar |
| ဒီလိုလို ရေအိုင် | Dilolo, Lake |
| ဒေးဗစ်ဆန် ကောလိပ်ကျောင်း | Davidson College |
| 'ဒပ်ချ် သမတနိုင်ငံ၏ ဖခင်' | 'Father of the Dutch Republic' |
| ဒွန်း ရဲတိုက် | Castle of Doorn |
| ဓားစာခံနန်းကြိုး | Fuse |
| ဓာတ်ကာပစ္စည်း | Insulator |
| ဓာတ်ခေါင်း | Electrode |
| ဓာတ်ပြောင်းကွင်း | Commutator |
| ဓာတ်မလိုက်ပစ္စည်း | Non-conductor |
| ဓာတ်လိုက်ပစ္စည်း | Conductor |
| ဓာတ်လိုက်ရည် | Electrolyte |
| ဓာတ်လိုက်အား | Conductivity |
| နယူးယောခ့် ဟာရယ် သတင်းစာ | New York Herald |
| နယ်နီတယ်မြို့ | Nainital |
| နက်စိုး မြို့စား | Count of Nassau |
| နက်ဗဝပ်မြို့ | Knebworth |

| | |
|---|---|
| နင်ဗာ တောင်တန်း | Nimba Mts. |
| 'နတ်တို့၏ဩဇာ' | 'The Food of the Gods' |
| နန်းကွန်ဖောမစ် ဂိုဏ်းဝင် | Non-Conformist |
| ညျာစာ ရေအိုင်ကြီး | Nyasa, Lake |
| ပရဲလဲနည်း | Parallel Method |
| ပရင့်စတန် တက္ကသိုလ် | Princeton University |
| ပလိ မြစ် | Pleisse, River |
| ပလင်နီ အကြီး | Pliny, the Elder |
| ပလင်နီ အငယ် | Pliny, the Younger |
| ပါလမတ် အငူ | Cape of Palmas |
| ပါသီ မြစ် | Parthe, River |
| ပို့ ကိုလဗုန်းမြို့ | Port Colborne |
| ပို့ နစ်ကာလဆန် ပင်လယ်လက်ကြား | Port Nicholson Inlet |
| ပို့ ဝဲလားမြို့ | Port Weller |
| ပင်လယ်လိပ် | Turtle |
| 'ပင်လယ် ဝံပုလွေ' | 'Wolf of the Sea' |
| ပတ်ဝိုင်းလွှ | Band Saw |
| ပန်းဖောက်လွှ | Coping Saw |
| ပြုပြင်ပြီး လျှပ်စစ်ဓာတ်စီး | Modulated Current |
| ပွတ်တိုက်မှု လျှပ်စစ်ဓာတ် | Frictional Electricity |
| ဖရီးမွန့် တောင်ထိပ် | Freemont Peak |
| 'ဖော်ကောင်' | 'The Squeaker' |
| ဖုတ်ပြီး ကျောက်မီးသွေး | Coke |
| 'ဖြစ်ပေါ်လာမည့်အကြောင်းအရာများ' | 'The Shape of Things to Come' |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ဖြတ်လွှ | Crosscut Saw |
| ဗရင်မား ကောလိပ်ကျောင်း | Bryn Mawr College |
| ဗရွမ်လီမြို့ | Bromley |
| ဗလာရတ်မြို့ | Ballarat |
| 'ဗာတာ၏အဆွေး' | 'The Sorrows of Young Werther' |
| ဗားမား ကရစ်တစ် သတင်းစာ | Burma Critic |
| ဗား ဝက်သစ်ချ | Bur Oak |
| ဗီလနီးယပ် (ဗီလနာ) မြို့ | Vilnius (Vilna) |
| ဗယ်လင်ဂမ်မြို့ | Bellingham |
| ဗဲလ ဖူးရှေး မြစ် | Belle Fouche, River |
| ဗက်ချူအားနာလန်နယ် | Bechuanaland |
| 'ဗက်ဂျားပြည်နယ်' | 'Badger State' |
| ဗင်ဒီဂိုမြို့ | Bendigo |
| ဗင်နဒစ် ဂိုဏ်းဝင် ဘုန်းကြီးကျောင်း | Benedictine Monastery |
| ဗန့် ကုန်းမြေဒေသ | Banks Land |
| ဗန်ဂွီးလူး ရေအိုင် | Bangweulu, Lake |
| ဗြိတိသျှတော်ဝင် နက္ခတ် မျှော်စင် | British Royal Observatory |
| 'ဘုရားမြို့တော်' | 'City of God' |
| ဘုရင်ခံ | Stadtholder |
| ဘဲခေါင်းစိမ်း | Mallard |
| ဘဲရစ် | Common Pintail |
| ဘဲအာ | European Wigeon |
| မနိုး မြစ် | Mano, River |
| မာရတ္တ စစ်ပွဲ | Mahratta War |

| | |
|---|---|
| မာသာ တစ်ဖီးမြို့ | Merthyr Tydfil |
| မီလဝေါကီးမြို့ | Milwaukee |
| မီးခတ်ခွေ | Spark Coil |
| မေဇာရောင်ခြည် | Maser |
| 'မိုးကြိုးမီးခိုး' | 'Thundering Smoke' |
| မိုးပျံခံတပ် | Flying Fortress |
| မိုးရစ် အိုင် | Moeris, Lake |
| မင်နိုင် ရေလက်ကြား | Menai Strait |
| မလ္လာယု ဝက်ဝံ | Malayan Bear |
| 'မျက်နှာဖုံးဝါ' | 'The Yellow Mask" |
| 'မျက်နှာဖြူ' | 'White Face' |
| 'မြက်ပင်၏အရွက်များ' | 'Leaves of Grass' |
| မြောက်ပိုင်း ဂျာမန် နိုင်ငံများ သမဂ္ဂ | North German Confederation |
| မွန်ဗာဆာမြို့ | Mombasa |
| မွန်ရိုးဗီးယားမြို့ | Monrovia |
| မွန်းတည့်မျဉ်း | Meridian |
| မျှော်စင်ဖြူ | White Tower |
| ရီးရှားရွာ | Reashult |
| ရေဒင်မြို့ | Raiding |
| ရေး မျိုးရင်း | Ray Family |
| ရဲဝုမင်းသမီး ဟာမင်း | Princess Hermine of Reuss |
| ရှီလန်း အိုင် | Chelan, Lake |
| 'ရှေး သင်္ဘောသား' | 'Ancient Mariner' |
| ရှိုးရှုန်း အိုင် | Sho Shone, Lake |



www.burmeseclassic.com

www.burmeseclassic.com



ရှိုင်အင်းမြို့ Cheyenne
ရှိတ်စပီးယား ပုံပြင်များ Tales From Shakespeare
ရွှေမျက်ပါး အီလက်ထရိုစကုပ် Gold Leaf Electroscope
'ရွှေလက်အိတ်' 'The Golden Gloves'
'လမိမာန်က ရှေးဦးလူ' 'The First Men in the Moon'
'လီတာနီ မြစ် Litani, River
'လီယွန်မြို့သူ' 'The Lady of Lyons'
လေဆာရောင်ခြည် Laser
လက်ခုတ်ပင် Poon Tree
လက်ချား Borax
လက်တင်ဘာသာနှင့် စာပေ Latin Language and Literature
လက်ပ လူမျိုး Lapp
လက်ပလန်နယ် Lapland
လက်ပံပင် Silk Cotton Tree
လက်ဗနွန် နိုင်ငံ Lebanon
လက်ဗွေပုံစံ Finger Print
လက်အမှတ်ပညာ Palmistry
လိုက်ပဇစ်မြို့ Leipzig
လိုက်ဘီးရီးယား နိုင်ငံ Liberia
လင်ဒစ္စဖန်း ရဲတိုက်ကြီး Lindisfarne Castle
လင်ယန်တေမြို့ Linyante
လင်းဆွဲ Flying Fox
လင်းနေပင် Sweetflag
လင်းပိုင် Dolphin; Porpoise

လင်းမြီးဆွဲ Black Drongo
လင်းယုန် Eagle
လင်းဝက် Night Heron
လောင်စာ Fuel
လောင်းဗတ် လူမျိုး Lombards
လိုင်နိုတိုက် စာစီစက် Linotype
လိုင်ယာ ငှက် Lyre Bird
လစ္စဘွန်မြို့ Lisbon
လစ်တယ်ဖော့မြို့ Little Falls
လစ်ဗရယ် ပါတီ Liberal Party
လစ်ဗာဝတ်ပင် Liverworts
လစ်ဗျ အာရပ် သမတနိုင်ငံ Libyan Arab Republic
လစ်သွေးနီးယန်း ဆိုဗီယက် ဆိုရှယ်လစ် သမတနိုင်ငံ Lithuanian Soviet Socialist Republic
လည်ပင်းကြီးရောဂါ Goiter
လတ်ခနောင်းမြို့ Lucknow
လတ်စပါပင် Larkspur
လတ်ဗီးယား ဆိုဗီယက် ဆိုရှယ်လစ် သမတနိုင်ငံ Latvian Soviet Socialist Republic
လန်ဒန် ရဲတိုက်ကြီး Tower of London
လန်း တက္ကသိုလ် Lund University
လပ်ဇင်ဗတ် နိုင်ငံ Luxemburg
လုပ်ငန်း ဘုံအဖွဲ့ Guild
လမ္ပရီငါး Lamprey
လွား မြစ် Loire, River
လွန်းစက် Shuttle Machine



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| လှိုင်းချဲ့ကရိယာ | Amplifier |
| လျှို့ဝှက်မဲ | Ballot |
| လျှပ်စစ် ဒိုင်နမို | Electric Dynamo |
| လျှပ်စစ် ဓာတုဗေဒ | Electro-Chemistry |
| လျှပ်စစ် ဓာတ်ငြိမ် | Static Electricity |
| လျှပ်စစ် ဓာတ်ငြိမ်ပညာ | Electrostatics |
| လျှပ်စစ် ဓာတ်စီး | Current Electricity |
| လျှပ်စစ် ဓာတ်စီးပညာ | Electro-Kinetics |
| လျှပ်စစ် ဓာတ်စီးပွတ်စက် | Frictional Electrical Machine |
| လျှပ်စစ် ဓာတ်ရှာကရိယာ | Electroscope |
| လျှပ်စစ် ဓာတ်လှောင်အိုး | Accumulator |
| လျှပ်စစ် ပုံသွင်းနည်း | Electrotyping |
| လျှပ်စစ်ဖြင့် ဓာတ်ခွဲခြင်း | Electrolysis |
| လျှပ်စစ် မီးပွားကာ ပစ္စည်း | Dielectric |
| လျှပ်စစ် မိုတာ | Electric Motor |
| လျှပ်စစ် ထိပ်ကျောက် | Torpedo-Fish |
| လွှဝိုင်း | Circular Saw |
| လွှာထပ်လေထု | Stratosphere |
| ဝါရှင်တန် ပြည်နယ် | Washington State |
| ဝါရှင်တန် မြို့တော် | Washington D.C. |
| ဝါးတာလူး တိုက်ပွဲ | Battle of Waterloo |
| ဝါးတားပိုလို ကစားခြင်း | Water Polo |
| ဝါးဗလား ငှက်မျိုး | Warblers |
| ဝါးရောင်းငှက် | Greater Necklaced Laughingthrush |
| ဝါးရောင်းငှက်ခေါင်းဖြူ | White Crested Laughingthrush |
| ဝါးရှုံကြက် | Brown Shrike |
| ဝါးလရပ် ဖျံ | Walrus |
| 'ဝိတိုရိယခေတ်' | 'The Victorian Age' |
| ဝိတိုရိယ ပြည်နယ် | Victoria State |
| ဝိတိုရိယ ဘုရင်မ | Victoria, Queen |
| ဝိတိုရိယ ရေတံခွန် | Victoria Falls |
| ဝိတိုရိယ အိုင် | Victoria, Lake |
| ဝီလယ်မင်းနား ဘုရင်မ | Wilhelmina, Queen |
| ဝုလစ်ချ စစ်တက္ကသိုလ်ကျောင်း | Woolwich Military Academy |
| ဝေသိန္နီပင် | Horse Chestnut |
| ဝယ်လင်တန် မြို့စား | Duke of Wellington |
| ဝဲလန်း တူးမြောင်း | Welland Canal |
| ဝက်ရူးနာ | Epilepsy |
| ဝက်သက် | Measles |
| ဝက်သစ်ချ | Oak |
| ဝက်သစ်ချနီ | Red Oak |
| ဝက်သစ်ချဖြူ | White Oak |
| ဝင်နီပက်မြို့ | Winnipeg |
| ဝင်နီဗာဂို အိုင် | Winnebago, Lake |
| ဝိုင်အိုးမင်း ပြည်နယ် | Wyoming State |
| ဝိုင်း မြစ် | Wye, River |
| ဝစ္စကွန်းဆင်း ပြည်နယ် | Wisconsin State |
| ဝံပို | Spotted-Billed Pelican |



www.burmeseclassic.com

www.burmeseclassic.com



| | | | |
|---|---|---|---|
| ဝံလူ | Steppe Eagle | 'အရှေ့ အနီးပိုင်း၏ ကစားကွင်း' | 'Playground of the Near East' |
| ဝံလို | White-Bellied Sea Eagle | အလာစကာ ဝက်ဝံညို | Alaskan Brown Bear |
| ဝံလက် | Osprey | 'အသိဥာဏ်၏ မဏ္ဍိုင်ခုနစ်ခု' | 'Seven Pillars of Wisdom' |
| ဝံသဗေဒ | Ethnology | 'အာရေဗျ နိုင်ငံ၏ လောရင့်' | 'Lawrence of Arabia' |
| ဝိုက်ဗင်းပင် | White Bean | အားပေးသံလိုက် | Field Magnet |
| ဝှန်ဟိုမြစ် | Hwang-Ho, River | 'အီ ရီမင်တန်နှင့် သားများ' | E. Remington & Sons |
| သီအင်းဓာတ် | Theine | အေဗရာဟမ် လွင်ပြင် | Plains of Abraham |
| 'သူတော်စင်တို့၏ အတ္ထုပ္ပတ္တိ' | 'The Lives of the Saints' | အယ်လစတာ မြစ် | Elster, River |
| 'သံမဏိမြို့စားကြီး' | 'Iron Duke' | အယ်လဖောက်စဒင်မြို့ | Alfoxden |
| သံလိုက်လျှပ်စစ်စက် | Magneto | အဲဗရက်မြို့ | Averett |
| သစ်ဆွေးမီးသွေး | Peat | အဲလဗတ် မင်းသား | Prince Albert |
| 'သွေးမြေမကျ တော်လှန်ရေး' | 'Glorious Revolution' | အော့ထရန်တို ရဲတိုက် | The Castle of Otranto |
| ဟမ္ပတန်ကုတ် နန်းတော် | Hampton Court Palace | 'အော်ဂတ်စတပ် ခေတ်' | 'Augustan Age' |
| 'အခန်း ၁၃' | 'Room 13' | အောဖို့ နယ်စား | Earl of Orford |
| 'အချစ်နှင့် မစ္စတာ လူဝစ်ရှမ်' | 'Love & Mr. Lewisham' | အောရိန်း မင်းသား | Prince of Orange |
| အဆာယီ တိုက်ပွဲ | Battle of Assaye | အိုလင်းပီးယားမြို့ | Olympia |
| အဆင့်ဆင့်ပေါင်းခံခြင်း | Fractional Distillation | အက်ဆီးနီဗွိုင်း မြစ် | Assiniboine, River |
| အပူဖြင့် လျှပ်စစ်ဓာတ်ထုတ်ကရိယာ | Thermo-Electric Couples | အင်ဂဲဆီ ကျွန်း | Anglesey Is. |
| အဖျော်ကူပစ္စည်း | Flux | အပ်ပဆာလာ တက္ကသိုလ် | Upasala University |
| အရေလဲခြင်း | Molting | အုပ်စုလွှ | Gang Saw |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ကရစ်ဆီယက် | Criceieth |
| ကလောဒီယန် | Claudian |
| ကလို့ဒါရှုအေး | Claude de Rue |
| 'ကာနယ် ဗလင့်' | 'Colonel Blimpt' |
| ကာဗလျေးရိုး, ဖာနန် | Cabllero, Fernan |
| ကီလိုဝပ် | Kilowatt |
| ကူးလစ်, ကယ်လဗင် | Coolidge, Calvin |
| ကေ့စမင့်, ဆာ ရော့ဂျာ | Casement, Sir Roger |
| ကေနီဒီး | Canidae |
| ကေနစ် | Canis |
| ကေနစ် ပါးလီပက် | Canis Pallipes |
| ကေနစ် အော့ဆီဒင်တဲလစ် | Canis Occidentalis |
| ကေအာနဘွန် | Caernavon |
| ကော်ရကယ် | Coracle |
| ကက်တာမာရန် | Catamaran |
| ကက်တိုင်ယွန် | Cation |
| ကင်နယ်လီ | Kennelly |
| ကိုင်ဇာ ဝီလျံ | Kaiser William |
| ကိုင်ယက် | Kayak |
| 'ကစ်ပစ' | 'Kipps' |
| ကတ်တျုလပ် | Catulus |
| ကပ်စတစ်, မာသာ | Custis, Martha |
| ကျုကျုလီဒီး | Cuculidae |
| ကွားကပ် စယ်ရစ် | Quercus Cerris |
| ကွားကပ် ဆူဗာ | Quercus Suber |
| ကွားကပ် ရိုဗာ | Quercus Robur |
| ကွားကပ် အိုက်လက် | Quercus Ilex |
| ကွင်တီလီယန် | Quintilian |
| ကွတ်, အက်(ဖ) အေ | Cook, F.A. |
| ကွန်ဒပ်တား | Conductor |
| ကွန်ဒပ်တစ်ဗစ်တီး | Conductivity |
| ကွန်ပေါင်း မိုတာ | Compound Motor |
| ကွန်မျူတေးတား | Commutator |
| ခုန်နွမ်း | Chonuane |
| ချာရီလာယပ် | Charilaus |
| 'ချင်းဒစ်' | 'Chindit' |
| ဂရက်, ဂျွန် အာ | Gregg, John R. |
| ဂရင်း, ဂရေဟမ် | Green, Graham |
| ဂလင်းဒူးဝါး, အိုဝင် | Glendower, Owen |
| ဂလစ်ဒင်, ကားလော့ | Glidden, Carlos |
| ဂါရူးလက် ပက်တိုရေးလစ် မယ်ရီဒီအိုနယ်လစ် | Garrulax Pectoralis Meridionalis |
| ဂါရူးလက် လျူကိုလိုးဖပ် ဗီလန်ဂျာရီ | Garrulax Leucolophus Belangeri |
| ဂါလဒိုး, ပေးရေး | Galdos, Perez |
| ဂီပွတ်ဇကိုအာ | Guipuzcoa |
| ဂီဗျာ | Gebia |
| ဂူးဖါး | Goofah |
| ဂေးရိကဲ, အော့တို ဖွန် | Guericke, Otto Von |
| ဂေါ့ဆီပီယမ် | Gossypium |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ဂေါ့ဆီပီယမ် ဗာဗေဒင့် | Gossypium Barbadense |
| ဂေါ့ဆီပီယမ် ဟာဗေစီယမ် | Gossypium Harbaceum |
| ဂေါ့ဆီပီယမ် ဟိုင်ယာဆူတမ် | Gossypium Hirsutum |
| ဂေါ့ဆီပီယမ် အာဗောရီယမ် | Gossypium Arboreum |
| ဂတ်စကယ်,မစ္စစ် | Gaskell, Mrs. |
| ဂျူဗီနယ် | Juvenal |
| ဂျဲရတ်,ဗာလသာဇာ | Gerard, Balthasar |
| ဂျင်မီး | Gemmae |
| ဂျစ် အင် ဒီကပ် | Gyps Indicus |
| စကောလိုး, ဒေါက်တာ အာသာ | Schawlow, Dr. Arthur |
| စတာကျူလီယာ ဖီတီဒါ | Sterculia Foetida |
| စတာကျူလီအေစီအီး | Sterculiaceae |
| စတေးရှပ် | Statius |
| စတိုးဝစ် | Stoic |
| စတန်း, လောရင့် | Sterne, Lawrency |
| စတိန်စဗီ, ဟင်နရီ | Stainsby, Henre |
| စနိုး, ဂျွန် | Snow, John |
| စပီ,ဂျွန် ဟန္နင်း | Speke, John Hanning |
| စပီရီလမ် ကိုလာရီး | Spirillum Cholerae |
| စပိုင်လောနစ် ချီးလာ ဗာမေးနီးကပ် | Spilornis Cheela Burmanicus |
| စပတ်ကွိုင် | Spark Coil |
| စပွန်ဒီယက် မန်ဂျစ်ဖာရာ | Spondias Mangifera |
| စမစ်, ဆာဖရန်စစ် ပက်တစ် | Smith, Sir Francis Pettit |
| စလုံ ဒျူပလိုယန် | Sloan Duployan |
| စစ်ထရပ် ဆီနင်ဆစ် | Citrus Sinensis |
| စစ်ထရပ် အော်ရန်တီယမ် | Citrus Aurantium |
| စိန် အမ်ဗရို့ | St. Ambrose |
| ဆယက် မိုဟမ္မဒ် အီဒရစ် အယ် ဆင်နူတ်ဆီး | Sayed Mohammed Idris El Senussi |
| ဆာဒူဒင် အဗူ ရှူဝီယာ | Saaduddin Abu Schuwier |
| ဆာအီးဒါး | Saida |
| ဆီကိုနီအိဖောမီး | Ciconiiformes |
| ဆီရာအို, မာတီလဒါ | Serao, Matilda |
| ဆီလီယပ် ဣတာလီကပ် | Silius Italicus |
| ဆီးရီးမိုတာ | Series Motor |
| ဆီး အိုင်းလန်း | Sea Island |
| ဆူတိုနီယပ် | Suetonius |
| ဆူဒိုဂျစ် ဗင်ဂယ်လင်ဆစ် | Psuedogyps Bengalensis |
| ဆူအီဒီး | Suidae |
| ဆဲဗိတ်,အယ်လဇဗက် | Savage, Elizabeth |
| ဆက္ကဆ- မိုင်းနင်ဂန် | Saxe-Meiningen |
| ဆောက်ဆီးကုမ္ပဏီ | South Sea Company |
| ဆင်တြာ | Cintra |
| ဆိုင်ကလိုစတိုမာတာ | Cyclostomata |
| ဆိုင်ရီနေးက | Cyreneca |
| ဆစ္စတပ် | Cestus |
| ဆပ်စ အင်ဒီကပ် | Sus Indicus |
| ဆပ်စ ဆကာရိုဖာ | Sus Sorofa |
| ဇယ်လေး, ကလို | Gelee, Claudie |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| 'ဇန်း ခရစ္စတိုဖီ' | 'Jean Christophe' |
| တာစီ,အော်ဂတ်စတင် | Tassi, Augustine |
| တာဒွိုက်ဒိနီး | Turdoidinae |
| တာရိုပီဒီး | Pteropidae |
| တာရိုပဝ် အီဒူလစ် | Pteropus Edulis |
| တီဗုလပ် | Tibulus |
| တယ်လဖို့ | Telford |
| တော့,မေရီ | Todd, Mary |
| တော်ပီဒို မာမိုရေတာ | Torpedo Mermorata |
| တော်ဂို ကဲလဗတ် | Torgos Calvus |
| တက်စတူဒီနေဒါ | Testudinata |
| တိုင်ရို | Tiro |
| တိုင်ရယ်,ဝေါ်လတာ | Tirel, Walter |
| တောင်း, ဒေါက်တာ ချာ၊ | Townes, Dr. Charles |
| ထရိုင်အော့ | Triode |
| ထရစ်ပိုလီတန်းနီယ | Tripolitania |
| 'ဒရမ်း တက်' | 'Drum Tap' |
| ဒီ စီ ကားရင့် | D.C. Current |
| ဒီး,ဒေါက်တာ ဂျွန် | Dee, Dr. John |
| ဒယ်လဖီနီဒီး | Delphinidae |
| ဒယ်လဖီနီယမ် | Delphinium |
| ဒယ်လဖီနပ် ဒယ်လဖစ် | Delphinus Delphis |
| ဒေါ်ရသီ | Dorothy |
| ဒိုင်ကရူရပ် မာကရိုဆာကပ် | Dicrurus Macrocercus |

| | |
|---|---|
| ဒိုင်အီလက်ထရစ် | Dielectric |
| ဒိုင်အော့ | Diode |
| ဒွန်နွမ်းရှိုး,ဂေးဗရီးယယ် | D'annunzio, Gabriel |
| 'နယူးကိုမင်' | 'Newcomen' |
| နယူးဗဲရီ,ဝီလျံ | Newbury, William |
| နိုဗယာ ဇင်းမလယား | Novaya Zemlya |
| နိုဗိုင် | Nobile |
| နစ်ကာလဆန် | Nicholson |
| နစ်တီကောရက် နစ်တီကောရက် | Nycticorax Nycticorax |
| နန်း ကွန်ဒပ်တား | Non-Conductor |
| ပရိနီယာ အင်အောနေတာ ဗလန်ဖော်ဒီး | Prinia Inornata Blanfordi |
| ပရူဒင်းရှပ် | Prudentius |
| ပရေးဒား | Preda |
| ပရိုပါးရှပ် | Propertius |
| ပါဂါနီနီ | Paganini |
| ပီတြိုနီယပ် | Petronius |
| ပူဂျက် ဆောင်း | Puget Sound |
| ပေးထရို အန်တိုနီယို ဒေ အလာကွန် | Pedro Antonio De Alarcon |
| ပယ်လီကင်နီဒီး | Pelecanidae |
| ပယ်လီကင်နပ် ဖိလစ်ပင်ဆစ် | Pelecanus Philippensis |
| ပေါ့တာ,မေရီ စတိုရာ | Potter, Mary Storer |
| ပက်စာရင်း | Passerime |
| ပက်ထရိုမိုင်ဇွန် ဖလူဗီယာတီလစ် | Petromyzon Fluviatilis |
| ပက်ထရိုမိုင်ဇွန် မရင်းနပ် | Petromyzon Marinus |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ပိုင်းရပ် အေရီအား | Pyrus Aria |
| ပစ်ထမင်း, အိုင်ဇက် | Pitman, Issac |
| ပန်ဒီအွန်နီဒီး | Pandionidae |
| ပန်ဒီအွန် ဟယ်လီအေးတပ် ဟယ်လီအေးတပ် | Pandion Haliaetus Haliaetus |
| ပမ်ပေလူနာ | Pampeluna |
| ဖဂေးစီအီး | Fagaceae |
| ဖရီမင်း,ဂျွန် ဒဗ္ဗျူ | Freeman, John W. |
| ဖလင်းမင်း, ဂျွန် အမ်ဗရို့ | Fleming, John Ambrose |
| ဖလိုင်းဝိတ် | Flyweight |
| ဖလပ် | Flux |
| ဖာဆာလိယာ | Pharsalia |
| ဖာဗာ, အက်ဒနာ | Ferber, Edna |
| ဖီနီကောဖီးယပ် ထြရစ်တစ် လောင်ဂျီကော်ဒေးတပ် | Phoenicophaeus Tritis Longicaudatus |
| ဖီးမက်ဂနက် | Field Magnet |
| ဖယ်ရီ ဖမ်း | Ferry Farm |
| ဖယ်လကိုနီဖောမီး | Falconiformes |
| ဖဲယားဖက်,လော့ | Fairfax, Lord |
| ဖဲသားဝိတ် | Featherweight |
| ဖစ်ဇဂျရယ်, ဂျော့ ဖရန့်စစ် | Fitzgerald, George Francis |
| ဖစ်လိုစတေးခစ် | Phyllostachys |
| ဖျူ | Fuse |
| ဗရက်ဒေါ့ | Braddock |
| ဗရောင်း,ချားဗရော့ဒင် | Brown, Charles Brockden |
| ဗရန်ဒီဆီယမ် | Brundisium |
| 'ဗရွက်ကလင်း အီးဂဲ' | 'BrooklynEagle, |
| ဗလာရီယပ် ဖလက်ကပ် | Valerius Flaccus |
| ဗလီးခါး | Blücher |
| ဗလင်း | Baleen |
| ဗလစ်ကင် ဒါဖာ | Blickens Derfer |
| ဗလန်တိုင်ယာ | Blantyre |
| ဗာလွန်, မာရီ အန်း | Vallon, Marie Anne |
| ဗီကား | Bekaa |
| ဗူသ, ဂျွန် ဝီလကီ | Booth, John Wilkie |
| ဗက်ခါရာ အယ် ခူရီ | Bechara El Khoury |
| ဗင်တန်ဝိတ် | Bentamweight |
| ဗင်ယွန် | Vinyon |
| ဗန် မာရမ် | Van Marum |
| ဗန်းနားမန်း, ဆာ ဟင်နရီ ကင်းဗဲ | Bannerman, Sir Henry Campbell |
| ဗမ်ဗူးဆီအီး | Bambuseae |
| ဗုံဗက် မာလဗာရီကမ် | Bombax Malabaricum |
| ဗွအာ,ယိုဟန်း | Bojer, Johan |
| 'မဒမ် ဗိုဗာရီ' | 'Madame Bovary' |
| မနိယိုတီလတီဒီး | Maniotiltidae |
| မလော်ရီ,တောမတ် | Malory, Thomas |
| မာဂင်သေလာ, အော့တမား | Mergenthaler, Ottmar |
| မာဗွတ်ဆာ | Mabotsa |
| မာမွတ် ဆိုလီမန် အယ်-မက်ဂရက်ဗီ, ဒေါက်တာ | Mahmoud Soliman Al-Maghreby, Dr. |
| မာရိုနိုက် | Maronite |



www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| မာရှယ် | Martial |
| မားမလိတ် | Marmalade |
| မီလာ, ဆယ်မျူယယ် | Miller, Samuel |
| မီး | Mills |
| မေမန်း,ဒေါက်တာ သီအိုဒို | Maiman, Dr. Theodore |
| မယ်လဗီး, ဟာမန် | Melville, Herman |
| မဲ ဗိုးရက် | Mel Borax |
| မော့ဖတ်, မေရီ | Moffat, Mary |
| မော့ဖတ်, ရောဗတ် | Moffat, Robert |
| မော်ဂန်, ဂျွန် | Morgan, John |
| မော်ဒျူလိတ်တက် ကားရင့် | Modulated Current |
| မော်နင်တန် | Mornington |
| မော်လဗေစီအီး | Malvaceae |
| မောရိုး, အန်း | Morrow, Anne |
| 'မိုဗီ ဒစ်' | 'Moby Dick' |
| မက္ကလင်ဗတ် ရှဗေရင်း | Mecklenburg Schwerin |
| မက္ကလျူး,ကပ္ပတိန် ရောဗတ် | Mcclure, Captain Robert |
| မက်ဂဆိုင်ကယ် | Megacycle |
| မက်ဂနက်တို | Magneto |
| မက်သဒစ် | Methodist |
| မက်အက်ဒမ် | Mcadam |
| မင်နူရာနိုဗီ ဟော်လန်ဓီး | Menura Novae Hollandiae |
| မင်နူရာ အယ်လဗာတီ | Menura Alberti |
| မင်နူရိဒီး | Menuridae |
| မိုင်စတေကိုစီတီ | Mystacoceti |
| မစ်ဒယ်ဝိတ် | Middleweight |
| မျူကပ် မင်ဗရိန်း | Mucous Membrane |
| ယူဂျီဂျီ | Ujiji |
| ရနန် ကျူလေးစီအီး | Ranunculaceae |
| ရိ,ချား | Reade, Charles |
| ရီဇစ္စတန်း | Resistance |
| ရူး | Rue |
| ရော့ဂျား,ဂျွန် အာ | Rogers, John. R. |
| ရေဒီယို ဖရီကွင်စီ ကားရင့် | Radio Frequency Current |
| ရေးဇီး | Rhazes |
| ရိုဝင် | Rowan |
| ရက်ပါဟာနောက် | Rippahannock |
| ရိုင်ဇိုက် | Rhizoid |
| ရစ်ချတ်ဆန်, ဆယ်မျူယယ် | Richardson, Samuel |
| ရှိုး, စီအယ် | Sholes, C.L. |
| 'ရှိုး ဗုတ်' | 'Show Boat' |
| ရှင်ကျိဗစ်, ဟင်းနရစ် | Sienkiewichk, Henryk |
| ရှပ်တယ်ဝပ်,အီး စီ အက်(စ) | Shuttleworth, E.C.S. |
| လနိုင်အီဒီး | Laniidae |
| လ ဗူဇေး | Le Bourget |
| 'လား မီဇာရေးဗဲ' | 'Les Meserables |
| လီ ဒါ ဖောရက် | Lee De Forest |
| လူကရီးရှပ် | Lucretius |


www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| လူကန် | Lucan |
| လူစီလီယပ် | Lucilius |
| လူအဲလင်း အက် ဂရစ်ဖစ် | Llewelyn Ab Gruffydd |
| လူးဝစ်, ဆင်ကလဲယာ | Lewis, Sinclair |
| လေရှိယမ် | Latium |
| လောရင့်,တောမတ် အက်ဒွပ် | Lawrence, Thomas Edward |
| 'လောရင့်အော့ အာရေဗျ' | 'Lawrence of Arabia' |
| 'လော်လဒ်' | 'Lollards' |
| လိုရိန်း, ကလို | Lorrain, Claude |
| လိုအန်ဒါ | Loanda |
| လိုး, ဒေးဗစ် | Low, David |
| လက်စတာ အက်ဗေး | Leicester Abbey |
| လဆက်ဆက်, ဖာဒီနန် မာရီ ဒါ | Lesseps, Ferdinand Marie De |
| လက်ပီဒေါ့ပ်တာရာ | Lepidoptera |
| လိုက်ဗနစ် | Leibnitz |
| လိုက်ဝိတ် | Lightweight |
| လိုက် ဟဲဗီးဝိတ် | Light Heavyweight |
| လင်ကွန်း, အေဗရာဟမ် | Lincoln, Abraham |
| လင်းနေ, ကား ဖွန် | Linne, Carl von |
| လင်းဗတ်, ချားအော်ဂတ်စတပ် | Lindbergh, Charles Augustus |
| လိုင်ကားဂပ် | Lycurgus |
| လော်င်းဖဲလိုး,ဟင်နရီ ဝေါ့ဇဝပ် | Longfellow, Henry Wadsworth |
| လောင်း အိုင်လင်း | Long Island |
| လစ်စတာ,ဂျိုးဇက် | Lister, Joseph |
| လစ်တဲလတန်, ဝီလျံ | Lyttleton, William |
| လစ်တန်, လော့ | Lytton, Lord |
| လစ်ဗင်းစတုန်, ချား | Livingstone, Charles |
| လစ်ဗင်းစတုန်, ဒေးဗစ် | Livingstone, David |
| လဇ္ဇ,ဖရန့် | Liszt, Franz |
| လတ္တယင်, ဆာ အက်ဒွင်လန်းဆီယာ | Lutyens, Sir Edwin Landseer |
| လန်ဒိနီယမ် | Londinium |
| လန်နီစတမ်ဒွိ | Llanystundwy |
| လန်နီယပ် ကရစ်စတေးတပ် | Lanius Cristatus |
| လန်းဆီယာ, ဂျွန် | Landseer, John |
| လန်းဆီယာ, တောမတ် | Lansdeer, Thomas |
| လန်းဆီယာ, ဆာ အက်ဒွင် ဟင်နရီ | Landseer, Sir Edwin Henry |
| လန်းဒေါ,ဝေါလတာ ဆဲဗိတ် | Landor, Walter Savage |
| လမ့်, ချား | Lamb, Charles |
| လမ့်, မေရီ | Lamb, Mary |
| လွိုက်, ရစ်ချတ် | Lloyd, Richard |
| လွိုက်ဂျော့, ဒေးဗစ် | Lloyd-George, David |
| လွိုင်ယိုလာ, အစ်ဂနေးရှပ် | Lloyola, Ignatius |
| ဝါရှင်တန်, ဂျော့ | Washington, George |
| ဝါရှင်တန်, လောရင့် | Washington,Lawrence |
| ဝါလပို, ဆာ ရောဗတ် | Walpole, Sir Robert |
| ဝါလပို, ဟိုရေ့ | Walpole, Horace |
| ဝိတိုရိယ နီယန်ဇာ | Victoria Nyanza |
| ဝိတိုရိယ မာရီယာ လွီဇာ | Victoria Maria Louisa |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ဝီလကီ, ချား | Wilkes, Charles |
| ဝီလကင်, ဆာ ဟျူးဗတ် | Wilkins, Sir Hubert |
| ဝီလဟမ် မိုင်စတာ | Wilhelm Meister |
| ဝီလယ်မင်းနား ဟယ်လီနာ ပေါလင်း မာရီယာ | Wilhelmina Helina Pauline Maria |
| ဝီလျံ-သ-ကွန်ကာရာ | William-the-Conqueror |
| ဝီလျံ-သ-ဆိုင်းလင့် | William-the-Silent |
| ဝု, ဂျိမ်း | Wolfe, James |
| ဝူလဇီ, ကာဒင်နယ် | Wolsey, Cardinal |
| ဝေဗယ်, အာခီဗော ပါစီဗယ် | Wavell, Archibald Percival |
| ဝဲ့စလီ, ရစ်ချတ် | Wellesley, Richard |
| ဝဲ့စလီ, အာသာ | Wellesley, Aurthur |
| ဝယ်လတာဝိတ် | Welterweight |
| ဝယ်လင်တန်, လော့ | Wellington, Lord |
| ဝဲ, ဂျီ ပီ | Wells, G.P. |
| ဝဲ, ဂျိုးဇက် | Wells, Joseph |
| ဝဲ, ဟားဗတ် ဂျော့ | Wells, Herbert George |
| ဝေါလေ့, ဆာ မဲလကွမ်း | Wallace, Sir Malcolm |
| ဝေါလေ့, ဆာ ဝီလျံ | Wallace Sir William |
| ဝေါလေ့, အဂ္ဂါ | Wallace, Edgar |
| ဝက်စမင်စတာ အက်ဗေး | Westminster Abbey |
| ဝက်စလီ, ချား | Wesley, Charles |
| ဝက်စလီ, ဂျွန် | Wesley, John |
| ဝင်းဂိတ်, ဂျော့ | Wingate, George |
| ဝင်းဂိတ်, အော့ဒ ချား | Wingate, Orde Charles |
| ဝင်းရှပ် | Wimshurst |
| ဝစ်ကလစ်, ဂျွန် | Wycliffe, John |
| ဝပ်, ဂျိမ်း | Watt, James |
| ဝပ်ဇဝပ်, ဝီလျံ | Wordsworth, William |
| ဝပ်တလင် | Watling |
| ဝေးလဗုန်း | Whaleborne |
| ဝှစ်တမန်, ဝေါ့ | Whitman, Walt |
| သာမုဒြိက | Samudrika |
| သာမို - အီလက်ထရစ် ကာပယ် | Thermo-Electric Couples |
| 'သည် ဆိုင်းယင့် အော့ လိုက်ဖ' | 'The Science of Life' |
| 'သည် တိုင်း မရှင်း' | 'The Time Machine' |
| 'သည် ပရီလျု' | 'The Prelude' |
| သေးလိ | Thales |
| သိုင်းရွိုက် ဂလင်း | Thyroid Gland |
| ဟဝါရာ | Hawara |
| ဟီပတ်တီစီး | Hepaticae |
| ဟယ်လီအေးတပ် လျူကိုဂက်စတား | Haliaetus Leucogaster |
| ဟဗီးဆိုက် | Heaviside |
| ဟဗီးဝိတ် | Heavyweight |
| ဟို့ | Holtz |
| ဟိုရေ့ | Horace |
| ဟောင်းဝပ်, ကက်သရင်း | Howard, Katherine |
| ဟိုင်ယာဝါသာ | Hiawatha |
| ဟစ္စပါနပ် | Hispans |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ဟစ်ပိုကက်စတာနေစီအီး | Hippocastanaceae |
| ဟတ်ချင်ဆန်, မေရီ | Hutchinson, Mary |
| ဟပ်စ, ဂျွန် | Huss, John |
| ဟပ်စလေ, ဂျူလီယန် | Huxley, Julian |
| ဟျူးဂိုး, ဗစ်တာ | Hugo, Victor |
| အနပ်ပလက်တိုင်းရင်းချား ပလက်တိုင်းရင်းချား | Anas Platyrhyncha Platyrhyncha |
| အနပ် ပိစိလောရင်းချား ပိစိ လောရင်းချား | Anas Poecilorynch a Poecilorynch a |
| အနပ်ပင်နဲလုပ် | Anas Penelope |
| အနပ် အကူတာ အကူတာ | Anas Acuta Acuta |
| အရလက် | Aralac |
| အရေးစီအီး | Araceae |
| အာဆီဒီး | Ursidae |
| အာဒီအီဒီး | Ardeidae |
| အာရန်ဒီနေရီယာ | Arundinaria |
| အားဒင့် | Ardent |
| အီဗာနေ့ဇ်, ဗလတ်စကို | Ibanez, Blasco |
| အီလက်ထရို - ကိုင်နက်တစ် | Electro-Kinetics |
| အီလက်ထရိုစကုပ် | Electroscope |
| အီလက်ထရိုစတက်တစ် | Electrostatics |
| အီလက်ထရိုဒိုင်နမစ် | Electrodynamics |
| အီလက်ထရိုလိုက် | Electrolyte |
| အီလက်ထရိုလစ်ဆစ် | Electrolysis |
| အီလက်ထရုတ် | Electrode |
| အီလက်ထရွန် | Electron |

| | |
|---|---|
| ဦမိယက် | Oomiak |
| အေ စီ ကရင့် | A.C. Current |
| အော့ဂဒင်, ဖရန်စစ် ဗီ | Ogden, Francis B. |
| အော့စီလေးရှင်း | Oscillation |
| အော့တား | Otter |
| အော့ဗစ် | Ovid |
| အော်ဆိုနီယပ် | Ausonius |
| အော်ဒီယို - ဖရီကွင်စီ | Audio-Frequency |
| အော်လစတိုးနီယား စကော်လားရစ် | Alstonia Scholaris |
| အိုဒိုဗီနီဒီး | Odobenidae |
| အိုဒိုဗီနပ် ရော့စမေးရပ် | Odobenus Rosmarus |
| အိုဒိုဗီနပ် အိုဗီးဆပ် | Odobenus Obesus |
| အိုဒွန်တိုစီတီ | Odontoceti |
| အက်ကိုးရပ် ကာလာမတ် | Acorus Calamus |
| အက်ကျူမူလေးတား | Accumulator |
| အက်ကွီလာ နီပါလင်းဆစ် | Aquila Nipalensis |
| အက်စကူလပ် | Aesculus |
| အက်စကူလပ် ဂလေဗရာ | Aesculus Glabra |
| အက်စကူလပ် ဟစ်ပိုကက်စတာနမ် | Aesculus Hippocastanum |
| အက်စတက်သဖို | Eisteddford |
| အက်ဒွပ် - သ - ကွန်ဖက်ဆား | Edward-the-Confessor |
| အက်ပီယန် ဝေး | Appian Way |
| အက်ပယ်တန်, ဖရန်းစစ် အယ်လစ်ဇဗက် | Appleton, Frances Elizabeth |
| အင်ဆူလေးတား | Insulator |



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| အင်ဆမ် | Anselm |
| အင်ဒပ်ရှင်း မိုတာ | Induction Motor |
| အင်းနား တင်ပယ် | Inner Temple |
| အိုင်းယွန်းနိုက်ဇေးရှင်း | Ionization |
| အန်ဒရီး, အက်(စ) အေ | Andree, S.A. |
| အန္ဒြိုနိကပ်, လစ်ဗီယပ် | Andronicus, Livius |
| အန်နကာဒီအေးစီအီး | Anacardiaceae |
| အန်နိုင်ယွန် | Anion |
| အမ်ပလီဖိုင်ယာ | Amplifier |
| အမ်မီတာ | Ammeter |
| အမ်းမှတ်, ဂျက်ဖရီ | Amherst, Jeffrey |
| အုမ်း, ဂျော့ဆိုင်မွန် | Ohm, George Simon |



www.burmeseclassic.com